အတွဲ (၁၈) အမှတ် (၃)
၂၀၁၈ခုနှစ် မတ်လ

မဂ္ဂဇင်း

xilin®

သင့်ရဲ့ဂိုဒေါင်နှင့် အလုပ်ရုံများမှာ
လူအင်အားနည်းနည်းနှင့် ထိထိရောက်ရောက်
အလုပ်လုပ်နိုင်ဖို့ဆိုရင် အရည်အသွေးမြင့်
စီလင်း ကုန်ပစ္စည်းသယ်
ဝန်ချီစက်လေးတွေက စိတ်ချရပါတယ်။

Conforms to EN 1726-1:1999, EN1175-2:1998
Machinery Directive 2006/42/EC
Conforms to EN 12895:2000
Electromagnetic compatibility Directive 2004/108/EC

Diesel forklift
Model:
FD25/30/35

Gasoline forklift
Model:
FG25/30/35

မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်
BRANN & HARRY CO,LTD.
အရောင်းပြခန်း
အခန်းအမှတ် H- ၃၆၊ သီရိရတနာဈေး
သုဓမ္မာလမ်းမကြီးအဝေးပြေးကားဂိတ်အရှေ့
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ - ၅၁၇၃၈၈၁၊ ၀၉ - ၉၇၂၁၇၂၇၅၁၊
၀၉ - ၂၅၉၅၇၆၂၈၈

Wide view mast with best visibility.

Engine cover with gas filled cylinders and sound absorbing material.

Dual mounted hydraulic lever allows large operation space.

Electric F/R control lever with natural starting system.

Low height access step with wide non slip plate for easy entry and exit.

The optional mini-lever full suspension seat with safety belt and arm rest.

FD35
Hand pallet truck
Hand pallet truck
High lift pallet truck
Electric pallet truck
Electric pallet truck
Electric pallet truck (pallet EPS)
Electric high level order picker
Electric reach truck

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီပါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူဇေန္တု သတ်ပွား ။

၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်

သရဖူ

မဂ္ဂဇင်း

အတွဲ (၁၈) အမှတ် (၃) ၂၀၁၈ ခုနှစ် မတ်လ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘာသာရေးဆောင်းပါးများ

၅ ဂနပတိဂတိကထာ
တောသွားတစ်ဦး၏
တောလားမှတ်စုများ
မဟာတောမိငြိမ်ဆရာတော်ဘုရားကြီး
၁၂ ဒါနအစစ်(၃)
ချောင်းဆုံ့အုန်းသွင်
၁၄ ဂါထာရွတ်ပွားအကျိုးများ
ဒုတိယရဲမှူးကြီးဝင်းဦး
(ငြိမ်း)ပဲခူး
၁၇ မွန်ဟိန္ဒူအနေ ရာမညမှ ထူးခြားလှသည့်
ကျိုက်မုပွန်(ခေါ်)ဆံတော်ရှင်
ကျိုက်စတ်သုတ်စေတီ
ရာမည-ဆွေမွန်
၂၈ မင်းခေါင်ကြီးသား
မင်းတရားကသိုလ်တော်
ဦးတိုက်စေတီ
မောင်စိမ်းဆွေ(ထားဝယ်)
၃၃ ကိုးရုံထောင်စေတီတော်
ပန်းချီထူးလှ
(ရွှေဟောင်းသုတေသန)
၃၇ ဇွဲကပင်ပရိတ်ကြီးပါဠိတော်
နိဿယလာမှတ်သားဖွယ်ရာများ
မြဝင်း(ဓသသန)
၃၈ အဆင့်မြင့်ပုဗ္ဗဘာသာဝင်
ချောင်းဆုံ့အုန်းသွင်
၄၀ ဝယ်ကိုင်မြို့ဟောင်းက
မွန်ရောက်ကျောင်းတော်ကြီး
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)
၅၃ မကွေးတိုင်းဒေသကြီး
အထက်မင်းလှမြို့
ရွှေဘုန်းသာစေတီ
မကွေးလှမြင့်
၅၆ သီဟိုဠ်လောပါဠိသုတ်လာ
ဗုဒ္ဓမြတ်စွာ
ဟောကြားတော်မူခဲ့သော
လူကျင့်ဝတ်တရား
ရဲရဲထွန်း
(ဟသာတ)
၇၃ ညောင်တုန်းမြို့မှအလင်းည
သို့မဟုတ်
နှစ်ကျိပ်ရှစ်ဆူဘုရား
လှည့်လည်ပူဇော်ပွဲ
ရွှေကြည်(စလင်း)
၈၅ လယ်တီဆရာတော်ဘုရားကြီး
အမြဲမပြတ်ရှိခိုးပူဇော်လေ့ရှိသော
ပိဋကတ်သုံးပုံ မွေ့စေတီဘုရားရှိခိုးကြီး
ဆရာဦးစိန်လှိုင်
(ကျိုက်လတ်)
၈၆ သဘာဝဓမ္မ
ချောင်းဆုံ့အုန်းသွင်
၉၀ လက်ပံကိုင်ဆရာတော်ကြီးဦးစန္ဒ
အမှတ်တရ
တင်အောင်
(စက်မှုတက္ကသိုလ်)
၁၀၀ သားညပမ်းအန္တရာယ်မှ ကင်းဝေစေသော
ဥပ္ပါတသန္တိသုတ်
ကောင်းဆေး
၁၀၂ ရန်အောင်မြင်-ဆုတောင်းပြည့်
ဗုဒ္ဓယဉ္ဇာ
ဆရာဦးစိန်လှိုင်
(ကျိုက်လတ်)
၁၀၃ စကျုမြို့ထေရ်ကြီးပွဲ
ဦးစန္ဒိမာ(စလင်း)
၁၂၅ ဒွေးမယ်နော်တို့ပျော်စံရာ ကယားဒေသ
ငွေတောင်ပြည်သို့ အလည်တစ်ခေါက်
ရန်ထင်းထက်
(စာပေဗိမာန်ဝတ္ထုရှည်ပထမဆုရ)
၁၉၇ လာဘ်ပွင့်လာဘ်ရွှင်
ပုတီးစိပ်ဂါထာတော်
နတ်မောက်မင်းသန့်နိုင်
၂၅၁ မန္တလေးတိုင်းဒေသကြီး၊
ကျောက်ဆည်ခရိုင်၊
မြစ်သားမြို့နယ်အတွင်းမှ
သမိုင်းမတင်သော်လည်း
သမိုင်းဝင်တန်ခိုးကြီးဘုရားများ
အမှတ်(၂)
စနေထွန်း(မြစ်သား)

သုတရသဆောင်းပါး

၂၅ ရခိုင်မဟာမုနိဘုရားကြီး၏ မကိုဋ်တော်
စလွယ်တော်များ ဖြုတ်ချွတ်သိမ်း
ဆည်းခံရခြင်းနှင့် လက်ရှိရှိနိုင်ပြသနာ
အကျပ်အတည်းများ၊ နိုင်ငံတော်၏
အချုပ်အခြာကို ထိပါးခံရခြင်းများ၊
ဝိဇ္ဇာစရဏညာရပ်ဆိုင်ရာကြောင်းကျိုး
ကွင်းဆက်များ၏ အတိတ်၊ ပစ္စုပ္ပန်
အနာဂတ်(၃)
ဆရာဦးဆက်ထွန်းထင်၊
(အာယုဝဍ္ဎန)
၅၉ ဓေါသကိုရှောင်မေတ္တာဆောင်
သစ္စာဝါဒီ-ဦးမြင့်အောင်
၆၁ ဥပုသ်သီလဆောက်တည်ရာဝယ်
သုံးဆယ်ဘုန်းကြွယ်
၆၃ မြေမြင့်လေ့လေ့ ရေတွင်ပျော်သော
အင်းသားတို့နေထိုင်ရာ
အင်းလေးကန်သာသို့ ဘုရားဖူးခရီး
အာကာသ(သာစည်)
၇၁ မြသည့်ကောင်းမှု
တောင်းဆုအထွေထွေ (၁၁)
ဦးညာဏ်ဖော်
(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)
၇၆ နမောတဿကို
ဥဒါန်းကျူးခဲ့သော
ပုဂ္ဂိုလ်ထူးများ
လှမြင့်(ရန်ကုန်တက္ကသိုလ်)
၇၉ ပညာသည့်သာရေးမှာ
ဦးကျော်ရှိန်(မဟာဝိဇ္ဇာ၊ ဝဍ္ဎသာကာ)
၈၁ အားကိုးရာအစစ်အမှန်ကို
သိနေပြီလား
မောင်မောင်အောင်မင်း(ဓသနိက)
၈၃ ကမ္ဘာ့ရဝတီရဲ့တိုင်းရင်းသား
အလှူတော်ကြီး
ကိုညီလုံး
၉၁ သူ့တစ်ပါးကိုအားမလိုလျှင်
တွန်းအားရှင်
၉၃ နှစ်ပေါင်းနှစ်ထောင်ကျော်
နဝဒါသီ(သို့)ပြည်မြို့သမိုင်းအကျဉ်း
မျိုးဝင်း(ပြည်)
၁၀၇ သံဝေဇနီယလေးဌာနဘယ်ကစ
တက်ပုံမောင်မောင်အေး
၁၀၈ ကောင်းမှုအောင်ကြောင်းဂါထာတော်
နတ်မောက်မင်းသန့်နိုင်
၁၀၉ လူထဲကတရား တရားထဲကလူ
ချစ်ဖိုး(မော်ကျွန်း)
၁၁၂ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ဥပမာ
ထူးအောင်ကျော်(ဆေး/သု)
၁၁၄ အကုသိုလ်ဝင့်ကြွားနှင့်
ကုသိုလ်အကျိုး
ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံးဘို
၁၁၈ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး
ရွှေစိုး
၁၄၀ ဉာဏ်နှင့်ယှဉ်၍သုံးကြည့်ပါ
မောင်လှသည့်(မော်လမြိုင်)
၁၄၁ ခံစားချက်ကိုပြုလေ့လာခြင်း
ထီးနတ်လှိုင်
၁၄၄ နယ်မြေဒေသတစ်ခုအတွင်းရှိ
ဗျာဒိတ်တော်ရမြို့
တိုက်ကြည်(စွန့်ကိုင်)
၁၆၈ မတူညီတာတွေကိုပေါင်းစပ်မိ၍
နိုက်သွားသူ
မနှင်းမွှင့်(ပြည်)
၁၇၉ ပြဿနာသုံးရပ်
သော်တာအောင်(ကျောက်တော်)
၁၉၂ အစာအိမ်ကင်ဆာမဖြစ်ပွားရန်
သဘာဝအာဟာရများဖြင့်
ကာကွယ်ခြင်း
စွမ်းထက်နောင်
၂၁၃ မုသားမပါမှလက်ခံချေသည်
တောင်ငူ-စန်းဆွေ
၂၂၆ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမ်ပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၃၆)
ပထမဆရာဦးအေးဆွေ
၂၃၆ ဂင်္ဂါမြစ်ရေအထက်သို့
ဆန်တက်စီးရသည့်
ပြည့်တန်ဆာပဏ်ဲသစ္စာစကား
မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆုရ)
၂၆၂ အဘအောင်မင်းရှင်၏
နှုတ်ဆက်ခေါင်းလောင်းသံ(၆)
အဏ္ဏဝါလှိုင်း
၂၇၀ သိုက်နန်းရှင်
မောင်သန်းဆွေ(ထားဝယ်)
၂၈၉ လူတွေနေတဲ့နတ်ပြည်
သို့မဟုတ် ပတ္တမြားမြေ
မောင်မွှန်ညာဏ်(မောရ)
၃၀၂ နိုင်းမြစ်ဝှမ်းမှလွမ်းရိပ်သာ
လှမိုး(ပညာရေး)
၃၂၆ မိန်းမလှကျွန်းမှာသာတဲ့လ
တာရာမို့(ချဉ်)
၃၄၉ ငယ်ပေမယ့်ထည်(ထယ်)နိုင်ပါတယ်
ရဲမြတ်တင်(အမျိုးသားစာပေဆုရ)
၃၇၂ နိမိတ်ပုံထဲကကျွန်တော်
မင်းဘွား-ဗိုလ်ဥက္ကမ
၃၈၁ မိုးကုတ်ကျောက်မျက်ရတနာ
လောကရဲ့
လူနှင့်လူချင်းဆက်ဆံရေး(၃)
မောင်လှိုင်သစ်(မိုးကုတ်)
၃၉၉ သင်္ဘောသားတွေ
ပင်လယ်ထဲမှာ
အားလုံးပဲသေကုန်ကြတယ်
အရှင်သုမနသာရ
(အောင်စကြာကျောင်း)

သုရရွှေဘိုင်းရင်းဆေး

၁၆ အစာအိမ်အတွက်နည်းလမ်းကောင်း
နတ်မောက်မင်းသန့်နိုင်
၅၈ ဆံပင်ကျွတ်ပြန်ပေါက်စေရန်
နတ်မောက်မင်းသန့်နိုင်
၁၂၃ ရေယုန်နာပေါက်
မှချပျောက်နည်း
နတ်မောက်မင်းသန့်နိုင်
၁၂၄ ဆီးချိုသွေးချိုအမြစ်ပြတ်ဆေးတွေ့ပြီ
ဇန်းမော်ညီညွှ
၁၄၅ အမျိုးသားများအတွက်
နတ်မောက်မင်းသန့်နိုင်
၁၆၂ မှိုနှင့်အခြားအဆိပ်အတောက်
အမြန်ပြေပျောက်စေနည်း
နတ်မောက်မင်းချစ်နော်
၁၆၃ ဘဝတစ်သက် အလှမပျက်
မိုးနံ့ရွက်
သိဒ္ဓိဒွေး(လယ်တွင်း)
၁၆၇ ပန်းနာရင်ကျပ်အမြစ်ပြတ်စေရန်
နတ်မောက်မင်းသန့်နိုင်
၁၇၈ ချွေးထုတ်ချွေးအောင်းလိုလျှင်၊
ကလေးများတက်လျှင်
ဆင်ငိုမြက်ကိုသုံး
မိုးနောင်(ကောလင်း) ၂၀၁
လေဖြတ်အတွက်
လက်တွေ့ဆေးတစ်လက်
လှစွမ်းမြင့်(နတ်မောက်)
၂၀၂ သီးသီးအကြောင်း
စေစည်(ရွှေဘို)
၂၁၆ ရေယုန်နာပေါက်
မှချပျောက်နည်း
နတ်မောက်မင်းသန့်နိုင်
၂၇၃ အစွမ်းထက်မြက်သံသတ်ရွက်
ရွှေနှယ်ရိုး
၂၇၇ ဆီးပူဆီးကျင်ချက်ချင်းပျောက်
နေမင်း(နတ်မောက်)
၂၈၅ ခါးအောက်ပိုင်းသေရင်
ဘယ်ဆေးနဲ့ကုမလဲ
ဇန်းမော်ညီညွှ
၃၂၀ ဆေးအဆုံးဆုံး ပေါ်လစီ
ရွှေမြေကျော်စေ
၃၂၅ ဖက်ကြော်တို့၊
လက်တွေ့အမြန်ပျောက်နည်း
နတ်မောက်မင်းသန့်နိုင်
၃၃၇ ဖေဖေပြောတဲ့မှတ်သားစရာများနှင့်
သူငယ်ချင်းများရဲ့ဆေးပြီးတို့
ရေနံ့သာ-ခင်လေး
၃၅၃ ပဒူနှင့်ပုရွက်ဆိတ်ကိုက်သော်
အလွယ်ဆုံးနည်း
သပြေရွက်ကိုလိမ်း
မိုးနောင်(ကောလင်း)
၃၅၈ ဆေးဖက်လည်းဝင်၊
ရာသီဥတုပြောပြသော
ဝိစပ်ပင်
အေးချမ်းအောင်(ရမည်းသင်း)
၃၅၉ ခြေဖနောင့်အတက်ထွက်လျှင်
အေးချမ်းအောင်(ရမည်းသင်း)
၃၈၇ စပါးကြီးသည်းခြေနှင့်အာနိသင်တူပြီး
ထူးကဲဆေးဖက်ဝင်အစွမ်းသတ္တိများနှင့်
ပြည့်စုံနေသော
စပါးကြီးသည်းခြေဆေးပင်
ဦးမင်းဝင်(ရွှေနဝင်း)
၃၈၉ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၄၀၅ အသည်းအတွက် လဲလှရွက်
ဦးကိုကိုကြီး(စစ်ဆေးရေး)၊
ကစစ(၁၂)၊ ထုံးဘို

သုရရွှေဝတ္ထုတို

၁၄၆ မိုင်တိုင်အမှတ်(၉၄)
ကြည်ပြာမောင်(သစင်မြေ)
၁၅၀ အရှုံးကတစ်မူးသာ
နိုင်မြသိမ်းချစ်
၁၅၈ နဂါးပုလဲအမြုတေ
မင်းနန္ဒိရှိန်
၁၆၄ နောင်တော်ကြီးမင်းနှင့်ယာရှင်
ဇိုးလင်းအောင်(မြန်အောင်)
၁၇၀ မြိုကျောက်(၂၄)
နေပြည်တော်ကျော်ကျော်စိုး
၁၈၂ ကျွန်ုပ်နှင့်သူယောင်မယ်ကျော်မျှသူ
ညီမြရောင်
၁၉၄ ဝတ္ထုကံမြေတန်ခိုးပေတည့်
ရွှေနှယ်ရိုး
၁၉၈ ကျွန်းမာယာနှင့်ပုလဲရှာ၍
ရေမြေကျော်စေ
၂၃၀ ခွေးဟောင်ဝေးရှာ
သန့်ဝင်
၂၄၂ ဂျပန်ခေတ်တုန်းက
[illegible]ညည်စိုး(မိုးကုတ်)

၂၈၆ ကိုယ်နှင့်မြဲသောကံ
မိမိထံကျနေရောက်လာမည်
ဦးဇော်မြ(ကနောင်)
၂၉၈ ရှဂနော့ရီးဆေးဆရာကြီးထံမှ
ရှေးဟောင်းမှတ်ရုပ်များ
နိုးမင်း(မြောက်စည်း-ရွာသစ်)
၃၀၈ ဈာန်ဝင်စားနေသည့်ရသေ့ကြီးအပေါ်
ပြုမူခဲ့ကြသော
ဆန့်ကျင်ဘက်လူငယ်နှစ်ဦး၏
အကျိုးပေးရလဒ်
သမီးရဲ့ဘုံသား
၃၂၂ ဘုမ္မိယကုန်းမြေ
နေအောင်လင်း(စလေ)
၃၃၀ ပရိတ်ပဌာန်းအလင်းရောင်အောက်မှ
အိမ်မြောင်ကြီးတစ်ကောင်နှင့်
ရွှေရောင်ဗိမာန်တော်
ကိုဇော်ဝင်း(လှေတော)
၃၄၂ ကဝေပေးသောဆေးသုံးလုံး
မျိုးထက်နေ
၃၅၄ အနှိုင်းမဲ့ရင်ခွင်ထက်မှ
ကြောင်သားအမိ၏ကုသိုလ်ကံ
အောင်ဆန်းလင်း(ဘီအေ)
၃၆၀ မိုင်းကွင်းထဲကတာရွှေည
ထောင်ပိုင်ကြီးစိုးဇေ
၃၆၆ ဇာတိဿရပုဂ္ဂိုလ်(သို့)လူဝင်စား
အောင်မြင့်ထွန်း(မသုံးလုံး)
၃၇၈ ဓားမိထွန်း၏သမီးလေးဂျပန်မ
မင်းမြတ်သီဟ
၃၉၀ တမလွန်တွင်ပေးဆပ်ရသည့်
ဝိသမလောဘက မိုက်နှောင်တ
ဆောင်းကဗျာ

သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်

၂၁၈ ဒဗ္ဗိကုန္တရမြို့တော်
ဇိုးကျော

သုရဋ္ဌ ပညာရပ်

၁၀၆ နာတာရှည်လူမမာအတွက်
ဓာတ်ကြီးငါးပါးသဲပုံစေတီယတြာ
မောင်လှသည့်(မော်လမြိုင်)
၂၀၆ သာယာချမ်းမြေ့ခြင်းများနှင့်အတူ
ဆရာဦးမောင်မောင်သန်း၊
(ရင်ကိုအေးမြစေသော၊)
၂၇၀ ဘုမ္မိကြီးအတွက်
အကောင်းဆုံးယတြာ
ဒေါ်ခင်စံသူ(B.Sc)
၂၉၅ အစောင့်အရှောက်ချထားခြင်း
သို့မဟုတ် စတေးခြင်း
မင်းရှိန်အောင်
၃၃၅ ကိုယ်တွေ့ကြားမြင်သူတဖြစ်ခဲ့ရသော
အဂ္ဂိရတ်လောကမှ
ထူးထွေဆန်းပြားတတ်လမ်းများ(၁)
မင်းချမ်းမြေ့(ပုသိမ်)
၃၃၉ တစ်နှစ်တာမှုးပေါင်းလုပ်ကိုင်ရန်
နေ့သားသမီးရွေးချယ်တွက်နည်း
မင်းချစ်ဦး(နတ်မောက်)
၃၄၀ သိကောင်းစရာ
လောကီရေးရာအဖြာဖြာ
စနေထွန်း(မြစ်သား)
၃၉၅ ပြန်လာစေချင်သည့်
ဘြိုရန်းခံ အညွန့်အုပ်
အလာဓာတ်ရိုက်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၃၉၆ သားရွှေအိုးထမ်းရှမ်းတောင်တန်းနှင့်
ကျေးလက်ပုံရိပ်အဟော
ထင်ကျော်စွာ(ဂန့်ရွာစု)
၄၀၁ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း၊
ရွှေအရာဘီဦး-ဆရာစိုး၊
(တားရော့သုတေသီ)
မိုးကောင်းစေတီတော်

သုရဋ္ဌလက်တွေ့အသုံးချ

၂၁၇ ၂၀၁၈ ခုနှစ်၊ မတ်လအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
နိုးအောင်(ကျွဲရ)
၂၃၅ ပြည့်မြန်မာ၏
၂၀၁၈ ခုနှစ်၊ မိန်ရာသီပြောင်း၊
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်
၂၅၀ ထိ
ဆရာဦးမောင်မောင်သန်း၊
(ရင်ကိုအေးမြစေသော၊)
၂၇၄ စာမေးပွဲဖြေဆိုကြမယ့်
ကလေးများအတွက်
အောင်ပွဲဝင်အစီအရင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော၊)
၃၄၈ လိုသူများသုံးစေဖို့
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၃၆၅ ၂၀၁၈ခုနှစ်မတ်လအတွက်
အတွက်၊ အဝင်၊ ခေါင်ခိုနက္ခတ်ငယ်။
ဦးအောင်စောလှိုင်(ပုသိမ်)
၃၇၇ ၂၀၁၈ ခုနှစ်၊ မတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်
၄၀၇ ၂၀၁၈ ခုနှစ်၊ မတ်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည့်သိန်းကျော်
၄၁၀ သိရုံနှင့်ကျန်းမာစေသော
သုရဋ္ဌလက်ဆောင်
ဆရာဦးမောင်မောင်သန်း၊
(ရင်ကိုအေးမြစေသော၊)
၄၁၆ ၂၀၁၈ ခုနှစ်၊ မတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)
၄၁၈ ၂၀၁၈ ခုနှစ်၊ မတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း၊
(ရင်ကိုအေးမြစေသော၊)

နာယကကြီး
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)
စာတည်းချုပ်
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
နိုးအောင်
[illegible]
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၄)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၂)
[illegible]
[illegible]
[illegible]
ဖုန်း ၀၁- [illegible]

[illegible]
တစ်ဦးတည်း ကိုယ်စားလှယ်
ရွှန်းဦးစာပေ
နယ်ဖြန့်ဖြူးသူများ
[illegible]
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ပိုင်း-[illegible]
ပဲခူး- သဝင်စာပေ
[illegible]-[illegible]
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
[illegible]-[illegible]
တန်ဖိုး ၁၀၀၀
ထုတ်ဝေအုပ်ရေ (၃၅၀၀) အုပ်



တိတ်ဆိတ်

- * အာရုံ မျက်စိမှိတ် ကာလ အသက် ကင်းဆိတ်သည်။
- * အာရုံများ၏ စကားတိတ် နားကြား လည်း ကင်းဆိတ်ပြီ။

ထိုစဉ်. . .

- * ကံဖြစ်နား (ပကတိနား) . . . အတိတ်ကံက တပ်ဆင်ပေးထား ခြင်း။
- * ဉာဏ်ဖြစ်နား. . . ပညာပါရမီများ က တပ်ဆင်ပေးထားခြင်း။

ထိုသို့ နားအထား နှစ်ပါး ကွဲပြား နေချေရာ အာရုံတော၏ မောဟရိပ် မှေမှေမောမောကြီး ပင်လုံအိပ်နေကြသူ များ . . . တစ်ဖက်ထား စကားအသံမျှ ကြားခွင့် နားခွင့် ရကြမည်။

သို့ကြောင့် အဆင်။ အနူ အရသာ စသည့် ကျန်အာရုံထားများကပြောသော စကား တစ်လုံးတလေမျှပင် နားကြား ခွင့် မရကြတော့ပြီ။ ထိုအခါ ပကတိ တောဂနိုင် မြိုင်ကြီးကြားတို့၌ လူရောသူ များ စကားပြောသံတိတ်သောဆိတ်သွား သည်သာ။

ယင်းသည် အကာလ ညအခါ သူတို့ ဖိပ်တန်းဝင်၊ သူတို့တောမြင်ထွက် မိမိတစ်ဦးထီးတည်း တောနှင့်ဖက် တော ထွက်နေချိန်ဝယ်. . .

- * ည၏ တိတ်ဆိတ်ခြင်းများက လည်း တဏှာကို ခြောက်လှန့်ကြ ၏။
- * ကာလ၏ တိတ်ဆိတ်ခြင်းများက လည်း တဏှာကို ခြောက်လှန့်ကြ ၏။

ထိုစဉ် တဏှာထောင် အမှောင် တွင်း အကျဉ်းကျလျက်ကရှိနေကြသော သုံးမည်ရ အနွ၊ ဗာလ၊ ပုထုဇဉ် (ကန်း ကလည်းကန်း၊ မိုက်ကလည်းမိုက်၊ အတိုက်ကလည်းများ လူသား) များ စိတ်အားလည်းငယ်၊ တဏှာခြယ် ခြယ်သလောက်လည်းကြောက် တောကို စိတ်ကပြန်ခြောက်နေတော့သည်။ တိတ်ဆိတ်ခြင်းများကိုလည်း စိတ်ကပင်ပြန် ခြောက်နေတော့သည်။

ယင်းသည် တဏှာပါ အကျဉ်းကျ စိတ်ကမြင်းခွင့် မရရာမှ ထဖြစ်သော ကြောက်ခြင်း၊ ခြောက်ခြင်းများဖြစ်ကြ ရာ. . .

- * အသံတိုက်၍နားကြားဆိတ်၊ စိတ် ကား ထိတ်ထိတ်ပျာပျာသား။
- * ဟန်ဆိတ်၍ ဉာဏ်နားမိုက်၊ စိတ် ကား ထိတ်ထိတ်ပျာပျာသား။

အကယ်တိတိ ထိုသူ သုံးဘုံ့ကပ် ကို ဖြတ်၊ အမြဲဇာတ် ထဲ လွှဲဝင်သွားပါမှ ထို ည၏ တိတ်ဆိတ်ခြင်း၊ ကာလ၏ တိတ်ဆိတ်ခြင်း များသည် စိတ်စွမ်းယက်မြက် ကြိုက်နှစ်သက်စရာ၏ အခါများ ချည်း သာ။

၁၃၆၆ ခုနှစ်
နယုန်လပြည့်ကျော် ၄ ရက်နေ့
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

⊛

ပြောပြ

- * သဒ္ဒါရုံ၏သဘောသည် အသံ ဖြင့် ကြားပြော ပြောပေးသည်။
- * အခြားအာရုံတို့၏သဘောသည် ဟန်ဖြင့် ပြပြော ပြောပေးနေကြ သည်။

သို့ဖြစ်ရာ လူတစ်ဦးစီ၌ အသံခံ နားနှင့် ဉာဏ်ခံနား နှစ်ပါးတစ်သား တည်းကျရှနေကြခဲ့သော်. . . ပြောလည်း ကြား၊ ပြလည်းကြား ပြောပြစကား နားကြားဝင်ပြီသာ။ ထိုစဉ် ရုပ်ဇာတ် သတ္တဝါပြမှားမြင့်ဖွဲ့စည်းပေးထားခံရသော သက်ရှိ၊ သက်မဲ့သဘာဝအဖွဲ့အစည်း အားလုံး သခါရတို့၏အလုပ်သရုပ်ဆောင် ပြနေကြခြင်းသာဖြစ်ကြရာ. . .

- * ရုပ်ရှင်မင်းသား သရုပ်ဆောင်ပြ ရာ၌ အသံရော ဟန် နှစ်တန်ထပ် ၍ပြပမာ. . .။
- * ရုပ်ရှင်မင်းသမီး သရုပ်ဆောင်ပြ ရာ၌ အသံရော ဟန် သဏ္ဍာန်ထပ် ၍ပြပမာ. . .။

ယင်းတို့လည်း အသံဖြင့်ပြော၊ ဟန်ဖြင့်ပြ စကားနှစ်ခုချည်းပင်သာ။

အသံ၊ ဟန်တို့၏ ထိုပြောပြနေ ခြင်းများကို သင့်၌ ကံပေးနား၊ ဉာဏ် ပေးနား နှစ်ဖက်ထား ထားရှိပေးပြီး ဖြစ် ခဲ့သော်. . .

- * သင် မသေမချင်း မတိတ်၊ မဆိတ် အိပ်ပြီဟူ၍ ဆိုင်းဘုတ်မချိတ်သာ။
- * သူ မသေမချင်း မတိတ်၊ မဆိတ် အိပ်ပြီဟူ၍မဆိုသာ။
- * လောက မသုဉ်းမချင်းလည်း မတိတ်၊ မဆိတ် အိပ်ပြီဟူ၍ မဆို သာ။

ထိုအခါ တဏှာကား အိပ်၊ လူနှင့်သူများကား မအိပ်ကြသဖြင့် မတိတ်၊ မဆိတ်ဖြစ်တော့ရာ ထို တဏှာကား မခြောက်နိုင်။ သို့ကြောင့် စိတ်လည်း မကြောက် မဟုန်လောက် မဖောက်မပြန်သာ။

လူတို့သည် အကန်းထဲ အမိုက်ဖောက် အတေးကြွေး ပေးသလောက် ဈေးဦးဖောက် ချည်း တစ်ဘဝလုံးလုံး တောတိုးနေ ကြတော့ရာ. . .

- * အဖော်မြင် ခင်စိတ်ဖြင့် တဲနှောင် ပေးထားခံရမှ နေသာကြ၏။
- * စိတ်ချင်းကူး သူဦး၊ ကိုယ်ဦး နှုပေးခံရမှ ထိုင်သာကြ၏။

သို့ကြောင့် သဘာဝတို့၏သဘော ပြောဟိုင်းလည်း မကြား၊ ပြဟိုင်းလည်း မသိ အငိုက်မိနေကြ၏။

ထိုအငိုက်မိခံရခြင်း၏ ရလဒ် သည်ကား. . .

လူ လူချင်း လက်ချိတ် အိပ်လည်း အတုသိုး၊ နိုးလည်း အတုထ ပြောကြဆိုကြ လှုပ်ရှားပြခြင်းဖြင့် သာ။ တဏှာမင်း အပျင်းဖြေ အချော တော်တွေအဖြစ် အဝိဇ္ဇာ နန်းတွင်းသုံး ကချေသည်များ ဖြစ်ခွင့်ရကြခြင်းတည်း။

၁၃၆၆ ခု၊ နယုန်လပြည့်ကျော် ၄ ရက်၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

⊛

ဖောက်ပြန်

- * လမ်းသွား ခြေထောက် ဖောက် လျှင် ပြန်၊ တစ်ဖန် ပြန်ထွက်ခဲ့ရ မည်။
- * လူသွားလမ်းလျှောက် ဖောက် လျှင် ပြန် တစ်ဖန် ခံကွက်ချထား မည်။

ထိုစဉ်. . .

- * လူသည် အ[illegible] အရှင်ဘက် ထွ[illegible]
- * လူ့ဘဝသည် ခြေ[illegible]ကောင်း ရှင်ကြောင်း[illegible]

သို့တိုင်လ[illegible] လူဖြစ်လျှက်နှင့် လူလိုမကျင့်[illegible] [illegible]

မဟာဗောဓိမြိုင်ဆရာတော်

[illegible]

တောသွားတစ်ဦး၏တောလားမှတ်စုများ

ကိုက် ကြိုက်မကြိုက်တို့အတိုင်း လိုက်ပါ လွှန့်ကျူးပေးနေကြပါမူ လူ့အရနှင့် လူ့ဘဝ၏အထား ဖင်းနောက်ပြန်သွားဖြင့် ဖောက်ပြန်လား လားနေတော့ခြင်းများကြောင့် . . . အနေမှ အသေသို့ ပြန်တစ်ဖန် ပဋိသန္ဓေဇာက်ကျခဲ့ကြရမည်သာ။

ထိုမျှမက သူတစ်ဖက်သို့ ကြိုက် စော်ကား၊ မုန်း ပြစ်မှား၊ မသိ ဘာမြစ်ဖြစ် တရားဖြင့် လူကျင့်ကိုလွှန် တိရစ္ဆာန်ကျင့် ဘက်ကကျူး၊ တစ်ဖက် အကျော် ကျူးမိသော် . . .

- ကြိုက်ခြင်းကား၊ ဗြဟ္မာဘုံဝင် ဘဝ အရှင် မဟုတ်တော့ပြီ၊
- မုန်းပြစ်ကား ငရဲကျခံကိုယ်ပိုင်ဟန် သဏ္ဍာန် လုပ်ပြခွင့်မရပြီ။
- မသိပြစ်ကား တိရစ္ဆာန်ပြန် နိုင်ရာ စားဒဏ် ကေန်ခံရပြီ။

ရှင်သော သစ်ပုတ်သည် အညွန့်တက်၊ အရွက်ပေါက်၊ အကိုင်း၊ အခက်၊ သီးပွင့်များဖြင့် တိုးတက်ခြင်းသို့ဆိုက်ရောက်သည်။ သေသော သစ်ငုတ်သည် အညွန့်တုံး တိုးတက်ခြင်းများ ဆုံးရှုံးပြီပမာ။

ထို ဆိုခဲ့ပြီး အပါယ်ခံဘဝများသည်လည်း. . .

- အကြိုက်မပြေ ခရင်တ်နေခြင်းကြောင့် အတက်မပေါက်။
- မုန်းညစ်ရှစ် အမြစ်နှုတ်ခံနေရခြင်းကြောင့် အတက်မပေါက်။
- မသိပြီး အရိုးထိုးခံနေရခြင်းကြောင့် အတက်မပေါက်။

သို့ကြောင့် ယင်းတို့ကို ရှင်သော်လည်း အသေနှင့် အတူတူပင်ဖြစ်ရာ အသေဘဝဆိုကြရပါသည်။ လူသည်လည်း သေမျိုးမတုံး၊ အညွန့်လုံးလုံး မထွက်၊ ရှင်လျက်နှင့် အသေချည်းသာ။

အကယ်တိတိ ထိုလူ့အယူအကျင့်မဖောက် လူ့သွားလမ်းအတိုင်း လျှောက်နေခဲ့သော် လူတပြင်၊ သူတပြင်အတွင်း အပူလည်းကင်း၊ လူရောသူရောလည်း ရှင်းနေသောကြောင့် ဇာတိသို့တစ်ခေါက် လှန် ပြန်စရာမလိုတော့ပြီ။ အပါယ်ခံဘဝသို့ တစ်ခေါက်ပြန် နောက်ကျန် စာရင်း ရှင်းနေစရာလည်း မလိုပြီ။

ထိုသူသည်သာ တလူလူလွှန့်၊ တညွှန့်ညွှန့်ထွက် အတက်ဆက်လူသား တည်း။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၄ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

❋

ဖြတ်လမ်း

- စုန်ဆန်ကို ဖြတ် အတိုဆုံးလမ်း သတ်မှတ်ပေးခြင်းသည် . . . ဖြတ်လမ်း။
- လမ်းဆိုလျှင် ဖြတ်၊ နန်းရပ်သို့ ကပ်ချဉ်းခန်းသည်လည်း. . . ဖြတ်လမ်း။

လမ်းသည် . . . ရေခင်းလမ်းဖြစ်က အစုန် သို့မဟုတ် အဆန်။ မြေခင်းလမ်းဖြစ်နေက အကွေ့ သို့မဟုတ် အပတ်။ သို့ပမာ လူသားတို့၏ဘဝစီးခရီးလမ်းသည်လည်း. . .

- အချို့ အာရုံကြောမျှောလိုက် လိုက်၊ နှိုက်စား စားနေသော အစုန်မျော။
- အချို့ အာရုံစပ် သုံးခွင့်ရ ကပ်၊ သုံးခွင့်မရ ဖောင်ဖြတ်ဖြတ်အဆန် တက်။

သို့ဖြစ်ရာ ထို နှစ်မျိုးစလုံး ချုပ်ဆုံးခြင်းသို့မရောက်၊ ရေတွေ့မြေတွေ့သမျှ လျှောက်၍ချည်းနေရတော့ရာ. . . . အစွန်ကမ်း လမ်းထင် ဘယ်သောကာလမှ ကမ်းမြင်။

ထို နှစ်ချို့နှင့် မယှဉ်၊ မချို့သော အမြင်ရှင်တို့မှာမူကား မျှောလိုက်တွေ့၊ မမေ့သတိဖြင့် ဖြတ် လမ်းတစ်မျိုးထပ်ထွင်၏။ ဆန့်တက်တွေ့ ကိုယ်တွေ့အသိဖြင့် ဖြတ် လမ်းတစ်မျိုး ထပ်ထွင်၏။ ထိုလမ်းကား လမ်းဖြတ်ရာမှ ကပ်ဝင်လာသော ဖြတ်လမ်း။

- ဖြတ်လမ်းသည် အစွဲဆို ဖျင်၊ အစဉ်ဆို ဖြတ်၊ ဝဲယာ မကပ်လမ်းတည်း။
- ဖြတ်လမ်းသည် သညာအစား သိက္ခာဝင်၊ မဆုံးအစား အဆုံးမြင်လမ်းတည်း။

ထိုလမ်းသည် နံပါးနှစ်ဖက်ဖြတ်သန်း ဘက်ကမ်းကိုလည်း လှမ်းပြပေး၏။ စုန်ဆန်လမ်း ဖြတ်တောက်ပစ်ရာမှ အသစ်ပေါ်လာသောလမ်းလည်းဖြစ်၏။ ယင်းသည် အစုန်အဆန်အကွေ့အပတ် အားလုံးကိုလျှင် ဖြတ်လျက်ကလည်းကောင်း၊ အရှည်ထား အလျားပေါ်ကိုလည်း တိုစေ၊ ကျုံ့စေ၊ ချော့မြေ့စေလျက်က လည်းကောင်း သည်ဘက်ကို ဖြိုသလောက် ဟိုဘက်ကို အလိုလို ရောက်ခွင့်ရတော့ရာ. . .

- အဖော်ကြုံ စုန်မလိုက်လိုသူများ အမြဲအားထားသွားကြသည်။
- အဖော်မြန် ဆန်မလိုက်လိုသူများလည်း အမြဲအားထားသွားကြသည်သာ။

ထိုလမ်းမျိုး တစ်ကမ္ဘာလုံးမှာမှ တစ်ခါစ နှစ်ခါစ ဖော်ခွင့်ကြုံ၏။ အများဆုံးကား ငါးခါ၊ အနည်းဆုံးကား သုည ဖြစ်တတ်ရာ. . .

- တွေ့တုန်းဝင်၊ မြင်တုန်းသွား နောက်မှဟူ၍ လှာထား မနေသင့်။
- ရတုန်းယူ၊ ကြုံတုန်းတွဲ လွှဲမှဟူ၍ အပူရှိန် အချိန်မခွဲသင့်။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၅ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

❋

ဆုံးဖြတ်

- အဆုံးတွေ့လျှင် ဖြတ်၊ နောက်နောက် မထပ်စေခဲ့လျှင်. . . ။
- အဆုံးသိ ကိကနဲ့ဖြတ်၊ နောက်နောက် မပတ်လာတော့လျှင်. . . ။

လူတို့သည် အစွဲ၏အငြိ ကလိခံနေကြရရာ . . . အကောင်းဆုံးလည်း သုံးချင်ချင် ဖြတ်ရကောင်းမှန်းပင် မသိတတ်ကြပြီ။ အတွေ့ဆုံးလည်း အစွဲဝင်၊ ဖြတ်သော်မှ ဖြတ်ရကောင်းမှန်း မသိတတ်ကြပြီ။ ထိုစဉ် အတွေ့ဖက်တိုင်း ဒဏ်ကြောင့်မျက်၊ ခန္ဓာခွင်ဒဏ်သင့်လျက် ကချည်းဖြစ်နေသောကြောင့် အပျက်ကြီး အစီးပေါ်လာချေတော့ရာ. . .

- အကောင်း ဆုံးတိုင်း အဆိုးကစ အဆိုးဆုံးဘဝရကြသည်။
- အဆိုး ဆုံးတိုင်း အကောင်းစ အကောင်းစားဘဝရကြသည်။

သို့ကြောင့် ဆုံးတိုင်းဖြတ် ထပ်ဆက်ဖြတ်ချက်ကား မဝင်သာ။ သည့်ထက်ဆိုးမှာ အဆုံးဖြတ်သွားမည်ကိုပင် စိုးရိမ်နေခြင်းပင်။ ယင်းသည်. . .

- ခန္ဓာတွင်းနေ ကံချေ ဒဏ်ချေများ မကျေသေး၍လည်း ဖြစ်မည်။
- အစွဲကလည်း ဆက်၊ ဓာတ်သက်ကလည်းကြေ သွေးဆူဝေ၍လည်း ဖြစ်မည်။

သို့ကြောင့် သုံးရင်းက ဝဒိ တော်ပြီဆို တစ်ပွဲ ပြီးဆုံးခဲ့သော်မှလည်း အစွဲကလည်းလို၊ ကိုယ်ကလည်း ဆာ၊ အာရုံလာကလည်း လှုံ့ဆော်နေသော် ဆုံးရာမှ အဖြတ်၊ နောက်တစ်ထပ် ပတ်သက်နေကြရသည်ချည်းသာ။

အကယ်တိတိ ထိုလူသားများ . . .

သူနှင့်ကိုယ် အလိုချဉ်း အာရုံချင်း လဲစားနေကြရာမှ ကိုယ့်ကိုယ်ကိုယ် အာရုံဆင်း လေ့လာရေးကွင်းဆင်းမိကြသော်. . . ထိုမှနောက် ကိုယ့်အာရုံကိုယ့် အခင်း အပြင်မှ အတွင်းထိ စင်းစင်းသိ သိလာချေသော် အစွဲမှန်သမျှပြီးဆုံး တွဲလုံးမှန်သမျှ အကုန်ချုပ်ဆုံးသွားတော့ရာ. . .

- အပါယအာရုံစာ တစ်ခါထဲနှင့် အပြီးဝ ဆုံးသည်နှင့် ဖြတ်ချပြီး သားသာ။
- ကာမအာရုံစာ တစ်ခါထဲနှင့် အပြီးဝ ဆုံးသည်နှင့် ဖြတ်ချ ပြီးသားသာ။
- ဘဝအာရုံစာ တစ်ခါထဲနှင့် အပြီးဝ ဆုံးသည်နှင့် ဖြတ်ချပြီးသားသာ။

ထိုလူသား သည်ဘဝ အဆုံးသတ် နောက်ထပ် ဖြတ်စရာမလိုချေ။ သည့်မှာတွင် အဆုံးဖြတ် နောက်ထပ် ပတ်စရာ မလိုချေ။

အငြိဆုံး၊ အသုံးဖြတ် သုံးသော်မှ မစပ်တော့သောကြောင့်တည်း။ အာရုံက အာရုံ၊ စိတ်က စိတ် မည်သို့မျှမခိုတ်ကြ သောကြောင့်တည်း။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၅ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

❋

သုံးသပ်

- အခုသုံးကို အခုအတိုင်း သပ်သပ်ထား ခြားနားလာပြီသာ။
- သူ့အသုံးကို သူ့အတိုင်းသပ်သပ် ထား မပွားမများလာ။

လူတို့သည် အာရုံသုံး ပန်းပမာလည်း သီကုံးပန်ဆင်တတ်ကြ၏။ အာရုံသုံး မုန့်လေပွေ တုတ်ထိုးပမာလည်း တစ်ခုပေါ်တစ်ခု ထပ်၍ အထပ်ထပ်လည်း အပ်စပ်တတ်ကြ၏။

သို့ဖြစ်ရာ အချို့မြင်ခွင့်ရသည်နှင့် ကြားလို၊ နမ်းလို၊ ခံစားလိုစသည် တစ်သီတစ်တန်းကြီး ငန်းထမ်းခံကြရရာ. . . အမြင်သုံး အမြင်ဖြင့်သာ ဆုံးအောင် အမြင် အမြင်သပ်သပ် မထားနိုင်ကြပေ။

သို့ကြောင့်ပင် ယခင်မြင် အသည်းကပ် အထပ်ထပ်သော အစွဲတေး သွေးအဖုတ်များသည် ယခုမြင်စဉ် ဘဝင်လေဟပ် တဖျတ်ဖျတ်ထပ်ဝင်လာသောအခါ . . .

- ယခုမကောင်းလည်း ယခင် ကောင်းများနှင့်ပေါင်း အကောင်း ထင်ရတော့ပြီသာ။
- ယခုကောင်းလည်း ယခင် မကောင်းများနှင့်ပေါင်း မကောင်း ထင်ရတော့ပြီသာ။

ထိုလူသား အသစ်အာရုံတို့က ဆွဲ၊ အဟောင်းအာရုံတို့ကလည်းစွဲ ခွဲမရတော့သောကြောင့်. . .

- မြင်မှ မမြင်ရသေး အကြွေးပေး၊ အကြွေးယူများကား စာရင်းရှေ့ပြီး သား။
- သုံးမှ မသုံးရသေး အစွဲတွေး အလွဲပေးများကား သွေးစည်းပေးပြီး သား။

ယနေ့ အာရုံသုံး အတိတ်သွေး အနာဂတ်သွေးများဖြင့် မစည်းလုံးဘဲ ပစ္စုပ္ပန်တည့်တည့်၌သာ စိတ်ကိုထား တစ်အာရုံဆို တစ်အာရုံမျှ၌သာ သွေးကစားစေကြသော်. . .

- အမြင်ဆို အမြင်သပ်သပ် အကြားစသည်တို့ သွေးမစပ်တော့။
- သူ့ဆို သူ့သပ်သပ် အခြားစသည်သို့ သွေးမစပ်တော့။

ထိုအချိန် အသစ်လည်း စရန်မတေး၊ အဟောင်းကြွေးလည်း ကျေမည်သူက လာပေါင်းပေါင်း ထေပေးနေရခြင်း၊ ချေပေးနေရခြင်းများ အလျှင်းမရှိကြတော့ရာ ကြွေးကင်းသမား ထိုလူသားများ. . .

- ဘယ်မှာနေနေ ဘယ်ပြည့်ကပ်ကပ် ကိုယ်လုပ်သမျှ ကိုယ်သာအမြတ် အစုစပ် မရှိကြပြီ။
- ပွားလိုပွား ဖြတ်လိုဖြတ် ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် လိုသလို လွတ်လပ်ခွင့်ရကြပြီ။

ထိုအခွင့်ရေးမျိုး ဗုဒ္ဓဝါဒီမှတစ်ပါး အခြားတို့မရစေနိုင်။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၆ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

❋

ဖြောင့်တန်း

- အာရုံဖြောင့်လျှင် လမ်းတန်း သွားခန်း အောင်မြင်မည်။
- အဝင်ဖြောင့်မတ်လျှင် ထွက်လမ်း တန်း သွားခန်း ရပ်ရမည်။

ထိုစဉ် အာရုံချင်းဆုံ ခံတန်း အခင်းချင်း လှမ်းပေးရာတိုင်းတို့၌ မိမိရှိ စိတ်ထား အာရုံမဖြောင့်က ပညတ်ဖမ်းမှောင့်ဝင် အရောင့်ခွင် တမင်မလွဲပို့တော့ချေရာ. .

- အကြိုက်ဝင် အကြင်ပတ်၊ အထင် တလွဲ မှတ်တော့မည်သာ။
- အမုန်းဝင် အမင်ဖြတ်၊ အမြင် တလွဲ ကပ်တော့မည်သာ။
- လုံးလုံးမမြင် အမှုင်ကပ် အစဉ် တလွဲပတ်တော့မည်သာ။

ထိုသူများ လို၊ မလို အပိုဝေ့ စိတ်ဟိုရွှေ့သည်ရွှေ့ ခံကြရပြီပင်။ မဖြောင့်၍ မတန်း အလှမ်းလည်း သွားခန်းမရပ်ပင်။

သို့ဖြစ်ပင် ယနေ့ ကာမခရီးခွင် အပြီးနှင်လိုသူများ အတွေ့ရကာမ အဝ အပြဲချည်း စားသုံးမြှုနေကြ၏။ သုံးတိုင်းလည်း အဝနဲ့ ပြသွားမှ တော်ကြသည်ချည်း။ သို့စဉ်လျက် စားပြီးတိုင်း ဆာ၊ ဆာပြီးတိုင်း စား အနားမရကြခြင်းများမှာ လို၊ မလို ဆိုရာဝေ့စိတ် ဟိုရွှေ့သည် ရွှေ့ ရွှေ့နေရခြင်းကြောင့်ပင်။

အကယ်တိတိ. . .

- သူ့အာရုံ ယူမတွေ့၊ ကိုယ့်စိတ်သူ့ စိတ်အဖြစ် မရွှေ့မခံဘဲ၊
- ကိုယ့်အာရုံ ကိုယ်ယူတွေ့၊ ကိုယ့် စိတ် ကိုယ့်စိတ်အဖြစ် တွေ့တဲ့တွဲ၊

ကိုယ့်အကဲကိုယ် ကိုယ့်ရှိ သတိ၊ အသိများဖြင့်သာ သိကြည့်နေချေသော် အပြောမဝင် အပြင်ရပ် လို၊ မလို အလိုလို ပြတ်လပ်နေခဲ့ပြီ။

ထိုလူသား. . .

- ဘာကြဲကြဲ အာရုံမှန် အဖြောင့် ထမ်း အောင်ခန်း တန်းလျက်ကြ သာ။
- ဘာယှယှ လူစိတ်ဖြင့် ဖြောင့်မသန်း အောင်ခန်း တန်း[illegible]ကြသာ။

ကိုယ့်ကိုယ်နှင့် ကိုယ့်စိတ် တစ်ကိုက် တည်း ပေါင်းမိနေသောကြောင့်တည်း။

ထိုလူသား ကံအထား ကြွားဝင် အမြင်လွဲ အတ္တကြီး [illegible]

ပြည့် အလည်ထွက်လည်း အထက်ဆို အထက်ချည်းမျှသာ။ ဘုံခြားနားလိုက လည်း ခြားဆိုခြား၊ နားဆိုနား ခြားပြီး နားပြီးသာ။

ယနေ့ ထိုအခွင့်ရေးမျိုး. . .

ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ကြိုး ကိုယ်စား လမ်းပြစကား နားသွင်း၊ အာရုံ ဆို တစ်ဖြောင့်တည်းစင်းနေသူများ အတန်းတွင်း အခင်းချ ခံစားခွင့်ရနေကြ ပြီ။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၇ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

* * *

အေးချမ်း

* ဥတုအေးမှ ခန္ဓာချမ်း အန္တမ်းလည်း ပြေ၊ ကမ်းလည်း ရှာဖွေ၍ရမည်။
* စိတ်အေးမှ ကိုယ်ချမ်း အလန်း တာရှည်၊ အဆန်းလည်း ရှာဖွေ၍ ရမည်။

သဘာဝနှင့်ကာယသည် အဆက် အသွယ်မကင်း။

ထိုစဉ်. . . ကာယ ကာမကကြား ဝင်ခြေရှုပ်လိုက်သောအခါ စိတ်သိနေရာ ကိလေသာက ကြားဝင်စီးသွားလေသော အခါ သူအေးတိုင်း လူမချမ်း ကိုယ်အေး တိုင်းလည်း စိတ်မချမ်း။

ထိုကိစ္စ ဆောင်းည အပေါင်းမလှ ဖြစ်နေသူများက စကားပြောနေကြသည်။ စစ်ဘေးအတွင်း ချင်းနင်းမိသူများက စကားပြောနေကြသည်။ ထိုသူများ အေး တိုင်း မချမ်း၊ ချမ်းတိုင်း မအေး၊ အချမ်း နှင့် အအေး အလှမ်းကွာဝေးနေကြပြီ။ အကယ်အတိတိ အချမ်းပေးအအေးယူ လိုက်ဖက်တူအတွဲ အမြဲဖြစ်လိုကြပါမူ . . .

* ကာယ၊ ကာမနှင့် မဆက်၊ သဘာဝ နှင့်သာ ဆက်သွယ်နေဖို့သာ။
* ကိလေသာနှင့်စိတ် အချိတ်ဖျက် သဘာဝနှင့်သာ မိတ်ဖြစ်နေဖို့သာ။

ထိုသို့ဖြစ်ရန်မှာ. . .

အာရုံနှင့် မိမိတံခါး အလာအ သွား ထားပေးတိုင်း ထားပေးတိုင်းလည်း ကောင်း၊ သူ့တံခါးနှင့် ကိုယ့်အာရုံ နှစ် ပါးစုံ ဆုံတိုင်းဆုံတိုင်းလည်းကောင်း၊ သူ့ တံခါးနှင့် ကိုယ့်အာရုံ နှစ်ပါးစုံ ဆုံတိုင်း ဆုံတိုင်း လည်းကောင်း၊ မိမိ၏တံခါး ကြား သတိ အစောင့်ထားလျက်က. . .

* အာရုံကိုသာ အဝင်အထွက်ခံ ကြိုက်၊ မကြိုက်ကိုကား အသွား အလာ မခံရာ။
* ကာယတံခါးကိုသာ ဖွင့်ဟပေး မန တံခါး အထိကား ဝင်ခွင့်မပေး ရာ။

သို့ဆိုသော် ငါ၊ သူမနှောင့် စွဲ ရှောင့်မဝင်၊ ကြိုက်၊ မကြိုက်ကား အကွက်ဆင်မရတော့ပြီ။ ကိုယ်ကိုထား၍ စိတ်မသွား၊ ခြားကွယ်ရာ ကိလေသာနှင့် စိတ် ချိတ်မကစားပြီ။

ထိုအချိန် ကိုယ့်ကိုယ်နှင့် ကိုယ့် စိတ် အတူအိပ်၊ အတူသွား၊ အတူစားနေ တော့ရာ က၊ စိတ် လင်မယား အိမ် အလည်လာလည်း သည်က လင်မကွဲ၊ မယားမကွာ ညည့်ခံနေပြီသာ။ ဥတု၊ အာဟာရတို့အတွဲ အိမ်ထဲဝင်လာလည်း သည်က လင်စုံ၊ မယားဖက် လက်ခံ လျက်ကပင်။

ထိုလူသား ကိုယ်ထိ စိတ်ကသိ စိတ်ကူးကြည့် ကိုယ်ကလည်း ထိပေးပြီး ဖြစ်တော့ရာ သူအေးသလောက် လူချမ်း၊ အေးချမ်းခြင်းလည်း စုံတွဲမကင်းသာ။

* စိတ်အေးလျှင် ကိုယ်ချမ်း၊ စိတ်နှင့် ကိုယ်လည်း အလိုတူအလိုပါဖြစ် ပြီသာ။
* ကိုယ်ချမ်းလျှင်လည်း စိတ်အေး၊ သဘာဝအစာလည်း လွေးပြီးဖြစ် ပြီသာ။
* စိတ်ချမ်းသာလျှင်လည်း ကိုယ်အေး၊ ဓမ္မအစာလည်း ကျွေးပြီးမွေးပြီးဖြစ် ပြီသာ။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၈ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

* * *

တစ်ကိုယ်ကောင်း

* ကိုယ့်တစ်ကိုယ် ကောင်းအောင် ပြုပြင်ပေးခြင်းသည် အရေးအကြီး ဆုံး။
* ကိုယ်ကောင်းပြီးနောက် ကိုယ့်ထံ ရောက်များကို ကောက်ပြင်ပေး ခြင်းကား ဒုတိယလုပ်ထုံး။

ဤသို့ ငါတို့ရှေ့က ကျင့်ပြသွား သော ကျေးဇူးရှင် ဝေဘူဆရာတော်ကြီး သည် သက်သေတည်း။

တောထွက်သွားပြီဆိုသည်နှင့် မိမိ ကြီး သူ့စိတ်ဖြင့် မစားနိုင်မသောက်နိုင် ဖြစ်ကာ နောက်ဆုံးသေ၏။ သူ့ကြောင့် သေသော်မှ သူ့ကိစ္စ မပြီးသေးအယ် ပြန်မကြည့်ခဲ့။

ဘယ်နေရာ ဘယ်သူက ဘာလာ လျှောက်နေစေ ကြာရှည်စွာ လက်ခံ စကားမပြော။ အကြံပို၊ အပြောပို၊ အလုပ်ပို မှန်သမျှ စိတ်သို့ ကိုယ်သို့ သိုလှောင်ထားခြင်း၊ စေခိုင်းခြင်းမရှိ တစ်ကိုယ်ကောင်းရေးသည် သေရေးရှင် ရေး အားလုံးထက် အရေးကြီးနေသော ကြောင့်တည်း။ ကိုယ့်တစ်ကိုယ်မှ မကောင်းဘဲလျက် သူတစ်ကိုယ် ဘယ် သို့ ကောင်းအောင် ပြုပြင်ပေးမည်နည်း။

တစ်ကိုယ်ကောင်းရန်သည် စိတ် ကိုပြုပြင်ပေးလျက်က ကိုယ်ကိုယ်ဉ်ကျေး ရာဘက်ရောက်စေရသော တစ်ဖက်လှည့် တုန့်ရိုက်ရိုက်နည်းမျိုးဖြစ်ရာ . . . ကိုယ် တွင်းပြေး စရိုက်သွေးသည် အတွင်းရှိ လေခိုးများ၏အထိုးအကျင့်မခံနိုင်သဖြင့် လှည့်ပတ်ပြေးနေရရာ တစ်စက္ကန့် ကုဋေ ပေါင်းခြောက်ထောင်ခန့် တုန်ခါနှုန်းရှိ ၏။

ထိုစရိုက်သွေးတို့၏ ပြေးနှုန်း အတိုင်းလျှင် စရိုက်ဖြစ် ဉာဏ်အသိ ကိလေသာစိတ်တို့၏လှည့်လည်ခြင်းက လည်း တစ်စက္ကန့် ကုဋေပေါင်း တစ်သိန်း အထိ ဖြန့်သိပေးနေ၏။ သို့ကြောင့် စိတ်လည်း ညစ်ပေမွဲယောင်း၊ ဘာမှ မကောင်း၊ ကိုယ်ကား ထောင်းလမောင်း ကြေ ပေပေတေတေတည်း။

ယင်းကို ပြုပြင်ရန်မှာ စိတ် အအား၊ အနား ပေးမထားမှဖြစ်ရာ ပြုပြင်ရေးတာဝန်ခံသတိအဖွဲ့စုသည်လည်း အကြံဝင် နှင်ထုတ် နုတ်မြွက်ဖျက်တား၊ ကိုယ်လှုပ်ရှား တားဆီးသဖြင့်ပင် မနား မနေ အိပ်သော်မှ မအိပ်စေရ အမိန့် ထုတ်ကာ ပြုပြင်ပေးနေကြရရာ. . .

* ငါစွဲကြံ အသေခံနိုင်မှ ကိုယ်ကား ရှေ့စိတ် နောက်စိတ် ထိန်းဖြင့် အငြိမ်းရရုံလေးသာ။
* ကြိုက်၊ မကြိုက် စိတ်ကူး တူးပတ် နိုင်မှ ကိုယ်ကား ခြေကားရား လက်ကားရားမှု မပြုရုံလေးသာ။
* နောက်ဆုံး မသိစိတ် ကြိတ်ချေ ဖျက်ဆီးပြီးမှသာ ကိုယ်လည်းတစ် ကိုယ်လုံး ကောင်း ဖြစ်ရရှာ။

ကိုယ့်တစ်ကိုယ် ကောင်းသွားလျှင် သူတစ်ကိုယ်များ အစားစားကောင်းရှိ ပြုပြင်ပေးရန် မခဲယဉ်း။

ဝေဘူဆရာတော်ကြီးကား ထိုနေရာ ရောက်တော်မူသည်နှင့် ဘယ်နေရာက ဘယ်သူက ဘယ်အချိန် လာပင့်ပင့် [illegible]ချင်းပင် ပင့်ရာနောက် လိုက်တော်မူ [illegible]။

- ကိုယ့်ကိစ္စ မပြီးခင် ဘာ ဘယ်လို ဘာအမှု ဘယ်သူမှ မငဲ့။
- ကိုယ့်ကိစ္စပြီးစီးလျှင် ငါဘယ်လို၊ ငါ့အမှု ငါ့ပြန်ရှုသည် မရှိခဲ့။

အားကျဖို့လည်း ကောင်း၊ အတု ယူဖို့လည်းကောင်း၊ နောက်နှောင်း အတွက် ကောက်ကြောင်းစက်ချ ပြသွား [illegible]တည်း။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၉ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

* * *

ရဟန်း

- ကိလေသာကိုဖွက် ကိုယ့်စိတ် သက်သက်ဖြင့်နေခြင်းသည် ရဟန်း။
- သီလဂုဏ် အာရုံပြု အများသို့ ကိုရာဆုယူပေးနေခြင်းသည် ရဟန်း။
- မိမိသီလသို့ တစ်ဖက်က သဒ္ဓါဖြင့် တန်းလှူသည်ကို ခံယူခြင်းသည် ရဟန်း။

ထိုသို့ ရဟန်းအပြား သုံးစားရှိ ရာ. . .

ပထမရဟန်းကား တာဝန်၊ ဒုတိယ [illegible]၊ တာဝန်အရ စောင့်ရှောက်၊ တတိယ [illegible] ရပိုင်ခွင့် အသင့်သုံးဆောင်ခြင်း။ ထို့ကြောင့် ရဟန်းသည် ပထမတန်းစား ရဟန်းဖြစ်မှသာ ရဟန်းအလုပ် ရဟန်း [illegible]ဖြင့် ရဟန်းရုပ်ပေါက်သော ရဟန်း ဖြစ်တည်း။

- ရဟန်းအလုပ် လုပ်မှ ရဟန်းရုပ် ပေါက်တော့ပသည်။
- ရဟန်းအလုပ် မလုပ်က ရဟန်း ပဋိဘာဖြင့်မှိန်ကျသွားတတ်သည်။

ငါတို့ကား တောခြေကုပ်ဖြင့် ရဟန်းအလုပ်လုပ်နေခြင်းသာ။

- ရဟန်းကိစ္စ ပြီးခြင်းကား ငါ့ အလုပ်မဟုတ်။ ဖြည့်ဆည်းပြီး၏ တာဝန်သာ။
- ရဟန်းခရီး ရောက်ခြင်းလည်း ငါ့ တာဝန်မဟုတ်။ သိက္ခာတင်ယာဉ် ကြီး၏တာဝန်သာ။

ငါ့တာဝန်ကား ရဟန်းဖြစ်လျက် သားနှင့် ရဟန်းအလုပ် မလုပ်မိခြင်း ကြောင့် အစသော် ရဟန်းယုတ်၊ ခဏ ကြာသော် ရဟန်းပုပ်၊ နှောင်သော် ရဟန်းမြုပ် ဖြစ်မသွားစေရန် ရဟန်းခံ အဖြစ်ဖြင့် ရဟန်းကံ ပြုရန်မျှသာ။

ငါ၌ တစ်ခု စိုးရိမ်မိသည်မှာ. . .

ရဟန်းဖြစ်လျက်သားနှင့် ရဟန်း တရား ပွားများခွင့်မရမှာကိုပင်။ ရဟန်း အား ရဟန်းသွား သွားခွင့်မရရန် တား ဆီးတတ်သည်များကား အတွင်း၌ နီဝရဏ၊ ပြင်ပမှာ ပရိသတ်နှင့် လာဘ် များပင်တည်း။

* ချာန်ပါးလျှင် နီဝရဏပွားလာ၏။ ချာန်ထွားသော် နီဝရဏပါးသွား ၏။
* စကားတတ်လျှင် ပရိသတ် လာဘ် ကပ်၏။ စကားမတတ် အကပ်ပါး တတ်၏။

စင်စစ် အရင်းစစ် အမြစ်မြေက ပမာ. . . ငါသည်သာ အခရာ၊ ငါသည် သာ အညာတည်း။ သို့ကြောင့်. . .

* ငါသည် ရဟန်းစိတ်မွေး၍ ရဟန်း သွေး ပြည့်နေစေအံ့။
* ငါသည် ရဟန်းတရားပွားခြင်းဖြင့် သာ အများအကြွေး ပေးဖြည့်နေ အံ့။

အဘဘုရားသည် ကောင်းကင် သွား လမင်းကြီးပမာ မည်သူမျှင့်မရှု သွားရင်းက အားလုံးအပေါ် သူပေးလို ရာ ဖြန့်ဝေပေးသွားပါ၏။ ငါသည်လည်း လပမာထား လလိုများ အေးဆေးလှပ တောက်ပဦးမလားငါမသိ။

.၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၁၀ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

* * *

တောလား

တောတွင်းဖွား တောသွားမလွတ် နိုင်။

သို့တိုင်လည်း ထို တောသွား သည်. . .

* လယ်ထွင်၊ ယာခုတ် စိုက်ပျိုးရန် အလုပ်လော။
* မုဆိုးတောလှည့် သားကောင်များ သတ်ဖြတ်သည့်အလုပ်လော။
* ရဟန်းတောဝင် တရားဖြင့် ကျွတ် လမ်းထွင်သည့်အလုပ်လော။

သို့တည်းမဟုတ်. . .

* တွေ့ရာရာ သာရာစီး လေ့လာရေး ခရီးပေလော။
* တောအသွား ထိုလားမှုား တန်းစီ နေချေရာ. . .

သင်သည် တစ်လယ်လယ်လား တစ်ယာယာကပ် ယာ(လျာ)ပြီးတိုင်း အသတ်ခံရမည့် ကာမတော ဇော့ကျ၊ တောထအောင် "ဇ" မပြမိစေရာ။ ပြမိခဲ့ သော် မုဆိုးတောလှည့် သူနှင့်ကိုယ်သား ကောင်အဖြစ် ဖမ်းဆီးသည့်အလုပ်ကို လည်း အဟုတ်ကို လုပ်ရချေတော့အံ့။

သည်နှင့်တွေ့ သည်နှင့်နီး သည်စီး။ ဟိုနှင့်တွေ့ ဟိုနှင့်နီး ဟိုစီး။ နောက်တစ် မျိုး အလေ့ပါ အလာပေး လေ့လာရေး ခရီးလည်း လှည့်ပြီး ဖြစ်တော့အံ့။

အကယ်တိတိ လယ်မိ၍သာ လာ၊ ယာရှိလည်း မကပ်၊ ကာမတော ဇောဖြတ်မည့် ရဟန်းတောဝင်မျိုးဖြစ်ခဲ့ ပါမူကား. . . တောတွင်းဖွား တောသွား ရင်းက တောပြင်ထွက် တောကင်းသော ဘက် သက်ရောက်နိုင်ခွင့်ရှိချေအံ့။

ဤအခွင့်ရေး. . .

* လူ့ဘဝနှင့်သာသနာ နှစ်ဖြာဆုံမှ ကြုံခွင့်ရကြမည်။
* သူ့ဘက်က သာသနာ၊ ကိုယ့်ဘက် က သဒ္ဓါ နှစ်ဖြာဆုံမှ ကြုံခွင့်ရကြ မည်။

သဒ္ဓါပါ. . . ဝီရိယ၊ သတိ၊ ပညာ ခေါ်စရာပင် မလိုတော့ပါပြီ။

ယနေ့ ကာမတောကြား၊ ညဉ့် ခလေ့ သဒ္ဓါထင်ကာ မေ့မေ့နေသူများ ဘာသာကိုင်နှင့် ဘာသာယိုင် အချင်းချင်း တောနင်းကြရာတွင်. . . ပထမ ဘာသာ ကိုင်ကို လိုလား၊ ကိုယ်လိုရာနှင့် ဖြား ယောင်း၊ ထို့နောက် ကိုယ်လိုရာ မျှော် တောင်း၊ ကိုယ်ကောင်းကို ဖော်ဆောင်း နေသောကြောင့်. . . သဒ္ဓါယောင်ယောင် နှင့် တဏှာကောင် အချောင်ဝင်ကပ် ခံကြရတော့ရာ. . .

တောဖွား တောလားရင်း တော ကစား. . . တောကြားက မထွက်ခဲ့နိုင်။ တောအတွင်း တောနင်းရင်းက တော ကွင်း. . . တောရင်းက မထွက်ခဲ့နိုင်။

၁၃၆၆ ခု၊
နယုန်လပြည့်ကျော် ၁၁ ရက်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

မဟာဗောဓိမြိုင်ဆရာတော်



ချောင်းဆုံအနန်းသွင်

ဒါနအစစ် (၃)

"ဝင်းထရံလုံခြုံစွာခတ်ထားတဲ့ရွာထဲကို ကျား၊ ဆင် စတဲ့ လူကိုဒုက္ခပေးမယ့် တောရိုင်းတိရစ္ဆာန်တွေမဝင်နိုင်ဘူး။ ဝင်းအပြင်ဘက်မှာဆိုရင်တော့ ဒီအန္တရာယ်ရှိတယ်။ ဒါကြောင့် ဒီအန္တရာယ်က လုံခြုံစိတ်ချရဖို့အတွက် ဝင်းထဲရောက်နေဖို့ လိုပါတယ်"

နောက်နေ့ ဦးဘအေးလာသော အခါ ယမန်နေ့ကပြောခဲ့သည့် ဒါနအစစ် အကြောင်း၊ ဆက်လက်ဆွေးနွေးရန် ကျွန်တော်က စကားစလိုက်ပါသည်။

ဆက်ပြီး -

"သဘာဝတရားနဲ့ အစစ်အမှန်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းသိပြီး ချမ်းသာမဖက် ဆင်းရဲသက်သက်ဖြစ်တဲ့ အပါယ်ဘေးကလွတ်မြောက်အောင်၊ လူချမ်းသာ၊ နတ်ချမ်းသာဘဝကိုရအောင်၊ ပြီးတော့ ချမ်းသာအစစ်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ပါရအောင် နည်းမှန်လမ်းမှန်ကိုညွှန်ပြတဲ့ နယ်ပယ်နဲ့ သဘာဝတရားအစစ်အမှန် ကိုမသိဘဲပြောသံကြားနဲ့ ခိုင်မာတဲ့အခြေခံ မရှိတဲ့ကြံစည်တွေးတောမှုနဲ့ ရမ်းသန်း ယောပြောပြီး လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာ ကို မပို့ဆောင်နိုင်တဲ့ အပါယ်လမ်းကို ညွှန်ပြတဲ့နယ်ပယ်ရယ်လို့ နှစ်မျိုးနှစ်စား ရှိပါတယ်။

ပထမအမျိုးအစားက လုံလုံခြုံခြုံ ဝင်းခြံခတ်ထားတဲ့ရွာနဲ့တူတဲ့ ဗုဒ္ဓဘာသာ နယ်ပယ်ပဲ။ ဒုတိယအမျိုးအစားက အပြင် တောအုပ်နဲ့တူတဲ့အခြားဘာသာနယ်ပယ် တို့ဖြစ်ပါတယ်။

ဒါကြောင့် ပထမဦးဆုံး အရေး တကြီးဆောင်ရွက်ရမယ့်အချက်က ဗုဒ္ဓ ဘာသာဖြစ်ဖို့ပဲ၊ ပြီးမှ အဆင့်မြင့်အောင် ဆက် လေ့ကျင့်ရပါတယ်။

ပညာသင်သလိုပေါ့။ ပညာရေး မှာ -

၁။ မူလတန်း၊
၂။ အလယ်တန်း၊
၃။ အထက်တန်း၊
၄။ အဆင့်မြင့်

ဆိုပြီး ရှိတယ် မဟုတ်လား။

မူလတန်းကျောင်းသားက ပညာ တန်ဖိုးကိုသိလို့သင်တာမဟုတ်ဘူး။ သင် ပေးလို့သင်ရတာ။ အလယ်တန်းကျတော့ ပညာနဲ့ အသက်မွေးရတာ၊ ခွန်အားနဲ့ အသက်မွေးရသလို မပင်ပန်းဘူး၊ အောက်ကျနောက်ကျလည်း မဖြစ်ဘူးဆို တာလောက်သိလာတယ်။ ပညာတန်ဖိုး ကို အသင့်အတင့်သိလာတယ်။ အထက် တန်းကျတော့ ငါနဲ့ဘယ်ဘာသာရပ်က သင့်တော်တယ်၊ ဘယ်လိုင်း၊ ဘယ် အလုပ်က ပိုကောင်းတယ် စသည်ဖြင့် အလယ်တန်းထက်ပိုသိပြီးရွေးတတ်လာ တယ်။

အဆင့်မြင့်ကျတော့ ငါထူးချွန် ထွန်းပေါက်သူဖြစ်ရမယ်။ ငါတတ်တဲ့ ပညာနဲ့ ငါ့နိုင်ငံ၊ ငါ့လူမျိုး တတ်နိုင် သလောက် အကျိုးပြုရမယ်။ မိမိကိုယ် တိုင်လည်း ချမ်းသာအောင်ဖန်တီးနိုင်ပြီး ပတ်ဝန်းကျင် (လူသားအားလုံးအထိ)ကို လည်း ချမ်းသာအောင် ဆောင်ရွက်နိုင်ရ မယ်။ ဒါမှ လူဖြစ်ရကျိုးနပ်မယ်ဆိုတဲ့ အသိ (အဆင့်မြင့်အသိဉာဏ်ပညာ) ရှိ လာမယ်။ ဒါတွေဟာ ယေဘုယျကိုပြော တာ။ အရာတိုင်းမှာတော့ ခြွင်းချက်ဆို တာရှိ တယ်။

အဲဒီလိုပဲ ဗုဒ္ဓဘာသာမှာလည်း မိရိုးဖလာဗုဒ္ဓဘာသာဖြစ်လို့ဖြစ်ပြန်တာ၊ သားယောကျ်ားလေး ရှင်ပြုချိန်တန်ရင် ရှင်ပြုပေးရတာ အစဉ်အလာပဲဆိုပြီး ရှင်ပြုပေးတာ၊ မိဘဘိုးဘွားလက်ထက် ကလှူခဲ့လို့ဆက်လှူနေတာ စသည်စသည် ဖြင့် သိလို့မဟုတ်ဘဲ၊ အသိနဲ့မဟုတ်ဘဲ၊ ဗုဒ္ဓဘာသာနဲ့သဘောကိုမသိဘဲဖြစ်နေ တဲ့ဗုဒ္ဓဘာသာဝင်တွေ၊ အလှူပေးသူဌေး ဖြစ်တယ်ဆိုတဲ့အသိ၊ ဘာလှူရင်ဘာရ တယ်ဆိုတဲ့အသိ၊ ချမ်းသာရေးအသိနဲ့ ချမ်းသာဖို့အတွက် လှူဒါန်းပေးကမ်းပြီး ထင်ပေါ်နေတဲ့ဗုဒ္ဓဘာသာဝင်တွေလည်း အများကြီးပဲ။

လောဘ၊ ဒေါသ၊ မာနစတာတွေ ပြည့်ပြီးလှူတဲ့အလှူ၊ ပြုတဲ့ကုသိုလ်ဟာ နို့တစ်ခွန်း၊ ရေတစ်ပုံးပဲ။ ကောင်းကျိုး ချမ်းသာကို အပြည့်အဝမရနိုင်ဘူး။ ကောင်းကျိုးချမ်းသာတွေအပြည့်အဝရဖို့ အတွက် လောဘ၊ ဒေါသ၊ မာနမခြံရံဘဲ ဒါနစင်စစ်(ကုသိုလ်စစ်စစ်)မြင်အောင် လုပ်ရမယ်လို့သိပြီး အဲဒီလိုဖြစ်အောင် ကြိုးစားကြတယ့် ဗုဒ္ဓဘာသာဝင်တွေ လည်းရှိတာပဲ။ ဒါပေမယ့် သူတို့ရဲ့ ရည်မှန်းချက်က လူချမ်းသာ၊ နတ် ချမ်းသာပဲ။ နိဗ္ဗာန်ချမ်းသာက စာထဲပါလို့ (ဆုတောင်းထဲပါလို့) ဆုတောင်းပြန်တာ မလေးနက်ကြဘူး။

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာတွေဟာ အို၊ နာ၊ သေဘေးက မလွတ်ကင်းသေးတဲ့အတွက်၊ မမြဲတဲ့ အတွက် ချမ်းသာအစစ်မဟုတ်ဘူး။ မွေးနေသမျှ အိုနေ၊ နာနေ၊ သေပြန်ဦး မှာပဲ။ ဒါကြောင့်မို့ နောက်ဘဝအသစ် တစ်ဖန်မဖြစ်တော့တဲ့ (မမွေးတော့တဲ့) နိဗ္ဗာန်ချမ်းသာ(ချမ်းသာအစစ်ဖြစ်တဲ့) ကို အမြန်ဆုံးရအောင် အစွမ်းကုန်ကြိုးပမ်း အားထုတ်ရမယ်လို့ အဆင့်အမြင့်ဆုံး ဉာဏ်ပညာရှိတဲ့ဗုဒ္ဓဘာသာဝင်တွေလည်း အများကြီးပဲ။ သူတို့က ဝိပဿနာတရား ပွားများအားထုတ်နေကြတဲ့ယောဂီပုဂ္ဂိုလ် တွေ -

အဲဒီအဆင့်တွေမှာ အသက်အရွယ် ပိုင်းခြားမှုမရှိဘူး။ အသိဉာဏ်ပိုင်းခြား မှုပဲ။ အဘပဲဖြစ်ဖြစ် သားရဲတိရစ္ဆာန်ဘေး ကလွတ်အောင် အရင်ဆုံး ခြံဝင်းထဲဝင် ရောက်ရာလို့ သံသရာကမလွတ်မြောက် နိုင်ဘဲ သံသရာဝဋ်ဆင်းရဲထဲ တဝဲလည် လည်ဖြစ်နေရတဲ့ဘဝမျိုး။ သေရင် မုချ အပါယ်ကျရမယ့်ဘဝမျိုးကလွတ်အောင် ဝင်းခြံထဲမရောက်သေးသူရော ရောက်ပြီး သူတွေကိုပါ အသိပေးကူညီရတယ်။ သိသူအားလုံးကပေါ့။

အဲဒီမှာ ခြံဝင်းအပြင်ဘက်က သံသရာမှာ တဝဲလည်လည်ဖြစ်နေရ မယ့်အယူဝါဒကိုရပြီး နောင်ဘဝတွေ ချမ်းသာဖို့အတွက် နည်းမျိုးစုံနဲ့ကြိုးပမ်း သူတွေနဲ့ ခြံဝင်းအတွင်းက လူချမ်းသာ၊ နတ်ချမ်းသာအတွက် ကြိုးပမ်းအားထုတ် နေသူများဟာ သဘောချင်းဆင်တူတယ်။ ဒါပေမယ့် ဝင်းပြင်ကပုဂ္ဂိုလ်တွေက သူတို့ မှာ သံသရာလွတ်မြောက်ဖို့လိုကြောင်း အသိနဲ့ လွတ်မြောက်ရေးကျင့်စဉ်မရှိလို့ အဲဒီလိုဖြစ်နေကြတာ။ ဝင်းခြံအတွင်းက ပုဂ္ဂိုလ်တွေကတော့ ကျင့်စဉ်ရှိကြောင်း သိပေမယ့် ဘဝတဏှာနှောင်ကြိုးက

ရုန်းမထွက်နိုင်လို့ဖြစ်တာ။ ဒါပေမယ့် အဲဒါတွေက သေရင် မုချအပါယ်ကျမယ့် ယုံကြည်မှုမျိုးထက်စာရင် အများကြီး တော်တယ်။ အဲဒီယုံကြည်မှုမျိုးမပေါ် အောင်၊ လက်မခံနိုင်အောင် အလွန်ကြိုးပမ်း အားထုတ်ကြရမှာဖြစ်တယ်။

အဲဒီဝါဒက ကံကံ၏အကျိုးကို ငြင်းပယ်တဲ့ဝါဒပဲ။ ကံကံ၏အကျိုးကို အချက် (၁၀) ချက်နဲ့ ငြင်းတယ်။

အဲဒါတွေက -

၁။ လှူဒါန်းပေးကမ်းခြင်းတို့အတွက် ကောင်းကျိုးဆိုတာမရှိဘူး။
၂။ လက်ဆောင်ပေးခြင်းအတွက်လည်း ကောင်းကျိုးမရှိဘူး။
၃။ အကြီးအကဲလှူဒါန်းခြင်းအတွက် လည်း ကောင်းကျိုးမရှိဘူး။
၄။ ကောင်းမှုပြုလို့ ကောင်းကျိုးမရ ဘူး။ ဆိုးမှုပြုလို့ဆိုးကျိုးမရဘူး။
၅။ အမိကိုလုပ်ကျွေးလို့ ကောင်းကျိုး မရဘူး။ စော်ကားလို့လည်း ဆိုးကျိုး မရဘူး။
၆။ အဖကိုလုပ်ကျွေးလို့ကောင်းကျိုးမရ ဘူး။ စော်ကားလို့လည်းဆိုးကျိုးမရ ဘူး။
၇။ ပရလောကဆိုတဲ့ နတ်တို့၊ ဗြဟ္မာ တို့ဆိုတာ မရှိဘူး။
၈။ ဒီဘဝမတိုင်ခင်ဖြစ်ခဲ့တဲ့ဘဝဆိုတာ မရှိဘူး။
၉။ ဒီဘဝသေပြီးနောက် ရောက်ရမယ့် နောက်ဘဝဆိုတာလည်း မရှိဘူး။ သေရင်ပြတ်တယ်။
၁၀။ သတ္တဝါတို့အတွက် ကောင်းကျိုး ချမ်းသာကိုဖြစ်စေမယ့် ကောင်းရာ ကို ညွှန်ပြနိုင်တဲ့အစစ်ရှိတဲ့ ပညာရှိ သူတော်ကောင်းဆိုတာလည်း မရှိ ဘူးတဲ့။

အင်မတန်ကြောက်စရာကောင်းတဲ့ ဝါဒပေါ့။ ရုပ်ဝါဒသမားအမည်ခံသူတွေ ရဲ့အယူပဲ။ လူစိတ်ဟာ ကောင်းတာနဲ့ မကောင်းတာမှာ မကောင်းတာကိုပိုလုပ် ချင်တယ်။ မကောင်းတာလုပ်ရင် ဆိုး ကျိုးကိုခံရမယ်လို့သိမှ မကောင်းမှုကို ရှောင်တော့မပေါ့။ ဆိုးကျိုးမရှိဘူးလို့ယုံ ကြည်ထားလို့တော့ မကောင်းတာလုပ် တော့မပေါ့။ ဒီတော့ မုချအပါယ်ကျမှာ ပေါ့။

ကဲ - ဒီနေ့တော့ ဒါလောက်နဲ့ရပ် ထားရအောင်။ မနက်ဖြန်ကျမှ ဆက် ဆွေးနွေးကြဖို့"

ချောင်းဆုံအနန်းသွင်

(ငြိမ်း) မှ

ဒုတိယရဲမှူးကြီးဝင်းဦး

ဂါထာရွတ်ဖွားအကျိုးများ

စာရေးသူက ကိုယ်တိုင်ရေးမှုခင်းဝတ္ထုတိုပေါင်းချုပ်စာအုပ်ထုတ်ဝေရန်အတွက် ရန်ကုန်မြို့ (၃၁) လမ်းရှိ ခုနစ်စင်ကြယ်စာပေတိုက်သို့ မကြာခဏရောက်ရှိပါသည်။ စာပေတိုက်ပိုင်ရှင်က ဦးအောင်စိုး ဖြစ်ပါသည်။ စာရေးသူနှင့် ၁၉၇၈ ခုနှစ် ရဲအရာရှိလောင်းသင်တန်းအမှတ်စဉ် (၁၂) တက်ရောက်စဉ်က အတူတူပင်ဖြစ်ပြီး အဆောင်အမှတ် (၃) ၌နေ၍ သင်တန်းတက်ကြခြင်း ဖြစ်ပါသည်။ ဦးအောင်စိုးက တရုတ်လူမျိုးဖြစ်ပြီး စာရေးသူတို့ သူငယ်ချင်းများက တရုတ်နာမည် 'ချန်ကေရှိတ်' လို့ပင် ခေါ်ခဲ့ပါသည်။ ဤသို့နှင့် သင်တန်းကာလတစ်လျှောက်လုံး အောင်စိုးနာမည်ပျောက်ပြီး ချန်ကေရှိတ်အမည်သာတွင်ခဲ့သည်။ စကားပြောလျှင် ကျယ်ကျယ်ပြောတတ်ပြီး အစအနောက်သန်သူလည်း ဖြစ်ပါသည်။ နံနက်အိပ်ရာထသည်နှင့် ကိုအောင်စိုး၏အသံကျယ်ကျယ်ကို စတင်ကြားရပါသည်။ တစ်ဆောင်တည်းနေအတူလေ့ကျင့်ကြတာမို့ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုရှိကြပါသည်။ ဘယ်လောက်ပဲနောက်ပြောင်သည်ဖြစ်စေ စိတ်မဆိုးကြပါ။

ဤသို့နှင့် သင်တန်းဆင်းပြီး ချန်ကေရှိတ် (ခ) ကိုအောင်စိုးက မွန်ပြည်နယ်၊ စာရေးသူက ပဲခူးတိုင်းမှာ တာဝန်ကျခဲ့ပါသည်။ ထိုအချိန်ကတည်းက ကွဲကွာသွားကြသည်မှာ စာရေးသူ သက်ပြည့်ပင်စင်ယူပြီးသည်အထိဖြစ်ပြီး ယခုနောက်ပိုင်းမှသာ ပြန်လည်တွေ့ဆုံကြခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့နေ ရဲသင်တန်းအပတ်စဉ်တူသူငယ်ချင်းများကတော့ ကိုအောင်စိုးစာပေတိုက်တွင် မကြာခဏဆုံဖြစ်ကြသည်။ ရှေးဟောင်းနှောင်းဖြစ်တွေအကြောင်း၊ သင်တန်းတက်ရောက်စဉ်ကအကြောင်းတွေကို ပြောမဆုံးပေါင်ဖြစ်ခဲ့ရပါသည်။

ကိုအောင်စိုးကတော့ အကြောင်းအမျိုးမျိုးကြောင့် ဒုရဲအုပ် (စခန်းမှူး) အဆင့်နှင့်ပင် ရဲတပ်ဖွဲ့ကထွက်ခဲ့ပြီး စာအုပ်ထုတ်ဝေရေးလုပ်ငန်းဖြင့် စီးပွားရေးလုပ်ကိုင်နေသူဖြစ်သည်။ စာရေးသူနှင့်လည်း ယခုမှသာ ဆက်စပ်မိပြီး ပြန်လည် ဆုံတွေ့ကြခြင်း ဖြစ်ပါသည်။

တစ်ခါက ပဲခူးမြို့နေ စာရေးသူနှင့် ရဲအရာရှိသင်တန်းအပတ်စဉ်တူ ဒုရဲမှူးလှကြွယ်(ငြိမ်း)နှင့် ရန်ကုန်မြို့ရှိ ကိုအောင်စိုးစာပေတိုက်သို့လာခဲ့ကြပါသည်။ ထိုနေ့ကလည်း စာရေးသူတို့နှင့် အဆောင်(၃)တွင်အတူနေခဲ့သူ ရဲမှူးကြီးခင်မောင်ဇော် (ငြိမ်း) လည်း လာမည်ဟုသိရ၍ မတွေ့တာကြာပြီဖြစ်သဖြင့် ဝမ်းသာမိခဲ့ပါသည်။ ရဲမှူးကြီးခင်မောင်ဇော် (ငြိမ်း) က နံနက် (၁၀) နာရီခန့်တွင် ကိုအောင်စိုးစာပေတိုက်သို့ ရောက်လာပါသည်။ ရောက်သည်နှင့် ဒုရဲမှူးလှကြွယ် (ငြိမ်း) အား -

"သူငယ်ချင်း၊ အရင်လိုပဲ ရွတ်ဖြစ်သေးလား"

ဟု မေးရာ ကိုလှကြွယ်က -

"သူငယ်ချင်းရယ်၊ အကြောင်းတိုက်ဆိုင်မှုမရှိတော့ မရွတ်ဖြစ်ဘူးပေါ့ကွာ။ ဒါပေမယ့် ကိုယ်အမြဲမှတ်ထားပါတယ်။ အခက်အခဲရှိရင်တော့ သူငယ်ချင်းပြောထားတဲ့ဂါထာဆက်ရွတ်ရမှာပေါ့ကွာ"

စာရေးသူက သူတို့နှစ်ယောက်ပြောဆိုသံကို စိတ်ဝင်စားသဖြင့် -

"ကိုလှကြွယ်၊ ဘာတွေရွတ်မှာလဲဗျာ။ ပြောစမ်းပါဦး"

"အခုတစ်ခါတည်းပြောလို့မရဘူး။ အကြောင်းတရားလေးတွေကရှိတယ်။ ယုံယုံကြည်ကြည်လုပ်ရင်တော့ ထိရောက်ပါတယ်။ ကိုယ်တို့နှစ်ယောက်ကတော့ ကိုယ်တွေ့ပါပဲ"

"ဒါဆိုရင် ပဲခူးရောက်တဲ့အခါပြောပြပါဦး"

"အေးပါ၊ အသေးစိတ်ပြောပြပါ့မယ်"

ထို့နောက် စာရေးသူတို့အဖွဲ့လည်း ရှေးဖြစ်တွေပြန်ပြောင်းပြောဆိုကြပြီး ထမင်းသွားစားကြပါသည်။ ရဲမှူးကြီးခင်မောင်ဇော် (ငြိမ်း) ကပင် ဒါနပြုသွားပါသည်။ ညနေ(၃)နာရီလောက်မှာ ရထားနှင့်ပင် ပဲခူးသို့ ပြန်လာခဲ့ကြပါသည်။

စာရေးသူအနေနှင့် ရန်ကုန်တွင် ရဲမှူးကြီးခင်မောင်ဇော်(ငြိမ်း) နှင့်ဒုရဲမှူးလှကြွယ်(ငြိမ်း) တို့ တစ်ဦးနှင့်တစ်ဦး မေးမြန်းပြောဆိုမှုကို စိတ်ဝင်စားသဖြင့် (၂)ရက်ခန့်အကြာ ဒုရဲမှူးလှကြွယ်(ငြိမ်း) အိမ်သို့သွားရောက်ခဲ့ပါသည်။ ကိုလှကြွယ်ကို အိမ်မှာ အသင့်တွေ့ရှိသဖြင့် -

"ကဲ - ကိုလှကြွယ်၊ ရန်ကုန်မှာ ခင်ဗျားနဲ့ ခင်မောင်ဇော်တို့ပြောတဲ့ကိစ္စလေးရှင်းစမ်းပါဦး"

"ပြောပြပါမယ်၊ ကျွန်တော်မှတ်ထားတဲ့စာအုပ်လေးယူလိုက်ပါဦးမယ်"

ကိုလှကြွယ်က စာအုပ်စင်ကမှတ်တမ်းစာအုပ်လေးယူပြီးနောက် -

"ဒီလိုဗျ၊ ၁၉၈၁ ခုနှစ်တုန်းက ရဲမှူးကြီးခင်မောင်ဇော် (ငြိမ်း) က ပဲခူးတိုင်း မင်းရွာရဲစခန်းမှာ ဒုရဲအုပ်အဆင့်နဲ့ တာဝန်ထမ်းဆောင်နေစဉ် တရားခံထွက်ပြေးလို့ ရာထူးချခံထားရတဲ့အချိန်ပေါ့။ ကျွန်တော်ကလည်း ပဲခူးအချုပ်ထောင်မှာတာဝန်ကျစဉ်က ရဲချုပ်လာစစ်ဆေးတဲ့အခါ အဆင်မပြေဖြစ်လို့ ရာထူးချခံထားရတဲ့အချိန်ပဲလေ။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ဖြစ်ရပ်မတူပေမယ့် ရာထူးချခံထားရတာတော့ အတူတူပေါ့ဗျာ။ နှစ်ယောက်လုံး စိတ်ဓာတ်တော့ နည်းနည်းကျတာပေါ့ဗျာ"

"ခင်ဗျားတို့ကအတူတူနေကြတာလား"

"ဟုတ်တယ်၊ ပဲခူးအမှတ် (၁) ရဲစခန်းဝင်းလိုင်းခန်းတစ်ခုမှာ အတူနေကြတယ်။တစ်နေ့တော့ ကိုခင်မောင်ဇော်က ရေပုလင်းတစ်ပုလင်းယူလာတယ်။ အဲဒီပုလင်းထဲက ရေတစ်ဝက်ကို ပေးတယ်။ အဲဒီရေက သူ့ရဲ့ဖခင် ဂါထာ (၁၀၀၀)ရွတ်ထားတဲ့ရေမန်းလို့ပြောတယ်။ သူ့ဖခင်က ရန်ကုန် သာကေတမှာနေတယ်လေ။ အဲဒီရေကို မျက်နှာသစ်တဲ့ရေထဲ တစ်စက်နှစ်စက်လောက်ထည့်ပြီး ဘ-သ-ဝိ-သ-ဒေ-ဘ ဆိုတဲ့ ဂါထာကို (၃၇) ခေါက်ရွတ်ပြီး မျက်နှာသစ်ပေါ့။ ထူးခြားလာပါလိမ့်မယ်တဲ့။ သူလည်း အဲဒီဂါထာကိုရွတ်ပြီး နေ့စဉ်ပြုလုပ်နေတယ်လို့ပြောတယ်။ ယုံယုံကြည်ကြည် လုပ်ပါလို့ ပြောတော့ ကျွန်တော်လည်း ဘာမှမမေးတော့ဘဲ သူပြောတဲ့အတိုင်း ဆောင်ရွက်တယ်ပေါ့ဗျာ"

"ဘယ်လိုထူးခြားမှုတွေရှိလာသလဲဗျ"

"ထူးခြားတာကတော့ အိပ်မက်တွေမက်တယ်ဗျာ။ အိပ်မက်ထဲမှာ ကျွန်တော်က ရာထူးချထားခံရပေမယ့် အချုပ်ထောင်အတွင်းကနေအပြင်ထွက်တဲ့အခါ ယူနီဖောင်းဝတ်ပြီးထွက်နေတယ်လို့ပဲမက်တယ်။ အဲဒီအိပ်မက်အကြောင်း ကိုခင်မောင်ဇော်ကိုပြောပြတော့ ခင်ဗျား မကြာခင်ထူးခြားလိမ့်မယ်လို့ပြောတယ်။ ကျွန်တော်ကတော့ အဲဒီဂါထာလေးကိုပဲ ပုံမှန်ဆက်ရွတ်တာပေါ့ဗျာ"

"ဘာတွေဆက်ဖြစ်မလဲဗျ။ ပြောပါဦး"

"ရက် (၂၀) လောက်ကြာမှာ ကျွန်တော့်ကို ရာထူးပြန်ပေးပြီးတော့ ရွှေကျင်မြို့ကိုပြောင်းလိုက်တယ်ဗျ။ ကိုခင်မောင်ဇော်လည်း ကျွန်တော့်လိုပဲ မကြာခင် ရာထူးပြန်ရကြတယ်ဗျ"

"ဒါဆိုရင် ဒီဂါထာက တော်တော်စွမ်းလို့ပေါ့နော်"

"ဟုတ်မှာပါ။ ကျွန်တော်ကလည်း ကိုခင်မောင်ဇော်နဲ့ တွေ့တဲ့အခါ ဂါထာအဓိပ္ပာယ်အစွမ်းကို မေးတာပေါ့ဗျာ။ သူလည်းအဓိပ္ပာယ်ကောင်းကောင်းမသိဘူးတဲ့။ သူ့ဖခင်က ရေပုလင်းကို ကျွန်တော်ကိုပေးတဲ့ဂါထာနဲ့ အကြိမ် (၁၀၀၀) ရွတ်တယ်လို့ပဲ သိရတယ်။ သူ့ဖခင်ခိုင်းတဲ့အတိုင်းလုပ်တာပါတဲ့။ နောက်ပြီးတော့ ပြောသေးတယ်ဗျ။ သူ့ဖခင်ရဲ့အကိုကြီး သူ့ဘကြီးပေါ့လေ။ တစ်ချိန်က ဓားပြခေါင်းဆောင်ကြီးလို့ သိရပါတယ်။ အဲဒါ အချုပ်ကျနေတုန်း ကျွန်တော်တို့ကို ရွတ်ခိုင်းတဲ့ဂါထာကိုရွတ်လို့ အချုပ်ကအမြန်လွတ်မြောက်ခဲ့တယ်တဲ့။ အဲဒီဂါထာကို သူ့ဘကြီးက သူ့ဖခင်ကို လက်ဆင့်ကမ်းခဲ့တယ်ပေါ့ဗျာ"

"ဒါဖြစ်ရင် ဂါထာမန္တန်ရဲ့အဓိပ္ပာယ်ကိုတော့မသိသေးဘူးပေါ့"

"ဟုတ်တယ်၊ အဲဒီအချိန်ကတော့ ရာထူးပြန်ရချင်တာနဲ့ ရွတ်သာရွတ်နေရတယ် ဘာအဓိပ္ပာယ်မှန်းမသိဘူးပေါ့ဗျာ"

"နောက်တော့ အဓိပ္ပာယ်၊ ဂါထာအမည်တွေကို ဘယ်လိုသိလာသလဲ"

"ဆက်ပြောမယ်လေ၊ ဒီလိုနဲ့ ကျွန်တော်လည်း ၁၉၉၀ ပြည့်နှစ်မှာ ရဲအုပ်အဆင့်တိုးပြီး ရှမ်းပြည်နယ် ကွမ်းလုံရဲစခန်းရောက်တယ်ဗျာ။ အဲဒီမှာ တစ်ခါ အမှုတစ်ခုနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ပြဿနာဖြစ်ပြန်တယ်။ ရဲအုပ်အဆင့်ကနေ ဒုရဲအုပ် (စခန်းမှူး) အဆင့်ကို လျှော့ချခံရပြီး လားရှိုးကိုပြောင်းရပြန်တယ်ဗျာ။ ကျွန်တော်လည်း ယခင်ရာထူးချထားစဉ်က ရွတ်နေကျဂါထာလေးကို ဆက်ရွတ်တာပေါ့ဗျာ"

"ဆက်ပြောပါဦး၊ ခင်ဗျားက လုပ်သက်တစ်လျှောက်မှာ ရာထူးချတာ၊ ရာထူးတစ်ဆင့်လျှော့ချတာတွေနဲ့ ကြုံရတယ်နော်"

"ဟုတ်တယ်၊ အဲဒီ လားရှိုးမှာ တာဝန်ကျစဉ်မှာပဲ တပ်ကြပ်ကြီးဦးတင်ဌေး (ငြိမ်း) နဲ့တွေ့ပြီး ကျွန်တော်တို့ရွတ်နေတဲ့ဂါထာလေးရဲ့အမည်၊ အဓိပ္ပာယ်၊ ရွတ်ဆိုပုံနည်းကို သိရတော့တယ်"

ကိုလှကြွယ်က သူမှတ်တမ်းစာအုပ်ကိုဖွင့်ပြီး ဆက်ပြောပါတယ်။

"အဲဒီဂါထာကို ကုဿာသယမဂိုးရိုး ဂါထာလို့ခေါ်တယ်လို့ သိရတယ်။ သူ့ဆီမှာတော့ ဂါထာတစ်ပိုဒ်ချင်းစီ အ[illegible] လိုက်ရွတ်ရင် ဘယ်လိုအကျိုး[illegible] ဆိုတာ မှတ်သားထားတယ်။ [illegible] လည်း အခုမှပဲ ကိုယ်[illegible]တဲ့ ဂါထာ အဓိပ္ပာယ်ကို သိ[illegible]တယ်[illegible] ဆိုတဲ့အခါ အလျှားလိုက်ရွတ်[illegible] အမှန်[illegible]ဘုရားရဲ့[illegible]

]

(၉) ပါးအတိုကောက်ကို ကွန်ချာသဖွယ် ရွတ်ဆိုတဲ့သဘောပါပဲ

ကိုလှကြွယ်က မှတ်သားထားတဲ့ ဂါထာအစီပွာယ်ကို စာရေးသူအား ပြသပါသည်။

ဂါထာတော်

၁။ ဣ - ရ - ဋ္ဌာ - ဂ - ဏ္ဍ - ရ - သာ
၂။ တိ - ဟံ - စ - တော - ရော - ထိ - နံ
၃။ ပိ - သ - ရ - လော - ပု - သ - ဗု
၄။ သော - မှာ - ထာ - က - ရိ - တ္တာ - ဒွေါ
၅။ ဘ - သ - သ - ဝိ - သ - ဒေ - ဘ
၆။ ဂ - မျု - မွ - ဒ္ဓု - ဒ - ဝ - ဂ
၇။ ဝါ - ဒွေါ - နွော - အ - မွ - မ - ဝါ
၈။ အ - ဝိ - သု - နု - သာ - နု - တိ

■ ဂါထာတစ်ပိုဒ်စီ၏အကျိုးထက်မြက်ပုံ

၁။ ဣ-ရ-ဋ္ဌ-ဂ-ဏ္ဍ-ရ-သာ အပိုဒ်ကို ထမင်းစားတိုင်းရွတ်၍စားလျှင် သူတစ်ပါးရန်မမူနိုင်၊ ဓားနှင့်ခုတ်၍မထိနိုင်ဟု ဆိုပါသည်။

၂။ တိ-ဟံ-စ-တော-ရော- ထိ-နံ အပိုဒ်ကို မိမိစားသုံးသည့် ကွမ်းယာ၊ ဆေးလိပ်၊ ဆေး စသည်တို့ကို အမြဲ မန်း၍စားသုံးလျှင် မြင်သူတိုင်းက ချစ်ခင်ကြသည်ဟု ဆိုပါသည်။

၃။ ပိ-သ-ရ-လော-ပု-သ-ဗု အပိုဒ်မှာ အနာပေါက်သူများ ရေတ်သီးကိုမန်း၍ လိမ်းလျှင် ပျောက်ကင်းနိုင်ဟုဆိုပါသည်။

၄။ သော-မှာ-ထာ-က-ရိ-တ္တာ-ဒွေါ အပိုဒ်ကို နေ့တိုင်းရွတ်လျှင် ပီယသိဒ္ဓိကောင်းသည်ဟု ဆိုပါသည်။

၅။ ဘ-သ-သ-ဝိ-သ-ဒေ-ဘ အပိုဒ်ကို အကျဉ်းကျနေသူများရွတ်ပွားလျှင် အမြန်လွတ်နိုင်သည်ဟု ဆိုပါသည်။

၆။ ဂ-မျု-မွ-ဒ္ဓု-ဒ-ဝ-ဂ အပိုဒ်ကတော့ ဆီကိုမန်း၍ ကိုယ်ကိုလိမ်းပါက မား၊ တုတ်ပြီးသည်ဟု ဆိုပါသည်။

၇။ ဝါ-ဒွေါ-နွော-အ-မွ-မ-ဝါ အပိုဒ်က ရန်သူတွေ့၍ အရေးရှိကရွတ်လျှင် ကာယသိဒ္ဓိပြီးသည်ဟု ဆိုပါသည်။

၈။ အ-ဝိ-သု-နု-သာ-နု-တိ အပိုဒ်ကတော့ ဣစ္ဆာသယ လိုရာသုံးနိုင်သည်ဟု ဆိုပါသည်။ အထူးသဖြင့် တရားတဘောင်တွေ့ခြင်း၊ မင်း၊ လူကြီး စသည်တို့နှင့်တွေ့ဆုံစကားပြောရာတွင် အဟန့်ဂါထာ ဖြစ်သည်ဟု ဆိုပါသည်။

ထို့ပြင် ဒုရဲမှူး လှကြွယ်(ငြိမ်း) က ၎င်းကိုယ်တိုင်မှတ်သားထားသည့်အချက်များကို ထပ်မံပြောပြပါသည်။

ဒီဂါထာကို ကျေးဇူးရှင် ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဗားမဲ့မဟာသိဒ္ဓိကျမ်းရင်းကြီး (ပထမတွဲ) တွင် ကျွန်းလုံးမှန်ကင်းအင်းတော်ကြီးဟုဖော်ပြထားပါသည်။ ဝိဇ္ဇာဓရအာရက္ခမန္တန်တော်ပေါင်းချုပ်ကျမ်းတွင် 'ဂုဏ်တော်ကွန်ချာအနှစ်'ဟုလည်း ဖော်ပြထားပါသည်။ ဒီဂါထာနှင့်ပတ်သက်ပြီး ဂါထာတော်၏ ထူးခြားတန်ခိုးထက်မြက်ပုံကို ရွတ်ပွားသူတိုင်းသိကြသည်။ ဂါထာတစ်ပိုဒ်လုံး မဆိုထားနှင့် တစ်ကြောင်းတစ်ပိုဒ်စီ ရွတ်ပွားရုံဖြင့် အကျိုးရရှိသည်ဟုသိရသည်။

“ကျွန်တော်ကတော့ လက်တွေ့ရွတ်ဆိုပြီး အောင်မြင်လို့ ယုံကြည်မိတယ်ဗျာ”

စာရေးသူအနေဖြင့် ရဲမှူးကြီး ခင်မောင်ဇော် (ငြိမ်း) နှင့် ဒုရဲမှူးလှကြွယ် (ငြိမ်း) တို့၏ လက်တွေ့အောင်မြင်လာမှုဖြစ်စဉ်အပေါ် သုံးသပ်ပြီး ထက်မြက်ထိရောက်သော ဂါထာမန္တန်တစ်ပုဒ်ဟု အမှန်ပင် ယုံကြည်ခဲ့ပါသည်။ တစ်ဦးတစ်ယောက်က အခက်အခဲတစ်စုံတစ်ရာများရှိခဲ့လျှင်သော် လည်းကောင်း၊ နေ့စဉ်ရွတ်ပွားလိုလျှင်သော် လည်းကောင်း ယုံကြည်စွာဖြင့် ရွတ်ပွားနိုင်ကြစေရန် ဆန္ဒပြုဝေငှလိုက်ရပါသည်။

ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)ပဲခူး

(ဖော်ပြပါဂါထာအား ထုတ်ဖော်ပေးသူ ရဲမှူးကြီးခင်မောင်ဇော်(ငြိမ်း) နှင့် ဖြစ်ရပ်မှန်များအား ပြောပြပေးသူ ဒုရဲမှူး လှကြွယ် (ငြိမ်း) တို့အား ကျေးဇူးတင်မှတ်တမ်းဂုဏ်ပြုအပ်ပါသည်။)

နတ်မောက်မင်းသန့်နိုင် အစာအိမ်အတွက် နည်းလမ်းကောင်း

အလုပ်ကိစ္စတွေမပြီးပြတ်၍ အလုပ်ဇောကြောင့် တစ်ခါတစ်ရံ လူတို့သည် အဆာလွန်ကာ အစာအိမ်လေထိုးလေအောင့်ခြင်းဖြစ်တတ်သည်။ ထို့အပြင် အစားအသောက်များသဖြင့် အစာအိမ်အောင့်ခြင်း၊ နာခြင်းလည်းဖြစ်တတ်ပြန်ပါသည်။ ၎င်းအပြင် အစာအိမ်တွင် အစာခြေဖျက်သည့်ပါစကဝမ်းမီးနံ့နည်းညံ့ဖျင်းသဖြင့် အစာမကြေလေထိုးလေအောင့်ဖြစ်ရခြင်းများလည်းရှိတတ်ပါသည်။

သို့ဖြစ်သောကြောင့် လွယ်ကူသက်သာရိုးရှင်းသည့် နေ့စဉ်နည်းလမ်းကောင်းလေးတစ်ခု တင်ပြချင်ပါသည်။

ယခုတင်ပြမည့် နည်းလမ်းငယ်မှာ အလွန်ရိုးရှင်းလွယ်ကူပြီး အစာအိမ်အချဉ်ပေါက်ရောဂါကိုပင် အပြည့်အဝကာကွယ်ပေးသည့်အပြင် အစာအိမ်တွင်အစာခြေဖျက်အားကောင်းစေပါသည်။ အစာအိမ်ကြံ့ခိုင်ရေးကို ပြည့်ဝစွာ ထောက်ကူပြုစေလိုပါသည်။

နေ့စဉ် နံနက်စာ၊ နေ့လယ်စာ၊ ညစာကို အပြည့်အတင်းမစားဘဲ ဝလင်ရုံပြည့်ရုံသင့်တင့်စွာသာစားပါ။ ထမင်းစားပြီးသည့်အခါ မိနစ်(၂၀) ခန့် ဖြည်းဖြည်းမှန်မှန်လမ်းလျှောက်ပေးပါ။ ထိုသို့ မိနစ်(၂၀) လမ်းလျှောက်နေစဉ်တွင် ကြက်သွန်ဖြူအခွံသင်သုံးလေးမြွှာကိုထောင်းပြီး ငါးကြင်းကွက်ဖန်ခွက်(ကိုင်းဖန်ခွက်) တွင်ထည့်ပြီး ရေနွေးပူပူအပြည့်ထည့်နှပ်ထားပါ။ လမ်းလျှောက်ပြီးချိန်တွင် ၎င်းကြက်သွန်ဖြူရေနွေးတစ်ဖန်ခွက်ကို တစ်ကျိုက်ပြီးတစ်ကျိုက်သောက်ပေးပါ။

ထိုသို့ နေ့စဉ်မှန်မှန်ကျင့်သုံးသောက်သုံးသွားလျှင် အစာအိမ်သာမက ခန္ဓာကိုယ်တစ်ကိုယ်လုံးကျန်းမာရေးကိုပါကြီးမားစွာအထောက်အကူပြုစေပါသည်။ အိုမင်းရင့်ရော်မှုများကိုကာကွယ်ပြီး မျက်စိကြည်လင်၊ သွေးသားသန့်ရှင်း၊ ဆီးဝမ်းလေမှန်ကန်ပြီး ဆံပင်ဖြူခြင်း၊ အသားအရေရှုံ့တွခြင်း၊ မေ့တတ်ခြင်းများပင်မဖြစ်တော့ဘဲ ရာသက်ပန် ကျန်းမာစွာနေနိုင်သွားစေပါသည်။

နတ်မောက်မင်းသန့်နိုင်



ကျိုက်မုပွန် (ဓါ) ဆံတော်ရှင်ကျိုက်ဓာတ်သုတ်စေတီတော်များ။

မွန်တို့ရွာခေ ရာမညမှ ထူးခြားရာသည့်

ကျိုက်မုပွန်(ဓါ)ဆံတော်ရှင်ကျိုက်ဓာတ်သုတ်စေတီ

ရာမည-သွေးမွန်

မိမိတို့မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအနက် အစောဆုံးဟုဆိုနိုင်သည့် ဘီစီ (ခရစ်မပေါ်မီကာလ) (၁၀၀၀) ကျော်ကပင် မွန်တိုင်းရင်းသားများ အောက်မြန်မာပြည်တစ်ဝန်းသို့ ဝင်ရောက် နေထိုင်ကြပြီး ဖြစ်သည်။ သို့ရှည်လျားလှသော သမိုင်းကြောင်းအရ မော်လမြိုင်မြို့သည် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ် မဟာသက္ကရာဇ် ၁၁၇ ခုနှစ်ကပင် အခြေတည်ခဲ့သောမြို့ဟု ဆိုသည်။

ပထဝီညွှန်းကိန်းများအရ မြောက်လတ္တီတွဒ် (၁၆) ဒီဂရီ (၂၄) မိနစ်မျဉ်းနှင့် အရှေ့လောင်ဂျီတွဒ် (၉၇) ဒီဂရီ (၃၈) မိနစ်အကြား သံလွင်မြစ်၊ အတ္တရံမြစ်၊



ဉာဏ်တော် (၁၂၅) ပေရှိ
တောင်ဘက်စေတီတော်



ဉာဏ်တော် (၁၀၀) ပေရှိ
မြောက်ဘက်စေတီတော်



အဝေးမှမြင်တွေ့ရနိုင်သော
စေတီသစ်တစ်ဆူ

မြောက်ဘက်အာရုံခံဝတ်တွင်း ဗဟိုတွင် ဖူးတွေ့ရသည့် ဗုဒ္ဓမြတ်စွာရှင်ပွားတော်

မြောက်ဘက်အာရုံခံဝတ်တွင်းရှိ ဗဟိုရုပ်ပွားတော်နောက်တွင် ဖူးတွေ့ရသော လျောင်းတော်မူ

မဟာစေတီကျောင်းပင်ဆိုမြို့ရှိ မွန်အရေးပိုင်ချုပ်မှူးတော်ဘုရား၏ ဂန္ဓကုဋီတိုက်

ဂျိုင်းမြစ်တို့ဆုံရာတွင် တည်ရှိနေသည်။ နာဂဝိသ (ရန်ကင်း) တောင်သည် မြို့လယ်ဗဟိုအဖြစ် အရှေ့အနောက်ပိုင်းခြားထားပြီး ခပ်လှမ်းလှမ်းတွင် အရှေ့တောင်ဘက်စွန်းမှာ တောင်ညိုတောင်တန်းက စိမ်းညို့မှုန်မှိုင်းစွာ မြင်မျှော်နေရသည်။

မော်လမြိုင်ဒေသသည် မက်မောဖွယ်ကောင်းသောမျက်စိပသာဒများဖြင့် ဝန်းရံအလှဆင်ထားသည်။ ဒေသသမိုင်းကြောင်းက မြို့သက်တမ်းနည်းတူ ရှည်လျားထွေပြားပါ၏။ ခရစ်နှစ် ၁၀၅၇ ခုနှစ်အထိ သထုံဘုရင်အဆက်ဆက်တို့၏လက်အောက်တွင်ရှိခဲ့ပြီး ၁၃ ရာစုတွင် မုတ္တမဘုရင်၏ လက်အောက်၌ လည်းကောင်း၊ ၁၆ ရာစုတွင် ဟံသာဝတီ(ပဲခူး)ဘုရင်နှင့် ရုံဖန်ရံခါ ယိုးဒယား(ထိုင်း)တို့၏ လက်အောက်၌ လည်းကောင်း ကျရောက်ခဲ့ဖူးသည်ဟုဆို၏။ အလောင်းမင်းတရားကြီး၏ လက်ထက်တွင် မုတ္တမမြို့ဝန်အုပ်ချုပ်မှုအောက်၌ရှိနေခဲ့သည်။

ခရစ်နှစ် ၁၂၈၇ ခု နရသီဟပတေ့မင်းလက်ထက် ပုဂံနိုင်ငံတော်ကြီးပျက်သုဉ်းပြီးနောက် ဝါရီရူမင်းဆက် မုတ္တမမြို့တွင် ထီးနန်းစိုက်ရာမှ (၈) ဆက်မြောက် ဗညားဦးမင်းလက်ထက် မုတ္တမမှ ဟံသာဝတီသို့ ပြောင်းရွှေ့ ထီးနန်းစိုက်သည်။ ဗညားဦးက ရာမညဒေသကို နေသားတကျရှိရန် ကုသိမ (ပုသိမ်) မဏ္ဍလ၊ ဟံသာဝတီ(ပဲခူး)မဏ္ဍလ၊ မုတ္တမ မဏ္ဍလ စသဖြင့် မဏ္ဍလသုံးရပ်ကို စီစဉ်ကာ ယင်းမှ မုတ္တမ(၃၂) မြို့အမည်စာရင်းကို ပြင်သစ်သမိုင်းပညာရှင် အီမင်နျူခဲကလန်က ပြန်လည်ဖော်ပြရာ၌ အမှတ်စဉ်(၁၀) တွင် MATLUIN ဟူ၍ မြို့တစ်မြို့အမည်ပါရှိခဲ့ရာ မွတ်မယ်လိန်း (ခေါ်) မော်လမြိုင် ဖြစ်သည်။

ဗညားဦးလက်ထက်တွင် မွတ်မယ်လိန်းခေါ်ဝေါ်ခဲ့ရာမှ သားတော် 'ရာဇဓိရာဇ်' လက်ထက်တွင် 'မော်လမြိုင်' ဟု စတင်အမည်တွင်ခဲ့သည်ဟု သိရသည်။ ရှင်စောပု၊ ဓမ္မစေတီနှင့် ဗညားရံမင်းများအုပ်ချုပ်သောခေတ်ကို ဟံသာဝတီ ရွှေခေတ် (Golden Age of Pegu) ဟူ၍ သမိုင်းပညာရှင်များက သတ်မှတ်ရလောက်အောင် မုတ္တမဆိပ်ကမ်းကို အကြောင်းပြုကာ ပေါ်တူဂီ၊ ဗနီးရှင်း၊ အာမေနီးယံ၊ ဂျူး၊ ပါရှန်း၊ ပါလာဘာရီနှင့် [illegible] စသည့် ကမ္ဘာ့အနောက်ခြမ်းမှ [illegible]ပေါင်းရုံးဆုံရာ ဗဟိုဌာနတစ်ခု [illegible]သည်။ ထိုခေတ်ထိုအခါက မုတ္တမ၊ မော်လမြိုင်ဒေသသည် အစည်ကားဆုံးနှင့် အကြွယ်ဝဆုံးဒေသဖြစ်ခဲ့သည်။

တွံတေးမြို့ဝန် စစ်ကဲကြီးဦးယော်လေးနှင့် နောက်လိုက်မွန်တိုင်းရင်းသားနှစ်သောင်းခန့်တို့သည် ရွက်လှေအစီး (၂၀) ခန့်ဖြင့် ဇနပုဒ်သာသာရှိနေသော မော်လမြိုင်တွင် စတင်အခြေချနေထိုင်သည်။ နောက်ပိုင်း သန်လျင်မြို့ဝန် သမိန်ပရူဘွဲ့ခံ နိုင်စပ်၊ သန်လျင်မီးပြကင်းဝန် ဖိုးမောင်ငံနှင့် ဖိုးစော ဦးဆောင်သော မွန်တိုင်းရင်းသားများထပ်မံရောက်ရှိလာကာ ကိုယ့်အုပ်စုနှင့်ကိုယ် နေရာတကျနေထိုင်ခဲ့ကြသည်။ ယင်းနောက် စစ်ကဲကြီးဦးယော်လေးနေထိုင်ရာအရပ်ကို စစ်ကဲကုန်း၊ ဦးဖိုးစောနေထိုင်ရာအပိုင်းကို ဖိုးစောကုန်း၊ ဦးသာယာနေထိုင်ရာအရပ်ကို သာသာကုန်း၊ ကင်းဝန်ဖိုးမောင်ငံနေထိုင်ရာအရပ်ကို မောင်ငံရပ် စသည်ဖြင့် တိုက်သူကြီး၊ အကြီးအကဲများ၏ အမည်ကိုယူကာ ခေါ်တွင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

ယင်းသို့ အမည်တွင်ခဲ့သော ရပ်ကွက်များတွင် မိမိယခုပြောလိုသည့် ကျိုက်မုပွန်ဘုရားဟူသည်က မော်လမြိုင်မြို့ တောင်ဘက်ခြမ်း မောင်ငံရပ်နှင့် တစ်ဆက်တည်းဟု ဆိုပါမည်။ မုပွန်ရပ်ဆိုသည်မှာ မော်လမြိုင်မြို့၏ အဓိကလမ်းမကြီး၊ အစည်းကားဆုံးအောက်လမ်းမကြီး၏လမ်းတောင်ပိုင်းအဆုံးတွင် တည်ရှိနေသောရပ်ကွက် ဖြစ်သည်။ ရပ်ကွက်အမည်ကိုယူကာ အများက ကျိုက်မုပွန်ဟု ဆိုနေကြခြင်းဖြစ်သော်လည်း ဘွဲ့တော်မည်မှန်က ဆံတော်ရှင်ကျိုက်ဓာတ်သုတ်စေတီတော်မြတ်ဖြစ်သည်ဟု ဆိုသည်။ သို့သော် မိမိသိထားသည်မှာ ဤသို့မဟုတ်။ မွန်ဘာသာအရ ကျိုက် - ဘုရား၊ မု - အငူအစွန်း၊ ပွန် - လေးခု။ သို့ဖြစ်၍ ကျောက်အငူအစွန်းတွင် တည်ထားသော ဘုရားစေတီဟု အဓိပ္ပာယ်ရပါသည်။ ယခု နောက်ဆုံးတည်ဆောက်ပြီးထားလေသော ဗိုလ်ချုပ်အောင်ဆန်းတံတား (ချောင်းဆုံ) သို့ သွားရာလမ်းကို ထိုစေတီတော်မုခ်ဦးမှ ရယူဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ရာ တံတားပေါ်သို့တက်လိုပါက ဘုရားမုခ်ဝမှ အနောက်သို့ ကွေ့သွားရမည်ဖြစ်သည်။

မိမိတို့ကမူ အဝေးကပင်အမြင့်ဖြင့် သစ်လွင်ခံ့ညားနေသောတံတားသစ်ကြီးဆီသို့ ဦးတည်သွားပြီး လေ့လာသည်။ နောက်တော့ ဆွေမျိုးသားချင်းများရှိရာ ချောင်းဆုံမြို့ ရောက်ရှိလည်ပတ်ကြသည်။ အပြန်တွင်မှ စေတီတော်သို့ ဝင်ရောက်ဖူးမြော်လေ့လာကြခြင်း ဖြစ်သည်။ စေတီတော်မြောက်ဘက်မုခ်တွင် ဆိုင်ကယ်ကိုထားကာ ရင်ပြင်ပေါ်သို့ တက်ခဲ့ကြသည်။

မိမိသည် မော်လမြိုင်သားဖြစ်သော်လည်း အရွယ်ရောက်စဉ်ကပင် ဇာတိမြေနှင့်ခွဲကာ အထက်အညာ၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတို့တွင် ဝန်ထမ်းဘဝဖြင့် အချိန်ကုန်ဆုံးခဲ့သည်။ မော်လမြိုင်မြို့ဝန်းကျင်နှင့်စပ်မှ အားနည်းရပါသည်။ ယခုလည်း နေပြည်တော်တွင် နေထိုင်ရာမှ မော်လမြိုင်သို့ရောက် ဟန်းရောက်ဒိုက် သားချင်း[illegible] ဆိုင်ကယ်ကိုယူကာ [illegible] အဖော်ခေါ်လျက် လည်ပတ်မြင်ဖြစ်သည်။ အေးအေးလူလူ ဘုရားဝတ်ပြုကြ

အရှေ့ဘက်အာရုံခံဝတ်အတွင်းမှ ရုပ်ပွားတော်များ

အနောက်ဘက်အာရုံခံဝတ်တွင်းမှ ရုပ်ပွားတော်များ

မြောက်ဘက်အာရုံခံဝတ်တွင်းရှိ လက်ယာဘက်ထိုင်တော်မူရုပ်ပွားတော်များ

မြောက်ဘက်အာရုံခံဝတ်တွင်းရှိ လက်ဝဲဘက်ထိုင်တော်မူရုပ်ပွားတော်များ

ရှင်သီဝလီ၊ ရှင်ဥပဂုတ္တတို့ ဖိတ်ကျောင်းတော်



တစ်ခုတည်းသောပလ္လင်ပေါ်တွင် စေတီနှစ်ဆူတည်ထားပုံ



ကျောက်ရှင်တော် (ရှေ့တည့်တည့်မြင်ကွင်း)

ယက္ခညီနောင်စံနန်း (အပြင်)

သည်။ ဘုရားကုန်းမြေသည် သိပ်မြင့်လှသည်တော့မဟုတ်။ ကြွပြားခင်းထားသောလှေကားတစ်အနည်းငယ်နင်းတက်မြဲကျော်လိုက်သည်နှင့် ရင်ပြင်သို့ရောက်၏။

မြောက်ဘက်ခြမ်း အာရုံခံဝတ်ကျောင်းတွင် ဝတ်ပြုပြီး လက်ယာရစ်လှည့်ရန် စတင်လိုက်သည်နှင့် အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်) တွင် ယက္ခညီနောင်စံနန်းဟု ကမ္ပည်းစာတမ်းဖြင့် အဆောင်ငယ်တစ်ဆောင်ရှိသည်။ အဆောင်ထဲတွင် သာမန်လူ့အရပ်အမောင်းခန့်ရှိသည့် ဘီလူးရုပ်ညီနောင်က မျက်နှာချင်းဆိုင်ကာ ခေါင်းလောင်းကြီးကိုထမ်းထားကြသည့်ပုံဟန်ထုလုပ်ထားသည်။ ခေါင်းလောင်းအလှူရှင်ကိုမူ စာကမ္ပည်းမတွေ့မိပါ။ အဆောက်အအုံအလှူရှင်ကိုသာ တွေ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်း(၁၅၀)ကျော်က ကြေးခေါင်းလောင်းဟုဆိုသည်။

ဤစေတီ၏ဘွဲ့မည်မှာ အများသိထားသည်က ကျိုက်မုဒ္ဒန်ဟုဆိုသော်လည်း ဘွဲ့မည်အမှန်မှာ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ဓာတ်သုတ်စေတီတော်မြတ်ဟု အပြည့်အစုံဆိုရပါမည်။ မော်လမြိုင်မြို့၏ အစည်ကားဆုံးအောက်လမ်းမကြီး၏ တောင်ဘက်အဆုံး မုဒ္ဒန်အရပ်တွင် တည်ထားသဖြင့် မုဒ္ဒန်ဘုရားဟု အလွယ်ခေါ်သိမှတ်နေကြခြင်း ဖြစ်ပါ၏။

ထူးခြားမှုများနှင့် ကျောက်ရှင်တော် (ကနုတ်ပန်းဖြင့် ပူဇော်ထားစဉ်) အနောက်

ကျောက်ရှင်တော် (ရှေ့/တောင်မှမြင်ကွင်း)



ကျောက်ရှင်တော်၏ ကနုတ်အောက်နံဘေးတွင် ရေးထိုးထားသော ကမ္ပည်းစာ

စေတီတော်ကို တည်ထားမှုက ထူးခြားနေပါသည်။ အောက်ခံပလ္လင်တစ်ခုတည်းပေါ်တွင် ညီနောင်စေတီနှစ်ဆူကို တောင်မြောက်အနေအထားဖြင့်တည်ထားခြင်း ဖြစ်သည်။ တည်ထားမှု ဗိသုကာလက်ရာသည်လည်း အခြားသောစေတီတော်တို့နှင့်မတူ ကွဲပြားစွာ (ဆူးလေစေတီတော်ကဲ့သို့) ရှစ်မြောင့်ပုံသဏ္ဌာန်ဖြစ်သည်။

စေတီတော်၏ သမိုင်းအကျဉ်းအားဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ် မဟာသက္ကရာဇ်၁၁၁ ခုနှစ်၌ ဝါတော်(၈) ဝါ အရောက်တွင် ရှင်ဂဝံပတိမထေရ်၏လျှောက်ထားတောင်းပန်မှုကြောင့် မွန်တို့ဒေသ ရာမညတိုင်းသို့ ရဟန်း (၅၀၀) ခြံရံကာ ကြွရောက်တော်မူခဲ့ကြောင်း ဗုဒ္ဓ၏ မြန်မာပြည်သို့ ဒေသစာရီကြွရောက်သည့် ခရီးစဉ်ကို အများကလည်း သိပြီးဖြစ်ပါလိမ့်မည်။ မြန်မာပြည်တွင်းရှိ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကား ပြန့်ပွားစေသော ပြယုဂ်များဖြစ်သော ရှေးဟောင်းစေတီပုထိုးများအပြား၏ အခြေခံသမိုင်းအရင်းအမြစ်များဖြစ်နေတတ်သည်ကို တွေ့ရပါမည်။

ထိုနည်းတူ မိမိတို့အောက်ပြည်ရွာ မွန်တို့နေထိုင်ရာသို့လည်း ထိုခရီးစဉ်မှ တစ်ဆင့်သာသနာစဉ်ဆက်မပြတ်ထွန်းကားလာရေးအတွက် အခြေခံကောင်း

ရာဟုထောင့်ရှိ မဟာဗောဓိညောင်ပင်

မုဒ္ဒန်စေတီတော်၏ မြောက်ဘက်ရှုခင်း



ယက္ခညီနောင် (အတွင်း) နှင့် ဓါးလောင်းစောင့်

မုပွန်စေတီတော်၏ အရှေ့ဘက်မုခ်

များအဖြစ် ဆံတော်များ၊ ဓာတ်တော်မွေတော်များ ချီးမြှင့်ပေးသနားခဲ့သည်ကို အများအသိပင် ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ ပထမဆုံးသော သရဏဂုံတည်သူ တပုဿနှင့် ဘလ္လိကညီနောင်တို့မှစ၍ ဘုရားရှင်၏ အခြံအရံ ရဟန္တာတစ်ပါးဖြစ်သော ရှင်ဂဝံပတိ၏ ကျေးဇူးသည် များလှစွာ၏။

မွန်-ဗမာတို့၏ စကားစဉ်အရ ရှင်ဂဝံပတိသည် ရှေးဘဝတစ်ခု၌ အောက်မြန်မာပြည်သားဖြစ်ခဲ့သည်။ ဇော်ဂျီတစ်ဦးနှင့် နဂါးမင်းသမီးတို့ သင့်မြတ်ရာမှရလာသောဥမှပေါက်ဖွားလာသည်ဟုဆိုသည်။ အသက်တစ်ဆယ့်နှစ်နှစ်အရွယ်တွင် တစ်ဘဝအဆုံးသတ်ကွယ်လွန်ခဲ့ပြီးနောက်မှ ရဟန္တာဖြစ်မည့်ဘဝတွင် ပြန်လည်မွေးဖွားလာခဲ့သည်။ မိမိ၏ဘဝအကြောင်းကို ပြန်မှတ်မိသဖြင့် အောက်မြန်မာပြည်ရှိ သထုံမြို့သို့ ကြွရောက်ရန် ဘုရားရှင်ထံ တောင်းပန်လျှောက်ထားရခြင်းဖြစ်သည်ဟု ဆိုသည်။

ဒေသဆိုင်ရာစကားစဉ်နောက်တစ်ခုမှာမူ ရှင်ဂဝံပတိသည် ပထမသင်္ဂါယနာတင်ချိန်က နိဗ္ဗာန်မျက်မှောက်ပြုခဲ့သည်မဟုတ်ဘဲ ပျူတို့၏ မြို့တော်ပြည် (သရေခေတ္တရာ) ကို တည်ထောင်သည်အထိရှိနေပြီး ထိုမြို့ပြကိုတည်ထောင်ရာတွင်ပင် ပါဝင်ကူညီခဲ့သည်ဟု ဆိုသည်။ ဗုဒ္ဓ၏ အခြံအရံရှစ်ပါးအနက် ရှင်ရေဝတနှင့် ရှင်ဂဝံပတိတို့၏ တန်ခိုးဂုဏ်ရှိန်ကို ရှေးမြန်မာတို့များစွာကြည်ညိုခဲ့ကြသည်။ ပူဇော်သက္ကာရလည်းပြုကြလေ့ရှိသည်။ ရှင်ရေဝတကို မော်ဆရာ၊ အဂ္ဂိရတ်ဆရာ၊ ရသေ့၊ တောမှီရဟန်းတို့က အစောင့်အရှောက် နာယကအဖြစ် မှတ်ယူလက်ခံကြည်ညိုထားကြပြီး အရှင်ဂဝံပတိကိုမူကား မွန်နှင့် ပျူတို့က အစောင့်အရှောက်နာယကအကြီးအမှူးအဖြစ် မှတ်ယူကိုးစားကြည်ညိုလက်ခံထားကြသည်။ ထို့ကြောင့်လည်း မွန်တို့၏ ရာမညဒေသ အောက်ပြည်အောက်ရွာ နယ်မြေအနှံ့ ဗုဒ္ဓသာသနာအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများသည် ရှင်ဂဝံပတိ၏ ကျေးဇူးပြုမှုနှင့် မကင်းမလွတ်သည်ကများသည်ဟုဆိုရခြင်းဖြစ်သည်။

သို့ဖြင့် စေတီတော်ဂေါပကအဖွဲ့က ပြုစုထားသော ဘုရားသမိုင်းအကျဉ်းအရဆိုရပါသော် ရသေ့ညီနောင်တို့၏ တောင်းပန်လျှောက်ထားချက်အရ ဗုဒ္ဓကိုယ်တော်တိုင် မဟာကရုဏာဖြင့် ဆံတော်ဓာတ်မြတ် (ဓာတ်တော်ကမျိုင်) ကို မဟာသက္ကရာဇ် ၁၁၄ ခုနှစ်တွင် အရှေ့အရပ်၌ ဌာပနာကာ ကျောက်သားတိုင် စိုက်ထူခဲ့သည်။ တဖန် ဇောင်းတူ (ဇင်တော်/သင်တဲ) မှ ညှပ်ရိုးတော်တစ်ဆူကိုလည်း အနောက်အရပ်၌ ကျောက်သားတိုင်စိုက်ထူကာ ဌာပနာခဲ့ပြီး ဤမုပွန်အရပ်တွင် စေတီတည်ထားကိုးကွယ်ခဲ့သည်။

နောင်သောအခါ ကျောက်သားတိုင် (၂) ဌာနတည်ရာအရပ်၌ ဓမ္မဇ (ဓမ္မဇဲ့) မည်သော ရဟန်းတော်နှင့် နံ့ပရင် (မှုပြင်) မည်သော ဒါယကာတို့က ပလ္လင်တစ်ခုတည်းပေါ်တွင် စေတီတော်နှစ်ဆူကို တည်ထား ကိုးကွယ်ခဲ့ခြင်းဟု သိရသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပြီး သာသနာသက္ကရာဇ် ၁၅၇ ခုနှစ်ခန့်တွင် မွန်ဧကရာဇ်ဘုရင် ရာမညရာဇာ (ရမ္မာဝတီမြို့တည်မင်း) မှလည်း စေတီတော်များကို မွမ်းမံ လှူဒါန်းခဲ့သည်။ (ဒုင်မောပုမြို့စေတီတော်များအကြောင်း၊ ရာမညတိုင်းသုံးရပ်ဓာတ်တော်များသမိုင်းစာအုပ် စာမျက်နှာ ၁၄၇-၅၀) (အမျိုးသားစာကြည့်တိုက်ပေမူမှပြန်လည်ကူးယူထားသော မွန်ဘာသာစာတုဝင်စာမျက်နှာ (၁၁၉) မြန်မာပြန်) ဟု ဆိုပါ၏။

ကျိုက်မုပွန်စေတီတော်သမိုင်းနှင့်ပတ်သက်၍ အခြားမှုကွဲတစ်လည်းရှိနေပါသည်။ ဤသည်မှာ သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် တတိယသင်္ဂါယနာတင်ပြီး (၉) တိုင်း (၉) ဌာနသို့ သာသနာပြုစေလွှတ်ရာ သုဝဏ္ဏဘူမိသို့ ဥတ္တရနှင့် သောဏမထေရ်ရဟန်းနှစ်ပါးအပြင် ရဟန္တာသုံးပါးတို့သည် ဒုတိယမြို့တည်လျက်ရှိသော သုဓမ္မဝတီ သထုံသို့ ရောက်ခဲ့သည်။ ထိုရဟန်းတို့၏ အကျိုးကြောင့် ပျောက်ဆုံးခဲ့သော ဆံတော်နှစ်ဆူနှင့် သွားတော်ဓာတ် (၃၃) ဆူအလုံးစုံကို ပြန်လည် ရရှိလာသောအခါ ဓာတ်တော် (၁၁) ဆူကို ဝေငှခဲ့သည်။

ဤသည်ကို မုပွန်ရပ်တွင်နေသောသူတို့သည် ဓာတ်တော်တစ်ဆူရရှိ၏။ ထိုဓာတ်တော်ကို မုပွန်ကမ်းပါး အငူအစွန်းလေးခုရှိနေသောနေရာတွင် တည်ထားသောကြောင့် မွန်ဘာသာ ကျိုက်မုပွန်ဘုရားဟု တွင်၏။ မြန်မာဘာသာဖြင့် 'အစွန်းလေးခုဘုရားဟု' အဓိပ္ပာယ်ရသည်။

မော်လမြိုင်မြို့တောင်ဘက်ခြမ်းကမ်းနားတွင် ရှေးအခါက တည်ထားခဲ့သော်လည်း ယခုအခါ မုပွန်သွားကားလမ်းမကြီးနှင့်တည်နေသောနေရာတွင် ဘုရားကိုတွေ့ရမည်ဖြစ်သည်။ သာသနာ ၂၃၅ ခုနှစ်တွင် ဓာတ်တော်များ ဝေငှသောကြောင့် ယင်းနှစ်မှာပင်ဘုရားတည်သည်ဟု ယူဆရ၏။ သို့သော်လည်း ပထမတွင် မော်လမြိုင်မြို့တောင်ဘက်ကမ်းနားတွင် ရှေးအခါက တည်ထားခဲ့သော်လည်း ယခုအခါ မုပွန်သွားကားလမ်းမကြီးနှင့် ဦးတိုက်တည့်နေသောနေရာတွင် ဖူးတွေ့ရ၍ ဘုရားဟောင်းပြိုပျက်သဖြင့် ယခုနေရာသို့ ထပ်မံရွှေ့ပြောင်းတည်ထားခဲ့သည်ဟု စာရေးသူ ဆရာကိုကို (သုတေသန) ရေးသားပြုစုထားသည့် 'ဘုရားဖူးသွားကြမယ်'စာအုပ်တွင် ရေးသား ဖော်ပြထားသည်။

ထိုမျှမက ကျိုက်မုပွန်စေတော်နှင့်ပတ်သက်၍ နောက်ထပ်စေတီတော်သမိုင်းမှုကွဲတစ်စောင်ကို ထပ်မံတွေ့ရှိရပြန်ပါသည်။ ဤမှုကွဲသည်လည်း ပိုမိုခိုင်မာဟန်တူသဖြင့် စာဖတ်သူသုတေသီတို့အကျိုးအတွက်ရည်ရွယ်ကာ အကျဉ်းမျှ ဖော်ပြလိုက်ပါမှ သင့်လျော်မည်ဖြစ်ရာ -

သထုံပြည်နှင့် မဟာသီရိမာသောကမင်းသည် ဂေါတမမြတ်စွာဘုရားသခင်အား ကြည်ညိုတော်မူရှာလွန်း၍ အရှင်ဂဝံပတိမထေရ်သူမြတ်အား မြတ်ဘုရားဘဂဝါကို ပင့်လျှောက်ပေးရန် လျှောက်ထား တောင်းပန်ချက်အရ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်တော်လာပြီး ခုနစ်ရက်ပတ်လုံး သီတင်းသုံးကာ တရားရေအေးတိုက်ကျွေးတော်မူသည်။ ထိုအချိန်တွင် ဘုရားရှင်သည် ရသေ့(၆)ပါးအား ဆံတော်(၆)ဆူ ပေးသနားတော်မူပြီး မဟာသီရိမာသောကမင်းအား -

"ငါကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံနေတော်မူသောအခါ အရှင်ဂဝံပတိသည် ငါ၏ သွားတော်(၃၃)ဆူကို စန္ဒကူးထင်းပုံထက်မှ အသင်မင်းကြီးထံ ယူဆောင်လာခဲ့လတ္တံ့"

ဟု ဗျာဒိတ်ပေးတော်မူကာ သာဝတ္ထိပြည်သို့ ပြန်လည် မြန်းကြွတော်မူ၏။

ဂေါတမဘုရားရှင်ပရိနိဗ္ဗာန်စံဝင်သောအခါ ဗျာဒိတ်တော်ထားခဲ့သည့်အတိုင်း အရှင်ဂဝံပတိသည် ဗုဒ္ဓမြတ်စွာ၏ သွားတော် (၃၃) ဆူကို မဟာသီရိမာသောကမင်းထံ ပေးအပ်တော်မူသည်။ မင်းကြီးသည်လည်း သွားတော် (၃၃)ဆူကို ကျောက်စေတီငယ်တည်ထား၍ ဌာပနာကာ ကိုးကွယ်သမ္မူပြုခဲ့သည်။

သာသနာတော်နှစ် ၂၃၆ ခုတွင် သုဝဏ္ဏဘူမိ သထုံပြည်သို့ သာသနာပြုရန် ကြွရောက်လာတော်မူကုန်သော ရှင်သောဏနှင့် ရှင်ဥတ္တရ မထေရ်နှစ်ပါး၏ ထုတ်ဖော်မြွက်ကြားချက်အရ နောင်ဆက်လက်စိုးစံတော်မူသော စူဠသီရိမာသောကမင်းသည် ဌာပနာထားသော ကျောက်စေတီငယ် (၃၃) ဆူမှ သွားတော်ဓာတ် (၃၃) ဆူကို ဖော်ထုတ်ရယူပြီး ရွှေကြုတ်၌ ဓာတ်တော်များ အံ့မှန်စင်စစ်ဧကန်ဖြစ်ငြားအံ့ သတ္တဝါများ၏ အကျိုးကြီးပွားချမ်းသာအလို့ငှာ ထိုဓာတ်တော်တို့သည် ထိုက်သင့်လျော်ကန်သောအရပ်တို့၌ ရွှေအိုးနှင့်တကွ တည်ပါစေကုန်သတည်းဟု အဓိဋ္ဌာန်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ဓာတ်တော်များ၊ ရွှေအိုးနှင့်တကွကွယ်၍ သွားတော်တစ်ဆူသည် ယခင် မောရွှေမြို့ ယခုမုပွန်ရပ်ဟုခေါ်တွင်သောအရပ်သို့ရောက်ရှိတော်မူသဖြင့် စူဠသီရိမာသောကမင်းသည် နတ်ဒေဝတာပြဟ္မာသူတော်စင်အပေါင်းတို့နှင့် သွားတော်မြတ်တစ်ဆူ၊ ရွှေသားအစစ်ဖြင့်သွန်းလုပ်ထားသော ဂေါတမရှင်တော်မြတ်ဘုရား၏ ရုပ်ပွားတော်တစ်ဆူ၊ ကျောက်မျက်ရတနာများ ရွှေအိုးနှင့်တကွ တည့်သွင်းမြှုပ်နှံဌာပနာကာ ကျိုက်မုပွန်ဘုရားကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။

(မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၁)ပါ
ပဲခူးရွှေမောဓောဘုရားသမိုင်း
ကျောက်စာအရ)

အချို့သော ဘုရားသမိုင်းတွင် သထုံသုဝဏ္ဏဘူမိ စူဠသီရိမာသောကမင်းကို တိဿဓမ္မသီဟရာဇာမင်းဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ကျိုက်မုပွန်ဘုရား၏မြေနေရာသမိုင်းကို[illegible] မြေစာရင်းဌာနမြေပုံအရ 'ပေါ်တော်မူဘုရား'ဟူ၍ဖော်ပြထားသည်။ နှစ်ပေါင်း (၂၂၀၀)က တည်ထားခဲ့သော သမိုင်းဝင်စေတီတော်မှာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ဟန်ရှိပြီး ခရစ်နှစ် ၁၈၂၉ ခုနှစ်ကျော်မှ မော်လမြိုင်မြို့ကို ပြန်လည် ဖွံ့ဖြိုးစည်ပင်ခဲ့သည်ဖြစ်ရာ ထိုအခါမှပင် အများပြည်သူမြင်ကွင်းသို့ တစ်ကျော့ပြန်ပေါ်လာသဖြင့် မြေစာရင်းတွင် 'ပေါ်တော်မူဘုရား' ဟူ၍ ဖော်ပြထားပုံရပါသည်။

အထက်တွင်ဖော်ပြခဲ့သောသွားတော်ဓာတ် (၃၃) ဆူအနက်မှ (၄) ဆူသည် ဤမွန်တို့ဒေသ မော်လမြိုင်အဝန်းအဝိုင်းမှာပင်ဖြစ်ရာ ကျိုက်သန်လန်စေတီတော်၊ ကျိုက်တမော့(မြသိန်းတန်)စေတီတော်(မုတ္တမ)၊ ကျိုက်မုနိုင်း (ကလွှီ) နှင့် ယခု စာရေးသူရေးသားနေသော ကျိုက်မုပွန်စေတီတော်တို့သည် သံလွင်မြစ်အလယ်ဗဟိုချက်ကို မဏ္ဍိုင်ပြုကာ ထောင့်မှန်ဝန်းရံလျက် တည်နေပုံမှာ ထူးခြားပါသည်။ သံလွင်မြစ်အလယ်မှ အရှေ့စူးစူးသည် ကျိုက်သန်လန်၊ အနောက်စူးစူးသည် ကျိုက်မုနိုင်း၊ တောင်စူးစူးသည် ကျိုက်မုပွန်၊ မြောက်ဘက်စူးစူးသည် ကျိုက်တမော့(မြတ်သိန်းတန်စေတီ) စသည်ဖြင့် အချိုးစကေးကိုက်တည်နေပါသည်။ ထိုမျှမက ယင်းစေတီတော်များရှိ ရင်ပြင်တော်များမှနေ၍ ကျန်စေတီတော်များသို့ ရာသီဥတုကင်းရှင်းချိန် လှမ်းမျှော်ကြည့်လိုက်ပါက အဝေးလက်ဖြင့် တခုတ်တရဖူးမြော်ကြည်ညိုနိုင်သောအနေအထားတွင်ရှိပါသည်။ ဤသည်မှာ မိမိတို့ခေတ်လူများ မသိနားမလည်နိုင်သောရှေးပဂ္ဂိုလ်တို့၏ အစီအမံတစ်ခုခုဟု တွေးဆရပါသည်။

ကျိုက်မုပွန်စေတီတော်သည် မူလက စေတီတော်ကြီးတစ်ဆူဖြစ်မည်ဟု တချို့ကယုံကြည်နေကြသည်။ ပေါ်တော်မူဘုရားအဖြစ် ပေါ်ထွန်းလာပြီးနောက်တွင် (၉) တောင်ပြည့်စေတီတော်အား (၂၇) တောင်စေတီအဖြစ်တည်သည်။ အနောက်ဘက်ခြမ်းရင်ပြင်ရေတိုက်စားသဖြင့် ပြိုပျက်ခဲ့ရာမှ ရင်ပြင်တော်အား အဆင့် (၃) ဆင့်ဖြင့် အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။ သို့ဖြင့် [illegible] အကြိမ်ကြိမ်အလီလီတည်ဆောက်ရာမှ ယခုအခါ ကြည်ညိုဖွယ်သောအခြေသို့ ဆိုက်ရောက်ခဲ့သည်ဟု ဆိုကြသည်။

မြန်မာနိုင်ငံဒေသအနှံ့တွင် တန်ခိုး

ကြီးဘုရားစေတီများမြောက်မြားစွာရှိနေသော်လည်း သွားတော်ဓာတ် (၃၃)ဆူကား သုဝဏ္ဏဘူမိခေတ်အစောဆုံးတည်ထားသော စေတီတော်များဖြစ်သကဲ့သို့ သုဝဏ္ဏဘူမိနှင့်ဆက်စပ်နေသောဒေသများတွင်သာ ဖူးတွေ့နိုင်သည်မှာ ထူးခြားပါသည်။ ကျိုက်မုပွန် (ယခုဘွဲ့မည် - ကျိုက်ဓာတ်သုတ်စေတီတော်) သည် မော်လမြိုင်ဒေသ၏သမိုင်းဝင်ရှေးဟောင်း တန်ခိုးကြီးဘုရားစေတီတော်တစ်ဆူလည်း ဖြစ်သည်။ ပင်လယ်ရေမြောင် ရေလမ်းခရီးမှ ဝင်ရောက်လာလျှင်မူ ရှေးဦးစွာတွေ့မြင်ဖူးမြင်ရမည့် မြို့ဦးစေတီဟုလည်း ဆိုနိုင်ပေရာ လွန်ခဲ့သော နှစ်ပေါင်း (၂၂၀၀) ခန့်က စေတီတော်ကို တွေ့မြင်ရသည့်အတိုင်း ပြန်လည်မွမ်းမံထိန်းသိမ်းထားခြင်းအတွက် ဒေသခံများကိုလေးစားဂုဏ်ပြုရပါမည်။

မိမိတို့ မြန်မာနိုင်ငံတွင် ဗုဒ္ဓ၏ ဓမ္မရတနာအမွေအနှစ်ပြယုဂ်ဖြစ်သော စေတီပုထိုးတော်များတည်ထားကြရာတွင် ထူးမြတ်သော မွေတော်ဓာတ်တော်များကို ဌာပနာခဲ့ကြသည်နှင့်အညီ ထိုမွေတော်ဓာတ်တော်များ၏ တန်ခိုးရှိန်စော်များသည်လည်း ကွန့်မြူးကာ အထူးထူးသောဝိသေသများဖြင့်အံ့ဖွယ်ရှိကြသည်သာဖြစ်သည်။ ဤမုပွန်ဘုရား (ဆံတော်ရှင် ကျိုက်ဓာတ်သုတ်စေတီ)သည်လည်း အံ့ဖွယ်ထူးခြားမှုများရှိကြောင်း သိရသည်။ ဤသည်ကို ဂေါပကအဖွဲ့က ပြုစုထားသည့် လက်ကမ်းစာစောင်ငယ်တွင် ဖော်ပြထားပါသည်။

က။ ။ (၄) ပေ ရင်စို့ခန့်မြင့်သော ပလ္လင်တစ်ခု (မွဲဇင်) တည်းပေါ်တွင် စေတီတော်နှစ်ဆူ တောင်၊ မြောက်တည်ထားပြီး တောင်ဘက်စေတီ၏ ဉာဏ်တော်မှာ (၁၂၅) ပေ၊ မြောက်ဘက်ရှိ စေတီတော်မှာ ဉာဏ်တော်အမြင့် ပေ (၁၀၀) ရှိသည်။ ဖိနပ်တော်မှ ငှက်ပျောဖူးအထိ ရှစ်မြောင့်သဏ္ဌာန် (ဆူးလေစေတီတော်ကဲ့သို့)ဖြစ်ပြီး ဘီလူးပန်းဆွဲရုပ်မျက်နှာရှိသည့် ရှားပါးလှသော ရှေးဟောင်းလက်ရာစေတီတော်ဖြစ်ခြင်း။

ခ။ ။ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ချီးမြှင့်တော်မူသော ဆံတော်စစ်များဖြင့် ကိုးကွယ်တည်ထားသော စေတီတော်ဖြစ်၍ ရံဖန်ရံခါ ရောင်ခြည်တော်များ ကွန့်မြူးလေ့ရှိသဖြင့်လည်း အများပြည်သူတို့၏ ကြည်ညိုဦးခိုက်ကာ ဆုတောင်းနှင့်ပြည့်ဝစေသည်ဟု ယုံကြည်သက်ဝင်လျက်ရှိခြင်း။

ဂ။ ။ ဒုတိယကမ္ဘာစစ်အတွင်းက စေတီတော်၏ရင်ပြင်ပေါ်သို့ ဗုံးဆန်များ ကျရောက်ပေါက်ကွဲသော်လည်း စေတီတော်နှစ်ဆူမှာ လုံးဝထိခိုက်ပျက်စီးယိုယွင်းမှုမရှိသည်ကို အံ့ဩဘနန်းဖူးတွေ့ကြရခြင်း။

ဃ။ ။ စေတီတော်၏ အရှေ့ဘက်အရပ် စေတီတော်နှစ်ဆူ၏ ဖိနပ်တော်မှ (၇)တောင်(တစ်တာ)အကွာတွင်ရှိသော မည်သူမျှ စိုက်ထူထားခြင်းမဟုတ်ဘဲ အလိုအလျောက်ပင် မြေမျက်နှာပေါ် တိုးထွက်လာနေသောကျောက်ရှင်တော် / ကျောက်သားတိုင်သည် ဒုတိယကမ္ဘာစစ်အတွင်းက (၄) ပေမျှသာ အမြင့်ရှိသော်လည်း ယခု ၂၀၁၄ ခုနှစ်တိုင်းတာချက်အရ အမြင့် (၇) ပေ (၈) လက်မခန့်နှင့် အကျယ် (၄) ပေ (၈) လက်မ မြင့်တက်လာရာ အများပြည်သူများက တအံ့တဩ အထူးအဆန်း သက်ဝင်သက်ရှင် ကျောက်စာတိုင်အဖြစ် တွေ့မြင်နေရခြင်း။

င။ ။ ယင်းကျောက်ရှင်ကဲ့သို့ပင် လူတို့၏ လောကီကိစ္စအဝဝကို အဓိဋ္ဌာန်ပြုဆုတောင်းက အကျိုးထွန်းပေါက်စေသည်ဟု လူအများယုံကြည်အားထားနေသော ယက္ခညီနောင်ထမ်းထားသည့် နှစ်ပေါင်း (၁၅၀) ကျော်က ကြေးခေါင်းလောင်းတော်ကြီးတည်ရှိနေခြင်း။

စ။ ။ ယက္ခညီနောင်စံနန်း၏မလှမ်းမကမ်းတွင် ဉာဏ်တော်အမြင့်ဆယ်ပေခန့်သာရှိသော်လည်း တွေ့ရခဲသော အပေါက်ရှစ်ပေါက်ရှိပြီး မုခ် (၄) ခုပါ စေတီငယ်တစ်ဆူသည် သမားရိုးကျအုတ်များဖြင့် တည်ထားခြင်းမဟုတ်ဘဲ ကျောက်သားများဖြင့် ထွင်းထုပူဇော်ထားသည်ဟု ဆိုသည်။ ယင်းစေတီတော်ငယ်တွင် ရှေးဟောင်းမွန်စာပေများကို ခဲရာခဲဆစ်ထုဆစ်ပုံဖော်ရေးသားထားသဖြင့် ရှေးဟောင်းမွန်စာပေများကို တတ်ကျွမ်းနားလည်မှသာ တည်ထားမှုအစီအမံကိုသိနိုင်မည် ဖြစ်သည်။ ဤသည်မှာလည်း အံ့ဖွယ်ထူးခြားမှုဟုဆိုရပါမည်။

သို့ဖြင့် မိမိတို့ ဘုရားဖူးများသည် စေတီတော်ရင်ပြင်ကို တစ်ပတ်ပတ်မိရန် နာရီလက်တံအတိုင်း ဆက်လက်လှည့်လာကြပါသည်။ အရှေ့မုခ်ပေါက်နှင့်တည့်တည့် အာရုံခံဝတ်ကျောင်းသို့ ရောက်သည်။ ယင်းဝတ်ကျောင်းဆောင်ရှေ့တွင် ကျောက်ရှင်တော်၊ မုခ်ဝသို့ဆင်းသည့် စောင်းတန်းနံဘေးတွင် တည်ထားပြီးခါစ စေတီငယ်တစ်ဆူ၊ ထိုမှ စေတီတော်ရင်ပြင်တောင်ဘက်ခြမ်းသို့ရောက်သည်။ အာရုံခံဝတ်ကျောင်းကို သံဘာဂျာတံခါးနှင့်ပိတ်ထားသဖြင့် အပြင်ကပင်လက်အုပ်ချီရသည်။

ရင်ပြင်ကို ဆက်လက်ပတ်ရာက ကျယ်ဝန်းသောဓမ္မဗိမာန်ကြီးတစ်ဆောင် တွေ့သည်။ နေ့ထူးနေ့မြတ်များ၊အခါကြီးရက်များ၊ ဝါတွင်းကာလများတွင် ဓမ္မကထိကအကျော်များဖြင့် တရားပွဲများ ကျင်းပရာဖြစ်ကြောင်းသိရ၏။အနောက်ဘက်အာရုံခံဝတ်အတွင်း ဝတ်ပြုဓာတ်ပုံမှတ်တမ်းယူသည်။ ထိုမှ အနောက်မြောက်ထောင့် (ရာဟုထောင့်) ရှိ ဗောဓိပင်၊ ယင်းပင်ခြေနားတွင် (၁၀) ပတ်လည်ခန့်ရှိသော ကန္တကုဋိတိုက်တွင် ဘွဲ့မည် 'ပွင့်အရပ်ရုပ်ရှင်တော်ဘုရား'ဟုကမ္ပည်း ရေးထိုးထားသည်။

သို့ဖြင့် မိမိတို့သည် ရပ်ဝေးမှ ဗုဒ္ဓဘာသာသာသနာကြည်ညိုကိုးစား အလေးထားကြသူများအတွက် အကျိုးပြုမည့်စာတစ်ပုဒ်ကိုဆောင်းပါးတစ်ပုဒ်ရေးမည်ဟု မူလကပင် ရည်ရွယ်ထားသည်နှင့်အညီ စေတီတော်ရင်ပြင်အနှံ့ ရနိုင်သမျှ စေ့စေ့စပ်စပ်မေးမြန်းမှတ်သားခဲ့ကြသည်။ ရပ်ဝေးဘုရားဖူးများ၊ တန်ခိုးကြီးဘုရားစေတီများ ပေါများရာ မွန်တို့ဌာနေ ရာမညသို့ ခါတစ်ခေါက်အလည် ရောက်ပါက မြို့ပေါ်ကနေ ဘီလူးကျွန်း ချောင်းဆုံမြို့သို့ သစ်လွင်ခံ့ညားနေသော 'ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) တံတားကို ဖြတ်ကျော်သွားကြရာက လမ်းတစ်ဆစ်ချိုးတွေ့ရှိ ထူးခြားမှုများနှင့် 'ကျိုက်မုပွန် (ခေါ်) သမိုင်းဝင် ဆံတော်ရှင်ဓာတ်သုတ်စေတီတော်ကြီး' အား မပျက်မကွက် ဝင်ရောက်ဖူးမြော်လိုစိတ်ပွားများနိုင်ကြစေရန် ကောင်းမြတ်သောဆန္ဒဖြင့် ရည်သန်ရေးသားလိုက်ရပါသည်။

ရာမညသွေးမွန်

ကိုးကား -

(၁) စေတီတော်ဂေါပကအဖွဲ့ကပြုစုထားသောဘုရားသမိုင်းအကျဉ်း
(၂) ကိုကို(သုတေသန)၏ 'ဘုရားဖူးသွားကြမယ်' စာအုပ်
(၃) မော်လမြိုင်မဂ္ဂဇင်း ၂၀၀၀ပြည့်နှစ် ဆရာစိုးညွန့် (သတင်းထောက်)၏ဆောင်းပါး

ဆရာဦးသက်ထွန်းလင်း

ရခိုင်မဟာမုနိဘုရားကြီး၏ မကိုဋ်တော်၊ စလွယ်တော်များ
ဖြုတ်ချွတ်သိမ်းဆည်းခံရခြင်းနှင့် လက်ရှိ[illegible]များ
နိုင်ငံတော်[illegible]ခြင်းများ
ဝိဇ္ဇာ၊ ရာဇပညာရပ်ဆိုင်ရာ ကြောင်းကျိုး[illegible]
(၃) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

ရခိုင်မဟာမုနိရုပ်ပွားတော်မြတ်ထံမှ မကိုဋ်တော်စလွယ်တော်များကိုဖြုတ်ချွတ်သိမ်းဆည်းခံရခြင်းဆိုင်ရာ ဒုတိယအချက်မှာ ထိုပစ္စည်းတို့ကိုလှူထားသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟူသည့်ကမ္ပည်းစာကြောင့် ဖြစ်ပါသည်။ ဤအချက်နှင့်ပတ်သက်၍ဆိုရပါမူ အကယ်၍ ပုဂ္ဂိုလ်ကိုမကြိုက်နှစ်သက်သောကြောင့်ဆိုလျှင် ထိုအလှူရှင်ပုဂ္ဂိုလ်လှူထားသည့်ပစ္စည်းနေရာတွင် ထိုထက်ပိုမိုကောင်းမွန်သည့် ပစ္စည်းကိုလုပ်၍ အများဆန္ဒသဘောထားကိုရယူကာ မူလပစ္စည်းများနေရာတွင် အစားထိုး ဆောင်ရွက်ခြင်းကသာ ပိုမိုသင့်လျော်မည်ဟု ယူဆပါသည်။

ထိုသို့မဟုတ်ဘဲ အလှူရှင်ကို မနှစ်သက်သဖြင့် ထိုအလှူရှင်နာမည်ပါသောပစ္စည်းကို အပြီးတိုင်ဖြုတ်ပစ်ကာ မည်သည့်အစားထိုးဆောင်ရွက်ခြင်းမျှ မပြုခြင်းသည် အလှူရှင်အား သဘောမတူ ဆန့်ကျင်ခြင်းထက် ဘုရားရုပ်ပွားတော်အား ပိုမို၍ဆန့်ကျင်ရာရောက်စေသကဲ့သို့ ဖြစ်နေပါသည်။

ထို့ပြင် ကြီးကျယ်ထင်ရှားခဲ့သော ရှေးအစဉ်အလာထုံးစံကြီးတစ်ခုကိုလည်း မိမိတို့သဘောဖြင့် ပယ်ဖျက်ချင်သလို ပယ်ဖျက်ရာလည်းရောက်စေပါသည်။ ထို့မှမက ရှေးဘိုးဘေးစဉ်ဆက်တို့၏ ကြီးမားသော အစဉ်အလာလေ့ထုံးစံတို့ကိုပယ်ဖျက်ခြင်းကြောင့်လည်း ကောင်းကျိုးရလဒ်ရရှိလာစရာအကြောင်းမမြင်ပေ။

မိမိဖြစ်စေလိုသောအချက်တစ်ခုတည်းကိုသာ အဓိကထားစဉ်းစားခြင်းထက် ဘက်စုံရှုထောင့်စုံမှ တွေးခေါ်ပြီး လုပ်ကိုင်ခြင်းမျိုးဖြစ်မှသာ အများအယွင်း အနည်းဆုံးဖြစ်မည်ဟု ယူဆပါသည်။

ဆက်လက်ပြီး ရခိုင်မဟာမုနိဘုရား၏ အစဉ်အလာသည် မည်မျှကြီးမားကြောင်း အနည်းငယ်[illegible]ပါမည်။ ရခိုင်ရာဇဝင်သမိုင်းတွင် အဓိကအားဖြင့် ခေတ်ကြီးလေးခေတ်ရှိပါသည်။ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့ ဖြစ်၏။ ယခု မဟာမုနိရုပ်ပွားတော်များ စတင်ပေါ်ထွန်းရာ ခေတ်သည် ရခိုင်သမိုင်း၏ အဦးအစ ဓညဝတီခေတ်တွင် ဖြစ်၏။ ဓညဝတီခေတ်သည် ခရစ်မပေါ်မီ ဘီစီ ၃၃၂၅ မှ အေဒီ ၃၂၇ အတွင်းကာလ ဖြစ်၏။

■ ခေါ်တွင်သည့် ဓညဝတီ

ရခိုင်သမိုင်းတွင် ပထမဦးဆုံးခေတ်ကို ဓညဝတီခေတ်ဟုခေါ် ဆိုသော်လည်း ထိုအချိန်မှ ရခိုင်သမိုင်းစတင်ခြင်း မဟုတ်ပေ။ ဓညဝတီခေတ်မတိုင်မီကတည်းက တိုင်းကားပြည်ရွာများရှိခဲ့ကြပြီး ဖြစ်၏။ ထိုခေတ်မတိုင်မီကတည်းကပင် ရှေးဟောင်းမြို့များရှိခဲ့ကြသည်။ ယခု ဓညဝတီစတင်တည်ထောင်ခြင်းသည်ပင် ဘီစီ ၃၃၂၅ ဖြစ်သဖြင့် သမိုင်းမှတ်တမ်းအရဆိုလျှင် စာတင်သည့် ရခိုင်သမိုင်းသည်ပင် နှစ်ပေါင်း (၅၀၀၀) ကျော်ပြီဖြစ်ကြောင်း သတိပြုကြရပါမည်။

အဆိုပါ ပထမဓညဝတီသမိုင်း စတင်သည့် မင်းကား မာရယုမင်း ဖြစ်၏။ ထိုမာရယုမင်းတွင် မိဘုရားနှစ်ပါးရှိ၏။ ပထမမိဖုရားမှာ မြို့လှမျိုးမင်းသမီး မဘို (ခေါ်) မိပင်းယာဒေဝီဖြစ်ပြီး ဒုတိယမိဖုရားမှာ ဝေသာလီမြို့တော်မှ ပြာပွအားသို့ ဘုရင်နောက်ဆုံးမင်း[illegible] သမီးတော် ရစ[illegible] (ရစိတာမာလ)[illegible] သည်။ ထိုမာ[illegible]သည် နန်းသက် (၆၂) နှစ်[illegible]နေပြီး သက်တော် (၈၀) တွင် [illegible]။ ပထမ[illegible]တွင် မင်းဆက်

ပေါင်း (၅၇) ဆက် စိုးစံခဲ့၏။ နှစ်ပေါင်း (၁၈၁၈) နှစ် ရှည်ကြာခဲ့လေ၏။ ဘီစီ ၁၄၈၃ ခုနှစ်တွင် မြန်မာတကောင်းပြည်မှ အဘိရာဇာမင်းသားတော် ကံရာဇာကြီးသည် ရခိုင်ပြည်သူတို့၏တောင်းပန်ချက်အရ မူလဓညဝတီမြို့ဟောင်းနေရာအနီးတွင် ထီးနန်းစိုက်မြို့တည်ခဲ့သည်။ ၎င်းကံရာဇာကြီး (ခေါ်) ကမ္မရာဇာမင်း လက်ထက်မှစတင်ခဲ့သော ဒုတိယဓညဝတီခေတ်တွင် မင်းဆက်ပေါင်း (၂၈) ဆက် စိုးစံခဲ့ပြီး နှစ်ပေါင်း (၉၀၃) ခုနှစ် အစွန့်ရှည်ကြာခဲ့၏။

တတိယဓညဝတီခေတ်သည် ဘီစီ ၅၈၀မှ အေဒီ ၃၂၇ခုနှစ်အထိဖြစ်ခဲ့၏။ တတိယဓညဝတီခေတ်စတင်ခဲ့သည့်မင်းမှာ သီရိရာဇာမင်း၏ သားတော် စန္ဒသူရိယမင်းဖြစ်၏။ မင်းဆက်ပေါင်း (၂၅) ဆက်၊ နှစ်ပေါင်း (၉၀၇) နှစ် အစွန့်ရှည်တည်တံ့ခဲ့၏။

ယခုရခိုင်မဟာမုနိဘုရားကိုစတင်တည်ထားသွန်းလုပ်ခဲ့သည့်မင်းသည်ကား တတိယဓညဝတီမင်းဆက် ပထမဦးဆုံးမင်းဖြစ်သော စန္ဒသူရိယမင်း ဖြစ်၏။

■ ဘုရားရှင်ကြွလာတည်ထားသောအခါ

စန္ဒသူရိယမင်းနန်းစံနှစ် (၂၆) နှစ်မြောက် ဘီစီ ၅၅၄ ခုနှစ်တွင် မြတ်စွာဘုရားရှင်သည် မဇ္ဈိမဒေသမှ ဓညဝတီမြို့တော်သို့ကြွရောက်တော်မူလာသဖြင့် စန္ဒသူရိယမင်းသည် မြတ်စွာဘုရားရှင်အား နန်းတော်သို့ပင့်ဖိတ်သဖြင့် ဘုရားရှင်သည် ရဟန္တာအရိယာသူမြတ်အပေါင်းခြံရံပြီး နန်းတော်သို့ကြွလာသဖြင့် စန္ဒသူရိယမင်းကြီးက မွန်မြတ်လှစွာသော သလေးဆွမ်းနှင့်တကွ အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေးလေ၏။ ဘုရားရှင်ကလည်း စန္ဒသူရိယမင်းနှင့်တကွသော မိဖုရားမောင်းမမိဿံမှူးကြီးမတ်ရာမြည်သူပြည်သားအပေါင်းတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူလေ၏။ ထိုအခါ စန္ဒသူရိယမင်းကြီး၏ စိတ်နှလုံး၌ အထူးပင်နှစ်သက်ဝမ်းမြောက် ငြိမ်းချမ်းခြင်းဖြစ်လေ၏။

ထိုတစ်ပြိုင်နက်တည်းတွင် စဉ်းစားတော်မူမိသည်မှာ ဘုရားရှင်ပြန်ကြွသွားသည်နှင့် ဤမျှကောင်းမွန်သော တရားဓမ္မတို့၏ပိုင်ရှင်မရှိတော့သော ကိုးကွယ်ရာမဲ့သည့်အခြေအနေမျိုးဖြစ်သကဲ့သို့ ခံစားရသဖြင့် ထိုကိုအကြောင်းပြုပြီး ကိုယ်စားရုပ်ပွားတော်တားလိုကြောင်း ဘုရားရှင်အား တောင်းပန်လျှောက်ထားရာ ဝန်ခံပဋိညာဉ်ပေးတော်မူခဲ့၏။

ထိုအခါ စန္ဒသူရိယမင်းနှင့်တကွ အခြံအရံများက ဗုဒ္ဓရုပ်ပွားတော်မဟာမုနိကို သွန်းလုပ်ကြလေ၏။ မဟာမုနိဘုရားကို စတင်သွန်းလုပ်သည့်နေ့မှာ ကောဇာနှစ် ၁၂၃ ခု ကဆုန်လပြည့် ညဦးအချိန်ဖြစ်၏။ သို့သော် မုနိတော်ကို သွန်းလုပ်ရာ (၃)ကြိမ်တိုင်တိုင် မစေ့ဘဲ ကွဲအက်တော်မူသဖြင့် ထိုအကြောင်းအရာတို့ကို ဘုရားရှင်အား သွားရောက်လျှောက်ထားသောအခါ ဗုဒ္ဓကိုယ်တော်တိုင်ကြွရောက်တော်မူလာပြီး တေဇာတန်ခိုးကြီးမားမှုအပေါင်းဖြစ်စေရန်အလို့ငှာ ကိုယ်တော်မှဖြစ်သော ရင်ငွေ့တော်ကို ခုနစ်လက်ခုပ်ထည့်ပေးတော်မူခဲ့၏။ ထိုအခါ ဘုရားသွန်းလုပ်မှုကိစ္စအပေါင်းတို့သည် နံနက်အရုဏ်တက်တွင် ပြီးစီးအောင်မြင်တော်မူလေ၏။ ဤကဲ့သို့ ဗုဒ္ဓဘုရားရှင် ဓညဝတီတွင် သီတင်းသုံးနေထိုင်စဉ် အချိန်အခါမှ ရုပ်ပွားတော်သွန်းလုပ်ပြီးသည့်အထိကို မဟာမုနိလင်္ကာပေမှ၌ မှတ်တမ်းတင်ထားသည်မှာ -

'သူရိယစန္ဒာ၊ ဖြဟ္မာသိကြား၊ နတ်များညီညွတ်မှတ်ခတ်ကျူးလွင်၊ ပဉ္စင်ပြီးစီး၊ မဏ္ဍပ်ကြီးတွင်၊ ရှင်တော်ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောအခါ၊ နှစ်ကောဇာမူ၊ တစ်ရာနှစ်ဆယ်၊ စွန်းဝယ်သုံးခု ရတုဂိမှ နွေလ ကဆုန်၊ ပူပန်ပြင်းစွာ၊ ဝိသာခါနှင့်မကွယ်ယှဉ်မှတ်၊ ရက်မြတ်ဗုဒ္ဓ၊ ညဦးကလျှင်၊ စ၍သွန်းရာ၊ ထိုအခါတွင် တေဇာတန်ခိုး၊ တက်တိုးဝှန်ဝေ၊ ဖြစ်စေခြင်းငှာ အဓိဋ္ဌာန်ဖြင့်၊ မဟာပုရိသ၊ လောကကြေးမုံ၊ သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက်တော်ငွေ့လျှက်၊ ထည့်၍ကြည့်ရှု၊ သဗ္ဗညုတ၊ ကြွပ်မသွန်းလုပ်၊ ရုပ်တုတော်ကြီး ထိန်ညီးလျှံဖြိုး၊ ကြာသပတေးနေ့တွင်၊ ပြီးအောင်မြင်၏'

ဟု စပ်ဆိုထားပါသည်။

မဟာမုနိရုပ်ပွားတော်မြတ်ကြီးသွန်းလုပ်အောင်မြင်ပြီးစီးခြင်းသို့ရောက်သောအခါ ဘုရားရှင်သည် ဒွါရာဝတီ မည်နာခေါ်တွင်သည့် သံတွဲမြို့သို့ ကြွရောက်တော်မူပါသည်။ စန္ဒသူရိယမင်းကြီးသည်လည်း လွန်စွာဝမ်းမြောက်တော်မူလှသဖြင့် မဟာမုနိကိုယ်စားတော်မြတ်ကြီးကိန်းဝပ်စံပယ်သီတင်းသုံးရန်အတွက် ဓညဝတီရှိ မဟာမုနိကုန်းတော်ပေါ်တွင် ဘုရားတန်ဆောင်းကြီးနှင့်တကွပြာသာဒ်၊ သိမ်ကျောင်းများကို ကောင်းစွာဆောက်လုပ်တည်ထားကိုးကွယ်တော်မူခဲ့ပါသည်။

ယနေ့ခေတ်ကာလအနေဖြင့်မူ အဆိုပါ မဟာမုနိ ကုန်းတော်ရာတည်ရှိနေသည့်နေရာကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။

■ ရှေးဟောင်းနီလာပန်းတောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့များ၊ ဓညဝတီမြို့တော်ရာဟောင်းနှင့် မဟာမုနိကုန်းတော်နေရာ

ပလက်ဝမြို့ကား ယနေ့အချိန်တွင် ချင်းပြည်နယ်တွင်ပါဝင်သော်လည်း ရှေးယခင်က ရခိုင်ပြည်နယ်အတွင်း အဝင်အပါဖြစ်သည့် တောင်ပေါ်ဒေသ၊ တောင်စခန်းမြို့ကြီးတစ်ခုဖြစ်ခဲ့သည်။ မိုးတွင်းအခါ၌ ပလက်ဝဆိပ်၌ မီးသင်္ဘောငယ်များ တိုက်ရိုက် ဆိုက်ကပ်နိုင်၏။ နွေအခါတွင်မူကား ရေနည်းသဖြင့် ပလက်ဝအောက်ဘက်ရှိ လောင်းကဒူးဆိပ်တွင်သာ ဆိုက်ကပ်နိုင်လေသည်။ သို့သော် မြစ်ညာရှိ ပလက်ဝဆိပ်သို့ကား လှေများဖြင့် အချိန်ကာလမရွေးသွားလာနိုင်၏။

ထိုလောင်းကဒူးဆိပ်မှစုန်ဆင်းခဲ့ပါက မီးဝအမည်ရှိစခန်းသို့ရောက်ရှိမည်ဖြစ်၏။ ထိုတွင် အရှေ့ဘက်မှဆင်းလာသော မီးချောင်းကို တွေ့ရမည် ဖြစ်၏။ ထိုမီးချောင်းအတိုင်း တစ်ဖန်ပြန်၍ဆန်တက်သွားလေလျှင် သမိန်းသို့ရောက်၏။ ထိုမှတစ်ဆင့် ရိုးမတောင်ကိုဖြတ်ကျော်နိုင်၏။

ရာဇဝင်ထင်ရှားသောကျောက်ပန်းတောင်းမြို့ကား ဤမီးချောင်း၏အညာဘက်၌တည်ရှိသည်။ ဤမှစုန်ခဲ့သော အနောက်ဘက်ကမ်းလွန်တွင် နီလာပန်းတောင်းတောင်တန်းကြီးကို တွေ့မြင်နိုင်ပြီး အောက်သို့စုန်လာသော် ကျောက်တော်တောင်အနောက်ဘက်ကမ်းနားတွင် ကျောက်တော်မြို့တည်ရှိ၏။ ထိုကျောက်တော်မြို့၏ အရှေ့ဘက်ကမ်း (၅) မိုင်၊ (၆) မိုင်အကွာတွင် ဓညဝတီမြို့တော်ဟောင်းနေရာနှင့် မဟာမုနိဘုရားကုန်းတော်တို့ကို အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်၏။

လက်ရှိရခိုင်မဟာမုနိဘုရားသည် မဟာမုနိကုန်းတော် မဟာမုနိဘုရားတန်ဆောင်းကြီး၏ ဝဲဘက်အစွန်တွင် ကိန်းဝပ်စံပယ်နေတော်မူသောဘုရားဖြစ်သည်။ တန်ဆောင်းအလယ်ရှိဘုရားကြီး၏ နေရာသည် မန္တလေးမဟာမြတ်မုနိဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာနှင့် ထိုဘုရားကြီးရှေ့ ဝဲ၊ ယာနှစ်ဖက်နေရာသည် ရွှေဘုံသာမုနိနှင့် မာရ်အောင်မြင်မုနိတို့ကိုစံတော်မူခဲ့ရာနေရာများဖြစ်ခဲ့မည်ဟု ယူဆပါသည်။

■ မဟာမုနိရုပ်ပွားတော်မြတ်အား ဘုရားရှင်လက်ထက် သွန်းလုပ်ခြင်းနှင့်ပတ်သက်၍ မဖြစ်နိုင်ဟူသောငြင်းဆိုချက်များ

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားရှင် မဇ္ဈိမဒေသမှ ရခိုင်ဒေသသို့သီတင်းသုံးကြွရောက်တော်မူစဉ် သွန်းလုပ်ခြင်းမှာမဖြစ်နိုင်ကြောင်း အထောက်အထားအမျိုးမျိုးဖြင့် ငြင်းဆိုချက်များစွာကို စာအုပ်စာပေများတွင် တွေ့မြင်ရသဖြင့် ဖော်ပြလိုပါသည်။ ထိုအချက်များတွင် အရေးပါသည့်အချက်အချို့ကို ဖော်ပြလိုပါသည်။

၁။ အကယ်၍ မဟာမုနိရုပ်ပွားတော်မြတ်ကို စန္ဒသူရိယမင်းသည် ဗုဒ္ဓရှင်တော်နှင့်အတူ သွန်းလုပ်ခဲ့မည်ဆိုပါက ဘုရားဖြစ်တော်စဉ် မဟာဗုဒ္ဓဝင်တွင် ဖော်ပြပါရှိရမည်။ ယခုကား ဖော်ပြမှုမရှိခြင်း။

၂။ ထို့အတူ ဤအကြောင်းအရာများသည် အမှန်တကယ်ဆိုလျှင် ပိဋကတ်ပါဠိတော်အဋ္ဌကထာများတွင်ပါရှိရမည်ဖြစ်ပြီး ယခုမပါရှိခြင်း။

၃။ ပညာရှင်အချို့ကမူ မြတ်စွာဘုရားရှင်သည် မဇ္ဈိမဒေသမှလွဲ၍ ဒေသစာရီကြွချီခြင်းမရှိခဲ့သဖြင့် ဓညဝတီသို့ ဒေသစာရီကြွချီတော်မူခြင်းမှာ မဖြစ်နိုင်ခြင်း။

၄။ အနောက်နိုင်ငံသားသုတေသီများကမူ မြတ်စွာဘုရားရှင်နှင့် စန္ဒသူရိယမင်းတို့မှာ အချိန်ကာလအားဖြင့်ကွာခြားနေသဖြင့် နှစ်ဦးတွေ့ဆုံနိုင်ဖွယ်အကြောင်းမရှိဟုဆိုကြ၏။ ထို့ကြောင့် မြတ်စွာဘုရားရှေ့တော်မှောက်တွင် မဟာမုနိရုပ်ပွားတော်ကို သွန်းလုပ်သည်ဆိုသည်မှာလည်း ယုံကြည်နိုင်ဖွယ်ရာမရှိဟုပင် ခပ်ပြတ်ပြတ်ဖော်ပြကြ၏။

၅။ ထို့အပြင် ထိုခေတ်ထိုအချိန်ကာလက ကြေးခေတ် (Bronze Age) ကိုပင်မရောက်ရှိသေးသဖြင့် မဟာမုနိရုပ်ပွားတော်ကိုသွန်းလုပ်သည်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ဟုဆိုသည့်ပုဂ္ဂိုလ်များလည်းရှိ၏။

၆။ လူသိများထင်ရှားသည့်သုတေသီတစ်ဦးကမူ Mariculous flying vision of Guatama Buddha to Dhanyawadyဟူ၍ပင် ထုတ်ဖော်သည့်သဘောဖြင့် ရေးသားခဲ့သည်များလည်း ရှိ၏။

၇။ အဆိုပါ သုတေသီကပင် မဟာမုနိရုပ်ပွားတော်ကို အမှန်တကယ်သွန်းလုပ်သည့်အချိန်မှာ အေဒီ ၄၊၅ရာစု လောက်ကသာ ဖြစ်နိုင်ပါသည်ဟူသော ခန့်မှန်းတွက်ချက်ထားမှုများလည်းရှိပါသည်။

၎င်းအချက်များကိုဖော်ပြရခြင်းမှာ မဟာမုနိရုပ်ပွားတော်မြတ်နှင့်ပတ်သက်ပြီး သမိုင်းသုတေသီအချို့၏ ဝေဖန်သုံးသပ်ချက်များပင်ဖြစ်သည်။ ထိုအထဲတွင် အဓိကဝေဖန်သောသုတေသီမှာ ဆာအာသာဖယ်ရာပင်ဖြစ်ပါသည်။ သူတို့၏ ဝေဖန်သုံးသပ်ချက်များကိုလည်း မိမိတို့မြန်မာနိုင်ငံသားများသည် မည်သို့ပင်ဖြစ်စေ သိရှိထားသင့်ပါသည်။ သို့မှသာ အကြောင်းခြင်းရာအဖြစ်အပျက်ကိစ္စတစ်ရပ်နှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံသားများ၏အမြင်သာမက မိမိတို့နှင့် အမြင်မတူရာ အနောက်နိုင်ငံသားများ၊ အခြားနိုင်ငံသားပညာရှင်အသီးသီးတို့၏အမြင်များ၊ ရှုထောင့်များကိုသိရသဖြင့် အတော်ပင် တန်ဖိုးကြီးမားလှသည်ဟုဆိုရပါမည်။ ကြိုလည်းကြိုဆိုအပ်ပါသည်။ သို့မှသာ နောက်နောင် မိမိတို့၏အမြင်များကို တင်ပြမည်ဆိုပါက ထိုပုဂ္ဂိုလ်တို့၏အမြင်များကိုလည်း ကြိုတင်တွက်ဆနိုင်ကြမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူရခြင်း၏ ရည်ရွယ်ချက်မှာ (၃၁) ဘုံသားတို့အား မဇ္ဈိမပဋိပဒါဓမ္မတရားတို့အား သိရှိစေ၊ ပြန့်ပွားနိုင်သမျှပြန့်ပွားစေရန်ရည်ရွယ်ပါသည်။ ထို့ကြောင့် လူ့ဘုံလူ့လောကတစ်ခုတည်းအတွက်သာ မဟုတ်ပေ။ လူ့ဘုံလူ့လောကတွင်လည်း မဇ္ဈိမဒေသတစ်ခုတည်းအတွက်၊ ထိုဒေသရှိလူသားများအတွက်သာမဟုတ်ပေ။ တခြားသော နတ်ဒေဝါလောက၊ ဗြဟ္မာလောက၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခလောက၊ ပြိတ္တာလောကစသည့်လောကအားလုံးအတွက် ပွင့်ထွန်းတော်မူခဲ့ခြင်းဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် အခြေအနေအကြောင်းတရားများပေါ်ပေါက်လာလျှင်လာသလို အဆိုပါ လောကများအထိပင် ကြွရောက်၍ တရားဓမ္မများဟောကြားတော်မူပါသည်။ ချွေချွတ်ထိုက်သူများကိုလည်း တကူးတကပင် သွားရောက်ချွေချွတ်ပါသည်။

သာမန်ခြေလျင်ခရီးကြွသွား၍ရသည့်နေရာများသို့ ခြေလျင်ကြွသွား၏။ ခြေလျင်ခရီးမပေါက်နိုင်သည့်နေရာဒေသများသို့ ဈာန်အဘိညာဉ်ဖြင့် သွားရောက်ကာ တရားဓမ္မများ ဟောကြားပြသခဲ့ သတ္တဝါအများတို့အပေါ်၌ အကျိုးရှိစေပါသည်။ မြတ်ဗုဒ္ဓ၏ရည်ရွယ်ရင်းသည် သတ္တဝါတို့ အကျိုးများနိုင်သမျှ အကျိုးရှိစေရန်သာ အဓိကဖြစ်သည်။ ထိုအချက်ကို နတ်ပြည်သို့ အဘိဓမ္မာတရားသွားဟောသည့် အချက်သည် ထင်ရှားပါသည်။ ဇမ္ဗုပတိစကြဝတေးမင်းအားလည်း ဈာန်အဘိညာဉ်ဖြင့် သွားရောက် တရားဓမ္မဟောကြားပြခဲ့ပါသည်။

များသောအားဖြင့် မြတ်စွာဘုရားရှင်၏တရားဓမ္မများကို မှတ်တမ်းတင်ရာတွင် ခြေလျင်ခရီးဖြင့်သာကြွရောက်ဟောကြားသည့်တရားတော်များအကြောင်း၊ ဒေသဆိုင်ရာများအကြောင်းသာ အဓိက မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ ဈာန်အဘိညာဉ်ဖြင့် သွားရောက် ဟောကြားသည့်တရားတော်များ၊ ရည်ရွယ်သည့် အကြောင်းတရားများ၊ သွားရောက်သည့် ဒေသဆိုင်ရာအခြေအနေ၊ အဖြစ်အပျက်များကိုကား မှတ်တမ်းတင်ခဲ့၏။ တာဝတိံသာနတ်ပြည်သို့ကြွရောက်ဟောကြားရသည့်အကြောင်းအရင်းနှင့် ဟောကြားသည့်တရားတော်တို့မှာ အလွန်အရေးကြီးသဖြင့်သာ မှတ်တမ်းဝင်ခြင်း ဖြစ်၏။

မြတ်ဗုဒ္ဓ၏တာဝတိံသာကြွရောက်ရသည့်အကြောင်းရင်းမှာ မယ်တော်မိနတ်သား (သိဒ္ဓတ္ထမင်းသားအားဖွားမြင်တော်မူပေးခဲ့သည့်မယ်တော်)အား တရားဟောပြီး တဖန်ကျေးဇူးဆပ်လိုသဖြင့်လည်းကောင်း၊ တရားတော်အရလည်း အဘိဓမ္မာဒေသနာဖြစ်နေ၍လည်းကောင်း မှတ်တမ်းတင်ဖော်ပြရခြင်း ဖြစ်၏။ အကယ်၍ နတ်ပြည်တွင် ဟောကြားသောတရားကိုမထည့်ပါက ပိဋကတ်တစ်ပုံပျောက်ပြီး ပိဋကတ်နှစ်ပုံသာကျန်မည်လည်းဖြစ်ပါသည်။ အထူးသဖြင့် ထေရဝါဒပိဋကတ်တော်များ၌ ခြေလျင်ခရီးကြွချီဟောကြားရသည့်အကြောင်းအရင်းနှင့် ဟောကြားသည့် တရားတော်တို့မှာ အလွန်အရေးကြီးသဖြင့်သာ မှတ်တမ်းဝင်ခြင်း ဖြစ်၏။

မဟာယာနပိဋကတ်တော်များတွင်မူ မြတ်ဗုဒ္ဓ၏ ဈာန်အဘိညာဉ်ဖြင့် သွားရောက် ဟောကြားခဲ့သည်။ [illegible] မြောက်မြားစွာကို မှတ်တမ်းတင်ဖော်ပြထားပါသည်။ ထိုမဟာယာနပိဋကတ်များတွင် မြတ်ဗုဒ္ဓ၏ [illegible] ဈာန်အဘိညာဉ် မှတ်တမ်းများသာမက ထူးခြားသော

ဖြစ်စဉ်အချို့ပင် ပါဝင်ပါသည်။ သာဓက အားဖြင့် ဖော်ပြရပါမူ စကြဝဠာတစ်နေရာတွင်ရှိသော အခြားသောကမ္ဘာတစ်ခုတွင် ပွင့်တော်မူနေသော ဘုရားရှင်၏ ကိုယ်စားလှယ်တမန်တစ်ဦးပင် ယခုပွင့်တော်မူနေသည့် ဂေါတမဗုဒ္ဓဘုရားရှင်ထံသို့ လာရောက် ဆက်သွယ်သည့် မှတ်တမ်းများပင်ပါရှိပါသည်။

ထို့ကြောင့် မြန်မာရာဇဝင်ပါ အချို့သောကျမ်းများတွင် လည်းကောင်း၊ ရခိုင်၊ မွန်၊ ရှမ်း စသည့် ရာဇဝင်များတွင် လည်းကောင်း ဗုဒ္ဓဝါဒဆိုင်ရာကျမ်းများ ပါဝင်လာလျှင် ထေရဝါဒဗုဒ္ဓဝါဒပေတံ တစ်ခုတည်းဖြင့်သာ တိုင်းတာ၍မရပေ။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဝါဒစတင်ကျင့်သုံးကတည်းက ထေရဝါဒဗုဒ္ဓဘာသာတစ်ခုတည်းကိုသာလက်ခံခဲ့ခြင်း မဟုတ်ပေ။ မဟာယာနဗုဒ္ဓဘာသာ၊ တန္တရဗုဒ္ဓဘာသာတို့မှ အစိတ်အပိုင်း အတော်များများကိုပါ လက်ခံကျင့်သုံးခဲ့ကြောင်း တွေ့ရပါမည်။ ထို့ကြောင့် ဤကျမ်းတွင် မဟာယာန၊ တန္တရဗုဒ္ဓဘာသာဆိုင်ရာ ဗုဒ္ဓဝင်များ၊ ပိဋကတ်များကိုပါ ထည့်သွင်းပါမှ ပြည့်စုံစွာ စဉ်းစားနိုင်ပါမည်။ မြန်မာနိုင်ငံသို့ မြတ်စွာဘုရားကြွရောက်တော်မူခြင်းကို ရခိုင်တိုင်းရင်းသားများသာမက မြန်မာတစ်နိုင်ငံလုံးကပါ အခိုင်အမာ ယုံကြည်ကြ၏။ သာဓကအားဖြင့် မြန်မာနိုင်ငံ မင်းဘူးရွှေစက်တော်၌ မြတ်စွာဘုရား ကိုယ်တော်တိုင် ခြေရာချခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်း မြတ်စွာဘုရား သမိုင်းများတွင် တွေ့ရှိနိုင်ပါသည်။ မြတ်ဗုဒ္ဓအနေဖြင့် မြန်မာနိုင်ငံတွင်းသို့ လည်းကောင်း ရခိုင်ပြည်နယ်သို့ကြွလျှင် ဈာန်အဘိညာဉ်ခရီးဖြင့်သာ ကြွချီပါမည်။

ရခိုင်ပြည်နယ်တွင် ထူးခြားသည့် အချက်မှာ မြန်မာနိုင်ငံ၏ အခြားသော ပြည်နယ်နှင့်တိုင်းများရှိဘုရားစေတီများတွင် ဥပနာလေ့မရှိသော ဓာတ်တော်များ ဥပနာသည့်ဘုရားများစွာ ဖူးတွေ့ရပါသည်။ သာဓကအားဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇ်တောင်ဘုရားတွင် ဘုရားရှင်၏ဦးခေါင်းဓာတ်တော်ကိုဥပနာထားပါသည်။ ထို့ပြင် ကျောက်တော်တောင်ဘုရားတွင်လည်း ကျောကုန်းဓာတ်တော်ကို ဥပနာခြင်းမျိုးစသည်အပြင် အခြားများပြားစွာလည်း ရှိပါသေးသည်။

နောက်ထပ်မံရှင်းလိုသည့်အချက်မှာ စန္ဒသူရိယမင်း၏ခေတ်နှင့် မြတ်စွာ

ဘုရားရှင်၏ခေတ် ကွဲလွဲသည်ဟူသည့် အချက် ဖြစ်၏။ အနောက်တိုင်းသမိုင်းဆရာအတော်များများသည် မြန်မာ၊ ရခိုင်စသည့် လူမျိုးများ၏ဓလေ့၊လုပ်ရိုးလုပ်စဉ်များကို မသိကြသည်ကများ၏။ မြန်မာ၊ ရခိုင်လူမျိုးတို့သည် ပေဒင်ကိန်းခန်းများအရ သက္ကရာဇ်ဖြိုသည့်အလေ့ရှိကြ၏။ ဤကိစ္စသည် ဗုဒ္ဓဘုရားရှင် လက်ထက်တော်မတိုင်မီ ဘိုးတော်အဥ္စနမင်းကြီးလက်ထက်ကလည်းဖြိုခဲ့သည်။ နောက်ပိုင်း သမုဒ္ဒရာဇ်မင်းလက်ထက်တွင်လည်းဖြိုခဲ့ကြ၏။ ဖြိုသည်မှ ဒေါဒေါရသကိန်းဖြိုသည်ဟုပင် ဆို၏။ နှစ်အားဖြင့် (၆၂၂) နှစ်တောင် တစ်ကြိမ်တည်း ဖြိုခဲ့ခြင်းရှိ၏။ အခြားသောဖြိုခြင်းများလည်းရှိ၏။ အချို့သမိုင်းဆရာများသည် ဤအချက်များကို ထည့်သွင်းတွက်ချက်စဉ်းစားရန် ပမာဒလေခဖြစ်တတ်ကြသည်ကိုလည်း အထူးပင်သတိပြုရန်လိုနိုင်ပါသည်။ အခြားသောအချက်များလည်းရှိနိုင်ပါသေးသည်။

ဆက်လက်ပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသွန်းလောင်းစဉ် ဘုရားရှင်ပွင့်တော်မူချိန်၌ ကြေးခေတ်ပင်မပေါ်ပေါက်သေးဟူသောအဆိုနှင့်ပတ်သက်၍လည်း အနည်းငယ်ရှင်းလိုပါသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနတူးဖော်မှုနှင့် ပတ်သက်ပြီး ပျူမြို့ဟောင်းများဖြစ်သည့်သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ ဝတီး စသည့်မြို့များတူးဖော်စဉ်က သံထည်ပစ္စည်းများဖြစ်သည့် သံမယ်နများ၊ သံအသုံးအဆောင်ပစ္စည်းများ၊ သံလက်နက်ကိရိယာများသာတွေ့ရှိသဖြင့် သုတေသနပညာရှင်များက မြန်မာနိုင်ငံတွင် ကြေးခေတ်မပေါ်ထွန်းခဲ့ဘဲ သံခေတ်သာရှိသည်။ မြန်မာနိုင်ငံသည် ကျောက်ခေတ်မှကြေးခေတ်ကိုကျော်ပြီး သံခေတ်သို့ တိုက်ရိုက်ရောက်သွားခဲ့၏၊ စသည်ဖြင့် သမိုင်းဆိုင်ရာ ရှေးဟောင်းဆိုင်ရာ အယူအဆပေါင်းများစွာပေါ်ထွက်ခဲ့ဖူး၏။

သို့သော် လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်ဖြစ်သည့် ၁၉၉၈ ခုနှစ်တွင် ကြီးကျယ်လှစွာသော ညောင်ကန်ကြေးခေတ်သင်္ချိုင်းကို တူးဖော်တွေ့ရှိသဖြင့် မြောက်မြားလှစွာသော ကြေးခေတ်လက်ရာ၊ ကြေးခေတ်သုံး၊ ကြေးပစ္စည်းမျိုးစုံကို လူသေရုပ်ကြွင်းကို ပြာအိုးမပြုဘဲ ပကတိအတိုင်း မြှုပ်နှံထားသည့် သင်္ချိုင်းများအတွင်း တွေ့ရှိကြရသော အခါမှသာ မြန်မာနိုင်ငံ၌ ကြီးကျယ်သော ကြေးခေတ်ရှိကြောင်း ကမ္ဘာက လက်ခံကြ၏။ ပျူခေတ်တွင် လူသေကိုပြာချပြီး ပြာကိုအိုးထဲထည့်သည့်ဓလေ့ထွန်းကားလာပြီဖြစ်၏။ ထိုမတိုင်မီက လူသေအလောင်းကို အလောင်းအတိုင်းပင် မြှုပ်နှံသည့်ဓလေ့ရှိခဲ့၏။

ကြေးခေတ်သည် လူသေကို အလောင်းအတိုင်းမြှုပ်သဖြင့် ကြေးခေတ်သည်ပင် ပျူခေတ်ထက်များစွာစောသော ခေတ်ဖြစ်၏။ ပျူခေတ်၏အစဦးပိုင်းကို ဘီစီ ၂ ရာစုဟုသတ်မှတ်သဖြင့် ကြေးခေတ်သည် ပျူခေတ်ထက် နှစ်ထောင်ချီပြီးစော၏။ ထို့ကြောင့် ပျူခေတ်သည်ပင် နှစ်ပေါင်းနှစ်ထောင်ကျော်နေသဖြင့် ကြေးခေတ်သည် ထိုထက်များစွာပိုစော၏။သုတေသနမှတ်တမ်းများအရ မြန်မာ့ကြေးခေတ်ကို အတိအကျဆိုပါမူ နှစ် (၆၀၀၀)ရှိပြီ ဖြစ်၏။ ထို့အတွက် ဗုဒ္ဓပေါ်ထွန်းသောခေတ်ထက် ကြေးခေတ်သည်များစွာ စောစောကတည်းကပေါ်ထွန်းပြီးဖြစ်ကြောင်း ထင်ရှားပါသည်။ ဤမျှလောက်ဆိုလျှင် သမိုင်းဆရာတို့၏ ဝေဖန်ချက်အတော်များများကို ထောက်ဆကြည့်နိုင်မည်ဖြစ် ပါသည်။

စင်စစ် သမိုင်းဆရာသည် သမိုင်းတင်ပြီးခေတ်ကိုသာ ဝေဖန်စောကြော၍ ရနိုင်ပါလိမ့်မည်။ သမိုင်းမတင်မီခေတ်သည်ကား သူတို့၏အဝန်းအဝိုင်းဘောင် ထက်ကျော်နေသည်ကိုလည်း သတိပြုရပါမည်။ သမိုင်းဆရာသည် မိမိ၏ ကန့်သတ်ထားသော အတိုင်းအတာမှ ကျော်လွန်နေသည့် ဘာသာသာသနာဆိုင်ရာကျမ်းများ၊ ဈာန်အဘိညာဉ်ကျမ်းများ၊ ဝိဇ္ဇာဓရပညာကျမ်းများနှင့် လောကီပညာများစွာရှိနေသေးကြောင်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါတော့သည်။

ရှေ့လဆက်ဖတ်ပါ

ဆေရာဦးခေါက်ထွန်းသင်း(အာယုဗ္ဗေဒ)

မောင်ပိမ်းတွေး(ထားဝယ်)

မင်းခေါင်ကြီးသားမင်းတရားကာသိလ်တော် ဦးတိုက်စေတီ

■ မင်းခေါင်ကြီးသားမင်းတရား

ရတနာပူရ အင်းဝနေပြည်တော် ဘုရင်မင်းကြီးစွာစော်ကဲသည် သားတော်ကြီးတရဖျား မနှိပ်စက်နိုင်ရန် သားတော်ငယ်မင်းခွေအား ပင်လယ်ကျေးသယ် ရာဇာဆရာတော်ထံ အပ်နှံထားသည်။ မင်းခွေသည် အတတ်ပညာများ သင်ယူလေ့လာတတ်မြောက်ပြီး၍ ဒူရကတိုင်း ထားဝယ်သို့ ထွက်ခွာတိမ်းရှောင်နေရင်း ဆန်းချိရွာသူကြီးသမီး ဆံရှည်မနှင့်ဖူးစာ ဖက်လေသည်။ အင်းဝနေပြည်တော်သို့ ပြန်ခါနီး နဝရတ်လက်စွပ်သက်သေပေး ခဲ့သည်။ နောင်တော် ဆင်ဖြူရှင် တရဖျား မင်းလွန်သော် မင်းခွေက မင်းခေါင်ကြီး (ကောဇာ၇၆၃-၇၈၄)အမည်နှင့်နန်းတက်သည်။ မင်းခေါင်ကြီး၏ တောင်ညာစံ မိဖုရားကြီးသားတော်အား အရွယ်ရောက်လျှင် အိမ်ရှေ့အရာအပ်နှင်းသည်။

ဆံရှည်မသားက မင်းခေါင်ကြီးထံ နဝရတ်လက်စွပ်ကို ဆက်သသော အခါ သားတော်အရင်းမှန်းသိရှိသွားပြီး နောက် သားတော်သည် အင်းဝ၌ အရေးမလှ၊ ဒူရကတိုင်းသို့ပြန်၍ မြို့ရွာတည်ထောင်ကာစိုးစံလေအမိန့်ရှိကာ ရွှေငွေရတနာပစ္စည်းများနှင့် မှူးမတ်ပညာရှိတို့ကိုပါထည့်လွှတ်၏။ ပေါက်တိုင်းချောင်း၊ စော်ချောင်း၊ ကံဘောက်ချောင်း (ယခုထားဝယ်မြစ်) စက် (၄) ပါးကြုံ ချောင်း (၃) ချောင်းဆုံရာဒေသ၌ ဘူမိနက်သန် မြေကြန်အင်သင့်လျော်လျောက်ပတ်သဖြင့် မြို့နန်းတည်ရန် ရွေးချယ်သတ်မှတ်ပြီး ကောဇာနှစ် ၇၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ကြာသပတေးနေ့ နံနက်နေဝန်းပေါ်ကို အချိန်ကောင်းသမယ အမြွတ္တရက်အခါတွက်၍ နန်းတော်၊ ပဟိုရ်စည်၊ စွယ်တော်စင်၊ မြို့ရိုး၊ တံခါး၊ ကျုံး၊ ဆင်ကျုံး တည်းဟူသော (၇) ဌာနနေရာ တစ်ပြိုင်နက် ပန္နက်ချကာ မုတ္တသုခနာဂရမြို့ (ယခု ရှင်မုတ္တီး) တည်ပြီး မင်းတရားဘွဲ့ခံယူ၍ တစ်ထီးတစ်နန်း စိုးစံသည်။



ဦးတိုက်စေတီတော် အနီးကပ်ရှုမြင်ရပုံ

■ ဦးတိုက်စေတီ

သာသနာနှစ် ၂၃၆ခုနှစ် တတိယသင်္ဂါယနာတင်သာသနာပြုမင်းကြီး သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း (၈၄၀၀၀) တွင် တစ်ဆူအပါအဝင်ဟု အဆိုရှိသော အောင်သာဝတီ (ယခုကလိန်အောင်) ပြည့်ရှင် ဓမ္မသေနမင်း တည်ထောင်မူသည့် ကြက်သံဗိုင်း[illegible] တော် (ကြက်မင်းစေတီ) အား [illegible] ကြည်ညိုရန် မုတ္တသုခနာဂ[illegible] တည်နန်း တည်မင်းတရားသည် [illegible] အခြွေအရံများစွာ [illegible] ကြွချီတော်မူ[illegible] သည်။

ဘေးတိုက်ဖူးမြော်ရစဉ်

နဂါးလေးကောင်ခံ ဟင်္သာတံခွန်တိုင်

ဦးတိုက်စေတီနှစ်ဆူ ရှေ့တည့်တည့်ဖူးမြော်ရစဉ်

မြတ်စွာဘုရား ကြွက်မင်းဘဝက ကျက်စားရာ သရီရဓာတ်တော်တင် ဆင်ပုံယာဉ် ရပ်တန့်သောနေရာ၌ တည်ထားသည့် ကြွက်သံဗိုင်းစေတီတော်မြတ် ကုန်းတော်ခြေရင်းမလှမ်းမကမ်းဆီသို့ ရောက်စဉ်ခဏအရင်ဦးတိုက်ကာ ဖူးမြော်ကြည်ညိုလိုက်ရသော မင်းတရားသည် အလွန် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါပွားစိတ်နှလုံးချမ်းမြေ့ရွှင်လန်းခြင်းဖြစ်ပြီး အခါခါဦးခိုက်ညွှတ်တွားမဝနိုင်အောင်ရှိတော်မူလေရာ ယင်းနေရာတွင် တပ်စခန်းချ ယာယီစံမြန်းတော်မူ၏။

ထိုသို့ မြတ်စွာဘုရား၏ သရီရဓာတ်တော်မြတ်ကို ဌာပနာတည်ထားသော ကြွက်သံဗိုင်းစေတီတော်အား အရင်ဆုံး ဦးတိုက်ရှိခိုးပူဇော် ယာယီစခန်းချတော်မူသည့်နေရာ၌ နောင်အရှည်အထိမ်းအမှတ်ခြင်းငှာ စေတီနှစ်ဆူတည်တော်မူသည်။ ထိုစေတီနှစ်ဆူသည် မင်္ဂလာအချိန်ခါ တစ်ပြိုင်တည်း အုတ်မြစ်ချ၍ တစ်ချိန်တည်း တစ်ပြိုင်တည်း တည်လုပ်ပြီးစီးစေတော်မူသဖြင့် စေတီနှစ်ဆူ သက်တမ်းတူသည်။ ရှေးရှေးအမည်အတိုင်း ရှင်းရှင်းလင်းလင်း ဦးတိုက်စေတီဟု အမှတ်သညာပြုအမည်တွင်ခဲ့ပေရာ ယခုအထိဖြစ်သည်။

ညာဏ်တော်တူ၊ လုံးပတ်တော်တူ ဦးတိုက်စေတီနှစ်ဆူကို ထားဝယ်မြို့ အရှေ့မြောက်ယွန်းယွန်းရွှေသင်္ကန်းတော်ဝင်းဝင်းလျှံညီကြွက်သံဗိုင်းစေတီအနောက် ရပ်တည့်တည့် ကုန်းတော်ခြေရင်း ကြက်လျှာစွန်းတွင် ဖူးမြော်နိုင်ပါသည်။ စေတီ ညာဏ်တော် (၁၄) ပေ၊ လုံးပတ်တော် (၂၉) ပေ (၆) လက်မ၊ ဖောင်းရစ် (၇)ရစ် အသီးသီးရှိ ဦးတိုက်စေတီနှစ်ဆူကို (၁၀) ပေ (၆) လက်မပတ်လည်၊ အမြင့် (၃) ပေ (၈) လက်မ ဖိနပ်တော်အုတ်ခုံနှစ်ခုအပေါ် စေတီပေါက်ထားသည်။ တောင်မြောက်တန်းစေတီနှစ်ဆူပေ(၂၀) ကွာသည်။ စေတီရင်ပြင်တစ်ပတ်လုံး သံစကာရံထားပြီး ရင်ပြင်အကျယ်အရှေ့အနောက် (၆၃) ပေ၊ တောင်မြောက်ပေ (၅၀) ကြွေပြားခင်း ဖြစ်သည်။ စေတီအနောက်ဘက်ဝင်ပေါက်၌ မုခ်ဦးရှိသော်လည်း အရှေ့ဘက်ဝင်ပေါက်တွင်မတွေ့ရပေ။ မုခ်ဦးအောက်ဝင်ပေါက်ဘယ်ညာနှစ်ဖက် ခရုသင်းကိုင်မတ်ရပ်သိကြားမင်းရုပ်တုများရှိသည်။

လက်ယာဘက်ဦးတိုက်စေတီနှင့် ကပ်၍ (၂)ပေ(၉)လက်မ×(၃)ပေ(၁၀)လက်မ × (၂) ပေ (၁၀) လက်မကြွေပြား ကပ်အင်္ဂတေပလ္လင်ထက် စကျင်ကျောက်ထိုင်တော်မူဘုမိဖဿမုဒြာဆင်းတုတော်တစ်ဆူပူဇော်ထားပြီး လက်ဝဲဘက် ဦးတိုက်စေတီအနီး နဂါး (၄) ကောင်ခံ ဟင်္သာတံခွန်တိုင်၊ သာသနာ့အကျိုးတော်ဆောင် အဘအောင်မင်းခေါင်ရုပ်လုံးနှင့် ခန်းဆောင်တို့ကိုတွေ့ရသည်။

■ ကမ္ပည်းထိုးအလှူရှင်များ

ဦးတိုက်စေတီနှစ်ဆူရွှေသင်္ကန်းကပ်လှူခြင်းနှင့် ရေစက်ချအောင်ပွဲ၊ နက္ခတ္တဗေဒပညာရှင်ဆရာမကြီး ဒေါ်မြင့်ခင်ခင် (ထားဝယ်)မှ ငွေ (၃) သိန်းကျပ် မတည်လှူဒါန်းပါသည်။ အခန်း(၃)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင် ရန်ကုန် (၂၅-၁၂-၂၀၀၀)

လက်ယာဘက် ဦးတိုက်စေတီ ရွှေထီးတော်အလှူရှင် ဦးအုန်းလွင်၊ ဒေါ်မေမေမြင့်မိသားစု။ အမှတ် (၄၇)၊ အာဇာနည်လမ်း၊ ကညွှန့်ရပ်၊ ထားဝယ်။

လက်ဝဲဘက် ဦးတိုက်စေတီ ရွှေထီးတော်အလှူရှင် ကွယ်လွန်သူဖခင် ဦးစိုင်းဆမ်နွန်းအား ရည်စူး၍ ဇနီး ဒေါ်နန်းအောင်နှင့် သား စိုင်းယီဆိုင်၊ ကျိုင်းတုံမြို့။

မုခ်ဦး-မြန်မာနှစ် ၁၃၆၄၊ သာသနာတော်နှစ် ၂၅၄၆၊ ဒေါ်မြင့်ခင်ခင် ဦးစီး၍ ဦးလှဦး၊ ဒေါ်နီနီစောမိသားစု ကောင်းမှု၊ ရန်ကုန်။

သိကြားမင်းရုပ်တုနှစ်ခု-ဦးထွန်းအောင်ကျော်၊ ဒေါ်စန်းစန်းအေး ရန်ကုန်နှင့် မောင်မိုးဆန်းနိုင်၊ မသူဇာမြင့် ရန်ကုန်။

ဝင်ပေါက်သံတံခါး- ဦးမောင်ဝင်း၊ ဒေါ်အေးရီအားအမှူးထား၍ ဦးတေဇိန္ဒ၊ ကဗျာကျောင်းကြီး။

တံခွန်တိုင် - ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ ဇနီးဒေါ်ဆွေဆွေလှမိသားစု မင်းရဲကျော်စွာရိပ်သာ၊ ရန်ကုန်။ (၁၃-၁-၂၀၀၃)

အဘအောင်မင်းခေါင်ရုပ်တုနှင့် အဆောင် - ဗိုလ်မှူးကြီးတင်လှဦး၊ ဇနီး ဒေါ်ချိုချိုဆွေဇနီးမောင်နှံ။

စကျင်ကျောက်ဆင်းတုတော်နှင့် ကျောင်းဆောင် - နှစ်ဖက်မိဘများကို အမှူးထား၍ ဦးစိုင်းယီဆိုင်၊ဒေါ်နန်းဟွမ်ခမ်းဆိုင်၊ သမီး နန်းဟွမ်လိုင်းဆိုင်၊ သား စိုင်းအောင်ဆိုင်ဟိန်းမိသားစု။

မုခ်ဦးဝင်ပေါက်အနီး ကျောက်စာတိုင်တစ်တိုင်တွေ့ရ၏။ စာလုံးအချို့ပျက်နေသဖြင့် ဖတ်ရသလောက်ဖော်ပြလိုက်ပါသည်။ မင်းတရားတည်သောဘုရား လွန်ခဲ့သောနှစ်ပေါင်း (၅၈၀)ခန့်မှ ဘုရင်မင်းခေါင်ကြီး၏သားမင်းတရားတည်ခဲ့သောဘုရားကို ပျက်စီးနေ၍ ပြန်လည်ပွမ်းမံ၏။ ရွှေထီးသစ်နှစ်ဆူတင်လှူခြင်း၊ လုံးတော်ပြည့်ရွှေချခြင်း၊ မုခ်ဦး၊ တံခွန်တိုင်၊ သာသနာ့အကျိုးဆောင် အဘအောင်မင်းခေါင်အခန်းနှင့် ရေစင်အလှူ စုစုအတွက် ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ရန်ကုန်နေ အလှူရှင် ဒေါ်မြင့်ခင်ခင်နှင့် မိသားစု. . . (ပျက်). . . ၂၅-၁၂-၂၀၀၀ မှစ၍ ၁၃-၁-၂၀၀၁တွင် ပြီးစီး၍. . . (ပျက်). . . ၂၁-၁-၂၀၀၃. . . (ပျက်) ထိုင်ဆရာတော်အား ဒေါ်မြင့်ခင်ခင်မှ ငွေတစ်သိန်းလှူဒါန်းကာ ရေစက်ချလှူဒါန်း. . (ပျက်). . ဗိုလ်မှူးကြီးတင်လှဦး၊ ဒေါ်ချိုချိုဆွေနှင့် ဒါယကာများ ပါဝင်လှူဒါန်းသည်။

ဦးတိုက်စေတီနှစ်ဆူအား လက်ဝဲဘက်မှ ဖူးမြော်ရစဉ်

သာသနာ့ဗိမာန်တော်

စကျင်ကျောက်ဆင်းတုတော်

■ အင်းဝခေတ်သာသနာ့အမွေ

ခရစ်နှစ် ၁၈၂၄ ခုနှစ် ထားဝယ်ကို သိမ်းပိုက်ပြီး ဗြိတိသျှအစိုးရက နှံ့နှိမ်၍ ကြွက်သံဗိုင်းဘုရားပတ်လည်ကို [illegible] ပြုလုပ်ခဲ့သည်ဟု အစဉ်[illegible]ပြောမှတ် ရှိခဲ့ပေရာ ထိုနေရာ[illegible] ဖြစ်သည်ကို ကျွန်[illegible] ရသေးတော့[illegible]

ဦးတိုက်စေတီနှစ်ဆူ လက်ယာဘက်မှ ရှုမြင်ရစဉ်

ဦးတိုက်စေတီတော်မုခ်ဦး

အဘဘိုးမင်းခေါင်

သာသနာ့ဗိမာန်တော်ရှေ့ရှုခင်း (ဦးတိုက်စေတီနှစ်ဆူအား ရှုမြင်နိုင်)

မှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် သချိုင်းကိုရွှေ့ပြောင်းလိုက်ပြီး ကြက်သံဒိုင်းစေတီနှင့် ဦးတိုက်စေတီအကြားကုန်းစောင်းနေရာတွင် သာသနာ့ဗိမာန်တော်တည်ဆောက်သဖြင့် ယခု ဦးတိုက်စေတီမှနေ၍ ကြက်သံဒိုင်းဘုရားကို တိုက်ရိုက်ဖူးမြင်မရတော့ပေ။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ သာသနာ့ဗိမာန်တော်ဆောက်လုပ်ရန်အတွက် သံကူကွန်ကရစ်ဖောင်ဒေးရှင်းဒုတ်မြစ်ချစဉ်အခါက ဖောင်ဒေးရှင်းအမြှောမြှောကွဲအက်၍ ရပ်တန့်ခဲ့ရသည်။ ဒုတိယအကြိမ်တွင်လည်း ဖောင်ဒေးရှင်းတစ်ဖက်စောင်းကသောင်းကနင်းဖြစ်၍ ရပ်နားရပြန်သည်။ သို့နှင့် သက်ဆိုင်ရာတို့က ဆရာတော်သံဃာတော်များအား လျှောက်ထား၍ သာသနာ့မြေကို ဆရာတော်သံဃာတော်တို့အား ဦးစွာပေးလှူပါကြောင်း ရေစက်သွန်းချပြီးနောက် ဆရာတော်သံဃာတော်တို့က သာသနာ့ဗိမာန်တော်အတွက် ယင်းမြေအား ပြန်လည်စွန့်ကြကြောင်း ဩဝါဒခံယူပြီးကာမှ အောင်မြင်အထမြောက်ကြောင်း ကြက်သံဒိုင်းဘုရားဂေါပကဥက္ကဋ္ဌဟောင်း ဦးမောင်လှကပြောကြားပါသည်။

တစ်ခါက နွေဦးည (၁၀)နာရီခန့် အိုက်စပ်စပ်ရှိသည်နှင့် စေတီအနီးအနားရှိထန်းတောအနောက်ကျောင်းမှ ဦးပဉ္စင်းတစ်ပါး စကြံကြွနေစဉ် ဦးတိုက်စေတီအထက် ရုတ်တရက် မီးကွင်းကြီးတစ်ကွင်းပျံတက်လာပြီးသကာလ ကြက်သံဒိုင်းဘုရားဆီသို့အလွန်လျင်မြန်သောအဟုန်ဖြင့် ရွေ့လျားမျှောမိန်သွားသည်ကို ဖူးမြင်လိုက်ရသည်ဟုမိန့်ပါသည်။

ရတနာပူရ အင်းဝနေပြည်တော်ဘုရင်မင်းခေါင်ကြီးသားတော်အင်းဝနှင့် ထီးပြိုင်နန်းပြိုင်မုတ္တသုခနာဂရကိုစိုးစံသောမင်းတရား တည်ပူဇော်ခဲ့သည့် ဦးတိုက်စေတီနှစ်ဆူ၏ဘုရားတည်သက္ကရာဇ်ရက်စွဲကို အတိအကျရှာဖွေမတွေ့ရသော်လည်း ထားဝယ်ရာဇဝင်သမိုင်းအထောက်အထားနှင့် ချင့်ချိန်သုံးသပ်လျှင် ရှေးနှစ်ပေါင်း (၆၀၀) ကြာမြင့်ပြီဖြစ်ပေရာ မြန်မာ့သမိုင်းဖြစ်စဉ်အရ အင်းဝခေတ်သာသနာ့အမွေအနှစ်ဖြစ်ကြောင်း အခိုင်အမာညွှန်ပြလျက်ရှိပေသည်။

■

ကျနေက တဖြည်းဖြည်းထိုးဆင်းနေ၏။ တောင်ပံတဖျတ်ဖျတ်ခတ်သံနှင့် ခိုတစ်အုပ်ပျံသွားသည်။

ထိုအခိုက် -

"ဟောက်ကောန် လာဘီ လာဘီ လာဘီ"

(ဟိုကောင် လာပြီ လာပြီ လာပြီ)

ရုတ်တရက် စူးစူးဝါးဝါး အရှုးအိလိအော်သံ။

အရှုးအိလိ အော်နေကျမို့ မမှတ်မိစရာမရှိ။

ဘယ်ကဘယ်လိုရောက်လာသည်မသိ။

လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်ရှေ့အမြဲတွေ့ရသော ထိုအရှုး။

ကျေးတာစားခြေဦးတည့်ရာသွား။

ကံကံ၏ အကျိုးပေတည်း။

စာကြွင်း -

မုတ်ဆေးခတ်တွင်းရေကိုသောက်မိသဖြင့် မုတ္တသုခနာဂရမြို့တည်နန်းတည်မင်းတရား သွက်သွက်ခါရှူးလေ၏။ ဆေးသစ္စာတော်ရေကြောင့် မင်းတရားအရှုးရောဂါပျောက်လေလျှင် အထိမ်းအမှတ်အဖြစ် အရှုးပျောက်ဘုရားကြီးတည်ထားပူဇော်၏။ မင်းတရားမုတ်ဆေးထိသည်ကိုအစွဲပြု၍ မုတ္တသုခနာဂရအမည်ပျောက်ပြီး မုတ်ထီး၊ ထိုမှ ယခုရှင်မုတ္တီးတွင်သည်ဟု ဆိုပါသည်။

မောင်စိမ်းထွေး(ထားဝယ်)

ပန်းချီထူးလှ (ဈေးဟောင်းသုတေသန)

ကိုးရံတောင်စေတီတော်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး၏လမ်းညွှန်မှုဖြင့် မြောက်ဦးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မြောက်ဦးဌာနခွဲတာဝန်ခံညွှန်ကြားရေးမှူး ဦးညိမ်းလွင် ခေါင်းဆောင်၍ ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့ ကိုးရံတောင်စေတီတော်ကို ကွင်းဆင်းသုတေသနပြုလုပ်ခဲ့ပါသည်။ ကိုးရံတောင်စေတီတော်မှာ ၂၄-၈-၂၀၁၇ ရက်နေ့ လှုပ်ခတ်သွားသော မြေငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများပေါ်နေသည်ကို တွေ့ရှိရပါသည်။ ထိုအက်ကွဲကြောင်းများကို လေ့လာ၍ တိုင်းတာပုံထုတ် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်ခန့်မှန်းခြေများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ကိုးရံတောင်စေတီတော်မှာ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့ အရှေ့တောင်ဘက်တောင်ပေါ် ထိပ်တွင် ကိုးရံတောင်စေတီတောင်ကို တည်ထားလှူဒါန်းထားသည်ကို တွေ့ရှိရပါသည်။ တောင်ရင်ပြင်၏ မြောက်ဘက်တွင် တည်ရှိပါသည်။

ကိုးရံတောင်စေတီတော် ငလျင်ဒဏ်ဖြင့် အက်ကွဲနေသောနေရာများကို ပြန်လည်ထိန်းသိမ်းမွမ်းမံပြုပြင်နိုင်ရန်နှင့် မူလလက်ရာ မပျက်စီးနိုင်အောင် ထိန်းသိမ်းရန်။

အက်ကွဲနေသည့်အက်ကွဲကြောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ကုန်ကျမည့်ကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်ပေးရန်နှင့် ပုံထုတ်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကိုးရံတောင်စေတီတော်ကို ကွင်းဆင်းသုတေသနပြုလုပ်ခဲ့ပါသည်။



ကိုးရံတောင်စေတီတော်အား ငြမ်းဆင်ထားပုံ

အဆိုပါ ကိုးရံတောင်စေတီတော်အား ကွင်းဆင်းသုတေသနလုပ်ငန်းအား မြောက်ဦးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ ညွှန်ကြားရေးမှူး ဦးညိမ်းလွင်၏ ကွပ်ကဲမှုဖြင့် အောက်ပါအဖွဲ့ကိုဖွဲ့၍ ကိုးရံတောင်ကွင်းဆင်းသုတေသနလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။

(၁) ဦးညိမ်းလွင် - ညွှန်ကြားရေးမှူး
(အဖွဲ့ခေါင်းဆောင်)

(၂) ဦးသိန်းထွန်းအောင် - ဒုဦးစီးမှူး
(အဖွဲ့ဝင်)

(၃) ဦးဝင်းစိန် ပုံဆွဲ/လ/ထကွန်မှူး
(အဖွဲ့ဝင်)

(၄) ဦးညီညီ - လုပ်အားပေး
(အဖွဲ့ဝင်)

(၅) ဦးကျော်ဌေး - လုပ်အားပေး
(အဖွဲ့ဝင်)

(၆) ဦးသိန်းဝင်း - လုပ်အားပေး
(အဖွဲ့ဝင်)

ရခိုင်ပြည်နယ်အစိုးရဝန်ကြီး၏ လမ်းညွှန်မှုဖြင့် အထက်ဖော်ပြပါ အဖွဲ့ဖြင့် မြောက်ဦးမှ နံနက် (၄) နာရီခန့် လောက်ကပင် ကားတစ်စီးဖြင့် ရမ်းဗြဲမြို့သို့ ခရီးစဉ်ကိုစတင်ကြသည်။ ရာမောင်တံတား၊ ယောချောင်းတံတား၊ ဒလက်တံတားတို့ကိုဖြတ်ကျော်၍ အမ်းမှပတ်ကာ မအီသို့သွားကြပါသည်။ မအီ - ကျောက်ဖြူလမ်းအတိုင်း ရမ်းဗြဲမြို့သို့ ခရီးဆက်ကြရာ ရမ်းဗြဲမြို့သို့ ညထမင်းဆိုင်သိမ်းခါနီးတွင် ရောက်ရှိသွားကြပါသည်။ ထမင်းဆိုင်မှာ ကမန်းကတမ်း ထမင်းစားကြပြီး တည်းခိုခန်းတွင် ညအိပ်တည်းခိုခဲ့ကြပါသည်။ နောက်တစ်နေ့ မနက်စာစားပြီးမှ ကိုးရံတောင်စေတီတော်သို့တက်ရောက်ခဲ့ကြပါသည်။

ကိုးရံတောင်စေတီတော်ခြေရင်းတွင် ရခိုင်သမိုင်းကို ပြုစုရေးသား[illegible] အသျှင်ပညာလင်္ကာရ [illegible] ကျောင်းဆရာတော်ကြီး၏ကျောင်းတော်မှတောင်ပေါ် တက်[illegible] အတိုင်း - တက်[illegible]ခဲ့ကြရပါသည်။ တောင်ထိပ်ရင်ပြင်တော်[illegible]ရောက်[illegible] နှင့် အရိပ်[illegible]

ညောင်မုတ်ဆိတ်ပင်ကြီးကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ ညောင်မုတ်ဆိတ်ပင်ကြီးအောက်တွင် ဂေါပကအဖွဲ့နှင့် တွေ့ဆုံကြပြီး ကိုးရံတောင်စေတီတောင်ပေါ်သို့ ရမ်းဗြဲမြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် ညွှန်ကြားရေးမှူးဦးညိမ်းလွင်တို့အဖွဲ့နှင့် ဂေါပကများပါ ဝိုင်းဝန်းကူညီတက်ကြပါသည်။ ကိုးရံတောင်စေတီတော်ကို ငြမ်းဆင်ထားသဖြင့် ငြမ်းပေါ်သို့တက်ကြပြီး အက်ကွဲကြောင်းများကို လေ့လာစစ်ဆေးကြပါသည်။ ပုံထုတ်ရန်အတွက် စေတီတော်ကိုအဆင့်ဆင့်တိုင်းတာကြပါသည်။ စေတီတောင်ပေါ်တွင် တစ်နေကုန်အလုပ်လုပ်ကြပြီး ညနေတွင် ရမ်းဗြဲမြို့မှ လယ်ယာနှင့်သစ်တောဝန်ကြီး ဦးကျော်လွင်၏နေအိမ်သို့ဝင်ပြီး ကိုးရံတောင်စေတီတော် ငလျင်ဒဏ်ကြောင့်ပျက်စီးနေသည့်အက်ကွဲကြောင်း အနေအထားများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ဆရာတော်ဦးသူရိယ(မမှာစရိယ) ရေးသားသော ရမ္မာဝတီ ရမ်းဗြဲမြို့ ဘုရားစေတီများသမိုင်းအထောက်အထားများအရ ရမ္မာဝတီမြို့စား မြို့ဝန်ဖြစ်သော နထိုးရွှေသည် ကောဇာသက္ကရာဇ် ၁၂၂၃ ခုနှစ်၊ တန်ခူးလပြည့် သောကြာနေ့တွင် အမြင့်ဉာဏ်တော် (၇၅)တောင်၊ လုံးပတ်(၁၅၀)တောင်၊ မုခ်ဝ (၈) ဝရှိ ကိုးနဝင်းဓာတ်စေတီတော်ကြီးကို တည်ထားခဲ့ပါသည်။ မုခ်ဝများမှာ အရှေ့၊ အနောက်၊ တောင်၊ မြောက်တူရူအရပ်လေးမျက်နှာမှာ တစ်ဝစီအတောင်အရပ်ဖြစ်သော အရှေ့မြောက်၊ အရှေ့တောင်၊ အနောက်မြောက်၊ အနောက်တောင် အရပ်ရပ်များတွင် မုခ်ဝတစ်ဝစီ စုစုပေါင်း (၈) ဝ နှင့် အလယ်က ဘုရားစေတီကို ပေါင်းလျှင် ကိုးနဝင်းဓာတ်ဘုရား (၉)ဆူ စေတီတော်ကြီးဖြစ်ပြီး တည်ခဲ့သော ဘုရားဒကာမြို့စားမြို့ဝန်၏ ရည်ရွယ်ချက်မှာ မင်္ဂလေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်နှင့်လောကုတ္တရာတရားကိုးပါးကိုရည်ရွယ်ပြီး တည်ထားခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

ဤစေတီတော်ကို ရမ္မာဝတီမြို့စားမြို့ဝန် ဦးနထိုးရွှေ မတည်ထားမီကပင် ဤစေတီတော်ကြီးကို ရခိုင်သမိုင်းခေတ်အဆက်ဆက် ထပ်မံလှူဒါန်းတည်ထားခဲ့ကြသည်ဟု သိရှိရပါသည်။

ရမ်းဗြဲမြို့ပတ်ဝန်းကျင်တွင် ကိုးရံတောင်စေတီအပြင် အခြားစေတီတော်များကိုလည်း ဖူးတွေ့ရပါသေးသည်။



ကိုးရံတောင်စေတီကို အဝေးမှ ဖူးမြော်ရပုံ

ကိုးရံတောင်စေတီရင်ပြင် ညောင်မုတ်ဆိတ်ပင်အောက်

တန့်ချောင်း၊ တန့်ရွာအနီး၌ တန့်ရှင်ပင်စေတီကိုလည်း ဖူးတွေ့ရပါသည်။ ရခိုင်ဘုရင် မင်းစောမွန်လက်ထက် သက္ကရာဇ် ၇၉၃ ခု၊ တပို့တွဲလပြည့်နေ့တွင် အနန္တသူရိယအမတ်ကြီးနှင့် မြင်စိုင်းစားပညာရှိအမတ်ကြီးတို့တည်ထားခဲ့သည်ဟုသိရှိရပါသည်။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၃၂)တောင်မြင့်သည်ဟု သိရှိရပါသည်။ ရမ္မာဝတီ ရမ်းဗြဲမြို့သို့ရောက်သူတိုင်း ပထမဦးဆုံး ဖူးမြော်ပူဇော်ဆုတောင်းရမည့်စေတီတော်ပင် ဖြစ်ပါသည်။

တန့်ချောင်းဖျားသို့ဆန်တက်သော် ရာတော်ပြင်ကုန်းတောင်တွင် ရာတော်ပြင်စေတီတော်ကို ဖူးတွေ့ရပါသည်။ ဤစေတီတော်ကိုလည်း အနန္တသူရိယအမတ်ကြီးနှင့် မြင်စိုင်းစားပညာရှိအမတ်ကြီးတို့အပြင် အောက်ငယ်သား (၇၀၀) တို့ဖြင့် ရခိုင်သက္ကရာဇ် ၇၉၃ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် တည်ထားခဲ့သည်ဟု သိရှိရပါသည်။ ဤစေတီတော်၏ဉာဏ်တော်အမြင့်လည်း (၃၅)တောင်မြင့်သည်ဟု ဆိုပါသည်။ ရာတော်ပြင်တောင်ကုန်းတွင် စေတီ (၅) ဆူ ဖူးတွေ့ရပါသည်။

အင်းတောင်၊ တောင်ကုန်းပေါ်တွင်လည်း အနန္တသူရိယအမတ်ကြီးနှင့် မြင်စိုင်းပညာရှိအမတ်ကြီးတို့ ရခိုင်သက္ကရာဇ် ၇၉၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် တည်ထားခဲ့သည်ဟု သိရှိရပါသည်။ ဉာဏ်တော် (၃၆) တောင်မြင့်သည်ဟုဆိုပါသည်။ အင်းတောင်တွင် အနောက်ဘက်၌ စေတီတော်တစ်ဆူ ဖူးတွေ့ရပါသေးသည်။ ဤစေတီတော်ကို အောင်စေတီရပ်ကွက်မှ ဒေါ်ငွေနု၏ အစ်မ ဒေါ်မဲတူမ၊ ဦးမောင်အုန်းတို့၏ အဘောင်မ (အဘွား) မိသားစုတို့က တည်ထားလှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။

ကင်းတဲရွာ၏ အရှေ့ဘက်တွင် ရမ်းဗြဲမြို့တည်စဉ်က အနန္တသူရိယအမတ်ကြီးနှင့် မြင်စိုင်းစားအမတ်တို့ ရခိုင်ဘုရင်မင်းစောမွန်အမိန့်တော်အရ ခန့်အပ်ခဲ့သော ရမ်းဗြဲမြို့စား သတိုးအောင့်ကျော်သည် ရခိုင်သက္ကရာဇ် ၇၉၅ ခုနှစ်တွင် မင်းတစ်ရာဖူးစေတီတော်ကို တည်ထားခဲ့သည်ဟု သိရှိရပါသည်။

ဉာဏ်တော်အမြင့် (၃၂) တောင်မြင့်သည်ဟု ဆိုပါ၏။ ဤစေတီတော်ကို တည်ပြီး အောင်မြေနင်းရာတွင် ဘုရင်နှင့်တကွ ဝန်မင်း၊ အမတ်မင်း၊ ဗိုလ်မင်းစသည့် မင်းအပေါင်းများစွာ တစ်ရာမက ဖူးမြော်ကြသဖြင့် မင်းတစ်ရာဖူးဘုရားဟု ဘွဲ့အမည်ခေါ်တွင်ခဲ့ကြပါသည်။

ရမ်းဗြဲမြို့ အင်းတော်၏ အရှေ့ဘက် ချိုဖြူပင်များပေါက်သော တောင်ကုန်းပေါ်၌ ရခိုင်သက္ကရာဇ် ၈၀၀ ပြည့် တပေါင်းလပြည့်နေ့တွင် ရမ်းဗြဲမြို့၏ ဒုတိယမြို့ဝန်မြို့စား သီရိကျော်ထင်က တည်ထား လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ ထိုမြို့ဝန်၏ အမည်ကို အစွဲပြု၍ 'မင်းသီရိစေတီတော်' ဟု မှည့်ခေါ်ခဲ့ကြပါသည်။ စေတီတော်မှာ ဉာဏ်တော် ကိုးတောင်မြင့်သည်ဟုဆို၏။ ဤတောင်ကို ရှေးအခါက ဗိသနိုးတောင်ဟု ခေါ်ကြသည်ကို သိရပါသည်။ ၎င်းဗိသနိုးနတ်တောင်ပေါ်တွင် ဘုရားစေတီနှစ်ဆူကိုလည်းဖူးတွေ့ရပါသည်။ တောင်ဘက်စေတီတော်မှာ ပတ္တမြားဒေဝီစောမဲကျို၏ ညီမ အပျိုတော် စောသန္တာမှ ရခိုင်သက္ကရာဇ် ၉၄၈ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် တည်ထား လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ ဉာဏ်တော်အမြင့် (၁၈) တောင်ရှိပြီး ဘွဲ့တော်အမည်မှာ 'မြို့မဇော်' စေတီတော်ဖြစ်ကြောင်း သိရှိရပါသည်။

မြောက်ဘက်မှ စေတီတော်မှာ မြောက်ဦးတီးနန်း၏, နောက်ဆုံးဘုရင် မဟာသမ္မတရာဇာ(အောင်စုံ)၏မိဖုရား မြသန္တာမှ ရခိုင်သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် တပေါင်းလပြည့်နေ့၌ တည်ထား လှူဒါန်းခဲ့ပါသည်။ ဉာဏ်တော်အမြင့်မှာ ကိုးတောင်ပြည့်ဖြစ်သည်ဟု သိရှိရပါ၏။

ကိုးရံတောင်စေတီတော်အား ကိုင်းတောပုံထုတ်နေပုံ

ကိုးရံတောင်စေတီတော် အက်ကွဲကြောင်းများကို စစ်ဆေးနေကြစဉ်

အောင်စေတီရွာအနီးတွင်တော့ အောင်စေတီဘုရားတစ်ဆူကိုဖူးတွေ့ရပါသည်။ ဤစေတီတော်ကို ဘိုးတော် ဗဒုံမင်းတရားကြီး၏သားတော်(အိမ်ရှေ့ဥပရာဇာ)သီဟသူရသည် ကောဇာသက္ကရာဇ် ၁၁၄၆ ခုနှစ်၊ ပြာသိုလဆုတ် ၇ ရက်နေ့တွင် မြောက်ဦးဘုရင် မဟာသမ္မတရာဇာ (အောင်စုံ) ကို အောင်မြင်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ရမ်းဗြဲမြို့ မြန်မာ (ပထမ) ဆုံး မြို့ဝန်နရသမိုင်းရွှေကျော်ဦးစီး၍ ၎င်းသက္ကရာဇ် တပို့တွဲလပြည့်နေ့တွင် တည်ထားလှူဒါန်းခဲ့ပါသည်။ စေတီတော်ကို ရှေးအခါက အောင်တော်မူစေတီဟုခေါ်ကြပြီး ယခုအခါ အောင်စေတီဟုခေါ်ဆိုကြပါသည်။ သိမ်တောင်ရှိ မြောက်ဘက်မှ ဘုရားစေတီ(၈)ကိုလည်း ဖူးတွေ့ရပါသည်။ အသစ်တည်ထားခြင်းမဟုတ်ဘဲ ဉာဏ်တော်အမြင့် (၉)တောင်မှ ဉာဏ်တော်အမြင့် (၁၈) တောင်အထိမြှင့်၍ ငုံတည်ထားခြင်း ဖြစ်သည်ဟု သိရှိရပါသည်။ သက္ကရာဇ် ၁၁၄၉ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မြောက်ဘက်က အထွတ်တော်(၉)တောင်ရှိသော စေတီတော်ကို ဉာဏ်တော်

ကိုးရံတောင်စေတီတော်အား
ကွင်းဆင်းစစ်ဆေးနေပုံ



ကိုးရံတောင်စေတီတော်
ရှေ့မြင်ပုံဆွဲ



ကိုးရံတောင်စေတီတော်
ဖြတ်ပိုင်းပုံဆွဲ

(၁၈) တောင်မြင့်၍ မြန်မာရမ္မာဝတီ၊ ဒုတိယမြို့ဝန် လက်ရာရွှေတောင်က တည်ထားခဲ့သည်ဟု ဆိုပါသည်။

လောင်းချောင်းရွာအနောက်ဘက် တောင်ကုန်းပေါ်၌ သက္ကရာဇ် ၁၁၅၂ ခုနှစ်တွင် တပေါင်းလပြည့်နေ့၌ မြန်မာရမ္မာဝတီ၊ တတိယမြို့စားမြို့ဝန်အောင်ဖံက ညာဏ်တော် (၁၂) တောင်အမြင့်ရှိသော စေတီတော်ကို တည်ထားခဲ့ပါသည်။ ၎င်းစေတီတော်ဘွဲ့တော်အမည်ကိုလည်း မြို့ဝန်နာမည်ကို အစွဲပြု၍ အောင်ဖံတောင်စေတီဟုခေါ် ဝေါ်သမုတ်ကြပါသည်။

သမြူချိုင်ရပ်ကွက်အနီး ငွေတောင်ပေါ်တွင်လည်း မြန်မာရမ္မာဝတီဆယ်ဆက်မြောက် မြို့စားမြို့ဝန်ကျော်ထင်ရာဇာသည် သက္ကရာဇ် ၁၁၆၅ ခုနှစ်တွင် တပေါင်းလပြည့်နေ့တွင် ညာဏ်တော်ကိုးတောင်မြင့်စေတီတော်တစ်ဆူကိုတည်ထားလှူဒါန်းခဲ့ပါသည်။ ၎င်းစေတီတော်ကို ငွေတောင်သာဘုရားစေတီဟု ခေါ်တွင်ကြပါသည်။

ရမ္မာဝတီ ရမ်းဗြဲမြို့ ရွှေတုံးရပ်ကွက် ပုဏ္ဏားတောင်ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း ရှေးနှစ်ပေါင်းများစွာကပင် တည်ထားကိုးကွယ်ခဲ့ကြသော အတုလရံသီ ဘွဲ့အမည်ရှိသော စေတီတော်မြတ်တစ်ဆူရှိပါသည်။ ထိုစေတီတော်ကို ၁၃၁၂ ခုနှစ်တွင် တစ်ကြိမ်ကျင်းထား လှူဒါန်းခဲ့ပြီး သက္ကရာဇ် ၁၃၆၉ ခု တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် ပြီးဆောင်ရေဝန်ကြီး (ငြိမ်း)၊ ဗိုလ်ချုပ်သိန်းဆွေ၏ ဇနီး ဒေါ်မြသီဂီတို့မှ ပြန်လည် မွမ်းမံ ရွှေထီးတော်တင်လှူဒါန်းခဲ့ပါသည်။

ကိုးရံတောင်စေတီတော်ပန္နက်ပုံဆွဲ

ဗဟန်းတောင်ဘုရားစေတီများကိုလည်း ရမ္မာဝတီမြို့စား မြို့ဝန် နေမျိုးသူရသည် သက္ကရာဇ် ၁၁၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့အလယ်မှ အကြီးဆုံးစေတီဖြစ်သောစေတီတော်ကို (၃၅)တောင်မြင့်တည်ပြီး အရွယ်အစားအလတ်ဖြစ်သောဘုရားစေတီကို နှမတော်(မိနှောင်း)က ညာဏ်တော် (၁၂) တောင် မြင့်တည်ခဲ့ပါသည်။ အငယ်ဆုံး ကိုးတောင်မြင့်ဘုရားစေတီကို တူတော်မောင် (မောင်ရစ်) က ထပ်မံ တည်ထားခဲ့ပါသည်။ ထို့ကြောင့် ဘုရားစေတီ (၃) ဆူ ဖြစ်ခဲ့ပါသည်။ ရွှေတုံးရပ်ကွက်အနီး မြောက်ဘက်တောင်ပေါ်တွင် တည်ရှိပါသည်။

ကိုးရံတောင်စေတီတော်ကြီး၏ အရှေ့မြောက်အရပ်ရှိစေတီမှာ အေဒီ ၁၈ ရာစု၊ တတိယမြောက်ဦးခေတ် ရခိုင်ဘုရင် စန္ဒတိသုဓမ္မရာဇာမင်း၊ သက္ကရာဇ် ၁၁၃၉ ခုနှစ်၊ နယုန်လဆုတ် ၁၃ ရက်နေ့တွင်တည်ထားခဲ့သောစေတီတော်တစ်ဆူဖြစ်သည်ဟု သိရှိရပါသည်။ ကိုးရံတောင် နောင်တော်ကြီးဘုရားစေတီဟု ခေါ်ကြပါသည်။ နောင်တော်ကြီးဘုရားဟု ခေါ်ကြပါ၏။

တောင်ကလပ်တွင် ရွှေရောင်တော်ဘုရားတစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။ အရှင်တေဇိန္ဒမှ တည်ထားလှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ ရမ်းဗြဲတစ်ခွင်ကိုကွင်းဆင်းသုတေသနပြုခဲ့သော ရှေးဟောင်းအဆောက်အအုံစေတီတော်လက်ရာများ ဖြစ်ပါသည်။

ဤကိုးရံတောင်စေတီတော်ကွင်းဆင်းသုတေသနလုပ်ငန်းသည် ကိုးရံတောင်စေတီတော်ကြီး၏ ပြန်လည်ထိန်းသိမ်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါလိမ့်မည်။ တိုင်းတာပုံထုတ်၊ မှတ်တမ်းတင်ဓာတ်ပုံများ၊ ခန့်မှန်းခြေငွေစာရင်းတွက်ချက်ပေးခြင်းများတို့သည်လည်း နောင်တစ်ချိန်တွင် ကိုးရံတောင်စေတီတော်သမိုင်းမှတ်တမ်းအဖြစ် ကျန်ခဲ့လိမ့်မည်ဟု မျှော်လင့်ယူဆမိပါသည်။

အနန္တောအနန္တငါးပါးကို
ထာဝရဦးထိပ်ပန်ဆင်လျက်

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)



မြဝင်း(ဒဿန)

တွံတေးပရိယတ်ကြီးပါဠိတော်နိဿယလာ မှတ်သားဖွယ်ရာများ

တစ်ခုသော နေ့လယ်ခင်းတွင် ကျွန်တော်သည် အိမ်ရှေ့ဝါးရုံပင်ရိပ်၌ ချထားသောတန်းလျားတွင်ထိုင်လျက် ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

ပရိတ်တော်ရွတ်ဖတ်ပူဇော်ပြီးသောအခါ ကျွန်တော့်တပည့်တစ်ဦးရောက်လာပါသည်။ ကျွန်တော့်တပည့်သည် ရောက်လျှင်ရောက်ချင်း ဤသို့ စကားစပါသည်။

"ဆရာ ပုဗ္ဗဏှသုတ်ကို စရွတ်ကတည်းကကျွန်တော်ရောက်နေတာပါ။ ဆရာပရိတ်ရွတ်နေတာ အရှိန်ပျက်မှာစိုးတာနဲ့ မဝင်သေးဘဲ အပြင်ဘက်ဝါးရုံရိပ်မှာရပ်ပြီး ပရိတ်တရားတော်ကိုနာနေခဲ့တာပါ"

"ဝင်ခဲ့ရောပေါ့ တပည့်ရယ်။ ဆရာ့အနားမှာရှိတဲ့ကုလားထိုင်မှာထိုင်ပြီးနာရင်လည်းရတာပါပဲ"

"ကျွန်တော်ဝင်လာတော့ ဆရာအရှိန်ပျက်မှာပေါ့ ဆရာ။ ဒါထက် ဆရာပရိတ်ကြီး (၁၁) သုတ်ကို နေ့စဉ်ရွတ်ဆိုနေတာမဟုတ်လား"

"ဟုတ်ပါတယ်၊ နေ့စဉ်ရွတ်ဆိုပူဇော်ပါတယ်"

"ဆရာပရိတ်ကြီး(၁၁)သုတ်စလုံး အလွတ်ရတာယ်မဟုတ်လား"

"ရပါတယ်"

"ကျွန်တော် အခုလိုမေးရတာက ဆရာစာအုပ်ကြည့်ပြီး ရွတ်ဆိုပူဇော်နေတာကို မြင်လို့ပါဆရာ"

"အလွတ်ရွတ်မိတော့ စာလုံးတွေက မသိမသာရွေ့သွားတယ်။ တစ်ခါတစ်ခါမှာ ပရိတ်တော်ကိုရွတ်ဆိုနေတုန်း အမှတ်မထင် အာရုံတစ်ခုက ဝင်လာတဲ့အခါ ရှေ့ဆက်ရမယ့်အပိုဒ်မေ့နေတတ်တယ်။ ရပ်ပြီးစဉ်းစားပါတယ်။ ရှေ့ဆက်ရမယ့် အပိုဒ်ကပေါ်ကိုမလာတော့ဘူး။ အဲဒါကြောင့် စာအုပ်ကိုကြည့်ပြီး ရွတ်ဆိုပူဇော်နေတာ။ လယ်တီဆရာတော်ဘုရားကြီးကလည်း မျက်စိနှစ်လုံးကောင်းနေသရွေ့ စာအုပ်ကိုကြည့်ပြီး ရွတ်ဖို့မိန့်ဆိုထားတာရှိတယ်။ ဒါကြောင့်မို့ ဆရာပရိတ်ကြီးနိဿယစာအုပ်ကို ကြည့်ပြီး ရွတ်ဆိုပူဇော်နေတာပါ"

"ဒါထက် အခု ဆရာကြည့်နေတဲ့ ပရိတ်ကြီးနိဿယက ဘယ်ဆရာတော်စီရင်တဲ့နိဿယလဲ ဆရာ"

"တွံ့တေးဆရာတော်ကြီးစီရင်တဲ့ နိဿယပါ"

"ဆရာက နိဿယမျိုးစုံကြည့်တယ်နော်။ တစ်လောက ကျွန်တော်လာတုန်းက စလင်းဆရာတော်ဘုရားကြီး စီရင်တဲ့နိဿယကိုကြည့်နေတာတွေ့ရတယ်"

"ဟုတ်တယ်၊ ဆရာ့ဆီမှာ ပရိတ်ကြီးနိဿယစာအုပ်မျိုးစုံရှိတယ်။ ဆရာက ရနိုင်သမျှ စုထားတယ်။ ဆရာ ဒီတနေ့ မနက်အိပ်ရာထမှာ ဝမ်းက ကသိကအောက်ဖြစ်နေလို့ ပရိတ်မရွတ်နိုင်ခဲ့ဘူး။ အိပ်ရာထဲမှာလှဲနေရတယ်၊ အဲဒီလိုနေတုန်း တွံ့တေးဆရာတော်အကြောင်း ခေါင်းထဲရောက်လာတယ်။ တွံ့တေးဆရာတော်ဟာ ရောဂါမချိမဆံ့ခံစားနေရတဲ့ကြားက ဒါယကာဒါယိကာမတွေက ခယတောင်းပန်လို့ ခံစားနေရတဲ့ရောဂါကို အမှုမထားဘဲ ပရိတ်ကြီးနိဿယကို စီရင်ခဲ့တယ်။ ငါ့ရောဂါက မပြောပလောက်ပါဘူး။ ရွတ်ဖြစ်အောင်ရွတ်မယ်ဆိုပြီး တွံ့တေးပရိတ်ကြီးနိဿယကို ကုတ်ပြီးကြည့်ဖြစ်ခဲ့တယ်။ တွံ့တေးဆရာတော်က ပရိတ်ကြီးနိဿယကျမ်းကြီးနိဂုံးမှာ အဲဒီအကြောင်းကို ရေးထားတယ်။ ဆရာတော့ အဲဒီအကြောင်းကို ဖတ်ပြီး တွံ့တေးဆရာတော်ကြီးညီလို

မဆုံးဖြစ်ခဲ့တယ်။ ဆရာတော်ရေးထားတာ ဆရာဖတ်ပြပါ့မယ်။

"ခန္ဓာညစ်ကိုရလစ်သည့်အတွက် ဘယ်ဆီရက်မှ အေးစက်ချမ်းသာနေရတာမရှိ၊ ဆနစုတိ ရောဂါတွေ လွှမ်းဖိသဖြင့် မခိုမဆုံနေရသည့်ကာလဝယ် နိစ္စမကွာ ချဉ်းကပ်လာသည့်၊ ဒါယကာတပည့် မောင်ဖိုးရှမ်း အမည်ရှိသည့် မျိုးဇာတိကလျာဏ တွဲတေးရုံးစာရေးကြီးသည် ခယ၍ အနန္တကျေးဇူးရှင် ထေရ်သခင်ဘုရားခန္ဓာဟောင်းပယ်ရှား၍ ခန္ဓာသစ်များယူသွားလျှင် နေ့မခြားညမလပ် အမြဲထာဝရ အာရုံကပ်၍ ကိုယ်ရတော်စား ရည်မှတ်ဖို့ရာ တပည့်အား လျော်ကန်သည့်ပရိတ်ကြီးဒေသနာကို သေချာအဓိပ္ပာယ်သွားဖြင့် အနက်နိဿယ ရေးသားချီးမြှင့်တော်မူပါက အလုံးစုံနှုတ်တက်ရအောင် ဝါယမကြိုး စား၍ တပည့်လည်း သင်ကြားသင်ကြား ဆောင်ရွက်ပါမည်။ အတည်တကျ ထေရ်အရှင်နည်းပြ၍ ပရိတ်ကြီးပါဠိတော်ကို မှန်ကန်စွာရကြသည့် သပ္ပုရိသအများ တွဲတေးသူတွဲတေးသားတို့လည်း ရေနည်းငါးအိုင်ငယ်ဝယ် မှီတွယ်နေကြ၊ နွေကာလအခါ ဖားငါးစသောသတ္တဝါတို့သည် မချာနေ့ညဖိုးကြီးရေကို တောင့်တသလို ထေရ်အရှင်ပုဂ္ဂိုလ်တို့၏ အလိုတော်သွားစီရင်ရေးသားသည့် အားထားမှီခိုရာ ဂုဏ်နိဿယကို တောင့်တကြပါကြောင်း အကြိမ်ကြိမ်လျှောက်တောင်းတင်သ ပူဆာလှသဖြင့် ကိုယ်ကာယခန္ဓာကျင်နာခံခက် မအီမသာလျက်နှင့်ပင် ပက်လက်တစ်ခါ၊ မှောက်တစ်ခါနှင့် စောင်းကာတစ်လှည့်၊ သို့ကလို တအိအိဖြင့် ရေးရဘိ ခဲယဉ်းစွာ ပရိတ်ကြီး နိဿယ ဤကျမ်းစာကို ကိုယ်ခန္ဓာအိမ်ရှုတ်တွကိုပဏာမစေတနာတည်းဟူသော ကျားထောက်ကန်နိုင်သဖြင့် မရဏာလေဆိုး မတိုက်ချိဘဲ ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမားသုံးရတနာတို့၏စွမ်းအားကြောင့်မှန်းထားသည့်အလျောက်ပြီးဆုံးခြင်းသို့ရောက်သည်။ ထွန်းတောက်သာသနာ တည်ကြောင်းတည်းတဲ့"

"သဘောပေါက်ပါပြီ ဆရာ။ ဆရာက အဲဒါကြောင့် တွဲတေးပရိတ်ကြီးနိဿယကိုကြည့်ပြီး ရွတ်ဆိုနေတာကိုး"

"တွဲတေးဆရာတော်ဘုရားတောင် ကျင်နာခံခက် မအီသာလျက်နဲ့ ပရိတ်ကြီးနိဿယကို ပြီးမြောက်အောင်ရေးခဲ့သေးတာပဲ။ ငါခံစားရတဲ့ဝေဒနာကဘာ ပြောပလောက်လို့လဲ။ အစဉ်ဒွန်မပျက်အောင်ရွတ်ဆိုမှဆိုပြီး တွဲတေးပရိတ်ကြီး နိဿစာအုပ်ကိုထုတ် စာအုပ်ကိုကြည့်ပြီး ရွတ်ဆိုပူဇော်နေတာ"

"အဲဒီလိုရွတ်ဆိုပူဇော်တော့ ဆရာခံစားနေရတဲ့ ဝေဒနာသက်သာသွားရဲ့လား ဆရာ"

"ဆရာတော်မိန့်ဆိုသလို ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမားသုံးရတနာတို့ရဲ့ စွမ်းပကားကြောင့် သက်သာသွားပါတယ်။ အကြောင်းတိုက်ဆိုင်တုန်း တွဲတေးပရိတ်ကြီးနိဿယ စာအုပ်မှာပါတဲ့ မှတ်သားဖွယ်အချက် တချို့ကို ပြောပြပါဦးမယ်"

"ပြောပြပါ ဆရာ"

"တွဲတေးဆရာတော်က ပါဠိတော်ကိုရွတ်တဲ့အခါမှာ ဝိသဇ္ဇနီသံမပါအောင် ရွတ်ရမတဲ့။ မြန်မာလူမျိုးတွေရဲ့နှုတ်မှာ ဝိသဇ္ဇနီသံဟာအလွန်ဈေးကောင်းသတဲ့။ ဝိသဇ္ဇနီသံမပါဘဲ ဒွေဓမ္မာလို့ရွတ်ဆိုရင် ပေါ့ရွတ်ရွတ်ဖြစ်တယ်လို့ ထင်တတ်ကြသတဲ့။ အဲဒါကြောင့်မို့ ဝိသဇ္ဇနီသံထည့်ပြီး ဒွေးဓမ္မာလို့ရွတ်တတ်ကြသတဲ့။ တွဲတေးဆရာတော်က ဘယ်လောက်အထိပြောသလဲဆိုရင် ပါဠိကိုရွတ်ဖတ်တဲ့နေရာမှာ ဝိသဇ္ဇနီသံနဲ့ရွတ်ဖတ်တာဟာ တစ်သာသနာလုံးကိုဖျက်ပြားစေတတ်တဲ့အမှောက်အမှားကြီးတဲ့။ ဒါကြောင့်မို့ ဝိသဇ္ဇနီသံကို ပါဠိဟူသမျှ မှာမပါရအောင် သတိပြုရမတဲ့"

"အင်မတန်မှတ်သားစရာကောင်းတဲ့အချက်ပါ ဆရာ။ ကျွန်တော်တို့ကတော့ ဝိသဇ္ဇနီသံထည့်ဆိုတာ အလေ့အကျင့်လိုဖြစ်နေပြီ။ အဟံဘန္တေကို အဟံဘန်းတေလို့ပဲ ဆိုနေကြပါတယ်။ တွဲတေးဆရာတော်မိန့်ဆိုတဲ့အတိုင်းဆိုရင် တကယ့်မှောက်မှားမှုကြီးဖြစ်နေပြီပေါ့"

"တွဲတေးဆရာတော်မိန့်ဆိုတာကို ဆရာဆက်ပြောပါဦးမယ်။ ဆရာတော်မိန့်ဆိုတာက သူ့နိဿယကို ဋီကာတစ်စောင်ကိုကြည့်ပြီး ဋီကာနဲ့မညီဘူးလို့ အပြစ်မတင်ကြပါနဲ့တဲ့။ ဋီကာနည်းထက်သာလွန်ကောင်းမြတ်တယ်လို့ အာရုံပြုနှလုံးထားပြီး ဋီကာကိုရှောင်ရှားရေးသားထားတာတွေ သူ့နိဿယထဲမှာ အများကြီးပါသတဲ့။ ဋီကာဖွင့်ကိုမကြိုက်လို့ တစ်မျိုးတစ်ဖုံ ကြံစည်ရေးသားထားတဲ့ အရာတွေလည်းပါသတဲ့။ အခု သူစီရင်တဲ့ နိဿယဟာ ရွာနေလူတွေဖတ်ဖို့ရေးတာ ဆိုတော့ ခဲကျစ်နက်နဲလှတဲ့ဋီကာစကားတွေကိုရှောင်ပြီး ရွာနေလူတွေသိလွယ်မြင်လွယ်အောင်ရေးထားတာဖြစ်သတဲ့"

"ဆရာတော်ရဲ့ ရဲရဲတောက်မိန့်ဆိုချက်ပါ ဆရာ"

"တပည့်ရောက်နေခိုက် နာခွင့်ကြုံတုန်း တွဲတေးဆရာတော်ရဲ့နိဿယပြန်ပုံကို ကြည်ညိုရအောင် သာသနဿစ လောကဿ၊ ဝုဍ္ဎိဘဝတုသဗ္ဗဒါ။ သာသနမ္ပိစ လောကဉ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါဆိုတဲ့ဂါထာကို နိဿယပြန်ဆိုထားပုံကို ဆရာဖတ်ပြပါ့မယ်"

"ဖတ်ပြပါ ဆရာ"

"**သာသနဿစ** - ဘုရားမြတ်စွာ သာသနာတော်၏ လည်းကောင်း၊ **လောကဿစ**- သတ္တဝါဟူသမျှ သတ္တလောက၏ လည်းကောင်း၊ **သဗ္ဗဒါ** - နှစ်လနေ့ရက်မိနစ်ကွက်မခြား အခါခပ်သိမ်း၊ **ဝုဍ္ဎိ** - လွန်စွာကြီးမား တိုးတက်စည်ကားခြင်းသည်၊ **ဘဝတု**- ဖြစ်ပါစေသတည်း၊ **သာသနမ္ပိစ** - ဘုရားမြတ်စွာ သာသနာကို လည်းကောင်း၊ **ဒေဝါ** - တန်ခိုးကြီးမြတ် သမ္မာဒေဝနတ်တို့သည်၊ **သဗ္ဗဒါ** - နှစ်၊ လ၊ နေ့၊ ရက်၊ မိနစ်ကွက်မခြား၊ အခါခပ်သိမ်း၊ **ရက္ခန္တု** - ကြည်သာရွှင်ပျ စောင့်ရှောက်ကြပါစေကုန်သတည်း"

"သာဓု သာဓု သာဓု၊ ဒီကနေ့ ဆရာ့ဆီလာရတာ လာရကျိုးနပ်သွားပါပြီ ဆရာ။ ကျွန်တော်တို့ဖတ်ရမယ့်စာအုပ်တွေထဲမှာ ပရိတ်ကြီးနိဿယစာအုပ်တွေလည်းပါတယ်ဆိုတာ သိသွားပါပြီ ဆရာ"

"ပရိတ်ကြီးနိဿယတွေဆိုတာ အင်မတန်ဖတ်သင့်တဲ့ စာအုပ်တွေပါ။ ကိုယ်ရွတ်ဆိုနေတဲ့ ပါဠိတော်ရဲ့အနက်အဓိပ္ပာယ်တွေကိုလည်း သိရ၊ ရွတ်ပုံရွတ်နည်းနဲ့ပတ်သက်လို့ ဆရာတော်ဘုရားကြီးများ မိန့်ကြားထားတာတွေလည်း နာယူရ၊ နောက်တခြားမှတ်သားဖွယ်အချက်တွေကိုလည်းသိရဆိုတော့ ဖတ်သင့်တာပေါ့တပည့်ရယ်။ တပည့်နောက်တစ်ခါလာတဲ့အခါ စလင်းပရိတ်ကြီးနိဿယ အကြောင်းပြောကြတာပေါ့"

"ကျွန်တော် လာခဲ့ပါ့မယ် ဆရာ"

ထို့နောက် ကျွန်တော့်တပည့်သည် ကျွန်တော့်ကိုကန်တော့ပြီး ကြည်နူးဝမ်းမြောက်စွာပြန်သွားပါသတည်း။

မြဝင်း(ဒဿန)

ချောင်းဆုံအုန်းသွင်

အဆင့်မြင့်ဗုဒ္ဓဘာသာဝင်

"အခြေခံဗုဒ္ဓဘာသာဝင်တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ ဥပါသကာအရည်အချင်းကိုသိပြီး ရှိအောင် ပြည့်စုံအောင် ဖြည့်ဆည်းထားပါတယ်။ နောက်ပြီး သိသင့်သိထိုက်တဲ့ ကံ-ကံရဲ့အကျိုးနဲ့ သရဏဂုံအကြောင်းစတာတွေကိုလည်း သိပြီးမှတ်ပြီးဖြစ်ပါတယ်။ နောက်ထပ် သိဖို့၊ မှတ်ဖို့၊ လိုက်နာကျင့်သုံးဖို့များကို လည်း ပြောပါဦး"

နောက်တစ်ကြိမ်လာသောအခါ ဦးထွန်းက အထက်ပါအတိုင်းပြောပါသည်။

ကျွန်တော်က -

"ဗုဒ္ဓဘာသာဝင်တွေကို ကျွန်တော့်အနေနဲ့ အဆင့်လေးဆင့်ခွဲချင်တယ်။ ကျောင်းသားစကားနဲ့ပြောရရင် မူလတန်းကျောင်းသား၊ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသားနဲ့ တက္ကသိုလ်နဲ့ ဘွဲ့လွန်ကျောင်းသားများပေါ့။

မူလတန်းအဆင့်ကတော့ မိရိုးဖလားဗုဒ္ဓဘာသာဝင်ပေါ့။ မိရိုးဖလာအတိုင်း ဘုရားသွားကျောင်းသွားလှူဒါန်းပေးကမ်းပေါ့။ ခြေခြေမြစ်မြစ်တော့ ဘာမှမသိဘူးပေါ့။ မိဖဘိုးဘွားများလုပ်တဲ့အတိုင်းလိုက်လုပ်တာမျိုးပေါ့။

အလယ်တန်းအဆင့်မျိုးကျတော့ ကံ-ကံရဲ့အကျိုးကို ယုံကြည်တယ်။ ရတနာ(၃)ပါးရဲ့ဂုဏ်ကို အကျဉ်းအားဖြင့်သိပြီးယုံကြည်တယ်။ အထက်အဆင့်မျိုးကျတော့ ကံကံရဲ့အကျိုးကိုခွဲခွဲခြားခြား သင့်သလောက်သိပြီး ယုံကြည်တယ်။ သတ္တဝါတွေရဲ့စည်းစိမ်ကိုနိုင်မြဲစေတိုးပွားစေချင်တဲ့စိတ်အကြံရှိတယ်။ သတ္တဝါတွေရဲ့အသက်စည်းစိမ်ကိုတည်မြဲစေတဲ့ စိတ်အကြံရှိစေတယ်။ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်အဆင့်မျိုးကျတော့ သစ္စာ(၄)ပါးကို သုတမယဉာဏ်နဲ့သိပြီး ယုံကြည်တယ်။ သံသရာကလွတ်မြောက်ရာလွတ်မြောက်ကြောင်းကောင်းမြတ်တဲ့အကြံအစည်ရှိတယ်။

ဒါဟာ အကြမ်းဖျင်းသိသာရုံပြောတာ။ အဆင့်တိုင်းမှာ ဒီအချက်နဲ့ညီတဲ့ [illegible]အချက်တွေပြည့်စုံရမယ့်အချက် အများကြီးရှိတယ်။ ခင်ဗျားက အလယ်တန်းအဆင့်ကိုလွန်ခဲ့ပြီ အခု အထက်တန်းအဆင့်က သိသင့်တာတွေ သိဖို့ ပြောပြမယ်။

အထက်တန်းအဆင့်မှာ ကံ-ကံရဲ့ အကျိုးကို ယုံကြည်တဲ့ အခြေခံအချက် (၁၀) ချက်ကိုပြပါတယ်။

အဲဒါတွေက -

၁။ လက်ဆောင်ပဏ္ဏာပေးကမ်းခြင်းတို့မှာ အကျိုးရှိတယ်လို့ ယုံကြည်ခြင်း၊
၂။ အလှူဒါနပြုခြင်းအတွက် အကျိုးရှိတယ်လို့ယုံကြည်ခြင်း၊
၃။ အကြီးအကျယ် ပေးကမ်းလှူဒါန်းခြင်းမှာ အကျိုးရှိတယ်လို့ယုံကြည်ခြင်း၊
၄။ ကောင်းမှုပြုရာမှ ကောင်းကျိုးရရှိနိုင်တယ်လို့ ယုံကြည်ခြင်း၊
၅။ မကောင်းမှုပြုရာမှာ ဆိုးကျိုးရနိုင်တယ်လို့ယုံကြည်ခြင်း၊
၆။ အမိကို ပြုစုလုပ်ကျွေးခြင်းအားဖြင့် ကောင်းကျိုးရနိုင်တယ်လို့ ယုံကြည်ခြင်း၊
၇။ အဖကို ပြုစုလုပ်ကျွေးခြင်းအားဖြင့် ကောင်းကျိုးရနိုင်တယ်လို့ ယုံကြည်ခြင်း၊
၈။ မျက်မှောက်ကာလရှိတယ်လို့ ယုံကြည်ခြင်း၊
၉။ တမလွန်ဘဝ တမလွန်လောကရှိတယ်လို့ ယုံကြည်ခြင်း၊

အဲဒီ တမလွန်လောကဆိုတာကို ပရလောကဆိုတဲ့အတွက် သာမန်မျက်စိဖြင့် မမြင်နိုင်တဲ့နတ် အစ ရှိတဲ့ သတ္တဝါတို့ရဲ့ လောကလို့လည်း အဆိုရှိတယ်။ မျက်မှောက်လောက ဆိုတာ မိမိနေနေတဲ့လောကပဲ။ မယုံတဲ့လူရှိမလားလို့ မေးစရာရှိတယ်။ အရာအားလုံးဟာ စိတ်ရှိလို့ရှိနေတာ(စိတ်ကဖန်တီးထားတာ တကယ်တော့ ဘာမှမရှိဘူး သုညပဲ) လို့ ယူဆတဲ့ အယူ တစ်ခုရှိတယ်။

၁၀။ မျက်မှောက်ကောင်းကျိုး၊ တမလွန်ကောင်းကျိုး [illegible] အတွက် [illegible] ပေးနိုင်တဲ့ ဘုရား[illegible] များ [illegible] ရှိတယ်လို့ ယူဆခြင်း ဖြစ်တယ်။

ဒီအချက် (၁၀) ချက်ဟာ နတ္ထိကဝါဒသမားတွေ ငြင်းပယ်ထားတဲ့ (၁၀) ချက်ပဲ။ ခင်ဗျားလည်း အရင်က အဲဒီဝါဒသမားဖြစ်ခဲ့တယ်။ အခုတော့ ဒီဝါဒကို ခင်ဗျားအပြီးအပိုင်စွန့်ပစ်ခဲ့ပြီးဖြစ်လို့ ရာသက်ပန်စွဲမြဲသူထက်စာရင် အများကြီး သက်သာခွင့်ရတယ်။ နောက်အဆင့်မြင့်သမားတွေ လက်ခံယုံကြည်တဲ့အချက်(၁၀)ချက်ရှိသေးတယ်။ အဲဒါကို ကုသိုလ်(၁၀)ပါးလို့ခေါ်တယ်။

အဲဒါတွေက -

၁။ ဒါန-အလှူပေးခြင်း၊
၂။ သီလ-သီလဆောက်တည်ခြင်း၊
၃။ ဘာဝနာ-သမထဘာဝနာ-ဝိပဿနာဘာဝနာပွားများအားထုတ်ခြင်း၊
၄။ ဝေယျာဝစ္စ - ရတနာသုံးပါး၊ မိဘဆရာသမား၊ သက်ကြီးဝါကြီးများ၏ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စကို ဆောင်ရွက်ပေးခြင်း၊
၅။ အမိအဖများနှင့် သက်ကြီးဝါကြီးများကို ကျွေးမွေးပြုစုခြင်း၊
၆။ [illegible]
၇။ [illegible]

ပြောခြင်း၊
၈။ ကုသိုလ်ပြုပြီးအမျှဝေခြင်း၊
၉။ သာဓုခေါ်ခြင်း၊
၁၀။ အယူမှန်ကန်ခြင်း (မိစ္ဆာဒိဋ္ဌိအယူ မယူခြင်း)တို့ဖြစ်တယ်။

ဗုဒ္ဓဘာသာမှာ အတွေးအခေါ် မှန်ကန်မှုနဲ့ အသိအမြင်မှန်ကန်မှုရှိဖို့လို တယ်။ အဲဒီ (၂) ခုဟာ အပြန်အလှန် အထောက်အကူပြုတယ်။ အတွေးမှန်မှ အသိမှန်မယ်၊ အသိမှန်မှလည်းအတွေး မှန်မယ်။ အသိမှန်တာကို သမ္မာဒိဋ္ဌိလို့ ခေါ်ပြီး အတွေးမှန်တာကို သမ္မာသင်္ကပ္ပ လို့ ခေါ်တယ်။

ကံကံရဲ့အကျိုးကိုယုံကြည်ပုံအဆင့်ဆင့်ဟာ သမာဒိဋ္ဌိပဲ။ စောစောကပြောခဲ့တဲ့သတ္တဝါတွေအသက်စည်းစိမ်ချမ်းသာစေကြောင်းအကြံအစည်ဆိုတာ သမ္မာသင်္ကပ္ပပဲ။ အဆင့်မြင့်ဗုဒ္ဓဘာသာရဲ့သမ္မာဒိဋ္ဌိဟာ စတုသစ္စသမ္မာဒိဋ္ဌိလို့ ဆိုတယ်။ စတုသစ္စသမ္မာဒိဋ္ဌိဆိုတာ သစ္စာ (၄) ပါးကို သိခြင်းဖြစ်တယ်။ အဲဒီသိတာက လည်း အဆင့်ဆင့်ရှိတာပေါ့။ ပထမ အဆင့်ကတော့ သုတာမယဖြင့် သိခြင်း ဆိုတဲ့ ကြားနာဖတ်မှတ်ပြီးသိခြင်းပေါ့။ အဆင့်မြင့်သမ္မာသင်္ကပ္ပက သံသရာက လွတ်မြောက်ကြောင်းအကြံအစည်ဖြစ်တယ်။

သစ္စာ (၄) ပါးမှာ ပထမသစ္စာ (၂) ပါးဖြစ်တဲ့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုသိပြီးယုံကြည်ရမယ်။ (၃၁) ဘုံမှာ ကျင်လည်နေကြသမျှကာလပတ်လုံး အို၊ နာ၊ သေဘေးနဲ့မလွတ်တဲ့အတွက် ဆင်းရဲရမှာပဲ။ အဲဒါ ဆင်းရဲခြင်းအမှန်ပဲ။ ဒါကို လက်ခံယုံကြည်ရမယ်။ ဒုတိယ သစ္စာကတော့ ဘာကြောင့်ဒီလိုဆင်းရဲရသလဲဆိုတာကိုသိရမယ်။ ဒီလိုဆင်းရဲနေရတာ လိုချင်တပ်မက်ခြင်းအကြောင်းကြောင့်ပဲ။ ဒါကို တဏှာလို့ခေါ်တယ်။ တဏှာ (၃) မျိုးရှိတယ်။ လောကီအာရုံ ကာမဂုဏ်တွေကို ခုံမင်နှစ်သက်ခြင်းဆိုတဲ့ကာမတဏှာ၊ သုဂတိဘုံတွေမှာကျင်လည်ကျက်စား ချမ်းသာခံစားလိုတဲ့ဘဝတဏှာ၊ သေရင်ဘာမှမဖြစ်တော့ဘူးဆိုတဲ့ အရင်က ခင်ဗျားတို့ယူဆခဲ့တဲ့ ဝိဘဝတဏှာ၊ ကံရှိနေသမျှ ကံရဲ့အကျိုးဆက်ကို ခံစားရမယ့်ဘဝတွေရှိနေမှာကို အမှန်မသိဘဲ ဘဝက လွတ်မြောက်ချင်တာ။ အဲဒါလည်း တဏှာပဲ။ အဲဒါကို သမုဒယသစ္စာလို့ခေါ်တယ်။ ဒီသစ္စာ(၂)ပါးကိုသိမှ သံသရာကလွတ်မြောက်ချင်တဲ့အကြံအစည်ဖြစ်မယ်။

သံသရာကလွတ်မြောက်ခြင်းဟာ ချမ်းသာအစစ်ပဲလို့သိတာက နိရောဓသစ္စာပဲ။ လွတ်မြောက်အောင်လုပ်ဖို့ လုပ်ငန်းကတော့ မဂ္ဂင် (၈) ရပ် အကျင့်မြတ်ပဲလို့သိတာက မဂ္ဂသစ္စာ။ အဲဒီမဂ္ဂင် (၈) ရပ်အကျင့်မြတ်မှာ အရေးကြီးဆုံး မဂ္ဂင်က ပညာမဂ္ဂင်ပဲ။ ပညာမဂ္ဂင်ဆိုတာ အခုပြောခဲ့တဲ့အမြင်မှန်နဲ့အတွေးမှန်ဖြစ်တဲ့ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပဲ။ မဂ္ဂင် (၈) ပါးမှာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်ဆိုပြီး အစု (၃)စုခွဲထားတယ်။

သီလမဂ္ဂင်သုံးပါးဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ဖြစ်တယ်။ သမ္မာဝါစာဆိုတာ ကောင်းမွန်မှန်ကန်သောစကားလို့ အဓိပ္ပာယ်ရတယ်။ အဲဒါ (၄) မျိုးရှိတယ်။

၁။ မဟုတ်မမှန် လိမ်လည်လှည့်ဖြားသောစကားကိုမပြောဘဲ မှန်ကန်သောစကားကိုပြောခြင်း၊
၂။ ရုန့်ရင်းကြမ်းတမ်းသော စကားကို မပြောဘဲ ချိုသာစွာပြောဆိုခြင်း၊
၃။ လူ(၂)ဦး ချစ်ခင်မှုပျက်ပြားစေမယ့် စကားကိုမပြောဘဲ ချစ်ခင်သင့်မြတ်စေမယ့်စကားကိုပြောခြင်း၊
၄။ အကျိုးမဲ့အနှစ်မရဘဲ အချိန်ကုန်စေမယ့်စကားကိုမပြောဘဲ အကျိုးစီးပွားဖြစ်ထွန်းစေမယ့်စကားကိုသာပြောခြင်း တို့ဖြစ်တယ်။

သမ္မာကမ္မန္တဆိုတာ မှားယွင်းတဲ့ အလုပ်ကိုမလုပ်ဘဲ မှန်ကန်တဲ့အလုပ်ကို သာလုပ်ဖို့ပြောတာ။

အဲဒါတွေက -

၁။ သူတစ်ပါးအသက်ကို မသတ်ဘဲ အသက်ချမ်းသာစေကြောင်း ကံ(၃) ပါးဖြင့် ကူညီစောင့်ရှောက်ခြင်း၊
၂။ သူတစ်ပါးအကျိုးစီးပွားပျက်အောင် သူ့ပစ္စည်းကို မတရားမယူဘဲ အကျိုးစီးပွားဖြစ်ထွန်းအောင် တတ်နိုင်သည့်ဘက်မှကူညီခြင်း၊
၃။ သူတစ်ပါးသားမယားကို မပြစ်မှားဘဲ အမိအရင်း၊နှမအရင်းပမာကူညီစောင့်ရှောက်ခြင်းတို့ ဖြစ်တယ်။

သမ္မာအာဇီဝဆိုတာ မှန်ကန်စွာ အသက်မွေးခြင်းဖြစ်တယ်။ စောစောက ပြောတဲ့ ဝစီဒုစရိုက် (၄) ပါးနဲ့ ကာယဒုစရိုက် (၃) ပါး (မပြောဘဲမပြုလုပ်ဘဲဆိုတဲ့အချက်တွေကဒုစရိုက်ပဲ) အဲဒီရှောင်ရမယ့်အချက်တွေကိုမရှောင်ဘဲ မိမိဆန္ဒအလျောက်လုပ်ရန် ရိုးရိုးဒုစရိုက်မှုဖြစ်ပြီး အခကြေးငွေယူပြီးလုပ်ရင် သမ္မာအာဇီဝရဲ့ဆန့်ကျင်ဘက်မိစ္ဆာအာဇီဝဖြစ်တယ်။

မိစ္ဆာအာဇီဝနောက်တစ်မျိုးရှိသေးတယ်။

အဲဒါက -

၁။ အဆိပ်၊
၂။ လက်နက်၊
၃။ လူ၊
၄။ အသက်၊
၅။ အရက်

အဲဒီ (၅)မျိုးကို ရောင်းဝယ်ခြင်းပြုရင် မိစ္ဆာအာဇီဝဖြစ်တယ်။ မှားယွင်းတဲ့ အသက်မွေးမှုလို့အဓိပ္ပာယ်ရတယ်။

သမာဓိမဂ္ဂင် (၃) ပါးက -

၁။ သမ္မာဝါယမ၊
၂။ သမ္မာသတိ၊
၃။ သမ္မာသမာဓိ
တို့ဖြစ်တယ်။

သမ္မာဝါယမဆိုတာ မှန်ကန်သောကြိုးပမ်းအားထုတ်မှုလို့ အဓိပ္ပာယ်ရတယ်။ အဲဒီအားထုတ်မှုက (၄) မျိုးရှိတယ်။

၁။ ပြုပြီးတဲ့မကောင်းမှုများကို မကောင်းမှုမှန်းသိပြီး သိတဲ့အချိန်ကစပြီး လုံးဝရပ်ဆိုင်းလိုက်ခြင်း၊
၂။ နောက်ထပ်မည်သည့်အခါမျှမပြုမိအောင်ကြိုးပမ်းအားထုတ်ခြင်း၊
၃။ ပြုပြီးသော ကုသိုလ်ကောင်းမှုများကို ရှင်သန်တိုးပွားနေအောင် မပြတ် အဖန်ဖန်အထပ်ထပ် သတိတရ အောက်မေ့နေခြင်း၊
၄။ မပြုရသေးတဲ့ ကုသိုလ်ကောင်းမှုများကို အတတ်နိုင်ဆုံးကြိုးပမ်းအားထုတ်ခြင်းတို့ ဖြစ်တယ်။

သမ္မာ ဆိုတာ မှန်ကန်ခြင်းလို့ အဓိပ္ပာယ်ရပြီး မိစ္ဆ ဆိုတာ မှားယွင်းခြင်းလို့ အဓိပ္ပာယ်ရတယ်။ သမ္မာနဲ့ပြောင်းပြန်ပြုရင် မိစ္ဆဖြစ်တယ်။

သမ္မာသတိ ဆိုတာ မှန်ကန်တဲ့ သတိရခြင်းလို့ အဓိပ္ပာယ်ရတယ်။ မကောင်းမှုကိုသတိရနေရင် မိစ္ဆာသတိဖြစ်တယ်။ စိတ်ကိုကောင်းမြတ်မှန်ကန်တဲ့အာရုံနဲ့တွဲပြီး သတိရနေတာ၊ အဖန်တလဲလဲရှုမှတ်သတိရနေတာ သမ္မာသတိပဲ။ ဥပမာ မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို ဆင်ခြင်သတိရနေတာမျိုးပေါ့။

သမ္မာသမာဓိဆိုတာ အဲဒီလိုရှုမှတ်နေရာမှာ စိတ်ကတခြားကိုမရောက်တော့ဘဲ တည်ကြည်နေတာကိုဆိုတယ်။

အားလုံးပေါင်းလိုက်တော့ သီလမဂ္ဂင် (၃) ပါး၊ သမာဓိမဂ္ဂင် (၃) ပါး၊ ပညာမဂ္ဂင် (၂) ပါး ပေါင်း (၈) ပါး ဖြစ်တယ်။ အဲဒါ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ပဲ။

ကဲ-ဒီနေ့တော့ဒီလောက်နဲ့နားကြဦးစို့။

ချောင်းဆုံအုန်းသွင်

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

လယ်ကိုင်းမြို့ဟောင်းက ရုပ်စုံကျောင်းတော်ကြီး

မြို့နာမည်လေးက ကဗျာဆန်ပြီး လှပသလို ခေါ်ဆိုလို့လည်းကောင်း၊ စာလုံးတွေနဲ့ရေးသားရင်လည်းလှတဲ့မြို့လေးဟာ ပွင့်ဖြူပါ။

ပွင့်ဖြူမြို့နယ်မှာ ရေကြီးရေလျှံဖြစ်ပြီး ရေဘေးအန္တရာယ်အကြီးအကျယ် သင့်နေတယ်လို့ သတင်းစာနဲ့ ရုပ်မြင်သံကြားတွေမှာကြားရတဲ့နှစ်မှာတော့ဖြင့် ရေဘေးဒုက္ခတွေမကျရောက်ခင် နွေရာသီလများကမှ သွားရောက်ခဲ့တဲ့ ပွင့်ဖြူမြို့တစ်ဝိုက်က လေ့လာရေးခရီးကိုပြန်လည် အမှတ်ရမိပြီး ဒေသခံလူတွေရဲ့ အသက်အိုးအိမ်နဲ့ စည်းစိမ်ဥစ္စာတွေကို စိုးရိမ်ရသလို ဖူးခဲ့ရတဲ့ ဘုရားစေတီတွေနဲ့ အနုလက်ရာတွေကိုလည်း ပျက်စီးသွားမှာ စိုးရိမ်ပူပန်မိပါတယ်။ အဲဒီနွေက စလင်းမြို့ကိုသွားလည်ရင်း မိတ်ဆွေတွေက သူတို့လည်း ရုံးအားတဲ့စနေနေ့တစ်နေ့ရဲ့မနက် စောစော (၇) နာရီလောက်မှာ ပွင့်ဖြူမြို့ဘက်ကို ကားနဲ့လိုက်ပို့ခဲ့ကြတယ်။ ဗုဒ္ဓသာသနာထွန်းကားတဲ့အရပ်သလို ဗုဒ္ဓတရားတော်နဲ့ဆက်နွှယ်တဲ့ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ဇရပ် စတဲ့ သာသနာ့ရေးဆိုင်ရာအဆောက်အအုံတွေ မြန်မာဆန်ပြီး အနုပညာဂုဏ်မြောက်တဲ့ရုပ်တု၊ ပန်းပု၊ ပန်းချီတွေအလွန်ကြွယ်ဝတဲ့အရပ်

ပွင့်ဖြူမြို့ပြည်လုံးချမ်းသာမြို့ဦးစေတီတော်

မြဲတောညီနောင်ဖြစ်စေတီ



လယ်ကိုင်း၊ ရုပ်စုံကျောင်းတော်ကြီးရဲ့ဘုရားဆောင်

လယ်ကိုင်။ ရှစ်စုကျောင်းကြီးရဲ့ ဘုရားဆောင်

လယ်ကိုင်။ ရှစ်စုကျောင်းကြီးရဲ့ ဘုရားဆောင်



လယ်ကိုင်။ ရှစ်စုကျောင်းကြီးရဲ့ အဝေးကြည့်အလှ

ပွင့်ဖြူမြို့သို့အသွားလမ်းပေါ်မှ ကျေးလက်ဘုန်းကြီးကျောင်းများ

မို့ ဘုရားဖူးသက်သက်အပြင် ရှေးဟောင်းသုတေသနဘာသာရပ်ဆိုင်ရာလေ့လာမှုတွေကိုလည်း ခရီးသွားဟန်လွှဲလုပ်ခဲ့မိပါတယ်။

ပွင့်ဖြူမြို့သို့အသွား လမ်းကြောင်းပေါ်မှာ လမ်းလည်းသင့်လို့ မြစေညီနောင်မြတ်စေတီ၊ အောင်သိဒ္ဓိကျောင်း၊ ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်နဲ့ ရွှေသာလျောင်းဘုရားတွေကိုဖြတ်ကျော်ရင်း ကြုံရင်ကြုံသလိုလည်း ကြုံဖူးလေးဖူးခွင့်ရခဲ့ပါတယ်။ လယ်လှရွာက ဘုန်းကြီးကျောင်းလေးကို ကားရပ်ပြီး ခဏဝင်ကြတယ်။ ကိုလိုနီခေတ်လောက်က အုတ်တိုက်သိမ်တစ်ခုကလွဲလို့ ရှေးဟောင်းဘုရားစေတီပုထိုးတွေမရှိပေမယ့် ကျောင်းကလေးက သပ်သပ်ရပ်ရပ်ရှိပြီး ကျောင်းထိုင်ဘုန်းကြီးကလည်း ငယ်ငယ်ရွယ်ရွယ် ဖော်ဖော်ရွေရွေဧည့်ခံနေတာမို့ အဲဒီမှာအချိန်နည်းနည်းကြာသွားပါတယ်။ ကျောင်းပိတ်ရက် သင်္ကန်းဝတ်ကြတာလား။ အမြဲပဲသာသနာ့ဘောင်ကိုဝင်ကြတာလားမသိတဲ့ကိုရင်လေးဆယ့်လေးငါးပါးလောက်လည်း မနက်စာဆွမ်းဘုဉ်းနေတာ တွေ့ရတယ်။ ကျောင်းဝင်းအနီးရွာလေးမှာတော့ မင်္ဂလာဆောင်ပွဲရှိလို့ ထင်ရဲ့ လက်ထပ်မင်္ဂလာနဲ့ဆိုင်တဲ့ ကျေးလက်သီချင်းသံတွေ ကျောင်းထဲအထိ ပျံ့နှံ့လို့လာနေရဲ့။

လယ်ကိုင်။ ရှစ်စုကျောင်းကြီးရဲ့ ဘုရားဆောင်

လယ်ကိုင်။ ရှစ်စုကျောင်းကြီးရဲ့ ဘုရားဆောင်

လယ်ကိုင်။ ရှစ်စုကျောင်းကြီးရဲ့ ဘုရားဆောင်

ရှစ်စုကျောင်းကြီးရဲ့အနုလက်ရာများ

လယ်ကိုင်။ ရှစ်စုကျောင်းကြီးရဲ့ဒါယကာ တော်ထော်ကိုးဝန်းမောင်နှံ

လယ်ကိုင်။ ရှစ်စုကျောင်းကြီးအနီး မှ ဘုန်းကြီးကျောင်း

လယ်ကိုင်။ ရှစ်စုကျောင်းကြီးအနီး မှ ဘုန်းကြီးကျောင်း

ကျောင်းအပေါ်ထပ်နဖူးစည်းမှာ 'ဘုန်းကြီး-ဝိနည်း၊ ရွာကြီး-စည်းရိုး၊ လူမျိုး-စည်းကမ်း၊ လိုက်နာစမ်း လျှန်းလျှန်းတောက်လိမ့်မည်' လို့ စာတန်းရေးထားတာမြင်ရတော့ ဝိနည်းနဲ့အညီနေတဲ့ ရဟန်း၊ စည်းရိုးရှိတဲ့ရွာ၊ စည်းကမ်းလိုက်နာတဲ့လူမျိုးဟာ ကြီးပွားထွန်းတောက်လိမ့်မယ်ဆိုတဲ့အဓိပ္ပာယ်မို့ သဘောကျမိပါတယ်။ ကျောင်းထိုင်ဘုန်းကြီးလေး ဘွဲ့တော်က ဦးဩဘာသပါတဲ့။ [illegible] ရေးအရ ဦးဆောင်ဦးရှက်[illegible] ဘုန်းတော်ကြီးလည်းဖြစ်၊ [illegible] လောကမှာ ဩ[illegible] ကြီးလှတဲ့ ဗုဒ္ဓ[illegible] ကိုရေးသားသူ [illegible] ခဲ့တဲ့ ဆရာ[illegible] ဘွဲ့တော်[illegible]

တကူပဲ မှတ်သားမိပါတယ်။

■ လယ်ကိုင်းမြို့ဟောင်းက ရှပ်စုံကျောင်းတော်ကြီး

အဲဒီကနေဆက်လက်ခရီးနှင်ခဲ့ရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရဲ့ တောင်ဘက်အစွန်းမှာရှိတဲ့ လယ်ကိုင်းမြို့ဟောင်းကိုသွားကြပါတယ်။ လယ်ကိုင်းဆိုတာကတော့ ဟိုတုန်းက ဒီဒေသမှာ လယ်ယာလုပ်ငန်းနဲ့ကိုင်းကျွန်းလုပ်ငန်းတွေ နှစ်ခုစလုံးကို ရောစပ်ပြီး လုပ်ကိုင်ခဲ့ကြလို့ပါတဲ့။ လယ်ကိုင်းမှာ ဘားဝပ်ကျောင်း၊ တောင်ဦးကျောင်း၊ ဆင်တဲကျောင်းနဲ့ ဂူဖြူကျောင်းဆိုတဲ့ ဗုဒ္ဓဘာသာသာသနိက အဆောက်အအုံ ရှပ်စုံကျောင်းကြီးတွေရှိပါတယ်။ အဲဒီထဲကမှ တောင်ဦးရှပ်စုံကျောင်းတော်ကြီးကို ရောက်ခဲ့တာပါ။ ဒီရှပ်စုံကျောင်းကြီးဟာ လယ်ကိုင်းမြို့ရဲ့တောင်ဘက်ထိပ်ဦးအဖျားမှာရှိလို့ 'လယ်ကိုင်းမြို့-တောင်ဦးတိုက် ရှပ်စုံကျောင်း' လို့ အမည်ရှိခဲ့ပေမယ့် 'ရှပ်စုံကျောင်းတော်ကြီး' လို့ပဲ လူတွေက အခေါ်များကြပါတယ်။ ဒါဟာ မြန်မာ့နောက်ဆုံးဘုရင် သီပေါမင်း အိန္ဒိယကို ပါတော်မူသွားပြီးတဲ့နောက် (၅) နှစ်မြောက်အကြာမှာမှ ပေါ်ထွန်းလာတဲ့ သာသနာ့မဏ္ဍိုင်ကျောင်းကြီးပါ။ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ဘုရင်ကိုယ့်အရှင် လက်ထက်တော်မဟုတ်ဘဲနှင့်တောင်မှ ဒီလောက် ကောင်းမွန်ပြီး ထည်ဝါခဲ့ညားကြီးမားလှတဲ့ ကျောင်းကြီးတွေကို ဆောက်လုပ်လှူနိုင်ခဲ့ကြတယ်ဆိုတော့ ကိုလိုနီခေတ်မှာ တိုင်းတစ်ပါးသားအုပ်ချုပ်သူတွေဟာ ဘာသာသာသနာရေးကိုတော့ သိပ်ပြီးဖိနှိပ်ချုပ်ချယ်မှုမရှိခဲ့ဘူးလို့ထင်ရမလားပါပဲ။

လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ

လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ

လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ



လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ



လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးရဲ့ ဘုရားဆောင်မျက်နှာကြက်

လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ

လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ

■ ရှပ်စုံကျောင်းကြီးက ဆရာတော်များ

ယနေ့အထိ စဉ်ဆက်မပြတ် ရှပ်စုံကျောင်းကြီးမှာသီတင်းသုံးခဲ့ကြတဲ့ ကျောင်းထိုင်ဆရာတော်တွေကတော့ -

(၁) ဦးအာသဘ (ခေါ်) ဦးပေါ်ထင်၊
(၂) ဦးကုန္တ၊
(၃) ဦးပါရမီ၊
(၄) ဦးကုသလ၊
(၅) ဦးဝိမလ၊
(၆) ဦးပညာ (ခေါ်) ဂိုဏ်းဖြူဆရာတော်၊
(၇) ဦးကုမာရ၊
(၈) ဦးစန္ဒောဘာသနဲ့
(၉) လက်ရှိဆရာတော်ဦးသုနန္ဒ
တို့ ဖြစ်ကြပါတယ်။

ရှပ်စုံကျောင်းကြီးမှာ ပထမဆုံး ကျောင်းထိုင်တဲ့ဆရာတော်ဟာ ဦးပေါ်ထင်လို့ လူသိများထင်ရှားခဲ့တဲ့ ရဟန်းဘွဲ့မည် ဦးအာသဘဖြစ်ပြီး သူ့နောက်မှာ ဆရာတော်ဦးကုန္တဖြစ်ပြီး ဆရာတော်ဦးပါ[illegible] ကလည်း ဆက်လက်ပြီး ကျောင်း[illegible] (၅) နှစ်လောက် နေထိုင်သီတင်း[illegible] ခဲ့ပါတယ်။ အဲဒီနောက် [illegible] ဦးကုသလက စတုတ္ထ[illegible] ဆရာတော်ဖြစ်ခဲ့ပါ[illegible] ကျောင်းထိုင် ဆရာတော်[illegible] ယိုယွင်းပျက်[illegible] ကျောင်းတော်ကြီး

ကို ကာလအဆက်ဆက် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြတာပါ။

ကျောင်းပေါ်ကို သရက်ကွင်းလေ့ကားကြီးတွေကနေတက်အသွားမှာတော့ လက်ရှိကျောင်းထိုင်ဆရာတော်ကြီးဖြစ်တဲ့ ဦးသုနန္ဒကို ဘုရားခန်းဆောင်ထဲမှာ အသင့်ပဲဖူးတွေ့ခွင့်ရခဲ့ပါတယ်။ ဆရာတော်ကြီးဟာ ဒီကျောင်းကြီးမှာ ကျောင်းထိုင်လာခဲ့တာ (၁၅)နှစ်ရှိပြီလို့ဆိုပါတယ်။ ဆရာတော်က လိုလိုလားလားနဲ့ပဲ ကိုယ်တို့သိလိုသမျှကို သူသိသမျှစိတ်လိုလက်ရ ရှင်းလင်းပြောပြရှာတယ်။ ဆရာတော် စုဆောင်းထားတဲ့ တော်လှန်ရေးအစိုးရလက်ထက်ကထုတ်ဝေခဲ့တဲ့ 'ရှေ့သို့' စာစောင်နဲ့ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေခဲ့တဲ့ Forward စာစောင် (အတွဲ ၂၆၊ အမှတ်-၁၀၊ ၁-၂-၁၉၇၇ ခုနှစ်၊ တပို့တွဲလဆန်း၁၄ရက်၊ ၁၃၃၈ ခုနှစ်၊ မှတ်ပုံတင်အမှတ်-၁၆၉) တွေထဲက ကလောင်ရှင် တက္ကသိုလ်ညီညီလေးရဲ့ 'ဒို့ဘိုးဘွားအမွေအနှစ်' ဆောင်းပါးမှတ်တမ်းမှတ်ရာများနဲ့ အလှူရှင်နဲ့ဆက်နွှယ်သက်ဆိုင်တဲ့ ဆွေစဉ်မျိုးဆက်(Family Tree)ဆိုင်ရာ လက်ရေးမှတ်စုစာရွက်တွေကိုလည်းကြည့်ခွင့်ပေးခဲ့ပါရဲ့။



လယ်ကိုင်း။ ရှပ်စုံကျောင်းတော်ကြီးရဲ့ အနုလက်ရာများ



လယ်ကိုင်း။ ရှပ်စုံကျောင်းတော်ကြီးကို ပြန်လည်မွမ်းမံနေပုံများ



လယ်ကိုင်း။ ရှပ်စုံကျောင်းတော်ကြီးရဲ့ အနုလက်ရာများ

"ဒကာတို့ကို အပိုင်ယူသွားလို့တော့မပေးလိုက်နိုင်ဘူး။ ကျုပ်မှာဒါလေးပဲရှိတော့တာ"

လို့ ဆရာတော်က မိန့်ကြားပြောဆိုတာကိုလည်းနားလည်သဘောပေါက်မိပါတယ်။ ကိုယ်တို့ကို ဘယ်သူဘယ်ဝါတွေမှန်းမသိဘဲနဲ့လည်း အရေးတယူလက်ခံစကားပြောတာ၊ ကျောင်းတော်ကြီးနဲ့ပန်းပုတွေကိုကြည့်ခွင့်ပေး၊ ဓာတ်ပုံရိုက်ခွင့်ပေးတာနဲ့ပင် ကိုယ်တို့အဖွဲ့က ဆရာတော်ကြီးကိုကျေးဇူးအထူးတင်လှရဲ့။

■ ရှပ်စုံကျောင်းတော်ကြီးရဲ့ဒါယကာ

ဒီသစ်သားထည်ကျောင်းကြီးကို မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ်မှာ ကျောင်းများဒကာ ဦးအန်ထော်ဇာက စတင် ဆောက်လုပ် လှူဒါန်းခဲ့တာပါ။ ကျောင်းကြီးဆောက်လုပ်ခဲ့ချိန်ဟာ အချိန်ကာလအားဖြင့် (၁၅) နှစ်မျှကြာခဲ့ပြီး ၁၂၆၇ ခုနှစ်ရောက်မှ အပြီးသတ်ခဲ့ပါသတဲ့။ အစစကုန်ကျစရိတ်ကတော့ အဲဒီခေတ်သုံး ငွေဒင်္ဂါးတင်းပေါင်း (၃၀) လောက် ဖြစ်ပါတယ်။ အချို့မှတ်တမ်းတွေမှာတော့ ဟိုခေတ်က သုံးစွဲခဲ့တဲ့ မြန်မာဒေါင်းဒင်္ဂါး (၄၅) တင်းလို့လည်း ဖော်ပြကြတာရှိပါတယ်။

ကျောင်းတော်ကြီးရဲ့ မူလအလှူရှင် ဒါယိကာနဲ့ ဒါယိကာမတွေဖြစ်တဲ့ လယ်ကိုင်းမြို့ဇာတိ ဦးအန်ထော်ဇာနဲ့ မယ်အန်ထော်ဇာ (ထော်ထော်) ခေါ် ဒေါ်ထော်တို့ရဲ့ လူရာစံရုပ်ခန္ဓာအဖြစ်နဲ့ ကိုယ်လုံးပေါ်ရုပ်ပုံတွေကိုလည်း ကျောင်းကြီးထဲမှာ ချိတ်ဆွဲပြသထားပါတယ်။ ဒီ[illegible]တွေကိုတော့ သူတောင်းမျိုးနွယ်[illegible] ရန်ကုန်က ဦးပန်ထိုက်နေအိမ်[illegible] ခဲ့တယ်။ ဦးအန်ထော်ဇာတို့ကို [illegible] (အင်္ဂလိပ်လိုရေးယာန်ဘာ[illegible]) တွေမှည့်ခေါ်ထားကြပေမယ့် [illegible] မောင်နှံနှစ်ဦးစလုံးဟာ [illegible] နွယ်ဝင်မြန်မာ[illegible]တွေဖြစ်ကြပါတယ်။

ဦးအန်ထော်ဏီဟာ မန္တလေးရတနာပုံ နေပြည်တော်၊ ဆရာမတ် (မစ္စတာမတ်) ကျောင်းမှာ အင်္ဂလိပ်စာသင်ယူခဲ့ပြီး သီပေါမင်းနဲ့ ကျောင်းအတူတူနေခဲ့တဲ့ ကျောင်းတော်ဆွေစာသင်ဖက်လို့လည်း ပြောကြတာမျိုးရှိပါတယ်။

အဲဒီအချိန်ဟာ အင်္ဂလိပ်လက်အောက်ကို မြန်မာတွေကျရောက်နေချိန်မို့ ခေတ်ကာလအလျောက် အင်္ဂလိပ်နာမည်ခံယူကြတာလည်းဖြစ်ပါလိမ့်မယ်။ အချို့ကလည်း ဘုရင်မင်းတရားအနားမှာ အင်္ဂလိပ်လူမျိုးအမှုထမ်းတွေရှိနေခိုက် အဲဒီအမည်နဲ့ နိုင်ငံခြားသားတစ်ဦးလည်းရှိနေတုန်းမို့ သူ့ကို မင်းတရားကြီးက ချစ်ခင်မြတ်နိုးစွာနဲ့ အဲဒီအမည်မှည့်ခေါ်လိုက်တာဖြစ်လို့ မငြင်းပယ်နိုင်ဘဲ လက်ခံခဲ့တာလို့လည်းဆိုကြရဲ့။ ပုံထဲမှာ ဦးအန်ထော်ဏီဟာ ဦးခေါင်းထက်မှာ အစနှစ်စုထောင်ထားတဲ့ ဖော့လုံးဖြူ ဆောင်းထားပြီး ကိုယ်မှာတော့ ခါးရှည် သိုရင်းအင်္ကျီဝတ်နဲ့ ခါးမှာလည်း ဆောင်ရှည်ပုဆိုးအကွက်ကို ဝတ်ဆင်ထားပါတယ်။ ဇနီးသည်ဖြစ်သူ မယ်အန်ထော်ဏီကလည်း ထိုင်မသိမ်းနဲ့ ထဘီအကွက်ဆင် (ချိတ်အဆင်မဟုတ်) ကို ဝတ်ဆင်ထားပါတယ်။



လယ်ကိုင်း။ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ

လယ်ကိုင်း။ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ



လယ်ကိုင်း။ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ



လယ်ကိုင်း။ ရှပ်စုံကျောင်းကြီးရဲ့ အနုလက်ရာများ

ဆရာတော်စုဆောင်းမှတ်သားထားတဲ့ အလှူရှင်တွေရဲ့ မိသားစုအစဉ်အဆက် လက်ရေးမှတ်စုစာရွက်လေးထဲမှာ ကျောင်းဒါယကာဦးအန်ထော်ဏီနဲ့ မယ်အန်ထော်ဏီတို့ရဲ့ ဆွေစဉ်မျိုးဆက်တွေလည်းပါပါတယ်။ အဲဒီမှာ ဒီစလင်းနယ်သား သူကောင်းမျိုးနွယ်တွေဖြစ်တဲ့ [illegible] အစိုးရအဖွဲ့ရဲ့ အမျိုးသားစီမံကိန်းဝန်ကြီးဌာနဝန်ကြီး စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဒေါက်တာကျော်ဝင်း (ဒေါ်နန္ဒာမွန်း) တို့ ကိုယ်နဲ့လည်း ခင်မင်တဲ့ ဦးလေး ဦးစိန်ဖိုး (သူရဲ့မဂ္ဂဇင်းရဲ့ ပင်တိုင်ဆောင်းပါးရှင် စာရေးဆရာ အနောက်တံခါးမှူးမောင်မှူး) တို့ရဲ့ အမည်တွေကိုလည်း တွေ့မြင်လိုက်ရတယ်။

ဒီနယ်အနီးတစ်ဝိုက်က ဘုန်းကြီးကျောင်းအတော်များများကို လည်း ဦးအန်ထော်ဏီကပဲ တည်ဆောက်ပေးခဲ့တာများပါသတဲ့။ လယ်ကိုင်းမြို့မှာ ဒီရှပ်စုံကျောင်းကြီးအပြင် ဖားဝပ်ကျောင်း၊ ကုန်းဖြူအရှေ့ကျောင်း၊ နိဗ္ဗာန်မြောက်ကျောင်းနဲ့ ဆင်တည်းမြောက်ကျောင်း စတဲ့ ဘုန်းတော်ကြီးကျောင်းတွေလည်း အခုတိုင် အထင်အရှားတည်ရှိနေပါသေးတယ်။ ဒါ့အပြင် အခြားဒေသတွေမှာလည်း ကျောင်းတွေ ဆောက်လုပ်လှူဒါန်းခဲ့သေးလို့ သူ့ကို 'ကျောင်းများဒကာ' လို့လည်း နောက်တစ်မျိုးခေါ်ကြသေးရဲ့။ ဦးအန်ထော်ဏီဟာ လယ်ကိုင်းမြို့ မြို့သူကြီး [illegible] တော့အင်္ဂလိပ်ခေတ်မှာ [illegible] ကြီးလည်းဖြစ်ခဲ့ဖူးပါတယ်။

■ ရှပ်စုံကျောင်းတော်ကြီးရဲ့ ဗိသုကာ

အခါ [illegible] မှာဖြစ်ရ [illegible]



ဗို့ဘိုးဘွားအမွေအနှစ်မှု

လယ်ကိုင်း၊ ရှပ်စုံကျောင်းကြီးကို ရှေးသို့စာစောင်မှာ ဖော်ပြထားပုံများ

အနှစ်များဆိတ်သုဉ်းပျောက်ကွယ်မှုမရှိစေရန် မဏ္ဍိုင်စိုက်ထူခဲ့မယ်ဆိုတဲ့စိတ်သဘောထားနဲ့ ဦးအန်ထော်ဏ်က ဒီ ကျောင်းတော်ကြီးကို တည်ဆောက်လှူဒါန်းခဲ့တာပါတဲ့၊ ကျောင်းကြီးကို မန္တလေးနန်းတော်ကြီးနဲ့ ဆင်တူယိုးမှားဆောက်လုပ်ခဲ့ကြလို့ နန်းတော်ကြီးနဲ့လည်း တူနေတယ်လို့ဆိုကြပါတယ်။ ကုန်းဘောင်ခေတ်နှောင်းမြန်မာ့ဗိသုကာပညာရှင်များရဲ့ဘုန်းကြီးကျောင်းဖွဲ့စည်းတည်ဆောက်ပုံအရ ဒီကျောင်းကြီးကို အဆောင်ကြီးလေးဆောင်နဲ့တည်ဆောက်ထားခဲ့ကြပါတယ်။

အဲဒီ ကျောင်းအဆောင်ကြီးလေးဆောင်ကတော့ -

(၁) ပြဿဒ်ဆောင် (ဘုံခုနစ်ဆင့်ပါတဲ့ အမြင့်ဆုံးအဆောင်)
(၂) စနုဆောင်
(၃) ခန်းမဆောင်နဲ့
(၄) ဘောဂဆောင်
တို့ ဖြစ်ကြပါတယ်။

ရှပ်စုံကျောင်းတော်ကြီးကိုမြောက်အရပ်သို့မျက်နှာမူကာ အရှေ့ဘက်ကို ခေါင်းပြုပြီး တည်ဆောက်ခဲ့ကြတယ်။ ကျောင်းတော်ကြီးမှာ ကျွန်းသားတိုင်ပေါင်း (၂၀၄) တိုင်နဲ့ လှေကားကြီး (၈) စင်းရှိရာမှာ အရှေ့အနောက်မျက်နှာစာတွေမှာ (၂) စင်း၊ တောင်နဲ့မြောက်မျက်နှာစာတွေမှာ (၃)စင်းစီဖြစ်ပါတယ်။ အနောက်ဘက်လှေကားတွေကို သစ်သားလှေကားအဖြစ် ဆောက်လုပ်ထားပြီး ကျန်လှေကားကြီးတွေကတော့ အုတ်လှေကားတွေဖြစ်ပါတယ်။ ယနေ့လက်ရှိ ကျောင်းအနောက်ဘက်ကအတက်အဆင်းအုတ်လှေကားကြီးမှာ ၁၃၄၁ ခု အမှတ်အသားကို အင်္ဂတေနဲ့အကြွဖော်ထားလို့ ဒါဟာ မကြာသေးခင်ကမှ နောက်ဆုံး ပြုပြင်ပြင်ဆင်ရင်း ရေးထိုးထားခဲ့တဲ့ရက်စွဲဖြစ်မယ်ထင်ရတယ်။

ကိုယ်တို့အဖွဲ့ဟာ ဆရာတော်ကြီးကို ဝတ်ပြုကန်တော့ခဲ့ကြပြီး ကျောင်းတော်ကြီးအတွင်းပိုင်းကို လှည့်ပတ်ကြည့်ရင်း ဓာတ်ပုံတွေလည်း တဖျပ်ဖျပ်ရိုက်ယူကြပါတယ်။ ဓာတ်ပုံရိုက်ယူချင်လောက်အောင်လည်း ကျောင်းကြီးတစ်ကျောင်းလုံးက ဆွဲဆောင်ညှို့ယူနေတာကိုး။ ဘုရားခန်းအတွင်းမှာတော့ အညာဘုန်းကြီးကျောင်းအိုကြီးရဲ့ထုံးစံအတိုင်း ရှေးဟောင်း ဆင်းတုရုပ်တုတော်တွေ အတော်များများ စုပုံပြီးတွေ့ရတယ်။ ဆင်းတုတော်တွေနဲ့အတူ မှန်စီရွှေချယ်ကနုတ်တွေနဲ့ ဘာသာရေးဆိုင်ရာပရိဘောဂတွေကိုလည်း အများအပြားတွေ့ရပြန်တယ်။ ဒါတောင် အချိန်ကာလ၊ ရာသီဥတု၊ ပိုးမွှားသတ္တဝါမျိုးစုံနဲ့ ရှေးဟောင်းပစ္စည်းခိုးဝှက်ရောင်းချသူတွေကြောင့် လျော့ပါးသွားခဲ့ဦးမှာမို့ နောက်ဆုံးသော သူခိုးလက်ကျန်တွေသာ ဖြစ်ပါလိမ့်မယ်။

■ လယ်ကိုင်းရှပ်စုံကျောင်းက ကိုးဆူခုံ

အဲဒီလက်ကျန်ပစ္စည်းတွေအကြားမှာ စလင်းမြို့မှာထဲက ကိုယ်စိတ်ဝင်စားမိနေတဲ့ အညာဘုန်းကြီးကျောင်းတွေမှာ မှတွေ့လာရတဲ့ ကိုးဆူခုံကိုလည်း ဘုရားခန်းက သစ်သားတိုင်လုံးနိုကြီးတစ်ပိုင်ရှေ့ကပ်လျက်နားမှာ တွေ့လိုက်ရပြန်ရဲ့။ ဒီကိုးဆူခုံက လူ့ခါးလည်လောက်မြင့်နေလို့ သေသေချာချာလှည့်ပတ်ကြည့်လိုက်တော့ (၃)ပေလောက်မြင့်တဲ့ လက်ကျန်သီးခြားကျောင်းဆောင်တစ်ခုအပေါ်မှာ ဆင့်တင်ထားတာဖြစ်နေပါတယ်။ အမှန်တကယ်တော့ ဘုရားခန်းကြမ်းပြင်ပေါ်မှာပဲရှိနေရမှာပါ။ အခုကိုးဆူခုံမှာ ထူးခြားတာက ခုံအလယ်က ဘုရားရှင်ရုပ်ပွားတော်ဟာ ကျောင်းဆောင်ရှည်မျောမျောလေးထဲမှာစံပယ်နေတာပါပဲ။ အရင်ကိုးဆူခုံတွေမှာလို အောက်ခံတင်ခုံရဲ့အလယ်ကွက်မှာ ဘုရားဆင်းတုတစ်ဆူ ထည့်သွင်းထားတာမဟုတ်ဘဲ ကျောင်းဆောင်လိုက်ထည့်ထားတာဖြစ်ပါတယ်။ ဘုရားကျောင်းဆောင်လေးကလည်း ဘုံအဆင့်ဆင့်နဲ့မို့ ဒါလည်း တစ်ရွာတစ်ပုဒ်ဆန်းတစ်မျိုးတစ်ဖုံကြည့်ကောင်းနေပါတယ်။

ပင်မကျောင်းတော်ကြီးရဲ့ ခြေရင်း [illegible]းကိုလည်း အဆောင်သစ်တစ်ဆောင် [illegible]လည်းဆောက်လုပ်နေတာတွေ့ရတယ်။ [illegible]သမားတွေနဲ့လည်း စကားပြော [illegible]မြန်းခွင့်ရခဲ့ပါတယ်။ ရှေးမူမပျက် [illegible]ဆင်နေတယ်ဆိုလို့ ရှေးဟောင်း [illegible]တသီတစ်ဦးအနေနဲ့ ကိုယ့်မှာဝမ်းသာ [illegible]ဖြစ်ရပါတယ်။ ကျောင်းဆောက် [illegible]နေလုပ်ငန်းခွင်က လက်သမားတွေ [illegible]သားစုတွေက ကျောင်းတော်ကြီး [illegible]နားဆီမှာပဲကပ်ပြီးချက်ပြုတ်စား [illegible]နေကြတာမို့ မီးဘေးသတိပေး [illegible] အသာတကြည်နားယောင်ပြီး [illegible]' ပါတယ်။ ပြီးစလွယ်ပြော [illegible]၊ တကယ်နားလည်လက်ခံ [illegible]တော့မသိပါဘူး။ ကျောင်း [illegible]လည်မှာ မီးဘေးအန္တရာယ် [illegible] မီးသတ်ဘူးတွေချိတ်ဆွဲ [illegible] သတိထားမိတယ်။ [illegible]ဖြစ်လာရင် ဒီမီးသတ်ဆေးဘူး [illegible]နဲ့ မကာကွယ်နိုင်တာမို့ [illegible]ရာယ်မှမသင့်တာကတော့ [illegible]ဆုံးပါပဲ။

[illegible]ကျောင်းကြီးကိုတည်ဆောက် [illegible]အနုပညာအစစ်အမှန်ဖြစ် [illegible]ရတနာပုံနေပြည်တော်မှ [illegible]ဟန်များအကြောင်း [illegible]နိုင်နင်းတဲ့ မြန်မာ့ [illegible]ကြီးကို ဦးစီးဆောင်ရွက် [illegible] ဆရာနဲ့ရဲ့မိသားစုနဲ့တပည့် [illegible] လယ်ကိုင်းအရောက် [illegible] တောင်းသမျှအခကြေးငွေပေးတာတင်မက ကျောင်းကြီးမပြီးမချင်း (၁၅)နှစ်တာကာလအတွင်းမှာ စားနပ်ရိက္ခာအပြည့်အစုံလည်း ထောက်ပံ့ပေးထားခဲ့ပါသတဲ့။ လက်သမားခတွေ စာရင်းရှင်းရာမှာလည်း ငွေကို အင်တုံနဲ့အပြည့်ထည့်ထားပြီးပေးခဲ့ကြရပါတယ်။ လက်သမားခချည်း ငွေဒင်္ဂါး (၉) တင်းလောက်ကုန်ရဲ့။ ကျောင်းကြီးဆောက်လုပ်တာ ဘယ်လောက်ကြာသလဲဆိုတော့ မန္တလေးကလာရောက်အလုပ်လုပ်တဲ့လက်သမားတွေ၊ ပန်းပုဆရာတွေပါ ဒီအရပ်ဒေသက မိန်းကလေးတွေနဲ့ အိမ်ထောင်ကျကုန်ပြီး သားသမီးတွေရ ဒီမှာပဲတစ်အိုးတစ်အိမ်ထူသွားကြတဲ့အထိပါပဲလို့လည်း သိခဲ့ရပါတယ်။

ဒါကြောင့်လည်း စိတ်အေးလက်အေးအလုပ်လုပ်ခွင့်ရကြလို့ ပန်းပုလက်ရာတွေကောင်းလှတယ်ထင်ရဲ့။

ကျောင်းကြီးရဲ့အထက်ကဘုံ(၇)ဆင့်နဲ့ပြာသာဒ်အသီးသီးမှာ (၅၅၀) နိပါတ်တော်လာဇာတ်တော်တွေကို ကျွန်းသစ်သားဖြင့် ရုပ်လုံးရုပ်ကြွများထွင်းထုပုံဖော်ထားတယ်။

ကျောင်းကြီးရဲ့အပြင်ဘက်ပတ်ပတ်လည်က လက်ရန်းတိုင်တွေမှာ အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်)လက်ရန်းတိုင်ကစပြီး လက်ဝဲရစ်အတိုင်း အစီအစဉ်တကျနဲ့ ဂေါတမမြတ်စွာဘုရားရဲ့ ဖြစ်တော်စဉ်ဗုဒ္ဓဝင်ဇာတ်ကြောင်းပါရုပ်စုံသစ်သားပန်းပုတွေ ထွင်းထုတည်သွင်းကာ တန်ဆာဆင်ထားပါတယ်။ အဲဒီ ထောင့်လက်ရန်းတိုင်ကစခဲ့တဲ့ဇာတ်ကွက်ဟာ အဲဒီထောင့်မှာပဲ ပြန်လည်အဆုံးသတ်သွားရဲ့။ စတင်ပြီးတပ်ဆင်ထားတဲ့ပုံဟာ မယ်တော်မာယာ မိဖုရားကြီး အိပ်မက်မြင်မက်ခန်းဖြစ်ပြီး အဆုံးသတ်တပ်ဆင်ထားတဲ့ပုံတော်ကတော့ ဘုရားရှင် ဗောဓိပင်နဲ့ရွှေပလ္လင်ကို အောင်မြင်တော်မူခန်းဖြစ်ပါတယ်။ လက်ရန်းတိုင်တွေမှာတပ်ဆင်ထားတဲ့ ရုပ်တုပုံတော်စုစုပေါင်းဟာ (၉၄) ခုတိတိရှိပါတယ်။

သုဒ္ဓေါဒနမင်းကြီး ထီးနန်းစံပုံ၊ မာယာမိဖုရားကြီးအိပ်မက်မြင်မက်ခန်း၊ မိဖုရားကြီးအိပ်မက်ပြန်ပြောခန်း၊ ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့အသွား လုမ္ဗိနီအင်ကြင်းဥယျာဉ်တွင် ဘုရားအလောင်းဖွားမြင်၍ ပြဟ္မာကြီးလေးဦးခံယူခန်း၊ သုဒ္ဓေါဒနမင်းကြီးလယ်ထွန်မင်္ဂလာဆင်းခိုက် ဇမ္ဗုသပြေပင်ရင်း၌ သိပ်ထားစဉ် ဘုရားအလောင်း ဈာန်ဝင်စားနေပုံ၊ သိဒ္ဓတ္ထမင်းသားလေးတင်ခန်း၊ သိဒ္ဓတ္ထမင်းသား ယသော်ဓရာနှင့်[illegible]ခန်း၊ ဘုရားအလောင်းတော်သက်တော် (၂၉) နှစ်တွင် ဥယျာဉ်တော်ထွက်ခန်း၊ ပြဟ္မာကြီးလေးပါးတို့ ဖန်ဆင်းပြသော သူအို-သူနာ-သူသေ-ရဟန်း နိမိတ်ကြီးလေးပါးမြင်ခန်းမှ ရဟန်းအား တွေ့မြင်ရပုံ၊ ထိုသို့မြင်လိုက်ရပြီး လောကဥ္စနေရန်ထိတ်လန့်ကြောက်ရွံ့တော်မူနေပုံ၊ ယနေ့ပင် တောသို့ထွက်၍ ရဟန်းပြုရန် ကြံစည်ပုံ၊ တောထွက်ခါနီး ယသော်ဓရာဆောင်ခန်းသို့ကြွလှမ်း၍ ၊ သားတော်ကလေးရှုစားဟန်၊ အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ယသော်ဓရာနန်းဆောင်မှဆင်းလာပြီး တောထွက်ရန်အသင့်ပြင်ထားသော ကဏ္ဍကမြင်းကို စီးနင်းစဉ် မြင်းမြီးကိုဆွဲ၍ ဆန္နအမတ်လိုက်ပါလာပုံ၊ ဘုရားအလောင်း တောထွက်တော်မူခန်း၊ တောထွက်ရန်အလာ ဘုရားအလောင်းအား မြို့မှမထွက်ခင် မြို့တံခါးအနီး၌ မာရ်နတ်မင်းသည် ကောင်းကင်၌ရပ်လျက် တောမထွက်ပါနှင့်။ (၇) ရက်ကြာလျှင် စကြာရတနာဆိုက်ရောက်လာပါလိမ့်မည်ဟု တားမြစ်ခန်း စတဲ့ သရုပ်ဖော်ပုံတွေ ပါရှိပါတယ်။ နောက်ဆုံး ဘုရားဖြစ်တဲ့အထိ ဗုဒ္ဓဝင်ဇာတ်ခန်းတွေကို ပြောင်မြောက်တဲ့ ပန်းကနုတ်အနုလက်ရာများနဲ့အချိုးကျနပြောင်းနွဲ့လှပစွာသရုပ်ဖော်ထုလုပ်ထားတာပါ။ ဇာတ်ကွက်တစ်ကွက်စီကို သစ်လုံးကြီးရဲ့ဆက်ခြမ်းခြမ်းထားတဲ့ အခုံးဘက်မျက်နှာပြင်မှာ ထွင်းထုထားပြီး ကျောင်းကြီးရဲ့တိုင်နေရာတွေကိုဖုံးပြီး တပ်ဆင်ထားပါတယ်။ တချို့သစ်လုံးခြမ်းများမှာ ဇာတ်ကွက်ကိုအပြည့်ထွင်းထုထားပြီး တချို့သစ်လုံးခြမ်းများမှာတော့ အထက်အောက် (၂) ပိုင်း ပိုင်းပြီး ဇာတ်ကွက်ကို သရုပ်ဖော်ထားတယ်။ တိုင်လုံးတွေရဲ့ ထိပ်တိုင်းမှာ တိုင်အုတ်အင်္ဂတေတုံး၊ ကျောက်တုံးတွေကိုတင်ပြီး တိုင်ထိပ်ကို မိုးအခါမှာ မိုးရေမဝင်အောင် အကာအကွယ်ပေးဖို့လည်း စီမံထားပါသေးတယ်။ တိုင်အုပ်တွေကလည်း အနုပညာလက်ရာတစ်မျိုးပါပဲ။

ကျောင်းကြီးရဲ့ အပြင်ဘက်က ထောင့်နေရာတွေမှာတော့ ဇာတ်[illegible] ဆယ်ဘွဲ့လာ ဇာတ်ကွက်[illegible] ပန်းပုအလှတွေနဲ့ တန်ဆာ[illegible]ပါတယ်။ အဲဒီပန်းပုရုပ်တွေ[illegible] ဆင်တန်ဆာသက်[illegible] ထုလုပ်တပ်ဆင်[illegible] ဇာတ်ကြောင်းကို [illegible]

သိရှိရအောင် သရုပ်ဖော်ပညာပေးခြင်းဖြင့် ဗုဒ္ဓဘာသာအနှစ်သာရတွေကို သိရှိကြဖို့လုပ်ထားတာပါ။

ဒါ့ပြင် လှပတင့်တယ်တဲ့ နတ်ရုပ်မာန်ပါလှတဲ့နတ်ဘီလူးရုပ်တွေကိုလည်း ကျောင်းကြီးရဲ့နေရာအတော်များများမှာ တွေ့ရှိခဲ့ရတယ်။ အထူးသဖြင့် လှေကားအတက်အဆင်းက အဖွင့်အပိတ်တံခါးရွက်တိုင်းမှာ နတ်ဘီလူးပုံတွေရှိရဲ့အစောင့်အရှောက်အရံအတားသဘောလေလားမသိပါ။ သီရိလင်္ကာနိုင်ငံက သာသနိကအဆောက်အအုံတိုင်းရဲ့ လှေကားအရင်းတွေရဲ့လက်ဝဲလက်ယာမှာတော့ အစောင့်နတ်သား (Guard Stone) (ဒွာရပါလ) (ဒွာရပါလကရုပ်) (Dvarapalaka Rupa) ကျောက်ဆစ်ရုပ်တွေရှိကြရဲ့။ ကျောင်းတော်ကြီးရဲ့အောက်ထပ်က အပြင်ဘက်ဆုံးတိုင်လုံးများရဲ့ အောက်ခြေအနီးမှာတော့ ထုလုပ်ထားတဲ့ တိုးနရားရုပ်တွေကို အပြင်ဘက်သို့လှည့်ပြီး တပ်ဆင်ထားပြန်ပါတယ်။

ဝရန်တာခန်းဖွဲ့တစ်ခန်းနဲ့တစ်ခန်း၊ တိုင်တစ်တိုင်နဲ့တစ်တိုင်ကြား အခန်းအဆက်အစပ်နဲ့ လက်ရန်းတွေအားလုံးမှာတော့ သစ်သားပန်းတန်းကြီးတွေ တပ်ဆင်ထားတယ်။ ကျောင်းပတ်ပတ်လည်ကသစ်သားပန်းပုတန်းတွေအားလုံးမှာ မြန်မာမှုကိုပိုပိုပေါ်လွင်စေတဲ့ ကဒေါင်းရုပ်တွေနဲ့ ဆင်ယင်ထားတယ်။ ယင်းတို့ထဲကမှ အဆောင်ခြေရင်းဘက် လက်တန်းက အဆင်တန်ဆာအဖြစ်သုံးထားတဲ့ ကဒေါင်းပုံအတန်းလိုက်ကြီးတွေဟာ အတော်ထည်ဝါလှပပါတယ်။ အရင်တုန်းကတော့ ကျောင်းတော်ကြီးတစ်ခုလုံးကို ဝရန်တာလျှောက်လမ်းကနေ ပန်းပုတွေကို လှည့်လည်ကြည့်ရှုလို့ရအောင် စီမံထားပေမယ့် ခုတော့ ပြိုကျသွားပြီဖြစ်တဲ့ ခေါင်းရင်းဘက်က အဆောင်တွေဆီကို မသွားနိုင်တော့ပါဘူး။ ဒီလို ရုပ်လုံးရုပ်ကြွတွေထုလုပ်ဖို့အတွက် ကျွန်းလုံးကြီးတွေကို ပုံးဆည်အဖျားကနေ စိတ်ကြိုက်ရွေးချယ်ပြီး ဆင်တစ်တန်ဖောင်တစ်တန်နဲ့ ကနီသူကြီးက ခဲခဲယဉ်းယဉ်းပို့ပေးခဲ့ရပါသတဲ့။ ကနီသူကြီးနဲ့ဦးအန်ထော်ဇီတို့ဟာ သွေးသားရင်းချာတွေဖြစ်လို့ စရိတ်ငြိမ်းပို့ပေးတာဖြစ်ပြီး ကျောင်းဆောက်လုပ်လို့ ကုန်ကျတဲ့ငွေထဲမှာ ဒီလိုပို့ဆောင်ရေးစရိတ်တွေ၊ ကျွေးမွေးစရိတ်တွေမပါသေးဘူးလို့ သိရပါတယ်။ သစ်လုံးတွေကို ကုန်ကြမ်းမှ ကုန်ချောဖြစ်ဖို့အတွက်လည်း မြန်မာလွှစင် (၄၀) နဲ့ သစ်လုံးမှ ဖျဉ်းချပ်တွေအထိ ပြုပြင်ဖန်တီးယူခဲ့ကြပါသတဲ့။

အဲဒီလို ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ဖော်ကျူးထားတဲ့ ရုပ်တုတွေနဲ့မို့လည်း ဒီကျောင်းကြီးကိုထိန်းသိမ်းစောင့်ရှောက်ထားခြင်းဟာ တစ်ချိန်တုန်းက ဖြစ်ထွန်းအောင်မြင်ခဲ့တဲ့ မြန်မာအနုလက်ရာများကို ထိန်းသိမ်းခြင်းသာမဟုတ်ဘဲ ဘာသာတရားကိုလည်း စောင့်ရှောက်ရာကျပါတယ်။ ဆရာကြီးဒဂုန်ဦးစန်းငွေကလည်း 'ဗုဒ္ဓယဉ်ကျေးမှုထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး၊ စာပေ၊ စာပြော၊ စာဟော၊ ကွက်စိပ်တွေနဲ့ထိန်းသိမ်းထားခဲ့တာရှိသလို ပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းယွန်း၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့ဆိုတဲ့ အနုပညာလက်ရာတွေနဲ့ ထိန်းသိမ်းထားရှိရတာမျိုးလည်းရှိပါတယ်' လို့ ပြောခဲ့ကြောင်း ဆရာတော်ပြုတဲ့ 'ရှေ့သို့' စာစောင်မှာ ဖော်ပြထားပါတယ်။

ဆွမ်းစားဆောင်ကိုတော့ ကျောင်းတော်ကြီးရဲ့ ရှေ့မျက်နှာစာ တနင်္ဂနွေထောင့်ယွန်းယွန်းမှာ (၅) ပင် × (၇)ပင် အကျယ်အဝန်းနဲ့ တည်ဆောက်ထားခဲ့တယ်။ အဲဒီရဲ့ခေါင်းရင်းဘက်မှာလည်း (၄)ပင်×(၅)ပင်ဇရပ်တစ်ဆောင်လည်း ရှိခဲ့ပါတယ်။ ဆွမ်းချက်ကျောင်းငယ် (ယခင်အခေါ် မီးတင်းကုပ်) ကိုတော့ ကျောင်းကြီးရဲ့ ရာဟုထောင့်အနောက်မြောက်ယွန်းယွန်းမှာ (၃) ပင် × (၄)ပင် အရွယ်တည်ဆောက်ပေးခဲ့ကြပြီး အဲဒါရဲ့တောင်ဘက်မှာ (၄)ပင်×(၅)ပင် ဇရပ်နှစ်ဆောင်ရှိပါသေးတယ်။ ဒါတင်မက ကျောင်းတော်ကြီးမှာ နေထိုင်သီတင်းသုံးတဲ့ ရဟန်းသံဃာတော်တွေနဲ့ ကျောင်းသားတွေသုံးစွဲဖို့ ရေတွင်းကြီး(၃)တွင်းကိုလည်း တူးဖော်ပေးခဲ့တယ်။ ဆရာတော်သံဃာတော်တွေဆွမ်းကွမ်းအဆင်ပြေဖို့ရိက္ခာတော်အတွက်လည်း အလှူရှင် ဦးအန်ထော်ဇီတို့မိသားစုက ဆွမ်းအိုးလယ်အဖြစ် လယ်ဧက (၁၀) ဧကကိုလည်း လှူဒါန်းခဲ့ပြန်ပါသေးတယ်။

လယ်ကိုင်းမြို့ဟောင်းရုပ်စုံကျောင်းတော်ကြီးကအပြန် အဲဒီကျောင်းကြီးရဲ့ ရှေ့ဘက်မလှမ်းမကမ်းမှာ အသားထည်ဘုန်းကြီးကျောင်းမကြီးမသေးတစ်ခုရှိလို့ ဝင်ကြည့်ခဲ့ပါသေးတယ်။ အဲဒီရဲ့ဘုရားဆောင်မှာလည်း ရှေးဟောင်းဆင်းတုတော်တွေအတော်များများတွေ့ရပါတယ်။

လယ်ကိုင်းမြို့ထဲပြန်ပြီးနေ့လယ်စာစားကြတယ်။ လယ်ကိုင်းရဲ့နာမည်ကျော် 'မရွှေ'မုန့်လည်း ကောင်းတယ်ဆိုလို့ဝယ် မယ်ပြင်ပြီးမှ ရန်ကုန်အပြန်လက်ဆောင်အဖြစ်တော့ ပြန်တဲ့နေ့ လယ်ကိုင်းကိုဖြတ်မှ ဝယ်ဖို့ဆုံးဖြတ်လိုက်ကြတယ်။ ဒါပေမယ့် အမြည်းသဘောတော့ နည်းနည်းဝယ်စားလိုက်သေးတယ်။ မရွှေမှာလည်း နာမည်ရအမှတ်တံဆိပ်နဲ့မရွှေကမှ ပိုလို့ကောင်းသတဲ့။ ဒေသခံတွေက ခတ်သိမို့ နာမည်ရနဲ့ နာမည်မရ နှစ်မျိုးစလုံးဝယ်ပေးလို့ အရသာကိုခွဲခြားသိသွားတယ်။ ဩော် - ဘယ်လုပ်ငန်းမှာမဆို စေတနာထားပြီးအကောင်းဆုံးလုပ်ရင် နာမည်ကောင်းလက်မှတ်ရတာပဲလေ။ လယ်ကိုင်းမှာ မုန့်ဖက်ထုပ်လည်း နာမည်ကြီးတယ်ဆိုပြီး ဝယ်ကျွေးကြပြန်လို့ စားလိုက်ရသေးတယ်။

အဲဒီနောက် မင်းဘူးခရိုင်အတွင်း သာသနိကအဆောက်အအုံများလေ့လာရေးခရီးအတွက် ဆက်လက်ပြီး စကုမြို့ကို ချီတက်ကြပါတယ်။ လယ်ကိုင်းနဲ့စကုကိုဆက်သွယ်ထားတဲ့လမ်းကြီးဟာ မြို့သူကြီးတွေ စိတ်ကြိုက်ဖောက်လုပ်ခဲ့လို့ မင်းဘူးခရိုင်အတွင်းမှာ သွားလာရအကောင်းဆုံးလမ်းလို့ ဆိုကြပါတယ်။ ဒါပေမယ့် မေလရဲ့နွေနေပူပူမှာ ခရီးနှင်နေရတော့လေထုဟာ ခြောက်ခြောက်သွေ့သွေ့ကြီးနဲ့ မျက်နှာကိုလာဟပ်လို့ ကိုယ်တို့လို အောက်ပြည်အောက်ရွာကလာသူအဖို့ ခံရခက်လှတယ်။ ဒါ့အပြင် လေရူးနဲ့အတူ ဖုန်တွေကလည်းတသောသောမို့ အသက်ရှူလည်းကျပ်လှပေါ့။ ပူပြင်းလှတဲ့ နွေခေါင်ခေါင်မှာ မြင်ရသမျှဟာ လောင်မြိုက်နေသလိုလည်း ခံစားခဲ့ရပါတယ်။

ဩော် - ခုတော့လည်း ဒီဒေသတစ်ဝိုက်မှာ ရေပြင်ကြီးလွှမ်းသွားသတဲ့။ ပူပြင်းခြောက်သွေ့ပြီးရေရှားလှတဲ့အထက်အညာဒေသမှာ ရေဘေးသင့်တာကိုတွေးကြည့်ပေမယ့်လည်း မယုံနိုင်အောင်ဖြစ်ရလို့ သဘာဝတရားရဲ့လှည့်စားမှုကို အံ့ဩမဆုံးဖြစ်မိပါတယ်။ တစ်ပြိုင်တည်းမှာပဲ နွေတုန်းကတွေ့ခဲ့ရတဲ့ မြန်မာ့အနုလက်ရာသာသနိကအဆောက်အအုံတွေထဲကဘယ်ဟာတွေများရေဘေးမှာပျက်စီးသွားပါလိမ့်လို့ တွေးရင်းလည်း နှမြောနေမိရဲ့။ ပွင့်ဖြူနယ်ကလူတွေသာမက ယဉ်ကျေးမှုအနုလက်ရာတွေပါ သဘာဝဘေးအန္တရာယ်တွေကနေကင်းဝေးပါစေလို့လည်း ကျိတ်ပြီးဆုတောင်းနေမိပြန်ပါတယ်။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

မဟာသက္ကရာဇ် ၉၇ ခုနှစ် ဓညဝတီရခိုင်ပြည်အား စန္ဒသူရိယမင်းမြတ် ထီးဖြူအုပ်ချုပ်မင်းလုပ်တော်မူခဲ့၏။ ထိုစဉ် မဇ္ဈိမဒေသ၌ သုံးလောကထွတ်ထား မြတ်စွာဘုရားပွင့်နေကြောင်းသတင်းကြားသဖြင့် စန္ဒသူရိယဘုရင်သည် ဘုရားရှင်အား ဖူးမြင်ချင်သောဆန္ဒ၊ တရားတော်ကိုနာယူချင်စေသောဆန္ဒပြင်းပြစွာပေါ်လာလေ၏။ စန္ဒသူရိယမင်းသည် သူ၏အာသီသကိုမှူးမတ်များအားအသိပေး၍ ဘုရားရှင်ကို ပင့်ဆောင်ရန် စေခိုင်း၏။ ထိုအခါ အမတ်ပညာရှိများက ရခိုင်ပြည်မှ မဇ္ဈိမဒေသသို့သွားရာလမ်းသည် ခက်ခဲလှကြောင်း၊ ဘုရားရှင်စစ်တို့မည်သည် လူတို့၏စိတ်အကြံကို သိနိုင်ပါကြောင်း၊ အရှင်မင်းကြီးသည် ဘုရားရှင်ကြွလာရန် ရည်သန်လျက် နံ့သာ၊ ဆီမီး၊ တံခွန်၊ ထီးနှင့် ပေါက်ပေါက်ပန်းတို့ဖြင့် ဆုတောင်းတော်မူပါဟု လျှောက်တင်ကြ၏။

မြတ်စွာဘုရားရှင်သည် စန္ဒသူရိယမင်း၏ ရည်သန်ပင့်ဆောင်ခြင်းကို ဇေတဝန်ကျောင်းတော်မှ သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်သိမြင်တော်မူပြီး -

"ငါမသွားမူကား ထိုမင်းသည် အကျိုးမဲ့စုတေပျက်စီးရာ၏။ ငါ့အား ဖူးမြင်ကြသောအခါ လူအပေါင်းတို့သည် ကောင်းကျိုးချမ်းသာမင်္ဂလာတိုးပွားရာ၏။ ငါ၏ကိုယ်စားကိုယ်တော်ပွားထားသည့်ရိုက်ရာ၊ သာသနာလည်း ကာလကြာမြင့်စွာတည်လတ္တံ့"

ဟု အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူ၍ ဓညဝတီရခိုင်ပြည်သို့ နောက်လိုက်နောက်ပါသံဃာတော်များနှင့် ကြွလာတော်မူ၏။

မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဘုရားရှင်နှင့် ရဟန္တာငါးရာတို့သည် ရခိုင်ပြည် ဓညဝတီမြို့၏ အနောက်မျက်နှာ ကုလားတန်မြစ်အရှေ့ဘက်ကမ်း သေလာဂီရိကျောင်းတောင်ထက်တွင် ရပ်တန့်တော်မူ၏။ ဘုရားရှင်ရောက်ရှိကြောင်း စန္ဒသူရိယမင်းကြီးသိသောအခါ ဝမ်းသာအားရဖြစ်တော်မူလျက် မင်းနေပြည်မှ သေလာဂီရိသို့ ခြေလျင်ကြွကာ ဘုရားရှင်အား ဖူးမြော်လေ၏။ ထို့နောက် ဘုရားရှင်အား ဓညဝတီမင်းက နေပြည်တော်သို့ ပင့်ဆောင်ကာ ဆီမီး၊ ဆွမ်း၊ ရေချမ်း၊ အမွှေးနံ့သာ၊ လေးပါးသောပစ္စည်းများဖြင့်ကြီးစွာပူဇော်လေ၏။ ဘုရားရှင်သည် ဓညဝတီ၌ သီတင်းသုံးကာ မင်းနှင့်ပြည်သူတို့အား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးသဖြင့် ဓညဝတီပြည်သူများ နှလုံးစိတ်ဝမ်းအေး ချမ်းကြကုန်၏။

မကွေးလှမြင့်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့

ရွှေဘုန်းသာစေတီ



ရွှေဘုန်းသာစေတီ

အရံစေတီများ

ရွှေဘုန်းသာစေတီအား ဧရာဝတီမြစ်ဘက်မှ ဖူးမြော်ရစဉ်

သုံးလခန့်အကြာတွင် ဘုရားရှင်နှင့်ရဟန္တာများ မဇ္ဈိမဒေသသို့ ပြန်ကြွမည်ပြုသောအခါ စန္ဒသူရိယမင်းကြီးသည် စိတ်ထိခိုက်ကြေကွဲတော်မူ၏။ ဘုရားရှင်အား အမြဲမပြတ်ဖူးတွေ့ချင်သောဆန္ဒဖြင့် မင်းနှင့်ပြည်သူတို့ ထာဝရကိုးကွယ်ရန်ဘုရားရှင်ကိုယ်စားကိုယ်ပွားတော်ထားခဲ့ပါမည့်အကြောင်းပင့်လျှောက်သည်တွင် ဘုရားရှင်က ခွင့်ပြုသဖြင့် ကြေးသွန်းသမားများဖြင့် ရတနာအမျိုးပေါင်း (၁၂၆) မျိုး၊ ကြေးတင်းပေါင်း (၅၀) တို့ဖြင့် ပုံတော်သွန်းလောင်းကြရာ ကြေးသွန်းသမားတို့သွန်းလောင်းရုပ်ပွားတော်သည် ဦးခေါင်းတော်မစေ့အစပ်ရှိသည်ကို ဘုရားရှင်ကိုယ်တော်တိုင်ရင်ငွေ့တော်ခုနစ်ပွေ့ဖြင့် သုံးသပ်တော်မူရာ စေ့စပ်သွားသည်ဟုအဆိုရှိသည်။

ဘုရားရှင်ရှေ့မှောက်၌သွန်းလောင်းခဲ့သော မဟာမြတ်မုနိရုပ်ပွားတော်သည် ပလ္လင်ထက်မှ ဆင်းသက်ပြီး 'ဘုရားရှင်အပါးတွင်လိုက်ပါကြောင်း' ခွင့်တောင်း၏။

ထိုအခါ ဘုရားရှင်သည် -

"ညီတော်မဟာမုနိ၊ငါ၏ကိုယ်စားလူနတ်များ၏ စီးပွားချမ်းသာဆောင်ရစ်ပါလေလော့"

ဟု မိန့်တော်မူ၏။

မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကို သွန်းလောင်း ဖန်ဆင်း၍ ပိုလျှံသော ရတနာတို့အား အသို့ပြုအံ့နည်းဟု လျှောက်ထားသောအခါ မဟာမြတ်မုနိ၏ ညီတော်များအဖြစ် သွန်းလောင်းရန် ခွင့်ပြုသဖြင့် -

(၁) ရှင်တော်မုနိ၊ ရခိုင်၊ ကျောက်တော်မြို့၊
(၂) ရွှေဘုံသာမုနိ၊ ပြည်မြို့အနောက်ဘက်ကမ်း၊ ပန်းတောင်းမြို့ (ရွှေဘုံသာ)၊
(၃) မာန်အောင်မြင်မုနိ (ပြည်တော်ပြန်ဘုရား)၊ ဇလွန်မြို့၊

ဟူ၍ မဟာမုနိ(၃)ဆူနှင့် ပထမသွန်းလောင်းသော မဟာမုနိရုပ်ရှင်တော် (မန္တလေး) အပါအဝင် မုနိလေးဆူသွန်းလုပ်တော်မူ၏။

၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ စနေနေ့တွင် ကုန်းဘောင်မင်းဆက် ပဥ္စမမြောက် အမရပူရ ပထမမြို့တည် ဆင်ဖြူများသခင် ဘဝရှင်ဘိုးတော်မင်းတရားသည် အိမ်ရှေ့ဥပရာဇာ၊ သီရိမဟာ၊ ဓမ္မာဘိဇယဘွဲ့တော်ခံသားတော် သီဟသူရအား ဓညဝတီရခိုင်ပြည်ကို သိမ်းယူတော်မူပြီး မဟာမြတ်မုနိရုပ်ပွားတော်ကို ပင့်ဆောင်တော်မူလာရန် အမိန့်တော်ချမှတ်၏။

၁၁၄၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်တွင် အိမ်ရှေ့မင်းသား သီဟသူရသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဧရာဝတီမြစ်ကြောင်းဖြင့် မန္တလေးသို့ ပင့်ဆောင်လာရာ အထက်မင်းလှမြို့သို့ရောက်သောအခါတွင် ဖောင်တော်ဆိုက်ကပ်၍ မြို့သူမြို့သားများအား ဖူးမြော်ခွင့်ပေးတော်မူ၏။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ခေတ္တကိန်းဝပ်စံပယ်တော်မူရာနေရာကို ရည်မှန်းလျက် လူနတ်ဗြဟ္မာသတ္တဝါအပေါင်း ကုသိုလ်တရားပွားများနိုင်ရန် ဉာဏ်တော် (၇၉) ပေ၊ (၁၀) လက်မရှိသော 'ရွှေဘုန်းသာဆုတောင်းပြည့်စေတီတော်'ကိုတည်ထားကိုးကွယ်ခဲ့၏။

အိမ်ရှေ့မင်းသား သီရိမဟာဓမ္မာဘိဇယဘွဲ့တော်ခံ သီဟသူရသည် ရခိုင်ပြည်သိမ်းယူအောင်မြင်ပြီး အထက်မင်းလှမြေပေါ်သို့ ခြေကြွရပ်နားစဉ် အောင်မြေနေရာတွင် မိမိ၏လိုအင်သော ဆန္ဒပြည့်ဝအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါများပွားများလျက် အဓိဋ္ဌာန်ဝင်ခဲ့ကြောင်း သိရလေသည်။ အောင်မြေနေရာတွင် ယခင်က အာရုံခံတန်ဆောင်းဆောက်လုပ်ခဲ့သော်လည်း ဟောင်းနွမ်းပျက်စီးနေပြီဖြစ်၍ တန်ဆောင်းအဟောင်းကို ဖျက်သိမ်း၍ 'သီဟသူရ' အောင်မြေအဖြစ်သတ်မှတ်ထားပြီး ယခုအခါ ဤအောင်မြေမှမိမိလိုအင်ဆန္ဒများ အောင်မြင်စေရန်အဓိဋ္ဌာန်ဝင်နိုင်ကြပြီဖြစ်ပါသည်။

၁၂၁၄-၁၂၄၀ပြည့်နှစ် မင်းတုန်းမင်းတရားလက်ထက်သို့ ရောက်သောအခါ ကင်းဝန်မင်းကြီးသည် သူ၏ဆရာဖြစ်သော ဆရာတော် ဦးဝိရိယအား ရွှေဘုန်းသာဆုတောင်းပြည့်စေတီတော်၏ မြောက်ဘက်မြေကွက်ပေါ်တွင် 'မင်းကျောင်း'ဟူသောအမည်ဖြင့် ကျောင်းကြီးတစ်ဆောင်ဆောက်လုပ်လှူဒါန်းခဲ့သည်။

၁၂၄၇ ခုနှစ် နယ်ချဲ့အင်္ဂလိပ်များ အထက်မြန်မာပြည်ကိုကျူးကျော်သိမ်းယူရန် ချီတက်ရာတွင် အထက်မင်းလှသို့ရောက်ရှိလာသောအခါ 'မင်းကျောင်း'ကို ဒီကွာဂိုဒေါင်အဖြစ် အသုံးပြုခဲ့သည်။ ၁၂၅၂ ခုနှစ်တွင် မင်းကျောင်းကိုဖျက်၍ ဈေးနှင့် စာတိုက် အစရှိသော အဆောက်အအုံများဆောက်လုပ်ခဲ့၏။ထိုအဆောက်အအုံအားလုံးလည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး မြန်မာအစိုးရလက်ထက်ရောက်သောအခါ ရွှေဘုန်းသာဘုရားကြီး၏ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့က မူလသာသနာ့မြေများဖြစ်သော ဈေးနှင့် စာတိုက်မြေများကို ရွှေဘုန်းသာစေတီ၏ဝတ္တကမြေအဖြစ် အစိုးရထံမှ အလျှုခံပြီး ပြန်လည်ရရှိခဲ့၏။

■ ရွှေဘုန်းသာစေတီနှင့် စေတီ(၁၂)ဆူ၊ နှစ်ကျိပ်ရှစ်ဆူစေတီ

ဂေါတမမြတ်စွာဘုရားအားဗျာဒိတ်ထားတော်မူခဲ့သည့် ဒီပင်္ကရာ (အစ) ကဿပ (အဆုံး) (၂၇) ဆူသော ဘုရားရှင်များနှင့် ဂေါတမဘုရားရှင်အပါအဝင် (၂၈) ဆူသော ဘုရားရှင်တို့အား ရည်စူးဖူးမြော်နိုင်ရန် ရည်မှန်းတည်ထားသောစေတီ ဖြစ်သည်။ ယင်းစေတီကို သာသနာတော်တစ်ဝက်ပြည့်သည့်နှစ် သာသနာတော် နှစ်ပေါင်း(၂၅၀၀)ပြည့် မြန်မာနှစ် ၁၃၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ အလယ်ပိုင်း ပုပ္ပားတောင်ခြေ သာသနာ တက်ခန်း အခြေစိုက်စဉ်ကာလ အဘမောင်မင်းခေါင်း၏ ညွှန်ကြားချက်အရ ပထမဆရာရသေ့ကြီး ဦးစစ်သိန်း ဦးဆောင်ပြီး အထက်မင်းလှမြို့မှ ဦးတင့် - ဒေါ်ထိန်၊ ဦးတင်-ဒေါ်ခင်မာ၊ ဒေါ်တုပ် အမှူးပြုသော သာသနာပြုပါရမီရှင်တစ်စုတို့က ကမကထပြု၍ ဓာတ်သန္နက်ရိုက်ပူဇော်တည်ထားခြင်းဖြစ်သည်။

■ သီရိမာန်အောင်စေတီ

သီရိမာန်အောင် နဂါးနှစ်ကောင်စေတီတော်ကို သိုက်ဆက်၊ သိုက်ပွားများအမြဲတမ်းဖူးမြော်နိုင်ရန်၊ မာန်အပေါင်းတို့ ထာဝစဉ်အောင်မြင်နိုင်ရန် ရည်မှန်းတည်ထားသောစေတီ ဖြစ်သည်။

■ လေးကျွန်းတန်ဆောင်စေတီ

ကျွန်းကြီးလေးကျွန်းတွင် တည်ရှိကြကုန်သောကမ္ဘာသူကမ္ဘာသားအားလုံး အစဉ်ထာဝရ မေတ္တာပွားများငြိမ်းချမ်းသာယာစေရေး ရည်မှန်း၍ ပူဇော်နိုင်ရန် တည်ထားသောစေတီ ဖြစ်သည်။

■ ဇမ္ဗူအေးကပ်ကျော်စေတီ

ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ကပ်ကြီးသုံးပါးဘေးမှ ကင်းဝေးစေရန်၊ အေးမြချမ်းသာစေရန် ရည်ရွယ်၍ တည်ထားသောစေတီတော် ဖြစ်သည်။ ထိုစဉ်က ကိုးတောင်ပြည့်စေတီများကို နဝင်းတာတ်ဆောင် ဘုရားဂုဏ်တော် (၉) ပါးကို ရည်မျှော်၍ ဇမ္ဗူအေးကပ်ကျော်စေတီငယ်များ မြို့တိုင်း၊ ရပ်ကွက်တိုင်းတွင် တည်ထားပူဇော်ကြ၏။ အထက်မင်းလှတွင် ဇမ္ဗူအေးကပ်ကျော်စေတီတည်ထားပူဇော်ခြင်းကြောင့် ကပ်ကြီး(၃)ပါးဘေးမှ ကင်းဝေးခြင်း၊ ပထမကမ္ဘာစစ်ဘေးမှကင်းဝေးခဲ့ခြင်းအကျိုးကျေးဇူးများ ခံစားရရှိခဲ့သည်။

■ သက်တော်ရာစေတီ

ကျန်းမာရေးမကောင်းသူများနှင့် အာယုစန်းသုဉ်းသူများ၊ 'ရှားမီး' ကိန်းကျသူများ၊ အသက်တိုမည်ဟု အဟောခံရသူများ ဤစေတီကို အဓိဋ္ဌာန်ပြုပူဇော်ခြင်းဖြင့် ကြမ္မာဆိုးမကျရောက်ခြင်း၊ ကံနိမ့်ကျရောက်ခြင်းမှကင်းဝေးခြင်း၊ အနာရောဂါကင်းဝင်းခြင်း၊ အသက်ရှည်ခြင်း အစရှိသော အကျိုးထူးများ ခံစားနိုင်ရန် တည်ထားသောစေတီ ဖြစ်သည်။

■ လောကသမ္မုစေတီ

ထိုစေတီကား ယခင်က 'သစ္စာတိုင်စေတီ'၊ 'ကျမ်းကိုင်စေတီ'၊ 'ကျမ်းစူးစေတီ'ဟူ၍ ကျော်ကြားခဲ့၏။ အမှုအခင်းဖြစ်၍ငြင်းခုံကြလျှင် ထိုစေတီတွင် သစ္စာဆိုရဲမည်လားဟုမေးလျှင် အမှုမမှန်သူများ ကျမ်းကျိန်ရန် ဝန်လေးကြကြောင်း သိရသည်။ ယခုတိုင် သမာဓိမရှိသူများ တရားထိုင်လျှင် အစောင့်အကြပ်တို့ မနှစ်သက်ကြ၊ အနှောင့်အယှက်ပြုခံရဖြစ်ကြောင်း ယုံကြည်ကြသည်။ အစောင့်အကြပ်အတွန်းများသောစေတီတော်ဟု အများကလက်ခံကြည်ကြသည်။

■ ရတနာသိင်္ဂီဆုတောင်းပြည့်စေတီ

ရွှေငွေရတနာများပေါများစွာရရှိရေးဆုတောင်းပြည့်ရန်ရည်သန်၍တည်ထားသောစေတီ ဖြစ်သည်။

■ အောင်ချမ်းသာစေတီ

သတ္တဝါတို့၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် အရာရာအောင်မြင်ချမ်းသာစေရန် အဓိဋ္ဌာန်ဝင်ပူဇော်နိုင်ရန် တည်ထားသောစေတီ ဖြစ်သည်။

■ တိလောကရံစေတီ

သုံးလောကတည်းဟူသော သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကမှာ လွတ်မြောက်၍ နိဗ္ဗာန်သို့ ပေါက်ရောက်စေနိုင်သည့် ဝိပဿနာတရားများအားထုတ်ရန်စေတီ ဖြစ်ပါသည်။

■ လေးကျွန်းမှန်ကူစေတီ

လေးကျွန်း တည်းဟူသော ပြဗ္ဗဝိဒေဟ၊ ဒက္ခိဏ၊ ဥတ္တရ အပရ ဂေါယာ အစရှိသည့် ကျွန်းကြီးလေးကျွန်းမှ လူ၊ နတ်သတ္တဝါတို့၏ မှန်ကင်းသဖွယ် အပူဇော်ခံထိုက်သောစေတီ ဖြစ်ပါသည်။

■ အောင်တော်မူစေတီ

တောင့်တအပ်သောကောင်းကျိုးလိုအင်ဆန္ဒများ ဆုတောင်းတိုင်းအောင်မြင်စေရန် ရည်သန်၍ ဘုရားရှင်၏ အတွင်းရန်အောင်မြင်ခြင်း၊ အပြင်ရန်အောင်မြင်ခြင်းဂုဏ်တို့ဖြင့် ပြည့်စုံသောစေတီ ဖြစ်ပါသည်။

■ ရွှေဘုန်းသာဆင်းတုတော်

ရွှေဘုန်းသာဝတ္တကမြေအတွင်းရှိ ရွှေဘုန်းသာဆင်းတုတော်သည် ဝိဇ္ဇာဂိုဏ်းသားများ၊ စရဏဖြည့်ကျင့်သော ဂမ္ဘီရပညာရှင်များ ဓာတ်သွားအလွန်ကျသော ဆင်းတုတော်အဖြစ် ကိုးကွယ်သူပေါများလှပါသည်။ သမိုင်းကြောင်းအရ ဘိုးပေါက်ဆိန်၊ ဘိုးပိုက်ဆံ၊ ဘိုးအောင် အာသဖ၊ ဆရာတော်ဦးဝါသဝ၊ မိုးဘီ ဆရာတော် အစရှိသည့် ပုဂ္ဂိုလ်ထူးများ တရားကျင့်အားထုတ်ခဲ့ကြောင်း၊ သိရသည်။

မကျွေးလှမြိုင်

ရဲရဲထွန်း ([illegible])

သိင်္ဂါလောဝါဒသုတ်လာ ဘုရားမြတ်စွာ ဟောကြားတော်မူခဲ့သော လူ့ကျင့်ဝတ်တရား



ဒီပင်္ကရာမြတ်စွာဘုရားထံတော်ပါးမှာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့တဲ့ သုမေဓာရှင်ရသေ့ဘဝမှ စပြီး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင်ပါရမီ ဖြည့်ကျင့်တော်မူခဲ့ပြီးဖြစ်တဲ့ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သက်တော် (၃၅) နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သဗ္ဗညုစင်စစ်ဘုရားရှင်အဖြစ်သို့ရောက်ရှိတော်မူခဲ့ပါတယ်။

ဘုရားပွင့်တော်မူပြီးနောက် အရပ်ဒေသအမျိုးမျိုးမှာ လှည့်လည်သီတင်းသုံးတော်မူပြီးတော့ ဂေါတမဘုရားရှင်ဟာ ဝေနေယျများစွာ သတ္တဝါတို့အား တရားရေအေးအမြိုက်ဆေးကိုတိုက်ကျွေးတော်မူခဲ့ပါတယ်။ သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါအရမှာ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်ပြုခဲ့ပါတယ်။

ဒီဗုဒ္ဓဝင်အကျဉ်းကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့သိရှိကြပြီးဖြစ်လို့ အကျယ်မရေးတော့ပါဘူး။ ဒါပေမယ့် သတိရတဲ့ ကြည်ညိုသဒ္ဓါစိတ်တွေ ရှင်သန်နေရအောင်လို့ နိဒါန်းပျိုးလိုက်ရခြင်းဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ဖြစ်တတ်ပျက်တတ်တဲ့သဘောကို ဆင်းရဲစစ် ဆင်းရဲမှန် ဆင်းရဲတောကြီးအဖြစ် ခြွင်းချက်မရှိ အကုန်အစင် အမှန်အတိုင်း သိမြင်တော်မူခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်များဟာ အဓိကအားဖြင့် ဆင်းရဲတောလောကမှ လွတ်မြောက်ဖို့ပင်ဖြစ်ပါတယ်။

ဒါပေမယ့် လူသားတိုင်းဟာ ဆင်းရဲတောလောကမှ လွတ်မြောက်နိုင်တာ မဟုတ်ပါဘူး။ လွတ်မြောက်နိုင်သူထက် မလွတ်မြောက်နိုင်သေးသူက ပိုများပါတယ်။ ဒါကြောင့် အဲဒီ မလွတ်မြောက်နိုင်သေးတဲ့သူတွေအတွက် လောကီနယ်ပယ်မှာ နေ့စဉ်လိုက်နာကျင့်သုံးရမယ့် လူ့ကျင့်ဝတ်များကိုလည်း ဘုရားရှင်သည် အခါအခွင့်အားလျော်စွာ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီလိုဟောကြားတော်မူတဲ့ တရားတော်တွေထဲက သိင်္ဂါလသတို့သားကို အကြောင်းပြုထားတဲ့ သိင်္ဂါလောဝါဒသုတ်ကို အောက်ပါအတိုင်း တင်ပြလိုပါတယ်။

“သူကြွယ်သားသိင်္ဂါလ၊ ငါဘုရားရဲ့သာသနာမှာ အမျိုးကောင်းသားဟာ

၁။ ညစ်ညူးကံလေးပါး၊
၂။ အဂတိတရားလေးပါး၊
၃။ စည်းစိမ်ပျက်ကြောင်းခြောက်ပါး၊

စတဲ့ အကြောင်းအရင်းတစ်ဆယ့်လေးပါးကိုရှောင်ကြဉ်ပြီး အရပ်မျက်နှာခြောက်ပါးကို လုံခြုံစေရမယ်”

အထက်ပါစကားရပ်ဟာ သိင်္ဂါလသတို့သားအား မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ လူ့ကျင့်ဝတ်တရားတော်ရဲ့ ဆိုလိုရင်းအကျဉ်းချုပ်ခေါင်းစဉ်စကားရပ်တွေ ဖြစ်ပါတယ်။

ဇာတ်အကျဉ်းမှာ မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိနေစဉ် ရာဇဂြိုဟ်ပြည်မှာ သူကြွယ်တစ်ဦးရှိခဲ့တယ်။ သူမှာ သိင်္ဂါလအမည်ရှိတဲ့ သားတစ်ယောက်ရှိတယ်။ သူကြွယ်ကွယ်လွန်ခါနီး သားဖြစ်သူကို အနားခေါ်ယူပြီး မှာကြားစရာရှိတာများကို မှာကြားခဲ့ပါတယ်။

“ချစ်သား သိင်္ဂါလ၊ သင်ချစ်သားဟာ အရပ်ခြောက်မျက်နှာကို စိတ်စွဲ၍ အမြဲရှိခိုးပြီးနေရစ်ပါ”

ဟု မှာကြားပြီး သူကြွယ်ဟာ အနိစ္စရောက်သွားရှာပါတယ်။

သူကြွယ်ဆိုလိုတဲ့ အရပ်ခြောက်မျက်နှာက အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက် ဆိုတဲ့ အရပ်မျက်နှာတွေတော့ မဟုတ်ဘူး။ ရှိခိုးပါဆိုတာလည်း လက်အုပ်ချီရှိခိုးတာမျိုး ဆိုလိုတာမဟုတ်ပါဘူး။

ဒါပေမယ့် သိင်္ဂါလသတို့သားကတော့ နေ့တိုင်းရှိခိုးခိုင်းတယ်လို့ထင်ပြီး အိမ်ကနေထွက် မြို့ပြင်ရောက်တဲ့အခါမှာ တစ်ကိုယ်လုံးရွှဲရွှဲစိုနေတယ်။ နောက်ဆုံး သူ့ဖခင်မှာကြားတဲ့အတိုင်း ရှိခိုးတော့တာပါပဲ။

အဲဒီနေ့နံနက်မှာ မြတ်စွာဘုရားဟာ ဝေဠုဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တယ်။ မြို့တံခါးနားရောက်တော့ ရှိခိုးနေတဲ့ သိင်္ဂါလသတို့သားကိုမြင်တော့ ဘုရားရှင်က -

သူကြွယ်သားသိင်္ဂါလ၊ သင်ဟာ ရွှဲရွှဲစိုလျက် အရပ်မျက်နှာတွေကိုရှိခိုးနေတယ်။ ဘာကြောင့်ပါလဲ”

လို့ မေးတော်မူတယ်။

အဲဒီအခါက သိင်္ဂါလက ဖခင်မှာကြားခဲ့တဲ့စကားကိုလျှောက်ထားတယ်။

မြတ်စွာဘုရားက -

“သိင်္ဂါလ၊ သင့်ဖခင်မှာကြားတာ အရပ်မျက်နှာတွေကိုရှိခိုးပါလို့ မှာကြားတာမဟုတ်ပါဘူး။ ငါဘုရားရဲ့သာသနာမှာ အရပ်မျက်နှာဆိုတာရှိတယ်”

ဟု အစချီပြီး သိင်္ဂါလောဝါဒသုတ်ခေါ် လူ့ကျင့်ဝတ်တရားတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။

“သူကြွယ်သား သိင်္ဂါလ၊ အမျိုးသားကောင်းဟာ ညစ်ညူးသောကံလေးပါးကို ရှောင်ကြဉ်ရမယ်။ ညစ်ညူးသောကံဆိုတာ ကျူးလွန်သူကို လူဆိုးလူညစ်ဖြစ်စေတဲ့ကံဖြစ်တယ်။ အဲဒီကံတွေကတော့ -

၁။ သူ့အသက်သတ်ဖြစ်ခြင်း၊
၂။ သူ့ဥစ္စာခိုးယူလုယက်ခြင်း၊
၃။ သူ့သားမယားကိုပြစ်မှားကျူးလွန်ခြင်း၊
၄။ လိမ်ညာပြောဆိုခြင်းတို့ ဖြစ်ကြတယ်။

အဲဒီဘုရားရှင်ဟောကြားတော်မူတဲ့ကံတွေကို လူတိုင်းရှောင်ကြဉ်ရမှာဖြစ်တယ်။ မရှောင်ကြဉ်သူများဟာ ခုရော နောင်ပါ မကောင်းကျိုးတွေခံစားရတတ်ပါတယ်။

သူ့အသက်သတ်ဖြစ်သူဟာ အခုဘဝမှာပဲ ဥပဒေအရ အရေးယူခံရပြီး ထောင်ဒဏ် သို့မဟုတ် သေဒဏ်ခံကြရမှာဖြစ်တယ်။ သေပြီးတဲ့နောက်မှာတော့ အပါယ်ငရဲကိုကျနိုင်တယ်။ ကုသိုလ်ကံကြောင့် လူဖြစ်ရင်လည်း အသက်တိုတတ်ကြပါတယ်။

သူ့ဥစ္စာကို ခိုးယူလုယက်သူဟာ ဒီဘဝမှာလည်း ဥပဒေအရ အပြစ်ဒဏ်ခံရမယ်။ သေရင်လည်း အပါယ်ကျမယ်။ လူပြန်ဖြစ်ရင်လည်း ပစ္စည်းဥစ္စာမဲ့တေ ဆင်းရဲတတ်ကြပါတယ်။

သူ့သားမယား ကျူးလွန်သူဟာ ဒီဘဝမှာတင် လူအများရဲ့အထင်သေး မုန်းတီးခြင်းခံရမယ်။ ဥပဒေအရ အရေးယူခံရပြီး သေရင် အပါယ်ငရဲကျမယ်၊ လူပြန်ဖြစ်ရင် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်တဲ့ နပုန်းပဏ္ဍုက်စတဲ့ဘဝတွေကို ရောက်သွားတတ်ပါတယ်။

လိမ်ညာပြောသူဟာလည်း ဒီဘဝမှာတင် အများရဲ့ အယုံအကြည်ကင်းမဲ့ခြင်းခံရတယ်။ ဒီကံက ကြီးမားရင် သေတဲ့အခါမှာ အပါယ်ကျနိုင်တယ်။ လူပြန်ဖြစ်ရင်လည်း သူတစ်ပါးတို့ရဲ့ မဟုတ်မတရားစွပ်စွဲခြင်းကိုခံရတတ်ပါတယ်။

ဒီညစ်ညူးကံလေးပါးက ငါးပါးသီလကို ဖောက်ဖျက်ကျူးလွန်သူတွေ အတိုင်းပဲ အပါယ်ငရဲမှာ ခံရပါလိမ့်မယ်။ ဒီလိုကံတွေကို ရှောင်ကြဉ်ကြရမှာဖြစ်တယ်။ ကလေးတွေမှတ်မိလွယ်အောင် လွယ်လွယ်ရေးထားပေမယ့် လူကြီးတွေလည်း ဖတ်ရှုလိုက်နာကြရမယ်။

ဒါကြောင့် ညစ်ညူးကံလေးပါးထဲက သူ့အသက်သတ်ဖြစ်ခြင်းကို ရှောင်ကြဉ်ခဲ့တဲ့အတွက် သာဓကဝတ္ထုတွေအများကြီးထဲက အခုပြောပြတဲ့ဝတ္ထုသာဓကလေးကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်က ကောသမ္ဗီပြည်မှာ သူဌေးကြီးတစ်ဦးရှိခဲ့တယ်။ တစ်နေ့မှာ သူဟာ ဥတေနမင်းထံ အခစားသွားတဲ့အခါ မင်းဆရာပုဏ္ဏားကြီးနဲ့ လမ်းမှာဆုံမိတယ်။ ပုဏ္ဏားကြီးကို ဒီနေ့မွေးရက်နဲ့ဆိုင်တဲ့နက္ခတ်အကြောင်း မေးကြည့်တယ်။ ပုဏ္ဏားကြီးက ဒီနေ့မွေးတဲ့ကလေးဟာ နာမည်ကျော်သူဌေးကြီး ဖြစ်လာမယ်လို့ဟောခဲ့တယ်။

အဲဒီသူဌေးကြီးရဲ့ဇနီးမှာ ကိုယ်ဝန်နေ့စေ့လစေ့ဖွားခါနီးဆဲဆဲဖြစ်ပါတယ်။ သူဌေးကြီးဟာ သူ့ဇနီး မီးဖွား၊ မဖွားသိရအောင် အခိုင်းအစေများလွှတ်ပြီး စုံစမ်းခိုင်းတယ်။ [illegible] ဒီနေ့မှ မင်းထံ[illegible]ခဲ့တယ်။

အိမ်ပြန်ရောက်တဲ့အခါ ကျွန်မ ကာဦးကို ငွေတစ်ထောင်ပေးပြီး၊ ဒီနေ့မွေးတဲ့ ကလေးငယ်ကို စုံစမ်းရှာပြီး ဝယ်ယူလာဖို့ခိုင်းလိုက်တယ်။ ကောသမ္ဗီပြည်က ပြည့်တန်ဆာမတစ်ယောက်ဟာ အဲဒီနေ့မှာ ဖွားမြင်လာတဲ့ သူ့ရင်သွေး ယောကျ်ားလေးကို အမှိုက်ပုံတစ်ခုမှာ သွားစွန့်ပစ်ခဲ့တယ်။ အဲဒီကလေးငယ်ကို လူတစ်ယောက်ကတွေ့ပြီး ကောက်ယူမွေးစားထားတယ်။

ကျွန်မ ကာဦးဟာ အဲဒီလူထံမှ ကလေးငယ်ကို ငွေတစ်ထောင်နှင့်ဝယ်ပြီး သူဌေးထံယူလာခဲ့တယ်။ သူဌေးကြီး အကြံက သူ့ဇနီး သမီးမွေးရင် ဒီသူငယ်နဲ့ပေးစားမယ်။ သားမွေးရင် ဒီသူငယ်ကို သတ်ပစ်မယ်ပေါ့။ နောက်နှစ်ရက်သုံးရက်အကြာ သူ့ဇနီးက သားယောကျ်ားလေးမွေးဖွားတယ်။ ဒါကြောင့် သူဌေးကြီးက မွေးစားသားကို သတ်ပစ်ဖို့ စီစဉ်ပါတော့တယ်။

ရှေးဦးစွာ ကျွန်မကာဦးဟာ သူဌေးကြီးရဲ့ခိုင်းစေချက်အရ မွေးစားသားကို နွားခြံဝမှာ အစောကြီးသွားချထားတယ်။ နွားနင်းခံပြီး သေအောင်လို့ပါပဲ။ ဒါပေမယ့် နွားလားဥသဘကြီးက ကလေးငယ်ကိုခွပြီးရပ်ထားလို့ သေဘေးကလွတ်မြောက်ခဲ့တယ်။

အဲဒီကလေးကို နွားကျောင်းသားက ကောက်ယူမွေးစားတယ်။ ဒါကို သူဌေးကြီးသိတော့ နွားကျောင်းသားဆီက ငွေတစ်ထောင်နဲ့ ပြန်ဝယ်ခဲ့တယ်။ နောက် ကလေးငယ်ကို လှည်းကုန်သည် ငါးရာတို့သွားမယ့်လမ်းမှာသွားချထားပြန်ရော။ လှည်းကုန်သည်ခေါင်းဆောင်က ကောက်ယူမွေးစားပြန်တယ်။ ဒါကို သိတဲ့သူဌေးကြီးက လှည်းကုန်သည်ထံကနေ ငွေတစ်ထောင်နဲ့ပြန်ဝယ်ပြန်တယ်။

တတိယအကြိမ်မှာတော့ ကျွန်မကာဦးဟာ သူဌေးကြီးရဲ့စေခိုင်းချက်အရ သုသာန်တစ်ခုမှာသွားပစ်ထားခဲ့တယ်။ ဒါပေမယ့် ကလေးက မသေဘူး။ ဆိတ်မတစ်ကောင် နို့တိုက်နေတာတွေ့လို့ ဆိတ်ကျောင်းသားကမွေးစားပြန်တယ်။ ဒါကို သူဌေးကြီးသိလို့ ဆိတ်ကျောင်းသားဆီကနေ ငွေတစ်ထောင်နဲ့ပြန်ဝယ်ခဲ့ပါတယ်။

စတုတ္ထအကြိမ်မှာတော့ ကလေးကို ခိုးသူပစ်ချရာ ချောက်ထဲကို ပစ်ချစေခဲ့တယ်။ ကလေးငယ်ဟာ မသေ

နတ်မောက်မင်းသန့်နိုင်

ဆံပင်ကျွတ်ပြန်ပေါက်စေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးသင်းမောင်မှာ ငှက်ဖျားရောဂါအပြင်းအထန်ဖြစ်ရာ ဆေးပြင်းများစား၊ ဆေးပြင်းများထိုးရရာ ငှက်ဖျားပြတ်ပျောက်ကင်းသွားပါသည်။

သို့သော် နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးအဖြစ် ဦးခေါင်းမှမည်းနက်သန်မာသောသူ၏ဆံပင်များမှာ အထွေးလိုက်နေ့စဉ်ကျွတ်ကြပြီး ကတုံးမင်းသားဖြစ်သွားရပါသည်။ ထိပ်ပြောင်ခေါင်းပြောင်နှင့် သူမှာ ဦးထုပ်မချွတ်ရဲအောင်ပင်ဖြစ်ခဲ့ရသည်။ ဆံပင်ပေါက်စေမည့်ဆေးများဝယ်လိမ်းသော်လည်း ထင်သလောက် ခရီးမပေါက်ဘဲ ငွေကုန်ကြေးကျများကာ ဝယ်မလိမ်းနိုင်တော့ပါ။ နောက်ဆုံး မြန်မာ့ရိုးရာနည်းသုံးခဲ့ရာ အဆင်ပြေသွားပြီး သုံးလအတွင်း ဆံပင်များ မည်းနက်ထူထဲစွာပြန်ပေါက်လာပြီး ဝမ်းသာမဆုံးတပြုံးပြုံးပင်။

သူလိမ်းသော မြန်မာ့ရိုးရာဆံပင်ပေါက်လိမ်းဆေးနည်းမှာ -

ပရဆေးဆိုင်မှ စမုန်နက်စေ့ဝယ်ပါ။ ငါးရာဖိုးဆို အများကြီးရပါသည်။ ထို့နောက် သံဒယ်ဖြင့် စမုန်နက်စေ့ကိုလှော်ကာ အမှုန့်ထောင်းပြီး ခေါင်းလိမ်းအုန်းဆီနှင့်ဖျော်ထားပြီး လိမ်းပေးခြင်းဖြစ်ပါသည်။ သုံးလအတွင်း ကျွတ်သောဆံပင်များလက်တွေ့ပြန်ပေါက်လာသည်ကိုသိမြင်ရ၍ ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

ဘဲ ချုံတစ်ခုပေါ်မှာတင်နေတာကို ကျူထရံသည်သားအဖကတွေ့ပြီး ကောက်ယူမွေးစားတယ်။ ဒါကိုသိတဲ့သူဌေးက ထုံးစံအတိုင်း ငွေတစ်ထောင်နဲ့ပေးဝယ်ခဲ့ပြန်တယ်။ ဒီလိုနဲ့ ကလေးဟာ ကြီးပြင်းလာတဲ့အခါမှာတော့ ဃောသကရယ်လို့ အမည်တွင်လာပါတယ်။

ပဌမအကြိမ်မှာတော့ သူဌေးကြီးက အသေအချာ စီစဉ်ပါတော့တယ်။ သူဌေးကြီးက သူ့မိတ်ဆွေအိုးလုပ်သမားကို ငွေတစ်ထောင်ပေးပြီး ဃောသကကို သတ်ဖို့ စီစဉ်ပါတယ်။ သူ့အစီအစဉ်က ဃောသကလာရင် သတ်ပြီး အိုးဖိုထဲ ထည့်ဖုတ်ပြီး လက်စတုံးရန်ဖြစ်တယ်။

နောက်တစ်နေ့မှာ သူဌေးကြီးက ဃောသကကို အိုးလုပ်သားထံစေလွှတ်ခဲ့ပါတယ်။ လမ်းမှာ ခုံညင်းရုံးနေတဲ့ သူဌေးသားနဲ့တွေ့တော့ သူ့အစားခုံညင်းထိုးပေးပါ။ သူကတော့ အိုးဖုတ်သမားထံ သတင်းစကားသွားပို့ပါတယ်။

အိုးဖုတ်သမားလည်း သူဌေးကြီးမှာကြားထားတဲ့အတိုင်း သားအရင်းကို သတ်ပြီး အိုးဖိုထဲထည့်ဖုတ်ပြီးလက်စတုံးစီရင်ပစ်ခဲ့ပါတယ်။ အဲဒီအကြောင်းကို သူဌေးကြီးသိသွားတဲ့အခါမှာ ပူဆွေးသောကရောက်ပြီး ဃောသကကိုလည်း တစ်နည်းနည်းနဲ့သတ်ဖို့ စီရင်ပြန်တယ်။

နောက်ဆုံးအကြိမ်မှာ သူဌေးကြီးဟာ ရွာတစ်ရွာရှိ သူ့ရဲ့ဘဏ္ဍာစိုးထံ ဃောသကလာရင်သတ်ပစ်ရန် စာရေးပြီးတော့ ဃောသကကိုသွားပို့စေခဲ့တယ်။ လမ်းခရီးအကြား ဇနပုဒ်သူဌေးတစ်ဦးရဲ့ အိမ်မှာဝင်တည်းပါတယ်။ အဲဒီသူဌေးရဲ့ သမီးက သူ့ကိုမြင်မြင်ချင်း မေတ္တာသက်ဝင်ခဲ့တယ်။ ဒါနဲ့ သူအိပ်ပျော်နေတုန်း သူ့စာကို တိတ်တဆိတ်ယူဖတ်ကြည့်တယ်။

ဃောသကကိုသတ်ပစ်ဖို့စာမှန်း သိတဲ့အခါ နောက်စာအသစ်တစ်စောင် ရေးတယ်။ စာထဲမှာ ဘဏ္ဍာစိုးက တာဝန်ယူပြီး ဇနပုဒ်သူဌေးသမီးနဲ့ ဃောသကကို ထိမ်းမြားပေးစားဖို့ထည့်ရေးထားတယ်။ ဘဏ္ဍာစိုးကလည်း ဃောသကကို ဇနပုဒ်သူဌေးသမီးနဲ့ လက်ထပ်ပွဲပြုလုပ်ပေးခဲ့ပါတယ်။

နောက်ဆုံးမှာတော့ သူဌေးကြီးဟာ သေခါနီးဆဲဆဲမှာ ဃောသကကို ခေါ်ပြီး ဥစ္စာပစ္စည်းတွေဃောသကအား 'မပေးပါ'လို့ ဘဏ္ဍာစိုးရှေ့မှာပြောပါတယ်။ ဒါပေမယ့် ဃောသကရဲ့ ကုသိုလ်ကံကြောင့် မပေးပါလို့ အသံမထွက်ဘဲ 'ပေးပါတယ်' လို့ပြောမိပြီး အနိစ္စရောက်သွား ပါတယ်။

ဒီလိုနဲ့ ဃောသကဟာ ကောသမ္ဗီပြည်မှာ သူဌေးကြီးတစ်ဦးဖြစ်လာခဲ့ပါတယ်။ ဒါဟာ အတိတ်ဘဝက ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆန်တစ်စလယ်ချက်လှူခဲ့ဖူးတဲ့ ကုသိုလ်ကံကြောင့် ဖြစ်တယ်။

ဃောသကဟာ အတိတ်ဘဝတစ်ခုမှာ မလွဲသာလွန်း၍ ဇနီးသည်၏ အလစ်မှာ သားငယ်ကို ခေတ္တစွန့်ပစ်ခဲ့ဖူးတယ်။ အဲဒီအကုသိုလ်ကံကြောင့် မွေးစမှစ၍ အကြိမ်ကြိမ်စွန့်ပစ်ရခြင်း ဖြစ်ပါတယ်။

ကုသိုလ်ကံနဲ့ အကုသိုလ်ကံတို့ရဲ့ ဝဋ်ကြွေးတွေဟာ သိပ်ကြောက်ဖို့ကောင်းတယ်ဆိုတာ သိရှိထားကြပါ။ ဒါကြောင့် ညစ်ညူးကံတွေကို ရှောင်ကြဉ်ကြဖို့ အရေးကြီးပါတယ်။ ခုလည်း ဃောသကဟာ သူ့အသက်ကို သတ်ဖြတ်မှုဆိုတဲ့ကံကိုရှောင်ကြဉ်ခဲ့တဲ့အတွက် အခုဘဝမှာ မသေတဲ့အပြင် သူဌေးကြီးတစ်ဦးဖြစ်လာခဲ့ပါတော့တယ်။

ဆက်လက်ပြီး ကျန်တဲ့ညစ်ညူးကံသုံးပါးတို့ရဲ့ဆိုးကျိုးနဲ့အပြစ်တို့ရဲ့ သာဓကဇာတ်တွေကို အခွင့်အခါသင့်ရင် ထပ်ပြီး တင်ပြချင်ပါတယ်။ ခုတော့ ဃောသက သာဓကဇာတ်ကို သင်ခန်းစာယူနိုင်ကြပါစေကုန်သတည်း။

ခဲခဲထွန်း(ဟင်္သာတ)

မှီငြမ်း -

မဟာစည်ဓမ္မကထိက ပြွန်တန်ဆာ အရှင်သုန္ဒရ (-) ၏ လူ့ကျင့်ဝတ်ပုံပြ တရားတော်

သစ္စာဝါဒီဦးမြင့်အောင်

ဒေါသကိုချုပ်ပေတော့အောင်

လောကကိုဖျက်ဆီးကြောင်းတို့တွင် ဒေါသသည် ကြောက်မက်ဖွယ်ကောင်းလှသောတရားဆိုး ဖြစ်သည်။ ဒေါသကြောင့် လူသားအချင်းချင်းမေတ္တာကင်း[illegible] နှိပ်စက်ညှဉ်းပမ်းသတ်ဖြတ်ကြသည်။ မျိုးနွယ်အချင်းချင်းရန်တင်းကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံစစ်ခင်းကြသည်။ ကမ္ဘာစစ်ကြီးများဖြစ်ပွားခဲ့ရသည်။ နောက်ဆုံး[illegible]တော့ ဒေါသကြီးစိုးမှုကြောင့် ကမ္ဘာမီး လောင်တက်တက်ပြောင်ကာ လူသား မျိုးနွယ်စုအားလုံးနှင့် သတ္တလောကကြီးပါ ဆိတ်သုဉ်းပျက်ပြုန်းခြင်းသို့ရောက်ရပေမည်။

ဒေါသသည် ကြမ်းတမ်းသော [illegible]ဖြင့် ဖြစ်မှားခြင်းသဘောလက္ခဏာ[illegible] ယိမိုက်ခဲရ၏။ မြွေပွေးမြွေဟောက်နှင့်လည်းကောင်း၊ ပူပြင်းလောင်ကျွမ်းတတ်သောတောမီးနှင့်လည်းကောင်းတူသည်။ ဘယ်အခါမှကောင်းကျိုးမပေး[illegible]အတ္တံနဇာနာတိဟူသည့်အတိုင်း [illegible]အတန့် တစ်ခဏလေးမျှတွင် ဒေါသအမျက်ခြောင်းခြောင်းထွက်မိ၍ [illegible]ကြောင်းအကျိုးအကောင်းအဆိုးမသိ၊ [illegible]အပြစ်ကိုမမြင်၊ လက်လွန်ခြေလွန် [illegible]တစ်ချက်ခိုက်ရန် ဖြစ်ပွားအချင်း[illegible] ရာဇဝတ်မှုမကင်း ဘဝပျက်ခြင်း ရောက်ကြရသည်။ မိတ်ပျက်ဆွေပျက် [illegible]ရပြီကွဲပျက်စီးခြင်းသို့ရောက်ကြရသည်မှာလည်း ဒေါသဟူသောတရားဆိုးကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်၍ ကောင်းကျိုးမပွားဆိုးကျိုးများလှသော ဒေါသတရားကို ဆင်ခြင်တုံတရားဖြင့် ချုပ်တည်းရှောင်ရှားနိုင်ကြစေရန် ဗုဒ္ဓစာပေပိဋကတ်တော်လာထုံးသာဓကတစ်ပုဒ်ကို ကောက်နုတ်တင်ပြလိုပါသည်။

ထိုဖြစ်ရပ်သာဓကကား. . .

"ထွိ. . . ခါးလိုက်တာ"

ကိုယ်ကြမ်းစိတ်ကြမ်းရှိလှသော ဒုဋ္ဌကုမာရမင်းသားငယ်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ အနီးရှိ တမာပင်မှ တစ်ဖက်တစ်ချက်စီတွင် တစ်ရွက်မျှနီသာထွက်သေးသောအရွက် တစ်ရွက်ကိုခူး၍စားကြည့်ပြီး အလွန်ခါးလှသဖြင့် ဒေါသကြီးစွာဖြင့် တမာပင်ကို အရင်းမှဆွဲနုတ်လိုက်ပြီးလျှင် ခြေမွလှင့်ပစ်လိုက်ပြီး တမာရွက်ကို ခူးစားခိုင်းသော ဘုရားလောင်းရသေ့ကို ဤသို့ ပြောဆိုလိုက်သည်။

"ဒီတမာပင်လေးဟာ အရွက်နှစ်ရွက်သာရှိသေးပြီး အပင်ကလည်း လက်လေးသစ်တောင်မရှိသေးဘူး ခါးလိုက်တာလွန်လွန်းလှတယ်။ ကြီးလာရင် ဘယ်လောက်တောင် ခါးမယ်မသိဘူး။ သူကသီးမယ့်အသီးရဲ့အရသာဟာလည်း ချက်ချင်းသေစေနိုင်တဲ့အဆိပ်သီးများဖြစ်မလားမသိဘူး။ အင်း - မလွဲဧကန်ပဲ မုချအဆိပ်သီးပဲဖြစ်မှာပါပဲ။ ဆရာ ကျုပ်ကို ဒီလောက်ခါးတဲ့အရွက်ဘာကြောင့် စားကြည့်ခိုင်းတာလဲ"

ဟူ၍ မင်းသားငယ်က ရှူးရှူးရှားရှား လွှသွားကဲ့သို့ ကြမ်းတမ်းခက်ထန် ဒေါသမာန်ဖြင့်မေးလိုက်သည်။

■ ကျိုးကြောင်းညွှန်ပြ ဆရာအဆုံးအမ.

ထိုအခါ မင်းသားငယ်၏ ဆရာ ဘုရားလောင်းရှင်ရသေ့က လွန်စွာဆုံးမခက်၍ ကြမ်းတမ်းခက်ထန်ဒေါသမာန်ဖြင့် မေးမြန်းသည့်မင်းသားအား ဆိုဆုံးမရန် ဥပါယ်တံမျဉ်အတွင်းသက်ဆင်းလာသည်ဖြစ်၍ -

"မင်းသား၊ ဤတမာပင်ငယ်သည် ယခုအပင်ငယ်မှုမှာပင်ခါးလွန်းလှသည်။ အပင်ကြီးလာလျှင် မည်သို့ဖြစ်မည်မသိဟုဆိုကာ သင်သည်နုတ်၍ပစ်၏။ သင့်ကိုလည်း ဤတမာပင်ငယ်ကဲ့သို့ ငယ်စဉ်ကပင် ဒေါသအမျက်ကြီးလှသည်၊ ခက်ထန်ကြမ်းကြုတ်လွန်းလှသည်ဟူ၍သိထားကြသော မှူးမတ်ပြည်သူတို့သည် သင့်အား မင်းမမြှောက်ရဲသာမက တိုင်းပြည်မှနှင်ထုတ်ကောင်းနှင်ထုတ်နိုင်စရာရှိသောကြောင့် ဤတမာပင်ငယ်နှင့်တူသော သဘောကို စွန့်ပယ်၍ ခန္တီ၊ မေတ္တာ ကရုဏာနှင့်ပြည့်စုံအောင်နေရလေသော"ဟုကျိုးကြောင်းညွှန်ပြဆိုဆုံးမသောအခါ မင်းသားငယ်သည် အဆုံးအမကိုလိုက်နာကျင့်သုံးလျက် အမျက်ဒေါသကိုချုပ်တည်းနိုင်ကာ နှစ်လိုဖွယ်ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ခဲ့သဖြင့် မင်းအဖြစ်ကို ရခဲ့လေသည်။

အကယ်၍သာ မင်းသားငယ်၏ ဖခမည်းတော် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် ဆိုဆုံးမခက်၍ အမျက်ဒေါသကြီးလှသော ဒုဋ္ဌကုမာရမင်းသားငယ်အား ဘုရားအလောင်းတော် ရှင်ရသေ့ထံ အဆုံးအမပေးပါရန် မအပ်နှံခဲ့ပါလျှင် မင်းသားငယ်သည် ဒေါသဖက်၍ ဆိုးပင်ဆိုးမြဲဆိုးလာကပြည်သူတို့ လက်မခံ၊ မင်းအဖြစ်ရရန်ဖြစ်နိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ လောကသုံးပါး၏ အနှိုင်းမဲ့ကျေးဇူးတော်ရှင် မြတ်စွာဘုရားသခင်က ဒေါသကြီးသောသူကြမ်းကြုတ် ရက်စက်သောသူကို အမိအဘတို့[illegible] လည်းကောင်း၊ အဆွေအမျိုး[illegible] လည်းကောင်း နှစ်သက်ခြင်း[illegible] မြွေဆိုးကဲ့သို့လည်း[illegible] စားပြကဲ့သို့လည်း[illegible] ကြူးသောဘီလူး[illegible] လည်းကောင်း

မှတ်ထင်အောက်မေ့ကြောက်လန့်ကုန်၏။ ထိုဒေါသကြီးသောသူသည် မည်ကဲ့သို့သော ဝတ်စားတန်ဆာကို ဆင်ယင်ထားစေကာမူ လှပတင့်တယ်ခြင်းမရှိ၊ လပြည့်ဝန်းကဲ့သို့ လှပတင့်တယ်သောမျက်နှာပင်ရှိစေကာမူ မီးလျှံခထားသော ကြာပန်းကဲ့သို့လည်းကောင်း၊ အညစ်အကြေးမကင်းစင်သော ကြေးမုံပြင်ကဲ့သို့လည်းကောင်း ပမာတူလှချေ၏။ ထိုမှ မက အဆိပ်စား၍သေခြင်း၊ ကြိုးဆွဲချခြင်း၊ ချောက်ကမ်းပါးမှထိုး၍ချခြင်းအစရှိသော မိမိကိုယ်ကို ညှဉ်းဆဲမှုတို့ဖြင့်လည်း ပြုမိတတ်၏။ လူအများတို့၏ကဲ့ရဲ့ဖွယ်တွေသာဖြစ်နေတတ်၏။ သေပြန်သော် ငရဲသို့ရောက်ရ၏။ ဘယ်ကဲ့သို့မျှ မကောင်းချေဟူ၍ ဇာတကနိပါတ် ဤကောဓဝဂ္ဂဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု၌ ကောင်းစွာ ဟောကြားတော်မူခဲ့ပါသည်။

■ ဒေါသတရား လွန်ဆိုးဝါး
မူလပဏ္ဏာသအဋ္ဌကထာ
ဓမ္မိကသုတ်တော်အဖွင့်

ဒေါသသည် ရှေးဦးစွာ စိတ်ကိုနောက်ကျိရုံမျှဖြစ်စေတတ်၏။ (ငင်းအဆင့်၌ဒေါသကို မတားဆီးနိုင်ပါက) မျက်နှာအသွင်အပြင်ကို ဖောက်ပြန်စေတတ်၏။ (ငင်းအဆင့်၌မတားဆီးနိုင်ပြန်ပါလျှင်) ခံတွင်း၊ မေးဖျား စသည်တို့ကို တုန်လှုပ်စေနိုင်၏။ (ငင်းအဆင့်ကို မတားဆီးနိုင်ပြန်ပါလျှင်) မကြားဝံ့မနာသာယုတ်မာညစ်ညမ်းကြမ်းတမ်းသော စကားတို့ကို ပြောဆိုတတ်၏။ (ငင်းအဆင့်ကို မတားဆီးနိုင်ပြန်ပါလျှင်) အရှေ့၊ အနောက်၊ တောင်၊ မြောက်သို့ ဖောက်ဖောက်ပြန်ပြန်ကြည့်ရှုတတ်သော သဘောရှိ၏။ (ငင်းအဆင့်ကို မတားဆီးနိုင်ပြန်ပါလျှင်) တစ်ဖက်သားကို ဆွဲယမ်းကိုင်မှုတွန်းထိုးပစ်ခြင်းကိုပြုတတ်၏။ (ငင်းအဆင့်ကို မတားဆီးနိုင်ပြန်ပါလျှင်) တုတ်၊ ဓားစသည့်လက်နက်တို့ကို ကိုင်စွဲခြင်းပြုတတ်၏။ (ငင်းအဆင့်ကို မတားဆီးနိုင်ပြန်ပါလျှင်) မိမိကိုယ်ကို သေအောင်ဖြစ်စေ၊ သူတစ်ပါးကိုသေအောင်ဖြစ်စေ ပြုလုပ်တတ်၏ဟု ပြထားပေသည်။ ဒေါသတရားသည် လွန်စွာဆိုးဝါးလှပါပေ၏တကား။

■ ရန်သူကို ပြန်စိတ်မဆိုးနှင့်
ဝိသုဒ္ဓိမဂ်လာပညာရှိသူတော်ကောင်းနလုံးသွင်း

တစ်ဖက်ရန်သူသည် မိမိ၏ ရုပကာယကြီးကိုသာလျှင် ဆင်းရဲအောင် ကိုယ်ထိလက်ရောက်ပြုနိုင်ပေလိမ့်မည်။ မိမိ၏စိတ်ကိုကား ဆင်းရဲအောင် ကိုယ်ထိလက်ရောက်ပြုလုပ်ရန်စွမ်းလိမ့်မည်မဟုတ်ပေ။ ရန်သူက စိတ်ဆိုးအောင်ပြုသောကြောင့် ပြန်၍စိတ်ဆိုးခြင်းသည် ရန်သူမပြုနိုင်သောအရာကိုပြုနိုင်အောင် ကူညီရာရောက်ပေသည်။ ထို့ကြောင့် ရန်သူမတတ်နိုင်သော မိမိ၏စိတ်ဆင်းရဲမှု (စေတသိကဒုက္ခ)ကို အဘယ်ကြောင့်ပြုသင့်ပါသနည်းဟု ပြဆိုထားပါသည်။

ထို့အတူ အမျက်ဒေါသထွက်ကာ ရန်သူကိုဆင်းရဲအောင် ပြုလုပ်နိုင်ချင်လည်း ပြုလုပ်နိုင်ပေရာ၏။ မပြုလုပ်နိုင်ဘဲလည်း ရှိပေရာ၏။ သို့ရာတွင် ရန်သူကို ဆင်းရဲဒုက္ခမရောက်စေမီကပင် မိမိကိုယ်ကို မိမိအမျက်ထွက်ခြင်းဖြင့် စိတ်ဆင်းရဲအောင် နှိပ်စက်သကဲ့သို့ရှိတော့မည်မှာကား ဧကန်မုချပေ၏ဟူ၍ ဝိသုဒ္ဓိမဂ်မှာပင် ပြဆိုထားပါသည်။

သံယုတ္တနိကာယ်၌လည်း အမျက်ထွက်လာသူကိုပြန်လှန်၍အမျက်မထွက်ခြင်းသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်မြင်ခြင်းဖြစ်သည်ဟု ဆိုထိုက်ပါပေ၏ ဟူ၍လည်းကောင်း၊ သူတစ်ပါးက ဒေါသအမျက်ချောင်းချောင်းထွက်ခြင်းကို သိသော်လည်း သတိဖြင့်စောင့်စည်းထိန်းသိမ်းလျက်ငြိမ်သက်စွာနေသောသူသည် မိမိအတွက်သာမက သူတစ်ပါး၏ အတွက်ပါ နှစ်ဦးစလုံး၏ အကျိုးကို ကျင့်သုံးရာကျသည်ဟုဆိုထိုက်ပါပေ၏ ဟူ၍ ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

■ ဝိသုဒ္ဓိမဂ်လာ ဒေါသပယ်ရန် နည်းငါးတန်

၁။ ပညာရှိ. . . သင်သည် သီလစောင့်စည်းသော သူတော်ကောင်းကြီးဖြစ်ပါလျက် စောင့်စည်းအပ်သော သီလ၏ အရင်းမူလဖြစ်သော ဟိရီ၊ ဩတ္တပ္ပ၊ ခန္တီ၊ မေတ္တာ၊ ကရုဏာတို့ကို ဖျက်ဆီးတတ်သောအမျက်ဒေါသကို မပယ်မရှားမွေးထားဘိမူ သင်နှင့်တူသောမိုက်သူမရှိဟု ကိုယ့်ကိုယ်ကိုယ်ဆုံးမ၍ ဒေါသကိုငြိမ်းစေရမည်။

၂။ ပညာရှိ. . . သင့်ကိုဒေါသဖြစ်အောင် ရန်သူဆောင်လျက် မနှစ်သက်အပ်သောအမှုကို အကယ်၍ပြုစေဦး၊ သင်သည် ဒေါသကိုဖြစ်စေသဖြင့် ရန်သူ၏အလိုလိုမပြည့်စေလင့်ဟု ကိုယ့်ကိုယ်ကိုယ်ဆုံးမ၍ ဒေါသကိုပယ်ရမည်။

၃။ ပညာရှိ . . . အကျိုးမဲ့ကိုဖြစ်စေတတ်သည့် အမျက်ထွက်ခြင်းဟူ အပ်သော ဒုဂ္ဂတိလမ်းမှားကြီးသို့ ရန် သည် သွားအံ့။ သင်သည် ထိုလမ်း ကြီးသို့မလိုက်ပါလင့်ဟု ကိုယ့်ကိုယ် ဆုံးမ၍ ဒေါသကိုပယ်ရမည်။

၄။ ပညာရှိ . . . ဒေါသအလို လိုက်၍ရန်ပြုသောရန်သူသည် ကျွန် တူ၏။ ဒေါသသည် သခင်နှင့်တူ၏။ ရန်သူကို တစ်ဖန်ပြန်၍ အမျက်ထွက် သောကျွန်ကို ရန်တုံ့ပြန်သည်မည်၏။ ရန်သည်မငြိမ်း။ ပစ်လွှတ်လိုက်သော လုံတံ၊ အုတ်၊ ကျောက်ကိုသာလိုက် ကိုက်သောခွေးမိုက်၏ ရန်မငြိမ်းခြင်းနှ တူ၏။ ထို့ကြောင့် သခင်နှင့်တူသ အရင်းမူလဒေါသကို ပယ်ခြင်းသည်သ အဖျားသို့မလိုက်ဘဲ အမှုသည်ရင်းပ လွှတ်သူကိုသာကိုက်သောခြင်္သေ့မင်းနှ တူ၏။ ရန်သည်ငြိမ်း၏ဟုကိုယ့်ကိုယ်ကို ဆုံးမ၍ ဒေါသကိုပယ်ရမည်။

၅။ ပညာရှိ . . . သင့်ကိုပြစ်မှ သောခန္ဓာကား ခဏိကအားဖြင့်ချုပ်ပေ ပြီ။ ယခု အဘယ်ခန္ဓာကိုပြစ်မှားသနည်း သင့်ကိုပြစ်မှားသောခန္ဓာမှ တစ်ပါးသော ခန္ဓာကိုမပြစ်မှားသင့်ဟု ကိုယ့်ကိုယ်ကို ဆုံးမ၍ ဒေါသကိုပယ်ရမည်ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖွင့်ဆိုညွှန်းပြထား သည်။

ဖော်ပြပါ ဗုဒ္ဓစာပေကျမ်းဂန်လာ ထောက်ရှုဆင်ခြင်ဖွယ်ရာများကို သိမြင် လျက် ဒေါသတရားသည် လွန်စွာဆိုးဝါး လှကြောင်း၊ ဒေါသဖြစ်လာပြီဆိုလျှင် အကျိုးအပြစ်ကို မဆင်ခြင်နိုင်၊ မိမိ သူတစ်ပါးပျက်စီးစေကြောင်းနှင့် ဒေါသ ဖြစ်သူသည် သူတစ်ပါးကိုပျက်စီးစေ လို၍ အားထုတ်ရာ၌ သူတစ်ပါးပျက်စီး သည်လည်းရှိ၏။ မပျက်စီးစေနိုင်သည် လည်းရှိ၏။ မိမိကိုယ်မူကား မုချပျက်စီး စေသည်။ အဘယ်ကြောင့်ဆိုသော် မိမိ တွင်ရှိနေသော တရားကောင်းများဖြစ်သည့် သဒ္ဓါ၊ သတိ စသည်တို့ ဆိတ်သုဉ်းသွားခြင်းသည်ပင် ပျက်စီးကြောင်းဖြစ်လေရာ ကောင်းကျိုးမပေး ဆိုးကျိုးပေးမည့် ဒေါသဘေးမရောက်ရလေအောင်၊ ဒေါသတရားဆိုးမဖြစ်ပွားအောင်ဆင်ခြင်၍ ဒေါသဆန့်ကျင်ဘက် အဒေါသဟူသော မေတ္တာယှဉ်လျက် ကောင်းကျိုးချမ်းသာ မင်္ဂလာနှင့် ပြည့်စုံနိုင်ကြပါစေသော်ဟု ဆန္ဒပြု တင်ပြအပ်ပါသည်။

သစ္စာဝါဒီ-ဦးမြင့်အောင်

သုံးဆယ်ဘုန်းကြွယ်

ဥပုသ်သီလဆောက်တည်ရာဝယ်

ဗုဒ္ဓဘာသာဝင်တို့သည် ဝါတွင်း၊ ရှစ်ရက်၊ လပြည့်၊ လကွယ်နေ့များ ဥပုသ်သီတင်းဆောက်တည်ကြ၏။ ဖြင့် အသက်အရွယ်အိုမင်းသူ ဥပုသ်ဆောက်တည်ကြသည်။ ဘာသာဝင်အများစုမှာ ဝါတွင်းဥပုသ် ဆောက်တည်သည်ကများသည်။ ဝါတွင်း မှန်မှန်မစောင့်ချင်ကြ။ ဥပုသ်သီလ စောင့်ထိန်းကြရာတွင် အကျိုးရှိရှိ အနှစ် ပါ စောင့်ထိန်းနိုင်ကြစေရန် နာရှေ့ထား၍ ရေးသားလိုက်ရပေ သည်။

ဥပုသ်စောင့်ထိန်းရာတွင် တချို့ သိက္ခာပုဒ်များကို သေချာစွာ မလည်။ အဓိကနားမလည်သောပုဒ် များမှာ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာနှင့် ဥစ္စာသယန၊ မဟာသယနာတို့ ဖြစ်သည်။ ဤပုဒ်များကို နားမလည်သဖြင့် တချို့သီလယူပြီး မထိုင်သင့်သောနေရာများတွင်ထိုင်ခြင်း၊ ခြင်း၊ နံ့သာလိမ်းခြင်း၊ တီဗွီ၊ ဗီဒီယို ကြည့်ရှုခြင်း၊ သီချင်းများနားထောင်ခြင်းများကို ပြုလုပ်ကြသည်။ တချို့ဆရာတော်များမှာ သီလပေးရာတွင် ပါဠိသက်သက်မဟုတ်ဘဲ မြန်မာလိုပါ ပူးတွဲဆိုပြသည်။ အလေ့အကျက်မရှိ ဂရုမစိုက်ကြ၍သာ နားမလည်ခြင်းဖြစ်သည်။ နစ္စ၊ ဂီတ စသောပုဒ်မှာ ကခြင်း၊ သီချင်းသီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ တန်ဆာဆင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်းဖြစ်သောသိက္ခာပုဒ်တော်ကို ကောင်းစွာဆောက်တည်ပါ၏။ ဥစ္စာသယန စသောပုဒ်မှာ မြင့်သောနေရာ၊ မြင့်သောနေရာတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို ကောင်းစွာဆောက်တည်ပါ၏။ ဤသိက္ခာပုဒ်ကို နားမလည်သဖြင့် ကုလားထိုင်တွင်ထိုင်ခြင်း၊ ခုတင်ပေါ်တွင်နေခြင်းများကို ပြုလုပ်ကြသည်။

တချို့ကဆိုသေးသည်။ 'ကျောင်းတွင်းဥပုသ်' တဲ့။ ကျောင်းတွင်းဥပုသ်ဆောက်တည်မည့်အတူတူ မဆောက်တည်ဘဲမနေခြင်းက ပို၍ကောင်း၏။ အဘယ်ကြောင့်ဆိုသော် ဥပေါသထ သီလကို ဆောက်တည်ပါမည်ဟု ဘုရားရှေ့တွင် အာမဘန္တေခံယူပြီး အိမ်ပြန်ရောက်သောအခါ သီလမရှိတော့ဘဲ ဘုရားကို မုသာဝါဒဆိုခဲ့သောကြောင့်ပင်တည်း။

ဥပေါသထဟူသောပါဠိကို ဥပုသ်ဟုမြန်မာပြန်ကြ၏။ ဥပ - ညစာမစားခြင်း၊ မေထုန်ရှောင်ခြင်းစသော ကောင်းသောအကျင့်နှင့်ပြည့်စုံ၍ + ဝသထ - နေထိုင်ခြင်းဟု အနက်ထွက်၏။ ထိုသို့နေထိုင်ခြင်းကိုပင် သီလကိုမပျက်အောင် စောင့်ခြင်း၊ ကျင့်သုံးခြင်းသာဖြစ်သောကြောင့် ဥပုသ်စောင့်ခြင်းဟုခေါ်စမှတ်ပြုကြသည်။ ဥပုသ်သီလကို မကျိုးမပေါက်မပြောက်မကျားစောင့်ထိန်းရမည်။ အစအဆုံးပျက်လျှင် ကျိုးပဲ့သည်မည်၏။ အလယ်တည့်တည့် တစ်ပါးပျက်လျှင် ပေါက်သည်မည်၏။ တစ်ခုကြား၊ နှစ်ခုကြားပျက်လျှင် ပြောက်သည်မည်၏။ အလယ်မှ နှစ်ပါး၊ သုံးပါးပျက်လျှင် ကျားသည်မည်၏။

ရှစ်ပါးသီလသည် ဥပေါသထဟူသောအမည်ကိုရ၏။ သီလဆောက်

တည်ပုံကိုလိုက်၍ -

၁။ နိဂဏ္ဌဥပုသ်၊
၂။ ဂေါပါလဥပုသ်၊
၃။ အရိယာဥပုသ်

ဟူ၍ သုံးမျိုးရှိသည်။

၁။ ဤမည်သောအရပ်တွင်ရှိသော သတ္တဝါကိုငါသတ်မည်၊ ငါခိုးမည်၊ ဤအရပ်မှအပဖြစ်သော သတ္တဝါကို မသတ်ပါ၊ မခိုးပါ စသည်ဖြင့် မမှန်သောနည်းဖြင့် ဆောက်တည်သောဥပုသ်ကို နိဂဏ္ဌဥပုသ်ဟုခေါ်သည်။ ကုသိုလ်မရ၊ အကျိုးမရှိ။

၂။ ဥပုသ်စောင့်သောကာလ၌ ရတနာသုံးပါးကို မအောက်မေ့ အိမ်မှုကိစ္စအဝဝကိုသာ အာရုံစိုက်လျက် ကာလကိုလွန်စေ၏။ နွားကျောင်းသားသည် နွားကိုအာရုံစိုက်သည်နှင့်တူ၍ ထိုကဲ့သို့ ဆောက်တည်သောဥပုသ်ကို ဂေါပါလဥပုသ်ဟု ခေါ်သည်။ အနည်းငယ်မျှသာအကျိုးရှိသည်။

၃။ ဥပုသ်ဆောက်တည်သောကာလ၌ ရတနာသုံးပါးဂုဏ်တော်များကို စီးဖြန်းခြင်း၊ ဘာဝနာကိုပွားများခြင်း၊ တရားစကားကိုသာ နာကြားဟောပြောခြင်းဖြင့် ဆောက်တည်သောဥပုသ်ကို အရိယာဥပုသ်ဟုခေါ်သည်။ အလွန်ကြီးမြတ်သောအကျိုးရှိ၏။

ဥပုသ်သည်မှာလည်း (၄)မျိုးရှိ၏။

၁။ တရားမထူ၊ အစားကြူး ဘီလူးဥပုသ်သည်

ဤဥပုသ်မျိုးသည်မှာ ဥပုသ်စောင့်ရန် အဖိတ်နေ့ကတည်းကကြိုတင်၍ ကြက်သား၊ ဝက်သား စသော ဟင်းလျာများကို ဝယ်ယူပြီးစီမံချက်ပြုတ်ထားသည်။ ဥပုသ်နေ့တွင် သီလယူပြီး၍ တရားရရန် မကြိုးစားဘဲ သည်နေ့တော့ နေ့လယ်စာ၊ ညစာနှစ်နပ်ကို တစ်နပ်တည်းပေါင်းစားရတော့မယ်ဆိုတဲ့အသိနှင့် ဘီလူးကဲ့သို့ အစားကြူးသော ဥပုသ်သည်မျိုး ဖြစ်သည်။

၂။ တရားမပွား၊ အအိပ်များ၊ နဂါးဥပုသ်သည်

ဟင်းကောင်းများဖြင့် ဆွမ်းကို တနင့်တပိုးစားခြင်း၊ ကာလနဂါးကဲ့သို့ အအိပ်မက်သောဥပုသ်သည်ကို ဆိုလိုသည်။ ဤနေရာတွင် ဆရာတော် သာယာဝတီ ဦးဌေ ယျရေးသားခဲ့သော လင်္ကာကို အမှတ်ရမိသည်။

'ရုပ်ရှင်၊ ဇာတ်ပွဲ၊ မည်းမည်း မှောင်မှောင်၊ သူ့ထက်ငါသွား၊ ရှေ့နားရောက်အောင်၊ မကြောက်မရှက်၊ မျက်ခွက်ပြောင်ပြောင်၊ သန်းခေါင်ချဉ်း အလင်း မငိုက်ပေါင်၊ ဥပုသ်စောင့်သွား၊ တရားနာသော်၊ ဘိတ်ဆုံးနောက်နား ထောင့်ကြားကမှော်၊ မျက်တောင်စင်းလို့၊ ဟောက်ရင်းအိပ်ပျော်၊ တရားဆုံး တုံးလုံးစက်တော်ခေါ်'။

၃။ တရားမမက်၊ စကားပွက်၊ ဆက်ရက်ဥပုသ်သည်

လက်ပံပင် ဆက်ရက်ကျသကဲ့သို့ အကျိုးမရှိသောစကားများကိုပြောနေသူများဖြစ်ပါသည်။ သားသမီးအကြောင်း၊ စီးပွားရေးအကြောင်းစသည်များကိုပြောရင်း အချိန်ကုန်လွန်စေသောဥပုသ်သည်မျိုးဖြစ်သည်။ ဤဥပုသ်သည်မျိုးသည် ပတ်ဝန်းကျင်ရှိဥပုသ်သည်များကိုအနှောင့်အယှက်ပေးရာရောက်သည်။

၄။ တရားနှင့်ဝေး အိမ်ပြန်ပြေး၊ စာကလေးဥပုသ်သည်

ဤဥပုသ်သည်မျိုးမှာ သီလယူပြီးသည်နှင့် အိမ်ပြန်ပြေးသောဥပုသ်သည်မျိုးဖြစ်သည်။ အထက်ကဖော်ပြခဲ့သော ဂေါပါလဥပုသ်စောင့်သောသူဖြစ်သည်။

ဥပုသ်သည် (၄) မျိုးကို ဖော်ပြပြီးသောအခါ သီလ (၄) မျိုးကို ဖော်ပြလိုသည်။

၁။ ဟာနဘာဂိယသီလ

ကုသိုလ်ဖြစ်သော်လည်း သီလညှိုးနွမ်းစေသောအယုတ်သီလဖြစ်သည်။ မနောကံမနိုင်သည့်ပုဂ္ဂိုလ်များစောင့်သည့်သီလဖြစ်ပြီး မေထုန်ငယ်(၇)ပါးကို ကြုံတွေ့တတ်သည်။

မေထုန်ငယ် (၇) ပါးမှာ -

(က) အမျိုးသမီးက အမျိုးသား၏ ရုပ်ပါရုံကိုမြင်၍ နှစ်သက်သောစိတ်ဖြင့် ကြည့်ခြင်း။
(ခ) အမျိုးသားက အမျိုးသမီး၏ ရုပ်ပါရုံကိုမြင်၍ နှစ်သက်သောစိတ်ဖြင့် ကြည့်ခြင်း။
(ဂ) အမျိုးသားနှင့် အမျိုးသမီးသည် တစ်ယောက်အသံကိုတစ်ယောက် ကကြား၍ သာယာသောစိတ်ဖြင့် အာရုံပြုခြင်း။
(ဃ) ရှေးကဆက်ဆံဖူးသည်ကို အာရုံပြု၍ သာယာခြင်း။
(င) တစ်ပါးသောသူတို့အချင်းချင်းဆက်ဆံကြသည်ကိုမြင်၍ သာယာခြင်း။
(စ) တစ်ယောက်သည် တစ်ယောက်အား ရာဂဖြင့်ကပ်ငြိ၍စကားပြောခြင်း၊ ကျီစယ်ခြင်း။
(ဆ) တစ်ယောက်သည် တစ်ယောက်ကို ကိုင်တွယ်ခြင်း၊ ထိပါးခြင်းတို့ ဖြစ်သည်။

၂။ ဌိတိဘာဂိယသီလ

သီလမညှိုးနွမ်းအောင်၊ ဝါဂွမ်းကဲ့သို့ ဖြူစင်သန့်ရှင်းအောင်၊ အညစ်အကြေးမတင်အောင် သစ်တစ်ပင်ဝါး တစ်ပင်အောက်စောင့်သောသီလမျိုးဖြစ်သည်။ လူ့ဘုံ၊ နတ်ဘုံသို့ပြန်လည်ရောက်ရှိနိုင်သောသီလ ဖြစ်သည်။

၃။ ဝိသေသဘာဂိယသီလ

အထူးစောင့်သောသီလဖြစ်သည်။ သမထယောဂီများစောင့်ထိန်းသောသီလဖြစ်သည်။ ဝီရိယ၊ သတိ၊ သမာဓိပြည့်စုံပြီး သေချာကျနစွာ အားထုတ်ပါက မြေလျှိုးမိုးပျံ ကောင်းကင်ဈာန်ရရှိပြီး ဗြဟ္မာပြည်အထိ လားရောက်နိုင်သည်း

၄။ နိဗ္ဗေဓဘာဂိယသီလ

သံသရာကို အမှန်တကယ်ငြီးငွေ့သည်ယောဂီများစောင့်သောသီလ ဖြစ်သည်။ သံသရာဆိုသည်မှာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ခွေးဖြစ်လိုက်သံသရာကို မဆိုလို။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်အဆက်မပြတ်ဖြစ်ပေါ်နေသော သံသရာအစစ်ကို ဆိုလိုသည်။

အထက်ပါသီလ (၄) မျိုးတို့တွင် နံပါတ် (၁) ကိုပယ်၍ (၂)၊ (၃)၊ (၄) မှ မိမိတို့တတ်စွမ်းသမျှ စောင့်ထိန်းနိုင်ကြပါစေ။ သီလစောင့်ထိန်းသူတို့ ရရှိမည့်အကျိုးကို ချမ်းမြေ့ဆရာတော်ကြီးက-

'သီလခေါ်ဆို ကိုယ်ကျင့်တရား၊
စင်ကြယ်ငြားမူ၊ စီးပွားတိုးလျက်၊
နာမည်တက်၍၊ ရွှံ့ရှက်ကြောက်ကင်း၊
ပွဲလယ်ချဉ်း၏။ သေခြင်းဆိုက်လတ်၊
သတိကပ်လျက်၊ ရောက်လတ်နတ်ဝယ်၊
ဤငါးသွယ်၊ ရဖွယ်ကောင်းကျိုးတည်း'

ဟု လင်္ကာစပ်ဆိုခဲ့သည်။

မင်းကွန်းဆရာတော်ကြီးကလည်း-

'မိမိခန္ဓာ၊ အနှစ်ရှာ၊ စောင့်ပါသီလမှတ်'

ဟု ဩဝါဒမြွက်ကြားဖူး၏။

အနှစ်သာရမရှိသော မိမိတို့၏ ခန္ဓာကိုယ်ကြီးကို အရင်းပြု၍ ကောင်းမြတ်သောသီလတရားများကိုစောင့်ထိန်းရင်း တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် ရင့်ကျက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပေသည်။

သုံးဆယ်ဘုန်းကြွယ်

ခြေဖြင့်လှေလှော် ရေတွင်ပျော်သော အင်းသားတို့နေထိုင်ရာ

အင်းလေးကန်သာသို့ ဘုရားဖူးခရီး

အာကာသ(သာခည်)

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိအင်းလေးဒေသသည် ပြည်တွင်းကသာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်စားလျက်ရှိသောနေရာ ဖြစ်သည်။ တောင်ပေါ်ပင်လယ်ဟု ခေါ်ရလောက်အောင် ကျယ်ဝန်းသော အင်းကြီးသည် သဘာဝအလျောက် ဖြစ်တည်လျက်ရှိပါသည်။ အင်းလေးကန်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ အင်းတိန်အရပ်ရှိ ရွှေအင်းတိန်ဘုရား အစရှိသော ဘုရားများသည် ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်သည်။ အင်းသူအင်းသားတို့သည် ရိုးရာအမွေအနှစ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဖြင့် မပျောက်မပျက်အောင် ထိန်းသိမ်းထားရှိကြသည်။ သဘောဖြူအူစင်း၍ ဖော်ရွေခင်မင်မှုကလည်း အင်းသားတို့၏ အရင်းခံစိတ်ဖြစ်သဖြင့် ပကာသနမဖက် ဖြောင့်စင်းလျက်ရှိကြလေသည်။ ထို့ကြောင့် ယင်းဒေသသို့ မရောက်ဘူးသည်မရှိ ကိုယ်တိုင်တွေ့သိရအောင် သွားရောက်သင့်လှလေသည်။

စာရေးသူသည် ရွှေကျောင်းကုန်း၊ တောင်သာသနာနှင့်ပတ်သက်၍ [illegible] မှ ဦးဟံညွန့်နှင့် ခမ္ပမိတ်ဆွေဖြစ်နေကြသည်။ ဦးဟံညွန့်က အင်းလေး ဟဲယာ ရွာမတွင် မိတ်ဆွေရှိသည်၊ ဘုရားဖူး လိုက်ပို့ပေးမည်ဟု လောကွတ်စကားရှိထားသည်။ စာရေးသူလည်း တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသော အင်းလေးဒေသသို့ရောက်ဖူးချင်နေရာ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ယင်းရှိခဲ့ဖူးသောကတိကဝတ်အရ အင်းလေးဒေသသို့ ခရီးထွက်ဖြစ်ခဲ့ပါသည်။



အလိုတော်ပေါက်စေတီမြတ်ရှိ ရုပ်ပွားတော်များ၊

အင်းလေးဖောင်တော်ဦးရုပ်ပွားတော်မြတ်များ

ရွှေယောင်းသမိုင်းဝင်
ရွှေအင်းတိန်ရုပ်ပွားတော်မြတ်ကြီး

အင်းလေးဖောင်တော်ဦးဘုရားကို အဝေးမှလှမ်းမြင်ရပုံ

အင်းလေးကန်အတွင်းရှိ အလိုတော်ပေါက်ဘုရား

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ကား သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့ဖြစ်သည်။ မနက်ဖြန် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့ဆိုလျှင် အင်းလေးဖောင်တော်ဦးဘုရားများ ဒေသစာရီလှည့်လည်တော်မူရာမှ ကျောင်းတော်သို့ပြန်ဝင်မည့်နေ့ဖြစ်သည်။ အင်းလေးသူပျိုဖြူများ၏ ရိုးရာအကဖြင့် ညှို့ခံဖြေဖျော်သောအလှ၊ အင်းသားတို့၏ ခြေဖြင့်လှေလှော်သောလှေပြိုင်ပွဲကကြည့်ရခဲလှသည်။ တစ်နှစ်မှတစ်ကြိမ်သာကျင်းပသောပွဲဖြစ်သဖြင့် အလွန်ပင်စည်ကားသိုက်မြိုက်ချေသည်။ စာရေးသူတို့လည်း ယင်းပွဲနှင့်အချိန်ကိုက်ဖြစ်စေရန်စီစဉ်လျက် ထိုနေ့နံနက်စော(၅)နာရီက အိမ်စီးကားလေးဖြင့် အိမ်မှထွက်လာခဲ့ကြခြင်း ဖြစ်ပါသည်။

သာစည်မြို့ကို ဖြတ်ကျော်၍ တောင်ကြီးသို့တက်သော ပြည်ထောင်စုလမ်းမကြီးအတိုင်းမောင်းလာခဲ့ပါသည်။ ဦးဟံညွှန့်နှင့် ချိန်းချက်လုပ်ထားသောနေရာ လှိုင်းတက်ရွာခရိုင်ချင်းဆက်အမှတ်(၂)လမ်းဆုံရာသို့ နံနက်(၇)နာရီတွင် ရောက်လာပါသည်။ စာရေးသူ၏ကားပေါ်တွင် ဇနီး မန္တလေးရှိနှင့် မြေးမလေးနှစ်ယောက်၊ ဦးဟံညွှန့်နှင့်ဇနီးဒေါ် ကျင်မွန်တို့ပါသဖြင့် စုစုပေါင်း (၆) ယောက် ဖြစ်သည်။

ကားလေးသည် ယင်းမာပင်အတက်ကစ၍ တောင်ပေါ်သို့ တဖြည်းဖြည်းတက်လာသည်။ လမ်းအား တိုးချဲ့ပြုပြင်လျက် တောက်လျှောက်ဆောင်ရွက်နေသဖြင့် ကျယ်ပြန့်ကောင်းမွန်လှသည်။ တောရိပ်တောင်ရိပ်တို့၏အထိအတွေ့ကိုခံစားရရှိလာမှုကြောင့် လန်းဆန်းလာသည်။ ကားလေးသည် တာဝန်ကျေပွန်စွာ တရိပ်ရိပ်ပြေးနေသည်။ သစ်တောသစ်ပင်၊ တောင်တန်းများကိုထားရစ်ကာ အသစ်အသစ်သောတောင်ထဲသို့ ပြေးဝင်လျက်ရှိနေသည်။

အချို့နေရာများတွင် တောင်ပေါ်မှစမ်းရေများ ဒလဟောထိုးဆင်းနေသည်။ တောင်ထက်မြင့်မြင့်သောတစ်နေရာ၌ ကားစက်အေးရင်း ခဏနားကာ ကားရေဆေးကြသည်။ ယင်းမှတက်ကောက်သော တောင်ကမ်းပါးယံကြီးများကိုလိုးကာတက်လာခဲ့သည်။ နက်ရှိုင်းသောလျှိုချောက်ကြီးများ၊ ရေတံခွန်ငယ်ပေါ်ထိုးဆင်းနေသောစမ်းများကို တွေ့မြင်နေရ၏။ တွေ့ချည်တစ်ခါပိုက်ချည်တစ်လှည့်ဖြင့် ကားကြီးကားငယ်ဆိုင်ကယ်များကို ဖွန်းတပွမ်ပွမ်တီးကာ ရှောင်တိမ်းကာဖြင့် မောင်းတက်လာခဲ့ပါသည်။

ကလောအလွန်တွင် လမ်းဘေးတစ်နေရာ သစ်ပင်ရိပ်၌ ကားနား၍ နေ့လယ်စာထမင်းစားကြသည်၊ လွင်ပြင်ကျယ်ကြီးကို တစ်မျှော်တစ်ခေါ်မြင်နေရသည်။ အချို့ကားများလည်း ခဏရပ်ကာ မှတ်တမ်းဓာတ်ပုံရိုက်နေကြသည်။ ခရီးသွားရင်း လမ်းဘေး၌ ထမင်းစားရသည့်အရသာသည် စားမြိန်လှသလို ပျော်စရာလည်းကောင်းပါလေသည်။

■ ညောင်ရွှေမြို့မှ ဟဲယားရွာမသို့

စာရေးသူတို့၏ ကားတစ်လေးကို ညောင်ရွှေမြို့ရှိ ကျောင်းဆရာတစ်ဦးထံတွင် အပ်နှံထားခဲ့သည်။ ဟဲယားရွာမှ စက်လှေမောင်း၍ လာကြိုသော ကိုဇင်၏မိတ်ဆွေ ကျောင်းဆရာဖြစ်သည်။ ကားအတွက်မပူပင်ရကြောင်း၊ ဘယ်နှရက်ထားခဲ့ထားခဲ့စိတ်ချရကြောင်းပြောသည်။ ယင်းမှနေ၍ အထုပ်အပိုးများကိုယ်စီယူပြီး စက်လှေဆိပ်ရှိရာသို့ဆင်းခဲ့ကြသည်။

စာရေးသူတို့သည် ညောင်ရွှေမြို့ စက်လှေဆိပ်မှ ဟဲယားရွာမသို့ နေ့လယ်တစ်နာရီတွင် စတင်ထွက်လာကြ၏၊ အင်းလေးကန်သည် ညောင်ရွှေမှထွက်လာခါစက မြစ်ကြီးတစ်ခုသဖွယ်နှင့်တူသည်။ စက်လှေပေါ်မှမြင်ရသော အဆောက်အအုံများကား မြစ်ကမ်းဘေးရှိ အဆောက်အအုံများအလားထင်ရသည်။ အတန်ကြာမောင်းလာသောအခါကျမှ

ရွှေအင်းတိန်ဘုရားကုန်းတော်ပေါ်တွင်
အမှတ်တရ

အင်းလေးဖောင်တော်ဦးဘုရားတွင်
ဦးဟန်ညွှန့်နှင့်အတူ

ရွှေအင်းတိန်ဘုရားအနီးရှိ
ဝါးတောများအနက်မှ တချို့တလေ

ရှမ်းတော်ပြုကပ်လှူကြသူများအနက်မှ
အိမ်တစ်အိမ်

စာရေးသူတို့ နှစ်ညအိပ်၊ သုံးရက်တည်းခဲ့သော
ဟဲယားရွာမှ ဦးစိန်သောင်း၊ဖိသား၊စုတို့အိမ်

ရွှေအင်းတိန်ဘုရားမှ
ရှည်လျားလှသောစောင်းတန်းကြီး

အင်းမကြီးထဲသို့ဝင်လာသဖြင့် ကျယ်ပြန့်သောအင်းကြီးကို တွေ့လာရသည်။ အရှေ့ဘက်နှင့် အနောက်ဘက်တွင် တောင်-မြောက်တန်းလျက်ရှိနေသော တောင်ပြာတန်းများကို လှမ်းမြင်နေရသည်။

အင်းလေးကန်ကား တောင်ပေါ် ပင်လယ်ဟုခေါ်ရလောက်အောင် ကျယ်ဝန်းလှသည်။ စက်လှေများသည် ရေလှိုင်းဖွေးဖွေးထအောင် တဒုန်းဒုန်းမောင်းနှင်နေကြသည်။ စက်လှေအချင်းချင်းပေါ်မှ ခရီးသည်များသည် တစ်ဦးနှင့်တစ်ဦး သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လက်ပြနှုတ်ဆက်သွားကြသည်။ ရေတွင်မျောလျက်ရှိသောဗေဒါပင်တစ်အုပ်တစ်မကြီးကို တစ်မြုံကြီးတွေ့နေရ၏။ ကျွန်းပင်ကိုင်းပင်အစရှိသည်တို့ကို လည်းကောင်း၊ ကျွန်းမျောခရမ်းချဉ်ခင်းများကို လည်းကောင်း မကြာမကြာလှမ်းမြင်နေရသည်။

ဟဲယာရွာမဘက်သို့နီးလာသည့်အခါ ဘုန်းကြီးကျောင်း၊ လူနေအဆောက်အအုံ၊ ရေပေါ်ဟိုတယ်အစရှိသည်တို့ကို တွေ့လာသည်။ ရေပေါ်တွင်ရှိသောစက်ိုးဆိုင်၊ စားသောက်ဆိုင်၊ အလှပြင်ဆိုင်စသည်များကား အဆန်းဆန်းအပြားပြားသောကြော်ငြာဆိုင်းဘုတ်များနှင့်မက်လုံးပေးထားကြသည်။ ယင်းသို့ဝင်ချင်လျှင် စက်လှေကိုကပ်၍ အဆောက်အအုံရှေ့ရှိ ကုန်းပေါင်ပေါ်တက်ပြီးသွားရသည်။ စက်လှေသည် ချောင်းမကြီးသဖွယ်ရှိသောလမ်းအတိုင်း လက်ယာဘက်သို့ ချိုးဝင်သွားသည်။ တဖြည်းဖြည်းနှင့် ဟဲယာရွာမထဲသို့ဝင်လာသည်။

ဦးစိန်သောင်း-ဒေါ်လှရီမိသားစုတို့က ဝမ်းပန်းတသာဆီးကြိုကြသည်။ ဦးစိန်သောင်းအိမ်အပါအဝင် အင်းသားတို့အိမ်များကား ခြေတံရှည်နှစ်ထပ်အိမ်လေးခန်းပတ်လည်ဆောက်ထားသည်ကများသည်။ ထို့ကြောင့် အိမ်ကြီးများမှာ ကျယ်ကျယ်ဝန်းဝန်းရှိလေသည်။ထို့ထက် ဘုန်းကြီးကျောင်းများကား ပိုမိုကြီးကျယ်ခမ်းနားကြရာ အင်းသားများအဘယ်မျှ ဘာသာတရားကိုင်းရှိုင်းကြကြောင်းကို သက်သေပြလျက်ရှိနေပါသည်။

■ အင်းလေးကန်သမိုင်းတစ်စိတ်တစ်ပိုင်း

ညောင်ရွှေမြို့နှင့်ဟဲယာရွာမသည် (၄၅) မိနစ်ကြာ စက်လှေမောင်းရသဖြင့် ဦးစိန်သောင်းအိမ်သို့ (၁)နာရီ (၄၅)မိနစ်တွင်ရောက်ရှိကြသည်။ ဦးစိန်သောင်းတို့မိသားစုက သဘောကောင်းကြသည်။ ဖွယ်ဖွယ်ရာရာ ဖျော်ဖြေမှုဖြင့် ဧည့်ခံပြီး အင်းလေးကန်သမိုင်းကို ဦးစိန်သောင်းက သိရှိသမျှပြောပြပါသည်။

အင်းလေးကန်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် စတင်ဖြစ်ထွန်းပေါ်ပေါက်လာသောရေအိုင်ကြီး ဖြစ်၏။ အင်းရေပြင်သည် သဘာဝကြီး၏စေစားမှုအရ ဆုတ်လိုက်တက်လိုက်၊ ကျဉ်းသွားလိုက်ကျယ်သွားလိုက်ဖြစ်ခဲ့သည်။ ယနေ့အင်းလေးကန်ရေပြင်သည် ရှေးအင်းလေးကန်၏အစိတ်အပိုင်းမျှသာရှိတော့သည်။ ယခင်က အင်းလေးကန်ကား အလျား (၃၈) မိုင်၊ အနံ (၈) မိုင်အထိရှိခဲ့ရာ ယခုအခါ အလျား (၁၂. ၁၄) မိုင်မှ အနံ (၄. ၅) မိုင်ခန့်သာရှိတော့သည်။ ဟိုစဉ်က ရေဦးတိုက်ရွာများအဖြစ် ဒေါင်းပိန်း၊ ရေဦးနှင့် ဟိုနမ့်ရွာများအထိ ရေများရောက်ရှိခဲ့သည်။

တစ်ချိန်က ညောင်ရွှေမြို့မှာ မြို့မဖြစ်သေး။ အင်းရေပြင်ကြီးသာဖြစ်ခဲ့သည်။ အင်းလေးကန်သည် ယခင်က အင်း(၄)ရွာသာရှိခဲ့သည်ဟု ဆိုသည်။ မူလအင်း(၄)ရွာမှာ ရွာကြီးဗန်းပုံ၊ နန်းပန်ရွာ၊ နောင်တောရွာနှင့် ဟဲယာရွာမတို့ဖြစ်ကြပြီး အင်း(၄)ရွာမှ အင်းလေးဟု ခေါ်ဝေါ်လာကြသည်။

သရေခေတ္တရာမှဒွတ္တပေါင်မင်းကြီးသည် အင်းလေးရှိရေပေါ်စံနန်းတွင်လာရောက်၍ ယာယီစံမြန်းခဲ့ဖူးသည်။ ထို့ကြောင့် အင်းလေးဒေသသည် ပျူလူမျိုးများနှင့် အစောဆုံးအဆက်အသွယ်ရှိခဲ့သည်။ သက္ကရာဇ် ၃၇၉ ခုနှစ်တွင် အနော်ရထာမင်းကြီးသည် ရွှေသန်းတောင်ဘုရားကိုတည်တော်မူခဲ့၏။ရွှေအင်းတိန်ဘုရားကျောက်စာတွင် အနော်ရထာမင်းမှစ၍ အင်းဝရွှေနန်းကြော့ရှင် စသည့်မင်းများက စေတီပုထိုးများပြုပြင်ခြင်း၊ အသစ်တည်ထားခြင်း၊ ကျွန်သီးတော်များနှင့်ဝတ္တုကံမြေများလှူဒါန်းခြင်းတို့ကို ပြုလုပ်တော်မူခဲ့ကြသည်။

အလောင်းစည်သူမင်းကြီးတိုင်းခန်းလှည့်လည်စဉ် အင်းလေးဒေသသို့ရောက်ရှိတော်မူရာ ကရဝိက်ဖောင်တော်လှေလှော်သား ငထောင်နှင့် ငနောင်တို့သည် အင်းဒေသတွင်ကျန်ရစ်ခဲ့သည်။ ယင်းတို့က ရွာများတည်ထောင်နေကြသည်ဟု ဒဏ္ဍာရီဆန်ဆန်အဆိုကလည်းရှိသေး၏။ ညောင်ရွှေစော်ဘွားကြီးဆီဆိုင်ဖထားဝယ်မှ ညီအစ်ကိုနှစ်ယောက်လာရောက်ခစားရင်း အင်းနေရာနှင့် အင်းရေပြင်ကျယ်ကြီးကို သဘောကျနေကြသည်။ စော်ဘွားကြီးထံတွင် နေထိုင်ခွင့်တောင်းခဲ့ကြသည်။ စော်ဘွားကြီးခွင့်ပြုသဖြင့် ထားဝယ်ညီအစ်ကိုသည် မိသားစု (၃၆)စုကို ထားဝယ်မှခေါ်ယူ၍ အခြေချနေထိုင်ကြသည်။

ယခုအခါ အင်းလေးဒေသသည် နောင်သားခေါ် အင်းသားများနှင့် ရှမ်း၊ ဓနု၊ ပအိုဝ်၊ မြန်မာများ စုစည်းညီညွတ်စွာ နေထိုင်လျက်ရှိကြသည်။ အင်းသားတို့၏ ဖွဲ့လုံ့လနှင့်ဉာဏ်ပညာမှာ သူမတူအောင်စွမ်းရည်မြင့်မားကြသည်။ရေပေါ်တွင် နေထိုင်၍ သီးနှံများကို ကျွန်းမျောများဖြင့်စိုက်ပျိုးကြသည်။ အင်းသီးဟုပြောလျှင် အင်းမှထွက်သောခရမ်းချဉ်သီးကို မသိသူမရှိချေ။ လက်မှုပညာအနေဖြင့် အင်းလေးလွယ်အိတ်၊ အင်းလေးပိုးထည်၊ အင်းလေးပင်နီဖျင်ထည်များသည် အင်းသားများရက်လုပ်သဖြင့် လူသိများကျော်ကြားပါသည်။ ပန်းထိမ်လုပ်ငန်းအစရှိသည် အနုပညာလုပ်ငန်းများထွန်းပေါက်ခြင်းကြောင့်လည်း ကမ္ဘာကျော်လျက်ရှိနေပါသည်။

■ အင်းလေး ဖောင်တော်ဦးဘုရားများ ကျောင်းတော်သို့အဝင်

အင်းလေးဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ်များသည် အင်းလေးကန်အတွင်း၌ တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ်ဒေသစာရီကြွချီတော်မူလျက်ရှိပါသည်။ သီတင်းကျွတ်လဆန်း ၁ ရက်နေ့တွင် ကျောင်းတော်မှထွက်ခွာ၍ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့တွင် စံကျောင်းတော်သို့ပြန်ဝင်ပါသည်။ စာရေးသူတို့သည် ကျောင်းတော်ဝင်စဉ် ဖူးမြော်ရန်အတွက် ဦးစိန်သောင်းအိမ်မှ စက်လှေဖြင့် နံနက်(၇)နာရီ၌ ထွက်လာကြသည်။

နန်းဟူးရွာ၌ရှိသော သီတင်းသုံးစံကျောင်းတော်သည် ဟဲယာရွာမနှင့် သိပ်ပြီးမဝေးလှပေ။ ခဏနှင့်ပင်ရောက်ရှိလာပြီးနောက် ကျောင်းတော်နှင့်မနီးမဝေးကမ်းစပ်တစ်နေရာတွင် နေရာယူထားရသည်။ နောက်ကျလျှင်နေရာအခက်အခဲရှိသည်ဟုသိရသည်။ (၉)နာရီထိုးချိန်မှ ကျောင်းတော်ဝင်လာမည်ဖြစ်သော်လည်း ယခုကတည်းက စက်လှေများနှင့်ပြည့်ကျပ်နေသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်များကျောင်းတော်သို့ဝင်မလာမီ အင်းလေးကန်အတွင်းတွင် အတီးအမှုတ်အကအခုန်များတို့ဖြင့် လှည့်လည် ဖြေဖျော်လျက်ရှိလေသည်။ နတ်သမီးဝတ်စုံတူညီဝတ်ဆင်ထားသော သမီးပျိုလေးများက လှေကိုကိုယ်တိုင်လှော်ခတ်၍လူးလာတုံ့ခေါက်လှည့်လည်ကာ သီဆိုကဖြေဖျော်လျက်ရှိပါသည်။ နိုင်ငံခြားခရီးသည်များအပါအဝင် စောင့်ကြိုနေသူပရိသတ်များကား ကမ်းလုံးပြွတ်မျှရှိကြသည်။ အိမ်ရှေ့ကမ်းစပ်တို့တွင်လည်း ဆွမ်းတော်များပြင်ဆင်ကပ်လှူထားကြသည်ကို တွေ့ရသည်။

လှေကိုကိုယ်တိုင်လှော်၍ အင်းအတွင်း လိုက်လံဖြေဖျော်နေသော မိန်းမပျိုလေးများ၊

နံနက် (၉) နာရီအချိန်တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်များစံမြန်းရာ ကရဝိက်ဖောင်တော်ကို ဆွဲလှေအဆင့်ဆင့်ဖြင့် ဆွဲလျက် ကျောင်းတော်သို့ဝင်လာပါသည်။ ရှည်လျားသော လှေကြီးကို လှေလှော်သားများက ခြေဖြင့်လှော်၍ အိုးစည်ဗုံမောင်းအကအခုန်များကလည်း ပါကြသေးသည်။တစ်သီတစ်တန်းကြီးဆွဲလာသောဆွဲလှေအဆင့်ဆင့်တို့၏နောက်တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်များစံပယ်တော်မူရာ ကရဝိက်ဖောင်တော်ကြီးကို ထိန်လင်းဝင်းပစွာတွေ့မြင်ရသည်။

ကရဝိက်ဖောင်တော်ကြီးအနီးသို့ရောက်လာသည်နှင့် ရှိခိုးပူဇော်ကြ၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြ၊ ကရဝိက်ဖောင်တော်နောက်ကလိုက်ပါဖူးမြော်ကြနှင့် ကြည်နူးဖွယ်ရာကောင်းလှပါသည်။ လှေလှော်ပြိုင်ပွဲရှိသော်လည်း စက်လှေဝင်မရအောင် ပြွတ်သိပ်တိုးစည်ကားသဖြင့် လှည့်ပြန်ခဲ့ကြရပါသည်။

■ အင်းလေးဒေသရှိ ထင်ရှားသောဘုရားစေတီနှင့် သာသနိကအဆောက်အအုံများ

အင်းလေးဒေသတစ်ခွင်၌ ထင်ရှားသောဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများကား လွန်စွာပေါများလှသည်။

ယင်းတို့အနက် -

နမ့်ဟူးရွာရှိ ဖောင်တော်ဦးဘုရား၊

အင်းတိန်ရွာရှိ ရွှေအင်းတိန်ဘုရားနှင့် စောင်းတန်းရှည်ကြီး၊

ခေါင်တိုင်ရွာရှိ ရွှေမြင်တင်ဘုရားနှင့် ခေါင်းလောင်း၊

သန်းတောင်ရွာရှိ ရွှေသန်းတောင်ဘုရား၊

ဟဲယာရွာမရှိ ရွှေဂူဘုရားနှင့် ခေါင်းလောင်း၊

နမ့်ပန်ရွာရှိ အလိုတော်ပေါက်ဘုရား၊

မြသိန်းတန်ရွာရှိ မြသိန်းတန်ဘုရား၊

သလဲဦးရွာရှိ ခွဲခြမ်းစေတီ၊

မိုင်းသောက်ရွာရှိ ဆုတောင်းပြည့်စေတီ၊

ငါးဖယ်ချောင်းရွာ ရှိဘုန်းကြီးကျောင်း

အစရှိသည်တို့သည် အထူးပင် လူသိများ ကျော်ကြားပါသည်။

စာရေးသူတို့သည် အောက်တိုဘာလ ၉ ရက်နေ့ နံနက် (၁၁) နာရီတွင် ဦးစိန်သောင်းအိမ်မှ စက်လှေဖြင့် အင်းတိန်ဘုရားသို့သွားရောက်ကြသည်။ အင်းထဲသို့ဝင်သော ချောင်းကျယ်ကြီးအတိုင်း နာရီဝက်ခန့်မောင်းရသည်။ အင်းတိန်ဘုရားသို့ရောက်မှီစဉ် ကား၊ ဆိုင်ကယ်များကိုတွေ့၍ မေးကြည့်ရာ ခေါင်တိုင်ဘက်လမ်းမှလာ၍ရသည်ဟု သိရသည်။

ရွှေအင်းတိန်ဘုရား[illegible]တော်မှာ လှေဆိပ်မှတက်လိုက်သည်နှင့် မြောက်[illegible] လျက်ရှိသော [illegible]များ၊ [illegible] ရှင့်သစ်ပင်ကြီးများကား [illegible]

၈-၁၀-၂၀၁၇ နေ့က ဖောင်တော်ဦးရုပ်ပွားတော်မြတ်များ ကျောင်းတော်ဝင်လာစဉ်

အင်းလေးဟဲယာရွာတွင် အုန်းပင်တို့ကို ရှားရှားပါးပါး တွေ့ရတတ်သည်

ရုပ်ပွားတော်မြတ်များကြွချီအလာ စောင့်ကြိုနေကြသူများ

ကောင်းလှသည်။ ရင်ကိုအေးမြသွားစေပါသည်။ ကုန်းတော်ပေါ်တွင် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် စည်ကားလျက်ရှိသည်။ စိတ်အေးနားအေး စိမ်ပြေနပြေနေ၍ တရားအားထုတ်ရန်အလွန်ကောင်းသော နေရာဖြစ်ပါသည်။

သက္ကရာဇ် ၄၀၁ ခုနှစ်တွင် အင်းတိန်အရပ်မှပေါ်ရှိသာဒ်ဘုရားများကို အနော်ရထာမင်းကြီးတည်တော်မူခဲ့သည်ဟု မှန်နန်းရာဇဝင်တော်တွင်ဖတ်ရဖူးသည်။ ရွှေအင်းတိန်ဘုရားသို့ ရှည်လျားသော စောင်းတန်းကြီးအတိုင်း တက်သွားရသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတော်အများအပြားကို ဖူးတွေ့ရသည်။

ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို အားပါးတရဖူးမြော်ကာ ရွှေသင်္ကန်း ကပ်လှူပါသည်။ အလှူခံဌာနတွင် အလှူငွေများထည့်ဝင်ပြီးနောက် ဘုရားကုန်းတော်ပေါ်ရှိ စေတီတော်များကို လှည့်လည်ဖူးမြော်ပါသည်။ ထို့နောက် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ဘုရားအာရုံခံတန်စောင်းအတွင်း၌ လာသမျှသောဘုရားဖူးတို့ကို ရေနွေးကြမ်း၊ ပဲခြမ်းလက်ဖက်တို့ဖြင့် ဧည့်ခံလျက်ရှိသည်။ ဘုရားမှဧည့်ခံသောအစားအစာကိုစားရသည်။ ကျန်းမာသည်ဆို၍အနည်းငယ် စီစားသုံးခဲ့ကြသေးသည်။ စက်လှေဆိပ်သို့ဆင်းလာရင်း ဘုရားစောင်းတန်းအတွင်း အမှတ်တရပစ္စည်းအရောင်းဆိုင်များမှ အမှတ်တရပစ္စည်းများဝယ်ခဲ့ကြသေးသည်။

နေ့လယ်တစ်နာရီခန့်တွင် လာလမ်းမဟုတ်သောအခြားတစ်လမ်းမှ စက်လှေလှည့်ကာပြန်လာကြသည်။ အင်းထဲသို့ဝင်သည့်ရေစီးသန်သောချောင်းကြီး ဖြစ်သည်။ ကမ်းပါးယံတစ်ဖက်တစ်ချက်တွင် ရေထဲသို့ သစ်မြစ်ကြီးများဆင်းနေပြီး သစ်ပင်များအုပ်မိုးလျက်ရှိလေသည်။ တစ်ခဏမျှအကြာတွင်တော့ အင်းဖျားရှိ ကျူတောကိုင်းတောများသို့ရောက်လာသည်။ စက်လှေဝင်သာရုံလမ်းကျဉ်းလေးအတိုင်း ခပ်ဖြည်းဖြည်းမောင်းလာရာမှ အင်းမကြီးထဲသို့ဝင်လာခဲ့သည်။

အင်းမကြီးထဲအတိုင်းမောင်းလာပြီး မကြာမီတွင် အလိုတော်ပေါက်ဘုရားသို့ ရောက်ရှိလာသည်။ အလိုတော်ပေါက်ဘုရားကား ရေလယ်တွင်ရှိသောကုန်းတော်ထက်၌ တည်ရှိပါသည်။ ဘုရားကုန်းခြေတော်ရင်းတွင် စက်လှေဆိုက်ကပ်ပြီး ကုန်းတော်ပေါ် သို့တက်သည်နှင့် မိုးကသည်းထန်စွာရွာချလာသည်။

အလိုတော်ပေါက်စေတီတော်မြတ်ကြီးသည် အနုပညာမြောက်သော လက်ရာများဖြင့်သပ္ပာယ်တော်မူလျက်ရှိသည်။ စေတီတော်ကြီး၏လေးမျက်နှာတွင် လိုဏ်များပေါက်ထား၍ ရုပ်ပွားတော်မြတ်တစ်ဆူစီကိန်းဝပ်တော်မူလျက်ရှိ၏။ အရှေ့ဘက်လိုဏ်မှ ရုပ်ပွားတော်မြတ်ကြီးတွင် စာရေးသူတို့ ကြာပန်းနှင့် ရွှေသင်္ကန်းများ ကပ်လှူကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးကို လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော်ကာ အလှူခံဌာနတွင် အလှူငွေများထည့်ဝင်ပါသည်။ မိုးကား ဘုရားတန်ခိုးတော်ကြောင့် ရပ်ဆိုင်းသွားသည်။ ဖောင်တော်ဦးဘုရားအား ဖူးမြော်ရန်ရှိသေး၍ မိုးစဲသွားခိုက် စက်လှေပေါ် အလျှင်အမြန်တက်ကာ ဆက်လက်မောင်းထွက်လာခဲ့ကြပါသည်။

■ ဖောင်တော်ဦးဘုရားသမိုင်း

အလိုတော်ပေါက်ဘုရားနှင့်ဖောင်တော်ဦးဘုရားက အလွန်မဝေးလှချေ။ ခဏနှင့်ပင် ဖောင်တော်ဦးသို့ရောက်ရှိလာသည်။

ဖောင်တော်ဦးဘုရားသို့ရောက်လာသည်။ ဖောင်တော်ဦးဘုရားသည် ရေလယ်ရှိကုန်းတော်ထက်တွင် တည်ရှိသောစံကျောင်းတော် ဖြစ်သည်။ ဘုရားကုန်းတော်အခြေတွင် စက်လှေကပ်၍ ကုန်းတော်ပေါ် သို့တက်လာခဲ့ကြသည်။

ရှေးဦးစွာ ရုပ်ပွားတော်မြတ်များကို ဦးခိုက်၍ ရွှေသင်္ကန်းကပ်လှူပါသည်။ ဘုရားများကျောင်းတော်ဝင်ပြီး ဒါရေရက်ဖြစ်သောကြောင့် ဘုရားဖူးများဖြင့် အလွန်စည်ကားပါသည်။ ရုပ်ပွားတော်မြတ် ငါးဆူစေ့အောင် ရွှေသင်္ကန်းကိုတိုးကြိတ်ပြီးကပ်ရသည်။ အင်းလေးသို့ရောက်သူတိုင်း မရောက်ရောက်အောင်သွားပြီးဖူးကြသည်။ ဖောင်တော်ဦးဘုရား၏ သမိုင်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလှလေသည်။

သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ပုဂံနေပြည်တော်၌ အလောင်းစည်သူမင်းကြီး စိုးစံတော်မူလျက်ရှိသည်။ မင်းကြီးသည် မဟာသမုဒ္ဒရာ၌ရှိသောရတနာအမျိုးမျိုးတို့ကိုကြည့်ရှုတော်မူလိုသဖြင့် သက်နက် (သင်္ကန်းနက်) ဖောင်ယာဉ်စကြာဖြင့် မှူးမတ်ဗိုလ်ပါများခြံရံပြီး တိုင်းခန်းလှည့်လည်တော်မူလျက်ရှိသည်။ မင်းကြီးကား ဖောင်ယာဉ်စကြာနှင့် ယမထာကြိမ်လုံးကို ပိုင်ဆိုင်သည့်အတွက် သက်နက်ဖောင်ယာဉ်ဖြင့် လက်ညှိုးညွှန်ရာရေဖြစ်ပြီး သွားလိုရာသွားနိုင်သည်ဟု အဆိုရှိပါသည်။

မင်းကြီးသည် တိုင်းခန်းလှည့်လည်တော်မူရင်းက ဇမ္ဗူသာမြေပြင်ရင်းသို့ ဆိုက်ရောက်တော်မူလာသည်။ ဟိမဝန္တာတောအရပ်မှလာသော ဘီလူးမသည် သားငယ်ကိုပိုက်၍ မြစ်ကမ်းနားမှနေပြီး ကြည့်လေလျှင် သတိလွတ်ကာ သားငယ်မှာ ရေထဲသို့ကျသွားသည်။ ဘီလူးမလည်း သားငယ်ကို ရေတွင်ရှာမတွေ့သဖြင့် ပြင်းထန်စွာ ငိုကြွေးလေသည်။

ရွှေအင်းတိန်ဘုရားကုန်းတော်သို့ ဤနေရာတွင် စက်လှေကပ်၍တက်ရသည်

မင်းကြီးသည် ငိုကြွေးမြည်တမ်းသံကိုကြားသဖြင့် ယမထာကြိမ်လုံးဖြင့် ရေပြင်ကို ပုတ်ခတ်လိုက်ရာ ရေစောင့်နတ်ထွက်ပေါ်လာသည်။ ဘီလူးမ၏သားငယ်ကို ရေစောင့်နတ်ကဆယ်ယူပေးသဖြင့် ဘီလူးမလည်း ဝမ်းသာသွားသည်။ မင်းကြီး၏ ကြိမ်စကြာအစွမ်းကြောင့် သားငယ်ပြန်ရသော ဘီလူးမသည် မင်းကြီးကို ကျေးဇူးတင်လှသဖြင့် မိမိနေထိုင်ရာ ဟိမဝန္တာတောအရပ်သို့ဝင်ပြီး ရနံ့မွှေးကြိုင်သော သရက္ခန်သားအစစ်ကို ဖြတ်ယူလာ၍ ဆက်သလေသည်။

ထိုစဉ် သိကြားမင်းရောက်လာ၍-

"အသင်မင်းကြီးအား သာသနာ၏ အကျိုးကို ဆောင်ရွက်စေလိုသဖြင့် လူသတ္တဝါတို့ ကိုးကွယ်စိမ့်သောငှာ ဘုရားရုပ်ပွားတော်မြတ်ငါးပေးမည်"

ဟု ဆိုသည်။

မင်းကြီးထံမှ သရက္ခန်အသားကို တောင်းယူ၍ ရုပ်ပွားတော်မြတ်ငါးဆူကို ထုလုပ်ပြီး သိတမာတ်တော်တစ်ဆူ၊ သရီရဓာတ်တော်တစ်ဆူကို ထည့်သွင်း ဌာပနာလေသည်။ သရက္ခန်အစ၊ သပြေအစ၊ ဗောဓိအစတို့ကိုစုပေါင်း၍ စီရင်သောကြောင့် မြတ်ပေါင်းမဥ္ဇူဘုရားဟု ခေါ်တွင်ခဲ့လေသည်။ သရက္ခန်ရုပ်ပွားတော်မြတ်ငါးဆူ၊ မြတ်ပေါင်းမဥ္ဇူတစ်ဆူ၊ [illegible]လှနှစ်ဆူ စုစုပေါင်းရုပ်ပွားတော်မြတ်ရှစ်ဆူကို သိကြားမင်းထုလုပ်ဆက်သလေသည်။

သက္ကရာဇ် ၄၈၂ ခုနှစ်တွင်တော့ အလောင်းစည်သူမင်းကြီးတိုင်းခန်းလှည့်လည်ရာ အရှေ့တောင်ညီတောင်တန်းသို့ရောက်ရှိတော်မူလာသည်။ ဤနေရာသည်ကား သာသနာငါးထောင်အတွင်း သာသနာသွန်းကားမည့်အရပ် ဖြစ်လိမ့်မည်။ နောင်တွင် မဟာနာဂပြည်ကြီးဖြစ်ဖွယ်ရာရှိသည်။ ထို့ကြောင့် သရက္ခန်ရုပ်ပွားတော်မြတ်ငါးဆူကို တည်ထားဌာပနာပေးရန် သောတာပန်နတ်ကြီးက ဆိုသည်။ မင်းကြီးကလည်း နတ်ကြီးဆိုသည့်အတိုင်း ရုပ်ပွားတော်မြတ်လေးဆူသော ဘုရား၊ ရဟန္တာရုပ်ပွားတော်မြတ်များကိုပင့်၍ ဆင်ပေါ်တင်လေသည်။

အဖျားပိုင်း ပဉ္စမရုပ်ပွားတော်မှာ ဆင်ပေါ်အတင်မခံသဖြင့် ယင်းအရပ်သို့ ပို့ဆောင်ခြင်းမပြုနိုင်ချေ။ သရက္ခန်ရုပ်ပွားတော်မြတ်လေးဆူနှင့် မြတ်ပေါင်းမဥ္ဇူတစ်ဆူကို ဆင်ပေါ်တင်၍လွှတ်လေသည်။ ရုပ်ပွားတော်မြတ်များတင်ဆောင်လာသောဆင်သည် အရှေ့တောင်ညီအရပ်၌လှည့်ပတ်ရင်း သန်းထောင်အရပ် ဖော်တော်ပေါက်တောင်ခြေရင်းသို့ရောက်သောအခါ ဆင်များမည်သည့်အရပ်သို့မျှမထွက်ခွာသဖြင့် ယင်းအရပ်တွင်ပင် ဌာပနာတိုက်တည်ဆောက်ပြီး လိုဏ်ဂူသွင်းထားရသည်။ မြတ်ပေါင်းမဥ္ဇူတင်သောဆင်မှာ တောင်အရပ်သို့ထွက်ခွာလာရင်း မင်းကြီးက နန်းတော်သို့ ပြန်ပင့်မည်ဟု ဆိုတော်မူသည်။

ထိုအခါ သောတာပန်နတ်က -

"မင်းမြတ်၊ ဤရတနာမဥ္ဇူဘုရားကို မဟာဂါမရွာ၌သာ အပ်နှံထားရှိရန်၊ မြတ်ပေါင်းမဥ္ဇူဘုရားကို ဤမဟာဂါမရွာတွင်အပ်နှံထားတော်မူမှ နောင်သောအခါ သရက္ခန်ရုပ်ပွားတော်နှင့်တစ်ပေါင်းတည်းရှိလာမည်"

ဟု ဆိုလေသည်။

မင်းကြီးလည်း နတ်ကြီးဆိုသည့်အတိုင်း မဟာဂါမရွာကျောင်းဆရာတော် အရိယဓဇမှရာသီထံအပ်နှံပေးပြီး မဟာဂါမရွာသူရွာသားများနှင့်အတူ ပွဲလမ်းသဘင်ဆင်ယင်ကျင်းပပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေကြပါသည်။

သက္ကရာဇ် ၇၂၁ ခုနှစ်တွင် ညောင်ရွှေမြို့စော်ဘွားကြီး [illegible] လက်ထက်ရောက်သောအခါ သန်းထောင်အရပ် တစ်ခုသောနေရာ၌ ဘုရားရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးတွေ့ရသဖြင့် စော်ဘွားကြီးထံ သံတော်ဦးတင်ကြသည်။ [illegible] မှူးတော်မတ်တော်များ [illegible] တော်မူကာ တောခိုတ်ပေါင်းများကိုရှင်း ခုတ်ထွင်ပြီးရှာဖွေစေခဲ့သည်။ [illegible] တစ်ခုအတွင်း၌ ဘုရားရုပ်ပွားတော်မြတ်လေးဆူကို ရှာဖွေတွေ့ရှိလေသည်။

သက္ကရာဇ် ၉၇၇ ခုတွင် ညောင်ရွှေမြို့၌ စိုးစံတော်မူသော စော်ဘွားမ စောင်နန်းဖဲလက်ထက်သို့ရောက်သော အခါ ယင်းမြို့တော်ကို ရန်သူများ [illegible] နှောင့်ယှက်ဖန်များလာသဖြင့် ဗုဒ္ဓဘာသာ ရှမ်းမြန်မာတို့၏ အထွတ်အထိပ် ဖြစ်သော ရုပ်ပွားတော်မြတ်များကို အန္တရာယ်ကင်းရှင်းရာ ရွှေအင်းတိန်ဘုရားကြီးအရံစောင့် အသိတော်များနေရာသို့ ကျောင်းတော်ဆောက်လုပ်ပြီး ပင့်ဆောင်အပ်နှံစေသည်။

■ ဒေသစာရီကြွချီတော်မူခြင်း

ညောင်ရွှေမြို့၌ နှစ်စဉ် သီတင်းကျွတ်လဆန်း ၇ ရက်နေ့တွင် ရုပ်ပွားတော်မြတ်များအပူဇော်ခံပွဲကို ကျင်းပခဲ့ကြလေသည်။ မူလက အပူဇော်ခံပွဲကို (၆) ဌာန၌သာ ကျင်းပခဲ့ကြသည်။ ထိုသို့ အပူဇော်ခံလှည့်လည်ရာတွင် ညောင်ရွှေစော်ဘွားကြီးအပ်နှံထားသောသရက္ခန်ရုပ်ပွားတော်လေးဆူနှင့် မြတ်ပေါင်းမဥ္ဇူတစ်ဆူ ပေါင်း (၅) ဆူ ဖြစ်သည်။

ဒေသစာရီကြွချီတော်မူရာဆီသို့ (၅)ဆူလုံးပင့်ဆောင်ခဲ့ရာ ညောင်ရွှေမြို့သို့အကြွ လင်းကင်းရွာအရှေ့ အင်းလယ်အရောက် လေပြင်းမိုးကြီးကျရောက်၍ ဘုရားလှေတော်နစ်မြုပ်ခဲ့သည်။ ရုပ်ပွားတော်မြတ် (၅) ဆူအနက် (၄) ဆူကိုသာ ရှာဖွေတွေ့ရှိခဲ့ပြီး လက်ယာရံရဟန္တာတစ်ဆူမှာ ရှာဖွေမတွေ့ရှိဘဲရှိနေသည်။ ဒေသစာရီကြွချီတော်မူအပြီး ကျောင်းတော်သို့ပြန်ရောက်၍ ဂန္ဓကုဋီတိုက်တော်ဖွင့်သောအခါ ဦးခေါင်းတော်တွင် ရေညှိများတင်လျက် ဖူးတွေ့ရသည်။

ထို့နောက်တစ်ဖန် [illegible] လည်း ရှေးနည်းအတိုင်း [illegible] ရွာသွန်တိုက်[illegible] ယင်းရဟန္တာရုပ်ပွားတော်မြတ်တစ်ဆူကို ညတွင်းချင်း ကျောင်းတော်သို့ ပြန်လည်

ပို့ဆောင်ရသည်။ ထိုအခါမှ မိုးစင်စင်လင်း၍ ချမ်းသာခြင်းရကြလေသည်။

မူလက အပူဇော်ခံ (၆) ဌာနကြွတော်မူရာမှ (၈) ဌာနကြွတော်မူသော အစီအစဉ်ဖြင့် ကျင်းပလာခဲ့သည်။ အရပ်ရပ်အရွာရွာတို့မှ စေတနာသဒ္ဓါတရားထက်သန်ကြသဖြင့် မိမိတို့ရပ်ရွာတွင် ဆွမ်းကပ်လှူရန်၊ ညကျိန်းတော်မူပါရန်ခွင့်ပန်လျှောက်ထားကြ၏။ ထို့ကြောင့်နောက်ထပ် အပူဇော်ခံတိုးချဲ့ပြန်ရာ (၁၂) ဌာန်အထိရှိခဲ့လေသည်။ တစ်ဖန်ဌာနပေါင်း(၁၉)၊ ရက်ပေါင်း (၁၅)ရက်မျှ ကြွချီတော်မူခဲ့ရသည်။ ပွဲစားကုန်းဌာန၌ နေ့ဆွမ်းကပ်လှူရန် တောင်းပန်ပြန်သဖြင့် ထပ်မံ ခွင့်ပြုလိုက်ရပါသည်။

■ ကျောင်းတော်နေရာရွှေ့ပြောင်းခြင်း

သက္ကရာဇ် ၁၁၃၃ ခုနှစ်တွင် ရွှေအင်းတိန်ဘုရားကြီး၏ အရှေ့ဘက် မဟာဂါမရွာရှိ ဖောင်တော်ဦးကျောင်းတော်ကြီးကို မီးသင့်လောင်ခဲ့သည်။ ရွာကြီးဘန်းပုံအရပ်တွင် ကျောင်းတော်ဆောက်လုပ်၍ ရုပ်ပွားတော်မြတ်(၅)ဆူကို ရွှေ့ပြောင်းပင့်ဆောင်ကာ အသိတော်များက စောင့်ရှောက်ကြရသည်။ သက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် ရွာကြီးဘန်းပုံကျောင်းတော်ကြီးလည်း မီးသင့်လောင်ပြန်ရာ နန်းဟူးရွာ၌ ကျောင်းတော်ကြီးဆောက်၍ ရွှေ့ပြောင်းကိုးကွယ်ကြပါသည်။

သက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် ဆောက်လုပ်သော နန်းဟူးရွာမှ ထာဝရကျောင်းတော်ကြီးမှာ ပျက်စီးယိုယွင်းလာခဲ့သည်။ သက္ကရာဇ် ၁၃၁၃ ခုနှစ်တွင် အဆိုပါ ကျောင်းတော်ကြီးကိုဖျက်၍ ယခု တွေ့မြင်နေရသော ကျောင်းတော်ကြီးကို တည်ဆောက်ပါသည်။ ဤကျောင်းတော်ကြီးကို သက္ကရာဇ် ၁၃၁၄ မှတွင် စတင်အုတ်မြစ်ချ၍ ကွန်ကရစ်တိုင်ကြီးများဖြင့် အခိုင်အမာတည်ဆောက်ကြပါသည်။ သက္ကရာဇ် ၁၃၁၇ ခုနှစ်တွင် ဘုရားကျောင်းတော်တက်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။ ကျောင်းတော်ကြီး၏ စေတီလုံးထိပ်ထီးတော်ကို အောင်မြင်စွာတင်လှူနိုင်ခဲ့ကြပါသည်။

သက္ကရာဇ် ၁၃၁၁ ခုနှစ်က တိုင်းပြည်ငြိမ်ဝပ်ပိပြားမှုမရှိသည့်အတွက် ဂိုဏ်းသံဃာတော်များ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များတိုင်ပင်ကာ ထိုနှစ်တွင် ဒေသစာရီကြွချီခြင်း မပြုလုပ်ခဲ့ချေ။ သို့သော်လည်း သက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမတို့က မိမိတို့ဌာနသို့ကြွရောက်သောနေ့ကျလျှင် ဖောင်တော်ဦးဘုရားကျောင်းတော်ကြီးသို့ ဆွမ်း ပန်း၊ ရေချမ်း၊ ဆီမီးများ လာရောက် ဆက်ကပ်ကြပါသည်။ ထိုနှစ်တွင် ကျောင်းတော်ကြီး၌ အလွန်စည်ကားလှပါသည်။ သက္ကရာဇ် ၁၃၁၂ ခုနှစ်တွင် ဒေသစာရီ ဆက်လက်ကြွချီတော်မူပါသည်။

သက္ကရာဇ် ၁၃၂၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက် နံနက် (၈) နာရီအချိန်တွင် ဒေသစာရီကြွချီတော်မူသည်။ ဟဲယာရွာမကြေးစားကုန်းကျောင်းတော်သို့အကြွ မြေနီကုန်းရွာအရှေ့တောင်ထောင့်သို့ရောက်ရှိစဉ် မိုးသက်လေပြင်းရွာသွန်းတိုက်ခတ်လာသည်။ ထိုစဉ်ကရဝိက်ဖောင်တော်ကြီး တိမ်းမှောက်သွားကာ ရုပ်ပွားတော်မြတ်လေးဆူအနက် နှစ်ဆူမှာရေထဲကျသွားခဲ့၏။ ရေအောက်ကျသွားသောနှစ်ဆူကို ယင်းနံနက် (၉)နာရီတွင် ရှာဖွေတွေ့ရှိ၍ ဆက်လက်ပင့်ဆောင်ကြပါသည်။

သက္ကရာဇ် ၁၃၂၈ ခုနှစ်တွင် ဒေသစာရီကြွချီတော်မူသည့်အစီအစဉ်ကိုပြုပြင်ကြ၍ ကေလာဌာန၌ ဆွမ်းကပ်လှူရန် ဌာနသစ်တိုးချဲ့ခဲ့သည်။ ယင်း၌ နေ့ဆွမ်းကပ်လှူသည့်ဇရပ်ကြီးတွင် ညကျိန်းရန် အချိန်ဇယားပြင်လိုက်ရသည်။ ထိုနှစ်တွင် တော်သလင်းလကွယ်နေ့ ကျောင်းတော်မှထွက်ခွာပြီး သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့တွင် ကျောင်းတော်သို့ ပြန်လည်ကြွဝင်ပါသည်။

■ နိမိတ်တော်ထူးခြားစွာပြခြင်း

၁၃၂၈ ခုနှစ်၊ တော်သလင်းလကွယ်နေ့နံနက် (၇) နာရီအချိန်တွင် ဒေသစာရီကြွချီကာ အပူဇော်ခံသော အစီအစဉ်ကျင်းပကြပါသည်။ ကျောင်းတော်ပြာသာဒ်ဦးပလ္လင်တော်မှ စီးတော်လှေစံကျောင်းပေါ်သို့ပင့်တင်ကြွချီတော်မူရာ မိုးလေကင်းစင်နေသည့်ကြားမှ ညကြီးမင်းကြီးသဖွယ် မှောင်အတိကျသွားပါသည်။ ယင်းနေ့ (၈) နာရီအချိန်ရောက်မှအလင်းရောင်ပြန်လည်တွေ့မြင်လာရပါသည်၊ ထိုနှစ်တွင် အင်းလေးဒေသ၌ ဘေးအန္တရာယ်အများအပြားတွေ့ကြုံခဲ့ကြရသည်။ သက္ကရာဇ်၁၃၂၉ ခုနှစ်တွင် ဒေသစာရီကြွချီရာဌာနတို့ကိုပြင်ခြင်း မပြုတော့ဘဲ နေ့ရက်နှင့် အချိန်ကိုသာ ပြုပြင်ပေးခဲ့လေသည်။ ထို့ကြောင့် ယခုအခါ ဒေသစာရီကြွချီခြင်းအစီအစဉ်ကို သီတင်းကျွတ်လဆန်း ၁ ရက်နေ့ အင်းတိန်သို့ကြွတော်မူ၍ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့တွင် ရေသာဌာနမှ ကျောင်းတော်သို့ပြန်လည်ကြွဝင်တော်မူပါသည်။

■ တစ်ခါရောက်ဖူး ထပ်ပြီးရောက်ချင်

စာရေးသူတို့သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက် စောစော (၇) နာရီတွင် ဦးစိန်သောင်းနှင့် မိသားစုတို့အားနှုတ်ဆက်၍ အင်းလေးဒေသမှ ပြန်လည်ထွက်ခွာလာကြသည်။ ဦးစိန်သောင်း - ဒေါ်လှရီတို့တွင် သမီးနှစ်ယောက်၊ သားတစ်ယောက်ရှိသည်။ သမီးနှစ်ယောက်က ဧည့်ဝတ်ကျေပွန်စွာ ချက်ပြုတ်ကျွေးမွေးဧည့်ခံသလို သားကိုရွှေမောင်ကလည်း စက်လှေတစ်စင်းဖြင့် သွားလိုရာသို့ မငြီးမငြင်လိုက်ပါပို့ဆောင်ခဲ့သည်။ ကျေးဇူးအထူးတင်ရပါသည်။

စာရေးသူသည် စက်လှေပေါ်မှနေ၍ ဟဲယာရွာမဆီသို့ နောက်ပြန်လှည့်ကြည့်မိလိုက်သည်။ နှစ်ညတာအိပ်စက်ခဲ့သော ဟဲယာရွာမသည် လျှပ်စစ်မီးရရှိသောကြောင့် အစစအရာရာဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ အင်းလေးကန်ဘေးမဲ့တောကို (၂၄၈) စတုရန်းမိုင် သတ်မှတ်ကာ တည်ထောင်ထားသည်။ ထို့ကြောင့် အင်းလေးကန်သည် သာယာလှပ်ရှိပြီး ရေပျော်ငှက်သတ္တဝါလေးများဖြင့် ပန်းရလျက်ရှိနေသည်။

ညောင်ရွှေမြို့နယ်ရှိ အင်းလေးဒေသတွင် ကျေးရွာအုပ်စု (၃၅) စုရှိပြီး ကျေးရွာအပေါင်း (၁၇၅) ရွာရှိသည်ဟု သိရသည်။ အင်းရေပြင်ရှိ ခြေတံရှည်အိမ်များ၊ ရေပေါ်ဈေး၊ နှံ့ပန်ဈေး၊ ရေပေါ်စိုက်ခင်း၊ ရိုးရာရက်ကန်း အစရှိသည်တို့က ကမ္ဘာကျော်အောင် လှသ်များပါသည်။ ဖုန်မတင်၊ လေမခ၊ စိုပြည်ဝါဝင်းသောအင်းသူတို့၏အလှကလည်း ဖော်ရွှေသောအပြုံးများနှင့် မေ့ရက်စရာပင်ရှိမည်မထင်ချေ။ အင်းလေးဒေသသို့ တစ်ခါရောက်ဖူး ထပ်မံလာချင်အောင် ဆွဲဆောင်လျက်ရှိနေလေသည်။

အာကာသ (သာစည်)

မှီငြမ်း -

အင်းလေးဖောင်တော်ဦးဘုရားသမိုင်း မှတ်စု

ကိုယ်တိုင်ရောက်ရှိလေ့လာမှုများ

(ဒေသမအေးမောင်၊ [illegible] MLA)

ဦးဘလှဖော် ပြုသည့်ကောင်းမှု တောင်းဆုအစတွေ့တွေ့ (၁၁)

■ ဆန်းဂဏ္ဍိကျမ်းပြုဆရာတော်ကြီး၏ ဆုတောင်း

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကျွင်းကြီးရွာဇာတိဖြစ်သော ဆရာတော် အရှင်နေမိန္ဒရသည် ချောင်းဦးမြို့ အရှေ့ဘက် ဇေတဝန်ကျောင်းတိုက်နှင့် အင်းစိန်ခရိုင် ဝါတာလိရွာ ဆန်းကျောင်းတို့၌ ပိဋကတ်စာပေများပို့ချတော်မူရင်း ကျမ်းပေါင်းများစွာကို ပြုစုတော်မူခဲ့ရာ သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်း၊ နက္ခတ်နည်းများဖြင့် ပြည့်စုံစွာ တန်ဆာဆင်ထားသော နယသမ္ဗုဒ္ဓာဆန်းဂဏ္ဍိကျမ်းသည်လည်း အပါအဝင်ဖြစ်ပေသည်။ သက္ကရာဇ် ၁၂၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ တနင်္လာနေ့တွင် ပြီးစီးသော နယသမ္ဗုဒ္ဓာဆန်းဂဏ္ဍိကျမ်းလာကျမ်းဆရာ၏ဆုတောင်းကို ဖော်ပြလိုက်ပါသည်။

'ကျမ်းဂန်ပြုစုရသော ကောင်းမှုကြောင့် အရိမေတ္တေယျဘုရားလက်ထက်တော်တွင် တဏှာရန်ကိုပယ်နှင်ကာ အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်စင်စစ်ဖြစ်ရပါလို၏။

■ ဒုတိယမင်းခင်းဆရာတော်ကြီး၏ ဆုတောင်း

ဗန်းကျီတိုက် ကျိုင်းခမောက်ရွာဇာတိဖြစ်သော ရာဇဂုရုနှစ်ထပ်ရ မန္တလေးမြောက်ပြင် မင်းခင်းဆရာတော်ကြီး၏ တပည့်အရှင်ပိဇာရိန္ဒသည် ချောင်းဦးမြို့နယ် ကိုးဆယ်ရွာ ကန္တီမြို့တောင်ဘက် ကုန်းရွာကြီး မုံရွာမြို့ မင်းခင်းတိုက်၊ စစ်ကိုင်းတောင်ရိုး ဇေယျာဘူမိချောင်တို့၌ ပရိယတ်၊ ပဋိပတ်လုပ်ငန်းနှစ်ရပ်ဖြင့် သာသနာပြုတော်မူရင်း ကျမ်းဂန်များစွာ ရေးသားခဲ့ရာ ၎င်းကာကျော်[illegible]ကျမ်းသည် ပဋိပက္ခဖြစ်နေကြသော ၎င်းကာကျော်နှင့်ပရမတ္ထဒီပနီ၎င်းကာကျမ်းနှစ်စောင်ကို ဖြန်ဖြေပေးသည့်အနေဖြင့် ရေးသားထားသောကြောင့် အထူးထင်ရှားကျော်ကြားလှပါသည်။ ထို၎င်းကာ[illegible] ကျမ်းအဆုံး၌တောင်းဆုမြွက်ဆိုသော [illegible]၏ဆုတောင်းကို [illegible]လိုက်ပါသည်။

'[illegible] သည် [illegible] ရ[illegible]သော

အရိယာမဂ်ဉာဏ်အား ကြီးစွာသော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်ပါစေ'

- **မင်းကွန်းတောရဆရာတော်ကြီး၏ ဆုတောင်း**

ရတနာပူရ အင်းဝမြို့တော်ချေးငယ် ပိုးတန်းရပ်ဇာတိဖြစ်သော မင်းကွန်း ရွှေမြင်တင်တောင်ခါးပန်း ရွှေမြင်တင်ဘုရားအနီး တောကျောင်း၌ သီတင်းသုံးတော်မူသည့်ရာဇဂုရုဘွဲ့တံဆိပ် နှစ်ထပ်ရအရှင်မုနိန္ဒာဘိဝံသမဟာထေရ်မြတ်သည် သက်တော် (၅၈)နှစ်အရွယ်တွင် သီဟလက်ာရသင်္ဂဟပါဠိ၏ နိဿယကို ရေးသားတော်မူခဲ့သည်။ ၁၁၈၁ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ ရက်နေ့ မွန်းတည့်ချိန်တွင် ရေးသားပြီးစီးသည့် ထိုသီဟလက်ာရသင်္ဂဟပါဠိ၏နိဿယနိဂုံး၌လာ ဆရာတော်ကြီး၏တောင်းဆုကို ဖော်ပြလိုက်ပါသည်။

'ဤစာရေးရ ဖြစ်ပုညကြောင့် ငရဲကိုဖြစ်စေတတ်သော သမ္မာသသဗ္ဗာသည် တစ်ဘဝယက်တစ်ဘဝ အားနည်းသည်ဖြစ်၍ ပရမဋ္ဌနိဗ္ဗာန်သို့ရောက်ရပါလို၏'

- **ချမ်းသာကြီးဆရာတော်ကြီး၏ ဆုတောင်း**

ရွှေဘိုမြို့၏ အနောက်ဘက် ဒီပဲရင်း ပေါင်းတောင်ကူးရွာဇာတိဖြစ်သော ချမ်းသာကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ပဏ္ဍဝသည် စံကျောင်းဆရာတော်ကြီး၏တပည့်ဖြစ်တော်မူသည်နှင့်အညီ ဂဏ္ဍါဝါစကဂုဏ်၊ အနေကာဂ္ဂကာရကဂုဏ်၊ သီလဝန္တသိက္ခာကာမစသော ဂုဏ်များဖြင့် လွှမ်းခြုံကျော်ကြားတော်မူသည်။ ဆရာတော်ကြီးပြုစုသော များစွာသော ကျမ်းဂန်တို့တွင် ၁၂၃၄ ခု သီတင်းကျွတ်လဆန်း ၈ ရက်နေ့တွင် ပြီးစီးသော အလင်္ကာရဋ္ဌဒီပနီကျမ်း၏ နိဂုံးလာ ကျမ်းဆရာ၏ဆုတောင်းလင်္ကာကို ဖော်ပြပေးလိုက်ပါသည်။

'ဗုဒ္ဓမဟိမ္မ ပါဠိအဋ္ဌကထာ ကျမ်းဋီကာ၌၊ အလင်္ကာနည်း၊ လှန်သိပ်သည်းကို၊ သိမ်းဆည်းလွယ်ကူ၊ ယူမှီရှည်ဆော်၊ ဉာဏ်ရှုမြော်၍၊ ခံလှော်ပါဦး မသိအနက်၊ မိုဟ်ယှာယ်ချက်ကို၊ မခက်ရင့်ဘ မြန်မာဘာသာဖြင့်၊ နှုတ်ကာရေးပြု၊ ဤကောင်းမှုကြောင့်၊ လေးဖြာဖိုလ်မဂ်၊ စဉ်တိုင်းတက်၍၊ မှာဖက်နိဗ္ဗာန်၊ ဆုထူးပန်သည်၊ လျှင်မြန်ရောက်ရပါစေသော်'

- **ဇိနကာလမာလိနီကျမ်းပြု ထိုင်းဆရာတော်ကြီး၏ ဆုတောင်း**

ထိုင်းနိုင်ငံ၏ထင်ရှားကျော်ကြားသော ကျမ်းပြုဆရာတော်များတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ထိုင်းဆင်(ဟ်) လိပါဋိသတ္တကစသောဘာသာများစွာနှင့် နက္ခတ္တဗေဒကို ကျွမ်းကျင်သော ရတနပညမထေရ်သည် မန်ရာယမင်းဆက် သိရိဓမ္မစက္ကဝတ္တိဟုထင်ရှားသော ဗိလကမင်း၏မြေးတော် သာသနာပြု မဟာဝိလမင်းကြီးအောက်လုပ်လှူဒါန်းသော ထိုင်းနိုင်ငံမြောက်ပိုင်း နတ်ဆိပ္ပူ(ရ်)မြို့ရှိ ရတ္တဝနကျောင်းတိုက်၌ (၂၄) ဝါမြောက် ဝါကပ်လျက် ၁၅၁၆ ခုနှစ်တွင် ဇိနကာလမာလိနီကျမ်းကို ရေးသားစီရင်တော်မူခဲ့ပါသည်။ ၀ံသစာပေတွင်ပါဝင်သည့် ဇိနကာလမာလိနီကျမ်း၌ ဗုဒ္ဓသာသနာတော်သမိုင်းကို ခေတ်အလိုက်ဖော်ပြထားသည်။ ခေတ်ကာလသက်မှတ်ညွှန်းဆိုချက်များမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဤကျမ်းသည် သာသနာတော်နှင့်ပတ်သက်သည့် ခေတ်ကာလများကို လေ့လာလိုသူများအတွက် အားကိုးလောက်သောကျမ်းတစ်ဆူဖြစ်သည်။ ရတနပညမထေရ်သည် ဇိနကာလမာလိနီကျမ်းကို ဂါထာ(၈)ပုဒ်ဖြင့် နိဂုံးအုပ်ထားရာ ရှေ့ပိုင်းဂါထာ (၅) ပုဒ်ဖြင့် ကျောင်းဒါယကာအကြောင်း၊ ကျမ်းပြုဆရာတော်အကြောင်း၊ ကျမ်းပြုရာအချိန်နှင့် ကျမ်းပြုပုံအခြင်းအရာများကို ဖော်ပြထားပြီး နောက်ပိုင်းဂါထာ(၃)ပုဒ်ဖြင့် ဆုတောင်းများကို ထုတ်ဖော်ပြထားပါသည်။ ဇိနကာလမာလိနီကျမ်းပြု ထိုင်းဆရာတော်ကြီး၏ ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'အကျဉ်းအားဖြင့် ရေးသားအပ်သော ဤကျမ်းစာသည် အခက်အခဲမရှိဘဲ ပြီးစီးသကဲ့သို့ သတ္တဝါတို့၏ကောင်းမြတ်သော အလိုဆန္ဒများသည်လည်း အခက်အခဲမရှိဘဲပြီးစီးအောင်မြင်နိုင်ကြပါစေ။ ကုသိုလ်ကောင်းမှု၌အညီအညွတ်နှစ်သက်မွေ့လျော်ကြသောမင်းတို့သည် မိမိပြည်သူတို့၏စကားကို နားထောင်ကြပါစေ၊ မိုးနတ်မင်းသည် အချိန်မှန်မိုးရွာသွန်းပါစေ၊ သတ္တဝါအားလုံးတို့သည် ချမ်းသာသုခကို ခံစားနိုင်ကြပါစေ။ မြတ်စွာဘုရား၏ အချိန်ကာလအစဉ်ကို လွယ်ကူစွာ သိမြင်နိုင်သူဖြစ်၍ နောင်အခါ၌ မေတ္တေယျမြတ်စွာဘုရား၏ တရားတော်ကို နာကြားရကာ ဒိဋ္ဌိတည်ရဟန္တာဖြစ်ရပါလို၏'

အဋ္ဌကပရ မျှတစွာ ပန်ဆင်ထားသော ဆရာတော်ကြီး၏ဆုတောင်းတွင် 'မိမိပြည်သူတို့၏စကားကို နားထောင်ကြပါစေ' ဟူသောအချက်သည် အထူးအလေးထားသင့်သောအချက်ဖြစ်ပေသည်။ ပြည်သူ့အသံကို အလေးထားကြဟု လမ်းညွှန်လိုက်ခြင်း ဖြစ်သည်။

- **မော်လမြိုင် တောင်ပေါက်ဆရာတော်ဘုရား၏ဆုတောင်း**

ပါဠိ သက္ကတ ပါကတ အင်္ဂလိပ်စသော ဘာသာများစွာ၌ ကျွမ်းကျင်တော်မူပြီး ကျမ်းပေါင်းများစွာကို ပြုစီရင်တော်မူသော မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအရှင်စက္ကပါလမဟာထေရ်သည် ဗုဒ္ဓဘာသာနိကာယပဋိပတ်ကျမ်းကြီးကို စီရင်ရေးသားခဲ့ရာ ကောဇာသက္ကရာဇ် ၁၂၉၇ ခုနှစ်၊ နယုန်လပြည့်နေ့တွင် ပြီးစီးခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်ကြီးနှင့်သက်ဆိုင်သောအကြောင်းအရာများကိုပြဆိုသော ဤကျမ်းကို အချိန်ကာလ လေးနှစ်မျှကြာအောင် ခက်ခက်ခဲခဲ အပင်ပန်းခံ အားစိုက်ရေးသားရာ ကျန်းမာရေးထိခိုက်ရသည်အထိဖြစ်ခဲ့ရသည်။ တောင်ပေါက်ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာနိကာယပဋိပတ်ကျမ်းကြီးကို ဂါထာ(၈)ပုဒ်ဖြင့် နိဂုံးအုပ်ထားရာ ရှေ့ဂါထာ (၅) ပုဒ်ဖြင့် မော်လမြိုင်မြို့အကြောင်း၊ သီတင်းသုံးရာ တောင်ပေါက်ကျောင်းတိုက်အကြောင်း ကျောင်းအလှူရှင်များ ဖြစ်ကြသော ဦးတိုးလုံး၊ မနန်းယို့တို့အကြောင်းနှင့် ကျမ်းပြီးမှတ်တမ်းများကို ဖော်ပြထားပြီး နောက်ဆုံးဂါထာဖြင့် ဤကျမ်းကိုရေးသားစီရင်ရသောကုသိုလ်ကံစေတနာကြောင့် ဘုရားသခင်၏ သာသနာတော်ကြီး၌ အသက်ထပ်တူ အလေးမူ၍ ကြည်ညိုအားထား ကိုးစားယုံကြည်ခြင်းရှိကြကုန်သော ဗုဒ္ဓဘာသာဝင်အားလုံးတို့သည် အမြဲမပြတ် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြပါစေကုန်သတည်းဟု အများအတွက် လိုလားချက်ကို ဖော်ပြထားသည့်အပြင် မိမိအတွက်ကိုမူ ဤကောင်းမှုသည် လေးပါးသော ပဋိသမ္ဘိဒါဉာဏ်အား အထောက်အကူဖြစ်ပါစေဟု သီးခြားပတ္ထနာပြုခဲ့ပေသည်။

ဦးညွှန့်ဆော်

- သာသနာနှင့်ဒါယကာဆိုတာ. . .
  ရေနှင့်ကြာပုံပမာ. . .
  ရေမြင့်မှကြာတင့်နိုင်မည်သာ. . .
  ဆရာဒကာညီညွတ်ပါမှ
  သာသနာရောင်ဝါဝင်း၍
  ထွန်းလင်းရပေမည်

သာသနာရောင်ဝါဝင်း၍ထွန်းလင်းသောမြို့များထဲတွင် ရှေးပြာနဒီပိုင်းသည့် ဧရာဝတီတိုင်းမှ ညောင်တုန်းမြို့လည်း ပါဝင်ပါသည်။ ကျွန်တော်သည် ထိုညောင်တုန်းမြို့သို့ ပဲခူးတိုင်း ပြည်ရွှေဆံတော်ပွဲတော်မှ အရောက်လာရခြင်း ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ မနက်(၆)နာရီကားဖြင့် ပြည်မြို့မှ ထွက်လာခဲ့ရာ (၁) နာရီခွဲခန့်မှာ ရန်ကုန်သို့ရောက်ရှိ၍ လှိုင်သာယာအဝေးပြေးကားကွင်းသို့သွားပြီး ရိန်းဘိုးကားဖြင့် ရန်ကုန်မှ ညောင်တုန်းမြို့ခရီးစဉ်သို့ ထွက်ခွာခဲ့ရပါသည်။ ရန်ကုန်မှ ဧရာဝတီတိုင်းရှိမြို့များသို့သွားလျှင် ဆားမလောက်ရွာလေးကို ဖြတ်ကျော်ကြရသည်။ ယခုလည်း ဆားမလောက်မှတစ်ဆင့် ညောင်တုန်းလမ်းခွဲအတိုင်း ခရီးနှင်ခဲ့ရပါသည်။ ဧရာဝတီတိုင်းမှ မြို့တစ်မြို့ဖြစ်၍ စိမ်းလန်းသာယာစိုပြည်သော သစ်ပင်တောတန်းများဖြင့်ဖြတ်သန်းလာခဲ့ရာ ညောင်တုန်းမြို့မှကြိုဆိုပါ၏ဆိုသည့် ဆိုင်းဘုတ်ကို ရောက်သည်နှင့် [illegible] ၍ ကျောင်းကန်အလှများနှင့် [illegible] ရှုခင်းတို့ကို ရင်ခုန်ကြည်နူးရပါတော့သည်။

ညောင်တုန်းမြို့သို့ ယခုအခေါက်နှင့်ဆို ကျွန်တော်သုံးခေါက်ရောက်ဖူးခဲ့ပြီ။ ပထမတစ်ခေါက်မှာ တင်မောင်အန်းမင်းဝင်းဇာတ်အဖွဲ့တွင် ပြဇာတ်ကိစ္စနှင့် ရောက်ရသည်။ ဒုတိယအခေါက်မှာ ရွှေညီကိုဇာတ်အဖွဲ့တွင် ဇာတ်လိုက်ရင်း ရောက်ရသည်။ ယခုတတိယအခေါက်မှာ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်တိုင်ပွဲတော်သွန်းဘုရားဇာတ်ရုံမှာ ကပြမည့် ရဲထက်ရာမညသဘင်သို့ ပြဇာတ်အော်ပရာကိစ္စနှင့်လာရင်း ကြုံတောင့်ကြုံခဲ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပွဲကိုပါ ပါဝင်ဆင်နွှဲရခြင်း ဖြစ်ပါသည်။

ညောင်တုန်းမြို့မှအလင်းည
သို့မဟုတ်
နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲ

ဖွေးကြည်(ဝလင်း)

အတုလမာရဇိန်သွန်းဘုရားကြီး



အတုလမာရဇိန်သွန်းဘုရားကြီးအဝင်မုခ်ဦး

ရွှေဟင်္သာတောရကျောင်း

ညောင်တုန်းမြို့သည် ပန်းလှိုင်မြစ်ဘေးတွင် တည်ရှိပါသည်။ ယခင်က ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်မြို့ဖြစ်၍ မြစ်ရိုးတစ်လျှောက်ကို တာဘောင်များပြုလုပ်ထားသည်မှာ အလှတစ်ခုပင်ဖြစ်နေပါသည်။ ညောင်တုန်းမြို့တွင် ရပ်ကွက်(၁၀)ခုရှိပါသည်။ သာသနာထွန်းကားသောအရပ်မို့ တန်ခိုးကြီးစေတီဘုရားပုထိုးများပေါများလှပါသည်။ အတုလမာရဇိန်သွန်းဘုရားကြီးသည်လည်း အဓိကရပင်ဖြစ်ပါသည်။ ဥသျှစ်မောင်နှမတို့တည်ထားသည်ဟုဆိုသော ဥသျှစ်လှစေတီတော်နှင့် မိုးဟုတ်စေတီတော်ကြီးကို ဖူးမြော်နိုင်ပါသည်။ ဇာတ်မင်းသားကြီး ဦးစိန်ကတုံးတည်ထားသော နိုင်ငံအေးစေတီတော်လည်း တည်ရှိပါသည်။ ဝါတွင်းအခါတွင် လောကမာရဇိန်သွန်းဘုရားကြီးကို ဥပုသ်နေ့နံနက်(၄)နာရီအချိန်တိုင်း မျက်နှာတော်သစ်ကြပါသည်။ ထိုမျက်နှာတော်သစ်ပွဲတွင် အာဟာရဒါနပြုသူများ အလွန်ပေါများလှသည်။ ဒါနရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးကမ်းဒါနပြုကြပါသည်။

သွန်းဘုရားကြီးအာရုံခံတန်ဆောင်းတော်ထဲတွင် ဝါတွင်းဥပုသ်သီတင်းနေ့တိုင်းမှာ တရားပွဲများပြုလုပ်၍ ဓမ္မဒါနအလှူပေးကြပါသည်။ စေတီပုထိုးများပေါများရုံတင်မကဘဲ ပရိယတ္တိစာသင်တိုက်ကြီးများလည်း အထင်ကရရှိကြပါသည်။ အလွန်ထင်ရှားလှသော ရွှေဟင်္သာတောရစာသင်တိုက်၊ တိုက်သစ်စာသင်တိုက်၊ တောင်ညိုစာသင်တိုက်တို့ ဖြစ်ကြပါသည်။ တောင်ညိုစာသင်တိုက်သည် သာမဏေကိုရင်ငယ်လေးများ အပါး(၁၀၀) ကျော်ခန့်ရှိသည်ဟုသိရပါသည်။ အခြားကျောင်းတိုက်ကြီးများလည်း များစွာပင်ရှိပါသည်။

ဝါတွင်းတွင် ရပ်ကွက်တိုင်း၌ အရုဏ်ဆွမ်းလောင်းလှူပွဲကို နံနက်(၄)နာရီမှာလောင်းလှူကြရာ မြို့တစ်မြို့လုံးပင် ဆွမ်းခံကြွတော်မူလာကြသော သံဃာတော်များရဲ့သင်္ကန်းရောင်ဖုံးလွှမ်း၍ အလွန်ပင် သဒ္ဓါကြည်နူးရွှင်မြူးပီတိဖြစ်စရာကောင်းပါသည်။

ပုလောစာသင်တိုက်မှသံဃာတော်အရှင်မြတ်တို့သည် ဝါတွင်းဝါပလပြည့်နေ့ညနေတိုင်း မြို့တွင်းသို့လှည့်လည်၍ ဆွမ်းဆန်စိမ်းအလှူခံကြွတော်မူကြပါသည်။ တောင်ညိုစာသင်တိုက်မှ သံဃာတော်များနှင့်သာမဏေများသည်လည်း လကွယ်နေ့ညနေတိုင်း မြို့တွင်းသို့ ဆွမ်းဆန်စိမ်းအလှူခံကြွတော်မူကြပါသည်။

တပို့တွဲလတွင် မြန်မာတစ်နိုင်ငံလုံးရှိ စာဖြေသံဃာတော်များ၏ သုဓမ္မစာပြန်ပွဲကို ရပ်ကွက်(၃)မှ ဓမ္မာရုံတွင် ပြုလုပ်ကျင်းပပါသည်။ စာဖြေသံဃာတော်အရှင်မြတ်များ စာဖြေဆိုတော်မူ၍ (၇)ရက်မြောက်သောနေ့တွင် မြို့တွင်းသို့ နေ့ဆွမ်းအလှူခံကြွတော်မူကြပါသည်။ ထိုစာပြန်ပွဲတွင်တောရကျောင်းမှသံဃာတော်များသည် နေ့ဆွမ်းအလှူခံ (၃) ရက် ကြွတော်မူကြသည်ဟု သိရှိရပါသည်။ အမှတ်(၃)ရပ်ကွက်မှ သုဓမ္မစာပြန်ပွဲပြီးလျှင် မြို့အဝင် 'ကြို့ဆိုပါ၏' ဆိုင်းဘုတ်နားမှ တောရကျောင်းစာပြန်ပွဲကို ရက်အနည်းငယ်အကြာတွင် ဆက်လက်ကျင်းပပါသည်။

သုဓမ္မာစာပြန်ပွဲ၊ ရေစက်ချပွဲကို ဆိုင်းဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပူဇော်ပါသည်။ စာဖြေပွဲမှ ဆုရသံဃာတော်အရှင်မြတ်များကို ပထမကြီး၊ ပထမလတ်၊ စာချအဆင့်ဟု သူ့အဆင့်နှင့်သူအဆင့်ဆင့်ခွဲ၍ ဆုများဆက်ကပ် လှူဒါန်းတော်မူကြပါသည်။ ထိုဆက်ကပ်ပူဇော်ပွဲတွင် အလှူအတန်းဒါနပွဲများလည်းဆက်ကပ်ကြရာ တောညိုစာသင်တိုက်မှ သာမဏေငယ်လေးများမှာ ဆုမဲများအပေါက်အများဆုံးဟု သိရပါသည်။

ပုလောစာသင်တိုက်

မိုးဟုတ်စေတီတော်



ရွှေဟင်္သာတောရကျောင်းတိုက်



ကြို့ဆိုပါ၏ဆိုင်းဘုတ်

မြင့်မြတ်သောဆွမ်းအလှူဒါနဖြင့် တစ်ဝါတွင်းလုံးတွင် လောင်းလှူကြပြီး ဝါတွင်းအရုဏ်ဆွမ်းသိမ်းပွဲများတွင်လည်း ဆိုင်းဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာချည်ခံကြပါသည်။ ဆွမ်းသိမ်းပွဲအခမ်းအနားတွင် (၈) လမ်းထိပ် ဗိုလ်ချုပ်လမ်းမှ ဈေးရုံ (၅) လိမ်းထိပ်အထိ ဆွမ်းသပိတ်တင်ရန်ခုံများအပြည့်တန်းစီ၍ထားပါသည်။ ဆွမ်းသပိတ်အလှူရှင်များသည် ဆွမ်းသပိတ်ပေးမည့်နေရာသို့ သပိတ်ယူသွားလျှင် သပိတ်နှင့်အတူ သပိတ်နံပါတ်များပါပေးလိုက်ကြပါသည်။ သပိတ်တင်မည့်ခုံများမှာလည်း နံပါတ်များရေးထိုးထားပါသည်။ ဆွမ်းသပိတ်အလှူရှင်သည် ကိုယ်ရသောသပိတ်နံပါတ်နှင့် ကိုယ်ရရှိထားသော ခုံနံပါတ်ကိုရှာ၍ ဆွမ်းလောင်းလှူရန် နေရာယူကြရပါသည်။ မိမိတို့လောင်းလှူရမည့်သပိတ်ထဲတွင် မိမိတို့တတ်နိုင်သမျှ သဒ္ဓါတရားအတိုင်း ဝတ္ထုငွေကြေးနှင့် ဆွမ်း၊ ဆွမ်းဟင်းများ လှူဒါန်းဖွယ်ရာအစုစုကို ထည့်၍ မိမိရှေ့မှာကြွရောက်သော သံဃာတော်များကို ပုဂ္ဂိုလ်မပါ သံဃာသက်သက်ရည်မှန်း၍ လောင်းလှူရသည်မှာ မြင့်မြတ်လှပေစွ။

ဤကဲ့သို့ သာသနာတော်အတွက် အဘက်ဘက်မှ အထောက်အကူပြု၍ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသာသနာသုံးရပ်ထွန်းကားသော ညောင်တုန်းမြို့တွင် နှစ်စဉ်နှစ်တိုင်းပင် တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် နှစ်ကျိပ်ရှစ်ဆူပူဇော်လှည့်လည်ပွဲကို ပြုလုပ်ကျင်းပကြပါသည်။

မြန်မာပြည်တစ်နံတစ်လျားသွားလာနေရသော ကျွန်တော်သည်ပင် ဤကဲ့သို့ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပွဲမျိုး မကြုံဖူးပါ။ တန်ဆောင်မုန်းလပြည့်နေ့ညနေမှောင်ရိပ်ပျိုးသည်နှင့် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပွဲလာပရိသတ်တို့သည် ဝင်လာမစဲတသဲသဲနှင့် လမ်းလုံးပြည့်နေပါတော့သည်။ မြို့ပေါ်ရပ်ကွက် (၁၀) ခုရှိလေရာ ကိုယ့်ရပ်ကွက်နှင့်ကိုယ်တာဝန်ယူ၍ ကြည်ညိုစရာပုံသဏ္ဌာန်ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ဖန်တီးထားသော ဘုရားကျောင်းဆောင်တွင် မြတ်ဘုရား(၂)ဆူ၊ (၃)ဆူ စသည်ဖြင့် ပင့်ဆောင်၍ တရားဓမ္မရွတ်ဆိုရွတ်ဆိုမှုများ၊ ဓမ္မတေးသံများ ကြေးစည်အိုးစည်ဗုံမောင်းအဆိုအကများဖြင့် လှည့်လည်ပူဇော်ကြပါသည်။ ပူဇော်လှည့်လည်သည့်နေရာမှာ ကိုယ့်ရပ်ကွက်အလိုက် လူကြီးလူငယ်အရွယ်အသီးသီး မညည်းတမ်းလိုက်ပါကြပါသည်။ အချို့ရပ်ကွက်က ဝတ်ဖြူစင်ကြယ်များညီတူဝတ်ဆင်၍ သာသနာ့အလံများကိုင်ဆောင်ပြီး ကြေးစည်တီးများဖြင့် လိုက်ပါကြသလို အချို့ရပ်ကွက်မှလည်း ယောဂီဝတ်စုံများ၊ ဝတ်အသင်းများ၊ ဆွမ်းအုပ်ထမ်းသူများဖြင့် လိုက်ပါကြသည်။ အချို့ရပ်ကွက်က ဘွဲ့နွှာပြော၊ စည်တော်ကြီးအက၊ ဆင်အကတို့ဖြင့် လှည့်လည်သည်။ အချို့က မြန်မာ့ရိုးရာဝတ်စုံတိုက်ပုံများဖြင့် ကလေးလူကြီးတို့ညီတူဝတ်ဆင်၍ ကျက်သရေခေါင်းပေါင်းများဖြင့် ဝတ်စားဆင်ယင်ကြသည်။ လူပျိုဖြူများမှလည်း ခေတ်မီတိုးတက်ပြီး ရိုးရာဆန်သောဖက်ရှင်ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် အချို့က ငွေဖလားပိုက်၊ အချို့က ကွမ်းတောင်ပန်းတောင်ကိုင်၍ ဆန်းသစ်တီထွင်မှုများအစုံစုံဖြင့် လိုက်ပါဆင်နွှဲကြသည်။

(၂) ရက် လှည့်လည်ရမည်ဖြစ်ရာ တန်ဆောင်မုန်းလပြည့်နေ့တွင် ရပ်ကွက် (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) ရှိရာ အနောက်ပိုင်းသို့ လှည့်လည်ပူဇော်ကြသည်။ ထိုသို့လှည့်လည်ပူဇော်ပြီး အချို့က လမ်းမတော်လမ်းအတိုင်းပြန်ဝင်လာပြီး လမ်းမတော်နှင့် ဆည်မြောင်းရုံးလမ်းထောင့်မှာရှိသော ဗဟိုမဏ္ဍပ်ရှေ့တွင် ယှဉ်ပြိုင်ကြပါသည်။ အချို့က သွန်းဘုရားလမ်းမှ လမ်းမတော်လမ်းသို့ ပြန်ဝင်လာပြီးမှ ဗဟိုမဏ္ဍပ်ရှေ့သို့ပြိုင်ဝင်ကြရာ ဆောင်းဟေမန္တနှင်းဖွဲဖွဲလေးတွေထဲမှာညောင်တုန်းတစ်မြို့လုံးရဲ့အလှသည် မီးရောင်စုံအလှများဖြင့်ကြည်နူးစရာကောင်းနေပါတော့သည်။ ပြိုင်ပွဲဝင်ရန် ကိုယ့်ရပ်ကွက်အလှည့်မရောက်သေး၍ လမ်းမတော်လမ်းပေါ်မှ စောင့်ဆိုင်းအနားယူနေရသောအဖွဲ့များနှင့် ပရိသတ်တို့သည် တိုးမရအောင်လမ်းလုံးပြည့်ပင်။ ပြိုင်ပွဲဝင်စည်းကမ်းအရ ဘုရားပင့်ဆောင်တော်မူသောကျောင်းဆောင်တော်အလှ၊ ဝတ်စားဆင်ယင်မှု၊ လိုက်ပါကြသောလူအင်အား၊ တီထွင်ဆန်းသစ်မှုများအလိုက် ဆုအသီးသီးပေးကြရာ ယခုနှစ်တွင် ရပ်ကွက်(၉)မှ ပထမဆုဆွတ်ခူး၍ ကျပ်ငွေ (၃) သိန်း ဆုတော်ငွေရပါသည်။ ရပ်ကွက် (၁) မှ ဒုတိယဆုရရှိ၍ ကျပ်ငွေ(၂)သိန်းဆုတော်ငွေရရှိပါသည်။ ရပ်ကွက်(၇)မှ တတိယဆုရရှိ၍ ကျပ်ငွေ(၁)သိန်းဆုတော်ငွေရရှိကြပါသည်။

တန်ဆောင်မုန်းလပြည့်ည နှစ်ကျိပ်ရှစ်ဆူဘုရားပွဲလှည့်လည်စဉ်

ပြိုင်ပွဲဝင်အဖွဲ့အားလုံးတို့သည် ဆုရရှိခြင်း၊ မရရှိခြင်းသည် အဓိကမဟုတ်ဘဲ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲလှည့်လည်စည်ကားရေးကိုသာ အဓိကထားရှိကြပါသည်။ ညောင်တုန်းမြို့မှ အလင်းညရဲ့ ကြုံတောင့်ကြုံခဲ ဤလိုပွဲကို ဆင်နွှဲခွင့်ရသည့်အတွက်လည်း ကျွန်တော် ဝမ်းသာကြည်နူးမိသည်။ ဤဆောင်းပါး ရေးသားနိုင်ရေးအတွက် ကျွန်တော့်အား သိလိုသမျှတို့ကို ပြောပြသော [illegible] သဘင်အဖွဲ့ပိုင်ရှင် ကို[illegible] ဒေါ်မြင့်မြင့်နှင့် မိတ်ဆွေအားလုံးတို့ကို မေတ္တာဖြင့်မှတ်တမ်းတင်လိုက်ရပါသည်။

ရွှေကြည်(စေဝင်း)

လှမြင့် ([illegible])

နမောတဿကို ဥဒါန်းကျူးခဲ့သော ပုဂ္ဂိုလ်ထူးများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသော ဘုရားရှိခိုးဂါထာတော်သည် (၅)ပဒရှိသောဂါထာတော်မြတ် ဖြစ်သည်။ ပါဠိတော်များတွင် နမောတဿဂါထာတော်ကို ဥဒါန်းကျူးသောဂါထာဖြစ်သည်ဟု မိန့်ဆိုခဲ့သည်။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသော ဘုရားရှိခိုး ဥဒါန်းကျူးရင့်သော (၅)ပဒရှိသည့် ဂါထာတော်မြတ်၏အနှစ်သာရအဓိပ္ပာယ်မှာ -

အရဟတော-ပူဇော်ခြင်းကိုအထူးခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ**-ကိုယ်တိုင်မှန်စွာ လေးသစ္စာကို ကောင်းစွာသိမြင်တော်မူတတ်သော၊ **တဿ ဘဂဝတော**-ဘုန်းတော်ခြောက်ပါးသခင်၊ ထိုဘုရားရှင်အား၊ **နမော**- ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား' ဟူ၍ ဖြစ်သည်။

နမောတဿဟူသော ဘုရားရှိခိုး ဥဒါန်းဂါထာတော်မြတ်ကို အစအဦးအဖြစ် ဥဒါန်းကျူးရင့်ခဲ့ကြသော ပုဂ္ဂိုလ်ထူးများမှာ (၁) မဟိနွမင်း၊ (၂) ဗြဟ္မာယုပုဏ္ဏား၊ (၃) ဇာဏုသောဏိပုဏ္ဏား၊ (၄) အာရာမဒဏ္ဍပုဏ္ဏား၊ (၅) ဓနဉ္ဇာနီအရိယာမ၊ (၆) သိကြားမင်း၊ (၇) ကောသလမင်း၊ (၈) ကာရဏပါလီအမတ်တို့ ဖြစ်ကြသည်။

(၁) မဟိနွမင်း

ဂေါတမဘုရားရှင်ပွင့်တော်မူသော ဤဘဒ္ဒကမ္ဘာသို့မရောက်မီ ရှေး (၉၁) ကမ္ဘာထက်၌ တိဿ၊ ဖုဿ ဟူသော ဘုရားရှင်နှစ်ဆူ ပွင့်တော်မူခဲ့သည်။ ထိုအချိန်တွင် မဟိနွမင်း အုပ်စိုးခဲ့သည်။ မဟိနွမင်းသည် ဖုဿဘုရားရှင်၏ခမည်းတော်ဖြစ်သည်။ မဟိနွမင်း၏သားငယ်သည် ပဌမအဂ္ဂသာဝက ဖြစ်သည်။ ပုရောဟိတ်၏သားသည် ဒုတိယအဂ္ဂသာဝကဖြစ်သည်။ မဟိနွမင်းသည် ဖုဿဘုရားရှင်ကို ဖူးမြင်ရသည့်အခါတွင် မိမိ၏သားကြီးသည် ဘုရားဖြစ်၏။ သားငယ်သည် ပဌမအဂ္ဂသာဝကဖြစ်၏။ ပုရောဟိတ်၏သားသည် ဒုတိယအဂ္ဂသာဝကဖြစ်၏ဟူ၍ ဝမ်းမြောက်ပီတိစိတ်နှင့် 'မမေဝ ဗုဒ္ဓေါ၊ မမေဝ ဓမ္မော၊ မမေဝ သံဃော၊ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ ရှိခိုးဦးခိုက်လျက် သုံးကြိမ်တိတိ နမောတဿဂါထာတော်ကို ဥဒါန်းကျူးရင့်တော်မူခဲ့သည်။

ထို့ကြောင့် နမောတဿဂါထာတော်သည် ဂေါတမဘုရားရှင်လက်ထက်တွင် ပေါ်ထွန်းထင်ရှားခဲ့သော ဘုရားရှိခိုး၊ ဥဒါန်းဂါထာမဟုတ်ဘဲ ရှေးဘုရားရှင်များလက်ထက်ကပင် ထင်ရှားခဲ့သော ဘုရားရှိခိုးဥဒါန်းဂါထာတော်မြတ်ဖြစ်သည်ဟု မိန့်ဆိုခဲ့ကြသည်။

(၂) ဗြဟ္မာယုပုဏ္ဏား

ဂေါတမမြတ်စွာဘုရားရှင်သည် ရဟန်းတော်ငါးရာနှင့်တကွ ဝိဒေဟတိုင်းသို့ ဒေသစာရီကြွချီတော်မူချိန်တွင် ဗုဒ္ဓမြတ်စွာ၏ထင်ရှားကျော်ကြားမှုဂုဏ်တော်ကိုကြားသိရသော ဗြဟ္မာယုပုဏ္ဏားသည် တပည့်ရင်းဖြစ်သည့် ဥတ္တရလုလင်အား ဘုရားရှင်ထံတော်သို့စေလွှတ်၍ ထင်ရှားကျော်ကြားသည့်အတိုင်းဟုတ်၊ မဟုတ် အကဲခတ် လေ့လာ စုံစမ်းစေခဲ့သည်။ ဥတ္တရလုလင်သည် ဘုရားရှင်နောက်ထံတော်ပါးမှ (၇) လတိုင်တိုင် တကောက်ကောက်လိုက်ပါပြီး တရားနာယူခဲ့သည်။ ထို့နောက် ဆရာဖြစ်သော ဗြဟ္မာယုပုဏ္ဏားထံ ပြန်လည် ရောက်ရှိသောအခါ ဘုရားရှင်ဂေါတမ၏ ဂုဏ်တော်၊ ဘုန်းတော်အနန္တများသည် ဂုဏ်ပေါင်းစုံနှင့်ပြည့်စုံ၍ အနန္တဂုဏ်သဗ္ဗညုဖြစ်ကြောင်း တရားဓမ္မအဆုံးအမများနှင့် ရှင်းလင်းတင်ပြသောအခါ ဗြဟ္မာယုပုဏ္ဏားကြီးသည် ဂေါတမဘုရားရှင်အား ကြည်ညိုလွန်းသောသဒ္ဓါစိတ်ဖြင့် ချက်ချင်းပင် အပေါ်ရုံကို လက်ကတော့ထိုးတာ ဘုရားရှိတော်မူရာအရပ်သို့ လက်အုပ်ချီပြီးလျှင် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ (၃) ကြိမ်တိတိ ဥဒါန်းကျူးရင့်ဦးခိုက်ပူဇော်ခဲ့သည်။

(၃) ဇာဏုသောဏိပုဏ္ဏား

ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဇာဏုသောဏိပုဏ္ဏားသည် နေမွန်းတည့်အချိန်တွင် မြင်းဖြူလေးစီးကသောမြင်းလှည်းဖြင့်ဆွတ်ဆွတ်ဖြူသောအဝတ်တန်ဆာများဝတ်ဆင်ကာ သာဝတ္ထိမြို့မှထွက်ခွာလာ၏။ ထိုအချိန်၌ ပိလောတိကာပရိဗိုဇ်သည် ဇေတဝန်ကျောင်းတော်မှ မြို့တွင်းသို့ပြန်အလာ ဆုံတွေ့ကြသဖြင့် အချင်းချင်းအပြန်အလှန်နှုတ်ဆက်မေးမြန်းကြရာ၌ ပိလောတိကာပရိဗိုဇ်က ဘုရားရှင်ဂေါတမအား ဖူးမြော်ကြည်ညို၍ပြန်လာခဲ့ကြောင်း ပြောဆိုသည်။ ထို့ကြောင့် ဇာဏုသောဏိပုဏ္ဏားက ပိလောတိကာပရိဗိုဇ်အား ဂေါတမဘုရားရှင်၏ ပညာစွမ်းရည်ကို မေးမြန်းခဲ့သည်။

ပိလောတိကာပရိဗိုဇ်သည် -

"ကျုပ်က ဘယ်လိုလူစားမို့ ဘုရားဂေါတမ၏ဉာဏ်စွမ်းကို ချိန်ဆနိုင်မှာလဲ။ ဘုရားရှင်ဂေါတမသည် လောကသူ လောကသားအားလုံးတို့၏ အမြတ်ဆုံးသောဂုဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသောဘုရားဖြစ်ကြောင်း၊ အယူဝါဒရေးရာတွင် ထက်မြက်သောမင်းပညာရှိများ၊ ပုဏ္ဏားပညာရှိများ၊ လူပညာရှိများ၊ သာသနာပြင်ပရဟန်းပညာရှိများအားလုံးကို ဆုံးမလမ်းညွှန်တော်မူသော ဉာဏ်ခြေရာ(၄)ခုနှင့်ပြည့်စုံကြောင်းနှင့် တရားဥသံအလုံးစုံကို အကုန်အစင်သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ရှင်ဖြစ်ကြောင်း ပြန်လည် ပြောကြားခဲ့သည်။ ယင်းစကားကိုကြားသိရသော ဇာဏုသောဏိပုဏ္ဏားသည် ဘုရားရှင်အား ကြည်ညိုလွန်းသဖြင့် မြင်းလှည်းပေါ်မှ ဆင်း၍ လက်ဝဲဘက်ပခုံး၌ ကိုယ်ဝတ်ကိုတင်ကာ မြတ်စွာဘုရားရှိရာဘက်သို့ လက်အုပ်ချီလျက် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ (၃) ကြိမ် ဥဒါန်းကျူးရင့်ရှိခိုးဦးခိုက်ပူဇော်မူခဲ့သည်။

(၄) အာရာမဒဏ္ဍပုဏ္ဏား

ဂေါတမဘုရားရှင်လက်ထက်တော်၌ အရှင်မဟာကစ္စည်းမထေရ်သည် ဂန္ဓာရမြို့ ဘဒ္ဒသာရီမြစ်ကမ်းအနီးတွင် သီတင်းသုံးနေတော်မူစဉ် အာရာမဒဏ္ဍပုဏ္ဏားသည် အရှင်မဟာကစ္စည်းမထေရ်ထံသို့ ရောက်ရှိလာခဲ့ပြီး ရဟန်းအချင်းချင်း၊ မင်းအချင်းချင်း၊ ပုဏ္ဏားအချင်းချင်း၊ အိမ်နေသူလူအချင်းချင်း ငြင်းခုံကြခြင်း၏ အကြောင်းရင်းကို မေးမြန်းသည့်အတွက် အရှင်မဟာကစ္စည်းမထေရ်က ကာမဂုဏ်ငါးပါးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသောတပ်မက်မှုရာဂကြောင့်လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာသော တပ်မက်မှုများကြောင့် လည်းကောင်း ငြင်းခုံမှုဖြစ်နေကြောင်း မိန့်ကြားခဲ့သည်။ ထိုအခါ အာရာမဒဏ္ဍပုဏ္ဏားက ယင်းကာမရာဂနှင့် ဒိဋ္ဌိရာဂနှစ်ပါး၏ ဖမ်းစားပါခြင်းမခံရသော ပုဂ္ဂိုလ်ရှိသလား မည်သူနည်းဟု ဆက်လက်မေးမြန်းသည့်အခါ ရှင်မဟာကစ္စည်းမထေရ်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဂေါတမဘုရားရှင်ဖြစ်ကြောင်း ပြန်လည်မိန့်ကြားခဲ့သည်။ ထိုအခါ ချက်ချင်းပင် အာရာမဒဏ္ဍပုဏ္ဏားသည် လေးစားကြည်ညိုမှုဖြစ်ပေါ်လာခဲ့ပြီး နေရာမှချက်ချင်းထလျက် အပေါ်ရုံကို လက်ကတော့တင်ကာ လက်ယာဘက်ဒူးကို မြေကြီးပေါ်၌ထောက်၍ ဘုရားရှင်ရှိတော်မူရာအရပ်သို့ လက်အုပ်ချီလျက် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ သုံးကြိမ်ဦးခိုက်ပူဇော်ဥဒါန်းကျူးရင့်ခဲ့သည်။

(၅) ဓနဉ္စာနီအရိယာမ

ဂေါတမဘုရားရှင်သည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘာရဒွါဇပုဏ္ဏားနှင့် ဓနဉ္စာနီပုဏ္ဏေးမဇနီးမောင်နှံနှစ်ဦးသည် ရာဇဂြိုဟ်မြို့၌ နေထိုင်ခဲ့ကြသည်။ ဘာရဒွါဇပုဏ္ဏားသည် ဗြာဟ္မဏအယူဝါဒကျင့်သုံးပြီး ဓနဉ္စာနီပုဏ္ဏေးမသည် ဂေါတမဘုရားရှင်၏ အဆုံးအမကိုခံယူသော သောတာပန်အရိယာမဖြစ်သည်။ ဘာရဒွါဇပုဏ္ဏားသည် ဗြာဟ္မဏပုဏ္ဏားငါးရာကိုပင့်ဖိတ်၍ နို့ထမင်းပေးလှူသည်။ ဓနဉ္စာနီအရိယာမသည် ဘုရားအမှူးရှိသောသံဃာတော်များကိုပင့်ဖိတ်၍ ရသာစုံဆွမ်းကိုကပ်လှူသည်။ ဘာရဒွါဇပုဏ္ဏား၏ ပုဏ္ဏားငါးရာကို အလှူပြုသောပွဲတွင် ဓနဉ္စာနီအရိယာမသည် ကိုယ်တိုင်ကိုယ်ကျ နို့ထမင်းကို စီမံပြုလုပ်ပေးသည်။ ထိုသို့ပြုလုပ်ပေးနေချိန်တွင် ဓနဉ္စာနီအရိယာမသည် 'နမောဗုဒ္ဓဿ' ဟူ၍ အစဉ်အမြဲရွတ်ဆိုကာ ဗုဒ္ဓဘုရားရှင်ကို ရှိခိုးပူဇော်သည်။ ဘာရဒွါဇပုဏ္ဏားကြီး၏ ဗြာဟ္မဏပုဏ္ဏားငါးရာကို နို့ထမင်းကျွေးသောပွဲတွင် ဓနဉ္စာနီအရိယာမသည် ကူညီပြုလုပ်ပေးနေစဉ် သစ်ပိုင်းကလေးတစ်ခုကို ခလုတ်တိုက်မိ၍ ချော်လဲသွားသည့်အခါ နို့ထမင်းခွက်ကို လက်မှကိုင်လျက်နှင့်မြေကြီးပေါ်သို့မကျဘဲ ပုဏ္ဏားငါးရာ၏အလယ်တွင် ဦးခေါင်းထက်၌ လက်ဆယ်ဖြာယှက်မိုး၍ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ ဘုရားရှင်၏ ကျောင်းတော်ရှိရာသို့ မျက်နှာမူ ဥဒါန်းကျူးရင့်

တော်မူခဲ့သည်။

(၆) သိကြားမင်း

ဂေါတမမြတ်စွာဘုရားရှင်သည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏အရှေ့ဘက် အမ္ဗသဏ္ဍ အမည်ရှိသော ပုဏ္ဏားရွာ၏ မြောက်အရပ် ဣန္ဒသာလဂူ၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းသည် ဘုရားရှင်၏ ခွင့်ပြုတော်မူချက်အရ ဣန္ဒသာလဂူတွင် ဘုရားရှင်အား ဖူးမြော်ကာ သိကြားမင်းသည် မိမိ၏သိလိုသော အကြောင်းအရာများကို မေးမြန်းလျှောက်ထား၏။ ဘုရားရှင်သည် မေးမြန်းသမျှကို ရှင်းလင်းပြတ်သားစွာ မိန့်ကြားဖြေဆိုတော်မူသည်။ ထို့ကြောင့် သိကြားမင်းက -

“ရှင်တော်မြတ်ဘုရား၊ တပည့်တော်သည် ရှေးအခါက နတ်များနှင့်မတူ၊ သနင်္ကုမာရဗြဟ္မာမင်းကြီးကိုရှိခိုးခဲ့ကြသည်။ ယခုအချိန်ကစ၍ ရှင်တော်မြတ်ဘုရားအား ရှိခိုးခွင့်ပေးသနားတော်မူပါ။ ရှင်တော်မြတ်ဘုရားကသာ တရားအကုန်လုံးကို သိမြင်တော်မူသော ဗုဒ္ဓအစစ်ဖြစ်တော်မူပါသည်။ ရှင်တော်မြတ်ဘုရားသည် အတုမရှိ မြင့်မြတ်တော်မူသော ဆရာတစ်ဆူဖြစ်တော်မူပါပေသည်။ နတ်နှင့်တကွဖြစ်သော လောကတွင် ရှင်တော်မြတ်ဘုရားနှင့်တူသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှရှိတော်မမူပါဘုရား”

ဟု၍ လျှောက်ထားကာ မြေပြင်တွင် ဦးခိုက်၍ ‘နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’ ဂါထာဖြင့် သုံးကြိမ်တိုင်တိုင် ကျူးရင့်ရှိခိုး ဦးခိုက်ပူဇော်ခဲ့သည်။

(၇) ကောသလမင်း

ဂေါတမမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သားသေဆုံးသဖြင့် ပူဆွေးသောကရောက်နေသည့် ဒကာတစ်ဦးကိုအကြောင်းပြု၍ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အပြင်းအထန်ပင်ပန်းခြင်းတို့သည် အချစ်ကြောင့်ဖြစ်လာခြင်းဖြစ်ကြောင်း၊ အချစ်က အစပြုလာခြင်းဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။ ယင်းသို့ဟောကြားမှုကို ကောသလမင်းကြားသိသောအခါ မလ္လိကာမိဖုရားကြီးအား ပြန်လည် ပြောကြားသည့်အခါ မလ္လိကာမိဖုရားကြီးက ဘုရားရှင်က ဤ အတိုင်းဟောခဲ့ပါလျှင် အမှန်တရားပင်ဖြစ်ကြောင်း၊ ဘုရားဟောစကားတွင် လွဲမှားသည်ဟူ၍ မည်သည့်အခါမျှမရှိကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။ ယင်းသို့လျှောက်ထားမှုကို ကောသလမင်းကြီးက မကျေမနပ်ဖြစ်သောကြောင့် မလ္လိကာမိဖုရားကြီးသည် နာဠိဇင်္ဃ ပုဏ္ဏားအား ဘုရားရှင်ထံစေလွှတ်၍ ထိုအကြောင်းကို မေးမြန်းလျှောက်စေခဲ့သည်။ နာဠိဇင်္ဃပုဏ္ဏားသည် ဘုရားရှင်၏မိန့်ကြားချက်အားလုံးကို မှတ်သား၍ မလ္လိကာမိဖုရားကြီးအား ပြန်လည်လျှောက်တင်ခဲ့သဖြင့် မလ္လိကာမိဖုရားကြီးသည် ကောသလမင်းကြီးအား နားဝင်သဘောပေါက်အောင် ဘုရားရှင်၏ ဟောပြောမိန့်ကြားချက်များကို သာဓက ဥပမာများဖြင့် ရှင်းလင်းတင်ပြပြောဆိုခဲ့သည်။ ထိုအခါတွင် ကောသလမင်းကြီးသည် ဘုရားရှင်၏ဟောကြားချက်အဆုံးအမကို နားလည်လက်ခံသဘောပေါက်ကာ ချက်ချင်းပင် နေရာမှထ၍ လက်ဝဲတစ်ဖက်ပခုံးထက်၌ ကိုယ်ဝတ်ကိုတင်၍ ဘုရားရှင်၏ ကျောင်းတော်ရှိရာသို့ မျက်နှာမူဦးခိုက်ရှိခိုးလျက် ‘နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’ ဟူ၍ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးခဲ့သည်။

(၈) ကာရဏာပါလီအမတ်

ဂေါတမဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် လိစ္ဆဝီမင်းတို့၏လုပ်ငန်းကိစ္စအဝဝကို ဦးဆောင်စီမံခန့်ခွဲရသော ကာရဏာပါလီအမတ်သည် ပိင်္ဂိယာနီပုဏ္ဏားကြီးကို ဂေါတမဘုရားရှင်အား ပိင်္ဂိယာနီပုဏ္ဏားကြီး အလွန်ကြည်ညိုဦးခိုက်ပူဇော်ရခြင်း၏အကြောင်းကို သိရှိလိုသောကြောင့် မေးမြန်းစုံစမ်းရာ ပိင်္ဂိယာနီပုဏ္ဏားကြီးက ကာရဏာပါလီအမတ်ကြီးအား -

“မိတ်ဆွေ၊ အရှင်ဂေါတမ၏ တရားတော်ကိုနာကြားရသောအခါတွင် အခြားသာမဏဗြာဟ္မဏများ၏အယူဝါဒကို မတောင့်တတော့ကြောင်း၊ နှစ်လိုဝမ်းမြောက်မှုကိုရရှိကြောင်း၊ စိတ်ကြည်လင်မှုကိုခံစားရရှိကြောင်း၊ နှစ်သိမ့်မှုကိုဖြစ်ရကြောင်း၊ ဝမ်းသာမှုကိုရရှိကြောင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အပြင်းအထန်ပင်ပန်းခြင်းတို့ကို ချုပ်ပျောက်ခြင်းသို့ရောက်ရှိကြောင်း၊ ပူလောင်မှု၊ ပင်ပန်းမှု၊ ပူအိုက်မှုအားလုံးသည် ငြိမ်းအေးသွားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ပိင်္ဂိယာနီပုဏ္ဏားကြီး၏ ဗုဒ္ဓဘုရားရှင်၏ဂုဏ်တော်၊ ဉာဏ်တော်အနန္တတို့ကို ရှင်းလင်းတင်ပြမှုကိုကြားသိရသောအခါ ကာရဏာပါလီအမတ်ကြီးသည် ချက်ချင်းပင် ဂေါတမဘုရားရှင်အား ကြည်ညိုဦးခိုက်လျက် နေရာမှထ၍ အပေါ်ရုံကို လက်ကတော့တင်ပြီး လက်ယာဘက်ဒူးကို မြေပေါ်၌ထောက်ကာ ဘုရားရှင်၏ သီတင်းသုံးနေတော်မူသောကျောင်းတော်သို့လက်အုပ်ချီလျက် ‘နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’ ဟူ၍ သုံးကြိမ်တိတိ ဥဒါန်းကျူးရှိခိုးပူဇော်ခဲ့သည်။

‘နမောတဿ’ အစချီသောဂါထာကို ဥဒါန်းကျူးခဲ့သော ပုဂ္ဂိုလ်ထူး (၈)ဦးစလုံး၏ ‘နမောတဿ’ အစချီ ဥဒါန်းဂါထာကို သုံးကြိမ်တိတိ ဥဒါန်းကျူးရင့်မှုအနှစ်သာရကို အရင်းခံပြုလျက် ဗုဒ္ဓဘာသာဝင်အပေါင်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသော သီလယူ သီတင်းဆောက်တည်ခဲ့ကြရာ၌ ‘နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’ ဟူသော ဥဒါန်းဂါထာတော်ကို သုံးကြိမ်သုံးခေါက်ရွတ်ဆိုပူဇော်ရှိခိုးမှုပြုကြခြင်း ဖြစ်သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

ဗုဒ္ဓအလိုတော်ကျကျင့်သုံးနေထိုင်နည်း (ပထမတွဲ) (အရှင်ကုမာရ)



([illegible])

ဦးကျော်ရှိန်

ပညာသည်သာ ရတနာ

ဗုဒ္ဓဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တစ်ခုသောညသန်းခေါင်ယံ၌ နတ်သားတစ်ဦးလာရောက်၍ ဘုရားရှင်အား မေးခွန်းလေးရပ်ကို မေးမြန်းလျှောက်ထားပါသည်။

၁။ နတ်သား၏ ပထမမေးခွန်းမှာ ကိံသု ယာဝ ဇရာ သာဓု (အိုသည့်တိုင်အောင်ကောင်းသောအရာကား အဘယ်နည်း) ဖြစ်၍ ဘုရားရှင်က သီလံ ယာဝ ဇရာ သာဓု (အိုသည့်တိုင်အောင်ကောင်းသောအရာကား ကိုယ်ကျင့်သီလ) ဟု ဖြေကြားတော်မူပါသည်။

ကျွန်တော်တို့သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာ တတ်နိုင်သမျှမြဲအောင် စောင့်ထိန်းကြပြီး ရှစ်ပါးသီလကို အခါအားလျော်စွာ ကျင့်သုံးကြပါသည်။ ကိုယ်ကျင့်သီလသည် ကြီးငယ်မရွေး၊ ကျားမမရွေး သင့်လျော်သောကိုယ်ကျင့်တရားဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ ဖြေကြားတော်မူခြင်းဖြစ်ပါသည်။

၂။ ဒုတိယမေးခွန်းမှာ ကိံသု သာဓု ပတိဋ္ဌိတံ (အခိုင်အမာ တည်တံ့သော အရာကောင်းကား အဘယ်နည်း)ဖြစ်၍ ယင်းကို သဒ္ဓါ သာဓု ပတိဋ္ဌိတာ (အခိုင်အမာတည်တံ့သောအရာကောင်းကား သဒ္ဓါ) ဟု ဖြေကြားတော်မူပါသည်။

သဒ္ဓါကို ကံ-ကံ၏အကျိုးကိုယုံကြည်ခြင်း၊ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကိုယုံကြည်ခြင်းဟု အများနားလည်ကြပါသည်။ သဒ္ဓါ၏ အဓိပ္ပာယ်ရင်းမှာ ယုံကြည်ခြင်းဖြစ်ပါသည်။ မိမိကိုယ်ကို မိမိ၏ လုပ်ငန်းကို ယုံယုံကြည်ကြည်ဖြင့် ကြိုးပမ်းအားထုတ်ပါက အောင်မြင်မည်သာဖြစ်၍ အခိုင်အမာ တည်တံ့သော အရာကောင်းမှာ သဒ္ဓါ(ယုံကြည်ခြင်း)ဖြစ်သည်ဟုဖြေကြားတော်မူခြင်း ဖြစ်ပါသည်။

၃။ တတိယမေးခွန်းမှာ ကိံသု နရာနံ ရတနံ (လူတို့၏ ရတနာကား အဘယ်နည်း) ဖြစ်၍ ယင်းကို ပညာ နရာနံ ရတနံ(လူတို့၏ ရတနာသည် ပညာ) ဟု ဖြေကြားတော်မူပါသည်။

၄။ စတုတ္ထမေးခွန်းမှာ ကိံသု စောရေဟိ ဒူဟရံ (သူခိုးဓားပြတို့ မယူဆောင်မလုယက်နိုင်သောအရာကား အဘယ်နည်း) ဖြစ်၍ ယင်းကို ပုညံ စောရေဟိ ဒူဟရံ (သူခိုးဓားပြတို့မယူမလုနိုင်သော အရာကား ကောင်းမှုကုသိုလ်ကံ) ဟု ဖြေကြားတော်မူပါသည်။

ဒါနကုသိုလ်စေတနာ၊ သီလကုသိုလ်စေတနာ၊ ဘာဝနာကုသိုလ်စေတနာ စသည့် ကုသိုလ်စေတနာကို ကုသိုလ်ကံ ကောင်းမှုကံဟု ကျွန်တော်တို့ သဘောပေါက်ခံယူထားကြသည်။ ထိုကုသိုလ်ကံတို့ကို ပြုလုပ်ဆည်းပူးပြီးပါက မည်သူမျှ ယင်းကံကို နှောင့်ယှက်ဖျက်ဆီးခြင်းမပြုနိုင်သည့်အပြင် အခွင့်သာသောအခါ ကောင်းကျိုးချမ်းသာကိုပေးစွမ်းနိုင်မည်သာဟုလည်းယုံကြည်လက်ခံကြပါသည်။ ထို့ကြောင့် သူခိုးဓားပြတို့ မယူမလုနိုင်သောအရာကား ကောင်းမှုကုသိုလ်ကံဟု ဖြေကြားတော်မူခြင်း ဖြစ်ပါသည်။

မေးပြပါ ဇရာသုတ္တန်ဒေသနာအရ ပညာ နရာနံ ရတနံနှင့် စပ်လျဉ်း၍ ရတနံ၏ မူလ အဓိပ္ပာယ်မှာ ရတိံဇနေန (မွေ့လျော်ပျော်ရွှင်ခြင်းကို ဖြစ်စေခြင်း) ဖြစ်၍ ဆင့်ပွားအဓိပ္ပာယ်များမှာ -

၁။ စိတ္တီကတံ - စိတ်၌ စွဲမှတ်အလေးပြုအပ်ခြင်း၊
၂။ မဟဂ္ဃ-များစွာအဖိုးတန်ခြင်း၊
၃။ အတုလ - အတုမရှိခြင်း၊ အနှိုင်းမဲ့ဖြစ်ခြင်း၊
၄။ ဒုလ္လဘဒဿန - ရခဲကြုံခဲခြင်း၊
၅။ အနောမသတ္တ ပရိဘောဂ - မွန်မြတ်သော ပုဂ္ဂိုလ်တို့၏ အသုံးအဆောင်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ရွှေငွေ စိန်ကျောက် စသည့် သက်မဲ့ပစ္စည်းတို့ကို လိုချင်စရာ

နှစ်သက်စရာဟု လူတိုင်းကအသိအမှတ်ပြုကြပါသည်။ လိုချင်နှစ်သက်ဖွယ်ဖြစ်သောကြောင့်လည်း ယင်းတို့ကို ရတနာဟု ခေါ်ဆိုကြပါသည်။ အမြတ်တနိုးတန်ဖိုးထားကြပါသည်။ ထို့ကြောင့်လည်း ယင်းတို့ကို လုံခြုံစွာ သိမ်းဆည်းထားရှိကြပါသည်။

မိဘတို့သည် မွေးဖွားစသားငယ်၊ သမီးငယ်တို့ကို တွေ့မြင်လေတိုင်း ယုယပိုက်ထွေးလျက် ကြည်ကြည်နူးနူးဖြင့် ကျေနပ်အားရဘတ်ကြ၏။ ထို့ကြောင့်လည်း သားရတနာ၊ သမီးရတနာဟု ခေါ်ဆိုကြပါသည်။ ထိုသားသမီးတို့ကို အလေးထားသည်နှင့် ယင်းတို့၏ ကျန်းမာရေး၊ ကြီးပွားရေး စသည်ကို ဂရုစိုက်မွေးမြူစောင့်ရှောက်ကြပါသည်။ မိမိတို့၏အသက်ကဲ့သို့ အလေးထားစောင့်ကြပ်ကြသည်ကို အားလုံးသိကြပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုရား၊ တရား၊ သံဃာသုံးပါးကို ရတနာဟု သိမှတ်ထားကြပြီး အလေးအမြတ်ဆည်းကပ်ကိုးကွယ်ကြပါသည်။ ရတနာသုံးပါးတို့၏ ဂုဏ်တော်အသီးသီးကို ပွားများတိုင်းလည်း ကြည်ညိုကြည်နူးကြရပါသည်။ ဗုဒ္ဓမြတ်စွာကို အတုလ (အတုမရှိ မြင့်မြတ်သောပုဂ္ဂိုလ်ကြီး) အဖြစ်ဖြင့် ခံယူထားကြသကဲ့သို့ ဦးရွှေအောင်၏ ဗုဒ္ဓဝင်ကျမ်းကို အနှိုင်းမဲ့ဗုဒ္ဓ ဟူသော အမည်ဖြင့် ခေါ်ဆိုခဲ့ကြပါသည်။ ထို့ပြင် ဒုလ္လဘငါးပါးတွင် ဗုဒ္ဓုပ္ပါဒဒုလ္လဘတစ်ပါး ပါဝင်ကာ ဗုဒ္ဓဘုရားရှင်ပွင့်ပေါ်ခြင်းသည် ဖြစ်ခဲရခဲသည်ဟူ၍လည်းကောင်း၊ ဘုရားရှင်နှင့် ကြုံကြိုက်ဖူးမြင်ရန်လည်း ခဲယဉ်းကြောင်းကို သိမှတ်လက်ခံကြပါသည်။ ထို့ကြောင့် ဖော်ပြပါ သက်ရှိသက်မဲ့ဝတ္ထုတို့သည် ရတန၏ မူလအဓိပ္ပာယ်၊ ဆင့်ပွားအဓိပ္ပာယ်တို့နှင့် လိုက်လျောညီညွတ်သည်ဟုဆိုရပါမည်။

အမှတ် (၅) ဖြစ်သော ဆင့်ပွားအဓိပ္ပာယ်နှင့်ပတ်သက်၍ ဂေါတမမြတ်စွာဖွားမြင်စအချိန်ကို ဖော်ညွှန်းလိုပါသည်။ ဂေါတမဘုရားလောင်း သိဒ္ဓတ္ထမင်းသားဖွားမြင်ပြီးစတွင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ကပိလဝတ်နေပြည်တော်ရှိ ပြာဟ္မဏပညာရှင် (၁၀၈) ဦးကို ခေါ်ယူပြီး သားတော်၏ ဇာတာလက္ခဏာကို စစ်ဆေးကြည့်ရှုခိုင်းရာတွင် တစ်ဦးသော ပြာဟ္မဏက လက်ညှိုးတစ်ချောင်းထောင်၍ ကျန်(၁၀၇)ဦးက လက်ညှိုးနှစ်ချောင်းထောင်ကြပါသည်။ နှစ်ချောင်း၏အဓိပ္ပာယ်မှာ -

၁။ မင်းသားလေးသည် လူဘောင်လူ့လောကတွင် နေထိုင်ပါက စကြဝတေးမင်းဖြစ်၍၊

၂။ တောထွက်ရဟန်းပြုပါက ဘုရားဖြစ်မည်ဟု ဆိုလိုပါသည်။

ထိုခေတ်ထိုအချိန်တွင် စကြဝတေးမင်းသည် လူတို့တွင် အမြင့်ဆုံးဟုသိမှတ်ကြသည်။ စေတီတည်ထားကိုးကွယ်ထိုက်သည့်ပုဂ္ဂိုလ်တို့ကို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စကြဝတေးမင်းဟု တန်းတူပြု၍ ပုဂ္ဂိုလ်လေးမျိုးအဖြစ်ဖြင့် မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ စေတီတည်ထားထိုက်အောင်လည်း စကြဝတေးမင်းသည် လူ့လောက၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ကြောင်း ရှင်းလင်းဖော်ပြထားပါသည်။ ထိုစကြဝတေးမင်း၏ ရတနာခုနစ်ပါးမှာ စကြာရတနာ၊ ဆင်၊ မြင်း၊ ပတ္တမြား၊ မိဖုရား၊ သားကြီး၊ သူကြွယ်တို့ဖြစ်ပါသည်။ ထိုရတနာအသီးသီးသည်လည်း အစွမ်း(အာနုဘော်)ကိုယ်စီရှိကြပါသည်။ ထို့ကြောင့် ယင်းရတနာခုနစ်ပါးသည် မြင့်မြတ်သူတို့၏ အသုံးအဆောင်(ပရိဘောဂ)ဖြစ်သဖြင့် အနောမသတ္တပရိဘောဂဟူသောဆင့်ပွားအဓိပ္ပာယ်နှင့်ဆီလျော်ပါသည်။ ရတန၏ ဆင့်ပွားအဓိပ္ပာယ်ငါးပါးကို အလွယ်တကူသိမှတ်နိုင်ရန် အဋ္ဌကထာဆရာအရှင်မြတ်တို့က -

- စိတ္တီကတံ မဟဂ္ဃဉ္စ
  အတုလံ ဒုလ္လဘဒဿနံ။
  အနောမသတ္တပရိဘောဂံ၊
  ရတနံ့ တေန ပုစ္စတိ။ ။

ဟု ပါဠိဂါထာ ဖွဲ့ဆိုမှတ်တမ်းပြုတော်မူခဲ့ကြပါသည်။

ပညာ ဟူသော ပါဠိ၌ ဉာသည် သိခြင်းဖြစ်၍ ပ + ဉာ = ပညာသည် အများအားဖြင့် သိခြင်းဟု အဓိပ္ပာယ်ရှိပါသည်။ အသိဉာဏ်အမျိုးအစားကို လိုက်၍ ဇဝနပညာ (လျင်သောဉာဏ်)၊ ပုထုပညာ (ကြီးမားသောဉာဏ်)၊ ဂမ္ဘီရပညာ (နက်နဲသောဉာဏ်) စသည်ဖြင့် ခွဲခြားဖော်ပြတတ်ပါသည်။ အကျဉ်းအားဖြင့်ဆိုသော် လောကီပညာ၊ လောကုတ္တရာပညာအားဖြင့် နှစ်ပါးရှိသည်ဟုဆိုနိုင်ပါသည်။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သည် လောကုတ္တရာဖြစ်၍ ကြွင်းသောအသိဉာဏ်တို့သည် လောကီပညာဖြစ်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အဆင့်ကို ရရှိကြသူတို့သည် မြင့်မြတ်သောအရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်ရှိကြပြီဖြစ်၍ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ဟူသော အမြင့်ဆုံးအဆင့်သို့ ရောက်ရှိကြသောအခါ ထိုပုဂ္ဂိုလ်မြတ်တို့သည် ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီအလျောက် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဖြစ်တော်မူလာကြပါသည်။ ထိုအရှင်မြတ်တို့သည် ကိလေသာအညစ်အကြေးတို့ ကင်းစင်ရုံသာမက မျက်မှောက်ဘဝတွင် တည်ငြိမ်အေးငြိမ်းပြီး ပရိနိဗ္ဗာန်စံလွန်သောအခါတွင်လည်း နောက်ထပ်သံသရာဝဋ်ဒုက္ခကို ခံစားရဖွယ်မရှိတော့ပါ။ ထို့ကြောင့် လောကုတ္တရာပညာသည် အထွတ်အထိပ်ပညာဖြစ်၍ အဖိုးမဖြတ်နိုင်သောပညာ၊ အနှိုင်းမဲ့ပညာလည်းဖြစ်ပါသည်။

အသိဉာဏ်ကိုစေစား၍ လေ့လာကြံစည်တီထွင်ခြင်းဖြင့် ရရှိလာသော အကြောင်းအချက်များကိုလည်း သိအပ်သိထိုက်သောကြောင့် ပညာဟုပင်ခေါ်ဆိုကြပါသည်။ ဥပမာ လက်မှုပညာ၊ နှုတ်မှုပညာ၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ စသည်တို့ ဖြစ်ပါသည်။

ထိုပညာအသီးသီးသည် စိတ်ပါဝင်စားသူတို့အဖို့ လိုချင်စရာ၊ နှစ်မြို့က်စရာဖြစ်၍ လိုချင်နှစ်မြို့က်သည်နှင့်အမျှ အပတ်တကုတ် ကြိုးပမ်းသင်ယူကြပါသည်။ စူးစမ်းလေ့လာကြပါသည်။ ယင်းသို့ သင်ယူလေ့လာလေလေ ထိုပညာရပ်ကို ပိုမိုသိကျွမ်းလေလေဖြစ်ပြီး လေးစားမြတ်နိုးလျက် အဖိုးမဖြတ်နိုင်အောင် ကြီးထွားကျယ်ပြန့်သည့်ပညာအဆင့်ကို ပိုင်ဆိုင်လာကြပါသည်။ ထို့ကြောင့် နိုင်ငံများစွာ၌ ကမ္ဘာကျော်ပညာရှင်တို့ ပေါ်ထွန်းပြီး ပေါ်ထွန်းဆဲဖြစ်၍ ထိုပညာရှင်တို့၏ သင်ယူလေ့လာနည်း မှတ်သားဆောင်ယူပုံ သိအိုရီ အသုံးချဖော်မြူလာတို့ကို နောင်းလူတို့သင်ယူဆည်းပူးလျက် လူ့လောကတွင် အကျိုးအမြတ်တို့ ထွက်ပေါ်လျက်ရှိနေပါသည်။

သို့ဖြစ်၍ ပညာရပ်အသီးသီးသည် ရတနာဖြစ်သည့်အပြင် ပညာခံ့ခိုင်၊ မခိုးနိုင်သည့် ကိုယ်ပိုင်အစစ်လည်း ဖြစ်သောကြောင့် လူတို့၏ရတနာကား ပညာဟု ဗုဒ္ဓမြတ်စွာ ဖြေကြားတော်မူခြင်း ဖြစ်ပါသည်။

ဦးကျော်ရှိန်

(မဟာဝိဇ္ဇာ၊ ဝင်္ဂသကာ)

အညွှန်း။ ။ သံယုတ္တနိကာယ ဒေဝတာသံယုတ် ဇရာသုတ္တ

မောင်မောင်အောင်မင်း (ဆေး-၁)

အားကိုးရာအစစ်အမှန်ကို သိနေပြီလား

၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို စာရေးသူ၏ မြေးကလေး မောင်ရဲအောင်တစ်ယောက် ကောင်းစွာ ဖြေဆိုနိုင်ခဲ့သည်ဟုသိရသည်။ သို့သော် အောင်စာရင်းထွက်မှသာလျှင် သူ့စကားမှန်၊ မမှန်ကို စောင့်ကြည့်ရပေဦးမည်။ ဖြေဆိုနိုင်သည့်စကားကိုကြားရသဖြင့် အုပ်ထိန်းသူမိဘများက ဝမ်းသာခဲ့မိသည်ကတော့ အမှန်။ မြေးလေးအား (၁၀) ယောက် စာသင်ဝိုင်းထားသဖြင့် တစ်လလျှင် ကျပ်ခုနစ်သောင်းခွဲ ကုန်ကျခဲ့သည်။ စာရေးသူ၏သား (၃)ယောက် ဆယ်တန်းအောင်ခဲ့ကြသည်။ သူတို့ခေတ်က အားနည်းသည့်တစ်ဘာသာနှစ်ဘာသာကို ကျူရှင်ယူခဲ့ကြသည်။ အဲဒီအချိန်က ယခုလောက် ပညာသင်စရိတ်မကုန်ကျခဲ့ပေ။ စာရေးသူက ၁၉၆၉-၇၀ ပြည့်နှစ်၌ လူငယ်ရေးရာညကျောင်းမှ ဆယ်တန်းစာမေးပွဲကို (က)အဆင့်ဖြင့်အောင်ခဲ့သည်။ လုပ်သားမှ ကောလိပ်မှ ဘွဲ့ရခဲ့သည်။ နိုင်ငံတော်မှ ပညာသင်ထောက်ပံ့ကြေး လစဉ် ကျပ် (၃၅) ကျပ်ရသည်။ ကျောင်းလခ (၁၅) ကျပ် ပြန်သွင်းရသည်။ ကျန် (၂၀) က လမ်းစရိတ်ဖြစ်သည်။ ထိုအချိန်က ဗိုလ်တထောင်ဘုရားမှ အင်းစိန်ဂိတ်အဆုံးအထိ သုံးဆယ့်ငါးပြားသာပေးစီးရသည်။ အင်းစိန်ကမ်းနားအလယ်ပိုင်း၌ အိမ်ငှားနေရသည်။ ညပိုင်းအင်းစိန်နှင့် တညင်းကုန်း ပြေးဆွဲနေသည့် ဘတ်(စ်)ကားများကမရှိတော့။ ထို့ကြောင့် အင်းစိန်ဂိတ်အဆုံး မီးရထားဘူတာလမ်းခြံမှအင်းစိန်ကမ်းနားအလယ်ပိုင်းသို့ လမ်းလျှောက်ပြန်ခဲ့ရသည်။

ယခု မြေးလေးတို့ခေတ်ရောက်မှ ပညာခေတ်ဆိုတော့လည်း ဒါလောက်တော့ရှိမှာပေါ့ဟု တွေးခဲ့မိသည်။ မြေးလေး မောင်ရဲအောင်၌ အဖေနှင့်အမေများက မရှိတော့ပြီ။ မြေးလေး (၈) လသားအရွယ်တွင် ဖခင်ဖြစ်သူ ကိုကျော်မင်းအောင် (စာရေးသူ၏သားလတ်) ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်၌ အသက် (၃၁) နှစ်သာရှိသေးသည်။ အရွယ်ကောင်းချိန် မိခင် မစန်းစန်းမိုး (သမီးချွေးမ) ကွယ်လွန်တော့ မြေးလေး (၅) နှစ်သားအရွယ်ရှိနေသည်။ ကိုကျော်မင်းအောင်ကွယ်လွန်၍ လိပ်ပြာခဲ့တော့ မြေးလေးကို စာရေးသူတို့အား ပေးခဲ့သည်။ ထို့ကြောင့် (၈) လသားအရွယ်မှ မွေးခဲ့ရာ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပင် ဖြေဆိုခဲ့သည့်အရွယ်သို့ပင် ရောက်ခဲ့ရလေသည်။

မြေးလေး မောင်ရဲအောင်သည် မူလတန်းကျောင်းသားဘဝ၊ အလယ်တန်းကျောင်းသားဘဝများ၌ နှစ်စဉ်ဆုရခဲ့သည်။ ကျောင်းမှ နှစ်စဉ်ပြုလုပ်သည့် စုံညီပွဲတော်သို့ စာရေးသူ နှစ်စဉ်သွားရောက်ခဲ့သည်။ စာရေးသူက ကျောင်းသားမိဘအနေနှင့် နှစ်စဉ်ဆုချီးမြှင့်ခဲ့ရသည်။ တစ်နှစ်မှာတော့ အဘိုးဖြစ်သူစာရေးသူကဆုပေး၍ မြေးလေးမောင်ရဲအောင် ဆုယူဆုံခဲ့ကြသည်။ ထိုမှတ်တမ်းဓာတ်ပုံက အိမ်၌ယခုတိုင်ရှိနေဆဲဖြစ်သည်။ ထို့ပြင် မြေးလေးမောင်ရဲအောင်သည် မကွေးမြို့ပေါ်၌ နှစ်စဉ် ကျင်းပ[illegible]သည့် ယဉ်ကျေးလိမ္မာသင်တန်း[illegible]လည်း (၃) ကြိမ် တက်ရောက်[illegible]။ ကလေးတရားပွဲကိုလည်း[illegible] ဘာသာရေးနှင့် ကင်း[illegible] ကလေးများကို [illegible] နှစ်စဉ်ကျင်းပ[illegible] လိမ္မာသင်တ[illegible]

အကြောင်းတရားတစ်ခုဖြစ်သည်ဟု ဆိုရပါမည်။ ထိုသင်တန်းများတက်ပြီးနောက် ညစဉ် အိပ်ရာဝင်လျှင် ဘုရားရှိခိုးပြီးမှ အိပ်တတ်လာသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် နီးကပ်လာသည်။ ၂၀၁၆ခုနှစ် ဇန်နဝါရီလမှစပြီး အပြင်သို့လုံးဝမထွက်တော့။ နေအိမ်အရှေ့၌ရှိသော စာသင်ဝိုင်းနှင့်အိမ်၌သာလျှင်နေသည်။ နိုဝင်ဘာနှင့် ဒီဇင်ဘာလတွေက အပြင်သို့ အပေါင်းအသင်းနှင့်ထွက်ခဲ့သော်လည်း စာမေးပွဲကြီးနီးလာသည့်အခါ ဆင်ခြင်တဲ့ တရားရှိလာသည်ဟု ဆိုရပေမည်။ သူ့ကိုလည်း အဘိုးအဘွားများက အသက်ကြီးကြီးဖြစ်၍ ယခုနှစ်တစ်နှစ်သာလျှင် ကျောင်းထားပေးနိုင်မည်ဟု ပြောထားပြီးဖြစ်သည်။ စာမေးပွဲကျလျှင် လုံးဝ နောင်နှစ်ကို မထားပေးနိုင်ဟု ရာဇသံပေးထားပြီးလည်းဖြစ်သည်။ စာရေးသူရသည့် ပင်စင်လစာငွေက သူ့ကျူရှင်စရိတ်ဖြင့်ကုန်နေရသည်။

စာမေးပွဲကြီးဖြေဆိုရန် တစ်လသာသာခန့်အလိုတွင် ည (၁၁) နာရီခွဲခန့်စာကြည့်သည်။ တစ်ခါတစ်ရံ (၁၂) နာရီထိုးသည်အထိ စာကြည့်သည်။ စာရေးသူက သူ့ကိုစောင့်ရင်း တရားစာအုပ်ဖတ်သည့်အခါဖတ်သည်၊ စာရေးသည့်အခါရေးပြီးစောင့်ရသည်။ နံနက်(၅)နာရီထိုးလျှင် သူ့ကိုနှိုးရန် စာရေးသူအား ညဦးကတည်းကမှာထားသည်။ထို့ကြောင့် စာရေးသူက နံနက် (၅)နာရီထိုးသည်နှင့် နှိုးခဲ့ရသည်။ ယခင်က သူ့ကို ဘယ်အရာမျှ လေးလေးပင်ပင်မထားဟုထင်ခဲ့သော်လည်း ယခု စာမေးပွဲကြီးဖြေဆိုအောင်မြင်နိုင်ရန် အလေးအနက်ထားသည်ကို တွေ့ရသဖြင့် စိတ်ထဲကပီတိဖြစ်ခဲ့မိသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားတွေကို ၂၂-၂-၂၀၁၆ ရက်နေ့မှ ကျောင်းကထုတ်ပေးခဲ့သည်။ ထိုကတ်ပြားရရှိသည့်နေ့မှစ၍ စာမေးပွဲကြီးတွင်ဖြေဆိုရေးသားမည့် ဘောလ်ပင် (၃)ချောင်း၊ ပေတံ၊ စက်ဝိုင်းကြမ်း၊ ကွန်ပါဘူး၊ စာမေးပွဲတွင်ပတ်မည့် လက်ပတ်နာရီတို့ကို နေအိမ်အပေါ်ထပ်ရှိ ဘုရားမှန်ခန်းအတွင်း ဘုရားရှေ့သွားရောက်တင်ထားသည်ကိုတွေ့ရသည်။မြေးလေး၏ ဘုရားအပေါ် လေးလေးနက်နက် ယုံကြည် ဆည်းကပ်၊ ကိုးကွယ်အားထားသည်ကိုတွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်ခဲ့မိသည်။ စာရေးသူပင် ဆယ်တန်းအောင်ဘွဲ့ရခဲ့သော်လည်း ဘုရားကို ရှိခိုးခဲ့ရုံသာ လုပ်ခဲ့သည်။ စာရေးသူ သား(၃)ယောက်လည်း ဆယ်တန်းကို (၃)ယောက်စလုံး အောင်ခဲ့သော်လည်း သူ့ကဲ့သို့ ထူးထူးခြားခြားလုပ်ခဲ့သည်ကို မတွေ့ခဲ့ရပေ။

မြေးလေး စာမေးပွဲဖြေဆိုမည့်နေ့တွင်တော့ ရေမိုးချိုးအဝတ်အစားလဲ၍ အိမ်ပေါ်သို့တက်ပြီး ဘုရားရှိခိုးပြီးနောက် ဘုရားရှေ့ထားသည့် ပစ္စည်းအားလုံးကို ယူပြီး စာမေးပွဲဖြေဆိုရန် အိမ်မှထွက်သည်။စာမေးပွဲဖြေဆိုပြီး အိမ်ပြန်ရောက်သည်နှင့် ထိုပစ္စည်းအားလုံးကို ဘုရားရှေ့သွားပြန်ထားသည်။ (၆) ဘာသာစလုံး ထိုအတိုင်းပြုလုပ်ခဲ့၏။ နောက်ဆုံးဘာသာဖြေဆိုပြီးလျှင်တော့ မထားတော့ဟု ထင်ခဲ့သော်လည်း ထိုပစ္စည်းအားလုံးကို ဘုရားရှေ့သွားပြန်ထားသည်။ လက်ပတ်နာရီကိုတော့ မထားတော့။ နောက်တစ်နေ့တွင် တက္ကသိုလ်ဝင်တန်း၌ပြဋ္ဌာန်း စာအုပ်အားလုံးနှင့် မှတ်စုစာအုပ်အားလုံးတို့ကို ပီနန်အိတ်(၂)အိတ်တွင်ထည့်လျက် ဘုရားဆောင်အောက်သွားထားသည်ကို တွေ့ရလေသည်။

စာရေးသူက -

“မင်းနှယ့်ကွာ၊ ဘုရားကိုတောင် ဆယ်တန်းစာတွေဖတ်စေပြီး ဆယ်တန်းဖြေဆိုဖို့ ဘုရားရှေ့သွားချထားတာလား”

ဟု နောက်ပြောင်ပြောခဲ့မိသည်။

စာမေးပွဲဖြေဆိုပြီးနောက် ၂၅-၃-၂၀၁၆ ရက်နေ့တွင် သူ့အမေအမျိုးများရှိရာ ရန်ကုန်မြို့သို့ စာရေးသူလိုက်ပို့ခဲ့သည်။ နေအိမ်အပေါ်ထပ်ရှိ ဘုရားရှေ့ကပစ္စည်းများနှင့် ဘုရားဆောင်အောက်မှ စာအုပ်ထုပ်ကြီး(၂)ထုပ်အား ဒီအတိုင်းထားပေးရန် မှာသွားခဲ့ပါသည်။ အောင်စာရင်းထွက်ပြီးမှသာလျှင် ထိုပစ္စည်းအားလုံးယူမည်ဟုလည်းပြောပါသေးသည်။ ရန်ကုန်မြို့သို့ မြေးလေးမရောက်ခဲ့သည်မှာလည်း ခြောက်နှစ်ခန့်ရှိနေ၍ သွားပို့ခြင်း ဖြစ်သည်။ ကျောင်းပိတ်ရက် မြေးလေးအား မကွေးမြို့ပေါ်၌မထားလိုခြင်းလည်းဖြစ်သည်။ မြေးလေးက အပေါင်းအသင်းစုံသည်။ အပေါင်းအသင်းက စရိုက်မျိုးစုံ။ အရက်သောက်၊ ကွမ်း စား၊ ဆေးလိပ်သောက်ကြသည်၊ ဒီအရွယ်က အတတ်စမ်းသည့်အရွယ်။ စာရေးသူက အမြဲထိန်းကျောင်းပြောဆိုနေသည့်ကြားကနေ အပေါင်းအသင်းများနှင့်ဆုံလျှင် အကဲစမ်းချင်သည်။

မြေးလေးနှင့်သူငယ်တန်းကတည်းက အတူနေလာခဲ့သောသူငယ်ချင်းအချို့ နဝမတန်းနှင့်ကျောင်းထွက်သွားရသည်။ တချို့ ဆယ်တန်းရောက်မှ စာမေးပွဲပင် မဖြေလိုက်ရဘဲ ကျောင်းထွက်သွားရသည်။ တစ်ယောက်ဆိုလျှင် ဆယ်တန်း တောင်မရောက်ဘဲ ကိုးတန်းနှင့် မိန်းမရသွားသည်။ ထိုကလေး၏မိဘများက ဘယ်လောက်အထိ သားအတွက်ခံစားလိုက်ရမည်ကို စာဖတ်သူတို့ ကိုယ်ချင်းသာစာကြည့်စေချင်လှပါသည်။ ဒါက စာရေးသူနှင့်နီးစပ်သည့်ဝန်းကျင်အသိုင်းအဝိုင်းမှ တစ်စိတ်တစ်ဒေသဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး၌ အလားတူဇာတ်လမ်းများကရှိနေပေမည်။ ဝမ်းနည်းစရာဇာတ်လမ်းများဖြစ်၍ ဖတ်ရသူများလည်း ကိုယ်ချင်းစာပြီး စိတ်မကောင်းဖြစ်ကြရပေမည်။

ယခု မြေးလေး မောင်ရဲအောင်သည် ယဉ်ကျေးလိမ္မာသင်တန်းတက်ထားခြင်းကြောင့် ဘုရားအပေါ် ယုံကြည်သဒ္ဓါအားကောင်းနေခြင်း ဖြစ်သည်။ ဘုရားကိုကိုးကွယ်အားထားယုံကြည်ရမှန်းသိသည်။ ယခု သူ့လုပ်ဆောင်ချက်များက သက်သေခံလျက်ရှိသည်။ သူ့ယုံကြည်ချက်က သူ့ကိုအကျိုးပြုမည်သာဖြစ်သည်။ ကွယ်လွန်သွားရှာကြသော မိဘနှစ်ပါးက သူတို့သားလေး၏လုပ်ရပ်များကို တမလွန်ဘဝမှ တွေ့မြင်နိုင်ခဲ့လျှင် သာဓုအကြိမ်ကြိမ်ခေါ်နေကြမည်ဟု ထင်သည်။ ဗုဒ္ဓအပေါ် ကြည်ညိုလေးစားအားထားရမှန်းသိသည့် မြေးလေး၏တန်ဖိုးမဖြတ်နိုင်သောသဒ္ဓါတရားဟုဆိုလျှင် မှားမည်မထင်။

တကယ်တော့ ကျွန်ုပ်တို့အားလုံးသည် ဘုရားမှတစ်ပါး ကိုးကွယ်အားထားရန်မရှိသည်ကို ယုံကြည်လက်ခံထားကြသူများဖြစ်သည်။ ဘုရားကိုကယ်တင်ရှင်မှန်းသိနေသဖြင့် ဘေးအန္တရာယ်အဆိုးနှင့်ကြုံရသည့်အခါတိုင်း ဘုရားကို နှုတ်မှတကြသည်။ ဗုဒ္ဓပွင့်တော်မူလာခြင်းကလည်း သတ္တဝါများကို ဆင်းရဲဒုက္ခမှ ကယ်တင်လို၍ ပွင့်တော်မူလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓကို မဟာကရုဏာရှင်ဟု ကျွန်ုပ်တို့အားလုံး ယုံကြည်လက်ခံထားသည်။

ထို့ကြောင့် မြေးလေးသည် သုံးလောကထွဋ်ထား မြတ်ဗုဒ္ဓအပေါ် အားကိုးရာအစစ်အမှန်ဖြစ်ကြောင်းသိနေသည့် သူ့အသိက သစ္စာသိ (အမှန်သိ)ပင် မဟုတ်ပါလားဟုဆိုပါလျှင် မှားမည်မထင်မိပါချေ။

မောင်မောင်အောင်မင်း(ဒဿနိက)

ကိုညီလုံး

ကန္တာရဝတီရဲ့တိုင်းရင်းသားအလှူတော်ကြီး

မေလ ၂၃ရက် နံနက်ပိုင်းက မန္တလေးကနေ ကျောက်ဆည်၊ ဟဲမြင့်မိုရ်တို့ကိုဖြတ်ပြီး ရှာငံ၊ အောင်ပန်းမှတစ်ဆင့် ပင်လောင်းလမ်းခွဲအတိုင်း ကယားပြည်နယ် လွိုင်ကော်မြို့သို့ ကျွန်တော်တို့သွားခဲ့ကြသည်။ ဟဲမြင့်မိုရ်လမ်းခွဲအတိုင်းဝင်ခဲ့တော့ ငှက်ပျော၊ သရက်ခြံများ၊ စပါးခင်းများအပြင် ရာသီသီးနှံခင်းတွေက အပွင့်ဖြူများပတ်လည်ဝေနေသော ရိုးတံမတ်မတ်ဖြင့် အလှတစ်မျိုးကို ဘယ်နယ်မှာမှ ကျွန်တော်မတွေ့ဘူး၊ သတိမထားမိ။ သရက်ခြံများတွင် သရက်သီးများခူး၍ ဈေးကွက်သို့ပို့ရန် တောင်းများဖြင့် ထည့်ထားကြပြီ။

သံရွာကိုဖြတ်တော့ တောင်တော်ကို ကားပေါ်ကပင် ကန်တော့ခဲ့ရသည်။ တောင်တော်တွင် သီရိဓမ္မာသောကမင်းကြီးမှစ၍ အနော်ရထာမှသည် ကုန်းဘောင်မင်းဆက်များအထိ ခေတ်အဆက်ဆက် တည်ထားပြုပြင်ခဲ့သော ရှေးဟောင်းစေတီပုထိုးများ အများအပြားရှိသည်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့၏ကောင်းမှုတော်ကို ငယ်တုံ့၍ငုံ့တည်ရာတွင် မူလစေတီတော်ကို ဖူးမြင်နိုင်စေရန် အပေါက်များဖောက်၍ ချန်ထားသည်မှာ သုံးထပ်ထက်မနည်းပါပေ။ အလှူရှင် မင်းသုံးဆက်၏ ကောင်းမှုတော်ဖြစ်ကြောင်း ယနေ့တိုင်ဖူးမြင်သိရှိရသည်။

■ ထီးတော်ရေထွက်၊ မိန်းမရဲတောင်

တောင်တော်ကိုကျော်ခဲ့ပြီးနောက် ညာဘက်တွင် ငွေယားတောင်၊ ဘယ်ဘက်တွင် ထီးတော်ရေထွက်တို့ကိုတွေ့ရသည်။ ထီးတော်ရေထွက်မှာ မြေပြင်မှ အနက်သုံးလက်မခန့် အကျယ်ရှစ်လက်မပတ်လည်ခန့်ရှိသည်။ကြိုက်သလောက်ခပ် ရေမခန်းပါ။ အနော်ရထာမင်းကြီးတိုင်းခန်းလှည့်လည်စဉ်က ထီးတော်စိုက်ခဲ့သောနေရာမှ ရေထွက်နေခြင်းဟု ဒေသခံများကယုံကြည်ကြသည်။ ရှေ့သို့ခရီးဆက်ခဲ့ရာ ဇော်ဂျီမြစ်ဘေးတွင်ပင် ကိုးသိန်းရှင်မောင်နှမနှစ်ဦး၏သက်ပျောက်နန်းကိုရောက်ပါပြီ။ မြန်မာနိုင်ငံတွင် အချို့က အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ (၁၀၁) ပါးသော နတ်မင်းတို့ကို ယုံကြည်လေ့ရှိရာ ကိုးသိန်းရှင်၏နတ်နန်းပုံစံမှာ သူတစ်ခုသာရှိသည်။ နတ်စင်မှာ အမိုးမပါ။ အလောင်းစင်ကဲ့သို့သာတည်ဆောက်လေ့ရှိသည်။ အမိုးမိုးပါက မီးလောင်ခြင်းလိုမျိုးအကြောင်းတစ်ခုခုဖြင့် ပြန်လည်ပျက်စီးသည်သာ။

ရှေ့ကမြို့ကြီးခရီးကား တောင်တက်လမ်းစပါပြီ။ ပုဂ္ဂလိကကုမ္ပဏီများ တာဝန်ယူသောလမ်းပိုင်းဖြစ်ရာ ယခင်ကဲ့သို့ ကားငယ်များသာသွားလာနိုင်သော ရှာငံဖြတ်လမ်းမဟုတ်တော့။ထပ်မံချဲ့ထွင်နေသဖြင့် မကြာမီလများတွင် လေအိတ်ကားကြီးများပါ သွားနိုင်ပါတော့မည်။ ရှာငံကိုကျော်အပြီး လမ်း၏ ညာဘက်ခြမ်းတွင် ဒီးဒုတ်ရေပြာအိုင်ကို ညွှန်းထားသည်။ ထိုမှဆက်ခဲ့ရာ တောင်ပေါ်တစ်ခွင်တစ်ပြင်လုံး စေတီပုထိုးများဖြင့် ကြည်ညိုဖွယ်တည်ထားသော မိန်းမရဲတောင်ကို ကျော်ခဲ့ပါ၏။ ပင်လောင်းမြို့ကိုသွားရင်းနှင့်ပင် လမ်းအပေါ်စီးကနေ လှလှပပမြင်ရသည်။ မြို့ခင်းပြခင်းကား မြေပြန့်၊ တောင်အောက်၊ တောင်စောင်းအလိုက်၊ မြင့်ရာကနေနိမ့်၊ နိမ့်ရာကနေ တစ်ဆင့်စီတစ်ဆင့်စီလှပါဘိ။လွိုင်ကော်မြို့သို့ညကိုးနာရီထိုးလုလုတွင်မှ ကျွန်တော်တို့ရောက်ရာ ဦးစုဖူးက ကြိုဆိုနေရာချထားပေးသည်။

■ ဦးစုဖူး(သဒ္ဒမ္မဇောတိကဓဇ)

ကျွန်တော်တို့ ယခုလာသည်မှာ

ပူဇော်ရန် လှူဒါန်းမည့် ရုပ်ပွားဆင်းတုတော်များ

တောင်ကွဲစေတီနှင့် ကယားရိုးရာယဉ်ကျေးမှုအဖွဲ့

ရဟန်းအပါး(၃၀)ဥပသမ္ပဒ၊ ရှင်အပါး (၃၀၀)ပဗ္ဗဇ္ဇမင်္ဂလာ၊ သီလရှင်အပါး(၄၀) ဝတ်ပွဲနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ (၅၁၅၂) ဦးတို့ မြတ်ဗုဒ္ဓသြဝါဒခံယူပွဲ၊ ဗုဒ္ဓကြေးဆင်းတုတော်အဆူ(၁၀၁၀) ဆူတို့ လှူဒါန်းပွဲကို ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄၊ ၁၅၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၄၊ ၂၅ ရက်များတွင် ကယားပြည်နယ် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌စည်ကားသိုက်မြိုက်စွာကျင်းပမည့်ပွဲသို့ဖြစ်သည်။ ယခုအလှူတော်ကြီးကို ဦးစီးကျင်းပသော ညောင်သုံးပင်ဆရာတော်ကြီး၏ လက်ရုံးတပည့်ကြီးဖြစ်သော ဦးစုပူး၏ ထူးခြားသောအမည်ကို နောက်ရက်များတွင် မေးမြန်းကြည့်ဖြစ်ပါသေး။

"ကျွန်တော်က လီဆူးတိုင်းရင်းသားဖြစ်ပါတယ်။ ကျွန်တော်ငယ်ငယ် မွေးကတည်းကအားကြီးဖျားတားယ်။ ဒါနဲ့ ကျွန်တော်တို့လီဆူးရိုးရာ ကြက်ဗေဒင်ကြည့်တယ်။ သုံးရက်ပြည့်ရင် ဘယ်သူလာလာ၊ တီရစ္ဆာန်လာလာ အိမ်ထဲဝင်လာတဲ့သူတွေကို တံခါးပိတ်ပြီးတော့ ကိုယ်ရဲ့မွေးစားမိဘဆိုတဲ့သဘောနဲ့ ထမင်းကျွေးရပါတယ်။ကုန်သည် တစ်ယောက်က တံခါးဖွင့်ပြီး စောစောကြီး အိမ်ကိုလာတယ်။ ဘာကျောက်ရှိလဲလို့ ဝင်လာပြီးမေးတဲ့အခါမှာ တံခါးလည်းပိတ်လိုက်ရော ကျွန်တော်တို့ရိုးရာကို သူသဘောပေါက်သွားတယ်။ 'ကဲ - ငါသားတစ်ယောက်ကောက်ရတယ်။ အဖျားအနာတွေအားလုံး ကင်းရှင်းအောင် တစ်ခါတည်း တောင်းနဲ့စုယားတဲ့အတွက် ကျွန်တော်နာမည် စုပူးဖြစ်သွားပါတယ်"

■ သာသနာ့ဒါယကာ၊ ဒါယိကာမများ

ယခု တိုင်းရင်းသားအလှူတော်ကြီးကို မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိသာမဏေကျော်စာသင်တိုက်(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဒေါက်တာအရှင်တေဇောသာရာဘိဝံသ Ph.D ဦးဆောင်လမ်းညွှန်မှုဖြင့် ကယားပြည်နယ် တောင်တန်းသာသနာပြုဆရာတော်ကြီးများ၊ ကယားပြည်နယ် ခရိုင်မြို့နယ် သာသနာရေးမှူးများ၊ မိုးကုတ်မြို့နယ် လက်ထောက်သာသနာပြုဥက္ကဋ္ဌဦးသန်းနိုင်(စံတော်ဝင်) ဦးစုပူး (သဒ္ဓမ္မဇောတိကဓဇ)၊ ဦးကံညွန့်၊ ဒေါ်အေးအေးသီ၊ ဒေါ်နှင်းဖွေး (လွိုင်ကော်မြို့)တို့၏ကြိုးစားမှုကြောင့် ရဟန်းအပါး(၃၀) ဥပသမ္ပဒ၊ ရှင်အပါး (၃၀၀) ပဗ္ဗဇ္ဇမင်္ဂလာ၊ သာ့သနာ့နွယ်ဝင် သီလရှင်အပါး(၄၀)ကျော်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ (၅၁၅၂) ဦး၊ အိမ်ထောင်စု (၁၀၁၀)ဦးတို့ကို မြတ်ဗုဒ္ဓသြဝါဒခံယူပွဲ၊ ဗုဒ္ဓကြေးဆင်းတုတော်ဘုရားအဆူ (၁၀၁၀)ဆူတို့ကိုလှူဒါန်းပွဲ၊ သာသနာ့နုဂ္ဂဟကတ်ပေးအပ်ပွဲမင်္ဂလာတို့ကို ပြုလုပ်ကြမည်ဖြစ်သည်။ Australia နိုင်ငံ၊ Sydney မြို့နေ ဦးသန်းလွင် - (ဒေါ်နီနီမြင့်) မိသားစု၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန် (စ/၃၀၆) လမ်းနေ ဦးမောင်ကို-ရွှေဥ(ထာဝရကုမ္ပဏီ) သားသမီးများဖြစ်ကြသော ဦးကျော်ရွှေ ဒေါ်စန်းခင်၊ ဦးကျော်ငွေ-ဒေါ်ကေခိုင်မြင့်၊ ဦးမောင်လတ် - ဒေါ်ကြင်ကြင်စိုး၊ ဦးစိုင်းမောင်အေး - ဒေါ်သိမ့်သိမ့်ဆွေ မိသားစု၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၇၁/ခ)နေ (ဦးသိန်းမောင်)-ဒေါ်လှကြည်သားသမီးများဖြစ်ကြသော ဦးတင်သိန်း-ဒေါ်ခိုင်ခိုင်လင်း၊ ဦးဝင်းနိုင်-ဒေါ်နီလာ၊ ဦးသန့်လွင်-ဒေါ်သင်းသင်းလင်း၊ဦးမောင်မောင်လတ်-ဒေါ်ကြင်ကြင်စိုးမိသားစု၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် (၂၉) လမ်း၊ (၈၀ × ၈၁) လမ်းကြားနေ ဦးသိန်းမောင် (ရွှေပန်းထိမ်) - ဒေါ်အုန်း (သုဓမ္မသိဂီ) အနန္တကျေးဇူးရှင်နှစ်ပါးအား ရည်စူး၍ သားသမီးများဖြစ်ကြသော ကိုဇော်ဇော်မိုးမြင့်၊ မစန်းစန်းဝင်း၊ ကိုရည်ရည်လင်းနိုင်၊ မချယ်ရီမိုးမြင့်၊ ကိုအောင်ကောင်းမြတ်၊ မမိုးမြင့်ဖြူစင်သန့်၊ မမိုးမြင့်ရွှေယမင်းမိသားစုတို့က သာသနာ့ဒါယကာ၊သာ့သနာ့ဒါယိကာမများအဖြစ်ခံယူပါသည်။

အလှူရှင်များသို့ ဂုဏ်ပြုလွှာချီးမြှင့်

တိုင်းရင်းသားများကိုယ်စား တစ်ဦးအား ဆင်းတုတော်လှူဒါန်း

အလှူရှင်များနှင့် ရှင်လောင်းများ၊ နားသများ

မီးပုံးပျံများပြိုင်တူလွှတ်တင်

ဆရာတော်ကြီးနှင့်တပည့်များ၊
မီးပုံးပျံလွှတ် တင်ပွဲတော်

အလှူရှင်များ ရွှေခွက်မှ ရေစက်ချ


ဆင်းတုတော်များလှူဒါန်းအပြီး တိုင်းရင်းသားများနှင့် အမှတ်တရ

■ ရှင်လောင်းလှည့်မင်္ဂလာ

မြသားနှယ်ငွေတောင်တန်းမှာဖြင့်
စိမ်းစမ်းရေကံခွန်နှင့်
ပန်းအမွှန် ထုံကြည်ဝင်းတဲ့ပြင်
ဂမုန်းအင် သဇင်သင်းပုံက
ရင်းတွင်းဖြင့် ရှင်ကြည်ကြည်။
ဘီလူးချောင်းရယ်က
ရှာပေါင်းစုံလွန်ကျော်၍
လွိုင်ကော်မြို့တော်ကြီးကိုတဲ့
ဖြတ်စီးကာ ဦးတင်ညွှတ်တယ်
ပျံ့ဆွတ်သာစည်။ ။
တောင်ကွဲမည်စေတီဘုရားကိုဖြင့်
မှန်ရီရီ မြူခြည်ကြားမှာ
ဝပ်တွား၍ ဆယ်[illegible]
စုံပြီကွဲ့ဆုတောင်း[illegible] ။

[illegible]ညိုတန်း(လွိုင်ကော်)
ရွှေပြည်သာ-ကဗျာမှ

လီဆူးမျိုးရိုးယဉ်ကျေးမှုအဖွဲ့

ပအိုဝ်းမျိုးရိုးယဉ်ကျေးမှုအဖွဲ့

ရှမ်းမျိုးရိုးယဉ်ကျေးမှုအဖွဲ့

အလှူတော်ကြီးကို သာသနာ့ဗိမာန်မှစတင်၍ လွိုင်ကော်မြို့အနှံ့ ကြည်ညိုဖွယ် လှည့်လည်ရာ သာသနာ့အလံကိုင်ဆောင်သူများနှင့် ကြေးစည်ရိုက်ခတ်၍ နှိုးဆော်သူများ၊ ကန်တော့ပွဲနှင့် ဘုရားပင့်ယာဉ်၊ နိဗ္ဗာန်ဆော်ယာဉ်၊ တံခွန်ကုက္ကားကိုင်ဆောင်သူပုဂ္ဂိုလ်များနှင့် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်များ၊ ရတနာ့ပုံဝင်းတို့အပြီး အလှူရှင်များလိုက်ပါလှည့်လည်သည်။ ပုဂံဝင်းနှင့် ကယား၊ ကယန်း၊ ဂေါ်ရခါး၊ ရှမ်း၊ လီဆူး၊ ပအိုဝ် ယဉ်ကျေးမှုအဖွဲ့များကြားတွင် ရှင်အပါး (၃၀)စီလိုက်ပါပါသည်။ သီလရှင်လောင်းများနှင့် ရှင်လောင်းမိဘများအပြီး အလှူလှည့်အစီအစဉ်နံပါတ် (၂၂) ဖျော်ဖြေရေးအဖွဲ့က နောက်ဆုံးမှလိုက်ပါသည်။

အလှူလှည့်လှည့်တန်းကြီးက မြို့တွင်းသို့လှည့်လည်ရာ နာရီစင်ကိုဖြတ်သည်။ ဘယ်ဘက်ခြမ်းတွင် ကုန်းဘောင်ခေတ် စာလုံးဖြင့်'ကန္တာရဝတီမြို့ပ'ဟုဆိုင်းဘုတ်ရေးသားထားသော တိုင်မြင့်ကြီးရှိသည်။ ရှေးကတော့ ကျွန်းတိုင်ကြီး၊ ယခုခေတ်တော့ ရှေးပုံစံအတိုင်း ကွန်ကရစ်ဖြင့်စိုက်ထူထားသည်။ မြို့လယ်လမ်းအတိုင်းဖြတ်လာပြီး ဘီလူးချောင်းတံတား (ရှမ်းပိုင်း)ကို ဖြတ်ကျော်ရာ တောင်တွဲစေတီနောက်ခံဖြင့် ကယားပျိုဖြူတို့၏သင်တိုင်းနီနီနောက်က ကိန္နရီမောင်နှံတို့လည်ယှက်ဝဲပျံကြပုံကား ရှုမငြီးစရာ။

ကျွန်တော်တို့ တည်းခိုသော အာယုဝဍ္ဎသံယဆေးခန်း၏ရေချိုးခန်းထဲက ပလတ်စတစ်ရေခွက်ကြီးကို ကျွန်တော် သဘောကျသည်။ ထုလည်းထု ကြီးလည်းကြီး၊ လေးလည်းလေး၊ ထိုင်းပလတ်စတစ်အကောင်းစားပင်။ မြို့ခံကိုမေးတော့ လွိုင်ကော်က ပလတ်စတစ်ဆိုင်တွေမှာရသည်ဆို၍ အလှူလှည့်လိုက်ရင်း ပလတ်စတစ်ပစ္စည်းအကြီးအကျယ်ရောင်းသောဆိုင်များတွင် ဝင်မေးရာမရှိပါ။ ထိုကြောင့် သီရိမင်္ဂလာဈေးကြီးတွင် ဝင်ရှာတော့လည်းမရှိ။ အကြံတော့ပေးရှာသား။ လွိုင်ကော်ကနေ မိုင်(၇၀)ဝေးသော ဖာဆောင်းမြို့တွင် ရနိုင်သည်။ မရသေးလျှင် သံလွင်မြစ်ကိုကူး၍ ထိုင်းနိုင်ငံထဲသို့ (၃၅) မိုင်ခန့်ထပ်သွားလျှင်ရောက်သော မယ်စဲမြို့တွင် သေချာပေါက်ရနိုင်သည်ဟူ၏။ ရေခွက်တစ်ခွက်ကား အရင်းအနှီးကြီးလှပေစွ။ ထိုင်းကနေ ကော်စေ့မှာပြီး ရန်ကုန်ကထုတ်လုပ်သော ပလတ်စတစ်ပစ္စည်းများချည်းမို့ လက်လျှော့ခဲ့ရသည်။

■ ဒေါက်တာအရှင်တေဇောသာရာဘိဝံသ

အလှူလှည့်ပြီးအပြန်တွင် ယခုအလှူတော်ကြီးကို ဦးစီးကျင်းပသော မိုးကုတ်မြို့တွင် ကျောင်းထိုင်၍ တောင်တန်းဒေသများတွင် သာသနာပြုနေသော နိုင်ငံတော်ပဟိုသံဃာ့ဝန်ဆောင်ဆရာတော်ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ(မိုးကုတ်)အား ကျွန်တော်သိရှိလိုသည်များကို မေးမြန်းလျှောက်ထားရာ ပြန်လည်မိန့်ကြားတော်မူပါသည်။

ကယန်းမျိုးရိုးယဉ်ကျေးမှုအဖွဲ့

ဂေါ်ရခါးမျိုးရိုးယဉ်ကျေးမှုအဖွဲ့

ရှောင်ဖြတ်လမ်း၏ မြို့ကြီးအတက် ရှုခင်းသာ

လွိုင်ကော်မြို့တွင်၊ ရစ်ခွေစီးဆင်းနေသော ဘီလူးချောင်း

“မြို့နယ်မှာတော့ ဘုန်းကြီးတို့ စာမေးပွဲနဲ့ ပတ်သက်ပြီး ဦးဆောင်ပြီးတော့ အထူးကြီးကြပ်ရေးတာဝန်အနေနဲ့ မိုးကုတ်မြို့နယ် စာသင်သားသန့်ရှင်းအောင်တာဝန်ယူရတာပေါ့။ ဘုန်းကြီးတို့မိုးကုတ်မြို့ကတော့ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးနဲ့ပတ်သက်လို့ သန့်ရှင်းပါတယ်။ စာသင်တိုက်အနေနဲ့လည်း သန့်ရှင်းပါတယ်။ ဘုန်းကြီးတို့နိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့ပြောမယ်ဆိုလည်း ဝိနည်းမိုရ်ကိစ္စ၊ တစ်နိုင်ငံလုံးက မဖြတ်တဲ့ကိစ္စ၊ ကမ္ဘာအေးမှာလုပ်တယ်။ ဒီမှာဆို နှစ်ကြိမ်ရှိပြီ။ ဝါတွင်းတစ်ခါ၊ ဝါပတစ်ခါ နှစ်ခါ ဝိနိစ္ဆယတွေ အဲဒီဟာတွေကို ဆောင်ရွက်ရပါတယ်။ တစ်ခါတစ်ခါ ကမ္ဘာအေးလိုဏ်ဂူအတွင်းမှာ သုံးလဆောင်ရွက်ရပါတယ်”

မိုးကုတ်မြို့တွင် စာသင်တိုက်ဖွင့်လှစ်ဖြစ်ပုံနှင့် သာသနာပြုဖြစ်ပုံတို့ကိုလည်း မိန့်ကြားတော်မူပါသည်။

“ဘုန်းကြီးက မစိုးရိမ်တိုက်သစ်မှာ စာမေးပွဲတွေ ဖြေရင်းနဲ့ စာသင်တိုက်ဖြစ်ချင်ပါတယ်ဆိုတော့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် သံဃာ့နာယကဆရာတော်ကြီးလာတောင်းတော့ မိုးကုတ်သွားဖို့ ဘုန်းကြီးကို ရွေးချယ်ပေးလိုက်တယ်။ ဘုန်းကြီးရဲ့ဘေးမှာ ဘာသာခြားတွေများလို့ ရဟန်းတော်များ ထေရဝါဒ သာသနာပြုသင်တန်းကိုတက်ပြီးတော့ လီဆူးရှိတယ်၊ ကချင်ရှိတယ်၊ ရှမ်းရှိတယ်၊ ပလောင်ရှိတယ်၊ အားလုံးဆိုရင်(၄၄)ရွာရှိတယ်။ ဘုန်းကြီးကျောင်းခွဲဖြစ်တယ်။ ရာနဲ့ထောင်ချီပြီး ရှင်ပြုပေးဖြစ်တယ်။

■ ဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာ

ဘုန်းကြီးတို့ လေရှီးမြို့နယ် နာဂတောင်တန်းကိုသွားတယ်။ အဝေးကြီးပေါ့။ အိန္ဒိယနိုင်ငံကို (၁၀)မိုင်ပဲရှိတော့တယ်။ ရှင်လောင်းဝတ်စုံနဲ့ အဲဒီလူ(၆၀၀)ကျော် မြတ်ဗုဒ္ဓသြဝါဒကို ခံယူခဲ့တယ်။ နောက်တစ်ခါ နမ့်ဆန်မြို့ ဟိုလတ်ရွာမှာ (၁၆၀၀) ကျော်၊ နောက်တစ်ခါ ရှမ်းတောင်၊ ကောင်ဒိုရွာ၊ တောင်ကြီး၊ ကျိုင်းတုံရွာ၊ မိုင်းရှူး၊ ရှမ်းသိမ်ဖြူမြို့နယ်၊ နန်းဇလပ်ရွာ၊ ကွမ်းလုံ၊ ကြူကုတ်၊ ပန်းဆိုင်း၊ တနိုင်း၊ မြစ်ကြီးနားတို့မှာလုပ်ခဲ့တယ်။ မိုးကုတ်မှာတော့ အကြိမ်ကြိမ် အခါခါပါပဲ။ နှစ်စဉ်လုပ်တယ်။

ဘုန်းကြီး သာသနာပြုနေတာ အခုအလှူက (၄၈) ကြိမ်မြောက် ဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်က မိုးကုတ်က စပြီးတော့ ဘုန်းကြီးမြတ်ဗုဒ္ဓသြဝါဒခံယူပွဲကျင်းပခဲ့တာ အားလုံးပေါင်း ဗုဒ္ဓဘာသာအဖြစ်ခံယူသူ (၅၈၀၃၂) ဦး ရှိသွားပြီ။ ဘာသာခြားတွေက သူ့ဘာသာသဒ္ဓါပေါက်ပြီးတော့ ဗုဒ္ဓဘာသာထဲကိုဝင်သွားတာ။ ဘုန်းကြီးတို့ တောင်တန်းပုဂ္ဂိုလ်တွေကတော့ ကိုယ်လိုပဲလုပ်တဲ့သူတွေဆိုရင်တော့ အသက်နဲ့ရင်းရတာပဲ။ ဒူးလေးနဲ့လိုက်ပစ်တာမျိုး၊ ဘုန်းဘုန်းရဲ့ သောက်ရေအိုးမှာ အဆိပ်လာခတ်တာမျိုးတွေကြုံခဲ့ရဖူးတယ်။ ကြုံတွေ့ရတဲ့ အခက်အခဲတွေဘယ်လိုကျော်လွှားခဲ့ပါသလဲဆိုရင် ဘုန်းကြီးတို့ အမြဲတမ်း ပရိတ်ကြီး (၁၁) သုတ်၊ ပဋ္ဌာန်း၊ မဟာသမယသုတ်၊ ဓမ္မစကြာတို့ကို မနက်တစ်ခါ၊ ညတစ်ခါရွတ်တယ်။ အဲဒါတွေကတော့ ရွတ်ဖတ်တာကြာပါပြီ။

ပြီးတော့ သမ္ဗုဒ္ဓေအမြဲရွတ်တယ်။ သမ္ဗုဒ္ဓေ (၂၄၀၀၀၀) အမြဲရွတ်တယ်။ အခေါက်ရေ (၂၄၀၀၀၀) ပြီးတော့ ဘုန်းကြီးက ဝါတွင်းမှာ [illegible] သုသာန်ထဲတရားထိုင်[illegible] စားတယ်။ ဆွမ်းခံ[illegible]တယ်။ ဓုတင် (၁၃) ပါး[illegible](၅)ပါး[illegible] သုသာန်ဓုတင်[illegible] ([illegible] အောက်[illegible]

ပဋ္ဌာန်းရွတ်ဖူတင်၊ ခလုပစ္စာရွတင်၊ နိသဂ္ဂိရွတင် အဲဒါတွေလည်းပါမှာပေါ့၊ အနူရာယ်ကင်းတာ။သာမညဆရာတော်ကြီး ပြောသလိုပေါ့။ မင်းသူများအသက်မခံလိုရင် (၃၆)သချိုင်းသုသာန်ရွတင်တည်ဆောက်ပါလို့ပြောတယ်။ သချိုင်း(၃၆)ခုမှာ ရွတင်ဆောက်တယ်”

■ အားလုံးစုပေါင်းအလှူပွဲ

ယခုအလှူတော်ကြီးနှင့်စပ်လျဉ်း၍လည်း ကျွန်တော်က ဆက်လက် မေးမြန်းလျှောက်ထားပါသည်။

“လွိုင်ကော်မှာကျင်းပနိုင်ဖို့ အချိန်တော်တော်လေးယူရပါတယ်။ အဲဒီက ကတော့ ဘက်စုံပြည့်စုံဖို့လိုတာပေါ့။ ဘုန်းကြီးလက်ထဲဝတ္ထုငွေမရှိတဲ့အခါကျတော့ ဩစတြေးလျအထိလိုက်ပြီးတရားဟောရတာပေါ့ဗျာ။ အဲဒီကရလာတဲ့ ဩစတြေးလျဒေါ်လာတစ်သောင်းကို မတည်ပြီးတော့ မန္တလေးက ထာဝရကုမ္ပဏီတို့၊ ကျောက်စိမ်းဘုရားဒကာ ဦးစိုးနိုင်တို့၊ ရွှေဆိုင်ဒေါ်အုန်းတို့၊ အားလုံးစုပေါင်းပြီးတော့ ဒီပွဲကြီးဖြစ်လာရတာပေါ့ဗျာ။ ကယားပြည်နယ်ကို ၁၉၉၉ ခုနှစ်တုန်းက ရောက်ဖူးတယ်။ ရှင်(၅၀)၊ သီလရှင် (၅၀) ပဲလုပ်နိုင်ပါတယ်။ အဲဒီတုန်းက ဒေသကတော်တော်ကြမ်းပါတယ်။

■ ဗုဒ္ဓအလိုတော်ကျအလှူ

အလှူမှာ ဘုရားဟောခဲ့တဲ့အတိုင်း အမိက (၃) အချက်ကို လုပ်ရပါတယ်။ ရှင်လောင်းလှည့်တာကတော့ ရိုးရာဓလေ့ပေါ့။နံပါတ်(၁)က ကေသဓာဒန(ဆံရိတ်ခြင်းမင်္ဂလာ)၊ (၂) ကာသာယဓာဒန (သင်္ကန်းဝတ်ခြင်းမင်္ဂလာ)၊ ဒီကနေ့ ညနေ (၄) နာရီမှာ ရှင်လောင်းတွေကို သင်္ကန်းတောင်းသင်္ကန်းပေးပြီးတော့ သင်္ကန်းဝတ်မယ်။ (၃) က သရဏဒါန (သရဏဂုံပေးခြင်းမင်္ဂလာ) အဲဒီမင်္ဂလာ (၃) ခုက အရေးကြီးပါတယ်။ မနက်ဖြန်မနက် သိမ်ထဲမှာဝင်ပြီးတော့ ရဟန်းလောင်းတွေကို ရဟန်းခံပေးမှာဖြစ်ပါတယ်။

ဒီနေ့ည တရားပွဲက ကလေးတွေကို အမိကရည်ရွယ်ပြီးတော့ နေတတ်ထိုင်တတ် သွားတတ်လာတတ် သရဏဂုံကြည်ညိုတတ်အောင် အခြေခံလေးတွေကို ဟောပါမယ်။ ထိုင်းအဖွဲ့ကိုလည်း တပည့်တော်ရဲ့ ပွဲကြီးကတော့ ဒီလိုရှိတယ်။ အရှင်ဘုရား တပည့်တော်ပွဲကို လာပြီးတော့ မီးပုံးပျံလွှတ်ပေးပါလို့ တောင်းဆိုလို့ လာပေးတာပါ။ မီးပုံးပျံအလုံး (၇၀၀) လွှတ်ပါမယ်”

■ မသိတာလွှင်(ဓမ္မကာယကျောင်းအကျိုးတော်ဆောင်)

မီးပုံးပျံလွှတ်တင်ခြင်းကို ထိုင်းနိုင်ငံ ပထုံဌာနီမြို့၊ ဓမ္မကာယကျောင်းက တာဝန်ယူ ဆောင်ရွက်ပေးခြင်းဖြစ်၍ စကားပြန်လည်းဖြစ်၊ အကျိုးတော်ဆောင်လည်းဖြစ်သူကို ကျွန်တော် မေးမြန်းကြည့်ပါသည်။

“ကျွန်မက ဓမ္မကာယကျောင်းရဲ့ အကျိုးတော်ဆောင် မသိတာလွှင်ဖြစ်ပြီး မြန်မာနိုင်ငံ ထားဝယ်ဇာတိပါ။ ကျွန်မတို့ကျောင်းရဲ့အမည် ဓမ္မကာယက ခန္ဓာကိုယ်မှာဖြစ်ပျက်နေတဲ့ ဓမ္မတရားတွေကို ဆိုလိုပါတယ်။ အဓိကကတော့ တရားထိုင်တယ်၊ သမာဓိနဲ့ ဝိပဿနာရှုပွားတာတွေကို သင်ကြားပေးတာပေါ့နော်။ ပရိယတ်၊ ပဋိပတ်နှစ်မျိုးလုံးရှိပါကယ်။ ထိုင်းနိုင်ငံမှာ ဓမ္မကာယဌာနခွဲ(၇၀)ရှိပြီး ပြည်ပမှာလည်း(၁၀၀)ကျော်တည်ဆောက်ထားပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ နောင်လာနောက်သားတွေ ဗုဒ္ဓဘာသာအပေါ် ပိုပြီးတော့ တန်ဖိုးထားတတ်အောင်၊ ပိုပြီးတော့ မြတ်နိုးတတ်လာအောင်၊ သာသနာတော်ကြီးဆက်လက်ပြီးတော့ ရေရှည်တည်တံ့ပြန့်ပွားအောင်ပါ။

ဆရာတော်ကြီး လုံဖောဓမ္မချိုင်ယို ကြုံတွေ့နေရတဲ့ အတိုင်းအခိုက်တွေကတော့ အများကြီးပါပဲ။ အတိုက်အခိုက်တွေကို သည်းခံစိတ်နဲ့ ကျော်လွှားပါတယ်။ ဆရာတော်ကြီးမိန့်တာက မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာထွန်းကားသလို ထိုင်းနိုင်ငံမှာဆိုရင် လွန်ခဲ့တဲ့ နှစ် (၆၀) တုန်းကလည်း အတူတူပါပဲ။ အခုလက်ရှိ ထိုင်းနိုင်ငံအခြေအနေက ယဉ်ကျေးမှုတွေ ရဟန်းသံဃာအပေါ်မှာ ယုံကြည်မှု၊ ဂါရဝပြုမှုတွေ တော်တော်လေးလျော့လာတယ်။ အဲဒါကြောင့်မို့လို့ ဆရာတော်ကြီးက သာသနာပြန့်ပွားအောင် သူရဲ့တပည့် သံဃာတွေ ယောဂီအမျိုးသား၊ အမျိုးသမီးတွေကို နေရာအနှံ့လွှတ်ပြီး သာသနာပြန့်ပွားအောင် ထမ်းဆောင်စေပါတယ်ရှင့်။

မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်က ထားဝယ်မြို့မှာ ဓမ္မကာယအနေနဲ့ ကုသိုလ်သုံးမျိုးဆောင်ရွက်တော့ ညဘက် ဆီးမီးထွန်းညှိပူဇော်ပွဲမှာဆိုရင် မီးပုံးများ တစ်သောင်းလောက် လွှတ်တင်ပူဇော်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လက စစ်ကိုင်းတိုင်းဒေသကြီး လင်းယဉ်ရွာမှာ ဝါဆိုဆရာတော်ကြီးရဲ့ သက်တော်ရာပြည့် မွေးနေ့ပွဲအတွက် မီးပုံးပျံအလုံးရေ (၆၀၀၀) လွှတ်တင်ပေးခဲ့ပါတယ်။ အခု တတိယအကြိမ်မြောက်အနေနဲ့ အလုံးရေ (၇၀၀) လွှတ်တင်ပါတယ်။ မီးပုံးပျံလွှတ်တင်တာကတော့ ဘုရားရှင်ကို မီးပုံးပျံဆီးမီးတွေနဲ့ပူဇော်တာနဲ့ အားလုံးရဲ့စိတ်တွေကို ကြည်နူးစေအောင်ဖြစ်ပါတယ်။ ပရိသတ်ကပြောပါတယ်။ သူတို့အလုပ်လုပ်လို့၊ စာသင်ရလို့ စသည်ဖြင့် ပင်ပန်းထားတဲ့စိတ်တွေက မီးပုံးပျံလွှတ်တင်တဲ့အချိန်မှာ သူတို့ရဲ့ညစ်နေတဲ့စိတ်တွေပါသွားတယ်လို့ ပြောပါတယ်။ အရမ်းလည်း ကြည်နူးပီတိဖြစ်ပါတယ်”

■ ဒေါ်ရွှေဥ (ထာဝရကုမ္ပဏီ)

“ကျွန်မက မန္တလေး ကျဲဆည်ကန်မှာနေတာပါရှင့်။ ဆရာတော်ကြီးနဲ့ သီရိလင်္ကာနိုင်ငံကိုသွားရင်းနဲ့ ဒီလိုဒီလို စကားဆက်စပ်မိသွားတယ်။ လှူဖို့တော့ စဉ်းစားသေးတယ်။ လွိုင်ကော်မှာ ဝေးလည်းဝေးတယ်ဆိုတော့ပေါ့နော်။ ကလေးတွေ ဗုဒ္ဓဘာသာဖြစ်မြောက်ရေးအတွက် စိတ်ထဲမှာဝမ်းလည်းသာတယ်။ ပီတိလည်းဖြစ်တာနဲ့ ပိုပြီးတော့ လုပ်ဖြစ်အောင်လုပ်ကြရအောင်ဆိုပြီးတော့ သားအမိတစ်တွေ စုပြီးတော့လှူဖြစ်တာပါ။ အလှူလှည့်တော့ ကျွန်မ တအားကို ဝမ်းသာတာ။ ဒါမျိုးကဖြစ်ခဲ့တယ်လေ။ ပျော်လည်းပျော်တယ်။ ပင်ပန်းတာကိုလည်း သတိမထားမိတော့ဘူး။ ကြုံခဲ့တယ်ပေါ့။ လွိုင်ကော်ကို အခုမှရောက်ဖူးတာ။ တောင်ကွဲစေတီကိုဖူးရတော့ တအံ့တဩကြီးပဲ။ ဖူးမြင်ရတာကိုက ကျွန်မရဲ့စိတ်ထဲမှာ ထူးထူးဆန်းဆန်းကြီး။မနေ့ညကလည်း တောင်ပေါ်အထိ ခြေကျင်တက်ပြီးတော့ဖူးလိုက်တယ်”

■ ဦးစိုးအောင်(ခရိုင်သာသနာရေးဦးစီးမှူး)

လွိုင်ကော်ခရိုင်သာသနာရေးမှူး ဦးစိုးအောင်ကိုလည်း အလှူတော်ကြီးတွင် ပါဝင်ခဲ့သောကဏ္ဍနှင့်ပတ်သက်၍ မေးမြန်းရာ မှဒီတာစကားပြောကြားခဲ့သည်။

“ဒီပွဲအတွက် ကျွန်တော်တို့သိရတဲ့အချိန်က နည်းပါတယ်။ သိသိချင်း ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ဖို့ ဦးစီးကော်မတီ၊ ဆပ်ကော်မတီတွေ ဖွဲ့စည်းတယ်။ ပြည်နယ်အဖွဲ့က တင်ပြပေးပါ၊ ပံ့ပိုးပေးပါမယ်ဆိုလို့ သာသနာ့ဗိမာန်တော်ကြီးရအောင် ခွင့်ပြုပေးတယ်။ လုံခြုံရေး၊ ကျန်းမာရေး ဒီပွဲအတွက်လိုတဲ့ အပိုင်းကို ပံ့ပိုးပေးထားပါတယ်။

အခုအလှူတော်ကြီးကြောင့် ရတဲ့ အကျိုးကျေးဇူးတွေကတော့ ကယားပြည်နယ်မှာ ဗုဒ္ဓဘာသာက တစ်ဝက်စီလောက်ပဲရှိတော့တယ်။ လူဦးရေနှဲကြည့်ရင် (၅၀) ရာခိုင်နှုန်းပဲရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေက နယ်စွန်နယ်ဖျားမှာ နေသော်လည်းပဲ ဆင်းရဲနွမ်းပါးတဲ့အတွက်ကြောင့် အများကြီး အားနည်းပါတယ်။ အလှူရှင်တွေက ကယား၊ ကယန်း၊ ရှမ်း၊ ယိုးဒယား၊ ပအို့ဝ် စတဲ့တိုင်းရင်းသားတွေကို သာသနာ့ဘောင်ကို သွတ်သွင်းချီးမြှင့်တဲ့အတွက် နောင်တစ်ချိန်မှာ ဒီကလေးတွေက သာသနာ့ဘောင်မှာ မမြဲဘူးလို့ မပြောနိုင်ဘူးပေါ့နော်။ မြဲသွားရင်လည်း ကယားပြည်နယ်အတွက်ရော ဘာသာသာသနာအတွက်ပါ အများကြီးအကျိုးရှိမယ်လို့ ကျွန်တော်မျှော်လင့်တာပေါ့နော်”

■ ကယားဟင်းထုပ်နှင့်ဝက်အူချောင်း

အလှူကြီးနေ့နံနက်တွင် ကျွန်တော်တို့ဧည့်ခံရာ မင်္ဂလာဟော်ကြီးကျောင်းမှအတွက် နံနက်စာကို ကယန်းရိုးရာ ထိုင်ခွင် သုံးဆောင်ကြသည်။ ဟင်းထုပ်နှင့် ကယားဝက်အူချောင်းတို့ကို အခါး(ရေနွေး)ပူပူဖြင့်စား၍ အားကြီးချိုမြိန်သည်။ ဟင်းထုပ်နှင့် ခပ်ဆင်ဆင်ကျတ်၊ မိုးညှင်းနယ်၊ ဖန်းမော်နယ်တို့တွင်ရသော ဟင်းပေါင်းကို သတိရမိပါသည်။ ဟင်းပေါင်းက ကိုက်လန်၊ ဆူးပုပ်၊ မုန်ညင်း စသည့်အရွက်များကို ဆန်မှုန့်နည်းအများနှင့် ဒေသအလိုက်ပေါင်းသည်။ ဖန်းမော်ဒေသအခေါ် အရွက်များနှင့် မရိုးရွက်ကိုပါ မှုန့်နှစ်၊ ဆား၊ ခရမ်းချဉ်သီး၊ ဆီကြိုက်လျှင် ဆီ ဖြင့်ပေါင်းသည်။ ကယားဟင်းထုပ်မှာ ဆန်မှုန့်နှင့် ကြက်သွန်မြိတ်တို့ အဓိကထားပြီး သူချည်းဖြစ်စေ၊ ကြက်သား၊ ဝက်သားတို့နှင့်ဖြစ်စေ ပြုလုပ်ရာ ချိုချိုမွှေးမွှေးဖြစ်ပါ၏။ ကယားဝက်အူချောင်းကလည်း ဝက်သားနှင့် ငပိုတ်သီး၊ ငရုတ်သီး၊ ကြက်သွန်ဖြူ ပါဝင်ရာ သဘာဝအရသာဖြစ်သည်။ ဆိုလျှင် (၅၀) ကျပ်သား၊ ကြော်ပြီးထားလျှင် (၂၅) ကျပ်သား ရှိသော ဝက်အူချောင်းတစ်ခွေကို (၁၀၀၀) ဖြစ်သည်။ ညောင်ဦး-ပန်းတောင်းကားလမ်းဘေး တောင်ရှေ့ရွာထိပ်က ဝက်အူတောင့်က လည်း အရောင်ဆိုးဆေး၊ ယမ်းစိမ်း၊ သကြားမပါ သဘာဝအရသာပင်ဖြစ်၏။ လက်သုံးဆစ်စီခန့်တွင်နှီးစည်း၍ခြားထားသော ဝက်အူတောင့်တုတ်တုတ်တိုတိုသည် လည်းကောင်း၊ ကယားဝက်အူချောင်းသည် လည်းကောင်း သဘာဝအရသာကိုယ်စီဖြင့် စားလို့ကောင်းကြပါပေ၏။

ကျွန်တော်တို့ သာသနာ့ဗိမာန်အတွင်းကိုရောက်ရှိတော့ အများစုက စားသောက်ပြင်ဆင်ပြီးကြပြီ။ ရေစက်ချရန် ဘူးခါးအိုးလေးတွေထဲတွင် ရေဖြည့်သူကဖြည့်၊ ရေဖြည့်ပြီးသူက ငွေဖလားငယ်ထဲတွင် အံကျထည့်ပြီး အောင်သပြေပန်းများစိုက်ထူထားသည်။အောင်သပြေပန်းကို တချို့က ကရားငယ်နှုတ်သီးတွင် တပ်လျက် တချို့က ရေသန့်ဘူးငယ်တွင် ထည့်ကာ ပြင်ဆင်ထားကြသည်။ အလှူတော်ကြီး ရေစက်ချအခမ်းအနားစပါပြီ။

■ ဦးသန်းနိုင်(စံတော်ဝင်)

မိုးကုတ်မြို့နယ် လက်ထောက်သာသနာပြု ဥက္ကဋ္ဌအနေဖြင့် ဦးဆောင်ရွက်ပြုသည့်အပြင် အမှိုက်လှည်းစသည့်အောက်ခြေသိမ်းကအစ ဆောင်ရွက်သည်သာမက ဦးသန်းနိုင် - ဒေါ်အေးအေးဝင်း စံတော်ဝင်ကျောက်မျက်ကုမ္ပဏီ မိသားစုအနေဖြင့်ပါ စွမ်းနိုင်သမျှလှူဒါန်းနေသော ဦးသန်းနိုင် (စံတော်ဝင်) က အလှူတော်ကြီးရေစက်ချမင်္ဂလာအခမ်းအနားတွင် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားခဲ့ပါသည်။

“လွိုင်ကော်မြို့ ဒေါ်တမရပ်ကွက်နေ လီဆူးတိုင်းရင်းသူ ဒေါ်နှင်းဖွေး(ခ) မမာသည် ၂၀၁၆၊ မတ်လ ၂၉ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့ ရပ်ကွက်(၄) အားကစားကွင်းတွင် မြို့နယ် (၆)မြို့နယ်မှ တိုင်းရင်းသားလူမျိုးပေါင်းစုံ (၂၀၀၀)ကျော် ဗုဒ္ဓအဆုံးအမခံယူပွဲတွင် ဆရာတော်ကြီးအားလျှောက်ထားချက်အရ ဆရာတော်ဘုရားကြီးမှ တပည့်တော်တို့ကို ကယားပြည်နယ် လွိုင်ကော်မြို့သို့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ကြရန် လမ်းညွှန်မှုပေးခဲ့ပါသည် ဘုရား။

၅-၉-၂၀၁၆ ရက်နေ့တွင် လွိုင်ကော်မြို့သို့ ရောက်ရှိခဲ့ပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လွိုင်ကော်မြို့ရှိ ပြည်နယ်သံဃာ့နာယကအဖွဲ့ဝင် ဆရာတော်ဘုရားကြီးများ၊ လွိုင်လင်မြို့နယ် ကန်းသာတောင်ဓမ္မကျောင်း သက်တော်ရှည် တောင်တန်းသာနာပြုဆရာတော်ဘုရားကြီးနှင့် ပတ်သာသနာပြုတပ်ဦးကျောင်းဆရာတော်နှင့်သာသနာပြုဆရာတော်ဘုရားများ၏ ဩဝါဒနှင့်အညီ ကယားပြည်နယ်သာသနာရေးဦးစီးမှူး၊ ခရိုင်သာသနာရေးဦးစီးမှူး အစရှိသော တာဝန်ရှိလူကြီးမင်းများမှ သာသနာပြုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးခဲ့ကြပါသည် ဘုရား။ ကယားပြည်နယ်ရှိ မြို့နယ်နှင့် ကျေးရွာအသီးသီးသို့ သွားရောက် ဆောင်ရွက်ခဲ့ရာတွင်လည်း အဆင်ပြေချောမွေ့ခဲ့ပါသည် ဘုရား။ ထို့ကြောင့် ကူညီဆောင်ရွက်ပေးခဲ့ကြသူအားလုံး ကျေးဇူးအထူးတင်ရှိပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

အထူးအားဖြင့် ပြည်နယ်အစိုးရအဖွဲ့နှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိလူကြီးမင်းများအား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဘုရား။ သာသနာပြုအလှူပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရန် စီစဉ်ဆောက်ရွက်ပေးခဲ့ကြပါသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိလူကြီးများ၊ လွိုင်ကော်မြို့မှ မြို့မိမြို့ဖများ၊ ရပ်ကွက်ကျေးရွာအသီးသီးမှ ပရဟိတလူမှုရေးအသင်းအဖွဲ့မှလူကြီးမင်းများ၊ မိုးကုတ်မြို့နယ် လက်ထောက်သာသနာပြုအဖွဲ့ဝင်များနှင့် လွိုင်ကော်မြို့ ဒေါ်တမရပ်မှ ဒေါ်နှင်းဖွေး(ခ)ဒေါ်မာ၊ လှူဒါန်းပေးကြပါသောအလှူရှင်များနှင့် ဝေယျာဝစ္စလုပ်ကိုင်ကြသူများ၊ ကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဘုရား”

■ ဦးမော်မော် (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)

ကယားပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးမော်မော်က အလှူတော်မင်္ဂလာပွဲကျင်းပပြုလုပ်နိုင်ခြင်းနှင့် ပတ်သက်၍ ကျေးဇူး[illegible] ဝမ်းမြောက်စကားလျှောက်[illegible]။

“ဘုရားတပည့်တော်တို့ ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်/မြို့နယ်အသီးသီးမှ ဗုဒ္ဓဘာသာဝင် ဒေသခံတိုင်းရင်းသားပေါင်းစုံ ရှင်သွေးသားလှူရတနာများကို နောင်လာမည့်နှစ်

တွေမှာလည်း ဒေါက်တာအရှင်တေဇောသာရာဘိဝံသ ဆရာတော်အရှင်သူမြတ်အား အမှူးပြု၍ အလှူရှင်အပေါင်းမှ ယခုကဲ့သို့ စေတနာတတ်အားသဒ္ဓါလာရောက်လှူဒါန်းကုသိုလ်ပြုနိုင်ကြပါစေကြောင်းနှင့် ဆရာတော်သံဃာတော်များလည်း ယခုလို စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် ကိုယ်တိုင်ကြွရောက်ချီးမြှောက်တော်မူနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤအလှူပွဲကြီးအား ဝမ်းမြှောက်နှမော် သာဓုခေါ် ဆိုပါသည် ဘုရား

■ ပီတိဖြင့် အမောပြေ

အလှူတော်ကြီး ရေစက်ချအခမ်းအနား ပြီးဆုံးသောအခါ ဆရာတော်ကြီး၏ တပည့်လက်ရုံး သာသနာပြုပုဂ္ဂိုလ်ဦးစုဒူးကို မေးမြန်းရာ သူက မုဒိတာစကားပြောကြားပါသည်။

"ဆရာတော်က စီစဉ်ပြီး ဒီမှာသွားလာတဲ့ကုန်ကျစရိတ်အဝဝကို စံတော်ဝင်ဦးသန်းနိုင်က လှူဒါန်းပါတယ်။ ဒီနေ့မြတ်ဗုဒ္ဓဩဝါဒခံယူကြတဲ့သူတွေအနေနဲ့ ဗုဒ္ဓတရားတော်ကို သိရှိခြင်းအားဖြင့် သူတို့ခမျာ အပါယ်တံခါးလွတ်တော့မှာပါလားလို့ တွေးပြီးတော့ ဝမ်းသာပီတိဖြစ်မိတယ်။ အလှူကြီးနေ့မှာ သူတို့ကို ဗုဒ္ဓဆင်းတုတော်တွေ ပေးအပ်တယ်။ ကိုရင်၊ သီလရှင်တွေဝတ်တာကို တွေ့ရတော့ ကိုယ်မောပန်းခဲ့သမျှအားလုံးဟာ ပီတိပဲဖြစ်ပြီးတော့ အမောပြေသွားပါတယ်ဗျ"

ရှေ့လုပ်ငန်းစဉ်များ

ဆရာတော်ကြီးကိုလည်း ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကိုမေးမြန်းလျှောက်ထားရာ မိန့်ကြားတော်မူပါသည်။

"ဒီပွဲပြီးလို့ရှိရင် ဒီမှာရှိတဲ့ ဗုဒ္ဓဘာသာခံယူပြီးတဲ့ရွာတွေကို ဒီတိုင်းချည်းပစ်မထားဘဲနဲ့ တစ်ရွာမှာစွမ်းနိုင်တဲ့ (၁၀) ယောက်စီ ဘုန်းကြီးတို့က စုစည်းပြီးတော့မှ လက်ထောက်သာသနာပြုသင်တန်းပို့ချပေးပါတယ်။ သူတို့က ကိုယ့်ရွာမှာကိုယ်ပြန်ပြီးတော့ ယဉ်ကျေးမှုတွေ သင်ကြားလို့ရှိရင် ဒီကလေးတွေက [illegible] ရင်ထဲမှာထဲထဲဝင်ဝင်သိပြီဆို [illegible] ပြီးတော့ကောင်းတာပေါ့ဗျာ။ ဒီလိုပွဲတွေကို တစ်နှစ်တစ်ကြိမ်တော့လုပ်ဖြစ်ပါတယ်။

■ နှလုံးသားဝယ်ဘုရားတည်

အခုလိုဆောင်ရွက်နေတဲ့ရည်ရွယ်ချက်က ဘုန်းကြီးတို့နိုင်ငံက များသောအားဖြင့် တောင်တန်းဒေသတွေမှာ မအေးချမ်းသေးဘူးလေ။ တောင်တန်းမှာရှိတဲ့ ကလေးလေးတွေ ဗုဒ္ဓဘာသာတရား ရင်ထဲမှာကိန်းပြီးတော့ လောဘ၊ ဒေါသ၊ မောဟတွေ တဖြည်းဖြည်းနဲ့ ငြိမ်းချမ်းလာမယ်။ ဒါကြောင့် ဗုဒ္ဓဘာသာထဲကို ထဲထဲဝင်ဝင်သိအောင်ဆိုပြီးတော့ ဒီကလေးတွေကို ဗုဒ္ဓအဆုံးအမခံယူရုံတင်မကဘဲနဲ့ သာမဏေဝတ်ပေးတယ်။ သူတို့မြဲသမျှကာလပတ်လုံး စာသင်တိုက်တွေကိုခေါ်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။ ကြုံကုတ် ပန်ဆိုင်းကဆိုရင် သာမဏေတတိယအဆင့်ကိုရောက်ကုန်ကြပြီ။ တောင်တန်းဒေသမှာ စာတတ်ပေတတ်တွေရှိဖို့ နံပါတ်(၁)ရည်ရွယ်တယ်။

နံပါတ်(၂)က ဒီကလေးတွေ လူထွက်သွားလို့ရှိရင်လည်း ဗုဒ္ဓအဆုံးအမတွေကို ထဲထဲဝင်ဝင်သိပါစေဆိုတဲ့ဆန္ဒနဲ့လုပ်တာပါ။ ဘုရားဟောခဲ့တဲ့ ဒေသနာထဲမှာလည်းပဲ သရဏဂုံမတည်တဲ့ပုဂ္ဂိုလ်ကို သရဏဂုံတည်အောင်လုပ်တာလောက် ကျေးဇူးကြီးမားတာမရှိပါဘူးတဲ့။ သူတို့နှလုံးသားထဲမှာ သရဏဂုံတည်လိုက်တဲ့အခါကျတော့ သူတို့သေတဲ့အထိ ဘုန်းကြီးတို့ကုသိုလ်ရပါတယ်။ အခုပွဲဆို ဘုရားအဆူ(၅၀၀၀)ကျော် ဘုန်းကြီးတို့တည်လိုက်တာ။

သရဏဂုံထိန်းပြီးတော့ ရင်ထဲမှာနှလုံးသားဘုရားတည်နဲ့ မြေပြင်မှာဘုရားတည်တာ ဘယ်ဥစ္စာကအမြတ်ဆုံးလဲဆိုတာ ကွဲကွဲပြားပြားသိစေချင်ပါတယ်။ သရဏဂုံကိုယ်လုံးထုံလို့ရှိရင် အကုန်သိဒ္ဓိပေါက်ပါတယ်။ ရင်ထဲနှလုံးသားထဲမှာ ဘုရားတည်ပြီးမှ မြေပြင်မှာ ဘုရားတည်တာ ပိုပြီးတော့မြတ်ပါတယ်။ နှလုံးသားထဲမှာ ဘုရားတည်ဖို့က အဓိကအရေးကြီးပါတယ်။ သေရေးလည်းဖြောင့်တယ်။ နေရေးလည်းဖြောင့်ပါတယ်။ နှလုံးသားထဲမှာ အားလုံးဘုရားတည်နိုင်ကြပါစေလို့ ဘုန်းကြီးမေတ္တာပို့ပါတယ်"

ရှင်ပြုပွဲနှင့် တိုင်းရင်းသားလူမျိုးပေါင်း (၅၁၂) ဦးတို့ မြတ်ဗုဒ္ဓဩဝါဒခံယူပွဲ၊ ဗုဒ္ဓကြေးဆင်းတုတော် အဆူ (၁၀၁၀) ဆူကိုလှူဒါန်းပွဲတွင် နမြေတွန်းတို့ [illegible] လှူဒါန်းခွန်းကြိုခြင်း ဒါနတရားဖြင့် မိမိကိုယ်ကို အနိုင်ယူကြသူများ၊ ရင်ထဲနှလုံးသားထဲတွင် ဘုရားတည်ပြီးမှ မြေပြင်မှာဘုရားတည်ကြသူများကို ထပ်တူသဒ္ဓါပီတိ လျှံဖိတ်ရင်း သာဓုအကြိမ်ကြိမ်ခေါ် ဆိုရပါသည်။

■ မြို့လုံးပတ်လည် နယ်လုံးပတ်လည်

ယခုမှပင် ကျွန်တော်တို့တည်းခိုရာ မင်္ဂလာဟော်ကြီးပရိယတ္တိစာသင်တိုက် သီရိမင်္ဂလာပုံကျောင်းဆရာတော်ကြီးဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကို ယခု ဘုန်းတော်ကြီးကျောင်းအဖြစ် လှူဒါန်းထားသော ယခင် ကန္တာရဝတီဟော်ကြီးအကြောင်း အပါအဝင် သိရှိမှတ်သားဖွယ်ရာများကို လျှောက်ထားဖြစ်ပါသည်။ ဆရာတော်ကြီးက ကယားဘာသာ၊ မြန်မာဘာသာ၊ ရှမ်းဘာသာနှင့် ပအိုဝ်ဘာသာများဖြင့် တရားနှင့်စာများကိုပို့ချဟောကြားတော်မူလျက်ရှိသည်။ ထို့နောက် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ပွင့်ချိန်တန်မှ အောက်ကနေ တဖြည်းဖြည်းတက်လာပြီး အထက်သို့ ထီးသဏ္ဍာန်ပြန့်ကားလာသော ထီးပွင့်ကန်၊ ထို့မှ ငွေတောင်ဆည်တွင် ဆင်အပျော်စီးကြသည်။

လည်တိုင်ကြေးကွင်းနှင့်ခြေသလုံးသားဝင်းဝင်းတို့တွင် အလှယ်တကူကြေးပတ်၍ အခမဲ့တတ်ပုံရိုက်နိုင်သော ရိုးရာအဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေပေးသော ပန်ပက်ကျေးရွာရှိ ကယန်း (ကြေးပတ်) ရိုးရာယဉ်ကျေးမှုဈေးဆိုင်တန်းသို့သွားခဲ့ကြသည်။ လွိုင်ကော်မြို့တွင် ညအိပ်ရာ ကျွန်တော့်ညီ ဦးကံဆွေလင်း (ဌာနမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကယားပြည်နယ်) က ဒေသဆိုင်ရာအချက်အလက်များကို ကူညီခဲ့သည်။ နောက်တစ်နေ့ မေ ၂၆ ရက်တွင် ဦးသီရိ တည်ထောင်ခဲ့သဖြင့် သီရိမြို့ သို့မဟုတ် သီရိဒေါ၊ တစ်နည်း ရှမ်းဘာသာဖြင့် 'လွိုင်ကော်'၊ မြန်မာ ရွှေတောင်မြို့မှ လွိုင်ကော်-ပင်လောင် လမ်းအတိုင်းသွား၍ တုံဟုန်းလမ်းခွဲ နမ့်ပန်သို့ရောက်သည်။ ထို့မှ စက်လှေဖြင့် အင်းလေး၊ ဖောင်တော်ဦးသို့ ဘုရားဖူးသွားရာ (၁၅)မိနစ်ပဲစီးရသည်။ အခါ ပေါ်ခဲ့မှ ကြာသက်န်းလုပ်ငန်းကို လေ့လာ အလိုတော်ပေါက်ဘုရားဖူးပြီး ညောင်မွှေး ကလော-အောင်ပန်းအတိုင်း မန္တလေး သို့ ပြန်ခဲ့ကြပါသည်။

ကိုညီညီ

တွန်းအားရှင်

သူတစ်ပါးကိုဆုံးမလိုလျှင်

သူတစ်ပါးကို ဆုံးမသည်ဆိုရာယ် မိဘကသားသမီးတို့အား လိမ္မာယဉ်ကျေးအောင်သွန်သင်ဆုံးမခြင်း၊ ဆရာတို့က တပည့်များအားပြောဆိုဆုံးမခြင်း၊ အသက်အရွယ်ကြီးသူတို့က ငယ်ရွယ်သူတို့အား ပြောဆိုဆုံးမခြင်း၊ ဌာနဆိုင်ရာအကြီးအကဲများက လက်အောက်ဝန်ထမ်းများကို ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပြောဆိုညွှန်ကြားချက်များ စသည်တို့ဖြစ်သည်။

ထိုသို့ သူတစ်ပါးကို ပြောဆိုဆုံးမရာတွင် ပြောဆိုဆုံးမလိုသူတို့သည် မိမိကိုယ်တိုင်အရင်လိုက်နာကြဖို့ လိုအပ်ပေသည်။ လူ့လောကနယ်ပယ်တွင်ကား သူတစ်ပါးကို ဆုံးမလို၍ မိမိကိုယ်တိုင် အရင်ပြင်ဆင်ပြီးမှသာ သူတစ်ပါးကို ဆုံးမသူတချို့ကိုတွေ့ရသည်။ တချို့ကမူ မိမိကိုယ်တိုင်မလိုက်နာဘဲ သူတစ်ပါးအား လိုက်နာစေရန် ပြောဆိုဆုံးမညွှန်ကြားကြသူတို့လည်း တွေ့ရှိကြရသည်။ ထိုသူများမှာ ငါပြောသလိုသာလုပ်၊ ငါလုပ်သလို မလုပ်နှင့်ဆိုသောလူစားမျိုးဖြစ်သည်။

■ သူတစ်ပါးကို ဆုံးမလို၍ မိမိကိုယ်ကို အရင်ဆုံးမသူ

သူတစ်ပါးကို ဆုံးမလို၍ မိမိကိုယ်ကို အရင်ပြင်ဆင်ပြီးမှ သူတစ်ပါးအား [illegible] ပြောဆိုဆုံးမသော [illegible]တစ်ဦး၏ လုပ်ဆောင်ချက်မှာ [illegible] အတုယူစရာကောင်းလှသည်။ [illegible] လူသိများသော ကမ္ဘာကျော် [illegible]ကြီး အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ ဖြစ်သည်။ မဟတ္တမဂန္ဒီသည် ၁၈၆၉ ခုနှစ်တွင် ဖွားမြင်၍ ၁၉၄၈ ခုနှစ်တွင် လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့ရှာသည်။

သူသည် အသက်ထင်ရှားရှိခဲ့စဉ်က တစ်နေ့တွင် အိန္ဒိယအမျိုးသမီးတစ်ဦးသည် သားငယ်ကလေးတစ်ယောက်ကို ခေါ်ဆောင်လျက် မဟတ္တမဂန္ဒီထံ ရောက်လာခဲ့ကြသည်။ ထိုအမျိုးသမီးသည် မဟတ္တမဂန္ဒီအား -

"ကျွန်မရဲ့သားကလေးဟာ အချိုတွေ အလွန်အကျွံစားလို့ မကြာခဏ ချောင်းဆိုးနေပါတယ်။ အချိုတွေ လျှော့စားဖို့ ဆုံးမပေးပါ"

ဟု မေတ္တာရပ်ခံလာသည်။

ထိုအခါ ဂန္ဒီက ကလေးငယ်ကို ကြည့်၍ မိခင်ဖြစ်သူအား -

"နောက်တစ်လခန့်ကြာမှ ပြန်လာပါ။ ဆုံးမပေးပါ့မယ်"

ဟုဆိုလိုက်သည်။

တစ်လခန့်ကြာသောအခါတွင် ထိုအမျိုးသမီးသည် ကလေးငယ်ကို လက်ဆွဲလျက် ဂန္ဒီထံသို့ရောက်လာခဲ့သည်။

ထိုအမျိုးသမီးက -

"အချိုတွေအလွန်စားတဲ့ကလေးငယ်ကို ဆုံးမပေးဖို့ တစ်လကြာမှလာပါဆိုလို့ ကျွန်မထပ်လာပါတယ်။ ဆိုဆုံးမပေးပါ"

ဟု ဆိုလာသည်။

ထိုအခါ ဂန္ဒီသည် ကလေးငယ်၏ မျက်နှာကို ချစ်ခင်ကြင်နာစွာဖြင့် စူးစူးစိုက်စိုက်ကြည့်လျက် -

"လူကလေး၊ အချိုတွေလျှော့စားပါကွယ်။ အချိုတွေအစားများရင် မင်းကျန်းမာရေးကို ထိခိုက်လိမ့်မယ်"

ဟူ၍ ဆုံးမပြောဆိုသည်။

ကလေးငယ်ကလည်း ရိုသေစွာဖြင့် လက်ခံနာယူလိုက်သည်။

ထိုအခါ ကလေးမိခင်က -

"မဟတ္တမဂန္ဒီရဲ့ ဒီစကားကလေးကို ပြီးခဲ့တဲ့လကပြောလိုက်ရင်လည်းဖြစ်တာပဲ။ အခုမှ ဘာကြောင့်ပြောရတာလဲရှင်"

ဟု မေးလိုက်သည်။

ဤတွင် -

"မင်းလာပြောတဲ့အချိန် လွန်ခဲ့တဲ့ တစ်လအထိ ငါဟာ အချိုတွေအများကြီးစားခဲ့တယ်ကွယ့်။ အခု လူကလေးကို အချိုတွေလျှော့စားဖို့ပြောတဲ့အခါ ငါကိုယ်တိုင် တစ်လအထိအချိုတွေလျှော့စားပြီးမှဆုံးမခဲ့တာပါကွယ်"

ဟု ဆိုလေသည်။

ထိုသို့ ပြောဆိုသည်နှင့်အညီ ဂန္ဒီသည် သူထုတ်ဝေသော ဟာရီဂျန်မဂ္ဂဇင်း၌ သကြားလုံးထုတ်လုပ်ရာတွင် အချိုများလျှော့ထုတ်ရန်လည်းတိုက်တွန်းရေးသားခဲ့လေသည်။

ဤသည်မှာ မိမိကိုယ်တိုင် လက်တွေ့ကျင့်သုံးပြီးမှသာ သူတစ်ပါးကို ပြောဆိုဆုံးမသော မဟတ္တမဂန္ဒီ၏ အတုယူစရာ စံနမူနာတစ်ခုပင် ဖြစ်သည်။

■ မိမိကိုယ်တိုင်လိုက်နာမှုမရှိဘဲ အခြားရဟန်းများကို ဆုံးမသွန်သင်သော ပဓာနိကတိဿမထေရ်

မိမိကိုယ်တိုင်မလိုက်နာဘဲ သူတစ်ပါးတို့အား ဆောင်ရွက်စေရန် ပြုမူခဲ့သောဖြစ်ရပ်တစ်ခုမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က မြတ်စွာဘုရားကိုယ်တိုင် ဆုံးမတော်မူခဲ့ရသည်။

ပဓာနိကတိဿမထေရ်သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကိုသင်ယူ၍ ငါးရာသောရဟန်းတို့ကိုခေါ်ယူပြီး တောကျောင်း၌ ဝါဆိုသီတင်းသုံးနေခဲ့ကြသည်။ နောက်ပါရဟန်းငါးရာတို့သည် အရှင်တိဿမထေရ်၏အဆုံးအမသွန်သင်မှုကိုလိုက်နာလျက် ညဉ့်ဦး[illegible]လုံး တရားအားထုတ်ကြ၏။ [illegible]ယံ၌ အိပ်စက်အနားယူရန် [illegible] ဝင်လာကြသည်။ ထိုအခါ [illegible] ၌ အိပ်ပျော်နေရာမှ [illegible] တိဿမထေရ်[illegible] အိပ်စက်မည်

ရဟန်းတို့ကိုနှင်ထုတ်လျက် ဆက်လက်၍ တရားဘာဝနာများအားထုတ်ရန် ဆုံးမပြောဆိုသည်။ ထို့ပြင် မိုးသောက်ယံတိုင်၌လည်း အနားယူရန်ဝင်လာသည့် ရဟန်းတို့ကို နှင်ထုတ်ကာ ဆက်လက်တရားအားထုတ်ရန် ဆုံးမပြောဆိုပြန်သည်။

ထိုအခါ တပည့်ရဟန်းတို့က မိမိတို့၏ဆရာသည် လုံ့လဝီရိယအလွန်ထက်သန်လှပါလားဟု တွေးတောဆင်ခြင်မိပြီး လေ့လာစုံစမ်းခဲ့ကြသည်။ ထိုသို့ လေ့လာစုံစမ်းရာမှ ဖြစ်ရပ်မှန်ကို သိရှိရလေသည်။

ထို့နောက် ဝါကျွတ်သောအခါ ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံသို့ သွားရောက်ခဲ့ကြသည်။ မြတ်စွာဘုရားက ရဟန်းတို့အား တရားအားထုတ်မှုနှင့်ပတ်သက်၍ မေးမြန်းရာ ရဟန်းများက သူတို့၏ ဆရာပဓာနိကတိဿမထေရ်မှာ တစ်ညလုံးအိပ်နေပြီး သူတို့ကိုသာ တရားအားထုတ်ခိုင်းပုံ အလုံးစုံကို အကုန်အစင် လျှောက်ထားလိုက် ကြသည်။

ထိုအခါ မြတ်စွာဘုရားက ပဓာနိကတိဿမထေရ်သည် ယခုဘဝတွင်သာ အနှောင့်အယှက်ပြုလုပ်သည်မဟုတ်၊ ရှေးလွန်လေပြီးသောအခါ၌လည်း အနှောင့်အယှက်ပေးခဲ့ဖူးကြောင်း အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူ၏။

“ရှေးလွန်လေပြီးသောအခါ တာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမင်းပြုစဉ်အခါက ငါသည် ဒိသာပါမောက္ခဆရာကြီးဖြစ်ခဲ့ဖူးသည်။ သင်တို့သည် ငါတို့၏ တပည့်များဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က ကြက်တွန်သံများကို စံချိန်သတ်မှတ်လျက် တပည့်များအား ပညာသင်ပေး၏။ တပည့်များကလည်း ထိုကြက်တွန်သံအရ ညဉ့်ဦးယံအချိန်၊ သန်းခေါင်းယံအချိန်၊ မိုးသောက်ယံအချိန်စသည်ဖြင့် ခွဲခြားပြီး ပညာသင်ယူကြ၏။ ထိုအချိန်တွင် ကြက်မှာ သတ်မှတ်ချိန်များအတိုင်း အချိန်မှန်တွန်၍ အဆင်ပြေကြ၏။ ထိုကြက်မှာ သေသွားခဲ့ရာ ထပ်မံပြီး ကြက်တစ်ကောင်မွေး၏။

ထိုထပ်မံမွေးသောကြက်မှာ တွန်သင့်သည့်အချိန်တွင်မတွန်၊ မတွန်သင့်သည့်အချိန်မှာတွန်၏။ သင်တို့သည် ကြက်ဖကြောင့် ပညာသင်ကြားမှုမှာ အခက်အခဲကြုံတွေ့ခဲ့ကြ၏။ ထို့ကြောင့် ထိုကြက်ကို သတ်ပစ်လိုက်ကြလေ၏။ အသတ်ခံရသောထိုကြက်မှာ ပဓာနိကတိဿမထေရ်ဖြစ်လာခဲ့၏။

ဘုရားရှင်သည် မထေရ်၏အတိတ်ဘဝကိုဆောင်၍ ‘အတ္တာနဉ္စေ တထာ ကရိယာ’ အစရှိသော ဂါထာကို ဟောတော်မူခဲ့၏။

အဓိပ္ပာယ်မှာ ‘သူတစ်ပါးကိုဆုံးမသည့်နည်းအတိုင်း မိမိကိုယ်တိုင်လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကိုဆုံးမရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွတကား’ ဟူ၍ အနက်ရပေသည်။ တရားဒေသနာတော်အဆုံး၌ အတူနေရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။

■ မိမိကိုယ်တိုင်မလိုက်နာဘဲလက်အောက်ဝန်ထမ်းများကို ဆုံးမသူ အရာရှိ

မိမိကိုယ်တိုင် မလိုက်နာဘဲ သူတစ်ပါးအား ပြောဆိုဆုံးမသောကိစ္စနှင့်ပတ်သက်၍ စာရေးသူ၏ ကိုယ်တွေ့ကြုံဖူးသောဖြစ်ရပ်များအနက် မှတာချို့ကို ကောက်နုတ်တင်ပြရလျှင် ကြာတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့သော ဆယ်စုနှစ်သုံးခုခန့်ကဖြစ်၏။ ထိုအချိန်က စာရေးသူမှာ ရခိုင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာတစ်ခုတွင် ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိနေသည်။ မိမိအထက်အရာရှိတစ်ဦးမှာ လုပ်ငန်းကျွမ်းကျင်သလောက် စည်းကမ်းက အလွန်ကြီးသည်။ သူ့လက်အောက်ရှိ ဌာနစိတ်တိုင်းကိုလာစစ်တိုင်း ဝန်ထမ်းများအား ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများကို လိုက်နာရေး၊ အဂတိလိုက်စားမှုများမရှိစေရေး၊ နိုင်ငံတော်၏ငွေနှင့်ပစ္စည်းများလျော့နည်းပျောက်ဆုံးမှုမရှိစေရေး၊ ကိုယ်ကျင့်တရားကောင်းမွန်စေရေးစသည်တို့ကို အမြဲတမ်းလိုလိုပြောဆိုဆုံးမကြားလေ့ရှိသည်။

လက်အောက်ဝန်ထမ်းများမှာ သူ၏သွန်သင်ဆုံးမမှုကြောင့်လည်းကောင်း၊ မူလပင်ကိုစရိုက်ကောင်းခြင်းတို့ကြောင့်လည်းကောင်း တစ်စုံတစ်ရာ ပြဿနာများမရှိခဲ့ကြပေ။ သို့ရာတွင် ထိုအထက်အရာရှိမှာ လုပ်ငန်းခွင်ရှိလက်အောက်ဝန်ထမ်းများကို ကိုယ်ကျင့်သီလကောင်းမွန်စေရန် ပြောဆိုဆုံးမကြားဆုံးမသလောက် မိမိမှာမူ မဖြောင့်မတ်ရာတွင် အသောက်အစားနှင့်လောင်းကစားဝိုင်းတို့နှင့် မကင်းပေ။ နေ့တွေလတွေကြာလာသည်နှင့်အမျှ လောင်းကစား၏ ဒဏ်ရာဒဏ်ချက်များသည် သူ့ကိုနှိပ်စက်လေတော့သည်။ လောင်းကစားဟူသည် အမြဲတမ်းနိုင်သည်ဟူ၍မရှိနိုင်သည့်အခါလည်းရှိ၏။ အရှုံးများလာသည့်အခါတွင် လေ့မျှောလေ့နှင့်လိုက်၊ ငွေမျှောငွေနှင့်လိုက်ဆိုသကဲ့သို့ ငွေနှင့်လိုက်ရပါတော့သည်။ ထိုအခါ မိမိကိုယ်ပိုင်ငွေနှင့် မလုံလောက်သည့်အခါ ဌာနဆိုင်ရာငွေကိုပါ ကိုင်တွယ်သုံးစွဲဖြုန်းခဲ့ရသည်။

■ လုပ်ငန်းစစ်ဆေးရေးကိုတိုင်ကြားအမှုမှား

ထိုသို့ဌာနဆိုင်ရာငွေများကို အလွဲသုံးစားပြုလုပ်ထားသည်ကို သိရှိထားသူတစ်ဦးမှာ သူ့ကို ကိစ္စတစ်ခုခုကြောင့် မကျေနပ်သဖြင့် မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်ဝင်ရောက်စစ်ဆေးသောအခါ ဌာနဆိုင်ရာငွေများ လျော့နည်းနေသည်ကိုတွေ့ရှိရလေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ယင်းအရာရှိအား မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့က လျော့နည်းနေသောငွေကို ချက်ချင်းပေးသွင်းစေခဲ့၏။ မပေးသွင်းနိုင်ပါက သက်ဆိုင်ရာဥပဒေအရ တရားစွဲဆိုခံရပေမည်။ ထို့ကြောင့် ငွေကိုသတ်မှတ်ရက်အတွင်း ပေးသွင်းခဲ့သည်။ သို့ရာတွင် ငွေကိုပေးသွင်းရုံမျှဖြင့် ဌာနဆိုင်ရာအပြစ်မှ ကင်းလွတ်ခွင့်မရှိပေ။ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ထပ်မံစစ်ဆေးခံရသည်။ ထိုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး လုပ်ပိုင်ခွင့်ရှိသော အထက်ဌာနက တစ်စုံတစ်ခုသော ပြစ်ဒဏ်ပေးလေ့ရှိသည်။

ထို့ကြောင့် သူမှာ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုခံယူပြီး မကြာမီကာလအတွင်းမှာပင် အပြစ်ပေးခံလိုက်ရသည်။ သို့ရာတွင် သူ့ကိုပေးသည့်အပြစ်ဒဏ်မှာ အလွန်ကြီးမားလှပေသည်။ ဝန်ထမ်းလောက၏အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော အလုပ်မှထုတ်ပစ်ခြင်းခံခဲ့ရလေသည်။

အချုပ်အားဖြင့်ဆိုရသော်-

သူတစ်ပါးကို ဆုံးမသည်နည်းအတိုင်း မိမိကိုယ်တိုင်လိုက်နာကျင့်သုံးရာ၏။ မိမိကိုယ်တိုင်ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးအောင်ဆုံးမခြင်းသည် ခဲယဉ်းလှ၏ဟူသော မြတ်ဗုဒ္ဓ၏ အဆုံးအမကို ဤဖြစ်ရပ်က သက်သေပြလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

တွန်းအားချုပ်

နှစ်ပေါင်းနှစ်ထောင်ကျော် နဝဒေးသိ (သို့) ပြည်မြို့သမိုင်းအကျဉ်း

မျိုးဝင်း(ပြည်)

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဖြစ်သည်မှ (၉) လမြောက် မဟာသက္ကရာဇ် ၁၀၃ ခု၊ ပြာသိုလပြည့်၊ ဘီစီ ၅၇၇ တွင် သီဟပဗ္ဗတအမည်ရှိသော ဖိုးဦးတောင်သို့ ပထမအကြိမ် ကြွရောက်တော်မူပြီးနောက် (၁၂) နှစ်ကာလကြာသော် ဝေဠုဒီပမင်း၏ သားတော် သီရိခေတ္တမင်းသားသည် နောက်လိုက်ဗိုလ်ခြေများနှင့်တကွ မြို့သစ်တည်ထောင်ရန်အတွက် သလွာဝတီ၊ ဧရာဝတီမြစ်များကိုကူး၍ မြို့သစ်တည်ရန် နေရာရှာဖွေကြသည်။

ယခု ပြည်မြို့တည်ရှိရာအရပ်သို့ ရောက်ကြရာတွင် မြို့သစ်တည်ရန် မြေအနေအထား အလွန်ကောင်းမွန်သင့်မြတ်လှသဖြင့် သီရိခေတ္တရမင်းသားသည် ပညာရှိတို့အား အတိတ်၊ နိမိတ် ဖတ်စေသည်။ ပညာရှိတို့က ဤအရပ်၌ မြို့သစ်တည်သည်ရှိသော် ကြည်ညိုဖွယ်ရာများပြီး အစွန့်ရှည်စွာတည်လတ္တံ့၊ သားတော်မြေးတော် အစဉ်အဆက် ဘုန်းတန်ခိုးကြီးမားသောမင်းများဖြစ်၍ ဂဠုန်၊ နဂါးတို့ကိုအစိုးရလတ္တံ့ဟု နိမိတ်ကောင်းဖတ်ကြားကြကုန်၏။

သီရိခေတ္တမင်းသားသည် ထိုသို့သော မင်္ဂလာအတိတ်နိမိတ်တို့ကို အကြောင်းပြု၍ ဘီစီ ၅၈၉၊ မဟာသက္ကရာဇ် ၁၀၅ ခု၊ တပေါင်းလဆန်း ၁ ရက်မှ အစပြု၍ မြို့အင်္ဂါအစုံအလင်ဖြင့် တည်ဆောက်ရာ လပြည့်နေ့တွင် ပြီးစီးလေသည်။ မြို့အမည်ကိုလည်း ဟောအုပ်ကိုအသစ်ခုတ်ထွင်ရှင်းလင်း၍ မြို့သစ်တည်ထောင်သောကြောင့် နဝဒေးသိဟု ကမ္ပည်းမော်ကွန်းထိုးခဲ့ပေသည်။ ဤသို့ နဝဒေးသိတွင် မင်းများစဉ်ဆက်မပြတ် စိုးစံလာကြရာတွင် ရှရီခေတ္တရ (သို့) သရေခေတ္တရာမြို့ပြနိုင်ငံတော်ခေတ်တွင်လည်း သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းကြီးသည် ယောက်ဖတော် နန္ဒသူရိယမင်းသားကို သာသနာနှစ် (၁၀၅) ခုနှစ်တွင် နဝဒေးသိ (ပြည်မြို့)၌ ထီးနန်းပြု၍ အုပ်ချုပ်မင်းပြုစေခဲ့သည်။

ပုဂံမြို့တည် သမုဒ္ဒရာဇ်မင်းသည် သီဟသူကို သမီးတော် သာလာဝတီနှင့် လက်ထပ်ပေးပြီး ထီးဖြူနှင့်တကွ မင်းမြောက်တန်ဆာတို့ကိုပေးသနား၍ နန်းတည်ပြီး



လျှင် သက္ကရာဇ် ၈၁ ခုနှစ်တွင် နဝဝါသီ (ပြည်မြို့) တွင် မင်းပြုစေပြီး သတိုးသီဟ ရာဇာဘွဲ့တော် အပ်နှင်းခဲ့သည်။

ဤသို့ဖြင့် နဝဝါသီ (ပြည်မြို့) သည် ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် တည်ထောင်သည့် မြို့တစ်မြို့ ဖြစ်ကြောင်း မြန်မာ့ရှေးဟောင်းစာပေ သမိုင်းများက မှတ်တမ်းပြုထားခဲ့သည်။ ဤသို့ဖြင့် နဝဝါသီမြို့သည် ဘုရားရှင် လက်ထက်ကာလကပင် မြို့တစ်မြို့ အဖြစ် နှစ်ပေါင်းနှစ်ထောင်ကျော် ထင်ရှား ရပ်တည်လာခဲ့သော်လည်း သရေခေတ္တရာပြည်ကြီး လုံးဝပျက်သုဉ်းသွားသည့် နောက်ပိုင်း ကူးသန်းသွားလာမှုလွယ်ကူသည့်ဧရာဝတီမြစ်ကမ်းပါးရှိ နဝဝါသီမြို့သို့ သရေခေတ္တရာပျူလူမျိုးများပြောင်းရွှေ့ နေထိုင်လာကြသည်။ နဝဝါသီမြို့တွင် ပျူလူဦးရေတဖြည်းဖြည်းများလာပြီး ပျူလူမျိုးတို့အမျိုးအနွယ်အစဉ်အလာမပျက် နေထိုင်လာသည်ကိုအစွဲပြု၍ ပျူမြို့ဟု ခေါ်တွင်ခဲ့ကြသည်။ ဤသို့ဖြင့် နဝဝါသီမြို့အမည်ပျောက်ပြီး ပျူမြို့မှ နောင်အခါတွင် ပြည်မြို့ဟူ၍ ခေါ်တွင်ထင်ရှား လာသည်မှာ ယနေ့တိုင်ဖြစ်ပေသည်။ (ပျူလူမျိုးများနေထိုင်ခဲ့သည့် မှော်ဇာ ကျေးရွာအနီးတွင် မြို့ရိုးများ၊ ဘုရားစေတီပုထိုးများ၊ ဂူသင်္ချိုင်းနှင့်ပျူခေတ်ယဉ်ကျေးမှုပြတိုက်လည်းရှိသည်။)

ပုဂံပြည့်ရှင် နရသီဟပတေ့မင်း (တရုတ်ပြေးမင်း)၏ သားတော် သီဟသူ (၆၀၄-၆၄၆) သည် ပြည်မြို့ကို မြို့အင်္ဂါရပ်များနှင့်အညီ ပြန်လည်အသစ်တည်ဆောက်ခဲ့သည်။ ပြည်မင်းသီဟသူသည် ရှေးမင်းအဆက်ဆက်တည်ဆောက်စိုးစံခဲ့သော ပြည်မြို့ဟောင်းကိုပင် ကျုံး၊ မြို့ရိုး၊ ပြအိုး၊ ပစ္စင် အစရှိသော မြို့အင်္ဂါရပ်များဖြင့် ပြည်ရွှေနန်းမြို့ကို အခိုင်အမာ တည်ဆောက်မင်းပြုခဲ့သည်။

ထိုသို့ဖြင့် ပြည်မြို့သည် တစ်ခါတစ်ရံ ဘုရင်အုပ်ချုပ်သောမြို့အဖြစ် လည်းကောင်း၊ မြို့စားမြို့ဝန်အုပ်ချုပ်သောမြို့အဖြစ် လည်းကောင်း အသွင် အမျိုးမျိုးဖြင့် စိုးစံအုပ်ချုပ်ခဲ့ရာမှ ခရစ်နှစ် ၁၈၅၂ ခုနှစ်၊ အောက်တိုဘာ ၉ ရက်နေ့တွင် တိုင်းတစ်ပါးကျူးကျော်နယ်ချဲ့ အင်္ဂလိပ်တို့၏ ကိုလိုနီလက်အောက်သို့ ပြည်မြို့ကျရောက်ခဲ့ရပြီး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။ ပြည်ရွှေထီးရွှေနန်းလည်း ကွယ်ပျောက်ခဲ့ရပေတော့သည်။

ခရစ်နှစ် ၁၈၅၂ ခုနှစ်၊ အောက်တိုဘာ ၉ ရက်နေ့တွင် အင်္ဂလိပ်တို့သည် ပြည်မြို့ကို သိမ်းပိုက်ခဲ့ပြီးနောက် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားမှုစဉ်ကပင် တည်ထောင်စိုးစံခဲ့သည့် ပြည်ရွှေနန်းမြို့ နေရာပေါ်တွင် အင်္ဂလိပ်တို့က အကျဉ်းသားချုပ်နှောင်ရာ အကျဉ်းထောင်ကို ဦးစွာပထမ တည်ထောင်ခဲ့သည်။ (ပြည်ရွှေနန်းတော်သည် ယနေ့ စည်ပင်သာယာဈေးကြီးနေရာဖြစ်သည်။)

အင်္ဂလိပ်တို့သည် မြန်မာမင်းများ နှစ်ပေါင်း (၂၀၀၀) ကျော် တည်ထောင်စိုးစံခဲ့သည့် ပြည်ရွှေနန်းမြို့ကို လုံးဝအစဖျောက်ဖျက်သိမ်းပြီး ဗြိတိသျှကိုလိုနီ လက်အောက်ခံ သာမန်မြို့သစ်တည်ဆောက်ရန် မြို့သစ်တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ကြိုးပမ်းခဲ့သည်။ ဤသို့လုပ်ဆောင်ရင်း (၁၀) နှစ်အကြာ ခရစ်နှစ် ၁၈၆၂ ခုနှစ်တွင် ပြည်မြို့ခွဲ မြို့လုံးကျွတ်အရပ်လေးမျက်နှာ တစ်ပြိုင်နက်တည်း မီးအကြီးအကျယ်လောင်ကျွမ်းခဲ့သည်။ မြန်မာမင်းများ တည်ထောင်ခဲ့သည့် ပြည်တစ်မြို့လုံး ပြာပုံအဝရောက်ခဲ့ရပြီး မရိုးသားသည့် လုပ်ကြံမီးလောင်တိုက်သွင်းမှုတစ်ရပ်ပင် ဖြစ်သည်။ အင်္ဂလိပ်တို့၏ အကြံပက်စက် ရက်စက်ယုတ်မာလှသည့်လုပ်ကြံမှုတစ်ရပ် ဖြစ်သည်။

အင်္ဂလိပ်တို့သည် မြန်မာတိုင်းရင်းသားများ ဇာတိသွေးဇာတိမာန် အမျိုးသားရေးစိတ်ဓာတ်လုံးဝချုပ်ငြိမ်းပျောက်ကွယ်စေရန်၊ ကိုလိုနီအုပ်ချုပ်ရေးယန္တရားစတင် အကောင်အထည်ဖော်ရန်ရည်မှန်းချက်ဖြင့် ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကပင် စတင်တည်ဆောက်ခဲ့သည့် ပြည်ရွှေနန်းမြို့ကို အစအနမကျန်အောင် အုတ်မြို့ရိုးများကိုဖြိုချပြီး ကျုံးများကို လုံးဝပျောက်ကွယ်သွားသည်အထိ မြေဖို့ခဲ့ကြသည်။ မြို့ရိုးများ၊ ကျုံးများနှင့် နန်းတော်ရာပါ မကျန်အောင် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဗြိတိသျှကိုလိုနီတို့သည် ပြည်မြို့ကို သာမန်မြို့သစ်တည်ဆောက်ရေး (၃)နှစ် စီမံကိန်းကို စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်တို့ ၁၈၆၂ ခုနှစ်က စတင်ခဲ့သည့် (၃) နှစ် စီမံကိန်းဖြင့် တည်ဆောက်ခဲ့သည့် ပြည်မြို့သစ်သည် ယနေ့တည်ရှိနေသည့်ပြည်မြို့ပင် ဖြစ်ပါသည်။

အင်္ဂလိပ်တို့သည် နဝဝါသီ (ပြည်မြို့) ဟောင်းနှင့် ပြည်ရွှေနန်းတို့ကို လုံးဝအစဖျောက်ဖြိုဖျက်ပြီးနောက် သာမန်ပြည်မြို့သစ်ကို ခရစ်နှစ် ၁၈၆၂ ခုနှစ်တွင် ၎င်းတို့စိတ်တိုင်းကျ မြို့ကွက်ရိုက်ခဲ့သည်။ အင်္ဂလိပ်တို့မြို့သစ်တည်ဆောက်ရာတွင် ပြည်မြို့ကို စတင်သိမ်းစဉ်က ပြည်ရွှေနန်းတော်နေရာတွင် အကျဉ်းထောင်အဖြစ် တည်ဆောက်ထားသည်။ (ယနေ့ တည်ရှိနေသည့် ပြည်စည်ပင်သာယာဈေးကြီးနေရာဖြစ်၏။) နောက်ပိုင်း ပြည်မြို့သစ်အရှေ့မြောက်ဘက်သို့ အကျဉ်းထောင်အသစ်ပြောင်းရွှေ့တည်ဆောက်သည်။ (ယနေ့တည်ရှိနေသည့် ပြည်အကျဉ်းထောင်ဖြစ်သည်။)

အင်္ဂလိပ်တို့သည် ပြည်မြို့သစ်တည်ရာတွင် နဝဝါသီပြည်မြို့ဟောင်းထက် ပိုမိုကျယ်ဝန်းစွာမြို့ကွက်ရိုက်ခဲ့သည်။ ပြည်မြို့သစ် အရပ်လေးမျက်နှာ၌ ရပ်ကွက်ကြီးများ တိုးချဲ့သတ်မှတ်ခဲ့သည်။ ပြည်မြို့သစ်အရှေ့ဘက်တွင် ရွာဘဲရပ်ကွက်၊ အနောက်ဘက်တွင် ကျောင်းကြီးရပ်ကွက်၊ တောင်ဘက်တွင် ဆင်စုရပ်ကွက်၊ မြောက်ဘက်တွင် နဝင်းချောင်းကိုအစွဲပြု၍ နဝင်းရပ်ကွက်နှင့် မြို့အလယ်တွင် လေးဆူဓာတ်ပျော် ရွှေဆံတော်၏ထီးတော်ရိပ်အောက်တွင် တည်ရှိရာ ဆံတော်ရပ်ကွက်နှင့် မြို့အတွင်းလမ်းများကိုလည်း ရာဇဝင်အကြောင်းအရာများနှင့် လိုက်ဖက်အောင် ခေါ်တွင်စေခဲ့ပါသည်။

မျိုးဝင်း (ပြည်)

ကျမ်းကိုး -

ပြည်အစိုးရကျောင်း အမှတ်(၁) အထကမှတ်တမ်းနှင့် နဝဝါသီ (ပြည်မြို့)မှတ်တမ်းကျမ်း
ကျော်ဒင်ဟန် (B.A, Dip.Ed) သမိုင်းသုတေသီပညာရှင်၊ ပြည်မြို့

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

လယ်တီဆရာတော်ဘုရားကြီးအမြဲမပြတ်ရှိခိုးပူဇော်လေ့ရှိသော

ပိဋကတ်သုံးပုံဓမ္မစေတီဘုရားရှိခိုးကြီး

တေန ဘဂဝတော ဇနတာ ပဿ
တာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန
ဒေသိတာနိ ပညတ္တာနိ တီဏိ
ပိဋကာနိ ကတမာနိ တီဏိ။
ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ
အဘိဓမ္မာ ပိဋကန္တိ။
ကတမာနိ တီဏိ ပိဋကာနိ။
၁။ အာဒိကလျာဏာနိ။
၂။ မဇ္ဈေကလျာဏာနိ။
၃။ ပရိယောသာန ကလျာဏာနိ။
၄။ သာတ္ထာနိ။
၅။ သဗျဉ္ဇနာနိ။
၆။ ကေဝလ ပရိပုဏ္ဏာနိ။
၇။ ပရိသုဒ္ဓါနိ။
၈။ သိက္ခတ္တယ သင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ။
၉။ အတ္ထဂမ္ဘီရာနိ။
၁၀။ ဓမ္မဂမ္ဘီရာနိ။
၁၁။ ဒေသနာဂမ္ဘီရာနိ။
၁၂။ ပဋိဝေဓဂမ္ဘီရာနိ။
၁၃။ သီလက္ခန္ဓ ဘာဇနာနိ။
၁၄။ သမာဓိက္ခန္ဓ ဘာဇနာနိ။
၁၅။ ပညက္ခန္ဓ ဘာဇနာနိ။
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ။
၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ။
၁၈။ အဘိညာ သံဝတ္တနိကာနိ။
၁၉။ ပရိညာ သံဝတ္တနိကာနိ။
၂၀။ သမ္ဗောဓ သံဝတ္တနိကာနိ။
၂၁။ ဝိရာဂ သံဝတ္တနိကာနိ။
၂၂။ နိရောဓ သံဝတ္တနိကာနိ။
၂၃။ နိဗ္ဗာန သံဝတ္တနိကာနိ။

နမောတဿ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ၊ မဇ္ဈေကလျာဏာနံ၊ ပရိယောသာန ကလျာဏာနံ၊ သဗျဉ္ဇနာနံ၊ ကေဝလ ပရိပုဏ္ဏာနံ၊ ပရိသုဒ္ဓါနံ၊ သိက္ခတ္တယ သင်္ဂဟိတဿ၊ ဗြဟ္မစရိယဿ၊ ပကာသကာနံ၊ အတ္ထဂမ္ဘီရာနံ၊ ဓမ္မဂမ္ဘီရာနံ၊ ဒေသနာဂမ္ဘီရာနံ၊ ပဋိဝေဓဂမ္ဘီရာနံ၊ သီလက္ခန္ဓဘာဇနာနံ၊ သမာဓိက္ခန္ဓဘာဇနာနံ၊ ပညက္ခန္ဓဘာဇနာနံ၊ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ၊ ဝိမုတ္တိဉာဏဒဿနက္ခန္ဓဘာဇနာနံ၊ အဘိညာ သံဝတ္တနိကာနံ၊ ပရိညာ သံဝတ္တနိကာနံ၊ သမ္ဗောဓ သံဝတ္တနိကာနံ၊ ဝိရာဂ သံဝတ္တ နိကာနံ၊ နိရောဓ သံဝတ္တ နိကာနံ၊ နိဗ္ဗာန သံဝတ္တနိကာနံ။

ဒုတိယမ္ပိ - နမော တဿ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနံ သံဝတ္တနိကာနံ။

တတိယမ္ပိ - နမော တဿ တိဏ္ဏံ ပိဋကာနံ အာဒိကလျာနံ (ပ) နိဗ္ဗာနံ သံဝတ္တနိကာနံ။

■ပိဋကတ်သုံးပုံ၏ဂုဏ်တော်(၂၃) ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ဦးအုန်းစိန် -

"အုန်းသွင်က ဒုက္ခရဲ့အခြေခံ သဘောတွေကိုအကျဉ်းပြောသွားပြီးပြီ။ အခု ဒုက္ခမျိုးစုံအဖုံဖုံအကြောင်းကိုပြော မယ်။ အဲဒါမပြောခင် ဒုက္ခအကြောင်း မိတ်ဆက်အနေနဲ့ အကြောင်းအရာ တစ်ခုကိုပြောမယ်"

နောက်နေ့စကားဝိုင်းစလျှင်စချင်း ဦးအုန်းစိန်က အထက်ပါအတိုင်းပြောပါ သည်။

ထို့နောက် -

"မြတ်စွာဘုရားရှင် သက်တော် ထင်ရှားရှိစဉ်က နကုလပိတာနဲ့ နကုလ မာတာဆိုတဲ့ ဥပါသကာဇနီးမောင်နှံရှိ တယ်။ သူတို့ဟာ မြတ်စွာဘုရားရဲ့ မိဘ အဖြစ် ဘဝများစွာဖြစ်ခဲ့လို့ မြတ်စွာ ဘုရားကို မြင်မြင်ချင်းသားအရင်းလို့ချစ် တယ်။ မြတ်စွာဘုရားကလည်း ရင်းရင်း နှီးနှီးဆက်ဆံတယ်။ သူတို့ဟာ အသက် ကြီးလာတော့ နာမကျန်းလည်းဖြစ်လာ ပြီး မြတ်စွာဘုရားရှင်ထံကို မကြာခဏ မရောက်နိုင်တော့ဘူး။ တစ်နေ့မှာ နကု လပိတာဟာ မြတ်စွာဘုရားဆီရောက် သွားခဲ့ပြီး လျှောက်ထားတယ်။ သူ လျှောက်တာရယ်၊ ဘုရားပြန်လည်မိန့် ကြားတာရယ်ကို ငါအတိအကျမမှတ်မိ တော့ဘူး။ သဘောလောက်ပဲပြောပြ မယ်။ နကုလပိတာက အရှင်ဘုရား အသက်ကြီးလာတော့ ကိုယ့်ခြေကိုယ့် လက်ကတောင် ကိုယ့်စကားနားမထောင် တော့ဘူး။ ကိုယ်လှမ်းတဲ့ဆီသူက မလှမ်း ဘူး။ လက်ကလည်း မြဲမြဲကိုင်ပါဆို မကိုင်ဘူး။ ရောဂါဝေဒနာတွေကလည်း ဟိုဟာဖြစ်လိုက်သည်ဟာဖြစ်လိုက်နဲ့ နေကောင်းတယ်ကိုမရှိဘူး။ ဒါကြောင့် တပည့်တော် အရင်ကလို အရှင်ဘုရား ထံ မလာနိုင်တော့ဘူးလို့ လျှောက်တယ်။

မြတ်စွာဘုရားက ဒီခန္ဓာ(၅)ပါးကို ရထားတာ ဒုက္ခတုံးကြီးကိုရထားတာပဲ။ အိုရခြင်းဆင်းရဲက မပြတ်မလတ်နှိပ်စက် နေတယ်။ ရောဂါဝေဒနာပေါင်းစုံက လည်း တစ်မျိုးပြီးတစ်မျိုး ဖိစီးနှိပ်စက် တတ်တယ်။ အဲဒါဟာ ရှောင်လွှဲလို့မရ တဲ့သဘာဝတရားပဲ။ ဒီသဘာဝတရား ပေါ်မှာ မကျေမနပ်ဖြစ်ပြီး သောကပွား နေရင် ကိုယ်လည်းနာမယ်၊ စိတ်လည်း နာမယ်။ ချုပ်လိုက်ရင်တော့ နကုလ ပိတာကအိုပြီး နာမကျန်းဖြစ်လာတာကို ညည်းညူတဲ့အနေနဲ့ မြတ်စွာဘုရားကို လျှောက်ထားတယ်။ မြတ်စွာဘုရားက ကိုယ်ပဲနာပါစေ၊ စိတ်မနာပါစေနဲ့လို့ မိန့်ကြားတယ်ဆိုတာပဲ။

ဒုက္ခအမျိုးအစားတွေကို မြတ်စွာ ဘုရားက ဓမ္မစကြာဒေသနာတော်မှာ (၇)မျိုးပြတယ်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာ တော်မှာ (၅) မျိုးပြတယ်။

အဲဒါတွေက -

၁။ ပဋိသန္ဓေနေရခြင်းဆင်းရဲ၊
၂။ အိုရခြင်းဆင်းရဲ၊
၃။ နာရခြင်းဆင်းရဲ၊
၄။ သေရခြင်းဆင်းရဲ၊
၅။ ချစ်ခင်နှစ်သက်တဲ့သတ္တဝါသင်္ခါရ တွေနဲ့ကွေကွင်းရခြင်းဆင်းရဲ၊
၆။ မချစ်မနှစ်သက်တဲ့သတ္တဝါသင်္ခါရ တွေနဲ့အတူတကွ ပေါင်းဖော်မှီဝဲနေ ရခြင်းဆင်းရဲ၊
၇။ လိုချင်တာကိုမရခြင်းဆင်းရဲ၊
၈။ စိုးရိမ်ပူပန်ရခြင်းဆင်းရဲ၊
၉။ ငိုကြွေးမြည်တမ်းရခြင်းဆင်းရဲ၊
၁၀။ ခန္ဓာကိုယ်ကြောင့်ဖြစ်ရတဲ့ဆင်းရဲ၊
၁၁။ စိတ်အလိုမကျခြင်းကြောင့်ဖြစ်ရ ခြင်းဆင်းရဲ၊
၁၂။ ဆင်းရဲမှုအစုစုတို့အတွက်အထိဝ် ရောက်ပြီး အသက်ပါဆုံးနိုင်လောက် အောင်အပူလုံးကြွပြီးယူကျုံးမရဖြစ် ရတဲ့ဆင်းရဲတို့ ဖြစ်တယ်။

ဒါတွေကို အားလုံးအမိပ္ပာယ် ကောက်ပြီး သိပြီးသလိုဖြစ်နေတယ်၊ ဒါပေမယ့် များသောအားဖြင့် အမြည် အစုံ မသိကြဘူး။

ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ ဆိုတာ အမိဝမ်းတွင်းကလလရေကြည် တည်ချိန်ကစပြီး အော်ဟစ်ငိုယိုကာ အပြင်လောကကိုရောက်လာတဲ့အထိခံခဲ့ ရတဲ့ဆင်းရဲဒုက္ခတွေကိုပြောတာ။ အဲဒါ တွေက နည်းသလား။ အမိဝမ်းတွင်းနေ ရတာ တိုက်ပိတ်ခံရတဲ့ အကျဉ်းသား ထက် မလှုပ်သာမယှက်သာကျပ်တည်း ကျဉ်းမြောင်းတယ်။ အပြင်ရောက်လာ တော့ မတူညီတဲ့ကြမ်းတမ်းတဲ့အထိအ တွေ့ကြောင့် အော်ဟစ်ငိုယိုရတယ်"

ဦးအုန်းရွှေ -

"လူသားတစ်ယောက်အနေနဲ့ လူ့ ဘဝကိုဘယ်လိုရရှိပြီး ပဋိသန္ဓေဘယ်လို နေခဲ့ရတယ်ဆိုတာသိသင့်တယ်။ အဲဒါ ပြောပြပါ"

ဦးအုန်းစိန် -

"သတ္တဝါတစ်ဦးဟာ ဆိုကြပါစို့ လူတစ်ယောက်ဟာ ဟိုဘက်ဘဝမှာ ကောင်းတာတွေရော ဆိုးတာတွေရော လုပ်တယ်။ သေခါနီးမှာ ကောင်းကံက အားကောင်းလို့ လူအဖြစ်ကိုတွန်းပို့နိုင် မယ်ဆိုရင် ကောင်းကံရဲ့အဆင့်အတန်း အရ ဆင်းရဲ ချမ်းသာ စတဲ့မိဘတွေဆီ ရောက်ရတယ်။ အဲဒီလိုရောက်ဖို့ကို သေခါနီးမှာ အာရုံနိမိတ်တွေမြင်တယ်။ သေတော့ အဲဒီမြင်တဲ့နိမိတ်အတွင်း အမိ ဝမ်းမှာ ပဋိသန္ဓေယူတာပဲ။

အဲဒီအချိန်မှာ အဲဒီပဋိသန္ဓေစိတ် ကို လက်ခံဖို့အခြေအနေက အဆင်သင့် ဖြစ်နေရတယ်။ အဲဒီအခြေအနေက အမိ ရဲ့ဥတုသွေးနဲ့ အဖရဲ့သုက်ရည်ပေါင်း ထားတဲ့ ကလလရေကြည်အဆင်သင့် ဖြစ်နေတယ်။ အဲဒါသတ္တဝါမဟုတ်ဘူး။ သတ္တဝါဖြစ်ဖို့နေရာပဲ။ သစ်စေ့တစ်စေ့ကို မြေပေါ်မှာစိုက်ရင် အပင်ပေါက်မယ်။ ဒါပေမဲ့ မြေကြီးက ပေါက်တာမဟုတ်ဘူး။ သစ်စေ့ကပေါက်တာ။ အဲဒီလိုပဲ ဟိုဘက် ဘဝကသေဆုံးပြီး ကံကြောင့်နာမ်နဲ့ရုပ် ပါတဲ့ ပဋိသန္ဓေစိတ်ဟာ သစ်စေ့နဲ့တူ တယ်။ အဲဒီကလလရေကြည်ဟာ (၁၆)နှစ် သမီးအရွယ် အပျိုမရဲ့ အနုညံ့ဆုံး အသေးသွယ်ဆုံးအခြေအနေမှာရှိနေတဲ့ ဆံပင်ကိုကြည်နေတဲ့ဆီမှာနှစ်ပြီး အကြိမ် [illegible] ခါပြီးနောက် ဆံပင်မှာတင် ကျန်နေတဲ့ ဆီကြည်ပမာဏလောက်ရှိ တယ်လို့ဆိုတယ်။

ရှင်းပြရအခက်ဆုံးအရာတွေထဲမှာ [illegible]တွေဘဝကူးတဲ့အကြောင်းလည်း ပါတယ်။ ဒါလည်း ရှင်းမပြတတ်ဘူး။ အကြမ်းပဲပြောမယ်။ ဟိုဘဝကသေမယ့် လူဟာ သေခါနီးမြင်တဲ့နိမိတ်ကို လိုချင် စွဲလမ်းမှုနဲ့သေတယ်။ စုတိစိတ်ကျတယ် လို့ခေါ်တယ်။အဲဒါပြီးချက်ချင်း ဒီဘဝမှာ ပဋိသန္ဓေစိတ်လာဖြစ်တယ်။ စိတ်အစဉ် ဟာ ဥပါဒ်-ဌီ-ဘင်(ဖြစ်-တည်-ပျက်)ဆို တဲ့ခဏယ်(၃)ချက်နဲ့သွားတယ်။ ဟို ဘဝကစုတိဆိုတာ ဘင်(ပျက်)ကိုခေါ် တာ။ အဲဒါပြီးတော့ ဒီဘက်ဘဝမှာ ဥပါဒ်(ဖြစ်)တာပဲ။ ကြားမှာ ဘာမှမရှိ ဘူး။ အဲဒီမှာ ရုပ်ကိုဖြစ်စေတတ်တဲ့ ကံနဲ့ စိတ်ပါတယ်။ အဲဒါကို ပဋိသန္ဓေစိတ် ပဋိသန္ဓေယူတယ်လို့ခေါ်တာပဲ။ ဥပါဒ်ပြီး တော့ ဌီ(တည်)ခဏမှာ ဥတုဆိုတဲ့အနွေး ဓာတ်ဝင်လာတယ်။ ဒီတော့ ကံ၊ စိတ်၊ ဥတု(၃)မျိုးရပြီ။ ပြီးတော့ ဘင်ဆိုပြီး ပျက်တာပေါ့။ အဲဒီနောက် ဥပါဒ်-ဌီ-ဘင် ဆိုပြီး ဆက်သွားနေတာပဲ။ မျက်တောင် တစ်ခတ်လောက်မှာ အကြိမ်ပေါင်းကုဋေ တစ်သိန်းလောက်သွားနေတာ။ ရေကြည် မှာ အဲဒီလိုပဋိသန္ဓေစိတ်မျိုးစေ့တည်ပြီး နောက် (၇) ရက်ကျော်တော့ အမြှုပ်ဖြစ် လာတယ်။ (၇)ရက်ကျော်ပြန်တော့ အခဲ ဖြစ်လာတယ်။ နောက် (၇) ရက်ကျော် တော့ သားတစ်ဖြစ်လာတယ်၊ နောက် (၇) ရက်ကျော်တော့ (၅ပတ်အရမှာ) ခေါင်းနဲ့ ခြေ၊ လက်ဖြစ်ဖို့ ဖု(၅)ဖုပေါ်လာ တယ်။ ဒါကို ခက်မ(၅)ဖြာပေါ်တယ်လို့ ခေါ်တယ်။ (၇၇) ရက်ရတော့ မျက်စိ၊ နား၊ နှာခေါင်း စတဲ့ အင်္ဂါရပ်တွေပေါ် လာတယ်။ အဲဒီမှာ အူဆိုတာပေါ်လာပြီး မိခင်စားသောက်တဲ့အစာရေစာကို ချက် ကြိုးကတစ်ဆင့်လိုက်ပြီးစားသောက်ရ တယ်။

အဲဒီမှာ မဆင်ခြင်တဲ့မိခင်က ပူလွန်း တဲ့အစားအစာတွေ စားလိုက်ရင် ပူတဲ့ ဒဏ်ကိုမချိမဆံ့ခံရတယ်။ အေးလွန်းတဲ့ အစားအသောက်ဆိုရင်လည်း အေးတဲ့ ဒဏ်ပေါ့။ အနေအထိုင်မဆင်ခြင်ရင် လည်း လှုပ်ရှားမှုဒဏ်ခံရတာပဲ၊ အဲဒီမှာ အစားအစာတွေကိုပါ စားလာပြီဖြစ်တဲ့ အတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ ရုပ်ကိုဖြစ်စေတဲ့အကြောင်းတရားလေးပါး နဲ့ ပြည့်စုံသွားပြီ၊ မမြင်ရလောက်အောင် သေးငယ်တဲ့ရေကြည်ပေါက်လောက်က နေ ကိုးလဆယ်လကြာတော့ ခြောက် ပေါင်၊ ခုနစ်ပေါင်ဖြစ်လာတယ်၊ အဲဒီ အကြောင်းတရား (၄) ပါးကဖြည့်ဆည်း ပေးတာပဲ၊ ဖြစ်၊ တည်၊ ပျက်ဆိုတဲ့ ခဏ ယ် (၃) ချက်အနက် အချက်တိုင်းမှာ အဲဒီလိုရုပ်တွေကို ထုတ်လုပ်နေတာ ကံ သက်သက်က ထုတ်လုပ်နေတဲ့ရုပ်တွေရှိ တယ်။ စိတ်ကထုတ်လုပ်တဲ့ရုပ်တွေရှိ တယ်။ စုံပေါင်းပြီးထုတ်လုပ်တဲ့ရုပ်တွေရှိ တယ်။ ထုတ်လည်းထုတ်နေတယ်။ ပျက် လည်းပျက်နေတယ်။ ဒါပေမယ့် ထုတ် တာများပြီး ပျက်တာနည်းတော့ ပိုးပွား လာတယ်။ ကြီးထွားလာတယ်။ နောက် ထုတ်တာနည်းပြီး ပျက်တာများတော့ ဆုတ်ယုတ်သွားတယ်။

ရုပ်ဝါဒသမားတွေက 'ဖြစ်-တည်- ပျက်-တိုးတက်' လို့ ဆိုပြီး ရုပ်ဝါဒကို ယူတောင်တယ်။တကယ်တော့ တိုးတက် တဲ့အပိုင်းရှိသလို ဆုတ်ယုတ်တဲ့အပိုင်း လည်းရှိတယ်။ အဲဒါ နိယာမပဲ။

ရုပ်အားလုံး(၂၈)မျိုးရှိတယ်။ အဲဒီ အထဲမှာ ရုပ်စစ်စစ်က (၁၈)မျိုးရှိတယ်။ အဲဒီအထဲမှာ ကံသက်သက်ကြောင့်ဖြစ် တဲ့ ရုပ်က (၉) မျိုးရှိတယ်။ အဲဒီ (၉)မျိုး ဟာ -

၁။ မျက်စိ၊
၂။ နား၊
၃။ နှာခေါင်း၊
၄။ လျှာ၊
၅။ ခန္ဓာ၊
၆။ ဟဒယလို့ခေါ်တဲ့စိတ်ဖြစ်တဲ့ ရုပ်၊
၇။ ယှဉ်ဘက်ရုပ်တွေကို ထိန်းသိမ်း စောင့်ရှောက်တဲ့ရုပ်၊
၈-၉။ ယောကျ်ား-မိန်းမခွဲတဲ့ဖိုရုပ်၊ မရုပ် (ဘာဝရုပ်) တို့ ဖြစ်တယ်။

ရောပြီးဖြစ်တဲ့ရုပ် (၉) မျိုးက -

၁။ မြေဓာတ်၊
၂။ လေဓာတ်၊
၃။ ရေဓာတ်၊
၄။ မီးဓာတ်၊
၅။ အဆင်းသဏ္ဌာန်၊
၆။ အနံ့၊
၇။ အရသာ၊
၈။ သြဇာသတ္တိ၊
၉။ အသံ

တို့ ဖြစ်တယ်။

အဲဒီလို အမိဝမ်းတွင်းကျဉ်းကျဉ်း ကျပ်ကျပ်ဆင်းရဲခံခဲ့ရတဲ့ဆင်းရဲကို ပဋိ သန္ဓေနေရခြင်းဆင်းရဲလို့ ခေါ်တယ်၊ တစ်နည်းပြောရရင် လူ့ဘဝတစ်လျှောက် လုံးမှာကြုံတွေ့ရတဲ့ဒုက္ခတွေရဲ့ [illegible] ရင်းဟာ မွေးဖွားခြင်း(ဇာတိ)[illegible]။

ကဲ - ဒီကနေ့တော့ ဒီလောက်နဲ့ နားဦးစို့။

ချောင်းဆုံအုန်းသွင်

ချောင်းဆုံအုန်းသွင်

သဘာဝဓမ္မ

ဒုက္ခမျိုးစုံအဖုံဖုံ

တင်အောင်(စက်မှုတက္ကသိုလ်)

လက်ပံအိုင်ဆရာတော်ကြီးဦးစန္ဒ

ဝိနယဓရ

■ လက်ပံအိုင်မှဖြစ်ရပ်ဆန်း

အေဒီ ၁၉၁၅ ခုနှစ် (၁၃၁၂ ခုနှစ်) တွင် ကျောက်ပန်းတောင်းမြို့နယ် လက်ပံရွာ၌ ထူးဆန်းသော ဖြစ်ရပ်ကြီး တစ်ခုဖြစ်ခဲ့ပါသည်။ ထိုနှစ် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ အင်္ဂါနေ့ (တပို့တွဲလဆန်း ၁၄ ရက်နေ့) နံနက် (၉)နာရီ အချိန်တွင် လက်ပံအိုင်ဆရာတော်ကြီး ဦးစန္ဒသည် ဆန်ပြုတ်ဆွမ်းကပ်လှူဒါန်း ခံပြီးနောက် ထုံးစံအတိုင်းပင် တင်ပျဉ်ခွေ လျက်တရားမှတ်လေသည်။ ထိုသို့တရား မှတ်လျက် အနေအထားအတိုင်းပင်လျှင် ထူးဆန်းစွာ ပျံလွန်တော်မူသွားသဖြင့် လူအများအုတ်အော်သောင်းတင်းဖြစ်ခဲ့ ကြပါသည်။

■ တစ်ရက်ကြို၍စာရေးခဲ့ခြင်းအံ့ဖွယ်

ထိုနေ့မတိုင်မီ အေဒီ ၁၉၅၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ တနင်္လာနေ့ (၁၃၁၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်) နံနက်အချိန်တွင် ဆရာတော်ကြီးသည် လက်ထောက်ဦးပဥ္စင်းကိုခေါ်ယူပြီးလျှင် စာတစ်စောင်ရေးခိုင်းလေသည်။

စာပါအကြောင်းအရာမှာ လက်ပံအိုင်ကျောင်းတိုက်နှင့်စပ်လျဉ်းသမျှသော ကိစ္စအဝဝကို လက်ထောက်ဦးပဥ္စင်း ဦးကောသရအား လွှဲပြောင်းပေးအပ်ကြောင်း ဖြစ်ပါသည်။

■ တရားထိုင်ရင်းထိုင်လျက်အနေအထား ဖြင့် ပျံလွန်တော်မူခြင်း

ထိုအချက်ကို ရှင်ပညာ၊ ရှင်တေဇ တို့ သုံးပါးဆိုင်အသိအမှတ်ပြုကြရသည်။ အခြားတစ်ဦးတစ်ယောက်မျှ ကန့်ကွက်ခြင်းမရှိစေရဟုဆိုပြီးလျှင် ဆရာတော်ကြီးကိုယ်တိုင်လက်မှတ်ရေးထိုးပါသည်။ ၎င်းနောက်တစ်ရက်တွင် တရားထိုင်လျက်အနေအထားဖြင့် ပျံလွန်တော်မူသည်။

■ ရက်ပေါင်း (၉၀) ပူဇော်ခဲ့ခြင်း

ပျံလွန်တော်မူပြီး (၃)ရက်မြောက်သောနေ့တွင် ခွဲစိတ်ရန်စီမံကြပါသည်။ သို့သော် (၇)ရက်တိုင်တိုင်ကြံစည်ကြိုးစားကြသော်လည်း မဖြစ်မြောက်သဖြင့် လက်လျှော့ကာ ကျွန်းခေါင်းတွင်ထည့်သွင်းခဲ့ရလေသည်။ ထို့နောက် ရက်ပေါင်း (၉၀) ကြာအောင်ပူဇော်ထားခဲ့ပါသည်။

သို့သော်လည်း ရုပ်ကလာပ်တော်မှာ ပုပ်သိုးခြင်းမရှိ၍ ကျော်စောသတင်းဖြစ်ခဲ့၏။ ထိုအခါ ကျောက်ပန်းတောင်းမြို့ မြို့မရပ်ကွက်ရှိ ဦးရာဇိန်ကျောင်းတိုက်မှ ရဟန်းရှင်လူအများလာရောက်ကာ ရုပ်ကလာပ်တော်ကို ပင့်ဆောင်ပြီး ရက်ပေါင်း (၃၀) ကြာမျှ ပူဇော်ကန်တော့ခဲ့ကြပါသေးသည်။

■ ရုပ်ကလာပ်တော်ကို မီးမကူးခြင်း အံ့ဖွယ်

ဤသို့ဖြင့် အေဒီ ၁၉၅၁ ခုနှစ်၊ မေလ (၁၃၁၃ ခုနှစ်၊ ကဆုန်လ)တွင် မီးပူဇော်ရန် ပြင်ဆင်ကြပါသည်။ နေ့လယ်ပိုင်းတွင် ရုပ်ကလာပ်တင်ထားသော ထင်းပုံကြီးကို မီးတင်ရှို့သောအခါ ထင်းပုံကြီးသာ မီးလောင်၍ကုန်သွားပါသည်။

■ မှန်ခေါင်းဖြင့်သာထည့်ကြရခြင်း

ဤသို့ဖြင့် ကြံရာမရကြတော့ဘဲ တစ်ဖန် မှန်ခေါင်းဖြင့်သာထည့်သွင်းလျက် ပူဇော်ကြရပြန်လေသည်။ ထို့နောက် ကုန်းမြင့်ထက်တွင် ဂူဗိမာန်ဆောက်လုပ် ပူဇော်ကြရပြန်လေသည်။

■ တစ်နှစ်တစ်ကြိမ်သင်္ကန်းလဲပေးခြင်း

တစ်နှစ်လျှင်တစ်ကြိမ် မွေးနေ့တိုင်း တပည့်များက ဆွမ်းကပ်ကြပါသည်။ တစ်ပြိုင်တည်းမှာပင် သင်္ကန်းလဲလှယ်ပေးခြင်းတို့လည်း ပြုလုပ်ပေးကြရပါသည်။ ၎င်းအပြင် အညစ်အကြေးများကိုလည်း သန့်စင်ပေးကြရပါသည်။

■ လက်သည်း ခြေသည်းများရှည်လာ

ရုပ်ကလာပ်တော်မှာ ပကတိအတိုင်းကဲ့သို့ဖြစ်သည်။ အသားအရေတို့မှာ ဝါဝင်းလျက်ရှိသည်၊ အကြောများလည်း ခပ်စိမ်းစိမ်းရှိသည်။ ၎င်းအပြင် ဆံပင်များကလည်းရှည်လာသည်။ ထို့ပြင်မျှသာမကသေး လက်သည်း၊ ခြေသည်းများမှာလည်းရှည်လာတတ်ကြောင်းတွေ့ရှိရပါသည်။

ဆရာတော်ကြီးပျံလွန်တော်မူသည်မှာ နှစ်ပေါင်း (၆၀) ကျော်ရှိလာခဲ့ပါပြီ။ သို့သော်လည်း ရုပ်ကလာပ်တော်မှာ ကျိုးပဲ့ပျက်စီးခြင်းလည်းမရှိ၊ ဆွေးမြည့်ခြင်းလည်းမရှိချေ။

■ ၉-၁၂-၁၉၆၉ ရက်နေ့

ရန်ကုန်မြို့တွင် (၅) ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကျင်းပရာမှာ လက်ရွေးပြိုင်ပွဲကို ရန်ကုန်မြို့ သမိုင်းအားကစားရုံတွင်ပြုလုပ်ရာ ပြဿနာပေါ်သဖြင့် ကျောင်းများပိတ်လိုက်ရလေသည်။

ထိုရက်တွင် အဖေဦးရန်အောင် အပါအဝင် စာရေးဆရာကြီးများကို စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရန် တောင်တွင်းကြီး၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ၊ မြစ်ခြေမြို့တို့မှ ဖိတ်ကြားလေသည်။

ထိုမြို့များရှိ စာပေဟောပြောပွဲကျင်းပရာသို့ အဖေဦးရန်အောင်၊ ဆရာကြီးငွေဥဒေါင်း၊ ဆရာကြီးသာဂဒိုး၊ ဆရာကြီးသိပ္ပံမှုံးတင်၊ ဆရာကြီးတောင်တွင်းဦးအောင်သင်း၊ ဆရာမကြီးရေနံ့မြေဒေါ်ခင်စုနှင့် ဆရာမကြီးယုဝတီခင်စိန်လှိုင်တို့လိုက်ပါလာကြသည်။

စာရေးသူသည် ထိုအချိန်က (၆) တန်းကျောင်းသားဖြစ်ပြီး ကျောင်းပိတ်ချိန်နှင့်တိုက်ဆိုင်သဖြင့် စာရေးသူနှင့် ဆရာကြီးသိပ္ပံမှုံးတင်၏ သားဖြစ်သူ တင်မောင်ထူး (၄-တန်းကျောင်းသား) လည်း အဖေတို့နှင့်အတူ လိုက်ပါလာကြသည်။

စာရေးဆရာများသည် တစ်မြို့ပြီးတစ်မြို့ စာပေဟောပြောလာကြရာ ကျောက်ပန်းတောင်းမြို့သို့ရောက်လာကြသည်။ ကျောက်ပန်းတောင်းမြို့မှ စာဆိုတော်နေ့ကျင်းပရေးကော်မတီများက စာရေးဆရာများကို ရဟန္တာဆရာတော်ဦးစန္ဒ၏ရုပ်ကလာပ်ရှိသော လက်ပံအိုင်သို့ ပို့ပေးကြ၏။

■ လက်ပံအိုင်ရွာဘယ်မှာလဲ

လက်ပံအိုင်ရွာမှာ ကြက်မောက်တောင်ဆည်နှင့်နီးသည်ဟု ပြောမှသာ နေရာကို ရိပ်စားမိနိုင်မည် ဖြစ်ပါသည်။ ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းကြီးရှိလေသည်။ ထိုကားလမ်းအတိုင်း သွားလျှင် (၇) မိုင်အကွာတွင် စက်ကုန်းကျေးရွာရှိလေသည်။ ထိုနေရာမှမြောက်ဘက်စူးစူးသို့သွားသော လှည်းလမ်းကြောင်းရှိသည်။ ထိုနေရာမှ (၅) ဖာလုံသွားလျှင် ကြက်မောက်တောင်ဆည်ရှိလေသည်။ အနောက်ဘက်မှာ တာတမံသို့ရောက်လေသည်။

ထိုတာတမံလမ်းအတိုင်းဆက်သွားရသည်။ သဲပုတ်တောသို့ရောက်သည်။ ဆက်သွားရသည်။ အနောက်မြောက်စူးစူး (၂) မိုင်အကွာတွင် လယ်ခွရွာသို့ရောက်သည်။ ချောင်းတစ်ဖက်ကမ်းတွင် လက်ပံအိုင်ရွာရှိလေသည်။

ထိုနေရာတွင် ရွာထိပ်၌ ဂူဗိမာန်ရှိလေသည်။ လက်ပံအိုင်ရွာဂူဗိမာန်မှာ ရွာထိပ်အနောက်မြောက်ဘက်တွင်ရှိသည်။ အလျားပေ (၂၀)၊ အနံ (၁၅)ပေ ခန့်ရှိပါသည်။ဖန်ဖြင့်ကာထားလေသည်။ ခိုင်ခံ့သောစံကျောင်းတစ်ခုဆောက်လုပ် ပူဇော်ရန် ကြိုးစားလျက်ရှိကြကြောင်းသိရသည်။ အုတ်တိုက်အတွင်းဝယ် မှန်ခေါင်းဖြင့် ဆရာတော်ကြီးရုပ်ကလာပ်အပူဇော်ခံထားပါသည်။

ခြေသည်း၊ လက်သည်းများကား ရှည်မြဲရှည်လျက်တွေ့မြင်ရပါသည်။

■ ရွှေမင်သုတ်သူများကြောင့်

ယခုအခါ ဆရာတော်ကြီး၏ ရုပ်ကလာပ်မှာ ရွှေရောင်တောက်လျက်ရှိရာ သိရသမျှမှာ ကြည်ညိုသူများက ရွှေမင်သုတ်ပြီး ပူဇော်သွားကြောင်းသိရပါသည်။ ရွာသားများကလည်း ရိုးသားသူများဖြစ်ကြသဖြင့် သင့်တော်သည်၊ မသင့်တော်သည်ကို မစဉ်းစားမိခဲ့ကြသဖြင့် ရွှေမင်သုတ်သည်ကို မတားခဲ့ချေ။ ထို့ကြောင့် ယခုအခါ ဆရာတော်ကြီး၏ မွေးညှင်း၊ ဆံပင်များကို မတွေ့မြင်နိုင်တော့ပေ။

■ လက်ပံအိုင်ရွာရဟန္တာကြီး၏ဇာတိ

ဆရာတော်ကြီးကို လက်ပံအိုင်ရွာရဟန္တာဟု သမုတ်ကြပါသည်။ ဆရာတော်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် လက်ပံအိုင်ရွာဇာတိဖြစ်လေသည်။ အေဒီ ၁၈၈၂ ခုနှစ်၊ ဇူလိုင် ၂၈ ရက် (မြန်မာနှစ် ၁၂၄၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။ ခမည်းတော် ဦးရွှေဂိုက်၊ မယ်တော်မှာ ဒေါ်စိုင်ဖြစ်လေသည်။ ဆရာတော်ကြီး၏ငယ်နာမည်မှာ မောင်ထွားဖြစ်လေသည်။

မောင်ထွား အသက် (၂၀)ရောက်သောအခါ ဦးသာဇံ ဒေါ်ခန့်တို့၏ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ရောက်ရှိခဲ့လေသည်။ ဘွဲ့အမည်မှာ ဦးစန္ဒဟူ၍ဖြစ်လေသည်။ မောင်ထွားနှင့်ကား နေ့နံမကိုက်ချေ။ ဦးစန္ဒ၏ ဥပဇ္ဈာယ်ဆရာတော်မှာ ဦးသံဝရဖြစ်ပါသည်။ လက်ပံအိုင်ကျောင်းတိုက်၏ဆရာတော်ဖြစ်လေသည်။

■ တောင်ငူသို့ရောက်ခြင်း

ဆရာတော်ဦးစန္ဒသည် မြန်မာပြည်အနှံ့ ကြွရောက် သီတင်းသုံးရင်း စာပေများသင်ယူခဲ့ပါသည်။ တောင်ငူမြို့လည်းရောက်ခဲ့သေးသည်။ ထိုတောင်ငူတွင် ဇေတဝန်ကျောင်းတိုက်ဟူ၍ရှိရာ ထိုကျောင်းတိုက်၌ စာချကိုယ်တော်ဖြစ်ခဲ့သေးသည်။

■ ညောင်လွန့်ရဟန္တာအရှင်မြတ်ကြီးထံ နည်းခံခြင်း

ထိုနေရာတွင် သီတင်းသုံးရင်း ဆရာတော်ဦးစန္ဒသည် ရဟန္တာဟုကျော်ကြားသော ညောင်လွန့်ဆရာတော်ဘုရားကြီး၏ခြေတော်ရင်းသို့ ဆည်းကပ်ပူဇော်ခဲ့လေသည်။ ၎င်းနောက် လက်ပံအိုင်ကျောင်းသို့ပြန်ကြွလာလေသည်။ ထိုနှစ်သည် အေဒီ ၁၉၄၅ ခုနှစ် (၁၃၀၆ ခုနှစ်) ဖြစ်သည်။ ထိုအချိန်တွင် ဆရာတော်ဦးစန္ဒသည် သက်တော် (၆၂) နှစ်ရှိလေပြီ။

■ စစ်အတွင်းက လက်ညှိုးထိုးကာ ပရိတ်ရွတ်ခြင်းဖြစ်ရပ်ဆန်းတစ်ခု

အေဒီ ၁၉၄၆ ခုနှစ် (၁၃၀၇ ခုနှစ်) လောက်တွင် မြန်မာပြည်၌ ရောင်စုံသူပုန်များကြီးစိုးနေသောကာလ ဖြစ်ပါသည်။ ထို့ကြောင့်လည်း နေရာတကာမှာ တိုက်ပွဲများဖြစ်နေတတ်သည်။

ထို့ကြောင့်လည်း တစ်နေ့သောအခါ ရဲဘော်ဖြူအုပ်စုနှင့် ရဲဘော်နီအုပ်စုတို့သည် ရင်ဆိုင်တွေ့ကြလေသည်။ အလယ်ကောင်တွင် ချောင်းခြားလျက်ရှိသည်။ ထိုအချိန်အခါတွင် ဆရာတော်ဦးစန္ဒသည် ရွာသားများကို စေတီများအကြား၌ ပုန်းအောင်းခိုင်းထားပါသည်။ ၎င်းရောက်ရွာနှစ်ဖက်စလုံးကို လက်ညှိုးထိုးကာ ဆရာတော်ဦးစန္ဒသည် ပရိတ်တော်များရွတ်ဆိုပါသည်။

နာရီဝက်ခန့် ကြာသွားပါသည်။ တိတ်ဆိတ်လျက်သာရှိပါသည်။ ဘာသံမှလည်းမကြားရချေ။ တိုက်ပွဲခေါ်သံလည်းမရှိချေ။ ထို့ကြောင့် အခြေအနေဘယ်လိုလဲဟု ချောင်းမြောင်းကြည့်ရှုသောအခါ ရဲဘော်ဖြူ၊ ရဲဘော်နီအုပ်စုနှစ်ခုစလုံးသည် နောက်ကြောင်းပြန်ဆုတ်သွားကြောင်း တွေ့ရပါသည်။

ဤဖြစ်ရပ်ဆန်းသည် ဆရာတော်ဦးစန္ဒနှင့်စပ်လျဉ်း၍ အံ့ဩဖွယ်ဖြစ်ကြောင်းမှတ်မိသမျှ ဖော်ပြအပ်ပါသည်။

■ စစ်အတွင်းက လက်ညှိုးထိုးကာ ပရိတ်ရွတ်ခြင်းအခြားဖြစ်ရပ်ဆန်းတစ်ခု

အခြားသောဖြစ်ရပ်တစ်ခုလည်း ရှိပါသေးသည်။ ထိုအချိန်က ဗုံးကြဲလေယာဉ်ပျံများတို့သည် ဗုံးကြဲနေချိန်ဖြစ်ပါသည်။ ပုပ္ပားတောင်ခြေပတ်ဝန်းကျင်တွင် စစ်ဘေးမှ ပြေးလွှားသူတို့ဖြင့် စည်ကားလျက်ရှိပါသည်။

ထိုအချက်ကို အခွင့်ကောင်းဟူ၍ လေယာဉ်ပျံများသည် ဗုံးကြဲရန် ဥဩသံများပေးလျက် ပျံသန်းလာကြလေသည်။

ထိုအခါ ဆရာတော်ဦးစန္ဒသည် ကွင်းပြင်သို့ ရဲဝံ့စွာထွက်ပြီး လေယာဉ်ပျံများကို လက်ညှိုးထိုးလျက် ပရိတ်တော်များကို ရွတ်ဆိုပါသည်။

လေယာဉ်ပျံများသည် ဗုံးမချတော့ဘဲအတန်ကြာလည်ပတ်ပြီးနောက် လာရာလမ်းသို့ ပြန်သွားကြပါသည်။ ဤသည်မှာလည်း အံ့ဩဖွယ်ဖြစ်ရပ်ဆန်း တစ်ခုဖြစ်ပါသည်။ မှတ်တမ်းမှတ်ရာများ ပြည့်ပြည့်စုံစုံရှာဖွေ၍မတွေ့ရပါ။

ထိုသို့ဖြစ်ရပ်ဆန်းများနှင့်ပြည့်နှက်နေသော ဆရာတော်ဦးစန္ဒသည် အေဒီ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (တပို့တွဲလဆန်း ၁၄ ရက်) အင်္ဂါနေ့ နံနက် (၉) နာရီအချိန်တွင် တင်ပျဉ်ခွေလျက် တရားမှတ်နေစဉ် ထူးဆန်းစွာ ပျံလွန်တော်မူလေသည်။

ဆရာတော်ကြီးသည် ပျံလွန်တော်မူချိန်တွင် သက်တော် (၇၀) ရှိပြီဖြစ်ပါသည်။ ဆရာတော်ကြီးသည် အင်္ဂါနေ့တွင် မွေးဖွား၍ အင်္ဂါနေ့တွင်ပင် ခန္ဓာဝန်ချတော်မူလေသည်။

ဆရာတော်ဦးစန္ဒကို လက်ပံအိုင်ရွာရဟန္တာဟူ၍ ရပ်ဝေးရပ်နီးကျော်ကြားလျက်ရှိပါသည်။ ယခုထက်တိုင် ရုပ်ကလာပ်တော်ကြီးတည်ရှိနေပါသေးသည်။ လက်သည်း၊ခြေသည်းများလည်း ရှည်ဆဲပင်ရှိပါသေးသည်။ သွားရောက်ဖူးမြော်နိုင်ကြပါသည်။

ဤဆောင်းပါးဖြင့် လက်ပံအိုင်ဆရာတော်ဘုရားကြီးဦးစန္ဒနှင့် အဖေဦးရန်အောင်အားဦးခိုက်လျက်။

တင်အောင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ လက်ပံအိုင်ရွာမှ မပုပ်မသိုးသော ဆရာတော်၊ နက္ခတ္တရောင်ခြည် ၂၀၀၁ ခုနှစ်၊ မတ်လ (စံထွန်းသာ)
၂။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ နဝမအကြိမ်၊ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ (မွှာစရိယ-ဦးဌေးလှိုင်)
၃။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်း[illegible] များ (ပထမတွဲ) (မောင်[illegible] ပြုစုသည်)
၄။ သာသနာ့တန်[illegible]ဆရာတော်ကြီးများနှင့် [illegible]ဖြစ်ရပ်ဆန်းများ (တင်[illegible]) (တိုးတက်စီစဉ်၍ [illegible]စာပေမှ ထုတ်ဝေသည်)

ကောင်းဆော်

ဘေးဥပဒ်အန္တရာယ်မှကင်းဝေးစေသော ဥပ္ပါတသန္တိသုတ်

သကြိန်ရက်က အလှူတစ်ခုအတွက် နေပြည်တော်သို့ရောက်ခဲ့သည်။ နေပြည်တော်ကိုဖြတ်သန်းသွားဖူးခဲ့သော်လည်း ညမအိပ်ခဲ့ဘူးပါ။ သကြိန်ရက်တွင် နေပြည်တော်၌ ရေကစားမဏ္ဍပ်များဖြင့် စည်ကားခြင်းမရှိသော်လည်း လမ်းတိုင်း၌ ကားရှင်းလူရှင်းသဖြင့် တစ်မြို့လုံး ဘုရားများလှည့်လည်ဖူးမြော်ရသည်မှာ အဆင်ပြေပါသည်။ နေပြည်တော်၏ အထင်ရှားဆုံးဘုရားမှာ ဥပ္ပါတသန္တိဘုရားကြီးဖြစ်သည်။ဥပ္ပါတသန္တိဟူသော အမည်မှာ ထူးခြားနေသဖြင့် အမည်ကို ကြားစကပင် ဖူးချင်နေခဲ့ပါသည်။ အခွင့်သာခိုက်ဖူးရတော့မည်ဖြစ်၍ ဘုရားသို့သွားရသည်ကိုပင် ကြည်နူးခဲ့ရသည်။ တန်ခူးလေသည် နေပြည်တော်တွင် ပူပြင်းလှပါသည်။ ဘုရားသို့ရောက်ချိန်မှာ မွန်းတည့်ချိန်ဖြစ်၍ အပူဆုံးအချိန်လည်းဖြစ်ပါသည်။ ဘုရားသို့ရောက်သည့်အခါ ဓာတ်လှေကားများ ပျက်နေသဖြင့် လှေကားထစ် (၁၄၀) တိတိကို တက်ခဲ့ရသည်။ မွန်းတည့်နေအောက်တွင် လှေကားထစ်များကိုအားခဲတက်ခဲ့ရသဖြင့် ဘုရားပေါ်သို့အရောက်တွင် မောပန်းရပါသည်။ ဘုရားကြီးမှာ တောင်ကုန်းပေါ်တွင် ကြီးကျယ်ခံ့ညားစွာတည်ထားခြင်းဖြစ်၍ ဘုရားရင်ပြင်မှ ပတ်ဝန်းကျင်ကို မြင်ရသည်မှာ အလွန် ကြည်နူးစရာကောင်းလှသည်။ အဝေးသို့ကြည့်ပါက တောင်ကုန်းများ၊ တောင်တန်းများ၊ လယ်ကွင်းပြင်နှင့် ကားလမ်းများကိုမြင်ရသည်မှာ စိတ်ကိုအေးမြစေပါသည်။ ပတ်ဝန်းကျင်ရှုခင်းများကို အပေါ်စီးက မြင်လိုက်ရ၍ မောသမျှအပန်းပြေခဲ့ရပါသည်။ အမောပြေအောင် ရှုခင်းများကို ခဏငေးကြည့်ပြီး အမောပြေမှ ဘုရားဝင်းအတွင်းသို့ဝင်ခဲ့ပါသည်။

ဘုရားဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် အအေးခန်းသို့ရောက်သည်သို့ အေးမြသွားပါသည်။ တောင်ကုန်းကမြင့်သဖြင့် ပတ်ဝန်းကျင်မှလာသော လေနှအေးကြောင့် မောပန်းသမျှလန်းရပါတော့သည်။ ဘုရားစေတီများကိုများပြားစွာဖူးမြင်ရပါသည်။ ဘုရားများရှေ့တွင် ပုတီးစိပ်သူ၊ ပရိတ်ရွတ်သူ၊ တရားရှုမှတ်သူများစွာကို တွေ့မြင်ရပါသည်။ ဘုရားရှေ့တွင်နေရာယူကာ ဘုရားကိုကန်တော့လိုက်သည်။ ပရိတ်တော်၊ ဂါထာတော်များရွတ်ဆိုပြီး အားလုံးကို ရည်မှန်းပြီး မေတ္တာပို့လိုက်ပါသည်။ မေတ္တာသုတ်ကို နှုတ်မှရွတ်ရင်း အတွင်း၌ ဘုရားကို တစ်ပတ်ပတ်၍ လျှောက်ခဲ့သည်။ ဘုရားကို ကျေနပ်လောက်အောင် ဖူး၍ပြီးပြီမို့ အောက်သို့ပြန်ဆင်းရန် လာခဲ့သည့် လှေကားဆီသို့ လျှောက်လှမ်းခဲ့သည်။

အပေါ်ဆုံးလှေကားထစ်တွင်ထိုင်ပြီး အမောဖြေနေသောအသက် (၈၀) ကျော်ခန့် အဘိုးအိုတစ်ဦးကို မြင်လိုက်သည်။ အရွယ်နှင့်မမျှအောင် ဘုရားပေါ်သို့ တက်လာနိုင်သောအဘိုးကို စိတ်ထဲက ချီးကျူးနေမိပါသည်။ ထိုအဘိုး၏ရှေ့တွင် လေးစားမှုဖြင့် ခေါင်းငုံ့၍ဖြတ်ကျော်လိုက်စဉ် အဘိုးက ကျွန်တော်ကို လှမ်းခေါ်လိုက်သည်။

“မောင်ရင် ဒီကို လာပါဦး။ ဒီမှာ ခဏထိုင်ပါဦး”

မိမိကိုခေါ်သည်မထင်၍ ဘေးဘီကိုကြည့်သော်လည်း လူတစ်ဦးတစ်ယောက်ကိုမှမတွေ့ရသဖြင့် မိမိကိုခေါ်ခြင်းဖြစ်မည်ဟု ယူဆလိုက်ပြီး အဘိုး၏ရှေ့ကအုတ်ခုံတွင်ဝင်ထိုင်လိုက်ရသည်။ ထိုင်မိသည်နှင့် အဘိုးကမေးပါသည်။

“ဘယ်ကလာပြီးဘုရားဖူးတာလဲ”

“ရန်ကုန်ကလာတာပါ အဘ”

“အရင်ကကော ဒီဘုရားကို ရောက်ဖူးသလား”

“ဒါ ပထမဦးဆုံး ရောက်တာပါ အဘ”

“ဒီဘုရားကိုဖူးရတာ ကံထူးတယ်။ ဥပ္ပါသန္တိဘုရားရှိခိုးကိုကော ရွတ်ဆိုပူဇော်ခဲ့ရဲ့လား”

“ဥပ္ပါတသန္တိကိုတော့ မရလို့မရွတ်ဆိုခဲ့ပါဘူး အဘ”

“ဥပ္ပါတသန္တိသုတ်ကိုကောကြားဖူးရဲ့လား”

“ကြားဖူးပါတယ် အဘ”

“အဘ တွေ့တဲ့လူတိုင်းကို ဥပ္ပါတသန္တိသုတ်ရွတ်ဆိုဖို့ တိုက်တွန်းဖို့လာခဲ့တာပါ။ အခုလည်း မောင်ရင့်ကိုတွေ့တုန်း တိုက်တွန်းချင်ပါတယ်”

“ဥပ္ပါတသန္တိသုတ်က အစွမ်းထက်လို့လား အဘ”

“ဥပ္ပါတသန္တိသုတ်ရဲ့အစွမ်းထက်ပုံကိုပြောရရင် ပြောလို့မကုန်နိုင်ဘူး။ ခုအချိန်က ဥပ္ပါတသန္တိသုတ်ရွတ်ရမယ့် အချိန်အခါရောက်နေပြီကွယ့်”

“ဘယ်လိုအချိန်အခါရောက်တာလဲ အဘ”

အခုကကပ်ရောဂါတွေကျရောက်နေပြီမဟုတ်လား။ ဒီကပ်ကို ကျော်လွှားနိုင်ဖို့အကောင်းဆုံးက ဥပ္ပါတသန္တိသုတ်ရွတ်ဆိုဖို့ပဲရှိတော့တယ်။ ရောဂါတွေကများနေတယ်။ ကုသဖို့အတွက်ဆေးမရှိသေးတဲ့ရောဂါတွေတောင်ပေါ်နေတယ်မဟုတ်လား။ ရောဂါကို ကုသနိုင်ဖို့ဆေးမတွေ့သေးပေမယ့် ဥပ္ပါတသန္တိသုတ်ကတော့ ရောဂါအမျိုးမျိုး ဘေးရန်အမျိုးမျိုးကို ကာကွယ်နိုင်တယ်ကွယ့်”

“ဥပ္ပါတသန္တိသုတ်က ဘုရားဟောသုတ်တော်လား အဘ”

“ဘုရားဟောသုတ်တော့မဟုတ်ဘူး။ ဒါပေမယ့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းနှစ်ရာကျော်မှပေါ်လာတဲ့သုတ်ပါ။ မြတ်စွာဘုရားဟောခဲ့တဲ့ ဒေသနာတော်တွေဖြစ်တဲ့ ပိဋကတ်သုံးပုံထဲက ထုတ်နုတ်စီရင်ထားတာဖြစ်လို့ အလွန်အစွမ်းထက်တာပေါ့။ ဒီသုတ်တော်ဖြစ်ပုံလာပုံကိုပြောရရင် ကောဇာသက္ကရာဇ် ၅၆၇ ခုနှစ် ဇင်းမယ်ပြည်ကို အင်အားကြီးမားတဲ့ရန်သူတွေက တိုက်ခိုက်ဝန်းရံထားလို့ တစ်ပြည်လုံး ဒုက္ခရောက်နေရတဲ့အချိန် ဘုရင်ကိုးကွယ်တဲ့ ရှင်မဟာသီလဝံသရဟန္တာအရှင်မြတ်ကြီးက (၂၇၁) ပုဒ်ပါတဲ့ ဥပ္ပါတသန္တိသုတ်တော်ကြီးကို စီရင်ပြီး နန်းတွင်းရဟန်းရှင်လူတွေသာမက ပြည်သူပြည်သားများကိုပါရွတ်ဖတ်လိုက်ကြလို့ ရန်သူတွေထွက်ပြေးကြတယ်။ အဲဒီကစပြီး ဥပ္ပါတသန္တိသုတ်တော်ဟာ အထူးထင်ရှားကျော်ကြားလာခဲ့ပါတယ်။ သာလွန်မင်းကြီးလက်ထက်မှာ မြန်မာပြည်ကို ရောက်လာခဲ့ပါတယ်။ ဒီသုတ်တော်ကိုရွတ်ရင် အန္တရာယ်အပေါင်းကလွတ်မြောက်နိုင်တာကိုသိပြီး ထင်ရှားလာခဲ့တယ်။ကုန်းဘောင်နန်းတွင်းအနေတော်ပုံကာလက ပြည်သူတွေ ဒုက္ခရောက်နေကြလို့ ညောင်ကန်ဆရာတော်ဦးဗုမ်က ဥပ္ပါတသန္တိကျမ်းနိဿယတော်ကိုစီရင်ပြီး ပြည်သူတွေကိုရွတ်ဆိုပူဇော်ခဲ့လို့ ပြည်သူတွေ ဘေးအန္တရာယ်အသွယ်သွယ်က လွတ်မြောက်ခဲ့ကြရဖူးတယ်။ ထိုပြည်မှာ ဟိုတစ်ခါက ကပ်ရောဂါကြီးကျရောက်ခဲ့စဉ်က လယ်တီဆရာတော်ဘုရားကြီးက ရတနာဘုံမြင့်ဆရာတော်ကြီးနဲ့ညှိနှိုင်းပြီး ဥပ္ပါတသန္တိသုတ်တော်ကို ရွတ်ဆိုစေခဲ့လို့ ကပ်ရောဂါဘေးက လွတ်မြောက်ခဲ့ကြောင်း လယ်တီဆရာတော်ဘုရားရေးသားတဲ့ရောဂါဏန္တရဒီပနီကျမ်းမှာ တွေ့ရတယ်လေ။ ဒီဥပ္ပါတသန္တိကျမ်းအစွမ်းထက်တာလည်းမပြောနဲ့။ ဒီကျမ်းထဲမှာ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားများ၊ အမျိုးသားရဟန္တာအရှင်မြတ်ကြီးများ၊ အမျိုးသမီးရဟန္တာများကို တစ်ပါးချင်းစီ စီကုံးဖွဲ့နွဲ့ပူဇော်ထားတယ်။ နောက်ပြီး နဂါးများကိုလည်း တစ်ပါးချင်းစီပူဇော်တယ်။ ဗြဟ္မာများ၊ အသူရာများနှင့်နတ်များ၊ ဗြဟ္မာကြီးများကိုလည်း တစ်ပါးမကျန် တစ်ဦးချင်းစီ ပူဇော်ထားတယ်။ ဗြဟ္မာကြီးများကိုလည်း တစ်ပါးမကျန် တစ်ဦးချင်းစီ ပူဇော်ထားတယ်။ အဲဒီလောက်ပြည့်စုံအောင်ပူဇော်ထားတဲ့ သုတ်ဆိုတော့ တန်ခိုးကြီးပြီးအစွမ်းထက်တော့တာပေါ့”

အဘသည် ခဏမျှရပ်နားပြီး ဆက်ပြောပြန်သည်။

“အေး - အန္တရာယ်ဆိုတာ ကမ္ဘာတည်စကတည်းကရှိခဲ့တာပါ။ ဒါပေမယ့် ဒီကနေ့အချိန်လောက်ဆိုးဝါးခဲ့တာမတွေ့ဖူးပါဘူး။ ကြားရတာတွေက မိုးရွာလို့ လူတွေသေကြတယ်၊ ရေဘေးနဲ့သေတယ်၊ မိုးကြိုးပစ်လို့သေတယ်၊ မြေပြိုလို့သေတယ်၊ လျှပ်စစ်လို့သေတယ်၊ မုန်တိုင်းတိုက်လို့သေကြတယ်။ ဟိုတုန်းက ဒီလိုအဖြစ်မျိုးတွေကဖြစ်ခဲတယ်။ရေလမ်းခရီးလည်းစိတ်မချရဘူး။ သင်္ဘောတွေလည်းနစ်တာပဲ။ ပေယ်ခရီးတောင် စိတ်မချရတော့ဘူး။ လေယာဉ်လည်းပျက်တာပဲ။ မီးရထားလည်း အန္တရာယ်ရှိတာပဲ။ ကားဆိုတာလည်း နေ့စဉ် နာရီနဲ့အမျှဖြစ်နေကြတာပဲ။ လူသတ်မှုတွေဆိုတာပြောမကုန်အောင်ဖြစ်တယ်။ မိဘကလည်း သားသမီးကိုသတ်တယ်၊ သားသမီးကလည်း မိဘကိုသတ်တာပဲ။ လူသတ်မှုဆိုရင် အံ့ဩစရာမဟုတ်တော့ဘူး။ လေးလောင်ပြိုင်၊ ငါးလောင်ပြိုင်တောင်ဖြစ်နေကြပြီ။ ဒီလောကကြီးမှာ နေစရာမှရှိသေးရဲ့လား။ နောက်ပြီး ကြက်ငှက်ဖျားဆိုတာပေါ်နေပြန်ပြီ။ အသက်ရှူကျပ်ပြီးဖြစ်တဲ့ နောက်ဆုံးပေါ်ရောဂါကတော့ ကုသဖို့ဆေးတောင်မရှိသေးဘူးဆို။ လူတွေသေလိုက်ကြတာ။ ဒါကပ်ဆိုက်တာပေါ့။ ဒီကပ်ဘေးကလွတ်အောင် လူတွေ ဥပ္ပါသန္တိရွတ်ဖို့ အဘက တွေ့တဲ့လူတိုင်းကို တိုက်တွန်းနေခဲ့တာ။ အဘက ဥပုသ်နေ့တိုင်း ဒီဘုရားကိုလာတယ်။ ဥပ္ပါတသန္တိရွတ်ပြီး သတ္တဝါတွေကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့တယ်။ ဥပ္ပါတသန္တိရွတ်ကြဖို့ တိုက်တွန်းကြောင်း ဆုတောင်းမေတ္တာပို့တယ်။ဥပ္ပါသန္တိရွတ်ကြဖို့တိုက်တွန်းတယ်ကွယ်။ အဘကတော့ ဒါလောက်ပဲလုပ်နိုင်တယ်”

ထိုစဉ် အမျိုးသမီးများရောက်လာပြီ၊ အဘကိုထိုင်ကန်တော့ကြသည်။ အဘကလည်း ရင်းရင်းနှီးနှီးပြန်လည်နှုတ်ဆက်သဖြင့် အသိအကျွမ်းတွေဖြစ်ဟန်တူသဖြင့် အဘကို နှုတ်ဆက်ပြီး ဘုရားပေါ်ကဆင်းခဲ့သည်။ ဘုရားပေါ်ကဆင်းနေစဉ် အဘမှ နှုတ်ဆက်စကား အမှာပါးလိုက်ပါသေးသည်။

“ဥပ္ပါတသိန္တိရွတ်ဆိုဖို့မမေ့နဲ့နော်”

ခရီးသွားရာမှ ရန်ကုန်သို့ပြန်လည်ရောက်သည်နှင့် ဥပ္ပါတသန္တိသုတ်စာအုပ်ကို ရှာဖွေရတော့သည်။ စာအုပ်ဆိုင် တစ်ဆိုင်ပြီးတစ်ဆိုင်လှည့်လည်ရှာဖွေခဲ့ပါသည်။ မိဘမေတ္တာစာအုပ်တိုက်က ထုတ်ဝေထားသော ဘေးဥပဒ်အန္တရာယ်မှကင်းဝေးစေသော ဥပ္ပါတသန္တိသုတ်၊ ပါဠိအသံထွက်ရွတ်ဖတ်နည်းမြန်မာပြန် ဟူသောစာအုပ်ကို ဝယ်ယူရရှိခဲ့ပါသည်။ ထိုစာအုပ်ကို ဖတ်ကြည့်ရာ ခက်ခဲသော ပါဠိစာသားများကို မြန်မာအသံထွက်နှင့် ယှဉ်တွဲဖော်ပြကာ အနက်အဓိပ္ပာယ်ပါ ပါဝင်ပြီး ဥပ္ပါတသန္တိသုတ်တော်အကြောင်း သိကောင်းစရာအပြည့်အစုံပါဝင်သည် ဖြစ်၍ အလွန်ဝမ်းသာရပါသည်။ ဥပ္ပါတသုတ်တော်ရွတ်ဖတ်ပူဇော်ခြင်းနှင့်ရရှိမည့် အကျိုးကျေးဇူးများမှာ အဘပြောပြလိုက်သည်ထက် ပိုမိုပြည့်စုံနေကြောင်းတွေ့ရပါသည်။ စာအုပ်ကြည့်၍ ပါဠိအသံထွက် မှန်ကန်အောင် ကြိုးစားရွတ်ဆို၍ မကြာမီကောင်းစွာရွတ်ဆိုနိုင်သဖြင့် အဘပြောလိုက်သည့် ကပ်ရောဂါမျိုးမျိုး ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်တို့ကို ကျော်လွှားနိုင်ရန် [illegible] နေ့စဉ်ရွတ်ဆိုခဲ့ပါသည်။

ဥပ္ပါတသန္တိသုတ်တွင် (၂၇၁) ပုဒ်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ရန်အောင်မြင်-ဆုတောင်းပြည့်

ဗုဒ္ဓယကြာ

န	ဗု	ဓ	ဝိ	ဇ္ဇော	ဗ္ဗ
ဝိ		မော	သ		ပ္ပ
တေ	ဏ္ဍ	ဒ္ဓ	မု	ဓိ	သိ
တ	သ	ဘ	သ	ပ	န္နော
ဏံ		ဿ	ပ		မ္မာ
မေ	ဝ	ဓ		သို	ဋ္ဌိ

နမောတေအင်းဖယောင်းတိုင်

■ နမောတေ ဗုဒ္ဓ ဝိရဇ္ဇ၊ ဝိပ္ပ မုတ္တောသိ သဗ္ဗမိ၊ သမ္မာမ ပဋိပန္နောသို၊ တသ မေ သရဏံ ဘဝ။

ရန်အောင်မြင် ဆုတောင်းပြည့် ဗုဒ္ဓယကြာအား ထွန်းညှိပူဇော်ရန် နေ့နှင့်အချိန်အခါ

နေ့	အချိန်	အချိန်
တနင်္ဂနွေ	နံနက် (၆) နာရီမှ နံနက် (၈း၂၄) နာရီ	နံနက် (၁၀း၄၉) နာရီမှ နေ့ (၁း၁၂) နာရီ
တနင်္လာ	နံနက် (၈း၂၅) နာရီမှ နံနက် (၁၀း၄၈) နာရီ	နေ့ (၁း၁၃) နာရီမှ ညနေ (၃း၃၆) နာရီ
အင်္ဂါ	နံနက် (၁၀း၄၉) နာရီမှ နေ့ (၁း၁၂) နာရီ	ညနေ (၃း၃၇) နာရီမှ ညနေ (၆) နာရီ
ဗုဒ္ဓဟူး	နံနက် (၆) န[illegible] နံနက် (၈း၂၄) နာရီ	ညနေ (၁း၁၃) နာရီမှ ညနေ (၃း၃၆) နာရီ
ကြာသပတေး	နံနက် (၈း၂၅) နာရီမှ (၁၀း၄၈) နာရီ	ညနေ (၃း၃၇)နာရီမှ ညနေ (၆)နာရီ
သောကြာ	နံနက် (၆) နာရီမှ နံနက် (၈း၂၄) နာရီ	နံနက် (၁၀း၄၉)နာရီမှ နေ့ (၁း၁၂) နာရီ
စနေ	နံနက် (၈း၂၅) နာရီမှ နံနက် (၁၀း၄၈) နာရီ	နေ့ (၁း၁၃)နာရီမှ ညနေ (၃း၃၆) နာရီ

■ အချိန်တိကျပါစေ။

လိုရာဆန္ဒပြည့်ဝကြပါစေ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ပါဝင်ပါသည်။ သုတ်တော်မစမီ နိဒါန်း သုတ်လေးပုဒ်ဖြင့် မြတ်ဗုဒ္ဓကို ရှေးဦး ပူဇော်ထားပါသည်။ နိဒါန်းတွင် ဘေးရန် ခပ်သိမ်းကင်းခြင်း၊ စိုးရိမ်ကြောင့်ကြကင်းခြင်း၊ စည်းစိမ်ဥစ္စာကြွယ်ဝစေနိုင်ခြင်းနှင့် အနာရောဂါကင်းနိုင်ခြင်း စသည်အကျိုးများရစေနိုင်ပါသည်။ ပုဒ်တော်အမှတ် (၁)မှ (၅၆)အထိမှာ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားများကို တဏှင်္ကရာဘုရားမှ နောက်ဆုံးဂေါတမဘုရားအထိ တစ်ပါးချင်းစီဂုဏ်ပုဒ်များကို ကြည်ညိုဖွယ် ဖွဲ့နွဲ့ထားပါသည်။ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူသောဘုရားများကို ရွတ်ဆိုပူဇော်ရခြင်းဖြစ်၍ အလွန်အကျိုးထူးလှပါသည်။ စာပုဒ် (၅၇)၊ (၅၈)၊ (၅၉) တို့မှာ ရတနာသုံးပါးကို သီးခြားပူဇော်ထားပါ သည်။ စာပုဒ် (၆၀) မှ (၁၇၁) အထိမှာ အရှင်ပစ္စေကဗုဒ္ဓါများကို ပူဇော်ခြင်းဖြစ်ပါသည်။ အရှင်ကောဏ္ဍညမထေရ်မှစ၍ အရှင်အင်္ဂုလိမာလအထိ တစ်ပါးချင်းကို ပူဇော်ထားခြင်းဖြစ်ပါသည်။ စာပုဒ် (၁၇၂) မှ (၁၈၆)အထိမှာ အမျိုးသမီးရဟန္တာများကို ပူဇော်ထားခြင်းဖြစ်၍ ဂေါတမီမှစ၍ သိင်္ဂါလမာတာအထိ တစ်ပါးချင်းစီကိုပူဇော်ထားခြင်းဖြစ်ပါသည်။ စာပုဒ် (၁၈၇)မှ (၁၉၁) အထိ နဂါးများကိုပူဇော်ခြင်းဖြစ်ပါသည်။ (၁၉၂) မှာ ပြိတ္တာများကို မေတ္တာပို့ထားခြင်း ဖြစ်ပါသည်။ (၁၉၃) နှင့် (၁၉၄)မှာ အသူရာများကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။ စာပုဒ် (၁၉၅) မှ (၂၃၅) အထိ နတ်အပေါင်းကို ပူဇော်ထားခြင်းဖြစ်သည်။ ဓာတရဋ္ဌနတ်မင်းကြီးမှစ၍ အရပ်လေးမျက်နှာကိုစောင့်ရှောက်သော နတ်မင်းကြီးလေးပါး အပါအဝင် ကျန်နတ်မင်းများကိုပူဇော်ထားခြင်းဖြစ်သည်။ (၂၃၆)မှ (၂၅၁) အထိမှာ ပြဟ္မာကြီးများကို ပူဇော်ခြင်းဖြစ်၍ ကျန် (၂၅၂) မှ (၂၇၁) အထိမှာ ကျန်ရှိနေသော နတ်၊ မြေ၊ ဖုတ်ဘီလူး၊ ဝိဇ္ဇာဓိုရ် အစရှိသော ကျန်အံ့မျိုးအမည်ရှိသူများကို ပူဇော်ထားခြင်းဖြစ်ပါသည်။ ဥပ္ပါတသန္တိသုတ်တော်များမှာ ပူဇော်သင့်ပူဇော်ထိုက်သူမှန်သမျှ မကျန်ရအောင် ပူဇော်ထားခြင်းဖြစ်၍ အစွမ်းထက်မည်မှာ ဧကန်ဖြစ်ပါတော့သည်။

တန်ခိုးကြီး၍ လေးစားထိုက်သူများကို ပူဇော်ခြင်းဖြစ်၍ ထိုပုဂ္ဂိုလ်ကြီးများထံမှ တုံ့ပြန်မေတ္တာကို ရနိုင်မည်ဖြစ်ပါသည်။ ထိုမေတ္တာများရရှိခြင်းဖြင့် ကပ်ရောဂါအမျိုးမျိုး၊ ဘေးအန္တရာယ် အသွယ်သွယ်ကို လွယ်ကူစွာကျော်လွှားနိုင်မည်ဟု ယုံကြည်မိပါသည်။ လူသားတိုင်း ရွတ်ဆိုသင့်ပါကြောင်း တင်ပြရပါသည်။

ကောင်းသော်

ဦးစန္ဒိမာ(စလင်း)

စကုမြို့ထေရ်ကြီးပွဲ

ထေရ်ကြီးပရိဝုဏ်

ထေရ်ကြီးသန်ကျင်

ထေရ်ကြီးစေတီတော်

စာရေးသူက [illegible] ပါတယ်။ မှတ်မှတ်ရရ [illegible] တန်ဆောင်မုန်းလဆန်း ၅ ရက်မနေ့က စပြီး အေးစပြုလာပါတယ်။ [illegible] စောင်ပါးပါးကလေးနဲ့တင် အဆင်မပြေလို့ ဂွမ်းစောင်မထူမပါးတစ်ထည်အိပ်ရာကထပြီးယူရတယ်လေ။ နာရီကြည့်လိုက်တော့ ညသန်းခေါင် (၁း၃၈) နာရီရှိနေပါပြီ။ နံနက်စောစောထ လမ်းလျှောက်တော့ ခါတိုင်းနေ့လို့မဟုတ် ခြုံထည်ခြုံရတယ်။ကောင်းကင်မော့ကြည့်လိုက်တော့ နှင်းတွေဝေလို့။ ဪ. . . ဆောင်းဦးတောင်ပေါက်ပြီကိုးဆိုပြီး တိုးတိုးလေး ရေရွတ်နေမိပါတော့တယ်။

ဒီလိုနဲ့ (၄) ရက်လောက်ရှိတော့ မအေးပြန်ဘူး။ ဒီကတည်းက သဘောပေါက်လိုက်ပါပြီ။ မိုးကျန်သေးတယ်ဆိုတာ။ ဆောင်းရဲ့နိဒါန်းက တစ်ဖြောင့်တည်း မသွားလိုက်ပုံများ။ စာရေးသူ မကွေးသမားတော် ဒေါ်လှဲ့လှဲ့သိန်းထံ တစ်လတစ်ခါဆေးသွားပြရတယ်။ တန်ဆောင်းမုန်းလဆန်းရက်ထဲမှာ ဆေးပြရက်ရောက်နေပါပြီ။ နို့ပေမယ့် ကျန်းမာရေးလည်း ကောင်းသေးတာနဲ့ သွားမပြသေးပါဘူး။ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့မှ သွားပြဖြစ်တယ်။

ဘာလို့အဲဒီရက်ကိုရွေးရသလဲဆိုတော့ စကုမြို့က ထီးကြီး(ခေါ်)ထေရ်ကြီးဘုရားပွဲရက်လူစည်ချိန်နဲ့တိုက်ဆိုင်ချင်လို့ပေါ့။သတင်းစုံစမ်းကြည့်တော့ တန်ဆောင်းမုန်းလပြည့်ကျော် ၅ ရက်နေ့မှာ နိုင်ငံတော်ရွှေတံဆိပ်ဆုများရှင်'ပိုင်ပိုင်-ဖြိုးဖြိုး' ဇာတ်သဘင်ဝင်မယ်တဲ့လေ။'ဖိုးချစ်'ဇာတ်ကတော့ ၁၅-၁၁-၂၀၁၇ မှ ၁၈-၁၁-၂၀၁၇နေ့အထိ သီဆိုကပြမှာဖြစ်သတဲ့။

၁၈-၁၁-၂၀၁၇နေ့နံနက်စောစော ထပြီးပုံမှန်လုပ်နေကျဝတ္တရားတွေပြုလုပ်ရပါတယ်။ အရုဏ်ဆွမ်းစားပြီး ဒရိုင်ဘာမောင်သန်းထိုက်ရောက်လာတယ်။

“ဘုန်းဘုန်း ဆေးမှတ်တမ်းတို့ လက်ကိုင်ဖုန်းတို့မမေ့မယ်ဘုရား”

ဆိုပြီး သတိပေးရဲ့။ ထီးတစ်လက် ပါကားပေါ်တင်လို့။

“မိုးမရွာလောက်ပါဘူးကွာ”

“ဘယ်ပြောနိုင်မလဲ[illegible] ပါလာ[illegible] မမှာဘူးရယ်။ အသုံးပြုရတာ[illegible] နေရတာမှမဟုတ်တာ”

သူက ဒီအကြောင်း[illegible] ရှိသူ၊ အတွေ့အကြုံ[illegible] သတိပြုမိသလေ[illegible] ဒီရက်တွေမှာ မအေးလှပါ[illegible] တချို့များ အနွေးအကျီ


ထေရ်ကြီးတောင်မုခ်

ထေရ်ကြီးပရိဝုဏ်

ထေရ်ကြီးစေတီ

ထေရ်ကြီးပရိဝုဏ်

ထေရ်ကြီးစေတီ

တောင်မဝတ်ကြဘူးရယ်။ လမ်းလျှောက်သူတွေလည်း ပေါ့ပေါ့ပါးပါးပါပဲ။ ဒီနှစ်ဆောင်းက အစပိုင်း (၂) ရက် (၃)ရက်လောက်သာချမ်းတာဟုတ်လား။ စာရေးသူလည်း ဒီနေ့အနွေးအကျီမဝတ်ဘူး။ ခေါင်းစွပ်လည်းမစွပ်ဘူး။ ပွင့်ဖြူရောက်တော့ မိုးပေါက်ကလေးတွေအနည်းငယ်ကျလာတယ်။ များတော့မများဘူးရယ်။ စကုရောက်တော့ မိုးစိပ်လာတယ်။ သို့တိုင်အောင် ထူထူထဲထဲကြီးကားမရွာ။ အံမယ် - မင်းဘူးရောက်တော့ အတော်စိုစိုစွတ်စွတ်ရှာနေတာကလား။ လမ်းပေါ်ကြည့်လိုက်တော့ လှုပ်ရှားသွားလာသူတွေ ထီးဆောင်းကြလို့ပေါ့။

မကွေးရောက်တော့ မိုးကပိုရွာတယ်။ ရေဗွက်ရေအိုင်တွေနဲ့ဟာကိုး။ စာရေးသူက မိုးသတင်းလေသတင်း၊ မုန်တိုင်းသတင်း၊ အပူသတင်း၊ အအေးသတင်းတွေစေ့ငုနားစွင့်လေ့ရှိပါတယ်။ တချို့သတင်းထူးတွေကြားရင် ဟုတ်မဟုတ်၊ မှန်မမှန် တိတိကျကျသိရအောင် အသိတွေဆီဖုန်းဆက်ရတယ်လေ။ဒီနှစ်သေချာတာက မင်းဘူး၊ မကွေး စကုမြို့တွေမှာ မိုးများတယ်ဆိုတာပါပဲ။ များတာမှတော်တော်များပါတယ်။ မိုးခြိမ်းမိုးကြိုးပစ်တာတွေလည်းများပါတယ်။စလင်းမှာ အဲသလိုမဟုတ်တာသေချာရဲ့။ မကွေးမြို့ထဲဟိုဝင်ဒီထွက်လုပ်တော့မှ မောင်သန်းထိုက်ကိုကျေးဇူးတင်ရတယ်လေ။သူ့ဝီရိယနဲ့ထီးယူခဲ့လို့သာ ခုလိုအဆင်ပြေတာကလား။ မိုမိုတို့အိမ်မှာ နေ့ဆွမ်းစားတော့ (၁၁)နာရီထိုးပြီးနေပါပြီ။ ဒေါ်သောင်းတင်၊ ဒေါ်စန်းဝင်း၊ ဒေါ်သန်းမြင့်ဆွေတို့လည်း ဆွမ်း၊ ဆွမ်းဟင်းကိုယ်စီနဲ့ရောက်နေပါရောလား။

ခါတိုင်းအခေါက်တွေလို အေးအေးဆေးဆေးစကားမပြောနိုင်ပါဘူး။ ဒရိုင်ဘာ နေ့လယ်စာစားပြီးတာနဲ့ နောက်ကြောင်းပြန်လှည့်လာခဲ့ပါတော့တယ်။ မင်းဘူးရောက်တော့ အေးစေတီမြောက်ကျောင်းဆရာတော်ဦးဉာဏောဘာသဆီဝင်တယ်။ အချိန်းအဆက်လုပ်ထားသော်ငြား ကျိန်းစက်နေပါပြီ။ ဦးပဥ္စင်းလေးတစ်ပါးက -

“ဆရာတော်က အာဂန္တုဘုန်းကြီးလာရင် ငါ့နှိုးလို့ပြောထားတယ် ဘုရား”

ဆိုပြီး နှိုးပေးပါတယ်။ မတွေ့ရတာကြာလို့ ခဏတွေ့ဆုံစကားပြောပြီး ခရီးဆက်ရပြန်တယ်။ စကုမြို့ထီးကြီးဘုရား (ခေါ်) ထေရ်ကြီးဘုရားပွဲတော်ရောက်တော့ ပြည်စုံနဲ့ ဘုန်းတို့ဆိုင်ဝင်တယ်။ သူတို့ခေါ်ပြီး ဘုရားထဲဝင်လှည့်လည်ဓာတ်ပုံရိုက်ပေါ့။ ပွဲဈေးအသိတွေကများတော့ နှုတ်ဆက်ရုံလောက်ပါပဲ။ နယ်ခံပုဂ္ဂိုလ်တချို့ကို မေးစရာရှိတာတွေမေးရပါသေးတယ်။

“ထေရ်ကြီးပွဲတော်က ဟိုရှေးကတည်းကရှိတာ။ ဂေဇက်ရေပွဲကြီးပေါ့။ [illegible]ကနေစပြီး ပွဲတော်မဖြစ်တာ အခုပြန်ဖြစ်တာ (၁၁)ကြိမ်မြောက်။ တပည့်တော်တို့ငယ်ငယ်က ပုံမှန်နေ့စဉ်စည်ပင်ရေကြီးတောင်မှ ပွဲတော်ရက်ထေရ်ကြီးပွဲဈေးဘက်တစ်ဆိုင်မကျန်ပြောင်းရတယ်။ ဆိုင်ခန်းတွေအများကြီး။ ခုမှဆိုင်ခန်းတွေနည်းသွားတာရယ်။ နာမည်ကြီးဇာတ်တွေဝင်တယ်။ (၂)ဇာတ်(၃)ဇာတ်ဝင်ကားနေ့ရောညရောလူတွေမှုကြိတ်ကြိတ်တိုးစည်တာ။ အခုတော့ ဟိုတုန်းကနဲ့ တခြားစီဖြစ်ကုန်ပါပြီ”

(၁၂) ပွဲဈေးသည်အချို့ကို မေးကြည့်တဲ့အခါမှာတော့ -

“တပည့်တော်တို့က မကွေးမြသလွန်ပွဲက ဒီကူးလာတာ။ ပွဲကူးနိုးတယ်။ ဟိုတုန်းကတော့ မကွေးမြသလွန်ပွဲပြီး တချို့မင်းဘူးဓာတ်တော်ပွဲ၊ ဒီနောက် စကုထေရ်ကြီးပွဲကူးကြတာ။ အခုတော့ ဓာတ်တော်ပွဲပျက်တာကြာပါပြီ။နှစ်ပေါင်း (၄၀)တောင်မကလောက်တော့ဘူးရယ်။ တချို့ပွဲဈေးသည်တွေကတော့ ဒီပွဲကို ပွင့်ဖြူ မြကျိုင်းတောင် တန်ဆောင်းမုန်းလပြည့်ပွဲကကူးလာကြတာ။ မြကျိုင်းတောင်က တော့ပွဲရောင်းကောင်းတယ်။ ရက်တိုတိုနဲ့ ငွေပေါ်တာ။ ခုတော့ ဘုရားပွဲအတော်များများရောင်းမကောင်းကြတော့ပါဘူး။ ဒီပွဲပြီးရင်လား မင်းဘူးသီးကုန်းမုံတောင်ပွဲကူးသူကကူးမယ်၊ မလွန်မြသပိတ်ကူးသူကူးကြမယ်ပေါ့နော့။ တချို့တွေကလည်း မြသလွန်ပွဲကနေ ညောင်ဦး ရွှေစည်းခုံပွဲကူးတယ်။ ချောက်အေးစေတီပွဲကူးတယ်။ ဒီလိုနဲ့ သံသရာလည်နေကြတော့တာပါပဲ။ဘဝသံသရာ၊ ပွဲဈေးသံသရာပေါ့ဘုရား”

ထေရ်ကြီးပွဲတော်က လမ်းဘေးဝဲယာမှာပဲ ဆိုင်ခင်းရောင်းချကြတာပါ။ သိပ်တော့ ဆိုင်ခန်းမများလှပါဘူး။ အလျားလိုက်ဈေးပေါ့။ လမ်းတောင်ဘက် ထေရ်ကြီးဘုရားအနီးမှာတော့ မိုးလုံလေလုံဇာတ်ရုံကြီးဟီးလို့ပါ။ ဒီနှစ်မှာ အခိုင်အခံ့ဆောက်လုပ်ပြီးတာပါတဲ့။ တန်ဆောင်မုန်းလပြည့်နေ့ကနေ လကုန်အထိ ပွဲတော်ကျင်းပသတဲ့။ ချားတို့ ရဟတ်တို့တော့မပါဘူးတဲ့။ ပွဲလည်း လူသိပ်မဝင်ဘူးတဲ့။ ခြင်းပွဲ၊ ဘောလုံးပွဲ၊ နွားပွဲတွေပါတာကိုတော့ သတိပြုမိရဲ့။

ထေရ်ကြီးဘုရားဆိုတာ ထီးကြီးမှ ဆင်းသက်လာတယ်။ ဘုရားရှင်လက်ထက် ကျောင်းတော်ရာဝါဏိဇ္ဇဂါမရွာသား အရှင်ပုဏ္ဏရဟန္တာ တတိယမြောက် သီတင်းသုံးတဲ့နေရာ ဖြစ်တယ်။ ငှက်ပေါတဲ့အရပ်ပေါ့။ ‘စကု’ ဆိုတာ ‘သကုဏ’ ငှက်ပေါတဲ့အရပ်။ ‘သကုဏ’ ကနေ ‘သကု’၊ ‘သကု’ ကနေ ‘စကု’ လို့ အမည်ပြောင်းလဲတွင်လာတယ်။ပုဏ္ဏော ဝါသုတ္တန် စလင်းဝိနည်းဂဏ္ဌိသစ်ကျမ်းမှာတော့ ပုဂံပြည်ရေပူမင်း’ တိုင်းခန်း



ထေရ်ကြီးပွဲဈေး

နာတာရှည်လူမမာအတွက် ဓာတ်ကြီးငါးပါးသံပုံစေတီယတြာ

မောင်လှုယဉ်(မော်လမြိုင်)

သည်ဓာတ်ကြီးငါးပါးသံပုံစေတီယတြာကိုတည်ပေးခြင်းဖြင့် ဆေးမတိုးတဲ့လူမမာများ ဆေးတိုးပြီး သက်သာပျောက်ကင်းလာပါလိမ့်မယ်လို့ ဤယတြာပေးတဲ့ဆရာကြီးက ဆိုထားပါတယ်။

သည်ဓာတ်ကြီးငါးပါးယတြာကို လွန်ခဲ့တဲ့ ၁၉၁၃ ခုနှစ် ပေါင်းတည်မြို့ အဋ္ဌာရသစာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထားပါတယ်။ ရေးသားတဲ့ သမားတော်ကား ဦးကျွမ်းခွယ်ဖြစ်ပြီး ဆရာကြီးရေးသားထုတ်ဝေထားတဲ့ သမားလက်စွဲကျမ်းမှာ ဖော်ပြပေးထားပါတယ်။

သုံးချင်သူများ အသုံးတည့်စေဖို့ပါ။

နာတာရှည်လူမမာတို့အတွက် ဓာတ်ကြီးငါးပါး သံပုံစေတီယတြာတည်ခြင်း

နာတာရှည် လူမမာတို့အတွက် ယတြာသံပုံစေတီတည်ခြင်းဆိုတာဟာ ဓာတ်ငါးပါးကို ရည်မှူးပြီး အနာမှကင်းပျောက်စေရန် ပူဇော်သောနည်းဖြစ်ပါတယ်။

သံပုံစေတီယတြာတည်မယ်ဆိုရင် အောက်ပါဓာတ်ပစ္စည်းများ လိုအပ်ပါတယ်။

၁။ သံတောင်းနှစ်ဆယ်ကိုယူပါ။

သံတောင်းနှစ်ဆယ်သည် ပထဝီဓာတ်ကို အမှီပြုခြင်း ဖြစ်ပါတယ်။

၂။ ရေတကောင်း (၁၂) ခုယူပါ။

ရေတစ်ကောင်း (၁၂) ခုမှာ အာပေါဓာတ်ကို အမှီပြုခြင်းဖြစ်ပါတယ်။

၃။ ဆီမီးလေးတိုင်။

ဆီမီးလေးတိုင်မှာ တေဇောဓာတ်ကို အမှီပြုခြင်းဖြစ်ပါတယ်။

၄။ ယပ် (၆)စင်း။

ယပ်(၆)စင်းမှာ ဝါယောဓာတ်ကို အမှီပြုပူဇော်ခြင်း ဖြစ်ပါတယ်။

၅။ ထီးငါးပုံ။

ထီးငါးပုံအဆင့်လုပ်ပြီး ထီးတင်ရပါမယ်။ ထီးမှာ အာကာသဓာတ်နှင့်ပေါင်းသောကြောင့် ဓာတ်ငါးပါးကိုအချုပ်ပြုပြီး အာကာသဓာတ်ကိုအမှီပြုပြီးလျှင် ထီးငါးပုံတင်ခြင်း ဖြစ်ပါတယ်။

၆။ အားလုံးပြီးစီးကုန်ရင် ဆွမ်းကို သက်စေ့ထက်ပိုပြီးတင်ရပါမယ်။

၇။ ဆွမ်းတင်ရမယ့်စင်ကို လူနာရဲ့ချက်နဲ့တိုင်းပြီးဆောက်ရပါမယ်။

၈။ သံပုံစေတီတည်ရမယ့် အရပ်မှာ လူနာရဲ့ တေဇအရပ်တွင်ဖြစ်စေ၊ ဂြိုလ်ဖမ်းရာပါပအရပ်တွင်ဖြစ်စေ သံပုံစေတီတည်ရမှာ ဖြစ်ပါတယ်။

အထက်ပါအတိုင်း ယတြာသံပုံစေတီတည်ခြင်းဖြင့် ကံသစ်ထူအောင် ဆုရည်အောင်လျက် လွန်စန်းဆက်၍ အသက်ရှည်စေကြောင်း ဆုတောင်းပတ္ထနာပြုခြင်းဖြင့် အနာရောဂါများ ကင်းဝေးပျောက်စေနိုင်ပါတယ်လို့ဖော်ပြပေးထားပါတယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှုယဉ်(မော်လမြိုင်)

လှည့်လည်ရင်း ပေဒင်ကိန်းခန်းအရ စန်းလဂ်၊ စန်းရ ယတြာချေတဲ့နေရာမို့ 'စန်းကု' ကနေ 'စကု' လို့ ဖြစ်လာတယ်လို့ ဆိုပြန်တယ်။ ၂၆၀ ပြည့်နှစ်တည်သတဲ့။ အရှင်စိန္တာမဏိရဲ့ 'စလင်္ဂသမန္တဝိသောဓနီကျမ်း'နဲ့တူတယ်။မုံရွေဇေတဝန်ဆရာတော်မှတ်စုမှာလည်း 'ကြာသီးနဲ့ စကုကည် (၂၆၀)' ဆိုပြီး တွေ့ရတယ်လေ။

ပုဂံဘုရား၊ စကုတံတားလို့လည်း အဆိုရှိရဲ့။ တစ်ချိန်က စကုဟာ ရေဝင်အရပ်ရုံးများအရပ်ဖြစ်ပါလိမ့်မယ်။ စကုမှာ စေတီ(၈၉)ဆူ၊ ပုထိုး(၆၈)ဆူ။ စကုမြို့နယ်တွင် စေတီပုထိုးပေါင်း(၇၅၉)ဆူ၊ မြို့ပေါ်ဘုန်းကြီးကျောင်းပေါင်း(၂၄)ကျောင်းရှိတယ်။ စေတီပုထိုးတွေ၊ ဘုန်းကြီးကျောင်းတွေ အဝင်အထွက်တိုင်း အုတ်တံတား၊ မြေစိုက်ဆောက်လုပ်လှူကြတယ်။ စကုမြို့ ထိပ်မြေ(၂၇၄၁) လူဦးရေ (၁၅၀၀၀) ကျော်၊ ရပ်ကွက်အားဖြင့် အမှတ်(၁)ရပ်ကွက် ကျောင်းရွာ၊ ရှမ်းစု၊ မန်းကျည်း၊ ဈေးရပ်။ အမှတ်(၂)ရပ် အရှေ့ကိုးဆောင် ယခု အောင်သုခ၊ ထီးကြီး၊ အုန်းပင်စု၊ ရွှေပန်းရုံ။ အမှတ်(၃) ရပ်ကွက် ဖောင်တန်း၊ ရွှေတိုင်၊ ဘုရားလှ၊ တပ်မြင်၊ တောင်ရွာဆိုပြီး စုစည်းတည်ထောင်ထားလေရဲ့။ စကုတံတားဆိုတာပြန်ဆက်ရရင် ဘုရားကျောင်းကန်တိုင်း မြေစိုက်အုတ်တံတားရှိပါတယ်။ ဘုရားစေတီအဆူရေနဲ့ ဘုန်းကြီးကျောင်းအရေအတွက်နဲ့တွက်ကြည့်ရင် တံတားအလွန်များတယ်ဆိုတာ သိနိုင်တယ်လေ။ သူကောင်းဆိုသူတွေဆိုတာကလည်း စလင်း၊ စကုမှာဘဲရှိတာလား။ သူဌေးသူကြွယ်တွေဘုရားတွေတည် ပန်းပုရုပ်ထုကျောင်းကြီးတွေဆောက်လုပ်လှူဒါန်းခဲ့တာနည်းမှတ်လို့။ စကုဗြတ်စပါးဆိုတာ ရှေးခေတ်မှာ ဘုရင်စားတော်ခေါ် ရတဲ့ စပါးပါ။ မန်းရေကလည်းချို၊ မြေကလည်းကောင်းသမို့ ဒီစပါးဒီအရပ်မှာ ဖြစ်ထွန်းတာပါ။ စပါးထွက်ယုတ်လို့ မစိုက်ကြတော့ရာက ခုမျိုးပြုန်းသွားတာ ကြာပါပြီ။ ပြီးတော့ စကုမြို့က လေဒီ ဦးပဏ္ဍိစ္စ(လယ်တီဆရာတော်ရဲ့ဆရာ) ဆရာတော်လို့ စာတတ်အကျော်အမော် တွေလည်းအများကြီးပေါ် ထွန်းခဲ့ပါတယ်။ ဒီမြို့က သံယာဒါနအရုဏ်ဆွမ်းလောင်း အသင်းတော်ရှိသမှတ်လား။ အခုလည်း ဂေဇာတ်ဝင်ဇာတ်ကြီးပွဲကြီးတွေနဲ့ ထောင်ကြီးဘုရားပွဲတော်ရှိနေတာကိုက မြို့စည်ပင်ဝပြောခြင်းသရုပ်ကို ဖော်ပြနေလေရဲ့။

ဦးစန္ဒိမာ (စလင်း)

ဓာတ်ပုံမောင်မောင်အေး

သံဝေဇနီယလေးဌာနဘယ်ကစ

သံဝေဇနီယလေးဌာနဆိုသည်မှာ သံဝေဂရစေမည့်ဌာနလေးပါးဖြစ်သည်။ ဂေါတမမြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်အတွင်း ညောင်စောင်းထက်တွင် ခန္ဓာကြွင်းမရှိသော အနုပါဒိသေသပရိနိဗ္ဗာန်စံဝင်ခါနီးတွင် အရှင်အာနန္ဒာမထေရ်မြတ်က ဤသို့လျှောက်ထားသည်မှာ -

"အရှင်မြတ်ဘုရား၊ အရပ်မျက်နှာတို့၌ ဝါကပ်၍ဝါကျွတ်ပြီးသောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြရန် ရှေးအခါက ကြွလာပါကုန်၏။ ထိုသို့ ကြွလာသော ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါက တပည့်တော်များဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့်ကို ရခဲ့ပါကုန်၏။ မြတ်စွာဘုရား ရှင်တော်ဘုရားပရိနိဗ္ဗာန်စံတော်မူသွားပြီးနောက် အခါ၌ကား ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါကလို တပည့်တော်များ ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့်ကိုရကြတော့မည်မဟုတ်ပါဘုရား"

ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကဆိုလျှင် ရဟန်းတို့သည် (၁)ဝါဆိုရက်နီးကပ်လာသောအခါ ကမ္မဋ္ဌာန်း သင်ယူရန်အတွက် ဘုရားရှင်ရှိရာသို့ လာရောက် စည်းဝေးကြသည်တစ်ကြိမ်၊ (၂) ဝါကျွတ်သောအခါ မိမိတို့ သင်ယူအပ်သောကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ရရှိသော မဂ်ဖိုလ်တရားထူးကို လျှောက်ထားရန် ဘုရားရှင်ရှိရာသို့လာရောက်၍ စည်းဝေးကြသည်တစ်ကြိမ် ဤသို့ အခါနှစ်ပါးတို့၌ ရဟန်းတို့ စည်းဝေးကြလေသည်။

ဤသို့လျှင် မြတ်စွာဘုရား လက်ထက်တော်အခါက နှစ်ပါးသောအခါတို့ဝယ် စည်းဝေးကြသောရဟန်းတို့ အနက် ဝါဆိုဦးအခါ ကမ္မဋ္ဌာန်းကိုသင်ယူ၍သွားပြီးလျှင် ဝါကျွတ်သောအခါ မိမိရရှိသောမဂ်ဖိုလ်တရားထူးကို မြတ်စွာဘုရားအားလျှောက်ထားရန် လာရောက်ကြသည့်ရဟန်းတို့ကိုရည်၍ အရှင်အာနန္ဒာမထေရ် လျှောက်ထားခြင်း ဖြစ်သည်။

အရှင်အာနန္ဒာမထေရ်မြတ်သည် ဝတ်အကျင့်နှင့်ပြည့်စုံသူဖြစ်သောကြောင့် သီတင်းကြီးရဟန်းကြွလာသည်ကိုမြင်လျှင် မည်သည့်အခါမျှမာန်မာနခက်ထန်၍ထိုင်မနေ၊ ခရီးဦးကြိုဆို၍ သီတင်းကြီး အာဂန္တုရဟန်း၏လက်မှ ထီး၊ သပိတ်၊ သင်္ကန်းများကို ဆီးကြိုယူပြီးလျှင် ထိုင်စရာအင်းပျဉ်ကိုဖွန်ခါ၍နေရာပေးခြင်း၊ ထိုနေရာ၌ သီတင်းကြီးရဟန်းထိုင်နေပြီး လတ်သော် ရှိခိုးဝတ်ပြုပြီးမှ ထိုအာဂန္တုရဟန်းအတွက် ကျောင်းကိုသုတ်သင်ရှင်းလင်း၍ပေးလေသည်။

သီတင်းငယ်အာဂန္တုရဟန်းကိုမြင်လျှင်လည်း ဆိတ်ဆိတ်နေတော်မမူဘဲ ထိုအာဂန္တုရဟန်းအနီး၌ ရပ်တည်၍ ပြုသင့်သောဝတ်များကိုပြုလေသည်။ ထို့ကြောင့် အရှင်အာနန္ဒာမထေရ်သည် ထိုမိမိပြုနေကျဖြစ်သည့် ဝတ်ကြီးဝတ်ငယ်များ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သွားလျှင် မပြုရတော့မည်စိုး၍ ထိုကဲ့သို့ လျှောက်ထားခြင်း ဖြစ်သည်။

ထိုအခါ မြတ်စွာဘုရားသည် အာနန္ဒာကား ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့်ရဟန်းတို့ကို ငါဖူးမြော်ခွင့်ရတော့မည်မဟုတ်ဟု ကြံစည်ပူပန်နေ၏။ ယခုအခါ အာနန္ဒာအား ငါဘုရားသည် ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ဖူးမြော်ခွင့်အလွယ်နှင့်ရနိုင်မည့်ဌာန



sketch by
mg mg Aye.

သံဝေဇနီယလေးဌာန

နတ်မောက်မင်းသန့်နိုင်

အောင်မှုအောင်ကြောင်းဂါထာတော်

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ လူတိုင်းသည် အောင်မြင်မှုရလိုသည်သာဖြစ်ပါသည်။ မိမိတစ်ဦးတည်းလုပ်ကိုင်ရသောအလုပ်တို့ပင် အောင်မြင်မှုမရလျှင် ကြီးစွာသော စိတ်ပင်ပန်းဆင်းရဲခြင်းကို ခံစားရပါသည်။ အများနှင့်ယှဉ်ရသောအလုပ်ကိစ္စများတွင် အောင်မြင်မှုမရလျှင် ပိုမိုဆိုးရွားသည် မဟုတ်ပါလား။

သို့အတွက် အောင်မြင်ရာအောင်မြင်ကြောင်းဂါထာကောင်းတစ်ခု တင်ပြလိုပါသည်။

စာမေးပွဲဖြေဆိုမည့် ကျောင်းသူကျောင်းသားများ၊ အလုပ်အကိုင်အတွက် အင်တာဗျူးဖြေဆိုမည့်သူများ၊ ကြီးမားသော လုပ်ငန်းကိုင်ငန်းများ ကြံဆောင်လုပ်ကိုင်နေသူများ နေ့စဉ်ရွတ်ဖွားသင့်သောဂါထာတော်ဖြစ်သည်။ ဤဂါထာတော်ကို မိတ်ဆွေများကို တော်တော်များများ လက်ဆင့်ကမ်းပေးဖူးပါသည်။ အဆင်ပြေအောင်မြင်မှုရကြသဖြင့် ကျွန်ုပ်အား ကျေးဇူးတုံ့ပြန်မှုတွေပေးကြသည်မှာမနည်းတော့ပါ။ သို့အတွက် တင်ပြလိုက်ပါသည်။

■ ဇယ ပတ္တော ဇိနော ဝီရော၊
သဗ္ဗတ္ထ အပရာဇိတော။
သော သိသာန် ဇယံ ဒေတု၊
တေဇယန္တု ဇယာမဟံ။ ။

ပိုမိုလေးနက်ယုံကြည်ရွတ်ဖွားနိုင်ရန် အနက်မြန်မာပြန်ကို ဖော်ပြရသော်-

လုံ့လဝီရိယရှိတော်မူသောအတွင်းရန်၊ အပြင်ရန်တို့ကို အောင်မြင်တော်မူသော မြတ်စွာဘုရားသည် အလုံးစုံသော ရန်ဟူသမျှတို့ကို အရှုံးမရှိ အောင်မြင်သောမူလေပြီ။ အောင်မြင်ခြင်းသို့ ရောက်တော်မူသော ထိုမြတ်စွာဘုရားသည် ပညာအရပ်ရပ်ဆည်းပူးအပ်သော တပည့်တို့အား အောင်ခြင်းကိုပေးတော်မူပါစေသတည်း။ တပည့်တော်သည် အောင်ရပါလို၏ဘုရား။ ။

အနက်မြန်မာပြည်မှာ သိထားရန်သာဖြစ်ပါသည်။ ရွတ်ဆိုရန်မလိုပါ။ ပါဠိကိုသာ ရွတ်ဖွားပါ။

ရွတ်ဖွားထူးခြား
အောင်မြင်ခြင်းများရကြပါစေသော်

နတ်မောက်မင်းသန့်နိုင်

ကိုကြားပေအံ့။ ယင်းအရပ်၌နေလတ်သော် ထိုထိုဤဤမလှည့်လည်ရဘဲ ကြည်ညိုဖွယ်ဖြစ်သည့် ရဟန်းတို့ကို အလွယ်နှင့်ဖူးမြော်ခွင့်ရပေလိမ့်မည်ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင်

"ချစ်သားအာနန္ဒာ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သူအား သံဝေဂရစေမည့် (သံဝေဇနိယ) ဌာနတို့သည် လေးပါးရှိကုန်၏။

(၁) ချစ်သားအာနန္ဒာ၊ လုမ္ဗိနီအင်ကြင်းတောဌာနသည် ဤဌာန၌ မြတ်စွာဘုရားဖွားမြင်တော်မူ၏ဟုကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော၊ အမျိုးကောင်းသားတို့အဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သူအား သံဝေဂရစေမည့်ဌာနတစ်ပါးဖြစ်သည်။

(၂) ချစ်သားအာနန္ဒာ၊ မဟာဗောဓိမဏ္ဍိုင်ဌာနသည် ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်တော်ကိုရတော်မူ၏ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သူအား သံဝေဂရစေမည့်ဌာနတစ်ပါးဖြစ်သည်။

(၃) ချစ်သားအာနန္ဒာ၊ မိဂဒါဝုန်တောအရပ်သည် ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သောတရားတော် ဓမ္မစကြာကို ဟောမြွက်လည်စေတော်မူ၏ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သူအား သံဝေဂရစေမည့်ဌာနတစ်ပါးဖြစ်သည်။

(၄) ချစ်သားအာနန္ဒာ၊ ကုသိနာရုံပြည်အရပ်သည် ဤဌာန၌ မြတ်စွာဘုရားသည် ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသပရိနိဗ္ဗာန်စံဝင်တော်မူ၏ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သူအား သံဝေဂရစေမည့်ဌာနတစ်ပါးဖြစ်သည်။

ဤသို့အားဖြင့် သံဝေဂရစေမည့် (သံဝေဇနိယ) ဌာနတို့သည် လေးပါးဖြစ်၏။ သဒ္ဓါတရားနှင့်ပြည့်စုံသော ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျာ်း၊ ဥပါသိကာမိန်းမများသည် ၁။ ဤလုမ္ဗိနီဌာန၌ မြတ်စွာဘုရားဖွားမြင်တော်မူ၏ဟူ၍လည်းကောင်း၊ ၂။ ဤမဟာဗောဓိဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သောသမ္မာသမ္ဗောဓိဉာဏ်ကိုရတော်မူ၏ဟူ၍လည်းကောင်း၊ ၃။ ဤမိဂဒါဝုန်ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သောတရားတော် ဓမ္မစကြာကိုဟောမြွက်လည်စေတော်မူ၏ဟူ၍လည်းကောင်း၊ ၄။ ဤကုသိနာရုံဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော အနုပါဒိသေသပရိနိဗ္ဗာန်စံဝင်တော်မူ၏ ဟူ၍ လည်းကောင်း ကြံစည်အောက်မေ့ကြလျက်လာရောက်ကြလိမ့်မည်။

ချစ်သားအာနန္ဒာ၊ စေတီပုထိုးတို့ကိုဖူးမြော်ရန် သွားလာလှည့်လည်ကြသောသူတို့သည် ကြည်ညိုသောစိတ်ရှိလျက် သေကြကုန်လျှင် ထိုသူအားလုံးတို့သည် ကိုယ်ခန္ဓာပြတ်ကြွေစုတေသည်မှ နောက်ကာလ၌ ကောင်းသောလားရာ နတ်ရွာသုဂတိသို့ရောက်ရှိကြလိမ့်မည်"

ဟု အရှင်အာနန္ဒာမထေရ်မြတ်အား ဟောဆိုမိန့်တော်မူလေသည်။

ဤသို့အားဖြင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဂလေးပါး (သံဝေဇနိယလေးပါး) ဌာနများသည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောဆိုညွှန်ပြခဲ့သောဌာနများဖြစ်၍ အမျိုးကောင်းသားအပေါင်းတို့ အလွန်တရာမှ သွားရောက်ဖူးမြော်သင့်လှပါကြောင်း ရေးသားမှုဖော်အပ်ပါသတည်း။

ဓာတ်ပုံ-မောင်မောင်အေး

ကိုးကား -
မဟာဗုဒ္ဓဝင်ပဉ္စမတွဲ

ချစ်ပို့ (မော်ကျွန်း)

လူထဲကတရား၊ တရားထဲကလူ

စာရေးသူသည် စာပေဖတ်ရှုခြင်းကို ငယ်စဉ်ကတည်းက ဝါသနာထုံခဲ့သူဖြစ်၏။ အသက်လေးဆယ်အရွယ်တွင် ဘာသာရေးစာပေများကိုစောင်းပေးဖတ်ရှုရင်း အဘိဓမ္မာဒေသနာအခြေခံဖြစ်သည့် [illegible](၉)ပိုင်းကိုလေ့လာဖြေဆိုခဲ့ရာမှ ဗုဒ္ဓတရားတော်အပေါ် များစွာစိတ်ဝင်စားလာ၏။ ဗုဒ္ဓဟောကြားခဲ့သော တရားများကို ပို၍ပို၍သိချင်လာသလို ရဟန်းဝတ်ဖြင့် ရဟန်းတရားကိုအားထုတ်လိုစိတ်များ ပြင်းထန်လာခဲ့၏။ လောက၏ [illegible]ဆိုတာဘာလဲ။ အမှန်တရားဆိုတာဘာလဲ။ အမှန်တရားကို အမှန်တိုင်းသိမြင်နိုင်ဖို့ တရားပေဖတ်ရှုရုံမျှဖြင့် မလုံလောက်နိုင်ဟု သဘောပေါက်လာခဲ့၏။

ဤကဲ့သို့အတွေးများပေါ်လာပြီးနောက် သစ္စာတရားရှာပုံတော်ခရီးထွက်ခဲ့၏။ အဖော်မပါတစ်ကိုယ်တည်းထွက်ခဲ့ရာ မွန်ပြည်နယ်သို့ ရောက်ရှိခဲ့၏။ ကျိုက်ထီးရိုးတောင်ခြေ ကိုးနဝင်းကျောင်း၊ မော်လမြိုင်မြို့ရှိ ဖားအောက်ရိပ်သာ၊ မုဒုံမြို့ရှိ တော်ကူးရိပ်သာ၊ ကေလာတောင်ခြေရှိ ကျွန်းကလေးရိပ်သာများသို့ရောက်ရှိခဲ့၏။ ထိုမှတစ်ဆင့် ကျိုက်ထိုမြို့ တကေးတောင်ပေါ်ရှိ တကေးဆရာတော်ထံသို့ ကျောင်းနေဖက် သူငယ်ချင်းတစ်ဦး[illegible] ပို့ဆောင်ပေးခဲ့သဖြင့် ရောက်[illegible] ဆရာတော်အား မိမိစိတ်ကူး[illegible]ချက်ဖြစ်သည့် ရဟန်းဝတ်[illegible]တရားအား ထုတ်လိုကြောင်း[illegible]

ဆရာတော်က [illegible]

ဝယ်ပြုရာ၌ အရင်းအနှီးများလျှင် အမြတ်များနိုင်သလို ရှုံးစရာရှိလျှင်လည်း အရှုံးကြီးရှုံးနိုင်ကြောင်း၊ အရင်းအနှီးနည်းပါက အမြတ်နည်းမည်ဖြစ်သော်လည်း အရှုံးနည်းမည်ဖြစ်ကြောင်း အလားတူစွာ (၂၂၇) သွယ်သော သီလသိက္ခာများကို ထိန်းသိမ်းရသည့်ရဟန်းသံဃာအနေဖြင့် တရားထူးကို လွယ်ကူလျှင်မြန်စွာသိမြင်နိုင်ပြီး 'အရဟတ္တမဂ်အထိရရှိနိုင်သလို သီလသိက္ခာအနည်းငယ်မျှချို့ယွင်းပါက တရားထူးမရနိုင်ကြောင်း၊ လူဝတ်ကြောင်အနေဖြင့် အနည်းဆုံး ငါးပါးသီလစောင့်ထိန်းရုံဖြင့်တရားထူးကိုသိမြင်နိုင်ကြောင်း၊ သို့သော်လည်း 'သံဃာဝါသော၊ ဗဟုကိစ္စော' ဟူသည့်အတိုင်း လူမှုဘဝကိစ္စများကြောင်း တရားအသိနှေးနိုင်သလို အနာဂါမိမဂ်အထိသာ အမြင့်ဆုံးသိမြင်နိုင်ကြောင်း၊ အနိမ့်ဆုံးအဆင့် သောတာပတ္တိမဂ်ကိုရလျှင် အပါယ်လေးပါးဒုဂ္ဂတိမှ လွတ်မြောက်ပြီဖြစ်၍ တရားသိမြင်ဖို့သာ အဓိကဖြစ်ပြီး အသွင်အပြင်က အရေးမကြီးကြောင်း ရှင်းလင်းမိန့်ကြားခဲ့ပါသည်။ တရားသိမြင်ပြီးမှသာ မိမိသဒ္ဓါဆန္ဒအရ ရဟန်းဝတ်လိုပါက ဝတ်ရန် အကြံပြုမိန့်ကြားခဲ့ပါသည်။

စာရေးသူနှင့် အလားတူစွာ အချို့သောသူများ၏စိတ်တွင်လည်း ဗုဒ္ဓတရားတော်က နက်နဲသိမ်မွေ့လွန်းပါသည်။ သာမန်လူတွေ အားထုတ်ဖို့မလွယ်ပါပေ။ လူဝတ်ကြောင်ဘဝကိုစွန့်ပြီး ရဟန်းဝတ်ကာ လူသူကင်းဝေးတဲ့တောရိပ်တောင်ရိပ်မှာမှီခိုပြီးကျင့်ကြံအားထုတ်မှ တရားထူးသိမြင်နိုင်မှာဟု အထင်ရှိတတ်ကြပါသည်။ ဒီအမြင်ဟာ ရှင်တော်ဗုဒ္ဓဟောကြားတော်မူခဲ့သည့်တရားအပေါ် နားလည်မှုလွဲနေ၍ဖြစ်ပါသည်။ ဗုဒ္ဓမှုစာပေကို မတောက်တခေါက်လေ့လာမိပြီး တရားအနှစ်ကိုမသိဘဲ အပေါ်ယံမျှလောက်သာသိသည့်အတွက် အမြင်လွဲနေခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားတရားတော်တွေဟာ ရဟန်းသံဃာတော်များအတွက်သာကွက်ပြီးဟောကြားခဲ့တာမဟုတ်ပါ။ ချစ်သား၊ ချစ်သမီးတို့ဆိုတာ လူသားအားလုံးနှင့်သက်ဆိုင်ပါသည်။ အိမ်ယာထူထောင်လူတို့ဘောင်မှာနေကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် အများအပြားဟောကြားဆုံးမခဲ့ပါသည်။ မဂ္ဂင်ရှစ်ပါး မြတ်တရားဆိုတာ လူသားတိုင်းအတွက် ဘဝနေနည်းနှင့် ဘဝမှလွတ်မြောက်နည်း ဖြစ်ပါသည်။ လူမျိုးဘာသာကျားမမရွေး အသားအရောင်မခွဲခြားဘဲ လိုက်နာကျင့်သုံးနိုင်တဲ့ တရားတော်ဖြစ်ပါသည်။ ဗုဒ္ဓတရားတော်ရဲ့အနှစ်သာရကို မှန်မှန်ကန်ကန်နားလည်မယ်ဆိုလျှင် လူ့ဘောင်ထဲမှာဗုဒ္ဓအဆုံးအမအတိုင်းကျင့်သုံးနေထိုင်ရတာ အခက်အခဲကြီးမဟုတ်ပါပေ။

အချို့လူတွေကတော့ မြို့ကြီးပြကြီးလူ့ဘောင်အဖွဲ့အစည်းနဲ့အလှမ်းဝေးတဲ့ တောရွာဇနပုဒ်မှာရိုးရှင်းစွာနေထိုင်ပြီး ဗုဒ္ဓဩဝါဒအတိုင်း လိုက်နာကျင့်သုံးရတာ ပိုမိုလွယ်ကူပြီး သက်သောင့်သက်သာရှိကောင်းရှိနိုင်ပါမယ်။ သို့ပေမယ့် လူသူကင်းဝေးပြီး အဖော်မမှီးတစ်ကိုယ်တည်း နိက္ခမကျင့်နေရတာ ပျင်းရိငြီးငွေ့ပြီး စိတ်ဓာတ်ကျနိုင်တဲ့အတွက် လူတိုင်းအတွက် အဆင်ပြေမည်မဟုတ်ပါ။တကယ်တော့ နိက္ခမအကျင့်ဆိုတာ လူတွေကြားထဲနေ ထွက်ပြေးပြီးနေမှ နိက္ခမဖြစ်တာမဟုတ်ပါ။ လူသူကင်းဝေးရာ တောတောင်ထဲမှာ ရသေ့ရဟန်းအဖြစ်မြီးခြံစွာကျင့်နေပေမယ့် စိတ်ထဲမှာကိလေသာတွေနဲ့ပြည့်နေမယ်ဆိုရင် စိတ်အစဉ်မသန့်ရှင်းတော့လို့ မွန်မြတ်တဲ့သူမဟုတ်ပါ။ မြို့ထဲရွာထဲမှာနေပေမယ့် ကိလေသာအညစ်အကြေးကင်းအောင်နေတယ်ဆိုရင် သန့်စင်မွန်မြတ်တဲ့သူ၊ အဆင့်မြင့်တဲ့သူဖြစ်တယ်လို့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကဟောကြားခဲ့ပါသည်။

ဒီအကြောင်းနှင့်ပတ်သက်လို့ ဝစ္ဆဂေါတ္တအမည်ရတဲ့ပရိဗိုဇ်က မြတ်စွာဘုရားအား -

"အရှင်ဘုရား၊ အိမ်ထောင်သားမွေးလူသာမန်များအနေနဲ့ လောကီကိစ္စတစ်ဖက်နဲ့ တရားဓမ္မကို အားထုတ်မယ်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ပါ့မလား"

ဆိုပြီး တိုက်ရိုက်မေးလျှောက်ခဲ့ဖူးပါတယ်။

မြတ်ဗုဒ္ဓက -

မိမိသာသနာတော်၌ လောကီနယ်မှာ အိမ်ထောင်သားမွေးပြုကြရင်း ငါဘုရား၏ အဆုံးအမတရားတော်နှင့်အညီ ကျင့်ကြံအားထုတ်ကြတဲ့အတွက် အရိယာဘဝသို့ ပေါက်မြောက်သွားတဲ့ အမျိုးသား၊ အမျိုးသမီး မြောက်မြားစွာရှိကြောင်း ဥပမာများနှင့်တကွဟောကြားခဲ့ပါသည်။

ဒီလိုပုဂ္ဂိုလ်များဟာ လောကီလူ့ဘောင်ထဲမှာ လူသားတွေကိုကူညီရင်း၊ လောကီကောင်းကျိုးကို ဆောင်ရွက်ရင်း မိမိဘဝလွတ်မြောက်ရေးကိုပါစွမ်းဆောင်နိုင်သူတွေဖြစ်၍ လေးစားချီးကျူးထိုက်ပါသည်။ သူတို့ဟာ လောကီနှင့်လောကုတ်နှစ်ဖက်မျှအောင် ဆောင်ရွက်နိုင်သူတွေဖြစ်ကြပါသည်။ ဒါမှမဟုတ် ဆိတ်ငြိမ်ရာအရပ်သို့ အချိန်အတိုင်းအတာတစ်ခုအထိသွားပြီး မိမိ၏သီလ၊သမာဓိ၊ပညာဖွံ့ဖြိုးတိုးတက်ကြောင်းအလုပ်ကိုအားထုတ်ပြီးမှ လူ့ဘောင်ထဲပြန်လာပြီး အများအကျိုးကို ဆောင်ရွက်မယ်ဆိုလျှင်လည်း မွန်မြတ်ပါသည်။လေးစားထိုက်ပါသည်။လောကအကျိုးကို မျက်ကွယ်ပြုပြီး မိမိဘဝလွတ်မြောက်မှုတစ်ခုတည်းကိုသာ ရည်စူးဆောင်ရွက်သူကိုတော့ ရာခိုင်နှုန်းပြည့်ချီးကျူးလို့မရနိုင်ပါ။ ဗုဒ္ဓရှင်တော်ကိုယ်တိုင် မဟာကရုဏာ၊ မဟာပညာပေါ်မှာ အခြေခံပြီး ဗုဒ္ဓတ္ထစရိယ၊ ဉာတတ္ထစရိယ၊ လောကတ္ထစရိယကို မျှတအောင်ဆောင်ရွက်တော်မူခဲ့ပါသည်။

လူဝတ်ကြောင်များအနေဖြင့် ဤကဲ့သို့ လောကီကိစ္စတွေကို ဆောင်ရွက်ရင်း ဗုဒ္ဓတရားတော်တွေကို ကျင့်ကြံအားထုတ်ပြီး သံသရာမှ လွတ်မြောက်နိုင်တယ်ဆိုလျှင် ရဟန်းသံဃာအဖွဲ့အစည်းကို မြတ်ဗုဒ္ဓက ဘာကြောင့်ထူထောင်ခဲ့ရသလဲလို့ မေးစရာရှိလာပါသည်။

လူမှုဘဝလူ့ကိစ္စတွေထဲကထွက်ကာ မိမိရဲ့သီလ၊ သမာဓိ၊ ပညာအဆင့်မြင့်အောင်ကြိုးစားပြီး ဘဝမှလွတ်မြောက်ကြောင်းနည်းလမ်းတွေကို အချိန်ပေးပြီးလုပ်ချင်သူ၊ ပြီးလျှင် လူတွေရဲ့အကျိုးကိုနောက်ဆံမတင်းရဘဲ လွတ်လွတ်ကျွတ်ကျွတ်ဘဝကိုပေးပြီးလုပ်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးမားတဲ့ပုဂ္ဂိုလ်များအတွက် အခွင့်အလမ်းသာစေရန် စနစ်ကျတဲ့ သံဃာအဖွဲ့အစည်းကိုထူထောင်ခဲ့ခြင်းဖြစ်ပါသည်။ အိမ်ထောင်သားမွေးဘဝထဲမှာနေပြီး မိသားစုအရေးကို မဆောင်ရွက်ဘဲ ပရဟိတကိုသာ ဇောက်ချပြီးဆောင်ရွက်ဖို့ဆိုတာ လက်တွေ့မဖြစ်နိုင်ပါပေ။ ရဟန်းဘဝမှာတော့ လောကီကိစ္စအနှောင်အဖွဲ့တွေ၊ သံယောဇဉ်တွေကင်းအောင်နေနိုင်တဲ့အတွက် ဘဝတစ်ခုလုံးကိုပုံပေးပြီး အများအကျိုးအတွက် ဆောင်ရွက်ရင်း မိမိဘဝလွတ်မြောက်ကြောင်းအလုပ်ကိုပါ တစ်ပါတည်းဆောင်ရွက်နိုင်ကြပါသည်။

ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့မြန်မာနိုင်ငံမှာ ရှေးနှစ်ပေါင်းများစွာထဲက ရဟန်းသံဃာများဟာ လူငယ်များပညာတတ်မြောက်ရေးအတွက် စာဝေသင်ကြားပို့ချရေးလုပ်ငန်းဖြစ်တဲ့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ဆောင်ရွက်ခဲ့ကြပါသည်။စာပေကျမ်းဂန်နှံ့စပ်တဲ့ပညာရှိအများအပြားဟာ ဘုန်းကြီးကျောင်းထွက်များဖြစ်ကြပါသည်။ ဗုဒ္ဓ၏အဆုံးအမများကို လောကထဲရောက်အောင်ပို့ခဲ့ကြ၍ ဘာသာရေးသာသနာရေးတန်ဖိုးကို နားလည်သဘောပေါက်သူတွေများပြားခဲ့ပါတယ်။

ရဟန်းသံဃာများအနေနှင့် ဒကာ၊ ဒကာမများအတွက် စည်းစိမ်ဥစ္စာကိုရအောင် လုပ်မပေးနိုင်ပါ။ ဒါပေမယ့် လောကီဘဝထဲကလူမှုဒုက္ခပြဿနာတွေခံစားနေရပြီး စိတ်ဆင်းရဲနေသူတွေကို စိတ်ချမ်းသာမှု၊ ငြိမ်းအေးမှုရအောင် သစ္စာလေးပါးကို အခြေခံပြီး ဘာသာရေးဆိုင်ရာလမ်းညွှန်မှုများကိုပေးစွမ်းနိုင်ပါသည်။ မိမိကိုယ်တိုင် ငြိမ်းအေးချမ်းသာသည့်တရားများကို ကျင့်သုံးပြီး ရရှိလာတဲ့တရားဓမ္မတွေကို ဗုဒ္ဓရှင်တော်ဆုံးမခဲ့တဲ့အတိုင်း ဒကာ၊ဒကာမတွေသဘောပေါက်နားလည်အောင် ထပ်ဆင့်ရှင်းလင်းဟောကြားပေးကြပါသည်။ လူဝတ်ကြောင်ဒကာ၊ ဒကာမများကလည်း ရဟန်းသံဃာများလိုအပ်တဲ့ ပစ္စည်းလေးပါးကို ထောက်ပံ့လှူဒါန်းခြင်းဖြင့် ဆရာဒကာ အပြန်အလှန် ကျေးဇူးပြုကြပါသည်။

တစ်ခါတုန်းက ဒီဃဇာဏုအမည်ရှိသည့်ဥပါသကာတစ်ယောက်က အိမ်ယာတည်ထောင်လူတို့ဘောင်မှာ သားမယားနှင့် နေထိုင်ကြသူများအနေနဲ့ လက်ရှိဘဝမှာ ငြိမ်းချမ်းသာသာနေနိုင်ဖို့ တရားများရှိလျှင် ဟောကြားပေးပါရန် လျှောက်ထားခဲ့ပါသည်။

မြတ်စွာဘုရားက ဒီဘဝမှာချမ်းသာကြောင်းတရားလေးပါးဖြစ်တဲ့ -

ကိုယ်လုပ်တဲ့ အလုပ်အကိုင်ကို ကျွမ်းကျင်ပြီး ဝီရိယအစွမ်း၊ ဉာဏ်စွမ်းရှိခြင်း၊ စိတ်အားထက်သန်မှုရှိခြင်းဆိုတဲ့ ဥဋ္ဌာနသမ္ပဒါ။

သမ္မာအာဇီဝနည်းလမ်းနဲ့ ရှာဖွေထားတဲ့ ငွေကြေးဥစ္စာကို ကောင်းစွာထိန်းသိမ်းနိုင်ခြင်းဆိုတဲ့ အာရက္ခသမ္ပဒါ။

မိမိအပေါ် သစ္စာစောင့်သိသူ၊ ဉာဏ်ပညာအမြော်အမြင်ရှိပြီး အကျင့်သီလနှင့်ပြည့်စုံသူ၊ ကုသိုလ်ကောင်းမှုဘက်မှာ ကူညီပြီး မကောင်းမှုမှာတားဆီးတတ်သူ မိတ်ကောင်းဆွေကောင်းရှိခြင်းဆိုတဲ့ ကလျာဏမိတ္တသမ္ပဒါ။

ပစ္စည်းဥစ္စာသုံးပါးစွဲရာမှာ မကုန်သင့်တာမကုန်ရအောင် ဆင်ခြင်တိုင်းထွာပြီး မျှတအောင်သုံးစွဲတတ်ခြင်းဆိုတဲ့ သမဇီဝိတာသမ္ပဒါ ဆိုတဲ့ သမ္ပဒါတရားလေးပါးကို ဟောကြားခဲ့ပါသည်။

ပစ္စည်းဥစ္စာကုံလုံကြွယ်ဝရုံနှင့် လူ့ဘဝဟာ မပြည့်စုံသေးဘဲ ပျော်ရွှင်ချမ်းသာခြင်းကိုဖြစ်စေတဲ့ အကျင့်သီလပြည့်စုံမှုလေးမျိုးဖြစ်သည့် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာကိုလည်း ဆက်လက်ဟောကြားခဲ့ပါသည်။

သဒ္ဓါဆိုတာ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း ဖြစ်ပါသည်။ ကိုယ်ကျင့်တရားတန်ဖိုး၊ စိတ်ပိုင်းဆိုင်ရာ စရဏတန်ဖိုး၊ ပညာပိုင်းဆိုင်ရာတန်ဖိုးဖြစ်သလို မိမိအတွက် အင်အား (ဗလ) နှင့် အစိုးရမှု (ဣန္ဒြေ) လည်း ဖြစ်ပါသည်။

သီလ ဆိုတာ သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းကိုခိုးယူခြင်း၊သူတစ်ပါးသားမယားကိုပြစ်မှားခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ မူးယစ်ဆေးဝါးများကိုသောက်သုံးခြင်းတို့မှ ရှောင်ကြည်ခြင်းဆိုတဲ့ ငါးပါးသီလကိုစောင့်ထိန်းရပါမည်။

စာဂဆိုတာ ပေးကမ်းစွန့်ကြဲနိုင်မှုဖြစ်ပါသည်။ ဥစ္စာပစ္စည်းအပေါ် တပ်မက်လွန်းသည့်လောဘကိုသတ်တာ၊ သူတစ်ပါးကို ခွဲဝေခံစားနိုင်အောင် ရက်ရောတဲ့စိတ်ဓာတ်ကိုဆိုလိုပါသည်။

ပညာဆိုတာ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ခြင်း ဖြစ်ပါသည်။ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုသည်အထိ အားထုတ်ခြင်းနှင့်သက်ဆိုင်ပါသည်။

ချွေတာစုဆောင်းရေးနှင့်ပတ်သက်ပြီး မိမိရှာဖွေရရှိထားသည့်ငွေ၏လေးပုံတစ်ပုံကိုသာ နေ့စဉ်ကုန်ကျစရိတ်အတွက် အသုံးပြုရန်၊ ထက်ဝက်ကိုအရင်းအနှီးထဲ ပြန်ထည့်ရန်၊ ကျန်လေးပုံတစ်ပုံကိုတော့ အရေးပေါ်ကိစ္စအတွက် သီးခြားထားရမည်ဟု သိင်္ဂါလလုလင်အား ဟောကြားဆုံးမခဲ့ပါသည်။

တစ်ခါမှာတော့ အနာထပိဏ် သူဌေးကြီးအား အိမ်ထောင်ရှင်မိသားစုဘဝမှာ နေသူများရရှိနိုင်တဲ့ လောကီချမ်းသာလေးမျိုးရှိကြောင်း ဟောကြားခဲ့ပါသည်။

သမ္မာအာဇီဝနည်းနှင့် ရှာဖွေရရှိထားသည့်ဓနအင်အားပြည့်စုံလုံလောက်လို့ ဘဝလုံခြုံမှုရှိခြင်းဆိုတဲ့ အတ္ထိသုခ။

လုံလောက်စွာရှာဖွေစုဆောင်းထားတဲ့ ဥစ္စာဓနတွေကို မိမိအတွက်၊ မိသားစုအတွက်၊ မိတ်ဆွေအပေါင်းအသင်းများအတွက် ရက်ရောစွာသုံးစွဲပြီး ကောင်းမှုကုသိုလ်ပြုနိုင်၍ ချမ်းသာခြင်းဆိုတဲ့ ဘောဂသုခ။

ကြွေးမြီကင်းရှင်းခြင်းဆိုတဲ့ အနဏသုခ။

အကုသိုလ်ဒုစရိုက် ကင်းရှင်းပြီး သန့်ရှင်းစင်ကြယ်တဲ့ဘဝမှာ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်အနာမရှိ နေနိုင်ခြင်းကြောင့် ရရှိလာတဲ့ အနဝဇ္ဇသုခဆိုပြီး လေးမျိုးရှိရာမှာ 'ပထမသုံးမျိုးက စီးပွားဥစ္စာအပေါ် အခြေခံတဲ့ သုခဖြစ်လို့ ပြည့်စုံတဲ့သုခမဟုတ်ကြောင်း၊ အနဝဇ္ဇသုခလို့ခေါ်တဲ့သီလစင်ကြယ်ခြင်းကြောင့် ရရှိလာတဲ့ သုခနှင့်ပေါင်းမှ ပြည့်စုံတဲ့ လောကီချမ်းသာသုခဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

ဖော်ပြခဲ့တဲ့ ဗုဒ္ဓဘုရားရှင် ဟောကြားချက်များကို ထောက်ရှုလျှင် ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဖြစ်ဖို့အတွက် လောကီကြီးပွားရေး၊ ရုပ်ဝတ္ထုကြီးပွားရေးကို လုပ်စရာမလိုဘူးဆိုတဲ့ ထင်မြင်ချက်ဟာ မှားယွင်းနေကြောင်း ထင်ရှားပြီးဖြစ်ပါသည်၊ စာရေးသူကိုယ်တိုင် ငယ်ရွယ်စဉ်က ဒီလိုအမြင်မျိုးရှိခဲ့ဖူးပါသည်။ ဒီအမြင်ဟာ မှားယွင်းနေကြောင်း ဗုဒ္ဓတရားတော်အရ တဖြည်းဖြည်းနှင့် သဘောပေါက်လာပါသည်။ လူသားတစ်ဦးအနေနှင့် ရုပ်ဝတ္ထုစည်းစိမ်နှင့် ကာမဂုဏ်အာရုံတွေအပေါ်မှာ အစွန်းတစ်ဖက်သို့ရောက်လောက်အောင်မခံစားဘဲ သင်တင့်လျောက်ပတ်စွာခံစားရင်း မိမိရဲ့သီလ၊ သမာဓိ၊ ပညာတိုးတက်ဖွံ့ဖြိုးအောင် သတိနှင့် ဆောင်ရွက်တတ်ဖို့လိုကြောင်း၊ ဗုဒ္ဓသင်ကြားပေးခဲ့တာက မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြစ်သဖြင့် အစွန်းမရောက်စေရန် သတိပညာဖြင့် ချင့်ချိန်တတ်ဖို့ လွန်စွာမှ အရေးကြီးကြောင်း ဆရာသမားများ၏ အဆုံးအမကို ကောင်းစွာသဘောပေါက်လာပါသည်။ ဒါကြောင့် အရင်းနည်းပါးလို့ အမြတ်နည်းပါးပေမယ့် အရှုံးကြီးမရှုံးနိုင်စေရန် အိမ်ရာတည်ထောင်သည့်လူ့ဘောင်ထဲမှာ နေထိုင်ရင်း ဘဝအနှစ်ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့တရားအသိကိုရှာဖွေကာ၊ ရရှိလာတဲ့တရားအသိနှင့် ပေါင်း[illegible]နိုင်တဲ့ တရားထဲကလူတစ်ဦးဖြစ်ရပ်တည်နိုင်အောင် ကြိုးစားကြပါဟု ဆန္ဒပြုလိုက်ရပေသည်။

[illegible](မော်ကျွန်း)

ထူးအောင်ကျော်

(ဆေး/၁၃)

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပမာ

မနက်အိပ်ရာကထ မျက်စိနှစ်လုံး ပွင့်ကတည်းက ဘယ်သို့သောစိတ်ဖြင့် နိုးထလာကြပါသနည်း။ မိမိကိုယ်မိမိ ဆန်းစစ်ဖို့လိုလာပါပြီ။

မိမိစိတ်ညွှတ်ရာကို (နာမ်လေး ညွှတ်ရာနောက်ကို) အကြောင်းခံပြီး ရုပ်တရားကြီးက လှုပ်ရှားရတာပါ။ ဒါကြောင့် ကုသိုလ်စိတ်ဖြင့် နိုးထခြင်းလား၊ အကုသိုလ်စိတ်ဖြင့် နိုးထခြင်းလား ဆိုတာ သိဖို့လိုလာပါပြီ။ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဆိုတာကလည်း ခွဲခြားသိဖို့၊ အမှန်သိဖို့လိုပါတယ်။ ဘယ်အရာက ကုသိုလ်စိတ်၊ ဘယ်အရာက အကုသိုလ်စိတ်လဲဆိုတာ အသေအချာ ရှင်းရှင်းလင်းလင်းသိရပါမယ်။

ရပ်ထဲရွာထဲမှာတော့ လူတွေပြောကြပါတယ်။

"ငါတို့ကအကုသိုလ်အလုပ်မလုပ်ဘူး။ ကုသိုလ်အလုပ်ပဲလုပ်တယ်" တဲ့။

သူတို့ပြောတဲ့ အကုသိုလ်ဆိုတာ အကြမ်းအားဖြင့် သူ့အသက်မသတ်ဘူး။ သူတစ်ပါးသားမယားကိုမစော်ကားဘူး။ မလိမ်ဘူး။ မခိုးဘူး။ မဟုတ်မမှန်တာ မပြောမဆို၊ မလုပ်ဘူး။ ဒီအရာတွေကို မကျူးလွန်လို့ အကုသိုလ်ကင်းတယ်လို့ ဆိုကြပါတယ်။

တကယ်တော့ ပုဂ္ဂိုလ်၊ သတ္တဝါတွေဟာ နေ့စဉ်နဲ့အမျှ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်. စတဲ့ အာရုံခြောက်ပါးနဲ့ သိတွေ့တိုက်ခိုက်မိတိုင်း အကုသိုလ်စိတ်၊ အပါယ်ငရဲကျမယ့်စိတ်တွေဖြစ်နေတာပါ။ ဒီစိတ်တွေဖြစ်ပေါ်နေတာကိုတော့ ဘယ်သူမှ သတိမထားမိကြပါဘူး။

ရုပ်လက္ခဏာ၊ နာမ်လက္ခဏာမမြင်ရင်တော့ လူတစ်သိန်းသေတောင် လူတစ်ယောက်မြန်မဖြစ်ဘူးလို့ ဆိုထားပါတယ်။ နတ်ပြည်ဆိုတာ ဝေလာဝေးပါပဲ။

ဘယ်လိုအပါယ်ငရဲကျမှာလဲလို့ မေးစရာရှိလာပါတယ်။ အကုသိုလ်စိတ်ဖြစ်ပေါ်နေသရွေ့ လမ်းက နှစ်လမ်းပဲရှိတာပါ။ အဲဒါကတော့ အပါယ်လမ်းနဲ့ငရဲလမ်းပါ။ လိုချင်တပ်မက်မှု၊ မလိုချင်မှုတွေကြောင့် ရာဂကိုဖြစ်ပေါ်စေပါတယ်။ ရာဂနဲ့စေ့ဆော်မှုကြောင့် လောဘနဲ့ ဒေါသကိုဖြစ်ပေါ်တယ်။ လိုချင်တပ်မက်မှု လောဘကြောင့် ပြိတ္တာဖြစ်စေတယ်။ မလိုချင်မှုဒေါသကြောင့် ငရဲကိုကျစေပါတယ်။

ရာဂဆိုတာ ပုထုဇဉ်တွေအတွက် ဝင်ရောက်ရာမှာ လွယ်ကူပေမယ့် လောဘ၊ ဒေါသကိုတော့ အသိ၊ သတိနဲ့ ဆင်ခြင်ပြီး တားရင်ရနိုင်ပါတယ်။ လိုချင်တော့ လောဘ။ မလိုချင်တော့ ဒေါသတဲ့။ ဘယ်လမ်းကလာလာ မလွတ်ဘူးလို့ မြင်ကြမှာပဲ။ လွတ်လမ်းရှိပါတယ်။

ဥပမာပြောရရင် အမျိုးသမီး ဒါမှမဟုတ် အမျိုးသားအချောအလှကို မြင်တွေ့လိုက်တယ်ဆိုပါတော့။ အဲဒီမြင်ပြီးတဲ့နောက် သညာကို ခွဲပါလိမ့်မယ်။ ဒါဟာ လူပဲ၊ နတ်ပဲလို့ နောက် ယောက်ျားပဲ၊ မိန်းမပဲ၊ နောက်လှတယ်၊ မလှဘူးဆိုပြီး ဝေဒနာတွေခံစားမိပြန်တော့ အပါယ်ငရဲကျသွားရတာပါပဲ။

လှတယ်လို့သတ်မှတ်လိုက်တော့ လိုချင်ပြန်ရော။ လိုချင်တော့ လောဘဖြစ်။ လောဘဖြစ်တော့ ပြိတ္တာဖြစ်စေပါတယ်။

ရုပ်ဆိုးတယ်၊ မလှတော့ မလိုချင်ဘူး။ မလိုချင်တော့ ဒေါသကိုဖြစ်စေတယ်။ ဒေါသဖြစ်တော့လည်း ငရဲကိုကျပါတယ်။ ဒါကြောင့် လောဘနဲ့ဒေါသစိတ်တွေဟာ အပါယ်ငရဲကိုကျစေတတ်တဲ့စိတ်တွေလို့ ဆိုပါတယ်။

သူတစ်ပါး အသက်၊ ဥစ္စာ၊ ပစ္စည်း၊ လင်မယား၊ ခိုးဝှက်နေမှ အပါယ်ငရဲကျတာမဟုတ်ပါဘူး။ အာရုံခြောက်ပါးနဲ့ထိတွေ့တိုက်ခိုက်မိတိုင်း အပါယ်ငရဲကျစေတာကို သတိမထားမိကြတာပါ။

ဒီအကုသိုလ်စိတ်တွေကနေလွတ်နိုင်အောင်ဘယ်လိုလုပ်မလဲ။ လွတ်နိုင်တာကတော့ ကုသိုလ်စိတ်ပါပဲ။

ကုသိုလ်စိတ်ဆိုတာ အမျိုးသမီး ချောချော၊ အမျိုးသားချောချောကိုတွေ့ရင် ကိုယ့်ထက်ကြီးတော့ -

'ဒါငါ့အဖေပါလား'
'ငါ့ အမေပါလား'
'ငါ့အစ်ကိုပါလား'
'ငါ့အစ်မပါလား'
ကိုယ့်ထက်ငယ်တော့-
'ဒါငါ့ညီမလေးပါလား'
'ငါ့မောင်လေးပါလား'

ရယ်လို့ စိတ်ကညွှတ်တော့ လှခြင်း၊ မလှခြင်း လိုချင်တဲ့လောဘ၊ ဒေါသမရှိတော့ပါဘူး။ လောဘ၊ ဒေါသမရှိတော့ အကုသိုလ်စိတ်ကိုပယ်သတ်ပြီးသားဖြစ်နေပါတယ်။ အကုသိုလ်စိတ်တွေပယ်သတ်ပြီးမှတော့ ကုသိုလ်စိတ်က အလိုလိုနေရင်းဖြစ်ပေါ်နေပါပြီ။ အရင်းမစိုက်ရဘဲ အပါယ်ငရဲကလွတ်မြောက်သွားပါတယ်။

အရင်ဦးဆုံး နိဗ္ဗာန်ကို ဆုမတောင်းခင် အပါယ်ငရဲကျစေတတ်တဲ့အကုသိုလ်စိတ်ကို အရင်ပယ်သတ်ရမှာပါ။ ဗုဒ္ဓရဲ့လမ်းစဉ်ကလည်း ရုပ်ကိုအကြောင်းခံပြီး စိတ်ရဲ့အလုပ်တွေပါ။ ရုပ်ကိုမြင်ဖို့ထက် အမိကကျတဲ့စိတ်ကို အရင်ပြုပြင်ပြောင်းလဲရမှာပါ။ စိတ်ကို မပြုမပြင်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရက်တိုတိုနဲ့ရပါစေလို့ ဆိုလို့ ဆုတောင်းနေလို့မရပါဘူး။

နိဗ္ဗာန်ဆိုတာလည်း တောင်းလို့ရတဲ့အရာမဟုတ်ပါဘူး။ တောင်းလို့ရတဲ့အရာမဟုတ်တာကို ပုဂ္ဂိုလ်၊ သတ္တဝါတွေကလွဲမှားပြီး သောက်ဆေးကိုလိမ်းဆေးလုပ်၊ လိမ်းဆေးကိုသောက်ဆေးလုပ်ပြီး ရှုတ်ဖတ်နေရတာနဲ့ နိဗ္ဗာန်တံခါးဟာ ဝေးသထက်ဝေး၊ ဝေးသထက်ဝေးလို့ ရှာမတွေ့တော့ပါဘူး။

သတိပဋ္ဌာန်တရားလေးပါးကလွဲလို့ နိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ မရှိဘူး။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်တရားလေးပါးပါပဲ။ ဒီသတိပဋ္ဌာန်တရားလေးပါးဆိုတာလည်း စာအုပ်ထဲမှာ ရှိနေတာမဟုတ်ဘူး။ မိမိခန္ဓာထဲမှာပဲ ရှိတာပါ။

ဒါကို ဟိုသွားရင်တရားရမယ်၊ ဒီသွားရင် တရားရမယ်နဲ့ မိမိခန္ဓာမှာ ပရမတ္ထဘုရား၊ တရား၊ သံဃာရှိတာကို မသိဘဲ နီးရက်နဲ့ဝေးနေကြတာပါ။ တောင်းယူပြီးရရှိတဲ့သီလလောက်နဲ့ ကျေနပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ခန္ဓာဖြစ်စဉ်တွေကို မသိနိုင်တော့ပါဘူး။

တရားထိုင်တယ်ဆိုတာကလည်း မိမိခန္ဓာမှာရှိနေတဲ့ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ ရုပ်အနိစ္စ၊ နာမ်အနိစ္စသဘောတွေကို ရှုမှတ်ပွားများရတဲ့ စိတ်ရဲ့အလုပ်တွေပါ။ အပြောတရား၊ အဟောတရား၊ အရွတ်တရားမဟုတ်ဘူး။ လက်တွေ့လုပ်ရမယ့်တရားတွေပါ။ လုပ်ရင်တွေ့မယ်။ မလုပ်ရင်မတွေ့ဘူး။ အရွတ်သမားကတော့ နောင်လည်းအရွတ်ရွတ်မှာပါ။ အရွတ်ဆိုတော့ ကိုက်မရပါ။ မရမျိုမရနဲ့ နောက်ဆုံး လွှင့်ပစ်ရတာပါပဲ။

တချို့က တရားထိုင်ဖို့အတွက် အချိန်ကိုစောင့်ကြပါတယ်။ အသက်ငယ်သေးတယ်။ အသက်ကြီးမှပဲ တရားလုပ်ကြမယ်ပေါ့။ တကယ်တော့ ဘယ်အရာပဲလုပ်လုပ် ငယ်တုန်းရွယ်တုန်း၊ ကျန်းမာတုန်းပဲကောင်းတာပါ။ မကျန်းမမာဖြစ်မှ တရားအလုပ်ကိုလုပ်ရင် ဝေဒနာကို မခံစားနိုင်တာနဲ့ တရားမရနိုင်ရှာတော့ပါဘူး။ တရားမရှိတော့ ခန္ဓာပျက်ခါနီးကျ ဟိုလူကယ်ပါဒီလူကယ်ပါနဲ့ ဘယ်သူမှမကယ်နိုင်တော့ပါဘူး။

အသေကျင့်တဲ့တရားကို လုပ်မထား၊ နောက်ဆုံးတော့ အော်ရင်းနဲ့သေ၊ စိတ်စွဲပြီးတော့သေ။ သေခါနီးကျတော့ မိမိစိတ်ညွှတ်ရာကို စိတ်ဇောကျ ခန္ဓာငါးပါးဖြစ်၊ ရုပ်နာမ်အပေါ် ဇော(၇) ချက်ကျပြီး ဘဝသစ်တဖန်ဖြစ်ပြန်ရော။ ဒီလိုနဲ့ သံသရာဝဲဂယက်ထဲလည်ပြန်ပါလေရော။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ဘာပဲလုပ်လုပ် အသိလေးနဲ့သွား၊ အသိလေးနဲ့စား၊ အသိလေးနဲ့နေ၊ အသိလေးနဲ့ထိုင်၊ သေတော့လည်းအသိလေးနဲ့သေရင် မြတ်ပါသတဲ့။

အသိတစ်လုံး အမြတ်ဆုံးလို့ ဗုဒ္ဓဘုရားကမိန့်မှာထားခဲ့တာပဲ။ အသိလေးရှိတော့ သေခါနီး စိတ်ညွှတ်မှုမမှားတော့ပေါ့။ စိတ်ညွှတ်မှားရင်တော့ မိမိစိတ်ညွှတ်ရာ၊ တည်ရာ၊ မှီရာဘဝကို ရကြမှာ ဧကန်ပါပဲ။

မနက်အိပ်ရာကထ၊ မျက်စိနှစ်လုံးပွင့်ကတည်းက မိမိညွှတ်ရာအလုပ်ကို လုပ်ကြ၊ သွားကြ၊ လာကြရတာပါပဲ။ စာအုပ်ထဲက စိတ်စေတသိက်တွေကို အလွတ်ကျက်နေမယ့်အစား ခန္ဓာကလာတဲ့ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်နှစ်မျိုးကို ခွဲခြားသိမြင်တတ်ရင်ဖြင့် နတ်ပြည်မရောက်ရင်တောင် အပါယ်ငရဲကလွတ်မြောက်ပါတယ်။

ပုဂ္ဂိုလ်၊သတ္တဝါတွေလည်း မမြင်ရမတွေ့ရတဲ့ နိဗ္ဗာန်၊ နိဗ္ဗာန်ဆိုပြီး ရွတ်ဆိုတောင့်တနေတာဟာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပမာနဲ့ပေးရရင် -

'ခွေးအရိုးကိုက်နေသလို အချိန်သာကုန်သွားတယ်။ ဗိုက်လည်းမပြည့်၊ သွားလည်းနာ၊ အာလည်းညောင်းလို့ အကျိုးမရှိဖြစ်မှာစိုးပါတယ်'

လို့ သတိလေးပေးရင်း လောဘ ဒေါသတွေနည်းနိုင်သမျှနည်းနိုင်ပါစေလို့။

ထူးအောင်ကျော် (ဆေး/၁၃)



[illegible]

ဦးကိုကိုကြီး

အကုသိုလ်ဝင့်ကြွားနှင့် ကုသိုလ်အကျိုး

"ဗျို့ဆရာ။ ဝက်သားယူဦးမလား၊ သုံးထပ်သားလေးကောင်းကကောင်းသနဲ့"

ဟု စာရေးသူအိမ်ရှေ့မှ ကိုသာစိန်၏အသံကိုကြားလိုက်ရပါသည်။

ကိုသာစိန်ဆိုသူမှာ စာရေးသူ၏ တစ်အိမ်ကျော်တွင်နေထိုင်ပြီး သဘောကောင်းသူတစ်ယောက် ဖြစ်ပါသည်။

စာရေးသူအားလည်း ရိုရိုသေသေ ဆရာဟုခေါ်ဆိုပြီး ရပ်ရေးရွာရေးကိစ္စများရှိလျှင်လည်း ရှေ့ဆုံးမှပါဝင်ကူညီတတ်သူဖြစ်ပါသည်။

သို့သော် စာရေးသူနှင့်ဘာသာချင်းမတူဘဲ ကိုသာစိန်မှာအခြားဘာသာဝင်တစ်ဦးဖြစ်နေပါသည်။

စာရေးသူဝက်သားစားသော်လည်း ကိုသာစိန်ကဲ့သို့ အိမ်ကိုတကူးတကလာရောက်မေးမြန်းရောင်းချလာခြင်းမျိုးကို ဝယ်စားလေ့မရှိပါ။

ဈေးမှာရောင်းချသည့်ဝက်သားကိုသာဝယ်စားလေ့ရှိပါသည်။ အဘယ်ကြောင့်ဆိုပါသော် ကိုသာစိန်တို့ ဝက်သားရောင်းချသည့်ပုံစံမှာ ဝက်သားဝယ်မည့်သူများကို တစ်အိမ်ဆင်းတစ်အိမ်တက်ဝက်သားယူဦးမလားဟု လိုက်မေးပြီးမှ မှာယူသူများ၏အလေးချိန်ကိုတွက်ချက်ကာ ဝက်ကိုသတ်ပြီး တစ်အိမ်ချင်းလိုက်ပို့သောစနစ်နှင့်ရောင်းချခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ အိမ်နီးချင်းလည်းဖြစ်သောကြောင့် ဝက်ကိုသတ်တော့မည်ကို သိသိနှင့်ဝယ်ခြင်းသည် ဝက်သတ်မှုကို အားပေးတာမျိုးသက်ရောက်နေသဖြင့် ကိုယ့်အယူအဆနှင့်ကိုယ် စာရေးသူတို့ မိသားစု ရှောင်ကြဉ်ကြပါသည်။

သို့အတွက်ကြောင့် ကိုသာစိန်အားပြန်၍ -

"မယူသေးပါဘူး ကိုသာစိန်ရယ်၊ အိမ်မှာလည်းဟင်းတွေရှိနေလို့"

ဟု ပြောဆိုလိုက်ရပါသည်။

ထို့နောက် ကိုသာစိန်လည်း တစ်အိမ်ဆင်းတစ်အိမ်တက်လိုက်လံ၍ မေးရန်ထွက်သွားလေသည်။

ကိုသာစိန်သည် လူအများနှင့် ဆက်ဆံရာတွင် သဘောထားကောင်းသလောက် တိရစ္ဆာန်များသတ်ဖြတ်ရာတွင် ရက်စက်စွာသတ်တတ်သူအဖြစ် နာမည်ကြီးသူ ဖြစ်သည်။

အရက်သေစာသောက်စားတတ်သော်လည်း မည်သူ့ကိုမျှ ရန်မရှာတတ်။ သူသည် ဝက်များ၊ ကြက်များ၊ မွေးရင်းဖြင့် စီးပွားရှာသူဖြစ်ပေသည်။

■

တစ်နေ့တွင် -

ဝက်သားများရောင်းချရန်၍ အိမ်နီးဝန်းကျင်ရှိ မိသားစုများအားလိုက်လံပြောဆိုပြီးသည်နှင့် ကိုသာစိန်သည် သူမွေးထားသော ဝက်ကြီးတစ်ကောင်အားသတ်ဖြတ်ပြီး အမွေးအမှင်များရိတ်ရန် ရေနွေးအိုးကြီးကိုလည်းမီးမွေးတည်၍ ဓားရှည်ကိုဓားသွေးကျောက်တွင်ပြတ်နေအောင်သွေးနေလေ၏။

အချိန်အတော်ကြာမျှ ဓားသွေးပြီးသည် ဝက်ခြံထဲဝင်ကာ ဝက်လေးငါးကောင်ရှိသည့်အနက် အကြီးဆုံးဝက်ကြီးဗိုက်အားပွတ်သပ်ပေးနေလေသည်။ ဝက်ကြီးသည် ရပ်နေရာမှ ကိုသာစိန်မှ သူ၏ဗိုက်ကိုပွတ်ပေးနေသဖြင့် တုံးခနဲလှဲအိပ်ကာ ကျေနပ်သည့်သဘောနှင့်တဂွတ်ဂွ နှင့်အသံပေးကာနေလေသည်။

ထိုအခါ ကိုသာစိန်မှာ သူသွေးထားသောဓားရှည်နှင့် ဝက်ကြီး၏လက်နောက်သို့ ရှပ်ခနဲနေအောင်ထိုးချသတ်လိုက်ပါသည်။

ဓားရှည်ဆုံးအောင်မဝင်ခင် ဝက်ကြီးမှာရုန်းလိုက်သဖြင့် ကိုသာစိန်ဓားကိုနုတ်လိုက်ပြီး နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ပါသည်။

ဝက်ကြီးသည် သွေးများ သွေးတန်းဖြင့် အော်တစ်ရင်း ထွက်ပြေးရာ ဝက်ခြံမှာ အခိုင်အမာပြုလုပ်ထားသဖြင့် ခြံစည်းရိုးနှင့်ဝင်တိုးကာ ဒိုင်းခနဲ လဲကျသွားလေ၏။ သွေးတွေကလည်း စီးကျလျက်ရှိပါသည်။

လဲကျသွားသော ဝက်ကြီးအား ဓားနှင့် ထပ်မံထိုးသတ်ရန်အတွက် အနားသို့ချဉ်းကပ်သွားစဉ် ဝက်ခြံနားသို့ လူတစ်ယောက်ရောက်ရှိလာပြီး -

"ကိုသာစိန်ရေ ဝက်သားအချိန် (၂၀) ယူမယ့်လူက ရက်တွက်မှားသွားလို့တဲ့။ မနက်ဖြန်မယူသေးဘူးတဲ့။ သန်ဘက်ခါမှ ဆက်ဆက်ယူမယ် ပြောခိုင်းလိုက်လို့ ခင်ဗျားကိုလာပြောတာ"

ဟု ပြောသဖြင့် ကိုသာစိန်မှ -

"ဝက်ကြီးတစ်ကောင် ငါသတ်နေပြီကွ။ သူက မင်္ဂလာဆောင်မှာ ဧည့်သည်တွေကိုကျွေးဖို့ယူမယ်ဆိုလို့ ကြီးတဲ့ဝက်တောင် ငါသတ်နေတာ။ သူမယူဘူးမှန်း ကြိုသိရင် ဝက်လတ်ပဲသတ်မှာပေါ့ကွာ။ ကိစ္စမရှိဘူး။ ဝက်ကြီးကလည်း မသေသေးဘူး။ ဒီအတိုင်းထားလိုက်မယ်။ ငါထိုးလိုက်တဲ့ဓားချက်ကလည်းပျော့သွားတယ်ကွာ။ ငါးဆယ်သား၊ တစ်ပိဿာ ဝယ်မယ့်သူတွေ သန်ဘက်ခါမှရမယ်လို့ ငါပြန်လိုက်ပြောလိုက်ဦးမယ်"

ဟု ပြောရင်း မသေသေးသော ဝက်ကြီးအား ဒီအတိုင်းသွေးတစ်စက်စက်နှင့်ထားခဲ့ပြီး ကိုသာစိန်ထွက်သွားလေသည်။

■

ထိုနေ့ည (၉) နာရီကျော်ကျော်လောက် စာရေးသူအိပ်ရာဝင်ခဲ့ပါသည်။ ပတ်ဝန်းကျင်သည်လည်း တိတ်ဆိတ်နေပါ၏။

"ဂွီး . . . ဂွီး . . . ဂွီး"

အသံသည် စာရေးသူ၏နားထဲသို့ရောက်ရှိလာပါသည်။ သေချာနားစွင့်၍ ဘယ်ကကြားနေတာလဲဆိုသောစိတ်

ဖြင့် ကြိုးစားနားထောင်နေမိပါသည်။

"ဂူး. . . ဂူး. . . ဂူး"

ဆိုသောအသံသည် ကိုသာစိန်တို့အိမ်ဘက်မှ ကြားနေရခြင်းသာဖြစ်ပါ၏။

သို့အတွက်ကြောင့် အိမ်နီးနားချင်းဖြစ်သဖြင့် ဘာများဖြစ်သလဲသိရန် မတ်မီးဆွဲ၍ ကိုသာစိန်တို့အိမ်ဘက်ဆီသို့ဆင်းသွားခဲ့ပါသည်။

"ဂူး . . . ဂူး. . . ဂူး"

အသံသည် ကိုသာစိန်၏အိမ်သို့ နီးလာလေ ပိုကျယ်လာလေဖြစ်သဖြင့် ကိုသာစိန်၏ အိမ်ကပဲဖြစ်ရမယ်ဆိုပြီး ကိုသာစိန်အိမ်ရှေ့သို့ စာရေးသူရောက်သွားပါသည်။

ကိုသာစိန်တို့ အိပ်ပျော်နေကြပါသည်။

သို့ဖြစ်၍ စာရေးသူမှ -

"ကိုသာစိန် ကိုသာစိန်"

ဟုကျယ်ကျယ်ခေါ်လိုက်ပါသည်။ မနိုးသဖြင့် အိမ်ထရံအားပုတ်၍နှိုးလေမှ နိုးလေသည်။

စာရေးသူ၏ အသံမှန်းသိသဖြင့် ကိုသာစိန်တံခါးဖွင့်ပြီး စာရေးသူအား အိပ်ချင်မူးတူးလေသံဖြင့် -

"ဆရာဘာဖြစ်လို့လဲ"

ဟု ပြောဆိုကာ စာရေးသူအား မော့ကြည့်နေပါသည်။

"ခင်ဗျားဝက်ခြံထဲက ဖြစ်မယ်ထင်တယ်။ အသံတွေကြားနေလို့ဘာများဖြစ်သလဲလို့ ခင်ဗျားတို့ကိုလာနှိုးတာ"

ဟု ပြောလိုက်ရာ ပြောနေရင်းကပင် ဂူးဝူးဆိုသော အသံကြီးထွက်ပေါ်နေသဖြင့် ကိုသာစိန်မှ -

"ဒီအသံလား၊ ဆရာကလည်းဗျာ အိပ်ပျက်လိုက်တာ။ ဝက်ကြီးကို ကျွန်တော်သတ်ထားတာ။ ဝက်သားဝယ်တဲ့လူက နောက်ရက်ကိုပြောင်းသွားတော့ ဝက်ကိုဆက်မသတ်ဘဲ ဒီအတိုင်းထားလိုက်ရတာ။ ဘာမှမဟုတ်ပါဘူး။ ဆရာလည်း အိမ်ပြန်အိပ်ပါ။ ကျွန်တော်လည်း ဒီနေ့သောက်တာများသွားလို့ အရမ်းအိပ်ချင်နေတယ်"

ဟု ဆိုကာ အိမ်ထဲသို့ပြန်ဝင်သွားလေသည်။

ကိုသာစိန်၏ ဝက်ခြံထဲမှာတော့ ဝက်ကြီး၏ မချိမဆံ့အော်သံက ဂူးဝူး နှင့်ပတ်ဝန်းကျင်ကို လွှမ်းမိုးနေပါသည်။

သို့နှင့် စာရေးသူလည်း ဝက်ကြီးအပေါ် ဘယ်လိုမှကယ်တင်နိုင်မှုမရှိနိုင်သဖြင့် ကောင်းရာသုဂတိလားပါစေလို့သာ ဆန္ဒပြုဆုတောင်းပေးရင်း အိမ်သို့ပြန်ခဲ့ရပါသည်။

■

သည်လိုနှင့် တစ်နှစ်ခန့်အကြာတွင် -

ယခုတစ်လော ကိုသာစိန် နေ့စဉ်လိုလို အိမ်သို့ခါတိုင်းနှင့်မတူ လေးကွက်သိုင်းနပ်းသည့်အလား ယိုင်ထိုးယိုင်ထိုးဖြင့် အမူးကြီးမူးကာပြန်လာပါသည်။

သူ၏ဝက်သတ်လုပ်ငန်းကလည်း သူ့အိမ်က ဝက်များသာမက တခြားအိမ်ကမွေးထားသောဝက်များသတ်လျှင်လည်း ကိုသာစိန်အားခေါ်၍သတ်ခိုင်းနေသဖြင့် ကိုသာစိန်သွားရောက်သတ်ပေးရင်း ဝက်သတ်ခိုင်းသူမှ အရက်ကြိုက်တတ်သည့် ကိုသာစိန်ကို အရက်တိုက်လွှတ်ကြသောကြောင့် နေ့တိုင်း အရက်သောက်ဖြစ်နေလေသည်။

နေ့စဉ်ရက်ဆက် ကိုသာစိန်သောက်လာသဖြင့် ကိုသာစိန် အရက်စွဲလာပြီး အရင်လို ညနေဝက်သတ်ခါနီးမှသောက်သော်လည်း နောက်ပိုင်းတွင် နံနက်၊ နေ့ခင်းတို့ပါမကျန် အရက်ကို ထမင်းလွတ်ဟင်းလွတ်ပင် သောက်သုံးနေလေသည်။

သည်လိုနှင့် တစ်နေ့တွင် ဆရာ၊ ဆရာဟုခေါ်ရင်း ကိုသာစိန်၏ ဇနီး မအေးပွင့် စာရေးသူထံ ထိတ်တိုတိုနှင့် ကသုတ်ကယျာရောက်ရှိလာပါသည်။

စာရေးသူကလည်း -

"ဟဲ့ဟဲ့ - မအေးပွင့် ဘယ်လိုဖြစ်တာလဲဟယ် ပျာယီးပျာယာနဲ့"

ဟု မျက်စိမျက်နှာပျက်နေသော မအေးပွင့်အားပြောလိုက်မိပါသည်။

မအေးပွင့်မှ -

"ဒီ. . . ဒီလိုပါဆရာရယ် ကိုသာစိန်အိပ်ရာထဲမှာနိုးကြည့်တော့ ခေါ်မရအော် မရဖြစ်နေပါတယ်။ အဲဒါလိုက်ကြည့်ပေးပါဦးလို့ ဆရာ့ကိုလာခေါ်တာပါ"

ဟု မအေးပွင့်ပြောသဖြင့် အိမ်နီးနားချင်းလည်းဖြစ်နေသောကြောင့်လိုက်သွားလိုက်ပါသည်။

ကိုသာစိန်၏အိပ်ရာဆီသို့ရောက်သည့်အခါ ပါးစပ်ကြီးဟလျက်အသက်ကိုပြင်းပြင်းကြီးရှူရှိုက်နေသည်ကိုတွေ့ရပြီး လှုပ်၍ ကိုသာစိန်၊ ကိုသာစိန်ဟုခေါ်ကြည့်ရာ လုံးဝပြန်မထူးဘဲရှိနေသဖြင့် အခြေအနေမလှသောကြောင့် စက်ရုံဆေးခန်းသို့ တင်ပေးလိုက်ရပါသည်။

ကိုသာစိန်ဆေးခန်းတက်နေချိန်တွင်လည်း စာရေးသူ လူနာအခြေအနေသတင်းမေးရန်ရောက်ရှိသွားခဲ့ပါသည်။

ထိုအခါ ကိုသာစိန်သည် စာရေးသူကိုပင် မျက်မှောင်ကြီးကုတ်ကြည့်ကာ မမှတ်မိဖြစ်နေလေရာ အရက်သောက်လွန်သောကြောင့် အာရုံကြောထိခိုက်သွားဟန်တူပါသည်။

စက်ရုံဆေးခန်းတွင်ကုနေရင်းက အခြေအနေမထူးသဖြင့် စက်ရုံဆရာဝန်မှ ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသရန်လမ်းညွှန်လေသည်။

ရန်ကုန်သို့သွားရောက်ကုသရမှာဖြစ်သဖြင့် မအေးပွင့်မှာ မျက်နှာလေးငယ်ငယ်ဖြင့် ရှိတာလေးရောင်းချပြီး ဆေးကုသရန် ရန်ကုန်ဆေးရုံကြီးသို့သွားခဲ့လေသည်။

■

ကိုသာစိန်တစ်ယောက် ရန်ကုန်သို့ဆေးသွားကုခဲ့သည်မှာ တစ်လကြာမြင့်ခဲ့ပါသည်။ ယခင်က ယခုလို ဖုန်းတွေမရှိသဖြင့် အဆက်အသွယ်မရသောကြောင့် ကိုသာစိန်၏ကျန်းမာရေးအခြေအနေအဆိုး၊ အကောင်းကိုမသိရပေ။

ကိုသာစိန်အကြောင်းတွေးနေရင်းက မကြာမီမှာပဲ ကိုသာစိန် သူ၏အိမ်သို့ပြန်ရောက်နေကြောင်းလာပြောသဖြင့် ကိုသာစိန်အခြေအနေသိချင်နေသော စာရေးသူသည် ချက်ချင်းပင် ကိုသာစိန့်အိမ်သို့သွားခဲ့ပါသည်။

စာရေးသူ ကိုသာစိန်အိမ်ပေါ်သို့ ရောက်သည်နှင့် -

"လူနာကလည်း မသက်သာဘူး ဆရာရေ ရှိတာတွေလည်းကုန်ပြီ။ ကုစရာပိုက်ဆံလည်းမရှိတော့လို့ နောက်ဆုံး ကျွန်မနားကပ်ရောင်းပြီး ကိုသာစိန်ကို အိမ်ပြန်သယ်လာခဲ့ရတယ်"

ဟု မအေးပွင့်မှ ဆီးပြောပါသည်။

ကိုသာစိန်ကတော့ အိပ်ရာပေါ်တွင် ပက်လက်အနေအထားဖြင့် ခေါင်ပါးမြဲ့ထားပြီး မျက်နှာကိုတော့ဖော်ထားပါသည်။

ကိုသာစိန်မှာ အရိုးပေါ်အရေတင် မျက်နှာနှင့် မျက်စိကတော့ မျက်တောင်ခတ်တစ်ချက်မခတ်တစ်ချက်နှင့် မျက်တွင်းဟောက်ပက်ကြီးဖြစ်နေသည်ကို တွေ့ရပါသည်။

စာရေးသူမှ -

"ကိုသာစိန်၊ သတိရရဲ့လား"

ဟု စကားစမိပါသည်။

ကိုသာစိန်ထံမှ ဘာစကားမှ ပြန်မကြားရ။ မအေးပွင့်မှ -

"စကားလည်း မပြောတော့ဘူး ဆရာ၊ ဆီးပိုက်လည်းတန်းလန်း၊ အစာကတော့ အရည်ပဲ ဇွန်းလေးနဲ့ဖြည်းဖြည်းချင်း ပါးစပ်ထဲလောင်းထည့်ပေးရတယ်"

ဟု ရှင်းပြပါသည်။

သို့နှင့် စာရေးသူလည်း ကူညီနိုင်သလောက်ငွေအကူအညီပေးခဲ့ပြီး အိမ်သို့ပြန်ခဲ့ပါသည်။ ကိုသာစိန်၏အသက်ရှင်ရေးလွယ်ကူမည်မထင်တော့ပါ။

ကိုသာစိန် ပြန်ရောက်ပြီး (၃)ရက်မြောက်သည့်ညတွင် စာရေးသူအိပ်နေကျအချိန် ည (၉) နာရီကျော်ကျော်လောက် အိပ်ရာဝင်ပြီး ဟိုဟိုဒီဒီအတွေးများတွေးနေစဉ် ဝူး ဝူး ဝူးဟူသောအသံကြီး စာရေးသူနားထဲသို့ဝင်ရောက်လာပါသည်။

စာရေးသူခေါင်းထောင်ကြည့်လိုက်မိပါသည်။ ဘယ်ကဒီအသံကြီးထွက်နေပါလိမ့်ဟု ထပ်မံနားစိုက်၍ စွင့်ကြည့်မိပါသည်။

သေချာပါသည်။ ကိုသာစိန်တို့အိမ်ကဖြစ်ရမည်။ အသံကတော်တော်ကြီးကျယ်ပါသည်။ သို့ဖြစ်၍ ဘာများဖြစ်ပါလိမ့်မလဲဆိုသည့်အတွေးဖြင့် ကိုသာစိန်အိမ်သို့ဆင်းသွားလိုက်ပါသည်။

မအေးပွင့်မှ စာရေးသူအားနေရာထိုင်ခင်းချပေးရင်း -

"ဆရာရေ၊ ဒီနေ့မှပဲ အဲဒီလိုအသံကြီးဖြစ်လာတာ။ နေ့ဘက်ဆို ဒီလောက်အသံမကျယ်ဘူး။ ညဘက်ကျမှ အဲဒီလိုအသံကြီးဖြစ်နေတာ။ ပတ်ဝန်းကျင်ကိုလည်း အားနာလှပါတယ် ဆရာရယ်။ ကျွန်မလည်း ဘယ်လိုလုပ်ရမှန်းကိုမသိတော့ဘူး"

ဟု ပြောပြပါသည်။

"ဝူး. . . ဝူး. . . ဝူး"

မြည်သောအသံသည် (၅) စက္ကန့် (၁) ကြိမ်နှုန်းဖြင့် အသက်ရှူလိုက်တိုင်းမြည်နေခြင်း ဖြစ်ပါသည်။

ကိုသာစိန်မှာ အသိတရားလုံးဝကင်းစင်နေပြီး အသက်မထွက်နိုင်ဘဲဖြစ်နေရှာပါတော့သည်။

■

ကိုသာစိန်မှာ (၃) ရက်လုံးလုံး ညဘက်ရောက်လျှင် ဝူး ဝူး ဝူးဟူသော အသံကြီးမြည်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင် လူတွေအတွက်လည်း စိတ်မကောင်းဖြစ်နေရုံကလွဲ၍ ဘယ်လိုမှမတတ်နိုင်ကြပေ။

(၃)ရက်မြောက်ပြီး နောက်တစ်နေ့

နံနက်တွင် မအေးပွင့်သည် စာရေးသူထံ ရောက်ရှိလာပြီး ငိုသံကြီးနှင့် -

"ဆရာ၊ ကိုသာစိန်တော့ဆုံးပြီ။ ကျွန်မဘာလုပ်ရမှန်းမသိလို့ ဆရာ့ကို အကူအညီလာတောင်းတာပါ"

ဟု ပြောလာပါသည်။

စာရေးသူလည်း အကူအညီပေးမည်ဖြစ်ကြောင်း နှစ်သိမ့်ပြောဆိုကာ မအေးပွင့်အား သူမအိမ်သို့ ပြန်လွှတ်လိုက်ပါသည်။

"ဪ - ကိုသာစိန် ကိုသာစိန် ခင်ဗျားမသေမရှင်သတ်လိုက်တဲ့ဝက်ကြီးဟာ တန်းမသေရှာသေးဘဲ ဓားဒဏ်ရာကြောင့် ဝေဒနာကိုအကြီးအကျယ်ခံစားပြီးမှ သေသွားခဲ့ရသလို ခင်ဗျားလည်း မသေခင်မှာအော်ဟစ်ပြီး ဝေဒနာပေါင်းများစွာ ခံစားရင်း သေသွားရပါပြီလား။ အင်း - အကုသိုလ်ဝဋ်ကြွေးဟာ နောင်ဘဝတောင်မကူးပါကလားနော်"

စာရေးသူ၏နှုတ်မှ ထွက်ဆိုရင်း သံဝေဂတရားများ နှလုံးသွင်းမိပါလေသည်။

မသေခင်သာရုတ်ရက်၊
သေသေသွားတော့လည်း
ဘာမှမဟုတ်။
မသေခင်သာထောင်ထောင်၊
သေသွားတော့လည်း
အပုပ်ကောင်။
မသေခင်သာကြွားကြွား၊
သေသွားတော့လည်း အလကား။
မသေခင်သာ ငါ့ဟာ ငါ့ဟာ၊
သေသွားတော့လည်း ဘာမှမပါ။

ပြီးနောက် ရပ်ကွက်လူကြီးဖြစ်သော စာရေးသူမှာ နာရေးအတွက် ရပ်ကွက်သူရပ်ကွက်သားများအား လိုက်လံဆော်ဩပြောဆိုလိုက်ပါသည်။

ရပ်ကွက်တွင် ကိုသာစိန်သည် ဝက်သတ်သမားဖြစ်သော်လည်း အများတကာနှင့် ဖော်ဖော်ရွေရွေအဆင်ပြေအောင်ဆက်ဆံပြောဆိုတတ်ပြီး ရပ်ကျိုးရွာကျိုးများကိုလည်း ရှေ့တန်းက တနန်နာခံကာလုပ်တတ်သူဖြစ်သဖြင့် ရပ်ကွက်သူရပ်ကွက်သားများကလည်း ကိုသာစိန်၏နာရေးကို ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြပါသည်။ ထို့ပြင်မက နာရေးအလှူငွေများကိုလည်း ဝိုင်းဝန်းပံ့ပိုးကြသောကြောင့် အကူငွေထိုက်ထိုက်တန်တန်ရကာ မအေးပွင့်ဘဝရပ်တည်ရေးကိုပါ တစ်စိတ်တစ်ဒေသ ရရှိခံစားရသဖြင့် အဆင်ပြေရပါလေသည်။

ထို့ကြောင့် စာရေးသူမှ ထပ်မံ၍ -

"ဪ - ကိုသာစိန် ခင်ဗျားရဲ့ ရပ်ကျိုးရွာကျိုးကို စေတနာထားပြီး ရှေ့တန်းတင်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေဟာလည်း ခင်ဗျားသေသွားသည့်တိုင်ရနေပါသေးလား။ ဟော - မအေးပွင့် ဘဝရပ်တည်ဖို့ အထောက်အကူလေးတစ်ခုလည်းသွားရှာပြီ။ ကုသိုလ်အကျိုးများသည်လည်း လက်ငင်းခံစားရပါလားနော်"

ဟု နှုတ်မှ တဖွဖွပြောဆိုရင်း ကုသိုလ်စိတ်များပွားများမိပါတော့သည်။

ရပ်ကျိုးရွာကျိုး လွန်သယ်ပိုးက ယခုဘဝပင် အကျိုးထင်ဟု ဆိုထားသည်မဟုတ်ပါလား စာရှုသူတို့ရယ်။

ဤဖြစ်ရပ်မှန်ဇာတ်လမ်းသည် လွန်ခဲ့သော (၁၃) နှစ်ကျော်က ဖြစ်ပါသည်။

ယခုဆိုလျှင်လည်း ကိုသာစိန်ဇနီး မအေးပွင့်သည် သူမဘဝရှေ့ရေးမှီခိုရန် နောက်အိမ်ထောင်ပြုကာ ဗုဒ္ဓဘာသာထဲသို့ပင် ဝင်လိုက်ပြီဖြစ်ပါသည်။

ဤဇာတ်လမ်းရေးရန် မအေးပွင့်ထံခွင့်ပန်ပြီး မအေးပွင့်မှ ရေးပါဆရာရယ်ဟု ခွင့်ပြုသဖြင့် အမည်မှန်ဖြင့်ရေးသားကာ အရပ်ဒေသကိုတော့ ချန်လှပ်ကာ တင်ပြထားပါသည်။

သို့ဖြစ်ပါ၍ စာရှုသူများ ဤဝတ္ထုတိုဇာတ်လမ်းလေးအား ဖတ်ရှုရင်းဖြင့် ကိုသာစိန်၏အဖြစ်ကို ရင်မောဖွယ်ရာ သိရှိကြရမှာဖြစ်သဖြင့် တရားနှလုံးသွင်းနိုင်ကြပါလိမ့်မည်ဟု တွေးကောယုံကြည်မိပါသည်။

သုရဇ္ဇမဂ္ဂဇင်းကြီးနှင့်တကွ
စာဖတ်ပရိသတ် [illegible]
အစဉ်လေးစားတန်ဖိုးထား [illegible]

ဦးကိုကိုကြီး([illegible])
ကအေ (၁၂)၊ ထုံးဘို



အရှေ့အရပ်
ဓတရဋ္ဌနတ်မင်းကြီး



တောင်အရပ်
ဝိရူဠှကနတ်ဂဠုန်မင်းကြီး



အနောက်အရပ်
ဝိရူပက္ခနတ်နဂါးမင်းကြီး



မြောက်အရပ်
ကုဝေရနတ်ဘီလူးမင်းကြီး

ရွှေစိုး

စတုမဟာရာဇ်နတ်မင်းကြီးလေးပါး

အနန္တကျေးဇူးတော်ဗုဒ္ဓရှင်တော်မြတ်ကြီးက (၃၁) ဘုံရှိသည်ဟု အတိအလင်း ဟောကြားတော်မူခဲ့ရုံမျှမက ထို (၃၁) ဘုံသားတို့အကြောင်းကိုလည်း ရွှေစိုးတို့လူသားတို့ သိသင့်သိထိုက်သမျှ အလုံးစုံကို တိတိကျကျဟောကြားတော်မူခဲ့ပေသည်။ ထို (၃၁) ဘုံရှိသည့်အနက် လူသားတို့၏ နေ့စဉ်ဘဝဖြစ်စဉ်များနှင့် ဆက်စပ်နေသော လူ့ဘုံနှင့်တစ်ဆက်တည်းတစ်စပ်တည်းတည်ရှိနေသောနတ်ဘုံနှင့် တိရစ္ဆာန်ဘုံပင် ဖြစ်၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တကယ်ရှိသည်ဟု ဆုံးမလေ့ရှိတော်မူသော ကျေးဇူးရှင် သံဃာတော်အရှင်မြတ်ကြီးများ၏ ဩဝါဒကိုသတိရကြသည်ထက် သေလွန်ပြီးလျှင် နတ်ပြည်ရောက်ကြရဖို့နှင့် မသေခင် ယခုလက်ရှိကာလဘဝတို့အချိန်လေးမှာပင်လျှင် ကာမအလိုပြည့်ကြရန်အတွက် ဒေဝါသိကြားမစပါဟု ဆုတောင်းတမ်းတနေကြသည်ကများလှပေသည်။ (၃၁) ဘုံတွင် နတ်ပြည်က (၆) ထပ်၊ ဗြဟ္မာ့ပြည်က (၂၀) ပါဝင်နေသည်။ ရွှေစိုးတို့တ,နေကြသောနတ်တွေက ဘယ်ဘုံကနတ်ဆိုသည်ကို တ,သောသူတိုင်း အာရုံမရောက်ကြ၊ ဂရုလည်းမစိုက်ကြ။ စင်စစ် အရေးကြီးလှသောအချက်ဖြစ်ပါ၏။ အကူအညီတောင်းလိုလျှင် နီးစပ်သောသူကို အကူအညီတောင်းရစမြဲဖြစ်၏။ အဝေးမှတစ်စုံတစ်ယောက်ကို လှမ်းအကူအညီတောင်းက အရောက်နှောင်းတတ်၍ အလာကောင်းသော်လည်း အခါနှောင်းတတ်၏။ ဤအကြောင်းအသေးစိတ်ကို နှောင်ဆောင်းပါးများတွင်ရေးပါမည်။ လတ်တလောအားဖြင့် ရွှေစိုးတို့လူသားများနှင့်တကွ ထွေးရောယှက်တင်နေထိုင်ကြပြီး ရွှေစိုးတို့လောကီလောကုတ္တရာနှစ်ဖြာကောင်းကျိုးတို့ကို ကူညီပေးစွမ်းနိုင်ကြသော စတုမဟာရာဇ်နတ်များဖြစ်ကြသော နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗများအကြောင်းကို ရေးသားခဲ့ပြီးဖြစ်သဖြင့် ထိုနဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ်တို့နှင့်တကွ စတုမဟာရာဇ်နွယ်ဝင်နတ်ကြီးများ၊ နတ်မြွားများ၊ စတုမဟာ ရာဇ်နတ်မျိုးနွယ်သတ္တဝါအားလုံးတို့ အစိုးရကြသောနတ်မင်းကြီးလေးပါးအကြောင်း တင်ပြလိုပါသည်။

စတုမဟာရာဇ်နတ်ပြည်ရှိ နတ်မျိုးနွယ်အားလုံးကို အစိုးရသောနတ်မင်းကြီးလေးပါးရှိ၏။ ထိုနတ်မင်းကြီးလေးပါးတို့သည် မြင်းမိုရ်တောင်တော်ခြေရင်း၌ ဘုံနန်းတည်စံမြန်းတော်မူပြီး ကမ္ဘာ့အရပ်လေးမျက်နှာရှိ နတ်အပေါင်းတို့ကို ထိန်းချုပ်စီမံလျက်ရှိကြသည်။ ထိုနတ်မင်းကြီးလေးပါးတို့သည် ဗုဒ္ဓရှင်တော်မြတ်ကြီး အမှူးရှိတော်မူသော ရဟန္တာအရှင်မြတ်ကြီးများ၊ အရိယာပုဂ္ဂိုလ်များ၏ ဩဝါဒများကို ခံယူကာ သာသနာတော်အကျိုးကို လူသားတို့နှင့် လက်တွဲသယ်ပိုး၏။ ထို့အတူ လူသားလောကကြီးကိုလည်း စောင့်ရှောက်ကြသဖြင့် လောကပါလနတ်မင်းကြီးလေးပါးဟုလည်း ခေါ်ကြ၏။

ဗုဒ္ဓဘာသာအဓိကကိုးကွယ်သော နိုင်ငံများနှင့် ဟိန္ဒူဘာသာဝင်နိုင်ငံများတွင် စတုလောကပါလခေါ် စတုမဟာရာဇ်နတ်မင်းကြီးများကို လက်ခံယုံကြည်ကြ၏။ အများအားဖြင့် စတုလောကပါလ နတ်မင်းကြီးများ အသိများကြ၏။ ဤတွင် ရွှေစိုးလေ့လာစုမှတ်ထားသော နိုင်ငံအချို့မှ စတုမဟာရာဇ်နတ်မင်းကြီးများအကြောင်းကို ဖော်ပြပါမည်။

■ နိုင်ငံအချို့နှင့် စတုလောကပါလနတ်မင်းကြီးများ

သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံများတွင် စတုမဟာရာဇ်ဟု ခေါ်၏၊ လောကပါလနတ်မင်းကြီးများဟုလည်း ခေါ်၏။ စတ္တုရဇနုံဒေဝါဟုလည်း ခေါ်၏။ ကမ္ဘောဒီးယားနိုင်ငံတွင် ထိုင်းပါဠိ အသံထွက်ကိုယူ၍ စတ္တုရဇနုံဒေဝါဟု ခေါ်ကြသည်။ ရွှေစိုးတို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့က စတုမဟာရာဇ်နတ်မင်းကြီးများဟူ၍ လည်းကောင်း၊ စတုလောကပါလနတ်မင်းကြီးများဟူ၍လည်းကောင်းခေါ်ကြ၏။

ဗုဒ္ဓဘာသာဝင်ဗျာရတ်လူမျိုးတို့က တိရင်းဝင်(န်) ဟူ၍ လည်းကောင်း၊ ဆီတိရင်ဝါ(န်) ဟူ၍ လည်းကောင်း၊ ဆီဒါတိရင်ဝါ(န်) ဟူ၍ လည်းကောင်း ခေါ်ကြ၏။ အဓိပ္ပာယ်မှာ မိုးနတ်မင်းကြီးများဟူ၍ဖြစ်၏။ ဗုဒ္ဓဘာသာကိုရီးယားလူမျိုးတို့က ဆာချင်ဝါန်ဟု ခေါ်ကြ၏။ တရုတ် ဘာသာတွင်လည်း ချင်ဝါန်ကို သုံးတတ်သဖြင့် ကိုရီးယားတို့သည်လည်း

ကုဝေရ (မြောက်) ဝိရူဠှက (တောင်) ဓတရဋ္ဌ (အရှေ့) ဝိရူပက္ခ (အနောက်)



တရုတ်စတုလောကပါလနတ်မင်းကြီးလေးပါး

ဂျပန်စတုလောကပါလနတ်မင်းကြီးလေးပါး



ဓတရဋ္ဌ (အရှေ့) ဝိရူဠှက (တောင်) ဝိရူပက္ခ(အနောက်) ကုဝေရ (မြောက်)





ဓတရဋ္ဌနတ်မင်းများ

တရုတ်ကဲ့သို့ပင် မိုးနတ်မင်းကြီးလေးပါးဟု ခေါ်ကြပုံရ၏။ ဗုဒ္ဓဘာသာဝင် ဂျပန်လူမျိုးတို့က ရှိတင်နိုဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ မိုးနတ်မင်းကြီးများ ဟူ၍ပင် ဖြစ်၏။ တိဗက်တို့ကမူ ဂျယက်ချင်ဇီဟုခေါ်၏။ အဓိပ္ပာယ်မှာ နတ်မင်းကြီးလေးပါး ဟူ၍ဖြစ်၏။ မွန်ဂိုလီယန်းလူမျိုး ဗုဒ္ဓဘာသာဝင်တို့တွင်လည်း နတ်မင်းကြီးလေးပါးရှိ၏။ တန်ဂျင်ဒါဘန်ဟန် ဟူ၍ သူတို့ဘာသာအရခေါ် ဆိုကြ၏။ အဓိပ္ပာယ်မှာ မိုးနတ်မင်းကြီးလေးပါး ဟူ၍ပင် ဖြစ်၏။

ဗီယက်နမ်လူမျိုး ဗုဒ္ဓဘာသာအယူဝါဒတွင်လည်း စတုမဟာရာဇ်နတ်မင်းကြီးလေးပါးရှိ၏။ တူထီယင်ဝူရောင်ဟု ဗီယက်နမ်ဘာသာဖြင့်ခေါ်ကြ၏။ အဓိပ္ပာယ်မှာ မိုးနတ်မင်းလေးပါးပင် ဖြစ်၏။ တရုတ်၊ ကိုးရီးယား၊ ဂျပန်၊ တိဗက်၊ ဗီယက်နမ်တို့မှာ တရုတ်လူမျိုးများနှင့် မကင်းရာမကင်းကြောင်း လူမျိုးရေးဆက်နွယ်မှုများရှိနေသဖြင့် အယူအဆ၊ ခံယူမှု၊ ယုံကြည်မှုများမှာ ဆင်ဆင်တူနေသည်ကို တွေ့ရှိရ၏။

လာအို၊ ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့က သီရိလင်္ကာမှ သသက်ရိုက်ဘာသာအသံဖြင့် ကျတုမဟာရာချာ ဟူ၍ လည်းကောင်း၊ ကျတုလောကဘန် ဟူ၍ လည်းကောင်းခေါ်ကြ၏။ မြန်မာသံဖလှယ်ကြည့်ပါက စတုမဟာရာဇ ဟူ၍ လည်းကောင်း၊ စတုလောကပါလ ဟူ၍ လည်းကောင်း နားလည်နိုင်၏။

■ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးနှင့် အရပ်လေးမျက်နှာ

စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် မြင်းမိုရ်တောင်၏ အရှေ့အရပ်၊ တောင်အရပ်၊ အနောက်အရပ်တို့ကို စောင့်ရှောက်ကြသည်ဟုဆိုခဲ့ပြီးဖြစ်၏။ မည်သို့တာဝန်ယူစောင့်ရှောက်ကြသည်ကို ဘုရားရှင်အစရှိတော်မူကြကုန်သော သူတော်ကောင်း ပညာရှိအရှင်မြတ်ကြီးတို့၏ အလိုတော်မြတ်နှင့် ဖော်ပြလိုပါသေးသည်။

ဗုဒ္ဓရှင်တော်မြတ်၏အာဏာတော်စက်နက်သွင်းထားသော အာဋာနာဋိယသုတ်တော်မြတ်၌ -

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိအမှေ့နုရက္ခန္တု၊
အရောဂေန သုခေနစ။

(မြင်းမိုရ်တောင်၏) အရှေ့အရပ်၌ တန်ခိုးကြီးမားသောဘူတနတ်တို့ရှိကြကုန်၏။ ထိုဘူတနတ်တို့သည် ကျွန်ုပ်တို့အား အနာရောဂါကင်းဝေးအောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊
သန္တိဒေဝါ မဟိဒ္ဓိကာ။
တေပိအမှေ့နုရက္ခန္တု၊
အရောဂေန သုခေနစ။

(မြင်းမိုရ်တောင်၏) တောင်အရပ်၌ တန်ခိုးကြီးသောကုမ္ဘဏ်နတ်တို့ရှိကြကုန်၏။ ထိုကုမ္ဘဏ်နတ်တို့သည် ကျွန်ုပ်တို့အား အနာရောဂါကင်းဝေးအောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊
သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိအမှေ့နုရက္ခန္တု၊
အရောဂေန သုခေနစ။

(မြင်းမိုရ်တောင်၏) အနောက်အရပ်၌ တန်ခိုးကြီးသောနဂါးနတ်တို့ရှိကြ၏။ ထိုနတ်နဂါးတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းဝေးအောင်စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဥတ္တရသ္မိံ ဒိသာဘာဂေ၊
သန္တိယက္ခာ မဟိဒ္ဓိကာ။
တေပိအမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

(မြင်းမိုရ်တောင်၏) မြောက်အရပ်၌ တန်ခိုးကြီးသော ယက္ခနတ်တို့ရှိကြ၏။ ထိုနတ်ယက္ခတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းဝေးအောင်စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

အထက်ပါလေးဂါထာဖြင့် အရှေ့အရပ်၌ ဘူတနတ်များ၊ တောင်အရပ်၌ ကုမ္ဘဏ်၊ ယက္ခနတ်များ၊ အနောက်အရပ်၌ နတ်နဂါးများ၊ မြောက်အရပ်၌ နတ်ဘီလူးများရှိနေကြောင်း ထင်ရှားလေပြီ။

ထို့ပြင် မြင်းမိုရ်တောင်၏အရပ်လေးမျက်နှာရှိ နတ်များနှင့် အထူးဖြစ်သော နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗတို့ကို တာဝန်ယူအုပ်ချုပ်ကြရသော နတ်မင်းကြီးလေးပါးရှိကြောင်းကိုလည်း အာဋာနာဋိယသုတ်တော်၌ အောက်ပါအတိုင်းတွေ့ရ၏။

ပုရတ္ထိမေန ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံဒိသံ။
စတ္တာရော တေ မဟာရာဇာ၊
လောကပါလယသဿိနော။
တေပိအမှေ့နုရက္ခန္တု၊
အရောဂေန သုခေနစ။

(မြင်းမိုရ်တောင်၏) အရှေ့အရပ်ကို ဓတရဋ္ဌနတ်မင်းကြီးက တာဝန်ယူစောင့်ရှောက်၏။ တောင်အရပ်ကို ဝိရုဠှကနတ်မင်းကြီးက တာဝန်ယူစောင့်ရှောက်၏။ အနောက်အရပ်ကို ဝိရူပက္ခနတ်မင်းကြီးက တာဝန်ယူစောင့်ရှောက်၏။ မြောက်အရပ်ကို ကုဝေရနတ်မင်းကြီးက တာဝန်ယူစောင့်ရှောက်၏။ ထိုကဲ့သို့သော စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် လောကကြီးကိုလည်း စောင့်ရှောက်တော်မူကြ၏။ ထိုနတ်မင်းကြီးလေးပါးတို့သည် ကျွန်ုပ်တို့အားလည်း အနာရောဂါကင်းဝေးအောင် စောင့်ရှောက်တော်မူကြ၏။ ထိုနတ်မင်းကြီးလေးပါးတို့သည် ကျွန်ုပ်တို့အားလည်း အနာရောဂါကင်းဝေးအောင်စောင့်ရှောက်တော်မူကြပါစေသတည်း။

ထို့ကြောင့် လောကကြီးတွင် နတ်ဆိုးနတ်သွမ်း နတ်သရဲမ်းတို့ကိုထိန်းချုပ်ကြပ်မတ်ကာ လောကကြီးကိုစောင့်ရှောက်နေကြသော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရနတ်မင်းကြီးလေးပါးအမှန်တကယ်ရှိနေသည်မှာ သံသယရှိစရာမလိုတော့ပေ။

ဗုဒ္ဓသာသနာတော်ကြီးတွင် ဘိုးတော်သိကြားဟုယုံကြည်ကိုးကွယ်နေကြသော တာဝတိံသာနတ်ပြည်၌နတ်တို့သခင်သိကြားမင်းကြီးနှင့် အတူပြီးသော စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် အလွန်ပင် အရာတွင်၍တင်ရှားလှပေသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်း လွန်စွာကြည်ညိုကြ၏။ ဗုဒ္ဓရှင်တော်မြတ်ကြီးလက်ထက်တော်တွင်သာမက ဗုဒ္ဓရှင်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ယနေ့ထက်တိုင်အောင် ဗုဒ္ဓရှင်တော်မြတ်ကြီး၏သာသနာတော် မဆုတ်မနစ်မပပျောက်အောင် လူသူတော်သူမြတ်၊နတ်သူတော်သူမြတ်တို့နှင့်လက်တွဲကာ သာသနာတော်အကျိုးကို တာဝန်ယူထားကြရပေသည်။ ထို့ကြောင့်လည်း သိကြားမင်းကြီးနှင့် နတ်မင်းကြီးလေးပါးတို့ကို သာသနာတော်စောင့်နတ်မင်းကြီးများဟု ခေါ်ဝေါ်ပူဇော်ကြသေး၏။

မြန်မာ့သက္ကရာဇ် ၇၆၇ ခုနှစ်ခန့်လောက်တွင် ဇင်းမယ်ရှင်မဟာသီလဝံသ စီရင်တော်မူခဲ့သော ဥပ္ပါတသန္တိကျမ်း၌လည်း စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကိုတိုင်၍ အန္တရာယ်ကင်း၊ ဘေးကင်း၊ ရောဂါကင်းဂါထာပုဒ်များကိုထည့်သွင်းစီရင်ရေးသားပေးတော်မူခဲ့၏။အလွန်ပင်အားပြည့်ဖွယ်ရာဂါထာတော်များဖြစ်၍ လိုလျှင်သုံးနိုင်အောင် ဖော်ပြပါဦးမည်။

■ ဓတရဋ္ဌနတ်မင်းကြီး

ဓတရဋ္ဌနတ်မင်းကြီးသည် အရှေ့အရပ်မျက်နှာ၌နေကုန်သောနတ်တို့ကို ဆုံးမစီရင်တော်မူ၏။ ကုဋေတစ်သိန်းမျှများသောဗိုလ်ပါအခြံအရံရှိတော်မူ၏။ ထိုဓတရဋ္ဌနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌နေကုန်သော ဂန္ဓဗ္ဗနတ်တို့ကို အုပ်စိုးသောမင်းဖြစ်တော်မူ၏။

ထိုဓတရဋ္ဌနတ်မင်းကြီး၏ သားတော်တို့သည် ဂန္ဓဗ္ဗအမည်ရှိကြကုန်၏ ကိုးကျိပ်တစ်ပါးများလှကုန်၏။ [illegible] သော ခွန်အားများသော [illegible] ကုန်၏။ ထိုဓတရဋ္ဌနတ်မင်းကြီးသည် သားတော်တို့နှင့်တကွ [illegible] ခံသိမ်းကိုယ်စိတ် [illegible] ချမ်းသာခြင်းကို ပြုတော်မူပါ [illegible]





တရုတ်၊ ဂျပန်၊ ပါဠိနှင့် ထိဗက်
ဝိရုဠှကနတ်မင်းကြီးများ









ကိုရီးယား၊ ထိဗက်၊ တရုတ်၊ ဂျပန်
ဝိရူပက္ခနတ်မင်းကြီးများ







■ ဝိရုဠှကနတ်မင်းကြီး

ဝိရုဠှကနတ်မင်းကြီးသည် တောင်အရပ်မျက်နှာ၌နေကုန်သော နတ်တို့ကို ဆုံးမစီရင်တော်မူ၏။ ကုဋေတစ်သိန်းမျှ များသော ဗိုလ်ပါအခြံအရံရှိတော်မူ၏။ ထိုဝိရုဠှကနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌နေကုန်သော ကုမ္ဘဏ်တို့ကို အုပ်စိုးသော နတ်မင်းဖြစ်တော်မူ၏။

ထိုဝိရုဠှကနတ်မင်းကြီး၏ သားတော်တို့သည် ဣန္ဒအမည်ရှိကြကုန်၏။ ကိုးကျိပ်တစ်ပါးများလှကုန်၏။ ကြီးမားသောခွန်အားများသော ဗိုလ်ပါရှိကြကုန်၏။ ထိုဝိရုဠှကနတ်မင်းကြီးသည် သားတော်တို့နှင့်တကွ အကျွန်ုပ်တို့အား အခါခပ်သိမ်းကိုယ်စိတ်နှစ်ပြားချမ်းသာခြင်းကိုပြုတော်မူပါလော့။

■ ဝိရူပက္ခနတ်မင်းကြီး

ဝိရူပက္ခနတ်မင်းကြီးမှာ အနောက်အရပ်မျက်နှာ၌နေကုန်သောနတ်တို့ကို ဆုံးမစီရင်တော်မူ၏။ ကုဋေတစ်သိန်းမျှများသော ဗိုလ်ပါအခြံအရံရှိတော်မူ၏။ ထိုဝိရူပက္ခနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌နေကုန်သော နဂါးတို့ကိုအုပ်စိုးသောမင်းဖြစ်တော်မူ၏။

■ ကုဝေရနတ်မင်းကြီး

ကုဝေရနတ်မင်းကြီးသည် မြောက်အရပ်မျက်နှာ၌နေကုန်သောနတ်တို့ကို ဆုံးမစီရင်တော်မူ၏။ ကုဋေတစ်သိန်းမျှများသောဗိုလ်ပါရှိကြကုန်၏၊ ထိုကုဝေရနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌နေကုန်သောဘီလူးတို့ကို အုပ်စိုးသောမင်းဖြစ်တော်မူ၏။

ထိုကုဝေရနတ်မင်းကြီး၏ သားတော်တို့သည် ဣန္ဒအမည်ရှိကြကုန်၏။ ကိုးကျိပ်တစ်ပါးများလှကုန်၏။ ကြီးမားသောခွန်အား များသောဗိုလ်ပါအခြံအရံရှိကြကုန်၏။ ထိုကုဝေရနတ်မင်းကြီးသည် သားတော်တို့နှင့်တကွ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ပြားချမ်းသာခြင်းကို ပြုတော်မူပါလော့။

အထက်ပါပိုင်းတည်မှတ်များသည် ဥပါသကာသို့ပါဠိတော်လာ တိုင်တည်မှတ်ဖြစ်၏။ သီလ၊ သဒ္ဓါ၊ သမာဓိ အထိုက်အလျောက်ပြည့်စုံနေပါက အားထားလောက်သောအစွမ်းသတ္တိဖြင့် ကောင်းကျိုးပြုတတ်ပုံ ကိုယ်တွေ့ဖြစ်ရပ်အချို့ကို လည်းကောင်း၊ သီလ၊ သမာဓိ ပညာ ကံ့လံတော်မူကြကုန်သော ဆရာတော်အရှင်မြတ်ကြီးအချို့နှင့် လူပုဂ္ဂိုလ်အချို့၏ ဩဝါဒစကားများကို လည်းကောင်း ကြားဖူးပါသည်။ အရေးအရာကြုံ၍ လိုအပ်ပါက သုံးနိုင်အောင်ထုံထားသင့်ပါသည်။

စတုမဟာရာဇ်နတ်ပြည်၊ စတုမဟာရာဇ်ဘုံသားတို့သည် ကုသိုလ်ချည်းသီးသန့်အားထုတ်နေကြသည်မဟုတ်။ ကုသိုလ်နှင့်အကုသိုလ်ကိုစိတ်အလိုလိုက်ပြုလုပ်နေကြသူများလည်း တွေ့ရောယှက်တင်ဆက်ဆံနေကြသော စတုမဟာရာဇ်ဘုံသားတို့သည်လည်း အများအပြားရှိ၏။ ထိုသို့သော ဘုံသားတို့တွင်လည်း စိတ်အလိုအလိုက်အကြိုက်ဖြစ်လာကြပြီး ကြိုက်လျှင်ကူညီ၊ မကြိုက်လျှင် နှောင့်ယှက်လုပ်တတ်မျိုးတွေရှိ၏။ အချို့သော စတုမဟာရာဇ်နတ်သားဘုံသားတို့သည် လောဘစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်လွန်စွာကြီးမားကြ၏။ မောဟဖုံးလွှမ်းလေသောအခါ အကောင်းနှင့်အဆိုး၊ လုပ်သင့်၊ မလုပ်သင့်တို့ကို မဆင်ခြင်ကြတော့ဘဲ သာသနာတော်သား သူတော်စင်များကိုပင် ကမ္ဘဇိဒ္ဓိ တန်ခိုးအားကိုးဖြင့် နှောင့်ယှက်နိုပ်စက်ခြင်းများပြုလာကြတတ်၏။ ထို့ကြောင့်ပင် ထိုနတ်ဆိုးနတ်သွမ်းနတ်သရမ်းတို့၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်သော ပရိတ်တော်မြတ်ကို စတုမဟာရာဇ်နတ်မင်းလေးပါးကစီရင်ပြီး ဗုဒ္ဓရှင်တော်မြတ်ထံ ထိုပရိသတ်တော်မြတ်ကို ဆက်လက်ပြီး ဗုဒ္ဓရှင်တော်မြတ်ကြီး၏အာဏာစက်တော်ခတ်နှိပ်ကာ အသိအမှတ်ပြုပေးတော်မူရန် လျှောက်ထားကြ၏။ ဗုဒ္ဓရှင်တော်မြတ်ကြီးလည်း လျှောက်ကန်သည်ကို သိမြင်တော်မူသဖြင့် နတ်မင်းကြီးလေးပါးတို့ဆက်ကပ်လာသော ထိုပရိတ်တော်မြတ်တွင် အာဏာစက်တော်ခတ်နှိပ်ကာ အသိအမှတ်ပြုပေးတော်မူခဲ့လေသည်။ ထိုပရိတ်တော်မြတ်သည်ကား အာဋာနာဋိယပရိတ်တော်ဟုခေါ်၏။ အာဋာနာဋိယနတ်မြို့တော်တွင် စီရင်သဖြင့် မြို့အမည်ကိုစွဲ၍အမည်ပြုထားခြင်းဖြစ်၏။ ထိုအရေးကို ဗုဒ္ဓရှင်တော်မြတ်ထံတွင် ဦးဆောင်



ဟိန္ဒူနတ်မင်းကြီးလေးပါး၊
ဟိန္ဒူဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊
ကုဝေရနတ်မင်းကြီးများ၊

တောင်းခံခဲ့၏။ ကုဝေရနတ်မင်းကြီးသည် ဗုဒ္ဓသာသနာတော်တွင်း၌ ဗုဒ္ဓရှင်တော်မြတ်ထံ အချဉ်းအကပ်များသော ဗုဒ္ဓရှင်တော်မြတ်နှင့် ကျွမ်းဝင်တော်မူသောနတ်မင်းကြီး ဖြစ်၏။ ဗုဒ္ဓသာသနာတော်၌ ဝေဿဝဏ်နတ်မင်းကြီးဟူ၍လည်း အသိများကာ ထင်ရှားလှ၏။

နတ်တို့သနင်းဖြစ်တော်မူသော ဣန္ဒြေဝရာဇာသိကြားမင်းပြီးလျှင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် ဗုဒ္ဓရှင်တော်မြတ်၏သာသနာတော်အား ဘုရားရှင်လက်ထက်တော်ကတည်းက ယနေ့တိုင်အောင် အနီးကပ်၍ စောင့်ရှောက်ခဲ့ဆုံးသော နတ်ဘုံသားများ ဖြစ်၏၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အမှီပြု၍ ဘုရားရှင်သာသနာတော်သားများကိုလည်း သာသနာတော်နှင့်အညီ ကူညီစောင့်ရှောက်ကြသည်မှာလည်း ယနေ့တိုင်အောင်မှုမက ဗုဒ္ဓသာသနာတော်မြတ်ကြီးတည်နေတော်မူသမျှ ကာလပတ်လုံး စောင့်ရှောက်ကူညီကြမည်မှာ စကန်ဖြစ်၏။

ရှေးစိုး၏သဘောထားမှာ ထိုစတုမဟာရာဇ်နတ်မင်းကြီးများသည် ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ရှေ့လက်ထက်တော်တစ်လျှောက် ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်ခဲ့ကြပုံများ၊ သုတ္တန်ဒေသနာတော်များ၊ ပရိတ်တော်များ၊ ပါဠိတော်များနှင့် ကျေးဇူးရှင်ဆရာအရှင်မြတ်များ၏ ဩဝါဒများအရ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီးကိုလည်းကောင်း၊ လူ့ဘုံရှိ သာသနာတော်ဝင် သူတော်စင်ပုဂ္ဂိုလ်များ၊ လောကီလောကုတ္တရာကျင့်မြတ်များကို သာသနာတော်နှင့်အညီကျင့်ကြံကြိုးကုတ်အားထုတ်နေကြသူများကို ဗုဒ္ဓသာသနာတော်မြတ်အား မယုံကြည်မကြည်ညိုကြသော နတ်ဆိုးနတ်သွမ်း၊ နတ်သရမ်းများနှင့်အပေါင်းပါအစေအပါးများ၏ အနှောင့်အယှက်ပြုခြင်းမှ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်လျက်ရှိဆဲပင် ဖြစ်သည်။ ယုံကြည်ကာ အလေးထားပါသည်။

ဤဆောင်းပါးကို ဗုဒ္ဓသာသနာတော်တွင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးရှိနေသည်ဟူသောယုံကြည်ချက်သည် ရှေးစိုးတို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၌သာရှိနေခြင်းမဟုတ်။ အခြားသော ဗုဒ္ဓဘာသာဝင်နိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်လူမျိုးများတွင်လည်း သာသနာတော်စောင့် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကို အလေးထားသော ယုံကြည်မှုမျိုးရှိကြောင်းဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ ဂုဏ်တော်မြတ်အား ကြည်ညိုပီတိပွားစေလိုခြင်းကြောင့်လည်းကောင်း၊ ထိုစတုမဟာရာဇ်နတ်မင်းကြီးလေးပါးသည် ယနေ့တိုင်အောင် သာသနာတော်ကြီးနှင့် သူတော်ကောင်းတို့ကို စောင့်ရှောက်နေဆဲဖြစ်ကြောင်း ဆန်းစစ်ခြင်း၊ လက်ခံယုံကြည်ခြင်းပြုစေလိုခြင်းကြောင့် လည်းကောင်း ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အခြားနိုင်ငံနှင့် လူမျိုးများ၏ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးအကြောင်းကို အမည်နာပမိတ်ဆက်ရုံမျှလောက်သာ ဖော်ပြထားပါသည်။ အကြောင်းအရာအသေးစိတ်ကိုမူ နောင်အလျဉ်းသင့်က ရေးနိုင်ရန် ကြိုးစားပါမည်။

ရှေးစိုးတို့မြန်မာလူမျိုးများလေ့လာလိုက်စားစိတ်ဝင်စားတတ်ကြသောမြန်မာ့ဓလေ့ဂမ္ဘီရပညာရပ်များတွင်လည်း ထိုစတုမဟာရာဇ်မျိုးနွယ်များနှင့် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့နှင့် ဆက်နွယ်နေသော အစီအရင်များရှိနေသည်ကိုလည်းတွေ့ရှိရပါသည်။ ထို့ကြောင့် စတုမဟာရာဇ်နတ်ပြည်သည် လူ့ပြည်နှင့် အထက်အောက်ဆိုသော်လည်း တစ်ဆက်တစ်စပ်တည်းရှိနေသည့်အပြင် စတုမဟာရာဇ် နတ်မျိုးနွယ်များနှင့် စတုမဟာရာဇ်နတ်မင်းကြီးတို့သည် လူ့ပြည်လူ့ဌာန်နှင့် ကူးလူးတုံ့ပြန်ဆက်ဆံလျက်ရှိနေကြသည်မှာ ထင်ရှားလှပါသည်။ ထို့အတူ လူ့ပြည်လူ့ဌာနမှ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံကြသူများသည်လည်းကောင်း၊ ဂမ္ဘီရပညာရှင် သူတော်ကောင်းများသည်လည်း ဘဝဆက်၊ ပဋ္ဌာန်းဆက်ဟုခေါ်ကြသော ရှေးရှေးကအကြောင်းဆက်ရှိခဲ့ကြသူများသည်လည်း စတုမဟာရာဇ်နတ်မင်းကြီးလေးပါးနှင့်တကွ စတုမဟာရာဇ်နတ်တို့ကို ဆက်ဆံခြင်းအပြန်အလှန်ရှိတတ်ကြသည်မှာလည်း ထင်ရှားလျက်ပါသည်။

သို့ဖြစ်ပါ၍ နတ်နှင့်လူအပြန်အလှန် မေတ္တာ၊ စေတနာထားကြကာ သာသနာတော်ကြီးအကျိုး၊ လောကကြီးအကျိုး၊ ဆွေတော်မျိုးတော်တို့အကျိုး၊ မိမိ၏ဘဝစီးပွားပြည့်စုံရေးအထောက်အပံ့အကျိုးတို့ကို ဆက်စပ်ဆောင်ရွက်လိုကြသော ယုံကြည်သူများအတွက် အားပေးကာ သဲလွန်စအမျှ ဖော်ပြလိုက်ရပါသည်။

ခွန်ဦး

နတ်မောက်မင်းသန့်နိုင်
ရေယုန်နာပေါက် မုချပျောက်နည်း

ရေယုန်နာသည် အပူနာတစ်မျိုးဖြစ်ပြီး လူ၏ခါးပတ်ပတ်လည်တွင် အပေါက်များပါသည်။ ရေအိတ်အရည်ကြည်လေးများလေးငါးဆယ်လုံးစုပေါက်ပြီးအောင့်သောဝေဒနာခံစားရပါသည်။

ရေယုန်ပျောက်စေသည့်ဆေးနည်းများစွာရှိပါသည်။ သို့သော် ကျွန်ုပ်လက်တွေ့အသုံးပြုကုသပေးပြီး အမြန်ပျောက်ကင်းခဲ့သည့်နည်းအချို့ကိုသာ တင်ပြအပ်ပါသည်။

အညာဒေသ တောထဲတွင် အလေ့ကျပေါက်ရောက်သောကျွန်းသစ်အပင်များရှိပါသည်။ ဖုထစ်ရွက်ကြပုကြကြကျွန်းပင်များဖြစ်၍ နေအိမ်ပရိဘောဂအတွက် သုံးမဖြစ်ပါ။ ထိုအပင်များမှ အသီး(ကျွန်းသီး)များကို ပျိုးထောင်စိုက်ပျိုးနိုင်ရန် ကောက်ယူရောင်းချလေ့သာရှိပါသည်။ ၎င်းကျွန်းပင်များအောက်တွင် ခြောက်သွေ့ကျိုးကျကြွေကျသော ကျွန်းသားကိုင်းခြောက်လေးများရှိတတ်ပါသည်။ ထိုကျွန်းကိုင်းခြောက်လေးများကို မီးရှို့သောအခါ ပြာနုနုလေးများရရှိပါသည်။ ၎င်းကျွန်းပြာနုနုလေးများကို ထမင်းရည်နှင့်ပျစ်ပျစ်ဖျော်ပြီး ရေယုန်နာကို တစ်နေ့သုံးကြိမ်မှ ငါးကြိမ်အထိ လိမ်းပေးနိုင်ပါသည်။ နှစ်ရက်သုံးရက်အတွင်း ရေယုန်နာပျောက်ကင်းသွားပါသည်။

ထို့အပြင် ခွေးတောက်နွယ်ပင်မှ အရွက်ရင့်ရင့်စိမ်းစိမ်းစိုစိုများခူးယူပြီး ရေဆေးကာ ကြိတ်ခြေ၍ အရည်ညှစ်ယူလိမ်းပေးပါ။ ယုန်ကို ခွေးကနိုင်ပါသည်။ ရေယုန်နာပျောက်ပါသည်။

နောက်တစ်နည်းမှာ အောက်အရပ်တွင် အသုံးပြုသည့် ဓနိသက်ငယ်ခြောက်ကိုမီးရှို့ရသောပြာကို ထမင်းရည်နှင့် ဖျော်လိမ်းပေးပါ။ မုချ ရေယုန်ပျောက်ပါသည်။

အထက်ပါနည်းများသည် ကျွန်ုပ်လက်တွေ့ အသုံးပြု ကုသပျောက်ကင်းစေသည့် ရေယုန်နာပျောက်ကင်းနည်းများဖြစ်၍ တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

ဗန်းမော်ညီသု

ဆီးချိုသွေးချို အမြစ်ပြတ်ဆေးတွေ့ပြီ

မထင်မှတ်ဘဲ ဆရာတော်ဦးပညာဒီပအား မင်းစည်ကျောင်းကထိန်မှာ ပြန်တွေ့လိုက်ပါတယ်။ ဝဝတုတ်တုတ်ခဲ့ခဲ့ ညားညားနဲ့ဖြစ်နေတဲ့အတွက် ကျွန်တော် အံ့ဩသွားပါတယ်။ မနှစ်ကတွေ့တုန်းက ဆရာတော်ဟာ ပိန်ပိန်ခြောက်ခြောက်နဲ့ ကျန်းမာရေးအားမရအောင်ဖြစ်နေပါတယ်။ အသက်များရှည်ပါ့ဖလားဆိုတဲ့ စိုးရိမ်မှုဟာ ကျွန်တော့်နှလုံးသားကို လွှမ်းမိုးသွားခဲ့ပါတယ်။ ဒါကြောင့် ဆရာတော်ကို မေးလျှောက်ကြည့်လိုက်ပါတယ်။

"ဆရာတော်ဘာရောဂါများဖြစ်လို့ ဒီလောက်ပိန်ကျသွားတာလဲ ဘုရား"

"ဒကာကြီး၊ ကျုပ်ပိန်ကျသွားတာ တခြားရောဂါမဟုတ်ဘူး။ ဆီးချိုသွေးချို သွေးတိုးဗျ။ပထမတုန်းကတော့ ဒီရောဂါတွေဖြစ်နေမှန်းကျုပ်မသိခဲ့ဘူး။ စားချင်တာတွေစားပြီးနေလာခဲ့တာ။ လွန်ခဲ့တဲ့ (၁၅) ရက်ခန့်က ထိုးမုန့်ရယ်၊ လျှာပေါ်ဝဲမုန့်ရယ်၊ လက်ဖက်ရည်ချိုချိုတစ်ခွက် သောက်လိုက်တာ ကျုပ်ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ကမ္ဘာကြီးပတ်ချာလည်ပြီး ကျုပ်ဆေးရုံပေါ် ရောက်တော့တာပဲ။ သွေးတိုးက အလွန်များနေတယ်။ ဆီးချိုနဲ့ သွေးချိုက ဂိတ်ဆုံးနေတယ်လို့ ဆရာဝန်ကြီးက စစ်ဆေးချက်မှတ်တမ်းကိုဖတ်ပြီး ပြောလိုက်မှ ဒီရောဂါတွေ ကျုပ်ဆီမှာဖြစ်နေမှန်းသိရတယ်။ ကျုပ်တော်တော်ကြောက်သွားတယ်။ အခုဆေးရုံတက်နေတယ်။ နည်းနည်းသက်သာလို့ ဆရာတော်ကြီးကလည်း ကထိန်ပင့်လို့ ဆေးရုံကနေခွင့်တောင်းပြီးကထိန်ကိုလာခဲ့တာပါ"

အဲဒီအချိန်ကစပြီး ဆရာတော်ပညာဒီပနှင့် ကျွန်တော် မတွေ့ဖြစ်တာ တစ်နှစ်ကြာခဲ့ပါပြီ။ ဆရာတော်က ဗန်းမော်ကျွန်းကြီး ညောင်ကုန်းကျောင်း ဆရာတော်ဖြစ်ပါတယ်။ ဧရာဝတီတစ်ဖက်ကမ်းမှာရှိပြီး ဗန်းမော်မြို့နဲ့ (၃) မိုင်ဝေးပါတယ်။ ဆရာတော်ဟာ မင်းစည်ကျောင်းတိုက်မှာ ခန်းနေဦးပဉ္စင်းတစ်ပါးအဖြစ်နေသွားလို့ ကျွန်တော်နဲ့အင်မတန်ရင်းနှီးခဲ့ပါတယ်။ ကျွန်တော်လည်း ဆရာတော်နဲ့ နောက်ဆုံးတွေ့ပြီးတဲ့နောက် စစ်ကိုင်းမှာနေတဲ့သားကခေါ်လို့ စစ်ကိုင်းမှာ တစ်နှစ်နီးပါးကြာခဲ့ပါတယ်။ ဒါကြောင့် ဆရာတော်နဲ့ မတွေ့ဖြစ်ခဲ့တာ ပါ။

အခုပြန်တွေ့တော့လည်း မင်းစည်ကျောင်းကထိန်မှာပဲဖြစ်ပါတယ်။ ဆရာတော်ကို တွေ့တွေ့ချင်းမေးလျှောက်လိုက်ပါတယ်။

"ဆရာတော်ဘုရား၊ မနှစ်က ဆရာတော်ကိုတွေ့တော့ ပိန်ပိန်ညောင်ညောင်နဲ့တွေ့လိုက်ရပါတယ်။ ဆရာတော် ပြောတော့ ဆီးချိုသွေးချို သွေးတိုး ရောဂါဖြစ်နေကြောင်း သိခဲ့ရပါတယ် ဘုရား။ အဲဒါဘယ်လိုပျောက်သွားသလဲဆိုတာ တပည့်တော်ကို အမိန့်ရှိပါဦး ဘုရား"

"ဒကာကြီး၊ ဆရာဝန်ကြီးနဲ့ဆရာမတွေရဲ့ ကြိုးစားကုသမှုကြောင့် ရောဂါသက်သာလာခဲ့ပါတယ်။ ဒါပေမယ့် ရှင်းရှင်းတော့မပျောက်သေးပါဘူး။ ဆေးထိုးဆေးစားနဲ့ (၁) လလောက်ကြာတော့ ငွေ (၄)သိန်းလောက်ကုန်ခဲ့ပါတယ်။ ရွာက ဒကာဒကာမတွေကလာကြိုတာနဲ့ ဆရာဝန်ကြီးကလည်း ခွင့်ပြုတာနဲ့ ရွာကိုပြန်ခဲ့ပါတယ်။ ရွာကနေ နေ့စဉ် မော်တော်လေးနဲ့လာပြီး ပုဂ္ဂလိကဆေးခန်းမှာ ဆေးထိုးခဲ့ပါတယ်။ (၆) သိန်းလောက်ကုန်ကျခဲ့ပါတယ်။ ဒါပေမယ့် မပျောက်ဘူးဗျ။ သက်သာရုံပဲရှိတယ်။ အစားမှားရင်မှား သလိုဖြစ်တယ်။ ပြန်ခံစားရတယ်။

တစ်နေ့ ဒကာမကြီးဒေါ်သိန်းမြ ကျောင်းကိုရောက်လာပါတယ်။ သူ့လက်ထဲမှာ ပလတ်စတစ်အိတ်အကြီးကြီးနဲ့ အရွက်အခေါက်တွေပါလာတာကို တွေ့လိုက်ရတယ်။

'ဒကာမကြီးဘာကိစ္စများရှိလို့လဲ'

'ဘာကိစ္စမှတော့မရှိပါဘူးဘုရား။ ဆရာတော့်ကို ဆေးပေးချင်လို့ လာခဲ့တာပါ။ ဒီဆေးဟာ ဆပ်ပြာသီးအပင်ရဲ့ အခေါက်နဲ့အရွက်တွေပါဘုရား။ အလွန်အဖိုးတန်တဲ့ဆေးပါ။ အရွက်နဲ့အခေါက်ကိုပြုတ်ပြီး လက်ဖက်ရည်ကြမ်းသောက်သလို ခဏခဏသောက်ပေးရင် ဆရာတော်မှာဖြစ်နေတဲ့ ဆီးချိုသွေးချိုနဲ့သွေးတိုးရောဂါဟာ လုံးဝပျောက်မှာ ဘုရား။ အစားမှားရင် မကြာမကြာဖြစ်နေတဲ့ ဆရာတော်ရဲ့ရောဂါဟာ ဘယ်တော့မှ မပေါ်ဘဲ အမြစ်ပြတ်သွားပါလိမ့်မယ် ဘုရား။ ဘာဖြစ်လို့ ဒီလိုလျှောက်ရသလဲဆိုတော့ တပည့်တော်မကိုယ်တိုင် ဒီရောဂါမျိုးဖြစ်ခဲ့လို့ပါဘုရား။ ဖြစ်တဲ့အချိန်တုန်းက တပည့်တော်မရဲ့အသက်ဟာ (၃၀) ပဲရှိပါသေးတယ်။ အပြင်ဆေးခန်းများနဲ့ ဆေးရုံကြီးမှာ ကုသပေမယ့် မပျောက်ခဲ့ပါဘူး။ ခဏခဏပြန်ပေါ်ပါတယ်။ ဖြင်ဦးလွင်က တပည့်တော် အစ်ကိုကခေါ်လို့လည်း အဲဒီမှာသွားပြီး ဆေးကုသပါတယ်။ဒါပေမယ့် မပျောက်ဘူးဘုရား။ မကြာခဏပြန်ပေါ်နေလို့ရွာကိုပြန်ခဲ့ပါတယ်။ အဘွားဒေါ်သုန်က ဒီဆပ်ပြာခေါက်ကို အရွက်နဲ့အတူပြုတ်တိုက်ပါတယ်။ 'ဆပ်ပြာခေါက် ဆီးချိုပျောက်' စကားလေးနဲ့ အဘွားရဲ့ဆပ်ပြာခေါက်ပြုတ်ရည်ကိုသောက်ခဲ့ရပါတယ်ဘုရား။ အဲဒီသောက်တဲ့အချိန်ကစပြီး ဆီးချိုသွေးချိုနဲ့ သွေးတိုးဟာ လုံးဝမပေါ်ခဲ့တော့ဘူး။ ဘာစားစားဘာသောက်သောက် ဘာမှမဖြစ်တော့ဘူး။ အခုအသက် (၆၀)ဆိုရင် နှစ်ပေါင်း(၃၀) ရှိခဲ့ပါပြီဘုရား။ ဆရာတော်ဟာ ဆေးရုံမှာလည်းမပျောက်၊ ဆေးခန်းမှာလည်း မပျောက်ဆိုတာနဲ့ ဒီဆေးကို လာလှူရခြင်း ဖြစ်ပါတယ်။ ဆရာတော်ပြုတ်ပြီး သောက်ကြည့်ပါ။ တပည့်တော်တာဝန်ခံပါတယ်။ ဆရာတော်ရဲ့ရောဂါဟာ ပျောက်ကိုပျောက်ရမယ်ဆိုတာပါဘုရား'

ဒေါ်သိန်းမြပေးတဲ့ ဆပ်ပြာခေါက်နဲ့အရွက်ကို ပြုတ်ပြီးသောက်တဲ့အချိန်ကစပြီး ကျုပ်ဘာမှမဖြစ်တော့ဘူး။ (၃)လလောက်သောက်ပြီးတော့ မတည့်တဲ့ အစာမှန်သမျှစားကြည့်တယ်။ ဘာမှဖြစ်မလာခဲ့ဘူး။ ဘာရောဂါမှလည်းမပေါ်ခဲ့တော့ဘူး။ ဆေးစစ်ကြည့်တော့လည်း ဘာရောဂါမှမတွေ့ရတော့ဘူးလို့ ဆရာဝန်ကပြောတယ်။

ဒါကြောင့် ဒကာကြီးကိုကျုပ်ပြောမယ်။ ဒကာကြီးဟာ စာရေးဆရာဖြစ်လို့ မြန်မာပြည်မှာရှိတဲ့လူများ (ဆီးချိုသွေးချို၊ သွေးတိုးရှိနေတဲ့သူများ) အမြစ်ပြတ်တဲ့ဆပ်ပြာသီးခေါက်နဲ့ အရွက်ကို ပြုတ်သောက်ကြပါလို့ လှုံ့ဆော်တိုက်တွန်းတဲ့ စာလေးရေးပါဦးလို့ ဒကာကြီးကို ကျုပ်မေတ္တာရပ်ခံပါတယ်။

ဗန်းမော်ညီသု

ဂျာနယ်လင်းထက်(တာဝေဗီဟာန်[illegible])

ဒွေးမယ်နော်ဘိုပျော်စံရာ ကယားဒေသ ငွေတောင်ပြည်သို့ အလည်တစ်ခေါက်

မြို့ဘဝ်စေတီတော်

လွိုင်ကော်မြို့မှ မြို့ဘဝ်စေတီကြီး

လွိုင်ကော်မြို့မှ တောင်ကွဲစေတီ

ကျွန်ုပ် ကယားဒေသသို့ မရောက်ဘူးပါ။ ရောက်ဖူးသည့်ပန်းချီကိုဆိုးအောင်ကကြွားသည်။ ကျွန်ုပ်မှာ သူကြွားသမျှ ငုံ့ခံနေရသည်။ ရှုခင်းတွေလှနက်စွာလှပကြောင်း၊ ကယားကယန်းတိုင်းရင်းသားများ၏ ဝတ်စားနေထိုင်သည့်ဓလေ့ကို သူပြောပြသသောအခါ စိတ်ထဲမှကြိမ်းဝါးနေမိသည်။ ကယားဒေသကိုရောက်အောင်သွားမည်ဟုဆုံးဖြတ်လိုက်ခြင်းပင်တည်း။

နောက်ရက်သတ္တတစ်ပတ်ခန့်မှာတော့ ရန်ကုန်အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ လုမ္ဗိနီရန်ကုန်-တောင်ကြီးကားလိုင်းဖြင့် နံနက် (၈) နာရီမှာ ခရီးစတင်ထွက်ခွာခဲ့ပါသည်။ ကျောပိုးအိတ်ထဲမှာ အဝတ်အစားအနည်းငယ်ထည့်၊ ရေးဖတ်စရာ စာရွက်လွှတ်၊ စာအုပ်များနှင့် ဘေးလွယ်အိတ်ထဲမှာ လက်စွဲတော်ကျွန်ုပ်ကင်မရာ 5.D MARK-2 အား ကင်န့်တယ်လီ ၇၀-၃၀၀ mm အားတပ်ပြီး လမ်းခရီးတစ်လျှောက် ဓာတ်ပုံတဖျပ်ဖျပ်ရိုက်ရင်း တောင်ကြီးသို့ချီတက်ခဲ့၏။

တောင်ကြီးကိုရောက်တော့ ည (၈) နာရီထိုးနေပြီ ဖြစ်သည်။ တောင်ကြီးမှာ မိုးကမပြတ်သေးဖွဲဖွဲရွာနေ၏။ ကားလိုင်းမှမှန်လုံကားသေးဖြင့် ခရီးသည်များအား တည်းခိုမည့်နေရာအရောက်လိုက်ပို့ပေးပါသည်။ နောက်ဆုံးကားပေါ်မှာ တောင်ကြီးမြို့၏မျက်နှာစိမ်းကျွန်ုပ်သာ ကျန်နေ၏။ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ တစ်ခုမှအခန်းလွတ်မရှိပါ။ တောင်ကြီးမီးပုံးပျံပွဲအားလာကြမည့်သူတွေက အခန်းတွေကို ကြိုတင်ဘွတ်ကင်လုပ်ထားကြ၍ လူမရှိသေးသော်လည်း အခန်းလွတ်မရှိခြင်း ဖြစ်ပါသည်။ နောက်ဆုံးမြို့လယ်ကောင် ဗိုလ်ချုပ်လမ်းရှိ ဟိုတယ်တစ်ခုတွင် တောင်းတောင်းပန်ပန်ဖြင့် တစ်[illegible] သာတည်းမည့်အကြောင်း၊ စာ[illegible] ဖြစ်ကြောင်း၊ နောက်နေ့နံနက်[illegible] သို့ခရီးဆက်ပါမည့်အကြေ[illegible] ပြောဆိုမှ ဟိုတယ်မ[illegible] ပေါက်သွားပြီး [illegible] ပေး၏။ တည်[illegible] တစ်ည(၅)[illegible]

တဲ့။ဈေးကြီးသည့်တောင်ကြီးဟိုတယ်ခန်းဖြစ်သည်။ ထိုမှာမှမတည်းလျှင် ကျွန်ုပ်လမ်းဘေးမှာ အိပ်ရတော့မည်။ တည်းလိုက်ရပါသည်။ သွားပေတော့ တစ်ည (၄) သောင်း။

နောက်နေ့နံနက်မှာ တောင်ကြီးမြို့မဈေးထိပ်မှ ဆိုင်ကယ်ကယ်ရီမောင်းသည့်လူတစ်ယောက်နှင့်ခင်သွားသည်။ ဈေးသက်သာစွာဖြင့် တောင်ချွန်းနှင့်မြစ်မ်းတောင်သို့လိုက်ပို့၏။ တောင်ပေါ်မှနေ၍ တောင်ကြီးမြို့ရှုခင်းအား ဓာတ်ပုံရိုက်ပြီး ဆီဆိုင်ကားဂိတ်သို့သွားသည်။ မှန်လုံကားလေးတွေစီးရမှာ ကျွန်ုပ်နှင့် ဘယ်လိုမှမဆင်မပြေပါ။ ကျွန်ုပ်က လမ်းခရီးတစ်လျှောက် ရှုခင်းများအား ဓာတ်ပုံရိုက်လိုသည်။ ကားလေးမှာက ခရီးသည်တွေကျပ်သပ်နေ၏။ နောက်ဆုံး ဆိုင်ကယ်ကယ်ရီလူငယ်က ဆီဆိုင်သို့သူလိုက်ပို့ပေးမည်။ ငွေ (၃) သောင်းသာပေးပါဟုဆိုလာသည်။ ကျွန်ုပ်ခေါင်းညိတ်ပြလိုက်သည်။ မြန်မာတိုင်းနေ့စဉ်သတင်းစာမှ အယ်ဒီတာဆရာကိုဖေဒိုက ဟိုပုန်းမှ ပရဟိတဆရာတော်အားဝင်တွေ့ဖြစ်အောင်တွေ့ပါဟု ဆိုလာ၍ ဟိုပုန်းသို့ အရင်ဝင်မည့်အကြောင်းကယ်ရီသမားအား ပြောပြရ၏။ ကျွန်ုပ်တို့ဆိုင်ကယ်လေး ဟိုပုန်းခရီးသို့စတင်ခဲ့ပြီဖြစ်ပါတော့သည်။

■

တောင်တရုတ်ပင်လယ်မှာဖြစ်ပေါ်နေသော မုန်တိုင်း၏အရှိန်ကြောင့် ရှမ်းကုန်းပြင်မြင့်တစ်ခွင်အား တိမ်စိုင်တိမ်လိပ်တို့ အုပ်စိုးမင်းမူနေကြ၏။ တစ်ခါတစ်ရံမှသာ နေရောင်သည် တိမ်မည်းအုပ်ကြားမှပြူထွက်ခွင့်ရသည်။ ကားလမ်းအရှေ့ဘက်မဲနယ်တောင်တန်းကြီးနှင့် အနောက်ဘက်ဆင်တောင်တန်းကြီးတို့မှာတိမ်အုပ်တို့တွဲလွဲခိုနေကြသည်။

"ဆရာ၊ မိုးရွာလိမ့်မယ်"

"ဟုတ်တယ်ဗျ ကျွန်တော်လည်း ကင်မရာရေစိုမှာကြောက်နေတယ်"

"ဒီလိုလုပ်ပါလား ဟိုပုန်းနောက်ရင် မိုးကာတစ်ထည်ဝယ်လိုက်ပေါ့။ မိုးက စိတ်မချရဘူး မိုးကာသာဝတ်ထား"

ကျွန်ုပ်၏ခရီးစဉ်မှာ ဆီဆိုင်၌ခဏဝင်နားပြီး မိတ်ဆွေများနှင့်တွေ့မည်။ ပြီးမှ လွိုင်ကော်သို့ခရီးဆက်ရန်ဖြစ်သည်။ တောင်ကြီးမှ ဟိုပုန်းသည် (၁၂) မိုင်သာဝေး၏။ ကားလမ်းသည် တောင်တန်းငယ်လေးများအား မော့တက်သွားလိုက်၊ ပြေးဆင်းသွားလိုက်ဖြင့် ဆိုင်ကယ်သမားအတွက် မောင်းရသည်မှာ ပြဿနာမရှိ။ ယခင်မဆလခေတ်က ဤလမ်းသည် ကျောက်ခင်းလမ်းကျဉ်းအဆင့်သာရှိခဲ့၏။ တောင်ကြီး-ဟိုပုံး-ဆီဆိုင်-လွိုင်ကော်လမ်းပိုင်း၌ ဆီဆိုင်အထိသာ ကားတစ်စီးမောင်းလို့ရသည်။ ကျောက်ကြောလမ်းသာသာဖြစ်၏။ နယ်မြေမအေးချမ်းမှုနှင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးအား ဂရုမစိုက်ခဲ့သော အာဏာရှင်ဦးနေဝင်း

ဒီးမော့ဆိုမြို့နယ်မှ ငွေသင်္ကန်းများ ကပ်လှူထားသော ရွှေကြက်တောင်စေတီ

တောင်ကွဲစေတီပေါ်ရှိ ကျိုက်ထီးရိုးစေတီ

တောင်ကွဲစေတီပေါ်ရှိ စေတီပုထိုးများ

ခေတ်မှာ ဒေသခံများသည် ဘာမှဝေဖန်ပြင်းမရှိ။ ဖြစ်သလိုသာ ကူးသန်းဆက်သွယ်နေခဲ့ကြသည်။ ကားလမ်း၏ယာဘက်ကွင်းပြန့်တွင် စပါးခင်းများရင့်မှည့်စပြုနေသည်ကိုတွေ့ရ၏။ ပြောင်းခင်းအများအပြားကိုလည်း တွေ့ရသည်။ ကားလမ်းဝဲဘက်မှာ အများအားဖြင့် ရှာတည်ထားသည်ကို တွေ့ရသည်။

ဆလတ်၊ မုန်ညင်း၊ ချင်း၊ ကြက်သွန်မြိတ်ပဲပုပ်တို့ကို ကားလမ်းဝဲဘက်ကျေးရွာများအနီးတွင် စိုက်ပျိုးထားကြသည်။ ကားလမ်းအရှေ့ဘက်သည် မဲနယ်တောင်ကြောနှင့် နီးကပ်စွာတည်ရှိပြီး ပအို့ဝ်တိုင်းရင်းသားတို့က တောင်ခြေဟောင်တန်းငယ်လေးများမှာရွာတည်၍နေထိုင်ကြသည်။ ကားလမ်းတစ်လျှောက်တွင် ပေါင်လင်း၊ ဟဲလုံ၊ ကောင်ငင်း အစရှိသောရွာလေးများတွေ့ရသည်။

"ဆရာဟိုပုန်းမှာကြာမှာလား"

"မကြာပါဘူး၊ ဟိုပုန်းမြို့ထဲဝင်ပြီး အရှေ့ဘက်လမ်းအတိုင်း,နောင်တောင်းဘုန်းကြီးကျောင်းကိုသွားလိုက်။ ခဏပါ ဆရာတော်နဲ့ဝင်တွေ့ပြီးတာနဲ့ ဆီဆိုင်ကို ခရီးဆက်မယ်"

ဟိုပုန်းမြို့နယ် နောင်တောင်းကျေးရွာ ဘုန်းတော်ကြီးသင်ပရဟိတပညာရေးကျောင်းသို့ ရောက်ခဲ့ပါသည်။ ကျောင်းသားဦးရေ(၂၀၀၀)ကျော်ရှိသည်။ အများစုသည် ကျောင်းအိပ်ကျောင်းစားများဖြစ်ကြသည်။ မြန်မာပြည်အနှံ့ ကျွန်ုပ်တွေ့ခဲ့ဖူးသော ပရဟိတကျောင်းများအနက် အကြီးဆုံးကျောင်းဖြစ်၏။ ဆရာတော်၏လောကတ္ထစရိယတာဝန်သည် ကြီးမားပါပေစွတကား။ ကျောင်းသားလေးများ၏ စားဝတ်နေရေး၊ ပညာသင်ကြားရေးသည် ဆရာတော်၏တာဝန်ဖြစ်နေသည်ကို တွေ့ရ၏။ မြန်မာနိုင်ငံလုံးဆိုင်ရာဘုန်းတော်ကြီးသင်ပညာရေးကျောင်းများညီလာခံကို ထိုကျောင်းမှာပင် ကျင်းပခဲ့သည်ဟုဆိုပါသည်။ နောင်တောင်းမှထွက်ပြီး ခရီးဆက်ခဲ့သည်။

နောင်မွန်၊ ဘန်းယဉ်၊ ဆိုက်ခေါင် အစရှိသောရွာကြီးတွေကို ဖြတ်သန်းခဲ့သည်။ နောင်မွန်သည် ဒေသထွက်ဆန်ကြောင့် တောင်ပိုင်းရှမ်းပြည်တွင်နာမည်ကြီး၏။ နောင်ခွန်ဆန်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ပေါ်ဆန်၊ ရွှေဘိုပေါ်ဆန်းကဲ့သို့ နာမည်ကြီး၏။ ဘန်းယဉ်မှ အင်းလေးကန်အရှေ့ဘက် မွေတော်ကက္ကူသို့သွားသောကားလမ်းရှိသည်။ ဆီဆိုင်မှ တချို့သူတွေ ဆိုင်ကယ်ဖြင့် တောင်ကြီးသို့လာမည်ဆိုလျှင် ထိုလမ်းမှ တစ်ဆင့်သွားကြသည်။ဆီဆိုင်-ဟောပုံးမှ ပုံမှန်ကားလမ်းထက် (၁၀) မိုင်ခန့် ရှိသွားသည်ကိုတွေ့ရသည်။

ဆိုက်ခေါင်သည် [illegible] လည်း ဆီဆိုင်မြို့ထက် စည်ကား၏။ ဆီဆိုင်မြို့အရှေ့ဘက် လွယ်သာမိုးတောင်ကြောအလွန် [illegible] မြို့နယ်မှလာ

တောင်ကွဲစေတီပေါ်ရှိ စေတီများ

တောင်ကွဲမြို့ မြစ်ခံတောင်ပေါ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး

သာသနာ့ဗိမာန်တော်ကြီး

သောကားလမ်းသည် ဆိုက်ခေါင်မှာဆုံ၏။ ထို့ပြင် အနောက်ဘက်လွယ်တွန်တောင်ကြောအားဖြတ်ပြီး အင်းလေးကန်တွင်းရှိ နန်းပန်ရွာနှင့်လည်း ကားလမ်းဆက်သွယ်ထား၏။ နန်းပန်မှ စံကားသို့ ကားလမ်းရှိသည်။ ဆီဆိုင်မှ စံကားသို့ (၃၁) မိုင်ခရီးကိုမသွားချင်လျှင် ဆိုက်ခေါင်-နန်ယန်-စံကားလမ်းအတိုင်း သွားလို့ရ၏။

စံကားသည် ရှမ်းစော်ဘွား ပဒေသရာဇ်ခေတ်က စော်ဘွားနေထိုင်ရာစည်ကားသောမြို့ဖြစ်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌မူ ဗကပလက်အောက်ခံ ပအိုဝ်အနီများကြီးစိုးလာပြီး ရွာပျက်ကာ အိမ်ခြေ (၆၀) ခန့်သာရှိတော့သော ရွာလေးသာသာဖြစ်ခဲ့ရသည်။ ယခုတစ်ဖန် ခေတ်ပြောင်းချိန်တွင် ပြန်လည်စည်ကားလာသည်ကို တွေ့ရပြန်ပါ၏။ နယ်မြေအေးချမ်းမှု၏ အသီးအပွင့်များအား ခံစားနေကြရခြင်း ဖြစ်ပါသည်။

■

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်း သုံးမြို့နယ်သည် ထူးခြားမှုရှိသည့်ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည်။ ရောက်တုန်းရောက်ခိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်၍ သိချင်တာများကို မေးရဦးမည်။ စာရေးဆရာဆိုသည်မှာ ခရီးသွားနေစဉ်အတွင်း မျက်စိဖွင့်နားစွင့်ပြီး ဦးနှောက်က တရစပ်မှတ်နေရသည်။ သို့မှသာ ဝတ္ထုကောင်း၊ ခရီးသွားစာပေကောင်းများထွက်ပေါ်လာမည်ဖြစ်ပါသည်။

ဆီဆိုင်မရောက်ခင် မိုးကဖွဲရာမှ သည်းလာသည်။ ကင်မရာအား မိုးကာအောက်အပြန်သွင်းပြီး လုံအောင်ထုပ်ထားရသည်။ ကင်နွန်တယ်လီဖွန်းနှင့် ကင်မရာဘော်ဒီထဲရေဝင်သွားလျှင် စင်ကာပူသို့ပို့ပြီးပြင်ရတော့မည်။ မိုးကောင်းကင်အားမော့ကြည့်ပြီး ကျိန်ဆဲလိုက်သည်။ ကျိန်ဆဲလိုက်မှ မိုးကပိုပြီးသည်းလာသည်။

"ညီလေး၊ ဆိုင်ကယ်ကိုဖြည်းဖြည်းသာမောင်း ရောက်ခါနီးပြီ။ အန္တရာယ်မဖြစ်စေနဲ့"

ဆိုင်ကယ်မောင်းသည့်ညီလေးမှာ သူ့မျက်နှာအားဖြတ်ဝင်လာသည့်မိုးရေစက်များအားလက်နှင့်ပွတ်ရင်းဖြည်းညင်းစွာမောင်းနေသည်။ ဆီဆိုင်မြို့လယ် မြို့မဈေးရှေ့အရောက် မိုးကတိတ်သွား၏။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိန်အိမ်သို့ မြို့ခံတစ်ယောက်က လိုက်ပို့ပေးသည်။ ကျွန်ုပ်ရောက်နေကြောင်းသတင်းကြား၍ ကိုသန်းထွန်း၊ မရွှေတို့ဇနီးမောင်နှံ ရောက်လာကြသည်။ ဆီဆိုင်မြို့၏တစ်ခုတည်းသော စာပေခံတပ်မှူးစာအုပ်အငှားဆိုင်မှ မကြူကလည်း ဝမ်းသာနေရှာသည်။ သူရဿမဂ္ဂဇင်း၏အမာခံစာရေးဆရာသန့်ဇင်(ရှာန်လင်းထက်)ရောက်နေသည်ဆိုသောကြောင့် သူရဿမဂ္ဂဇင်း၏ စာဖတ်ပရိသတ်များနှင့် မကြူ၏စာအုပ်ဆိုင်မှာပင် တွေ့ဆုံကြရသည်။

ထီးမွှင့်ကန်

ကန်အတွင်း၊ ထီးမွှင့်သတ္တုဘန်အား တွေ့ရစဉ်

ထီးမွှင့်ကန်အဝင်

ဆီဆိုင်မြို့နယ်မှတာဝန်ရှိသူများက မြို့နယ်ဖွံ့ဖြိုးရေးအကြောင်းများရှင်းပြကြပါသည်။ မြို့နယ်သည် ယခင်ကနှင့်မတူ ဖွံ့ဖြိုးတိုးတက်နေပြီတည်း။ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့လေးမှာ ကျွန်ုပ်သိချင်တာများအားသိခွင့်ရပြီး နောက်တစ်နေ့နံနက်တွင် ကယားပြည်နယ် လွိုင်ကော်သို့ မှန်လုံကားကြီးဖြင့် ခရီးဆက်ခဲ့ပါတော့သည်။ ဆီဆိုင်မှ လွိုင်ကော်အထိ ခရီးမိုင် (၃၈) မိုင် (၇) ဖာလုံဝေးပါသည်။ လမ်းသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှ ရှမ်းပြည်နယ်သို့အဝင်ကဲ့သို့ တောင်ကုန်းတောင်တန်းများအားတစ်ဆင့်ချင်းတက်ရသည်မဟုတ်။ ထိုလမ်းက မြေပြန့်ဒေသမှ ကုန်းမြင့်ဒေသသို့တက်ရသည်ဖြစ်ရာ ဖြည်းဖြည်းချင်းသွားနေရင်း တောင်တွေကကိုယ့်အောက်ရောက်လာ၏။ ဒီတော့ ခရီးသွားနေရင်း သည်းထိတ်ရင်ဖိုသည့်အရသာကို ခံစားရ၏။ တောင်ကြီး-ဆီဆိုင်-လွိုင်ကော်လမ်းက ဤသို့မဟုတ်ပါ။ တောင်ကုန်းငယ်လေးများအား ပြေပြေလေးဆင်းသွားလိုက်၊ ဖြည်းဖြည်းလေးမော့တက်လိုက်ဖြင့်သာသာယာယာပင် ခရီးနှင်နေ၏။ အရှေ့ဘက်မှာက ပွန်ချောင်းနှင့် မဲနယ်တောင်တန်းကြီး၊ အနောက်ဘက်တွင် သဘက်ချောင်းနှင့် စံကားအင်း၊ ဖယ်ခုံအင်း၊ ထို့နောက် မိုးဗြဲရေကာတာတို့ တည်ရှိနေကြပါသည်။

ကျွန်ုပ်၏ အတွေးပုံရိပ်တို့သည် လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်သို့ ပြန်ရောက်သွားပါသည်၊ ထိုစဉ်က ကျွန်ုပ်သည် စံကားရွာလေးမှာ ကျောင်းဆရာလေးအဖြစ် ရောက်ရှိနေပါသည်။ စံကားရွာသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း၌ရှိပြီး ဘီလူးချောင်းအရှေ့ဘက်လမ်း စံကားအင်းအနီး တည်ရှိ၏။ ဆီဆိုင်မှ စံကားသို့ (၃၁) မိုင်ခရီးရှိသည်။ ထိုစဉ်က ကားလမ်းမပေါက်သေးပါ။ ဖယ်ခုံ၊ စံကား၊ အင်းလေး၊ ညောင်ရွှေလမ်းပန်းဆက်သွယ်ရေးသည် ဘီလူးချောင်းနှင့် စက်လှေကြီးများသာရှိ၏။ ဒေသမှာ အေးချမ်းခြင်းမရှိ။ ဘီလူးချောင်းတစ်လျှောက် မဲနယ်တောင်တန်းကြီးတစ်ခွင် ပွန်ချောင်းဒေသ၊ နောင်တော်ဒေသသည် ဦးစောတာကလယ်၏ ပအိုဝ်အနီများကြီးစိုးနေကြ၏။ ပအိုဝ်လွတ်မြောက်ရေးအဖွဲ့များတွင် အဖြူနှင့်အနီဟူ၍နှစ်ဖွဲ့ရှိပါသည်။ ဦးအောင်ခန်းထီတို့က ပအိုဝ်အဖြူအဖွဲ့ဖြစ်ပြီး လှုပ်ရှားမှုသိပ်မရှိကြ၊ ဦးစောတာကလယ်၏ပအိုဝ်အနီကတော့ နည်းနည်းကြမ်းသည်၊ နောက်ပြီးတော့ [illegible] ဆက်သွယ်ထားပြီး လသာလ[illegible] တောင့်တင်း၏။ ကျွန်[illegible]ကို လက်ခံယုံကြည်ကြသည်။ [illegible] တပ်မတော်နှင့်တိုက်ပွဲ[illegible] ဖြစ်နေ၏။ ကျွန်[illegible] မြန်မာကျောင်းဆရာအဖြစ် [illegible]တွင် သွားနေရ

ထီးမွှင့်ကန်အတွင်း၊ တံခွန်တိုင်နတ်စင်

ထီးမွှင့်ကန်အနီး၊ ရိုးရာနတ်ကွန်းများ


ဘီလူးချောင်း

ခြင်းဖြစ်သည်။ စံကားရွာလေးမှာ မြန်မာက ကိုယ်တစ်ယောက်တည်း။ သူတို့ကတော့ ဘာမှအနှောင့်အယှက်မပေး။ဘွဲ့ရကျောင်းဆရာဆိုလို့ ကိုယ်တစ်ယောက်တည်းရှိ၍ ရွာကလည်း ကိုယ့်ကိုအထိမခံ။

သို့သော် တိုက်ပွဲတွေ မိုင်းကွင်းတွေကြားမှာနေရသည့်ဘဝ။တပ်မတော်စစ်ကြောင်းဝင်လာလျှင် ခွဲမှူးဗိုလ်ကြီးတွေက ရန်ကုန်တက္ကသိုလ်ထွက်တွေဆိုတော့ ရန်ကုန်တက္ကသိုလ်ကျောင်းသားဖြစ်ခဲ့သူ မြန်မာဆရာလေးအား လာတွေ့ကြသည်။ ပြီးတော့ ကိုယ့်မှာ ရွာကဝယ်ပေးထားသည့် ဂစ်တာတစ်လုံးရှိသည်။ ဂစ်တာအတီးကောင်းအဆိုကောင်းဖြစ်၍ ကိုယ့်ကို ရွာက တောင်ကြီးမှ ဂစ်တာတစ်လုံးဝယ်လာပေးပြီးပျော်အောင်ထားပါသည်။ တပ်မတော်သားတွေကလည်း ရှေ့တန်းစစ်ကြောင်းမှလှုပ်ရှားနေကြရင်း ရွာသို့ရောက်လာပြီးစခန်းချနေစဉ် ကျွန်ုပ်အား စခန်းသို့လာရောက်ပါရန်ဖိတ်ခေါ်ကြပါတော့သည်။ ဗိုလ်ကြီး၊ ဗိုလ်တွေကလည်း မြန်မာဆရာလေးနှင့် စကားပြောကြသည်။ သူတို့ကလည်း ဤဒေသမှာ ကျောင်းဆရာလာလုပ်နေ၍ အံ့အားသင့်ကြသည်။ အာမီရမ်တိုက်၊ ထမင်းကျွေးပြီး တပ်မတော်သားများကဂစ်တာအတီးခိုင်းပါတော့သည်။ တောထဲတောင်ထဲ ရွာလေးမှာ တပ်မတော်သားများ၏ ပျော်စရာတား ဒါပဲရှိသည် မဟုတ်လား။ သူတို့ကသီချင်းတွေဆို၊ ကျွန်ုပ်ကဂစ်တာတီး၊ ကျွန်ုပ်က သူတို့ပွဲတောင်းသော သီချင်းများအား ဆိုရင်းဂစ်တာတီးနှင့် နောက်ဆုံးစစ်ကြောင်းထွက်သွားသောအခါ ပအိုဝ်းအနီများ ရွာထဲဝင်ချလာကြပါတော့သည်။ ကျွန်ုပ်အားခေါ်ပြီး တပ်မတော်ကို ဘာသတင်းတွေသွားပေးလဲ၊ ဘာတွေပြောလဲစစ်လားဆေးလားလုပ်ကြ၏။ လူကိုတော့ မထိပါ။ ကျွန်ုပ်အား ခေါ်တွေ့လျှင် ရွာခံလူကြီးတွေက အမြဲပါသည်။ သူတို့က ဒေသခံတိုင်းရင်းသားတွေငြိုငြင်မည့်အလုပ်ကို မလုပ်ကြပါ။ သူတို့အတွက် ဆက်ကြေးရိက္ခာသည် ဒေသခံတွေအပေါ်မှာမူတည်နေ၍ဖြစ်သည်။ ဒေသခံတွေကလည်း သူတို့၏ကျောင်းဆရာကိုအထိမခံ။ နောက်ဆုံး ကျွန်ုပ်မှာ စိတ်ညစ်ရခြင်းသာ အဖတ်တင်၏။

သို့ဖြင့် ကျောင်းဆရာလုပ်နေရင်း (၆) လခန့်အကြာမှာတော့ ကျွန်ုပ်သည် ထိုဒေသမှ ထွက်ပြေးရပါတော့သည်။

ဘီလူးချောင်းဖြတ် တံတားသစ်ကြီး

သာယာသော ကန်ရှုခင်း

ကယားပြည်နယ်မှ ကန်ရှုခင်း

ပြေးရခြင်းအကြောင်းက စိတ်ညစ်ဝမ်းနည်းပြီး စက်ဆုပ်ဖွယ်မြင်ကွင်းများကိုမတွေ့လိုတော့၍ ဖြစ်ပါသည်။

ကျွန်ုပ်မှာ ချစ်စရာကောင်းသော တပည့်မလေးနှစ်ဦးရှိ၏။ ပအိုဝ်တိုင်းရင်းသားများဖြစ်ပါသည်။ သူတို့အဖေက ညောင်ရွှေမှာ မြို့နယ်ကောင်စီအဖွဲ့အမှုဆောင်တစ်ယောက် ဖြစ်သည်။ တစ်နေ့ သားသမီးသားမယားများအား တွေ့ချင်ရှာ၍ ရုပ်ဖျက်ပြီး စကားရွာသို့ ပြန်လာသည်။ ဒါကိုဘယ်သူကချွန်လိုက်သည်မသိပါ။ ပအိုဝ်းအနီများ ရွာထဲသို့ တပ်ခွဲလိုက်ဖြန့်ဝင်လာပြီး သူ့ကိုဖမ်းသွားကြပါတော့၏။ သူတို့အမြင်က အစိုးရဘက်တော်သားဖြစ်၍ လူမျိုးရေးသစ္စာဖောက်ဟုစွဲချက်တင်၏။ ရွာအရှေ့ဘက်စကားငါးရက်တစ်ဈေးအရှေ့ညောင်ပင်ကြီးတွင် ကြိုးတုပ်ပြီးတန်းလန်းချိတ်ထား၏။ ကျွန်ုပ်ကိုလည်း သစ္စာဖောက်ကို တရားစီရင်မည်ဖြစ်သောကြောင့်လာကြည့်ရန်ဖိတ်ခေါ်၏။ မသွားလျှင် ကျွန်ုပ်ကိုပါ ရန်ရှာတော့မည်ဖြစ်၏။ တပည့်မနှစ်ဦးကတော့ တငိုငိုတရှိုက်ရှိုက်ဖြစ်နေကြပါတော့သည်။ ကလေးမလေးတွေက (၃)တန်း၊ (၄)တန်းအရွယ်လေးတွေ ဖြစ်၏။ ကျွန်ုပ်မှာ ရင်ထဲမကောင်း။ ဝေဒနာလည်းဖြစ်နေ၏။ ကျွန်ုပ်၏အမြင်မှာ မြို့နယ်ကောင်စီဝင်သည်လည်း ပြည်သူတစ်ဦးသာဖြစ်ပါသည်။ တာဝန်အရ လုပ်ကိုင်နေပြီး သူတွင်အပြစ်မရှိပါ။ သို့သော် လက်နက်ကိုင်တွေ၏အမြင်မှာတော့ သူသည် အစိုးရဘက်တော်သား မြို့နယ်မှာ တာဝန်ရှိသူတစ်ဦးဖြစ်နေ၍ လူမျိုးရေးအမြင်အားဖြင့် သူသည် မဟာသစ္စာဖောက်ကြီးဖြစ်နေပါသည်။



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ဆည်

ငွေတောင်ဆည်တောင်ပေါ် နားနေရာအဆောင်မှာ ဈေးရောင်းနေသော ကယန်းအမျိုးသမီးတစ်ဦး

ငွေတောင်ဆည် တောင်ပေါ်မှ အပျော်စီးဆင်ကြီး

ကျွန်ုပ်တပည့်မလေးနှစ်ယောက်၏ရှိုက်သံသဲ့သဲ့ ပို၍ကျယ်လောင်လာ၏။ သမီးအကြီးဆုံးနှင့် ဇနီးဖြစ်သူမှာ ကြိုးတုပ်၍သစ်ပင်မှာချိတ်ဆွဲထားသော သူတို့၏ အဖေ၊ သူမ၏လင်သားအား မကြည့်ရက်သဖြင့် ခေါင်းငုံ့ပြီးငိုကြွေးနေကြပါသည်။

အစိမ်းပုပ်ရောင်ယူနီဖောင်းဦးထုပ်မှာ ကြယ်နီများဖြင့် သေနတ်ကိုင်ထားသောလူတစ်စုက တန်းစီ၍ရပ်နေကြသည်။ ဗိုလ်ဖြစ်သူက ပစ္စတိုအားခါးချိတ်ပြီး ခါးထောက်ရပ်၍နေသည်။

"ဗမာကျောင်းဆရာ သေသေချာချာကြည့်၊ အမျိုးသားသစ္စာဖောက်ကို ဘယ်လိုအပြစ်ပေးမလဲဆိုတာ"

ကျွန်ုပ် ဒေါသဖြစ်သွားပြီး ထရပ်လိုက်သည်။ မိတ်ဆွေအင်းသားလူမျိုးကျောင်းဆရာက ကျွန်ုပ်လက်ကိုဆွဲ၍ အတင်းထိုင်ခိုင်းသည်။ ကျွန်ုပ်က သူ့လက်ကိုဖယ်လိုက်ပြီးရပ်၍ ဗိုလ်ဖြစ်သူထံ စကားတစ်ခွန်းလှမ်းပြောလိုက်သည်။

"သူဟာ ခင်ဗျားတို့အဖွဲ့အပေါ်မှာ မကောင်းရာမကောင်းကြောင်းဘာအပြစ်တွေလုပ်ထားလို့လဲဗျ"

"ဪ - ဗမာကျောင်းဆရာက သူ့ကို အပြစ်ပေးတာကို မကျေနပ်ဘူးနဲ့တူတယ်။ အစိုးရနဲ့ပူးပေါင်းတာကိုက ကြီးမားတဲ့အပြစ်။ ငါတို့ဟာ လူမျိုးပေါင်းစုံလွတ်လပ်ရေးအတွက်တိုက်ပွဲဝင်နေတာ။ သူက ငါတို့ကို ဆန့်ကျင်ပြီး အစိုးရနဲ့ ပူးပေါင်းတယ်"

"ဒါဆို ဒီရွာမှာ အစိုးရဝန်ထမ်း ကျောင်းဆရာတွေရှိတယ်။ ကျေးလက်ကျန်းမာရေးမှူးနဲ့ သားဖွားဆရာမတွေရှိတယ်။ အကုန်လုံးက အစိုးရဘက်တော်သားချည်းပဲပေါ့။ ငါတို့ကို အရေးယူပါလား"

"ခင်ဗျားတို့က ငါတို့တိုင်းရင်းသားတွေပဲ။ ကျောင်းဆရာတစ်ယောက်သာ ဗမာဆရာ။ ဒါတောင် ဆရာမို့လို့ ကြည့်နေတာ။ တခြားသာဆိုရင် ခင်ဗျား ပျောက်သွားတာကြာပြီ"

"ဒါဆိုရင် သူလည်း ပအိုဝ်ပဲ။ ကာဝန်အရသာလုပ်ကိုင်နေရတာ သူ့မှာ အပြစ်မရှိပါဘူး"

"မြို့နယ်မှာ ဓဆလပါတီလူကြီး မြို့နယ်ကောင်စီအလုပ်အမှုဆောင်ဖြစ်နေကတည်းက ကြီးမားတဲ့အပြစ်ဖြစ်နေပြီ။ ငါတို့လူမျိုးထဲက အစိုးရစစ်တပ်အာဏာရှင်နေဝင်းရဲ့လက်အောက်မှာ အလုပ်လုပ်နေပြီဆိုတာနဲ့ ကြီးမားတဲ့ သစ္စာဖောက်ဖြစ်တယ်။ အပြစ်ပေးရမယ်"

"ခင်ဗျားတို့လမ်းစဉ်က နောက်ဆုံးတော့ လူသတ်လမ်းစဉ်ပဲ"

"ဖြောင်း. . . ချောက်"

ဗိုလ်ဖြစ်သူသည် ကျွန်ုပ်၏ပြောစကားကြောင့် ဒေါသထွက်သွားပြီး သူ၏ပစ္စတိုကို မောင်းတင်လိုက်သည်။ ထိုအခါ အင်းသားကျောင်းဆရာက ကျွန်ုပ်လက်ကိုဆွဲပြီး အတင်းထိုင်ခိုင်းသည်။

"ဆရာဦးသန့်ဇင်၊ ခင်ဗျားပါ အဆစ်ပါသွားလိမ့်မယ်နော်။ ဒီကောင်တွေကြမ်းတယ်ဗျ"

အင်းသားကျောင်းဆရာက တိုးတိုးလေးပြောပြီး အတင်းထိုင်ခိုင်းသည်။ ကျွန်ုပ်ဘာမှမပြောလိုတော့ပါ။ ကိုယ်တိုင်က သေနတ်ပြောင်းဝမှာ ဥပဒေဖြစ်နေသောဒေသသို့ရောက်နေပြီမဟုတ်လား။ ကျွန်ုပ်တို့တိုင်းပြည်သည် လက်နက်ကိုင်လမ်းစဉ်အောက်မှာ သူတစ်လူငါတစ်မင်းကြီးစိုးနေကြပြီး မငြိမ်းချမ်းဘဲ တိုက်ခိုက်နေကြရသဖြင့် တိုင်းပြည်မှာလည်း မတိုးတက်။ ပြည်သူတွေကလည်း ကျီးလန့်စာစားနေထိုင်ကြရပြီး မြေစာပင်ဘဝသို့ ရောက်နေရပါတော့သည်။ ကျွန်ုပ်သည် ပါးစပ်ပိတ်၍ မဟာပထဝီမြေကြီးအား ကသိုဏ်းရှုသလို စိုက်ကြည့်၍နေမိပါတော့သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်သံ (၃) ချက် ကြားရသည်။

"ဖေဖေရေ အီး. . . ဟီး သမီးတို့ကိုထားခဲ့ပြီလား အီး. . . အီး"

ကျွန်ုပ်၏တပည့်မလေးနှစ်ယောက် ငိုကြွေးသံသည် ကျယ်လောင်လာခဲ့ပါသည်။ ကျွန်ုပ်ထ၍ သူတို့ဆီလျှောက်သွားသည်။ သူတို့နှစ်ဦးအား ရင်ခွင်ထဲ ပွေ့ဖက်၍ -

"သမီးတို့ရယ် ဒီပစ္စန္တရစ်အရပ်မှာ မနေကြပါနဲ့တော့။ ညောင်ရွှေဖြစ်ဖြစ်၊ တောင်ကြီးဖြစ်ဖြစ်ပြောင်းနေကြပါတော့။ ဆရာလေဒီအဖြစ်ကိုတစ်သက်ဘယ်တော့မှမေ့တော့မှာမဟုတ်ပါဘူး။ လာလာ အိမ်ပြန်ကြမယ်"

ဗကပပအိုဝ်အနီတွေကတော့ သူတို့ လုပ်ချင်တာလုပ်ပြီးသွား၍ ရွာထဲမှ ပြန်ထွက်သွားကြသည်။ ရွာသားများက သစ်ပင်မှုကြီးကိုဖြေချပြီး အလောင်းအား အိမ်သို့သယ်သွားကြ၏။ ကျွန်ုပ်ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။ ဤဒေသမှာ မနေလိုတော့ပါ။ အခြေအနေရသည်နှင့် ရန်ကုန်သို့ပြန်တော့မည်။

တစ်နေ့ စာသင်နေရင်း ဘီလူးချောင်းဘက်မှမော်တော်စက်လှေသံကြားရသည်။ ခရီးဆောင်အိတ်က အဆင်သင့်ဖြစ်နေ၍ အိတ်ကိုဆွဲပြီး လှေဆိပ်သို့အပြေးဆင်းခဲ့သည်။ အင်းသားကျောင်းဆရာကလိုက်ပို့ပါသည်။ စက်လှေသမားက ဗမာကျောင်းဆရာထွက်ပြေးသည်ထင်သွားပြီး စက်လှေပေါ်သို့ အတက်မခံပါ။ မနည်းတောင်းပန်ပြီး လိမ်ပြောမှအတက်ခံသည်။ ထိုစက်လှေဖြင့် ဘီလူးချောင်းအတိုင်း ဆန်တက်ပြီး ညောင်ရွှေသို့ရောက်သွားသည်။ မြို့နယ်ပညာရေးမှူးရုံးခန်းမှာ အလုပ်ထွက်စာတင်ပြီး ရန်ကုန်သို့ပြန်ခဲ့ပါတော့သည်။

■

"ကျွီ. . . ကျွီ. . . ဒုန်း"

ကားကြီးထိုးရပ်သွားသည်။ ကျွန်ုပ်သည် လွယ်တွန်တောင်တန်းကြီးအား ငေးကြည့်နေရာမှ တောင်တန်းကြီး၏ အနောက်ဘက် ဘီလူးချောင်းအနီး စံကားအင်းစပ်မှ စံကားရွာလေးသို့ အတွေးကွန်ရက်ဖြန့်ရာမှ အတိတ်ဆီသို့ ခရီးနှင်နေခြင်း ရပ်တန့်သွားရပါတော့သည်။

"ထီးစဲခါးရွာလေ။ ကယားပြည်နယ်နဲ့ရှမ်းပြည်နယ်အစပ်ပေါ့။ လုံခြုံရေးကင်းစခန်းက ကားတွေကိုစစ်ဆေးနေတာပါ။ ဒီနေရာတွေက ဟိုးအရင်ကဆိုတိုက်ပွဲတွေအရမ်းဖြစ်နေတဲ့နေရာပေါ့။ အခုတော့ ငြိမ်းချမ်းသွားပါပြီ"

ကျွန်ုပ်အားမှာထိုင်လိုက်လာသော ကယားအဘိုးကြီးတစ်ဦးက ရှင်းပြသည်။ ဘီလူးချောင်းသည် လွယ်တွန်တောင်တန်းအခြေ ဆီဆိုင်မြို့နယ် အနောက်ဘက်မှနေ၍ မြောက်မှတောင်သို့စီးဆင်း၍ ထီးစဲခါးရွာအနီးမှာ ရေတံခွန်ဖြစ်ပေါ်လာပါသည်။ ကားလမ်းဝဲဘက်တွင် ထီးစဲခါးရေတံခွန်သို့ ဟူသော ဆိုင်းဘုတ်ကိုတွေ့ရ၏။

ရဲကင်းမှရဲတပ်သားတွေက ကျွန်ုပ်၏ ကင်မရာအကြီးကြီးကိုတွေ့သွားပြီး မြန်မာတိုင်းရင်းသား၊ အသက်အရွယ်လည်း လူကြီးပိုင်းဖြစ်နေ၍ ရိုသေ [illegible] မြန်းပြီး -

"ဆရာကြီး၊ ဘယ်ကိုခရီးဆက်မှာလဲဗျ"

"လွိုင်ကော်ကိုသွားမှာ။ ရန်ကုန်က စာရေးဆရာ၊ သတင်းစာဆရာ"

"ကယားပြည်နယ်ကရှုခင်းတွေ လှတယ်နော်။ ဓာတ်ပုံများများရိုက်သွား"

"ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ငါ့ညီတို့က ရှမ်းပြည်နယ်က ကယားပြည်နယ်ကို အဝင်ကားတွေကို ဘာကြောင့်စစ်တာလဲ။ အစ်ကိုကို ရှင်းပြပေးပါလား"

"ဒီလိုပါ ဆရာ။ မူးယစ်ဆေးဝါးကပြည်မကိုဝင်တဲ့လမ်းကြောင်းထဲမှာ ဒီလမ်းကလည်း တစ်လမ်းဖြစ်နေတယ်၊ ဒီလမ်းက တောင်ငူ-လိပ်သို၊ ယာဒို၊ လွိုင်ကော်-ဆီဆိုင် တောင်ကြီးပြည်ထောင်စုလမ်းမကြီးဆိုတော့ ပဲခူးတိုင်းဒေသကြီး တောင်ငူကို တိုက်ရိုက်ရောက်တယ်လေ။ အဓိကကတော့ ဘိန်းဖြူနဲ့စိတ်ကြွဆေးပါပဲ"

"ဩော်-ငါ့ညီတို့တာဝန်ကကြီးပါတယ်။ အစ်ကိုဂုဏ်ယူပါတယ်ကွာ"

"ကျေးဇူးတင်ပါတယ်ဆရာ"

ခရီးသည်တွေအားလုံး ကားပေါ်ပြန်တက်ကြပြီး ကယားပြည်နယ်အဲတွင်း ခရီးဆက်နှင်ကြ၏။ မြေသားအရောင်သည် ရှမ်းပြည်နယ်နှင့်မတူ အနီရောင်မှ ညိုမည်းသောနက်ကျောကျောအရောင်သို့ပြောင်းလာ၏။ ထင်းရှူးတောတို့ အစား အင်ပင်၊ ကျွန်းတောကြီးများဖြင့် စိမ်းစိုလာ၏။ ကားလမ်းနံဘေးမှာ ပြောင်းခင်းများကို တွေ့လာရ၏။ ထိုပြောင်းဖူးများအား အစေ့ခြွေပြီးသော် တိရစ္ဆာန်အစာအဖြစ် တရုတ်ပြည်သို့ [illegible] ကြတော့မည်။

မကြာမီ လွိုင်လင်လေး [illegible] ရောက်လာသည်။ ကားလမ်းနံဘေးမှာ အလျားလိုက်တည် [illegible] ရှည်ကြီးဖြစ်၏။ [illegible] သည် အစိုးရ [illegible] နှင့် ကယန်းပြည်

ကယားပြည်နယ်သို့အဝင်နယ်စပ်

လွိုင်ကော်မြို့မြင်


ကယန်း (ပဒေါင်) အမျိုးသမီးတစ်ဦး


ကယန်းလူမျိုးတို့ ကိုးကွယ်ရာ နတ်စင်တံခွန်တိုင်


ကယန်းရိုးရာ ဂွစ်ခုတ်ထည် ရက်လုပ်နေသော ကယန်းအမျိုးသမီး

သစ်ပါတီရှေ့အေးတို့လက်နက်ကိုင်အဖွဲ့၊ အစိုးရစစ်တပ်နှင့် ကရင်နီတိုးတက်ရေးပါတီလက်နက်ကိုင်တပ်တွေ အကြီးအကျယ်တိုက်ခဲ့ကြသောနေရာပေတည်း။ ယခုအချိန်မှာလား။ ထိုအဖွဲ့တွေအားလုံး အပစ်အခတ်ရပ်စဲ၍ ဒုတိယပင်လုံညီလာခံမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြလေပြီတည်း။

တိုက်ပွဲတွေမရှိတော့ဘဲ ငြိမ်းချမ်းရေးရသွားပြီဆိုသည်နှင့် ဒေသတွင်းမှာ လမ်းပန်းဆက်သွယ်ရေးက ကောင်းမွန်လာ၏။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တောင်ငူ-လိပ်သို၊ ယာဒို-လွိုင်ကော်-ဆီဆိုင်-တောင်ကြီးပြည်ထောင်စုလမ်းမကြီးအား လေးလမ်းသွားဖြစ်အောင် စီမံကိန်းချပြီး လမ်းချဲ့နေသည်ကိုတွေ့ရ၏။ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်အရ လူထုဗဟိုပြုကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေအား မြို့နယ်အလိုက် ကျေးရွာတွေမှာ စီမံလုပ်ကိုင်လာကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်ချက်၊ လူထုမှတိုက်ရိုက်ပါဝင်ပြီး စီစဉ်လုပ်ဆောင်သဖြင့် ကျေးရွာတိုင်းမှာ စာသင်ကျောင်းတွေပေါ်လာ၏။ မဟာဓာတ်အားလိုင်းနှင့်နီးသော ကျေးရွာတွေ (၂၄)နာရီလျှပ်စစ်မီးရလာ၏။ ရေထွက်အားကောင်းသောချောင်းတွေမှာ တစ်နိုင်တစ်ပိုင်ဆည်တွေပေါ်လာ၏။ ကျေးရွာချင်းဆက်လမ်းတွေပေါ်လာသည်။ ပြည်ထောင်စုလမ်းမကြီးမှ ကျေးရွာများသို့ လက်ချင်းဆက်သည့် လမ်းကွန်ရက်တွေအသွယ်အသွယ်ပေါ်လာကြတော့ တစ်ရွာမှတစ်ရွာ ရွာမှမြို့သို့ သွားရေးလာရေးလွယ်ကူလာကြသည်။ ငြိမ်းချမ်းရေး၏အသီးအပွင့်အား ကျေးလက်ဒေသခံတွေ ခံစားနေရပြီမဟုတ်ပါလား။

■

လွိုင်ကော်မြို့နယ်ထဲသို့ဝင်ရောက်လာပြီဖြစ်သည်။ လွိုင်လင်လေးရွာမှအထွက် ကရင်နီပြည်သူ့တိုးတက်ရေးပါတီရုံးကို တွေ့ခဲ့ရသည်။ ကယန်းပြည်သစ်ပါတီနှင့်ကရင်နီပြည်သူ့တိုးတက်ရေးပါတီသည် လက်နက်ကိုင်စွဲ၍ ကယားနယ်မြေမှာ လှုပ်ရှားခဲ့ကြရာမှ ယခုအခါ ငြိမ်းချမ်းရေးရယူထားပြီး ဒုတိယပင်လုံငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးနေကြပြီဖြစ်သည်။

ကယားပြည်နယ်သည် အမိမြန်မာပြည်၏ အလှရတနာတစ်ပါးဖြစ်သည်။ ရှမ်းပြည်နယ်ကဲ့သို့ တောင်စဉ်တောင်တန်းများထက် မြေမှာစုန့်စုန့်ပေါက်နေသော တောင်ကြီးတွေကများသည်။ မကြာမီ လွိုင်ကော်မြို့အတွင်း ကားကြီးဝင်ရောက်လာပြီး အဝေးပြေးကားဝင်းတွင်ကားရပ်၏။

"စာရေးဆရာ ဗျာန်လင်းထက်ဆိုတာ ပါလာပါသလား"

"ကျွန်တော်ပါ"

ခရီးသည်တွေတစ်ယောက်ပြီးတစ်ယောက်ဆင်းကြသည်။ ကားအောက်မှ အသက်(၅၀)ကျော်လူကြီးတစ်ဦး ကျွန်ုပ်နာမည်ကိုခေါ်နေ၏။ ကားပေါ်မှဆင်းပြီး ပြောပြရာ -

"ဆီဆိုင်ကနေ ဖုန်းဆက်ထားပါတယ်။ ဟိုထောင့်ကဆိုင်က ကျွန်တော့်ဆိုင်ပါ။ ကားရပ်ထားပါတယ်။ နောင်ကြီးအိတ်ပေးပါ"

ကားကြီးဝင်းဈေးဆိုင်တန်းထောင့်ဆိုင်ရှေ့တွင် ဗင်ကားအဖြူလေးတစ်စီးရပ်ထား၏။ ဆီဆိုင်မှ မိတ်ဆွေတွေက လွိုင်ကော်မှာစိတ်ချရသော တက္ကစီနံပါတ်အနက်တစ်စီးအားရှာပေးထားကြသည်။

"ကဲ - ကားဆရာကြီး၊ အချိန်က နံနက်(၉)နာရီခွဲပဲရှိသေးတယ်။ လွိုင်ကော်ခရီးစဉ်အတွက် ဘာအစီအစဉ်တွေဆွဲထားလဲ"

"ပန်ပွဲရွာ၊ ငွေတောင်ဆည်၊ ထီးမွှင့်ကန်၊ ကန်ခုနစ်ဆင့်၊ တောင်ကွဲစေတီ၊ မြို့နာမ်စေတီနဲ့မြို့ကိုပတ်ပြီးလည်မယ်။ ကျပ်ဂူနဲ့ လောပိတရေတံခွန်ကိုလည်း သွားချင်တယ်"

"ဆရာ၊ ကျပ်ဂူမှာ ဘာမှမရှိတော့ဘူး၊ ဂူပဲတွေ့ရမှာ။ ပြီးတော့ လောပိတရေတံခွန်ကိုသွားဖို့က တစ်ရက်ကြိုတင်ပြီး နယ်မြေဒစခတပ်စခန်းမှာ လျှောက်လွှာတင်ရတယ်။ ဆရာအချိန်ရသလား"

"ကျွန်တော် မနက်ဖြန်ပြန်မှာ"

"အချိန်မရရင်လည်း မသွားပါနဲ့တော့"

"အင်းလေ - ဘီလူးချောင်းကနေ ရေတံခွန်ဖြစ်လာပြီး လျှပ်စစ်ဓာတ်အားပေးရုံတွေရှိတဲ့နေရာဆိုတော့ လောပိတရေအားလျှပ်စစ်စက်ရုံအကြောင်းသတင်းဆောင်းပါးရေးတော့မှ တစ်ခေါက်သွားတာပေါ့"

"အခုဘယ်ကိုအရင်ချီတက်မလဲ"

"ကားဆရာကြီးရဲ့အစီအစဉ်အတိုင်းပါပဲ"

"လွိုင်ကော်မြို့ကို ဘီလူးချောင်းကိုဖြတ်ပြီး တစ်ပတ်ပတ်မယ်။ ပြီးရင် ဒီမောဆိုးမြို့နယ်ဘက်သွားမယ်"

ကားလေးက လွိုင်ကော်မြို့ထဲဝင်ပြီး ဘီလူးချောင်းအား ဂျပန်တံတားမှဖြတ်၏။ ဘီလူးချောင်းသည် လွိုင်ကော်မြို့အားကွေ့ဝိုက်၍ ဖြတ်သန်းစီးဆင်းနေသည်။ ကြည်ရည်ရောင်ရေတို့က မစီးချင်စီးချင်နှင့်အိပ်ပဲ့ပဲ့ရွေ့နေ၏။ လောပိတရေတံခွန်သို့ရောက်လျှင်ဖြင့် သူသည် ထိန်းချုပ်ထားသော ရေစီးအဟုန်အားဖွင့်ချပြီး ဒလဟောစီးဆင်းပေတော့မည်။

လွိုင်ကော်- ကယားပြည်နယ်။

ကယားပြည်နယ်သည် မြောက်လတ္တီတွဒ် (၁၈) ဒီဂရီ (၃၀) မိနစ်နှင့် (၂၀) ဒီဂရီအကြား၊ အရှေ့လောင်ဂျီတွဒ် (၉၇) ဒီဂရီ (၅၅) မိနစ်အကြားတွင် တည်ရှိသည်။ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်နှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်၊ တောင်ဘက်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်နှင့် အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့ ဝန်းရံနေပါသည်။

(၄၅၀၆) စတုရန်းမိုင်ကျယ်ဝန်းသည်။ မြေပြန့်လွင်ပြင်အနည်းငယ်သာရှိပြီး တောင်ကုန်းတောင်တန်းထူထပ်၏။ ရှေးယခင်က ခနောက်စိမ်းသတ္တုနှင့် ကျွန်းသစ်အလျှံပယ်ထွက်ရှိခဲ့၍ နယ်ချဲ့ဗြိတိသျှအစိုးရတို့က သူတို့ကို ကရင်နီလူမျိုးဟု ခေါ်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် ဖဆပလအစိုးရလွှတ်တော်တွင် တိုင်းရင်းသားတို့၏ဆန္ဒအရ ၁၉၅၁ ခုနှစ်တွင် ကရင်နီနယ်မှ ကယားပြည်နယ် ဖြစ်လာသည်။

ကယား၊ ကယန်း၊ ကငန်း၊ ကယော၊ မနုမနော၊ ဂေခို၊ ဂေဘား ဟူ၍ လူမျိုးစု (၇) မျိုးရှိလေသည်။ လူမျိုး (၇) မျိုး ဒွေးမယ်နော်တို့၏ ကိန္နရီညီအစ်မခုနစ်ဖော် သူတို့ပျော်စံရာ ကန်ခုနစ်ဆင့်တို့၏ ပူးပေါင်းမှုသင်္ကေတအဖြစ် ကယားပြည်နယ် ခုနစ်စဉ်ကြယ်ဟု ယခင် မဆလခေတ်က ပြည်နယ်ဥက္ကဋ္ဌကြီးဦးအေးမြလေးက ကမ္ပည်းရေးထိုးခဲ့ပါသည်။

ရှေးအခါက ကယားပြည်နယ်(ကရင်နီနယ်)အား မြို့ငါးမြို့ခွဲ၍ နယ်ရှင်စောဖျာငါးဦးအုပ်ချုပ်ခဲ့ကြသည်။ ကန္တာရဝတီနယ်၊ ဘော်လခဲနယ်၊ ကြယ်ဖိုးကြီးနယ်၊ နန်းမယ်ခုံနယ်၊ နောင်ပုလဲနယ် ဟူ၍ ငါးနယ်ရှိခဲ့သည်။

ဗြိတိသျှတို့ တစ်နိုင်ငံလုံးအား သိမ်းပိုက်ပြီးသောအခါ နန်းမယ်ခုံနှင့် နောင်ပုလဲနယ်ကိုဖျက်လိုက်၏။ ကန္တာရဝတီနယ်သည် အရှေ့ပိုင်းကရင်နီနယ်ဖြစ်ပြီး ယခုလွိုင်ကော်ပတ်ဝန်းကျင်ဒေသဖြစ်သည်။ ကြယ်ဖိုးကြီး၊ ဘော်လခဲ၊ နောင်ပုလဲ၊ နန်းမယ်ခုံသည် အနောက်ပိုင်းကရင်နီနယ်များ ဖြစ်သည်။ ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက် နောင်ပုလဲနှင့် နန်းမယ်ခုံအား ကန္တာရဝတီနယ်နှင့် ပူးပေါင်းလိုက်ပါသည်။ ရှေးအခါက ကရင်နီပြည်နယ် (ကယားပြည်နယ်) ၏ မြို့တော်မှာ စောလုံမြို့ ဖြစ်သည်။ လွိုင်ကော်မြို့သည် ရှေးနှစ်ပေါင်း (၁၅၀) ခန့်က စတင်တည်ထောင်ခဲ့သောမြို့ဖြစ်၏။ မူလအစနာမည်မှာ သိရိတော (ဆိရိခေါ်) ဟုခေါ်ကြပြီး ရှမ်းကုန်သည်တွေက လွယ်ခေါ် ဟုခေါ်ကြရာမှ လွိုင်ကော်အမည်ဖြစ်လာသည်။

၁၈၃၈ ခုနှစ်တွင် ကယားတိုင်းရင်းသားဦးသိရိ(ဆိရိ)က ကြီးမှူး၍ သိရိတောမြို့ကို တည်ထောင်၏။ ကယားဘာသာဖြင့် သိရိမှာ လူအမည်ဖြစ်ပြီး တောမှာ မြို့ရွာကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် သိရိဒေါ-ဦးသိရိတည်သည့် မြို့ ဖြစ်၏။

လွိုင်ကော် (လွိုင်ခေါ်) မှာ ရှမ်းဘာသာဖြစ်၍ ဘီလူးချောင်းအနောက်ဘက် ချောင်းကမ်းအနီးတွင်သီးခြားတည်ရှိနေသောတောင်ကလေးကိုအကြောင်းပြု၍ လွယ်ခေါ် - သီးသန့်တည်နေသောတောင်၊ ထိုတောင်အနီးတွင်တည်ရှိသောမြို့အား လွယ်ခေါ်ဟု ရှမ်းတွေကခေါ်ရာမှ ကာလရှည်ကြာသောအခါ လွိုင်ကော်ဖြစ်လာ၏။ ယခုအခါတွင် ထိုတောင်လေးအား ရွှေတောင်ဟုခေါ်ကြပါသည်။ လွိုင်ကော်မြို့အားတည်ထောင်ရာတွင် သတ်မှတ်ထားသော မြို့လေးထောင့်၌ အိုးကြီးများတွင် ဆီအပြည့်ထည့်၍မြှုပ်နှံခြင်း၊ မြို့ဦးထိပ်၌ မြို့နာမ်စေတီတည်ခြင်း၊ မြို့တွင်း၌ ဘုန်းကြီးကျောင်းဆောက်လုပ်လှူဒါန်းခြင်း။ မြို့အနောက်ထောင့်တွင် သချိုင်းသုသာန်သတ်မှတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

မြန်မာနှစ် ၁၂၀၀ ပြည့်နှစ်၊ ခရစ်သက္ကရာဇ် ၁၈၃၈ ခုနှစ်တွင် ဦးသိရိတည်ထောင်ခဲ့သော လွိုင်ကော်မြို့သည် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၅ ရက် တနင်္ဂနွေနေ့တွင် အင်္ဂလိပ်နှင့် အမေရိကန်လူမျိုးများက လေယာဉ်ပျံဖြင့်ဓာတ်ဆီပက်ဖျန်း၍ မီးလောင်ဗုံးများကြဲချသည့်အတွက် တစ်မြို့လုံးမီးလောင်ကျွမ်းပြီးပြာကျသွားပါတော့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွား၍ ၁၉၄၆ ခုနှစ်တွင် လွိုင်ကော်မြို့၏ပျက်စီးယိုယွင်းနေမှုများအား အိမ်များ၊တဲများဆောက်လုပ်၍ ပြန်လည်ထူထောင်ကြ၏။

၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကယားပြည်နယ်အစိုးရနှင့် ကရင်သောင်းကျန်းသူများတိုက်ပွဲဖြစ်ပွားရာ ကရင်သောင်းကျန်းသူ(KNDO)တို့ရှုံးနိမ့်၍ လွိုင်ကော်မြို့အား မီးရှို့ပြီး ထွက်ပြေးကြ၏။ ထိုတိုက်ပွဲတွင် ကယားပြည်နယ်အတွက် အသက်စွန့်သွားကြသော အာဇာနည်သူရဲကောင်းများ၏ အမည်မော်ကွန်းကျောက်တိုင်အား မြို့နာမ်စေတီကြီးရှေ့ကားလမ်းတစ်ဖက်တွင် ပန်းခြံလေးပြုလုပ်၍ ကမ္ပည်းမော်ကွန်းကျောက်တိုင် စိုက်ထူထားခဲ့ကြပါသည်။

■

ကယားပြည်နယ်ခရီးစဉ်အကြောင်း ခရီးသွားဆောင်းပါးရေးသားမည်ဆိုလျှင် ကန္တာရဝတီ စောဖျာကြီး စောလှဘော်၊ သုခနု-ဒွေးမယ်နော်တို့၏ငွေတောင်ပြည်ရာဇဝင် ခုနစ်စဉ်ကြယ်လူမျိုးစုများဟု ခေါ်တွင်သည့် ကယား၊ ကယန်း အစရှိသော တိုင်းရင်းသားမျိုးနွယ်တို့၏ရာဇဝင်၊ ရိုးရာယဉ်ကျေးမှု၊ အရှေ့အနောက် ကရင်နီနယ်များနှင့်ပတ်သက်၍ မင်းတုန်းမင်းတရားကြီးနှင့် နယ်ချဲ့ဗြိတိသျှတို့၏ အရေးအခင်းများအား ချန်လှပ်ထား၍ မဖြစ်ပါ။

ခရီးသွားစာပေ ဟူသည် မိမိသွားခဲ့သောဒေသတစ်ခုလုံးအား စေ့စေ့စပ်စပ် ခြုံငုံတင်ပြနိုင်ရပါမည်။ ဒေသတစ်ခုသို့ ရောက်ပြီး ဘုရားဝင်ဖူး၊ ဘုရားသမိုင်းစာအုပ်ဝယ်ပြီး ကူးချဖော်ပြခဲ့လျှင် ခရီးသွားစာပေမဟုတ်တော့။ဘုရားဖူးအတွေ့အကြုံသာဖြစ်တော့မည်။

မိမိ၏စာပေသိက္ခာအား အလွဲသုံးစားမလုပ်ချင်။ ကိုယ်ရေးသောစာသည် သိက္ခာရှိသောစာဖြစ်ရပါမည်။လွိုင်ကော်ခရီးစဉ်အား ခရီးသွားစာပေပုံစံစစ်စစ်ဖြင့် သတင်းစာကြီးတစ်စောင်တွင် တင်ပြဖို့ ကြိုးစားခဲ့ပါသေးသည်။သို့သော် စာမျက်နှာအခက်အခဲနှင့်တခြားကိစ္စများကြောင့် နောက်ဆုတ်ခဲ့ပါသည်။ ထို့ကြောင့် မိမိ၏ ခရီးသွားဆောင်းပါးအား ပြည့်ပြည့်စုံစုံရေးသားပြီး သုရဿမဂ္ဂဇင်းကြီးတွင် တင်ပြမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

ရှေးအခါက အရှေ့ကရင်နီနယ် (ကန္တာရဝတီနယ်)နှင့် အနောက်ကရင်နီနယ်ဖြစ်သော တောင်ငူမြို့အရှေ့ဘက် စစ်တောင်းမြစ်နှင့် သံလွင်မြစ်အကြား အလယ်ဗဟိုအရှေ့ဘက်ပိုင်းသည်ကား အနောက်ကရင်နီနယ်ဖြစ်၏။ ကျွန်းသစ်ပေါများသည်။ အရှေ့ကရင်နီနယ်နှင့် အနောက်ကရင်နီနယ်သည် မတည့်ကြ။ အရှေ့ကရင်နီနယ်က မြန်မာဘုရင်များအား သစ္စာခံကြ၏။ ကရင်နီနယ်သည် မြန်မာဘုရင်များ၏ ဧကရာဇ်အင်ပါယာဖြစ်သည်။

အင်္ဂလိပ်တို့က ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး အောက်မြန်မာပြည်ကို သိမ်းပိုက်၍ နယ်နိမိတ်သတ်မှတ်ရာတွင် အရှေ့ဘက်၌ စစ်တောင်းမြစ်နှင့် သံလွင်မြစ်အကြား အလယ်လောက်အထိရောက်ခဲ့၏။

အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲအပြီး ထိုဒေသရှိ လူမျိုးစုအကြီးအကဲတို့က ၎င်းတို့သည် မြန်မာမင်းအုပ်ချုပ်မှုအောက်တွင်မရှိ လွတ်လပ်သောနယ်မြေဖြစ်သည်ဟု ကြေညာသည်။ ဤသည်ကို အခွင့်ကောင်းယူ၍ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီသည် ကရင်နီလွတ်လပ်ရေးကိုအသိအမှတ်ပြုကြောင်း ကြေညာ၏။ ကရင်နီလူမျိုးစုတို့သည် အခြားဒေသများမှ လူမျိုးများကို ဖမ်းဆီးကာ ကျွန်ပြုကြ၏။ ကျွန်ရောင်းကျွန်ဝယ်ပြုလုပ်ကြသည်။ ထို့ကြောင့် မြန်မာဘုရင်များက တောင်ငူတွင် ခံတပ်များဆောက်လုပ်ခဲ့ကြသည်။

၁၈၇၃ ခုနှစ်တွင် မင်းတုန်းမင်းသည် ထိုဒေသသို့ စစ်တပ်စေလွှတ်၏။ ဗြိတိသျှတို့က ကန့်ကွက်သောအခါ ထိုဒေသသည်မြန်မာဘုရင်၏အုပ်ချုပ်ရေးဩဇာအောက်တွင်ရှိကြောင်း ကြေညာသည်။ ယင်းကိစ္စအားဖြေရှင်းရန် ၁၈၇၅ခုတွင် ဗြိတိသျှကိုယ်စားလှယ်ဆာဒေါက်ကလပ်ဖောဆိုက်သည် မန္တလေးမြို့သို့ ရောက်လာကာ မင်းတုန်းမင်းနှင့် စေ့စပ်သည်။ မင်းတုန်းမင်းကြီးက ဗြိတိသျှတို့နှင့်စစ်မဖြစ်လို၍ လိုက်လျောပြီး ကရင်နီဒေသ၏လွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း ကြေညာခဲ့ရ၏။

ကြေညာခဲ့သည့်နောက်ပိုင်း[illegible] အခြေအနေကပိုဆိုးလာသည်။ မြန်မာပိုင်နယ်ရော ဗြိတိသျှပိုင်နယ်[illegible]ကိုပါ ကရင်နီတို့၏ တိုက်ခိုက်[illegible]ခံခဲ့ရ၏။ ကရင်နီတို့၏ကျွန်[illegible]ခြင်းလုပ်ငန်းမှာ ရပ်စဲမသွားပါ။ ဗြိတိသျှတို့က ကရင်နီနယ်ရှိ ကျွန်းသစ်များကိုမက်မော

၍ ကရင်နီလွတ်လပ်ရေးအားထောက်ခံခဲ့ခြင်းဖြစ်၏။ ထိုအခြေအနေက မြန်မာတို့နှင့် အင်္ဂလိပ်တို့အား ပိုမို၍တင်းမာစေခဲ့ပါသည်။ အင်္ဂလိပ်တို့သည် ကျွန်းသစ်နှင့် သတ္တုထွက်သည့် ကရင်နီနယ်အား မျက်စိကျနေကြ၏။ ကရင်နီနယ်သည် ရှေးဘိုးဘေးမင်းအဆက်ဆက်ကတည်းက မြန်မာမင်းပိုင်ဖြစ်သည်။ သို့ရာတွင် မြန်မာမင်းနေပြည်တော်နှင့်အလှမ်းကွာဝေးသဖြင့် အဆက်အသွယ်နည်းပါးပြီး ကရင်နီနယ်ကိုထိန်းကွပ်မှုအားနည်းခဲ့၏။ ဤသည်ကိုအခွင့်ကောင်းယူ၍ အင်္ဂလိပ်တို့က မော်လမြိုင်ဘက်မှ ကရင်နီနယ်သို့ကူးကာ စုံစမ်းခဲ့ကြ၏။

မင်းတုန်းမင်းကြီးက အင်္ဂလိပ်တို့ ဝင်ရောက် သိမ်းပိုက်မည်ကို စိုးရိမ်ပြီး စစ်တပ်လွှတ်၍ အရှေ့ကရင်နီနယ်အား သိမ်းပိုက်၏။ အင်္ဂလိပ်စုံစမ်းလေ့လာရေးအဖွဲ့တစ်ဖွဲ့ အနောက်ကရင်နီနယ်ထဲသို့ ရောက်လာပါတော့သည်။ မင်းတုန်းမင်းက အနောက်ကရင်နီနယ်သည် မြန်မာပိုင်နက်ဖြစ်ကြောင်းအရေးဆိုသောအခါ အင်္ဂလိပ်တို့က အနောက်ကရင်နီနယ်မှာ မြန်မာရော အင်္ဂလိပ်ပါပိုင်ဆိုင်ခြင်းမရှိ လွတ်လပ်သော နယ်မြေဖြစ်သည်ဟု ကြေညာလိုက်၏။

၁၈၆၉ ခုနှစ်တွင် အနောက်ကရင်နီနယ်အကြီးအကဲသေဆုံးသောအခါတွင် ပြဿနာကပိုမိုဆိုးရွားလာခဲ့၏။ ၁၈၆၉ခုတွင် ကန္တာရဝတီစောဖျာကြီးစောလှဘော်သည် မန္တလေးနန်းတော်သို့သွားရောက်ပြီး မင်းတုန်းမင်းတရားကြီးထံမှောက်၌ သစ္စာခံလေသည်။ မင်းတုန်းမင်းကြီးက စောဖျာကြီးစောလှဘော်အား ကန္တာရဝတီစော်ဘွားကြီးအဖြစ် ခန့်အပ်ခဲ့၏။

ထိုအခါ အင်္ဂလိပ်မင်း၏သံကိုယ်စားလှယ်စလေဒင်က စောဖျာကြီးစောလှဘော်နှင့်တွေ့ဆုံကာ အင်္ဂလိပ်တို့၏ အကူအညီကိုယူရန် ဖြားယောင်းသွေးဆောင်၏။

ဤသို့ဖြင့် ကရင်နီနယ်ပြဿနာသည် တင်းမာလာခဲ့၏။ ထိုပြဿနာကို ဖြေရှင်းရန်အတွက် အိန္ဒိယဘုရင်ခံချုပ်သည် ဆာဒေါက်ကလပ်စ်ဖော်ဆစ်(သ်) ခေါင်းဆောင်သောမစ်ရှင်အဖွဲ့ကို မန္တလေးသို့ စေလွှတ်၍ အနောက်ကရင်နီနယ်အရေး ဆွေးနွေးစေ၏။ သဘောမှာ မြန်မာအစိုးရသည် အနောက်ကရင်နီနယ်အရေးကို ရှေ့တိုး၍ ဝင်ရောက်စွက်ဖက်ပါက စစ်ပြုမည်ဆိုလိုရင်းဖြစ်သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၏ နောက်ကြောင်းခံ မဏိပူရ-အာသံကချာနယ်အရေးအခင်းကဲ့သို့ ပုံစံတူပြုလုပ်လာခြင်းဖြစ်၏။

အင်္ဂလိပ်တို့၏ အကောက်ဉာဏ်အား စာဖတ်ပရိသတ်သိစေလိုခြင်း ဖြစ်ပါသည်။

မင်းတုန်းမင်းသည် အင်္ဂလိပ်တို့ အကြောင်းရှာ၍ စစ်တိုက်တော့မည်ကို သိရှိသွား၏။ သို့သော် ဘုရင်မင်းမြတ်သည် စစ်တိုက်ခိုက်လိုခြင်းမရှိ၊ ထို့ကြောင့် အနောက်ကရင်နီနယ်အား လွတ်လပ်သောနယ်မြေတစ်ခုအဖြစ် အသိအမှတ်ပြုစာချုပ်အား ကင်းဝန်မင်းကြီးကို ရေးထိုးစေခဲ့ပါသည်။ ထိုကိစ္စအတွက် မင်းတုန်းမင်းကြီးမှာ သိက္ခာကျဆင်းခဲ့ရသည်။ ထိုပြဿနာဖြစ်ပွားပြီးနောက်ပိုင်း ဘုရင်ကြီးသည် ဗြိတိသျှသံကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံခြင်းမပြုတော့ပေ။

ဤကား ကရင်နီနယ်(ကယားပြည်နယ်) နှင့် ပတ်သက်ပြီး နယ်ချဲ့ဗြိတိသျှတို့နှင့် မြန်မာဘုရင်တို့အကြား ဖြစ်ပွားခဲ့ရသော ပြဿနာရာဇဝင်ဖြစ်ပါသည်။

ကရင်နီနယ် (ကယားပြည်နယ်) သည် ရှေးယခင်ကပင် စော်ဘွားစောဖျာများအုပ်ချုပ်ခဲ့ကြပြီး အင်းဝမင်းဆက်မှစ၍ မြန်မာဘုရင်များထံ သစ္စာခံခဲ့ကြ၏။ ၁၈၄၅ ခုနှစ်တွင် ကယားလူမျိုးများ အင်အားကောင်းလာပြီး ရှမ်းပြည်နယ်တောင်ပိုင်းဖြစ်သော မောက်မယ်၊ မိုးဗြဲရှိရှမ်းတို့အား ဝင်ရောက်တိုက်ခိုက်ကြ၏။ မိုးဗြဲစစ်ကဲကြီးသည် မြေလပ်ဝန်အဖြစ်လည်း တာဝန်ယူရသည်။ မြန်မာဘုရင်တပ်များက မိုးဗြဲနယ်၌ ကင်းစခန်းထားရှိခဲ့သည်။ ကရင်နီများသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ဝင်ရောက်ပြီး တွေ့ရာရှမ်းများကို ဖမ်းဆီး၍ ထိုင်းနိုင်ငံသို့ ကျွန်အဖြစ် ရောင်းစားလေ့ရှိသည်။

မိုးဗြဲနယ်တွင် ရှမ်းအမျိုးသားများထက် ဘာရင်ဂျီဘာသာကိုးကွယ်သော ကယန်း(ပဒေါင်)တို့သည် မိုးဗြဲစော်ဘွားကြီး ဟော်နန်းစိုက်ရာ မိုးဗြဲမြို့နှင့်(၁၀)မိုင်အကွာရှိ ဖယ်ခုံမြို့အား အခြေစိုက်နေထိုင်ကြသည်။

၁၉၃၈ ခုနှစ်တွင်ကား ကယန်း (ပဒေါင်) တို့သည် နယ်ရှင်စော်ဘွားကြီး၏အုပ်ချုပ်မှုအား အတိအလင်း ဆန့်ကျင်ကြတော့သည်။ စော်ဘွားကိုယ်စား အခွန်ကောက်ခံသော အရာရှိများကို ကယန်းခေါင်းဆောင် ဦးသိုင်းဘဟန်နှင့်အိုက်မောင်ဦးတို့ခေါင်းဆောင်ပြီး ခြိမ်းခြောက်ကြိမ်းမောင်းလွှတ်ကြသည်။ နယ်ရှင်စော်ဘွားကြီးသည် ကယန်း (ပဒေါင်) များအား အုပ်ချုပ်ရာမှာ ခက်ခဲလာသဖြင့် ရှမ်းပြည်နယ်ကော်မရှင်နာမင်းကြီးဖြစ်သူ ဖော်ဂါတီ (P.C Fogarty) အား တိုင်ကြားပါသည်။ ထိုအခါ ဦးသိုင်းဘဟန်နှင့်အိုက်မောင်ဦးတို့ ညီအစ်ကိုအား နွားခိုးမှုဖြင့် စွဲချက်တင်ပါတော့သည်။

ကော်မရှင်နာမင်းကြီး ဖော်ဂါတီသည် ကရင်နီနယ်ဆိုင်ရာ ဝန်ထောက်ကိုခေါ်ပြီး လွိုင်ကော်သို့ရောက်ရှိလာ၏။ ဖော်ဂါတီသည် မိုးဗြဲဟော်နန်း၌ စော်ဘွားကြီးနှင့်အရာရှိများကို စစ်ဆေးမေးမြန်းပြီး ဖယ်ခုံသို့ရောက်လာ၏။ သိုင်းဘဟန်ခေါင်းဆောင်သောပဒေါင်(ကယန်း)များနှင့်ဆွေးနွေးသည်။ ပဒေါင်(ကယန်း)များက နယ်ရှင်စော်ဘွားများနှင့် မဆက်ဆံလိုကြောင်း၊ အခွန်တော်ကို အင်္ဂလိပ် ဝန်ထောက်ထံ တိုက်ရိုက်ပေးသွင်းလာကြောင်းအရေးဆိုရာ ဖော်ဂါတီက သဘောတူလိုက်သည်။

ဖော်ဂါတီသည် မိုးဗြဲမှအပြန်တွင် သိုင်းဘဟန်အားစည်းရုံး၍ တောင်ကြီးသို့ ခေါ်ဆောင်သွားပြီး လွိုင်ကော် ဝန်ထောက်ရုံးတွင် စာရေးအဖြစ်ခန့်ထားလိုက်သည်။ သို့သော် ဘိုင်းဘဟန်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်၌ လွိုင်လင်မှ မိုးဗြဲသို့ ပြန်ရောက်လာ၏။ နယ်မြေမှ ကယန်း(ပဒေါင်)များကို ထပ်မံစည်းရုံးပြီး ပဒေသရာဇ်စော်ဘွားများကို အာခံပုန်ကန်တော့သည်။ သိုင်းဘဟန်နှင့် ကယန်း ခေါင်းဆောင်များ၏ သဘောထားမှာ စော်ဘွားအုပ်ချုပ်ရေးအား ဆန့်ကျင်တော်လှန်ကြခြင်း ဖြစ်သည်။ စော်ဘွားကြီးမှာ နောက်ဆုံး မိုးဗြဲမှာ မနေနိုင်တော့ဘဲ ပင်လောင်းမြို့တွင် သွားရောက် ခိုလှုံနေထိုင်ခဲ့ရပါတော့သည်။

ကန္တာရဝတီစော်ဘွားကြီးစော်လှဘော်ကတော့ သိုင်းဘဟန်တို့နှင့်မတူပါ။ နယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်စော်ကားမှုကို ခေါင်းငုံ့မခံဘဲ တော်လှန်ခဲ့ခြင်း ဖြစ်သည်။ ၁၈၈၅ ခုနှစ် အင်္ဂလိပ်မြန်မာတတိယစစ်ပွဲအပြီး အင်္ဂလိပ်တို့က တစ်နိုင်ငံလုံးအား သိမ်းပိုက်သောအခါ စော်ဘွားကြီးက သူ့ကျွန်ခံလိုစိတ်မရှိဘဲ ကယားပြည်နယ် ကန္တာရဝတီနယ် စောလုံမြို့တွင် ဌာနချုပ်ပြီးလုပ်ပြီး အင်္ဂလိပ်တို့ကို တော်လှန်ခဲ့၏။ စော်လှဘော်သည် ၁၈၈၆ ခုနှစ်မှ ၁၈[illegible] ခုနှစ်အထိ နယ်ချဲ့ဘက်ပါသော စော်ဘွားများကို လှည့်လည်တိုက်ခိုက်ကာ လူသူလက်နက်စုရုံးပြီး နယ်ချဲ့ရန်ကိုတွန်းလှန်ရန် စီစဉ်သည်။ ၁၈၈၈ခုနှစ် ကုန်ဆုံးခါနီးတွင် ကယားတော်လှန်ရေးတပ်သားများသည် ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်နယ်ကို ဝင်ရောက်တိုက်ခိုက်သဖြင့် အင်္ဂလိပ်တို့က စစ်လျော်ကြေးနှင့်အခွန်ကိုတောင်း၏။

လျော်ကြေးမှာ ငွေ (၂) သိန်းနှင့် သေနတ် (၅၀၀) ဖြစ်ပြီး နှစ်စဉ် အခွန်ငွေ (၅၀၀၀) ကျပ်ကိုပါ ပေးရမည်ဆို၏။ စော်ဘွားကြီးစောလှဖော်က အင်္ဂလိပ်တို့၏တောင်းဆိုချက်ကို ခါးခါးသီးသီး ငြင်းဆိုခဲ့၏။ သို့အတွက်ကြောင့် ၁၈၈၈ခု ဒီဇင်ဘာလတွင် မြောက်ဘက်မှ ဗိုလ်မှူးချုပ် ကောလက်ဦးဆောင်သော စစ်ကြောင်းတစ်ကြောင်း၊ တောင်ဘက်မှ ဗိုလ်မှူးကြီးဟာဗီ ဦးဆောင်သော မောက်မြန်မာပြည် သံလွင်မြစ်ကိုဖြတ်ကျော်လာသည့်စစ်ကြောင်းတစ်ကြောင်းသည် ကရင်ပြည်နယ် ဖာပွန်မြို့သို့ ရောက်လာသောအခါ စော်ဘွားကြီး စောလှဘော်နှင့် တော်လှန်ရေးအင်အားစုများက ဖာပွန်အရှေ့မြောက်ဘက် ကျောက်ညှပ်ရှိ စစ်ပုလိပ်ဌာနကို တိုက်ခိုက်မီးရှို့ဖျက်ဆီးကာ လက်နက်များရယူခဲ့သည်။

ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်မူ ကယားတော်လှန်ရေးတပ်ဖွဲ့နှင့် နယ်ချဲ့တပ်များသည် ဘော်လခဲရွာတောင်ဘက် ဖားဆောင်းရွာ (ယခု မြို့နယ်) တွင် တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ဤသို့ဖြင့် လွိုင်ကော်မြို့အနီးဝန်းကျင်တွင် ကယားတော်လှန်ရေးတပ်သားများနှင့် နယ်ချဲ့အင်္ဂလိပ်တို့ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး ဇန်နဝါရီ ၄ ရက်တွင် ဖြစ်ပွားသော လောပိတ၌ တိုက်ပွဲတွင် အင်္ဂလိပ်တို့က စောလှဘော်၏ ဌာနချုပ်ရှိရာ စောလုံမြို့အား သိမ်းပိုက်လိုက်ပါတော့သည်။

ကယားစော်ဘွားကြီးစောလှဘော်က -

"ကုလားတွေ လာဝံ့လျှင်လာပါစေ။ သူတို့က တို့ကိုမကောင်းမြဲလျှင် မှတ်ထစ်သတ်ဖြတ်မည်။ တို့ကိုတိုက်လျှင် တို့ကလည်းပြန်ချမည်။ တို့ကယားမြေကိုဖြတ်လျှင် အပ်များလောက်ပင် အရာမထင်စေရ"

ဟု ကြုံးဝါးကြွေးကြော်ခဲ့ပါသည်။ ကန္တာရဝတီနယ်စားစော်ဘွားကြီး စောလှဘော်သည် နယ်ချဲ့ဗြိတိသျှတို့အား ရရာလက်နက်စွဲကိုင်၍ သူ့ကျွန်မခံလိုစိတ်ဖြင့် တော်လှန်တိုက်ခိုက်ခဲ့သော တိုင်းရင်းသားခေါင်းဆောင်ကြီးအဖြစ် သမိုင်းမှာ မော်ကွန်းတင်ခံခဲ့ရပါ၏။

စော်ဘွားကြီး စောလှဘော်နှင့် လွိုင်ကော်မြို့ကို တည်ထောင်သူ ဦးသီရိတို့ပူးပေါင်းပြီး နယ်ချဲ့ဗြိတိသျှတို့အား ကယားနယ်မြေတွင် ရရာလက်နက်စွဲကိုင်ပြီး ခုခံတိုက်ခိုက်ရင်း လူသူလက်နက်အင်အားချင်းမမျှတသဖြင့် နောက်ဆုံးဌာနချုပ်ဖြစ်သော စောလုံမြို့ကို ဗြိတိသျှတို့သိမ်းပိုက်လိုက်သောအခါ စောလှဘော်နှင့် ဦးသီရိတို့သည် သံလွင်မြစ်အနီးမန်မူးသို့ တိမ်းရှောင်ထွက်ခွာခဲ့ရ၏။ နောက် (၈) လခန့်အကြာတွင် စောလှဘော်သည် ဝမ်းရောဂါဖြင့် ဆုံးပါးသွားခဲ့ရပြီး ဦးသီရိမှာမူ ထိုင်းနိုင်ငံအတွင်း ဝင်ရောက်သွားခဲ့သည်။

◆

"ဆရာ၊ ဒီမောဆိုးမြို့နယ်ထဲဝင်လာပြီ"

ကားဆရာ သတိပေးမှ ကျွန်ုပ် အတွေးများပြတ်တောက်သွားခဲ့ရသည်။ ကားလမ်းဝဲဘက်သို့ ကြည့်လိုက်တော့ ဒီမောဆိုးမြို့နယ်မှ ကြိုဆိုပါ၏ ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။ ကျွန်ုပ်စီးလာသောကားလေးသည် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဆီဆိုင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင်မောင်းနှင်နေခြင်း ဖြစ်၏။ နှစ်လမ်းသွားမှ လေးလမ်းသွားဖြစ်ရန် စီမံကိန်းချပြီး စတင်လုပ်ဆောင်နေသောလမ်းလုပ်သားများကို တွေ့ရသည်။

ဒီမောဆိုးမြို့သို့အဝင် ညာဘက်၌ မိုးဗြဲသို့သွားသောလမ်းခွဲကို တွေ့ရ၏။ မိုးဗြဲသည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် အတွင်းတည်ရှိပြီး ဒီမောဆိုးမြို့မှ (၁၄) မိုင်၊ (၂)ဖာလုံဝေး၏။ ကားလေးအား ဆက်မောင်းလာခဲ့ရာ သာယာကြည်နူးဖွယ်ကောင်းလှသော ငွေတောင်ဆည်ကြီးအား ကားလမ်းဝဲဘက်တွင် တွေ့ရပါတော့သည်။

"ကားဆရာကြီး၊ခဏလောက်ရပ်ပေးပါ"

"ဆရာအပြန်ကျမှ ဝင်မယ်လေ။ အခု ပန်ပွဲ ကယန်း(ပဒေါင်)ရွာကို သွားမယ်လေ"

"မဟုတ်ဘူးဗျ နေရောင်သိပ်မစူးဘူး။ ဆည်ရဲ့ကောင်းကင်မှာ တိမ်စိုင်တိမ်လိပ်တွေတက်နေတာ [illegible] တယ်။ ဒီအချိန်မျိုးမှာ ဓာတ်ပုံရိုက်[illegible] အကောင်းဆုံးပဲ။ ကျွန်တော်တို့ပြန်[illegible] ရင် ဒီမြင်ကွင်းကိုတွေ့ချင်မှတွေ့ရမှာ"

ကားဆရာကြီးက ကားရပ်ပေးလိုက်သောအခါ ကျွန်ုပ်လည်း ဆည်ဘောင်လမ်းပေါ်သို့ ပြေးတက်သွားပြီး ငွေတောင်ဆည်ကြီးနှင့် နောက်ခံပန်းချီကားဖြစ်သော တောင်စဉ်တောင်တန်းများ၊ မိုးသားတိမ်လိပ်များအား ရှုခင်းနောက်ခံပြု၍ ဓာတ်ပုံတဖျပ်ဖျပ်ရိုက်ပါတော့သည်။

ထို့နောက် ဆည်ဘောင်မှဆင်းပြီး ကားဆက်ထွက်သည်။ ဆည်အနီးမှာပင် ကားလမ်းဆုံတစ်ခုတွေ့ရ၏။ ညာဘက်သို့ကွေ့သွားသောလမ်းက တောင်ငူ-လိပ်သို-ယာဒိုလမ်းဖြစ်ပြီး တောင်ငူသို့ အရောက် (၁၂၈) မိုင် (၄) ဖာလုံဝေး၏။ ဆက်သွားလျှင် ဒီမောဆိုးမြို့ထဲအား ဖြတ်သန်းပြီး ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့(မဲ့ဆဲ့) မြို့နယ်များသို့ ရောက်သည်။ ဒီမောဆိုးမှ ဖားဆောင်းမြို့သို့ (၆၄) မိုင် (၆) ဖာလုံခန့်ကွာဝေး၏။

မယ်စဲ့မြို့နယ်သည် ထိုင်းနယ်စပ်သို့ ထိစပ်နေ၏။ ကျွန်ုပ်တို့ကားလေးက တောင်ငူကားလမ်းအတိုင်း ကွေ့ဝင်လာခဲ့သည်။ ကျွန်ုပ်ကားပေါ်မှနေ၍ အဝေးရှုခင်းများအား ဓာတ်ပုံရိုက်ရန် ကင်မရာအား တယ်လီဇွန်းပြောင်းတပ်သည်၊ ရှုခင်းတွေကလည်း ဓာတ်ပုံရိုက်ချင်စရာကောင်းလောက်အောင်လှပနေပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ကြည်နူးစရာကောင်းလောက်အောင် လှပသောရှုခင်းများအား ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်များတွင် တွေ့မြင်နိုင်ပါသည်။ ပင်လယ်ကမ်းရိုးတန်းဖြစ်သော ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင်လည်း ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်ကြီးနှင့် သာယာလှပသော သဲသောင်ကမ်းခြေ၊ ပင်လယ်တွင်းတည်ရှိနေသော ကျွန်းစုအလှများက စာ[illegible] မကုန်နိုင်ပါ။ ထိုရှုခင်းများအား နိုင်င[illegible] သားကမ္ဘာလှည့်ခရီးသည်များက မ[illegible] စက်စက်လာရောက်ကြည့်[illegible] ဖြေကြ၏။ ကျွန်ုပ်တို့နိုင်[illegible] ထိုင်း၊ စင်ကာပူ၊ ဥရောပ[illegible] သွားကြည့်ကြသည်။ဘာတွေ[illegible] ဖြစ်ကုန်ကြသည်[illegible] မသိတော့ပါ။ ကားလေး[illegible]နေ၍ [illegible] တောတောင်

ရှုခင်းများအား ဓာတ်ပုံရိုက်ရင်း ကယားပြည်နယ်၏မြေမျက်နှာပြင်အားလေ့လာမိ၏။

ကယားပြည်နယ်သည် တောင်ကုန်းတောင်တန်းထူထပ်၏။ မြေနိမ့်လွင်ပြင်များအား သံလွင်မြစ်နှင့်နမ့်ပွန်မြစ်ဝှမ်းတစ်လျှောက်တွင်သာ ထင်ရှားစွာတွေ့ရ၏။ ကျန်မြစ်ဝှမ်းငယ်များတွင်မူ ကွက်ကျားကွက်ကျားသာတွေ့ရသည်။ သံလွင်မြစ်သည် ကယားပြည်နယ်၏ အရှေ့ဘက်အခြမ်းကိုဖြတ်လျက် မြောက်မှ တောင်သို့စီးဆင်းလျက်ရှိလေသည်။ သံလွင်မြစ်အတွင်းသို့ ဒေသအရှေ့ပိုင်းမှ ဟွဲပွန်၊ ဟွဲလောင်၊ နမ့်မယ်မြ စသည့် မြစ်လက်တက်များစီးဝင်ပြီး အနောက်ဘက်အပိုင်းမှ နမ့်ပွန်မြစ်သည် မြောက်မှတောင်သို့စီးဆင်းလာပြီး သံလွင်မြစ်နှင့် ဖားဆောင်းမြို့အနီးတွင် ပေါင်းဆုံသည်။ နမ့်ပွန်မြစ်အတွင်းသို့ ဘီလူးချောင်း၊ ထူးချောင်းတို့စီးဝင်ကြ၏။

ကယားပြည်နယ်အတွင်း တောင်တန်းများမှာ ရှမ်းကုန်းမြေမြင့်မှဆင်းသက်လာသော တောင်တန်းများ၏ အဆက်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကယားပြည်နယ်၏ အနောက်ဘက်အခြမ်းသည် အရှေ့ဘက်အပိုင်းထက်ပိုမြင့်သည်ကို တွေ့ရသည်။ အနောက်ဘက်အပိုင်းတောင်တန်းများသည် ပေ (၄၀၀၀) ကျော် (၅၀၀၀) နီးပါးမြင့်ကြသည်ကို တွေ့ရသည်။ ထိုပြည်နယ်၏ အမြင့်ဆုံးတောင်ထိပ်များကို လွိုင်ကော်တောင်တန်းများတွင်တွေ့ရပြီး လွိုင်ဟိုထားတောင်ထိပ်သည် (၅၅၂၂) ပေရှိပြီး အမြင့်ဆုံးတောင်ထိပ်ဖြစ်၏။ ပြည်နယ်၏အနောက်ဘက်အပိုင်းတွင် တောင်တန်းများသည် အနောက်မြောက်မှ အရှေ့တောင်သို့ သွယ်တန်းနေပြီး အရှေ့ဘက်အပိုင်းတွင်မူ မြောက်မှတောင်သို့သွယ်တန်းနေသည်ကိုတွေ့ရ၏။

တစ်ချိန်က ဤနေရာဤဒေသသည် ကျွန်းတောကြီးများ နေပြောက်မထိုးနိုင်အောင် ပေါက်ရောက်ခဲ့ကြ၏။ လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်တွင်းဖြစ် ခရိုနီများကြောင့် ကယားပြည်နယ်၏ကျွန်းတောများ ပျောက်ကွယ်ခဲ့ရ၏။ ယခုမှ ကျွန်းစိုက်ခင်းများအား ပြန်လည် ပြုစုပျိုးထောင်နေသည်ကိုတွေ့ရသည်။

ဒီမောဆိုးမြို့နယ်တွင် ပန်ပဲ့ရွာ အထိ မိုင် (၂၀) ကျော် ဝေးပါသည်။ ထိုရွာလေးတွင် ကယန်း (ပဒေါင်) များသာ သီးသန့်စုပြီး နေထိုင်ကြသည်။ တိုင်းရင်းသားကယန်းများက သူတို့အား ပဒေါင်ဟုခေါ်လျှင် မကြိုက်ကြပါ။

သူတို့အား နိမ့်သည်ဟု ယူဆကြသည်။ မြန်မာနိုင်ငံအတွင်း အခြားဒေသတိုင်းပြည်နယ်များမှသူများက လည်ပင်းမှာ ကြေးခွေခွပ်ထားလျှင် ပဒေါင်ဟုပြောကြသည်။ ပဒေါင်ဟူသော အမည်နာမအား ပယ်ဖယ်ထားခဲ့သည်မှာ ဖဆပလအစိုးရလက်ထက်ကတည်းက ဖြစ်၏။ ကယန်းများအား သူတို့မကြိုက်သော ပဒေါင်အမည်အား မခေါ်မိဖို့ သတိထားကြရပါမည်။

ယခုခေတ်တွင် ကယားအား တိုင်းရင်းသားလူမျိုးစု (၈) မျိုးရှိသည်ဟု အတိအကျ သတ်မှတ်ကြသော်လည်း ရှေးပဝေသဏီကာလက ကယားဒေသတွင် ရင်တလဲ၊ ပုတောင်နှင့် ရင်ဘော် လူမျိုးဟူ၍ရှိခဲ့၏။ မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်းဒေသ၌ ဗမာဟု ဖြစ်မလာမီ ပျူ ကမ်းယံ၊ သက် ဟူ၍ရှိသကဲ့သို့တည်း။

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀) ကျော်လောက်က ပုတောင်တို့သည် ရင်ဘော်တို့နှင့် ခွဲခြားစွာ သိမြင်နိုင်ရန် အမှတ်အသားအဖြစ် ရှမ်းတိုင်းရင်းသားများထံမှ ကြေးဝါချောင်းများဝယ်ယူပြီး လည်ပင်းမှာပတ်ကြသည်။ အလှဆင်ယင်သည်ဟုလည်းဆိုကြသည်၊ ရင်ဘော်တို့က ကြေးဝါခွေမပတ်ကြပါ။ နောက်ပိုင်းတွင် အမျိုးသားများက မပတ်ကြတော့ဘဲ အမျိုးသမီးများသာ ပတ်ကြရာမှ မိန်းကလေးငယ်ဆိုလျှင် (၁၀) ကွင်း၊ မိန်းမကြီးဆိုလျှင် (၂၆) ကွင်းအထိပတ်ကြသည်။ ဖြုတ်ရတပ်ရခက်ခဲသဖြင့် ညအိပ်လျှင်ပင် မဖြုတ်ကြပါ။

ယခုအခါ ကယန်းများသည် ခေတ်မီလာသဖြင့် ထိုကြေးဝါကွင်းများအား နှစ်ခြမ်းဆက်ပတ္တာသဖွယ်တပ်ကြသည်၊ ဧည့်သည်များလာရောက်လေ့လာလျှင် ကြေးဝါကွင်းအထပ်လိုက်နှစ်ခြမ်းဆက်ကို လည်ပင်းမှာတပ်လိုက်ပြီး ဧည့်သည်များပြန်သွားလျှင် ပြန်ဖြုတ်ထားကြ၏။ နှစ်ပေါင်းများစွာ ကြေးဝါကွင်းများစွပ်ထားသော ကယန်းအမျိုးသမီးကြီးတစ်ယောက်၏ လည်ပင်းမှာ သာမန်မိန်းမကြီးတစ်ဦး၏လည်ပင်းနှင့် မတူပါ။ သူများထက်ပို၍ရှည်နေလေ့ရှိ၏။

ကျွန်ုပ်စီးလာသောကားလေးက ဖားဆောင်း-ဘော်လခဲဘက်မသွားဘဲ တောင်ငူ-လိပ်သို-ယာဒိုလမ်းအတိုင်း မောင်းလာရာ ၄ကွေ့သို့ရောက်လာ၏။ အန္တရာယ်ကုန်းဆင်းကုန်းတက်ဖြစ်သည်။ ကားဆရာကြီးက ကျင်လည်စွာဖြင့် ဖြည်းဖြည်းချင်းတက်နေ၏။ လမ်းဘေးမှာ ဝါးရုံပင်များ အင်ပင်၊ ကျွန်းပင်များ ထူထပ်စွာပေါက်နေပြီး တောင်အချို့သည် မြေပြင်မှစုန့်စုန့်တက်နေသည်။ ထုံးကျောက်တောင်များ ဖြစ်သည်။

ဤနေရာသည် တစ်ချိန်က ကယန်းလက်နက်ကိုင်များကြီးစိုးခဲ့သော နေရာဖြစ်၏။ ကျွန်ုပ်၏အတွေးများသည် ကယန်းနယ်မြေရှုခင်းများအား ငေးမောကြည့်ရှုရင်း နားထဲ၌ သေနတ်သံဗုံးသံများကြားလာရပြန်ပါသည်။

ကယန်းခေါင်းဆောင်သိုင်းဘဟန်၊ သူ့အစ်ကိုဦးသိုင်းသန်းတင်(မဆလခေတ်နိုင်ငံတော်ကောင်စီဝင်)၊ စပ်ဝဏ္ဏ၊ ဦးစိန်၊ ဦးမအိမြလေး၊ ဦးကျော်ဝင်း၊ စောလဗီနှင့် စောငယ်ဒူးစသည့် ကယားခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပူးပေါင်းပြီး ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက ကယန်း(ပဒေါင်)အမျိုးသားများသည် ရရာလက်နက်ဆွဲကိုင်ပြီး ကလောဘက်မှ ပင်လောင်းလမ်းအတိုင်း စစ်ဆုတ်ခွာလာသော ဂျပန်တပ်များအား ဖြတ်တောက်တိုက်ခိုက်ရာ တပ်ရင်းလိုက်ပြုတ်ပြီးအတုံးအရုန်းသေကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့က သိုင်းဘဟန်အား ချီးကျူးပြီး အိုဘီအီးဘွဲ့ပေးအပ်ချီးမြှင့်ကာ စည်းရုံး၏။ သိုင်းဘဟန်က လက်မခံဘဲ ငြင်းပယ်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းတ ရဲဘော်ရဲဘက်အဖြစ် ချီးကျူးဂုဏ်ပြုရေးသားထားသော စာတစ်စောင်ပေးပို့၏။ ဦးသိုင်းဘဟန်သည် ဗိုလ်ချုပ်အောင်ဆန်း၏စာဆိုမူလက်[illegible] အမြတ်တနိုးသိမ်းဆည်းထားခဲ့ပါသည်။ ကယန်းလူမျိုးစုတို့ အများဆုံးနေထိုင်သော မိုးဗြဲနယ်မှာ ရှမ်းပဒေသရာဇ် အုပ်ချုပ်မှုလက်အောက်မှ ကယန်းခေါင်းဆောင်များ၏ဆန့်ကျင်တော်လှန်မှုကြောင့် လွတ်မြောက်လာကြပြီး ကိုယ့်နယ်ကိုကိုယ့်လူမျိုးက ပြန်အုပ်ချုပ်သော အနေအထားသို့ ရောက်လာခဲ့သည်။ ထိုအခါ ပဒေါင်အမျိုးသားတို့၏ လိုလားချက်အတော်များများကို ဖြည့်ဆည်းပြီး ဖြစ်နေပါတော့သည်။

သို့သော် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တောင်တန်းဒေသစော်ဘွားအုပ်ချုပ်ရေးကို ပြန်လည်ဖော်ဆောင်ခဲ့ရာ ကယန်း(ပဒေါင်)များအဖို့ မကျေနပ်စရာဖြစ်လာခဲ့ပါတော့သည်။ မိုးဗြဲနယ်နှင့် ပတ်သက်၍ ပုဒ်မ ၁၈၂-(၁)အရ ကယားပြည်နယ်အတွင်းသို့သွတ်သွင်းခြင်းကို ကယန်းများသဘောကျလက်ခံကြသော်လည်း ပုဒ်မ (၁၈၃) တွင်မူ မိုးဗြဲစော်ဘွားအား လူမျိုးစုလွှတ်တော်တွင် ကယားပြည်နယ်ဆိုင်ရာကိုယ်စားလှယ်အမတ်တစ်ဦးအဖြစ် သတ်မှတ်သည်ကို မကျေနပ်ကြပေ။ ပဒေသရာဇ်စနစ်အား တော်လှန်ခဲ့ကြသော ကယန်းများအဖို့ နောက်တစ်ဖန် ပဒေသရာဇ်စနစ်လက်အောက်သို့ ကျရောက်နေသကဲ့သို့ရှိနေ၏။

ဒုတိယကမ္ဘာစစ်အပြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ပြည်နယ်ပြည်မတိုင်းရင်းသားခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲသောအခါ ကေအင်ယူကဲ့သို့ ကရင်အဖွဲ့အစည်းများက ကရင်နီနယ် (ကယားပြည်နယ်)ကို ကရင်ပြည်နယ်ထဲသို့သွတ်သွင်းလိုကြသည်။ ထိုစဉ်က လွတ်လပ်ရေးကလည်း မရသေးပါ။ ကရင်ပြည်နယ်နယ်နိမိတ်သတ်မှတ်ရေးပင်လျှင် သေချာခြင်းမရှိသေးပေ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ကရင်ပြည်နယ်နှင့်ပတ်သက်၍ ဤသို့ရေးဆွဲခဲ့လေသည်။

'နိုင်ငံတော်သမ္မတက ခန့်ထားသည့်အထူးကော်မရှင်အဖွဲ့က ဆုံးဖြတ်သတ်မှတ်သော ကရင်အမျိုးသားများ နေထိုင်ရာ ဆက်စပ်နေသောဒေသတို့တွင် နေထိုင်သူများနှင့်ထိုဒေသအပဖြစ်သော မြန်မာနိုင်ငံ၌ နေထိုင်ကြသော ကရင်အမျိုးသားများအနက် များရာက အလိုရှိခဲ့သော် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ဝင်ကို ကရင်ပြည်နယ်ဟု ခေါ်ရမည်'။

ထိုအခါ အခြေခံဥပဒေအရ ကရင်နီနယ်သည် ကရင်လူမျိုးအများစု၏ဆန္ဒအရ ကရင်ပြည်နယ်အတွင်းသို့ ပါဝင်ရတော့မည့်ကဲ့သို့ဖြစ်နေလေသည်။ အကယ်တော့ ကရင်နီဟူသောအမည်မှာ မြန်မာနှင့် ကရင်များက ကယားများကို ခေါ်ဝေါ်သောအမည်ဖြစ်သည်။ အဝတ်အစား အနီရောင်ဝတ်ပြီး ကရင်နှင့် နီးစပ်သဖြင့် အလွယ်ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်၏။ ကယားများမှာ ကရင်ပြည်နယ်အတွင်း ပါဝင်လိုခြင်းမရှိကြ။ ထို့ကြောင့် ကယားလူမျိုးများအတွင်း ကယားပြည်နယ်ရရှိရေး နိုင်ငံရေးလှုပ်ရှားမှုသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာပါတော့သည်။ ထို့အတူ ကယားလူမျိုးများအတွင်းတွင် နိုင်ငံရေးအယူအဆသုံးမျိုးကွဲလာခဲ့ကြသည်။

ပထမအယူအဆမှာ မြန်မာပြည်နှင့် လုံးဝပူးပေါင်းပြီး လွတ်လပ်ရေးကို ရယူလိုသူများဖြစ်၏။ ဒုတိယအယူအဆမှာ ကရင်ပြည်နယ်နှင့်ပူးပေါင်းရန်ဖြစ်၏။ ကရင်တို့ကလည်း အိန္ဒိယမှ ပါကစ္စတန်ခွဲထွက်သကဲ့သို့ သီးခြားကရင်နိုင်ငံ ထူထောင်ရန် ဗြိတိသျှအစိုးရအား အရေးဆိုခဲ့ကြသည်။

တတိယအယူအဆမှာ ကရင်နှင့်လည်းမပေါင်း၊ ဗမာနှင့်လည်းမပေါင်းဘဲ သီးခြားလွတ်လပ်စွာနေမည်ဟူသောအယူအဆဖြစ်၏။ ကယားအမျိုးသားပညာတတ်များက ဦးဆောင်ကြပြီး ကင်းဝန်မင်းကြီးနှင့် ဆာဒေါက်ဂလပ်ဖောဆိုက်တို့ လက်မှတ်ရေးထိုးခဲ့သော ကရင်နီလွတ်လပ်ရေးစာချုပ် (၁၈၇၅ ခုနှစ်)ကို ထောက်ပြကြ၏။

လွတ်လပ်ရေးရလာသောအခါတွင် ကရင်နီနယ်အား မူလအတိုင်း ကန္တာရဝတီနယ်စားစော်ဘွားများကသာ အုပ်ချုပ်ခဲ့၍ တိုးတက်သောပဒေသရာဇ်ဆန့်ကျင်ရေးလက်ဝဲအင်အားစုပညာတတ်များက ဆန့်ကျင်ခဲ့၍ ပဒေသရာဇ်များ၏နှိပ်ကွပ်မှုကိုခံခဲ့ကြရ၏။

မိုးဗြဲနယ်သည် ရှမ်းပြည်နယ် အတွင်းပါဝင်သော်လည်း ကယန်း (ပဒေါင်) လူမျိုးစုတို့အများအပြားနေထိုင်ရာဒေသဖြစ်သည်။ သိုင်းဘဟန်ခေါင်းဆောင်သော ပဒေသရာဇ်ဆန့်ကျင်ရေးကယန်းလူမျိုးအင်အားစုများက မိုးဗြဲရှမ်းစော်ဘွားကို တော်လှန်တိုက်ခိုက်ကြသည်။ ထိုအခါ ရှမ်းစော်ဘွားစစ်ပညာမှာ မနေနိုင်တော့ဘဲ ပင်လောင်းတွင်သွားရောက်ခိုလှုံခဲ့ရသည်။ ဤသို့ဖြင့် သိုင်းဘဟန်သည် မိုးဗြဲနယ်၌စော်ဘွားဖြစ်လာသည်။

သူတို့သည် ပဒေသရာဇ်ဆန့်ကျင်ရေးဟုဆိုသော်လည်း တစ်ခါတစ်ရံ လူမျိုးရေးအစွန်းရောက်မှုများရှိလာရာမှ ပဒေါင်အရေးအခင်းကြီးဖြစ်လာပါတော့သည်။ မိုးဗြဲနယ်သည် ရှမ်းအမျိုးသားများထက် ဘုရင်ကိုးဘာသာကိုးကွယ်သော ကယန်း (ပဒေါင်) နှင့် ပရဲလူမျိုးစုတို့က ပိုများသည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၂၉ရက်တွင် ရှမ်းနှင့် ကယန်း (ပဒေါင်) များ အရေးအခင်းဖြစ်ပွားပြီး လူလေးဦးသေဆုံးခဲ့ရသည်။ ဂျပန်များက စေ့စပ်ပေး၍ ပြဿနာပြီးဆုံးသွားပြီဟုထင်ရသော်လည်း စက်တင်ဘာလ ၁၉ ရက်နေ့တွင် အဓိကရုဏ်းထပ်မံဖြစ်ပွားပြီး လူ (၂၀) ဦး သေကျေပျက်စီးရပြန်သည်။ ဤသို့ဖြစ်ရခြင်းမှာ ပင်လောင်းတွင် သွားရောက်ခိုလှုံနေသော မိုးဗြဲစော်ဘွားဟောင်း စစ်ပညာအား ဂျပန်တို့က ပြန်လည်ခေါ်ယူ၍ မိုးဗြဲစော်ဘွားအဖြစ် ပြန်လည်ခန့်အပ်ခဲ့သဖြင့် ဒေသခံကယန်း(ပဒေါင်)တို့က ဆူပူအုံကြွခြင်းဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကပင် ကေအင်ယူနှင့်နယ်ချဲ့အင်္ဂလိပ်တို့၏ ခြေရှုပ်သွေးထိုးမှုတို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ကရင်နီပြည်အား ကရင်ပြည်နယ်ထဲသို့သွတ်သွင်းရမည်ဟု ပါလာခဲ့ပါတော့သည်။ ကရင်နီဝန်ကြီးကိုလည်း ပြည်သူလူထုက ရွေးကောက်တင်မြှောက်ခြင်းမပြုရဘဲ ဖဆပလအစိုးရက တိုက်ရိုက်ရွေးကောက်တင်မြှောက်မည်ဟု သတ်မှတ်ထားသည်။

ထိုအချက်နှစ်ချက်ကို လက်ခံလိုသော အစုအဖွဲ့နှင့် လက်မခံလိုသော အစုအဖွဲ့ဟူ၍ ကရင်နီပြည်နယ်(ကယားပြည်နယ်) တွင် နှစ်ပိုင်းကွဲသွားသည်။ ထိုအချိန်မှစ၍ ပဋိပက္ခအသွင်ဆောင်သော နိုင်ငံရေးအင်အားစုမှာ ကန္တာရဝတီစော်ဘွားစစ်ဝဏ္ဏနှင့် မိုးဗြဲစော်ဘွားသိုင်းဘဟန်တို့ဖြစ်ပြီး လက်မခံလိုသော အင်အားစုမှာ ဘော်လခဲနယ်တရားသူကြီးဦးဘီနှင့် ကြယ်ဖိုးကြီးနယ်စော်ဘွားစောရွှေတို့ဖြစ်ကြ၏။

ဤသို့ဖြင့် တစ်ဖွဲ့တစ်ဖွဲ့တိုက်ခိုက်ကြရာမှ ဘော်လခဲနယ်တရားသူကြီးဦးဘီ ကျဆုံးသွားသော် ကြယ်ဖိုးကြီးနယ်စော်ဘွားစောရွှေသည် လက်နက်ကိုင်၍ အတိအလင်းပုန်ကန်တော့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ စောရွှေသည် ကရင်နီ(၅၀၀)ခန့်အား စုစည်းပြီး တော်လှန်တိုက်ခိုက်ခဲ့သည်။ စောရွှေဖျားနာသေဆုံးသွားသောအခါ ဇနီးဖြစ်သူ တူးတူးမိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြန်ပါသည်။ နီးစပ်ရာအဖွဲ့အစည်းပြုသော ကေအင်ယူတို့၏ ဩဇာလွှမ်းမိုးမှုကိုလည်းခံခဲ့ရ၏။

(ဆက်ရန်)

[illegible]ဝင်းထက်

(စာပေဗိမာန်[illegible]ပထမဆုရ)

အခုဖော်ပြပေးမယ့် ဆေးမြီးတိုလေးများသည် ရှေးမြန်မာလူမျိုးတွေ အဆက်ဆက်သုံးစွဲခဲ့တဲ့ နည်းလမ်းတွေ ဖြစ်ကြပါတယ်။ ငွေကုန်သက်သာတယ်။ ဆေးပစ္စည်းလည်း ရှာဖွေရလွယ်တယ်။ လက်လှမ်းမီရာ ကိုယ့်ဝန်းကျင်နားမှာ ရှိနေတဲ့ ဆေးပစ္စည်းတွေပါပဲ။

သုံးရလွယ်ကူပါတယ်။ ဘေးမတွေ့တဲ့ဆေးနည်းတိုလေးတွေဖြစ်ပြီး ငွေကုန်ကြေးကျလည်းနည်းတာမို့ ဉာဏ်နှင့်ယှဉ်ပြီး သင့်တဲ့ရောဂါတို့ကိုသုံးကြည့်စေချင်ပါတယ်။

သည်ဆေးမြီးတိုလေးတွေဖော်ထုတ်ခဲ့တာက ဟိုးရှေးတုန်းက ရန်ကုန်မြို့ကြီးမှာ ဗန္ဓုလဆေးတိုက်ကြီးဆိုတာရှိပြီး ထိုဆေးတိုက်မှ ဆေးဆရာကြီး ဦးစိန်မြင့်က ဖော်ထုတ်စီရင်ရေးသားထားတဲ့ လောကဓာတ်အလင်းကျမ်းကြီးထဲက ဆေးမြီးတိုတို့နဲ့ ဓာတ်ကြေလက္ခဏာတို့ပဲ ဖြစ်ကြပါတယ်။

စာဖတ်သူတို့ ဉာဏ်ရှိသလို သုံးစွဲနိုင်ပါလျှင် ဖော်ပြရကျိုးနပ်ပါပြီ။

[illegible]

မောင်လှယဉ်

ဉာဏ်နှင့်ယှဉ်၍သုံးကြည့်ပါ



၁။ မျက်စိ၊ နားတို့စူးရှရှဖြစ်နေပါက ငါးပိဖုတ်ကို ခြေဖဝါးတွင်ပွတ်ပေးပါက ပြေပျောက်၏။

၂။ ဆီမီးတောက်ဥကိုစားမိလျှင် မန်ကျည်းသီးကို စားပေးပါက အဆိပ်အတောက်ပြေပါ၏။

၃။ ပဒိုင်းသီးကိုစားမိသဖြင့် ရူးနေပါက ထန်းလျက်စားလျှင် ပြေပျောက်၏။

၄။ မြွေတွေကို မိမိအိမ်ခြံဝင်းထဲကိုမလာစေချင်ပါက ဆေးဝဥ္စနိပင်ကို ခြံဝင်းထဲစိုက်ထားပါ။

၅။ ဆင်စွယ်အစစ်နှင့်ပြုလုပ်ထားတဲ့ဘီးနှင့်ခေါင်းဖြီးသင်မယ်ဆိုလျှင် ဘယ်အချိန်ဘယ်အခါမှ ကာလဝမ်းရောဂါ မကျရောက်နိုင်ပါ။

၆။ ထမင်းစားသောက်ပြီးတဲ့အခါတိုင်း နွေးထားသည့် ထောပတ်ပူထဲကို သကြားရောပြီးစားသုံးပေးပါက ဉာဏ်ပညာတိုးတက်ပါလိမ့်မည်

၇။ သကာကို တစ်နှစ်ကြာအောင်ထားသိုထားပြီး ထိုသကာကို မိမိစားနိုင်သမျှ နေ့တိုင်းစားသုံးသွားပါက သွေးအားကောင်းမွန်ပြီး အသက်ရှည်နိုင်ပါသည်။

၈။ ကြက်ဥအတွင်းက အကာဖြူရှိသည့်အရည်နှင့်လိမ်းပေးပါက အကွဲအရှများ လျှင်မြန်စွာပျောက်ကင်းစေနိုင်ပါသည်။

၉။ ခါးနာ၊ ခါးကိုက်ဖြစ်နေပါက ကိုက်တဲ့နေရာမှာ မိမိနိုင်သလောက် ပူသောအာလူးပြုတ်ရည်နှင့် မအိပ်ခင် ဆွတ်ပေးပါက နံနက်လင်းလျှင် သက်သာ၍ ပျောက်ကင်းနေပါမည်။

၁၀။ မီးလောင်ခဲ့ပါက အဖုအပိမ့်မထွက်ရန် အနာရွတ်မကျန်အောင် ကွမ်းရွက်စိမ်းရည်နဲ့ သကြား ဆတူထည့်ပြီးလိမ်းပေးပါက ပျောက်ကင်းပါသည်။

၁၁။ ညှင်းပေါက်နေသူတို့သည် လက်ချားကို ပွအောင်လှော်ပြီး အမှုန့်ပြုလုပ်၍ နံ့သာဖြူစစ်စစ်သွေးကာ ရောလိမ်းပါက ပျောက်ပါတယ်။

၁၂။ ပွေးပေါက်နေပါက သဘော်မယ်ဇလီရွက်နှင့် ပွတ်တိုက်ပေးပါက ပျောက်ပါသည်။

၁၃။ မျက်စိစွံနေပါက ငါးပိရိုးနှင့် ခုနစ်ချက် အသက်အောင့်ပြီးတို့ပေးပါက ပျောက်ကင်းစေပါသည်။

၁၄။ အသံဝင်နေပါက ဆား၊ သကာ နှစ်ပါးတို့ကို ဆတူရောပြီး နံနက်၊ ညမန်ကျည်းစေ့ခန့်စားပေးပါက ပျောက်ပါသည်။

၁၅။ အာယုဝဍ္ဎနဆေးနည်းကား နာနတ်သီးကို အလုံးမပျက်အောင် အခွံသင်ပြီး ပျားရည်နဲ့ မြုပ်အောင်ထည့်ပြီး လုံစွာပိတ်ကာ သုံးနှစ်မေ့အောင်ထားပြီး သုံးနှစ်ရောသော် နယ်ပြီး တစ်နေ့ တစ်ဇွန်း စားပါက နုပျိုလာပါလိမ့်မည်။

၁၆။ မှုတ္တာရောဂါဓာတ်ရိုက်နည်း။ ဘူးသီးနုနုနှင့် မှုတ္တာကို မနာအောင်သာသာထုပေးပြီး သည်ဘူးသီးကို နေလှန်း။ ဒါမှမဟုတ် မီးဖုတ်ပြီးပါက ကြိုးချည်ထားပြီး မီးဖိုပေါ်ကနေရာတွင် ချည်ထားပေး ပါ။ ဘူးသီးညှိုးသွားလျှင် မှုတ္တာလည်း ပျောက်ပါမည်။

၁၇။ ငှက်ဖျားဘေလုံးကို ဓာတ်ရိုက်နည်း။ ခရမ်းသီးနှင့်ငှက်ဖျားဘေလုံးကို အသက်အောင့်၍ ခုနစ်ချက်ထုရပါမည်။ နောက် ခရမ်းသီးကို နေလှန်း။ ခရမ်းသီးညှိုးပါက ပျောက်သွားပါမည်။

၁၈။ သုံးနှစ်ကျော်မှုထားသိုထားတဲ့ထောပတ်ကို အကြောတင်၊ အကြောထပ်၊ အကြောကပ်တို့ကို လိမ်းပေးပြီး နှိပ်ချပေးပါက လင်းပိုင်ဆီကဲ့သို့ အလွန်ကောင်းပါသည်။

၁၉။ ဆံပင်ဖြူနေသူအတွက် မရားကြီး (တချို့က မုရားကြီးလည်းခေါ်) ရွက်၊ ပေါက်ပန်းဖြူရွက်၊ ပဲရွက်တို့ကို အမျှစုပြီး ညက်စွာကြိတ်ပြီး နှမ်းဆီ (မဆစ်ဆီ)နှင့် စိမ်ထားပြီး ဆံပင်ကိုလိမ်းပေးပါ။ ပြန်နက်သွားပါမည်။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှယဉ် (မော်လမြိုင်)

ထီးနုတ်လှိုင်

ခံစားချက်ပေါ်ပုံပြလေ့လာခြင်း

နံနက် အိပ်ရာမှ နိုးလာသည်နှင့် ခံစားမှုများက စတင်ပြီ။ အဦးဆုံးသတိထားမိသည်က အမြင်၊ အဆင်း။ မျက်စိဖွင့်တွင်မြင်လိုက်ရမှုများ။ နောက်တော့ အကြား။ အသံ နားဖွင့်ထားမိမှုများ။ ပြီးတော့ လဲလျောင်းနေသည့်အပေါ်တွင် အထိအတွေ့ နူးညံ့ မာကျောမှုများ။ နောက်ဘာဆက်လုပ်ရမလဲအတွေးများ တွေးရင်းနှင့် ဘယ်ညာလှည့်လျောင်းမိကုန်း။

အလျှင်စလို လုပ်ဆောင်ရန်ကိစ္စများမရှိသေးပါ။ ဘုရားရှိခိုးရန်ထပြင်ဆင်ပြီးမှ သွားတိုက်၊ မျက်နှာသစ်ရင်းလည်း တွေးတောကုန်း။

အိပ်ရာနိုးသည်ဟုဆိုသော်လည်း နိုးထခြင်းကိုမည်သို့ဖွင့်ဆိုရမှန်းမသိ။ ဘယ်ဟာကစနိုး၍ ဘယ်ကမသိလိုက်ပါလိမ့်။

ခံစားမိရသမျှကို စသိလိုက်ခြင်းကိုပင် အိပ်ရာမှနိုးသည်ဟု ဆိုရမလား။ မျက်စိဖွင့်ပြီး စမြင်လိုက်ခြင်းကိုပင် ဆိုနိုင်မလား။ မျက်စိမဖွင့်ဘဲ နားကကြားကြားလာသမျှကိုသိနေချိန်များလား။ အိပ်ရာထဲလဲ့နေတာကို စသိလိုက်ချိန်များလား။ ဘယ်အချိန် ဘယ်လိုတွေးပြီး ဘယ်လို အိပ်ပျော်သွားတာလဲ။ ဟူး . . . စဉ်းစားရင်း။

အိပ်ရာမနိုးခင်တွင်လည်း အိပ်မက်ဟူသည်ကို မြင်မက်မိသေး၏။ အိပ်မက်ထဲတွင် ရောက်ဖူးသောနေရာ၊ မရောက်ဖူးသောဒေသများ၊ တွေ့ကြုံသိကျွမ်းဖူးသောလူများ၊ မတွေ့ကြုံမသိကျွမ်းဖူးသူများ၊ တိရစ္ဆာန်များ၊ အပင်များ စသည်ဖြင့် ဇာတ်လမ်းရှည်ကြီးတစ်ပုဒ်ကဲ့သို့ မြင်နေမိတတ်ပြန်၏။

အိပ်မက်ဟု ဘာကြောင့်သုံးနှုန်းထားရတာလဲ။ အိပ်ရာမနိုးခင်အချိန်များမှာမှ ဘာကြောင့်မြင်ကြရတာလဲ။

ကောသလအိပ်မက် (၁၆) ချက်ဟုလည်း ကြားဖူးပြန်၏။ ထိုကောသလမင်းကြီးကိုလည်း အံ့ဩချီးကျူးမိ၏။ ကျွန်ုပ်တို့ မြင်မက်ခဲ့သောအိပ်မက်များအားလုံးကို ပြန်မမှတ်မိပါ။ ပြန်လည်မပြောပြနိုင်ပါ။ သို့သော် ကောသလမင်းကြီးက သူမြင်မက်မိသမျှ (၁၆) ခုစလုံးကို ပြန်မှတ်မိကာ ပြောပြနိုင်ပေသည်။ အမှတ်သည်းခြေအလွန်ကောင်းပေစွ။

အိပ်မက်နှင့် အိပ်ရာမှနိုးထလာခြင်း မည်ကဲ့သို့ဆက်စပ်နေပါသနည်း သွားတိုက်နေရင်း တွေးမိနေ၏။ သွားတိုက်မျက်နှာသစ်လုပ်မှတဲ့။ ကိုယ်စောင့်နတ်စိတ်ဆိုးသတတ်၊ ကျိန်ဆဲသတတ်။ ငယ်စဉ်က လူကြီးများပြောဆိုခဲ့ကြတာ။

လူကြီးများပြောသောကိုယ်စောင့်နတ်ဆိုတာကြီးက ဘာလဲ။ စိတ်ဆိုးတာတော့ သိပါသည်။ မကြိုက်လို့ဒေါသထွက်တာ။ ကျိန်ဆဲတယ်ဆိုတာကတော့ ဘယ်လိုများလဲ။ သွားမတိုက်၊ မျက်နှာမသစ်ရုံနှင့် ဘာကြောင့် ဒီလိုမျိုးဖြစ်ရတာလဲ။ တကယ်ကောဖြစ်လို့လား။

လူကြီးများက သေချာရှင်းမပြခဲ့ကြပါ။ အသက်အရွယ်ရလာမှ ဆင်ခြင်သိရှိလာပါ၏။ သွားမတိုက်လျှင် ခံတွင်းမကောင်းပါ။ သွားနှင့်ခံတွင်းဆိုင်ရာရောဂါများရတတ်သည်။ အမြင်အာရုံလည်း မကြည်လင်တတ်ပါ။ ငယ်သွားများလဲ၍ သွားနုတ်ရစဉ်က မျက်စိကြောနှင့်မလွတ်သောသွားများရှိကြောင်းကို သိခဲ့ရ၏။ မျက်နှာမသစ်လျှင် မလန်းဆန်းနိုင်။ မျက်နှာပြင်ရှိ အဆီနှင့်ဆားချေးများ မရှင်းလင်းနိုင်၍ ဝက်ခြံဖုများထွက်နိုင်ပါသည်။

မျက်စိမှာ အကြည်၊ နားမှာ [illegible] ဒန္တီ (သွား) မှာ ဆား၊ ဝမ်းမှာ [illegible] လည်းမှတ်သားထား၏။ ရုပ်ကျ[illegible] အတွက် လမ်းညွှန်ချက် [illegible] စိတ်ကျန်းမာရေးအတွ[illegible] များ နည်းပါးဆဲပါ။

စိတ်၏ဖြစ်ပေါ်လှုပ်ရှားပုံကိုလည်း သရက်ပင်အောက်တွင်အိပ်ပျော်နေသော လူတစ်ဦးနှင့် ဥပမာပေးထားပါသေး၏။

သရက်ပင်အောက် အိပ်ပျော်နေစဉ် သရက်သီးတစ်လုံးကြွေသံကြောင့် နိုးလာပါသည်။ အိပ်ပျော်နေစိတ်ကို ဘဝင်စိတ်၊ ၎င်းမှ နိုးလာစိတ်ကို ဘဝင်မှနိုးစိတ်၊ ဘဝင်အစဉ်ပြတ်စိတ်၊ ဘာလဲဟု ဆင်ခြင်စိတ်၊ သရက်သီးမှန်း မြင်သိစိတ်၊ အာရုံကိုလက်ခံစိတ်၊ စုံစမ်းစိတ်၊ ဆုံးဖြတ်စိတ်များ ဆက်တိုက်ဖြစ်ပေါ်လာ၏။ သရက်သီးကို ကောက်စားစဉ် (၇)ကြိမ်ဝါး၍ မျိုချခြင်းကို ဇောစိတ်၊ ပါးစပ်ထဲကပ်ကျန်သမျှကို လျှာနှင့် (၂)ချက်သိမ်းပြီး ထပ်မျိုချခြင်းကို တဒါရုံစိတ်၊ ပြီးနောက် ပြန်အိပ်ပျော်သွားကာ ဘဝင်စိတ်ပြန်ဖြစ်သွား၏။

ဥပမာပေးထားချက်ကို နားလည်နိုင်အောင် အတော်ပင်ကြိုးစားရ၏။ နိုးထ၊ သိရှိစိတ်များကို ဝီထိဇောစိတ်ဟု သုံးထားသည်။ အိပ်ပျော်နေစိတ်ကို ဘဝင်စိတ်ဟု သုံးပါသည်။ ဝီထိဇော (၁)ကြိမ် တွင် ဖြစ်၊ တည်၊ ပျက် (၃) ခု သွား၏။ ဇော(၇)ကြိမ်တွင် (၂၁)ခါ ဖြစ်၏။ စိတ်၏ဖြစ်ပျက်မှု ဝီထိအစဉ်တွင် (၁၇) ကြိမ် ဖြစ်၊ တည်၊ ပျက်နှင့်မြှောက်လျှင် (၅၁) ခါသွားနေ၏။ သရက်သီးစားလျှင် အီမြိန်မှုကိုသိရှိခံစားလိုက်သော တစ်ခဏအတွင်း စိတ်၏ ဖြစ်၊ တည်၊ ပျက်နှင့် အကြိမ် (၅၀) သွားနေသည်။

စိတ်သည် ဖြစ်၊ တည်၊ ပျက်နှင့် သွားနေသည်ဟု မှတ်သားဖူးသော်လည်း အဘယ်ကြောင့် ဖြစ်၊ တည်၊ ပျက်နေရသနည်း။ နိယာမလော။ စိတ်၏ နိယာမဆိုလျှင် စိတ်ပိုင်းဆိုင်ရာသီအိုရီများထုတ်ထားခြင်းလော။

အိပ်မက်ကိုလည်း အိပ်ရာမနိုးခင်နှင့် မသိခင်ကြား၊ မမြင်မိကြားကာလတို့လေးအတွင်း မြင်မှတ်သည်ဟု၏။ အကယ်ပင် ဟုတ်၏လော၊ ဟုတ်လျှင် လက်ခံရမည်။ အဘယ်ကြောင့် လက်ခံထားရသနည်း။

အလွတ်ရထားသမျှ ဂုဏ်တော်၊ ပါဠိတော် အနက်မြန်မာပြန်များ ရွတ်ဆိုမိပြန်သည်။ တစ်ခါတစ်ရံမှာ နှုတ်ကသာ ရွတ်နေပြီး စိတ်ကလျှာလှုပ်နေပေါ် ရောက်လိုက်၊ အသံပေါ် ရောက်လိုက်၊ လွတ်လိုက်နှင့် တစ်ခါခါလည်း ထွန်းထားသည့်အမွှေးတိုင်နှင့်ပေါ် မှားနေမိပြန်သည်။ ရွတ်ဖတ်မှုကြာလာလျှင် အာခြောက်၊ နှုတ်ခမ်းခြောက်၊ နားထင်ဖောင့်လာမှုများကိုလည်း သတိထားမိသေး၏။ တစ်ခါခါတွင် ပီတိဖြစ်၍ ကြက်သီးထမိတတ်သည်။ ပုတီးစိပ်ပြန်လည်း လေထဲလွင့်မျောနေသလို ခံစားမိတတ်၏။ အလင်းလုံးကြီးလည်းတွေ့ရသည်။

ပတ်ဝန်းကျင်မှ လူသံ၊ ငှက်သံ၊ လေတိုက်ခတ်သံ၊ နှင်းကျသံ စသည်ဖြင့်လည်း ကြားမိသမျှ လိုက်နားထောင်မိနေတတ်၏။ အသံချဲ့စက်မှ သီချင်းသံမျိုးစုံကိုလည်း သောတဆင်မိပြန်သည်။ နံနက်ခင်းပိုင်း အေးမြချမ်းစီးတတ်၍ ရေနွေးသောက်ကြည့်သည်။ အတွင်းပူလျှင် အပြင်အေးမည်။ အတွင်းအေးလျှင် အပြင်ပူမည်။ နွေဘက် နေ့လယ်တွင် ရေခဲရေသောက်လျှင် အပြင်ဘက်ပိုပူမည်။ ဆီးပူမည်။ နွေနေ့လယ်များတွင် ရေနွေးသောက်လျှင် ချွေးစို့ပြီးအေးသွားမည်။ ဆီးမပူပါ။

စိတ်မှတ်ရှိသူတိုင်းကိုလည်း မေတ္တာပို့မိ၏။ ကျန်းမာချမ်းသာကြပါစေ။ စိတ်မှတ်မရှိသူတိုင်းလည်း ကျန်းမာချမ်းသာကြပါစေ။

ကိုယ်ဖြစ်ချင်သည့်ဆန္ဒရှိသကဲ့သို့ အများတို့လည်း ဆန္ဒရှိကြမည်ပင်။ ၎င်းဆန္ဒဖြစ်ချင်မှုများ ဖြစ်ကြ ရကြပါစေ။ စိတ်ဆန္ဒပြုမှုများနှင့် ပုဂ္ဂိုလ်အလိုက် ဘုံဘဝအလိုက် ခွဲခြားကာ မေတ္တာပို့သမိပါ၏။

တန်းတူတွေ့လျှင် မေတ္တာဝင်မဝင်ပါက ပြိုင်ဆိုင်တတ်သည်။ မပြိုင်မဆိုင်ချင်စိတ်ကို မေတ္တာဟု ခေါ်မည်လော၊ မပြိုင်ဆိုင်ချင်စိတ်ကသတ်သတ်။ မေတ္တာစိတ်က သတ်သတ်ပါ။

ကိုယ်ပြုထားရထားသမျှကို ကိုယ့်လိုရပါစေဟု၍ အမျှဝေ၏။ နှုတ်ကဝမ်းမြောက်ကြောင်းပြန်ပြောဆိုနိုင်သူသာ ၎င်းအမျှကိုရနိုင်ပါသည်။ နှုတ်သံမထွက်သူ၊ ဝမ်းမမြောက်နိုင်သူ ၎င်းကုသိုလ်ကို မရနိုင်ပါ။

ကုသိုလ်ကအားကြီးအားကောင်း၍သာ ပေး၍ဝေ၍ရပါသည်။ အကုသိုလ်က အားသေးအားငယ်နေသောကြောင့် ပင်ကိုအားဖြင့် ပေး၍ဝေ၍မရနိုင်ပါ။ ကိုယ်ပြုသမျှအကုသိုလ်ကိုယ်သာခံရပါမည်။

ဝမ်းမသာ အားမရစိတ်ဖြင့် နှုတ်ကသာ သာဓုခေါ်နေလျှင် ၎င်းကုသိုလ်ရနိုင်ပါမလော။ ကုသိုလ်တွင် နှုတ်ကုသိုလ်ဖြစ်၍ စိတ်ကုသိုလ်မဖြစ်ဟုဆိုရမည်လော။

ကုသိုလ်ဆိုသည်ကြီးကို ဆုပ်ပြကိုင်ပြ၍ရလျှင်အလွန်ကောင်းလိမ့်မည်။ မျက်မြင်အကျိုးရှိကြောင်းကိုတွေ့ရလျှင် လူတိုင်းလိုက်ပါဆောင်ရွက်ကြမည်ပင်။ မျက်မြင်ဆိုးကျိုးများတွေ့ရလျှင် အကုသိုလ်ဒုစရိုက်များကို လူတိုင်းရှောင်ကြဉ်ကြလိမ့်မည်။

အကုသိုလ်လုပ်နေရခြင်းကိုပျော်ရွှင်နေသောကြောင့် မရှောင်မကြဉ်ဘဲ လုပ်ကိုင်နေတတ်ကြ၏။ မြတ်ဗုဒ္ဓ၏ ဥပမာ (၁) ခုတွင် လက်မဖြင့်ကော်တင်၍ ပါလာသော မြေမှုန့်မျှလောက်သာ ကုသိုလ်လုပ်ကြပြီး ကမ္ဘာ့မြေမှုန့်ထုလောက်များပြားသူများမှာ အကုသိုလ်သာလုပ်နေကြပါသည်။

ဘုံစဉ်စံကုသိုလ်နှင့် ဘုံစဉ်ခံအကုသိုလ်တွင် မည်သူက များပြားနေမည်နည်း။

ခံစားချင်စိတ်နှင့် ခံစားရသော အရသာ၊ သိချင်စိတ်ဖြင့် လေ့လာပွားများသောအရသာတို့လည်း မတူတတ်ပါ။ ရုပ်အာဟာရနှင့် စိတ်အာဟာရဟု ခွဲခြားပြောပြရမည်ထင်၏။

အိပ်ပျော်နေသောလူ၏နှုတ်ခမ်းဝတွင် ထမင်းစေ့လေးကို အပ်ချည်ဖြင့်ချည်ထားကြည့်ပါ။ နှုတ်ခမ်းလှုပ်ပြီးဟတတ်၏။ မသိတသိတွင်လှမ်းပြီးဟပ်တတ်၏။ လျှာဖြင့်လည်း လျက်တတ်သည်။ ဝါးပြီး၍လည်း မျိုချတတ်ပြန်သည်။ အဘယ်ကြောင့်နည်း။

အဖြေရှိပါသည်။ နေ့စဉ်နေ့တိုင်း ထမင်းစားစဉ်တွင်ဖြစ်ပေါ်နေတတ်သော ဇောစိတ်ကြောင့်ပါ။ အိပ်ပျော်နေစဉ်တွင် စိတ်အစဉ်၌ ဘဝင်စိတ်ဖြစ်ပေါ်နေသော်လည်း ရုပ်ခန္ဓာကိုယ်ကား ဇောစိတ်ဖြင့် တုံ့ပြန်နေတတ်ပါ၏။

ရုပ်၏ လှုပ်ရှားမှုတိုင်းတွင် စိတ်အစဉ်ဖြစ်တည်ပျက်မှုများ ပါဝင်နေပါသည်။ စိတ်၏ ဝီထိအစဉ်(၁၇)ခါပြောင်းပျက်ပြီးမှ ရုပ်ကလာပ်(၁)ခုပြောင်းပျက်တတ်ပါ၏။ ဘာကြောင့်လဲဟုဆက်မမေးပါနှင့်၊ ဓမ္မနိယာမ (၁)ခုသာဖြစ်ပါသည်။

နေ့စဉ် ပေါင်မုန့်စားသောလူမျိုးကို နှုတ်ခမ်းဝ၌ ထမင်းစေ့တော့ပေးလျှင် လှုပ်ရှားလာလေမလား၊ စမ်းသပ်သင့်ပါ၏။ ရုပ်နှင့်စိတ်တို့သည် အပြန်အလှန်အကျိုးပြုကာ မှီခိုနေကြရသည်။ ဖြစ်ပေါ်လာလေသမျှတိုင်း ပျက်စီးသွားတတ်ပါ၏။

လူအဖြစ်ရှင်သန်လာခြင်းသည် သေဆုံးဖို့ရန်ဖြစ်၏။ နုပျိုခြင်းသည် အိုမင်း လာဖို့ပင်။ ကျန်းမာသန့်စွမ်းခြင်းသည် နာကျင်ရောဂါရခြင်းတွင် အဆုံးသတ်သွားနိုင်သည်။

'မေ့တာဟာ သေတာပါပဲ' ဟု အင်္ဂလိပ်စာသင်ဆရာမ ဒေါ်ခင်ထားမြင့် မကြာခဏဆုံးမ၏။ စာမေးစဉ် 'မေ့သွားလို့ပါ' ဟုပြောလျှင် ဗိုက်ခေါက်လိမ်ဆွဲတတ်၏။ 'မမှတ်မိလို့ မကျက်ထားမိလို့' ဟုပြောမှ သက်သာ၏။ ဆရာမ၏ ကျေးဇူးကို ဦးတင်ရှိခိုးမိပါသည်။ ဆရာမ၏ဆုံးမစကားသည် မြတ်ဗုဒ္ဓဟောချက်နှင့် ညီညွတ်နေပါ၏။

မြတ်ဗုဒ္ဓသည် 'အပ္ပမာဒေန သမ္ပာဒေထ' မမေ့မလျော့ မပေါ့မဆသော သတိ၊ သမ္မာဉာဏ်ဖြင့် ပြည့်စုံကြလော့ဟု ဩဝါဒပေးလေ့ရှိ၏။ ပါဠိတော်တွင် ၎င်းစကားကို အကြိမ်ပေါင်းတစ်သောင်းကျော်သုံးထားကြောင်း တွေ့ရသည်။

ဆွမ်းခံပြန်ရောက်တိုင်းလည်း ရခဲလှစွာသော အကြောင်းတရား (ဒုလ္လဘ) ငါးမျိုးကို မိန့်ကြားလေ့ရှိပါသည်။

(၁) ဘုရားပွင့်သောအချိန်၊ ဘုရားသာသနာတော်ကြီးနှင့် ကြုံဆုံရန်ခက်ခဲခြင်း။

(၂) လူ့အဖြစ်၊ လူ့ဘဝကြီးကိုရရှိရန် ခက်ခဲခြင်း။

(၃) ကံ၊ ကံ၏အကျိုးကိုယုံကြည်ပြီး သရဏဂုံတည်သူဖြစ်ရန် ခက်ခဲခြင်း။

(၄) ရသေ့၊ ဘိုးသူတော်၊ ရဟန်း (ပဗ္ဗဇိတ)ဘဝမျိုးဖြစ်ရန် ခက်ခဲခြင်း၊

(၅) သူတော်ကောင်းတရားနာနိုင်ရန်၊ သူတော်ကောင်းတို့နှင့်တွေ့ကြုံဆုံရန် ခဲယဉ်းလွန်းခြင်းတို့ဖြစ်ကြ၏။

နေ့တိုင်း ညတိုင်း ဆင်ခြင်နေသင့်သော (၅) မျိုးကိုလည်း မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

(၁) လူတိုင်း အိုမင်းမည်။ အိုမင်းခြင်းကို မလွန်ဆန်နိုင်ကြ။

(၂) လူတိုင်း ရောဂါရမည်။ နာကျင်ခြင်းကို မလွန်ဆန်နိုင်ကြ။

(၃) လူတိုင်း သေဆုံးရမည်။ သေခြင်းကို မလွန်ဆန်နိုင်ကြ။

(၄) ချစ်ခင်နှစ်သက်ပေါင်းဖက်ကြသူ မချစ်ခင် မပေါင်းဖက်ကြသူတိုင်းလည်း ရှင်ကွဲခွဲရခြင်း၊ သေကွဲခွဲရခြင်းလည်းဖြစ်မည်။ ထိုသို့ ရှင်ကွဲခွဲရခြင်း၊ သေကွဲခွဲရခြင်းများကို မလွန်ဆန်နိုင်ကြ။

(၅) မိမိတို့ပြုသမျှ ကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းမွေ၊ ဆိုးမွေများကိုလည်း မိမိတို့သာလျှင် ခံစား၊ စံစားကြရမည်။ လွန်ဆန်၍မရကြ။

လူတိုင်း ကိုယ်ပြုသည့်ကံ၊ ကိုယ်သာလျှင်ခံရစံရတတ်၏။ စေတနာကိုကံဟု ဘုရားရှင်တိုင်းမိန့်၏။ ဤနေရာတွင် စေတနာနှင့် ကံသည် တရားကိုယ်အားဖြင့် တူညီကြသော်လည်း ဝေါဟာရအားဖြင့် ကွဲပြားနေပါသည်။

ကြံစည်၊ ပြောဆို၊ ပြုလုပ်နေဆဲအခါကို စေတနာဟုဖွင့်ဆိုပြီး ကြံစည်၊ ပြောဆို၊ ပြုလုပ်ပြီးစီး၍ ကျန်ရှိနေခဲ့သော အစွမ်းသတ္တိ၊ အာနုဘော်ကို ကံဟု ဖွင့်ဆိုပါသည်။

စေတနာကောင်းလျှင် ကံကောင်းမည်။ စေတနာဆိုးလျှင် ကံဆိုးမည်။

သရက်စေ့ကိုစိုက်ပျိုးလျှင် သရက်သီးကိုစားရမည်။ ကုသိုလ်လုပ်လျှင် ကောင်းကျိုးစံစားရမည်။အကုသိုလ်လုပ်လျှင် မကောင်းကျိုးခံစားရမည်။

ကမ္ဘာပေါ်တွင် လူဦးရေ သန်း (၇) ထောင်ကျော်ရှိသော်လည်း လူမျိုးခွဲလျှင် (၁၄) မျိုးသာလျှင်ရှိနေ၏။

(၁) သူများအသက်သတ်ခဲ့သောကြောင့် အသက်တိုပြီးသူ။

(၂) သူများအသက်မသတ်ခဲ့၍ အသက်ရှည်သူ။

(၃) သူများကို နှိပ်စက်ညှဉ်းဆဲခဲ့၍ ရောဂါထူပြောသူ။

(၄) သူများကို သနားစိတ်ဖြင့် မနှိပ်စက်မညှဉ်းဆဲသောကြောင့်ကျန်းမာသန်စွမ်းသူ။

(၅) ဒေါသကြီးထန်ခဲ့၍ ရုပ်ဆိုးသူ။

(၆) မေတ္တာစိတ်ယှဉ်ခဲ့၍ လှပနုပျိုသူ။

(၇) မပေးမကမ်းခဲ့၍ ဆင်းရဲနွမ်းပါးသူ။

(၈) ပေးကမ်းလှူဒါန်းခဲ့၍ ချမ်းသာကြွယ်ဝသူ။

(၉) မာနကြီးခဲ့၍ အမျိုးအနွယ်ညံ့ဖျင်းသူ။

(၁၀) မာနချိုးပြီး နှိမ့်ချဆက်ဆံခဲ့၍ အမျိုးအနွယ်မြင့်မြတ်သူ။

(၁၁) မနာလိုဝန်တိုစိတ်များ၍ အခြံအရံမရှိသူ။

(၁၂) မနာလို ဝန်တိုကင်း၍ မုဒိတာပွား၍ အခြွေအရံများသူ။

(၁၃) လေ့လာစူးစမ်း မေးမြန်းသင်ကြားခဲ့၍ ပညာဉာဏ်ကြီးသူ။

(၁၄) မလေ့လာ မသင်ကြားခဲ့၍ ပညာဉာဏ်နည်းပါးသူ။

ကမ္ဘာ့လူထုကြီးသည် ရသမျှနှင့် တင်းတိမ်ရောင့်ရဲ ကျေနပ်အားရခြင်းမရှိကြပါ။ မတင်းတိမ်မရောင့်ရဲနိုင်သောကြောင့် ပတ်ဝန်းကျင်ရှိ ဇီဝလောင်စာများ၊ သယံဇာတများ၊ မြေအောက်ရုပ်ကြွင်းလောင်စာများကို အလွန်အကျွံ ထုတ်ယူသုံးစွဲနေကြပါသည်။

အလွန်အကျွံ ထုတ်ယူသုံးစွဲမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာ့လေထုကြီး ပိုပူနွေးလာပြီး ရေခဲတောင်များလည်း အရည်ပျော်ကျ၊ ရေကြီး၊ မိုးခေါင်၊ မုန်တိုင်းထန်ခြင်းများပြားလာ၏။

အကျိုးပြုသည့် ဇီဝမျိုးကွဲများလည်း မျိုးတုံးပျောက်ကွယ်လာကြပါပြီ။ ဒုက္ခပေးမည့် ဇီဝမျိုးကွဲများသာ ပေါက်ပွားလာနေ၏။

ကမ္ဘာ့လူထုကြီး၏ မရောင့်ရဲနိုင်စိတ်က ကမ္ဘာ့လူသားများကို ပြန်လည်ဒုက္ခပေးနေပါပြီ။ မြတ်ဗုဒ္ဓက ရသမျှနှင့် တင်းတိမ်ရောင့်ရဲနိုင်လျှင်ချမ်းသာသည်။ မတင်းတိမ် မရောင့်ရဲနိုင်လျှင် ဆင်းရဲမည်ဟု ဟောခဲ့၏။ အလွန်မှန်ကန်နေပါပြီ။

ကမ္ဘာ့လူသားများ၏လောဘကြောင့် ကမ္ဘာလောကကြီး ပိုမိုပူနွေးလာနေစေ၏။ အတွင်းစိတ်ပူများကြောင့် အပြင်ရုပ်များပါ ပူလောင်လာနေပြီ။

လောဘစေတသိက်နှင့် ဆန္ဒစေတသိက်မှာ ခြားနား၏။ ဆန္ဒမှာ လိုချင်ရုံမျှသက်သက်သာ တွယ်တာခြင်း၊ မက်မောခြင်း၊ စွဲလမ်းခြင်းမရှိပါ။ လောဘမှာ တမ်းတမ်းစွဲလိုချင်၏။ တပ်မက်၏။ တွယ်တာ၏။ မရရအောင် ရှာဖွေလုပ်ကိုင်ပိုင်ဆိုင်ရန် ကြိုးစား၏။ ဥပမာ ကပ်စေးနှဲကို ထိမိကိုင်မိသူလို ခွာမရ၊ တွန်းထုတ်မရ ကပ်ငြိနေသကဲ့သို့တည်း။ အကုသိုလ်စေတသိက်ဖြစ်၏။

ဆန္ဒစေတသိက်သည် ပြုကာလို မျှသဘောလက္ခဏာရှိ၏။ ဥပမာ လေးသမားက ပစ်လိုသောပစ်မှတ်ကိုချိန်ရွယ်ပြီးနောက် မြှားတောင့်မှမြှားကိုထုတ်ယူ၍ ပစ်ခတ်ရာတွင် ပစ်လွှတ်ရန် မြှားကိုသာ အလိုရှိခြင်းကဲ့သို့တည်း။

ကမ္ဘာ့ထိပ်သီးနိုင်ငံခေါင်းဆောင်ကြီးများ၊ သူဌေးကြီးများ၏ လောဘစေတသိက်များနေလျှင် ကမ္ဘာကြီးကို ပိုမိုကပ်သင့်နေစေ၏။ ထိုပုဂ္ဂိုလ်ကြီးများ၏ လောဘစေတသိက်များနည်းပါး၍ အလောဘစေတသိက်များ တိုးပွားမှသာ ကပ်သင့်လူသားများကို သက်သာစေနိုင်မည်ဖြစ်ပါကြောင်း။

ထီးမှတ်ခိုင်

တိုက်ကြည်(စဉ့်ကိုင်)

နယ်မြေဒေသတစ်ခုအတွင်းရှိ ဗျာဒိတ်တော်ရမြို့

ဇမ္ဗူဒိတ် နိမိတ်ထွန်း ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း ဟုဆိုသည့်အတိုင်း ထူးခြားဆန်းကြယ်သော အတိတ်နိမိတ်တဘောင်များသည် မြန်မာ့သမိုင်းရာဇဝင်များတွင် ပါဝင်ခဲ့လေသည်။ မြန်မာ့သမိုင်းရာဇဝင်များတွင်လည်း ဗျာဒိတ်၊ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေ၊ အိပ်မက် စသည့် ထူးခြားဆန်းပြားသည့်အကြောင်းအချက်များဖြင့် မလွတ်ကင်းချေ။

ဗျာဒိတ်ကို ၁။ မြတ်စွာဘုရားက နောင်ဖြစ်မည့်အကြောင်းနှင့်စပ်လျဉ်း၍ မိန့်မြွက်သည့်စကား၊ ၂။ ဘုရင်စသည်တို့၏အမိန့်အမှာစကား[၁]ဟု လည်းကောင်း၊ တဘောင်ကိုနိမိတ်စကား[၂]ဟုလည်းကောင်း မြန်မာ့အဘိဓာန်တွင်ဖွင့်ဆိုထားပါသည်။ ဆရာဦးထွန်းမြင့်၏ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ဗျာဒိတ်ကို ဘုန်းရှိသောသူတို့၏ လေးနက်ခိုင်မြဲစွာ မြွက်ဟချက်စကား[၃]ဟူ၍ လည်းကောင်း။

အတိတ်ကို ၁။ လွန်လေပြီးသောအခါ၊ ၂။ရှေးကဖြစ်ခဲ့ပြီးသောအကြောင်း[၄] ဟူ၍ လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

ခေတ်ကောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန်တွင်လည်း ဗျာဒိတ်သည် နောင်ဖြစ်မည့်အကြောင်းကို ကြိုတင်မိန့်မြွက်သည့်စကား၊ ၂။ ဘုရင့်အမိန့်စကားဟူ၍ အဓိပ္ပာယ်ရသည်ဟု ဖော်ပြထားသည်။[၅]

မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက်ဖြစ်တည်ပေါ်ထွန်းခဲ့သော မင်းနေပြည်များကို ဇယားဖြင့် ဖော်ပြထားပါသည်။

ဖော်ပြပါ ဇယားကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၌ မင်းနေပြည်ဖြစ်ခဲ့သောမြို့များသည် ပျူခေတ်တွင်ပေါ်ထွန်းခဲ့သော သရေခေတ္တရာကို ထည့်သွင်းတွက်မည်ဆိုပါက(၁၂)မြို့ရှိလေသည်။[၆]

■ ဗျာဒိတ်တော်ရ မြင်စိုင်းမြို့

မြတ်စွာဘုရားရှင် ဒေသစာရီကြွတော်မူသောအခါ သင်းပွတ်တောင်သို့ ရောက်လေသည်။ ထိုအရပ်၌ စိုင်းညီနောင် (၃) စီးတို့သည် မြေကြီးအား ခွါဖြင့်ကော်၍ မြတ်စွာဘုရားအား ပူဇော်နိုင်သည်ကိုမြင်တော်မူ၍ ပြုံးလေသည်။

ထိုသို့ ပြုံးတော်မူသည့်အတွက် မြတ်စွာဘုရားအား ညီတော်အာနန္ဒာမှ တင့်လျှောက်မေးမြန်းရာ -

“ချစ်သားအာနန္ဒာ၊ ငါပရိနိဗ္ဗာန်ပြုတော်မူ၍ သာသနာတော် (၁၈၀၀) ကျော်ရောက်သောအခါ ဤစိုင်းညီနောင်သုံးစီးတို့သည် ဤအရပ်တွင် ထင်ရှားစွာ မင်းပြုကာ ငါ၏ သာသနာတော်ကို ချီးမြှောက်လတ္တံ့”

စဉ်	ခေတ်	မင်းနေပြည်
၁။	ပျူခေတ်	သရေခေတ္တရာ
၂။	ပုဂံခေတ်	ပုဂံ
၃။	မြင်စိုင်း၊ ပင်းယ	မြင်စိုင်း၊ ပင်းယ
၄။	စစ်ကိုင်း	စစ်ကိုင်း
၅။	အင်းဝ	အင်းဝ
၆။	တောင်ငူ	တောင်ငူ
၇။	ဟံသာဝတီ	ပဲခူး
၈။	ညောင်ရမ်းခေတ်	အင်းဝ
၉။	ကုန်းဘောင်ခေတ်	ရွှေဘို၊ အင်းဝ၊ အမရပူရ၊ မန္တလေး
၁၀။	ကိုလိုနီခေတ်	ရန်ကုန်
၁၁။	လွတ်လပ်ပြီးခေတ်မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ခေတ်အထိ	ရန်ကုန်
၁၂။	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်၊ ဒီမိုကရေစီခေတ်	ရန်ကုန်၊ နေပြည်တော်

ဟူ၍ ဗျာဒိတ်တော်ထားတော်မူခဲ့လေသည်။[၇]

ဗျာဒိတ်တော်ထားရှိခဲ့သည့်အတိုင်း စိုင်းညီနောင်သုံးစီးသည် ဗျာဒိတ်တော်အရ ဖြစ်တည်လာသည့် မင်းညီနောင် (၃) ဦး ဖြစ်လေသည်။ အကြီးဆုံး အသင်္ခယာသည် သက္ကရာဇ် ၆၆၂ ခုနှစ်၌ မြင်စိုင်း၌ ရွှေနန်းတည်၏။ အချို့ ရာဇဝင်များတွင် သက္ကရာဇ် ၆၆၆ ဟု ပြဆိုသည်လည်းရှိလေသည်။ ညီတော်အလတ်ဖြစ်သော ရာဇသင်္ကြံသည် ဆင်မြင်းအလုံးအရင်းဖြင့် မက္ခရာ၌ စံတော်မူ၏။ ညီတော်အငယ် သီဟသူသည် ပင်လယ်မြို့၌ တည်တော်မူ၏ ဟူ၍ မြတ်စွာဘုရားဗျာဒိတ်တော်ထားရှိသည့်အတိုင်း ညီနောင်သုံးဦး အသီးသီး နန်းပြိုင်မင်းပြုတော်မူလေသည်။

ညီနောင်သုံးဦးအပြိုင်မင်းပြု၍ (၅)နှစ်ကြာသောအခါ မက္ခရာတွင်စံမြန်းတော်မူသော ညီတော်အလတ် ရာဇသင်္ကြံ အနိစ္စရောက်လေသည်။ မင်းပြိုင်အဖြစ် (၁၂)နှစ်ကြာသောအခါ ညီတော် သီဟသူသည် နောင်တော်အသင်္ခယာအား ဆေးခတ်၍ လုပ်ကြံသောကြောင့် နတ်ရွာစံလေသည်။ ညီနောင်သုံးဦး အနက် ရာဇသင်္ကြံနှင့် အသင်္ခယာတို့ အနက် မည်သူသည် အကြီးဖြစ်မြဲ မည်သည့်နယ်တွင် အုပ်စိုးနန်းတည် ရကြောင်း ကွဲပြားနေသည်ကိုလည်း တွေ့မြင်လေ့လာရပါသည်။

မဟာရာဇဝင် (ပထမအုပ်) တွင် နောင်တော် ရာဇသင်္ကြံသည် မြင်စိုင်း၊ ညီတော်အလတ်အသင်္ခယာသည် မက္ခရာ၊ ညီတော်အငယ် သီဟသူသည် ပင်လယ် ဟု ပြဆိုထားလေသည်။ အသင်္ခယာ ကျောက်စာနှင့်မှုံရွှေးရာဇဝင်ကျောက်စာ တို့၌ အကြီးအသင်္ခယာသည် မြင်စိုင်း၊ အလတ် ရာဇသင်္ကြံသည် မက္ခရာ၌ မင်းပြုသည်ဟု ရေးသားပါရှိလေသည်။

သို့သော် မှုံရွှေးဆရာတော်ဘုရားကြီး၏ သမန္တစက္ခုဒီပနီကျမ်းအရ လည်းကောင်း၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ စွယ်စုံကျော်ထင်ကျမ်းတွင်လည်းကောင်း၊ ဝံသဒေပကာသနီကျမ်းနှင့် အရှင်စန္ဒလင်္ကာ၏ မဏိရတနာပုံကျမ်းများ၌ အစ်ကိုရာဇသင်္ကြံသည် မြင်စိုင်း၊ ညီလတ် အသင်္ခယာသည် မက္ခရာ၌ မင်းပြုသည်ဟု ဆိုထားသည်လည်း ရှိနေပြန်ပါသည်။ သံသော ငှက် အဟုတ်မြင်စိုင်းတည် ဟူသည် နန်းတက်သက္ကရာဇ်နှင့်အညီ သက္ကရာဇ် ၆၆၂ တွင် မြင်စိုင်းကို တည်ထောင်ခဲ့လေတော့သည်။ အကြီးမှာ အသင်္ခယာသာ ဖြစ်ပါသည်။

ထိုမြင်စိုင်းမှာ ဗျာဒိတ်တော်အရ ဖြစ်တည်လာသော မြင်စိုင်းမြို့ဖြစ်လေတော့သည်။ မြင်စိုင်းနှင့်ပတ်သက်၍ ကျောက်ဆည်ခရိုင်အတွင်းပင် မြင်စိုင်း နှစ်နေရာရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ ဗျာဒိတ်တော်ရ မင်းနေပြည်တော် မြင်စိုင်းသည် ကျောက်ဆည်မြို့၏ အရှေ့ဘက် (၅) မိုင်ခန့်အကွာတွင်တည်[illegible] အခြားမြင်စိုင်းရွာတစ်ရွာသည် တံတားဦးမြို့နယ် မိုးကြိုးတွင်းကျေးရွာ (မန္တလေး-နေပြည်တော်-ရန်ကုန်အမြန်လမ်းဘေး) အနီးရှိ မြင်စိုင်းရွာဖြစ်ပါသည်။ ထိုအမြန်လမ်းဘေးရှိ မြင်စိုင်းရွာမှာ ဗျာဒိတ်တော်ရ မင်းနေပြည် မြင်စိုင်းမဟုတ်ဘဲ ဇမ္ဗူဒီပဥဆောင်းကျမ်းနှင့် မြို့ရွာနယ်ပယ်သမိုင်းပေစာများတို့တွင် လယ်တွင်းခရိုင်ကား အရှေ့လားသော် [illegible]ဖားတောင်ရိုး၊ တောင်လားသော် ကိုင်းပုခန်း၊ အနောက်လားသော် မြင်စိုင်း၊ ရွှေတောင်ခြေထိပ်၊ မြောက်လားသော် မြစ်ငယ်မြစ်ဟု ပိုင်းခြားထားပါသည်။

ပုခန်းရွာမှာ ရေစကြိုနယ် ပခန်း မဟုတ်ပါ။ မြစ်သားမြို့တောင်ဘက် စမုံမြစ်နှင့် ရန်ကုန် - မန္တလေးရထားလမ်း ကြား မြို့တွင်းရွာ၏အနောက်ယွန်းယွန်း တွင်တည်ရှိ၏။ မြင်စိုင်းမှာလည်း မြင်စိုင်း နေပြည်တော်ကြီးတည်ရှိရာ ကျောက်ဆည် မြို့နယ်အတွင်းရှိ မြင်စိုင်းမဟုတ်။ တံတား ဦးနယ်အတွင်းရှိ မိုးကြိုးတွင်းရွာအနီးမှ မြင်စိုင်းဖြစ်သည်။[၈]

အခါတစ်ပါး ဘိန္နကမြို့ကို အစိုးရသော စော်ဘွားကြီးတွင် သားတော်နှစ်ပါး ရှိသည်။ စော်ဘွားကြီးမရှိ၍ သားတော်ကြီး ဘိန္နကမြို့တွင် မင်းပြုတော်မူလျှင် ညီတော်အငယ် သခံဗိုလ်နှင့်မကြည်ရှိသဖြင့် ညီတော်ကိုဖမ်း၍ သတ်မည်ပြုရာတွင် ညီတော်သခံဗိုလ်သည် အလုပ်အကျွေးစုံရာနှင့် ဘိန္နကမြို့ကထွက်၍ ခရီးအတိုင်းပြေးခဲ့လျှင် မြန်မာနိုင်ငံ မြစ်သာပြော့တို့နေရာမြင်စိုင်းသို့ရောက်လာ၏။ မြင်စိုင်းအရပ်တွင် အသည်ပုကြွယ်သမီးနှင့် အိမ်ထောင်ဖြစ်လေ၏။ အသင်္ခယာ၊ ရာဇသင်္ကြံ သီဟသူဟူ၍ သားသုံးယောက်နှင့်သမီးတစ်ယောက်ကို မြင်၏[၉] ဟူ၍ ဗျာဒိတ်တော်ရ မင်းနေပြည် မြင်စိုင်းသို့ ညီနောင်သုံးဦး ရောက်ရှိလာပုံအား သိမှတ်ရပါသည်။ ညီနောင် (၃) ဦးသည် ဗျာဒိတ်တော် ထားရှိသည့်အတိုင်း မြင်စိုင်းအရပ်တွင် ထီးနန်းတည်၍ အသီးသီးမင်းပြုတော်မူလေ၏။ နယ်မြေဒေသတစ်ခုတည်းတွင် ထီးပြိုင်နန်းပြိုင်စိုးစံခဲ့ကြောင်း သမိုင်းရာဇဝင်မှတ်တမ်းများမရှိပါ။ သို့သော် ရှမ်းခေတ်ဟုခေါ်ဆိုနိုင်သည့် မြင်စိုင်းခေတ်တွင် လွယ်တွင်းနယ်မြေဒေသတစ်ခုတည်းအား ခြေကုပ်ယူလျက် ထီးပြိုင်နန်းပြိုင်များအဖြစ် ချစ်ကြည်ရင်းနှီးစွာ သုံးထီးသုံးနန်း စီမံခန့်ခွဲအုပ်ချုပ်ခဲ့သည်မှာ တစ်မူထူးခြားလှပါသည်။

ထို့ကြောင့် မြန်မာ့သမိုင်းတွင် နယ်မြေဒေသတစ်ခုတည်းအား သုံးထီးသုံးနန်းများအဖြစ် စီမံအုပ်ချုပ်စိုးစံခဲ့ကြသည့် ဗျာဒိတ်တော်ရမြို့အကြောင်းအား ရေးသားတင်ပြလိုက်ရပေသည်။

တိုက်ကြည်(စဉ့်ကိုင်)

---

[၁] မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာ့အဘိဓာန်၊ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်၊ ၂၀၀၈ ခုနှစ်ထုတ်၊ စာ ၂၅၂။

[၂] မြန်မာစာဦးစီးဌာန၊ မြန်မာ့အဘိဓာန်၊ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်၊ ၂၀၀၈ ခုနှစ်ထုတ်၊ စာ ၁၄၂။

[၃] ထွန်းမြင့်၊ ဦး၊ ပါဠိသက်ဝေါဟာရ အဘိဓာန်၊ ရန်ကုန်၊ စာပေလောက၊ ၂၀၀၄ ခုနှစ်ထုတ်၊ စာ ၂၂၇။

[၄] ထွန်းမြင့်၊ ဦး၊ ပါဠိသက်ဝေါဟာရ အဘိဓာန်၊ ရန်ကုန်၊ စာပေလောက၊ ၂၀၀၄ ခုနှစ်ထုတ်၊ စာ ၃၈၄။

[၅] သိန်းလှိုင်၊ ဦး၊ ခေတ်ဟောင်း မြန်မာ့သမိုင်းအဘိဓာန်၊ ဒု-ကြိမ်၊ ရန်ကုန်တက္ကသိုလ်များပုံနှိပ်တိုက်၊ ၂၀၀၂ခုနှစ်ထုတ်၊ စာ ၁၁၁၊ ၃၁၄။

[၆] ထွန်းထွန်းဦး၊ ဒေါက်တာ၊ ဗျာဒိတ်ရမြန်မာမင်းနေပြည်များ၊တကောင်း စာအုပ်တိုက်ထုတ် ၂၀၁၃၊ စာ ၃၃။

[၇] ကုလား၊ ဦး၊ မဟာရာဇဝင်ပထမအုပ်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၆ ခုနှစ်ထုတ်၊ စာ ၂၅၈။

[၈] လင်းထိုက်တင်လှိုင် (ကျောက်ဆည်) စာပေဗိမာန်စာမူဆု သမိုင်းမှတ်တိုင် မြစ်သားဆယ့်တစ်ခရိုင်၊ စာ ၇၃။

[၉] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ပထမတွဲ၊ ၂၀၀၃ ခုနှစ်၊ ပဥ္စမကြိမ်ထုတ် စာ ၃၆၁။

ဒေါက်တာမင်းသန့်နိုင်
အမျိုးသားများ
အတွက်

'ယောက်ျားတွင်ဆီး'ဟု ဆေးပညာဆိုစကားရှိပါသည်။ အမျိုးသားများတွင် ဆီးကျင်၊ ဆီးအောင့်၊ ဆီးဖင့်၊ ဆီးကျောက်တည်၊ ဆီးလွန်ခြင်း ဟူသည့် ဆီးဝေဒနာရောဂါများလှပါသည်။

ထို့အပြင် အိမ်ထောင်ရှင်အမျိုးသားတို့တွင် သုက်လွန်ခြင်း၊ သုက်ကျန်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ညောင်းကျဂနိုဖြစ်ခြင်းဟူသည့် ဆီးနှင့်ဆက်နွှယ်သော ဝေဒနာလည်းရှိပြန်ပါသည်။

ယင်းသို့ဖြစ်ရခြင်းမှာ အမျိုးသားများတွင် ဆီးသွားခြင်း၊ သုက်လွှတ်ခြင်းမှာ ဤလမ်းကြောင်းတစ်ယောက်တည်းမှဖြစ်သောကြောင့်ပင်။

အမျိုးသားတိုင်းနှင့်သင့်သောဆေးနည်းမှာ -

နွေရာသီအခါတွင် အအေးဆိုင်များတွင်ကြံရည်အလွယ်တကူဝယ်ယူ၍ရပါသည်။ ထိုကြံရည်တစ်ဖန်ခွက်တွင် ဆီးဖြူသီးထောင်း၍ညှစ်ယူ၊ ရရှိသော သတ္တုရည်ဟင်းသောက်ဇွန်းတစ်ဇွန်းကို ရောဖျော်သောက်ပေးပါက ဆီးရောဂါ၊ သုက်ရောဂါများ ကင်းရှင်းစေပါသည်။

ရင်းအပြင် အညာဒေသတွင် အလေ့ကျပေါ်များစွာပေါက်ရောက်သော အရွက်သုပ်၍စားရသော မြန်မာကုက္ကိုပင်မှအသီးခြောက်ထဲမှ အစေ့လေးများကို မှုန့်ညက်အောင်ထောင်းပြီး သကြားနှင့်ဆတူရောမွှေကာ ဖန်ပုလင်းတွင်ဆောင်ထားပါ။ နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ဖက်စားတစ်ဇွန်း[illegible] ပုံတစ်ပုံခန့်စား၍ ရေအေး[illegible] ပေးပါက မည်သည့်အခါမျှ ဆီးရောဂါ သုက်ရောဂါများမဖြစ်[illegible] ဖြစ်လျှင်လည်း ရောဂါ[illegible]ကင်း[illegible] ပါသဖြင့် ကင်းပြ[illegible]ပါသည်။

ဒေါက်တာမင်းသန့်နိုင်

ကြည်ပြာမောင်

(သသေငိုရဲ)

မိုင်တိုင်အမှတ်(၉၄)

မိုင်တိုင်အမှတ် (၉၄)။

ဤမိုင်တိုင်သည် ကျောက်ဖြူ-ရန်ကုန် အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိသည်။ အတိအကျဆိုရသော် ငင်ချောင်းဝံပြုကျေးရွာနှင့်ကျောက်ကလေးရွာအကြားရှိ ကျောက်ကလေးတောင်ခြေရင်း၌တည်ရှိလေသည်။ ထိုမိုင်တိုင်သည် စာတမ်းတန်းပေါက်စတန်းရွဲ့ပြောရလောက်အောင် ထူးထူးခြားခြားမရှိပါ။ အင်္ဂတေ၊ ကျောက်စရစ်၊ သံတို့ဖြင့် ရောစပ်ပြုလုပ်ထားသည့်သာမန်မိုင်တိုင်တစ်ခုသာဖြစ်၏။

သို့သော် ဤမိုင်တိုင်အနီးတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခုသည် ပြောမယုံကြုံမှသိဆိုသလိုထူးဆန်းအံ့ဩဖွယ်ရာများနှင့် ပြည့်နှက်နေခဲ့သည်။ ထို့ပြင် အလွန်တရာမှ ခေါင်းမာလှသော လူတစ်ယောက်အား သတိတရားပေါင်းများစွာလို ဖြစ်ပေါ်စေခဲ့၏။

အတိတ်ကို ပြန်လည်ဖွင့်လှစ်ရသော် ဤသို့ဖြစ်လေသည်။

■

ဦးထွန်းအေးသည် ကျောက်ဖြူမြို့ပေါ်ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင်နေသူဖြစ်၏။ သူသည် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟုဆိုစေကာမူ ဩကာသကိုတောင်ဆုံးအောင်မရသည့် မိရိုးဖလာဗုဒ္ဓဘာသာတစ်ယောက်ဖြစ်သည်။ သူသည် မည်သည့်အရာကိုမျှ အလေးထားတတ်သူမဟုတ်။ သူမှန်သည်ဟုထင်လျှင် တစ်ရာနှင့်တစ်ယောက် ဒိုင်ခံပြီးငြင်းမည့်လူစားမျိုး ဖြစ်သည်။

ဦးထွန်းအေးသည် ဘေးတွဲဆိုင်ကယ်ကယ်ရီမောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ သူသည် တစ်ကိုယ်တည်းသမားဖြစ်၍ သောက်သောက်စားစားလူမင်းသာလုပ်နေခဲ့၏။ သူ့ကို ကယ်ရီသမားလောကတွင် သရဲပြေး ထွန်းအေးဟု ခေါ်စမှတ်ပြုကြသည်။ ဤသည်မှာလည်း အကြောင်းရှိ၏။ ဦးထွန်းအေးကား ငယ်စဉ်ကတည်းက တစ္ဆေ၊ သရဲ၊ မှင်စာ၊ ကျွတ် စသည်တို့ကို အယုံအကြည်ရှိသူမဟုတ်။ ရှိပါသည်ဟုပြောသူများကိုပင် ကြောင်ဟုပြောပြီး ဟားတိုက်ခဲ့သူဖြစ်သည်။ သူကား အပြောသမားမဟုတ်၊ လက်တွေ့သမားဖြစ်လေသည်။ ကိုယ်တွေ့မဟုတ်လျှင် တော်ရုံနှင့်ယုံကြည်ရိုးအသာထား သူစိတ်မထင်လျှင် ဆဲဆိုကြိမ်းမောင်းတတ်သေး၏။

တစ်ကြိမ်တွင် ဦးထွန်းအေးကို အမြင်ကတ်သူအချို့ သင်္ချိုင်းကုန်းရှိ အသုဘဇရပ်ပေါ်၌ တစ်ယောက်တည်း ညအိပ်ရဲပါက ကြက်ဖကြီးတစ်ကောင်၊ ငွေတစ်သောင်း၊ အရက် (၆) ပုလင်းနှင့် လောင်းကြေးထပ်ကြ၏။

သူက လက်နှိပ်ဓာတ်မီးတစ်လက်နှင့် ဓားတစ်ချောင်းသာပေးပါ။ တစ်ညမကလို့ တစ်လလည်း အိပ်ရဲသည်ဟု စိန်ခေါ်ခဲ့သည်။ ထိုပွဲ၌ ဦးထွန်းအေး အနိုင်ရခဲ့သည်။ ရှုံးနိမ့်သူများက ညဘက် ဘာတစ်ခုမှမတွေ့ပါလားဟု မေးကြသောအခါ -

"အိုကွာ၊ ကြွက်နဲ့ လင်းနို့တွေပဲတွေ့တယ်။ ဒီကောင်တွေသောင်းကျန်းလို့ တစ်ညလုံးကောင်းကောင်းမအိပ်ရဘူး"

ဟု မှင်သေသေဖြင့် ပြောလိုက်သည်။

"တကယ်လားဗျာ၊ ကျုပ်တို့တော့ တယ်ပြီးမယုံချင်ဘူး"

"တစ္ဆေသရဲနဲ့တူတာဆိုလို့ ခွေးတစ်ကောင်ကြောင်တစ်ပြီးမှ မတွေ့ဘူးဟေ့။ ဘာလဲ၊ ငါပြောတာမယုံလို့ ထပ်လောင်းဦးမလို့လား"

ဦးထွန်းအေးကား သူ့ကိုယ်သူ အောင်ပွဲရစ်သူကြီးတစ်ယောက်ကဲ့သို့ ဂုဏ်ယူမဆုံးတပြုံးပြုံး။ ထိုလူစုက မခံချိမခံသာဖြင့် ဒုတိယအကြိမ်လောင်းကြပြန်၏။ ဤအချိန်တွင်လည်း ဦးထွန်းအေး အနိုင်ရခဲ့၏။ ထိုအချိန်မှစ၍ သရဲပြေး ထွန်းအေးဟု နာမည်ကြီးခဲ့၏။ ထို့ပြင် ကယ်ရီသမားလောက၌ -

"သရဲဆိုတာ ချိုနဲ့လား၊ ထွန်းအေးကိုလာမစမ်းနဲ့ ကျိမ်းပြန်သွားမယ်"

ဟုပင် ပြောစမှတ်တွင်ခဲ့သည်။

ကံတရားသည် သူ့ဘက်ကိုချည်း အလေးပေးခဲ့သည်လားမပြောတတ်ပေ။ တစ္ဆေသရဲကိုစွန်လောင်းကြေးထပ်တိုင်း သူချည်းအနိုင်ရခဲ့၏။ ညအိပ်ပုံတော်ကို တော့ရှိစေဦး။ အခြောက်အလှန့်ရှိသလား၊ မရှိသလား၊ ရှိသော်ငြားလည်း တမင်မပြောခဲ့တာလား၊ ဒါမှမဟုတ် တကယ်ပင် မတွေ့တာလားဆိုတာကိုတော့ ကာယကံရှင် ဦးထွန်းအေးသာ အသိဆုံးဖြစ်ပါလိမ့်မည်။

ဦးထွန်းအေးကား ကြောက်စိတ်မရှိသည့်အပြင် မည်သည့်ကိစ္စ၌မဆို ခေါင်းမာသူတစ်ဦးဖြစ်သည်။ အများက မစားနှင့်ဆိုတာကိုစားသည်။ မသွားနှင့်ဆိုတာကိုသွားသည်။ မလုပ်နှင့်ဆိုတာကိုလုပ်သည်။ သူ့စိတ်ထဲ၌မှန်လျှင် မည်သူ့ကိုမျှဂရုမစိုက်။ သူလုပ်ချင်တာလုပ်သည်။

သူ့ကောင်းတာ တစ်ခုတော့ရှိသည်။ သူသည် လူ့ခွစာတစ်ယောက်ဖြစ်စေကာမူ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ရန်ဖြစ်သည်ဟူ၍မရှိ။ တစ်ဖက်သားအပေါ် ဖော်ဖော်ရွေရွေဆက်ဆံသည်။ ကူညီစရာရှိလျှင် ကိုယ်နိုင်သရွေ့ ကူညီတတ်သည်။

ထို့ကြောင့် သူ့အသိုင်းအဝိုင်း၊

သူပတ်ဝန်းကျင်၌ လူချစ်လူခင်ပေါများခဲ့၏။

■

တစ်ခုသော ဒီဇင်ဘာလ၏ ညနေ (၇) နာရီအချိန်တွင် ဦးထွန်းအေးသည် ဆိုင်ကယ်ကို လိဟာကုန်မောင်းနှင်လျက်ရှိ၏။ သူသည် ဘောရဘာကျေးရွာရှိ ဆွေမျိုးတစ်ယောက်၏ မင်္ဂလာပွဲမှ ပြန်လာခဲ့ခြင်း ဖြစ်၏။

ဤဒေသ၌ မင်္ဂလာပွဲများတွင် ပွဲဝင်ရက်နှင့် ပွဲစားရက်ဟူ၍ နှစ်မျိုးရှိသည်။ ပွဲဝင်ရက်ဟူသည် မင်္ဂလာပွဲမစမီ တစ်ရက်အလိုက ညနေဘက်ကို ဆိုလိုသည်။ ထိုနေ့ညနေပိုင်းတွင် ဝက်သားပေါင်ပြီး ချက်တန်သည်ချက်၊ ပြုတ်တန်သည်ပြုတ်ကြရသည်။ ရပ်ဝေးရပ်နီးမှ ဆွေမျိုးအရင်းခေါက်ခေါက်များလည်း ရောက်နှင့်နေကြရသည်။ ဤသို့ရောက်ရှိရန် ဖိတ်စာမှာကတည်းက ညရောက်ဟုရေးပေးရသည်။ ပွဲစားရက်ဟူသည်ကား နောက်တစ်နေ့ နံနက် (၇) နာရီမှ (၁၂) နာရီအထိကို ဆိုလိုသည်။ (ယခုအခါ၌ ညရောက်ဟုဖိတ်သည်ဖြစ်စေ၊ မဖိတ်သည်ဖြစ်စေ ပွဲဝင်ရက်တွင် လာရောက်သူများနေတော့၏။ အကြောင်းမှာ မနက်ပိုင်းလာလျှင် အလုပ်ပျက်သဖြင့် ညနေဘက် အလုပ်သိမ်းချိန်တွင် အေးအေးဆေးဆေး သောက်စားပြီးပြန်နိုင်သောကြောင့်ဟူ၏။)

ယခု ဦးထွန်းအေးသည် အသိမိတ်ဆွေများ တားနေသည့်ကြားက မနက်ဖြန်တွင်အလုပ်ရှိသည်ဟုဆိုကာ အတင်းထွက်လာခဲ့ခြင်းဖြစ်သည်။ သူသည် တစ်ခွက်တစ်ဖလားသောက်စားပြီးဖြစ်သဖြင့် အနည်းငယ်မူးနေသည်။ ဦးထွန်းအေးသည် ဆိုင်ကယ်ကိုမောင်းရင်းကနေ မကြာခဏဆိုသလို ဘေးမှ တွဲထားသောခုံ (ဆိုင်ကယ်ဘေးတွဲ) ပေါ်သို့ စောင်းကြည့်၏။ အကြောင်းမှာ ခုံပေါ်တွင် ပလတ်စတစ်အိတ်ဖြင့်ထုပ်ထားသော ဝက်သားနှစ်တွဲပါလာသောကြောင့်ပေတည်း။

ကောင်းကင်ပေါ်တွင် စန္ဒာလမင်းကြီးသည် အပျိုမကလေးတစ်ယောက်၏ အပြုံးကဲ့သို့ အစွမ်းကုန်ရွှန်းလဲ့တောက်ပနေ၏။ လမင်း၏ဘေးမှာတော့ ကြယ်တာရာများက အခစားဝင်ရောက်နေကြသည်။ အဖြူနှင့် အမည်း ရောစပ်ထားသည့် အစုလိုက်အပြုံလိုက် ကိုရွှေတိမ်တို့မှာကား လေနှင်ရာသို့ ပြေးလွှားနေကြ၏။

ဒီဇင်ဘာဆောင်းသည် ညဉ့်နက်လာသည်နှင့်အမျှ အအေးဓာတ်ပိုကဲလာသည်။ ဝန်းကျင်အနှံ့တွင် နှင်းမှုန်တို့ ရစ်ဆိုင်းထားကြ၏။ သစ်ရွက်များပေါ်မှ ကြွေကျနေသောဆီးနှင်းတို့၏အသံသည် ည၏ဂီတသံတစ်ခုနှယ်။

ဦးထွန်းအေးသည် ဇင်းချောင်းစံပြကျေးရွာကိုကျော်လွန်ပြီးကျောက်ကလေးတောင်ခြေသို့ ဆိုက်ရောက်လာ၏။ ထိုစဉ် ဆိုင်ကယ်သည် တဖုတ်ဖုတ်အသံမြည်ကာ စက်ရပ်တန့်သွား၏။ ဦးထွန်းအေးသည် ဆိုင်ကယ်ပေါ်မှဆင်းပြီး စက်ကိုစစ်ဆေးလိုက်သည်။ ဆီကုန်သွားတာလည်းမဖြစ်နိုင်။ ဘောရဘာရွာမှရေသန့်ဘူးနှစ်လုံးထည့်လာခဲ့သောဆီမှာ ကျောက်ဖြူမြို့သို့ရောက်သည့်တိုင်အောင်ကုန်နိုင်မည်မဟုတ်။ ဦးထွန်းအေးသည် အထပ်ထပ်အခါခါ စစ်ဆေးပြီးနောက် စက်နှိုးကြည့်၏။ ဆီမလာဟုထင်၍ ဆိုင်ကယ်အဖုံးကိုဖွင့်၍ ပါးစပ်နှင့်မှုတ်ကြည့်သည်။ ဆီပိုက်ကိုကျဉ်းလိုက်ချဲ့လိုက်လုပ်ကြည့်သည်။ မည်သို့မျှ ထူးခြားမှုမရှိ။ ဟိုဖြုတ်ဒီဖြုတ်လုပ်ကြည့်ပြန်သည်။ သို့သော် ဆိုင်ကယ်ကား တုတ်တုတ်မျှမလှုပ် ငုတ်တုတ်ရပ်မြဲရှိ၏။ ဦးထွန်းအေးသည် တစ်ကိုယ်လုံး ဇောချွေးတို့ဖြင့်နစ်လာ၏။

"တောက် - ဒီဆိုင်ကယ်ကတစ်မှောင့်"

ဦးထွန်းအေးသည် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်မှောက်ကြည့်လိုက်၏။ သူ့စိတ်ထဲ၌ ဆိုင်ကယ်တစ်စီးတစ်လေများတွေ့လျှင်တော့ အကူအညီတောင်းရမည်ဟု စိတ်ကူးမိ၏။

"အဝူး. . . အဝူး. . . ဝူး. . . ဝူး ဝူး. . . ဝူး"

ဦးထွန်းအေးကျောထဲတွင်စိမ့်ခနဲဖြစ်သွားသည်။သူ့တစ်သက်နှင့်တစ်ကိုယ် ဤသို့တစ်ခါမျှမဖြစ်ဘူးပေ။ စိတ်ထဲ၌ ကြောက်သလိုလိုမကြောက်သလိုလိုနှင့် ဇဝေဇဝါဖြစ်နေသည်။

"ဟင် - ဘာလဲဟ"

ရုတ်တရက်ရှေ့မှမြင်လိုက်ရသော မြင်ကွင်းကြောင့် ဦးထွန်းအေးတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ လရောင်နှင့်မို့ မြင်ကွင်းအား ပီပီသသ မြင်နေရသည်။ ထဘီရင်ရှားနှင့် အမျိုးသမီးတစ်ယောက်သည် ခေါင်းပေါ်တွင် ဗန်းတစ်ခုကိုရွက်ပြီး သူ့ရှေ့မှလာနေ၏။ အမျိုးသမီးသည် ဆံပင်ကိုဖားလျားချထား၏။ ညာဘက်ပခုံးတွင်လည်း အဝတ်ထုပ်ကဲ့သို့ အထုပ်တစ်ထုပ်ကိုလွယ်ထားသည်။

အမျိုးသမီးသည် သူနှင့် (၃)လံမျှအကွာသို့ရောက်သည်နှင့် ဖျုန်းခနဲရပ်လိုက်သည်။ ထို့နောက် နှာခေါင်းမှ တရှုံ့ရှုံ့နှင့် တစ်စုံတစ်ခုကို အနံ့ခံကြည့်သလိုလုပ်နေသည်။ ဦးထွန်းအေးသည် အမျိုးသမီးအား သေသေချာချာကြည့်လိုက်၏။ တစ်ခေါင်းလုံးရှုပ်ပွနေသော ဆံပင်သည် အမျိုးသမီး၏မျက်နှာတစ်ခြမ်းကို ဖုံးအုပ်ထား၏။ ခန္ဓာကိုယ်သည် ဝဝဖိုင့်ဖိုင့်၊ အရပ်ကား ငါးပေခန့်ရှိလိမ့်မည်။ သူဝတ်ဆင်ထားသောထဘီသည် အစိတ်စိတ်အမြွှာမြွှာနှင့် မြင်မကောင်းရှုမကောင်းဖြစ်နေသည်။

လေအေးတစ်ချက်သည် ဝှေခနဲတိုက်ခတ်သွားသည်။ အမျိုးသမီးထံက ထွက်ပေါ်လာသော ကိုယ်အနံ့ကြောင့် ဦးထွန်းအေး အော့နှလုံးနာမိ၏။ အပုပ်နံ့လည်းမဟုတ်၊ ညှီဟောက်ဟောက်နှင့် မသတီစရာကောင်းလှသည်။

"ဟေ့ - ခင်ဗျားဘယ်သူလဲ၊ ဘယ်ကလာတာလဲ။ အခုကော ဘယ်သွားမလို့လဲ။ ညဉ့်နက်နေတာ မမြင်ဘူးလားဗျ"

ဦးထွန်းအေးသည် မေးခွန်းတွေ တသီကြီးမေးလိုက်သည်။ အမျိုးသမီးကား မည်သည့်စကားမျှမဆိုဘဲ တွေတွေကြီးရပ်နေ၏။

"ဟေ့-မေးနေတာမကြားဘူးလား။ ဘာကြောင့်ကြည့်နေတာလဲ"

ဦးထွန်းအေး လေသံကို အနည်းငယ်မြှင့်၍မေးလိုက်သည်။ အမျိုးသမီးသည် ပါးစပ်မှ စူးစူးဝါးဝါးအော်၍ သူ့ထံသို့ တည့်တည့်ပြေးလာ၏။ ထို့နောက် ဆိုင်ကယ်အနီးသို့ရောက်သည်နှင့် ဝက်သားထုပ်ကိုဆွဲကာ တစ်ဟုန်တည်းပြေးလေတော့သည်။

"ဟေ့ဟေ့ - ဒါ ဘာလုပ်တာလဲ အောင်မာ ဟေ့ - မပြေးနဲ့ ဒွေးမ"

အမျိုးသမီးက ရှေ့မှပြေးသည်။ ဦးထွန်းအေးသည် နောက်မှအမျိုးမျိုးဆို၍ အမျိုးသမီးနောက်ကပြေးလိုက်၏။ ပြေးသူကပြေးလိုက်သူကလိုက်နှင့် မသိလျှင် လိုက်တမ်းကစားနေကြသည်ဟု အလား အမှတ်မှားနိုင်သည်။ ဦးထွန်းအေးက ရပ်ဖို့အော်ဟစ်၏။ အမျိုးသမီးကား လုံးဝဂရုမစိုက်ဘဲ ပြေးမြဲပြေးသာ ပြေးနေသည်။

သည်လိုနှင့် ကျောက်ကလေ တောင်တန်းနှင့်တစ်ဆက်တည်းဖြစ်သော ကျားလန့်ချိုင်တောင်ခြေရင်းသို့ ရောက်ရှိလာကြ၏။ တောင်ခြေသို့ရောက်သည်နှင့် အမျိုးသမီးသည် ခေါင်းပေါ်မှဗန်းကို ပစ်ချလိုက်၏။ ထို့နောက် ဦးထွန်းအေးဘက်သို့လှည့်ကာ ဝက်သားကို အစိမ်းလိုက်စားပြ၏။ ဦးထွန်းအေးတစ်ယောက် သောက်ထားသမျှပြေသွားသလို ခံစားလိုက်ရသည်။ မျက်စိဖြင့် တပ်အပ်မြင်၍သာ ယုံကြည်မိသည်။ သို့မဟုတ်လျှင် ယုံကြည်လိမ့်မည်မဟုတ်။

"ဟီး. . . ဟီး. . . ဟီး အယုတ်တမာကောင် သေဖို့သာပြင်ထားပေတော့"

ဦးထွန်းအေးတဒင်္ဂအံ့သြမှင်တက်နေ၏။ သို့သော် သတိပြန်ဝင်လာသည်နှင့် အခြေအနေမဟန်မှန်းရိပ်စားမိ၍ လာလမ်းအတိုင်း ပြန်လှည့်ပြေးတော့သည်။ ဤတစ်ချီတွင် သူက အပြေးသမားဖြစ်နေပြီ။ သူ့စိတ်ထဲ၌ ထိုအမျိုးသမီးသည် ဇင်းချောင်းစံပြကျေးရွာသို့ သွားမည့် ခရီးသွားတစ်ယောက်ဟု ယုံကြည်မိသည်။ ယခုတော့ ထိုအမျိုးသမီးသည် လူစင်စစ်မဟုတ်ပါလေစ။ မဟုတ်မှလွဲရော သရဲတစ္ဆေများဖြစ်နေပြီလား။ သူ့တစ်သက်တွင် ဤသို့ တစ်ခါမျှ မကြုံဖူးဘူး။ အရင်အလောင်းအစားပွဲတုန်းကလည်း ဒီလိုမတွေ့ဘူး။ အကယ်၍များ သူ့ကိုသာမီလာလျှင် ဝက်သားတွဲကိုစားပြသလိုစားမည်လား။

ဦးထွန်းအေး မတစ်ဖူး ဘုရားတမိသည်။ ဦးထွန်းအေးကား နောက်သို့ လှည့်လှည့်မကြည့်တော့ဘဲ ရှေ့သို့ချည်း အားကိုက်ပြေးလာခဲ့၏။ ကျောက်ကလေးရွာအဝင်ဝသို့ရောက်သည်နှင့် ကယ်ကြပါဦး ကယ်ကြပါဖို့ဟု အသံကုန်အော်ဟစ်လိုက်တော့သည်။

■

"မဖြစ်နိုင်တာဗျာ၊ ခင်ဗျားမူးမူး ရူးရူး ထင်မိထင်ရာမြင်လာတာနဲ့တူတယ်"

"အေး - ငါတို့တစ်သက်ရှိပြီ။ ဒီလိုတစ်ခါမှ မကြားဖူးကွ။ မင်းဟာကဟုတ်ပါ့မလားကွာ"

"ကျုပ်တို့တော့ မယုံဘူးဗျာ၊ မှန်းမူးပါးစပ်က အရက်နံ့ရနေတယ်"

ကျောက်ကလေးရွာသားများသည် ဤသို့လိုနှင့်အမျိုးမျိုးထင်ကြေးပေးကြသဖြင့် ဦးထွန်းအေး မည်သို့ရှင်းပြရမှန်းမသိဖြစ်သွားသည်။

"တကယ်ပါဗျာ၊ ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာ။ အဲဒီနေရာမှာ ကျွန်တော့်ဆိုင်ကယ်ကျန်ခဲ့တယ်။ ကျေးဇူးပြုပြီး ကူညီကြပါဗျာ။ ကျွန်တော်တစ်ယောက်တည်းမသွားဝံ့လို့ပါ"

ကျောက်ကလေးရွာမှ ယောက်ျား (၅) ယောက်သည် ဦးထွန်းအေးခေါ်ရာနောက်သို့လိုက်လာခဲ့ကြ၏။ သူတို့လူစုသည် ဆိုင်ကယ်အနီးသို့ရောက်ရှိလာသောအခါ လက်နှိပ်ဓာတ်မီးဖြင့်ပတ်ဝန်းကျင်အနှံ့လိုက်ရှာကြည့်ကြ၏။ ထူးခြားမှုဟူ၍ကား မည်သည့်အရာကိုမျှမတွေ့ရပေ။ ဦးထွန်းအေးက လက်မလျှော့ဘဲ ကျားလန့်ချိုင်တောင်ခြေအနီးသို့ခေါ်သွားပြန်၏။

"ဒီနေရာမှာပဲကွ၊ ဝက်သားကိုစားပြတာ"

ကျောက်ကလေးရွာသားများကား ဦးထွန်းအေးပြောသမျှ ရယ်စရာပြက်လုံးတစ်ခုလို ထင်မှတ်နေကြ၏။ သူတို့လူစုစိတ်ထဲ၌ အရက်မူး၍ ထင်မိထင်ရာလျှောက်ပြောနေသည်ဟု ထင်မှတ်သွားကြသည်။ နောက်ဆုံး၌ ရွာသားများ၏အကူအညီဖြင့် ဆိုင်ကယ်ကိုတွန်းယူခဲ့ကြသည်။ ဆိုင်ကယ်သည် ကျောက်ကလေးရွာအနီးသို့ ရောက်ခါနီးမှ စက်နှိုး၍ရလေသည်။ ထိုနေ့ညတွင် ဦးထွန်းအေးသည် ကျောက်ဖြူမြို့သို့မပြန်တော့ဘဲ ကျောက်ကလေးရွာ၌ပင် ညအိပ်ခဲ့လေသည်။

အထက်ပါအဖြစ်အပျက်များဖြစ်ပျက်ပြီးနောက် တစ်ပတ်ခန့်အကြာတွင် ဦးထွန်းအေးသည် ဒုလ္လဘရဟန်းဝတ်သွားခဲ့၏။ သူ့အပေါင်းအသင်းများအဖို့တော့ အံ့သြမဆုံးဖြစ်နေကြသည်။ ထို့ပြင် တစ်ချိန်က သရဲပြေးထွန်းအေးဟုခေါ်တွင်ရာမှ ယခုအချိန်၌ သက်ထွေး (သေးထွက်) ထွန်းအေးဟု နာမည်ကြီးသွားပြန်သည်။

ဦးထွန်းအေး အဘယ့်ကြောင့် ရဟန်းဝတ်လာသည်ကိုမေးကြည့်တော့-

"အဲဒီအမျိုးသမီး ငါ့နောက်ကလိုက်တာတာလည်းမြင်ရော ငါလည်းလန့်သွားတယ်။ အခြေအနေမဟန်မှန်းသိလို့ ပြန်လှည့်ပြေးမယ်ပြုတော့ ခြေထောက်ကိုဆွဲမရသလိုဖြစ်သွားတယ်။ ငါလည်း စိတ်ထဲက ဘုရားတမိသွားတယ်။ အဲဒီတော့မှ ခြေထောက်ကိုဆွဲလို့ရလာတယ်။ အဲဒီအချိန်တုန်းက ငါ့စိတ်ထဲမှာ ဘုရားကလွဲပြီး ဘာမှမသိတော့ဘူး။ နားထဲမှာလည်း ပြေးပြေး နောက်ပြန်လှည့်မကြည့်နဲ့လို့ ပြောသံကြားတယ်။ ငါ့တစ်သက်နဲ့တစ်ကိုယ် ဒီလိုတစ်ခါမှမကြုံဘူး"

ဟု ပြောပြ၏။

ဦးထွန်းအေးသည် ရဟန်းဝတ်ပြီး တစ်လခန့်ကြာပြီးနောက် သာသနာ့ဘောင်ထဲသို့ အပြီးတိုင်ဝင်သွားခဲ့လေသည်။

တစ်ဖက်တွင် သူ့အပေါင်းအသင်းများအတွက် ရယ်စရာတစ်ခုကျန်ခဲ့၏။ အကြောင်းမှာ ဦးထွန်းအေးနှင့်တွေ့ခဲ့သောအမျိုးသမီးသည် တစ္ဆေသရဲမဟုတ်ဘဲ လူစင်စစ်ဖြစ်နေသောကြောင့်ပင်တည်း။ ထိုအမျိုးသမီးသည် စိတ်ဝေဒနာသည်တစ်ယောက်ဖြစ်သည်ဟူ၏။ သူ့ကို ထိုနေ့နံနက်တွင် ဝက်သားတွဲနှင့်တွေ့ရသောကြောင့် ထိုအမျိုးသမီးဖြစ်ကြောင်း ပြောဆိုခဲ့ကြခြင်း ဖြစ်သည်။ ထို့ပြင် ဦးထွန်းအေးပြောပြသော ပုံပန်းသဏ္ဌာန်မှာ သူနှင့်တစ်ထေရာထည်းတူနေသောကြောင့်ဖြစ်၏။

သို့သော် ဦးထွန်းအေးပြောပြချက်များနှင့်ယှဉ်ကြည့်ပါက အလွန်တရာမှ ထူးဆန်းနေသည်။ ဆိုင်ကယ်သည် ဘာတစ်ခုမှမဖြစ်ဘဲ စက်ရပ်တန့်သွားခြင်း၊ ပြေးခါနီးတွင် ခြေကိုဆွဲမရခြင်း ဘုရားတမိမှ ပြေး၍ရခြင်း၊ အမျိုးသမီးက ဝက်သားကို အစိမ်းစားပြခြင်း စသည့် အကြောင်းအရာတို့သည် တိုက်ဆိုင်မှုတစ်ခုပေလော။

မည်သို့ဆိုစေ ဦးထွန်းအေးကဲ့သို့ လူ့ခွစာတစ်ယောက်အား အပြောင်းလဲကြီးပြောင်းလဲစေခဲ့သည်မှာ မယုံကြည်နိုင်ဖွယ်ဖြစ်နေသည်။ ဦးထွန်းအေးနှင့် အမျိုးသမီးဆုံခဲ့သောနေရာသည် မိုင်တိုင်အမှတ် (၉၄)အနီးတွင်ဖြစ်၏။ ထိုမိုင်တိုင်သည် သာမန်မိုင်တိုင်တစ်ခုဖြစ်စေကာမူ ဦးထွန်းအေးကြုံတွေ့ခဲ့ရသောဖြစ်ရပ်ကြောင့် နာမည်ကြီးခဲ့ရသည်။ ထို့ကြောင့် ဇင်းချောင်း ကျောက်ကလေးရွာအနီးပတ်ဝန်းကျင်၌ ဤဖြစ်ရပ်သည် အထူးအဆန်းတစ်ခုသဖွယ် ယနေ့တိုင်ပြောဆိုနေကြလေသည်။

ကြည်ပြာမောင် (သဇင်မြေ)

(လူငယ်ဖွံ့ဖြိုးရေးပညာရေးဂေဟာမှ ဂေဟာမှူး ဦးစံရွှေ၏ ပြောပြချက်များကို ဝတ္ထုသဖွယ် ပြန်လည်ရေးသားထားပါသည်။)

နိုင်ပြေသိမ်းချစ်

အရှုံးကတစ်မှုံးသာ

အခန်း(၁)

ဇာတ်ပင်ခန်းတစ်ခုလုံးကို အကျိုးပြုလှုပ်ခတ်နိုင်မှ ဇာတ်လိုက်

ယေဘုယျအားဖြင့်တော့ ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာလျှင် ဇာတ်လိုက်ဟုထင်တတ်ကြပါသည်။ သို့သော် ကိုယ့်ဘဝကိုယ့်ဇာတ်လမ်းထဲသို့ ဇာတ်လိုက်လုပ်သွားသူများ၊ ဇာတ်လိုက်ဖြစ်သွားခဲ့သူများကို ကြုံတွေ့ရဖန်များသောအခါ ကိုယ်က ဘာမှမဟုတ်ပါလားဟူသော လက်တွေ့ဆန်သည့်ကောက်ချက်ချနိုင်မှုကြောင့် ဘဝင်ကျသွားစမြဲပါ။ ဇာတ်လိုက်ဆိုသည်မှာလည်း အများပြည်သူများကိုသာ ဦးစားပေးနေရသည့် ကံကြွေးချမှုမဲပေါက်သူဖြစ်နေတတ်ပါသည်။ အများပြည်သူများက အမုန်းမရှိချစ်ခင်နှစ်သက်သူများသာ ဇာတ်လိုက်ဖြစ်ရမြဲ ထုံးစံကို ဘဝဇာတ်ဆရာက တီထွင်ထားခဲ့ခြင်းကလည်း အကြောင်းအကျိုးညီညွတ်မျှတနေပါသည်။

အများပြည်သူများက အမှန်အမှတ်ခြစ်ကလေးဖြင့် လည်းကောင်း၊ လက်သန်းကလေးမှင်တို့၍လည်းကောင်း သင်္ကေတပြုခဲ့သူများသာ ဇာတ်လိုက်ဖြစ်သွားရခြင်းကို တွေးထောင့်တစ်ခုမှတွေးကြည့်လျှင် အလွန်ပင် တရားကျစရာကောင်းလွန်းနေပြန်သည်။ မှန်ကန်သူသာ အချစ်ခံရ၍ မမှန်ကန်သူကို လူ့ပတ်ဝန်းကျင်မှ မောင်းထုတ်လိုက်ကြသောဥပဒေကိုလည်း ဘဝဇာတ်ဆရာက သိမ်သိမ်မွေ့မွေ့နှင့် ပြဋ္ဌာန်းထားခဲ့ပါသည်။ (ဤနေရာ၌ မဲအပြတ်အသတ်အနိုင်ရသွားသော သမ္မတ၊ ပါတီ၊ လွှတ်တော်ကိုယ်စားလှယ်များမပါပါ။ ရောထွေး၍လည်း မရပါ။) တခြားစီတစ်ကဏ္ဍစီဖြစ်ပါသည်။

ဇာတ်လိုက်အတွက်သတ်မှတ်ထားသော မဲတစ်ပြားက အသည်းကြားမှလာပါသည်။ ဇာတ်လိုက်၏ မျက်နှာမူရာအရပ်သည် ပြည်သူမှလွဲ၍ တခြားမရှိသောကြောင့် အလွန်လည်း သန့်ရှင်းလှပါသည်။ ဇာတ်လိုက်၏သက်တမ်းက ငါးနှစ်မဟုတ်ပါ။ တစ်ဘဝလုံးထက်ကျော်၍ စင်ကျူရီတစ်ခုထက်မကလည်း ရှိနေပြန်ပါသည်။ ဒါတောင် ဘာသာရေးနယ်မြေ၊ အသိပညာရပ်ဝန်း၊ စီးပွားရေးလောက၊ နိုင်ငံရေးရေစီး အစရှိသော အကန့်တိုင်းအကန့်တိုင်းမှာ ဇာတ်လိုက်များက မတူကြပါ။ ဒါကလည်း အလွန်သဘာဝကျသောလက်တွေ့ဆန်မှုတစ်ခုဖြစ်ပါသည်။

လောကပေါင်းစုံ၊ နေရာအနှံ့၊ အလုပ်မှန်သမျှ ဝင်ရောက်ချောက်ချားနိုင်သောဇာတ်လိုက်မျိုးက အလွန်လည်းရှားပါးပါသည်။ (လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့သော သုံးလောကထိပ်ခေါင် မြတ်ဗုဒ္ဓမှလွဲ၍ တခြားမရှိပါ။) ဇာတ်လိုက်ဆိုသည်ကား သူ့ဘဝအတွက် သူရဲကောင်းမဖြစ်ခဲ့သည့်တိုင်၊ အာဇာနည်မဟုတ်ခဲ့သည့်တိုင် သူများဘဝများအတွက် သူရဲကောင်း၊ အာဇာနည်ဖြစ်နေခဲ့ရခြင်းကလည်း အလွန်ဆန်းပြားသော အလုတရားတစ်ခု ဖြစ်ပါသည်။ ဇာတ်လိုက်သည် သူ့ဘဝကိုဖယ်ထားသော ပုဂ္ဂိုလ်ဖြစ်နေရခြင်းကလည်း အလွန်လည်း သိမ်မွေ့နေပြန်ပါသည်။

ဇာတ်လိုက်တစ်ယောက်ဖြစ်သွားစေနိုင်သည့်အရည်အသွေးမှတ်ကျောက်စံများကလည်း မနည်းလှပါ။ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဥပေက္ခာပါရမီ စသောဖြည့်ကျင့်ရသည့် ပါရမီများကလည်း မနည်းလှပါပေ။ သည့်ထက်ပို၍ ချစ်စရာကောင်းသော အချက်မှာ ဇာတ်လိုက်ကိုယ်တိုင်က သူလုပ်လိုက်သောအလုပ်တစ်ခု၊ အပြုအမူတစ်ခုသည် လူမျိုးစုတစ်ခုတည်းကိုသာ ဗဟိုပြုရာမှ နယ်ခြားစည်းမျဉ်းများကို ခုန်ပျံကျော်လွှား၍ မြောက်မြားစွာသောလူပုဂ္ဂိုလ်များ၏ နှလုံးသည်းပွတ်အထိ ရောက်သွားနိုင်လိမ့်မည်ဟု ရည်ရွယ်၍ မလုပ်ဆောင်ခဲ့သော်လည်း တစ်ချိန်ချိန်၌ ကျယ်ပြန့်သွားလိမ့်မည်၊ ခရီးပေါက်သွားလိမ့်မည်ဟု လုံးဝထင်မထားခဲ့သော အချက်ကလေးဖြစ်ပါသည်။

ဆရာမောင်သာရရေးသားခဲ့သလို 'မင်းတို့ဘက်ကကြည့်တော့ ရန်သူ၊ သစ္စာဖောက်၊ ငါတို့ဘက်ကကြည့်တော့ သူ့ရဲကောင်း' ဟုဆိုခဲ့သော ဥပမာစကားကလေးကပင် ဇာတ်လိုက်တစ်ယောက်၏အကြောင်းကို အမှတ်ပေးသုံးသပ်ရာ၌ အလွန်ပင် အဘိဓမ္မာဆန်လွန်းနေသည်ကို သရုပ်ခွဲနိုင်ပါသည်။ ဇာတ်လိုက်နှင့်ပတ်သက်၍ ဆွေးနွေးစရာ၊ ဝေဖန်စရာ၊ အကြံပြုစရာများ တော်တော်များများ ကျန်နေပါလိမ့်ဦးမည်။ ဤနေရာ၌ ဤမျှလောက်ဖြင့်သာ ကန့်သတ်ကြပါစို့။

ကျွန်တော်ကတော့ သူများဇာတ်လမ်းထဲအထိ ဝင်ရောက်၍ ဇာတ်လိုက်ဝင်မလုပ်ခဲ့ပါ။ အကြောင်းမှာ သူများဇာတ်လမ်းထဲအထိ ဝင်ရောက်မပတ်သက်ရန် ကျွန်တော်၏ချစ်စွာသောသူငယ်ချင်း ကိုသန်းထိုက်က အကြောင်းနှင့်အကျိုးညီစွာ ဆုံးမထားခဲ့၍ဖြစ်ပါသည်။

"ဒါက သူတို့ကိစ္စပဲ သူငယ်ချင်း၊ ကိုနိုင့်အနေနဲ့ နေသာသပ လေညာက နေနိုင်ရက်ပါရက်နဲ့ အလုပ်မရှိအလုပ်ရှာ ကြောင်သန်းရှာ ရေချိုးနေတာပဲ။ သူတို့ကိစ္စကို ကိုနိုင် အမြဲတမ်း မငြိမ်းပေးနိုင်ဘူးနော်။ လူဆိုတဲ့အမျိုးက 'ဆားတောင်းလို့ရရင် ငါးပိထိတက်ပြီးပိုကျယ်ချင်တာ။ လူ၊ လု၊ လူးဆိုတဲ့ သုံးရပ်သော လူတန်းစားထဲမှာ ကိုယ်က လူပီသအောင်ပဲ ကြိုးစားသင့်တယ်။ သဘာဝကိုက အပူငြိမ်းတဲ့လူဆီ အပူသည်က လာရိုးထုံးစံရှိနေတာကို ကျွန်တော်မငြင်းပါဘူး။ သို့သော်လည်း ကိုနိုင် တကယ်ဒုက္ခဖြစ်ကြည့် ကိုနိုင်ကူညီခဲ့တဲ့လူတွေက ကိုနိုင့်ကိုလှည့်ကြည့်မယ်ထင်လား။ မိတ်ဆွေစစ်မိတ်ဆွေနှန်ကရှားသွားပြီ သူငယ်ချင်းရဲ့။



အနေသာက သိကြားမင်းအလုပ်ကို ကိုနိုင် ဝင်လုပ်နေတာ။ သိကြားမင်းကိုယ်တိုင် တောင် ကယ်ထိုက်၊ မကယ်ထိုက် ဝေဖန်စဉ်းစားရသေးတာ။ ဥပေက္ခာပါရမီဆိုတာ ရှိသင့်ရှိထိုက်လို့ ဘဝမှာရှိနေရတာ နေ့”

ထိုဆုံးမမှုကြောင့် သူများကိစ္စများ မျက်လုံးမှိတ်တတ်သောကျွန်တော့်ခမျာ ချစ်သူငယ်ချင်း၏ ဆုံးမစကားကြောင့် မျက်လုံးမှိတ်တတ်သွားပါသည်။ နားဖွင့်ထားသောကျွန်တော် နားပိတ်တတ်သွားပါသည်။ သွက်လက်ချက်ချာစွာပြောတတ်သောပါးစပ်လည်း တင်းတင်းစေ့သွားတတ်ပါပြီ။ ကျွန်တော် ဦးစားပေးရမည့်အရာကား ဘာသာ၊ သာသနာ၊ လူမျိုးဟုဆိုသော်လည်း ထိုသုံးမျိုးသောအရာ၌ပင် မီလီမီတာထက်ပို၍ အသေးစိတ်ခွဲခြမ်းစိတ်ဖြာ လာခဲ့ရပါတော့သည်။ စေတနာမှာလည်း မီလီမီတာ၊ မေတ္တာမှာလည်း တရှတ်ပေသီး၊ အပြုအမူမှာလည်း နဝင်းကျော်ခဲ့သူကိုမှ အောက်၌ ဖော်ပြမည့် ဇာတ်ကွက်ကလေးများက သွေးတိုးစမ်းလာခဲ့သောအခါ ကျွန်တော့်အလွန်ရှိမရှိ၊ သူတို့ကပဲ စည်းကျော် မကျော် ဝေဖန်ကြည့်လှည့်ကြပါကုန်။

အခန်း(၂)

မီးနှင့်ပတ်သက်၍ ကြိုကြိုတင်တင်မက်နိုင်သော အိပ်မက်အမျိုးအစား

ကျွန်တော် တစ်ဆယ့်သုံးနှစ်သားအရွယ်ကဖြစ်ပါသည်။ ညဦးပိုင်း တကျက်ပြီး အမေ့ဘက်မှဘေးမကြီးဒေါ်ညွန့်ညွန့် အဖေ့ဘက်မှ ဘေးမကြီး ဒေါ်ကလေးမ တို့အိပ်စက်ရန် အိပ်ရာခင်း၊ ခြင်ထောင်ထောင်ပေးပြီးနောက် ဘေးမကြီးနှစ်ဦးကို အညောင်းအညာပြေစေရန် ခြေဆုပ်လက်နယ်ပြုပေးမြဲ ဖြစ်ပါသည်။ ပြီးမှ အဘွားဖြစ်သူ ဒေါ်လုစိန်ကို အိမ်ဈေးဆိုင် ကူပိတ်ပေးရန် ဆိုင်ပေါ်တက်လာမြဲဖြစ်ပါသည်။ အိမ်ဈေးဆိုင်က ပုံမှန်ညဆယ်နာရီပိတ်ပါသည်။ မိမိက ဆိုင်အပြင်မှနေ၍ ကဲလားထောက်ဝါးများဖယ်၍ ကဲလားတံခါးရွက်နှစ်ချပ်ကို ဖြည်းဖြည်းချင်းပင့်မ အားယူ၍ ညင်ညင်သာသာ အားနှင့်ထိန်း၍ချပေးကာ အဘွားဖြစ်သူက အတွင်းထဲမှ မင်းတုပ်ထိုးမြဲဖြစ်ပါသည်။ မင်းတုပ်ထိုးလွယ်ကူရန် အပြင်မှ ကဲလားတံခါးနှစ်ချပ်ကိုလည်း တွန်းထားပေးမှ အဆင်ပြေပါသည်။ ပြီးမှ လမ်း၏ ရေနုတ်မြောင်းပေါ် ခွခင်းထားသော နှစ်တစ်ကြမ်းခင်းနှင့်အတူ ညာဘက်ဘယ်ဘက် ဈေးဝယ်လာသူများထိုင်ရန်ရိုက်ထားသော ခုံတန်းလျားနှစ်ခုကို အမှိုက်သရိုက်ကင်းအောင် တံမြက်စည်းလှည်းပြီးမှ ဝင်းတံခါးကို အတွင်းမှ သံကြိုးခတ်၊ သော့ခတ်၍ သော့ကို အဘွားထံပြန်ပေးကာ နှစ်ထပ်အိမ်ပေါ်ပြန်တက်လာမြဲဖြစ်သည်။ အဘွားနှင့်အဘိုးကအိမ်အောက်ထပ်မှာ ခုတင်နှင့်အိပ်ပါသည်။ ကျန်မိသားစုများက အိမ်အပေါ်ထပ်မှာအိပ်ပါသည်။

ကျောင်းမှပေးလိုက်သောအိမ်စာပြီးမပြီး ထိုဆိုင်ကူပိတ်သိမ်းပေးသော ဝတ္တရားဆောင်ရွက်ပြီးမှ ကျောင်းသင်ခန်းစာမပြီးသေးလျှင် ဆက်ကျက်မှတ်သား တွက်ချက်ပြီးမှ ည (၁၁)နာရီတွင် အိပ်ရာဝင်မြဲဖြစ်ပါသည်။

နွေနှစ်လကျောင်းပိတ်စဉ်က အိမ်နီးချင်းအစ်ကိုမြင့်သိန်းနှင့် တောင်ကြီးမြို့သို့ အလည်လိုက်သွားရင်း ခရီးအပြန် ကိုယ့်မြေကိုယ့်မြို့ပြန်ရောက်စဉ် အိမ်အပေါ်ထပ်၌အားနေသောမြောက်ဘက်ပိုင်း အနောက်ခြမ်းအခန်းအလွတ်ကို အဘွားဆီမှ လွတ်လွတ်လပ်လပ်နေပါရစေဟု ခွင့်တောင်းစဉ် တစ်မိသားစုလုံး ရယ်ပွဲဖွဲ့ပွဲကျကုန်ပါတော့သည်။

အဘွားဖြစ်သူက -

“အလိုတော်၊ မင်းဘေးမကြီး ညွန့်ညွန့်ရင်ခွင်ထဲ ခေါင်းတိုးဝင်အိပ်တဲ့ကလေးက ဘယ့်နှယ် လူပျိုခန်းတောင်းနေရတာလဲ။ လူလေးက အခုမှဆယ့်သုံးနှစ်ရှိသေးတာ။ မြေး တောင်ကြီးကပြန်လာကတည်းက ပုံစံတော်တော်ပြောင်းသွားတာ အဘွားအကဲခတ်မိပါတယ်နော်။ အဆော့ကစားသန်တဲ့ကလေး တော်တော်ငြိမ်သွားတယ်။ ဂျစ်ကန်ကန်အကျင့်လေးလည်း ပျောက်သွားတယ်။ ဟင်းမကြိုက်ရင်လည်း မင်းကြီးမေတွေကို သပိတ်မမှောက်တော့ဘူး။ ရှိတာလေးနဲ့ပဲ စားသွားတယ်။ ကဲကဲ - ဒေါသကူမှာရမြေးကလေး အဘွားဆီက လူပျိုခန်းတောင်းရတဲ့ ရည်ရွယ်ချက်ကိုတော့ အဘွားလက်ခံနိုင်အောင်ပြောရင်ခွင့်ပေးမယ်။ ကဲ - ပြော”

ကျွန်တော့်အကျင့်က ညာလည်း မညာတတ်ပါ။ ကျွန်ုပ်သိလူမျိုးအသိုင်းအဝန်း၌ တောင်ကြီးမြို့၌ ကြုံတွေ့ခဲ့ရသောအကြောင်းရင်းကို ဗုဒ္ဓဘာသာနှင့်သက်ဆိုင်နေ၍ ပြော၍မဖြစ်ပါ။ မုသားမပါ လက်ာမချော်စကားလည်းရှိသောကြောင့် သွယ်သွယ်ဝိုက်ဝိုက်ပြောရပါတော့သည်။

“မြေးကိုယ်တိုင် တော်တော်ကြီးနေထိုင်မကောင်းဖြစ်ခဲ့တာကို အဘွားလည်းသိနေတာပဲ။ အဘွားကိုယ်တိုင်ပဲ မြေးအသက်ကို လုယူခဲ့ရတာလေ။ တောင်ကြီး စပ်စုံထွန်းဆေးရုံက ပါရဂူကြီးက မြေးကို နားကြပ်တွေဘာတွေနဲ့ ထောက်ပြီး ကျန်းမာရေးစစ်ပေးလိုက်တာ အဘွားရဲ့။ မြေးကျန်းမာရေးက လုံးလုံးစိတ်ချရသေးတာမဟုတ်ဘူးတဲ့။ တော်တော်ကြီးဆင်ခြင်နေမှတန်ကာကျမယ်တဲ့။ နောက်တစ်ခါ တိုက်ဖိုက်ပြန်ဖြစ်ရင် ကုမရတော့ဘူးတဲ့။ ရေရှည်အသက်ရှည်ရှည်နေချင်ရင် လူပျိုခန်းတောင်းပြီး သီးခြားနေရမယ်လို့ပြောလိုက်တာ။ မတော် ဘေးမကြီးနဲ့ အတူတူအိပ်လို့ ဘေးမကြီးပါ ရောဂါကူးစက်သွားနိုင်သတဲ့။ ကဲ-အဘွားပဲဝေဖန်ပါဦး။ ဟိုက ပါရဂူကြီးနော် မဟုတ်ဘဲ မြေးကိုပြောပါ့မလား”

(တစ်ခုခုတော့တစ်ခုပါပဲ။ ဘာမှန်းကွဲကွဲပြားပြားမသိတာက ခက်ချည်ရဲ့ ဆိုသော အတွေးနှင့်အကြည့်နှင့်) ကျွန်တော့်ပြောစကားဘယ်လောက်မှန်၊ မမှန် ကျွန်တော့်မျက်နှာကို သေသေချာချာ စူးစိုက်၍ အဘွားဖြစ်သူက တော်တော်ကြာအောင် အကဲခတ်နေပါတော့သည်။ တောင်ကြီးစပ်စုံထွန်းဆေးရုံကပါရဂူကြီးဆိုတော့ အဘွားကိုယ်တိုင် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ တော်တော်လည်း ထိတ်လန့်သွားပါသည်။ ကျွန်တော့်ရောဂါနှင့်ပတ်သက်၍ တိုင်ပင်ကုသခဲ့သော အဘွားဖြစ်သူနှင့် လူမျိုးလည်းတူသော ကရင်ဆရာဝန်ကြီးဒေါက်တာစောမောင်မောင်ရွှေထက် ပါရဂူကြီးဆိုသောအဆင့်က မြင့်သည်မဟုတ်ပါလား။ သို့နှင့် ခံဝန်ချက်နှင့် ကျွန်တော် တစ်ဦးတည်း သီးသန့်နေထိုင်ရန် လူပျိုခန်းလေးတစ်ခန်းရခဲ့ပါတော့ သည်။

“လွတ်လပ်ပြီဆိုပြီး အခန်းထဲမှာ ညဉ့်နက်သန်းခေါင်ကျော်စာဖတ်တာတို့ ပန်းချီဆွဲတာတို့ လွန်လွန်ကဲကဲ မြေး မလုပ်ရင် ပြီးတာပဲလေ။ မင်းရဲ့ကြီးကြီးသန်းတို့၊ ကြီးကြီးမြင့်တို့ကို မကြာခဏ တက်ကြည့်ခိုင်းမှာနော်”

သီးသန့်နေထိုင်ရန် လူပျိုခန်းမျိုး သီတင်းနှစ်ပတ်ကျော်ကြာသော် ညတစ်ညသို့ ကျောင်းသင်ခန်းစာများကို စောစောကျက်၊ စောစောတွက်အလေ့အကျင့်ယူပါတော့သည်။ ညရှစ်နာရီဆိုလျှင် ကျောင်းသင်ခန်းစာအားလုံးပြီးပါတော့သည်။ ဘေးမကြီးနှစ်ဦး၏ အိပ်ရာများကို ရှစ်နာရီခွဲဆိုလျှင် အဆင်သင့်ခင်းပေးပြီးပါပြီ။ ပြီးသည်နှင့် အခန်းမီးပိတ်၊ အခန်းလိုက်ကာချကာ ခြင်ထောင်ထဲ၌ မိသားဆွေမျိုးများမသိအောင် ကျိတ်ကျိတ်ကလေးခိုး၍ ဘုရားဂုဏ်တော်ကိုးပါး ပုတီးပတ် (၁၈) ပတ်ကို စိတ်ပါလက်ပါ စိပ်ပါတော့သည်။ ယခင်က အိမ်နှင့်ဝေးကွာသော လောကမာရဇိန်စေတီတော်၊ လောကရန်နှိမ်စေတီတော်နှစ်ဆူ၏ လူမမြင်နိုင်သောချောင်အကွယ်များ၌ ခိုးဝှက်စိပ်ခဲ့ရသော ပုတီးပတ်များထက် လွတ်လပ်မှုကောင်းကောင်းမရခဲ့သော၊ စိတ်တထင့်ထင့်နှင့်စိပ်ခဲ့ရသော ပုတီးပတ်များထက် သာလွန်သော အေးချမ်းသည့် အမှောင်အဖွဲ့ကင်းသည့် ပုတီးပတ်များ၌ စိတ်နှင့်ရုပ်ကို နက်နက်ရှိုင်းရှိုင်းနှစ်မြှုပ်ထားစဉ် -

ကျွန်တော့်အခန်းတစ်ခုလုံးတစ်ခါမှ မရှူရှိုက်ခဲ့ဘူးသော၊ အမွှေးတိုင်ရနံ့လည်းမဟုတ်သော၊ ပန်းရနံ့လည်းမဟုတ်သောခပ်ဆန်းဆန်းအမွှေးရနံ့က တစ်ခန်းလုံး ထုံထုံအီအီမွှေးကြိုင်လာပါတော့၏။ ပုတီးပတ်အပြီး မေတ္တာအားလုံးပို့ပြီးသည့်တိုင်အောင် အမွှေးရနံ့ကမပျောက်ကွယ်သွားပါ။ သို့နှင့် မိမိအခန်းမှထွက်ပြီး အိမ်ပေါ်ထပ်တစ်ခုလုံး အမွှေးရနံ့ ရှာရော ရှူစမ်းပါတော့သည်။ ကြီးမေများအခန်း၊ ဘေးမကြီးနှစ်ဦးအိပ်စက်ရာ အိမ်မအခန်းလည်း ထိုရနံ့မမွှေးဘဲ ကျွန်တော်နေသောအခန်းလေးတစ်ခုသာ ကွက်၍မွှေးကြိုင်နေတော့ ကြောက်စိတ်က ဝင်လာပါတော့သည်။ ထို့ကြောင့် ထိုအခန်းလေးထဲမနေရဲတော့ဘဲ အိမ်အောက်ထပ်သို့ ကသောကမျောပြေးဆင်းလာခဲ့ရပါတော့သည်။

ဈေးဆိုင်ပေါ်ရှိ အဘွားဖြစ်သူ အနား အားကိုးတကြီးကပ်ထိုင်ပါတော့သည်။ ဆယ်နာရီမထိုးသေး၍ အဘွားက ဆိုင်မပိတ်သေးပါ။ ကျွန်တော်က အဘွားမျက်နှာမော့ကြည့်၍ -

“အဘွား၊ မြေးအခန်းတစ်ခုထဲကမွှေး ထူးထူးခြားခြား အမွှေးတိုင်ရနံ့လည်းမဟုတ်ဘူး၊ ပန်းရနံ့လည်းမဟုတ်ဘူး မွှေးကြိုင်နေတာပဲ။ အပေါ်ထပ်က ကျန်တဲ့အခန်းတွေကျ မမွှေးဘူး။ မြေးအခန်းရှိသမျှ အနံ့လာရာရှာတာလည်း မတွေ့ဘူး။ အဲဒါ ဘာဖြစ်လို့လဲဟင်။ ရနံ့ကိုလည်း မြေး တစ်ခါမှမရှူဖူးဘူး။ အဆိုးလား၊ အကောင်းလားဟင်။ တစ်ခါမှ ဒီလိုမကြုံဘူးတော့ နည်းနည်းကြောက်လာလို့”

အဘွားဖြစ်သူက သူခေါင်းမှပတ်ထားသော ကွဲချိုဘီးအဖြူကိုဖြုတ်၍ ကျွန်တော့်ဗိုလ်ကေကို သေသေချာချာ ဖြီးသင်ပေးပြီးမှ -

“ကိုယ့်ကိုယ်စောင့်နတ်တွေက မြေးကို ချီးမြှောက်စောင့်ရှောက်တာပါ မြေးရဲ့ ကြောက်စရာမဟုတ်ပါဘူး။ ဝမ်းတောင်သာရမှာ၊ မြေးကလည်း သူတို့ကို မေတ္တာပို့ပေ့ါ။ တစ်ခါတစ်ခါကျတော့လည်း ကိုယ့်သီလအားကောင်းလွန်းရင် ခန္ဓာကိုယ်က အလိုလိုမွှေးလာတာလည်း ရှိတယ်ကွယ့်။ ရှားတော့ တော်တော်ကြီးရှားတယ်”

အဘွားစကားကြောင့် ဘဝင်ကျကာ ကြောက်စိတ်ပျောက်သွားပါတော့သည်။ လမ်းပေါ်သို့ငေးကြည့်ရင်း-

“ဩော် - သည်လိုလား၊ မြေးက မသိပါဘူး။ မကြုံဘူးတော့လန့်သွားလို့ အဘွားများသိမလားလို့ မေးကြည့်တာပါ။ ဒါက တော်တော်ဆန်းပြားတာပဲ”

အဘွားဖြစ်သူက ဆံပင်ကို ဘီးဖြင့်ပြန်ပတ်ရင်း -

“မောင်နိုင် မြေးရဲ့၊ ကိုယ်က သီလတကယ်အားကောင်းလာရင် ခန္ဓာကိုယ်ကမွှေးတာတင်မကဘူး၊ ရှေ့အနာဂတ်မှာ ဘာဖြစ်မယ်ဆိုတာကိုလည်း ကြိုတင်ပြီး အိပ်မက်တွေကသတိပေးတတ်သေးတယ် မြေးရဲ့။ အဆိုးကို ကြိုမက်ရင် ဆင်ခြင်နိုင်တယ်။ အကောင်းကိုကြိုမက်ရင်လည်း ပြင်ဆင်နိုင်တာပေါ့။ ဥပမာပေါ့ကွယ်၊ မြေးရဲ့အိပ်မက်တစ်ခုထဲမှာ ပတ်ဝန်းကျင်ပတ်ပတ်လည် ဘယ်ကြည့်ကြည့် ကြည့်လေရာ ရေပြင်ကျယ်ကြီးပဲ မြင်တွေ့ရရင်တော့ မြေးနေတဲ့နေရာရယ်၊ အနီးစပ်ဆုံးပတ်ဝန်းကျင်ရယ်မှာ မီးအကြီးအကျယ်လောင်တော့မယ်လို့ ကြိုတင်နိမိတ်ပေးတာ။ အဲဒါမျိုး မြေးမြင်မက်ရင် မြေးအနေနဲ့ တော်တော်ကြီး ဆင်ခြင်ရမယ်။ ကြိုတင်ပြင်ဆင်နိုင်ရမယ်ကွယ့်။ သူများတွေကို ဖြစ်မလာသေးတာသွားပြောရင် မဖြစ်သေးတော့ မြေးကို အရူးလို့တောင်ထင်တတ်တဲ့ သဘောမျိုးဖြစ်တတ်တယ်။ သူတို့ထင်ချင်သလိုထင် မြေးက ပတ်ဝန်းကျင်ကို သတိပေးရမှာက မြေးဝတ္တရားပဲ မပျက်ကွက်နဲ့ ကြားလား”

အဘွားစကားကို ခေါင်းညိတ်ပြရင်း ဆယ်နာရီထိုးသည်နှင့် အိမ်ဈေးဆိုင်ကိုပိတ်သိမ်းပေးကာ အိမ်အပေါ်ထပ် ကျွန်တော်နေထိုင်ရာအခန်းလေးဆီသို့ ပြန်တက်လာပါတော့သည်။ အမွှေးရနံ့က အခန်းလေးထဲ မွှေးပျံ့နေဆဲ၊

အခန်း(၃)

ကိုယ့်သဘောနဲ့ကိုယ် လုပ်ပြီးခဲ့ပြီမဟုတ်လား။ လာပြောမနေနဲ့

မနက်ခင်း အေးမြသော ဆောင်းရာသီ၏နေ့တစ်နေ့ဖြစ်ပါသည်။ အချိန်က မနက်ခင်း (၇)နာရီခန့် ဖြစ်ပါသည်။ အိမ်ရှေ့လမ်းပေါ်က ဆူဆူညံညံအသံဗလံများကြားနေရ၍ ရုံးသွားချိန်အမီ ထမင်းချက်နေရာမှ မီးဖိုခန်းမှထွက်ကာ (ဘာသံတွေများလဲ) စူးစမ်းလိုသောစိတ်ဖြင့် အိမ်ရှေ့လမ်းပေါ် ကျွန်တော်ထွက်ကြည့်ပါတော့သည်။

လားလား. . . .

တွေ့လိုက်ရသောမြင်ကွင်းကြောင့် တော်တော်ကြီး ကိုယ့်ကိုယ်ကိုယ်ရှက်ရွံ့အားနာသွားပါတော့သည်။ မဖြစ်ခံနိုင်ပါမိုးလား။ ကျွန်တော်ကိုယ်တိုင် အလွန်ပင်စံနမူနာယူ အားကျလေးစားဂုဏ်ယူခဲ့ရသော ပုံသုကူတောရဆရာတော်ဘုရားကြီး (ယခင် ကျောင်းထိုင်ဆရာတော်ဘုရားကြီးဖြစ်ပါသည်။) အသက်ပယ်ဆွမ်းကိုသာ ဘုဉ်းပေးသော အရှင်မြတ်လည်း ဖြစ်ပါသည်။ အရပ်အမောင်း မြင့်မားကြံ့ခိုင်ပါသည်။ အချိန်ပြည့်ဝိပဿနာဓုရအမြဲတမ်းပွားများနေသော ဆရာတော်ကြီးလည်းဖြစ်ပါသည်။ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတော်ပင်လျှင် မြေစိုက်ထရံကာဝင်ပေါက်တစ်ပေါက်တည်းသာ ဖောက်ထားသည့် ကျောင်း ဖြစ်ပါသည်။ ပြတင်းတံခါးပင် မတပ်ဆင်ပါ။ ဦးပဉ္စင်းများနှင့် ကိုရင်များက အုတ်ကျောင်းပေါ်၌သာ သီတင်းသုံးပါသည်။ ညောင်စောင်းများကို သိပ်လက်ခံမတွေ့ပါ။ ခန်းနေအရှင်ဘုရား ဦးခေမာစာရကသာ ညောင်စောင်းမှန်သမျှ ဒိုင်ခံတွေ့ရပါသည်။

နှစ်တိုင်းနှစ်တိုင်း ဆောင်းရာသီလများတွင် ပန်းခင်း (၂) ရပ်ကွက်၊ ပန်းခင်း (၃)ရပ်ကွက် ပေါင်းလောင်းရပ်ကွက်များရှိ ကလေးသူငယ်အားလုံးကို ဖိတ်စက်ဖြင့်ဖိတ်၍ [illegible] (သစ်သီးဒံပေါက်) [illegible] အမြဲတမ်းချသောဆရာတော်ကြီးလည်းဖြစ်ပါသည်။

ကလေးများ ထမင်းစားပြီးလျှင် သီလပေးမြဲဖြစ်ပါသည်။ ကလေးတွေကို ဆရာတော်ဆုံးမသောစကားလေးက စာတ်စက်မှုလည်း အမြဲကြားရပါသည်။ ဤသည်မလွဲ မှတ်မိနေပါသည်။

"ကလေးတို့ရဲ့ သီချင်းဆိုတာ ဝေးဝေးလံလံမှာချည်းရှိတယ် မအောက်မေ့နဲ့။ ဟောဒီပါးစပ်ကြီးကသာ သီချင်းစစ်သီချင်းမှန်ပဲ။ ကလေးတို့ နေ့တိုင်းနေ့တိုင်းစားခဲ့ရတဲ့ သတ္တဝါတွေရဲ့အသွေးအသားတွေ၊ အသက်တွေ သူတို့ရှင်သန်မှုတွေကို ဒီပါးစပ်က အဆုံးသတ်ပေးနေတာမဟုတ်ဘူးလား"

ကလေးအားလုံး၏ သံပြိုင်အသံကလေးများကလည်း မှန်ပါဘုရားဟု တညီတညွတ်တည်း ကြားရပါသည်။

"နည်းနည်းပါးပါးလျှော့ပြီး သူ့အသွေးအသား၊ သူ့အသက်တွေကို ဒီပါးစပ်ကြီးမှာ မသင်္ဂြိုဟ်ခင် သည်ဘဝသည်မျှနဲ့ပဲဆုံးပါစေ။ နောင်ဖြစ်လေရာဘဝတွေမှာ သည်လိုအဖြစ်မျိုးနဲ့ငါ့ပါးစပ်မှာ မသင်္ဂြိုဟ်ပါရစေနဲ့။ သည်လို ခန္ဓာကိုယ်၊ အသက်တွေနဲ့ပေးဆပ်ပြီး ငါတို့ခန္ဓာကိုယ်ကို အထောက်အပံ့ဖြစ်စေရတဲ့ ဒါနကံကြောင့် ကျွတ်လွတ်ပါစေလို့ မေတ္တာပို့၊ မေတ္တာမပေးသင့်ဘူးလား"

"ပေးသင့်ပါတယ်ဘုရား"

(ကလေးသံလေးများ)

"အမေတို့၊ အမေတို့ကိုလည်း အသားတွေ၊ ငါးတွေလျှော့ချက်ပါတော့လို့ မပြောသင့်ဘူးလား"

"ပြောသင့်ပါတယ်ဘုရား"

(ကလေးသံလေးများ)

ပုံသုက္ကူဆရာတော်ဘုရားကြီးဘွဲ့အမည်နှင့်လည်း လိုက်ဖက်လှပါသည်။ တန်ဆောင်မုန်းလတစ်လတည်းသာရွေးပြီး ပုံသုံကူမစွန့်ပါ။ ရပ်ကွက်တွင်းရှိ ဆင်းရဲနွမ်းပါးသော အိမ်ရှင်များပင်အိပ်ရာမထကြသေးပါ။ မနက် (၄)နာရီ၊ လောက်ကတည်းက ထိုနွမ်းပါးသူများ၏ ခြံဝင်းစည်းရိုး၊ ခြံရိုးများ၌ ဆန်အိတ်ငယ်ကလေးများ၊ ဆီပုလင်းငယ်ကလေးများ၊ သင့်တင့်လျောက်ပတ်သော ငွေကြေး၊ ဆေးဝါး၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံပါမကျန် အိတ်ကလေးများနှင့် အမြဲဆွဲချိတ်၍ (ခွေးလွတ်သာသောနေရာများ၌ရွေးသန့်၍)အမြဲဒါနချပေးသော ဆရာတော်ကြီးလည်းဖြစ်ပါသည်။

မိမိအိမ်ရှေ့လမ်းပေါ်တွင် ပုံသုက္ကူဆရာတော်ကြီးကိုယ်တိုင် လမ်းသွားလမ်းလာများကို အန္တရာယ်ပေးနိုင်သော ကျောက်ခဲကြီးများကို တာခြင်းတောင်းပက်လက်ထဲ ရွေးသန့်ဆယ်၍ သယ်ချိမ်ကာ လမ်းနံဘေး ဘောင်လုပ်နေသည်ကို လည်းကောင်း၊ အတူပါလာသော ကိုရင်ငယ်လေးများ သီလရှင်ငယ်ကလေးများကိုယ်တိုင် ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် မမောနိုင်မပန်းနိုင် ဆောင်းမနက်ခင်း အအေးဒဏ်ကိုအန်တုရင်ဆိုင်၍ အမှိုက်ဖယ်သူကဖယ်ကြ၊ တံမြက်လှည်းကျင်းသူက လှည်းကျင်းကြ၊ ပျဉ်တို့များ၊ သစ်သားကျပ်များဖြင့် လမ်းမြေကိုညီညာအောင်ညှိသူကညှိကြ၊ တက်ညီလက်ညီလုပ်ကိုင်နေသောမြင်ကွင်းကို မြင်ရသောအခါ ကိုယ်ကိုယ်တိုင် အတူပါဝင်၍ ထိထိရောက်ရောက် ဒါနမယူနိုင်သော ရှုံးသွားရမည့်တာဝန်ကြောင့် (ငါဘာလုပ်ပေးသင့်သလဲ) အတွေးက ခေါင်းထဲဝင်ရောက်လာပါတော့သည်။

ချက်ချင်းပင် အိမ်ထဲပြန်ဝင်၍ စားပွဲဝိုင်းခုံငယ်များထုတ်၍ အောက်ခံလင်ပန်းဖြင့် ခြံထွက်ဩဇာသီးမှည့်များထည့်ကာ ကိုရင်လေးများ၊ သီလရှင်လေးများ အမောပြေအဆာပြေဘုဉ်းရန် လမ်းနံဘေးလွတ်သောနေရာ၌ အလျင်အမြန်ထည့်ခင်းပါတော့သည်။ သီးသန့်အမောပြေသောက်ရန် အုတ်ခဲသုံးလုံးဖိုခုံလောက်ခံ၍ ရေအပြည့်နှင့် ရေအိုးတစ်လုံးကို လည်းကောင်း၊ ရေအိုးဖုံးဖန်ခွက်များပါကမကျန် ဖန်တီးပါတော့သည်။ ဆရာတော်ဘုဉ်းရန် ရေနွေးဓာတ်ဘူးကို ပင်လောင်းလက်ဖက်ခြောက်ကျကျခတ်၍ လင်ပန်းငယ်ဖြင့်အပူခံဖန်ခွက်ငယ်များဖြင့် ဆက်ကပ်ပါတော့သည်။ ဆရာတော်ကြီးက ရေနွေးမဘုဉ်းဘဲ ဖန်ခွက်သန့်သန့်ပြည့်ရေသာအလှူခံခဲ့ပါသည်။ ဩဇာသီးမှည့်မှည့်တော့ မဘုဉ်းပါ။ သို့သော် ကိုရင်လေးများ၊ သီလရှင်ငယ်များကို မိမိဒါန ချီးမြှောက်ရန် လုပ်ငန်းခေတ္တခဏရပ်ခိုင်းပြီး ဩဇာသီးမှည့်များကိုဘုဉ်းခိုင်းတော့ စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ကလေးငယ်များ ဝီဝီ ဘုဉ်းပေးနေကြတော့ ကျွန်တော့်စိတ်ထဲတော်တော်ကြီးကျေနပ်အားရဖြစ်မိပါတော့သည်။ ပြီးမှ ဆရာတော်ကြီး ခြေဖဝါးရှေ့ မြေပေါ်မှာပင် ပျပ်ဝပ်စွာရှိခိုးပြီးမှ -

"ဘုန်းဘုရား၊ တပည့်တော်က ရုံးသွားစရာရှိသေးလို့ ဘုန်းဘုရားနဲ့အတူ သည်ဒါနပွဲကို ဝင်မနွှဲနိုင်ပါဘူး ဘုရား။ တပည့်တော်လည်း လုပ်အားဒါနပါသွားရအောင် လမ်းပေါ်က တစ်ကန့်တစ်ဖို့စာကလေးချန်ထားပေးပါလားဘုရား။ ရုံးအပြန် ညနေကျမှ ဒီဒါနလုပ်အား တပည့်တော် ဖြည့်ခွင့်ရချင်ပါတယ်ဘုရား"

ဆရာတော်က ရယ်သွမ်းသွေးပြီး-

"ဒီရေအလှူ ခြံထွက်သီးနဲ့လှူတာနဲ့တင် ဒကာလေးမောင်နိုင်က ဘုန်းဘုရားတို့နဲ့အတူ ကုသိုလ်ရပြီးပါပြီကွယ်။ ကဲကဲ - ဒီလိုလုပ်၊ လမ်းကတော့ လုပ်လက်စနဲ့အတူ ဒကာလေးအတွက် ချန်မထားခဲ့တော့ဘူး ဟုတ်လား။ လမ်းကုသိုလ်ထက် ပိုကောင်းတဲ့တခြားကုသိုလ်ကောင်းတစ်ခု ညနေရုံးပြန်မှာလုပ်ဖို့ ဘုန်းဘုရားမိန့်ခဲ့မယ်"

စကားဆုံးသည်နှင့် ကျွန်တော့်ခြံဝိုင်းအရှေ့ဘက်၊ လမ်းနံဘေးရှိ ဆရာကြီးဦးသိန်းအောင်၏ခြံဝိုင်းခရိုး (စည်းရိုး)၌ ခြံကာအဖြစ်စိုက်ထားသော ပဒုမ္မာဆူး၊ မြင်းမနားဆူးပင်များကြားမှ ရှင်သန်နေသော အပေါ်သို့မိုး၍အားယူထွက်နေသော ဆူးပုပ်ကလေးပင်၏အမြင့်အထက်ပိုင်း၌ လမ်းပေါ်သို့ဖြာထွက်နေသော၊ ကိုင်းကျနေသော၊ ကျူးကျော်ထွက်နေသော၊ ဆူးမည်းငယ်ငယ်လေးများနှင့်ပြည့်နှက်နေသော ဆူးပုပ်ကိုင်းများကို သေသေချာချာ လက်ညှိုးညွှန်ပြ၍ -

"အောက်က လမ်းလျှောက်လာတဲ့လူတွေအတွက် ဒီအပေါ်ကဆူးပုပ်ကိုင်းတွေက လွတ်ကင်းနေပေမယ့် အုတ်သည်ကား၊ မြေသယ်ကားတွေပေါ်က ထိုင်ရက်စီးနင်းလိုက်ပါလာတဲ့ ဒကာ၊ ဒကာမတွေရဲ့ မျက်လုံး၊မျက်နှာ၊ဆံပင်၊ ခေါင်းအထက်ပိုင်းခန္ဓာတွေကို ကောင်းကောင်းဒုက္ခပေးနိုင်တယ်ကွယ့်။ သူတို့အန္တရာယ်ကင်းသွားအောင် ဒီမလွတ်တဲ့အမြင့်ကကိုင်းတွေကို ညနေရုံးပြန်လေကားနဲ့တက်ပြီး ခုတ်ထွင်ရှင်းလင်းကပ်လိုက် ဟုတ်လား။ သည်ကုသိုလ်ကို ဘုန်းဘုရား ဒကာလေးမောင်နိုင်အတွက် ချန်ထားခဲ့မယ်ဟုတ်လား"

"ကျေးဇူးပါဘုရား၊ မနက်ဖြန်ဘုန်းဘုရားဆွမ်းခံအကြွမှာ ဒီအပေါ်ကိုင်းတွေကို မမြင်စေရပါဘူး ဘုရား"

ညနေ (၄) နာရီခွဲ ရုံးမှပြန်လာပြီး အချိန်လည်းရသည့်အားလျော်စွာ ဆူးပုပ်ပင်ကို အောက်ခြေမှလည်း မခုတ်ဘဲ အပင်အားလည်း မတိတ်အောင် ခေါင်းပိုင်းကိုအားပြု၍ ခုတ်ထွင်ရှင်းလင်းပါတော့သည်။ အောက်ကို မနည်း ပဒုမ္မာဆူးလေးများကြားမှခက်ရာခက်ဆ ဆွဲချရပါတော့သည်။ ခန္ဓာအထက်ပိုင်းလည်း အကျိုးလွတ်သည့်နေရာ လည်းပင်း၊ လက်မောင်းနှစ်ဖက်လုံး ပဒုမ္မာဆူးလေးဆွဲခြစ်ရာ၊ ဆူးပုပ်ကလေးဆူးခြစ်ရာများဖြင့် သွေးနီစို့၊ သွေးခြစ်စင်းများဖြင့် ရဲပတောင်းခတ်သွားပါလေတော့သည်။ လက်ဖဝါးနှစ်ဖက်လုံး ဆူးပုပ်ကိုင်းဆွဲကိုင်အားပြုဆွဲချ၍ မျက်တက်တက်စူးကုန်ပါတော့သည်။ တော်တော်ပင် အပ်နှင့် ဆူးပြန်ထွင်ရပါသေးသည်။ လမ်းသွားလမ်းလာများမဆူးမိအောင် လုံချည်ဖြင့် မငြိအောင် အောက်သို့ညှပ်ချထားသောကိုင်းများ အပိုင်းပိုင်းခုတ်ထွင်၍ သစ်ရွက်ခြောက်၊ အမှိုက်ခြောက်များဖြင့် ရောနှောစုပေါင်းကာ လွတ်နေသော တောင်မြောက်လမ်း၌ မြောင်စင်အောင် မီးရှို့ပစ်ရပါသေးသည်။

ထိုအချိန်၌ ဆူးပုပ်ပင်ပိုင်ရှင် ဆရာကြီးဦးသိန်းအောင်မိသားစုတစ်စုလုံး ဘုရားဖူးသွား၍ ထိုအိမ်ဝိုင်း၌ လူတစ်ယောက်မှမရှိပါ။ စိတ်ထဲကလည်း (သူတို့ဘုရားဖူးအပြန်မှာ ဆရာတော်သည်လိုမိန့်၍ ကျွန်တော် ခွင့်ပန်စရာလူမရှိ၍ သည်လိုလုပ်ရပါသည်ပြောရုံပေါ့လေ။ တတ်မှမတတ်နိုင်တာ။)

ဆရာကြီးဦးသိန်းအောင်တို့မိသားစု မကြာခင်ရက်များ၌ ဘုရားဖူးပြန်လာပါတော့သည်။ ဝတ္တရားရှိသည့်အားလျော်စွာ ရိုရိုသေသေ ကျွန်တော် အသိပေးခဲ့ပါသည်။ အပေါ်ခေါင်းနှိမ်ထားသော ဆူးပုပ်ပင်ကိုမော့ကြည့်၍ သူတို့ကိုယ်စားလုပ်ပေးသည့်ကျွန်တော့်ကို ကျေးဇူးတင်စကားပြောဖို့ဝေးစွ၊ မျက်နှာရှုတည်တည်ဖြင့် အသံခပ်မာမာနှင့် -

"မောင်နိုင်၊ မောင်ရင် ကိုယ့်စိတ်ကိုယ့်သဘောနဲ့လုပ်ထားခဲ့ပြီးပြီပဲ။ ခုမှ လာပြောမနေပါနဲ့"

ကျွန်တော် ဆရာတော်ကြီး မျက်နှာကိုလှမ်းမြင်ရင်း ထောက်ထားရုံ ဆူးတွင်ရာများမပျောက်သေးသော လက်ဖဝါးမှဒဏ်ရာများကိုငုံ့ကြည့်ရင်း ခေါင်းညွှတ်အရိုအသေပြုကာ -

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တော်တော်ကြီးမှားသွားပါတယ်ခင်ဗျာ။ သည်းခံပေးပါ။ နောင်သည်လိုမဖြစ်စေရပါ ဘူး"

ထိုစကားသာပြောပြီး ကျောခိုင်းလှည့်ပါတော့သည်။ စိတ်ထဲကတော့ (မှားမှားလို့ တို့မရိုင်းတတ်၊ တိုင်းသိပါရဲ့) [illegible]လေးရွတ်လို့ 'မဆူးပုပ်ပင်'ဆိုသော '[illegible]ပင်'ကလေးက သူ့ခြံတွင်းပေမို့ အပေါ်စီးက ကျွန်တော့်ကို လှောင်ပြောင်နေပါတော့သည်။ ဘယ်နှယ့်ရှိစ မောင်နိုင်လို့။

အခန်း(၄)

ပဋ္ဌာန်းပစ္စယနှင့်ပတ်သက်၍ ကျွန်တော်သတိမမူခဲ့မိသော မျက်နှာစာများ

ကျွန်တော်သည် ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပုတီးပတ် (၂၄)ပတ်ကိုအမြဲစိပ်သူဖြစ်ပါသည်။ တစ်ခါသော် ကျွန်တော်၏ ဆက်သွယ်ရေးရုံးမှ MGN အမြန်ချောကောင်တာထိုင်သူ ဝန်ထမ်းမိန်းကလေး ပူစူးမ (ခေါ်) မခင်မြတ်မူတစ်ယောက် ကောင်တာလူရှင်းလျှင် ရှင်းသည့်အလျောက် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ(ပဋ္ဌာန်းအကျယ်) ကို ပဋ္ဌာန်းစာအုပ်ကလေးဖွင့်၍ တိုးတိုးကလေးရွတ်ဖတ်နေတာတွေ့ပါများ၍ စိတ်ထဲမှ ချီးကျူးမိရင်း ပဋ္ဌာန်းနှင့်ပတ်သက်၍ သူမလေး၏ အတွေ့အကြုံကိုလည်း သိချင်သည့်အလျောက် စုံစမ်းမေးမြန်းခဲ့ပါသည်။ သူမက ဖျဉ်းမနားမြို့နယ် စည်ပင်သာယာရွာသူလေးလည်းဖြစ်သည့်အားလျော်စွာ ခင်မင်ရင်းစွဲလည်းရှိပါသည်။

"မိန်းကလေး၊ သည်လောက် ပဋ္ဌာန်းအကျယ်ကို ရွတ်ပါများတာက မိန်းကလေးဘဝအတွက် ပဋ္ဌာန်းတရားတော်က အကြီးအကျယ်ပြောင်းလဲစေခဲ့ပုံရမယ်ထင်တယ်ကွယ့်။ နို့-ပြောပါဦး၊ ပဋ္ဌာန်းရွတ်ရတဲ့အကြောင်းရင်း"

"ကျွန်မ ပဋ္ဌာန်းတရားကို နေ့တိုင်း မရွတ်လို့မရဘူး ဦးငယ်ရဲ့။ ပဋ္ဌာန်းရွတ်မှ ညညအိပ်လို့ကောင်းတယ်။ မရွတ်တဲ့နေ့ အိပ်လို့မကောင်းဘူး။ တခြားတော့မရှိပါဘူး"

ကျွန်တော် ပါးစပ်ဟောင်းလောင်းဖြစ်မိပါတော့သည်။

စိတ်ထဲကလည်း -

'သွားရောဟ၊ ဘယ့်နှယ့် အလွန်မြင့်မြတ်တဲ့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသတရားတော်က အိပ်ဆေးကောင်းကောင်းဖြစ်သွားရတာလဲ။ မှားတော့မှားနေပြီ။ ညည်းကလေးလား ဒါမှမဟုတ်၊ငါလား။ ထားပါတော့လေ။ ပဋ္ဌာန်းမရွတ်တာနဲ့စာရင် စွဲစွဲမြဲမြဲရွတ်နေတာလေးကိုက သူမလေးကို တစ်ချိန်ချိန်မှာတော့ အဆိုးဝေးပြီး အကျိုးပေးတန်ကောင်းပါရဲ့'

ထို့ထက် ခပ်ဆန်းဆန်းလေး ကြုံခဲ့ရပြန်ပါသေးသည်။ ပဋ္ဌာန်းတရားတော်နှင့်မဟုတ်ဘဲ မင်္ဂလာတရားတော်နှင့်ဖြစ်ပါသည်။ ဖျဉ်းမနားမြို့ ဈေးကြီးမြောက်ဘက် ဗိုလ်လက်ျာလမ်းနံဘေး၌ ဖွင့်လှစ်ရောင်းချသော ပသီလူမျိုးဈေးဆိုင်ကလေးတစ်ခုသို့ ဈေးဝယ်ရန်ရောက်စဉ် ခေါင်းမြီးခြုံပသီမလေးလက်၌ စိပ်လက်စကိုးနဝင်းပုတီးကုံးကိုတွေ့သော် ပသီလူမျိုးများအမြဲစိပ်သောပုတီးလုံးရေက (၁၀၀) မှန်းသိထားသော ကျွန်တော်က သူမလေးနှင့်လည်း ခင်မင်ရင်းစွဲရှိ၍ -

"ကျွန်တော်ပဲအမြင်မှားနေသလား၊ ဒါက (ပုတီးသို့မျက်စပစ်၍) မိန်းကလေးတို့ဘာသာဝင်တွေစိပ်လေ့စိပ်ထရှိတဲ့ ပုတီးမှမဟုတ်တာ"

သူမလေးကလည်း ခေတ်မိန်းကလေး ပသီမလေးပီပီ အလျှိုအဝှက်မထားဘဲ -

"ဆရာမင်းသိခ်ရေးတဲ့စာအုပ်ထဲက ဖတ်မိတာ အစ်ကိုလေးရဲ့။ အလွတ်ကျက်မှတ်ထားပြီး အမြဲစိပ်တာ။ အကျိုးပေးကောင်းသလားမမေးပါနဲ့။ အရမ်းဈေးရောင်းကောင်းတာ လက်ကိုမလည်ဘူး။ ဒီဂုဏ်တော်လေးက ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ' တဲ့။ ဒါကြောင့် စွဲစွဲမြဲမြဲစိပ်တာ။ ကိုးနဝင်းပုတီးနဲ့မှနော်"

ကျွန်တော် မှင်တက်သွားမိပါတော့သည်။ စိတ်ထဲကလည်း 'သွားရောဟ၊ ဘယ့်နှယ် အလွန်မြင့်မြတ်တဲ့ (၃၈) ဖြာမင်္ဂလာတရားတော်က (၂၃)ခုမြောက်တရားတော်က ဈေးရောင်းဈေးဝယ်ကောင်းတဲ့ ဈေးရောင်းကောင်းနည်းဖြစ်သွားရတာလဲ။ အေးလေ-ထားပါတော့။ ပုတီးမစိပ်တာနဲ့စာရင် စိပ်နေတာလေးက သည်ပသီမလေးကို တစ်ချိန်ချိန်တော့ အဆိုးဝေးပြီး အကျိုးပေးတန်ကောင်းပါရဲ့။ (မှားတော့မှားနေပြီ။ညည်းကလေးလား ဒါမှမဟုတ် ငါလား)

,တစ်ခါသော် အရင်းနှီးဆုံးမိတ်ဆွေအမျိုးသားတစ်ဦးနှင့် စကားလက်ဆုံကျနေစဉ် သူ့ပြောစကားခပ်ဆန်းဆန်းကြောင့် ကျွန်တော်နားထင်နားရင်းများ ပူသွားရပါတော့သည်။

"ကိုနိုင်၊ ကျွန်တော် မိန်းကလေးတစ်ဦးနဲ့တွေ့ဖူးတယ်ဗျ။ သူက မကောင်းတာလုပ်စားတဲ့မိန်းကလေးနော်။ သူ့ကိုယ်ကို ကြိုက်သလို အသုံးချခွင့်ပေးတယ်ဗျ။ ဒါပေမယ့် သူ့နှုတ်ခမ်းတော့ လုံးဝအနမ်းခံခွင့်မပေးဘူးဗျ။ အဲဒါ ဘာကြောင့်လဲ ကိုနိုင်ခန့်မှန်းနိုင်သလား"

မကောင်းတဲ့[illegible]ကို မပေါ်ပြူလာ ဝှက်နေ၍ စိတ်ချင့်ချင့်ရှိသည့်အားလျော်

စွာ ကျွန်တော်က -

"ပါးစပ်ကင်ဆာကြောက်လို့နေမှာပေါ့ကွ"

သူငယ်ချင်းက လေးလေးတွဲ့တွဲ့ ခေါင်းခါ၍-

"သူ့ခန္ဓာကိုယ်သာ မသန့်ရှင်းတာတဲ့။ သူ့နှုတ်ခမ်းလေးက အမြဲတမ်း ပဌာန်းပစ္စယုဒ္ဒေသအမြဲရွတ်ဖတ်တာတဲ့။ သိပ်သန့်ရှင်းတဲ့ သူ့နှုတ်ခမ်းလေးကို အမွှန်အမြတ်ထားလို့တဲ့ဗျ။ ကဲ - ကိုနိုင်ပဲ စဉ်းစား။ သည်လို ခပ်ဆန်းဆန်းတွေက ကျွန်တော်တို့နံဘေးဝန်းကျင်မှာ အမြဲရှိနေတာဗျ။ ကိုနိုင်တို့လို စာရေးသူတွေ စာမျက်နှာပေါ် တင်ရဲလို့လား"

ကျွန်တော့်စိတ်ထဲကတော့ -

'မှတ်ပြီလားဟ၊ မနေနိုင်မထိုင်နိုင် မောင်မင်းကြီးသားယောက်ျားတို့ ဟိုကိစ္စ ဒီကိစ္စအသုံးချပြီးပြီးချင်း အနှိမ်မိန်းကလေးကို ထိုင်သာရှိခိုးကြပေတော့' (မှားတော့မှားနေပြီ၊ ခင်ဗျားတို့လား ဒါမှ မဟုတ် ကျွန်တော်လား)

ကျွန်တော် နေထိုင်သော အိမ်ဝိုင်း ခြံနှင့်လမ်းခြား၍ မျက်နှာချင်းဆိုင်အိမ်ဝိုင်း၌ ဦးသောင်းတင်၊ ဒေါ်ပေါက်စတို့ နေထိုင်ပါသည်။ ခလရ(-)တပ်မတော် ပင်စင်စားများဖြစ်ပါသည်။ ဒေါ်ပေါက်စက မြင်းခြံသူဖြစ်ပါသည်။ နတ်လည်း ကိုးကွယ်သည်။ ကျွန်တော်တစ်ဦးတည်းသာနေထိုင်၍ ချက်ပြုတ်လည်း ယောက်ျား၊ လျှော်ဖွပ်လည်းယောက်ျား၊ ရုံးသွားရုံးပြန်လည်းယောက်ျားဖြစ်သည့် အားလျော်စွာ သပ်သပ်ခပ်ခပ် မိန်းကလေး နှုံးလောက်အောင် အလုပ်နှင့်လက် မပြတ်၍ အစ်မကြီးကိုယ်တိုင် တစ်ခါ တစ်ခါ စိတ်ပါလျှင် မောင်နိုင်ဟုခေါ် လေ့ခေါ်ထရှိပြီး များသောအားဖြင့် ချစ်စနိုးနှင့် အခြောက်ဟုခေါ်တတ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း အစ်ကိုရင်း၊ အစ်မရင်းများကဲ့သို့သဘောထား၍ ခေါ်ခွင့်ပေးထားပါသည်။

တစ်ရက်သော် ဒေါ်ပေါက်စ ကိုယ်တိုင် ကိစ္စတစ်ခုကို စကားခံ၍ အကူအညီတောင်းလာပါတော့သည်။

"အခြောက်၊ ငါ့မောင်ကို သည် စကားပြောမယ်ပြောမယ်နဲ့ ချင့်ချိန်နေတာ ကြာပြီဟ။ ကနေ့တော့ ပြောမဖြစ်လို့ ပြောရတော့မယ်။ စိတ်မဆိုးပါနဲ့၊ သည်လိုကွယ့် ငါ့မောင်ရဲ့။ အစ်မနေတဲ့ ခြံဝိုင်းထဲက နဘဲပင်မှာ အစ်မကိုယ်တိုင် ရုက္ခစိုးနတ်စင်လေးရိုက်ထားပြီး ရုက္ခစိုးနတ်မင်းကို မနည်းပင့်ဖိတ်ထားရတာ။ အဲဒီရုက္ခစိုးနတ်မင်းက အစ်မကို (၃)ရက် ဆက်တိုက်ရှိပြီ အိပ်မက်ပေးနေတာ။ တစ်ဖက်ခြံဝိုင်းက ကိုရင်လေးက ပဌာန်းတွေရွတ်၊ ပဌာန်းပုတီးတွေစိပ်နေလို့ သူ နတ်ကွန်းမှာ နေလို့မရတော့ဘူးတဲ့။ သူ တခြားနေရာရွှေ့တော့မယ်တဲ့။ အဲဒါ ငါ့မောင်အစ်မတောင်းပန်ပါတယ်။ တခြား ဘုရားဂုဏ်တော်တွေ ပြောင်းစိပ်ပေးပါလား"

ကျွန်တော် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါတော့သည်။ မှန်ပါသည်။ တချို့ဘုံစံများက ပဌာန်းဂုဏ်တော်၏ အာနုဘော်ကိုမခံနိုင်ပါ။ ဒါတောင် ပဌာန်းပစ္စယုဒ္ဒေသပင်ရှိပါသေးသည်။ ပဌာန်းပစ္စယနိဒ္ဒေသဆိုလျှင်ဖြင့် ပြောဖွယ်ရာမရှိတော့ပြီ။ ထို့ကြောင့် အစ်မကြီး ဒေါ်ပေါက်စကို ရဲရဲကတိပေးခဲ့ပါတော့သည်။

"စိတ်ချ ကျွန်တော့်အစ်မ၊ ကနေ့ကစပြီး ပဌာန်းရွတ်တာ၊ ပဌာန်းပုတီးစိပ်တာ၊ ပဌာန်းနဲ့စည်းချတာ ကျွန်တော် လုံးဝမလုပ်တော့ပါဘူး။ တခြားဘုရား ဂုဏ်တော်ပုတီးပတ်တွေသာ ရွေးသန့် စိပ်ပေးပါမယ်။ ရုက္ခစိုးနတ်မင်းကိုလည်း အစ်မက ပန်ကြားပေး ဟုတ်ပြီလား။ အခြောက်က ရဲရဲကတိပေးလိုက်ပါတယ်လို့။ သီးခြားလည်း တခြားဘုရားဂုဏ်တော်ပုတီးစိပ်ပြီး မေတ္တာသက်သက် ပို့ပေးပါမယ်လို့၊ မရွှေ့မပြောင်းပါနဲ့လို့ ဟုတ်လား"

ကျွန်တော့်စိတ်ထဲကတော့ (မှားတော့မှားနေပြီ၊ ခင်ဗျားတို့လား ဒါမှမဟုတ် ကျွန်တော်လား)

အခန်း(၅)

သံဃာပိုင်ပစ္စည်းသံဃိကနှင့်စပ်လျဉ်း၍ သင်ခန်းစာ

ကျွန်တော်၏ခြံဝိုင်းနှင့် တောင်ဘက်ကပ်လျက် ဝိုင်းဆရာကြီး ဦးခင်မောင်နှင့်ဒေါ်သန်းရွှေတို့နေထိုင်ပါသည်။ ကျွန်တော်က ကလေးချစ်တတ်သူဖြစ်သဖြင့် သူတို့၏ သမီးငယ်များဖြစ်သော မခင်မာဝေ၊ မနှင်းနှင်းဝေ၊ မနှင်းနှင်းခိုင်တို့ကို ကိုယ့်အနီးအနား၌ ကလေးသူငယ်လည်းရှားပါးသဖြင့် အလိုလိုက် အကြိုက်ဆောင်တတ်ပါသည်။ ခြံထွက် သီးနှံများနှင့် ဟင်းကောင်းမြည်ကောင်းများ ကျွေးလေ့ပေးလေ့ရှိသလို ဦးခင်မောင်နှင့် ဒေါ်သန်းရွှေတို့၏ ဆုံးမစကားများကိုလည်း နာယူတတ်ပါသည်။ သူတို့၏ သမီးကြီးဖြစ်သော မကြည်ကြည်မြင့်က အိမ်ထောင်ကွဲဖြစ်သလို မုဆိုးမလေး တစ်ဦးလည်းဖြစ်ပါသည်။ မကြည်ခိုင်ဆိုသော သမီးငယ်လေးတစ်ယောက်တည်း ရှိကာ ကျွန်တော့်ခြံဝိုင်းထဲ၌ ရေချိုတွင်း လည်းတူးထားသည့်အလျောက် အနီးပတ်ဝန်းကျင်မှ မိသားစုများ၏ ချိုးရေသုံးရေကိစ္စကို ရေဒါနလည်း ကြည်ကြည်ဖြူဖြူ ခွင့်ပေးထားပါသည်။ မကြည်ကြည်မြင့်နေထိုင်ဖို့အတွက် (၂)ပင်(၁)ခန်း အိမ်ငယ်ကလေးတစ်လုံးကိုလည်း အိမ်ထောင်ကွဲဖြစ်သည့်အားလျော်စွာ မိဘတို့က သူတို့အိမ်ဝိုင်း၏ အရှေ့ဘက်ထောင့်၌နေရာပေး နေထိုင်ခွင့်ပြုထားပါသည်။ မကြည်ကြည်မြင့်အိမ်ငယ်လေးက ကျွန်တော့်တောင်ဘက် ခြံစည်းရိုးနှင့် တော်တော်လေးနီးကပ်စွာဘေးချင်းကပ် နီးပါးဆောက်ထားပါသည်။ ကျွန်တော်၏ပစ္စည်းဟောင်းများထားသော သီးခြား ဂိုဒေါင်အိမ်ငယ်ကလေးနှင့်လည်းမိုးထားသောသက်ငယ်များက နှစ်တောင် ကွာ၊ သုံးတောင်ကွာလောက်နီးပါးနီးစပ်လျက် ရှိပါသည်။

တစ်နေ့ သူတို့အိမ်ရှေ့မှ ဖြတ်လျှောက်သွားသော ကျွန်တော့်ကို မကြည်ကြည်မြင့်လှမ်းခေါ်၍ အားနာသောကြောင့် သူမ၏ (၂)ပင်(၁)ခန်း အိမ်ငယ်လေးထဲသို့ ကျွန်တော်ရောက်ရှိသွားပြီး ကုလားထိုင်၌ထိုင်စဉ် အိမ်ငယ်ကလေး၏ ထူးခြားမှုကြောင့် ကျွန်တော် မျက်မှောင်ကုတ်မိပါတော့သည်။ သင်္ဘောဆေးအဖြူဖြင့်ရေးထိုးထားသော အလှူရှင်ကမ္ပည်းများ၊ တန်ဖိုးသင့်ငွေများနှင့် အကောင်းစားဗီရိုကြီးငယ်များ၊ ဆက်တီ စားပွဲခုံများ လျှပ်စစ်မတ်ရပ်ပန်ကာများ နှင့် အိမ်ငယ်ကလေးနှင့် မခန့်ထည်စွာ ပြည့်ကျပ်သိပ်နေပါတော့၏။ ချိတ်ထားသော တိုင်ကပ်နာရီအကောင်းစားများပင် အလှူငွေကမ္ပည်းနာမည်မလွတ်ပါ။

လားလား. . .

ဘုန်းကြီးကျောင်းတော်ဝိဟာရသို့လှူဒါန်းထားသည့် (သံဃိက) သံဃာပိုင်ပစ္စည်းများချည်း ဖြစ်နေပါသည်။ သူမအိမ်၌ ကျောင်းပိုင်ပစ္စည်းများ ဘာကြောင့်ရောက်နေရသည်ကို ကိုယ့်ကိစ္စလည်းမဟုတ်၍ မမေးတော့ပါ။ သို့သော် ခင်မင်ရင်းနှီးစွဲလည်းရှိ၍ မကြည်ကြည်မြင့်ကို သတိတော့ပေးမိပါသည်။

"သံဃိကပစ္စည်းဆိုတာ အိမ်မှာ မထားကောင်းတာတော့ အမှန်ပဲ။ ညီမလေးဘဝအတွက် ဒါတွေရှိမှဖြစ်မှာလားကွာ။ အစ်ကိုသဘောကတော့ အိမ်နဲ့ ကိုးမှာ ရောနှောမထားသင့်ဘူးထင်တာပဲလေ။ ပြန်လှူနိုင်ရင် သင့်တင့်တဲ့ ကျောင်းတစ်ကျောင်းမှာ ပြန်လှူပစ်ပါလား ညီမ"

ပညာနည်းပါးသောမိန်းကလေး၊ အတွေ့အကြုံအားနည်းသောငယ်ရွယ်သူလည်းဖြစ်၍ စေတနာနှင့်သတိပေးသော ကျွန်တော့်ကို သူမလေးပြောစကားက နည်းနည်းတော့ အခံရခက်သွားပါတော့သည်။

"ညီမလေးကုသိုလ်နဲ့ညီမလေးရတာလေ။ အစ်ကိုက မနာလိုဖြစ်နေတာလား။ အစ်ကို အလှူလုပ်လို့ရှိရင် အသုံးလိုရင်လာငှားလေ၊ ငှားပေးမှာပေါ့။ ပစ္စည်းအစုံရှိတယ်။ ဒန်အိုးကြီး၊ ဟင်းပန်းကန်၊ တိုက်ပန်းကန်၊ ဇွန်း၊ ယောက်ချို ဟင်းလိုက်ချိုင့်ကအစ"

စိတ်ထဲကလည်း (သည်ပစ္စည်းတွေလည်း ကျောင်းပိုင်သံဃိကတွေပဲဖြစ်မှာပါ) ဟု တွေးရင်း-

"အစ်ကို့မှာလည်း အလှူလုပ်ရင် သားဘိမငှားရအောင် အပြည့်အစုံဝယ်ထားပြီးသားပါ။ လိုအပ်ရင် ထပ်ဝယ်နိုင်တဲ့ငွေအားနဲ့လည်း ပြည့်စုံပြီးသားပါ။ သံဃိကပစ္စည်းတွေကိုတော့ အမှီးသားပုံပြောရရင် မတို့ထိရဲဘူးမိန်းကလေးရဲ့။ သည်လိုငှားပေးမယ်လို့ပြောတာလေးနဲ့တင် အထူးကျေးဇူးတင်ပါတယ်။ ကဲ- ကိုပြန်ပါဦး။ ညနေ ရေခပ်လာသူတွေအတွက် ဝင်းနံ့ရံတံခါးဖွင့်ပေးချိန်ရောက်နေလို့"

သူရွဲ့ခဲ့သော်လည်း ကိုယ်ကတည့်ခဲ့ပါသည်။ နှုတ်ဆက်စကားဆိုရင်း အိမ်ကအပြန် စိတ်ထဲကတော့ (မှားတော့မှားနေပြီ မိန်းကလေးလား ဒါမှမဟုတ် ကျွန်တော်လား)

အခန်း(၆)

ထူးပေသည်၊ ဆန်းပေသည် မီးလောင်ပုံက ဆန်းပြားပွေလီ

တစ်ရက်၏တစ်ညသ၌ အလွန်ထူးဆန်းသောအိပ်မက်တစ်ခုကို ကျွန်တော် မြင်မက်ခဲ့ပါသည်။ အိပ်မက်ထဲ၌ ကျွန်တော်က စိမ်းစိုနေသောမြက်လေးများ စုဝေးပေါက်နေရာ ကုန်းမို့မို့လေး တစ်ခုပေါ်၌ ရပ်နေပါသည်။ ကျွန်တော့် ပတ်ပတ်လည် ဘယ်နေရာကြည့်ကြည့် ဖွေးဖွေးဖြူနေသော ရေပြင်ကျယ်ကြီးကို မြင်တွေ့နေရပါတော့သည်။ ထိုအိပ်မက်ကိုမြင်မက်ပြီး အိပ်ရာကနိုးလာတော့ (၁၃)နှစ်အရွယ်က အဘွားဖြစ်သူ ဆုံးမခဲ့သော မီးနှင့်ပတ်သက်၍ မြင်မက်တတ်သော အလေ့အထစကားနှင့် ဆုံးမခဲ့ပုံကို ဖျတ်ခနဲအမှတ်ရလိုက်ပါတော့သည်။

ထိုအိပ်မက်မြင်မက်ပြီးသည်နှင့် မီးဖိုမီးကအစ ချက်ပြုတ်ပြီးအိုင်နေအောင် ရေလောင်းပါတော့သည်။ အမှုမဲ့အမှတ်မဲ့ လုံးဝမနေတော့ဘဲ ဘုရားမီး၊ အမွှေးတိုင်မီးကအစ ဆင်ဆင်ခြင်ခြင် ပူဇော်ပါတော့သည်။ ဆီမီးခွက်ကိုပင် အတွင်းထဲမှထား၍ စတီးသံခွက်ကြီးများ အတွင်းထည့်ကာ ပူဇော်ရုံမက အမွှေးတိုင်မီးကိုပါ စတီးခွက်ကြီးများအတွင်း အောက်ကသဲခံလျက် မီးပွားစအလွင့်ကလေးများမကျအောင် ဂရုစိုက်ပါတော့သည်။ အရေးကြီးသော စာရွက်စာတမ်းများ (မှတ်ပုံတင်၊ ပုံစံ (၆၆)၊ ဝိုင်းစာချုပ်များကအစ) ပလတ်စတစ်အိတ် အထပ်ထပ်ထဲထည့်ကာသယ်၍လွယ်ကူသော လက်ဆွဲအိတ်ထဲထည့်ကာ လက်လှမ်းမီရာ၌ အဆင်သင့်ထားပါတော့သည်။ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်း အားလုံးပေါ့ပါး၍ သယ်ယူလွယ်သော သံသေတ္တာများ၌ထည့်ကာ ရေတွင်းနှင့် အနီးစပ်ဆုံးနေရာ၌ နေရာပေးထားပြီးပါပြီ။ သမ္မဒ္ဒေရမန်း၊ ပရိတ်ရေမန်း မနက်ညသောက်တော်ရေ၊ မျက်နှာသစ်တော်ရေများ၊ ပရိတ်သဲများရောစပ်၍ မိမိနေအိမ်မက တစ်ဖက်ဂိုဒေါင်ငယ်ပါမကျန် ရေတွင်းမှရေများ အခေါက်ခေါက်ခပ်သယ်၍ သက်ငယ်ခေါင်မိုး၊ ထရံ၊ ပြတင်းတံခါး၊ အိမ်မတံခါး ပတ်ပတ်လည်လည် ဝင်းနံ့ရံကအစ လူသင်္ကြန်မကျဘဲပစ္စည်း သင်္ကြန်ကျပါတော့သည်။ အားလုံး စိတ်ချရလောက်ပြီဆိုတော့မှ အဘွားဆုံးမစကားအတိုင်း အရှူးပဲထင်ချင်ထင်စေတော့။ နီးစပ်ရာအနည်းငယ် အလှမ်းဝေးရာအိမ်များအထိ မီးအထူးဂရုပြုရန် နှိုးဆော်ပါတော့သည်။

အဘွားဆုံးမခဲ့သောစကားအတိုင်း အေးမြသော ဆောင်းရာသီဝင်ခါစဖြစ်၍ ရှေ့မှာတော့မဟုတ်ပါ။ ကွယ်ရာကနေ၍ အရှူးဟုပင် အပြောခံရပါတော့သည်။ ဦးသောင်းတင်၊ ဒေါ်ပေါက်စတို့မိသားစု တစ်စုသာ အိမ်နီးချင်းလမ်းတစ်ဖက်သာ ခြားသော်လည်း ကျွန်တော်၏ အိမ်မိုးခေါင်အထိ ရေရွဲရွဲစိုပက်ဖြန်းနေသော မြင်ကွင်းကိုလည်းမြင်သည့်အလျောက် အသေးစိတ်နည်းလမ်းများလာမေး၍ ကြိုတင်ပြင်ဆင်ပါတော့သည်။

အိပ်မက်မက်ပြီး (၃) ရက်တင်းတင်းစေ့သည့်နေ့ ည (၇)နာရီ၌ အိပ်ပေါ်မှာ ကျွန်တော်စာဖတ်နေစဉ် (မီး ဟော့မီး) အော်သံဆူသံများနှင့် တောင်ဘက်ကပ်ရက်အိမ်မှ ဆူညံပွက်လောရိုက်သံများကြားရပါတော့၏။ ချက်ချင်း အရေးကြီးစာရွက်စာတမ်းများထည့်ထားသောလက်ဆွဲအိတ်ကို ရုံးသုံးစက်ဘီး လက်ကိုင်၌ချိတ်ပြီးသကာလ စက်ဘီးကို ရေတွင်းနားတွန်းကာ ရပ်ထားရင်း ကျွန်တော်ခေါင်းပေါ် ရောက်ခါမန်း အလျှံပြင်းပြင်းမီးတောက်ကြီးကို မော်ကြည့်မိပါတော့သည်။ ပစ္စည်းဟောင်းများထားသောဂိုဒေါင်အိမ်နှင့် ကပ်လျက် မကြည်ကြည်မြင့်အိမ်ကလေးမီးလောင်နေခြင်းဖြစ်ပါသည်။ (၈) နာရီ၌ မီးညွန့်ကျသွားပြီး အဖြူရောင်မီးခိုးငွေ့များသာထွက်နေတော့သည့်အချိန်ကျမှ မီးကို စိတ်ချသွားကာ စက်ဘီးကို အိမ်ပေါ်ပြန်တွန်းတင်ရင်း ဘုရားဆောင်ရှေ့ ဘုရားမီးကပ်ကာ စိတ်အေးလက်အေး ပုတီးစိပ်၊ မေတ္တာပို့ အိပ်ချိန်တန်၍ အိပ်ရာဝင်ခဲ့ပါတော့သည်။

မနက် (၈)နာရီ ရုံးသွားရန် စက်ဘီးတွန်း အိမ်မှအထွက် အစ်မကြီး ဒေါ်ပေါက်စက သူ့အိမ်ဝမှစောင့်ကြို၍-

"အခြောက် ငါ့မောင်သိလား၊ ကြည်ကြည်မြင့်လေ ငါးကြင်းဆီတွေပိုနေလို့ဆိုပြီး ဆီမီးခွက်ထဲ ဝါဂွမ်းနဲ့ ငါးကြင်းဆီထည့်ပြီး ဘုရားမီးပူဇော်တာ၊ ကြွက်က ငါးကြင်းဆီကြောင့် ဝါဂွမ်းစ တက်ဆွဲတာ။ သိသိချင်းမောင်းကြတာပဲတဲ့။ မီးတောက်ကြီးနဲ့ ဝါဂွမ်းစအပူကို လွှတ်မချဘဲ တစ်အိမ်လုံး ခေါင်းကအစ ပတ်ပြေးတာဆိုပဲ။ ဘာပစ္စည်းမှမရလိုက်ဘူး။ တော်သေးတာပေါ့၊ လူဝိုင်းနိုင်ကြလို့၊ ကောင်မလေးတော့ နယ်မြေခံ မီးသတ်နဲ့ တော်တော်ရှင်းရမှာ။ ပစ္စည်းကုန်၊ ငွေကုန် ထောင်မကျက်ကောင်း။ မင်းအစ်ကိုကြီးက မင်းကို ကျေးဇူးတင်လိုက်တာ မပြောပါနဲ့။ ညနေခင်း ရုံးပြန် အိမ်ကို ရေနွေးသောက်ဝင်ခဲ့ဦး။ အမြည်းကောင်းကောင်းလုပ်ထားမယ် ဟုတ်လား"

ခေါင်းသာညိတ်ပြ၍ စက်ဘီးကာ ရုံးဘက်ထွက်ခဲ့ပါတော့သည်။ စိတ်ထဲကတော့ (အရှူးကတစ်[illegible]ဆိုတာ ဒါပဲပေါ့ ကျွန်တော့်အ[illegible]ရေ. . .)

နိုင်ငံပြည်သိမ်းမျှော်

မင်းနန္ဒရှိန်

နဂါးမှလဲအမြဲတေ

တစ်ည လေတွေမိုးတွေကထန်နေ၏။ သို့သော် လယ်ကွင်းပြင်များရိုးချောင်းများကိုဖြတ်ကာ ညအမှောင်ထုကို အန်တုလျက် မကြောက်မရွံ့ဖြတ်ကျော်လာသောလူတစ်ဦး။ တစ်ချိန်ချိန်တွင် လျှပ်စီးလက်၍ သူ့ပုံပန်းသဏ္ဌာန်ကိုမြင်ရသည့်ခဏ ကျောချမ်းထိတ်လန့်ဖွယ်ရာပင်။ မိုးကာကဲ့သို့ခြုံထည်ကြီးဆောင်း၍ ကျောကုန်းတွင် စစ်သုံးကျောပိုးအိတ်တစ်ခုလွယ်ထား၏။ အဝေးမှကြည့်လျှင် တောင်းကြီးစွပ်ထားသလို။ သူသည် အဝေးကသဲ့သဲ့မြင်နေရသောမြို့မီးရောင်ရှိရာသို့ တစိုက်မတ်မတ်လာရင်း အုန်းခြံတော၊ ဓနိတော၊ ဗျိုက်တောတချို့ကို ဖြတ်ကျော်လာခဲ့ပြီးနောက် စေတီတစ်ဆူကိုကျော်၍မြို့ပတ်တာလမ်းပေါ်ရောက်ရှိလာ၏။ရှေ့တွင်တော့ သုသာန်လုပ်တိုင်းများ တရုတ် -ကုလား-မြန်မာ သင်္ချိုင်းနှင့် နွားသတ်ကုန်းတစ်ခု။ ထိုအချိန် ခွေးတွေက ဘာကြောင့်မှန်းမသိ စူးစူးဝါးဝါးအူကြသည်မှာ အသည်းခြိမ်းစရာ။ သို့သော် ထိုသူကတော့ သူ့စိတ်ထဲတွင် ဘာကိုမှအာရုံမထား။ အချိန်ကလည်း ဘုန်းကြီးကျောင်းကလတက်ခေါက်သည့် ဈေးတိုးများသွားလာကြသည့်အချိန်ရောက်ရှိလာခဲ့ပြီး သူ့ရှေ့မှာ အသားတင်နွားလှည်းတစ်စီးက တအီအီနှင့်အသံပေး၍မောင်းနှင်သွား၏။ နွားလှည်းဆီမှ သွေးညှီနံ့များကအော့အန်ချင်စရာ။ သူတဖြည်းဖြည်းမြို့ထဲသို့ရောက်ရှိလာ၏။ ခြံကျယ်ကျယ်ကွက်လပ်ကြီးတစ်ခု၏ခြေတံရှည်နှစ်ထပ်အိမ်အမြင့်သို့ရောက်ရှိလာပြီး ဝင်းခြံတံခါးဖွင့်ဝင်လာကာ အိမ်တံခါးကိုအသာအယာခေါက်လိုက်၏။

"ခေါက်. . . ခေါက်. . . ခေါက်"

အိမ်ရှေ့မီးများက လင်းလာခဲ့ပြီး လူတစ်ယောက် တံခါးတစ်ခြမ်းဖွင့်၍ -

"ဟာ - မုဆိုးကြီး အချိန်မတော် ဘယ်လိုဖြစ်လာတာတုံး၊ ခေါင်းကဘာ စောင်းထားတာလဲ။ အို. . . မိကျောင်း အရေခွံကြီးပါလား ဆရာကြီး"

"ဟော့- ယန်စစ်ကြည်၊ဒါတွေခဏ ထားဦး"

"လူအစ်ကို ရန်စစ်ယုံရှိလား"

"မုဆိုးကြီး အစ်ကိုကြီး ရှိတယ်။ ဝအစ်ကိုအိပ်နေတာနှိုးပေးမယ်။ ချမ်းချမ်းစီးစီး အချမ်းပြေ ဘရန်ဒီ(၂)ပက်လောက် ချလိုက်ဦးလေ"

မုဆိုးကြီးဆိုသူသည် မိကျောင်းခေါင်းစောင်းအရေခွံခြုံထည်ကြီးကိုခွာချလိုက်သောအခါ မီးချောင်းအရောင်နှင့် မျက်နှာကို ပီပီပြင်ပြင်တွေ့လိုက်ရ၏။ ထူးခြားသည်က ညာဘက်ပါးပြင်တွင် အမာရွတ်ကြီးတစ်ခု။ ထိုနေရာတွင် ဘာအမွေးအမျှင်မှမပေါက်တော့။ရေမုဆိုး အကျော်အမော်တစ်ယောက် ပင်လယ်အောက်ပိုင်း ဂယက်လေးကျွန်းတွင် နာမည်ကြီးနေသော ပါးမဲခေါ်မိကျောင်းကြီးနှင့် ဖမ်းဆီးသတ်ပုတ်စဉ် ပါးမဲကြီး၏ အမြီးရိုက်ချက်ရုပ်ထိခဲ့သလို ရေမုဆိုးကြီး၏မှိန်းသန္တတ်ဒဏ်ကိုခံခဲ့ရသောပါးမဲကြီးလည်း သေဆုံးခဲ့ရ၏။

မျက်ခုံးမွေးမြင့်မြင့်ထူထူနှင့်ရင်အုပ်ကြွက်သားများက မှုထစ်ရှုနေ၏။ ကြံ့ခိုင်တောင့်တင်းသောကိုယ်လုံးနှင့်မုဆိုးကျော် စောလှထွန်း။ ရေမုဆိုးအလုပ်သာမက တောတက်အမဲလိုက်ရာတွင်လည်း သရှူ ဆောင်းလောက်၏။

ယခုလည်း တရုတ်လူမျိုး ရန်မျိုးနွယ်များထံသို့ရောက်ရှိလာပုံက အကဲထူး လှပါသည်။ ရန်စစ်ယုန်၊ ရန်စစ်ကြည်၊ ရန်စစ်အေးတို့ ညီအစ်ကို (၃) ဦးမှာ ရှေးဟောင်းအန်းဒိတ်ပစ္စည်းများ၊ တောတိရစ္ဆာန်သားကောင်များ၏ အရေခွံ သည်းခြေများ၊ ခြေသည်း၊ လက်သည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်း ဦးချို စွယ်များကို မှောင်ခိုလုပ်၍ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းဝယ်၍ ဝယ်လက်များအဖြစ် နာမည်ကြီးနေသူများ ဖြစ်၏။

မကြာမီ ရန်စစ်ယုန် မွေးပွသာဘက်ကြီးခြုံ၍ထွက်လာ၏။

"အို - မုဆိုးကြီး၊ ရောက်နေတာကြာပြီလား"

"ခုနတင်ပဲရောက်တာ"

"ကဲ - လာရင်းကိစ္စကဘာလဲလို့လဲ ဆရာကီး"

မုဆိုးကြီးက ဘေးဘီကိုအကဲခတ်ရင်း -

"ဒီလို ရန်စစ်ယုန်ရယ်"

အစချီလျက် ရေမုဆိုးလှထွန်းက ကိုးတွင်းရွာနှင့်မနီးမဝေး မင်းသားကြမ်းရေရိုးတွင်နေထိုင်သော ထူးဆန်းသည့်ဖိုးသီလအကြောင်းကို အကျဉ်းချုံးပြောပြလိုက်၏။

ဖိုးသီလသည် ကိုးတွင်းရွာနှင့် မင်းသားကြမ်းရေရိုး (မင်းသကြမ်း) ကြားရှိ ရေပေါ်သောင်ကျွန်းကလေးတွင် သူ၏ မြေးကလေးနှင့်နေထိုင်ကြသည်။ထူးသည်ကားမသိ ယခုခေတ် အယူအဆနှင့်ယှဉ်ကြည့်ပါက ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေ၏။ ရေပေါ်သောင်ကျွန်းပေါ်တွင် ဖိုးသီလတို့နေထိုင်ခဲ့သည်မှာ ကိုးတွင်းရွာမှ ထွက်လာကတည်းကဖြစ်ပြီး ယခုဆိုလျှင် အခြေတကျဖြစ်နေပြီ ဖြစ်သည်။

"လာရင်းကိစ္စက ဒီလိုပါ။ ကျုပ်မှာ မိကျောင်းအရေခွံကြီးတစ်ခုပါလာတယ်။ ပြီးတော့ ကျုပ်တို့နယ်က ဖိုးသီလကို မိကျောင်းကိစ္စတွေနဲ့ပတ်သက်ပြီး ရန်စစ်ယုန်တို့ဆီကို ဝင်ထွက်နေတဲ့ ဟိုကောင် ခွင်ဇော်တူးကိစ္စမှာ ရန်စစ်ယုန်တို့က နောက်ဆုတ်ပေးဖို့ ဖိုးသီလက လူသူတော်ကြီးမို့လို့ ကျုပ်အခုလိုလာတားတာ။ ပြီးတော့ ဒီမိကျောင်းသားရေကို ရန်စစ်ယုန်တို့အတွက်ပဲ ဖြစ်ရမယ်။ အဖိုးသားနားကတော့ ပေါက်ဈေးပေါ့။ ကျုပ်နဲ့ အလုပ်လုပ်ရင် သစ္စာရှိရှိကတိတည်ပါ။ ကျုပ်တို့ကလည်း တန်ပြန်အကျိုးပြုမှာပါ"

ရန်စစ်ယုန် မုဆိုးစောလှထွန်းကိုတော့ အထင်မသေးရဲ။ ပြောလျှင်ပြောသလိုလုပ်တတ်ပြီး ကရင်တိုင်းရင်းသားနီးသားပြီး သစ္စာရှိသူဖြစ်၏။ လူချင်းမပြောနှင့် မိကျောင်းလိုရေဘုရင်ကိုတောင်မှုသည့်သူမဟုတ်။

သို့သော် ခက်နေသည်က ရန်စစ်ယုန်တို့က မှောင်ခိုလုပ်ငန်းနှင့်အသက်မွေးနေကြသူများမို့ မုဆိုးကြီးနှင့်လည်း ကင်းလို့မရသဖြင့် ကြည့်ကောင်းအောင်တော့ပြောပြီး ပေါက်ဈေးနှင့် မိကျောင်းသားရေကိုယူထားလိုက်၏။ များရည်နှင့်ဝမ်းချလိုက်၏။

တစ်ဖက်လှည့်နှင့်တော့ ခွင်ဇော်တူးကို ထောက်ပံ့ပြီး သူတို့အကြံအစည်အောင်မြင်ရန် သွေးထိုးပေးထားသည်။ ခွင်ဇော်တူးကလည်း တစ်[illegible] လှုပ်ရှားလာမည်ကို မုဆိုးစောလှထွန်းကလည်း အမြဲတမ်းမျက်ခြေမပြတ်စောင့်ကြည့်နေ၏။

အခွင့်[illegible]ဆိုတဲ့ သူဟာ အမြဲတမ်း [illegible]

ချောင်းပြီးနေရာယူတတ်သူများဖြစ်သည်။ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ယုတ်မာနှင့် အကောက်ကြံဖို့အတွက် သူတော်ကောင်းတစ်ယောက်ကို ပြစ်မှားဖို့ သူယုတ်မာတစ်စုနှင့် မကြံအပ်မကြံစည်ဖို့ဆိုတာကို တစ်ယောက်ချမ်းသာကိုယ်ကျိုးရှာဖို့အတွက် ကြံစည်လာကြလေတော့၏။

သို့သော် ကိုယ်ပြုသည့်ကံဆိုသည်မှာ ကိုယ့်အပေါ်တွင် ပြန်အကျိုးပေးတတ်လေသည်။

"မြေးရေ အဘိုးကို ဆေးအိတ်ယူလာခဲ့ကွယ်။ ဂယက်ကလေးကျွန်းဘက်သွားကြရအောင်။ ညက နှာပြုတ်ဒဏ်ရာရလို့အကူအညီတောင်းနေတယ်"

"ဟုတ်ကဲ့ အဘိုး"

မြေးအဘိုးနှစ်ယောက် လှေလေးနှင့်ထွက်လာခဲ့ရာ မကြာမီ ဂယက်ကလေးကျွန်းသောင်ပြင်ပေါ်တွင် နှာပြုတ်မိကျောင်းကို နေဆာလှုံပြီး သောင်ပြင်သို့ခေါင်းစိုက်နေသည်ကို တွေ့လိုက်ရ၏။

ဖိုးသိလက ဆေးလွယ်အိတ်ကို လွယ်လျက် သောင်ပြင်ပေါ်သို့ အသာအယာဆင်းသွားပြီး နှာပြုတ်ကြီးကိုကြည့်လိုက်ရာ နှာပြုတ်ကြီး၏ကျောပြင်နှင့် လက်တွင်ဒဏ်ရာနေရာပါလာသောဆေးများဖြင့် ဆေးထည့်ပြီးနောက် လှေပေါ်ပြန်တက်လာပြီး ရေပေါ်သောင်ကျွန်းဆီပြန်လာခဲ့၏။

နောက်တစ်နေ့တွင် ဖိုးသိလ၏ တဲအိမ်လေးရှေ့ရေစပ်တွင် အထုပ်လေးတစ်ထုပ်ရောက်ရှိနေရာ ကြည့်လိုက်သောအခါတွင် ရွှေလက်စွပ်ကလေးတစ်ကွင်းကိုတွေ့လိုက်ရ၏။ ဖိုးသိလက ထူးထူးထွေထွေဘာမှမပြော။ ဆေးဖိုးဝါးခလက်ဆောင်နဲ့တူပါတယ်ဟု သာမန်စကားဆိုလိုက်၏။

ထိုကဲ့သို့ ဖိုးသိလနှင့် မိကျောင်းများတို့၏ဆက်သွယ်မှုက လွန်စွာဆန်းကြယ်လှသည်။ အတူနေမြေးဖြစ်သူတောင် အဘိုးဖြစ်သူ၏လျှို့ဝှက်ချက်ကို မသိ။ရေလယ်သောင်ကျွန်းကလေးပေါ်တွင်သာနေကြသော်လည်း ရွာနီးဝန်းကျင်လူများနှင့် အနေစိမ်းသလောက် မိကျောင်းများနှင့်တော့ အကျွမ်းတဝင်ရှိလှသောကြောင့် ဖိုးသိလကို လူထူးဆန်းကြီးဟုသာ သတ်မှတ်ထားပေပြား ကြံရည်ဖန်ရည်ရှိ အမြတ်ထုတ် ဘနဖူး သိုက်တူးတတ်ကြသော လူတစ်ဦးကတော့ ဖိုးသိလနှင့် သူ့မြေးလေးအခြေအနေကို မသိမသာလေ့လာအကဲခတ်နေ၏။ သူ့နာမည်က (ခွင်) ဇော်တူး။ အခွင့်ရေးသမားတစ်ယောက် ဖြစ်၏။ ထို့ကြောင့် သူ့ကိုခွင်ရှာလွန်း၍ ခွင်ဇော်တူးဟု နာမည်ဝှက်ပေးထား၏။

သူနှင့်သွားပေါင်းဖက်မည့်သူများ ရန်စစ်ယုန်တို့ညီအစ်ကို ရန်မျိုးနွယ်များပင် ဖြစ်၏။ ခွင်ဇော်တူး ရန်မျိုးနွယ်တို့ညီအစ်ကိုနှင့် ဆက်သွယ်အဝင်အထွက်လုပ်လာသည်ကို မုဆိုးကြီးစောလှထွန်းက အယုံအကြည်မရှိချင်၍ ဖိုးသိလကို အသိပေး၍ ရန်စစ်ယုန်တို့ကို တစ်ဖက်လှည့်နှင့် ချဉ်းကပ်လာခဲ့သည်ကို ရန်မျိုးနွယ်များကတော့ မသိချေ။ ကိုးတွင်းရွာသည် ဖျာပုံခရိုင် အမာမြို့နယ်ခွဲ တည်ပင်ဆိပ်ကျေးရွာအုပ်စုထဲတွင် ပါဝင်လျက် သွားရေးလာရေးခက်ခဲခြင်း၊ ပိုက်ချခြင်း၊ ဆားချက်ခြင်းနှင့် စပါးစိုက်ပျိုးခြင်းတို့ ပြုလုပ်ကြပြီး လူနေအိမ်ခြေသိပ်မများလှ။ ပင်လယ်ပိုင်းဒေသဖြစ်၍ ရွာစလေ့အရ အမှားမခံကြဟု သိရ၏။

ကိုးတွင်းဖြစ်လာမည့်ရွာကလေးသို့ တစ်နေ့သော် ဆင်တစ်အုပ်ရောက်ရှိလာကြပြီး နှာမောင်းခြေလက်များနှင့် တွင်းကိုးတွင်းတူးခဲ့ရာ ထိုရေတွင်းကိုးတွင်းမှရေချိုများထွက်ရှိပြီးနောက် တောတွင်းသို့ဝင်ရောက်ပျောက်ကွယ်သွားသည်ဟု သက်ကြီးစကားသက်ငယ်ကြားအရ သိရှိခဲ့ရ၏။

ရေလမ်းခရီးသာ အားပြုရသည့်အတွက် သွားရေးလာရေးအလွန်ခက်ခဲသဖြင့် လူများဖွံ့ဖြိုးတိုးတက်မှုကနှောင့်နှေးလျက်ရှိ၏။ ပင်လယ်ဒီရေတောများနှင့် ကျွန်းပတ်ထားခြင်းကြောင့် ဖျိုက်တောများ၊ သရွက်ဖျားများ၊ မိကျောင်းများ၊ ဖွဲငမွဲများခိုအောင်းကြသည်။

အမာမြို့နယ်ခွဲ ဒေးဒလု၊ ဒေါ်ညိမ်း၊ ထော်ညီ၊ တာပွန်း၊ ကုလားထိပ်၊ ဘုန်းကြီးသောင်၊ အမြုတ် (ခံပြုတ်)၊ ရွှေထီ၊ ကမန္တာမျက်ခါး၊ မြို့ကုန်း၊ ရိုးကုန်း စသည်ရွာကြီးများက စည်ကားသလို ရိုးရာအစွဲအလမ်းယုံကြည်မှုတွေကလည်း သူ့အရပ်နှင့်သူဇာတ်ရှိနေပါသည်။ တချို့ကတော့ စာဖွဲ့ပြသည်ကိုယုံကြည်သလိုကိုယ်တိုင်တွေ့ကြုံဖူးမှ လူဆိုတာ ယုံကြည်ကြတတ်တာမျိုးတွေလည်း ရှိကြပါသည်။ သို့ပေမယ့် မယုံသည့်ကိစ္စမို့ ကြုံသည့်အချိန်ဟာ လက်လွန်နေပြီ ဆေးမရှိတော့သည့်အဖြစ်မျိုးမို့ မကူညီလျှင်နေ မနှောင့်ယှက်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန်လေးများ ပင်လယ်ပိုင်းအောက်ပိုင်းများတွင်ရှိတတ်ပါကြောင်း။ သို့သော် သူ့လေ့နှင့်သူ့စရိုက်အရ အနှောင့်အယှက်ပြုသူများကိုသာဥပဒ်ဖြစ်စေပြီး ယုံကြည်အားကိုးသူကိုတော့ဒုက္ခမပေး။ အကူအညီပြုတာလည်းရှိ၏။

ဖိုးသိလ ကိုးတွင်းရွာမှထွက်လာခဲ့ရခြင်းမှာ ရေမှုဆိုးခွင်ဇော်တူးတို့နှင့် အကျယ်ကျယ်မဖြစ်လို၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုးတွင်းရွာဝန်းကျင်တွင် ရေမှုဆိုးအမည်ခံလျက် ခွင်ထွင်တတ်သောကြောင့် ခွင်ဇော်တူးဟု ရေလုပ်သားလောကတွင် နာမည်ဆိုးနှင့်နေရာယူလာသူဖြစ်သဖြင့် ရေလက်ကြားကျွန်းကလေးသို့ အပြီးတိုင်ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်၏။

ခွင်ဇော်တူးဆိုတဲ့ကောင်က ဟိုခုန်ဒီခုန်လူလည်လူရှုပ်။ ခွေးရူးကောင်းစားတစ်မွန်းတည့်ဆိုတဲ့ကောင်မျိုး။ အခုလည်း ဖိုးသိလကို အသုံးချ၍ မိကျောင်းတစ်ကောင်ချင်း ဈေးကွက်ပို့ရန် ခွင်ရှာနေသည်။

ရန်စစ်ယုန်တို့ညီအစ်ကိုကတော့ ဘာသားကောင်ပဲရရ လိုချင်ကြသည်။ စီးပွားရေးအမြင်ရှိသည့် ဝိသမလောဘသားဆိုတော့ ထောင်မြင်ရာစွန့်တတ်၏။ ဂျင်ဇော်တူးတို့ကတော့ ဒီလိုသူများအတွင်းရေးကို နှိုက်နှိုက်ချွတ်ချွတ်လုပ်ပြီး စားရတဲ့ထမင်းဆိုလျှင် သံမီးကျီးခဲဖြစ်ပါစေ စားမည့်လူစား။ ရပ်ထဲရွာထဲမှာလည်း အယုံအကြည်မရှိ၍ မကြာခဏပြဿနာမီးပွားလေးတွေအစရှာတတ်၏။

ထို့ကြောင့် မုဆိုးစောလှထွန်းမှ ဖိုးသိလဘက်မှရပ်တည်လာ၍ ခွင်ဇော်တူးအခက်တွေ့နေခြင်း၊ ဖိုးသိလယခုကဲ့သို့ မိကျောင်းများနှင့်မိတ်ဆွေဖွဲ့နိုင်ခြင်းမှာ တိတ်တိတ်ဝှက်ထားသောလျှို့ဝှက်ပစ္စည်း ရှိကိုရှိရမည်။ ထိုပစ္စည်းမှာ မိကျောင်းများကိုနိုင်သောမိကျောင်းခါးပတ်လက်စွပ် ဖြစ်ရမည်ဟု တထစ်ချသတ်မှတ်ထား လိုက်လံစုံစမ်းနေခြင်းသည် လောဘ [illegible] သော အတွေးမှားများနှင့် ယုံမိမှားခြင်း။

ထိုအချိန်တွင် မုဆိုးစောလှထွန်း မိကျောင်းပုတ်၍ ဒဏ်ရာရစဉ်က ဆေးကုသကယ်တင်ခဲ့ဖူးသော ကျေးဇူးပါ ကြောင့် ဖိုးသိလကို လိုက်လံအကာအကွယ်ပေးထားသဖြင့် ဂျင်တို့အချ [illegible] မလုပ်သာ။ ထို့ကြောင့် မှောင်ခိုလုပ်ငန်း ဖြင့် ကြီးပွားနေသော ရန်မျိုးနွယ်တို့နှင့် ဆက်သွယ်လျက် ငွေအားလူအားသုံး ဖိုးသိလအား အမဲဖျက်ဖို့ကြံစည်နေ ၏။

သို့ပေမယ့် လူကောင်းမေတ္တာရှင်ကြီးဖိုးသိလ၏ ကျင့်ကြံအားစိုက်ထုတ်မှု သီလကိုယ်ကျင့်တရားကြောင့်လည်း မည်သို့သောရန်သူမျိုးကမျှမဥပဒ်နိုင်ကြ။ ဖိုးသိလတွင် ရန်သူမရှိ မိတ်ဆွေသာရှိပြီး ချစ်ခင်သူပေါ်များသဖြင့် ဂျင်ဇော်တူးတို့ ပေါ်ပေါ်ထင်ထင်မလှုပ်ရှားရဲ။ အထူးသဖြင့် မုဆိုးစောလှထွန်း၏ ကျေးဇူးရှင်မှန်းသိ၍လည်း နောက်တွန့်နေကြ၏။ သို့သော်လည်း လောဘစိတ်ဝင်လာသောအခါ အသိမဲ့ကြသည်က မမှတာ။

တစ်ည လေမိုးက အနည်းငယ် ငြိမ်သက်နေ၏။ ဖိုးသိလ၏ တဲလေးကတော့ တစ်ခါတစ်ရံ လေအလာ လှိုင်းအငြိမ်မှာ တလူးလွန့်တလိမ့်လိမ့်။ထိုအချိန်တွင် ဖိုးသိလ၏ ရေပေါ်သောင်ကျွန်းရှိ တဲအိမ်လေးဆီသို့ အမှောင်ကို အကာအကွယ်ပြုလျက် လူတစ်စုသည် မနီးမဝေး သောင်ခုံပေါ်တွင် သူတို့၏လှေကိုဆွဲတင်ရန် ကြိုးချည်ကာပြန့်လျက်လာနေကြ၏။

တကယ်တော့ ဝိသမလောဘသားအကြံသမားတို့သည် အရှေချောင်ပြီး တစ်ယောက်ချမ်းသာကိုယ်ကျိုးရှာလိုမှုအတွက် မေတ္တာရှင်သူတော်ကောင်းတစ်ယောက်အား ဒုက္ခပေးဖို့အကြံအစည်နှင့်လာခြင်း ဖြစ်၏။

တကယ်တော့ ဖိုးသိလ ရေဘုရင်ခေါ်မိကျောင်းများနှင့် ပတ်သက်နေခြင်းမှာ ဖိုးသိလ၏လျှို့ဝှက်ချက်တစ်ခုဖြစ်ပြီး ဖိုးသိလတို့မျိုးရိုးစဉ်ဆက်ထိန်းသိမ်းလာခဲ့ကြသော နဂါးပုလဲအမြုတေကြောင့် နဂါးသည် ရေအောက်ရေပေါ်တွင် အစိုးရသည့်အတိုင်း ရေဘုရင်ခေါ် မိကျောင်းများနှင့် ရင်းနှီးအကျွမ်းဝင်ခဲ့ခြင်း ဖြစ်၏။

အမြုတေပုလဲဆိုသည်မှာ (၈) မျိုးရှိကြောင်း။ တိမ်တိုက်၌ဖြစ်သော (ဝလာဟက) ပုလဲအမြုတေမှတစ်ပါး အခြားအမြုတေပုလဲများတို့သည် လူသားများ ဆိုင်နိုင်ကြောင်းနှင့် တိမ်တိုက်ပုလဲအမြုတေမှာ နတ်တို့ကသာ သုံးဆောင်ကြသည်ဟု အမြုတေကျမ်းများတွင် ဆိုထား၏။

ဆင်ဦးခေါင်း၌ဖြစ်သောအမြုတေပုလဲ ဝက်စွယ်အမြုတေ၊ ဝါး၌ဖြစ်သော အမြုတေ၊ မြွေဦးခေါင်း၌ဖြစ်သော အမြုတေပုလဲတို့မှရရှိရန်ခက်ခဲ၍ မလွယ်ကူ တန်ဖိုးအနန္တထိုက်တန်၍ လူသား [illegible] မဟုတ်ကြ၏။

သို့သော် တစ်နေ့တွင် သီလသမာဓိအကျင့်နှင့်ပြည့်စုံသော ဖိုးသိလသည် ဘုခက်သီသအမြုတေပုလဲခေါ် မြွေဦးခေါင်းမှအမြုတေကို အဘိုးဖြစ်သူ၏အမွေအဖြစ် ပညာလက်ဆင့်ကမ်းခံရပြီး လက်ခံရရှိခဲ့၏။

ထိုပစ္စည်းကို ဖိုးသိလ၏ အဘိုးဖြစ်သူ နယ်လှည့်၍ဆေးကုရင်း ဆေးမြစ်ဆေးဥများရှာဖွေရန် တောတွင်းတစ်နေရာ၌ ဆေးတောကြီးတစ်ခုကို မတွေ့ခင် တောကြီးမျက်မည်း မြွေကြီးများကျက်စားသောနယ်မြေသို့အရောက် ပုံသကူသေနေသောမြွေကြီး၏ခန္ဓာမှာ အရိုးကျနေသော်လည်း မျက်လုံးပွင့်လျက် ဗွေလိုနေရာတွင် အရောင်တဖျပ်ဖျပ်နှင့် ငုံးဥအရွယ် နဂါးအမြုတေပုလဲကိုရရှိခဲ့လေခြင်း ဖြစ်၏။

နဂါးပုလဲအမြုတေ ဆိုသည်မှာ အလွန်ရှားပါး၍ရခဲလှပါသည်။ အလွန်ကြီးမားသော တောကြီးမြွေများ၏ ဦးခေါင်းထိပ်တွင်သာ ကိန်းအောင်းပါရှိတတ်ပြီး ဖိုးသိလ၏ အဘိုးဖြစ်သူမှာ ငွေကြုတ်ဖြင့်ထည့်၊ ကတ္တီပါရှုံအိတ်နှင့် ကိုယ်နှင့်မကွာဆောင်ထားရှိပြီး ဆေးကုသရာတွင် သိဒ္ဓိထူးများရရှိလာပြီး ရေသတ္တဝါ၊ မြေသတ္တဝါများနှင့်လည်း လွန်စွာရင်းနှီးကျွမ်းဝင်ခဲ့ပြီး တော်ရုံအဆိပ်များကို လျော့ကျပြေစေနိုင်သည်အထိ ပျောက်ကင်းချမ်းသာကြသဖြင့် တစ်နယ်လုံးက အားထားရသောသူ ဖြစ်လာခဲ့၏။

အဘိုးဖိုးသံမရှိသည့်နောက်တွင် အဘိုးပညာကို ဖိုးသိလက ဆက်လက်ခံခဲ့၏။ ရရှိထားသော ဖိုးသိလမှာလည်း တစ်ခါတစ်ရံ ထူးဆန်းမှုများရှိခဲ့၏။

တချို့ဆိုလျှင် ဝေဒနာရှင်များ ရေသတ္တဝါကြောင့် ထိခိုက်ဒဏ်ရရလျှင် ဖိုးသိလကိုဦးတိုက်၍ လာရောက်ကုသလျှင်၊ ဖိုးသိလထံ ဆေးရုံမှလက်လွှတ်လိုက်သောသူများမှာ ပျောက်ကင်းသက်သာ ချမ်းသာရာရောက်၏။

တချို့သော ပင်လယ်ပိုင်းချောင်း၊ အသိုက်သရွက်များတွင်ကျက်စားကြသော မိကျောင်းနှင့်ရေသတ္တဝါတချို့ ရေမှုဆိုးလက်ချက်ကြောင့်ဖြစ်စေ အချင်းချင်းနယ်မြေလု၍ ဒဏ်ရာရပါက ထိုညတွင် ဖိုးသိလအား အိပ်မက်ပေး၍အကူအညီတောင်းခံကြ၏။

မနက်မိုးလင်းသည်နှင့်ဖိုးသိလက မြေးဖြစ်သူကို လှေလှော်၍ ဘယ်ကျွန်း ဘယ်သောင်ကိုလှော်ဟုပြော၍ ဆေးကုထွက်လေ၏။

ဖိုးသိလပြောသည့်ချောင်း၊သောင်ပြင်၊ သရွက်များများတွင် ဒဏ်ရာနှင့်မိန်းနေသောမိကျောင်း၊ ရေသတ္တဝါတို့ကို တွေ့ရှိ၍ ဖိုးသိလက သူ့ဆေးအိတ်ထဲမှ နဂါးအမြုတေပုလဲနှင့် ဒဏ်ရာကို သက်သာပျောက်ကင်းအောင်ကုသပြီးနောက်နေ့တွင် ဖိုးသိလအိမ်ရှေ့၌ ဖိုးသိလအတွက် ဆေးဖိုးဝါးခလက်ဆောင်စားစရာသို့မဟုတ် ရိက္ခာအထုပ်နှင့်ငွေကြေးများရောက်ရှိနေတတ်သည်က ဖိုးသိလ၏ မေတ္တာစေတနာကို ဝိသမလောဘသားများက မိကျောင်းများ၊ တောတွင်းသတ္တဝါများနှင့် ရင်းနှီးသောဖိုးသိလကို အမြတ်ထုတ်ဖို့ ရမယ်ရှာလာကြခြင်း ဖြစ်၏။

လရောင်နှင့် ဖိုးသိလ၏ရေလယ်သောင်ကျွန်းမှ တဲအိမ်လေးက လှိုင်းတဖျတ်ဖျတ်ရိုက်ခတ်မှုနှင့်အတူ တည်ငြိမ်စွာရှိနေ၏။

လေကတစ်ချက်တစ်ချက် အတိုးတွင် ဘုရားကျောင်းဆောင်မှ ဖယောင်းတိုင်ဆီမီးက ငြိမ်းလုမတတ် မှိတ်တုတ်မှိတ်တုတ်ဖြစ်၍သွား၏။ ထိုအချိန်ဖျူလွှားပါးပါးနှင့် ရေပေါ်သောင်ကျွန်းပေါ်တွင် အုံ့အုံ့ဆိုင်းဆိုင်းဖြစ်နေသည့် ရာသီဥတုကြောင့်လည်း အမှောင်ထုသိပ်သည်းအတူလာ၏။

ရုတ်တရက်ရွာချလိုက်သောမိုးက ရေပေါ်သောင်အလှကို ဖျက်ဆီးလိုက်သလို သစ်ပင်တို့၏ရွက်ချင်းခတ်သံ လေတိုးသံတွေက တရှိုးရှိုးတရှဲရှဲ။

"ဝုန်း ဝုန်း ဝေါ၊ ဘုန်း"

"ဝေါ ဝေါ ဝုန်း"

လှိုင်းနှင့်လေနှင့်မိုးသံတွေနှင့်အတူ လျှပ်စီးရောင်တွေက တဝင်းဝင်းတလက်လက်။

အကာလ ညအခါ မဆင်ဘဲရွာသောမိုး။

ဒီမိုးကဆန်းကြယ်နေ၏။

မိုးနှင့်ပတ်သက်ပြီး သံယုတ္တနိကာယ် ဝလာဟကသုတ်အဖွင့် အနက်အဓိပ္ပာယ်တွင်မူ မိုးတို့တွင် နဂါးမိုး၊ ဂဠုန်မိုး၊ နတ်မိုး၊ သစ္စာမိုး၊ ဥတုမိုး၊ မာရ်နတ်မိုး၊ တန်ခိုးမိုး၊ ကမ္ဘာပျက်မိုးဟု မိုး(၈)မျိုးရှိ၏။

အချို့သော ရှေးပညာရှိများက မှတ်တမ်းပြုထားသော မိုး(၅)မျိုးမှာ ပန်းထောင်မိုး၊ ကန်သင်းမိုး၊ ဆင်ရာ [illegible] မိုး၊ ဖက်ဆွတ်မိုး၊ ရှောက်ရွာမိုးဟူ၍ [illegible] လေ၏။ ခုရွာချသောမိုးက ဆင် [illegible] မိုးဟု ပြော၍မရ။ မိုးရေစက်တွင် ရွှံ့မှုန် ရွာစဉ်မရွာ လေပြင်းနှင့်အတူ [illegible] များပါအောင်ရွာချသော [illegible]

နတ်မောက်မင်းချစ်နော် မှိုနှင့်အခြားအဆိပ်အတောက် အမြန်ပြေပျောက်စေနည်း

ဝါဆိုလမှိုရတဲ့မျက်နှာ ဟူသော စကားကို မြန်မာလူမျိုးတိုင်း ကြားဖူး သိဖူးကြပါမည်။ မှန်ပါသည်။ ဝါဆို ဝါခေါင်ရေဖောင်ဖောင်ဆိုသကဲ့သို့ မိုး များစွာရွာချိန်တွင် မှိုမျိုးစုံတို့ မြေပြင်ပေါ် သို့တိုးထွက်လာကြပါသည်။ သို့သော် ဝါဆိုလတွင် မှိုများစွာပေါများစွာထွက် ပေါ်မလာသေးပါ။ အလွန်မြေဆီမြေဩ ကောင်းသောမှိုကျင်းမှသာထွက်ပါသည်။ မှိုတကယ်ပေါများစွာထွက်ချိန်မှာ ဝါဆို လကုန်ခါနီး ဝါခေါင်လဆန်းပိုင်းမှသာ မှို များပေါများစွာအပြိုင်အဆိုင်မြိုင်မြိုင်ကြီး ထွက်ပေါ်ပါသည်။

ယခု ကျွန်တော်တင်ပြလိုသည်မှာ ထိုပွင့်ဖူးပေါ်ထွက်လာသော မှိုများသည် မသင့်သော၊ မတည့်သောသူများတွင် လည်းကောင်း၊ မစားကောင်းသောမှိုများ အဆိပ်အတောက်ဖြစ်စေသောမှိုများစား မိလျှင် စားမိသူမှာ အဆိပ်ဖြစ်ပြီး မှို တောက်သည်ဟုဆိုကာ အော့အန်ခြင်း၊ သွေးပေါင်များကျကာ မူးလဲခြင်းများ၊ အချို့မှာ အသက်အန္တရာယ်ပင် ထိခိုက် သည်ကို တွေ့မြင်ဖူးပါသည်။ သို့အတွက် မှိုဟင်းချက်လျှင် မန်ကျည်းသီးအစိမ်း အနှစ်ရည်၊ ကန်စွန်းရွက်များနှင့်ရော ချက်ကြရပါသည်။ မန်ကျည်းသီးနှင့် ကန်စွန်းရွက်သည် အဆိပ်အတောက်ကို ကာကွယ်ပါသည်။

အကယ်၍တစ္ဆ မှိုအဆိပ်အတောက် ခြင်း၊ အခြားသော အဆိပ်အတောက် တစ်ခုခုဖြစ်ခဲ့လျှင် ကန်စွန်းရွက်များကြိတ် ခြေပြီး အရည်ညှစ်ယူကာ လက်ဖက် ရည်အကြမ်းပန်းကန်တစ်လုံးမျှ သောက်ပေး ပါ။ (၁၅) မိနစ်တစ်ကြိမ်အဆိပ်ပြေသည် အထိ သောက်ပေးပါ။ အသက်ချမ်းသာ ခွင့်ပါသည်။

သို့မဟုတ် ရနိုင်လျှင် မြင်းခွာရွက် နှင့်ပိတ်ချင်းသီးရောစပ်ကြိတ်ပြီး ရေနွေး နှင့် ဖျော်သောက်ပါ။ မုချအဆိပ်ပြေ ပျောက်ကင်းစေပါသည်။

အရေးပေါ်ကြုံတွေ့ခဲ့လျှင် အမြန် ဆုံး အဆိပ်ပြေစေသည့်နည်းများဖြစ်ပြီး လက်တွေ့အသက်ဘေးမှချမ်းသာစေခဲ့သူ များများလှပြီဖြစ်၍ ရေးသား တင်ပြအပ် ပါသည်။

နတ်မောက်မင်းချစ်နော်

စေသည့် ရှောက်ရွာမိုးဖြစ်လေ၏။

အမှောင်ကို အန်တုလာသော ငမိုက်သားလူတစ်စုမှာ ဖိုးသီလကို ရန် ပြုဖို့နေနေသာသာ ကျလာသောမိုးသီး မိုးခဲများကို ရှောင်တိမ်းနေရသည့်အပြင် ကညင်ပင်ကြီးကို အကာအကွယ်ယူထား သည်။ ရုတ်တရက် လျှပ်စီးတစ်ချက် ဝင်းခနဲလက်သွားပြီး မိုးကြိုးက အရှိန် ပြင်းစွာ ကညင်ပင်ကို ပစ်ချလိုက်၏။

"အား. . . အီး. . . အမယ်လေး"

ကညင်ပင်အောက်က ထွက်ပြေး လာသော ခွင်ဇော်တူ၊ ငပတ်၊ ခွေးတင် တို့မှာ လေ့ဆိုက်ကပ်ထားရသို့ အပြေး နှင်ကြပြီး လှေကိုကြိုးဖြတ်ပြီး လှော်ခတ် စဉ်မှာ ရေထဲမှမျက်လုံးစိမ်းစိမ်းပြာပြာနီ နီရဲရဲနှင့် အမြီးမည်းကြီးက လှေပေါ်ပါ လာသူများကို လိုက်ချလိုက်၏။

"မိကျောင်းကြီး၊ မိကျောင်းကြီး ဟေ့"

"ဝုန်း. . . ဗွီး. . . ဖြန်း. . . ဝုန်း"

လှေအနီးဝန်းကျင်တွင်သွေးကွက် ကြီးများကား အမြှုပ်တစီစီနှင့်နီရဲနေ၏။

"အား အမယ်လေး နှာပြတ်ကြီး ဟေ့"

"အား. . . လုပ်ကြပါဦး"

တဖြည်းဖြည်း လေရောမိုးရောစဲ သွားပြီးနောက် ပတ်ဝန်းကျင်သည် ပုံမှန် တိတ်ဆိတ်သွား၏။

ထူးဆန်းသည်က အပြင်ဘက် တွင် မိုးလေကသရမ်းနေပေမယ့် ဖိုးသီလ ၏တဲအိမ်လေးမှာ ရှောက်ရွာမိုးဒဏ်က ကင်းဝေးပြီး ထိခိုက်ပျက်စီးခြင်း မရှိ။ မိုးသီးမိုးခဲမိုးစက်များဒဏ်နှင့် မိုးကြိုး ဒဏ်ကြောင့် ငမိုက်သားတစ်စုမှာ သစ်ကိုင်း ကျိုးပြီးသေသူသေကြသလို သူတော် ကောင်းပြစ်မှားရန်အကြံနှင့် လောဘ အလိုကြောင့်ထင်ရသည်။ သတ္တဝါက တောင်ကျေးရူးသိတာတ်ပြီး ကျေးရူးရှင် ဖိုးသီလဘက်မှကာကွယ်ပေးတာ လူမိုက် တစ်စုကို သုတ်သင်ရှင်းလင်းပေးခဲ့သဖြင့် မုဆိုးစောလှထွန်းနှင့်ရွာသားများရောက် လာချိန်တွင်တော့ မရှုမလှသေဆုံးနေ သောငမိုက်သားများ၏အလောင်းများကို သာတွေ့ရ၏။

ဖိုးသီလမှာ အနိဋ္ဌာရုံအဖြစ်ဆိုး တွေကို တွေ့လိုက်ပြီးနောက် -

"အင်း လောက. . . လောက. . . လောလောပြီးကနေကြရတာဟာ လောဘ ဇောကြောင့်ပဲ။ တပ်မက်မိမှားတဲ့ တဏှာအာသီသကို မဖြတ်နိုင်တော့ ကိုယ်ကျိုးနည်းရှာကြပြီပေါ့လေ။လောဘ အတွက် ကနေကြတဲ့ လောကသားတွေ သံသရာမှာမဆုံးသရွေ့တော့ ပေးဆပ် ကြရတာ မမွတာပါပဲ"

ဟု ပြောလိုက်၏။

သူတော်ကောင်း ပြစ်မှားမိသော အပြစ်က ချက်ချင်းမနေးလက်ငင်းအ ကျိုးပေးလေသောအခါ ဝိသမလောဘ မှောင်မိုသမား ရန်စစ်ကြည်တို့၊ ရန်စစ် ယုန်၊ ရန်စစ်အေးနှင့် တောင်ပတ်မှလည်း တိရစ္ဆာန်များကိုတရားမဝင်မှောင်ခိုရောင်း ဝယ်မှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုကြွစေ သောဆေးပြားများရောင်းမှုနှင့် အိမ်ချိတ် ပိတ်ကာ ထောင်နန်းစံသွားရလေတော့ သည်။

ထိုအဖြစ်အပျက်တို့ ဖြစ်ပျက်ခဲ့ပြီး (၁) နှစ်ခန့်အကြာတွင် လူသူတော်ကြီး ဖိုးသီလသည်လည်း သူ့အဘိုးဆီမှအမွေ ခံရထားသည့် နဂါးပုလဲအမြုတေကို မြို ကုန်းစေတီတွင် အပြီးဌာပနာလိုက်ခဲ့ပြီး နောက် ရသေ့ရဟန်းအသွင်သို့ကူးပြောင်း သွား၍ ရှုပ်ထွေးလှသော လူ့လောက အရေးများကိုရှောင်ခွာလျက် တောထွက် လေတော့သည်။

တစ်ခါတစ်ရံ ဖိုးသီလကို ကျိုက် ထီးရိုးတောင်တော်၊ စမတောင်တွင် လည်းကောင်း၊ အလောင်းတော်ကဿပ တော်တော်နှင့် ဟိမဝန္တာမှာတွေ့သလို ပါ စပ်သတင်းများဖြစ်လာခဲ့သော်လည်း ဖိုးသီလကတော့ လူ့လောကီလောကအ တွင်းသို့ပြန်မလာခဲ့သလို သတင်းအစအန တိမ်မြုပ်သွားလေတော့သည်တကား။

မင်းနှ

သိဒ္ဓိမြေ့(ယယ်တွင်း) ဘဝတစ်သက် အလှမပျက် မိုးနံ့ရွက်

မိုးနံ့သီး

မိုးနံ့ပွင့်သည် ချုံနွယ်ပင်အမျိုး အစားများထဲမှ တစ်မျိုးအပါအဝင်ဖြစ်ပြီး အပူပိုင်းဒေသများမှာ မိုးနံ့ချုံလို့ခေါ်ကြ သည်။ အပင်မှာဆူးများပတ်လည်ပါ ပါသည်။ အရွက်ထိပ်မှာဆူးပါသည်။ တပေါင်းလတွင်ရွက်နုထွက်၍ တန်ခူးလ တွင် အသီးများမွှေးနေအောင်သီးလေ့ရှိ သည်။ မိုးနံ့ချုံကိုကြည့်လိုက်ရင် အရွက် များဟာ ပြောင်လက်၍နေသည်။ အသီး များကိုစားကြည့်လိုက်လျှင် အချိုလွန်ကဲ ၍ များများမစားနိုင်ပါ။ မိုးနံ့ပင်ကို အချို့ ကျေးရွာတွေမှာ ဆူးပင်ဟုခေါ်ကြသည်။ ဆူးပင်များဟုသတ်မှတ်ကာ ခြံစည်းရိုး တန်းများ ကာရံကြပါသည်။ တချို့ဒေသ များမှာ ထင်းအဖြစ်ခုတ်ထွင်ရှင်းလင်းကြ သည်။ ကျေးရွာတွေမှာ စကားပုံတစ်ခုရှိ ပေးသည်။ 'ယောကျ်ားလူပျင်း မိုးနံ့ထင်း' ဟု ခေါ်ဝေါ်ကြပါသည်။ တချို့ကျေးရွာ တွေမှာတော့ 'အလှမပျက် မိုးနံ့ရွက်' ဟု ဆိုပါသည်။ မြန်မာ့ကျေးလက်တွေမှာ ဆောင်းအကုန်နွေအကူးရောက်ရင် မိဘ များက သားသမီးများကို မိုးနံ့ရွက်ကို ထန်းလျက်၊ ချင်းတို့နှင့် ကျိုချက်၍တိုက် ပါသည်။ ရာသီအကူးအပြောင်းမှာဖြစ် လေ့ဖြစ်ထရှိတဲ့ ကျောက်ပေါက်ခြင်း၊ ဝမ်းပျော့ပေါက်ခြင်း၊ ဝက်သက်ထွက်ခြင်း တို့ ပျောက်ကင်းစေသည်။ ကျောက် ပေါက်ခြင်းကို ရေကျောက်ဟုလည်းခေါ် ပါသည်။ ရာသီအကူးအပြောင်းမှာ ဤလိုရောဂါမျိုးမဖြစ်ရအောင် မိုးနံ့ရွက် ကို ကျိုချက်ပြီးတိုက်ရပါသည်။

ကျွန်တော့်အဘိုးက ပြောဖူးပါ သည်။ ၁၃၁၀ မှ ၁၃၂၀ ခုနှစ်လောက် အထိ နေရာအနှံ့အပြား ကျောက်ကြီး ရောဂါဖြစ်ပွားရာ ကျောက်ကြီးရောဂါဖြစ် လျှင် ခန္ဓာကိုယ်တစ်ခုလုံး ရွှေးကြီးစေ့ခန့် အဖုလုံးများပေါက်လာပါသည်။ ကျောက် ပေါက်လျှင် အိမ်ထဲကအိမ်အပြင်ထွက် မနေရပါ။ ကျောက်ပေါက်သူကို အိမ်ထဲ မှာ ငှက်ပျောရွက်ခင်းပြီးထားရသည်ဟု ဆိုပါသည်။ နားလည်တတ်ကျွမ်းတဲ့ မြန်မာဆေးဆရာ၊ သမားတော်များက လည်းကုစားကြပါသည်။ သို့သော် တချို့ ကလည်း ကပ်ရောဂါဆိုက်သည်ဟု ဆို ပါသည်။ ကျောက်ပေါက်သူကို နားလည် သလိုပဲကုရပါသည်။ တချို့ကျတော့ မိသားစုဝင်အားလုံးပေါက်ကြသည်ဟုဆို ပါသည်။ ကျောက်ပေါက်သည့်မိသားစု များဆိုလျှင် သေဆုံးတဲ့သူကသေဆုံးပြီး ကျန်တဲ့သူတွေကတော့ ကျောက်ပေါက် ခွက်ထင်ကျန်ခဲ့သူကျန်ရစ်တတ်ပါသည်။ တချို့ စိတ်နောက်သွားသူများလည်းရှိ ပါသည်။ အချို့ကျတော့လည်း နှာမည် ပျောက်ပြီး မောင်ကျောက်ဖြစ်တဲ့သူက ဖြစ်၊ မိကျောက်ဖြစ်တဲ့သူကဖြစ်၊ ကျောက် ရှူးဖြစ်တဲ့သူကဖြစ်နှင့် ဝင်္ဂနာကံနာဟု ခေါ်ရတော့မှာပေါ့။

ကျောက်ရောဂါသည် ကပ်ကြီးသုံး ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်လေ သည်။

အဘိုးကဆက်ပြောပါတယ်။

"မင်းတို့ငယ်ငယ်က ကျောက်တွေ ပေါက်လာတယ်။ ငှက်ပျောရွက်ခင်းပြီး အိမ်ထဲမှာထားရပါတယ်။ နောက်ပြီး မိုးနံ့ရွက်ကို ကျိုချက်ပြီး ဟင်းချိုချက် တိုက်တယ်။ ဒါကြောင့် မင်းတို့မောင်နှမ တွေ ကျောက်ပေါက်ခွက်မထင်ကြတာ"

ဟု ဆိုပါသည်။

ဒါကြောင့် အနာရှိလျှင် ဆေးရှိ ရပါမည်။

အလှမပျက် မိုးနံ့ရွက်ဆိုတာ ယုံ ပြီလားဟုလည်းဆိုပြန်သည်။

အဘိုးပြောသလို ဟုတ်ပါသည်။ ဒါကြောင့် ကလေးသူငယ်များရဲ့အခြေ အနေကိုကြည့်ရပါသည်။ ကျောက် ပေါက်မလား၊ ဝက်သက်ပေါက်မလား၊ ဆက်ပချီထွက်မလားဆိုတာမျိုးကိုစောင့် ကြည့်ရပါသည်။ တစ်ခါတလေ ရာသီ မဟုတ်ဘဲလည်းဖြစ်တတ်ပါသည်။ အဲဒီ လို ရောဂါလက္ခဏာများပြလာပြီဆိုလျှင် အထက်ဖော်ပြပါအတိုင်း ကိုယ့်ရင်သွေး များကို မိုးနံ့ရွက်ကိုကျိုတင်ပြီးတိုက်ကျွေး ကြပါ။ မိုးနံ့ပင်သည် ယခုလို ရောဂါမျိုး တင်မဟုတ် အခြားရောဂါမျိုးလည်း ကုသ လို့ရပါသည်။ မိုးနံ့ပင်ရဲ့ အစွမ်းထက်ပုံ ကိုပြောပြမယ်ဆိုလျှင် များပြားလွန်းလှ ပါသည်။

ဒါကြောင့် သင့်ရဲ့ရင်သွေးများကို ကျောက်ပေါက်နာမဖြစ်ရအောင် နားလည် တတ်ကျွမ်းသည့်ဆရာများနှင့် မိုးနံ့ရွက် ကိုအသုံးပြုပြီး ကုသကြပါလို့ အကြံပြု လိုက်ရပါသည်။

သိဒ္ဓိမြေ့ (ယယ်တွင်း)

(မြန်အောင်)

စိုးလင်းအောင်

နောင်တော်ကြီးမင်းနှင့်ယာရှင်



တိုင်းပြည်တစ်ပြည်တွင် မင်း၊ သမ္ဗတ (အကြီးအကဲ) တို့နှင့် အခြေခံလူတန်းစားဖြစ်သော လယ်သမား၊ ယာသမားတို့ ဘဝတစ်ကွေ့တွင် အမှတ်မထင်တွေ့ဆုံရပုံတစေ့တစောင်းနှစ်ခုကို ယှဉ်ကြည့်နိုင်စေဖို့ ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။

ကုန်းဘောင်မင်းဆက်ဖြစ်သော ယောင်း၊ နောင်၊ ဆင်၊ စဉ့်၊ မောင်၊ ဗား တိုင်း၊ သာ၊ ပု၊ မင်း၊ သီ ဟူသော မင်း (၁၁) ဆက်တွင် နန်းရသားတော်ကြီး သုံးပါးဖြစ်သည့် မောင်လောက် (ခေါ်) နောင်တော်ကြီး၊ မောင်ရွှေ(ခေါ်)ဆင်ဖြူရှင်နှင့် မောင်ဝိုင်း (ခေါ်) ဗဒုံမင်းတို့ ပါဝင်သည်။

ထိုသုံးပါးတွင် မိဘစကားကို နားထောင်သော မောင်လောက်ခေါ် နောင်တော်ကြီးမင်းနှင့် ရိုးသားရဲဝံ့ပြီး အခွင့်အရေးကိုရတိုင်းမယူသော ယာရှင်တို့အကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။

အလောင်းမင်းတရားကြီး၏ သားတော်ကြီးဖြစ်သော နောင်တော်ကြီးမင်းသည် မာနမကြီး ရိုးရိုးနေတတ်သည်။ တစ်ခါတစ်ရံတွင် လူပျိုတော်တွေနှင့်ရော၍ မန်ကျည်းသီးကို ငါးပိနှင့်ထောင်းထု၍ စားတတ်ပါသည်။ မှူးမတ်များက ဤကဲ့သို့ ယုတ်ညံ့သောအစားကို မစားသောက်ဖို့ ပြောပါသည်။

ထိုသို့ပြောပါလျှင် -

“ဤကဲ့သို့ မန်ကျည်းသီးစားလို့ တိုင်းပြည်တစ်စုံတစ်ရာဝန်လေးပါသလား”

မလေးပါဟုပြောသောအခါ -

“တိုင်းပြည်ဝန်လေးလျှင် ငါမလုပ်။ ဝန်မလေးသောကိစ္စကိုမတားမြစ်ပါနှင့်။ ငါကြိုက်လို့စားတာ”

ဖြစ်ကြောင်းမိန့်သည်။

နောင်တော်ကြီးမင်းဟူ၍မာန်မာနမထား အားအင်သန်စွမ်းပြီး ယောကျ်ားပီသသည်။

ရွှေဘိုနှင့်စစ်ကိုင်းနှစ်နေရာပြောင်း၍ စံလေ့ရှိ၏။ မြင်းကောင်းရှိပြီး မြင်းစီးကောင်းသောကြောင့် စစ်ကိုင်းသွားဦးမည်၊ ရွှေဘိုသို့သွားဦးမည်ဆိုကာ ရုတ်တရက်ထွက်ထွက်သွားတတ်သဖြင့် နောက်တော်ပါးတို့က ကပျာကသီလိုက်ကြရသည်။ သို့သော် မမီသည်ကများပါသည်။

တစ်ခါတွင် စစ်ကိုင်းမှ ရွှေဘိုသို့ အပြန် ထုံးစံအတိုင်း နောက်လိုက်အခြွေအရံတွေ ဝေးကွာစွာကျန်ခဲ့သည်။ မိမိတစ်ယောက်တည်း ရွှေဘိုရောက်ရန် (၁၄) မိုင်ခန့်ကွာသော ခေါ်တော်အရပ်သို့ရောက်ခဲ့၏။ ထိုနေရာတွင် သခွားခင်းကိုတွေ့၍ မြင်းကိုယာခင်းအပြင်မှာချိတ်ထားခဲ့သည်။ ဆာလောင်လှသဖြင့် ယာခင်းရှင်ကို သခွားသီးစားပါရစေဟု ကောင်းမွန်စွာတောင်း၏။

ယာခင်းရှင်က မင်းဟုမသိဘဲ လိုသလောက်စား။ အပင်၊ အနွယ်၊ အကင်းတွေကို မပျက်စီးစေနှင့်ဟုဆို၏။ သခွားသီးကိုဖြတ်၍မဆွတ်ဘဲ ဆွဲဆွတ်(ခူး)သောကြောင့် အသီး၊အပွင့်၊အနွယ်တို့အုံလိုက်ကြွလာပြီး ပျက်စီးသွား၏။

ယာရှင်မြင်သော် -

“နင်သည် စားရုံသာစား မပျက်စေပါနဲ့ဟုငါပြောလျက် ဖျက်ရသလော”

ဟုဆိုကာ ဒေါသထွက်ပြီး သတ်မယ်ပုတ်မယ်လုပ်သည်။

နောင်တော်ကြီးမင်းကလည်း -

“နင်ယောကျ်ားဆိုသော် သတ်ကြအံ့”

ဟုဆို၍ နှစ်ယောက်သားလုံးထွေ

သတ်ပုတ်ကြသည်။ ယာရှင်သော အမန်ဖန်အောက်သို့ကျ၏။ ကြာသောအခါ မောလာ၍ ယာရှင်မတတ်နိုင်တော့ပေ။ ဘယ်လိုလူဖြစ်လေသနည်းဟု စိတ်ထဲကတွေး၍ထိုင်နေတော့၏။ နောင်တော်ကြီးက ပြုံးလျက်ပင် သခွားသီးကို ဆက်စားနေသည်။

မကြာမီ ယာရှင်မိန်းမ ထမင်းပို့လိုက်လာ၏။ ထမင်းတောင်းချလျက် ထမင်းပွဲပြင်သော် နောင်တော်ကြီးက -

“ယောက်ဖ၊ ငါလည်းစားပါရစေ”

ဟု တောင်းလေသည်။

ထိုအခါ ယာရှင်က -

ဒေါသထွက်ပြီး -

"မစားရဘူး။နင်ငါ့သခွားသီးလည်းစားတယ်။ ဖျက်လည်းဖျက်ဆီးတယ်။ ထမင်းမကျွေးနိုင်ဘူး။ ယာခင်းထဲက ထွက်သွား၊ ထွက်သွား"

ဟုဆိုလေသည်။

ယာခင်းရှင်မိန်းမက ယာခင်းအပြင်ဘက်မှာ ရွှေကတောင်နှင့်မြင်းကောင်းတစ်စီးချိတ်ထားသည်ကို တွေ့ခဲ့ရသည်။ လူသာမညမဟုတ်။ မင်းဖြစ်ပုံရသည်။ တွေ့ကရာမပြောနှင့်ဟု တိုးတိုးလေးကပ်၍ပြောပြီးအကဲခတ်နေကြ၏။

အကဲခတ်နေစဉ် နောက်လိုက်နောက်ပါများ မီလာ၍ ရှေ့တော်မှောက်ဒူးထောက်ကြမှ မင်းမှန်းသိ၍ ယာခင်းရှင်လင်မယား တောင်းပန်ကြသည်။

ထိုအခါမှ နောင်တော်ကြီးမင်းက ပြုံးလျက် -

"သင်တို့က မတောင်းပန်သင့်။ သခွားသီးကိုလည်းစားရသည်။ သတ်ပုတ်တာလည်း သဘောတူ၏။ ငါကားမင်းဖြစ်သည်မှာ မှန်၏။ မကြောက်နဲ့ ယခုသခွားသီးစားရတာ အလွန်အရသာရှိသည်။ ငါစံရာရွှေဘိုသို့ တစ်ခါလောက်လာရောက်ဆက်သပါဘိ"

ဟု မိန့်တော်မူသည်။

များမကြာမီပင် ရွှေဘိုသို့ကောင်းနိုးရာရာ သခွားသီးများဆွတ်ခူးပြီး ယာရှင်က သွားရောက်ဆက်သသည်။ နောင်တော်ကြီးမင်းမှာ ပြီးခဲ့သောအကြောင်းအရာတို့ကိုမမေ့ဘဲ ကျေးဇူးတင်စကားပြောကြားပြီး ရှေ့တွင်ပင် စားတော်ခေါ်၏။ ထို့နောက် ယာရှင်ကို အလိုရှိရာ တောင်းခိုင်းသည်။

ယာရှင်က မိမိအရပ်မှာ သူကြီးညည်းပန်းနှိပ်စက်မှုမှ ကင်းလွတ်လျှင် လောကမှာ အချမ်းသာဆုံးထင်၍ တစ်စုံတစ်ရာမတောင်းဘဲ သူကြီးအာဏာနှင့် တကွ မင်းတိုင်းကျေမှုလွတ်လိုသည်"

ဟုလျှောက်ထားရာ နောင်တော်ကြီးက -

"ဤအတွက် မပူပါနှင့်။ ရစိမ့်မည်။ အခြားအလိုရှိရာတောင်းဦး"

ဟု မိန့်တော်မူသည်။

ယာရှင်ကလည်း ထိုကိစ္စတစ်ခုနှင့် ကျေနပ်ပါသည်။ နောက်ထပ်မတောင်းလိုပါဟု လျှောက်တင်တော်မူသည်။

ထိုအခါ ထန်းရွက်တွင် ယာရှင်အလိုရှိသော အမိန့်တော်ရေး၍ -

"ဤစာချွန်ကို သူကြီးအားပြလေ။ တစ်ဆယ့်နှစ်မှုမင်းတိုင်းကျေလွတ်လိမ့်မည်"

ပြော၍ပေး၏။

ယာရှင်က ဤစာကို ယူပြီးလျှင်-

"သူကြီးက အဘယ်သို့လျှင် မင်းဖြစ်ကြောင်းယုံမည်မဟုတ်"

ဟု လျှောက်လေသော် နောင်တော်ကြီးကိုယ်တိုင် လက်မှတ်ထိုးပေးရလေ၏။ ယာရှင်သည် ထိုအခါမှ စိတ်ချလက်ချပြန်သွားတော့သည်။

နေရပ်ပြန်သွားသော် သူကြီးအားပြလေ၏။ သူကြီးအဆင့်အဆို မင်းတိုင်းကျေလွတ်၍ တိုင်းထက်အလွန်ဝမ်းမြောက်သွားလေသည်။ ဤယာရှင်သည် နောင်တော်ကြီးနောက် ဆင်ဖြူရှင်၊ နောက် စဉ့်ကူးမင်း၊ နောက်ဖောင်ကားစားမင်းတို့စိုးစံပြီး၍ နောင်တော်ကြီး၏ ညီတော်ဘိုးတော်ဦးဝိုင်းလက်ထက်တိုင်နေရ၏။

ဘိုးတော်ဦးဝိုင်းလက်ထက်တွင် အခွန်အတုပ်တောင်းရာ နောင်တော်ကြီး၏စာချွန်ကိုပြ၏။ ထိုအခါ ဘိုးတော်က မိမိချစ်လှစွာသော နောင်တော်ကိုယ်တိုင်ရေးသောလက်ရေးဖြစ်၍ အမွေအနှစ်သဖွယ် အလွန်နှစ်သက်တော်မူ၍ ဤစာချွန်ကို ငါ့အားပေးပါဟုတောင်းရာ ယာရှင်က မပေးနိုင်ကြောင်း အတင်းငြင်း၏။

ထိုအခါ ဘိုးတော်ဦးဝိုင်းကရိပ်မိ၍ -

"ငါလည်း ဘုရင်ဖြစ်ပါသည်။ သူကြီးအဆင့်အဆိုမှလွတ်ရန်ငါကထပ်မံ၍ အသစ်တစ်ခုပေးပါမည်။ ဤစာချွန်က ငါ့နောင်တော်ကိုယ်တိုင်လက်ရာဖြစ်၍ မြတ်နိုးပါသောကြောင့် တောင်းပါသည်" ဆိုမှ -

"ဤသို့ဖြစ်လျှင် ယူတော်မူပါ"

ဟု သဘောတူ၏။

၎င်းနောက် ဘိုးတော်ဦးဝိုင်းရေးပေးသောစာချွန်ကို သေသေချာချာကြည့်၍ လက်မှတ်လိုသည်ကိုတွေ့လျှင် လက်မှတ်ထိုးတော်မူပါဦးဟု လျှောက်သဖြင့် ထပ်မံ၍ လက်မှတ်ထိုးပေးပြီးမှ အေးချမ်းသာယာစွာ ပြန်လေတော့သည်။

နောင်တော်ကြီးမင်းနှင့်ယာရှင်တို့အကြောင်းကို ဖတ်ရှုလေ့လာပြီးသောအခါ လွန်ခဲ့သော နှစ် (၃၀) ခန့်လောက်က အကြောင်းအရာတစ်ခုကိုသွား၍ စဉ်းစားမိလိုက်၏။

ဗကပအဖွဲ့မှ အလင်းဝင်လာသူတစ်ဦးအား ဘဝတစ်ကွေ့တွင် တွေ့ဆုံခဲ့ရာ သူပြောပြသော နိုင်ငံတော်အကြီးအကဲတစ်ဦးနှင့် လယ်သမားတစ်ဦးအကြောင်းကို ဆီလျော်သလို တင်ပြလိုက်ပါသည်။

တိုင်းရင်းသားအားလုံး ဂျပန်ကိုတော်လှန်သောအချိန်က ဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင်တစ်ဦးသည် ဖျာပုံဘက်တွင် ဂျပန်ကိုတော်လှန်ရင်း အခြေအနေမလှ၍ ပြေးလွှားခဲ့ရ၏။ ပြေးရင်းလွှားရင်း လယ်သမားကြီးတစ်ဦး၏ နွားတင်းကုပ်ထဲသို့ ဝင်ပြေးမိသည်။

လယ်သမားကြီးအား အကျိုးအကြောင်းပြောပြ၍ သူ့ကိုဝှက်ထားရန်ပြောသောကြောင့် နွားနင်းသောလက်ခုတုံးအောက် (ပုံးခိုကျင်းထဲ) တွင် ဝှက်ထားလိုက်သည်။ ဂျပန်များရောက်လာသော် ဗမာစစ်သားမလာကြောင်း၊ ဟိုဘက်သို့ပြေးသွားတာကိုမြင်ကြောင်း ပြောလိုက်၍ ဂျပန်စစ်သားများက လယ်သမားကြီးညွှန်ရာဘက်သို့ ပြေးလိုက်သွားကြသည်။

အတန်ကြာသောအခါ အန္တရာယ်ကင်းရှင်းသွားချိန်တွင် လက်ခုတုံးအောက်မှထွက်ခိုင်းလိုက်၏။ ဗမာစစ်သားမှ ကျေးဇူးတင်ကြောင်းနှင့် တိုင်းပြည်လွတ်လပ်ရေးရချိန်၊ သူအကြီးအကဲနေရာရောက်ပါက အရေးကြီးလျှင်လာခဲ့ပါ ဟုဆို၍ စာရွက်တစ်ရွက်တွင် (×××) ဟု လက်မှတ်ထိုးပေးခဲ့သည်။

ဤလိုနှင့် ပါတီကောင်စီခေတ်သို့ ရောက်လာသည်။ ထိုအချိန်တွင် လယ်သမားများအထူးစိတ်ဆင်းရဲရပြီး လယ်ကို လုံးဝမလုပ်ချင်တော့သည့်အခြေအနေသို့ ရောက်ခဲ့ရ၏။

လယ်သမားများ ပုတ်မှောက်၊ တုတ်ထောက်ခံရပြီး စပါးတွေအရှုံးခံရသောအချိန် ဖြစ်၏။ လယ်သမားများ စပါးသီးနှံအောင်မြင်၊ မအောင်မြင် အစိုးရကို စပါးချရ၏။ စပါးချစရာမရှိပါက စပါး (၁၀၀)လျှင် (၁၅၀၀)ကျပ် ပေးဝယ်ရပြီး အစိုးရကို စပါး (၁၀၀) (၉၀၀) ကျပ်နှင့် အရှုံးခံပြီး တာဝန်ကျေရောကြရသည်။

အစိုးရသို့ တာဝန်မကျေလျှင် အချုပ်ထဲသို့ရောက်၏။ လယ်သိမ်းမည် ဆို၏။ အချို့နေရာတွင် နွား၊ အိမ်ရာ ယူမည်ဆိုသည်။ မိုးခေါင်၊ ပိုးကျ [illegible] နားမလည် တာဝန်ကျေဖို့ အဓိကဖြစ်၏။ (ယခုခေတ်လို ရေတွေကြီး၍ဒုက္ခရောက်ရသည့်အထဲ နွားဝဲ့ဗွဲ လဲရာသူနိုးထောင်း ဖြစ်ဦးမည်။)

တစ်နှစ်တွင် မိုးအကြီးအကျယ် ခေါင်မည်။ တစ်နိုင်ငံလုံးဒုက္ခရောက်၏။ ထိုအထဲတွင် ဖျာပုံမှ အထက်ပါ လယ်သမားကြီးလည်းပါသည်။ စားစရာမရှိ၊ [illegible]စရာနတ္ထိ။ ထို့ကြောင့် အချုပ်ထဲ [illegible]မည်အမှန်ဖြစ်၏။ လယ်၊ နွား၊ အိမ်လည်းသိမ်းမည်တကဲကဲလုပ်နေကြသည်။

ကြံရာမရသည့်အဆုံး လက်မှတ်[illegible] အကြီးအကဲဖြစ်နေသည်ကြားကြောင့် လက်မှတ်စာရွက်ကိုယူ၍ [illegible]ကိုထွက်ခဲ့၏။ အကြီးအကဲရှိရာ [illegible]၏။ သို့သော် ယာရှင်နောင်တော် မင်းဆီသွားသလို အလွယ်တကူသွား[illegible] အထပ်ထပ်စစ်ဆေးခြင်းခံရ၏။ [illegible] လယ်သမားကြီးက ဖျာပုံဘက်က လယ်သမားကြီးပါ။ သူကိုယ်တိုင် နွားလက်ခုတုံးအောက်မှာ ဝှက်ပေးခဲ့သူဖြစ်ကြောင်း [illegible]ထပ်ကာရှင်းပြမှ အကြီးအကဲကြီးသိသွားကာ ဝင်ခွင့်ပေးလိုက်သည်။

အကျိုးအကြောင်းအားလုံးရှင်းပြလိုက်သောအခါ အကြီးအကဲကြီးက -

"ဘာမှမပူနဲ့၊အေးအေးဆေးဆေး ဘုရားဖူးနေပါဦး"

ဟု ဆိုသော်လည်း မရ။

"မင်းကသာဘာမှမဖြစ်ဘူးပြောနေတာ ဒီလောက်ဆို အိမ်တွေ၊ယာတွေ၊ နွားတွေသိမ်းသွားလောက်ပြီ၊ မင်းလိုက်ခဲ့"

ဟု ဆို၏။

"ကိစ္စမရှိပါဘူး။ ကျွန်တော်လိုက်လို့မဖြစ်ဘူး။ စိတ်သာချ"

ဟု ဆိုကာ သုံးရက်မနည်းတားထားရသည်။ ထို့နောက် ရွာသို့ပြန်လာခဲ့လေသည်။

ရွာကိုပြန်ခဲ့ရသော်လည်း ရင်ကတထိတ်ထိတ်၊ ဒီလောက်ဆို အိမ်တွေ၊ နွားတွေ၊ လယ်တွေ ရှိပါတော့မလားဟု စိုးရိမ်ပူပန်၍ သဘောအထူးခန်းမှစီးရင်း ဖျာပုံသို့လိုက်ခဲ့ရသည်။ သင်္ဘောဆိပ်အတက်တွင် လယ်သမားကြီးအံ့ဩသွားရပါသည်။ အိပ်မက်များမက်နေသလားဟုပင်ထင်လိုက်ရသည်။ အဘယ့်ကြောင့်ဆိုသော် . . .

တာဝန်ကျေ လယ်သမားကြီးဦး×××အားကြိုဆိုပါ၏ဟူသော စာတန်းကြီးနှင့် ထမ်းစင်ပေါ်တွင် မိမိကိုတင်၍ လိုက်ပါသွားခဲ့ရသည်။ ထို့အပြင် အိုးစည်ဗုံမောင်းတီးဝိုင်းများ၊ လုံခြုံရေးများ၊ ပြည်သူလူထုများက နောက်မှခြံရံလျက် ကြိုဆိုနေသောမြင်ကွင်းက လယ်သမားကြီးကိုအံ့ဩသွားစေပါတော့သည်။ မင်း (အကြီးအကဲ) တို့က တောင်သူလယ်သမားတို့အား ကျေးဇူးဆပ်ပုံနှင့် တောင်သူလယ်သမားတို့ကလည်း အခွင့်အရေး တောင်းဆိုပုံကို ခေတ်စနစ်အရ [illegible] ဆင်ခြင်သုံးသပ်နိုင်စေဖို့ ရေးသားလိုက်ခြင်းသာ ဖြစ်ပါသည်။

သမ္မာ[illegible]ပြည့်ဝကြပါစေ

စိုးလင်းအောင်(မြန်[illegible])

နတ်မောက်မင်းသန့်နိုင်

ပန်းနာရင်ကျပ်အမြစ်ပြတ်စေရန်

ပန်းနာရင်ကျပ်ရောဂါမှာ ပျောက်ခဲသောရောဂါတစ်မျိုးဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ရောဂါထပုံချင်းမတူညီပါ။ အချို့သူများတွင် နွေရာသီကဲ့သို့ ပူပြင်းသောရာသီတွင် ရောဂါထတတ်ပြီး အချို့သူများမှာ ဆောင်းရာသီကဲ့သို့ အေးသောရာသီများတွင် ရောဂါထတတ်ပါသည်။ အချို့သူများမှာ ထူးထူးခြားခြား မိုးရာသီကဲ့သို့ စွတ်စိုထိုင်းမှိုင်းသောရာသီမျိုးတွင် ပန်းနာရင်ကျပ်ရောဂါထတတ်ပါသည်။

မည်သို့ပင်ဖြစ်စေ ယခုတင်ပြမည့် ပန်းနာရင်ကျပ်ရောဂါအတွက်ရှူဆေးနှင့် ဓာတ်စာဆေးနည်းများသည် မည်သည့်အခါရာသီတွင်ဖြစ်သော ပန်းနာရင်ကျပ်ရောဂါကိုမဆို လက်တွေ့သက်သာပျောက်ကင်းအမြစ်ပြတ်စေပြီး မည်သည့်ဘေးထွက်ဆိုးကျိုးမှုလည်းမရှိသဖြင့်တင်ပြအပ်ပါသည်။

ပန်းနာရင်ကျပ်ရောဂါအတွက် ကျွန်ုပ်တို့၏ ရှေးဘိုးဘွားစဉ်ဆက်အသုံးပြုခဲ့သည့် ရှူဆေးနည်းမှာ ငွေကုန်ကြေးကျမရှိဘဲ မည်သည့်ဆေးဆိုင်မှလည်းဝယ်ယူရရှိနိုင်သောပစ္စည်းမျိုးမဟုတ်ပါ။

အညာဒေသနှင့် မြေလတ်ပိုင်းဒေသများတွင် အလေ့ကျပေါ်များစွာ တောထအောင်ပေါက်တတ်သောပင်စိမ်းပင်များကို လူတိုင်းသိပါသည်။ပင်စိမ်းရွက်ကို ငါးပိကြော်၊ ငါးပိချက်တို့နှင့်တို့ မြုပ်ကြော်လှော်စားနိုင်ပြီး အသားဟင်းများတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ်ထည့်သွင်းအသုံးပြုစားသုံးကြပါသည်။

၎င်းပင်စိမ်းပင်များသည် မိုးအခါ၊ ဆောင်းအခါတွင် စိမ်းလန်းစိုပြည်ကြပြီး နွေအခါတွင် တစ်ပင်လုံးခြောက်သွေ့ပြီး အပင်ကျသွားတတ်ပါသည်။ ထိုအချိန်မျိုးတွင် ပင်စိမ်းပင်အခြောက်များကိုနုတ်ယူ၍စုဆောင်းထားရပါမည်။ ၎င်းပင်စိမ်းပင်အခြောက်များသည် ပန်းနာရင်ကျပ်ရှူဆေးအတွက် အဓိကကုန်ကြမ်းပစ္စည်းများပင်ဖြစ်ပါသည်။ ပန်းနာရင်ကျပ်ဖြစ်လာပါက ၎င်းပင်စိမ်းပင်ခြောက်များကို မီးရှို့ပြီးထွက်လာသော အငွေ့များကိုရှူပေးပါ။ (၁၀) မိနစ်ခန့်အတွင်း အသက်ရှူချောင်သွားပြီး လန်းဆန်းပေါ့ပါးသွားပါလိမ့်မည်။မည်သည့်ဘေးထွက်ဆိုးကျိုးမှမရှိပါ။ ယုံကြည်စိတ်ချစွာ လက်တွေ့အသုံးပြုကြည့်ပါ။

ပန်းနာရင်ကျပ်ရောဂါသမားများအတွက် ဓာတ်စာဆေးမှာ အညာဒေသမှထွက်သော ပဲစဉ်းငုံကို နေ့စဉ်နို့ဆီဘူးတစ်လုံးပြုတ်ပြီး အတော်အတန်ကျက်နပ်လာသောအခါ ဆားအပေါ့အငန်သင့်အောင်ထည့်၍ ဆက်ပြုတ်ပြီး ကုန်အောင်စားပေးပါ။ ထိုကဲ့သို့ နေ့စဉ် ပဲစဉ်းငုံနို့ဆီတစ်ဘူးပြုတ်၍ (၃) လမှ (၅) လအထိ ဓာတ်တည့်၍စားပေးပါ။

အထက်ပါအတိုင်း ရှူဆေးနှင့် ဓာတ်စာဆေးကို စိတ်ရှည်စွာ စွဲစွဲမြဲမြဲ သုံးစွဲသွားပါက ပန်းနာရင်ကျပ်ရောဂါ လက်တွေ့အမြစ်ပြတ်ပျောက်ကင်းသွားပါလိမ့်မည်။

လက်တွေ့အသုံးပြုပျောက်ကင်းခဲ့သူများ များလှပြီးဖြစ်၍ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) ၏ 'အကောင်းအတိုင်းရှိစေဖို့' ဆိုသည့် ဆောင်းပါးကို မိမိဖတ်ပြီး ဆရာ့အား ကျေးဇူးတင်ရှိနေပါသည်။

မိမိဖြစ်ရပ်နှင့် တစ်ထပ်တည်းတူနေမိ၍ အသိတရားတစ်ခုကို ရရှိခဲ့ပါသည်။

ဆရာ၏ 'အကောင်းအတိုင်းရှိစေဖို့' စာကိုဖတ်ပြီး မိမိ၏နှလုံးသားမှ ကျလာသောမျက်ရည်များသည် ပါးပြင်ပေါ်သို့တလိမ့်လိမ့်စီးဆင်း၍လာပါတော့သည်။

စာဖတ်သူများ အကြောင်းစုံကိုသိချင်နေမည်မှာ သေချာပါသည်။ မိမိ၏စာကိုဖတ်ခြင်းဖြင့်လည်း ဗဟုသုတတစ်စုံတစ်ခုကိုရရှိလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ကျွန်မအမျိုးသားမှာ ကျောက်ကပ်ဆီးထဲတွင် အနာရောဂါတစ်စုံတစ်ခုခံစားရပြီး သေချာစစ်ဆေးကြည့်လိုက်သောအခါမှာတော့ ကင်ဆာပထမအဆင့်ဖြစ်ကြောင်း သိလိုက်ရပါ၏။

အမျိုးသားက နိုင်ငံခြားမှပြန်လာပြီးမှ မြန်မာပြည်ရောက်ပြီး SSC ဆေးရုံမှ အဖြေရရှိခြင်း ဖြစ်၏။

ကင်ဆာလို့သိလိုက်ရပြီး ကျွန်မတို့နှစ်ယောက် ဘာလုပ်ရမည်နည်း။ ဒါပေမယ့် ဆရာဝန်က ပထမအဆင့်ဆိုတာက ရှင်မယ့်ဘက်ကို ရာခိုင်နှုန်းအားဖြင့် (၈၀%) သည် မိမိဘက်တွင်ရှိပါသည်။

ကျွန်မတို့ဘာလုပ်သင့်လဲ။ ရောဂါကတော့ တွေ့နေပြီလေ။ မိမိကဘာဆိုဘာမှမသိသေးတဲ့အရွယ်ဆိုတော့ ဗေဒင်၊ လက္ခဏာကို အားကိုးခဲ့ပြီး ယတြာချေပါတော့သည်။

တစ်ဖက်ကလည်း ဆေးဝါးလည်းကုပါသည်။ ပိုယုံကြည်တာက ယတြာကိုပိုနေခဲ့တာ မိမိဝန်ခံမိပါသည်။

ယတြာအပြင် နိုးရာနတ်ကိုင်တယ်ထင်ပြီး နတ်ဝင်သည်ပင့်ပြီး တိုင်ကနားပေးရပြန်ပါသည်။

နတ်က အမေဂျမ်းဝင်လာပြီး -

"အသက်ရှင်ချင်လား" တဲ့။

'ရှင်ချင်ပါတယ်၊ ရှင်အောင်လုပ်ပေးပါ'

'အမေဂျမ်းကိုအားကိုးပါတယ်ပေါ့။

နတ်ဝင်နေတဲ့အမေဂျမ်းကလည်း-

'အားကိုးပါ အားကိုးပါ၊ မသေစေရဘူး။ သူပြောတဲ့အတိုင်းလုပ်ပါ'ဟူ၍ အမေဂျမ်းမှ မိန့်၏။

သူပြောတာက သူ့ကိုခွဲစိတ်ခန်းဝင်သွားပါက 'အမေ ကြည့်ရှုစောင့်ရှောက်ပါအမေ' ဟူ၍ဖြစ်ပါသည်။

တကယ်ခွဲစိတ်ခန်းဝင်သောအခါ မိမိက ဘုရားဂုဏ်တော်လည်း ရွတ်ဖတ်ခဲ့ပါတယ်။ နတ်ဝင်သည်ပြောသော အမေဂျမ်းကိုလည်း တခဲ့ပါတယ်။ ဒါတွေဟာ တကယ်တော့ အမှားတွေဆိုတာ နောင်မှသိလာရပါတယ်။

ကိုယ်က ငယ်လို့ယုံကြည်သည်ပဲထားပါ။ အမျိုးသားက မိမိထက် (၁၃) နှစ်လောက်ကြီးပါတယ်။

သူက မိမိထက်တောင် ပိုယုံကြည်နေမိတာက အားနည်းချက်တစ်ခုပါပဲ။

တကယ်တော့ ပြောမယ်ဆိုလျှင် ရောဂါဖြစ်သူအဖို့ ကောက်ရိုးလေးတစ်မျှင်လောက်ပဲဖြစ်ဖြစ် အသက်ရှင်ဖို့အတွက် အားကိုးရာတဲ့သဘောက ပိုများပေလိမ့်မည်။

မိမိအမျိုးသားကို နတ်ကိုစွပြီးလျှင် ဗေဒင်ယတြာကိစ္စတွေကို ဆောင်ရွက်ရပြန်ပါသည်။ ဗေဒင်ဆရာအား အမျိုးသားမှ အားကိုးတကြီးဖြင့်မေးနေသော မျက်နှာကို ယနေ့ထိမြင်ယောင်နေမိပါသည်။

တကယ်တော့ ဘာနဲ့ပဲဖြစ်ဖြစ် ရောဂါပျောက်ရင်ပြီးရောဆိုသည့်သဘောများပင်ဖြစ်၏။ များသောအားဖြင့် လူနာများသည် အားငယ်စိတ်ကြောင့်အားကိုးခြင်းပင်ဖြစ်၏။

ထိုဗေဒင်ဆရာက မိမိတို့အား ယတြာပေးပါသည်။ ဒီယတြာသည် ခန္ဓာဖျက်ကိန်းရှိလျှင် လုပ်နိုင်းတတ်သော ယတြာတစ်မျိုးပင် ဖြစ်ပါသည်။

ဆရာဦးမောင်မောင်သန်း၏ ဆောင်းပါးထဲကအတိုင်းပင် ဖြစ်၏။ နိမိတ်နှင့်ကြည့်လျှင် ပိုဆိုးလာသည်ဟု ဆရာက သူရဲ့ရှုမဂ္ဂဇင်း ဇူလိုင်လ အတွဲ (၁၇)၊ အမှတ် (၇) မှာဆိုထားပါတယ်။

စာထဲမှာ -

'ကြွေနဲ့အနိဋ္ဌပေါင်းစပ်လို့မရပါဘူး။ ဒီလိုပေါင်းစပ်လို့မရနိုင်တာကို သွားပေါင်းစပ်လိုက်ရင် ဖြစ်ပေါ်လာနိုင်တာက ဆိုးကျိုးပါပဲ။ မတူညီတဲ့အားတွေပါပဲ။ ဒီလိုမတူညီတဲ့အားတွေဟာ မဖြစ်သင့်တာတွေချည်းဖြစ်တာပါ။ ဒါကို လွယ်လွယ်ပြောရရင် ဒိုက်တယ်ဆိုတာပါပဲ။ ဒိုက်အောင်လုပ်ရင် ဒိုက်တယ်ဆိုတာပါပဲ။ မတူညီတာတွေပေါင်းစပ်လို့မရပါဘူး။ လူတစ်ယောက်ဟာ ကုသိုလ်ကောင်းမှုတွေချည်းပြုလုပ်ရမည့်နှစ်မျိုး၊ သူ့ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ဂြိုဟ်ကောင်းတွေဝိုင်းရံနေတဲ့နှစ်မျိုး၊ သူ့မိသားစုနဲ့ခွဲခွာရခြင်းကံမရှိတဲ့နှစ်မျိုးတွေမှာ ဒီလိုသဂြိုဟ်ပလိုက်တာမျိုးမလုပ်သင့်ပါဘူး'

ဒါက ဆရာဦးမောင်မောင်သန်း၏ ဆောင်းပါးထဲပါတာပါ။

ခုမှပဲ ဒီအကြောင်းတွေကို မိမိဖတ်လိုက်ရတာပါ။ မိမိကို ယတြာပေးသော ဗေဒင်ဆရာမှာ ထိုအတိုင်းပင်ပေးခဲ့ပါသည်။ ဒီယတြာကတော့ သစ်သားအသေးစားကို အခေါင်းပြုလုပ်၊ နောက်တော့ သံရိုက်၊ နောက်မတ်စေ့တစ်စေ့ကို အကောင်းလိုက်ရှာပြီး အခေါင်းထဲထည့်ရပါတယ်။ နောက်ပြီး အဲဒီအခေါင်းထဲမှာ အမျိုးသားရဲ့နာမည်ရေး ပြီးတော့ ခေါင်းက ဆံပင်တွေညှပ်ထည့်ရပြန်ပါတယ်။ နောက် လက်သည်းညှပ်၊ ခြေသည်းညှပ်၊ အသွေးအသားတွေ၊အင်္ကျီမှာစွန်းအောင်လုပ်၊ နောက်ပြီးတော့ ဒါတွေအားလုံးကို အခေါင်းသေးထဲထည့်ကာ မြေမြှုပ်ရပါတယ်။

နောက်ကလည်း ငိုတဲ့သူကငိုပေါ့။ (ငိုတဲ့သူကလည်း ဘာနေ့သားငိုရမယ်ဆိုလို့ ပိုက်ဆံပေးပြီး ငိုခိုင်းရပါတယ်။) ဗျောစည်လေးက သေးသေးလေးထုပြီး တကယ့်အခမ်းအနားအသုဘနဲ့တူအောင် လုပ်ရပါသည် တစ်ပတ်ပြည့်ဆွမ်းသွတ် ကောင်ပါလိုက်ပါသေးသည်။ ဒါပေမယ့်လည်း နောက်ဆုံး သေဆုံးသွားရတာပါပဲ။ ယနေ့အထိ အဲဒီယတြာချေလို့ ရှင်တဲ့လူရယ်လို့ တစ်ယောက်မှ မတွေ့ရသေးတာကတော့ ထူးဆန်းနေပါသည်။ ဘာကြောင့်လဲဆိုတော့ ယနေ့ထိ လူနာတွေကို ဒီယတြာတွေပဲဗေဒင်ဆရာတချို့ကပေးနေတုန်းပါ။ လူနာရှင်တွေကလည်း ဒီယတြာကို အကြိုက်တွေ့ကြပါသည်။

ဒီတုန်းက မိမိလည်း အမျိုးသားကို အရမ်းပျောက်စေချင်လို့ ဒီယတြာကို အားကိုးတကြီးလုပ်ခဲ့ပါသည်။ လူနာရှင်တွေဟာ မိမိတို့လိုနေမှာပဲလို့ တစ်ခါတစ်ရံတွေးကြည့်ရင်း ကိုယ်ချင်းစာမိပါသည်။

အဲဒီတုန်းက အမျိုးသားက မိမိနှင့် သူ့ရင်သွေးလေးတွေအတွက် သင်္ဘောထွက်ဦးမယ်၊ မြန်မြန်ထွက်ချင်ကြောင်းကို မိသားစုလိုခင်သည့် သင်္ဘောကုမ္ပဏီရုံးခန်းသို့သွားပြောရတာ အမေပါပဲ။

သင်္ဘောထွက်ရပါက သူ့ရောဂါကို နိုင်ငံခြားမှာကုမယ်ဆိုသည့်ရည်ရွယ်ချက်တွေနဲ့အတူ ကုရင်းသေဆုံးသွားပါကလည်း လျော်ကြေးငွေ၊ အသက်အာမခံကြေးငွေရမည်ဟူသော ရည်ရွယ်ချက်တွေ၊ အတွေးတွေနှင့် မိမိတို့သားအမိအပေါ်တွင် စေတနာတစ်လုံးတစ်ခဲကြီးထားခဲ့သူလည်းဖြစ်ပါသည်။

ရောဂါဖြစ်လို့သာ မိမိတို့လျှောက်လုပ်နေတာပါ။ ဆေးရုံကဆရာဝန်ကြီးက ဘာမှမကြောက်ဖို့ သူတို့နှင့်သာတိုင်တိုင်ပင်ပင် ဖြစ်လာတဲ့အခြေအနေတိုင်း ဆွေးနွေးကြဖို့ အမြဲတမ်းမှာပါသည်။ သတိလည်းအမြဲပေးပါသည်။

အလကားတွက်ပေးသည့် ဗေဒင်ဆရာမှအမျိုးသား၏လက္ခဏာကိုကြည့်ပြီး လူသက်တမ်းစေ့နေရမည်ဖြစ်ကြောင်း၊ အနည်းဆုံး (၇၅) နှစ်နေရမည်ဖြစ်ကြောင်း၊ ဂုတ်နှင့်ရိုက်သတ်တောင် မသေနိုင်ဘူးဟူ၍ ဟောခဲ့ပါသေးသည်။

သူလိုပင် ဗေဒင်ဆရာနှစ်ယောက်သုံးယောက်က ဟောခဲ့ပါသေးသည်။ သို့သော် သူတို့က တစ်ဆက်တည်း တရားထိုင်ခြင်းအလုပ်ကိုသာလုပ်ဖို့ အမြဲတမ်းတိုက်တွန်းသော ဗေဒင်ဆရာတွေလည်း ဘဝတွင်တွေ့ရပါသည်။

သို့သော် ထိုအချိန်က တရားနာခြင်း ဝိပဿနာအလုပ်ထက် ယတြာပိုင်းကို ဦးစားပေးလုပ်ခဲ့မိသည်မှာ မိမိဝန်ခံပါသည်။

နောက်ဆုံး မိမိသည် ဗေဒင်ဆရာများကို တစ်ယောက်ပြီးတစ်ယောက် ကောင်းနိုးရာရာကိုမေးမြန်းရင်းနှင့် နောက်ဆုံး သေဆုံးမည့်ယတြာကို ချေမိပါတော့သည်။

ယတြာဆရာပေးတာက ဖယောင်းတိုင် (၄) တိုင်ပါ။ အဲဒီဖယောင်းတိုင်မှာ လူနာ၏ ခုနှစ်၊ သက္ကရာဇ်တွေ၊ နာမည်တွေရေးပြီးထားပါသည်။ ပြီးသော် ငွေရောင်အင်းပြားက ဖယောင်းတိုင်မှာ အပ်ချည်များနှင့်ပတ်ပြီးထားသည်ကိုတွေ့ရပါသည်။

ဖယောင်းတိုင်ကို ယတြာဆရာက အိမ်ဘုရားမှာမထွန်းဖို့ သေချာစွာမပြောလိုက်ပါ။ ထို့ကြောင့် အိမ်ဘုရားမှာ မိမိကထွန်းကာ ပူဇော်လိုက်ပါ၏။

ထိုအမှားအပြင် ဖယောင်းတိုင်မှာ ကပ်ထားသော အင်းပြားငွေရောင်ကို ဖြေပြီး အောက်ခံအဖြစ်ထွန်းခိုင်းတာ သေချာမပြောလိုက်၍ ပတ်လျက်သားပဲ ဖယောင်းတိုင်ကို မီးညှိကာ ပူဇော်လိုက်မိ၏။

ပူဇော်ပြီး မကြာလိုက်ပါ။ ညဉ့်ဦးပိုင်းရောက်သောအခါတွင် ဖြားကပ်နေသောဗိုက်မှာ ချက်ချင်းကြီးဖောင်းလာပါသည်။ လူကလည်း အင့်တစ်တစ်ကြီးဖြစ်လာသည်ဟုပြောပါသည်။

သင်္ဘောတောင်ထွက်မည်ဟုထင်ထားသော မိမိအမျိုးသားမှာ နောက်တစ်ပတ်အကြာတွင် SSC ဆေးရုံတင်လိုက်ရပါသည်။ ဆရာဝန်က အံ့ဩအကြည့်တွေနှင့် ရင်ဆိုင်တွေ့လိုက်ပြီး ဒီလူနာ ချက်ချင်းကြီးပဲဟူ၍ တွေတွေကြီးကြည့်ကာစဉ်းစားနေတာကိုတွေ့ရပါသည်။ နောက်ဆုံးတွင် လောကကြီးကို ယတြာချေခြင်းဖြင့် လက်မြောက်အရှုံးပေးသွားရပါတော့သည်။

နောက်ဆုံးယတြာချေကာမှ ခုလိုဖြစ်ရတာဆိုပြီး တတ်ကျွမ်းသောဆရာများကိုမေးကြည့်မှ ပူလောင်နေသည့် အရာများနှင့် လူနာ၏ဂြိုဟ်ကောင်းတွေဝန်းရံနေတာကို အပူတိုက်မိတာဟုပြောပါသည်။ အင်းဆိုတာ ဘယ်တော့မှ ဖယောင်းတိုင်မှာပတ်ပြီး မီးမရှို့ကောင်းဘူး။ အင်းခိုက်တတ်တယ်ဟုလည်းပြောပြပါသည်။

ဒါတွေ ခုမှ မိမိနားလည်သဘောပေါက်တော့၏။ မိမိလိုပင် နားမလည်သောလူနာများသည် ကမ္ဘာမြေပေါ်တွင် ဘယ်လောက်များများရှိနေမည်မသိပေ။ မိမိ၏စာကိုဖတ်ခြင်းအားဖြင့် ဆရာမှားသားသေမဖြစ်ရအောင် ဆရာကောင်းသမားကောင်းများကို သေချာရှာဖွေပါ။ ယတြာကောင်း မင်းလောင်း ဆိုတာကလည်း မိမိတို့ပယ်ဖျောက်ထားလို့မရတဲ့ ရှေးဆရာသမားတို့၏ အဆိုအမိန့်တစ်ရပ်ပါ။ လူနာရှင်တို့သည် တကယ်ဖြစ်လာလျှင် အထူးဂရုစိုက်ပြီး ပေးသော ယတြာများကို ကိုယ့်အသိတရားနှင့် ကိုယ်သုံးသပ်ပြီး ချေသင့်မချေသင့်ကို သေသေချာချာ စဉ်းစားသင့်ပါကြောင်းကို မတူညီတာတွေကို ပေါင်းစပ်မိ၍ လူနာမှာ အသက်တစ်ချောင်းကိုမဖြစ်သင့်ဘဲဆုံးရှုံးရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

မနှင်းပွင့် (ပြည်)



မနှင်းပွင့် (ပြည်)

မတူညီတာတွေကို ပေါင်းစပ်မိ၍ ဒိုက်သွားသူ

▪ ဘောလုံးကြီးရွာ

ဘောလုံးကြီးရွာဟူသောအမည်သည် နာမည်တူရှားသောရွာမျိုးဖြစ်သော်လည်း နာမည်တူရှိပါသည်။ ထိုသည်မှာ ဘောလုံးလေးရွာဖြစ်ပါသည်။ ထိုရွာနှစ်ရွာကို ဘောလုံးကြီး၊ ဘောလုံးလေးဟု တွဲစပ်၍ခေါ်ကြပါသည်။ မည်သည့်အဓိပ္ပာယ်နှင့် မှည့်ခေါ်ထားသည်ကို မသိပါ။ မြန်မာနိုင်ငံ၌ ကျေးရွာပေါင်းခြောက်သောင်းကျော်ရှိပါသော်လည်း ဘောလုံးကြီးရွာဟူသောအမည်တူရှိမည်မထင်ပါ။

ယခု ကျွန်ုပ်နေထိုင်ရာသည် နေပြည်တော်ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ဖြစ်သော်လည်း ထိုရပ်ကွက်သည်ရှေးအခါက ပြန်ကပြေးရွာဖြစ်ခဲ့ပါသည်။ ပြန်ကပြေးဟူသောရွာအမည်သည်လည်း နာမည်တူအလွန်ရှားသော မရှိနိုင်သောရွာမျိုး ဖြစ်သည်။ သို့သော် ပြန်ကပြေးအနောက်ဘက်၌ ပြန်ကပြေးလေးဟူသောရွာငယ်သည် တွဲစပ်လျက်ရှိခဲ့ဖူးလေ၏။ သို့သော် ထိုပြန်ကပြေးလေးသည် လိုက်ချောင်းစားကာ ပျောက်ကွယ်သွားခဲ့ရလေ၏။ ပြန်ကပြေးကြီးလည်း နေပြည်တော်ကြီးတည်ပြီးသောအခါ ရပ်ကွက်အဆင့်တိုးမြှင့်၍ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

နာမည်တူအလွန်ပေါသောရွာတို့မှာ သပြေကုန်း၊ သာယာကုန်း၊ လက်ပံကုန်း စသောရွာများ ဖြစ်သည်။ ကျွန်ုပ်တို့ ငယ်စဉ်က သပြေကုန်းများပေါ၍ အနောက်သပြေကုန်း၊ မြောက်သပြေကုန်း၊ ကိုးရွာသပြေကုန်း စသည်ဖြင့် အမည်နာမကွဲအောင် နာမဝိသေသလေးများဖြစ်သော အနောက်၊ မြောက်၊ ကို ရွာများတည့်၍ ခေါ်ကြရ၏။

ဘောလုံးကြီးရွာသည် ရွာကြီးဖြစ်ကာ ရွာတစ်ခြမ်း၌ ပလောင်တိုင်းရင်းသားတို့နေ၏။ ရွာတစ်ခြမ်း၌ ဂေါ်ရခါးခေါ် နီပေါလူမျိုးများ နေထိုင်ကြပါသည်။ လူမျိုးမတူသော်လည်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ကြပါသည်။ အနေနီးသဖြင့် အိမ်ထောင်ရေးရောထွေးစရာအကြောင်းရှိသော်လည်း စည်းစောင့်ကြသဖြင့် ဂေါ်ရခါးနှင့် ပလောင် တစ်ကြိမ်သာ အိမ်ထောင်ကျဖူးပါသည်။ လှပသော ဂေါ်ရခါးမလေးအား လှပသော ပလောင်လေးက ခိုးပြေးခြင်း ဖြစ်သည်။ သူတို့မှမွေးသောကလေးတို့မှာမူ အစပ်အဟပ်မှန်၍ဖြစ်ပေမည် လှလိုက်သည်မှာ ပြောစရာမရှိပေ။

မန္တလေးမှ သပိတ်ကျင်းမှ မိုးကုတ်သို့လာသော် ပတ္တမြားမြေအဝင်ဝ ပတ္တမြားမြေမှ ကြိုဆိုပါ၏ဟူသော အဝင်မုခ်ဦးကြီးအလွန်၌ ကျောက်ဖား ဟူသောရွာလေးရှိပါသည်။ ရှေးက ဇရပ်တစ်ခုသာရှိပါသည်။ ထိုဇရပ်စခန်းမှ တက်လာသောကားတို့အား ရပ်တန့်တန်းစီစေကာ မှတ်ပုံတင်စစ်ဆေးခြင်း၊ ဘိန်းဖြူရှာခြင်းများ ပြုလုပ်လေ့ရှိ၏။

ထိုဇရပ်အလွန်တွင် ကားလမ်းမကြီးမှ အနောက်ဘက်သို့ ခွဲထွက်သွားသောလမ်းရှိ၏။ ထိုလမ်းသည် ပေ (၂၀) လောက်အရောက်တွင် ထွက်ရပ်ပေါက် ရာကျော်ဆရာတော် ဦးကိတ္တိ တည်သွားသော ဖားသဏ္ဌာန်ကျောက်တုံးကြီးပေါ် စေတီတည်သွားသဖြင့် ကျောက်ဖားဘုရားဟုအမည်တွင်သောကျောက်ဖားကြီးရှိ၏။ ထိုကျောက်ဖားကြီးအလွန်တွင် လမ်းသုံးခုကွဲထွက်သွားပါသည်။ ရှေးက ကျောက်လမ်း ယခုခေတ် ကတ္တရာလမ်းများဖြစ်သည်။

တောင်ဘက်ဆုံးလမ်းသည်ကား ကျောက်ပြဿဒ်၊ ကျောက်ဖျာလမ်း၊ အလယ်လမ်းသည် ဆင်ခွာရွာလမ်း၊ မြောက်ဘက်သို့ သွားရာလမ်းသည် ဘောလုံးကြီး၊ ဘောလုံးလေးလမ်းဖြစ်သည်။ ဘောလုံးလေးရွာသည် ကျောက်ဖားနှင့် သိပ်မဝေးလှပါ။ ကျပ်ပြင်သွားရာလမ်းမှလှမ်းမြင်နေရ၏။ ဘောလုံးကြီးရွာမှာမူ ပင့်ကူတောင်၏ အနောက်တည့်တည့်လောက်တွင် တည်ရှိကာ ချိုင့်ဝှမ်းအနည်းငယ်ကျခြင်း၊ တောင်ကွယ်ခြင်းကြောင့် မမြင်ရပေ။ သွားမှဘွားခနဲတွေ့သောရွာမျိုးဖြစ်သည်။

ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ စသောရွာများသည် တောင်စောင်း၌ ခက်ခဲစွာတည်ထားသောရွာများဖြစ်သော်လည်း ဘောလုံးကြီးရွာမှာမူ ပြန့်တွင်ကျယ်ပြန့်စွာ တည်ရှိပါသည်။ သူ၏ဘေးဘယ်ညာ၌ ကျယ်ပြန့်သောပြန့်များရှိသဖြင့် ထိုပြန့်တို့သည် သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော အနဂ္ဃရတနာများဖြစ်ကြပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုပြန့်တို့၌ ဖောက်တွင်းများလုပ်ကာ ရတနာရှာ၍ အသက်မွေးကြသောကြောင့် ဖြစ်ပေ၏။ ဂေါ်ရခါးအများစုမှာမူ မုန်ညင်းမျိုးစုံစိုက်ခြင်း၊ ဂျုံ၊ အားလူးစသည်စိုက်ခြင်း၊ နို့စားနွားများမွေးမြူခြင်း၊ ကျောက်ရောင်းကျောက်ဝယ်လုပ်ခြင်းစသည်ဖြင့် အသက်မွေးမှုလေ့ရှိကြပြီး အနည်းစုသာ မသေချာမရေရာသော ကျောက်တွင်းလုပ်ငန်းကို လုပ်လေ့ရှိကြပါသည်။

■ ဘောလုံးကြီးမလေ့

ကျွန်ုပ်တို့မိုးကုတ်အနောက်ပိုင်းမှ အနောက်ခြမ်းအုပ်စု၌ ပလောင်ရွာများ သီးခြားတည်ရှိရာ ဘောလုံးကြီး၊ ဘောလုံးလေး၊ ဆင်ခွာ၊ ရေအေး၊ ကျောက်ကြမ်းကြီးရွာတို့သည် ပလောင်ရွာများဖြစ်ကြပါသည်။

သူတို့၏ရိုးရာဂီတမှာ ပလောင်စည်ဖြစ်ရာ ရွာတိုင်း၌ ပလောင်စည်ရှိကြသည်။ ပလောင်စည်ဖို၊ မကိုတီး၍ ပလောင်က ကကြ၏။ စည်တီးပြိုင်ပွဲကျင်းပကြ၏။ ဂိုဏ်းပေါင်းစုံသံဃာညီညွတ်ရေးစည်းဝေးပွဲမလုပ်မီက ပလောင်ယွန်းဂိုဏ်းသံဃာစုံကန်တော့ပွဲကို ဝါတော်အကြီးဆုံးဘုန်းတော်ကြီးရှိရာ ဘောလုံးကြီးကျောင်း၌ ဝါကျွတ်ပြီးသည်နှင့် သီတင်းကျွတ်လထဲ၌ သံဃာစုံကန်တော့ပွဲကို အကြီးအကျယ်ကျင်းပလေ့ရှိရာ မိုးကုတ်တစ်နယ်လုံးရှိ ပလောင်ရွာများမှ ပလောင်ဘုန်းတော်ကြီးများ စုံစုံလင်လင် ကြွရောက်လေ့ရှိကာ ပလောင်ရွာများမှ ပလောင်ဘုန်းတော်ကြီးများ စုံစုံလင်လင် ကြွရောက်လေ့ရှိကာ ပလောင်ရွာမှလည်း အင်တိုက်အားတိုက်လာရောက်နွှဲပျော်လေ့ရှိသည်။ ထို့ကြောင့် ဘောလုံးကြီးကျောင်းဝင်း၌ လူအုပ်ကြီးနှင့်စည်ကားနေလေ့ရှိကာ ပလောင်စည်သံတို့ဖြင့် ဟိန်းထွက်နေလေ၏။ ကျွေးကြမွေးကြစားကြသောက်ကြနှင့် တပျော်တပါးရှိကြပါသည်။

ထိုယွန်းဂိုဏ်းသံဃာစုံပွဲတော်၌ တစ်မြို့နယ်လုံးရှိ ပလောင်ရပ်ကွက်များ၊ ပလောင်ရွာများမှ လာရောက်ဆင်နွှဲလေ့ရှိရာ မြို့ပြပလောင်များနှင့် ကျေးလက်ပလောင်တို့၏အလှအပများကို စုံစုံလင်လင်မြင်တွေ့နိုင်သကဲ့သို့ ပလောင်တို့၏ ကွဲပြားခြားနားသော ရိုးရာဝတ်စုံတို့ကိုလည်း ရင်သပ်ရှုမောဖွယ်တွေ့မြင်နိုင်ကြပါသည်။ ရွှေပလောင်ငွေပလောင်ဟူ၍ရှိရာ ဝတ်စုံတို့မတူညီကြပါ။ ကြိမ်ကွင်းစွပ်သောပလောင်တို့အား ကျွန်ုပ်တို့က ကြိမ်ပလောင်ဟူ၍ ခေါ်ကြပါသည်။

ထိုပွဲဝတ်သောဝတ်စုံတို့၏တန်ဖိုးမှာ အဆန်းတကြယ်လှပစွာ မှုပြင်ဖန်တီးရသဖြင့် အလွန်ပင်တန်ဖိုးကြီးမားပါသည်။ သို့ကြောင့် ယခုကဲ့သို့ ပွဲရှိမှသာ အမြတ်တနိုးထုတ်၍ ဝတ်ဆင်ခြင်းဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ အလှချင်းပြိုင်သကဲ့သို့ရှိနေချေသည်။ အလှဆုံးကား ကျပ်ပြင် ပန်းမရပ်ကွက်မှ ပလောင်ဖျိုဖြူတို့ဖြစ်ကြသည်။ မျိုးရိုးလှခြင်း၊ မြို့ပြဆန်ခြင်း၊ ခေတ်မီခြင်း၊ ငွေကြေးတတ်နိုင်ခြင်း၊ အသားအရောင်းမွတ်ဖြူဖွေးခြင်းတို့သည် အများကြား၌ လွန်စွာတင့်တယ်ပေါ်လွင်လှပါသည်။ အလှတွင် ကျပ်ပြင်ပန်းမပလောင်နှင့်ဆင်ခွာ ပလောင်တို့သည် နာမည်ကြီးလှပါသည်။

ဘောလုံးကြီးပလောင်တို့မှာ အများအားဖြင့် အသားနည်းနည်းညိုကာ အရပ်အမောင်းကောင်းပြီး ရှက်ကြမ်းရေကျို ရုပ်ရည်တို့ရှိကြ၏။ မိန်းကလေးအများစုမှာလည်း ညိုညိုမောင်းမောင်းနှင့် သင့်တင့်သောရုပ်ရည်များလည်းရှိကြကာ စကားပြောရာတွင် ပွင့်လင်းမှုရှိပြီး ခင်မင်တတ်ကြပါသည်။

ဘောလုံးကြီးတွင် မလေ့တစ်ခုရှိ၏။ ထိုသည်မှာ မိန်းကလေးများသည် ယောကျ်ားတို့နှင့်တန်းတူ မျှောတွင်း ဖောက်တွင်းဆင်းကြခြင်း ဖြစ်ပေ၏။ မိန်းကလေးဟူ၍ ကန့်ကလျမဟုတ်ကြပါ။ ယောကျ်ားများနှင့်တန်းတူရည်တူ လုပ်ကိုင်နိုင်သော အားကောင်းမောင်းသန်မိန်းကလေးများသာဖြစ်သည်။ အချို့မိန်းမများ မည်မျှတော်သနည်းဆိုသော် ခက်ခဲသောဖောက်တွင်း၌ တွင်းဆရာ လုပ်နိုင်သောမိန်းမများပင်ရှိရာ ဘောလုံးကြီးရွာမှ ပလောင်မများအား မည်သူကမျှအထင်သေးရဲခြင်းမရှိပါ။ အစဉ်သဖြင့် တွေ့နေရ၍ဖြစ်သည်။ ထို့ကြောင့် ဘောလုံးကြီးရွာ၌ ယောကျ်ားနှင့်မိန်းမ တန်းတူပေါင်းဖက်လုပ်ကိုင်စားကြသည်မှာ အဆန်းမဟုတ်ပါ။

သို့သော် သံဃာစုံပွဲတော်၌မူ ထိုသို့ ကြမ်းကြမ်းတမ်းတမ်းလုပ်ကိုင်နေသော ဖျိုဖြူတို့သည် ကြမ်းတမ်းသည်ဟု ထင်စရာမရှိအောင်ပင် ကန့်ကလျလှပ၍နေပြန်ပါသည်။

ပလောင်ပွဲတော်ဟုခေါ်ငြားသော်လည်း ပလောင်ချည်းပျော်သည်မဟုတ်ပါ။ ရွာနီးချုပ်စပ်မှ ကျွန်ုပ်အပါအဝင် လူမျိုးပေါင်းစုံ ပါဝင်ဆင်နွှဲကြပါသည်။ နေ့တွင် ရပ်ကွက်များ၊ ရွာများမှ ပလောင်ဖျိုဖြူတို့၏ အကအလှကို ခံစားခွင့်ရကြသလို ညတွင်လည်း မော်ကွန်းခေါ် ရှမ်းကဗျာအလွတ်ရွတ်ဆိုပွဲ၊ စည်ထုပြိုင်ပွဲများ ကျင်းပကြပါသည်။

ပလောင်စည်ထုပြိုင်ပွဲမှာ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ စည်သည် စည်ဖို၊ စည်မဟူ၍ရှိရာ နှစ်လုံးတစ်ပြိုင်နက်ထုခြင်းဖြစ်ပြီး ပြိုင်ဘက်စည်နှစ်လုံးနှင့် မျက်နှာချင်းဆိုင်၍ ဝိုင်းကြီးပတ်ပတ်လှည့်ကာ မောင်းချက်အတိုင်းတစ်လှည့်စီထုနေကြခြင်း ဖြစ်သည်။

စည်ထုသည်မှာ လက်သီးလက်ဝါးဖြင့် ထု၍မရပါ။ လက်ဖျံဖြင့် စည်မျက်နှာပြင်အား အားကုန်လွှဲရိုက်ခြင်းဖြစ်သည်။ ပလောင်စည်ရိုက်သံတဒိုင်းဒိုင်းသည် ညယံတိတ်ဆိတ်ပါက ဆယ်မိုင်အကွာအဝေးမှပင်လျှင် ကြားရပါသည်။ သီတင်းကျွတ်ကာလ၌ ပလောင်ပွဲများကျင်းပကြသဖြင့် ကျွန်ုပ်တို့ကျောက်ဖျာရွာ၏ တောင်ဘက်ဆယ်မိုင်ခန့်ကွာဝေးသော နောင်ဟွယ်ရွာမှ စည်ထုသံတဒိုင်းဒိုင်းကို နှစ်စဉ်ကြားရလေ့ရှိပါသည်။

မူးမူးနှင့် စည်ပြိုင်ပွဲ၌ အားကျမခံ စည်ထုကြသော လူငယ်တို့သည် နောက်နေ့၌ လက်ဖျံတစ်ခုလုံးရောင်ကိုင်းနေသည်ကို မြင်တွေ့ကြရလေ၏။ သူနိုင်ကိုယ်နိုင်အပြိုင်ကြချိန်နှင့် နာမှန်းလည်း လုံးဝမသိကြပေ။ အံ့ဩဖွယ်ကောင်းသောအချက်မှာ ရှုံးသောစည်၏အသံကို နိုင်သောစည်မှ စုပ်ယူသွားသဖြင့် ရှုံးသောစည်မှာ အသံသိပ်မပြည်တော့ခြင်းဖြစ်ကာ အရှုံးပေးရခြင်းဖြစ်ပေ၏။ နှစ်ဖွဲ့တစ်ဆိုင်းပြိုင်ရာမှ နိုင်သောစည်အချင်းချင်းအဆင့်ဆင့်ပြိုင်ခြင်းဖြစ်ရာ စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။

ထိုသို့သော စိတ်ဝင်စားဖွယ်ကောင်းသောအကြောင်းအရာတို့ကြောင့်ထင်၏။ ဘောလုံးကြီးရွာသည် မိုးကုတ်မြို့နယ်၌ လူသိများသောရွာတစ်ရွာဖြစ်ပေ၏။ (ယခုခေတ်တွင် သံဃာစုံပွဲမရှိတော့ပါ။)

■ ပြကျောက်များ

ပတ္တမြားမြေ၌နေ၍ ပတ္တမြားနှင့်ဆက်နွှယ်သူမှန်သမျှ ပြကျောက်ဟူသောသဘောကိုကြားဖူးကြသည်သာများပါသည်။ အများအားဖြင့် ကြုံရသူတို့မှာ ကျောက်မျက်တူးဖော်သူတွင်းသမားများသာ ဖြစ်ကြပါသည်။

ကျောက်တွင်းလုပ်သူများ ကနဲဆေး၍ ကျောက်ရှာသူမိန်းမများသည် မျက်စိအာရုံတစ်ခုတည်းသာထားကြပါသည်။ ထိုသည်မှာ မိမိတို့ရလိုသော၊ မိမိတို့တပ်မက်သော၊ မိမိတို့၏အဓိကရှာဖွေနေသော၊ မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သော၊ မိမိတို့၏စားဝတ်နေရေးကို ဖြေရှင်းပေးနိုင်သော ပတ္တမြားကျောက်သာ ဖြစ်သည်။ ပတ္တမြားတည်းဟူသောအာရုံသည် သူတို့၌တစိုက်မတ်မတ်တည်ရှိနေပါသည်။

ပတ္တမြားအနီတို့သည် အနီရောင်ဖြစ်သကဲ့သို့ ပတ္တမြားအပြာဖြစ်သော နီလာတို့ကလည်း အပြာရောင်စုံဖြစ်ရာ မရေတဝေါဝေါဖြင့်လုပ်ကြရသောအခါ ကျောက်ဖြုန်းတို့နှင့်ရောလျက် နီခနဲပြာခနဲမြင်တတ်ကြသည်။ ထိုလျှပ်တစ်ပြက်မြင်လိုက်ကြရသော ကျောက်တို့အား ကွင်းဆေးသောအခါ အောက်ကျောက်များအဖြစ် များစွာ ပြန်လည်မြင်တွေ့ရလေ့ရှိသည်။ ယုတ်စွအဆုံး အလွန်သေးငယ်သော ကျောက်မှုန်ကျောက်မွှားလေးများကိုပင် မြင်တွေ့ရလေ့ရှိ၏။ ထိုသည်မှာလည်း မြင်အောင်ပြသော ပြကျောက်သဘော ဖြစ်၏။

အာရုံတစ်ခုတည်း၊ တစ်သမတ်တည်းထားသော မျက်စိအာရုံကြောင့်သာ ထိုသို့မြင်ရခြင်းဖြစ်သည်။ တွင်းသမားတို့ဟူသည် ထိုသို့ကျောက်ဖြစ်ရုံမျှသော ကျောက်တို့အား ကောက်ခွင့်ကြုံပါသော်လည်း ကောက်လေ့မရှိကြပါ။ တွင်းဆေးပြီး သဲဖတ်များရွေးသောအခါကျမှ အမှုန်အမွှားအထိကောက်ယူကာ ကျောက်ပေါက်ထဲသို့ထည့်ကြပါသည်။ ထိုကျောက်တို့အား အမြီးဟုခေါ်ကြ၏။ အစီးဟူသည် တစ်မုံဆေးသော ကျောက်ဗန်း၌ အလှဆုံးအကောင်းဆုံးဖြစ်သည်။ ထိုကျောက်ကို ဈေးခေါ်ကာ ရောင်းခြင်းဖြင့် နောက်လိုက်ကျောက်များပါပေးလိုက်ရခြင်း ဖြစ်သည်။

ကျောက်ကြီးကျောက်ကောင်းတို့ ရမည်မှန်ပါက ကျောက်ကြီးရမည့်သူတို့သည် အတိတ်နိမိတ်တစ်ခုခုကြုံတင်ရတတ်ကြပါသည်။ ပတ္တမြား၌တန်ခိုးရှိပါသည်။ ထိုတန်ခိုးရှိသောပတ္တမြားသည် ထိုက်သူထံသို့သွားစမြဲဖြစ်ရာ ပတ္တမြားထိုက်မှပတ္တမြားရကြပါသည်။ ပတ္တမြားမထိုက်ပါက မိမိရရှိသောပတ္တမြားအား မျက်စိမှောက်ကာ ပဲလှော်ရောင်းသကဲ့သို့ ကုန်သည်ထံရောင်းလိုက်ကြလေ၏။ ထိုအခါ ထိုက်သူမှာ ကျောက်ကုန်သည်သာဖြစ်သည်။ ထိုသို့သောအဖြစ်တို့သည် ကျောက်တူးသမားလောက၌ အများအပြားရှိရာ ပြသာပြ၍ ငွေမရသောပြကျောက်များသာဖြစ်ကြပါသည်။

ပြကျောက်တို့၌ မ,တတ်သောပြကျောက်ရှိသကဲ့သို့ ချတတ်သောပြကျောက်များလည်းရှိသည်။ ပြကျောက်တို့သည် လူတို့၏ကံအစွမ်းပေါ်၌မူတည်ကာ ကောင်းကျိုးပေးခြင်း၊ ဆိုးကျိုးပေးခြင်းတို့ဖြင့် မာယာပရိယာယ်ကြွယ်ဝသည်ဟု ဆိုနိုင်ကောင်းပါသည်။ ကျောက်စစ်ကျောက်ကောင်းတို့၌ သိဒ္ဓိရှိပါသည်။ ထိုသိဒ္ဓိကို လူတို့မသိနားမလည်ကြခြင်းသာဖြစ်ပါသည်။ ကျောက်တူးသူတို့အနေနှင့်လည်း ကျောက်ရပါက ဝမ်းရေးအတွက် ရောင်းစားရန်သာ အဓိကထားပါသည်။ သိဒ္ဓိမဟိဒ္ဓိအတွက်ဆောင်ရန်ဟူ၍ လုံးဝမရှိကြ။ အဆင်တန်ဆာအဖြစ်သာ ဝတ်ဆင်ကြလေ့ရှိသည်။

ပြကျောက်၌ ပြသာပြ၍မရသည်တို့လည်းရှိ၏။ ရသာရခဲ့သည်၊ မပြသည်တို့လည်းရှိ၏။ အချို့ ပြလည်းပြ၊ ရလည်းရသည်တို့လည်းရှိ၏။ အချို့ကံနည်းသူတို့မှာမူ ပြလည်းမပြ၊ ရလည်းမရသူတို့လည်းရှိကြပါသည်။ ကျောက်ကြီးကျောက်ကောင်းအား ရဖို့မဆိုထားဘိ လျှပ်တစ်ပြက်မြင်ရသော ပြကျောက်ကိုသော်မျှမမြင်ဘူးသူတို့ ရှိခဲ့ကြပါသည်။ သူများရခဲ့သော်လည်း ပြသည့်ထုံးစံမရှိပေ။

သို့သော် ဆန်းကြယ်စွာ ပြကျောက်မြင်မှုများ ခေါ်လျက် ထိုပြကျောက်တို့မှပင် ထိုသူအား ပြန်၍ဒုက္ခပေးသွားသည်လည်းရှိသည်။ တစ်ခါက ဘောလုံးကြီးရွာ၌ ထိုအဖြစ်မျိုးကြုံခဲ့ရပါသည်။ ကြာပေါ့ ကြာခဲ့ပြီ ဖြစ်သည်။

■ တွင်းယောင်ချိန်

မိုးကုတ်သည် သင်္ကြန်ကာလပြီးသည်နှင့် မိုးဦးကျတတ်ပေ၏။ မြန်မာနိုင်ငံအနှံ့ ဘယ်မှာရွာရွာမရွာရွာ မိုးကုတ်တွင်ကွက်၍ရွာသောထုံးစံရှိသည်။ ထိုမိုးကို တွင်းလုပ်သူတို့ လွန်စွာကြောက်ကြပါသည်။ ထိုမိုးရိုက်လိုက်သည်နှင့် မြေတို့နူးကုန်ခြင်း၊ ရေဝင်ခြင်းကြောင့် လေးပင်ဖောက်တွင်းများ တွင်းဆွဲခြင်းကြောင့် စောင်းရွဲ့ကုန်ခြင်း၊ သစ်ရွက်များအားလေးပင်၌မြက်သပ်ထားရာ ထိုမြက်တို့ ပုပ်ကုန်သဖြင့် အပုပ်နံ့ထွက်ကာ လေမြတ်ကုန်ခြင်းတည်းဟူသော ဆိုးကျိုးများကြောင့် ထိုမိုးကိုမုန်းသော်ငြားလည်း ရှောင်လွှဲ၍မရတတ်ကြပါ။ သဘာဝ၏ ဘေးဒဏ်ကိုခေါင်းငုံ့ကာခံကြရပါသည်။

ထိုအချိန်သည် ဖောက်တွင်းများ ပျက်ချိန်ဖြစ်ရာ တွင်းယောင်ချိန်ဟုဆိုနိုင်ပါသည်။ ထိုတွင်းယောင်ချိန်၌ လူတို့သည် စိတ်ဓာတ်ပျက်ပြားကာ ဘယ်သွား၍ဘာလုပ်ရမှန်းမသိ ဖြစ်တတ်ကြပါသည်။ မိုးရာသီ၌ မျှောတိုက်၊ ဆောင်းနှင့်နွေရာသီတို့၌ ထိုမျှောတွင်ဖောက်တွင်းလုပ်သော အခြေကျမျှောတွင်းရှိသူများသာ ကူခြေရရမျှောတိုက်ရန် ပြင်ဆင်နေကြချိန်ဖြစ်သည်။

ဘောလုံးကြီးရွာမှ မောင်သာဇံသည် မျှောကြီးမျှောခိုင်မရှိသောတွင်းသမားဖြစ်ရာ ရွာအနီးမှ ဖောက်တွင်းများ ပျက်ကုန်ရာ မောင်သာဇံတို့တွင်းလည်း ပါသွားခဲ့ပါသည်။ မောင်သာဇံမှာ ဖောက်တွင်းဦးဆောင်သော တွင်းဆရာဖြစ်ကာ အသက် (၂၀)အရွယ်ရှိ သန်မာတောင့်တင်းသောလူပျိုဖြစ်သည်။ သူနှင့်အတူ သူ့သူငယ်ချင်းများဖြစ်ကြသော မော်ကြီး၊ သိုက်ဖွား၊ အောင်ဖေတို့က နောက်လိုက်အဖြစ် လုပ်ကိုင်ကြကာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြပါသည်။

ယခုလည်း သူတို့[illegible] မောင်သာဇံတို့အိမ်၌ [illegible] မောင်သာဇံ၏မိခင်[illegible] လက်ဖက်သုပ်နှင့်ရေနွေးကြမ်း[illegible]

ထိုင်နေကြပါသည်။

“ပျင်းစရာကောင်းလိုက်တာ သာဇံရာ။ တို့တွေ ကျပ်ပြင်တက်ပြီး ရုပ်ရှင်ကြည့်ကြမလား”

ဆန္ဒပြုလာသူက အောင်ဖေဖြစ်သည်။

“တော်ပြီကွာ၊ ပိုက်ဆံကုန်မယ့် အလုပ်မလုပ်တာကောင်းတယ်။ သွားချင်ရင် မင်းတို့ဟာ မင်းတို့သွားကြ။ ငါကတော့ လိုက်မှာမဟုတ်ဘူး”

ဟု မောင်သာဇံကငြင်းသည်။

“ဒီမယ် သာဇံ၊ မင်းတို့ငါတို့ တစ်ဆောင်းလုံးတစ်နွေလုံးတကုပ်ကုပ်နဲ့ လုပ်ခဲ့ပြီးပါပြီကွာ။ ရသင့်သလောက်လည်းရခဲ့ကြတာပဲ။ ဒီလိုတွင်းယောင်ချိန်လေးပဲအားတဲ့ဟာ။ကျပ်ပြင်ဘာဝေးတာမှတ်လို့”

“ဘာဝေးတာမှတ်လို့ ဟုတ်လား။ ရွာကနေ ရုပ်ရှင်ရုံအထိ သုံးလေးမိုင်ဝေးတယ် ကိုယ့်လူ။ ငါကဥပုသ်နေ့ပဲသွားချင်တာ။ ဥပုသ်နေ့က လူစုံတယ်ဟ။ ဒီလိုနေ့တွေကျတော့ ခြောက်ကတ်ကတ်နဲ့ မသွားချင်ပါဘူးကွာ။ ငါ့မှာ စိတ်ကူးရှိတယ်ကွ”

“ဘာလဲ”

“ဘာလဲ”

“ဘာလဲ”

“ငါ ခုလိုရာသီမှာ အလွယ်လုပ်လို့ရတဲ့တွင်းရာသွားရှာမလို့ကွ”

“ဘယ်မှာလဲ”

“တို့တွေလုပ်နေတဲ့ ဟိုဘက်က မုကျောက်တောင်ကြီးကိုလေ”

“မုကျောက်တောင်ကြီးမှာ ဖောက်စရာနေရာမှမရှိတာကွာ”

ဟု သိုက်ဖွားကဆို၏။

“ဩော် - ဒါကတော့ ကလေးက အစသိတာပေါ့ဟာ။ ငါကခဲကြောလိုက်မလို့ကွ”

“ဘော်ဗဒန်းဘက်မှာလို ခဲကြောလိုက်မလို့ပေါ့လေ”

“အေးလေကွာ”

“တော်ပါ သာဇံရာ၊ ဟိုက ဘော်ဗဒန်း ဒါက ဘောလုံးကြီး၊ ရေချင်းမြေချင်းတူတာမှမဟုတ်တာ။ မုကျောက်တောင်တွေဆို ပေါပ။ မုကျောက်ရှိတိုင်း ကျောက်ရှိမယ်ဆိုရင် မိုးကုတ်တစ်ခွင် မွဲသူတောင်ရှိတော့မှာမဟုတ်ဘူး။ နေကပူပါဘိသနဲ့။ အလကားစို့တုံးယမ်းရှုံး အလုပ်နေမှာပါကွာ။ စိတ်မဝင်စားဘူး သူငယ်ချင်း၊ မင်းမလိုက်ချင်နေ။ ငါတို့ကတော့ ကျပ်ပြင်မှာ ရုပ်ရှင်ကြည့်ပြီး သွားငြိမ့်မယ်။ ငါတို့က ရောင်းရင်းဆိုပြီး မင်းကို လာခေါ်တာ။ မင်းမလိုက်လည်းနေပေါ့ကွာ။ သွားကြမယ်ဟေ့ကောင်တွေ”

ဟု အောင်ဖေက သိုက်ဖွားနှင့် မော်ကြီးကိုခေါ်ကာ ထွက်သွားကြလေ၏။ မောင်သာဇံမှာမူ ခဲတောင်ကြီးသို့ သွားရန် လိုအပ်သောပစ္စည်းများဖြစ်သည့်လေးပေါင်တူ၊ တွင်းစို့၊ ကားကျွတ်ဖြင့် ပြုလုပ်ထားသော စို့တွင်စုပ်သည့် ရေထိန်းဝါးရှာပြား၊ ရေသုတ်ရန်အဝတ်စုတ်၊ ယမ်းပစ္စည်းများ ယမ်းသိပ်တံ၊ ရေဘူး စသည်ဖြင့် လိုအပ်သည်တို့ကို လွယ်အိတ်ကြီးထဲထည့်ကာ အတန်ငယ်ဝေးသော ခဲတောင်ကြီးဆီသို့ တစ်ဦးတည်း ချီတက်ခဲ့ပါသည်။

ဟာသလုပ်သွားသော သူ့သူငယ်ချင်းများကိုလည်း စိတ်ထဲခံပြင်းနေမိသည်။ ဘာလုပ်လုပ် အဖွဲ့အစည်းမပျက် လုပ်လိုသည်မှာ ခေါင်းဆောင်တစ်ဦး၏ ဆန္ဒ ဖြစ်သည်။

■ စကျင်ကျောက်ကြောကြီး

အလွန်ကြီးမားသော စကျင်ကျောက်တန်းကြီးသည် မြေအောက်၌ မည်သည့်နေရာမှစ၍ သန္ဓေတည်ဖြစ်ပေါ်နေသည်မသိသော်လည်း သူရိန်တောင်တန်းကြီး၏ အနောက်မြောက် ဇလပ်တောင်ဟုခေါ်ကြသည့် အလွန်ကြီးမားသောစကျင်ကျောက်တောင်ကြီးကို စတင်တွေ့မြင်ခွင့်ရကြသည်။ တောင်ကြီးသည် ကြီးမားကျယ်ပြန့်ကာ မြင့်လည်းမြင့်မောက်လှပေ၏။

စကျင်ကြောကြီးသည် အောက်ခြေ၌ ငုပ်လိုက်ပေါ်လိုက်သောနေရာတွင် ကျောက်တောင်ဖြစ်လိုက်နှင့် လှိုင်းသဖွယ်အနောက်မြောက်မှအရှေ့တောင်သို့ တစ်ဆက်တည်းတည်ရှိရာ မိုးကုတ်မြို့ကြေးနီတောင်အလွန်မှ ကမ္ဘာဦးတောင်အထိတိုင် စကျင်ကျောက်တန်းကြီးကို မြင်ရပါသည်။

စကျင်ကျောက်တောင်များအထင်အရှားပေါ်သော ကျောက်တောင်တို့၌လည်းကောင်း၊ စကျင်ကျောက်ကြောကြီး မြေအောက်တွင်ဖြစ်တည်ရာအရပ်၌ လည်းကောင်း ပတ္တမြားထွက်အားကောင်းလေ့ရှိပါသည်။ ထိုစကျင်ကျောက်ကို မိုးကုတ်၌ မုကျောက်ဟုခေါ်လေ့ရှိကြ၏။

ကျောက်ကြောကျောက်တိုက်ကြီး၏ ဝန်းကျင်၌လည်း သေးငယ်သော စကျင်ကျောက်တိုက်ငယ်များ မြေအောက်ကမ္ဘာ၌ ပြန့်ကျဲစွာဖြစ်တည်လျက်ရှိရာ ဖောက်တွင်းများဖောက်ပါက အောက်ခြေအခံသည် စကျင်ကျောက်သာဖြစ်ပါသည်။

စကျင်ကျောက်ဖြစ်တည်မှုသည် ဇရာမစကျင်ကျောက်ကြောကြီးမှသည် သက်သန်းဖျားပမာဏ သို့မဟုတ် ထို့ထက်သေးငယ်သောပမာဏများအထိ ပင်မစကျင်ကြောကြီးဝန်းကျင်၌ ဖြစ်တည်လေ၏။

ပတ္တမြားဖြစ်သော ကျောက်နီပတ္တမြားနှင့် နီလာခေါ် ကျောက်ပြာပတ္တမြားတို့သည် စကျင်ကျောက်မှ အသွင်ပြောင်းကာ ဖြစ်တည်ခြင်းဖြစ်ရာ စကျင်ကျောက်မရှိသောနေရာတို့၌ ကျောက်အလွန်ပါးပါသည်။

ထုံးပျော့မှုထုံးမာ၊ ထုံးမာမှ စကျင် စကျင်မှပတ္တမြားအဆင့်ဆင့်ပြောင်းလဲဖြစ်တည်ခြင်းဖြစ်ရာ အခြားသော ကျောက်တောင်မြေတောင်တို့၌ ပတ္တမြားရှားပါးလှပါသည်။ မိုးကုတ်မြေ၌ စကျင်တောင်များမှလွဲ၍ မြေတောင်တို့၌ မျှော်တိုက်ပါက ကျောက်ရှားပါးလှပါသည်။ စကျင်ကျောက်ငယ်အဆွယ်အပွားတို့နှင့် ရောနှောနေမှ ကျောက်ပေါ်ပါသည်။ ကြီးမားသောကျောက်ချပ်တောင်တို့ အများအပြားရှိသည်။ ထိုတောင်တို့၌ ကျောက်မထွက်ကြပေ။ ကျောက်ချပ်လွှာများသာ အထပ်ထပ်တည်ရှိသဖြင့် လမ်းခင်းကျောက်သာ ထုတ်လုပ်ကြပါသည်။

မြေတောင်တို့၌ ကျောက်ရှိခြင်းသည်လည်း သေးငယ်သော ထုံးပျော့မှ အဆင့်ဆင့်အသွင်ပြောင်းကာ ပတ္တမြားအနီ၊အပြာများဖြစ်တည်နေခြင်း ဖြစ်ကြပါသည်။ ပတ္တမြားသည် သူ၏မူလဖြစ်သော စကျင်ကို ကျော်လွှားမရပါ။

ကြီးမားသော ထိုစကျင်ကျောက်ကြောကြီးသည် သူရိန်တောင်၏ကျောပေါ်၌ တစ်စွန်းတစ်စပေါ်သောနေရာတို့ရှိ၏။ ထိုမှသည် ကျောက်ပြသာဒ်ဘုရားတောင်အဖြစ် တစ်ချီပေါ်၏။ ထိုမှပြန်၍ငုပ်ရာ ဘောလုံးကြီးရွာ၏ခပ်လှမ်းလှမ်း၌ တစ်ချီပေါ်ပြီး ပင့်ကူတောင်အဖြစ် တစ်ခါပေါ်ပြန်၏။ ထိုမှသည် ဘော်ဗဒန်းစကျင်တောင်တန်းကြီးအဖြစ် ကြီးမားစွာ ပေါ်ပြန်လေ၏။ ထိုမှငုပ်၍ မိုးကုတ်၌ ဝိဇ္ဇုဂုတ်တောင်၊ ရွှေတိုင်တောင်၊ ဓာတ်တော်တောင်၊ ကြေးနီတောင်၊ ကမ္ဘာဦးတောင်တို့အဖြစ် ဆက်ဆက်ပေါ်ကာ ထိုစကျင်တောင်ဝန်းကျ ၌ ပတ္တမြားတို့ လှိုင်လှိုင်ထွက်ရှိခဲ့သော လုပ်ကွက်တို့များစွာပေါ်ခဲ့ကြပါသည်။

ရှေးလူတို့သည် စကျင်ကျောက်ထဲ၌ ကျောက်ရှိမှန်းမသိခဲ့ကြသော်လည်း တော်လှန်ရေးအစိုးရလက်ထက် ၁၉၆၉ ခုနှစ် ကျောက်တွင်းများ ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်း၌ စကျင်ကျောက်ထဲ၌ ပတ္တမြားရှိမှန်းသိသွားကြကာ ခဲတွင်းများ စတင်ပေါ်ပေါက်ခဲ့ပြီး ထိုခဲတွင်းတို့မှ ပတ္တမြားကြောများ များစွာပေါက်ခဲ့ကြသဖြင့် ဒေသခံတို့ချမ်းသာကြွယ်ဝကြလေ၏။

ဘော်ဗဒန်း၌ စကျင်ကြောများ လွန်စွာခေတ်စားနေချိန်ဝယ် မောင်သာဇံအနေနှင့် သူတို့ပတ်ဝန်းကျင်မှ စကျင်တောင်များ၌လည်း ကျောက်ကြောရှိရမည်ဟု ယူဆနေလေ၏။ ယခုကဲ့သို့ တွင်းယောင်ကာ အားလပ်နေချိန်၌ စကျင်တောင်၌ စူးစမ်းသောသဘောနှင့် လုပ်ကြည့်ရန် စိတ်အားထက်သန်နေခြင်းဖြစ်၏။

■ မက်ဖွယ်သောပြကျောက်

သကြံန်မိုးကြီးရွာသွန်းပြီးသည်နှင့် ပြန်လည် ပြတ်တောက်သွားသောမိုးကြောင့် နေ့လယ်နေပူရှိန်ကပြင်းနေပါသည်။ ပစ္စည်းစုံထည့်ထားသောအိတ်ကို လွယ်ကာ အိမ်မှထွက်ခဲ့ပါသည်။ သူတို့ တစ်ဆောင်းတစ်နွေလုပ်ကိုင်ခဲ့ရာ ဖောက်တွင်းကွင်းပြန့်ကို လှမ်းကြည့်မိသည်။ တစ်တွင်းနှင့်တစ်တွင်း နီးကပ်စွာဖောက်တွင်းလုပ်ထားမှုကြောင့် တွင်းတို့မှာရွှံ့ ဆောင်းပြိုကျကုန်ကာ စိတ်မချမ်းသာဖွယ်ရာ မြင်ကွင်းတစ်ခုဖြစ်၍နေပါသည်။

ထိုအနိဌာရုံမြင်ကွင်းကိုဖြတ်ကျော်ကာ မောင်သာဇံသည် ခဲတောင်ရှိရာသို့ လာခဲ့၏။ ခဲတောင်သည် အလွန်ကြီးမားသောခဲတောင်မဟုတ်ပေ။ အလျားလိုက် ဖြစ်ပေါ်နေသော စကျင်ကျောက်တန်း ဖြစ်သည်။

စကျင်ကျောက်သားတို့သည် အဖြူရောင်ဖြစ်သော်လည်း ရေညှိများတက်၍။ မြူမှုန်များကပ်ငြိခြင်းကြောင့် မှိုင်းမှောင်သော အရောင်တောင်တန်းများ ဖြစ်နေကြပါသည်။

မောင်သာဇံသည် စကျင်ကျောက်သားတို့အား တူဖြင့်ထုခွာကာ မှန်ကူကျောက်ကို လေ့လာလျက်ရှိသည်။ မှန်ကူကျောက်ကြကျောက်မရှိ။ မှန်ကူကွက်စိပ်မှ ကျောက်ရှိသည်ဟု ကြားဖူးသည်။ ထိုမှ နေပူခံကာ ချွေးတလုံးလုံးဖြင့် လိုက်ထုနေစဉ် စကျင်ကျောက်နံရံ ကျောက်စွန်းတစ်နေရာ၌ မှန်ကူကွက်စိပ်စိပ်ကိုတွေ့ရကာ ထိုမှန်ကူကွက်ထဲ၌ ကျောက်နှင့်အတူကူနေတတ်သော မုပဆစ်ခေါ် ရေသံခဲတစ်ခဲကို ဆန်းကြယ်စွာ တွေ့ရပါသည်။ မုပဆစ်တို့သည် ဖြုန်းထဲ၌များစွာပါလေ့ရှိ၏။

မုပဆစ်ရှိသော် ကျောက်ရှိရပေမည်ဟု တွေးခေါ်ကာ ထိုနေရာ၌ ကွဲကွင်းကွဲကွက်ကိုကြည့်၍ နံရံအား ယမ်းဖြင့်ခွဲ၍ဖွဲ့ချရန် ယမ်းပေါက်တည်ကာ စတင်ထွန်းပါသည်။ ယမ်းပေါက်အား မတ်တတ်ရပ်ဘေးစောင်းထွင်းရသည်ဖြစ်ရာ လိုအပ်သောရေပမာဏကို ပါးစပ်ထဲငုံပြီး နည်းနည်းချင်းမှုတ်ထည့်ရပါသည်။ စကျင်ကျောက်များသည် ကျောက်ပွဖြစ်ရာ မကြာမီပင် အပေါက်တစ်ပေါက်ရပါသည်။ ထိုအပေါက်အား ရေစင်ကြယ်စေရန် ဝါးဖြင့်ပြုသော ယမ်းသုတ်တံနှင့် အဝတ်စုတ်တို့ကို အသုံးပြုကာ သုတ်ရပါသည်။ ပြီးသည်နှင့် ယမ်းလိပ်တစ်လိပ်အားလိပ်ကာ အပေါက်ထဲသို့ထည့်ပြီး အသင့်ပါလာသော သံဖတ်နှင့်ယမ်းသိပ်တံအသုံးပြုကာသိပ်ရပါသည်။ ယမ်းသိပ်စဉ် ဝိုင်ယာကြိုးမပြတ်စေရန် အထူးဂရုပြုရပါသည်။

ယမ်းသိပ်ပြီးသော် ဂိုင်ယာကြိုးအား ဘေးလွတ်ရာအကွယ်အထိဆွဲယူခဲ့ပါသည်။ အကွယ်၌အရိပ်ရှိရာ တွင်းဆောင်းစစ်ဦးထုပ်ကိုချွတ်၍ ခေတ္တနားနေမိပါသည်။ စိတ်ထဲမှလည်း ခဲတောင်ကို စောင့်ရှောက်သော အရှင်သခင်အပေါင်းတို့ ကျွန်ုပ်အား ကျောက်ကြီးကျောက်ကောင်းများပေးသနားတော်မူပါဟူ၍ တွင်းသမားတို့ထုံးစံအတိုင်း ဆုတောင်းနေမိလေ၏။

ချွေးတိတ်သွားသောအခါဝယ် ယမ်းခွဲရန်လုပ်ထားသော ဓာတ်ခဲလေးခဲပူးအတောင့်ကို ထုတ်လိုက်သည်။ ဓာတ်ခဲတောင့်ဖင်၌ ဝိုင်ယာကြိုးကပ်ကာ ကျန်တစ်ဖက်အား ထိပ်တွင်မတို့သေးဘဲ မီးကူးကြိုးပြတ်မပြတ်၊ ဝိုင်ယာကြိုးပြတ်မပြတ်စမ်းသည့်အနေနှင့် လျှာဖျားကို တို့ကြည့်လိုက်၏။ ဝိုင်ယာမီးကူးကြိုးပြတ်သော် လျှာ၌မကျဉ်ပါ။ မပြတ်ပါက လျှာ၌လာ၍ကျဉ်ပါသည်။ လျှာ၌ငြိခန် လာကျဉ်သဖြင့် ကျေနပ်သွားကာ ဓာတ်ခဲတောင့်ထိပ်၌ ဝါယာကပ်လိုက်လေ၏။ ဝါယာနှင့်ဓာတ်ခဲထိပ်တို့လိုက်သည်နှင့် တစ်ဖြိုင်နက် ဝုန်းဟူသော် ပေါက်ကွဲသံနှင့်အတူ ခဲနံ့ရဲ့ပြတ်ကျသံများကြားလိုက်ရလေ၏။

ခဲကွဲ၍ပြတ်ကျနေသော ယမ်းကို လျှော့ထည့်ထားသဖြင့် ခဲတို့မှာ ဝေးဝေးမပြေးဘဲ အနီး၌သာလွင့်စဉ်ကျပါသည်။ ယမ်းများများထည့်ခဲ့သော် အဝေးသို့ပြေးထွက်ကုန်ပေမည်။ နားလည်တတ်ကျွမ်းနေမှုကြောင့် ခဲများဝေးဝေးမပြေးဘဲ အနီး၌အပုံလိုက်ပြတ်ကျလျက်ရှိသည်။

အပြင်၌လွတ်လွတ်ကျွတ်ကျွတ်ခွဲခြင်းကြောင့် ယမ်းငွေ့တို့ ခဏအတွင်း လေနှင့်အတူမျောပါသွားရာ မောင်သာဇံသည် ဝိုင်ယာရစ်ရင်းထွက်လာကာ ဦးစွာ ဝိုင်ယာခွေ၍သိမ်းပြီး လေးပေါင်တူယူလာကာ ခဲတို့ကို စိတ်ရှည်လက်ရှည်စ၍ ထုပါတော့သည်။

တိတ်ဆိတ်သော ခဲတောင်၏ အခြေ၌ ခဲထုသံတတောက်တောက် ထွက်ပေါ်လျက်ရှိ၏။ အံ့ဩစရာကောင်းသည်မှာ ဖြုန်းထဲ၌ရှိသော မုပဆစ်၊ ကျောက်မာ၊ အာလူးခဲသေးများ အကြောလိုက်တည်ရှိနေခြင်းပင် ဖြစ်သည်။ သို့သော် ကျောက်နှင့်တူတာမတွေ့သေးပေ။ ခဲကွဲခြမ်းနှစ်ခုပင်ကုန်သွားပြီ ဖြစ်သည်။

နှစ်ခြမ်းကုန်၍ သုံးခြမ်းမြောက် ဆွဲအလှန်တွင်မူ နို့နှစ်ကဲ့သို့ ဖြူဖွေးနေသော စကျင်ကျောက်အစွန်း၌ နီရဲခဲပျစ်သောအရည်အသွေးနှင့် လက်မခန့်အရွယ် ပတ္တမြားကြီးတစ်ပွင့်ကပ်လျက်ရှိသည်ကို အံ့ဩဖွယ်တွေ့လိုက်ရသဖြင့် ရင်ထဲ တဒိန်းဒိန်းဖြစ်ပေါ်ခံစားရလေ၏။

“ဟယ် - ခဲကျောက်ကြီးပါလား။ ဒီမှာလည်း ကျောက်ရှိတာပဲ”

ဟု ပါးစပ်က ရေရွတ်ကာ ကျောက်ကြီးကို အသေအချာကြည့်ပြီး မထိမခိုက်ရအောင် အသေအချာတယုတယထုလေ၏။ ဦးစွာ ကျောက်စွန်းကို ခပ်ကြီးကြီးဖဲ့ယူကာ ကပ်ငြိနေသော စကျင်ကျောက်တို့ကို အသေအချာထုလိုက်၏။ ခဏအတွင်းမှာပင် နီရဲသောပုံဆောင် ပတ္တမြားကြီးသည် လက်ဝယ်ပိုင်ပိုင်ရရှိခဲ့လေသည်။ ယခုကဲ့သို့ အလွယ်တကူ ခဲကျောက်ကြီးတစ်ပွင့်ကို ရလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။ ရှိလိုရှိငြားဟူသောအသိဖြင့် တွင်းယောင်ချိန်နားနေရာမှ အလွတ်ဖြစ်သဖြင့် လာလုပ်ကြည့်ခြင်းဖြစ်သည်။

ခဲမှုန်များကပ်ငြိနေသော ကျောက်ကြီးအား ပါးစပ်ဖြင့်ငုံကာ [illegible] ပြီး နေပထ္တာတွင် [illegible]ကြည့်လိုက်၏။

“ဟား . . လှလိုက်တဲ့ ကျောက်ရည်ကွာ။ ဒါပေမယ့် [illegible]

တစ်ချက်ယောင့်စွန်းမှာ ငြိသွားတယ်။ တော်သေးတယ်၊ အထဲကိုမရောက်လို့"

ဟု နှုတ်က ရေရွတ်မိသည်အထိ ကျေနပ်ကြည်နူးသွားသည်။ သို့ကြောင့် ကျောက်အား ယမ်းပေါက်သုတ်သော ပုဆိုးစုတ်အားဖြင့်ထုပ်ကာ အိတ်ကပ်ထဲသို့ထည့်လိုက်ပါသည်။ ကျန်သောခဲတို့အားဆက်၍ထုရာ အောက်ကျောက်ခေါ် ကျောက်ငယ်လေးများ ရရှိပြန်ပါသည်။

နောက်တစ်ကြိမ်ခွဲရန်ဆန္ဒရှိသော်လည်း နောက်နေ့ကျမှ သူငယ်ချင်းများနှင့် အင်တိုက်အားတိုက်လာခွဲတော့မည်ဟု ဆုံးဖြတ်ကာ ပစ္စည်းများသိမ်း၍ပြန်ခဲ့ပါသည်။

အမှန်သော်မူ စိတ်ကောင်းမရှိသူဖြစ်ပါက တစ်ယောက်တည်းတိတ်တိတ်ကလေးသွား၍လုပ်နေမည်ဖြစ်သော်လည်း ခေါင်းဆောင်ကောင်းပီသသူ မောင်သာဇံသည် သူ၏နောက်လိုက်များပါအကျိုးရှိရန် စိတ်ကောင်းနှလုံးကောင်းဖြင့် ယနေ့ညတွင်ခေါ်၍ တိုင်ပင်ကာ လုပ်ကြမည်ဟု ဆုံးဖြတ်ခြင်းဖြစ်ပေ၏။

ယခုခဲခွဲမည့်ကိစ္စသည် သစ်ဝါးဘာမှကုန်စရာမလိုဘဲ ယမ်းခွဲလိုက်ခဲထုလိုက်လုပ်ရမည်ဖြစ်ရာ မြေတွင်းထက်များစွာ သက်သာလှပါသည်။ ယနေ့ညကျောက်များကိုပြကာ သူငယ်ချင်းများနှင့် တိုင်ပင်ရပါဦးမည်။

လှပသော ပတ္တမြားကြီးတစ်ပွင့်သည် မောင်သာဇံအားပြကာ ခဲတောင်သို့ ညှို့ယူလိုက်ပြီ ဖြစ်သည်။

■ သူငယ်ချင်းတွေနှင့်မောင်တိုင်ပင်

"သာဇံရေ"

"ဩော်-လာကြပေါ့ကောင်တွေ မင်းတို့ကိုမျှော်နေတာ"

"ဘာလဲ၊ ရုပ်ရှင်အကြောင်းမေးမလို့မဟုတ်လား။ ဒီနေ့ ငါတို့ကြည့်ခဲ့တာ အပြန်လမ်းတဲ့ကွ။ ကျော်ဟိန်း၊ ခင်သီတာထွန်း၊ အံ့ကျော်တို့သရုပ်ဆောင်တာ"

"တော်စမ်းပါကွာ မစားရမသောက်ရတဲ့ မင်းတို့ရုပ်ရှင် ငါစိတ်မဝင်စားပါဘူး။ ရုပ်ရှင်မက်တဲ့မင်းတို့ကောင်တွေ ဝေစုမရတော့တာပေါ့ကွာ။ ငါခေါ်တဲ့ခဲတောင်သာ မင်းတို့လိုက်ခဲ့ရင် ဒီနေ့အတွက် ဝေစုကောင်းကောင်းရမှာ သိလား"

"ဘာလဲ - ခဲကျောက်ရခဲ့လို့လား"

"အေး- ယမ်းတစ်လက်ခွဲပြီး ထုကြည့်တာ ကျောက်ကြီးရော နောက်မြီးရောရခဲ့တယ်ဗျာ။ အဲဒါ ဗဟုသုတအဖြစ်ကြည့်ကြ။မင်းတို့မို့ ငါပြမှာနော် နှုတ်လုံကြပါစေ"

ဟု ပြောကာ မောင်သာဇံသည် သူရလာသောကျောက်တို့အား ထာထဲထည့်ကာ ပြသပါသည်။ အားလုံးပင် ဓာတ်မီးဖြင့်ထိုးကာ ဝိုင်းကြည့်ကြပါသည်။

"ဟား ဟေ့ကောင် သာဇံ။ မင်းကို နတ်ပေးလိုက်တာပဲကွ။ ကျောက်တွေခဲကပ်လေးတွေ ပျော်အောင်ဆားနဲ့ပွတ်ပစ်လိုက်ကွ"

ဟု သိုက်ဖွားက ဆိုပါသည်။

"ဖြည်းဖြည်းပေါ့ကွာပွတ်ရမှာပေါ့။ ပွတ်တော့ ပိုပွင့်တာ ငါသိတယ်။ မင်းတို့ကို ပကတိအတိုင်းမြင်စေချင်လို့ဒီအတိုင်းထားတာ"

"ဒီအတိုင်းမှန်းသိရင် ရုပ်ရှင်သွားမကြည့်ပါဘူး သာဇံရာ"

အောင်ဖေက စိတ်မကောင်းခြင်းကြီးစွာဆိုပါသည်။

"မင်းနဲ့မင်းမိသားစုထိုက်လို့ရတာ ငါကျေနပ်ပါတယ်ကွာ"

ဟု မော်ကြီးက ဆို၏။

သူတို့သုံးဦးမျက်နှာဝယ် နောင်တတရားတို့ရနေကြောင်း မောင်သာဇံသိပါသည်။ ခေတ္တမျှပြပြီး ကျောက်ကိုပြန်သိမ်းကာ မောင်သာဇံမှ သူ့အစီအစဉ်ကို ပြောပြပါသည်။

"နက်ဖြန်ကစပြီးတော့ ငါတို့လေးယောက်အင်တိုက်အားတိုက်ခဲခွဲကြမယ်။ခဲကြောက သေချာပေါက်ကျောက်ရှိတာ မင်းတို့အမြင်ပဲ။ မင်းတို့ဆီမှာ ဖောက်စို့တွေရှိလား"

"တွင်းသမားပဲကွာ၊ တွင်းပစ္စည်းတွေအစုံရှိတာပေါ့ကွ"

"ဒါဆို တို့တစ်တွေနက်ဖြန်အုပ်စုနဲ့ချီတက်ပြီးလုပ်ကြမယ်။ အတော်ပဲကွာ။ ငါဆက်ဆော့လိုက်တာနဲ့ တွင်းယောင်ချိန်မှာ လုပ်စရာအဆင်ပြေသွားတယ်။ ဒါထက် ခဲခွဲမယ့်ကိစ္စကို နှုတ်လုံကြပါစေနော်။ တော်ကြာ ကိုယ်တောင်မကပ်နိုင်အောင်ဖြစ်သွားမယ်။ ကိုယ်စားလို့ဝမှ သူများသိရင်အကြောင်းမဟုတ်ဘူး"

"သာဇံရာ၊ ငါတို့က မိုးကုတ်သားတွေပါကွ။ မင်းပြောနေစရာတောင် မလိုဘူး"

"အေး - ဒါဆို လိုအပ်တဲ့ယမ်းပစ္စည်းတွေ ကြိုတင်ပြင်ဆင်ထားလိုက်ကွာ ဟုတ်ပြီလား"

ထိုစဉ် မောင်သာဇံ၏မိခင်မှ စားသောက်ဖွယ်များလာ၍ချပေးလေ၏။ ထိုအခါ စားစရာထံ အာရုံရောက်သွားကြပြန်လေ၏။

■ ခဲကြောကွက်သစ်

ခဲထုသံတတောက်တောက်သည် ရွာမှမကြားနိုင်သော်လည်း မိုင်းခွဲသံ တဒိန်းဒိန်းကိုမူ ရွာကကြားနေရပါသည်။ ထိုအခါ ရွာမှလူတို့သည် ရွာအပြင် ခဲတောင်ကြောမှ ယမ်းခွဲသံဖြစ်နေသဖြင့် စပ်စုလိုစိတ်ပြင်းပြကာ လူအချို့သွား၍ စပ်စုကြလေ၏။ နေ့ညပင်မကူးဘဲ လူတို့သိသွားသဖြင့် သူတို့အဖွဲ့သည် စိတ်မကောင်းရှိရပါသည်။

ယမ်းများခွဲပြီး၍ သူတို့ထိုင်ထုနေကြသည်ကိုလည်း ကြည့်နေကြပါသည်။

ထို့ကြောင့် မောင်သာဇံက -

"အလုပ်မရှိ တွင်းယောင်နေမယ့်အစား ကျောက်ရှိလိုရှိငြား စမ်းကြည့်နေတာပါ"

ဟု လေပြေထိုးပါသည်။

သို့သော် ထိုလာရောက်လေ့လာသူတို့သည် ဇေ့ဇေ့စပ်စပ်ထိုင်၍ကြည့်နေကြရာ ခဲကျောက်တို့ရနေသည်ကို မြင်တွေ့သွားခဲ့ပါသည်။

"ကျောက်တွေရှိသားပဲ။ ငါတို့လည်း အလုပ်မရှိတာနဲ့ အတော်ပဲ ဒီတောင်မှာ လာခွဲရဦးမယ်"

ဟု ဆိုလာရာ သိုက်ဖွားက -

"ကိုဘငွေ ဒါ ကျွန်တော်တို့တွင်းနော်။ ကျွန်တော်တို့လက်စတော့လာမခွဲနဲ့။ ခဲတောင်က အကျယ်ကြီး။ ကြိုက်တဲ့နေရာခွဲ"

ဟု ခပ်ဆတ်ဆတ်ဆိုလေရာ -

"ငါ မိုးကုတ်သားပါ သိုက်ဖွားရဲ့ နားလည်ပါတယ်။ မင်းတို့နဲ့လွတ်ရာမှာ ခွဲမှာပါ"

ဟု ဆိုလေ၏။

ကိုဘငွေနှင့်ပါလာသူ ကိုအေးမှာ ဘာမှမပြောချေ။ အတန်ငယ်ကြာသော် ပြန်သွားကြလေ၏။

မောင်သာဇံတို့မှာ ခွဲထားသော တို့ကို အသည်းအသန်ထု၍နေကြပါ၏။ ရလာသောကျောက်တို့ကို အလယ် ချထားသော နို့ဆီခွက်ထဲသို့ထည့်ကြပါသည်။

ယနေ့သည် ယမန်နေ့ထက် ကျောက်ပို၍ကျသော်လည်း ကျော ကောင်းဟူ၍ ယမန်နေ့ကကဲ့သို့မပေါ သို့သော်လည်း စုရောင်းပါက တန်ဖိုး နည်းမည်မထင်ပါ။ ညနေပိုင်း၌ သူ အုပ်စုခဲတွေထုအပြီး၌ ပြန်ခဲ့ကြပါသည်။

အားလုံးပင် သူတို့၏ခဲကြောလုပ်ငန်းအား လူတွေသိသွားသည့်အတွက် စိတ်မကောင်းခြင်းကြီးစွာရှိကြရပါသည်။

သို့သော် သူတို့၏မိဘများကမူ-

"သမုဒ္ဒရာရေတစ်ယောက်တည်း သောက်လို့မကုန်နိုင်ပါဘူးကွယ်။ သားတို့စိတ်ထဲမှာ မုဒိတာပွားပါ။ သူများတွေလည်း တွင်းယောင်ချိန် ဒုက္ခရောက်နေကြတာ လုပ်ကြပါစေကွယ်"

ဟု ဖျောင်းဖျစကားဆိုကြ၏။

နောက်နေ့တွင် တစ်ယောက်စကားတစ်ယောက်နားဖြင့် တစ်ရွာလုံး ခဲတောင်သို့ ရောက်ရှိလာကြကာ ခဲတောင်ကွက်သစ်ဖြစ်သွားပေတော့မည်။ ထိုသည်ကို သူတို့နားလည်ကြပါသည်။ ကောလာဟလသတင်းသည် တစ်မုဟုတ်ချင်းပင် ပျံ့နှံ့သွားပေတော့မည်။ ထိုအခါ လူတို့သည် ဝိုင်းအုံကာ လုပ်ကြပေတော့မည်။

ထိုသို့ သူတို့၏စိတ်ဝယ် စိုးရိမ်မကောင်းဖြစ်နေစဉ်မှာပင် နောက်နေ့သို့ပင် မစောင့်တော့ဘဲ ညတွင်းချင်းပင် ခဲခွဲသံများ တဒိန်းဒိန်းထွက်ပေါ်၍လာခဲ့လေတော့၏။ ထိုညတွင်းဆင်းသူတို့သည် တစ်ညလုံးခွဲကာ တစ်နေ့လုံးထုကြပေတော့မည်။

နောက်နေ့တွင်မူ ခဲတောင်၌ သူတို့စည်ကား၍နေကာ ခဲထွင်းသံက တတောက်တောက်အား မြိုင်မြိုင်ကြီးကြားရလေ၏။ သူတို့ခဲကြောအား တစ်ညလုံး ခွဲသူမှာ ကိုအေးတို့အဖွဲ့ဖြစ်၍နေလေ၏။

"ကိုအေး၊ အဲဒါကျွန်တော်တို့တွင်းလေ"

"ဟုတ်ပါတယ်။ ငါက မင်းတို့မခွဲတဲ့အချိန်မှာခွဲတာပါ။ ကွက်သစ်ပေါ်တာ ကွာ ဝေစားမျှစားပေါ့ မောင်သာဇံရာ စိတ်မရှိပါနဲ့"

ဟုဆိုလေ၏။

ကိုအေးတို့အဖွဲ့သည် တစ်နေရာရှိ ခဲများစုပုံကာထု၍နေကြ၏။ တစ်ရွာတည်းသားချင်းဖြစ်၍ ရန်မဖြစ်လိုသော မောင်သာဇံသည် သူ့အဖွဲ့အားထိန်း၍ လုပ်စရာရှိသည်တို့ကို လုပ်၍နေလေ၏။

သတင်းမည်မျှမြန်သနည်းဆိုသော် ဘောလုံးကြီးတစ်ရွာလုံးအပြင် ဘောလုံးလေး ကျေးမြင်အထိပါ လူတို့ချီတက်လာ လုပ်ကိုင်ကြသဖြင့် ခဲကြောကွက်သစ် ဖြစ်သွားလေပေတော့၏။

■ မိုးရာသီရောက်ခဲ့ပြီ

ခဲကျောက်ခေါ် ပတ္တမြားတို့သည် မြေကျောက်ပတ္တမြားတို့ထက် ပွင့်အားကောင်းသဖြင့် ခဲကျောက်က မြေကျောက်ထက် တန်ဖိုးမြင့်လာခဲ့ပါသည်။ ထို့ကြောင့် ခဲကြောကို အလုအယက်လုပ်ကိုင်လာကြပါသည်။ ထို့ကြောင့် ဘော်ဗဒန်းဝန်းကျင်မှ တောင်တန်းများ၊ ရွှေတိုင်တောင်၊ ဓာတ်တော်တောင်၊ ကျောက်ပြဿဒ်ဘုရားတောင်(ကျောက်ပြဿဒ်ဘုရားတောင်၏ အောက်ထဲ၌ ဘုရားပတ္တကမြေအားအလစ်၌ခိုးခွဲကြခြင်းဖြစ်သည်) တို့၌ ခဲကြောများလိုက်ကြရာ အောင်မြင်မှုရကြပါသည်။ ဘောလုံးကြီးခဲကြောမှာမူ မောင်သာဇံစတွေ့သောနေရာ၌သာ ကျောက်ထွက်အားကောင်းပြီး အခြားနေရာတို့၌ ကျောက်ပါးပါသည်။

ခဲကျောက်ပတ္တမြားတို့သည် မိခင်စကျင်ကျောက်၏ဝမ်းဗိုက်အား အောင်းအိမ်ပြုကာ သန္ဓေတည်၍အသွင်ပြောင်းဖြစ်ပေါ်လာကြသည်ဆိုပါသော်လည်း စကျင်ကျောက်၏ဝမ်းဗိုက်တိုင်း၌ ပတ္တမြားအသွင်မပြောင်းကြပါ။ မိုးကုတ်မြေ၌ ကြီးမားသောစကျင်ကျောက်တောင်ကြီးများရှိသော်လည်း ပတ္တမြားမရှိပါ။ ပတ္တမြားဖြစ်တည်ရာ၌ မြေဖြုန်းကြောကဲ့သို့ အခံလွှာနှင့်အကြောလိုက်တည်ရှိကြခြင်းပင်ဖြစ်သည်။

၁၉၇၅ခုနှစ်၏မိုးရာသီဖြစ်သည်။ ဘောလုံးကြီးခဲတောင်၌ခဲကြောရှာကြသူများသည် မှန်ကူကွက်စိပ်ရာတို့၌ လိုက်၍ခွဲကြသော်လည်း ထင်သလိုဖြစ်မလာသောအခါ မောင်သာဇံတို့၏ဝန်းကျင်၌သာ စုပုံတိုးဝှေ့၍ ခွဲယူနေကြပါသည်။ ယမ်းခွဲဟု အော်လိုက်သည်နှင့် လူတွေယမ်းဧရိယာမှလွတ်အောင် ပုန်းရှောင်ကြရကာ အသင့်ဖြစ်ပြီဆိုမှ ခွဲဟုအော်ရပါသည်။ ထိုအခါ ခွဲ၍ခဲစာများကျွံကာ လွတ်ရာ၌ထုကြပါသည်။

နေ့ဆိုလျှင် မောင်သာဇံတို့ခွဲ၏။ ညဆိုလျှင် အခြားအဖွဲ့တွေခွဲပါသည်။ သို့ကြောင့် လူတစ်ရပ်ခန့်ရှိသော ခဲကြောသည် အထဲသို့အတော်ရောက်သွားခဲ့ပြီဖြစ်သည်။ ထိုအကြောသည် အလျားလိုက်တည်ရှိရာ အရှည်ငါးလံမျှရှိသဖြင့် ထိုအကြောအတိုင်း တောင်ကြောထဲသို့ ခပ်စိုက်စိုက်ဝင်သွားခဲ့ပါသည်။ တောင်ကြော၏အောက်ခြေအား ဖြတ်ထားသကဲ့သို့ရှိချေ၏။ အပေါ်၌လည်း ခဲတောင်ဖြစ်ရာ ပြိုမကျနိုင်ဟု အထင်ရှိသည်။ တစ်ကြောင်း၊ ဘုံတွင်းဖြစ်နေ၍ တစ်ကြောင်း၊ တန်ကူထောက်ကြီးများထောက်၍ ခဲတောင်ပြိုမကျရန် ထိန်းသိမ်းမှုလုံးဝမရှိဘဲဖြစ်နေလေ၏။ မိုးမည်မျှရွာနေပါစေ ခဲတွင်းထဲ၌ မိုးလုံသဖြင့် အလုပ်မပျက်ကြပေ။

အခြားသောအဖွဲ့တွေအနေနှင့် ကျောက်ကြီးကျောက်ကောင်းရမရမသိသော်လည်း မောင်သာဇံတို့အဖွဲ့မှာမူ ကြီးသော် လုံးချောများဖြစ်နေသဖြင့် ကျောက်ကြီးကျောက်ကောင်းလုံးဝမရဘဲ သာမန်ကျောက်တို့သာနေ့စဉ်ရနေပါသည်။ သို့ကြောင့် စရိတ်မရမှာမပူရသောတွင်းဖြစ်၍နေ၏။ ပါးစပ်ဆိုစိုစိုစားရသောတွင်းမျိုး ဖြစ်ပါသည်။

ခဲကြောအတိုင်း လိုက်သွားကြရာ လေးလံမျှအရောက်၌ အပေါ်မှ ရေစီးကြောင်းများဖြစ်ပေါ်လျက် ရေအနည်းငယ်တသွင်သွင်ကျန်လာခဲ့လေသည်။ တောင်ကွဲအက်သွား၍ ကွဲအက်ကြောင်းမှ မိုးရေများစီးဆင်းလာကြောင်း အားလုံးသဘောပေါက်သော်လည်း လမ်းကြောင်းတစ်လျှောက် တန်ကူထောက်များထောက်ရန် မည်သူမျှ စိတ်ဝင်စားခြင်းမရှိကြပေ။ သူ့ထက်ငါခံစားရရှိရေးအတွက်သာ ရှေ့သို့မဲ၍ အလုအယက်လုပ်ကိုင်နေကြလေ၏။

ခဲတောင်အခြေဖြတ်၍ ကွဲအက်ခြင်းသည် ကောင်းသောနိမိတ်လက္ခဏာမဟုတ်ပါ။ ကြီးမားသော အန္တရာယ်ဖြစ်သည်။ သို့သော် သူတို့အားလုံးသည် ထုထည်ပမာဏ ကြီးမားလွန်းသော စကျင်ကျောက်တောင်ကြီးသည် မည်သို့မျှပြိုမကျနိုင်ဟုယူဆကာ အကြောက်အလန့်မရှိ လုပ်ကိုင်မြဲလုပ်ကိုင်လျက်ရှိပါသည်။ မိုးကြီးများစိပ်စိပ်ရွာသွန်း၍နေလေပြီ။

■ အန္တရာယ်ပြကျောက်များ

မိုးမရွာသော်လည်း တောင်ကြောပြတ်ထွက်မှုကြောင့် ပင်ကြားအက်များမှ ကျောက်စက်ရေများ ကြွက်မြီးတန်းကာကျလျက်ရှိသည်။ သို့ကြောင့် ယခင်ကဲ့သို့ ခြောက်ခြောက်သွေ့သွေ့မရှိတော့ပါ။ ရေများအိုင်ထွန်းလာသည့်အပြင် ပုံးဖြင့်ခပ်ထုတ်နေရပါသည်။

မောင်သာဇံအဖွဲ့မှ [illegible] ပေါက် သုံးပေါက်အား ယမ်း [illegible] တစ်ပြိုင်တည်းခွဲမည်ဖြစ်၍ [illegible] လူတို့အား သိစေရန် ယမ်းခွဲဟု [illegible]

ချွေးထုတ်၊ ချွေးအောင်းလိုလျှင်၊ ကလေးများတက်လျှင် ဆင်ငိုမြက်ကိုသုံး

မိုးနောင်(ကောလင်း)

အရှေ့ရပ်ကွက်တွင် စာရေးသူတို့ နေထိုင်ခဲ့စဉ်က ဖြစ်ပါသည်။

"လာကြပါဦး လုပ်ကြပါဦး၊ ကျွန်မသားလေးထွန်းထွန်းတက်နေလို့"

စာရေးသူတို့အိမ်နီးချင်း ကိုညိုနှင့် သူ့ဇနီးမစိန်တို့အိမ်မှ မစိန်၏အော်သံဖြစ်၏။ ထိုအခါ စာရေးသူနှင့်ဇနီးအပြင် အိမ်နီးချင်းအချို့ပါ သွားကြည့်ကြလေသည်။ ကိုညို၊ မစိန်တို့၏ သားလေး မောင်ထွန်းထွန်း (၅) နှစ်အရွယ်သည် သူတို့အိမ်ရှေ့တွင် မျက်ဖြူလန်၍ ကိုယ်ခန္ဓာတို့တွန့်လိမ်နေလေသည်။ မညိုက မောင်ထွန်းထွန်းကို မြေကြီးပေါ်မှာပင် ပွေ့ထားပြီး ကိုညိုက ကိုယ်လက်များကို နှိပ်နယ်ပေးနေ၏။

စာရေးသူက -

"ဪ သိပြီ သိပြီ။ ဗျို့-ဦးဘတင့် လာပါဦးဗျို့။ ကိုညိုကလေးတက်နေလို့"

ဦးဘတင့်လည်း အိမ်ပေါ်မှဆင်း လာခဲ့လေသည်။

"ကလေးတက်နေတာဆို ဆင်ငိုမြက်ကိုနုတ်ပြီး ဆေးကြောပြီးရင် မြန်မြန်ပြုတ်ရအောင်။ ရှိတဲ့ရေနွေးနဲ့မီးဖိုမှာထပ်ပြုတ်ပြီး ကလေးကိုတိုက်လိုက်ရအောင်ဗျို့"

ဦးဘတင့်၏ အစီအစဉ်အတိုင်း ဆင်ငိုမြက်ကို မြန်မြန်နုတ်ပြီးဆူပွက်ပြီးသောရေနွေးဖြင့် ဟင်းချက်နေဆဲ မီးဖို၌ ဆင်ငိုမြက်များကို အိုးဖြင့်မြန်မြန်ပြုတ်ရ၏။ ထို့နောက် တက်နေသော ကလေးမောင်ထွန်းထွန်းအား ဆင်ငိုမြက်ပြုတ်ရည်ကိုမှုတ်၍ တိုက်လိုက်ရာ ချက်ချင်း အတက်ရပ်သွားပြီး အကောင်းပကတိဖြစ်သွားလေသည်။

ဦးဘတင့်သည် ကလေးရောဂါများနှင့် လူနာအချို့ကိုကုသသော မြန်မာဆေးဆရာတစ်ဦးဖြစ်၏။ သူက ဤသို့ ရှင်းပြခဲ့သေး၏။

"ဒီလိုပေါ့ဗျာ ဆင်ငိုမြက်က အမြစ်သန်လွန်းလို့ အနုတ်ရခက်လှတယ်။ သံချွန်တွေနဲ့ထိုးစိုက်ပြီးနုတ်မှ သူ့တစ်ပင်လုံးကိုရတတ်တာကလား။ လူကြီးလူငယ်မရွေး ချွေးအောင်းချင်ရင် ဆင်ငိုမြက်တစ်ပင်လုံးကိုရေနဲ့ထည့်ပြုတ်ပြီးသောက်ရတယ်ဗျ။ ချွေးထုတ်ဆေးအဖြစ် အထူးသုံးချင်ရင်တော့ ဆင်ငိုမြက်အမြစ်တွေကို စုပေါင်းပြီး ပြုတ်သောက်ရပါတယ်။ ပြီးတော့ ကွမ်းရွက်၊ ချင်းစိမ်း၊ ထန်းလျက်တွေနဲ့လည်း ရောပြီးသောက်နိုင်ပါသေးတယ်။ ဒီလိုသောက်လိုက်ရင် ချွေးထွက်ပြီး အဖျားရောဂါတွေပါ ကင်းစင်သွားပါလိမ့်မယ်"

(ဆရာဦးဘတင့်လက်တွေ့အသုံးချဖြစ်ပါသည်။)

မိုးနောင်(ကောလင်း)

ကာ ယမ်းပေါက်သုံးပေါက်အား ကြိုးတစ်ချောင်းတည်းဖြင့် ဂျိုင်းထားသော ဝိုင်ယာကြိုးခွေအားဖြေ၍ အပြင်လွတ်ရာသို့ထွက်လာကြ၏။ ကျန်အဖွဲ့များမှလည်း လွတ်ရာ၌ ပုန်းရှောင်နေကြ၏။

ထို့နောက် -

"ယမ်းခွဲမယ်"

"ယမ်းခွဲမယ်"

ဟု ထပ်မံသတိပေးအော်ဟစ်ကာ ခွဲလိုက်လေ၏။ လိုဏ်ထဲဖြစ်၍ ဂိုန်းဟူသောအသံကြီး ထွက်ပေါ်လာလေ၏။ ယမ်းငွေ့က ချက်ချင်းမပြယ်သဖြင့် ပုဆိုးဖြင့် ယက်ထုတ်နေရပါသည်။ ခဏအတွင်း ယမ်းငွေ့ရှင်းသွား၏။

ထိုစဉ်ပင် အထက်မှကျောက်လွှာချပ်ငယ်လေးများ တဖျတ်ဖျတ်ကျွကျလေရာ အားလုံးပင် တွင်းနှိပ်ပြီဖြစ်ကြောင်း အတွေ့အကြုံအရ သိကြပါသည်။

"အထက်က နှိပ်ပြီဟေ့။ အမြန်ထွက်ကြ"

ဟု အော်ကာ အားလုံးပင်ပြေးထွက်ကြပါသည်။ မထွက်သူမှာ မောင်သာဇံသာဖြစ်သည်။ မောင်သာဇံသည် ခဲစာများအား အားပါးတရ ဆာလာအိတ်ထဲသို့ ကျုံးထည့်၍နေပါသည်။

"သာဇံ၊ ဟေ့ကောင် သာဇံ အထက်က နှိပ်နေပြီကျတော့မယ် ထွက်လာခဲ့တော့"

ဟု အဖွဲ့သားတွေ အော်၏။

ထိုအခါ မောင်သာဇံသည် ခဲစာအိတ်ဆွဲကာ ပြေးထွက်လာပြီး ခဲအိတ်ပစ်ချကာ နောက်ထပ်တစ်လုံးဆွဲယူပြီး--

"ဟေ့ကောင်တွေ ပွပြီကွ။ ငါတို့ ကျောက်ကြောကြီးပေါက်ပြီ။ ကျောက်တွေရဲနေတာပဲ။ မင်းတို့ ဘာလုပ်နေတာလဲ။ အားလုံးကျောက်တွေချည်းပဲ နီရဲနေတာပဲ။ ငါတို့တော့ထောပြီကွ။ လာကြလေ ကျောက်တွေသွားကျုံးကြမယ်"

ဟုပြောကာ အလျင်အမြန်ပင် ဆာလာအိတ်ခွဲယူကာ ပြေးဝင်သွားသဖြင့် အားလုံးက ထိတ်လန့်တကြား အော်ဟစ်နေ၏။ အပေါ်မှ ခဲမိုးကြီးမှာ အစိတ်စိတ်အမွှာမွှာကွဲလျက် အောက်သို့ကျရန်နှိပ်နေပြီဖြစ်ရာ ခဲစာများတဖွားဖွားကွဲကြေကာကျလျက်ရှိ၏။

"သာဇံ အမြန်ထွက်ခဲ့ အထက်ကကျတော့မယ်"

ဟု မည်မျှပင်အော်သော်လည်း သာဇံမှာ ကြားဟန်မတူပါ။ သူ၏မျက်စိထဲတွင် ခဲစာအားလုံးသည် ပတ္တမြားအသွင်ပြောင်းလဲ၍ မြင်နေဟန်ရှိလေ၏။ နတ်တို့လှည့်စားကာပြနေပြီဖြစ်ကြောင်း သဘောပေါက်ကြပါသည်။ အထဲသို့ဝင်ဆွဲသော် ဆွဲသူများပါ ခဲကြီးပိနိုင်သဖြင့် အထဲသို့မဝင်ရဲဘဲရှိနေချိန်တွင်ပင် ခဲစာများအားပါးတရကျုံးနေသော မောင်သာဇံအား တစ်ခန်းစာမျှရှိသော ခဲမိုးကြီးက ဖိချလိုက်လေတော့၏။

ခဲတောင်ပြိုကျသံကြီးသည် ဆူညံသွားကာ ခဲမှုန့်များ ဝေ့တက်လာလေ၏။

"သာဇံ သာဇံ ဟာ - သွားပါပြီကွာ"

အားလုံးပင် ထိတ်လန့်တကြား ကြက်သေသေကာ ငေးမောကြည့်နေမိကြပါသည်။ ပြီးမှ သတိဝင်ကာ သိုက်ဖွားတို့ ရှာဆီသို့ ပြေးသွားကြတော့သည်။ မောင်သာဇံအား ဤခဲတောင်မှပင်လျှင် စကျင်ကျောက်သားတို့ကို ပတ္တမြားအသွင်ပြလျက် မောင်သာဇံအား လောဘရမ္မက်တက်စေကာ ဘဝတစ်ခုကို အဆုံးသတ်ပေးခဲ့လေ၏။ ဆန်းကြယ်သော ပြကျောက်များပါပေ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

([illegible])

ဟော်တာအောင်

ပြဿနာသုံးရပ်

တစ်ရံခါဝယ် ဘုရင်တစ်ပါးက သူသည် အကြောင်းသုံးရပ်ကို သိမြင်နားလည်ခဲ့သော် အရာခပ်သိမ်းတွင် ဆုံးရှုံးမှုနှင့် တွေ့ကြုံရမည်မဟုတ်ဟု စိတ်ကူးမိလေ၏။

ယင်းအကြောင်းသုံးရပ်ကား -

■ တစ်စုံတစ်ခုကို ပြုလုပ်ရန် အကောင်းဆုံးအချိန်အခါသည် အဘယ်နည်း။

■ အဘယ်ကဲ့သို့သောသူများကို ဂရုတစိုက် ဆက်ဆံသင့်သနည်း။

■ မိမိအဖို့အဘယ်ကဲ့သို့သောကိစ္စရပ်သည် အရေးအကြီးဆုံးပေနည်း ဖြစ်၏။

သို့ဖြစ်သောကြောင့် ဘုရင်မင်းမြတ်သည် သူ၏ တိုင်းပြည်အနှံ့အပြားသို့ သံတော်ဆင့်များ စေလွှတ်ကာ ၎င်းပြဿနာသုံးရပ်ကို လျှောက်တင်နိုင်သူရှိပါက ဆုလာဘ်များစွာပေးသနားမည်ဖြစ်ကြောင်း လှည့်လည်ကြေညာစေ၏။

ပညာရှိအမြောက်အမြားတို့ပင် ဘုရင်မင်းမြတ်ထံ အခစားဝင်ရောက်လာကြ၏။ သို့သော် သူတို့အားလုံးက ဘုရင်မင်းမြတ်၏ ပြဿနာသုံးရပ်ကို အဖြေအမျိုးမျိုးပေးလျှောက်ကြသည်။

ဘုရင်မင်းမြတ်၏ ပထမပြဿနာရပ်နှင့်ပတ်သက်၍ သူတို့က -

ဘုရင်မင်းမြတ်သည် အချိန်ဇယားတစ်ခုရေးဆွဲပြီးနောက် ယင်းအချိန်ဇယားအတိုင်း တိကျစွာနေထိုင်ရမည်။ သို့မှသာလျှင် အရာခပ်သိမ်းကို သင့်တင့်လျောက်ပတ်သောအချိန်အခါတွင်ပြုလုပ်ဆောင်ရွက်နိုင်မည်ဟုဆိုကြ၏။

အချို့ကမူ -

အချိန်အခါမပေါ် ပေါက်သေးတဲ့ ကိစ္စတစ်ရပ်ကို မည်သည့်အခါတွင် ဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ရန် မဖြစ်နိုင်ပေ။ ဘုရင်မင်းမြတ်သည် ဖြစ်ပျက်သမျှ အကြောင်းအရာများကို ကြည့်ရှုလေ့လာရမည်။ မဖွယ်ရာသော ပျော်ရွှင်မှုများကို ရှောင်ကြဉ်ရမည်။ ၎င်းနောက် အချိန်အခါသင့်သလို ကိစ္စရပ်များကို ဆောင်ရွက်သင့်သည်ဟု လျှောက်တင်ကြသည်။

အချို့သောသူများကလည်း ဘုရင်မင်းမြတ်သည် ဖြစ်ပျက်သမျှ

အကြောင်းအရာတို့ကို အဘယ်မျှပင် ဂရုပြု၍စောင့်ကြည့်လေ့လာသော်လည်း ဘုရင်မင်းမြတ်တစ်ပါးတည်းအနေဖြင့် ကိစ္စရပ်တိုင်းကိုဘယ်အချိန်ဘယ်အခါမှာ ဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ရန် မဖြစ်နိုင်။ ယင်းသို့ဆုံးဖြတ်နိုင်ရန် ပညာရှိသုခမိန်အဖွဲ့ လိုအပ်သည်။ ၎င်းပညာရှိများက ဘုရင်မင်းမြတ်အား သင့်တင့်လျောက်ပတ်သော ၎င်းအချိန်ကာလကို ရွေးချယ်၍ ပြုမူဆောင်ရွက်ရန် ကူညီကြပေလိမ့်မည်ဟု လျှောက်တင်ကြ၏။

ထိုမှတစ်ပါးသောပညာရှိများကမူ သုခမိန်အဖွဲ့၏အဆုံးအဖြတ်ကို မစောင့်နိုင်။ ရုတ်ခြည်းပင် ဆုံးဖြတ်ရမည့်ကိစ္စရပ်များရှိတတ်သေးကြောင်း၊ ယင်းကဲ့သို့သောကိစ္စရှိ မရှိကိုသိနိုင်ရန် အနာဂတ်ကို ထိုးဖောက်သိမြင်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ သိမြင်နိုင်သောစွမ်းရည်ရှိရန် အတွက် ဘုရင်မင်းမြတ်သည် မှော်ဆရာများထံ သွားရောက်ရပေလိမ့်မည်ဟု လျှောက်တင်ကြ၏။

ဒုတိယပြဿနာကိုဖြေဆိုကြရမှာလည်း အချို့က -

ဘုရင်မင်းမြတ်အဖို့ အလိုအပ်ဆုံးသောသူများမှာ အတိုင်ပင်ခံ၊ အကြံပေးအမတ်များဖြစ်ကြသည်ဟု ဆိုကြ၏။ အချို့က ဘုန်းတော်ကြီးများသာ အလိုအပ်ဆုံးဖြစ်သည်။ အချို့က ဆရာဝန်၊ အချို့က စစ်သည်တော် စသည်ဖြင့် လျှောက်တင်ကြ၏။

တတိယပြဿနာဖြစ်သော အဘယ်ကိစ္စရပ်သည် အရေးအကြီးဆုံးဖြစ်သနည်းဆိုသည်နှင့်ပတ်သက်၍ အချို့က -

သိပ္ပံပညာရပ်သည် အရေးအကြီးဆုံးဖြစ်သည်။ အချို့က စစ်တိုက်ခြင်းသည်သာ အရေးကြီးသည် အချို့ကမူ ဘာသာရေးဆိုင်ရာကိစ္စများသည်သာ အရေးအကြီးဆုံးဖြစ်၏ စသည်ဖြင့် လျှောက်တင်ကြ၏။

ပေးလာသောအဖြေများမှာ တစ်ခုနှင့်တစ်ခုခြားနားလှသဖြင့် ဘုရင်မင်းမြတ်သည် ပညာရှိတစ်ဦးတစ်ယောက်နှင့်မျှ သဘောကိုက်ညီခြင်းမရှိ၍ ဆုငွေမပေးတော့ချေ။ ၎င်းနောက် ဘုရင်မင်းမြတ်သည် ပညာရှိများအား မေးမြန်းခြင်းမပြုတော့ဘဲ ကိုယ်တော်တိုင်ပင် ပညာဉာဏ်အရှိန်အဝါကြောင့် ကျော်ဇောသော ရသေ့သူမြတ်တစ်ပါးထံမှ အကြံဉာဏ်ရယူရန် ဆုံးဖြတ်လေ၏။

ထိုရသေ့သူမြတ်သည် တောအုပ်တစ်ခုတွင် သီတင်းသုံးကာ ၎င်းတောအုပ်မှ အဘယ်အခါတွင်မှထွက်ခွာခြင်း မပြု။ ၎င်းပြင် သူသည် သာမန်လူများကိုသာ တွေ့ဆုံလက်ခံသည်ဟု ဆိုသဖြင့် ဘုရင်မင်းမြတ်သည် သာမန်အဝတ်အထည်များကိုဝတ်ဆင်ရ၏။ ဘုရင်မင်းမြတ်သည် ရသေ့သူမြတ်၏ ဘုံခန်းဝါဖြစ်သောတဲငယ်သို့မရောက်မီတွင် သူ၏မြင်းကို ကိုယ်ရံတော်နှင့်ထားပစ်ခဲ့ပြီးနောက် တစ်ပါးတည်းလျှောက်ခဲ့၏။

ရသေ့သူမြတ်ကား သူ၏တဲရှေ့တွင်ရှိသောမြေကို တူးဆွနေ၏။ ဘုရင်မင်းမြတ် သူ့အနီးသို့ရောက်လာသောအခါ သူသည် ဘုရင်အား နှုတ်ခွန်းဆက်ပြီးနောက် မြေကိုဆက်၍တူးနေ၏။ ရသေ့သူမြတ်သည် အရွယ်အိုမင်းကာ ခွန်အားနည်းလျက်ရှိသဖြင့် ပေါက်ပြားနှင့်မြေတစ်ဆုပ်ခန့်ကိုတူးပြီးသည့်အခါတိုင်း မောဟိုက်ကာ အသက်ပြင်းစွာရှူရလေ၏။

ဘုရင်မင်းမြတ်သည် ရသေ့အနီးသို့သွားရောက်ကာ -

"ပညာဉာဏ်အရာကြီးမားလှသော အရှင်သူမြတ်၊ အကျွန်ုပ်သည် ပြဿနာသုံးရပ်၏ အဖြေများကို အလိုရှိပါသဖြင့် အရှင်ထံသို့ လာရောက်ခဲ့ပါသည်။ ယင်းပြဿနာရပ်များမှာ အကျွန်ုပ်သည် ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် သင့်တင့်လျောက်ပတ်သော အချိန်ကာလကို အဘယ်သို့သိနိုင်ပါမည်နည်း။ အကျွန်ုပ်အဖို့ အဘယ်သို့သောပုဂ္ဂိုလ်သည် အလိုအပ်ဆုံးဖြစ်ပါနည်း။ အဘယ်ကဲ့သို့သော ကိစ္စရပ်များသည် အရေးအကြီးဆုံးသော ကိစ္စရပ်များဖြစ်ပါသနည်း။ စသောပြဿနာရပ်များဖြစ်ပါသည်"

ဟု ပြောကြား၏။

ရသေ့သည် ဘုရင်၏ ပြောကြားချက်များကို နားစိုက်ထောင်သော်လည်း အဖြေတစ်စုံတစ်ရာမပေးချေ။ သူ၏ လက်ဖဝါးများပေါ်သို့ တံတွေးထွေးပြီးနောက် မြေကိုဆက်၍တူးမြဲတူးနေ၏။

ဤတွင် ဘုရင်က -

"အရှင်သူမြတ်၊ အရှင်သည် မောပန်းလျက်ရှိပါပြီ။ ပေါက်ပြားကို ကျွန်ုပ်အားပေးပါ။ အသင့်ကိုယ်စား အသင့်အလုပ်ကိုလုပ်ပါရစေ"

ဟု ဆိုသောအခါ ရသေ့က -

"ကျေးဇူးကြီးလှပါ၏"

ဆိုပြီးနောက် ဘုရင်အား ပေါက်ပြားပေးကာ မြေပေါ်တွင်ထိုင်၏။

ဘုရင်သည် အခင်းနှစ်ခင်းကိုတူးပြီးသောအခါဝယ် သူ၏ပြဿနာသုံးရပ်အကြောင်းကို ရသေ့သူမြတ်အား ထပ်မံ၍ ပြောကြားပြန်လေ၏။ ရသေ့က တစ်ဖန် အဖြေမပေးဘဲနေပြီးနောက် မတ်တတ်ရပ်ကာ ပေါက်ပြားကိုလက်လှမ်း၍ -

"ကဲ - အနားယူပါဦး၊ ကျွန်ုပ်ဆက်လုပ်ပါရစေ"

ဟု ဆို၏။

သို့သော် ဘုရင်က ရသေ့အား ပေါက်ပြားမပေးဘဲ သူသာလျှင်ဆက်လက်တူးလေသည်။

သို့နှင့် တစ်နာရီပြီးတစ်နာရီကုန်လွန်သွားတော့ရာ သစ်ပင်များ၏နောက်ကွယ်တွင် နေမင်းလည်းဝင်သွားခဲ့ပေပြီ။ နောက်ဆုံး ဘုရင်ကြီးသည် ပေါက်ပြားကို မြေမှာချလိုက်ပြီးနောက် -

"ပညာဉာဏ်ဖြင့် ပြည့်စုံသော အရှင်၊ ကျွန်ုပ်သည် သင့်ထံလာရောက်သည်မှာ ကျွန်ုပ်၏ပြဿနာရပ်များ၏ အဖြေကို အလိုရှိ၍ဖြစ်ပါသည်။ အဖြေမပေးနိုင်ပါလျှင်လည်း အမိန့်ရှိပါ။ အကျွန်ုပ်ပြန်ပါမည်"

ဟု ရသေ့အားပြောကြားလေ၏။

ထိုအခါ ရသေ့က -

"ဟော - ဟိုမှာ လူတစ်ယောက် ပြေးလာနေတယ်"

ဟုဆို၏။

လှည့်ကြည့်လိုက်ရာတွင် ဘုရင်သည် မုတ်ဆိတ်ကျင်စွယ်နှင့်လူတစ်ယောက်သည် သူတို့ဘက်ဆီသို့ဦးတည်ကာ ပြေးလာနေသည်ကို တွေ့ရ၏။ ထိုလူ၏လက်များသည် သွေးယိုစီးနေသောသူ၏ဝမ်းဗိုက်ကို ဖိနှိပ်ထား၏။ ထိုလူသည် ဘုရင်၏ရှေ့သို့ရောက်သောအခါ မေ့မြောလျက် မြေသို့လဲကျသွား၏။

ဘုရင်နှင့် ရသေ့သည် ထိုသူ၏ အဝတ်များကို ကြယ်သီးဖြုတ်ကြည့်ရာ သူ၏ဝမ်းဗိုက်တွင် ကြီးမားသောဒဏ်ရာကို တွေ့ကြ၏။ ဘုရင်က ၎င်းဒဏ်ရာကိုဆေးကြော၍ သူ၏ပဝါဖြင့်ရစ်ပတ်ဖုံးအုပ်သော်လည်း သွေးကမရပ်ပေ။ သို့ဖြစ်၍ ဘုရင်သည် အနာကို ထပ်ကာ ထပ်ကာဆေးကြောတော့မှ သွေးအထွက်ရပ်လေသည်။

အတန်ကြာသောအခါ ထို သည် အနည်းငယ်သက်သာလာ နောက် သောက်ရန်တစ်စုံတစ်ခု ဟု တောင်းလေ၏။ ဘုရင်သည် သ သောရေကိုယူပြီးပေး၏။ ယခုအချိန် နေသည် ဝင်သွားခဲ့ပြီးနောက် ပတ်ဝန်းကျင်ရှိလေထုမှာ အေးမြလျက်ရှိ၏။ ဘုရင်သည် ရသေ့၏အကူအညီဖြင့် ဒဏ်ရာနှင့်လူအား တဲအတွင်းသို့သယ်ဆောင်ကာ ခုတင်ပေါ်တွင်တင်ထား၏။ ထိုလူသည် မျက်လုံးအစုံမှိတ်ကာ ငြိမ်သက်စွာလဲလျောင်းနေ၏။ ဘုရင်ကြီးမှာ လမ်းလျှောက်လာခဲ့ရခြင်းနှင့် နေ့လယ်ပိုင်းကလုပ်ခဲ့ရသောအလုပ်များကြောင့် ပင်ပန်းနွမ်းနယ်လာသဖြင့် ကြမ်းပြင်တွင်ပင် လဲလျောင်းမိကာ တိုတောင်းသော နွေရာသီ၏ တစ်ညတာလုံးပင် အိပ်စက်၍ပျော်သွားတော့၏။

ပြန်လည် နိုးလာသောအချိန်၌ မိနစ်များစွာကြာအောင်ပင် သူသည် ဘယ်ရောက်နေသည်၊ သူ၏ဘေးမှ သူ့အား တောက်ပသော မျက်လုံးများဖြင့် ကြည့်နေသော မုတ်ဆိတ်ကျင်စွယ်နှင့် လူသည် ဘယ်သူဖြစ်သည်တို့ကို မသိ မမှတ်မိဖြစ်နေ၏။

မုတ်ဆိတ်နှင့်လူသည် ဘုရင်နိုးလာ၍ သူ့အားကြည့်နေသည်ကိုမြင်သောအခါ -

"အကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ အရှင်"

ဟု ဆိုလေ၏။

"ကျွန်ုပ်သည် သင့်အားမသိ။ သင့်အား ခွင့်လွှတ်ရမည့်ကိစ္စ ဘာမှလဲမရှိ"

ဟု ဘုရင်ကပြန်ပြောသောအခါ ထိုလူက -

"အရှင်ကျွန်ုပ်ကိုမသိသော်လည်း ကျွန်ုပ်က အရှင့်ကိုသိပါသည်။ အကျွန်ုပ်သည် သင့်အား လက်စားချေသတ်ဖြတ်ရန်ကျိန်ဆိုထားသော အရှင်၏ရန်သူဖြစ်ပါသည်။ အရှင်က အကျွန်ုပ်၏ညီအစ်ကိုများအား ဖမ်းဆီးသတ်ဖြတ်ကာ သူတို့၏ပစ္စည်းဥစ္စာကို သိမ်းယူခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ အရှင်သည် ရသေ့သူမြတ်ထံသို့ တစ်ကိုယ်တော်တည်း လာရောက်ကြောင်းကို အကျွန်ုပ်ကြားသိရသဖြင့် အရှင့်အား လမ်းခုလတ်တွင်သတ်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ နေကုန်ခဲ့သော်လည်း အရှင်ပြန်မရောက်လာသဖြင့် အကျွန်ုပ်သည် ပုန်းအောင်း၍စောင့်နေသောနေရာမှထွက်ခဲ့ရာ အရှင်၏ကိုယ်ရံတော်နှင့်တိုးမိသွားပါသည်။ ကိုယ်ရံတော်က အကျွန်ုပ်အားမှတ်မိသဖြင့် အကျွန်ုပ်ကို တိုက်ခိုက်သဖြင့် အကျွန်ုပ် ဒဏ်ရာ ရရှိပါသည်။ အကျွန်ုပ်သည် ကိုယ်ရံတော်၏လက်ဝယ်မှပြေး၍လွတ်ခဲ့သော်လည်း အရှင်မင်းမြတ်ကသာ အကျွန်ုပ်၏ဒဏ်ရာကို ဆေးကြောပြုစုခဲ့ခြင်းမရှိပါလျှင် အကျွန်ုပ်သည် သေဆုံးခဲ့ရမည်ဖြစ်ပါသည်။ အကျွန်ုပ်သည် အရှင့်အား သတ်ဖြတ်လုပ်ကြံလိုသောဆန္ဒရှိခဲ့သော်လည်း အရှင်က ကျွန်ုပ်၏အသက်ကို ကယ်ဆယ်ခဲ့လေပြီ။ ယခု အကျွန်ုပ် အသက်ဆက်လက်၍ရှင်ရပါလျှင် အရှင် ဆန္ဒရှိပါက အရှင်မင်းမြတ်ထံမှာ သစ္စာအရှိဆုံးသော ကျေးကျွန်တစ်ယောက် အဖြစ်နှင့် အမှုတော်ထမ်းရွက်လိုလှပါသည်။ အကျွန်ုပ်၏သားများကိုလည်း သည်အတိုင်းပြုကြစေပါမည်။ အကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ အရှင်"

ဟု လျှောက်တင်၏။

ဘုရင်မင်းမြတ်ကား သူ၏ ရန်သူတစ်ဦးနှင့် သည်မျှလောက် လွယ်ကူစွာ ရန်ပြေငြိမ်းပြီး မိတ်ဆွေတစ်ယောက် အဖြစ်ရရှိသဖြင့် အလွန်တရာဝမ်းမြောက်လေ၏။ သူ့အား အပြစ်မှခွင့်လွှတ်ရုံသာမက ဘုရင်သည် သူ၏ကျေးကျွန်များနှင့် သမားတော်ကြီးများကိုပါ ထိုလူအား သွား ရောက်ပြုစုစေမည်။ ၎င်းနောက် သိမ်းယူထားသောပစ္စည်းများ ပြန်လည်ပေးမည် ဟု မိန့်တော်မူ၏။

၎င်းနောက် ဘုရင်သည် ဒဏ်ရာနှင့်လူအားထားခဲ့ပြီးနောက် တဲအတွင်းမှ ထွက်ကာ ရသေ့ကိုရှာလေ၏။ နန်းတော်သို့မပြန်မီ ရသေ့ထံမှ သူ့ပြဿနာရပ်များ၏အဖြေကို တစ်ကြိမ်ထပ်မံ တောင်းခံရန် ဆန္ဒရှိလေသည်။ ရသေ့မှာ ဒူးထောက်ကာ ယမန်နေ့ကတူးခဲ့သောအခင်းများထဲတွင် သစ်စေ့များစိုက်လျက်နေ၏။ ဘုရင်သည် ရသေ့အနီးသို့ သွားရောက်ကာ -

"အို - ပညာဉာဏ်ကြီးမားသော အရှင်၊ နောက်ဆုံးအကြိမ်အဖြစ်နှင့် အကျွန်ုပ် ဦးတင်လျှောက်ထားပါသည်။ အကျွန်ုပ်၏ပြဿနာရပ်များအား ဖြေဆိုပါလော့"

ဟု တောင်းပန်၏။

ရသေ့က မြေတွင်ဒူးထောက်လျက် သူ့ရှေ့တွင်ရပ်နေသောဘုရင်အားကြည့်ကာ -

"အသင့်အား အလိုရှိသောအဖြေများပေးခဲ့ပြီးလေပြီ"

ဟု မိန့်ဆို၏။

"ဘယ်ကဲ့ကဲ့သို့ပေးခဲ့ပြီးပါသနည်း၊ အရှင်ဘာကိုဆိုလိုပါသနည်း"

ဟု ဘုရင်က မေးလျှောက်သဖြင့် ရသေ့က ဤသို့ရှင်းလင်းပြဆို၏။

"အသင်မသိလေသလော။ အကယ်တည့် အသင်သည် ကျွန်ုပ်အား အားအင်ချည့်နဲ့သည်ကို မသနားမိ၍ ကျွန်ုပ်အတွက် အခင်းများကိုတူးမပေးဘဲ ခရီးဆက်၍သွားခဲ့ပါသော် ထိုလူသည် သင့်အား တိုက်ခိုက်နိုင်ခဲ့ပေလိမ့်မည်။ ထိုကဲ့သို့ တိုက်ခိုက်ခြင်းကိုခံရလျှင် သင်သည် ကျွန်ုပ်နှင့်အတူနေမိခဲ့ပါက ကောင်းလေစွဟု ဆန္ဒဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ထိုအခါက သင့်အဖို့ အရေးကြီးဆုံးသောအချိန်သည် အခင်းများတူးနေခဲ့သောအချိန်ဖြစ်ပြီး အကျွန်ုပ်သည် အရေးအပါဆုံးသောသူ ဖြစ်ခဲ့ပေ၏။ အကျွန်ုပ်အား ကူညီခြင်းအလုပ်သည်လည်း သင့်အဖို့ အရေးအကြီးဆုံးသော အလုပ်ဖြစ်ခဲ့ပေ၏။

သည်နောက်တွင်မူ ထိုသူ ကျွန်ုပ်တို့ထံပြေးလာပြီး သင့်အဖို့ အရေးအကြီးဆုံးသောအချိန်ကား ထိုသူအား ပြုစုနေချိန်ပင်ဖြစ်ပေ၏။ အကယ်တည့် ထိုသူ၏ဒဏ်ရာကို ဆေးကြောပြုစုခြင်းမလုပ်မိခဲ့ပါက ထိုသူသည် သင်နှင့်ရန်ပြေငြိမ်းခြင်းမပြုရဘဲ သေဆုံးသွားခဲ့ပေလိမ့်မည်။ သို့ဖြစ်၍ သူသည် အရေးအပါဆုံးသောသူဖြစ်ပြီး သူ့အား ပြုစုခဲ့ခြင်းအမှုကိစ္စသည် သင့်အတွက် အရေးအပါဆုံးသောအလုပ်ဖြစ်ခဲ့ပေ၏။

ဤသို့ မှတ်ပါလော့။

အရေးကြီးသောအချိန် ဟူသည်ကား တစ်ချိန်တည်းသာလျှင်ရှိပေ၏။ ၎င်းအချိန်ကား ယခုပစ္စုပ္ပန်အချိန်ပင်ဖြစ်ပေ၏။ ၎င်းအချိန်၌သာ ကျွန်ုပ်တို့မှာ စွမ်းရည်ရှိခြင်းကြောင့်ပင်တည်း။

သင့်အဖို့ အရေးအပါဆုံးသောသူကား တစ်ချိန်ချိန်မှာ သင်နှင့်အတူရှိနေသောသူဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ဘယ်အချိန် ဘယ်အခါမှာ အခြားဘယ်သူနှင့်တွေ့မည်ကို မသိနိုင်ခြင်းကြောင့် ဖြစ်ပေ၏။ ထိုသို့တွေ့ရသောသူ၏အကျိုးကို ဆောင်ရွက်ခြင်းအမှုသည် အရေးအကြီးဆုံးအမှုကိစ္စ ဖြစ်ပေ၏။ အကြောင်းမူကား လူသည် ယင်းကဲ့သို့သောအမှုကိစ္စမျိုးကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် လူ့ဘဝသို့ရောက်ရှိခဲ့ရခြင်း ဖြစ်ပေ၏။

သော်တာအောင်(ကျော [illegible])

ကျမ်းကိုး -

ဘုရားဟော [illegible]
[illegible]

ညိုရောင်

ကျွန်ုပ်နှင့် သူယောင်မယ်ကျစ်ရှာသူ

■ အဘိုးနှင့်တွေ့ဆုံခြင်း

တစ်နေ့သ၌ ရာသီဥတုသာသာယာယာရှိသည်နှင့် ကျွန်ုပ်သည် မှုဂျာရှိရာ အမှတ် (၆) သဲတောမြေရွာကလေးသို့ရောက်ဖြစ်ခဲ့ရပြန်သည်။ မှုဂျာဆိုသူသည် ကျွန်ုပ်အား ဂမ္ဘီရဇာတ်လမ်းများကို အခါအခွင့်သင့်တိုင်းပြောပြနေသူပါတည်း။ ကျွန်ုပ်လည်း မှုဂျာ့သူငယ်ချင်းဖြစ်သူ ဇော်ထူးနှင့်တွေ့ဖို့ရှိသည်နှင့် မှုဂျာ့အိမ်သို့ ဦးစွာသွားဖြစ်ခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ဇော်ထူးပြောပြသည့် သွေးစုပ်ဖုတ်ကောင်နှင့် ပျောက်ဆုံးနေသော လူသတ်သမားဝတ္ထု ဂမ္ဘီရလောကမဂ္ဂဇင်းတွင်ပါလာပြီဖြစ်၍ ထိုစာအုပ်အား ဇော်ထူးကို ပေးဖတ်ဖို့ ယူလာခဲ့လေ၏။ သူပြောပြသည့်ဇာတ်လမ်းကိုသူဖတ်ချင်မှာပဲမဟုတ်ပါလား။

“မှုဂျာရေ ဇော်ထူးနဲ့ တွေ့ချင်တယ်ကွာ။ သူပြောတဲ့ဇာတ်လမ်းကို အခြေခံပြီး သရုပ်ဖော်ရေးထားလို့ သူဖတ်ရအောင်ငါယူလာခဲ့ပြီ။ သူ့ကိုခေါ်ပေးစမ်းပါဦး”

“ဟာ-ဦးရယ်၊ ဒီအချိန်ဆို ဇော်ထူးနဲ့ အဘိုး (ဦးကျော်မိုး)တို့က ကျွန်တော့်သဲကျင်းမှာ သဲတူးနေကြမှာပေါ့။ ဦးတွေ့ချင်ရင်လိုက်ပြမယ်လေ”

သို့နှင့် မှုဂျာက ကျွန်ုပ်မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်တက်ခွရင်း သဲကျင်းရှိရာ သဲတောင်ခြေသို့ ကျွန်ုပ်နှင့်အတူ ခရီးဆက်လိုက်ကြ၏။ ထိုစဉ်က ဇော်ထူးသည် ကလိုင်ထဲရှိ သဲကျင်းသို့ဝင်ကာ သဲတူးနေစဉ် ဖြစ်၏။ မှုဂျာခေါ်ထုတ်လာ၍ သူသည် ကုပ်ကုပ်လေး ကျွန်ုပ်ရှိရာဘက်သို့လာပါ၏။ ဖြုန်းသဲလူးသူတို့၏ထုံးစံအတိုင်း ဇော်ထူးသည် ဖြုန်းသဲကျောက်မှုန့်တို့တစ်ကိုယ်လုံးအန့်ပေကျံနေ၍ ပိတ်မျောက်ဖြူတစ်ကောင်နှင့်ပင် တူနေသေးတော့၏။

မောင်ဇော်ထူးသည် သွေးစုပ်ဖုတ်ကောင်နှင့် နဖူးတွေ့ဒူးတွေ့ကြုံလိုက်ရသည့်နောက်ပိုင်း စိတ်ကယောက်ကယက်ဖြစ်ကာ နမ့်စန့်-ရွှေညောင်ရထားလမ်းဖောက်သည့် မီးရထားလုပ်သားဘဝမှ အပြီးအပိုင်ထွက်ပြီး ယခုလို သဲတူးစားနေခြင်း ဖြစ်၏။ (သူ့ဇာတ်လမ်းအား သွေးစုပ်ဖုတ်ကောင်နှင့် ပျောက်ဆုံးနေသောလူသတ်သမားဇာတ်လမ်းတွင် ရေးဖွဲ့ပြီး)

မဆိုင်းမတွမှာပင် ကျွန်ုပ်သည် အကြောင်းနှင့်ယှဉ်ကာရေးထား ဂမ္ဘီရမဂ္ဂဇင်းစာအုပ်ကို သူ့ထံကမ်း လိုက်လေ၏။

“ကဲ - ဇော်ထူးရေ့ မင်း ဇာတ်လမ်းတော့ပါလာပြီကွ။ ရော့ စာအုပ်ထဲမှာပါတယ်၊ ဖတ်ကြည့် တော့။ အင်း - မင်းပြောပြတဲ့ ကြောင့် ဒီဝတ္ထုကိုကြိုးစားပမ်းစား လိုက်တော့ အယ်ဒီတာနဲ့ ပရိသတ်လည်းကျေနပ်ကြလို့ သကွ။ ဒါက မင်းကျေးဇူး မဟုတ်လား။ ဇာတ်လမ်းက ဆန်း တော့ ရေးရတာ ဖီးလ်ရှိတာ

“ဟာ - ဆရာညိုမြင့်က ကျွန်တော့်ဇာတ်လမ်းက ဒီ အဆန်းတကြယ်မဟုတ်ပါဘူး ဇာတ်လမ်းကမှ တကယ့်ကို ထိတ်လန့်စရာကောင်းလော ထူးဆန်းတာကလား။”

“အာ - ဘယ်လို၊ အ



ပိုပြီးဆန်း ဟုတ်ရဲ့လားကွာ။ ဇာတ်လမ်းက မောင်ရှင့်လို ခမန်းလိလိကြုံလိုက်ရတဲ့ စုပ်ဖုတ်ကောင်ဇာတ်လမ်းထဲမှာပါ မဟုတ်လားကွ”

“ဘယ်ကလာဟုတ်ရမှာ ဆရာ ညိုမြင့်ရာ။ အဲဒါက ကျွန်တော် ဆိုက်ခေါင်-ရွှေ ရထားလမ်းဖောက်တုန်းက တွေ့ မှာ တုန်လှုပ်ချောက်ချားစရာ လောက်အောင် မျက်ဝါးထင် ထင်မြင်လိုက်ရတဲ့ ဇာတ်လမ်း။ အခု သူ့ဇာတ်လမ်းကသတ်သတ်၊ အဟဲ- သူ့ကိုယ်ပိုင်ဇာတ်လမ်းလို့ပြောရင်လည်းရတယ်။ သူပြောပြဖူးလို့သိလိုက်ရပေမယ့် ကျွန်တော်တို့ကပဲ ဉာဏ်မမီလို့လား မသိပါဘူး ဆရာရယ်။ သူ့ဇာတ်လမ်းကမှ ယှဉ်နိုင်စရာ မရှိလောက်အောင်ကို ပိုပြီး ဆန်းတယ် ဆရာရေ”

“ဟ - လု ကိုက် ပြန်ပြီ။ မင်းတို့ အမှတ် (၆) တရုတ်ပုံပြင်ထဲကလို ကောင်းတွေနဲ့ ချည် နေရပါလား ဟော့။ ကဲ - မိန်းပါပြီး အဘိုး ဇာတ်လမ်းက”

ကျွန်ုပ်သည် ထူးပေ့ဆန်းပေ့ဆိုသည့်ဇာတ်လမ်းကိုမှ ကြိုးစားပမ်းစား ရှာဖွေကာ ဝတ္ထုရေးဖွဲ့သူဖြစ်လေရကား ရေငတ်တုန်း နတ်ရေကန်ထဲကျသလို အားတက်သရောမေးလိုက်မိချေ၏။

“နေဦး ဆရာညိုမြင့်၊ ကျွန်တော် ပြောပြရင် ကာယကံရှင်လောက် ပြည့်ပြည့်စုံစုံအရသာရှိရှိ ဆရာ့အနေနဲ့ နားမထောင်ရမှာစိုးလို့ အဘမိုးကို သွားခေါ်ပေးမယ်နော်။ သူပြောပြတော့မှပဲ ဆရာ့အဖို့ ဟာခနဲဟင်ခနဲဖြစ်သွားမယ့်အရသာကို ခံစားကြည့်ပေတော့ ဆရာရေ”

ဇော်ထူးက ဤသို့ညွှန်းပြီး ကျွန်ုပ်နှင့်အတူလိုက်ပါလာသည့် သဲကျင်းပိုင်ရှင် မူဂျာမျက်နှာကို မဝံ့မရဲဖြင့်လှမ်းကြည့်လိုက်သည်။

“ဟေ့ကောင် ဇော်ထူး၊ ငါ့မျက်နှာကိုကြည့်မနေနဲ့။ ဟိုမှာတွေ့လား သဲတွေကို လေးလုံးထိုးကားပြာပေါ် တင်နေတာ အဘမိုးလေ သွားခေါ်လိုက်။ ဆရာ့အတွက်ဆို အချိန်ပေးရမှာပေါ့”

ဇော်ထူးသည် သူငယ်ချင်းလည်းဖြစ် သဲကျင်းပိုင်ရှင်လည်းဟုတ်သည့် မူဂျာခွင့်ပြုချက်ဖြင့်သဲတင်နေသည့် အနီ အဘမိုးဆိုသူအား ကျွန်ုပ်တို့ထံခေါ်လာပါသည်။

“ကဲ - အဘမိုးရေ၊ ဒီက ဆရာညိုမြင့်က အဘမိုးဇာတ်လမ်းကိုနားထောင်ချင်လို့တဲ့။ ကြိုက်ရင် ဝတ္ထုရေးမယ်လို့ ပြောတယ်”

“ဟေ - ငါ့ဇာတ်လမ်း ဘာဇာတ်လမ်းကိုပြောတာလဲကွယ့်”

“ဟိုလေ အဘမိုးရဲ့၊ အဘလူပျိုဘဝမှာကြုံလိုက်ရတဲ့ အိပ်မက်ဆန်ဆန် ထူးဆန်းတဲ့ရွာတစ်ရွာကိုရောက်သွားတဲ့ ဇာတ်လမ်းလေ”

“ဟ - မပြောချင်ပါဘူး။ ငါပြောလိုက်မှ ဒီကစာရေးဆရာလည်း ငါ့ကို အရူးအနှမ်းလို့ထင်နေပါဦးမယ်ကွာ”

အဘမိုးဆိုသူသည် မူဂျာဘယ်လောက်ပင် တိုက်တွန်းတွန်း ကျွန်ုပ်ကို ပြောပြရမည့် သူ့ဇာတ်လမ်းအတွက် ရှက်ရွံ့တွန့်ဆုတ်နေပုံရသည်။ ချင့်ချိန်နေဟန်ရှိသည်။ ကျွန်ုပ်လည်း တစ်ချိန်က အဘမိုးပါသည့် သွေးစုပ်ဖုတ်ကောင် ဇာတ်လမ်းတစ်ပုဒ်ကိုသာရေးထုတ်လိုက်ရသည်။ ထိုအဘမိုးဆိုသူအား အခုမှပင် နဖူးတွေ့ဒူးတွေ့ တွေ့တွေ့ဆိုင်ဆိုင်မြင်ဖူးဖြစ်တော့သည်။ မေးရိုးကားကား၊ ဆံသားဖြူဖွေး ပါးပြင်ချိုင့်ခွက်၊ မျက်ပေါက်မှေးမှေးနှင့် အနီအဘမိုးဆိုသူမှာ အသက် (၇၀) နီးပါးခန့်ရှိနေချေပြီ။ သူသည် အလုပ်ရှင် မူဂျာကို မဝံ့မရဲကြည့်ရင်း ဇဝေဇဝါစိတ်ဖြင့် ပြောရကောင်းနိုးချိန်ဆနေပုံရသည်။ ဒါကို ရိပ်မိသည့် မူဂျာက-

“ပြောသာပြောပြလိုက်ပါအဘမိုး။ ဒီနေ့အဖို့တော့ သဲတင်စရာလည်း မလိုတော့ဘူး။ ကျွန်တော့်သဲတောင် ကျွန်တော့်သဘောကျွန်တော်ခွင့်ပြုတယ်။ အဘမိုးရမယ့်ကိုယ်တာ(ခွဲတမ်း)ကိုလည်း တစ်ကျပ်တစ်ပြားမှမဖြတ်ဘူး။ အပြည့်ပေးပါ့မယ်”

“အင်း-မောင်မူဂျာခွင့်ပြုမှတော့ ပြောရတာပ။ အဲ - စာရေးဆရာရေ၊ တစ်ခုတော့ ကျုပ်ကြိုပြောထားချင်တယ်။ ကျုပ်ပြောတာကို နားထောင်ပြီး ကျုပ်ကို ဒီလူကြီးဘာရိန်းချောင်နေပြီး ဂေါက်ကြောင်နေပြီလို့ မသတ်မှတ်လိုက်နဲ့ဦး။ ကျုပ်အဖြစ်က လူတစ်ထောင်တစ်သောင်းမှာ တစ်ယောက်ဆိုတစ်ယောက်ဆိုရအောင်ကြုံရခဲ့တဲ့ဇာတ်လမ်းဗျ”

“အဘမိုးရယ် ကျွန်တော်က ဝတ္ထုရေးတဲ့ စာရေးဆရာပါ။ စာနာတတ်တယ်။ တလေးတစားနားထောင်တတ်တယ်။ ပြီးတော့ ခံစားမှုဝေပေးလို့လည်း ရပါတယ်။ အဲ - တစ်ခုတော့ရှိတာပေါ့။ တစ်ခါလည်း မပြောပုဆိုးဇာတ်လမ်းမျိုးဆိုရင်တော့ အဘမိုးမပြောပြတာကောင်းတယ်။ ဥပမာဗျာ လမ်းသွားရင်း ဆေးလိပ်မီးတစ်တို့လောက်ဆိုပြီး ခြောက်ပြတဲ့ သရဲနဲ့တွေ့တဲ့ ဇာတ်လမ်းမျိုး။ ပြီးတော့ မကျွတ်မလွတ်တဲ့အိမ်မှာ သရဲခြောက်တာမျိုး။ ဥစ္စာစောင့်နဲ့ ဘုရားကုန်းမှာတွေ့တဲ့ဇာတ်လမ်းမျိုးဆိုရင် ဖတ်ရတာ ကြားရတာ ဖန်တစ်ရာတေနေပြီလေ။ ဒါမျိုးဆိုရင် မပြောနဲ့တော့။ အဘမိုးလည်း အလုပ်ပျက်မယ်။ ကျွန်တော်လည်း နားထောင်ရတာညောင်းတယ်။ အဲသလိုဇာတ်လမ်းမျိုးဆိုရင် ကျွန်တော် ခံစားလို့မရဘူး၊ မရေးချင်ဘူးဗျာ”

“အဲ - ကြိုက်သွားပြီဟေ့။ ကျုပ်က ဒါမျိုးပွင့်ပွင့်လင်းလင်းမှကြိုက်တယ်။ ဆွဲ ဆရာရေ ခရီးဆုံးသာဆွဲပေတော့ဗျို့။ နားထောင်ပြီးသာ ရေးဖို့ပြင်ပေတော့။ ကျုပ်ဇာတ်လမ်းအတွက် ကျုပ်ရဲရဲကြီး အာမခံတယ် ဟားဟား”

အဘမိုးသည် သူ့ဝသီအတိုင်း ပျော်ပျော်နေပျော်ပျော်သောက်သမားဖြစ်ချေ၍ သဲတောင်ခြေရင်းရှိ မူဂျာစီစဉ်ပေးထားသည့် အရက်ပိုင်းမှအရက်တစ်ခွက်ကို ကောက်ကာငင်ကာ မော့ချလိုက်သည်။

သူ့ဇာတ်လမ်းကို အမှန်တကယ် ချပြရမည်ဆိုတော့ အဘမိုး၏ တွန့်ရှုံ့ရှုံ့မျက်နှာသည် သံစကာ(ဆန်ခါ)ချထားသည့် ဖြန်းသဲမှုန့်တွေလို မှိုင်းရီသွားချေ၏။

“အိမ် - ဆရာလေးမေးလို့သာ ပြောပြရပေမယ့် ကျုပ်စိတ်ထဲကောင်းကိုမကောင်းဘူး။ အနာဟောင်းကို ပြန်ဆွပေးလိုက်သလိုပါပဲလား။ အင်းလေ ကျုပ်ပြောပြတာကို နားထောင်ရင်း စာရေးဆရာ သဘောပေါက်လာမှာပါ။ အဲဒီထူးဆန်းတဲ့ရွာကို မျက်စိလည်လမ်းမှားပြီးရောက်သွားရတာကိုက ကျုပ်အတွက် ကြမ္မာငင်သွားရတာကလား။ အင်းပေါ့လေ ပြန်ပြောရပြန်တော့ အဟောင်းတွေက အသစ်ဖြစ်ရပြန်ပြီပေါ့ကွယ်”

■ ရောင်စုံပန်းခင်းကြားမှကျွန်ုပ်ဘဝ

ကျွန်ုပ်၏ လူလားမြောက်ခါစ လူပျိုဘဝတစ်ကွေ့သည် ယောင်ခြောက်ဆယ်လိုက်နေခြင်းဖြင့်သာ ရွာမှာ လူပိုတစ်ယောက်ပမာဖြစ်ခဲ့ရလေ၏။ ကျွန်ုပ်မိဘများနှင့်ရွာရှိသက်ကြီးရွယ်အိုတို့က ကျွန်ုပ်ကို ဆန်ကုန်မြေလေးတစ်ယောက်ဟုဆိုလောက်အောင် ကျွန်ုပ်ကြီးပြင်းလာရသည့်သက်တမ်းတစ်လျှောက် သတ်မှတ်ခြင်းခံလိုက်ရ၏။ တစ်ချိန်က ဆိုးတေမူးရူးနေသည့်လူမိုက်တို့သည်ပင် ကျွတ်တမ်းဝင်ချိန်ကျလာတော့ ရိပ်ကြီးခိုကာ တရားကျင့်ကြံအားထုတ်ခြင်းဖြင့် သူတော်စင်များဖြစ်သွားကြသည်မဟုတ်ပါလား။

သူတို့လို ပါရမီမရင့်သန်လင့်ကစား မခံချင်စိတ်၊ နာကြည်းစိတ်တို့ ပေါက်ကွဲချိန်တန်သော တစ်နေ့တွင် ကျွန်ုပ်သည် ပအို့ဝ်တိုင်းရင်းသား သူငယ်ချင်းတစ်ယောက်၏ သွေးဆောင်စည်းရုံးမှုတစ်ခုကြောင့် ကျွန်ုပ်နေသည့်ရွာမှ ယူဇနာများစွာဝေးကွာသည့် ရှမ်းရွာကြီးတစ် ရွာသို့ ကံဇာတ်ဆရာ၏ခိုင်းစေချက်ဖြင့် ရောက်သွားခဲ့ရပါသည်။

သူငယ်ချင်းဖြစ်သူ ပအို့ဝ်က ထိုရွာတွင် အလုပ်များစွာပေါသော်လည်း အလုပ်သမားရှားပါးကြောင်း၊ လုပ်အားလည်း ရွာမှာထက် နှစ်ဆမျှရကြောင်း၊ မစားရဝခမန်းပြောပြသည်နှင့် ကျွန်ုပ်လည်း ဘုမသိဘမသိနှင့် သူ့နောက်သို့ တစ်စိုက်မတ်မတ်လိုက်ခဲ့မိလေ၏။ ကျွန်ုပ်နှင့်တစ်ပါတည်းပါလာသည့် ဂုန်နီအိတ်တစ်လုံးတွင် ထိုးသိပ်ထားသည့်အဝတ်အစားများနှင့်စောင်၊ ခေါင်းအုံးအဟောင်းတို့သည်သာ။ လူမနီးတောကြီးမျက်မည်းထဲတွင် ကျွန်ုပ်တို့နှစ်ဦးသည် နေပြောက်ပင်မထိုးဖောက်နိုင်သည့် တောကြီးတန်းကိုဖြတ်ကာ ပင်ပန်းတကြီးခရီးနှင်လိုက်ကြသည်။ ကျွန်ုပ်အဖို့ သူတော်စင်သူတော်မြတ်တို့လို ရိပ်ကြီးခိုမဟုတ်လင့်ကစား ကျွန်ုပ်၏ ခြေအစုံသည် တစ်စုံထစ်ရာသော ဘဝအာမခံချက် မက်လုံးတစ်ခုအတွက် သွက်လက်သောခြေလှမ်းကိုလှမ်းလျက် လျှောက်နေမိသည်။ နှစ်ရက်နှင့်တစ်ညခန့်ခရီးဆက်အပြီးတွင် ကျွန်ုပ်တို့နှစ်ဦးသည် လိုရာပန်းတိုင်ဖြစ်သော အန္တမခရီးဆုံးသို့ရောက်ရှိကြလေ၏။

“အလို - မြင်ကွင်းတွေက နီနီပြာပြာ ဝါဝါစိမ်းစိမ်း၊ တချို့လည်းဖြူ တချို့မှာလည်း ပန်းရောင်အသွေး ခရမ်းရောင်ပြေးလို့ တလွင်တပြင်လုံး အုံ့မခန်းတဲ့တောပန်းအလှတွေဝေနေတဲ့ ပန်းခင်းကြီးပါလား”

ကျွန်ုပ်သည် ဆန်းကြယ်သည့် ရောင်စုံပန်းခင်းကြီးတစ်ခုကြောင့် အံ့ဩတကြီးဟမိသည့်ပါးစပ်ကိုပင်ပြန်ပိတ်ဖို့ အမှတ်မရချေဘဲ ငေးငူငူဖြင့်အာမေဍိတ်သံပြုလိုက်မိတော့၏။

“အဲဒါဘိန်းပန်းတွေပွင့်နေတဲ့ဘိန်းခင်းကြီးပေါ့ကွာ။ ဘယ်လိုလဲ သူငယ်ချင်း မလှဘူးလား။ ဒီတောင်ကြားထဲက အမြင်နေရတဲ့ဘိန်းခင်းမှာ မင်းအလုပ်လုပ်ရမှာကွ”

“ဘာ - ဒီမှာငါလုပ်ရမယ်။ ဟာ-ဒီ . . . ဒီဟာ တရားဝင်စိုက်ထားတာမှလား”

“သူငယ်ချင်းရာ နားဝေးပါ။ ဘိန်းစိုက်တယ်ဆိုမှတော့ တရားဝင်တယ်ဆိုတာ ဘယ်ရှိပါ့မလဲ။ ဒါပေမယ့် ပူမနေပါနဲ့။ ခုလို တောင်နိုင်မြို့ပ်ထဲမှာ ဘယ်သူမှလာမစစ်ဆေးဘူးမှတ်။ စိတ်အေးအေးသာ ငါ့နောက်လိုက်လုပ်ပေတော့ ကျော်မိုးရာ”

ကျွန်ုပ်အဖို့ ဘာများတတ်နိုင်ဦးမည်နည်း။ ခွေးဖြစ်မှတော့ မစင်တောမှာ နစ်ရှောရပေတော့မည်။ မလုပ်ချင်ပေမယ့်လည်း ကံဇာတ်ဆရာက နေရာချထားပြီးပြီမို့ ကျွန်ုပ်တစ်ယောက်တည်း လှည့်ပြန်ရမှာကလည်းမဖြစ်သာတော့။ လမ်းမရှိပန်းမရှိ လမ်းပြမရှိချေ၍ ကျွန်ုပ်မပြန်တတ်တော့ပြီတကား။

သည်သို့ဖြင့် ကျွန်ုပ်သည် လူသလောက် ကြောက်စရာကောင်းသည့် သူယောနန္ဒီဟု တင်စားလောက်သည့် ဘိန်းပွင့်ဘိန်းသီးတို့၏ မာယာကွန်ချာအောက်မှာ မျက်စိစုံမှိတ်ဒူးထောက် ခစားရင်းဖြင့် ဘိန်းစေ့ခြစ်အလုပ်သမားအဖြစ် ကျွန်ုပ်ဘဝတစ်စိတ်တစ်ဒေသကို မြှုပ်နှံလိုက်ရပါတော့၏။ ပြောရပါဦးမည်။

အသီးအပွင့်တို့အထဲ၌ ဘိန်းပွင့်တို့မည်သည် အရောင်အသွေးစုံသလောက် စံတင်လောက်အောင်ဂုဏ်ဝင်မြောက်လှပါပေသည်။ သို့ပင်ဖြစ်လင့်ကစား လူသားမျိုးနွယ်အတွက်တော့ ကြောက်စဖွယ်ကောင်းလှသည် မဟုတ်ပါလား။ ပန်းတကာ့ပန်းတို့တွင် အရောင်အသွေးမှန်သမျှ အစုံ ဘိန်းပွင့်ဘိန်းပန်းတို့တွင် စုဝေးနေကြလေ၏။

ကျွန်ုပ်မြင်မိသမျှဘိန်းသီးတို့သည် လူသားတို့အဖို့ အန္တရာယ်ရှိ မရှိကိုမဆိုထားနှင့်ဦး လက်တွေ့မျက်တွေ့မှာပင် ပီဘိ ၃၆-မမ လက်ပစ်ဗုံးတစ်လုံးနှင့်ပင် အလားသဏ္ဌာန်တူလှချေ၏။

မုဆိုးစိုင်သင်လို့ပဲဆိုရမည်လား မသိ။ ကျွန်ုပ်တို့ဘိန်းခြစ်သမားတစ်စုသည် ဝါးခြမ်းပြားတွင် ဘလိတ်ဓားထက် ပိုင်းချိုးတစ်ချောင်းကိုမြှုပ်ပြီး ရင့်မှည့်နေသည့်ဘိန်းသီးတို့ကို အပင်ထက်မှာပင် ဒေါင်လိုက်အစေးခြစ်ရပါသည်။ ဘိန်းသီးတစ်လုံးတွင် တစ်ခါခြစ်ပါက သုံးရက်မျှ ခြစ်ရပြီး အဖြူရည်စေးပျစ်ပျစ်တို့စို့ထွက်လာသည်။ ဤနည်းဖြင့် (၃) ရက်ခန့်ခြစ်အပြီးမှာ ဘိန်းသီးတစ်လုံးအဖို့ အစေးကုန်လေပြီ။ ခြစ်ပြီးနောက်တစ်နေ့တွင် အဖြူရောင်ဘိန်းစေ့တို့သည် လေသလပ်လို့လားမသိ အမည်းရောင်အဖြစ်သို့ ပြောင်းလဲလာတော့၏။ စေးခဲခဲဖြစ်နေသည့် ဘိန်းမည်းတို့ကိုကား နို့ဆီခွက် (သို့) သံခွက်တို့ဖြင့်ထည့်ကာ တစ်ပိဿာအလုံးကလေးများဖြစ်အောင်လုံးလိုက်ကြတော့၏။ ဘိန်းသီးတစ်လုံးတွင် ဆီးစေ့ခန့်ဘိန်းဆီကိုရတတ်ပြီး ဘိန်းခင်းတစ်ခင်းလုံးကိုစုစည်းလိုက်မည်ဆိုပါက ဘိန်းမည်းပိဿာပေါင်းများစွာရပါလေတော့၏။

■ တောလည်ထွက်ကြခြင်း

ကျွန်ုပ်သည် ပရိယေသနဝမ်းစာအလို့ငှာလုပ်သာလုပ်နေရသော်လည်း ဤအလုပ်အပေါ် တစ်နေ့မှဘဝင်မကျ။ စိတ်ကမချမ်းသာခဲ့ချေ။ အလုပ်အားရက်တစ်ရက်မှာ ကျွန်ုပ်သည် နွမ်းနယ်နေသည့်စိတ်ကိုထွက်ပေါက်ပေးလိုသည်နှင့် ကျွန်ုပ်နှင့် ပအို့ဝ်လေး ခွန်ထွန်းဦးတို့ အတူတကွ တောလည်ထွက်ဖြစ်ကြသည်။

“သူငယ်ချင်း ခွန်ထွန်းဦး၊ မင်းအသိဆီမှာ ဒူးလေးနှစ်လက်ငှားကွာ။ မင်းနဲ့ ငါ ဟိုးအရှေ့ဘက်က တောကြီးတန်းတွေထဲ အမဲပစ်ထွက်ကြရအောင်”

အလုပ်ဖိစီးကာ ငြီးငွေ့နေပြီဖြစ်သည့် ကျွန်ုပ်အပေါ် နားလည်ပေးရှာသည့် ခွန်ထွန်းဦးသည် ကျွန်ုပ်အပေါ်တော့ ကောင်းရှာသား။ ကျွန်ုပ်အလိုကျ ဒူးလေးကိုငှားပေးရှာသည်။

“အေးကွာ၊ အလုပ်ဒဏ်ပိနေတာနဲ့မင်းငြီးငွေ့ပျင်းရိနေမှာငါသိတယ်။ စိတ်ပြေလက်ပျောက် မင်းနဲ့ ငါ တောကစားထွက်ကြတာပ ဟင်းဟင်း”

ဤနည်းဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် လူသူအရောက်အပေါက်နည်းသည့်တောကြီးမျက်မည်းထဲသို့ စိတ်တူကိုယ်မျှ ချင်းနင်းဝင်ရောက်လာကြ၏။

“ကဲ - သူငယ်ချင်း ကျော်မိုး၊ တို့အတူတူအမဲလိုက်နေမှတော့ဘာမှမထူးဘူး၊ ပျော်ပွဲစားထွက်သလိုဖြစ်မယ်။ အဲဒီတော့ လူခွဲပြီး တစ်ယောက်တစ်လမ်းစီ သွားကြရအောင်”

သည်အမဲလိုက်ခရီး၏ ဦးဆောင်ရှေ့ရွက်ဖြစ်သူ ခွန်ထွန်းဦး၏အကြံပေးချက်ဖြင့် ကျွန်ုပ်တို့နှစ်ဦးလမ်းခွဲလိုက်ကြကာ ဦးတည်ရာတစ်ဖက်ဆီသို့ လေးညို့မှလွတ်လိုက်သည့်မြားတံပမာ ကျွန်ုပ်လည်း ခြေဦးတည်ရာတောနက်ထဲသို့ ဝင်လိုက်တော့၏။ တောကြီးထဲမှာ အမဲလိုက်သူတို့ မရှိသလောက်ဖြစ်လေရကား သားရဲတောကောင်တို့မှာ ပေါချင်တိုင်း ပေါများလှပါတော့သည်။

တစ်ချိန်တွင် ကျွန်ုပ်နှင့်ခွန်ထွန်းဦးသည် မိမိတို့စိတ်သန်ရာ သားကောင်တို့ကို အပူတပြင်းလိုက်လျှင် လူချင်းကွဲလေတော့၏။ မျက်လုံးထောင့်တစ်နေရာမှ ရှေ့မြင်ကွင်းတွင် ရိပ်ခနဲတွေ့လိုက်ရသည့် ချေတစ်ကောင်ကြောင့် ကျွန်ုပ်များစွာအားတက်သွားမိသည်။ ကျွန်ုပ်သည် ဘာကိုမှသတိမရနိုင်တော့ဘဲ ထိုချေကောင်နောက်သို့ ဆင်ကန်းတောတိုး ကမူးရှူးထိုးလိုက်နေပါတော့သည်။ ခရီးမိုင်ပေါင်းမည်မျှပေါက်သွားသည်ဟု ကျွန်ုပ်မခန့်မှန်းတတ်တော့။ ထိုချေကောင်သည် ကျွန်ုပ်အား လမ်းပန်းခြေသည့်ချုံပုတ်တစ်ခုဆီသို့ မျှားခေါ်သွားချေပြီကော။

ကျွန်ုပ်ကိုယ်၌ကလည်း ငုပ်မိသဲတိုင် တက်နိုင်ဖျား ဆိုသည့်အတိုင်း [illegible] မဆုတ်မနစ်လိုက်[illegible] ချေကောင်

ထွက်ပြေးရာဘက်သို့ စိုက်လိုက်မတ်တတ် လိုက်မြဲလိုက်နေမိသည်။

မိုးလည်းချုပ်တော့မည်။ ခွန်ထွန်းဦးမှာလည်း ကျွန်ုပ်အမြင်အာရုံမှ ပျောက်ခြင်းမလှပျောက်ကွယ်သွားပြီ။ ဆာလောင်မွတ်သိပ်ခြင်းနှင့်အတူ ရေငတ်သည့်ဝေဒနာတစ်ရပ်က အာခေါင်ခြောက်ကပ်ခြင်းအဖြစ် ကျွန်ုပ်ရင်တွင်းမှာစစ်ခင်းနေပြီကော။ ပင်ပန်းနွမ်းနယ်မှုတို့ကြောင့် ကျွန်ုပ်သည် ကိုယ့်ခြေကိုယ့်လက်တို့ကို ပင်မသယ်ချင်တော့။ ဖြစ်နိုင်လျှင် တစ်စစီဖြုတ်ချထားလိုပြီ။ သို့ဖြင့် အရိပ်ကောင်းသည့် သစ်ရိုင်းပင်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့၏။

'ဟင်း-ဒီလောက်တောင်ဒုက္ခခံပြီး လိုက်လာမိမှတော့ ဒီခွေးကောင်ကို ငါရအောင် ပစ်သတ်မယ်ဟေ့'

'ဒေါမနဿစိတ်ဖြင့် တစ်ကိုယ်တည်းကြုံးဝါးမိပြီ။ ပန်းလျနွမ်းနယ်လာတာနှင့်အမျှ ကျွန်ုပ်သည် ထိုခွေးကောင်အပေါ် အမျက်ဒေါသခြောင်းခြောင်းထနေမိသည်။

ထိုစဉ် ခွေးကောင်ငယ်သည် ကျွန်ုပ်မြင်ကွင်းရှေ့မှာပင် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့်အတိပြီးကာ အောက်ခြေရှုပ်နေသည့်ဂူပေါက်တစ်ခုဆီသို့လှစ်ခနဲပြေးဝင်လေတော့၏။ မောပန်းလျက်ပင်ဖြစ်လင့်ကစား အလိုရမ္မက်၏လှုံ့ဆော်ချက်ဖြင့် ကျွန်ုပ်သည် မဆင်မခြင် ထိုခွေးကောင်နောက်သို့ တစိုက်မတ်မတ်ပြေးလိုက်မိလေ၏။ ကျွန်ုပ်ကံကောင်းသွားပါသည်။ ကြောက်ကြီးတငင်အသက်လုပြေးသွားသည့် ထိုခွေးကောင်သည် ဂူဝထိပ်ရှိ လိမ်ယှက်နေသည့် သစ်ပင်နှစ်ပင်ကြားတွင် ရှေ့မတိုးသာနောက်မဆုတ်သာဘဲ ထောင်ချောက်မိသည့်ပမာညပ်မိနေတော့၏။ ကံကောင်းထောက်မစွာရလိုက်သည့် အခွင့်အရေးတစ်ရပ်ကို လက်မလွှတ်စေဘဲ ကျွန်ုပ်သည် အားချင်းပင် ထိုခွေးကောင်အား ကျွန်ုပ်၏ လက်သုံးတော်ဒူးလေးဖြင့်ပစ်ခွင်းလိုက်သည်။ ဝေဒနာတစ်ရပ်ကြောင့်တဆတ်ဆတ်တုန်နေသည့် ခွေးကောင်အပါးသို့သွားကာ အားရှိပါးရှိ ဆွဲထုတ်လိုက်သည်။

■ ရတနာဂူမှထူးဆန်းသောမိန်းမပျို

တစ်ကွက်မှားသော ကျားအဲဖြစ်သို့ ကျွန်ုပ်ရောက်ရလေပြီ။ ခွေးကောင်ငယ်အား မဆင်မခြင် အားသွန်ခွန်စိုက် ဆွဲထုတ်လိုက်သည့်ကျွန်ုပ်သည် ထိုခွေးကောင်နှင့်အတူ အသူတရာမျှနက်ရှိုင်းလှသည့်ကျောက်ဂူတစ်ဂူထဲသို့ ခြေကားရားလက်ကားရားနှင့် လျှောတိုက်ကျသွားပါပြီ။ ကျွန်ုပ်ငယ်ရွယ်စဉ်အခါက ကလေးတွေ လျှောစီးဆော့ကစားသည့် စီးဆောသစ်သားပြားလို ချောမွတ်နေသည့် ဂူသားကြမ်းပြင်က ကျွန်ုပ်ကို မည်မျှအတိုင်းအတာအထိ သယ်ယူသွားသည်မသိ။ အရှိန်သေ၍ကျွန်ုပ်တစ်ကိုယ်လုံးရပ်တန့်သွားချိန်တွင် ကျွန်ုပ်သည် အလွန်တရာ နက်ရှိုင်းကျယ်ပြောသည့် ဂူကြီးတစ်ဂူထဲသို့ ရောက်နေကြောင်း သတိထားလိုက်မိ၏။ ကျွန်ုပ်တစ်ကိုယ်လုံးမှာလည်း ကိုင်ရိုက်ထားသလို မအီမသာဖြစ်နေပါသည်။

“အလိုထူးဆန်းလှချေလား၊ ဂူတစ်ဂူလုံးမီးရောင်စုံတွေထွန်းညှိထားသလို လင်းပလို့ပါလား။ ဟင် - အစိမ်း၊ အဝါ၊ အပြာ၊ အနီ၊ ကျောက်လွှာကျောက်ပွင့်တွေကလည်း ပြိုးပြိုးပြက်ပြက်တလက်လက်နဲ့ တစ်ဂူလုံးအပြည့်ပါပဲလားဟရို့”

ကံကောင်းသည်ဟု ဆိုရပါအံ့။ ဆုပ်ကိုင်လက်စခွေးသေကောင်နှင့်အတူ လက်စွဲတော်ဒူးလေးမှာလည်း ကျွန်ုပ်နှင့် တစ်ပါတည်းကိုယ်နှင့်မကွာရှိနေကြောင်း တွေ့လိုက်ရ၏။ စိန်ရွှေရတနာကျောက်သံပတ္တမြားတို့၏ အလျှံပယ်ညှို့မြူချက်ကြောင့် အခိုက်အတန့်အချိန်အတွင်း ကျွန်ုပ်သည် နာကျင်ပွန်းပဲ့သည့်ဝေဒနာတို့ကိုပင်အမှုမထားနိုင်တော့ဘဲ ခွေးကောင်ကို ပွေ့ပိုက်ရင်း အရူးတစ်ယောက်လို ဂူအနှံ့သို့လိုက်လံကြည့်ရှုနေမိလေ၏။

“အို - အလို စိန်ပွင့်တွေ၊ ပတ္တမြားခဲတွေ၊ ရွှေအရိုင်းတုံးတွေ နေရာအနှံ့ပြန့်ကျဲလို့ပါလား။ ဟား ဟား ဟား. . . ဒီရတနာတွေကို ငါပိုင်ဆိုင်ရတော့မယ်။ ဟင်းဟင်း. . . ငါပြန်ရင်နိုင်သလောက် ကျုံးဆံ့သလောက်ထည့်ပြီးပြန်ရတော့မယ်။ ငါ့လောက်ကံကောင်းတဲ့လူဒီကမ္ဘာမှာရှိနိုးလား။ ဟား - ငါသူဌေးဖြစ်ပြီကွ”

ပြိုးပြိုးပြက်ပြက် တလက်လက်အရောင်တို့ဖြင့် ကျွန်ုပ်အားမြှူဆွယ်နေသည့် ထိုရတနာစိန်ကျောက်တို့ကိုကြည့်ပြီး ဥစ္စာရူးတစ်ယောက်လို ဥဒါန်းကျူးရင့်လိုက်သည်။ ထိုသို့ ကျူးရင့်ကာ အပျော်ကြူးမိသော်လည်း စိတ်လွတ်ကိုယ်လွတ် မပျော်နိုင်တော့ချေ။ ကြည့်လေ အောက်အဆင်းသာရှိပေမယ့် အတက်လမ်းမရှိသည့်တွင်းနက်နက်ဂူကြီးကြောင့် ကျွန်ုပ်စိတ်ပျက်အားလျော့မိပြီကော။ ထိုဂူပေါက်ကြီးသည် ပစောက်ပုံသဏ္ဍာန်ကျွန်ုပ်အားသယ်ဆောင်လာသော်လည်း တက်လမ်းကို ပေးစွမ်းနိုင်ခြင်းမရှိချေတော့။

လူတစ်ယောက်၊ ခွေးတစ်ကောင်၊ ဒူးလေးတစ်လက်တို့ဖြင့် တဝဲလည်လည်ဖြစ်ကာ ကျွန်ုပ်အဖို့ ထွက်ပေါက်ပိတ်လေပြီတကား။ ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ဖြင့် ခွေးကောင်ကိုထမ်းကာ ပတ်လမ်းတစ်လျှောက် ခြေဦးတည့်ရာလျှောက်နေမိပြီကော။ မတော်လောဘနှင့်ယှဉ်သည့် မသိစိတ်၏ စေစားချက်ကြောင့်ပင် ကျွန်ုပ်သည် မြင်မြင်သမျှကျောက်ရိုင်းတုံးတို့ကို ရှမ်းလွယ်အိတ်ထဲသို့ဆံ့သလောက်ကောက်ထည့်လိုက်ပါသေးသည်။

ကျွန်ုပ်သည် ရှေ့တူရူသို့ တစိုက်မတ်မတ်လျှောက်လာရင်း များပြားလှသည့် ဝက်ပါဂူပေါက်တို့ကို အံ့မခန်းဆန်းကြယ်စွာ တွေ့နေရလေ၏။

တစ်ချိန်တွင် ကျွန်ုပ်သည် ဂူပေါက်တစ်နေရာမှ ညည်းတွားငိုယိုနေသည့် လူသံတစ်သံအား ချောက်ချားစဖွယ်သဲ့သဲ့မျှကြားလိုက်ရသည်။

“အလို-လူသူအရောက်အပေါက်မရှိတဲ့ခုလိုနေရာမှာ ဒီအသံကဘာသံပါလိမ့်”

ကြက်သီးတဖြန်းဖြန်းထလာသလို ခေါင်းမွေးတွေထောင်လာသည့်ကြားမှ ကျွန်ုပ်စဉ်းစားနေရပြီ။ အချိန်နှင့်တစ်ပြိုင်ညီ ခေါင်းနားပန်းလည်းကြီးမိတော့၏။ တစ္ဆေညည်းသံလိုအသံတစ်ခုက ကျွန်ုပ်နားယံဝသို့ရောက်ချလာပြီကော။

“ဟီး ဟီး ဟီး ဟီး အား ကျွတ် ကျွတ် အရိုးအဆစ်တွေ အကြောအခြင်တွေ ကိုက်ခဲနေလိုက်တာအရမ်းပဲ။ [illegible] မနေနိုင်တော့ဘူးအဖေရဲ့။ အို-အဖေရဲ့ အဖေ အဖေ အဖေမလာသေးဘူးလား ဟင်။ ညောင်းလွန်းကိုက်လွန်းလို့ သေတော့ သေတော့မတတ်ပါဘဲ အဖေရဲ့ ဟီး ဟီး ဟီး”

တောကြီးမျက်မည်းထဲလူမရောက်နိုင်သည့် အသူတရာနက်သော ဂူတစ်ဂူထဲမှာ မထင်မှတ်သည့်လူ သို့မဟုတ် မိန်းမသံတစ်သံကြောင့် ကျွန်ုပ်တုန်လှုပ်မိရပြီ။ ဘယ့်နှယ် - လူမနီးတဲ့ဒီဂူကြီးထဲမှာ ကျွန်ုပ်တစ္ဆေခြောက်ခံလိုက်ပြီလား။ လူတို့မည်သည် မည်သို့ပင် တုန်လှုပ်ချောက်ချားနေလင့်ကစား စူးစမ်းလိုချင်သည့်စိတ်တို့ကို တားဆီးခြင်းငှာမရသာရကား ကျွန်ုပ်သည် သိလိုစိတ်ဖြင့် အသံလာရာသို့ ကြောက်ကြောက်နှင့် တိုးလျှောက်လိုက်မိ၏။

“အလို မိန်းမပျိုတစ်ဦးပါလား။ ကျောက်ခုတင်ထက်မှာအိပ်လျက်ညည်းညူနေပါပကောလား”

တရွေ့ရွေ့တိုးကပ်လာသည့်ကျွန်ုပ်ခြေသံကြောင့်ပင် ဖြစ်ပါသည်။ ယင်းသင်တိုင်းလို ဝါညစ်ညစ်အဝတ်တန်ဆာဖြင့် ဆင်ယင်ထားပေသည့် ထိုမိန်းကလေးသည် ကျွန်ုပ်ထံသို့ မျက်တောင်ပင့်ကာ မျက်လုံးဖွင့်ကြည့်ရှာ၏။

သူမသည် သွေးလေမမှန်အားအင်ချည့်နဲ့သည့်တိမ်သောအသံဖြင့် ကျွန်ုပ်ကို ဇဝေဇဝါကြည့်ရင်း လေသံမျှသဲ့သဲ့ ကားဆိုလာ၏။

“အင်း ကျွတ် ကျွတ် အဖေ အဖေ လားဟင်။ သမီး. . . သမီး တစ်ကိုယ်လုံး တစစ်စစ်ကိုက်နေလို့နှိပ်နှိပ်နယ်ပေးပါလား။ ဟင်- အဖေလည်း ဟုတ်ဘူး။ အား. . . အားကိုပါလား။ အားကိုဘာကြည့်နေတာလဲ ကျွန်မအနားလာထိုင် [illegible]

ကျွန်ုပ်သည် သူမဖခင်မဟုတ်မှန်း သိလိုက်ပါလျက် လူစိမ်းတစ်ဦးအား ကြောက်မရွံ့ဖိတ်ခေါ်နေသည့်အတွက် သူမအပေါ် နားလည်နိုင်စွမ်းမရှိသည့် အကြည့်ဖြင့်ကြည့်လိုက်မိ၏။ ဖိတ်ခေါ်နေသည့်သူမထံပါးသို့လည်း မဝံ့မရဲဖြင့် [illegible] သူမနံဘေးကျောက်ခုတင်ပေါ် ယောင်တောင်ပေါင်တောင်ထိုင်ချလိုက်၏။ ပြီးသူမမျက်နှာကိုစေ့စေ့ကြည့်လိုက်မိသည်။

အလိုမပြုမပြင်မဆင်ယင်ထားပေသော်လည်း သူမအလှက နဂိုနေအတိုင်း အရိုင်းအဖြင့် လှလွန်းမကလှနေပါလား။

ကျွန်ုပ်အံ့ဩရပြီ။ ဆံနွယ်ရိုင်းတို့ဖြင့်ဝေ့လည်နေသည့်ပါးပြင့်ပေါ်ရှိ မျက်ဝန်းမျက်လုံးများက ကျွန်ုပ်ရင်နှလုံးကို ဆွဲကျုံ့ညှို့ယူထားသလို အရည်လဲ့ မျက်လုံးဝိုင်းဖြင့် စိုက်ကြည့်နေပေ၏။

ဆင်ရော်တောင်လိုကွေးညွှတ်ထပ်ပျံ့ [illegible] မယောင် အပေါ်နှုတ်ခမ်းလေး [illegible] ပြုံးယောင်ယောင်သူ့အလှကို [illegible] နေသလိုလို။

ဤတိုတိုအသားအရေက နဂိုရှိ [illegible] ဖျော့တော့သယောင်ရှိသော် [illegible] တစ်စုံတစ်ရာသောဆွဲဆောင်မှု [illegible] နေပေသည်။ သွေးလေချောက် [illegible] ရှိန်ကြောင့်သာ အခိုက်အ [illegible] ပျော်နေပုံရသည်။ သွယ် [illegible] အရိုးအဆစ်က ဘေး [illegible] အနေအထားနှင့်မို့ ဣတ္ထိယ [illegible] ကြီးငယ်ကောက်ကြောင်း [illegible] ပျင်နေစေသည်။ ထော်လန် [illegible] နှုတ်ခမ်းသားနှင့်အတူ မဆိုစလောက် ထူအမ်းအမ်းနှုတ်ခမ်းသားက ပြည့်ဖြိုးအိစက်နေသည်နှင့်အမျှ သွေးခြည်မျှင်တို့ကိုမြင်ရလောက်အောင် မို့မို့လေးနှင့်ရွှန်းစိုနေပေသည်။ အပေါ်နှုတ်ခမ်းထော်လန်လန်လေးကြောင့် ပုလဲသွယ်သွားကလေးများမှာ ဒေသထွက်ရောင်စုံ ပြောင်းဖူးစေ့တို့ ညီညီစီစီစီထားသလို အလိုက်အထိုက် ပြေပြစ်စွာစီတန်းထားချေသေး။

စတော်ဘယ်ရီရောင်ပါးမို့မို့နှစ်ဖက်မှာတော့ အရိုးအရွက်မျှပင်ရှာမရလောက်အောင် ပြည့်ဝန်းသည့် လမင်းကြီးလို ချစ်စရာအသွင်ကိုပေါ်လွင်နေပေ၏။

ကျွန်ုပ်သည် သူမအနီးတွင် ပဟေဠိဆန်ဆန်ထိုင်သာထိုင်နေမိသော်လည်း အမှန်ကိုဝန်ခံရလျှင် မိန္မတရိုနှင့် ကပိုကရိုသူ့အလှကွန်ရက်ကြောင့် အသက်ရှူမှားကာ ပြစ်မှားစိတ်ပင်ဝင်မိပါသေး၏။

အမှန်ကိုဝန်ခံရလျှင် ထိုစဉ်က ကျွန်ုပ်သည် နိုးထလာသည့်ဆန္ဒရမ္မက်စိတ်ဆင်ရိုင်းတို့ကို ပင်ပန်းတကြီးဖိနှိပ်ချိုးနှိမ်ရင်း တဲတွေးတို့ကိုသာကျိတ်မျိုချနေရလေ၏။ ကျွန်ုပ်မည်မျှတွေဝေမိန်းမောနေမိသည်မသိ သူမနှုတ်မှ ဖွင့်ဟလာသည့် စကားဆန်းတစ်ခုကြောင့် ကျွန်ုပ် အခိုက်အတန့် အိပ်မက်ကမ္ဘာမှ လန့်နိုးလာသလို တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ယင်သွားသည်။

“အားကိုရယ်၊ ခုမှလာတယ်နော်။ ဘယ်တွေများသဝေထိုးနေတာလဲမောင်တော်ရယ်။ နှမတော် အားကို့ကို စောင့်နေရတာဟာ တစ်ကမ္ဘာမကကြာလှပေါ့ရှင်။ ညီမလေးကို အရင်တုန်းကလိုပဲ ဖက်ထားပေးစမ်းပါဦး။ သိပ်ချမ်းနေပြီ။ တစ်ကိုယ်လုံးလည်းမဆန့်မရပ်နိုင်အောင် ညောင်းညာကိုက်ခဲနေပြီလေ။ ညီမလေးကို အားကိုလက်နဲ့ တယုတယနှိပ်နယ်ပေးစမ်းပါဦးလား”

ကျွန်ုပ်စိတ်ထဲ ဇဝေဇဝါဖြစ်မိပြန်ပြီ။ သူမသည် ကျွန်ုပ်အပေါ် ထင်ယောင်ထင်မှားဖြင့် သူ့လင်တော်မောင်တစ်ယောက်လို၊ ဒါမှမဟုတ် ချစ်သူကြင်ဖက်တစ်ယောက်လို ဆက်ဆံနေခြင်းပါတကား။

“မောင်တော် အားကိုရယ် ဘာငိုင်နေတာလဲ။ ညီမလေးကို အရင်လိုပဲ ယုယုယယပြုစုပေးပါဦးလားကွယ်”

သူမသည် ပြောပြောဆိုဆို ကျွန်ုပ်လက်တစ်ဖက်ကို မိမိရရ ဆွဲယူကာ ဖြောင့်စင်းသည့်သူ့ပေါင်တံပေါ်သို့ဆွဲတင်လိုက်လေ၏။ တစ်စုံတစ်ရာတော့မှားယွင်းနေပြီဆိုတာ ကျွန်ုပ်သိလိုက်ရပါပြီ။

အကြောင်းတော့ [illegible] ခင်တော့ ရေလိုက်ငါး လိုက်နေလိုက်ရုံမှ တစ်ပါး အခြားမရှိတော့ပြီ။

သူမအသက်အရွယ်ကို ခန့်မှန်းကြည့်တော့ ပိဘိဆယ့်ခြောက်နှစ်သာသာ။ အပျိုဖော်ဝင်စ ကလျာဖူးစ [illegible] သာ။ ထိုအချိန်က ကျွန်ုပ်သည်လည်း ကြီးကောင်ဝင်ပြီးစ ဆယ့်ကိုးနှစ်သာသာ လူပျိုအရွယ်မျှသာတည်း။ ကျွန်ုပ်သည် မိရိုးဖလာဆင်းသက်လာသည့် ပညာအရ ဗိန္ဓောအတတ်၊ ဘယဆေးအတတ်ဆိုသည့် တိုင်းရင်းဆေးပညာတို့လည်း မတောက်တခေါက်တတ်ထားချေ၍ သူမရောဂါအခြေအနေကို တစိုးတစိမျှ အကဲခတ်မိပြီ ဖြစ်သည်။

သွေးသားဆူဖြိုးစ ရာသီပန်းပွင့်ခါစမိန်းကလေးတို့တွင် ဖြစ်တတ်သည့် ဆန့်ကျင်ဘက်လိင်အပေါ် စွဲလမ်းတပ်မက်သည့်ရမ္မက်ဆန္ဒတို့က သူမအပေါ် တောင့်တစိတ်အဖြစ်လွှမ်းခြုံနေပြီကော။

ရွာတွင်ရှိစဉ် ဟိုစပ်စပ်ဒီစပ်စပ်ဖြင့် အပျော်တမ်းအနှိပ်သည်အကြောပြင် ဝိဇ္ဇာလုပ်ရင်း တတ်ယောင်ကားအဖြစ် ဆေးလိုက်ကုစဉ် သည်သို့သွေးသား ဖောက်ပြန်သည့် အပျိုဖော်ဝင်စမိန်းမတို့၏ရောဂါတို့ကိုလည်းကောင်း၊ ရတာမလိုလိုတာမရဆိုသလိုထိန်းချုပ်ချိုးနှိမ်ရလွန်းသည့်ကာမဆန္ဒတွေကြောင့် ဒိန်းဒလိန်းနတ်ပူးဝင်နေသည့် အပျိုကြီးများကိုလည်းကောင်း ကျွန်ုပ်ကြုံဖူးလေရကား ဒီမိန်းကလေးသည်လည်း အလိုရမ္မက်တို့ သွေးဆူရှန်းကြွနေပြီဖြစ်ကြောင်း ကျွန်ုပ်ရိပ်စားမိလိုက်၏။ ထိုအချိန်က ကျွန်ုပ်မှာလည်း ထိန်းချုပ်ချိုးနှိမ်ထားသည့်ကြားမှ လွန်ကျူးမိတော့မလိုရှိသည်။ တကယ်လို့များ မဆင်မခြင်လွန်ကျူးလွန်မိမည်ဆိုလျှင်လည်း ထိုမိန်းကလေးသည် ကျွန်ုပ်ပြုမူနေမည့်သူဖြစ်ကြောင်းကို အလိုလိုသိနိုင်စွမ်းသည့်ပုရိသစိတ်အခြေအနေအရ ကျွန်ုပ်ခန့်မှန်းမိပြီး ဖြစ်သည်။

ရှည့်လည်းလျှောက်သာများလည်း စွဲသာဆိုသည့်ထုံး နှလုံးမူလျက် ကျွန်ုပ်သည် ကနဦးမှာတော့ စေတနာသန့်သန့်ဖြင့် သူမ၏ ပိတ်ဆို့နေသည့်အကြောအခြင်တို့ကို ကျွန်ုပ်၏သန်မာသောလက်ကြမ်းကြီးဖြင့်ဖွင့်ပေးလိုက်သည်။ [illegible] တစ်ကိုယ်လုံးရှိက်ကြီးဖိုငယ် [illegible] သည်ဆိုသည့်သမားဂုဏ် [illegible] မြင်မှတ် သပ်နှိပ်နယ်ပေးလိုက်၏။

သတ္တဝါတို့၏ [illegible] သဘောတို့သည် [illegible]

ပါတကား။ ကြွက်လျှောက်သလိုခုယားတက်နေသလိုလက်ယဉ်နေသော ကျွန်ုပ်လက်ချောင်းများ၏အထိအတွေ့ကြောင့် သူမတစ်ကိုယ်လုံးရှိ သွေးကြောမျှင်တို့သည် အာကာသခေတ်ခိုးတို့ပွင့်ကာ ငုပ်လျှိုးနေရာမှလျှပ်စီးလက်သည့်အလား ဖောင်းကြွဆင်းလာချေတော့၏။ အသွေးအသားတို့က တရှိန်းရှိန်းထကာ ပူစွန်ဆိတ်လိုလှုပ်ခုန်လာတော့၏။ မြင်ခါစက ဖျော့တော့တော့ သူမအသားအရောင်တို့သည်ပင် ပန်းဆီရောင်အဖြစ်သို့ တစ်မုဟုတ်ချင်းလွှမ်းလာပါတော့၏။ ဖောင်းအိအိနှုတ်ခမ်းသားနှင့် ပါးမို့မို့တို့မှာလည်း လှိုင်းကြက်ခွပ်ဆော့မြူးသလိုတဖျက်ဖျက်ခုန်ရင်း စတော်ဘယ်ရီရောင်၊ ပန်းသီးရောင်အဖြစ်သို့ပြောင်းလဲလာချေပြီတည်း။ သူမရင်တွင်းဖြစ်နှလုံးသားမှ သွေးခုန်နှုန်းတို့သည်ပင်လျှင် နာရီစက်သံအလား တဂျောက်ဂျောက်တဂျက်ဂျက်ဖြင့် စည်းချက်မှန်သည့် အနေအထားသို့ရောက်လာပါပြီ။ သူမ၏ငုပ်လျှိုးနုံးနယ်နေသည့် အကြောအမျှင်တို့ဖြင့် ဖွဲ့တည်အပ်သည့် ခါး၊ တင်၊ ရင်တို့စုဝေးရာ အသွေးအသားတို့ကို စိန်ပြေနပြေဆုပ်နယ်ပြီးသည်၏အဆုံးဝယ် ထိုမိန်းကလေးသည် ကျွန်ုပ်အား မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့်ငံ့လင့်နေသလိုထူးဆန်းသည့်အကြည့်ဖြင့်ကြည့်နေလေပြီကော။ ကျွန်ုပ်မှာလည်း ထိုတဒင်္ဂအတွင်း ရာဂစိတ်ဆင်ရိုင်းတို့ကို ပင်ပန်းကြီးစွာချွန်းအုပ်၍နေရပါသည်။

'ဒီမိန်းကလေးမှာ ကာမပိုင်လင်ယောကျ်ားရှိလေမလား။ စိတ်မနှံ့ပါလေစ။ မိဘအုပ်ထိန်းသူကောရှိပါရဲ့လား။ တကယ်လို့ရှိမယ်ဆိုရင် ဘယ်များသွားနေကြပါလိမ့်။ အို - ငါနဲ့သာလွန်ကျူးမိလိုက်မှ လူသူမနီးတဲ့တောကြီးဂူကြီးထဲမှာ ငါဟာဆိုရင် အသေထွက်ပဲထွက်ရတော့မှာပါလား'

တောက်လျှောက်ဆိုသလိုအတွေးတို့ ကမ္ဘာချီမှုဖြန့်ကြက်ရင်း ကျွန်ုပ်ဖျာပွေရပါပြီ။

ပညာရှိတို့ဆိုစကားအရ ဆုံးမထားသည်မဟုတ်ပါလား။ 'သတိတမံ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းလိုအုပ်' ဆိုတာလေ။

သို့အတွက်ကြောင့် ကျွန်ုပ်လည်း နွားသိုးကြိုးပြတ်တော့မယောင် စိတ်ရိုင်းစိတ်မိုက်တို့ကို ဆင်ခြင်တုံ့စိတ်ဖြင့်ထိန်းကွပ်ပြီး ထိုမိန်းကလေးအပေါ် ကျူးလွန်ဖြစ်မှားမိတော့မယောင် ကျွန်ုပ်လုပ်ရပ်အပေါ် ဟန့်တားရပ်တန့်နေလိုက်၏။

သို့ပင်ဖြစ်လေငြား သူမသည် နှိပ်နယ်လက်စ ကျွန်ုပ်လက်အစုံကို ဆွဲယူကာ ကျွန်ုပ်အား တရှိုက်မတ်မတ်နမ်းရှုတ်လိုက်ပါသေးသည်။

"အို မောင်တော် ခုလိုပြန်တွေ့ရတာ နှမတော်ပျော်လိုက်တာ"

ကျွန်ုပ်အာ ကြင်နာစွာနမ်းရင်း သူမမျှိသိပ်ထားရဟန်ရှိသည့်စကားတို့ကို ဆိုလေ၏။

သွေးသားဆူဖြိုးမှုကြောင့်လည်းကောင်း၊ သက်တူရွယ်တူဖိုသတ္တဝါတို့နှင့် အနေဝေးကာ ဂူတစ်ဂူထဲတွင် အထီးကျန်နေနေပုံရသည့်သူမအဖို့ အရာရာသည် အသစ်အဆန်းလားဆိုတာကိုတော့ ကျွန်ုပ်ပြောပြနိုင်စွမ်းမရှိပါချေ။ မခြွင်းမချန်ဆိုရလျှင် ကျွန်ုပ်သည် အချစ်နယ်လွန်ကာမစည်းကျော်သည့်ကျူးလွန်မှုတစ်ရပ်ကို မဖောက်ဖျက်လင့်ကစား သူမ၏အထွေးအပွေ့ယုယမှုအောက်ဝယ် သာယာတိမ်းမူးမိသည်ကိုတော့ ဝန်ခံရပေမည်။ နှစ်ပရိစ္ဆေဒများစွာ ကျွန်ုပ်နှလုံးသားမှာ ငုပ်လျှိုးနေသည့် ကာလနဂါးသည် အချစ်သမုဒ်ပြင်မှာ လူးလွန့်လှုပ်ရှားလာပြီလား။ သူမနှင့် ကျွန်ုပ်သည် တစ်စုံတစ်ရာသောအချိန်အတိုင်းအတာတစ်ခုအထိ သာယာနစ်မျောဖွယ်စကားတို့ကိုတောင်စဉ်ရေမရပြောဖြစ်ကြသည်။ ကျွန်ုပ်ရင်ထဲမှာ လိပ်ခဲတည်တင် (လိပ်ခဲတည်းလည်း) ဖြစ်နေသည့် ပဟေဠိတစ်ပုဒ် ညနေစောင်းချိန်ရောက်မှ ထင်လင်းပြတ်သားစွာအဖြေပေါ်လာပါတော့၏။

ကျွန်ုပ်အနေနှင့် ညနေစောင်းဟု သာခန့်မှန်းမိသော်လည်း ဂူအတွင်းမှာဖြစ်ချေ၍ မနက်လား ညနေလား နေ့လား ညလားဆိုတာကိုတော့ သိနိုင်ဖို့ရန်မလွယ်ကူပါချေ။ ကျောက်ခုတင်အပေါ် အတူယှဉ်ပြီး စကားဖောင်ဖွဲ့နေစဉ်မှာပင် အဘိုးအိုတစ်ဦးသည် ကျွန်ုပ်တို့ရှိရာသို့ ပလိုင်းတစ်လုံးကိုလွယ်ကာ ထော့နင်းထော့နင်းဖြင့်ရောက်လာခဲ့ချေပြီ။

■ ငါးအကြေးခွံနှင့်အဘိုးအို

မိန်းကလေး၏အုပ်ထိန်းသူဖြစ်ပုံရသည့်အဘိုးအိုသည် သူ့သမီးအနီးတွင် လူစိမ်းတစ်ဦးဖြစ်သည့် မိမိကို မြင်လိုက်ရ၍လားမသိ မျက်မှောင်ကြုတ်ကာ ကျွန်ုပ်အား တွေတွေကြီးရပ်ကြည့်နေလေသည်။

အမှန်ကိုဝန်ခံရသော် ထိုလူကြီး၏အကြည့်ကြောင့် ကျောထဲစိမ့်လောက်အောင် ကျွန်ုပ်များစွာထိတ်လန့်သွားမိ၏။

"အဖေ ဟင် ဟင် ဖခမည်းတော် ဒါ ဒါ သမီးရှာနေတဲ့ မောင်တော်လေ။ အခု သမီးရှေ့မှောက်ရောက်လာပြီ အဖေရဲ့။ ဒီတစ်ခါတော့ သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့တော့ အဖေရာ။ သူနဲ့ သမီးကို ပေးစားပါနော်"

မိန်းကလေးက တစ်စိမ်းယောကျ်ားကျွန်ုပ်အပေါ် သူ့အဖေအထင်မှားအမြင်မှားဖြင့် ရန်ရှာမည်စိုးပုံရသည့်အလား ခရီးရောက်မဆိုက်မှာပင် သူ့ဖခင်ဖြစ်သူအား အလျှင်အမြန်တိုင်တည်စကားဆိုလိုက်၏။ ကျွန်ုပ်အမြင်တွင် ဖခင်ဖြစ်သူသည် မိတဆိုးလေးဖြစ်ပုံရသည့်လူမမာသမီးအပေါ် အလိုလိုက်ထားပုံရသည်။ သမီးစိတ်ချမ်းသာအောင် သူမသဘောအတိုင်း ရေလိုက်ငါးလိုက်လွှတ်ထားပုံလည်းရသည်။ အဘိုးအိုသည် ပလိုင်းထဲမှ သစ်ဥသစ်ဖုနှင့် သစ်မြစ်အချို့ကိုထုတ်ကာ သူ့သမီးရှေ့တွင်စုပုံထားလိုက်သည်။ အနီး အဘိုးအိုသည် သူ့အားတိုင်တည်ပြီးပြောနေသည့်သမီးစကားအပေါ် [illegible] ကိုးကျွန်ုပ်ပြုသလို တုံ့ပြန်သည့်စကားတော့ မဆိုချေ။

"တောထဲတောင်ထဲက ငါ့သမီးအတွက်တူးလာခဲ့တဲ့ ဆေးမြစ်တွေလေ။ ငါ့သမီးကို ဒီဆေးမြစ်နဲ့ အဖေကုမယ်။ မစိုးရိမ်လင့် သမီး။ ငါ့သမီးအကောင်းအတိုင်းဖြစ်စေရမယ်ပ"

အဘိုးကြီးသည် ဆေးမြစ်တချို့ကို ပလိုင်းထဲမှ ထုတ်အပြီးမှာ သစ်သီး[illegible]တို့ကိုပါ ထပ်ပြီးထုတ်ယူလိုက်ပြန်၏။ ကျွန်ုပ်တို့ရှေ့မှာတော့ တောသရက်[illegible]၊ မာလကာသီး၊ တောပတ်သီး စ[illegible] အသီးတို့မှာ မှည့်ဝင်းသည့်အဆင်း[illegible]ဆောင်ကာ ကျွန်ုပ်အား သွား[illegible]လောက်အောင် ဆွဲဆောင်နေပြီလေ။

"မောင်ရင်က တောလည်း[illegible] ပေါက်ထဲကိုကျလာတာပဲမဟုတ်[illegible] အင်း ငါ့တုန်းကလည်း ဒီဂူထဲက[illegible] အိမ်ထောင်ကျပြီး ဒီမှာပဲဘဝကို[illegible] မြှုပ်တော့ပေါ့။ ဟားဟား ဒါပဲဖြစ်[illegible] လေ"

အဘိုးကြီးသည် ဤမျှ[illegible] ဆိုပြီး ဘာမှမထူးဆန်းသလို [illegible] လှမ်းရှိ ဂူတစ်ဂူရှိရာသို့ ထော့[illegible]နင်းဖြင့် တရွေ့ရွေ့ထွက်သွား[illegible] ကျွန်ုပ်သည်သာ ထူးဆန်း[illegible] အိုကိုကြည့်ရင်း ပါးစပ်အဟောင်း[illegible] ဖြစ်ကျန်နေခဲ့ရလေ၏။

'ဟင် - ဒီလူကြီးက[illegible] ကြီးလဲ။ ငါနဲ့ သူ့သမီးကို စိတ်[illegible] ထားပြီး ဘာကြောင့်ရှောင်ထွက်သွားရတာလဲ။ သူ့မျက်နှာကလည်း သရဲတစ်ကောင်လို အထွတ်ထွတ်အရစ်ရစ်တွေနဲ့ တကယ့်ကြောက်စရာကြီးပါလား။ အဲ - ပြီးတော့ သူ့တစ်ကိုယ်လုံးမှာလည်း ငါးအကြေးခွံစိမ်းတွေလို အရစ်ရစ်အထပ်ထပ်နဲ့ပါလား'

ကျွန်ုပ်အတွက် ပဟေဠိတို့ဖြစ်ရပြန်ပြီ။ အမှန်ဆို ထိုအဘိုးကြီးအားငေးကြည့်မိစဉ်မှာ ကျွန်ုပ်စိတ်ထဲ ကြောက်စိတ်တော့မဆိုစလောက်ဖြစ်မိသည်။ သူ့မျက်လုံးကို သတိထားကြည့်လိုက်ရ၍သာ။ ကျွန်ုပ်အပေါ် ရန်သတ္တုပြုမည့်သူမဟုတ်မှန်းသတိပြုမိလိုက်ရတော့၏။

ကျွန်ုပ်အနေနှင့် သူပြောသည့်စကားတစ်ခွန်းကြောင့် စိတ်ထဲကျိတ်ပြီးပြုံးမိသေးသည်။

'ဘာတဲ့ - ငါ့သမီးကို ဒီဆေးမြစ်နဲ့ အဖေကုမယ်။ မစိုးရိမ်လင့်သမီး ဆိုတာလေ။ အင်း - အဘိုးကြီးခင်ဗျားနောက်ကျသွားပြီ။ ခင်ဗျားမကုခင် အရင်ဦးအောင် ကျုပ်က ခင်ဗျားသမီးကို အဖိုဓာတ်အနိုးအလှဲ့တွေလွှတ်ပြီးယပ်ပစ်လိုက်သလို ပျောက်အောင်ကုပေးလိုက်ပြီဗျ။ သမီးတစ်ယောက်သာရထားတယ်။ မိန်းမတို့ရဲ့အဇ္ဈတ္တအတွင်းသဘောကို ခင်ဗျားနားမလည်ပါဘူးဗျာ'

အဘိုးကြီးကိုကြည့်ပြီး သည်သို့သာကျွန်ုပ်ပြောလိုက်ချင်သည်။

■ ကိတ်တနိုးချစ်အရသာ

တစ်အောင့်ခန့်အကြာ အဘိုးကြီးသည် ကောက်ရိုးဖျာတစ်ချပ်ကိုဆွဲကာ ကျွန်ုပ်ထံရောက်လာလေ၏။

'ရော့ - ဒါ မောင်ရင်ခင်းအိပ်ဖို့ဖျာတစ်ချပ်၊ ခြုံစရာစောင်တော့ အပိုမရှိဘူး။ ဖြစ်သလို ပုဆိုးခြုံအိပ်ပေါ့ကွာ။ ဟိုရှေ့နားမှာ ဂူတစ်ဂူရှိသေးတယ်။ ကျောက်ဖျာတစ်ချပ်လည်း အဆင်သင့်ရှိတယ်။ အဲဒီမှာသွားအိပ်။ ရော့ - မီးဖိုချင်ရင် မီးမွှေးဖို့မီးခတ်ကျောက်လေ။ ထင်းအတွက်တော့ ငါခွဲထားတဲ့ထင်းခြောက်တွေကိုယူသုံးပေါ့ကွာ။ ဒါနဲ့ စကားမစပ် မင်းပါလာတဲ့ ချေသူငယ်ကိုတော့ မင်းဟာမင်းပဲမီးကင်စားပေါ့ ဟား ဟား။ ငါတို့သားအဖက အသီးအရွက်သစ်သီးတွေပဲစားတော့ မင်းရလာတဲ့ ချေဟာ ငါတို့သားအဖအတွက် အသုံးမဝင်ဘူး"

အဘိုးကြီးသည် ဒုက္ခိတသာဖြစ်ပေမယ့် မျက်စိလျှင်ပုံရသည်။ သူ့သမီး[illegible]ရှာသည့် ချေသေကောင်ကို တွေ့သွားပုံဖြင့် စကားကိုပိတ်ပြောလိုက်ခြင်း ဖြစ်သည်။

ထိုညအဖို့ ကျွန်ုပ်လည်း ပစ်ခတ်၍ရလာသည့်ချေသားကို ကျွန်ုပ်အတွက် နေရာချထားပေးသည့်ညှော်သည်ဆောင်ကျောက်ဂူသေးသေးထဲမှာပင် ကျောက်ခေတ်လူသားတစ်ဦးလို တံကျင်လျှိုကာ မီးကင်နေလိုက်၏။ မွှေးပျံ့သင်းထုံသည့် အသားနံ့တို့ တထောင်းထောင်းထ၍ထင်၏။ မိန်းကလေးသည် သူ့အိပ်ရာထက်မှထကာ ကျွန်ုပ်အနီးသို့ရောက်လာပါသည်။

"အားကိုကင်နေတဲ့အသားကင်နံ့က မွှေးလိုက်တာနော်။ ညီမလေးကိုလည်းကျွေးပါဦးလား။ အဖေက တစ်နေ့လာလည်း အသီးအရွက်သစ်သီးသစ်ဥတွေချည်းလိမ့်ပိမ့်ကျွေးနေလို့ အာသာမပြေဘူးရှင့်။ တစ်ခါတလေ အဖေမသိအောင် အသားကင်လည်း စားချင်တာပေါ့နော်"

သူမသည် ဆီတရွှဲရွှဲနှင့် ကြွပ်ရွမွှေးကြိုင်နေသည့်အသားကင်ကို သားရေတမြားမြားနှင့် နှုတ်ခမ်းတသပ်သပ်ကြည့်နေ၍ ကျွန်ုပ်များစွာအသနားပိုမိတော့၏။

ဩော် - အမိမဲ့သား ရေနည်းငါးလေးပါကလား။ ယောကျ်ားသား ဖခင်ကြီးနှင့်နေရရှာသူဖြစ်ပေ၍ ဖွယ်ဖွယ်ရာရာမစီစဉ်တတ်သည့် ဖခင်တစ်ဦး၏လက်ပေါ်တွင် ကြီးပြင်းလာရသူမို့ သူ့အတွက်ဖြင့် ကျွန်ုပ်ကိုယ်ချင်းစာမိသည်။ သို့နှင့် ကျွန်ုပ်သည် သူ့ဖခင်အိပ်မောကျနေတုန်း အသားကင်တို့ကိုဖဲ့ပြီး သူမအား ကျွန်ုပ်လက်ဖြင့်ပင်အသာအယာခွံ့ကျွေးမိလေတော့၏။

ထိုညက ကျွန်ုပ်အစိတ်အလျှဉ်မှာ သူမနှင့် အသားကင်တို့ကို တစ်လှည့်စီတစ်ဖဲ့စီခွံ့ကျွေးကြရင်း ကြည်နူးချမ်းမြေ့စွာ ရင်ခုန်လိုက်မောမိလေသည်။ ကျွန်ုပ်တို့နှစ်ဦးအဖို့ ပီဘိချစ်လက်စချစ်သူနှစ်ဦးပမာ ဆိုဖွယ်ရာရှိလောက်အောင် ချစ်ဆိပ်ရည်ချစ်ရန့်တို့ဖြင့် သင်းပျံ့စွာထုံမွှမ်းနေမိကြပြီတည်း။

ဂူအတွင်းဖြစ်ပေမယ့် ကာလံယန္တရားတို့၏ စိုးမိုးချုပ်နှောင်မှုအောက်မှာ ကျွန်ုပ်တို့နှစ်ယောက် စိတ်လွတ်ကိုယ်လွတ်ပျော်လိုက်ကြပါ၏။

လောကအားလုံးကို အလုံပိတ်လှောင်ထားသည့်ဂူကြီးဖြစ်ပေ၍လည်း အချိန်မည်မျှရှိမှာကို ကျွန်ုပ်တို့ ဂရုမပြုနိုင်ကြချေ။

ချေသားကင်တို့ တစ်ဝက်မျှကုန်လာချိန်တွင်တော့ သူမအကြောင်းကို စပ်စုဖို့ ကျွန်ုပ်သတိရလာသည်။

"ဒါထက် ဂူနန်းရှင်လေးရဲ့ ညီမလေးနာမည်တောင် ဘယ်လိုဆိုတာ အစ်ကိုမသိရသေးပါလား။ နာမည်လေးပြောပြဦးလေ။ ပြီးတော့ ဒီဂူကြီးမှာနေနေရတဲ့ညီမလေးရဲ့ဇာတ်ကြောင်းတွေကိုပေါ့ အစ်ကို့ကိုပြောပြနော်"

သူကလေး၏မေးစေ့ကို မော့ကိုင်ကာ ကျွန်ုပ်မျက်နှာအနီးသို့ မော့ထားစေလျက် လှိုက်မောစွာကျွန်ုပ်မေးလိုက်သည်။

"အင်း-ညီမနာမည်လား နန်းကြာညိုလို့ခေါ်တယ်လေ။ အားကို မမှတ်မိဘူးလား။ အားကို မမှတ်မိရင် ပြန်ပြောပြမယ်လေ။ ညီမတို့က စော်ဘွားမျိုးရိုးတွေပေါ့။ စစ်ဖြစ်တဲ့အချိန်မှာ စစ်ပြေးပုန်းရှောင်လာကြရင်း အင်း-ညီမတို့မျိုးနွယ်တစ်စုဟာ ခုလိုပဲတောထဲတောင်ထဲ ကျောက်လိုဏ်ဂူတွေထဲရောက်လာကြတာပေါ့။ ဒီလိုနဲ့ လူသူလေးပါးနဲ့ဝေးရာပုန်းခိုရင်း သားစဉ်မြေးဆက်တွေပေါက်ဖွားလာလိုက်ကြတာ ခုဆို ညီမတစ်သက်ပါပဲ။ စော်ဘွားတွေသေတော့ သူတို့နဲ့အတူမြှုပ်နှံထားလိုက်တဲ့နန်းစဉ်ရတနာနဲ့ကျောက်စီဓားတွေအများကြီးအများကြီး ဂူတစ်ဂူထဲမှာအခုထိရှိနေသေးတယ် အားကို"

"ဟင် - ဒါဆို ဒီကျောက်ဂူရွာမှာ လူတွေ အဲ - ရွာသူရွာသားတွေ အများကြီးရှိနေသေးတာပေါ့နော်။ အဲဒီရတနာတွေနဲ့ ကျောက်စီဓားတွေမြှုပ်ထားတဲ့နေရာကော ညီမသိတာပဲလား"

"သိတာပေါ့။ အားကိုက အခုမှရောက်လာလို့ ရွာသားတွေဘယ်မှာနေလဲဆိုတာ မသိရသေးတာပါ။ ကြာညိုနောက်တော့မှလိုက်ပြမယ်လေ"

ကျွန်ုပ်သည် နန်းကြာညိုဆိုစကားအရ လျှို့ဝှက်စွာပုန်းကွယ်နေသည့်ရွာကိုလည်းကောင်း၊ ထူးဆန်းသည့်ရွာသူရွာသားတို့ကိုလည်းကောင်း တွေ့ချင်မြင်ချင်စိတ်တို့ တဖွားဖွားဖြစ်ပေါ်လာသည်။ ထို့အတူ နန်းစဉ်ရတနာနှင့်ပတ္တမြားကျောက်စီဓားတို့ကိုလည်း ရလိုပိုင်ဆိုင်လိုစိတ်က တားဆီးမရနိုင်အောင်ရှိ[illegible]သည်။ အကယ်၍ ဒီကျောက်လိုဏ်[illegible] ရွာမှ ကျွန်ုပ်လွတ်မြောက်ခွင့်[illegible] က ထိုရတနာတို့ကို [illegible] ဆောင်ကြဉ်းသွားဖို့[illegible] စိတ်အကြံပင် ဖြစ်[illegible]သေး၏။

ကျွန်ုပ်[illegible] ချေသားကင်တစ်ဖဲ့ တစ်ရွှံ့တို့ကို [illegible]

ဆာလာသည်နှင့် ကြာညိုကို သောက်ရေရမရမေးလိုက်သည်။

“သောက်ရေလား ကြာညိုယူပေးမယ်နော်။ ဟော-အားကိုခေါင်းပေါ်ကရေဟာ သောက်ရေပဲပေါ့”

ပြောပြောဆိုဆိုဖြင့် ကြာညိုသည် ကျွန်ုပ်ခေါင်းထက်မှတစ်စက်စက်ကျနေသည့်ကျောက်စက်ပန်းဆွဲကျောက်စက်ရေတို့ကို သူ့လက်ခုပ်ဖြင့်ခံယူလာပြီးလျှင် ကျွန်ုပ်အား တိုက်လေ၏။

“ပါးစပ်ဟ၊ ကြာညို့လက်ခုပ်ထဲကရေကိုစုပ်သောက်လိုက်”

“အားပါးပါး- ကြာညို့လက်ခုပ်ထဲကရေကိုသောက်လိုက်ရတာ ရင်ထဲကိုအေးသွားတာပဲ။ အချစ်ပေးတဲ့ရေကြည်တစ်ပေါက်ကိုင်သောက်လိုက်ရလို ချိုမြမြအရသာလည်းရှိတယ်နော်”

“ဟင်းဟင်း ဒီရေဟာ ကြာညိုတို့သောက်နေကျ သောက်ရေအိုးပဲပေါ့။ ချက်ပြုတ်ဖို့ရေကိုတော့ ဟိုးခပ်လှမ်းလှမ်းက ကျောက်စမ်းအိုင်မှာသွားခပ်တယ်လေ”

ညဥ့်ကလည်းနက်လာပြီ။ ကျွန်ုပ်တို့နှစ်ဦးအဖို့ စကားတပြောပြောနှင့်ရှိနေကြစဉ် ငိုက်မျဉ်းလာကြ၍ထင်၏။ ပြိုင်တူပင် သမ်းဝေလိုက်ကြသည်။

“ဟော့ - အားကို အိပ်ငိုက်ပြီလား ဟင်။ အင်း - ကြာညိုလည်း အားကိုပေးတဲ့အသားကင်စားလို့လားမသိဘူး အဆီရစ်ပြီး အိပ်တောင်အိပ်ချင်လာပြီ။ လာ-ကြာညိုအိပ်ရာမှာလာအိပ်လှည့်။ အဖေကလေ အားကို့ကို အခင်းပဲပေးထားတာ ခြုံဖို့စောင်တော့ပေးမထားဘူး။ ဂူကအေးတော့ အားကိုချမ်းနေမှာ။ ကြာညိုနဲ့လာအိပ်တော့ သူ့ကိုယ်ငွေ့ကိုယ့်ကိုယ်ငွေ့နဲ့နွေးတာပေါ့နော့”

အလိုလေး . . . ပွင့်လင်းလှတဲ့ကလေးမလေးပါလား။ ဒါမှမဟုတ် ဖိုနဲ့မတို့ရဲ့သံလိုက်ဓာတ်သဘောကို နန်းကြာညိုသည်တကယ်ပဲမသိလေရော့သလား။

ကြာညိုသည် မည်သို့မျှ မခံစားရလေဟန် ပြောရိုးပြောစဉ်တစ်ခုလို အရိုးခံအတိုင်း သူနှင့်လိုက်အိပ်ဖို့ ကျွန်ုပ်အား ဖိတ်ခေါ်နေပြီကော။

ထင်မှတ်မထားသည့် ဖိတ်ခေါ်စကားကြောင့် ကျွန်ုပ်၏ရင်ဘတ်တစ်ခုလုံး တဒိတ်ဒိတ်ဖြင့်လှုပ်ခုန်လာသည်။

ကျွန်ုပ်သည်လည်း အားကောင်းမောင်းသန် ယောကျ်ားဘသားပေမို့ ကြာညို့အကြည့်မျက်ဝန်းညို့ငင်အားအပေါ် ကြာကြာတင်းမခံနိုင်တော့။

အချစ်စိတ်တို့ဆူဝေလာပြီမို့ ကျွန်ုပ်သည် ကြာညို့ဖခင်ကြီးကိုပင်အမှုမထားနိုင်တော့ပြီ။

ငါးကြော်မကြိုက်လျှင် ကြောင်မိုက်ဖြစ်ချေရော့မည်။

အို - နောင်ခါလာနောင်ခါချေး၊ နောက်တော့မှ မီးစင်ကြည့်ပြီးကရတာပေါ့။

ချစ်သတ္တိတွေဘယ်လိုကဘယ်လိုပေါ်လာမှန်းမသိသည့် ကျွန်ုပ်သည် ကန့်ကလျဖြင့် ကျွန်ုပ်ခါးကိုဖက်ထားသည့် ကြာညိုခေါ်ရာ ကျောက်ခုတင်ဘက်ဆီသို့ တက်ကြွသောခြေလှမ်းတို့နှင့်အတူ အရောက်သွားပေတော့၏။

ညက်ညောသည့်ဖဲမွေ့ရာမဟုတ်ပါဘဲ ကောက်ရိုးအိပ်ရာကျောက်ခုတင်ထက်တွင် ကျွန်ုပ်နှင့် ကြာညိုသည် ချစ်ဗိမာန်တစ်ခုကို တိတ်တခိုးလေးတည်ဆောက်လိုက်ကြ၏။စောင့်ထိန်းအပ်သည့် ကျွန်ုပ်၏ အကျင့်သိက္ခာမှာလည်း စပါးကြီးမြွေပမာ ရစ်ပတ်နှောင်ဖွဲ့အပ်သည့် သူမ၏ ညို့ကြိုးအစုံကြောင့် စည်းဖောက်ကာ ရေစုန်မျောလေပြီကော။

ကညင်ဆီမီးခွက်၏ ယိမ်းသွဲ့သွဲ့မီးရောင်အောက်တွင် ကျွန်ုပ်သည် အိပ်ရာထက်မှမျက်နှာကြက်ကျောက်ဆွယ်အစွန်းတစ်နေရာတွင် တွဲလဲခိုနေသည့် ထူးဆန်းသောအသီးတစ်သီးကို အမှတ်မထင်မြင်လိုက်ရသည်။

“ဟင် - လူမိန်းမတွေလိုကိုယ်လုံးတီးကြီးနဲ့ တွဲလောင်းချိပ်ထားတာ ဘာသီးတွေလဲ ကြာညို”

ကျွန်ုပ်သည် တစ်သက်နှင့်တစ်ကိုယ် မြင်ဘူးခြင်းမရှိသည့် ထိုအသီးကို အံ့ဩတကြီး လက်ညှိုးထိုးပြပြီးမေးလိုက်မိ၏။

“အဲဒါလား သူယောင်သီးလို့ ခေါ်တယ် အားကို။ သူ့ကိုဆောင်ထားရင် အန္တရာယ်ကင်းတယ်။ လူလည်းကျန်းမာတယ်။ ပြီးတော့ စိတ်ရွှင်လန်းတယ်။ သွေးသားဆူဖြိုးတယ်လို့အယူရှိကြတယ် အားကို။ ဟင်းဟင်း - နောက်ပြီးတော့ ချစ်အိပ်မက်လှလှလေးတွေမက်တယ်တဲ့။ အားကိုလည်း အိပ်မက်လှလှမက်မှာပါနော်”

နန်းကြာညိုသည် ကျွန်ုပ်အား ကြည့်ရင်း မြှုပ်ထားသည့်ပဟေဠိတစ်ပုဒ်ပမာစကားဆိုလာသည်။ ကျောက်ခုတင်ဘေးမှ ကျောက်ကလပ်ပေါ်တွင်ထွန်းညှိထားသည့် ကညင်ဆီမီးခွက်မှန်ကြင်ကြင်အလင်းရောင်တို့မှာ ကျွန်ုပ်အတွက် အနှောင့်အယှက်တစ်ခုပမာဖြစ်နေတာနှင့် ကျွန်ုပ်လည်း နိမိတ်ပြစကားဆိုလိုက်မိ၏။

“ဒီဆီမီးခွက်ကလည်း လင်းချည်းနေတာပဲ။ မီးလင်းရင် အစ်ကိုမအိပ်တတ်ဘူး။ မီးမှုတ်လိုက်တော့နော်”

“ဟင်း . . . အားကိုက အားကြီးလူလည်ကျတယ်။ မသိရင်ခက်မယ် ဟင်းဟင်း”

သို့ ဆိုကာ ကြာညိုသည် ကျွန်ုပ်အလိုကျ ဆီမီးခွက်မီးကိုမှုတ်လိုက်တော့၏။

ဂူတစ်ဂူလုံးသည် ပိတ်ပိတ်ပိန်းမျှ အမှောင်ကျသွားချေပြီတကား။

ကျွန်ုပ်လည်း နန်းကြာညိုခြေရင်းမှာပုံကျနေသည့်ဂျပ်ခုပ်စောင်ကိုဆွဲယူကာ ကျွန်ုပ်တို့၏နှစ်ကိုယ့်တစ်စိတ်ကိုယ်ပေါ်သို့ခြုံလိုက်လေ၏။ ကျွန်ုပ်သည် အမှောင်ထဲမှာပင် တဒိတ်ဒိတ်ခုန်သောရင်ဖြင့် သူမကို ကျစ်ကျစ်ပါအောင်ဖက်ထားလိုက်မိသည်။ စိတ်ထားဖြူစင်အပြစ်ကင်းလေသူ၊ ဟန်ဆောင်မှုတို့ကင်းလေသူမို့ ကျွန်ုပ်သည် မြင်မြင်ချင်းပင် သူ့အပေါ် သံယောဇဉ်နှောင်ငင်မိတော့၏။ ရင်ဖိုပင်သန်းဟန်မပေါ်သေးသည့် သူမ၏အိစက်စက်ကိုယ်လုံးလေးကိုမွေ့ဖက်ရင်း ကျွန်ုပ်သည် တစ်စုံတစ်ရာသောကာလတစ်ခုမှာ အိပ်မက်ကမ္ဘာထဲသို့ လွင့်မျောခြင်းအဖြစ်ရောက်ရှိသွားချေတော့၏။ ကျွန်ုပ်အိပ်မွေ့ချခံထားလိုက်ရပါပြီလား။

ဟိုးဝေးဝေးဆီမှ လွင့်ပျံလာသည့် အရုဏ်ဦးကြက်တွန်သံကြားရစဉ်မှာတော့ ကျွန်ုပ်အိပ်ရာမှနိုးလာပါသည်။ ဒီတော့မှ ကျွန်ုပ်လည်း ဣန္ဒြေမပျက်ပင် ကျွန်ုပ်အိပ်ရာဆီသို့ ခြေဖော့နင်းကာထသွားလိုက်တော့၏။ အပြစ်ကင်းမက်မပြေသည့် ကြာညိုတစ်ယောက်မှာတော့ ကျောက်ခုတင်ထက်တွင် မှေးစက်ရင်း အိပ်မက်လှလှမက်နေသည်လားမသိ။

■

ဤသို့ဖြင့် ကျွန်ုပ်သည် ကျွန်ုပ်ရောက်နေရာ ကျောက်လိုဏ်ဂူထဲတွင် ပုန်းလျှိုးကွယ်လျှိုးဖြင့်နေရင်း ထိုသားအဖနှစ်ဦးတို့နှင့်သာ အဆက်အဆံရှိခဲ့ပေ၏။

နန်းကြာညိုသည် သူမဖခင်ယူဆောင်လာသည့်ဆေးမြစ်တို့၏အစွမ်းဖြင့်လည်းကောင်း၊ ကျွန်ုပ်ကုပေးလိုက်သည့် နတ်ဩဇာမသျှတ္တရဆေးစွမ်းတို့ကြောင့် လည်းကောင်း ကောင်းစွာကျန်းမာဖြိုးအလှတိုးလို့လာပါပြီ။ သို့နှင့်မြဲမြဲအတိုင်း သူမသည် ကျွန်ုပ်တို့မိသားတစ်စုစားရန် တောသို့သွားကာ အစာရှာသွားလေ၏။ အစာဆိုလို့ ဟုတ်ဟုတ်ငြားငြားတော့မဟုတ်။ သစ်သီးသစ်ဖုဟင်းသီးဟင်းရွက်တို့သာ။

ကြာညိုမရှိချိန်အတွင်း သူမဖခင်ကြီးသည် ကျွန်ုပ်ရှိရာဂူငယ်လေးသို့ သူ့လှမ်းနေကျ ခြေလှမ်းအတိုင်း ယော့နင်းယော့နင်းဖြင့်ရောက်လာချေ၏။

အဘိုးကြီးသည် ကျွန်ုပ်ထိုင်နေသည့်အနီးသို့ဝင်ထိုင်လေ၏။ သူသည်ပြောဖို့သင့်မသင့်ချိန်ဆနေပုံဖြင့် ကျွန်ုပ်မျက်နှာအား စေ့စေ့ကြည့်လေသည်။ နောက် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်ပုံဖြင့် သက်ပြင်းတစ်ချက်ကို မှုန်းနှဲ့ချပြီး ထူးဆန်းသည့်စကားတို့ကိုဆိုလာသည်။

“လူလေး၊ မင်းကိုပြောပြဖို့အချိန်တန်လာပြီမို့ အဘအကြောင်းကို အကုန်အစင်ပြောပြတော့မယ်။ လူလေးထင်သလို အဘဟာ ဒီရွာသားမဟုတ်ဘူးကွယ့်”

“ဘာ. . . ဘယ်လို၊ အဘက ဒီရွာသားမဟုတ်ဘူး ဟုတ်လား။ ဒါဆို အဘက ဘယ်ရွာက၊ ပြီးတော့ ဘာလူမျိုးလဲဟင်”

“အိမ်း. . . ပြောရရင်တော့ အဘဟာ မင်းတို့လိုဗမာပြည်သားပဲကွ။ လူမျိုးစင်စစ်ကတော့ မွန်လူမျိုးပေါ့ကွာ။ အဘနာမည်က နိုင်ပန်းစိန်ကွယ့် မှတ်ထား။ အဘလည်း မောင်ရင့်လိုပဲ ရှမ်း[illegible]တစ်ရွာမှာ တောင်ယာလုပ်ရင်း အား[illegible]တစ်နေ့မှာတောလိုက်တာပေါ့။ အဲဒီလို တစ်နေ့မှာ ဒီဂူကြီးထဲကို အမှတ်မထင်ရောက်၊ နောက်တော့ ဒီရွာသူနဲ့ပဲ အိမ်ထောင်ရက်သားကျ။ အခုတော့ ဒီသမီးလေးတစ်ယောက်နဲ့ပဲ ဘဝကိုဇာတ်မြုပ်လိုက်တာပေါ့ကွာ။ လာ - မင်းကိုပြရမှာရှိလို့ အဘနဲ့ခဏလိုက်ခဲ့ဦး”

• မြေအောက်ကမ္ဘာ

ကျွန်ုပ်သည် တိတ်တိတ်ပုန်း[illegible]ကွမတော်ထားသည့် အဘိုးကြီး[illegible]ဆောင်ရာသို့ ဘုမသိဘမသိ သူ့ကိုတွဲ[illegible]ရင်း လိုက်ပါလာခဲ့၏။

ကျွန်ုပ်လည်း သူ့ဆန္ဒအရ ရက်များ[illegible]အောင်းနေရာမှ ပြင်ပလောက၏[illegible]ပင်တို့ကို ခမှပင်စတင်မြင်လိုက်ရ[illegible]၏။ ကျွန်ုပ်စိတ်ထင် ကိုက်(၁၀၀၀)[illegible]နီးဆက်အပြီးမှာတော့ လူသားတို့နေထိုင်ပုံရသည့် ကျောက်လိုဏ်ဂူသေးသေးတို့သည် အစုအဖွဲ့လိုက် သူ့ဂူကိုယ့်ဂူအဖြစ် နေရာယူထားတာ တွေ့လိုက်ရ၏။

ထိုစဉ်က ကျောက်ဂူပတ်လည်ရှေ့နောက်ဝဲယာတို့တွင် တောင်ယာခင်း၊ ပန်းခင်း၊သီးနှံခင်းတို့ဖြင့်စိုက်ထားပျိုးထားသည်ကို တွေ့လိုက်ရပြန်၏။ အချို့မှာ လွင်ပြင်ကျယ်ရှိ တောစပ်တစ်လျှောက်ဖြစ်သလိုအိမ်ဆောက်နေသည်များလည်းရှိကြ၏။ ထူးဆန်းသည်က ထိုကျောက်လိုဏ်အထွတ် မြေပြန့်ထက်တွင် အနားသတ်အမိုးဟူ၍ မမြင်ရခြင်းပင်။ ကျွန်ုပ်ဆိုလိုသည်မှာ ကျွန်ုပ်တို့မြေကမ္ဘာတွင် မိုးကောင်းကင်တိမ်လွှာထက် ကောင်းကင်ခေါင်မိုးဟုဆိုကြပါစို့။ သို့ဆိုလျှင် ဤမြေအောက်ကမ္ဘာ၏အမိုးကကော အဘယ်အရာများဖြစ်နိုင်ပါမည်နည်း။ သို့ကလို အတွေးဝင်လာသည်နှင့်အမျှ ကျွန်ုပ်သည် မိမိခေါင်းအထက်တည့်တည့်သို့ မော့ကြည့်မိလျက်သားဖြစ်သွားသည်။

ထိုစဉ် ကျွန်ုပ်ဦးခေါင်းတည့်တည့်မှ ယူသော် ဓားလွယ်ခုတ်ခန့်တွင် ကျွန်ုပ်ဖော်ပြနိုင်စွမ်းမရှိသည့် လုံးဝန်းသောအရာတစ်ခုသည် နီကြင်ကြင်ညိုမှိုင်းမှိုင်းအလင်းတို့ကိုဆောင်ကာ ခပ်အုံ့အုံ့လေးလင်းပနေသည်ကို အံ့ဩစဖွယ်မြင်လိုက်ရတော့၏။

“ဟို - ဒီအလုံးကြီးဟာဘာအလုံးကြီးပါလိမ့်။ နေလုံးတော့မဟုတ်လောက်ဘူးမဟုတ်လား အဘ”

“အင်း-ဒီအလုံးကြီးကိုမြေအောက်ကမ္ဘာကနေမင်းလို့ပဲမှတ်ထားလိုက်ပေါ့ကွာ။ လောကမှာ အဘတို့ဉာဏ်မမီတဲ့အရာတွေ အများကြီးရှိနေသေးတယ်ဆိုတာ တစ်စစနဲ့လူလေးသိလာမှာပါကွယ်။ ဒီနေလုံးကြီးဟာ အဘတို့ မြေပေါ်ကမ္ဘာက နေလုံးကြီးပဲ။ ထိုးဖောက်ဝင်လာပြီး အလင်းရောင်ပေးနေသလားဆိုတာ အဘလည်း မခန့်မှန်းတတ်ပါဘူးကွာ။ အင်း-သေချာတာကတော့ တို့မြေအောက်ကမ္ဘာမှာပဲရှိနေတာမို့ မြေပေါ်က နေလုံးကြီးနဲ့တောက်ပပုံချင်းကွာနေတာပေါ့ကွာ။ ကြည့်ပါလား။ တို့မြေကမ္ဘာမှာ လငပုပ်ဖမ်းတဲ့အရောင်၊ နေကြတ်ရင်ဖြစ်နေတတ်တဲ့အရောင်လို ညိုမှိုင်းမှိုင်းပုပ်အက်အက်အရောင်ကြီးမဟုတ်လား”

အံ့ဩကုန်နိုင်ဖွယ် ဆန်းကြယ်လွန်းမကထူးဆန်းလှသည့် မြေအောက်ကမ္ဘာမှ ဒုတိယမြောက်သူရိယနေဝန်းကြီးကိုကြည့်နေရင်းမှာပင် ကျွန်ုပ်သည် ထက်ကောင်းကင်အဇဋာသို့ မျှော်ကြည့်ဖြစ်တော့၏။ ကျွန်ုပ်အမြင်အာရုံသည်ပင် တိမ်ခေါင်မိုးပေါ်သို့ ထိုးဖောက်နိုင်စွမ်းမရှိ၍ပဲလား၊ ဒါမှမဟုတ် မှိန်တိမ်တိမ်ထိုအလင်းစသည်ပင် အပြီးတိုင်မထွန်းပနိုင်၍ပဲလားမသိ ကျွန်ုပ်သည် အဇဋာထက်မှ တိမ်သလ္လာမြူမှုင်တစ်သိုက်ကို အခိုက်အတန့်သော်မှ မြင်ခွင့်မရလိုက်ပါချေ။ ကျွန်ုပ်သည် အနားသတ်ကင်းသည့် စကြဝဠာဂြိုဟ်ကမ္ဘာတစ်ခုထဲသို့များရောက်သွားလေပြီလား။

“အဖြေလည်းရှာမနေနဲ့တော့။ အဘလည်း ရောက်ခါစက မင်းလိုပဲ အဖြေရှာကြည့်မိသေးတယ်၊ ရှာလည်းတွေ့မှာမဟုတ်တော့။ ရူးချာချာတောင်ဖြစ်လိုက်တာပေါ့ကွာ။ ကဲ - အဲဒါတွေထားလိုက်တော့၊ တို့တတွေ စကားတပြောပြောနဲ့လာလိုက်ကြတာ အဘ မင်းကိုပြချင်တဲ့နေရာရောက်ပြီ။ ဟောဟိုမှာတွေ့လား မည်းမှောင်နေတဲ့ရေအိုင်ကြီးလေ”

ကျွန်ုပ်သည် အဘညွှန်ရာသို့ စိတ်ဝင်တစားလှမ်းကြည့်လိုက်သည်။

“အလိုလေး- မြတ်စွာဘုရား၊ ရေအိုင်ကြီးက ချောက်ချားစရာကောင်းလောက်အောင် သိပ်လည်းနက်မှောင်လို့ပါလား။ ပြီးတော့ တစ္ဆေတစ်ကောင်လို ငြိမ်ချက်သားကောင်းနေတယ်နော်”

ရေအိုင်ကြီးမှာ ကမ်းစပ်ကိုပင် မမြင်ချေဘဲ စောက်နက်နက်ရေတွင်းပျက်ကြီးပမာ ချောက်ချားဖွယ်အသွင်ဆောင်နေသည်။

ကျွန်ုပ်လည်း ကြောက်ဆုတ်ကြောက်ဆုတ်ဖြင့် အဘခေါ်ဆောင်ရာ ရေအိုင်ထိပ်သို့ရောက်သွားရတော့၏။

“ကဲ - လူလေး ကမ်းထိပ်မှာတွေ့တဲ့ကျောက်ခဲတစ်လုံးကိုယူပြီး ဒီရေအိုင်ထဲပစ်ချကြည့်လိုက်စမ်း”

ကျွန်ုပ်သည် အဘယ်မည်သောအဓိပ္ပာယ်ဖြင့် အဘခိုင်းစေလိုက်သည်ကို မသိရချေဘဲ လက်သီးဆုပ်ခန့်ကျောက်ခဲတစ်လုံးကို ကောက်ယူကာ ရေအိုင်ထဲသို့ပစ်ချလိုက်သည်။ ဗွမ်းခနဲ ရေထဲသို့ ကျောက်ခဲကျသွားသံနှင့်အတူ မကြာမီအချိန်အတွင်းမှာပင် ကိုင်း[illegible] ပြင်သည် ဝဲဂယက်တို့ထလာပါ[illegible]။ အနှိုဝဲဂယက်ဝိုင်းကြီးထဲမှ တစ်[illegible] သည် ကြီးစွာသောဦးခေါင်း[illegible] လျက် ရေပြင်ထက်သို့ တ[illegible] တက်လာ၏။

“အမလေး- [illegible] တစ်ကောင် [illegible]

အစာအိမ်ကင်ဆာမဖြစ်ပွားရန် သဘာဝအာဟာရများဖြင့်ကာကွယ်ခြင်း

ဖွင်းထက်နောင်

အစာအိမ်နံရံတွင် အကျိတ်များပေါ်ထွက်လာခြင်းကို ဝမ်းဗိုက်ကင်ဆာ သို့မဟုတ် အစာအိမ်ကင်ဆာဟုခေါ်ဆိုကြပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၆၀) ခန့်က လူများစွာရောဂါဖြစ်ပွားသေဆုံးမှုများကြောင့် လူသိများပြီး အရေးပါသည့်ရောဂါအဖြစ် အစာအိမ်ကင်ဆာရောဂါကို စတင်သိရှိလာခဲ့ခြင်း ဖြစ်ပါသည်။

၂၀၀၉ ခုနှစ် အမေရိကန်ကင်ဆာသုတေသနအဖွဲ့အစည်းမှ စစ်တမ်းကောက်မှုအရ အမေရိကတွင် လူပေါင်း (၂၁၁၃၀) ဦး အစာအိမ်ကင်ဆာရောဂါဖြစ်ပွားနေပြီး သေဆုံးသူ (၁၀၆၂၀)ရှိခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။

အစာအိမ်ကင်ဆာကို ကင်ဆာတစ်သျှူးများစတင်တွယ်ကပ်သည့်နေရာပေါ်တွင်မူတည်ပြီး အမျိုးအစားခွဲခြားထားပါသည်။ အများအားဖြင့် ဖြစ်ပွားတတ်သည့်ကင်ဆာသသည် အစာအိမ်ဂလင်းတစ်သျှူး (Gland) တွင် စတင်ဖြစ်ပွားတတ်ပါသည်။ အစာအိမ်ကင်ဆာရောဂါ (Adenocarcinoma) ဖြစ်ပွားမှု၏ (၉၀) မှ (၉၅)ရာခိုင်နှုန်းသည် အစာအိမ်၏ ဂလင်းတစ်သျှူးများမှ စတင်ဖြစ်ပွားခြင်း ဖြစ်ပါသည်။

အခြားအစာအိမ်ကင်ဆာသည် သားနံရည်အကျိတ်ကင်ဆာဖြစ်ပါသည်။ ကြွက်သား၊ အဆီနှင့် သွေးကြောများ၊ တစ်သျှူးများဖြင့် ဆက်နွယ်လျက်ရှိသည့် သားနံရည်နှင့် တစ်သျှူးမှဖြစ်သော အသားပိုနေရာ၌ဖြစ်ပွားခြင်းဖြစ်ပါသည်။

■ အစာအိမ်ရောဂါဖြစ်ရခြင်းအကြောင်းရင်းများ

အစာအိမ်ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းသည် တိကျသောအဖြေမရှိပါသော်လည်း ဖြစ်နိုင်ခြေရှိသည့်အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ အစာအိမ်ရောဂါပိုး ဗက်တီးရီးယား (Helicobacter Pylori) အစာအိမ်၏နံရံတွင်စွဲကပ်ရောဂါဖြစ်ခြင်း၊ အစာအိမ်နာဖြစ်၍ နာတာရှည်ရောဂါဖြစ်ခြင်း။
၂။ အသက်အရွယ်ကြီးမြင့်သူဖြစ်ခြင်း၊ ကျား-အသက်(၇၀)ကျော်ခြင်း၊ မ (၇၄) နှစ်ကျော်ခြင်း။
၃။ ယောက်ျားဖြစ်ခြင်း။ မိန်းမများထက် ယောက်ျားများက ပိုဖြစ်တတ်၏။
၄။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်စားသုံးမှုနည်းပါးသူဖြစ်ခြင်း။
၅။ ဆားများစွာစားသုံးခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အသင့်အစားအစာများစားသုံးခြင်း။
၆။ နာတာရှည်အစာအိမ်ရောဂါဖြစ်ခြင်း။
၇။ သွေးအားနည်းရောဂါဖြစ်ခြင်း။
၈။ အခြားအစာအိမ်ရောဂါ အသား၊ အချွဲမြှေကြီးထွားခြင်း (Gastric Polyps)။
၉။ ရောဂါမျိုးရိုးရှိခြင်း။
၁၀။ ဆေးလိပ်သောက်ခြင်း (Quitting Smoking)

အချို့လူအများ ပိုမိုဖြစ်ပွားတတ်ခြင်းမှာ ဆေးလိပ်နှင့် အရက်သေစာသောက်စားခြင်း၊ အထူးသဖြင့် အမှုန်အမွှားများထွက်သည့်လုပ်ငန်းများ။ သတ္တုတွင်းတူးလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ကယ်လုပ်ငန်း၊ သတ္တုရည်စိမ်လုပ်ငန်း၊ ဓာတ်ကျင်းလုပ်ငန်း၊ သံရည်ကျိုလုပ်ငန်း၊ သစ်လုပ်ငန်း၊ အဘတ်စတိုလုပ်ငန်းများတွင်လုပ်ကိုင်ခဲ့ရသည့် အလုပ်သမားများ ဖြစ်ပါသည်။

ရောဂါစတင်ဖြစ်ပွားသည့်လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ အစာအိမ်မအီမသာဖြစ်ခြင်း၊ အစာမကြေခြင်း။
၂။ အစာစားပြီး ဗိုက်ပြည့်ဗိုက်ဖောင်းနေသလိုခံစားရခြင်း။
၃။ ပျို့အန်ချင်လာခြင်း။
၄။ စားချင်သည့်အာသီသမရှိခြင်း။
၅။ ရင်ပူခြင်း၊ နှလုံးပူနာဖြစ်ခြင်း။

အထက်ပါ ရောဂါလက္ခဏာများ ပွားခံစားနေရပါက ဆရာဝန်ထံပြသ၍ ဆေးကုသခံယူရမည်ဖြစ်၏။ အစာအိမ်ကင်ဆာသည် အလွန်ကြီးထွားလာတတ်ပါသည်။ ထိုသို့ မကြီးထွားမီ ပြသတတ်သည့် ရောဂါလက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဝမ်းဗိုက်၏အလယ်ပိုင်း၊ အထက်ပိုင်းတို့တွင် မအီမသာခံစားရခြင်း၊ ရင်ပူခြင်း (Heart Burn)
၂။ ဝမ်းသွားစဉ်သွေးပါခြင်း (အမည်းရောင်) (Bloody Stools)
၃။ ပျို့အန်ခြင်း၊ ပျို့အန်စဉ် သွေးပါခြင်း (Nausea / Vomiting)
၄။ အစာစားချင်စိတ်မရှိခြင်း (Loss of appetite) ခန္ဓာကိုယ်အလေးချိန်ကျခြင်း။
၅။ အစာစားပြီးနောက် နာကျင်ခြင်း သို့မဟုတ် ဗိုက်ဖောင်းပွနေခြင်း၊ (Stomach Pain)
၆။ အမြဲဗိုက်ဖောင်းနေခြင်း (Constant Bloating)
၇။ အနည်းငယ်စားရုံဖြင့်ဗိုက်ဝသည်ဟု ခံစားနေရခြင်း (Eary Saticty)
၈။ အသားအရေနှင့် မျက်လုံးဝါခြင်း (Jaundice)
၉။ အလွန်မောပန်းခြင်း (Excessive Fatigue) အားနည်းခြင်း၊ အအေးမိခြင်း၊ သွေးနီဥဆဲ(လ်)များလျော့နည်းနေခြင်းများ ဖြစ်ပါသည်။

အစာအိမ်ကင်ဆာ ဖြစ်ပွားနေကြောင်းစောစီးစွာသိရှိပါက ကုသနိုင်၏။ ရောဂါပျံ့နှံ့နေပါက ကုသရန်နောက်ကျနေပြီဖြစ်၏။ အစာအိမ်ကင်ဆာမဖြစ်ပွားရန် ကာကွယ်ရန် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်သင့်ပါသည်။

၁။ ဘဝနေထိုင်မှုပုံစံပြောင်းလဲခြင်း။
၂။ ကျန်းမာစေသော အစားအစာများ စားသောက်ခြင်း။
၃။ ခန္ဓာကိုယ်ကိုသန့်ရှင်းစေခြင်း။
၄။ ကျန်းမာရေးလေ့ကျင့်ခန်းများ နေ့စဉ်ပြုလုပ်ခြင်း။
၅။ သဘာဝအစားအစာများစားသုံးနည်းဖြင့် ကုစားနည်းများ ဖြစ်ပါသည်။

ပထမအဆင့်မှာ မိမိဘဝနေထိုင်မှုပုံစံကို ပြုပြင်ပြောင်းလဲရပါမည်။ အကယ်၍ စိတ်ဖိစီးမှုခံစားနေရပါက ဦးစွာပယ်ပျောက်အောင် ပြုလုပ်ရပါမည်။ စိတ်အလိုမကျခြင်း၊ ပျော်ရွှင်ခြင်းမရှိခြင်းတို့သည် ကျန်းမာရေးကို လွန်စွာထိခိုက်စေပါသည်။ စိတ်ထောင်း၍ကိုယ်ကြေဖြစ်ပြီး ကျန်းမာရေးကောင်းအောင်နေထိုင်၍မရဖြစ်နေမည်။ စိတ်ဖိစီးမှုများကို သေချာသုံးသပ်ပါက မဖြစ်သင့်သည့် အသေးအမွှားများသာဖြစ်ကြောင်းတွေ့ရှိနိုင်ပါမည်။ စိတ်ဖြေလျော့ခြင်း၊ရယ်မောခြင်းဖြင့် ကုသနိုင်ပါသည်။ ရယ်မောခြင်းသည် သဘာဝအလျောက် ခန္ဓာကိုယ်အတွင်းသို့ သတင်းပို့ခြင်းပင်ဖြစ်ပြီး ကုသမှုများ၏ (၃၀) ရာခိုင်နှုန်းကို ကုသနိုင်သည်ဟု ဆိုပါသည်။

■ အစာအိမ်ကင်ဆာအတွက် အစားအစာများ

အစာအိမ်ရောဂါအတွက် အစားအစာများလိုအပ်သကဲ့သို့ တချို့အစားအစာများကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ အဆိပ်အတောက်ပါဝင်သည့် အစားအစာများသည် လူကိုသေစေနိုင်ပါသည်။ အဓိကအရေးကြီးဆုံးမှာ ခန္ဓာကိုယ်အတွင်းမှ အဆိပ်အတောက်များ ဖယ်ရှားပေးရန် ဖြစ်၏။ ဒုတိယအချက်မှာ ဟင်းသီးဟင်းရွက်များ၏ဖျော်ရည်များသည် အဆီများချေဖျက်စေ၏။

■ သဘာဝအာဟာရများဖြင့် ခန္ဓာကိုယ်အတွင်း သန့်ရှင်းခြင်း (Natural Cures)

ဆီးဖြူသီးသည် ကင်ဆာရောဂါကို ဆန့်ကျင်စေ၏။

ပန်းသီးတာနီကာသည် အစာအိမ်၊ အစာပြွန်ကင်ဆာကို ပျောက်ကင်းစေ၏။

ဆေးခါးကြီး (ခေါ်) ငရုတ်ခါးသည် အေအိုင်ဒီအက်(စ်)နှင့် ကင်ဆာရောဂါ သက်သာပျောက်ကင်းသည်။

မှိုသည် အစာအိမ်၊ အစာပြွန်ကင်ဆာကို ပျောက်ကင်းစေ၏။

၅။ ကြက်သွန်ဖြူသည် အစာအိမ်ကင်ဆာအတွက် ကြက်သွန်ဖြူတွင်ပါဝင်သည့်ဆာလဖာကွန်ပေါင်းသည် ကင်ဆာဆဲ(လ်)များကို ဆန့်ကျင်နိုင်ကြောင်း ဆိုပါသည်။

Green Tea လက်ဖက်စိမ်းရေနွေးကြမ်းသည် အစာအိမ်ကင်ဆာမဖြစ်ရန် ဓာတ်တိုးဆန့်ကျင်သည့် Antioxidant အာနိသင်ရှိပြီး ကင်ဆာဆဲ(လ်)များ၏ ကြီးထွားနှုန်းကို ဟန့်တားစေပါသည်။

ဂျင်းဆင်းသည်လည်း ကင်ဆာအကျိတ်ဆဲ(လ်)များကို သေးငယ်စေ၏။

ရောဂါကာကွယ်ခြင်းသည် ဖြစ်လာမှကုသခြင်းထက် ပိုမိုကောင်းမွန်ကြောင်း လူများအသိဖြစ်ပါသည်။ ကြိုတင်ကာကွယ်ရပါမည်။ မိမိ၏ ကျန်းမာရေးကို မိမိဂရုစိုက်ရပါမည်။ ဓာတ်စာအစားအစာများဖြင့် ရောဂါကာကွယ်ကုခြင်းသည် ရှေးယခင်ကတည်းကပင်ရှိခဲ့သည့်နည်းများဖြစ်ပါသည်။ အစားအစာများနှင့် လူသားများ၏ ကျန်းမာရေးသည် ဆက်နွယ်လျက်ရှိပါသည်။ ပြည်သူများက ဆေးဝါးအတု၊ အစားအသောက်အတု မည်သည့်အစားများက အန္တရာယ်ကင်းသည်ကိုမသိဆုံးဖြတ်နိုင်သည့်အခြေအနေတွင် မှန်ကန်သော အစားအစာများ ရွေးချယ်စားသောက်ပါရန် တိုက်တွန်း ရေးသားအပ်ပါသည်။

ဖွင်းထက်နောင်

ကြောက်စရာကြီးပါလား”

တုန်ယင်ချောက်ချားဖွယ်မြင်ကွင်းကြောင့် အလန့်တကြား ကျွန်ုပ်အော်လိုက်မိ၏။

“မြင်လိုက်ရပြီမဟုတ်လား။ အဲဒါ လူသားစား ပေါ်ရိုသာဒင်ငါးလို့ခေါ်တယ်။ ဒီအိုင်ထဲမှာအများကြီးပဲ။ အင်း-သူ့ထက်ကြီးတဲ့ငါးရွှေ့လိုင်ငါးတွေလည်းဒုနဲ့ဒေးပဲ။ မတော်လို့ လူလေးဒီအိုင်မှာရေဆင်းကူးမိမှာစိုးလို့ အဘခုလိုကြိုပြီးပြထားရတာပဲ။ ကဲကဲ - ကျောက်စရစ်ခဲတစ်လုံးရှာပြီး ခပ်လှမ်းလှမ်းကိုပစ်ကြည့်စမ်းပါဦး”

ကျွန်ုပ်သည် ဆင်တစ်ကောင်လောက်နီးနီး မည်းညစ်ညစ်ညိုတိုတို ထိုင်းသတ္တဝါကြီးကိုကြည့်ရင်း ကတုန်ကယင်ဖြစ်နေဆဲမှာပင် အဘခိုင်းစေချက်ကြောင့် နောက်ထပ်ခဲတစ်လုံးကို ကောက်ယူပြီး ထိုရေအိုင်ထဲသို့ ပစ်ချလိုက်ရပြန်လေ၏။

“ဒိ ဒိ ဒိ ဖျ ဖျ”

အသံတို့နှင့်အတူ ရေဝဲဂယက်ကို ခွဲထွက်လိုက်သည့် နဂါးလိုလိုအမောက်ကြီးနှင့်သတ္တဝါတစ်ကောင်သည် ရေလွှာထက်တွင် ကွေ့ကောက်လူးလွန့်ရင်း ကျောက်ခဲလုံးကို အစာအမှတ်ဖြင့် ဒေါသတကြီးဟပ်လေ၏။ တွတ်တွတ်နီသောမျက်လုံးရွဲကြီးများနှင့်လည်း ကျွန်ုပ်တို့အားကြည့်နေလေ၏။ ရေအိုင်ကြီးနှင့် ကျောက်ကမ်းပါးမှာ ပေ (၂၀) ခန့်စည်းပင်ခြားလင့်ကစား ကျွန်ုပ်သည် ထိုနဂါးကြီးတက်လာလေမလားဆိုသည့်အတွေးဖြင့် ကြောက်ဒူးတို့တုန်နေမိ၏။

“အင်း-ဒီသတ္တဝါကြီးကတော့ ရေနက်နက်ထဲမှာပဲနေကြတယ်။ အဲ-ပြောရရင် ရေဘုရင်ရေတစ်မျိုး။ ဒါမှမဟုတ် ရေမြွေတစ်မျိုးပေါ့ကွာ။ ညံကောင်လို့ခေါ်တယ်။ ရေထဲမှာရင်ဆိုင်တွေ့ကြရင်တော့လား ဘယ်သူမှအသက်ရှင်ရက်နဲ့ပြန်လာရတယ်လို့မရှိဘူးပေါ့။ ကဲ-ဒါတွေထားလိုက်တော့။ အဘ ခုလိုလူစဉ်မမီဖြစ်ခဲ့ရတဲ့ဇာတ်ကြောင်းကိုပဲ ဒီမရဏာအိုင်ကိုပြရင်းပြောပြရတာပ။ အင်း. . . အဘ ဒီရွာကိုရောက်ခါစမှာပေါ့။ ဘုမသိဘမသိနဲ့ အဘဟာ ခပ်နိမ့်နိမ့် ဒီရေအိုင်ရဲ့ကမ်းစပ်တစ်နေရာမှာ စိမ်ပြေနပြေ ငါးထိုင်မျှားနေရင်း ငါးမျှားချိတ်ထဲမှာ ငါးတစ်ကောင်ချိတ်ပါလာတယ်လေ။ အဲ - ကမ်းပေါ်ကို ဆွဲတင်လိုက်မိမှ လားလား ရေသူမတစ်ကောင်ဖြစ်နေတာကလား။ မောင်ရင်တို့ ရေသူမရုပ်ရှင်ကြည့်ဖူးမှာပေါ့။ ရုပ်ရှင်ထဲက ရေသူမဟာ လှမှလှပဲမဟုတ်လား။အဲ-အဘရလိုက်တဲ့ရေသူမက ခေါင်းကတော့လူခေါင်းလိုပဲ။ ဒါပေသိ ငါးမြီးငါးရေယက်ငါးပါးယက်တွေနဲ့လေ။ သွားကတော့ ဆောက်သွားလိုလို လွှသွားလိုလိုပါပဲ။ ရုပ်ကတော့ အတော်ဆိုးတယ်။ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲ နှာခေါင်းပြားပြားသွားခေါခေါနဲ့ပေါ့။ ဟဲဟဲ- အဘလည်း ဘာညာသာရကာ စဉ်းစားမနေတော့ဘဲ အဲဒီရေသူမ အသားကို ပြုတ်စားလိုက်တယ်ကွာ မျောက်သားစားချင်ရင် မျက်နှာမကြည့် နဲ့တဲ့။ ဒါကြောင့် အဘလည်း ရေသူမ ခေါင်းကိုဖြတ်မြေမြှုပ်ပြီးမှ သူ့အသားကို ကင်တန်ကင်၊ တချို့အရိုးအရင်းတွေ ပြုတ်စားလိုက်တာပေါ့။ ဘာကြာလို့ စားပြီးလို့နှစ်ရက်သုံးရက်လောက်အကြာ မှာပေါ့။ ရေသူမတစ္ဆေဟာ အိပ်မက် ထဲမှာ မျက်ထောင့်နီကြီးနဲ့ အဘကို ကြည့်နေတာများဗျာ။ ခါးထောက်ပြီး တွေ့နေလိုက်တာ အိပ်မက်ထဲမှာတော နေစရာမရှိလောက်အောင်ကို ကြော လိုက်ရတာကွာ။ အဲ-အိပ်မက်ကလ လန့်နိုးရော အဘတစ်ကိုယ်လုံး တွေပေါက်၊ ပြည်တွေစို့ပြီး ယား တယ်လေ။ တဖြည်းဖြည်းနဲ့ ယားဖု ကနေ တစ်ကိုယ်လုံးငါးအကြေး ဖြတ်ထနေတဲ့အဖုတွေအရစ်တွေထ လိုက်တာ ခု လူလေးမြင်တဲ့အတိုင်း

ကျွန်ုပ်သည် အဘပြော ထူးအံ့ဖွယ်သူ့ဇာတ်လမ်းကြောင့် နှင့်တွေ့ခါစက ပဟေဠိတစ်ပုဒ်လို ရှာမရသည့် အဘကိုလည်းမမေး ပုစ္ဆာတစ်ပုဒ်၏ အဖြေကို ထင်လ သိခွင့်ရလိုက်ပါတော့၏။

(ဆက်

ညီ

ရွှေနွယ်ရိုး

ဝတ္ထုကံမြေ တန်ခိုးပေတည့်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်တောင်ပိုင်း နယ်စွန်နယ်ဖျားရှိ နယ်ခြားကုန်းရွာကြီး၌ မောင်စိန်နှင့် မြ ဆိုသော ညားခါစဇနီးမောင်နှံ အသစ်စက်စက်နှစ်ယောက်တို့ ရှိကြပါသည်။

နှစ်ဖက်မိဘများက သူတို့အား လယ်မြေ (၅) ဧက၊ မြင်းတစ်စီး၊ အတောင် (၄၀) ပတ်လည်ရှိ အိမ်ဝင်း တစ်ဝင်းနှင့် လေးပင်ထုပ်ထမ်းထရံကာ မြေစိုက်အိမ်ကလေးတစ်ဆောင်လက်ဖွဲ့ပါသည်။ ဇနီးမောင်နှံအသစ်စက်စက်တို့မှာ ထိုအိမ်အသစ်ကလေးတွင် အိမ်ခွဲနေကြပါသည်။ လယ်မြေ (၅) ဧကကိုမူ နှစ်ဖက်မိဘများက လုပ်ကိုင်ပေးကြပါသည်။

မောင်စိန်က နယ်ခြားကုန်းရွာနှင့် ဆယ်မိုင်ခန့်ဝေးသော ပခန်းနယ်စပ်ရှိ နွယ်မြောင်းချောင်းသို့ မြင်းနှင့်သွားကာ ရွှေတောက်ပါသည်။ နွယ်မောင်းချောင်းနှင့် အနီးအနားရွာများမှ ရွာသူရွာသားများသည် နွယ်မောင်းချောင်းတွင် ရွှေကျင်ကြပါသည်။ မောင်စိန်က ထိုရွှေများကို ဝယ်ယူကာ မုံရွာမြို့သို့သွားရောက်ရောင်းချပါသည်။

မြကမူ ရက်ကန်းရက်ပါသည်။ အထူးသဖြင့် လေးလွှာစောင်များကိုရက်လုပ်ပါသည်။ အခြားသူများရက်လုပ်သော ချည်ကည်လေးလွှာစောင်များကိုလည်း ဝယ်ယူကာ မုံရွာမြို့သို့ မောင်စိန်၏ ရွှေရောင်းအသွားတွင် တစ်ပါတည်းပေးလိုက်ပြီး ရောင်းချပါသည်။

နယ်ခြားကုန်းရွာမှ တောင်သူများ ပြောင်းရိတ်သိမ်းပြီးစ တပို့တွဲလပြည့်နေ့ နံနက်ခင်းနေတက်အချိန်တွင် လင်းတန်ကြီးတစ်ကောင်သည် မောင်စိန်နှင့်မြတို့၏အိမ်မိုးခေါင် ပေါ်သို့လာနားပါသည်။ နှုတ်သီးမှလည်း ဆန်ပြောင်းနှံကြီးတစ်နှံကို ကိုက်ချီထားပါသည်။ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ဝိုင်းဝန်းကြည့်ရှုနေကြပါသည်။

(၂)နာရီခန့်ကြာသောအခါ၌ကား ထိုလင်းတကြီးသည် ရွာအရှေ့ထိပ်ရှိ ကုက္ကိုပင်ကြီးဆီသို့ ရွေ့ရှပ်သွားပါသည်။ ဆန်ပြောင်းနှံကြီးကိုမူ အိမ်ခေါင်မိုးပေါ်၌ ချထားပစ်ခဲ့ပါသည်။ ထိုဆန်ပြောင်းနှံကြီးကို မောင်စိန်ကယူပြီး ဘုရားခန်းရှိ မြတ်စွာဘုရား (ဆင်းတုတော်) အား ကပ်လှူပူဇော်ထားလိုက်ပါသည်။

ဤအကြောင်းကို မြက ရွာဦးကျောင်းဆရာတော်ထံ သွားရောက်လျှောက်ထားရာ ဆရာတော်က -

"အိမ်ရှင်တွေ စီးပွားဥစ္စာဖွံ့ဖြိုးတိုးတက်မယ့်အရိပ်လက္ခဏာပဲ"

ဟု နိမိတ်ဖတ်ပါသည်။

ရွာဦးကျောင်းဆရာတော်နိမိတ်ဖတ်သည့်အတိုင်း မောင်စိန်နှင့်မြတို့မှာ စီးပွားရေးလုပ်ငန်းများပိုမိုအဆင်ပြေတိုးတက်လာပါသည်။ အိမ်ကိုလည်း သွပ်မိုးပျဉ်ထောင်သမံတလင်းခင်းနှစ်ဆောင်ပြိုင်အဖြစ် တိုးချဲ့တည်ဆောက်လိုက်ကြပါသည်။ လေးငါးနှစ်အတွင်းမှာပင် မြေဧက(၂၀)အထိ တိုးချဲ့ဝယ်ယူပြီး သူရင်းငှား(၂)ယောက်နှင့်နွား(၂)ရှဉ်းနှင့် တောင်သူလုပ်နေကြပါပြီ။

မောင်စိန်ကမူ ရွှေကောက်သောလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပါသည်။ တောင်သူလုပ်ငန်းကိုမူ ထွန်ရေးခင်းချိန်၊ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တို့လောက်တွင်သာ မြင်းတစ်စီးနှင့် တောသို့လိုက်ပြီး အနီးကပ်ကြီးကြပ်ညွှန်ကြားပါသည်။ နေ့စဉ်မလိုက်နိုင်ပါ။

တောင်သူလုပ်ငန်းကို သုံးလေးနှစ်ခန့်လောက် လုပ်ကိုင်ပြီးသောအခါ၌ကား မောင်စိန်နှင့်မြတို့မှာ တောင်သူလုပ်ငန်းကို စိတ်ပျက်ငြီးငွေ့လာကြပါလေသည်။ တောင်သူလုပ်ငန်းဟူသည် နွားနှင့်ကျွဲနှင့်ဖက်ရှမ်းပြီး မိုးရွာမရှောင်၊ နေပူမရှောင် ဖင်ယဲ ရွံ့တစ်ခဲ့သားဝင်အောင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရပါသည်။ သို့သော် မိမိကမည်မျှပင်ကြိုးစားပမ်းစား လုပ်ကိုင်ကြသော်လည်း မိုးခေါင်ပါကအကျိုးမရှိပါ။ မျိုးပင်ဆုံးတတ်ပါသည်။ မိုးမှာလည်း သုံးနှစ်တစ်နှစ်အဆင်ပြေခဲ့ပါသည်။ ထို့ကြောင့် သေချာရေရာသော လုပ်ငန်းမျိုးတော့ မဟုတ်ပါ။

ဤသို့လျှင် အကြင်လင်မယားနှစ်ယောက်တိုင်ပင်ကာ မြေဧကနှစ်ဆယ်လုံးကို သာသနာပိုင်ဝတ္ထုကံမြေများအဖြစ် ရွာဦးကျောင်းဆရာတော်ထံ ရေစက်ချလှူဒါန်းလိုက်ပါသည်။ သို့ရာတွင် ရေစက်ချရာ၌ကား မြမပါဝင်နိုင်ခဲ့ပါ။ မြ၏ တူမတစ်ယောက် ပုလဲမြို့ ပြည်သူ့ဆေးရုံသို့ မွေးလူနာအဖြစ် တက်ရောက်ကုသရာတွင် လိုက်ပါသွားရသောကြောင့် ဖြစ်ပါသည်။

ဤသို့ဖြင့် မောင်စိန်နှင့် မြတို့မှာ ယခုအခါအသက်ရွယ် (၅၀)ကျော် (၆၀) ပါးရှိ ဦးစိန်နှင့်ဒေါ်မြ အဖြစ်သို့ရောက်ရှိ လာကြပါပြီ။

တစ်နေ့တွင် ဦးစိန်မှာ အဖော်ကောင်းသဖြင့် အလောင်းတော်ကဿပသို့ မြင်းဖြင့်ညဥ့်အိပ် ညနေဘုရားဖူးသွားရာမှ အပြန်တွင် အပြင်းဖျားပါသည်။ ငှက်ဖျားမိလာခြင်းဖြစ်ပါသည်။ အလောင်းတော်ကဿပမှာ တောတောင်စိမ့်စမ်း ထူထပ်ကောင်းမွန်ပြီး ငှက်ဖျားလည်း နာမည်ကြီးပါသည်။

ဒေါ်မြက ခင်ပွန်းသည် ဦးစိန်ကို နာမည်ကျော်တိုင်းရင်းမြန်မာသမားတော်များနှင့်သာမက မုံရွာမြို့သို့သွားကာ ငှက်ဖျားရောဂါအထူးကုသမားတော်ကြီး နာမည်ကျော် ဒေါက်တာငွေမောင်းနှင့်လည်း ကုသပါသည်။ မသက်သာပါ။

ဤသို့ဖြင့် (၅) လခန့်အကြာတွင်ကား ဦးစိန်မှာ တဖြည်းဖြည်းလုံးပါးပါးကာ ငှက်ဖျားရောဂါနှင့်ပင် ကွယ်လွန်အနိစ္စရောက်ရှာပါသည်။

ဦးစိန်ကွယ်လွန်သွားသော်လည်း ဒေါ်မြမှာ စားဝတ်နေရေး စီးပွားရေးအတွက် ဘာမှပူပင်စရာမရှိပါ။ အတွင်းပစ္စည်းရွှေထည်များအပြင် မြှုပ်နှံထားသောငွေကြေးများလည်း အများအပြားရှိနေရာ ဒေါ်မြတစ်သက်စားသုံး၍မကုန်နိုင်ပါ။ ဦးစိန်နှင့် ဒေါ်မြတို့မှာ သားထောက်သမီးခံလည်းမရှိသဖြင့် ဆေးပေးမီးယူအဖြစ် တူမလေးမိချောကိုခေါ် မွေးစားထားပါသည်။

(၂) နှစ်ခန့်အကြာတွင်ကား တူမလေးမိချောမှ တစ်ရွာတည်းသား ဖိုးလေးဆိုသူနှင့်အိမ်ထောင်ကျကာ ဒေါ်မြနှင့် အတူနေပါသည်။ ထိုအချိန်တွင် ပုလဲမြို့နယ်တောင်ပိုင်းရှိ တောင်ယာများချောင်းကြီးကိုဆည်ဖို့ကာ တောင်ယာများဆည်ကြီးကို အစိုးရက တည်ဆောက်ပေးပါသည်။ ထို့ကြောင့် ဆည်ဆောက်တစ်မိုင်ခန့်အကွာရှိ နယ်ခြားကုန်းရွာနှင့်ရွာနီးချုပ်စပ်ရွာများမှာ စိုက်ပျိုးရေအလုံလောက်ရရှိလာပြီး တောင်သူလယ်သမားလုပ်ငန်းများ အဆင်ပြေချောမွေ့လာပါသည်။ တောင်သူများစီးပွားရေးဖွံ့ဖြိုးတိုးတက်လာကြပါသည်။

သို့ဖြင့် ဖိုးလေးနှင့် မိချောတို့က တောင်သူလုပ်ငန်းကို စိတ်ပါဝင်စားလာကြပါသည်။ အနီးဒေါ်မြ၏ အတွင်း

ပစ္စည်းများကို ထုခွဲရောင်းချပြီး မြေယာဝယ်မေးရန် ပူဆာလာကြပါသည်။ ဒေါ်မြက လက်မခံပါ။ သို့ရာတွင် ဒေါ်မြက တောင်သူလုပ်နိုင်ရန် သူစီစဉ်ပေးမည်ဟုဆိုပါသည်။ ထို့ကြောင့် မိချောနှင့် ဖိုးလောတို့က -

"ဒါမှ တို့အရိုးကွ"

ဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါသည်။

ဒေါ်မြက ရွာဦးကျောင်းဆရာတော်ထံသို့သွားကာ မိမိတို့လှူဒါန်းထားသော မြေဧက (၂၀) ကို ပြန်လည်စွန့်ကြဖို့ တောင်းခံလာပါသည်။

ထိုအခါ ဆရာတော်က -

"ဒကာကြီးတို့က သာသနာကိုလှူတာ၊ ကျုပ်ကိုလှူတာမဟုတ်ဘူး။ ဒါကြောင့် ကျုပ်က ပြန်လည်စွန့်ကြလို့ ဘယ်ဖြစ်မလဲ။ ရေစက်ချလှူထားတာကို ပြန်ယူရင် သာသနာတော်ကို ဖျက်ဆီးရာကျမှာပေ့ါ။ စော်ကားမော်ကားလုပ်ရာကျမှာပေ့ါ။ ငရဲကြီးတတ်တယ်။ ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး၊ ရောဂါဆိုးများလည်း ကျရောက်တတ်တယ်။ သူတော်ကောင်းတွေကလည်း ကဲ့ရဲ့ရှုတ်ချကြလိမ့်မယ်"

ဟု ကျိုးကြောင်းပြဆုံးမသော်လည်း ဒေါ်မြက လက်မခံပါ။ ရေစက်ချလှူဒါန်းထားသည်မှာ မှန်သော်လည်း ရေစက်ချရာတွင် သူမပါဝင်ခဲ့ပါ။ ထို့ကြောင့် သူ့အနေဖြင့် ပြန်လည်တောင်း ဆိုပိုင်ခွင့်ရှိသည်ဟု ဒေါ်မြက ကြက်ခေါင်းဆိတ်မခံ ပြန်လည်ချေပပါသည်။ ထို့နောက် ဆရာတော်ကို ဦးချရမှန်းပင်မသိတော့ဘဲ ဆောင့်ကြီးအောင့်ကြီးနှင့် ထပြန်သွားပါသည်။

နောက်တစ်နှစ် မိုးဦးအကျတွင်ကား ရေစက်ချလှူဒါန်းပြီးဖြစ်သော လယ်မြေဧက (၂၀) ခန့်ကို ဒေါ်မြ၏ ကြိုးကြပ်စီမံစေခိုင်းမှုအရ ဖိုးလောနှင့် မိချောတို့က အတင်းဝင်ရောက်ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြပါတော့သည်။ ရွာဦးကျောင်းဆရာတော်က တားမြစ်ပါသော်လည်း မရပါ။ ဆက်လက်လုပ်ကိုင်ကြပါသည်။

သို့နှင့် သုံးနှစ်သုံးမိုးလွန်ပြီးသောအခါ၌ကား ဖိုးလောနှင့်မိချောတို့မှာ စီးပွားရေးသိသိသာသာဖွံ့ဖြိုးတိုးတက်လာပြီး ဆိုလာမီး၊ ရုပ်မြင်သံကြားစက်၊ အထက်စက်၊ အောက်စက်၊ ဂျပန်ဆိုင်ကယ်အပြင် ရွှေတွဲလဲငွေတွဲလဲနှင့်ဖြစ်လာကာ စိန်နားတောင်းအရောင်နှင့် ပါးပြောင်နေကြပါသည်။

ထို့နောက် သုံးလခန့်အကြာ နွေတစ်နေ့ ညနေအချိန်တွင် လင်းတမွဲကြီးတစ်ကောင်သည် ဒေါ်မြတို့အိမ်ခေါင်မိုးပေါ်တွင် လာနားပါသည်။ နှုတ်သီးမှလည်း ပြောင်းရွက်ခြောက်ကြီးတစ်ရွက်ကို ကိုက်ချီထားပါသည်။ နယ်ခြားကုန်းတစ်ရွာလုံးပင် အထူးအဆန်းအဖြစ် အံ့ဩစွာလာရောက်ကြည့်ရှုကြပါသည်။ နှစ်နာရီခန့်အကြာလောက်တွင်ကား လင်းတမွဲကြီးမှာ ပြောင်းရွက်ကြီးကိုထားခဲ့ပြီး ရွာအနောက်ဘက်ရှိ ထိန်ပင်ကြီးဆီသို့ပျံသန်းသွားပါတော့သည်။

ဒေါ်မြမှာ ရွာဦးကျောင်းဆရာတော်ထံသွားရောက်ကာ နိမိတ်ဖိတ်ပေးရန် လျှောက်ထားလိုပါသော်လည်း မသွားရဲပါ၊ မလျှောက်ဝံ့ပါ။ သူ့ကိုယ်သူ လိပ်ပြာမလုံဘဲဖြစ်နေပါသည်။

မကြာပါ။ ဒေါ်မြမှာ နေကောင်းနေပါလျက်သားနှင့် ပါးစပ်မှအစာနှင့်ရေကို မြိုချစားသောက်၍မရတော့ဘဲ ပြန်အန်သောရောဂါဝေဒနာကိုရုတ်တရက်ခံစားလာရပါသည်။ မုံရွာ၊ မန္တလေး စသော မြို့ကြီးများသို့ သွားရောက်ကာ အထူးကုသမားတော်ကြီးများနှင့် ကုသပါသော်လည်း မသက်သာပါ။ နောက်ဆုံး၌ အစာရေစာကို အရည်ဖျော်ကာ နှာခေါင်းပိုက်ဖြင့် အစာအိမ်တွင်းသို့သွင်းပေးနေရပါသည်။ အချိန်ကြာလာတော့ ဒေါ်မြမှာ အရိုးပေါ်အရေတင်ဖြစ်လာပါသည်။ ကမ္မဋ္ဌာန်းရုပ်ပေါက်လာပါသည်။

နွေတစ်နေ့ မွန်းတည့်ချိန်လောက်၌ စစ်ဦးထုပ်အဝိုင်းကြီးကိုဆောင်းထားသောလူညိုထွားလူစိမ်းကြီးတစ်ယောက်သည် ထွားကျိုင်းလှပသောမြင်းနီဒူးမည်းတစ်ကောင်ကိုစီးကာ ဒေါ်မြတို့၏အိမ်ဝင်းထဲသို့ ဝင်လာပါသည်။ ထို့နောက် မြင်းကြီးပေါ်မှဆင်းကာ မြင်းကို အိမ်ရှေ့မန်ကျည်းပင်တွင်ချိတ်၍ အိမ်ဦးခန်းရှိ ဒေါ်မြထံသွားပြီး -

"တစ်နေ့လယ်လောက် နေခိုပါရစေဗျာ"

ဟု ဆိုလာပါသည်။

ဒေါ်မြကလည်း -

"ရပါတယ် ရပါတယ်၊ ခိုပါ ခိုပါ"

ဟု လေသံဖျော့ကလေးနှင့်ဆိုပါသည်။

မြင်းနီရှင်သည် ဒေါ်မြနှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်ကာ အိမ်ရှင်ဒေါ်မြ၏ သဒ္ဒနိကာယ်၊ ရူပနိကာယ်တို့ကို အသေအချာကြည့်ရှုအကဲခတ်ပြီးနောက်-

"ဒီက ညီမကိုကြည့်ရတာ နေထိုင်မကောင်းဘူးထင်တယ်"

ဟု ဆိုသဖြင့် ဒေါ်မြကဖြစ်ကြောင်းကုန်စင်ကို တိုးညင်းသောလေသံဖြင့် ရှင်းပြပါသည်။

ထိုအခါ မြင်းနီရှင်လူညိုထွားကြီးက ဒေါ်မြ၏ဇာတာကို တောင်းယူပြီး တွက်ချက်ကြည့်ပါသည်။

"ဇာတာအလိုအရကတော့ ဒီက ညီမမှာ သံဃိတပစ္စည်း ဒါမှမဟုတ် သာသနာပိုင် ဝတ္ထုကံမြေတစ်ခုခုကို အလွဲသုံးစားပြုလို့ ဒီလိုဖြစ်နေရတယ်ဆိုတာ တွေ့ရတယ်"

ဟု ခပ်တည်တည်နှင့်မိန့်ဆိုလိုက်ရာ ဒေါ်မြမှာ ရုတ်တရက်တုန်လှုပ်ချောက်ချားသွားပြီး -

"အဲဒါဆို ဘယ်လိုလုပ်ရမလဲ ဆရာ"

ဟု ဒေါ်မြက မျှော်လင့်တကြီး မေးလိုက်ပါသည်။

ထိုအခါ မြင်းနီရှင်က -

"သံဃိကပစ္စည်း ဒါမှမဟုတ် သာသနပိုင်ဝတ္ထုကံမြေကို အလွဲသုံးစားမပြုတော့ဘဲ သာသနာကိုပြန်လည်လှူဒါန်းလိုက်ပါ။ ပြီးတော့ ဒီဆေးသုံးလုံးကို အရည်ဖျော်ပြီး မနက်၊ နေ့လယ်၊ ည အစားသွင်းပြီးတိုင်း နှာခေါင်းပိုက်ကနေသွင်းလိုက်ပါ။ ရောဂါပျောက်ကင်းသွားပါလိမ့်မယ်"

ဟု ပြောပြီး ရွှေစေ့အရွယ်ဆေးမည်းမည်းသုံးလုံးကိုပေးသည်။ ထို့နောက် မကြာမီ မိုးအုံ့လာသဖြင့် နေချိုသွားရာ မြင်းနီရှင်လူစိမ်းကြီးသည် မြင်းကိုစီးကာ ပြန်လည်ထွက်ခွာသွားပါတော့သည်။

နောက်တစ်နေ့နံနက်စောစောတွင်ကား ဒေါ်မြနှင့်တူမလေးမချောတို့သည် ရွာဦးကျောင်းသို့သွားကာ ဆရာတော်အား အရုဏ်ဆွမ်းကပ်လှူပြီးနောက် -

"တပည့်တော်မ မှားပါတယ်ဘုရား။ တပည့်တော်မကို ခွင့်လွှတ်ပါဘုရား။ တပည့်တော်မတို့ အခုလုပ်ကိုင်စားသောက်နေတဲ့ မြေဧက (၂၀) ကိုလည်း သာသနာပိုင်(ဝတ္ထုကံ)မြေအဖြစ် ပြန်လည်လှူဒါန်းပါတယ်ဘုရား"

ဟုဆိုကာ ရေစက်သွန်းချလှူဒါန်းလိုက်ပါသည်။

မြင်းနီရှင် လူညိုထွားကြီးပေးသောဆေးသုံးလုံးကို ထိုနေ့တွင် အညွှန်းအတိုင်းသောက်သုံးလိုက်ရာ နောက်နေ့အိပ်ရာထ၌ ဒေါ်မြမှာ နှာခေါင်းပိုက်မပါဘဲ မွေးရာပါ ပါးစပ်မှ အစာရေစာများကို မျိုချစားသောက်နိုင်သော လူကောင်းပကတိဘဝသို့ ပြန်လည် ရောက်ရှိကာ ကျန်းမာသွားပါတော့သည်။

ရွှေနှယ်နီ

နတ်မောက်မင်းသန့်နိုင်

လာဘ်ပွင့် လာဘ်ရှင် ပုတီးစိပ်ဂါထာတော်

ယခု တင်ပြလိုသော လာဘ်ပွင့် လာဘ်ရှင်ပုတီးစိပ်ဂါထာတော်ကို သိသူနည်းပါးပါသည်။ သိပြီးသူများမှာလည်း ပုတီးမြဲစိပ်ပွားသူနည်းပါးလှပါသည်။ ယာမန်ရွဲ ကြီးသောလောဘရှိသူများ စိပ်ပွားနိုင်ခြင်းမရှိသည်ကို လေ့လာ သိရှိရပါသည်။

စာရေးသူကိုယ်တိုင် သိရှိခဲ့သည်မှာပင် သုံးနှစ်ခန့်သာရှိပါသေးသည်။ စာရေးသူ၏ ဓမ္မမိတ်ဆွေကြီးဦးကျော်ငွေ (Three Star) မှ ပေးဝေခြင်းဖြစ်ပါသည်။ (ဦးကျော်ငွေမှာ သရဏဂုံသုံးပါး ဦးထိပ်ထား၍ ၎င်း၏ဆိုင်ကယ်နှင့်အပိုပစ္စည်းအရောင်းဆိုင်ကို ကြယ်သုံးပွင့်ဟု အမည်ပေးထားပြီး အလွန်ပင် အရောင်းအဝယ်ပွင့်ကျယ်ကြီးပွားနေသူဖြစ်ပါသည်။)

သူသည် အသက်(၁၅)နှစ်အရွယ် (၈)တန်းအောင်ပြီး မိဘများမှ ကျောင်းဆက်မထားနိုင်ဘဲ ကားဝပ်ရှော့ဆိုင်တွင် [illegible]က်တို့ခြည်ရအလုပ်သမားလေးဘဝဖြင့် ဆယ်နှစ်ကျော်နေခဲ့ရသည်။ ထိုမှ ကားဘီးဖြုတ်တပ်၊ တာယာလဲ၊ ကျွတ်ဖာဘဝမှ အဆင်မပြေဖြစ်ကာ မိဘထံပြန်၍ နွားကျောင်း၊ ပျိုးနုတ်၊ ယာထွန်လုပ်ရပြန်သည်။ မြို့မှာ ဆယ်နှစ်ကျော်နေထိုင်လုပ်ကိုင်လာသူဖြစ်၍ ရွာမှာ [illegible]မနေတတ်ဖြစ်ခဲ့ကာ အိမ်မှ ပြန်ထွက်လာခဲ့သည်။ ဆိုင်ကယ်ပြင်ဆိုင်တစ်ခုတွင် နေ့စားဘဝနှင့်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ အိပ်ဖို့စားဖို့ကို ဦးရီးတော်၏ ဘုန်းကြီးကျောင်းမီးတင်းကုပ်[illegible]ဆွဲနေထိုင်ခဲ့သည်။

တစ်ခုသော ဈေးပိတ် လပြည့်ဥပုသ်နေ့တွင် ဦးရီးတော်ဘုန်းကြီးမှ ဦးကျော်ငွေကို ယခုပုတီးစိပ်ဂါထာတော်[illegible] အချိန်ရလျှင်ပုတီးစိပ်ရန်၊ သွားလာလုပ်ကိုင်နေစဉ်များတွင် သတိရတိုင်းရွတ်ပွားရန် လမ်းညွှန်မိန့်ကြားပေးခဲ့၏။ ဦးကျော်ငွေ၏အများတကာထက်အထူး[illegible]သာချက်မှာ ယနေ့အထိကွမ်းမစား၊ ဆေးမသောက်၊ အရက်ဘီယာမူးယစ်စေသောအရာမှန်သမျှ ကင်းရှင်းခြင်းဖြစ်ပါသည်။ စာရှုသည်အံ့ထင်၍ လိုရင်းတိုရှင်းဆိုရလျှင် ဦးကျော်ငွေသည် ဆိုင်ကယ်ပြင်အလုပ်သမားဘဝမှ ကိုယ်ပိုင်ဆိုင်၊ ထိုမှတစ်ဆင့် အပိုပစ္စည်းနှင့် ဆိုင်ကယ်စင်းလုံးများတင်ရောင်းချနိုင်သည့် ဆိုင်ရှင်ကြီးဖြစ်လာပါတော့သည်။ ယခု ဦးကျော်ငွေမှာ အသက်ခြောက်ဆယ်ကျော်စပြုသော်လည်း မျက်စိမမှုန်း၊ ခါးမကိုင်း၊ နားမထိုင်း၊ ခက်ခဲသော ဆိုင်ကယ်ပြင်စရာများတွင် ကိုယ်တိုင်ဝင်လုပ်ပေးပြီး ဘဝမမေ့သူ လူကောင်းလူတော်တစ်ဦးပင် ဖြစ်ပါသည်။ ဥပုသ်နေ့တိုင်း ဆိုင်လုပ်သားအားလုံး သူနှင့်အတူ ဘုန်းတော်ကြီးကျောင်းသို့လိုက်ပါစေ၍ သီလခံယူစေကာ ထိုနေ့အတွက် နေ့တွက်ခ ထုတ်ပေးလေသည်။

ဦးကျော်ငွေမှ ဘုရားရင်ပြင်တွင် ပုတီးစိပ်ဖက် ဓမ္မမိတ်ဆွေ ကျွန်ုပ်အား ယခုတင်ပြမည့်လာဘ်ပွင့်လာဘ်ရှင်ပုတီးစိပ်ဂါထာတော်ကို လက်ဆင့်ကမ်းပေးခဲ့ခြင်းပင် ဖြစ်ပါလေသည်။

သုံးနှစ်တာကာလအတွင်း ကျွန်ုပ်အတွေ့အကြုံအနည်းငယ်ကို တင်ပြလိုက်ချင်ပါသေးသည်။ သင်၏အလုပ်ခန်း၊ ဈေးဆိုင်ခန်းကို နံနက်စဖွင့်လျှင်ဖွင့်ချင်း ဤဂါထာကို (၉) ခေါက် မပျက်ရွတ်ပါ။ သုံးလအတွင်း သိသာထင်ရှားထူးခြားလာပါမည်။ နေ့စဉ် နေအိမ်ဘုရားခန်းရှေ့တွင် ဂါထာတစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချပြီး (၁၀၈) လုံး ပုတီးကုံးကို (၁)ပတ်မှ (၃)ပတ်၊ (၅)ပတ်၊ (၇)ပတ်၊ (၉)ပတ်ဆိုသလို မိမိနိုင်သလို အဓိဋ္ဌာန်ပြုစိပ်ပွားပေးပါ။ နေ့မပျက်ပါစေနှင့်။ သက်သတ်လွတ်ဘာညာပြုရန်မလိုပါ။ စားမြဲပုံမှန်သာ စားသောက်နေထိုင်ပါ။ ရွတ်ပွားမှု၊ ပုတီးစိပ်မှုရင့်လာလျှင်ရင့်လာသလို အသိဉာဏ်၊ ဝိဇ္ဇာများပါ ပိုမိုထွန်းလင်းလာပါမည်။ လာဘ်လာဘမှာမူ ဝင်လာမစဲတသဲသဲဖြစ်လာပါမည်။ ရောင်းပန်းသာဝယ်ပန်းလှ နေရာကျလာပါမည်။ လုပ်ငန်းများတိုးချဲ့လာရပါမည်။ အဆင်မပြေမှုတို့သည်လည်း ကျေပျက်ပြေလည်သွားပါမည်။ ယုံကြည်စွာ အဓိဋ္ဌာန်ပြုစိပ်ပွားနိုင်လျှင် ပို၍ အကျိုးထူးစေပါမည်။ ကျွန်ုပ်ကိုယ်တွေ့ဖြစ်ပါသည်။

ဂါထာတော်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

■ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
သီဝလိ စ မဟာ နာမံ၊
ဣန္ဒာဒေဝါ သပြဟ္မကာ။
မနုဿာ ပုရိသော ဣတ္ထိ၊
မဟာလာဘံ ဘဝဿတိ။ ။

ဂါထာတော်တစ်ပုဒ်လုံးဆုံးမှပုတီးတစ်လုံးချရပါမည်။ နေ့စဉ် အချိန်မှန်ဝတ်မပျက် (၁၀၈)လုံး ပုတီးကုံးတစ်ပတ် အနည်းဆုံးထား၍ မိမိနိုင်သမျှ စိပ်ပွားပေးပါ။

ပုတီးစိပ်ရန် အချိန်မရနိုင်ပပေးနိုင်သူများ အိပ်ရာဝင်၊ အိပ်ရာထ၊ အလုပ်ခွင်တွင် မပျက်ကိုးခေါက် စိတ်အစဉ်မှာ ရွတ်ပွားပေးပါ။ သုံးလ၊ သုံးနှစ်အတွင်း ထူးခြားထင်ရှားသိသာမြင်သာတိုးတက်ထွန်းကားလာပါမည်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက် သာသနာပြုနိုင်သူ ဖြစ်လာပါလိမ့်မည်။ သူတကာ[illegible]၍ သူတကာထက်ထူးသူမျိုးဖြစ်လာပါလိမ့်မည်ဟု။

နတ်မောက်မင်းသန့်နိုင်

ရောင်မြကျော်ဝေ

ကျွန်းမာယာနှင့်ပုလဲရတနာ

၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာရေးသူ၏ ထူးဆန်းသော ပတ္တမြားနှစ်လုံးနှင့် သိုက်တို့၏မာယာဝတ္ထုတိုတစ်ပုဒ်ကို သူရဇ္ဇမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး စာဖတ်သူပရိသတ်များဖြစ်ကြသော စာရေးသူ၏ မိတ်ဆွေများက ဖုန်းနှင့်တစ်သွယ် ဆက်လက်ပြီး သူတို့နှစ်သက်သော ဂမ္ဘီရဝတ္ထုဇာတ်လမ်းများကို ရေးသားပြီး သူရဇ္ဇမဂ္ဂဇင်းတွင် ဆက်လက်ဖော်ပြပေးပါရန် တောင်းဆိုကြပါသည်။ ထိုမိတ်ဆွေများ၏ တောင်းဆိုချက်၊ သူရဇ္ဇမဂ္ဂဇင်း၏စာဖတ်ပရိသတ်အတွက် စာရေးသူက လေးစားစွာဖြင့် စာရေးသားဖို့ အားပေးကြသူများကို ဝမ်းသာခြင်းများဖြင့် ကျေးဇူးတင်ပါသည်။ စာရေးသူသည် ဂမ္ဘီရဝတ္ထုတိုများကို ဝါသနာအရ ရေးသားခြင်းပါ။ စာရေးသူမှာ စာရေးခြင်းအတတ်ပညာကလွဲ၍ အခြားဗေဒင်ပညာလည်းမတတ်ပါ။ ဂိုဏ်းပညာလည်း မတတ်ပါ။ မိတ်ဆွေတို့၏ ပြောပြသောဖြစ်ရပ်မှန်များကိုသာ ဇာတ်လမ်းထွင်၍ ဝတ္ထုသဖွယ်မှတ်တမ်းတင်ရခြင်းသာ ဖြစ်ပါသည်။ ယခု ဆက်လက်ပြီး ဖော်ပြမည့် ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကတော့ ကျွန်းမာယာနှင့်ပုလဲရတနာဟုအမည်ခေါင်းစီး တပ်ထားသော ဂမ္ဘီရဇာတ်လမ်းတစ်ပုဒ်ပါ။ သူရဇ္ဇမဂ္ဂဇင်းစာဖတ်ပရိသတ်ကြီး ကြိုက်နှစ်သက်လိမ့်မည်ဟုထင်မိပါသည်။ ဆက်လက်၍ ရှုစားကြပါလော့။

ရေလယ်သောင်ရွာကလေးတွင် လူနေအိမ်ခြေ (၂၀၀) ခန့်ရှိပါသည်။ ထိုရွာလေးသည် လယ်ယာကိုင်းကျွန်းဖြင့် စီးပွားရှာ အသက်မွေးနေထိုင်ကြသူကများပါသည်။ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် တွဲဖက်မူလတန်းကျောင်းလေးက ရွာသူရွာသားတို့၏ ကလေးသူငယ်များကို ပညာရည်တိုးတက်စေပါသည်။ လမ်းတံတားမဖွံ့ဖြိုးသောရွာကလေးဖြစ်ပေမယ့် လှေသဘော်ဆိုက်ကပ်သော ရွာကလေးပါ။ ရွာကလေးက သာယာပါသည်။ ထိုရွာကလေးမှကြည့်လျှင် တောင်ဘက်တွင် မီးလက်ကျွန်းကို တွေ့ရပါသည်။ မီးလက်ကျွန်းက ညအခါတွင် သဘာဝမီးရောင်များကလင်းလက်ပြီး တောက်ပနေပါသည်။ ထိုကျွန်းတွင် သစ်ကြီးဝါးကြီးများရှိသလို သားရဲတိရစ္ဆာန်များလည်းပေါပါသည်။ အဘဦးထွန်းညိုက စာဖတ်နေသော သူ၏သားဒေဝဝေကို -

“သား မင်းစောစောက ဖတ်ခဲ့တဲ့ စာတစ်ကြောင်းကို အဘကိုဖတ်ပြစမ်းပါဦး”

ဟု ဆိုသောအခါ ဒေဝဝေက -

“ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကုန်းကို ကျွန်းဟုခေါ်ပါသည်”

ဟု ဆိုလိုက်သောအခါ ဦးထွန်းညိုသည် ဆေးတံကြီးကိုပါးစပ်တွင်ခဲလျက် တဟဲဟဲ သဘောကျစွာဖြင့် -

“သား ဒေဝဝေ ဟောဟိုမှာ မီးတွေလင်းနေတဲ့ကျွန်းကြီးအကြောင်းကို အဘပြောပြမယ်။ ငါ့သား နားထောင်မလား”

ဟု မေးသောအခါ ဇနီးဖြစ်သူ ဒေါ်မြနှစ်က ရေနွေးအိုးလာချရင်း-

“ကိုထွန်းညိုကလည်း သားက စာဖတ်နေတာကို တော်က ပုံပြောပြမယ် ဆိုတော့ သားကပိုပြီးသဘောကျတာပေါ့။ ငါ့သား စာကိုလည်း ကြိုးစား၊ အဖေကြီးပြောတဲ့ပုံကိုလည်း နားထောင်။ ငါ့သား ပညာတတ်ကြီးဖြစ်မှ အမေတို့အဖေတို့က ဂုဏ်ယူရမှာ။ သားပညာမတတ်ရင် အိမ်မှာခိုင်းထားတဲ့ သူရင်းငှားစိန်ထွားကိုကြည့်၊ သူများခိုင်းဘက်ဖြစ်လိမ့်မယ်”

ဒေါ်မြနှစ်က သားဖြစ်သူကိုဆုံးမပြီး အိမ်ခန်းတွင်းသို့ဝင်သွားလေသည်။ ကိုထွန်းညိုသည် ဆေးတံကို တစ်ဖွာနှစ်ဖွာရှိုက်ပြီး -

“ကဲ - သား၊ အဘပုံပြောပြမယ် မင်းသေချာနားထောင်။ ဟောဟိုက မီးအလင်းရောင်တဝင်းဝင်းတောက်ပနေတဲ့မီးလက်ကျွန်းမှာ လူတွေမနေကြဘူး။သားရဲတိရစ္ဆာန်တွေနဲ့သူယောင်မယ်တွေနေကြတယ်။ အဲဒီကျွန်းကိုသွားတဲ့ သူမှန်သမျှ ဘယ်သူမှအိမ်ပြန်မရောက်ဘူး။ သားရဲတိရစ္ဆာန်တွေနဲ့တွေ့ရင်တွေ့၊ မတွေ့ရင် သူယောင်မတွေနဲ့ညားပြီး ကျန်ခဲ့ကြတယ်။ တစ်နေ့မှာ အဘက အဲဒီကျွန်းကို သူငယ်ချင်းတွေနဲ့ အမဲလိုက်သွားဖို့ တိုင်ပင်ကြတယ်။ မုဆိုးကြီး ဦးထော်လမွန်းရယ်၊ အဘရယ်၊ သူငယ်ချင်း စောအောင်ဖေရယ်ပေါ့။ အဘက နှစ်လုံးပြူးကိုကိုင်ဆောင်သလို မုဆိုးကြီး ထော်လမွန်းနဲ့ စောအောင်ဖေက ဒူးလေးနှစ်လက်ကိုအဆိပ်မြားပြည့်စုံစွာယူပြီးသွားကြတယ်။ စောအောင်ဖေနဲ့ အဘက တစ်ယောက်တစ်လှည့်လှေလှော်ပြီး မုဆိုးကြီးကလမ်းပြတယ်။ မီးလက်ကျွန်းကို သုံးရက်တိတိသွားရတယ်။ စားနပ်ရိက္ခာတွေကတော့ ဆယ်ရက်စာအလုံအလောက်ထည့်သွားကြတာပေါ့။ သုံးရက်မြောက်မိုးချုပ်တဲ့ညမှာရောက်သွားတော့ အဘတို့ကညင်ပင်ကြီးအောက်မှာ မြေသန့်ပြီး စည်းဝိုင်းထဲမှာ တစ်ညလုံးနေကြတယ်။ ကျားဟိန်းသံတွေကိုနီးလာလိုက်ဝေးသွားလိုက်ကြားရတယ်။ အဘတို့လည်း သစ်ကိုင်းခြောက်တွေကိုမီးဖိုပြီး တစ်ညလုံးမအိပ်ဘဲနေကြတာပေါ့။ မီးလက်ကျွန်းက အခြားရွာတွေကကြည့်ရင်တော့ လင်းထိန်နေတာပေါ့။ ဒါပေမယ့် ဘာအလင်းရောင်မှမရှိဘူး။ တစ်ကျွန်းလုံး မည်းမှောင်နေတာပဲ။ အဘက သမ္ဗုဒ္ဓေကို တစ်ညလုံးရွတ်တယ်။ ဦးထော်လမွန်းကလည်း ဂါထာရွတ်သလို စောအောင်ဖေကလည်း ဂါထာရွတ်တယ်။ အဲဒီတစ်ည ကညင်ပင်ကြီးအောက်မှာပဲ မိုးလင်းခဲ့ရတယ်။ နံနက်လင်းတော့ အဆာပြေစားသောက်ပြီး အဘတို့သုံးယောက်တောထဲတိုးကြတယ်။

ဦးထော်လမွန်းက -

“မောင်ထွန်းညို၊ မင်းသေနတ်ကို သားကောင်ကြီးရမှ အသုံးချမယ်။ အရင် ငါကဒူးလေးနဲ့ပစ်ပြီးရင် မင်းက ဇီဝိန်ချွေပေတော့”

စောအောင်ဖေကလည်း တောလိုက်ကျွမ်းတော့ တောအကြောင်းကို

နားလည်သဘောပေါက်ပါသည်။ သူတို့သုံးဦးသည် ဝါးတောထဲတွင် မျှစ်စို့ပေါက်များကိုစားနေသော တောဝက်တစ်အုပ်ကို တွေ့သောအခါ မုဆိုးကြီးထော်လမွန်းက ဒူးလေးနှင့် ဝက်ထီးကြီးတစ်ကောင်ကိုပစ်လိုက်သလို စောအောင်ဖေကလည်း ဝက်ဖျန်းမတစ်ကောင်ကို ဒူးလေးနှင့်ပစ်ခတ်လိုက်ပါသည်။ ဝက်သေကောင်များကို ဖျက်ပြီးဆားပက်၍ အခြောက်လှန်းကြပါသည်။ ကျန်ဝက်များမှာ ထွန်းညို၏သေနတ်သံကြားကတည်းက ပြေးလွှားပျောက်ကွယ်ကုန်ကြပါသည်။ ထွန်းညိုသည် နှစ်လုံးပြူးသေနတ်ကို ကိုင်ဆောင်ပါသော်လည်း သားကောင်ကိုမရပါ။ ဦးထော်လမွန်းနှင့် စောအောင်ဖေတို့၏ ဒူးလေးကြီးများကသာလျှင် သားကောင်ကို ချိန်မှတ်အဖြစ် အသံတိတ်၍ ထိမှန်ပါသည်။

ကျွန်းပေါ်တွင် (၂)ရက်မြောက်ညတွင် လင့်စင်ထိုးထားသော ကညင်ပင်ကြီးပေါ်တွင် သူတို့သုံးဦးအိပ်ကြပါသည်။ တောခွေးများက အုပ်စုလိုက်သားကောင်ရှာနေသလို ညဉ့်ငှက်များကလည်း တဂီးဂီးတဂဲဂဲဖြင့် အော်မြည်စွာ ပျံသန်းကြပါသည်။ ကျွန်း၏အလယ်ဗဟိုတည့်တည့်တွင် (၁) မိုင်ခန့်ကျယ်ဝန်းသောမြေကွက်လပ်ကြီးက အုလင်းရောင်ဝေဖြာပြီး သစ်သားအိမ်သစ်လေးများကို အစုလိုက်အပြုံ လိုက်တွေ့ရသောအခါ ထွန်းညိုက -

"ဦးထော်လမွန်း၊ ဒီကျွန်းပေါ်မှာလည်း အိမ်တွေရှိသားပဲဗျ။ လူနေအိမ်လေးတွေက ပုံစံတူလေးတွေ။ ပျော်စရာကြီးပဲဗျာ"

စောအောင်ဖေကလည်း -

"ဟုတ်ပ ထွန်းညိုရာ မင်းပြောလို့ ငါကြည့်မိတာ၊ ငါဒီလင့်စင်ပေါ်ကနေဆင်းပြီး သွားကြည့်ချင်တယ်ကွာ",

ဟု ပြောသောအခါ မုဆိုးကြီး ဦးထော်လမွန်းက-

"ဟေ့ကောင်တွေ ငါ ဒီကျွန်းမှာ သားကောင်ရှာလာတာ တစ်ခါမှ လူနေတာမတွေ့ခဲ့ဘူး။ မင်းတို့ပြောလို့ ကြည့်မိတာ အဲဒါ လူတွေနေတဲ့အိမ်လေးတွေ မဖြစ်နိုင်ဘူးကွ၊ သူယောင်တွေနေတာပဲ ဖြစ်မယ်"

ထွန်းညိုက -

"သူယောင်ဆိုတာ ဘာကိုပြောတာလဲဦးထော်လမွန်း၊ ကျွန်တော်နားမလည်ဘူး"

"ဟဲ့ကောင် မင်းကလည်း ညံ့ပါကွာ။ သူယောင်ဆိုတာ အထီး၊ အမရှိတယ်ကွ။ ဘီလူးအနွယ်တော်ဝင်တွေကွ၊ ဒါပေမယ့် သူတို့က လူသားမစားဘူး၊ သူယောင်မလေးတွေက လူသားလူပျိုလူလွတ်ဆိုရင် သူတို့ကကြိုက်ပြီး အိမ်ခေါ်သွားပြီး ပြန်မလွှတ်တော့ဘူး။နာနာဘာဝမိစ္ဆာတစ်မျိုးပေါ့ကွာ"

စောအောင်ဖေက -

"ဦးထော်လမွန်း၊ ကျွန်တော်က လူပျိုလေဗျာ။ အခုနေ သူယောင်မလေးက တစ်သက်လုံးလုပ်ကျွေးပါ့မယ် သူနဲ့လိုက်နေပါလို့ခေါ်မယ်ဆိုရင် ကျွန်တော်လိုက်သွားမယ်ဗျ။ ခင်ဗျားတို့ မတားနဲ့နော်"

"ဟေ့ကောင် စောအောင်ဖေ စကားနောက်တရားပါ ဒါမြေပြန့်မဟုတ်ဘူး။ ဒီကျွန်းက နတ်ကြီးတယ်ကွ။ တောပိုင်တောင်ပိုင်တွေနဲ့ မင်းစကားကိုအရမ်းမပြောနဲ့။ ငါတို့အမဲပစ်တဲ့နေရာမှာ ဝက်ခေါင်းနှစ်ခေါင်းဖြတ်ပြီး တောပိုင်တောင်ပိုင်တွေကို ပူဇော်ခဲ့တာ မင်းလည်းအသိ၊ မင်းမုဆိုးတစ်ယောက်လုပ်နေပြီး တောအကြောင်းမှ နားမလည်ရင် အန္တရာယ်များတယ်ကွ။ ငါလည်း မင်းလိုလူပျိုကြီးပဲ ဒါပေမယ့် ငါက မုဆိုးသက်ဝါရင့်နေပြီကွ၊ အတွေ့အကြုံတွေကရှိနေပြီ"

ထိုည သူတို့သုံးယောက်မိုးလင်းခါနီးမှ အိပ်ပျော်သွားကြလေတော့သည်။ ကျွန်းပေါ်တွင် သုံးရက်မြောက်နေ့တွင် စောအောင်ဖေက သူထမင်းဟင်းချက်ပြီး ကျန်ခဲ့မည်ဟုပြောပြီး တောတွင်းသို့ ဦးထော်လမွန်းနှင့် ထွန်းညိုတို့နှစ်ယောက်ကိုသာ လွှတ်လိုက်လေတော့သည်။ စောအောင်ဖေသည် ထမင်းအိုးကို တည်နေစဉ် တစ်ဖက်ဝါးတောထဲမှ သာယာသောသီချင်းဆိုသံကို ကြားရသောအခါ အသံရှင်အမျိုးသမီးထံသို့ စိတ်ကသွားချင်စိတ်ကို တားဆီးလို့မရနိုင်အောင်ပင် ထမင်းအိုးဆူသံက သီချင်းသံကို ပံ့တီးပေးနေသလို သာယာနေပေသည်။ ဝါးရုံတောထဲမှ တရွေ့ရွေ့ ထွက်ခွာလာသော လှပကြော့ရှင်းသည့် မိန်းမပျိုလေးသည် အငြိမ့်မင်းသမီးများ ဝတ်စားထားသော ထဘီအင်္ကျီနှင့်ဆင်ဆင်တူသော အဖြူရောင်ဝမ်းဆက်ပိုင်ရှင်လေးဖြစ်သလို ဆံပင်မှာလည်း ရှည်လျားနက်မှောင်ပြီးပိတုန်းရောင်ကေသာကြော့အသွင်ဖြင့်၊ မို့မောက်သောရွှေရင်အစုံဖြင့် သွယ်လျှချောမွေ့သောမျက်နှာပြင်လေးကလည်း မြင်ရသူကို စွဲမက်လောက်အောင်ပင်။ လည်တွင်ဆွဲထားသော ပုလဲပုတီးတစ်ကုံးနှင့် ပုလဲနားကပ်တစ်ရန်ကလည်း တလက်လက်ဖြင့် စိန်ကဲ့သို့ အရောင်တောက်ပသလို ပုလဲလက်ကောက်တွေကလည်း လက်ကောက်ဝတ်နှစ်ဖက်တွင် တစ်ဖက်တစ်ကွင်းစီဖြင့် ပန်ရ၍တကယ်လှပေသည်။ ထိုအမျိုးသမီးငယ်ကို စူးစိုက်ပြီးကြည့်နေသော စောအောင်ဖေကို ထိုမိန်းကလေးကပင် စတင်၍ -

"မောင်ကြီး၊ ဒီတောထဲမှာ ထမင်းချက်နေတာတွေ့လို့ နှမလေးလာခဲ့တာပါ။ မောင်ကြီး ဒီတောထဲကိုလာမယ်ဆိုတာ နှမလေးကြိုတင်သိပါတယ်။ မောင်ကြီးက ယက္ခဒေဝကုမ္ပာမင်းသားလေးပါ၊ နှမတော်က ရွှေက္ကန္ဒြေစန္ဒီပါ။ ဒီတောတောင်မှာ မောင်ကြီးနေရတာ ပင်ပန်းလှပါတယ်။ နှမ်လေးနဲ့အတူ ပန်းဟေဝန်ကို လိုက်ခဲ့ပါ"

"လိုက်လို့မဖြစ်သေးပါဘူး ရွှေက္ကန္ဒြေစန္ဒီလေးရယ်၊ ကိုအောင်ဖေက တောထဲသွားတဲ့သူတွေအတွက် ထမင်းနဲ့ဟင်းချက်ရဦးမယ်။ ဒီကိစ္စတွေ ပြီးပြတ်မှ နှမတော်ရွှေက္ကန္ဒြေစန္ဒီလေးခေါ်ရာနောက်ကို လိုက်လို့ရမှာပါ"

"ခက်ပါလား မောင်ကြီးရယ် ကျွန်မကမိန်းမသားပါရှင့်။ အသက်အရှက်ကိုငဲ့ပြီး မောင်ကြီးကိုလာခေါ်တာပါ။ ကဲပါ မောင်ကြီးဖယ်၊ နှမလေး ထမင်းဟင်းချက်ပေးမယ်ပြီးလျှင် မောင်ကြီး နှမလေးနောက်ကိုသာ လိုက်ခဲ့ ကြိုးစားပေတော့"

"ခက်ပါလား ရွှေက္ကန္ဒြေစန္ဒီလေးရယ်၊ မောင်ကြီးလူပျိုဘဝ အိုရတော့မှာပေါ့"

ရွှေက္ကန္ဒြေစန္ဒီလေးက အောင်ဖေကို မျက်စောင်းလေးခဲပြီး သီချင်းတအေးဖြင့် ထမင်းဟင်းချက်နေပေတော့သည်။ အောင်ဖေသည် သူ့ရွှေက္ကန္ဒြေလေးနောက်သို့ လိုက်ရမှာကိုတွေး ပျော်နေတော့သည်။

"ကဲ- ထမင်းတွေဟင်းတွေလည်း ချက်လို့ပြီးပြီ။ နှမလေးတို့သွားကြမယ်၊ မောင်ကြီးရဲ့နာမည်ကို မှတ်မိပြီလား၊ ပန်းဟေဝန်ကိုရောက်ရင် မောင်ကြီးနာမည်ကို မောင်ကြီးမှတ်မိမှာပါ"

"မောင်ကြီးနာမည်က စောအောင်ဖေပါ။ မောင်ကြီး နှမလေးနောက်ကိုလိုက်ပါ့မယ်၊ ဒါပေမယ့် မောင်ကြီးသူငယ်ချင်းတွေအတွက် နှမလေးရဲ့နောက်ကိုလိုက်သွားကြောင်း သက်သေခံပစ္စည်းလေး တစ်ခုတော့ထားပေးချင်တယ်"

လေဖြတ်အတွက် လက်တွေ့ဆေးတစ်လက်

လူစွမ်းမြင့်(နတ်မောက်)

ကိုယ်တစ်ပိုင်း၊ ကိုယ်တစ်ခြမ်း၊ မျက်နှာ၊ လျှာ စသည်ဖြင့် အစိတ်အပိုင်းလိုက် လေဖြတ်သူတော်တော်များများ တွေ့မြင်ဖူးပါသည်။

ထိုသို့လေဖြတ်ခံရပြီဆိုလျှင် လုံးဝ စက်စင်စွာ ပျောက်ကင်းပြီး ပကတိနဂိုမူလကဲ့သို့ ပြန်လည်ကောင်းသူမတွေ့ခဲ့ဖူးသလောက်ဖြစ်ပါသည်။ ယခု ကျွန်ုပ် သူငယ်ချင်း၏ ဖခင်မှာတော့ ပကတိ (၉၀) ရာခိုင်နှုန်း ပြန်လည်ကောင်းမွန်သည်ကို တွေ့မြင်ခဲ့ရသဖြင့် အံ့သြဝမ်းသာဖြစ်ကာ မည်သည့်ဆရာ၊ မည်သည့်ဆေးဝါးနှင့်ပျောက်ကင်းသည်လည်းမေးခဲ့ရာ-

"မင်းသိတဲ့အတိုင်းပဲကွာ ငါတို့မိသားစုက ငွေကြေးမတတ်နိုင်တော့ဘာဆေးဝါးမှမကုနိုင်ဘူး။ ဘယ်ဆရာကိုမှလည်း မပင့်နိုင်ပါဘူး။ ဒီအတိုင်းကြည့်နေရတာပဲ။ ရပ်ကွက်ထဲက ဟိုလူကဟိုဟာလုပ်ခိုင်း၊ ဒီလူကတစ်မျိုးအကြံပေးတွေတော့ရှိတာပေါ့။ ဘယ်အရပ်ဘယ်ဒေသကဆရာ၊ အကြောပြင်ဆရာ၊ ဆေးဆရာတွေဆိုလည်း အညွှန်းပြကြပါတယ်။ မသွားနိုင်မပြနိုင်မကုနိုင်ခဲ့ဘူး။ ငွေကြေးခက်ခဲလို့ပေါ့ကွာ။

အဖေကံပေါ့ကွာ။ ရောဂါနဲ့ဆေးတွေ့ချင်တော့ ဂန္ဓာရီရသေ့ကြီးတစ်ပါး ငါတို့အိမ်ရှေ့အလှူခံရောက်လာတယ်ကွ။ အဖေ့ကိုတွေ့ပြီး အိမ်ရှေ့မှာလမ်းလျှောက်လေ့ကျင့်ခန်းလုပ်နေချိန်ပေါ့။ ရသေ့ကြီးက အဖေ့ကိုကြည့်ပြီး ဒီဆေးလုပ်သောက်သုံးလစွဲစား ငါးလဆို ပကတိအကောင်းဖြစ်မယ်လို့ပြောပြီး ဆေးညွှန်းစာရွက်ပေးသွားတယ်။ ဖြန့်ဖတ်လိုက်တော့ ဆိပ်ဖူးဥတစ်ပိဿာ၊ ထန်းလျက်မည်းတစ်ပိဿာစားပါတဲ့ဒါပဲ။ ဘယ်လောက်စားရမလဲအတိုင်းအဆဘာညာမပါဘူး။ ဒါနဲ့ တိုင်းရင်းဆေးဆရာအငြိမ်းစားဘကြီးဦးအုန်းခင်ဆီမှာသွားမေးကြတော့ တစ်နေ့သုံးကြိမ်စား၊ ဆိတ်ဖူးဥလက်ညှိုးလောက်ကိုထန်းလျက်တစ်ခဲနဲ့ရောထောင်းစား။ မနက်တစ်ခါ၊နေ့လယ်တစ်ခါ၊ညပိုင်းတစ်ခါ စားရတယ်လို့ သိလာတယ်ကွ။

ဒါနဲ့ မပျောက်သော်ရှိ ပျောက်သော်ရှိဆိုပြီး ငါ့အဖေကို နေ့စဉ်မှန်မှန်လုပ်ကျွေးခဲ့တာ နှစ်လမှာ သိသိသာသာ ထူးခြားလာတယ်။ သုံးလကျော်ကျော်မှာ သူ့ဘာသာလမ်းလျှောက်နိုင်လာတယ်။ ဟော - အခု ငါးလမှာ လုံးဝအကောင်းပဲ။ ဆေးလည်း မှန်မှန်ဆက်စားနေတာပဲ"

လက်တွေ့မျက်မြင် သူငယ်ချင်းမှ ပြောပြသည့်အတိုင်း မှုရင်းမပျက်ရေးသားတင်ပြပါသည်။ သူငယ်ချင်း၏ဖခင်မှာ ညာဘက်ကိုယ်တစ်ခြမ်းလေဖြတ်ခြင်းဖြစ်ပြီး ယခုအခါ ကောင်းစွာစကားပြော၊ ထမင်းစား၊ ရေချိုး၊ သန့်စင်ခန်းဝင် လူအကူမလိုဘဲ ကောင်းမွန်နေသဖြင့် ရေးသားတင်ပြအပ်ပါသည်။

လူစွမ်းမြင့်(နတ်မောက်)

"ကြော်- ဒါများ ခက်တာလိုက်လို့ မောင်ကြီးရယ် ညီမလေးလည်မှာဆွဲထားတဲ့ ဟောဒီပုလဲပုတီးကုံးလေးကို မြင်မြင်ထင်ထင်ထားခဲ့မှာပေါ့၊ ကဲ - မောင်ကြီး အချိန်သိပ်မရှိတော့ဘူး။ နှမတော်တို့သွားကြမယ်။ ပန်းဟေဝန်ဆိုတာ အမြင်နီးပေမယ့် ခရီးကဝေးလှပါတယ်"

ဟု ဆိုကာ လက်ချင်းတွဲလျက် ထွက်ခွာသွားလေတော့သည်။

မုဆိုးကြီး ဦးထော်လမွန်းနှင့် ထွန်းညိုတို့ ပြန်ရောက်ကြသောအခါ ထမင်းဟင်းချက်ထားသောမီးဖိုဘေးတွင် ခွေခွေလေးသေဆုံးနေသောစောအောင်ဖေကိုတွေ့ရတော့ စိတ်မကောင်းဖြစ်မိကြသည်။ စောအောင်ဖေ၏ ရင်ခွင်ထဲတွင် တန်ဖိုးကြီးမားသော ပုလဲပုတီးတစ်ကုံးက နေရာယူလျက်ရှိသည်ကိုတွေ့ရတော့ မုဆိုးကြီး ဦးထော်လမွန်းက -

"ငါ ညကတောင်ပြောပါသေးတယ် စောအောင်ဖေရယ်၊ ဒီတောဒီတောင်ဆိုတာစကားကို အရမ်းမပြောရဘူးလို့၊ ယခုတော့ နတ်ကျွန်ဟဲ့မင်းရဲ့စကား သူယောင်မနဲ့တွေ့ခဲ့ပြီပေါ့။မင်းတို့ဝိညာဉ်ချင်းပေါင်းတာကိုတော့ အပြစ်မဆိုပါဘူးကွာ။ ဒါပေမယ့် မင်းအလောင်းကို ပြန်သယ်ဖို့ကမလွယ်လို့ ဒီတောထဲမှာပဲ ထားခဲ့ရတော့မှာပေါ့ကွာ။ ရွာကိုရောက်မှ မင်းအတွက်ဆွမ်းသွတ်ပြီး အမျှဝေပေးမယ်ဟေ့"

ထွန်းညိုကလည်း -

"သူငယ်ချင်းစောအောင်ဖေ၊ မင်းရဲ့အလောင်းကို ငါတို့မြေမြှုပ်သဂြိုဟ်ပြီးပြီ။ ဒီပုလဲရတနာကို ငါတို့မင်းအတွက် ထုခွဲရောင်းချပြီး ကောင်းမှုကုသိုလ် တွပြုပေးမယ်လို့ ငါကတိပေးပါတယ်ကွာ။ မင်းလည်း မင်းချစ်သူနဲ့ပျော်ရွှင်နိုင်ပါစေကွာ"

နှစ်ပေါင်းကြာမြင့်ခဲ့သော်လည်း ဦးထွန်းညိုတစ်ယောက် သူငယ်ချင်းစောအောင်ဖေကိုတော့ ယနေ့ထက်တိုင် မမေ့နိုင်ပါဟု သူ့သားလေး မောင်ဒေဝဝေကို ပုံပြင်သဖွယ်ပြောပြလေတော့သည်။ သားဖြစ်သူ ဒေဝဝေကလည်း ကလေးပီပီ ဉာဏ်ထက်လှပါ သည်။

"အဘတို့နှစ်ယောက်ထဲပြန်လာခဲ့တော့ သေတဲ့သူအတွက် အစစ်အဆေးအမေးအမြန်းတွေမလုပ်ဘူးလား"

ဟုဆိုသောအခါ ဦးထွန်းညိုက-

"လုပ်တာပေါ့ သားရယ်၊ အဘတို့ အမှုစစ်အဖွဲ့ဆရာဝန်တွေနဲ့ အဲဒီမီးလက်ကျွန်းကိုထပ်သွားပြီး အလောင်းကိုပြန်ဖော်စစ်ဆေးကြည့်တော့ စောအောင်ဖေရဲ့လည်ဂုတ်မှာ တောကြီးမြွေဟောက်ကိုက်တဲ့ဒဏ်ရာတွေ့ခဲ့ရတယ်။ သူကြမ္မာနဲ့သူသေရတာ အဘတို့အမှုကလွတ်ပါတယ်။ အဘလည်း အဲဒီမီးလက်ကျွန်းကို နောက်ဘယ်တော့မှမသွားတော့ပါဘူး။ တောလိုက်တာ ဝါသနာပါပေမယ့် အကုသိုလ်အကျိုးမပေးလို့ နောက်ဘယ်တော့မှမလုပ်တော့ဘူးလို့ ဘုရားမှာသစ္စာပြုလိုက်ပါတယ်"

လွန်ခဲ့သော နှစ်ပေါ [illegible] ဆယ်ကျော်အချိန်က မှ [illegible] ကိုယ်တွေ့ဖြစ်ရပ်မှန် [illegible] ၍ မှတ်တမ်းတင် [illegible]

[illegible]

စေစည်(ရွှေဘို)

သီးသီးအကြောင်း

သီးပင်ကို အထက်အညာဒေသများတွင်သာ အများဆုံးတွေ့နိုင်ပါသည်။ အောက်အရပ်ဒေသများ၌ မတွေ့ရသလောက်ပင် ဖြစ်ပါ၏။ အောက်အရပ်မှ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများကို သီးသီးလက်ဆောင်ပေးသောအခါ ညိုမည်းနေအောင်မှည့်နေသော သီးသီးကို ပုပ်သည်ဟုလွှင့်ပစ်သဖြင့် ပုပ်တာမဟုတ်ကြောင်း (မကြာခဏ) ပြောပြရ၏။ အောက်အရပ်တွင် သီးသီးကို ငါးကြော်ဖြင့်ချက်စားကြ၏။ အညာဒေသတွင် သီးသီးအစိမ်းကိုထောင်း၍ ငါးပိဖုတ်၊ ဆား၊ ပုစွန်ခြောက်၊ ပဲမှုန့်တို့နှင့်နယ်ပြီး နှမ်း၊ မြေပဲလှော်များထောင်းထည့်ကာ ပဲဆီ၊ နှမ်းဆီသန့်သန့်ဆမ်းကာသုပ်စားကြ၏။ ထိုအထဲတွင် ကြက်သွန်နီဥကြီးကို ပါးပါးလေးလှီးပြီးထည့်ကြ၏။ ရေတံသီးစိမ်းကို ပါးပါးလေးလှီးပြီး ပူပူရှရှလေး စားကြ၏။ အညာကျေးလက်များတွင် သီးသီးစိမ်းနှင့် အမဲဦးနှောက်ကို အချဉ်ဟင်းအဖြစ် ချက်စားသည်လည်းရှိ၏။

သီးပင်၏အခေါက်သည် အလွန်ကြမ်း၏။ သနပ်ခါးကဲ့သို့ မမွှေးသော်လည်း အနံ့သင်းသင်းလေးရှိ၏။ သွေးလိုက်လျှင် သနပ်ခါးကဲ့သို့ စေးစေးပိုင်ပိုင်မရှိလှဘဲ ခပ်သွက်သွက်ပေါ့ပေါ့လေးဖြစ်၏။ သို့သော် အောက်ခံကရင်တစ်မျိုးမျိုးခံပြီးလိမ်းလျှင်တော့ အရောင်ဝါဝါလေးနှင့်မို့ လှမှလှပါပေ၏။ သီးပင်၏အခေါက်ကို သနပ်ခါး(အစစ်)ဆိုပြီး ထုတ်လုပ်သူများက ဈေးကောင်းပေးပြီး ဝယ်ကြသဖြင့် အညာတွင်သီးပင်ရှားနေပါပြီ။ သီးသီး၏အာနိသင်မှာ အချဉ်ဖြစ်သော်လည်း သကြားကဲ့သို့ချိုသော သကြားသီးသီးနှင့် သီးသီးအစိမ်းကိုစားလျှင်ပင် လုံးဝမချဉ်သောသီးထမင်းဆိုတာလည်းရှိပါသည်။

သီးသီးသည် ပေါင်းချောင်လေးလိုဖြစ်နေပြီး အခွံကလည်းထူ၍ အညာနေရောက တွင်းနက်လျှင် ထိုသီးသီးသည် ကောင်းတတ်ပါသည်။ စား၍ အရသာရှိပါသည်။ သီးသီးသည် လုံးလုံးဝိုင်းဝိုင်း၊ အခွံပါးပါးနှင့် အညာတွင်တိမ်လျှင်တော့ အမျိုးအစားညံ့ပြီး မှည့်လျှင်ပင် အညာထန်းလျက်နှင့်နယ်ပြီး စားသော်မှအဆင် သိပ်မပြေသောအရသာရနိုင်ပါ၏။

သီးသီးကို

■ ရုက္ခဗေဒ

FERONIA ELEPHANTUM,
CORREA; ANISIPHALINS
RUMPIT; CRATAEVA
VALLANGAL LIMINIA

ဟု ခေါ်ပါသည်။

အင်္ဂလိပ်

ELEPHANT (or)
WOODAPPLE

■ ဥတုဘောဇနကျမ်းအလို

သီးသီးမှည့်သည် ချိုချဉ်ရသာရှိ၏။ ကြေခဲ၏။ ဒေါသသုံးပါးကိုနိုင်၏။ ပန်းနာ၊ အော့အန်သောအနာ၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ပျောက်စေနိုင်၏။ မောဟိုက်ခြင်းကို နိုင်၏။ နှုတ်ကိုမြိန်စေတတ်၏။ ဝမ်းကိုချုပ်စေတတ်၏။

■ ဆေးအဘိဓာန်အလို

သီးသီးမှည့်သည်ကား လေသလိပ်၊ သည်းခြေနာကိုလည်းကောင်း၊ ဝမ်းမီးမညီမျှမှုကို လည်းကောင်း၊ နှလုံးပိတ်ဆို့တောင့်သောအနာတို့ကို လည်းကောင်း ချမ်းသာစေတတ်၏။

■ ဓာတုဩဿကျမ်းအလို

သီးသီးမှည့်သည် အအေး၊ အာပေါ အသက်ဓာတ်ဖြစ်၏။

■ ဓာတုရသကျမ်းအလို

သီးသီးသည်ဝါယောဓာတ်ကြိုက်၏။ သီးသီးစိမ်းမှာကား ဝါယောဓာတ် မကြိုက်။

ဆေးကျမ်းတို့၏ အလိုအားဖြင့် သီးသီး၏ရသဓာတ်ကို အထက်ပါအတိုင်း မိန့်ဆိုခဲ့ကြပါသည်။ သို့သော် စာရေးသူတို့၏အဘိုးဆေးဆရာကြီး ဦးအောင်မြေသည် သူ၏လူနာ နာလန်ထစများကို ဘယ်သောအခါမျှ သီးသီးကို မစားစေပါ။ ထိုစဉ်က (စာရေးသူကဘာကြောင့် သီးသီးကိုမစားစေတာလဲဟု နားမလည်ခဲ့ပါ။)

■ သီးသီးစားတဲ့မကြည်နှင့်မရီ

စာရေးသူ၏ဦးလေး ကိုဖိုးဝယ်၏ ဇနီးသည် မကြည်ဖြစ်ပြီး ထိုမကြည်၏ ညီမမှာ မရီ ဖြစ်ပါသည်။ စာရေးသူ ဆယ်နှစ်အရွယ်ခန့်က ဖြစ်ပါသည်။ ဦးလေး၏ ဇနီး မကြည်မှာ အဖျားအလွန်ပြင်းသဖြင့် သူ့မိဘများက သူ့ကို အိမ်ပြန်ခေါ်ပြီး ဆေးကုပေးကြပါသည်။ စာရေးသူ၏အမေက သူ့ယောက်မအား လူမမာ မေးသွားသဖြင့် စာရေးသူက လိုက်ပါသွားခဲ့ပါသည်။ ကျေးလက်ကြေးရတတ်ဖြစ်သဖြင့် ရေနံများစိုအိနေအောင်သုတ်ထားသော နှစ်ထပ်အိမ်ကြီး၏ အောက်ထပ်အခန်းထဲတွင် လူမမာ မကြည်ကို ထားပါသည်။ ထိုအခန်းထဲတွင် ခုတင်နှစ်လုံးရှိပြီး မကြည်က မြောက်ဘက်နံရံဘေးက ခုတင်ပေါ်တွင် လဲလျောင်းနေပြီး သူ့ညီမ မရီက တောင်ဘက်နံရံဘေးက ခုတင်ပေါ်တွင်လဲ လျောင်းနေပါသည်။ ညီအစ်မ(၂) ယောက်လုံးဖျားနေကြပါသည်။ သူတို့ ခုတင်ဘေးတွင် ပွတ်လုံးခြေထောက်များပါရှိသော ကျွန်း စားပွဲလေးတစ်လုံးစီရှိရာ ဆန်ပြုတ် ပန်းကန်လေးတွေနှင့် လက်သုတ်ပဝါ တင်ထားပါသည်။

စာရေးသူတို့ ရောက်သွားသောအခါ မကြည်က ထထိုင်ပြီး ဒီနေ့အဖျား လွတ်သွားပြီဖြစ်ကြောင်း၊ ညီမနှစ်ယောက်လုံးဖျားကြလို့ သူတို့အမေ ဒေါ်ငြိမ်းပင် (ထိုအဘွား ဒေါ်ငြိမ်းပင်သည် ဘဝတစ်လျှောက်လုံး မည်သည့်ရောဂါမှမဖြစ်ပါ။ လျက်ဆားကိုပင် မလျက်ဘူးသူဖြစ်ပါသည်။ အသက် (၁၀၁) နှစ်မှ ကွယ်လွန်ပါသည်။ အညာသူဖြစ်သော်လည်း အသားဖြူဖြူနှင့် အလွန်ချောလှပါသည်) မှာ လူမမာနှစ်ယောက်ကိုပြုစုရလို့ ပင်ပန်းလှကြောင်း အမေ့ကိုအားနာကြောင်းများပြောလို့နေပါသည်။

သူ့ညီမ မရီကတော့ သူနေမကောင်းလို့ အိမ်အလုပ်၊ တောအလုပ်တွေလစ်ဟာကြောင်း နေကောင်းလာရင် အမေ့ကိုနားခိုင်းပြီး အလုပ်တွေလုပ်နိုင်တော့မှာဖြစ်လို့ ဝမ်းသာနေကြောင်းတွေပြောလိုက်ပါသည်။ စာရေးသူတို့ သားအမိအား ပေါ်ဦးပေါ်စ ထန်းမထန်းလျက်ခဲလေးများဖြင့် ဧည့်ခံပါသည်။

အိမ်ပြန်ရောက်လျှင် ဦးလေးကိုဖိုးဝယ်အား နောက်သုံးရက်လောက်နေရင် မကြည်ကိုသွားခေါ်လို့ရပြီဟု အမေကပြောပါသည်။ နေမကောင်းဖြစ်နေသော သူ့မိန်းမကို သူကပြုစုခွင့်မရဘဲ သူ့ယောက္ခမများက ခေါ်ပြီးပြုစုနေတာကို ဦးလေးကိုဖိုးဝယ်က သဘောမကျပါ။ သို့သော် သူနှင့်သုံးနှစ်သာရှိသေးသော သားမောင်အောင်မင်းတို့သာ အိမ်မှာရှိရကား မကြည်ကို သူ့မိဘများ အိမ်ပြန်ပြီး ဆေးကုတာသည် အသင့်တော်ဆုံးဖြစ်လို့သာ ပို့မထားချင်ဘဲပို့ထားရပါသည်။

တောထဲမှပြန်ရောက်၍ ရေမိုးချိုးပြီး သူ့မိန်းမ မကြည်ထံသွားတွေ့ပြန်တော့လည်း အခန်းပေါက်ဝကသာရပ်ပြီး သူ့မိန်းမရော ခယ်မကိုပါ သက်သာကြရဲ့လားလို့ပဲ မေးရတာဖြစ်နေပါ၏။ အခန်းထဲဝင်ပြီး မိန်းမနားထိုင်လို့ နဖူးလေးစမ်း လက်လေးစမ်းဆိုတာမျိုးလုပ်ဖို့ကလည်း ခယ်မလေးရှေ့မှာ မသင့်လျော်တာမို့ ဝေးဝေးကပဲမေးနေရပါ၏။ နေကောင်းဖို့ဆိုတာကလည်း သူ့ယောက္ခမကြီး ဒေါ်ငြိမ်းပင်က လူမမာနှစ်ယောက် အခန်းပေါက်မှာ ကြိုးပြားပြားကြီးတွေ ရက်ထားတဲ့ ကြိုးခုတင်လေးပေါ် အိပ်ပြီး ဆေးတိုက်၊ ရေတိုက်၊ အဝတ်လဲလုပ် ပေးနေတာမို့ ကိုဖိုးဝယ်လုပ်ပေးခွင့်မသာခဲ့ပါပေ။ (ထိုကြိုးခုတင်လေးမျိုးကို ရှေးကလားကားထဲမှာ မကြာခဏတွေ့နိုင်ပါသေးသည်။)

မကြည်တို့ညီအစ်မနှစ်ယောက်လုံး နေကောင်းစပြုပြီး ရေချိုးဆိုပြီး ရေချိုးရက် ရောက်လို့ ရေချိုးကြရပြီလို့ သတင်းကြားရပါသည်။ စာရေးသူတို့ ရွာကြီးသည် အိမ်ဝင်း၊ ခြံဝင်းကျယ်ကြီးများဖြင့် (ထိုစဉ်က) အိမ်ခြေ (၆၀၀) ခန့်ရှိရာ ဦးလေးကိုဖိုးဝယ်အိမ်နှင့် သူ့ယောက္ခမများနေသောအိမ်မှာ ရွာ၏အနောက်မြောက်နှင့် အရှေ့တောင်ဖြစ်နေ၍ မန္တလေးငါးပြခန့်ဝေးပါသည်။ ဦးလေးကိုဖိုးဝယ်က သူ့အိမ်ကို လှည်းကျင်းခါထုတ် ဖုန်သုတ်လုပ်နေပါသည်။ သူ့အစ်မ (စာရေးသူ၏မိခင်)အား ငါးရံ့ကြီးကြီး တစ်ကောင်ဝယ်ပေးပြီး ငါးရံ့ခြောက် လုပ်ခိုင်းလို့ ငါးရံ့ခြောက်ပြားကြီး တိုင်ထိပ်မှာ လေဟုန်စီးနေတာကို တွေ့ရပါသည်။

မကြည်ကို နောက်နေ့နံနက်စောစောသွားခေါ်ကြရန် နွားလှည်းပေါ်တွင် ကောက်ရိုးထူထူခင်းထားပါသည်။ ထိုကောက်ရိုးပေါ်မှာ ဖျာကြမ်းခင်း၍ ဖျာကြမ်းပေါ်မှ သင်ဖြူးဖျာအဟောင်းလေး ခင်းထားမည်ဖြစ်ပြီး မကြည်မှီလိုကမှီရန် အဘိုးကိုယ်တိုင်ချုပ်ထားသောမှီအုံးပါ တင်သွားကြမည် ဖြစ်ပါသည်။ ထို့နေ့က ဦးလေးကိုဖိုးဝယ်က ရေလည်မော်ကျောင်းသို့ဆွမ်းပို့သွားပါသည်။ အမှန်တော့ မကြည်နှင့်မှအတူသွားရန် ဖြစ်သော်လည်း ထိုနေ့က ပုံသကူအသား အလှည့်ရသဖြင့် ဆွမ်းပို့သွားခြင်း ဖြစ်ပါသည်။

ဦးလေးကိုဖိုးဝယ်သည် ရေလည်မော်ကျောင်းထိုင်ဆရာတော်အား ဆွမ်းချိုင့်ကပ်လှူပြီး အာလာပသလ္လာပစကားပြောနေစဉ် ရင်ထဲတွင် လှိုက်ဖိုလာပြီး အလိုလိုမျက်ရည်တွေကျလာသည်ဟု ဆိုပါသည်။ မကြည်လည်း နေကောင်းလာပြီပဲ။ ငါက ဘာဖြစ်တာလဲလို့တွေးမိကြောင်း နောက်ပိုင်းတွင်ပြောပြပါသည်။ ဘုန်းကြီးကျောင်းထဲမှထွက်ပြီး ကျောင်းအနီးရှိ သူ့လယ်တောသို့ခဏသွားကြည့်လိုက်ရာ သူ့အားတစ်စုံတစ်ယောက်က တွန်းလိုက်သလိုဖြစ်ပြီး ဆွမ်းချိုင့်ရောလူပါ မှောက်လျက်လဲသွားပါတော့သည်။ ဦးလေးကိုဖိုးဝယ်ကတော့ နှင်းတွေစိုနေတာကြောင့် လဲတာပဲနေမှာပါဆိုပြီး စိတ်ကိုဖြေလိုက်သည်ဟု ဆိုပါသည်။

ဦးလေးကိုဖိုးဝယ် ထိုသို့ဖြစ်နေချိန်တွင် အိမ်မှအမေတို့လည်း အလုပ်တွေရှုပ်နေကြပါသည်။ တောင်သူကြီးအိမ်ဖြစ်တာကြောင့် တောသွားရသူ၊ ထမင်းပို့ရသူ၊ နွားကျောင်းသွားရသူများဖြင့် အလုပ်တွေရှုပ်နေစဉ် ဒေါ်လေးမကြည် ဆုံးလို့ဆိုပြီး သူတို့အိမ်မှ အလုပ်သမားလေးမောင်ပြုံးက လာခေါ်ပါသည်။ အမေက အော်ဟစ်ပြီး ငိုလိုက်ပါသည်။ အပူမီးခံနေရသည်ကို မသိရှာသော ဦးလေးကိုဖိုးဝယ်၏ သားလေးက အမေ အမေလာပြီဟု အော်နေသဖြင့် ပိုပြီး ကြေကွဲကြရပါသည်။

အမေတို့ရောက်သွားသောအခါ ဒေါ်လေးမကြည်သာမက ဒေါ်လေး မကြည်၏ညီမ မရီပါသေသွားတာဖြစ်လို့ ညီအစ်မနှစ်ယောက်လုံး ခုတင်တစ်လုံးစီပေါ်တွင် ပြင်ထားတာကို တွေ့လိုက်ရပါတော့သည်။

အမေက သူ့မောင်ဆွမ်းသွားပို့ကြောင်း၊ သွားနိုင်လာနိုင်ဖြစ်ပြီးမှ ဘယ်လိုဖြစ်ရတာလဲတော်ဟု ငိုပြီးမေးလေသော်-

"အေးဟေ့၊ အဲဒီလို စားနိုင်သွားနိုင်လို့သေရတာပါကွယ့်။ ဒီနေ့ခေါင်းလျှော်ရေချိုးကြတယ်လေ။ ရေကိုလည်း အိမ်ကကောင်မလေးက ငင်ပေးတာပါ။ အဲဒါညီမနှစ်ယောက်လုံး ရေလည်းအတူချိုးကြ၊ တစ်ယောက်ကျောကိုတစ်ယောက်ကတစ်လှည့်စီ ဆပ်ပြာနဲ့ကြေးတွန်းကြနဲ့ပေါ့။ သူတို့ရေချိုးနေတုန်း သီးပင်ပေါ်က သီးသီးတစ်လုံးကြွေကျသတဲ့။ အဲဒီသီးသီးကို အငယ်မ မရီကကောက်ပြီးယူခဲ့တာတဲ့။ နှစ်ယောက်သား ခေါင်းတွေသုတ်၊ သနပ်ခါးတွေဖွေးနေအောင် လိမ်းပြီး မုန့်နှပ် (ဆန်မှုန့်တစ်ဆကို ရေသုံးဆ၊ ဆားအနည်းငယ်ထည့်ကျိုပြီး မြေပဲဆီနည်းနည်းထည့်ရသည့်မုန့်) စားကြပြီး သူတို့အခန်းထဲ ပြန်ဝင်သွားကြသကွယ့်။ အရီးကတော့ သူတို့နေကောင်း ပြီဆိုပြီး ပေါ့သွားတာလည်းပါ တာပေါ့။

သူတို့ ခေါင်းလျှော်ထားတာ ခြောက်ပြီဆိုပြီး အုန်းဆီလိမ်းကြတာလို့လည်း ကြားနေရတယ်။ ခေါင်းလျှော်ထားတော့ အိပ်ချင်လို့ အိပ်ကြတာလို့ ထင်နေတာပေါ့။ ဘယ်ဟုတ်မလဲကွယ်။ အရီးကဝင်ကြည့်လိုက်တော့ ညီအစ်မနှစ်ယောက်လုံး သီးသီးခြမ်းလေးတွေ လက်ထဲကိုင်ပြီးသေနေကြတာ။ သီးသီးတစ်လုံးကို ညီအစ်မနှစ်ယောက် [illegible] ကြတာလေ။ တစ်ယောက် တစ်[illegible] လောက်ကုန်ရောပေါ့။ [illegible] ရေချိုးခေါင်းလျှော် သနပ်ခါး[illegible] သားလိမ်းပြီးမှ သီးသီး[illegible] စားပြီး သေလိုက်[illegible] ပန်းပွင့်ကြပါ[illegible]

ဟု ငိုရှာပါသည်။ ထိုစဉ်ကစပြီး သီးသီးသည် (စားရန်မသင့်သူများအတွက်) သေဆေးဟု သဘောပေါက်ခဲ့ပါသည်။

■ သီးသီးစားတဲ့ ကိုစု

နောက်ထပ် (၁၀) နှစ်ခန့်ကြာသော် -

စာရေးသူ၏အစ်ကိုသည် စာရေးသူထက် (၇) နှစ်ကြီးပါသည်။ ၁၉၆၂ ခုနှစ်တွင် ထိုအစ်ကိုက ရန်ကုန်ထီးတန်းကောလိပ်မှာ တက်ပါသည်။ ထိုနှစ်များက ဝါဝါဝင်းရွှေ (ခေါ်) အဲလစ်ထွန်းရွှေဆိုသော ကောလိပ်/တက္ကသိုလ်ကျောင်းသူအား ရုပ်ရှင်မင်းသမီးအရွေးခံရသည်ဟု စာရေးသူထံရေးသောစာထဲတွင် ထည့်ရေးလေရာ ငယ်ရွယ်သော စာရေးသူက ဂုဏ်ယူဝံ့ကြွားစွာဖြင့် အတန်းဖော်သူငယ်ချင်းများကို ကြွားပြခဲ့တာ မှတ်မိပါသည်။ နောက်ပြီး အစ်ကိုတို့နှင့် တစ်နှစ်တည်းဖြစ်တာကြောင့် စာရေးသူကပါရောပြီး ကိုယ့်အစ်ကိုရဲ့အတန်းဖော်ဆိုတော့ ဝါဝါဝင်းရွှေကို ချစ်ခင်နေမိပါသည်။ (လွန်ခဲ့သောတစ်ပတ်ခန့်က အိမ်နီးချင်း ရေခဲစက်အလည်ရောက်စဉ် DVB မှ (ခေါ်) ဝါဝါဝင်းရွှေတို့ (၄၄) ကြိမ်မြောက် မင်္ဂလာသတင်းကို ဒေါ်ဝါဝါဝင်းရွှေက ဘဝခရီးဖော်၏ WHEEL CHAIRကို တွန်းပြီး ယုယနေပုံကိုကြည့်လိုက်ရလေရာ ကိုယ့်ဆွေမျိုးတစ်ယောက်ကြည့်လိုက်မြင်လိုက်ရသလို ခံစားမိပါ၏။)

ထိုအစ်ကို ကိုစိန်ဝင်းတွင် ချစ်လှစွာသော မောင်စုခေါ် သူငယ်ချင်းတစ်ယောက်ရှိပါသည်။ သူကတော့ ပညာရေးဘက်မလိုက်စားဘဲ အသက် (၁၆) ခန့်တွင် မိဘများက တစ်ရွာတည်းနေ အလွန်ချောသည့်အပျိုချောတစ်ယောက်နှင့်နေရာချပေးလိုက်ပါသည်။ ကိုစုအိမ်ထောင်ကျပြီးနောက် အစ်ကို ကိုစိန်ဝင်းက ကိုစုထံအသွားအလာနည်းသွားပါသည်။ အိမ်ထောင်သည်နှင့်ကျောင်းသားဆိုတော့လည်း တွေးတာချင်းမတူ၊ ခံစားကြတာချင်းမတူ၊ ပြောချင်းတာလည်း မတူကြတော့သဖြင့် ခပ်ဝေးဝေးနေကြပါ၏။

အစ်ကိုကိုစိန်ဝင်းတို့ တက္ကသိုလ်ကျောင်းမှာ နွေရာသီပိတ်သဖြင့် အညာကိုပြန်လာကြပါသည်။ထိုစဉ်က ရန်ကုန်တက္ကသိုလ် (ကျောင်းအုပ်ကြီးလား/ အဆောင်မှူးလား ကောင်းစွာမမှတ်မိတော့ပါ။) ဦးကျော်ရင်က နှီးဆီဘူးခွံလေးများ ဖြင့်ပျိုးထည့်ထားသော ကံ့ကော်ပင်ပေါက်လေးများ တစ်ပင်စီ လက်ဆောင်ပေးလိုက်ပါသည်ဟု သတင်းစာတွင်ဖတ်ရသဖြင့် ရန်ကုန်တက္ကသိုလ်မှကံ့ကော်ပျိုးပင်လေးနှင့်ပြန်လာမည့် အစ်ကိုဖြစ်သူအားစောင့်မျှော်နေမိပါသည်။ ထိုစဉ်က ကံ့ကော်ပင်ဆိုတာ စာရေးသူတို့ အညာတွင် အလွန်ရှားလှပါသည်။

ကံ့ကော်ပင်ပေါက်လေးကို သူများပေးခဲ့မည်စိတ်ကူးပြီးမှ ငါ့နှမလေးက စိုက်ချင်နေမှာထင်ပါတယ်ဆိုပြီး ကံ့ကော်ပင်လေးနှင့်အတူ ကိုစိန်ဝင်းပြန်ရောက်လာပါသည်။ ထိုစဉ်က ရန်ကုန်-မန္တလေး ရထားက ရထားပေါ်တွင်တစ်ညအိပ်ရပါသေးသည်။ အစ်ကိုက အိမ်ရောက်ရောက်ချင်း ညက ရထားပေါ်မှာ အိပ်ပျော်သွားတော့ မောင်စုကို အိပ်မက်မက်နေတာ။ သူနဲ့တွေ့ရပြီး လှမ်းခေါ်လိုက်တာ မကြားသလိုဘဲ။ ဒါနဲ့ပြေးလိုက်သွားတော့ မျက်နှာညိုးညိုးနဲ့လှည့်ကြည့်ပြီး ပျောက်သွားတယ်ဆိုသဖြင့် အမေက -

"အမ်လေးကွယ် မင်းက မင်းသူငယ်ချင်းကို သတိရလွန်းတာကြောင့် အိပ်မက်မက်တာပါကွယ်။ မောင်စုကို လွန်ခဲ့တဲ့တစ်ပတ်က လယ်ထဲန္တားချေးချဖို့အလုပ်သမားတွေခိုင်းနေတာ တွေ့ခဲ့ပါတယ်"

ဟု ပြောပါသည်။

အစ်ကိုစိန်ဝင်းက အိမ်ရောက်ပြီး နောက်ရက်တွင် ကိုစုထံသွားလည်ပါသည်။ ကိုစုမှာအနည်းငယ်နေမကောင်းဖြစ်နေသဖြင့် သူ့အိပ်မက်ကိုမပြောခဲ့ပါဟု အစ်ကိုက ဆိုပါသည်။ ကိုစုကလည်း သူ့သူငယ်ချင်းကိုတွေ့ရလို့ ဝမ်းသာလုံးဆို့နေပါသည်။ နှစ်ယောက်သား စကားတွေပြောကြပြီး အစ်ကိုကိုစိန်ဝင်းပြန်တော့မှ ခြံဝအထိလိုက်ပို့ရင်း -

"အေးကွာ မင်းကတော့ ကျောင်းသားဆိုတော့ မိဘတွေရဲ့ကလေးပဲပေါ့။ ငါကတော့ တောင်သူလယ်သမားပါပဲ။ မကြာခင်မှာ သားလား၊ သမီးလားရတော့မယ်။ ငါက ကလေးအဖေဖြစ်ရတော့မှာပေါ့။ အဲဒီတော့မှများ မိဘမေတ္တာပိုသိမလားဘဲ"

ဟုဆိုသဖြင့် ကိုစိန်ဝင်းက-

"မင်းက မိဘတွေအတွက် အလွန်နားထောင်တဲ့သားကောင်းပဲ မဟုတ်လား။ မင်းမှာက သားပဲမွေးမွေး သမီးပဲမွေးမွေး ရတနာသာဖြစ်မှာပါ"

ဟုပြောပြီး လူချင်းခွဲခဲ့ကြပါသည်။

အစ်ကိုကိုစိန်ဝင်းက ကျောင်းပိတ်ရက်အတွင်း မုံရွာကျောက္ကာဘုရားပွဲသို့ သွားနေပါသည်။ ထိုစဉ် ကိုစုသေလို့တဲ့ဆိုသော သတင်းရောက်လာပါတော့သည်။ သူ့မိဘများက စာရေးသူတို့အား ကိုစိန်ဝင်းထံ အကြောင်းကြားပါရန် မေတ္တာရပ်ခံသဖြင့် လူငှားပြီး မြင်းတစ်စီးဖြင့် ကျောက္ကာသို့လွှတ်၍ အစ်ကိုကိုစိန်ဝင်းကို ခေါ်ခဲ့ရပါသည်။

အစ်ကိုကိုစိန်ဝင်းသည် ခရီးရောက်မဆိုက် အသုဘအိမ်သို့တောက်လျှောက်သွားပါသည်။ ကိုစု၏ဇနီးနှင့် မိဘများက ကိုစိန်ဝင်းကိုတွေ့ရသည့်အခါ ပိုပြီးလွမ်းရပူဆွေးရနှင့် ဒုက္ခဖြစ်ရှာကြပါသည်။ ကိုစုအသုဘကိစ္စအဝဝကို ကိုစိန်ဝင်းက ဦးစီးဆောင်ရွက်ပေးပါသည်။ သက်ဆိုင်သူ မိဘဆွေမျိုးနှင့်ဇနီးသာမက သူငယ်ချင်းဖြစ်သူ ကိုစိန်ဝင်းပင်လျှင် မျက်တွင်းဟောက်ပက်ဖြင့်ရှိနေပါတော့သည်။ ရက်လည်ပြီး၍ပြန်လာသော အစ်ကိုကိုစိန်ဝင်းက -

"မောင်စုသေရတာ ရေတိမ်နစ်သလိုပါပဲဗျာ။ ဖျားနေတာက ဖျားတဲ့ရက်ကြာပြီးမှ ပျောက်သွားတယ်၊ ပျောက်သွားတော့ ဘာစားစားခံတွင်းက မတွေ့ဘူးဖြစ်နေလို့ သီးသီးရွှမ်းပြင်းလေးစားရရင်ကောင်းမှာပဲလို့ အတွေးပေါက်ပြီး မနေ့ညက အပင်ကကြွေကျထားတဲ့ သီးသီးလေးတစ်လုံးခွဲပြီး ဆားတောင်မကူဘဲ စားလိုက်တာကုန်ရောဆိုပဲ။ အိပ်ချင်သလိုလိုဖြစ်လာတာနဲ့အိပ်လိုက်တာ မနိုးသောအိပ်ခြင်းဖြစ်သွားဘာတဲ့"

ဟုဆိုပါသည်။

■ သီးသီးစားတဲ့ မောင်ထိန်ဝင်း

နောက် (၁၂) နှစ်လောက်ကြာတဲ့အခါ ၁၉၇၀ ပြည့်နှစ်ရောက်လာပါသည်။ စာရေးသူအထက်တန်းပြဆရာမအဖြစ် ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ အလုပ်ရပါသည်။ ကျောင်းမှာရှိတဲ့ ကျောင်းသူကျောင်းသား (၅၀၀) ကျော်တို့ဟာ စာရေးသူတို့ရဲ့ဆွေမျိုးရင်းချာတွေ ဆွေမျိုးနည်းနည်းဝေးဝေးတွေနှင့် သူငယ်ချင်းတွေရဲ့သားသမီးတွေ ဖြစ်နေပါသည်။ ထိုအထဲတွင် စာရေးသူသင်ရသော အတန်းမှ ကျောင်းသားလေး မောင်ထိန်ဝင်းကို စာတော်သဖြင့် သတိထားမိပါသည်။ မောင်ထိန်ဝင်း၏ မိဘများမှာ စာရေးသူ၏အစ်မနှင့် သူငယ်ချင်း နီးချင်းများ ဖြစ်ကြပါသည်။ ဤကလေး မောင်ထိန်ဝင်းသည် စာတော်သဖြင့် ဆရာ၊ ဆရာမများနှင့် ရင်းနှီးချစ်ခင်ရမည်ဖြစ်သော်လည်း သူကတော့ တစ်မျိုးတစ်ဘာသာဖြစ်နေပါသည်။ သူသည် သူ့ဆရာများကိုပင် သူ့လောက်မတော် ဟုအထင်ရောက်နေပါသည်။

ထိုမောင်ထိန်ဝင်းသည် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူး(၂)ဘာသာဖြင့်အောင်မြင်ပါသည်။ သူ့ထက်တော်ပြီး ဂုဏ်ထူးသုံးဘာသာ၊လေးဘာသာရသူများက သူ့လောက်ခြေဖျားမထောက်ကြပါ။ သူကတော့ ခြေဖျားထောက်ပြီး လက်မပါထောင်သူ ဖြစ်ပါသည်။

မောင်ထိန်ဝင်းဂုဏ်ထူး(၂)ဘာသာဖြင့် အောင်မြင်သဖြင့် သပိတ်ကျင်းဘက်မှဆွေမျိုးသားချင်းများက တက္ကသိုလ်တက်ရအောင် ဝိုင်းဝန်းထောက်ပံ့ကြရန် သပိတ်ကျင်းလာလည်ပါဆို၍ မောင်ထိန်ဝင်းတစ်ယောက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် လိုက်ပါသွားပါသည်။ သီတင်းနှစ်ပတ်ခန့်ကြာသော် မောင်ထိန်ဝင်းပြန်ရောက်လာခဲ့ပါသည်။ ပေးကမ်းချီးမြှင့်ထောက်ပံ့လိုက်ကြသော ငွေကြေးကလည်း တော်တော်များများပါလာသည်ဟု ကြားသိနေရ၍ ဝမ်းသာနေကြသူများထဲတွင် စာရေးသူလည်းအပါအဝင်ဖြစ်ပါသည်။

မောင်ထိန်ဝင်းတွင် ငွေကြေးသာမကဘဲ နာမည်ကျော်ရွှေတောင့်ကဲ့ဖျား ပါလာခဲ့မှန်းကို ရက်အနည်းငယ်ကြာမှသိကြပါတော့သည်။ ပထမတော့ အစားပျက်၊ အအိပ်ပျက်ဖြစ်ပြီးဖျားရာ ဆေးများကမပြတ်နိုင်ပါချေ။ ကျေးရွာရှိ တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့်ဆေးထိုး ဆေးစားနေရရှာသည်။ ရက်ပေါင်းများ ကြာပြီးမှ အဖျားက ရက်ခြားရက်ခြား ဖျားရာမှ တဖြည်းဖြည်းအဖျားပြတ်သွားပါတော့သည်။ ခေါင်းမှဆံပင်များ ကျွတ်ကုန်သဖြင့် ခေါင်းတုံးရိတ်ထားရသည်။ လူက ကတုံးပြောင်ပြောင်ပိန်ပိန် မည်းမည်းခြောက်ခြောက် ဗိုက်ပူပူနံကားကားလေးဖြစ်ဖြစ်နေရှာပါသည်။

အဖျားပျောက်ပြီး လမ်းလျှောက်နိုင်သောအခါ စာရေးသူတို့ရှိရာ စာသင်ကျောင်းသို့ လာလည်ရှာပါသည်။ ကျောင်းရှိ ဆရာ၊ဆရာမများနားနေခန်းတွင်ထိုင်နေပြီး တွေးနေငေးနေတတ်ပါသည်။ ယခင်ကကဲ့သို့ ခပ်ကြွားကြွား အမူအရာလေးများ ပျောက်သွားပါတော့သည်။ သူ့ရုပ်ကိုကြည့်ပြီး ဆရာ၊ ဆရာမများက သနားနေကြပါသည်။ သူ့ရုပ်လေးပြန်ကြည်လာပါစေ၊ ငယ်မူငယ်သွေးလေးပြန်ရပြီး တက္ကသိုလ်တွေ ဖွင့်အမီ ကျန်းမာပါစေဟုသာ ကျိတ်၍ ဆုတောင်းနေကြရပါသည်။

သားလေး ကျန်းမာလာပြီဖြစ်၍ မောင်ထိန်ဝင်း၏မိဘများက တောထွက်ပြီး လုပ်ငန်းလုပ်ကြရပါတော့သည်။ နံနက်စောစော ထမင်းထချက်ပြီး တောသို့သွားကြရသည်။ ထမင်းထုပ်ထည့်သွားပြီး ညနေစောင်းမှပြန်လာကြတော့သည်။ အားနေသော မောင်ထိန်ဝင်းက ထမင်းဟင်းရင်စားလိုက်၊ ဟိုအိမ်သည် အိမ်လည်လိုက်ဖြင့် အချိန်ဖြုန်းနေရရှာသည်။

သောကြာနေ့တွင် မောင်ထိန်ဝင်း ကျောင်းသို့ ရောက်လာပါတော့သည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ကျောင်းပိတ်သဖြင့် ထိုနေ့များတွင် အရပ်ထဲ၌လည်ရန်အစီအစဉ်လုပ်ထားသည်ဟု ပြောပါသည်။ မောင်ထိန်ဝင်းကျောင်းလာလျှင် ရွာလယ်လမ်းအတိုင်းဖြည်းဖြည်းလေး လျှောက်လာပါသည်။ အပြန်တွင်မူ တောလမ်းလေးခေါ် ဘုန်းကြီးကျောင်းသွားလမ်းဘေးမှပြန်ပါသည်။ ထိုနေ့က ကျောင်းမှအပြန် တောလမ်းကလေးအတိုင်း ပြန်လာရာရွာတွင်းသို့ ဆွမ်းအိုးပို့သွားကြသော ကျောင်းသားလေးတစ်သိုက်နှင့်ဆုံကြသည်။ သူတို့ထံမှ ဆူးဆူးရှရှ သီးသီးမှည့်နံ့ကို ရှူရှိုက်မိသဖြင့် အချိုရှာသကာတွေ့၊ အချဉ်မှာ သီးသီးတွေ့ ဟုပြောရလေမလား မောင်ထိန်ဝင်းတစ်ယောက် ကျောင်းသားများထံမှ သီးသီးရွှမ်းမျှဉ်းမှည့်တစ်လုံးတောင်းယူလိုက်ပြီး အိမ်သို့ခပ်သွက်သွက်ကလေး (ခါတိုင်းထက်ပိုသွက်ပြီး) ပြန်လာပါတော့သည်။

အိမ်ရောက်ရောက်ချင်း သီးသီးကိုခွဲပြီး ဝါးဖက်ကုလားထိုင်ပေါ် ထိုင်ကာ အားရပါးရစားလိုက်ရာ သီးသီးတစ်လုံးလုံးကုန်သွားပါလေတော့သည်။ တစ်နေ့လုံး စကားတွေပြောရ လမ်းလျှောက်ရသောကြောင့် မကြာမီ အိပ်ပျော်သွားပါ၏။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ရာမှ အိပ်မက်လိုလို တကယ်လိုလို ဝမ်းတွေသွားနေသည်ဟုသိလိုက်ရပြီး လူကခေါင်းလုံးဝမထူနိုင်။ သူ့မိဘများပြန်လာချိန်တွင်မှာတော့ မောင်ထိန်ဝင်းလေးသည် ကုလားထိုင်ပေါ်တွင် အသက်ပျောက်သည်အထိလျှော့ထားသော မစင်ကျင်ကြီးအလိမ်းလိမ်းဖြင့် ဝမ်းနည်းစွာတွေ့ကြရ၏။ တရားခံသီးသီးမှည့်ခြမ်းလေးများက ကုလားထိုင်ဘေးတွင် ပြန်ကျနေပါတော့သည်။ ပြည့် - အစားမတော် တစ်လုတ်ပါကလား။

■ သိန်း (၃၀) တန် သီးသီး

၂၀၁၁ ခုနှစ်က ဖြစ်ပါသည်။ စာရေးသူ၏ အိမ်နီးချင်း အမျိုးသမီးသည် နှလုံးသွေးကြောပိတ်ရောဂါသည်ဖြစ်ပါသည်။ ရန်ကုန်၊ မန္တလေး ဆေးရုံဆေးခန်းများကိုပြနေသည်မှာနှံ့နေပါသည်။ စင်ကာပူဖြစ်ဖြစ်၊ ထိုင်းဖြစ်ဖြစ်သွားရန်ပင် ဆုံးဖြတ်ထားကြ၏။

ထိုအမျိုးသမီးမကြီးသည် သူကြိုက်တာဆိုလျှင် စားလိုက်မည်သူ၊ မကြိုက်တာဆိုလျှင် ဘယ်လိုပဲဆေးဖက်ဝင်ဝင် ဘာရောဂါနှင့်သင့်တော်သည်ဖြစ်စေ မစားနိုင်ပါချေ။ လျှာထဲမှာ အရသာရှိရှိလေးဖြစ်မှစားလိုသူဖြစ်ပါ၏။ လက်ဖက်ရည်၊ ကော်ဖီကလည်း ကြိုက်မှ ကြိုက်ဖြစ်ပါ၏။ ကော်ဖီဆိုလျှင် ခါးခါးလေးမှကြိုက်ပြီး လက်ဖက်ရည်ဆိုလျှင် ဖန်ဆိမ့်လေးမှ ကြိုက်တတ်သူဖြစ်ပါ၏။

မကြီးသည် အင်္ဂလိပ်ဆေး၊ မြန်မာဆေး ကောင်းသည်ဆိုတိုင်း ဝယ်လိုက်သည်ဖြစ်ပါ၏။ သောက်တာတော့ သောက်ချင်မှ သောက်ပါ၏။ တစ်နေ့သောအခါတွင် မကြီးအပြင်ထွက်ခိုက် မထင်မှတ်သော မိုးကရွာချလိုက်သဖြင့် မိုးရွှဲပြီးဖျားပါလေ၏။ ဆရာဝန်နှင့် ကုသသဖြင့် အဖျားကပျောက်သွားပါသည်။ အဖျားပျောက်ပြီး သုံးလေးရက်အကြာတွင် အမှတ်ထင်ထင် သီးသီးလေးတစ်လုံးစားလိုက်ပါ၏။ ထိုနေ့ကတော့ ဘာမှမဖြစ်ပါ။

နောက်ရက်တွင် ဆီးလုံးဝသွား၍ မရပါ။ အထူးကုဆေးရုံကြီးသွားပြီး ဆီးပိုက်ဖြင့်ချူရာ နီရဲနေသောဆီး အနည်းငယ်သာရရှိပါသည်။ ထိုနေ့တစ်နေ့လုံးလည်း ဆီးမသွားရပါ။ DRIP ပုလင်းကြီးများ တစ်လုံးပြီးတစ်လုံးချိတ်လိုက်ရ၏။ ထိုနေ့ညဦး (၂)နာရီခန့်တွင် ဆီးအနည်းငယ်သွားရ၏။ လူကမောနေပြန်သဖြင့် ဆေးခန်းကြီးတွင်ရက်ပေါင်း (၂၀)ခန့်နေလိုက်ရ၏။ ငွေကြေးအားဖြင့် သိန်း(၃၀)ခန့်ကုန်သွားပါ၏။ သိန်း (၃၀) တန်သောသီးသီးတစ်လုံးဟု ဆိုရမည်ဖြစ်ပါသည်။

[illegible]

"ဒကာကြီး"

"ဘုရား"

"ဦးပဉ္ဇင်းတို့ အခုသွားမှာ မိတ္ထီလာနော်"

"တင်ပါ့ဘုရား"

မန္တလေးစိန်စိန်ဟိုတယ်တွင်တည်းခိုနေတာအခန်းမှ ပြန်ထွက်ခါနီး ပစ္စည်းများသိမ်းနေသော ကျွန်ုပ်အား အရှင်သုန္ဒရလှမ်းမေးလိုက်ခြင်းဖြစ်၏။ တူလေးမောင်လှဝင်းက ဘုမသိဘမသိနှင့်ကြည့်နေ၏။

ဟိုတယ်မှာပင် အရုဏ်ဆွမ်းကပ်ပြီးဖြစ်၍ ကျွန်ုပ်နှင့်တူလေးလည်း မနက်စာစားပြီးကြချေပြီ။

"ဒကာကြီးကြည့်လုပ်ဦးနော်"

"ဘုရား၊ ဘာဖြစ်လို့လဲဘုရား"

"သွားမှာက မိတ္ထီလာနော်"

"တင်ပါ့"

အခါလည်းကြည့်ဦး၊ စန္ဒြောအခါဖြစ်နေပြီ။ ပြီးတော့ သွားမှာ 'ရွာတန်း' နော်။ (၉) နာရီကျော်မှဖြစ်ဖြစ်သွားရင်သွား"

အရှင်သုန္ဒရပြောမှ ကျွန်ုပ် တစ်ချက်ငိုင်သွား၏။ ဟုတ်ပါသည်။ စန္ဒြောအခါတွင် ကြာသပတေးဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်မှာ 'စောလှ-လေ့ဆန်' ကိန်းအရ 'လူမြန်-မင်းလွတ်'ကိန်းမိနေပြီး ရွာတန်းက 'သာစည်-ပင်းယ' ဇောက်ထိုးအဖြစ် 'လက်ထုပ်-ဖက်သန်း' ကိန်းမိနေပြီ ဖြစ်၏။

အရှင်သုန္ဒရ ပြောလိုက်သည်မှာ အဓိပ္ပာယ်ရှိ၏။

ပြီးခဲ့သော နှစ်ပတ်ခန့်က အိမ်ကကား EXTRAIL နှင့်တစ်ခေါက် ဦးဆုံး ရောက်အောင်သွားခဲ့ပြီး ကားဝင်ရန် လမ်းအခြေအနေများကိုကြည့်ခဲ့ပြီးပြီ ဖြစ်၏။ လမ်းကျဉ်းသောအနေအထားနှင့် ကန္တာရဆူးများစွာကိုတိုး၍သွားလျှင် လူဆင်းလျှောက်ရမည့်အနေအထားများအရ အိမ်ကကားကိုထားခဲ့ပြီး တူလေး၏ ကားလေးနှင့်လာခဲ့ခြင်း ဖြစ်ပါသည်။

နှစ်ပေါင်း (၃၆) နှစ်ကျော်မှ ဦးဆုံးပြန်ရောက်သွားခြင်းဖြစ်ရာ အားလုံးက ဝမ်းသာဝမ်းနည်းဖြစ်ကုန်ကြ၏။ ပထမတစ်ခေါက်က ကျွန်ုပ်အလွန်သံယောဇဉ်ကြီးခဲ့ရသော၊ အလွန်တွေ့ချင်လွန်းလှသော အသက် (၉၆) နှစ်အရွယ် အမေခင့်ကို (၁၅) မိနစ်ခန့်သာ နှုတ်ဆက်ကန်တော့ခဲ့ပြီး တမာကုန်းရှိ အစ်မကြီး ဒေါ်အုံးကြည်ကိုပါ သွားနှုတ်ဆက်ခဲ့ပါသည်။ အစ်မကြီးလည်း ဝမ်းသာလွန်း၍ ငိုရှာ၏။ ကျွန်တော်ထပ်လာခဲ့မယ်ဟု ပြောခဲ့ပြီး ယခုရောက်အောင်လာခဲ့ခြင်း ဖြစ်၏။

ဆရာဦးမောင်မောင်သန်း

([illegible])

သာယာချမ်းမြေ့ခြင်းများနှင့်အတူ

ယခုစီးလာသော တူလေး၏ကားမှာ ကားလေးဖြစ်ပြီး ဘီးမှာပန်းများအတော်ပါနေပြီဖြစ်သောကြောင့် အရှင်သုန္ဒရစိတ်ပူသွားခြင်း ဖြစ်ပါသည်။ မိုးကမပြတ်။ ရာသီဥတုကမှုန်မှိုင်းနေ၏။

"တပည့်တော်ရအောင်သွားမယ် ဘုရား"

"ဒကာကြီးသဘောလေ"

အရှင်သုန္ဒရ မျက်နှာတော့ သိပ်မကောင်းလှ။ စိတ်ပူနေဟန်ရှိ၏။ စိတ်ပူလျှင်လည်း ပူလောက်ပါသည်။ သွားမည့်ခရီးကို အင်္ဂဝိဇ္ဇာပညာခန်းနှင့်ကြည့်လိုက်လျှင်-



(လူမြန်-မင်းလွတ်ကိန်း)



(လက်ထုပ်-ဖက်သန်းကိန်း)

ဤသို့ စောလှ-လေ့ဆန်မိလျှင် အလယ်အခြာကိုကျွမ်းပေးကြောင်း ဆောင်းပါးပေါင်းများစွာနှင့်အကြိမ်ကြိမ်တင်ဆက်ခဲ့ပြီးပါပြီ။ စာစပြီးရေးသောဆောင်းပါးသည်ပင်လျှင် စောလှ-လေ့ဆန်ဆောင်းပါးဖြစ်၏။ ၁၉၈၇ ခုနှစ်က တင်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။ ပညာယူကြသူများ၊ ဗဟုသုတယူကြသူများမရှင်းကြ၍ အကြိမ်ကြိမ်ထပ်ရှင်းပြခဲ့ရသော ဆောင်းပါးဖြစ်ပြီး အလွန်မှုပညာသားပါလှသော အင်္ဂဝိဇ္ဇာပညာခန်းလည်း ဖြစ်၏။

ထိုအချိန်က ကျွန်ုပ်ကိုမေးကြ၏။ ရန်ကုန်မှာ တင်သိန်း၊ ထွန်းသိမ်း၊ ထက်သူ၊ နိုင်ဟန်လို စနေစ သောကြာပိတ်နာမည်ရှင်မျိုးများမရေမတွက်နိုင်အောင် ရှိနေကြ၏။ ထိုသူတို့ဘာလို့မထိခိုက်ကြလဲဟူသောအမြင်မျိုးဖြစ်၏။ ကျွန်ုပ်က ပကတိနှင့် ဝိကတိကို အကြိမ်ပေါင်းများစွာ ရှင်းပြခဲ့ရ၏။ ရွှေလီ-ရွှေညောင်-လှိုင်းဘွဲ့လိုနေရာမျိုးက စနေစ သောကြာပိတ်နာမည်ရှင်မျိုး ရန်ကုန်မှာ အလုပ်လာလုပ်မှ စောလှ-လေ့ဆန်ဖြစ်ပုံ၊ မွေးရပ်မြေမှာနေပါက ထိုအရပ်ဒေသတွင် ထိုနာမည်မျိုးမွေးပါက ဘာမှမဖြစ်နိုင်ကြောင်း၊ စောလှ-လေ့ဆန်ကိန်းသည် အချိန်အခါများနှင့်လည်းဆိုင်ကြောင်း ရှင်းပြရ၏။



စောလှ-လေ့ဆန်သည် အလကား နေရင်းမိနေသောပညာ မဟုတ်ပါ။ သို့သော် မိပြီဆိုလျှင် အသက်ဆုံးပါးသည့်ထိ ထိခိုက်သွားနိုင်စွမ်းသောပညာဖြစ်၏။ အနည်းဆုံး ဘဝပျက်သွားနိုင်သောပညာ ဖြစ်၏။

စောလှ-လေ့ဆန်မိလောက်အောင် နေမိထိုင်မိသွားမိလာမိ ပြုမူမိမှ စောလှ-လေ့ဆန်မိခြင်း ဖြစ်ပါသည်။ သဘာဝအတိုင်းနေခြင်းသည် ဘာမှမဖြစ်ပါ။ ဥပမာ စန္ဒြာအခါတွင် မုန့်လာစားပါက စောလှ-လေ့ဆန်မမိနိုင်ပါ။ ကြာသပတေးအခါတွင် အိုဟာတင်းသောက်၍လည်း ဘာမှမဖြစ်နိုင်ပါ။ စားနေကျစားသင့်သောအစားအစာကိုစားခြင်းသာဖြစ်ပါသည်။ ထူးခြားသောကိစ္စတစ်ခုကို ထူးခြားစွာ ပြုလုပ်တော့မည်ဆိုမှ စောလှ-လေ့ဆန်မိခြင်း ဖြစ်ပါသည်။ မိလာလျှင်လည်း ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးကို ကြည်ညိုရွတ်ဖတ်ပွားများနေရုံမှလွဲပြီး အခြားခံသာစရာမမြင်သေးပါ။



ယခု စန္ဒြာအခါတွင် မိတ္ထီလာကို သွားမည်ဖြစ်၍ အရှင်သုန္ဒရကစိုးရိမ်စွာ မေးလိုက်ခြင်းဖြစ်ပါသည်။ ပိုဆိုးသည်မှာ သွားမည့်ရွာသည် ဗုဒ္ဓဟူး စ စနေပိတ် သာစည်ဖောက်ထိုးဖြစ်နေသောရွာတန်း ဖြစ်နေ၏။

မန္တလေးနှင့် မိတ္ထီလာ နေ့စဉ်သွားလာရောင်းဝယ်ဖောက်ကားနေကြသူများကား၊ ဆိုင်ကယ်စီး၍သွားလာနေကြသူများတို့သည် ကျွန်ုပ်တို့ ယခုသွားမည့်ပုံနှင့်မတူပါ။ အမြဲသွားလာလှုပ်ရှားနေကြသော ပကတိဖြစ်ပါသည်။ ပကတိဖြစ်၍ လုပ်ရိုးလုပ်စဉ် သွားရိုးသွားစဉ်ဖြစ်၍ ဘာပြဿနာမှလည်း မဖြစ်နိုင်ပါ။ ထိလည်းမထိခိုက်နိုင်ပါ။ အန္တရာယ်လည်း မရှိပါ။ ကျွန်ုပ်တို့သာလျှင် ဝိကတိဖြစ်နေတော့လေရာ

"ဖြည်းဖြည်းနော်သား၊ ဖြည်းဖြည်း သာမောင်း"

"ဟုတ်ကဲ့ အစ်ကို၊ မိုးကလည်း ရန်ကုန်ကစရောက်လာတဲ့နေ့ကတည်းက (၁၁၅) မိုင်ကစပြီး ရွာလိုက်တာ ခုထိကို မတိတ်တော့ဘူး (၂) ရက်ရှိနေပြီ"

"အေးလေ-မိုးမှောင်ကြီးကလည်း တောက်လျှောက်ကျနေတာပဲ။ ညနေစောင်းကြီးကျနေတာပဲ"

ရေသုတ်တံတောက်လျှောက်ဖွင့်ထားပြီး တူလေးမောင်းနေချေပြီ။ ရာသီဥတုကလည်း Air Con မဖွင့်ပါဘဲနှင့်ပင် အေးစက်လွန်းနေ၏။ ဘေးဘီကြည့်လိုက်တိုင်းလည်း မှုန်မှိုင်းအုံ့ဆိုင်းပြီး ကားများမှာ မီးများဖွင့်မောင်းနေကြရ၏။ မိုးကအဆက်မပြတ်။ အရှင်သုန္ဒရက နောက်ဆုံးတွင်ထိုင်၍ ရွတ်ဖတ်မေတ္တာပို့ပုတီးစိပ်နေ၏။ ကျွန်ုပ်က ရှေ့တွင်ထိုင်ပုတီးစိပ်၍ ကြောက်ကြောက်နှင့်အောင့်ကျယ်အောင့်ကျယ်ရွတ်ရင်း တွေ့သမျှကွင်း၊ မြင်သမျှ သစ်ပင်၊ မြို့ရွာများမှကွင်းပိုင်ကြီးများ၊ နယ်တော်ရှင်ကြီးများ၊ ရက္ခစိုးကြီးများကို အားရပါးရ မေတ္တာပို့ပြီး မေတ္တာလည်းခံယူနေ၏။ မိုးကအဆက်မပြတ်ရွာ၊ မိုးမှောင်ကလည်းကျနေ၊ ကားဘီးတာယာကပန်းများလည်း ပါးနေ၍ စိတ်မချသောကြောင့် နည်းနည်းလေးမှ မငိုက်ရဲ၊ သတိနှင့်ကိုယ်နှင့်မခွာရဲ။

စဉ့်ကိုင်၊ ကူမဲမြို့များကို တဖြည်းဖြည်းတရိပ်ရိပ်ဖြတ်ကျော်လာပြီး သဲတော၊ ဝမ်းတွင်းဘက် ချဉ်းကပ်လာပါပြီ။

ပတ်ဝန်းကျင်ဘေးဘယ်ညာကို ကြည့်လိုက်လျှင် ကန္တာရဆူးချုံပုတ်ပင်များမှာ ဒုနှင့်ဒေး။

'ဇောင်းချမ်းကုန်း'ဟု လမ်းညွှန်ထားသောနေရာလေးမှ ဖြူနေသောလမ်းကလေးအတိုင်း ညာဘက်ကိုချိုးကွေ့လိုက်၏။ ယခင် 'လျှော်ပင်'ကနေဆင်းလျှောက်ရသောနေရာများ ယခုအဘော်စည်ကားနေချေပြီ။ ခြံထဲတွင်ဝါးလုံးတန်းပစ်၍ချည်များတဲ့လောင်းလှန်းထားသည်များ၊ စက်ရက်ကန်းများကိုကြည့်ရင်း ပီတိဖြစ်ရပါသည်။ ယခင်လက်ရက်ကန်းများနေရာတွင် စက်ရက်ကန်းတွေဖြစ်ကုန်ကြပြီဖြစ်၏။ သန့်ရှင်းသပ်ရပ်သောအိမ်လေးများကိုကြည့်ရင်း၊ စာသင်ကျောင်းလေးကို ဖြတ်ကျော်လာရင်း

ရွာတန်းရွာ။

ဒေသအခေါ် 'ယတန်း'။

ရွာတန်းကိုဝင်ပြီဆိုသည်နှင့်ကြိုတင်အကြောင်းကြားထားသောကြောင့် ညီလေးမောင်မြင့်လွင်က ထီးလေးနှင့်ထွက်ကြို၏။ မိုးကအဆက်မပြတ်။

ကားသည် အမေခင်တို့ အိမ်ဝိုင်းဘက်ချိုးကွေ့လိုက်ပြီဆိုသည်နှင့် ဗွက်နစ်ပါသည်။ မဆွဲနိုင်တော့။ မြေမှာ မြေဝါအမျိုးအစားဖြစ်ပြီး လမ်းများကောင်း၏။ မိုးရွာလိုက်၍ ယခုလိုဖြစ်သွားခြင်းဖြစ်ပါသည်။ ကားလေးမှာ ရှေ့ယက်ဖြစ်၍ လုံးဝရုန်းမရ။ ဘေးမှဝင်ထွက်လာသောရွံ့များအလိမ်းလိမ်းနှင့် ကားဘေးမှန်များ ရှေ့မှန်များအားလုံး ရွံ့တွေဖြစ်နေတော့၏။ ကားမှာ နွံထဲတွင်လူးနေ၏။ ညီလေးမောင်မြင့်လွင်သည် သူ့သားများနှင့် အိမ်နီးချင်းလူငယ်လေးများကိုလှမ်းပြောလိုက်ရာ လေးငါးခြောက်ယောက်ချက်ချင်း ပြေးထွက်လာကြပြီး မိုးရွာထဲတွင်ပင် ကားကိုရှေ့တိုးလိုက်နောက်ဆုတ်လိုက် ဝိုင်းတွန်းကြတော့၏။ အလွန်တက်ညီလက်ညီကူညီကြသော လူငယ်လေးများဖြစ်၏။ သူတို့ခမျာ ရာသီဥတုအအေးဒဏ်ကြောင့် အနွေးထည်များဝတ်ထားလေရာ ရွံ့များနှင့်အလိမ်းလိမ်းဖြစ်သူဖြစ်။

အရှင်သုန္ဒရသည် ကျွန်ုပ်ကို အဓိပ္ပာယ်များစွာ ပြည့်နှက်နေသော အကြည့်နှင့်ပြုံးကြည့်လိုက်ပြီး ကားတံခါးဖွင့်၍ဆင်းရာ ကျွန်ုပ်လည်း ရွံ့ထဲဗွက်ထဲ ဆင်းလျှောက်ရ၏။ လူငယ်လေးများသည် မည်သို့မျှမရုန်းတော့သောကားကို ရှေ့တွန်းနောက်တွန်း၊ ဝါးကပ်ယူလာပြီး ကြားခင်း၊ ရွံ့များတူးဖယ် အမျိုးမျိုးမရရအောင်လုပ်ကြရင်း စလစ်ဖြစ်နေသော ကားလေးကို အမေခင်နေထိုင်သော ခြံထဲ အရောက်ရအောင် တွန်းကြတော့၏။ ကားလေးမှာ အဖြူရောင်လေးဖြစ်သော်လည်း ရွံ့များတစ်စီးလုံးပေကျံသွားပြီး အရောင်ပြောင်းသွား၏။ မောင်မြင့်လွင်ရော ကလေးတွေပါ မိုးရေတွေရွှဲ ရွံ့အလိမ်းလိမ်းဖြစ်သူကဖြစ်နှင့် ကျွန်ုပ်မှာ အားနာလိုက်သည့်ဖြစ်ခြင်း။

ခြေများဆေး၍ အိမ်ပေါ်လှမ်းတက်လိုက်သည်နှင့် ခွဲခွာခဲ့ရသည်မှာ နှစ်ပေါင်း (၁၀) ကျော်ခဲ့ရပြီဖြစ်သော အမေခင်က ကျွန်ုပ်ကိုဖက်၍ငို၏။ 'ငါ့သားကြီးကို အောက်မေ့နေတာ' ဟု ဝမ်းသာအားရပြောရှာ၏။

အိမ်လေးပေါ်တက်၊ ဘုရားဝတ်ပြုပြီး အမေခင့်ကို ကန်တော့လိုက်သည့်အခါ စိတ်ထဲတွင် ခံစားမှုတစ်ခုကဖြစ်ပေါ်လာ၏။ ဤရွာတန်းရွာလေးကို စတင်ရောက်ဖူးခဲ့စဉ်က အမေခင်၏ခင်ပွန်း မင်းကြီးစံပွင့်ရှိ၏။ ကျွန်ုပ်ကိုအလွန်ခင်၏။ အလွန်လည်းပွင့်ပွင့်လင်းလင်းကြီးနှင့် ရိုးသားလှ၏။ မင်းကြီးစံပွင့်နှင့်အမေခင်တို့၏ထမင်းကို ကျွန်ုပ်စားခဲ့ဖူး၏။ ယခု မင်းကြီးစံပွင့်မရှိတော့ပြီ။ ရှိများရှိနေပါက လက်ထဲတွင် ဝါးတောင်ဝှေးနှင့် ပုဆိုးပိုင်းခေါင်းပေါင်းပေါင်းပြီး 'အိုး-ကျုပ်ကဗွေဆော်ဦးထဲကတောက်လျှောက်သတိရနေတာ။ စိမ်းကားသွားချက်ကတော့ ဂလိုမှပြန်ရောက်လာပါ့မလားလို့' ဟုပြောမှာ သေချာ၏။

ခဏနားကြပါသည်။

ကျွန်ုပ်ရောက်ခဲ့စဉ်က (၁၄) နှစ်သမီးခန့်သာရှိသေးသော အမေခင့်သမီး မငွေသိန်းပင်လျှင် ကလေး (၄)ယောက်မိခင်ဖြစ်နေချေပြီ။ မောင်မြင့်လွင်နှင့် အကြောင်းပါကာ အမေခင်နှင့်မခွဲဘဲနေကြ၏။ စက်ရက်ကန်းများပင်ထောင်ထားကြချေပြီ။ သူတို့၏သားလေးများက ကားကိုမရရအောင် ဝိုင်းတွန်းပေးကြ၏။ သူတို့၏သမီးလေးများ ထက်ထက်ခိုင်နှင့် ဖြူသန္တာညီ အစ်မနှစ်ယောက်သည် အားရပါးရ ဝမ်းသာပျော်ရွှင်စွာနှင့် စားစရာများ၊ ရေနွေးကြမ်းများချက်ချင်းစီစဉ်ပေး၏။ မိဘများမခိုင်းရ။ သူတို့ဟာသူတို့ပြုလုပ်သွားကြခြင်း ဖြစ်၏။

အမောဖြေကြ၏။ မိုးပါးလျှင် တမာကုန်း[illegible]းမည်ဟု ကျွန်ုပ်ကပြောလေရာ တူလေးနှင့် မောင်မြင့်လွင်နှစ်ယောက် မိုးထဲတွင်လမ်းတွေလိုက်ကြည့်၏။ ဖယ်သင့်သည့်ရွံ့ခဲများကိုဖယ်ရန်ဖြစ်၏။ တူလေးက အစ်ကို ခဏစောင့်၊ ညနေစောင်းလျှင် ကားကိုရအောင်ပြန်ထုတ်မည်ဟုပြောပြီး အမေခင်တို့မိသားစု အရှင်သုန္ဒရကို နေ့ဆွမ်းကပ်ကြတော့၏။ အလွန်မှုကြည်နူးစရာဖြစ်ပါသည်။ အမေခင်ဆိုလျှင် ပြုံးနေလိုက်သည်မှာ မပြီးတော့။

ကားလမ်းကြည့်ပြီး ပြန်တက်လာသောတူလေးခြေထောက် ကန္တာရဆူးစူးသွား၍ မောင်မြင့်လွင်က ကန္တာရဆူးအရွက်ခူးလာပေးပြီး လုံးခြေ၍ချက်ချင်းပွတ်ခိုင်း၏။ သူတို့ဒေသကုနည်းပါလားဟုကြည့်နေစဉ် အရှင်သုန္ဒရကလှမ်းကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်နေပြန်၏။ စူးသွားသည်မှာ ခြေထောက်ဖြစ်ခြင်းကြောင့်ဟု ကျွန်ုပ်သဘောပေါက်လိုက်ပါသည်။ ကားဗွက်အလိမ်းလိမ်းဖြစ်သည့်ကြားမှ စောလှ-လေ့ဆန်ကပြီးမပြီးနိုင်ပါ။

ကားပြန်ထုတ်ပါပြီ။ ကားမှာ ခြံကြီးထဲတွင် ဘေးဘယ်ညာယမ်းနေပြီး စလစ်ဖြစ်နေ၏။ မောင်မြင့်လွင်က ဗွက်ထဲဆင်းရင်း နောက်ကတွန်း၏။ ဤသို့နှင့် တမာကုန်းရောက်ခဲ့ရပါပြီ။

တမာကုန်း။

အင်္ဂဝိဇ္ဇာဂမ္ဘီရဝတ္ထုရှည်ကြီးဖြစ်သော 'ပညာရှင်' တွင် ဖော်ပြခဲ့သည့် တမာကုန်းဖြစ်၏။ လွန်ခဲ့သောနှစ်ပေါင်း (၃၆)နှစ်ကျော်က အစ်မကြီးပဖုန်းကြည် အိမ်တွင် ခေတ္တတည်းခိုအထည်ရောင်းရင်း အစ်မကြီးထမင်းကိုစားခဲ့ရဖူး၏။ အလွန်ကျယ်ဝန်းလှသောဝိုင်းကွက်ကြီးထဲတွင် မနက်မိုးမလင်းတလင်းထ၍ ခြံပတ်ပြေးခြင်း၊ ကရာတေးလေ့ကျင့်ခြင်း၊ မန်ကျည်းပင်ကို ကန်ကျောက်ထိုးကြိတ်လေ့ကျင့်ခြင်းပြုခဲ့သည့်နေရာ ဖြစ်၏။ အစ်မကြီးအိမ်တွင် ဝါးလုံးလေးလုံးကိုခင်းပြီး အပေါ်ကဝါးကပ်တင်၍အိပ်ခဲ့ရသောအိပ်ရာလေးကို ကျွန်ုပ်မြတ်နိုးခဲ့၏။ ဟိုလိမ့်ဒီလိမ့်အိပ်ရာလေးသည် ကျွန်ုပ်အတွက် အကောင်းဆုံးအိပ်ရာလေးဖြစ်ခဲ့၏။ အစ်မကြီးအိမ်ရှိ ဝါးပက်လက်ကုလားထိုင်ခနော်ခနဲ့လေးသည် ကျွန်ုပ် နှစ်မြိုက်စွာထိုင်ပြီး စာဖတ်လေ့ရှိသော ဆက်တီခုံလေးဖြစ်ခဲ့၏။

ဤဝါးကုလားထိုင်ခနော်ခနဲ့လေးတွင် စာထိုင်ဖတ်ရင်း မြွေပွေးနှင့်မြွေဟောက်စပ်ထားသည့် လက်ကောက်ဝတ်လုံးထက်ကြီးပြီးတစ်လံလောက်ရှည်သောအကောင်ကြီး ကျွန်ုပ်ထံဦးတည်လာရင်း ကျောင်းဆရာဦးအောင်သန်း၏သားလေးများမိုန်းချက်နှင့် အသက်ပျောက်ခဲ့ရပုံ၊ ဝါးကုလားထိုင်လေးပေါ်တွင် စာထိုင်ဖတ်ရင်း နောက်နားရှိကန္တာရဆူးချုံပုတ်ထဲမှ တရှဲရှဲနှာမှုတ်သံကြီး နေ့စဉ်လိုလိုကြားနေရ၍ အစ်မကြီးသားမောင်ပုကိုခေါ်ပြီး ချုံရှင်းကြရာ ရုပ်ပန်းနွယ်အဖြူစနှင့်အနီစကို မြွေပုံသဏ္ဍာန်လုပ်ထားပြီး ကျွန်ုပ်ရှိရာ ဘယ်ပါးပျဉ်းပုံစံလုပ်ထားပုံတို့ မျက်လုံးထဲပြန်မြင်ယောင်လာ၏။ ရုပ်ပန်းနွယ်အရှည်မှာ နှစ်တောင့်ထွာခန့်ရှိပြီး [illegible]စနှစ်ခုကို မြွေခန္ဓာကိုယ်လိုလိမ်ထား၏။ ထိပ်နားတစ်ထွာခန့်တွင် ပါးပျဉ်းပုံဖြန့်ကားထားပြီး ပါးပျဉ်းပုံထိပ်တွင် မြွေ၏ ဦးခေါင်းပုံအထုံးထုံးထား၏။ လက်ရာအတော်မြောက်လှပါသည်။ ၎င်းတိုက်မြွေသည် ကျွန်ုပ်ထိုင်နေကျကုလားထိုင်နှင့် (၁၀) ပေခန့်သာ ကွာပြီး ကန္တာရဆူးများကြား လူခေါင်းလောက်ဆီအမြင့်တွင် မြွေ[illegible]လို တန်းလန်းကြီးအလျားလိုက်[illegible]နေ၏။ ပါးပျဉ်းမှာယောင်လျက်[illegible]သည် ထိုပစ္စည်းကိုသွား[illegible] မျှမလွယ်ပါ။ ဆူး[illegible]ဖြစ်ပါသည်။ [illegible]

အမြင်မှကြည့်လျှင်ပင်မတွေ့ရပါ။ ဓား နှင့်ခုတ်၍ ရှင်းရှင်းရှင်းရှင်းမှ ပေါ်လာခြင်းဖြစ်၏။ ထိုတိုက်မြေ၏သတ္တိကြောင့် ထင်ပါသည်။ လက်ကောက်ဝတ်လုံးထက်ကြီးသော မြွေပွေးမြွေပေါက်စပ်ကြီး ရောက်လာခြင်း ဖြစ်၏။

ဤသို့ ကျွန်ုပ်အား တိုက်မြေနှင့် တိုက်ပုံ၊ ကျွန်ုပ်က ပုတီးအလွန်စိပ်၍ အသက်ဘေးမှလွတ်ပုံ၊ ထိုစဉ်က ကိုယ်ခံပညာသမားတစ်ယောက်ရှိသည်ကို မျက်မှောက်တွေ့နှင့်တွေ့ခြင်း၍ စိန်ခေါ်ပုံတို့ကို အစ်မကြီးက အရှင်သုန္ဒရအား ခရေစေ့တွင်းကျပြောပြ၏။ ကျွန်ုပ်မကြာခဏပြောပြ၍ အရှင်သုန္ဒရကြားဖူးနေသော်လည်း အစ်မကြီးပြောပြသည်များကို အရှင်သုန္ဒရက နားထောင်မေး၏။

ထိုသို့ မြွေကြီးမှတွေ့စဉ်အချိန်များက ရှမ်းပြည်နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဘဘဦးကျော်ဒေးနှုတ်တိုက်ချီးမြှင့်လိုက်သော သရဏဂုံ-ခုဝကို နေ့ညမပြတ် ပုတီးစိပ်နေချိန်ဖြစ်ပါသည်။ ပုပ္ပားတွင်လည်း ဂူအောင်း၍ မီးလွတ်အဓိဋ္ဌာန်ကြီးများဝင်ပြီးခါစကာလ ဖြစ်ပါသည်။ ထို့ကြောင့် အသက်ဘေးမှလွတ်သွားခဲ့ရခြင်း ဖြစ်ပါသည်။

အစ်မကြီးသည် ဝမ်းသာအားရ နည်းပြီး မနက်ဖြန်ထမင်းစားဖိတ်၏။ အစ်မကြီးနှင့်အာလာပသလ္လာပပြောရင်း ရွာတန်းကိုပြန်ရောက်လာပြီး ရွှံ့များကြားမှပင် အမေခင့်ပိုင်းကွက်ထဲသို့ ကားကိုရအောင်ထည့်ယူရ၏။

မနက်(၄)နာရီထိုးသည်နှင့် ထုံးစံအတိုင်း အရှင်သုန္ဒရပရိတ်များရွတ်ပြီး ပုတီးများစိပ်ပါသည်။ မောင်မြင့်လွင်၏ သမီးလေးထက်ထက်နိုင်သည် (၄) နာရီကပင် ဆွမ်းထချက်ပြီး ကျောင်းကိုလည်း ဆွမ်းချိုင့်ပို့၏။

မိုးမလင်းခင်ပင် အရှင်သုန္ဒရ အတွက် အရုဏ်ဆွမ်းပြင်ပြီးချေပြီ။ အလွန်တော်ကြအလွန်လိမ္မာကြပြီး ဘာသာတရားကိုင်းရှိုင်းကြသော ကလေးလေးများဖြစ်ကြ၏။ အသက် (၂၈) ဝန်းကျင်လေးများသာရှိကြသေး၏။ မိဘလုပ်သူ ကြည့်ရှုစရာမလိုလောက်အောင်တော်နေ၏။ ကြည့်ရသည်မှာ ပီတိဖြစ်ရပါသည်။ မိုးလင်းသည်နှင့် အမေခင်က အားရပါးရ ပြောလေ့ရှိ၏။

"အိမ်ကို ရဟန်းသံဃာကြွလာတယ်ဆိုကာ ဘယ်လောက်ကျက်သရေ မင်္ဂလာအပေါင်းနဲ့ပြည့်စုံလိုက်သလဲလို့။ ဒီတော့ ဒီလိုကျင့်ကြံအားထုတ်တဲ့ သံဃာတော်ဆိုတော့ ကုသိုလ်ထူးချက် တော် နော့"

ဟူ၍ သူ့သားသမီးများကို ခဏခဏပြော၏။

ကြာသပတေးနေ့မနက်တွင် မိုးစဲသွားပြီး နေရောင်ထွက်ချင်ချင်ဖြစ်လာ၏။ အရှင်သုန္ဒရသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီးချိန်မှစပြီး လပြည့်နေ့ရောက်တိုင်း ရှင်ဥပဂုတ္တရဟန္တာမထေရ်၏ အရှင်မြတ်ကြီးကို ပျှောက်ထားတိုင်တည်နေသည်မှာ အကြိမ်ပေါင်း(၅)ကြိမ် (၆) ကြိမ်ခန့်ရှိနိုင်၏။ ယနေ့မိုးလုံးဝစဲသွားပါပြီ။

(၁၀) နာရီသာသာခန့်တွင် တမာကုန်းကိုဆွမ်းစားကြွရန်အတွက် အမေခင့်ခြံထဲတွင် ရပ်ထားသောကားကို တူလေး စက်နှိုးပါတော့သည်။ အမေခင်သည် အိမ်လေးပေါ်တွင် ပြတင်းပေါက်ဖွင့်ပြီး ကားကိုထိုင်ကြည့်နေ၏။ ကားနှိုးလိုက်ရာ ကားမှာအောက်မြေကြောတင်းစပြုသော်လည်း အပေါ်ရွှံ့မခြောက်သေး၍ ထင်၏။ ဘီးမှာတစ်ဝိုက်ခန့်သာမြုပ်သော်လည်း ကားမှာ ဘယ်ညာယမ်းနေပါတော့သည်။ ကျွန်ုပ်မှာ ရင်တမမနှင့် စိတ်မချ။ တူလေးမောင်လှဝင်းမှာ ကားကို ကျွမ်းကျင်စွာနှင့်ထိန်းနေ၏။ ကျွန်ုပ်၏စိတ်ထဲတွင် ဟာ - အမေခင့်အိမ်ကိုပဲ ကားဝင်ဆောင့်မလား ဟိုဘက်ခြံကွက်ကအိမ်ကိုဝင်ဆောင့်မလားဟု ဆောက်တည်ရာမရစိတ်ပူပြီး ပြတင်းပေါက်က လှမ်းကြည့်နေ၏။ ကားမှာဘယ်ညာယမ်းရင်း ရွှံ့ပေါ်တွင် ဘေးတိုက်ဖြစ်လိုက်၊ ဒေါင့်တန်းဖြစ်လိုက်နှင့် ခြံတောက်ဝထွက်လာပါသည်။ မိုးသမျှရွှံ့သည် ဘီးနှင့်ယက်ပြီး အမေခင်ထိုင်နေသည့်ဘက် ရောက်လာလေရာ ပြတင်းပေါက်တွင် စိတ်မချ၍ထိုင်ကြည့်နေသော အမေခင့် မျက်နှာမှာ အမေရိကန်သူလိုလို ပြင်သစ်သူလိုလို ဖွေးဖွေးလှုပ်သွားလေတော့၏။ တစ်ကိုယ်လုံးရောမျက်နှာပါ ရွှံ့ဖွေးသွားသော အမေခင်သည် အားရပါးရရယ်ရင်း -

"ဘယ်လောက်ပျော်ဖို့ကောင်းလဲ။ ဒီလိုပျော်စရာမျိုးက ဝယ်ယူလို့ရတာ မဟုတ်ဘူး ပျော်စရာကြီး"

ဟု ပြောရာ ဘေးမှကြည့်နေသူများ တဝါးဝါးနှင့်ပွဲကျသွားတော့၏။ ကျွန်ုပ်၏ပုဆိုးများ၊ အင်္ကျီများလည်း ရွှံ့နိုင်ချင်း။

အမေခင်က အားရပါးရရယ်ပြီး ပြောနေရာသော်လည်း ကျွန်ုပ်မှာစိတ်ထဲတွင်မကောင်းသည့်အချက်ကို စဉ်းစားနေ၏။ မနေ့က စနေအခါ၏ သတ္တိသည် တနင်္လာနံကို အလူးအလဲဖြစ်ခဲ့ပြီး ယခုလည်း အမေခင့်ကိုမှ ရွှံ့ပြန်၍တွေ့ရပြုဖြစ်ရ၏။ ဤမျှနှင့်ရပ်ပါတော့ဟု စိတ်ထဲမှဆုတောင်းနေ၏။

ဆုတောင်းမပြည့်သေးပါ။ ကား ဘီးတစ်ခုကို ကန္တာရဆူးကစ်ချောင်းက စိုက်ဝင်နေပြီး နောက်ဘက်က ဘီးတစ်ဘီးမှာ ထပ်၍လေလျော့ပြီးပြားနေပြီဖြစ်၏။ မောင်မြင့်လွင်နှင့်မောင်လှဝင်းသာ မက ကလေးများပါမနေရတော့၊ ရွှံ့တွေကြားထဲတွင် ဂျိုင့်ရအောင်ကြံဖန်ထောက်၍ ဘီးလဲရပြန်တော့၏။ ရှေ့ဘီးတွင် စိုက်ဝင်နေသောဆူးကို မနုတ်ရဲသေး၊ ဘီးလဲပြီး ဆွမ်းစားအမီ တမာကုန်းကိုမောင်းရ၏။

"ဒကာကြီးက ဖွတ်ပဲ။ သွားချင်ပြီဆို ချက်ချင်း တားမရဆီးမရဲ။ မနေ့က စနေ့အခါမှာ ဒီကိုလာခဲ့တဲ့ညာဘက် ကြောင်းမှာကျိုးဆက်က ခုထိကိုမပြီးနိုင်ဘူးတွေ့လား။ ဖွားခင်မျက်နှာပါရွှံ့ချည်း ဖြစ်ကုန်ပြီ။ တော်သေးတာပေါ့ ကိုကြီးလှဝင်းက ကားဘုရင်လို့တင်စားလို့ရအောင် အမောင်းကျွမ်းကျင်မေလို့ပေါ့။ ဦးပဉ္စင်းတော့ ဖွားခင်တို့အိမ်ကိုဝင်တိုက်မလား၊ ဘေးအိမ်ကိုဝင်ဆောင့်မလား ဆိုပြီး အသက်တောင်မရှူရဲလောက်အောင် ရင်တမမနဲ့ကြည့်နေရတာ ကိုကြီးလှဝင်း ထိန်းမောင်းတာ တော်လွန်းလို့၊ စနေ့အခါမှန်းသိသိနဲ့ကို ဖွတ်ထွက်တယ်။ ဒကာကြီးကတော့ ခရီးထွက်ရင် တနင်္လာတွေ့ထိမယ်ဆိုတာ ဦးပဉ္စင်းလည်း သိနေတော့ ရင်တမမနဲ့ လျှို့ဝှက်သည်းဖိုရုပ်ရှင်ကြည့်နေရသလိုပဲ ဒကာကြီးရာ"

တမာကုန်းသွားနေစဉ် အရှင်သုန္ဒရ ပြောနေသည်ကို ကျွန်ုပ်ပြုံး၍ ငြိမ်ခံနေလိုက်ပါသည်။ ဟုတ်နေသည်ကိုး။ မနေ့က မိုးတဝေါဝေါနှင့်အုံ့မှိုင်းနေသည့်ကြားက စနေ့အခါမှာ မရမက ထွက်လာခဲ့ခြင်း၏ရလဒ်မှာ ခုထိမဆုံးနိုင်ဖြစ်နေ၏။ လုပ်ချင်လာရင် တုံးတိုက်တိုက်ကျ ကိုက်ကိုက် နောက်မဆုတ်တတ်သော ဉာဉ်မှာ တစ်ခါတစ်ခါကျမကောင်း။

အစ်မကြီးမအုံးကြည် အိမ်တွင် အရှင်သုန္ဒရကို ဆွမ်းကပ်ကြ၏။ မောင်မြင့်လွင်နှင့်မောင်လှဝင်းက ကား ဘီးသွားလုပ်ကြသောကြောင့် ကျွန်ုပ်က အရင်စားနှင့်၏။ မတွေ့ရသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်၍ အစ်မကြီး၏ သားသမီးများ ကျွန်ုပ်ကို လာရောက်နှုတ်ဆက်ကြစကားပြောကြ၏။ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ်က တိုင်တပ်စမ်းဟုဆိုပြီး ကျွန်ုပ်ကြိမ်နှင့်ရိုက်ခဲ့သော မအမာချိုသည်ပင် သားများ၏မိခင် လုပ်ငန်းရှင်ကြီးဖြစ်နေချေပြီ။ အလွန် သံယောဇဉ်ကြီးစွာရောက်အောင်လာပြီး ဖိုးမောင်နဲ့ လက်ဆောင်လာပေးကြ၏။ အစ်မကြီး၏သားများလည်း ကျွန်ုပ်ကို လာရောက် နှုတ်ဆက်ကြစကားပြောကြ၏။ ရိုးသားဖြူစင်ကြပြီး ကိုယ့်လုပ်ငန်းများနှင့်ကိုယ်ဖြစ်နေသောကလေးများကို ကြည့်၍ ပီတိဖြစ်ရပါသည်။

ကျွန်ုပ်ခြေပတ်ပြေး၍ ကစားတော လှော့ကျင့်ခဲ့သောခြံဝိုင်းကျယ်ကြီးထဲတွင် သူတို့၏အိမ်များ၊ လုပ်ငန်းများ၊ လုပ်ငန်းသုံးကားများနှင့်ဖြစ်နေကြချေပြီ။

အစ်မကြီးပြောပြသော အာလာပ သလ္လာပများကိုနားထောင်ရင်း မောင်မြင့်လွင်နှင့်တူလေးတို့ပြန်ရောက်လာပြီဖြစ်၍ ထမင်းစားကြပြီး တမာကုန်းမှပြန်ထွက်လာခဲ့ကြပါတော့သည်။

ယခင်က လှော်ပင်အထိ ဈေးသွားဝယ်ခဲ့ရသော တမာကုန်း အတော်ပင် စည်ကားလှပြီး လှပခမ်းနားသော အိမ်ကြီးများနှင့် လမ်းများမှာဖြူနေ၏။ ယခု တမာကုန်းဈေးကြီးလည်းရှိနေပါပြီ။

တစ်ဖက်ကတက်ကြည့်လျှင် တစ်ဖက်က ဆီးဆောလို နိမ့်ချည်မြင့်ချည်ဖြစ်နေသောကိုင်းကွက်ကြီးအကြောင်း၊ ခပ်မကုန်သော ဖွက်ဆည်ရေအကြောင်း၊ ဝိုင်းထဲမှ [illegible]များ တွေ့ကြသူများအကြောင်း၊ ရတနာပစ္စည်းများ ငှား၍ရသည်ဟု နာမည်ကြီးပြီး သိုက်နန်းရှင်များကို မြင်တွေ့ရတတ်သော 'ရှင်ပင်ရာ'ဘုရားအကြောင်းတို့ကိုမေးကြည့်ရာ အားလုံး ဘာမှမပြောင်းလဲ ဒီတိုင်းပဲအကုန်ရှိတယ်ဟု အစ်မကြီးကပြော၏။

တမာကုန်းကို အလည်ရောက်ခဲ့စဉ်က ဟိုက ရေနွေးသောက်ခေါ်၊ ဒီက ရေနွေးသောက်ခေါ် မုန့်ခေါ်ကျွေးနှင့် အိမ်တော်တော်များများရောက်ခဲ့ဖူး၏။ သူတို့သည် ရွာကိုအလည်လာသော ဧည့်သည်အား အလွန်ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးဧည့်ခံတတ်ကြ၏။ ထမင်း မတင်းကျွေးကြ၏။ စားမှကြိုက်ကြပြီး မရှိတာ ရှာကြံကျွေး၍ဧည့်ခံ၏။ သူတို့ မစားရချင်နေပါစေ ဧည့်သည်ကို ဧည့်ဝတ်ပြုရလျှင် ကျေနပ်နေကြသော စေတနာမြင့်ကြသူများ၏ဒေသ ဖြစ်ပါသည်။ အလွန်ကူညီတတ်ကြ၏။ ဤသို့ စိတ်လှကြသူများနေထိုင်ရာဖြစ်၍ ကျွန်ုပ်မရောက်ရောက်အောင်ထပ်သွားခြင်းဖြစ်ပါသည်။ နယ်များသို့ရောက်လျှင် အလွန်ပျော်ရသည်မှာလည်း ဤစိတ်ထားများကြောင့် ဖြစ်ပါသည်။

အရှင်သုန္ဒရကို ဗဟုသုတလိုက်ပြချင်သော်လည်း မိုးရုတ်တရက်တိတ်သွားပြီး နေချစ်ချစ်တောက်ဖြစ်နေသောကြောင့် လိုက်မပြဖြစ်ခဲ့ပါ။ ဆပ်ပြာထွက် ဇသာသဲချောင်းကိုပင်မရောက်ခဲ့ပါ။ အစ်မကြီးတို့မိသားစုများပေးသော လှော်ဗျည်ကွင်း လုလုလေးများကိုယူ၍သာ ပြန်ဖြစ်ခဲ့ပါသည်။

မည်သည့်လက်ဆောင်မှုယူမသွားမိသောကျွန်ုပ်မှာ ဓာတ်ပုံလက်ဆောင်သာပေးဖြစ်ခဲ့ပါသည်။

"အရှင်ဘုရားတွေ့လား၊ အမေခင် အသက်ရှည်ရတဲ့အကြောင်းရင်းတွေ"

"တွေ့တယ်လေ ဒကာကြီး"

ရွာတန်းပြန်ရောက်ပါပြီ။ အိမ်ရှေ့ရှိ ခုံတန်းလျားတွင်ထိုင်၍ ရန်ကုန်ကို လက်ဆောင်ပေးရန် မြေပဲလေးများ ထိုင်ခွာနေသော အမေခင့်ကိုကြည့်၍ ကျွန်ုပ်တို့ ဝမ်းသာစွာသဘောကျနေ၏။ အငြိမ်မနေ ရစ်ခြားနားထိုင်၍ ချည်ချသည့်အခါချနေ၏။ ဟိုတောက်တောက် ဒီတောက်တောက်လုပ်ချင်လုပ်နေ၏။

"ရန်ကုန်မှာရှိတဲ့ အမေ့သားသမီးတွေတွေ့ရင် ပြောပြလိုက်ပါ သားရယ်။ အမေခင်က အပျိုလေးလိုပဲပြန်ငယ်သွားတယ်"

ဟု ကျွန်ုပ်ကို ခဏခဏပြော၍ ကျွန်ုပ်မှာသဘောကျရ၏။ အရှင်သုန္ဒရကိုလည်း အဘွားက ခုထိကနိုင်သေးတယ်ဟုပြောပြီး လက်ကလေးချိုး၍ ကပြရာ အရှင်သုန္ဒရသဘောကျသွား၏။

(၉၆) နှစ်အရွယ် အဘွားတစ်ယောက် ဤမျှကျန်းမာရေးဒေါင်ဒေါင်မြည်ကောင်းရပုံများကို အနီးကပ်လေ့လာခွင့်ရ၏။ ညနေဆိုလျှင် ကွာကာအုပ်လေးသာသောက်သည်နှင့် ကြုံခဲ့ရ၏။ သို့သော် အမေခင် လန်းဆန်းနေ၏။ ဘုရားရှိခိုးလျှောက်ကြ၏။ ရတနာ (၃) ပါးကို အလွန်ကြည်ညိုလှ၏။ စိတ်ကောင်းကောင်းထားဖို့ သူများအသက်မသတ်ဖို့ တွင်တွင်ဆုံးမ၏။ သူများအသက်ကို ရှည်နေစေချင်သော အမေခင့်မေတ္တာတရားသည် အမေခင့်ကိုရောဂါကင်းစွာ အသက်ရှည်လာစေခဲ့ခြင်းလည်းပါ၏။ မည်သူ့အကြောင်းမှမကောင်းမပြောတတ် အလွန်ဆိတ်ငြိမ်စွာနှင့်ပြုံးနေတတ်သော အမေခင်ဖြစ်၏။ စိတ်ညစ်ပုံမတွေ့ရ။ မနက်မိုးလင်းအိပ်ရာကနိုးသည်နှင့် ညက အိပ်ပျော်ကြရဲ့လားဟု တန်းမေး၏။ ကယောင်ချောက်ချားမရှိ။ အလွန်သတိကောင်း၏။ လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကအကြောင်းကိုပြန်ပြောလျှင် စဉ်းစားပြီးမပြော။ လက်တန်းဒေါက်ဒေါက် ဒေါက်ဒေါက်ပြော၏။ ဟာသဉာဏ်လည်းရှိသောကြောင့် အမေခင်နှင့် စကားပြောလျှင်ရယ်ရ၏။ လူချစ်လူခင် အလွန်များပြားလှသော အမေခင်ဖြစ်၏။ အရှင်သုန္ဒရသည် အမေခင်ဆွမ်းကပ်နိုင်အောင် တကူးတကကြွပေးခြင်းဖြစ်၏။ အမေခင့်ကို မေတ္တာအထူးသွားပို့၏။ ကျွန်ုပ်က ရှိသေစွာကန်တော့၏။

အမေခင်သည် သူ၏ သားသမီးများနှင့်တန်းတူ ကျွန်ုပ်ကို သားအရင်းလို အလွန်ချစ်ခဲ့သူဖြစ်ပြီး အရိပ်တကြည့်ကြည့်နှင့်ဂရုစိုက်ခဲ့၏။ သူ့သားသမီးများနှင့် ကျွန်ုပ်ကို မခွဲခြားခဲ့။ ထို့ကြောင့် အမေခင့်ကို တကူးတကသွား၍ ကျွန်ုပ်ကန်တော့ခြင်းဖြစ်ပါသည်။ (၉၆) နှစ်အရွယ်ရောက်သည့်တိုင် ကျန်းမာသန်စွမ်းပြီး သတိကောင်းလွန်းလှသောအမေခင့် သီလကို ကျွန်ုပ်ကြည်ညို၍မဆုံးပါ။ အားကျသင့်ပါသည်။ အတုယူကြသင့်ပါသည်။

ဤခရီးသွားဆောင်းပါးလေး၏ ရည်ရွယ်ချက်မှာ (၂) ချက်ရှိပါသည်။ တစ်ချက်မှာ အမေခင်လို အတိတ်ကောင်းနိမိတ်ကောင်းနှင့် ကျန်းမာပျော်ရွှင်စွာ အသက်ရှည်ရှည်နေထိုင်ပြီး ဒါန သီလဘာဝနာများနှင့်မွေ့လျော်ကြစေချင်သောဗဟုသုတပေးလို၍တစ်ကြောင်း နှင့် -

တစ်ချက်မှာ ပညာ၏ကောက်ကြောင်းသည် မည်သို့မျှချမ်းသာမှု တတ်ကြောင်း၊ မည်သို့မှုရှောင်ကွင်း၍ မရနိုင်ကြောင်းများကို ဗဟုသုတပေးလို၍ ဖြစ်ပါသည်။

လူတို့သည် [illegible] ပြိုင်ကြ၏။ စိတ်[illegible]

၏။ ဒုက္ခရောက်ခြင်းကိုပြိုင်ကြ၏။ ဤသည်မှာ အပူပြိုင်နေခြင်းပင်ဖြစ်ပါသည်။ ပူအောင် ကိုယ့်ဟာကိုယ်ဖန်တီးနေခြင်းဖြစ်ပါသည်။

တစ်ယောက်က ကျွန်မမှာ သွေးတိုးရှိတယ်ဟုပြောလိုက်လျှင် တစ်ဖက်က ကျွန်မမှာ သွေးတိုးရော ဆီးချိုရော နှလုံးပါရှိတယ်ဟုပြောကြသူများ ကြုံဖူးကြပါလိမ့်မည်။ ကျွန်မမှာ အစာအိမ်ရှိတယ်ဟုပြောလျှင် တစ်ဖက်က ဟင်း၊ ကျွန်မဆို အစာမစားနိုင်တာကြာပြီ။ အသည်းပါမကောင်းဘူးဟု ပြောသံများလည်း ကြားဖူးပါလိမ့်မည်။ တစ်ယောက်က ကျွန်မရင်ထဲမှာ အသက်ရှူလို့မကောင်းတာကြာပြီဟုဆိုလျှင် တစ်ဖက်က ကျွန်မဆို နှလုံးဖြစ်နေတာ (၅) နှစ်လောက်ရှိပြီ။ တစ်လကို ဆေးဖိုးတင်ဘယ်နှသိန်းဟု ဆေးဖိုးကုန်တာချင်းပြိုင်ကြပြန်၏။ ကျန်းမာခြင်းကို ပြိုင်ဖို့မေ့နေဟန်ရှိ၏။ နိုင်ငံခြားသွားကုနိုင်ခြင်းကို ပြိုင်ကြပြန်၏။ ထိုသူတို့ကိုကြည့်လိုက်လျှင် ရောဂါတစ်ခုမဟုတ်တစ်ခုဖြစ်နေကြသည်ကများ၏။ သူတို့ကို သတိထားကြည့်လျှင် ရောဂါတစ်ခုကုရင်းမှ နောက်တစ်ခုဖြစ်ကြောင်း ထပ်ကြားတတ်ကြသည်ကများ၏။ကုနိုင်သည်ကို ဂုဏ်ယူကြဟန်တူပါသည်။

အသက်ခြောက်ဆယ်ခန့် အမျိုးသမီးကြီးတစ်ဦးသည် အလွန်ချူချာပြီး သွားလေရာ ဆေးဘူးပေါင်းစုံဆောင်ရသူဖြစ်၏။ရောဂါပြိုင်ကုသနိုင်မှုပြိုင်တတ်သူလည်းဖြစ်၏။ တစ်နေ့ သူ့ကိုနားလည်လာအောင် သေချာရှင်းပြပြီး ဘယ်သူနဲ့တွေ့တွေ့ နေကောင်းလားမေးလျှင် ကောင်းသည်ဟုသာပြောရန်၊ ကျန်းမာသည် စားဝင်အိပ်ပျော်သည်ဟုသာပြောရန်၊ ပြက္ခဒိန်တွင်ရေးမှတ်ထားပါ။ သုံးလဒီအတိုင်းလိုက်နာပါ။ သုံးလပြည့်ရင် ပြန်ဆုံကြတာပေါ့။ ထပ်လာခဲ့ဟုမှာလိုက်၏။ သူ့အမူအရာမှာ ကျွန်ုပ်ကိုမယုံပါ။ သို့သော် ဘာမှစောဒကမတက်သွားပါ။ သုံးလမပြည့်ခင် နှစ်လလောက်နှင့်ရောက်လာပါသည်။ အသားအရေ မျက်လုံးအကြည်ဓာတ်ကအစ၊ စကားပြောလျှင် ရင်တွင်းရှင်းနေသံကအစပြောင်းသွားပါတော့သည်။ ပြုံး၍နေ၏။

"စောစောကသာ ဒီလိုမှန်းသိရင် ရောဂါတွေကို မြိန်ရေရှက်ရေမပြောပါဘူး ဆရာရယ်"

ဟု ရယ်ပြီးပြော၏။ ဤလိုမျိုး တော်တော်များများကိုကူညီနိုင်ခဲ့ပါသည်။ ထို့ကြောင့် ရောဂါပြိုင်စရာမလိုပါ။

ယခု ရွာတန်းမှ အမေခင်ဆိုလျှင် အလွန်အားကျလောက်၏။ ရောဂါနှင့်ပတ်သက်၍ တစ်ခွန်းမှမဟ။ သတိမေ့လျော့ခြင်းလည်းမရှိ။ အမြဲပြုံးနေ၏။ သူ့အနားမှာ ဆေးဘူးလည်းမတွေ့။ သူကိုယ်သူနှုပ်ဖို့ကြောင်း၊ ကျန်းမာကြောင်း၊ လက်ကလေးကို ဗလပြသလိုလုပ်လုပ်ပြ၍ပြောတတ်၏။ ထို့ကြောင့်လည်း အမေခင်ကျန်းမာ၏။ (၉၆) နှစ်သည် လူတွဲစရာမလို သူ့ဟာသူလမ်းလျှောက်၏။ ညအိုးမထား။ ညဆိုလျှင် သူ့ဟာသူ တစ်ဦးတည်း အိမ်အောက်ဆင်း၍ ကျန်းမာရေးကိစ္စသွား၏။ မည်သူမျှ တွဲဆင်းရသည်မရှိ။

ကျွန်ုပ်တို့ပင်လျှင် အမေခင်လို သက်ရှည်ကျန်းမာပျော်ရွှင်နေအောင် သီလများထိန်းခြင်း၊ သမာဓိဆောက်တည်ခြင်း၊ ဘာဝနာများပွားများခြင်း၊ အလှူဒါနပြုခြင်း၊ အကောင်းမြင်တတ်ခြင်း၊ သူတစ်ပါး၏အသက်ကိုရှည်စေသောမေတ္တာထားခြင်းများစွာပြုရမည်ဖြစ်၏။ များစွာကြိုးစားရမည်ဖြစ်၏။

စိတ်ဓာတ်ကျခြင်းကိုလည်း ပြိုင်စရာမလိုပါ။

စိတ်ဓာတ်ကျခြင်းများပြိုင်နေကြခြင်းသည် အပူများအပြန်အလှန်ကူးနေကြခြင်းနှင့်တူ၏။ သူတို့ကိုကြည့်လျှင် ညည်းသံညူသံသာများ၏။ ရှေ့တိုးရင်း နောက်ရောက်နေကြသူများနှင့်တူ၏။

ထက်မြက်အောင်သာနေသင့်ပါသည်။ ရအောင်နေသင့်ပါသည်။ နေပါများလျှင် ရသွားတတ်လေ့ရှိပါသည်။ အလေ့အကျင့်များလျှင် ထုံလာပါလိမ့်မည်။ စိတ်ဓာတ်ကျပါများလျှင်လည်း အလိုလိုနေရင်း သိမ်ငယ်လာတတ်ပါသည်။

အမေခင်၏နှုတ်မှ ထွက်သမျှစကားတိုင်းကို တစ်လုံးချင်းတစ်ခွန်းချင်း ကျွန်ုပ်သတိထားပြီးနားထောင်ကြည့်၏။ စိတ်ဓာတ်ကျရာကျကြောင်း တစ်ခွန်းမှ မကြားရ။ သူပြောလိုက်လျှင်ကြားရသူများပါ ပျော်ရွှင်လာရလေ့ရှိ၏။

ပျော်စရာကောင်းသော၊ စိတ်ချမ်းသာစရာကောင်းသော အမေခင်တို့အိမ်လေးတွင် (၂)ရက်နေခဲ့ပြီးဖြစ်၍ ရန်ကုန်ပြန်ကြရန် ပြင်ဆင်ရပြန်ပါပြီ။

ရွာတန်းမှ ကိုမြင့်လွင်တို့မိတ်ဆွေ ရွာတန်းရွာမှရပ်ကွက်အကြီးအကဲတစ်ဦး၏ဝိုင်းကွက်ကြီးထဲတွင် ညက ကားသိပ်ထားရ၍ အပြန်မှာရွှံ့မရှန်းရတော့ပါ။ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပေးသော ရွာတန်းရွာလေးမှ တာဝန်ရှိသူမိသားစုကို ကျေးဇူးတင်ပါသည်။

ပြန်ကြပြီ။

ဝိုင်းကွက်ထိပ်အထိလမ်းလျှောက်လာပြီး ကျွန်ုပ်တို့ကားအထွက်ကိုလာစောင့်သော အမေခင်နှင့်သားသမီးများ၊ မြေးများ၊ အိမ်နီးချင်းမှ ဆွေမျိုးရင်းချာကဲ့သို့နေကြသူများအားလုံးကို နှုတ်ဆက်၍ ကားလေးပြန်ထွက်လာပါပြီ။

အလွန်ဖြူစင်ရိုးသားကြသူများ၏ မေတ္တာရိပ်ဆီ မကြာခဏ သွားရောက်လည်ပတ်နိုင်ရပါစေကြောင်း ဆုတောင်းရင်း တရိပ်ရိပ်စတင်ပြေးနေပြီဖြစ်သော ကားလေးပေါ်တွင် ပရိတ်များထိုင်ရွတ်ရင်း စတင်ထွက်ခွာလာကြပါပြီ။

"တော်တော်ရိုးသားကြတာပဲနော် ဒကာကြီး"

"တင်ပါ့ဘုရား၊ တပည့်တော်ပြောပြခဲ့တုန်းက ဦးပဉ္ဇင်းထင်မှာမဟုတ်ဘူး။ ခုလက်တွေ့ပဲ။ ဘယ်လောက်ပွင့်လင်းကြ၊ ရိုးသားကြတယ်ဆိုတာ။ ပြီးတော့ တစ်ခုခုဆိုမနေဘူးတွေ့လား။ တစ်အိမ်တစ်ယောက်ထွက်လာပြီးကူညီကြတာ"

"ဟုတ်ပါ့ဒကာကြီးရယ်။ တကယ်ကို ခင်ဖို့ကောင်းလိုက်တာ။ ဦးပဉ္ဇင်းတော့ အချိန်ရတိုင်း၊ အားတိုင်း လာလာလည်မယ်။ ဒကာကြီးနဲ့အတူ ဒီသားအဖ (၃) ယောက်ပဲ"

"တင်ပါ့ဘုရား"

အရှင်သုန္ဒရသည် ရွာလမ်းလေးအတိုင်းပြွက်လာရင်း ကားလေးထဲမှနေ၍ ရွာတန်းဘက်ဆီသို့ သမင်လည်ပြန်လှည့်ကြည့်နေ၏။ (၂)ရက်ကြာခရီးလေးမှာ အတော်စိတ်ချမ်းသာနေပုံရ၏။

ကျွန်ုပ်သည်လည်း အတော်စိတ်ချမ်းသာခဲ့ရပါသည်။

ထို့ကြောင့်ထင်၏။

ရန်ကုန်အပြန်ခရီးသည် လန်းဆန်းကြည်လင်နေ၏။

ရာသီဥတုမှာလည်း အလွန်မှကြည်လင်နေပြီဖြစ်၏။

ချစ်စရာကောင်းသော အမေခင်၊ အလွန်ဂရုစိုက်သော မောင်မြင့်လွင်တို့မိသားစု၊ သမီးလေးများကို မေတ္တာပို့ရင်း ရွာတန်းရွာလေးကိုအကြိမ်ကြိမ်လာရောက်လည်ပတ်နိုင်ရပါစေကြောင်း ဆုတောင်းရင်း. . . ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

မုသားမပါမှ ယောက်ျားချောသည်

တောင်ငူ-စန်းငွေ

'မုသား' ကို ဥပဒေအရ လိမ်လည်လှည့်ဖြားခြင်း ဟူ၍ မြန်မာနိုင်ငံတွင် ယနေ့အထိ တရားရုံးအသီးသီးတွင် လက်စွဲဖြစ်သော ရာဇသတ်ကြီးစာအုပ်၌ လိမ်လည်လှည့်ဖြားခြင်း ဆိုသည်မှာ မည်သူမဆို လိမ်လည်လိုသောအကြံဖြင့် ပြုလုပ်လျှင် ထိုသူသည် လိမ်လည်လှည့်ဖြားမှုပြုသည်ဟုမည်၏။ ထိုအကြံမျိုးမရှိလျှင် လိမ်လည်လှည့်ဖြား၍ပြုသည်မမည် စသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပြသရှင်းလင်းထားပါသည်။

လိမ်လည်လှည့်ဖြားခြင်းမုသာဝါဒကံမှာ -

၁။ မဟုတ်မမှန်သောဝတ္ထုလည်းဖြစ်စေ၊
၂။ ဖျက်ယွင်းလိုသောစိတ်ရှိသည်လည်း ဖြစ်စေ၊
၃။ ကိုယ်နှုတ်နှစ်ပါးတွင် တစ်ပါးပါးဖြင့် ပြုသည့်အတိုင်း သိလည်းသိစေ၊

ဤဖော်ပြပါ အင်္ဂါ (၄) ပါးနှင့်ညီလျှင် လိမ်လည်လှည့်ဖြားခြင်း မုသာဝါဒကံ ဖြစ်ပါသည်။

လူတစ်ယောက်အား ကုသိုလ်ရပါစေခြင်းအကျိုးငှာဟု ရည်ရွယ်ချက်ရှိ၍ပြောဆိုခြင်းမှာ အပြစ်မရှိဟု ဆိုနိုင်သည်။ သို့သော် လိမ်လည်မှုအစား မရိယာယ်ပြုခြင်းမျိုးကို ပြုလုပ်သင့်ပါသည်။

သာကေမှာ -

တမ္ဗဒါဌိက ခိုးသားကြီးသည် အရှင်သာရိပုတ္တရာအား -

"တပည့်တော် (၅၅) နှစ် ကာလပတ်လုံး လူသတ်ခဲ့သည်မှာ ကိုယ်သတ်ချင်၍သတ်ခဲ့သည်မဟုတ်ပါ ဘုရား။ ရှင်ဘုရင်ကသတ်ခိုင်း၍သာ သတ်ရပါသည်။ တပည့်တော်မှာ အပြစ်ရှိနိုင်ပါသလားဘုရား"

ဟူ၍ ဆိုသည်။

ဤတွင် အပြစ်ရှိသည်ဟုပြောလျှင် ၎င်းခိုးသားကြီးစိတ်လှုပ်ရှား၍ တရားမရနိုင်ဖြစ်ကာ ကောင်းမှုမရနိုင်မည်ကြောင့် ရှင်သာရိပုတ္တရာက -

"ရှင်ဘုရင်သတ်ခိုင်း၍ သင့်မှာ အပြစ်ရှိနိုင်သလား"

ဟူ၍ မဆို၊ မရှိဟုလည်းမဆို ပရိယာယ်အမေးစကားဖြင့် ဖြေလိုက်၏။ ပညာနှံ့နည်းသော ခိုးသားကြီးသည် ငါ့မှာအပြစ်မရှိဘူးတဲ့ဟု သိမြင်သွားကာ ကောင်းစွာတရားနာနိုင်၍ တမလွန်ဘဝတွင် တုသိတာနတ်ပြည်သို့ရောက်သွားရပေသည်။

မုသားကို ဘာသာတိုင်းက မကျူးလွန်မိဘဲ ရှောင်ကြဉ်ကြရန် ဘာသာစာပေဖြင့် ဟောကြားဆိုဆုံးမပြီး မုသား စကားကို မပြောကြရန် ခေတ်အဆက်ဆက် ဆုံးမခဲ့ကြပေသည်။

လူ၏တန်ဖိုးကို ထိုသူ၏ကာယကံ၊ ဝစီကံနှင့် မနောကံ (စိတ်ထား) တို့ကို ကြည့်၍ စာရိတ္တကောင်းမွန်ခြင်း၊ မကောင်းခြင်းကို ရွှေအကြောင်း ဖယောင်းသိ၊ လူအကြောင်းပေါင်းမှသိ ဟူသော မြန်မာတို့၌ ဆိုရိုးရှိ၏။ တိုင်းရင်းသား (တိုင်းရင်းသား ၁၃၅ မျိုးထဲမှ) တိုင်းရင်းသား စကားပုံတစ်ခုမှာ ဝက်၏တန်ဖိုးသည်အသား၊ လူ၏တန်ဖိုးသည် စာရိတ္တဟု တန်ဖိုးဖြတ်၍ နှိုင်းခိုင်းထားပါသည်။ စားသောက်ရာတွင် အရသာရှိသောအစားအစာမျိုးကို အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ

လက်ဖက်ဟု ဆိုကြပါသည်။

ရိုးသားဖြောင့်မတ်ခြင်းအဓိပ္ပာယ်ကို ဖော်ဆိုရှင် လီယိုတော်စတွိုင်းက ရိုးသားဖြောင့်မတ်ခြင်းသည် စာရိတ္တလုပ်မှု၏ အခြေခံဖြစ်သည်။ မှန်ကန်၍ သစ္စာရှိသူသည် တိုတိုနှင့်လိုရင်းကိုသာပြောတတ်ပြီး မုသားသမားကမူ ရှည်ရှည်ဝေးဝေး ဝေ့လည်ကြောင်ပတ်ပြောတတ်သည်ဟု ဆို၏။ လိမ်လည်ပြောဆိုတတ်ခြင်းမှာ (မုသားစကားပြောခြင်း၊ မုသားမပါ လက်မချော) ဟူ၍ စသဖြင့် နာမည်အမျိုးမျိုး မျက်နှာဖုံးအမျိုးမျိုးတပ်ကာ ယုံကြောင်ကိုယုံအောင်ပြုဟူ၍ ပြောဆိုဆက်ဆံတတ်ခြင်းမှာ မနုဿလူတို့၏ မွေးရာပါဗီဇတစ်ခု ဖြစ်သည်။

မနုဿလူသားတို့သည် မိမိကိုယ်ကျိုးနှင့်ကြုံကြိုက်ပြောဆိုရမည်ဆိုပါက အရိယာပုဂ္ဂိုလ်ထူးများမှလွဲ၍ ပုထုဇဉ်များမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်မြို့နှင့်တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လိမ်ကြညာကြ လိမ်ကျကြ၊ မျက်နှာချင်းဆိုင်တွေ့ပါက ပြုံး၍ရွှင်၍ ကြည့်နူး၍ တဟားဟားဖြင့် ဟီးတိုက်၍ အားရပါးရလက်ဆွဲနှုတ်ဆက်ကြ၊ ဖက်လှဲတကင်းပွေ့ကြဖက်ကြ၊ နမ်းရှုပ်ကြသော်ငြားလည်း နှစ်ဦးကျောခိုင်း၍ တစ်ဦးနှင့်တစ်ဦးခွဲခွာကြရာတွင် လက်မြန်ခြေမြန် လက်သွက်ခြေသွက်ဖြင့် နောက်ကျောကို ဓားမြှောင်နှင့်ထိုးပြီး လဲကျသွားပါက ရင်ဘတ်ပေါ်တက်ခုန်ပြီး အသေသတ်ကြကုန်၏။

ကမ္ဘာပေါ်ရှိယဉ်ကျေးသောလူမျိုးတိုင်းက မုသား (လိမ်လည်ပြောဆိုခြင်း) ကို အပြစ်ဒုစရိုက်အဖြစ် ယနေ့အထိ လက်ခံထားကြပေသည်။

ဗုဒ္ဓဘာသာဝင်နိုင်ငံ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင် (၅) နိုင်ငံရှိ၏။ ထိုနိုင်ငံတို့တွင်နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်တို့သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့ မြဲမြံစွာ မပျောက်မပျက်မကျိုးရလေအောင် စောင့်ထိန်းကျင့်ကြကုန်သည်။ သူတော်စင်ပုဂ္ဂိုလ်တို့က ငါးပါးသီလ စောင့်ထိန်းကြရန်ကို ဆိုဆုံးမခဲ့ကြ၏။

ထိုကဲ့သို့ ငါးပါးသီလကို ဆုံးမသော်လည်း မလိုက်နာကြသောသူတို့ကို လူမိုက် ဟူ၍ လူ ရဟန်းသူတော်စင်တို့က ဆိုဆုံးမစကားကို မလိုက်နာကြသူတို့ကို သူတော်ကောင်းမဟုတ်သူများ (၀) လူမိုက်ဟူ၍ ကဲ့ရဲ့ပြစ်တင်လေ့ရှိကြသည်။

အန္ဓပုထုဇဉ်လူမိုက် - ရုပ်မှန်း နာမ်မှန်းမသိ၊ အဖြစ်အပျက်မှန်းမသိ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမသိသော ပုထုဇဉ်သည် လူမိုက် မည်၏။

ဒုသီလလူမိုက် - ငါးပါးသီလတို့မှ မလုံခြုံသောသူသည် လူမိုက်ဖြစ်၏။

ဒုပ္ပညလူမိုက် - အသိစိတ်ဓာတ်၊ အသိဉာဏ်ဆင်ခြင်တုံတရားမရှိသောသူသည်လည်း လူမိုက်ဖြစ်၏။

ဒုမ္မနလူမိုက် - စိတ်ကောင်းနှလုံးကောင်းမရှိသူသည် လူမိုက်ဖြစ်၏။

စသဖြင့် လူမိုက်အမျိုးမျိုးတို့၏ သရုပ်အဓိပ္ပာယ်ကို ရှင်းလင်းစွာထင်ရှားစွာ ဖော်ပြထားပါ၏။ ဤလူမိုက်တို့၏ အကြောင်းအဆိုအမိန့်ကား မင်္ဂလာအမြွတေဆရာ၏အဆိုတည်း။ အာဘော်လည်း ဖြစ်ပါ၏။

ပခုက္ကူအရှင်ကေသရ၏ ဝရဒါနာဒီပိပကကျမ်း၌ လူမိုက်ကို လူမိုက် လူသောင်း လူဘူးတောင်း သိအပ်တတ်အပ်သမျှ ဉာဏ်ပညာအတိုအစကလေး အစုတို့သည် သိလွန်၍ အကျိုးမဲ့ဖြစ်ရန် အလို့ငှာသာလျှင် ဖြစ်၏။ ထိုသို့သော အနည်းငယ်တတ်သိသော လူမိုက်၏ ဦးထိပ်ကို အပါယ်တိုက်ရိုက်နိုက်ရိုက်ကြိုး ကျစေလျက် ဖြူစင်သော ကုသိုလ်အပုံ အစကလေးကို သတ်ပုတ်ဖျက်ဆီးလေသည်သာလျှင်တည်း ဟူ၍ ဖော်ကြားထားတော်မူခဲ့လေသည်။

စေတီယမင်းသည် မမှန်မကန် မုသားစကားကို ပြောဆိုမိသဖြင့် မြေမျို၍ အဝီစိသို့ရောက်ခဲ့ဖူးသည်။ မင်းမှာသစ္စာ လူမှာကတိဟူ၍ ဆိုရိုးစကားရှိ၏။ ကတိသစ္စာထားသောခါဝယ် နှယ်မြက်သစ်ပင်ဆေးဖက်ဝင်၏ဟု အဆိုအမိန့်ရှိပါ၏။ ဥပမာ သုဝဏ္ဏသာမဇာတ်တွင် သစ္စာစကားကြောင့် သားရွှေအိုးထမ်းလာသည်ကို မိဘများနှင့် သုဝဏ္ဏသာမတို့ ခံစားကြရ၏။ ဘုရားလောင်းငုံးမင်းသည် 'မိမိနေထိုင်သော တောတွင် မီးလောင်လေသော် ငါသည် မြေရှိလျက် မသွားနိုင်၊ အတောင်ရှိလျက် ထက်ကောင်းကင်သို့မပျံတက်နိုင်သောဘဝအခြေအနေရှိပါ၏။ ဤ ငါ၏သစ္စာဆိုသော စကားသည် မှန်ကန်ပါက ငါ့အား မီးကွင်းပါစေသတည်း' မြတ်စွာဗုဒ္ဓလောင်းလျာက သစ္စာအဓိဋ္ဌာန်ဆိုလိုက်သကဲ့သို့ လောင်မြိုက်နေသောတောမီးသည် တစ်မုဟုတ်ချင်းငြိမ်းသွားလေ၏။

■

အတူငြင် အတတ်သင်ပြီး လုံ့ကစားရာတွင် ထင်ပေါ်ကျော်စောလာသူ လုံ့ကစားလုလင်ဖျိုသည် နောက်ဆုံး ဘုရင့်ရှေ့မှောက်တွင် သူကတ်ကျွမ်းတတ်မြောက်ခဲ့သော လုံ့ကစားနည်းအမျိုးမျိုးတို့ကိုပြသခဲ့သဖြင့် ဘုရင်မင်းမြတ်က ဆုတော်လာဘ်တော်များကို လုံ့ကစားလုလင်ဖျိုကို ချီးမြှင့်ပြီးနောက် ဤလုံ့ကစားနည်းပညာကို သင့်အားသင်ပေးသူကား အဘယ်သူနည်း။ မည်သည့်ဆရာ့ထံပါးတွင် သင်ကြားတတ်မြောက်တစ်ဖက်ကမ်းခပ်အောင် သင်ကြားပြသကား မည်သူနည်းဟူ၍ မေးလေသော် လုံ့ကစားပြသူလုလင်ဖျိုသည် မိမိသင်ဆရာ၊ မြင်ဆရာမှာ အိပ်၊ စား၊ ကာမတို့ကိုသာကျက်စားမြူးထူးသည့် တိရစ္ဆာန်ဖျိုးသတ္တဝါဟူ၍ ဘုရင်မင်းမြတ်အား လျှောက်တင်ရမည်ကို မဖွင့်ပြောသာ အရှက်ပိုသဖြင့် လုံ့ကစားခြင်းအတတ်တွင် ဆရာမရှိ၊ သင်ဆရာမရှိ၊ မြင်ဆရာမရှိ မိမိဘာသာလေ့ကျင့်သင်ကြားတတ်မြောက်ခဲ့ကြောင်း မမှန်မကန် ဖျိုးသတ္တဝါဆရာကို ပြစ်မှားပြောဆိုပြီး နောက်တစ်ဖန်လုံ့ကစားပြရာ လုံ့သမားလုလင်ဖျိုသည် အာခေါင်လုံ့စူး၍ သေပွဲဝင်ရရှာလေသည်။ ထိုအချိန်မှစ၍ ဆရာကိုပြစ် အာခေါင်လုံ့စူး ဟူသော စကားပုံ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ပြင် ငါးပိဖုတ်တောင် ဆရာမပြပါကဲ နည်းမကျ ဆရာပြမှသာ နည်းလမ်းတကျဖြစ်၏ဟု ဆိုကြကုန်သည်။ ဆရာမှာ အနန္တောအနန္တဂိုဏ်းဝင်ပုဂ္ဂိုလ် ဖြစ်၏။ မြတ်ဗုဒ္ဓမှလွဲ၍ ပုထုဇဉ်လူသားတို့၌ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာနှင့် စာအုပ်စာပေ၊ အင်တာနက်၊ ဖေ့ဘုတ်၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် မိမိနှစ်သက်သော ဘာသာရပ်အမျိုးမျိုးတို့ကို စိတ်သွားတိုင်းကိုယ်ပါပြီး အချိန်ရှိခိုက် လုံ့လ၊ ဝီရိယ ဖြင့် ကောင်းကောင်းဖြင့် ပညာအမျိုးမျိုးကို ရှာမှီးနိုင်သောခေတ်ဖြစ်ပေသည်။

■

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက 'ဖြောင့်ဖြောင့်သွားလျှင် ခရီးတွင်မည်၊ ကွေ့ကွေ့ကောက်ကောက်သွားသော် ခရီးကြန့်ကြာမည်၊ လိုရာခရီးသို့ရောက်အောင် ကြိုးစားမှသာရောက်နိုင်ပေမည်' ဟု ဆုံးမသကဲ့သို့ ဂျာနယ်ကျော် ဦးချစ်မောင်ကလည်း လူတစ်ယောက်မှာ အလိုအပ်ဆုံးဂုဏ်မှာ ရိုးသားဖြောင့်မတ်ခြင်းဂုဏ်ပါပဲဟူ၍ဆို၏။

အနောက်တိုင်းစကားပုံတစ်ခုကမူ 'ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံးပေါ်လစီဖြစ်တယ်ဆိုတာ ဘယ်တော့မှမမေ့ပါနှင့်' ဟုဖြစ်ပြီး မြန်မာစကားပုံကား 'ကောက်သော် စားမလောက် ဖြောင့်သော် စားမကုန်' ဟူ၍ ဆိုဆုံးမထားခဲ့ကြပေသည်။

■

မြတ်ဗုဒ္ဓကမူ စိတ်သဘောသည် ကွန့်လှုပ်နေ၏။ လျှပ်ပေါ်လော်လီတတ်၏၊ စောင့်ရှောက်ဖို့ခက်ပါသော်၊ တားဆီးဖို့ ခက်ပါ၏။ လေးသမားသည် မြားကို ဖြောင့်အောင်လုပ်ပြီးမှပစ်သကဲ့သို့ ပညာရှိပုဂ္ဂိုလ်သည် မိမိစိတ်ကိုဖြောင့်အောင် လုပ်ပြီးမှသုံးရမည်စသဖြင့် မိန့်မှာခဲ့ပါ၏။

မုသားစကား (မဟုတ်မမှန်သောစကား) ပြောခြင်းကို မရှောင်ကြဉ်ဘဲ လူအားလုံးကို နေရာကာတွင် ပြောဆိုနေကြပါသော် မည်သူ၏စကားကိုမျှ မယုံရသည့်ဖြစ်သောကြောင့် လောကကြီးတစ်ခုလုံးတွင် သံသယတို့ဖြင့်မှုန်ဝါးလျက် ဖျက်စီးဆိတ်သုဉ်းကြရမည်သာ ဖြစ်ပေသည်။

၁၉၃၄ ခုနှစ် ရယ်ရွှင်ဖွယ်ဂျာနယ် ပါမောင်တွင် ပုတီးကိုဆောင် သူတော်မယောင် ပြောင်ပြောင်လိမ်သည့်ခေတ်ဟူ မှတ်သားဖူးပါ၏။ မုသားစကားပြော၍ မုသားစကားကို နည်းအမျိုးမျိုးပုံစံတို့ဖြင့် ပြောဆိုအသက်မွေးနေကြသူများကား ကျွန်ုပ်တို့ ကမ္ဘာကြီးတည်ရှိနေသရွေ့ ကမ္ဘာအနှံ့တွင် ရှိနေကြပေမည်။

■

ခရစ်ယာန်ဘာသာဝင်တို့အတွက် ယန်တော်သည် ဂျူးလူမျိုးတို့အတွက် ပေးခဲ့ဖြစ်သော ပညတ်တော် (၁၀) ပါး ကို ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ပညတ်တော် (၁၀) ချက်၌ သူ့အသက်ကိုမသတ်ရ၊ သူတစ်ပါးပစ္စည်းကို မခိုးရ၊ မုသားစကား (လိမ်လည်လှည့်ဖြား၍ မပြောရ) စသည်တို့ကို ယနေ့တိုင် ခရစ်ယာန်ဘာသာဝင်တို့ လိုက်နာကျင့်ကြံ ဆောင်ထိန်းလျက်ရှိပေသည်။ လူ့လောကတွင် ဘာသာရေးလမ်းညွှန်ချက်၊ နိုင်ငံတော်ဖွဲ့စည်းပုံအရ ရပ်ရွာအေးချမ်းသာရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး၊ လူမှုရေးကျင့်ဝတ်များ၊ ကိုးကွယ်ရာဘာသာအစဉ်အဆက်တို့ လိုက်နာကျင့်သုံးခဲ့ကြသော ရိုးရာယဉ်ကျေးမှုများ၊ ဩဝါဒများ၊ လူနှင့်ရဟန်းသံဃာတော်အရှင်မြတ်တို့ နေ့စဉ်လိုက်နာကျင့်သုံးရသော လူ့ကျင့်ဝတ်များ (အုပ်ချုပ်သူအစ အောက်ဆုံးအဆင့် အလုပ်သမား၊ အိမ်ဖော်တို့အတွက် နေ့စဉ်လိုက်နာရမည့်စည်းမျဉ်းများ၊ ကျင့်ဝတ်များ၊ ဒဿနများ၊ ပြည်သူ့နီတိများ၊ အိမ်၊ စာသင်ကျောင်း၊ ဘာသာရေးကျောင်း၊ ဘုရားစေတီရင်ပြင်၊ လမ်း၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်း စသည့်နေရာတို့၌ သတ်မှတ်ထားသော စည်းကမ်းဥပဒေများ၊ ရိုးရာယဉ်ကျေးမှုတို့ဖြင့် လူ့ဘောင်ကို ထိန်းသိမ်းထားကြကုန်သည်။

အကယ်၍ ပြည်သူတစ်ဦးအစ ယောက်သည် သတ်မှတ်ထားသောရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အုပ်ချုပ်သူတို့ ပြဋ္ဌာန်းထားသော တရားဥပဒေတို့ကို မလိုက်နာခဲ့သော် သတ်မှတ်ထားသော ငွေနှင့်ပြစ်ဒဏ် (ထောင်) ကို ပေးဆောင်ကျခံခြင်းကို မလွှဲမရှောင်ခံကြရပေလိမ့်မည်။

မြန်မာစာဖတ်သူတို့အတွက် စာမျိုးစုံကို စက်နှင့်လှည့်၍တုတ်သကဲ့သို့ စာရေးဆရာကြီးပီမိုးနင်း၏ လမ်းညွှန်ချက်များဖြစ်သော ချစ်စေလို နှုတ်ခမ်းလက်နှစ်သစ်၊ မုန်းစေလို နှုတ်ခမ်းလက်နှစ်သစ်၊ ယောက်ျားတစ်ယောက် ချွဲချွဲပျစ်ပျစ်ပြောသည့်အခါ ယုံလွယ်သည်မှာ မိမိကို (မိန်းမတို့) ကိုယ့်ကိုယ်ကိုယ်အထင်ကြီးခြင်းဖြစ်ပေသည်။ မိန်းမများ၏အကြီးဆုံးသောရန်သူမှာ ယုံတတ်သောစိတ် ဖြစ်သည်။ ချစ်တာချစ် မနစ်စေနှင့် စသဖြင့် လမ်းညွှန်ခဲ့ပါသည်။

မုသားစကားပြောခြင်း၏အပြစ်ကို သင်္ဂဇာဆရာတော်က မုသားစကား ဆိုမိငြားမူ စကားမပီ သွားမညီတည်း ပုပ်ညှီပါးစပ် ခြောက်ကပ်ကိုယ်ရေ ကွက်ပြေ နောက် ပုံသွင်းဖောက် မရောက်အာဏာ နှုတ်လျှာကြမ်းဖော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မကြည်တည်းဟူ၍ ဖြစ်ပါသည်။

ထို့ပြင် မင်းကျင့်တရား (၁၀) ပါး၌ မှန်သောစကားကို ပြောဆိုရကြောင်း ထည့်သွင်းထားသည်ကို မှတ်သားဖူးပါ၏။ ထို့ကြောင့် မင်းမှာသစ္စာ လူမှာ ကတိ ဟူသောစကားပုံ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

ဘုရားရှိခိုးအမျိုးမျိုးစာအုပ်တွင် ငါးပါးသီလ၊ ရှစ်ပါးသီလနှင့် ဆယ်ပါးသီလတို့ကို လူနှင့် ရဟန်းသံဃာများအတွက် မမှန်သောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ပါ၏ဟုထည့်သွင်းဖော်ပြထားသည်။

မှန်သောစကားကိုဆိုသောကြောင့် အကျိုးခံစားရပုံဇာတ်တော်မှာ ဤသို့ဖြစ်သည်။

မြတ်စွာဘုရားသခင် ဘာရာဏသီပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မင်းနှင့်ပြည်သူတို့ ပွဲတော်များကို ကျင်းပလေ့ရှိကြ၏။ ပွဲတော်များကား အထူးသဖြင့် ဖျော်ရွှင်သူလုလင်ဖျို လုံမပျိုတို့၏ ပျော်ရွှင်မြူးထူးကခုန်ကြသောပွဲတော်တည်း။

မင်းသားသုံးယောက်တို့သည်ကား အဆိုပါနက္ခတ်သဘင်ပွဲတွင် လူငယ်လူရွယ်တို့ဘာသာဘာဝအရ ကြာပန်းများ ပန်ဆင်၍ သွားရောက် ပျော်မြူးကြရန် နာခေါင်းပြတ်ဘီလူးစောင့်သော နံ့တစ်ရေကန်သို့သွား၍ ပထမလုလင်ဖျိုက -

'အသင်ဘီလူး။ သင်ကား အခြားသောဘီလူးတို့ကဲ့သို့ ကိုယ်လက်အင်္ဂါပြည့်စုံသောဘီလူးမဟုတ်။ နာခေါင်းပြတ်ဖြင့် ဘီလူးဘဝသို့ရောက်လာသူတည်း။ အသင်ဘီလူးစောင့်ရသော ဤရေကန်ကို အသင်ဘီလူး၏ ကိုယ်အင်္ဂါချို့ယွင်းနေသော နာခေါင်းပြတ်ကို အစွဲပြု၍ နာခေါင်းပြတ်ရေကန်ဟူ၍ ဟိုးလေးတကျော်သိကြကုန်၏။ အသင်ဘီလူး၏ နာခေါင်းပြတ်ကား မွေးရာပါဖြစ်၍ မျိုးစေ့တို့ကို ကျောက်တောင်တွင်စိုက်သကဲ့သို့ ပြုစုရေလောင်းသော်လည်း မျိုးစေ့မှာ မြေဓာတ်၊ ရေဓာတ်တို့မရဘဲ လေဓာတ်သာရသဖြင့် အပင်အဖြစ်သို့ ရောက်လာမည်မဟုတ်ပေ။ အသင်ဘီလူး ကျွန်ုပ်အား ကြာပန်းအချို့ကို ပေးပါရန် တောင်းခံပါတယ်'

စသဖြင့် ပြောစကားအလုံးစုံကို ကြားသိရသော ရေကန်စောင့်ဘီလူးသည် နာလိုခံခက်အမျက်ထွက်ဆိုစကားကဲ့သို့ မျက်ထောက်နီပြီး ဒေါသထွက် စိတ်ဆိုးလွန်း၍ တောင်းခံလာသော လုလင်ဖျိုကို ကြာပန်းများမပေးဘဲ ခြောက်လှန့်၍ပြေးအောင်ပြုလုပ်လိုက်လေ၏။

ထို့နောက် ဒုတိယလုလင်ဖျိုသည် ထိုဘီလူးထံရောက်လာ၍ -

'ရေကန်စောင့်နာခေါင်းပြတ်ဘီလူး အသင်၏နာခေါင်းကား မွေးကတည်းက မပါလာတဲ့အတွက် မည်သည့်ဆေး [illegible] များမှ နာခေါင်းကို [illegible] မဟုတ်ပေ၊ ကျွန်ုပ်ကား [illegible] စောင့်ဘီလူးကို [illegible] ကျွန်ုပ်အား [illegible] နတ်တွက်ပွဲ [illegible]

ပါဝင်ဆင်နွှဲပျော်ပါးနိုင်အောင် ကျွန်ုပ်အား ကြာပန်းအချို့ကိုပေးပါ"

စသဖြင့် ဘီလူးကို မှန်ရာပြောဆို၍ ကြာပန်းများတောင်းသော ဒုတိယလုလင်ပျိုကိုလည်း နှာခေါင်းပြတ်ရေကန်စောင့်ဘီလူးသည် ကြာပန်းများမပေးဘဲ ခြောက်လှန့်ပြီး နှင်ထုတ်လိုက်လေသည်။

ပထမနှင့်ဒုတိယလုလင်ပျိုတို့သည် နှာခေါင်းပြတ်ရေကန်စောင့်ဘီလူးထံမှ နက္ခတ်ပျော်ပွဲရွှင်ပွဲတွင် ကြာပန်းများပန်ဆင်၍ ကခုန်ရွှင်မြူးကစားလိုကြသော လုလင်ပျိုနှစ်ဦးမှာ ကြာပန်းများမရသည့်အဖြစ်ကို တတိယလုလင်ပျို ကြားသိတွေ့မြင်ရလေ၏။

ထို့နောက် တတိယလုလင်ပျိုသည် နှာခေါင်းပြတ်စောင့်သောရေကန်သို့သွားရောက်၍ -

"အရှင်ရေကန်စောင့်ဘီလူး၊ သင့်ကို ယခုပစ္စုပ္ပန်ဘဝ၌ လူနတ်အပေါင်းတို့က နှာခေါင်းပြတ်ဘီလူးဟူ၍ ခေါ်ဝေါ်ဆက်ဆံကြကုန်၏။ ဤကဲ့သို့ ယခုဘဝတွင် ခေါ်ဝေါ်ဆက်ဆံကြခြင်းကား ယခင်ဘဝက အသင်ဘီလူး သူတထူးအား ဒါမှမဟုတ် သတ္တဝါတစ်ကောင်ကောင်တို့ နှာခေါင်းပြတ်အောင်သင်ပြုလုပ်ခဲ့သောကြောင့်သာ ဖြစ်ပေမည်။ ယခုရေကန်စောင့်ဘီလူးဘဝ၌ သတ္တဝါတို့အပေါ်၌ သတ်ဖြတ်ညှဉ်းဆဲခြင်းကို ရှောင်ကြဉ်၍ ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ခြင်းဖြင့် နောင်တမလွန်ဘဝ၌ အသင်ဘီလူးသည် ကိုယ်လက်အင်္ဂါစုံလင်သော ချောမောလှပမွန်ရည်သော ဘဝသို့ရောက်ပါလိမ့်မည်။ ကျွန်ုပ်အသင်ဘီလူးကို ပြောဆိုသောစကားတို့သည် မှန်သောစကားများသာ ဖြစ်ပါ၏။ သို့ပါ၍ ကျွန်ုပ်သည် နက္ခတ်သဘင်၌ အများသူငါတို့ကဲ့သို့ ကြာပန်းများကိုပန်ဆင်၍ ပျော်ရွှင်စွာ မြူးထူးစွာဆင်နွှဲလိုပါ၍ ဤရေကန်မှ ကြာပန်းအချို့ကိုပေးပါလော့"

စသည်ဖြင့် နှုတ်ချိုသျှိုတစ်ပါး ဆိုသော ဆိုရိုးစကားကဲ့သို့ တတိယလုလင်၏စကားကိုကြားသောအခါ၌ နှာခေါင်းပြတ်ကန်စောင့်ဘီလူးသည် ကြာပန်းတပွေ့တပိုက်ကြီးကို ကောင်းသော စကား မှန်သောစကားပြောသော တတိယလုလင်အား ပေးလိုက်လေ၏။

■

စာတော်ပြင်ဆရာကြီး ဦးပညာ (မြန်မာ - ၁၁၂၅ ခန့် ၁၁၈၅ ခန့်) က မှန်သောစကားကို သူတစ်ထူးနားဝင်ချိုအောင်ပြောဆိုခြင်းကြောင့် ငွေတံပိုးကြွ နှစ်ဆရကြောင်းကို 'ပုံရိုးမရှ ဆို နှုတ်လျှင် ချိုကြွား သျှိုတစ်ပါး' ဟု စကားလှူတွင် မြဲမြဲထင်၏။ ပဒ္ဒင်ကျူးရိုက်၊ မင်းပွဲဆိုက်ကို ငှက်မိုက်တီးကုတ်၊ သံကြမ်းကြုတ်နှင့်၊ နှုတ်မနေတည်၊ ဆီး၍မည်က၊ မကြည်မောင်းမဲ၊ ဆိုကျိန်ဆဲ၍၊ အုတ်ခဲတုတ်ဖြင့် လိုက်ချောက်လွှင့်၏။ သည်နှင့်တလျှော သံချိုမောသား၊ ဥဩငှက်မွန်၊ ကောင်းစွာတွန်သော် အလွန်တရာ၊ နှစ်လိုစွာ၍၊ သံသာရင့်ကျူး၊ မြည်ပါဦးလော့၊ ကျေးဇူးဖော်ပြ၊ ချီးမွမ်းကြ၏။ ဗုဒ္ဓအလောင်း နွားမြတ်ကောင်းကို၊ သောင်းကြမ်းစကားဆို၍နှင်သော် သခင်ကိုမုန်း မရုန်းဘဲနေ ရှုံးလေထောင်ပြည့် ရှိလေဘိ၏။ နောက်တစ်လှည့်တွင် ချိုသောစကား ကောင်းစွာဆို၏။ ထိုရောအခါ ဗုဒ္ဓအလောင်း နွားမြတ်ကောင်းက မေတ္တာစိတ်ဝင် ဆွဲ၍ငင်က ငွေတံပိုးကြွ နှစ်ဆရကြောင်း စသဖြင့် မှန်သောစကားကို တစ်ဖန်ပြန်၍ ပြောဆိုသဖြင့် အကျိုးခံစားရကြောင်း လမ်းညွှန်ခဲ့ပါသည်။ ဤလူ့ဘဝတွင် စကားမပြောတတ်လျှင် ဆဲသလို အထိုင်မတတ်လျှင် ကိုရိုးကားယားအမြင် (အမြင်)မကောင်းကြောင်း မြန်မာစကားပုံရှိပါ၏။

ဂေါတမမြတ်စွာဘုရားက သားတော်ရာဟုလာအား -

"ချစ်သားရာဟုလာ မုသားဆိုက ရယ်ဖွယ်မျှပင် မဆိုလေနှင့်။ ဥပမာ ခြေဆေးပြီးပါက ခြေဆေးခွက်တွင် ကျန်နေသောရေကိုသွန်ပြီး ခြေဆေးခွက်ကို မှောက်ထားသကဲ့သို့ ဆောင်ရွက်ပါလေ"

ဟု သွန်သင်ခဲ့ပါ၏။

စကားမမှန်သော (လိမ်ညာခြင်း၊ မုသားစကားဆိုခြင်း) သူကို အမှန်စကားဆိုခြင်းဖြင့် အောင်ရာ၏ဟူ၍ ပညာရှိတို့က မိန့်မှာထားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မှန်သောအကြံ၊ မှန်သောစကား၊ မှန်သောအလုပ်ကိုဖြင့် လောကကြီး ယဉ်ကျေးလှပအောင် ဆောင်ရွက်ကြပါစို့ဟူ၍ မေတ္တာရှေ့ထား စကားပါးလိုက်ပါစေ။

တောင်ငူ-စန်းငွေ

ကျမ်းကိုး -

အခြေခံပညာဦးစီးဌာနမှထုတ်ဝေသော ရင်နှစ်သည်းချာ နိုင်ငံ့ရတနာဆုံးမစာများစာအုပ်၊ ဒုတိယအကြိမ် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ

နတ်မောက်မင်းသန့်နိုင်

ရေယုန်နာပေါက် မုချပျောက်နည်း

ရေယုန်နာသည် အပူနာတစ်မျိုးဖြစ်ပြီး လူ၏ခါးပတ်ပတ်လည်တွင် အပေါက်များပါသည်။ ရေအိတ်အရည်ကြည်လေးများလေးငါးဆယ်လုံးစုပေါက်ပြီးအောင့်သောဝေဒနာခံစားရပါသည်။

ရေယုန်ပျောက်စေသည့်ဆေးနည်းများစွာရှိပါသည်။ သို့သော် ကျွန်ုပ်လက်တွေ့အသုံးပြုကုသပေးပြီး အမှန်ပျောက်ကင်းခဲ့သည့်နည်းအချို့ကိုသာ တင်ပြအပ်ပါသည်။

အညာဒေသ တောထဲတွင် အလေ့ကျပေါက်ရောက်သောကျွန်းသစ်ပင်များရှိပါသည်။ ဖုထစ်ရှုတ်တွပုကွကွကျွန်းပင်များဖြစ်၍ နေအိမ်ပရိဘောဂအတွက် သုံးမဖြစ်ပါ။ ထိုအပင်များမှ အသီး(ကျွန်းသီး)များကို ပျိုးထောင်စိုက်ပျိုးနိုင်ရန် ကောက်ယူရောင်းချလေ့သာရှိပါသည်။ ၎င်းကျွန်းပင်များအောက်တွင် ခြောက်သွေ့ကျိုးကျကြွေကျသော ကျွန်းသားကိုင်းခြောက်လေးများရှိတတ်ပါသည်။ ထိုကျွန်းကိုင်းခြောက်လေးများကို မီးရှို့သောအခါ ပြာနုနုလေးများရရှိပါသည်။ ၎င်းကျွန်းပြာနုနုလေးများကို ထမင်းရည်နှင့်ပျစ်ပျစ်ဖျော်ပြီး ရေယုန်နာကို တစ်နေ့သုံးကြိမ်မှ ငါးကြိမ်အထိ လိမ်းပေးနိုင်ပါသည်။ နှစ်ရက်သုံးရက်အတွင်း ရေယုန်နာပျောက်ကင်းသွားပါသည်။

ထို့အပြင် ခွေးတောက်နွယ်ပင်မှ အရွက်ရင့်ရင့်စိမ်းစိမ်းစိုစိုများခူးယူပြီး ရေဆေးကာ ကြိတ်ခြေ၍ အရည်ညှစ်ယူ လိမ်းပေးပါ။ ယုန်ကို ခွေးကနိုင်ပါသည်။ ရေယုန်နာပျောက်ပါသည်။

နောက်တစ်နည်းမှာ အောက်အရပ်တွင် အသုံးပြုသည့် ဓနိသက်ငယ်ခြောက်ကိုမီးရှို့၍ရသောပြာကို ထမင်းရည်နှင့် ဖျော်လိမ်းပေးပါ။ မုချ ရေယုန်ပျောက်ပါသည်။

အထက်ပါနည်းများသည် ကျွန်ုပ်လက်တွေ့ အသုံးပြု ကုသပျောက်ကင်းစေသည့် ရေယုန်နာပျောက်ဆေးနည်းများဖြစ်၍ တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

၂၀၁၈ ခုနှစ်၊ မတ်လအတွက်

နေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဇွဲချ)

နေသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ နေသိဒ္ဓိနက္ခတ်လက်ဖြတ်ချိန်၊ နေသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်၊ ၎င်းသုံးပါးယှဉ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဿဗွမန္တန်ကြီး အပါအဝင် ဓနလာဘ်ဂါထာမန္တန်များရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာရရှိခံစားကြကုန်သည် ဖြစ်၏။

၁၄-၃-၂၀၁၈နေ့ နံနက် (၉း၂၉း၄၉)နာရီတွင် စန်းသည် နေသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ နေ့လယ် (၁၄း၂၉း၄၉)နာရီတွင် စန်းသည် နေသိဒ္ဓိနက္ခတ်နှင့်ယှဉ်နေမည်ဖြစ်ကာ ၁၅-၃-၂၀၁၈နေ့ နံနက် (၉း၂၉း၄၉)နာရီတွင် စန်းသည် နေသိဒ္ဓိနက္ခတ်မှစထွက်မည်ဖြစ်သည်။

၁၄-၃-၂၀၁၈ နေ့နံနက် (၄း၅၁း၄၅)နာရီမှ (၆း၃၅း၀၅)နာရီထိ စန်းလက်ဖြတ်ကျော်မည်ဖြစ်ပြီး ၁၄-၃-၂၀၁၈ နေ့ (၁၀း၅၇း၄၁)နာရီမှ (၁၀း၅၃း၀၉) နာရီအတွက် စန်းသည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

လက်ဖြတ်ကျော်ချိန်			မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်		
ရက်	စဝင်ချိန်	စထွက်ချိန်	ရက်	စဝင်ချိန်	စထွက်ချိန်
၁	၅း ၄၂း ၅၃	၇း ၂၆း ၁၃	၁	၁၁း ၄၈း ၄၉	၁၁း ၄၄း ၁၇
၂	၅း ၃၈း ၅၇	၇း ၂၂း ၁၇	၂	၁၁း ၄၄း ၅၃	၁၁း ၄၀း ၂၁
၃	၅း ၃၅း ၀၁	၇း ၁၈း ၂၁	၃	၁၁း ၄၀း ၅၇	၁၁း ၃၆း ၂၅
၄	၅း ၃၁း ၀၅	၇း ၁၄း ၂၅	၄	၁၁း ၃၇း ၀၁	၁၁း ၃၂း ၂၉
၅	၅း ၂၇း ၀၉	၇း ၁၀း ၂၉	၅	၁၁း ၃၃း ၀၅	၁၁း ၂၈း ၃၃
၆	၅း ၂၃း ၁၃	၇း ၀၆း ၃၃	၆	၁၁း ၂၉း ၀၉	၁၁း ၂၄း ၃၇
၇	၅း ၁၉း ၁၇	၇း ၀၂း ၃၇	၇	၁၁း ၂၅း ၁၃	၁၁း ၂၀း ၄၁
၈	၅း ၁၅း ၂၁	၆း ၅၈း ၄၁	၈	၁၁း ၂၁း ၁၇	၁၁း ၁၆း ၄၅
၉	၅း ၁၁း ၂၅	၆း ၅၄း ၄၅	၉	၁၁း ၁၇း ၂၁	၁၁း ၁၂း ၄၉
၁၀	၅း ၀၇း ၂၉	၆း ၅၀း ၄၉	၁၀	၁၁း ၁၃း ၂၅	၁၁း ၀၈း ၅၃
၁၁	၅း ၀၃း ၃၃	၆း ၄၆း ၅၃	၁၁	၁၁း ၀၉း ၂၉	၁၁း ၀၄း ၅၇
၁၂	၄း ၅၉း ၃၇	၆း ၄၂း ၅၇	၁၂	၁၁း ၀၅း ၃၃	၁၁း ၀၁း ၀၁
၁၃	၄း ၅၅း ၄၁	၆း ၃၉း ၀၁	၁၃	၁၁း ၀၁း ၃၇	၁၀း ၅၇း ၀၅
၁၄	၄း ၅၁း ၄၅	၆း ၃၅း ၀၅	၁၄	၁၀း ၅၇း ၄၁	၁၀း ၅၃း ၀၉
၁၅	၄း ၄၇း ၄၉	၆း ၃၁း ၀၉	၁၅	၁၀း ၅၃း ၄၅	၁၀း ၄၉း ၁၃
၁၆	၄း ၄၃း ၅၃	၆း ၂၇း ၁၃	၁၆	၁၀း ၄၉း ၄၉	၁၀း ၄၅း ၁၇
၁၇	၄း ၃၉း ၅၇	၆း ၂၃း ၁၇	၁၇	၁၀း ၄၅း ၅၃	၁၀း ၄၁း ၂၁
၁၈	၄း ၃၆း ၀၁	၆း ၁၉း ၂၁	၁၈	၁၀း ၄၁း ၅၇	၁၀း ၃၇း ၂၅
၁၉	၄း ၃၂း ၀၅	၆း ၁၅း ၂၅	၁၉	၁၀း ၃၈း ၀၁	၁၀း ၃၃း ၂၉
၂၀	၄း ၂၈း ၀၉	၆း ၁၁း ၂၉	၂၀	၁၀း ၃၄း ၀၅	၁၀း ၂၉း ၃၃
၂၁	၄း ၂၄း ၁၃	၆း ၀၇း ၃၃	၂၁	၁၀း ၃၀း ၀၉	၁၀း ၂၅း ၃၇
၂၂	၄း ၂၀း ၁၇	၆း ၀၃း ၃၇	၂၂	၁၀း ၂၆း ၁၃	၁၀း ၂၁း ၄၁
၂၃	၄း ၁၆း ၂၁	၅း ၅၉း ၄၁	၂၃	၁၀း ၂၂း ၁၇	၁၀း ၁၇း ၄၅
၂၄	၄း ၁၂း ၂၅	၅း ၅၅း ၄၅	၂၄	၁၀း ၁၈း ၂၁	၁၀း ၁၃း ၄၉
၂၅	၄း ၀၈း ၂၉	၅း ၅၁း ၄၉	၂၅	၁၀း ၁၄း ၂၅	၁၀း ၀၉း ၅၃
၂၆	၄း ၀၄း ၃၃	၅း ၄၇း ၅၃	၂၆	၁၀း ၁၀း ၂၉	၁၀း ၀၅း ၅၇
၂၇	၄း ၀၀း ၃၇	၅း ၄၃း ၅၇	၂၇	၁၀း ၀၆း ၃၃	၁၀း ၀၂း [illegible]
၂၈	၃း ၅၆း ၄၁	၅း ၄၀း ၀၁	၂၈	၁၀း ၀၂း ၃၇	၉း ၅၈း ၀၅
၂၉	၃း ၅၂း ၄၅	၅း ၃၆း ၀၅	၂၉	၉း ၅၈း ၄၁	၉း ၅၄း ၀၉
၃၀	၃း ၄၈း ၄၉	၅း ၃၂း ၀၉	၃၀	၉း ၅၄း ၄၅	၉း ၅၀း ၁၃
၃၁	၃း ၄၄း ၅၃	၅း ၂၈း ၁၃	၃၁	၉း ၅၀း ၄၉	၉း ၄၆း ၁၇

(ယခင်လမှအဆက်)

သူတို့နှစ်ယောက် ငှက်ရဲကျောက်ဆောင်နား ရောက်လာကြ၏။ ပင်လယ်နက်အဝေးဆီတွင် လရောင်ကို မြင်နေရပြီ။ တနင်္သာရီတောင်တန်းတွေကို လရောင်ကျော်လာနေပြီ။ တောတန်းတောအုပ်တွေကွယ်နေသဖြင့် လရောင်သည် ပင်လယ်ကမ်းခြေသို့ မရောက်သေး။ ပင်လယ်ပြင်အဝေးကိုသာ လရောင်က နှုတ်ဆက်နေ၏။

လှိုင်းသံတို့ပို့ဆူလာသည်။ လရောင်ထဲက အိမ့်လှိုင်းလုံးကြီးတွေ ပိုမြင့်လာသည်။ ကမ်းခြေဘက် စီတန်းပြေးလာနေကြသောလှိုင်းများသည် ငှက်ရဲကျောက်ဆောင်ကို တဝုန်းဝုန်းလာရိုက်နေကြ၏။ လှိုင်းလုံးကြီးတွေလာရိုက်ခတ်၍ ရေငန်စဥ်သောအခါတွင် ငှက်ရဲကျောက်ဆောင်ပေါ် လာနားနေကြသော ညငှက်တွေက နေရာရွှေ့ကြ၏။ ခုန်ဆွခုန်ဆွနှင့်နေရာရွှေ့ကြသော ညငှက်စွန်ရဲများသည် နေရာကောင်းလုရင်း ရန်ဖြစ်နေကြ၏။

ကျောက်ဆောင်မည်းမည်းထီးထီးများပေါ်တွင် လူတစ်ရပ်နီးပါးမြင့်သော ပင်လယ်ငှက်ကြီးကို လှမ်းကြည့်ကာ အောင်တိုင်အသည်းတယားယားဖြစ်နေ၏။ ပင်လယ်ငှက်ကြီးများသည် သူတို့နှစ်ယောက် ကျောက်ဆောင်နားရောက်လာကြသောအခါ ပို၍ဆူညံလာကြသည်။ လူတစ်ရပ်နီးပါးမြင့်သော ငှက်ကြီးများအောက်ကနေ ဖြတ်သွားရမှာကိုပင် အောင်တိုင်ရွံ့ချင်နေသည်။

ဒီရေအတက်ကြမ်းလာသည်။ ရေလှိုင်းလုံးကြီးတစ်လုံး ကျောက်ဆောင်ကို ဝုန်းခနဲလာရိုက်သည်။ အမှောင်ထဲတွင် ရေလုံးရေသီးများဖွေးဖွေးလွင့်သွားသည်။ ရေမလွတ်သောငှက်ကြီးအချို့က လန့်အော်ထပျံကြ၏။ ငှက်ကြီးများ၏ဖြန့်ကားထားသော တောင်ပံနှစ်ဖက်မှာ လူကြီးတစ်လံပင်ကျော်မည်။ လှိုင်းရိုက်ရေစဥ်သောငှက်ကြီးများသည် လရောင်ရရာ အမြင့်ထိတက်ပျံကြသည်။ တစ်ဖန်ပျံဝဲဆင်းလာ၏။ ခြေထောက်နှစ်ဖက်ကို တွဲလောင်းချပြီး ကျောက်ဆောင်ပေါ်

ပိုးကျော့

ဒ္ဓိကုဿရမြို့တော်

သုရဋ္ဌမဏ္ဍဝင် ၊ အခန်းဆက်ဝတ္ထုရှည်

လာနားကြပြန်သည်။

ရေအိုင်နှင့်ကျောက်ဆောင်အောက် သဲခုံပေါ် အောင်တိုင်တို့ ဖြတ်လျှောက်လာကြသည်။ လှိုင်းတစ်လုံးက သဲခုံပေါ် ဝေါခနဲပြေးတက်လာသည်။ နှစ်ယောက်စလုံး ခြေမျက်စိမြုပ်သွားသည်။

နောက်ထပ်လှိုင်းတစ်လုံးအလာတွင် ငှက်ကြီးတစ်ကောင်၏အတောင်ပံခတ်သံတဖြောင်းဖြောင်းတဖြမ်းဖြမ်းကို ကြားလိုက်ရ၏။ ကျောက်ဆောင်ပေါ်ရှိ ငှက်ရဲများ ရုတ်ခြည်းကျွက်ကျွက်ညံသွားကြသည်။ အောင်တိုင်ပင်လန့်သွား၏။ အသံကြားရာကိုလှမ်းကြည့်လိုက်မိသည်။

ကျောက်ဆောင်ပေါ်မှ ထပျံသွားသောငှက်ရဲကြီးသည် လှိုင်းခြေသလုံးလောက်ရှိသော လှိုင်းထိပ်က ငါးကြီးတစ်ကောင်ကို ဆင်းကုပ်သည်။ ရေလှိုင်းထိပ်က ငါးကြီးကိုဖွေးခနဲဆွဲတင်လာ၏။ ငါးရသွားသောငှက်ကြီးနောက် ကျောက်ဆောင်ပေါ်ရှိ ငှက်ကြီးများ အော်ဟစ်ဝိုင်းလိုက်လုကြသည်။ သူ့ခြေထောက်နှစ်ဖက်နှင့် လှိုင်းထိပ်ရေထဲမှ စွန့်စွန့်စားစားကုပ်ချီလာသောငှက်ကြီးကလည်း ငါးကို အလုမခံဘဲ တောင်တန်းတောင်ခြေဘက် အပြေးပျံသွားသည်။

ငါးရသွားသောငှက်ကြီးနောက်ကို ဝိုင်းလိုက်ကြသော ငှက်များပြန်လာပြီး ကျောက်ဆောင်တွင် ပြန်နားကြသည်။ ကျောက်ဆောင်ပေါ်ရှိ ငှက်ရဲများပို၍ဆူညံလာကြသည်။ ဒီရေတက်လာသဖြင့် လှိုင်းသံနှင့် ငှက်သံများ ပိုဆူညံလာသည်။ မကြာမီမှာပင် ကျောက်ဆောက်ပေါ်မှ လှမ်းငုံ့ကြည့်နေသော ငှက်ကြီးတစ်ကောင်သည် လှိုင်းထိပ်မှ ငါးတစ်ကောင်ကို အော်မြည်ဆင်းကုပ်ပြန်၏။

ငါးကြီးမှာ မည်မျှကြီးသည်မသိ။ အပေါ်ကို ငှက်ကြီးက ချီကုပ်တင်ယူမလာနိုင်တော့။ သူမနိုင်နိုင်သော ငါးကြီးကို လောဘတကြီးဆင်းကုပ်ထားသော ငှက်ကြီးမှာ သူမနိုင်မှန်းသိသော်လည်း သူ့ခြေသည်းနှစ်ဖက်နှင့် အားကုန်ကုပ်ထားသဖြင့် ပြန်လွှတ်ချ၍လည်း မရတော့။ ရှည်လျားသော သူ့ခြေသည်းများသည် ငါးကြီးပေါ် စူးဝင်နစ်မြုပ်နေပြီ။

ခြေသည်းနှစ်ဖက်ကိုဖြုတ်မရဘဲ သူ့ကိုယ်ပေါ်ကုပ်နှစ်ထားသော ငှက်ကြီးကို ငါးကြီးကလည်း ရေနက်ထဲ ဆွဲနှစ်ရန်လုပ်သည်။ ဤသည်ကိုသိသော ငှက်ကြီးကလည်း အတောင်ပံနှစ်ဖက်ကို ဖြန့်ကားခံထားရာ ရေထဲနစ်ပါမသွား။ သို့သော် ရေပေါ်ရုပ်ပြေးသွားသော ငါးကြီးနောက်ကိုတော့ အော်မြည်၍ ဆောက်တည်ရာမရ လိုက်ပါနေရ၏။ ငါးကြီးဆွဲပြေးသည်ကို အတောင်ပံနှစ်ဖက်ဖြန့်ပြီး ရေပေါ်တွင် ယိမ်းယိမ်းယိုင်ယိုင်လိုက်ပါနေရသော ငှက်ကြီးအော်သံကြောင့် ကျောက်ဆောင်ပေါ်ရှိ ငှက်ကြီးများကလည်း အော်မြည်ကာ အကူအပံ့သဘော ငါးကြီးဆွဲပြေးရာသို့ ရုပ်တိုက်လိုက်ပါနေရသော ငှက်ကြီးကို ကူရန်ဝိုင်းလိုက်ကြ၏။ သို့သော် ငါးကြီးက မည်မျှကြီးသည်မသိ၊ ကူရန်ပျံလိုက်သွားကြသော ငှက်များထဲက တစ်ကောင်တလေသောငှက်ကမှ ကူမကုပ်ရဲဘဲပြန်ပြေးလာကြသည်။

"ဟာ - ဟေ့ကောင် အောင်တိုင်၊ ဘယ်မှာငေးကျန်နေခဲ့တာလဲကွ။ မြန်မြန်လာစမ်းပါ။ ဒီရေအတက်ကြမ်းလာပြီ။ သဲတန်းသောင်ခုံတွေမြုပ်တော့မယ်"

ငှက်တစ်ပြန်ငါးတစ်ပြန်ဖြစ်နေကြရာမှ နောက်တော့ ပင်လယ်နက်ဘက် ငါးကြီးဆွဲပြေးရာနောက် လိုက်ပါသွားရသည်ကို ကြည့်ကောင်းကောင်းနှင့် ခဏရပ်ကြည့်နေမိသော အောင်တိုင်သည် ကောင်းကျော်အော်ခေါ်တော့မှ ကောင်းကျော်နောက် ပြေးလိုက်လာမိသည်။

"မင်းဘာကြည့်ကျန်နေခဲ့တာလဲ။ ငါက လိပ်များတက်လာတာများမြင်လို့လားတောင်ထင်မိတာ"

အနားရောက်သည်နှင့် ကောင်းကျော်က ဆရာကြီးလေသံနှင့်ပြော၏။

"ငှက်ကြီးတစ်ကောင် ငါးကြီးကို ဆင်းကုပ်တာကွာ။ အဲဒါ. . ."

"တော်စမ်းပါ လထွက်လာပြီ၊ ဒီရေလည်းတက်လာပြီဆိုတော့ ဘေးဘီကိုကြည့်ကွ။ ဒီရေအတက်မှာ လိပ်မကြီးတွေ ဥတက်ဥတတ်တယ်"

အောင်တိုင်ကသာမကြုံဘူးသော်လည်း ပင်လယ်လိပ်ဥရှာအတွေ့အကြုံများပြီး သူ့အစ်ကိုဂေါလာနှင့်အကြိမ်ကြိမ်အခါခါလိုက်ဖူးထားသောကောင်းကျော်ကမူ မြင်နေကျတွေ့နေကျဟုသာသဘောထားပုံရ၏။ ထို့ကြောင့်လည်း သူ့စကားကိုပင် ဆုံးအောင်နားမထောင်ဘဲ လိပ်မကြီးဥဥရန် ပင်လယ်ထဲကတက်လာမည့်ဆီသာစကားရောက်သွားသည်။

သည်နေ့မှာ ကောင်းကျော်ပြောသမျှလိုက်နာရတော့မည်။ ကောင်းကျော်နှင့်စာလျှင် သူက အတွေ့အကြုံမရှိသဖြင့် တပည့်ဖြစ်နေပြီ။

လထွက်လာပြီ။ မြုပ်တစ်ဝက်ပေါ်တစ်ဝက် ကျောက်ဆောင်ကျောက်တန်းကျောက်လုံးများနှင့်ကျောက်ပြင်သဲပြင်ချိုင့်ဝှမ်းသဲသောင်ပြင်များကိုလည်း ထင်ထင်ရှားရှားမြင်လာရပြီ။ သူတို့လိပ်ဥလျှောက်ရှာနေကြသော သောင်ပြင်ချိုင့်ဝှမ်းမှာ သူတို့ရွာနှင့်နီး၏။ နောက်များမကြာမီ ဤချိုင့်ဝှမ်း၌ ယာယီတဲငယ်များနှင့် တံငါလှေများအစီအရီဆိုက်ကပ်လာသည်ကိုမြင်ရတော့မည်။ အောင်တိုင်အဖေ၏လုံးထွင်းလှေနှင့်သူတို့တစ်ရွာလုံးက လှေများကိုလည်း ဤချိုင့်တွင်မှ မြင်လာရမည်။

ငါးမန်းများထွက်မည့် သူ့အဖေကို သူ့အမေနှင့်အတူ လိုက်ပို့ဖူးကြသည်။ ပင်လယ်က ငါးမန်းများရ၍ ပြန်လာသောအဖေကို အမေနှင့်အတူ ထပင်ပို့လည်း ရောက်ဖူးသည်။ ယခုနှစ်တွင်လည်း နောက်မကြာမီ အောင်တိုင် သူ့အမေနှင့်အတူ ဤချိုင့်သို့ရောက်ရှိမည်။

ပင်လယ်မှ ငါးရလာကြသော ရေလုပ်သားများ လှေကို ယာယီတဲရှေ့ဆွဲတင်ပြီး ညနေစာထမင်းစားကြသည်။ ရလာသမျှသောငါးများကို ခွဲစိတ်ကာ ငါးလှန်းစင်ပေါ်တွင်တင်လှမ်းကြမည်။ ထို့ကြောင့် ရာသီရောက်လျှင် ဤချိုင့်ဝှမ်းသည် ငါးညှီနံ့တို့နှင့် တံငါသည်များအတွက် သင်းပျံ့နေပေလိမ့်မည်။ ယခုတော့ ဤချိုင့်တွင် ရေငန်နံ့ကလွဲပြီး ဘာအနံ့မှမရှိသေး။ ပင်လယ်ထဲမှ ဥဥရန်တက်လာမည့်လိပ်မကြီးများကိုသာ သူတို့ရှာနေကြရသည်။

အဖေဘယ်နေရာတဲဆောက်မည်နည်းဟု သောင်ပြင်ချိုင့်ဝှမ်းကြီးကိုကြည့်ကာ အောင်တိုင် တွေးလာသည်။ ရှေ့ကသွားနေသော ကောင်းကျော်ကတော့ ဟိုကြည့်ဒီကြည့်နှင့်တစ်လှမ်းချင်းလျှောက်နေ၏။

ရှေ့ကသွားနေသောကောင်းကျော်၏ခြေလှမ်းက တုံ့ခနဲရပ်သွားသည်။ ကောင်းကျော်က သူ့ကို မသိမသာလက်ကာပြ၏။ ကောင်းကျော်လှမ်းကြည့်နေသော ရှေ့ဘက်ကို အောင်တိုင်ကလည်း လိုက်ကြည့်လိုက်၏။

သူတို့နှင့် ခြေလှမ်းသုံးလေးဆယ်လောက်အကွာရှိ လရောင်ထဲက သဲပြင်ပေါ်တွင် မည်းမည်းဝိုင်းဝိုင်းအရာဝတ္ထုတစ်ခုကို လှမ်းမြင်ရသည်။ ကျောက်လုံးကျောက်တုံးမဟုတ်၊ ထိုအရာဝတ္ထုသည် ပင်လယ်ဘက်မှ သဲသောင်ပေါ် ရွေ့ရွေ့လျားတက်လာနေသည်။

ကောင်းကျော်က သူ့ကိုလက်ပြပြီး နောက်ပြန် သဲပြင်ပေါ် ဝမ်းလျားမှောက်ချလိုက်၏။ ကောင်းကျော် လက်ပြလိုက်သည့်အတိုင်း အောင်တိုင်ကလည်း ကောင်းကျော်နည်းတူပင် သဲပြင်ပေါ် ဝမ်းလျားမှောက်ချလိုက်ရ၏။ ဝမ်းလျားမှောက်လျက်က သူ့အနားလာရန် ကောင်းကျော်က လက်ပြသဖြင့် အောင်တိုင်က ဝမ်းလျားထိုးသွား၍ ကောင်းကျော်အနားရောက်သွားသည်။

"မင်းမြင်လား"

ပင်လယ်လှိုင်းသံကြားထဲ ကြားရရုံလေသံနှင့် အနားရောက်လာသော အောင်တိုင်ကို ကောင်းကျော်ကမေး၏။

"မြင်တယ် အဲဒါ လိပ် လိပ်မကြီး ဥဖို့ တက်လာ. . ."

"မအော်ရဘူးကွ။ အသာကြည့်နေရတယ်"

လိပ်ဥရတော့မည်ဟုသော ဝမ်းသာစိတ်နှင့်အသံနည်းနည်းကျယ်သွားသော အောင်တိုင်ကို ကောင်းကျော်ကဆဲပြော၏။

လိပ်မကြီးက သဲသောင်ပေါ် တွားတက်နေသလို သူတို့နှစ်ယောက်ကလည်း လိုက်သွားသွားပြီး လိပ်မကြီးရှိရာဘက်သို့တက်လာကြ၏။ လရောင်ထဲတွင် လိပ်မကြီးကို ထင်ထင်ရှားရှားမြင်နေရပြီ။

ကောင်းကျော် တွားသွားလျှင် တွားသွား၊ ကောင်းကျော် သဲပြင်ပေါ် မှောက်လျက်ရပ်လျှင်ရပ်၊ နောက်ကနေလိုက်ပါလာနေရသောအောင်တိုင်သည် လိပ်မကြီးနှင့်နီးလာသောအခါ သူတို့ကို လိပ်မကြီးမြင်သွားပြီး ပင်လယ်ထဲပြန်ဆင်းသွားမှာ စိုးရိမ်မိလိုက်သဖြင့် -

"ဟေ့ကောင်၊ တို့လိပ်မကြီးနားနီးနီးကပ်ကပ်သွားလို့ဖြစ်ပါ့မလား။ လိပ်မကြီး တို့ကိုမြင်လို့ပင်လယ်ထဲပြန်. . ."

သဲပြင်ပေါ်တွင် နှစ်ယောက်အတူ လိပ်တွားသွားနေကြရာမှ အောင်တိုင့်ဆီကစကားသံကိုကြားသည်နှင့် ကောင်းကျော်က အောင်တိုင်ကို ခြေထောက်နှင့်လှမ်းခတ်လိုက်ပြီး -

"မင်း နားမလည်ပါဘူး။ ငါသိပါတယ်။ လိပ်မကြီးနားတော့သွားကပ်မလားကွ။ ရှေ့ကကျောက်တုံးတွေ့လား။ အဲဒီနားထိတော့ သွားကပ်ပုန်းကြည့်နေရမယ်။ လိပ်မကြီးက သူ့ဘေးနဲ့သူ တို့ကို မမြင်နိုင်ပါဘူး။ ဒါပေမယ့် လိပ်မကြီးနဲ့ ဝေးဝေးနေလို့လည်း မဖြစ်ဘူး။ မနီးလွန်းမဝေးလွန်းက စောင့်ကြည့်နေရမယ်။ ဒီအချိန်မှာ မတော်တဆ အခြားလိပ်ဥရှာသမားတွေ မမျှော်လင့်ဘဲရောက်ချလာရင် ဒီလိပ်မကြီးပင်လယ်ထဲကစတက်လာကတည်းက တို့ကြည့်ထားတာမြင်ထားတာလို့ ပြောနိုင်ရမယ်။ ဒါမှ တို့က ဒီလိပ်ဥတွေကို အကုန်ရမှာ။ မဟုတ်ရင် နောက်မှရောက်လာကြတဲ့လူတွေက သူတို့ကိုလည်း ဝေဝက်ပေးရမယ်လုပ်ချင်လုပ်တတ်ကြတာ။ တို့က ကလေးတွေဆိုတော့ အနိုင်ကျင့်ပြီး အတင်းတောင်းရင်တောင်းကြမှာ။ တို့မြင်ထားတာတို့က ဦးထားကြောင်းပြောနိုင်ရမယ်။ ဟိုမှာ တွေ့လား။ လိပ်မကြီးကျင်းယက်စပြုနေပြီ။ ငါ့နောက်သာလိုက်လာခဲ့၊ ဟိုကျောက်လုံးကြီးနား အမှောင်ထဲက တို့စောင့်ကြည့်ရမယ်။ လာသာလာခဲ့"

ကောင်းကျော်က လေကြားသံနှင့် တီးတိုးပြောကာ လရိပ်ကွယ်နေသော ကျောက်လုံးကြီးနား ဝမ်းလျားထိုးကပ်သွား၏။ အောင်တိုင်မှာအတွေ့အကြုံမရှိသေးသဖြင့် ရင်တခုန်ခုန်နှင့် ကောင်းကျော်နောက် ဝမ်းလျားထိုးပါနေရ၏။

ကျောက်တုံးကြီးအနားဝမ်းလျားမှောက်ပြီး နှစ်ယောက်အတူ လိပ်မကြီးရှိရာဘက်ကြည့်နေကြ၏။

လိပ်မကြီးသည် ဥများဥချရန်ကျင်းယက်နေပြီ။ လိပ်မကြီးယက်ထုတ်လိုက်သောသဲမှုန်သဲပွင့်များကို လရောင်ထဲတွင် အတိုင်းသားမြင်နေရ၏။ နောက်တော့ သဲမှုန်တွေ စဉ်ထွက်လာတာ မမြင်ရတော့။

"လိပ်မကြီးဥဥနေပြီကွ"

ကောင်းကျော်က ဝမ်းသာအားရပြော၏။

ဥဥပြီးသွားသောလိပ်မကြီးသည် သူ့ကျင်းသူ့သဲတွေနှင့်ယက်[illegible] သူ့ဥကျင်းနားတစ်ဝိုက်ရှိ သဲသောင်ပြင်ကို ပတ်ချာလှည့်၍ ယက်ကန်ယက်ကန်နှင့်သဲတွေကိုဖွကလေးသည်။ လိပ်မကြီးယက်ကန်ဖွကစားထားခဲ့သောအဝန်းအဝိုင်းမှာတလင်းရာတစ်ကွက်ခန့်ရှိ၏။ ဤသည်မှာ သူ၏ဥကို ရှာဖွေယူလိုကြသောရန်သူများ ဥကျင်းကိုရှာမတွေ့နိုင်အောင် သဘာဝအသိ ကမ္မသိဒ္ဓိနှင့်ဥကျင်းဖျောက်ထားခဲ့ခြင်းဖြစ်သည်။

ဤသည်ကိုတော့ စောစောကပင် ကောင်းကျော် ပြောပြထား၍ သိနှင့်ပြီ။ ဥကျင်းဝန်းကျင်အား လိပ်မကြီးကျင်းဝှက်ဖွယက်နေသည်မှာ ကွမ်းတစ်ယာညက်ခန့်ကြာသည်။ လိပ်ဥလိုချင်ဇောနှင့် အောင်တိုင်က အကြာကြီးစောင့်နေရသည်ဟု စိတ်လောနေ၏။

ကျင်းဖျောက်ယက်ကန်ကစားပြီးသော လိပ်မကြီးသည် သူ့ဥများကို စိတ်မချသေးသလိုနှင့် ဦးခေါင်းမော့ကာ ပတ်ဝန်းကျင်၌ ဘေးရန်ကင်းမကင်း လှည့်ပတ်ကြည့်၏။ စိတ်ချရပြီဟုထင်သွားပုံရသည်။ ခဏသာလှည့်ပတ်ကြည့်ပြီး ပင်လယ်လှိုင်းများတဖွတ်ဖွတ်ရိုက်ခတ်နေသောရေစပ်ကို တွားစင်းဖျောက်ကွယ်သွားလေသည်။

လိပ်မကြီးပင်လယ်ထဲဆင်းသွားသည်နှင့်တစ်ပြိုင်နက် ကောင်းကျော်နှင့် အောင်တိုင်တို့သည် လိပ်ကျင်းထဲပြေးချလာကြသည်။ လိပ်မကြီး ပင်လယ်ထဲမှ သဲသောင်ပေါ် တက်လာကတည်းကပင် ချောင်းကြည့်ထားကြသော ကောင်းကျော်နှင့် အောင်တိုင်တို့မှာ လွယ်လွယ်ကူကူပင် လိပ်ဥများကို သဲကျင်းထဲက စဖော်ယူကြ၏။ လိပ်ဥများမှာ နွေးနွေးလေးပင် ရှိသေးသည်။

အကယ်၍ လိပ်မကြီးပင်လယ်ထဲကတက်လာသည်ကိုလည်း မမြင်ရ၊ ဥထားခဲ့သော ဥကျင်းနေရာကိုလည်း အတိအကျမသိရလျှင်တော့ လိပ်မကြီးယက်ကန်ကကျင်းဖျောက်ထားခဲ့သော တလင်းရာတစ်ခန်းအကျယ်အပြန့်ရှိ သဲသောင်ပြင်ထဲကို အသင့်ပါလာသော ဖဲထိုးသံလုံးလေးနှင့် ဟိုစမ်းသည်စမ်း[illegible] ရှာကြရပေလိမ့်မည်။

"ဒီလိပ်က ပြင်သာလိပ်[illegible]တယ်ကွ။ ဥထဲမှာတော့ [illegible] ပြလိပ်၊ ဆောင်းကြ[illegible] ဥတော့ မကြီးဘူး။ [illegible]"

သဲထဲကလိပ်ဥများကို သူစလွယ်သိုင်းလွယ်လာသော ပုဆိုးပိုင်းထဲ ကောက်ထည့်နေကြရင်း ကောင်းကျော်က လူတတ်ကြီးလုပ်၍ ပြောပြနေပြန်၏။

အောင်တိုင်ကသာ ဝမ်းသာအားရနှင့် လိပ်ဥတွေကို ပုဆိုးပိုင်းထဲ အလျင်စလိုပင် ကောက်ထည့်နေသော်လည်း ကောင်းကျော်ကမူ ကျင်းနှုတ်ခမ်းပေါ် မတ်တတ်ရပ်ကာ ဟိုဟိုဒီဒီကြည့်ပြီး -

"မြန်နဲ့ ဆောင်းကြမ်းလိပ်တို့ကတော့ ဥများများမဥတတ်ကြဘူး။ ဥနည်းလို့လားမသိဘူး။ ဥကတော့ ပြင်သာလိပ်ထက်ကြီးတယ်။ အနှစ်လည်းနည်းတယ်။ တို့ခုလိပ်ဥတွေတော့ ငါထင်တယ် ရာတောင်ကျော်. . . ဟာ - ဟိုဟိုမှာ လိပ်ဥရှာသူတွေလာနေကြတယ်။ မြန်မြန်ကောက်ထည့်ပါဟ"

ကောင်းကျော်၏ စကားကြောင့် အောင်တိုင်ရင်ထိတ်သွား၏။ သဲနှင့်ရောနေသောလိပ်ဥများကို သဲစင်အောင်ပင် လုပ်မနေနိုင်တော့ဘဲ လက်ခုပ်နှင့်ကျုံးထည့်ရတော့သည်။ စောစောက လိပ်ငိုက်ခဲ့နေသော ကောင်းကျော်လည်း စကားမဆက်နိုင်တော့။ လိပ်ဥရှာလာသူများဘက်ကိုသာ ငေးကြည့်ပြီး တစ်စုံတစ်ခုအတွက် စိုးရိမ်သွားပုံရသည်။

လိပ်ဥတွေကို ပုဆိုးပိုင်းထဲကျုံးထည့်နေရင်းက အောင်တိုင်လည်း လိပ်ဥရှာလာနေကြသည်ဆိုသောလူများဘက် တစ်ချက်လှမ်းကြည့်လိုက်၏။ လရောင်ထဲတွင် လူနှစ်ယောက်ကို ကောင်းစွာမြင်နေရလေသည်။

လိပ်ဥရှာသူနှစ်ယောက် သူတို့နှင့်နီးလာ၏။ ကောင်းကျော်သည် အောင်တိုင်ကျုံးထည့်နေသော လိပ်ဥများကို ပုဆိုးပိုင်ပါမကျန် ကမန်းကတန်း ကောက်ယူလိုက်ပြီး -

"အောင်တိုင် ခု ဒီတို့ရထားတဲ့လိပ်ဥတွေကို နေရာသွားရွှေ့ထားလိုက်မယ်ကွ။ ကျန်တဲ့ဥတွေကို မင်းပုဆိုးထဲ ကောက်ထည့်ပြီး ငါ့ဆီ မြန်မြန်ပြေးလာခဲ့။ တို့ကို ကျင်းထဲမမိရင် သူတို့ကိုပေးစရာမလိုဘူး။ လိပ်ကျင်းထဲယူနေတုန်းမိရင်တော့ နောက်ရောက်လာသူတွေကို တစ်ဝက်ပေးရမယ်ဆိုတဲ့ အစဉ်အလာရှိတယ်။ လုပ်လုပ်မြန်မြန်လုပ်လာခဲ့ကွာ"

ပြောပြောဆိုဆိုနှင့်ပင် ကောင်းကျော်သည် လိပ်ဥထည့်ထားသော ပုဆိုးပိုင်းကို ကုန်းကောက်ပြီး လိပ်ဥကျင်းနှင့် ခြေလှမ်းသုံးလေးဆယ်လောက် အဝေး ပြေးသွား၏။ ထိုနေရာရောက်သွားမှ အောင်တိုင်ဘက် မတ်တတ်ရပ်လှမ်းကြည့်နေသည်။

ဥကျင်းထဲ ကျန်နေသော လိပ်ဥများကို အောင်တိုင်က ပုဆိုးအောက်စနှင့်ထုပ်ပြီး ကောင်းကျော်ရှိရာသို့ပြေး၏။

"ဟေးဟေး - မပြေးပါနဲ့ဟ။ ထုံးစံအတိုင်း ဟင်းစားလေးဘာလေး. . .။ ဟ - ကလေးတွေပါလား"

ပြေးလိုက်လာကြသော လူကြီးနှစ်ယောက်က လိပ်ဥကျင်းကိုငုံ့ကြည့်ပြီး ကောင်းကျော်နှင့် အောင်တိုင်တို့ မတ်တတ်ရပ်နေရာကိုရောက်လာကြ၏။

"ဟဲ့ကလေးတွေ နင်တို့ဘယ်ကလဲ။ ဘယ်လူ့ကလေးတွေလဲ"

သူတို့နှစ်ယောက်ရှေ့လာရပ်ပြီး တစ်ယောက်က မေး၏။

"ကျွန်တော် ကမ်းကြီးသတ်က ဦးဂျလားသား"

"ဟင် မင်းကိုကြီးဂျလားရဲ့အငယ်ကောင်လား။ ဂေါ်လာတော့ ငါသိပါတယ်။ တို့အမျိုးတွေပါကွ မကြောက်ပါနဲ့"

ထိုလူကြီးက လိပ်ဥများများ တောင်းချင်၍ အမျိုးလာစပ်နေတာဟု ကောင်းကျော်က ထင်လိုက်၏။

"မှန်းစမ်း မင်းတို့ရထားတဲ့ လိပ်ဥ"

အမျိုးတော်သည်ဆိုသော လူကြီးသည် ကောင်းကျော်ရှေ့အထုပ်လိုက်ချထားသော ပုဆိုးပိုင်းထဲက လိပ်ဥတွေကို ဖွင့်ကြည့်၏။

"မနည်းပါလား ပြင်သာလိပ်ဥတွေပဲကွ"

ကောင်းကျော်နှင့် အောင်တိုင်တို့က ဘာမှမပြောဝံ့ကြဘဲ ထိုလူကြီးမျက်နှာကိုသာ လရောင်ထဲမှာ ငေးကြည့်နေကြ၏။

အမျိုးတော်သည်ဆိုသော လူကြီးကို ကောင်းကျော်မြင်ဖူးသည်ဟုတော့ ထင်၏။ သို့သော် သူ့နာမည်ကို မမှတ်မိ။

"မင်းလား၊ ကိုကြီးဂျလားသား"

လိပ်ဥငုံ့ကြည့်သော လူကြီးက ကောင်းကျော်ကို မေးပြန်၏။

"ဟုတ်ကဲ့ပါ"

"မင်း ငါ့မှတ်မိလား"

"မြင်ဖူးသလိုတော့ ထင်ပါတယ်"

"ငါက ကျောက်ကြီးချိုင့်ဘက်က ဦးထော်လလေကွာ။ အရင်နှစ်နှစ်လောက်က မင်းအဖေနဲ့ ငါ ငှက်သိုက်သွားခူးကြလို့ မင်းတို့အိမ်သုံးလေးရက် တောင်နေဖူးပါတော။ သူကကော"

အမျိုးလူကြီး ဦးထော်လဆိုသူက ကောင်းကျော်ကို အမျိုးစပ်ပြောရင်း သူ့အနားတွင် ရပ်နေသော အောင်တိုင်ကို မေး၏။

"သူက ဦးအောင်သိုက်သား အောင်တိုင်ပါ"

"ဟယ် အေး၊ အောင်သိုက်သား ဆိုတော့ မုန်တိုင်းညက အလှောင်သမ်းတရုတ်မလေးကို ကယ်လာတယ်ဆိုတဲ့ကလေးလား"

"ဟုတ်ပါတယ်"

အောင်တိုင်က ဘာမှမပြော။ အမျိုးဆိုသဖြင့် ကောင်းကျော်ကချည်း ခေ့ထောက်ခံပြောနေ၏။

"ကဲ-အစ်ကိုကြီးအက်ဩ ကျွန်တော်တို့ရွာမှာပြောပြောနေကြတဲ့မုန်တိုင်းထဲက တရုတ်မလေးကိုကယ်လာတာ သူတဲ့ဗျ"

"အာဂကလေးပဲကွ"

အက်ဩဆိုသောလူကြီးကလည်း အောင်တိုင်ကို အံ့ဩတကြီးကြည့်ပြီး ဆိုသည်။

အောင်တိုင်၏သတင်းမှာ မိမိရွာသာမဟုတ်။ ရွာနီးပါးအထိ အကျော်ဇေယျဖြစ်ခဲ့သည်ကို ကောင်းကျော်ကလည်း သူ့အမျိုးဆိုသူပြောမှသိလိုက်ရ၏။

"ကဲကဲ - မင်းတို့ လိပ်တမလဲ ဆိုတော့ ညဉ့်မနက်မီ ရွာပြန်ကြတော့"

ဦးထော်လက ပြော၏။

ကောင်းကျော်က သူတို့ လိပ်ဥရှာသူ အချင်းချင်းအစဉ်အလာကိုသိ၍ အမျိုးဆိုသူ ဦးထော်လကို

"ဦးတို့ ဟင်းစားယူသွားကြဦးမလား"

ဟုပြောသည်။

"မယူပါဘူးကွာ။ ဦးတို့ ကျောက်ကြီးချိုင့်ဘက်သွားဦးမှာ။ သန်းခေါင် ပင်လယ်နား လိပ်ဥရှာသွားကြမယ်ဆိုတာကော လူကြီးတွေကို ပြောထားခဲ့ကြရဲ့လား"

"ဟုတ်ကဲ့ ပြောထားခဲ့ပါတယ် ဦး"

"အေးအေး - ပြန်ကြတော့ ညဉ့်နက်မယ်။ မင်းအဖေကို ငါနဲ့တွေ့ခဲ့တယ် ပြောလိုက်"

"ဟုတ်ကဲ့ပါ"

ဦးထော်လနှင့် ကောင်းကျော်တို့ ပြောနေကြသည်ကို စိုက်ကြည့်ပြီး ဦးအက်ဩက အံ့ဩသလိုနှင့် -

"ဒီကလေးတွေ အပြောအဆိုက ယဉ်ကျေးတယ်ပြောရမလား။ တစ်မျိုးနော်"

သူတို့အနားကထွက်သွားကြရင်း ဦးအက်ဩဆိုသူပြောသံနှင့် ဦးထော်လတို့ပြောသွားကြသံကို ကောင်းကျော်ရော အောင်တိုင်ပါကြားလိုက်ကြရသည်။

"သူတို့ရွာမှာ ဘုန်းကြီးကျောင်းရှိတယ်လေ အစ်ကိုကြီး။ အဲဒါကြောင့် သူတို့လေးတွေပြောတာက တို့ရွာက ကလေးတွေနဲ့မတူတာပေါ့"

လူကြီးနှစ်ဦးထွက်သွားကြသည်နှင့် ကောင်းကျော်က -

"ဒီလူကြီးတွေ သဘောကောင်းလိုက်ကြတာကွာ။ အစဉ်အလာအရ မင်းစားပေးပါတယ်ဆိုတာတောင်ယူမသွားကြဘူး"

"မင်းနဲ့အမျိုးဖို့နေမှာပေါ့ကွ"

"အေး-အဲဒါကြောင့်လားမသိဘူးနော်။ ကဲ - တို့လည်းသွားကြမယ်ကွာ။ ဟေ့ ခါးပိုက်ထဲကဥတွေ ဒီအထဲပေါင်းထည့်ပြီးထမ်းလာခဲ့ကွာ"

စောစောက ကောင်းကျော်သည် သူ့အပေါ် တစ်ချက်တစ်ချက် ဆရာလုပ်သည်၊ ကျောသည်ဟု မကျေမနပ်ဖြစ်မိသော်လည်း လိပ်ဥရလာသဖြင့် အောင်တိုင်သည် ကျေကျေနပ်နပ်ပင် လိပ်ဥထမ်းပြီး ကောင်းကျော်နောက်က လိုက်လာ၏။ လမ်းတစ်နေရာရောက်တော့ ကောင်းကျော်က -

"အောင်တိုင်၊ ငါမင်းပြောဖို့တစ်ခုမေ့သွားတယ်။ မင်းတို့ရခဲ့တဲ့ ကျင်းထဲမှာ ကျင်းထဲမှာ ကျင်းစောင့်တော့ထားခဲ့ပါတယ်နော်"

"ဘာရယ် ဘာကျင်းစောင့်လဲကွ"

ဒီကောင် လူတတ်လုပ်ပြန်ပြီဟူသော စိတ်နှင့် ဘုတောလိုက်၏။

"ဒီလိုပါကွာ။ လိပ်ကျင်းထဲမှာ ကျင်းစောင့်အဖြစ် လိပ်ဥသုံးလေးလုံး ချန်ထားခဲ့လားလို့ မေးတာပါ။ ကမန်းကတန်းဆိုတော့ မင်းမေ့များသွားလားလို့ပါ"

ရွာမှာလို သူပြောသမျှ ဘုဆတ်ဆတ်ပြန်မပြောဘဲ ယနေ့ည သူပြောသမျှမငြင်းမဆို လိုက်လာသော အောင်တိုင်ကို ကောင်းကျော်ကလည်း နောက်နေ့ နောက်နေ့တွေလည်း ခိုင်းကောင်းအောင်ဟူသော ရည်ရွယ်ချက်ကြောင့်လားမသိ ညင်ညင်သာသာစကားနှင့် သာဆို၏။

ကောင်းကျော်စကားကို အောင်တိုင်တွေဝေသွားသည်။

စောစောတုန်းကတော့ သူကပဲ ဟိုလူတွေ ကျင်းနားရောက်မလာမီ ရသမျှ ကျုံးယူလာခဲ့ဟုပြော၏။ ယခုကောင်းကျော်ကတစ်မျိုးပြောပြန်၏။ သို့သော် မထားမိခဲ့ပါလားဟုပြောလျှင် ဘယ်လို လိပ်ကျင်းမျိုးက ဘယ်သို့ဘယ်နှယ် လိပ်ဥရှာဥပဒေသတွေကို ရွတ်ပြနေဦးမည်မသိဟူသော ခပ်ချဉ်ချဉ်စိတ်နှင့် ဘာမဟုတ်တာ ရေးကြီးခွင့်ကျယ်လုပ်ရမည်လားဟု -

"ဪ - ဒါလား ထားခဲ့ပါတယ်ကွ။ ငါလည်း ဒီလောက်တော့ ကြားဖူးနားဝရှိပါတယ်"

ဟု ပြန်ပြောလိုက်၏။

"အေးပါကွာ ထားခဲ့ရင်ပြီးတာပဲ"

ကောင်းကျော်က ပကတိလေသံနှင့်ဆို၏။

အမှန်တကယ်မှာမူ လိပ်ဥကျင်း၌ ကျင်းစောင့်အဖြစ် လိပ်ဥသုံးလေးလုံး ဘာကြောင့် ချန်ထားခဲ့ကြရသည်ကို အောင်တိုင် လုံးဝမသိ။ ကျင်းစောင့် မချန်ထားခဲ့လျှင်ဟူသော အကျိုးအပြစ်ကိုလည်း သူမသိ။ မစဉ်းစား။ သူသည် လိပ်ဥရှာရန် ဤတစ်ခါသာ ပင်လယ်နား လိုက်လာဖူးသဖြင့် နားလည်းမလည်။

ဘာပဲဖြစ်ဖြစ် ဦးဆုံး လိပ်ဥရှာထွက်ဖူးသော ဤညဉ့်ပင် လိပ်ဥတစ်ယောက် သုံးလေးဆယ်စီရကြမည်ဟူသော ဝမ်းသာမှုနှင့် ရွာပြန်လမ်းတွင် အောင်တိုင်ခြေမြေမကျဖြစ်လာမိသည်။

■

ရေနံဆီမီးခွက်ရှေ့ စာအုပ်ချပြီး အိပ်ငိုက်နေသော မိဇံကို မြင်ရသည်။ အောင်တိုင်အံ့ဩသွား၏။

"ဟင် - နင် ခုထိ မအိပ်သေးဘူး"

ကောင်းကျော်ကလည်း၊ [illegible] သလို ဆို၏။

မိဇံက လန့်ပြီး မျက်လုံး[illegible]ကြည့်သည်။ တစ်ချက်သမ်းလိုက်ပြီး အောင်တိုင်ကို ကြည့်နေသည်။

"အမေ အမေ့သမီး လာကြည့်ဦး။ ရေနံဆီအကုန်ခံပြီး အိပ်နေတယ်"

"စာကျက်နေတာပါနော်၊ ခဏလေး ငိုက်သွားတာ"

သူ့အမေ ဒေါ်အုဇီ အိပ်ရာကထလာပုံရ၏။

"သမီး စာကျက်နေလား။ အေး ကောင်းတယ် ကောင်းတယ်။ ကျက်ကျက်။ အမေတို့က စာမတတ်တော့ သားသမီးတွေစာတတ်မှဖြစ်မယ်။ ညီမလေး စာကျက်နေတာကောင်းပါတယ် သားရယ်"

သူ့အမေက ကောင်းကျော်ကိုပါ ရောပြော၏။

"ဒီကောင်မလေးတော့ ဘုန်းကြီးမြှောက်ပေးတာနဲ့ မျက်စိကန်းတော့မှာပဲ"

လိပ်ဥရလာသော ကျောင်းကျော်, က လူကြီးသူမသံ ဩဇာအပြည့်နှင့် ပြော၏။

"ဘယ်အချိန်ရှိသေးလို့လဲ"

မိဇံက ပြန်ပြော၏။

"သန်းခေါင်တောင်တိုင်တော့မယ်"

ကောင်းကျော်က အော်လိုက်၏။

သူတို့ မောင်နှမကြား အောင်တိုင်က ဘာမှ ဝင်မပြော။

"နင်တို့နှစ်ယောက်ကကော ဘယ်ကပြန်လာကြလဲ"

"ကျွန်တော်တို့ ပင်လယ်နား လိပ်ဥသွားရှာကြတာ လိပ်ဥတစ်မရခဲ့တယ် အမေ"

ကောင်းကျော်က ဂုဏ်ယူဝင့်ကြွားသံနှင့် အောင်တိုင်ရှေ့ချထားသော လိပ်ဥထုပ်ကို ကောက်ရွှေ့ပြီး သူ့အမေနှင့် မိဇံတို့ရှေ့ချလိုက်၏။

သူ့အမေက များစွာစိတ်မဝင်စား။

"နင်တို့မပြောမဆိုနဲ့"

အပြစ်တင်သံနှင့်ဆို၏။

"အေးလေ"

မိဇံကပါ သံယောင်လိုက်ဆို၏။

ကောင်းကျော်က မိဇံကို မျက်စောင်းထိုးပြီး-

"နင် အိပ်ရေးပျက်ခံ ရေနံဆီကုန်ခံပြီး စာကျက်တာ ဘာရလဲ။ ငါတို့ ပြင်သာသွားလည်တာ လိပ်ဥရလာတယ်

တွေ့လား။ စာမတတ်လည်း မယားတစ်ယောက်၊ စာတတ်လည်း မယားတစ်ယောက်ပဲတဲ့။ တို့တော့ စာစိတ်မဝင်စား"

"အမယ် - စာတတ်ရင် မယားနှစ်ယောက်ရနိုင်တယ်တဲ့။ ခု မေသူတို့အဖေတောင် မယားအသစ်တစ်ယောက်ယူလိုက်ပြီတဲ့။ တို့ရွာမှာ မေသူတို့အဖေကို စာအတတ်ဆုံး၊ အလည်ဆုံးလူရာအပေါက်ဆုံးတဲ့ နော် အမေ"

မိဖုံက အောင်တိုင့်ဆီ တစ်ချက်လှမ်းကြည့်၍ သူ့အမေကို အကူအညီတောင်းသလိုပြောသည်။ သို့သော် သူ့အမေက ဘာမှမပြော။ တစ်ချက်သမ်းလိုက်ပြီး မျက်နှာကိုပွတ်နေ၏။

"ဩော် - ခု နင်မအိပ်ဘဲစာကျက်နေတာ လင်နှစ်ယောက်လိုချင်လို့ပေါ့"

သူ့နှမအား ကောင်းကျော်ပြောလိုက်သည်ကို အောင်တိုင်ဟော်တော်ဝမ်းသာသွားသည်။ စိတ်ထဲကလည်း နေရာတကာစွာတဲ့ဆလုံမ မှတ်ကရောဟုပြောလိုက်မိ၏။

မောင်နှမနှစ်ယောက် စကားအနိုင်လုပြောနေကြသည်။ မိဖုံအမေကတော့ ဘာကိုသဘောကျသွားသည် မသိ။ ရယ်ပြီး-

"ဟုတ်တယ်"

မိဖုံက သူ့အမေအားကိုးနှင့် သူ့အစ်ကိုကိုရွဲ့ပြောလိုက်၏။

"ငါ ပါးထရိုက်လိုက်လို့ ဗီဗီမဖြစ်ချင်လို့လား"

ကောင်းကျော်က သူ့ညီမကိုဆဲသည်။

"သူတို့ရောက်လာတာနဲ့ စာကျက်ပျက်တယ်။ သွားအိပ်တော့မယ်"

မိဖုံက စာအုပ်ပိတ်၍ ထရန်လုပ်၏။

သူ မကြာမိသေး။ မေသူ့အဖေ မယားအသစ်တစ်ယောက်ယူထားသည်ဆိုသော စောစောက မိဖုံ၏ စကားကို အောင်တိုင် စိတ်ဝင်စားသွား၏။ အောင်တိုင်အောင့်မနေနိုင်တော့။ မောင်နှမနှစ်ယောက် စကားအခြေအတင်ပြောနေကြသဖြင့် ယခုမှ မေးရ၏။

"တကယ်လား မိဖုံ၊ နင်ဘယ်တုံးက ကြားလဲ"

"တစ်လလောက်တောင်ရှိပြီတဲ့"

"တကယ်တဲ့ကွ။ ငါလည်း ကြားတယ်။ မင်းတို့အပိုင်းက ဝေးလို့မကြားတာ"

မိဖုံက ပါးစပ်ကို လက်နှင့်အုပ်ပြီး

တစ်ချက်သမ်းလိုက်စဉ် ကောင်းကျော်က ဝင်ပြောပြန်၏။

သူ့နှမနှင့်သူကြား ကောင်းကျော်ဝင်ပါပြောသည်ကို အောင်တိုင် စိတ်တိုချင်သွားသည်။ 'ခွေးကောင် မင်းညီမနဲ့ ငါစကားပြောတာပဲ - မနာလိုနေသလို စကားဝင်ပြောတယ်။ မင်းသိတာ ဒါပဲမှတ်လား၊ မိဖုံကန့်စပ်တယ်။ မိဖုံကိုမေးရင် အကြောင်းစုံသိရမယ်။ ခု မင်းဝင်ပြောတော့ မိဖုံ အခန်းထဲဝင်သွားပြီ' ဟု ကောင်းကျော်ကို စိတ် ကျိန်ဆဲနေမိသည်။

ကောင်းကျော်၏ အမေကတော့ မေသူတို့အဖေ မယားအသစ်တစ်ယောက်ယူသည်ကို ဘာမှဝင်မပြော။ စိတ်ဝင်စားပုံကိုလည်း မရ။ သူ့ရှေ့ ကောင်းကျော်ချထားပေးသော လိပ်ဥထုပ်ကိုသာဖြေကြည့်၏။

"အောင်တိုင်နဲ့ ကျုပ်၊ အေး - ကျွန်တော်နဲ့တစ်ယောက်တစ်ဝက်ခွဲယူရမယ် အမေ"

ဘုန်းကြီးသင်ပေးထားသောစကားကိုမေ့သွားပြီး ကျုပ်ပြောပြီးမှ ကျွန်တော်ဟု ပြန်လုပ်ပြော၏။ အောင်တိုင်က ရယ်ချင်ပက်ကျိဖြစ်သွားသည်။

ကောင်းကျော်က သူ့အမေကို ပြော၏။

"ဟုတ်ပါတယ်တော်။ ငါတို့ အပိုမယူပါဘူး။ဒီမှာကြည့်တော့အောင်တိုင်"

"ဒေါ်ဗိကလည်းဗျာ ဒေါ်ဗိတို့အိမ်က လူအများကြီး။ ကျွန်တော်တို့ကသုံးယောက်တည်းရယ်။ သုံးပုံတစ်ပုံပဲ ကျွန်တော့်ပေးလိုက်ပါ"

"ဟဲဟဲ - နင်က ငါ့ကိုလိပ်ဥနဲ့မျက်နှာလုပ်မလို့လား အောင်တိုင်။ စက်လှေပျက်မှာ ပစ္စည်းရှာကြတဲ့ညက နင့်ကို ငါ ဘာပြောထားလဲ။ လိပ်ဥလောက်နဲ့တော့ မရဘူးနော် ဟဲဟဲ"

ဒေါ်အဗိစကားကို အောင်တိုင် စိတ်လည်းဆိုး၊ ရှက်လည်းရှက်သွားသည်။ စောစောကမှ အိပ်ရာဝင်သွားသော မိဖုံအိပ်ပျော်မှာမဟုတ်သေးဘူး။ ကြားမှာပဲဟူသောအတွေးနှင့် ကောင်းကျော်မျက်နှာကိုပင် စေ့စေ့မကြည့်ရဲ ခေါင်းငုံ့မိလိုက်၏။ စိတ်ထဲကမူ ပေးမယ် ပေးမယ် ခင်ဗျားသမီးကို လိုချင်လွန်းလို့ သေတ္တာကြီးနှမ်လုံး အားကြီးပေးမယ် စောင့်နေဟု ပြောမိနေသည်။

"အမယ်လေးဟဲ့ ဆန်ကြမ်းကများ စေးနေလိုက်တာ မျက်နှာလေးမော့ပါဦးဟဲ့။ ငါ အလကား ကျီစားတာပါ။ ဟိုဘက်ကမ်းမှာ ရေနံလာရှာတဲ့လူတွေ ရောက်နေလို့, အခုလိပ်ဥသိပ်ရောင်းကောင်းနေတယ်တဲ့ လူလေး။ ယူသွား။နင်တို့စားမကုန်ရင်လည်း ဟိုဘက်ကမ်းသွားရောင်းပေါ့ဟယ်။ အခုလမ်းလည်း သိနေကြပြီပဲ။ ဘောင်းဘီဝတ်ချင်ကြတဲ့နင့်တို့ လိပ်ဥနဲ့လဲလည်းရတယ်တဲ့။ ရော့ - ယူသွား"

သည်ဆလုံမကြီးပါးစပ်ကို မေ့အဖေ တရုတ်ကြီးပြောသော သွားတိုက်ဆေးနဲ့ပဲတိုက်ပစ်ဖို့ကောင်းတယ်ဟု စိတ်ခုသွား၏။ ထို့ကြောင့် နောက်ထပ် ဘာမှပြန်မပြောတော့ဘဲ ဒေါ်အဗိပေးသော လိပ်ဥထုပ်ကို ကောက်ယူကာ ပြန်ပါဦးမယ်ပင် မဆိုခဲ့တော့ဘဲ အိမ်ပေါ်က ဆင်း၏။

ကောင်းကျော်က ဘာမပြောညာမပြော အိမ်ပေါ်ကဆင်းသွားသော အောင်တိုင့်နောက်ဆင်းလိုက်လာပြီး

"ဟေ့ကောင် အောင်တိုင်။ တို့ မနက်ဖြန် စောစောသွားရအောင်။ ညနေ ထမင်းစားပြီးတာနဲ့ လာခဲ့ကွနော်။ ငါ အိမ်ကစောင့်နေမယ်။ လိပ်ဥနောက် တစ်မလောက်ရရင် အမေပြောသလို ဘောင်းဘီနဲ့သွားလဲရအောင်"

"အေးအေး"

ဟုသာ ပါးစပ်က ပြောထားသော်လည်း 'မလာတော့ဘူး။ ငါ့ဘာသာငါ တစ်ယောက်တည်းပဲ သွားရှာသွားမယ်။ သွားတတ်နေပြီ၊ မင်းအမေ ပါးစပ်နဲ့ ငါနဲ့မဖြစ်ဘူး' ဟု ပြောထား၏။

■

အိမ်ပေါ်ပြေးတက်လာ၏။ အပြင်ခန်း၌ပင် အမေအိပ်နေပြီ။

"အမေ အမေ ထဗျ။ ကျွန်တော် လိပ်ဥတွေရလာတယ်"

အောင်တိုင် ဝမ်းသာအားရ အော်ပြောသော်လည်း သူ့အမေက လှုပ်ပင်မလှုပ်။ အောင်ကိုင်လှုပ်နှိုး၏။

"အမေ ဖမေ"

မျက်စိဖွင့်မကြည့်သေး။ လူးလွန့်ပြီး ဟင့်-အင်းလုပ်နေ၏။

"အမေ အမေ ထစမ်းပါဦးဗျ"

"ဘာလဲဟဲ့ ငါ့နှယ် ဒုက္ခပဲ"

"ကျွန်တော် လိပ်ဥတွေ အများကြီး ရလာတယ်ဗျ"

"ဟင် နင်ဘယ်ကရလာလဲ လိပ်ဥ၊ ငါက ခါတိုင်းလို ထွန်းသောင်အိမ်မှာ အိပ်နေပြီထင်ထားတာ"

သူ့အမေကမထသေး။လဲလျောင်းရင်းက ပြော၏။

"ဘယ်ကရလာမလဲ၊ ပင်လယ်က ပေါ့ဗျ"

အောင်တိုင်က သူ့အမေကို မကျေမနပ်နှင့်အော်လိုက်၏။ ထကြည့်မော်ပင်မရကောင်းလားဟုလည်း စိတ်တိုသွားသည်။

ပင်လယ်ဟူသော စကားကြောင့်လားမသိ။ ချက်ချင်းထထိုင်၏။

"ဟင် - မပြောမဆိုနဲ့ ပင်လယ်ကို နင်ဘယ်လူနဲ့သွားလဲ"

"ကောင်းကျော်နဲ့ဗျ"

"ဘယ်ကကောင်းကျော်လဲ"

အံ့ဩသွားသလို ဆို၏။

"ဘယ်က ကောင်းကျော်ရမလဲ။ ကမ်းကြီးသတ်ဘက်က ဦးဂျလားသားအငယ်ကောင် ကောင်းကျော်နဲ့ပေါ့ဗျ"

"အမယ် - သမီးယောက်ဖတွေ တယ်အလွမ်းသင့်နေကြတယ်ပေါ့"

ခုထိ သူ့ရှေ့ချထားသော လိပ်ဥထုပ်ကိုပင် ကိုင်မကြည့်သေးဘဲ ဒေါ်အဗိလိုပင် မိဖုံနှင့်ယိုးစွတ်ပြောလာသည်ကို အောင်တိုင် စိတ်တိုသွား၏။

"ဟုတ်တယ် တစိမ်းနဲ့ဆို စိတ်မချရလို့"

ချက်ချင်း သူ့အမေ၏ ပါးစပ်က ရယ်သံထွက်လာ၏။ ရွဲ့ပြောသည်ကိုပင် သဘောကျသွားပုံရ၏။ အောင်တိုင် သူ့အမေကို ပို၍စိတ်တိုသွားသည်။

မိမိအရွယ်နှင့် ဂုဏ်လို လိပ်ဥရလာသည်ကို အဖေသာဆိုလျှင် သူ့ကိုချီးကျူးစကား မုချဆိုမည်။ ခုတော့ ဤအမေက အေးတိအေးစက်နှင့် အခုထိလည်း သူ့လိပ်ဥထုပ်ကိုကိုင်မကြည့်သေး။ အိပ်ရာက ထလာသည်ကလည်း မိဖုံနှင့်ပတ်သက်သောစကား၊ မိဖုံအစ်ကိုနှင့်ပင်လယ်သွားကြသည်ဆိုသဖြင့်သာထလာပုံရ၏။

"ခု နင် ဘယ်ကလာတယ်"

"ယောက္ခမ၊ ယောက်ဖတို့အိမ်က"

သူ့သားအရွဲ့တိုက်ပြောပြီးဆိုသည်ကို ဤတစ်ခါတော့ ဆလုံမကြီးရိပ်မိသွားပုံရ၏။ သို့သော် တဟဲဟဲရယ်ပြီး-

"နင့်ယောက္ခမ နင့်ကို ဘာပြောလိုက်လဲ"

"အမေ ဘာသိလဲ။ ဒေါ်အဗိက မှာလိုက်တယ်ဗျ"

"ဘာမှာလိုက်လဲ ငါ့ကိုလား ပြောစမ်းပါဦး"

"ကျွန်တော့်ကိုပါ"

"အေး - နင့်ကို ဘာမှာလိုက်လဲ"

"မမှာပါဘူး၊ မေးတာပါ"

"အေး - ဘာမေးလဲ"

"နင့်အမေမသေသေးဘူးလားတဲ့"

နှစ်ယောက်စလုံး ရယ်လိုက်ကြပြီးမှ သူ့အမေက -

"ခွေးသား"

ဆဲသည်။

"အမေ"

"ဘာလဲဟဲ့၊ ငါ အိပ်ချင်ပြီ"

"ဒီလိပ်ဥတွေက မြင်သာလိပ်ဥလို့ ဒေါ်အဗိကပြောတယ်။ ဟုတ်လားကြည့်စမ်းပါဦးဆို"

"ဘာလိပ်ဥပဲဖြစ်ဖြစ် စားရတာပဲ။ နင်တို့ခေတ်သာ လိပ်ဥကို ပင်လယ်သွားရှာရတာ အမေတို့ ငယ်ငယ်က လိပ်တွေ အိမ်အောက်တောင်တက်ဥတယ်"

"ဟိုတုန်းက ဆလုံတွေပသျှူးတွေ လိပ်ဥတန်ဖိုးမှ မသိကြတာ။ ဒေါ်အဗိက ပြောလိုက်တယ်။ ဟိုဘက်ကမ်းမှာ ရေနံရှာတဲ့လူတွေရောက်နေတယ်။သွားရောင်းရင် ပိုက်ဆံရတယ်။ ဘောင်းဘီတွေနဲ့လည်း လဲလို့ရတယ်တဲ့"

"အေးပါ၊ နင့်အဖေ ပြန်လာတော့ သွားလဲကြပေါ့။ ဒါမှမဟုတ်ရင်လည်း နင့်ယောက်ဖ တစ်ယောက်ယောက်နဲ့ သွားကြပေါ့။ ငါအိပ်မယ်ဟာ"

ယခုထိလည်း သူ့အမေက အောင်တိုင်ရလာသော လိပ်ဥထုပ်ကို ယောင်လို့ပင် ကိုင်မကြည့်၊ အိပ်မယ် ပြောပြီး အိပ်ရာထဲလှဲသွား၏။

အောင်တိုင် သူ့အမေကို ပို၍ စိတ်တိုသွားသည်။

"အမေ"

"ဘာလဲဟ"

"ဒီလိပ်ဥထုပ်ဘယ်မှာသွားထားရမလဲလို့"

"ဒီလောက် အိမ်အကျယ်ကြီးကို ဘယ်နေရာထားရမှန်းမသိဘူး ဟုတ်လား။ ငါ့ခေါင်းပေါ် လာထား"

အောင်တိုင် စိတ်ပေါက်ပေါက်နှင့် လိပ်ဥထုပ်ကောက်ပြီး သူ့အမေ ခေါင်းပေါ်ဆောင့်ချလိုက်သည်။

"ဟဲ့-ခွေးတိရစ္ဆာန်၊ လိပ်ဥတွေကွဲကုန်လို့ ငါ့တစ်ကိုယ်လုံးညှီကုန်ရင် နင်နဲ့ ငါနဲ့တွေ့မယ်"

သူ့အမေမှာ မနေသာတော့ဘဲ ထထိုင်ရတော့၏။

လိပ်ဥမှာ ကြက်ဥ၊ ဘဲဥတွေလို မာမာမဟုတ်ဘဲ ပျော့စိစိဖြစ်သဖြင့် ဘယ်လိုမှမကွဲမှန်း အောင်တိုင်သိသည်။ ထို့ကြောင့်လည်း သူ့အမေကို ဒီလောက်တောင်ဖြစ်လှတာဟု တမင်လုပ်ခြင်းဖြစ်သည်။

"လိပ်ဥများရွှေတုံးရွှေခဲရလာတာကျနေတာပဲ ဖြစ်လာလိုက်တာ"

သူ့အမေက ဖျစ်တောက်ဖျစ်တောက်ပြောပြီး အောင်တိုင်ပစ်ချထားခဲ့သော လိပ်ဥထုပ်ကို ဤတစ်ခါတော့ မီးဖိုဆောင်ထဲ သွားထားလိုက်သည်။

အောင်တိုင်ဆင်းလိုက်တော့ သူ့အမေက -

"သန်းခေါင်တိုင်နေပြီ။ ဒါ ဘယ်သွားပြန်ဦးမလို့လဲ"

လှမ်းမေး၏။

"အစ်ကိုကြီးအိမ်မှာသွားအိပ်မလို့ဗျ"

"နင့်ယောက္ခမအိမ်တော့ မဟုတ်ပါဘူးနော်"

"မိဖုံကလက်ခံရင် တစ်ခါတည်းနေလိုက်တော့မယ်။ အမေ့အိမ် မလာတော့ဘူး"

အမြဲတမ်းလိုလို သူမကြိုက်သော မိဖုံနှင့်ချည်း ယိုးစွပ်ရပါမည်လားဟု စိတ်ပေါက်ပေါက်နှင့် အော်ပြောပစ်လိုက်၏။ သူ့အမေကလည်း မလျှော့။

"အေးအေး-ဝမ်းသာပါတယ်။ မိဖုံတို့အိမ်မှာပဲနေတော့၊ ပြန်မလာနဲ့"

သူ့အမေစကားမဆုံးမီပင် အောင်တိုင် အိမ်ပေါ်ပြန်တက်လာ၏။

"ဘယ်လိုဖြစ်ပြန်တာလဲ"

"ဒီအချိန်အစ်ကိုကြီးအိပ်နေပြီနေမှာ။ မသွားတော့ဘူး"

ပြောပြီး အောင်တိုင် သူ့အမေ အိပ်ရာပေါ် တက်လိုက်သည်။

(ဆက်ရန်)

ဖိုးကျော့

[illegible]

ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

[illegible]

■ ကလေးအမည်အစ မဟာအဝတ္ထာန်က

"ဆရာကြီးခင်ဗျား ကလေးနာမည်မှည့်တဲ့နေရာမှာ မဟာအဝတ္ထာန်က ဘာကြောင့်စရတာလဲ"

"အဝတ္ထာန်ငါးပါးထဲမယ် မဟာအဝတ္ထာန်က အားအနည်းဆုံးမဟုတ်လား။ ငယ်ရွယ်တုန်းမှာက ဘဝရဲ့ တိုးတက်အောင်မြင်မှုတွေအတွက်လုပ်ဖို့ အခွင့်အလမ်းနည်းနေသေးတယ်လေ။ ဒါကြောင့် မဟာအညံ့ကို ငယ်ရွယ်တုန်းယူပြီး အသက်ရလာတာနဲ့အမျှ ပိုပိုပြီး ကောင်းအောင်စီစဉ်တဲ့သဘောပဲလေ။ ဒါကြောင့် အသရဟာ မဟာအဝတ္ထာန် ကာလအားဖြင့် (၁၂) နှစ်၊ ဣသရဟာ ဗာလအဝတ္ထာန်။ ကာလအားဖြင့်(၁၂)နှစ်၊ ဥသရဟာ ကုမာရအဝတ္ထာန်။ ကာလအားဖြင့် (၁၂) နှစ်။ ဧသရ ဟာ ယုဝအဝတ္ထာန်။ ကာလအားဖြင့် (၁၂) နှစ်၊ ဩသရဟာ ဝုဋ္ဌအဝတ္ထာန် ကာလအားဖြင့် (၁၂) နှစ်။ စုစုပေါင်း အနှစ် (၆၀) ကာလအပိုင်းအခြားတစ်ခုဆိုတာတွေ့ရမယ်ကွယ့်။

ကလေးတစ်ယောက်ဟာ အမည်နာမစမှည့်တဲ့နေ့ကစပြီးတော့ ပထမသရမဟာမှာ (၁၂) နှစ်၊ ဒုတိယဣသရ ဗာလမှာ (၁၂) နှစ်၊ နှစ်ခုပေါင်းရင် (၂၄) နှစ်ရှိမယ်။ ဒီကာလဟာ မိဘရဲ့အုပ်ထိန်းမှုအောက်မှာပဲရှိတတ်ကြတာ မဟုတ်လား။

တစ်ခါ တတိယ (၁၂) နှစ်ထပ်ပေါင်းရင် (၃၆) နှစ်အထိမှာ ဧသရ မဟာဥဒည်းကိုရောက်မယ်။ ဒီလို ဧသရကိုမဟာဥဒည်းရောက်တဲ့အခါမယ် အသရနဲ့မှည့်ထားတဲ့လူတစ်ယောက်ဟာ ဧသရကနေ ဗာလ၊ ကုမာရ၊ ယုဝရေတွက်ရင် အသရဟာ ယုဝအဝတ္ထာန်ထဲကိုရောက်ရှိပြီး ရာနှုန်း (၁၀၀) အပြည့်အဝအကျိုးခံစားရမယ်။ စတုတ္ထဩသရကို မဟာဥဒည်းရောက်တဲ့အခါ ဩသရကနေပြီး ဗာလ၊ ကုမာရ၊ ယုဝရေတွက်ရင် အသရဟာ ကုမာရအဝတ္ထာန်ထဲရောက်မယ်။ ဒါကြောင့် (၃၆) နှစ်ကနေ (၄၈) နှစ်အတွင်း ကုမာရအဝတ္ထာန်ရောက်ပြီး (၅၀)ရာနှုန်းအကျိုးကိုရရှိမှာဖြစ်ပါတယ်။ ဒီလိုပဲ ပဉ္စမအသရကိုမဟာဥဒည်းရောက်ရှိတဲ့အခါ အသရဟာ ဗာလအဝတ္ထာန်ရောက်ရှိနေတာကြောင့် အသက်(၄၈)နှစ်ကနေ (၆၀) အတွင်းမှာစိုးစဉ်းကောင်းတဲ့ ဗာလအကျိုးကို ခံစားရမှာဖြစ်ပါတယ်။

ဒါကြောင့် အရွယ်ကောင်းတုန်းဖြစ်တဲ့ အသက် (၂၄) နှစ်ကနေ (၄၈) နှစ်အတွင်းမှာ အဝတ္ထာန်တွေရဲ့ကောင်းတဲ့အကျိုးတွေရှိတဲ့အုပ်စုထဲရောက်နေတာကြောင့် ကောင်းတဲ့ အကျိုးကျေးဇူးတွေရရှိစေမှာဖြစ်တယ်ကွယ့်။

ဒီလိုဝဏ္ဏသရစက်ရဲ့ မဟာဥဒည်းရောက်ရှိနေတဲ့သရကနေပြီး အဝတ္ထာန်တွေကနေ အမည်နာမမှည့်ခေါ်တာတွေကိုပြောပြီးတော့ ဝဂ္ဂစက်နဲ့အမည်တွေကိုဘယ်လိုကောက်ယူသလဲဆိုတာပြောဦးမယ်။

ပထမဆုံး မိမိကောက်ယူလိုတဲ့ ဝဂ်အားတွေနဲ့ယှဉ်တဲ့ ဗျည်းအက္ခရာတွေ ရွေးရမယ်။ ဒုတိယအနေနဲ့ ရွေးချယ်ထားတဲ့ ဗျည်းအက္ခရတွေရဲ့ ဝဂ်အားလုံးကိုပေါင်းပြီး ရတဲ့အဖြေကို (၈) နဲ့ စားရမယ်။ မစားလောက်ရင်တော့ ဒီအတိုင်းထားရမယ်။ တတိယအနေနဲ့ ကြွင်းတဲ့သချာတွေကိုကြည့်ပြီး ဘယ်ဝဂ်အားရတယ်ဆိုတာသိရမယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် အထက်တုန်းကပြောခဲ့တဲ့အသရနဲ့မှည့်ထားတဲ့ ကြည်မောင်တို့၊ ကြည်မြဆွေတို့ ကံအောင်တို့ဆိုတာတွေကို နမူနာကောက်ပြမယ်"

"ဟုတ်ကဲ့-ကောင်းပါတယ် ဆရာကြီး"

"ကြည်မောင်မှာဆိုရင် က-တဝဂ်အား (၅) ရမယ်။ မ-က ဝဂ် အား (၁) ရမယ်။ အဲဒီနှစ်ခုကိုပေါင်းရင် (၆) ရမယ် မဟုတ်လား။ (၆) ဆိုတော့ (၈) နဲ့စားမယ်ဆိုရင် မစားလောက်တော့ (၆) ပဲ ကြွင်းတာပေါ့ မဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး၊ (၆) ကြွင်းပါတယ်။ (၆) ကြွင်းတယ်ဆိုတော့ ဝဂ်အားမြင်းအားလို့ပြောရမှာပေါ့နော်"

"အေး-ဟုတ်တယ် မြင်းအားပေါ့။ နောက် ကံအောင်ဆိုတာကိုလည်း ဘယ်ဝဂ်အားရလဲ တွက်ကြည့်ပါဦး"

"ဟုတ်ကဲ့ - ကံအောင်မှာ က-က ဝဂ်အား (၅) အ-ကဝဂ်အား (၈) ရမယ် နှစ်ခုပေါင်းတော့ (၁၃) ရမယ်။ အဲဒီ (၁၃)ကို (၈)နဲ့စားတော့ (၅)ကြွင်းတယ်။ ဒါကြောင့် ဝဂ်အား (၅) ဆိုတော့ နွားအားပေါ့နော် ဆရာကြီး"

"မှန်ပါတယ်၊ နောက် ကြည်မြဆွေဆိုတဲ့ အမည်ကိုလည်း ဆက်တွက်ကြည့်ပါဦး"

"ကြည်မြဆွေကိုခွဲကြည့်ရင် က-က ဝဂ်အား (၅)၊ မ-က ဝဂ်အား (၁)၊ ဆ-ကဝဂ်အား (၆)။ အဲဒီတော့ အားလုံးပေါင်းရင် (၁၂) ရမယ်။ (၈) နဲ့စားရင် (၄) ကြွင်းမယ်။ (၄) က ခွေးအားဖြစ်ပါတယ် ဆရာကြီး"

"နောက်ပြီးတော့ မဟာဥဒည်းရောက်တဲ့ သရကနေပြီး အဝတ္ထာန်တွေကောက်ပြီး အမည်နာမမှည့်ခေါ်ပုံနဲ့ ဝဂ် အမည်မှည့်ခေါ်ပုံတွေသိရတော့ ဝဏ္ဏသရစက်နဲ့တွဲပြီးတော့ ကိုယ်ယူလိုတဲ့ ဝဂ်အားတွေ သရတွေကိုပေါင်းပြီးတော့ ကိုယ်ယူလိုတဲ့ ဝဂ်အားတွေ၊ သရတွေကိုပေါင်းပြီး အမည်နာမတွေမှည့်နိုင်တာပေါ့နော်"

"မောင်ထွန်းမြိုင်ရေ၊ နောက်တစ်ဆင့်အနေနဲ့ ဝဏ္ဏသရစက်နဲ့ တိထိတွေရဲ့ ဆက်စပ်မှုအပိုင်းကို ဆက်ပြောမယ်"

"ဟုတ်ကဲ့ ပြောပါ"

"ပထမအနေနဲ့ -

အ၊ က၊ ဆ တို့ဟာ လဆန်း၊ လဆုတ် ၁ ရက်၊ ဍ/ဏ၊ ဆ တို့ဟာ လဆန်း လဆုတ် ၆ ရက်၊ ဘ၊ ဝ တို့ဟာ လဆန်း လဆုတ် ၁၁ ရက်။

ဒုတိယအနေနဲ့က-

ဣ၊ ခ၊ ဇ/ည တို့ဟာ လဆန်း လဆုတ် ၂ ရက်၊ ပ၊ န တို့ဟာ လဆန်း လဆုတ် ၇ ရက်၊ မ၊ ဂ (ဓ သျှ) တို့ဟာ လဆန်းလဆုတ် (၁၂) ရက်။

တတိယအနေနဲ့က -

ဥ၊ ဂ/င၊ ဈ တို့ဟာ လဆန်း လဆုတ် ၃ ရက်။ က၊ ပ တို့ဟာ လဆန်း လဆုတ် (၈) ရက်။ ယ၊ ဗ (မ သျှ) တို့ဟာ လဆန်းလဆုတ် ၁၃ ရက်။

စတုတ္ထအနေနဲ့က -

ဧ၊ ယ၊ ဋ တို့ဟာ လဆန်းလဆုတ် ၄ ရက်။ ထ၊ မ တို့ဟာ လဆန်းလဆုတ် ၉ ရက်။ ရ၊ သ တို့ဟာ လဆန်း၊ လဆုတ် (၁၄) ရက်။

ပဉ္စမအနေနဲ့က -

ဩ၊ စ၊ ဌ တို့ဟာ လဆန်းလဆုတ် ၅ ရက်။ ဒ၊ ဗ တို့ဟာ လဆန်းလဆုတ် ၁၀ ရက်၊ လ၊ ဟတို့ဟာ လဆန်းလဆုတ် ၁၅ ရက်။

အခုဖော်ပြခဲ့တဲ့ ဝဏ္ဏသရစက်မှာရှိတဲ့ ဗျည်းအက္ခရာတွေဟာ တွဲဖက်ဖော်ပြထားတဲ့ တိထိတွေနဲ့ ဆက်စပ်နေတယ်။ တွဲစပ်နေတဲ့ဗျည်းအက္ခရာတွေနဲ့ တိထိတွေကို ဘယ်လိုနေရာတွေမှာ အသုံးပြုမလဲဆိုတာကိုရော သိချင်မှာပေါ့ မောင်ထွန်းမြိုင်"

"ဟုတ်တယ် သိချင်ပါတယ်ခင်ဗျ"

"ပထမဆုံးနေနဲ့ သဗ္ဗတောဘဒြစက်နဲ့ လူတစ်ယောက်ကိုဟောတဲ့အပိုင်းမှာ ရာသီ အက္ခရာ နက္ခတ် သရ တိထိဆိုပြီး အပိုင်း (၅) ပိုင်းနဲ့ အဟောတွေလုပ်ရတဲ့သဘောရှိတယ်။ အဲဒီမှာ လူတစ်ယောက်ကိုမွေးချိန်၊ ခုနှစ်သက္ကရာဇ်အတိအကျမသိသူတွေအတွက်၊ အမည်နာမနဲ့ကောက်ယူပြီး အဟောပြုသူတွေအတွက် တိထိကောက်ယူတဲ့အခါမျိုးမှာ အသုံးပြုတယ်။ ဥပမာဆိုပါတော့ မွေးချိန်၊ ခုနှစ်သက္ကရာဇ်အတိအကျမသိဘဲ မှည့်ခေါ်ထားတဲ့ မြစိန်ကိုကောက်ရင် ဘယ်လိုကောက်ရမလဲဆိုတော့"

"မြကို ရရှိဖယ်လိုက်ရင် မ-အက္ခရာကိုရတယ်။ မ-ကိုကြည့်ရင် ဒုတိယအုပ်စုမှာရှိတဲ့ မ-ဟာ လဆန်း။ လဆုတ် ၁၂ ရက်ဖြစ်တဲ့အတွက် မ-ရဲ့အတိထိဟာ (၁၂) ဖြစ်တယ်။ နောက်ဥမာတစ်ခုက မောင်ဩဘာဆိုရင် ဩကိုကောက်ရင် ဩဟာ မူလသရဖြစ်တဲ့အတွက် ဩအတိုင်းပဲထားပြီး ကောက်ယူရမယ်။ ဩကိုကောက်ရင် ဩဟာ ပဉ္စမအုပ်စုမှာရှိတဲ့အတွက် ဩဟာ လဆန်းလဆုတ် ၅ ရက်နဲ့ယှဉ်နေတာကြောင့် ဩရဲ့တိထိဟာ ၅ ရက်ဖြစ်တယ်ကွယ့်။ အခုပြောပြတဲ့ တိထိနဲ့ဗျည်းအက္ခရာတွေကိုဘယ်လိုနေရာတွေမှာထပ်ပြီးအသုံးပြုသလဲဆိုရင် ဝဏ္ဏသရစက်မှာဆိုတဲ့ သရ အ၊ ဣ၊ ဥ၊ ဧ၊ ဩ ဆိုတဲ့ သရတွေပေါ်ကို မဟာဥဒည်း၊ အန္တရဥဒည်းတွေရှိတဲ့ သရကနေကောက်ပြီး ဗာလ၊ ကုမာရ ယုဝအဝတ္ထာန်တွေယှဉ်တဲ့တိထိနဲ့ တိထိယှဉ်တဲ့ဗျည်းတွေကို ကောင်းမြတ်တဲ့လုပ်ငန်းဆောင်တာတွေကိုလုပ်တဲ့အခါမျိုးမှာ၊ ယတြာအမှုတွေကိုပြုတဲ့အခါမျိုးမှာ၊ တိထိရက်ယှဉ်တဲ့ဗျည်းအက္ခရာတွေကို ဘုရားဘွဲ့တော်တွေရွေးချယ်တဲ့အခါမျိုးမှာသုံးရမယ်။ နောက်ပြီး ပန်းစတဲ့လှူဖွယ်ပစ္စည်းတွေရွေးချယ်တဲ့အခါမျိုးမှာ အသုံးပြုလို့ရမယ်ကွယ့်။

အခုဆက်ပြီးပြောရမယ်ဆိုရင်တော့ တိထိရက်တွေနဲ့ ဝဂ္ဂစက်မှာရှိတဲ့ဝဂ်အားတွေနဲ့ ဆက်စပ်နေတဲ့အကြောင်းပေါ့ကွယ်။

အာယနစက်မှာရှိတဲ့ တိထိရက်တွေနဲ့ ဝဂ္ဂစက်မှာရှိတဲ့ ဝဂ်အားတွေဆက်စပ်မှုမှာဆိုရင် -

ဝဂ္ဂစက်မှာ ဝဂ်ပေါင်း (၈) ပါးရှိတဲ့အတွက် ၎င်းဝဂ် (၈) ပါးနဲ့ တိထိရက်တွေကို ပြောရမယ်ဆိုရင် -

ကျီးအားမှာဆိုရင် လဆန်း ၈ရက်၊ ၂ ရက်နဲ့ လဆုတ် ၁ ရက်၊ ၉ ရက်။

ခွေးအားမှာဆိုရင် လဆန်း ၄ရက်၊ ၁၂ ရက်နဲ့ လဆုတ် ၅ ရက်နဲ့ လဆုတ် ၁၃ ရက်။

မြင်းအားမှာဆိုရင် လဆန်း ၆ ရက်၊ ၁၄ ရက်နဲ့ လဆုတ် ၇ ရက်နဲ့ လဆုတ်၊ ၁၅ ရက်။

နွားအားမှာဆိုရင် လဆန်း ၅ ရက်၊ ၁၃ ရက်နဲ့ လဆုတ် ၆ ရက်နဲ့ လဆုတ် ၁၄ ရက်။

ဆင်အားမှာဆိုရင် လဆန်း ၇ရက်၊ ၁၅ ရက်၊ ၁ ရက်နဲ့ လဆုတ် ၈ ရက်။

ခြင်္သေ့အားမှာဆိုရင် လဆန်း ၃ ရက်၊ ၁၁ ရက်နဲ့ လဆုတ် ၄ ရက်နဲ့ လဆုတ် ၁၂ ရက်။

တံခွန်အားမှာဆိုရင် လဆန်း ၁ ရက်၊ ၉ ရက်နဲ့ လဆုတ် ၂ ရက်၊ ၁၀ ရက်တွေဖြစ်တယ်ကွယ့်"

"ဒါနဲ့ ဆရာကြီး ဝဂ်အားတွေကို ဘယ်လိုကောက်ယူရမလဲ ဆရာကြီး"

"အေး - ဟုတ်ပြီ၊ အဲဒါတွေကို ကောက်ဖို့ ပထမဆုံးအမည်နာမရဲ့ ဝဂ်အားကိုကောက်ရမယ်။ ဝဂ်အားကောက်ယူပြီးပြီဆိုရင် ရရှိတဲ့ဝဂ်နဲ့ယှဉ်တဲ့ တိထိရက်တွေကိုကောက်ရမယ်။ ဥပမာဆိုပါတော့ မြစိန်ဆိုတဲ့အမည်ကို ဝဂ်ကောက်ရင် မ-က၊ ဝဂ် (၁)။ စ-ကဝဂ် (၆) ပေါင်းရင် (၇) ရမယ်မဟုတ်လား။ အဲဒီ (၇) ကို (၈) နဲ့ စားရင် မစားလောက်တဲ့အတွက် (၇) ပဲရမယ်။

(၇) ကို ဝဂ်ကောက်ရင် ဆင်အားရမယ်။ အဲဒီဆင်အားကို တိထိရက်ကောက်ရင် လဆန်း ၇၊ ၁၅၊ ၁ ရက်ဖြစ်ပြီး လဆုတ်မှာ ၈ ရက်ဖြစ်မယ်။ အဲဒီလို ဝဂ်အားကိုကောက်ယူပြီး ဒီဝဂ်အားနဲ့ယှဉ်တဲ့ တိထိရက်တွေမှာဆိုရင် မိမိအမည်နာမဝဂ်အားနဲ့လည်း ကောင်းတိထိရက်များနဲ့ယှဉ်တဲ့နေ့တွေမှာ အမှုခပ်သိမ်းတို့ကိုမဆောင်ရာမပြုလုပ်ရာလို့ဆိုထားတယ်ကွယ့်"

"ဒါဆို ဆရာကြီး၊ အဲဒီရက်တွေမှာ မသိပဲလုပ်မိရင်ကော ဘယ်လိုဖြစ်နိုင်မလဲ ခင်ဗျ"

"အဲဒီလိုရက်တွေမှာ ဆောင်မိပြုလုပ်မိမယ်ဆိုရင်တော့ ပျက်စီးခြင်း၊ ယုတ်နွမ်းခြင်းတွေကိုဖြစ်ပေါ်စေနိုင်တယ်ကွယ့်။ ဒါကြောင့် ဒီရက်တွေကိုရှောင်သင့်တယ်။ ဆက်ပြီးတော့ အဲဒီတိထိရက်တွေ နန္ဒာ၊ ဘဒြာ၊ ဇေယျာ၊ ရိတ္တာ၊ ပုဏ္ဏာစတဲ့ တိထိရက်တွေ ဆက်စပ်မှုကိုပြောပြမယ်။

နန္ဒာတိထိမှာဆိုရင် လဆန်း၊ လဆုတ် ၁ ရက်တို့ ၆ ရက်တို့ ၁၁ ရက်တို့ပဲ။

ဘဒြာတိထိမှာဆိုရင် လဆန်း၊ လဆုတ် ၂ ရက်တို့၊ ၇ ရက်တို့၊ ၁၂ရက်တို့ဖြစ်မယ်။

ဇေယျာတိထိမှာဆိုရင် လဆန်း၊ လဆုတ် ၃ ရက်တို့၊ ၈ ရက်တို့၊ ၁၃ရက်တို့ဖြစ်မယ်။

ရိတ္တာတိထိမှာဆိုရင် လဆန်း၊ လဆုတ် ၄ ရက်တို့၊ ၉ ရက်တို့၊ ၁၄ရက်တို့ဖြစ်မယ်။

ပုဏ္ဏာတိထိမှာဆိုရင် လဆန်း၊ လဆုတ် ၅ ရက်တို့၊ ၁၀ ရက်တို့၊ ၁၅ရက်တို့ဖြစ်မယ်။

တိထိငါးပါးက [illegible] တိထိရက်တွေနဲ့ယှဉ် [illegible] ပြောရဦးမယ်ကွယ့်။ [illegible]

အပိုင်း (၄) ပိုင်းနဲ့ပိုင်းရရင် ကျီးအားနဲ့ ခွေးအားတွေဟာ အကျိုးကိုယုတ်စေတယ်။ မြင်းအားနဲ့ နွားအားတွေဟာ အားနည်းမယ်။ အလိုအတိုင်းမပြီးဘဲရှိမယ်။ အနည်းငယ်မျှလောက်သာပြီးစီးခြင်းကိုဖြစ်စေတယ်။

ဆင်အားနဲ့ ခြင်္သေ့အားတွေဟာ အလယ်အလတ်ရှိတာကြောင့် အကျိုးဟာလည်း အလယ်အလတ်လောက်သာပြီးမြောက်စေတယ်။

တံခွန်အားနဲ့ အခိုးအားတွေဟာ အလွန်အားကြီးတဲ့အတွက် အလိုအတိုင်းပြီးမြောက်စေနိုင်တယ်ကွယ့်။ ဒါကြောင့် ဒီတိထိရက်တွေမှာ အလုပ်ကိစ္စတွေ ဆောင်ရွက်မယ်ဆိုရင်တော့ သက်ဆိုင်ရာ တိထိအကျိုးသွားကိုကောက်ပြီး အားကောင်းတဲ့ရက်တွေမှာ ဆောင်ရွက်နိုင်တယ်။ ပြောခဲ့တဲ့တိထိရက်တွေကိုလည်း ဝဏ္ဏာသရစက်ရဲ့ သရတွေပေါ် မဟာဥဒည်းနဲ့ အန္တရဥဒည်းရောက်ရှိတဲ့ အဝတ္တာန်တွေဖြစ်တဲ့ ဗာလ ကုမာရ ယုဝ ဝုဒ္ဓ မတ စတဲ့ အဝတ္တာန်ငါးပါးနှင့် ဆက်စပ်ပြီးတော့ ကောင်းတဲ့ ဗာလ ကုမာရ ယုဝကျတဲ့ရက်တွေမှာ မိမိဆောင်ရွက်လိုတဲ့ကိစ္စတွေကိုဆောင်ရွက်နိုင် တယ်။ ဝုဒ္ဓ မတကိုရောက်ရှိနေတဲ့ တိထိရက်တွေကို ရှောင်ကြည်ပြီးလုပ်ရမယ် ဟုတ်ပြီလားကွယ့်"

"ဒါနဲ့ ဆရာကြီး တိထိငါးပါးရဲ့ သဘောတရားတွေကိုလည်းရှင်းပါဦး"

"အေး - ဟုတ်ပြီ တိထိတစ်ခုချင်း ပြောပြမယ်။ သေသေချာချာမှတ်ထားပါ မောင်ထွန်းမြိုင်။ နန္ဒာတိထိဟာ နှစ်သက်ခြင်းသဘောတရားရှိတယ်။ ဘုရားတည်ခြင်း၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မဏ္ဍပ်၊ ဂူ၊ တံတားတည်ဆောက်ခြင်း၊ ပြင်ခြင်း၊ အလှူမင်္ဂလာ၊ နားသ၊ ရှင်ပြုခြင်း နတ်စင်တည်ဆောက်ခြင်း၊ နတ်ကနားပေးခြင်း၊ နတ်တို့ကို ပူဇော်ပသ လှူဒါန်းခြင်း၊ အမှုဝေခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ ပြည်တွင်းပြည်ပခရီးသွားလာသောကိစ္စများဆောင်ရွက်ခြင်း၊ ပညာရှင်များထံမှာချည်းကပ်ခြင်း၊ ပညာဆည်းပူးခြင်း၊ ပညာသင်ယူခြင်း၊ သင်တန်းတက်ခြင်း၊ အကြံဉာဏ်တောင်းခံခြင်းစတဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်တယ်။

ဘဒြာတိထိဟာ စီးပွားဖွံ့ဖြိုးတိုးတက်တဲ့သဘောတရားရှိတယ်။ နာမည်ပေးတာ၊ နားထွင်းတာ၊ စေ့စပ်တာ၊ ထိမ်းမြားလက်ထပ်တာတွေ၊ ပရမတ္ထတရားတို့ကို ကျင့်ကြံအားထုတ်တာ၊ မင်းအစိုးရတွေထံမှာ အလုပ်လျှောက်ထားတွေကို ဆောင်ရွက်နိုင်တယ်။

ဇေယျာတိထိဟာ အောင်မြင်ခြင်းကိုဖြစ်ပေါ်စေတဲ့သဘောတရားရှိတယ်။ သစ္စာပြုတာ၊ ယှဉ်ပြိုင်တာ၊ လက်ဝှေ့ထိုးတာတွေကို ပြုလုပ်ဆောင်ရွက်နိုင်တယ်။

ရိတ္တာတိထိကတော့ ဆင်းရဲတဲ့သဘောတရားရှိတယ်။ သီလဆောက်တည်တာ၊ သစ္စာဝါးပါးရုပ်နာမ်နှစ်ပါးတို့ကိုလှူဒါန်းတာ၊ ပစ္စည်းသိမ်းဆည်းတာ၊ လှေကားထောင်တာ၊ သမထဝိပဿနာတရားများပွားများတာ၊ အဓိဋ္ဌာန်ဝင်တာ၊ မိဘနဲ့ဆရာသမားတွေကို ဝတ်ကြီးဝတ်ငယ်ပြုတာ၊ ကုသိုလ်ပြုတာတွေကို ဆောင်ရွက်နိုင်တယ်။

ပုဏ္ဏာတိထိဟာ ပြီးပြည့်စုံတဲ့ သဘောတရားရှိတယ်။ ရဟန်းခံတာ၊ ရှင်ပြုတာ၊ ပေဒင်ကျမ်းသုတ္တရကျမ်းတွေကို ရေးသားပြုစုတာ၊ ရတနာ့အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်တာ၊ ဝိဇ္ဇာ ဇော်ဂျီတပသီပွဲများပြင်ဆင်လှူဒါန်းတာ၊ ဖြူမွှာမင်း၊ သကြားမင်းပွဲများ လှူဒါန်းတာ ရုပ်လုံး၊ ရုပ်ပုံများ၊ ပုံတော်များ ထုလုပ်ခြင်း၊ ရိုးရာနတ်နဲ့ ဒေသဆိုင်ရာနတ်တို့ကို ပူဇော်ပသခြင်း အဓိဋ္ဌာန်ဝင်တဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်တယ်ကွယ့်။

အခုဖော်ပြတဲ့ တိထိငါးပါးနဲ့ယှဉ်တဲ့ရက်တွေကို ဝဏ္ဏာသရစက်မှာပါတဲ့ အဝတ္တာန်ငါးပါးတွေနဲ့ယှဉ်တွဲပြီး ကောင်း၊ မကောင်း၊ အားရှိအားမဲ့တွေကိုရွေးချယ်ပြီးဆောင်ရွက်နိုင်တယ်ကွယ့်။ နောက်ဆက်ပြီးတော့ တိထိ မြေခံ အကျိုးအပြစ်တွေကို ပြောဦးမယ်။

နန္ဒာတိထိမှာ လဆန်း ၁ ရက်၊ ဗုဒ္ဓဟူး၊ ချမ်းသာ (မစမည့်သူပေါ်မယ်)။

လဆုတ် ၅ ရက်၊ ကိတ်၊ လာဘ်ရအံ့။

လဆန်း ၆ ရက်၊ ကိတ်၊ တရားရှုံး၊

လဆုတ် ၆ ရက်၊ ဗုဒ္ဓဟူး၊ ချမ်းသာ (မစမည့်သူပေါ်)။

လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူး ချမ်းသာသုခ (မစမည့်သူပေါ်)။

လဆုတ် ၁၁ ရက်၊ ကိတ်၊ တရားရှုံး။

ဘဒြာ တိထိမှာ -

လဆန်း ၂ ရက်၊ အင်္ဂါ၊ ရောဂါရ (အကြံပျက်)။

လဆုတ် ၂ ရက်၊ ရာဟု၊ ခိုက်ရန်များ (ရောဂါရ)။

လဆန်း ၇ ရက်၊ ရာဟု၊ ခိုက်ရန်များ (ရောဂါရ)။

လဆုတ် ၇ ရက်၊ အင်္ဂါ၊ ရောဂါဝေဒနာ။

လဆန်း ၁၂ ရက်၊ အင်္ဂါ၊ ရောဂါရ။

လဆုတ် ၁၂ ရက်၊ ရာဟု၊ ခိုက်ရန်များ။

ဇေယျာတိထိမှာ -

လဆန်း ၃ ရက်၊ တနင်္လာ၊ လာဘ်ပေါ်များ။

လဆုတ် ၃ ရက်၊ စနေ၊ ဆင်းရဲဒုက္ခ။

လဆန်း ၈ ရက်၊ စနေ၊ ဆင်းရဲဒုက္ခဖြစ်ခြင်း။

လဆုတ် ၈ ရက်၊ တနင်္လာ၊ လာဘ်ပေါ်များ။

လဆန်း ၁၃ ရက်၊ တနင်္လာ၊ လာဘ်ပေါ်များ။

လဆုတ် ၁၃ ရက်၊ စနေ၊ ဆင်းရဲဒုက္ခဖြစ်ခြင်း။

ရိတ္တာတိထိမှာ -

လဆန်း၄ ရက်၊ တနင်္ဂနွေ၊ ဥစ္စာပျက်စီး။

လဆန်း ၄ ရက်၊ သောကြာ၊ စည်းစိမ်ရ။

လဆုတ် ၉ ရက်၊ သောကြာ၊ စည်းစိမ်ရ။

လဆုတ် ၉ ရက်၊ တနင်္ဂနွေ၊ ဥစ္စာပျက်စီး။

လဆန်း ၁၄ ရက်၊ တနင်္ဂနွေ၊ ဥစ္စာပျက်စီး။

လဆုတ် ၁၄ ရက်၊ သောကြာ၊ စည်းစိမ်ရ။

ပုဏ္ဏာတိထိမှာ -

လဆန်း ၅ ရက်၊ မိတ္တူ၊ သောကေ

လဆုတ် ၅ ရက်၊ ကြာသပတေး အကြံအောင်။

လဆန်း ၁၀ ရက်၊ ကြာသပတေး အကြံအောင်။

လဆုတ် ၁၀ ရက်၊ မိတ္တူ၊ သောကေ

လဆန်း ၁၅ ရက်၊ မိတ္တူ၊ သော ကျေ။

လဆုတ် ၁၅ ရက် ကြာသပတေး အကြံအောင်မယ်။

ဆက်ပြီးတော့ နေ့ရက်နက္ခတ်တွေဟာ သိဒ္ဓိယောဂဖြစ်ပွားမှုတွေကိုပြောမယ်။

တနင်္လာနေ့ဟာ (၂၊ ၇၊ ၁၂) ရက်တို့နဲ့ တိုက်ဆိုင်ပြီး ရောဟဏီ၊ မိဂသီ၊ ပုနဖုသျှ၊ စိတ္တာ၊ သရဝဏ်၊ သ ဘိသျှ၊ မနသိဒ္ဓ၊ ပြုဗ္ဗဘဒြပိုဒ်နက္ခတ် လွှမ်းမိုးခဲ့ရင် သိဒ္ဓိယောဂဖြစ်ပွားတယ်။

အင်္ဂါနေ့ဟာ အဿဝဏီ၊ မိဂသီ၊ စိတ္တာ၊ အနုရာဓ၊ မူလ၊ ဥတ္တရ၊ ဖလဂုနီ၊ မနသိဒ္ဓ၊ ပြုဗ္ဗာဘရပိုဒ်နက္ခတ်များလွှမ်းမိုးသောနေ့နဲ့ တိုက်ဆိုင်ကျရောက်ခဲ့ရင် သိဒ္ဓိယောဂဖြစ်ပွားတယ်။

ဗုဒ္ဓဟူးနေ့ဟာ ဘဒြာတိထိ (၂၊ ၇၊ ၁၂)၊ ဇေယျာတိထိ (၃၊ ၈၊ ၁၃) ရက်များနဲ့ တိုက်ဆိုင်ပြီး ရောဟဏီ၊ မိဂသီ၊ ဖြ၊ ဥတ္တရဖလဂုနီ၊ ဥတ္တရာသာဠ်၊ အနုရာဓနက္ခတ်တွေလွှမ်းမိုးရင် သိဒ္ဓိယောဂဖြစ်ပွားတယ်။

ကြာသပတေးနေ့ဟာ တိထိ ၄၊ ၅ ၇၊ ၉၊ ၁၃၊ ၁၄ ရက်နဲ့ တိုက်ဆိုင်ကျရောက်ပြီး မာဃ၊ ဖုသျှ၊ ပုနဖုသျှ၊ သွာတိ၊ ပြုဗ္ဗာသာဠ်၊ ပြုဗ္ဗဘဒြပိုဒ်၊ ရေဝတီ၊ အဿဝဏီနက္ခတ်တို့လွှမ်းမိုးခဲ့ရင် သိဒ္ဓိယောဂဖြစ်မယ်။

သောကြာနေ့ဟာ နန္ဒာ တိထိ ၁၊ ၆၊ ၁၁ ရက်များနဲ့ ကြုံကြိုက်ရင် -

ဗုဒ္ဓဟူးဟာ ဘဒြာတိထိ ၂၊ ၇၊ ၁၂ ရက် များ။

အင်္ဂါဟာ ဇေယျာတိထိ ၃၊ ၈၊ ၁၃ ရက်များ။

စနေဟာ ရိတ္တာတိထိ ၄၊ ၉၊ ၁၄ ရက်များ။

ကြာသပတေးဟာ ပုဏ္ဏာတိထိ ၅၊ ၁၀၊ ၁၅ ရက်များနဲ့ တိုက်ဆိုင်ခဲ့ရင် သိဒ္ဓိယောဂရက်များ ဖြစ်ပွားတယ်။

စနေနေ့ဟာ ဘဒြာတိထိ ၂၊ ၇၊ ၁၂ ရက်များ။ ရိတ္တာတိထိ ၄၊ ၉၊ ၁၄ ရက်များတိုက်ဆိုင်ကျရောက်ပြီး သွာတိ၊ ရောဟဏီ၊ ဝိသာခါ၊ အနုရာဓ၊ မနသိဒ္ဓ၊ သတ္တဘိသျှနက္ခတ်များလွှမ်းမိုးခဲ့ရင် သိဒ္ဓိယောဂဖြစ်ပွားတယ်။

တနင်္ဂနွေနေ့ဟာ ဟဿတနက္ခတ် လွှမ်းမိုးတဲ့ရက်နဲ့ တိုက်ဆိုင်ရင် -

တနင်္လာနေ့ဟာ သရဝဏ်နက္ခတ် လွှမ်းမိုးတဲ့နေ့ရက်ဖြစ်ရင် -

အင်္ဂါနေ့ဟာ အဿဝဏီနက္ခတ် လွှမ်းမိုးတဲ့နေ့ရက်နဲ့တိုက်ဆိုင်ရင် -

ဗုဒ္ဓဟူးနေ့ဟာ အနုရာဓနက္ခတ် လွှမ်းမိုးတဲ့နေ့ရက်နဲ့ တိုက်ဆိုင်ရင်၊

ကြာသပတေးဟာ ဖုသျှနက္ခတ် လွှမ်းမိုးတဲ့နေ့ရက်ဖြစ်ရင် -

သောကြာဟာ ရေဝတီနက္ခတ် လွှမ်းမိုးတဲ့နေ့ရက်ဖြစ်ရင် -

စနေဟာ ရောဟဏီနက္ခတ်လွှမ်းမိုးတဲ့နေ့ရက်နဲ့တိုက်ဆိုင်ရင် အမြိတ္တာ သိဒ္ဓိယောဂဖြစ်ပွားတယ်ကွယ့်"

"ဆရာကြီးခင်ဗျာ အဲဒီသိဒ္ဓိယောဂဖြစ်တဲ့အားကို ဘယ်လိုအသုံးပြုပါသလဲ ခင်ဗျ"

"အသုံးပြုတာကတော့ အချိန်ကောင်းအခါမှန်ရွေးချယ်ရာမှာ ဖော်ပြခဲ့တဲ့နေ့ရက်များမှာ သိဒ္ဓိယောဂဖြစ်ပြီး အခါဇာတာလဂ်ဟာ အားဗလနဲ့ ပြည့်စုံမယ်ဆိုရင် လုပ်ငန်းများကောင်းမွန်ပြီး အကြီးမားဆုံး အောင်မြင်မှုရမယ်။ နောက်ပြီးတော့ အခုဖော်ပြခဲ့တဲ့နေ့များ၊ တိထိများ၊ နက္ခတ်များဟာ သိဒ္ဓိယောဂဖြစ်ပေမယ့်လည်း ဝဏ္ဏာသရစက်မှာပါရှိတဲ့ ဗာလ ကုမာရ ယုဝ အဝတ္တာန်များပါ အားကောင်းတဲ့အခါကာလဖြစ်ရင် ပိုပြီးကောင်းမွန်ပြီးတော့ အောင်မြင်မှုလည်းပိုရနိုင်တယ်ကွယ့်။ ဒါနဲ့ တစ်ဆက်တည်း ခရီးသွားလာရေးမှာ အရေးပါတဲ့ တိထိရက်တွေ၊ နက္ခတ်တွေကိုပြောဦးမယ်။

ခရီးသွားတဲ့နေရာမှာ ကောင်းတဲ့ တိထိရက်တွေက (၂) ရက်၊ (၃) ရက်၊ (၅) ရက်၊ (၇) ရက်၊ (၁၀) ရက်၊ (၁၃) ရက် နေ့တွေဖြစ်တယ်ကွယ့်။ အရေးကြီးတာနဲ့ ပတ်သက်ပြီးမှတ်ဖို့တစ်ခုကတော့ တိထိ (၁၄) ရက်ရယ် လပြည့်ရယ်၊ လကွယ်နေ့တွေကိုတော့ ဘယ်နည်းနဲ့မှ ခရီးသွားလာခြင်းမပြုသင့်ဘူးကွယ့်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ နောက်ပြီးတော့ နက္ခတ်တွေနဲ့ပတ်သက်ပြီး ခရီးသွားလာလို့အဆင်ပြေတာတွေကောရှိလားဆရာကြီး"

"ရှိတာပေါ့ မောင်ထွန်းမြိုင်ရဲ့။ အခု ပြောမယ့် နက္ခတ်တွေနဲ့နေ့တွေမှာ ခရီးသွားမယ်ဆိုရင် ကိုယ်သွားတဲ့ခရီးဟာ ချောချောမောမောနဲ့ အောင်မြင်ပြီး မြောက်မယ့်အပြင် ကိုယ့်နေရပ်ကိုလည်း အေးချမ်းစွာပြန်ရောက်လိမ့်မယ်ကွယ့်၊ အဲဒီနက္ခတ်တွေကတော့ -

မိဂသီနက္ခတ်၊ အဿဝဏီနက္ခတ်၊ ဖုသျှနက္ခတ်၊ ပုနဖုသျှနက္ခတ်၊ ဟဿတနက္ခတ်၊ အနုရာဓနက္ခတ်၊ သရဝဏ်နက္ခတ်၊ မူလနက္ခတ်၊ ရေဝတီနက္ခတ် ဆိုတဲ့ နက္ခတ် (၉) လုံးရှိတယ်။ အဲဒီနက္ခတ် (၉) လုံးမှာလည်း နက္ခတ်ရဲ့ ဒုတိယပါဒ်၊ တတိယပါဒ်၊ စတုတ္ထပါဒ်များနဲ့စန်းယှဉ်တဲ့အခိုက် ခရီးယာယီစတင်ထွက်ခွာရမယ်ကွယ့်။ အဲဒီမှာ နက္ခတ်ရဲ့ ပထမပါဒ်နဲ့ စန်းယှဉ်တဲ့အခိုက်တော့ ခရီးစတင်သွားလာမှုမျိုးကိုတော့ ရှောင်ကြဉ်ရမယ်ကွယ့်။ နောက်ပြီး ခရီးသွားတဲ့နေရာမယ် ရှောင်ကြဉ်ရမယ့်နက္ခတ်တွေကိုလည်းမှတ်ထား၊ အဲဒီနက္ခတ်တွေက-

ကြတ္တိကာနက္ခတ်၊ ဘရဏီနက္ခတ်၊ အဿလိဿနက္ခတ်၊ ဝိသာခါနက္ခတ်၊ ပြုဗ္ဗဖလဂုနီနက္ခတ်၊ ပြုဗ္ဗဘဒြပိုဒ်နက္ခတ်၊ အဒြနက္ခတ် စတဲ့ နက္ခတ် (၇) လုံးနဲ့ စန်းယှဉ်တဲ့နေ့တွေမှာ ခရီးမသွားသင့်ဘူးကွယ့်။

တစ်ခါ အဲဒီနက္ခတ်တွေဟာ ခရီးမသွားသင့်ဘူးဆိုပေမယ့် ခြွင်းချက်တော့ရှိတယ်။ အဲဒါတွေက -

ကြတ္တိကာနက္ခတ် (၁၃) ယံ၊ ဘရဏီ နက္ခတ် (၁၇) ယံ၊ မာဃနက္ခတ် (၁၄) ယံနဲ့ ပြုဗ္ဗဖလဂုနီ၊ ပြုဗ္ဗာသာဠ်၊ ပြုဗ္ဗဘဒြပိုဒ်နက္ခတ်တွေရဲ့ (၁၆) ယံ၊ သွာတိနက္ခတ်၊ အဿလိဿနက္ခတ်၊ ဝိသာခါနက္ခတ် (၁၄) ယံ စတဲ့ အချိန်တွေကျော်လွန်သွားရင် အဆိုအားနည်းပါးသွားတဲ့အတွက် ခရီးယာယီသွားနိုင်မယ်။ ဒါပေမယ့် ဆရာကြီးရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ကြတ္တိကာနက္ခတ်၊ ဘရဏီနက္ခတ် စန်းယှဉ်တဲ့နေ့တွေကိုတော့ ဘယ်လိုပဲဖြစ်ဖြစ် ခရီးသွားလာခြင်းမပြုဘဲ လုံးဝရှောင်ကြဉ်သင့်တယ်ကွယ့်"

"နောက်ပြီး နေ့တွေနဲ့ပတ်သက်ပြီးတော့ကော ခရီးသွားတဲ့ကိစ္စနဲ့ ပတ်သက်တာရှိသေးလား ခင်ဗျ"

"အင်း-မင်းကတော့အပေါ်လေးကို နိုက်နိုက်ချွတ်ချွတ်မေးတတ်တာပဲ ပြောပြမယ်။

စနေနေ့နဲ့ တနင်္လာနေ့တွေမှာ အရှေ့အရပ်ကို ခရီးမသွားကောင်းဘူး။

ကြာသပတေးနေ့မှာ တောင်အရပ်ကိုမသွားကောင်းဘူး။

တနင်္ဂနွေနဲ့ သောကြာနေ့တွေမှာ အနောက်အရပ်ကိုမသွားကောင်းဘူး။

ဗုဒ္ဓဟူးနဲ့ အင်္ဂါနေ့တွေမှာ မြောက်အရပ်ကိုခရီးမသွားကောင်းဘူးကွယ့်။

အဲဒီလို မသွားကောင်းဘူးဆိုပေမယ့်လည်း စောစောကပြောခဲ့သလို ခြွင်းချက်ကတော့ရှိတယ်။

ကြာသပတေးနေ့ (၂၂) ယံ၊ အင်္ဂါနေ့ (၁၂) ယံ၊ ဗုဒ္ဓဟူးနေ့ (၁၂) ယံ၊ တနင်္ဂနွေနေ့နဲ့ သောကြာနေ့ (၁၅) ယံ၊ စနေနဲ့ တနင်္လာနေ့ (၈) ယံ အလွန်ဖြစ်တယ်ဆိုရင်တော့ အရပ်ဒေါသရဲ့ တားမြစ်ကန့်သတ်ချက်ပျက်ပြယ်သွားလို့ခရီးသွားနိုင်တယ်ကွယ့်။ ဒါပေမယ့် အတွေ့အကြုံအရတော့ အင်္ဂါနေ့တော့ ခရီးမသွားသင့်ဘူး နောက်ပြီးတော့ တိထိ (၈) ရက်၊ (၉) ရက်တွေမှာလည်း ရှောင်ကြဉ်ရမယ်ကွယ့်"

(ရှေ့လဆက်ပါမည်)

သန့်ဇင်

ခွေးဟောင်တုံးရွာ

လပြည့်ည၏အလင်းရောင်သည် ရွှေလီမြစ်ကမ်းဘေးရှိ တဲအိမ်စုစုလေးအား လွှမ်းခြုံလျက်ရှိသည်။ ရွှေလီမြစ်သည် တောင်ကြိုတောကြားမှ ဝေ့ဝိုက်လှည့်ပတ်စီးဆင်းရင်း ထိုတဲတန်းစုရှိရာ ကမ်းပါးအရောက် အနည်းငယ်မြေလျော့သွားသည်။ လရောင်၏ ငွေရောင်အလင်းတန်းများကြောင့် မြစ်ပြင်သည် လက်လက်ထနေ၏။ လှိုင်းကြက်ခွပ်လေးများက ကမ်းပါးရှိ သဖန်းပင်ကြီးအား တဖျပ်ဖျပ်ရိုက်ခတ်လျက် ဒီဇင်ဘာဆောင်းညသည် ရွှေလီမြစ်ဘေးရှိ ကျွန်းတောကြီးအား နှင်းရည်စက်တို့ပက်ဖျန်းလျက်ရှိလေသည်။ နှင်းစက်များသည် ကျွန်းရွက်များပေါ်သို့ တပေါက်ပေါက်ကျလျက် ရွှေလီဒေသ၏ ဆောင်းဥတုအအေးဒဏ်ကြောင့် တဲအိမ်စုလေးသည် မလှုပ်မယှက်ကွေးကွေးလေးအိပ်ပျော်နေကြပါသည်။

"ဝု...ဝု...ဝူး...ဝူး...ဝုတ်...ဝုတ်..."

ခွေးဟောင်သံများကြောင့် အိပ်ပျော်နေသော တဲအိမ်စုလေးလူးလွန့်လှုပ်ရှားလာသည်။ တဲတစ်တဲမှ ရေနံဆီမီးခွက်ထွန်းညှိလိုက်သည့်အလင်းရောင်ကို မြင်ရသည်။ တခြားသောတဲများကလည်း ခွေးဟောင်သံများကြောင့် ချိုးချိုးချွတ်ချွတ်အသံများထွက်ပေါ်လာခဲ့သည်။

သို့သော် ဘယ်သူမှတဲအပြင်သို့ ထွက်ကြည့်ဝံ့သူမရှိ။ တဲအတွင်းမှသာ ရွာခွေးများထိုးဟောင်နေသောနေရာသို့ လှမ်းမျှော်ကြည့်ကြသည်။

ရွှေလီမြစ်နှင့် တဲအိမ်စုလေးသည် တစ်ခေါ်သာသာလှမ်း၏။ ထိုနေရာသည် မြစ်ကမ်းပါးမှဝေးကွာခြင်းမရှိလှသော်လည်း မိုးကာလမြစ်ရေတက်လျှင် ရေလွှမ်းမိုးနိုင်သောကြောင့် တောင်ကုန်းမြင့်မှာ တဲဆောက်၍နေကြခြင်း ဖြစ်သည်။ မြစ်နှင့်ရွာရှိရာ တောင်ကုန်းမြင့်အကြား မြက်ပင်များထူထပ်စွာပေါက်နေသောရေစပ်စပ်အင်းရှိသည်။ ထိုအင်းသည် တချို့နေရာများ၌ လူတစ်ရပ်မကနက်သည်။ ယင်း၏အလယ်ဗဟိုတွင် တောင်မြောက်တန်းနေသော တောင်ပို့ကိုးလုံးရှိသည်။ မည်သူမျှမြေဖို့ထားခြင်းမရှိဘဲ ထူးဆန်းစွာဖြင့် တရွယ်တည်းညီညာစွာကိုးလုံးတန်းနေခြင်းဖြစ်သည်။ တောင်ပို့များထက်၌ မြက်ပင်တို့ ကျိုးတိုးကျဲတဲပေါက်နေကြသည်။

တဲအိမ်စုမှခွေးများက အင်းအစပ်မြေပြင်မှာစုဝေးပြီး ထိုတောင်ပို့များအားကြည့်ကာ ထိုးဟောင်နေကြခြင်း ဖြစ်ပါသည်။ လပြည့်နေ့ညမှစပြီး လမကွယ်မချင်း လရောင်ရှိသော ညချမ်းအချိန်အခါများ၌ ခွေးများက ထိုတောင်ပို့များရှိရာဘက်သို့ စူးစူးဝါးဝါးထိုးဟောင်ကြသည်။ တဲအိမ်စုလေးများမှာ နေထိုင်ကြသောသူတွေကလည်း ခွေးများ၏ထူးဆန်းသောအပြုအမူကိုကြောက်ပြီး မည်သူမျှ ထွက်မကြည့်ရဲကြပါ။

■

ထိုနေရာလေးသည် ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေလီမြစ်ဖြတ်သန်းစီးဆင်းရာ မဘိမ်းမြို့နယ်အတွင်း နမ့်မဲသစ်တောကြီးအစပ်တွင် တည်ရှိပါသည်။ မဘိမ်းမြို့နယ်မှစ၍ တောင်မှမြောက်သို့ ရွှေလီသည် စီးဆင်းပြီး ငအိုးရွာအား ဖြတ်သန်းကာ အင်းရွာအနီး ဧရာဝတီမြစ်အတွင်း စီးဝင်သည်။ ရွှေလီမြစ်သည် မြန်မာပြည်အထက်ပိုင်း၌ တာပိန်မြစ်ပြီးလျှင် ဒုတိယအကြီးဆုံး ဧရာဝတီမြစ်မကြီးအတွင်းစီးဝင်သောမြစ် ဖြစ်သည်။ တရုတ်ပြည် ယူနန်နယ်တွင် မြစ်ဖျားခံပြီး အရှေ့မြောက်မှ အနောက်တောင်သို့ တောတောင်များအကြားကွေ့ဝိုက်စီးဆင်းလာရာမှ ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်မရောက်မီ မြောက်ဘက်သို့ချိုးကွေ့ပြီးစီးဆင်းလျက် ဧရာဝတီနှင့်ပေါင်းဆုံသည်။ မိုင်ပေါင်း (၁၅၀)ခန့် စီးဆင်းလာရာတွင် မြစ်၏ဝဲယာနှစ်ဖက်၌ သဘာဝကျွန်းတောကြီးများ နေပြောက်မထိုးအောင်ရှိခဲ့သည်။ အမြင့်ပေ (၁၀၀) ကျော် လုံးပတ်အချင်း (၁၀) ပေခန့်ရှိ ကျွန်းတစ်ပင်တည်း သစ်ဆယ်တန်ကျော်ထွက်သောကြောင့် အင်္ဂလိပ်သစ်ကုမ္ပဏီ ဘုံဘေဘားမားကလက်ရွေးကောက်ခဲ့ရသော နာမည်ကြီး ကျွန်းတောကြီး ဖြစ်သည်။ ယခုအချိန်မှာဖြင့် မြန်မာပြည်၏နာမည်ကြီးခရိုနီကုမ္ပဏီကြီးနှစ်ခု၏ လက်ချက်ကြောင့် ကျွန်းတောကြီးသာမက တမလန်းသစ်များပါ ပြောင်တလင်းခါခဲ့ရပြီး ဘာပင်မှမရှိတော့ပါ။ ရွှေလီသည် အဝတ်ဗလာကျင်းနေသောမိန်းမပျိုကဲ့သို့ အရှက်ကင်းမဲ့နေခဲ့ရပါသည်။

ထားပါတော့။

ဟိုယခင်က ထိုနေရာလေးတွင် ဖြစ်ပျက်ခဲ့သောအကြောင်းအား တင်ပြပါဦးမည်။

ထိုကဲ့သို့ လရောင်ဆမ်းသောညများမှာ ရွာခွေးများ၏ ထူးဆန်းစွာ စူးစူးဝါးဝါးထိုးဟောင်မှုများကို မြင်တွေ့လာရသောအခါ ရွာသားများစိတ်ထဲ၌သိချင်စိတ်တို့ လွှမ်းမိုးလာခဲ့ကြသည်။ အမှန်တကယ်တော့ ထိုတဲအိမ်စုလေးသည် သစ်ဝါးခုတ်သောလူများစုဝေးနေထိုင်သောနေရာလေးသာဖြစ်ပါသည်။ သစ်ထက် ဝါးကို အဓိကထားပြီးခုတ်ကြသည်။ နမ်မဲ့ကြီးဝိုင်း၊ မိုင်းသာကြီးဝိုင်းများသည် ကျွန်း၊ အင်၊ ကညင်၊ တမလန်း၊ ပိတောက်၊ သစ်ယာများသာမက ဝါးများလည်း ထူထပ်စွာပေါက်ရောက်၏။အထူးသဖြင့် တင်းဝါးသည် ရွှေလီသစ်တောကြီးများတွင် များပြားစွာတွေ့ရ၏။ ခုတ်လို့မကုန်နိုင်အောင်ပင်ထူထဲစွာရှိနေလေသည်။ တစ်ပင်ခုတ်လျှင် ဆယ်ပင်ပြန်ပေါက်သည်အထိရှိခဲ့၏။ ရွှေလီမြစ်ကမ်းတစ်လျှောက် တောကြီးများမှခုတ်ယူရရှိသောတင်းဝါးများအားဖောင်ဖွဲ့ပြီး ရွှေလီမြစ်အတိုင်း ဖောင်ဖွဲ့၍ ဧရာဝတီမြစ်နှင့်ဆုံတွေ့ရာအရပ်ရှိ အင်းရွာကြီးတွင် ဝါးဖောင်များကိုပြန်လည်ပြုပြင်ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်ဆင်း၍ စစ်ကိုင်းဘက် မင်းကွန်းဆိပ်ကမ်းတွင်ရပ်နားကြသည်။

ယခင်ဟုန်းက မန္တလေးမြို့ရှိ အိမ်အများစုသည် ဝါးကပ်မိုးဝါးကပ်ကာသာရှိခဲ့၍ ရွှေလီမှထွက်သောတင်းဝါးကို အများဆုံး အသုံးပြုခဲ့ကြရသည်။

■

ဦးညွန့်မောင်သည် ထိုတဲအိမ်စုတွင် ဦးစီးခေါင်းဆောင်ဖြစ်သည်။ ဝါးခုတ်သမားတို့၏ခေါင်းဆောင်ဖြစ်သလို မောင်ဦးစီးတစ်ယောက်လည်းဖြစ်သည်။ သူ့တဲအိမ်ကြီးတွင် ရွာထဲမှလူတချို့စုဝေးနေကြသည်။ ဝိုင်းထိုင်နေကြသော လူစုအလယ်မှာ ရေနွေးကြမ်းအိုးနှင့်အကြမ်းပန်းကန်ခွက်များ၊ ဆတ်သားခြောက်ဖုတ်ပန်းကန်ကြီးက စားချင်စရာ။ ရွာအနီးတောအုပ်ကြီးထဲမှာက ဆင်၊ ကျား၊ ပြောင်၊ ချေ၊ ဆတ်၊ တောဝက်၊ ဝက်ဝံ၊ ကျားသစ်တို့ ပေါများလှသည်။ တချို့ဝါးခုတ်သမားတွေက ဝါးမခုတ်သောနေ့များတွင် တူမီးသေနတ်ဖြင့် တောလည်ကြသည်။ သားကောင်ပေါသဖြင့် ဟင်းစားမရှားပါးလှပါ။

ဟိုတစ်ချိန်က ရွှေလီမြစ်ကမ်းတစ်လျှောက် ရွာလေးများသည် တစ်ရွာ၌တစ်ရွာ ကူးသန်းသွားလာကြရာတွင် ရွှေလီမြစ်ကိုသာ အားကိုးခဲ့ကြရ၏။ တောအတွင်းလူသွားလမ်းလေးတွေသာရှိခဲ့၏။ မိုးကုတ်မြို့မှတစ်ဆင့် မိုးမိတ်မြို့၊ ထိုမှ မဘိမ်းမြို့သို့ မြေသားလမ်းကြမ်းသာရှိခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး လွန်စွာခက်ခဲသည်။ (ယခုအချိန်တွင် ကျောက်ချောလမ်းကျယ်များဖြစ်ပေါ်လာပြီး ဆိုင်ကယ်၊ ကားကြီးများ ဥဒဟိုဝင်ထွက်သွားလာနေကြပြီ ဖြစ်ပါသည်။ မဘိမ်းမြို့နယ် ငအိုးတိုက်နယ်သည်ပင် မန္တလေး-သပိတ်ကျင်း-ရွှေကျင်-ဗန်းမော်ကားလမ်းမကြီးပေါ်မှာ တည်ရှိနေပြီး ရွှေလီမြစ်ဖြတ်ကူးသည့် ငအိုးတံတားကြီးသည် ခန့်ညားလျက် (၂၄) နာရီလျှပ်စစ်မီးရလျက်ရှိ၏)

ဦးညွန့်မောင်၏ တဲအတွင်းတွင် ရွာသားအချို့စုဝေးနေကြပါသည်။ တဲရှေ့မြေကွက်လပ်၌ ကလေးငယ်များက ကိုယ်တုံးလုံးနှင့်ဆော့ကစားနေကြသည်။ ရွာသားများသည် ဖန်ခါးရည်သောက်လိုက်ဆတ်သားခြောက်ဖုတ်မြည်းလိုက်ဖြင့် ခေါင်းဆောင်ဦးညွန့်မောင်ပြောလာမည့် စကားကိုငံ့လင့်နေကြသည်။

"အဟမ်း. . . အဟမ်း"

ဦးညွန့်မောင်ချောင်းတစ်ချက်ဟန့်လိုက်ပြီး ရွာသားများကို အကဲခတ်ကြည့်လိုက်၏။ ရွာသားများက ဦးညွန့်မောင် ဘာပြောမည်လဲဟု ဝိုင်းကြည့်ကြသည်။

"ငါပြောချင်တာက လပြည့်ညတွေမှာဆို ရွာကခွေးတွေ ဘာဖြစ်လို့ အင်းတွေကိုကြည့်ပြီး ဟောင်ကြတာလဲ ဆိုတာပဲ"

"ဖောင်စီး၊ ကျုပ်အထင်တော့ အင်းထဲက တောင်ပို့ပေါ်မှာ သရဲတွေ ထိုင်ရာဟာကို မြင်လို့ဟောင်တာနေမှာ"

ရွဲ့သမားစိုးအောင်က သူထင်ရာကိုပြော၏။

"မင်းကလည်းကွာ တစ်ဆိတ်ရှိ ဒီသရဲပဲ။ ခွေးတွေက တစ်ခုခုမြင်လို့နေမှာပါ"

ဖောင်သမားငပုက စိုးအောင်စကားကို ကန့်ကွက်ရင်း ဆတ်သားခြောက်ပန်းကန်သို့လက်လှမ်းလိုက်၏။ သူ့စကားကိုကန့်ကွက်လိုက်သောကြောင့် စိုးအောင် ဆတ်သားခြောက်ပန်းကန်အား မြင့်ကြိုင်ဘက်ရွှေ့ပေးလိုက်သည်။ ငပုက မျက်စောင်းထိုး၏။

"မင်းတို့ဟာက နေကြပါဦး။ ဘာမှန်းမသိဘဲ ရမ်းမပြောကြနဲ့။ ငါတို့ရွာလေးက ရှိတာမှ အိမ်ခြေဆယ့်လေးငါးလုံး။ တော်ကြာကြောက်ပြီး နေရာရွှေ့ကုန်ကြတာနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ရကိုင်ရခက်ကုန်လိမ့်မယ်။ ဒီနေရာလေးက ရွာတည်ဖို့လည်း တောင်ကုန်းလေးရှိတယ်။ တောထဲကခုတ်လာတဲ့ဝါးတွေချဖို့ ဝါးကွင်းလည်းရှိတယ်။ မြစ်ဆိပ်ကလည်းကောင်းတယ်။ ချောင်းဝဘက်ဆိုကြည့် ကမ်းပါးစောက်ကြီးနဲ့ ဘယ်လိုမှအဆင်မပြေဘူး။ စိတ်ထင်တာကိုစွတ်မပြောကြနဲ့"

"ဦးကြီး၊ ဒါဆို ကျုပ်တို့ဘာလုပ်ကြမလဲ"

ရွာသားတွေကမေးကြသည်။

"သန်ဘက်ခါဆိုရင် လဆန်း ၁၂ ရက် ညသန်းခေါင်အချိန်ဆိုရင် အင်းစပ်ထဲကို လရောင်ကောင်းကောင်းဖြာပြီး ငါတို့တွေချောင်းပြီးကြည့်ကြမယ်"

မည်သူမဆိုအသံထွက်မလာကြ။

"ဘယ်လိုလဲ လိုက်ကြမှာလား"

ဦးညွန့်မောင်လေသံနည်းနည်းမာလာတော့ စိုးအောင်က အသံထွက်လာသည်။

"ကျွန်တော်ကလိုက်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်တူမီးသေနတ်က ခဲစေ့လည်းမလုံ့ရသေးဘူး။ ယမ်းလည်းမရှိဘူး"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ငကြောက် အကြောင်းပြနေတယ်။ မင်းလိုက်မယ်ဆိုရင် ငါ့ဘကြီးပေးထားတဲ့ နှစ်လုံးပြူးသေနတ်ကြီးရှိတယ်။ ဆင်တောင်ဖင်ထိုင်သွားရမယ်။ ငါ မင်းကိုပေးကိုင်မယ် လိုက်မလား"

"ဟော့ကောင် ငပု၊ မင်းဘာစကားပြောတာလဲ ငါတီးလိုက်ရ"

"တော်ကြပါတော့ အားလုံးလိုက်ရမယ်။ သန်ဘက်ခါ ည (၈)နာရီ ငါ့အိမ်မှာ လူစုမယ်"

ဦးညွန့်မောင်၏အမိန့်ကို အားလုံးမလွန်ဆန်ရဲကြ။ ခေါင်းညိတ်၍လိုက်ပါမည်ဟု အဖြေပေးကြသည်။

■

ဆန်း ၁၂ ရက် လသည် ရှိသမျှ အလင်းအား အစွမ်းကုန်ထုတ်လျက် နှင်းဖွဲ့ဖွဲ့ကျနေသောမြေပြင်ထက် ဘော်ငွေရောင်ဆမ်းလျက်ရှိသည်။ ရွာသားများက တဲဝိုင်းစုအပြင်ဘက် ဖျောက်ဆိတ်ပင်ကြီးအောက်မှာ စုထိုင်နေကြသည်။ သူတို့လက်ထဲမှာ ဒူးလေး၊ တူမီးသေနတ်၊ ဓားရှည်များကိုင်ထားကြသည်။

"အောက်. . အီးအီးအွတ်. . . အောက်အီးအီးအွတ်"

ရွာစုထဲမှ ကြက်ဖတစ်ကောင်က တွန်လိုက်သော တခြားကြက်ဖများကပါ လိုက်တွန်ကြသည်။

သန်းခေါင်ချိန်ရောက်ပြီ။ လရောင်သည် မြင့်သည်ထက်မြင့်လာ၏။ ည၏အလင်းရောင်က အင်းစပ်ထဲမှ တောင်ပို့ကိုးလုံးအား ထင်ထင်ရှားရှား တွေ့မြင်နေရသည်။ ဘာရယ်မဟုတ်သော်လည်း အင်းစပ်ချောင်မြက်တောထဲမှာ တောင်ပို့ကြီးကိုးလုံးက ကျောချမ်းဖွယ်ရာကောင်းလှ၏။

"ဝ. . ဝူး. . . ဝူး. . . ဝူး. ."

ရွာထဲမှ ခွေးတစ်ကောင်အူပြီး ထွက်လာသည်။ ထိုခွေးက စတင်ပြီးအူလိုက်တော့ တခြားခွေးများကပါ လိုက်အူကြပြီး စတင်အူသောခွေးနောက်မှ မီးတန်းပြီးလိုက်လာကြ၏။

ခွေးများ၏အပြုအမူက ထူးဆန်းလှသဖြင့် ဦးညွန့်မောင်နှင့်ရွာသားတစ်စု ကြက်သေသွားကြသည်။ ဘယ်သူမှ မလှုပ်မယှက်ဘဲ ငေးကြည့်နေကြ၏။ ခွေးများသည် အင်းစပ်မြက်ခင်းထဲသို့ ကန့်စီ၍ဆင်းသွားကြပြီး တောင်ပို့ကြီးများအနီး ရပ်လိုက်၍ တောင်ပို့ကြီးများကို ထိုးဟောင်နေကြပါသည်။ ထိုနေရာမှာ ရေမနက်လှ၊ အလွန်ဆုံးခြေမျက်စိသာသာဖြစ်၏။ မြက်တောကိုင်းတောသာ ထူထပ်နေခြင်း ဖြစ်၏။

"ဟား. . . ဟား. . . ဟား. . . သရဲမဟုတ်ဘူးကွ။ တောင်ပို့ကိုကြည့်ပြီး ဟောင်နေကြတာဆိုတော့ တောင်ပို့ထဲမှာ ဖွတ်ရှိလို့နေမှာ ဖွတ်သားစားရချေသေးရဲ့"

ငပုသည် တဟားဟားရယ်လိုက်ပြီး သူ့တူမီးသေနတ်ပြောင်းဝကို ထောင်လိုက်၍ ယမ်းအနည်းငယ်ထောင်းထည့်လိုက်သည်။ ပြီးနောက် ပြောင်းဖူးစေ့သာသာ ခဲလုံးလေးအား ပြောင်းဝထဲ သွင်း၏။

"ဟော့ကောင်၊ ဖွတ်ဆိုရင် မင်းခဲစေ့ကကြီးမနေဘူးလား။ ငါ့မှာ ကိုးလုံးကျည်ခဲစေ့လေးတွေရှိတယ် ယူမလား"

စိုးအောင်က ငပုကို လှမ်းပြောလိုက်သည်။

"ခုမှ လာဖားမနေနဲ့။ ဖွတ်ရရင် မင်းကိုမကျွေးဘူး"

"အေးပါ၊ မင်းတူမီးနဲ့ပစ်ရင် ဖွတ်က တစ်စစီလိုက်ကောက်နေရမယ်"

ပြောင်းဖူးစေ့အရွယ် ခဲစေ့သည် တောဝက်၊ ဈေးဆစ်များပစ်သောအရွယ်ဖြစ်ပြီး တောဘဲငန်းများပစ်လျှင် ငရုတ်ကောင်းစေ့ခန့်ခဲလုံးလေးများ ငါးလုံး ခြောက်လုံး တူမီးပြောင်းထဲသို့ထည့်ပစ်ရသည်။

"ဟော့ကောင်တွေ နေကြပါဦး။ ငါတော့ ဖွတ်မဟုတ်ဘူးထင်တယ်။ ဖွတ်ဆိုရင် ခွေးဟုပ်ကနေမှာမဟုတ်ဘူး။ တောင်ပို့ကိုဝိုင်းယက်လို့ အခုလောက်ဆို ဖွတ်က ရုတ်ပြတ်သတ်နေပြီ။ ဒါ ခွေးတွေတစ်ခုခုကို ထူးဆန်းတာတွေ့လို့ဖြစ်မယ်။ လာ - ငါတို့သွားကြည့်ကြမယ်"

ဦးညွန့်မောင်ဦးဆောင်ပြီး အင်းစပ်ထဲသို့ဆင်းရာ ကျန်လူများ၊ သူ့နောက်မှ တန်းစီပြီးလိုက်လာကြသည်။ တစ်ခါတစ်ခုတွေ့ခဲ့သော် သူတို့၏တူမီးသေနတ်တွေက ပစ်ခတ်ရန်အသင့်။ တောင်ပို့များနှင့် မလှမ်းမကမ်းရောက်သောအခါ ခွေးများက လူအုပ်လိုက်တွေ့ရသောကြောင့် အလန့်တကြားဟောင်ကြပြီး ထွက်ပြေးသွားကြသည်။ တောင်ပို့အနီးသို့ရောက်သောအခါတွင် ခွေးများဟောင်နေသောအရာကိုမြင်လိုက်ရသောအခါ အားလုံး မှင်တက်မိသွားကြသည်။ သူတို့အားလုံး မျက်လုံးများကို ပွတ်သပ်၍ ထိုနေရာအား ပြူးပြဲကြည့်ကြသည်။ ပြီးနောက် တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်မိကြသည်။

"ဟာ - ရွှေတုံးကြီး"

"ဟုတ်တယ်ကွ ရွှေတုံးကြီး"

"ဟုတ်ပါ့မလား၊ ငါတို့အိပ်မက်မက်နေကြတာလား"

လရောင်ရောက်တွင် တောင်ပို့ကြီး၏ပုံကျနေသောဘက်ခြမ်း၌ ရွှေအစိုင်အခဲကြီးကို ဝင်းဝင်းလက်လက်မြင်တွေ့လိုက်ရပါတော့သည်။ ဦးညွန့်မောင်သည် ဝင်းလက်နေသော ထိုရွှေခိုင်ခဲကြီးအား လက်နှင့်ဖွဲ့ယူလိုက်သည်။

"မရဘူးကွ တောင်ပို့ထဲမှာနစ်နေတယ်။ တော်တော်ကြီးတယ်ထင်တယ်"

"ဦးလေး၊ ဒီလိုလုပ်ပါလား။ ကျွန်တော်တို့အိမ်ပြန်ပြီး ပေါက်ပြား၊ တူးရွင်းတွေ၊ တောင်းတွေယူပြီး ပြန်လာကြမယ်။ တောင်ပို့ကိုဖြိုပြီး ဒီရွှေငုတ်ကို တူးယူကြမယ်လေ။ ဟော့ကောင် ငပု မင်းက ဖွတ်နဲ့ပဲတန်တဲ့ ဖွတ်ကောင်ပဲ။ ငါတို့တော့ ရွှေသူဌေးတွေဖြစ်ပြီကွ ဟား ဟား ဟား"

"စိုးအောင်၊ မင်းအချင်းချင်း နောက်မနေနဲ့။ ဒီရွှေကြောကြီးကို ငါတို့ရွာသားတွေတွေ့တာ။ အားလုံးအတူတူ လုပ်ကိုင်စားကြတာပေါ့။ ကဲ-တဲပြန်ပြီး ပေါက်ချွန်း၊ ပေါက်တူး၊ တောင်းတွေပြန်ယူကြမယ်"

သူတို့လူအုပ်သည် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမတွေ့ခဲ့ဖူးသော ရွှေငုတ်ကြီးအား တွေ့ခဲ့ရသဖြင့် ပျော်ရွှင်မြူးထူးနေကြပြီး ရွှေငုတ်ကြီးအားတူး ဖော်ယူရန် တဲစုဆီသို့အမြန်ပြန်ခဲ့ကြသည်။

■

ဆန်းသစ်၏လရောင်သည် မြေပြင်တစ်ခုလုံးဖြာကျနေရာမှ ရုတ်တရက် တိမ်မည်းတချို့ အရှေ့အရပ်ဆီမှလွင့်မျောလာသည်။ လအား တိမ်မည်းတို့က ဖုံးအုပ်သွားခဲ့၏။ ဝန်းကျင်တစ်ခုလုံး မှောင်အတိကျသွားသည်။ လေပြင်းများ ရုတ်တရက်ကျရောက်လာပြီး မိုးသည်းထန်စွာရွာချပါတော့သည်။ လေရောမိုးပါပြင်းထန်နေ၍ မည်သူမျှတံခါးမဖွင့်ရဲကြ။ နံနက်လင်းတော့ လေငြိမ်သွားခဲ့သည်။ မိုးတိတ်သွားပြီး ကောင်းကင်သည် ပြန်လည်ကြည်လင်လာသည်။ နံနက်ခင်းသော နေရောင်ခြည်က အရှေ့အရပ်မှဖြာကျလာ၏။ ကျေးငှက်လေးများ၏တေးသံများ မြည်သံများကြောင့် ရွှေလီမြစ်ကမ်းဒေသမှ တဲစုကလေးနှင့် သစ်ပင်သစ်တောတို့ ပြန်လည်လှုပ်ရှားလာကြ၏။

ဦးညွန့်မောင်တို့ အင်းစပ်သို့ဆင်းလာကြသည်။ တူးဖို့ဖွဖို့ကိရိယာတွေက အစုံအလင်။ ညက ရွှေငုတ်ကြီးတွေ့ခဲ့သော တောင်ပို့ကြီးအနီးရောက်ကြ၏။ သို့သော် လရောင်အောက်တွင် ရွှေရောင်တဝင်းဝင်းနှင့် ရွှေငုတ်ကြီးဘယ် ရောက်သွားသည်မသိ တောင်ပို့ထက် မြက်ပင်များကြားမှ ဖားတွေကတွတ်တွတ် တွတ်အော်မြည်ရင်း သူတို့လူစုအား မျက်လုံးပြူးပြီး ကြည့်နေကြသည်။

"ဟာ - ဘယ်ရောက်သွားတာလဲ"

ငပု အလန့်တကြားအော်၏။

သူတို့အားလုံး တောင်ပို့ကြီးအား စူးစိုက်ကြည့်နေရာမှ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကြည့်မိကြ၏။ ထိုအကြည့်များက မယုံသင်္ကာသောအကြည့်များဖြစ်သည်။ သူတို့၏လက်များက နောက်ကျောတွင်လွယ်ထားသောဓားရှည်များ၊ တူမီးသေနတ်များဆီသို့ ရောက်သွားကြသည်။

ဦးညွန့်မောင် အခြေအနေအရပ်ရပ်အား သဘောပေါက်သွားသည်။

"ဟော့ကောင်တွေ [illegible] မင်းတို့ခဏနေကြဦး

ဦးညွန့်မောင်၏ အော်သံကြောင့် ဆူပွက်လာသောသူတို့သွေးတွေငြိမ်သက်သွားကြ၏။

"ဒါတောစောင့်တောင်စောင့်မြစ်စောင့်နတ်တွေက ငါတို့ရဲ့လောဘကိုသိသွားလို့ ကွယ်ပစ်လိုက်တာပဲ။ ငါ့စိတ်ထဲမှာတော့ ထင်သား"

သူပြောပြောဆိုဆိုဖြင့် တောင်ပို့မြေကြီးခဲများအား လက်ဖြင့်ဆုပ်ယူလိုက်သည်။ ပြီးတော့ ပွတ်ကြည့်၏။ ဟုတ်ပြီ။

"ငပု မင်းအိမ်မှာ အင်ပိုင်းရှိတယ်မဟုတ်လား။ သွားယူစမ်း မြန်မြန်လာခဲ့"

ငပု တောင်ကုန်းပေါ်ရှိ တဲပိုင်းသို့ အမြန်ပြေးတက်သွားသည်။ အင်ပိုင်းတစ်ချပ်ယူ၍ ငပုအမြန်ပြန်ဆင်းလာ၏။

"ဦးညွန့်မောင် ဘာလုပ်မလို့လဲ"

"မင်းတို့ သတိမထားမိလို့ကွ။ ဒီတောင်ပို့မြေကြီးဟာ ကမ်းပါးကမြေကြီးအရောင်နဲ့တူလား"

ဦးညွန့်မောင်ပြောမှ သူတို့သတိထားမိသွားသည်။ မြစ်ကမ်းပါးမြေက နီစွေးစွေးအရောင်။ယခု တောင်ပို့မြေက နက်ကျောကျောအရောင်။ ပြီးတော့ လက်လက်ထနေသည်။ ဦးညွန့်မောင် တောင်ပို့မြေစာခဲများအား အင်ပိုင်းထဲထည့်ခြေလိုက်ပြီး အင်းရေစပ်မှာထိုင်၍ အင်ပိုင်းကိုလှည့်ကာလှည့်ကာနှင့်ကျင်ပါတော့သည်။ အင်ပိုင်းလေးငါးပိုင်းခန့်ကျင်ပြီးသွားသောအခါ ရွှေမှုန်လေးများသည် အင်ပိုင်းအောက်ခြေသို့လာစုနေသည်ကို တွေ့ရသည်။

"စိုးအောင်၊ ငါ့အိမ်မှာ ပြဒါးပုလင်းရှိတယ် သွားယူလာခဲ့"

စိုးအောင် တဲပိုင်းသို့အမြန်တက်သွားပြီး ပြဒါးပုလင်းယူချလာသည်။ ဦးညွန့်မောင်အင်ပိုင်းထဲသို့ ပြဒါးအနည်းငယ်လောင်းချလိုက်သည်။ ပြီးနောက် အင်းရေထဲမှာ လှည့်ကာလှည့်ကာကျင်သောအခါ နောက်ဆုံးအင်ပိုင်းထဲတွင် ကွမ်းသီးလုံးခန့် ပြဒါးလုံးလေးကျန်နေတော့၏။

"လာ - ငါ့အိမ်သွားကြမယ်"

သူ့အိမ်ရောက်တော့ မီးသွေးမီးဖိုအား အမြန်ဖိုပြီး လုံထဲမှာ ပြဒါးလုံးကိုထည့်၏။ ငပုက မီးဖိုအားမီးရဲနေအောင် ယပ်ခပ်ပေးသည်။ မီးအားကောင်းလာသောအခါ လုံထဲမှပြဒါးများ အငွေ့ပြန်ထွက်သွားပြီး အရည်လည်နေသော ရွှေရည်ခဲလေးဖြစ်လာ၏။ လုံကို အအေးခံပြီးခွဲလိုက်သောအခါ ကွမ်းသီးတစ်ခြမ်းစာခန့် ရွှေခဲလေးကိုတွေ့ရပါတော့သည်။

"ဟေ့ကောင်တွေ၊ ဒါဘာလဲ"

"ရွှေ"

အားလုံးတညီတညွတ်တည်းဖြေကြသည်။

"ကဲ - ရွှေငုတ်ကြီးကငါတို့ရွာသားတွေကိုသိအောင် နတ်တွေကပြတာ။ တကယ်တူးမယ်လုပ်တော့ နတ်တွေက ပြန်ဖွက်ထားလိုက်တယ်။ လုပ်စားကိုင်စားဖို့တော့ ငါတို့ကိုပေးတယ်ကွ။ ဒီတော့ လောဘမတက်ကြနဲ့။ မိသားစုစားဝတ်နေရေးပြေလည်ရုံကျင်ယူကြ။မော်တော်လာရင် ဒေါ့ရွာကြီးဘက်ငါလိုက်သွားပြီး အင်ပိုင်းတွေ၊ ပြဒါး လုံတွေ၊ ဖားဖိုတွေဝယ်ခဲ့မယ်။ ဒီရွှေလေးကိုရောင်းပြီး စရိတ်လုပ်မယ်။ လိုတဲ့ပစ္စည်းတွေဝယ်မယ် စိုးအောင်လိုက်ခဲ့"

သူတို့တဲပိုင်းသားသစ်ဝါးခုတ်စားသူများ ပျော်နေကြပါတော့သည်။ ငှက်ဖျားတောထဲမှ ပင်ပန်းကြီးစွာသစ်ဝါးခုတ်မစားချင်ကြတော့ပါ။ ရွှေကျင်ပြီး တစ်နေ့တစ်ပဲသားပဲရရတစ်မူးသားပဲရရ စားဝတ်နေရေး အဆင်ပြေရင်တော်ပြီဟု ဆုံးဖြတ်ကြသည်။

■

သူတို့ရွာဘက်မှ ရွှေလီအတိုင်းစုန်ဆင်းပြီး ဒေါ့ရွာကြီးမှာ ရွှေလာလာရောင်းသည်ကို သတိထားမိသွားသော ရွှေဆိုင်ပိုင်ရှင်သည် တဲပိုင်းစုမှ ငမူးတစ်ယောက်အားအရက်တိုက်၍အစ်အောက်မေးရာမှသိသွားပါတော့၏။ သူကိုယ်တိုင်ရွာလေးကို လိုက်မလာနိုင်သော်လည်း ရွာသားတွေကိုမြှောက်ပေး၏။ တစ်နေ့နည်းနည်းကျင်ယူမည့်အစား တိုတောင်ပို့များအား တူးဖော်ပြီး ရွှေငုတ်ကြီးအားရှာရန်အကြံပေး၏။ ရွာလေးသည်လည်း နမ့်မဲကြီးဝိုင်းထဲမှ သစ်ခုတ်တဲ၊ ဝါးခုတ်တဲများ စုပေါင်းပြီးလာနေကြရာမှ အိမ်ခြေငါးဆယ်ခန့်ဖြစ်လာပါသည်။

ထိုအခါ ရွာလူကြီးဦးညွန့်မောင်နှင့် ရွာသားများက ရွာလေးအားအမည်ပေးဖို့ စဉ်းစားကြရာ အင်းစပ်ထဲတောင်ပို့များမှ ရွှေတုံးကြီးကိုခွေးများဟောင်သည်ကို အကြောင်းပြု၍ ရွာစည်ကားလာခြင်းကြောင့် ခွေးဟောင်တုံးရွာဟု အမည်ပေးလိုက်ကြပါတော့သည်။

လူဆိုသည်ကလည်း ရလေလိုလေအိုတရွှေဖြစ်၏။ ရွာကြီးက ရွှေဆိုင်ပိုင်ရှင်က မြှောက်ပေး၊ အိမ်က မိန်းမတွေက ပူဆာလာကြသောအခါ ရွာသားတချို့ ဖောက်ပြန်လာကြပါတော့သည်။ ဘယ်သူမှမသိအောင် လူရှင်းတုန်း တောင်ပို့တွေကိုဖြိုသူကဖြိုသည်။ တွင်းကြီးတူးသူက တူးကြသောအခါ တစ်နေ့ထက်တစ်နေ့ ရွှေအရနည်းလာကြပါတော့သည်။ ယခင်က တစ်နေ့ရွှေကျင်လျှင် အနည်းဆုံးတစ်မူးသားခန့်မှ တစ်ခါတလေ တစ်မတ်သားအထိရကြသော်လည်း ယခုအခါ ရွှေလေးတစ်ရွေးပင် မရချင်တော့။ တစ်နေကုန် ရေထဲစိမ်ပြီး ရွှေကျင်တာတောင် ရွှေကမရတော့ ရွာသားများသည် မူလလက်နက်လက်ရင်းဖြစ်သည့် နမ့်မဲသစ်တောကြီးဝိုင်းထဲသို့ ခြေဦးလှည့်ကြရပါတော့သည်။

လောဘကြောင့် ရွှေမြေကွယ်လေပြီတည်း။

ရွာသားတွေက ထိုတောင်ပို့ကြီးများအား လှည့်မကြည့်ချင်ကြတော့၊ ဤသို့ဖြင့် ခေတ်ကာလရွေ့လျားလာပြီး အရေးအခင်းကြီးငြိမ်သက် ထိုဒေသမှာ သစ်လုပ်ငန်းသည် တွင်ကျယ်လာခဲ့ပါတော့သည်။ မန္တလေးမှာလည်း တင်းဝါးဈေးတွေကကောင်းလာခဲ့ရာ ရွာလေးသည် သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်းကြောင့် အိမ်ကြီးရခိုင်ကြီးများပေါ်များလာပြီး အိမ်ခြေမှာလည်း တစ်ရာကျော်ခန့်ရည် ပင်ဖွံ့ဖြိုးလာခဲ့ပါသည်။

ထိုအခါ သူတို့၏ရွာအမည်အား မေးလျှင် ခွေးဟောင်တုံးဟုဖြေရမှာကို ရှက်လာခဲ့ကြသည်။ အားလုံးစုဝေးတိုင် ပင်ပြီး ရွာအမည်အားပြောင်းပစ်ရန် စဉ်း စားကြ၏။ နောက်ဆုံးမှာတော့ ရွှေ အကြောင်းပြုပြီးရွာနာမည်အားမှည့်ခေါ် ရာ 'ရွှေတုံးရွာ' ဟု အမည်တွင်သွား တော့သည်။

ရွာလေးသည် ယခုအခါ အိမ်ခြေ (၁၅၀) ခန့်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် ဒေအိုး-မဘိမ်းကားလမ်း ဘေးတွင် တည်ရှိပါသည်။ သစ်ဝါးလုပ် ငန်းများဖြင့် အဆင်ပြေနေကြပြီး ရွှေ လုပ်ငန်းကိုလည်း လုပ်ကိုင်နေကြသည် ကို တွေ့ရ၏။ နမ့်မဲသစ်တောကြီးထဲ ကြီးကတော့ သစ်ဝါးများအနည်း ကျန်ရှိနေပါသေးသည်။

သန့်

(ရွာ၏ရာဇဝင်ပြောပြသော ရွှေ ရွာရပ်မိရပ်ဖဦးညွန့်အောင်အား ကျေး အထူးတင်ရှိပါသည်။)

၂၀၁၈ ခုနှစ်၊ မိန်ရာသီပြောင်း

မန်းဒိန်းဇာတာဟောကိန်း

(၁၅-၃-၂၀၁၈) ရက်မှ (၁၃-၄-၂၀၁၈) နေ့အထိကာလ

မင်းရိုးအောင်



၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့က် (၀း၃၆း၀၇) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် ကုံရာသီမှ မိန်ရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယ လက်သည် မေရာသီ (၂၃) ဒီဂရီ(၀၈)မိနစ် ဖွင့်ထွက်ပေါ်ပါသည်။၎င်းကို မိန်ရာသီ ကူးသကြန်ဇာတာခွင်ဟု ခေါ်ဆိုနိုင်ပါသည်။

၎င်းဇာတာခွင်၏မှတ်သားစရာများမှာ ဥဒယလက်သည် အင်္ဂါဂြိုဟ်နှင့် (၄) ဒီဂရီအတွင်း၊ ဗုဒ္ဓဟူးဂြိုဟ်နှင့်သောကြာဂြိုဟ်သည် (၄) ဒီဂရီအတွင်း၊ ကြာသပတေးဂြိုဟ်နှင့် ကံကြမ္မာဂြိုဟ်တို့သည် (၃) ဒီဂရီအတွင်းတို့၌ ပူးယှဉ်ကြသည်။ ကြာသပတေးဂြိုဟ်က တနင်္လာဂြိုဟ်ကို၊ အင်္ဂါဂြိုဟ်က တနင်္ဂနွေဂြိုဟ်ကို၊ စနေဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ကို၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်ဖြင့် မြင်ထားပြီး ကြာသပတေးဂြိုဟ်က တနင်္ဂနွေဂြိုဟ်ကို၊ အင်္ဂါဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို၊ ဗုဒ္ဓဟူးဂြိုဟ်က ရာဟုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်ဖြင့် မြင်ထားကြသည်။

၎င်းတို့ကို ခြုံငုံ၍ ကောက်နုတ်ချက်ချ အဖြေထုတ်ရလျှင် ဤကာလတွင် နယ်စပ်လုံခြုံရေးဆိုင်ရာ၊ အိမ်နီးနားချင်းနိုင်ငံနှင့် ဆက်ဆံရေးဆိုင်ရာ၊ တိုင်းရင်းသားအရေးဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ရွှေ့ပြောင်းလုပ်ကိုင်သူများဆိုင်ရာ၊ ဒုက္ခသည်များဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာတို့ နီးနွယ်နေသော အကြမ်းဖက်ဘေး၊ လက်နက်ဘေးတို့ ပုံစံတစ်မျိုးဖြင့်ထွက်ပေါ်လာသလို ၎င်းတို့ကို တုံ့ပြန်ဖြေရှင်းနည်းနာနိသယံသစ်များလည်း တစ်ဖက်က ပေါ်ထွက်လာလိမ့်မည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများကလည်း ပြောင်းပြောင်းတင်းတင်းတစ်မျိုး၊ ပုန်းလျှိုးကွယ်လျှိုးတစ်မျိုး ထိပါးပွတ်တိုက်မှုများရှိပါလိမ့်မည်။ ကောင်းသောသဘောထက်ဆိုးသောသဘောသို့ပိုမိုသက်ရောက်လာလိမ့်မည်။

လွှတ်တော်နှင့်အစိုးရသဘောထားဖြင့် မတိုက်ဆိုင်မှုများ၊ လွှတ်တော်နှင့်ပြည်သူတို့သဘောဆန္ဒချင်းမတူညီမှုများ၊ အစိုးရအပေါ်၌ ပြည်သူတို့အားမလိုအားမရဖြစ်မှုများ ပိုမိုပေါ်လွင်မှုများရှိလာမည်။

လွှတ်တော်၌တိုင်းရင်းသားဆိုင်ရာ၊ နယ်စပ်လုံခြုံရေးဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ စီးပွားဖွံ့ဖြိုးရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ငွေရေးကြေးရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ တရားစီရင်ဆိုင်ရာတို့နှင့် နီးနွယ်နေသော ဥပဒေပြုရေးနှင့်ပတ်သက်၍အငြင်းပွားမှု၊ သဘောထားကွဲလွဲမှုများ၊ လျစ်လျူရှုမှုများကြောင့် ပူညံပူညံဖြစ်နေတတ်မည်။

စာနယ်ဇင်းမီဒီယာဆိုင်ရာအငြင်းပွားမှုများ၊ ပဋိပက္ခဖြစ်မှုများရှိနေဦးမည်။ စာနယ်ဇင်းလောက၊ မီဒီယာလောကနှင့်ဆက်နွယ်သောထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရမည်။

ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ လေကြောင်းသယ်ယူပို့ဆောင်ရေး၊ အထူးသဖြင့် ရေကြောင်းပို့ဆောင်ရေး၌ ပုံမှန်မဟုတ်သော မတော်တဆထိခိုက်မှုများဖြစ်ပေါ်တတ်မည်။ အမျိုးသားရေး၊ ဘာသာရေးနှင့်ပတ်သက်၍ မလိုလားအပ်သောအထိအခိုက်များဖြစ်ပေါ်တတ်မည်။

အစိုးရအဖို့ ငွေရေးကြေးရေးဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းကို ခက်ခက်ခဲခဲ ရုန်းကန်ဖြေရှင်းနိုင်မှု၊ နိုင်ငံတကာဖိအားစုံကို ကြံ့ကြံ့ခံ၍ ဖြေရှင်းနိုင်မှု တစ်စုံတစ်ရာအတိုင်းအတာအထိ ပြုလုပ်နိုင်လိမ့်မည်။ နိုင်ငံရေးစာပေရေးနှင့် နီးနွယ်နေသော ထိပ်သီးအမျိုးသမီးတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရမည်။ နိုင်ငံတကာဆက်ဆံရေး၌ တင်းတင်းမာမာရပ်တည်နိုင်မှု ယှဉ်ပြိုင်ရင်ဆိုင်နိုင်မှုများရှိလာမည်။ လက်ရုံးရည်သဘောတရားများပါဝင်လာမည်။ ပြည်သူတို့၏ တင်းမာသောတောင်းဆိုမှုများ၊ တက်ကြွလှုပ်ရှားမှုများရှိလာမည်။ နေထိုင်မှုဆိုင်ရာ လယ်ယာမြေဆိုင်ရာ၌ ခက်ခဲသောဖြေရှင်းရမှုများရှိလာမည်။ မြေပြိုမှု၊ ငလျင်လှုပ်မှု၊ ရေကြောင်းဘေးသင့်မှုများရှိမည်။

မင်းရိုးအောင်

မောင်မောင်မိုးအောင်

([illegible])

ဂင်္ဂါမြစ်ရေအထက်သို့ဆန်တက်စီးစေခဲ့သည့် ပြည့်တန်ဆာမ၏သစ္စာစကား

သစ္စာစကားဆိုခြင်း ဟူသည်မှာ အမှန်အတိုင်းပြောဆိုခြင်းပင် ဖြစ်သည်။ ကာယကံမှုပြုရာ၌ လည်းကောင်း၊ မနောကံမှုပြုရာ၌ လည်းကောင်း မိမိပြုခဲ့သည်ကို အမှန်အတိုင်း ပြောဆိုသစ္စာပြုခြင်း ပင်ဖြစ်သည်။ သစ္စာစကားကား ရှေး ကာလတွင် အလွန်ထူးခြားသောအရာသာ ရှိကြောင်း သဗ္ဗညု သာဓကများစွာ ဟူ၍ ဟောတော်မူခဲ့ပါသည်။

သစ္စာစကားကြောင့်အသင့်သင့်စီး နေသောမြစ်ရေအလျဉ်ကိုလည်းရပ်တန့် စေနိုင်ကြောင်း၊ အဆိပ်ကိုလည်း ပျက် ပြယ်စေနိုင်ကြောင်း၊ မီးကိုလည်းငြိမ်း သတ်စေနိုင်ကြောင်း၊ မိုးကိုလည်းရွာစေ နိုင်ကြောင်း စသည့်ဇာတ်တော်များရှိ သည်။ ထိုသစ္စာနှင့်ပတ်သက်သည့်ဇာတ် တော်များတွင် မြွေဆိပ်ပျက်ပြယ်သော သုဝဏ္ဏသျှံဇာတ်တော်ကိုသာ လူသိများ သည်။ မြွေဆိပ်မွှန်၍သေအံ့မူးမူးရောက် ရှိနေသော ဘုရားလောင်းအား ဒုကူလ၊ ပါရိကာမိဘနှစ်ပါးနှင့် ဗဟုသုန္ဒရီနတ် သမီးတို့၏ သစ္စာဆိုချက်များကြောင့် အဆိပ်များလျှော့ကျကာ အကောင်း ပကတိ ပြန်လည်ဖြစ်ရကြောင်း အများ သိကြပြီး ဖြစ်သည်။ ထိုဇာတ်တော်မှာ ကောင်းမှုပြုလုပ်ပြီး သစ္စာဆို၍ သစ္စာ အကျိုးခံစားရသောဇာတ်တော်ဖြစ်သဖြင့် လူသိများခြင်း ဖြစ်သည်။ မကောင်းမှုပင် ဖြစ်သော်လည်း ထိုမကောင်းမှုပြုသည် ကို အမှန်အတိုင်းပြော၍ သစ္စာအကျိုး ကျေးဇူးခံစားရသော ဇာတ်တော်များ လည်းရှိပါသည်။ ထိုဇာတ်တော်များထဲမှ အချို့ကို သံယုတ်အဋ္ဌကထာမှထုတ်နုတ် တင်ပြအပ်ပါသည်။ သစ္စာစကားကြောင့် ရေစီးရပ်တန့်သွားသည့်အကြောင်း ဦးစွာ တင်ပြလိုပါသည်။

ဂင်္ဂါမြစ်ရေကြီးခြင်းကြောင့် ပါဋလိပုတ်ပြည်ကြီး ရေဘေးအန္တရာယ်ကျ ရောက်အံ့ဆဲဆဲတွင် ပြည့်တန်ဆာမ၏ သစ္စာဆိုမှုကြောင့် ရေဘေးအန္တရာယ်မှ လွတ်မြောက်ရကြောင်းသာဓကကိုတင်ပြ ရပါသည်။ အိန္ဒိယပြည်ရှိ ဂင်္ဂါမြစ်ရေ ကား နှစ်စဉ်နှစ်တိုင်းလိုလို ရေကြီးခဲ့ သည်။ ထိုဂင်္ဂါမြစ်ရေကြီးလျှင် ဂင်္ဂါမြစ် အနီးအပါးတွင်နေထိုင်ကြသော မြို့ရွာ သားများ မရှုမလှပျက်စီးရသည်မှာ ယခု တိုင်ပင် ဖြစ်သည်။

ထိုဂင်္ဂါမြစ်ရေသည် ယခုမှကြီး သည်မဟုတ်။ နှစ်ပေါင်းမြောက်မြားစွာ ခေတ်ကလည်း အလားတူကြီးခဲ့ သည်။ အချိန်ကား ပါဋလိပုတ်ပြည် အသောကမင်းကြီးအုပ်စိုးချိန် ဖြစ်သည်။ ယင်းအသောကမင်းကြီးခေတ်တွင် မိုး ကျစဉ် ဂင်္ဂါမြစ်ရေသည် ဒလဟော ဆင်း၍လာခဲ့ရာ မြစ်ကမ်းပါး၌ ကိုးရွာ များပင်ရေသောက်နိုင်သည်အထိ မြစ်ရေ တက်လာခဲ့သည့်အချိန်ကားမသေချာ တပြည့်ပြည့်ပင် ဆက်လက်တက်လျက် ရှိ၏။ မြို့သူမြို့သားတို့သည် မြစ်ရေကို ကြည့်ပြီး ဟိုပြေးသည်ပြေးနှင့် ရေဘေး အန္တရာယ်လွတ်မြောက်ရေးအတွက် ဆူ ပွက်လျက်ရှိ၏။

မြို့သူမြို့သားတို့၏အသံကား အသောကမင်းကြီး၏ထံမှောက်သို့ဆိုက် ရောက်လာတော့သည်။ ထို့ကြောင့် အသောကမင်းကြီးသည် နန်းတော်တွင် ၌ပင်ထိုင်နေရန်မဖြစ်တော့ပေ။ ကိုယ် တော်တိုင်ဆင်းစီး၍ထွက်တော်မူပြီး ရေ ဘေးအန္တရာယ်ကို ရှုစားတော်မူသည်။ မင်းကြီးလည်း ရေ၏တလိပ်လိပ်တက် လာသောအန္တရာယ်ကို မြင်တော်မူသည့် အခါ ရေဘေးအန္တရာယ်မှလွတ်မြောက် ဖို့ရန် အမတ်တို့နှင့် ညီလာခံသဘင်တွင် တိုင်ပင်ဆွေးနွေးသည်။ အမတ်တို့က ဘုန်းသမ္ဘာရကြီးမြတ်တော်မူသော အရှင် မင်းကြီးမှမတတ်နိုင်လျှင် ကျွန်တော်မျိုးတို့ မည်သို့မျှ တတ်နိုင်မည်မဟုတ်ကြောင်း တင်လျှောက်ကြကုန်၏။

ဤသို့ အသောကမင်းကြီးနှင့်မှူး မတ်တို့ တိုင်ပင်ဆွေးနွေး၍ မည်သို့မျှ မတတ်နိုင်ကြောင်းတိုင်းချုပ်ပြည်သားများ မှတစ်ဆင့် ဗိန္ဒုမတီပြည့်တန်ဆာမကြား ရသည့်အခါ အမတ်ကြီးများထံ အမြန် အလွှားသွားပြီးလျှောက်တင်တော့သည်။ ဖြစ်ပေါ်နေသောရေဘေးအန္တရာယ်ကို သူကယ်တင်နိုင်ကြောင်း၊ တသွင်သွင် စီးဆင်းလျက်ရှိသော ဂင်္ဂါမြစ်ရေသည် အထက်သို့ဆန်တက်သွားအောင်ဆောင်

ရှက်နိုင်ပါကြောင်း တင်လျှောက်လေ၏။

ထိုအခါ မှူးမတ်တို့က -

"သင်ကား လာသမျှယောက်ျားများကို ကာမဂုဏ်ဖြင့် မြူဆွယ်မူးယစ်စေခဲ့သူ ဖြစ်၏။ ထိုကဲ့သို့သောသူက အဘယ်သို့လျှင် ဤရေဘေးအန္တရာယ်မှကယ်တင်နိုင်ပါမည်နည်း။ အဘယ်သို့လျှင် ဂင်္ဂါမြစ်ရေအထက်သို့ ဆန်ပါမည်နည်း"

ဟု ပြက်ရယ်ပြုကြကုန်၏။

ဗိန္ဓုမတီပြည့်တန်ဆာမသည် ထိုသို့အမတ်တို့၏ပျက်ရယ်ပြုခြင်းကိုခံလိုက်ရသည့်အခါ -

"အမတ်ကြီးတို့အား ဝတ္တရားရှိ၍ ခွင့်တောင်းရခြင်း ဖြစ်ပါသည်။ အမတ်ကြီးတို့ခွင့်မပြုသော်လည်း အားလုံးသောတိုင်းသူပြည်သားတို့၏ ကျရောက်မည့်ဘေးအန္တရာယ်မှ ကယ်တင်ရမည်"

ဆိုလျက် သစ္စာစကားဆိုပါတော့သည်။

သူသည် ပြည့်တန်ဆာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရသော်လည်း အဂတိတရားလေးပါးမလိုက်စားခြင်းကို အကြောင်းပြု၍ သစ္စာဆိုခဲ့ရာ ဂင်္ဂါမြစ်ရေသည် သစ္စာဆိုပြီးသည်နှင့်တစ်ပြိုင်နက် အထက်အညာသို့ဆန်တက်၍ တသွင်သွင်စီးနေရာမှ ရပ်တန့်သွားခဲ့သည်။ ယင်းသို့ရပ်တန့်သွားလေရာတွင် အထက်ရေစီးက အထက်သို့ဆန်ပြီး အောက်ရေစီးက အောက်ဘက်သို့စုန်ဆင်းသွားသဖြင့် ရေလှိုင်းထပြီး ရေလှိုင်းတံပိုးရိုက်ခတ်သံများပေါ်ထွက်ခဲ့သည်။ ရေလှိုင်းတံပိုးရိုက်ခတ်သံသည် ပြင်းစွာမြည်ဟည်း၍ ပေါ်ထွက်ခဲ့လေသည်။ ကြောက်လန့်ဖွယ်ရာ ဖြစ်ပေါ်ခဲ့သည်။

ယင်းအသံကို အသောကမင်းကြီးကြားရသည့်အခါ အမတ်တို့အားအကြောင်းကို မေးမြန်းသည်။ အမတ်တို့က အထက်ပါအတိုင်း ဗိန္ဓုမတီပြည့်တန်ဆာမ၏ သစ္စာဆိုချက်ကြောင့် ဂင်္ဂါမြစ်ရေသည် တသွင်သွင်စီးဆင်းနေရာမှ ရပ်တန့်သွားပြီး ရေလှိုင်းချင်းရိုက်ခတ်သံတို့ကြောင့် ထွက်ပေါ်လာသောအသံဖြစ်ကြောင်း တင်လျှောက်ကြလေသည်။

ထိုအခါ အသောကမကြီးသည် အလွန်ပင် အံ့အားသင့်လျက် ဗိန္ဓုမတီပြည့်တန်ဆာမထံသို့ ကိုယ်တော်တိုင်ဆင်စီးပြီး ကြွချီသွားကာ မေးမြန်းတော်မူ၏။

ထိုအခါ ဗိန္ဓုမတီပြည့်တန်ဆာမက ဤသို့ထပ်မံလျှောက်တင်ခဲ့လေ၏။

"အရှင်မင်းမြတ်၊ ကျွန်တော်မသည် ပြည့်တန်ဆာမအဖြစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သော်လည်း မည်သည့်အခါမျှ အဂတိတရားမလိုက်စားခဲ့ပါ။ ဤသူကား မင်းစိုးအာဏာရှိသည့်ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ အာဏာရှိသူဖြစ်ခြင်းကြောင့်လည်း မျက်နှာမလိုက်ခဲ့ပါ။ ဤသူကား အမျိုးမြတ်သည့်ပုဂ္ဂိုလ်၍ အမျိုးမြတ်ခြင်းကိုအစွဲပြု၍လည်း မျက်နှာမလိုက်ခဲ့ပါ။ ဤသူကား ဆင်းရဲသည့်ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍လည်း ဆင်းရဲခြင်းကို အကြောင်းပြု၍ မထေ့မဲ့မြင်မပြုခဲ့ပါ။

အလျှင်ငွေပေးသူကို အလျှင်လက်ခံပြီးပြုစုခဲ့ပါသည်။ ငွေနှင့်တန်သလောက်နှစ်သိမ့်ကျေနပ်အောင် ပြုစုခဲ့ပါသည်။ ဤသို့ မျက်နှာမလိုက်၊ အဂတိမလိုက်စာခြင်းကိုအကြောင်းပြု၍ ဤသို့သစ္စာဆိုခဲ့ပါသည် အရှင်မင်းကြီး။

အကျွန်ုပ်သည် ပြည့်တန်ဆာအလုပ်ကို လုပ်ကိုင်စားသောက်နေရသော်လည်း အဂတိမလိုက်စားပါ။ မျက်နှာကြီးငယ်မလိုက်ပါ၊ ဤစကားမှန်ပါ၏။ ဤပြောဆိုသောစကားမှန်ပါလျှင် ဂင်္ဂါမြစ်ရေသည် အထက်သို့ဆန်တက်ပါစေသတည်း ဤသို့သစ္စာစကားဆိုခဲ့ခြင်းကြောင့် ဂင်္ဂါမြစ်ရေအတက်သို့ဆန်တက်စီးသွားခြင်းဖြစ်ပါသည်"

တင်လျှောက်သည်။

ဗိန္ဓုမတီပြည့်တန်ဆာမ သစ္စာဆိုခန်းတွင် -

၁။ သစ္စာဆိုသူမှာ ပြည့်တန်ဆာမ။

၂။ သစ္စာဆိုရခြင်းမှာ ရေဘေးအန္တရာယ်တွေ့ပြီး တိုင်းသူပြည်သားများဒုက္ခရောက်မည်ကို စိုးရိမ်၍ဖြစ်သည်။

၃။ သစ္စာဆိုသည့် အကြောင်းအရာမှာ အဂတိတရားမလိုက်စာခြင်း ဖြစ်၏။

၄။ ထိုအဂတိတရားမလိုက်စားခြင်းကို အကြောင်းပြု၍သစ္စာဆိုလျှင်အောင်မြင်မည်ဟူသော ယုံကြည်ချက်ပင်ဖြစ်၏။

သစ္စာဆိုခြင်းအကြောင်းအရာသည် ကောင်းသည့်အကြောင်းအရာ ဟုတ်သော်လည်း သစ္စာတရား၏အောင်မြင်မှုကား ဂင်္ဂါမြစ်ရေ အထက်သို့ဆန်တက်ပြီး ရေလွှမ်းခြင်းဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည်။ သစ္စာအစွမ်းကား ထက်မြက်လှသည်။

ဆက်လက်၍ မြွေဟောက်အကိုက်ခံရခြင်းကြောင့် မြွေဆိပ်တက်နေသူ သားဖြစ်သူအား မိဘနှစ်ပါးနှင့်ဆရာရသေ့တို့၏သစ္စာဆိုခြင်းကြောင့် မြွေဆိပ်များလျော့ကျပြီး အသက်ချမ်းသာရာရခဲ့ကြောင်း အဋ္ဌကထာနိပါတ်ဇာတ်တော်လာ သာဓကကို တင်ပြပါဦးမည်။

နေရာမှာ ကာသိတိုင်း ဗာရာဏသီပြည်တွင် ဖြစ်သည်။ ထိုဗာရာဏသီပြည်တွင် သူကြွယ်နှစ်ဦးတို့ရှိကြကုန်၏၊ ၎င်းတို့နှစ်ဦးမှာတစ်ဦးနှင့်တစ်ဦးအလွန်ချစ်ခင်ကျွမ်းဝင်သော အဆွေခင်ပွန်းများဖြစ်ကြသည်။ တစ်ဦးသောသူကြွယ်သည် အိမ်ရာတည်ထောင်ရာလူ့ဘောင်ကို ငြီးငွေ့၍ ရှိသမျှ ရွှေငွေဘဏ္ဍာပစ္စည်းဥစ္စာတို့ကိုစွန့်ခွာပြီး တောထွက်၏။ အမည်အားဖြင့် ကဏှဒီပါယန ရသေ့ဟူ၍ အမည်တွင်ခဲ့သည်။ ထို ရသေ့ကား တောထွက်၍လာခဲ့သည် (၇) ရက်သာ သာသနာတော်တွင် ပိုက်၏။ ထို (၇) ရက်မှကျော်လွန်ပြီး (၅၀)ဝါ(၅၀)ရသည့်တိုင်အောင် မှမပျော်ပိုက်ပေ။ မပျော်ပိုက်၍ ထွက်လာဖို့ရန်မှာလည်း ကဲ့ရဲ့မှာ သည့်အတွက်ကြောင့် လူမထွက် မပျော်ပိုက်ဘဲနှင့်နေထိုင်ရ၏။

တစ်ဦးသော သူကြွယ် လူ့ဘောင်တွင် သားမယားနှင့်နေထိုင် အမည်အားဖြင့် မဏ္ဍဗျသူကြွယ် တွင်ခဲ့သည်။ မဏ္ဍဗျသူကြွယ်အိမ်၌ မိဘတို့လက်ထက်မှ လှူဒါန်းလာခဲ့ ရသေ့ရဟန်းတို့အား နေ့စဉ်လှူဒါ နေခဲ့ရလေသည်။ ထိုသို့နေ့စဉ်ပင် ဒါန်းနေရစေကာမူ မိဘတို့ဝတ္တရား မပျက်လို၍ လှူဒါန်းနေရခြင်းဖြ ထိုသို့လှူဒါန်းရခြင်းကို တစ်ခါတ စေတနာမရှိခဲ့ပေ။

ထိုသူကြွယ်၌လည်း ဇနီး ထိုဇနီးဖြစ်သူမှာလည်း သူကြွ ကလေးတစ်ယောက်ရရှိသည့်တို မိမိခင်ပွန်းအပေါ်၌ ချစ်မြတ် မရှိခဲ့ပေ။ မိဘတို့ပေးစား၍ သ သင်းနေရခြင်း ဖြစ်ပေ၏။ ခင်ပွန်း အားမချစ်၍ နောက်တစ်ယေ ပြောင်းယူဖို့ရန်မှာလည်း ၎င်းတို့ ပြောင်းယူမျိုးမရှိသဖြင့် မချစ် ပေါင်းသင်းနေရ၏။ ထိုသူတို့ အကြောင်းအဖြစ်အပျက်မှာ ဤ ရပါသည်။

ကဏှဒီပါယနရသေ့သည် ထဲတွင်နေထိုင်ခဲ့ရာမှ ဗာရာဏ

ပြန်လာ၍ တောကျောင်းတစ်ကျောင်း၌သီတင်းသုံးလျက်ရှိ၏။ ထိုအကြောင်းကို မဏ္ဍဗျသူကြွယ်ကြားသိရ၍ အဆွေတော်ရသေ့အား ဖူးမြော်ရန် ဇနီးနှင့်သားကလေးကို အတူခေါ်ဆောင်ပြီးလာခဲ့၏။ ကဏှဒီပါယနရသေ့ထံ ရောက်သည့်အခါတွင် သားငယ်ကလေးအား ကျောင်းအနီးအပါးတွင် ကစားစေ၍ ဇနီးမောင်နှံနှစ်ယောက်တို့သည် တရားနာယူကြ၏။ သားငယ်ဖြစ်သူသည် ကလေးတို့သဘာဝအတိုင်း ဂျင်လုံးလေးကိုပေါက်ကစားလျက်ရှိ၏။ ထိုသို့ပေါက်ကစားလျက်ရှိသော ဂျင်လုံးလေးသည် မြွေဟောက်ရှိသောတွင်းထဲသို့ဝင်သွားရာ ဂျင်လုံးလေးနှိုက်ယူရာ၌ မြွေဟောက်ကပေါက်လိုက်သဖြင့် အမေ့ဟူ၍ တစ်ချက်သာအော်နိုင်ပြီး မေ့မြောသွားတော့၏။

မဏ္ဍဗျသူကြွယ်ဇနီးမောင်နှံတို့သည် သားငယ်လေး၏အော်သံကိုကြားရသဖြင့် ချက်ချင်းပင် သားငယ်လေးထံသွားရောက်ရာ သားငယ်လေးသည် မေ့မြောလျက်ရှိနေသည်ကို တွေ့ရ၏။ အနီး၌လည်း မြွေဟောက်ကိုတွေ့မြင်ရာ မြွေဟောက်ကိုက်သဖြင့် မေ့မြောနေခြင်းဖြစ်လေရာ၏ဟု ကဏှဒီပါယနရသေ့ထံသို့ ချီမပြီးကုသပေးတော်မူပါ အကြောင်း လျှောက်ထား၏။

ဤတွင် ကဏှဒီပါယနရသေ့သည် ငါ့အားဆေးဝါးကုသစရာ သစ္စာမန္တန်ဆေးသာလျှင်ရှိ၏။ ကြောင့် သစ္စာဆိုပြီး ကုသတော့အံ့ ယညဒတ်၏ ဦးခေါင်းကိုကိုင်လျက် အောက်ပါအတိုင်းသစ္စာဆိုတော်မူ၏။

"ငါသည် ရသေ့ဝတ်ပြီး (၇) ရက် သာသနာတော်တွင်ပျော်မွေ့စွာ ကြည်ညိုစွာနှင့်ကျင့်ခဲ့ပါသည်။ ထို ရက်မှ နောက်အနှစ်(၅၀)ပတ်လုံး သနာတော်တွင် မပျော်ရွှင်ဘဲ ကြည်လင်ဘဲနှင့် ရသေ့ဝတ်၍နေထိုင် ပါသည်။ ဤမှန်သော သစ္စာစကား မြွေဆိပ်များလျော့ကျပါစေသ

ဟု သစ္စာဆိုခဲ့၏။ ဤသို့သစ္စာဆို နှင့်တစ်ပြိုင်နက် မြွေဆိပ်မွှန် သော ယညဒတ်သည် အဖေ ခေါ်ဆိုလျက် အဆိပ်များ မှ ရင်ဘတ်အထိလျော့ကျပြီး သွားပါတော့သည်။ ထို့နောက် ဒီပါယနရသေ့ကြီးက ငါတော့ ပြီးပြီ၊ သင်တို့လည်းသစ္စာဆိုကြ

ဟု မဏ္ဍဗျသူကြွယ်အား သစ္စာဆိုစေသည်။ ထိုအခါ မဏ္ဍဗျသူကြွယ်က သားဖြစ်သူ ယညဒတ်၏ရင်ဘတ်ပေါ်တွင် လက်တင်လျက် အောက်ပါအတိုင်း သစ္စာဆိုသည်။

"ငါသည် တစ်ခါမှပေးချင်ကမ်းချင် လှူချင်သောစိတ်စေတနာမရှိဘဲနှင့် အိမ်တွင်ကြွရောက်နေကြသော အလှူခံများအား လှူဒါန်းနေရပါသည်။ မပေးချင်ဘဲ ပေးရ၊ မလှူချင်ဘဲနှင့်လှူဒါန်းနေရပါသည်။ ဒီအတိုင်းမှန်ကန်လျှင် ဤမှန်ကန်သောသစ္စာစကားကိုဆိုရခြင်းကြောင့် သားအပေါ်တွင် ကျရောက်နေသော မြွေဆိပ်များသည် လျော့ကျပါစေသတည်း"

ဟု သစ္စာဆိုခဲ့ပါ၏။

ဤသစ္စာစကားကြောင့်ရင်ဘတ်မှအဆိပ်များသည် ခါးအထိလျော့ကျသွားပါတော့သည်။ သားငယ်က မထနိုင်သေး၊ မထိုင်နိုင်သေး။ အဆိပ်တို့ကျန်နေပါသေးသည်။ ထို့ကြောင့် ရသေ့ကြီးက သူကြွယ်ဖြစ်သူ၏ဇနီးအားလည်းသစ္စာဆိုခိုင်းသည်။

ထိုအခါ သူကြွယ်ဇနီးကလည်း အောက်ပါအတိုင်းသစ္စာဆို သည်။

"ငါ၏ချစ်သား၊ ငါ၏သားကိုကိုက်သည့်မြွေဟောက်ကို ငါသည်မချစ်ပါ။ ယင်းမြွေဟောက်ကိုလည်း မချစ်သလို သင်၏အဖေကိုလည်း ယနေ့တိုင်အောင် မချစ်ပါ။ မချစ်တာချင်းအတူတူပါ။ ဤသစ္စာစကားမှန်ကန်ပါလျှင် ဤမှန်ကန်သောသစ္စာစကားကြောင့် ငါ့သားအပေါ် ဝယ်ကျရောက်နေသော အားလုံးသောအဆိပ်တို့သည် ပျက်ပြယ်ပြီး မူလနဂိုအတိုင်း ကျန်းမာပကတိချမ်းသာစွာရှိပါစေသတည်း"

ဟု သစ္စာဆိုခဲ့၏။

ယင်းသို့သစ္စာဆိုပြီးသည်နှင့်တစ် ပြိုင်နက် သားကလေး ယညဒတ်၌ကျ ရောက်နေသော အဆိပ်အားလုံးတို့ သည် လျော့ကျပျက်ပြယ်ပြီး မူလနဂို အတိုင်း ကျန်းမာပကတိချမ်းသာစွာရှိ ပါသတည်း။

ဤဇာတ်တော်တွင် -

၁။ သစ္စာဆိုသူတို့မှာ ရသေ့နှင့် သူကြွယ်ဇနီးမောင်နှံ။

၂။သစ္စာဆိုရခြင်းမှာ သားကလေးမြွေကိုကိုက်၍ အသက်ဘေးမှချမ်းသာရစေလိုခြင်းပင် ဖြစ်သည်။

၃။သစ္စာဆိုရသည့်အကြောင်းရင်းမှာကား -

က။ ရသေ့က သာသနာတော်မှာ မပျော်ပိုက်ခြင်းအကြောင်း၊

ခ။ မဏ္ဍဗျသူကြွယ်က စေတနာမရှိဘဲနှင့်လှူနေရသည့်အကြောင်း၊

ဂ။ ဇနီးဖြစ်သူက သူလင်ဖြစ်သူကို မချစ်ဘဲနှင့်ပေါင်းသင်းနေသည့်အကြောင်းများပင် ဖြစ်သည်။

အထက်ဖော်ပြပါ သစ္စာဆိုရသည့်အကြောင်းများမှာ ကောင်းသောအကြောင်းအရာများမဟုတ်ပေ။ သို့ရာတွင် အဖြစ်အပျက်မှန်၊ တကယ့်ဖြစ်ရပ်မှန်များကို အမှန်အတိုင်းပြောဆိုခဲ့ခြင်းပင်ဖြစ်သည်။ ယင်းဖြစ်ရပ်မှန်များကို အမှန်အတိုင်း ထုတ်ဖော်ပြောဆိုခြင်းကြောင့် မြွေဆိပ်များသည်လျော့ကျပြီး အသက်ဘေးမှချမ်းသာရာရခဲ့လေသည်။

သစ္စာဆိုသည့်အကြောင်းမကောင်းမှုပင်ဖြစ်သော်လည်း သစ္စာအစွမ်းထက်ပုံကိုခံစားရသည့်မစ္ဆရာဇာဘုရားလောင်း၏မင်းဇာတ်တော်ကို ဆက်လက်တင်ပြပါဦးမည်။

အချိန်ကား ဂိမှာနသမယဖြစ်သော နွေကာလအချိန်ဖြစ်လေသည်။ ထို့ကြောင့် အင်းအိုင်ချောင်းမြောင်းတို့သည် တဖြည်းဖြည်းချင်း ရေခန်းခြောက်လာတော့၏။ ထိုသို့ရေများ ခန်းခြောက်လာသည်နှင့်အမျှ စိမ်းလန်းစိုပြည်ကြသော သစ်ပင်တောတောင်တို့သည်ပင် ညှိုးနွမ်းရင့်ရော်ရွက်ဟောင်းများကြွေကျခဲ့ပေပြီ။ ထို့ပြင် လူတို့စားသောက်ရန် အသီးအနှံတို့လည်း ပျက်စီးဆုံးပါးခြင်းသို့ ရောက်ကုန်ပြီဖြစ်သည်။ ဤ အခြေအနေကို မကျော် ကာသိတိုင်း သာ ဝန်ကျောင်းတော်အ ငါးပါးတို့ဖြင့် တင် သရမည်သော

သည်လည်း ရေများတဖြည်းဖြည်းခန်းခြောက်လာခဲ့သဖြင့် ယခုအခါ ရေကန်လွှမန်းဖြစ်ကာ ကုန်းများပင်ပေါ်လာခဲ့ပြီ ဖြစ်သည်။ ထိုရေကန်အတွင်းရှိ ငါးသတ္တဝါအပေါင်းတို့သည်လည်း ခိုကိုးရာမဲ့ဖြစ်ကာ ကျီး၊ လင်းတ၊ စွန်ရဲတို့ထိုးဆွနှိပ်စက်ခံရလျက် စားစရာအစာအဖြစ်သို့ရောက်ရှိခဲ့ပြီ။

ဤအတိုင်းသာဆိုလျှင် ငါးသတ္တဝါအပေါင်းတို့သည် ခိုကိုးရာမဲ့ဖြင့် တဖြည်းဖြည်းပြုတ်ပြုတ်ပြုန်းလျက် ငါ၏ဆွေတော်မျိုးတော်များသည် မျိုးပြုတ်မှုယ်ရာသာရှိတော့သည်ဟု မစ္ဆရာဇာမည်သော ငါးအပေါင်းတို့၏ အကြီးမှူးဖြစ်သော ဘုရားလောင်းသည် အလွန်ကြီးပွန်းကာ ဆွေတော်မျိုးတော်အပေါင်းတို့လွတ်မြောက်ရာလွတ်မြောက်ကြောင်းကိုကြံစည်ခဲ့လေသည်။ တွေးတောခဲ့လေသည်။ ဆွေတော်မျိုးတော်အပေါင်းတို့ကို သယ်ယူပြီး ကြာမျိုးငါးပါးတို့ဖြင့်ပြည့်စုံသော ဟိမဝန္တာတစ္ဆာလာတိုင်ကြီးဆီသို့ မည်ကဲ့သို့သောနည်းလမ်းဖြင့် ပို့ဆောင်ရပါမည်နည်းဟု ကြံစည်စိတ်ကူးခဲ့သည်။ ကြံစည်မှုမှုတစ်ပါး လူသတ္တဝါများအလားမဟုတ်ခဲ့သဖြင့် အကြံမပေါက်နိုင်တွေလျက်သာ အချိန်များကုန်ဆုံးရတော့သည်။ နောက်ဆုံးတွင် အဖြစ်အပျက်အခြေအနေမှန်ကို ဖော်ထုတ်ပြောကြားခြင်း သစ္စာဆိုခြင်းမှတစ်ပါး အခြားကြံဖန်လုပ်သောအားကား မရှိတော့ချေ။ သစ္စာပြုခြင်း၏အားကား ဤလောက၌ အလုံးစုံသော အရာသာတကာတို့တွင် အချိန်ဆုံးသောအရာသာ ဖြစ်လေ၏။ ထို့ကြောင့် ငါသည် ဆွေတော်မျိုးတော်တို့၏လွတ်မြောက်ရာလွတ်မြောက်ကြောင်းကိုသစ္စာမန္တန်ဆိုခြင်းဖြင့် လွတ်မြောက်စေတော့အံ့ဟု အောက်ပါအတိုင်းသစ္စာဆိုသည်။

"ငါသည် မိမိကိုယ်ကို မှတ်မိသည့်အရွယ်မှစ၍ ယခုသိကြားလိမ္မာသောအရွယ်သို့ရောက်သည့်တိုင်အောင် သေစေလိုစေတနာဖြင့် သူတစ်ပါးတို့၏အသက်ကို စားမျိုဖူးသည်ဟူ၍ မရှိပါ။ ဤမှန်ကန်သောသစ္စာစကားကိုဆိုခြင်းကြောင့် မိုးမင်းသည် ရွာပါစေသတည်း။ ပဇ္ဇုန္နမည်သော မိုးနတ်သား၊ သင်သည် ယခုမကြာပင် ထစ်ချုန်း၍ရွာပါလော့။ ညည်းဆဲတတ်သော ကျီးစသောရန်သူအပေါင်း၏ စားသောက်ဖွယ်ဖြစ်သော ငှက်ကို မိုးရေလွှမ်းသောအားဖြင့် ဖျက်ဆီးပစ်ပါလော့။ ကျီးစသော ရန်သူအပေါင်းကို ငါးတို့ကို သတ်ဖြတ်ခွင့်မရသဖြင့် စိုးရိမ်ခြင်းဖြင့်စိမ့်သောဌာ အစွန်လမ်းပေါက်ဖြစ်စေပါလော့။ ငါ၏ဆွေတော်မျိုးတော်ဖြစ်သောငါးတို့ကို သေရဘုံသောစိုးရိမ်ခြင်းမှ ယခုချက်ချင်းလွတ်ကင်းပါစေလော့"

ဤသို့သစ္စာစကားဆိုခြင်းကြောင့် သစ္စာဆိုပြီးသည်နှင့်တစ်ပြိုင်နက် မိုးမင်းသည် ကြည်းကုန်းမြင့်နှင့်နိမ့်ဝှမ်းသောနေရာတို့ပင် ပြည့်လျှံစေလျက် တစ်ခဏချင်း ရွာသွန်းချခဲ့သည်။

ဤသစ္စာဆိုခန်းတွင်

၁။ သစ္စာဆိုသူမှာ ငါးမင်း။

၂။ သစ္စာဆိုခြင်းမှာ ငါးအပေါင်းတို့တိုင်ရေခန်းခြောက်သဖြင့် ကျီး၊ စွန်တို့၏အစာဖြစ်ကာ သေဘေးတွေ့နေရသောအချိန်ဖြစ်သည်။

၃။ သစ္စာဆိုသည့်အကြောင်းကား ဘုရားလောင်း ငါးမင်းသည် တစ်ကြိမ်တစ်ခါဖူးမျှ သေစေလိုသောစေတနာဖြင့် သူတစ်ပါးတို့၏အသက်ကို မစားဖူးခြင်းဖြစ်၏။

၄။ ဤအကြောင်းကို ယုံယုံကြည်ကြည်နှင့်သစ္စာဆိုလျှင် မိုးမင်းရွာလိမ့်မည်ဟု ယုံကြည်ခဲ့၏။

၄။ ဤကဲ့သို့ ယုံယုံကြည်ကြည်နှင့် သူတစ်ပါးတို့၏အသက်မစားဖူးခြင်းကို အကြောင်းပြု၍ သစ္စာဆိုခဲ့ခြင်းကြောင့် မိုးမင်းကြီးရွာချခဲ့သည်။ ငါးအပေါင်းတို့လည်းသေအံ့သောဘေးမှလွတ်မြောက်ခဲ့ရသည်။

ဤသို့ မှန်ကန်သော သစ္စာစကားကား မိုးကိုပင်ရွာချစေနိုင်ခဲ့ပြီ။ ထို့ကြောင့် ဒေဝမှိုဝဿာပေတွိဟူ၍ သံယုတ်အဋ္ဌကထာ၌ဆိုခဲ့ခြင်းဖြစ်ပေ၏။ အထက်တွင် ဖော်ပြခဲ့သော ဘုရားဟော ပိဋကတ်တော်လာ သစ္စာဆိုခဲ့သည့်အကြောင်းကို ကြည့်လျှင် -

၁။ ဗိန္ဒုမတီ၏သစ္စာဆိုသည့်အကြောင်းတွင် ပြည့်တန်ဆာမလုပ်ခဲ့ရသူ အဂတိတရား မလိုက်စားဘဲ ပြည့်တန်ဆာမလုပ်ခဲ့ကြောင်းကို သစ္စာဆိုခဲ့၏။ သူ၏အကြောင်း၊ သူ၏အသက်မွေးဝမ်းကျောင်းဟူသော ပြည့်တန်ဆာမအလုပ်သည် မကောင်းသောအကြောင်းပင်ဖြစ်၏။ သို့ရာတွင် ထိုအကြောင်းကိုအစွဲပြု၍ အဂတိတရားမလိုက်စားကြောင်းကို အမှန်အတိုင်း သစ္စာဆိုခဲ့သဖြင့် ဂင်္ဂါမြစ်ရေသည် ရပ်တန့်သွားခဲ့၏။

၂။ ထို့နည်းတူစွာ ကဏှာဒီပါယနဇာတ်တော်လာ ကဏှဒီပါယနရသေ့နှင့် မဏ္ဍဗျသူကြွယ်မင်းမောင်နှံတို့၏ သစ္စာဆိုသည့်အကြောင်းများလည်း မကောင်းသောအဖြစ်အပျက်အကြောင်းများ ဖြစ်ကုန်၏။ သို့ရာတွင် ၎င်းတို့၏ခံစားချက် အဖြစ်အပျက်မှန်များကို အဖြစ်အပျက်အမှန်အတိုင်း သစ္စာဆိုခဲ့သဖြင့် ယညဒတ်အားတက်လျက်ရှိသောမြွေဆိပ်တို့သည် ပျက်ပြယ်ခဲ့၏။

၃။ မစ္ဆရာဇာဇာတ်တော်၌ ဘုရားလောင်း ငါးမင်းသည် မိမိ၏ဆွေမျိုးဖြစ်သော ငါးအပေါင်းတို့သေရမည့်ဘေးမှ လွတ်မြောက်ရန် မိမိ၏ သူတစ်ပါးတို့၏ အသက်ကိုသေစေလိုသောစေတနာဖြင့် စားဖူးသည်မရှိကြောင်းကို အမှန်အတိုင်း သစ္စာဆို၏။ ယင်းသို့ သစ္စာဆိုခြင်းကြောင့် မိုးသည် ရွာသွန်းခဲ့သည်။ ဤမှ မကောင်းသော အကြောင်းတို့၏ သစ္စာဆိုချက်များသည်ပင် တန်ခိုးထက်အာ ရှိလျှင် ရတနာသုံးပါးနှင့်အပ်စပ်သော အကြောင်း ရတနာသုံးပါးကို ဦးတည်၍ သစ္စာဆိုချက်များကား အဘယ်သို့ တန်ခိုးမထက်မြက်ဘဲရှိပါအံ့နည်း။

လူမှုဆက်ဆံရေးနယ်ပယ်တွင် လူ တိုင်း သစ္စာရှိရန်အရေးကြီးလှပေသည်။ သစ္စာရှိက သစ္စာတည်က အရာရာ အောင်မြင်မည်သာဖြစ်သည်။ ကောင်း သောအမှုကိစ္စများနှင့်ပတ်သက်၍ သစ္စာစကားဆိုခြင်းဖြင့် သစ္စာစကား အား၏အကျိုးကျေးဇူးများ ရရှိ မည်ဖြစ်ကြောင်း ရေးသား တင်ပြ သည်။

မောင်မောင်မိုး
(စာပေဗိမာန်စာမူ

မှီငြမ်း -
ဗုဒ္ဓဘာသာလက်စွဲကျမ်း

သုရဋ္ဌမဂ္ဂဇင်းတိုက်ရဲ့ ပင်တိုင်ပန်းချီဆရာ
ကိုစိုးအောင်ရဲ့ တစ်ကိုယ်တော်ပြပွဲကို လာမယ့်
ဖေဖော်ဝါရီလ ၈ ရက် မှ ၁၂ ရက်နေ့အထိ ပြသပါမယ်။
သုရဋ္ဌချစ်သူများ ကြွရောက်ချီးမြှင့်ပေးကြပါ။
နေရာက မဂ္ဂဇင်းတိုက်တည်ရှိရာ Horizons Art Gallery မှာပါ။



(မိုးကုတ်)

ရွှေပြည်စိုး

ဂျပန်ခေတ်တုန်းက

ကျွန်တော်က ကျွန်တော့်ဆီ ဧည့်သည်လာမှာ အလွန်ကြောက်တာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်ရဲ့ ဘုတ်သိုက်အိမ်သေးသေးလေးမှာ ဧည့်ခံစရာနေရာမရှိလို့ပါ။

ကျဉ်းမြောင်းတဲ့ကျွန်တော်အိပ်ရာဘေးဘယ်ညာမှာ များပြားလှတဲ့စာအုပ်စာတမ်းတွေကနေရာယူထားတာကြောင့် ကျွန်တော့်အိပ်ရာဟာ ကျောတစ်ခင်းစာပဲရှိတာပါ။ ခြေရင်းမှာကျတော့ ထမင်းစားပွဲနဲ့ အိုးခွက်ပန်းကန်တွေ ဖိနပ်တွေထားတာပါ။ အဲဒီတော့ အိမ်ပေါ်မှာ ဧည့်ခံစရာလုံးဝမရှိပါဘူး။

အိမ်ရဲ့ရှေ့တစ်ခြမ်းမှာ မြေပြင်သာရှိပေမယ့် အနောက်ဘက်ခြမ်းကချက်မြုတ်ပါတယ်။ အရှေ့ဘက်ခြမ်းကျတော့ ကျွန်တော်ရဲ့စီးတော်မြင်းလို့ခေါ်ဆိုနိုင်တဲ့ စက်ဘီးအိုနှစ်စင်းထားပါတယ်။ လူအို၊ စက်ဘီးအိုအိုဆိုတော့ အတော်လေးလိုက်ဖက်ညီတာပါ။ ဝမ်းဆက်ပေ့ါဗျာ။

အိမ်ရှေ့သွပ်မြိတ်အောက်မှာ ထန်းလက်ကုလားထိုင်ယိုင်နဲ့နဲ့နှစ်လုံးချထားပါတယ်။ အဲဒါ ကျွန်တော်ရဲ့ဧည့်သည်ဧည့်ခံတဲ့နေရာပါ။ ကဲ - ဘယ်လောက်အိုကေလိုက်ပါသလဲ။ လူ၊ အိမ်၊ စက်ဘီး၊ ထိုင်ခုံအအိုတွေချည်းပါပဲ။

ဧည့်သည်ဆိုလို့ ကျွန်တော့်ဆီလာတတ်တာက မြောက်ဘက်ကမ်းက ကျွန်တော့်ညီမကြီးမခင်ထွေးရယ်၊ အတူနေ ညီမလတ် မငွေးညွန့်ရယ်၊ ညီမငယ် မညွန့်စိန်ရယ်ဒါပဲလာတတ်တယ်။ သူတို့က တစ်ပြိုင်တည်းလာတတ်တာမဟုတ်တော့ တစ်ယောက်တစ်လုံးထိုင်ပြီး စကားပြောကြတော့ အဆင်ကိုပြေလို့ပေ့ါဗျာ။ ဟုတ်တုတ်တုတ်ပေ့ါ။ သူစိမ်းဧည့်သည်ဆိုရင်တော့ အားနာစရာကြီးပါ။ လာရင်မျက်နှာပန်းမလှတာမို့ ဧည့်သည်သူစိမ်းလာမှာ အလွန်ကြောက်တာပါ။သူ့ဆီသွားလည်တာ ထိုင်စရာတောင်မရှိဘူးလို့ နှုတ်ကမပြောသော်လည်း စိတ်ထဲကပြောရင်ပြောမှာပေ့ါ ဟုတ်ဖူးလား။ သူ့စိတ်မြင်ရတာမှတ်လို့။

အေးဗျာ - စကားပုံတောင်ရှိရဲ့။ သူများဆီသွားရင် လက်ဝတ်ရတနာနဲ့ခြောက်၊ ကိုယ့်ဆီလာရင် အိမ်နဲ့ခြောက်တဲ့ဗျ။အဲဒါကြောင့်ထင်ရဲ့။ ဟိုးတစ်လောက ဝက်စုဘက်ကဆွေမျိုးတွေ ကထိန်ခင်းတာဖိတ်လို့သွားပါတယ်။ အသက် (၇၀) ကျော်ရှိတဲ့ ကျွန်တော့်အစ်မတစ်ဝမ်းကွဲမဂုတ်တို့ဟာ တစ်ကျပ်သားဆွဲကြိုးသုံးကုံးဆွဲပြီး အဲဒီသုံးကုံးမှာ တစ်ကျပ်သားရွှေဒင်္ဂါးပြားကြီးဆွဲလို့ဗျ။ ပြီးတော့ ခေါင်းမှာ ရွှေဘီးက နှစ်ချောင်းစိုက်ထားတယ်။ လက်ကောက်တွေကလည်း ဘယ်ရောညာပါဝတ်ထားလိုက်တာ လက်လက်ကိုထလို့။ လက်စွပ်ကသုံးကွင်း၊ နားကပ်ကြီးကလည်းပြူးလို့။ သူ့ကိုကြည့်ပြီးတော့ ကျွန်တော်တို့ညီအစ်ကိုတစ်တွေ အလွန်သဘောကျကြတာပါ။ စနောက်ပြီး ရယ်မောနေကြတာလေ။ သူတို့က ဝက်စုဘက်မှာတော့ သူဌေးတွေပါ။ ခုလည်းကထိန်အလှူကိုလာပြီး သူ့ရဲ့လက်ဝတ်ရတနာတွေနဲ့ခြောက်တာနေမှာပါ။

ကျွန်တော်ကျတော့ သူများကိုခြောက်စရာငွေလည်းမရှိ၊ ကိုယ့်ဆီလာရင် ခြောက်စရာအိမ်ကလည်းမရှိတော့ကာ အခြောက်ရသက်သာတာပေ့ါလေ။ သို့သော်လည်း ခေတ်စကားနဲ့ပြောရရင် ခွင်မဝင်တဲ့လူပေ့ါဗျာ။ အဲဒီလိုခွင်မဝင်တာကြောင့် ကိုယ့်ဆီဧည့်သည်လာမှာကြောက်ပါတယ်ဆိုကာမှ ကြုံရုံပြောပါတယ်။ အဲဒါပြောမလို့ပါ။

ကျွန်တော်က ဈေးနေ့ဆိုတော့ ဘုရားပန်းဝယ်၊ ဈေးနည်းနည်းလိုက်ပြီး ပြန်လာပါတယ်။ ဘုရားပန်းလဲပြီးတော့ ထမင်းဆက်ချက်ပါတယ်။ ထမင်းကျက်လို့ ဟင်းအိုးမြင်မယ်လုပ်ကာရှိ ခပ်လှမ်းလှမ်းက ကျွန်တော့်သူငယ်ချင်းဇာတ်လိုက်ကျော်မွတ်တားရဲ့အော်သံကိုကြားလိုက်ရပါတယ်။

"ဟေး ကိုရင်"

"ဟေး ကိုရင်"

"ဝေး လာလေ"

လို့ ပြန်အော်လိုက်တော့ -

"ဟောဒီမှာဧည့်သည်တစ်ယောက်က ကိုရင်ကိုတွေ့ချင်လို့တဲ့။ အဲဒါလိုက်ပို့တာ"

"ဩော်- ဟုတ်လား လာလာ"

ဆိုပြီး အော်နေရပေမယ့် စည်းရိုးကွယ်နေတော့ ရုတ်တရက်မမြင်ရသေးပါဘူး။ အသံကြား ရုပ်မမြင်ဖြစ်နေတာပါ။ အဲဒီမှာ မွတ်တားရဲ့ထုံးစံအတိုင်း ဟားဟားဟားရယ်သံတွေထွက်ပေါ်လာပြီး ခဏအတွင်းမှာပဲ အိမ်ရှေ့စည်းဝင်ပေါက်မှာ နှစ်ယောက်သားတဟားဟားနဲ့ပေါ်လာပါတယ်။ အဲဒီကျမှ ရုပ်မြင်သံကြားဖြစ်သွားခဲ့ပါတယ်။ မြင်လိုက်တော့ အတော့်ကိုအားနာသွားတာပါပဲ။ ပါလာသူက ဒုဗိုလ်မှူးကြီး ကျော်ကျော် (ငြိမ်း) ခေါ် စာရေးဆရာ စေးလားနွယ်ပါ။ သူကလည်း ရယ်မောလို့။

"ကိုကျော်ဖိုးဆိုတဲ့လူဗျာ၊ ကျွန်တော် မြို့မဈေးက ရွှေရည်ဝင်းစာပေက ဦးသောင်းစိန်၊ ဒေါ်ညိုညိုသောင်းတို့ဆီရောက်တိုင်း ကျွန်တော့်ဆီအလည်လာပါဦးဆိုတာ အကြိမ်ကြိမ်မှာပါတယ်ဗျာ။ ခင်ဗျားကလုံးဝကိုမလာဘူး။ ခင်ဗျားမလာတော့လည်း ကျွန်တော်ကလာရတော့တာပေါ့"

ဆိုပြီး အပြစ်တင်ပါတယ်။

အရင်ဗက (၃၀) မှာနေတုန်းကတော့ စာပေမိတ်ဆွေစာရေးဆရာအချို့၊ ချင်းထားတဲ့သံယောဇဉ်နဲ့သွားလည်ဖြစ်ပေမယ့် နောက်ပိုင်း ခရီးသွားများလာတာကြောင့် လုံးဝမသွားလည်ဖြစ်တော့ပါဘူး။ မတွေ့ရတာ တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါးတောင်ရှိပါပြီ။

"ဗိုလ်မှူးကြီးရေ၊ စိတ်ကသာရောက်တာ လူကမရောက်ဘူးဖြစ်နေတယ်။ ကဲကဲ - ထိုင်စရာကလည်း ဒီထန်းကုလားထိုင်နှစ်လုံးပဲရှိတာ ထိုင်ပါဦး"

ဆိုပေမယ့် ကုလားထိုင်တွေရဲ့ ကြံ့ခိုင်ရည်ကိုကြည့်ပြီး ဗိုလ်မှူးကြီးထိုင်ရဲဟန်မရှိဘူးဗျ။ သူက ခပ်ဝဝဆိုတော့ မတော်လို့ ကျိုးကျရင် သူရောကျွန်တော်ပါ မဟာအရှက်တော်ကွဲမှာလေ။ အဲဒါကြောင့်ထင်ရဲ့၊ မတ်တတ်ပဲစကားပြောနေတယ်။

ကျွန်တော်လည်း ဒီအခြေအနေဆိုရင် ဟင်းအိုးမြင်လို့ရမှာမဟုတ်မှန်းသိတာကြောင့် ရေနွေးအိုးကောက်တည်

လိုက်ပါတယ်။ အခြေအနေနဲ့အချိန်အခါ သင့်သလိုကြည့်လုပ်လိုက်ရတာပါ။

"ထိုင်ပါ ဗိုလ်မှူးကြီးရဲ့ မွတ်တား ရောထိုင်ပါ"

လို့ လောကွတ်ချော်ရပေမယ့် နှစ်ယောက်စလုံးမတ်တတ်အနေအထားပါ။ ဗိုလ်မှူးကြီးကတော့ ထုံးစံအတိုင်း စကားတွေဖောင်နေအောင်ပြောနေတော့တာပါ။

"ကဲဗျာ - ဒီမှာထိုင်မနေတော့ပါဘူး။ ကျွန်တော်တို့ဆိုင်တစ်ဆိုင်ဆိုင်မှာ အေးအေးဆေးဆေးထိုင်ပြောကြရအောင်၊ ခင်ဗျားမီးဖိုက ရတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရပါတယ်။ ရေနွေးအိုး ကရေအပြည့်ပါ"

"ဒါဆိုသွားကြစို့၊ ကျွန်တော့်မှာ ကားပါတယ်"

ဆိုတော့ ကျွန်တော်ဦးထုပ် ကောက်ဆောင်း၊ ဖုန်းကောက်ထည့်ပြီး ထွက်ခဲ့ကြပါတယ်။ ကားခေါင်းလှည့် အပြီးမှာ ကားထွက်မယ်လည်းလုပ်ကရော ရွှေရည်ဝင်းစာပေပိုင်ရှင် ဦးသောင်းစိန်၊ ဒေါ်ညိုညိုတို့နဲ့ ပက်ပင်းတိုးပါတော့တယ်။ ဦးသောင်းစိန်တို့အိမ်က ကျွန်တော့်အိမ်နဲ့နီးပါတယ်။ တနင်္လာနေ့ မြို့မဈေး ပိတ်ရက်မို့တွေ့ရခြင်းပါ။ အဲဒီမှာ သူတို့အိမ်ကို အတင်းခေါ်နေတာကြောင့် ကျွန်တော်တို့ လိုက်ပါသွားရပါတယ်။ အဲဒီမှာလည်း ဗိုလ်မှူးကြီးက စာပေစကားတွေဖောင်နေအောင်ပြောပြန်ပါတယ်။ ပြောလို့အတော်ကြာမှ သူလာရတဲ့အကြောင်းရင်းကိုပြောပါတယ်။

"ကိုကျော်စိုးဆီကို လာတာက ကျွန်တော် ဒီနေ့ည ပုပ္ပား၊ ပုဂံဘုရားဖူး ခရီးထွက်မယ်။ အဲဒါ ကိုကျော်စိုးအားရင်လိုက်ခဲ့ပါ။ အားလုံးကျွန်တော်တာဝန်ယူပါ့မယ်။ ကျွန်တော်လည်း အဖော်ရ ကိုကျော်စိုးလည်း ကုန်ကြမ်းရပေါ့ဗျာ"

"ကျွန်တော်တို့နှစ်ယောက်တည်းလား"

"မဟုတ်ဘူးဗျ။ ဒီဘုရားဖူးခရီးကို စီစဉ်တာက ရန်ကုန်စက်မှုဇုန်က ကျွန်တော့်ခမည်းခမက်ပါ။ လိုက်ထရက်တစ်စင်းပါမယ်။ အဲယားကွန်းဘတ်(စ်)ကားကြီး တစ်စင်းပါမယ်။ ခန့်မှန်းခြေ လူခြောက်ဆယ်၊ ခုနစ်ဆယ်ရှိမယ်ထင်တယ်။ အဲဒါ လိုက်သာလိုက်ခဲ့ပါဗျာ"

"ဟုတ်ကဲ့ - လိုက်ခဲ့ပါ့မယ်"

"ဒါဆိုညနေခြောက်နာရီအရောက် ကျွန်တော့်အိမ်လာခဲ့ဗျာ၊ အဝတ်သုံးလေးရက်စာထည့်ခဲ့ပေါ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

အဲဒီမှာ မွတ်တားက သတိပေးပါတယ်။

"ကိုရင် ဒီနေ့စာတိုက်ကြီးမှာစာပို့ရင်း စာမူခထုတ်မှာမဟုတ်လား"

"ဟုတ်တယ်၊ ပြီးတော့ မန္တလေးကိုလည်း ကားဂိတ်ကနေဆေးပို့ပေးရဦးမှာ"

"ဒါဆိုအတော်ပဲ၊ ဗိုလ်မှူးကြီးကားနဲ့လိုက်သွားလိုက်၊ အပြန်ကျမှ ခရီးသွားဖို့ စီစဉ်လိုက်ပါ"

"ကဲ - ဒါဆိုသွားကြစို့"

ဗိုလ်မှူးကြီးကပြောတာကြောင့် ကျွန်တော် ဗိုလ်မှူးကြီးကားနဲ့ နေပြည်တော်ဗဟို စာတိုက်ကြီးကို လိုက်ခဲ့ပါတယ်။ စာတိုက်ကိစ္စပြီးတော့ ကားဂိတ်ကနေ ဆေးပို့ပါတယ်။

■ ဘုမိနက်သန်မြေ

ဒုဗိုလ်မှူးကြီး ကျော်ကျော်ရဲ့ ကလောင်အမည်က ဗိုလ်မှူးကြီးကတော် ဒေါ်စေးလာနွယ်ရဲ့အမည်ကို အမြတ်တနိုးခံယူထားတာပါ။ ဒါက သူ့ဇနီးအပေါ်ထားတဲ့ မြတ်နိုးတွယ်တာမှု သံယောဇဉ်ရဲ့သင်္ကေတလို့ဆိုနိုင်ပါတယ်။ သူတို့ဇနီးမောင်နှံက ဗုဒ္ဓဘာသာကရင်တွေပါ။ ကရင်ဆိုတော့ ဖြူပြီးချောမောလှပကြပါတယ်။ သူတို့ရဲ့သားသမီးတွေပါအချောအလှတွေပါ။ အားလုံး ပညာတတ်တွေပါပဲ။

ကလောင်အမည် စေးလာနွယ်ဆိုတော့ မသိရင် မိန်းကလေးထင်ကြမယ်။ ဖတ်ကြည့်မှ တပ်ရင်းမှူးဗိုလ်မှူးကြီးဖြစ်နေတာတွေ့ကြရမှာပါ။ တစ်ဦးနဲ့တစ်ဦးတွေ့လို့ မေးကြည့်မှ ကလောင်အမည်ခံယူပုံကိုသိရခြင်းပါပဲ။

ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာကြီး စောငုဝါဆိုရင်လည်း စောငုဝါဆိုတဲ့ ကလောင်ကိုကြည့်ရင် ကောင်မလေးလို့ထင်ရပါတယ်။ သူ့အမည်က ဦးစောလင်းပါ။ အငြိမ်းစားကျောင်းဆရာကြီးပါ။ သူ့ရှုကို စာမူပို့တော့ ဦးစောလင်း ကလောင်နဲ့ပို့တာပါ။ ဒါပေမယ့် စာတည်းချုပ် ဦးအောင်မြတ်က သူ့လိပ်စာမှာပါတဲ့ စောငုဝါသပရာခြံဆိုတဲ့ လိပ်စာမှာ စောငုဝါဆိုတာပါတော့ ဦးစောလင်းဖြုတ်ပြီး စောငုဝါလို့ ထည့်ပေးလိုက်တာပါ။ ဒါနဲ့ စောငုဝါဟာ ပြည်သူ့အကျိုးပြု စာရေးဆရာဖြစ်လာပါတယ်။ မကွယ်လွန်မီ အမျိုးသားစာပေဆုတောင်ရသွားပါသေးတယ်။ စောငုဝါက သူ့သမီးကမွေးတဲ့မြေးမလေးရဲ့အမည်ပါ။ ခုထိလည်း စောငုဝါသပရာခြံလို့ ဆိုင်းဘုတ်ရှိနေဆဲပါ။ ဒါက ဆရာကြီးကိုယ်တိုင် ကျွန်တော့်ကိုပြောပြခြင်းပါ။

ဒါနဲ့ ကျွန်တော် လိုင်ကားစီးပြီး ဗိုလ်မှူးကြီးနေထိုင်ရာ မင်းကုန်းရွာကို ရောက်ပါတယ်။

ဗိုလ်မှူးကြီးကတော်က -

"ကိုကျော်စိုး၊ ကျွန်မတို့ဆီလာမလည်တာ အတော်တောင်ကြာခဲ့ပြီပဲ"

လို့ ဝမ်းသာစွာ နှုတ်ဆက်ပါတယ်။

ဗိုလ်မှူးကြီးက တစ်ထပ်တိုက်လေးနဲ့နေတာပါ။သူလည်း စာပေသမားပီသစွာ စာအုပ်တွေကြားမှာနေတာပါ။ စာကြောင်းပေကြောင်းတွေပြောဆိုကြ စာအုပ်တွေတစ်အုပ်ပြီးတစ်အုပ်ထုတ်ပြနဲ့ အတော်ကြာပါတယ်။ အပြင်ထွက်လမ်းလျှောက်ပြီး အပြန်မှာတော့ ကျွန်တော်နဲ့ဗိုလ်မှူးကြီးညစာစားပါတယ်။ ဟင်းက ထုံးစံအတိုင်း စားပွဲအပြည့်ပါ။ ဗိုလ်မှူးကြီးကတော်က ဗိုလ်မှူးကြီးကို 'ကိုကို၊ ကိုကို'နဲ့ အတော်ဂရုစိုက်ရှာပါတယ်။ စားပြီးတာနဲ့ သွေးတိုး၊ ဆီးချိုကျဆေးတိုက်ပါတယ်။ အလွန်ကိုတာဝန်ကျေပွန်တဲ့ဇနီးကောင်းကိုရထားတာပါ။ တကယ့်ကိုဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ညကိုးနာရီလောက်မှာ ဗိုလ်မှူးကြီးရဲ့ သမီးအငယ်ဆုံးနဲ့ သူ့ခင်ပွန်း အံ့ဘုန်းမြတ်တို့ ဦးဆောင်ကာ လူငယ်တစ်သိုက် လိုက်ထရက်ကားနဲ့ရောက်လာပါတယ်။ ကျွန်တော်တို့ကိုလာကြိုရန်ကုန်ကလာမယ့် အဲယားကွန်းဘတ်(စ်)ကားကြီးကို အမြန်လမ်းကစောင့်ရမှာပါ။

ည (၁၂) နာရီမှာ မင်းကုန်းကထွက်ပြီး ပင်းနီးပေါက်လို့ခေါ်တဲ့ အမြန်လမ်းဆုံမှာ ရန်ကုန်လာမယ့်ကားကြီးကို စောင့်ပါတယ်။ မကြာပါဘူး။ ရောက်လာတာနဲ့ ကျွန်တော်နဲ့ ဗိုလ်မှူးကြီးကို သန်းငွေနှင့်ရောင်းရင်းများဘုရားဖူးအဖွဲ့ သည်ပို့ဆောင်ရေးယာဉ်ကြီးပေါ် ပြောင်းစီးကြပါတယ်။

မနက်မိုးအလင်းမှာ ပုပ္ပားကို ရောက်ကြပါတယ်။ မနှစ်က တပေါင်းလမှာ တစ်ခေါက်ရောက်ပါတယ်။ ပုပ္ပားတောင်မကြီးနဲ့ ပုပ္ပားမြေဟာ ဝိဇ္ဇာတော်တပသီတွေရဲ့ စရဏစွမ်းအားကျင့်ကြံကြီးကုတ်အားထုတ်ကြရာမှာ လွဲမချော်သာတဲ့ဘုမိနက်သန်မြေလို့ဆိုကြပါတယ်။ ဆိုရရင်တော့ ဂမ္ဘီရစွမ်းအင်တွေရဲ့ ဆည်းပေးရာမြေပါ။ သူတော်ကောင်း သူမြတ်လောင်းတွေ ပျော်စံရာမြေပါ။ ၁၁-၁၁-၂၀၁၄ နေ့မှာ ရောက်တယ်။ ပုပ္ပားတောင်ကလပ်ရဲ့အလှ၊ စံကားဝါပန်းလေးတွေရဲ့ရနံ့ဟာ ရင်ကို ကြည်နူးအေးမြစေပါတယ်။ ပုပ္ပားတောင်မှာ မှီခိုနေထိုင်ကြတဲ့မျောက်တွေလည်း ဥဒဟိုသွားလာလှုပ်ရှား အစာတောင်းနေကြတာကလည်း ထူးဆန်းတဲ့မြင်ကွင်းပါ။

ဗိုလ်မှူးကြီးကတော့ ဘိုးတော်အောင်မင်းခေါင်ဓာတ်နန်းတွေနဲ့ ဗုဒ္ဓရုပ်ပွားတော်အသီးသီးမှာ အုန်းပွဲ၊ ပန်း၊ ဆီမီးတွေ လှူဒါန်းပါတယ်။ ကျွန်တော်ကတော့ ပန်းဖိုးသာတတ်နိုင်သူမို့ ပန်းတွေလှူဒါန်းပါတယ်။ နဝကမ္မတွေထည့်ပါတယ်။ တစ်လျှောက်လုံး ပန်းရောင်းသူ၊ မျောက်စာရောင်းသူတွေကလည်း ပေါများလှပါတယ်။ ပန်းလှူ၊ မျောက်စာကျွေးနဲ့ တောင်ထိပ်ရောက်ကြပါတယ်။ ဗိုလ်မှူးကြီးကတော့ ချွေးတွေပြန်နေပါတယ်။ စိတ်တိုင်းကျဓာတ်ပုံရိုက်ကြပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေဟာ မနက်ကိုးနာရီကျော်ကျော်မှာ ဗျတ္တပန်းတော်လမ်းကနေ ရှေးဟောင်းယဉ်ကျေးမှုနယ်ပုဂံမြေကိုထွက်ခဲ့ကြပါတယ်။ ညက အိပ်ရေးပျက်ထားတော့ ကားပေါ် အိပ်ပျော်ပြီးပါသွားလိုက်တာ ပုဂံမြေရောက်မှန်းတယ်ဆိုရမှာပါ။ လမ်းတစ်လျှောက်မှာ နိုင်ငံခြားသားခရီးသွားတွေမြင်မှ ပုဂံရောက်နေပါပေါ့လားဆိုတာအသိအကျဖြစ်ရတာပါ။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဟာ ဧရာဝတီမြစ်ကမ်းနံဘေးက မြသီတာကျောင်းမှာ တည်းခိုကြပါတယ်။ အချိန်က နေ့လယ် (၁၂) နာရီထိုးခါနီးပါပြီ။

■ ကျော်သုံးကျော်

ပုဂံမြေ မြသီတာကျောင်းရောက်မှ အေးအေးဆေးဆေး ဘုရားဖူးဒကာခံတဲ့ စက်မှုလုပ်ငန်းဒါရိုက်တာ ဦးကျော်မြင့်နဲ့ စကားပြောခွင့်ရပါတယ်။ ဦးကျော်မြင့်၊ ဒေါ်သန္တာအေးတို့ရဲ့သားနဲ့ ဗိုလ်မှူးကြီး ကျော်ကျော်သမီးအငယ်ဆုံးနဲ့ လွန်ခဲ့တဲ့ (၈)လလောက်က အိမ်ထောင်ကျကြတာ ဦးကျော်မြင့်နဲ့ ဗိုလ်မှူးကြီး ကျော်ကျော်က ခမည်းခမက်တော်ကြပါတယ်။

ဦးကျော်မြင့်က ရန်ကုန်စက်မှုဇုန်မှာ [illegible]အင်ဒီစက်မှုလုပ်ငန်းမှာ မန်နေဂျင်းဒါရိုက်တာပါ။ သူ့တပည့်တစ်ဦးက မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဥယျာဉ်တောင်ရွာမှာ မင်္ဂလာဆောင်မှာမို့ မင်္ဂလာပွဲလာရင်း သူ့အလုပ်သမားတွေနဲ့ ဆွေမျိုးသားချင်းတွေ ဘုရားဖူးပို့ရင်းထွက်ခဲ့တဲ့ခရီးပါ။

ဦးကျော်မြင့်ရဲ့ဇနီး၊သားသမီးတွေ ယောက္ခမကြီးနဲ့ ဆွေမျိုးသားချင်းတွေလည်းပါကြပါတယ်။ လူ (၆၀) ကျော် (၇၀)နီးပါးပါပဲ။ စားရေးအတွက် ဟင်းတွေအကုန်စီမံခဲ့ကြပါတယ်။ ပုဂံမှာ ဆန်တစ်ပြည် (၈၀၀)ကျပ်နဲ့ ထမင်းချက်ကျွေးရပါတယ်။ နံနက်အစောစာ လောပန် ဦးကျော်မြင့်က အဆာပြေကောက်ညှင်းပေါင်းတောင်းပြတ်ဝယ်ကျွေးပါတယ်။

ဘုရားတွေလည်ဖူးရာမှာ ဂိုက်ငှားတာကြောင့် 'စေတီဘုရားအတော်စုံစုံစေ့စေ့ဖူးရပါတယ်။ ဂိုက်ကရှင်းပြတော့ ပိုပြီး အဆင်ပြေပါတယ်။ နေထွက်ချိန်ကြည့်ဖို့ ဆံတော်ရှင်စေတီကိုအရောက်သွားကြရပြီး နေဝင်ချိန်ကြည့်ဖို့ စူဠာမဏိစေတီတော်ကို အရောက်သွားကြရပါတယ်။

၁၁-၁၁-၂၀၁၄ နေ့မှာ နေ့ဝက်လည်နိုင်ပြီး ၁၂-၁၁-၂၀၁၄ မှာ တစ်နေ့ကုန်လည်ကြပါတယ်။ နောက်တစ်နေ့ ၁၃ ရက်နေ့ နံနက် (၆) နာရီမှာ ပုဂံမြေက ခွဲခွာခဲ့ပြီး ကျောက်ပန်းတောင်းလမ်းကနေ အမြန်လမ်းမကြီးပေါ် တက်ကာ ပျော်ဘွယ်ကနေ ပျော်ဘွယ်-နတ်မောက်လမ်းအတိုင်း စုန်ဆင်းခဲ့ရပါတယ်။

မကွေးတိုင်းဒေသကြီးထဲရောက်ပြီး လမ်းမကနေလာကြိုတဲ့ကားလေးတွေစီးပြီး နာရီဝက်အကြာမှာ နတ်မောက်မြို့နယ် ဥယျာဉ်တောင်ရွာ ဦးကျော်မြင့်ရဲ့တပည့်မင်္ဂလာပွဲသို့ ရောက်ပါတယ်။ လူ (၇၀) စာ ကြိုတင်ချက်ပြုတ်ထားလိုက်တာ လိုလေသေးမရှိအောင်ပါဘဲ။ ကျွန်တော်တို့တစ်တွေ ဥယျာဉ်တောင်ကျောင်းမှာ စတည်းချကြပါတယ်။ ဒါရိုက်တာဦးကျော်မြင့်က သူ့တပည့်ကို ထိုက်ထိုက်တန်တန်လက်ဖွဲ့တာပါ။

ဒီခရီးမှာတိုက်ဆိုင်ပုံက ယောကျ်ားလူကြီး(၃)ဦးဟာ ကျော်တွေဖြစ်နေတာပါပဲ။ ဦးကျော်မြင့်၊ ဗိုလ်မှူးကြီး ကျော်ကျော်၊ ကျွန်တော် ဦးကျော်စိုးဆိုတော့ ကျော်သုံးကျော်လို့ခေါ် ဆိုနိုင်ပါတယ်။ ကျွန်တော်က တနင်္လာ၊ ဗိုလ်မှူးကြီးလည်း တနင်္လာ၊ ဦးကျော်မြင့်လည်း တနင်္လာဖြစ်ပုံရပါတယ်။ စိတ်ရင်းစေတနာ မြူစင်ကောင်းမွန်လှပါတယ်။ သူ့တပည့်တွေက ချစ်ကြောက်ရိုသေပါ။ သူ့တပည့်တွေ အနေမကျပ်ရအောင် ရင်းရင်းနှီးနှီး ဆက်ဆံတာပါ။ ပျော်စရာကြီးပါပဲ။ ဦးကျော်မြင့်က အရွယ်အတော်ငယ်ပါသေးတယ်။

ထမင်းစားအပြီးမှာ အဖွဲ့တွေ နွားလှည်းလေးတွေစီးပြီး ကန်တော်ကြီးဘက်သွားကြည့်ကြပါတယ်။ ဗိုလ်မှူးကြီးက အိပ်နေပါတယ်။ ကျွန်တော်လည်း နေပူတော့မလိုက်ပါဘူး။ ဦးကျော်မြင့် ယောက္ခမကြီးဒေါ်တင်အေးနဲ့ စကားစမြည်ပြောပြီး ကျန်ရစ်တာပါ။ ဒေါ်တင်အေးက အသက် (၈၂) နှစ်ရှိပါပြီ။ သွားမကျိုးမျက်စိမမှုန်တုန်တုန်ချည့်ချည့်မဖြစ်ဘဲ မာလိုက်တာမှ ဒေါင်ဒေါင်မြည်ပါ။ (၈၀) ကျော်တယ်တောင် မထင်ရဘူး။ သွားနိုင်လာနိုင် စားနိုင်သောက်နိုင်တုန်းပါ။ ဒေါ်တင်အေးက ပင်စင်စားကျောင်းအုပ်ဆရာမကြီးပါ။

နွားလှည်းလေးတွေမြင်တော့ သူ့ရဲ့ငယ်ဘဝကို ပြေးသတိရပုံရှိပါတယ်။ သူတို့ငယ်စဉ် သူ့အဖေက ဝန်ထမ်းဆိုတော့ ကျိုက်ထိုမြို့လေးမှာနေခဲ့တာကို ပြန်ပြောင်းပြောဆိုပါတယ်။ အဲဒါက ဂျပန်ခေတ်မှာ ဘဝရုန်းကန်ခဲ့ရပုံတွေပါ။

■ အင်္ဂလိပ်ခေတ်

"တို့အဖေက ရာဇဝတ်အုပ် ဦးဘသိန်းတဲ့ကွယ့်။ အမေက ဒေါ်သန်းရွှေတဲ့။ အစိုးရဝန်ထမ်းဆိုတော့ 'စေသည့်ကျွန်၊ ထွန်သည့်နွား၊ အစိုးရလခစား' ဆိုသလိုပေါ့လေ။ တာဝန်ကျရာမြို့တွေကို လှည့်သည်ပြောင်းရွှေ့နေထိုင်ရတာပေါ့။

အဲဒီမှာ မှတ်မှတ်ရရ မွန်ပြည်နယ် ကျိုက်ထိုမြို့လေးမှာကျတော့ အတော်ကြာတယ်။ အဲဒီမြို့လေးက မြို့မရုပ်ရှင်ဘေးမှာ တို့ကနေကြတာ။ ကြာတော့ ဒေသခံတွေလိုဖြစ်လာတာပေါ့။ နွားတွေမွေး၊ ကြက်တွေမွေးနဲ့ အခြေတကျကိုဖြစ်လို့ပေါ့။နွားတွေမှာ နွားမတွေပါတော့ တို့တွေ နွားနို့ခစ်စစ်သောက်ကြရတယ်။ အမေက လက်ဖက်ရည်ကြိုက်တတ်တော့ နွားနို့နဲ့ လက်ဖက်ရည်ဖျော်သောက်လေ့ရှိသကကွယ့်။

တို့ကျတော့ အလွန်မြန်မာဆန်ပြီး အင်္ဂလိပ်ကိုမုန်းတဲ့ဘိုးဘွားတွေရဲ့သွန်သင်မှုကြောင့် ခုထိတိုင် ကော်ဖီ၊ လက်ဖက်ရည်ချို စတာတွေ မစားတတ်မသောက်တတ်ဘူး။ မြန်မာ့ရိုးရာစားစရာတွေကိုသာ တစိုက်မတ်မတ်စားသောက်ခဲ့လို့ ကျန်းမာရေးအလွန်ကောင်းတယ်။ မင်းလည်း အမြင်ပဲကွယ့်။

ဒါလက် စကားစပ်လို့ပြောရဦးမယ်။ ပုဂံမှာ နိုင်ငံခြားသားတွေက တို့ရဲ့အသက်ကိုမေးသကွယ့်။ (၈၂) နှစ်လို့ပြောတော့ (၈၂)နှစ်အရွယ်ဆိုတာ မယုံနိုင်ကြအောင်ဖြစ်ပြီး ဓာတ်ပုံတွေတွဲရိုက်လိုက်ကြတာ အတော်များတယ်။ တို့မြန်မာတွေဟာ (၈၂) နှစ်ဆိုရင် အိုမင်းမစွမ်းဖြစ်ကုန်ကြတာများတာကိုး။မြန်မာ,မှာမကပါဘူး။ ကမ္ဘာမှာလည်း အိုမင်းမစွမ်းဖြစ်ကုန်ကြတာများတယ်။ တို့ကျတော့ ကော်ဖီ၊ ဆေးလိပ်၊ ကွမ်းစတာတွေ ဘာမှမသုံးစွဲဘူးလေ။ အဲဒီတော့ သွား၊ မျက်စိ၊ နား၊ ခါး၊ ခြေ လက်အကုန် သန်စွမ်းပြီး လူငယ်လိုဖျတ်လတ်နေတာပေါ့။ သွားနိုင်လာနိုင် တက်နိုင်ဆင်းနိုင်သေးတယ်ကွယ့်။

တို့တွေ ကျိုက်ထိုမှာနေတုန်းက အင်္ဂလိပ်ခေတ်မှာ ကျိုက်ထိုမြို့မရှုပ်ရှင်ရုံတောင်ပိုင်းက ဘောလုံးအသင်းဟာ မြို့င်စံရှားကွယ့်။ သထုံ၊ မော်လမြိုင်စတဲ့ မြို့တွေရော ရပ်ကွက်ကျေးလက်တွေပါ တို့တောင်ပိုင်းအသင်းကို နိုင်အောင်ကန်နိုင်သူဆိုတာ မရှိခဲ့ဘူး။ မြောက်ပိုင်းအသင်းဆိုတာ တောင်ပိုင်းအသင်းကို နိုင်ချင်လွန်းလို့ အမျိုးမျိုးကြိုးစားကန်ပေမယ့် ဘယ်တော့မှ တောင်ပိုင်းအသင်းကို နိုင်တယ်မရှိခဲ့ဖူးဘူး။

အဲဒီမှာ ဘယ်လိုကဘယ်လိုစာချိုးထွက်လာတယ်မသိပါဘူး။ တို့ကလေးတွေပါးစပ်ဖျားမှာ ရေပန်းစားခဲ့ပြီး ဘောလုံးချိန်းပွဲရှိပြီဆိုရင် တို့တစ်တွေက သံပြိုင် -

'ကျော်မင်း ကျော်ဝင်း ကောင်း
လိုက်တာ
ခေါင်းတိုက်တာက ကိုအောင်
သိန်းပေါ့
ဥက္ကဌက ဦးထွန်းလှိုင်
သိကြားမင်းတောင်နိုင်မယ့်
ယောက်ျား
ပေးလားမောင်ရှိဝါး'

ဆိုပြီး သံချပ်ထိုးကြလေ့ရှိတယ်။ အဲဒီလိုသံချပ်ထိုးပြီးအားပေးတော့ကာ တကယ်လည်း မီးကုန်ယမ်းကုန်ကိုကန်တဲ့အခါ ဘယ်ဘောလုံးအသင်းကမှ သူတို့ကို နိုင်အောင်မကန်နိုင်ခဲ့ဘူးကွယ့်။ ခုခေတ်ဘောလုံးပွဲတွေကြည့်ပြီး သတိရလိုက်တာ။

စာချိုးအတိုင်းပဲ ကျော်မင်း၊ ကျော်ဝင်းဆိုတဲ့ နှစ်ယောက်ကလည်း အတော်လေးကိုအတွဲညီတယ်။ ခေါင်းနဲ့တိုက်ပြီးသွင်းလေ့ရှိတဲ့ ကိုအောင်သိန်းကလည်း ကောင်းသလားမမေးနဲ့။ ခုထိ မျက်စိထဲကမထွက်ဘူး။ တို့က ကလေးလေးတွေဆိုတော့ ဘောလုံးပွဲအားပေးရင်း စိတ်လွတ်ကိုယ်လွတ်ကိုအော်ကြပျော်ကြတာပေါ့ကွယ်။ တောင်ပိုင်းဘောလုံးအသင်းဥက္ကဋ္ဌက ဦးထွန်းလှိုင်တဲ့ကွယ့်။ အသင်းကို စနစ်တကျအုပ်ချုပ်နိုင်တယ်။ ခုခေတ်လိုဆိုရင်တော့ နည်းပြလို့ခေါ်ရမှာပေါ့။

အဲဒီတုန်းက တို့က ဘယ်အရွယ်ရှိမလဲဆိုတော့ ကိုးနှစ်၊ ဆယ်နှစ် ခြေနိုင်လက်နိုင်အလွန်ဆော့ကောင်းတဲ့အရွယ်တွေပေါ့။ တို့က ၁၉၃၂ ခုနှစ်မှာဖွားတာလေ။ တို့မှာ အမေက (၁၀)ယောက်မွေးတယ်။ (၇)ယောက်တင်တယ်။

ဒါပေမယ့် အင်္ဂလိပ်တွေသန်းခေါင်စာရင်းကောက်ပြီးရင် အတော်ကြောက်ရတယ်။ ဘာလို့လဲဆိုတော့ လူဦးရေ သန်း(၂၀)ကျော်လာရင် လူဦးရေများလာပြီး သူတို့ကို တော်လှန်မှာစိုးလို့ ပလိပ်ရောဂါပိုး၊ ကျောက်ကြီးရောဂါပိုး၊ ဝမ်းရောဂါပိုးတွေ ကြွက်တွေကတစ်ဆင့်ဖြန့်ပေးပြီး အဲဒီကပ်ရောဂါကြီးတွေနဲ့ လူဦးရေပြန်လျှော့ချလေ့ရှိတယ်လို့ဆိုတာကိုး။

အဲဒီပလိပ်ရောဂါကပ်မှာ တို့ရဲ့အစ်ကိုတစ်ယောက်ဆုံးပါးသွားရတယ်။ အဲဒီလို ကပ်ကြီးရောဂါတွေဖြစ်ရင် တောထဲ လူသူကင်းဝေးရာကို အမြန်ပြေးနိုင်မှ လွတ်ကြတာလေ။ တို့လား၊ တို့က ဝန်ထမ်းမိသားစုဆိုတော့ ဘယ်ပြေးနိုင်မှာလဲကွယ့်။ ကံစီမံရာ ငုံ့ခံကြရတဲ့ဘဝမျိုးပေါ့။

အဲဒီမှာ တို့ကိုသနားတဲ့ ဘုန်းတော်ကြီးတစ်ပါးက ကပ်ရောဂါကာကွယ်ဆေးနည်းပေးသကွယ့်။ ဆေးကရှာရလွယ်တဲ့ဆေးမည်တွေဆိုတော့ တော်သေးတာပေါ့။ အုန်းမြစ်၊ ထန်းမြစ်၊ ပေမြစ်၊ ကွမ်းသီးမြစ်ဆိုတဲ့ အမြစ်လေးမျိုးကွယ့်။ အဲဒီလေးမျိုးလုံး ကျိုက်ထိုမှာရှိနေတော့ ရအောင်ယူပြီး ကျိုသောက်ကြရတာပေါ့ကွယ့်။ အဲဒီဆေးကြောင့် တို့မိသားစုတွေ ပလိပ်ကပ်၊ ကျောက်ကြီးကပ်၊ ဝမ်းရောဂါကပ်ကနေလွတ်ကြရတယ်။ အလွန်စွမ်းတဲ့ဆေးကွယ့်။ လူတွေဆို ကပ်ရောဂါကျပြီဆိုရင် သေလိုက်တာ သောက်သောက်လဲပဲ။ တို့တွေ အဲဒီကာကွယ်ဆေးနဲ့ ကပ်ရောဂါတွေက ကင်းလွတ်ရတယ်ကွယ့်။

ကမ္ဘာမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေပြီဆိုတော့ ကိုယ့်ဆီရောက်မလာသေးပေမယ့် တထိတ်ထိတ်ဖြစ်နေကြရပြီလေ။ ၁၉၄၂ ခုမှာ အင်္ဂလိပ်ကို ဂျပန်ကဝင်တိုက်ပြီး မြန်မာနိုင်ငံကို ဂျပန်က သိမ်းပိုက်လိုက်ပါလေရော။ အင်္ဂလိပ်တွေ အိန္ဒိယဘက်ဆုတ်ပြေးကုန်ကြပြီလေ။ အဲဒီမှာ တို့အဖေလည်း အလုပ်ပြုတ်ပေါ့ကွယ်။

အင်္ဂလိပ်ရဲ့ရာဇဝတ်အုပ်လုပ်နေရတဲ့အဖေနဲ့ တို့တစ်တွေလည်း တောရွာလေးတွေရှိရာကို တစ်ချိုးတည်းလစ်ရတော့တာပေါ့။ အဲဒီမှာ တို့မိသားစုပိုင်ရတနာတွေကို အဖေဘယ်လိုဖွက်ခဲ့တယ်ဆိုတာ ပြောပြမယ်။

■ ဂျပန်ခေတ်နဲ့ ရတနာထုပ်

လူဆိုတာ လူတိုင်းကောင်းတာမဟုတ်ဘူး။ တောမီးလောင်ရင် တောကြောင်လက်ခမောင်းခတ်ဆိုတဲ့လူတွေလည်းရှိတယ်လေ။ မြို့ကပြေးလာမယ့်လူတွေဆီက တောကြောင်တွေက လုယက်တိုက်ခိုက်မယ်ဆိုတာ အဖေက သိပြီးသားလေ။

အဲဒါကြောင့် အဖေက အိမ်မှာရှိတဲ့ သမ္ဘာလက်ဝတ်ရတနာတွေစုပြီး ရွှံ့စေး[illegible] နယ်ပြီးလုံးတယ်။ ပြီးတာနဲ့ အိမ်ဝိုင်းထဲမှာရှိတဲ့ ရွှေဝါးရုံက ဝါးရွက်တွေခူးပြီး [illegible] ရွက်နဲ့အထပ်ထပ်ထုပ်တယ်။ ပြီးတော့ [illegible] ကြိုးနဲ့စည်းပြီး ရွှံ့စေးခပ်ထူထူလိမ်း[illegible] အဲဒီအထုပ်ကြီးကို အိမ်ကရေတွင်းထဲ[illegible] ချခဲ့တာလေ။

ဒီတော့ တို့ရဲ့အဖေ ဓားပြ[illegible] တွေ့ပေမယ့် ဘာမှုပါမသွားခဲ့[illegible] ရတနာတွေ ရေတွင်းထဲမှာ လုံလုံ[illegible] ကျန်ခဲ့ပြီလေ။ အေးကွယ်။ အဲဒီ[illegible] က ခုခေတ်လို ပလတ်စတစ်[illegible] တာမှ မပေါ်သေးတာ။ ထုပ်စရာရှိ[illegible] ဖက်နဲ့ထုပ်တဲ့ခေတ်ကိုးကွယ့်။ [illegible] တို့၊ ကျွန်းရွက်တို့၊ ငှက်ပျော[illegible] ပေါက်ရွက်တို့ ကြာရွက်တို့နဲ့ ထုပ်[illegible] တဲ့ခေတ်လေ။

ဒါပေမယ့် အဲဒီအရွက်[illegible] ရွက်ကြောရှိပေမယ့် ရွက်သား[illegible] ကွယ့်။ ဒီတော့ ရေထဲ ကြာကြာ[illegible] ဆွေးရိသွားမယ်။ အဆင်မပြေဘူး။ ဝါးရဲ့ရွက်ကျတော့ ရွက်ကြောရော ရွက်သားပါမာတယ်။ ရေစိမ်ခံနိုင်တယ်။ ကြာကြာထားလို့ရတယ်။ ရေတွင်းထဲမှာ ဘယ်လောက်ကြာကြာထားရမှာမှန်းမှ မသိတာ။ အဲဒါကြောင့် အဖေက ရွှေဝါးရဲ့ရွက်နဲ့ထုပ်ပြီး ရေတွင်းထဲချထားခဲ့တာ။ သူ့အကြံဉာဏ်ဘယ်လောက်ကောင်းလဲကွယ့်။

တစ်လက်စတည်း အဲဒီရတနာထုပ်ကိစ္စကို ဆက်ပြောပြမယ်။ နောက်မှ ကြားကဟာတွေပြောပြမယ်။တို့တစ်တွေ တောမှာခိုလှုံနေရာက မြို့ပြတွေမှာအခြေအနေတွေတည်ငြိမ်ပြီဆိုတာနဲ့ ကျိုက်ထိုကအိမ်ကိုပြန်လာတယ်။ မြို့မှာဂျပန်တွေ အုပ်ချုပ်နေပြီ။

အဲဒီမှာ မြို့ထဲမှာမပြေးဘဲ ပေတေ[illegible]ကျန်ရစ်ခဲ့တဲ့လူတွေက တို့ရဲ့မီးဖိုအောက်[illegible]လည်းအခြားနေရာတွေအတော်များများတူးဖော်ပြီး ရတနာရှာထားတာတွေ တွေ့ရတယ်။ သူတို့က မြေကြီးထဲ[illegible]ထားတယ်လို့ထင်ပုံရပါတယ်။ ရာဇဝတ်အုပ်ကိုးကွယ့်။ အထင်ကြီးကြတာ[illegible]။ အဲဒီမှာ အဖေဉာဏ်ကောင်းလို့ ရတနာတစ်ရွေးသားတောင်မဆုံးရှုံးခဲ့ပါ[illegible]။ ရေတွင်းပြန်ဖော်တော့ အထုပ်[illegible]ပြန်ရတယ်။

ရေတွင်းဖော်တယ်ဆိုတာ တစ်ဦး[illegible]ယောက်ကောင်းနဲ့ရတာမဟုတ်ဘူး။ [illegible]လူကုန် ရေပုံးကိုယ်စီနဲ့ ရေကုန်[illegible]ငင်ထုတ်ကြရတာ။ နားလို့လည်း [illegible]။ နားရင် ရေကပြန်ပြည့်လာမှာ။ [illegible]လို မနားတမ်းမိသားစုတွေခပ်ထုတ်[illegible]ကောင်မှုအတော်ကြာခပ်ယူရတယ်။

ရေတွင်းဆယ်တာက ရေသန့်ဖို့[illegible] ရတနာထုပ်ကို အဓိကရှာတာပါ။ [illegible]တွေ့တာနဲ့ အဖေ ရေတွင်းထဲဆင်း[illegible] နွံနုန်းထဲလက်နဲ့လိုက်စမ်းတယ်။ [illegible]တွေ့တာပါပဲ။ တွေ့တာနဲ့ ပုံးထဲ[illegible]ချပြီးတင်ပေးလိုက်တယ်။ အမေ[illegible]ကိုယူပြီး အိမ်ထဲဝင်သွားတော့[illegible]ပေါ့။

တို့ကတော့ တစ်မိုက်လောက်ရှိ[illegible]ကျန်မချင်း ဗွက်တစီစီနဲ့ နုန်း[illegible]ကြရတယ်လေ။ အဲဒီလိုဆယ်နေ[illegible] ပတ်ဝန်းကျင်ကမြင်ကြတယ်။ [illegible]လည်း ရတနာထုပ်ပြန်ဆယ်တယ်[illegible]ပိုမိကြမှာပေါ့လေ။

ဂျပန်တွေ မြန်မာပြည်မှာနေလို့ [illegible]လောက်အကြာ ၁၉၄၅ ခုနှစ်၊ [illegible]မှာ မြန်မာက ဂျပန်ကိုတော်လှန်သလို အင်္ဂလိပ်ကလည်း အိန္ဒိယကနေ လေကြောင်းကထိုးစစ်ဆင်လာတယ်။ ပြီးတော့ ကုန်းကြောင်းကနေ မြို့တွေပြန်သိမ်းလုပ်နေတော့ မြန်မာပြည်တစ်ပြည်လုံး စစ်မီးဟုန်းဟုန်းတောက်ပြန်ရောကွယ့်။ လူတွေမြို့ရွာတွေပျက်စီးကြရပြန်တယ်။

အဲဒီမှာ တို့မိသားစုတွေလည်း ဒုတိယအကြိမ် ကျိုက်ထိုမြို့လေးကနေ ပြေးကြရပြန်တာပါပဲ။ ဒီတစ်ခါလည်း အဖေက ရွှေတွေကို တောကြောင်ဓားပြတွေလက်ထဲမပါအောင် အိမ်မှာပဲဖွက်ခဲ့ပြန်တယ်။ ဒီတစ်ခါဖွက်တာက အရင်လို ရေတွင်းထဲမဟုတ်ဘူးကွယ့်။ ရေတွင်းထဲဖွက်တာ လူတွေသိသွားလောက်ပြီ။

ဒီတော့ အဖေက ညံ့တဲ့လူမှမဟုတ်တာ။ရွှေတွေကို အဝတ်အိတ်လေးထဲထည့်ပြီး သံဘူးခပ်ထူထူထဲထည့်တယ်။ ပြီးမှ ကြိုးမည်းလေးနဲ့အကျချည်ပြီး ပြည့်လုပြည့်ခင် အိမ်သာကျင်းဘေးနားမှာ မစင်ထဲတုတ်နဲ့ထိုးနှစ်လိုက်တယ်။ ပြီးမှ ကြိုးစလေးကို မသိမသာ အိမ်သာဝါးယိုင်ခွေကြားမှာ တုတ်နဲ့ထိုးသွင်းလိုက်တယ်။ ဘယ်လိုကြည့်ကြည့် လောက်တဖွားဖွားနဲ့ ရွံ့စရာအိမ်သာကျင်းပဲမြင်ကြရမှာပါ။

အဲဒီတုန်းက ခုခေတ်လို ကြွေခွက်အိမ်သာတွေ၊ ပလတ်စတစ်ခွက်အိမ်သာတွေမှမရှိသေးတာ။ ငုတ်တုတ်ထိုင်အိမ်သာပဲရှိတာလေ။ တွင်းတူးပြီး ဝါးယိုင်ခွထည့်ထားတဲ့ အိမ်သာတွေပေါ့။ ကြာရင်ပြည့်၊ ပြည့်ရင်တစ်နေရာရွှေ့ပေါ့ကွယ့်။

ဒီလိုနဲ့ ဂျပန်တွေပြေး အင်္ဂလိပ်တွေပြန်ရောက်တော့ကာ တို့တွေ တောကပြန်ခဲ့ကြတာပေါ့လေ။ အဲဒီမှာ အဖေက ချေးတွင်းထဲမြှုပ်ခဲ့တဲ့ရတနာဘူးကို အလွယ်တကူပြန်ပြီး ဆယ်ယူနိုင်ခဲ့တယ်။

ထုံးစံအတိုင်းပါပဲ။ အိမ်မှာ ရတနာထုပ်ကို ရှာထားလိုက်ကြတာ ဝက်ထိုးထားသလိုပဲ။ ဉစ္စာကံစောင့်ဆိုပေမယ့် ကံကိုချည်းယုံလို့မရဘူးကွယ့်။ ခေတ်ပျက်ကြီးမှာ အဖေကဉာဏ်ကူပြီးဖွက်ခဲ့လို့သာ ရတနာတွေမဆုံးရှုံးခဲ့တာပေါ့။ မြေကြီးထဲတူးမြှုပ်ခဲ့လို့ကတော့ ပြောင်တာကြာပြီ။

အင်္ဂလိပ်တွေ ပြန်ရောက်တော့ အဖေက မူရင်းရာဇဝတ်အုပ်ရာထူးကို ပြန်ရပါတယ်။ အဲဒါက ရတနာထုပ်အကြောင်းနော်။ ခေတ်ပျက်ကြီးထဲမှာ ဆယ်နှစ်ကျော်ကျော်ရှိတဲ့ တို့နဲ့ တို့မောင်လေး မောင်ဖေဝင်ထက်ခေါ် [illegible]တို့က ကို ဘယ်လိုကူညီခဲ့တယ်ဆိုတာ[illegible]မယ်။

■ ဂျပန်ခေတ်

တို့မြန်မာပြည်ကို ဂျပန်တွေ သုံးနှစ်တာနေသွားတဲ့ကာလကို ဂျပန်ခေတ်လို့ခေါ်ကြတယ်ကွယ့်။ အဲဒီအချိန်မှာ တိုင်းပြည်ငြိမ်သက်မှုမရှိတာကြောင့် ကုန်စည်စီးဆင်းမှုတွေအတော်အားနည်းသွားခဲ့တယ်။ဒီအခါမှာ ပြည်သူတွေစားဝတ်နေရေးကျပ်တည်းကျဉ်းမြောင်းကြတယ်။

အဖေကလည်း အလုပ်မရှိတော့ တို့တွေလည်း အများနည်းတူ ခက်ခဲတာပေါ့ကွယ်။ အဲဒီတုန်းက တို့ကဆယ်နှစ်ကျော်ပြီဆိုတော့ ခြေနိုင်လက်နိုင်အရွယ်ဖြစ်ခဲ့ပြီလေ။ ကိုယ်က မိန်းကလေးဆိုတော့ အိမ်မီးဖိုချောင်အတွက် ပူပင်စိတ်ကလေးတွေရှိတယ်။ အဲဒါကြောင့် မောင်လေးအတူကို အဖော်ခေါ်ပြီး ဟင်းစားအတွက် အရှာထွက်တာပေါ့ကွယ်။

ကင်းပုံ၊ ကျီးအာ စတဲ့ စားကောင်းတဲ့အရွက်တွေရှာခူးပြီး အမေ့ဆီပေးကြတယ်။ လယ်ကန်စွန်းရွက်တွေ ငါးရံ့ပတူရွက်တွေခူးပြီး အမေ့ဆီပေးကြတယ်။ ဒီလိုနဲ့ မြို့ပြင်စည်းရိုးတွေမှာ ဟင်းရွက်တွေလိုက်ခူးရင်း လမ်းမှာဘာတွေသွားတွေ့သလဲဆိုတော့ လယ်ပုစွန်လို့ခေါ်တဲ့ ကဏန်းတွေသွားတွေ့တာပဲ။ နည်းနည်းမဟုတ်ဘူး၊ အများကြီးကွယ့်။

ကဏန်းတွေကအရှင်မဟုတ်ဘူး။ အသေတွေကွယ့်။ ကဏန်းတွေဟာနေပူလို့ထင်ရဲ့။ လယ်ကွင်းတွေကနေ လမ်းမဆီလာကြတယ်။ အဲဒီမှာ လမ်းရဲ့ရွှံ့ဗွက်တွေထဲမှာ ကျွဲခြေရာ၊ နွားခြေရာခွက်တွေရှိတယ်။ သူတို့ အဲဒီအထဲမှာ စနေကြတာ။ နေပူရှိန်ကြောင့် သေကုန်ပုံရတယ်။

ဒါနဲ့ တို့မောင်နှမလည်း လယ်ပုစွန်လုံးအသေတွေ လွယ်အိတ်တွေထဲ ကောက်ထည့်ကြတယ်။ တကယ်ဆို ပုံ့သကူကဏန်းတွေပေါ့။ ကိုယ်က တစ်ကောင်မှမသတ်ရဘဲနဲ့ရတာ။ တော်သေးတယ်၊ အပုပ်နံ့လုံးဝမထွက်သေးဘဲ လတ်လတ်ဆတ်ဆတ်တွေရှိနေတာ။

ဒီလောက်များတဲ့ ကဏန်း[illegible] အိမ်ကိုယူသွားလည်း စား[illegible] မဟုတ်ဘူး။ ဒီတော့ သူများ[illegible] ထားတဲ့ ဟင်းသီးဟင်း[illegible] ဆိုပြီး ဒန့်သလွန်သီး[illegible]

"အဒေါ်[illegible] ဒန့်သလွန်သီးနဲ့ လယ်[illegible]

ပုစွန်လုံးလဲမလား။ သမီးတို့လယ်ပုစွန်တွေရလာလို့ပါ”

ဆိုပြီး လိုက်လဲရတယ်။ ဒီလိုနဲ့ ကိုယ်မြင်ရာ ကြိုက်ရာနဲ့ ဟင်းချက်စရာလေးတွေလဲကြတာပေါ့ကွယ်။တို့မောင်နှမဆိုတာကိုလည်း ရာဇဝတ်အုပ်ကြီး ဦးဘသိန်းရဲ့ကလေးတွေဆိုတာ အများကသိကြတယ်လေ။ ဒီတော့ အတော်လေး အဆင်ပြေတယ်။

တို့မောင်နှမဟင်းချက်စရာအသီးအရွက်တွေတပွေ့တပိုက်နဲ့ ပြန်လာတဲ့အခါ အဖေက အိမ်ရှေ့မှာ တုတ်တစ်ချောင်းနဲ့စောင့်နေလေရဲ့။

“ဟဲ့ - နင်တို့ လယ်ပုစွန်လုံးတွေ သွားနိုက်ပြီးတစ်အိမ်ဆင်းတစ်အိမ်တက် လိုက်ရောင်းနေတယ်ဆို။ အဲဒါငါ့ဆီလာတိုင်ကြတယ် ။ လာခဲ့ကြစမ်း၊ နင်တို့ ထမင်းငတ်နေလို့လား”

ဆိုပြီး ရိုက်မယ်တကဲကဲလုပ်တော့ တို့က အသေအချာရှင်းပြရတာပေါ့။ လယ်ပုစွန်လုံးတွေက နွားခြေရာခွက်တွေထဲကရတဲ့ ပုံသကူပုစွန်လုံးတွေဖြစ်ကြောင်း၊ သူ့အသက်ကိုမသတ်ရပါကြောင်း၊ လွယ်အိတ်နှစ်လုံးလောက်ရတော့ အိမ်မှာ စားမကုန်နိုင်တာနဲ့ ဟင်းချက်စရာတွေနဲ့ဝင်ပြီးလဲကြောင်းပြောပြတဲ့အခါ အဖေစိတ်ဆိုးပြေပြီး မရိုက်ရက်တော့ဘူးပေါ့ကွယ်။ မိသားစုရဲ့တာဝန်ကို ကိုယ့်အသိလေးနဲ့ ကိုယ်နိုင်ရာနေရာက ဝင်ထမ်းနေတာကို အဖေသိနေတာပဲကွယ်။ တကယ်ဆို ဘယ်ရိုက်ရက်ပါတော့မလဲ။

မြန်မာစကားရှိတယ်ကွယ့်။ တစ်ခါရမှန်းသိ ခွေးမဖင်လက်ညှိုးထိုးတဲ့။ တို့လည်းကွယ် နွားခြေရာခွက်တွေထဲက လယ်ပုစွန်လုံးတွေတစ်ခါရဖူးတော့ အမြဲရမယ်ထင်နေတာ မရတော့ဘူးကွယ့်။ အဲဒီတစ်ခါပဲ တိုက်တိုက်ဆိုင်ဆိုင်ရတာ။ အင်း - ခုထိကို မျက်စိထဲကမထွက်ပါဘူးကွယ်။ နောင်အဲဒီလောက်များတဲ့လယ်ပုစွန်လုံး တစ်ခါမှမမြင်ဖူးတော့ပါဘူး။

■ သေနတ်သံကြားရင်

ဂျပန်တွေဟာ ဖက်ဆစ်စနစ်ကျင့်သုံးကြတော့ ဂျပန်စစ်ဗိုလ်ကြီးတွေအချို့ သဘောကောင်းကြပေမယ့် စစ်သားအတော်များများ အတော်ရိုင်းကြတယ်ကွယ့်။ သူတို့ဟာ သူတို့ခေတ်မှာ ဘုရင်တွေဆိုတော့ ထင်ရာလုပ်ကြတယ်။ သမီးပျိုတွေဆိုရင်လည်း စော်ကားလားစော်ကားရဲ့။ မထင်ရင်မထင်သလို လုပ်တတ်ကြတယ်။ စည်းကမ်းမဲ့ပုံများ ကျွဲနွားစားချင်ရင် ဆွဲထုတ်ပြီး သေနတ်နဲ့ပစ်သတ်လိုက်တာပဲ။

အဲ - သူတို့က အကုန်ယူတာမဟုတ်ဘူး။ ပေါင်သားတွေလောက်ပဲယူသွားတာ၊ ကျန်တာတွေ အရပ်သားတွေက ဖျက်ယူကြတာပေါ့ကွယ်။ နီးရာလူတွေကထွက်ဖျက်ကြတာပေါ့။

အဲဒီတော့ သေနတ်သံဗိုင်းခနဲကြားပြီဆိုလို့ကတော့ တို့နဲ့တို့မောင်လေးအတူးဟာ သေနတ်သံကြားရာဆီပြေးခဲ့ကြတာကွယ့်။ အဲဒီမှာ လူကြီးတွေ ဂျပန်တွေထားခဲ့တဲ့နွားအသေကောင်ကို ဖျက်နေကြပြီ။

ဒီတော့ နီးရာအိမ်တွေကထွက်လာပြီး ဟင်းစားတောင်းကြတာပေါ့ကွယ်။ တို့မောင်နှမလည်းတောင်းကြတာပေါ့။ရရင် မောင်လေးကိုယူထားခိုင်းပြီး တို့ကထပ်တောင်းတာပေါ့။ ဒီလိုနဲ့ အမဲသားအတော်များများရလာတတ်တယ်။ ဒါဆို ချက်တန်တာချက်၊ အခြောက်လှန်းတန်တာလှန်းပြီး အစားအစာရှားပါးတဲ့ခေတ်ကြီးမှာချွေတာစားသုံးကြတာပေါ့ကွယ်။

အဲဒီလို အမဲသားရမှန်းသိတော့ကာ ကလေးဆိုတော့ဘာရယ်မဟုတ်ဘူး သေနတ်သံကိုမျှော်မိတာပေါ့။ သေနတ်သံကြားရင် ကျွဲလား၊ နွားလား တစ်ခုခု သတ်မယ်။ သတ်ရင် ဂျပန်တွေမစားချင်တာကျန်ခဲ့မယ်။ ဒါက တစ်ခါမဟုတ်ဘူး အကြိမ်ကြိမ်ဆိုတော့ကာ သေနတ်သံနားစွင့်မိတာ အဆန်းမဟုတ်တော့ဘူးပေါ့ကွယ်။

■ ပန်းနာရင်ကျပ်အတွက်ဆေး

ဂျပန်ခေတ်မှာ အကုန်ရှားပါးနေလိုက်တာ ဆေးဝါးအထိပဲကွယ့်။ မြန်မာဆေး၊ ပဋိဇီဝဆေး ဘာဆေးမှကိုမရှိတာ။ ဥပမာကွယ် ဗိုလ်အောင်ဒင်ရုပ်ရှင်ဇာတ်ကားနဲ့ အရမ်းကိုကျော်ကြားခဲ့တဲ့ရုပ်ရှင်မင်းသား ခင်မောင်ရင်တောင် အပျော်အပါးလိုက်စားဖန်များလို့ ကာလသားရောဂါစွဲကပ်ပြီး ကုဋ္ဌနူနာဖြစ်နေတဲ့အခါ ဂျပန်ခေတ်မှာ ဆေးလုံးဝမရှိလို့ မကုနိုင်။ အဲဒီအတိုင်းနေရင်း ရောဂါရင့်သွားခဲ့ရတယ်။ သူ့ခမျာ လူတောမတိုးနိုင်တော့ဘူးပေါ့။ သူ့လို အကျော်အမော်ရုပ်ရှင်မင်းသားတောင် ဆေးမရှိရင် တို့လိုလူတွေအတွက်တော့ ပိုပြီးခက်တာပေါ့ကွယ်။

ဂျပန်ခေတ်မှာ ဆေးမရှိပါဘူးဆိုနေမှ တို့ရဲ့မောင်လေးအတူးက ပန်းနာရင်ကျပ်ရောဂါဖြစ်လာပါလေရောကွယ်။ ချောင်းကတဟွတ်ဟွတ်၊ ချွဲကတဂွီဂွီနဲ့လေ။ အိပ်များပျော်နေရင် သွေးချွဲတွေကြောင့် အသက်ရှူသံက ရှီရှီနဲ့နေတာကွယ့်။ အားလုံးစိတ်မကောင်းကြဘူးပေါ့လေ။ တောင်မင်းမြောက်မင်းမကယ်နိုင်တဲ့ခေတ်ဆိုတာ အဲဒီခေတ်မှအစစ်ကွယ့်။

ဒါနဲ့ လူကြီးသူမတွေက အတူးရဲ့ ပန်းနာရင်ကျပ်ရောဂါကိုမြင်တော့ မြန်မာ့ရိုးရာဆေးမြီးတိုပန်းနာရင်ကျပ်ဆေးနည်းကို ပြောပြကြတယ်။ အဲဒါက ဆိတ်ချေးကိုပြာချပြီး ပျားရည်နဲ့လျက်ရတယ်တဲ့ကွယ့်။ ဆေးနည်းကတော့ ရပြီပေါ့လေ။

ဒါပေမယ့် ခက်တာကပျားရည်ပဲ။ ဒီလိုခေတ်ကျပ်ကြီးထဲမှာ ပျားရည်ဘယ်မှာသွားရှာရမှာလဲ။ အဲဒီတော့ ပျားရည် ဘယ်အိမ်မှာရှိသလဲဆိုတာ ပထမစုံစမ်းရတယ်။ စုံစမ်းလို့သိပြီဆိုတော့ အခွင့်အရေးကိုစောင့်ရတယ်။ အဲဒီအခွင့်အရေးက ကျွဲ၊ နွားကို ပစ်သတ်တဲ့သေနတ်သံပေါ့ကွယ်။

သေနတ်သံကြားရင် မောင်နှမနှစ်ယောက် ဘယ်လောက်ဝေးဝေး အရောက်အောင်သွားကြတယ်။ ပြီးရင် အကြိမ်ကြိမ်တောင်းပြီး ဝမ်းပန်းတသာ ပြန်လာကြတယ်။ ပျားရည်ရှိတဲ့အိမ်ဝင်ပြီး တောင်းတောင်းပန်ပန်ပေါ့ကွယ်။ ဆေးဖော်လိုလို့ ပျားရည်ကို အမဲသားနဲ့ လဲဖို့ ပြောရတာပေါ့။ တို့ဆိုတာက ရာဇဝတ်အုပ်ရဲ့သားသမီးတွေဆိုတာ သိ[illegible]တော့ ခပ်များများလည်း ကြည်ကြည်ဖြူဖြူပေးကြပါတယ်။

ဒီလိုနဲ့ ဆိတ်ချေးပြာချပြီး ပျားရည်နဲ့ကျွေးတဲ့အခါ တို့မောင်လေးအတူးဟာ တကယ်ကို ပန်းနာရင်ကျပ်ဝေးကပျောက်သွားခဲ့တယ်။ အခု သူက ကျိုက်[illegible]မြို့မှာနေနေတယ်။ သူ့မိသားစု[illegible] သိုက်သိုက်ဝန်းဝန်းပါပဲ။ သူ့နာမည်က မောင်ဇင်သက်တဲ့ကွယ်။ အဲဒါ တို့[illegible]တိုင် အစ်မပီသစွာ မောင်လေးအတူး ဂျပန်ခေတ်ပျက်ကြီးထဲမှာ ပန်းနာရင်ကျ[illegible] ကုပေးခဲ့တာ မှတ်မှတ်ရရပါပဲ။

■ လက်ဖက်ရည်ကြိုက်တဲ့အမေ

ကုန်စည်စီးဆင်းမှုတွေပျက်သွား[illegible] အခါ လက်ဖက်ရည်အလွန်ကြိုက်တဲ့[illegible] အခက်ကြုံရတော့တာပါပဲ။ လက်[illegible] ရည်ဖျော်တဲ့ အချိုခြောက်လည်း[illegible] သကြားလည်းမရှိတော့ နွားနို့ချည်းသောက်နေရတာ ကြာတော့ အမေ့ကို တို့က သနားမိတယ်။

ကံကောင်းချင်တော့ ခြေထောက်မှာဖွေပေါက်ပြီး ဟိုဟိုဒီဒီလျှောက်သွားနေတတ်တဲ့ တို့မောင်နှမကို ဂျပန်စစ်ဗိုလ်ကြီးက သဘောကျတာနဲ့ခေါ်ပြီး မိတ်ဖွဲ့တယ်။တို့ကလည်း ဆယ်နှစ်ကျော်ကျော်အရွယ်ဆိုတော့ စစ်ဗိုလ်ကြီးက သူ့သားသမီးလေးတွေလိုချစ်ပြီး စစ်တပ်ထဲဝင်စေထွက်စေဖြစ်လာခဲ့တယ်။

ဂျပန်တွေဆိုတာက ဟင်းချက်ရင်သကြားထည့်ကြတဲ့အလေ့ရှိတော့ အဲဒီမှာ ဂျပန်တပ်ထဲက သကြားရလေ့ရှိတယ်။ အဲဒီမှာ အမေ့အတွက် သကြားအဆင်ပြေခဲ့တယ်။ အချိုခြောက်မရှိတောင် အဖန်ခြောက်နဲ့ဖျော်သောက်ရတော့ အမေ့အတွက် အများကြီးအဆင်ပြေခဲ့တယ်။

ဂျပန်ခေတ်မှာ ဂျပန်ကျောင်းနေရတော့ တို့ဆို ဂျပန်စာ၊ ဂျပန်စကား၊ ဂျပန်သီချင်း အတော်များများတတ်နေပြီကွယ့်။ (ဒေါ်တင်အေးဟာ ဂျပန်စစ်ဗိုလ်ကြီးအမည်ကို မှတ်မိနေကာ ဂျပန်သီချင်းများကိုလည်း တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုပြပေမယ့် မှတ်တမ်းမယူခဲ့မိပါ။) ဂျပန်လို ငါးတန်းအထိတောင်တတ်နေပြီ။ အင်္ဂလိပ်ခေတ်မှာ အင်္ဂလိပ်ကျောင်း၊ ဂျပန်ခေတ်မှာ ဂျပန်ကျောင်း ဒီလိုပေါ့ကွယ်။ ရေလိုက်ငါးလိုက်နေခဲ့ရတာပေါ့။ သူ့ခေတ်နဲ့သူကိုး။

ပိုက်ဆံဆိုတာကလည်း ဂျပန်တွေဟာ တပ်မကြီးသွားလေရာ ငွေပုံနှိပ်တဲ့စက်ပါလေတော့ ဂျပန်ငွေစက္ကူလို့ခေါ်တဲ့ ပိုက်ဆံကလည်း အလွန်ပေါတာကိုး။ ပေါသလောက်လည်း တန်ဖိုးမရှိဘူးကွယ့်။ အားတိုင်း ရိုက်ထုတ်နေကြတာကိုး။

ဂျပန်စစ်ဗိုလ်ကြီးနဲ့ခင်မင်နေတဲ့ တို့မောင်နှမကတော့ ဂျပန်ဗိုလ်ကြီးပေးတာနဲ့တင် အဆင်ပြေကြတယ်။ အဲဒီ ပိုက်ဆံတွေနဲ့ မိသားစုကို အထောက်အကူပြုကြတာပေါ့။ ဂျပန်ငွေစက္ကူကို တို့[illegible]များလည်း မြင်ဖူးမှာပါ၊ ဂျပန်လည်း ပြေးရော အဲဒီဂျပန်ငွေစက္ကူတွေဟာ လုံးဝတရားမဝင်တာမို့ တို့ကလေးတွေ ပိုက်ဆံလုပ်တမ်းကစားကြရပြန်တယ်ကွယ့်။ ဈေးရောင်းတမ်းကစားတဲ့အခါတွေပေါ့။

ဘယ်လောက်အံ့ဩဖို့ကောင်းလဲ။ ငွေစက္ကူကို ငွေစက္ကူလုပ်တမ်းကစားကြတာလေ။ တို့နောင်တစ်ခေတ်မှာတောင် မြန်မာ့ငွေစက္ကူတွေတရားဝင်ရပ်စဲလိုက်လို့ တန်ဖိုးလုံးဝမရှိတော့ဘဲ ငွေစက္ကူအစစ်တွေကို ကလေးတွေက ပိုက်ဆံလုပ်တမ်းကစားခဲ့ကြတာပဲကွယ်။ ဒါကလည်း ကာလဒေသပေါ့နော်။ အေးကွယ့် - ဝဋ်ဆိုတာ သံသရာကိုမစောင့်ဘူး။ လည်တတ်တယ်ဆိုတဲ့စကားပဲ။ အဲဒါကိုလည်း ပြောပြမယ်။

■ ဆာကေးနဲ့ပဲစွည်း

စစ်ရှုံးမောနေတဲ့ ဂျပန်တွေကို အင်္ဂလိပ်တွေက လေကြောင်းကတိုက်သလို မြန်မာတွေနဲ့ပေါင်းပြီး ကုန်းကြောင်းကတိုက်တဲ့အခါ ဂျပန်တွေ အတော်လေးကို အထိနာနေခဲ့တာပေါ့။ အဲဒီတုန်းက တို့ကတောရွာလေးတစ်ရွာမှာပုန်းရှောင်နေခဲ့ရတာ။ ဂျပန်တွေဟာ ကစဉ့်ကလျားဖြစ်နေကြပြီလေ။

သူတို့တွေ ထင်ထင်ပေါ်ပေါ် တပ်မခွဲရဲတော့ဘူး။ နေ့တွေမှာ ချုံတွေထဲဝင်ပြီး ပုန်းဆိုနေကြရတာ။ ညမှောင်မှ ခရီးဆက်ထွက်ကြတာ။ ဝဋ်ဆိုတာ အဲဒီလို ချက်ချင်းပြန်လည်တယ်။

ရွာပြင်တောတန်းကချုံတွေထဲမှာ ဒဏ်ရာရနေတဲ့ဂျပန်စစ်သားတွေရော၊ ဒဏ်ရာမရတဲ့စစ်သားတွေပါပုန်းအောင်းနေတယ်ဆိုတဲ့သတင်းရကြတယ်။ ဒဏ်ရာရတဲ့စစ်သားတွေဟာ ဆေးလည်းမရှိကြတော့ကာ တညည်းတညူညူနဲ့ပေါ့ကွယ်။ သနားစရာလည်းကောင်းသပေါ့။

သူတို့က လူတွေကို ဒုက္ခမပေးတော့ပါဘူး။ သူတို့စိုးမိုးစဉ်ကာလကတော့ တို့မြန်မာတွေကို အတော်လေးကို ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြတာ မင်းတို့လည်း ကြားဖူးကြမှာပါ။ သူတို့လက်ချက်နဲ့ တို့မြန်မာတွေ ညှဉ်းပန်းနှိပ်စက်ခံရတာတို့၊ သေနတ်နဲ့ပစ်သတ်တာတို့၊ ဓားနဲ့လည်ပင်းကိုပိုင်းပြီးသတ်တာတို့ အမျိုးမျိုးခံခဲ့ကြရတယ်။

ခုတော့ သူတို့ခံရမယ့်အလှည့်ကို ပြန်ရောက်လာတာ။ အဲ - သူတို့ဟာ ပေါ်ပေါ်ထင်ထင်မနေရဲတော့ဘဲ နေ့ဆိုပုန်းအောင်းနေရတဲ့ဘဝကိုရောက်နေကြပြီ။ တို့က ဂျပန်စကားတတ်တော့ကာ ဘာအကူအညီပေးရမလဲလို့ သွားမေးတော့ ဆာကေး၊ ဆာကေးလို့ ပြန်ပြောတယ် ဓါ်ကွယ့်။

ဒါနဲ့ တို့လည်း ချက်ချင်းရွာထဲဝင်ပြီး တောချက်အရက်တွေယူပြီး သူတို့မှာပါတဲ့ပဲစွည်းတွေနဲ့ [illegible]။ သူတို့မှာ ဘာတွေပါ[illegible]။ [illegible] အစစ်နဲ့သွန်းထားတဲ့ ဗုဒ္ဓဆင်း[illegible] လေးတွေ၊ နာရီတွေ၊ အဝတ်[illegible]၊ မြင်ထောင်တွေ၊ လက်ဝတ်ရတနာ[illegible] ပါတယ်ကွယ့်။

ရွှေဆင်းတုအစစ်လေးတွေကတော့ တို့အထင် စေတီဌာပနာတိုက်တွေက ဖောက်ယူခဲ့ဟန်တူတယ်။ အဲဒီရွှေဆင်းတုလေးတွေကိုတော့ ဘယ်သူမှမယူရဲကြပါဘူး။ ကျန်တဲ့အဝတ်အထည်၊ မြင်ထောင်၊ နာရီစတာတွေနဲ့ပဲလဲကြတယ်။ ဆာကေးဆိုတာ ဂျပန်လို၊ မြန်မာလိုက အရက်ကွယ့်။ ဒီလိုနဲ့ တို့တောရွာတွေ အတော်လေးအလုပ်ဖြစ်ကြတယ်။

အရက်ကို ဘာလို့ဒီလောက်အရေးတကြီးလိုအပ်သလဲဆိုရင် ဒဏ်ရာရရဲဘော်တွေ အရက်သောက်၊ အရက်မူးပြီး မှိန်းလို့ရအောင် အရက်တိုက်တာပါ။ စစ်ပြေးဒုက္ခသည်ဘဝပြန်ရောက်နေရတဲ့ သူတို့ဂျပန်တွေရဲ့ဘဝကို မြင်ရတဲ့အခါ မတည်မြဲတဲ့လူ့ဘဝ အတော်သံဝေဂရဖို့ကောင်းတယ်ကွယ့်။ ပြောရရင်တော့ အများကြီးပါပဲကွယ်။

■ သျှောင်နောက်ဆံထုံးပါ

ဂျပန်တွေပြေးတော့ အင်္ဂလိပ်ခေတ်ပြန်ရောက်၊ နောက်မကြာမီ လွတ်လပ်ရေးရပေါ့ကွယ်။ အဲဒီမှာ ကျောင်းပြန်တက်ရပြန်တာပါပဲ။နောက် ကျောင်းဆရာမလုပ်တော့ အိမ်ထောင်ကျတယ်။ ခင်ပွန်းက ဝန်ထမ်းဆိုတော့ သျှောင်နောက်ဆံထုံးပါပြီး ဟိုရောက်ဒီရောက်နဲ့ပါပဲ။ နောက်ပိုင်း ပဲခူးမှာ အခြေချတယ်။ ကြခတ်ပိုင်းမှာ ဒေါ်တင်အေးလို့မေးရင် လူတိုင်းသိသကွယ့်။

တို့ဆို တို့ရဲ့သမီးတွေအားလုံး ကျောင်းဆရာမပဲလုပ်ခိုင်းတယ်။ သမီးအကြီးဆုံးကလည်း ကျောင်းဆရာမပဲ။ သူက အပျိုကြီး အသက် (၆၀)ပြည့်လို့ ပင်စင်ယူလိုက်ရပြီ။ သားတွေက စက်မှုဇုန်မှာ စက်မှုလုပ်ငန်းတွေအသီးသီးလုပ်ကြတယ်။

မောင်ကျော်မြင့်နဲ့တို့သမီးအငယ်ဆုံး မသန္တာအေးက မောင်ကျော်မြင့် [illegible] မှာ ကျောင်းလာတက်ရင်း ဖူး[illegible] တာ။ မြေးနှစ်ယောက်ရတယ်။ [illegible] မြတ်နဲ့ သီရိဘုန်းမြဟ်တဲ့။ [illegible] က အင်ဂျင်နီယာ၊ သီရိ[illegible] ဆရာဝန်မပေါ့ကွယ်။ [illegible] ရော မြေးတွေပါ [illegible]

ခဲ့တာ။ တစ်ယောက်မှ ဆိုးသွမ်းတာမပါခဲ့ဘူး။ ကိုယ်ကလည်း စနစ်တကျနေတယ်။ သူများလည်း စနစ်တကျအုပ်ချုပ်တယ်။ ပညာရေးလည်း ဂရုစိုက်ပေးတယ်။

အဲ့ဘုန်းမြတ်နဲ့ ဗိုလ်မှူးကြီးသမီးလေးတို့က တက္ကသိုလ်အတူတူတက်ရင်း သံယောဇဉ်ထားခဲ့ကြတာ ကြာပြီကွယ့်။ ဟိုးတစ်လောကမှ လက်ထပ်ခဲ့ကြတာ။

အခုခေတ်ကလေးတွေများ ကံကောင်းလိုက်ကြတာကွယ်။ ဘာမှပူပင်စရာမရှိခဲ့ဘူး။ တို့များ ငယ်ငယ်တုန်းကနဲ့တော့ မိုးနဲ့မြေလိုကွာပါ့"

■ ကွေ့ကွင်းနောက်ဆုံး

အဘွားဒေါ်တင်အေးပြောပြနေတုန်းမှာပဲ ကန်တော်ကြီးသွားတဲ့လှည်းတန်းကြီး ပြန်ရောက်လာပါတယ်။ အဲဒီမှာ အချိန်တန်ပြီမို့ ပြန်ဖို့လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပါပြီ။ မကြာမီ ဥယျာဉ်တောင်ရွာက လမ်းကြမ်းကြမ်းပေါ်ထွက်ခဲ့ကြပါတယ်။ ကားကို တရွေ့ရွေ့မောင်းနေရတာပါ။ နာရီဝက်ကျော်ကြာတော့ ကားလမ်းမကြီးကိုရောက်ပါတယ်။

အဲဒီမှာ စုပေါင်းပြီး ဘတ်(စ်)ကားကြီးနဲ့အတူ ဓာတ်ပုံရိုက်ကြပါတယ်။ ဓာတ်ပုံရိုက်ပြီး ပျော်ဘွယ်အမြန်လမ်းမကြီးဆီ မောင်းခဲ့ကြပါတယ်။ ညနေ (၆) နာရီလောက်မှာ နေပြည်တော်ကိုရောက်ပါတယ်။ ကိုကျော်မြင့်တို့မိသားစုတွေနဲ့ ဗိုလ်မှူးကြီးတို့ကို နှုတ်ဆက်ကာလိုင်းကားနဲ့ ကျွန်တော် ပြန်ခဲ့ပါတယ်။ ဆိုပြီးရင် ကွဲရမှာ မေ့တာမဟုတ်ပါလား။

သုံး၊ လေးရက်တာကာလ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင် ဘုရားဖူးခရီးထွက်ခဲ့ရတာတို့တော့ ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ အားလုံးကိုလည်း ကျေးဇူးတင်နေပါတယ်။ ဂျပန်ခေတ်အကြောင်းတွေပြောပြတဲ့ အဘွားဒေါ်တင်အေးကို လည်းကောင်း၊ ဒါရိုက်တာဦးကျော်မြင့်တို့မိသားစုတွေ၊ ဆွေမျိုးသားချင်းတွေကိုလည်းကောင်း ရင်ထဲမှာ ထာဝရသိမ်းထားပါမည့်အကြောင်းသိစေအပ်ပါတယ်။

ဒု/ဗိုလ်မှူးကြီးကျော်ကျော် (ခ)
စေးလာနွယ်သို့အမှတ်တရ

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(မိုးကုတ်)

ဆရာဦးမောင်မောင်သန်း

(၁၂) ကြိမ်မြောက် ထီဖွင့်ပွဲကြီးနီးပါပြီ။

တနင်္ဂနွေသားသမီးများ

ဖေဖော်ဝါရီလတွင် ၃၊ ၇၊ ၁၃၊ ၁၇၊ ၂၁ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ စေတီတစ်ဆူလုံးအတွက် ညလုံးပေါက် လျှပ်စစ်မီးပူဇော်ပါ။ ပြီးရင် (၃၁) ဘုံကို အမျှဝေပြီးမေတ္တာပို့ပါ။ အခက်အခဲရှိသူများက ဘုရားစေတီတစ်ဆူဆူသို့သွားပြီး ဂြိုလ်တစ်ခွင်လုံးတွင် ဖယောင်းတိုင် (၉)တိုင်စီထွန်းကာအလင်းဖွင့်ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

မတ်လတွင် ၃၊ ၁၊ ၄၊ ၈ ဂဏန်းများ ကံစပ်ပါသည်။

တနင်္လာသားသမီးများ

ဖေဖော်ဝါရီလတွင် ၁၊ ၄၊ ၈၊ ၁၄၊ ၂၂ ရက်များမှာ ထီထိုးပါ။

'အောင်' ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွားပါ။ အောင်တော်မူ၊ အောင်သိဒ္ဓိ၊ အောင်ဗောဓိ၊ အောင်စေတီ စသော တနင်္ဂနွေနံဘုရားတစ်ဆူဆူသို့သွားပါ။ ဘုရားရှင်ကို ပန်းပေါင်းစုံ (၆) မျိုးနှင့်ပူဇော်ပြီး အသံထွက်၍ ဘုရားရှိခိုးပါ။ ခက်ခဲနေလျှင် ဘုရားတစ်ဆူဆူ၏တနင်္ဂနွေထောင့်တွင် ပူဇော်ပါ။

မတ်လတွင် ၂၊ ၉၊ ၁၊ ၆ ဂဏန်းများနှင့် ကံစပ်ပါသည်။

အင်္ဂါသားသမီးများ

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၁၅၊ ၂၃ ရက်များမှာ ထီထိုးပါ။

ဓာတ်ကြီးလေးပါးဆွမ်းတော်ကပ်လှူပါ။ အခက်အခဲရှိရင် တစ်နေ့ထဲ ဘုရား (၇) ဆူပြည့်အောင် သွားဖူးပါ။ ဘုရားတိုင်းမှာရှိတဲ့ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်စီထွန်းပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

မတ်လတွင် အင်္ဂါနေ့ထီဆိုင်ကြီးနှင့် ၃၊ ၁၊ ၄၊ ၈ ဂဏန်းများ အင်္ဂါနံအက္ခရာများ ကံစပ်နေပါသည်။

ဗုဒ္ဓဟူးသားသမီးများ

ဖေဖော်ဝါရီလတွင် ၃၊ ၆၊ ၁၆၊ ၂၄ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို အကြော်စုံနှင့် ဆွမ်းတော်ကပ်ပါ။ (၉) ရက်ပြည့်အောင် ကပ်လှူပူဇော်ပြီးမှထီထိုးပါ။

မတ်လတွင် တနင်္ဂနွေနံထီဆိုင်ကြီးများနှင့် ၃၊ ၂၊ ၉၊ ၁ ဂဏန်းများ ကံစပ်နေပါသည်။

ကြာသပတေးသားသမီးများ

ဖေဖော်ဝါရီလတွင် ၄၊ ၇၊ ၁၀၊ ၁၇၊ ၂၅ ရက်များမှာ ထီထိုးပါ။

တစ်နေ့အချိန်ယူပါ။ တစ်နေ့ထဲ ဘုရား(၆)ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်း၏တနင်္ဂနွေထောင့်တွင် ဖယောင်းတိုင်(၁၀)တိုင် အလင်းဖွင့်ပူဇော်ပါ။ ပြီးမှ ခေါင်းလောင်းကြီးများရှိသောနေရာသို့ သွား၍ ခေါင်းလောင်း(၉)ချက်တီးအမျှဝေပါ။ အပြန်မှာ ထီထိုးပါ။

မတ်လတွင် အင်္ဂါနံထီဆိုင်ကြီးများ၊ အင်္ဂါနံအက္ခရာများနှင့် ၃၊ ၁၊ ၇၊ ၆ ဂဏန်းများ ကံစပ်ပါသည်။

သောကြာသားသမီးများ

ဖေဖော်ဝါရီလတွင် ၁၊ ၅၊ ၁၁၊ ၁၈၊ ၁၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား အုန်းသီးစိတ်များနှင့်ပူဇော်ပါ။ ပူဇော်နေစဉ်ရက်အတွင်း 'အရဟံသိဒ္ဓိ' ကို ပုတီးပတ်ရေများများစိပ်ပါ။ (၆) ရက်ပြည့်အောင် ပူဇော်ပြီးမှ ထီထိုးပါ။

မတ်လတွင် ၁၊ ၄၊ ၈၊ ၃ ဂဏန်းများနှင့် တနင်္ဂနွေနာမည်ထီဆိုင်ကြီးများ ကံစပ်ပါသည်။

စနေသားသမီးများ

ဖေဖော်ဝါရီလ ၂၊ ၆၊ ၉၊ ၁၂၊ ၂၀၊ ၂၇ ရက်များမှာ ထီထိုးပါ။

အနီးဆုံးဘုရားစေတီတစ်ဆူဆူကို လမ်းလျှောက်သွားပါ။ ဘုရားတွင် တံမြက်စည်းလှည်း၊ အမှိုက်တွေကောက်ပါ။ ပြီးမှ လက်ဆေးပြီး ဘုရားဝတ်ပြုပါ။ တွေ့သည့်ကလေးလေး (၅)ယောက်ကို မုန့်ဖိုး ဒါမှမဟုတ် မုန့်ဝယ်ကျွေးလိုက်ပါ။ အပြန်မှာထီထိုးလို့ရပါပြီ။

မတ်လတွင် အင်္ဂါနံထီဆိုင်ကြီးများ၊ အင်္ဂါနံအက္ခရာဂဏန်းများနှင့် ၂၊ ၉၊ ၁၊ ၆ ဂဏန်းများ ကံစပ်ပါသည်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)

■ လွတ်ပြီကျွတ်ပြီ

စာရေးသူတို့ရဲ့မြန်မာမှုနယ်ပယ်မှာ ရှေးလူကြီးသူမတွေထားရစ်ခဲ့တဲ့စကားကြီးတစ်ခွန်းရှိပါတယ်။ ရှင်လိင်ပြန်တဲ့နေ့ ထောင်ကထွက်တဲ့နေ့ဟာ အပျော်ဆုံးနေ့ဆိုတဲ့စကားပါပဲ။ စာရေးသူအနေနဲ့ အသက်အရွယ်ရခါမှ သက်နှင်းဆီးခဲ့ရတာမို့ ရှင်လူထွက်ချိန်မှာ စာရေးသူအတွက် ပျော်စရာအဖြစ် မခံစားခဲ့ရတာအမှန်ပါပဲ။ ထောင်ကထွက်တဲ့နေ့လို့ဆိုထားပြန်တော့ ထောင်မကျခဲ့ဘူးတဲ့ စာရေးသူအနေနှင့် ထောင်ကလွတ်တဲ့အရသာဟာ ဘယ်လိုများလဲဆိုတာ မသိရိုးအမှန်ပါ။

ရှင်လိင်ပြန်တဲ့နေ့၊ ထောင်ကလွတ်တဲ့နေ့ဟာ ပျော်စရာအကောင်းဆုံးနေ့ဆိုတာ ကြားသိခဲ့ရပေမယ့် လက်တွေ့ခံစားမှုမရရှိခဲ့ဘူးတဲ့ စာရေးသူဟာ အခုတော့ စာရေးသူအတွက် ပျော်စရာအကောင်းဆုံးနေ့တစ်နေ့ကို ထပ်တွေ့ခံစားခွင့်ရလိုက်ပြီ ဖြစ်ပါတယ်။

ဆယ်နှစ်ဆယ်မိုးကြာအောင် ခေါင်းပေါ်မှာရွက်တင်ထားခဲ့ရတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆိုတဲ့ တာဝန်ထုပ်ကြီးကို စာရေးသူရဲ့ အနုပညာ ဦးခေါင်းပေါ်က နေ ဖြတ်ချနိုင်ခဲ့ပြီမို့ ဖြစ်နေချိန်မှာတော့ စာရေးသူဟာ လွတ်လပ်စွာသွားလာခွင့်၊ လွပ်လပ်စွာရေးသားခွင့်ဆိုတဲ့ အခွင့်ထူးကြီးကိုရရှိခဲ့တာမို့ ဘယ်ပြောပြော ဒါဟာ စာရေးသူအတွက်တော့ အပျော်ဆုံးနေ့၊ အပျော်ဆုံးအချိန်လို့ပဲဆိုရမှာဖြစ်ပါတယ်။

စာရေးနေသူတစ်ယောက်အနေနဲ့ စာရေးစရာရှိမယ့်နေရာကို လွတ်လပ်စွာသွားလာလှုပ်ရှားပြီး ကုန်ကြမ်းရှာရတာဖြစ်ပေမယ့် စာရေးသူမှာတော့ တာဝန်

စနေထွန်း(မြစ်သား)

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းမှ
သမိုင်းမတင်သော်လည်း
သမိုင်းဝင်တန်ခိုးကြီးဘုရားများ

အပိုင်း (၂)



ဆည်တော်နံ ပုထ္ထိုးစေတီတော်မြတ်



တောင်တော်မြိုင်းမှ စေတီတော်တစ်ဆူ

တောင်ပေါ်[illegible]စေတီတော်နှင့်
တောင်ကြော[illegible]

ပုလ္လဂုံစေတီတော်အာရုံခံတန်ဆောင်းအတွင်းမှ ရုပ်ပွားတော်ကြီး

ဗဟုဓနသုခဓမ္မာရုံအတွင်းမှ ဖူးမြင်ရသော ရုပ်ပွားတော်ကြီးတစ်ဆူ

ပုလ္လဂုံစေတီတော်အာရုံခံတန်ဆောင်းအတွင်းမှ မြတ်စွာဘုရား၏ခြေတော်ရာ


ဗဟုဓနသုခဓမ္မာရုံကြီးနှင့် အတူဖူးမြင်ရသော စေတီတော်ကြီး

လုံထိုးဂူတောင်ခြေပိုင်းက စေတီတော်တစ်ဆူ

ထမ်းဆောင်စဉ်ကာလမှာ သွားချင်တာမသွားရ, လာချင်တာမလာရနဲ့ ရုံးကိစ္စတွေနဲ့ပဲ နပန်းလုံးနေခဲ့ရတာမို့ စာရေးသူရဲ့စိတ်ဟာ လွတ်လွတ်ကျွတ်ကျွတ် လှုပ်ရှားခွင့်မရခဲ့တာအမှန်ပါဘဲ။

အခုတော့ လွတ်ပြီကျွတ်ပြီလို့ပဲ ပြောရတော့မှာဖြစ်ပါတယ်။ တာဝန်ဆိုတဲ့ဝတ်ရုံလွှာကြီးကို ခန္ဓာကိုယ်ကနေ အပြီးတိုင်ခွာချနိုင်ခဲ့ပြီမို့ စာရေးသူအနေနဲ့ စာပန်းခင်းတွေရှိရာဆီကို လွတ်လပ်စွာပျံသန်းရင်း သူ့ရဲ့မဂ္ဂဇင်းကြီးအတွက် စာမှုကုန်ကြမ်းတွေကို ရှာဖွေဖော်ထုတ်ခွင့်ရခဲ့ပါပြီ။

■ ကိုးခရိုင်မှာထင်ရှား ပုလ္လဂုံဘုရားဆီသို့ ခရီးအစ

စာရေးသူအနေနဲ့ မြစ်သားမြို့နယ်အတွင်းရှိ သမိုင်းမတင်သော်လည်း သမိုင်းဝင်ဘုရားစေတီများဆိုတဲ့ခေါင်းစဉ်နဲ့ရေးဖို့အစီအစဉ်ထဲမှာ ပုလ္လဂုံဘုရားအကြောင်းကို စာရေးသူရဲ့ဦးခေါင်းထဲမှာ ကြိုတင်ထည့်ထားပြီး မဖြစ်မနေရေးဖြစ်အောင်ကိုရေးမယ်လို့ ဆုံးဖြတ်ထားတာပါ။

ပုလ္လဂုံဘုရားရှိတဲ့ နယ်မြေမှာ စာရေးသူနဲ့ ရေးဖော်ရေးဖက်ဖြစ်တဲ့ ဦးအောင်သန်း ကဗျာဆရာ (အေးခွင့်ပန် - သင်ထုံး) က ရွာခံအဖြစ်နဲ့ရှိနေတာမို့ စာရေးသူလိုချင်တဲ့အချက်အလက်တွေကို ဦးအောင်သန်းနဲ့အတူ လက်တွဲပြီး ရှာဖွေဖော်ထုတ်နိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်တစ်ခုကြောင့် ဖြစ်ပါတယ်။

ဦးအောင်သန်းက ပုလ္လဂုံတောင်တော်မြတ်ရှိရာ မြစ်သားမြို့နယ် ဘုံကွင်းအုပ်စုအတွင်းမှာပါရှိတဲ့ သင်ထုံးကျေးရွာမှာနေသူဖြစ်ပါတယ်။ရွာရဲ့ပတ်ပတ်လည်မှာ တောင်တွေရှိတာမို့ ကျောက်တူးဖော်တဲ့ကုမ္ပဏီတစ်ခုမှာ ဝန်ထမ်းအဖြစ်လုပ်ကိုင်နေသူပါ။ ဝန်ထမ်းဆိုတော့ သူ့အ မယ့်ရက်ကို ကြိုတင်မေးကြည့်ရာမှာ ဥပုသ်နေ့ရက်တိုင်းမှာ အလုပ်နားခွ တယ်ဆိုတာ သိရပါတယ်။ ဒါကြော ရုံးပိတ်ရက်လည်းဖြစ်၊ ဥပုသ်နေ့လည်း ဖြစ်တဲ့ ဒီဇင်ဘာလနဲ့ ခရစ္စမတ်ရက်မှာ ဦးအောင်သန်းဆီကို သွားဖို့ လိုက်ပါတယ်။

စာပေခရီးထွက်တော့မယ်ဆိုတော ထုံးစံအတိုင်း စာရေးသူရဲ့ သမီး မမ ကို ဆိုင်ကယ်ကယ်ရီအဖြစ်နဲ့ခေါ် ခရီးမထွက်မီ ဆိုင်ကယ်နဲ့ပတ်သက် လိုအပ်တဲ့ကြံ့ခိုင်မှုတွေလုပ်ဆောင် ကြိုပြီးပြောထားရပါတယ်။ စာရေ အနေနဲ့ သမီးကြီးကို ဆိုင်ကယ်ကယ အဖြစ်နဲ့အပြင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ဖို့အတွက် ဓာတ်ပုံဆရာမတစ်ယေ

အနေနဲ့လည်း အားကိုးရတာမို့ စာရေးသူရဲ့စာရေးကွက်ရှိရာနေရာတိုင်းမှာ သမီးကြီးကို မဖြစ်မနေခေါ်ရတာဖြစ်ပါတယ်။

ခရစ္စမတ်ရဲ့ နံနက်ခင်း နေထွက်စမှာပဲ ရနအိမ်ကနေစထွက်ဖြစ်ပါတယ်။ အချိန်က နံနက် (၇) နာရီကျော်ကျော်ပဲ ရှိပါသေးတယ်။ ခရီးသွားမယ့်နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မန်းပီတီစားသောက်ဆိုင်ပိုင်ရှင် ဦးသောင်းနိုင်ရဲ့ဆိုင်ဖွင့်ပွဲနဲ့ ကြုံနေတာမို့ ဦးသောင်းနိုင်ရဲ့မန်းပီတီဆိုင်ခွဲ(၂)ဖွင့်ပွဲဆီ သားအဖနှစ်ယောက် ဆိုင်ကယ်နဲ့ဦးတည်ပြီးထွက်ခဲ့ကြပါတယ်။

မိတ်ဆွေကြီး ဦးသောင်းနိုင်က ဆိုင်ဝကနေ အပြုံးနဲ့ဆီးကြိုနေပါတယ်။ စာရေးသူတို့သားအဖ (၂) ယောက်ကို သူ့ဆိုင်ကဖြစ်တဲ့ခေါက်ဆွဲကြော်နဲ့ဧည့်ခံကျွေးမွေးပါတယ်။ ဧည့်သည်တွေကများတာမို့ ဦးသောင်းနိုင်နဲ့ စာရေးသူဟာ စကားကြာကြာပြောခွင့်မရပါဘူး။ စားသောက်ပြီးတာနဲ့ ဆိုင်ရှင်ဦးသောင်းနိုင်ကို နှုတ်ဆက်ပြီး သွားရမယ့်ခရီးစဉ်ရှိရာကို ဦးတည်လို့ထွက်ခဲ့ကြပါတယ်။

အမှန်တကယ် စာရေးသူတို့သွားရမယ့်ခရီးလမ်းက မြစ်သားလက်ညှိုးထိုးလမ်းကတစ်ဆင့် လွန်ကျော်သွားတဲ့ လမ်းအတိုင်းသွားရမှာပါ။ ဒါပေမယ့် ဦးသောင်းနိုင်ရဲ့စားသောက်ဆိုင်က မြစ်သားလမ်းခွလမ်းဘေးမှာမို့ မြစ်သားလမ်းခွကနေတစ်ဆင့် လွန်ကျော်လမ်းခွဲရှိရာဘက်သို့ နာရီဝက်နီးပါးကြာအောင် ဆိုင်ကယ်စီးပြီးသွားခဲ့ရပါတယ်။

လွန်ကျော်လမ်းခွဲကိုရောက်ပြီဆိုတာနဲ့ ခရီးလမ်းကကြမ်းစပြုလာပြီဖြစ်ပါတယ်။ မြစ်သားလွန်ကျော်လမ်းဟာ တစ်ချိန်က စာရေးသူစစ်မှုထမ်းဟောင်းရုံးမှာ တာဝန်ထမ်းဆောင်ရင်း မင်းလယ်ရွာက ဦးကျောက်ကွင်းဆီကို မှန်မှန်သွားရေးကိစ္စနဲ့ပတ်သက်ပြီး မကြာမကြာသွားခဲ့ရတဲ့လမ်းပါ။ အဲဒီတုန်းက လမ်းက ကျောက်တုံးကျောက်ခဲကြီးတွေခင်းထားတာမို့ လမ်းပေါ်မှာ စက်ဘီးစီးလို့မရပါဘူး။ လမ်းဘေးက လှည်းလမ်းကြောင်းအတိုင်း စက်ဘီးနင်းပြီးသွားခဲ့ရတာပါ။ မူလပထမကျောက်ကြီးခင်းထားတဲ့လမ်းမကြီးဖြစ်ပေမယ့် သွားရလာရခက်တဲ့လမ်းပါ။ အခုတော့ အဲဒီကျောက်တုံးကြီးတွေပေါ်မှာ မြေကျောက်ခင်းထားတာမို့ အရင်ကလို အဖုအထစ်တွေမရှိတော့ဘူးဆိုပေမယ့် ဆိုင်ကယ်နဲ့သွားရတဲ့သူတွေအတွက်တော့ ဆိုင်ကယ်က ဟိုခုန်ဒီပေါက်ဖြစ်နေတာမို့ ဆိုင်ကယ်နောက်ကထိုင်လိုက်ရတဲ့ စာရေးသူအဖို့ မသက်သာလှတာ အမှန်ပါပဲ။ နှစ်ပေါင်းသုံးဆယ်နဲ့ပါးကခင်းထားပြီဖြစ်တဲ့ကျောက်

လျောင်းတော်မူရုပ်ပွားတော်ကြီး

တောင်တော်၏ခြေတော်ရင်း
[illegible]ဘုရားတိုက်အတွင်းမှရုပ်ပွားတော်ကြီးများ

လုံထိုးဂူအတွင်းထဲက ရုပ်ပွားတော်နှင့် ဂူတော်ဝင်များ တရားထိုင်ရာနေရာမြင်ကွင်း


တောင်ခြေရင်းမှ
စေတီတော်တစ်ဆူနှင့်တံခွန်တိုင်

ပုလ္လဂုံတိုက်ကျောင်း၏ [illegible]
ဆရာတော်ကြီး [illegible]

တောင်ကမ်းပါးရဲ့ထက်မှ
ရွှေသာလျောင်းရုပ်ပွားတော်ကြီး
ကိန်းဝပ်စံပယ်ရာ ဂူကုဋိတိုက်သို့
အတက်စောင်းတန်း

ရှမ်းပြည်နယ် ရွာငံနယ်ထဲက ဆက်ကူတောင်ရဲ့ သဘာဝအလှမြင်ကွင်း

တောင်ခြေရင်းမှ စေတီတော်များနှင့် သိမ်ကျောင်းဆောင်

ပုလ္လင့်တောင်ပေါ်အတက်လမ်းအဝင်ဝမှ
ခြင်္သေ့ကြီးနှစ်ကောင်


ပုလ္လင့်တောင်ပေါ်မှ နတ်နန်း

ခင်းလမ်းဟာ အခုထိတိုင် ကတ္တရာလမ်းချောအဆင့်ကို မရောက်သေးပုံထောက်တော့ တစ်ခုခုတော့လိုနေပြီလို့ပဲ စိတ်ထဲမှာတွေးလိုက်မိပါတယ်။

ခရီးလမ်းတစ်လျှောက်မှာရှိနေတဲ့ မုန္တောကြီး၊ မုန္တောလေးရွာဆိုတာကလည်း ဟိုးအရင်က စာရေးသူမြင်ခဲ့ရတဲ့ အနေအထားကနေ သိပ်ပြီးတော့ထူးထူးခြားခြားပြောင်းလဲမှုမရှိသေးတာကိုသတိထားလိုက်မိတယ်။ဘေးဝဲယာတစ်လျှောက်မှာက စပါးရိတ်ပြီးစရိုးပြတ်တောပဲမြင်ရတာမို့ မြင်ကွင်းအနေအထားက ရွှေဝါရောင်ကွက်တိကွက်ကျားမှာ စိမ်းမြတဲ့ အရောင်အဆင်းတွေကို မမြင်ခဲ့ရပါဘူး။

မင်းလည်ရွာကို အဝင်မှာတော့ အရင်ကနဲ့စာရင် တိုးတက်လာတဲ့အနေအထားလေးတွေကို တွေ့မြင်ရပါတယ်။ လမ်းဘေးတစ်လျှောက် ဝဲယာမှာတော့ ထည့်ထည်ဝါဝါရှိနေတဲ့ဈေးဆိုင်ခန်းတွေနဲ့ အကျအနတည်ဆောက်ထားတဲ့ဓာတ်ဆီဆိုင်ကြီးက ရွာရဲ့တိုးတက်ပြောင်းလဲနေမှုကို ဖော်ညွှန်းပြသနေသလိုပါပဲ။

မင်းလည်ရွာကိုကျော်ခဲ့ပြီးတစ်ခေါ်လောက်အရောက်မှာ စာရေးသူတို့ကို အကြိုထောက်ရင်းစောင့်နေတဲ့မိတ်ဆွေကြီးဦးအောင်သန်းကို တွေ့လိုက်ရတယ်။ မင်းလည်ဓာတ်ဆီဆိုင်မှာ သူ့ဆိုင်ကို ဓာတ်ဆီလာထည့်ရင်းနဲ့ စာရေးသူ့အလာကိုကြိုနေတာလို့ ပြောပါတယ်။ ဦးအောင်သန်းရဲ့ဆိုင်ကယ်နောက်က သားအဖ(၂)ယောက် ဆိုင်ကယ်စီးပြီးလိုက်ရင်း မြေသားလမ်းကနေ ကတ္တရာခင်းထားတဲ့ကျောက်လမ်းပေါ်ရောက်တယ်ဆိုရင် စာရေးသူရဲ့ရင်ဟာ အေးချမ်းသွားသလို

လုံထိုးဂူတောင်ပေါ်က သဘာဝလိုဏ်ဂူထဲမှာ
စာရေးသူနဲ့ ဦးအောင်သန်းတို့ အမှတ်တရ

မိတ်ဆွေကြီး ဦးအောင်သန်းနှင့်
လုံထိုးဂူတောင်ပေါ်ရောက်ခဲ့စဉ်က အမှတ်တရ

လုံထိုးဂူတောင်ပေါ်က
လုံထိုးရာအပေါက်ဝကိုမြင်ရပုံ


တောင်ပေါ်တွင် တွေ့မြင်ရသော
ကြေးခေါင်းလောင်း

ကျောက်ဆင်ရုပ်အနီးမှောက်တွင်
ဒူးထောက်၍ ဆုတောင်းနေသူတစ်ဦး

ပုလ္လင့်တောင်ခြေရင်းမှ
ကျောက်ဆင်ရုပ်တု

စားလိုက်ရပါတယ်။

ဟစ်လမ်းလုံး ကျင်းတွေ၊ချိုင့်တွေ၊ မှကျောက်တုံးတွေပေါ်မှာ တဒုန်းဒုန်း ခောင့်တာကို ကြိတ်မှိတ်ခံစားခဲ့ရသမျှ ပိုကျောက်ချောကတ္တရာလမ်းမှာစီးရတာဆိုတော့ စာရေးသူအနေနဲ့ စိတ်ချမ်းသာသွားတာအမှန်ပါပဲ။ သိပ်မကြာခင်မှာပဲ မိတ်ဆွေကြီး ဦးအောင်သန်းနေထိုင်တဲ့ ရွာထိပ်ကို ရောက်လာခဲ့ပါတယ်။ ရွာအဝင်ဝမှာ သင်ထုံးရွာကကြိုဆိုပါ၏ဆိုတဲ့ဆိုင်းဘုတ်ကို တွေ့မြင်ရတယ်။

ဦးအောင်သန်းက သူ့ရွာကိုမဝင်သေးဘဲ ပလ္လင့်ဘုရားရှိရာ တောတောင်ထဲကိုအရင်သွားကြမယ်ဆိုလို့ ဆိုင်ကယ်ကိုမရပ်တော့ဘဲ ရှေ့ခရီးကိုဆက်ခဲ့ကြပါတယ်။ စာရေးသူတို့ဖြတ်သန်းမောင်းနှင်လာတဲ့ ကတ္တရာလမ်းမကြီးက ကျောက်ဆည်မြို့ဘက်ကနေဖြတ်ပြီးဖောက်လုပ်လာတဲ့ ခရိုင်ပတ်လမ်းဆိုတာကို ဦးအောင်သန်းပြောလို့သိလိုက်ရပါတယ်။ ဒီလမ်းမကြီးအတိုင်း ရှေ့ဆက်သွားရင် ပျော်ဘွယ်တို့၊ ရမည်းသင်းတို့အထိ ရောက်အောင်သွားလို့ရတယ်လို့ ပြောပါတယ်။ လမ်းပန်းဆက်သွယ်ရေးတိုးတက်လာခြင်းရဲ့ပြယုဂ်တစ်ခုလို့ပဲပြောရမှာပေါ့။

■ ပလ္လင့်တောင်ခြေရင်းက
ကျောက်ဆင်ကြီး

သင်ထုံးရွာကျော်လို့ တော်တော်လေးခရီးရောက်သွားချိန်မှာ ညို့ညို့မှိုင်းမှိုင်းနဲ့ အုပ်ဆိုင်းမှုန်ရီနေတဲ့ တောင်ကြီးကို နှင်းမြူတွေကြားမှာ ဘွားခနဲတွေ့မြင်လိုက်ရတော့ စာရေးသူစိတ်ထဲမှာ အံ့ဩဝမ်းသာခြင်းကို တွေ့ထိခံစားလိုက်ရပါတယ်။တောတောင်ရေမြေတို့ရဲ့သဘာဝအလှဟာ လူတွေရဲ့စိတ်ကိုအေးမြစေတယ်၊ ကြည်နူးစေတယ်ဆိုတာ စကားအရမဟုတ်ဘဲ အခုတော့ မျက်မြင်လက်တွေ့ ခံစားခွင့်ရလိုက်တာ အမှန်ပါပဲ။

ညို့မှိုင်းအုပ်ဆိုင်းနေတဲ့ တောင်တော်မြတ်ရဲ့ထိပ်မှာ ဘုရားစေတီတစ်ဆူရဲ့ပုံရိပ်ကို မြူတွေကြားထဲကနေ မပီဝိုးဝါးနဲ့ ဖူးမြင်ရတဲ့မြင်ကွင်းကိုကြည့်ရင်းကနေ အင်မတန်မှလှပပြီး လက်ရာမြောက်လှတဲ့ပန်းချီကားတစ်ချပ်ကိုကြည့်နေရသလိုပဲ စိတ်ထဲမှာခံစားနေမိတယ်။

တောင်ခြေကိုအရောက်မှာတော့ ကတ္တရာလမ်းမရဲ့ ဘယ်ဘက်ခြမ်း ဝင့်ဝင့်ကြွားကြွားနဲ့ ဝပ်တွားနေတဲ့ ကျောက်ဆင်ရုပ်ကြီးက စာရေးသူတို့ကို ကြိုဆိုနေဟန်နဲ့ မြင်တွေ့ရပါတယ်။ ကျောက်ဆင်ကြီးရဲ့ အနောက်မှာ နတ်

လှံတိုးရွာအတက်လမ်းမှာ
ဤသို့ ကုန်းနှန်းပြီး တက်ခဲ့ကြရပုံ အမှတ်တရ

ပလ္လင်္ဂူတောင်ပေါ်တွင် မိုးရေသို့လှောင်၍
ထားသော သောက်ရေအုတ်ကန်

ပလ္လင်္ဂူတောင်ပေါ်အတက်လမ်းမှ
စောင်းတန်းရှေ့တွင် အမှတ်တရ

ပလ္လင်္ဂူတောင်ပေါ်တွင်
စာရေးသူနှင့်သမီးကြီးတို့နှစ်ဦးအမှတ်တရ

ဆရာဦးအောင်သန်း၊ (အေးခွင့်ပန်-သင်တုံ၊)
မိသားစုနေအိမ်တွင် အမှတ်တရ

ဦးအောင်သန်း၏နေအိမ်ရှေ့တွင်စိုက်ထားသော
ရွှေလှေယားသီးပင်(အဃဉ်)နှင့်အသီးများ

နန်းသဖွယ်အဆောက်အအုံလေးတစ်ခုရှိနေတာကိုလည်းမြင်ရပါတယ်။ စာရေးသူတို့ ဆင်ရုပ်ကြီးရှေ့အရောက်မှာ လူတစ်ယောက်က ဆင်ရုပ်ကြီးရဲ့အစွယ်ရှိတဲ့ ဆင်ပါးစပ်ထဲ ပစ္စည်းတစ်ခုခုကို လက်နဲ့နှိုက်ပြီးထည့်နေပါတယ်။ ပြီးတာနဲ့ ဆင်ရုပ်ကြီးရှေ့မှာထိုင်ပြီး ဦးခိုက်ရှိခိုးနေတာကိုလည်း တွေ့မြင်လိုက်ရပါတယ်။

စာရေးသူက ဆင်ရုပ်ကြီးရဲ့ပါးစပ်ထဲကိုသွားကြည့်တော့ ကြီးထွားလှတဲ့ ခရမ်းချဉ်သီးအလုံးကြီးသုံးလုံးတင်ထားတာတွေ့ရတယ်။ ရှိသေသမှုနဲ့ ဆက်သဖြစ်ပုံရလို့ အကျိုးအကြောင်းသိရအောင်လို့ မိတ်ဆွေကြီးဦးအောင်သန်းကို လှမ်းမေးရပါတယ်။ ဦးအောင်သန်းကလည်း သူသိသမျှကို ပြန်လည်မျှဝေတဲ့အနေနဲ့ စာရေးသူကိုပြောပြပါတယ်။

တကယ်တော့ ဒီကျောက်ဆင်ရုပ်ကြီးနေရာမှာ အရင်ကအင်မတန်ကြီးမားတဲ့ကျောက်တုံးကြီးပဲရှိခဲ့တာလို့ဆိုပါတယ်။ ကျောက်တုံးကြီးရှိနေရခြင်းကလည်း မြန်မာပြည်နယ်စပ်နဲ့ ရှမ်းပြည်နယ်စပ်ကို ပိုင်းခြားသတ်မှတ်ထားတဲ့ အထိမ်းအမှတ်တစ်ခုလို့သိရပါတယ်။ မြန်မာပြည်နဲ့ ရှမ်းပြည် တစ်နယ်မှတစ်နယ်ကို ကူးတဲ့အခါမှာ အန္တရာယ်ကင်းဘေးရှင်းစေဖို့အတွက် ကျောက်တုံးကြီးပေါ်ကို ပန်းတွေဆက်ပြီးမှ ကိုယ်လိုရာ ဆက်ကူးသွားကြတယ်လို့ဆိုပါတယ်။

ပလ္လင်္ဂူတောင်ခြေမှာရှိတဲ့ကျောက်တုံးကြီးပေါ်ကို ပန်းတွေဆက်တင်ပြီးမှ တစ်နယ်ကနေ တစ်နယ်ကို ကူးရတာကြောင့် ဒီနေရာကို ပန်းတင်ကူ၊ ပန်းတင်ဂူလို့ အမည်တွင်ရာက ပလ္လင်္ဂူလို့ဖြစ်ပေါ်လာတယ်လို့ ဆိုပါတယ်။ အခုတော့ လူအများကတော့ လွယ်လွယ်ကူကူပဲ ပန်းတဂူလို့ခေါ်ဝေါ်သုံးစွဲနေတာကို သ ပြုမိပါတယ်။ ယခင်ရှိခဲ့တဲ့ကျောက်တုံး ကြီးကိုတော့ ဒီတောင်ခြေမှာ စတင် သီတင်းသုံးနေထိုင်ခဲ့တဲ့ ဆရာတော် က အိပ်မက်အရ ကျောက်ဆင်ရုပ် အဖြစ်ထုလုပ်ပေးထားခဲ့လို့ ဒီနေ့ဒီအ မှာ ကျောက်ဆင်ကြီးကို ထူးထူးခြား တွေ့မြင်ရတာလို့ဆိုပါတယ်။ စာရေး အနေနဲ့ ကျောက်ဆင်ရုပ်ကြီးမှာ အမှ တရဓာတ်ပုံတွေရိုက်ပြီးတာနဲ့ ပလ္လင်္ဂူတော တော်မြတ်ရှိရာဆီကို ဦးတည်ပြီးထွက် ရပြန်ပါတယ်။

■ ပလ္လင်္ဂူတောင်တော်အောက်ရောက် ပေါ့လေ

မိတ်ဆွေကြီး ဦးအောင်သ ဦးဆောင်ပြီးခေါ်ရာကို လိုက်ပါခဲ့ စာရေးသူဟာ မကြာမီမှာပဲ ပလ္လင်္ဂူတော

တောင်ခြေမှ သဘာဝအလှရှုခင်းများ



ဘုရားဒါယကာ အနော်ရထာမင်းဆက်ဆက်ရှာန်

ကျေးနှင်းဂူတောင်၊ တရုတ်ဂူတောင်၊
လှံတိုးဂူတောင်သုံးလုံးအား အဝေးမှမြင်ရပုံ

တောင်ပေါ်မှ တွေ့မြင်ရသော
ခရိုင်ပတ်လမ်း

တော်ရဲ့ခြေတော်ရင်းကိုရောက်ခဲ့ကြပါတယ်။ ဦးအောင်သန်းက တောင်ခြေရင်းမှာ တောစောင့်ရှင်း အခြေချနေထိုင်ကြတဲ့တောင်သူမိသားစုတစ်ဦးရဲ့ပိုင်းခြံထဲအထိ ဆိုင်ကယ်ကို မောင်းဝင်ခဲ့ပြီးမှ ဆိုင်ကယ်တွေကိုအပ်ထားခဲ့တာပါ။

တောင်ခြေကနေအဝင်ဝမှာတော့ ကြီးမားခန့်ထည်လှတဲ့ရှေးဟောင်းလက်ရာခြင်္သေ့ကြီးနှစ်ကောင်ဆောင့်ကြောင့်ထိုင်နေပုံက စာရေးသူတို့အလာကို စောင့်မျှော်နေရှာသလားလို့ထင်မှတ်မှားလှအောင် အသက်ဝင်လှပါတယ်။ တောင်အတက်လမ်းကစောင်းတန်းနဲ့ လှေကားထစ်လေးတွေနဲ့ဆိုတော့ စာရေးသူတို့လို ဇရာအိုတွေအတွက် အဆင်ပြေတယ်လို့ဆိုရမှာဖြစ်ပါတယ်။

ပြောလို့သာပြောရတာပါ။တကယ်တမ်းတက်ကြရပြီဆိုတော့လည်း လှေကားထစ်တော်တော်များကိုတက်ပြီးချိန်မှာ ခြေထောက်တွေကမခိုင်တော့ဘဲယိုင်စပြုလာတာမို့ လှေကားထစ်ပေါ်မှာ ခဏခဏ ထိုင်ရတာဟာ အလုပ်တစ်ခုပါပဲ။ စာရေးသူက အသက်အရွယ်အရမ့် အမြင့်ကိုတက်ရတာ အဆင်မပြေသလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဒူးနာနေတဲ့သမီးကြီးခများမှာလည်း ဒီတောင်တက်ခရီးကို အတော်ကြိုးကြိုးစားပြီးတက်နေတာကို စာရေးသူ မြင်နေတွေ့နေရပါတယ်။

မိတ်ဆွေကြီး ဦးအောင်သန်းကတော့ စာရေးသူတို့သားအဖကိုကြည့်ပြီး ကရုဏာသက်နေပုံရပါတယ်။ စာရေးသူတို့ကိုရပ်ပြီးစောင့်ခေါ် ရှာပါတယ်။ နှုတ်ကလည်း အားပေးပါတယ်။

"ဆရာကြီးရေ ဒီတောင်ရဲ့အမြင့်က ပေ (၅၀၀) ကျော်လောက်ပဲမြင့်တာပါ။ လှေကားထစ်ပေါင်းက (၄၅၈) ခုရှိတာမှာ အခုရောက်နေတာက တစ်ဝက်ကျော်ကျော်ရှိနေပြီဆိုတော့ အပေါ်တက်ဖို့ကျန်တဲ့လှေကားထစ်က မော့တက်ပဲ ရှိတော့တယ်။ အားခဲလိုက်ပါဦး ဆရာကြီး" တဲ့ဗျာ။

ဦးအောင်သန်းရဲ့အားပေးစကားက စာရေးသူအတွက် အားတက်မလာတဲ့အပြင် အားပျက်ဖွယ်ရာစကားဖြစ်နေပါတော့သည်။ ဒါပေမယ့်ပေါ့လေ မော်တော့မောတာပေါ့ ဒါပေမယ့် မမောဘူး ဆိုတာလိုပါပဲ။ နောက်ပြန်ဆုတ်လို့မရမယ့်အတူတူတော့ ရှေ့ဆက်တိုးဖို့ပဲရှိတော့တာပဲလေ။ တစ်ခုတော့ ကံကောင်းပါတယ်။ စောစောကတက်လာခဲ့သမျှလှေကားတစ်တွေက ခပ်ပြေပြေလေးတွေဆိုတော့ မောလို့မောမှန်းမသိသာဘဲ တစ်လှမ်းချင်းတက်ရတာအဆင်ပြေသလို အခုတက်ရမယ့်မော့တက်လှေကားထစ်တွေအတွက် တက်ရသူတွေအခက်အခဲမရှိအောင် ဘေးမှာဝါးလုံးလက်ရန်းတွေတပ်ပေးထားတာဆိုတော့ ဝါးလက်ရန်းအားကိုးနဲ့ ရှေ့ကို တစ်လှမ်းချင်းတစ်ထစ်ချင်းတက်လို့ရခဲ့ပါတယ်။

အရင်တစ်ခေါက် ဖူးအင်ဂူရောက်ခဲ့စဉ်က တဖြည်းဖြည်းမြင့်တက်သွားတဲ့ တောင်ပေါ်အတက်လမ်းမှာ လေးဖက်ထောက်ပြီးတက်ခဲ့ရတဲ့ စာရေးသူရဲ့သမီးကြီးဟာ သည်တစ်ခါတော့ မညည်းညူရှာနိုင်ဘဲ အားခဲတက်နေတာကိုကြည့်ပြီး စာရေးသူရင်ထဲမှာ သနားမိနေတာအမှန်ပါပဲ။ တကယ်တော့ သမီးကြီးဟာ စာရေးသူအတွက်တော့ အကောင်း ပါရမီဖြည့်ဖက်တစ်ဦးပါ။

လှေကားထစ်တစ်ထစ်[illegible] ပြီးတက်လာရင်းက မကြာ[illegible] တောင် ထိပ်ဖျားပေါ်မှာရှိတဲ့ ပလ္လ[illegible] ရဲ့ ရင်ပြင်ထက်ကို[illegible] တယ်။ ငြိမ့်ငြိမ့်[illegible]

နေတဲ့တောင်ပေါ်လေကို တဝကြီးရှူရှိုက်လိုက်ရချိန်မှာတော့ စောစောကမောသမျှတွေဟာ ပျောက်သွားသလို ခံစားလိုက်ရတာအမှန်ပါပဲ။ လျှော့ပါးသွားတဲ့ အားအင်တွေကလည်း စာရေးသူရဲ့ခန္ဓာကိုယ်ထဲကို တိုးဝင်လာလေရော့သလားလို့ထင်ရအောင် အားအင်တွေ့လည်း ပြည့်ဖြိုးလာပါတော့တယ်။

■ တောင်ပေါ်ကမြင်ရသော အလှရှုခင်းများ

စာရေးသူအနေနဲ့ ဘုရားစေတီရဲ့ ရင်ပြင်တော်ပေါ်ကိုရောက်နေပေမယ့် လောလောဆယ် ဘုရားကို မဖူးနိုင်လောက်အောင် တောင်ပေါ်ကစီးပြီးမြင်နေရတဲ့ သဘာဝအလှတောကြီးထဲမှာ နစ်မျောစီးဝင်နေမိတာအမှန်ပါပဲ။ တောင်ပေါ်ကနေ ဘယ်နေရာကိုပဲကြည့်ကြည့် အလှတရားတွေနဲ့ပြည့်နေတဲ့ သဘာဝပန်းချီကားကြီးက စာရေးသူရဲ့စိတ်ကို မိန်းမောသွားအောင် ဆွဲဆောင်ထားနိုင်ခဲ့တယ်လို့ ဆိုရလိမ့်မယ်ထင်ပါတယ်။

သစ်ပင်တောတန်းတွေကြားထဲကနေ ဖြောင့်တန်းစွာဖောက်လုပ်ထားတဲ့ ခရိုင်ပတ်လမ်းမကြီးရဲ့မြင်ကွင်းကလှနေသလို တောင်တွေပတ်လည်ဆီးကာထားတဲ့ လယ်မြေကွက်တွေရဲ့အလှကလည်း ကြည့်လို့မဝနိုင်တာအမှန်ပါပဲ။ ပလ္လင့်ဂူတောင်တော်ခြေရင်းက နတ်မော်ဆိုတဲ့ ရွာလေးရဲ့မြင်ကွင်းနဲ့အတူ ကျောက်ဂူ၊ တရုပ်ဂူ၊ လှံ့ထိုးဂူ ဆိုတဲ့တောင်သုံးလုံးရဲ့အလှပန်းချီကားချပ်ကလည်း ပန်းချီဆရာတွေကိုယ်တိုင် ငေးမှိုင်သွားနိုင်လောက်တဲ့ အလှပန်းချီတစ်ခုလိုပဲပြောရမယ်ထင်ပါတယ်။

ဟိုးအဝေးဆီက မှုန်ပျပျပအလင်းရောင်အောက်မှာ မြင့်မားဝင့်ကြွားစွာနဲ့ ရှိနေမြင်နေရတဲ့ ရှမ်းပြည်ရှောင်နယ်ထဲက ဆတ်ကျတောင်ကြီးကိုလည်း မြူတွေဖုံးနေတဲ့ကြားက သူ့အလှကို ဝင့်ကြွားစွာဖော်ပြနေသလို တွေ့မြင်နေရပါတယ်။ တောင်ခိုးဝေဝေ မြူခြေတွေဆိုင်းနေတဲ့ ရှောင်နယ်ထဲကဆတ်ကျတောင်ရဲ့သဘာဝအလှက မြင်ရသူရဲ့စိတ်ကို ကြည်နူးစေတာ အမှန်ပါပဲ။

■ သစ်ပင်မျိုးစုံရှင်သန်ရာ ပလ္လင့်ဂူတောင်တော်မဟာ

စာရေးသူတို့လာစဉ်က အဝေးမှ လှမ်းမြင်နေရတဲ့ ပလ္လင့်ဂူတောင်ဟာ သစ်ပင်တွေနဲ့ ဖုံးလွှမ်းပြီး အုပ်ဆိုင်းညို့မှိုင်းနေတာမို့ တောင်ပေါ်ရောက်ခိုက် ဘာပင်တွေများပေါက်ရောက်နေတာလဲဆိုတာသိရအောင် ဦးအောင်သန်းကို မေးကြည့်ရပါတယ်။ စာရေးသူတို့ရဲ့ မျက်စိရှေ့မှာမြင်နေရတဲ့အပင်တွေကို လက်ညှိုးညွှန်ပြရင်း အပင်တွေရဲ့အမည်နာမတွေကို ဦးအောင်သန်းက တစ်မျိုးချင်း ရွတ်ပြခဲ့ပါတယ်။ ကျွန်းညို၊ နပဲ၊ တမဆေး၊ တမာ၊ ဟရုတ်စကား၊ သန်း၊ ဒဟတ်၊ နွေ၊ တစောင်းကြီး၊ ခြသေ့လက်၊ ရှောက်ခါး၊ သပေါက်၊ ခလှော်ဖြူ၊ မန်ကျည်း၊ ဘောစကိုင်း၊ ခံတက်၊ မုံပင်နဲ့ အပင်မျိုးတွေစုံလင်လိုက်ပုံက ရွတ်ပြနေတဲ့ ဦးအောင်သန်းတစ်ယောက် အမောဖောက်မတတ်ဖြစ်သွားမလားအောက်မေ့ရပါတယ်။

■ ရွှေပြောင်ပြောင်တောင်ပေါ်ကဘုရား

တောင်တော်ရဲ့ဝန်းကျင်ကလှပတဲ့ ရှုခင်းတွေကိုတဝကြီးကြည့်ပြီးတဲ့နောက်မှာတော့ စာရေးသူအနေနဲ့ ဆည်တော်နံဘုရားဖြစ်တဲ့ ပလ္လင့်ဂူစေတီတော်မြတ်ကြီးကို ဖူးမြော်ခဲ့ပါတယ်။ မြန်မာသက္ကရာဇ် ၃၉၅ ခုနှစ်မှာ အနော်ရထာမင်းမြတ်ဟာ မြစ်သားမြို့နယ်အတွင်းမှာ အစီကစီးဆင်းနေတဲ့ ပန်းလောင်မြစ်ပေါ်မှာ ဆည်ကြီး (၄) ခုကို တည်ဆောက်ခဲ့ပါတယ်။

ဆည်ကြီး(၄)ခုကတော့ ကင်းတားဆည်၊ ငလိုင်သည်ဆည်၊ ပြောင်းပြာဆည်နဲ့ ကျိုးမဲဆည်တို့ ဖြစ်ပါတယ်။ အနော်ရထာမင်းကြီးအနေနဲ့ သူတည်ဆောက်ခဲ့တဲ့ ဆည်ကြီး(၄)ဆည်စလုံးမှာ ဆည်တော်နံဘုရားစေတီများကိုတည်ခဲ့ရာမှာ ငလိုင်သေသည် (ယခုအခေါ် ငလိုင်းဇင်) ဆည်ရေသောက်နယ်မြေဖြစ်တဲ့ ပန်းတင်ဂူ (ယခုပလ္လင့်ဂူ)တောင်တော်မြတ်ထိပ်ရဲ့လွင်ပြင်ထက်မှာတော့ဖြင့် ဆည်တော်နံစေတီ၊ ဘွဲ့အမည်နဲ့ ပလ္လင့်ဂူစေတီတော်ကြီးတည်ခဲ့ကြောင်း သိရပါတယ်။

စေတီတော်မြတ်ကြီးနဲ့ ပတ်သက်တဲ့သမိုင်းကြောင်းတွေ ရှိ၊ မရှိသိချင်လို့ ရွာခံနယ်ခံဖြစ်တဲ့ မိတ်ဆွေကြီး ဦးအောင်သန်းကိုမေးကြည့်တော့ ယခင်ကတော့ ဘုရားကြီးနဲ့ပတ်သက်တဲ့သမိုင်းရှိသည်ဟုသိရကြောင်းနဲ့ သမိုင်းကြောင်းကို မှတ်တမ်းတင်ပြုစုထားတဲ့မှတ်တမ်းစာအုပ်ကို သက်ဆိုင်ရာရပ်ရွာလူကြီးတွေက ပြန်လည်ပြီး ပြင်ဆင်ပြုစုမယ်ဆိုပြီး ယူသွားရာက အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ခြင်းမပြုလုပ်နိုင်ခဲ့ဘဲ မူရင်းစာအုပ်မှတ်တမ်းပါပျောက်ဆုံးသွားခဲ့ကြောင်း ပြန်ပြောပြခဲ့ပါတယ်။

သမိုင်းရှိလျက်နဲ့သမိုင်းတန်ဖိုးမသိသူတွေရဲ့ပေါ့လျော့မှုကြောင့် စာရေးသူတို့ ဗုဒ္ဓဘာသာလူမျိုးတွေ ကိုးကွယ်ရာဘုရားစေတီတွေဟာ သမိုင်းဝင်သော်လည်း သမိုင်းမတင်နိုင်ခဲ့တာဟာ အင်မတန်မှ ဝမ်းနည်းစရာကောင်းလှပါတယ်။ ပလ္လင့်ဂူစေတီတော်မြတ်ကြီးရဲ့ အာရုံခံတန်ဆောင်းအတွင်းမှာ ရုပ်ရှင်တော်မဟာမြတ်မုနိဘွဲ့တော်အမည်ရှိတဲ့ ဆင်းတုရုပ်ပွားတော်ကြီးကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပြန်တော့လည်း စောစောက ဝမ်းနည်းမိလို့ ဖြစ်တည်လာတဲ့ စိတ်အစဉ်ဟာ တစ်ခဏအတွင်းမှာ ပြန်လည်ကြည်လင်လာသလို ခံစားရပါတယ်။

ရွှေရောင်ပြိုးပြိုးပြက်ပြက်နဲ့ဝင်းလက်နေတဲ့ စေတီတော်ကြီးရဲ့ အနောက်ဘက်က အာရုံခံတန်ဆောင်းအတွင်းမှာလည်း ဗောဓိပင်ပန်းချီကားကို နောက်ခံရေးဆွဲထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကိုလည်း ဖူးမြင်ရသလို ဗုဒ္ဓမြတ်စွာဘုရားရဲ့ခြေတော်ရာတစ်ဆူကိုလည်း ဖူးခွင့်ကြုံခဲ့ပါတယ်။

စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တောင်ဘက်နဲ့ မြောက်ဘက်မှာ အရံစေတီငယ် (၅) ဆူစီတည်ထားသလို အရှေ့ထိပ်ရင်ပြင်တံတိုင်းရဲ့တောင်ဘက်မျက်နှာမှာ စေတီငယ်(၁၄)ဆူ၊ အနောက်ဘက်တွင် ပန်းအိုး (၁၁) လုံး၊ မြောက်ဘက်မှာ အရံစေတီ(၁၇)ဆူ၊ အရှေ့ဘက်မှာ (၁၁) ဆူတည်ထားပြီး စေတီတော်ရဲ့ အရှေ့မြောက်ထောင့်နဲ့ အရှေ့တောင်ထောင့်တို့မှာ ကြေးခေါင်းလောင်းကြီးတွေချိတ်ဆွဲတပ်ဆင်ထားတာကိုမြင်တွေ့ရပါတယ်။

အရှေ့တောင်ထောင့်ဆီမှာပဲ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ရဲ့ရိုးရာအရ ကိုးကွယ်သမှုပြုလေ့ရှိကြတဲ့ မြင်းဖြူကိုးသိန်းရှင်နဲ့ ကင်းကတော်တို့ရဲ့ပုံတော်တွေရှိတဲ့ နတ်နန်းဆောင်လည်းရှိနေပါသေးတယ်။ စေတီတော်ကြီးရဲ့မြောက်ဘက်ခပ်လှမ်းလှမ်းမှာလည်း ခံ့ညားထည်ဝါတဲ့ ဗဟုဓနသုခမ္မဇိမာန်တော်ကြီးရှိပြီး ဇိမာန်တော်ကြီးရဲ့အတွင်းက ဗုဒ္ဓရုပ်ပွားတော်ကြီးကလည်း ပလ္လင့်ဂူတော်တောင်မြတ်ကြီးရဲ့ ခံ့ညားထည်ဝါမှုအလှ တစ်နည်းတစ်ဖုံအဖြစ်နဲ့ ထုတ်ဖော်ပြနေဟန်ရှိနေပါတယ်။

စာရေးသူအနေနဲ့ ပလ္လင့်ဂူတောင်တော်မြတ်ရဲ့အပေါ်က ဆည်တော်နံစေတီဖြစ်တဲ့ပလ္လင့်ဂူစေတီတော်မြတ်ကြီးနဲ့ ရုပ်ပွားတော်အဆူဆူတို့ကို အားရအောင်ဖူးမြော်ပြီးတာနဲ့ တောင်အောက်ကိုဆင်းခဲ့ပါတယ်။ တောင်အတက်လမ်းမှာ ပင်ပန်းခဲ့ရသလောက် တောင်အဆင်းမှာတော့ လှေကားတစ်ထစ်ချင်းအပေါ်က ပျော်ပျော်ကြီးကိုခုန်ပေါက်ဆင်းခဲ့ရာမှာ ကိုယ့်ကိုယ်ကိုယ်တောင် အသက်ငယ်သွားရော့လားလို့ အောက်မေ့လိုက်ပါတယ်။

■ ရှုမြိုင်တောင်ခြေအောက်ဆီက ဖူးလို့မဝတဲ့စေတီများ

တောင်ခြေကိုအရောက်မှာတော့ ခြသေ့ကြီးနှစ်ကောင်ဘေးမှာရှိတဲ့ အုတ်ကျောက်အတွင်းကို ဝင်လိုက်တဲ့အခါမှာ ဆင်းတုတော် (၆) ဆူကို အတန်းလိုက်စီပြီး တည်ထားတာကို ဖူးမြော်ရပြန်ပါတယ်။ တောင်ခြေရှေ့ကွင်းပြင်သာသနာ့နယ်မြေပေါ်မှာစေတီတော်တွေအဆူဆူကို တွေ့မြင်ရသလို ဘက်စုံပြုပြင်မှုကြောင့် ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ပြာသာဒ်များကလည်း ရွှေရောင်တောက်တောက်ပပနဲ့ မျက်စိပသာဒ်ဖြစ်လောက်အောင် ခံ့ညားထည်ဝါစွာ တွေ့မြင်နေရပါတယ်။

တောင်ရဲ့တစ်ဖက်ခြမ်းမှာ တောင်ကန်ငယ်တစ်ခုကို မြင်တွေ့ရတာနဲ့ ဦးအောင်သန်းနဲ့အတူ တောင်တက်လမ်း လှေကားထစ်တွေအတိုင်း တစ်လှမ်းချင်း တက်ကြပြန်ပါတယ်။ တောင်ခါးပန်းအရောက် လှေကားထစ်အဆုံးမှာတော့ အာရုံခံတန်ဆောင်းထဲကိုဝင်မိတဲ့အခါမှာ ကျောင်းတော်မူ မြတ်စွာဘုရားကြီး ကြည်နူးဖွယ်ရာဖူးမြော်ရပါတယ်။

အာရုံခံတန်ဆောင်းအတွင်းကနေ ရင်ပြင်တော်ထက်မှာ ပုဆစ်ဒူးတုပ်ထိုင် ကျောင်းတော်မူမြတ်စွာဘုရားကြီးကို လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ အားရပါးရ ရှိခိုးဦးချလိုက်ပါတယ်။ ဝေးလံခေါင်လှတဲ့ တောတောင်ရဂုံကြားက ထူးခြားလှတဲ့ ရုပ်ပွားတော်အဆူဆူနဲ့ စေတီတော်များကို ထူးခြားစွာဖူးခွင့်ရတဲ့အတွက် စာရေးသူအနေနဲ့ မိတ်ဆွေကြီး ဦးအောင်သန်းကို အထူးပဲကျေးဇူးတင်မိတာ အမှန်ပါပဲ။

■ ပလ္လင့်ဂူတောင်တော်မြတ်၏ထူးခြားမှု

ဘုရားစေတီတော်အစုံစုံကိုဖူးမြော်ပြီးချိန်မှာတော့ အပြန်ခရီးဆက်ကြရမှာမို့ တောင်ခြေရင်းက တောစောင့်တဲ့မိသားစုရှိအိမ်ကို ဆိုင်ကယ်ယူဖို့အတွက် ပြန်လှည့်ဝင်ကြရပြန်ပါတယ်။ အိမ်ရှင်က မပြန်ခင် အမောပြေအောင် ထိုင်ဖို့ပြောတာနဲ့ စားပွဲပေါ်က ရေနွေးကြမ်းတစ်ခွက်ကို ယူသောက်ရင်းထိုင်ပြီး နားကြပါတယ်။

အိမ်ရှင်နဲ့ စကားစမြည်ပြောရင်းက ဒီတောင်နဲ့ပတ်သက်လို့ ထူးခြားမှုရှိ၊ မရှိသိချင်တာနဲ့ မေးကြည့်လိုက်ပါတယ်။ အိမ်ရှင်တွေက ငယ်ရွယ်သူတွေမို့ တောင်ရဲ့ထူးခြားမှုကိုမသိပေမယ့် မိတ်ဆွေကြီး ဦးအောင်သန်းကတော့ ဒီတောင်နဲ့ ပတ်သက်ပြီး ထူးခြားမှုရှိတာလေးတွေကို သူသိသမျှမျှဝေပြောကြားခဲ့တာကတော့ အောက်ပါအတိုင်းပါပဲ။

“ကျွန်တော်တို့အဘိုးအဘွားလက်ထက်က တစ်ဆင့်စကားတစ်ဆင့်နားဆိုသလို ပြောခဲ့တာလေးတွေတော့ရှိတာပေါ့ ဆရာကြီးရာ။ ဒီတောင်ပေါ်မှာရှိတဲ့ သိုက်နန်းကို မယ်မြိုင်၊ မယ်လှိုင် ဆိုတဲ့ ဥစ္စာစောင့်ညီအစ်မက စောင့်ရှောက်တယ်လို့ပြောကြပါတယ်။

နတ်မော်ရွာက မောင်သူတော်ဆိုတဲ့လူငယ်လေးဟာ ဒီတောင်ခြေမှာ အမြဲလာပြီး နွားကျောင်းရင်းနဲ့ ဥစ္စာစောင့်ညီအစ်မနှစ်ယောက်နဲ့တွေ့ပြီး သိုက်နန်းထဲကိုရောက်သွားတယ်လို့ ဆိုပါတယ်။ အချိန်တန်လို့ နွားတွေကအိမ်ပြန်လာပေမယ့် နွားကျောင်းတဲ့ မောင်သူတော်တစ်ယောက်ကတော့ အိမ်ပြန်ရောက်မလာတာနဲ့ ညကြီးမိုးချုပ်မှာ မီးတုတ်ကိုယ်စီကိုင်ပြီး ရွာသားတွေက လိုက်ရှာရာမှာ မောင်သူတော်ကို ကန်ပေါင်ပေါ်မှာ အိပ်ပျော်နေတဲ့ပုံစံနဲ့တွေ့လို့ ပွေ့ပြီးခေါ်ခဲ့ကြရတယ်။ မောင်သူတော်အပြောကတော့ ရုပ်ကလည်းချော၊ ဆံပင်ကလည်းဒူးဆစ်လောက်ထိရောက်အောင်ကိုရှည်လှတဲ့မိန်းမနှစ်ယောက်က သူတို့နဲ့လိုက်ဖို့ခေါ်တာနဲ့လိုက်သွားတယ်လို့ပြောပါတယ်။

အဘိုးအဘွားတို့ပြောစကားအရတော့ ဒီတောင်ရဲ့အနီးအနားမှာရှိတဲ့လူတွေဟာ အလှူမင်္ဂလာပွဲတွေရှိတဲ့အခါ ဒီတောင်ခြေမှာ ကန်တော့ပွဲပေးပြီး ရွှေငွေလက်ဝတ်လက်စားတွေကို အရမ်းဝတ်ဆင်ကြတယ်လို့လည်း ပြောဖူးပါသေးတယ်။ နောက်ပိုင်းတော့ လူတွေက ကတိမတည် သစ္စာမရှိ ဝိသမလောဘတွေဖုံးလွှမ်းလာပြီး ငှားရမ်းထားတဲ့ပစ္စည်းတွေကိုပြန်မပို့တော့တာနဲ့ ဒီတောင်ရဲ့ အစောင့်အရှောက်တွေစိက လက်ဝတ်လက်စားငှားရမ်းတဲ့ အစဉ်အလာဟာ ပျောက်ကွယ်သွားတယ်လို့သိရတာပါပဲ ဆရာကြီးရာ။

အဲ - ပိုပြီးထူးခြားတာက ဒီတောင်ပေါ်မှာ ထန်းပင်တွေ့တဲ့သူဟာ ထန်းပင်ကထန်းရွက်နဲ့ လက်ကောက်၊ လက်စွပ်ဆွဲကြိုးပုံလုပ်ပြီး လူမှာဝတ်လိုက်ရင် ထန်းရွက်နဲ့လုပ်ထားတဲ့လက်ဝတ်လက်စားတွေက ရွှေသားအတိဖြစ်လာမယ်ဆိုတဲ့စကားပါပဲ။ ဒါပေမယ့် ကျွန်တော့်တစ်သက်မှာတော့ ဒီတောင်ပေါ်က ထန်းပင်တွေ့တယ်ဆိုတဲ့စကားကိုတစ်ခါမှ မကြားဘူးသေးတာအမှန်ပဲ ဆရာကြီးရေ။

ဘာပဲပြောပြော ရှေးလူကြီးသူမတွေရဲ့လက်ဆင့်ကမ်းပုံပြင်တွေကတော့ နားထောင်ရသူတွေအတွက် နှစ်သက်ဖွယ်၊ ကြည်နူးဖွယ်၊ လွမ်းမောဖွယ်ရှိတာကတော့ အမှန်ပါပဲ။ ယုံတမ်းစကားတွေဆိုပေမယ့် ပုံပြင်ကောင်းတစ်ပုဒ်တော့ နားထောင်ခွင့်ရခဲ့တာအမှန်ပါပဲ။

နာရီကြည့်လိုက်တော့ နာရီလက်တံဟာ (၁၁) နာရီကျော်လာပြီမို့ ဝမ်းကလည်းဟာစပြုလာနေပါပြီ။ အိမ်ရှင်တွေကိုနှုတ်ဆက်အပြီးမှာတော့ အပြန်ခရီးမှာ စာရေးသူဟာ ဦးအောင်သန်းရဲ့ဆိုင်ကယ်ကိုတက်စီးပြီး ပြန်ခဲ့ကြပါတယ်။ သင်ထုံးရွာက ကြိုဆိုပါ၏ ဆိုတဲ့ဆိုင်းဘုတ်ကို ကျော်တာနဲ့ ဖြောင့်တန်းနေတဲ့ ရွာအဝင်လမ်းကို တွေ့ရပါတယ်။

ရွာဆိုပေမယ့် ရွာလမ်းဟာ မြေကျောက်ခင်းလမ်းဖြစ်တာမို့ မာကျောပြန့်ပြောပြီး ဆိုင်ကယ်စီးဝင်ရတာ အင်မတန်မှအဆင်ပြေလှပါတယ်။ သစ်ရိပ်ဝါးရိပ်တွေလွှမ်းမိုးထားတဲ့ဦးအောင်သန်းရဲ့ဝိုင်းခြံကိုဝင်တာနဲ့ အေးမြတဲ့အရသာကို ထိတွေ့ခံစားလိုက်ရပါတယ်။ ခြံဝိုင်းအပြည့် နေရာရှိသလောက်မှာ သစ်ပင်ပန်းပင်မျိုးစုံစွာစိုက်ထားတဲ့အတွက် အိမ်ဝိုင်းတစ်ခုလုံးဟာ စိမ်းစိမ်းစိုစိုနဲ့ ကြည့်လို့လှနေတာ အမှန်ပါပဲ။

ဦးအောင်သန်းရဲ့ ဇနီးဖြစ်သူက စာရေးသူတို့ကို ကောက်ညှင်းဆန်နဲ့ ပဲလွှန်းကို ရောစပ်ပြီး ပေါင်းထားတဲ့ ကောက်ညှင်းထမင်းတစ်ပန်းကန်နဲ့ မောက်နဲ့ ငါးခြောက်ဖုတ်ဆီ[illegible] ပေါ်မှာလာချပေးလေတော့ [illegible] မှာ ဟန်မဆောင်နိုင်ဘဲ [illegible] စားလိုက်တာ ဗိုက်[illegible] ပဲ။

[illegible]

သုပ်ပွဲတွေ၊ မုန့်လေပွေကြော်တွေ၊ တို့ဟူးသုပ်တွေကို တစ်ပွဲပြီးတစ်ပွဲလာချပေးတဲ့အပြင် အချိုရည်ဆိုပြီးတော့ ကော်ဖီတစ်ခွက်စီလာချပေးပြန်တာမို့ တောသူတောင်သားတွေရဲ့ စေတနာထားမှုကို အင်မတန်မှ လေးစားမိတာအမှန်ပါပဲ။ တစ်ဆက်တည်းမှာပဲ စာရေးသူတို့မြို့နေလူတန်းစားတွေရဲ့စရိုက်နဲ့အကွာကြီးကွာပါလားလို့လည်း အတွေးပွားလိုက်မိပါတယ်။

မိတ်ဆွေကြီး ဦးအောင်သန်းက စာရေးသူတို့အပြန်မှာ လုံထိုးဂူကိုလိုက်ပို့မယ်ဆိုလို့ စာရေးသူက သမီးကြီးရဲ့မျက်နှာကိုလှမ်းကြည့်လိုက်မိတော့ သမီးကြီးက မချိပြုံးလေးပြုံးနေတာမြင်လိုက်ရတယ်။ ဒူးနာတဲ့သမီးခမျာ တောင်ပေါ်တက်ရမှာကို ကြောက်နေပုံရပါတယ်။

ဒါပေမယ့် ရောက်တုန်းရောက်ခိုက် ကြုံကြိုက်နေမှတော့ စာရေးသူအနေနဲ့ အခွင့်အရေးကိုလက်မလွှတ်နိုင်သူမို့ လုံထိုးဂူက ဦးအောင်သန်းတို့ရွာနဲ့ မလှမ်းမကမ်းမှာရှိတာမို့ သွားရတာမပင်ပန်းလှပါဘူး။ လယ်ကွင်းတွေကိုဖြတ်အပြီးမှာတော့ လုံထိုးဂူရဲ့တောင်ခြေအစပ်ကို စာရေးသူတို့ခြေချနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဦးအောင်သန်းကတော့ ဒီနယ်မြေမှာ ပလ္လင်္ဂူတောင်၊ ကျောက်ဂူတောင်၊ တရုပ်ဂူတောင်၊ လုံထိုးဂူတောင်ရယ်လို့ တောင်လေးလုံးရှိရာမှာ လုံထိုးဂူတောင်ဟာ အနိမ့်ဆုံးပါလို့ အားပေးစကားပြောပါတယ်။

ဦးအောင်သန်းပြောသလိုပါပဲ လုံထိုးဂူတောင်ဟာ ပလ္လင်ဂူတောင်နဲ့စာရင် အများကြီးကိုနိမ့်တာအမှန်ဖြစ်ပါတယ်။ ဒါပေမယ့်ပေါ့လေ စောစောက ပလ္လင်္ဂူကိုတက်ခဲ့တုန်းကအရှိန်က ခြေသလုံးကြွက်သားတွေကနာနေတုန်းဆိုတော့ ကုန်းရုန်းပြီး အားစိုက်တက်ရတာပါပဲ။ နာရီဝက်နီးပါးတက်လိုက်အပြီးမှာတော့ စာရေးသူတို့အားလုံး လုံထိုးဂူပေါ်ကို ရောက်ခဲ့ကြပါတယ်။

- **အံ့ဩဖွယ်ရာလုံထိုးဂူမှာ**

လုံထိုးဂူပေါ်မှာတစ်ချိန်က အခိုင်အမာအဆောက်ခဲ့တဲ့ လူနေအဆောက်အအုံအချို့ကို တွေ့ရှိရပါတယ်။ လက်ရှိအနေအထားမှာ အဆောက်အအုံတွေအားလုံးဟာ ထပ်မံပြုပြင်မယ့်သူမရှိတဲ့အတွက် အားလုံးဟာ ပျက်စီးချို့ယွင်းနေတဲ့အခြေအနေပါပဲ။

တောင်ရဲ့ညာဘက်ယွန်းယွန်းဆီကို ဦးအောင်သန်းက ဦးဆောင်ပြီးသွားတာနဲ့ သူ့နောက်ကလိုက်သွားရာမှာ မြက်ပင်တွေဖုံးနေတဲ့ တွင်းဝတစ်ခုနားကို ရောက်သွားခဲ့ပါတယ်။ ဦးအောင်သန်းက တွင်းပေါက်အပေါ်က မြက်တွေကိုဖယ်ရှားပြီး မား၊ လုံနဲ့ထိုးလို့ဖြစ်လာတဲ့အပေါက်ပဲလို့ ပြောပါတယ်။

အပေါက်အဝအကျယ်က ခန့်မှန်းခြေ (၂) ပေလောက်တော့ရှိမယ်လို့ ခန့်မှန်းရပါတယ်။ တွင်းအနက်ကိုတော့ အောက်အထိရောက်အောင်မမြင်ရတာမို့ ခန့်မှန်းရတာမလွယ်ပါဘူး။ စာရေးသူတို့မြစ်သားမြို့နယ်အတွင်းမှာ လုံထိုးဂူရယ်လို့ အမည်တွင်တဲ့နေရာနှစ်နေရာရှိတယ်လို့ သိထားရပါတယ်။

လုံထိုးဂူတစ်ခုကတော့ မြစ်သားမြို့နယ် ရွာမုံးကြီးရွာရဲ့ လမ်းဘေးမှာရှိတယ်လို့ဆိုပါတယ်။ ရွာမုံးကြီးရွာလမ်းဘေးက လုံထိုးဂူစေတီဟာ လယ်တွင်း (၁၁) ခရိုင်အတွင်း ကျန့်စစ်သားမင်းအနေနဲ့ ဗိုလ်ပါစုရုံးရန်လာရောက်စဉ်မှာ မိမိအားကိုပြလိုသဖြင့် အရိန္ဒမာလုံတော်နဲ့ထိုးပြတဲ့နေရာမှာ မင်းဖြစ်ပြီး (၂) နှစ်အကြာမှာတည်ခဲ့တဲ့စေတီတော်လို့ AO ညွန့်မောင် (မြစ်သား) ပြုစုထားတဲ့ မြစ်သားနယ်သမိုင်းမှာ ဖတ်ရှုခဲ့ရလို့ သိထားတာပါ။

ရွာမုံးကြီးရွာက လုံထိုးဂူစေတီအပေါင်းကို ၁၃၅၉ ခုနှစ်မှာ ရွှေပေါ်ကျွန်းဆရာတော်ကြီးနဲ့ စေတနာရှင်များကပြုပြင်ခဲ့လို့ ရွာမုံးကြီးလုံထိုးဂူစေတီတော်ဟာ ရွှေအဆင်းနဲ့ ဝင်းလက်ပြီး သပ္ပာယ်တဲ့အနေအထားကို ဖူးမြင်ရပေမယ့် အခု စာရေးသူတို့ရောက်ရှိနေတဲ့ လုံထိုးဂူစေတီတော်ကတော့ ပြုပြင်သူမရှိသေးတဲ့အတွက် စေတီပျက်အသွင်ကိုပဲ ဖူးမြင်ခဲ့ရပါတယ်။

လုံထိုးဂူအပေါက်ကို မှတ်တမ်းဓာတ်ပုံရိုက်ပြီးတာနဲ့ တောင်ရဲ့ဘယ်ဘက်ခြမ်းဆီက လှေကားနဲ့ဆင်းရတဲ့ဂူဝကျယ်ကြီးရှိရာဆီကို ရောက်ခဲ့ပြန်ပါတယ်။ လှေကားထစ်အတိုင်း ဂူအတွင်းကိုဆင်းရတာပါ။ ဂူအတွင်းမှာတော့ သန့်ရှင်းနေတဲ့ နေရာထိုင်ခင်းနဲ့အတူ ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးမြင်ရပါတယ်။

ဂူရဲ့အကျယ်အဝန်းက အလျား (၁၀) ပေ၊ အနံ (၆) ပေလောက်တော့ရှိမယ်လို့ ခန့်မှန်းရပါတယ်။ အံ့ဩဖို့ကောင်းတာက ဒီလောက်ကျယ်ဝန်းတဲ့ဂူရဲ့အပေါ်မှာ အင်မတန်မှကြီးမားပြီးထူထဲလှတဲ့ကျောက်ချပ်ကြီးက ဂူရဲ့အပေါ်ကနေ အုပ်မိုးနေတာကိုပါပဲ။ လူတွေလုပ်တာမဟုတ်ဘဲ သဘာဝအလျောက်ဖြစ်နေပုံက အံ့ဩဖို့ကောင်းလွန်းနေတာပါ။ ကျောက်ပြားကျောက်ချပ်ကြီးရဲ့အနေအထားက လူတွေဝိုင်းမပြီးချထားသလို ဂူရဲ့အမိုးလိုဖြစ်နေတာပါပဲ။

တစ်ခါတစ်ခါတော့လည်း သဘာဝတရားဟာ ထူးခြားအံ့ဩဖွယ်ရာတွေ ဖြည့်နက်နေတာပါပဲလားလို့ တွေးလိုက်မိပါတယ်။ စာရေးသူတို့မြစ်သားမြို့နယ်ထဲမှာ ဒီလိုထူးခြားတဲ့နေရာတွေဟာ ဖော်ထုတ်မယ့်သူမရှိလို့ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရတာတွေအများကြီးရှိဦးမှာပါ။

လုံထိုးဂူတောင်ပေါ်က အပြန်မှာ တော့ နာရီလက်တံကနေ (၁) နာ ကျော်စပြုနေပါပြီ။ ပြန်ဖို့ပြင်ဆင်ရ တော့မယ်။ ဆရာဦးအောင်သန်းက တော့ လာမယ့် တပို့တွဲလပြည့်ကျော် ၁ ရက်ကနေ ၈ ရက်အထိ ကျင်းပ လုပ်မယ့် ပလ္လင်္ဂူစေတီတော်ဘုရားပွဲ တစ်ခါတစ်ခေါက်ရောက်ဖူးတယ်ရှိ လိုလာခဲ့ဖို့ ဖိတ်မန္တကပြုနေပြန်ပါတယ်။

အခါအခွင့်သင့်ရင်တော့သွား ပါသေးတယ်။ သူရဋ္ဌမဂ္ဂဇင်းကြီးရဲ့စာ သူမိတ်ဆွေများအနေနဲ့ သဘာဝ တောင်အလှတွေနဲ့ ပြည့်ဝနေတဲ့ ပလ္လ တောင်တော်မြတ်ဆီကို ရောက်ဖူး တယ်ဆိုရင်တော့ ရန်ကုန်-မန္တလေး ပေါ်က မြစ်သား-လက်ညှိုးထိုးလမ်း မှာဆင်းပြီး ဈေးသည်တွေကို မေးလို တာနဲ့ လိုရာခရီးကိုသေချာပေါက်ရောက် နိုင်ပါတယ်လို့ပဲ စကားလက်ဆော လိုက်ပါတယ်။ လာဖြစ်အောင်လ လာခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါရစေ။

ဆောင်းပါးဖြစ်မြောက်ရေး အကူအညီပေးခဲ့သော ဦးအောင် (အေးခွင့်ပန် - သင်ထုံး) အား ကျေးဇူးတင်ရှိပါသည်။

စေတနာမှန်လျှင်ကံကောင်း

စနေထွန်း(မြစ်သ

ကိုးကား -

၁။ AO ညွန့်မောင်၏
မြစ်သားနယ်သမိုင်း
၂။ ကိုယ်တိုင်လေ့လာချက်

နှလုံးရောဂါ ကင်းဝေးအောင်
မုံရွာဆရာမိုး
အမှတ်တံဆိပ်
အမောလုံ
နှလုံးအားဆေးကိုဆောင်

• မှတ်ပုံတင် - [illegible] •

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ သွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဈ-၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ ဈ-ရပ်ကွက်၊ ရတနာသီရိဈေးအနီး၊ မ/ဥက္ကလာပ
ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၀၀၈၉၊ ၀၁-၆၉၀၅၉၁

ကြယ်ဖြူမင်း
အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း၊ နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်းတို့ကို သုံးစွဲနိုင်ပါသည်၊

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်
အမှတ်(၄၅၁)၊ သိမ်ဖြူရိပ်နှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၃၉၀၇၂၊ ၀၉-၅၁၃၉၈၇၅

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊ တအထထလ၊ (၂၁၀၅)

ဖြန့်ချိရေး
(ပြည်မြို့ - ဒေးနန်းတော်ကြီးဆေးတိုက်)၊ (တောင်ငူမြို့ - [illegible])
(ပုသိမ်မြို့ - [illegible])၊ ([illegible])

အဏ္ဏဝါလှိုင်း

အဘအောင်မင်းခေါင်၏ ၆
နှုတ်ဆက်ခေါင်းလောင်းသံ

■ အဘရုပ်ကလာပ်ပြင်ဆင်ရေးအနီးကပ် ကြီးကြပ်ရေးအဖွဲ့

အဘရုပ်ကလာပ်ပြင်ဆင်ရေးအနီးကပ်ကြီးကြပ်ရေးအဖွဲ့များက အဘကို လျှပ်စစ်အအေးခေါင်းဖြင့် နေ့ညအအေးဓာတ်ပေး၍ထားပါသည်။ သယ်ယူပို့ဆောင်ရန်နှင့် ဂူဗိမာန်အတွင်း ထာဝရထားရန်အတွက် စတီးခုတင်၊ မှန်ခေါင်း၊ ဘီရိုများကို ကြိုတင်ဝယ်လာကြသည်။ အဘအား စတီးခုတင်အသစ်ဖြင့်ထားမည်။ ခုတင်ဘေးတွင် စတီးဘီရို (၁)လုံး ထည့်ပေးမည်။ ဘီရိုထဲတွင် အဘအသုံးပြုခဲ့သော မျက်မှန်၊ နားကြားကိရိယာ၊ ရေနွေးကြမ်းပန်းကန်၊ ရေနွေးခရား၊ မီးခြစ်၊ ဆေးလိပ်၊ အဘနေ့စဉ်စိပ်သော ပုတီး၊ ဓာတ်လုံးများ၊ အဝတ်အစားများ၊ ပိုက်ဆံအိတ်နှင့် အဘအသုံးအဆောင်များထည့်သွင်းပေးပါမည်။ အဘ၏ အမှတ်ရဓာတ်ပုံများ၊ အဘအတ္ထုပ္ပတ္တိစာအုပ်များ၊ ယပ်တောင်များအသင့်ရောက်ရှိနေပြီ ဖြစ်ပါသည်။

လူအုပ်ကြီးသည် တစ်နေ့တခြား ပို၍ပို၍များလာပါသည်။ တချို့ ရင်းရင်းနှီးနှီးသိ၏။ တချို့မသိကြပါ။ ဖျာပုံမှ ဘုရားဒကာ၊ မြစ်ကျိုးမှ ဘုရားဒကာနှင့် ကျားအောင်းမှ ဘုရားဒကာများလည်း ရောက်ရှိလာကြသည်။ တစ်ဦးနှင့်တစ်ဦး စကားပြောက အဘ၏အိတ်ဖြစ်ရပ်တို့ကို ပြန်လည်ဖောက်သည်ချကြနှင့် ရင်းရင်းနှီးနှီးစကားပြောဆိုကြလေသည်။ တောင်ရိုးတဲရွာမှ အရပ်မြင့်မြင့်ကတုံးနှင့် အဘိုးကြီးဦးလှမြိုင်သည် စကားပြောသော အခါ အသံအကျယ်ဆုံး ဖြစ်၏။

"ကျွန်တော်တို့က တောင်ရိုးထဲက လာရတာ။ မင်းကျောင်းက ဆရာတော် လည်းပါတယ်။ အခု (၇) ယောက်အုပ်စုက မင်းကျောင်းဆရာတော်ကားနဲ့လိုက်လာတာ။နောက်ကထပ်လိုက်လာဦးမယ့် အဖွဲ့တွေရှိသေးတယ်"

"ဦးလေးတို့က အဘအောင်မင်းခေါင်အမျိုးတွေလား"

"ဟုတ်တယ်လေ အဘ ကျုပ်တို့ ရွာလာပြီး ဘုရားတွေတည်ပေးသွားတာ ခင်ဗျားတို့ ရန်ကုန်က အတော်များများ ရောက်ဖူးပါတယ်"

"အဘဆုံးတာ ဖုန်းဆက်လို့သိတာလား။ အခြားထူးခြားမှုတွေကောရှိသလား"

"ထူးခြားတာတော့ အများကြီး ဗျ။ အဘတည်တဲ့ (၉) တော် ဘုရားက ရောင်ခြည်တော်ကွန့်မြူးတာ တောင်ပေါ်ဘုရားကျောင်းတွေထဲရောက် သွားတာ၊ တောင်ပေါ်ဘုရားကျောင် တွေကလည်း ရောင်ခြည်တော်တွေ ဆက်မပြတ် ကွန့်မြူးတာ၊ မီးလုံးတွေ ထွက်ပေါ်လာတာ (၇) မိနစ်လောက် ကြာမယ်။ ပြိုးပြိုးပြက်ပြက်အဆက်မပြတ် ကွန့်မြူးတာ တစ်ခါမှမမြင်ဖူးဘူး"

"ဪ - တော်တော်ထူးတာပဲ လူတိုင်း ရောင်ခြည်တော်ဖူးရဖို့ ခက် တယ်။ မမြင်ဘူးတဲ့လူတွေအများကြီး အဘအမျိုးတွေ ကံကောင်းတာနဲ့တူ တယ်"

"ကျုပ်တို့တစ်သက်မတွေ့ဖူးပါဘူး ဗျာ၊ ဒီတစ်ခါဖူးရတာတော့ အတော်ကို ကြာတာ"

"အဘက သူ့အမျိုးတွေကို ဘုရား တရားလုပ်ကြ၊ ငါသွားတော့မယ်လို့ ပြောနေသလိုပဲ"

"ကိုလှဦး"

"ဟုတ်ကဲ့ - ဦးလှမြိုင်"

"ခင်ဗျားတို့ တည်ခဲ့တဲ့ ဆင်ကျုံး ဘုရားကိုလာခဲ့ကြဦးလေ။ ဒီဘုရားတည် တဲ့အခါလည်း 'ကုလား' က စခဲ့တာ။ ကုလားတည်မှ ပြီးမှာမို့ အဘက ခင်ဗျား တို့ကို တည်ခိုင်းတာ"

"ဦးလှမြိုင်၊ လာလာ ဆရာတော် ခေါ်နေတယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

စကားများသော ဦးလှမြိုင်ကို သူ့ ရွာသားများက ပြန်ခေါ်သွားလေသည်။ အဘသားသမီးတွေထဲမှာ ဟိန္ဒူကုလား များ၏။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံ

ကြည်ပြီး အဘ၏တပည့်များဖြစ်နေကြ၏။ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းချွင့်မက ကုသိုလ်တွေရနေကြ၏၊ သူတို့ကို 'ကုလား' ဟု ခေါ်ပေါ်ပြောဆိုခြင်းကို မနှစ်သက်ကြပေ။ ဦးလှမြင့်က တောသားကြီးပီပီ အသံကျယ်ကျယ်ဖြင့် အော်ဟစ်ပြောဆိုနေသဖြင့် ပို၍အနေခက်နေ၏။ အခုမှ နားချမ်းသာသွားလေသည်။

■ ကိုရွှေဘ၏ ဖျော်ဖြေရေးအဖွဲ့

စတားဗိုလ်လိုင်းကလည်း စတားဗိုလ်လိုင်းမင်္ဂလာဆိုင်းကိုငှားပြီး ရွာသာကြီးကျောင်းဝိုင်းထဲတွင် ဇာတ်စုံဆောက်၍ ဖျော်ဖြေပေးနေလေသည်။ ပုလဲစိန်၏အသံမှာ ဟိန်းထွက်နေ၏။ စာရေးဆရာ ကိုသြ (မျဉ်းမနား) က အဘနှင့်ပတ်သက်သော ဂုဏ်ပြုသီချင်းကို ရေးစပ်ပေးမည်။ အဘ၏အတ္ထုပ္ပတ္တိ၊ အဘအကြောင်းကို သိချင်ကြောင်း ကိုရွှေဘမှ မိတ်ဆက်ပေး၏။

"ကျွန်တော် ဥသြ (မျဉ်းမနား) ပါ စာရေးဆရာပါ"

"ဟုတ်ကဲ့ - ကျွန်တော် အဏ္ဏဝါလှိုင်းပါ"

"ကျွန်တော်တို့ ကျောက်ဆည် ဘုရား ထီးတင်စဉ်က တွေ့ဖူးတယ်လေ"

"သြ-ဒါကြောင့်တွေ့ဖူးပါတယ်လို့ ကြည့်နေတာ။ ဒါနဲ့ ဆရာသြဘာလိုချင်လို့လဲ"

"အဘအောင်မင်းခေါင်အတ္ထုပ္ပတ္တိ၊ အဘအကြောင်း နည်းနည်းလောက်သိချင်တာ"

"ဒါလွယ်ပါတယ်။ ကျွန်တော် သီချင်းတစ်ပုဒ်ဆိုပြပါမယ်။ ဆရာသြ နားထောင်ကြည့်ပါ။

"သက္ကရာဇ်ကောဇာ ၁၂၄၂ခုနှစ်မှာ××× ဂိမှာန်ရာသီ ပြောင်းလေပြီကွယ့် ××× ကဆုန်လရယ်××× ဆယ်ရက်နေ့မှာ စင်မြင့်ရွာသာ××× ဦးမောင်ပုနဲ့မယ်မင်းသစ်မှာ××× တနင်္ဂနွေသားမောင်အောင်ကိုမွေးဖွားသန့်စင်ဖွားမြင်လေတော့တာ ×××

ဘိုးသောင်၊ ဘိုးမောင်၊ ဘိုးဆောင် ××× ညီနောင် (၃) ယောက် ညီမလေးတစ်ဦးပါ××× မအေးမြင့်လို့ခေါ်တွင်တာ ××× ငယ်စဉ်အခါမှာ ကျွဲ၊ နွား၊ ဆိတ်တွေ ထိန်းကျောင်းရတာ ××× ဖြစ်လာရဘဝသံသရာ××× ဝိဇ္ဇာမျိုးစေ့အစပြုလေတော့တာ"

"ဟာ - ဆရာလှိုင်းကတော့အသံလည်းမဆိုးဘူး။ သီချင်းသံစဉ်တွေလည်း ကောင်းတယ်။ ဒါပေမယ့် စာသားတွေ အကြောင်းရှင်းပြပေးပါဦး"

"အဘအောင်မင်းခေါင်ကို ၁၂၄၂ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်နေ့ တနင်္ဂနွေနေ့မှာ မွေးဖွားတယ်။ ငယ်နာမည် ဘိုးအောင်၊ အဖေ ဦးမောင်ပု၊ အမေ ဒေါ်မင်းသစ်ဖြစ်တယ်"

"ဗျာ - ခုနသီချင်းကို အစပြန်ဆိုပေးပါဦး"

"သက္ကရာဇ်ကောဇာ ၁၂၄၂ခုနှစ်မှာ××× ဂိမှာန်ရာသီ ပြောင်းလေပြီကွယ့် ××× ကဆုန်လရယ်××× ဆယ်ရက်နေ့မှာ စင်မြင့်ရွာသာ××× ဦးမောင်ပုနဲ့မယ်မင်းသစ်မှာ××× တနင်္ဂနွေသားမောင်အောင်ကိုမွေးဖွားသန့်စင်ဖွားမြင်လေတော့တာ ×××"

"ကောင်းလိုက်တဲ့စာသား သံစိပ်ဆိုတာဒါပဲ။ ဒါ အဘ ကိုယ်ရေးရာဇဝင် အကုန်ပါတာဘဲ"

"နောက် အဘ အောင်မင်းခေါင်မှာ မွေးချင်း (၅) ယောက်ရှိတယ်။ အစ်ကိုအကြီးဆုံးက ဘိုးသောင်၊ ဒုတိယအစ်ကိုက ဘိုးမောင်၊ တတိယအစ်ကိုက ဘိုးဆောင်လို့ခေါ်တယ်၊ ပြီးမှဘိုးအောင်ကိုမွေးတာ။ သူ့အောက်မှာ ညီမလေး တစ်ယောက်ပဲရှိတာ။ သူ့အမည်က မအေးမြင့်လို့ခေါ်တယ်။ ငယ်ငယ်က နွား၊ ဆိတ်တွေ ထိန်းကျောင်းရတယ်"

"ဟာ ဒုတိယသီချင်းစာသားကိုဆိုပြပါဦး"

"ဘိုးသောင်၊ဘိုးမောင်၊ ဘိုးဆောင် ××× ညီနောင် (၃) ယောက် ညီမလေးတစ်ဦးပါ××× မအေးမြင့်လို့ခေါ်တွင်တာ ××× ငယ်စဉ်အခါမှာ ကျွဲ၊ နွား၊ ဆိတ်တွေ ထိန်းကျောင်းရတာ ××× ဖြစ်လာရဘဝသံသရာ××× ဝိဇ္ဇာမျိုးစေ့အစပြုလေတော့တာ"

"ကောင်းလိုက်တာ၊ အဘအကြောင်း အကုန်ပါပြီ။ ကျွန်တော်တို့ စာရွက်ပေါ်မှာချရေးပေးပါဦး"

"ကဲကဲ အဘအကြောင်း ပြောပါဆိုရင် ဘယ်တော့မှမဆုံးတော့ဘူး။ သိထားတာတွေကလည်းများတော့ ဘာက စပြောရမှန်းမသိဘူး။ ဒါကြောင့် ဆရာသြလိုချင်တဲ့ အဘအတ္ထုပ္ပတ္တိ ဒီမှာ ကျွန်တော်ရေးထားတဲ့စာအုပ်ရှိတယ်။ ဒီစာအုပ်ကို လက်ဆောင်ပေးလိုက်မယ်။ ဆရာသြလိုသလိုသာ အသုံးချပေတော့"

"ကျေးဇူးကြီးမားလှပါပေတယ် ဆရာလှိုင်းရယ်"

ကျွန်ုပ်သည် အဘအောင်မင်းခေါင်၏အတ္ထုပ္ပတ္တိနှင့် ဝိဇ္ဇာဂန္ဓာရီဆိုင်ရာ စာအုပ်ကို လက်ဆောင်ပေးလိုက်၏။ ဆရာသြလည်း မှိုရသောမျက်နှာဖြင့်ထွက်သွားလေတော့သည်။

■ အဘဂူဗိမာန်ဆောက်သောအဖွဲ့များ

အဘဂူဗိမာန်ဆောက်သောအဖွဲ့များ စက်ယန္တရားဖြင့် မြေကြီးကိုတူး၏။ ရေတွေထွက်လာသဖြင့် သဲမှုန့်ပြီးအုတ်ဖြစ်ချပြီး မြေပေါ်ရောက်မှ နောက်နေ့ဆက်လုပ်ကြ၏။ လိုအပ်သော သဲ၊ အုတ်၊ ဘိလပ်မြေ၊ ကျောက်စရစ်ခဲများအစီးလိုက်အစီအရီချထားလေသည်။ မိုးကိုအန်တုရ၍ နေ့မအားညမအားလုပ်ဆောင်နေကြသည်မှာလည်း အားရစရာကောင်းလေသည်။ ကိုကျော်ထိုက်၊ ကိုသိန်းဝင်းက အဘအုတ်ဂူအပေါ်မှ ဗိမာန်ပေါက်ဖို့ တိုင်းတာနေလေသည်။ အမြင့်အကျယ်မည်မျှထားရမည်ကိုတိုင်းတာ၍ သံပေါင်များကို ကြိုတင်တုပ်လုပ်ရေးလုပ်နေကြ၏။

"ဆရာဦးပေကြီး"

"ဟုတ်ကဲ့ - ဦးကျော်ထိုက်"

"အဘဗိမာန်တော်ကို ကျွန်တော်နဲ့ကိုသိန်းဝင်းနဲ့လှူမယ်"

ထိုစဉ် အခြားသားသမီးများရောက်လာပြီး သူတို့လည်း တစ်ဦးတည်းလှူမယ်ဟုလုနေကြ၏။

"အဘရဲ့ဗိမာန်တော်ရယ်၊ အဘနဲ့ပတ်သက်တဲ့ကိစ္စတွေ၊ အဘသားသမီးတွေအားလုံးပါအောင် (၅) သိန်းစီသတ်မှတ်ထားပါတယ်။ ဒီအလှူငွေထဲက ကျခံမှာပါ။ တစ်ဦးတစ်ယောက်တည်း လှူလို့မရပါဘူး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဦးပေကြီး"

■ ချက်ပြုတ်ရေးအဖွဲ့

ချက်ပြုတ်ရေးအဖွဲ့များက တစ်နေရာတည်းချက်ပြုတ်တာ မနိုင်တော့။ နေရာအခက်အခဲရှိသဖြင့် နှစ်နေရာချက်ရ၏။ ကိုရွှေဘတို့ ဆွမ်းချက်တဲ့နေရာမှာ တစ်ဖွဲ့ချက်ရ၏။ အနီး[illegible]များ၊ အလုပ်လုပ်ကြသူများ ရွာသာကြီးကျောင်းထဲမှာ ထမင်းစားလို့ရ၏။ နယ်မှ ဧည့်သည်များ အဘရုပ်ကလာပ်ရှိရာ ပြတိုက်ဆောင်တွင် ထမင်းစားနိုင်သည်။ နေ့စဉ် ကျွေးမွေးဧည့်ခံရသည်မှာလည်း အလှူကြီးတစ်ခု လှူရသလို တစ်နေ့လည်းမဟုတ် (၇) ရက်တိုင်တိုင် ချက်ပြုတ်ကျွေးမွေးဧည့်ခံလေသည်။

"ဆရာလှိုင်း"

"ဟုတ်ကဲ့ ဦးလှအောင်"

"အဘရုပ်ကလာပ်ထားတဲ့စံကျောင်းနဲ့ ဂူဗိမာန်က ပေ (၉၀၀) ဝေးတယ်။ (၁၂) ဖွဲ့ဆိုတော့ (၇၅)ပေစီခြားပြီး အလံတိုင်စိုက်ချင်တယ်"

"ဟုတ်ကဲ့ - ငြမ်းအဖွဲ့ ကိုကြိုင်သင်း၊ ကိုထွန်းမြင့်တို့ကို လွှတ်ပေးမယ်။ ဆရာ ဝါးရယ်၊ အလံရယ်ရှိပြီလား"

"ဟုတ်ကဲ့ အဆင်သင့်ပါ"

ကိုထွန်းမြင့်၊ ကိုကြိုင်သင်းနှင့် ရွာသာကြီးရွာသားများ အလံတိုင်ရှယ်တူ အမြင့်တူစိုက်ထူကြ၏။ အလံတိုင်များတွင် နံပါတ်တပ်ဆင်ထားလေသည်။

"ဦးလှအောင်"

"ဒီနံပါတ်တွေက ဘာလို့တပ်တာလဲ သိပါရစေ"

"ဒီနံပါတ်တွေက အဖွဲ့နံပါတ်တွေလေ။ အဖွဲ့ (၁) ဆိုရင် ဒီ (၁) နံပါတ်ရှေ့မှာ စပြီးစောင့်နေ၊ အဖွဲ့ (၂) ဆိုလည်း ဒီ (၂) နံပါတ်ရှေ့ကစောင့်နေ"

"ဟုတ်ကဲ့"

"အဘရုပ်ကလာပ်ပင့်ဆောင်လာရင် ကိုယ့်အဖွဲ့နေရာရောက်တာနဲ့ အဘရုပ်ကလာပ်ကိုပင့်ဆောင်တော့ ရှေ့နေရာရောက်ရင် ကိုယ့်တာဝန်ကျေပြီ"

"ဟာ-ကောင်းလိုက်တဲ့အစီအစဉ်ပဲ၊ ဒါဆို ပြင်ပကလူတွေအတင်းဝင်ပြီး ထမ်းမယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ"

"ဒါကလည်း အထက်ဖြူအောက်ဖြူ ယူနီဖောင်းဝတ်ရမယ်။ အဖြူမဟုတ်ရင် ထမ်းခွင့်ပူဇော်ခွင့် မရှိဘူးပေါ့"

"ဒါဆို အိမ်က အဖြူဝတ်ပြီး ဒီအဖွဲ့ထဲမှာ ရောထမ်းရင်ကော ဘယ်လိုလုပ်မလဲ"

"ဒါကြောင့် ရင်ဘတ်မှာ ကတ်ပြားတံဆိပ်ကပ်ထားတာ။ အဖွဲ့ (၁) တံဆိပ် (၈) ယောက် အဖွဲ့၊ (၂) တံဆိပ် (၈) ယောက် ဒီလိုအမှတ်အသားတံဆိပ်ကပ်ထားမှာ အဖြူတိုင်းဝင်လို့မရအောင် တားထားတာပေါ့"

"အဘသားသမီးတွေပဲ အတော်ထောင့်စုံအောင် စီမံထားတာပဲ"

"အေးအေး ဆရာလှိုင်း"

"ဟုတ်ကဲ့ ဦးလှအောင်"

"အလံကိုင်အဖွဲ့အမည်စာရင်း၊ ထီးဖြူဆောင်းမယ့်သူ အမည်စာရင်း၊ အဖွဲ့ (၁၂) ဖွဲ့၏ အမည်စာရင်း ဗိမာန်တော်အတွင်း တာဝန်ယူမယ့် အမည်စာရင်းပဲ။ ဒါလည်း ကြေညာပေးပါဦး"

"ဟုတ်ကဲ့-ဒီကြေညာသင်ပုန်းမှာ ကြေညာပေးမယ်။ ဗီနိုင်းစနဲ့လည်းချိတ်ဆွဲပေးမယ်။ အသံချဲ့စက်နဲ့လည်း ကြေညာပေးမယ်"

"ဟုတ်ကဲ့ - ကျေးဇူးပါ"

အဘအောင်မင်းရှင်၏နောက်ဆုံးခရီးစဉ်အား ချောချောမောမောအောင်မြင်အောင် စိတ်တူကိုယ်တူ ဆောင်ရွက်နေကြတာသောမြင်ကွင်းပင်ဖြစ်ပါတော့သည်။ အဘ၏ရုပ်ကလာပ်မှာ အိပ်ပျော်နေသလို အနေအထားမှ ဘာမှမပြောင်းလဲပါ။

■ အဘအောင်မင်းရှင်အား နောက်ဆုံးပူဇော်ပွဲ

ကောဇာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ ဖြစ်ပါသည်။ နံနက်စောတွင် သံဃာတော်အရှင်မြတ်တို့အား အရုဏ်ဆွမ်းဆက်ကပ်ပါသည်။ အရုဏ်ဆွမ်းဆက်ကပ်ပြီးနောက် နံနက် (၈:၃၀) မှ (၁၁:၀၀) နာရီအတွင်း အဘအား ကြိုတင်ပြင်ဆင်ရမှာ ဖြစ်ပါသည်။အနီးကပ်ရုပ်ကလာပ်ပြင်ဆင်ရေးအဖွဲ့တွင် ဦးမျိုးအောင်၊ ကျော်ကျော် (တရုတ်)၊ ကျော်ကျော် (ကျောင်း)၊ ဦးကြည်ထွန်း၊ ထွန်းထွန်းနိုင်၊ ခင်မောင်ရီ၊ အတာကြီးတို့ဆောင်ရွက်ကြ၏။

■ မပုပ်သောအဘရုပ်ခန္ဓာ

ပထမဦးစွာ အဘကို လျှပ်စစ်ခေါင်းမှ ခုတင်ပေါ်သို့ပြောင်းရွှေ့နေရာချထား၏။ အဘ၏ ရုပ်ကလာပ်တော်သည် (၇) ရက်ကြာ ရေခဲသေတ္တာထဲတွင် ထည့်ထားခြင်းဖြစ်၏။ အပြင်သို့ရောက်သောအခါ ချွေးများပြန်နေခြင်း၊ ရေငွေ့များကပ်နေခြင်းကြောင့် အဝတ်သန့်များဖြင့် မပြတ်သုတ်ပေးနေရ၏။ ရေခဲသေတ္တာထဲတွင် (၇)ကြာထားသော်လည်း တောင့်တင်း၍မနေပါ။ အသားအရေများ လက်နှင့်ခြေထောက်များဆန့်နိုင်ကွေးနိုင်ခြင်းကို တွေ့ရပါသည်။ သာမန်လူသားတစ်ယောက်ဆိုပါက တင်းတောင့်ပြီးနေမှာ သေချာလေသည်။

ကျွန်ုပ်သည် အဘ၏ခန္ဓာကိုယ်အနေအထားကို အနီးကပ်ကိုင်တွယ်လေ့လာခွင့်ရလေသည်။ အဘသည် သာမန်ပုထုဇဉ်တွေနှင့်လုံးဝမတူပေ။ နောက်ဆုံးထွက်သက်အထိ သေသေချာချာဂရုပြုမိသည်။ သာမန်လူများသေဆုံးပါက အကြောဆွဲခြင်း၊ ဝေဒနာကို မချိမဆံ့ခံစားရခြင်း၊ မျက်ဖြူလန်ခြင်း စသည့် မရဏဒုက္ခကိုခံစားပြီးမှ သေဆုံးသွားကြလေသည်။ အဘသည် စကားပြောနိုင်သည်အထိ သတိကောင်းကောင်းဖြင့် စကားပြောသွား၏။ နောက်ဆုံးအခြေအနေအထိ တည်တည်ငြိမ်ငြိမ်နှင့် အသက်ထွက်သွားသည်။ တွန့်ခြင်း၊ လိမ်ခြင်း၊ အကြောဆွဲခြင်းမရှိပါ။

'ချိန်နေ့သိပြန် မျက်လှန့် ကြောဆွဲ မရှိဘဲနှင့် သေလည်းမတောင့်တင်း။ ပုပ်နံ့ကင်းသည် ဝိပဿနာအကျိုးတည်း'

မိုးကုတ်ဆရာတော်ဘုရားဟောကြားခဲ့သည့်ဝိပဿနာကြိုးစားအားထုတ်သူတို့၏ သေခြင်းလက္ခဏာကို သိခွင့်ရပါသည်။ ဝိပဿနာရှုမှတ်ကြကုန်သော သူတော်ကောင်းသူတော်မြတ်လောင်းတို့ သေဆုံးသောအခါ ဝေဒနာမခံစားရပါ။ သေခြင်းတရားကို ပြုံးပြုံးလေးရင်ဆိုင်သွားကြပါသည်။ ငါဘယ်နေ့သေမည်။ ဘယ်နေရာမှသေမည်။ ဘာရောဂါနှင့်သေမည်ကို ကြိုတင်သိ၏။ သေသောအခါ မျက်ဖြူလန်ခြင်း၊ အကြောဆွဲခြင်း၊ တွန့်ခြင်း၊ လိမ်ခြင်း၊ ဝေဒနာကို မချိမဆံ့ မခံစားရပေ။ ညာဘက်သို့စောင်းပြီး ပြုံးပြုံးလေးသေ၏။

ကျွန်ုပ်သည် အဘ၏ရုပ်ကလာပ်တော်ကိုကြည့်ပြီး မိုးကုတ်ဆရာတော်ကြီး ဟောကြားခဲ့သောတရားကို ကြားယောင်နေပါသည်။ အဘက ဝိဇ္ဇာဓိုရ်ဖြစ်ပြီး သူတော်ကောင်းလက္ခဏာနှင့် ပြည့်စုံနေသဖြင့် သေခြင်းတူလေ၏။

အဘသည် ဝါဆိုလဆန်း ၃ ရက်နေ့တွင် သေရမည်ဟု ကြိုတင်သိ၏။ အဘရေးစပ်ထားသော 'သုံးရက်လဆန်းမှာတော့ စုံစုံညီညီ' သီချင်းက သက်သေပြနေ၏။ အဘဆုံးသောအခါ မျက်ဖြူလန်ခြင်း၊ အကြောဆွဲခြင်းမရှိပါ။ ရေခဲသေတ္တာထဲတွင် (၇) ရက်ထားပြီး ယခုအခါ ခုတင်ပေါ်သို့ ပြောင်းရွှေ့တင်ထားသောခန္ဓာမှာ တင့်တောင်းခြင်းမရှိ ပျော့ပျောင်း၍နေ၏။ ခြေလက်ခန္ဓာကိုယ်မှာလိုသလိုကွေးဆန့်နိုင်လေသည်။ အဘ၏ မုတ်ဆိတ်မွေးများ မူလထက် ပို၍ရှည်ထွက်လာ၏။

အဘသည် ရဟန္တာတော့မဟုတ်ပါ။ သို့သော် သူတော်ကောင်းဖြစ်သည်။ [illegible] လူ့ဘဝတွင် သီလမြဲသူဖြစ်၏။ [illegible] သီလကို မချိုးမဖောက် ခါးဝတ်ပုဆိုးကဲ့သို့မြဲနေလေသည်။ အဘသည် [illegible] လူများ၏စိတ်အစဉ်ကို [illegible] သည်။ ဝိဇ္ဇာဂန္ဓာရီနှင့် [illegible] နိုင်၏။ ဝိဇ္ဇာ[illegible] ရောက်နိုင်[illegible]

ကြာပါက ဘာဖြစ်မည်ကိုကြိုတင်သိသူဖြစ်၏။ ဝိဇ္ဇာမျိုးစေ့သည် သမာဓိအကျင့်စခန်းပြီးမြောက်အောင်မြင်မှ ရှင်သန်နိုင်လေသည်။ ထို့ကြောင့် သူတော်ကောင်း၏ခန္ဓာကိုယ်သည် ပုပ်ခြင်း၊ နံခြင်း၊ တင်းတောင့်ခြင်းမရှိပါ။

"ဆရာလှိုင်း"

"ဗျာ"

"ဘာတွေစဉ်းစားနေတာလဲ"

"အဘရဲ့ခန္ဓာကိုယ်က စကားပြောသံကြားရလို့"

"ဘယ်လိုပြောတာလဲ"

"အဘခန္ဓာကိုယ်က သက်သေပြတာကို ပြောတာပါ။ ငါ့ခန္ဓာကိုယ်သည် မပုပ်ဘူး၊ မနံဘူး၊ မတောင့်တင်းဘူး၊ ငါသည် သူတော်ကောင်းဖြစ်သည်လို့ပြောတာ"

"စာရေးဆရာဆိုတော့ပြောတတ်လိုက်တာ။ ဆရာ၊ မှန်ခေါင်းထဲပြောင်းထည့်မလို့"

"ဟုတ်ကဲ့ ထည့်ပါ။ လုပ်သင့်တာလုပ်ကြပါ။ ဘာဖြစ်လို့လဲ"

"မှန်ခေါင်းကကြီးနေတော့ အဘထည့်လိုက်ရင် မြုပ်နေမှာ။ အောက်ကဂွမ်းကတ်ထည့်ရင်ရမလား ဆရာ"

"အဘအောက်မှာကတ္တီပါအဝတ်ပဲခင်းပါ။ ဂွမ်းကတ်တွေဘာတွေမခင်းပါနဲ့။ မြုပ်နေတာလည်း ခဏပဲမြင်ရမှာ (၇) ရက်တောင် အဖူးမြော်ခံပြီးပြီပဲ။ ကျေနပ်ရောပေါ့"

"ဟုတ်ကဲ့ ဆရာ"

အဘသားသမီးတို့သည် အဘကို အဝတ်အစားအသစ်များ ဝတ်ဆင်ပေး၏။ အဘ၏ကိုယ်လက်အင်္ဂါတို့မှာ ကွေးလို့ဆန့်လို့ရသဖြင့် အလွယ်တကူဝတ်လို့ရ၏။ အဘ၏ဗိုက်ကြီးမှာလှုပ်နေလေ၏။ အဘကို မှန်ခေါင်းထဲသို့ ပြောင်းရွှေ့ထား၏။ မှန်ခေါင်းကို အခြားခုတင်ပေါ်တွင် တင်ထားလေသည်။

"ဆရာလှိုင်း"

"ဟုတ်ကဲ့"

"မှန်ခေါင်းမှာ နှစ်လက်မပတ်လည်အပေါက် (၂) ခု တွေ့တယ်။ ဘာကြောင့်ဖောက်ထားတာလဲ"

"အဘက သာမန်လူမဟုတ်ဘူး။ ဝိဇ္ဇာဖြစ်တယ်။ ဒီခန္ဓာကိုယ်မှာသိဒ္ဓိမဟိဒ္ဓိတွေအပြည့်ရှိတယ်။ ဓာတ်လုံးတွေပြဒါးရှင်တွေရှိတယ်။ ပြဒါးရှင်လုံးတွေရှိတဲ့ ဒီခန္ဓာကိုယ်ရုပ်ကို ပြန်သိမ်းနိုင်အောင် အပေါက်ဖောက်ပေးရတာ"

"ဟုတ်ကဲ့ - ကျွန်တော် တစ်ခါမှ မတွေ့ဘူးလို့ မေးကြည့်တာပါ"

မကြာမီ ဆရာတော်များကြွလာပြီး သရဏဂုံဆောက်တည်ကြသည်။ လှူဖွယ်ဝတ္ထုအစုံစုံကို လှူဒါန်းကြသည်။ ရေစက်ချတရားနာကြ၏။ ကုသိုလ်အပေါင်းကို အဘအောင်မင်းရှင်နှင့် ဝေနေယျသတ္တဝါတို့အား အမျှပေးဝေကြလေသည်။

"အမျှ အမျှ အမျှ"

"သာဓု သာဓု သာဓု"

■ အဘ၏ဂူဗိမာန်

အဘ၏ အုတ်ဂူမှာလည်း ရှေ့ဘက်တစ်ဖက်ဖွင့်ထားပြီး နံရံ (၃)ဖက်လုံး (၉) လက်မအုတ်ရိုးဖြင့် ကာထား၏။ အပေါ်မှာ (၆) လက်မ (RCC Slab) လောင်းထား၏။ အတွင်းအပြင်အခင်းအားလုံးကြွေပြားများစီထား၏။ အတွင်းမှာတော့ စတီးခုတင်တစ်လုံးအသင့်ချထား၏။ ဘီရိုထဲတွင် အဘ၏ အသုံးအဆောင်များ တစ်ပါးတည်းထည့်ပေးလိုက်ပါသည်။ အုတ်ဂူ၏ခေါင်းရင်းအပေါ်တွင် (၄) လက်မပတ်လည်အပေါက်တစ်ပေါက်ဖောက်ထားလေ၏။ အခန်းအပြည့်ကောဇောမွေ့ရာများခင်းပြီးထားလေသည်။ အဘရုပ်ကလာပ်လာပါက စတီးခုတင်ပေါ်တွင် အသင့်တင်ထားပြီး ဖွင့်ထားသောနံရံကို (၉)လက်မအုတ်ကြီးစီ၍အသေပိတ်မှာဖြစ်ပါသည်။

အဘ၏အုတ်ဂူရှေ့တွင် ဖယောင်းတိုင်၊ အမွှေးတိုင်မပြတ်ထွန်းညှိပူဇော်ထားသည်ကို တွေ့ရသည်။ ငှက်ပျောပွဲ (၁) ပွဲလည်း ထိုးမိုး၍ထားလေသည်။ အုတ်ဂူပန္နက်တင်သည့်အချိန်မှစတင်၍ အဘအုတ်ဂူသွင်း၍ သဂြိုဟ်ပြီးအထိ မီးမငြိမ်းဘဲ ပွဲပေးထားခြင်း ဖြစ်ပါသည်။ ဂူဗိမာန်ဆောက်လုပ်ရေးအဖွဲ့များကလည်း ဝတ်ဖြူစင်ကြယ်များဝတ်ဆင်ပြီး အဘနောက်ဆုံးခရီးစဉ်ကို အသင့်စောင့်ကြိုနေကြ၏။ ကိုရွှေဘ၏ ဆိုင်းအဖွဲ့မှာလည်း အဘ၏နောက်ဆုံးခရီးစဉ်တွင် ဂုဏ်ပြုရတုများ၊ ဂုဏ်ပြုသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးနေပါသည်။

■ ပင့်ဆောင်ပူဇော်ကြခြင်း

အချိန်ကား (၁၂)နာရီထိုးလေပြီ။ အစီအစဉ်အရ ဝတ်ဖြူစင်ကြယ်များဝတ်ဆင်ပြီး ရင်ဘတ်မှတ်နံပါတ်စဉ်တပ်ထားသော အဘသားသမီးများက သာသနာ့အလံတိုင်များအောက်တွင် အုပ်စုလိုက်အသင့်စောင့်ကြိုနေကြ၏။ အဖွဲ့ (၁၂)ဖွဲ့လုံးမှာ အဘ၏ နောက်ဆုံးခရီးစဉ်ကို လိုက်ပါပို့ဆောင်ဖို့ အသင့်စောင့်ကြိုနေကြသည်။ အဘ၏စံကျောင်းမှစောင့်ကြိုနေကြသည်။ အဘ၏စံကျောင်းတော် (မြတိုက်) မှ အဘ၏ဂူဗိမာန်အထိ လူအုပ်ကြီးများတိုး၍မပေါက်ပေ။ လူဦးရေသောင်းချီ၍ရှိမည်ထင်ပါသည်။ ရွာသာကြီးကို ဖြတ်သန်းဖောက်လုပ်ထားသော အမှတ် (၂) လမ်းမကြီးလည်း ရဲများ၊ မီးသတ်များ၊ ဆွမ်းလောင်းအသင်းမှ လူငယ်များဖြင့် ကာရံထား၏။ လူပရိသတ်တိုး၍မပေါက်သဖြင့် ကားအသွားအလာခေတ္တရပ်သွားလေသည်။ လေးထောင့်ကန်မှလာသော ကားများသည်လည်းကောင်း၊ ရန်ကုန်မှလာသော ကားများသည် လည်းကောင်း၊ ရွာသာကြီးရွာတွင်းသွား၍မရသဖြင့် ရပ်ထားရလေသည်။ ကားလမ်းမပေါ်တွင် လူအုပ်ကြီးများအပြည့်ရှိနေသလို ဖျော်ဖြေရေးဆိုင်းဝိုင်းရှေ့နှင့် ရွာသာကြီးဘုန်းကြီးကျောင်းဝိုင်းအတွင်း တိုးမပေါက်သော လူပရိသတ်မှာ များလွန်းအားကြီးလေသည်။ လုံခြုံရေးတာဝန်ခံများက အန္တရာယ်မဖြစ်အောင် ထိန်းပေးရလေသည်။ တစ်ခါမှ ဒီလောက်များတဲ့ လူပရိသတ်ကိုမမြင်ဘူးပါ။ ကားသမားများ ကားပေါ်မှဆင်းလာပြီး ဘာဖြစ်တာလဲဟု မေးမြန်းစုံစမ်းနေကြသည်။

"ရှေ့ကကားဘာလို့လုပ်ထားတာလဲ"

"ရှေ့မှာ ယာဉ်ထိန်းရဲတွေချထားတယ်။ ဆက်သွားလို့မရအောင် လူအုပ်ကြီးမတွေ့ဘူးလား"

"လူအုပ်ကြီးကဘာလုပ်နေတာလဲ ဘုရားပွဲလား"

"မဟုတ်ပါဘူး နာရေးပါ"

"ဗျာ - နာရေး။ ဒါဆို ဘုန်းကြီးပျံဖြစ်မယ်"

"ဘုန်းကြီးပျံမဟုတ်ဘူး။ ဘိုးတော်ပျံ"

"ဘိုးတော်ပျံ တစ်ခါမှမကြားဖူးဘူး"

"အဘအောင်မင်းခေါင် ဝိဇ္ဇာဌာန အလုံပြည်က လူ့ပြည်ကိုခဏလာပြီး အခုအချိန်ကျလို့ပြန်ကြွသွားတာပေါ့"

"ဘိုးတော်ပျံ ဟုတ်ကဲ့ ဟုတ်ကဲ့"

အဘ၏ ရုပ်ကလာပ်တော်မှာ စံကျောင်းတော်မှ စတင်ကြွချီလာပါပြီ။ ဦးသောင်းတင်၊ ဦးမှတ်ကြီး၊ ဦးသန်းထွန်း (၃) ယောက်က ရှေ့ဆုံးမှသာသနာ့အလံကိုင်၍ ဦးဆောင်၍ထွက်ခွာလေသည်။ သာသနာ့အလံကိုင်အဖွဲ့နောက်တွင် ရွာသာကြီးဆရာတော် ဦးဝေပုလ္လနှင့် ပိန္နဲကွင်း တိုင် (၁၀၀) ကျောင်းဆရာတော်တို့ပါဝင်သော သံဃာတော် (၁၀) ပါး သယ်န်းရံပြီးကြွလာပါသည်။ ပိန္နဲကွင်းဆရာတော်မှာ သက်တော် (၈၀) ရှိပြီး အသက်အကြီးဆုံးဖြစ်ပြီး ခြေထောက်တွင် ဒဏ်ရာရသဖြင့် လမ်းမလျှောက်နိုင်သဖြင့် လိုက်မပို့ဖို့ မေတ္တာရပ်ခံသော်လည်း အဘက ကျေးဇူးရှိသူဖြစ်သည်။ ကိုယ်တိုင်အပင်ပန်းခံ၍ လိုက်ပို့ပါရစေဟု ဆိုသဖြင့် ခြေထောက်ထော့နင်းထော့နင်းနှင့် တဖြည်းဖြည်းကြွလာပါသည်။

အဘ၏မှန်ခေါင်းကို ပထမဆုံး လိုက်ပို့ရသည့်သူများမှာ ကိုမျိုးအောင်၊ ကိုတင့်၊ အတာကြီး၊ ခင်မောင်ရီ၊ မငွေးတို့အဖွဲ့ဖြစ်ပါသည်။ အဘ၏သားသမီးများမှ အဖွဲ့ (၁) စုရပ်အထိ ထမ်းပို့၍လိုက်ပို့ကြလေသည်။ အဘ၏မှန်ခေါင်းကို ဦးမောင်၊ ဦးထွန်းအောင်၊ ဦးသန်းထွန်းနှင့် ဦးထွန်းထွန်းတို့မှ ထီးဖြူ (၄) လက်မိုး၍ လိုက်ပို့ကြလေသည်။

အဖွဲ့(၁)မှာ ဦးဝေကြီးအဖွဲ့ဖြစ်သည်။ ရင်ဘတ်တွင် နံပါတ် (၁) အဝိုင်းများကပ်ထားကြ၏။ စနစ်တကျလွှဲပြောင်းပြီး အဘကိုလိုက်ပို့ကြ၏။ ပို့ပြီးအဖွဲ့များက အဘနောက်မှ စနစ်တကျတန်းစီလိုက်ကြရ၏။ ယောဂီအဖွဲ့များမှ [illegible]ရွတ်ဆို၍ လိုက်ပို့ကြ၏။

ထီးဖြူ (၄) လက် ဖြန့်မိုး၍ တရွှေ့ရွှေ့အဖွဲ့လိုက် လက်ဆင့်ကမ်းကာ သယ်ဆောင်လာသော အဘရုပ်ကလာပ်တော်သည် လေထဲတွင် လွင့်မျော၍နေသလို ရွှေ့လျားနေပါတော့သည်။ လူပရိသတ်များအပြင် ကောင်းကင်မှဝိဇ္ဇာများ၊ နတ်ဒေဝါများ၊ ဘုမ္မိယပုဂ္ဂိုလ်များလည်း အဘကို ထီးဖြူများဆောင်းပြီး ဆုတောင်းမေတ္တာပို့ရင်း လိုက်ပို့ကြလေသည်။

အဖွဲ့ (၂) တွင် ဦးမျိုးအောင်အဖွဲ့၊ အဖွဲ့ (၃) တွင် ဦးကျော်ကျော်အဖွဲ့၊ အဖွဲ့ (၄) တွင် ဦးအံထူးအဖွဲ့၊ အဖွဲ့ (၅) တွင် [illegible]မြင့် (မိတ္ထီလာ) အဖွဲ့၊ အဖွဲ့ (၆)တွင် [illegible]မောင်ထွန်းအဖွဲ့၊ အဖွဲ့ (၇) တွင် [illegible]မျိုးအဖွဲ့၊ အဖွဲ့ (၈) တွင် ဦးရွှေတိုးအဖွဲ့၊ အဖွဲ့ (၉) တွင် ဦးထွန်းအဖွဲ့၊ အဖွဲ့ (၁၀) တွင် ဦးမရမ်းသီးအဖွဲ့၊ အဖွဲ့ (၁၁) တွင် ဦးမင်းကိုအဖွဲ့၊ အဖွဲ့ (၁၂) တွင် [illegible]မြင့် (တောင်ရိုးတဲ) အဖွဲ့တို့ဖြစ်ပါသည်။

နေ့စဉ်အဆက်မပြတ်ရွာသွန်းနေသောမိုးသည် အဘအောင်မင်းခေါင်၏ နောက်ဆုံးခရီးစဉ်ပင့်ဆောင်ပူဇော်သည့်ပွဲ၌ မိုးမရွာဘဲ ခေတ္တတိတ်ပေး၏။ မိုးမင်းဒေဝါပင်လျှင် အဘကိုပူဇော်နေပါတော့သည်။

တောင်ရိုးတဲရွာသားများမှာ အဘ၏အမျိုးအရင်းများဖြစ်ကြ၏။ အဘ၏ ရှားရှားပါးပါး ဆွေမျိုးတော်စပ်ခဲ့ကြသူများဖြစ်၏။ အဖွဲ့ (၁၂) တွင် အသင့်စောင့်ကြိုပြီး အဘကို ရိုရိုသေသေလက်အုပ်မိုး၍ စောင့်ကြိုနေကြ၏။ မကြာမီ ၎င်းတို့ရှေ့သို့ ရောက်ရှိလာသောအခါ ပခုံးပြောင်း၍ ထမ်းခွင့်ပူဇော်ခွင့်ရလေသည်။ ၎င်းတို့သည် အဘကို ကိုယ်တိုင်ထမ်းပြီး အဘစံမြန်းမည့်ဂူဗိမာန်သို့ နောက်ဆုံးသယ်ပို့ရသူများ ဖြစ်သည်။ အုတ်ဂူသို့ရောက်သောအခါ အဘကို ခေတ္တခဏ မြေသို့ချပြီး ဂူဗိမာန်အတွင်းမှ ဦးဇော်မင်း၊ ဦးရွှေဘ၊ ဦးကျော်ထိုက်တို့အဖွဲ့သို့ လွှဲပြောင်းပေးရ၏။ ဂူအတွင်းမှ သူများအဘကို လက်အုပ်မိုးရှိခိုးကြပြီး အဘရုပ်ကလာပ်ထည့်ထားသော မှန်ခေါင်းတော်ကို ရိုရိုသေသေပင့်ဆောင်ပြီး ဂူထဲရှိ စတီးသံခုတင်ပေါ်သို့ တင်လှူထားပါသည်။ ဂူပတ်လည်တွင် လူပရိသတ်ကြီးများမှာ ပုရွက်ဆိတ်အုံကြီးပမာ တိုးမပေါက်ပေ။

■ နောက်ဆုံးကန်တော့ကြခြင်း

"အားလုံးသော အဘကို ချစ်ခင်ကြသော အဘ၏သားသမီးများခင်ဗျား။ မိမိတို့ရောက်ရာနေရာမှထိုင်ပေးကြပါရန် ရိုသေစွာ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား"

"အစီအစဉ် (၅) အရ ဝိဇ္ဇာဌာနေ အလုံပြည်သို့ ထွက်ရပ်စခန်းကြွမြန်းသွားသော အဘအောင်မင်းရှင်အား နောက်ဆုံးအနေဖြင့် ဖူးမြော်ကန်တော့ခြင်းကို ခံယူမှာဖြစ်ပါတယ်"

"အဘကိုချစ်တယ်၊ အဘစကားကိုနားထောင်တယ်ဆိုရင် ထိုင်ပြီးကန်တော့ရမှာဖြစ်တဲ့အတွက် အားလုံးထိုင်ပေးကြပါရန် မေတ္တာရပ်ခံပါတယ်ခင်ဗျား"

"ဆရာလှိုင်း အစီအစဉ် (၅) ကို ခေတ္တစောင့်ပါဦး။ သံဃာတော်တွေက ကျောင်းကိုပြန်မကြွသွားဘူး။ နောက်ဆုံးအစီအစဉ်အထိနေဦးမှာမို့ ခေတ္တစောင့်ပေးပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

အစီအစဉ်မှာ ဆရာတော်သံဃာတော်များမှာ သရဏဂုံတင်၊ ရေစက်ချ၊ အမျှဝေပြီး အဘကိုလိုက်ပို့ပြီးပါက ကျောင်းသို့ပြန်ကြွနိုင်ပါသည်။ [illegible] သံဃာဇေ္ဈကြီးသော [illegible] ဖြစ်ကြသဖြင့် အဘ၏ရုပ်ကလာပ်[illegible] များ ခွဲခွာ၍မကြွ[illegible] သည်။ ဆရာတော်များအား [illegible] စီစဉ်ပြီးမှ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြပါတယ်။

"ယနေ့ ကြွရောက်လာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် အဘ၏နောက်ဆုံးခရီးစဉ်ကို လိုက်ပို့ဆက်ကြတဲ့ အဘ၏သားသမီးများခင်ဗျား။ အစီအစဉ် (၅) ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အစီအစဉ် (၅) အရ ဝိဇ္ဇာဌာနေ အလုံပြည်သို့ကြွမြန်းသွားသော အဘအောင်မင်းရှင်ကို နောက်ဆုံးပူဇော်ကန်တော့ကြမှာဖြစ်ပါတယ်။ သံဃာဇေ္ဈကြီးသော မဟာကရုဏာရှင်ဖြစ်သော အဘဟာ ဒီရုပ်ဒီခန္ဓာဖြင့် ယနေ့အချိန်မှာပဲ နောက်ဆုံးဖူးမြော်ကန်တော့ခံယူမှာ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်ကန်တော့ခံယူတာဟာ နောက်ဆုံးအကြိမ်ဖြစ်ပါတယ်။

နောက်တစ်ကြိမ် ဒီရုပ်ဒီခန္ဓာနဲ့ ပြန်လည် ကန်တော့ခွင့်ရကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် အဘ၏ဂုဏ်ထူးဝိသေသများ၊ ကျေးဇူးတရားများအောက်မေ့ဖွယ်များကိုပြောကြားလျှောက်ထားပါမယ်။ ပြီးမှ အဘကို ကန်တော့ချိုးနဲ့ဖြိုင်တူကန်တော့ရမှာဖြစ်ပါတယ်။

အခမ်းအနားမှူးမှ အသံချဲ့စက်ဖြင့် စတင်ကြေညာနေပါသည်။ သူ၏သံစဉ်များနောက်တွင် အဘသားသမီးများ မျက်ရည်တွေဝိုင်းပြီး စီးမျောခံစားနေကြပါသည်။ ရင်ထဲမှဆို့တက်၍ ငိုကြွေးနေကြသူများ၊ ကျိတ်၍ငိုနေသူများ၊ ဟန်မဆောင်နိုင် မထိန်းသိမ်းနိုင်လောက်အောင်ဝမ်းနည်းကြရလေသည်။ အားလုံး၏နှလုံးသားထဲဝယ် အဘက နေရာယူနေကြပါသည်။ အားလုံးငြိမ်၍ အခမ်းအနားမှူး၏ အသံကို နားစွင့်နေကြပါသည်။

"အဘကို ချစ်ခင်လေးစားကြသော၊ အဘကို ရိုသေကိုင်းရှိုင်းကြကုန်သော အဘ၏သားသမီးများ ခင်ဗျား"

"အဘအောင်မင်းရှင်ဟာ ဝိဇ္ဇာဌာနေ အလုံပြည်မှ လူ့ပြည်လူ့ရွာ[illegible] ပြည်တော်ဝင်လာပြီး [illegible] ရောနှောနေထိုင်ခဲ့ပါတယ်။ [illegible] အတူ စကားပြောခွင့်၊ [illegible] ခွင့်၊ ခရီးအတူသွား[illegible] များရခဲ့ကြတဲ့ [illegible]

တပည့်သားသမီးများဖြစ်ပါတယ်။ အဘကို အကြောင်းပြု၍ အဘကိုပူဇော်ခွင့်၊ ကန်တော့ခွင့်၊ အဘ၏ဆိုဆုံးမခံယူခွင့်များရကြပါတယ်။ အဘ၏စောင့်မမှုကြောင့် လောကီချမ်းသာအဖြာဖြာကို ရရှိခံစားကြရတဲ့သူများ ဖြစ်ပါတယ်။ အဘကို အကြောင်းပြု၍ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စတဲ့ မဟာကုသိုလ်တော်ကြီးများမှာ ပါဝင်ခွင့်ရကြသူများဖြစ်ပါတယ်။ ဤမျှသာမက မဖော်ပြနိုင်လောက်အောင်များပြားသော ကျေးဇူးတရားများရှိကြပါတယ်။ မိမိတို့နှင့်ရင်းနှီးကျွမ်းဝင်ခဲ့ရတဲ့ အဘအောင်မင်းရှင်ဟာ တပည့်သာဝကများကို နောက်ဆုံးပူဇော်ကန်တော့ခံယူမှာဖြစ်ပါတယ် ။ ဒီရုပ်ဒီခန္ဓာနဲ့ကန်တော့ခံယူမှာ ဒါနောက်ဆုံးအကြိမ်ဖြစ်ပါတယ်။

နောက်တစ်ကြိမ်ပြန်လည်ဆုံစည်းဖို့မဖြစ်နိုင်တော့တဲ့အဘကို ကျွန်တော်တို့ကျေးဇူးသိတတ်စွာ အဘကို စိတ်ထဲမှာ အာရုံပြု၍ လက်အုပ်မိုးထားကြပါတယ်ခင်ဗျား။

ကျေးဇူးကြီးမားသော အဘအောင်မင်းရှင်ခင်ဗျား၊ အဘရဲ့ကျေးဇူးကို အထူးသိမှတ်၍ တပည့်သားသမီးတို့မှ နောက်ဆုံးကန်တော့ခွင့်ပြုပါရန်ရှိသေစွာဖြင့် ခွင့်တောင်းလျှောက်ထားအပ်ပါတယ်ခင်ဗျား။ ကဲ - အားလုံးကန်တော့ချိုးကို လိုက်ဆိုကြပါ"

■ ကန်တော့ချိုး

ကျေးဇူးရှင် အဘအောင်မင်းရှင်ကြီးခင်ဗျား။ တပည့်သားသမီးတို့က မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက် အဘအပေါ်မှာ ကာယကံအားဖြင့်လည်းကောင်း၊ ဝစီကံအားဖြင့်လည်းကောင်း၊ မနောကံအားဖြင့်လည်းကောင်း အပြစ်ကြီးအပြစ်ငယ်အသွယ်သွယ်တို့ကို ပြစ်မှားကျူးလွန်မိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ ပြေပျောက်ပါစေခြင်းအကျိုးငှာ တပည့်သားသမီးတို့အပေါ် သနားငဲ့ညှာသောအားဖြင့် သည်းခံခွင့်လွှတ်ပါရန် လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးကန်တော့လိုက်ပါတယ်ခင်ဗျား"

"ဦးသုံးကြိမ်ချပါ"

■ အမျှဝေခြင်း

တပည့်သားသမီးတို့သည် အဘ၏ ကျေးဇူးတရားကြောင့် လူ့ဘဝတွင် ရနိုင်ခဲသော မဟာကုသိုလ်တော်ကြီးများကိုလည်းကောင်း၊ အဘ၏ပွဲပြင်သွန်သင်ဆုံးမလမ်းညွှန်မှုကြောင့် ပြုခွင့်ရသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ယနေ့ယခုတိုင်အောင် ပြုခွင့်ရသောကုသိုလ်အပေါင်းအား ကျေးဇူးရှင် အဘအောင်မင်းရှင်ကြီးအား အမှူးထား၍ ဆရာသခင်ကျေးဇူးရှင်များနှင့် အမိ၊ အဘပေါင်းတို့အားလည်းကောင်း၊ (၃၁) ဘုံရှိကြကုန်သော ဝေနေယျသုခိတ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အားလည်းကောင်း၊ ဆွေတော်ရှစ်သောင်းမျိုးတော်အပေါင်းတို့အား လည်းကောင်း အလုံးစုံကုန်သော လူနတ်မကြွင်းခပ်ပင်းဥဿုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့အားလည်းကောင်း ထိုထိုကောင်းမှု ကုသိုလ်အစုစုတို့ကို ကျွန်ုပ်တို့တစ်စုက အမျှပေးဝေပါကုန်၏။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ နိဗ္ဗာန်ရောက်ကြောင်း တရားထူးတရားမြတ်တို့ကို ကြားနာခွင့်၊ ကျင့်ကြံကျိုးကုတ်အားထုတ်ခွင့်ရနိုင်ကြပါစေ။ ကောင်းကျိုးအဆင့်ဆင့်ရရှိခံစားနိုင်ကြပါစေလို့ မေတ္တာရှေ့ထား၍ အမျှဝေလိုက်ရပါသည်။

(အားလုံး အားလုံး အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့)

သာဓု သာဓု သာဓု"

အားလုံး အဘအား နောက်ဆုံးကန်တော့ကြ၏။ မေတ္တာပို့အမျှဝေကြ၏။ အဘ၏ရုပ်ကလာပ်တော်ကို တိုးဝှေ့ကြည့်ကြလေတော့သည်။

"အစီအစဉ် (၆) အရ အဘ၏ ကြွင်းကျန်ရစ်သောရုပ်ဓာတ်အား အပြီးတိုင်ချုပ်ငြိမ်းရုပ်သိမ်းနိုင်ရန်အတွက် ဝိဇ္ဇာတို့သဘောဆန္ဒအရ ပြုဖွယ်ကိစ္စများ၊ ဂူဗိမာန်အတွင်း လွတ်လွတ်လပ်လပ်ပြုကြမှာ ဖြစ်ပါတယ်။ အဘတို့ရဲ့ဆန္ဒ၊ ဝိဇ္ဇာတို့ရဲ့ဆန္ဒအရ၊ လူ့လောကနှင့် အဆက်ဖြတ်၍ ဂူတွင်းမှာ အလုံပိတ်၍အေးငြိမ်းတည်ငြိမ်စွာ ကျင့်ကြံကျိုးကုတ်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကျန်ရှိနေသေးသော အုတ်နံရံကိုအပြီးတိုင်ပိတ်ပေးပါရန် ရိုသေစွာ မေတ္တာရပ်ခံအပ်ပါသည်"

■ ဂူဗိမာန်အလုံပိတ်ခြင်း

ပေစီတို့ ပန်းရန်အဖွဲ့သည် အုတ်များ၊ မဆလာများဖြင့် တစ်လွှာချင်းပိတ်နေပါသည်။ အဘရုပ်ကလာပ်တော်မှာ မြင်နေရဆဲဖြစ်၍ ဖုန်းများဖြင့် မှတ်တမ်းတင်ရိုက်နေကြပါသည်။ လူအုပ်ကြီးမှာ မည်သို့မျှ ပြော၍မရလောက်အောင် တိုးဝှေ့နေကြ၏။ သူ့ထက်ငါ ဓာတ်ပုံရိုက်ခြင်း၊ အဘ၏ရုပ်ကလာပ်တော်ကို ဖူး၍မဝဖြစ်နေကြပါသည်။ ပန်းရန်အဖွဲ့တွေ အလုပ်လုပ်၍မရအောင်ဖြစ်နေကြ၏။ ကိုရွှေဘ၏ အော်သံသည်လည်းကောင်း၊ အသံချဲ့စက်မှပြောသမျှသည်လည်းကောင်း အရာမထင် တိုး၍တိုး၍သာကြည့်နေကြပါသည်။

မကြာမီ မိုးရွာချလိုက်သဖြင့် လူစုကွဲသွားကြသည်။ လူများအသီးသီးပြန်သွားကြလေသည်။ ထိုအခါမှ အဘ၏ သားသမီးများနှင့်ပန်းရန်အဖွဲ့သာကျန်ရစ်ကြ၏။ အဘ၏ဂူဗိမာန်မှာ မကြာမီအပြီးတိုင် ပိတ်သိမ်းသွားလေသည်။ အဘသည် လူ့ဘဝကို ဤရုပ်ဤခန္ဓာဖြင့် အပြီးတိုင် နှုတ်ဆက်သွားပါတော့သည်။ အုတ်ဂူကိုချော၍ ကြေပြားများဆက်လက်ကပ်နေကြသည်။

ကျွန်ုပ်သည် ဝမ်းနည်းစွာငိုကြွေးနေမိ၏။ မျက်လုံးမှမျက်ရည်တွေစီးကျ ရုံမက ရှိုက်ကြီးတငင်အားရပါးရ ငိုချလိုက်၏။ ဗိုလ်မှူးသိန်းတန်မှ ပခုံးလာပုတ်၏။

"ဆရာလှိုင်း မငိုပါနဲ့ စိတ်ကိုထိန်းပါ။ နောက်လုပ်စရာတွေအများကြီး ကျန်ပါသေးတယ်။ အားတင်းထားပါ"

"ဟုတ်ကဲ့"

"စိတ်ကိုထိန်း လျှော့ထား၊ အားတင်းထား"

"ဟုတ်ကဲ့"

မျက်လုံးဖွင့်ကြည့်သောအခါတွင် အဘ၏အုတ်ဂူမှာ အပြီးပိတ်သိမ်းလိုက်ပြီ။ အဘကိုမမြင်ရတော့ပါ။ ကျွန်တော်ချစ်သော ကျေးဇူးရှင်အဘအောင်မင်းရှင်သည် ကျွန်တော်နှင့် သားသမီးအလုံးကို ထာဝရခွဲခွာသွားပါတော့သည်။

■ ရုပ်ခန္ဓာပါသိမ်းသွားခြင်း

အဘ၏ရုပ်ကလာပ်အား ဂူသွင်း၍သင်္ဂြိုဟ်ခဲ့၏။ အဘကို မှန်ခေါင်းအလုံဖြင့်ထည့်၍ ခုတင်ပေါ်တင်၍ထား၏။ မှန်ကို (၂) လက်မပတ်လည်အပေါက် (၂)ပေါက်ဖောက်ထားသလို အုတ်ဂူဗိမာန်ကိုလည်း ခေါင်းရင်းမှ (၄) လက်မပတ်လည်အပေါက်ဖောက်ထားပေးပါသည်။

အဘ၏အုတ်ဂူမှာ မိုးတွင်းကာလဖြစ်ခြင်း၊ အရေးပေါ် ဆောင်ရွက်ခြင်းကြောင့် အပေါ် Slab မိုးယိုခြင်း၊ ခေါင်းရင်းမှ (၄) လက်မပတ်လည်အပေါက်မှ မိုးပက်ခြင်းများဖြစ်နိုင်ပါသည်။ အဘ ငါနေရတာ မိုးလည်းယိုတယ်။ မိုးလည်းပက်တယ်ဟု တပည့်တစ်ယောက်အား အိပ်မက်ပေး၏။ အဘ၏အုတ်ဂူ Slab ကို ထပ်မံ၍လောင်းခြင်း၊ မိုး အမိုးဘုံ (၃)ဆင့်ကို သွပ်အပြီးမိုးခြင်း အဆောတလျင်ဆောင်ရွက်ရ၏။ ပိတ်ထားသော အခန်းထဲမှာ အဘ၏ ကလာပ်သာရှိ၏။ မိုးယိုခြင်း၊ မိုးပက်ကို အပြင်ကလူမည်သို့သိနိုင်ပါမည်နည်း။ အဘကဆုံးသွားပြီဆိုတာ ဟုတ်ကောဟုတ်ရဲ့လားဟု သံသယဝင်မိပါတော့သည်။

အုတ်ဂူသွင်းပြီး (၃) ရက်မြောက်နေ့က ရွာသာကြီးရှိ အဘဂူဗိမာန်တွင် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ လူ့ပြည်မှာ ကျန်ရစ်ခဲ့သော အဘအောင်မင်းခေါင်၏ရုပ်ဓာတ်အား အပြီးတိုင်ချုပ်ငြိမ်းပြီး ဝိဇ္ဇာလောကသို့ ရုပ်သစ်နာမ်သစ်ဖြင့် ကူးပြောင်းရမည်ပွဲဖြစ်၏။ (တစ်နည်း) အဘ၏ထုံကူးပွဲဖြစ်သည်။ ထုံကူးနိုင်သူများမှာ ဝိဇ္ဇာဂန္ဓာရီအတတ်ကို တတ်မြောက်ကျွမ်းကျင်ရမည်။ ထုံကူးနိုင်သော စွမ်းအင်စရဏာရှိရမည်။ ထုံ (၄) မျိုးရှိသည်။ မီးထုံ၊ မြေထုံ၊ ရေထုံနှင့် လေထုံတို့ဖြစ်၏။ အဘအောင်မင်းခေါင်သည် ထုံ (၄) မျိုးစလုံး အောင်မြင်ပြီးသောပုဂ္ဂိုလ်ဖြစ်၏။

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် ၄-၇-၂၀၁၇ နေ့၊ အင်္ဂါနေ့တွင် အဘအောင်မင်းခေါင် ထုံကူးပွဲကျင်းပမည်။ ဝိဇ္ဇာခိုရ်ထဲမှ ရှင်မထီးဆရာတော်၊ ယကွန်းစင်တောင်ဆရာတော်၊ အဘဘိုးဘိုးအောင်နှင့် ဦးအောင်ရွှေသေ့တို့မှ ကြီးမှူးကျင်းပမည်။ နတ်တူရိယာများ၊ နတ်သား၊ နတ်သမီးများနှင့် နတ်မြင်းပျံတပ်ထားသော ရထားပျံများ၊ ဆင်ပျံများများဖြင့် အတန်းလိုက်ရောက်ရှိနေရာယူလာကြ၏။ ဂန္ဓာရီအတတ်ပညာကို ဆည်းပူးဆဲပုဂ္ဂိုလ်များ၊ ထုံကူးခြင်းပွဲကို လေ့လာလိုက်စားကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့လည်း လေ့လာကြရန် အသင့်ရောက်နေကြ၏။ လူ့လောကမှ ကျင့်စခန်းအသီးသီးကို လိုက်စားနေကြသော တိဗက်မှမဟာယာနအဖွဲ့များ၊ အိန္ဒိယမှ ဆာဒူးကြီးများအဆက်အသွယ်များကြသဖြင့် ဂူဗိမာန်သို့ ကောင်းကင်ခရီးဖြင့် ရောက်ရှိလာကြသည်။

ည (၁၂) နာရီသို့ရောက်၏။ လူတို့ အိပ်မောကျနေလေပြီ။ အချိန်ကောင်းအခါကောင်း နက္ခတ်ကောင်းသောအချိန်ကာလသို့ရောက်ရှိပါ နတ်တစ်ပါးမှ အချိန်အခါသင့်ပါကြောင်း အသိပေးလျှောက်ထားကြသည်။ ဝိဇ္ဇာဆရာတော် (၂) ပါး၊ လူဝိဇ္ဇာ (၂) ပါးတို့သည် အဘ၏ဂူဗိမာန် ပတ်လည်အပေါ် ပေ (၃၀)အကွာ အသင့်နေရာယူ၏။ ထီးဖြူများလည်း ထားလေသည်။ ပဌမဦးစွာ ဂါထာများကိုရွတ်ဆိုကြ၏။ မြေနှင့်ပတ်သက်သောဂါထာ၊ လေနှင့်ပတ်သက်သောဂါထာ စသည့်ဂါထာတော်များကို မပြတ်ရွတ်ဖတ်ကြ၏။ အဘဘိုးဘိုးအောင်မှ ဆေးလုံးတစ်လုံးကိုယူလာပြီး အဘ၏ပါးစပ်ထဲသို့ထည့်လိုက်၏။ အဘဘိုးဘိုးအောင်သည် အဘအောင်မင်းရှင်ကို လူ့ဘဝရောက်မှ ဆေး (၃) ကြိမ်တိုက်ပြီးဖြစ်၏။ ယခုဆေးသည် နောက်ဆုံးအကြိမ်တိုက်ခြင်းဖြစ်၏။

ဆေးလုံးတိုက်ပြီး ခဏအတွင်း မှန်ခေါင်းထဲမှ အဘရုပ်ကလာပ်သည် အငွေ့အဖြစ်သို့ပြောင်းလဲပြီး (၂) လက်မ မှန်ပေါက်မှထွက်လာပြီး ဂူထဲသို့ရောက်လာ၏။ အုတ်တိုက်ခေါင်းရင်းမှ (၄) လက်မအပေါက်မှထွက်လာပြီး အပြင်ရောက်သောအခါ မူလရုပ်သွင်ကိုမြင်ရလေတော့သည်။ ဝိဇ္ဇာများ၊ နတ်ဒေဝါများ၊ ဘုံမှိုင်းယပုဂ္ဂိုလ်များ၊ အိန္ဒိယမှ ဆာဒူးကြီးများ၊ တိဗက်မှမဟာယာနပုဂ္ဂိုလ်များ ကောင်းချီးပေးကြ၏။ သာဓုခေါ်ကြလေသည်။

မိမိလည်း အုတ်ဂူရှေ့ဘက် အဘထွက်ခွာလာရာ အပေါက်အောက်သို့ ရောက်နေပါသည်။ လေထဲမှ အဘရုပ်ပုံကို တဖြည်းဖြည်းမြင်တွေ့ရလေသည်။

"အဘ"

"ကျွန်ုပ်ခေါ်သံကို အဘကြား၏။ ကျွန်ုပ်ကို လက်ကာပြ၏။ ဝိဇ္ဇာတွေလုပ်စရာကျန်သေးတယ်၊ ခဏစောင့်ဟု အချက်ပေးလေသည်။ ကျွန်ုပ်လည်း ပတ်ဝန်းကျင်ကို သေသေချာချာကြည့်လိုက်သောအခါ ရထားပျံကြီးတစ်စင်းက အဘကို လာကြိုနေလေသည်။ ဂူဗိမာန်မှ တောင်ဘက်သို့ မျက်နှာမူထားလေသည်။ ရထားပျံပေါ်တွင် ရထားမောင်းသူ နတ်သားတစ်ပါးရှိ၏။ နတ်မြင်းပျံ၏ရှေ့တွင် ဆင်ပျံရထားရှိ၏။ ၎င်းတို့ရှေ့တွင် ရထားပျံများမရေမတွက်နိုင်အောင် တန်းစီ၍စောင့်နေကြ၏။ ဘုရားထီးတင်သောအခါ အသုံးပြုသော ရထားပျံထက် အဆပေါင်းများစွာကြီးကျယ်နေလေ၏။ စိန်ရွှေရတနာများအပြည့်စီခြယ်ထားလေသည်။ နူးညံ့သောကတ္တီပါ ကောဇောများခင်းထား၏။ ထိုရထားပျံယာဉ်တန်းကြီးမှာ ကောင်းကင်သို့ (၄၅) ဒီဂရီစောင်း၍ အချိန်ကျရောက်သော အခါ နတ်တူရိယာနတ်စောင်းများတီးခတ်၍ ကောင်းချီးပေးကြ၏။ အားလုံးကိစ္စပြီးဆုံးသောအခါ အဘကို ရထားပျံပေါ် တက်ရန် နတ်တစ်ပါးကလျှောက်ထားနေလေသည်။ အဘမကြွမီ အဘနားကပ်ပြီး အရေးပေါ်လျှောက်လိုက်ရလေသည်။

"အဘ"

"အေး - သားလေးပြော"

"အဲဒါဂူထဲကထွက်လာတာလား"

"အေး - ဟုတ်တယ်ဂူထဲကထွက်လာတာ"

"အဘဘယ်ကထွက်လာတာလဲ"

"ငါ ငြမ်းပေါက်က ထွက်လာတာ"

"ဒါဆို အထဲမှာဘာမှမရှိတော့ဘူးပေါ့"

"အေး- မရှိတော့ဘူး"

"အဘ အခုမှထလာတာဆိုတော့ ထမင်းဆာမှာပေါ့ သားတစ်ခုခုကျွေးမွေးပါရစေ"

"အေးအေး - မင်းကျွေးချင်တယ်ဆိုရင် နို့ဆန်ပြုတ်တစ်ပန်းကန်ကပ်ပေးပေါ့"

"ဟုတ်ကဲ့ - အဘ"

'အဘ' ဟု ပါးစပ်က အော်သံဖြင့် အိပ်ရာမှလန့်နိုးလေသည်။ ယနေ့သည် အဘဂူထဲမှာနေရတာ (၃) ရက်ပြည့်ပြီပဲ။ ငါ့ကို အထင်အရှား အိပ်မက်ပေးသွားတယ်။ အဘ အထဲမှာမရှိတော့ဘူးတဲ့။ ငါ့ငြမ်းပေါက်ကထွက်လာတာတဲ့။ တိုက်တာအဆောက်အအုံများဆောက်ရာတွင် ငြမ်းဆင်ထားသောအပေါက်ကို ချန်၍ အုတ်စီရ၏။ ထိုအပေါက်ကို ငြမ်းပေါက်ဟုခေါ်၏။ ပြီးတော့ နို့ဆန်ပြုတ်ကပ်ပါလို့မှာတယ်။ ကျွန်ုပ်သည် အိပ်ရာနိုးပြီး အိပ်မက်အကြောင်း အမျိုးသမီးအား ပြောပြလေသည်။ ကျွန်ုပ်၏အမျိုးသမီးက နို့ဆန်ပြုတ်ကိုပြုတ်ပေး၏။ ချိုင့်ထဲထည့်ပြီး နှစ်ယောက်အား ရွာသာကြီးသို့လာခဲ့သည်။ ရွာသာကြီးဘုန်းကြီးကျောင်းသို့ရောက်သောအခါ ဦးရွှေဘကိုတွေ့ရ၏။

"ဦးရွှေဘ၊ အဘကို နို့ဆန်ပြုတ်ကပ်ချင်လို့ ပန်းကန် (၁) ချပ်လောက်လိုချင်တယ်"

"ဟုတ်ကဲ့ - ရပါမယ်"

ဦးရွှေဘယူလာသော တိုက်ပန်းကန်ပြားတွင် ချိုင့်ထဲမှနို့ဆန်ပြုတ်ကိုထည့်ပြီး အဘအုတ်ဂူသို့ထွက်လာကြ၏။ အုတ်ဂူ၏အရှေ့ဘက် အပေါက်အောက်တွင် စားပွဲအသင့်ချထား[illegible] ပွဲပေါ်တွင် နို့ဆန်ပြုတ်ပူပူနွေးနွေး[illegible] ထားလိုက်၏။ အဘ၏အ[illegible] (၃) ပေအမြင့်ရှိပြီး ကြေပြ[illegible] ခေါင်းရင်းတွင် လ[illegible] (၄) လက်မအပေါ[illegible]

မြေပြားတွင် ကမ္ပည်းစာရေးထိုးထား၏။ သာသနာ့ပြုပုဂ္ဂိုလ် အဘအောင်မင်းရှင် (စဉ်မြင့်ရွာ) ၁၂၄၂ခု၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် ပုပ္ပားနယ် စင်မြင့်ရွာ ဦးမောင်ပု - ဒေါ်မင်းသစ်မှ မွေးဖွားသန့်စင်၍ ၁၃၇၉ ခု၊ ဝါဆို လဆန်း၃ရက် ၂၆-၆-၂၀၁၇ တနင်္လာနေ့၊ နံနက် (၃း၄၀) မိနစ်တွင် ထွက်ရပ်စခန်းသို့ကြွမြန်းသွားသည်။

ကျွန်ုပ်တို့ (၂) ယောက်အပြင် ဦးရွှေဘလည်းလိုက်လာ၏။ ညက အနီးကပ်ရှိနေသော ဦးရွှေဘကအတွေ့အကြုံများကို ပြန်ပြောပြနေလေသည်။

"ကျွန်တော်က ဒီဆွမ်းလောင်းမှော်ရုံမှာအိပ်တယ်။ အဘနဲ့အနီးဆုံးပဲ မနက်ဖြန်ဆိုရင် ကျွန်တော်တို့မှော်ရုံက ဆွမ်းလောင်းမှာ"

"ဟုတ်ကဲ့"

"နံနက်စောစော အဘကိုအရုဏ်ဆွမ်းချက်ပြီးကပ်မယ်လို့ ဆန္ဒရှိနေတာ နံနက် (၃) နာရီထပြီး ဆွမ်းချက်တယ်။ (၄) နာရီ အဘကို အရုဏ်ထမင်းကပ်ဖို့သွားတာ ကျွန်တော့်အရင်အရုဏ်ထမင်း ပူပူနွေးနွေးကပ်ထားတာတွေ့ရတယ်"

"ဒါဆို ဒီည ထူးထူးခြားခြားဘာရှိလဲ"

"ထူးတာတော့ အများကြီးပဲ"

"ဟုတ်ကဲ့ ပြောပြပေးပါ"

"ည (၁၂) နာရီကစလို့ ဘယ်က လူတွေလည်းမသိဘူး။ ရောက်လာကြတယ်။ ကုလားတွေသျှောင်ထုံးတွေနဲ့ မြန်မာပြည်မှာ တွေ့ဖို့ခဲယဉ်းတဲ့လူတွေပဲ သူတို့အဖွဲ့တွေရောက်လာကြတယ်"

"လူတွေဘယ်လောက်များလဲ"

"လူတွေကတော့ မြင်ရတာ (၂၀) ယောက်ရှိမယ်။ အမှောင်ထဲမှာ မမြင်ရတဲ့သူတွေလည်းရှိသေးတယ်"

"သူတို့ဘာလာလုပ်တာလဲ"

"သူတို့က ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေထွန်းပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ်နေကြတာပဲ။ တစ်ညလုံးရွတ်ဖတ်နေကြတာ နံနက်ကျွန်တော်အရုဏ်ထမင်းထချက်တော့ တစ်ယောက်မှမရှိတော့ဘူး"

"ဟုတ်ပြီ၊ ဒါဆို ငါ့အိပ်မက်တစ်ဝက်မှန်နေတယ်"

"ဘာအိပ်မက်လဲပြောပါဦး"

"ဟုတ်ကဲ့ - နောက်မှပြောမယ်။ လောလောဆယ် အဘကို နို့ဆန်ပြုတ် ကပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ - လွတ်လွတ်လပ်လပ် ကပ်ကြပါ။ ကျွန်တော်အဘကျောင်းကစောင့်နေမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျွန်ုပ်တို့လင်မယားသည် အဘအုတ်ဂူရှေ့တွင် အသင့်ခင်းထားသော စားပွဲပေါ်သို့ နို့ဆန်ပြုတ်တစ်ပန်းကန်၊ ရေနွေးကြမ်းတစ်ပန်းကန်ကို တင်၏။ ဖယောင်းတိုင်၊ အမွှေးတိုင်ကိုထွန်း၏။ အဘကြွလာပါကထိုင်ရန် ထိုင်ခုံတစ်လုံးကို ပိတ်ဖြူဖြင့်အသင့်ခင်းထားလေသည်။

"ကျေးဇူးရှင် အဘအောင်မင်းခေါင်ကြီးခင်ဗျား၊ အဘပြောတဲ့အတိုင်း တပည့် နို့ဆန်ပြုတ်လာရောက်ဆက်ကပ်တာပါ။ အဘကိုယ်တိုင်ကြွပြီး ဘုဉ်းပေးသုံးဆောင်တော်မူပါ အဘ။ အဘသည် ရုပ်ခန္ဓာအစုကို အပြီးတိုင်သိမ်းပိုက်၍ ယူဆောင်သွားသည်မှာ မှန်ကန်ပါက ဤယာဂုဆွမ်းကို ဘုဉ်းပေးသုံးဆောင်မှုဖြင့် သက်သေပြသပေးပါခင်ဗျား"

ကျွန်ုပ်တို့လင်မယားသည် အဘအုတ်ဂူဘေးတွင် ခေတ္တထိုင်ပြီး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနေ၏။ အဘကို မေတ္တာပို့၏။ သတ္တဝါတွေကို မေတ္တာပို့၏။ တစ်နာရီခန့်ကြာသောအခါ အဘကိုယ်တိုင်ကြွလာပြီး ဘုဉ်းပေးသုံးဆောင်တော်မူသွားကြောင်း အာရုံရလေသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ဖယောင်းတိုင်မီးများငြိမ်းနေလေပြီ။

"ဟာ - ကြည့်စမ်း တော်တော်ထူးတာပဲ။ နို့ဆန်ပြုတ်ကို အဘသောက်သွားတာ တစ်ဝက်တိတိလျော့နေတာကို တွေ့ရတယ်"

"မိန်းမရေ ဒီမှာကြည့်စမ်း တို့ကပ်လှူထားတဲ့ နို့ဆန်ပြုတ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ နည်းနည်းလျော့မနေဘူးလား"

"အစ်ကိုကလည်း စိတ်ထင်လို့ဖြစ်မှာပါ"

"မင်းက မယုံသလိုလိုပဲ ဟောဒီမှာကြည့်"

"ဘာတွေ့လို့လဲ"

"အဘက နို့ဆန်ပြုတ်ကိုစားပြီး ရေနွေးကြမ်းတောင်သောက်ထားတာ။ ဒီခွက်က တစ်ဝက်တိတိလျော့နေတယ်"

"အေး - ဟုတ်တယ် ဟုတ်တယ်။ နို့ဆန်ပြုတ်လျော့နေတာ မသိသာပေမယ့် ရေနွေးကြမ်းပန်းကန်တော့ သိသိသာသာတစ်ဝက်လျော့နေတာပဲ"

"ဒီမှာ ကြည့်ပါဦး"

"ဘာတွေ့ပြန်တာလဲ"

"အဘက နို့ဆန်ပြုတ်သောက်ပြီး ရေနွေးကြမ်းသောက်သွားတာ ဒီထဲမှာ ထမင်းစေ့တွေတောင်ကျန်ခဲ့တယ်"

အဘသုတ်ဖို့လက်ကိုင်ပဝါကိုမချ ထားမိဘူး"

"အေးကွ - အစ်ကိုအိပ်မက်က မှန်နေပြီပဲ။ အဘအောင်မင်းခေါင်ဟာ ပုပ္ပားမှာတစ်ကြိမ်ထွက်သွားတယ်။ အရှု ထွက်လို့ပြောတယ်။ ရုပ်အလောင်း ထားခဲ့ပေမယ့် ဂူသွင်းပြီးပျောက်သွ တယ်လို့ပြောတယ်။ ဒါငါတို့မမီခဲ့ဘူး"

"ဟုတ်ကဲ့"

"အခု လူပြည်ကိုပြန်လာပြီး အ အောင်မင်းရှင်အမည်နဲ့ သာသနာ တယ်။ အခုပြန်ထွက်သွားတာ ငါ မျက်စိအောက်မှာပဲမဟုတ်လား"

"ဟုတ်တယ်လေ"

"ရုပ်ဓာတ်ကို ဂူထဲမှာထား အခု (၃) ရက်မြောက်နေ့မှာ အပြီး သိမ်းသွားကြပြီ။ ဂူထဲမှာ ဘာမှမ တော့ဘူး"

"ဒါဆို အဘက လူတွေယုံ အသေပြပြီး ရုပ်ရောနာမ်ပါထွက် တာဆိုတော့ အရှင်ထွက်ပေါ့နော်"

"ရုပ်ကလာပ်ကိုထားခဲ့ပြီး သွားတာက အသေထွက်လို့ပြော ရုပ်ကောနာမ်ရောထွက်သွားတာကို ထွက်လို့ဆိုတယ်။ ငါတို့အဘက ကထွက်သွားတဲ့ရုပ်နဲ့ပဲ ပြန်ဝင်လာ ပဲ"

"အဘက လူတွေကိုလှည့် ပဲ။ လူတွေအမြင်မှာ အသေပြ ဘုရားဟောနဲ့လည်း မဆန့်ကျင် နာ သေ) လက္ခဏာကို သေသေ ပြသွားတာ။ ငိုတဲ့သူတွေ သေပြီး နည်းတဲ့သူတွေကိုကြည့်ပြီး အ နေတာ။ ဟဲဟဲ ငါ့တပည့်တို့ငါ ရေကူးတတ်တယ်ဆိုပြီး အခုတော့ ကောနာမ်ကောထွက်သွားပြီလေ"

ကျေးဇူးရှင်အဘ မသေ ထွက် ထွက်သွားတာကိုသိလိုက် ကြောင့် ရင်ထဲဝယ်အတိုင်းမသိ မှုဖြစ်ရပါသည်။ ငါတို့အဘ မှမသေဘူး။ အခုထိရှိနေ အဘကိုတ,ပါက အဘအနှံ့ပင် မည်ဖြစ်ကြောင်း ကျွန်ုပ်ကော သိလိုက်ရပါတော့သည်။

[illegible]

ဘုမ္မိကြီးအတွက် အကောင်းဆုံးယတြာ

ဒေါ်ခင်ဝင်းသူ (မ.ဒ)

ဘုမ္မိကြီးသည် အလွန်ကြောက်စရာကောင်းပါသည်။ လူတိုင်းနီးပါးကြုံကြရပါသည်။ ဒါပေမယ့် ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးရိုသေကိုင်းရှိုင်းသူများ၊ ကိုယ်ကျင့်တရားကောင်းသူများ၊ ငါးပါးသီလမြဲသူများ၊ သမ္မာအာဇီဝကျတဲ့ ပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက်တော့ အနည်းငယ်သာဆိုးစေပြီး မာန်မာနထောင်လွှားသူများ၊ ကိုယ်ကျင့်တရားပျက်သူများ၊ မတရားအမြတ်ကြီးစားသူများ၊ မြတ်လမ်းစီးပွားစေရန် ရွာသူများအတွက်တော့ အဆိုးအားကောင်းစေပြီး လူသေ၊ ဘဝသေ၊ ပျက်စီး မှုတစ်ခုမဟုတ်တစ်ခု ကြုံတွေ့ကြ တယ်။ ဒါကြောင့် ရတနာသုံးပါး ဆရာသမား၊ ကျေးဇူးရှင်များကို ကန်တော့ပြီးငါးပါးသီလမြဲအောင် ကျင့်တရားကောင်းအောင်ကြိုးစား များသည် ဘုမ္မိကြီးအဆိုးမှ ကွယ်နိုင်ပါလိမ့်မည်။ ဘယ်သူတွေ လောက်ညှဲ့ညှဲ့ မိမိကလွတ်မြောက် လိမ့်မည်။ ဒါကြောင့် အလွန် စရာကောင်းတဲ့ဘုမ္မိကြီးနှင့်ကြုံ တဲ့အခါမှာ သက်သာခွင့်ရစေ ပြုလုပ်နိုင်သည့် အကောင်းဆုံး များကို တင်ပြလိုပါသည်။

(၇) ရက်သားသမီးများ ဘုမ္မိကြီးကျရောက်အသက်ပိုင်းများ

- တနင်္ဂနွေသားသမီး အသက် (၃၁) နှစ်၊ (၃၉) နှစ်။
- တနင်္လာသားသမီးအသက် (၄၇) နှစ်။
- အင်္ဂါသားသမီးအသက် (၃၉)နှစ်၊ (၄၇) နှစ်။
- ဗုဒ္ဓဟူးသားသမီးအသက် (၄၇)နှစ်၊ (၅၅) နှစ်။
- ကြာသပတေးသားသမီး အသက် (၅၅) နှစ်။
- သောကြာသားသမီး အသက် (၄၇) နှစ်။
- စနေသားသမီးအသက် (၄၇)နှစ်၊ (၅၅)နှစ်။

ဘုမ္မိကြီးယတြာနှင့်ပတ်သက်၍ နည်းနှစ်နည်းတင်ပြလိုပါသည်။ မိမိအဆင်ပြေရာ ယတြာကိုစွမ်းနိုင်သလောက် ပြုလုပ်နိုင်ပါသည်။

■ ပထမနည်း

၁။ ဂျုံကို လူပုံပြုလုပ်ပါ။ ဆံပင်၊ လက်သည်း၊ ခြေသည်းထည့်။ အင်္ကျီ၊ လုံချည်နဲ့တုပ်ပါ။ မိမိမွေးနေ့မတိုင်ခင် အတူအိပ်။ နံနက်လင်းလျှင် ဘုမ္မိအရပ်တွင် မြေမြှုပ်ပါ။ မြေမြှုပ်ရန်အခက်အခဲရှိသူများ ဘုမ္မိအရပ်တွင်ရှိသော အမှိုက်ပုံ(သို့) ရေထဲမျှောပါ။

၂။ (၇)ရက်ပြည့်လျှင် ခေါင်းလျှော်၊ ရေချိုးပြီး ဘုန်းကြီးဆွမ်းကပ် (သို့) ဘုန်းကြီးဆွမ်းကပ်(သို့)ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ပါ။

(၇)ရက်သားသမီးများ၏ဘုမ္မိအရပ်

တနင်္ဂနွေသားသမီးများ	တောင်အရပ်။
တနင်္လာသားသမီးများ	အနောက်တောင်အရပ်။
အင်္ဂါသားသမီးများ	အနောက်အရပ်။
ဗုဒ္ဓဟူးသားသမီးများ	အနောက်မြောက်အရပ်။
ကြာသပတေးသားသမီးများ	အရှေ့မြောက်အရပ်။
သောကြာသားသမီးများ	အရှေ့တောင်အရပ်။
စနေသားသမီးများ	မြောက်အရပ်။

ဒုတိယနည်း

ဘုမ္မိကြီးကျရောက်သည့်ဂြိုဟ်မှ စ၍ ဂြိုဟ်သက်အလိုက် ဖယောင်းတိုင်၊ အမွှေးတိုင်၊ ရေ၊ မိမိမဟာဘုတ်နဲ့အင်္ဂဝိဇ္ဇာမှ အသန့်ဆုံး(သို့)အကောင်းဆုံး အရွက်အခက်များကို လက်ယာရစ်ပတ်၍ ဂြိုဟ်တိုင်များတွင် လှူရမည်။ တစ်လတစ်ခါပြုလုပ်နိုင်ပါက ပို၍ကောင်းပါသည်။

(၆)နှစ် တနင်္ဂနွေဂြိုဟ်	(၁၅)နှစ် တနင်္လာဂြိုဟ်	(၈)နှစ် အင်္ဂါဂြိုဟ်
သောကြာဂြိုဟ် (၂၁)နှစ်		ဗုဒ္ဓဟူးဂြိုဟ် (၁၇)နှစ်
ရာဟုဂြိုဟ် (၁၂)နှစ်	ကြာသပတေး ဂြိုဟ် (၁၉)နှစ်	စနေဂြိုဟ် (၁၀)နှစ်

၁။ တနင်္ဂနွေသားသမီးများအတွက် အသက် (၃၁)နှစ်၊ (၃၉)နှစ်

(၁) ကြွင်း တနင်္ဂနွေ ဘင်္ဂဖွား၊ (၂) ကြွင်း တနင်္ဂနွေ အထွန်းဖွား၊ (၄) ကြွင်း တနင်္ဂနွေ အဓိပတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း သီဟိုဠ်(သို့) သခြေပန်း။**

(၃) ကြွင်း တနင်္ဂနွေ ရာဇဖွား၊ (၅) ကြွင်း တနင်္ဂနွေ မရဏဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ကံ့ကော် (သို့) ငွေပန်း။**

(၆) ကြွင်း တနင်္ဂနွေ သိုက်ဖွား၊ (၀)ကြွင်း တနင်္ဂနွေ ပုတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း မေမြို့ (သို့) ပျဉ်းမရွက်။**

ရာဟုဂြိုဟ်တိုင်မှစ၍ ဂြိုဟ်သက်အလိုက် လက်ယာရစ်လှူဒါန်းရမည်။ ဖယောင်းတိုင် (၁၀၈)တိုင်၊ အမွှေးတိုင် (၁၀၈)တိုင်၊ မိမိ၏ [illegible] (၁၀၈)ညွန့်၊ (၁၀၈) [illegible] ရေ(၁၀၈) [illegible]

မိမိမွေးနေ့ တနင်္ဂနွေနေ့ နံနက် (၉း၀၀)မှ (၁၀း၃၀)အတွင်း (သို့) ဗုဒ္ဓဟူးနေ့နံနက် (၆း၀၀) မှ (၇း၃၀) အတွင်း (သို့) ဗုဒ္ဓဟူးနေ့ ညနေ (၄း၃၀) မှ (၇း၃၀) အတွင်း လှူဒါန်းနိုင်ပါသည်။

မိမိ၏ ဆပွတ်နေ့သားဖြစ်သော သောကြာသားသမီးများမှလည်းလှူဒါန်း ပေးနိုင်ပါသည်။

၂။ တနင်္လာသားသမီးများအတွက် (အသက် ၄၇ နှစ်)

(၂) ကြွင်း တနင်္လာ ဘင်္ဂဖွား၊ (၃) ကြွင်း တနင်္လာ အထွန်းဖွား၊ (၅) ကြွင်း တနင်္လာ အဓိပတိဖွားများအတွက် **အသန့်ဆုံး ဆောင်ပန်း ထန်းညွန့်။**

(၄) ကြွင်း တနင်္လာ ရာဇဖွား၊ (၆) ကြွင်း တနင်္လာ မရဏဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ဇော်စိမ်း၊ ဇော်လုံး၊ ဆီးညွန့်။**

(၁) ကြွင်း တနင်္လာ ပုတိဖွား၊ (၀) ကြွင်း တနင်္လာ သိုက်ဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း သီဟိုဠ်ညွန့် (သို့) သပြေပန်း။**

သောကြာဂြိုဟ်တိုင်မှစ၍ ဂြိုဟ်သက်အလိုက် လက်ယာရစ်လှူရပါမည်။ ဖယောင်းတိုင် (၁၀၈) တိုင်၊ အမွှေးတိုင် (၁၀၈) တိုင်၊ ရေ (၁၀၈) ခွက် မိမိ၏ အသန့်ဆုံးဆောင်ပန်း (၁၀၈) ညွန့်၊ (၁၀၈) ရွက်။

မိမိ၏မွေးနေ့ တနင်္လာနေ့ နံနက် (၉း၀၀) မှ (၁၀း၃၀) အတွင်း (သို့) ကြာသပတေးနေ့ နံနက် (၆း၀၀) မှ (၇း၃၀) အတွင်း (သို့) ကြာသပတေးနေ့ ညနေ (၄း၃၀) မှ (၇း၃၀) အတွင်း လှူနိုင်ပါသည်။

မိမိ၏ ဆပွတ်နေ့သားသမီးဖြစ်သော စနေသားသမီးများလည်း လှူဒါန်းပေးနိုင်ပါသည်။

၃။ အင်္ဂါသားသမီးများအတွက် (အသက် (၃၉) နှစ်၊ (၄၇) နှစ်)

(၃) ကြွင်း အင်္ဂါ ဘင်္ဂဖွား၊ (၄) ကြွင်း အင်္ဂါ အထွန်းဖွား၊ (၆)ကြွင်း အင်္ဂါ အဓိပတိဖွားများအတွက် **အသန့်ဆုံး ဆောင်ပန်း အုန်းညွန့်။**

(၅) ကြွင်း အင်္ဂါ ရာဇဖွား၊ (၀) ကြွင်း အင်္ဂါ မရဏဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ရွက်လှ။**

(၁) ကြွင်း အင်္ဂါ သိုက်ဖွား၊ (၂) ကြွင်း အင်္ဂါ ပုတိဖွားများအတွက် **အသန့်ဆုံး ဆောင်ပန်း ထန်းညွန့်။**

တနင်္ဂနွေဂြိုဟ်တိုင်မှစ၍ ဂြိုဟ်သက်အလိုက် လက်ယာရစ်လှူရပါမည်။ ဖယောင်းတိုင် (၁၀၈) တိုင်၊ အမွှေးတိုင် (၁၀၈) တိုင်၊ ရေ (၁၀၈)ခွက်။ မိမိ၏ အသန့်ဆုံးဆောင်ပန်း (၁၀၈) ညွန့်၊ (၁၀၈) ရွက်။ မိမိ၏ မွေးနေ့ အင်္ဂါနေ့ နံနက် (၉း၀၀)မှ (၁၀း၃၀)အတွင်း (သို့) သောကြာနေ့ နံနက် (၆း၀၀) မှ (၇း၃၀) အတွင်း (သို့) သောကြာနေ့ ညနေ (၄း၃၀) မှ (၇း၃၀) အတွင်း လှူနိုင်ပါသည်။

မိမိ၏ ဆပွတ်နေ့သားဖြစ်သော တနင်္ဂနွေသားသမီးများမှလည်း လှူပေးနိုင်ပါသည်။

၄။ ဗုဒ္ဓဟူးသားသမီးများအတွက် (အသက် (၄၇) နှစ်၊ (၅၅) နှစ်)

(၄)ကြွင်း ဗုဒ္ဓဟူး ဘင်္ဂဖွား၊ (၅) ကြွင်း ဗုဒ္ဓဟူး အထွန်းဖွား၊ (၀)ကြွင်း ဗုဒ္ဓဟူး အဓိပတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ကံ့ကော်ညွန့် (သို့) ငွေပန်း။**

(၆) ကြွင်း ဗုဒ္ဓဟူး ရာဇဖွား၊ (၁) ကြွင်း ဗုဒ္ဓဟူး မရဏဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း မေမြို့ပန်း (သို့) ပျဉ်းမရွက်။**

(၂) ကြွင်း ဗုဒ္ဓဟူး သိုက်ဖွား၊ (၃) ကြွင်း ဗုဒ္ဓဟူး ပုတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း အုန်းညွန့်။**

မိမိ၏ အသန့်ဆုံးဆောင်ပန်း (၁၀၈) ညွန့်၊ (၁၀၈)ရွက်။ မိမိ၏မွေးနေ့ ဗုဒ္ဓဟူးနေ့နံနက် (၉း၀၀) မှ (၁၀း၃၀) အတွင်း (သို့) စနေနေ့ နံနက် (၆း၀၀)မှ (၇း၃၀)အတွင်း (သို့) စနေနေ့ ညနေ (၄း၀၀)မှ (၇း၃၀) အတွင်း လှူနိုင်ပါသည်။

မိမိ၏ဆပွတ်နေ့သားဖြစ်သော တနင်္လာသားသမီးများမှလည်း လှူပေးနိုင်ပါသည်။

၅။ ကြာသပတေးသားသမီးများအတွက် (အသက် (၅၅)နှစ်)

(၅)ကြွင်း ကြာသပတေး ဘင်္ဂဖွား၊ (၆)ကြွင်း ကြာသပတေး အထွန်းဖွား၊ (၁)ကြွင်း ကြာသပတေး အဓိပတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ဇော်စိမ်း (သို့) ဆီးညွန့်။**

(၀)ကြွင်း ကြာသပတေး ရာဇဖွား၊ (၂)ကြွင်း ကြာသပတေး မရဏဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း သီဟိုဠ်ရွက် (သို့) သပြေပန်း။**

(၃)ကြွင်း ကြာသပတေး သိုက်ဖွား၊ (၄) ကြွင်း ကြာသပတေး ပုတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ကံ့ကော်ညွန့် (သို့) ငွေပန်း။**

ဗုဒ္ဓဟူးဂြိုဟ်တိုင်မှစ၍ ဂြိုဟ်သက်အလိုက် လက်ယာရစ်လှူရပါမည်။ ဖယောင်းတိုင် (၁၀၈) တိုင်၊ အမွှေးတိုင် (၁၀၈) တိုင်၊ ရေ (၁၀၈)ခွက်။ မိမိ၏ အသန့်ဆုံးဆောင်ပန်း (၁၀၈) ညွန့်၊ (၁၀၈) ရွက်။

မိမိ၏ မွေးနေ့ ကြာသပတေးနေ့ နံနက် (၉း၀၀) မှ (၁၀း၃၀) အတွင်း (သို့) တနင်္ဂနွေနေ့ နံနက် (၆း၀၀) မှ (၇း၃၀) အတွင်း (သို့) တနင်္ဂနွေနေ့ ညနေ (၄း၃၀)မှ (၇း၃၀) အတွင်း လှူနိုင်ပါသည်။

မိမိ၏ ဆပွတ်နေ့သားဖြစ်သော အင်္ဂါသားသမီးများမှလည်း လှူဒါန်းပေးနိုင်ပါသည်။

၆။ သောကြာသားသမီးများအတွက် (အသက် (၄၇) နှစ်)

(၆) ကြွင်း သောကြာ ဘင်္ဂဖွား၊ (၀) ကြွင်း သောကြာ အထွန်းဖွား၊ (၂) ကြွင်း သောကြာ အဓိပတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ရွက်လှ။**

(၁) ကြွင်း သောကြာ ရာဇဖွား၊ (၃) ကြွင်း သောကြာ မရဏဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ထန်းညွန့်။**

(၄) ကြွင်း သောကြာ သိုက်ဖွား၊ (၅) ကြွင်း သောကြာ ပုတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ဇော်စိမ်း (သို့) ဆီးညွန့်။**

ကြာသပတေးဂြိုဟ်တိုင်မှစ၍ ဂြိုဟ်သက်အလိုက် လက်ယာရစ်လှူရပါမည်။ ဖယောင်းတိုင် (၁၀၈) တိုင်၊ အမွှေးတိုင် (၁၀၈) တိုင်၊ ရေ (၁၀၈) ခွက်။ မိမိ၏အသန့်ဆုံးဆောင်ပန်း (၁၀၈) ညွန့်၊ (၁၀၈) ရွက်။

မိမိ၏မွေးနေ့သောကြာနေ့ နံနက် (၉း၀၀) မှ (၁၀း၃၀) အတွင်း (သို့) တနင်္လာ နေ့နံနက် (၆း၀၀)မှ (၇း၃၀) အတွင်း (သို့) တနင်္လာနေ့ ညနေ (၄း၃၀) မှ (၇း၃၀) အတွင်း လှူနိုင်ပါသည်။

မိမိ၏ ဆပွတ်နေ့သားဖြစ်သော ဗုဒ္ဓဟူးသားသမီးများမှလည်း လှူဒါန်းပေးနိုင်ပါသည်။

၇။ စနေသားသမီးများအတွက် (အသက် (၄၇) နှစ်၊ (၅၅) နှစ်)

(၀) ကြွင်း စနေ ဘင်္ဂဖွား၊ (၁) ကြွင်း စနေ အထွန်းဖွား၊ (၃) ကြွင်း စနေ အဓိပတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း မေမြို့ပန်း (သို့) ပျဉ်းမရွက်။**

(၂) ကြွင်း စနေ ရာဇဖွား၊ (၄) ကြွင်း စနေ မရဏဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း အုန်းညွန့်။**

(၅) ကြွင်း စနေ သိုက်ဖွား၊ (၆) ကြွင်း စနေ ပုတိဖွားများအတွက် **အသန့်ဆုံးဆောင်ပန်း ရွက်လှ။**

အင်္ဂါဂြိုဟ်တိုင်မှစ၍ ဂြိုဟ်သက်အလိုက် လက်ယာရစ်လှူရပါမည်။ ဖယောင်းတိုင် (၁၀၈) တိုင်၊ အမွှေးတိုင် (၁၀၈) တိုင်၊ ရေ (၁၀၈) ခွက်။

မိမိ၏ အသန့်ဆုံးဆောင်ပန်း (၁၀၈) ညွန့်၊ (၁၀၈) ရွက်။ မိမိ၏မွေးနေ့ စနေနေ့ နံနက် (၉း၀၀) မှ (၁၀း၃၀) အတွင်း (သို့) အင်္ဂါနေ့နံနက် (၆း၀၀)မှ (၇း၃၀) အတွင်း လှူနိုင်ပါသည်။

မိမိ၏ ဆပွတ်နေ့သားဖြစ်သော ကြာသပတေးနေ့သားသမီးများမှလည်း လှူဒါန်းပေးနိုင်ပါသည်။

မိမိ၏ ဘုမ္မိကြီးကျရောက်သော နှစ်များတွင် မိမိစွမ်းနိုင်သလောက် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်သလို အထက်ပါယတြာများပြုလုပ်ခြင်းလည်းကောင်း ဘုမ္မိကြီးအဆိုးဘေးမှ ကာကွယ်နိုင်လိမ့်မည်။

ဆရာကျော်[illegible]

[illegible]

ရွှေနွယ်ရိုး

အစွမ်းထက်မြက် သံသတ်ရွက်

ကလေးသူငယ်များ၏ ဝမ်းဗိုက်ထဲတွင် သန်ကောင်များရှိနေပါက (သန်ကောင်) ရောဂါစွဲကပ်နေပါက စားသောက်သမျှမှာ အာဟာရမဖြစ်ဘဲ ဗိုက်ပူနံကားကလေးနှင့် ပိန်ချုံးချည့်နဲ့ အားအင်မဲ့နေတတ်ပါသည်။

ထိုအခါတွင် သံသတ်ရွက်ကို နုတ်နုတ်စဉ်း၍ ကုလားပဲမှုန့်၊ ဆန်မှုန့် အနည်းငယ်နှင့် သစ်ရွက်ကြော်မုန့်ကြော်၍ အဝကျွေးလိုက်ပါက တစ်ကြိမ်တည်းနှင့် သန်ကောင်ရောဂါပျောက်ကင်းကာ ဗိုက်ပူနံကားနှင့် ပိန်ချုံးချည့်နဲ့မနေတော့ဘဲ အားအင်တိုးပြီး ဝဖြိုးလာပါလိမ့်မည်။ သစ်ရွက်စိမ်းအနံ့ အနည်းငယ်ထွက်ပြီး ခါးခါးတတ်၊ အခါးအရသာမသိမသာရှိတတ်သဖြင့် ကလေးငယ်များ တစ်ခါတည်းအဝမစားနိုင်ပါက စားနိုင်သမျှ ကြိမ်ကြိမ်ကျွေးပါ။

ခြားနားချက်မှာ တစ်ကြိမ်တည်းနှင့် အဝစားနိုင်ပါက မည်သည့်ဒွါရပေါက်ကမျှ သန်ကောင်များကျဆင်းမလာဘဲ ဝမ်းဖြောဖြောသွားကာ သန်ကောင်ရောဂါပျောက်ကင်းသွားတတ်ပါသည်။ [illegible]မဟုတ်ဘဲ တစ်ခါစားနည်းနည်းနှင့် အကြိမ်ရေများများစားပါမှ စအိုဝမှ သန်ကောင်နှင့် တုတ်ကောင်အရှင်များ ဝမ်းနှင့်အတူ ရောနှောကျဆင်းလာတတ်ပါသည်။ ဝမ်းမှာလည်းဖြောဖြောလျှောလျှောမဟုတ်ဘဲ ပုံမှန်သာသွားတတ်ပါသည်။

သံသတ်ရွက်မှာ သကို နငယ်သတ်နှင့်ရေးရသော သန်ကောင်ရောဂါကို နိုင်သလို သကို သေးသေးတင်နှင့်ရေးရသော သံကိုလည်း နိုင်နင်းပါသည်။ ထို့ကြောင့်လည်း အစွမ်းထက်မြက် သံသတ်ရွက်ဟု ဆိုလိုက်ရခြင်း ဖြစ်ပါသည်။

ချက်ပြုတ်ရေးသုံး သံဒယ်၊ သံအိုး၊ သံခွက်၊ သံဇုံ၊ သံကျည်ပွေ့၊ သံအုပ်ဆောင်း၊ သံဆန်ကာ စသော သံထည်ပစ္စည်းများကြောင့်ဖြစ်တတ်သည့် ဝမ်းနှင့်သက်ဆိုင်သော ရောဂါအမျိုးမျိုးဖြစ်ပွားရလေအောင် သံသတ်ရွက်ဖြင့်ကြိုတင် ကာကွယ်နိုင်ပါသည်။

သာရေးနာရေးများတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးထမ်းစဉ်လာအရ အကျွေးအမွေးအစားအသောက်တို့ဖြင့် ဧည့်ခံလေ့ရှိကြပါသည်။ ထိုအခါ ချက်ရေးပြုတ်ရေးသုံး အထက်ဖော်ပြပါ သံထည်ပစ္စည်းအိုးခွက်များမသန့်ရှင်းပါက စားသောက်မိသူများမှာ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းနာ၊ ဝမ်းကိုက်၊ ဗိုက်နာ၊ လေအောင့်၊ အော့အန်၊ အထက်လှန်အောက်လျှော၊ ဝမ်းဖောဝမ်းရောင် စသော ဝမ်းနှင့်ပတ်သက်သည့်ရောဂါဘယများဖြစ်တတ်ကြပါသည်။ များသောအားဖြင့် ကလေးသူငယ်များ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးဓာတ်ခံညံ့ဖျင်းအားနည်းသူများတွင် ဖြစ်လေ့ဖြစ်ထရှိပါသည်။ အချို့မှာ ရောဂါပြင်းထန်၍ အတွင်းလူနာများအဖြစ် ဆေးရုံတက်ကုသရတတ်ပါသည်။

ဤသို့ဖြစ်ရခြင်း၏အကြောင်းရင်းများတွင် အထက်ဖော်ပြပါ ချက်ပြုတ်ရေးသုံး သံထည်ပစ္စည်းများမသန့်ရှင်းမှုသည်လည်း အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အသုံးမပြုသည်မှာကြာပြီဖြစ်သော အထက်ဖော်ပြပါ ချက်ပြုတ်ရေးသုံးသံထည်ပစ္စည်းများကို ဆေးကြောရာတွင် သာမန်ဆေးကြောရုံမျှနှင့် အပြင်အားဖြင့် သန့်ရှင်းသည်ဟုထင်ကာ ချက်ပြုတ်ရာ၌သုံးစွဲမိပါက အထက်ဖော်ပြပါ ရောဂါများဖြစ်ပွားတတ်ပါသည်။ ယင်းကို ချက်စားမိ၍ဖြစ်ရသည်ဟု အညာတွင် ပြောလေ့ပြောထရှိကြပါသည်။

အသုံးမပြုဘဲထားသည်မှာကြာပြီ ဖြစ်သော အထက်ဖော်ပြပါ ချက်ပြုတ်ရေးသုံးသံထည်ပစ္စည်းများကို သန့်ရှင်းသွားအောင်ဆေးကြောရာတွင် သံသတ်ရွက်မှာ အလွန်အစွမ်းထက်ပါသည်။

ဆေးကြောလိုသည့် သံဒယ်၊ သံအိုးထဲတွင် သံသတ်ရွက်လတ်လတ်ဆတ်ဆတ်ကို လေးပုံတစ်ပုံခန့်ထည့်ပါ။ ရေကို သုံးပုံနှစ်ပုံထည့်ပါ။ ရေများပွက်ပွက်ဆူလာသည့်တိုင်ပြုတ်ပေးပါ။ တပွမ်းပွမ်းနှင့်ဆူပွက်လာသောအခါ စိမ်းညိုရောင်အမြှုပ်များနှင့် စိမ်းရွှေရွှေအနံ့များထွက်လာပါလိမ့်မည်။ ကြာကြာလေးဆက်ပြုတ်ပါက အမြှုပ်နှင့်အနံ့များသေသွားကာ ရေများမည်းနက်လာပါလိမ့်မည်။ ရေခန်းလုနီးပါးအထိပြုတ်ပြီး အအေးခံထားလိုက်ပါ။ ကိုင်နိုင်ရုံအထိအေးလာပြီဆိုလျှင် ရေရောသံသတ်ရွက်ပါ အားလုံးကုန်သွန်ပစ်ပြီး ခြောက်သွေ့သွားအောင် အဝတ်သန့်သန့်ဖြင့်သုတ်ပေးပါ။ အညစ်အကြေးနှင့်အဆိပ်အတောက်များအားလုံး ပြေပျောက်ကာ လုံးဝသန့်ရှင်းသွားပြီဖြစ်၍ ချက်ပြုတ်ရာတွင် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ပါပြီ။

သံသတ်ပင်မှာ အကြေရောအညာပါ မြန်မာပြည်တစ်နံတစ်လျား အနှံ့အပြန့် ပေါက်ရောက်လေ့ရှိသောအပင်မျိုးဖြစ်ရာ သံသတ်ရွက်ကို အလွယ်တကူရရှိနိုင်ပါကြောင်း အသိပေးရင်း အစွမ်းထက်မြက်သံသတ်ရွက်ဆေးမြီးတိုကို ဖောက်သည်ချပေးလိုက်ရပါသည်။

ရွှေနွယ်ရိုး

ဆရာဦးမောင်မောင်သန်း

(ဂုဏ်ထူးဆောင်ပါမောက္ခ)

စာမေးပွဲဖြေဆိုကြမယ့်ကလေးများအတွက် အောင်ပွဲဝင်အစီအရင်

ကလေးတို့ -

စာမေးပွဲကြီးနီးလာပြီ။

အောင်မြင်ချင်တဲ့စိတ်ဆန္ဒပြင်းပြပြီး ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ကြိုးစားခဲ့ကြတဲ့ ကလေးတို့အတွက် အောင်မြင်မှုကြီးရဖို့ နီးနေပါပြီ။

တစ်နှစ်လုံး ကြိုးစားခဲ့ကြတဲ့ အတွက် -

စိတ်ကို ပေါ့ပေါ့ပါးပါးသာထားပြီး လန်းဆန်းကြည်လင်နေအောင်သာနေရင်း အောင်မြင်ခြင်းတံခါးတွေဖွင့်လိုက်ပေတော့။

အချိန်နဲ့စား၊ အချိန်နဲ့ကစား၊ အချိန်နဲ့အိပ်၊ အချိန်နဲ့စာကျက်ကြတဲ့ ကလေးတို့အတွက် အောင်မြင်မှုကြီးတွေကစောင့်နေပါပြီ။

အရေးကြီးတာ အိပ်ရေးပျက်မခံဖို့ဘဲ။

အစာကိုလည်း ရင်ပြည့်စာတွေ၊ ခေါင်းမူးစာတွေ များများမစားမိဖို့ ဂရုစိုက်။ အာဟာရဖြစ်တာကိုစား၊ ခွန်အားဖြစ်မှာကိုစား။ ဖြစ်သလို လက်ဖက်သုပ်လေးနဲ့ပဲစားပြီး စာတွေကျက်မယ်မလုပ်နဲ့။ လေထိုးလေနာလေအောင့်ရင် လူပါ မရွှင်လန်းတတ်ဘူး။ ဒါကြောင့် ဖြစ်သလိုလည်းမစားနဲ့။

ဂိမ်းတွေမဆော့နဲ့တော့။ ဆော့နေတုန်းဆိုရင်လည်း လျှော့လိုက်တော့၊ ရပ်လိုက်တော့။

ဖုန်းတွေလည်း တအားကြည့်ပြီး အာရုံတွေစိုက်မနေနဲ့။

ဖုန်းမှာချည်းပဲစိတ်ကိုမထားနဲ့။

ကစားရင်လည်း အရမ်းပင်ပန်းပြီး ကိုယ်တွေလက်တွေမလှုပ်ချင်မသယ်ချင်ဖြစ်လာတဲ့ထိ မကစားနဲ့။

ကိုယ့်ချွေးနဲ့ကိုယ် ပြန်ပြီးအအေးပတ်အောင်လည်းမနေနဲ့။

ဒီအချိန်လေးဟာ အောင်မြင်မှုကြီးကိုလှမ်းဆွတ်ယူနိုင်ဖို့ လက်တစ်ကမ်းပဲလိုတော့တယ်။

အိပ်ချိန်တအားနည်းလွန်းပြီး စာကျက်တဲ့အခါငိုက်နေရင်၊ ခေါင်းမကြည်နေရင်လည်း အလကားပဲ။ ပိုပြီးထိုင်းသွားလိမ့်မယ်။

ဒါကြောင့် အိပ်ရေးလည်းဝအောင်အိပ်။

ကျဆုံးခြင်း၊ ကျရှုံးခြင်း၊ ပြိုပျက်ခြင်း၊ ပျက်ကျခြင်း၊ လဲကျခြင်း၊ နာလန်မထူခြင်းဆိုတဲ့ ရှင်သန်ခြင်းရဲ့ဆန့်ကျင်ဘက်အဓိပ္ပာယ်ရှိနေတဲ့သီချင်းတွေ နားမထောင်နဲ့ဦး။ အဲဒီလိုအဓိပ္ပာယ်မျိုးထွက်တဲ့ ရုပ်ရှင်ဗီဒီယိုတွေလည်းမကြည့်နဲ့ဦး။ ခဏထားဦး။

ကလေးတို့ရဲ့အောင်မြင်မှုအတွက် မင်္ဂလာယူလိုက်ပါဦး။

ယုံတာမယုံတာ၊ လက်ခံတာ လက်မခံတာတွေ ခဏထားပါ။

ဒီအချိန်လေးဟာ ကလေးတို့အတွက် အောင်မြင်မှုတွေကို လှမ်းဆွတ်ယူရတော့မှာမို့ အကောင်းဆုံး အကြံပြုနေတာပါ။

ဖြစ်နိုင်ရင် စိတ်နှလုံးသားကိုထိခိုက်နာကျင်သွားစေနိုင်မယ့်အရာမှန်သမျှ ခဏရှောင်ထားပါ။ ထိတ်လန့်တတ်တဲ့ ကလေးမျိုးဆိုရင်လည်း ထိတ်လန့်သွားမှာမျိုးတွေခဏရှောင်ထားပါ။

တထိတ်ထိတ်တလန့်လန့်နဲ့ စာမေးပွဲနီးမှ ရင်တွေတုန်ပြီးစိတ်အစွဲကြီးဖြစ်နေပြီး စာမေးပွဲတောင်မဖြေနိုင်တော့တဲ့ကလေးမျိုး၊ ကျက်မှတ်ထားသမျှတောင် ဘယ်လိုမှအစဖော်မရတဲ့ စိတ်ကစဉ့်ကလျားဖြစ်သွားတဲ့ကလေးမျိုးတွေ့ဖူးလို့ပါ။ တစ်ယောက်တင်မကပါဘူး တွေ့ဖူးတာပါ။

ဒါကြောင့် စိတ်ကိုထိခိုက်သွားစေမယ့်မြင်ကွင်းမျိုး၊ အသံမျိုးရှောင်ထားပါ။

ကလေးတို့ဟာ တကယ့်လူ့ရည်ချွန်လေးတွေပါ။

အောင်မြင်မှုကို လှမ်းဆွတ်ယူကြတော့မယ့်သူတွေပါ။

ဒါကြောင့်မို့ -

အနန္တောအနန္တငါးပါးကို မပြစ်မှားမိပါစေနဲ့။

မပြစ်မှားမိပါစေနဲ့ဆိုတာမှာ အမျိုးမျိုးရှိတယ်။

မိဘကို စိတ်ထိခိုက်သွားအောင်မလုပ်မိပါစေနဲ့။ ပြန်အော်တာမျိုးတွေ၊ ပြန်ခံပြောတာမျိုးတွေရှောင်ပါ။

ခုချိန်ထိ (၁၀) တန်းကို ဘယ်လိုဖြေဖြေမအောင်တဲ့ ကလေးတွေထဲက တစ်ယောက်ဆိုရင် သူက မိဘကိုစကားမပြောဘဲ လေးငါးရက်နေတတ်တယ်။ သူ့ကို မိဘကပြောရင်ဆိုရင် သူက ခပ်ရိုင်းရိုင်းတုံ့ပြန်တယ်။ ခါးထောက်ပြီး မိဘကို လက်ညှိုးငေါက်ငေါက်ထိုးပြောတယ်။ တိုင်းထွာဆဲဆိုပြောတယ်။ အမေတို့ဘာနားလည်လို့လဲ၊ အဖေကရောဘာတွေသိဘာတွေတတ်လို့ ဆရာကြီးလုပ်တာလဲဆိုတဲ့ ရင့်ရင့်သီးသီးစကားတွေ တအားသုံးတယ်။ အိမ်မကပ်ဘူး၊ လေပေနေတယ်။

အဲဒီကလေးတွေ ခုထိတော့ ဖြေနေကြတုန်းပါပဲ။

သူတို့လေးတွေနဲ့ အောင်မြင်မှုနဲ့ ဝေးနေကြတာကိုကြည့်ပြီး စိတ်မကောင်း ပါဘူး။

တချို့ကလေးတွေဆို အကြံပေးလို့တောင်မရဘူး။

သူငယ်ချင်းအပေါင်းအသင်းတချို့ရဲ့ ဖြော ဟန်ဆိုဟန်နေဟန်တိုင်းဟန်။ မိဘကို ပြန်လှန်ခံပြောဟန်တွေကို သူတို့ရင်ထဲမှာ အတုတွေခိုးပြီး အဲဒီအတိုင်းလျှောက်နေကြတယ်။ မိဘတွေခမျာ မပြောရဲရှာဘူး။ မိဘ အဲဒီလိုဖြစ်တယ်ဆို ကထဲက ဘယ်

လာကောင်းပါတော့မလဲ။ မိဘနဲ့ ထိပ်တိုက်ဖြစ်ပြီဆိုတာနဲ့ အုတ်ထရံကို ကိုယ့်ခေါင်းနဲ့ပြေးဆောင့်လိုက်သလိုပါပဲ။

ဒါကြောင့် ရတနာမြတ် (၃) ပါးနဲ့ မိဘဆရာကို မပြစ်မှားမိပါစေနဲ့။

ဒါဖြင့် -

ကလေးတို့ မနက်အိပ်ရာက နိုးတာနဲ့ မျက်နှာသစ်ပြီး ဘာမှမစားခင် 'အောင် အရဟံ နမော ဗုဒ္ဓါယ သိဒ္ဓိ ဘဂဝါ' ဆိုပြီး တစ်ခွန်းချင်း ပီပီသသ ရှိုရှိုသေသေရွတ်ပြီး ဘုရားရှိခိုးပါ။ (၂၇) ခေါက်တိတိရွတ်ပါ။

စာကျက်ခါနီးရင်လည်း သတိတရ တစ်ခေါက်နှစ်ခေါက်သုံးခေါက်လောက် အာရုံပြုပြီး ရွတ်လိုက်ပြီးမှကျက်ပါ။

ကျက်မှတ်ရတဲ့ စာအုပ်တွေကို အိပ်တဲ့ခေါင်းရင်းဘေးနားလေးမှာထားပါ။ ခြေရင်းမှာမထားပါနဲ့။

ကိုယ့်စိတ်ထဲက ခက်ခဲနေတယ် ထင်တဲ့ ဘာသာရပ်ထဲက ရေးတဲ့စာအုပ်တစ်အုပ်ကို ခေါင်းအုံးအောက်မှာထား အိပ်ပါ။ မနက်မှပြန်ထုတ်ပါ။ မဖြေခင် ညတိုင်းပြုလုပ်ပါ။

ဒါက -

အဆောင်မှာနေပြီးဖြေကြတော့မယ့် ကလေးလေးတွေရော အိမ်မှာနေကြတဲ့ကလေးလေးတွေရော အချိန်မပေးဘဲ ပေါ့ပေါ့ပါးပါးပြုလုပ်ရမှာလေးတွေပါ။

အိမ်မှာနေကြတဲ့ကလေးတွေက -

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ (၂၇) ခေါက်ရွတ်ပြီး ဘုရားရှိခိုးပါ။ ဘုရားရှင်ကို သစ်သီး၊ ဆွမ်း၊ ရေချမ်း၊ အမွှေးနံ့သာ၊ ပန်းပူဇော်ချင်တာနဲ့ ပူဇော်ပါ။

ပြီးရင် ရှင်သာရိပုတ္တရာရဟန္တာ မထေရ်အရှင်မြတ်ကြီးကိုရှိခိုးပြီး အဆင်ပြေသလိုပူဇော်ပါ။

ပြီးရင် သူရဿတီမယ်တော်ကြီး ကိုရှိခိုး၊ အဆင်ပြေသလို ပူဇော်ပါ။ အဆင်ပြေသလို ပူဇော်ဆိုတာက သောက်တော်ရေတစ်ခွက်နဲ့ပဲပူဇော်ပူဇော်၊ အမွှေးတိုင်တစ်တိုင်နဲ့ပဲ ပူဇော်ပူဇော် ပူဇော်ပါ။

ဒီ အောင်ပွဲဝင်အစီအရင်ကိုစပြီး ဖတ်မိတဲ့နေ့ စာမေးပွဲမဖြေခင် (၁၀)ရက် မိမိ၊ တစ်ပတ်မိမိ မိတဲ့နေ့ကစပြီး ပြုလုပ်ပါ။

စဖြေမယ့်နေ့မှာ -

ဘုရားကို ပန်းပေါင်းစုံ (၅) မျိုးနဲ့ ပူဇော်ပါ။

တနင်္ဂနွေနာမည်ရှင်က သစ်သီး တစ်မျိုးမျိုးကို အခွံခွာ၊ အစိတ်လေးတွေ လုပ်ပြီး ကပ်လှူပူဇော်။

တနင်္လာနာမည်ရှင်က ထောပတ်သီး ဒါမှမဟုတ် ထန်းလျက်နဲ့ဆွမ်းကပ်။

အင်္ဂါနာမည်ရှင်က အုန်းသီးစိတ်လေးတွေလုပ်ပြီးဆွမ်းကပ်။ (အုန်းသီး တစ်လုံးဆို (၃) ရက်လောက်ကပ်လို့ရတယ်။)

ဗုဒ္ဓဟူးနာမည်ရှင်က ကြံတစ်ထွာလောက်ကို အခွံခွာ၊ အရစ်ကလေးတွေ တုံးပြီး ပန်းကန်ပြားထဲထည့် ဘုရားပူဇော်ပါ။ ခက်နေရင် ကော်ဖီ ဒါမှမဟုတ် ကိတ်မုန့်နဲ့ ပူဇော်ပါ။

ကြာသပတေးနာမည်ရှင်က ဆီးသီးနဲ့ပူဇော်ပါ။

သောကြာနာမည်ရှင်က လက်ဖက်ရည် ရွှေကြည် (ရွှေရင်အေး) တစ်မျိုးမျိုးနဲ့ ပူဇော်ပါ။

စနေနာမည်ရှင်က ပေါက်ပေါက်၊ မုန့်လုံးရေပေါ် အဆင်ပြေတာနဲ့ ပူဇော်ပါ။

ပန်းပေါင်းစုံ (၅) မျိုးက အားလုံး အတူတူ ပူဇော်ကြရမှာဖြစ်ပါတယ်။ နွမ်းမှလဲပါ။ မနွမ်းရင်မလဲပါနဲ့။

ပန်းလှူတာရယ်နံ့သင့်အသီးတွေနဲ့ နေ့စဉ်ပူဇော်တာရယ်ကို မိဘတွေက စီစဉ်ပြုလုပ်ပေးလို့ရပါတယ်။ ကလေးတွေကကပ်လှူပူဇော်ရင်ရပါပြီ။

ပြီးတာနဲ့ ရှင်သာရိပုတ္တရာရဟန္တာ မထေရ်အရှင်မြတ်ကြီးကို ပူဇော်ပါ။

ပြီးရင် သူရဿတီမယ်တော်ကြီးကို ပူဇော်ပါ။

ပြီးရင် မိဘနှစ်ပါးကို ပြောမှားဆိုမှားအမှားအရာများရှိတာတွေနဲ့ပတ်သက်ပြီး ဝန်ချတောင်းပန်ကန်တော့ပါ။

ပြီးရင် အာစရိယဆရာသခင်ကျေးဇူးရှင်များကို ကန်တော့ပါ။

သွားဖြေလို့ရပါပြီ။

အဆောင်မှာနေပြီးဖြေကြမယ့် ကလေးတွေအတွက် မိဘတွေက အိမ်က စီရင်ပေးရင်ရပါတယ်။ ကလေးတွေက ရည်မှန်းကန်တော့ရုံပဲရပါလိမ့်မယ်။

စိတ်အေးချမ်းသာစွာဖြေပါ။

ဘာမှမလောပါနဲ့။

မေးခွန်းကို သေချာဖတ်တာတို့ ဖြေပြီးတဲ့အဖြေတွေကို သေချာပြန်စစ်တာတို့က ကလေးတွေနားလည်တတ်ကျွမ်းပြီးသားပါ။ သင်ကြားပြသပေးခဲ့တဲ့ ဆရာဆရာမများ လေ့ကျင့်ပေးထားပြီးသားပါ။ ဒါကြောင့် ကလေးတို့အတွက် အခက်အခဲမရှိနိုင်ပါဘူး။

'အရေးကြီးတာက'

အိမ်မှာနေပြီး ဖြေဆိုမယ့်ကလေးဖြစ်ဖြစ်၊ အဆောင်မှာနေပြီးဖြေဆိုမယ့် ကလေးဖြစ်ဖြစ် မိဘတွေပြုလုပ်ရမှာရှိပါတယ်။

(ဒီအစီအရင်စဖတ်ပြီးချိန်ကစပြီး စာမေးပွဲဖြေပြီးတဲ့နေ့အထိပြုလုပ်ပါ။)

ကိုယ့်ကလေးဟာ -

တနင်္ဂနွေနာမည်ရှင်ဖြစ်ရင် အရင်ဆုံး သစ်သီးတစ်ခုခုကို စတီးစားလိုက်ပါ။ ပြီးရင် ပုလဲပေါက်ဒီဇိုင်း၊ အစက်ပြောက်ဒီဇိုင်းပါတဲ့အကျႌပါတဲ့ အကျႌဝတ်ပြီး ကလေးအတွက် စီရင်ပါ။

စီရင်ရမှာက ကလေးအကျႌတထည်ကို ကိုယ့်ညာလက်နဲ့ကိုင်၊ ကိုယ့်ရင်ဘတ်မှာထိထားပြီး ဘုရားဂုဏ်တော်တွေကို ရွတ်ဆိုပါ။ (၁၀) မိနစ်လောက် အာရုံစူးစိုက်ပြီးရွတ်ပါ။ အခေါက်ရေ မမှတ်ပါနဲ့။ ပြီးရင် ကလေးအကျႌကို နေရာသူ့ပြန်ထားပါ။ နောက်နေ့ နောက်တစ်ထည်ပြုလုပ်ပါ။

(အကျႌအဆင်ဒီဇိုင်းအရောင်ဝတ်ပြီးရွတ်ဖတ်ရမှာက ရွတ်နေတဲ့ (၁၀)မိနစ်မှာပါပဲ။ အကျႌအရောင်က အစီအရင်မှာ ပါနေလို့ပါ။ ပြီးတာနဲ့ ဒီပြင်အရောင်ပြန်ဝတ်ရင်ရပါပြီ။)

ကိုယ့်ကလေးဟာ -

တနင်္လာနာမည်ရှင်ဖြစ်ရင် အရင်ဆုံး စနေနံတစ်ခုခုစားပါ။ အရောင်ရင့်တဲ့အကျႌဝတ်ဆင်ပြီး ပြုလုပ်ပေးပါ။

အင်္ဂါနာမည်ရှင်ဖြစ်နေရင် အရင်ဆုံး အုန်းသီးစိတ်စတီးစားလိုက်ပါ။ (ဥ-[illegible]) ပြီးရင် အနီရောင်ပါတဲ့ အကျႌဝတ်ပြီးပြုလုပ်ပါ။

ဗုဒ္ဓဟူးနာမည်ရှင်ဖြစ်နေရင် အရင်ဆုံး ကော်ဖီ၊ ကြံရည်၊ ကိတ်တစ်ခုခုစားပါ။ ပြီးရင် အကျႌအဖြူရောင်ဝတ်ပြီး ပြုလုပ်ပါ။

ကြာသပတေးနာမည်ရှင်ဖြစ်နေရင် အရင်ဆုံး ဆီးသီး၊ စမူဆာစတီးစားပါ။ ပြီးရင် အဖြူအနီရောင်ထွေးတဲ့အရောင်ရှိတဲ့အကျႌ ဒါမှမဟုတ် ထုံးနနွင်းရောင်ပါတဲ့အကျႌဝတ်ပြီးပြုလုပ်ပါ။

သောကြာနာမည်ရှင် ဖြစ်နေရင် အရင်ဆုံး ဗုဒ္ဓဟူးနံတစ်ခုခုစားပါ။ ဘာမှမရှိရင် ရေသောက်ပါ။ ပြီးရင် အစိမ်းရောင် ဒါမှမဟုတ် ရွှေရောင်ပါတဲ့အကျႌဝတ်ပြီးပြုလုပ်ပါ။

စနေနာမည်ရှင်ဖြစ်နေရင် အရင်ဆုံး ပေါင်မုန့်စားလိုက်ပါ။ ပြီးရင် အရောင် [illegible]ရောင်ဖျော့အကျႌဝတ်ပြီး ပြုလုပ်ပါ။

တစ်နေ့ကို (၁၀) မိနစ်ပဲ ပြုလုပ်ပါ။

ကလေးသွားဖြေတဲ့နေ့မှာ လိုက်သွားတဲ့မိဘတွေကလိုက်ပြီး အရိပ်တစ်ခုမှာထိုင်ရင်း ကလေးအကျႌလေးကို ရင်ခွင်မှာထားပြီး ခုလိုပဲဘုရားဂုဏ်တော်တွေရွတ်နေပါ။ ဘာစကားမှအပိုမပြောပါနဲ့။ ထိခိုက်ဆုံးရှုံးလဲဖြိုတဲ့အဓိပ္ပာယ်ရှိတဲ့စကားတွေကို စိတ်ပါပါနဲ့ပြောမိမှာ၊ နားထောင်မိမှာစိုးလို့ပါ။

ရပါပြီ။

■

ကလေးတို့အလေ့အကျင့်ကောင်းနဲ့ ဗဟုသုတလေ့လာအားရှိဖို့ကို ဘယ်တော့မှမမေ့ပါနဲ့။ အမြဲကြိုးစားနေမှုကျွမ်းကျင်မှုဆိုတာဖြစ်နိုင်တာပါ။

မကောင်းတာကိုလည်း မပြိုင်ပါနဲ့။ တွေ့ဖူးပါတယ်၊ ကလေးတစ်ယောက်ဟာ လစဉ်စာမေးပွဲကျလို့ သူ့မိဘကဆူတော့မယ်လုပ်တာနဲ့ အတန်းထဲက ဘယ်သူတွေဆိုရင် ဘယ်နှဘာသာတောင်ကျတာ။ သားကမှတော်သေးတယ်၊ သမီးကမှ တော်သေးတယ်ဆိုတဲ့ ကလေးမျိုးတွေ တွေ့ဖူးပါတယ်။

သူတို့ရဲ့ရင်သန်မှု၊ အောင်မြင်မှုလေးတွေဟာပျောက်နေပါတယ်။

ဒါကြောင့် မကောင်းတာကိုမပြိုင်ပါနဲ့။ ဘယ်သူက အမှတ်ဘယ်လောက်ရတာ၊ သားက သူထက်တော်အောင်ကြိုးစားတာ ဘယ်နှမှတ်တောင်ရတယ်၊ အဆင့် (၁) ပဲဆိုတာမျိုးပြိုင်ပါ။

နိမ့်တဲ့သူနဲ့သွားပြိုင်ရင် ကိုယ်က အလိုလိုနိမ့်သွားတတ်ပါတယ်။

မြင့်တဲ့လူနဲ့ပြိုင်ကြိုးစားမှ ကိုယ်လည်းမြင့်မှာပါ။

သူလိုရော ငါဘာလို့မဖြစ်နိုင်ရမှာလဲဆိုတဲ့စိတ်ကိုထားပါ။

ရှေးပညာရှိတွေရဲ့ အဆိုအမိန့်အတိုင်း မိုင် (၁၀၀၀) ခရီးကို ခြေတစ်လှမ်းကပဲ စတင်ကြတာ ဖြစ်ပါတယ်။

တောင်ထိပ်ကို ရောက်ဖို့ဆိုတာလည်း တောင်ပေါ် စတက်တဲ့ခြေတစ်လှမ်းပါပဲ။ အောင်ပါ့မလားမသိဘူးဆိုတဲ့ အဖျက်စိတ်တွေဝင်လာရင် ဖယ်ပါ။

ဘာလို့မအောင်မြင်ရမှာလဲ။

ကလေးတို့မှာထက်မြက်တဲ့အရည်အချင်းတွေရှိပြီးသား။ ဒါကြောင့်လည်း တစ်နှစ်လုံးကြိုးစားခဲ့တဲ့ ကြိုးစားမှု ဇွဲ၊ လုံ့လ၊ ဝီရိယတွေဟာ ကလေးတို့အတွက် အောင်မြင်မှုကြီးတွေကို သယ်ဆောင်လာနေပါပြီ။

စာမကျက်ဘဲ ယတြာချေရုံနဲ့ မအောင်နိုင်ဘူးဆိုတာကိုတော့ ကလေးတို့လည်းသိကြပြီးသားပါ။ ထပ်ပြောစရာမလိုတော့ပါဘူး။

အခု -

အောင်ပွဲဝင်အစီအရင်ကတော့ အောင်မြင်ဖို့ကြိုးစားရင်း မြင်းကောင်းခွာလိပ်မဖြစ်အောင် မလိုလားအပ်တဲ့ ကျန်းမာရေး၊ လူမှုရေး၊ မိသားစုအရေးဆိုတဲ့ ဆူးငြောင့်ခလုတ်တွေဖြစ်မလာအောင် ကလေးတို့ကို ပါရမီဖြည့်လိုက်တာပဲဖြစ်ပါတယ်ဆိုတာပြောရင်း -

ဂုဏ်ထူးရှင်တွေအတွက်ရော -

အောင်မြင်ကြတော့မယ့်ကလေးတို့အတွက်ရော၊

ကြိုးစားနေကြတဲ့ ကလေးတို့ အားလုံးအတွက် -

အခုထဲက ဂုဏ်ယူလိုက်ပါပြီ။

[illegible]

([illegible])

နေမဝင်(နတ်မောက်)

ဆီးပူဆီးကျင် ချက်ချင်းပျောက်

နေပူသွားပြီး ရေသောက်နည်းလျှင် လည်းကောင်း၊ ချင်း၊ ငရုတ်သီး၊ ကြက်သွန်နီ စသော အပူအစပ်များကို အစားများလျှင် လည်းကောင်း ဆီးပူတတ်ပါသည်။ ဆီးပူသဖြင့် ဆီးသွားလမ်းကြောင်းမှာ ပူကျင်သောဝေဒနာ ခံစားရပါသည်။

ထိုသို့ ဆီးပူကျင်ခြင်းအတွက် ချက်ချင်းသောက်၊ ချက်ချင်းပျောက် ဆေးနည်းတစ်ခွက် တင်ပြပါသည်။

အညာဒေသတွင် အများဆုံးစိုက်ပျိုးသော ချဉ်ပေါင်ပင်ကို လူတိုင်းသိပါသည်။ ချဉ်ပေါင်အနီ၊ ချဉ်ပေါင်အဖြူ နှစ်မျိုးရှိရာ အနီမျိုးက ပိုမိုဆေးဖက်ဝင်ပြီး လူကြိုက်လည်းများပါသည်။

ထိုချဉ်ပေါင်နီများသီးသောအခါ အခွံအသားကိုခွာယူပြီး အခြောက်လှန်းကာ သိုလှောင်ထားကြပါသည်။ ၎င်းချဉ်ပေါင်သီးနီသီးခြောက်မှာ လွန်စွာဆေးဖက်ဝင်ပါသည်။

ထိုချဉ်ပေါင်နီသီး[illegible] အမဲအုချက်၊ အမဲ[illegible] သောက်ချက်စားပေးပါက [illegible] ရောင်အသားဝါပျောက်ပါသည်။ [illegible] ထည့်မချက်ရပါ။

ထို့အတူ ဆီးပူဆီးကျင်လျှင်လည်း ၎င်းချဉ်ပေါင်နီသီးခြောက်လေးငါးခြောက်ကို မတ်ခွက်ထဲထည့် ရေနွေးပူပူလောင်းထည့်ကာ သကြားလက်ဖက်စားသုံးဇွန်းထည့်ဖျော်၍ ဖြည်းဖြည်းသောက်ပေးပါ။ ဆီးပူဆီးကျင်ဝေဒနာချက်ချင်းယူပစ်သလို လက်တွေ့ဖျက်ကင်းသဖြင့် ရေးသားတင်ပြပါသည်။

နေမဝင်(နတ်မောက်)

သိုက်နန်းရှင်

မောင်သန်းဆွေ (ထားဝယ်)

သိုက် ဆိုသည်မှာ မြန်မာအဘိဓာန် စာမျက်နှာ (၃၇၉) ၌ 'အဖိုးတန်ပစ္စည်းများအစုအပုံရှိသောနေရာ'ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဗုဒ္ဓဘုရားရှင်၏ တရားတော်များတွင် သိုက်စောင့်များအမှန်ရှိကြောင်း ပါဝင်ပြီးဖြစ်သည်။ သူတို့သည် ဘုမ္မစိုးနတ်တစ်မျိုးအဖြစ် စာရင်းဝင်၍နောင်ပွင့်ရန်ကျန်ရှိနေသေးသည့် အရိမေတ္တေယျဘုရားရှင်ကို လှူဒါန်းရန် ရည်ရွယ်သော စိန်ရွှေရတနာများကို ဘေးရန်ကင်းရှင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ဘုရားပွင့်ချိန်ကို စောင့်မျှော်နေရသူများဖြစ်ကြသည်။

သူတို့သည် ကမ္မဇိဒ္ဓိကြောင့် အတန်အသင့်တန်ခိုးရှိကြသည်။ ရတနာသိုက်ကို တူးဖော်ယူငင်ရန်လာရောက်လေ့ရှိတတ်ကြသော သိုက်ဆရာလူသားတို့၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးရန် သိုက်စောင့်များမှာတာဝန်ရှိကြသည်။ သဘာဝဘေးရန်များနှင့်သိုက်ဆရာတို့၏ ဘေးအန္တရာယ်ကို မယှဉ်နိုင်လျှင် တစ်ခါတစ်ရံတွင် ရတနာသိုက်ကို ဘေးလွတ်ရာဆီသို့ ရောက်ရှိအောင် ကြိုတင်ရွှေ့ပြောင်းရန်လည်း သိုက်နန်းရှင်များကသာ လုပ်ဆောင်ကြရသည်။ ဤသို့ဖြစ်ပေါ်လာနိုင်သည့်ဘေးအန္တရာယ်များကိုလည်း မိမိတို့မှာရှိထားသော တန်ခိုးဖြင့် ကြိုတင်သိရှိနိုင်ကြသည်။

သိုက်နန်းရှင်များ ရတနာသိုက်ကို ရွှေ့ပြောင်းသဖြင့် လှည်းများသွားလာမောင်းနှင်သောအသံ၊ လူသူတို့၏အသံ

မြနန်းနွယ်လှူခဲ့သည့် ရုပ်ပွားတော်မြတ်



မြနန်းနွယ် လှူခဲ့သည့် ဘုရားကျောင်းတော်ကြီး

ကိုသာလူသားတို့ကြားနေကြရပြီး လူများအထုပ်အပိုးထမ်းရွက်၊ ရေနောက်တန်းစီပြီး ရွှေ့ပြောင်းသွားသည်ကို လူသားတို့အဝေးမှလှမ်း၍မြင်တွေ့ခွင့်ရ တတ်၏။ ထိုသူတို့ အနီးကပ်ပြီးသွားကြည့်ပြန်လျှင် မမြင်တွေ့ရဘဲ ပျောက်ကွယ်သွားလေ့ရှိတတ်ကြပြန်လေသည်။

ရတနာသိုက်မှာရှိသော အဖိုးတန်စိန်၊ ရွှေ၊ ရတနာ အားလုံးတို့သည် ဘုရားရှင်ကို လှူဒါန်းပူဇော်ရန် ရည်ရွယ်ထားသောပစ္စည်းများသာဖြစ်လေ့ရှိပြီး သိုက်နန်းရှင်များ ပိုင်ဆိုင်သော ရတနာဟူ၍မရှိသလောက်ပင်ဖြစ်နေတတ်သည်။

ယခုခေတ် နတ်ပွဲများ၊ အပြင်ကနားများတွင် ကန်တော့ပွဲများပြင်ရာ၌ သိုက်ပွဲဟူ၍ သီးခြားပြင်ထားသည်ကို တွေ့လာရသည်။

နတ်ချော့သူများကလည်း မိမိသက်ဆိုင်ရာ ခေါင်းစွဲနတ်များကို ချော့ပြီးသည့်အခါ သိုက်ချော့လေ့ရှိသူလည်း ရှိပါသည်။ မည်သည့်သိုက်စောင့်ကို ချော့သည်ဟူ၍ကား မသိရပါ။ အချို့လည်း ဘီလူးဟန်ဖြင့်ချော့လာသဖြင့် ဆိုင်းက ကရောင်တီးပေးရသည်။ သိုက်စောင့်ဘီလူးပင်ဖြစ်သည်ဟုထင်ရပါသည်။ ဘီလူးစောင့်သိုက်များလည်းရှိသည်။ နောက်ပိုင်းတွင် ဖော်ပြပါမည်။

ယခုအခါ အိမ်၌ နတ်ကနားများ ပေးရာတွင် ဖိတ်စာဖြင့်ဖိတ်ကြသည်။ ဖိတ်စာ၌ နတ်ကနားနှင့်အတူ ဓာတ်ပွဲ၊ နတ်ပွဲ၊ သိုက်ပွဲကျင်းပမည့်ဖြစ်ကြောင်း ရေးထားသည်ကို တွေ့ရသည်။ ထိုနတ်ကနားပွဲများ၌ နံနက်ပိုင်းမှစ၍ သိုက်နန်းရှင်များကို ပင့်ဖိတ်ပသလေ့ရှိပါသည်။



အစ်မတော် မြနန်းနွယ်



ပြည်တစ်ဖက်ကမ်း ရွှေဘုံသာမှ မြစိမ်း

စာရေးသူသွားရောက်ခဲ့သည့် နတ်ကနားပွဲတစ်ပွဲတွင် သိုက်များကိုပင့်ဖိတ်ပသသည့် ကဗျာ၌ ဒေးစွန်းပါမှ သိုက်ချုပ်ဘိုးတော် မဏိကုဏ္ဍလဘိုးဘိုးကြီးနှင့် သိုက်ချုပ်မယ်တော်ဝိမလဒေဝီတို့အား အမှူးထား၍ ကန်တော်မင်သိုက်ဖြစ်သော မော်ဘီမမင်းစိန်နှင့် မမင်းသိန်၊ ရွှေညောင်ပင်မှ ဒေးစွန်းပါအထိအပိုင်စားရသော ဒေးပလိန်းမငွေစိန်သိုက်၊ ရွှေဖရုံမယ်သိုက်၊ အစ်မတော် စောမွန်လှနှင့် နောင်တော်စောအောင်၊ မတ္တရာနယ်မှ နှောပင်မောင်နှမသိုက်၊ ရန်ကင်းတောင်က ရန်ကင်းတောင်မောင်နှမဖြစ်သော စောရန်နိုင်နှင့် ခင်နန်းစိန်၊ ကရင်မောင်နှမ၊ ဆံတော်ရှင် ကျိုက်ထီးရိုးမှ နန်းကျင်နှင့် ပန်းတင်မောင်နှမ၊ သာမညတောင်ခြေမှ ဖိုး လွှတ်နှင့် နန်းကြာဟဲ၊ ရွှေတိဂုံသိုက် တရုတ်မကျင်စာရီနှင့် မောင်ကံ၊ ငမိုး မိကျောင်းကြင်ရာတော်ရေခင်းသူမ ရွှေ မိတ္ထီလာကန်ပေါင်နိုးမှ နတ်မယ် ခင်ခင်လှ၊ ပုခုက္ကူမယ်စိမ့်ညို၊ မြ တစ်ဖက်ကမ်း ရွှေဘုံသာမှ မမြစိမ်း၊ ပု ဘောင်မင်း၏မိဖုရားပန်ထွာဘုရင်မ၊ သိုက်နန်းရှင် သီရိစန္ဒာသိုက်နတ် နှင့် သမ္မုလမိဖုရား၊ မန္တလေးမဟာမု သိုက်မှသီရိခင်၊ ယက္ခသိုက်ချုပ်ဖြစ် မသော လောကပါလယက္ခမယ် ကြီး၊ ပဲခူးမြို့ရွှေမော်ဓောစောင်းတန်း အမေယက္ခ၊ ကျိုက္ကဆံဆံတော်ရှင်မှ တော်နောင်ရင်းယက္ခနှစ်ပါး၊ မ



အစ်မတော် စောမွန်လှ



ဒေါ်အေးယနီ၏ အစ်မတော် မြနန်းနွယ်

ရွှေကျင်မှ ကိုကိုကြီး၊ ကိုကိုလေး၊ မမကြီး၊ မမလေး ယက္ခမောင်နှမလေးပါး၊ ပွဲ့တေးမြို့ ရွှေဆံတော်ဘုရားခြေရင်းမှ ယက္ခမယ်တော်အမေကြည်၊ နဂါးသိုက်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မော်တင်စွန်းမှ ဇေယျာသိန္ဓုနဂါးမင်းကြီး၊ ကချင်ပြည်နယ်၊ အင်းတော်ကြီးအိုင်မှ ရောပတ္တနဂါးမင်း၊ မင်းဘူးရွှေစက်တော်၊ အထက်အောက်စက်တော်ရာမှ ဘောဂဝတီနဂါးသိုက်၊ မန္တလေးမြို့ ကန်ကြီးမှ နဂါးမယ်တော်၊ ဗိုလ်တထောင်မြနန်းနွယ်နှင့် ညီမတော်မြနန္ဒာသခင်မ၊ ရွှေစက်တော်မှ ဒန်းစီးမောင်နှမမောင်ဖိုးသီးနှင့် မယ်နာဂီ၊ ရေနံချောင်းသိုက်ဖြစ်သော ညောင်အုပ်၊ ညောင်ရွှေ၊ စလေ၊ ထီးလင်း၊ ကျပင်း၊ ပုပ္ပား၊ ညောင်ရမ်းစားနှင့် မိဖုရားခုနစ်ဖော်၊ မောင်တော်ကုလားကျေးပုဏ္ဏား၊ မြစ်ဝကျွန်းပေါ်မှ ရွှေကျီးမြို့ မူလခဲသိုက်၊ ပဲခူးဒေးစွန်းပါသိုက်၊ ပုဂံမြို့အရှေ့ဘက် တူရွင်းတောင်ကြားမှ ရှင်ဦးသာသိုက်အစရှိသော သိုက်နန်းရှင်အပေါင်းအား ပင့်ဖိတ်ပသ၍ချော့ပါသည်။ သိုက်ချော့သူများကလည်း ဝင်ရောက်ပူးကပ်၍ ချော့ကြသည်။ စာရေးသူ မကြားဘူးသည့် သိုက်များကိုလည်း ကြားသိရ၍ ဗဟုသုတရပါသည်။ ထူးခြားသည်မှာ သမိုင်းသမားဖြစ်သည့် စာရေးသူပင် မျက်စိလည်သွားရခြင်းကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပင့်ဖိတ်ပူဇော်ပသသည့် သိုက်နန်းရှင်များထဲတွင် သမိုင်းထဲမှ ရှမ်းမင်းသမီးစောမွန်လှ၊ မွန်ဘုရင်မကြီးရှင်စောပု၊ တောင်ငူဘုရင်နတ်ရှင်နောင်နှင့် ရာဇဓာတုကလျာ၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ယိုးဒယားမိဖုရား ဆုပန်ကလျာ စသည်တို့ပင် ပါဝင်သောကြောင့် ဖြစ်ပါသည်။

ကနားစီးဖြစ်သူ ဆရာ၏ အသိပညာကြွယ်ဝသမျှ သမိုင်းထဲမှပုဂ္ဂိုလ်များသည်ပင် သိုက်စောင့်များအဖြစ်ကြားရပေရာ စာရေးသူအနေဖြင့် အတော်အံ့သြသွားရသည်။ ဟုတ်သည်၊ မဟုတ်သည်မှာ စာရေးသူ ကိုယ်တွေ့လည်း မဟုတ်သဖြင့် မည်သို့မျှမပြောဆိုနိုင်ပါ။

စာရေးသူပိုင် ချော်ဘာခြံရှိ သံတောင်ဆိုသည့်နေရာမှ သိုက်စောင့်ကဖမ်းစားသည့် မောင်ပန်းဒုတ်ဆိုသည့် လူငယ်အကြောင်းမှာ ကိုယ်တွေ့ဖြစ်သည်။ ထိုကြောင့် မြန်မာတစ်ပြည်လုံးတွင် ဗုဒ္ဓဘာသာဝင်မြန်မာများယုံကြည်ကြသည့်အလျောက် လူမသိသူမသိ သိုက်နန်းရှင်များ၊ လူသိသူသိနာမည်ကြီး သိုက်နန်းရှင်များရှိနေသည်ကို သိရသည်။ အချို့သူတို့က သိုက်ကိုယုံကြည်လွန်းသဖြင့် နတ်ကနားများတွင် သိုက်ကိုပါရော၍ ပူဇော်ပသကာ ချော့ကြခြင်းဖြစ်သည်။ ဖိတ်စာအရ ဓာတ်ပွဲ၊ နတ်ပွဲ၊ သိုက်ပွဲဟု ဆိုထားသဖြင့် သိုက်ကို အထူးအလေးပေး၍ ပူဇော်ပသချော့သွားခြင်းဖြစ်ပါသည်။

■ သိုက်ဆက်လူဝင်စား

ရှေးကလည်းကောင်း၊ ယခုခေတ်၌ လည်းကောင်း၊ သိုက်နန်းရှင် (ဥစ္စာစောင့်) လူဝင်စားဟူ၍ ရှိသည်။ ဥစ္စာစောင့်တို့မှာ သူတို့နှင့်ချစ်ခင်ကျွမ်းဝင်သူများတို့အား ရွှေ ငွေ၊ ဥစ္စာ၊ ရတနာတို့ကို သူတို့ပိုင်ဆိုင်သည့်အစုထဲမှ ခွဲဝေပေးနိုင်သည်ဟု ဆို၏။

သိုက်စောင့်၊ ဥစ္စာစောင့်တို့မှာ ဘုရားသိုက် ဥစ္စာရတနာတို့အား သုံးပုံပုံလျက်ထားရှိရာ တစ်ပုံမှာ အရိမေတ္တေယျဘုရားရှင်ပွင့်သည့်အခါ ကျောင်းတော်ဆောက်ရန်၊ တစ်ပုံမှာ ဘုရားသိုက် ဥစ္စာရွှေငွေတို့အား အနိုင်အထက်လုယူသူတို့လာလျှင်ပေးရန်၊ တစ်ပုံမှာ ဥစ္စာစောင့်သိုက်နန်းရှင်များပေးကမ်းစေသည့်ရန်အတွက်ဟူ၍ သုံးပုံခွဲထားလေ့ရှိသည်ဟု ဆိုပါသည်။ သို့သော် ဘုရားသိုက် ဥစ္စာရတနာတို့အား မည်သည့်သိုက်ဆရာမျှပင်ရရှိသည်ဟု မတွေ့ရမကြားရပေ။

သိုက်စောင့်ဥစ္စာစောင့်ဘဝမှနေပြီး ယခုလူ့ဘဝခန္ဓာအလည်လာကြသူများလည်းရှိသည်။ ထိုသူတို့သည် သိုက်နန်းအကြီးအကဲလုပ်သူထံမှ ခွင့်ပန်ကာ လူ့ပြည်တွင် လူဝင်စားဖြစ်လာသူများဖြစ်သည်။ (များသောအားဖြင့် မိန်းမပျိုဖြစ်ပါက အိမ်ထောင်ကျပြီး သားဦးမွေးဖွားကာ ရှင်မြူပြီးပြန်ရလေ့ရှိသည်။) ဥစ္စာစောင့်တို့မှာ မိမိတို့၏ အမိ၊ အဖ ဆွေမျိုးသားချင်းတော်စပ်ကြသူတို့အား သူတို့ပိုင်ဥစ္စာရတနာတို့ကို ပေးကမ်းမစ၍ ရနိုင်သည်ဟု ဆိုကြသည်။ ဥစ္စာစောင့်ဝင်စားတချို့မှာ အမိဝမ်းကမွေးပြီး အချိန်တန်အရွယ်ရောက် စကားပြောတတ်စအရွယ်မှာပင် စကားမပြောဘဲ ဆွံ့အနားပင်းသူများဖြစ်နေတတ်သည်။ ထိုသို့ဖြစ်ခြင်းသည် သိုက်ရှိရာနေရာကို ပြောပြလျှင် လူတို့သိရှိသွားမည်ကို စိုးရိမ်သောကြောင့်ဟု သိရသည်။

ဥစ္စာစောင့်လူဝင်စားတို့ကိုမွေးဖွားသည့် မိခင်၊ ဖခင်တို့မှာ စီးပွားဥစ္စာရှာဖွေရာတွင် ခက်ခက်ခဲခဲရှာဖွေလုပ်ကိုင်ရခြင်းမရှိဘဲနှင့် စီးပွားရေးတိုးတက်ကောင်းမွန်နေတတ်သည်။ သို့ဖြစ်ရခြင်းမှာ အခြားမဟုတ်။ သိုက်ဆက်ဝင်စားသူကလေးမှ မိဘဆွေမျိုးတို့အား တတ်နိုင်သရွေ့ စောင့်ရှောက်ထောက်ပံ့သည်ဟု ဆိုပါသည်။

အထက်၌ဖော်ပြခဲ့သည့်သိုက်များမှ ပတ်သက်သည့် ဇာတ်လမ်းများကို စာရေးသူတို့ ငယ်စဉ်ကတည်းကပင် သိုက်ကား၊ နတ်ကား၊ ရုပ်ရှင်ဇာတ်ကားများခေတ်စားနေစဉ်ကတည်းကပင်သိခဲ့၊ ကြည့်ခဲ့ရပါသည်။ ကန်တော်မင်မှ မမင်းစိန်၊ မမင်းသိန်အကြောင်း ဇာတ်လမ်း၊ ပြည်တစ်ဖက်ကမ်း ရွှေဘုံသာမှ မမြစိမ်းနှင့် ကိုဘုန်းကြွယ်၊ ဒေးစွန်းပါသိုက်၊ ရွှေကျီးမြို့ မူလခဲဇာတ်လမ်းတို့ကိုလည်း သိခဲ့ရပါသည်။

ယခုဖော်ပြမည့်အကြောင်းမှာ [illegible] နာမည်ကြီး၊ ဗိုလ်[illegible]တောင်မှ သိုက်နန်းရှင် မြနန်းနွယ်အကြောင်း ဖြစ်ပါသည်။

ဇာတ်လမ်းအရ မြန်နန်းနွယ်သည် သိုက်စောင့်ဝင်စားသူမဟုတ်ဘဲ ထူးထူးခြားခြား မွေးဖွားလာသည့် သာသနာပြုမည့်သူ တစ်ဦးဖြစ်သည်။ မြန်နန်းနွယ်မှာ မိုင်းပွန်စော်ဘွားစဝ်ခွန်တီး၏ တူမတော် နန်းခမ်းနှင့် မိုးကုတ်မှ ကျောက်တွင်းများ ပိုင်ရှင် သူဌေးကြီး ဦးဘကောင်း၏ တစ်ဦးတည်းသောသား မောင်ချမ်းသာ တို့၏သမီး ဖြစ်သည်။

မောင်ချမ်းသာနှင့် နန်းခမ်းတို့အား ၁၈၉၇ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုးကုတ်မြို့၌ လူကြီးမိဘများကလက်ထပ်ပေးခဲ့ကြသည်။ အိမ်ထောင်သက်(၉)နှစ်အကြာ ၁၉၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၂ရက်နေ့၊ စနေနေ့ နံနက် (၅) နာရီနေတက်ရောက်အချိန်တွင် သမီးဦးရတနာကို မွေးဖွားခဲ့သည်။ ကိုယ်ဝန်ရှိစဉ်ကတည်းက မိခင်ဖြစ်သူ နန်းခမ်းသည် အသားငါးတို့ကို စားချင်စိတ်မရှိဘဲ သတ်သတ်လွတ်သာစားခဲ့သည်။ အလှူအတန်းလည်း ရက်ရောစွာ လှူဒါန်းခဲ့သည်။ မွေးဖွားလာသော သမီးဦးလေး၏ခန္ဓာကိုယ်ပေါ်တွင် အမောက်သဏ္ဌာန်ပါသော မြွေနှစ်ကောင်ရစ်ပတ်လာသည့်အသွင် မှဲ့အမှတ်အသားကို တွေ့ကြရသည်။

ထိုသမီးကလေးမွေးဖွားချိန်မှစတင်၍ မောင်ချမ်းသာနှင့် မနန်းခမ်းတို့၏ ကျောက်တွင်းများမှ ထူးထူးခြားခြား အရည်အသွေးကောင်းသော ကျောက်မျက်ရတနာများကို တူးဖော်ရရှိကာ စီးပွားတိုးတက်ဖြစ်ထွန်းခဲ့ကြလေသည်။ ထို့ကြောင့် မိဘများအတွက် အကျိုးပေးသော သမီးဦးရတနာလေးဖြစ်ခဲ့သည်။

သမီးဦးမမွေးမီ ကိုယ်ဝန်အရင့်အမာရှိနေစဉ်ကပင် အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲတွင် မနန်းခမ်းရောက်ရှိနေသောနေရာသည် ကျောက်သားပကတိ ဥမင်လိုဏ်ခေါင်းလမ်းကြောင်းတစ်ခုထဲမှာဖြစ်ကြောင်း၊ လူတစ်ယောက်သာသွားရုံကျယ်ကြောင်း၊ ထိုဥမင်လမ်းကြောင်းထဲမှာ အလိုအလျောက်ဖြစ်ပေါ်နေသည့် အလင်းရောင်တစ်ခုရှိနေကြောင်း၊ ထိုအလင်းရောင်သည် ပိုမိုလင်းထိန်လာပြီး တစ်စတစ်စကျဉ်းမြောင်းနေသော ဥမင်းလမ်းကြောင်းသည်လည်း ပိုမိုကျယ်ဝန်းလာကြောင်း၊ လမ်းကြောင်းအဆုံးတွင် ကျောက်သားလိုဏ်ဂူတစ်ခုကို မြင်လိုက်ရကြောင်း၊ လိုဏ်ခေါင်းထဲတွင်(၉) လက်မအရွယ် ဆင်းတုတစ်ဆူကို တွေ့ခဲ့ရကြောင်း၊ ထိုရွှေရောင်ဆင်းတုကို ပန်း၊ ဆီမီးများပူဇော်ထားကြောင်း၊ အဝင်ပေါက်ကို ကျောပေးပြီး ဝတ်ဖြူစင်ကြယ်ဝတ်ဆင်လျက် တင်ပျဉ်ခွေထိုင်နေသော သူတော်မြတ်တစ်ပါးကိုလည်း တွေ့ရကြောင်း၊ ထိုပုဂ္ဂိုလ်က မနန်းခမ်းကိုလှည့်မကြည့်ဘဲ -

“ရောက်တုန်းရောက်ခိုက် ဇမ္ဗူရစ်ရွှေစင်ဆင်းတုတော်ကို ကြည်ကြည်ညိုညိုနဲ့ ရှိခိုးကန်တော့လိုက် မိန်းကလေး။ မိန်းကလေးကိုယ်ဝန်ဆောင်ထားတဲ့သမီးဦးရဲ့ ရေစက်ကုသိုလ်ကြောင့် အခုလိုဖူးတွေ့ခွင့်ရတာ”

ဟု ပြောနေစဉ်အတွင်း၌ပင် မနန်းခမ်းက ကြည်ညိုစွာရှိခိုးကန်တော့လိုက်စဉ် သူတော်စဉ်ကဆက်၍ -

“အဲဒီကလေးဟာ ဘောဂဝတီ နဂါးမယ်တော်ရဲ့ ကလေးဖြစ်တယ်။ ဒီသမီးဦးလေးမွေးတဲ့အခါ မြန်နန်းနွယ်လို့ အမည်ပေးရမယ်။ သူဟာ တစ်ချိန်မှာ ဗိုလ်တထောင်စေတီတော်မြတ်ကြီးကို ထူးထူးခြားခြားရက်ရက်ရောရောလှူဒါန်းပြီး သာသနာပြုမယ့်သူဖြစ်တယ်။ အဲဒါကြောင့် ကောင်းစွာဂရုစိုက်ကျွေးမွေးပါ”

ဟု ပြောသည် ဆိုပါသည်။

မြန်နန်းနွယ် မွေးဖွားခဲ့သော ၁၉၀၆ ခုနှစ်တွင် တိုက်တိုက်ဆိုင်ဆိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဖွဲ့စည်းခဲ့သည်။ မြန်နန်းနွယ် နှစ်ခါလည်အရွယ်ရောက်သောအခါ စကားပြောတတ်ခါစ ရွယ်တူကလေးများနှင့် ကစားလေ့မရှိ။ တစ်ဦးတည်းသာ တည်ငြိမ်စွာ နေလေ့ရှိပါသည်။ အသားငါးမစားဘဲ နွားနို့ကိုသာ နှစ်သက်စွာ သောက်လေ့ရှိသည် ဆိုပါသည်။

မြန်နန်းနွယ် အသက် (၅) နှစ်ပြည့်သောအခါ သူ့မွေးနေ့တွင် အဖေနှင့် အမေတို့က စိပ်ပုတီးလေးတစ်ကုံးကိုပေးသည်။ ကလေးအရွယ်နှင့် လိုက်လျောညီထွေးစွာ (၃၂) ကောဋ္ဌာသအမှတ်အသား(၃၂)လုံးပါသောပုတီး ဖြစ်ပါသည်။ ငါးနှစ်သမီး မြန်နန်းနွယ်ကလည်း မမေ့မလျော့ ထိုပုတီးကိုစိပ်လေ့ရှိပါသည်။ မြန်နန်းနွယ်အား စ၍ ကျောင်းထားရာမှ တစ်စတစ်စကြီးပြင်းလာပြီး မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်းသို့ရောက်ခဲ့သည်။ အသက်(၁၅) နှစ်အရွယ်တွင် အိန္ဒိယနိုင်ငံတက္ကသိုလ်သို့ ပညာဆက်လက်ဆည်းပူးရန် အထိန်းတော်ကြီးနန်းစောနှင့်အတူသွားခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် မြန်နန်းနွယ် အိန္ဒိယမှ ဝိဇ္ဇာဘွဲ့ရရှိ အောင်မြင်ခဲ့သည်။ အသက်(၂၀) အရွယ်တွင် မိုးကုတ်သို့ ပြန်လည်ရောက်ရှိလာသည်။ ပညာတတ်ရုပ်ချော၊ ဥစ္စာပေါ်ဖြစ်နေသော မြန်နန်းနွယ်သည် မိုးကုတ်မြို့ လူကုံထံအသိုင်းအဝိုင်းတွင် ရေပန်းအစားဆုံးဖြစ်သော်လည်း အိမ်ထောင်ပြုရန် စိတ်မကူးချေ။ အရပ် (၅)ပေ(၃)လက်မရှိပြီးကျစ်လျစ်တင့်တယ်လှသောကိုယ်ခန္ဓာအချိုးအစားနှင့်မဟာဆန်စွာလှပသူတစ်ဦးဖြစ်သည်။ မြန်နန်းနွယ်သည် မြစိမ်းရောင် အထက်အောက်ဆင်တူဝတ်စားဆင်ယင်လေ့ရှိပါသည်။

၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်မီး မြန်မာပြည်သို့ ကူးစက်မလာမီ (၁)နှစ်အလိုတွင် မြန်နန်းနွယ်၏အသက်(၃၅)နှစ်ရရှိခဲ့သည်။ တစ်ညတွင် ထူးထူးခြားခြား အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်နှင့်အဘိုးအိုတစ်ယောက်ကိုတွေ့မြင်ရ၏။ မြန်နန်းနွယ်က လက်အုပ်ချီ၍ မည်သည့်အရာကိုအလိုရှိကြောင်း မေးရာ အဘိုးအိုက -

“သမီးလေးသာသနာပြုရန်အချိန်တန်ပြီ။ ခါတိုင်းလို သမားရိုးကျ လှူဒါန်းတာမျိုး မဟုတ်ဘူး။ ကြီးကြီးကျယ်ကျယ် ထည်ထည်ဝါဝါ လှူဒါန်းရတော့မယ်။ သို့အတွက် ရန်ကုန်သို့အပြီးအပိုင်ပြောင်းရွှေ့နေထိုင်ပါ”

နံနက်တွင် မိဘအား ထိုထူးခြားသော အိပ်မက်အကြောင်းကို ပြောပြနေသည်။

ထိုအချိန်တွင် ဖခင် ဦးချမ်းသာနှင့် ညီဝမ်းကွဲတော်စပ်သော ဦးကံသာဆိုသူသည် တရုတ်ပြည်မှ ပြန်ရောက်လာသည်။ မကြာမီပင် မိဘနှစ်ပါးအပြင် အထိန်းတော် နန်းစော၊ ဦးလေးဦးကံသာတို့နှင့်အတူ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သည်။ ရန်ကုန်သို့ ရောက်သောအခါ ဖခင်ဖြစ်သူက ဗိုလ်တထောင်ဘုရားလမ်းရှိ စာတိုက်နှင့်ကပ်လျက်ရှိသော အိမ်တစ်အိမ်အား ဝယ်ယူနေထိုင်သည်။ မိုးကုတ်ရှိ စီးပွားရေးကို လူယုံတော် ဦးစိုင်းလုံဆိုသူနှင့် ဦးချမ်းသာက လွှဲအပ်ထားလိုက်သည်။

မြန်နန်းနွယ်သည် ဖခင်ဖြစ်သူအား ရထားလုံးတစ်စီးကို လိုချင်ကြောင်း၊ ထိုရထားလုံးဖြင့် ဗိုလ်တထောင်စေတီတွင် နေ့စဉ်သွားပြီးတရားထိုင်ချင်ကြောင်း ဟူ၍ ပူဆာသည်။ ဖခင်ကလည်း ရထားလုံးအပြင် မြင်းပါဝယ်ပေးပြီး ကုလားလူမျိုးတစ်ယောက်ကို မောင်းနှင်ရန် ငှားရမ်းပေးသည်။ ထို့ကြောင့် မြန်နန်းနွယ် ကိုယ်ပိုင်ရထားလုံးဖြင့် နေ့စဉ် ညနေတိုင်း ဗိုလ်တထောင်စေတီတော်ရှိရာသို့သွားရောက်ဖူးပြီး တရားထိုင်လေ့ရှိသည်။

တစ်နေ့တွင် အထိန်းတော် နန်းစောနှင့် ညနေဘက် ဗိုလ်တထောင်ဘုရားသို့လာရာ ရထားလုံးပေါ်မှ ဆင်းသည်နှင့် လူငယ်(၃)ယောက်က အရှေ့မှကာပြီး အနှောင့်အယှက်ပေးလေသည်။ ထို့ကြောင့် မြန်နန်းနွယ်က ထိုလူငယ်(၃)ယောက်ကို အာရုံစူးစိုက်ပြီး ကြည့်လိုက်ချိန်တွင် လူငယ်(၃)ယောက်မှာ အစိမ်းရောင်မြွေနဂါးကြီး (၂)ကောင် ပါးပျဉ်းထောင်နေသည်ကို တွေ့လိုက်ရသဖြင့် ငယ်သံပါအောင်အော်၍ထွက်ပြေးသွားကြသည်။ ဤအခြင်းအရာကို ဘုရားဖူးပရိသတ်က တွေ့မြင်လိုက်ပြီး လူငယ်(၃)ယောက်ထံမှ သိခဲ့ရသည်။ ထို့ကြောင့် မြစိမ်းရောင်အထက်အောက်ဆင်တူဝတ်ထားသော နေ့စဉ်ဘုရားဖူးလာသည့် မြန်နန်းနွယ်ကိုလည်းသတိထားမိပြီး မြန်နန်းနွယ်သည် တစ်စတစ်စ လူသိများထင်ရှားလာသည်။

ဒေးစွန်ပါမှ သိုက်နန်းရှင်ညီအစ်မများနှင့်လည်းဆက်မိပြီး ဒေးစွန်ပါသို့ သွားရောက်သာသနာပြုလှူဒါန်းခဲ့သည်။ ထို့အပြင် မြန်မာပြည်အရပ်ရပ်သို့ သွားရောက်ပြီး ရွှေဟောင်းသမိုင်းဝင်ဘုရားပုထိုး၊ စေတီတော် စသည်တို့ကို လှူဒါန်းပြုပြင်သည်။ မိဘတို့ကလည်း ချမ်းသာကြွယ်ဝမှုမှန်သမျှ သမီးမြန်နန်းနွယ် တစ်ယောက်တည်းအတွက်သာ စိတ်တိုင်းကျအသုံးပြုစေခဲ့ပါသည်။ ထိုသို့ မြန်မာပြည်အရပ်ရပ်သို့သွားစဉ် အထိန်းတော် နန်းစောနှင့် ဦးလေးဦးကံသာတို့ကိုခေါ်သွားလေ့ရှိသည်။ (၅)နှစ်တာမျှအတွင်း မြန်မာပြည်အရပ်ရပ်သို့ မြန်နန်းနွယ်ဆိုသည့် မြစိမ်းရောင်မင်းသမီးဆိုသူကို အများက အသိအမှတ်ပြုမိပြီး ဟိုးလေးတကျော်ကျော်ထင်ရှားခဲ့ရ၏။ ထိုအချိန်တွင် မြန်နန်းနွယ် အသက် (၄၀)နှစ်ပြည့်ပြီဖြစ်သည်။

ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား အသစ်ပြန်လည်ဘက်စုံပြုပြင်ရာတွင် မြန်နန်းနွယ်သည် သူမပိုင်ဆိုင်သော ရွှေငွေရတနာဥစ္စာတို့ကို ရက်ရက်ရောရော လှူဒါန်းပူဇော်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အသက် (၄၀) နှစ်ကျော်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မိဘနှစ်ပါးဖြစ်သူ ဦးချမ်းသာနှင့် ဒေါ်နန်းခမ်းတို့လည်းကွယ်လွန်သွားခဲ့ကြသဖြင့် ဦးလေးဦးကံသာနှင့် အထိန်းတော် ဒေါ်နန်းစောတို့နှင့်သာနေခဲ့ရသည်။ ဦးကံသာက မိုးကုတ်ရှိကျောက်တွင်းလုပ်ငန်းများလုပ်ကိုင်ပေးသည်။ မြန်နန်းနွယ်၏ အတိတ်ကံကြောင့် ကျောက်အောင်လျက်လည်း အစဉ်ရှိနေ၏။

၁၉၄၈ ခုနှစ်တွင် မြန်မာပြည် လွတ်လပ်ရေးရရှိခဲ့၏။ ၁၉၅၂ ခုနှစ်တွင် ဗြိတိသျှတို့ မြန်မာပြည်မှ အဓမ္မသိမ်းပိုက်ယူဆောင်သွားသည့် မင်းတုန်းမင်းတရားကြီးကိုးကွယ်ခဲ့သည့် နန်းဦးကြေးဆင်းတုတော်ကြီးတစ်ဆူအား မြန်မာပြည်သို့ ပြန်ပို့ခဲ့သည်။ မြန်နန်းနွယ်သည် အိပ်မက်ထဲ၌ အိန္ဒိယယောဂီသူတော်စင် ဆာဒူးကြီးတစ်ဦးအားတွေ့လိုက်ရပြီး ထိုပုဂ္ဂိုလ်က မကြာမီရောက်လာမည့် ဆင်းတုတော်ကို ဗိုလ်တထောင်စေတီတော်ရှေ့မှ သစ်သားဖြင့်ဆောက်ထားသော ယာယီစံကျောင်းတွင်ထားရှိလိမ့်မည်။ ထိုအရာသည် မြန်နန်းနွယ်၏ မွန်မြတ်သည့် ကောင်းမှုဖြစ်လိမ့်မည်ဟု အိပ်မက်ထဲ၌ ပြောခဲ့သည်။မြန်နန်းနွယ်က ဆင်းတုတော် ရရှိခဲ့လျှင် လှူဒါန်း၍ အမျှဝေမည်ဟု ကတိပြုလိုက်သည်။

၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ ဖြစ်သည်။ ထိုနေ့သည် မြန်နန်းနွယ်၏ အသက် (၄၈) နှစ်မြောက်ပြည့်သော မွေးနေ့ပင်ဖြစ်သည်။ မြန်နန်းနွယ်မွေးနေ့ မတိုင်ခင်(၁)ရက်အလိုညကမက်ခဲ့သော အိမ်မက်ဖြစ်နေသည်။ အိပ်မက်အတိုင်းပင် ဗိုလ်တထောင်စေတီတော်အရှေ့ရှိ ယခုပြီးစီးနေသော မြန်နန်းနွယ်ဘုရားကျောင်းဆောင်ကြီးတွင် ထားရှိလှူဒါန်းလိုက်လေသည်။ မြန်နန်းနွယ်သည် သူ၏ ဘဝနိဂုံးကိုလည်း ကြိုတင်သိနေသည်။ ထို့ကြောင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားခဲ့သည်။ အထိန်းတော်ကြီး နန်းစောနှင့်အတူ ဗုဒ္ဓဂယာတွင် (၂၈) ရက် ကြာခဲ့သည်။ ဗုဒ္ဓဂယာမှ ပြန်လာပြီးနောက် မြန်နန်းနွယ် မကျန်းမမာဖြစ်လာသည်။ အင်္ဂလိပ် - မြန်မာ ဆေးဆရာများနှင့် ကုသပါသည်။ သို့သော် မြန်နန်းနွယ်သည် ထလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ အာနာပါနကမ္မဋ္ဌာန်းကို မပျက်မကွက်ပြုပါသည်။ သို့ဖြင့် သူ၏ဘဝအဆုံး နောက်ဆုံးထွက်သက်အတွက် အထိန်းတော် နန်းစောနှင့် ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုးကုတ်သို့ပြန်လာခဲ့သည်။ မြန်နန်းနွယ်၏မှာကြားချက်အရ ဗိုလ်တထောင်ဘုရားလမ်းရှိ အိမ်ကြီးကို ဦးလေး ဦးကံသာက သွားရောက်ကာ ရောင်းချပြီး ငွေအားလုံးကို ဗိုလ်တထောင်စေတီတော်မြတ်[illegible] လှူဒါန်းခဲ့သည်။

၁၉၅၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်နန်းနွယ်သည် ဝေဒနာခံစားနေရသောဘဝမှအပြီးတိုင်စွန့်ခွာလွှတ်မြောက်သွားသည်။ ထိုစဉ်က အသက် (၅၁) နှစ်ပြည့်ရှိခဲ့သည်။

မြစိမ်းရောင်ဝတ်စုံဆင်မြန်းလျက် မြန်မာဆန်ဆန် ကျက်သရေရှိလှသော ဆင်ယင်ထုံးဖွဲ့မှုဖြင့် ညနေ(၄)နာရီဝန်းကျင်တွင် ကိုယ်ပိုင်ရထားလုံးကြီးဖြင့် ဗိုလ်တထောင်ဘုရားသို့ ရောက်ရှိလာပြီး တရားထိုင်လေ့ရှိသော မြန်နန်းနွယ်။

ထိုသို့ ရောက်ရှိလာသည်ကို ဘုရားဖူးတို့နှင့် ကြုံကြိုက်ရ မကြာခဏဆုံတွေ့ခဲ့ရသော မြန်နန်းနွယ်။

၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့၊ နံနက်အရုဏ်မတက်မီ (၄)နာရီ၊ (၁၀) မိနစ်အချိန်တွင် လုံခြုံရေးဝန်ထမ်း ဦးမောင်လှထံသို့ ရုပ်ပွားတော်တစ်ဆူနှင့် ငွေဖလားအပြည့် ကျောက်သံပတ္တမြားရတနာများကို ဗိုလ်တထောင်စေတီတော်မြတ်ကြီးအတွက် ရက်ရက်ရောရော လှူဒါန်းပြီး ရုတ်တရက်ပျောက်ခြင်းမလှပျောက်သွားခဲ့သော မြန်နန်းနွယ်၏ အကြောင်းနှင့်ပတ်သက်၍ ကိုယ်တိုင်မြင်တွေ့ကြဖူးသူများ၏ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပြန်လည်ကြားသည့် ကြားရသူများ၏ ဝန်းကျင်တွင် ရေပန်းစားခဲ့သည့် မြန်နန်းနွယ်။

ဤမျှ ရက်ရောစွာ လှူဒါန်းသော မြန်နန်းနွယ်ကို လူသားစင်စစ်မှ ဟုတ်ပါလေလားဟု တွေးကြရသည့် မြန်နန်းနွယ်။

၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်းတွင် ဗိုလ်တထောင်စေတီတော်မြတ်၏ ဝန်းကျင်၌ သူ၏အသွင်သဏ္ဌာန်ကို အရိပ်အယောင်မျှပင် မတွေ့ရတော့သည့် မြန်နန်းနွယ်။

အချို့ကလည်း အစ်မတော် မြန်နန်းနွယ်ကို မကြာခဏ မြင်တွေ့လေ့ရှိသည်။ ပဋ္ဌာန်းဆက်အရ လိုအပ်သော အကူအညီများကို အကူအညီပေးလေ့ရှိသည့် အစ်မတော် မြန်နန်းနွယ်အား [illegible] ကြည်ချက်အပြည့်အဝထားရန် လို[illegible] သည်ဟု ပြောကြပါသည်။

အစ်မတော် သို့မဟုတ် [illegible]တော်ကြီး မြန်နန်းနွယ်သည် တစ်[illegible] လူသားစင်စစ် အမှန်တကယ်[illegible]ဖြစ်ခဲ့သည်။ ကျောက်သံပတ္တမြား[illegible] များကို လှူဒါန်း[illegible]ခြင်းမှာ [illegible] ကျောက်[illegible]

တို့အမွေအနှစ်များကို တစ်ဦးတည်းသော သမီးအဖြစ် အမွေစားအမွေခံရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

■ မြနန်းနွယ်နှင့်ဒေါ်အယ်နီ

မြနန်းနွယ်နှင့်ပတ်သက်၍ အခြားအကြောင်းအရာတစ်ခုရှိပါသေးသည်။ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီနှင့် ဆက်နွယ်သော မြနန်းနွယ်မှ ဒေါ်အယ်နီ (ခေါ်) အဖေ အင်္ဂလိပ်လူမျိုးစစ်စစ်၊ အမေ မြန်မာလူမျိုးစစ်စစ်၊ ပဲခူးတိုင်း သုံးဆယ်မြို့ (ယခုမြအောင်စေတီတည်ရှိရာ) ရွာမရွာသူစစ်စစ်ဖြစ်ပါလျက် ဘိုကပြားမလေးမအယ်နီအား အိပ်မက်ဖြင့် ဗုဒ္ဓသာသနာတော်အတွင်း သူ့ခေတ်သူ့အခါက အလှူရေစက်လက်နှင့်မကွာ ဖြစ်စေခဲ့ပြီး မြနန်းနွယ်၏ကျေးဇူးကြောင့် ဒေါ်အယ်နီကဲ့သို့သော ဘိုကပြားမလေးသည် မိရိုးဖလာဗုဒ္ဓဘာသာအဖြစ်မှ တရားရှင်မလေးတစ်ဦးဖြစ်လာပြီး ဘဝတစ်လျှောက် ဒါနပါရမီနှင့် ကမ္မဋ္ဌာန်းဝိပဿနာတရားထူးများကို ကိုယ်တိုင်ကျင့်ကြံအားထုတ်နိုင်သူဖြစ်သွားခဲ့ရသည်။ ဒေါ်အယ်နီနှင့် မြနန်းနွယ်တို့မှာ တသီးတခြားခွဲထား၍မရသကဲ့သို့ရှိတော့သည် ဆို၏။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့နယ် သုံးဆယ်မြို့၏ အနောက်တစ်မိုင်ခန့်ဝန်းကျင်သာဝေးသောအရပ်၌ ရွာမရွာဟုရှိသည်။ စာရေးဆရာကြီး ပီမိုးနင်းမွေးဖွားရာဇာတိ ဖြစ်ပါသည်။ ထိုရွာတွင် ဒေါ်ရွှေရိပ်ဟူသော ငွေကြေးပြည့်စုံသူတစ်ဦး ရှိသည်။ ဒေါ်ရွှေရိပ်သည် ဦးကျော်ဆိုသူနှင့် အိမ်ထောင်ကျသည်။ ဦးဘသိန်း၊ ဦးဘရွှေ၊ ဒေါ်တင်၊ ဒေါ်စော၊ ဒေါ်လေးခင်ဟူ၍ သားသမီး (၅) ယောက် ထွန်းကားသည်။ ထိုသားသမီးငါးယောက်အနက် ဒေါ်စောဆိုသူသည် ဗြိတိသျှခေတ်တွင် အင်္ဂလိပ်စစ်ဗိုလ်၊ စစ်တပ်တွင် မိုင်းအရာရှိဖြစ်သူ မစ္စတာဆွိန်းဆိုသူနှင့် အိမ်ထောင်ကျသည်။ ထိုသူတို့နှစ်ဦးမှ မအေမီ၊ ကိုဆန် နီ၊ ကိုဂျော်နီ၊ မအယ်နီ၊ မရိုစီ ဟူ၍ သားသမီး (၅) ယောက် ထွန်းကားသည်။ ထိုငါးယောက်အနက်မှ မအယ်နီ(ခေါ်)ရွာမရွာအခေါ် အယ်နီမသည် မြနန်းနွယ်နှင့် ပတ်သက်လာသည်။

ဒေါ်အယ်နီသည် ကြီးပြင်းလာသောအခါ သုံးဆယ်မြို့ အေဘီအယ်၊ ဘီဘီအမ်ကျောင်းများတွင် ပညာသင်ရသည်။ ရန်ကုန်တွင်လည်း လာရောက်ပညာသင်ရသည်ဆို၏။ ထို့နောက် အိန္ဒိယပြည် ဒါဂျီလင်သို့ပို့၍ ပညာသင်စေသည်။ လွတ်လပ်ရေးရပြီး ၁၉၄၉ ခုနှစ်ရောက်မှ ဒေါ်အယ်နီမြန်မာပြည်သို့ ပြန်လာရသည်။

ဒေါ်အယ်နီသည် ရန်ကုန်မြို့တွင် ဦးမောင်နှစ်ဆိုသူနှင့် အိမ်ထောင်ပြု၍ ကော်ဖီမှုန့်လုပ်ငန်း လုပ်ကိုင်ကြသည်။

စီးပွားအတော်အတန်ဖြစ်လာ၍ ရန်ကုန်မြို့တွင် ခြံတစ်ခြံနှင့် အိမ်ကြီးတစ်ဆောင်ဝယ်ယူသည်။ ထိုအိမ်၏ အနောက်ဘက် ရေတွင်းပျက်ကြီးတစ်ခုထဲမှသံသေတ္တာအတွင်းတွင် ရတနာရွှေငွေပစ္စည်းတချို့နှင့် ကြေးသွန်းဘုရားရုပ်ပွားတော်နှစ်ဆူ၊ ကျန်သေတ္တာတစ်လုံးမှ ရတနာရွှေ ငွေလက်ဝတ်စားတို့ကို ရရှိသည်။ သို့နှင့် ဒေါ်အယ်နီတို့ ချမ်းသာသွားလေသည်။ ဒေါ်အယ်နီကို မြနန်းနွယ်ကအိပ်မက်ပေး၍ ရတနာများကို လှူဒါန်းခိုင်းသည်ဆို၏။ သုံးဆယ်မြို့ ရွာမရွာရှိ မိဘဘိုးဘွားပိုင်ခြံကြီးတွင် မြနန်းနွယ်၏ ကောင်းမှုဆိုပြီး 'မြအောင်စေတီတော်'တည်ထား၏။ ဒေါ်အယ်နီတွင် သမီးသျှိလာ၊ မိုက်ကယ်၊ ချယ်ရီ၊ ဂျင်နီ၊ တူးတူး၊ ပါပူး ဆိုသည့် သားသမီးများထွန်းကားသည်။ ဦးမောင်နှစ်နှင့် ဒေါ်အယ်နီတို့သည် လုပ်ငန်းကောင်းများကြောင့် ဥစ္စာဓနတို့ကြွယ်ဝလာကြပါသည်။ မြနန်းနွယ်နှင့် အဆက်ကောင်းမိတ်ကောင်းအဖြစ်လည်းကောင်း၊ အစ်မတော်အဖြစ်လည်းကောင်း အဆက်အသွယ်ရကာ ကုသိုလ်ကောင်းမှုများပြုရင်းဖြင့် နာမည်ကြီးလာသည်။ အချို့က ဒေါ်အယ်နီကို မြနန်းနွယ် မစသည်ဟုဆိုသည်။ အချို့ကလည်း မြနန်းနွယ်၏ ညီမဟုပြောသည်။ တချို့ကလည်း ဒေါ်အယ်နီနှင့် မြနန်းနွယ်ကို ခွဲခြားမရဟု ဆိုကြသည်။ အချို့ကလည်း ဒေါ်အယ်နီသည် မြနန်းနွယ်ဟု ဆို၏။ သို့ဆိုက အထက်၌ ဖော်ပြခဲ့သော မိုးကုတ်သူ မြနန်းနွယ်အကြောင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး စဉ်းစားစရာဖြစ်နေသည်။

ဤနေရာတွင် စာရေးသူ၏ ကိုယ်တွေ့အကြောင်းတစ်ခုကိုဖော်ပြချင်ပါသည်။ ၁၉၅၄-၅၅ ခုနှစ်လောက်တွင် ရန်ကုန်မြို့ (၄၆) အောက်လမ်းအဆုံး၌ ဝတ်လုံတော်ရ ဦးဝီလျံပေါလ်-ဒေါ်နှင်းမြတို့၏ (၃) ထပ်တိုက် အောက်ဆုံးခန်းတွင် စာရေးသူ၏ မိခင်ဘက်မှ အကြီးနှင့် ကြီးတော်ဒေါ်ဂျော်လန်တို့ ငှားရမ်းနေထိုင်၏။ ထိုအိမ်ခန်းတွင် စာရေးသူတို့လည်းနေဖူးပါသည်။ ထိုအိမ်ခန်းရှိရာတိုက်၏ ခြေရင်းဘက်၌ လေးထပ်တိုက်ကြီးရှိသည်။ ထိုလေးထပ်တိုက်၏ အခန်းတစ်ခန်းတွင်နေသော အင်္ဂလိပ်-ကုလားကပြားအမျိုးသမီးကြီးတစ်ဦးကို မြနန်းနွယ်ဟု ဆိုကြသည်။ ဤနေရာတွင် အထက်၌ ဖော်ပြခဲ့သော ဒေါ်အယ်နီသည်။ အင်္ဂလိပ်-မြန်မာကပြားဖြစ်သည်ဆိုပေရာ (၄၆)လမ်းမှ အမျိုးသမီးကြီးပင်ဖြစ်သည်လောဟု ပြန်တွေးမိပါသည်။

ဦးမောင်နှစ်သည် ၁၉၉၁ ခုနှစ်တွင်အနိစ္စရောက်သွား၏။ ဒေါ်အယ်နီက ၂၀၀၁ ခုနှစ်တွင် ရန်ကုန်၌ပင် ကွယ်လွန်ခဲ့၏ဟု ဆိုပါသည်။

■ အစ်မတော် စောမွန်လှနှင့် ပတ်သက်၍

အထက်တစ်နေရာ၌ ဆရာဦးဝင်းလှိုင်က အစ်မတော်စော်မွန်လှနှင့် မောင်တော်စောနောင်တို့ကို သိုက်ဆက်များဖြစ်သည်ဟု ဆိုသည်။ စောမွန်လှ၏ မောင်တော် စောနောင်၊ ညီမတော် စောအောင်နှင့် စောနန်းတို့သည် ဝန်(၃၇) မင်းမှ ကိုးသိန်းရှင်နှင့် ညီမတော်ဆည်ကတော်၊ ကင်းကတော်တို့ ဖြစ်ကြသည်။ စောမွန်လှမှာ နတ်ဖြစ်သည်ဟု မတွေ့ရပါ။ ယခုတွင်မူ သိုက်နန်းရှင် ဖြစ်နေသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ဘိုးဘိုးကြီးနတ်နန်းအလွန် ပြင်ဦးလွင်ကားလမ်းဘေးရှိ အစ်မတော် စောမွန်လှ၏ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတ်ဘက်ဘုရား ပေါ်တော်မူပရိဝုဏ်အတွင်းရှိ ထူးခြားဆန်းကြယ်၍ တန်ခိုးထက်လှသော နဂါးကိုးကောင်ဘုရားကို ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်၊ အင်္ဂါနေ့က ရွှေထီးတော်တင်လှူခဲ့သည်။ စေတီတော်၏ ဒါယကာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ-ဇနီး ဒေါ်ကြိုင်ကြိုင်တို့မိသားစု ဖြစ်ပါသည်။ ထိုနဂါးကိုးကောင်စေတီတော်တွင် အစ်မတော်စောမွန်လှမှာ သိုက်စောင့်မယ်တော်ဖြစ်နေသည်။

ထိုနဂါးကိုးကောင်စေတီမှ ဆရာတော်သည် အိပ်မက်မြင်မက်သည်ဟုဆိုသည်။ အိပ်မက်ထဲတွင် နဖူးချောမောလှပသော အမျိုးသမီးယောဂီဝတ်တစ်ဦးက ဘုရားဝတ်ပြုနေကြောင်း၊ ဆရာတော်နှင့် တွေ့သောအခါ သူသည် အနော်ရထာမင်း၏မိဖုရား စောလှမွန်ဖြစ်ကြောင်း၊ ဤမြတ်ဘက်ဘုရားတွင် တရားအားထုတ်ရန် ခွင့်ပြုစေလိုကြောင်း လျှောက်ထားသည် ဆို၏။

ထိုအချိန်မှာပင် စောမွန်လှသည် ယောဂီဝတ်စုံမှ ပြောင်းလဲ၍ ပြိုးပြိုးပြက် ဝင်းဝင်းလက်လက် အရောင်များ ထွက်လျက် နန်းဝတ်နန်းစားဖြင့် ဘုရားဝတ်ပြုနေသည်ကို တွေ့လိုက်ရကြောင်း၊ တစ်ချိန်တည်းမှာပင် ရှမ်းမောင်းသံ၊ ရှမ်းဗိုးစည်သံနှင့် ရှမ်းသီချင်းသံများ ကြားလိုက်ရပြီး မြတ်ဘက်ကုန်းမြတ်တစ်ခွင်လုံး ရွှေဝါရောင်လွှမ်းမိုးသွားကြောင်း၊ ထိုအချိန်မှစပြီး ၎င်းနေရာတွင် အစ်မတော် စောမွန်လှ သိုက်နန်းရှင်အဖြစ်ရှိနေပြီး အစ်မတော်ထံ ဆုတောင်းရာ၌ ဆုတောင်းပြည့်သူအသီးသီး ပေါ်လာကြသည်ဟု ဆိုပါသည်။

မောင်သန်းဆွေ (ထားဝယ်)

ကိုးကားချက် -

(၁) တောင်ပြုန်းသခင်နှစ်ပါး၊ ရွှေတိုက်စာရင်းဝင် ရန်ကုန်ဦးဝင်းလှိုင်၏ ပြောပြချက်
(၂) အောင်ဆုရှင် (သာကီဝင်) ရေး ပါရမီရှင်မလေး မြနန်းနွယ်။
(၃) မြေလတ်မြတ်သူ၊ အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ရှင်မလေး ဒေါ်မြနန်းနွယ်
(၄) ဖိုးစွံ (အောင်ပင်လယ်)၊ အစ်မတော် စောမွန်လှ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတ်ဘက် နဂါးကိုးကောင်ဘုရား [illegible] ထူးခြားဆန်းကြယ် [illegible] ဖြစ်ရပ်များ
(၅) စကြာကော [illegible] အမ [illegible] ဖြစ်ရပ်များ

ဇန်းမော်ညိုသု

ခါးအောက်ပိုင်းသေရင် ဘယ်ဆေးနဲ့ကုမလဲ

"ဦးမောင်ကြီးမှာ သွေးတိုးလည်း မရှိ ဆီးချိုလည်းမရှိဘဲနဲ့ ဘာကြောင့် ခါးအောက်ပိုင်းသေသွားရတာလဲ"

ဒါက ဦးမောင်ကြီးရဲ့သားမောင်ပိုင်ကို စာရေးသူအမေးစကားဖြစ်ပါတယ်။

ထိုအခါ ဆရာဦးစောမောင်က -

"ဒီလိုဗျ ဦးမောင်ကြီးဟာ သူ့သားအတွက် ဆိုင်ကယ်တစ်စီးဝယ်လိုက်ပါတယ်။ အဲဒီဆိုင်ကယ်ဟာ ခိုးရာပါပစ္စည်းဖြစ်နေတယ်။ မိုးကောက်မြို့နယ်ကခိုးလာတဲ့ပစ္စည်းဖြစ်ကြောင်း ရဲတွေပြောပြမှ သိလိုက်ရတယ်။ ရောင်းသွားတဲ့တရားခံကိုမမိတဲ့အတွက် ဆိုင်ကယ်ကိုသိမ်းပြီး ဦးမောင်ကြီးကို တရားခံအဖြစ်နဲ့အမှုလုပ်တော့ ထောင်(၆)လကျသွားခဲ့ပါတယ်။ ထောင်ထဲမှာက အိပ်တော့ သမံတလင်း၊ ထိုင်တော့ သမံတလင်း၊ စားတော့ သမံတလင်းပေါ်မှာချည်းဖြစ်နေတော့ မကြာလိုက်ပါဘူး အဖျားဝင်လာပါတယ်။ ထောင်ဆရာဝန်က စစ်ဆေးပါတယ်။ ငှက်ဖျားမဟုတ်မှန်းသိတော့ ဇန်းမော်ဆေးရုံကြီးခေါ်သွားပြီး H1N1စစ်ဆေးပြန်တယ်။ အဲဒီရောဂါမဟုတ်ဘူးလို့ ဆရာဝန်ကြီးကဆိုပါတယ်။ ဒါကြောင့် အဖျားသက်သာအောင် ဆေးထိုးပေးပါတယ်။ ဖျားလာရင်သောက်ဖို့ဆေးလည်း ပေးလိုက်ပါတယ်။

ထောင်ထဲမှာဖျားဖျားနေရာကနေ လွတ်ခါနီးတစ်ပတ်လောက်အကြာမှာ ဦးမောင်ကြီးရဲ့အောက်ပိုင်းတစ်ခုလုံးဟာ သေသွားပါတယ်။ လုံးဝလှုပ်ရှားလို့မရတော့ဘူး။ ဒါကြောင့် ထောင်မှူးကြီးက ဦးမောင်ကြီးရဲ့မိန်းမကို အကြောင်းကြားပြီး ဆေးရုံကြီးကိုတင်လိုက်ပါတယ်။ ဆေးရုံကြီးမှာ (၁၀) ရက်ကြာပေမယ့် ဘာမှအကြောင်းမထူးခဲ့တာနဲ့ အိမ်ပြန်ခေါ်ခဲ့ပါတယ်။ ထောင်ကလည်း ထောင်ရက်စေ့လို့လွှတ်လိုက်ပြီ ဖြစ်ပါတယ်။ အိမ်ရောက်တော့ ကျွန်တော်ဦးမောင်ကြီးဆီလူနာမေးရောက်ပါတယ်။ ကျွန်တော်တို့က အလွန်ရင်းနှီးတဲ့မိတ်ဆွေများဖြစ်ကြပါတယ်။ ကျွန်တော် ဦးမောင်ကြီးရဲ့ လက်ကောက်ဝတ်နဲ့ခြေမျက်စိရှိအကြောများကို စမ်းသပ်ကြည့်ပါတယ်။

ဦးမောင်ကြီးဟာ ခန္ဓာကိုယ်အပေါ်ပိုင်းမှာ သွေးလျှောက်တယ်။ ခါးအောက်ပိုင်းမှာ သွေးမလျှောက်တော့ဘူး။ ဒါကြောင့် ခါးအောက်ပိုင်းဟာ သေသလိုဖြစ်နေတာ။ ဒီလိုဖြစ်ရတာဟာ ရောဂါကြောင့်မဟုတ်ဘူး။ အပြင်ပယောဂကြောင့်ဖြစ်ရတာ။ သူအိပ်ရတာက သမံတလင်း၊ ထိုင်ရတာ သမံတလင်း၊ စားရတာကလည်း သမံတလင်းပေါ်မှာဆိုတော့ ခန္ဓာကိုယ်ပေါ်မှာရှိတဲ့ သွေးကြောလေကြောတွေဟာဘယ်ကလာပြီးခံမှာလဲ။ ဘီလပ်မြေအငွေ့ဟာ သွေးကြောလေကြောတွေကို စုပ်ယူနေပြီလေ။ အထူးသဖြင့် အကြောဆုံးဖြစ်တဲ့ တင်ပဆုံ(တင်ပါးကြော)ကို အထူးစုပ်ပြီပေါ့။ ဒါကြောင့် လေကြောသွေးကြောတွေဟာ ဘာမှမလှုပ်ရှားနိုင်လို့ ဦးမောင်ကြီးဟာ အောက်ပိုင်းသေသွားတာပါ။ ဒီလို အောက်ပိုင်းသေတာဟာ ဦးမောင်ကြီးကို ထိခိုက်စေတာတဲ့ သွေးတိုး ဆီးချို မဟုတ်တော့ ကြောက်စရာမရှိဘူး။ အပြင်ပယောဂရဲ့ ရိုက်ခတ်မှုကြောင့်ဖြစ်လာတဲ့ရောဂါမို့ ကုရတာလွယ်ပါတယ်။

"ဖေဖေ့ကို ကုသပေးဖို့ ဆရာ့ကို အပ်ပါတယ်"

ဦးမောင်ကြီးရဲ့ သားအကြီးဆုံး မောင်ပိုင်ဟာ လက်အုပ်ကလေးချီပြီး ဆရာဦးစောမောင်ကိုကြည့်နေပါတယ်။

"ဒီလိုဆို မင်းကိုဆရာပြောလိုက်မယ်။ မင်းတို့အိမ်ဝင်းထဲမှာ သဘော်ပင်တွေအများကြီးရှိတယ်။ အဖိုပင်ရဲ့အမြစ်ကိုတူးပြီး လက်တစ်ဆစ်လောက်အပိုင်းကလေးတွေခုတ်ပြီး (အမြစ်ကြီးရင်ခွဲလိုက်ပါ) ရေများများထည့်ပြီးပြုတ်ပါ။ ပြုတ်လို့ရလာတဲ့အရည်ကို တစ်နေ့သုံးကြိမ်တိုက်ပေးပါ။ အခါးပန်းကန်လုံးနဲ့ အပြည့်ထည့်ပြီးတိုက်ရမှာနော်။ ခါးတော့ နည်းနည်းခါးတယ်။ သဘော်အဖိုပင်ရဲ့ အစွမ်းသတ္တိက ခန္ဓာကိုယ်ထဲမှာပိတ်နေတဲ့ သွေးကြောများ၊ လေကြောများကို ပွင့်သွားစေပြီး ခန္ဓာကိုယ်သေနေတဲ့ အောက်ပိုင်းဟာ အကောင်းပကတိပြန်ဖြစ်သွားလိမ့်မယ်။ ဆရာပြောသလို လုပ်ပါ"

တိုင်းရင်းဆေးဆရာကြီး ဦးစောမောင်ပြောတဲ့အတိုင်း လုပ်ဆောင်ပေးခဲ့လို့ ဦးမောင်ကြီးဟာ လူကောင်းပကတိ လမ်းလျှောက်နိုင်ခဲ့ပါပြီ။ သဘော်ဖိုမြစ်ဟာ အလွန်တန်ဖိုးကြီးလှပါလား။

ဇန်းမော်ညိုသု



ဦးအေးရွှေ

([illegible])

ကိုယ်ပြုသောကံ မိမိထံ ကောန်ရောက်လာမည်

ဤလောကကြီးထဲရှိ လူတို့သည် အမှားနှစ်ခုကို ပြုလုပ်နေကြ၏။ ၎င်းတို့မှာ အကုသိုလ်ဒုစရိုက်များကိုပြုလုပ်မိသောအမှားနှင့် ကုသိုလ်သုစရိုက်များကို မပြုလုပ်မိခြင်း ဟူသောအမှားတို့ဖြစ်ပါသည်။ ကုသိုလ်များပြုလုပ်ခဲ့သဖြင့်လူဖြစ်ရခြင်းအကျိုးရှိသော်လည်း အကုသိုလ်များပြုလုပ်ခဲ့လျှင် လူဖြစ်ရခြင်းမှာ အရှုံးဖြစ်၏။ လှည်းတပ်ထားသည့် ဝန်ဆောင်နွား၏ ခြေထောက်ကို လှည်းဘီးက အစဉ်တစိုက်လိုက်ပြီး နှိပ်စက်နေသလိုပါပဲဟု သဗ္ဗညုထွတ်တင် ရှင်ဂေါတမက ဥပမာပေးဟောကြားခဲ့ပါသည်။

ထို့ပြင် အနှိုင်းမဲ့မြတ်ဗုဒ္ဓက သဒိသံ ပါကံ ဇနေတိ မိမိပြုသော အလုပ်ကံနှင့်တူသောအကျိုးကိုပေးသည်ဟု ထပ်ဆင့်ဟောကြားထားခဲ့ရာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ အလေးထား လေးစားသမှုရှိကြပါသည်။

စာရေးသူ၏သားဖြစ်သူ ကိုမျိုး၏ တူသောအကျိုးပေးပုံတို့မှာ ကြောက်လန့်ဖွယ်၊ အံ့ဩဖွယ်များ ရောယှက်နေပါ၍ စာရှုသူများအား သိရှိနိုင်စေရန်အတွက် အောက်ပါအတိုင်း ရေးသားလိုက်ပါသည်။

လွန်ခဲ့သော ၂၀၀၃ ဝန်းကျင်က စာရေးသူ၏သား ကိုမျိုးတို့ဇနီးမောင်နှံတို့သည် ရန်ကုန်မြို့ သမြေရိုပ်စားသောက်ဆိုင်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြပါသည်။ သူတို့၏စားသောက်ဆိုင်ဘေးတွင် ရိုးကြီးချောင်းရှိပါသည်။ အကျယ် (၁၅) ပေခန့်ရှိပြီး အနက် (၈) ပေခန့်ရှိပါသည်။ ဒီရေတက်ချိန်တွင် ရေပြည့်လုနီးနီးရှိသော်လည်း ဒီရေကျချိန်တွင် ရေလုံးဝမရှိတော့ပါ။

တစ်ည ထိုချောင်းထဲမှခွေးပေါက်တစ်ကောင်၏အော်သံကို တစ်ညလုံးကြားခဲ့ရပါသည်။ ကိုမျိုးသည် နံနက်မိုးလင်းသော် ထိုချောင်းထဲသို့ငုံ့ကြည့်ပါသည်။ ဒီရေတက်လာပြီဖြစ်၍ ထိုခွေးပေါက် ရေထဲနစ်နေပါပြီ။ သူသည် ထိုချောင်းထဲသို့ဆင်း၍ ထိုခွေးငယ်ကို ဖမ်းကာ ကုန်းပေါ် သို့တင်ခဲ့ပါသည်။ ထိုခွေးလေးသည် သူ့ကို အသက်ဘေးမှကယ်

တင်ခဲ့သော လှေနောက်သို့လိုက်လာပါသည်။ ကိုမျိုးသည် ရေစိုနေသောထိုခွေးလေးကို အဝတ်စုတ်များဖြင့် သုတ်၍ပေးပါသည်။ ထို့နောက် ထမင်းဟင်းကျန်တို့ကိုရှာ၍ ထိုခွေးလေးကိုကျွေးခဲ့ပါသည်။ ထို့ကြောင့် ထိုခွေးလေးမှာ မည်သည့်အရပ်ကိုမျှ မသွားတော့။ ကိုမျိုးတို့အနီးပတ်ဝန်းကျင်တွင် ဆက်လက်နေပါတော့၏။

ကိုမျိုးတို့ညီနောင်နှင့် ထိုစားသောက်ဆိုင်တွင် (၄)နှစ်ခန့် လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် တောင်ကြီးမြို့တွင် အလုပ်ရှိသဖြင့် ထိုမြို့သို့ ပြန်လာပြီး ရန်ကုန်မြို့ လှိုင်သာယာတွင် အိမ်ခန်းငှား၍နေထိုင်ကြပါသည်။ သူတို့၏ အခန်းအနီးတွင် အရှည်ကြီးတို့လင်မယားနေထိုင်ခဲ့ကြပါသည်။ ထိုအရှည်ကြီး၏ ခေါ်ဆောင်မှုကြောင့် စီဘီသံချေးခွာသည့်အလုပ်ကို အတူတူလုပ်ကိုင်ခဲ့ကြပါသည်။ ထိုနေရာမှာ ဘုရင့်နောင်တံတား၏တောင်ဘက်တွင် ဖြစ်ပါသည်။ သူတို့လုပ်ရမည့် စီဘီမှာ ကမ်းနားဘေးရှိ စီဘီ (၃၃) ကျော်ပြီးမှရောက်သည်။ မြစ်အလယ်ခန့်ရောက်သွားပါပြီ။ စီဘီအပေါ်ရှိ သံငုတ်(၂၃)မှ ကျပ်လုံးသာသာ နိုင်လွန်ကြိုးချည်ထားသောပျဉ်ချပ်တစ်ခုကို အောက်ဘက်သို့ ချထားပါသည်။ ထိုပျဉ်ချပ်ပေါ်မှ စီဘီပေါ်သို့ (၆) ပေခန့်ကွာဝေးပြီး အောက်က ရေနှင့်(၅)ပေခန့်ဝေးပါသည်။ ထိုပျဉ်ချပ်၏မြောက်ဘက်ကြိုးအနီးတွင် ကိုမျိုးက သံချေးကို တူဖြင့်ထု၍ခွာရပါသည်။ တောင်ဘက်ကြိုးအနီးတွင် အရှည်ကြီးဆိုသူက သံချေးခွာရသည်။ အလယ်က မြင့်စိုးက ဂလိုက်ဒါနှင့် သံချေးကိုခွာရပါသည်။ ထိုဂလိုက်ဒါကို ဓာတ်ကြိုးဖြင့်ဆွဲ၍ လျှပ်စစ်ဖြင့် သံချေးကိုခွာထုတ်ရပါသည်။ အလုပ်ခွင်တွင်ပျင်းရိမှုမရှိစေရန် တစ်ဦးနှင့်တစ်ဦးနောက်ပြောင်ကျီစယ်ခြင်းဖြင့် အလုပ်လုပ်ခဲ့ကြပါသည်။

(၃) ရက်အတူတူအလုပ်လုပ်ခဲ့ကြပြီး (၄) ရက်မြောက်သောနေ့ ဖြစ်ပါသည်။ အရှည်ကြီးက သီချင်းအော်ဟစ်ဆိုလိုက်ပါသည်။

"သေချင်သေ သေရင်မြေကြီးပါကွယ်"

ဟုဆိုသောအခါ သူ့အနီးရှိ မြင့်စိုးက -

"ဟာ-ကိုအရှည်ကြီးကလည်းဖျာနိမိတ်မရှိဘူး၊ ဆိုစရာရှားလို့လား"

ဟု ကန့်ကွက်ခဲ့ပါသည်။

မကြာပါ။ ကိုမျိုးနင်းထားသော သစ်သားပြားကြီးဖြေ၍ ပျဉ်ပြားအောက်သို့ပြုတ်ကျသွားခဲ့ပါသည်။ ထိုအခါ ကိုမျိုးသည် ကြိုးကိုလက်နှစ်ဖက်ဖြင့်ကိုင်၍ တန်းလန်းဖြစ်နေပါသည်။ အရှည်ကြီးတို့ (၂) ဦးကလည်း ပျဉ်ချပ်ကိုကိုင်လျက် ရေထဲရောက်နေပါပြီ။ သူတို့(၂)ဦးက ရေကူးတတ်ပါသည်။

ထိုအခါ အရှည်ကြီးက -

"ကိုမျိုး၊ ကြိုးကိုလက်မလွှတ်စေနဲ့ မြဲမြဲကိုင်ထား"

ဟု အော်၍ သတိပေးနေပါသည်။ အရှည်ကြီးနှင့် အတူရှိသော မြင့်စိုးက ကြိုးကိုဆွဲ၍ စီဘီပေါ်သို့ကြိုးစား၍တက်ရောက်သွားခဲ့ပါသည်။ ကိုမျိုးသည် ကြိုးကိုဆွဲထားရသည်မှာ ကြာလာတော့ လက်ညောင်းလာပါတော့သည်။

"အား. . . . ဗွမ်း"

ကိုမျိုး ရေထဲသို့ပြုတ်ကျသွားပါပြီ။ သူရေမကူးတတ်ပါ။

"ဟာ - ကိုမျိုးကျ. . . ကျသွားပြီ"

ဟု အရှည်ကြီးက အံ့အားသင့်သွားပါသည်။ ရေသည် အထက်မှ အောက်သို့ စုန်ဆင်းနေပါသည်။ အရှည်ကြီး၏အနီးသို့ရောက်သော် ကိုမျိုး၏ ဆံပင်ကိုမြင်လိုက်၍ အရှည်ကြီးက ထိုဆံပင်ကိုလှမ်း၍ဆွဲလိုက်ပါသည်။

"ကိုမျိုး. . . ကိုမျိုး ကျွန်တော့်ခါးကို ဖက်ထား ဘာမှမကြောက်နဲ့"

ဟု အရှည်ကြီးပြောသည့်အတိုင်း သူ၏ခါးကို တင်းကျပ်စွာဖက်ထားလိုက်ပါသည်။ အရေးထဲ နူရာဝဲစွဲ ဆိုသည့်အတိုင်း ရေထဲတွင်ဓာတ်လိုက်နေပါသည်။ မြင့်စိုး၏ ဂလိုက်ဒါ ရေထဲသို့ကျသွားသော်လည်း ၎င်းဓာတ်ကြိုးက ရေထဲတွင်ရှိနေ၍ ဓာတ်လိုက်ခြင်းဖြစ်ပါသည်။

ထိုအခါ အရှည်ကြီးက -

"မြင့်စိုး၊ မြင့်စိုးရေ အပေါ်က ခလုတ်ကိုပိတ်လိုက်ဦး။ တို့တွေဓာတ်လိုက်နေလို့"

ဟု အော်၍ပြောလိုက်ပါသည်။

မြင့်စိုးကလည်း အနီးဝန်းကျင်ရှိ အလုပ်သမားများအား သွား၍ပြောပြီး အကူအညီတောင်းနေပါသည်။ မကြာခင် စီဘီပေါ်မှ လူများက နိုင်လွန်ကြိုးတစ်ချောင်းကို အောက်သို့ချပေးလိုက်ရာ ကိုမျိုးကို ပထမဆုံးဆွဲတင်လိုက်ပါသည်။ နောက်တစ်ကြိမ် အရှည်ကြီးကို ထိုကဲ့သို့ဆွဲတင်ခဲ့ပါသည်။

လူတိုင်းတွင် ဇောခုနစ်တန် ဟူ၍ရှိရာ ပထမဇော (ဒိဋ္ဌဓမ္မဝေဒနီယကံ) သည် ပစ္စုပ္ပန်တွင် အကျိုးပေးပြီး သတ္တမဇော (ဥပပဇ္ဇဝေဒနီယကံ) သည် ဒုတိယဘဝတွင် အကျိုးပေးပါသည်။ သို့သော် ထိုဇော (၂) တန်သည် အကျိုးပေးခွင့်မရလျှင် ပျက်စီးတတ်သည်။ အလယ်ဇော (၅) ချက်သည် တတိယဘဝမှ နိဗ္ဗာန်မရောက်မီကာလအတွင်း အကျိုးပေးပါမည်။

ကိုမျိုးသည် ယခင်က ခွေးပေါက်တစ်ကောင်အား ကယ်တင်ခဲ့သော ပထမဇောက သူ့ကို အကျိုးပေးခြင်းဖြစ်နိုင်ပါသည်။

ထို့ပြင် လူသားတို့အား လောကနာထ မြတ်ဗုဒ္ဓက အောက်ပါအတိုင်း ဝီရိယ (၄) မျိုးကို ဟောထားခဲ့ပါသည်။

၁။ မဖြစ်သေးသောကုသိုလ်များဖြစ်ပေါ်ဖို့ ဝီရိယထားရန်။
၂။ ဖြစ်ပြီးသော ကုသိုလ်တရားများ တိုးပွားလာစေဖို့ ဝီရိယထားရန်။
၃။ မဖြစ်သေးသော အကုသိုလ်များ ဖြစ်ပေါ်မလာဖို့ ဝီရိယထားရန်။
၄။ ဖြစ်ပြီးသောအကုသိုလ်များတိုးပွားမလာစေဖို့ ဝီရိယထားရန်တို့ ဖြစ်ပါသည်။

စာရှုသူများ လူ့ဘဝကို အကျိုးရှိစွာ ဖြတ်သန်းနိုင်ကြပါစေဟူသော စေတနာဖြင့် ရေးသားရခြင်း ဖြစ်ပါကြောင်း။

သဗ္ဗသတ္တာဘဝန္တုသုခိတတ္တာ

ဦးအေးရွှေ (ကနောင်)

မောင်ပွင့်([illegible])ညွှာတ်
လူတွေနေတဲ့နတ်ပြည်
[illegible]
ပတ္တမြားမြေ

လူတိုင်းဟာ ကိုယ့်ဇာတိမွေးရပ်မြေကို အမွှမ်းတင်ပြီး ပြောတတ်ကြစမြဲပါ။

မောင်ပွင့်ဆိုရင် -

"ငါတို့မြို့ဟာ သာသနာအစအခြေတည် သုဝဏ္ဏသထုံပြည်"

ဆိုပြီး ညွှန်းတတ်ပါတယ်။

ပတ္တမြားမြေ (Ruby Land) လို့ ကမ္ဘာကတောင်သိတဲ့ မိုးကုတ်မြို့ဟာ ပင်လယ်ရေမျက်နှာပြင်ကနေ အမြင့်ပေ (၄၀၀၀) ကျော်မှာရှိပြီး တောင်ပတ်လည်ဝိုင်းနေတဲ့ ချိုင့်ဝှမ်းထဲမှာရှိနေတာမို့ ဆောင်းတွင်းဆို တိမ်တွေဖုံးနေတတ်တယ်။ အနီးအနားက တောင်ကုန်းပေါ်တွေပေါ် တက်ကြည့်လိုက်တာနဲ့ တိမ်ဖုံးနေတဲ့ မိုးကုတ်မြို့ကို မြင်ကြရတယ်။ ဒါကြောင့်လည်း မိုးကုတ်သားတွေက သူ့မြို့ကို 'လူတွေနေတဲ့နတ်ပြည်' လို့ တင်စားကြတာ ဖြစ်တယ်။

ဒီနှစ်မိုးကလည်း ကုန်ခဲ့လိုက်တာ။ သီတင်းကျွတ်ရောက်တာတောင် မိုးကျနေတုန်း။ မိုးကုန်ရင်ခရီးထွက်ဖို့စဉ်းစားထားတဲ့ မောင်ပွင့်ဟို့ တန်ဆောင်မုန်းရောက်မှပဲ ခြေဆန့်ဖြစ်တော့တယ်။ ဒီတစ်ခါတော့ ပြည်တွင်းခရီးစဉ်အနေနဲ့ မရောက်ဘူးသေးတဲ့ မိုးကုတ်မြို့ကိုသွားခဲ့တယ်။ မိုးကုတ်ဟာ လည်ပတ်လို့ကောင်းတဲ့မြို့ဖြစ်လို့ သွားချင်သူတွေအတွက် ခရီးစဉ်နဲ့ ဒေသအကြောင်း အသေးစိတ်ရေးပြပါမယ်။

၂၀၁၇၊ နိုဝင်ဘာ ၄ ရက် ညနေ (၆) နာရီမှာ မော်လမြိုင်ကနေ ရွှေမန္တလေး မော်လမြိုင် - မန္တလေးအဝေးပြေးကားနဲ့ထွက်ခဲ့တယ်။ ကားခ တစ်ယောက်ကို (၁၅၅၀၀) ကျပါတယ်။ မန္တလေး ကွဲဆည်ကန်အဝေးပြေးကွင်းကို နောက်တစ်နေ့ မနက် (၆) နာရီခွဲမှာရောက်တယ်။ မနက်စာစားရင်း ခဏနားပြီး မိုးကုတ်ကားကို စုံစမ်းရတယ်။ ကွဲဆည်ကန်ကားကြီးဝင်းကနေ မိုးကုတ်ကားဂိတ်ရှိတဲ့ သီရိမန္တလာအဝေးပြေးယာဉ်ရပ်နားစခန်းကို တက္ကစီခ (၅၀၀၀) ပေးရတယ်။

လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေး ဖုန်းဆက်ပြီးခေါ်ပေးတဲ့ တက္ကစီက နံပါတ်အနီမဟုတ်ဘဲ အိမ်စီးကားနံပါတ်အနက်ပါ။ ကားခဈေးပြောပြီး ကားပေါ်ရောက်လို့ မောင်းထွက်လာတော့မှ ယာဉ်မောင်းက သူ့အသိတစ်ယောက်စီ ဖုန်းလှမ်းဆက်ပြီး မိုးကုတ်ကားဂိတ် နေရာဘယ်မှာရှိတယ်ဆိုတာကို လှမ်းမေးပါတယ်။ ပိုက်ဆံကို မရရအောင်ရှာနေ ရတဲ့ခေတ်ကြီးပေပဲ။ တစ်ခါတုန်းက ရန်ကုန်မှာ ပစ္စည်းတစ်ခုလိုချင်လို့ ပွဲစားကို လှမ်းမေးပါတယ်။ ရမယ်လို့ပြောတဲ့ အဲဒီပွဲစားကနေ တစ်ဆင့်ပြီးတစ်ဆင့်မေးသွားလိုက်တာ နောက်ဆုံးပစ္စည်းရှိတဲ့ နေရာရောက်တော့ ပွဲစား(၄)ယောက်လောက် တန်းစီပြီးပါလာတဲ့အဖြစ် ကြုံခဲ့ဖူးတာ သတိရလိုက်တယ်။

■ **မန္တလေး-မိုးကုတ်လမ်း**

မန္တလေးကနေ မိုးကုတ်ကို လမ်းကြောင်းနှစ်သွယ်နဲ့သွားလို့ရတယ်။ မတ္တရာကိုဖြတ်သွားတဲ့ လမ်းဟောင်းဟာ အရင်က လမ်းဆိုးပေးမယ့် အခုတော့ လမ်းကောင်းပြီး (၅) နာရီလောက်မောင်းရတယ်။ လမ်းချော်ဖောက်ထားတာ တစ်နှစ်လောက်ပဲရှိသေးတဲ့ လမ်းသစ်က ပြင်ဦးလွင်ကနေ တစ်ဆင့်သွားရတယ်။ လမ်းပိုတိုပေမယ့် အတက်အဆင်းများပြီး လမ်းလည်း ပိုမတ်စောက်တယ်။

မတ္တရာကို ဖြတ်တဲ့လမ်းအတိုင်း မန္တလေး - မိုးကုတ် (၁၂၈) မိုင်ခရီးကို



မိုးကုတ်မြို့ တောင်ပေါ်ဘုရားတစ်ဆူ

လေးယောက်စီးဗင်ကားနဲ့ တစ်ယောက် (၁၂၀၀၀) ကျတယ်။ ရှေ့ခုံမှာထိုင်ရင်တော့ (၁၅၀၀၀) ပေးရတယ်။ ဒါက အထက်ခရီးအတွက်ပါ။ မိုးကုတ်ကနေ မန္တလေးပြန်ဆင်းတဲ့အခါ (၁၀၀၀၀/၁၃၀၀၀) ပဲကျတယ်။ မနက် (၉) နာရီမှာ မန္တလေးက စထွက်ပြီး (၁၁) နာရီမှာ လက်ပန်လှရွာမှာခဏနားပြီး နေ့လယ်စာစားပါတယ်။ ကြက်ကြော်တွေကို ပန်းနဲ့လိုက်ရောင်းတာ တစ်တုံးကို (၁၀၀၀) ကျတယ်။ အိမ်ကြက်တို့ အတုံးကြီးကြီး တုံးပြီးကြော်ထားတာ စားကောင်းလို့ အတော်တန်ပါတယ်။

လာနားတဲ့ကားတွေအားလုံးကို စားသောက်ဆိုင်တွေက အခမဲ့ ရေနွေးဆွေးပေးတာတွေ့ရတယ်။ ခရီးသည်တွေကိုယ့်ဆိုင်မှာ လာစားရအောင်လို့ ဝန်ဆောင်မှုပေးတာဖြစ်တယ်။ ရွာလမ်းမတစ်ဖက်တစ်ချက်က စားသောက်ဆိုင်တွေ၊ ဖုန်းဆိုင်တွေ၊ စတိုးဆိုင်တွေကို ကြည့်ပြီး လက်ပန်လှဟာ အတော်ကြီးတဲ့ရွာမှန်းသိရတယ်။

လက်ပန်လှမှာ နာရီဝက်လောက်နားပြီး ဆက်ထွက်လာတဲ့အခါ ဝါးဖြူတောင်လမ်းခွဲကို ရောက်တယ်။ ဘယ်ဘက်လမ်းခွဲက သပိတ်ကျင်းကို သွားတာဖြစ်ပြီး ညာဘက်လမ်းခွဲက မိုးကုတ်အတက်လမ်းဖြစ်တယ်။ သပိတ်ကျင်းဟာ ဝါးဖြူတောင်ကနေ (၁၁)မိုင်လောက်ပဲဝေးပြီး ဧရာဝတီမြစ်ကမ်းပေါ်မှာရှိတယ်။ အဲဒါကြောင့် မန္တလေးကနေ သင်္ဘောနဲ့ သပိတ်ကျင်းကို ဆန်တက်လာပြီး အဲဒီကနေ မိုးကုတ်ကို ဆက်သွားလို့လည်းရတယ်။ သပိတ်ကျင်းနဲ့မိုးကုတ်က မိုင် (၆၀) လောက်ဝေးတယ်။သပိတ်ကျင်းကနေ အထက်ကို(၄၇)မိုင်လောက်ဆက်တက်ရင် ‘မြန်မာအစ တကောင်းက’ လို့ဆိုတဲ့ တကောင်းကို ရောက်ပါတယ်။မိုးကုတ်ကိုရောက်တဲ့အခါ မိုးကုတ်နဲ့ တကောင်းဆက်စပ်နေတဲ့ သမိုင်းကြောင်းလေးကို ပြောပြပါမယ်။

မိုးကုတ်မိုးတယ်ပေါ်မှမြင်ရသည့် မြို့လယ်အင်း၊ ကန်ပတ်လမ်းနှင့် ချမ်းသာကြီးဘုရား

ကျပ်ပြင်ရှိ ကျောက်တုးဖော်သည့် တွင်းကြီးတွင် ရေပြည့်နေစဉ်

မိုးကုတ်မြို့ကို လေယာဉ်ပေါ်မှမြင်ရစဉ်

မသေသေးခင် ကျောက်ကောင်းတစ်ပွင့်လောက်တော့ ရကောင်းပါရဲ့လို့များ တွေးနေသလား

ဝါးဖြူတောင်ကနေ မိုးကုတ်အထိ မိုင် (၅၀) လောက်ခရီးဟာ အကွေ့အကောက်အတက်အဆင်းများလို့ တချို့ ကားမူးတတ်သူတွေ မိုးကုတ်လည်း ရောက်ရော ဘယ်မှမလည်နိုင်တော့ဘဲ ခွေသွားတော့တယ်။ အမြင့်ကိုရောက်လာလေ ရာသီဥတုကလည်းသိသိသာသာ အေးလာပါတယ်။ တောင်တန်းတွေ ထပ်ကာထပ်ကာဆင့်နေတဲ့ အဝေးရှုမျှော်ခင်းနဲ့ တောင်ပေါ်တောင်အောက် သီးနှံပန်းမန်စိုက်ခင်းတွေက အင်မတန်လှတယ်။

မွန်းလွဲနှစ်နာရီလောက်မှာ မိုးကုတ်အနောက်ပိုင်းကို ဝင်ပါတယ်။ မိုးကုတ်အနောက်ပိုင်းကို ကျပ်ပြင်လို့ သီးသန့်နာမည်ပေးထားတယ်။ ကျပ်ပြင်မှာ လမ်းတွေက အလွန်ကျဉ်းပြီး အတက်အဆင်း အကွေ့အကောက်အလွန်များတယ်။ ကျပ်ပြင်ကို ဝင်ဝင်ချင်းပဲ ရေပြည့်နေတဲ့ ကျောက်တွင်းကြီးကို ရေကန်ကြီးတစ်ခုလို့ မြင်ရတယ်။

ပြင်ဦးလွင်ဘက်ကသွားရင်တော့ မိုးကုတ်အရှေ့ပိုင်းကို အရင်ရောက်ပါတယ်။ မြေပုံတွေမှာ ပြထားတဲ့ မိုးကုတ်ဟာ မိုးကုတ်အရှေ့ပိုင်းကို ဆိုလိုပြီး ကျပ်ပြင်ကိုတော့ သီးခြားပြထားတတ်တယ်။ ကျပ်ပြင်ကနေ မိုးကုတ်ကို မောင်ကြောအတိုင်း (၁၅)မိနစ်လောက် ကားထပ်စီးရတယ်။

- ပတ္တမြားမြေ (Ruby Land)

ကမ္ဘာပေါ်မှာ ပတ္တမြားဟာ အရှေ့တောင်အာရှမှာပဲထွက်ပြီး မြန်မာနိုင်ငံ မိုးကုတ်မြို့ကထွက်တဲ့ ပတ္တမြားဟာလည်း အရည်အသွေးအကောင်းဆုံးလို့ ကျော်ကြားတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာ အကောင်းဆုံးပတ္တမြားဟာ မိုးကုတ်မြို့ကထွက်တယ်လို့ဆိုရပါမယ်။ မိုးကုတ်မှာ ပတ္တမြားအပြင် နီလာ၊ ကျောက်နီ၊ ကျောက်နီလာ၊ ဥဿဖရား၊ ဖရဲအူ စတဲ့ကျောက်တွေလည်းထွက်တယ်။

နဝရတ်ကိုးပါးမှာ အဝင်အပါဖြစ်တဲ့ ပတ္တမြားဟာ သက္ကတဘာသာ ‘ပဒ္မရာဂ’၊ ပါဠိဘာသာ ‘ပဒုမရာဂ’ က ဆင်းသက်လာတာ ဖြစ်တယ်။ ရာဂဆိုတာ တပ်မက်မှုလို့ အဓိပ္ပာယ်ရတာမို့ ပတ္တမြားဟာ အလွန်မှ လိုချင်တပ်မက်ဖွယ်ကောင်းသော ကျောက်မျက်ရတနာလို့ဆိုရမှာဖြစ်တယ်။ ပတ္တမြားရဲ့ အင်္ဂလိပ်အခေါ် အဝေါ် Ruby ကတော့ အနီရောင်လို့ အဓိပ္ပာယ်ရတဲ့ လက်တင်ဝေါဟာရ ruber က ဆင်းသက်လာတယ်။

မိုးကုတ်မြို့ကို အရင်ကဆို လမ်းပန်းဆက်သွယ်ရေးမကောင်းတာရယ်၊ အတားအဆီးအစစ်အဆေးများတာရယ်ကြောင့် သွားလာလို့ မလွယ်ပါ။ အခု အချိန်မှာတော့ လမ်းတွေကောင်းနေပါပြီ။ ကျောက်မျက်ရတနာလည်း [illegible] နည်းပြီးရှားပါးသွားလို့ [illegible] လည်းမရှိတော့ဘဲ အချိန်မရွေးသွားရောက်လည်ပတ်နိုင်ပါတယ်။

ဒါတောင်မှ မိုးကုတ်[illegible]


လိုင်စင်သက်တမ်းကုန်၍ ရပ်နားထားရသော ကျောက်ထုတ်စခန်းတစ်ခု

မိုးကုတ်မိုးတယ်ရှေ့မှ ညဈေးတန်းစားသောက်ဆိုင်များ

တောင်ပတ်လည်ဝန်းရံနေ၍ ဒယ်အိုးပုံ ချိုင့်ခွက်နေသည့် မိုးကုတ်မြို့

PHOTO THURA-AUNGMYINTMO 25.11.2017

မိုးကုတ်သားတွေက သူတို့မြို့ကို 'လူတွေနေတဲ့ နတ်ပြည်' လို့ တင်စားကြတယ်

နိုင်ငံခြားသားတွေကို သွားခွင့်မပြုတဲ့ ကန့်သတ်နယ်မြေ (Restricted Area) ဖြစ်နေတုန်းပါပဲ။ ဝန်ကြီးဌာနကခွင့်ပြုချက်နဲ့ မိုးကုတ်မြို့ကိုသွားခွင့်ရတဲ့ နိုင်ငံခြားသားတွေဟာ မိုးကုတ်မှာ ညအိပ်ခွင့်မရှိပါ။ ကားနဲ့လည်ပတ်ကြည့်ရှုတဲ့အခါ ကားပေါ်ကမဆင်းရသလို ဓာတ်ပုံလည်း မပေးရိုက်ပါ။ ဒါကြောင့် မြန်မာနိုင်ငံက တခြားမြို့ကြီးတွေမှာလို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေကို မိုးကုတ်မှာ မြင်တွေ့ရခဲပါတယ်။

ပတ္တမြားဟာ မြေနှစ်မျိုးကထွက်တယ်။ မြေပျော့မြေနီနဲ့ ကျောက်မြေ ဖြစ်တယ်။ မိုးကုတ်မြို့ထဲမှာ ချောင်းတစ်ခုနဲ့ မြောင်းတစ်ခုဆုံတဲ့နေရာကို ငုံ့ကြည့်တော့ မြောင်းထဲကရေက ကြည်နေပြီး ချောင်းထဲကရေကနီနေပါတယ်။ မေး ကြည့်တော့ မြောင်းရေက တောင်ပေါ်ရေထွက်ကလာတာဖြစ်ပြီး ချောင်းရေ ကျောက်တူးတဲ့ ဖြုန်း (အသံထွက်-ဖျုန်း) ဆေးရေလို့သိရတယ်။

ဖြုန်းမြေကို ရေနဲ့ဆေးချပြီး ဆန်ကာနဲ့ခကာ ကျောက်တွေကိုရှာပါတယ်။ အရည်အသွေးညံ့တဲ့ ကျောက်အစအနတွေကို ဖြုန်းကျောက်လို့ခေါ်ပြီး ဖြုန်းကျောက်တွေရှိတဲ့ မြေကြောကိုတော့ ဖြုန်းမြေလို့ခေါ်တယ်။ စက်ယန္တရားတွေနဲ့တူးလို့ တွင်းကြီးတွေဖြစ်ပြီး မိုးတွင်းမှာ အဲဒီတွင်းကြီးတွေဟာ ရေအိုင်ကြီးတွေ ဖြစ်နေတယ်။ မိုးကုန်တာနဲ့ ရေတွေကို စုပ်ထုတ်ပြီးဆက်တူးကြတယ်။

ကျွန်တော်တို့ရောက်သွားတဲ့အချိန်မှာ ကျောက်တူးဖော်ခွင့်လိုင်စင်သက်တမ်းကုန်လို့ လိုင်စင်အသစ်မချပေးသေးတဲ့အတွက် ကျောက်တူးတဲ့ ကုမ္ပဏီတွေ ရပ်နားထားကြတယ်။ ရေအိုင်ဘေးမှာ တစ်ပိုင်တစ်နိုင် ကျောက်ရှာသူတွေကို တွေ့ရတယ်။

ကျောက်ကထွက်တဲ့ ခဲကျောက်တွေကိုတော့ ကျောက်တော်ကြီးတွေကို မိုင်းနဲ့ခွဲပြီး ကြိတ်ခွဲရှာကြတယ်။ ကျောက်တောင်က ကျောက်တွေဟာ လမ်းခင်းကျောက်လို သက်ရှင်ကျောက်တွေဖြစ်ပြီး ဖြူဆွတ်နေတယ်။ နေရောင်အောက်မှာဆို မှန်အစအနလေးတွေ အရောင်တလက်လက်ထွက်နေတယ်။ ဖြုန်းကထွက်တဲ့ ကျောက်တွေထက် ကျောက်ကထွက်တဲ့ ခဲကျောက်တွေက အရည်အသွေးပိုညံ့တယ်လို့ဆိုပါတယ်။ မိုးကုတ်မြို့လယ်တောင်ကုန်းက ချမ်းသာကြီးဘုရားမှာ ခဲကျောက်တွေကပ်နေတဲ့ ကျောက်ဖြူတုံးတွေလှူထားတာ တွေ့ခဲ့ရတယ်။

■ မိုးကုတ်မြို့

မိုးကုတ်မြို့ဟာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်မှာ ပါဝင်တယ်။ အင်္ဂလိပ်ခေတ်တုန်းကတော့ မိုးကုတ်ဟာ ခရိုင်မြို့ဖြစ်ပြီး ပတ္တမြားတွင်းခရိုင်လို့ ခေါ်ခဲ့တယ်။ မိုးကုတ်မြို့တည်နေပုံဟာ ရှည်မျောမျောရှိပြီး အရှေ့အနောက် မိုင် (၃၀) နဲ့ တောင်၊ မြောက် (၁၅) မိုင်လောက်ရှိတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၃၈၀၀) လောက်မှာရှိတယ်။

ဘူမိဗေဒပညာရှင်များရဲ့ ခန့်မှန်းတွက်ချက်မှုအရ မိုးကုတ်ဒေသ အောက်ခံကျောက်ဖျာထုဟာ မြန်မာနိုင်ငံရဲ့သက်တမ်းအရင့်ဆုံးကျောက်ဖျာထုတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်တယ်လို့ဆိုတယ်။ ပတ်ဝန်းကျင် တောင်တန်းတွေက ရေထွက်လို့ခေါ်တဲ့ စိမ့်စမ်းရေတွေ သဘာဝအလျောက် တစ်နှစ်ပတ်လုံး စီးထွက်နေတာမို့ မိုးကုတ်မှာ ရေအလွန်ပေါပါတယ်။

မိုးကုတ်မြို့ဟာ ရာသီဥတုအနေနဲ့ မိုး(၅)လ၊ ဆောင်း(၄) လနဲ့ နွေ(၃)လရှိတယ်လို့ဆိုတယ်။ ဒါကို မိုး-ဆောင်း-နွေ ၅-၄-၃ လို့ အတိုကောက်မှတ်နိုင်တယ်။ မိုးကုတ်ဒေသနေရာတိုင်းမှာပေါက်တဲ့ အဝါရောင်တောနေကြာပန်းတွေပွင့်ပြီဆိုရင် မိုးလုံးဝမရွာတော့ဘူးလို့ သိရတယ်။ ရာသီမသိ ပန်းနဲ့ညှိဆိုတဲ့ စကားအတိုင်းပါပဲ။ မိုးတွင်းမှာ မိုးများလို့လည်ပတ်လို့ မကောင်းပါ။ ဆောင်းတွင်းမှာတော့ အလွန်အေးလို့ အနွေးထည်အလုံးအလောက်ယူသွားဖို့လိုပါမယ်။ မိုးကုတ်ဟာ မန္တလေးထက် တစ်နှစ်ပတ်လုံး အပူချိန် (၂၀) ဒီဂရီစင်တီဂရိတ် ပိုအေးတယ်။ အေးစိမ့်နေတဲ့မြို့ဖြစ်လို့ နွေဘက်မှာတောင် ညနေစောင်းတာနဲ့ အနွေးထည် ဝတ်ကြရတယ်။

■ မြို့သမိုင်းကြောင်း

'ကိတ်၊ နဂါး၊ ကြွက် သုံးစဖော်မျက်၊ ကျောက်မျက်ရတနာ ပေါ်ထွက်မှာ ဂန္ဓာလတိုင်း၊ သမိုင်းပွင့်ဆန်း၊ ပင်သဖန်းဟာ၊ မော်ကွန်းထိုးထုတ်၊ မြို့မိုးကုတ်' ဆိုတဲ့ တဘောင်စကားအရ ကိတ်က (၉)၊ နဂါးက (၇)၊ ကြွက်က (၅) အဲဒါကို ပြောင်းပြန်ယူလိုက်တော့ (၅၇၉) ရတယ်။ အဲဒီနှစ်မှာ သဖန်းပင်ကြီးကို အရင်တည်ပြီး မိုးကုတ်မြို့ကို ဆက်ပြီးတည်ခဲ့တာဖြစ်တယ်။ ဒီနှစ် မြန်မာသက္ကရာဇ် ၁၃၇၉ မှာ မိုးကုတ်မြို့ နှစ် (၈၀၀) ပြည့် ပွဲတော်ကို ကျင်းပကြတယ်။

မိုးကုတ်သမိုင်းတွေရဲ့ အဆိုအရ မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်၊ မိုးမိတ်စော်ဘွားကြီး သိုဟန်ဖက်လက်ထက်မှာ ရှမ်းမုဆိုးသုံးယောက်ဟာ အခု မိုးကုတ်မြို့ ဖြစ်လာမယ့်နေရာကို မျက်စိလည်လမ်းမှားပြီးရောက်ရှိခဲ့တယ်။ မိုးချုပ်သွားလို့ သဖန်းပင်ကြီးတစ်ပင်အောက်မှာ ညအိပ်လိုက်ကြတယ်။ မနက်မိုးသောက်ချိန်မှာ အနားကပြိုကျနေတဲ့ တောင်စောင်းတစ်ခုပေါ်မှာ ကျီးတွေစွန်တွေဟစ်အော် ပျံဝဲနေတာ တွေ့လိုက်ကြတယ်။ သွားကြည့်တဲ့အခါ သားတစ်လိုမျိုး နီမြန်းနေတဲ့ ကျောက်အနီတွေတွေ့လို့ ယူဆောင်လာပြီး စော်ဘွားကြီးကို ဆက်သကြတယ်။

စော်ဘွားကြီးက တန်ဖိုးရှိတဲ့ ပတ္တမြားကျောက်နီတွေဖြစ်မှန်းသိလို့ အဲဒီနေရာကို လိုက်ပြခိုင်းပြီး အစောင့်အရှောက် ပါချထားလိုက်တယ်။ အစောင့်အရှောက်တာဝန်ကျသူတွေဟာ သဖန်းပင်ကြီးနားမှာရွာတည်ပြီးနေကြရာကစလို့ သဖန်းပင်ရွာလို့ ဖြစ်လာတယ်။ ဒါကြောင့် မိုးကုတ်သမိုင်းစာအုပ်တချို့မှာ 'မိုးကုတ်အစ သဖန်းပင်က' လို့ ဖော်ပြကြတယ်။

မိုးကုတ်ဟာ အင်္ဂလိပ်ခေတ်မှာ ခရိုင်ရုံးစိုက်မြို့ဖြစ်ခဲ့တယ်။ ၁၉၂၀ပြည့်နှစ်မှာ မိုးကုတ်ပတ္တမြားတွင်းခရိုင်ကိုဖျက်လိုက်ပြီး ကသာခရိုင်နဲ့ ပေါင်းလိုက်တဲ့အခါ မိုးကုတ်ဟာ နယ်ပိုင်ရုံးစိုက်တဲ့မြို့ ဖြစ်ခဲ့တယ်။ ၁၉၄၇ ခုနှစ်ကစပြီးတော့ ပြင်ဦးလွင်ခရိုင်က မြို့နယ်တစ်ခု ဖြစ်လာတယ်။

မိုးကုတ်မြို့ဟာ တောင်ပတ်လည်ဝန်းရံထားတဲ့အတွက် ဒယ်အိုးပုံသဏ္ဌာန်ဖြစ်နေတယ်။ ညနေစောင်းရင် နေအစောကြီးဝင်တာမို့ မိုးချုပ်လို့ခေါ်ရာက မိုးကုတ်ဖြစ်လာတယ်လို့ ဆိုပါတယ်။ တချို့ကလည်း မြို့အေးလို့ အဓိပ္ပာယ်ရတဲ့ ရှမ်းစကား မိုင်းကုတ်ကနေ ဆင်းသက်လာတယ်လို့ ယူဆပါတယ်။ မြို့ခမောက်၊ မြို့ဒယ်အိုးလို့ အဓိပ္ပာယ်ရတဲ့ မိုင်းကွတ်က ဆင်းသက်လာတယ်လို့လည်းဆိုသူတွေက ဆိုကြတယ်။ နောက်ထပ် ဖြစ်နိုင်တာတစ်ခုက အလွန်ချမ်းအေးတဲ့မြို့လို့ အဓိပ္ပာယ်ရတဲ့မိန်းကတ်ကနေ ဆင်းသက်လာတယ်ဆိုတဲ့ယူဆချက်ပါ။ တကယ်လည်း မိုးကုတ်မြို့ဟာ ရေခဲတဲ့အထိအေးတဲ့နှစ်တွေရှိခဲ့တယ်။

၁၅ ရာစုလောက်က [illegible] လူမျိုး ဗားသီးမားဟာ [illegible] ကျောက်ရောင်းဝယ်ဖို့ ပထမဆုံး ပဲခူးကို ရောက်လာခဲ့တယ်။ သူ့မှတ်တမ်းထဲမှာ ပတ္တမြားကျောက်ဟာ ပဲခူးကနေ ရက် (၁၀) ခရီးအကွာမှာရှိတဲ့ ကပ္ပလန်အရပ်မှာထွက်တယ်လို့ ဖော်ပြထားပါတယ်။ ကပ္ပလန်ဆိုတာ နိုင်ငံခြားသားတွေက ကျပ်ပြင်ကို နားကြားမှားပြီးခေါ်တဲ့နာမည် ဖြစ်တယ်။

မြန်မာဘုရင်တွေလက်ထက်တုန်းက မိုးကုတ်က တူးဖော်ရတဲ့ ကျောက်တွေထဲက သတ်မှတ်အရွယ်အစားနဲ့ အရည်အသွေးရှိတဲ့လက်ရွေးစင်ကျောက်တွေကို ဘုရင်ကို ဆက်သရတယ်။ ဆက်သတဲ့ ပတ္တမြားရဲ့အဆင့်အတန်းကိုလိုက်ပြီး ဆင်၊ လှော်ကားငယ်၊ လှော်ကားကြီးတွေနဲ့တင်ဆောင်ကြလို့ ဆင်တင်ပတ္တမြား၊ လှော်ကားငယ်ပတ္တမြား၊ လှော်ကားကြီးပတ္တမြားဆိုပြီး သတ်မှတ်ခေါ်ဝေါ်ခဲ့ကြတယ်။ ကမ္ဘာကျော် ပတ္တမြားငမောက်ဟာ လှော်ကားကြီးတင်ပတ္တမြားဖြစ်တယ်။ (လှော်ကား - မြန်မာဘုရင်လက်ထက်သုံး ဦးပဲ့ကော့တောင်သော လှေကြီးတစ်မျိုး)

မိုးကုတ်မြို့လယ်က အင်း(ရေကန်)ကြီးဟာ အင်္ဂလိပ်ခေတ်က စက်ယန္တရားတွေနဲ့ ကျောက်တူးဖော်ရာက ကျန်ခဲ့တဲ့တွင်းကြီးဖြစ်တယ်။ ၁၉၀၈ ခုနှစ်မှာ အဲဒီတွင်းကြီးရဲ့ ပေ (၁၀၀) အနက်မှာ မြေအောက်စိမ့်ရေတွေစုပ်ထုတ်ဖို့ တစ်မိုင်လောက်အရှည်ရှိတဲ့ရေနုတ်မြောင်းတစ်ခု တူးဖော်အောင်မြင်ခဲ့လို့ ကျောက်ထုတ်လုပ်မှုတိုးတက်ခဲ့တယ်။ အဲဒီနှစ်မှာပဲ ပတ္တမြားအတု (ဝါ) ချက်ကျောက် (Verneuil) ချက်လုပ်အောင်မြင်ခဲ့တာကြောင့် ပတ္တမြားဈေးထိုးကျခဲ့ပြီး အမြတ်နည်းခဲ့တယ်။ ၁၉၂၅ ခုနှစ်မှာ ကျောက်ဈေးတွက်ခြေမကိုက်တော့လို့ အဲဒီရေနုတ်မြောင်းကြီးကို ယမ်းခွဲပြီးဖျက်ဆီးခဲ့တယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ နောက်လူတွေ ဆက်ပြီးမသုံးနိုင်အောင် ဖျက်ဆီးသွားတာ ဖြစ်နိုင်ပါတယ်။ (ချက်ကျောက်ကို ၁၉၀၂ မှာ ပြင်သစ်လူမျိုး ဓာတုဗေဒပညာရှင် Verneuil [illegible] တီထွင်အောင်မြင်ခဲ့လို့ [illegible] တာ ဖြစ်တယ်။)

ဂျပန်ခေတ်မှာ [illegible] ခေါင်းဆောင်တဲ့ [illegible] ကို ရောက်လာ [illegible] မှာ မိုးကုတ် [illegible]

တွေက ကျောက်တွင်းတွေကို ကျောက်တုံးတွေနဲ့ပိတ်ဆို့ပြီး ဝှက်ထားခဲ့ကြတယ်။ ဒါကြောင့် ဂျပန်ခေတ်တစ်လျှောက်လုံး ကျောက်တွင်းလုပ်ငန်းတွေရပ်ဆိုင်းခဲ့ရတယ်။ မိုးကုတ်သားတွေ တာဝန်ကျေခဲ့ကြတယ်လို့ ပြောရမှာဖြစ်တယ်။

၁၉၄၅။မတ်လမှာ မဟာမိတ်တပ်တွေ မိုးကုတ်ကို သိမ်းပြီးချိန်မှာတော့ ပတ္တမြားနဲ့ လေထီးစတွေလဲလှယ်ရောင်းဝယ်တဲ့လုပ်ငန်းကျယ်ပြန့်လာရာကစလို့ ကျောက်တွင်းလုပ်ငန်း အသက်ပြန်ဝင်လာခဲ့တယ်။

■ လူမျိုး။ ကိုးကွယ်သည့် ဘာသာနှင့် အလုပ်အကိုင်

၂၀၁၄ ခုနှစ် သန်းခေါင်းစာရင်းအရ မိုးကုတ်မြို့ လူဦးရေဟာ (၃၇၆၀၉) ယောက်ဖြစ်တယ်။ အများစုက ဗမာ၊ ရှမ်း၊ လီဆူ၊ ပလောင်၊ ဂေါ်ရခါးနဲ့ တရုတ်လူမျိုးများဖြစ်တယ်။ မိုးကုတ်မှာနေရင်း မြို့ခံတွေထက် ကျောက်လုပ်ငန်းနဲ့ဆက်စပ်ပြီး ဒေသအနှံ့အပြားက လာရောက်အခြေချနေထိုင်သူတွေက ပိုများတယ်။ ဗမာ၊ ရှမ်းနဲ့ ပလောင်တိုင်းရင်းသားတွေမှာ ဗုဒ္ဓဘာသာဝင်တွေက အများစုဖြစ်တယ်။ မိုးကုတ်မြို့နယ်ထဲမှာ ဘုန်းကြီးကျောင်း (၂၅၀) လောက်ရှိလို့ လူဦးရေအချိုးနဲ့တွက်ရင် လူ (၈၀၀)မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းနှုန်းရှိတာမို့ ဗုဒ္ဓသာသနာထွန်းကားတဲ့အရပ်ဒေသဖြစ်တယ်။

မိုးကုတ်က ခရစ်ယာန်ဘုရားရှိခိုးကျောင်းအများစုဟာ လီဆူဘုရားရှိခိုးကျောင်းတွေဖြစ်တယ်။ တရုတ်ဘုရားကျောင်းနှစ်ကျောင်းရှိပြီး လယ်ဦးရပ်က ငါးပါးသီလဘုံကျောင်းနဲ့ အောင်ချမ်းသာရပ်က ဘုရားတစ်ထောင်ဘုံကျောင်းတို့ဖြစ်တယ်။ မိုးကုတ်မှာ မွတ်စလင်ဗလီသုံးခုရှိတယ်။ မိုးကုတ်က အစ္စလာမ်ဘာသာဝင်တွေဟာ ကျောက်လုပ်ငန်းနဲ့ ငွေကြေးချမ်းသာသူကများပြီး တခြားဘာသာဝင်တွေအားလုံးနဲ့ အဆင်ပြေပြေ ဆက်ဆံနေထိုင်ကြတယ်လို့ သိရတယ်။ မိုးကုတ်မြို့က ရပ်ကွက်တိုင်းမှာ သာရေး-နာရေးကိစ္စတွေအတွက် ဧည့်ခံအဖွဲ့၊ ထမင်းကျွေးအဖွဲ့၊ လူပျို- အပျိုအဖွဲ့ဆိုပြီး အဖွဲ့တွေခွဲပြီး တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြတယ်။

မိုးကုတ်နေသူတွေဟာ ကျောက်တွင်းတွေကို အမှီပြုပြီးနေကြသူတွေဖြစ်လို့ ကျောက်တူး၊ကျောက်သွေး၊ကျောက်အရောင်းအဝယ်၊ ကျောက်ပွဲစား၊ လက်ဝတ်ရတနာလုပ်ငန်းတွေကို အဓိကထားလုပ်ကိုင်ကြတယ်။ မိုးကုတ်မြို့နယ်စည်ပင်သာယာအဖွဲ့က ကျောက်အရောင်းအဝယ်လုပ်ဖို့ဖွင့်ထားပေးတဲ့ ထာပွဲဈေးကို ဝင်ကြေး ကျပ် (၂၀၀) ပေးရတယ်။ ကျွန်တော်တို့ရောက်ခဲ့တဲ့အချိန်က ဈေးထဲမှာ လူလေးငါးရာလောက်နဲ့စည်ကားနေတာ တွေ့ရတယ်။ ထီးအမိုးအောက်မှာ စားပွဲတစ်လုံးချပြီး ပိုက်ဆံထုပ်နဲ့စောင့်နေတဲ့ဝယ်လက်တွေကိုမြင်ရတယ်။ မိုးကုတ်မှာ ကျောက်အထွက်နည်းပါးပြီး ကျောက်ရှားသွားတာမို့ ကျောက်အဟောင်းတွေနဲ့ပဲ လှည့်ပတ်ပြီး ရောင်းဝယ်နေကြတာများတယ်လို့ ထာပွဲလိုက်ပို့တဲ့ မြို့ခံကပြောတယ်။

တောင်ပေါ်ဒေသဖြစ်တဲ့ မိုးကုတ်မှာ တောင်ယာလုပ်ငန်းအနေနဲ့ လယ်ယာမြေ၊ လက်ဖက်နဲ့ ကော်ဖီစိုက်ပျိုးရေးအနည်းငယ်သာရှိတယ်။ မြို့နေလူထုစားသုံးဖို့အတွက် မိုးမိတ်နယ်နဲ့ အောက်အရပ်ဒေသက ဆန်ကိုပဲ အားထားကြရတယ်။ မိုးကုတ်ကို အလည်လာကြတဲ့ ဧည့်သည်တွေအတွက် တည်းခိုခန်း၊ ဧည့်ရိပ်သာ၊ ဟိုတယ်၊ မိုတယ်အတော်များများရှိတဲ့အပြင် ဆောက်လက်စတွေကိုလည်း တွေ့ရတယ်။ တည်းခိုခန်းခအနေနဲ့ လေးငါးထောင်တန်အခန်းလေးတွေကနေ ကျပ်ခြောက်သောင်းကနေ ကိုးသောင်း၊ တစ်သိန်းပေးရတဲ့ Resort Hotel တွေအထိရှိတယ်။

ဒေသခံအငှားယာဉ်မောင်းတွေဟာ အလွန်မှစိတ်ရှည်ကြတယ်။ ကိုယ်တည်းချင်တဲ့ သင့်တင့်တဲ့ဈေးနှုန်းနဲ့ တည်းခိုခန်းတွေကို စိတ်ရှည်လက်ရှည်လိုက်ပြပါတယ်။ အခန်းအနေအထားကိုကြည့်ပြီး မကြိုက်ရင် နောက်တစ်နေရာလိုက်ပြပေးပါတယ်။ လည်ပတ်လို့ကောင်းမယ့်နေရာ၊ ဒေသထွက်အစားအစာနဲ့ စားသောက်လို့ကောင်းတဲ့ဆိုင် စတာတွေကို ညွှန်ပြပေးတတ်ကြတယ်။

မန္တလေးကစီးလာတဲ့ ဗင်ကားဟာ မိုးကုတ်မြို့လယ် အင်းကြီးဘေးက မိုးကုတ်မိုတယ်ကိုပို့ပေးပါတယ်။ ဇနီးသည်က အခန်းကိုအရင်ဆင်းကြည့်ပြီး မဆိုးပါဘူးပြောတာနဲ့ တည်းဖြစ်လိုက်ကြတယ်။ ရေချိုးခန်း၊ အိမ်သာတွဲလျက် နှစ်ယောက်ခန်းက (၂၇၃၀၀) ပေးရတယ်။အခွန်ပါပါပြီးလို့ပြောတယ်။ ဟုတ်ကြည့်တော့ အခန်းခက(၂၆၀၀၀)ဖြစ်ပြီးတော့ အခွန်က (၁၃၀၀) ဖြစ်ပုံရတယ်။ (၃၀၀၀၀) တန်အခန်းက (၃၁၅၀၀) ကျတယ်။ ခဏတစ်ဖြုတ်တည်းတာဖြ လို့ ဈေးနည်းတဲ့အခန်းပဲ ရောက်တဲ့ရက် နောက်တစ်ရက်အတွက်ပါ နှစ်ရက်စာယူ လိုက်တယ်။ တခြားဟိုတယ်၊မိုတယ်တွေ နဲ့မတူတာက အခန်းအရောက် ပစ္စည်း အားလုံး ဝိုင်းသယ်ပေးတဲ့ ဝန်ထမ်းတွေ က အမျိုးသမီးတွေပါ။

မိုတယ်ပထမထပ်အခန်းကနေ ရှေ ပြည့်နေတဲ့ အင်းကြီးကို မြင်နေရတယ်။ အင်းတစ်ဖက်မှာတော့ ချမ်းသာကြီး ဘုရားတောင်ကုန်းရှိတယ်။ အင်းပတ် လမ်းဖောက်ထားပြီး ညနေခင်းမှာ လမ်း လျှောက်သူတွေ၊ လေ့ကျင့်ခန်းလုပ်သူ တွေကိုမြင်နေရတယ်။ မိုတယ်နဲ့ကပ်ရက် အင်းဘေးမှာ ဘောလုံးကွင်းတစ်ကွက် လောက် မြေကွက်လပ်တစ်ခုရှိတယ်။ အဲဒီနေရာမှာ ဆိုင်ကယ်စီးသင်တဲ့လူ ကားမောင်းသင်တဲ့လူ တစ်ယောက် ယောက်စကို တွေ့ရပါတယ်။ အရင်က ဒီမြေကွက်မှာ သူဌေးတွေက ဆိုင်ရာ ပိုင်ရာတွေနဲ့ပေါင်းပြီး အဆောက်အ ဆောက်မယ်လုပ်တော့ မြို့လူထုက ဆ ပြလိုက်တာနဲ့ မဆောက်ဖြစ်တော့ဘူး သိရတယ်။အပေါ်တာဝ-ကောင်းလေ

ညနေစောင်းတာနဲ့ မိုးကုတ်မိုတယ် ရှေ့ ညဈေးတန်းမှာ စားသောက်ဆိုင် တွေ အစီအရီလာခင်းကြတယ်၊ ဒီဈေး တန်းမှာ မိုးကုတ်တစ်မြို့လုံးက ကားတွေ ဆိုင်ကယ်တွေနဲ့လာစားကြတာမို့ အင် စည်ပါတယ်။ အစားအသောက်အနေနဲ့ ရှမ်းစာတွေများပါတယ်။ စားစရာတွေက သန့်သန့်ရှင်းရှင်းနဲ့ အရသာရှိတယ်။ ဒေသထွက် အကြော်မျိုးစုံကို ပူပူနွေးနွေး စားရတာ သိပ်ကောင်းတယ်။ ကျွန်တော် က အကြော်ကြိုက်တာလို့ ဟိုတစ်မျိုး တစ်ခုမြည်းလိုက်တာနဲ့တင် ဗိုက်အတော် တင်းသွားပါတယ်။ အကြော်မကြိုက်တဲ့ ဇနီးသည်ကတော့ စားကောင်းသ ပြောပြီး သုံး၊ လေးခုလောက် စားလိုက် တယ်။ ကိုယ်စားနေကျမဟုတ်တဲ့ ဟို နွေး၊ မုန့်ညင်းပေါင်း၊ မှိုပေါင်း၊ ဆန် ဆန်ဖွယ် စတဲ့ ရှမ်းအစားအစာတွေကို တစ်ခါတည်းအများကြီးမမှာဘဲ နည်း အရင်မြည်းပြီး ကိုယ့်ပါးစပ်နဲ့တွေ့မှ မှာသင့်ပါတယ်။

နောက်တစ်ပတ် မိုးကုတ်မှာ ဖူး ရတဲ့ ဘုရားစေတီတွေရဲ့ သမိုင်းကြော တွေကိုရေးပါမယ်။

မောင်ပွင့်ဥက (မော

မင်းရှိန်အောင်

အစောင့်အရှောက်ချထားခြင်း သို့မဟုတ် စတေးခြင်း

ဒါကြောင့် ၁၈၅၇ ခု၊ ဩဂုတ်လကပဲ (မန္တလေးမြို့) မြို့ကွက်ရိုက်ပေးပါတယ်။ အစောင့်အရှောက်အရံအတား အနေနဲ့လည်း တစ်ဖက်က လောကီပညာကို အစွမ်းကုန်သုံးပါတယ်။ မြို့ရိုးနဲ့ တံခါးတွေမှာ အင်းမြှုပ်မယ်၊ နတ် အစောင့်ထားမယ်ဆိုပြီး အင်းတွေလည်း ရေးရတယ်။နတ်ရုပ်တွေလည်းထုရတယ်။ ဒီနေရာမှာ လောကီအစီရင်ဖြစ်ပေးမယ့် လောကုတ္တရာသဘောမကောင်းဘူး။ဘာပြု လို့ဆိုတော့ အင်းတွေရဲ့နာမည်ကိုကြည့်ရင် -

၁။ သမ္ဗုဒ္ဓေအင်း။
၂။ အဋ္ဌဝေယျမင်္ဂလာအင်း။
၃။ သတ္တရတနာအင်း။
၄။ ဥဏှသိရီအဋ္ဌမှတ်အင်း။
၅။ သိဒ္ဓိဝေယျသက်တော်ရှည်အင်း။
၆။ သိဒ္ဓိဝေယျမဟာသက်တော်ရှည်အင်း။
၇။ စမ္ဗာနဝနောကိုးသွယ်အင်း။
၈။ သာသနာ (၅၀၀၀) အင်း။
၉။ သိရသို့မေဂါသာအင်း။

ဆိုတာတွေကို တွေ့ရပါ [illegible] နတ်ရုပ်တွေကို ၂၇၊ မတ်၊ [illegible] လိပ်ပြာသွင်းတယ်။ [illegible]

ထောင့်မှာမြှုပ်တဲ့နေ့ကတော့ ၂၀၊ ဧပြီ၊ ၁၈၅၈ နေ့မှာ ဖြစ်ပါတယ်။ ပြီးတော့ မြို့ထောင့်တွေမှာ ဆီတစ်ရာနှစ်ဆယ်ဝင် စဉ့်အိုးကြီးတွေနဲ့ဆီထည့်ပြီးမြှုပ်ရပါသေးတယ်။ မြှုပ်တဲ့နေ့က ၁၅၊ မေ၊ ၁၈၅၉ ဖြစ်ပါတယ်။

ဒီနေရာမှာ အဆင်သင့်လို့ တင်ပြချင်တဲ့အချက်က လူစတေးတယ်ဆိုတဲ့ ပြဿနာပါပဲ။ မြို့ရိုးမြို့တံခါးမှာ ဖုတ်ပြိတ္တာဖြစ်ပြီး စောင့်ရှောက်ဖို့ လူအရှင်လတ်လတ်ကိုမြေတွင်းတူးပြီးမြှုပ်၊ အပေါ်က တံခါးတိုင်စိုက်ဆိုတာမျိုးလုပ်လေ့ရှိတယ်။ နိုင်ငံခြားမှတ်တမ်းတွေအရဆိုရင် ကျားမကြီးငယ် (၅၂) ယောက် စတေးပြီးဖြစ်သွားတယ်လို့ စွပ်စွဲထားတယ်။

. . . . . လက်တင်နယ်ဂျင်နရယ် ဖိုက်ချ်သည် 'ယခင်နှင့်ယခု မြန်မာနိုင်ငံ' အမည်ရှိသောစာအုပ်ကို ရေးသားအခါ မြို့တံခါးတစ်ဆယ့်နှစ်ရပ်မှာ လူတစ်ဆယ့်နှစ်ယောက်ကိုဖမ်းပြီး ကြိုးချည်လျက် ဖိသတ်သည်ဟု အသေအချာရေးထားပါတယ်။ သို့သော် အရပ်စကားအများမှတ်မိသည်လာတော့ မန္တလေးတည်စဉ်က ယဇ်ပူဇော်ခံရသူအရေအတွက်ထိုမျှမက များစွာပိုပါတယ်။ အစုစုကျားမကြီးငယ် (၅၂) ယောက်ရှိပါတယ်။

မြို့တံခါး(၁၂)ရပ်၌ တံခါးတစ်ခုလျှင် လူ(၃)ယောက်နှုန်း (၃၆) ယောက်၊ မြို့ရိုးထောင့်လေးထောင့်၌ တစ်ထောင့်လျှင် တစ်ယောက်နှုန်း (၄) ယောက်၊ နန်းတော်သစ်တပ်ထောင့်(၄)ထောင့်၌ တစ်ထောင့်တစ်ယောက်နှုန်း(၄)ယောက်၊ နန်းတော်ဝင်ပေါက်လေးပေါက်၌အပေါက်တစ်ယောက်နှုန်း (၄) ယောက်၊ သီဟာသနပလ္လင်တော်အောက်၌ (၄) ယောက် စုစုပေါင်း (၅၂) ယောက် ဖြစ်ပါတယ်။

မြန်မာတိုင်းရင်းသားရေးသားပြုစုတဲ့ရာဇဝင်ကျမ်းတွေမှာ ဤကြောက်မက်ဖွယ်ကိစ္စကို ထည့်သွင်းရေးသားကြမှာ မဟုတ်ပေ။ လူတွေနှင့်အတူ မြို့ထောင့်တွေမှာ ဆီထည့်တဲ့ စဉ့်အိုးကြီးတွေကို အထိအခိုက်မရှိအောင်သတိကြီးစွာထားပြီး မြှုပ်နှံကြပါသေးသည်။ ဆီမြှုပ်နှံရတဲ့အကြောင်းကတော့ အစောင့်(နတ်စိမ်း) မပြက်မပြဲ စောင့်ရှောက်ရန်အတွက် သေချာအောင် စီရင်ခြင်းဖြစ်သည်။ စောင့်ရှောက်မှုလျော့နည်းခြင်း(သို့)လုံးဝစောင့်ရှောက်ခြင်းမပြုဟု သေချာလျှင် လူသစ်အစားထိုးရန်လိုပါမည်။ ဆီမခန်းခြောက်သရွေ့ စောင့်ရှောက်ခြင်းမပြတ်ဟု ယုံကြည်လက်ခံထားပါသည်။

ဤကား ရာဇဝင်ပါမောက္ခ ဒေါက်တာသန်းထွန်း၏နယ်လှည့်ရာဇဝင် ပ-ဒု-တ စာအုပ်ပါ မန္တလေးမြို့တံခါး၌ လူစတေးခြင်းအလေ့အထမှကောက်နုတ်ချက်ဖြစ်၏။ ဤသို့သောအကြောင်းခြင်းရာမျိုးကို မြန်မာရာဇဝင်သမိုင်းမှတ်တမ်းများ၊ မွန်ရာဇဝင်သမိုင်းမှတ်တမ်းများ၊ ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းတချို့တွင် ရံဖန်ရံခါတွေ့ရလေ့ရှိသောကြောင့် တထူးတဆန်းမဟုတ်ဟု ဆိုချင်ကောင်းလှပေသည်။

မှန်နန်းရာဇဝင်ထဲကတစ်ခုကိုထုတ်ဖော်ပြောဆိုရလျှင် သုဝဏ္ဏဘုမ္မိပြည်ရှင် မနူဟာမင်းကြီးလက်ထက် ပြည်မင်း၏ ဆရာအရှင်ဖြစ်ပြီး လောကီပညာ၌ ကျွမ်းကျင်လှသော ဆရာတော်ကြီးထံတွင် မှီခိုနေထိုင်သော ဇာတ်ဝိ၊ ဇာတ္တ အမည်ရှိသည့် ကုလားငယ်နှစ်ဦးသည် ဇော်ဂျီဖိုဝင်သားခိုးစားခွင့်ရသွားသဖြင့် ဆင်ပြောင်ဆယ်စီးအားရှိသွားပြီး ကာယသိဒ္ဓိပြီးစီးသွားသဖြင့် သုဝဏ္ဏဘုမ္မိ သထုံပြည်၌ ထင်ရာစိုင်းဥပဒေမဲ့သောင်းကျန်းနေခဲ့သည်။ ပြည်ရှင်မင်းကြီးက ဥပါယ်တံမျဉ်သုံး၍ ထိုသူနှစ်ဦးအားဖမ်းဆီးရာ အစ်ကိုဇာတ်ဝိကို ဖမ်းဆီးမိသော်လည်း ညီငယ်ဇာတ္တသည် အရိမဒ္ဒနာပုဂံပြည်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဖမ်းဆီးမိသောဇာတ်ဝိကိုကွပ်မျက်ပြီး ကျန်ရှိခဲ့သောကိုယ်ခန္ဓာကို အစိတ်စိတ်အပိုင်းပိုင်းဖြတ်တောက်ကာ လောကီပညာရှင်တို့က အစီအရင်ပြုလျက် မြို့ပတ်ပတ်လည်တွင် သူ့နေရာနှင့်သူ့စတေး မြှုပ်နှံခဲ့ကြလေသည်။ ဤကဲ့သို့ အစီအရင်ပြုလုပ်စတေးခြင်းဖြင့် ပရလောကသားဖြစ်သွားသောဇာတ်ဝိသည် သုဝဏ္ဏဘုမ္မိသထုံပြည်ကို လာရောက်တိုက်ခိုက်သော ရန်သူတပ်များကို သူ၏တန်ခိုးအစွမ်းဖြင့် တန်ပြန်ဖြိုခွင်းတိုက်ခိုက်လေ့ရှိသည်ဆို၏။ အရိမဒ္ဒနာ ပုဂံပြည်ရှင် အနော်ရထာမင်းကြီး၏စစ်တပ်က သုဝဏ္ဏဘုမ္မိသထုံပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန်ကြိုးစားလာသောအခါတွင် ပရလောကသား ဇာတ်ဝိ၏တန်ပြန်တိုက်ခိုက်မှုဖြင့် ကြုံကြိုက်လေသဖြင့် ထင်တိုင်းမပေါက်ဖြစ်နေခဲ့သည်။

နောက်ဆုံးတွင် ပုဂံတပ်မှူးတို့သည် ဟူးရာဖြူ ဟူးရာညိုတို့၏ အကြံပေးချက်အရ သုဝဏ္ဏဘုမ္မိသထုံပြည်မြို့ပတ်ပတ်လည်တွင် မြှုပ်နှံထားသော ဇာတ်ဝိ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းကို လျှို့ဝှက်စွာ တူးဖော်ယူစေပြီး သမုဒ္ဒရာထဲသို့ သွားရောက်ပစ်ချခဲ့စေရာ ယန်းလုံးတဖျားတမျှ ရေလုံးတက်သွားသည်ဟူ၏။ ထို့နောက်မှ ပုဂံစစ်တပ်သည် သုဝဏ္ဏဘုမ္မိသထုံပြည်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်သည်ဟုဆိုထားသည်။

တစ်ခါ သမိုင်းပညာရှင်နိုင်ပန်းလှ၏ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းထဲတွင် မွန်ဘုရင်ဝါရီရူမင်းလက်ထက်တော်၌ ပညာရှိ မန်းမဟာသာမိက၏ မင်္ဂလာအခါတော်ပေးချက်အရ မုတ္တမရွှေနန်းတော်၏ ကြငှန်းတိုင်ထူအစီရင်ပြုလုပ်နေစဉ်အတောအတွင်း လင်ကိုစိတ်ဆိုး၍ အိမ်ကထွက်လာသော ကိုယ်ဝန်ရှစ်လရှိအမျိုးသမီးတစ်ဦး အနီးအနားသို့ ရောက်ရှိလာသော် ဆရာကအခါရောက်ပြီးဆိုသဖြင့် ထိုအမျိုးသမီးအား ဖမ်းချုပ်ကာ တွင်းထဲသို့တွန်းချပြီး ကြငှန်းတိုင်ကိုအပေါ်မှ ဖိထူးစိုက်လိုက်ကြသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အလားတူပင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့အရှေ့ဘက်ရှိ သာယာဝတီ မြို့တော်ဟောင်းသမိုင်းအရလည်း မြို့တံခါးတိုင်ထူခါနီးတွင် အကျဉ်းကျနေသော လင်တော်မောင်ကို တွေ့ဆုံရန်လာရောက်သော ကိုယ်ဝန်အရင့်အမာနှင့် မအောင်ဖြူကို ဖမ်းဆီးတွင်းထဲသို့ပစ်ချပြီး မြို့တံခါးတိုင်ကို ထူစိုက်လိုက်ကြသည် ဟူ၏။ ဤသို့ဖြင့် အစတေးခံ မအောင်ဖြူမှာ ဖျာလိပ်နတ်မအောင်ဖြူ ဖြစ်လာသည်ဆို၏။

တစ်ဖန် ရခိုင်သမိုင်းသုတေသီ အရှင်စက္ကိန္ဒ၏ ရခိုင်ယဉ်ကျေးမှုများ အမှတ် (၅) စာအုပ်ပါ ရခိုင်ရာဇဝင် အကျဉ်းနှင့် မြောက်ဦးမြို့ ချာတိုင်စိုက်ပုံ ရာကိုပြခြင်း ဆောင်းပါးထဲတွင် (မင်းစောမွန်) မင်းကြီးအလိုတော်ရှိသည့် အတိုင်း မြို့သက် နှစ် (၁၀၀၀) ရှည် အောင် ရဟန်း(၁၀၀၀)ကို ယပ်(၁၀၀၀) ကိုင်စေပြီးလျှင် သက္ကရာဇ် ၇၉၂ ခုနှစ် တော်သလင်းလဆန်း ၁ ရက်၊ တနင်္ဂနွေ နေ့ ကန်လက်ကန်စန်းတွင် (မြောက်ဦး) မြို့တည်လေသည်။ ကြငှန်းသိုက်(ကြငှန်းတိုင်) ကို တွင်းတူး၍ ကျောက်စီသည် ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ သံပြားတို့မှာ အင်းကျ၍ခံသည်။ ကြငှန်းသိုက် (ကြငှန်းတိုင်) ကို ချိတ်နှင့်ဆွဲထားပြီးလျှင် အခါစောင့်သည်မှာ နတ်ပွဲတွင် ကြက်သီကြက်မ ကျောကခွဲ၍အင်းအိုင်ချပြီးလျှင် မိန်းမတစ်ယောက် (တချို့က မင်းစောမွန် မင်း၏ မိဖုရား ကြာခံဒေဝီဟုဆို) ကို ရပ်လျှက်နေစေသည်။ ထိုမိန်းမ အလိုအလျောက်တွင်းသို့ဆင်းလျှင် အခါမှန်ပြီဟု အမှတ်ပေး၍ စောင့်နေစေသည်။ အခါစေ့သည့်ကာလတွင် ထိုမိန်းမအလိုအလျောက် တွင်းသို့ဆင်းလျှက် ချိတ်ကိုဖြတ်ရန် ထိုတွင်းထဲသို့ ကြငှန်းသိုက်(ကြငှန်းတိုင်)ကို ဖိအောင့်ချလေသည်ဟု ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

ပိုမိုထင်ရှားအောင် ပြဆိုရလျှင် ထားဝယ်မြို့တော်ဟောင်းသမိုင်း၊ ပြည်ကန်တော်မောင်နှမသမိုင်းအပါအဝင် ရှေးမြန်မာမြို့တော်သမိုင်းတချို့၊ မြန်မာ့ယုံကြည်မှုဓလေ့တချို့ကို လေ့လာဆန်းစစ်လျှင် သက်ရှိလူသားများကို စတေးသောအလေ့အထတို့ကို မတွေ့ချင်ပေမယ့်လည်း တွေ့ရမည်မှာ အသေအချာဖြစ်သည်။ နန်းတော်၊ မြို့တော်၊ မြို့ရိုး တံတိုင်းဆည်မြောင်းတာတမံစသော အဆောက်အအုံနေရာဌာနကြီးမားလျှင် ကြီးမားသလို လူစတေးသောအလေ့ရှိသည်ဆိုရပေလားမသိ။

ဒေါက်တာသန်းထွန်းက သူ၏ နယ်လှည့်ရာဇဝင်စာအုပ်ထဲတွင် ဤသို့ ဆိုထားပြန်သည်။ အခြားမောင်ဘိုအနှယ် ဝင်စသည်တို့နည်းတူ မြန်မာတို့ယုံကြည်သည်မှာ အသတ်အဖြတ်ခံရခြင်းစသော အသေဆိုးသေသူတိုင်းသည် နတ်စိမ်းဖြစ်လျှင် သေရာအရပ်တွင် စွဲလမ်းကာ မပြတ်ရှိနေတတ်လျက် အဆိုပါနတ်စိမ်းတို့သည် သူတို့စွဲလမ်းအရပ်ကို မည်သူမျှ ထိပါးနှောင့်ယှက်လာသည်ကိုသည်းမခံ၊ နှောင့်ယှက်ဝံ့သူကို သေလောက်အောင် ပြင်းအကျယ် ဖမ်းစားတတ်သည်။ ထိုအချက်ကြောင့် မြို့တော်ကိုစော်ကားလိုရန်သူပေါ်လျှင် တွန်းလှန်ဖြိုဖျက်ရန် လုံလောက်သောနည်းမျိုးစုံတွင် ဤနည်းသည် လက်ခံနိုင်ဖွယ်ရှိသည့်စွဲမှတ်လျက် တံခါးဝနှင့် မြို့ထောင့်တွင် လူရှင်ကို မြေတွင်မြှုပ်နှံခြင်းပြုသည့်အလေ့စပေါ်ဟန်ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ကိုလိုနီခေတ်ဦးက အင်္ဂလိပ်အရာရှိကြီးတို့ မြန်မာဘုရင်အမှုတော်ထမ်းမှူးကြီးအမတ်ကြီးများကို မြန်မာတို့၌ လူစတေးသောဓလေ့ရှိသလားဟူသည့်မေးခွန်းမေးခဲ့ရာ မြန်မာတို့က အကျောက်အကန်ငြင်းဆိုခဲ့ကြသည်ဆို၏။ အတွေးနယ်ချဲ့စရာတစ်ခုက မနုကျယ်ဓမ္မသတ်ကျမ်းမြို့ခန်းတွင် မြို့စတေးခံရမည့်သူထံမှ ကြွေးမြီမတောင်းရဟု ပြဆိုထားသလို မူလ တက္ကသိုလ်ဗေဒ(နံပါတ်၄၈၁)တော်ထဲမှာ မြို့စတေးခြင်းအလေ့ကို ပြက်ရယ်ပြုထားသည်ကို တွေ့ရှိရခြင်းကိုပင် ဖြစ်၏။

ခင်စစ် ဤလူစတေးခြင်းအလေ့သည် မြန်မာတို့၌သာ ရှေးရှေးတုန်းကရှိခဲ့သည်မဟုတ်။ အာရှဥရောပအပါအဝင် အရှေ့အနောက်ကမ္ဘာအနှံ့၌လည်း ဖြစ်ပျက်ခဲ့ကြသည်သာဖြစ်၏။ ဤနေရာမှာ တကယ်ဖြစ်ခဲ့သလား၊ မဖြစ်ခဲ့သလား၊ မသေချာသော်လည်း ဖော်ပြသင့်သည်ဟုထင်သောဇာတ်လမ်းတစ်ခုကိုဖော်ပြချင်ပါသည်။

မန္တလေးရတနာပုံပြည်ရှင် မင်းတုန်းမင်းကြီးလက်ယက်တော်က ပရိတ်ကြီး (၁၁)သုတ်ကို အမြဲတစေ ရွတ်ဖတ်သရဇ္ဈာယ်သော မိုးကုတ်ကျပ်ပြင် ကျောက်သူဌေး ပရိတ်ကြီးဘိုးမြသာသည် စီးပွားရေးမိတ်ဆွေ တရုတ်ကုန်သည်ကြီးတို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သို့လိုက်ပါသွားခဲ့ရာတွင် ကံမကောင်းအကြောင်းမလှသဖြင့် ထိုတရုတ်မင်းနေပြည်တော် မြို့ရိုးတံတိုင်းတည်ရာတွင် ထိုပရိတ်ကြီးဘိုးမြသာသည် ဖမ်းဆီးစတေးခြင်းကို ခံခဲ့ရသည်။ သို့တစေ နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်နေသောပရိတ်ကြီး(၁၁)သုတ်၏တန်ခိုးကြောင့် ဘေးမသီရန်မခ မရဏဘေးမှလွတ်မြောက်လျက် မိမိတိုင်းပြည် မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်ဟူ၏။ ပစ္စုပ္ပန်ကာလတွင် မကြာခဏပြသနေသော တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ တီဗွီဇာတ်လမ်း ရုပ်ရှင်ဇာတ်လမ်းတချို့တွင် ဤသို့သောစတေးသည့်အလေ့ကို မကြာခဏတွေ့ကြည့်ရဖူးပါသည်။

ဤနေရာမှာ နှိုးနွယ်တင်ပြစရာလေးတစ်ခုရှိသေးသည်။ ဒုတိယကမ္ဘာစစ်ပြီးခါနီး နာဇီဂျာမနီတို့စစ်ရှုံးလုနီးပါးဖြစ်နေချိန် အမေရိကန်အမှတ်(၃)တပ်မသည် ဂျာမနီပြည် ဘာလင်မြို့တော်သို့ တစတစချဉ်းကပ်လာချိန်မှာ ဖလော်ဇင်းဘတ်ချွေးတစ်ခန်း၌ အေးစက်ရေခဲလှဆောင်းတစ်နံနက်ခင်းတွင် ဟစ်တလာကိုလုပ်ကြံရန် ကြိုးစားမှုဖြင့် အကျဉ်းကျနေသော နာဇီဂျာမနီတပ်မတော်သူလျှိုဌာနအကြီးအကဲဟောင်းဗိုလ်ချုပ်ဝေါ(လ်)တာဝီလျံကာနာရစ်ကို ကိုယ်လုံးတီးချွတ်လျက် စန္ဒရားသုံးဝါယာကြိုးဖြင့် ကြိုးပေးကွပ်မျက်လေသည်။ ဤကိစ္စကို ဗိုလ်ချုပ်ကြီးဟိန်းရစ်(ခ်)မူလာကိုယ်တိုင် ကြီးကြပ်သည်။ ထို့ပြင် အက်စ်အက်စ်တပ်အကြီးအကဲ ကာလတင်ဘရူးနားနှင့် ဟစ်တလာတို့က တိုက်ရိုက်အမိန့်ပေးသည်။

ဗိုလ်ချုပ်ကာနာရစ်၏ကိုယ်လုံးကို အပိုင်းပိုင်းခုတ်ဖြတ်စေပြီး အသားစိုင်အသားတုံးများကို မြေအိုးမှာ ခွဲဝေထည့်စေလျက် မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို ဟစ်တလာနှင့် ဟင်းမလားတို့က တိုက်ရိုက်အမိန့်ပေးသည်ဟူ၏။ အဆိုပါ မြေအိုးများကို ဘာလင်မြို့တော်ပတ်ပတ်လည်တွင် စီရင်မြှုပ်နှံခဲ့သလားဆိုသည်ကို မေးစရာတွေးစရာဖြစ်သည်။ အကြောင်းမှ ဟစ်တလာ အပါအဝင် နာဇီထိပ်သီးပုဂ္ဂိုလ်တို့သည် ဂမ္ဘီရလေ့လာကြံစည်တီထွင်ရေးဌာနကို လျှို့ဝှက်စွာ ဖွဲ့စည်းပါဝင်လုပ်ရှားနေသောကြောင့် ဖြစ်သည်။ ဤနေရာမှာ မှန်နန်းရာဇဝင်လာ မနူဟာမင်းကြီး လက်ထက် သုဝဏ္ဏဘုမ္မိပြည်ပတ်ပတ်လည် ဇာတ်ဝိကိုယ်ခန္ဓာအစိတ်အပိုင်းအား စီရင်မြှုပ်နှံသည်နှင့်တူလှပေသည်။

တစ်ဖန် ဂျာမနီကျမ်းပြုဆရာကြီး ဖရက်ဒရစ်အယ်(လ်)ဝါသီ ၏ The Evil Eye အမည်ရှိကျမ်းထဲတွင် စတေးခြင်းဆိုင်ရာအခန်းတစ်ခန်းကို ဖော်ပြထားသည်။ ရှေးဥရောပဂမ္ဘီရပညာရှင်တို့သည် အဆောက်အအုံကြီးများတည်ဆောက်သောအခါတွင် သက်ရှိလူသားများကိုစတေးခြင်းရှိသလို သက်ရှိလူသားတစ်ယောက်ကို ပရိယာယ်ဆင်လျက် လိမ်လည်မြှားကာဆောက်လုပ်နေသော အဆောက်အအုံ၏ စတေးမှုပြုလုပ်လိုသောနေရာသို့ ခေါ်ယူလာပြီး ထိုနေရာသို့ သူ့အရိပ်အားကျစေခြင်းဖြင့် ထိုစတေးမှုအထမြောက်အောင် စီရင်ပြုလုပ်ကြစေသည် ဟူ၏။ ထိုသူကို ထိုနေရာ၌ ချက်ချင်း သတ်ဖြတ်ခြင်းမပြုသည့်တိုင် များမကြာမီ သေဆုံးသွားတတ်သည်ဟူ၏။

အားလုံးကိုခြုံရန် ကောက်ချက်ချရလျှင် အဆိုပါစတေးခြင်းအလုပ်သည် လျှို့ဝှက်နက်ရှိုင်းဂမ္ဘီရအစီရင်တစ်ခုပေလော။ မည်သို့ပင်ဆိုစေ လောက၌ မသိအပ်သောပညာမရှိ မပြုအပ်သောပညာသာရှိသည်၊ မတတ်အပ်သောပညာမရှိ မလုပ်အပ်သော ပညာသာရှိသည်ဟုသော ရှေးလူကြီးသူမ၏စကားသည် နက်နဲသောလမ်းညွှန်မှုတစ်ခုဖြစ်သည်ဆိုသည်က အသေအချာပင် ဖြစ်သည်။

မင်းမြို့မိုးအောင်

စိုးမင်း
(ဖြောက်စည်း ရွာသစ်)

ရှင်ဥဂ္ဂနာရှိ ဆေးဆရာကြီးထံမှ ရှေးဟောင်းမှော်ရပ်များ

ပထမတစ်ကြိမ် စစ်ကိုင်းရွာသစ်ကြီးမှ ဦးရွှေအိုး ဝါးမင်းတောင်ဝေ့းတောင်းစဉ်က ယခုတစ်ဖန် ကြုံကြုံဖန်ဖန် ထိုထိုဆရာကြီးနှင့်ဆုံရပြန်လေ၏။

တောဘုတာလေးမှာ တာဝန်ကျစဉ် တစ်ည ညနက်သန်းခေါင်အိမ်ရှေ့မှ အော်ခေါ်သံကြား၏။

“ဒကာကြီး ဒကာကြီး ထပါဦးဗျ။ အရေးကြီးလို့ပါ”

နားပါးတဲ့ဇနီးသည်က ဦးစွာ မိမိအား လှုပ်နှိုးလေ၏။

“အစ်ကို အစ်ကို၊ အိမ်ရှေ့က ခေါ်သံကြားတယ်။ ဒကာကြီးတဲ့ ထပါဦး”

ဇနီးသည်၏စကားမကြားတစ်ချက် ပုတီးပြီး၍ အိပ်ပျော်ခါစပင်ရှိသေး၏။ စိတ်ကမလင်ပေ။မသိချင်ယောင်ဆောင်လိုက်၏။

“နေပလေ့စေကွာ ညကြီးမင်းကြီး မသိသလိုနေလိုက်”

မိမိ ပြန်အိပ်လေသည်။ အိမ်ရှေ့အခေါ်ကရပ်မသွားပေ။ ဆက်တိုက်ခေါ်နေလေတော့ ဇနီးသည်ထထိုင်ပြောပြီပေါ့။

“အစ်ကိုထဦး၊ ဦးပဥ္စင်းအသံနဲ့တူတယ်။ ထွက်တွေ့လိုက်ပါဦး”

ပေအိပ်လည်းရမည်မထင်။တံခါးဖွင့်တွေ့တော့ ရွာကျောင်းက ဦးပဥ္စင်းလေးနဲ့ ကိုရင်လေးနှစ်ပါးတွေလေရဲ့။

“ကိုယ်တော် ဘာကိစ္စလဲ ဘုရား။ ညကြီးမိုးချုပ်လှပြီ”

“အရေးကြီးလို့လာခဲ့ရတာ ဒကာကြီး ကိုယ်တော့်နှမဝမ်းကွဲသတိမေ့နေလို့ အဲဒီရွာထဲလိုက်ခဲ့ပါဦး ဒကာကြီး”

မိမိ စိတ်တိုလေပြီ။ ချက်လုံးက ပေစပ်စပ် အိပ်ရေးကမဝနှင့် ကြားရတဲ့စကားက နားဝင်မချို။ သူနာမလေးသတိမေ့တာ မိမိနဲ့ဘာဆိုင်တာမှတ်လို့။ ရွာထဲ အရပ်ဆေးထိုးဆရာတွေတစ်ပုံကြီး။ သွားခေါ်ပေါ့ဗျာ။ အလွယ်ကလေး။

“ကိုယ်တော် နေရာမှားနေတယ် ဘုရား။ တပည့်တော်ဆေးထိုးဆရာမဟုတ်ဘူးလေ၊ ရထားသမား ရထားလောက်ပဲသိမှာပေါ့ ဘုရား”

“ဟုတ်ပါတယ် ဒကာကြီးရယ် ဦးပဥ္စင်းစိတ်ပူလို့ပါ။ ဒကာကြီးက ဆေးကုတတ်လို့ လာခေါ်တာပါ။ ရွာထဲ ခဏလောက်လိုက်ခဲ့ပါ။အရေးကြီးလို့ပါဒကာကြီး”

“အရှင်ဘုရား၊ တပည့်တော် ပယောဂလေးဘာလေးအနည်းအကျဉ်းဆေးကုပေးတာတော့ရှိပါတယ်။ ကိုယ်တော့်ဟာက ဘာမသိညာမသိ အချိန်လည်းကြည့်ဦးဘုရား။ ည (၁၂) နာရီထိုးနေပြီ။ ဒီအချိန်မလိုက်ကောင်းဘူးဘုရား။ မနက်မြန်မှလာခဲ့မယ်ဘုရား”

“မနက်လင်းလို့မရဘူး ဒကာကြီး။ တကယ်သတိမရလို့ပါ လိုက်ခဲ့စမ်းပါ”

မိမိလည်း အခက်တွေ့လေပြီ။ ဒီကိုယ်တော်လေးက အသက်(၂၀)ကျော်လေး။ စာသင်တိုက်နေတာ။ ပထမကြီးအောင်ပြီးသား။ရွာခဏအလယ်ပြန်လာတာ။မိမိအတွက် တကယ့်ညီငယ်ဦးပဥ္စင်းလေး။ သူ့မျက်နှာမှာ စိုးရိမ်စိတ်တွေပေါ်လွင်ထင်ရှားလေး၏။ မိမိမလိုက်ချင်၍ လိုးလွဲပြောလိုက်မိပြန်၏။

“ရွာထဲမှာ ဆေးဆရာတွေ တစ်ပုံကြီး။ အဲဒီဆရာတွေပင့်ပေါ့ဘုရား”

“ဒကာကြီး ပင့်တယ်ဗျ။ သူတို့ လုပ်တာ မရလို့ပါ။ အခုလိုက်ခဲ့ပါဒကာကြီး”

သူတို့ဆိုတော့ အများကိန်းပါနေပြီ ဘယ်လိုဆရာတွေလဲ တီးခေါက်လိုက်၏။

“ကိုယ်တော် ဆေးဆရာတွေက ဘယ်သူတွေလဲ”

“ပယောဂဆရာကြီး (၃)ယောက် ပင့်တယ်။ အရပ်ဆေးထိုးဆရာလည်းပါတယ် ဒကာကြီး”

မိမိကြက်သီးပင်ထသေး၏။ ဆရာလေးယောက် ပင့်ထားတယ်ဆိုတော့ တယ်မလွယ်။ မလိုက်အပ်တော့ဘူး အမှန်မို့ တည့်တည့်ပြောပြလိုက်၏။

“ဒါဆို တပည့်တော် မလိုက်တော့ဘူး။ ကိုယ်တော့်ဟာက ဆေးဆရာ အချင်းချင်းရန်တိုက်ပေးတဲ့ပွဲပဲ”

“ဒီလိုလည်း မပြောပါနဲ့ ဒကာကြီးရယ်။ ကျုပ်အဲဒီဆေးဆရာကြီးတွေကို နှင်တောင်းပြီးလာခဲ့တာ။ ဘုတာက ဒကာကြီးပင့်ချင်တယ်။ ဆရာကြီးတို့ ကျေနပ်ရဲ့လားလို့။ သူတို့က လိုအပ်ရင်ပင့်ချေပါဆိုလို့ လာခဲ့ရတာပါ”

“ကိုယ်တော်နဲ့ပေါင်းရတာတကယ့်မလွယ်ကြောဘဲ။ ဟိုမှာပဲ ဆရာကြီးတွေ ရှိကြသေးသား။ တပည့်တော်လည်း အလွတ်မပေးဘူး”

“ဒီလို သဘောမထားပါနဲ့ ဒကာကြီးရယ်။ လူ့အသက်ကယ်ကောင်းပါတယ်ဗျာ”

“ဒါက ကိုယ်တော့်ဆန္ဒကိုဘုရား။ တပည့်တော်တို့မှာက ဆရာစည်းကမ်းစောင့်ရသေးတယ်”

ဒီအချိန် ဆံပင်ဖြင်လုံးလို့ ထွက်လာသူက ဇနီးသည်ပါပဲ။

“အစ်ကို၊ အရေးကြီးနေမှာပါ လိုက်သွားလိုက်ပါ”

ဇနီးသည်က [illegible] နဲ့ လှိမ့်ချလိုက်ပြီ။

ပုံ (၁) - အမြင့် (၂) လက်မ
ထိုးဘီလူး

ပုံ (၂) - အမြင့် (၂) လက်မ
ကျွမ်းထိုးမယ်

ပုံ (၃) - အမြင့်(၁ ½)လက်မ
အာဠာဝက ကာယသိဒ္ဓိဆေး

"ကဲ - ဒါဆိုလည်း တပည့်တော် လိုက်ခဲ့မယ်။ ကောင်မလေးနာမည်နဲ့ နေ့သားပြော"

"မကြွင်မိန် ဟနလ်ာသမီး ဒကာကြီး"

"ရှိပြီ ခဏစောင့်ဦး။ တပည့်တော် ဆေးလွယ်အိတ်ယူဦးမယ်"

ဘုရားခန်းအတွင်းဝင် ကန်တော့၊ သူနာ၏ နေ့နာမည် ဘုရားအားလှူ၏။ ထိုမှာ သိဒ္ဓိရှင်များ သာသနာစောင့်နတ်များထံ ဆင့်ကဲလှူ၍လိုက်ခဲ့ရတော့၏။ လမ်းခရီး ဦးပဉ္စင်းအားအကျိုးအကြောင်း မေးရလေ၏။

"ကိုယ်တော် ကောင်မလေးဖြစ်ပုံပြောပြပါဦး"

"ဒီနေ့ညနေပိုင်း ကောက်စိုက်ပြန်လာတယ်။ အိမ်ရောက်လို့ ထမင်းဟင်းချက်ပြီး ရေချိုး ထမင်းစားပြီး ညနေစောင်းတော့ မူးတယ်၊ မူးတယ်ပြောပြီး သတိလစ်သွားတာလို့ ကြီးတော်ပြောတယ် ဒကာကြီး"

"အဲဒီတော့ သူတို့ဘာတွေလုပ်ကြသေးလဲ"

"ကြီးတော်က အရပ်ဆေးထိုး ဆရာပင့်ဆေးထိုးတယ်။ ဆလိုင်းပလင်း ချိတ်တော့ မဝင်ဘူးလို့ပြောတယ် ဒကာကြီး"

"အဲဒီတော့ ပယောဂဆရာဆက် ပင့်ရောလား"

"ဟုတ်တယ် ဒကာကြီး။ ရွာလယ်ကဆရာကြီးရယ် မြောက်ပိုင်း၊ တောင်ပိုင်းက အားလုံး ဆရာသုံးယောက်ပင့်တာ ဦးပဉ္စင်းလည်း ဒီဆရာကြီးတွေတွေ့ ခဲ့တယ်"

"ဒီဆရာကြီး သုံးယောက်ပေါင်း ကုပေးတာလား"

"ဒါတော့ ကျုပ်မသိဘူး။ ကျောင်းကိုလာခေါ်လို့ လိုက်ခဲ့ရတာ ဒကာကြီး"

ရွာထဲကို လိုက်သာလာရသည်။ စိတ်ကသိပ်မပါ။ ဟိုမှာရှိနေတဲ့ဆရာကြီးတွေဆိုတာက အသက်(၆၀)ကျော်တွေ။ ဒီဆရာကြီးတွေက ကိုယ့်အဖေထက်တောင် အသက်ကြီးနေသေးသည်။ ရွာရောက်စက သတင်းအကြားနဲ့တင် ကြိုတင်သိနေသူမို့ ကျောချမ်းမိသေး၏။

"တပည့်တော် အမှန်အတိုင်းပြောရင် မလိုက်သင့်ဘူး။ လိုက်တဲ့အချိန်လည်းမဟုတ်ဘူး။ တပည့်တော်အိမ်ရောက်လာလို့ လုပ်ပေးရတာ ကိစ္စမရှိဘူး။ အခုဟာက သူတစ်ပါးအိမ် ကိုယ်တော်က တပည့်တော်ကို ရန်တိုက်ပေးတာပဲဘုရား"

"အဲဒီလိုလည်း ဖြစ်မယ်မထင်ပါဘူး ဒကာကြီး။ ဦးပဉ္စင်းက သူတို့ကို ခွင့်တောင်းခဲ့ပြီးသားပါ။ နှမလေးခမျာ မျက်ဖြူလန်မှေးနေရှာတာ စိုးရိမ်လွန်းလို့ပါဗျာ။ အသက်ပါရပါဦးမလားဘဲ"

"ဒါတော့ ကံကောင်းရင်ရမှာပဲ ဘုရား"

နှစ်ဦးသား စကားပြောရင်း သူနာအိမ်ရှေ့လမ်းမရောက်သည်နှင့် ခြေစုံရပ်လိုက်၏။ ဦးပဉ္စင်းနဲ့ ကိုရင်လေးနှစ်ပါးလည်း မိမိနောက်ကပ်ရပ်လေ၏။ ဒါက မိမိ၏အမူအကျင့်ဖြစ်၏။ အိမ်ခြံဝင်းအတွင်း ခြေတစ်လှမ်းချလိုက်သည်နှင့် အစောင့်ပယောဂများအား တုပ်ချုပ် အမိန့်ပေးဝင်လေ့ရှိပါ၏။

ခြေတစ်လှမ်းဝင်သည်နှင့် အံ့ဩစရာ အားလုံးကင်းရှင်းနေလေ၏။ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်၍ ဘက်ထရီမီးချောင်းများလင်းထိန်နေ၏။

အိမ်အောက်လှေကားရင်းတစ်ချက် ရပ်စောင့်လိုက်၏။ ရှင်းလေ၏။ ထိုမှ အိမ်ပေါ်ရောက်သည်နှင့် မိမိအံ့သြသွားပြန်၏။ အပေါ်ထပ်တစ်ပြင်လုံး လူတွေပြည့်နေလေ၏။ ငိုသံလည်းကြားနေရ၏။ တချို့က မျက်ရည်စတွေနှင့်၊ ပုံစံက အမျိုးတွေစုပြုံနေတဲ့ပုံဖြစ်လေ၏။

သေချာအကဲခတ်တော့ ဘုရားခန်းရှေ့ တင်ပျဉ်ခွေထိုင်နေတဲ့ဆေးဆရာကြီးသုံးယောက်။ သူတို့နံဘေးက အရပ်ဆေးထိုးဆရာတို့က မိမိအား အကဲခတ်နေပြီး ပရိသတ်တို့မျက်လုံးက မိမိဆီမှာ ပြုံကြနေ၏။

ဘုရားခန်း၏ ရှေ့တည့်တည့် ဒုတိယအခန်းတွင် ပက်လက်မှေးနေသော မျက်ဖြူလန်နေသော အပျိုပေါက်အမျိုးသမီးတစ်ယောက်။ သူ့နံဘေးက အမေနှင့်အစ်မတွေက ခြေလက်ဆုပ်နယ်ပေးနေပုံဖြစ်ပေ၏။

ဆေးဆရာသည် ဤနေရာမျိုးတွင် ဟိတ်ကြီးဟန်ကြီးသုံးစရာမလိုမှန်း။ အထူးသဖြင့် အသံစွာစွာနဲ့အော်ဟစ်ကြွားဝါတာမျိုး မလိုအပ်မှန်း ကြိုသိပြီးသားဖြစ်လေ၏။ မိမိက ကြိုသိသော်လည်း ဒီလိုနေရာမှာ ပါဝါပြချင်တဲ့ဆရာတွေက အများသားခင်ဗျ။ ပရိသတ်များလေ ကြွားလေလေဆရာတွေ တစ်ပုံကြီးပါပဲ။

ခုချိန်ထိ မိမိနှုတ်မှစကားတစ်ခွန်း မပြောမိသေးပေ။ တွေ့သမျှ မြင်သမျှ ပြုံးပြနှုတ်ဆက်ခြင်းသာပြုရင်း ကောင်မလေး၏လက်ကောက်ဝတ်အား စမ်းလိုက်ရာ ပူနွေးနေ၍ အလိုလိုဝမ်းသာသွား၏။

ဒီလိုသူနာမျိုး ယခင်ကလည်း သုံးလေးကြိမ်ကြုံဖူးလေတော့ စိုးရိမ်စိတ်ကင်းစေ၏။ သောက်ရေအိုးစင် ရှာမတွေ့၍ ဦးပဉ္စင်းအား အကူအညီတောင်းရလေ၏။

"အရှင်ဘုရား၊ တပည့်တော် သောက်ရေတစ်ခွက်လောက်ရချင်တယ် ဘုရား"

ဘုရားခန်းပေါ်မှ ဖယောင်းနှင့် အမွှေးတိုင်အသင့်တွေ့၍ ပူဇော်လိုက်၏။ ခဏအကြာ မိန်းမလတ်တစ်ယောက်က ရေတစ်ခွက်လာပေး၍ မေတ္တာရေအဖြစ် တောင်းခံလိုက်လေ၏။

ထိုမေတ္တာရေနှင့်လူမမာကောင်မလေးနဖူးတည့်တည့် လက်ညှိုးနဲ့ထောက်[illegible]တ်မနေ့ဖြင့် အမိန့်ပေးလိုက်ရာ (၁၀) စက္ကန့်ပင်မကြာ ကောက်ခနဲထထိုင်ငိုလေတော့၏။

"အမေရေ အီး အီး ဟီး"

"သမီးလေး အမေ အမေရှိတယ် ဟီး"

သားအမိနှစ်ယောက်ဖက်၍ ငိုပွဲဆင်ကြလေ၏။ နံဘေးက အမျိုးတွေလည်း ဝမ်းသာရှာ၍ငိုကြပြန်လေ၏။ တစ်အိမ်လုံးငိုနေတော့ ဦးပဉ္စင်းစိတ်တိုလေရဲ့။

"ဟေ့ - ပိတ်အော်မငိုကြနဲ့ မသာအိမ်မဟုတ်ဘူး"

ထိုအခါမှ အသံရပ်လေ၏။ လောလောဆယ် သူနာသက်သာပြီး [illegible]ဆရာကြီးများမျက်နှာ မိမိအကဲခတ်လေတော့ အံ့သြမှု၊ အားငယ်မှုတွေနှင့် မျက်နှာငယ်နေကြပြီ။ အရပ်ဆေးထိုး ဆရာလည်း ငေးငိုင်နေရှာပြီ။

အထူးသဖြင့် ဒုတိယအကြိမ်ပြန်တွေ့တဲ့ဆရာကြီးမျက်နှာက ပို၍ပျက်လေပြီ။ သူတို့ခမျာ ဟန်လုပ်၍သာပြုံးရှာလေ၏။ သူတို့ရှေ့တွင် ရေနွေးပွဲ၊ ကွမ်းကပ်ပွဲတွေ့ရှိသော်လည်း မိမိထိုင်မသင့်ပေ။ ဒီနေရာမှာ ကြာကြာမနေသင့်။ မြန်မြန်ခွာမှဖြစ်လေမည်မို့ အိမ်ရှင်အား နှုတ်ဆက်လိုက်၏။

"ကဲ-လောလောဆယ် သက်သာသွားပါပြီ ကျွန်တော်ပြန်မယ်။ ဦးပဉ္စင်း တပည့်တော်ပြန်မယ်ဘုရား"

"နေပါဦး ဒကာကြီးရဲ့၊ ရေနွေး သောက်ပါဦးဗျ"

"မသောက်တော့ပါဘူး၊ ညနက်နေပြီ ပြန်မယ်ဘုရား"

"ဒါဆို ကိုယ်တော်လိုက်ပို့မယ်"

အိမ်ရှင်တွေကလည်း နေပါဦး၊ တခြား ဧည့်သည်အမျိုးတွေကလည်း နေပါဦး။ သူတို့တစ်လှည့် ဆရာကြီးတွေ တစ်လှည့် ထိုင်ရန်မသင့်၍ပြန်ဖို့ဆုံးဖြတ်ခြင်းဖြစ်၏။

ရေနွေးဝိုင်းမှာ လက်ဖက်ဝါးလို့ စကားထိုင်ပြောမိတာနှင့်တစ်ယောက်ပြီး တစ်ယောက် မေးကြမည်။ အောက်လမ်းတိုက်တာလား၊ စုန်းကိုက်တာလား၊ နတ်ကိုက်တာလား စုံအောင်မေးကြမည်။ ဒီအခါ မိမိဘယ်လိုဖြေရမည်နည်း။

လိမ်ပြောညာပြောလို့လည်းမသင့်တော့ အမှန်ပြောပြရမည်။ ဒီအချိန်မျိုးမှာရှိနေတဲ့ဆရာကြီးသုံးယောက်မျက်နှာ မိမိဘယ်လိုကြည့်မည်နည်း။ သူတို့သုံးယောက်အကြောင်းတစ်ခွန်းတစ်စကြားမိထားသား။ပညာရပ်တွေသိပ်မကျွာ။လိုင်း - တူဆရာတွေစုပုံနေ၏။ ဆရာညီအစ်ကိုတွေမဟုတ်ကြ။ သင်းကွဲဆရာကြီးများသာဖြစ်ကြ၏။

ဤဆရာကြီးသုံးယောက် ညီညီညွတ်ညွတ်တည့်နေတာလဲအကြောင်း တစ်ခုတော့ရှိမည်။ မိမိအထင် အမျိုးမကင်း၍သာဖြစ်လေမည်။

(၆၀) ကျော်အရွယ်တွေ ဒီပညာနဲ့ အသက်မွေးကြောင်းသူတွေ ဖြစ်ကြ၏။ သူတို့လုပ်စားနေတဲ့ခွင် မိမိဝင်ဖျက်၍ မသင့်တော်ပေ။ သူတို့မှာလည်း မိသားစုတွေကိုယ်စီနဲ့။ အရှက်တရားနဲ့သိက္ခာအတွက် မိမိနောက်ဆုတ်ပေးခြင်း ဖြစ်၏။

ဒီကြားထဲ ဦးပဉ္စင်းလေးက ဇွတ်အတင်း လက်ဆွဲခေါ်သေး၏။ သူက သဘောရိုးရိုးနဲ့တားတား သူ့ဘက်က ဧည့်ဝတ်မကျေမှာစိုးလို့ထင်ပါရဲ့ အိမ်ပေါ်ကဆင်းတော့ ဦးပဉ္စင်းလေးကပ်ပါလာခဲ့၏။ အချိန်က ညတစ်နာရီထိုးလေပြီ။ တစ်လမ်းလုံးမှောင်မည်းနေတော့ ဦးပဉ္စင်းနှင့် ကိုရင်လေးနှစ်ပါးက အိမ်ထိပြန်ပို့ပေးရှာ၏။

ဤနေရာတွင် သတိပြုစရာ ပညာခန်းလေးပါဝင်လေ၏။ သတိမေ့နေသောကောင်မလေးပုံစံသည် တောင့်တောင့်တင်းတင်း မျက်ဖြူလန်၍ ခန္ဓာကိုမှာ အသားအရေပူနွေးလေ၏။ တချို့မေ့နေတဲ့သူတွေက ချွေးတွေတသီကြီးနှင့် ခန္ဓာကိုယ်ပူကျက်နေတာလည်းတွေ့ ရဖူး၏။

အရပ်ဆေးထိုးဆရာ[illegible] က အကြောထဲမဝင်တာဟာ ရောဂါနှင့် ဆေးလွဲတဲ့သဘော မှတ်ချက်ချနိုင်၏။ ဒီကိစ္စမျိုးတွင် များသောအားဖြင့် အစာပင်းတစ်ခုခုကြုံတင်မိထား[illegible]သူတွေသာ ဖြစ်လေ့ဖြစ်ထရှိ၏။

တစ်ဖန် သန္ဓေဘူစုန်းဘူးရှိသူတွေလည်းဖြစ်တတ်လေ၏။

သာမန်အမြင်ဖြင့်ကြည့်လေလျှင် တစ်နေကုန် ကောက်စိုက်နေပူရေပူဒဏ်ခံ ညနေရေချိုး အပူသွေးပျက်ဖြစ်တာလည်း အဖျားခင်နိုင်သေးသလို ဟိုဘက်ဒီဘက်တွေးဆနိုင်လေ၏။

ယခုလည်း ကောင်မလေးအား သတိရရုံသာလုပ်ပေးခဲ့ရ၏။ ကာယကံရှင်မိဘတွေက ယခင် ဆေးဆရာကြီးများထံ သူတို့သူနာအား အပ်နှံထားကြမည်။ ဒါကို မိမိက ကြိုသိလေတော့ သူတို့ဆီကဖြတ်လုကုသတာမျိုး အထင်မခံနိုင်မခံနိုင်ပေ။ ဦးပဉ္စင်းလေးမျက်နှာကြောင့် ကယ်ထင်ပေးလိုက်ခြင်း ဖြစ်၏။

ရောဂါအရှင်းမပျောက်ပေ။ ခဏတာသက်သာရုံသာရှိသေး၏။ တစ်ဆက်တည်းကုပေးလိုက်လျှင် ထိုထိုဆရာကြီးများ လာဘ်ပိတ်တော့မည်။ သိက္ခာကျရှာမည်။ ရှေ့ဆက် ကုမပေးခြင်းသည် ပညာစားချန်လိုက်ခြင်းသာဖြစ်၏။

ယခုအတွေ့သည် အောက်လမ်းတိုက်မဟုတ်တံနရာ။ အကြောင်းစိစစ်တော့ ဒီဆရာကြီးတွေဟာ ဟိုဘက်ဒီဘက်ရဆရာကြီးတွေ။ မြှုစားတဲ့နေရာမှာလည်းစွမ်းမည်။ ဆေးကုတဲ့နေရာမှာလည်း ပါသည်။ သူတို့ပညာက နှစ်ဖက်လှပညာမျိုးမို့ပါပဲ။ အထက်အလယ် အောက်ပညာစုံ သင်လိုက်ကြတော့ သပွတ်အူလိုရှုပ်ထွေးသွား၏။ တည့်တည့်ပြောလျှင် အောက်ဘက်ကို အလိုလိုပါသွားပြီ။ ကိုစိုးတို့လည်း ဒီပညာရပ်တွေအပေါ် အထူးသတိထားနေရ၏။ တစ်ချက်ကလေး အမှားမခံဘူးဆိုတာ သိသည်။ တစ်ချက်မှားတာနှင့် တစ်ဘဝလုံးသွားပြီ။

သေချာတာကတော့ သေလျှင် အသုရကာယ်နိုင်ရဲတန်နေတာပဲ။ ဘာကြောင့် ဒီလိုပြောရလဲဆိုလျှင် ရှေ့က[illegible] သွားနှင့်ပြီးသားဆရာတွေ လက်[illegible] ခဲ့ပြီးလို့ပြောရတာ။ အဲဒီ[illegible]မှာ သီးသန့် ကြိမ်ဒဏ်တွေ[illegible]တယ်။ ဥပမာ တစ်နေ့ ကျော[illegible]ရင်တစ်[illegible] အရိုက်ခံရတာမျိုး [illegible]။ ဒီလိုခံစားရတာ သူတို့ပြောလို့သိရတာ

ဗျ။

စောစောက စကားပြန်ကောက်ရလျှင် သူတို့ပညာတွေနဲ့ ပြုစားထားလျှင် ဒီကောင်မလေးချက်ချင်းသတိရမှာပဲ။ သူတို့ပြုစားထားရင် တစ်ခါထဲဖြေနိုင်မှာပဲလေ။ ဒါကြောင့် အောက်လမ်းမပါဘူး ပြောနိုင်တာ။

မိမိအထင် ဒီနေ့ကောင်မလေး ကောက်စိုက်သွားသည်။ ဒီအချိန်အမျိုးသမီးသူငယ်ချင်းတွေအများကြီးပါမှာပေါ့။ သီချင်းဆိုလိုက် ရယ်လိုက် ရှေးဟောင်းနှောင်းဖြစ်တွေပြောလိုက် သူ့ရည်းစား ငါ့ရည်းစားအကြောင်း စားမြုံ့ပြန်လိုက်နဲ့ပေါ့။ ဒီသူငယ်ချင်းတွေဟာ စားစရာရှိရင်လည်းစား၊ ပွဲလမ်းသဘင်တွေမှာလည်း တတွဲတွဲပေါ့။

ဒီအချိန် အမှတ်မထင်ဖြစ်တတ်တာက သူတို့ထဲက စုန်းပညာတတ်တဲ့သူပါတတ်သည်။ ကောင်လေးတစ်ယောက်ကို နှစ်ယောက်က ဝိုင်းကြိုက်တာမျိုးကြုံလျှင် ပညာသည်က အညှံမခံ။ ဘယ်လောက်ချစ်တဲ့သူငယ်ချင်းဖြစ်ပါစေ တွယ်တာပဲ။

'ရည်းစားလူလု အူနုကျွဲခတ်' ဆိုတဲ့စကားပုံကို တစ်ဖက်လှည့်နဲ့တိုက်တာပဲ။ ခုလည်း ဒီလိုဖြစ်မည်။ သေချာစစ်ဆေးရင် အစာပင်းသွင်ထားတာ တန်းမိမှာပဲ။

ဒီနေ့ညက ဒီကောင်မလေးကို အစွဲခေါ်သွင်းရင် တစ်အိမ်လုံးဝါးတောကျွဲသွားမှာအသေအချာပဲ။ ဆေးဆရာကြီးသုံးယောက်လည်း ဘာသိက္ခာမှရှိမှာမဟုတ်တော့ဘူး။ အစွဲခေါ်သွင်းရင်း တန်းဝင်မှာပဲလေ။ သူက အတွင်းစက်ပြုစားထားတာကိုး။

ဝေဒနာသည်က လူစိတ်ပျောက်ပြုစားတဲ့ပညာသည် ဝင်စီးတာမျိုးပေါ့။ ဒါမျိုးက နေရာတကာ အစွဲခေါ်မကုသင့်ပေဘူး။ မိမိတို့စိတ်ထဲမှာတော့ ကြွားဝါတာမျိုးလိုလို၊ ဟိတ်ကြီးဟန်ကြီးလုပ်တာလိုလို၊ သူတကာ အထင်ကြီးစေတာလိုလိုတွေပေါ့။ တကယ့်စိတ်ကြီးဝင်နေတဲ့ပုံစံပဲ။ ဒီလိုအောက်ခြေလွတ်တဲ့ဆရာတွေ တစ်ပုံကြီး. . .။

တချို့ဆရာအူကြောင်ကြားတွေက တွေ့သမျှ သူနာအစွဲခေါ်သွင်းသည်။ အစွဲမဝင်တော့ ပယောဂမရှိဘူးတဲ့။ ပယောဂတိုင်း အစွဲမဝင်မှန်းမသိတာ သင်ပေးတဲ့ဆရာက မတတ်ထာ။ ဒါကြောင့် တပည့်က ဘာမှမသိတော့တာ။ တစ်ပေါက်ထိုးတစ်ဖောက်ကန်းဖြစ်သွားတာ ခုခေတ်ဒီလိုဆရာတွေပွစိတက်ပဲ။ ဒါက စာဖတ်သူကို သတိလှန့်ပေးတာနော်။ အလိမ်အညာ ကင်းစေချင်လို့ပဲထားတော့။

ခုကိစ္စမှာ အမှန်ဆိုရင် ရောက်ပြီးသားဆရာကြီးတွေ သူတို့ဆေးအရင်ကုကြသည်။ သူတို့လည်း အစွဲခေါ်သွင်းမည်။ အစွဲဝင်ဖို့နေနေသာသာ သတိရအောင်တောင်မလုပ်နိုင်ပေ။ ဒါဘာကြောင့်လဲ။ အဖြေကရှင်းပါသည်။ တစ်ဖက်က ပြုစားတဲ့ပညာသည်ဟာ ဒီဆရာကြီးသုံးယောက်ကို မမှုဘူးဆိုတဲ့အကြောင်း လက်တွေ့ပြတာပါပဲ။ တစ်ယောက်နဲ့တစ်ယောက် ပညာမကွာဘူးဆိုတာ သိသာစေပါသည်။

မိမိနဲ့ကျတော့ အိမ်ထဲခြေတစ်လှမ်းဝင်တာနဲ့ လစ်ပြေးသွားပြီ။ ဘာကြောင့်လဲ။ ပုဂ္ဂိုလ်တွေရဲ့အစောင့်တွေက နယ်နယ်ရရမဟုတ်ဘူးလေ။ မိမိသွားလေရာ သူတို့က ကူညီနေကျ။ ဒါနဲ့ တင်ပြေးကုန်ပြီ။

ကောင်မလေးကို အစာပင်းတော့ ချမပေးနိုင်ဘူး။ အစာပင်းချပေးရင် ဆေးကုပေးတာနဲ့အတူတူပဲ။ သက်သာရုံပဲထားခဲ့ရသည်။ ဟိုဆရာကြီးတွေငဲ့လို့ပဲ။ ဒါလည်း ရက်ပိုင်းပဲခံမှာ။ မိမိခရီးဝေးသွားယင် သူတို့အသိနဲ့လာကုကြပေါ့။ အိမ်အပြန် ဦးပဥ္စင်းက သူစိတ်ထဲ မရှင်းတာမေးရှာသည်။

"ဒကာကြီး၊ ကျုပ်နှမ လူပြုစားတာလား"

"ဟုတ်တယ် ကိုယ်တော်၊ စုန်းကိုက်တာမျိုးပေါ့"

"စုန်းကိုက်တာက စွမ်းလှချေလား ဒကာကြီးရဲ့"

"အင်း - ဒါလောက်လည်းမဟုတ်သေးပါဘူး ကိုယ်တော်ရဲ့"

"အာ ဒကာကြီးကလည်း လူတစ်ယောက်လုံး သတိလစ်နေတာ စွမ်းလို့ပေါ့ဗျ"

"ဒါက ကိုယ်တော် ချီးမွမ်းတာလေ။ တပည့်တော်က မချီးမွမ်းနိုင်ဘူး"

"ဒကာကြီးပညာက ကောင်းလှချေလားဗျ။ ကျုပ်တောင် အားကျလာပြီ"

"ဒီပညာ မရချင်နဲ့ ကိုယ်တော်။ ကိုယ်တော်ကရဟန်း သာသနာ့ဝန်ထမ်း။ လောကီပညာတွေသင်ရင် အာပတ်သင့်မှာပေါ့ဘုရား"

"ဒါကတော့ တွေးမကြောက်ဘူး ဒကာကြီး၊ သတ္တဝါကယ်ချင်တာပါ"

"စကားကို အလွယ်မပြော ကောင်းဘူး ကိုယ်တော်ရဲ့။ ဒီပညာ က စည်းကမ်းသိပ်ကြီးတယ် အထူး ဖြင့် အရက်သေစာ၊ သူများသားမယား ဒီကိစ္စတွေမထိမခံဘူး။ ထိတာနဲ့ဒဏ် တယ် ဒါကြောင့် မလိုချင်နဲ့ဘုရား။

ပြီးတော့ ဒီပညာသင်ရင် အလို ပွင့်လာတာ။ ပွင့်လာရင်အတော်များ ကမထိန်းနိုင်ကြတော့ဘူး။ တပည့်တော် အသက်အစိတ်လောက်က ဒီပညာ သင်ခဲ့တာ ခုမှ (၈) နှစ်ကျော်ပဲရှိ တယ်။ တော်တော်ထိန်းရတယ် ဘုရား။ အန္တရာယ်များလွန်းတယ်။ မသင်ပါ ကိုယ်တော်"

"ကျုပ်ကဒကာကြီးပြောတဲ့အတိုင်း စောင့်ထိန်းမှာပါဗျ။ ပညာသာသင် ပါ"

အသက်က နှစ်ဆယ်ကျော် ကြီးအောင်ထားတဲ့ ကိုယ်တော် လောကီပညာဇွတ်အတင်းတောင်း ပြီ မယုတ်မလွန်ချော့ပြောနှစ်သိမ့်ရ ၏။

"ကဲ - ကိုယ်တော် ပညာလိုချင် နောင်တပည့်တော်သင်ပေးမယ်။ ပေးဖို့ ပေါက်စုတ်လည်းမရှိဘူး။ လည်း ဆရာဆီသွားယူရဦးမှာ။ ပြေတဲ့အခါ ပေးပို့မယ်ဘုရား"

ဒီလိုနှစ်သိမ့်တာ ကိုယ်တော် တယ် မရဘူး ဇွတ်တောင်းတာပဲ။

"ဒကာကြီးလိုတဲ့ ပေါက်စု ကျုပ်ဝယ်မယ်ဗျာ။ ဆေးသာအဆင် ယူထား။ ပြီးရင် ဘာတွေလိုအပ် သလဲဗျာ"

သွားပြီ၊ ဒီကိုယ်တော်ပိုးဝင်သွား တားဖို့မလွယ်ချောပဲ။

"သာသနာ့ပွဲတစ်ပွဲ ဝိဇ္ဇာကြီး တစ်ပွဲ ပွဲထိုးရမှာပဲ ဘုရား"

"ရတယ်-ကိုယ်တော်လှူပေးမယ်"

"ကဲ-အိမ်ရောက်ပြီ ကိုယ်တော် စကားပြတ်ကြစို့"

"အဲဒါ အဲဒါ ကဲ - ဒါဖြင့် ကိုယ်တော်တို့ပြန်မယ်"

ဦးပဥ္စင်းလေးနဲ့ ကိုရင်လေး ကြည့်ကာ သက်ပြင်းအခါခါချရ ၏။ ဒီပညာသင်မယ်တဲ့။ မိမိက ကြို သား ဒီကိုယ်တော်လူထွက်ရမှာ ပဲ။ ဒီပညာကပွင့်တယ်။ ပြော အဲဒီအပွင့်ကို သူခံနိုင်မှာမဟုတ် သူက အားကြီးမာန်တက်တော တော့ပေးလိုက်မည်။ စည်းဖောက် တော့ ကိုယ်ဒဏ်ကိုယ်ခံပေရော့။

ခဏတာ ကယ်ပေးလိုက်တဲ့ ကောင်မလေး နောက်ထပ်ဆေးလာမကု တော့။ သူ့ဗိုက်ထဲက အစာပင်းတွေ ထွက်သေးဘူး။ ဦးပဥ္စင်းလေးကို ပြော ခဲ့တာပြောခဲ့ပြီးပြီ။ မိမိတွင် တာဝန် မရှိတော့ပေ။

အဲ - နောင် တစ်လလောက်ကြာ တော့ ကိုယ်တော်လေးဆေးတင်ပေး လိုက်ရဲ့။ ဆေးတင်ပေးပြီးတော့ ကျိန်စာ တောင်မတင်ပေးရဲဘူး။ ကျိန်စာဆိုတာ က ဒီသစ္စာကိုဖျက်ခဲ့ရင် ဆိုတာမျိုးပေါ့။

အတော်များများ ဆရာတွေက ဆေးပညာပေးပြီးရင် ကျိန်စာတင်တယ်။ အဲဒီကျိန်စာက တကယ့်မလွယ်ကြော င်းဗျ။ မထိန်းနိုင်လို့ စည်းပေါက်သွားရင် အဲဒီ တပည့်ခမျာ တစ်သက်လုံးလူလုံး မပြောင်တော့ဘူး ဒုက္ခပင်လယ်ဝေပဲ။ တစ်ဘဝလုံး ပေးဆပ်သွားရတဲ့သူတွေ မနည်းမနောဘဲ။

အဲဒီကျိန်စာတိုက်ပညာပေးတဲ့ ဆရာမျိုး ကိုစိုးတို့မလိုလားဘူး။ ဘာလို့ လဲဆိုတော့ စည်းဖောက်တာ နှစ်မျိုး လောက်ရှိတယ်။ တစ်ခုက လူအိုသား မယားရှိတဲ့ဆရာက သူများသားမယား နှည်းကျိုးတာ။ တစ်ခုက လူပျိုလူလွတ်။ ကြိုက်တဲ့ ကောင်မလေးနဲ့ မင်္ဂလာ မဆောင်ခင် ကျူးလွန်တာ။ ဒီတော့ လူပျိုကောင်လေးဟာ သူ့ရည်းစားကို မှားမိသော်လည်း နောင်တစ်ချိန် ဇနီးအဖြစ် သင့်သင့်မြတ်မြတ်ပေါင်း သင်းခဲ့ရင် ကာမေသုမြောက်ခဲ့သော်လည်း အပြစ်ကမကြီးတော့ဘူး။ ပျက်ပြယ်တဲ့ သဘောသက်ရောက်တယ်။

စောစောကပြောတဲ့ကျိန်စာဆိုခန်း က အများကြီးပဲ။ ရေလမ်းသွားရေဘေး ကုန်းလမ်းသွားကုန်းဘေးတွေအပြင်ကို နောင်ဘုရားတောင် မဖူးမမြင်ရပါစေ သားဆိုတဲ့ကျိန်စာတွေပါတယ်။ တကယ့် ကြောက်စရာကျိန်စာကြီးပဲ။

အလိုလိုပျက်ပြယ်စေတဲ့ လူပျို ကောင်လေးခမျာ စောစောက ကျိန်စာ ဆိုထားတဲ့သူဆိုရင် သူ့ဘဝအကျိုးပေး ကောင်းပါဦးမလား။ စီးပွားရေးအဆင်မ ပြေတော့ ဒီပညာယူမိလို့ ကျိန်စာမိတဲ့ သဘောစွဲနိုင်တယ်။ အပြစ်တင်မယ်။ မကောင်းသတင်းပြောမယ်။

အဲဒီအခါ ဒီလူပျိုကောင်လေး တစ်ပုပေါ်နှစ်ပုဆင့် ထပ်ခံရပြန်ပြီ။ သူ တော်ကောင်းပုဂ္ဂိုလ်တွေကို သူစော်ကား ပြီဆိုတာနဲ့ သွားရှာပြီ။ ဘာမှကယ်လို့မရ တော့ဘူး။နတ်ကောင်းမစောင့်တော့ဘူး။ ဒါက နောက်ဆက်တွဲထပ်ခံရမယ့်အပြစ်တွေပဲ။ ဒါလေးသိစေချင်လို့ ကျိန်စာဆိုတာပြောပြတာ။

မကြာဘူး၊ ဒီနှစ်မန္တလေးစာသင်တိုက်မပြန်တော့ဘူး။ တောက်တိုမည်ရဆေးလေးတွေကုလို့တစ်ဝါတောင်မလွန်ဘူး။ လူထွက်လို့ မိန်းမရလေရဲ့။ ဟောအခု ကလေးနှစ်ယောက်တောင် ရနေပြီ။

စားနိုင်သောက်နိုင် တောင်သူလုပ်တာပေါ့။ တွေ့တဲ့အခါမှာတော့ တောင်းပန်ရှာလေရဲ့။ အပြစ်တော့မတင်ပါဘူး လူထွက်ပြီးမှ မိန်းမယူတော့ အပြစ်ကြီးမရှိတာပေါ့ ဒါက သူပြုတာကိုးဗျ။

ဒီလိုနဲ့ ရွာထဲက ဆေးဆရာကြီးများနဲ့မတွေ့တာ နှစ်ပေါင်း(၁၈)နှစ်ပင်ကြာခဲ့ပြီး ၂၀၁၇ ခု စက်တင်ဘာလဆန်းမှာ ထိုဆေးဆရာကြီးဦးခင်(အမည်လွှဲ) အိမ်သို့ ကိုစိုး ရောက်ခဲ့ရပြန်လေ၏။

ခြံဝင်းရှေ့ရောက်တော့ အိမ်ထဲမဝင်ရဲသေးဘူး။ လူရိပ်လူကဲကြည့်ရသေးသည်။ အိမ်ပုံစံပြောင်းသွားသည်။ ကျန်တာထူးခြားမှုသိပ်မတွေ့ပေ။ အချိန်ကလည်း ညနေ (၃)နာရီတန်းဆိုတော့ ဟိုမရောက်ဒီမရောက်အချိန်ပေါ့။

ဒီအချိန် အသက်(၃၀) ရွယ် လူငယ်တစ်ယောက်က မိမိကိုမြင်လို့လာတွေ့ရှာသည်။

"ကိစ္စရှိလို့လားခင်ဗျာ"

"အေး - ဆရာကြီးရှိမလားလို့။ မရောက်တာကြာလို့ အလည်လာတာ"

"အဖေရှိတယ်ဗျ အောက်ထပ်မှာ အိပ်နေတယ်။ ကျွန်တော်နှိုးပေးမယ်"

ဒီစကားကြားတော့ ကျွန်တော် ဝမ်းသာသွားသည်။လာရကျိုးနပ်ပြီးပေါ့။

အိမ်အောက်ဝင်တော့ တန်းလျားခုံမှာအိပ်နေတဲ့ဆရာကြီးက အပြုံးနဲ့ကြိုရှာသည်။

"ဘယ်ကလှည့်လာတာလဲ ကိုစိုးမင်းရဲ့"

"ဘယ်ကမှလှည့်လာတာမဟုတ်ဘူး။ ဆရာကြီးဆီမရောက်တာကြာလို့ အလည်ဝင်တာ"

"ရိုးရိုးအလယ်သက်သက်တော့ မဟုတ်ပါဘူးနော် ဟုတ်တယ်မို့လား"

ကျွန်တော်ကျိတ်ပြုံးပြုံးမိ၏။ သူကလည်း လူကဲခတ်မည့်ဘဲကိုး။ ယခင်ကစာရင် ရုပ်ရည်မပြောသလောက်ကျသွားရုံမှတစ်ပါး ကျန်းမာရေးကောင်းတုန်းပင်။

"အဲဒါလည်း ဟုတ်ပါတယ်။ သိချင်တာလေးတွေလည်း မေးရင်းပေါ့။ မတွေ့တာလည်းကြာပြီ၊ အခု ဆရာကြီး အသက်ဘယ်လောက်ရှိပြီလဲဗျ"

"ရှစ်ဆယ့်သုံးနှစ်"

"အားပါး - ကောင်းလှချေလား၊ ကျွန်တော်တို့ ဒီအရွယ်နေရမှာလောက်ပါဘူးဗျာ။ သူတို့မစောင့်ရှောက်ရင် အချိန်ထိဘယ်ခံမလဲ"

"အခု အရင်လို ဆေးကုထွက်သေးလားဆရာကြီး"

"မထွက်နိုင်တော့ဘူး၊ [illegible] သွားတာ (၁၀) နှစ်ကျော်ပြီ။ သားသမီးတွေကဘယ်မှမလွှတ်ကြတော့ဘူး။ သွားမယ်ဆိုသွားလို့ရသေးတယ်၊ ကျွန်တော်တောင်ဝေ့မှ မကိုင်သေးတာ။ မျက်စိလည်းကောင်းတယ်။ အဲ-နားလေးနည်းနည်းထိုင်းတာကလွဲလို့ပေါ့"

"ကောင်းလိုက်တာဗျာ၊ သီလ တန်ခိုးပဲဗျ"

ရှေးလူကြီးများ အသက် (၈၀) ကျော်တာတောင် မင်းနဲ့ငါနဲ့မပြောဘူး၊ သူ့ကိုယ်သူ ကျွန်တော်တဲ့။ အသက်(၅၀)ကျော် ကိုစိုးကိုလည်း ကိုစိုးမင်းကြီးတဲ့။ ပြောပြောဆိုဆိုဖြင့် အိမ်ပေါ်တက်ရန်ခေါ်လေ၏။

အိမ်ပေါ်ဘုရားခန်းထိုင်နေစဉ် ဆရာကြီးသည် အနောက်ခန်းထဲသို့ဝင်သွားကာ စာအုပ်ကိုင်ထွက်လာ၏။ မိမိရှေ့ချပြလေ၏။

"ကဲ ဒီစာအုပ်ကိုကြည့်။ ပြီးရင် ကြိုက်တဲ့ပညာပြော ကျွန်တော်ပေးနိုင်တယ်"

လတ်စသတ်တော့ ဒီဘိုးတော်က ကိုစိုးကို တပည့်ခံမလားဆိုတဲ့သဘောကိုးဗျ။ ကိုစိုးက ဘာမှကိုမပြောရသေးဘူး။ သူ့ဟာသူ စခေါ်တာ။ သူ့အိမ်ခြံထဲဝင်စကတည်းက ကိုစိုးဘာမှမချုပ်ကိုင်ခဲ့ဘူး။ စတိလည်းမလုပ်ဘူး သာမန်လူတစ်ယောက်လို ရဲရဲဝင့်ဝင့်ဝင်ခဲ့တာ ဒီဆရာကြီးခမျာ ကိုစိုးဘယ်လိုပညာတွေသင်ထားသလဲဆိုတာ ဘာမှကိုမသိရှာဘူး။

ဒီဘိုးတော် ဘာမှမသိတာ အဖြေက ရှင်းပါသည်။ သူ့ရဲ့အစောင့်တွေဟာ အလိုလိုရှိန်နေပြီမို့ ဒီဘိုးတော်ကြီးဘာမှမသိတာ။ မသိဆို သူ့အစောင့်တွေက မပြောရဲဘူးလေ။ စိတ်အထင် ကိုစိုး[illegible] စောင့်တဲ့ပုဂ္ဂိုလ်တွေမြင်ကတည်းက [illegible] အစောင့်တွေ ပြေးတယ်ထင်[illegible]။

စာအုပ်က [illegible] မပါဘူး။ လျှောက်လွှာစာရွက်[illegible]နဲ့ ပြန်ကူးထားတဲ့ လောကီ[illegible] လိုက်တာနဲ့ [illegible]

ဖော်နည်းတွေတန်းတွေ့တာပဲ။ မှော်ရုပ်ပုံတွေနဲ့ တကယ့်ကျမ်းတစ်ဆူလိုပါပဲ။

တစ်ရွက်ချင်းလှန်လို့ သေသေချာချာ နံဘေးက ဘိုးတော်က တီးတိုးပြောနေပေမယ့် ကြားတစ်ချက်မကြားတစ်ချက် စာထဲမှာအာရုံပါနေပြီ။ ကိုယ်နဲ့သင့်မယ့်ကျင့်စဉ် (သို့)မှော်ခန်းအားတွေ့လို့တွေ့ငြားရှာသော်လည်း စိတ်တိုင်းကျမတွေ့ပေ။ အလယ်အလတ်သဘောအနည်းငယ်သာပါလေ၏။ နောက်ဆုံးစာရွက်အထိ ကုန်အောင်ကြည့်ပြီး စာအုပ်ပိတ်လိုက်ရ၏။

"ကဲ - ကိုစိုးမင်းကြီး ဘယ့်နှယ်လဲ။ ဒီပညာတွေထဲက ကြိုက်တာပြောပေးမယ်"

ဘိုးတော်က အပြုံးနှင့် တပည့်အဖြစ်ကမ်းလှမ်းပေမယ့် မိမိက သင်စရာမလိုအပ်ပေ။ သူ့ဆီက အောက်မှော်တွေနဲ့ရောလိုက်လျှင် ဒီက သွက်သွက်ခါရွှံသွားမှာတော့ အသေအချာပါပဲ။ ဟိုက ဒဏ်ဒီကဒဏ်တွေနှင့် ခါးဝတ်ခါးစားတောင် မမြဲတဲ့အရှုံးကြီးဖြစ်မှာ အသေချာပဲ။ မယုတ်မလွန်ပြန်ဖြေပေးရ၏။

"ဘိုးတော်တို့ ပညာရပ်တွေ ကျွန်တော့်မမီဘူးဗျ မသင်ရဲပါဘူး။ ခုလိုပြပေးတာ ကျေးဇူးတင်ပါတယ်"

ဆိုတော့ ဘိုးတော်ရဲ့မျက်နှာ နည်းနည်းအိုသွားရှာသည်။ ဆက်အားပေးပြန်သည်။

"ကျွန်တော်အသက် (၈၀)ကျော်ပြီ။ ဒီပညာရပ်တွေ ဆက်ခံမယ့်တပည့်မရှိဘူးဗျ။ ကျွန်တော်သေရင် ဒီပညာတွေ ပျောက်ကွယ်သွားမှာ။ အမွေခံတပည့်အဖြစ် ပေးချင်လို့ပါဗျာ။ ကိုစိုးမင်းကြီးနဲ့သင့်တော်လို့ပါ။ ဒီပညာတွေယူစမ်းပါဗျာ"

ကိုစိုးရဲ့စိတ်ထဲမှာ ခုထိ ဇဝေဇဝါဖြစ်ဆဲပဲ။ ဒီဆရာကြီးနဲ့တွေ့တာ သုံးကြိမ်ရှိပြီ။ ကျွန်တော်ဘာပညာတွေသင်ထားသလဲဆိုတာ ခုထိမသိသေးတာလား။ ဒါမှမဟုတ် သွေးတိုးစမ်းတာလား။ ခန့်မှန်းလို့ပင်မရအောင်ဖြစ်မိ၏။

"ဆရာကြီးကို ကျေးဇူးတင်ပါတယ်။ နောင်အလျဉ်းသင့်တဲ့အခါ သင်ပါ့မယ်ဗျာ"

ဘိုးတော်ကြီးရဲ့မျက်နှာဝင်းသွား၏။ ရုတ်တရက် အိမ်အနောက်ခန်းထဲပြေးဝင်သွား၍ သံသေတ္တာငယ်လေးတစ်လုံးကိုင်ကာ မိမိရှေ့ဖွင့်ပြလေ၏။

မျက်လုံးကျယ်လို့ အံ့ဩသူက ကိုစိုးပါပဲ။ ရှေးဟောင်းဆေးမှော်ရုပ်များနှင့်ဆေးတောင့်များ၊ လက်ဖွဲ့များဖြစ်နေ၏။ ဒီဆေးရုပ်ကလေးတွေ တစ်ခုချင်းစီကိုင်ကြည့်ကာ စေ့စေ့စပ်စပ်အကဲခတ်၏။ ဆေးရုပ်နာမည်တွေသိချင်လာ၍ မေးလိုက်ရ၏။

"ဘိုးတော် ဒီဆေးရုပ်တွေက ဘိုးတော်ကိုယ်တိုင်စီရင်ခဲ့တာတွေလား"

ဘိုးတော်ကြီးက ကိုစိုးစိတ်ဝင်တစားမေးတော့ ပြုံးပြုံးကြီးဖြင့်ဖြေလေ၏။

"ကျွန်တော်စီရင်ခဲ့တာတွေလည်းပါတယ်။ ကျွန်တော့ဆရာကြီးလက်ထက်ကပစ္စည်းတွေလည်းပါတယ်။ အဲဒီအထဲက ဒီဆေးရုပ်ကလေးဆိုရင် နှစ်ပေါင်းတစ်ရာကျော်ပြီ လိုရာသုံးပဲ။

ရှေးဆရာကြီးတွေ လက်ဆင့်ကမ်းခဲ့တဲ့ပစ္စည်းတွေပဲ။ ကျွန်တော့်ဆရာကြီးက အသက်(၉၀)ကျော်မှသေတာ။သူမသေခင် အိုးမြှင့်ခဲ့တဲ့ပစ္စည်းတွေက အများကြီးပဲ။ ဆေးတောင့်ဆေးလုံးဆိုရင် နောင်ဆယ်သက်လုံးလို့မကုန်ဘူး။ ဒီမှာရှိတဲ့ဆေးရုပ်တွေအကုန်လုံး၊ ဆေးတောင့်ဆေးလုံးတွေ အကုန်လုံးအစွမ်းထက်တယ်။ ခုထိအသက်ရှိတုန်းပဲ ကဲ - ရှင်းပြီလား"

ကျွန်တော်မျက်လုံးလေးကလယ်ကလယ်ပေါ့။ ရှေးဟောင်းပစ္စည်းတွေ ခုထိအသက်ရှိတုန်းဆိုတော့ မအံ့ဩဘဲ မနေနိုင်ပါဘူး။

"ဘိုးတော် လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်က ခုထိအသက်ရှိသေးတယ်ဆိုတော့ ဟုတ်ပါ့မလားဗျ"

"ဘာလဲ မယုံဘူးလား မယုံရင် လက်တွေ့ပြလိုက်မယ်"

ဒီလိုဆိုတော့လည်း မဖြစ်နိုင်ပေ။ ကြည့်မယ်ဆိုလျှင် ဘိုးတော်လက်တွေ့ပြမှာ ဒီအခါ မိမိဆီက ပညာခံထားတာသိသွားနိုင်သည်မို့ မသိသလို ညာဖြီးလိုက်ရ၏။

"အား မပြပါနဲ့ဗျာ၊ ယုံပါတယ်"

ယခင်က ဒီလို ဆေးရုပ်တချို့နဲ့ ကိုစိုးကြုံဖူးသေးတယ်။ မှတ်မှတ်ရရ ကဝေမျက်နှာဖုံးဆိုလား။ ဆောင့်ကြောင့်ထိုင်နေတဲ့ ဆံပင်ဖားလျားချအမျိုးသမီးပုံပေါ့။ သူက မျက်လှည့်ဆရာ။ ကိုစိုးတို့ထက် အသက်ကြီးတာပေါ့။

မျက်လှည့်ပြပွဲမှာ. ဒီဆေးရုပ်ကို တဒေါက်ဒေါက်နဲ့ အလှုပ်ခိုင်းတာ တကယ်လှုပ်တာမြင်ဖူးတယ်။ ကိုစိုးတို့ငယ်ငယ်က မျက်လှည့်ဆရာအတော်များများဟာ ကဝေမျက်နှာဖုံးအရုပ်ကို အသုံးချတယ် ခိုင်းစေတယ်။ သူက လက်လှည့်ပညာတစ်မျိုး၊ ဓာတုဗေ[illegible] ဆေးဝါးနဲ့တစ်မျိုး၊ ကဝေဆေးရုပ်နဲ့တစ်မျိုး ပရိသတ်ကိုပြစားတာပေါ့။ သူတို့ ပြောတာမှတ်မိသေးတယ်။ တချို့က မျက်လှည့်တစ်ပိုင်းပြရင် ငွေငါးကျပ်၊ တချို့က ရှစ်ကျပ်၊ တချို့က တစ်ဆယ်[illegible] တဲ့အကြောင်း၊ ဒီအခငွေကြေးနဲ့ဝမ်း ကျောင်းရကြောင်း၊ မိသားစုကိစ္စဖြေရှ ရကြောင်း ပြောပြလေ၏။

ခုလည်း ဘိုးတော်ဟာ ဒီလိုပြလို့ ရမယ်။ တကယ်လို့ ကိုစိုးက သူ့ပညာ တိမ်အနက်မစဉ်းစားပဲ စိတ်ထဲက အမိ ပေးချုပ်တည်းထားရင် ဒီဘိုးတော်ရဲ့ဆေး ရုပ်တွေ လှုပ်လှုပ်ရွရွကစားပါဦးမလ ဒါကြောင့် မသိချင်ဟန်ဆောင်ပေးလိုက် လေ၏။

"ဘိုးတော် ကျွန်တော်ဓာတ်ပုံရိုက် ချင်သေးတယ် ရတယ်မို့လား"

ဘိုးတော်က ပြုံးစိစိတန်းသိလေ၏။ ခနဲ့တဲ့တဲ့စကားထွေ့လိုက်၏။

"ဘာလဲ ရောင်းစားမလို့လား"

"အဲလိုကြီးလည်း မဟုတ်ဘူးလေ။ ကျွန်တော်က အပြင်းပြေစာရေးတယ်မို့ လား။ ခုလည်း ဘိုးတော်ရဲ့ဆေးရုပ်တွေ ဖော်ပြပေးတော့ နောင်ခေတ်လူငယ် တွေ မြင်ဖူးတာပေါ့ဗျာ။ တချို့က ပညာတွေ လုံးလုံးမရှိတော့ဘူးလို့ပြော နေကြပြီ။ ဘိုးတော်စောစောကပြော တယ်လေ။ အသက်ကြီးပြီ ဆေး[illegible] တော့ဘူးဆို။ ဒီလိုမဖော်ပေးရင် ဘယ်သူ ကသိတော့မှာလဲ။ ဒါကြောင့် ဖော်ပေး သင့်တာပေါ့"

"အဲပါ အဲပါ စိတ်ချမ်းသာသလို လုပ်ပါ။ ကျွန်တော်အမှန်အတိုင်းပြော ရင်း ဒီပစ္စည်းတွေအကုန်လုံးကိုလွှတ်[illegible] ပြီဗျာ။ ဆေးရုပ်တွေ၊ ဆေးတွေအကု လုံးပေါ့။ လိုချင်တဲ့သူရှိရင် လွှတ်ပေးမ ပါဗျာ"

လတ်စသတ်တော့ ဘိုးတော်က သူ့ပစ္စည်းတွေ ရောင်းချင်ရှာတာကိုး သူလွှတ်မှာတော့ဟုတ်ပြီ ဈေးက မ[illegible] ပေတော့ တီးကြည့်လိုက်သေး၏။

"ဘိုးတော် ကျွန်တော်က တ[illegible] တည့်မေးတတ်တဲ့သူနော် စိတ်မဆိုး[illegible] ဆေးရုပ်တွေနဲ့ဆေးတွေကို အကု[illegible] ရောင်းမှာလား။ တစ်ခုချင်းခွဲရောင်းမှ လား"

"ကျွန်တော်ကတစ်ခုချင်းခွဲမရော ချင်ဘူး။ အကုန်လုံးလွှတ်ချင်တာ ကိုစိုး ကြီးရဲ့"

"ဘိုးတော်က ဘယ်လောက်မှ[illegible] တားသလဲ ပြောပါဦး"

"အဲဒါတော့ မပြောရဲပါဘူး။ လိုတဲ့သူရဲ့စေတနာအပေါ် ကျွန်တော်က တုံ့ပြန်မှာပါ။ ကျွန်တော့်ကို သင့်တင့်တဲ့ငွေကြေးလေးနဲ့ ထောက်ပံ့ရင် အကုန်ပေးလိုက်မှာပါ"

"ဘိုးတော် အရင်တစ်ခါလာတုန်းက ဝက်ဝံသည်းခြေတို့၊ ချေလက်ဝါးကာတို့၊ စပါးကြီးသည်းခြေတို့ရှိသေးလား"

"ရှိတာပေါ့။ အကုန်လုံးရှိသေးတယ်။ အဲဒါတွေ လိုချင်ရင်လည်းလွှတ်မှာပဲ"

"ဟုတ်ကဲ့ပါ။ ကျွန်တော့်မိတ်ဆွေတွေ ပြောထားတာရှိပါတယ်။ သူတို့လိုချင်ရင် ဘိုးတော်ဆီ အကြောင်းပြန်ပါ့မယ် ကြားတစ်ဆင့်ခံနဲ့မလာစေရဘူး။ ဘိုးတော်ရဲ့ပစ္စည်းတွေတည့်ရင် ကျွန်တော့်ကို မုန့်ဖိုးပေးမှာမို့လား"

"ပေးမှာပေါ့။ စွံအောင်တာလုပ်ပေး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆေးရုပ်ကလေးများအား တစ်ခုချင်းကြည့်၍ မှတ်တမ်းတင်လိုက်ရာ (၃)ပုံသာ ရိုက်အပြီး ကျန်တာရိုက်မရတော့ပေ။ ဓာတ်ပုံက အပုံ (၂၀)ကျော် (၃၀) နီးပါးရိုက်ရမှာ။ ကင်မရာက အဟောင်းဆိုတော့ မှန်တံခါးပြန်မပိတ်တာ မလုပ်တော့ (၃)ပုံထဲသာရခဲ့လေ၏။

ဘီလူးပုံစံဆေးရုပ်လေးကိုင်၍ ဘိုးတော်အား မေးကြည့်လိုက်၏။

"ဘိုးတော် ဒီဆေးရုပ်နာမည်က ဘယ်လိုပေးထားတာလဲ"

"တိုးဘီလူး"

သူက တိုးဘီလူးလို့ခေါ်တယ်။ ဆရာကြီးလက်ထက်ကပစ္စည်းနှစ်တစ်ရာကျော်ပြီ။ ဆရာကြီးသေခါနီးပေးသွားတာ"

"ဘိုးတော်၊ နှစ်တစ်ရာဆိုတော့ မနည်းဘူး။ ထိန်းသိမ်းထားနိုင်တာ အံ့ဩ တယ်ဗျာ"

"ဒါတွေက လျှို့ဝှက်ပညာတွေလေ၊ ထုတ်ဖော်လို့မကောင်းဘူး လျှို့ဝှက်နိုင်မှတော်ရာကျတာ၊ဆရာကြီးတစ်သက်ကိုင်လာတဲ့ပစ္စည်း အခုကျွန်တော့်အသက်(၈၀)ကျော် လူမသိသူမသိသိမ်းရတယ်။ မယားတောင်အသိမပေးဘူး ကဲ ရှင်းပြီလား"

"ဟုတ်ကဲ့ပါဗျာ ဆေးရုပ်အသုံးပြုပုံကျတော့ကောဗျ"

"တိုးဘီလူးဆိုတဲ့အတိုင်း ရှေ့ဆောင်ခေါင်းဆောင်ပေါ့။ ရှေ့က ဖိုက်တင်ခေါ်တာပေါ့ လိုရာသုံးပဲ"

"သိပြီ။ ကျွန်တော်ကြားဖူးနားဝရှိဖူးတယ်။ ဘိုးတော် သူ့ကိုစီရင်တဲ့အခါ ဘယ်လိုဆေးတွေနဲ့ ဘယ်လိုအချိန်တွေမှာ မှော်သွင်းကြသလဲ"

"ဒါတော့ မမေးသင့်ဘူးလေ။ ကျွန်တော့်ဆရာကြီးတောင်ဒီအကြောင်း တစ်ခါမှမပြောဘူး။ ဒါမျိုးမမေးနဲ့ သည်းခံပါ"

"အဲပါဗျာ၊ မမေးနဲ့ဆို မမေးတော့ပါဘူး"

တိုးဘီလူးအကြောင်းတစ်ခွန်းတစ်စ သိပြီမို့ ကောင်မလေးပုံနှစ်လက်မအရွယ် ဆေးရုပ်ကလေးကောက်ကိုင်ကြည့်တော့ နီညိုရောင်ဆေးခြယ်ထားပြီး ကိုယ်လုံးတီးပုံ။ ဦးခေါင်းတွင်ဆံပင်မပါ ကတုံးပုံစံ။ ဦးခေါင်းကနောက်ပြန်လှန်၍မော့နေသောပုံအားမေးလိုက်ပြန်၏။

"ဘိုးတော်၊ဒီဆေးရုပ်ကလေးပြောပြဦး သိချင်လို့"

"ကျွမ်းထိုးမယ်"

"သူ့ကိုကျွမ်းထိုးမယ်လို့ခေါ်တယ်။ ကျွမ်းထိုးမယ်ဆိုတဲ့အတိုင်း ရှေ့ကျွမ်း နောက်ကျွမ်းထိုးနိုင်းတာပေါ့"

ကိုစိုးစိတ်က ရှေ့သို့တန်းခနဲပြေး ထွက်သွား၏။ ကျွမ်းထိုးမယ်ဆိုတာ သူရှုပြုစားတဲ့ ဆေးရုပ်မှန်းချက်ချင်းသိ၏။ ကြက်သီးပင်ထလေသည်။ ဒီဆေးရုပ်အကြောင်းမေးလည်း ဘိုးတော်ကောင်းကောင်းဖြေမှာမဟုတ်ပေ။ သို့ဖြင့် စိတ်လျှော့လိုက်၏။

"ဒါဆို ဒီကျွမ်းထိုးမယ်ကလည်း အစွမ်းရှိတယ်ပေါ့နော်"

"ရှိတာပေါ့ဗျ။ ဘာလဲမယုံလို့လား လက်တွေ့ပြလိုက်မယ်"

"အာ - နေပါစေ ဘိုးတော်ရဲ့၊ မကြည့်ရဲပါဘူး ယုံပါတယ်"

တစ်ခါတစ်ခါ စကားမှားလျှင် ဘိုးတော်က ဒေါက်ခနဲချေပ၏။ ကိုယ့်စကားနဲ့ကိုယ် ဟန်ပြန်ထိန်းရလေ၏။

"ဘိုးတော်၊ ဆေးတောင့်တွေက ပုံစံအမျိုးမျိုးပါလား ပြောပြပါဦး"

လေးထောင့်၊ အဝိုင်း၊ ကြိုက်ပုံစံတွေ။ ဆေး၏အရောင်ကလည်းမတူပေ။ တချို့နီညိုညို၊ တချို့အမည်း၊ တချို့အညိုရောင် အကြီးအသေးစုံလင်လှ၏။

"ဆေးတွေကအစားစားပဲ၊ နာမည်တွေလည်းအမျိုးမျိုး ထိုးဆေး၊ စားဆေး၊ ကုဆေး အစုံပဲ။ ကျယ်ပြန့်လွန်းတယ်။ ကျွန်တော်တောင် အကုန်မမှတ်မိဘူး"

မိမိက ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်နေမိပြန်၏။ [illegible] သာ ကျန်[illegible] ကြည့်ပြန်၏။

"ဘိုးတော် ဒီ[illegible] ကလေးကကော"

"အာဋ္ဌဝကဘီလူး"

သူက အာဋ္ဌဝကဘီလူး[illegible] တယ်။ စောစောက တိုးဘီလူး[illegible] ကာယသိဒ္ဓိအတွက် သီးသန့်ထိုး[illegible] ဆေးရုပ်မံ။ ဆေးရုပ်က အံပေါ်ပိုင်း[illegible] လက်မသာသာကျန်တော့၏။အောက်ပိုင်း မရှိတော့၍ စပ်စုလိုက်လေ၏။

"ဘိုးတော် အောက်ပိုင်းက ကျိုးသွားတာလား"

"မဟုတ်ဘူးလေ။ သူ့ဆီက ဆေးမှုန့်ယူတာ ယူပါများတော့ အောက်ပိုင်းကုန်သွားတာ"

"ကာယသိဒ္ဓိဆိုတော့ ဘာတွေပြီးတာမျိုးပေါ့"

"ဟုတ်လိုက်လေဗျာ အာဋ္ဌဝကမှော်ဆိုတာ ဒါမျိုးကိုဗျ"

"ဒါနဲ့ အရင်တုန်းက မှော်စာအုပ်ထဲမှာ အာဋ္ဌဝက မှော်သွင်းနည်းတွေ့လိုက်တယ်။ သူက ဒီလိုဆေးရုပ်တွေနဲ့သွင်းတာလားဗျ"

"ဒါက မတူဘူးဗျ။ ထိုးဆေးပေါက်ဆေးမှော်ကတစ်မျိုးသွင်းတယ်။ ကိုယ့်လူပြောတာက ဘီလူး အင်းအရုပ်နဲ့သွင်းတာ။ သူက အင်းသောက်မှော်ဝင်တာ။ မှော်အောင်တာတော့ သိပ်မကွာဘူး။ ကာယသိဒ္ဓိကတော့ ပြီးတာကြီးပါပဲ။

နောက်ထပ် ဆေးရုပ်ကလေးတွေကိုင် မှတ်တမ်းတင်မရတော့ ကင်မရာဂန့်နေလေပြီ။ ကျန်တဲ့ဆေးရုပ်တွေအကြောင်း ရေးမယ်ဆိုတော့ ဓာတ်ပုံမပါလေတော့ ဆားမပါတဲ့ဟင်းလိုဖြစ်နေပြီ။ ပေါ့ပြက်ပြက်မို့ မရေးချင်တော့ဘူး။ နောက်တစ်ခါမှ ဆက်ဖော်ပြပေးပါမည်။

ဒီခရီး လာရ သွားရတာ ဒုက္ခမှ[illegible] တယ်ဗျ။ ရွာကနေ ဘိုးတော်တို့ဆီအထိ မိုင် (၄၀)လောက်ဝေးတယ်။ ဒီခရီး[illegible] တွေ့သလို ကျန်တဲ့မိတ်ဆွေတွေလည်း ကိုယ်လို ဒုက္ခမရောက်စေဖို့ ဖြေ[illegible] အကြံပေးပါဦးမယ်။

မနက် (၁၀) နာရီလောက်[illegible] စားပြီးကတည်းက ခရီးစ[illegible] စရာက အိမ်က ရှုပ[illegible] ကလေးနဲ့ ဆိုင်ကယ်[illegible] ပြီ။ လိုင်စင်နဲ့မ[illegible] ဝယ်ထားတာ။ [illegible]

မျှက ရှက်လို့မဝင်ကြဘူး။ လူကြားသူကြားရောက်ရင် စက်ကန်းရချင်မှရတာ။ ခြေနင်းတံက ကန်ရလွန်းလို့ နောက်လန်နေပြီ။ နိုးနေကျလူမှ ဘုမသိဘမသိအား သန်သန်နဲ့ကန်မိုးလို့ကတော့ အဲဒီကောင်ခြေသလုံးကွဲပဲ။ ခြေနင်းတံနဲ့ထိုးမိတာလေ။ ဒီဆိုင်ကယ်ငှားတဲ့သူမရှိဘူး။ မျက်ရင်လျော့ရမှာစိုးလို့ထင်ရဲ့။

ဒီဆိုင်ကယ်က သခင်အပေါ်သစ္စာရှိတယ်။ ဘယ်သူ့ကိုမှ အနိုင်မယူရှာဘူး။ နောက်က ဆိုင်ကယ်မှန်သမျှ အကျော်ပေးတယ်။ သူက မကျော်ရှာဘူး။ ရှေ့ကဆိုင်ကယ်ဆိုရင်တော့ ပိုဝေးပေါ့။ အတက်နှေးပြီး မီးခိုးတလူလူပေါ့. အဆင်းကျတော့မြန်ရှာလေရဲ့။

အိမ်က ရှမ်းမကြီးက ငွေ(၅၀၀၀) စရိတ်ပေးတယ်။ ခရီးကနေ့ချင်းပြန်ပေါ့။ တအိအိနဲ့စီးလာတာ နာရီဝက်လောက်ကြာတော့ လက်ကိုင်ယမ်းလာပြီ။ မသင်္ကာလို့ရပ်ကြည့်တော့ နောက်ဘီးပြားနေပြီလောပြီ။ဟိုဟိုဒီဒီကြည့်တော့ ရွာရောက်ဖို့ (၂)မိုင်လောက်တွန်းရပြီ။ နေလယ်ကြီး ပူလိုက်တဲ့နေဗျာ ချွေးတွေရွှဲလို့။

အနီးဆုံးရွာဆိုင်ကယ်ဖာတာပေါ့။ ကောင်လေးက ဦးလေးခရီးကနီးသလားမေးတယ်။ ဒီကလည်း အဲဒီရွာထိသွားမှာပြောတော့မရောက်ဘူး။ လမ်းပြန်ပေါက်မှာ လေလုံးအသစ်လဲခိုင်းတယ်။ ဒါကို မိမိက လူတတ်ကြီးလုပ်ပြီး ကောင်လေးကို အဖာခိုင်းတော့ ဟိုကဖာတာပေါ့။

ဒီကလည်း တွက်ရေးနဲ့သွားရတာ အိမ်ကပေးတာ (၅၀၀၀)၊ ဆီထည့်တာ (၁၅၀၀) ကုန်ပြီ။ လေလုံးလဲဖို့ ဈေးမေးတော့ နှစ်ထောင့်ငါးရာဆိုတော့ ပိုက်ဆံကနည်းနေပြီ။ ဒါကြောင့် လေလုံးမလဲတာ။ ဖြစ်ချင်တော့ လေလုံးက နှစ်ပေါက်ဖာလို့ တစ်ထောင်ပေးရတယ်။ အဲဒီမယ် (၂၅၀၀) ကုန်သွားပြီ။ ဖာပြီးလို့ဆက်စီးလာတာပေါ့။

နေ့ခင်း (၁) နာရီကျော်တော့ လက်ကိုင်ကယမ်းပြန်ပြီ။ ရပ်ကြည့်တော့ နောက်ဘီးပြန်ပြားနေပြီ။ ရွာကမနီး။ ဒါလည်း တစ်မိုင်ကျော်ကျော်တွန်းရတာပဲ။ အနီးဆုံးဆိုင်ဖာတော့ ရှေ့ကဆိုင်ကဖာပေးလိုက်တဲ့ အဖာစက ပူပြီးပြန်ကွာတာ ရွာက ဆရာကြီးဆီရောက်တော့ ညနေ (၃)နာရီခွဲပြီ။

ဒီခရီး ဆိုင်ကယ်ကောင်းရင် တစ်နာရီပဲစီးရတဲ့ခရီးပါ။ ကိုစိုးစီးရတဲ့အချိန်သာ ခန့်မှန်းပါတော့ ညနေ(၆)နာရီနားမှာ ဆရာကြီးအိမ်က ပြန်ခဲ့တာ။ လမ်းမှာ မှောင်မှောင်မည်းမည်းဘီးကပေါက်တုန်း ဒီနေ့အိမ်ရောက်တော့ ည(၉)နာရီထိုးပြီ။

ဒီတော့ ကိုစိုး အကြံပေးပါတယ်။ ခရီးဝေးသွားရင် ခပ်ညံ့ညံ့ဆိုင်ကယ်နဲ့ မသွားပါနဲ့။ သူတစ်ပါးဆီကလည်း မငှားပါနဲ့။ မဖြစ်လို့ သွားခဲ့ရင်လည်း လမ်းစရိတ်လုံလုံလောက်လောက်ပါမှသွားပါ။ ဘီးပေါက်ရင် လုံးဝလုံးဝမဖာပါနဲ့။ လေလုံးအသစ်လဲလှယ်ပါ။ မိုင်(၁၀၀) (၂၀၀) ခရီးဝေးဆိုလျှင် ရှေ့နောက်လေလုံးအသစ်အပိုတစ်စုံအပိုဝယ်သွားပါ။ ရွာတွေ၊ ဆိုင်တွေက လေလုံးအသစ်မရှိတဲ့ဆိုင်တွေအများကြီးရှိပါတယ်။ ဒီအခါ လေလုံးအသစ်ဝယ်မရတာများပါသည်။ ဒါကြောင့် သတိပေးတာပါ။ တစ်ခါမှမရောက်ဘူးတဲ့ခရီး ဆိုင်ကယ်နှင့်မသွားပါနဲ့။ အထူးသဖြင့် ညနက်သန်းခေါင်ဆိုလျှင် ပို၍အန္တရာယ်များပါသည်။ လမ်းကြောမသိခြင်း၊ အတက်အဆင်းမသိခြင်း၊ လူသူလေးပါးကင်းမဲ့ခြင်း၊ မသမာသူရှိနေခြင်းတို့ကြောင့် သတိပေးရလေ၏။

ထိုလမ်းခရီးတွင် ဆိုင်ကယ်ကြုံတွေ့လျှင်မတင်ပါနှင့်။ အထူးသတိထားပါ။ မိမိစေတနာသည် အသက်ပျောက်သွားနိုင်ပါသည်။

ကိုစိုးရဲ့ဆိုင်ကယ်ကောင်းကြောင်းကြွားရာက လမ်းကြောင်းလွဲလို့မဖြစ်ဘူး။ ပြောစရာတွေရှိသေးတယ်ဗျ။ အိမ်ရောက်တော့ ထိုဆေးဆရာကြီးထိမ်ချန်ထားတဲ့ တချို့သော အကြောင်းအရာလေးတွေကိုဖော်ပေးချင်သေးသည်။

ဒီနေရာမှာ စာဖတ်သူတို့အပေါ် ကြိုတင်တောင်းပန်ချင်တာက ကိုစိုးမှာ ကျမ်းကိုးကျမ်းထောက်တစ်ခုမှမရှိပါဘူး။ တချို့သောအစီအရင်တွေမှာ ကွဲလွဲနေတာအများကြီးရှိကြပါသည်။ ဆိုလိုသည်မှာ ဝိဇ္ဇာသိပ္ပံဦးကျော်ရင်ရဲ့ လောကီစာပေများ၊ ဆရာစံတို့ခေတ်က ကဝေသာရကျမ်းတို့အပြင် တခြားလောကီပဒေသာကျမ်းများအားကြားဖူးပါသည်။ ကျမ်းရင်းတစ်အုပ်တလေမျှမရှိပါ။ နယ်မြေဒေသအများကြီးရှိတဲ့အတွက် တစ်နယ်မှတစ်နယ် ဂန္ဓာရီပညာရပ်များမတူညီကြသလို ဆရာစဉ်ဆက်လည်း အများအပြား ကွဲပြားကြပါသည်။

ဒီပညာများဟာ အလွန်လျှို့ဝှက်သောပညာများဖြစ်တဲ့အတွက် အတော်များများ မသိနိုင်ကြပါဘူး။ များများမသိခြင်း၊ ဆရာများများမရှိခြင်းသည် လျှို့ဝှက်စွာဖြင့် သူ့နယ်ကိုယ့်နယ်၌ ကျင်လည်ကျက်စားကြပါသည်။

ဂန္ဓာရီပညာရပ်များအကြောင်း၊ မှော်၊ ဆေး၊ အင်းများမှအစ တပည့်တပန်းအမြောက်အမြားမမွေးကြပါဘူး။ တပည့်တွေကို ခံဆေး ဥပမာအားဖြင့် ကာယသိဒ္ဓိလောက်သာပေးတတ်ပြီး ထိုထက်လွန်လျှင် စေပိုင်အဆင့်လောက်သာပေးတတ်ကြပါသည်။

ထို့ကြောင့် တပည့်များသည် အခိုင်းအစေသဖွယ် လုပ်ကိုင်ဆောင်ရွက်ပေးရပြီး ပညာခန်းမှာတော့ နည်းနည်းသာရလေ၏။ ဒါကြောင့် ယနေ့ခေတ် ဂန္ဓာရီပညာရပ်များ တိမ်မြုပ်သကဲ့သို့ မှေးမှိန်နေခြင်း ဖြစ်လေ၏။

ယခင်ကလည်းပြောခဲ့ပါပြီ။ ယခုထပ်၍ သတိပေးပါဦးမည်။ လောကီပညာရပ်ထဲမှ စူဠဂန္ဓာရီပညာသည် ယနေ့ခေတ် မတိမ်မြုပ်သေးပါ။ ရှိပါသည်။ အများအပြားရှိပါသည်။ ရှေးယခင်ကဲ့သို့ ဒိတ်ဒိတ်ကြဲဆရာကြီးများကဲ့သို့ အဆင့်မမြင့်သော်လည်း အဆင့်နိမ့်သောမှော်ခန်းများဖြင့်လုပ်စားနေသူအများအပြားရှိပါသေးသည်။

ယခင်က ဆေးဆရာကြီးတို့၏ အမူအကျင့်တို့အား အနည်းငယ်ပြောပြပါဦးမည်။ စောစောက ပြောခဲ့သလို ဒီလိုဝိန္ဓောဆရာကြီးတွေဟာ သူ့နယ်ကိုယ့်နယ်မှာ တစ်ဦးတည်းမင်းမူကြပါသည်။ တပည့်တပန်းများများစားစားမမွေးပါဘူး။ ကာယသိဒ္ဓိစေပိုင်ခံဆေးမှော်ဆေးထဲက ပညာသေးသေးနုပ်နုပ်ကလေးသာပေးတတ်ပါတယ်။ ပုံစံက အန်မတုနိုင်အောင်ပညာများများသင်မပေးပါဘူး။

ကိုစိုးတို့ဟိုးငယ်ငယ်ကတည်းက ဗိန္ဓောဆရာကြီးတွေဟာ ဗမာဆေးနဲ့တွဲလို့ လောကီပညာရပ်တွေပါ ပူးတွဲတတ်မြောက်တဲ့ဆရာကြီးတွေ နယ်တွေမှာဆုံဖူးပါသည်။ အထက်ပိုင်းမှာဆိုရင် ရွှေဘိုနယ်၊ ခင်ဦးနယ်၊ တန့်ဆည်နယ်၊ ကန့်ဘလူ၊ ကောလင်း စတဲ့ နယ်တွေရွာတွေမကြာမကြာရောက်ဖူးလေတော့ အမှတ်မထင်တွေ့ဖူးဆုံဖူးတာပဲ။ သတိထားမိသလောက်က ဒီဆရာကြီးတွေဟာ ရှေးမီနောက်မီဆရာကြီးတွေပါပဲ။ ဆေးလွယ်အိတ်ကြီးလွယ်၊ မြင်းကြီးစီးလို့ ဟိုရွာဒီရွာလှည့်လည်ဆေးကုစားကြပါတယ်။ ဒီတုန်းက ဒီဆရာကြီးတွေဟာ ရွာကြီးငါးရွာ၊ ခြောက်ရွာလောက် ကြီးစိုးပါတယ်။ ဒီရွာကြီးတွေကလည်း ထိုထိုဆရာကြီးများကိုအားကိုးကြရပါတယ်။

ကလေးသူငယ်နာဆေးများမှအစ မိန်းမမီးယပ်ဆေးပေါင်းစုံအပြင်ပယောဂအမျိုးမျိုးကုသပေးသေးသလို ဗေဒင်ယတြာလည်းကျွမ်းကျင်စွာဟောပြောပါသေးတယ်။ ပြောရလျှင် စွယ်စုံတတ်တဲ့ဆရာကြီးတွေပါပဲ။

စောစောကပြောသလို တပည့်ဖြစ်သူတွေဟာ ထိုဆရာကြီးတွေလိုရမည်ရခိုင်းစေဖို့ မွေးထားခြင်းသာခံရပါတယ်။ သူတို့ရဲ့ပညာ၊ သူတို့ရဲ့လျှို့ဝှက်ချက်တွေ အပြင်မရောက်မပေါက်ကြားအောင် ယခုလို တစ်ဦးတည်းကျစ်လျစ်စွာဆုပ်ကိုင်ထားတတ်သူကများပါတယ်။

သူတို့မှာ ပညာအဆင့် သတ်မှတ်ထားကြပါတယ်။ အဆင့်ကို ကြိုးနဲ့တိုင်းတာပြောတတ်ပါတယ်။ လွန်ခဲ့သောနှစ် (၃၀) ကျော် ကဝေသည်မကြီးတစ်ယောက်ပိုင်ဆိုင်တဲ့ကြိုးဟာ ကြိုးပေါင်း (၃၅၁)ရှိပါတယ်။ ဒီလောက်အဆင့်ရှိတာတောင် သူ့ရဲ့သမီးအရင်းခေါက်ခေါက်ကို ကြိုးတစ်ရာ၊နှစ်ရာသင်မပေးပါဘူး။

သူ့သမီးလေးကို (၈)ကြိုးလောက်ပဲ သင်ပေးပါတယ်။ သားအမိတောင်မယုံပါဘူး။ ဒါလောက် လျှို့ဝှက်ထားပါတယ်။ ကောလင်းနယ်က ဆရာကြီးလည်း အဆင့်မြင့်ပါတယ်။ ထိုမှကျွန်းလှနယ်လည်း အစွမ်းထက်ပါတယ်။ ခင်ဦး၊ တန့်ဆည်နယ်ဘက်ကလည်း စွမ်းလှပါတယ်။ ဒီဘက် ယောချောင်း၊ ထီးလင်းနယ်၊ ဂန့်ဂေါနယ်မှာလည်း အစွမ်းထက်ပါတယ်။ သူ့နယ်ကိုယ့်နယ်အစွမ်းထက်တဲ့သူတွေအများကြီးပါပဲ။

အမျိုးသမီးတွေ အဆင့်မြင့်ရင် ကဝေသည်လို့ အများက ခေါ်ကြတယ်။ အမျိုးသားတွေကျတော့ ယောက်ျားစုန်းလို့ အပြောနည်းပါတယ်။ အများစုက အောက်လမ်းဆရာလို့ အခေါ်များပါတယ်။

တစ်ခါက မဲဇာမှာ လူငယ်ကောင်လေးတစ်ယောက်နဲ့ ထိပ်တိုက်တွေ့ဖူးတာပြောပါဦးမယ်။ ဇနီးသည်ရဲ့အမျိုးကြီးတော်ဆိုတဲ့ ဘွားတော်ကြီးဟာ ညတက်ပေါင်နဲ့ ဒူးကိုက်ရတာ နှစ် (၂၀) ကျော်ပြီတဲ့ ကိုစိုးက အလည်ရောက်ခိုက် ကိုစိုးတည်းတဲ့အိမ် ဒီဘွားတော်အလည်ဝင်ရာက သူဟာသူဝင်ပူးတာပဲ။

ပူတဲ့ကောင်လေးက အသက်(၂၀)လောက်ပဲရှိသေးတယ်။ သူ့ကိုယ်သူ ကျွန်တော် မင်းအောင်ပါခင်ဗျ။ ဒီကြီးတော်ကြီးကို ကျွန်တော်မကျေနပ်ပါဘူးခင်ဗျ။ ကျွန်တော်အထက်လမ်းပညာသင်ထားတာပါခင်ဗျ ဆိုပြီး ငိုရင်းအော်ပြောပူးတာပေါ့။

သူက ဓာတ်ပုံရိုက်စားတဲ့သူလည်းပြောတယ်။ သူ့ကို ဆရာကြီးတစ်ယောက်က အထက်လမ်းပညာလိုချင်ရင် သင်ပေးမယ်ဆိုလို့ ဆေးပေါက်ထားတဲ့အကြောင်းဖူးပြောတာ ကောင်လေးခမျာ ရှက်လို့ တအားငိုရှာတာ။

ခုကိစ္စက သူနာဆေးကုတာမဟုတ်ဘူး။ ဇနီးရဲ့အမျိုးတွေအိမ် အလည်ဝင်နားရာက သူဟာသူ ပူးပြီးအော်ငိုတာ ဘေးက ပရိသတ်တွေလည်းအံ့သြကြရှာတယ်။ ဒီတုန်းက အဲဒီဓာတ်ပုံဆရာမင်းအောင်ဆိုတာ ကိုယ်စားအလွှတ်ခံရရှာတာ သူ့ဆရာကြီးတွယ်ထားတာ။ ဘွားတော်ကြီးခံစားနေရတဲ့နှစ်ပေါင်းကမနည်းဘူး။ အဲဒီဘွားတော်ကြီးကောင်းသွားရှာတယ် တိုက်ဆိုင်လို့ထင်ပါရဲ့။

နောက်ဆုံး ဒီဆေးဆရာလေးဟာ ဒီပညာဖျက်ပေးဖို့ပြောလို့ ဖျက်ပေးလိုက်တယ်။ ဒီအခါမှ ဒီကောင်လေးမျက်နှာ အငိုတိတ်တယ်။ ငယ်ရွယ်သူဆိုတော့ ဒီပညာ အထက်လမ်း၊ အလယ်လမ်း၊ အောက်လမ်းမသိတာကများတယ်။

ဒါက ကိုယ်ပိုင်ဉာဏ်နဲ့မစိစစ်တာ မစဉ်းစားမပေဖန်တတ်လို့ပါပဲ။ နာမည်ကြီးရင်း ဟုတ်တာမဟုတ်တာမစဉ်းစားတော့ဘူး။ အဲဒီပညာကောင်းတယ်ပဲ တဇွတ်ထိုးတစ်ဖောက်ကန်းဆုံးဖြတ်လို့မရဘူး။

လောကီပညာတစ်ခုသင်မယ်ဆိုရင် ကိုစိုးက အကြံပေးမယ်။ ဒီအတိုင်းလုပ်ပြီးရင်း ဒီပညာသင်သင့်၊ မသင်သင့် အဖြေတန်းထွက်တယ်။ ဆရာကြီးတစ်ယောက်ထံမှာ အထက်လမ်းပညာတစ်ခုသင်မယ်ဆိုပါစို့ဗျာ။

ဦးစွာ သူ့ရဲ့ဂုဏ်သတင်းမွှေးသလား၊ နံသလား စူးစမ်းလိုက်။ မွှေးတယ်ဆိုတိုင်း မသင်လိုက်နဲ့ဦးဗျ။ မျက်နှာမှာ သနပ်ခါးပေါင်မှာသေးကြောင်းနဲ့ဆရာတွေပေါတယ်။ နံတိုင်းလည်း မသင်လိုက်ပါနဲ့ဦး။ ဒီဆရာကြီးထံ အသိမိတ်ဆွေနဲ့ ရံဖန်ရံခါအလည်ခရီးဝင်လေဦး။

အဲ - ကိုယ့်စိတ်ထဲမှာမိန်နေပြီ၊လိုချင်ပြီ ပညာသင်တော့မယ်ဆိုရင် အရင်ဆုံး အနီးဆုံးအဓိဋ္ဌာန်တစ်ခုစဝင်လိုက် ဒီအဓိဋ္ဌာန်ကမဝင်လို့မရဘူး။ ဝင်ကိုဝင်ရမှာ။ မဝင်ရင် အဖြူအမည်းမကွဲမှာစိုးလို့။ အဓိဋ္ဌာန်ဝင်ရင်သင်ရမယ်၊ မသင်ရဘူး အဖြေတန်းထွက်တယ် ဒါကကွက်တိပဲ။

ဘယ်သူ့ကိုမှ အပြစ်တင်စရာမလိုဘူး။ ကိုယ့်ကံနဲ့ကိုယ်[illegible] ဝင်ရင် အနည်းဆုံး[illegible] မပါစေ။ ညတိုင်းပုတီး(၉)ပတ်လောက်စိပ်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ရည်မှန်းသစ္စာပြု၊ ဒီဆရာနဲ့ ဒီပညာ မိမိသင်ယူရမယ်ဆိုရင် ဘုရား[illegible] တည့်မတ်စွာကြွလာပါစေသားပေါ့။

အဓိဋ္ဌာန်ပြီးလို့ ဘုရား[illegible]ကြွရင်တော့လစ်ပေတော့။ ဒါက အရှင်းဆုံးအဖြေပဲ။ ဒီနေ့ခေတ် ပညာများတွေ သင်ကြလွန်းလို့ အကြံပေးတာပါ။ ကိုစိုးက လောကီပညာရပ်တွေမိသလောက်တော့ပြောနေမှာပဲ။ ခုလည်းပြောမယ်။ နောင်လည်းပြောဦးမှာပါ။ နောင်လည်းပြောဦးမှာပါ။ တချို့ဆရာတွေကတော့ အမြင်ကတ်မယ်ထင်ပါရဲ့။

ကိုစိုးကတည့်တည့်ပြောတာများပါတယ်။ ပုဂ္ဂိုလ်ရေးထိခိုက်မှာစိုးလို့သာ ဂိုဏ်းဂဏအကြောင်းမဖော်တာ။ လူစုတ်ဆရာတွေပေါလွန်းလို့သတိပေးနေရတာ။ ဒီလိုစာတွေရေးတာမကြောက်လို့ရေးတာလို့မှတ်ပါ။ ကိုစိုးမှာ ဇနီးနဲ့ သားသမီး (၆)ယောက်ရှိပါတယ်။ လူဆင်းရဲပါတယ်။ စိတ်ချမ်းသာမှုတော့ အမြဲရှိပါတယ်။ အလုပ်ရှိစဉ်က နယ်တကာစုံခဲ့လေတော့ ပညာပေါင်းစုံတွေ့ဖူးတယ်။ ပညာသည်ယောက်ျား၊ မိန်းမ အမြောက်အမြားဆုံခဲ့ပြီးသား။

နိုင်မလားဆိုတဲ့အသိနဲ့ အသေသတ်တဲ့သူကဘယ်နည်းမလဲ ပရိသတ်ရယ်။ ကလေးလေးတွေပုစုခရုကိုလည်း လစ်ရင် အသေတွယ်ကြတာပဲ။ ဒါပေမယ့် ဘယ်ကလေးမှ အသက်မထိခိုက်ခဲ့ဘူး။ ဒီလိုအကြိမ်များစွာတွေ့လာရတော့ အရေထူနေပါပြီ။

အဓိကဘာလဲဆိုတော့ ပညာကောင်း[illegible]ထားလို့ပဲ။ မိမိရဲ့သီလသမာဓိသစ္စာခိုင်ဖို့ ကြိုးစားတုန်း ကြိုးစားဆဲ ဖွဲ့မလျှော့သေးတဲ့ကိုစိုးဟာ ပန်းတိုင်ရောက်အောင်သွားနေရမှာပါပဲ။

အရင်ကပြောခဲ့သေးတယ်။ ထပ်ပြောချင်သေးတယ်။ စောစောက ဆေးဆရာကြီးတွေအကြောင်းပေါ့ဗျာ။ အောက်လမ်းဆရာကြီးတွေ၊ ကဝေ[illegible]မကြီးတွေဟာ တစတစအဆင့်[illegible]ရင် ဒီထက် ပိုမြင့်အောင် [illegible]ကြပါတယ်။

အထူးသဖြင့် [illegible] လည်း နိုင်ရင်[illegible] မကျေနပ်ရင်[illegible] လည်း[illegible]

လှည်းပဲ၊ အများသူငါကို ဒုက္ခမျိုးစုံပေးဖို့ ဝန်မလေးကြတော့ဘူး။

သူတို့အယူအဆက လူအများ သေကျေပျက်စီးဒုက္ခရောက်တာကိုလုပ်ရင်၊ ကြံစည်ပေးရင် သိဒ္ဓိတိုးတယ်ဲ့ ယောက်မှေ့ကြတယ်ထင်ပါရဲ့။ အထက်က ကဝေသည်မကြီးပြောစကားအရဆိုရင် သူ့ကိုယ်ပိုင်ကြိုးက (၇၅၀)ရှိတယ်။

ကြိုးတွေ ဘာလို့ဒါလောက်များဟာလဲမေးတော့ ခုလိုပြောတာပေါ့။ ဆေးဆရာတစ်ယောက်ကိုသတ်ရင် တိုးတဲ့ကြိုးက ဒ်အစိတ်၊ သူ့ရဲ့ပညာငယ်ကျွန်တွေပါရတယ်။ ရိုးရိုးသာမန်လူတစ်ယောက်သတ်ရင် ကြိုးနှစ်ဆယ်၊ ဘုန်းကြီးတစ်ပါးသတ်ရင် ကြိုးအစိတ် အဲဒီလို တစတစနဲ့ကြိုးတွေတိုးလာတာ။

ဒီလို အဆင့်မြင့်လာရင် အဲဒီပညာသည်သာ လူစင်စစ်မဟုတ်တော့ဘူး။ လူတစ်ပိုင်းဘီလူးတစ်ပိုင်းဖြစ်သွားပြီး သာမန်လူတွေအမြင်တော့ လူပေါ့။ နေ့မှာတော့ လူ၊ ညမှာတော့ ဘီလူး ညပိုင်းမှာ ရွာရိုးကိုးပေါက် အစာရှာတယ်။ မီးနေသည်တွေ၊မွေးကင်းစကလေးတွေ တွေ့တာနဲ့ သတ်စားတာပဲ။ ကလေးပေါက်စများဆိုရင် ပုစွန်တုပ်ကြီးစားရသလိုကောင်းတဲ့အကြောင်းပေါ့။

ညပိုင်းအပြင်ထွက်တဲ့အခါ လူပုလေးလို ဖန်ဆင်းတယ်။ တစ်တောင့်တစ်ထွာအရပ်ပေါ့။ ရှေးလူကြီးတွေအပြောကမှင်စာတို့ခေါ်တာမျိုးပေါ့။ အဆင့်မြင့်သွားရင် သိဒ္ဓိရှိသွားပြီး ရှိန်းဆာယာတတ်တယ်။ ရုပ်ပြောင်းရုပ်လွှဲတတ်တယ်။ တန်ခိုးရှိသွားတဲ့ပညာသည်ဟာ လူသတ်ရမှာ ဝန်မလေးဘူး။ သတ်ရင် သူက ကြိုးတိုးပြီးသား။

သတ်ပြီးတဲ့သူကို သူ့ရဲ့အခိုင်းအစေ ကျွန်ပြုခိုင်းတယ်။ ဒီတော့ သူမှာ တစ်ပါးသူတို့အတွက် မေတ္တာမရှိဘူး။ သူ အသိက သူ့မိသားစုတစ်စုတည်းပဲကြည့်တယ်။ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်က သေသွားတဲ့ ကလေးသည်မကြီးဆို လူတစ်ပိုင်းဘီလူးတစ်ပိုင်း။သူစားတဲ့အစားအစာက အမဲသားနဲ့ ငါးပိကောင်ငါး ဆယ်နယ် ဒီနှစ်မျိုးဘဲစားတယ်။ ကျန်တဲ့ ကြက်သား၊ ဝက်သား၊ ငါး လှည့်တောင်မကြည့်ဘူး၊ အပုပ်အစပ်တွေပဲစားတာ။ ဒီဘွားတော်ကြီးဆို ကိုစိုးတို့နဲ့အမျိုးအရင်းကြီးပဲ။ နောက်ဆက်တွဲတွေ့ဆုံမှုတွေနဲ့ပေါင်းရင် ကိုစိုးတို့အမျိုးက ကဝေမျိုးရိုးမျိုးတွေ၊ ဟုတ်တယ် ဒါတည့်တည့်ပြောတာ အခုတောင် လက်ကျန်တွေရှိသေးတယ်။

အမျိုးအရင်းကြီးထဲက ကိုစိုးနဲ့ထိပ်တိုက်လာတွေ့တာ။ သူက ကဝေအဆင့်ရောက်လို့ လူတစ်ပိုင်းဘီလူးတစ်ပိုင်းဖြစ်နေပြီ မလျှော့သေးဘူး။ ဒဏ်နည်းနည်းခတ်သေးတယ်။ အသက်ကလည်းကြီးလှပြီမို့ လွှတ်ပေးရတာ။ သူသတ်ခဲ့တဲ့လူဘယ်နည်းမလဲဗျာ။ ဆယ်ဦးပေါ့ ဒါလောက်ပဲပြောလို့ကောင်းတယ်။

ကြိုး (၇၀၀) ပိုင်တဲ့ကဝေသည်မကြီးအကြောင်း နည်းနည်းဖြည့်ဦးမယ်။ သူ့ရဲ့စိတ်တန်ခိုးက မသေးဘူး။ သူနေတဲ့ရွာမှာ ပယောဂဆေးဆရာတစ်ယောက်မှမရှိဘူး။ ရှိတဲ့ဆရာတွေကို ဒီဘွားတော်သတ်လို့သေကုန်ပြီ။သူလွှတ်ထားတဲ့မှိုင်းကြိုးသုံးကြိုးရှိတယ်။

ပထမမှိုင်းကြိုးက သူ့ရွာနဲ့ (၂၅) မိုင်ခန့်အကွာမှာလွှတ်ထားတာ။ စက်ဝိုင်းပုံသဏ္ဍာန်မီးခိုးမှိုင်းနဲ့ စည်းထားတာ။ ဒုတိယစည်းက သူ့ရွာနဲ့ရှစ်မိုင်၊ဆယ်မိုင်အနီး စက်ဝိုင်းပုံစည်းထားတာ။တတိယစည်းက ရွာအဝင်တားတာ။ အရပ်ရှစ်မျက်နှာကို ပတ်ပတ်လည် ရန်သူကင်းယောက်စနစ်နဲ့စီရင်ထားနိုင်တယ်။

စည်းအတွင်းဝင်းလာတဲ့ ဘယ်အရပ်က ဆေးဆရာမဆို ပထမစီးထိလိုက်တာနဲ့ ဝုန်းခနဲ ဒိုင်းခနဲ ပက်လက်လန်ထွက်သွားစေတယ်။ ဝင်လာတဲ့ဆေးဆရာက ဘွားတော်ထက်အဆင့်နိမ့်ရင် အဲဒီဆရာ ပထမစီးမှာပဲ ပက်လက်လန်လဲတယ်။ ဒီလိုပက်လက်လန်လဲတဲ့ဆရာဆို ဘွားတော်က စည်းတွေအကုန်လုံးဖွင့်လိုက်တယ်။ သူ့ရွာထိရောက်အောင် ညို့တယ်ခေါ်တယ်။ ဒီအခါ ဒီဆေးဆရာ ဘွားတော်ရဲ့ရွာရောက်တာပဲ။ အဲဒီရောက်တဲ့နေ့ည သန်းခေါင်ဆိုရင် အဲဒီဆေးဆရာသေပြီ။ ဒီဘွားတော်က တွေ့သမျှနိုင်သမျှ ဆရာတိုင်းကို ကျွဲချိုနဲ့ ဖင်စအိုဝအဆုံးထိုးသတ်တာ။ သူ့စကားအရ စဉ်းစားကြည့်ရင် ပထမမှိုင်းကြိုးက မိုင်အစိတ်လွှတ်တာ။ ဒီမိုင်အစိတ်ထဲမှာ ရွာတွေမနည်းဘူး။ ပတ်ပတ်လည်ခန့်မှန်းခြေအရ ရွာကြီးရွာငယ်သုံးဆယ်ကျော်လောက်ရှိနိုင်တယ်ဗျ။

အဲဒီရွာတွေက ဆေးဆရာကြီးငယ်တွေမရှိသလောက်ဘဲ။ အဲ - ရွာသူ့စုန်းမလောက်တော့ စာဖွဲ့စရာမလိုတာမို့ လွှတ်ထားမယ်ထင်ပါရဲ့။ ဒါက ဒီဘွားတော်ရဲ့အခိုင်ခန်းတွေပေါ့။

ဘွားတော်ရဲ့ရှုံးခန်းက ဒီလိုဗျ။ သူလွှတ်ထားတဲ့ အပေးဆုံးမှိုင်းကြိုးထိလိုက်တဲ့ဆရာဟာ အထက်လမ်းဆရာ၊ သူ့ထက်သာတဲ့ဆရာဆိုရင် အဲဒီဘွားတော် အိမ်မှာပဲ ဝုန်းခနဲဖြစ်လျက်လဲတယ်။ သူမနိုင်လို့လဲတာ ချက်ချင်းသိတယ်။ ဒီလို ဆရာဝင်လာရင် ဒီတိုင်းမတိုင်းဘူး။ သူ့ရဲ့မှိုင်းကြိုးတွေ ရုတ်သိမ်းတယ်။ ပြီးတာနဲ့ မျက်စိလည်လမ်းမှားရောက်အောင် မီးခိုးမှိုင်းတွေအရပ်ရှစ်မျက်နှာလွှတ်လိုက်တာပဲ။

တော်ရုံတန်ရုံဆရာက မျက်စိလည်လို့ ကိုယ့်ရွာကိုယ်ပြန်ရောက်သွားတာပဲ။ ဒီဘွားတော်ရဲ့ရွာအနားမကပ်နိုင်အောင် ညို့အားပြင်းတယ်။ မနိုင်တဲ့ဆရာဆိုရင် သူက ထိပ်တိုက်မတွေ့ဘူး။ ရှောင်တာ တကယ့်အကင်းပါးတဲ့ဘွားတော်ကြီး။ ဒါက လွန်ခဲ့တဲ့ နှစ်(၃၀)လောက်က အထိကရ ဆရာကြီးနဲ့ထိပ်တိုက်တွေ့ခဲ့တဲ့ ကဝေသည်မကြီးအကြောင်း ကက်ဆက်တိပ်ခွေနဲ့သွင်းထားလို့ ပြန်ပြောပြတာပါ။

ယခုတွေ့တဲ့ဆရာကြီးလည်း သူ့ရွာမှာ လုပ်မစားဘူး။ သူက ခရီးဝေးဂန့်ဂေါ၊ မင်းကင်း၊ ကနီ၊ ထီးလင်း ဒီနယ်တွေမှာ ဆေးကုရှာစားတာ။ သူ့ရွာမှာ သူ့ကို မပင့်ရဲတဲ့သူက များတယ်။ ဆေးကုခလည်း ထိုက်ထိုက်တန်တန်တောင်းတယ်။ ဟိုဟာဒီဟာမွေးတယ်စားတယ် ဘာလိုလိုအသံတွေထွက်တော့ တော်ရုံတန်ရုံမပင့်ရဲဘူး။ အလိုလိုရှိန်ကြောက်ကြတာ။

အများပြည်သူ ကြောက်စရာလည်းမပြောနဲ့။လူသတင်းလူ့ချွင်းသောဆိုတဲ့စကားလိုပေါ့။ ဟုတ်ရင်ကျော်မှာပေါ့လေ။ ဒါက ထုံးစံကိုးဗျ။ ဒီနေရာမှာ ကွာဟချက်လေးတွေ့တယ်ဗျ။ အောက်လမ်းဆရာတွေဟာ ဂမ္ဘီရဆေးရုပ်တွေ အင်းတွေ၊ ဆေးတွေကိုင်တဲ့အပြင် မွေးစားသားသမီးအမြောက်အမြားမွေးထားကြတယ်။

ယနေ့လူတိုင်းသိတဲ့ (၃၇)မင်းနတ်ဆိုရင် သူတို့ခိုင်းတာလုပ်ပေးရတယ်။ ခိုင်းတာလုပ်မပေးရင် ကြိမ်နဲ့ရိုက်တယ်။ တချို့ဆို ငိုယိုလို့ပဲ။ ဒီ (၃၇)မင်းနတ်တွေဟာ ကိုစိုးတို့နဲ့ ထိပ်တိုက်တွေ့တာ အကြိမ်ပေါင်းမရေတွက်နိုင်ပါဘူး။

တွေ့တဲ့အခါတိုင်း သူတို့အမှာ အနှိပ်စက်ခံရတာများတယ်။ သူတို့ကို အမြဲတမ်းအကူအညီပေးရတယ်။ မွေးထားပို့ အမျှပေးရတယ်။ အသွားရှိသလို သူတို့ကလည်း ကိုစိုးတို့ကို အမျိုးရင်း မမာချစ်ကြတယ်။ ဒီနတ်တွေရှိတယ်ဆိုတာ ပြောခဲ့ပြီးပါပြီ။

ကွင်းပိုင်၊ နယ်ပိုင်၊ တောပိုင်၊ တောင်ပိုင်တွေကအစ နိုင်သလိုစေခိုင်းတယ်။ ဒါက ဒီဆရာတွေရဲ့လှည့်ကွက်တစ်ခုပေါ့။ သူတို့မနိုင်တဲ့ဆရာတွေ့ရင်၊ အခေါ်ခံရရင် သူမွေးစားသားသမီးတွေ၊ (၃၇) မင်းနတ်တွေ၊ ကွင်းပိုင်နယ်ပိုင် တောင်ပိုင်တွေ သူ့ကိုယ်စားဟန်ဆောင်လွှတ်တာ သူမနာအောင်လို့ဗျ ပါးနပ်တယ်။

သူတို့ဟာ ကိုယ်ပိုင်ဘာပစ္စည်းမှမထားဘူး လူလွှတ်နေတယ်။ ဆေးတွေ ဆေးရုပ်တွေဘာဘာညာညာအစုံ ပိတ်ဖြူအဝတ်နဲ့ထုပ် ရွာထိပ်က ညောင်ပင်ကြီးတွေရဲ့ အပေါက်ကြီးတွေမှာ ဝှက်ထားတာ။ ပုံစံက စက်လွှတ်အောင်ကြိုတင်စီရင်ထားတာဗျ။

အများက ယောက်ျားစုန်း၊ အောက်လမ်းဆရာ။ သူတို့ကိုသူတို့ကျတော့ သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဆရာကြီးတစ်ယောက်အဖြစ်ခံယူထားတာ။ ဂိုဏ်းဂဏအမည် တိတိကျကျမပြောဘူး။ သူတို့ပြောလေ့စကားက ဘုရားငါးဆူဂိုဏ်းလောက်ပဲအမည်ဖော်တယ်။

ခုလည်း မိမိနဲ့ထိပ်တိုက်တွေ့နေတဲ့ဆရာကြီးတောင် ဘယ်လောက်လျှို့ဝှက်ထားသလဲမသိဘူး။ တော်တော်ညှစ်မှ ဒါလောက်ထွက်တာ။ သူကိုင်နေတဲ့ဆေးရုပ်တွေဆေးတွေ သူ့မိန်းမနဲ့ကလေးတွေမသိကြဘူး။ ဆေးကုတဲ့အခါ တစ်ခါတစ်ရံတော့ မြင်ဖူးမှာပေါ့။ ရပ်ထဲရွာထဲက မြင်ဖူးသူမရှိလောက်ဘူး။ ဒါက လျှို့ဝှက်ရတာကိုး။

ကိုစိုးက လိုချင်တဲ့အရာကို စိတ်လေးနဲ့ လေ့တိုက်လိုက်ရင် ဘိုးတော်ကြီးကိုင်တဲ့ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ရောက်လာတယ်။ သူ့ကိုယ်၌က လိုလိုလားလားထုတ်ပြရတယ်။ ဒီပညာတွေ ဒီလိုပစ္စည်းတွေမရှိကြတော့ဘူးလို့ ထင်ကြေးပေးတဲ့သူတွေ၊ ထင်နေတဲ့သူတွေကို လက်တွေ့ဖော်ပြပေးလိုက်တာပါ။

ဒီပစ္စည်းတွေဟာ ယခုစာရေးတဲ့အချိန်ထိ ပူပူနွေးနွေးရှိတယ်ဆိုတာပြောတာပါ။ ဒီပစ္စည်းတွေရဲ့သက်တမ်းက နှစ်ပေါင်းရာကျော်ပါပြီ။ ဓာတ်ပုံရိုက်စရာအများကြီးကျန်ပါသေးတယ်။ သီးသန့်တစ်ခေါက်သွားရဦးမှာပါ။ လက်ကျန်ပစ္စည်းတွေကို မှတ်တမ်းဓာတ်ပုံနဲ့ဖော်ပြဦးမှာပါ။ ဒီအခါ ယခုစာလေးနဲ့ဆက်စပ်ပေါင်းယူပါ။

ပုဂ္ဂိုလ်ရေးငဲ့လို့ ဒီဆေးမှော်ရုပ်တွေ ဘယ်လိုစီရင်တာလဲ။ ဒီအထဲမှာ ဘာဆေးတွေထည့်ထားသလဲဆိုတဲ့မေးခွန်းမေးဖို့အကြိမ်ကြိမ်အတွေးပေါ်တယ် မမေးရက်ဘူး။ သူကလည်း အကုန်ပြောမှာမဟုတ်ဘူး။ ဒါကတော့ အသေအချာပဲ။

ကိုစိုးရဲ့စိတ်ကူးလေးနဲ့မှန်းလို့ စဉ်းစားကြည့်တဲ့အခါ တိုးဘီလူးထဲမှာ ဘာတွေပိုနိုင်သလဲပေါ့။ မပြည့်စုံအောင် နည်းနည်းတော့ကျန်မှာပေါ့။ ဘီလူးမှော်စီရင်တဲ့အခါ ဘီလူးစောင့်တဲ့အထိကရသစ်ပင်၊ ပွဲစုံခင်းမယ်၊ ဗလိနတ်စာကျွေးမယ်။ အနည်းဆုံး ရက်တစ်ပတ်အဓိဋ္ဌာန်ရှိမယ်။ ဘီလူးနက္ခတ်ရွှေ၊ အထွက်နက္ခတ် စနေနေ့လကွယ်ညမာကျောသော အမြုတေတစ်ခု ဥပမာ နွား၊ ကျွဲ မြင်းအမြုတေ၊ သချိုင်းမြေ၊ စနေသေမီးသွေး၊ တံစူးဝါး၊ လမ်းဆုံလမ်းခွမြေနဲ့ တခြားဘယ်ဆေးတွေရောကြိတ်မှာပေါ့။ အစအဆုံးတစ်ပတ်လောက်ကြိုးစားရင် မှော်ဆေးရုပ်အောင်နိုင်တာမျိုးပေါ့။

နောက်တစ်ခုက ကျွမ်းထိုးမယ်။ သူက မိန်းကလေးဆိုတော့ မိန်းမအသုံးအဆောင်ပါမှာပေါ့။ အပျိုအဒိုလုံချည်စ၊ ရာသီသွေး၊ တံစူးဝါး၊ စနေသေမီးသွေး၊ ရွာလယ်လမ်းဆုံလမ်းခွမြေ သချိုင်းမြေ၊ ရေဆိပ်၊ ရေတွင်း၊ နတ်ကြီးစင်မြေ၊ စပါးကြီးသည်းခြေအပြင် တခြားဘယဆေးတွေနဲ့ စီရင်မှာပေါ့။

အသေးစိတ်ဖော်လို့မကောင်းဘူးဗျ။ အပြစ်ကြီးလွန်းလို့ချန်ရတာ။ လူတိုင်းစီရင်လို့ရတယ်။ ဒီဆေးရုပ်မှာ ထူးခြားတာက ခြေရာကောက်ကိုအဓိကယူထားတာ။ ဆေးရုပ်အတော်များများဟာ ခြေရာကောက်ကိုမလွှတ်ပါဘူး။ လမ်းဆုံလမ်းခွဆိုတာက တစ်နေရာတည်းကမြေမဟုတ်ဘူး။ တစ်ရွာလုံးက လမ်းဆုံလမ်းခွတွေကိုပြောတာ။ အဲဒီမြေတွေပါတော့ ဒီမြေမနင်းတဲ့သူမရှိသလောက်ပဲ။ ရွာထဲက ယောကျ်ား၊ မိန်းမတစ်ယောက်မှမလွတ်ဘူး။ ရွာထဲက လမ်းမသွားဖူးတဲ့သူမှမရှိတာ။ အကုန်လုံးနဲ့သက်ဆိုင်အောင် စီရင်ထားတာဗျ။အဲဒါကြောင့် ခြေရာကောက်နဲ့စီရင်တာ အားကောင်းတယ်လို့ပြောရတာ။

တိရစ္ဆာန်ပဲ ကျန်တယ်မထင်နဲ့။ တိရစ္ဆာန်နဲ့ပတ်သက်တာတွေလည်း စီရင်ထားတယ်ဗျ။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ခွေး ဒါတွေလည်း မှော်သွင်းထားတယ်။ နောက်အပတ်ရှေ့ဟောင်းဆေးနွားသုံးရှဉ်းဓာတ်ပုံနဲ့ဖော်ပေးဦးမယ်။

စောစောက ကျွမ်းထိုးမယ်ဟာ အလွန်အပြစ်ကြီးတယ်။ သူက [illegible] သူ့ရဲ့သက်ညာမှုနဲ့သာဆိုင်တယ်။ [illegible] လေးရှုချင်သလား။ [illegible] ရှုချင်သလား။ [illegible] ရုပ်ဝေးမြေမှာရှုမလား။ [illegible] အောင်ရှုမလား။ ဒါကစီရင်တဲ့သူ့သက်ညာမှုအခံသက်သာမယ်။ [illegible] ကောင်းနဲ့တွေ့ရင် ရတယ်။ [illegible] ကြာမြင့်တဲ့ သွက်သွက်ခါအရှုကျတော့ နှစ်မျိုးသုံးမျိုးရှိတယ်။

တချို့က ရိုးရိုးလေးယဉ်ယဉ်လေးရှုတာ။ တချို့က ကောင်းစိတ်တစ်ဝက် ရှူးစိတ်တစ်ဝက်။ တချို့က သွက်သွက်ခါရှုပေါ့။ အဲမွေးရာပါကျပ်ပြည့်တဲ့သူတွေကတော့ ဝဋ်ကြွေးသဘောထားရမှာပေါ့။ တချို့မိန်းမတွေ ရုပ်နဲ့စိတ်က အကောင်း၊ အဲ - အကျီမဝတ်နိုင်ဘူး။ ထဘီ ရင်ရှားနဲ့ နွေ၊ မိုး၊ ဆောင်းဥတုသုံးပါး အဝတ်မဝတ်နိုင်ဘူး။ ဒါက ဝဋ်ကြွေး။ သူမွေးတဲ့သားသမီးတွေကျပ်မပြည့်ဘူး။ ဒါတွေကယခုဘဝမှာလည်းထိတယ်။အတိတ်ကလည်း ထိနိုင်တယ်။ ဒီဘဝအရင်ဘဝတွေက အသူရာအရက်ဘိန်းစတဲ့ မကောင်းမှုနဲ့ အသက်မွေးသူတွေအထိများတာ။

စောစောက ပညာသည်ပြုစားလို့ရှုတဲ့သူတွေ မတူညီကြဘူး။ နှစ်ကြာလာတော့ ဒီအမျိုးသမီး၊ အမျိုးသားဟာ သည်းခြေပျက်တဲ့ဝေဒနာခံရပြီဆိုရင် ကုဖို့မလွယ်တော့ဘူး။ တော်တော်ခက်ခဲသွားပြီ။ သည်းခြေမပျက်တဲ့သူနာကတော့ ကုသပေးလို့ရပါတယ်။ အင်းနဲ့ဆေးနဲ့မျှတစွာကုသရင် ပျောက်ပါတယ်။

တချို့လူနာက အစာပင်မိရင်းရှုတာ ရက်မကြာပါဘူး။ သည်းခြေဆေးလေးနဲ့တွဲကုသရင် ရပါတယ်။

ကျွမ်းထိုးမယ်ဟာ ဖဲထုပ်ထဲက ဂျိုကာလိုပဲစွမ်းလှပါတယ်။ နာနာရုပ်ဆေးတွေလည်း အစွမ်းထက်ပါတယ်။ တို့ဆေးခတ်ဆေးလည်း မညံ့ပါဘူး။ လူအတော်များများက တို့ဆေးခတ်ဆေးကို ယနေ့ထိ မယုံကြဘူးမရှိဘူး။လူကြားကောင်းအောင်လိမ်တာ၊ ကလိမ်ဉာဏ်ဆင်တာ စတဲ့စကားလုံးတွေကြားနေရတယ်။

မယုံမရှိပါနဲ့။ ပြောတဲ့သူဟာ လက်တွေ့မခံရသေးလို့ ပြောရဲတာ [illegible] သူသာခံထားဖူးရင် ဒီစကားမ [illegible] ဘူး။ အရင်ကလည်း တို့ [illegible] တွေအကြောင်းပြောခဲ့ပြီး [illegible] တော့မယ် မပြောတော့ [illegible]

ဒီနေရာမှာ [illegible] ခန်းပြောပြ [illegible]

မပေါ်ခြင်း၊ လက်နွဲ့ခြင်း၊ ခြေထောက် အလေးအပေါ့မခြင်းတွေနဲ့ စစ်တဲ့အခါ အဖြူအမည်းမသိနိုင်ပါဘူး။ သူ့စိတ်နဲ့ သူမကပ်တဲ့အတွက် ဒီလိုပယောဂမစစ်အပ်ပါဘူး။

တစ်ဖက်လှည့်နဲ့ သူ့ရဲ့မိခင်၊ အစ်မ၊ နှမ၊ အစ်ကိုစတဲ့သူတွေနဲ့သာလွှဲစစ်သင့်တယ်။ နောက်တစ်ချက်က တချို့ဆရာအတော်များများ ကြောက်စရာကောင်းတယ်ဗျ။ ရက်ရက်စက်စက်နှိပ်စက်ပြီး ကုကြတာ တစ်လောက ကလေးငယ်လေးတွေ သေကုန်ပြီ။ အဲဒီလူဟာ ဆရာမဟုတ်ဘူး။ အမိကအသုံးမကျတာက မိဘတွေပဲ။ မိဘတွေအသုံးမကြလို့ အလို့ နံ့လို့ ညံ့လို့ မစဉ်းစား မဆင်ခြင်လို့အဖြစ်မဲ့တဲ့ကလေးတွေသေရတာ။

ကိုစိုးတို့တစ်သက်ကလေးပေါက်စတွေ ပယောဂတစ်ခါမှမစစ်ဆေးခဲ့ဘူး။ ကလေးကို ပယောဂမစစ်ရဘူး။ ခေါ်သွင်းတာလည်းမလုပ်ရဘူး။ ကုန်ကုန်ပြောရင် အပျိုတက်စအရွယ်တောင် ပယောဂအစစ်သင့်ဘူး။ တစ်ဖက်လှည့်နဲ့ပဲစစ်ရတယ်။

ကလေးအဆင့်ဟာ ဘာမှရေရေရာရာမသိဘူး။ ဒါကြောင့် မစစ်ဆေးရဘူး။ ခေါ်လည်းမသွင်းရဘူး။ ရိုက်တာနှက်တာဆိုရင် ပြောစရာမရှိတော့ဘူး။ ဒါလောက် နုနယ်တဲ့အရွယ်တွေကို ပယောဂကုတယ်ဆိုတာ ရှေးသမားစဉ်အရ မကြားဖူးသေးဘူး။ ခုခေတ်မှကြားဖူးတာ။ လူစိတ်မရှိတဲ့သူတွေ။အဲဒီလူတွေ ဆရာမဟုတ်ဘူး။ မိဘတွေသတိထားကြ။

ပယောဂစစ်လို့ မမိဘူးဆိုပါစို့။ မိဘဆွေမျိုးတွေမှာလည်းမမိဘူး။ ကိုယ့်လူယုံတော်မှာလည်းမတွေ့ဘူး။ ဒီလိုမထင်ရှားလို့ပယောဂမရှိပါဘူးလို့ တထစ်ချမမှတ်လိုက်နဲ့ဗျ။ ဆရာအ စာရင်းထဲပါသွားမယ်။

အပြင်စက်လွှတ်ပညာတွေတစ်ပုံကြီးရှိပါတယ်။ စက်လွှတ်ပညာဆိုတာက တစ်ဆင့် နှစ်ဆင့် သုံးဆင့်ခံတွေရှိတယ်။ အင်းတွေမြှုပ်တယ်၊ ခြေရာကောက်တွေနဲ့အများကြီးပဲ။ စစ်လို့မတွေ့တိုင်း တထစ်ချမယူရဘူး။ ကိုယ်ပိုင်အားနဲ့အဖြေရှာရသေးတယ်။ ဒီလိုနောက်ဆက်တွဲမိတဲ့ပယောဂတွေ ဒုနဲ့ဒေးပဲ သိအောင်ပြောရတာ။

နတ်တိုက်ထဲက မှတ်ချက်လေးရှိသေးတယ်။ တချို့မိမိတို့အခင်းတောင်ယာတွေမှာ အထိကရ သပြေပင်ကြီးတွေ၊ ညောင်ပင်ကြီးတွေ၊ ကြို့ပင်ကြီးတွေ၊ သစ်ဆိမ့်ပင်ကြီးတွေနဲ့ ခြတောင်ပို့အကြီးကြီးတွေရှိကြမယ်။

ငါ့အခင်းဆိုတဲ့အတ္တနဲ့ သစ်တစ်ပင်လုံးခုတ်လှဲတာ၊ ဒီအပင်ကြီးတွေ အောက်မဖွယ်မရာလုပ်ရင် အဲဒီသစ်ပင်စောင့်နတ်ကတွယ်တတ်တယ်။ ရှေးတုန်းက အပင်ကြီးတွေဆို ပိုသတိထားရမယ်။

နတ်တွေစောင့်တယ်၊ ဘီလူးစောင့်တယ်။ တန်ခိုးရှိတဲ့ပြိတ္တာကြီးတွေ၊ ရုက္ခစိုးတွေစောင့်တယ်။ သူတို့အတွက် ဘုံပျောက်ရင် သူတို့သည်းမခံဘူး။ နီးစပ်တဲ့သူဆိုရင် အိပ်မက်တောင်ပေးတယ်။ ဆော့ကစားတဲ့နေရာညစ်ပတ်ရင်လည်း စိတ်ဆိုးကြတယ်။

တချို့ လူစိတ်ပျောက်အောင် ဝင်စီးဖူးတယ်။ တချို့က မြွေနဲ့တိုက်သတ်တယ်။ နတ်မြွေတိုက်ရင် သေတာများတယ်။ ဆေးရုံအချိန်မီရောက်လည်း သေတာပဲ။ သူတို့အတိုက်ကပြင်းတာ။ ဒီသူနာသေလို့ ဝင်ပူးရင် အကုန်ပြောတာပဲ။ သူတောမှာ ဘာလုပ်ခဲ့လို့ အပင်စောင့်နတ်က တိုက်သတ်ကြောင်း၊ အခုသူဘယ်မှာနေရကြောင်း ဒါမျိုးတွေပေါ့။

ဒါမျိုးတွေ တစ်ယောက်မကဘူး တော်တော်တွေ့ဖူးခဲ့တာ။ နတ်ကိုလျှော့မတွက်ဖို့ သတိပေးတာပါ။ သူ့နေရာနဲ့သူ ကင်းအောင်နေတတ်ဖို့သတိပေးတာ။

ကျန်နေတဲ့ အာဋာဝကဆေးရုပ်တစ်ပိုင်းပြောရဦးမယ်။ ဒီဆေးရုပ်က အာဋာဝကဘီလူးမှော်။ ကာယသိဒ္ဓိအတွက် သီးသန့်ပေါက်ဆေးအတွက်အသုံးပြုပါတယ်။ စားပြီး ဒုတ်ပြီး လက်သီးပြီးပေ့ါ။

ဆေးပေါက်တဲ့သူဟာ အရက်မသောက်ရဘူး။ မိန်းမရှောင်ရတယ်။ ဆေးရုပ်က ဆေးမှုန့်ယူ၊ ဘီလူးနကွတ်ပေါ်ချိန် လကွယ်ည စနေ သုသာန်ဇရပ်တွေမှာ ပညာပေးတာများတယ်။ ယခုအထိ ဒီဆေးရုပ်က အသက်ရှိပါတယ်။ ဘိုးတော်ဆီပညာတောင်းရင် သူကထိုးပေးမှာပါ။ ဒါက သူပြောလို့ပြန်ပြောပြရတာပါ။

ကိုစိုးတို့အထက်တန်းကျောင်းသားဘဝ လူမှုရေးအလုပ်တွေအများကြီးပါခဲ့ရတယ်။ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ ပြည်သူ့စစ်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အကုန်ပါခဲ့ရတယ်။ တစ်နေ့ အိမ်နားနီးက ကလေးငယ်လေးတစ်ယောက်ဆုံးတော့ အရပ်ထဲက ကိုစိုးတို့လူငယ်တွေ ငါးယောက်လောက်က ဒီကလေးအလောင်းသင်္ချိုင်းမှာ မြှုပ်ကြတာပေ့ါ။

အချိန်က ည(၁၁)နာရီကျော်ပြီ။ လက မိုက်လို့မှောင်မည်းနေတာ။အဖော်ငါးယောက်မို့အားရှိသေးတယ်။ သွားရမယ့်ခရီးက (၃)မိုင်ကျော် မြို့စွန်သင်္ချိုင်းထိပေ့ါ။ ကလေးအလောင်းအနီးလေးနဲ့ မွေ့လာခဲ့ရာက သင်္ချိုင်းဝရောက်တော့ ဇရပ်ကမီးရောင်တွေ မြင်နေရတယ်။ ဒီသင်္ချိုင်းက သစ်ပင်ကြီးတွေ၊ ချုံတွေနွယ်တွေနဲ့ စိတ်ချောက်ချားစရာဗျ။

သူငယ်ချင်းတွေ တီးတိုးဝင်လာရာက ဇရပ်ဝရန်တာမှာ ဖယောင်းတိုင်တွေ တန်းစီထွန်းထားတာ လင်းနေတာ မီးခွက်မီးပုံးတွေလည်း အပိုပါတယ်။ ဇရပ်ပေါ်မှာ အသက်(၆၀)လောက် အဘိုးကြီးကဆေးတွေပေါက်ပေးနေတာ လူငယ်ထဲက(၇)ယောက်တိတိ။ဘာဆေးဂိုဏ်းလဲတော့မသိ သူတို့က ကျွန်တော်တို့ကို သတိထားမိပေမယ့် အရေးမလုပ်ဘူး။ အနီးပေါင်းနဲ့ထုပ်ထားတဲ့ ကလေးအလောင်းဇရပ်ပေါ်တင်ပြီး ဇရပ်နဲ့ပေ (၅၀) အကွာမှာ ကျင်းစဖော်ကြတယ်။ သူတို့ဆီက မီးရောင်နဲ့ကျင်းဖော်ရတာ အဆင်ပြေတယ်။ သူငယ်ချင်းတွေတစ်လှည့်စီတူးရာက နှာခေါင်းထဲမှာ ပုပ်စော်လိုလိုညှီစို့စို့အနံ့ရတယ်။ကြက်သီးထလာတယ်။ သူငယ်ချင်းတွေမေးတော့ သူတို့လည်းအနံ့ရတယ်ပေ့ါ။

ကလေးအလောင်းမြှုပ်တာဆိုတော့ မကြာဘူး။ နာရီဝက်နဲ့ပြီးသွားတယ်။ ကလေးအလောင်းမြှုပ်လို့ မြေဖို့နေတုန်း သူငယ်ချင်းထွေးမောင်က အသံတုန်တုန်နှင့် အော်ပြောတယ်။

"ဟောကောင်တွေဟိုမှာအလောင်းကြီးကွ"

မျက်စိတွေက ဓာတ်မီးထိုးမှာ ကြည့်တော့ ကြက်သီးထလို့ ကျောချမ်းရလေ၏။သေချာဓာတ်မီးနဲ့ထိုးကြည့်တော့ မြေပုံအသစ်စက်စက်ပေါ်မှာ တစ်ကိုယ်လုံးပေါ်နေတဲ့ ယောကျာ်းတစ်ယောက်အလောင်း မြင်မကောင်းအောင်ပေါ်နေလေ၏။

စိတ်အထင် ဒါဟာတမင်ဖော်တာ။ လူကြီးအလောင်းမြှုပ်ရင် မြေကျင်းအနက်က ရင်ခေါင်း၊ ပခုံး၊ မေးစေ့အနက်ပါလျက်နဲ့ ခုအလောင်းမြေပြင်ပေါ်ရောက်တာ အံ့ဩစရာပင်။ ထို့ထက်အံ့ဩစရာက ဒီလူရဲ့ပေါင်က ပေါင်သားတွေနစ်ဖက်၊ ခြေသလုံးအသားတွေမရှိတော့ဘူး။ ပုံစံက ပုပ္ပနွေးနွေးစားနဲ့လိုလို သွားတာ။

အလောင်းကမပုပ်သေးဘူး။ ဒီနေ့ခင်းကလား မနေ့ကလား တစ်ခုခုပဲ ကလေးအလောင်းဖို့အပြီး အိမ်ပြန်မယ်လုပ်တော့ စိတ်ကမကောင်းတော့ဘူးဗျာ။ ဒါနဲ့ သူငယ်ချင်းတွေပြောရတော့တယ်။ အိမ်ပြန်မယ့်သူက များများပင်။ ဒါနဲ့ ထွေးမောင်ကို အပူကပ်ရတော့တယ်။

"ထွေးမောင်၊ ဒါကြီး ဒီတိုင်းထားခဲ့လို့မဖြစ်ဘူးကွ။ ငါတို့ပြန်ရင် ခွေးတွေလာဆွဲမှာ။ဇရပ်မှာလည်း ဆေးပေါက်တဲ့သူတွေရှိသေးတယ်။ သေတဲ့သူရဲ့ဆွေမျိုးတွေသိရင် စိတ်ဆင်းရဲရှာမှာ။ ငါတို့ပြန်ဖော်မယ်ကွာ အဲဒါမင်းကောင်တွေပြောပြီး"

တစ်ယောက်တစ်ယောက် တီးတိုးပြောရင်းခေါင်းညိတ်ကြ၏။ အလောင်းအား မြေပုံလွှတ်ရာမရွေ့ရာ အေးစက်တော့နေ၏။ မြေစာအဟောင်းပြန်ဖယ် အလောင်းပြန်မြှုပ်ဖို့ပြီးမှပြန်ခဲ့ရလေ၏။ စိတ်ထဲက ဒီအလောင်းဘယ်သူတွေဖော်တာလဲ အဖြေမသိပေ။ တစ်ယောက်ထဲမဟုတ် အဖွဲ့လိုက်လုပ်မှသာ ရနိုင်၏။ နှစ်ယောက်တောင်မလုပ်နိုင်ပေ။ အကြောင်းက မသာအလောင်းသည် သေသွားလျှင် ပို၍လေးလံ၏။ ကျွန်တော်တို့သူငယ်ချင်းတွေ ထမင်းနှစ်ရက်လောက်မစားချင်ကြပေ။ လူနံ့က လက်ဖဝါးပင်ပြည့်သည်ထင်ရလေ၏။

ဒီလိုတိုက်ဆိုင်မှုနှစ်ကြိမ်ကြုံခဲ့ရဖူးလေပြီ။

ဘိုးတော်ဆေးဆရာကြီးပြောတဲ့ လက်ညှိုးထိုးဆေးနဲ့ စားမြုံ့ပြန်ပါရစေ။

"ကျွန်တော်တို့သမားလောကမှာ ထက်တဲ့လောကီပညာတွေ အကုန်လုံး မပါးသင်ခဲ့ရတယ်။ မတတ်တာ လက်ညှိုးထိုးပညာတစ်ခုထဲပဲကျန်တယ်ဗျာ"

လက်ညှိုးထိုးအသံကြားတော့ စိတ်ဝင်တစားနားထောင်မိတယ်။

ထီးလင်းနယ် (----)ရွာက ဆရာကြီးမသေခင် ကျွန်တော်သွားတွေ့တယ်။ နယ်မှာ လက်ညှိုးထိုးက သူတစ်ယောက်ထဲပဲတတ်တယ်။ ကျွန်တော်က ပညာလိုလို့သွားတာပေ့ါ။ ဒီပညာကြားကတည်းက လိုချင်ခဲ့တာဗျာ။ သုံးခေါက်တောင် သွားခဲ့တာ မရလိုက်ဘူးဗျာ။

ခေါင်းတယမ်းယမ်းနဲ့ပြောတော့ ကိုစိုးစိတ်မကောင်းဖြစ်မိလေ၏။

"ဘိုးတော် ဘယ်လိုကြောင့်မရလိုက်တာလဲဗျ"

"ဒါက သူမပေးချင်လို့နေမှာပေါ့ဗျာ။ ကကယ်ဆို ဒီပညာပေးသင့်တာပေါ့ဗျာ။ သူ့အသက် (၈၀) ကျော်ပြီ။ ဒီတုန်းက ကျွန်တော်က (၆၀) ကျော်ပဲရှိသေးတာ ဒီပညာပေးနိုးပေးနိုးနဲ့ဗျာ။ မရလိုက်ဘူး"

"နို့ ဆရာကြီးရဲ့ ဆရာက ဒီပညာသင်မပေးခဲ့ဖူးလား"

"အဲဒီတုန်းက ကျွန်တော်အသက်ငယ်သေးတယ်လေ။ ပညာသင်စရှိသေးတာဗျ။ ဒီပညာမျိုး ဘယ်သင်ပေးမလဲဗျ"

"အဲဗျ - ဒါလည်းဟုတ်တာပဲ။ အဲဒီထီးလင်းကဆရာကြီးက ဘိုးတော်ရဲ့ဆရာနဲ့ ပညာညီအစ်ကိုလားဗျ"

"မဟုတ်ဘူးဗျ တစ်ဆရာစီ။ အခကြေးငွေ ကန်တော့ပြီး သင်တာတောင် မရဘူး။ တော်တော်လျှို့တဲ့ဆရာကြီးဗျာ"

"ဘိုးတော်ပြောတာလည်းဟုတ်တယ်ဗျ။ ဒီပညာမျိုးက ကျွန်တော်တို့လည်း ကြားဖူးတာပဲရှိတာ"

"ဪ လက်တွေ့ကြည့်ခဲ့တာဆိုတော့ စိတ်ဝင်စားစရာများ ပြောပြပါဦး"

"ဆေးအကြောင်းမသိလို့ မပြောချင်ဘူး။ သံဖမ်းစကားမဟုတ်ရင် မပြောကောင်းလို့ ကျွန်တော် အသက်(၆၀)လောက်ကတည်းက ဒီဆရာကြီးဆီသွားခဲ့တာ။ ဒီအချိန် ဆရာကြီးက အသက် (၈၀)သန်တုန်းမြန်တုန်းပေ့ါ။ သူသေတော့ (၉၀)ကျော်ပေ့ါ။

ဆရာကြီးအိမ် ပညာရနိုးနိုးနဲ့ စောင့်တာ တစ်ပတ်ရှိပြီ။ ပြန်တော့မယ်ပြောတော့ အေး - မင်းတောင်းတဲ့ပညာတော့မပေးနိုင်ဘူး။ ညနေကျရင် လက်တွေ့ပြပေးမယ်လို့ပြောတယ်ဗျ။

ကျွန်တော်လည်း လက်တွေ့မမြင်ဖူးတော့ ကြည့်ချင်တာပေ့ါ။ ညနေစောင်းတော့ ရွာထဲက ဆရာကြီးရဲ့ငယ်သူငယ်ချင်းတွေ ငါးယောက်က အိမ်အလည်ဝင်လာကြတယ်။ အားလုံးတန်းလျားခုံစားပွဲမှာ ထိုင်နေကြတာပေ့ါ။

စူးစမ်းတော့ ရွာထဲကသူငယ်ချင်းတွေက တမင်ဖိတ်လို့လာခဲ့ကြတာတဲ့။ ဒီအခါ ဆရာကြီးက ထန်းရည်အိုးကြီးတစ်လုံး စားပွဲပေါ်မနိုင့်တနိုင်လာချတယ်။ ထန်းရည်အမြှုပ်တွေအိုးဝမြှုနေတာပေ့ါ။ သူငယ်ချင်းတွေကို ထန်းရည်တိုက်တာ ကျွန်တော်ကညှော်သည်ဆိုတော့ပရိသတ်ပေ့ါဗျာ။

ဆရာကြီးက ထန်းရည်သောက်နိုင်းပြီး တစ်ယောက်တစ်ခွက်လှည့်နေပြီ ဆရာကြီးကဖြည်းဖြည်းသောက်၊ အမဲကြော်တုံးအော်ပြောတယ်။ အနံ့ကလည်း လေအောက်ကဆိုတော့ မွှေးနေတာပဲ။ ကြက်သားကြော်နေတာဗျ။

ထန်းရည်အဖွဲ့စကားတွေထွေလာပြီ။ [illegible] ... ကထ်ကြော်တာပေါ့။ ဆရာကြီးက ဒီ ထဲမှာ သူကိုယ်တိုင်ဝင်ကြော်နေတာ ... ကလည်းအော်တယ် ပြီးပြီ ချပြီပေ့ါ။

တိုက်ပန်းကန်ပြားထဲ ကြက်ကောင်လုံးကြော်ကိုင်လို့ ထွက်လာတာ ဆီတွေတဝင်းဝင်း၊ အရွေ့တုတောင်းထောင်းနဲ့ မွှေးကြိုင်လို့။ ကြက်ကြော်က ခြေထောက်နှစ်ချောင်းဖိုးပေါ်ထောင်လို့ ကြက်တက်ကြီးကလည်းငေါ်ငေါ်။ ဗိုက်လည်းမခွဲထားဘူးဗျ။ အမွေးတွေပြောင်ပြောင်ကြက်တစ်ကောင်ကို ကိုယ်လုံးတီးကြော်ထားတာ။

ကြက်ကြော်စားပွဲပေါ်ရောက်တော့ မူးနေတဲ့ညှော်သည်တွေ မျက်လုံးတွေအဝိုင်းသားနဲ့ဝမ်းသာနေတယ်။ သူနှိုက်မလား ငါနှိုက်မလား အရှိန်ယူနေတယ်။ ဆရာကြီးက တပြုံးပြုံးနဲ့ သူ့ကြက်ကြော်စိုက်ကြည့်နေတယ်။

"ကဲ - စားကြလေကွာ"

လို့ ဆရာကြီးကပြောတော့ အသက်အကြီးဆုံးလူက လှမ်းကိုင်ခါရှိသေးတယ်။ ကြက်ကြော်ကြီးက ဂလုပ်ဂလုပ်ဆိုပြီးလှုပ်ပြတယ်။ လက်မြန်ရုတ်လို့ကြောင်သွားတယ်။ သူတို့မျက်လုံးတွေကျယ်လာတယ်။

ကျွန်တော်လည်း မျက်ခြည်မပြတ်ကြည့်နေတာ အဲ-နောက်တစ်ယောက်က သွားကိုင်တော့လည်း လှုပ်ပြတာပဲ။ ဒါပေမယ့် ထန်းရည်မူးနေတဲ့သူတွေက သိပ်မမှုဘူး။ ကြက်ကြော်ကြီးကို လက်ဆုံးကိုင်ဝိုင်းဖြဲမယ်လုပ်တော့ ဆရာကြီးကအော်ပြီး လက်ညှိုးနဲ့စိုက်ထိုးလိုက်တာ အမူးသမားတွေလည်းကြောင်သွားတယ်။

အံ့ဩစရာက အဲဒီ ကြက်ကြော်ကြီးက ဂလုပ်ဂလုပ်အသံတွေမြင်းမြင်းထန်ထန်လှုပ်အပြီး အဲဒီကြက်ကြီးက အမွှေးတွေတန်းစီထွက်အမွှေးတွေစုံရောပန်းကန်ပြားထဲမတ်တတ်ရပ်တောင်ပံသုံးခါခတ်လို့ အော်အီးအီးအွတ်ဆိုတဲ့အသံနဲ့ဝုန်းခနဲစားပွဲပေါ်ကခုန်ဆင်းသွားတယ်။

ဆရာကြီးက တဟားဟားနဲ့ရယ်လို့ ထန်းရည်မူးတဲ့ သူငယ်ချင်းတွေ ကြောက်လန့်ပြေးတော့တာပဲဗျာ။ ဒါ လက်ညှိုးထိုးပညာပဲ"

(စာကြွင်း - ဆေးရုပ်များ [illegible] သည် ယခု အသက် (၈၀) ကျော်ပြီ။ ရွာအမည်နှင့် နာမည်အား [illegible] သည့်မှာအပ ဖြစ်ရပ်မှန် [illegible] ပါသည်။

စိုးမင်း (ဆေးမြောက်ရည်-ရွာသစ်)



လူမိုး(ပညာရေး)

နိုင်းမြို့ဂုမ်းမှ လွမ်းရိပ်သာ

([illegible])

၁၉၃၉၊ စက်တင်ဘာလ။

အချိန်ကာလစက်ယန္တရားသည် မည်သူ့ကိုယ်မျှစောင့်မနေ။ မြစ်ရေအလျဉ်ကဲ့သို့ မရပ်မနားစီးသွားနေပေသည်။ မှန်ပါသည်။ အီဂျစ်လူမျိုးရှေးသူဟောင်းတို့၏ အဆိုအမိန့်တွင် ကမ္ဘာ့သမိုင်းတွင် အပြောင်းအလဲ အတက်အကျ အနိမ့်အမြင့်ရှိခဲ့သော်လည်း နိုင်းမြစ်ကြီးကား စီးမြဲစီးဆင်းလျက်ရှိသည်ဟု ပါဝင်သည်ဟုသိရ၏။ ဥရောပတိုက်တွင် စစ်ရိပ်စစ်ငွေ့များယှက်သန်းလျက်ရှိခဲ့သော ၁၉၃၈ခုနှစ် ကုန်ဆုံးခဲ့ပြီ ဖြစ်သည်။ ၁၉၃၉ ခုနှစ်ဆန်းကပင် ဒေါ်ရော်သီအယ်ဒီအဖို့ စိတ်ကြည်နူးစရာ၊ ဝမ်းသာစရာ၊ အားတက်ဖွယ်ရာများကြုံလာခဲ့ရသည်ဟု ဆိုရမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်ကာလအပိုင်းအခြားများသည် သူ့အတွက် ဇာတာစန်းလင်များညှိုးနွမ်းမှုနှင့် ကြုံလာရသည်ဟု ဆိုရမည် ဖြစ်သည်။ အီဂျစ်အစိုးရ ရှေးဟောင်းယဉ်ကျေးမှုဝန်ကြီးဌာနမှပေးအပ်သော ပိရမစ်ပရောဂျက်တာဝန်များ၊ နိုင်ငံတကာမှ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပညာရှင်များနှင့် သမိုင်းပညာရှင်များ၏ သူ၏ကိုယ်ရေးကိုယ်တာကိစ္စများကို သတင်းစာများ၊ ဂျာနယ်များမှဝေဖန်ဆွေးနွေးမှုနှင့် သားငယ်အွန်းဆက်တီ၏အုပ်ထိန်းခွင့်အား သူ့ခင်ပွန်းဟောင်းဖြစ်သူက တောင်းခံခြင်းကြောင့် စိုးရိမ်သောကရောက်ရမှု စသည်တို့ကြောင့် သောကဝေဒနာအဖြာဖြာနှင့် ကြုံခဲ့ရသည်။ သို့သော် သူ၏စိတ်ဓာတ်ကြံ့ခိုင်မှု၊ သူ့အား အီဂျစ်အစိုးရရှေးဟောင်းဝန်ကြီးဌာနက တလေးတစားပေးအပ်သော တာဝန်အားလေးစားမှုနှင့် အချိန်ကာလယန္တရား၏ကုစားမှုတို့ကြောင့် အသက်အရွယ်နှင့်မမျှ ခံစားခဲ့ရသော သောကဝေဒနာသည် တဖြည်းဖြည်းပျောက်ကင်း၍ နာလန်ထူလာခဲ့ပြီ ဖြစ်သည်။

၁၉၃၉ ခုနှစ်ဆန်းတွင်မူ မျှော်လင့်ထားသည်ထက် အလျင်အမြန်ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးကြောင့် ဒေါ်ရော်သီအယ်ဒီမှာ ယခင်ပုံမှန်အခြေအနေသို့ ရောက်လာခဲ့သည်။ ဥရောပတိုက်တွင် နာဇီဂျာမနီနိုင်ငံ၏ ဗြိတိသျှနှင့်မဟာမိတ်များအပေါ် အပြင်းအထန်ဆန့်ကျင်လာမှုနှင့် ဗြိတိသျှအစိုးရကိုလိုနီနိုင်ငံများနှင့် အီဂျစ်နိုင်ငံကဲ့သို့ ကိုလိုနီတစ်ပိုင်းနိုင်ငံများ၏ ပြည်တွင်းရေးများတွင် တိတ်တဆိတ်ဝင်ရောက စွက်ဖက်လာမှုသည် ထိပ်ဆုံးသို့ရောက်လာခဲ့ပြီဖြစ်သည်။အီဂျစ်ပြည်သူအများကလည်း နာဇီဂျာမနီနိုင်ငံ၏ လှုံ့ဆော်မှုကြောင့် ဗြိတိသျှဆန့်ကျင်ရေးပြင်းထန်လာသည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်တွင် နာဇီဂျာမနီသူလျှိုများ ခြေရာထပ်မျှ လှုပ်ရှားလာခဲ့ကြသည်။ အလယ်အရှေ့အာရှ ဗြိတိသျှဩဇာခံအာရပ်နိုင်ငံအများအပြားသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာလျှင် နာဇီဂျာမနီနှင့်ပူးပေါင်းရန် အသင့်အနေအထားဖြစ်နေကြသည်။ အာရပ်နိုင်ငံအများအပြားသည် အစဉ်အလာအားဖြင့် ဂျာမနီနိုင်ငံနှင့်ဆက်သွယ်ရန် စိတ်အားထက်သန်ခဲ့သည်။

သာဓကအားဖြင့် ပထမကမ္ဘာစစ်ကြီးကာလက ဂျာမနီနိုင်ငံသည် ဘာလင်မြို့မှ ဘက်ဒက်မြို့တော်အထိ မီးရထားလမ်းဖောက်ရန် ကြံရွယ်ခဲ့သည်။သာဓက ပထမကမ္ဘာစစ်မီးကြီးတောက်လောင်လာသောအခါ တူရကီနိုင်ငံသည် ဂျာမနီနိုင်ငံနှင့် မဟာမိတ်ပြုကာ ဗြိတိသျှနှင့် မဟာမိတ်များအား အလယ်အရှေ့နိုင်ငံများမှမောင်းထုတ်ရန် ကြံရွယ်ခဲ့ဖူးသည်။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များတငွေ့ငွေ့တက်လာသည့်အခါ ဗြိတိသျှအစိုးရသည် အီဂျစ်နိုင်ငံအပါအဝင် အလယ်အရှေ့အာရပ်နိုင်ငံများအား စိုးရိမ်ကြီးစွာဖြင့် စောင့်ကြည့်ခဲ့၏။

ဤသို့ဖြင့် ၁၉၃၉ ခု၊ မိုးရာသီကုန်ဆုံးလုနီးနီးဖြစ်သော စက်တင်ဘာလဆန်းသို့ ရောက်လာခဲ့ပြီဖြစ်သည်။ ထိုရာသီကား မိုးဥတုလည်းမကုန်တကုန်၊ ဆောင်းဥတုလည်း မလုံ့တလုံ့ ဝိုးဝါးထွေးနေသောရာသီဖြစ်သည်။ အမှန်အားဖြင့် ကိုင်ရိုမြို့သည် အီဂျစ်နိုင်ငံ၏ အခြားဒေသများထက် အပူလွန်ကဲသည့်နေရာ မိုးနည်းရေရှားသည့်နေရာ၊ မိုးရွာလျှင်လည်း မိုးရွာလွန်သောနေရာ၊ အေးချမ်းသောရာသီဥတုရောက်လျှင်လည်း နေ့အခါပူ၍ ညအခါ အရိုးကွဲမတတ်အေးချမ်းလွန်းသောနေရာဟု ဆိုစမှတ်ပြုကြသည်။ ၁၉၃၉ ခု၊ ဩဂုတ်လကုန်ဆုံး၍ စက်တင်ဘာလဆန်းလာသည်နှင့် ကိုင်ရိုမြို့တော်၏ ရာသီဥတုသည် ဖောက်လွဲဖောက်ပြန်ဖြစ်လာသည်။ နေ့အခါ ချစ်ချစ်တောက်ပူခဲ့သော်လည်း ညအခါ ကျောထဲအရိုးထဲမှစိမ့်လာအောင်အေးလာသည်။ တစ်ခါတစ်ရံ ချိန်ခါမဲ့ မိုးပြေးကလေးရွာချလာတတ်သည်။

ထိုနေ့သည် ၁၉၃၉ ခု၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်စောစောဖြစ်သည်။ မှိုင်းပျပျလင်းအရုဏ်သည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှပျို့လာသည်။ အနောက်ဘက် ကောင်းကင်ယံတွင်မူ မှိတ်တုတ်မှိတ်တုတ်လင်းနေသော ကြယ်လေးများကိုမြင်နေရသော်လည်း အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင်မူ ပျို့အန်စပြုလာသောတက်သစ်နေ၏အရောင်ကြောင့် ကြယ်လေးများသည် တစ်လုံးပြီးတစ်လုံး ပျောက်ကွယ်စပြုနေလေသည်။

ဒေါ်ရော်သီအယ်ဒီသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ သူ့အချစ်တော် ကြောင်ကြီးများ၏ စူးစူးဝါးဝါးဟော်သံ၊ သူ့ယာတောစံအိမ်ဘေးရှိ ယူကလစ်ပင်အိုကြီးထက်မှ ကျီးငှက်များ ရက်တရက်ပြုဆင်းလာသည့်အသံ၊ နီဇာလပ်အယ်(လ်)ဆင်ကျေးရွာကလေးဘက်မှ သိုးများ၊ ဆိတ်များ၊ ခွေးများ၏လှုပ်လှုပ်ရှားရှားဆူဆူညံညံအသံ၊ ဂီဇာမှ ကိုင်ရိုသွားလမ်းမကြီးဘက်မှ ခရုစုတ်ငှက်များ၊ ညည့်ငှက်များ၏အသံကြောင့် လန့်နိုးလာသည်။ သူ့ဘဝအား လပေါင်းများစွာမြုပ်နှံနေထိုင်ခဲ့သည့် ဤကျေးရွာကလေး၏ အရုဏ်ဦးတွင် ဤကဲ့သို့ကျေးငှက်တိရစ္ဆာန်များ၊ ကျေးရွာသားများ၏ ဆူညံသောအသံဗလံများ တစ်ခါမှမကြားခဲ့ရ။ တစ်စုံတစ်ရာ ထူးခြားသောဖြစ်ရပ်ဆန်းကြုံခဲ့ရသလောဟု ထင်မိသည်။

သို့ဖြစ်၍ ဒေါ်ရော်သီအယ်ဒီသည် အိပ်ရာမှထကာ သူ့အိပ်ခန်းပြတင်းပေါက်ကိုဖွင့်လိုက်ပြီး ကျေးရွာကလေးဘက်သို့ လှမ်းမျှော်ကြည့်မိသည်။ အမှောင်ရိပ်သည် ကျေးရွာကလေးရှိ သံလွင်ပင်အုပ်များ၊ စွန်ပလွံပင်အုပ်များထက်တွင် ခိုနားဆဲဖြစ်နေသည်။ မည်သည့်အရာမျှ သဲသဲကွဲကွဲမမြင်မနေရ။ ဘာကြောင့် လူများ၊တိရစ္ဆာန်များဆူဆူညံညံလှုပ်လှုပ်ရှားရှားဖြစ်နေကြသည်ကို နားမလည်နိုင်ဖြစ်မိသည်။

ဒေါ်ရော်သီအယ်ဒီသည် ရုတ်တရက် မဟာပိရမစ်ကြီးဆီသို့ ကြည့်မိသည်နှင့် ကြက်သေသေသွားတော့သည်။ ထူးဆန်းသော ပြာလဲ့လဲ့ရောင်ခြည်တန်းကြီးတစ်ခုသည် မဟာပိရမစ်ကြီး၏ ထိပ်ဖျားမှ ကောင်းကင်သို့ တိုးထွက်နေသည်ကို မြင်နေရသည်။ ပထမတွင် သူ့အဖို့ ဟုတ်မှဟုတ်ပါ့မလား၊ သူ့အိပ်မက်မက်နေခြင်းလော သို့မဟုတ် သူ့အမြင်အာရုံလွဲမှားခြင်းလော ဝေခွဲမရဖြစ်နေသည်။ ထိုထူးဆန်းသော ပြာလဲ့လဲ့ရောင်ခြည်တန်းကြောင့် ကျေးရွာကလေးမှ လူများ၊ တိရစ္ဆာန်များ၊ သူ့နေအိမ်မှ အချစ်တော်ကြောင်ကြီးများ ဆူဆူညံညံ အသံပြုကြခြင်း ဖြစ်သည်။ အံ့ဖွယ်သူရဲ ဖြစ်ရတော့သည်။ တိရစ္ဆာန်များအဘယ်ကြောင့်ဆူဆူညံညံအသံပြုခဲ့ကြသနည်း။ မဟာပိရမစ်ထိပ်ဖျားမှ ရောင်ခြည်တန်းကြီးသည် အတိတ်နိမိတ်လော။ အီဂျစ်လူမျိုးများသည် ရှေးပဝေသဏီကစ၍ အတိတ်တဘောင်နိမိတ်တို့ကို ယုံကြည်ကြသည်။ သမိုင်းအစဉ်အလာ ကျူရိုးပုရပိုက်မှတ်တမ်းများ၊ ပိရမစ်မှတ်တမ်းများအရ ဤကဲ့သို့ ထူးဆန်းသော ပြာလဲ့လဲ့ရောင်ခြည်တန်းကြီး မဟာပိရမစ်ကြီးထိပ်ဖျားမှထွက်လာလျှင် အီဂျစ်နိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိလူအများအဖို့ ဘေးအန္တရာယ်ဆိုးနှင့် ကြုံတွေ့ခဲ့ရလေ့ရှိသည်ဟုဆိုသည်။ သာဓကအားဖြင့် အီဂျစ်နိုင်ငံအား ရောမသားတို့ ကျူးကျော်ဝင်ရောက်ခဲ့စဉ်ကနှင့် စစ်ဧကရာဇ် နပိုလီယန်တပ်များ အီဂျစ်နိုင်ငံအတွင်း ချီတက်စဉ်ကလည်း ဤကဲ့သို့ ထူးထူးခြားခြားများပေါ်ခဲ့ဖူးသည်။

သို့ဖြစ်၍ ဤထူးခြားဖြစ်စဉ်သည် အီဂျစ်နိုင်ငံနှင့်သော် လည်းကောင်း၊ ကမ္ဘာ့သူကမ္ဘာ့သားအများနှင့်သော်လည်းကောင်း သက်ဆိုင်သောနိမိတ်ပေလော။ ထူးဆန်းနေသည်မှာ ထိုပြာလဲ့လဲ့ရောင်ခြည်တန်းကြီးသည် မိနစ်အတော်အသင့်ကြာအောင်တိုးထွက်နေသဖြင့် ပတ်ဝန်းကျင်ရှိ ကျေးရွာအများမှ လူအများ မျက်ဝါးထင်ထင်မြင်ကြရသည်။ နောက်တစ်နေ့ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ထိုသတင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သည်။ အီဂျစ်နိုင်ငံတွင် ဩဇာအကြီးမားဆုံးသတင်းစာကြီးတစ်စောင်ဖြစ်သော အယ်(လ်)အာရမ် (ပိရမစ်) သတင်းစာကြီးကမူ မဟာပိရမစ်ကြီးထိပ်ဖျားမှတိုးထွက်လာသော ပြာလဲ့လဲ့ရောင်ခြည်တန်းကြီးနှင့်ပတ်သက်သောသတင်းဆောင်းပါးနှင့် ဒေါ်ရော်သီအယ်ဒီအပါအဝင် အီဂျစ်ရှေးဟောင်းပညာရှင်များ သုတေသီများနှင့် တွေ့ဆုံဆွေးနွေးခန်းကို ဖော်ပြပေးခဲ့သည်။ ထိုသတင်းကို ဘီဘီစီရေဒီယိုအသံလွှင့်အစီအစဉ်ကလည်း ထုတ်လွှင့်ပေးခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်အရုဏ်တက် (၅) နာရီ (၄၅) မိနစ်အချိန်တိတိတွင် နာဇီဂျာမန်တပ်များသည် ပိုလန်နိုင်ငံအတွင်း ကျူးကျော် ဝင်ရောက်ခဲ့ကြသည်။ လပေါင်းများစွာကပင် ကျူးကျော်တိုက်ခိုက်ရန် ကြိုတင်ပြင်ဆင်ထားသော ဂျာမန်တပ်မတော်အား ပိုလန်တပ်များက တားဆီးနိုင်ခြင်းမရှိတော့။နာဇီဂျာမန်လေတပ်မတော်မှ ဗုံးကြဲလေယာဉ်ပျံများနှင့် တိုက်လေယာဉ်များကလည်း ပိုလန်နိုင်ငံအား ကျူးကျော်ဝင်ရောက်တိုက်ခိုက်သည့်အချိန်ကပင် ပိုလန်နိုင်ငံ၏စစ်စခန်းများ၊ စစ်လက်နက်ပစ္စည်းသိုလှောင်ရုံများ၊ လေယာဉ်ကွင်းများ၊ တံတားများ၊ မီးရထားလမ်းများ၊ မြို့ရွာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဤအချိန်ထိ မဟာမိတ်နိုင်ငံများဖြစ်သော ပြင်သစ်နှင့် ဗြိတိသျှတို့သည် နာဇီဂျာမနီအား ရာဇသံပေးကာ စောင့်ကြည့်နေခဲ့ကြသည်။

စက်တင်ဘာလ ၇ ရက်နေ့ ည (၉) နာရီအချိန်တိတိတွင်မူ ပြင်သစ်နှင့် ဗြိတိသျှတို့သည် နာဇီဂျာမနီနိုင်ငံအား တရားဝင် စစ်ကြေညာခဲ့ကြတော့၏။ ပိုလန်စစ်မျက်နှာတွင် အသာစီးရခဲ့ပြီဖြစ်သော နာဇီဂျာမန်တပ်များသည် ဗြိတိသျှနှင့် ပြင်သစ်တပ်များ ဘယ်(လ်)[illegible] နိုင်ငံနှင့်ဟော်လန်နိုင်ငံများတွင် [illegible] တပ်စွဲခြင်းမပြုနိုင်ရန် [illegible] စစ်ဆင်ကာဝင်ရောက်[illegible]ခဲ့သည်။ မှတ်တမ်းများအရ [illegible] စစ်မျက်နှာတွင် ထိုစစ်ဆင်နွှဲခဲ့သော နာဇီဂျာမန်[illegible]ကြီး ပေါင်း (၈၉) [illegible]

ပါဝင်ခဲ့သည်ဟုသိရ၏။ အရန်တပ်မကြီး (၄၇) ခုကလည်း နောက်ပိုင်းတွင် အသင့်ပြင်ထားပြီးဖြစ်၏။ သံချပ်ကာတင့်ကားကြီး အစင်း (၁၀၀၀) ကျော် ပါဝင် သာမန်သံချပ်ကားတင့်ကားအစင်း (၃၀၀၀)ကျော်ပါဝင်သော တင့်ကားများကလည်း ဥရောပအနောက်ဘက်စစ်မျက်နှာတွင် ပါဝင်တိုက်ပွဲဝင်ခဲ့သည်။ အီတလီနိုင်ငံကလည်း ဗြိတိသျှနှင့် မဟာမိတ်တို့အား အတိအလင်းစစ်ကြေညာ၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်မီးကြီးမှာ ဥရောပတိုက်တစ်တိုက်လုံး၏အထွေထွေစစ်ပွဲကြီးဖြစ်လာခဲ့သည်။ နာဇီဂျာမန်တို့အဖို့ အင်တိုက်အားတိုက် အလုံးအရင်းကြီးစွာဖြင့်ဆင်နွှဲခဲ့ရာ ကမ္ဘာ့စစ်သမိုင်းတွင် မကြုံစဖူး ထူးဆန်းသော အောင်ပွဲများကို ရက်အနည်းငယ်အတွင်း ရရှိလာခဲ့သည်။ဒုတိယကမ္ဘာစစ်ကြီးတစ်နှစ်သားရှိလာသည်နှင့် နာဇီဂျာမန်တို့အဖို့ ဒုတိယကမ္ဘာစစ်အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့သည်။

ဒိန်းမတ်နိုင်ငံမှာ တစ်ရက်တည်းနှင့်လက်နက်ချခဲ့ရသည်။ ရက်သတ္တပတ်သုံးပတ်အတွင်း နော်ဝေနိုင်ငံ၊ ဘယ်(လ်)ဂျီယန်နိုင်ငံ၊ လူဇင်ဘတ်နိုင်ငံတို့မှာ နာဇီတို့၏ သံဖိနပ်လက်အောက်ရောက်ခဲ့ရသည်။နာဇီတို့၏စကြာတံဆိပ်အောင်လံတော်ကြီးသည် ဥရောပတိုက်တစ်နံတစ်လျားရှိ မြို့တော်များ၏ အဆောက်အအုံများပေါ်တွင် တလူလူလွင့်ခဲ့သည်။ နာဇီတပ်မတော်ကြီး၏ စစ်ချီသီချင်းများနှင့် နာဇီဂျာမန်တတိယနိုင်ငံတော်ကြီး၏ အမျိုးသားသီချင်းသံမှာ ဥရောပတိုက်နိုင်ငံအသီးသီးမှလူထုအဖို့ မကြားချင်အဆုံးဖြစ်ရတော့သည်။ နိုင်ငံတကာမှ စစ်ရေးအကဲခတ်စောင့်ကြည့်သူများအဖို့ နာဇီတို့၏ စစ်သေနင်္ဂဗျူဟာကို တအံ့တသြဖြစ်ခဲ့ရတော့သည်။ နေမဝင်အင်ပါယာကြီးကို ပိုင်ဆိုင်ခဲ့သော ဗြိတိသျှတို့သည် တပ်မကြီးပေါင်း (၁၄)တပ်အနက် တပ်မနှစ်ခုသာ ကြွင်းကျန်ရစ်ခဲ့ပြီး အစဉ်အလာကြီးမားခဲ့သောပြင်သစ်နိုင်ငံသည် တပ်မ (၉၀) ဖြင့် မီးကုန်ယမ်းကုန်နှင့် အစွမ်းကုန်ခုခံကာကွယ်ခဲ့သော်လည်း ရက်သတ္တပတ်(၆)ပတ်အတွင်းလက်နက်ချခဲ့ကြရသည်။ မဟာမိတ်တပ်ပေါင်းစုမှာ စိတ်ဓာတ်အကြီးအကျယ်ကျဆင်းခဲ့ရပြီး ဒန်းကပ်မှ အင်္ဂလန်နိုင်ငံသို့ ကစဉ့်ကလျားဆုတ်ခွာခဲ့ရသည်။

အင်္ဂလန်နိုင်ငံမှ တစ်ကောင်ကြွက်ဖြစ်ခဲ့ရသည်။ ဤသို့အားဖြင့် ဥရောပတိုက်၏ အာဏာရှင်ဖြစ်လာသော နာဇီဂျာမနီနိုင်ငံမှ ခေါင်းဆောင်ကြီးဟစ်တလာသည် ဥရောပစစ်မျက်နှာတွင် အလွန်သေးငယ်သော လူဇင်ဘတ်နိုင်ငံလေးမှစ၍ ဥရောပတိုက်တွင် အင်အားကြီးနိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံကို သိမ်းပိုက်နိုင်ခဲ့ပြီး ဗြိတိသျှတို့အားလည်း မောင်းနှင်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ သို့ဖြစ်၍ ဆိုဗီယက်ပြည်ထောင်စု (ယခု ရုရှား) အား တိုက်ခိုက်၍ တတိယဂျာမနီနိုင်ငံတော်ကြီးအတွင်းသွတ်သွင်းရန်စီမံလာခဲ့သည်။ အာဖရိကမြောက်ပိုင်းနိုင်ငံများမှ ဗြိတိသျှတို့၏ ကိုလိုနီနိုင်ငံနှင့် ကိုလိုနီတစ်ပိုင်း သြဇာခံနယ်မြေများကို သိမ်းပိုက်၍ ဗြိတိသျှအင်ပါယာကြီး၏ မဟာစိန်ရတနာကြီးဟု သမိုင်းဆရာများက ကင်းပွန်းတပ်ခဲ့သော အိန္ဒိယတိုက်ငယ်ကိုပင် သိမ်းပိုက်ရန် ရည်မှန်းထားသည်။

နာဇီတို့၏ လေတပ်မတော်မှာလည်း ဥရောပတိုက်ဝေဟင်နှင့်အင်္ဂလန်နိုင်ငံအပေါ် စိုးမိုးထားခဲ့သည်။ အတ္တလန္တိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့တွင်လည်း နာဇီဂျာမန်တို့၏ ယူဘုတ်(ခေါ်) ရေငုပ်သင်္ဘောများက မင်းမူနိုင်ခဲ့ကြသည်။ ဗြိတိသျှနှင့်မဟာမိတ်နိုင်ငံများမှ စစ်သင်္ဘောများ၊ စစ်အသုံးအဆောင်နှင့်စစ်သားများတင်ဆောင်သောသင်္ဘောများ၊ ရိက္ခာတင်သင်္ဘောများနှင့် လူစီးကုန်တင်သင်္ဘောအမြောက်အမြားနစ်မြုပ်ခံခဲ့ရ၏။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်အား နာဇီလေတပ်မတော်သည် နေ့ဆိုင်းညဆိုင်းခွဲ၍ အချိန်ပြည့်ဗုံးကြဲတိုက်ခိုက်ခဲ့သော်လည်း ဗြိတိသျှတို့သည် ကြံ့ကြံ့ခံခဲ့ကြတော့၏။ နာဇီဂျာမန်တို့ကမူ ဗြိတိသျှတို့သည် ငြိမ်းချမ်းရေးလက်ကမ်းလာရလိမ့်မည်ဟု မျှော်လင့်ထား၏။ ၁၉၄၁၊ ဇွန်လတွင်မူ နာဇီဂျာမန်တို့သည် ဆိုဗီယက်ပြည်ထောင်စု (ယခု- ရုရှား) အတွင်း ကျူးကျော်ဝင်ရောက်ခြင်းဖြင့် ဥရောပအရှေ့ဘက်စစ်မျက်နှာဖွင့်ခဲ့၏။

ရက်ကြာမြင့်လာသည်နှင့် အင်္ဂလန်နိုင်ငံအဖို့ အမေရိကန်ပြည်ထောင်စု၏ အဘက်ဘက်မှအကူအညီပေးမှုကြောင့် နာလန်ပြန်ထူလာသည်။ ဥရောပအရှေ့ဘက်စစ်မျက်နှာတွင်လည်း ဆိုဗီယက်(ရုရှား) တပ်မတော်သည် ကျားကုတ်ကျားခဲ ခုခံကာကွယ်ခဲ့သဖြင့် ရက်သတ္တပတ်အနည်းငယ်အတွင်း ဆိုဗီယက်တပ်မတော်သည် လက်နက်ချမည်ဟု မျှော်လင့်ထားသော နာဇီဂျာမန်တပ်မတော်ကြီးမှာ အကျအဆုံးအများအပြားနှင့် ရင်ဆိုင်လာခဲ့ရ၏။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်နေ့တွင် ဝင်ရိုးတန်းမဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သော ဖက်ဆစ်ဂျာမန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းရှိ အမေရိကန်ပြည်ထောင်စု ပစိဖိတ်ရေတပ်စခန်းအား စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက်ကာတိုက်ခိုက်ခြင်းကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာခဲ့သည်။ ဂျာမန်နိုင်ငံ၏ မဟာမိတ်နိုင်ငံဖြစ်သော ဖက်ဆစ်ဂျပန်နိုင်ငံသည်လည်း စစ်ကြီးအတွင်းဝင်လာခဲ့၏။ အရှေ့တောင်အာရှရှိ ဗြိတိသျှနှင့် မဟာမိတ်တို့၏ကိုလိုနီနိုင်ငံများအား မျှော်လင့်ထားသည်ထက် အချိန်စောစွာသိမ်းပိုက်နိုင်ခဲ့သော်လည်း ရက်လကြာလာသည်နှင့် ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများ၏ စက်မှုကုန်ထုတ်စွမ်းအားကို မယှဉ်နိုင်။ တဖြည်းဖြည်း စီးပွားရေးကျဆင်းလာခဲ့တော့၏။

စစ်ပြိုင်နိုင်ငံများဖြစ်သော နာဇီဂျာမနီနိုင်ငံနှင့် ဖက်ဆစ်အီတလီနိုင်ငံများအဖို့ အာဖရိကတိုက်မြောက်ပိုင်းနိုင်ငံများအား သိမ်းပိုက်ရရှိနိုင်ခြင်းသည် မြေထဲပင်လယ်အား စိုးမိုးနိုင်ခြင်း ဖြစ်သည်ဟု ယူဆထားသည်။ သို့ဖြစ်၍ ဗြိတိသျှနှင့် မဟာမိတ်တို့အား အမေရိကတိုက်မြောက်ပိုင်းမှ မောင်းနှင်ထုတ်ရေးကို စီစဉ်ခဲ့ကြသည်။ အထူးသဖြင့် ဗြိတိသျှတို့အား ၎င်း၏သြဇာခံနယ်မြေဖြစ်သော အီဂျစ်နိုင်ငံမှ မောင်းနှင်ထုတ်၍ စူးအက်တူးမြောင်းအား သိမ်းပိုက်နိုင်မည်ဆိုပါက အရှေ့တောင်အာရှနှင့်အိန္ဒိယတိုက်ငယ်အား ဖက်ဆစ်ဂျပန်နိုင်ငံက လွယ်လွယ်ကူကူ သိမ်းပိုက်ထားနိုင်လိမ့်မည်ဟု မျှော်လင့်ထား၏။

အာဖရိကမြောက်ပိုင်းနိုင်ငံများကို စိုးမိုးနိုင်ခြင်းသည် ဗြိတိသျှတို့၏ အသက်သွေးကြောကို ပိတ်ဆို့နိုင်ခြင်းဖြစ်သည်ဟုဆိုကာ နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် ဖက်ဆစ်အီတလီခေါင်းဆောင်ကြီးမူဆိုလီနီအား အာဖရိကမြောက်ပိုင်းမှ ဗြိတိသျှတို့အား မောင်းနှင်ထုတ်ရေးကို တာဝန်ယူစေခဲ့သည်။ မှတ်တမ်းများအရ ထိုစဉ်က အာဖရိကမြောက်ပိုင်းတွင် တာဝန်ယူထားသော အီတလီစစ်သည်တော်အင်အားမှာ (၄၁၅၀၀၀) ရှိပြီး အီဂျစ်နိုင်ငံရှိ ဗြိတိသျှတပ်မတော်သား အင်အားမှာမူ (၈၂၇၅) သာရှိသည်။ ရေတပ်မတော်တွင်လည်း တိုက်သင်္ဘောကြီးလေးစင်းနှင့် ကရူဇာသင်္ဘောခုနစ်စင်းသာရှိသည်။ အီတလီရေတပ်မတော်တွင် တိုက်သင်္ဘောကြီး (၉)စင်း၊ ခေတ်မီကရူဇာသင်္ဘော (၁၉) စင်းနှင့် ရေငုပ်သင်္ဘောအစင်း(၁၀၀)ရှိခဲ့သဖြင့် စစ်အင်အားအရ ဖက်ဆစ်အီတလီသည် လွယ်လွယ်ကူကူနှင့် အီဂျစ်နိုင်ငံကို တိုက်ခိုက်သိမ်းယူနိုင်ပေလိမ့်မည်ဟု နာဇီခေါင်းဆောင်ကြီး ဟစ်တလာကယူဆထားပြီး အီတလီတပ်များ၏ အကြံပေးအဖြစ် နာဇီကြည်းတပ်မတော်မှ ဗိုလ်ချုပ် ဗီလျံဗွန်သောမတ်(စ်) တစ်ဦးတည်းကိုသာ စေလွှတ်ထားခဲ့သည်။

ဗြိတိသျှတို့ကမူ အီတလီစစ်သားတစ်ဆယ့်နှစ်ဦး၏ တိုက်ခိုက်စွမ်းရည်သည် ဗြိတိသျှစစ်သားတစ်ဦးနှင့် ညီမျှသည်ဟုယူဆထားရကား အီတလီတပ်မများကို လွယ်လွယ်ကူကူနှင့် အာဖရိကမြောက်ပိုင်းမှ မောင်းနှင်ထုတ်နိုင်လိမ့်မည်ဟု စွဲမှတ်ထားသည်။ ဤအယူအဆသည် မှန်ကန်သည်ဟုဆိုရပေတော့မည်။ မြောက်အာဖရိကတိုက်ပွဲစပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း အီတလီတပ်သား (၁၃၀၀၀၀) တို့ လက်နက်ချအဖမ်းခံခဲ့ရတော့သည်။ ဤတွင် နာဇီထိပ်သီးခေါင်းဆောင်ကြီး ဟစ်တလာသည် နာဇီဂျာမန်တပ်မတော်မှ နာမည်ကျော်သူရဲကောင်း ဗိုလ်ချုပ်ကြီးရိုမဲ(လ်) ခေါင်းဆောင်သော သံချပ်ကားပင်ဇာတပ်ကြီးတစ်တပ်အား အီတလီတပ်များအား အကူအညီပေးရန် စေလွှတ်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ရိုမဲ(လ်)သည် ဖရိုဖရဲဖြစ်နေသော အီတလီဒီဗီဇံတပ်နှစ်တပ်အားစုစည်း၍ သူ၏သံချပ်ကားကပ်တပ်ကို ဦးဆောင်ကာ ဗြိတိသျှအမှတ် (၈) တပ်မတော်ကြီးအား ပြင်းပြင်းထန်ထန်တိုက်ခဲ့သည်။ နာဇီလေတပ်မတော်၏ အကူအညီနှင့် ရိုမဲ(လ်)၏တပ်များသည် (၁၇) ရက်အတွင်း မိုင်ပေါင်း (၃၅၀) ကျော် ထိုးဖောက်တိုက်ခိုက်နိုင်ခဲ့သဖြင့် ဗိုလ်ချုပ်ကြီးရိုမဲ(လ်)မှာ ကန္တာရမြေခွေးကြီးဟု ဟိုးဟိုးကျော်ခဲ့ရသည်။ ၁၉၄၂ ဇွန်လဆန်းတွင်မူ နာဇီဂျာမန်တပ်များနှင့် အီတလီတပ်များသည် အီဂျစ်နိုင်ငံနယ်နိမိတ်အနီးသို့ ချဉ်းကပ်လာခဲ့သည်။ ဗြိတိသျှနှင့် မဟာမိတ်တို့သည် နာဇီဂျာမန်တပ်များအား ကျားကုတ်ကျားခဲ ခုခံကာကွယ်ခဲ့သော်လည်း အရှုံးနှင့်ရင်ဆိုင်လာခဲ့ရသည်။

အီဂျစ်နိုင်ငံမှ ဗြိတိသျှအစိုးရဆန့်ကျင်သော အီဂျစ်ပြည်သူအများကမူ အီဂျစ်နိုင်ငံမှ ဗြိတိသျှတို့ဆုတ်ခွာသွားခဲ့လျှင် အီဂျစ်ပြည်အား အီဂျစ်တို့ပိုင်ဆိုင်လာမည်ဟု မျှော်လင့်ထားသည်။

ဤသို့ ဂျာမန်နှင့် ဖက်ဆစ်အီတလီတပ်များ အီဂျစ်နိုင်ငံတံခါးဝသို့ရောက်နေသောအချိန်တွင် ဒေါ်ရော့သီအယ်ဒီသည် ကိုင်ရိုမြို့ လူစည်ကားရာရပ်ကွက်တစ်ခုတွင် အမျိုးသမီးဝတ်စုံများချုပ်လုပ်သောအပ်ချုပ်ဆိုင်ကြီးတစ်ဆိုင်ကို တည်ထောင်ခဲ့သည်။ သူမခင်၏ ခြေရာကိုနင်းနိုင်သူဖြစ်သည့်အားလျော်စွာ သူ့အပ်ချုပ်ဆိုင်မှာ စစ်ကြီးအတွင်းဖြစ်လင့်ကစား ထူးထူးခြားခြား အောင်မြင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးကြောင့် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှု သုတေသနလုပ်ငန်းများ ယာယီရပ်ဆိုင်းထားရချိန်တွင် ဒေါ်ရော့သီအယ်ဒီသည် အပ်ချုပ်ဆိုင်လုပ်ငန်းကို ဖောက်ချ၍ဆောင်ရွက်ခဲ့ရသည်။ အီဂျစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးမှာ ဒုတိယကမ္ဘာစစ်ကြီး၏ ဂယက်ရိုက်ခတ်မှုကြောင့် ထူးထူးခြားခြားပြောင်းလဲစပြုလာသည်။

အမှန်အားဖြင့် အီဂျစ်ယဉ်ကျေးမှုသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၄၀၀၀)ကျော်က စတင်ထွန်းကားခဲ့သည်ဟု သမိုင်းသုတေသီအများက တညီတညွတ်တည်း ယူဆခဲ့ကြသည်။ ခရစ်တော်မပေါ်မီ ၃၂၀၀ခန့်တွင် အီဂျစ်နိုင်ငံတစ်နံတစ်လျား စည်လုံးသောဘုရင်နိုင်ငံတစ်နိုင်ငံကားဖြစ်လာခဲ့သည်။ မိုင်ပေါင်း (၅၅၀) ကျော်ရှည်လျားသော နိုင်းမြစ်ကြီးကိုအမှီပြု၍ လယ်ယာစိုက်ပျိုးရေးထွန်းကားသောနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ အီဂျစ်နိုင်ငံသည် အစ္စလာမ်အင်ပါယာ၏ တစ်စိတ်တစ်ဒေသအဖြစ်နှစ်ပေါင်းများစွာကျရောက်ခဲ့ပြီးနောက် တူရကီတို့၏ အော်တိုဖင်အင်ပါယာလက်အောက်ခံဖြစ်ခဲ့ရသည်။၁၉၁၄ခုနှစ်မှာ ၁၉၂၂ ခုနှစ်အထိ ဗြိတိသျှတို့၏ အစောင့်အရှောက်ခံနိုင်ငံဖြစ်လာခဲ့ရပြန်သည်။

၁၉၃၆ ခုနှစ်တွင် အီဂျစ်တို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်ဟု စာချုပ်ချုပ်ဆိုခဲ့သော်လည်း စူးအက်တူးမြောင်းကို ကာကွယ်ရန်ဟုဆိုကာ ဗြိတိသျှတို့က စစ်စခန်းများထားရှိခဲ့သည်။ နိုင်ငံ၏အုပ်ချုပ်ရေးကို ရှေ့အခန်းတွင်ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှတို့၏ သြဇာခံဘုရင်ဖာရောက်က ရှေးနန်းစဉ်မပျက်အုပ်ချုပ်ခဲ့သည်။ အီဂျစ်တပ်မတော်ကိုလည်း ဗြိတိသျှတို့က စောင့်ကြည့်ခဲ့သည်။ အထူးသဖြင့် တပ်မတော်မှ အရာရှိများမှာ ဗြိတိသျှတို့၏ ကိုလိုနီစနစ်ကို ဆန့်ကျင်သူများဖြစ်ခဲ့ကြ၏။

အီဂျစ်လူမျိုး အများအပြားကမူ ဒုတိယကမ္ဘာစစ်ကြီးအရှိန်မြင့်လာချိန်တွင် ယခင်က ထူးထူးဆန်းဆန်းပျောက်ကွယ်သွားသော အီဂျစ်နိုင်းမြစ်ကမ်းတွင် အလေ့ကျပေါက်သည့် ပဖိုင်းရပ်(စ်)ကျူပင်များပြန်လည်ရှင်သန်တိုးပွားလာခြင်းနှင့် အီဂျစ်လူမျိုးတို့၏ အထွက်အမြတ်ထားသော ကြာဖြူ ကြာပြာပင်များ ကန်များ၊ ရေအိုင်များတွင် ပြန်လည်ရှင်သန်လာခဲ့ပြီး အဖူးအပွင့်တို့ဝေဆာလာသဖြင့် ဗြိတိသျှနယ်ချဲ့တို့သည် အီဂျစ်ပြည်မှထွက်ခွာရတော့မည့်အချိန်ရောက်ပြီဟု မျှော်လင့်ထားကြသည်။

ဒုတိယကမ္ဘာစစ်ကြီးတည်းဟူသော မိုးသက်မုန်တိုင်းကြီးအီဂျစ်နိုင်ငံသို့တိုက်ခတ်လာသည်နှင့် အီဂျစ်နိုင်ငံ၏နိုင်ငံရေးမိုးတိမ်များ အုံ့ဆိုင်းလာခဲ့သည်။ ဗြိတိသျှအာဏာပိုင်များကလည်း အီဂျစ်ဘုရင်တပ်မတော်အား စိတ်မချစောင့်ကြည့်ခဲ့သည်။ နာဇီဂျာမနီတို့နှင့် ပူးပေါင်းသွားမည်ကိုစိုးရိမ်သည်။ သို့ဖြစ်၍ အီဂျစ်တပ်မတော်မှ တိုးတက်သောအယူအဆရှိသူအရာရှိငယ်အချို့အား ဆူဒါန်စစ်မျက်နှာသို့ ပို့ဆောင်ခဲ့ထုတ်ပစ်ခဲ့သည်။ အမှန်အားဖြင့် အီဂျစ်နိုင်ငံသည် အဘက်ဘက်မှ ချို့တဲ့သောနိုင်ငံ၊ သယံဇာတပစ္စည်းထိထိရောက်ရောက်မထုတ်နိုင်သောနိုင်ငံ၊ စက်မှုလုပ်ငန်းကြီးများ ထွန်းကားခြင်းမရှိသေးသောနိုင်ငံဖြစ်သည်ဟု ကမ္ဘာ့နိုင်ငံအသီးသီးက မှတ်ယူတာခဲ့ကြသည်။

သို့ပါလျက် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာရခြင်းမှာ အခြားအကြောင်းကြောင့်မဟုတ်။ နိုင်ငံ၏ပထဝီအနေအထားအရမဝင်မဖြစ်သောကြောင့်သာ ဖြစ်သည်။ စူးအက်တူးမြောင်းသာ မရှိခဲ့လျှင် အီဂျစ်နိုင်ငံသည် ကြားနေနိုင်ငံတစ်နိုင်ငံ ဖြစ်မည်သာဖြစ်၏။

ကမ္ဘာကြီးတစ်ခုလုံး ဆောက်တည်ရာမရဖြစ်ရချိန်တွင် ဗြိတိသျှတို့ဘက်၏အရှုပ်အထွေးထဲတွင် ရောက်ရှိနေပြီးဖြစ်သည်။ အီဂျစ်အမျိုးသားများကလည်း ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အင်အားပြိုင်ပွဲတွင် အီဂျစ်နိုင်ငံပါဝင်လာရမှုကို သဘောပေါက်လာကြ၏။ ဒေါ်ရော့သီအယ်ဒီအပါအဝင် အီဂျစ်နိုင်ငံမှ ဗြိတိသျှအစိုးရဆန့်ကျင်ရေး အင်အားစုများ၏

နှစ်ပေါင်းကြာရှည်လုပ်နေသောအင်အားစုများကို တက်ကြွလှုပ်ရှားစေတော့၏။

အီဂျစ်ပြည်သူများကမူ အတိတ်တဘောင်များအရ မင်းပြောင်းမင်းလွှဲဖြစ်မည်မှာ သေချာသည်။ ဗြိတိသျှအစိုးရသည် အီဂျစ်ပြည်သူများအပေါ် သဘောထားပြောင်းလဲလာကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးကာ လွတ်လပ်သောအီဂျစ်နိုင်ငံဖြစ်လာမည်ဟုယူဆထားကြသည်။ အီဂျစ်လူငယ်အများကမူ ကန္တာရစစ်မြေပြင်တွင် အရှုံးနှင့်ရင်ဆိုင်နေရသော ဗြိတိသျှတို့အခက်အခဲတွေ့နေစဉ် နာဇီဂျာမန်တို့၏အကူအညီအနှင့် ဗြိတိသျှတို့အား အီဂျစ်နိုင်ငံမှ မောင်းထုတ်ရမည်ဟုဆိုသည်။ ဒေါ်ရော်သီဒယ်ဒီကမူ ဥရောပတိုက်တွင် တွေ့ကြုံနေရသောလက်ရှိအနေအထားအရ နာဇီဖက်ဆစ်တို့အား ယုံကြည်ရန်မသင့်။ နာဇီတို့နှင့် ပူးတွဲမိလျှင် မှားသွားမည်ဖြစ်သည်။

ဗြိတိသျှတို့၏ဒီမိုကရေစီဝါဒသည် နာဇီတို့၏ ဖက်ဆစ်ဝါဒနှင့်ယှဉ်လျှင် ရာခိုင်နှုန်းအများဆုံးပျော့ပျောင်းသည်။ ဗြိတိသျှတို့ထံမှ စစ်ကြီးပြီးဆုံးလျှင် အီဂျစ်နိုင်ငံအား လွတ်လပ်ရေးပေးရမည်ဟူသောကတိတောင်းဆို၍ ဗြိတိသျှတို့နှင့်လက်တွဲ၍ အီဂျစ်နိုင်ငံတံခါးဝအနီးသို့ရောက်နေသော နာဇီဂျာမန်တပ်များနှင့် ဖက်ဆစ်အီတလီတပ်များအားတိုက်သင့်သည်ဟု ယူဆလာခဲ့သည်။

ထိုစဉ်က ဗြိတိသျှတို့နှင့်နာဇီဂျာမန် ဝင်ရိုးစွန်းတပ်များ ရင်ဆိုင်နေကြသော ရှေ့တန်းစစ်မျက်နှာဖြစ်သည့် အလာမိန်းဒေသမှ တောင်မှမြောက်သို့ မိုင် (၄၀) ရှည်လျားသည်။ အမှန်အားဖြင့် ရိုမဲလ်ဦးစီးသော နာဇီဂျာမန်တပ်များနှင့် ဖက်ဆစ်အီတလီတပ်များသည် ၁၉၄၁ ခုနှစ်၊ ဧပြီလအတွင်းကပင် ထိုးစစ်ဆင်ခဲ့ရာ ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ဝေဗယ်ခေါင်းဆောင်သော မဟာမိတ်များသည် လစ်ဗျားနိုင်ငံအတွင်း တိုက်ပွဲများတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရာမှ နောက်သို့ဆုတ်ခွာခဲ့ရ၏။ စစ်လက်နက်ပစ္စည်းအမြောက်အမြားဆုံးရှုံးရပြီး မဟာမိတ်တပ်သားအများမှာ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရ၏။

သို့ဖြစ်၍ ဗြိတိသျှနှင့်မဟာမိတ်တို့သည် အီဂျစ်နိုင်ငံ အလက်ဇန်းဒရီယားမြို့မှ မိုင် (၆၀) ကွာဝေးသော အဲလ်အလာမိန်းမှ နာဇီဂျာမန်နှင့် ဖက်ဆစ်အီတလီတပ်များကို ခုခံရန်ပြင်ဆင်ခဲ့ရသည်။ ဤသို့အတွင်း ၁၉၄၂ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကိုင်ရိုမြို့တော်ရှိ လမ်းမများပေါ်တွင် ဗြိတိသျှဆန့်ကျင်ရေးလူထုဆန္ဒပြသမားများက ရိုမဲ(လ်)၊ ရိုမဲ(လ်) ဟူသော ကြွေးကြော်သံကို တစ်ခဲနက်အော်ဟစ်ခဲ့ကြသည်။ ဤတွင် ဗြိတိသျှတို့အတွက် လှည့်ကွက်ရသွားခဲ့သည်။ ဗြိတိသျှတပ်များသည် အီဂျစ်ဘုရင်နန်းတော်အား ဝိုင်းထားပြီး ဗြိတိသျှတို့အား လိုလားသော နဟာပါရှားအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်ဟု အီဂျစ်ဘုရင်ထံတောင်းဆို၏။ ဖာရောက်ဘုရင်ကလည်း ဗြိတိသျှတို့အလိုကျ နဟာပါရှားအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးခဲ့ရာ ထိုအချိန်မှစ၍ အီဂျစ်ဘုရင်ဖာရောက်မှာ နန်းတွင်းအကျဉ်းသားဖြစ်ခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကာလတစ်လျှောက်လုံး မေးမှိန်သောအခန်းကဏ္ဍမှသာ ပါဝင်ခဲ့ရတော့၏။

ထိုအချိန်တွင် မဟာမိတ်တို့သည် အီဂျစ်နိုင်ငံရှိ ဗြိတိသျှတို့၏ အမှတ် (၈) တပ်မတော်၏ တပ်မှူးအဖြစ် ဗိုလ်ချုပ်ကြီး မွန်ရိုမာရီးကို ခန့်ထားခဲ့သည်။ (နောင်အခါ ဖီးလ်မာရှယ်ဖြစ်လာခဲ့သည်။) ဗိုလ်ချုပ်ကြီးမွန်ရိုမာရီသည် ရိုမဲ(လ်)၏တပ်များ ထိုးဖောက်လာမည့်နေရာတွင် မိုင်းကွင်းများပိုက်စိတ်တိုက်မြှုပ်ထားခဲ့ရာ ရိုမဲ(လ်)၏ထိုးစစ်စသည်နှင့် ရိုမဲ(လ်)တပ်များသည် အကျအဆုံးအများဆုံးတွေ့ရပြီး ထိုးစစ်မှများစွာနှောင့်နှေးသွားခဲ့သည်။ မဟာမိတ်လေယာဉ်များကလည်း အချိန်ပြည့်ဗုံးကြဲတိုက်ခိုက်သဖြင့် ရိုမဲ(လ်)၏ ထိုးစစ်မှာ ရပ်တန့်သွားခဲ့တော့သည်။ ထိုစစ်ပွဲမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အကြီးအကျယ်ဆုံး နှင့်အကျော်ကြားဆုံးတိုက်ပွဲများတွင် တစ်ပွဲအပါအဝင် ဖြစ်သည်။ ဤတိုက်ပွဲတွင် ဗြိတိသျှတို့က ရွန်မဲလ်၏ နာဇီဂျာမန်တပ်မတော်နှင့် အီတလီတပ်များကို ချေမှုန်းထားနိုင်မှ မဟာမိတ်တပ်များသည် မြောက်အာဖရိကကမ်းတက်စစ် ဆင်ရေးကို ၁၉၄၂ခုနှစ်၊ နိုဝင်ဘာလတွင် စတင်နိုင်မည်ဖြစ်၏။

ထိုအလာမိန်းတိုက်ပွဲတွင် ဝင်ရိုးစွန်းတပ်များဘက်မှ ကစဉ့်ကလျားဖြစ်သွားခဲ့ရပြီး ဗြိတိသျှအမြောက်တပ်များ၏ အပြင်းအထန်ပစ်ခတ်မှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများလည်း ဖြတ်သွားသည်။ ထိုစဉ်က မှတ်တမ်းများအရ ရိုမဲ(လ်)၏တင့်ကားများသည် မွန်ဂိုမာရီ၏တင့်ကားများနှင့် နှိုင်းစာလျှင် အမျိုးအစားညံ့ဖျင်းလှသည်။ နောက်ဆုံးတွင် ဝင်ရိုးတန်းတပ်များ အရေးနိမ့်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဝင်ရိုးတန်းတပ်များအဖို့ စားရေရိက္ခာ၊ လောင်စာ၊ ခဲယမ်းမီးကျောက် ချို့တဲ့ခဲ့သည်။ မြေထဲပင်လယ်ကို ဖြတ်သန်း၍လာရသော အထောက်အပံ့၊ ဆက်သွယ်ရေးလမ်းကြောင်းမှာ အလွန်ရှည်လျားသည့်ပြင် ထိုထောက်ပံ့ရေးလမ်းကြောင်းကို မဟာမိတ်တို့၏ စစ်သင်္ဘောများ၊ စစ်လေယာဉ်များက အစဉ်နှောင့်ယှက်တိုက်ခိုက်ဖျက်ဆီးသောကြောင့် ဝင်ရိုးတန်းတပ်များမှာ လိုအပ်သော လက်နက်ရိက္ခာ၊ လောင်စာဆီမရခဲ့တော့။

သို့ဖြစ်၍ ရိုမဲ(လ်)သည် သူ၏တပ်များကို ကယ်တင်ရေးအတွက် အစွမ်းကုန်ကြိုးစားရင်းဆုတ်ခွာခဲ့ရသည်။ ဝင်ရိုးတန်းတပ်များဆုတ်ခွာသည့်နောက်သို့ မဟာမိတ်တပ်များက အပြင်းအထန်လိုက်လံတိုက်ခိုက်ခဲ့ကြရာ ဝင်ရိုးတန်းတပ်များဘက်မှ ကျဆုံးသူ (၁၆၀၀၀)ခန့်၊ ဒဏ်ရာရသူ (၁၅၀၀၀)ခန့်နှင့် စစ်သုံ့ပန်းအဖြစ် အဖမ်းခံရသူ (၃၀၀၀၀)ခန့်ရှိခဲ့သည်။ ဗြိတိသျှတို့အောင်ပွဲခံခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးအဖြတ်ပေးသည့်တိုက်ပွဲကြီးတစ်ပွဲအဖြစ် သမိုင်းတင်ရစ်ခဲ့၏။ ဤသို့အတွင်း ဆိုဗီယက်(ရုရှား)တို့ကလည်း စတာလင်ဂရက်တိုက်ပွဲတွင် အောင်ပွဲခံရလိုက်ပြီး ကော်ကေးဆပ်တိုက်ပွဲတွင်လည်း နာဇီဂျာမန်တပ်များ အရေးနိမ့်ခဲ့ရ၏။ သို့ဖြင့် အီဂျစ်နိုင်ငံအား နှစ်ဖက်ညှပ်ချိတက်လာသောနာဇီဂျာမန်တို့၏ခြေလှမ်းမှာ ဗြိတိသျှနှင့်မဟာမိတ်တို့၏ရိုက်ချိုးခံလိုက်ရ၍ အီဂျစ်ပြည်သူတို့၏ မျှော်လင့်ချက်များ ပျက်ပြားသွားရတော့၏။

၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ ညနေ (၅) နာရီအချိန်တွင် ဒေါ်ရော်သီအယ်ဒီသည် ကိုင်ရိုမြို့တော်ရှိ သူ့အပ်ချုပ်ဆိုင်အရောင်းပြခန်း၌ ရေဒီယိုကိုဖွင့်၍ နားထောင်နေမိသည်။ ထိုအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီး၏ ဒီရေသည် မဟာမိတ်တို့ဘက်မှမျှော်လင့်ထားသည့်ထက် တိုးတက်လာခဲ့ပြီဖြစ်သည်။ ဥရောပတိုက်အရှေ့ဘက်စစ်မျက်နှာ၊ အီတလီစစ်မျက်နှာနှင့် အရှေ့တောင်အာရှစစ်မျက်နှာများတွင် ဝင်ရိုးတန်းမဟာမိတ်တို့၏တပ်မတော်ကြီးများမှာ အရှုံးနှင့်ရင်ဆိုင်နေရသည်။ မဟာမိတ်တပ်ပေါင်းစုသည် ဥရောပကမ်းခြေတက်တိုက်ပွဲကြီးဆင်နွှဲရန် ပြင်ဆင်လျက်ရှိသည့်အချိန် ဖြစ်သည်။

အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယ သမုဒ္ဒရာပစိဖိတ်သမုဒ္ဒရာများတွင် ဗြိတိသျှရေတပ်မတော်နှင့် အမေရိကန်ပြည်ထောင်စု ရေတပ်မတော်တို့က စိုးမိုးထားနိုင်ခဲ့ပြီ ဖြစ်သည်။ နာဇီဂျာမန်ရေတပ်မတော်နှင့် ဂျပန်ဘုရင် ရေတပ်မတော်တို့၏ တိုက်သင်္ဘောကြီးများ၊ လေယာဉ်တင်သင်္ဘောများမှာ တိုက်ခိုက်နှစ်မြှုပ်နှစ်ခြင်းခံနေရသည်။ အမေရိကန်ပြည်ထောင်စု ရေတပ်မတော်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂျပန်ဘုရင်တပ်မတော်မှ သိမ်းပိုက်ထားသောကျွန်းများကို တစ်ကျွန်းပြီးတစ်ကျွန်း သိမ်းပိုက်နိုင်ခဲ့သည်။

ဒေါ်ရော်သီအယ်ဒီသည် သူ့နေ့စဉ် မှတ်တမ်းကို ရေးသားနေစဉ် အီဂျစ်အစိုးရ အသံလွှင့်ဌာနမှထုတ်လွှင့်နေသောတေးဂီတဇာတ်လမ်းကို နားထောင်နေမိ၏။ ထိုထုတ်လွှင့်သောအစီအစဉ်သည် ရုတ်တရက်ရပ်သွားပြီး အထူးကြေညာချက်တစ်ရပ်ကို အသံလွှင့်လိုက်သည်။ အသံလွှင့်သူမှာ အီဂျစ်အသံလွှင့်ဌာနညွှန်ကြားရေးဝန် မဟာမစ်ဆာအစ်လောက်ဖီး ကိုယ်တိုင်ဖြစ်၏။ ဗြိတိသျှအလိုတော်ရှိ ဝန်ကြီးချုပ်နဟာပါရှား၏အစိုးရပြုတ်ကျသွားပြီဖြစ်ကြောင်း ကြေညာလိုက်တော့သည်။

ထိုအစိုးရအဖွဲ့သည် အီဂျစ်ဘုရင်အား နည်းလမ်းအမျိုးမျိုးဖြင့် သိက္ခာကျစေရန် ပြုလုပ်ခဲ့သောအစိုးရ ဖြစ်သည်။ ဒေါ်ရော်သီအယ်ဒီသည် သူယုံကြည်ထားသည့်အတိတ်တဘောင်အရ အီဂျစ်နိုင်ငံအား အီဂျစ်ပြည်သူတို့က ပိုင်ဆိုင်လာသည်နှင့် အဘိုက်ဒိုးမြို့တော်ဟောင်းသို့ ပြန်ပြောင်းရွှေ့နေထိုင်ရပေတော့မည်ဟု မျှော်လင့်ထားသူဖြစ်သည်။ သို့သော် ဖာရောက်ဘုရင်မှာမူ ဗြိတိသျှတို့ကြိုးဆွဲရာကနေရသော ရုပ်သေးရုပ်တစ်ရုပ်သာ ဖြစ်နေသည်။

ထိုစဉ်က အီဂျစ်ပြည်သူအများ အားထားရမည့် နိုင်ငံရေးအင်အားစုကို ခေါင်းဆောင်နေသူမှာ မွတ်စလင်အဖွဲ့ချုပ်တစ်ခုသာဖြစ်သည်။ ထိုစဉ်က မွတ်စလင်အဖွဲ့ချုပ်၏ ရည်ရွယ်ချက်တစ်ရပ်မှာ မျိုးရိုးစဉ်ဆက် သက်ဦးဆံပိုင်ဘုရင်စနစ်ကိုဖျက်သိမ်းပြီး လူထုဆန္ဒဖြင့်တင်မြှောက်သောဘုရင်စနစ်ကို အစားထိုးရန်ဖြစ်သည်။ သို့ဖြစ်၍ ဖာရောက်ဘုရင်က ထိုအဖွဲ့ကို အန္တရာယ်တစ်ရပ်အနေဖြင့် မြင်နေသည်။

အီဂျစ်နိုင်ငံရှိ ဥရောပတိုက်သားအများကလည်း မွတ်စလင်အဖွဲ့ချုပ်၏ တစ်နေ့တခြားတိုးပွားလာသော တန်ခိုးအာဏာကို မလိုလားကြ။ ၁၉၄၅ ခုနှစ် ဆန်းတွင်မှ မဟာမိတ်တပ်ပေါင်းစုသည် ဂျာမနီနိုင်ငံအတွင်းချင်းနင်းဝင်ရောက်နိုင်ခဲ့ပြီဖြစ်၍ နာဇီဂျာမနီနိုင်ငံမှာ စစ်ရှုံးရတော့မည့်အခြေအနေရောက်လာသည်။ အရှေ့ဘက်ဥရောပစစ်မျက်နှာမှဆုတ်ခွာလာခဲ့သော နာဇီဂျာမန်တပ်များသည် ကစဉ့်ကလျားဖြစ်ခဲ့ရာ ဆိုဗီယက်တပ်မတော် (ရုရှား) သည် ဘာလင်မြို့တော်ဆင်ခြေဖုံးသို့ ရောက်လာခဲ့ပြီဖြစ်၏။

၁၉၄၅ ခု မေလ ၈ ရက်နေ့တွင် နာဇီဂျာမနီနိုင်ငံသည် လက်နက်ချအရှုံးပေးခဲ့ရသည်။ ကမ္ဘာတွင် မျှော်လင့်ချက်ရောင်ခြည်များသန်းလာခဲ့သည်။ အချိန်အတော်အသင့်ကြာလာသည်နှင့် အမှန်တရားကြီးစိုးသောခေတ်သို့ရောက်လာတော့မည်ဟု ဒေါ်ရော်သီအယ်ဒီကယူဆထားသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားတိုင်း ငြိမ်းချမ်းရေးအမြိုက်ဆေးကို သောက်သုံးရပေတော့သည်။ ဒုတိယကမ္ဘာမိတ်အင်အားကြီးနိုင်ငံများချုပ်ဆိုခဲ့သော အတ္တလန္တိတ်စာချုပ်အရ စစ်ကြီးပြီးဆုံးသည်နှင့် အီဂျစ်နိုင်ငံသည် အနှောင်အဖွဲ့လွတ်ကင်းသောနိုင်ငံတစ်နိုင်ငံဖြစ်လာပြီး အီဂျစ်လူမျိုးတို့၏ကြမ္မာကို အီဂျစ်တို့ဖန်တီးနိုင်ပေမည်ဟု အီဂျစ်ပြည်သူပြည်သားအများကမှတ်ယူထားကြသည်။ အီဂျစ်ဖာရောက်ဘုရင်အိုးအိမ်ဟောင်းမှာ ပြိုလဲကျတော့မည့် အခြေအနေဖြစ်သည်။ သို့သော် ထိုအစိုးရဟောင်းအား ဖြုတ်ချရန်ကား မလွယ်။ အီဂျစ်တပ်မတော်အတွင်းရှိ လူငယ်အရာရှိများကမူ လျှို့ဝှက်အဖွဲ့အစည်းများ ဖွဲ့စည်းကာ တော်လှန်ရေးတစ်ရပ်ဆင်နွှဲနိုင်ရန် ပြင်ဆင်ခဲ့သည်။

သမိုင်းအရ အကြမ်းဖက်ရေးဝါဒကို နိုင်ငံရေးလက်နက်တစ်ခုအဖြစ် ခေတ်အဆက်ဆက်က အသုံးချခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားသော နိုင်ငံရေးလုပ်ကြံမှုများ၊ ရာဇဝတ်မှုများနှင့် အတိပြည့်ခဲ့သည်။ ပြည်သူတို့၏စိတ်အာရုံကို လှုပ်ရှားစေသော ဤအပြုအမူမျိုးကို ရှောင်ရှားရန် အီဂျစ်တပ်မတော်တွင်းမှ လူငယ်များက ခံယူထားသည်။ ဤအပြုအမူမျိုး၏ဆိုးကျိုးကို သူတို့အဖို့ မျက်ဝါးထင်ထင်မြင်ခဲ့ကြပြီး ဖြစ်သည်။ တစ်ယူသန်တဇောက်ကန်းနိုင်ငံရေးလုပ်ရပ်ကို ရှောင်ရှားနိုင်ရန်လည်း အီဂျစ်တပ်မတော်တွင်းမှ အရာရှိငယ်များနှင့် ပြင်ပမှမျိုးချစ်လူငယ်အများက ယူဆထားသည်။ ဒေါ်ရော်သီအယ်ဒီသည် တစိုက်မတ်မတ်ဗြိတိသျှအစိုးရမုန်းတီးရေးဝါဒလမ်းစဉ်ကို ထောက်ခံခဲ့သော်လည်း အကြမ်းဖက်ဝါဒကိုမူ လုံးဝလိုလားသူမဟုတ်ပေ။

၁၉၄၀ ခုနှစ်တွင် ပြင်သစ်တို့လက်နက်ချခြင်းနှင့် ဗြိတိသျှတို့၏အထီးကျန် အခြေအနေကို အခွင့်ကောင်းယူကာ နယ်ချဲ့စနစ်ကျဆုံးရေး [illegible] ပိုမိုပြင်းထန်အောင် ကြိုးစားခဲ့ကြသည်။ လုံးဝအောင်မြင်မှုမရှိစေကာမူ ပြည်သူတို့အတွင်း တော်လှန်ရေးစိတ်ဓာတ်ကို နှိုးဆွပေးနိုင်ခဲ့သည်။

၁၉၄၅ခုနှစ်ဦးကစ၍ နိုင်းမြစ်ကမ်းတစ်လျှောက် တစ်ချိန်ကပျောက်ကွယ်မှိုတုံ့ခဲ့သော ကျူပင်များသည် [illegible] ပြန်လည်ရှင်သန်လာကြသည်။ သို့ဖြစ်၍ ဒေါ်ရော်သီအယ်ဒီကမူ အီဂျစ်နိုင်ငံတွင် အီဂျစ်ပြည်သူပြည်သားများနှင့်ထိုက်တန်သောအစိုးရအုပ်ချုပ်သည့်ခေတ်ဆန်းသစ်ကိုရောက်ပေလိမ့်မည်ဟုလည်း ယုံကြည်ထားသည်။ ၁၉၄၅ ခု ဩဂုတ်လ ၅ ရက်နေ့ ညတွင်မူ မဟာပိရမစ်ကြီးမှ ပြာလဲ့လဲ့ရောင်ခြည်တန်းကြီးသည် ကောင်းကင်သို့တိုးထွက်လာခဲ့ရာ မြင်ရသူပြည်သူအများဖို့ လူသားတို့အတွက် ဘေးအန္တရာယ်ဆိုးခြင်းနှင့် ရင်ဆိုင်ရပေတော့မည်လောဟု ယူဆကြသည်။ ဒေါ်ရော်သီအယ်ဒီကမူတို့ အတိတ်နိမိတ်သည် အီဂျစ်နိုင်ငံတော်နှင့်သက်ဆိုင်ခြင်းမရှိ၊ အခြားနိုင်ငံတစ်နိုင်ငံနှင့်သာ သက်ဆိုင်သော အတိတ်နိမိတ်ဖြစ်ရမည်ဟု အခိုင်အမာယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် သူ့အိပ်မက်ဆန်းတစ်ခုတွင်လည်း သူ့ဘဝဟောင်းကချစ်သူ ပထမမြောက်ဆက်တီဘုရင်ကြီးက ဤအတိတ်နိမိတ်သည် အီဂျစ်နိုင်ငံတော်နှင့်သက်ဆိုင်ခြင်း မဟုတ်ဟု ပြောဆိုခဲ့သည်ဟုသိထား၏။ တိုက်တိုက်ဆိုင်ဆိုင်ဟုဆိုရပေတော့မည်။ ၁၉၄၅ခု၊ ဩဂုတ်လ ၆ ရက်နေ့တွင်မူ အမေရိကန်ပြည်ထောင်စုလေတပ်မတော်မှ ဗုံးကြဲလေယာဉ်ကြီးတစ်စင်းသည် ထူးခြားဆန်းကြယ်သည့် လူသားမျိုးနွယ်များအားထိခိုက်သေဆုံးစေသည့်သာမက ထိုဗုံးကျရောက်သည့်နေရာပတ်ဝန်းကျင်တစ်ခုလုံးရဲခန်းအသွင်ပြောင်းစေသည်။ အဏုမြူဗုံးကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ကြဲချခဲ့ရာ [illegible] ခဲ့၏။ သို့ဖြင့် [illegible] ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ရ၏။

(ဆက်ရန်)

[illegible]

သခါရပဒုံသား

ဈာန်ဝင်စားနေသည့်ရသေ့ကြီးအပေါ် ပြုမူခဲ့ကြသော ဆန့်ကျင်ဘက်လူငယ်နှစ်ဦး၏ အကျိုးပေးရလဒ်

၁၉၈၀ ပြည့်နှစ်ဝန်းကျင်ဆီက ကျွန်ုပ်သည် ရန်ကုန်မြို့ ဝန်ကြီးများရုံး စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ဒုတိယ စီမံကိန်းမှူးအဖြစ် တာဝန်ထမ်းဆောင် နေရာ ထိုကာလက ကျွန်ုပ်သည် ဇနီးနှင့် အတူ အိမ်ငှားဘဝဖြင့် မရမ်းကုန်းမြို့ နယ် ကျိုက်ဝိုင်းဘုရားအနီးရှိ ရပ်ကွက် တစ်ခုတွင်နေကြပြီး ကျွန်ုပ်တို့ဇနီးမောင်နှံ သည် ထိုရပ်ကွက်လေးမှ ရုံးသွားရုံးပြန် ကို ဘတ်စ်ကားတိုးစီး၍သွားလာကြရ သည်။ ကျွန်ုပ်တို့ဇနီးမောင်နှံသည် အခြားရက်များတွင် ကျိုက်ဝိုင်းဘုရားဖူး မရောက်သော်လည်း တပေါင်းလအတွင်း ကျင်းပသော ကျိုက်ဝိုင်းဘုရားပွဲတော် ရက်တွင်ကား ညစဉ်နီးပါး စေတီတော် သို့ ဘုရားဖူးရောက်ကြ၏။ ထိုစဉ်က အခြားရက်များတွင် ဘုရားဖူးပြည်သူ များဖြင့် လူမစည်ကားသော်လည်း တပေါင်းပွဲတော်ရက်ညများတွင် ဇာတ်ပွဲ ကြီးများ၊ ဆပ်ကပ်နှင့် မျက်လှည့်ပွဲများ အပြင် ဆယ့်နှစ်ပွဲဈေးသည်များဖြင့် အလွန်စည်ကားသောဘုရားပွဲဖြစ်သည်။ သမိုင်းလမ်းဆုံမှအစပြု၍ ကျိုက်ဝိုင်း ဘုရားလမ်းတစ်လျှောက် လူစည်ကား သည်မှာ ကျိုက်ဝိုင်းစေတီတော်ရောက် သည်အထိ ကြက်ပျံမကျလူစည်ကား သဖြင့် ညပိုင်းအချိန်တွင် ကားများ ကျိုက်ဝိုင်းဘုရားလမ်းသို့ဖြတ်မောင်းရန် တော်တော်ခက်ခဲ၍ လမ်းကို ခေတ္တမျှ ပိတ်ထားရသည်။

ကျိုက်ဝိုင်းဘုရားကြီးနှင့် ကြား ကားမှတ်တိုင်အကြားတွင် ထိုစဉ်က ဘောလုံးကွင်းမြေကွက်လပ်နှင့် ရပ်ကွက် ဈေးလေးရှိ၏။ ယခုမရှိတော့။ တိုက်ကြီး များနှင့် ပြည့်ကျပ်နေပြီ။ ထိုစဉ်က ထိုဘောလုံးကွင်းမြေကွက်လပ်လေးတွင် ဇာတ်ပွဲ၊ ဆပ်ကပ်ပွဲ၊ မျက်လှည့်ပွဲရုံလေး များနှင့်အတူ ပျော်ပွဲရွှင်ပွဲအဖြစ် ချားရဟတ်များလည်းရှိသည်။ ကျိုက်ဝိုင်း ဘုရားလမ်းတစ်လျှောက်ကား ဆယ့်နှစ် ပွဲဈေးသည်များနှင့်ဘုရားဖူးရင်း ဈေး ဝယ်သူများဖြင့် ပြည့်ကျပ်နေ၏။

ဘုရားကြီး၏ရင်ပြင်တော်ပေါ်တွင် ထိုစဉ်က ဘုရားပွဲတော်၌ ဝတ်ရွတ် အသင်းများက ညစဉ်အလှည့်ကျဝတ် ရွတ်နေပြီး အခြားသောရက်များတွင်မရှိ သော ဘုရားပွဲတော်ရက် (တပေါင်းပွဲ ရက်)ကျမှ ဘယ်ဆီဘယ်ဝယ်ရောက် လာမှန်းမသိသည့် ရသေ့ကြီးနှစ်ပါးက တစ်ညလျှင်တစ်ပါးကျ ဘုရားရင်ပြင်၏ တစ်နေရာတွင် ဈာန်ဝင်စားပြပြီး အလှူ ခံသည်။ အလှူခံရသည့်ငွေအားလုံးကို ဘုရားရှိဂေါပကအဖွဲ့ရုံးသို့ အလှူခံငွေ အားလုံးပြန်လှူသည်။

ရသေ့ကြီးနှစ်ပါးအလှူခံပုံမှာ စိတ် ဝင်စားစရာ အလွန်ကောင်းလှသဖြင့် စာရေးသူသည် ထိုစဉ်က သေချာဂရုစိုက် လေ့လာခဲ့ဖူးသည်။ ရသေ့ကြီးနှစ်ပါး အနက် အရပ်ရှည်သောရသေ့ကြီးသည် အရပ်ပုသောရသေ့ကြီးထက် ဈာန်ဝင် စားရာနေရာတွင် ပို၍ သမထပေါက် မြောက်သည်ဟု စာရေးသူ ထိုစဉ်မှတ် မြင်မိခဲ့သည်မှာ ယနေ့အချိန်ထိပင်ဖြစ် သည်။

ရသေ့ကြီးသည် ရင်ပြင်တော်ပေါ် တွင်မတ်တပ်ရပ်ထားသည်မှာ စေတီ တောင်ဘက်ကို မျက်နှာမူလျက် ခန္ဓာ ကိုယ်ကိုရှေ့သို့ကိုင်းကာ ညာဘက်လက် တွင် တောင်ဝှေးကိုင်လျက် တောင်ဝှေး ကို ရင်ပြင်တော်ပေါ်ထောက်လျက် ခါး ခပ်ကုန်းကုန်းလေးနေ၏။ ဘယ်လက် သည် မှောက်လျက်ပင် ဖြစ်၏။

ကျွန်ုပ်သည် ထိုစဉ်က အသက် (၂၅)နှစ်ဝန်းကျင်သာရှိသေးသဖြင့် အရပ် ပိုရှည်သောရသေ့ကြီးကို လေ့လာမိ၊ ဖူးမြော်ခဲ့ရာ ကျွန်ုပ်ကိုယ်တိုင် မျက်မြင် ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ပြန်လည်ရေးပြ ပါမည်။ ရသေ့ကြီးရှေ့မနီးမဝေးနေရာ မှာပင် ကျွန်ုပ်သည် တင်ပျဉ်ခွေထိုင်ကာ ကြည့်ရှုဖူးမြော် လေ့လာသောအခါ ရသေ့ကြီးတောင်ဝှေးကိုင်ထားပြီးကုန်း ကုန်းလေးနေသည်မှာ တစ်နာရီမက နှစ် နာရီမကကြာ၏။ ရသေ့ကြီး၏မျက်လုံး နှစ်လုံးသည် ဖွင့်လျက်မျက်တောင်တစ် ချက်မခတ် မျက်လုံးသူငယ်အိမ်သည် လည်း [illegible] နည်းနည်းလေးမှမလှုပ်။ ခြေလည်းနည်း နည်းလေးမှမလှုပ်။ ခါးလည်း [illegible] မသွား။ ဘုန်းမသွား၊ [illegible] ပင်ဖြစ်သည်။ [illegible]

မှာ လေအကိုက်ယိမ်းနွဲ့သွားသယောင် ရှိသည်မှအပ မလှုပ်မယှက်ရှိလှ၍ ကျွန်ုပ်သည် အလွန်ကြည်ညိုလှရကား အလှူငွေထည့်ပြီးနောက် မကြာခဏ ဦးနှိမ့်ဝပ်တွားမိ၏။

ထိုစဉ်အခါက ဘာသာတရားအသိ ကျွန်ုပ်တွင် သိပ်မရှိလှသေးသော်လည်း ဘုရားပွဲတော်ရက်ကျမှ ဘုရားရင်ပြင်တော်ရောက်လာသော ထိုရသေ့ကြီးနှစ်ပါးသည် ဈာန်သမထပေါက်မြောက်အောင်မြင်နေသောပုဂ္ဂိုလ်ဟုယူဆသဖြင့် ကျွန်ုပ်သည် ကြည်ညိုမိခြင်းဖြစ်သည်။

တစ်နေ့သ၌ ည (၁၀) နာရီဝန်းကျင်ခန့်တွင် လူငယ်တစ်ယောက်သည် အရပ်ရှည်သောရသေ့ကြီးက အခါတိုင်းညကဲ့သို့ အလှူခံနေစဉ် ခုံပေါ်တွင်ရှိသောအလှူခံငွေဖလားထဲမှ ငွေအနည်းငယ်ကို လူအလစ်တွင် နှိုက်ယူလိုက်ပြီးနောက် တောင်ဝှေးကိုင်မထားသော ရသေ့ကြီး၏ဘယ်ဘက်လက်ဖမိုးအပေါ် ထိုလူငယ်၏လက်ထဲမှ မီးတောက်နေသောဖယောင်းတိုင်မှ ဖယောင်းစက်ချ၍ မီးထွန်းလေသည်။

ထိုလူငယ်ကို ကျွန်ုပ်ကြည့်လိုက်ရာ ကျွန်ုပ်နေသောရပ်ကွက်ထဲမှ ရေထမ်းရောင်းနေသော ရေထမ်းသမားလေး (ရေသည်) မောင်လှညွန့်ဖြစ်၏။ အရက်လည်းမူးနေပုံရသည်။ ဈာန်ဝင်စားနေသည့်ရသေ့ကြီးအပေါ် လုပ်ရက်လေစွ၊ ရက်စက်လေစွဟုသာ ကျွန်ုပ်သတ်မှတ်သည်။ အခြားဘုရားဖူးသူအချို့လည်း မြင်၏။ ရသေ့ကြီးသည် တစ်ချက်ကလေးမျှတွန့်မသွားပေ။

မောင်လှညွန့်ကို မည်သူမျှ ဝင်ရောက်ဟန့်တားခြင်းမပြုနိုင်ခဲ့ကြပေ။ ထိုအချိန်တွင် ဘုရားဂေါပကအဖွဲ့ရုံးမှလည်း အသံချဲ့စက်ဖြင့် အလှူငွေထည့်သူစာရင်းကြေညာနေပြီး ဘုရားလုံခြုံရေးအဖွဲ့လည်း မည်သည့်နေရာရောက်နေမှန်းမသိ၍ ဟန့်တားမည့်သူမရှိဖြစ်သွား၏။

ဘုရားဖူးလာပရိသတ်အချို့တို့ကလည်း မောင်လှညွန့်လုပ်ရပ်ကို စမ်းသပ်မှုတစ်ခုဟုမြင်ကြလေသလား။ သို့တည်းမဟုတ် မောင်လှညွန့်နှင့်ပြဿနာမဖြစ်လို၍လား တစ်ချက်ချက်ကြောင့်ဝင်ရောက်ပြောဆိုမဟန့်တားခြင်း ဖြစ်နိုင်သည်။ ဖယောင်းတိုင်မီးသည် လေအတိုက်တွင် အရည်ပျော်ကာ ရသေ့ကြီး၏လက်ပေါ် စီးကျနေ၏။ ထိုအဖြစ်ကို လုပ်ရက်သူက လုပ်ရက်သော်လည်း ကျွန်ုပ်သည် ဆက်လက်၍ကြည့်ရက်နိုင်စွမ်းမရှိသဖြင့် မျက်လုံးတစ်ချက်ဝေ့ဝိုက်ကြည့်လိုက်ရာ ဂေါပကရုံးရှေ့၌ သောက်ရေအိုးစင်ကို မြင်မိသဖြင့် ရေအိုးထဲမှရေတစ်ခွက်ခပ်ယူကာ ရသေ့ကြီးလက်ပေါ်ရှိ ဖယောင်းတိုင်မီးအပေါ် လောင်းချ၍ မီးငြိမ်းသတ်လိုက်သည်။ ထိုစဉ် ရေထမ်းသမား မောင်လှညွန့်သည် ကျွန်ုပ်၏လုပ်ရပ်ကို ကြည့်၍ မကျေမနပ်ဖြင့် ပွစိပွစိဆဲဆိုကာ ဘုရားရင်ပြင်တော်မှ လှေကားအတိုင်း ဆင်းသွားကာ သူ့အိမ်သို့ပြန်သွားလေတော့သည်။

ထို့နောက်ပိုင်း ရေထမ်းသမား မောင်လှညွန့်သည် ကျွန်ုပ်၏အိမ်သို့ ရေထမ်းလာမထည့်တော့သဖြင့် အခြားသော ရေထမ်းသမားတစ်ဦးကို ခေါ်ရသည်။ ထိုစဉ်က ကျွန်ုပ်၏ ဇနီးသည် ကိုယ်ဝန်ဆောင်နေသောအချိန်ကာလဖြစ်ပြီး ကျွန်ုပ်သည်လည်း ရုံးလုပ်ငန်းတစ်ဖက်အပြင် ရုံးချိန်ပြင်ပ၌ ရှစ်တန်းနှင့် ဆယ်တန်းကျောင်းသားကျောင်းသူများကို အိမ်လိုက်သင်ပြပေးနေရာ ရသေ့ကြီးလက်ပေါ်၌ ဖယောင်းတိုင်မီးကို ရေဖြင့်ငြိမ်းသတ်ပြီးနောက်ပိုင်း မကြာမီကာလတွင် ကျွန်ုပ်၏ ဇနီးသည် လွယ်လွယ်ကူကူ အေးအေးချမ်းချမ်းဖြင့် မီးဖွားနိုင်ခဲ့သည်။ ထိုသည်မှာ ရသေ့ကြီးလက်ပေါ်မှ ဖယောင်းတိုင်မီးကို ကျွန်ုပ်က ရေဖြင့် လောင်းချ၍ ငြိမ်းသတ်ပေးခဲ့၍ဖြစ်သည်။ ထို့ပြင်သာမကသေး ကျွန်ုပ်ကျူရှင်ပြနေသောစာသင်အိမ်များတိုးရလာသည့်အတွက် သမီးဦးမွေးဖွားပြီး နောက်ပိုင်း ဇနီးရုံးပြန်တက်ရသောအခါ ကလေးထိန်း၊ နို့မှုန့်ဘူးဖိုးနှင့် အာဟာရမှုန့်ဖိုးအဖိုးအခတို့အတွက် မပူမပင် မကြောင့်မကြအောင် ကျူရှင်လစာပိုရခဲ့သည်။ ထိုစဉ်က ကျွန်ုပ်၏ အရာရှိငယ် (ဒုတိယစီမံကိန်းမှူး) လစာရင်း (၃၂၀) ကျပ်နှင့် ရှားပါးစရိတ် (၈၅) ကျပ်အပါအဝင် စုစုပေါင်းလစာငွေမှာ (၄၀၅)ကျပ်သာရသောအချိန်၌ ကျွန်ုပ်သည် ကျူရှင်အိမ်ထပ်မံတိုးရလာခဲ့ပြီး ကျူရှင်ပြသည့်ဝင်ငွေမှာ (၁၀၀၀) ကျပ်ပင်ကျော်သဖြင့် နှစ်ဖက်မိဘကိုပင် ငွေအသင့်အတင့် ထောက်ပံ့နိုင်သေးသည်။

ထိုသည်ကား ဈာန်ဝင်စားနေသည့်ရသေ့ကြီးအပေါ် ကျွန်ုပ်ပြုမူခဲ့သော တန်ပြန်အကျိုးရလဒ်ကို ကျွန်ုပ်ခံစားခဲ့ရသလို ကျွန်ုပ်နှင့်မတူ မူကွဲအကျိုးရလဒ်ကိုခံစားသွားရသူကား ရသေ့ကြီး၏ အလှူခံငွေဖလားထဲမှ ငွေကိုနှိုက်ယူသည့်အပြင် ရသေ့ကြီး၏ ဘယ်ဘက်လက်ဖမိုးအပေါ် ဖယောင်းတိုင်အစက်ချကာ ဖယောင်းတိုင်မီးထွန်းခဲ့သည့် ကျွန်ုပ်နေထိုင်သော ရပ်ကွက်ထဲမှ ရေထမ်းသမား မောင်လှညွန့်၏ အဖြစ်ဆိုးကား အောက်ပါအတိုင်းဖြစ်လေတော့သည်။

■

တစ်နေ့သောတနင်္ဂနွေနေ့မွန်းတိမ်း ရက်၏ နံနက်ခင်းပိုင်း၌ ကျွန်ုပ်သည် လက်ဖက်ရည်သောက်လိုသော ဆန္ဒအာသီသပြင်းပြလှသဖြင့် ကျွန်ုပ်အိမ်နှင့်သိပ်မဝေးလှသော ကျိုက်ဝိုင်းဘုရားအနီးတွင်ဖွင့်လှစ်ထားသော ထိုစဉ်က တစ်ဆိုင်တည်းသာရှိသည့် မိဘမေတ္တာလက်ဖက်ရည်ဆိုင်သို့ အိမ်မှထွက်လာခဲ့ပြီး လက်ဖက်ရည်ဆိုင်ရောက်သောအခါ ကျွန်ုပ်၏စိတ်ကြိုက် လက်ဖက်ရည်ချိုကျတစ်ခွက်နှင့် ပဲပလာတာတစ်ချပ်မှာပြီး ရေနွေးအိုးတစ်အိုးနှင့်ဖိမ်ခံကာ စားသောက်နေစဉ် မောင်လှညွန့်သည် သူရေထမ်းရောင်းနေကျ ဖောက်သည်လက်ဖက်ရည်ဆိုင်၏ ရေစည်ပိုင်းပြတ်အတွင်းသို့ ရေထည့်ရန်သွားစဉ်အနိုက် ခြေချော်သွားပြီး ဟန်ချက်ပျက်သွားကာ သံစည်ပိုင်းပြတ်အနီးတွင် ရေနွေးတည်ထားသည့် ပွက်ပွက်ဆူနေသော အဖုံးဖွင့်ထားသော ဒန်သတ္တုအိုးရေနွေးအိုးကြီးအပေါ်သို့ လက်ထောက်မိသွား၏။ ဒန်အိုးအဖုံးသည် ထောက်မိသည့်လက်အားကြောင့် ရွေ့သွားကာ လက်သည် ရေနွေးအိုးထဲဝင်သွားပြီး ရေနွေးအိုးလည်းမှောက်သွားပြီး ပွက်ပွက်ဆူနေသောရေနွေးများသည် လဲကျသွားသည့် မောင်လှညွန့်၏ ခန္ဓာကိုယ်အထက်ပိုင်း လောင်းချလိုက်သလိုဖြစ်သွားလေသည်။ ရေထမ်းသမားလေး မောင်လှညွန့်တစ်ယောက် အပူဒဏ်ကို မခံစားနိုင်သဖြင့် လူးလိမ့်အော်ဟစ်နေရှာသည်။ ဆိုင်ပိုင်ရှင်အမျိုးသားနှင့် စားပွဲထိုးတစ်ယောက်တို့က အော်ဟစ်နေသောမောင်လှညွန့်ကို အငှားကားတစ်စီးပေါ်တင်ပြီး [illegible] (ကျိုက်ဝိုင်း)နှင့်နီးသည့်အင်းစိန်ပြည်သူ့ဆေးရုံသို့လိုက်ပို့ကြလေသည်။

ရေနွေးအိုးသည် ပွက်ပွက်ဆူပြီးခါစဖြစ်သဖြင့် သူ၏လက်နှင့်ခန္ဓာကိုယ်အပေါ်ပိုင်းသည် ရေနွေးပူကြောင့် အရေအပိမ့်များထွက်ကာ အသားနီလန်သွား၏။ ဆေးရုံတွင် ရက်အနည်းငယ်တက် လိုက်ရပြီး လိုအပ်သည့်ကုသမှုကို ဆေးရုံမှ ဆောင်ရွက်ပေးသော်လည်း ဆေးရုံဆင်းလာသောအခါ ရေနွေးပူဒဏ်ရာများသည် ခရုသင်းကဲ့သို့ဖြူနေပြီး သေရာပါအမာရွတ်ဖြစ်သွားသည်။

ဤသည်ကား ကျိုက်ဝိုင်းဘုရားရင်ပြင်တော်ပေါ်တွင် ဈာန်ဝင်စားပြီး ဘုရားအတွက် အလှူခံနေသော ရသေ့ကြီးလက်ပေါ် ဖယောင်းတိုင်မီးထွန်းကာ မှုမှုမှူးမှူးဖြင့် စမ်းသပ်ခဲ့သည့် ရေထမ်းသမားလေး မောင်လှညွန့်၏ အကုသိုလ်ကံအကျိုးပေးဖြစ်သည်။

■

၂၅-၃-၂၀၁၇ ရက်၊ စနေနေ့ည ၁၃၇၈ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ ရက် ညပိုင်းက ကျွန်ုပ်သည် ကျိုက်ဝိုင်းဘုရားတပေါင်းပွဲတော်သို့ ဇနီး၊ သားသမီး၊ မြေးများနှင့်အတူ ည (၁၀) နာရီဝန်းကျင်ခန့်တွင် ဘုရားပွဲဈေးသို့ လမ်းလျှောက်ရင်း ဝယ်စရာပစ္စည်းများဝယ်ပြီး ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်သောအခါ ၁၉၈၀ပြည့်နှစ်ဝန်းကျင့်ခန့်ဆီက ဖူးမြော်ဦးခိုက်ခဲ့ဖူးသည့် ရသေ့ကြီးနှစ်ပါးထဲမှ တစ်ပါးပါးကို တွေ့လိမ့်နိုးနိုးဖြင့် ရင်ပြင်တစ်ပိုက်ဘုရားဖူးရင်း ဝေ့ဝိုက်ရှာကြည့်မိသော်လည်း ရှာဖွေ၍မတွေ့တော့ပေ။

ကျိုက်ဝိုင်းဘုရားကို ထိုနေ့ညက ဖူးမြော်ပြန်လာပြီးနောက် တစ်ချိန်သောအခါက ဒုတိယစီမံကိန်းမှူးလေး ကျွန်ုပ်နှင့် ရပ်ကွက်ထဲမှ ရေထမ်းသမားလေး မောင်လှညွန့်တို့၏ဖြစ်ရပ်မှန်ဇာတ်လမ်းကိုမှတ်တမ်းအဖြစ် စာဖတ်ပရိသတ်ထံ အရောက်ပို့ပေးနိုင်လျှင် ကောင်းလေစွဟု ယူဆမိသဖြင့် ဈာန်ဝင်စားနေသည့် ရသေ့ကြီးအပေါ်ပြုမူခဲ့ကြသော ဆန့်ကျင်ဘက်လူငယ်နှစ်ဦး၏ ကုသိုလ်ကံအကျိုးပေးနှင့် အကုသိုလ်ကံအကျိုးပေးပုံကို ယနေ့ခေတ် လူငယ်လူရွယ်များ ကျွန်ုပ်၏ ဇာတ်လမ်းကိုဖတ်၍ လူငယ်သဘာဝစမ်းသပ်လိုတိုင်း အရမ်းကာရောမပြုလုပ်ကြပါရန်အတွက် သံဝေဂဉာဏ်ရပါစေဟုမေတ္တာပို့သရင်း [illegible] လေးကို အဆုံးသတ်[illegible]တော့သတည်း။

စာဖတ်ပရိသတ်အား [illegible]

[illegible]

ဆေးအသုံးဝင် စပါးလင်

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောမြေကျော်ဝေ

တစ်နေ့တွင် သားကြီးမောင်ဝင်းကိုကိုဦးနှင့် မြေးလေးဖိုးသားခေါ် မောင်ဘုန်းမြတ်ပိုင်တို့ မိဘများအတွက် ဈေးမှဟင်းစားဝယ်လာပါသည်။ ငါးဘတ်အကောင်လိုက်နှင့် ငါးဖယ်အောင်းအချို့ ဖြစ်သည်။ ဇနီးသည်က ငါးဖယ်အောင်းများကို အသင့်ကိုင်၍ ဆားနယ်ထားပါသည်။ စာရေးသူက ငါးဘတ်ကို အနေတော်တုံးပြီးပေးသလို ဇနီးသည်က ငရုတ်၊ ကြက်သွန်စုံလင်စွာဖြင့် ဆီသတ်ပြီ။ မဆလာနှင့် မန်ကျည်းမှည့်ထည့်၍ အပေါ်အငန်အဆင်ပြေစေရန် ငံပြာရည်နှင့် ဟင်းခတ်မှုန့်တို့ထည့်သဖြင့် ဟင်းကမွှေးကြိုင်ပြီး စားချင်စရာအဖြစ် အနေတော်ဖြစ်သော်လည်း ဇနီးသည်ကတစ်ခုလိုသည်ဟုပြောရာ စာရေးသူက -

"ဘာလိုတာလဲကွာ"

ဟု ဆိုသောအခါ -

"စပါးလင်ကို ထည့်ချင်တာ။ ဒီနားပတ်ဝန်းကျင်အိမ်တွေမှာ ရှိလိုရှိငြား ကျွန်မသွားရှာလိုက်ဦးမယ်။ ဗိုလ်ကျော် ဟင်းအိုးကို ခဏကြည့်ထားပါ"

ဟု ဆိုတော့ စာရေးသူက -

"မဆလာနဲ့တင်လုံလောက်နေတာ တော်တော်ရှည်တဲ့မိန်းမ"

ဟု တစ်ယောက်တည်းပြောနေမိပါသည်။

(၁၀)မိနစ်ခန့်ကြာသောအခါ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဌေး၏ လက်ထဲတွင် စပါးလင်များပါလာပြီး အမြစ်များကိုဖြတ်၍ အရွက်များကိုဖယ်ပြီး ရေစင်အောင်ဆေး၍ စဉ်းတီတုံးပေါ်တွင် ငရုတ်ကျည်ပွေ့ဖြင့်ထုပြီး စပါးလင်သုံးမြှောင်းကို ဟင်းအိုးထဲသို့ထည့်ပြီး ဆီပြန်ချက်လိုက်သောအခါ ငါးဘတ်ဟင်းကမာပြီး အမွှေးနံ့ထွေး၍ ထမင်းမြိန်စေပါသည်။

စပါးလင်သည် ဟင်းချက်ရာတွင် အသုံးဝင်သလို ဆေးဖက်လည်းဝင်ပါသည်။ ဝမ်းမီးကိုတောက်စေပါသည်။ ဝမ်းနာဝမ်းကိုက်ရောဂါများကို ပျောက်ကင်းစေပါသည်။ အစာလည်းဆေး၊ ဆေးလည်းအစာပင် ဖြစ်ပါသည်။ စပါးလင်သည် အသည်းနှင့်ပတ်သက်သော ဘီပိုးတို့ကို သေစေနိုင်ပါသည်။ ဘီပိုးအတွက် အသုံးပြုနည်း ဆေးဖက်ဝင်ပုံကို မသင်းသင်းဆွေမှ စာရေးသူတို့ထံ အိမ်လည်လာရင်း ပြောပြသည်မှာ -

"ဦးကိုသမီးဆေးနည်းတစ်ခုပြောပြမယ်။ ဒီဆေးနည်းကလည်း သမီးညီမ ပြောပြလို့သိရတာပါ။ ဘီပိုးရောဂါရှိတဲ့သူတွေ စပါးလင်ကို ပဋ္ဌငါးပါးရေစင်စင် ဆေးပြီးပြုတ်ပြီး သုံးခွက်တစ်ခွက်တင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ခုနစ်ရက်ပြည့်အောင်သောက်။ ဘီပိုးသေပြီးနောက်ဘယ်တော့မှဘီပိုးနဲ့ပက်သက်တဲ့ ရောဂါမဖြစ်တော့ဘူး။ သမီးလည်းခဏခဏ(ဖျားနေတဲ့) မောင်လေးကို ဆေးရုံက တွေနဲ့ စစ်ကြည့်တော့ ဘီပိုးအနည်းငယ် ရှိတယ်လို့ ဆရာဝန်တွေကပြောတယ်။ သူတို့ပေးတဲ့ဆေးလည်းတိုက်ပေးမယ့် အမြစ်မပြတ်ချင်ဘူး။ မောင်လေးက ခဏခဏမူးတယ်။ အားမရှိသလိုဖြစ်တယ်၊ ကျွန်မ သူ့ကိုမြန်မာတိုင်းရင်းဆေး ဖြစ်တဲ့ စပါးလင်ကို သုံးရက်တစ်ခေါက်တင် ကျိုတိုက်ဦးမယ်။ ဦးလည်းဆေးနည်းမှတ်ထားပေါ့"

ဟု သင်းသင်းဆွေက ပြောတော့ စာရေးသူက -

"အပူကို အပူနဲ့သတ်တဲ့ မြန်မာဆေးနည်းပေါ့"

"ဟုတ်မယ်ထင်တယ် ဦး။ သမီးလည်း ဆေးအကြောင်းတွေသိပ်မသိတော့ ညီမလေးက တိုင်းရင်းဆေးနည်းစစ်စစ်လို့တော့ပြောတာပဲ။ သူတို့နေတဲ့မြို့မှာ ဘီပိုးသမားတွေလက်တွေ့ပျောက်ကင်းကြတယ်လို့ အခိုင်အမာတော့ပြောတာပဲ"

"ဒီလိုဆိုရင် ဦးက တိုင်းရင်းဆေးနည်းအတွက် စာမူတစ်ပုဒ်ရတာပေါ့ကွာ"

"ဦးစာရေးချင်ရေးလေ။ ဦးရေးတဲ့ ဆေးမြီးတို သမီးတို့ပြောတဲ့ ဆေးနည်းလေး သူရွှေမဂ္ဂဇင်းမှာပါလာရင် သမီးတို့ကုသိုလ်ရတာပေါ့"

ဟု ဆိုလေသည်။

ရောမြေကျော်ဝေ

(စလေ)

နေအောင်လင်း

ဘုမ္မိယကုန်းမြေ

မရောက်တာကြာမြင့်ပြီဖြစ်သဖြင့် ကျောင်းသစ်ကျောင်းဆရာတော် ဦးပဂရုယံသို့ဆွမ်းချိုင့်လှူရောက်ဖြစ်ခဲ့သည်။ ဆရာတော်မှာ စာရေးသူ၏ ငယ်ဆရာ လက်ဦးဆရာလည်း ဖြစ်သည်။ အတန်းကျောင်း မတက်မီ ကကြီးခခွေးစာသင်စဉ်အရွယ်ကပင် ဆရာတော်ထံရောက်ရှိအပ်နှံကာ စာသင်ပြပေးခဲ့သည့်ဆရာရင်း ဖြစ်သည်။ ယိုမှ အတန်းကျောင်းပြောင်းကာ ဆရာတော်ကျောင်းနှင့်ဝေးကွာသွားခဲ့ခြင်း ဖြစ်သည်။

ဆရာတော်က ဆွမ်းလှူတာ ဘယ်သူ့အတွက် ရည်စူးလှူတာလဲဟုမိန့်ရာ ဘိုးဘွားအမိအဘတို့အားရည်စူးကာ ကုသိုလ်ဖြစ်လှူတာပါဘုရားဟုလျှောက်တင်ကာ ဆွမ်းချိုင့်ကပ်လှူပါသည်။

ဆရာတော်မှာ ကျန်းမာရေးသိပ်မကောင်း။ မကြာခင်ရက်ပိုင်းကပင် ရန်ကုန်သွားကာ ဆေးခန်းပြ၍ ပြန်လာခဲ့ခြင်းဖြစ်သည်။ စကားများများမပြော။ နေထိုင်ကောင်းကြရဲ့လား။ ကျန်းမာရေး ဂရုစိုက်ကြဖို့မိန့်ပါသည်။ ကိုယ့်မွေးချင်း အိမ်နီးနားချင်းတွေနှင့်လည်း သင့်သင့်မြတ်မြတ်နေကြ၊ ရွာမှာလည်း ကိုယ့်ရွာသူရွာသားအချင်းချင်း သင့်မြတ်အောင်နေ၊ စည်းစည်းလုံးလုံးနေကြ။ ရွာမညီရင် ရွာပျက်တတ်သည်ဟု မိန့်ပါသည်။

ဆရာတော်၏ ကျောင်းဝိုင်းတွင်း သိမ်သမုတ်သိမ်ဆောက်မည့် သတင်းကြား၍ မေးလျှောက်ကြည့်ရာ ကျောင်း၏ အရှေ့ဘက်မှာ မြေနေရာရှင်းလင်းထားကြောင်းသိရသည်။ ကျောင်း၏ တောင်ဘက်တွင် ကုန်းကမူမြင့်မြင့်နေရာတစ်နေရာရှိနေတာ စာရေး သူသိနေရာ ကျောင်းတောင်ဘက်ကုန်းပေါ် ဆောက်မှာလား မေး လျှောက်သည့်အခါ -

"ကျောင်းတောင်ဘက်ကုန်းက အရင်ကတည်းကရှိနေတာ၊ ဒီကုန်းနေရာမဆောက်ဘူး။ အဲဒီကုန်းကမူက သစ်ပင်တောင်မစိုက်ပါနဲ့ပြောထားတာ။ သူ့အလိုလိုပေါက်တဲ့ သစ်ပင်ကတော့ ပေါက်ချင်ပေါက်ပါစေဆိုပြီး ထားတာ။ သာသနာ့နယ်မြေသာသနာ့အဆောက်အအုံပေါ်လိမ့်မယ်လို့ပြောတာ။ တကယ်လည်း သာသနာ့အဆောက်အအုံပေါ်တယ်ဘုရားတည်မယ့်သူပေါ်လာတယ်"

ဟု ကျောင်းတွင် ဝေယျာဝစ္စလုပ်ကိုင်ပြုစုပေးသူ ဘုန်းကြီးတူအရင်း ကိုဝင်းဆွေကပြောပါသည်။

"အဲဒီကုန်းပေါ်ဘုရားတည်ချင်တယ်ပြောတော့ ငါကမတည်ကြနဲ့။ ဘုရားက တောင်ဘက် ပြည့်လုံးဘုရားလည်းရှိတယ်။ ဒီကျောင်းမှာ တစ်ဆူတည်မယ်ဆိုရင် ဆွမ်းချိုင့် သူ့ဘုရား ငါ့ဘုရားဆွမ်းချချင်တာနဲ့ ရွာတွေအချင်းချင်းကွဲကုန်မယ်ပြောလို့ ဘုရားမတည်ဖြစ်တော့ဘူး"

ဟုမိန့်ပါသည်။

ဆရာတော်အား မည်သည့်ပုဂ္ဂိုလ်မှ အိပ်မက်ပေးတာလား၊ အကြားအမြင်ရသည့်ဗေဒင်ဆရာက ပောတာလား စာရေးသူလည်း မမေးလျှောက်ဖြစ်ခဲ့ပါ။

ကျွန်တော်လည်း ထိုအခါမှပင် ကုန်းကမူကလေးအား သေချာကြည့်မိသည်။ ကျောင်းဝိုင်းမျက်နှာစာရှေ့ အနောက်ဘက်၊ အရှေ့ဘက်ရှိမြေနေရာတို့အား မြေညီတူးဆွသစ်ပင်သီးပင်တို့ အားစိုက်ထားသော်လည်း ကျောင်းတောင်ဘက် တောင်ကမူကုန်းမြေအား ဆရာတော်သီတင်းသုံးကျောင်းထိုင်စဉ်မှ ယနေ့တိုင် တူးဆွပြုပျက်မြေညှိခြင်းလည်းမလုပ်၊ သီးပင်စားပင်သစ်ပင်လည်းမစိုက်ဘဲထားခဲ့ခြင်း ဖြစ်သည်။ ယနေ့ဆိုလျှင် နှစ်ပေါင်း (၆၀) ကျော် (၇၀) နီးပါး ကြာပြီ ဖြစ်သည်။

ဆရာတော်သိမြင်ကြားသည့်အတိုင်း ဆိုလျှင် ထိုကုန်းကမူနေရာကား ဘုရားဖြစ်မည့်နေရာ၊ ဘုမ္မိယအစောင့်အရှောက်တို့ရှိနေသည့်နေရာကုန်းမြေဖြစ်မှု ဖြစ်သည်။

ထိုသို့ ဘုမ္မိယသိုက်မြေအစောင့်အရှောက်တို့ရှိနေသည့် နေရာတို့ကား ထူးခြားသည်မှာတော့ အံမှန်ပင်။

အခြားမြေနေရာတို့ထက် ထူးခြား မြင့်တက်မို့မောက်နေခြင်း။

သစ်ပင်ကြီးငယ်တို့လုံးဝမပေါက်ဘဲ သလင်းပြောင်သပ်သပ်ရပ်ရပ်တွေ့ရခြင်း။

သစ်ပင်သစ်တောပေါက်လျှင်လည်း ရှင်းလင်း [illegible]



[illegible]မြင်တွေ့ရခြင်းတို့ပင်ဖြစ်သည်။

ဘုမ္မိယသိုက်မြေအစောင့်အရှောက်ကြီးသည့် မြေနေရာကုန်းမြေတို့အား လယ်ယာလုပ်ကိုင်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးထွန်ယက်ခြင်း၊ အိမ်ရာဆောက်လုပ်နေထိုင်ခြင်းတို့မပြုလုပ်မနေထိုင်အပ်ပေ။ သာသနာ့အဆောက်အအုံတို့ကလွဲ၍ မဆောက်လုပ်မနေထိုင်ကောင်းပေ။ ထိုနေရာတစ်ဝိုက် သစ်ပင်ကြီးငယ်တို့အားလည်း ခုတ်ထွင်ရှင်းလင်းခြင်းမပြုလုပ်ကောင်း။ ပြုလုပ်မိလျှင် ပြုလုပ်မိသူကာယကံရှင်သော် လည်းကောင်း ထိခိုက်ပျက်စီးခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းတို့ခံရကြုံရတတ်သည်။

ကျွန်တော်တို့နေထိုင်သည့်နေရာနှင့်မဝေးကွာလှသည့် နေရာအရပ်ဒေသတချို့မှာပင် ထူးခြားသည့် ဘုမ္မိယကုန်းမြေနေရာတချို့ရှိနေသည်။

ကြပ်စုရွာအရှေ့ဘက်၊ သစ်ချိုကုန်းရွာအရှေ့တောင်ဘက် ယခုကားလမ်း ကြပ်စုချောင်းရေကျော်အနောက်ဘက်ကပ်လျက်တွင်တည်ရှိသည့် နွားကြည့်တောင်ကုန်း တစ်နည်း နွားဂျစ်တောင်ကုန်းကမူလေးပင် ဖြစ်သည်။ ထိုတောင်ကုန်းကလေးမှာလည်း တစ်မူထူးခြားသည့်ကုန်းမြေနေရာတစ်ခုပင်ဖြစ်သည်။ နွားကြည့်တောင်ခေါ်တွင်ရခြင်းမှာလည်း ဟိုးရှေးအစဉ်အလာကပင် နွားကျောင်းသားများနွားပျောက်လျှင် ထိုတောင်ကုန်းကမူပေါ်ကတက်ကြည့်ကာ နွားပျောက်ရှာတတ်ကြသည်၊ ကြည့်တတ်ကြသည်ဖြစ်ရာ နွားကြည့်တောင်ကုန်းဟုခေါ်တွင်ကြသည်။ တောင်ကမူမှာလည်း အခြားမြေနေရာတို့ထက် မြင့်တက်မို့မောက်နေ၍ အရပ်လေးမျက်နှာမျက်စိတစ်လှမ်းမြင်နိုင်သည့်နေရာ ကုန်းကမူလည်းဖြစ်သည်။

နောက်တစ်နာမည် နွားဂျစ်တောင်ခေါ်တွင်ရခြင်းမှာ ရှေးအခါလည်းခေတ်ကာလကပင် ထိုနေရာကုန်းမြေအတက်ရောက်လျှင် ဝန်စည်စလယ်တင်ဆောင်လာသည့် ဝန်တင်လှည်းတို့ ထိုကုန်းနေရာအတက်သို့ရောက်လေလျှင် အားကုန်ရုန်းကာ ဆွဲတက်ကြရသည်။ သဲမြေကလည်းကျွံသည်။ နေရာကအတက်။ တော်တော်တန်တန် ထမ်းပိုးဆွဲသည့်နွားတို့ ထိုတောင်ကုန်းအား မတက်ချင်မဆွဲချင်ကြ။ ဂျစ်ကန်ကန်ပေကတ်ကတ်လုပ်တတ်သည့်နေရာဖြစ်၍ နွားဂျစ်တောင်ဟုလည်း ခေါ်တွင်ကြသည်။

ဒီတောင်ကုန်းနေရာလေးကလည်း ထူးခြားတာကြုံရသည်ဟု ဒေသခံတို့က ဆိုကြသည်။ တောင်ကုန်းနေရာတွင် ဥစ္စာစောင့်တို့အား မကြာခဏတွေ့ရတတ်သည်ဟုပြောကြသည်။ သူတို့ရန်မှာ စံပယ်ပန်းရနံ့သင်းသင်းလေးပေးတတ်တာသိရသည်။

ကုန်းမြေနေရာမှာ စလေ-ပခန်းငယ်ကားလမ်း၊ ကြပ်စုချောင်းရေကျော်တောင်ဘက်လမ်းအနောက်ဘက်တည်ရှိကာနေရာကား တစ်မူထူးခြားစွာမြင်တွေ့ရသည်။ ကမူထိပ်မြေပြောင်ပြောင်တွင် မည်သည့်သစ်ပင်ကြီးငယ်ပေါက်တာ မတွေ့ရ။ ကုန်းပေါ်နွားကျောင်းသား၊ ဆိတ်ကျောင်းသားများသာရောက်ဖူးဆော့ကစားတတ်ကြသည်။

သစ်ချိုကုန်းရွာဇာတိရွာကျောင်း၌ သီတင်းသုံးကျောင်းထိုင်သည့် ဆရာတော် ဦးသာဝရအား ကျွန်တော်က -

“ဦးပဉ္စင်း၊ အဲဒီနွားကြည့်တောင်ကုန်းလေးက ထူးခြားတယ်။ ကုန်းကမူပေါ် ဘုရားလေးတစ်ဆူတည်ရင် လမ်းဘေးကုန်းမြင့်မြင့်မှာဘယ်လောက်ကြည်ညိုစရာကောင်းလိုက်မလဲ”

ဟု လျှောက်ဖူးသည်။ နွားကြည့်တောင်ကုန်းမှာလည်း ထူးသည့်ကုန်းမြေ ဘုမ္မိယမြေနေရာတစ်ခုပင်ဖြစ်သည်။

နောက်တစ်နေရာကုန်းမြေမှာ ကြပ်စုရွာ ကျွန်တော်အမေ၏ မွေးဇာတိရွာ။ ကြပ်စုရွာဟု ဘာကြောင့်ခေါ်တွင်ရတာလဲ။ ဂဃနဏသေချာတော့မသိ။ ဟိုးအရင်ကပင် ထိုနေရာတစ်ဝိုက် ဘုမ္မိယသိုက်အဆက်အနွယ် ဖြစ်သည်။ ဥစ္စာစောင့်၊ သိုက်၊ ကျွတ်တို့ ရွာတည်နေထိုင်ခဲ့ရာနေရာဖြစ်၍ ကျွတ်စုခေါ်တွင်ခြင်းပေလား မဝေခွဲတတ်ပါ။

ကြပ်စုရွာမြေ၏ထူးခြားချက်တစ်ခုမှာ မိုးသည်းမိုးရွာသည့်အခါ ခြေချော်တတ်သည့် ရွှံ့ကျပ်မြေတို့ပေါက်ရောက်တည်ရှိရာ ကျောက်စရစ်ကျပ်ကုန်းမြေဖြစ်၍ ကျွတ်စုခေါ်တွင်တာလည်းဖြစ်နိုင်ခြေရှိသကဲ့သို့ ရှေးအခါက ကျွတ်ရွာကျွတ်တို့ ရွာတည်နေထိုင်ရာအစွဲပြု၍ ခေါ်တာလည်းဖြစ်နိုင်ပါသည်။ လူတို့ရွာတည်နေထိုင်တာကြာ၍ ကျွတ်တို့ပြောင်းရွှေ့တာလည်းဖြစ်နိုင်ပါသည်။

ကြပ်စုရွာအနောက်ဘက် ရွှေရင်သာဘုရားကုန်းတော်၏ တောင်ဘက် ဇာတ်ရုံကွင်းရွာ၏အနောက်တံခါးမှနေ အနောက်တောင်ဘက်ကပ်လျက် (၁၀) တောင်၊ (၁၅) တောင်အကွာနေရာရှိ ထူးခြားသည့် တောင်ကမူကျပ်ကုန်းတစ်ခုရှိပါသည်။ ထိုကုန်းကမူကျပ်ကုန်းနေရာကလည်း ထူးခြားတာကြုံရတာတွေကြုံရပါသည်။ ကုန်းကမူမှာ သာမန်အချိန် အမှုမဲ့အမှတ်မဲ့ရှိနေခဲ့သော်လည်း ဘုရားပွဲရက် ဇာတ်ပွဲများကချိန်ရောက်လျှင် နေရာကား ရွာတံခါးအထွက် ဇာတ်ပွဲကြည့်သူများအဖို့ နောက်ဆုံးနေရာလည်းဖြစ်၊ ကုန်းကမူကလည်း သာမန်နေရာတို့ထက် မြင့်တက်နေသည့်နေရာဖြစ်၍ ထိုနေရာအား ပွဲခင်းလုံခြုံရေး ပွဲကြပ်သည့် လူကြီးလူငယ်တို့နေထိုင် ကွပ်ပျစ်ခုတင်တို့အား ထိုကုန်းပေါ် ခင်း ထားထိုးထားတတ်ကြသည်။ ကုန်းမြေပေါ် ကွပ်ပျစ်ခုတင်ခင်းထိုင်လျှင် အခင်းမခံ၊ အထိုင်မခံ ပြောင်းရွှေ့ပေးရသည်။ အထိုင်အခင်းမခံဟု ကိုယ်တွေ့ကြုံသူ ပြောပြ၍သိရသည်။

ထိုကုန်းမြေကျွတ်ကုန်းမြေနေရာကလေးမှာ ယနေ့တိုင်ရှိလျက် ပွဲဈေး ရောင်းသည့် ဈေးဆိုင်ဆောက်လုပ်ခြင်း၊ ကွပ်ပျစ်ခုတင်ခင်းခြင်းတို့ ကုန်းမြေပေါ် ပြုလုပ်ခြင်းမပြုရသည့်ကုန်းမြေ ဘုမ္မိယ သိုက်မြေ ကုန်းမြေနေရာတစ်ခုအ မှတ်သားသိရှိရပါသည်။

ထိုကုန်းကမူကဲ့သို့ ထူးခြားသ နေရာတစ်ခုက အုတ်တစ်သိန်းကန် မြောက်ဘက်ရှိ ဥယျာဉ်ခြံတော အတွင်း ဘုမ္မိယမြေစာချသည့် ကျောက် ဖျာကျောက်ပြားတစ်ချပ်နှင့် တ တောအုပ်စိမ်းစိမ်းမြေနေရာလည်း ယ တိုင်ရှိနေခဲ့ပါသည်။ ၎င်းမြေနေရာ ယာမြေလယ်မြေထွန်ယက်စိုက်ပျိုး မရှိသလို သစ်ပင်ချုံနွယ်တို့အားလည်း ခုတ်ထွင်ခြင်းလည်းမပြုကြ။ ကျောက် မှာလည်း မည်သူမျှပြောင်းရွှေ့ယူဆော ခြင်းမပြုဝံ့ကြတာတွေ့ရပါသည်။ ကျောက်ဖျာနှင့် ဆက်စပ်လျက် အုတ်တစ်သိန်းကန်အကြောင်းဆော ရေးသားခဲ့ပြီးလည်းဖြစ်ပါသည်။

ဘုမ္မိယသိုက်မြေ၊ ကျွတ် မြေနေရာထူးခြားသည့် တောင်ကမ မြေလယ်ယာမြေကွက်အတွင်းရှိနေ သည်။ အချို့သော ကွင်းနေရာ သုံးနှစ်တစ်နှစ်နားလုပ်ကိုင်ရသည့် ကွင်းတို့လည်း အများပင်တွေ့ရပါ ထိုမြေနေရာတို့တွင် သုံးနှစ်တွင် မနားဘဲ ဆက်တိုက်ယာမြေလုပ် က လုပ်ကိုင်သူတို့ စီးပွားရေး ကျ ရေးစသည်တို့ချို့ယွင်းပျက်ပြားက ဒုက္ခမျိုးစုံတို့ ကြုံတွေ့ခံစားရ သည်။

ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့် ရှေးလူကြီးသူမတို့ဆိုရိုးစကားရှိသကဲ့သို့ ရှေးထုံးပယ်လျှင် လွဲတတ်အတိဒုက္ခရောက်တတ်ပါသည်။ ဘုမ္မိယသိုက်မြေ၊ ကျွတ်လမ်းမြေ၊ ကျွတ်ရွာသည့် ပရလောကသားတို့ ကျက်စားနေထိုင်ရာမြေနေရာတို့ အမှန်ပင်ရှိနေကြောင်း ခုဒ္ဒကနိပါတ်တော်လာ ပေမာနိက ပြိတ္တာအသူရကာယ်ဘုံသားများအကြောင်း ဘုရားရှင်လက်ထက်ကပင်ရှိခဲ့ကြောင်း ဘုရားရှင်ဟောတော်မူခဲ့ပါသည်။

ဘုမ္မိယသိုက်မြေနေရာများတို့တွင် ဘုရားကျောင်းကန်ဇရပ်တို့သာ ဆောက်လုပ်နေထိုင်ရန် သင့်လျော်သည့်နေရာများဖြစ်သည်။ ထိုနေရာတို့တွင် ယာမြေလယ်လုပ်ခြင်းပြုလုပ်ပါက ထိုမြေနေရာအား စောင့်ရှောက်နေသည့် ကျွတ်ရွာ၊ သိုက်စောင့်တို့အား လည်းကောင်း၊ အသူရကာယ်ပြိတ္တာဘုံသားဘုမ္မိယသားတို့အား ကျွတ်စာကျွေးခြင်း၊ မြေစာချခြင်း၊ မိမိတို့ပြုလုပ်သည့် ကုသိုလ်အဖို့ဘာဂတို့အား အမျှအတန်းပေးဝေခြင်း၊ မေတ္တာပို့ခြင်းတို့အား မပြတ်ပြုလုပ်ပေးရမည်။ လူလိုမှနတ်လို၊ နတ်လိုမှ ဂြိုဟ်မ၊ လိုတရစကားကဲ့သို့ ပရလောကပြိတ္တာဘုံသားတို့၏ကူညီစောင်မစောင့်ရှောက်ကြမည်ကား မလွဲဧကန်ပင်ဖြစ်သည်။

နေရာဒေသအတော်များများတွင် ထိုကဲ့သို့ ထူးခြားသည့် ဘုမ္မိယကုန်းမြေတို့ရှိနိုင်ပါသည်။ ၎င်းမြေနေရာတို့အား သာသနာ့အဆောက်အအုံတို့ကလွဲလျှင် ယာမြေလယ်လုပ်ခြင်း၊ အိမ်ရာဥယျာဉ်တည်ခြင်းတို့အား အထူးပင်ရှောင်ကြဉ်သင့်သည်။ ထူးခြားသည့်ကုန်းမြေများအဖြစ် လေ့လာမိသမျှ ဖော်ပြလိုက်ရပါသည်။

နေ[illegible]၊ (စဝဝဝ)

ဇက်ကြောထိုး လက်တွေ့အမြန်ပျောက်နည်း

နတ်မောက်မင်းသန့်နိုင်

စာရေးသူသည် ယခု အသက် (၅၆) နှစ်ထဲသို့ ရောက်နေပြီဖြစ်ပါသည်။ ကျန်းမာလန်းဖြာပါသည်။ သွက်လက်စွာသွားလာလှုပ်ရှား လုပ်ကိုင်နိုင်မြဲဖြစ်ပါသည်။ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်ဘာရောဂါမှမရှိ။အားလုံးအကောင်းပကတိပင်။

သို့သော် စာရေးသူ၏ အဓိကအသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သော စာရေးခြင်း၊ စာဖတ်ခြင်းများသွားလျှင် ဇက်ကြောထိုးပါတော့သည်။ နာရီဝက်တစ်နာရီခန့် လဲလျောင်း၍ မျက်စိမှိတ်မှိန်းနေအနားယူလိုက်လျှင် သက်သာပါသည်။ ပြီးလျှင် စာမဖတ်စာမရေးနှင့်ဦး။ သွားလာလှုပ်ရှားနေလိုက်ရပါသေးသည်။ ထိုအခါမှသာ လုံးဝဇက်ထိုးသက်သာသွားရပါသည်။

သို့သော် တစ်ခါတစ်ရံ ဖတ်နေသောစာ၊ ရေးနေသောစာမှာ တစ်ထိုင်တည်းအပြီးရေးရန်၊ ဖတ်ရန်ကြုံနေသော အခါ ဇက်ကြောထိုးသော်လည်း ပေဇာတ၍ ဖတ်နေရေးနေမိရပါတော့သည်။အဆက်ဖြတ်ရပ်နားလိုက်လျှင် အစကပြန်ကောက်နေရမည်ဖြစ်သောကြောင့်ပင်။ အရှိန်ပင်ရပ်သွား၊ အရှိန်လျှော့သွားလျှင် အလွန်ဆိုးပါသည်။ စာရေး၊စာဖတ်ခြင်းအလုပ်သည် မည်သည့်အလုပ်နှင့်မှမတူ လွန်စွာကွဲပြားခြားနားလှပါသည်။ စာရေးဆရာတော်တော်များများမှာ တွေ့ကြုံဖူးမည်ဖြစ်ပါသည်။

ယခုလည်း သောကြာ ညနေ ရုံးမှအိမ်ပြန်ရောက်ချိန်မှစ၍ စာကြည့်ခန်း၊ စာရေးစားပွဲထိုင်ကာ ဖတ်စရာ၊ ရေးစရာ စာကြောင်းတွေကိုဆပ်လိုက်ရာ တကုပ်ကုပ်ဖတ်ရင်း၊ တကုပ်ကုပ်ရေးရင်း ဇက်ကြောမှာ မခံမရပ်နိုင်အောင်ထိုးလာပါသည်။ သို့သော် လက်စမသတ်၍မဖြစ်သော အခြေအနေမို့ အစအဆုံးပြီးအောင်ဖတ်၊ ပြီးအောင်ရေးလိုက်ရာ တနင်္ဂနွေနံနက်တွင် ဘယ်လိုမှ ပေလို့တေလို့မရတော့ဘဲ အိပ်ရာခုတင်ပေါ် လဲလျောင်းလိုက်ရပါတော့သည်။

အိပ်ရာပေါ်တွင် မျက်စိကိုမှိတ် အကြောအခြင်တွေလျှော့ပြီး အဝတ်စလေးပုံချလိုက်သလို ပျော့ပျောင်းစွာလဲနေပြီး ဆယ်ငါးမိနစ်ခန့်အကြာတွင် နှာခေါင်းဝ ဂန္ဓာရုံကြောတွေလန်းလာရသည်။ မွှေးသည်၊ နံ့သည်မဆိုသာသော နှစ်ခြိုက်ဖွယ်ရနံ့တစ်မျိုးရှူရှိုက်မိလာရသည်။ ထိုရနံ့ကို ပျောက်သွားမှာစိုးရိမ်သည့်အလား မက်မက်စက်စက်ရှူရှိုက်နေမိရသည်။ (၁၅) မိနစ်ခန့်ရှိသောအခါ လူမှာလန်းလာသည်။ ဇက်ကြောထိုးလည်းပြေလာပြီး မျက်ခွံတံခါးတို့တဖြည်းဖြည်းပွင့်လာ၏။ စာရေးသူ၏မျက်နှာရှေ့တွင် ဖြူဖြူအငွေ့လေးတွေမြင်မိသလိုဖြစ်လာပြီး တပ်မက်စွာရှူရှိုက်နေမိရသည်။

ထိုစဉ်မှာပင် -

“ဖအေကြီး သက်သာပလား ဇက်ကြောထိုးတာ။ ရှူဆေးနဲ့ချည်းမရဘူး။ ရော့ - ဒါလေးသောက်လိုက်။ ငါးမိနစ်အတွင်း သက်သာရာကနေ ချက်ချင်းပျောက်သွားလိမ့်မယ်”

ဟု ဆိုကာ ဇနီးသည်မှ တိုက်ကျွေးသော ဆေးခွက်ကို သောက်လိုက်ပါသည်။ မွှေးချိုဆိမ့်သောအရသာသည် စာရေးသူလျှာပေါ်ဝဲပျံ့စွဲနှစ်သွားပါသည်။

အကယ်ပင်. နောက် (၅)မိနစ်၊ (၁၀) မိနစ်ခန့်ရှိသောအခါ လုံးဝဇက်ကြောထိုးခြင်းမရှိတော့ဘဲ စာဆက်ရေး၊ စာဆက်ဖတ်နိုင်ခဲ့ရပါသည်။ ဇနီးသည်ကိုမေးကြည့်ရာ စာရေးသူအား နနွင်းမှုန့်ရှူစေပြီး အုန်းသီးအခွံချွတ်၊ အုန်းသီးရင့်အရည်ကို ပျားရည်နှင့်ဖျော်သောက်စေခြင်းဟု သိရပါသည်။

ထို့အတွက် ဇက်ကြောထိုးပါက နနွင်းမှုန့်အဝရှူပါ။ အုန်းသီးရင့်ရင့်အရည်ကို ပျားရည်နှင့်ဖျော်သောက်လိုက်ပါ။ လက်တွေ့ မိနစ်ပိုင်းအတွင်း လုံးဝသက်သာပျောက်ကင်းစေပါသည်။

စာရေးသူလက်တွေ့မို့ တင်ပြရေးသားပါသည်။

နတ်မောက်မင်းသန့်နိုင်

အာဘော်(မှော်)
မိန်းမလှကျွန်းမှာသာတဲ့လ

မိန်းမလှကျွန်းသည် ရေဝတ်မြစ်ကြီးစီးဆင်းရာ ပင်လယ်ဝတွင် တည်ရှိသည်။ ရေနံပိုင်ဦးရှင်ကြီး ဖောက်လမ်းစတင်ခဲ့သည့်ကျွန်းဖြစ်၍ ထင်ပေါ်ကျော်ကြားလူသိများသော ကျွန်းတစ်ကျွန်းဖြစ်လေသည်။

အဆိုပါကျွန်းတွင် လူမနေကိုင်းမရှိ ဆင်နေကျားအောင်းပိတ်ပေါင်းထူထပ်သော ဒီရေတောကြီးဖုံးလွှမ်းလျက်ရှိသည်။ ကျွန်း၏အလယ်တွင် မျောက်တစ်ရာ စေတီတော်မြတ်ကြီးကိန်းဝပ်စံပယ်လျက်ရှိသည်။ ထိုစေတီ၏ မူလဘုရားဒကာမှာ မွန်တိုင်းရင်းသားကျုံတုံးမြို့စားကြီး ဥပါးဇေယျဖြစ်သည်။

အဆိုပါမြို့စားကြီးတည်ခဲ့သော စေတီတော်သည် အနိစ္စကိုမလွန်ဆန်နိုင် အရွယ်အိုမင်း ဇရာတွင်းရောက်သည်နှင့် ပြိုလဲပျက်စီးသွားတော့သည်။

တိုစေတီပျက်နေရာတွင် ဦးနုဝန်ကြီးချုပ်ဖြစ်စဉ်က စေတီတစ်ဆူ အသစ်တစ်ဖန်ပြန်လည်တည်ခဲ့၏။ ယနေ့ဖူးတွေ့ရသောမျောက်တစ်ရာစေတီတော်ကြီးမှာ ဘုရားဒကာဦးနု၏ ကောင်းမှုတော်ဖြစ်သည်။

ကျွန်ုပ်တို့ အထက်ပုဂ္ဂိုလ်များ စေလွှတ်သဖြင့် လွန်ခဲ့သည့်နှစ် မေလက မျောက်တစ်ရာစေတီတော်သို့ သွားရောက်ခဲ့သည်။ ကျွန်ုပ်နှင့်အတူဇနီးသည် သန်းသန်းလှနှင့် တူမလေးစန္ဒာတို့ မောင်နှမတစ်စုလည်း လိုက်ပါလာကြသည်။

မျောက်တစ်ရာစေတီတော်မြတ်ကြီး

စန္ဒာသည် အသက် (၃၀) ကျော်နေပြီဖြစ်လင့်ကစား အိမ်ထောင်ရေးကို မစဉ်းစားမိဘနှစ်ပါးကိုရိုသားစွာကြိုးစား ရှာဖွေကျွေးမွေးနေသော မိန်းကလေးဖြစ်သည်။

ယခုအချိန်တွင် လိုင်သာယာ၌ လေးလုံးမြောက်တိုက်ဆောက်ပြီးချိန်တွင် စန္ဒာမှာ ကြွေးအတော်များများတင်တော့သည်။

"ကဲ · သမီး (၁၂) လပိုင်းအတွင်း ကြွေးတွေကျေရင် နတ်ကနားလာပေးပါ့မယ်လို့ ဦးရှင်ကြီးဆီမှာဆုတောင်းလိုက်။ သမီးဆန္ဒလုံးဝပြည့်ရမယ်လို့ အဘပြောရဲတယ်"

ဟု ဦးရှင်ကြီးနတ်ကွန်းရှေ့အရောက် ကျွန်ုပ်၏နှုတ်မှလွှတ်ခနဲထွက်သွား၏။ စန္ဒာလည်း မဆိုင်းမဆိုင်းမတွ ဆီမီး၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ပြီး ဆုတောင်းနေပေသည်။

စန္ဒာ၏ ဆုတောင်းသည် (၁၂)လပိုင်းမရောက်မီကတည်းကပင် ပြည့်ဝခဲ့လေသည်။ ထို့ကြောင့် မိန်းမလှကျွန်းသို့ သွားရောက်၍ နတ်ကနားပေးရပေတော့သည်။

သို့သော်လည်း စန္ဒာက လုံးဝ မအား။ အလုပ်မှာ သူမမရှိ၍ မဖြစ်ပေ။ သူမအလုပ်က နယ်စပ်တစ်နေရာမှာဖြစ်သည်။ ပွဲလင်းရက်သို့ရောက်လျှင် သူမအလုပ်က အားရနားရသည်မရှိပေ။ သင်္ကြန်ကျမှ အလုပ်ကပါးသွားသည်။ သည်တော့မှ အနားယူခွင့် အပန်းဖြေခွင့် ခရီးသွားလာခွင့်ရရှိလေတော့သည်။

သို့ဖြစ်၍ နတ်ကနားပေးရန်ကို



ရှာမှီမှုတင်ဆောင်နေသော
မျောက်တစ်ရာ ဆရာတော် ဦးသီရိ

ကျွန်ုပ်ခေါင်းပေါ်သို့ ကျရောက်လာတော့သည်။ ကျွန်ုပ်လည်း သူမ၏ ညီမယမင်းနှင့် အဒေါ်စိတ်ဆွေးနွေးတိုင်ပင်ပြီး (၁၉-၁၁-၁၇) နေ့တွင် ဦးရှင်ကြီးနတ်ကွန်းရှိရာ မိန်းမလှကျွန်းသို့ ခရီးနှင်ခဲ့တော့သည်။

မိန်းမလှကျွန်းသို့ ကျွန်ုပ်တို့ရောက်ရှိသွားချိန်တွင် မျောက်တစ်ရာဆရာတော်သည် ကျောင်းမှာမရှိ။ ကိုက်ကျောင်းဒကာ ကိုထွန်းထွန်းဝင်းနှင့်သာ တွေ့ရသည်။ (ကိုထွန်းထွန်းဝင်းသည် ကြိမ်ချောင်းကြီးရွာသားဖြစ်သည်၊ နာဂစ်တိုက်စဉ်က တစ်ရွာလုံးနီးပါးသေဆုံးကြရာ ထူးထူးခြားခြားအသက်ရှင်ကျန်ရှိနေသူဖြစ်သည်။)

ကိုထွန်းထွန်းဝင်းက ကျွန်ုပ်တို့ကို နေရာထိုင်ခင်းပေးပြီးသည်နှင့် သူကြုံတွေ့ရသော ဆရာတော့်အကြောင်းကို ပြောပြသည်။

"ဆရာတော်က ကထိန်ရက်ကပဲ ကျောင်းကိုပြန်လာတာ။ ခုတော့ တောနက်ထဲကိုပြန်သွားပြီဗျ၊ အဲဒီမှာ တစ်ပါးနေကျောင်းကလေးဆောက်ပြီး၊ တစ်ဝါတွင်းလုံး သီတင်းသုံးနေတာ"

"တောနက်ထဲမှာ သီတင်းသုံးတာဆိုတော့ ဆွမ်းကွမ်းကိစ္စဘယ်လိုလုပ်လဲဗျ"

ဟု ကျွန်ုပ်ကမေးလိုက်သည်။

"ဆွမ်းကဘာမှမရဘူးဗျာ။ သင်ပေါင်းဖူးတွေပဲဘုဉ်းပေးနေရတာပေါ့"

ဟု ကျွန်ုပ်၏ အမေးကိုဖြေပြီး ဆရာတော့်အကြောင်းကို ကိုထွန်းထွန်းဝင်းက ဆက်လက်ပြောပြန်သည်။

"တစ်နေ့မှာ ဘုတ်ငှက်တစ်ကောင် ကျောင်းထဲရောက်လာတယ်။ ရောက်တဲ့နေ့ကတည်းက လုံးဝပြန်မသွားတော့ဘူး၊ အစာလည်းမရှာဘူး၊ ရေလည်းမသောက်ဘူး။ ကျန်းမာရေးမကောင်းဘူးထင်ပါရဲ့ဗျာ။ ဒါနဲ့ ဆရာတော်က ဘုတ်ငှက်ကလေးကိုကြည့်ပြီး

တောချုံ [illegible] လောက်ရှုတ်လိုက်တယ်ဆိုရင်ပဲ [illegible] ငှက်ကလေးအကောင်းပြန်ဖြစ်သွားတယ်။

အဲ့ဒါ[illegible] [illegible]

အဘကိုးမင်းခေါင်

အဘကိုးကိုးအောင်

ယခင်နှစ်ပေါင်းများစွာကတည်းကရှိခဲ့သော
တစ်ကိုယ်တော်ဦးရှင်ကြီးရုပ်တု

ရေနံပိုင် ဦးရှင်ကြီးနှင့်
မယ်ခါး မယ်လှ

ကိုမြို့ရှင်နှင့်ပုလဲယဉ်



ရေနံပိုင်ဦးရှင်ကြီးစီးတော်ကျား

ရေနံပိုင်ဦးရှင်ကြီးစီးတော်[illegible]

ငှက်တို့ရဲ့ သဘာဝဟာ လူနဲ့နီးတဲ့နေရာ မှာနေလေ့မရှိဘူး။ မြို့တွေရွာတွေမှာ မနေဘူး။ တောထဲမှာနေပြီး ပိုးကောင် မွှားကောင်ကလေးတွေကိုပဲ ရှာစားတာ။ အဲဒီဘုတ်ငှက်က ဆရာတော်အနားမှာ နေပြီး ဆရာတော်စားတဲ့ သင်ပေါင်းဖူး ကိုပဲ စားတော့တာပဲဗျ။"

ဟု ပြောပြီး ရေနွေးကြမ်းငှဲ့ သောက်သည်။ ပြီးတော့မှ -

ကြွက်ကလေးတွေအကြောင်းက လည်း စိတ်ဝင်စားစရာကောင်းတယ်ဗျ။ အကောင်ကတော့ အစိတ်သုံးဆယ် လောက်ရှိမယ်ထင်ပါရဲ့။ သူတို့လည်း ဘုတ်ငှက်လေးလိုပဲ ဆရာတော့်အနား မှာနေပြီး ဆရာတော်စားတဲ့အစားအစာ ကိုပဲစားကြတယ်။

ဒီလိုနဲ့ နေလာခဲ့ကြတာ ဝါကျွတ် တော့မယ်ဆိုပါတော့။ ဝါကျွတ်ရင် ဆရာ တော်ကျောင်းကိုပြန်ပြီးကထိန်ခင်းရဦး မယ်လေ။ ဒါကြောင့် တစ်နေ့မှာ ကြွက် ကလေးတွေ အစားစားနေတာကိုကြည့် ပြီး ဆရာတော်က -

'မင်းတို့ခုတော့ ဝအောင်စားထား ကြကွာ။ နောက် (၂) ရက်လောက်ဆို ဆရာတော်ပြန်ရဦးမယ်။ မင်းတို့ဝမ်းရေး အတွက် ဆရာတော်ရတက်မအေးဘူး ကွယ်'

လို့ နှုတ်ကနေရေရွတ်လိုက်တယ်။ နောက်တစ်နေ့ကနေစပြီး ကြွက်ကလေး တွေ တစ်ကောင်မှ မလာတော့ဘူးဗျာ။ ဘုတ်ငှက်ကလေးပါ ပြန်သွားတယ်လေ။ တပည့်တော်တို့ ဝမ်းရေးအတွက် တပည့် တော်တို့ ရှာစားနိုင်ပါတယ်။ စိတ်ချလက် ချသာသွားပါဆရာတော်ရယ်လို့ ဆိုလို ချင်တဲ့သဘောလားမသိပါဘူးဗျာ"

ဟု ပြောသည်။

ကျွန်ုပ်တို့အားလုံး ကိုထွန်းထွန်း ဝင်း၏အပြောမှာ စီးမျောနေကြသည်။ ကိုထွန်းထွန်းဝင်းလည်း စကားကိုဆက် ပြောသည်။

"ဆရာတော်ဆောက်လုပ်ထားတဲ့ ကျောင်းကလေးက ရိုးချောင်းကလေး ဘေးမှာလေဗျာ။ တစ်ခါတလေ ညဘက် မှာ အဲဒီရိုးချောင်းကလေးထဲကနေ ကျွဲ အော်သလို ညွှမ့်.. ညွှမ့်နဲ့ မိကျောင်း အော်သံကိုကြားရတယ်။ အဲဒီရိုးချောင်း ထဲရေချိုးတဲ့ ဆရာတော်ကိုတော့ လုံးဝ အန္တရာယ်မပြုဘူး။

ကျွန်တော်တို့ကျွန်းမှာ မိကျောင်း ကအရမ်းပေါတာဗျ။ အရင်လကတောင် ဟိုဘက်နားက မိကျောင်းခေါင်းပုတ် ချောင်းမှာ မိန်းကလေးတစ်ယောက်ကို မိကျောင်းဆွဲသွားတယ်။ မနှစ်ကလည်း အမဲချောင်းမှာ ယောက်ျားတစ်ယောက် မိကျောင်းဆွဲခံရပြန်တယ်ဗျာ။

ဒီကျွန်းနဲ့ကပ်လျက်က ဆပ်ကျွန်း မှာတော့ မကြာခဏ မိကျောင်းဆွဲခံရ တယ်။ မနှစ်က ကိုရင်လေးတစ်ပါးနဲ့ လူငယ်တစ်ယောက်မိကျောင်းဆွဲခံလိုက် ရတဲ့သတင်းကို ခင်ဗျားတို့ သတင်းစာတွေမှာ ဖတ်လိုက်ရမယ်ထင်ပါရဲ့"

က

ဘိုကလေးမိန့်မင်းဆန်း၊အဝီးနှင့် ရန်ကုန်နတ်ကတော်အက

ဆရာတော် သီတင်းသုံးရာ တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းကလေး

ဖရဲသခွားစားသည့်
တောင်ယာတောက အဖိုးနဲ့ ဖထီး

"ဟုတ်ကဲ့ - ဖတ်လိုက်ရပါတယ်။ မြန်မာ့အသံက ကြေညာတာကိုလည်း နားထောင်လိုက်ရပါတယ်ဗျာ"

ကိုထွန်းထွန်းဝင်းလည်း ဆေးလိပ် ကို မီးညှိကာ အားပါးတရဖွာရှိုက်ပြီး -

"အေးဗျာ-အဲဒီလောက်မိကျောင်း ပေါတဲ့မြစ်ထဲကို ဟိုတစ်လောက မြစ်ကမ်း စပ်မှာ တရားထိုင်နေတုန်းရေတက်လာ လို့ ဆရာတော်မျောသွားတယ်လေ။ မိကျောင်းတွေက ဆရာတော့်ကို လုံးဝ အန္တရာယ်မပြုဘူးဗျာ။ အံ့ဩစရာကောင်း တာက ရေထဲမျောပါသွားတာကို ဆရာ တော်မသိဘူးတဲ့။ ဆရာတော်ရေထဲမြုပ် မသွားဘဲ ရေပေါ်မှာပေါလောပေါ်နေ တာကိုကလည်း မယုံနိုင်စရာပါဘဲဗျာ။ ကျွန်တော်တို့သွားဆယ်တော့မှ ရေထဲ မျောနေတာကို သတိထားမိတော့တယ် တဲ့"

ဟုဆိုကာ စကားကိုအဆုံးသတ် လိုက်ပြီး ဆရာတော်[illegible] [illegible] လှမ်းရှာတဲ့ကြမ်းပေး၏။

ထို့နောက် ကိုထွန်းထွန်းဝင်း၏ ခေါ်ကာ ဆရာတော်ရှိရာတောနက်ထဲ သို့ သွားကြသည်။ လမ်းက အတော်ဆိုး သည်။ ရွှံ့တွေ၊ ဗွက်တွေ၊ ရေကူတွေနှင့် အချို့နေရာမှာ ရွှံ့နွံတွေက ဒူးခေါင်းထိ ရောက်သည်။ စူးလျှင် အသည်းမိုက် အောင်နာကျင်သည့် သင်ပေါင်းဆူးကို ရှောင်တိမ်းရသည့်မှာလည်း မလွယ်လှ။ ခရီးကလှမ်း၊ လမ်းကကြမ်းတော့ ပင်ပန်း လိုက်သည်မှာလည်းသေလုမတတ်ပါဘဲ။

သို့နှင့် ကျွန်ုပ်တို့တွေ ဆရာတော် ရှိရာသို့ ရောက်ရှိသွားတော့သည်။ ကျွန်ုပ် တို့ရောက်ရှိသွားချိန်တွင် ဆရာတော် သည် သမဲ့ပင်အောက်တွင် ကမ္မဋ္ဌာန်း ထိုင်လျက်ရှိသည်။ ကျွန်ုပ်တို့လည်း ညင်သာစွာ ချဉ်းကပ်ကန်တော့ပြီး ဆရာတော် ကမ္မဋ္ဌာန်းဖြုတ်ချိန်ကို ငြိမ်သက်စွာစောင့်နေလိုက်သည်။

မကြာလိုက်ပါ။ ဆရာတော် ကမ္မဋ္ဌာန်းဖြုတ်သည်။

သည်တော့မှ ကျွန်ုပ်တို့လာရောက် ရသည့်အကြောင်းကို ဆရာတော်အား လျှောက်ထားပြီး ဆရာတော်၏ ခွင့်ပြု ချက်ကို တောင်းခံသည်။ ဆရာတော်က အလွယ်တကူပင် ခွင့်ပြုပါသည်။

ကိစ္စမများ၊ စကားနည်းစေ၊ အိပ် နေမှုနည်း၊ ကိုယ်တည်းဖော်လေ၊ ရော နှောမပြု ခဲ့မှုရှောင်သွေ၊ အသေကောင်း ဖို့ အကြောင်းဂုဏ်ခြောက်တွေ ဆောင် ပုဒ်နှင့်အညီ ဆရာတော်ကျင့်ကြံကြိုး ကုတ်အားထုတ်နေသည်လားမသိ စကား များများပြောချင်ပုံမပေါ်။ ပရိသတ်နှင့် လည်း ပျော်ချင်ပုံမရ၊ သို့ဖြစ်၍ အရညာ ဝါသီတောရပ်မှီနေခြင်း ဖြစ်ပေလိမ့် မည်။ ထို့ကြောင့် ကျွန်ုပ်တို့လည်း အလိုက်သိစွာဖြင့် ဆရာတော်အပါးမှ ထွက်ခွာလာပါတော့သည်။

ရှင်လန်းချမ်းမြေ့နိုင်ကြပါစေ

ဘဘမှဲ့ (မှော်ဘီ)

(အစစအရာရာ အကူအညီပေး ကြသော ဂေါပကဉ္စကြီး [illegible] ကျောင်းအုပ်ဆရာကြီး ဦး[illegible] ကိုဇော်မင်း (တော်[illegible]) အထူးတင်ရှိပါသည်)

မကြာခဏ မိကျောင်းအော်သံကြားရသော ဆရာတော့်ကျောင်းအနီးရှိ ရိုးချောင်း

ဆရာတော်အားဖူးမြော်ရန်သွားကြသော စာရေးသူတို့အဖွဲ့
ခရီးကလှမ်း၊ လမ်းကကြမ်း၊ ပင်ပန်းလိုက်သည်မှာ သေလုမတတ်

လက်ဝဲဘက်မှကျွန်းသည် ဦးရှင်ကြီးဓာတ်လမ်းတောင်ရာ ကျွန်းညီကြီး၊
လက်ယာဘက်မှကျွန်းသည် မကြာခဏ မိကျောင်းအန္တရာယ်ကြုံရသော ဆပ်ကျွန်း၊

ကိုဇော်ဝင်း

(လှတော)

ပရိတ်ပဌာန်းအလင်းရောင်အောက်မှ အိမ်မြှောင်ကြီးတစ်ကောင်နှင့် ရွှေရောင်ဗိမာန်တော်

ကြေးစည်သံ၊ ဖုံမောင်းသံ၊ စည်သံ မောင်းသံ ခြိမ့်ခြိမ့်သည်း၍ ပန်းစုံရနံ့သင်း သင်းပျံ့လျက် ရှိပြီး နတ်သမီးနတ်သားခြံရံအားဖြင့် နတ်ပန်းရထားကြီး ဆိုက်ရောက်လာသောအခါ. . .။

■

ကျွန်တော့်အဘိုး ဦးဘိုးဖုံ၏ညီမ တစ်ဝမ်းကွဲ ကျွန်တော့်အဘွား ဒေါ်မြရင်သည် ကျွန်တော်အိမ်ဝိုင်းမြောက်ဘက် တစ်ဝိုင်းကျော်မှာ သမီးအကြီးဆုံးကမွေးသောမြေးမလေးနှင့်အတူ နေထိုင်ပါ၏။

အဘွား၏အသက်မှာ (၉၇) နှစ်ဖြစ်ပါသည်။ သားရဟန်း၏ဆောင့်ရှောက်မှု၊ သားအရာရှိ၏ အထောက်အပံ့ဖြင့် အေးငြိမ်းချမ်းသာကျန်းမာတင့်တယ်စွာ ရှိသည်။

နှစ်စဉ်နှစ်တိုင်း ဝါဆိုသင်္ကန်းကပ်ခြင်း၊ ကထိန်ခင်းခြင်းများနှင့်အတူ နံနက်ခင်းတိုင်း အိမ်ရှေ့ကြွလာသမျှ သံဃာတော်များကို ဆွမ်း၊ ဆွမ်းဟင်းနှင့်မုန့်ပဲ အစုံ လောင်းလှူကာကုသိုလ်ယူသကဲ့သို့ ဆိုက်ရောက်လာသမျှ အလှူခံပုဂ္ဂိုလ်များကိုလည်း ထိုက်သင့်သမျှလှူဒါန်းပါသည်။

အဘွားဒေါ်မြရင်၏ဝေယျာဝစ္စမှန်သမျှကို အသက် (၂၀) အရွယ် ဘွဲ့ရပညာတတ် မြေးမလေးက လုပ်ကိုင်ပေးပါ၏။

ကျွန်တော်နှင့်ကျွန်တော့်မိသားစုက နေ့စဉ် စားဦးသောက်ဦးမွှန်မွှန်မြတ်မြတ်ပို့သကဲ့သို့ အခါကြီးရက်ကြီးများမှာ အဝတ်အထည်၊ ဆေးဝါးများတို့ဖြင့် ကန်တော့ပါသည်။

အဘွားသည် အချိန်ရသမျှ ဓမ္မကထိကဆရာတော်ကြီးများ၏ ပရိတ်ပဌာန်းပါဠိတော်များ၊ ဟောကြားအပ်သောတရားတော်များကို နာယူပါသည်။

သားရဟန်းက ရန်ကုန်မြို့မှာ သီတင်းသုံး၍ အရာရှိက ရန်ကုန်မြို့ ဌာနကြီးတစ်ခုမှာ တာဝန်ထမ်းဆောင်ပါသည်။

မိခင်ကြီးရှိရာ သားရဟန်း မကြာခဏကြွလာပါသောကြောင့် သားအရာရှိက မိခင်ကြီးရှိရာ ရောက်မလာနိုင်ငြား မိခင်ကြီးအတွက် လိုအပ်သမျှ ငွေကြေးကို သက်ဆိုင်ရာ ဘဏ်များမှလွှဲ၍ လည်းကောင်း၊ အစားအသောက်အဝတ်အထည်ဆေးဝါးများကိုလူကြုံဖြင့်ဖြစ်စေ အိတ်စ်ပရက်ကားများဖြင့်လည်းကောင်း ပို့ပေးနေပါသည်။ တစ်ကိုရဟန်းတော်နှင့်လည်းထည့်ပေးတတ်ပါ၏။

သားနှစ်ယောက်အားဖြင့် အဘွားဒေါ်မြရင် ကျန်းမာသက်ရှည်ပါသည်။ ကျွန်တော်နှင့် ကျွန်တော့်မိသားစုမှာ အဘွားနှင့်အနီးကပ်နေထိုင်ပြုစုခွင့်ရနေပါ၍ ကုသိုလ်ဖြစ်ခွင့်ရှိပါ၏။

အသက်(၉၇)အဘွားမှာ မျက်စိနားကောင်းပြီး ကိုယ်တိုင်ထသွားလုပ်နိုင်၏။ သတိကောင်း၏။ မျက်စိကောင်းပါသည်။

■

၁၉၇၄ ခုနှစ် ကျွန်တော်(၁၀)တန်း အောင်ပါ၏။ ဌာနတစ်ခုမှ အလုပ်ခေါ်သဖြင့် ဝင်လျှောက်ရာ အငယ်တန်းစာရေးရ၏။

လုပ်သက် (၃) နှစ်ပြည့်ပြီးချိန် ကျွန်တော်အိမ်ထောင်ပြုပါသည်။ နှစ်ဖက်မိဘများ သဘောမတူကြပါ၍ အိမ်သူကို ကျွန်တော်ခိုးယူခဲ့ရ၏။ နှစ်ဖက်မိဘများ၏ပစ်ထားခြင်းကိုခံရ၏။

ဝင်ငွေမှာ ကျွန်တော့်လစာ (၂၇၅) ကျပ်သာရှိပါ၍ အနည်းငယ်ကသိပါသည်။ သို့သော် ကျွန်တော့်အိမ်သူက အသုံးအစွဲစေ့စပ်သည်။ စနစ်တကျစီမံခန့်ခွဲတတ်ပါသည်။

အိမ်လခ (၃၅) ကျပ်၊ လစဉ်ငွေစုငွေချေးမှာ (၃၅) ကျပ်စုပါသည်။ ကျန် (၂၀၅) ကျပ်ဖြင့် တစ်လလုံးအဆင်ပြေစေပါ၏။

ခရီးထွက်ရသောရက်များမှာ ခရီးစရိတ်အပိုဝင်ငွေရပါ၏။ သမီးဦးလေး ဖွားပြီးချိန် မြို့စည်ပင်သာယာဝဈေးအသစ်တည်ဆောက်ပါသည်။ အိမ်သူက ဆိုင်ခန်းတစ်ခန်းလျှောက်ရာရပါသည်။ ဆိုင်ခန်းအတွက် (၁၅၀၀) ကျပ်သွင်းရသည်။ ထိုငွေကို ငွေစုငွေချေးမှ ရပါသည်။

ဝါသနာအရ စာအုပ်များစုဆောင်းထား၏။ ဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်းများ၊ ကာတွန်းစာအုပ်များရှိ၏။

အိမ်သူက ကျွန်တော်စုထားသော စာအုပ်များနှင့် စာအုပ်အငှားဆိုင်လေးဖွင့်ပါ၏။ နေ့စဉ်ဝင်ငွေရ၏။

ဝတ္ထုမှာ ဆွေလှိုင်ဦးနာမည်ကြီးနေ၏။ ကာတွန်းမှာ စံရွှေမြင့်ဖြစ်သည်။

နောက် ကာတွန်းနေကျော်ပေါ် ထွက်လာ၏။ ဆွေလှိုင်ဦး၏ မချော လေးယောက်ကိုယ်တစ်ယောက်၊ ဂျက်မအေးပွင့်မြင့်မြင့်စန်းလမ်းသုံးဆယ်ဝတ္ထု များ လက်မလည်အောင် ငှားရ၏။

စာအုပ်ဆိုင်ဝင်ငွေကောင်းသည်၊ အမြတ်အစွန်းရ၏။ အိမ်သူက တလှကျွန် ပစ္စည်းပါတွဲတင်၏။

နံနက်ပိုင်း အလုပ်မသွားမီ အိမ်သူကိုကူရ၏။ ညနေပိုင်းအလုပ်မှပြန် ချိန်ကူရ၏။ ဆိုင်ဖွင့်ပေး ဆိုင်သိမ်းပေး ရ၏။

ကျွန်တော် ဆိုင်ကူပေးပါသော ကြောင့် အိမ်သူချက် နိုင်ပြုတ်နိုင်သည်။ အ လျှော်အဖွပ်လုပ်နိုင်သည်။

သမီးလေးကို သားသမီးမရှိသော မိတ်ဆွေလင်မယားကကူထိန်းပါသည်။

သို့ဖြစ်၍ ကျွန်တော် နှင့် အိမ်သူ စီးပွား ရေး ကောင်းစွာ လုပ်နိုင်ပါသည်။ ကျွန် တော့်ဘဝတွင် အပျော်ရွှင်ဆုံး ကာလများဟု ဆိုနိုင်ပါသည်။

ညီဝမ်းကွဲတစ်ယောက် အလုပ်မရှိ ပါ၍ ကျွန်တော် လူကြီးများကို အကူ အညီတောင်းပြီး အလုပ်သွင်းပေးရပါ သည်။

ထိုညီဝမ်းကွဲက (၁၀) တန်း မအောင်ပါ။ အိမ်ထောင်သည် လည်းဖြစ်၏။ သားတစ်ယောက် သမီးတစ်ယောက်ရှိ၏။

နှစ်ဖက်မိဘ အထောက်အပံ့ရ၍ ပြည့်စုံကြပါ၏။

သို့သော် ကျွန်တော်ညီဝမ်းကွဲအိမ်သူက လက်ဖွာသည်။ ငွေကြေးအသုံးအစွဲစနစ်မရှိ။

နောက်ပိုင်း ကျွန်တော့်အိမ်သူနှင့် ညီဝမ်းကွဲအိမ်သူက မတည့်မသင့်ဖြစ်လာ၏။ မိန်းမချင်းမြိုင်လာ၏။

ထိုအခါ ညီဝမ်းကွဲ၏ အိမ်သူ ပေါင်းပြီး ကျွန်တော့်မိသားစုပျက်စီးပြိုကွဲအောင် လုပ်လာကြပါတော့သည်။

ငွေကြေးစိတ်ချ၊ လက်ရေးလက်သားသေသပ်၍ စာရင်းဇယားနိုင်နင်းပါသောကြောင့် အထက်လူကြီးများက ကျွန်တော်ကို သဘောကျ၏။ ထိုကိစ္စကိုလည်း ကျွန်တော့်ညီက မလိုတမာဖြစ်၏။

ကျွန်တော့်အိမ်သူက လစာစရိတ်စု၊ ဆိုင်ဝင်ငွေဖြင့်သုံးစွဲ ပိုသမျှစုခဲ့ပါ၍ ကျွန်တော်တို့မြေကွက်တစ်ကွက်ဝယ်ပါသည်။

ညီဝမ်းကွဲ၏အိမ်သူမိဘများမှာ ငွေကြေးတောင့်တင်းပါ၍ သမီးတောင်းသမျှ ပေးပါ၏။ ညီဝမ်းကွဲလစာမှာ သူ့အိမ်သူမုန့်ဖိုးမျှသာရှိ၏။ အသုံးအစွဲကြီးပါသောကြောင့် မစုမိမဆောင်းမိ

နေ့ရက်များကုန်လာ၏။

ကျွန်တော်တို့မြေကွက်ဝယ်သောအခါ သူတို့လည်း ဝယ်ချင်လာ၏။ နှစ်ဖက်မိဘများကို အပူတိုက်သဖြင့် သူတို့လည်း မြေကွက်လိုက်ဝယ်လာပါသည်။ ကျွန်တော်လည်း ညီဝမ်းကွဲနှင့်ခပ်တန်းတန်းဖြစ်လာ၏။ မကြာခဏ အလုပ်နှင့်ပတ်သက်ပြီး ကျွန်တော်အတိုင်အတောခံရသဖြင့် ခြေရှုပ်နေရ၏။

တစ်လတဲ (၄) ကြိမ်တိတိ အစစ်အဆေးခံရ၏။ တစ်ရက် နှစ်ချုပ်အရေးကြီးနေသဖြင့် အခန်းပိတ်နှစ်ချုပ်ရေးဆွဲနေပါသည်။ နေ့ (၁၂) နာရီဖြစ်ပါ၏။ နံနက်စာပင် ကျွန်တော်ပြန်မစားရသေး။

တံခါးခေါက်သံကြောင့် ကျွန်တော်ထဖွင့်ပေးရ၏။ မြို့နယ်စာရင်းစစ်အဖွဲ့နှင့်တာဝန်ရှိလူကြီးများဖြစ်ပါသည်။

ကျွန်တော် အံ့သြသွားပါသည်။

နှစ်တစ်နှစ် နှစ်ချုပ်တွက်ပြီးမှ စာရင်းစစ်ကဝင်ပါသည်။

စာရင်းစစ်အဖွဲ့နှင့် လူကြီးများကို လက်ဖက်ရည်မှာပေးရန် သတိရ၍ ကျွန်တော်ထိုင်ခုံမှထရာ အဖွဲ့ခေါင်းဆောင်က ကျွန်တော့်ကို ထခွင့်မပေးသောအခါ ကျွန်တော်ပို၍ အံ့ဩခဲ့ပါ၏။

တံခါးပိတ်စစ်သည့်တိုင်စာကြောင့် အရေးပေါ်လာရကြောင်းပြော၏။ ငွေစာရင်းများဝင်ငွေအသုံးစရိတ်အားလုံးစစ်သည်။ ညနေ (၅) နာရီမှစစ်၍ပြီးသည်။

ကျွန်တော့်အထက်အရာရှိက ရုံးခန်းပြင်ဆင်စရိတ်ထုတ်ပြီး သင်တန်းသွားရပါသောကြောင့် ကျွန်တော့်ကို တာဝန်ပေးခဲ့၏။ ငွေအပ်ခဲ့၏။ ကျွန်တော်ပြင်ရ၏။

ငွေထုတ်ပြေစာတွင် ထုတ်ယူသူအမည်က ကျွန်တော်မဟုတ်။ လက်မှတ်က ကျွန်တော်လက်မှတ်မဟုတ်။

သို့သော် ထုတ်ငွေနှင့်ပြင်ဆင်ခကို ကျွန်တော်ရှင်းနိုင်သည်။ အလွဲသုံးစားမဖြစ်မတွေ့။

စစ်ဆေးရေးခေါင်းဆောင်က ပြန်ခါနီးတွင် တိုင်ကြားစာကို ကျွန်တော်ပြပါသည်။ သတိထားပါဟုလည်း မှာပါသည်။

ကျွန်တော်ကို တိုင်သူက အခြားသူမဟုတ်။ ကျွန်တော်အလုပ်သွင်းပေးသော ကျွန်တော့်ညီဝမ်းကွဲဖြစ်ပါ၏။

ခုံအဖွဲ့စစ်ဆေးရေးအစီရင်ခံစာထွက်မလာသေး၍ ကျွန်တော်စိတ်မချမ်းသာ ကျွန်တော်မစားနိုင်မအိပ်နိုင်။

အလုပ်မှလည်း (ယာယီ) ရပ်နားထား၍ ကျွန်တော်သောကကြီးပါသည်။ ဆိုင်ဝင်ငွေကောင်းနေ၍ ကျွန်တော့်အိမ်သူက အလုပ်ထွက်ခိုင်းနေသည်။ ကျွန်တော်က အလုပ်ကို သံယောဇဉ်ဖြစ်နေသည်။ သံယောဇဉ်ကြီးနေ၏။

အိမ်သူအတွက် ဆိုင်ဖွင့်ပေးပြီး လက်ဖက်ရည်ဆိုင်သွားရန်ပြင်နေချိန် ကျွန်တော့်ဦးလေးရောက်လာ၍ ကျွန်တော်တို့အတူထွက်ခဲ့ကြ၏။

လမ်းအုံက လက်ဖက်ရည်မှာ ထိုင်ခဲ့ကြ၏။ သောက်ရည်မှာ၏။ မုန့်မှာ၏။ ဦးလေး မုန့်စား၊ လက်ဖက်ရည်သောက်ပြီးချိန် ကျွန်တော်က မုန့်နှင့်သောက်ရည်ခွက်ကို မတို့မထိရသေး။

"မင်းမျက်နှာမကောင်းပါလား လင်မယားစကားများထားလို့လား"

ဟု ကျွန်တော်ဦးလေးက ရေနွေးကြမ်းတစ်ခွက်သောက်ရင်းမေးပါ၏။

ကျွန်တော်က အစစ်ခံထားရကြောင်း၊ အစီရင်ခံစာမထွက်သေးကြောင်း၊ အလုပ်နားထားကြောင်း ပြောလိုက်ရ၏။

"ဟာကွာ-တိုက်ဆိုင်တယ်ပြောရမလားမသိဘူး။ ညနေ ဘရသေ့သွားကန်တော့မလို့။ အဘညောင်ကုန်းမှာရောက်နေတယ်။ အဲသဟာကွာ တစ်ယောက်ယောက်ခေါ်သွားမယ်စိတ်ကူးတော့ မင်းကိုပဲ အထပ်ထပ်စိတ်ကူးမိတာနဲ့ထွက်လာတာကွာ။ မင်းလိုက်ခဲ့မယ် မဟုတ်လား"

ဟု ဦးလေးက ပြောပါ၍ လိုက်ခဲ့မည့်အကြောင်း ကျွန်တော်ပြန်ပြောရပါသည်။ ဘရသေ့ဟုဆိုရုံဖြင့် အသံကြားရုံမျှဖြင့် ကျွန်တော့်စိတ်များ ကြည်လင်လာပါသဖြင့် အံ့ဩမိရ၏။ ကျွန်တော်မုန့်စား လက်ဖက်သောက်ရည်သောက်၏။ စားပွဲထိုးလေးခေါ်ပြီး ကျသမျှအားလုံးရှင်းပေးလိုက်၏။

ဦးလေးက သူ့အိမ်အတွက် ဈေးဝယ်ရန် ဈေးအတွင်းဝင်သွားပါတော့သည်။ ကျွန်တော်က ဆိုင်ကိုလျှောက်လာ၏။

■

ကျွန်တော်တို့နေရာနှင့် ညောင်ကုန်းက (၂)မိုင်မျှဝေးပါသည်။

ညနေ (၃း၃၀) တွင် စက်ဘီးဖြင့် ကျွန်တော့်ဦးလေးရောက်လာ၏။

ဆိုင်ပိတ်မပေးနိုင်တော့ကြောင်း အပြန်မိုးချုပ်သော် စိတ်မပူရန် အိမ်သူကိုမှာပြီး ကျွန်တော်တို့စက်ဘီးကိုယ်စီဖြင့်ထွက်ခဲ့ကြပါသည်။

ညောင်ကုန်းရွာသည် ကားလမ်းဘေးမှာမဟုတ်။ ကားလမ်းအနောက်ဘက်မြေသားလမ်းအတိုင်း တစ်မိုင်နီးပါးခရီးဆက်ခဲ့ရပါ၏။

ဘရသေ့သည် ရွာအဝင်ရှိ ကျောင်းဓမ္မာရုံအတွင်းမှာ သီတင်းသုံးနေပါ၏။ ဓမ္မာရုံရှေ့မြေပြင်မှာစက်ဘီးများထောင်ပြီး ဓမ္မာရုံထဲဝင်ခဲ့ကြသည်။

ဘရသေ့ကို လာရောက်ကြည်ညိုကြသူများ ယောက်ျား၊ မိန်းမ လေးငါးဆယ်မျှ ဓမ္မာရုံအတွင်းရှိနေရောက်နေကြပါသည်။

ကျွန်တော်တို့ပါလာသောအလင်းတိုင်ထုပ်များ၊ အမွှေးတိုင်ထုပ်များကျ၍ အဘကိုကန်တော့ပြီး နောက်ဘက်မနီးမဝေးမှာ ထိုင်ကြပါသည်။

ဦးလေးနှင့်ကျွန်တော်ထိုင်မိချိန်

"ငါ့သားလာပါပြီ"

ဟု အဘက ကျွန်တော့်ကိုခေါ်ပါ၍ ကျွန်တော့်အဘရှိရာ လက်အုပ်ချီလာခဲ့ရပါသည်။

အဘက သူ့ရှေ့မှာ ကျွန်တော့်ကို ဒူးတုပ်ထိုင်ခိုင်းပါသည်။ ကျွန်တော် လက်အုပ်မဖြေသေးဘဲ အဘကိုကြည်ညိုစွာ မော့ဖူးမိပါသည်။

အဘလက်များဖြင့် ကြင်နာစွာ ကျွန်တော့်ခေါင်းကိုကိုင်ထားပါသည်။

"အေး-လူလေး အပူကြီးနဲ့တည့်တည့်တိုးနေပါပြီကောလား။ ဟုတ်ပြီ ဒီအချိန်ကစပြီး လူလေး မပူနဲ့တော့။ လူလေး အဘနဲ့တွေ့တာ အပူငြိမ်းပြီလို့မှတ်"

ဟု မိန့်ကြားပါသည်။

အဘဘယ်ဘက်မှာဘုရားဆောင်ရှိ၏။ ဘုရားဆောင်အတွင်းမှာ ရွှေသားအတိဆင်းတုတော်တစ်ဆူကိန်းဝပ်စံပယ်တော်မူနေသည်။

သောက်တော်ရေတစ်ခွက် အဘက ပြင်ဆင်ပေးသဖြင့် ဘုရားရှင်ကို ကျွန်တော့်လှူသည်။ ပြီးနောက် အဘရသေ့စီစဉ်ပေးသည့်အတိုင်း ဘုရားရှင်ကို အလင်းတိုင်တစ်ထုပ်လုံး၊ အမွှေးတိုင်တစ်ထုပ်လုံး ထွန်းညှိပူဇော်ရပါ၏။

ထိခြင်းငါးပါးဖြင့် ဘုရားရှင်ကို ကန်တော့ငါးပါးသီလခံယူဆောက်တည် မေတ္တာပို့ အမျှအတန်းပေးစေခဲ့ရပါ၏။

အဘက ကျွန်တော့်ကို ရေစင်တစ်ခွက်တိုက်၏။ ကွမ်းတစ်ယာပေး၏။ အဘတိုက်သောရေစင်ကို ကျွန်တော်သောက်ခဲ့ရ၏။ အဘကျွေးသော ကွမ်းတစ်ယာကို ကျွန်တော်စားပါ၏။

ကျွန်တော့်တစ်သက်လုံးလုပ်ကိုင်ဆောင်ရွက်နေထိုင်သွားရန် သူတော်စင်အဘပင် သတ်မှတ်ပေးသွားပါ၏။ ပေးသွားခဲ့ပါ၏။

စစ်ဆေးရေးအဖွဲ့အစီရင်ခံစာထွက်လာပြီးနောက် ကျွန်တော့်ပြောင်းမိန့်ကျပါ၏။ လုပ်ငန်းခွဲတစ်ခုကိုရောက်ရ၏။

ကျွန်တော်ညီဝမ်းကွဲလည်း အခြားဌာနတစ်ခုပြောင်းရပြီး တစ်လပြည့်ပြီးချိန် ထုတ်ပယ်ခံလိုက်ရ၏။ နောက်ဌာနဝန်ထမ်းများနှင့်မသင့်မြတ်သောကြောင့်ဟုသိရ၏။

ကျွန်တော် စိတ်မကောင်းပါ။ ကျွန်တော်လည်းတစ်နှစ်မျှဆက်လုပ်ကိုင်ပြီး အိမ်သူဆန္ဒအရ အလုပ်ထွက်လိုက်ပါသည်။ အဘသတ်မှတ်တာဝန်ပေးထားသည့်အတိုင်း ကျွန်တော်ပြုမူနေထိုင်ပါသည်။

သားကြီးငါးကြီး ကျွန်တော်မစားတော့ပါပြီ။ ဆက်ဆံထိတွေ့ရသူမှန်သမျှကို မေတ္တာအပြည့်ကျွန်တော်ထားပါ၏။

ထိပါးစော်ကားခံရသမျှ သည်းခံသည်။

မေတ္တာပါရမီ၊ သည်းခံခြင်းပါရမီကို အစဉ်ကျင့်သုံးပါ၏။

နံနက် (၃း၃၀) ကျွန်တော်အိပ်ရာကထသည်။ ကိုယ်လက်သန့်စင်ပြီး ဘုရားခန်းဝင်ပါတော့၏။ မျက်နှာသစ်တော်ရေ၊ သောက်ရေကပ်လှူ၊ အမွှေးတိုင်၊ အလင်းတိုင်ထွန်းညှိပူဇော်။ ဘုရားရှိခိုးကန်တော့ကာ သီလဆောက်တည် မေတ္တာပို့အမျှအတန်းပေးဝေ။

ပြီးနောက် ပရိတ်ပဌာန်းတော်များ ရွတ်ဖတ်၊ ဂုဏ်တော်ပုတီးစိပ်။ နံနက်(၆)နာရီမှာ ကျွန်တော်ဘုရားခန်းကထွက်၏။

ညနေပိုင်း ဆိုင်သိမ်းပြီးနောက် ကျွန်တော် (၂)မိုင်မျှ လမ်းလျှောက်ထွက်ပါသည်။ လမ်းလျှောက်ရာမှအပြန် ခဏအမောဖြေပြီး ရေချိုးသန့်စင်ပြီး မိသားစုနှင့် ထမင်းစားပါသည်။ ထမင်းစားပွဲ အိမ်ရှေ့ကုလားထိုင်မှာ ကွမ်းတစ်ယာဝါးသည်။

ပြီးနောက် ကျွန်တော်ဘုရားခန်းဝင်ပါသည်။ ဘုရားရှင်ကို ရေချမ်းဆီမီးနံ့သာအမွှေးတိုင်များ လှူဒါန်းပူဇော်ကာ ထိခြင်းငါးပါးဖြင့် ကန်တော့သီလဆောက်တည်မေတ္တာပို့အမျှအတန်းပေးဝေပရိတ်ပဌာန်းရွတ်ဂုဏ်တော်ပုတီးစိပ်။ည(၇)နာရီမှစပါသည်။ ည (၉) နာရီ ဘုရားခန်းမှထွက်ပါ၏။ အိပ်ရာဝင်ပါသည်။ နေ့စဉ် ကျွန်တော့်ကျင့်ဝတ်ကျင့်စဉ်များ ဖြစ်ပါသည်။

အသက်(၂၀)မှစပြီး အဘရသေ့တာဝန်ပေးသည့်အတိုင်း ကျွန်တော်နေထိုင်ပါ၏။ ယခု အသက် (၆၅) နှစ်ဖြစ်ပါသည်။ (၄၅) နှစ်ကြာခဲ့ပြီ။ ဩော် (၄၅) နှစ်ကြာပါပြီ။ အဘရသေ့ကျေးဇူးကြီးပါ၏။

ကျွန်တော့် ဘုရားဆောင်သည် (၄)ပေ၊ (၃)ပေအကျယ်ရှိပါ၏။ ရွှေသားအပြည့် ဆင်းတုတော် (၃)ဆူသီတင်းသုံးပါသည်။

အလင်းတိုင်များ ထွန်းညှိပူဇော်လိုက်သောအခါ အလွန်ပင်တင့်တယ်ကြည်ညိုဖွယ်ဖြစ်ပါ၏။

ဘုရားဆောင်မှာ ရေလဲခြင်း၊ ပန်းလဲခြင်းနှင့် သန့်ရှင်းရေးကို ကျွန်တော့်အငယ်ဆုံးသမီးက အမြဲပင်လုပ်ကိုင်ပေးပါ သည်။

ကျွန်တော် နံနက်တိုင်း၊ ညတိုင်း စိတ်အေးချမ်းသာစွာ ပူဇော်ခွင့်ရပါ၏။ (၄)ပေမီးချောင်းအားဖြင့် ရောင်တော်ဖွင့်ထားပါ၍ ရွှေစင်ရွှေသားဆင်းတုရုပ်ပွားတော် (၃) ဆူမှာ ဝင်းလက်တောက်ပပြီး ဣန္ဒြေတော်အပြည့်ရှိ၏။

ကျွန်တော်ဘုရားကန်တော့သီလခံ မေတ္တာပို့အမျှအတန်းပြုပြီး နတ်များပင့်ချိန်တွင် အိမ်မြှောင်ကြီးတစ်ကောင်နှင့် အိမ်မြှောင်ငယ်ပေါင်းများစွာ ဘုရားဆောင်မျက်နှာကြက်ပေါ် နှင့် ဘေးနံရံများတွင် ရောက်ရှိလာကြသည်ကို ကျွန်တော် သတိထားမိသည်။

အိမ်မြှောင်ကြီးတစ်ကောင်သည် အရှည်တစ်ထွာခန့်၊ မြက်ကိုယ်လုံးက တစ်လက်မနီးပါးကြီး၏။

ကျွန်တော်ပဌာန်းတော်ရွတ်ဆိုချိန်မှာ ထိုအိမ်မြှောင်ကြီးက [illegible] ငယ်များအားလုံးက ကျွန်တော့်ဘုရား ခန်းတစ်ခုလုံးလှုပ်လှုပ်ရှားရှား [illegible] ပါတော့သည်။

ပြီးနောက် ငြိမ်သက်သွားကြပါသည်။

ကျွန်တော်က ပဌာန်းပစ္စယုဒ္ဒေသကို ရွတ်ဆိုပြီးဆုံးချိန် ပစ္စယနိဒ္ဒေသ အကျယ်ကို ရွတ်ဆိုပါ၏။

ပဌာန်းပါဠိတော်များပြီးသောအခါ ကျွန်တော် သူတော်ကောင်းသူမြတ်လောင်းတို့ ပေးဝေသော မေတ္တာနှင့် ကုသိုလ်ဒါနကို ခံယူပါ၏။

ပင့်ဖိတ်ထားသမျှ နတ်များပြန်ပို့ပါသည်။

ကျွန်တော်ဂုဏ်တော်ပုတီးစိပ်ချိန်မှာ အိမ်မြှောင်ကြီးတစ်ကောင်သာတွေ့ရတော့၏။ သတ္တဝါဖြစ်လင့်ကစား သူတော်ကောင်းပေပဲဟု ကျွန်တော်မှတ်ယူလိုက်ပါသည်။

ညပေါင်းများစွာ ကြာလာသောအခါ ထိုအိမ်မြှောင်ကြီးကို ကျွန်တော် သံယောဇဉ်ဖြစ်လာပါ၏။ နေနေကျနေရာမှာ ထိုအိမ်မြှောင်ကြီးရှိ မရှိ သတိထားကြည့်မိလာပါသည်။

ထိုအိမ်မြှောင်ကြီးကိုပါ မေတ္တာပို့အမျှအတန်းပေးဝေနေပါတော့သည်။

■

အိမ်မြှောင်ငယ်များ ရောက်လာကြငြား အိမ်မြှောင်ကြီးကရောက်လာခြင်းမရှိ။ ဘုရားခန်းမှာ ကျွန်တော် တို့ သံယောဇဉ်ကြောင့် စိတ်မဖြောင့်။

သုံးညတိလွန်လာ၏။ အိမ်မြှောင်ကြီးမရှိ။

ကျွန်တော်စိတ်ဆင်းရဲရပါပြီ။ ထိုအဖြစ်ကို အိမ်မိသားစုများလည်း သိ၏။ နောက်နေ့နံနက်ဘုရားဆောင်သန့်ရှင်းရေးလုပ်နေသောသမီးငယ်က အိမ်မြှောင်ကြီးကိုစပြီးတွေ့သဖြင့် ကျွန်တော့်ကိုခေါ်ပြီးပြပါသည်။

အိမ်မြှောင်ကြီးက ဘုရားဆောင်ညာဘက်အဝင်မှာ သေဆုံးနေပါ၏။ ခန္ဓာကိုယ်က ပျော့ပျောင်းဆဲဖြစ်သည်။

အိမ်မြှောင်တို့သည် အကောင်သေးငြား သေလျှင်ထွက်သောအပုပ်နံ့က အလွန်ပင်ဆိုးပါသည်။

အိမ်မြှောင်ကြီးထံမှ [illegible] အနံ့မှမရ။ အိမ်အရှေ့ဘက် [illegible] အစပ်မြေကိုတူးပြီး မြှုပ်နှံလိုက်ပါသည်။

ညစဉ် ကျွန်တော်ပဋ္ဌာန်းရွတ်ချိန် အသံပေးနေကျ တွေ့မြင်နေကျ ထိုအိမ်မြှောင်ကြီး မိသားစုဝင်တစ်ဦးပမာထားရှိသော ကျွန်တော့်သံယောဇဉ်ကြောင့် ကျွန်တော်တရားလွတ်ခဲ့ရပါ၏။ အအိပ်ပျက်အစားအသောက်ပျက်နှင့်စိတ်လက်မချမ်းမသာဖြစ်ခဲ့ရပါတော့၏။ တစ်ပတ်မျှကြာ၏။

ည (၃) နာရီမှ ကျွန်တော်အိပ်ပျော်သွားရပါသည်။

အိပ်မက်တစ်ခုမက်ပါသည်။ ကျွန်တော့်ရှေ့မှာ နတ်သားတစ်ပါးရပ်နေ၏။ နတ်သားအနီးတွင် ဆောက်လုပ်ပြီးစ ရွှေဗိမာန်တော်ကြီးတစ်ခုတွေ့ရ၏။

"သင် စိတ်မကောင်းမဖြစ်လင့်။ စိတ်ချမ်းသာစွာနေပါတော့။ ကျွန်ုပ်သည် သင်ရွတ်ဆိုသောပဋ္ဌာန်းကို ညစဉ်နာကြားရသောကြောင့် ကောင်းမွန်သောဘဝကို ပိုင်ဆိုင်ရရှိနေပြီး ယခုသင်တွေ့မြင်နေရသော ရွှေရောင်ဗိမာန်တော်ကြီးသည် ကျွန်ုပ်၏ဗိမာန်တော်ကြီးပင်ဖြစ်၏။

အထက်ပါအတိုင်း နတ်သားပြောဆိုပြီး ပျောက်သွား၏။ ထိုနတ်သားနေရာမှာ အိမ်မြှောင်ကြီးပေါ်လာ၏။

မကြာပါ။ ထိုအိမ်မြှောင်ကြီး ပျောက်သွားပြီး အခိုးအငွေ့များသာရှိပါတော့၏။

"ဟာ - ဒါက နတ်ပြည်နတ်ရွာပါလား"

ဟု သိလိုက်သည်။ ကျွန်တော်အိပ်မက်ကနိုးလာပါသည်။

ကျွန်တော်မအံ့ဩပါ။ အိမ်မြှောင်ကြီး နတ်ပြည်နတ်ရွာ၌နတ်သားတစ်ပါးအဖြစ်ရောက်ရှိနေသည်က အမှန်ဟု ယူဆပါ၏။

ကျွန်တော်တို့၏မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ရဟန်းများရွတ်ဆိုသောပဋ္ဌာန်းတော်များကို ကြားရသဖြင့် ဂူကြီးတွင်းမှလင်းနို့များ ရဟန္တာငါးရာဖြစ်ခွင့်ရခဲ့သော တရားဒေသနာတော်ကို ကျွန်တော် နာကြားခဲ့ရပါသောကြောင့်။

ကျွန်တော်စိတ်များကြည်လင်လျက်ရှိပါ၏။

ကျွန်တော်ဆက်မအိပ်တော့ပါ။

ထိုနေ့နံနက် (၃း၃၀) နာရီတွင် ကျွန်တော် ဘုရားခန်းမှာ ပဋ္ဌာန်းရွတ်နေပါပြီ။

■

ခင်အုန်းမြင့် ပျာပျာဖြင့် အိမ်ဝင်းတံခါးကို တွန်းဝင်လာသည်။ အဘွား၏မြေးမ ဖြစ်ပါ၏။

ကျွန်တော်နှင့် အိမ်သူတို့က ဆိုင်ဖွင့်ရန် ကျွန်တော်ကဆိုင်ကယ်ထုတ်နေ၏။ အိမ်သူက ပြင်ဆင်နေဆဲ။

"အဘွား မနေ့ညဝမ်းလျှောတယ်။ အခုသတိမရဘူး"

ဟုပြောလျက် ခင်အုန်းမြင့် ငိုပါသည်။

ကျွန်တော်နှင့် အိမ်သူတို့ အဘွားအိမ်ပြေးပြေးလွှားလွှားရောက်ရှိခဲ့ပါ၏။

အဘွားကို အမြဲတမ်းကုသပေးလျက်ရှိသော ဆရာဝန်လေးလည်း ရောက်နေပါသည်။ သူနာပြုဆရာမလေးက ဓာတ်ဆားရည်ပုလင်းကြီးတစ်လုံးချိတ်ပြီး အဘွားလက်အကြောမှသွင်းပေးနေပါသည်။

အဘွားက ငြိမ်ငြိမ်သက်သက် အသက်မျှဉ်းမျှဉ်းရှူနေ၏။ အဘွား၏နားရွက်များကပြန့်နေ၊ ကားနေသည်။

အသက် (၉၇) ခုနှစ်။

အလုပ်အရှက်မခံသောအရွယ်ပါ။ တစ်ချက်ဖြတ်နှင့်သွားနိုင်သည်။

အဘွားရတော့မည်မဟုတ်ဟုသာ ကျွန်တော်ထင်ပါသည်။ အိမ်သူကို (၉) နာရီကျော်မှ ဆိုင်ပို့ပေးနိုင်သည်။ ကျွန်တော် အဘွားအိမ်မှာ တစ်နေကုန်နေပါသည်။

ဆရာဝန်လေး(၈)နာရီထိုးကတည်းက ပြန်သွားခဲ့ပါ၏။ ညနေပိုင်းပြန်လာပြီးကြည့်ပါ၏။ ဓာတ်ဆားရည်ပုလင်းများ တစ်လုံးပြီးတစ်လုံးချိတ်ပါသည်။ သူနာပြုဆရာမလေးက အချိန်ပြည့်စောင့်ရှောက်ကုသပေးနေပါသည်။ သားရဟန်းက နောက်နေ့နံနက် (၃း၃၀) တွင် ရောက်လာပါသည်။

ရန်ကုန် - ရွှေဘို အိတ်စ်ပရက်ကားကြီးနှင့်လိုက်လာခြင်းဖြစ်၏။ သားအရာရှိက လိုက်မလာနိုင်သေး။ အခြေအနေကို ဖုန်းဖြင့်ဆက်ပြီးပြောနေရ၏။ အဘွားသတိမရပါ။

(၃)ရက်ပြည့်သွား၏။ ည(၉)နာ တွင် အဘွားသတိရလာသည်။ မျက်လုံးများဖွင့်ကြည့်ချိန် သားရဟန်းကိုမြင်ပြီး အိပ်နေရက်မှလက်နှစ်ဖက်ဖြင့်ကန်တော့သည်။ ပြီးနောက် သားရဟန်း၏ လက်ကို မြဲမြဲဆုပ်ကိုင်ထားပါတော့၏။

ကားပေါ်ကဆင်းပြီး မယ်တော်ကြီးမျက်နှာမြင်လိုက်ရချိန်ကစ၍ သားရဟန်း မျက်နှာကမကောင်း။ မသာယာ မျက်နှာမကြည်။

မယ်တော်ကြီးရောပနာအတွက်ပင် ကြိုးပြီးပြင်ဆင်နေပါသေး၏။

"အင်း-ငါမသေသေးပါဘူး။ နတ်ပြည်ကိုရောက်သွားတာ။ ငါ့ကို နတ်သား နတ်သမီးတွေက နတ်ပန်းရထားကြီး လာခေါ်တာ။အိမ်ရှေ့နတ်ပန်းရထားကြီး ဆိုက်ထားထဲကမြင်တယ်။ စောင်းသံ စည်သံတွေလည်း ကြားရ၊ ပန်းနံ့တွေက လည်း မွှေးလိုက်ပါဘိခြင်း။ ဟိုရောက် တော့ ရွှေရောင်ဗိမာန်ကြီးရှေ့မှာရပ် တယ်။ နတ်သားတစ်ပါးက အမေကြီး အတွက် ဆောက်နေတာတဲ့ ရွှေရောင် ဗိမာန်ကြီးက မပြီးသေးဘူး။ အမေကြီး ကိုခေါ်ပြတာ။ အမေကြီးမလာရသေး ဘူး။ လူ့ပြည်ကိုပြန်ပြီးကုသိုလ်ဒါနတွေ ဆက်လုပ်ရဦးမယ်။ အမေကြီးနှင့်အတူ ပရိတ်တော်ပဋ္ဌာန်းတော်တွေနာရပါဦး မယ်။ အမေကြီးကို ပြန်ပို့မယ်။ နတ်ပန်း ရထားကြီးပေါ် တက်ပါတဲ့။ အေး - နတ် ပန်းရထားကြီးစီးပြီးပြန်လာတာ"

အဘွားသတိရရချင်း ပြောသော စကားများပါ။ သားရဟန်းနှင့်မြေးမလေး ဆွေမျိုးသားချင်းများ အားလုံး အားလုံး ပါ ယခုမှ သက်မချပြုံးနိုင်ရယ်နိုင်စကား ပြောနိုင်ကြပါတော့သည်။

■

အိုသူရှုရှုစာဖတ်ပရိသတ်အပေါင်း တို့ -

ယုံကြည်ရှိသေရွတ်ဖတ်လေ တော ရန်ငြိမ်းပျောက် တန်ခိုးတောက်လျက် လင်းလက်ကောင်းကျိုး စည်းစိမ်အနန္တ တို့ကို ဖွံ့ဖြိုးတိုးတက်တည်တံ့နိုင်ပါသော ပရိတ်ကြီး (၁၁) သုတ်ပါဠိတော် နှင့် ပဋ္ဌာန်းပါဠိတော်များကို ရွတ်ဖတ် ပူဇော်ကြပါကုန်၊ နာကြားကြပါကုန်။

မေတ္တာဖြင့်
ကိုဇော်ဝင်း(လှတော)

မင်းချမ်းငြိမ့်

ကိုယ်တွေ့ ကြားမြင်သူတွေ ကြုံခဲ့ရသော အဂ္ဂိရတ်လောကမှ (၁)

ထူးထွေဆန်းပြား ဇာတ်လမ်းများ

စာရေးသူ အသက်(၁၃)နှစ်သား အရွယ်ကတည်းကစလို့ပါလာခဲ့တဲ့ အဂ္ဂိရတ်ဝါသနာပိုးဟာ ယခု (၅၀) ကျော် အရွယ်အထိ စဉ်ဆက်မပြတ် လေ့လာ ရှာဖွေတွေ့ကြုံခဲ့ရသောအဂ္ဂိရတ်ဇာတ်လမ်း နည်းမျိုးစုံအဖုံဖုံနဲ့ ဆရာစုံတွေ့ခဲ့ရသည့် များထဲမှဝါသနာရှင်သုတေသီများနည်းမို ဗဟုသုတပွားစေရန် ရည်ရွယ်၍ ကိုယ် တွေ့ကြုံခဲ့ရသော ထင်မှတ်မထားဘဲ ထူးခြားဆန်းကြယ်ပြီး သိဒ္ဓိဝင်နေသော ဇာတ်လုံးများ၏ဆန်းကြယ်လှသည့်ဇာတ် လမ်းများအကြောင်းကို တတ်နိုင်သမျှ စုံလင်စွာ တင်ပြပေးပါမည်။

ဇာတ်တို့၏အစိန္တေယျသတ္တိနှင့်ထူး ခြားရှားပါးလှသော ဆေးဖက်ဝင်အပင် တို့ ပေါင်းစပ်ဓာတ်ပြုခြင်းတို့ကြောင့် ဖြစ် ပေါ်လာသော ထူးခြားဆန်းကြယ်သော အကျိုးတရားများကို မထင်မှတ်ထားဘဲ ခံစားကြုံတွေ့ခဲ့သည့် အဂ္ဂိရတ်မိတ်ဆွေ တစ်ဦး၏ထူးခြားဆန်းပြားဓာတ်လုံးလေး အကြောင်းပါ။

သူ့နာမည်က ကိုတင်တဲ့။ အဂ္ဂိရတ် ဝါသနာပါပေမယ့် ဟုတ်ဟုတ်ငြားငြား တတ်လှတယ်တော့မဟုတ်ပါ။ ဒါပေသည့် သူ့ကို နည်းတစ်ခု [illegible] ရှိနေသည်။

တစ်နေ့မှာတော့ [illegible] တဲ့သူက သူ့အိမ်ကိုရောက်လာပြီ။

"ကိုတင်ရေ ငါ [illegible] လာတတ်တဲ့နေရာပတ်ဝန်းကျင်တစ်ခုက မှာ နန်းလုံးကြိုင်အဖြူပွင့်ပွင့်တဲ့ အပင် များတွေ့ခဲ့ရင် ကျွန်တော့်ကိုပြောပါ။ ဆရာတစ်ဦးက အပူတပြင်းရှာခိုင်းနေ လို့"

ဟု ဆိုလာလေသည်။

"ဟ-နန်းလုံးကြိုင်ဆိုတာ ငါသိသ လောက်ကတော့ အဝါပွင့်လေးတွေပွင့် တာပဲမြင်ဖူးပါတယ်။ အဖြူပွင့်ပွင့်တာကို တစ်ခါမှမမြင်ဘူးပမောင်ရ"

"ဒါနဲ့ မင်းဆရာက ဘာလုပ်ဖို့ရှာ ခိုင်းတာတုံး"

"သေချာတော့ မသိပါဘူး အစ်ကို ရာ။ ကျုပ်သိသလောက်ကတော့ အဂ္ဂိရတ် လမ်းသွပ်ဖမ်းမလို့ပြောတာပဲဗျာ"

ဒါဆိုတော့ ကိုတင်နည်းနည်း စိတ်ဝင်စားသွားပြီး စပ်ကုန်းစပ်ကျင်းအ ကုန်မေးပြီး ရှာဖို့ပြင်လေတော့သည်။

သူ၏အကျင့်ဗီဇအတိုင်း သွားလာ

သမျှသောနေရာတိုင်းကို မျက်စိဖွင့်နားစွင့်ကာဖြင့် နန်းလုံးကြိုင်အဖြူပွင့်ပွင့်တဲ့အပင်ကိုသဲကြီးမဲကြီးရှာပါတော့သည်။

တွေ့သမျှသောမိတ်ဆွေအပေါင်းအသင်းများကိုလည်း မည်သူ့ကိုမျှအလွတ်မပေးဘဲ နန်းလုံးကြိုင်အဖြူပင်သတင်းကို မေးမြန်းစုံစမ်းလေသည်။

သည်လိုနှင့် တစ်နေ့မှာတော့ မိတ်ဆွေတစ်ဦး၏သတင်းပေးချက်ဖြင့် တောရဘုန်းကြီးကျောင်းတစ်ကျောင်းတွင် သူအလွန်လိုချင်နေသော နန်းလုံးကြိုင်အဖြူပွင့်ပွင့်တဲ့အပင်ကို တွေ့ရပါတော့သည်။

ဝမ်းသာအားရဖြင့် ကျောင်းထိုင်ဆရာတော်ကို ဝတ္ထုပစ္စည်းစုံလင်စွာနှင့်ကန်တော့ပြီး သူလိုချင်နေသည့် ဆေးပင်၏အမြစ်ကို တောင်းခံလေတော့ ကျောင်းထိုင်ဆရာတော်ကလည်း အပန်းမကြီးတာမို့ ဒကာစိတ်ကြိုက်တူးပြီးယူပေတော့ဟု ခွင့်ပြုလိုက်ပါသည်။

ကိုတင်ကလည်း သူ့အဂ္ဂိရတ်စပြီးထိုးကတည်းက သွပ်ဓာတ်လုံးကောင်းကောင်းတစ်လုံးကို မိမိရရကိုယ်ပိုင်ဓာတ်လုံးအဖြစ်လိုချင်နေတဲ့ချင်ခြင်းကလည်း ရှိနေလေတော့ လက်တွေ့ချက်ချင်းအိမ်ပြန်၍ ဖိုခွင်ပြင်ဆင်ပြီး နန်းလုံးကြိုင်အဖြူပွင့်ပင်၏အမြစ်နှင့် သွပ်ဓာတ်သား (၂)ကျပ်သားကို ရွှေကျိုလုံပတ်အကြီးတစ်လုံးမှာ သွပ်ပျော်မီးနဲ့ အရည်ဖျော်ပြီး လက်မလုံးအရွယ်ရှိပြီး တစ်တောင့်ထွာလောက်အရှည်ရှိတဲ့ နန်းလုံးကြိုင်အဖြူမြစ်နှင့် စိမ်ပြေနပြေ သွပ်ပျော်ရည်မှာမွှေမွှေပြီး သွပ်ပြန်ခဲသွားလျှင် မီးထပ်ပေး၍ ဖျော်လိုက်မွှေလိုက်နှင့်ဟာ အချိန်နှစ်ရက်နှင့် တစ်မွန်းတည့်လောက်ကို နန်းလုံးကြိုင်မြစ်နှင့်မွှေလိုက်တာ ဆေးမြစ်လက်တစ်ဆစ်လောက်ကျန်တော့မှဘဲ အမွှေရပ်လိုက်ပါတော့သည်။

အားလုံးပြီးစီးသွားတဲ့အခါကျမှ ရွှေကျိုလုံပက်ကြီးထဲမှာ သွပ်နဲ့ဆေးမြစ်မီးကျွမ်းပြီးပြာဖြစ်နေသော မည်းမည်းအမှုန့်များအားလုံးကို စုပေါင်းပြီး လက်ချားမီးပွနဲ့ ရောသမအောင်နယ်ပြီး လုံဖောက် နံပါတ် (၆) မှာ သိပ်ထည့်ပြီး အပေါ်မှ လက်ချားမီးပွထပ်သိပ်ပြီး မီးလျှံမီးလတ်လေးနဲ့ တစ်နေကုန်ထိုးလိုက်တာ ညနေစောင်းကျမှ ဖိုခွင်မှာ လုံကိုအအေးခံပြီးခွဲကြည့်လိုက်တော့ သွပ်ဓာတ်သားဟာ သူမှန်းထားသလို ချောမွေ့ဝင်းပြောင်မနေဘဲ အဖုအထစ်အချိုင့်အခွက်နဲ့ လေပေါက်တွေ လေးငါးပေါက်နဲ့တွေ့လိုက်ရတော့ စိတ်ပျက်လက်ပျက်နဲ့ပဲ ၎င်းသွပ်ဖမ်းထားတဲ့သွပ်ဓာတ်လုံးပုံပန်းမလှဖြစ်နေတဲ့ ဓာတ်သားကို ဖိုခွင်နားမှာ ရှိတဲ့ တွေ့ကရာလုံပက်ဟောင်းတစ်ခုထဲကို ခွပ်ခနဲပစ်ထည့်လိုက်ပြီး ဖိုရုံထဲမှထွက်ခဲ့လေတော့သည်။

သူ့ယောက်ဖကိုလည်း စိတ်ထဲမှနေပြီး -

'အလကားကောင်ငါ့ကိုသက်သက်မဟုတ်မဟတ်တွေလာပြောပြီး အလုပ်ပိုအောင်လုပ်ခဲ့တယ်'

ဟု မြည်တွန်နေမိလေသည်။

ဒီလိုနှင့် အခြားသောအိမ်မှုကိစ္စဗာဟီရတွေကြောင့် ဖိုခန်းထဲကိုတစ်ပတ်နှစ်ပတ်မဝင်ဖြစ်တော့ပေ။ တစ်နေ့မှာတော့ ေ ဘားအိမ်ခြံစည်းရိုးပုဏ္ဏရိက်ပင်တန်းတွေကြားမှနေပြီး မြွေဟောက်တစ်ကောင်ဟာ ကိုတင်ရဲ့ဖိုရုံခန်းထဲသို့ ဝင်သွားသည်ကို ဘေးအိမ်မှအိမ်သားများက တွေ့ရတော့ ကိုတင်ကို မဖြစ်မနေအော်ဟစ်၍ သတိပေးလေသည်။

ကိုတင်လည်း ရှုပ်ပွနေတဲ့သူ၏ဖိုရုံထဲကို အန္တရာယ်ကောင်မြွေဟောက်ဝင်လာတယ်ဆိုတော့ မတော်၍များဆိုတဲ့စိုးရိမ်စိတ်ကြောင့် ဖိုရုံထဲသို့အပြေးအလွှားဝင်ကြည့်လိုက်တော့ ကိုတင်ကလည်း ဖိုရုံထဲအရောက် မြွေဟောက်ကလည်း လန့်သွားပြီး ပါးပျဉ်းထပြီး ခေါင်းထောင်လာလိုက်တာ ကိုတင်မှာ ကြက်သီးမွေးညင်းများပင်ထောင်လာပါတော့သည်။

လက်ထဲမှာလည်း ခုခံစရာဘာတစ်ခုမှမရှိဖြစ်နေလေတော့ အနီးအနားမှာရှိတဲ့တွေ့ရာလုံခွဲဟောင်းတစ်ခုနဲ့ကောက်ပြီး မြွေဟောက်ကိုပစ်ပေါက်လိုက်မိလေသည်။

သည်အခါမှာတော့ မြွေဟောက်ဟာ ဒေါမာန်ထပြီး ပါးပျဉ်းထောင်နေရာမှ ရုတ်ခြည်း ပါးပျဉ်းချပြီး ထူးထူးဆန်းဆန်းတွန့်လိမ်နေပါတော့သည်။

ကိုတင်ကလည်း သူ မြွေဟောက်ကို လုံခွဲဟောင်းနဲ့ ပစ်ပေါက်လိုက်တာ မြွေဟောက်ကို တိုက်ရိုက်မထိမှန်ဘဲ ဖိုရုံနံရံကိုသွားမှန်ပြီး နံရံမှတစ်ဆင့် ခဲလုံးကို အရာဝတ္ထုတစ်ခုက လွင့်စဉ်လာပြီး မြွေဟောက်၏ ကိုယ်လုံးကို ခပ်သာသာလာထိတာကို သိလိုက်ရတော့ ထိုလွင့်စဉ်လာတဲ့ ခဲလုံးလိုအရာကို သေချာသတိထားကြည့်လိုက်တော့ အားပါးပါး-ပြီးခဲ့တဲ့ (၂) ပတ်လောက်က သူစိတ်ပျက်လက်ပျက်နဲ့ လုံခွဲဟောင်းတစ်ခုထဲကို ပေယျာလကန်ပစ်ထည့်ခဲ့တဲ့ နန်းလုံးကြိုင်အဖြူမြစ်နှင့်မွှေပြီး ဖမ်းခဲ့တဲ့ သွပ်ဓာတ်လုံးဖြစ်နေသည်ကို အံ့ဩစွာတွေ့လိုက်ရပါတော့သည်။

သည်တော့မှ ဟာ - ဒါဆိုရင် ဒီသွပ်ဓာတ်လုံးက မြွေကိုနိုင်တယ်ထင်ပါ ဆိုပြီး မီးညှပ်ရှည်တစ်ခုကိုယူပြီး ၎င်းသွပ်ဓာတ်လုံးပိန့်ရှုံ့ရှုံ့ကို ညှပ်လိုက်ပြီး အဲဒီသွပ်လုံးနဲ့မြွေဟောက်၏နှာခေါင်းကိုတေ့ပေးလိုက်တဲ့အခါမှာတော့ ပို၍ထူးခြားမှုကပြလာပါတော့သည်။

ဆောဆောက တွန့်လိမ်နေတဲ့မြွေဟောက်ဟာ သွပ်ဓာတ်လုံးနဲ့ နှာခေါင်းပေါက်ကို ထိမိလိုက်တာနဲ့ မြွေဟောက်ဟာ တစ်ခါတည်း ငါးခြောက်လိုပြားချပ်သွားပြီး အမြီးနဲ့ ခေါင်းက အပေါ်ကို ကော့တက်လာပြီး တစ်ခါတည်းသေသွားလေသည်။

ကဲ - စာရှုသူ ဝါသနာရှင်မိတ်ဆွေများ ဓာတ်ရည်လည်လောက်ပြီဟုထင်ပါသည်။ ဓာတ်တို့၏အစွမ်းသတ္တိထူး ဆေးဖက်ဝင် ရှားပါးသစ်ပင်တို့၏ ဓာတ်ပြုပေါင်းစပ်မှုကြောင့် ထူးခြားဆန်းကြယ် အစွမ်းထက်သည့် စွမ်းရည်တစ်မျိုးဖြစ်ပေါ်လာတတ်ကြသည်ကို ကိုတင်တို့မျိုး မထင်မှတ်ထားဘဲ လက်တွေ့သိမြင်လိုက်ရတော့မှ အဖိုးတန်ပစ္စည်းမှန်း သိသွားကြသူတွေ အဂ္ဂိရတ်လောကမှာ ရှိတတ်ကြပါသည်ဟု အလင်းပြလိုက်ပါသည်။

ဝါသနာရှင်အဂ္ဂိရတ်သင်မိတ်ဆွေများ ဓာတ်တို့၏ အစွမ်းသတ္တိထူးများကို ဉာဏ်နှင့်ယှဉ်၍ဖော်ထုတ်ပြီး လောကအကျိုးပြုနိုင်ကြပါစေ။

မင်းချမ်းမြေ့ (ပုသိမ်)

ရေနံ့သာ-ခင်လေး

ဖေဖေပြောတဲ့မှတ်သားစရာများနှင့် သူငယ်ချင်းများရဲ့ဆေးမြီးတို

ဖေဖေတို့ရွာက တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာအလွန်တွင် ပရပ်ကြယ်ကျေးရွာ၏ ဇရပ်ကလေးရှိပါသည်။ ထိုဇရပ်ကလေးမှမြောက်ဘက်ကို နှစ်တိုင်လောက်သွားလျှင် ညာတောကျေးရွာကို ရောက်ပါသည်။ ညာတောကျေးရွာသည် ဖေဖေ၏ဇာတိ ဖြစ်ပါသည်။ ဖေဖေသည် တောင်တွင်းကြီးမြို့ ငါးဆင့်ဘုန်းကြီးကျောင်းမှ မြန်မာလို (၁၀) တန်းအောင်ခဲ့ပါသည်။ ဖေဖေ့ကို တောင်တွင်းကြီးမြို့ ငါးကျောင်းအမကြီးက မွေးစားခဲ့ပြီး ကျောင်းထားပေးခဲ့ပါသည်။ ငါးကျောင်းအမကြီးက မွေးစားခဲ့ပြီး ကျောင်းထားပေးခဲ့ပါသည်။ ငါးကျောင်းအမကြီးဆိုတာ ဘုန်းကြီးကျောင်းကြီးငါးကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့လို့ ငါးကျောင်းအမကြီးလို့ခေါ်ပါသည်။ ဖေဖေတို့ ညီအစ်ကို (၄) ယောက်၊ အစ်မ (၁)ယောက်ရှိခဲ့ရာ ညီအစ်ကိုအားလုံးသည် စာတတ်ပေတတ်များဖြစ်ကြပါသည်။ ဖေဖေတို့ရွာမှ ကပင် ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်များရှိခဲ့ပါသည်။ ဖေဖေကတော့ ကျောင်းဆရာအလုပ်လုပ်သည်။ ဖေဖေ့အစ်ကိုကြီးကတော့ ဆေးလိပ်ခုံ၊ ကြွေးလုံးလုပ်ငန်း၊ ဘီစကစ်မုန့်ကိုယ်စားလှယ်နှင့် ကန်ထရိုက်အလုပ်လုပ်ပါတယ်။ အငယ်ညီမှာ လယ်ယာလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ပါသည်။

ဖေဖေတို့မိသားစုတွင် ရွာ၌ ကိုးကွယ်ဆည်းကပ်ခဲ့သော ဆရာတော်ကြီးတစ်ပါးရှိပါသည်။ ထိုဆရာတော်ကြီးသည် ပယောဂကုနှင့် ဗိန္ဒောဆေးကု၊ မြွေကိုက်လျှင် ဆေးကုရာ၌ အလွန်နာမည်ကြီးသဖြင့် အခြားရွာများမှပင် ထိုဆရာတော်ကြီးထံသို့ ဆေးကုလာကြသည်ဟုသိရပါသည်။ ပယောဂကုရာ၌လည်း နာမည်ကြီးသည်ဟု ဖေဖေပြောပြခဲ့ပါသည်။

အဲဒီဆရာတော်ကြီးဆေးကုရာမှာ မြွေဆိပ်ဖြေဆေးနှင့် စိတ်ရောဂါကုရာမှာ နာမည်ကျော်ကြားကြောင်းသိရပါသည်။ ဆရာတော်ကြီး၏ မြွေဆိပ်ဖြေဆေးမှာ ဘာမြွေပဲကိုက်ကိုက် ရေမြွေခြောက်ပြာချထားသည့်အမှုန့်နှင့် နန်းလုံးကြိုင်ပင်အမြစ်၊ ပဥ္စငါးပါးကိုလည်းပြာချပြီး ထိုအမှုန့်နှစ်မျိုးတို့ကို ဆတူရော၍ သံပရာသီးစစ်စစ်နှင့်ဖျော်၍ မြွေကိုက်သည့်အစွယ်ရာအပေါက်၏အထက်မှ ၎င်းဆေးနှင့် သပ်သပ်ချရပါသည်။ မြွေဆိပ်တက်သွားသလောက်နေရာမှစ၍ အောက်အပေါက်ရှိရာကို ဆေးနှင့်သပ်ချရသည်ဟု ဖေဖေကပြောပါသည်။ အဲဒီ (၂) မျိုးကို ဖျော်ထားသည့်ဆေးနှင့် သပ်ချလိုက်လျှင် မြွေဆိပ်များ ပြန်ထွက်လာသည်ဟု သိရပါသည်။

ဖေဖေပြောပြသည့်အထဲတွင် ခြေထောက်ကိုမြွေကိုက်လျှင် မြွေဆိပ်သည် ဆီးအိမ်အထိမရောက်ရန် အရေးကြီးပါသည်။ လက်ကိုကိုက်မိလျှင် ဦးနှောက်နှင့်နှလုံးအိမ်ဆီသို့ မြွေဆိပ်မရောက်ရန် အရေးကြီးပါသည်။ ထိုနေရာများသို့ မြွေဆိပ်ရောက်လျှင် သေနိုင်သည်ဟု သိရပါသည်။

ဆရာတော်ကျောင်းကို ရေမြွေရလျှင် လာလှူကြပါသည်။ ဆရာတော်က နန်းလုံးကြိုင်ပင်ပဥ္စငါးပါးကိုလည်း အမှုန့်ပြုထားရပါသည်။ ဒါမှသာ သံပရာသီးနှင့်ဖျော်၍ ချက်ချင်းသပ်ချလျှင် မြွေဆိပ်တွေကိုက်သည့်အပေါက်မှပြန်ထွက်လာသည်ဟု သိရပါသည်။ ထိုနည်းဖြင့် မြွေကိုက်သည့်လူနာများကို အသက်ရှင်အောင်ကုသခဲ့သည်ဟု သိရပါသည်။

နောက် ဆရာတော်ကြီး စိတ်ရောဂါကုပုံမှာလည်း ထူးဆန်းပါသည်။ စိတ်မနှံ့သူကို ကုန်းမြင့်မြင့်ရှိသောချောင်းစပ်၊ ရေစပ်သို့ခေါ်သွားပြီး ထိုကုန်းမြင့်မြင့်ပေါ်မှ အမှတ်တမဲ့ ရေထဲသို့ တွန်းချလိုက်ရသည်ဟုပြောပါသည်။ ရေထဲတွင်ကျသွားပြီး ယက်ကန်ယက်ကန်နှင့် ကူးခပ်ရာ သွေးသားအကြောအခြင်များ

ပြောင်းလဲပြီး စိတ်ပါပြောင်းလဲသွားသည်ဟုပြောပါသည်။ ရေကသိပ်မနက်လွန်း၊ မတိမ်လွန်းရပါ။ ရေထဲတွင် ဆယ်မည့်သူများက အသင့်စောင့်နေရသည်ဟု ဆိုပါသည်။ အဖေတို့ရွာနားတွင် ချောင်းစပ်ရှိပါသည်။ ကန်းမြင့်လည်းရှိပါသည်။ ရေထဲမှဆယ်ယူပြီး အဝတ်အစားလည်းပေးပြီး ရေတွေခြောက်သွေ့အောင်သုတ်ပေးရပါသည်။ နွေးနွေးထွေးထွေးနေစေပြီး သည်းခြေဆေး၊ နှလုံးဆေးတွေကျွေးပြီး ဆီးဖျော်ရည်နှင့် သွေးဆေးမှုန့်တိုက်သည်ဟုသိရပါသည်။ ဆရာတော်ကြီးသည် စိတ်ရောဂါကုရာတွင်လည်း နာမည်ကြီးသည်ဟုသိရပါသည်။ ရှေးအခါက ကျေးရွာများတွင် ဆရာတော်ကြီးများက ကျန်းမာရေးအတွက် အတော်အားကိုးကြရပါသည်။

ဖေဖေ့မွေးစားအမေ ငါးကျောင်းအစ်မကြီးအိမ်တွင်နေစဉ်က ဝါးကျောင်းအမကြီးအိမ်မှာ သူဌေးအိမ်မို့ ရွှေပေါင်ခံ၊ ငွေတိုးချေးပါသည်။ ငါးကျောင်းအစ်မကြီးသမီး မမပုံက ဖေဖေ့ကို -

"မောင်လေး၊ လှေကားအောက် ဖိနပ်ချွတ်မှာ ပိုက်ဆံချေးသူက ဖိနပ်ကို ဘယ်လိုချွတ်လဲ သွားကြည့်စမ်း"

ဟု ခိုင်းတတ်ပါသည်။

ဖိနပ်ကို စီစီရီရီ ညီညီညာညာ ချွတ်ထားလျှင် အဲဒီလူတွေကို ငွေချေးပေးပါသည်။ ဖိနပ်ကို တောင်တစ်ဖက် မြောက်တစ်ဖက်မညီမညာချွတ်ထားလျှင် အဲဒီလူကစည်းကမ်းမရှိဘူးတဲ့။ သူများငွေချေးပြီး ပြန်ဆပ်မည့်သူမဟုတ်ဘူးတဲ့။ ဒါကြောင့် ဖိနပ်ကို မညီမညာ ကပေါက်တိကပေါက်ချာချွတ်ထားလျှင် ငွေမချေးပေးဘူးတဲ့။ ငွေမချေးနိုင်သေးကြောင်း လှည့်ပတ်ပြောသည်တဲ့။ အဲဒီလို ဖေဖေပြောကတည်းက ကျွန်မတို့သည် ဖိနပ်ကို ဘယ်နေရာချွတ်ချွတ်ညီညီညာညာချွတ်သည့်အကျင့်ကိုလုပ်ပါသည်။ ဒါက ရှေးလူကြီးတွေပြောခဲ့တဲ့စကားပါ။

နောက် ဖေဖေက တောင်တွင်းကြီး ငါးဆင့်ကျောင်းမှ မြန်မာလို (၁၀) တန်းအောင်ပြီး ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် အင်္ဂလိပ်လို (၁၀) တန်းအောင်ရန် ဆက်တက်ခဲ့ရာ ကျောင်းအုပ်ဆရာကြီးဦးကျော်ဇံလက်ထက်တွင် မြန်မာစာပြမည့်ဆရာမရှိ၍ ဖေဖေက အထက်တန်းတွင် မြန်မာစာဆရာလုပ်ခဲ့ရသည်ဟု သိရပါသည်။ ဖေဖေအမျိုးသားအထက်တန်းကျောင်းတွင် ဆရာလုပ်ခဲ့စဉ်က ဗိုလ်ချုပ်အောင်ဆန်းက ကျောင်းသားဖြစ်ပြီး ဦးဘဝင်းက ကျောင်းဆရာဟုသိရပါသည်။ ဂျပန်တွေဝင်လာတော့ ဖေဖေက ဂျပန်ကျောင်းတက်ပြီး ဂျပန်စာသင်ပါသည်။ ဂျပန်ခေတ်တွင် ဖေဖေသည် ကျောက်ပန်းတောင်းမြို့ မီးရထားရုံပိုင်လုပ်ခဲ့ဖူးသည်ဟု သိရပါသည်။ မေမေနှင့်အိမ်ထောင်ကျသဖြင့် ရေနံချောင်းမြို့ဘေးမဲ့ရပ်ကွက်တွင် မူလတန်းကျောင်းအုပ်လုပ်ပါသည်။ မူလတန်းကျောင်းမှာ ဆရာတော်ကြီးကျောင်းနှင့်နီးပါသည်။ ထိုဆရာတော်ကြီးသည်လည်း ပယောဂကုခြင်း၊ ဗိန္ဓောကုခြင်းများရှိပြီး ဥစ္စာစောင့်၊ သိုက်တွေ၊ ဝိဇ္ဇာတွေနှင့်လည်း မာဂဓစကားတွေပြောနိုင်သည်ဟု သိရပါသည်။ ထိုဆရာတော်ကြီးကို ဝိဇ္ဇာကြီးဟု ခေါ်ကြပါသည်။

ဝိဇ္ဇာကြီးကျောင်းမှာ ဘေးမဲ့ရွာအရှေ့ကျောင်းဟုခေါ်ဆိုပြီး ဘေးမဲ့အနောက်ကျောင်းဆရာတော်ကြီးကတော့ -

သာမညဆရာတော်ကြီးကညွှန်းလို့ ငါ့ဆီအထိအဝေးကြီးလာမနေကြနဲ့။ ရေနံ ချောင်းမြို့မှာ ဘေးမဲ့ဆရာတော်ကြီးရှိတယ် သွားဖူးကြ"

လို့ မိန့်ခဲ့ဖူးပါသည်။

အဲဒီ ဘေးမဲ့ဆရာတော်ကြီးကတော့ ရဟန္တာကြီးဟုနာမည်ကြီးပါသည်။ အဲဒီကျောင်းမှာ ရဟန္တာကြီးပျံတော်မူတော့ လွမ်းစေတီတည်ထားပါသည်။ ကျွန်မတို့ရဲ့လုပ်ဖော်ကိုင်ဖက်ယာဉ်မောင်းကြီး မင်းဘူးမြို့က ဦးစံထွန်းမှာ ကျောင်းထိုင်ဆရာတော်ဘဝနဲ့ရှိခဲ့စဉ်က ရုံးသူရုံးသားမိတ်ဆွေအားလုံးက ကထိန်ခင်းပေးပြီး ဟိုနားဒီနားကြွလျှင်လွယ်အောင် လိုင်စင်နှင့် ဆိုင်ကယ်၊ ကျောင်းတွင်းမွှာရုံ၊ ကျောင်းဆောင်ထဲတွင် မျက်နှာကြက်ပန်ကာများတပ်ဆင်ပေးပြီး လှူဒါန်းခဲ့ပါသည်။

ကျွန်မပြောပြချင်တဲ့အကြောင်းက ဝိဇ္ဇာကြီးအကြောင်းပါ။ အဲဒီဆရာတော်ကြီးက ပယောဂစုန်းကဝေ၊ အောက်လမ်းပညာနှင့် အတိုက်အခိုက်အားလုံးကို ကုပေးပါသည်။ တစ်ခါတစ်ရံ သိုက်ထဲကဥစ္စာစောင့်တွေနဲ့လည်းစကားပြောသည်တဲ့။ စကားပြောတဲ့အခါမှာ အဖေတို့နားမလည်ဘူးတဲ့။

ကျွန်မတို့ ဘေးမဲ့က အိမ်လေးကို ဆရာတော်ကြီးက ကျောက်ခဲရှစ်လုံးကို ပဌာန်း(၃)ခုစီရေးပြီး တနင်္ဂနွေထောင့်မှ စပြီး မြှုပ်ခိုင်း၏။ ကျွန်မက တစ်နှစ်သမီးသာသာပဲရှိသေးတော့ ဆရာတော်ကြီး က သူ့ရင်ခွင်ထဲထားပြီး ခေါင်းကိုလက်ဝါးနှင့်အုပ်ပြီးရွတ်ဖတ်ပေးပါသည်။

အောက်လမ်းပညာသည်တွေက ချစ်လည်းလုပ်သည်၊ မုန်းလည်းလုပ်သည်တဲ့။ ကျွန်မ တို့မိသားစုအန္တရာယ်ကင်းကြတဲ့အပြင် ကျွန်မတို့အဘွားအိ ပြန်နေကြတုန်းမှာ ဘေးမဲ့တစ်ရွာလုံး မီးလောင်ပါသည်။ ကျောင်းဆရာလေးရဲ့ အိမ်လေးပဲ မီးလွတ်တယ်တဲ့ပြောကြပါ သည်။ ဘုန်းဘုန်းကြီးက ဖေဖေ့ကို သူ့ ပညာတွေ လက်ဝါးချင်းရိုက်ပြီး ပေးပါ သည်။ ဖေဖေကလည်း သရဲပူးတာ၊ နတ် ပူးတာလောက်တော့ မေးမြန်းပြီး ရေစင် နဲ့တောက်လိုက်ပါသည်။ ဝိဇ္ဇာတွေနှ တော့ ဖေဖေတစ်ခါမှမပြောဘူးခဲ့ပါ။ ကျွန်မ (၁၀) တန်းအောင်ပြီးစက ဘေးမဲ့ သွားတဲ့လမ်းက ကိုးတောင်ပြည့်ဘုရား လေးလှုပ်တာ၊ အုတ်အော်သောင်းနှ စည်ကားလိုက်တာ၊ ထီးတော်မှာလည် မြွေလေးတွေတက်နေတာ တွေ့ရတယ် လာကြည့်တဲ့သူတွေဘယ်လောက်မျာ သလဲဆိုရင် အလှူခံပုံးချထားလိုက်တာ နဲ့ပဲ ဇရပ်ကလေးဆောက်နိုင်ပါတယ်။ ဆရာတော်ကြီးကို ဖေဖေကဘာကြော ဘုရားလှုပ်ရတာလဲလို့သွားပြီးမေးလျှောက် တော့ နဂါးသိုက်ထဲက နဂါးတွေက ပျော်လို့တဲ့။ တို့ရေနံချောင်းမှာ ရေနံတွေ ချောင်းစီးသလိုဘဲရှိဦးမှာလို့ ဖေဖေ့ကို ပြောပြပါသည်။ သိပ္ပံလိုအယူအခါဆို ရင်တော့ ရေနံကြောရှိတဲ့နေရာတွေက တွန်းကန်လှုပ်ရှားတဲ့သဘောပါဘဲ။

၁၉၆၄-၆၅ခုနှစ်က တကယ်ပဲ ရေနံချောင်းမြို့မှာ ရေနံတွေ ဟိုနေရာက ထွက်လိုက်ဒီနေရာကထွက်လိုက်ပါ။ ကုန်ခန်းတယ်လို့မရှိဘူး။ ပညတ်သွားရာ ဓာတ်သက်ပါသလား မပြောတတ်ပါ။ ကျွန်မတို့မြို့နာမည်က ရေနံချောင်း

ကျွန်မအသက် (၁၀)နှစ်၊(၁၁)နှ အရွယ်မှာ အသက်ငယ်သေးတော့ ဆရာ တော်ကြီးဆီကပညာအမွေဘာမှမရလိုက် ပါ။ အဲဒီအရွယ်နဲ့လည်း အဲဒီပညာတွေ ကို ကျွန်မနားမလည်ခဲ့ပါ။ ဘုန်းဘုန်း က ဖေဖေ့ကိုချစ်တော့ ကျွန်မတို့မြို့ယ ရွှေကြာငုံရပ်ကွက်ကအိမ်ကိုကြွကြွ တတ်ပါသည်။ ဘုန်းဘုန်းကလာ လည်း အငြိမ်မနေ။ ကျောက်စရစ်ခဲ ကြီးလေးတွေရှာပေးရသည်။ ပြီး ပဌာန်း (၃) ခုစီရေးပြီး အိမ်ဝိုင်း တနင်္ဂနွေထောင့်ကစပြီးမြှုပ်ခိုင်းပါသ အဲဒီဆရာတော်ကြီးကွယ်လာပြီး ကျော

လေးတွေမြှုပ်ပေးတဲ့အိမ်ဝိုင်းက ကျွန်မတို့အိမ်ငှားထားတဲ့အိမ်ဝိုင်းပါ။ ကျွန်မတို့မြို့ကို ရောက်လာတဲ့အရာရှိတွေကို အိမ်ငှားထားပါသည်။ အရှေ့ဘက်က အိမ်ကိုကျွန်မတို့နေပါသည်။ ဘုန်းဘုန်းကြွလာစဉ်က အရှေ့ဘက်ကအိမ်ကိုပြန်ပြီး ပြင်ဆောက်နေတုန်းမို့ အိမ်ငှားထားသည့်အိမ်မှာ ပြောင်းနေကြရပါသည်။ အဲဒီအိမ်ကို ဘုန်းဘုန်းက ပဌာန်းကျောက်ခဲမြှုပ်ခိုင်းပြီး အရှေ့ဘက်အိမ်ကိုတော့ ဆောက်နေဆဲမို့ ကျောက်ခဲမမြှုပ်ပေးခဲ့။ တဲချိုင့်မီးလောင်တော့ အရှေ့ဘက်က အိမ်ပါသွားပါသည်။ အိမ်ငှားထားတဲ့အိမ် ပါမသွား၊ မီးလွတ်ပါသည်။ ရှေးဆရာတော်ကြီးတွေစီရင်ပေးခဲ့တာမို့လားမသိတော့ပါ။ ဖေဖေပြောခဲ့တဲ့မှတ်သားစရာအကြောင်းအရာတွေပါ။

သူငယ်ချင်းတွေပေးတဲ့ဆေးမြီးတို

ကျွန်မသည် မကွေးမြို့မှမင်းဘူးမြို့သို့ နေ့စဉ် ဝန်ထမ်းပို့ထောင်(စက်လှေ)ဖြင့် ရုံးတက်၊ ရုံးပြန်သွားခဲ့ရပါသည်။ တစ်နေ့မှာ အတူရုံးသွားရန် စက်လှေစီးကြတော့ ရဲမေမလေးက -

"အိမ်ကအဘရယ် ဝမ်းချုပ်လို့ဆိုပြီး ငုဝါသီးအတောင့်ထဲက အစေ့(၂)ပြားကို ဖန်ခွက်နဲ့ရေစိမ်ပြီးသောက်ပါတယ်။ ငုဝါစေ့က ဝမ်းသွားတယ် အစ်မရယ်။

အဘက ငုဝါစေ့(၂)ပြားကို ဖန်ခွက်နဲ့ (၂)နာရီကြာလောက်စိမ်ထားပြီး နူးပွလာတော့ အစေ့ကိုဖယ်ပြီးသောက်ပါတယ်။ ဝမ်းချုပ်သူဝမ်းသက်တဲ့အကြောင်း ပြောပြခဲ့တယ်။ ရှေးလူကြီးတွေက သူတို့နည်းသူတို့ဟန်နဲ့တော့ အိုကေနေတာပဲတဲ့။ ကျွန်မလည်း စဉ်းစားမိတယ်။ ငုဝါပင်က အရွက်၊ အသီး၊ အပွင့်၊ အခေါက် အားလုံးဝမ်းသက်မှာပဲလို့ယူဆပြီး သင်္ကြန်မှာ ငုဝါပန်းဝါဝါတွေတွဲလောင်းကျပြီး ပွင့်ပါတယ်။ အိမ်နားမှာအပင်ရှိတော့ ငုဝါပန်း(၁၀)ခိုင်လောက်ခူးပြီး စကောနဲ့လှန်းထားပါတယ်။ ခြောက်တော့ ပန်းခြောက်တွေကို လက်ဖက်ခြောက်ရေနွေးတတ်ဘူးထဲကို ငုဝါခြောက်နည်းနည်းထည့်ပြီး သောက်ကြည့်ပါတယ်။ နေ့စဉ် ဝမ်းမှန်ပါတယ်။ သောက်ကြည့်ပါ။ မခဲယဉ်းပါဘူး။ ခါးလည်းမခါးဘူး။ လက်ဖက်ခြောက်ရေနွေးကိုသောက်ရသလိုပါပဲ။ အပွင့်ခြောက်သာမကဘဲ အရိုးကလေးတွေပါ ချိုးဖဲ့ပြီးထည့်ရပါတယ်။ ဝမ်းမှန်ပါတယ်။

နောက်တစ်မျိုးကတော့ ငှက်ဖျားအတွက် ဆေးတစ်လက်ပေါ့။ ပဲခူးတိုင်း သဲတောင်ကျောက်ကြီးဘက်မှာ တာဝန်ကျတဲ့ ကျောင်းဆရာမတစ်ယောက်ရဲ့ ကိုယ်တွေ့နည်းလေးပါ။ ဆေးနည်းက လွယ်လွယ်လေး။ ခံတက်ရွက်လေးငါးရွက်ကို ထုထောင်းပြီး ညကျတော့ ခြေမအောက်မှာ အဝတ်မှာစည်းထားပါ။ ငှက်ဖျားထနေတုန်း စည်းရပါမယ်။ (၂၀) မိနစ်ခန့်စည်းရင် တက်နေတဲ့အဖျားက ချွေးဒီးဒီးကျလာပြီး ခံတက်ရွက်နဲ့အဝတ်စည်းထားတဲ့နေရာက မီးစနဲ့ထိုးထားသလိုပဲ ပူလောင်နေပါတယ်။ ခဏအောင့်ခံပြီး ချွေးတွေသုတ်ပစ်ပါ။ မိနစ်(၂၀)ကြာရင် ခြေမစည်းထားတာကို ဖြေလိုက်ပါ။ မီးလောင်ဖုလို အရည်ကြည်ဖု၊ [illegible] လာပါတယ်။ အပူဖုကို ဖူ[illegible] ဆပ်ပြာခရင်မ်နဲ့ သုတ်[illegible]ပါ။ ဘယ်တော့မှ ငှက်ဖျား[illegible]တဲ့။ လက်တွေ့နည်းလေးပါ။

[illegible]

မင်းချစ်ဦး(နတ်မောက်)

တစ်နှစ်တာ ပူးပေါင်းလုပ်ကိုင်ရန် နေ့သားသမီးရွေးချယ်တွက်နည်း

ငှက်တို့မည်သည်ပျံ့ရင်းသေ၊ လူတို့မည်သည် ကြံစည်ရင်း သေရသည်ဟူ ဆိုစကားလာရှိပါသည်။

အမှန်ပင် လူ့ဘဝသည် မွေးဖွားခြင်းမှစပြီး သေဆုံးခြင်းကာလအထိ ပုခက်တွင်းနှင့်အခေါင်းတွင်းကြားကာလ ဘဝတွင် တိုးတက်ရာတိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း ကြံစည်တွေးခေါ် လုပ်ကိုင်လှုပ်ရှားနေကြရသည်သာ ဖြစ်ပါသည်။

ထိုသို့ အလုပ်အကိုင်အကြံအစည်အတွက် တစ်နှစ်တာအတွင်း မိမိသည်မည်သည့်နေ့သားသမီးနှင့် အတူပူးပေါင်း(ရှယ်ယာ)လုပ်ကိုင်သင့်သည်ကို အလွယ်အသာ ရှေးရိုးဗေဒင်တွက်နည်းလေးဗဟုသုတတင်ပြအပ်ပါသည်။ မိမိနှင့်အကျိုးပေးသူနေ့သားသမီးနှင့်ပူးပေါင်းကြံစည်လုပ်ကိုင်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းကြီးပွားတိုးတက်စေပါသည်။

တွက်နည်းမှာလွယ်ပါသည်။

ဦးစွာပထမသာသနာနှစ်ငါးထောင်ကိုတည်ပါ။

ထို့နောက် သင်၏ ရောက်ဆဲအသက်နှင့်ပေါင်းပါ။

ပြီးလျှင် (၇) ဖြင့်စားပါ။

အကြွင်းဂဏန်းသည် သင်နှင့် ပူပေါင်းကြံစည်လုပ်ကိုင်ရမည့် နေ့သားသမီးပင် ဖြစ်ပါသည်။

■

(၆)ကြွင်းသည့်အတွက် သောကြာသားသမီးနှင့် ပူးပေါင်းကြံစည်လုပ်ကိုင်ရပါမည်။ တနင်္ဂနွေ (၁)၊ တနင်္လာ (၂)၊ အင်္ဂါ (၃)၊ ဗုဒ္ဓဟူး (၄)၊ ကြာသပတေး (၅)၊ သောကြာ (၆)၊ စနေ(၀) ဖြစ်ပါသည်။

သာသနာနှစ် = ၅၀၀၀
မိမိရောက်ဆဲအသက် = + ၅၃
ခုနစ်ဖြင့်စားပါ → ၇ | ၅၀၅၃ | ၇၂၀
၄၉
၁၅
၁၄
၁၃
၇
၆ ကြွင်း

အလွယ်အသာတွက်၍ ကြီးပွားကြပါစေ။

မင်းချစ်ဦး(နတ်မောက်)

(မြစ်သာ)

စနေထွန်း

သိကောင်းစရာ
လောကီရေးရာအဖြာဖြာ

ကျွန်တော်သည် ပြီးခဲ့သည့်ဝါဆိုလပြည့်နေ့က စဉ့်ကိုင်မြို့နယ်အတွင်းရှိ နေပူကုန်းရွာ နေပူကျောင်းကျောင်းထိုင်ဆရာတော်ဦးပဥ္စင်းလေးထံသို့သွားရောက်ခဲ့သည်။ ကျောင်းထိုင်ဆရာတော်ဟုဆိုသော်လည်း သက်တော်အားဖြင့်က သုံးဆယ်ဝန်းကျင်အတွင်းသာရှိသေးသည်မို့ ကျွန်တော်အနေနှင့်ဦးပဥ္စင်းဟုပဲ ရင်းနှီးစွာဖြင့် ပြောဆိုဆက်ဆံခဲ့ခြင်းဖြစ်သည်။

ဦးပဥ္စင်းလေးအနေနှင့် ကျွန်တော့်အား သူ့ကျောင်းတိုက်လာရန် ခဏခဏခေါ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော့်အနေနှင့်မရောက်ဖြစ်ခဲ့ပါ။ ဒီတစ်ခေါက်မှာတော့ မရောက်ရောက်အောင်သွားကြမည်ဆုံးဖြတ်ချက်ဖြင့် သမီးကြီးမောင်းသောဆိုင်ကယ်နောက်ကထိုင်လိုက်ရင်း ဦးပဥ္စင်းသီတင်းသုံးရာ နေပူကျောင်းကိုရောက်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်အနေနှင့် ဦးပဥ္စင်း၏ကျောင်းကိုသွားရခြင်း၏အဓိကရည်ရွယ်ချက်မှာ ဦးပဥ္စင်းက သူ့ဆီမှာ နေပူကျောင်းတွင် ယခင်ကကျောင်းထိုင်ခဲ့သော ကျောင်းထိုင်ဆရာတော်ကြီးများ မြုစုထားသည့် လောကီဆိုင်ရာပေစာထုပ်များရှိသည့်အတွက် လာရောက်လေ့လာဖတ်ရှုရန်ခေါ်ထား၍ဖြစ်သည်။

လောကီဆိုင်ရာပေစာများဟုဆိုထားသဖြင့် ဘာပဲပြောပြော ကျွန်တော့်အတွက်တော့ ရေးစရာစာတစ်ပုဒ်တော့ ရနိုင်ကောင်း၏ ဟူသောအတွေးကြောင့် မရောက်ရောက်အောင်သွားရခြင်း ဖြစ်သည်။ နေပူကျောင်းတိုက်သစ်သည် ကျောက်ဆည်မြို့နယ်အဆုံး စဉ့်ကိုင်မြို့နယ်၏အစတွင်ရှိသော နေပူကုန်းရွာမှ တစ်ခုတည်းသောကျောင်းတိုက် ဖြစ်သည်။

နေပူကုန်းရွာအဝင်လမ်း၏ ရှေ့တည့်တည့်တွင် တမန်ရှင်ပင်ရွှေဂူကြီး ပြတ်ရွာဘုရား၏မုခ်ဦးကြီးက ထီးထီးကြီးပင် တည်ရှိနေသည့်အတွက် လမ်းကြောင်းကိုအထူးမှတ်သားရှာဖွေနေရန်မလိုဘဲ လွယ်ကူစွာရောက်ရှိနိုင်သောနေရာဌာနဖြစ်ကြောင်း သတိပြုမိလိုက်သည်။

ကျွန်တော်တို့သားအဖ ကျောင်းဝိုင်းထဲကိုဝင်လိုက်တော့ ကျောင်းဝင်းကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး (၃)ဧကနီးပါးခန့်ရှိ ကျောင်းဝင်းကြီးထဲ၌ သရက်ပင်၊ ပိန္နဲပင်၊ ဥသျှစ်ပင်ကြီးများနှင့် ကျောင်းဝင်းကြီးတစ်ခုလုံး အုပ်အိုင်းညို့မှိုင်းနေသည်ကိုကြည့်ပြီး တရားစခန်းဖွင့်လိုက်ရလျှင်ဘယ်လောက်များကောင်းလိုက်မလဲဟု စိတ်ထဲတွေးလိုက်မိသည်။

ဦးပဥ္စင်းလေးကျောင်းထိုင်သော ကျောင်းကြီးမှာ . ရှေးကျောင်းကြီးဖြစ်ကြောင်း ဦးပဥ္စင်းပြောပြ၍သိရသည်။ နှစ်ပေါင်းရာချီနီးပါး သက်တမ်းရှိပြီဖြစ်၍ ရေရှည်ခိုင်ခံ့ဖို့တော့ အားနည်းနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ကျောင်းကြီးကကြီးကြီး၊ ကျောင်းဝင်းကြီးကကျယ် ကျယ်တွင် ကိုရင်ငယ်မရှိ ကျောင်းသား ဆိုတာ နတ္ထိ။ ဦးပဥ္စင်းအိုကြီးတစ်ပါးနှ ကျောင်းထိုင်ကာ သာသနာပြုနေသော ဦးပဥ္စင်းလေး၏ဇွဲသတ္တိကိုကြည့်၍ [illegible] ချီးကျူးမိသည်မှာ အမှန်ပင်ဖြစ်သည်။

ကျောင်းကြီးပေါ်ရောက်သည်နှ လာရင်းကိစ္စကို အကောင်အထည်ဖေ ဖို့အတွက် ဦးပဥ္စင်းအား ပေစာထုပ်တွေ ကြည့်မယ်တု လျှောက်ထားလိုက်သည်။ ဦးပဥ္စင်းက ဘုရားခန်းအတွင်းမှ ပိတ် နှင့် ထုပ်ပိုးထားသောပေစာထုပ်ကို ယူလာပြီး ကျွန်တော့်ရှေ့ရှိစားပွဲဝိုင်း သို့ချပေးသည်။

ပေစာရွက်များက စုစုပေါင်း ချပ်ရေတစ်ရာနီးပါးရှိမည်ဟု ခန့်မှန်း သည်။ ပေစာရွက်များမှာ သုတ်လိမ်း ထားသော ရေနံချေးကြောင့်လား မသိပါ။ ပေစာရွက်အားလုံး ခွေးမြည့်ခြင်း၊ ခြကိုက်ခြင်းလုံးဝမရှိဘဲ အကောင်းပကတိအတိုင်းတွေ့ရသည်။

ပေစာပေါ်တွင် ရေးထားသောလက်ရေးသည် ရှေးဆရာဘုန်းကြီးများရေးသောလက်ရေးမူအတိုင်း သေသပ်၍ လှပပြီး စာထုံးများမှာ ဝိုင်းစက်နေသဖြင့် ဖတ်ရှုရာတွင် အဆင်ပြေလှသည်။ သို့သော် ကျွန်တော်အတွက်တော့ ပေစာရွက်တွေကိုကြည့်ပြီး အခက်တွေ့နေရပြီဖြစ်သည်။

အကြောင်းမှာ ပေစာရွက်တွင် တင်ထားသော လောကီပညာရပ်ဆိုင်ရာစာများ၊ ပန်းချီ၊ ရုပ်ပုံများ၊ အင်းကွက်များနှင့်ပတ်သက်၍ ကျွန်တော်သည် ဘာမှနားလည်တတ်ကျွမ်းခြင်းမရှိသော သာမန်လူတစ်ဦးဖြစ်နေ၍ ဖြစ်သည်။ ပေစာတွင်ပါရှိသော လောကီပညာဆိုင်ရာပညာရပ်များသည် လောကီပညာရှင်များသာလျှင် နားလည်သိရှိနိုင်မည့် အကြောင်းအရာများသာဖြစ်သည်။

ကျွန်တော့်အနေနှင့် ပေးကားပေး၏မရဆိုသောကိန်းဆိုက်နေတော့သည်။ သို့သော်လည်း ကျွန်တော်စိတ်မလျှော့သေးပါ။ ကျွန်တော့်အတွက် အသုံးချလို့ရမယ့် စာတစ်စောင်ပေတစ်ရွက်တော့ တွေ့နိုင်ကောင်း၏ ဟူသောအတွေးနှင့် ပေစာရွက်တွေကို တစ်ခုပြီးတစ်ခုဖတ်သည်။ ရှာသည်။

ကျွန်တော့်အတွက် ဖတ်ရကျိုး၊ ရှာရကျိုးနပ်သည်ဟုဆိုရမည်ဖြစ်သည်။ ပေစာရွက်လေးငါးရွက်ပေါ်တွင် သာမန်သူလိုငါလိုလူများအတွက် သိရန်လိုအပ်သော လောကီဆိုင်ရာပညာရပ်အချို့ကို တွေ့မြင်လိုက်ရ၍ ဖြစ်သည်။ အိမ်အပြန်တွင် လက်ချည်းဗလာပြန်ရမယ့်အတူတူ လူအများအတွက် အမှန်တကယ်လိုက်နာပြီး အသုံးချနိုင်မယ့်လောကီပညာရပ်အပိုင်းအစလေးတွေကို ကူးယူမှတ်သားပြီး သူရဋ္ဌမဂ္ဂဇင်းကြီးကနေတစ်ဆင့် တင်ပြရလျှင်တော့ ကျွန်တော့်အတွက် လာရကျိုးနပ်သေးတယ်ဆိုတဲ့အတွေးနှင့် မှတ်စုစာအုပ်ထဲကို လက်ရေးနှင့် ကူးယူမှတ်လိုက်သည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုသည် မိမိတို့၏မိသားစုဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လောကီပညာနှင့် သက်ဆိုင်သောပညာရပ်များကို မပစ်ပယ်ဘဲလိုက်နာဆောင်ရွက်တတ်ကြသည်ဖြစ်ပေရာ ဤလောကီပညာရပ်ဆိုင်ရာကျမ်းသည် လိုက်နာလုပ်တောင်းလိုသူတို့အတွက် ထိုက်သင့်သောအကျိုးကျေးဇူးရရှိနိုင်လိမ့်မည်ဟူသောစိတ်စေတနာအတွေးဖြင့် လည်းကောင်း -

အောက်ဖော်ပြပါ လောကီအစီအရင်များသည် ပေစာရွက်တွင်ပါရှိသောကျမ်းများထဲမှ သာမန်လူတို့သိသင့်သိထိုက်သောနည်းများဖြစ်သည်ဟုယူဆ၍ လည်းကောင်း တစ်ဆင့်ကူးယူမှတ်သားပြီး ရေးသား ဖော်ပြလိုက်ပါသည်။

သစ်ပင်စိုက်ရာကျမ်း

အမြစ်ကိုလိုသော် တနင်္ဂနွေနေ့စိုက်။
အရွက်လိုသော် တနင်္လာနေ့စိုက်။
အညွန့်လိုသော် အင်္ဂါနေ့စိုက်။
အပင်လိုသော ဗုဒ္ဓဟူးနေ့စိုက်။
အစေ့လိုသော် ကြာသပတေးနေ့စိုက်။
အသီးလိုသော် သောကြာနေ့စိုက်။
အရွက်လိုသော် စနေနေ့စိုက်။

မစိုက်ကောင်းသောအပင်၊ မစိုက်ကောင်းသောအရပ်

အရှေ့ကို ညောင်၊ တောင်ကို ငှက်ပျော၊ နောက်ကျောလက်ပံ၊ မြောက်ယံ သဖန်း၊ တာဝန်လေးရပ် မစိုက်အပ်။

လှေကားကျမ်း

၁-နွေနေ့ လည်းကောင်း ၊ ၁-နွေအခါကို လည်းကောင်း၊ လှေကားမတင်ကောင်း။
အမျက်ရှိမူ လှေကားရှင်ပျက်စီး၏၊ အနာအဖျားများအံ့။
လှေကားဦးဖျား၌ အမျက်ရှိမူ ဧည့်သည်အရောက်များအံ့၊ လာဘ်သပ္ပကာကြီးစွာရောက်အံ့။
လှေကားရင်း၌ အမျက်ရှိမူ နွားများအံ့။
လှေကား (၇) ထစ်ပြုမူ အနာကြီးသင့်အံ့။
လှေကား (၄) ထစ်ပြုမူ လာဘ်သပ္ပကာများအံ့။
လှေကား (၉) ထစ်ပြုမူ ဥစ္စာများအံ့၊ ကောင်းလှ၏။

အိမ်ဆောက်ပန်းဆွဲကျမ်း

မရိုးဆွဲမူ အနာအဖျားပျောက်အံ့။
ပေါက်ရွက်ဆွဲမူ အမှုဟူသမျှအောင်အံ့။
ဥန့်ဆွဲမူ ဥစ္စာရွှေငွေရအံ့။
စပ်ရွက်ဆွဲမူ သားမြေးမြတ်အံ့၊ သားမြေးကား မင်းပူဇော်ခံရအံ့။
သရက်ဆွဲမူ ချမ်းသာရအံ့။
ရေသာခန်းဆွဲမူ မြေအချို့ဖြစ်အံ့။
သပန်းဆွဲမူ တရားအောင်သမျှ အောင်အံ့။
နေစာဆွဲမူ အသက်ရှည်အံ့။

အိမ်ဆောက်ကျမ်း

တပေါင်းလအိမ်ဆောက်မူ ချမ်းသာရအံ့၊ ဥစ္စာများအံ့။
တန်ခူးလအိမ်ဆောက်မူ ဥစ္စာများအံ့၊ မစိုးရိမ်များအံ့။
ကဆုန်လဆောက်မူ၊ ဥစ္စာများအံ့၊ ကျက်သရေတက်အံ့။
နယုန်လဆောက်မူ သေအံ့။
ဝါဆိုလဆောက်မူ ဥစ္စာများအံ့၊ ကျက်သရေတက်အံ့၊ မများမူ အခြေလေးခုဥစ္စာပျောက်အံ့။
ဝါခေါင်လဆောက်မူ ပူဇော်ရာဖြစ်အံ့၊ သူတည်း မပူဇော်မူ ဖျားနာအံ့။
တော်သလင်းလကား ဖျားနာအံ့။
သီတင်းကျွတ်လကား အနိုင်အပျက် အစီးအရဲများအံ့။
တန်ဆောင်မုန်းလကား ကျွန်နွားများအံ့၊ ကျွန်နွားမများမူ အနာအဖျားများအံ့။
နတ်တော်လဆောက်မူကား ကျွန်သမီးရအံ့၊ မရမူ အနှောင်အဖွဲ့များအံ့။
ပြာသိုလကား ဥစ္စာရွှေငွေပြည့်စုံအံ့၊ နိုင်ငံချင်းအံ့။
တပို့တွဲလကား ဥစ္စာရအံ့၊ ဥစ္စာမရမူကား ဆွေမျိုးဆင်းရဲအံ့။ မဆင်းရဲမူ မီးလောင်အံ့။

ကျွန်တော့်အနေနှင့် ကျွန်တော်ကူးယူမှတ်သားခဲ့သမျှသော လောကီကျမ်းအချို့ကို တစ်ဖက်သူများအတွက် ထိုက်သင့်သော ဗဟုသုတရစေရန်နှင့် ရှောင်ရန်၊ ဆောင်ရန်တို့ကို သိထားခြင်းအားဖြင့် မိမိနှင့် မိမိ၏ ပတ်ဝန်းကျင်ကောင်းကျိုးကို အကျိုးပြုနိုင်စေရန် ရည်ရွယ်၍ မျှဝေခြင်းသာ ဖြစ်ပါသည်။

အထက်ဖော်ပြပါကျမ်းများနှင့်ပတ်သက်၍ ချွတ်ယွင်းချက်၊ အားနည်းချက်တို့ရှိခဲ့ပါက ကျွန်တော်၏ ညံ့ဖျင်းမှုသာဖြစ်ပါ၍ ပညာရှင်များအနေနှင့် [illegible] သဘောပေါက်စွာဖြင့် [illegible] ကြိုတင်၍မေတ္တာရပ်ခံလိုက်ပါသည်။

စေတနာမှန်[illegible]

စနေထွန်း(မြစ်သာ)



မျိုးထက်နန္ဒ

ကဝေပေးသောဆေးသုံးလုံး

ဒီအဖြစ်အပျက်ကား လွတ်လပ်ရေးမရခင်ကာလက မြေလတ်မြို့လေးတစ်မြို့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ ယင်းမြို့ကလေးသည် မြေလတ်မြို့လေးပီပီ တမာပင်တွေပေါများလှသောမြို့လေးတစ်မြို့လည်း ဖြစ်သည်။ မြို့လေးသည် အိမ်ခြေသုံးထောင်ခန့်ရှိပြီး မြို့သူမြို့သားများကလည်း စပါး၊ ပဲ၊ ဝါ၊ နှမ်းအစရှိသော အသီးအနှံများကို စိုက်ပျိုးရောင်းချခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်းပြုကြလေ၏။ ထို့ကြောင့် မြို့သူမြို့သားများသည် အချမ်းသာကြီးမဟုတ်သည့်တိုင် မရှိမရှားသူတွေကများလေသည်။ ဆင်းရဲသောသူများရှိသော်လည်း လူနည်းစုမျှသာ ဖြစ်သည်။

မြို့ကလေး၏ အလယ်ပိုင်းတွင် ပွဲစားကြီးဦးဘသင်း၏ အိမ်ကြီးရှိခိုင်ရှိသည်။ ဦးသသင်း၏ခြံကြီးသည် ဧရိယာပေနှစ်ရာပတ်လည် ကျယ်ဝန်းသော ခြံကြီးတစ်ခြံဖြစ်ပြီး ခြံထဲတွင် သစ်ပင်ပန်းမန်များဖြင့် အုပ်မိုင်းနေလေ၏။ ဦးဘသင်း၏ ဇနီး ဒေါ်ထွေးရင်သည် ပိုက်ဆံရှိသဖြင့် ဥစ္စာမနဂုဏ်မောက်မာချင်သော သဘောမျိုးရှိသည်။ အလှူအတန်းလုပ်သည့်အခါတိုင်း ချမ်းသာသော မိသားစုများကိုသာ ရွေးချယ်၍ဖိတ်ပြီး ဆင်းရဲသည့်မိသားစုများကို ဖိတ်လေ့ ဖိတ်ထမရှိပေ။ဒေါ်ထွေးရင်သည် ဦးဘသင်းနှင့် မရခင်အပျိုဘဝက ကောက်စိုက်ပျိုးနုတ်အစရှိသောအလုပ်များကို ပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့ရသော်လည်း ဦးဘသင်းနှင့် အိမ်ထောင်ကျပြီးသောအခါ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေရသဖြင့်ဘဝမေ့ကာ ငယ်ငယ်ကသူငယ်ချင်းများနှင့်တွေ့သည့်အခါ မောက်မောက်မာမာ ဆက်ဆံတတ်လေ၏။ ဒေါ်ထွေးရင်သည် နှစ်ကျပ်သားခန့်ရှိသောရွှေဆွဲကြိုးကြီးကိုလည်း ချက်လောက်ရောက်သည်အထိ ဆွဲထားတတ်သေးသည်။

တစ်ဦးတည်းရှိသော သမီးလေး မြမှုကိုလည်း စိတ်မချသဖြင့် ကျောင်းသို့မလွှတ်ဘဲ မိန်းကလေးသေစာရှင်စာဖတ်တတ်ရင်တော်ပြီဆိုသော သဘောမျိုးဖြင့် ဘုန်းကြီးလူထွက်ကြီး ဦးအုန်းဖေကို အိမ်သို့ခေါ်ပြီး စာရေးစာဖတ်တတ်ရုံမျှ သင်ကြားစေသည်။ ထို့နောက် စောင်းဆရာကြီးတစ်ဦးကို ငွေပေး၍ သီချင်းကြီးသီချင်းခန့်များကို သင်ကြားစေသည်။မြမှုလည်း အထိုက်အလျောက် စောင်းတီးတတ် မြောက်ခဲ့၏။ မြမှုသည် အရွယ်ရောက်သောအခါ တစ်သွေးတစ်မွေးဖြင့် လှချင်တိုင်းလှနေသောမိန်းကလေးတစ်ယောက် ဖြစ်လာသည်။ ထို့ကြောင့် မြို့ထဲမှ ကာလသားများက မြမှုကိုချစ်ကြိုက်ကြပြီး ညအခါ အိမ်ရှေ့တွင် တယောတစ်လက်ဖြင့် လျှောက်သံပြန်ပြေးခြေအေးဝမ်းရော[illegible] ဆိုသလိုလှည့်ပတ်သွားလာတတ်ကြသည်။ သို့သော်လည်း လင်မယားနှစ်ယောက်စလုံးက မြမှုကို မျက်စိအောက်က အပျောက်မခံဘဲအရိပ်လိုကြည့်နေကြသည်။

ဒေါ်ထွေးရင်က -

"သမီးရယ် ဒီမြို့ကကောင်တွေကို စိတ်ကူးထဲတောင်မထည့်စမ်းပါနဲ့။ [illegible] ဖင်ထဲကိုရွှ့တစ်ပိသာဝင်မှုထမင်းစား[illegible]ရဲ့အစားမျိုးတွေ။ အမေတို့က သမီးကို [illegible]ရာဝန်တို့ မြို့အုပ်တို့ ရာဇဝတ်အုပ်တို့ [illegible]လောက်နဲ့ပဲ ဖြစ်စေချင်တာအေ့"

ဟု ပြောဆိုဆုံးမတတ်သည်။

မြမှုကလည်း မိခင်၏စကားများကို နားရည်ဝနေပြီဖြစ် သောကြောင့် [illegible]တော်ရုံတန်ရုံ လောက်ကို ရင်မခုန်တော့ပေ။ ညအခါ [illegible]သာသည့်ညများတွင် လမ်းမပေါ်က [illegible]ဆိုသွားသော -

"မောင့်အပေါ်ဝယ်×××ဂုဏ်ရည် [illegible]တူလိုလား×××ရွှေစံပယ်ဖြူပန်ချင်သူက [illegible]×××မသနားဘဲ×××ရက်စက်တယ်' ဆိုသောသီချင်းမျိုးကို ကြားရလည်း မတုန်လှုပ်တော့ချေ။

'မြစိမ်းပင်ရယ်×××မခင်တွယ်လေရောသလား' ဆိုတာတွေကိုလည်း ကြားရသေးသည်။ သို့သော်လည်း မမြမှု၏ ပင်ကိုစိတ်ရင်းက သူတစ်ပါးအပေါ်မှာ နှိမ်လိုသောစိတ် မိခင်ဖြစ်သူလောက်တော့ မပြင်းထန်ချေ။

"ဦးဘသင်းကမှ တော်ပါသေးတယ်အေ။ ဒေါ်ထွေးရင်က တော်တော် ငွေဂုဏ်မောက်တာပဲ။ တို့တော့ မလွဲသာ မရှောင်သာမှ အဲဒီမိသားစုနဲ့ ပတ်သက်ချင်တယ်"

ဟု တချို့ကပြောကြသည်။

ဦးဘသင်းသည် ညမှုညတာ သူခိုး၊ ဓားပြများ၏ ဘေးအန္တရာယ်ကို စိုးရိမ်သဖြင့် ဒရမ်ဝမ်တစ်ယောက်ကို လစာဖြင့် ငှားရမ်းထားလေသည်။ ထိုဒရမ်သည် ကုလားလူမျိုးတစ်ယောက်ဖြစ်ပြီး ညခုနစ်နာရီမှ [illegible] လေးနာရီအထိ တစ်နာရီ[illegible] သံချောင်းခေါက်လေ့ရှိ[illegible] တစ်ကြိမ်ခေါက်ဝဦး [illegible] အိပ်ကြလေသူ[illegible] ဦးဘသင်းတွင် [illegible] ဘော [illegible]

ခေါင်းအုံးအောက်တွင် အမြဲလိုလိုထား၍ အိပ်စက်လေ့ရှိသည်။

“ကိုဘသင်းရေ၊ ကျွန်မတို့ သမီး ဒီနှစ်တန်ဆောင်မုန်းလပြည့်ဆိုဘယ်နှနှစ် ပြည့်ပြီလဲ ရှင်မှတ်မိရဲ့လား”

ဟု ဒေါ်ထွေးရင်က မေးလိုက်သည်။ ဦးဘသင်းက ရေနွေးကြမ်းပန်းကန်လုံးကို နှုတ်ခမ်းမှာတေ့ထားရာမှ အသာချလိုက်ကာ -

“နှစ်ဆယ်ပြည့်ပြီ မဟုတ်လား မထွေးရင်ရဲ့”

ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ဒေါ်ထွေးရင်က ပြုံးလိုက်ပြီး -

“ရှင်မဆိုးဘူး မှတ်မိသားပဲ”

ထို့နောက် ဒေါ်ထွေးရင်က သမီး မြမှု၏ အသက်နှစ်ဆယ်ပြည့်မွေးနေ့အတွက် မွေးနေ့ပွဲကျင်းပရန် ဦးဘသင်းအား အကြံပေးလေ၏။ ဦးဘသင်းကလည်း သဘောတူသည်။ ထို့နောက် မွေးနေ့ပွဲတွင် ဒုန်းထမင်းနှင့် ကြက်သားဟင်းကျွေးမွေးရန် စီစဉ်လိုက်ကြသည်။ ဟင်းချိုအဖြစ်အဒီပြေစေရန် ချဉ်ပေါင်ရွက်အရည်သောက်ချက်ဖို့ ဆုံးဖြတ်လိုက်သည်။ ငါးပိကြော်၊ သရက်ချဉ်သုပ်အစရှိသော ဟင်းအမယ်များကို စီမံရဦးမည်။ တကယ်တော့ ဒေါ်ထွေးရင်သည် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသောအကြံအစည်နှင့် မြမှု၏ မွေးနေ့ပွဲကိုကျင်းပခြင်း ဖြစ်လေသည်။

ထိုမြို့သို့ မြို့ပိုင်လေး မောင်ဘမင်းပြောင်းရွှေ့လာသည်မှာ တစ်လခန့်သာရှိသေးသည်။ မောင်ဘမင်းမှာ ခေတ်ပညာတတ်ဘီအေဘွဲ့ရတစ်ယောက်ဖြစ်ပြီး ရုပ်ရည်ရူပကာအားဖြင့် သင့်တင့်သားနားပြီး လူပျိုလူလွတ်တစ်ယောက်ဖြစ်သည့်အတွက် ဒေါ်ထွေးရင်နှင့် မြမှုနှင့်နီးစပ်အောင် ကြံစည်ခြင်းဖြစ်သည်။

မွေးနေ့ပွဲသို့ရောက်လာသောအခါတွင်လည်း မြို့ပိုင်ကလေးမောင်ဘမင်းနှင့်အတူ မြို့လေးပေါ်ရှိဥစ္စာနေကြွယ်ဝသူတွေကိုပဲ ရွေးချယ်၍ ဖိတ်ကြားလေသည်။ ထို့နောက် မြမှုလည်း မိမိတတ်မြောက်ထားသော စောင်းပညာဖြင့် ချစ်သမျှကိုပတ်ပျိုးကို တီးခတ်လျက် ဖျော်ဖြေနေစဉ် ခြံပေါက်ဝဆီမှ ရုတ်ရုတ်သဲသဲအသံများကိုကြားလိုက်ရသည့်အတွက် စောင်းတီးသံပါ ခေတ္တတိတ်ဆိတ်သွားလေ၏။

“ဘယ်လိုဖြစ်တာလဲကွ”

ဟု ဦးဘသင်းက ခြံစောင့်မူတူးကို မေးလိုက်သည်။

“ဒီလိုပါ ဆပ်၊ အဘွားကြီးတစ်ယောက်က ခြံထဲကို အတင်းဝင်မယ် လုပ်လို့ ဆွဲထုတ်နေရလို့ပါ”

ဟု မူတူးက ပြန်လည်ဖြေကြားသည်။

ထိုအခါ ဒေါ်ထွေးရင်သည် ဒေါင်းတည်မောင်တည်ပုံစံမျိုးဖြင့် အိမ်ပေါ်မှဆင်းသွားကာ -

“ရှင်ဘာကိစ္စရှိလို့လဲ”

ဟူ၍ အဘွားကြီးကို မေးမြန်းလိုက်သည်။

အဘွားကြီးကား အသားမည်းမည်း၊ ပုပုဖြစ်ပြီး အရိုးပေါ်အရေတင်လောက်အောင်ကိုပင် ပိန်လှီသေးကွေးလှသည်။

“ကျုပ်ဗိုက်ဆာလို့ပါ။ ဒီနေ့ဒီအိမ်ကြီးက ကလေးမလေးမွေးနေ့ပွဲရှိတယ်ကြားလို့ပါ။ စားစရာတစ်ခုခုရနိုင်မလားလို့ပါ”

ဟု အောက်ကျို့သောလေသံဖြင့် ပြောလေ၏။

ထိုအခါ ဒေါ်ထွေးရင်သည် တင်းမာသော မျက်နှာထားဖြင့် -

“ကျွန်မသမီးမွေးနေ့က လူတကာကိုဖိတ်တာမဟုတ်ဘူး။ ဂုဏ်သရေရှိတဲ့ လူကြီးလူကောင်းတွေကိုပဲ ရွေးဖိတ်တာ။ သူတောင်းစားတွေကိုကျွေးတဲ့ပွဲမဟုတ်ဘူး။ ရှင့်ဘာသာ တခြားမှာသွားတောင်းချေ။ ကျုပ်တို့ မင်္ဂလာယူနေတဲ့အချိန်မှာ မင်္ဂလာပျက်အောင်လာမလုပ်နဲ့”

ဟူ၍ ပြောလိုက်သည်။

ထိုအခါ အဘွားအိုကြီးက ရယ်မောလိုက်သည်။ ထိုရယ်မောသံမှာ ငှက်ဆိုးထိုးသံနှင့်ခပ်ဆင်ဆင်တူပြီး မကောင်းဆိုးဝါးတစ်ကောင် ညည်းညူသံအသံမျိုးကဲ့သို့ နားထောင်လိုက်ရသည့်လူတွေ ခံစားလိုက်ရလေသည်။

“သွား. . သွား၊ အဘွားကြီး၊ ရှင်သွားတော့လေ”

ဟု ဒေါ်ထွေးရင်ကပြောသည်။

“သွားမှာပါ၊ ငါသွားမှာပါ။ အေး ဒီလောက်တောင် မာနတတ်နေတဲ့ နင်တို့တစ်တွေ ငါ့အကြောင်းကိုသိရမယ်”

ဆိုကာ အဘွားအိုကြီးသည် ခြံဝတည့်တည့်သို့ ဖနောင့်တစ်ချက်ပေါက်လိုက်ကာ ထွက်ခွာသွားလေသည်။

ထို့နောက် ဒေါ်ထွေးရင်သည် အိမ်ပေါ်သို့ပြန်တက်လာကာ -

“မချော်လင့်တဲ့အနှောင့်အယှက်ကြုံလိုက်ရလို့ မြို့ပိုင်မင်းကို အားနာလိုက်တာ”

ဟု မောင်ဘမင်းကို တောင်းပန်လေ၏။ မောင်ဘမင်းလည်း-

“အားနာစရာမလိုပါဘူး အဒေါ်”

ဟု အလိုက်သင့်အလျားသင့်ပြန်ပြောလေသည်။

မွေးနေ့ပွဲကျင်းပပြီး နှစ်ရက်အကြာတွင် မြမှုသည် ကောက်ကာငင်ကာ ဖျားတော့သည်။ အဖျားပျောက်သွားသောအခါ မိဘတွေကို လုံးဝသူမသိတော့ပေ။ မိုက်မိုက်ရိုင်းရိုင်း ဆဲရေးတိုင်းထွာသည်။ မြမှုတစ်ယောက် သွက်သွက်ခါအောင်ရူးသွပ်သွားလေပြီ။ အိမ်ပေါ်မှအောက်ကို လုံးဝမဆင်းဘဲ အိမ်ပေါ်ထပ်အခန်းထဲမှာပဲနေတော့သည်။

ဒေါ်ထွေးရင်က -

“သမီးဆေးဆရာလာတော့မယ်။ အဝတ်အစားလဲထားလေ”

ဟု ပြောသည့်အခါ မြမှုက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး-

“ဟား ဟား - ငါ့လို တောင်တော်သခင်မကို ဘယ်ဆေးဆရာကလာကုနိုင်မှာလဲ။ ပြန်လွှတ်လိုက် ငါဘာမှမဖြစ်ဘူး”

ဟု၍ပြန်ပြောသည်။

ထို့နောက် ဆေးဆရာကြီးဦးစိုးသောင်းရောက်လာပြီး ဆေးများတိုက်သောအခါ ထိုဆေးတွေကို ဆရာကြီး၏ ရှေ့မှာတင် ဖနောင့်နှင့်နင်းခြေဖျက်ဆီးပစ်လေ၏။

ထို့ကြောင့် ဆရာကြီးဦးစိုးသောင်းက -

“ကိုဘသင်း၊ ခင်ဗျားသမီးရောဂါက ပယောဂပြုစားထားတာ၊ ကျုပ်က နိုးရိုးဗိန္ဒောဆရာဆိုတော့ ပွင့်ပွင့်လင်းလင်းပြောရင်မနိုင်ဘူးဗျ”

ဟု ဆိုကာ အိမ်ပေါ်မှ ထွက်ခွာသွားလေ၏။

ထို့နောက် ပွဲစားကြီးတို့လင်မယားသည် ဘယ်ပယောဂဆရာကို ခေါ်လျှင်ကောင်းမလဲဟုဆိုပြီး ခေါင်းချင်းဆိုင်တိုင်ပင်ကြသည်။

“အနောက်ပိုင်းက ဆရာကြီးဦးရေချမ်းကိုပဲခေါ်ရင်ကောင်းမယ်ထင်တယ်။ သူကုလို့ရှိရင် တော်ရုံတန်ရုံ ပယောဂ ပြေးတာပဲ”

ဟု ဒေါ်ထွေးရင်က အကြံပြု၏။

ထို့ကြောင့် ဆရာကြီးဦးရေချမ်းကိုပဲ သွားရောက် ပင့်ဆောင်လာခဲ့ကြ၏။ ဆရာကြီး၏နှုတ်ခမ်းမွေးများမှာ ကော့နေပြီး အသားမှာလည်း သပိတ်မှောက်ထနေသည်။ အရပ်အမောင်းမှာလည်း ခြောက်ပေခန့်ရှိသည့်အပြင် ခန္ဓာကိုယ်မှာလည်း တုတ်တုတ်ခိုင်ခိုင်ကြီးဖြစ်သောကြောင့် အယောင်ဆောင်ပယောဂလောက်ဆို ဆရာကြီးကိုမြင်လိုက်တာနှင့်ထွက်ပြေးရလောက်၏။ ဆရာကြီးဦးရေချမ်း ခြံပေါက်ဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် မြမှုသည် အိမ်ပေါ်ထပ်မှနေ၍သောင်းကျန်းတော့သည်။ တွေ့ကရာပစ္စည်းများကို လွှင့်ပစ်သည်။

“ဪ ရေချမ်းလာပြီကိုး။ လာခဲ့လေ နင်နဲ့ငါ ဘယ်သူ့ပညာချင်းသာသလဲ စမ်းကြည့်ကြတာပေါ့”

ဟု ဆိုလိုက်သေးသည်။

ထိုအခါ ဦးရေချမ်းက လက်ထဲတွင် ဆေးကြိမ်လုံးကိုဆွဲကိုင်ပြီး အိမ်ပေါ်ထပ်သို့တက်မည်အလုပ် ဒေါ်ထွေးရင်က -

“ဆရာကြီးရယ်၊ ကျွန်မသမီးလေးကို ညာညာတာတာရိုက်ပါ”

ဟု ပြောလေ၏။

ဆရာကြီးက ဦးခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အိမ်ပေါ်သို့တက်သွားလေ၏။ ထို့နောက် အိမ်ပေါ်ထပ်သို့ ရောက်သောအခါ မြမှုကို ဆေးကြိမ်လုံးဖြင့် ရိုက်မည်အလုပ်တွင် မြမှုက -

“ဪ - နင်ကများငါ့ကိုကြိမ်လုံးနဲ့ရိုက်ဦးမယ်။ ကဲ-ငါ့အစွမ်းသိစေရမယ်”

ဆိုကာ ဦးရေချမ်းလက်ထဲမှဆေးကြိမ်လုံးကိုဝင်လုလေ၏။

ထိုအခါ ဦးရေချမ်းသည် ကြိမ်လုံးကို မြဲမြံစွာ ဆုပ်ကိုင်ထားသော်လည်း မြမှုအင်အားမှာ မယုံကြည်နိုင်လောက်အောင် ကြီးမားသည်ကိုတွေ့လိုက်ရ၏။ ထို့ကြောင့် မည်မျှပင် တောင့်ခံထားစေကာမူ ဦးရေချမ်း၏လက်ထဲရှိဆေးကြိမ်လုံးမှာ မြမှု၏လက်ထဲသို့ ပါသွားလေသည်။ မြမှုသည် လက်ထဲသို့ ကြိမ်လုံးရောက်ရောက်ချင်း ဦးရေချမ်းကို လွှဲ၍ကာအားရိုက်လေရာ ဦးရေချမ်းခမျာ အိမ်ပေါ်ထပ်မှ အတင်းဆင်းပြေးလာခဲ့ရသဖြင့် ပုဆိုးတောင်ကျွတ်မတတ်ဖြစ်သွားသည်။ သို့သော်လည်း မြမှုက အိမ်အောက်ထပ်သို့ဆက်မလိုက်တော့သဖြင့် ဦးရေချမ်း သက်သာရာရသွားခြင်း ဖြစ်သည်။

ထို့နောက် ဦးရေချမ်းသည် ပွင့်ပွင့်လင်းလင်းပြောဆိုတော့၏။

“ခင်ဗျားတို့သမီးမှာ စွဲကပ်နေတဲ့ ပယောဂကို ကျုပ်မနိုင်ဘူးဗျ၊ သူ့ကိုပြုစားထားတဲ့သူဟာ တော်တော်အစွမ်းထက်တဲ့သူ။ ခင်ဗျားတို့ ကျုပ်ကို ပွင့်ပွင့်လင်းလင်းပြောပါစေဗျာ။ ဒီကောင်မလေး ဘယ်လိုလုပ်ပြီး ရောဂါစွဲကပ်ရတာလဲ ဆိုတာ”

ဟု ဦးရေချမ်းက မေးမြန်းလေသည်။

ထိုအခါ ဒေါ်ထွေးရင်သည်လည်း လျှို့ဝှက်ထား၍မရတော့သည့်အဆုံးတွင် မွေးနေ့ပွဲနေ့က လာရောက်တောင်းရမ်းစားသောက်သည့် အဘွားအိုကြီးအား မချေမငံဆက်ဆံမိကြောင်းကို ဦးရေချမ်းအား ရှင်းပြတော့သည်။ ဦးရေချမ်းက ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေရာမှ -

“ကိုင်း - ဒါဖြင့်ရင် ခင်ဗျားတို့ အဲဒီအမယ်အိုကြီးကိုရှာပြီးတော့ တောင်းပန်လိုက်ပါလား။ ပြီးတော့ ပညာကိုပြန်နုတ်ခိုင်းလိုက်။ ဒါမှပဲရလိမ့်မယ်။ ခင်ဗျားတို့ပြောပုံအရဆိုရင် တော်တော်အစွမ်းထက်တဲ့ အဘွားကြီးပဲ။ ကျုပ် သူ့ကိုမနိုင်ဘူး”

ဟု ဝန်ခံလိုက်သည်။

ထို့နောက် ဦးရေချမ်းသည် အိမ်ပေါ်ထပ်တွင်ကျန်ရစ်ခဲ့သော ဆေးလွယ်အိတ်ကြီးကိုတောင်မယူရဲတော့ဘဲ ပြန်သွားလေ၏။

ထို့နောက် ဦးဘသင်းသည် မြို့ပေါ်နှင့် ရွာနီးချုပ်စပ်များသို့ တပည့်တပန်းများကို စေလွှတ်၍ ထိုအဘွားအိုကြီးကိုပိုက်စိပ်တိုက်၍ရှာဖွေသော်လည်း အဘွားအိုကြီး၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။ အဘွားကြီးကပျောက်ချက်သားကောင်းနေသည်။ မြမှု၏ရောဂါမှာလည်း မသက်သာသည့်အပြင် အိမ်မှာရှိသောလူတွေကို နေ့စဉ်နှင့်အမျှ ရန်ရှာနေသည်။ ထမင်းဟင်းများကို လင်ပန်းဖြင့်ထည့်ကာ သွားရောက်ကျွေးမွေးပါသော်လည်း စားချင်သည့်အခါစားသည်။ မစားချင်သည့်အခါ မှောက်ပစ်တတ်သည်။ ဆိုးဝါးသည်ကား အဖေကိုအဖေမှန်းမသိ အမေကို အမေမှန်းမသိဘဲ ရိုင်းပျစွာဆက်ဆံခြင်းပင် ဖြစ်လေသည်။ ဒေါ်ထွေးရင်ခံစားရသောအချက်တစ်ချက်မှာ မြမှုကို မြို့ပိုင်ကလေး မောင်ဘမင်းနှင့် နီးစပ်စေချင်ကာမှ မြမှု၏ရောဂါကြောင့် မောင်ဘမင်းက မြမှုကို စိတ်မဝင်စားတော့ဘဲ နှင်းယုဆိုသော မိန်းကလေးတစ်ယောက်ကို လက်ထပ်လိုက်ခြင်းပင် ဖြစ်သည်။

မြမှု၏ရောဂါကို ပျောက်ကင်းအောင် ယောပြန်ဆရာကြီးဦးကျော်ဘဆိုသော ပယောဂဆရာကြီးအားခေါ်ယူ၍ ကုသပါသော်လည်း ရောဂါမပျောက်ပေ။ ဆရာကြီးဦးကျော်ဘ ခြံပေါက်ဝရောက်ရှိခါရှိသေး အပေါ်ထပ်ရှိမြမှုက ဝုန်းဒိုင်းကြဲနေပြီ။ ဆေးကုသ၍မပျောက်တာမျိုးမဟုတ်။ ဆေးကုသ၍မရလောက်အောင်ကို မြမှုက ပွဲကြမ်းနေခြင်းပင် ဖြစ်သည်။

“ဒီလောက်[illegible] ကပေပုံမိချော့ရဲ့ လက်ချက်[illegible] မယ်”

ဟု ယောပြန်ဆရာကြီးဦးကျော်ဘက ကောက်ချက်ချသွားသည်။

ထို့နောက် တခြားနာမည်ကြီး ပယောဂဆရာကြီးများကို ခေါ်ယူကုသပါသော်လည်း ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ပင် အချည်းအနှီးဖြစ်ခဲ့လေသည်။ ထို့ကြောင့် ဦးဘသင်းတို့ လင်မယားလည်း အချိန်ကုန်လူပန်းဖြစ်ပြီး စိတ်သောကဝေဒနာကြီးစွာဖြစ်ရလေတော့၏။ သည်လိုနှင့် နှစ်လဆိုသော အချိန်အတိုင်းအတာတစ်ခုသို့လွန်မြောက်ခဲ့လေသည်။

နောက်ဆုံး၌ ပွဲစားကြီးတို့လင်မယားသည် ကြံရာမရသည့်အဆုံးတွင် ပတ်ဝန်းကျင်တစ်ခုလုံးသိစေရန် သတင်းတစ်ခုကို ကြေညာလိုက်တော့သည်။ အဆိုပါသတင်းကား သမီးဖြစ်သူ မြမှု၏ရောဂါကိုပျောက်အောင်ကုသပေးနိုင်သူသည် အသက်ကြီးကြီးဆေးဆရာဖြစ်ပါက သူတို့၏ စည်းစိမ်ထက်ဝက်ကိုပေးမည်။ အကယ်၍ လူငယ်လူပျိုဆရာဖြစ်ပါက စည်းစိမ်ထက်ဝက်ကိုသာမက သမီးဖြစ်သူနှင့်ပါ လက်ထပ်ထိမ်းမြားပေးမည်ဟူသောသတင်းပင် ဖြစ်သည်။ အဆိုပါသတင်းက ထိုမြေလတ်မြို့လေးပေါ်တွင်သာမက ပတ်ဝန်းကျင်ရှိကျေးရွာများသို့ပါ တောမီးပမာ ပျံ့နှံ့သွားလေသည်။

■

ထိုမြေလတ်မြို့ကလေးနှင့် ငါးမိုင်ခန့်ကွာဝေးသော ဆီးဖြူပင်ရွာတွင် အသက်အစိတ်ခန့်ရှိသော မောင်ငယ်ဆိုသော လူရွယ်တစ်ယောက်ရှိသည်။ မောင်ငယ်သည် သူများဆီမှ သူရင်းငှားအလုပ်ကို လုပ်ကိုင်ရသည်မှာ ပင်ပန်းလှသည့်အပြင် ဘဝမှာလည်း နေထိုင်ရတာစားရသောက်ရတာ ဆင်းရဲလှသဖြင့် လက်ရှိဘဝမှ လွတ်မြောက်ချင်နေသူတစ်ဦးလည်း ဖြစ်သည်။ တစ်နေ့တွင် မောင်ငယ်သည် မြို့မှပြန်လာသော ကုန်သည်ကြီးဦးဘကျော့ထံမှ သတင်းတစ်ခုကိုကြားလိုက်ရသည်။ ထိုသတင်းကတော့ မြမှု၏သတင်းပင်။

“ဦးလေးဘကျော့ရဲ့ [illegible] လေးရဲ့ရောဂါကို ပျောက်အောင်ကုပေးနိုင်မယ်ဆိုရင် [illegible] ပါရဦးမယ်[illegible]”

ဟု မောင်ငယ်က မေးလိုက်သောအခါ ဦးဘကျော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်၏။

"တကယ်ပေါ့ကွာ ဒါပေမယ့် ဘယ်ပယောဂဆရာမှကုလို့မရတဲ့ရောဂါဆိုပဲ။ ဆရာတွေအကုန်လုံးပြန်ပြေးရတာချည်းပဲကွယ့်"

မောင်ငယ်က ပို၍ စိတ်ဝင်စားသွားသည်။

"ဘယ်လိုကနေစဖြစ်တာလဲ"

ဟု မောင်ငယ်က မေးသောအခါ ဦးဘကျော်က သူကြားသမျှကိုအကျဉ်းချုပ်ကာ မောင်ငယ်အားရှင်းပြလိုက်လေ၏။

"ဒါဆိုရင် အဲဒီအသွားကြီးကဘယ်သူလဲ ဦးလေး"

ဟူ၍ မောင်ငယ်ကမေးလိုက်၏။

"တပေပွဲမိချောလို့ပြောတာပဲကွာ"

ထို့နောက် မောင်ငယ်သည် အလုပ်ကို ကောင်းကောင်းလုပ်ချင်စိတ်မရှိတော့ချေ။ တစ်ညလုံးအိပ်ရေးပျက်ခဲ့ပြီး ထိုကိစ္စကိုသာ တွေးတောကြံဆနေသည်။ မိုးလင်းခါနီးမှ သူအိပ်ပျော်သွားတော့၏။ ထိုအခါ အိမ်မက်လိုလိုဘာလိုလို အထဲတွင် နှင်းမြူများထုထပ်စွာကျဆင်းနေတာကို တွေ့လိုက်ရသည်။ ထို့နောက် အိပ်ရာမှ မှတ်ခနဲလန့်နိုးသွားသောအခါ သူ၏စိတ်ကူးထဲတွင် ဘာလုပ်ရမယ်ဆိုတာကို ပြတ်ပြတ်ထင်ထင်သိရှိလိုက်ရသည်။ ထို့ကြောင့် မောင်ငယ်သည် အိပ်ရာမှချက်ချင်းဆိုသလိုထလိုက်ပြီး လက်ဖျောက်တစ်ချက်တီးလိုက်သည်။

မောင်ငယ်သည် အလုပ်ရှင်ဆီမှ ခွင့်တောင်းကာ မြို့သို့သွားရန် ဆုံးဖြတ်လိုက်သည်။ အလုပ်ရှင် ဦးဘကျော်က အကြောင်းရင်းကို မေးမြန်းသောအခါ မောင်ငယ်က အမှန်အတိုင်းပဲထုတ်ပြောလိုက်သည်။

ထိုအခါ ဦးဘကျော်က -

"ဟုတ်မှလည်းလုပ်ပါ မောင်ငယ်ရာ၊ မင်းက ပယောဂကုရအောင်ဘာတတ်လို့လဲ"

ဟု မေးလေ၏။

မောင်ငယ်က -

"ဦးလေးကလည်း၊ ကျွန်တော့်မှာအကြံရှိပါတယ်။ အချိန်တန်ရင် ကျွန်တော် သူဌေးဖြစ်မှာ။ ဦးလေးစောင့်သာကြည့်"

ဟူ၍ ပိုင်နိုင်စိတ်ချသော လေသံဖြင့်ပြောလေ၏။

မောင်ငယ်သည် သူ့တွင်ရှိသော

အဝတ်အစားများအနက် အကောင်းဆုံးအဝတ်စားတစ်စုံကို ရွေးချယ်ဝတ်လိုက်သည်။ ဆရာတစ်ယောက်နှင့်တူအောင် လွယ်အိတ်တစ်အိတ်ကိုလည်းလွယ်လိုက်သေးသည်။ လွယ်အိတ်ထဲမှာ ထည့်စရာမရှိသဖြင့် ကျောက်သင်ပုန်းတစ်ချပ်နှင့် ကျောက်တံတစ်ချောင်းကို ထည့်လိုက်လေ၏။ ထို့နောက် သမ်သမ်ရှပ်ရှပ်ခေါင်းပြီးပြင်ဆင်လိုက်ကာ ဆရာတစ်ယောက်၏ဟိတ်ဟန်မျိုးဖြင့် မြို့ဘက်သို့ ဦးတည်လျှောက်လှမ်းတော့သည်။ မြို့သို့ရောက်သောအခါ ပွဲစားကြီးဦးဘသင်း၏အိမ်ကို ခက်ခက်ခဲခဲ မစုံစမ်းလိုက်ရချေ။ သို့ဖြင့် ဦးဘသင်း၏ အိမ်ရှေ့သို့ ရောက်ရှိလာခဲ့၏။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ဟု ခြံစောင့်ကမေးမြန်းသောအခါ

"ကျုပ်က ဆရာတစ်ယောက်ပါ။ ဒီအိမ်က ကလေးမလေးမှာ အမှောင့်ပယောဂတွေဝင်ပူးနေတယ်ဆိုလို့ ကျုပ်ကကုပေးဖို့လာတာ"

ဟု မှင်သေသေမျက်နှာထားဖြင့် ပြောကြားလိုက်၏။

ထို့နောက် မောင်ငယ်ကို ပွဲစားကြီးလင်မယားက ဧည့်ခန်းထဲသို့ခေါ်ယူကာ ကွမ်း၊ ဆေး၊ လက်ဖက်တို့ဖြင့် ဧည့်ခံလေ၏။

"ဒီရောဂါဖြစ်တာကြာပြီလား"

"နှစ်လလောက်တော့ရှိပါပြီဆရာ"

ဟု ဒေါ်ထွေးရင်က ရှိုးရှိုးသေသေဖြေသည်။

ပွဲစားကြီး ဦးဘသင်းကတော့ မောင်ငယ်ကို ခြေဆုံးခေါင်းဆုံးအကဲခတ်လျှက်ရှိသည်။ သူ့စိတ်ထဲတွင် ပယောဂကုသပေးမည့် ဆရာတစ်ယောက်မှာ မောင်ငယ့်ကို လက်မခံနိုင်လောက်အောင်ဖြစ်နေသည်။ သို့သော်လည်း ဘာမှတော့ထုတ်ဖော်မပြော။

မောင်ငယ်က -

"ကျွန်တော်ကြားထားတာတစ်ခုကတော့ ဦးလေးရဲ့သမီးမှာ စွဲကပ်နေတဲ့ရောဂါကို ကျွန်တော့်အစွမ်းနဲ့ ပျောက်ကင်းအောင် ကုသပေးနိုင်ရင် စည်းစိမ်တစ်ဝက်ကိုလည်းပေးမယ်။ သမီးနဲ့လည်း လက်ထပ်ပေးဦးမယ်တဲ့။ အဲဒီသတင်းမှန်သလား"

ဟု တဲ့တိုးမေးမြန်းလိုက်သောအခါ ပွဲစားကြီးတို့လင်မယားသည် တစ်ယောက်၏မျက်နှာကိုတစ်ယောက်ကြည့်ကြပြီးနောက် -

"ဟုတ်ပါတယ် ဆရာ"

ဟု ဒေါ်ထွေးရင်က ပြောလိုက်သည်။

"ကောင်းပါပြီ။ ဒီလိုဆိုရင် ရောဂါဖြစ်စားခံနေရတဲ့ လုံမလေးကို ကျွန်တော် ကုပေးမယ်ဆိုရင် ဦးလေးတို့အနေနဲ့ သဘောတူလား"

ဟူ၍ မေးမြန်းလိုက်ရာ ဦးဘသင်းက ကြံရမရတော့သည့်အဆုံး၌

"တူပါတယ် ဆရာလေး"

ဟု ပြောကြားလိုက်လေ၏။

"ဒါဆိုရင် ကျွန်တော်ကုပေးမယ်။ ဒါပေမယ့် ဦးလေးတို့တက်ကလိုက်လျှောရမယ့် အချက်နှစ်ချက်ရှိတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်အပေါ်ထပ်တက်ပြီး ဆေးကုနေတဲ့အချိန်မှာ အဲဒီတံခါးကိုပိတ်ထားရမယ်။ အပေါ်ထပ်ကို တစ်ယောက်မှတက်ခွင့်မရှိဘူး။ နောက်ပြီး လုံမလေးနေတဲ့ အခန်းအပြင်ဘက်မှာ ပိတ်ဖြူနှစ်ခုထပ်ကာရံပေးရမယ်။ ပိတ်က အသစ်နော်။ အဟောင်းဆိုရင် မရဘူး"

ဟု ပြောသောအခါ ဦးဘသင်း စဉ်းစားခန်းဝင်တော့သည်။ ငါ့သမီးကို မတော်တဆ ဖလက္ကာရလုပ်ရင်ခက်မယ် အတွေးတဝင်လာပြန်သည်။ သို့သော်လည်း မောင်ငယ်ကို အကဲခတ်လိုက်သောအခါ မျက်နှာပေါ်တွင် ရိုးသားဖြူစင်သောအရိပ်လက္ခဏာများကို တွေ့ရှိရသည့်အတွက် မောင်ငယ်ပြောသည့်အတိုင်း ဆောင်ရွက်ပေးဖို့ကို သဘောတူညီလိုက်လေ၏။ ထူးဆန်းတာတစ်ခုကတော့ အရင်ဆရာတွေရောက်လာပြီဆိုလျှင် မြမှုက အပေါ်ထပ်မှာ ဂုန်းပြီး ကြဲနေပြီ ဖြစ်၏။ အခု မောင်ငယ်ရောက်လာပေမယ့် မြမှုက ပကတိငြိမ်နေသည်။ ထို့ကြောင့် ပွဲစားကြီးတို့လင်မယားစိတ်အားနည်းနည်းတက်သွားသည်။

ဦးဘသင်းကပြောသည်။

"ဆရာ၊ ခဏတော့စောင့်ပါဦး။ ကျုပ်တို့အိမ်မှာ ပိတ်ဖြူအဆင့်သင့်မရှိသေးလို့ ဈေးထဲကိုလူလွှတ်ပြီး ဝယ်ခိုင်းထားရတယ်"

"ဟာ - ရပါတယ် ဦးလေး"

ထို့နောက် ပိတ်ဖြူစများဝယ်ပြီးသောအခါ အိမ်ပေါ်ထပ်ရှိ မြမှုနေသည့်အခန်းကို ခုနစ်ထပ်ပတ်လိုက်စေသည်။ ထိုအချိန်အထိ မြမှုက ငြိမ်သက်နေတုန်းပင် ဖြစ်၏။

"ဆရာ၊ သမီးကို ကုသလို့ရပါပြီ"

ဟု ဒေါ်ထွေးရင်ကပြောသည်။

မောင်ငယ်က ဆရာတစ်ယောက်၏ ခံ့ညားမှုမျိုးဖြင့် -

"ကောင်းပြီ၊ ကျွန်တော်ကုတော့မယ်။ ဆေးကုလို့ပြီးရင် ကျွန်တော်မျက်ခွင်းပြန်ဆင်းလာမှာပါ။ ဒါပေမယ့် တစ်ခုတော့ ကျွန်တော်ကြိုပြောထားမယ်နော်၊ ကျွန်တော်ဆေးကုတာကို တစ်နေရာရာက ချောင်းကြည့်တာမျိုးဆိုရင် မရဘူးနော်။ အပြင်လူလုံးဝချောင်းကြည့်လို့မရဘူး၊ ချောင်းကြည့်တာနဲ့ စည်းပေါက်မှာနော်"

ဟူ၍ သတိပေးစကားပြောလိုက်သည်။ ထိုအခါ ပွဲစားကြီးလင်မယားနှစ်ယောက်စလုံးက မကြည့်စေရပါဘူးဟု ကတိခံဝန်ချက်ပေးလေ၏။

မောင်ငယ်သည် ဂါရင့်ပယောဂကုဆရာကြီးတစ်ယောက်၏ ဟိတ်ဟန်ဖြင့် အိမ်အပေါ်ထပ်သို့ တက်လိုက်သည်။ အိမ်ပေါ်ထပ်သို့ ရောက်လျှင် ရောက်ချင်း အဲဒီတံခါးကို ပိတ်လိုက်ပြီး မှက်ပါချထားလိုက်သည်။ ထို့နောက် အိမ်အပေါ်ထပ်တွင် မိမိနှင့်ဆေးကုသခံရမည့် မြမှုမှလွဲ၍ တခြားလူပိုနိုးမရှိကို လှည့်ပတ်စစ်ဆေးလိုက်သည်။ စိတ်ချရပြီဆိုတော့မှ ပိတ်ဖြူများကို ဖြတ်သန်းပြီး မြမှုရှိရာအခန်းထဲသို့ ဝင်ရောက်သွားလေ၏။

အခန်းထဲသို့ ရောက်သောအခါ မြမှုသည် ခုတင်ပေါ်မှာထိုင်လျက်အနေအထားမှနေ၍ မောင်ငယ့်အား နားမလည်နိုင်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေလေ၏။ မောင်ငယ်သည် အခန်းထဲသို့ရောက်၍ မြမှုကိုတွေ့သည်နှင့်တစ်ပြိုင်နက် ဘယ်သူတစ်ဦးတစ်ယောက်ကမှုတင်မှတ်မထားသောအလုပ်တစ်ခုကိုလုပ်တော့သည်။ မြမှုကို ဦးသုံးကြိမ်ချလိုက်သည်။ ထို့နောက် လွန်စွာနူးညံ့သောအမူအရာဖြင့် -

"အမေ၊ ကျွန်တော်ဘာပညာမှ မတတ်ဘူးဆိုတာ အမေသိတယ်နော်။ အမေ၊ ကျွန်တော် အမေ့ကို ရှိသေတယ်နော်။ အမေကျွန်တော့်ကိုကူညီပါအမေရယ်။ ကျွန်တော် ဆင်းရဲလွန်းလို့ ကြံဖန်ကြံရာကြံတာပါ အမေရယ်"

ဟူ၍ ပြောလေတော့၏။

ထို့နောက် -

"အမေရယ်၊ ကျွန်တော့်ကို ကူညီပါဗျာ"

ဟု ထပ်ပြောလေ၏။

ထိုအခါ မြမှု၏မျက်နှာသည် ဖြူရောင်သဲ့သဲ့သန်းသွားပြီး အဘွားအိုကြီးတစ်ယောက်၏ လေသံဖြင့် -

"ငါတွေ့ဖူးတဲ့သူငယ်တွေအထဲမှာ မင်းမဆိုးဘူး"

ဟု ပြောလေ၏။

"ဟုတ်ပါတယ် အမေရယ်။ ကျွန်တော် အမေ့ကို ရိုသေပါတယ်။ လေးလည်းလေးစားပါတယ်။ နောက်ပြီး ဘာမှမတတ်ဘူးဆိုတာလည်း အမေသိတယ်နော်"

ဟု ပြောလေ၏။

"ငါထင်တော့ထင်သားပဲ။ တခြားဆရာတွေလာပြီဆိုရင် သူတို့ပညာဘယ်လောက်ရှိတယ်ဆိုတာကို ငါမြနောက ကြိုသိနေပြီသားပဲ။ ဒါပေမယ့် မင်းရောက်လာတာကို ငါဘယ်လိုမှခန့်မှန်းလို့မရဖြစ်နေတာ"

ဟူ၍ ပြောလေသည်။

"ဟုတ်ပါတယ် အမေရယ်၊ ကျွန်တော်ဆင်းရဲလွန်းလို့ပါ။ သူတို့စည်းစိမ်တစ်ဝက်ရရင် ဒီဘဝကလွတ်ပြီဆိုပြီး အရဲစွန့်ပြီး ကြံဖန်ကြံရာကြံတာပါ အမေရယ်။ ကျွန်တော့်ကိုကူညီပါ။ ဒီလုံမလေးကို ပြန်ကောင်းအောင်လုပ်ပေးပါ"

ဟူ၍ မောင်ငယ်က တောင်းပန်လေ၏။

"အေး- အမေလည်းသူတို့မိသားစု ဒီလောက်မာနကြီးလို့ ဒဏ်ခတ်ထားတာ၊ အခုလောက်ဆိုရင် သူတို့လည်း နောင်တရနေလောက်ပါပြီ။ ကောင်းပြီ လူလေး၊ အမေ မင်းကို ကူညီမယ်"

ထိုအခါ မောင်ငယ်က ထပ်မံ၍ ရှိခိုးကန်တော့လေ၏။

"အမေ၊ မင်းကို တော်တော်ခင်သွားပြီ။ မင်းကိုတစ်သက်လုံးလုပ်ကိုင်စားသောက်ပြီးပါ [illegible] လိုက်မယ်။ [illegible] သလို အသုံးပြု [illegible]"

ဟုဆိုကာ မြမှုသည် မျက်[illegible] ချတော့သည်။ ထိုအခါ [illegible] မှ အမည်းရောင်ဆေးလုံး[illegible] ထွက်လာသည်ကို တွေ့ရှိလိုက်ရသည်။

မောင်ငယ်သည် ထိုဆေးလုံး[illegible]ကို ချက်ချင်းဆိုသလို ကောက်ယူလိုက်ပြီး သူ၏ လွယ်အိတ်ထဲသို့ [illegible] ထည့်လိုက်သည်။

"ရှင်ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မရဲ့အခန်းထဲကို ရောက်နေရတာလဲ"

ဟု သတိဝင်လာသော မြမှုက မေးသည်။

ထိုအခါ မောင်ငယ်က ဖြစ်ကြောင်းကုန်စင်ကို အကျဉ်းချုံးပြီး ပြောပြလိုက်သည်။ သို့သော်လည်း ဘယ်လိုနည်းကိုအသုံးပြုပြီး ကုသလိုက်ပုံကိုတော့ လုံးဝထုတ်ဖော်၍မပြောချေ။

ထို့နောက် မောင်ငယ်သည် တံခါးတံခါးကိုဖွင့်ပြီး မြမှုနှင့်အတူ အိမ်ပေါ်ထပ်မှပြန်ဆင်းလာခဲ့သည်။ မြမှု၏ ရောဂါကို ကွမ်းတစ်ယာညက်သာသာ အချိန်မျှဖြင့် ကုသပေးနိုင်သော မောင်ငယ်ကိုလည်း ပွဲစားကြီးလင်မယားက မယုံကြည်နိုင်လောက်အောင်အံ့အားသင့်နေကြသည်။

မောင်ငယ်က -

"ကိုင်း - ဦးလေးတို့ ကတိသာတည်ပေတော့။ ကတိသာဖျက်ခဲ့ရင် အရင်ရောဂါပြန်ဖြစ်မှာနော်"

ဟု ခြိမ်းခြောက်စကားပြောလိုက်သေးသည်။

ထိုအခါ ပွဲစားကြီးလင်မယားနှစ်ယောက်စလုံး တိတ်ဆိတ်မှုမှာမှုအရာဖြင့် -

"ဟာ. . . ဟုတ်ပါတယ် ဆရာရယ်"

ဟူ၍ ပြိုင်တူပြောကြသည်။

နောက်တစ်လခန့်ကြာသောအခါ ထိုမြေလတ်မြို့ကလေးတွင် ကျင်းပသော မောင်ငယ်နှင့် မြမှုတို့၏ မင်္ဂလာပွဲမှာ လွန်စွာစည်ကားလှသည်။ ထို့နောက် မောင်ငယ်သည် ထူးဆန်းသောနည်းလမ်းဖြင့် ရရှိသားသော ဆေးသုံးလုံး[illegible] အသုံးပြုပြီး ပယောဂရောဂါများ[illegible] လေရာ ရာနှုန်းပြည့်သက်[illegible] ကင်းသည်။ မောင်ငယ်[illegible] များကို ရေစိမ်ပြီး [illegible] သည့်အခါတိုင်း [illegible]

ဇို ရှ များ ဗုံး ဘ ဖို့

ဗျည်း(၃၃)လုံး စေအင်း

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

		၁ က	၁၄ ဎ	၂၉ ဝ		
	၁၅ ဏ	၂၈ လ		၂ ခ	၁၃ ဍ	
၂၅ မ	၈ ဇ	၂၃ ဗ	၃၀ သ	၂၇ ရ	၃၂ ဠ	၃ ဂ
၁၆ တ	၂၆	၂၆ ယ	၃၃ အ	၂၂ ဖ		၁၂ ဌ
၇ ဆ	၂၄ ဘ	၉ ဈ	၁၈ ဒ	၃၁ ဟ	၄ ဃ	၂၁ ပ
	၁၇ ထ	၆ စ		၂၀ န	၁၁ ဋ	
		၁၉ ဓ	၁၀ ည	၅ င		

အ-လယ်သေအင်း

၁။ အကြံအစည်အောင်၊
၂။ စီးပွားတိုး၊
၃။ ရန်အောင်၊
၄။ ကျော်စော၏၊

အင်းအနိုးဂါထာ

ဥုံ ဗုဒ္ဓစက္ကံ၊ ဓမ္မစက္ကံ၊ သံဃစက္ကံ၊ မာတာပိတုစက္ကံ၊ အာစရိယစက္ကံ၊ ငါးတန်သစ္စာစက်ဂါထာကြောင့်၊ ထက်ဆရာထက်၊ တက်ဆရာတက်။

(၉-ခေါက်ရွတ်ပါ)

အင်းသိဒ္ဓိတင်ဂါထာ

သိဒ္ဓိဗုဒ္ဓံ၊ သိဒ္ဓိ ဓမ္မံ၊ သိဒ္ဓိ သံဃံ။ ဥတ္တမာ စ သိဒ္ဓိ၊ သဗ္ဗာ အရိယာနံ သဗ္ဗာ သိဒ္ဓိ ဘဝန္တု မေ။

(၁၇-ခေါက်ရွတ်ပါ)

(အင်းကွက်အက္ခရာသွင်းရန် မြင် သွားဖြင့်သွင်းပါ။)

ထိုအင်းကို မိုင်းကိုင်စက္ကူဖြင့် စီရင်ပါ။ ဆီဖြင့်မီးထွန်းပါ။ အင်းကွက်လပ်(၄)ခုတွင် စေနိုင်းချက်များကို နံကောက်၍ ဂဏန်းဖြင့်ထည့်ပါ။

လက်ယာရစ် -

ဥပမာ -	စီး	ပွား	တိုး	စေ
	၇	၅	၇	၇
အင်းဂဏန်း	<	၇	∧	<

စီးပွားတိုးတက်ချမ်းသာကြပါ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

သလိုဖြစ်နေသောရောဂါများပျောက်ကင်းသဖြင့် မောင်ငယ်သည် ထိုနယ်တစ်ဝိုက်တွင် ကျော်ကြားသော ပယောဂဆရာတစ်ယောက်ဖြစ်လာခဲ့သည်။ လူတွေကလည်း မောင်ငယ့်ကို ရိုသေလေးစားကြသည်။

ဖော်ပြပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်နှစ်ခန့်ကြာသောအခါ တစ်ခုသော နံနက်ခင်းတွင် မောင်ငယ့်ထံသို့ သက်တော်သုံးဆယ်ခန့်ရှိသောကြည်ညိုစရာ ဦးပဉ္ဇင်းတစ်ပါး ကြွရောက်လာသည်။ မောင်ငယ်က ဦးပဉ္ဇင်းကို နေရာထိုင်ခင်းပေးပြီး ဦးဖြည့်လိုက်သည်။

"အရှင်ဘုရား၊ ဘယ်လိုကိစ္စကြောင့် တပည့်တော်ဆီ ကြွချီလာသလဲဘုရား"

ဟူ၍ မောင်ငယ်က ရိုသေစွာလျှောက်ထားလိုက်သည်။

ထိုအခါ ဦးပဉ္ဇင်းက -

"ကျုပ်က မန္တလေးက ကြွချီလာတာ။ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့်ပဲ"

"ဘယ်လိုကိစ္စလဲဆိုတာ သိပါရစေ ဘုရား"

"ဒကာကြီးဟာ ဒကာမကြီးတစ်ယောက်ဆီကရထားတဲ့ ဆေးလုံးသုံးလုံးနဲ့ဆေးကုနေတာ မဟုတ်လား"

ဦးပဉ္ဇင်းစကားကြောင့် မောင်ငယ်သည် လွန်စွာ အံ့အားသင့်သွားပြီး -

"အရှင်ဘုရားဘယ်လိုလုပ်သိသလဲဘုရား"

ဦးပဉ္ဇင်းက လက်ကာပြလိုက်ပြီး-

"ဒါတွေထားလိုက်ပါတော့ ဒကာကြီး။ ဦးပဉ္ဇင်းနဲ့ အဲဒီဒကာမကြီး ပဌာန်းဆက်ရှိခဲ့ဖူးတယ်။ ဒီဘဝမှာ ဦးပဉ္ဇင်း သူ့ကိုမချွတ်နိုင်ရင် ဒကာမကြီးအဖို့ အခြေအနေမကောင်းနိုင်ဘူး။ သူ့အပါယ်ငရဲမှာမလွတ်တမ်းနေရလိမ့်မယ်။ ဒီအသက်အရွယ်မှာ ဒီပညာတွေကိုစွန့်ဖို့ကောင်းပြီ။ ဒါနဲ့ ဒကာကြီးအနေနဲ့ ဆေးမကု နဲ့ တခြားအလုပ်လုပ်ရင် အဆင်ပြေနိုင် မလား"

မောင်ငယ်က ခေတ္တတွေးတော လိုက်ပြီး -

"ပြေနိုင်ပါတယ်ဘုရား"

ဟု ပြန်လည်လျှောက်ထားလိုက် သည်။

"ဦးပဉ္ဇင်း ကြားချင်တာ ဒီစကား ပဲ"

ဟုဆိုကာ ဦးပဉ္ဇင်းသည်ပြန်လည် ကြွချီသွားလေ၏။

ထူးဆန်းမှုတစ်ခုက ထိုဦးပဉ္ဇင်း ကြွချီသွားသည့်အချိန်မှစတင်၍ ဆေး သုံးလုံး၏အာနိသင်မှာ ပျက်ပြယ်သွား ဆေးကုသသည့်နေရာ၌ လုံးဝအစွမ်း တော့ချေ။

မျိုးသက်

ရဲမြတ်တင်

(အမျိုးသားဆေးပေးသူ)

ပေးပေမယ့် ထည့်(ထယ်)နိုင်ပါတယ်

ဝါဝင်ခါနီးပြီ။ (၁၅) ရက်လောက်သာလိုတော့သည်။ ကျောင်း၌ ဝါဆိုမည့် ပုဂ္ဂိုလ်များကလည်း အစုံအလင်ရောက်ရှိနေကြပြီ။ ဝါဆိုစာရင်းကိုပင် သက်ဆိုင်ရာသို့ တင်ပြပြီးသွားပြီ။

ထုံးစံအတိုင်း သည်လိုအချိန်ရောက်ပြီဆိုမှဖြင့် ကပ္ပိယကြီးဦးပွားအတွက် ခေါင်းခဲစရာတွေက အလိုလိုကြုံတွေ့လာရပြီ။ ဝါကဝင်ခါနီးနေပြီ။ ကျောင်း၌ ဘာမှမပြည့်စုံသေး။ ဥပမာ တစ်ဝါတွင်းလုံးအတွက် မရှိမဖြစ်လိုအပ်သောထင်းတို့ စက်မောင်းဆီတို့ကဘာမှ မရှိသေး။ တစ်ဖန် မိုးရွာရက်တွေမှာ ဆွမ်းခံမထွက်နိုင်သောသံဃာများအတွက် ချက်ပြုတ်ကပ်ဖို့ ဆွမ်းဆန်မှအစ ကျောင်းတွင်ဆောင်ထားရမည့်ရိက္ခာခြောက်တွေက ဘာဆိုဘာမှမပြည့်စုံသေး။

ကျောင်းတွင်အမြဲသီတင်းသုံးနေကြသော ပုဂ္ဂိုလ်များက ကျောင်းထိုင် ဦးကဝိန္ဒနှင့် ခန်းနေဦးကောဝိဒတို့ ဖြစ်သည်။ ယခု အာဂန္တု နှစ်ပါးကပါ ထပ်မံ ရောက်ရှိနေသည်။ သူတို့ကလည်း ဤကျောင်းမှာပင် ဝါဆိုကြမည်ဖြစ်သည်။ ဒီတော့ သံဃာလေးပါးအတွက် ဝေယျာဝစ္စတွေဖြည့်ဆည်းဖို့ဆိုသည်က သေးသေးကွေးကွေးကိစ္စမဟုတ်ပေ။ ကိုယ်တော်တွေအားလုံးကတော့ သန့်သန့်မာမာ ဖျတ်ဖျတ်လတ်လတ်တွေချည်းပါ။ သို့သော် ဆိုခဲ့သည့်အတိုင်း မိုးအလွန်များနေ၍ ဆွမ်းခံမထွက်နိုင်မည့်ရက်များအတွက် ကြိုတင်ထည့်တွက်ဖို့လိုသည်။ အလွန်အေးသောရက်များတွင် ရေအေးနှင့်စပ်ချိုးဖို့ ရေနွေးကျိုရန် ထင်း၊ မီးသွေးလိုပစ္စည်းမျိုးကအစ ကျောင်းမှာ အရန်သင့်စုဆောင်းထားဖို့လိုအပ်သည်။ ကျောင်းတွင် မီးလင်းနိုင်တာ၊ မလင်းနိုင်တာကို အသာထား ရေစက်ကိုတော့ မမောင်းလို့မဖြစ်။ သည့်အတွက် စက်မောင်းဆီလိုသည်။ အားလုံးလိုတာတွေချည်းဖြစ်နေသည်။

ကပ္ပိယအလုပ်ကို ကပ္ပိယပဲသိသည်။ ခက်နေတာက ကျောင်းတွင် ပစ္စည်းလေးပါးထောက်ပံ့မည့် အမာခံပရိသတ် ဟူ၍ မည်မည်ရရမရှိသေး။ ကျောင်းကလည်း ထူထောင်ထားသည်မှာ ဘာမှမကြာသေး။ သို့ကြောင့် သင့်တော်သလို အလှူခံတာတို့၊ ဒကာသစ်ရှာဖွေတာတို့ပြုလုပ်ရန် ဦးပွားက အကြံပြုပြန်တော့လည်း ကျောင်းထိုင်က လက်မခံ။ ကျောင်းရှိသံဃာအားလုံးက ဝိနည်းဆောင်ပုဂ္ဂိုလ်တွေချည်းဖြစ်သည်။ ဝိနည်းသိက္ခာကို အမှန်တကယ်လေးစားပြီး သာသနာကို အမှန်တကယ်ချစ်မြတ်နိုးကြသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဝိနည်းကိုထိခိုက်စေမည့်အမှုကိစ္စမှန်သမျှ ကြီးတာရောငယ်တာပါအထူးရှောင်ကြဉ်သည်။ ယုတ်စွအဆုံး သံသယဖြစ်ဖွယ် အသေးအမွှားကိစ္စမျိုးတွေကအစ အတတ်နိုင်ဆုံး စောင့်ထိန်းကြသည်။

ဒါတစ်ခုတော့ ဦးပွားသဘောကျနှစ်မြိုက်သည်။ ဤကဲ့သို့စင်ကြယ်သော ရဟန်းကောင်းများနှင့် အတူတကွ နေထိုင်ရခြင်းအတွက် ဝမ်းသာသည်၊ ကြည်နူးသည်။ နိစ္စမူဝ ကုသိုလ်ရစရာတွေချည်းဖြစ်နေသည်မို့ သူ့အတွက် ကပ္ပိယလုပ်ရကျိုးနပ်သည်။ သို့ကြောင့်လည်း ဤကျောင်း၊ ဤသံဃာတွေနှင့် နှစ်ရှည်လများ အကြောင်းဆက်ပေါင်းဖက်လာခဲ့ခြင်း ဖြစ်သည်။

တစ်ခါတစ်ခါတော့လည်း ဦးပွားက ခံပြင်းစိတ်ဝင်မိသည်။ လူတွေဟာ အတော်ခက်ကြပါကလား။ ရတနာကို ရတနာမှန်းမသိ၊ အဖိုးတန်လို့တန်မှန်းမသိ ကျော်လွှားပြီး ရွာလွန်ရှက်တိုက်နေကြသည်။

ရေများရာ မိုး[illegible] ဝိနည်းလည်းစောင့်၊ [illegible] သော မိမိတို့ကျောင်းမှ သံဃာတော်များကိုသာ ထိုက်သင့်သလို [illegible] လာကြပါက [illegible] လှူရကျိုးလည်းပိုမနပ်ကြပါလား။ [illegible] ဦးပွားက ပုထုဇဉ်ပီပီ [illegible] အတွေ ညည်းညူနေမိရသည်ပင်။

မကြာပါ။ ဦးပွားအတွက် [illegible] ဆန္ဒပြည့်ဝစေမည့် အကြောင်း[illegible] ဖန်တီးဖြစ်ပေါ်လာပါသည်။

တစ်နေ့ညနေ နေလှန်းထားသည့် သရက်သီးခြောက်တွေကိုသူပြန်ရုပ်သိမ်းနေစဉ် -

"တီ. . . တီ. . . တီ. . . တီ"

ကားဟွန်းတီးသံကိုကြားလိုက်ရ၏။ သူလှမ်းကြည့်လိုက်တော့ ကျောင်းပေါက်ဝ၌ ကားဖြူလေးတစ်စီးရောက်နေသည်ကို တွေ့ရသည်။ သူထသွားပြီး ဝင်းတံခါးကိုဖွင့်ပေးလိုက်သည်။ ကားက ကျောင်းဝင်းထဲ မောင်းဝင်လာသည်။ ထို့နောက် ဆွမ်းစားကျောင်းရှေ့မှာ ကားကိုရပ်လိုက်သည်။ ဆက်လက်၍ အသက်(၄၀)ခန့်အသားအသားညိုညို ကိုယ်လုံးတုတ်တုတ်နှင့် လူတစ်ယောက် ကားပေါ်ကဆင်းလာသည်။ ထိုလူကပင် ဦးပွားကို စတင်၍ပြောလာသည်။

"ကျွန်တော့်နာမည် မိုးသွင်လို့ခေါ်ပါတယ်ခင်ဗျ။ မြို့ထဲက တောင်ဆိတ်ကုန်းရပ်ကွက်မှာနေပါတယ်။ ဒါနဲ့ အခု ဆရာတော်ကော ရှိတယ်မဟုတ်လား ခင်ဗျ"

"ရှိပါတယ်ဗျာ ရှိပါတယ်။ လောလောဆယ်တော့ ဓမ္မာရုံထဲမှာ တရားထိုင်နေကြပါတယ်။ မကြာခင် ဆွမ်းစားကျောင်းကို ကြွလာပါလိမ့်မယ်။ လာပါ၊ အထဲဝင်ထိုင်ပါဦး"

ဦးပွားက ဖိတ်မန္တကပြုသည်။

မိုးသွင်က ဆွမ်းစားကျောင်းထဲ ဝင်ထိုင်သည်။ ဦးပွားက ရေနွေးကြမ်း၊ ငှက်ပျောဖီးများချ၍ ဧည့်ခံသည်။ နှစ်ဦးသား မျက်နှာချင်းဆိုင်ထိုင်မိကြသည်နှင့် မိုးသွင်က ပြုံးလျက် သူ့ဘာသာ စကားစလာသည်။

"ဒီလိုပါ အဘ။ ကိစ္စကတော့ ကျွန်တော်က ဒီကျောင်းမှာ ပဉ္စင်းတက်ချင်လို့ပါ။ ကျွန်တော့်ဦးကြီးတစ်ယောက်က ဒီကျောင်းဟာ ဆိတ်ဆိတ်ငြိမ်ငြိမ်ရှိကြောင်း၊ ဦးပဉ္စင်းတွေကလည်း ကြည်ညိုစရာကောင်းကြောင်းပြောပြလို့ပါ"

ဦးပွား လိုက်ခနဲ ဝမ်းသာသွားသည်။ ခပ်မြန်မြန်ပင် စကားဝင်ထောက်လိုက်သည်။

"ကောင်းတာပေါ့ဗျာ ကောင်းတာပေါ့။ ဒါနဲ့ သင်္ကန်းဝတ်မှာက ယာယီပဲလား။ ဝါဆိုမှာလား။ ကျုပ်က ကပ္ပိယမို့လို့ မေးရတာပါ"

"ဟုတ်ကဲ့ အဘ ဝါဆိုမှာပါ။ ဝါဆိုရုံတင်မကဘဲ ကျွန်တော့်ဆန္ဒကတော့ သာသနာ့ဘောင်မှာ ကြိုးစားပြီးနေနိုင်သလောက်နေသွားဖို့ပဲ။ နောက်ပြီး ပဉ္စင်းတက်မှာက ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးခင်ဗျ။ စိုးနောင်ဆိုတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်လည်း ပါဦးမှာ"

"ကောင်းတယ်၊ ကောင်းတယ် ကုသိုလ်ရတာပေါ့။ ကုသိုလ်ထဲမှာလည်း ဒီကုသိုလ်မျိုးက အထူးအမြတ်ဆုံးပေါ့ဗျ"

"ဟဲဟဲ- ကျွန်တော်တို့ကကုသိုလ်ရရုံတင်မဟုတ်ဘူးခင်ဗျ။ ကျန်းမာရေးကောင်းအောင်လည်း ရည်ရွယ်ပါတယ်။ ပြောပါရစေတော့ အဘရယ်၊ ကျွန်တော်တို့က အသောက်သမားတွေခင်ဗျ။ စီးပွားရေးပြေလည်တာနဲ့အမျှ အသောက်အစားကိုလည်း တအားကြမ်းခဲ့တဲ့လူမျိုး။ ဒါနဲ့ မကြာခင်ကတော့ ဗိုက်ထဲကအောင့်အောင့်ဖြစ်လာတာနဲ့ ကျွန်တော် ဆေးခန်းသွားပြတယ်။ ပြတော့ အဖျားကိုက အရက်ဒဏ်ကြောင့် ကျွန်တော့်အသည်းကထိခိုက်စပြုနေပြီတဲ့။ ပြီးတော့ ကျွန်တော့်မှာ ဘီပိုးလည်းတွေ့သတဲ့။ အဲဒါနဲ့ ကျွန်တော်လည်း အတော်ကြောက်သွားရာက မိန်းမနဲ့ရော မိဘတွေနဲ့ပါ တိုင်ပင်ပြီး အခုလိုပဉ္စင်းခံဖို့ ဆုံးဖြတ်လိုက်ရတာခင်ဗျ"

ဦးပွားက ငေးကြည့်နေသည်။ စိတ်ထဲကတော့ အရက်ဖြတ်ချင်လို့ ပဉ္စင်းတက်ကြတာများလားဟု တွေးနေမိသည်။ သို့ငြား မိုးသွင်ကိုကြည့်ရတာတော့ သာသနာ့ဘောင်ဝင်မည့်ကိစ္စတွင် အတိုက်အလျောက် အလေးအနက်ထားဟန်မျိုး တွေ့ရှိနေရပါသည်။

"ဒါကြောင့် ဒီကိစ္စအတွက် ဘာတွေလုပ်ရမယ်၊ ဘာတွေလိုအပ်မယ်ဆိုတာကိုလည်း ကျွန်တော့်ကို ပြောပြပါဦး။ နောက်ပြီး ကျောင်းရဲ့နဝကမ္မအတွက် လိုအပ်တာရှိရင်လည်း ကျွန်တော့်ကိုပြောပါ။ ကျွန်တော်လှူပါ့မယ်"

"အေးဗျ။ ကိုမိုးသွင်အတွက်ကတော့ ဆရာတော်ကြွလာရင် ကိုယ်တိုင်လျှောက်ထားလိုက်ပေါ့။ လိုအပ်ချက်မှန်သမျှကို ဆရာတော်ကပြန်ပြီးမိန့်ကြားပါလိမ့်မယ်။ ကျောင်းအတွက်လောလောဆယ် လိုအပ်နေတာကတော့ ဝါတွင်းသုံးဖို့ ထင်းနဲ့ဒီဇယ်နည်းနည်းလောက် လိုအပ်နေတာပါပဲဗျာ"

မိုးသွင်၏ ဖွင့်ပေးချက်အရ ပဓာန အကျဆုံးဖြစ်သောထင်းနှင့်ဒီဇယ်လောက်ကိုသာ ဦးပွားက ပြောပြလိုက်သည်။ ဤမှာပင် မိုးသွင်က ထင်းကားတစ်စီးနှင့် ဒီဇယ်သုံးပီပါလှူပါမည်ဟု ချက်ချင်းပြောလာတော့ရာ ဦးပွားအဖို့ ဝမ်းသာလိုက်ရသည်မှာ ပြောစရာပင်မရှိတော့။

မကြာမီ ဆရာတော်ဦးကဝိန္ဒနှင့် အခြားသံဃာများက တရားထွက်၍ ဆွမ်းစားကျောင်းသို့ ကြွလာကြသည်။ ဦးပွားက သံဃာများကို သံပရာရည်ဆီးကပ်သည်။ ထို့နောက် ဆရာတော်ဦးကဝိန္ဒကို အကျိုးအကြောင်း လျှောက်ထားကာ မိုးသွင်ကို ဆရာတော်ရှေ့သွင်းပေးလိုက်သည်။ ထို့နောက် ဦးပွားက မီးဖိုခန်းထဲ ပြန်ဝင်ကာ လုပ်စရာရှိသာ လုပ်နေလိုက်သည်။

နောက်နှစ်ရက်လောက်ကြာတော့ သံဃာများက အသီးသီးကိုယ့်နေရာကိုယ် ပြန်ကြွသွားကြသည်။ မိုးသွင်၏ လာရင်းကိစ္စလည်း ချောချောမောမော အောင်အောင်မြင်မြင် ဖြစ်သွားဟန်တူပါသည်။ မိုးသွင်ကို ရွှင်ရွှင်လန်းလန်းပင် တွေ့ရသည်။ မိုးသွင်၏ကားကျောင်းဝင်းမှပြန်အထွက် ဝင်းတံခါးပိတ်ရန်ပြင်နေသော ဦးပွားကို မိုးသွင်က 'သန်ဘက်ခါလောက် ပြန်လာခဲ့မယ်အဘ။ အဲဒီအခါ စိုးနောင်ကိုပါ ခေါ်လာခဲ့မယ်' ဟု ပြောသွားသေးသည်။

■

နောက် (၂) ရက်အကြာတွင် မိုးသွင်က သူ့ကားကလေးနှင့်ပင် ပြန်ရောက်လာသည်။ သည်တစ်ခါ သူနှင့်အတူပဉ္စင်းတက်မည့် စိုးနောင်ပါ လိုက်ပါလာသည်။ စိုးနောင်က အသားဖြူဖြူ အရပ်ရှည်ရှည် ခပ်ပိန်ပိန်ဖြစ်ရာ သူတို့နှစ်ဦး၏ ပုံပန်းသဏ္ဌာန်က ဖြောင့်ဖြောင့် ဆန့်ကျင်လျက်ရှိသည်။ သို့သော် မျက်နှာ ပွစိစိဖြစ်နေပုံ၊ နှုတ်ခမ်းဖြူရော်ရော်ဖြစ်နေပုံကတော့ နှစ်ဦးစလုံး အလွန်အမင်း 'သောက်' ထားကြမှန်း တစ်ထပ်တည်း ဖော်ပြလျက်ရှိသည်။ မည်သို့ဆိုစေ စိုးနောင်ကပါ ကျောင်းအတွက် အခြားလိုအပ်နေသေးတာရှိပါက လှူပါမည်ဟု အဆိုပြုလာခဲ့ရာ ဦးပွားအတွက် ထပ်မံ အကြိုက်တွေ့စရာပင်။ သို့နှင့် စိုးနောင်က ငကျွဲဆန် (၃) အိတ်နှင့် ပဲဆီတစ်ပုံးကို လှူဒါန်းသွားရာ ဦးပွားဆန္ဒမှန်သမျှ ဤမှာပင် အလုံးစုံနီးပါးပြည့်သွားတော့သည်။ ထိုနေ့က ရဟန်းခံပွဲအတွက် လိုအပ်သော ပစ္စည်းပစ္စယများကို ကျောင်းသို့ပို့ထားခဲ့ပြီးနောက် မိုးသွင်တို့ နှစ်ယောက်က ပြန်လည်ထွက်ခွာသွားကြသည်။

လဆန်း ၁၀ ရက်နေ့ရောက်တော့ ကျောင်းသို့ အားလုံးစုံစုံညီညီ ရောက်ရှိလာကြသည်။ မနက်ဖြန်လဆန်း ၁၁ ရက်နေ့တွင် ရဟန်းခံမည်ဖြစ်ရာ မိုးသွင်နှင့် စိုးနောင်တို့ နှစ်ယောက်စလုံး၏ ဧည့်ပရိသတ်များက ကျောင်းသို့ကြိုတင်ရောက်ရှိနေကြခြင်းဖြစ်သည်။ အခမ်းအနားပြင်ဆင်ခြင်း၊ ချက်ရေပြုတ်ရေ စီစဉ်ခြင်းများကို သူ့လူနှင့်သူ တက်ညီလက်ညီပြုလုပ်နေကြ၏။ ဧည့်ပရိသတ်ထဲတွင် ကလေးသူငယ်များပါလိုက်ပါလာရာ ကလေးတွေက ကျောင်းဝိုင်းအတွင်း ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားနေကြသည်။

သို့သော် ဆရာတော် ဦးကဝိန္ဒက အခမ်းအနားကို အတတ်နိုင်ဆုံး အပျော်အပါးတွေ ပကာသနတွေမပါဘဲပြုလုပ်ဖို့ အမိန့်ချမှတ်ထားရာ လော်စပီကာသံ တညံညံ၊ တီးသံမှုတ်သံ တညံညံနှင့် ဆူပွက်နေလေ့ရှိသောအခြားပွဲလမ်းများနှင့် ယှဉ်လိုက်လျှင်တော့ ဤကျောင်း၏ အခြေအနေက များစွာမှတိတ်ဆိတ်ငြိမ်သက်နေတော့သည်။

ဖြစ်ချင်တော့ ထိုနေ့ညနေပိုင်းမှာပင် ပြဿနာတစ်ခုက ပေါ်လာသည်။ ဆရာတော်ဦးကဝိန္ဒက မိုးသွင်၏ ခန္ဓာကိုယ်ပေါ်မှာ ထူးခြားချက်တစ်ခုကို မြင်တွေ့သွားသည်။ သို့နှင့် အခြားသံဃာများရှေ့မှာပင် မိုးသွင်ကို ခေါ်ယူကာ ဆရာတော်က မေးမြန်းသည်။

"ဒကာလေးရဲ့ ဘယ်ဘက်လက်ကို ပြစမ်းပါဦး။ ကျုပ်ကြည့်စမ်းပါရစေ"

ဆရာတော့်အမိန့်အတိုင်း မိုးသွင်က ဘယ်ဘက်လက်ကို ပြရသည်။ ထိုအခါ လက်တစ်ဆစ်ခန့်ပြတ်လျက်ရှိသောလက်မကို အားလုံးမြင်ကြရသည်။

"လက်မတစ်ချောင်းကပြတ်နေပါရောလား"

"မှန်ပါဘုရား၊ တပည့်တော် စက်အညှပ်ခံရပြီး ပြတ်သွားတာဘုရား"

မိုးသွင်က ပြန်ဖြေသည်။

ဆရာတော်များက အချင်းချင်း တီးတိုးပြောဆိုနေကြသည်။ ခန်းနေဖြစ်သော ဦးကောဝိဒက သားရေဖုံးရွှေစာလုံးနှင့် ဝိနည်းစာအုပ်တစ်အုပ်ကို လှမ်းယူသည်။ အတွင်းတစ်နေရာကိုလည်း လှန်ကြည့်သည်။ သူကြည့်ပြီးသော် ဦးကဝိန္ဒဘက်ထိုးပေးသည်။ ဦးကဝိန္ဒက ပြန်ဖတ်ကြည့်သည်။ ထို့နောက် သက်ပြင်းချကာ မိုးသွင်ကို ပြောလိုက်သည်။

"စိတ်တော့မကောင်းဘူး ဒကာလေးရာ။ အဲဒီလက်မပြတ်နေတဲ့အတွက် ဒကာလေးကို ရဟန်းခံပေးလို့ မဖြစ်ဘူးဗျ"

"ဟာ - ဒုက္ခပဲ၊ တပည့်တော်ကို သနားပါဦးဘုရား။ ဖြစ်နိုင်ရင် ခွင့်ပြုပေးပါ။ တပည့်တော်တောင်းပန်ပါတယ်"

မိုးသွင် မျက်နှာငယ်သွားသည်။ စိတ်ညစ်သွားဟန်လည်းတူသည်။ သူက ဆရာတော်များကို ပျာပျာသလဲ အနူးအညွတ် ပန်ကြားနေသည်။ သို့သော် ဆရာတော်ဦးကဝိန္ဒက ကရုဏာဖြင့် ခေါင်းကို ခါယမ်းလျက်သာရှိသည်။

"မဖြစ်လို့ပါဒကာလေး။ မဖြစ်နိုင်လို့ပါ။ ကျုပ်တို့က သာသနာတော်ကလွဲပြီး ဘယ်သူကိုမှမျက်နှာလိုက်လို့မဖြစ်လို့ပါ။ ရှိပြီးသားစည်းကမ်းကို ဘယ်လိုမှ ဖောက်ဖျက်လို့မရလို့ပါ။ ယောကျ်ားပီသရမယ်၊ ကျန်းမာရေးကောင်းရမယ်၊ ခြေလက်အင်္ဂါပြည့်စုံရမယ် အစရှိတဲ့ စည်းကမ်းတွေက တစ်ခါတည်း အပြီးသတ်မှတ်ပြီးသားဒကာလေးရဲ့"

ဆရာတော်က သေသေချာချာ ရှင်းပြသည်။ မိုးသွင် ခေါင်းငိုက်စိုက်ကျသွားသည်။ ခပ်လှမ်းလှမ်းနောက်ဆွယ်နားတွင် ထိုင်နေကြသည့် မိုးသွင်၏ဇနီးနှင့် မိဘများကပါ မျက်နှာများညှိုးသွားကြသည်။ ဦးပွားကိုယ်တိုင် စိတ်မကောင်းဖြစ်သွားမိသည်။ ကျောင်းသို့ ပထမဆုံးရောက်လာပြီး လမ်းထွင်ခဲ့သူက မိုးသွင်ဖြစ်သည်။ စေတနာထက်သန်သော ဤမိုးသွင်ကိုမှ ရဟန်းဖြစ်ခွင့် ဆုံးရှုံးခဲ့လေခြင်းအတွက် ဦးပွား ပူကျုံမရဖြစ်မိသည်။

မကြာမီ မိုးသွင်တို့အဖွဲ့က ဆရာတော့်ကျောင်းပေါ်မှ ပြန်ဆင်းလာကြသည်။ ဤတွင် ဦးပွားက မိုးသွင်အပါးသို့ ကပ်၍ အသာလက်ကိုခေါ်လာခဲ့သည်။ ဦးပွား၏ ရည်ရွယ်ချက်က မိုးသွင်ကို အားပေးစကားပြောကြားပေးဖို့ပဲ ဖြစ်သည်။ နှစ်ယောက်သား လွတ်ရာကင်းရာတစ်နေရာသို့ရောက်လျှင် ဦးပွားက စကားစသည်။

"ဘယ့်နှယ်ဖြစ်ရတာလဲကိုမိုးသွင်၊ ကျုပ်လည်း ခင်ဗျားလက်ကို ခုမှသတိထားမိတယ်"

"ဟုတ်တယ်အဘရေ။ ကျွန်တော်လည်း ဒီနေ့မှ သားရေအစွပ်နဲ့ လက်မအတုလေးကို ချွတ်လာမိခဲ့လေတယ်။ လွန်ခဲ့တဲ့ (၅) နှစ်လောက်ကတည်းက စက်ညှပ်ခံရလို့ပြတ်သွားတာခင်ဗျ။ ဒါပေမဲ့ အဘရေ။ ဆရာတော်တို့က နည်းနည်းမပြင်းထန်လွန်းဘူးလား။ တချို့ဆို ကျွန်တော့်ထက်တောင်ဆိုးပါသေးတယ်။ ကိုယ်လက်အင်္ဂါမပြည့်စုံပေမယ့် ရဟန်းပြုခွင့်ရကြတယ်"

"အဲဒါ ကျုပ်ပြောပြမလို့ပေါ့။ သေသေချာချာနားထောင် ကိုမိုးသွင်။ ဆရာတော်တို့က ဝိနည်းလေးစားတယ်။ အခု ဝိနည်းအတိုင်းလုပ်လိုက်တာပဲ။ ဒီတစ်ချက်တည်းနဲ့ပဲ သာသနာတော်ကို တန်ဖိုးထားတဲ့ ဆရာတော်တို့ရဲ့ စိတ်ဓာတ်ကို ခင်ဗျား သိလောက်ပြီ။

နောက်တစ်ခုက ခင်ဗျားသိထားဖို့က ဘုရားရှင်ရဲ့သာသနာတော်ဟာ မြင့်မြတ်တယ်ဗျ၊ သန့်စင်တယ်ဗျ။ ဘေးတွေ့နေတဲ့သူတွေ၊ ရပ်တည်ရာမရတဲ့သူတွေ၊ လူပေ၊ လူသွမ်း၊ လူဆိုးတွေရဲ့ ခိုလှုံရာနေရာမဟုတ်ဘူး။ ခြေလက်အင်္ဂါမပြည့်စုံလို့ အပြင်လောကမှာ ရှာဖွေစားသောက်နိုင်စွမ်းမရှိသူတွေရဲ့ ခိုနားရာနေရာမဟုတ်ဘူး။ ဒါတွေကိုသာ [illegible] လက်ခံထားလိုက်ရင် [illegible] ဘာသာဝင်တွေအပါအဝင် [illegible] တိုင်းက ကဲ့ရဲ့ရှုတ်ချ [illegible] နာခေါင်းရှုံ့စရာဖြစ်သွားမှာပေါ့။ ဒါ့ကြောင့် သာသနာတော်က [illegible] လူသန့်တွေကိုပဲ ရွေးချယ်ပြီးလက်ခံတယ်။ ဒီနေရာမှာ ခင်ဗျားက [illegible] သောက်ရမဲ့ပုဂ္ဂိုလ်မျိုးလည်းမဟုတ်ဘူး။ သဒ္ဓါတရားနဲ့ ပြည့်စုံတာလည်းမှန်တယ်။ ဒါပေမယ့် ခင်ဗျားရဲ့လက်မကြောင့် သာမန်အမြင်လို့ခေါ်တဲ့ ကြည်ညိုဖွယ်အဆင်းနဲ့ ပြည့်စုံရမယ့်အချက်မှာ ချို့ယွင်းချက်လေးဖြစ်သွားတယ်။ ကျုပ်ပြောတာ သဘောပေါက်ရဲ့လား"

မိုးသွင်က ဂရုစိုက်ပြီးနားထောင်နေသည်။ သဘောပေါက်သလိုလိုလည်း ရှိလာသည်။ ဦးပွားက အားတက်သရော ဆက်ပြောသည်။

"ဒီတော့ ခင်ဗျားဘာမှအားမငယ်နဲ့။ ရဟန်းဘောင်မဝင်ရရင် ကိုရင်ကြီးပဲဝတ်လိုက်မှာပေါ့ဗျ။ ကိုရင်ကြီးဆိုတာ ရဟန်းလို သိက္ခာမတင်၊ သိမ်မဝင်ရသော်လည်းပဲ ကုသိုလ်ရတဲ့နေရာမှာကျတော့ သိပ်မကွာလှပါဘူးဗျ။ သူက ဘာတစ်ခုထူးခြားသလဲဆိုတော့ ကြီးလေးတဲ့သိက္ခာပုဒ်တွေစောင့်ထိန်းစရာမလိုတဲ့အတွက် အာပတ်သင့်စရာမရှိဘူး။ အပြစ်နည်းတယ်၊ နေရထိုင်ရတာလည်း မကျဉ်းကျပ်ဘူး။ ချောင်ချိတယ် ပေါ့ပါးတယ်"

မိုးသွင်က ပို၍ စိတ်ဝင်စားလာသည်။ မျက်လုံးများက အရောင်တောက်ပြောင်လာသည်။ သူက ဦးပွားကိုပြန်မေးလိုက်သည်။

"ကိုရင်ဆိုတာ ကြီးလေးတဲ့သိက္ခာတွေကိုတော့ထမ်းထားစရာမလိုဘူး။ ကုသိုလ်ရတာချင်းကျတော့လည်း သိပ်မကွာဘူးလို့ အဘပြောခဲ့တယ်။ အဲ့ဒါလေးရှင်းပြပါဦး"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ကုသိုလ်ကောင်းမှုဆိုတာ နည်းနည်းပဲလုပ်လုပ် များများပဲလုပ်လုပ် မိမိစိတ်ရင်းစေတနာအလျောက်သာ အကျိုးပေးမြဲဆိုတာ အထူးရှင်းပြစရာမလိုပါဘူးဗျာ။ အခုနကပြောတဲ့ ကိုရင်ကြီးဆိုတာကလည်း [illegible] ထက်နိမ့်တယ်လို့သာပြောရတာ။ သူ စောင့်ထိန်းရတဲ့ [illegible] ပေါ့သေးသေးမှမဟုတ်တာ [illegible] လိင် (၁၀) ပါး၊ [illegible] (၁၀)ပါးဆိုတာရှိတယ်။ ကျုပ် [illegible]ရှင်းပြမယ်။

ကိုရင်ဆိုတာ သူ့အသက်မသတ်ရဘူး။ သူ့ပစ္စည်းမခိုးရဘူး။ မုသားမပြောရဘူး။ အရက်သေစာမသောက်စားရဘူး။ မေထုန်မှုကို မပြုလုပ် မကျူးလွန်ရဘူး။ ဘုရား၊ တရား၊ သံဃာကို မကဲ့ရဲ့ရဘူး။ အကျွန်မကို မဖျက်ဆီးရဘူး။ မှားသောအယူကိုမယူရဘူး။ အဲဒါက လိင် (၁၀) ပါးတဲ့ဗျ။

ဒဏ် (၁၀) ပါးကို ဆက်ပြောဦးမယ်။ နေ့လွဲညစာမစားရဘူး။ သဘင်အမှုကြည့်ရှုနားထောင်ခြင်းမပြုရဘူး။ နံ့သာပန်းမန် မလိမ်းကျံမသုံးစွဲရဘူး။ မြင့်မြတ်တဲ့နေရာမှာမနေရဘူး။ ရွှေငွေပိုက်ဆံ မကိုင်တွယ်ရဘူး။ မိမိထက်မြင့်မြတ်တဲ့ ရဟန်းများအပေါ် လာဘ်မရအောင် မလုပ်ရဘူး၊ နေရာမရအောင်မလုပ်ရဘူး၊ အကျိုးယုတ်အောင်မလုပ်ရဘူး။ ဆဲဆိုခြင်းမပြုရဘူး၊ ကုန်းတိုက်ခြင်းမပြုရဘူး။ အဲဒါ ဒဏ် (၁၀) ပါးပဲ။

ကဲ - ဒီတော့ ဒါဟာ နည်းတဲ့ကျင့်ဝတ်တွေလား။ ဒီကျင့်ဝတ်တွေကိုသာ နိုင်အောင်ထိန်းနိုင်ရင် ရလာမယ့်ကုသိုလ်တွေက နည်းနည်းနောနောလား။ ဒီတော့ ကိုရင်ဘဝက ရဟန်းဘဝလောက် မမြင့်မြတ်ဘူးဆိုပေမယ့် ကျင့်နိုင်ရင်ကျင့်နိုင်သလောက် ကုသိုလ်ရတာပဲ။ ကုသိုလ်ရတာချင်းအတူတူ ကိုရင်အဖြစ်နဲ့နေရတာကလည်း အကျိုးရှိတာပါပဲဆိုတဲ့ အကြောင်း ကျုပ်ကပြောပြတာပါဗျ"

"ကောင်းလိုက်တာအဘရာ။အဘရှင်းပြမှပဲ ကျွန်တော် အားလုံးသဘောပေါက်သွားပြီ။ ခုလိုစိတ်ရှည်လက်ရှည် ရှင်းပြတာ သိပ်ကျေးဇူးတင်တယ် အဘ။ ဟုတ်တယ်၊ ကျွန်တော်ကိုရင်ဝတ်မယ်။ ကိုရင်အဖြစ်နဲ့ပဲ ကျွန်တော်ကြိုးစားပြီး ကျင့်ကြံသွားတော့မယ်"

မိုးသွင်က ရွှင်လန်းအားရစွာ ပြန်ပြောသည်။ ဦးပွားကိုပါ ရိုရိုသေသေထိုင်ကန်တော့သည်။ ထို့နောက် သူတို့က လူချင်းခွဲလိုက်ကြသည်။

နောက်တစ်နေ့တွင် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြသည်။ ထိုနေ့တွင် ဧည့်ပရိသတ်က ပိုများလာသော်လည်း ဆူဆူညံညံရှုပ်ရှုပ်ထွေးထွေးကား မရှိပေ။ သေသေဝပ်ဝပ် ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့်ပင် အားလုံးပြီးဆုံးသွားသည်။ ကျောင်းတွင် ဝေယျာဝစ္စကိစ္စမှန်သမျှ ပြီးစီး၍ ဧည့်ပရိသတ်လည်း စဲသွားပြီဆိုတော့မှ ဦးပဇ္ဇင်းဦးစန္ဒိမာ (စိုးနောင်) နှင့် ရှင်မာယိန္ဒ(မိုးသွင်)တို့ကို ဆရာတော် ဦးကဝိန္ဒက နေရာချထားပေးသည်။ ဦးစန္ဒိမာကို မှော်ရုံအတွင်းရှိ ခန်းဆောင်တစ်ခုတွင် နေရာပေးပြီး ကိုရင်မာယိန္ဒကိုတော့ ယခင်ဆွမ်းစားကျောင်းဟောင်းထဲတွင် နေရာပေးလိုက်သည်။

ဦးပွား၏ပြောကြားချက်က ရာနှုန်းပြည့်မှန်ကန်သည်။ မိုးသွင်က ကိုရင်မာယိန္ဒအဖြစ်ခံယူပြီးနောက် သာသနာတော်အတွင်း၌ ပျော်ပိုက်လျက်ရှိသည်၊ ကျေနပ်လျက်ရှိသည်။ သူက ရှင်ကျင့်ဝတ်များကိုလည်း ကြိုးစား၍ကျင့်ဆောင်သည်။ ပြီးလျှင် ကျောင်းဝေယျာဝစ္စများကိုပါ လေးလေးစားစား ရိုရိုသေသေ ဆောင်ရွက်၏။ ကိုရင်မာယိန္ဒကို ဦးပွားက ကြည်ညိုသလို ဆရာတော် ဦးကဝိန္ဒနှင့်တကွ ကျောင်းရှိ သံဃာအားလုံးက နှစ်ခြိုက်သဘောကျကြသည်။

တစ်ဖက်မှာတော့ ဦးစန္ဒိမာတစ်ဖြစ်လဲ စိုးနောင်က သိပ်အခြေအနေမကောင်းပေ။ သူ့ခမျာ ရဟန်းသိက္ခာပုဒ်များကို ကြိုးစားပြီး လိုက်နာပါသော်လည်း 'ဝန်နှင့်အား' မမျှသကဲ့သို့ ဖြစ်နေရသည်။ စည်းလွတ်ဝါးလွတ် စိတ်ကြိုက်နေထိုင်လာခဲ့သော လူ့ဘဝတုန်းက လူ့အကျင့်များကို ခဝါချပစ်နိုင်ဖို့အရေး သူ့မှာ မဟာအခက်အခဲကြီး၊ မဟာဆင်းရဲဒုက္ခကြီးနှင့် ကြုံတွေ့နေရသည်။ ကြီးလေးသော ဝိနည်းသိက္ခာပုဒ်များကြောင့် ဆူးကြားက ဘူးခါးပမာ မလူးသာမလှုပ်သာ မတိမ်းသာမယိမ်းသာဖြင့် ကျဉ်းကျပ်စွာနေထိုင်ရင် တညည်းတညူညူ ဖြစ်နေရလျက်ရှိသည်။

သဒ္ဓါတရားချင်းယှဉ်လိုက်ပါက ကိုရင်ကဦးပဇ္ဇင်းထက်သာလွန်နေသည်။ ကိုရင်မာယိန္ဒက ကွမ်းစားဆေးသောက်ကဲ့သို့သော အသေးအဖွဲ့ပလိဗောဓများကအစ အတိအကျလိုက်နာနိုင်သည်။ အသောက်သမားဘဝကလာခဲ့သော်ငြား သင်္ကန်းဆီးပြီးသည့်နောက်ပိုင်း သုရာမေရယကာနှင့် အပြီးလမ်းခွဲလိုက်နိုင်သည်။ ဆိုခဲ့သည့်အတိုင်း ဦးစန္ဒိမာကတော့ ခပ်ယိုင်ယိုင်သမားဖြစ်နေသည်။ ယိုင်ရုံမက လဲပြိုတော့မလောက်ပင်ဖြစ်နေပြီဟုဆိုနိုင်သည်။ သူက ရဟန်းသိက္ခာစောင့်စည်းရခြင်းနှင့်ပတ်သက်ပြီး ဦးပွားထံ မကြာခဏလာရောက်ကာ မကြာမကြာ ညည်းညူမြည်တမ်းလေ့ရှိသည်။ ကိုရင်မာယိန္ဒကလည်း ဦးစန္ဒိမာအခြေအနေမကောင်းပုံကို ကြုံကြိုက်သည့်အခါတိုင်း ဦးပွားကို ပြောပြလေ့ရှိသည်။ ဦးပွားကိုယ်တိုင်လည်း ဦးစန္ဒိမာ၏ မပျော်မရွှင်ဖြစ်နေပုံ၊ ညှိုးညှိုးမှိုင်မှိုင်ဖြစ်နေပုံ၊ အိမ်သို့လည်း မကြာမကြာပြန်နေလေ့ရှိပုံတို့ကို ကောင်းစွာ သတိပြုမိသည်။

သို့နှင့်ပင် ဝါမှတစ်ဝက်မကျိုးသေး ဦးစန္ဒိမာလူဝတ်လဲရမည့်အဖြစ်က ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည်၊ ဦးစန္ဒိမာကား လူထွက်မည့်အရေးကိုယ်တိုင်မလျှောက်ထားရဲသဖြင့် ဖခင်ဖြစ်သူကို တစ်ဆင့်လျှောက်ထားခိုင်းသည်။ ဆရာတော်ဦးကဝိန္ဒကလည်း သာသနာ၌ မပျော်ပိုက်သူကို တားဖြစ်ဟန့်တားခြင်းမပြုပေ။ ရှောရှောရှူရှူပင် ခွင့်ပြုသည်။ ထို့ကြောင့် ဦးစန္ဒိမာလည်း မကြာမီပင် စိုးနောင်အဖြစ်သို့ ပြန်လည်ရောက်ရှိသွားတော့သည်။

ဦးပွားစိတ်တော့မကောင်းမိပေ။ အချိန်အကန့်အသတ်မရှိပျော်သလောက်နေမည်ဟု ဆုံးဖြတ်ထားသူက တစ်ဝါမှ မရသေးခင် လှေလှော်ရင်းတက်ကျိုးသွားရခြင်းအပေါ် မချင့်မရဲဖြစ်မိတာလည်းအမှန်ပင်။ သို့သော် တစ်နေ့မှာတော့ ကိုရင်မာယိန္ဒက စိုးနောင်နှင့်ပတ်သက်၍ အကြောင်းစုံပြောပြလာသောအခါတွင်မှ ဦးပွားလည်း အဖြစ်သနစ်စုံကို ပိုမိုသဘောပေါက်ရတော့သည်။

ထိုနေ့က သံဃာများအတွက် ဦးပွားဆွမ်းပွဲပြင်ပေးနေသည်။ ဦးပွားနှင့်အတူ ကိုရင်မာယိန္ဒကပါ ပါဝင်ကူညီပေးနေသည်။ ထိုသို့ အတူတကွ ဆွမ်းဝိုင်းပြင်နေကြရင်းမှပင် အောက်ပါအတိုင်း ကိုရင်မာယိန္ဒက ပြောပြလာခဲ့ခြင်းဖြစ်သည်။

"သူက ဒီကျောင်းမျိုးနဲ့ မတိုက်တန်ပါဘူး ဒကာကြီးရာ။ သူက သူ့စိတ်ကိုမှမနိုင်ဘဲ။ သူက အိမ်ကိုခဏခဏပြန်တယ်။ တစ်ခါတလေ ညကြီးမှာတောင် ခိုးခိုးပြီးပြန်တယ်။ ဟိုမှာ သူ့သိက္ခာပုဒ်တွေကို ချိုးဖောက်မိတယ်။ သူ့အဖေ ဦးသက်နောင်ဆိုတာက ရပ်ကွက်ထဲမှာ လူကြီးလူကောင်းပါ။ ဘုရားတရားလည်း ကိုင်းရှိုင်းပါတယ်။ သူ့သားမှမမှန်ဘဲဖြစ်နေတာကို သူလည်းသိတယ်။ အဲဒါကြောင့် အိမ်ကိုပြန်ပြန်မလာဖို့ဆုံးမတယ်။ ဒါပေမယ့် ဘယ်လိုမှတားလို့မရဘူး။ ကိုရင်လည်း ဒီအကြောင်းတွေကို အားလုံးသိတယ်။ သိပေမယ့် သူက ရဟန်းဖြစ်နေတော့ တစ်ဦးဦးကို အကြောင်းပြောပြလိုက်ရင် ရှင်ကျင့်ဝတ်ထဲက သံဃာကိုကုန်းမတိုက်ရဘူးဆိုတဲ့ ကျင့်ဝတ်ကိုများ ချိုးဖောက်ရာကျသွားမလားဆိုပြီး မျိုသိပ်နေခဲ့မိတယ်။

နောက်တော့ သူက ပိုပိုဆိုးလာတယ်။ သူ့ဒကာမနားကိုတောင် ပြန်ကပ်ချင်လာတယ်။ မသင့်တဲ့အချိန်၊ မသင့်တဲ့နေရာမျိုးမှာ သူ့ဒကာမနဲ့ ပြောတာဆိုတာ၊ နေတာထိုင်တာမျိုးကို ဦးသက်နောင်က မြင်လာတွေ့လာတယ်။ ဒီမှာတင်ပဲ အကြီးဆုံးသိက္ခာပုဒ်ကြီးကိုသာ ချိုးဖောက်လိုက်မှဖြင့် ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီး ဦးသက်နောင်ကိုယ်တိုင် ထိတ်လန့်လာတယ်။ ဒါနဲ့ အခြေအနေမဟန်တော့တဲ့ သားရဟန်းကို သူကိုယ်တိုင်ပဲ လူထွက်တော့ဆိုပြီး အတင်းတိုက်တွန်းရတဲ့အထိဖြစ်လာတယ်။

ဦးသက်နောင်ရဲ့သဘောက ခုလိုသာ မီးနဲ့ဆက်ကစားနေရင် မကြာခင် မီးလောင်ခံရတော့မယ်။ မတော်လို့ ကျူးလွန်မိသွားရင် ပတ်ဝန်းကျင်ကသိပြီး အရှက်တကွဲဖြစ်ရမှာလည်းစိုး၊ သာသနာ့ဝန်ကိုတော့ မထမ်းဘဲနဲ့ သာသနာ့ဝန်စီးအဖြစ်နဲ့ သံသရာနောင်ရေးမကောင်းတော့အောင်ဖြစ်သွားမယ့် သားအတွက်လည်း တွေးပူမိသွားရာက ခုလို သူကိုယ်တိုင် လူထွက်ခိုင်းလိုက်ရတာပဲဗျ ဒကာကြီး"

သည်တော့မှ ဦးပွား အားလုံးရှင်းရှင်းလင်းလင်းဖြစ်သွားရတော့သည်။ စိတ်ထဲကလည်း ကျေနပ်သွားမိသည်။ သာသနာတော်မှာ သည်လိုလူဖျင်းလူညံ့တွေကို ဘာလုပ်ဖို့လဲ။ အရေအတွက်များလာရုံ၊ တိုးလာရုံနှင့် ဘာလုပ်ဖို့လဲ။ အမှိုက်တွေလို လာရှုပ်မည့်သူတွေကို ဘာလုပ်ဖို့လဲ။ အညစ်အကြေးတွေလိုနံစော်ညစ်ပေအောင်လုပ်ထားခဲ့မည့်သူတွေကို ဘာလုပ်ဖို့လဲ။ ဒါမျိုးကတော့ မြန်မြန်တော့ရှင်းလေ ကောင်းလေသာဖြစ်သည်ဟု သူဆက်တွေးသည်။

သည့်နောက် မကြာမီ ဆွမ်းစားချိန်သို့ရောက်လာရာ သံဃာ့ဆွမ်းဝိုင်းနှင့် ခပ်လှမ်းလှမ်း၌ စားပွဲပုကလေးဖြင့် တစ်ပါးတည်း ငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးလျက်ရှိသော ကိုရင်မာယိန္ဒကိုကြည့်လျက် ဦးပွားက အကြည်အနူးကြီးကြည်နူးနေမိသည်။ ကိုရင်မာယိန္ဒ၌ အပြစ်ဟူ၍ ဘာမှပြောစရာမရှိ။ အနေအထိုင်အကျင့်အကြံမှအစ အားလုံးကြည်ညိုစရာကောင်းသည်။လက်မတစ်ဖက်ပြတ်လေးကြောင့် ရဟန်းတက်ခွင့်မရခဲ့သည့်အတွက် စိတ်နှလုံးညှိုးနွမ်းခဲ့ရသော်ငြား မိမိ၏ အားပေးမှုဖြင့် ကိုရင်ကြီးဘဝကို အမြတ်တနိုး ခံယူခဲ့သည်။ သူရရှိထားသည့် ကိုရင်ဘဝကိုလည်း တန်ဖိုးရှိအောင် မြှင့်တင်နိုင်ခဲ့သည်။ တောက်ပြောင်မှုရှိအောင် အရောင်တင်နိုင်ခဲ့သည်။

ဤသည်မှာ သာသနာတော်၌ ကြီးခြင်း၊ ငယ်ခြင်း၊ များခြင်း၊ နည်းခြင်းကို ပဓာနမထား။ အကျင့်အကြံကဲ့သို့ တကယ့်အနှစ်သာရကိုသာ အဓိကထားကြောင်း ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ယခုပင်လျှင် ကိုရင်ဟူ၍ ငယ်ပင်ငယ်သော်လည်း မိမိကိုယ်တိုင် ဝင့်ထည်စွာ ဆောက်တည်နိုင်ခဲ့သည့် ကိုရင်မာယိန္ဒက သက်သေပြလျက်ရှိသည်။ ကိုရင်မာယိန္ဒ ဆက်လက်ပြီး သာသနာ့ဘောင်ကို သယ်ပိုးသွားနိုင်ပါစေ၊ သံသရာအရှည်အနှိုးကိုလည်း သည့်ထက်ပိုပြီး [illegible] ကြီးရသွားနိုင်ပါစေဟု ဆုတောင်း[illegible] ဦးပွားက ပီတိဖြင့်သာလျှင် ကိုရင်မာယိန္ဒကို မမှိတ်မသုန် ရှုစိုက်[illegible]နေမိတော့သည်။

[illegible]မြင့်တင်(အမျိုးသားစာပေဆုရ)

ပဒ္ဒနှင့်ပုရွက်ဆိတ်ကိုက်သော် အလွယ်ဆုံးနည်း သပြေရွက်ကိုလိမ်း

မိုးနောင်(ကောလင်း)



စာရေးသူသည် ၁၈-၁၂-၂၀၁၆ နေ့တွင် ကောလင်းအနောက်(၅)မိုင်အကွာရှိ စိမ့်တွင်းတောင်ဘဝအေးတောရကျောင်းသို့ သွားရောက်ခဲ့ပြီး ဆရာတော်ဦးကောသလ္လနှင့် ဘာသာရေးရာကိစ္စဖြင့် တွေ့ဆုံခဲ့ပါသည်။ ထို့ပြင် စာရေးသူသည် သစ်ပင်သစ်ရွက်တို့နှင့် ပတ်သက်သော သဘာဝဆေးဝါး အကြောင်းကိုလည်း ဆရာတော်နှင့် ဆွေးနွေးခဲ့သေး၏။ဆရာတော်ကျောင်းမြေအတွင်း သစ်ရွက်နှင့်ပင်စည်စိမ်းစိုနေသော သစ်ပင်ငယ်အကြောင်း သိလို၍ ဆရာတော်အား လျှောက်ထားမေးမြန်းခဲ့ပါသည်။

"အဲဒီအပင်က တပည့်တော်အိမ်ကအပင်မျိုးနဲ့တူတယ်ဘုရား။ ဒါပေမယ့် သစ်ရွက်က အကျားဖြစ်နေတာပဲကွာတယ်"

"အဲဒီအပင်က ဟိုဘက်ရွာထဲက ရထားတာပဲ ဒကာကြီး။ ပေးတဲ့လူကို မေးကြည့်ပေးဦးမယ်လေ။ သစ်ရွက်အကြောင်းဆိုလို့ ကြုံကြိုက်လို့ပြောရဦးမယ်။ ကျောင်းမြောက်ဘက်မှာ ဘုန်းကြီးကို ပဒ္ဒ(ပျားတူ)တွေကိုက်တာအဆိပ်တွေတက်နေလို့ နတ်ရေတွင်းရွာက ဒကာကြီးပြောဖူးလို့ သပြေရွက်နဲ့ပွတ်လိုက်တာ ချက်ချင်းသက်သာသွားတယ်ဒကာကြီးရဲ့"

"ဟုတ်လား ဘုရား။ ပုရွက်ဆိတ်နဲ့ကင်းတွေကိုက်တာတော့ သေတတ်တာကိုတော့ တပည့်တော်သိထားပါတယ်ဘုရား"

"လိမ်းတာက သပြေရွက်ကိုပွတ်ခြေပြီးလိမ်းတာပဲ ဒကာကြီး။ ဒကာကြီးက စာရေးချင်လို့ မေးတာမဟုတ်လား။ သပြေရွက်ကဘာသပြေရွက်ဖြစ်ဖြစ်ရတယ် ဒကာကြီး။ တောင်ဘက်မှာလည်း ပုရွက်ဆိတ်မည်းကြီးတွေရှစ်ကောင်ကိုးကောင် ကိုက်တာ အဆိပ်ပြင်းလွန်းလို့ သပြေပင်ကသပြေရွက်ကို ပွတ်ခြေပြီးလိမ်းလိုက်တာ အဆိပ်တွေလုံးလုံးပြေသွားတယ် ဒကာကြီး။ ဒါဘုန်းကြီးလက်တွေ့ပဲ၊ ဒကာကြီးရေးချင်ရင် ရဲရဲသာရေး[illegible]ပါ"

"တင်ပါ့ဘုရား၊ တပည့်တော် ဆေးဆောင်းပါးလေး ရေးလိုက်ပါဦးမယ်။ ခွင့်ပြုပေးပါဦးဘုရား"

(ဤဆောင်းပါးကို ရေးခွင့်ပြုပေးပါသော ဆရာတော်ဦးကောသလ္လအား အထူးကျေးဇူးတင်လျက်)

မိုးနောင်(ကောလင်း)

အောင်ဆန်းလင်း
(ဘီ-အေ)

အနှိုင်းမဲ့ရင်ခွင်ထက်မှ ကြောင်သားအမိ၏ကုသိုလ်ကံ

ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသရှိ ([illegible]) မြို့ ဈေးအနီး အိမ်တစ်အိမ်သည် ဦးတင့်ဆွေနှင့် မမှုမှုစိန်တို့နေအိမ် ဖြစ်သည်။ သူတို့လင်မယားသည် အသက် (၄၀) ဝန်းကျင်ခန့် ရှိသည်။

ဇနီးဖြစ်သူ မမှုမှုစိန်သည် နံနက်လင်းကတည်းက လူတစ်ယောက် ဈေးဝယ်လာမလားဟု လမ်းဘက်သို့ လည်ပင်းရှည်လျက် တမျှော်မျှော်ဖြစ်နေ၏။ ခင်ပွန်းဖြစ်သူကိုလည်း ဦးလှအောင်လတ် အမည်ရှိသူ လာတာမြင်လျှင် ပြောရန် ကြိုတင်မှာကြားထားသည်။

ဦးလှအောင်လတ်ကား အသက် (၅၀)ကျော် (၆၀)နီးနီးဖြစ်၏။ ဆိုင်ကယ်နှင့် ဈေးဝယ်လာလေ့ရှိ၏။ စင်စစ် ထိုလူကို မှုမှုစိန်သည် တစ်ကြိမ်မျှသာ စကားပြောဖူးခဲ့သေးသည်။

တစ်နေ့နံနက်တွင် ဦးလှအောင်လတ်သည် မှုမှုစိန်တို့နေအိမ်ကိုရောက်သောအခါ ဦးတင့်ဆွေက အိမ်မှာမရှိပေ။ ဈေးအနီးတွင် သံဖြူဆိုင်ဖွင့်လိုသဖြင့် ဆိုင်ခန်းတစ်ခန်းစာနေရာရလို၍ ဈေးခေါင်း ဦးတင့်ဆွေထံလာရောက်မေးမြန်းစုံစမ်းခြင်း ဖြစ်သည်။

ဦးတင့်ဆွေက ဈေးထဲရောက်ရှိနေသဖြင့် သူ့ကို နေအိမ်မှပင် ခေတ္တစောင့်ဖို့ပြောထားရ၏။ မမှုမှုစိန်က ဧည့်သည်ကို ရေနွေးကြမ်းဖြင့် ဧည့်ခံရင်း စကားလက်ခံပြောနေခဲ့သည်။ (၁၅)မိနစ်ခန့်အကြာတွင် ဦးတင့်ဆွေ ပြန်လည်ရောက်ရှိလာပြီး ဆိုင်ခန်းကိစ္စပြောဆိုကြလေသည်။ မမှုမှုစိန်လည်း မီးဖိုချောင်ဝင်နေ၍ ဆိုင်ခန်းရမရပင် အခြေအနေမသိလိုက်ခဲ့ပေ။

မမှုမှုစိန်က ဦးလှအောင်လတ်ကို ကောင်းစွာ သတိထားမိသွားခြင်းမှာ ဆိုင်ကယ်နောက်ပိုင်းတွင် အိမ်လုပ်ပြီး သယ်ဆောင်လာသောခွေးကြီးတစ်ကောင် ပါလာသောကြောင့်ဖြစ်လေသည်။ သခင်ဖြစ်သူက စကားပြောတာကြာနေသောအခါ ခွေးကြီးစိတ်မရှည်တော့ဟန်ဖြင့် အသံပြုသည်တွင် -

“သားရယ်၊ ကိစ္စရှိနေလို့စကားပြောနေတာပါကွာ။ ခဏတော့ သည်းခံပါ မကြာတော့ဘူး”

ဟု ဦးလှအောင်လတ်က ပြောသောအခါ ငြိမ်သက်သွား၏။ လူ့စကားကို နားလည်ဟန်တူလေသည်။ သူ၏ဆိုင်ကယ်နှင့်အမြဲပါလာတတ်၍ သခင်နှင့်ခွေး သံယောဇဉ်ကြီးကြပုံရ၏။ ဤဈေးမှအားလုံးသောဈေးသည်ဈေးဝယ်များက သတိထားမိကြပြီး ဦးလှအောင်လတ်အား ခွေးနဲ့လူ၊ ခွေးအဖေဟု ခေါ်ဝေါ်ကြလေသည်။ ဤသို့ခေါ်ဝေါ်ခြင်းကို ဦးလှအောင်လတ်က ကျေနပ်စွာ လက်ခံသည်။

ယခုတော့ လက်ငင်းကြုံနေရသောအခက်အခဲတစ်ခုကြောင့် မမှုမှုစိန်က ထိုလူကိုမျှော်နေ၏။

“ဟောဟော - ဆိုင်ကယ်နဲ့ဟို ဆရာ၊ ခွေးနဲ့လူဖြတ်မောင်းသွားပြီ။ နောက်က မြန်မြန်လိုက်ခေါ်ပေးပါဦး ကိုတင့်”

ဟု မမှုမှုစိန်ကပြောသည်။

ဦးတင့်ဆွေက အိမ်ပေါ်မှအပြေးဆင်းကာ လက်ခုပ်တီး၍ခေါ်၏။ သူ့ကိုခေါ်သံကြားလျှင် ဦးလှအောင်လတ်၏ဆိုင်ကယ်ကိုနောက်ကိုပြန်လှည့်မောင်းလာသည်။ ထုံးစံအတိုင်း ဆိုင်ကယ်နောက်ပိုင်းမှ ခွေးအိမ်ထဲတွင် ခွေးကြီးလည်း အတူပါလာခဲ့သည်။

အိမ်ရှေ့ရောက်သည်နှင့် မမှုမှုစိန်က-

“ဦးလှအောင်၊ ဒီနေ့ဈေးကို လာမှလာပါ့မလားလို့စိတ်ပူနေတာ။ မနက်စောစောကတည်းက ကျွန်မမျှော်နေတာ။ ဈေးကိုရောက်လာလို့ တော်ပါသေးရဲ့”

“ဟုတ်ကဲ့ ဆရာမ၊ ဘာကိစ္စများ ရှိလို့ပါလိမ့်”

ဦးလှအောင်လတ်သည် မမှုမှုစိန်ကိုကျောင်းဆရာမမှန်းသိ၍ ဆရာမဟု ခေါ်သည်။

“ဦးလှအောင်ဈေးဝယ်ရုံပဲမဟုတ်လား။ အချိန်ရမယ်ထင်ပါတယ်။ စကားပြောရအောင်လို့ အိမ်ပေါ်ကိုခဏတက်ပါဦး”

ဆိုင်ကယ်ကို အိမ်ရှေ့မှာရပ်ပြီးနောက် ဦးလှအောင်လတ်သည် အိမ်ပေါ်တက်လာသည်။ သူ့နောက်က ဦးတင့်ဆွေလိုက်ပါလာသည်။

“ကျွန်မမှာ လုံးဝမမျှော်လင့်ထားတဲ့အခက်အခဲတစ်ခုကို ရင်ဆိုင်နေရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဦးလှအောင်ဆီမှာ စုံစမ်းချင်တာရှိတယ်”

ဦးတင့်ဆွေ ငှဲ့ထည့်ပေးသော ရေနွေးကြမ်းကိုသောက်မည့်ဆဲဆဲတွင် မသောက်သေးဘဲ အံ့ဩစွာဖြင့် ဦးလှအောင်လတ်က -

“ဘာတွေများအခက်အခဲတွေ့နေပြီး ကျွန်တော်က ဘယ်လိုကူညီရမှာလဲ ပြောပါ ဆရာမ”

“ဦးလှအောင်က ခွေးမွေးထားတယ်။ ကျွန်မကတော့ ကြောင်မွေးထားတာရှိတယ်။ မနေ့ညက ကြောင်မကြီးက သားပေါက်တယ်လေ”



“ဟုတ်ပြီ၊ ကြောင်မကြီးက သားမွေးတော့ ဘာဖြစ်လဲ။ ကောင်းတယ်လေ ဒါ မင်္ဂလာပဲ”

မမှုမှုစိန်ကပြုံးလိုက်ရင်းမှ -

“ညဦးဦးယံလောက်ကတည်းက စပြီးမွေးလိုက်တာ ည (၉) နာရီကျော်လောက်မှာ ကလေး(၃)ကောင်မွေးအပြီးမှာ ပြဿနာစဝင်တယ်။ နောက်ထပ် ကျန်သေးတဲ့ကြောင်လေးကို မမွေးနိုင်ဘူး။ ဝမ်းဗိုက်က အတော်နာတယ်နဲ့တူပါရဲ့ [illegible]လျှောက်လိုလိုအော်နေရှာတယ်။ အဲဒါကြောင့် သူချစ်ခင်တဲ့သခင်ဖြစ်တဲ့ ကျွန်မကို အားကိုးချင်တယ် ထင်တယ်။ ကျွန်မအိပ်နေတဲ့ခြင်ထောင်ကို သူခေါင်းနဲ့အတင်းတိုးဝင်တယ်။ ကျွန်မကိုထိမိတော့ လှဲအိပ်ရင်း အော်နေတယ်။ ကျွန်မလည်း ဘာမှမလုပ်တတ်ဘူး။ သူ့ဗိုက်ကိုပဲ ပွတ်ပေးနေမိတယ်။ အဲဒီတော့ အအော်ရပ်သွားတယ်”

“သခင်ရဲ့[illegible]ကြောင့် ဝေဒနာ[illegible] ထင်တယ်”

"ခဏကြာတော့ သူမွေးထားပြီးဖြစ်တဲ့ ကလေး(၃)ယောက်ကိုစိတ်မချဖြစ်လို့ ထပြီးသွားပြန်တယ်။ တော်တော်ကြာ ပိုက်နာတော့ ကျွန်မဆီပြန်ရောက်လာပြန်ရော။ နောက်တော့ သူ့ကလေးတွေကို ကိုက်ချီပြီး ကျွန်မအိပ်ရာထဲကို နေရာရွှေ့ဖို့ကြိုးစားတယ်။ အဲဒါနဲ့ ဒီလိုတော့ မဖြစ်ချေဘူးဆိုပြီး ကျွန်မအိပ်ရာကထွက်လာခဲ့ပြီး သူကလေးမွေးထားတဲ့ ထင်းရှူးသေတ္တာခွံနံဘေးမှာပဲ ငုတ်တုတ်မိုးလင်းခဲ့ရတယ်"

"ဆရာမရဲ့ဒုက္ခကလည်းသိပ်မသေးဘူးပဲ"

"ကျွန်မတို့လင်မယား(၂)ယောက်လုံး နံနက်လင်းလို့သာ မျက်နှာသစ်လိုက်ရတယ်။ တစ်မှေးတောင် မအိပ်လိုက်ရပါဘူး။ အဲဒါကြောင့် တိ/ကု(တိရစ္ဆာန်ဆေးကု) ဆရာနဲ့ အမြန်ပြချင်တဲ့ဆန္ဒရှိတယ်။ ကျွန်မတို့နေတဲ့အရပ်က မြို့မဟုတ်တော့ရွာမဟုတ်ဆိုတော့ တိ/ကုဆရာထိုင်တဲ့ဆေးခန်းက မရှိဘူးလေ။ အဲဒါကြောင့် စဉ်းစားလိုက်တော့ ဦးလှအောင်လည်း သူ့ခွေးကြီးကိုသွားလေရာခေါ်သွားရလောက်ချစ်တာ။ တိ/ကုဆေးခန်းကိုရောက်ဖူးမှာပဲ။ အဲဒါ ဆေးခန်းနဲ့ဆရာဝန်ဘယ်မှာရှိမလဲသိချင်တာပါပဲ"

"သဘောပေါက်ပြီ ဆရာမ။ ကျွန်တော် မကြာမကြာသွားလေ့ရှိတဲ့ ဆရာဝန်က မြောက်ဥက္ကလာ(ရန်ကုန်)မှာပဲ။ ကျွန်တော်တို့နေရာနဲ့ဝေးပေမယ့် ဒီဆေးခန်းတစ်ခုပဲ ကျွန်တော်ညွှန်ပြတတ်တယ်"

"ရပါတယ်ဦးလှအောင်။ ကားငှားသွားရမှာဖြစ်နေတာမို့ နီးတာ၊ ဝေးတာ သိပ်မထူးတော့ပါဘူး။ သွားကိုသွားရမှာပဲ။ ဆေးခန်းက ဘယ်အချိန်ဖွင့်သလဲ ပြောပါဦး"

"ဆေးခန်းတည်နေရာက စုံစမ်းလို့လွယ်ပါတယ်။ မေဓာဝီလမ်းဆုံဆိုရောက်တယ်။ မြောက်ဥက္ကလာဆေးရုံကြီးနဲ့လည်းသိပ်မဝေးဘူး။ နေဦး၊ ဆရာမ ဆရာဝန်ရဲ့ ဖုန်းနံပါတ်ရှိတယ်။ အဲဒီမှာ စုံစမ်းလိုက်ပေတော့"

ဦးလှအောင်လတ်သည် ဤသို့ပြောရင်း အိတ်ထဲမှ လက်ကိုင်ဖုန်းကိုထုတ်၍ လိုအပ်သော ဖုန်းနံပါတ်ရှာဖွေနေလေသည်။

"ဖုန်းနံပါတ်ရရင်တော့ ပိုကောင်းတာပေါ့ ဦးလှအောင်"

ဤနေရာတွင် တိုးတက်ပြောင်းလဲလာသော လက်ကိုင်ဖုန်းတစ်လုံး၏ အကူအညီသည်များစွာ အကျိုးထူးရှိပြီး ခရီးရောက်လှပေသည်။

ဤသို့ပြောရင်း တိ/ကုဆရာဝန်၏ လက်ကိုင်ဖုန်းနံပါတ်ကို ပေးထားခဲ့လိုက်ပြီး နောက်ဦးလှအောင်လတ်ပြန်လာခဲ့သည်။

သူသည် ဈေးမှ ဟင်းချက်စရာများဝယ်ယူပြီး အိမ်သို့ပြန်ရောက်သော်လည်း ကလေးမမွေးနိုင်သော ကြောင်မနှင့် သခင်ဖြစ်သူ ဈေးခေါင်းဇနီးမောင်နှံအကြောင်းကို အတွေးအာရုံထဲမှာ ရောက်နေ၏။ ခွေးသည် ရောဂါဝေဒနာဒဏ်ကို အတော်ခံနိုင်ရည်ရှိသော တိရစ္ဆာန်ဖြစ်သည်။ ကြောင်ကား ခွေးလောက်ခံနိုင်ရည်မရှိလှပေ။ မမျှော်လင့်ဘဲ ကြောင်မသာသေသွားခဲ့လျှင်ဟု ဆက်လက် အတွေးဝင်နေခဲ့ပြီး ညတွင် တော်တော်နှင့်အိပ်မပျော်ခဲ့ပေ။

ဈေးခေါင်းကတော်ဆရာမသည် သူမွေးမြူထားသောကြောင်ကို အတော်ချစ်ပုံရလေသည်။ ကြောင်မကြီးကို ဆေးကုသရန် ဤအရပ်မှမြောက်ဥက္ကလာသို့ ကားငှားသွားလျှင် ကားငှားရမ်းခပင် အတော်ပေးရပေလိမ့်မည်။

ဦးလှအောင်လတ်အတွက် နောက်တစ်နေ့တွင် ဈေးဝယ်ထွက်ရန် မလိုအပ်ပေ။ တစ်ကြိမ်ဝယ်လျှင် နှစ်ရက်၊သုံးရက်စာဝယ်ယူလာခဲ့ရ၍ဖြစ်၏။ သို့သော် ဈေးခေါင်းအိမ်မှ ကြောင်ဆေးကုသရန်သွားခဲ့သည့်ကိစ္စကို အထူးစိတ်ဝင်စားနေမိသဖြင့် အိမ်မှထွက်လာခဲ့လိုက်သည်။

"ဩော် ဦးလှအောင် အိမ်လည်လာတယ်ထင်တယ်။ မနေ့ကကူညီတာလည်း ကျေးဇူးတင်တယ်"

ဈေးခေါင်းကတော်၏ ရွှင်လန်းစွာ ကြိုဆိုနေပုံက အခြေအနေကောင်းသည်ဟု ခန့်မှန်းရလေသည်။

"ဟုတ်ကဲ့ - ဆရာမ၊ မနေ့က ကြောင်မကိုဆေးကုဖို့စီစဉ်တာ အဆင်ပြေကြရဲ့လားသိချင်လို့ထွက်လာခဲ့လိုက်တာပါ"

"လာပါ လာပါ။ အိမ်ပေါ်ကိုတက်ခဲ့ပါဦး။ ရေနွေးကြမ်းသောက်ရင်း စကားပြောကြတာပေါ့ရှင်။ ကျွန်မရဲ့အတွေ့အကြုံကို အသေးစိတ်ပြောပြပါမယ်"

■

စိုးရိမ်ပူပန်စိတ်က များပြားနေသဖြင့် မမူမူစိန်သည် ဦးလှအောင်လတ်ပြန်သွားသည်ကိုပင် သတိမထားမိလိုက်တော့ပေ။ ဖုန်းနံပါတ်ကိုရရှိသည်နှင့် တစ်ပြိုင်နက် တိ/ကုဆရာဝန်ထံဖုန်းခေါ်ဆိုလိုက်သည်။ ဖုန်းလိုင်းမအားသေးသဖြင့် ခေတ္တစောင့်ပြီး ဒုတိယအကြိမ်ခေါ်လိုက်မှအဆက်အသွယ်ရလေသည်။ ဆေးခန်းဖွင့်ချိန်ကို မေးမြန်းကြရာ -

"နံနက် (၈) နာရီမှ နေ့(၁၁)နာရီထိ ညနေ (၄)နာရီမှ (၆)နာရီထိ ပိတ်ရက်မရှိ နေ့စဉ်ဖွင့်ပါတယ်"

ဟု ဆရာကဖြေလေသည်။

"ကောင်းပြီဆရာ။ ကျွန်မမွေးထားတဲ့ကြောင်မက သားပေါက်နေတယ်။ (၃)ကောင်မွေးအပြီးမှ ကျန်တဲ့သားဆက်မမွေးနိုင်လို့ တစ်ညလုံးအော်နေရတယ်။ အရေးပေါ်ကိစ္စဖြစ်လို့ အိမ်ကချက်ချင်းလာခဲ့ဖို့ရာ အခုကားရှာပြီးငှားရဦးမှာပါ။ ဆရာစောင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ မနက် ဆေးခန်းဖွင့်ချိန်အရောက်လာချင်လို့ပါ ဆရာ"

"ဟုတ်ကဲ့ - စောင့်ပေးပါမယ်။ မစောင့်နိုင်ခဲ့ရင်တောင် ကျွန်တော်ဖုန်းပြန်ဆက်ပါ့မယ်"

"စောင့်ပေးပါဆရာရယ်။ ကျွန်မတို့နေထိုင်တဲ့နေရာက ဆရာ့ဆေးခန်းရှိတဲ့မြောက်ဥက္ကလာနဲ့ဆိုရင် တော်တော်ဝေးလို့ပါ။ကားမောင်းလာရင် သိပ်မကြာလှပေမယ့် ကိုယ့်မှာ ကားမရှိတော့ ကားရှာရဦးမှာမို့ပါ"

"ဟုတ်ပြီလေ၊ အစ်မဆေးခန်းကိုလာမှာသေချာတယ်ဆိုရင် ဆေးခန်းပိတ်ချိန်လွန်သွားလည်း အိမ်ပြန်ပြီး ထမင်းမစားတော့ဘဲ ဆိုင်မှာဝယ်စားလိုက်ပါ့မယ်။ လာသာလာခဲ့ပါ"

ဤသို့ဖြင့် ဦးတင့်ဆွေက စက်ဘီး စီးပြီး ကားရှိသောအိမ်များလှည့်လည်အကူအညီတောင်းရသည်။ တောမြို့လေး၏ ချစ်စရာဓလေ့မှာ အခက်အခဲရှိသူကို ကူညီရိုင်းပင်း၏။ ကားခစေတနာရှိသလောက်ပေးပါဆိုပြီး ကားတစ်စီးငှားရလာခဲ့သည်။ ဝေဒနာခံစားနေရသော ကြောင်မကို ဦးတင့်ဆွေက ခြင်းတောင်းထဲသို့ထည့်ပြီးသယ်ဆောင်ရသည့်အရေးကိုလုပ်ဆောင်နေရာ အဆင်မပြေပေ။ ကြောင်မက အပြင်သို့ပြန်ထွက်သည်။ တစ်ခါက နှစ်ခါဖြစ်လာတော့ ဦးတင့်ဆွေစိတ်တိုလာသည်။ ကြောင်မကလည်း ဒေါသထွက်သဖြင့် အမွေးများပွထလာနေပြီ။ ရှေ့ဆက်ပြီးအခြေအနေက သိပ်မကောင်းလှပေ။

မမူမူစိန်က မိန်းမတို့ထုံးစံ အိမ်အပြင်ထွက်ခါနီး အဝတ်အစားလဲလှယ်ခေါင်းဖြီး၊ မှန်ကြည့်ကိစ္စက ရုတ်တရက်မပြီးတတ်သေးပေ။ ဦးတင့်ဆွေလုပ်ကိုင်နေပုံကိုကြည့်ပြီး -

"ကြောင်မက သားပေါက်ထားတာ ဒီလိုခေါ်လို့ဘယ်ရမှာလဲ။ဦးနှောက်မရှိဘူး"

ဟု သူ့ယောက်ျားကို မာန်မဲရင်း ကြောင်ပေါက်ကလေးများကို ဦးစွာယူလာပြီး တောင်းထဲသို့ထည့်လိုက်သည်။ ကြောင်မသည် လူကဖမ်းထည့်ရန်မလို။ အသာတကြည့်ပင် သူ့ကလေးများရှိရာ တောင်းထဲသို့ တိုးဝင်သွားလေသည်။ မိခင်စိတ်၏သဘောကို မိန်းမများက ပိုမိုနားလည်သည်မှာ အမှန်ဖြစ်၏။

မမူမူစိန်ကားပေါ်ရောက်သည်နှင့် အိမ်မှကားစီးပြီးထွက်ခွာလာနေပြီဖြစ်ကြောင်း ဆရာဝန်ထံဖုန်းဆက်အသိပေးလိုက်သည်။ ခြင်းတောင်းထဲမှ ကြောင်မသည် အိမ်အပြင်သို့ထွက်ခွာလာနေကြောင်းသိသဖြင့် မကြာမကြာအော်နေ၍ မမူမူစိန်ကအားပေးရင်း အင်္ဂလိမာလ ပရိတ်ကိုသာ ရွတ်ဖတ်ပေးနေမိသည်။

(၁၀) မိုင်ကျော်ခရီးအကွာအဝေးကို မိနစ်(၂၀) ခန့်အချိန်ပေးကာ မောင်းသွားလျှင် ရောက်ရှိသွားနိုင်၏။ ယနေ့ ရန်ကုန်မြို့သည် ကားအလွန်များပြား၍ လမ်းမပေါ်တွင် ယာဉ်ကြောပိတ်ဆို့နေပုံက စိတ်ပျက်ဖွယ်ဖြစ်သည်။ ဤသို့ဖြင့် တိ/ကုဆေးခန်းရှိရာ မေဓာဝီလမ်းဆုံသို့ ရောက်ရှိသွားပြီ။

"ဆရာစောင့်ပေးနေရလို့ အားနာလိုက်တာ။ ကားတွေကလမ်းပေါ်မှာ အားပိတ်နေလို့ ပိုကြာသွားရတာပါ တောင်းပန်ပါတယ်ရှင်"

"ဒီလိုပါပဲ အရေးပေါ်ဆေးကုသရတာရှိရင် အချိန်လွန်အောင် အလုပ်လုပ်ရတာ မကြာမကြာဖြစ်လေ့ရှိပါတယ်"

ဆရာဝန်သည် ကြောင်မကို စမ်းသပ်ကြည့်ပြီး ဝမ်းဗိုက်ထဲတွင်ကျန်ရှိနေသော သန္ဓေသားကိုခွဲစိတ်ပြီးမှ ထုတ်ယူရမည်ဟုဆုံးဖြတ်၏။ ထို့ကြောင့် မေ့ဆေးတစ်လုံးဦးစွာထိုးလိုက်သည်။

မမူမူစိန်က -

"ဆရာကြောင်မကြီးကိုခွဲစိတ်ကုသတာကြုံတုန်း တစ်ခါတည်းသားကြောဖြတ်ပေးလိုက်ပါရှင့်။ ကြောင်ဆိုတာ တစ်နှစ်တည်းနဲ့ နှစ်သား၊သုံးသားအထိ ပေါက်တတ်လို့ မွေးလာသမျှကို နိုင်နင်းအောင် မကျွေးမွေးနိုင်ဖြစ်လာမှာ စိုးရိမ်လို့ပါ"

"ဟုတ်ကဲ့ - လုပ်ပေးပါ့မယ်"

ဤသို့ဖြင့် ကြောင်မ၏ ဗိုက်ထဲမှ အသက်မရှိတော့သော သန္ဓေသားကို တစ်နာရီနီးနီးကြာအောင်ခွဲစိတ်လုပ်ကိုင်ရသည်။ ထို့ကြောင့်၊ မေ့ဆေးကြောင့် သတိပြန်မရသေးသောကြောင်မကြီးကို ခြင်းတောင်းထဲထည့်ပြီး ပြန်လာခဲ့ကြသည်။

အပြန်ခရီးတစ်ဝက်လောက်တွင်မှ ကြောင်မ၏အော်သံကို စတင်ကြားလာရသည်။

"မိညို အားလုံးလုပ်စရာရှိတာလုပ်ပြီးသွားပြီ။ ဘာမှအားမငယ်နဲ့တော့နော်။ အနားမှာ မေမေကြီးအတူပါလာတယ်။ သိပ်မကြာတော့ဘူး။ အိမ်ကိုပြန်ရောက်တော့မယ်"

မမူမူစိန်၏အပြောကြောင့် ကားမောင်းသမားကပြုံးသည်။

"ကျွန်မပြောတာကို အဟိတ်တိရစ္ဆာန်သာဖြစ်တဲ့ကြောင်မက သိပ်နားလည်မှာမဟုတ်ပါဘူး။ ဒါပေမယ့် သခင့်အသံကိုကြားလိုက်တော့ သူ့အားတက်သွားမှာ အသေအချာပဲ။ အခုအချိန်က သူ့မှာ သိပ်စိတ်အားငယ်နေရတဲ့ အချိန်ဖြစ်နေတာကိုး"

မမူမူစိန်က မလုံမလဲဖြင့်ပြောခြင်းဖြစ်လေသည်။

မွန်းလွဲချိန်တွင် အိမ်ကိုပြန်ရောက်တော့ ဦးတင့်ဆွေက ကြောင်မအလွန်ကြိုက်သော ငါးကြော်ထားသည်။ ရေတိုက်ပြီး ငါးကြော်ကိုကျွေးရာ ကြောင်မသည် ဝေဒနာအရှိန်ကြောင့် အစာကို မစားနိုင်သေးပေ။

■

ဦးလှအောင်လတ်ရောက်ရှိလာချိန်တွင် ကြောင်မက သူ့ကလေးများကို နို့တိုက်ပေးနေသည်ကိုတွေ့ရ၏။

"ကျွန်တော့်မော်တော်ဆိုင်ကယ်မှာ အသင့်ရှိထားတာက ခွေးထည့်ဖို့အိမ်ဖြစ်နေတာမို့ ကြောင်ထည့်ပြီးသွားဖို့အဆင်မပြေဘူး။ ဒါကြောင့် အကူအညီမပေးနိုင်ခဲ့တာကို စိတ်မကောင်းပါဘူးဆရာမ။ အခုဆေးသွားကုလိုက်တာ ငွေဘယ်လောက်ကုန်သွားသလဲ"

"ကားခတစ်သောင်း ဆေးကုသခက နှစ်သောင်းပေးရတယ်"

"ဆရာမတို့လင်မယားက နှစ်ယောက်လုံးဝင်ငွေရှိတဲ့အလုပ်လုပ်နေကြတယ်။ သားသမီးလည်းမရှိကြဘူးဆိုတော့ ကြောင်တစ်ကောင်ကိုဆေးကုသဖို့ ငွေသုံးသောင်းကို လွယ်လွယ်ထုတ်သုံးနိုင်တာပေါ့နော်။ ဆရာမတို့အိမ်မှာလာပြီး အသက်ရှင်ခွင့်ရတဲ့ကြောင်တွေကုသိုလ်ကံကောင်းတာလို့ဆိုနိုင်တာပေါ့"

"ကျွန်မတို့အိမ်က ကြောင်တွေ ကသိလ်ကကောင်းတယ်ဆို [illegible] ဖြစ်နိုင်ပါတယ် ဦးလှအောင်။ [illegible] ကုန်ကျစရိတ်ကို လွယ်လွယ်ထုတ်သုံး တယ်ဆိုတာက မဟုတ်တော့ဘူး။ ဒါကို တော့ ငြင်းရမှာပဲ။ ကျွန်မတို့လင်မယား က အသက်ကြီးမှ အိမ်ထောင်ကျလာကြ ကျတာဆိုတော့ သားသမီးမရကြ တော့ဘူး။ အဲဒါကြောင့် အိမ်မှာမွေးမြူ ထားတဲ့ကြောင်လေးတွေကိုပဲ သားသမီး နဲ့မခြား သံယောဇဉ်တွယ်နေခဲ့ပါတယ်။ အခုလို ဒုက္ခဝေဒနာခံစားနေရတာကို တွေ့မြင်နေရတော့ ဘယ်လိုလုပ်မျက်နှာလွှဲနေလို့ရတော့မှာလဲ။ ကျွန်မတို့မှာ နှစ်ယောက်ဝင်ငွေရှိပေမယ့် အမျိုးသားက မိအိုဖအိုတွေရှိနေသေးလို့ လစဉ်ထောက်ပံ့နေရတယ်။ ခေတ်ကာလ ကုန်ဈေးနှုန်းနဲ့ ချွေတာသုံးစွဲနိုင်လို့ ကြွေးမတင်ရုံဘဲရှိပါတယ်ရှင်။ ကြောင်မကြီး ဝေဒနာခံစားနေရတာကို ငွေမရှိလို့ဆေးမကုရရင် ကြောင်မသေသွားနိုင်တယ်။ အဲဒီအခါမှ ကျွန်မတစ်သက်တာလုံး နောင်တရနေရလိမ့်မယ်။ အဲဒါကိုမခံစားနိုင်ဘူး။ ဒါကို ကျွန်မကြိုတင်မြင်လို့ ကျွန်မလည်ပင်းက ဆွဲကြိုးကိုဖြုတ်ပြီး အပေါင်ဆိုင်ပို့လိုက်ရတယ်။ ရွှေဆွဲကြိုးမဆွဲရလို့ လုံးဝဝမ်းမနည်းဘူး။ အခု ကုန်ကျတာ သုံးသောင်းတည်းပါ။ တကယ်လို့ သုံးသိန်းကုန်မယ်ဆိုလည်း ဆွဲကြိုးရောင်းလိုက်ပြီး ရင်းနှီးရုံပဲရှိတယ်။ ပေးစရာမရှိလည်း လျော်စရာရှိတယ်ဆိုတာ မျိုးပေါ့ ဦးလှအောင်။ အခု ကြောင်သားအမိ နေကောင်းပြီး ဆော့ကစားနေတာကိုတွေ့မြင်ရတာ ဘယ်လောက်စိတ်ချမ်းသာရလဲ။ ကြည်နူးရသလဲ။ ဒါကိုဘာနဲ့မှ မလဲနိုင်ဘူး။

မနေ့က ဆေးကုသွားတော့ တစ်မနက်လုံး ကျွန်မဘာမှမစားရဘူး။ ရှင်းရှင်းပြောရရင် ထမင်းစားဖို့သတိလည်းမရဘူး။ ထမင်းဆာနေတာလည်းမေ့နေသလိုပဲ။ ဆေးကုသပြီး အိမ်ပြန်ရောက်မှ ညစာနဲ့ပေါင်းပြီး ထမင်းတစ်နပ်တည်းစားလိုက်ရတယ်။

တကယ်တော့ ဗုဒ္ဓဘာသာဝင်တွေအားလုံးရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ နိဗ္ဗာန်ဆိုတာကို မရမချင်း သတ္တဝါတွေအားလုံးဟာ သံသရာမှာ [illegible] တစ်ဘဝ ပြောင်းလဲနေကြတာ [illegible] မဟုတ်လား။ ဘဝတွေပြောင်း [illegible] တာများလွန်းလို့ တစ်ဦးနဲ့ [illegible] ဆွေမျိုး တော်စပ်ခဲ့ကြဖူးတာ [illegible] လေ။ အတိတ် [illegible] ကိုယ်က လူ [illegible]

ဆေးဖက်လည်းဝင်၊ ရာသီဥတုပြောပြသော ပိတ်ပင်

အေးချမ်းအောင်(ရမည်းသင်း)

ပိတ်ပင်ဟု ဆိုလိုက်သည်နှင့် ဆရာကြီးသာဂဒိုးကို သတိရကြမည်ထင်ပါသည်။ ဆရာကြီးသာဂဒိုးက ပိတ်ပင်သည် ဆေးဖက်ဝင်အပင်အဖြစ် အကျယ်တဝင့် ရေးသားတင်ပြထားခြင်းကြောင့် လူတိုင်းသိရှိနေကြသည့်ရင်းနှီးနေပြီးသားအပင် ဖြစ်ပါသည်။

ပိတ်ပင်သည် နေရာမရွေး၊ မြေမရွေးပေါက်ရောက်သည်။ အပင်ကြီးမျိုးမဟုတ်။ မြေပြင်မှ လေးငါးတောင်ခန့်အပင်မြင့်လေသည်။ အုပ်စုဖွဲ့ပေါက်ရောက်ကြခြင်းကြောင့် ချုံတောသဖွယ်ဖြစ်လို့နေသည်။

ပိတ်ပင်ကို ဒေသအလိုက်အခေါ်အဝေါ် အမျိုးမျိုးရှိကြသည်။ ရမဲပင်၊ ကုလားမပန်းဖူးပင်၊ ရှင်ဘီးစပ်ပင် စသည့်ဖြင့် နာမည်တပ်ခေါ် လေ့လည်းရှိသည်။

စာရေးသူတို့၏ ဒေသတွင်တော့ ထိခိုက်ရှနာဖြစ်ပါက ဒဏ်ရာမည်မျှကြီးနေပါစေ သွေးတိတ်အောင်ပြုလုပ်၍ ပိတ်အပင်မှအရွက်တွေကို ရေစင်စင်ဆေး၊ ကြေညက်အောင်ပြုလုပ်၊ အဝတ်သန့်သန့်နှင့်အနာဒဏ်ရာပေါ် အုပ်ကာ စည်းနှောင်ပေးထားခြင်းအားဖြင့် အနာဒဏ်ရာမှာ ရင်းခြင်း၊ ရောင်ခြင်း၊ ပြည်တည်ခြင်းမရှိဘဲ အသားနုအမြန်တက်ကာ ရက်ပိုင်းအတွင်းမှာပင် ပျောက်ကင်းလေသည်။

မြက်ရိတ်၊ စပါးရိတ်၍ ကျူးချိတ်၊ တံစဉ်ပြက်ရှလျှင် အနာဒဏ်ရာမှာ ပျောက်ခဲလေသည်။ အဘယ်ကြောင့်ဆိုသော် ကျူးချိတ်၊ တံစဉ်ပြက်လျှင် ပြက်ရှဒဏ်ရာမှာ အစွယ်(အသွား)ရာတွေကြောင့် ဒဏ်ရာကအသားစတွေဖွာသွားလေ့ရှိသည်။ ထို့ကြောင့် ပျောက်ခဲကျက်ခဲလေသည်။ ပိတ်အပင်မှအရွက်ကို ကြေညက်အောင်ပြုလုပ်စည်းထားခြင်းဖြင့် ဓားပြတ်ဒဏ်ရာလိုပင် အပျောက်မြန်သည်။ တစ်နေ့တစ်ကြိမ် ဖန်ဆေးကာစည်းပေးထားရုံပင်။

တောထဲမှာ ရုတ်တရက် အနာဒဏ်ရာဖြစ်ပါက သွေးအမြန်တိတ်အောင်ပြုလုပ်ပြီး အခြားဆေးဝါးတွေမတင်တော့ဘဲ အလွယ်တကူရှိနေသော ပိတ်ရွက်ကြိတ်ခြေစည်းထားလိုက်ကြသည်။ စာရေးသူတို့ဒေသတွင်တော့ အနာဒဏ်ရာအတွက် ပိတ်ပင်ကိုပဲသုံးစွဲကြသည်။

သံလိပ်မရဘဲချောင်းခြောက်အမြဲဆိုးနေပါက ပိတ်ရွက်လက်တစ်ဆုပ်ခူး၊ ရေနှင့်သုံးခွက်တစ်ခွက်ပြုတ်သောက်ပါက ချောင်းဆိုးဝေဒနာပျောက်ကင်းပါသည်။ စာရေးသူ၏အဖေမှာ ချောင်းဆိုးတိုင်း ပိတ်ရွက်ကို အမြဲသောက်လေ့ရှိသည်မို့ ချောင်းဆိုးပျောက်တာကိုလည်း လက်တွေ့သိရှိထားပါသည်။

ပိတ်ပင်လည်း မိုးဦးကျသည်နှင့် အပင်ငယ်များပေါက်လာကာ မိုးတွင်းကာလတစ်လျှောက်လုံး အပင်အမြစ်ကြီးထွားနေပြီးနောက် မိုးကုန်ပြီဆိုပါက ပိတ်ပင်၏အခက်အလက်များက အဖူးလေးများထွက်လာပါသည်။

ဆောင်းသီးနှံ စိုက်ပျိုးကြမည့် တောင်သူများက ပိတ်ပင်ဖူးမဖူး သတိထားကြည့်ကြသည်။ ပိတ်ပင်များ ဖူးလာပြီဆိုပါက မိုးလုံးဝမရွာတော့ ကြောင့် ဆောင်းသီးနှံကို စိတ်ချလက် စိုက်ပျိုးကြတော့သည်။ ဆောင်းသီး သည် မိုးရွာတာကို လုံးဝမကြိုက်။ မိုး လျှင် ဆောင်းသီးနှံက အထွက်နှုန်း လေသည်။ ဆောင်းသီးနှံသည် မြေဩ အစိုဓာတ်ကိုသာ နှစ်သက်သော သီး ဖြစ်သည်။

လွန်ခဲ့သော လေး၊ ငါးနှစ်မှစ သိသိသာသာ ပြောင်းလဲဖောက်ပြန် သော ရာသီဥတုအခြေအနေကြော ပိတ်ပင်များ အဖူးဖူးအပွင့်ပွင့်ပြီး လည်း မိုးရွာခြင်းများကြုံတွေ့လာရ၏။

ရာသီဥတုဖောက်ပြန်လာခြင်း သစ်တောသစ်ပင်များသည်ပင် မျက် လည်ကုန်ကြပြီထင်သည်။ သို့ ပိတ်ပင်များ အဖူးဖူး၊ အပွင့်ပွင့်ပြီး လျှင်တော့ လချီကြာမိုးမရွာဘူး အသိတစ်ခုထား၍ တောင်သူတွေ လိုက်လျောညီထွေကျင့်သုံးကြရ သည်။

ဘာပဲဖြစ်ဖြစ် ပိတ်ပင်သည် သီမှစ၍ ပွင့်ပြီးသည်အထိ လချီကြ သလို မိုးကလည်း တစ်လကျော် ခန့်မရွာနိုင်တာ သေချာနေသည်မို့ ပိ ပင်သည် တောင်သူတွေအတွက်အား အားထားပြုနေရသော ဆေးဖက်ဝင် ရာသီဥတုကို ပြောပြနေခြင်းကြော ပိတ်ပင်ကို ထာဝရမိတ်ဆွေဖွဲ့နေရသ ကို ရေးသား တင်ပြလိုက်ရပါသည်။

အေးချမ်းအောင်(ရမည်းသင်း)

ကြွေးဘယ်လိုရှိခဲ့ဖူးလို့ သူတို့လေးတွေက ကိုယ့်အိမ်မှာ ကြောင်(တိရစ္ဆာန်)ဘဝနဲ့ လာဖြစ်ရသလဲမသိဘူး။ ကိုယ့်အိမ်မှာနေရလို့ ကိုယ်ပြုသမျှနုကြရရှာတယ်။ ဝဋ်ကြွေးရှိရင်လည်း ဒီဘဝနဲ့ကျေပါစေဆိုပြီး ကျွန်မစိတ်ကောင်းနှလုံးကောင်းထားတယ်။ ကျွေးမွေးပြုစုစောင့်ရှောက်ပါတယ်။ ဒါဟာ စိတ်ရင်းအတိုင်းပြောတာပါ ဦးလှအောင်"

"ကောင်းပါတယ် ဆရာမ၊ သာဓုခေါ်ပါတယ်။ သာဓု သာဓု သာဓု။မင်္ဂလာနံနက်ခင်းမှာ မင်္ဂလာကျက်သရေရှိတဲ့ စကားကိုကြားရတာ ဝမ်းသာပါတယ်။ လူတိုင်းလူတိုင်းဟာ ဆရာမလိုပဲ ဗြဟ္မစိုရ်တရား လက်ကိုင်ထားနိုင်ကြရင် သိပ်ကောင်းမှာပဲနော်။ တကယ်တော့ ဗြဟ္မစိုရ်တရား(၄)ပါးကို ဗုဒ္ဓဘုရားရှင်က ဟောကြားထားခဲ့ပြီးသားပါ။ ကဲ - စကားကောင်းနေလိုက်တာ ဆိုင်ကယ်ပေါ်မှာ ပါလာတဲ့ သားက ကြားရတဲ့အတိုင်းပဲ အသံပေးတာ ခဏခဏပဲ။ နောင်မှတွေ့ကြသေးတာပေါ့"

ဦးလှအောင်လတ်သည် လက်ထဲမှ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်ပြီး အိမ်ပေါ်မှဆင်းသွားပါတော့သည်။

အောင်ဆန်းလင်း(ဘီအေ)

(ဦးလှအောင်လတ်သည် ရန်ကု မြို့အပြင်ထွက်ပြီး ခွေးတစ်ကောင်နှ အတူ လွတ်လပ်စွာ နေထိုင်ခြင်းဖြ သည်။ ယခုအခါ ကျူးကျော်ကျေး များကို အင်အားသုံးဖယ်ရှားခြင်း သဖြင့် သူခွေးနှင့်အတူ မြောက်ဥက္ကလ မြို့သို့ ဒုံရင်းအတိုင်း ပြန်လည်ရောက် နေထိုင်ရပြန်လေသည်။ ဦးလှအော လတ်ပြောပြသော အကြောင်းအရာ သီကုံးရေးဖွဲ့ထားခြင်းဖြစ်ပြီး ဦး အောင်လတ်သာ အမည်မှန်အတိုင်း (မြုချက်ဖြင့်) သုံးစွဲပါသည်။)

အေးချမ်းအောင်(ရမည်းသင်း)

ခြေဖနောင့်အတက်ထွက်လျှင်

တစ်ခုသောမနက်တွင် မိတ်ဆွေ ကိုဆန်းကြည်တစ်ယောက် ကျွန်တော့် ထံ ဖုန်းဆက်လာပါသည်။ မတွေ့တာ ကြာပြီဖြစ်သဖြင့် အလည်လာမည်ဆိုတဲ့ အကြောင်းပြောထားတော့ သူလာမည့် နေ့တွင် အလုပ်မသွားဘဲ သူ့အလာကို စောင့်နေခဲ့သည်။

ကုမ္ပဏီလုပ်ငန်းကိုကျွန်တော်လုပ် ကိုင်ခဲ့စဉ်အခါက ကိုဆန်းကြည်က အစစ အားတက်သရောကူညီပေးခဲ့သူဖြစ်သည်။ ကုမ္ပဏီလုပ်ငန်းတို့အောင်မြင်ခဲ့သည်မှာ ကိုဆန်းကြည်၏ကူညီမှုက အများကြီး ပါဝင်ခဲ့သည်။

ကိုဆန်းကြည်က တောင်ပေါ် ဒေသမှာနေထိုင်သည်။ တိုင်းရင်းသား တော့မဟုတ်။ ဇာတိက မကွေးကဖြစ် သည်။ ရေကြည်ရာမြက်နုရာရှာလုပ်ကိုင် ရင်း ကရင်ပြည်နယ်ကို ရောက်လာခဲ့ သည်။ အနေကြာလာတော့ ကရင်တိုင်း ရင်းသူနှင့် အိမ်ထောင်ကျကာ သူ့ဘဝကို တောင်ပေါ်မှာပင် အခြေချနေတော့ သည်။

သူဖြင့် ကျွန်တော်မတွေ့ဖြစ်တာ ဆယ်စုနှစ်တစ်ခုပင်ကျော်လာခဲ့ပြီ ဖြစ် သည်။ သူလာမည်ဆိုတော့ အလုပ်သွား နေလို့မဖြစ်။

မနက်(၁၀)နာရီလောက်မှာတော့ ကိုဆန်းကြည်ရောက်လာသည်။ သူ့ဆွေ မျိုးတွေဆီကတစ်ဆင့်လာတာဆိုတော့ ကျွန်တော့်ဆီ အစောရောက်လာသည်။ ရောက်ရောက်ချင်းပင် -

"ကျွန်တော်ကလည်း မလာနိုင်၊ ခင်ဗျားကလည်းမလာနိုင်နဲ့ မတွေ့ကြ တာကြာပြီဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မှတ်မိပါ့မလားလို့တောင် တွေးမိသေးဗျ။ အခု ခင်ဗျားဆီရောက် လာခဲ့တာကလည်း ကျွန်တော့် ကျန်းမာ ရေးနဲ့ပတ်သက်ပြီး ဆွေမျိုးတွေဆီလာ ရင်း၊ အလျှဉ်းသင့်တာနဲ့ ခင်ဗျားဆီ ရောက်လာခဲ့တာပဲဗျို့"

"အေးလေ - စားဝတ်နေရေးအ တွက် နေ့စဉ်နဲ့အမျှ သူ့သူကိုယ့်ကိုယ် ပြေးလွှားနေရတော့ မရောက်ဖြစ်ကြဘူး ပေါ့။ သတိကတော့ အမြဲရနေတာပါ ဗျာ။ ဒါနဲ့ မိသားစုတွေနေကောင်းကြ လား"

"အားလုံးနေကောင်းကြပါတယ်။ မကောင်းတာက ကျွန်တော်ဗျ"

"ခင်ဗျားကြည့်ရတာ အကောင်း ကြီးပါ"

ကျွန်တော်က ကိုဆန်းကြည်ကို အကဲခတ်ကြည့်ရင်းပြောလိုက်တော့ -

"အမြင်အရတော့ ကောင်းတာ ပေါ့ဗျာ။ ဒါပေမယ့် ခြေထောက်တွေက မကောင်းဘူးဗျ"

"ခင်ဗျားလမ်းလျှောက်တာလည်း လူကောင်းလိုပါ"

"အဲဒါခင်ဗျားအထင်လေ"

"အင်းပါ၊ ပြောလည်းပြောရေနွေး ကြမ်းလည်းသောက်ပါဦး ရောက်တုန်း နေသွားဦးဗျာ"

ကိုဆန်းကြည်က ရေနွေးခွက်ယူ သောက်ရင်း -

"ကျွန်တော့် ခြေဖနောင့်တွေက ဖိနပ်မပါရင် လမ်းမလျှောက်နိုင်ဘူးဗျ"

"ဘာလို့"

"ခြေဖနောင့်နှစ်ဖက်လုံး ဆရာဝန် က အရိုးအတက်ထွက်တယ်ပြောတာပဲ။ ခင်ဗျားသိတဲ့အတိုင်းပဲ ခုလို မိုးရာသီမှာ ကျွန်တော်တို့တောင်ပေါ်မှာသွားလာရင် ဖိနပ်စီးလို့ အဆင်မပြေဘူး။ တောင် တက်လမ်းတွေဆိုတော့ မိုးတွင်းဘက် ချော်တယ်လေ။ ဒါကြောင့် ဖိနပ်မပါဘဲ သွားလာရတယ်။ ဖိနပ်မပါဘဲသွားရင် ကျောက်ခဲသေးသေးလို အမာတစ်ခုခုကို နင်းမိလိုက်ရင် အသည်းခိုက်အောင်နာ တာ။လမ်းမလျှောက်နိုင်တော့ဘူး။ လမ်း မလျှောက်နိုင်တော့အလုပ်ပျက်။ အလုပ် ပျက်ပါများလာတော့ စားဝတ်နေရေးပါ ထိခိုက်လာရောဗျာ။

ကျွန်တော်တို့ တောင်ပေါ်မှာက မိုးတွင်းဘက်မှာ အလုပ်ပေါတယ်။ ငွေ ရှာရလွယ်တယ်လေ။ ခြေထောက်ကဖြစ် နေတော့ ဆေးခန်းသွားပြတော့လည်း ဖနောင့်ကိုဆေးထိုးပေးတယ်။ခဏတော့ သက်သာသွားတယ်။ ပြီးပြန်ဖြစ်တာပဲ ဗျာ။ ဒါနဲ့ဆွေမျိုးတွေဆီအလည်သွားရင်း တိုင်းရင်းသားဆေးနဲ့ကုတဲ့ ဆရာစုံစမ်း တော့လည်း အဆင်မပြေပါဘူးဗျာ"

"ခင်ဗျားခြေဖနောင့်အရိုးအတက် ထွက်တာပျောက်တဲ့ဆေးနည်းကျွန်တော့် မှာရှိပါတယ်ဗျာ မပူနေနဲ့တော့"

"ဟား - တကယ်လားဗျာ"

"တကယ်ပြောတာပါ ကိုဆန်း ကြည်ရယ်"

"ဒါဆို ခင်ဗျားဆီလာတာ လာ ခြင်းကောင်းသွားပြီဗျို့။ ရောဂါပျောက် ချင်လို့ ဆေးဆရာလိုက်ရှာနေတာ။ တွေ့ မယ်တော့ [illegible] ဆရာဖြစ်နေတာကိုး"

"[illegible] ကျွန်တော်က ဆေးဆရာမဟုတ်ပါဘူးဗျာ"

"ခင်ဗျားပဲဆေးနည်းရှိတာ"

"အေးလေ ခင်ဗျားကိုပြောနေတဲ့ [illegible] နာတာ ကျွန်တော်ကိုယ်တိုင်ဖြစ်ဖူးလို့ ပျောက်တဲ့ဆေးနည်းရှိတယ်လို့ပြောတာ ပါဗျာ"

"ဒါဆို ပြောဗျာ ခင်ဗျားဆေး နည်း"

ကိုဆန်းကြည်က ဝမ်းသာအားရ စိတ်အားထက်သန်စွာမေးလေသည်။

"မုရိုးပင် ခင်ဗျားသိတယ်နော်။ တောင်ပေါ်မှာတော့ မုရိုးပင်မမြင်မိဘူး။ အဲ-တောင်ပေါ်မှာပေါက်တဲ့ တောင်မုရိုး ပင်မဟုတ်ဘူးနော်။ ကျွန်တော်တို့မြေပြန့် မှာပေါက်တဲ့ မုရိုးပင်က အရွက်အရင့် အရွက်(၇)ရွက်ကို မီးဖိုထဲမှာ မီးဖုတ်ထား တဲ့အုတ်နီခဲကို မီးဖိုထဲကယူ၊ မီးကျက်နေ တဲ့အုတ်နီခဲကို ရေအေးအေးနဲ့လောင်း။ မီးကျက်နေတဲ့ အုတ်နီခဲဟာ ရေနဲ့တွေ့ တော့ အပူငွေ့တွေထွက်လာလိမ့်မယ်။ အဲဒါကိုခူးထားတဲ့ မုရိုး (၇) ရွက်ကိုယပ် ပြီး အငွေ့ထွက်နေတဲ့ အုတ်နီခဲပေါ် တင် ဗျာ။ နာနေတဲ့ခြေဖနောင့်ကိုဖြည်းဖြည်း ချင်းဖိနင်းပေး။ မုရိုးရွက်ကတစ်ဆင့်ထွက် လာတဲ့အပူရှိန်ဟာ နာနေတဲ့ဖနောင့်ထဲ အပူတွေစိမ့်ဝင်သွားတော့ ပူတာရယ်၊ နာ တာရယ် တစ်ပြိုင်တည်းခံစားရလိမ့်မယ်။ သည်းခံပြီး နင်းနိုင်သမျှနင်းပေးရမှာပေါ့ ဗျာ။ တစ်ခါနင်း တစ်ဖက် (၅)ကြိမ်ထက် မနည်းနင်းပေးရမယ်။

သိပ်နာသိပ်ပူနေရင်နားပြီးကျန်တဲ့ ဖနောင့်နင်းပေးပေါ့။ တစ်နေ့တစ်ကြိမ် (၅)ရက်လောက်နင်းပေးလိုက်ရင် ခင်ဗျား ခြေဖနောင့်အရိုးအတက်ထွက်နေတာ ပျောက်သွားလိမ့်မယ်။

အဲဒါ ကျွန်တော့်လက်တွေ့။ ကုန် ကျစရိတ်မရှိဘူး။ ဘယ်လိုလဲ ကိုဆန်း ကြည်"

"လုပ်မှာပေါ့ဗျာ။ ခင်ဗျားလက် တွေ့ဆိုတော့ ယုံပြီးသား။ ကျေးဇူးတင် တယ်ဆရာသမားရယ်။ ဒီနေ့ပဲလုပ်မယ်။ ခင်ဗျားကူညီဗျာ"

"ကူညီရမှာပေါ့ဗျာ။ [illegible] ကျွန်တော့်ညီလာနေပြီ။ ရေနွေး[illegible] သောက်ရင်း စကားပြောကြဦး။ [illegible] တော်မုရိုးရွက်သွားခူးလိုက်ဦးမယ်"

ညီတော်မောင်နှင့် [illegible] က ရင်းနှီးနေပြီးသားဆိုတော့ [illegible] ဝမ်းသာအားရနှုတ်ဆက်[illegible] ကျန်ရစ်ခဲ့လေသည်။

အေးချမ်းအောင်(ရမည်းသင်း)

“ဝုန်း”

ဆိုသည့် ကျယ်လောင်မြည်ဟည်းစွာ ပေါ်ထွက်လာသော အသံကြောင့် အထိတ်တလန့်ဖြစ်သွားကြသည်။ ယင်းပေါက်ကွဲသံကြီးနှင့် မရှေးမနှောင်းတွင် ကောင်းကင်ယံဝယ် မှိုပွင့်ကြီးသဏ္ဍာန်



တောင်ပိုင်ကြီးစိုးဝေ

မိုင်းကွင်းထဲက တရွှေညှ

မီးခိုးလုံးကြီးပေါ် ထွက်လာလေသည်။ ထိုသို့ မီးခိုးလုံးကြီးကောင်းကင်ယံပေါ်ဝယ် ပြယ်လွင့်လာသည်နှင့်အညီ ခဲမှုန်ခဲမြွှားများနှင့်အတူ ကျောက်တုံးကျောက်ခဲကြီးများတဝုန်းဝုန်းနှင့် မြေပြင်ဆီသို့ ပြိုဆင်းကျလာနေသည်။

အမှန်တော့ ကျောက်ကွင်းနယ်မြေထဲဝယ် ကျောက်တောင်နံရံကြီးကို မိုင်းခွဲချလိုက်ရာမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ယင်းမှာ နောက်တစ်နေ့ မိုင်းလုပ်ငန်းခွင်ထဲဝယ် ကျောက်ထုတ်လုပ်မည့်သူများအတွက် ကြိုတင် မိုင်းခွဲစီရင်ခဲ့ခြင်း ဖြစ်ပါသည်။

ယမ်းဖောက်ခွဲ ရေးတာဝန်ခံ လွှန်ကိုင်ယမ်းကိုင်အဖွဲ့မှ ကျောက် တောင်နံရံကြီးပေါ်ဝယ် လွှန်ဖောက်စက်ဖြင့် လွှန်ဖောက်ပေးထားပြီး ရရှိလာသောလွှန်ပေါက် မိုင်းကြိုးများနှင့် ချိတ်ဆက်ကာ ဒေနက်တက်ကို မီးရှို့ဖောက်ခွဲခြင်းဖြစ် လေသည်။

ထိုကဲ့သို့ ကျောက်ကွင်းနယ်မြေထဲမှာ ညနေစောင်းအလုပ်သိမ်းချိန်မှစပြီး လွှန်ကိုင်ယမ်းကိုင်အဖွဲ့မှ အကျဉ်းသား ငါးဦးသည် ဘုတ်ကိုင်ဝန်ထမ်း တပ်ကြပ်ကြည်ရွှင်၏ ကြီးကြပ်မှုဖြင့် လွှန်ဖောက်နေခဲ့ကြလေသည်။

ယခုလို လွှန်ကိုင်ယမ်းကိုင်အဖွဲ့သည် ညနေစောင်းကတည်းချိန်မှစတင်ပြီး (လ/၄၀) စက်ကြီးကို ဆီဖြည့်ကာ သတ်မှတ်လွှန်ပေရသည်အထိ ကျောက်ဆောင်နံရံကြီးကို လွှန်ဖောက်သည့်စက်ဖြင့် လွှန်ပေကျအောင်ဖောက်နေကြရသည်။

ထို့ပြင် ကျောက်ကွင်းနယ်မြေထဲဝယ် ယမ်းဖောက်ခွဲရာတွင် အန္တရာယ်မဖြစ်ပေါ်နိုင်စေရန် အထူးဂရုစိုက်ဆောင်ရွက်ကြရသည်။ ယမ်းဖောက်ခွဲနိုင်စေရန် ကြိုတင်စီမံသည့်အနေဖြင့် လွှန်ပေကျအောင် လွှန်ဖောက်စက်ဖြင့် တွင်းငယ်များကိုဖောက်ပေးရလေသည်။ လွှန်တွင်းများမှာ နှစ်ပေမှငါးပေထိ တွင်းငယ်လေးများကို ငါးပေခြားလောက် အကွာအဝေးထားပြီး ဖောက်ထားပေးရသည်။

ကျောက်နံရံကြီး၏အခြေမှနေ၍အပေါ်အထက်ဆီ တပြည်းပြည်း လွှန်ပေကို ထိုးဖောက်ထားရသည်။ ဖောက်ပြီးနေရာမှာ နှစ်ပေခန့်တွင်းငယ်ကို လွှန်ဖောက်တံဖြင့်ဖောက်ထားပြီး အပေါ်အဆင့်ဆင့်ကို သုံးပေ လေးပေမှ ငါးပေ အဆင့်ဆင့်ဖောက်ထားပေးရသည်။

ထိုသို့ ဖောက်ထားပြီးသော တွင်းငယ်အပေါက်လေးများထဲ [illegible] ယမ်းထုပ်လေးများ [illegible] အက်ကြိုးသွင်းပြီး [illegible] ကောင်း [illegible] ပေးရလေသည်။

ယင်းကဲ့သို့ ဗိသိပ်ပြီးကျပ်နေမှ တွင်းအပေါ်ဘက်တွင် ခြောက်လက်မခန့် ချန်ကာ ယမ်းကြိုးကိုဖြတ်ထားရသည်။ ထိုသို့ တွင်းပေါက်လေးများဝယ် ယမ်းကြိုးစလေးများကို ထိုနည်းအတိုင်း အစဖော်ထားပြီးမှ ယမ်းကြိုးကော်ဒက်ကြိုးကို တစ်တွင်းချင်းစီချိတ်ဆက်ကာဆက်သွယ်ထားရလေသည်။

နောက်ဆုံးကြိုးစကျန်နေသည်ကို ဒီတိုနေတာစနက်တံပါ တစ်ပေခွဲခန့်ကြိုးနှင့်ဆက်သွယ်ပြီး ယင်းစနက်တံကို ဆေးလိပ်မီးဖြင့်တို့ကာ မီးရှို့ဖောက်ခွဲရခြင်းဖြစ်လေသည်။

ယခုကဲ့သို့ ယမ်းဖောက်ခွဲမှုပြုလုပ်နိုင်ရန် ယမ်းကြိုးများကို လွန်ပေါက်ဖောက်ထားသော တွင်းငယ်လေးများနှင့် ယမ်းကြိုးချိတ်ဆက်နေစဉ်မှာ ကြိုတင်လုပ်ဆောင်ရမည့် အကာအကွယ်လုပ်ငန်းများမှာ အန္တရာယ်ဖြစ်စေနိုင်သော နေရာအကျယ်အဝန်း(ပေါက်ကွဲလွင့်စဉ်ထွက်သွားနိုင်မည့် အကွာအဝေး)ကို ထောက်လှမ်း သတ်မှတ်ထားရသည်။ ဘေးအန္တရာယ်ကျရောက်နိုင်မည့်နေရာများကို အလံနီလေးများထောင်ပြီး သတိပေးဆိုင်းဘုတ်များထောင်ထားရသည်။)

ထို့အပြင် လွန်ဖောက်ထားသည့် ကျင်းများနှင့် ယမ်းထည့်သိပ်ထားသော ကော်ဒက်ကြိုးများကို ချိတ်ဆက်ထားသည့် ယမ်းကြိုးအဆုံးမှာ ဒီတိုနေတာ တပ်ဆင်ထားသောယမ်းကြိုးကို အရှည်တစ်ပေခွဲထားပြီးချိတ်ဆက်ထားရသည်။

သို့မှသာ ယမ်းဖောက်ခွဲမည့်သူသည် အရှည်တစ်ပေခွဲရှိနေသောကြိုးကို မီးရှို့ပြီး လျင်မြန်စွာ ရှောင်တိမ်းနိုင်ရန် အချိန်ရပေမည်။ ယမ်းဖောက်ခွဲနိုင်ရန် တာဝန်ယူထားသူက ယင်းယမ်းကြိုးစနက်တံကို ဆေးပေါ့လိပ်ဖြင့်မီးတို့ပြီး အချိန်မီ တောင်ကြောအပေါ်နောက်ဘက်သို့ ရှောင်ပြောင်းပုန်းအောင်းနိုင်မည် ဖြစ်ပါသည်။

ယခုကဲ့သို့ ယမ်းဖောက်ခွဲမချမီ လုပ်ငန်းခွင်ထဲမှာ အလုပ်လုပ်နေသော အကျဉ်းသားများကို ဘေးလွတ်ရာနေရာသို့ ရှောင်ခိုင်းထားရသည်။ ယင်းယမ်းဖောက်ခွဲမှုကို များသောအားဖြင့် အလုပ်သိမ်းချိန်၊ လူသူကင်းရှင်းချိန်မှသာ ဖောက်ခွဲလေ့ရှိသည်။

ဒါကြောင့်လည်း ယမန်နေ့ ညနေပိုင်းမှစတင်ပြီး လွန်ကိုင်ယမ်းကိုင်အဖွဲ့များသည် လွန်ဖောက်ခြင်း၊ ယမ်းကြိုးတပ်ဆင်ခြင်း၊ ဖောက်ခွဲခြင်းလုပ်ငန်းအားလုံးကို အပြီးအစီးလုပ်ဆောင်ထားကြရလေသည်။

သို့မှသာ နောက်တစ်နေ့ လုပ်ငန်းခွင်ထဲသို့ ကျောက်ထုခွဲခြင်း၊ ကျောက်တင်ပို့ခြင်းလုပ်ငန်းကို လုပ်ဆောင်ရသည့်အခါ အန္တရာယ်ကင်းရှင်းနိုင်မှာဖြစ်ပေသည်။

ဒါကြောင့်လည်း နောက်တစ်နေ့ မနက်တွင် ကျောက်မိုင်းအတွင်းထဲသို့ လုပ်အားပေးလုပ်ဆောင်ရမည့် အကျဉ်းသားလုပ်သားများ ရောက်ရှိလာပါက လုပ်ငန်းခွင်ထဲဝယ် အဆင်သင့်ကျောက်ထုခွဲခြင်း၊ ကျောက်တင်ပို့ခြင်းလုပ်ငန်းများကို အေးအေးဆေးဆေး လုပ်ကိုင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျောက်ကွင်းထဲသို့ တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာကြသော အကျဉ်းသား ရဲဘက်အလုပ်သမားများသည် သက်ဆိုင်ရာ ကျောက်ကွင်းတာဝန်ခံများ၏ကြီးကြပ်မှုဖြင့် အကျဉ်းသားများကို တာဝန်ခွဲဝေပေးပြီး လုပ်ငန်းတာဝန်ဆောင်ရွက်စေခဲ့သည်။

ကျောက်ဆိုဒ်တာဝန်ခံများသည် အကျဉ်းသားများအား ကျောက်လုပ်ငန်းခွင်ထဲဝယ် အန္တရာယ်မကျရောက်စေရန် ဘုတ်တာဝန်ခံများကို အနီးကပ်ကြီးကြပ်စေသည်။ အကျဉ်းသားအများစုမှာ ကိုယ့်အလုပ်ဆိုင်းနှင့်ကိုယ် တစ်နေ့တာသတ်မှတ်ထားသောကျင်းရေကို ရရှိနိုင်အောင် ထုခွဲပေးရလေသည်။

များသောအားဖြင့် လွန်ပေ (၁၀၀၀) ထိုးပြီး ယမ်းဖောက်ခွဲပေးပါက ကျောက်ကျင်းရေအနည်းဆုံး (၁၆)ကျင်းရမှ သတ်မှတ်စံနှုန်းပြည့်မီနိုင်သည်။ ယင်းသို့ယမ်းဖောက်ခွဲထားရာဝယ် တချို့လွန်စွာ ကြီးမားသော တိုစီတုံး (ခေါ်) ကျောက်တုံးအရွယ်အစားကြီးများလည်း ပေါက်ကွဲမှုနှုန်းအားကိုလိုက်၍ ကျောက်ဆောင်နံရံပေါ်မှ လွင့်စဉ်ထွက်လာတတ်လေသည်။

ယင်းကျောက်တုံးကြီးများတို့ကို ဆယ့်ခြောက်ပေါင်တူဖြင့် ထုခွဲရာဝယ် လွန်စွာ ပင်ပန်းဆင်းရဲခြင်းကြုံရလေသည်။ သို့သော်လည်း ကျောက်လုပ်ငန်းခွင်ကြီးထဲဝယ် နေ့စဉ်ထုခွဲနေရသော အကျဉ်းသားဘုတ်ကိုင်များမှာ ကျင့်သားရနေပြီ။ တစ်ခဏလေးအတွင်း တိုစီတုံးကြီးအစိတ်စိတ်အမွှာမွှာကွဲသွားအောင် ထုခွဲနိုင်စွမ်းရှိကြလေသည်။

ယခုလို ကျောက်ထုတ်လုပ်ငန်းခွင်ကြီးထဲဝယ် ကျောက်ဆိုဒ်တာဝန်ခံများက ဆယ့်ယောက်တစ်ဖွဲ့စီဘုတ်တစ်ဘုတ်ဖွဲ့ပေးထားပြီး အနည်းဆုံး ငါးကျင်းခန့်ရနိုင်အောင် စံနှုန်းသတ်မှတ်ထားကြသည်။

ကျောက်ကျင်းငါးကျင်းဟုဆိုရာဝယ် တိုစီတုံးကြီးကို ဆယ်ပေါင်တူဖြင့် ထုခွဲရပြီး (၆×၉) လက်မအရွယ်အစားကျောက်တုံးကြီးများကို အမိကထား ထုခွဲပေးရသည်။ ယင်းတိုစီတုံးကြီးကို ထုခွဲရာမှ လွင့်စဉ်ထွက်လာသော ကျောက်အရွယ်အစားအလိုက် (၂×၄)လက်မ၊ (၁× ၁½) လက်မအရွယ်အစားမှ ကျောက်သေးကျောက်စများပါဝင်သော ချိပင် (ခေါ်) ကျောက်များအထိ အရွယ်အစားအမျိုးမျိုးကို ထုခွဲရရှိလေသည်။

ကျောက်ကျင်းရေသတ်မှတ်ရာဝယ် အထက်မှာတင်ပြထားသော ကျောက်အရွယ်အစားအလိုက်ကျောက်ကျင်းများကို ထိုး၍စုပုံထားရသည်။ ကျောက်တစ်ကျင်းမှာ ဆယ်ပေပတ်လည်အမြင့်တစ်ပေရှိသည်။ သစ်သားဖြင့်တိုင်းတွာပေါင်လုပ်ပေးထားပြီး ယင်းကျောက်ခွက်ထဲသို့ ကျောက်အမျိုးအစားအလိုက်လောင်းချကာ ကျောက်ပုံစီပေးရသည်။

ယင်းကျောက်များကို နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းကြီးများဖြစ်သော ဆောက်လုပ်ရေး၊ ဆည်မြောင်း၊ မီးရထားနှင့်စည်ပင်သာယာလုပ်ငန်းခွင်များဝယ် အသုံးပြုနိုင်ရန် ကားဖြင့်တင်ပို့ပေးရလေသည်။

ဤကဲ့သို့ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းခွင်ထဲဝယ် အကျဉ်းသားများသည် တစ်နေ့တာထုခွဲပေးရမည့် ကျောက်ကျင်းစံနှုန်းပြည့်မီနိုင်စေရန် ကျောက်ပုံကြီးထဲမှ ကျောက်တုံးကျောက်စများကို အလုအယက် ကောက်ယူစုပုံနေကြရလေသည်။

မိမိတို့ ဆယ်ယောက်တစ်ဘုတ်အတွက် သတ်မှတ်စံနှုန်းဖြစ်သောကျောက်ငါးကျင်း အချိန်မီပြီးစီးနိုင်စေရန် လူစုခွဲ၍ ကျောက်ပုံကြီးထဲမှကျောက်များကို ရှာဖွေသယ်သူကသယ်၊ ဆယ်ပေါင်တူဖြင့် တိုစီ (ခေါ်) ကျောက်တုံးကြီးကို ထုခွဲနေသူကလည်းထုခွဲနှင့် အလုပ်ရှုပ်နေကြလေသည်။

ဘုတ်ကိုင်ဖြစ်သူမှ တိုစီကျောက်တုံးကြီးကို ဦးဆောင်ထုခွဲပေးနေသလို ကျန်ဘုတ်သားနှစ်ဦးမှလည်း ဆယ်ပေါင်တူဖြင့် ကူညီကာ ဝိုင်းခွဲပေးနေရလေသည်။ ကျန်လူများမှာလည်း ကျောက်ပုံထဲမှ ကျောက်အရွယ်အစားအမျိုးမျိုးကို ကြိမ်ခြင်းလေးများဖြင့်ထည့်ကာ သယ်သူကသယ်နေရလေသည်။

သတ်မှတ်ကျောက်ကျင်းရေပြည့်မီနိုင်စေရန် အဖွဲ့အလိုက် ကိုယ့်အုပ်စုနှင့်ကိုယ် ကျောက်မိုင်းကြီးထဲဝယ် ကျောက်ခွဲသူကခွဲ၊ ကျောက်ရှာသူကရှာဖြင့် အလုပ်ရှုပ်နေကြလေသည်။

ယမန်နေ့ညနေက မိုင်းခွဲချထားပေးသော မိုင်းကွင်းကြီးထဲမှ ကျောက်တုံးကျောက်ခဲများကို ကျောက်ကျင်းပုံစုပုံနိုင်ရန် အကျဉ်းသားများသည် ကျောက်ပုံကြီးကြားထဲမှ ကျောက်ရှာဖွေစုဆောင်းနေကြလေသည်။

ထိုစဉ် -

“ဝုန်း”

ဆိုသော ကြောက်မက်ဖွယ်ရာ အသံကြီးပေါ်ထွက်လာပြီးနောက် မမျှော်လင့်ဘဲ ကျောက်တောင်နံရံကြီးပေါ်မှာ မိုင်းခွဲစဉ် မိုင်းနာ၍ ကျန်နေရစ်သော ကျောက်တုံးကြီးတစ်တုံးသည် ရုတ်တရက်ပြိုကျပြုတ်ကျလာခြင်းဖြစ်ပါသည်။

အမှန်တော့ ကျောက်တောင်နံရံပေါ်မှာ ယမန်နေ့ကတည်းက စတင်၍ ကျောက်တုံးများကို လိုက်လံထိုးချရှင်းလင်းပေးထားခဲ့သော ဂျဗလီ (ခေါ်) ကျောက်ရှင်းလင်းရေးအဖွဲ့သည် နံရံမှာ မိုင်းခွဲခဲ့စဉ် ပြုတ်မကျဘဲ ချိတ်တွယ်နေသောကျောက်တုံးကြီးများကို ဂျဗလီ (ခေါ်) သံချောင်းရှည်ဖြင့် လိုက်လံကန့်လန့်ထိုးပြီး ရှင်းလင်းပေးထားခဲ့လေသည်။

ယခုလို မမျှော်လင့်ဘဲပြုတ်ကျလာခဲ့သော တိုစီတုံးကြီးမှာ ဂျဗလီထိုးခဲ့စဉ်က နံရံပေါ်မှာ ပြုတ်မကျဘဲ ကျန်နေခဲ့သောကျောက်တုံးကြီးဖြစ်နေလေသည်။ ယင်းသို့ ဂျဗလီအဖွဲ့မှကျောက်များကို ရှင်းလင်းကော်ထုတ်ရာတွင် ထိုးချ၍မရနိုင်သောကြောင့် ကျောက်ဆောင်နံရံပေါ်ဝယ် တွယ်ကပ်နေခဲ့ရာမှ ယခုလို လုပ်ငန်းခွင်ကြီးထဲသို့ မမျှော်လင့်ဘဲ ရုတ်တရက် ပြုတ်ကျလာခဲ့သောအခါ ကျောက်နံရံကြီးအောက်ဝယ် ကျောက်ပုံကြီးထဲမှာ ကျောက်ရှာနေသောအကျဉ်းသားများပေါ်သို့ ပြုတ်ကျလာခြင်း ဖြစ်ပါသည်။

ထိုသို့ ကျောက်တောင်နံရံကြီးပေါ်မှ ရုတ်တရက် ပြုတ်ကျလာသော ကျောက်တုံးကြီး၏အရှိန်သည် တောင်အောက်ခြေသို့ ဝုန်းခနဲမြည်ဟည်းသံကြီးကြားပြီး ပြုတ်ကျလာနေခြင်းဖြစ်သည်။

ယင်းအခြေအနေကို ရိပ်မိသိရှိလိုက်သော ကျောက်ကွင်းထဲရှိ အကျဉ်းသားများသည် မိမိတို့ ကျောက်လိုက်လံကောက်ယူနေကြရာမှ အသံကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားကာ အသက်ဘေးမှ လွတ်အောင် ရှောင်ထွက်ပြေးခဲ့ကြသည်။

သို့သော် ကိုးချောင်းဖိုးသောင်းဆိုသူအကျဉ်းသားသည် တောင်ခြေနံရံနားမှာ ခြောက်ကိုးကျောက်တုံးကြီးကို ဆွဲမသယ်ယူလာနေစဉ် ယခုလို နံရံပေါ်မှကျောက်တုံးကြီးပြုတ်ကျလာသည်ကို ရှောင်တိမ်းချိန်မရနိုင်ဘဲ ကိုယ်ပေါ်သို့ပြုတ်ကျလာပြီးပိနေလေတော့သည်။

“အား”

ကြောက်မက်ဖွယ်ရာကျယ်လောင်စူးရှသောအော်သံကြီးထွက်ပေါ်လာပြီးနောက် အသက်ထွက်သွားခဲ့လေတော့သည်။ ကျောက်ကွင်းထဲမှ အလုအယက် အသက်လုပြေးနေကြသော အကျဉ်းသားများမှာလည်း ကြောက်မက်ဖွယ်ရာ အော်ဟစ်ညည်းတွားသံကြီးကိုကြားလိုက်ရပြီး တုန်လှုပ်ချောက်ချားသွားခဲ့ကြလေသည်။

နောက်ဆုံးမှာတော့ ကိုးချောင်းဖိုးသောင်း၏ အသက်ဝိညာဉ်ကင်းမဲ့နေသော ရုပ်အလောင်းကြီးကို ဘဝတူအကျဉ်းသားများက ပိနေသောကျောက်တုံးကြီးကို ဝိုင်းဝန်းဖယ်ရှားကာ ဆိုဒ်တာဝန်ခံရှိနေသော ကုန်းပေါ်မှ တဲလေးဆီသယ်လာကြသည်။

ယင်းသို့ ကိုးချောင်းဖိုးသောင်း၏ အလောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများမှ သေချာစစ်ဆေးကြည့်ရှုပြီး ဌာနပိုင်ကားဖြင့် ဆေးရုံကြီးဆီသို့ သယ်ဆောင်သွားခဲ့လေသည်။

ယခုလို အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့တတ်သော ကျောက်ကွင်းထဲတွင် အလုပ်လုပ်နေကြသည့်အကျဉ်းသားများသည် မကြာခဏ ကျောက်ရိုက်ခွဲစဉ် လွင့်စဉ်ထွက်လာသော ကျောက်စကျောက်နမှုန်၍ မျက်လုံးထိခိုက်မိခြင်း၊ ခန္ဓာကိုယ်ထိခိုက်မိခြင်းကိုသာ ကြုံတွေ့ခံစားဖူးကြသော်လည်း ယခုကဲ့သို့ ကျောက်တုံးပြိုကျလာမှုအန္တရာယ်မှလည်း တစ်ခါတစ်ရံ ကြုံကြိုက်တတ်ကြလေသည်။

ယင်းသို့ ကျောက်ပြိုကျလာမှုအန္တရာယ်မှာ တစ်ခါတစ်ရံမှသာလျှင် ဖြစ်လေ့ဖြစ်ထရှိသော်လည်း ကျောက်နံရံကြီးပေါ်ဝယ် ခါးကိုကြိုးချည်ပြီး လေထဲမှာ ဂျဗလီသံချောင်းဖြင့် ကျောက်ရှင်းလင်းရေးအဖွဲ့များမှာလည်း သက်စွန့်ဆံဖျား၊ လုပ်ကိုင်ဆောင်ရွက်နေကြရလေသည်။

အမှန်တော့ ကျောက်ထုတ်လုပ်ငန်းခွင်များဝယ် ယခုလိုမြင်ကွင်းမျိုးများ မကြာခဏ ကြုံတွေ့နေရသဖြင့် လွန်စွာ အန္တရာယ်ကြီးမားလှပေသည်။ သို့သော်လည်း မိမိတို့မှာ ပြစ်ဒဏ်ကျခံနေရသူများဖြစ်၍ လုပ်ငန်းခွင်ထဲဝယ် အသက်နှင့်ရင်းပြီး လုပ်ကိုင်နေကြရလေသည်။

■

“ဒုတ်. . . ဒုတ်. . . ဒုတ်”

လွန်ဖောက်စက်ဖြင့် ကျောက်သားနံရံပေါ်ဝယ် လွန်ဖောက်နေကြသော လွန်ဖောက်အဖွဲ့မှ အကျဉ်းသားများသည် ဂန်း (ခေါ်) လွန်ဖောက်စက်နှစ်လုံးဖြင့် ကျောက်သားနံရံပေါ်ကို အားဖြင့် ထိုးဖောက်နေကြခြင်း ဖြစ်ပါသည်။

အချိန်ကား ညကြီးမိုးအုပ်ချိန်ရောက်နေသည့်တိုင် လွန်ပေမကျနိုင်သဖြင့် ကျောက်တုံးပေါ်ဝယ် အောက်လင်းမီးထွန်းကာ ညဘက်ကြီး လွန်ဖောက်နေကြလေသည်။ ကျောက်တုံးမျက်နှာပြင်ပေါ်ဝယ် ဂန်းစက် (လွန်ဖောက်စက်) ဖြင့် ကျောက်သားပြင်ပေါ်သို့ထောက်ပြီး စက်ဖွင့်ကာ လွန်ပေကျအောင်လွန်ချောင်းအား ထိုးဖောက်နေကြသည်။

ဤကဲ့သို့ လွန်ပေါက်ဖောက်ရာဝယ် နှစ်ပေခန့်သုံးပေခန့် လွန်ပေါက်များရအောင် လွန်ဖောက်နေကြသည်။ ယခုလို လွန်ကိုင်ယမ်းကိုင်အဖွဲ့မှ အကျဉ်းသားများသည် ညဘက်အလုပ်သိမ်းပြီးချိန်မှာ (လ/၄၀) လွန်ဖောက်စက်ကြီးကို မောင်းပြီး လေပိုက်ကြီးများတပ်ဆင်ထားသော ဂန်းစက်ဖြင့် လွန်ဖောက်နေကြသည်။

ယင်းလွန်ကိုင်ယမ်းကိုင်အဖွဲ့မှာ အကျဉ်းသားငါးယောက်သာလျှင်ရှိပြီး ဘုတ်ကိုင်ဖြစ်သူ ဝန်ထမ်းတပ်ကြပ်ကြည်ရွှင်မှ ကြီးကြပ်စောင့်ကြပ်နေသည်။ (လ/၄၀) လွန်ဖောက်စက်ကြီးကို ဒီဇယ်ဆီထည့်ကာမောင်းနှင်ထားပြီး ယင်းစက်ကြီးနှင့်သွယ်တန်းထားသော ဂန်းစက်များဖွင့်၍ လွန်ဖောက်နေခဲ့ကြသည်။

ယခုလိုဂန်းစက်ကိုဖွင့်၍ ကျောက်သားမျက်နှာပြင်ပေါ်ဝယ် လွန်ချောင်းကိုထောက်ပြီး လွန်ပေကျအောင်ဖောက်နေစဉ် ကျောက်မျက်နှာပြင်ပေါ်မှ ကျောက်မှုန့်ကျောက်စများ လွင့်ထွက်လာသဖြင့် မျက်နှာပေါ်ဝယ် လုံချည်ဖုံးမိုး၍ထိုးကြရလေသည်။

ထို့မှသာ ကျောက်သားနံရံပေါ်မှ လွင့်စဉ်ထွက်လာသောကျောက်မှုန်များ မျက်စိထဲမဝင်နိုင်စေရန်ဖြစ်သည်။ ထိုသို့ လွင့်စဉ်ထွက်လာသော ကျောက်မှုန်များ လွင့်စဉ်ဖုံးလွှမ်းသွားသည်မှာ တစ်ကိုယ်လုံး ဖြူဖွေးနေသည်။

"မြင့်အောင်ရေ၊ ဘယ်နှပေ လောက်ကျသွားပြီလဲ"

"ဆရာ၊ ပေခြောက်ဆယ်ကျော် သွားပြီ။ နောက်လေးပေကျင်းဆယ်တွင်းလောက်ဖောက်ပြီးရင် လွန်ပေပြည့်သွားပါပြီ"

"မေးအေး - ညဥ့်သိပ်နက်နေမယ်။ ခပ်သွက်သွက်လုပ်ကြကွာ။ ဟေ့- မောင်အေးစက်ကြီးမောင်းတဲ့ဆီ ကျန်သေးလားကွ"

"ဂါလန်ဝက်လောက်ပဲကျန်တော့တယ် ဆရာ"

"ဒါဆို နောက်တစ်ဂါလန်လောက် စက်ကြီးထဲကို ထပ်ထည့်ထားဦးကွ။ လွန်ပေငါးဆယ်လောက်ရဖို့ကျန်သေးတယ်ကွ"

"ဟုတ်ကဲ့ ဆရာ"

ဤကဲ့သို့ လွန်ကိုင်အဖွဲ့မှအကျဉ်းသားများသည် ကျောက်ဆောင်နံရံပေါ်ဝယ် ညဘက်ကြီး လွန်ဖောက်နေခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ညဥ့်နက်လာနေသဖြင့် ဘုတ်ကိုင်ဝန်ထမ်းဖြစ်သူ တပ်ကြပ်ကြည်ရွှင်မှ အလုပ်မြန်မြန်ပြီးစီးစေရန် လိုက်လံဆော်ဩနေခြင်း ဖြစ်ပါသည်။

ထိုစဉ် -

"ဝုန်း"

"ဟေ့-မြင့်အောင်၊ အမြန်ဘေးကို ခုန်ရှောင်လိုက်ကွ။ နံရံပေါ်ကနေ ကျောက်တုံးကြီးပြုတ်ကျလာနေတယ်"

လွန်ဖောက်နေသည့် ကျောက်ဆောင်ပေါ်ဝယ် လွန်ဖောက်နေသော အကျဉ်းသားကို မြေပြင်မှာ (လ/၄၀) စက်ကြီးမောင်းနေသော အကျဉ်းသားစန်းလွင်မှ အချိန်မီလှမ်းသတိပေးလိုက်ခြင်းဖြစ်ပါသည်။

တောင်ခြေအောက်ရှိ ကျောက်တုံးမျက်နှာပြင်ပေါ်ဝယ် လွန်ဖောက်နေသော မြင့်အောင်သည် တစ်ဖက်ကျောက်တုံးကြီးပေါ် အလျှင်အမြန်ခုန်ရှောင်လိုက်စဉ်မှာပဲ အနောက်ဘက် ကျောက်ကွင်းကြီးထဲသို့ ကြီးမားသော တိုစီကျောက်တုံးကြီးသည် ဝုန်းခနဲပြုတ်ကျလာလေသည်။

"ဘာဖြစ်တာလဲဟေ့"

ကျောက်တောင်အောက်ခြေနေရာမှ တပ်ကြပ်ကြည်ရွှင်မှ လှမ်းမေးနေခြင်း ဖြစ်သည်။

"ကျောက်တောင်နံရံပေါ်ကနေ ကျောက်တုံးကြီး ရုတ်တရက်ပြုတ်ကျလာလို့"

"ဟာ - ကျောက်တောင်နံရံပေါ်မှာ ဂျဗလီတက်ထိုးချနေတဲ့အဖွဲ့လည်း မရှိဘဲ ကျောက်တုံးကြီးက သူ့အလိုလို ပြုတ်ကျလာတာအံ့ဩဖို့ကောင်းတယ်"

ယင်းကိစ္စနှင့်ပတ်သက်ပြီး အကျဉ်းသားအချင်းချင်း တီးတိုးဝေဖန်ပြောဆိုနေကြလေသည်။ ယခုလို ကျောက်တုံးကြီးပြုတ်ကျလာသောဖြစ်စဉ်မျိုးကို လွန်ခဲ့သောတစ်ပတ်ခန့်က ဖြစ်ပွားခဲ့သဖြင့် အကျဉ်းသားကိုးချောင်းဖိုးသောင်းတစ်ယောက်အသက်ဆုံးရှုံးသွားခဲ့လေသည်။

ယခုတစ်ဖန် ညဘက်ကြီး လွန်ဖောက်နေကြချိန်ဝယ် ကျောက်နံရံကြီးပေါ်မှကျောက်တုံးကြီးမှာ အလိုလိုပြုတ်ကျလာခဲ့ခြင်းကြောင့် အံ့ဩနေခဲ့ကြလေသည်။ နောက်နာရီဝက်ခန့်အကြာတွင် ဂန်းစက်ဖောက်နေကြသည့် အကျဉ်းသားများသည် အလုပ်မြန်မြန်ပြီးစီးစေရန် အားသွန်ခွန်စိုက် လွန်ဖောက်နေကြလေသည်။

ထိုစဉ် လွန်ဖောက်နေကြသော အကျဉ်းသားနှစ်ဦး၏ခေါင်းပေါ်သို့ သဲမှုန်ခဲမှုန်များတဖွဲဖွဲကျလာနေပြန်သည်။ ယခုလို အလုပ်လုပ်နေစဉ် ဖြစ်ပွားလာနေသောအရာများသည် တစ်စုံတစ်ယောက်မှလာရောက်နှောင့်ယှက်နေဟန်တူသည်။

လွန်ဖောက်တာဝန်ကျနေသော အကျဉ်းသားများမှာလည်း ယခုလို အနှောင့်အယှက်အမျိုးမျိုး ကြုံတွေ့နေရသဖြင့် လွန်စွာကြောက်ရွံ့ထိတ်လန့်နေကြသည်။

"ဆရာ၊ လွန်စက်ဖောက်ဖို့မလွယ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲကွ"

"ကျောက်တောင်ကြီးပေါ်ကနေပြီး ကျွန်တော်တို့လွန်ဖောက်နေတုန်း ကျောက်တုံးကြီးအလိုလိုပြုတ်ကျလာခဲ့တယ် ဆရာ။ ကျွန်တော်တို့ရဲ့ကိုယ်ပေါ်ကိုလည်း ကျောက်မှုန်ခဲမှုန်တွေမိုးရွာချသလိုပြုတ်ကျလာတာ။ တစ်ယောက်ယောက်က အနှောင့်အယှက်ပေးနေပြီ ထင်တယ်"

"အေးကွာ - စဉ်းတော့စဉ်းစားစရာပဲ။ ဘာပဲဖြစ်ဖြစ် အလုပ်ရပ်လို့တော့ မဖြစ်သေးဘူးကွာ။ မင်းတို့စက်စမောင်းတုန်းက စက်ရှေ့မှာ ကွမ်းယာ၊ ဆေးလိပ်နဲ့ ကန်တော့ခဲ့သေးလား"

"ဟင့်အင်း ဆရာ၊ ကွမ်းယာကမိုးချုပ်မှသွားဝယ်မရလို့ မတင်ရဘူး"

"ဟာ - မင်းတို့က ထုံးစံဖျက်ပြီးလုပ်လို့မရဘူးကွ။ ဟေ့ - မောင်အေး သွားသွား လိုင်းထဲက ဒေါ်စိုးဆိုင်မှာ ကွမ်းယာသုံးယာသွားဝယ်စမ်း။ ပြီးတော့ ငါ့အိမ်ကိုဝင်ပြီး ထမင်းနဲ့ဟင်းကို ဖက်နဲ့ထုပ် ပြီးဝင်ယူလာခဲ့စမ်း"

တပ်ကြပ်ကြည်ရွှင်မှ တပည့်ဖြစ်သူ အကျဉ်းသားမောင်အေးဆိုသူအား အမိန့်ပေးစေလွှတ်လိုက်၏။ မိမိတပည့်ဖြစ်သူ အကျဉ်းသားများ၏ ထုံးတမ်းစဉ်လာ လုပ်ရိုးလုပ်စဉ်ကို မလုပ်ကိုင်ခဲ့ဘဲ ပေါ့ဆခဲ့မှုကြောင့် ယခုလို ကျောက်ကွင်းထဲဝယ် အလုပ်လုပ်နေကြစဉ် အနှောင့်အယှက်ဖြစ်ပေါ်လာခဲ့ရသည်ဟုထင်မြင်နေလေသည်။

အကျဉ်းသားမောင်အေးယူဆောင်လာသော ကွမ်းယာ၊ ဆေးလိပ်များကို လွန်ဖောက်စက်ကြီးရှေ့မှာ ပူဇော်ပသထားလိုက်ပြီးနောက် ပါလာသောထမင်းထုပ်ကိုဖြေကာ မိုင်းကွင်းထဲရှိ ကျောက်တုံးကြီးတစ်တုံးပေါ်ဖြန့်ခင်းတင်ကာ -

"ဖိုးသောင်းရေ မင်းလည်း ငါတို့ကျွေးတဲ့ထမင်းနဲ့ဟင်းကိုစားပြီး လွတ်ရာကျွတ်ရာမှာသွားနေပါကွာ။ ငါတို့အလုပ်ကို လာပြီးမနှောင့်ယှက်ပါနဲ့။ ဖိုးသောင်းရေ အမျှ အမျှ အမျှ"

မကြာမီမှာ လွန်ဖောက်စက်ကြီးကိုစက်နှိုးပြီး လွန်စက်ဖောက်နိုင်ရန် စီစဉ်ခဲ့လေသည်။ လွန်ဖောက်စက်နှင့် ဆက်သွယ်ထားသော လေပိုက်မှာတပ်ဆင်ထားသည့် ဂန်းစက်ကိုဖွင့်၍ လွန်ဖောက်နေခဲ့ကြလေသည်။

တပ်ကြပ်ကြည်ရွှင်သည် မိမိတပည့်ဖြစ်သူ အကျဉ်းသားများ လွန်ဖောက်စက်ကိုဖွင့်ပြီး တဒုတ်ဒုတ်ထိုးဖောက်နေသံကိုနားစွင့်လျက် စောစောက ကျောက်တုံးပေါ်ဝယ်တင်ထားသော ထမင်းထုပ်ထဲမှ ထမင်းနှင့်ဟင်းမှာလည်း ပြောင်သလင်းခါနေသည်။ ကျောက်တောင်ကြီးပေါ် ခွေးတက်စားရန်မှာလည်းမဖြစ်နိုင်ပေ။ ကိုးချောင်းဖိုးသောင်းကို အမျှပေးဝေ၍ ငြိမ်သက်သွားလေသည်။

ထောင်ပိုင်ကြီးစိုးဒေဝ

၂၀၁၈ ခုနှစ်၊ မတ်လ

အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် [illegible] ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော[illegible] ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား [illegible] ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤအထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ရက်	စန်းယှဉ်နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းချိန်	ရုဏ် ညပ်ဖိ	ဝင် ထွက်ခပါဒ်
၁	အသလိဿ	၁ ကန်း	၀၂း၁၇း၀၉	သိဒ္ဓိ	ဝင်
	မာဃ	၁ ကန်း		ဝရ	ခပါဒ်
၂	မာဃ	၁ ကန်း	၀၁း၀၈း၃၄	ကာဏ	ထွက်
	ပြုဗ္ဗဖလဂုနီ	၂ မြင်		အမြိတ္တ	ဝင်
၃	ဥတ္တရဖလဂုနီ	၂ ကန်း	၂၃း၃၆း၂၄	ဥပါဒ်	ထွက်
	ဟဿတ	၂ မြင်		မိတ္တ	ထွက်
၄	ဟဿတ	၂ မြင်	၂၃း၃၆း၀၀	လာဘ	ဝင်
	စိတြ	၁ ကန်း		သိဒ္ဓိ	ဝင်
၅	စိတြ	၁ ကန်း	မပြောင်း	မိတ္တ	ထွက်
၆	သွာတိ	၂ မြင်	မပြောင်း	သိဒ္ဓိ	ဝင်
၇	သွာတိ	၂ မြင်	၀၁း၂၁း၃၁	မိတ္တ	ထွက်
	ဝိသာခါ	၂ ကန်း		ကာဏ	ထွက်
၈	ဝိသာခါ	၂ ကန်း	၀၂း၇း၁၇	သိဒ္ဓိ	ဝင်
	အနုရာဓ	၂ ကန်း		ဝရ	ခပါဒ်
၉	အနုရာဓ	၂ ကန်း	၀၄း၂၆း၄၀	ကာဏ	ထွက်
	ဇေဋ္ဌ	၁ ကန်း		အမြိတ္တ	ဝင်
၁၀	ဇေဋ္ဌ	၁ ကန်း	၀၆း၅၈း၅၅	ဝရ	ခပါဒ်
	မူလ	၁ ကန်း		ဥပါဒ်	ထွက်
၁၁	မူလ	၁ ကန်း	၀၉း၂၀း၀၀	အမြိတ္တ	ဝင်
	ပြုဗ္ဗာသာဠ်	၂ မြင်		လာဘ	ဝင်
၁၂	ပြုဗ္ဗာသာဠ်	၂ မြင်	၀၅း၂၀း၀၀ ၁၈း၄၃း၀၀	ဥပါဒ်	ထွက်
	အဘိဇိ	×		မိတ္တ	ထွက်
	ဥတ္တရာသာဠ်	၂ ကန်း		ကာဏ	ထွက်
၁၃	ဥတ္တရာသာဠ်	၂ ကန်း	၁၄း၂၄း၀၀	သိဒ္ဓိ	ဝင်
	သရဝဏ်	၂ မြင်		ဝရ	ခပါဒ်
၁၄	သရဝဏ်	၂ မြင်	၀၆း၃၄း၅၅	ကာဏ	ထွက်
	ဓနသိဋ္ဌ	၁ ကန်း		အမြိတ္တ	ဝင်
၁၅	ဓနသိဋ္ဌ	၁ ကန်း	၁၈း၄၅း၄၉	ဝရ	ခပါဒ်
	သတဘိသျှ	၂ မြင်		ဥပါဒ်	ထွက်

ဤဇယားတွင်-

ပြုဗ္ဗာသာဠ်နက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠ်နက္ခတ်အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟုယူကာ တွက်ထားပါသည်။

ရက်	စန်းယှဉ်နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းချိန်	ရုဏ် ညပ်ဖိ	ဝင် ထွက်ခပါဒ်
၁၆	သတဘိသျှ	၂ မြင်	၂၀း၁၂း၄၃	အမြိတ္တ	ဝင်
	ပြုဗ္ဗဘဒြပိုဒ်	၂ ကန်း		လာဘ	ဝင်
၁၇	ပြုဗ္ဗဘဒြပိုဒ်	၂ ကန်း	၂၁း၀၆း၁၂	ဥပါဒ်	ထွက်
	ဥတ္တရဘဒြပိုဒ်	၂ ကန်း		မိတ္တ	ထွက်
၁၈	ဥတ္တရဘဒြပိုဒ်	၂ ကန်း	၂၁း၃၃း၃၄	လာဘ	ဝင်
	ရေဝတီ	၁ ကန်း		သိဒ္ဓိ	ဝင်
၁၉	ရေဝတီ	၁ ကန်း	၂၁း၃၆း၀၈	မိတ္တ	ထွက်
	အသဝဏီ	၁ ကန်း		ကာဏ	ထွက်
၂၀	အသဝဏီ	၁ ကန်း	၂၁း၁၄း၄၅	သိဒ္ဓိ	ဝင်
	ဘရဏီ	၂ မြင်		ဝရ	ခပါဒ်
၂၁	ဘရဏီ	၂ မြင်	၂၀း၃၀း၅၈	ကာဏ	ထွက်
	ကြတ္တိကာ	၂ ကန်း		အမြိတ္တ	ဝင်
၂၂	ကြတ္တိကာ	၂ ကန်း	၁၉း၂၅း၄၃	ဝရ	ခပါဒ်
	ရောဟဏီ	၂ မြင်		ဥပါဒ်	ထွက်
၂၃	ရောဟဏီ	၂ မြင်	၁၈း၀၀း၀၀	အမြိတ္တ	ဝင်
	မိဂသီ	၁ ကန်း		လာဘ	ဝင်
၂၄	မိဂသီ	၁ ကန်း	၁၆း၃၀း၀၀	ဥပါဒ်	ထွက်
	အဒြ	၂ မြင်		မိတ္တ	ထွက်
၂၅	အဒြ	၂ မြင်	၁၅း၀၀း၀၀	လာဘ	ဝင်
	ပုနဗ္ဗုသျှ	၂ ကန်း		သိဒ္ဓိ	ဝင်
၂၆	ပုနဗ္ဗုသျှ	၂ ကန်း	၁၃း၁၇း၃၂	မိတ္တ	ထွက်
	ဖုသျှ	၂ ကန်း		ကာဏ	ထွက်
၂၇	ဖုသျှ	၂ ကန်း	၁၁း၃၇း၃၀	သိဒ္ဓိ	ဝင်
	အသလိဿ	၁ ကန်း		ဝရ	ခပါဒ်
၂၈	အသလိဿ	၁ ကန်း	၁၀း၁၇း၀၉	ကာဏ	ထွက်
	မာဃ	၁ ကန်း		အမြိတ္တ	ဝင်
၂၉	မာဃ	၁ ကန်း	၀၉း၀၈း၃၄	ဝရ	ခပါဒ်
	ပြုဗ္ဗဖလဂုနီ	၂ မြင်		ဥပါဒ်	ထွက်
၃၀	ပြုဗ္ဗဖလဂုနီ	၂ မြင်	၀၈း၀၇း၄၅	အမြိတ္တ	ဝင်
	ဥတ္တရဖလဂုနီ	၂ ကန်း		လာဘ	ဝင်
၃၁	ဥတ္တရဖလဂုနီ	၂ ကန်း	၀၇း၃၆း၀၀	ဥပါဒ်	ထွက်
	ဟဿတ	၂ မြင်		မိတ္တ	ထွက်

၂-၃-၂၀၁၈၊ သောကြာနေ့နံနက် ၀၇း၃၀း၀၀ နာရီတွင် လပြည့်
၁၇-၃-၂၀၁၈၊ စနေနေ့ည ၁၉း၅၅း၅၆ နာရီတွင် လကွယ်
၃၁-၃-၂၀၁၈၊ စနေနေ့ည ၁၉း၂၁း၁၈ နာရီတွင် လပြည့်

[illegible]
ဦးအောင်စောဝင်း (ပုသိမ်)

အောင်မြင့်ထွန်း

(မဝှုံးရုံး)

ဇာတိဿရပုဂ္ဂိုလ်(သို့)လူဝင်စား

တစ်ခုသောနံနက်ခင်းတွင် ကျွန်ုပ်သည် ဆရာကြီးဦးမြင့်သန်းနှင့် မြဂုဏ်ရည်လမ်းရှိ ကျော်လက်ဖက်ရည်ဆိုင်တွင် တိုက်တိုက်ဆိုင်ဆိုင်ဆုံတွေ့မိကြလေ၏။ တိုက်ဆိုင်သည်ဆိုသည်မှာ ကျွန်ုပ်တို့နှစ်ဦးတိုင်ပင်ထားခြင်း မရှိပါဘဲလျက် တစ်စားပွဲတည်းမှာ တစ်ချိန်တည်းဆုံတွေ့ရခြင်းကို ကျွန်ုပ် ဆိုလိုပါ၏။

"ဆရာကြီးတော့ မသိဘူး၊ ကျွန်တော်လေ နောက်ဘဝမရှိဘူးလို့ ခံယူထားသူနဲ့ တွေ့ဖူးတယ်"

"အဲဒီလူက ဗုဒ္ဓဘာသာဝင်မဟုတ်ဘူးလား"

"သူ့ရဲ့မိဘနှစ်ပါးက ဗုဒ္ဓဘာသာဝင်ဆိုတော့ ဆရာကြီးရယ် သူလည်း ဗုဒ္ဓဘာသာဝင်ဖြစ်လိမ့်မယ်ထင်ပါတယ်"

ဆရာကြီးက လက်ဖက်ရည်ကျဆိမ့်တစ်ငုံသောက်ရင်း -

"ခင်ဗျားလူက စုန်းပြူးနဲ့တူတယ်။ ဗုဒ္ဓဘာသာဝင်မိဘကမွေးထားပြီး ဗုဒ္ဓဘာသာကို ဆန့်ကျင်နေတဲ့သူလို့ ဆိုရမယ်။ ဗုဒ္ဓမြတ်စွာဟောကြားတော်မူတဲ့ ကမ္မနိယာမအနေနဲ့သော်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်တရားတော်နဲ့သော်လည်းကောင်း ထောက်ချင့်ဆင်ခြင်မယ်ဆိုရင် နောက်ဘဝရှိတာကို ထင်ထင်လင်းလင်း ဖော်ပြနေတယ်လေဗျာ"

"အဲဒီလူက မိစ္ဆာဒိဋ္ဌိဖြစ်နေပြီထင်ပါတယ် ဆရာကြီးရာ"

"ဒါပေါ့ဗျာ၊ ကမ္မနိယာမအရဗျာ ကောင်းတာလုပ်ထားသူဟာ ကောင်းကျိုးခံစားရသလို မကောင်းတာလုပ်ထားသူဟာ မကောင်းကျိုးခံစားရမှာဘဲလို့ ဟောထားသဗျာ။ သတ္တဝါတွေကိုကြည့်ပါလား။ ကောင်းတဲ့သူ၊ မကောင်းတဲ့သူတွေစုံလို့။ ကဲဗျာပဋိစ္စသမုပ္ပါဒ်တရားတော်ကိုလည်း ကြည့်လိုက်ပါဦး။ အမှန်သဘောမသိနိုင်အောင်အမှောင်ချဖုံးကွယ်ထားတဲ့အဝိဇ္ဇာနဲ့ လိုချင်တပ်မက်မှုလို့ခေါ်တဲ့ တဏှာတို့ရဲ့ခြယ်လှယ်မှုကြောင့် သတ္တဝါအများတို့ဟာ ကောင်းမှုကံ၊ မကောင်းမှုကံတွေကို ပြုလုပ်ထားကြတဲ့အတွက် ဘဝသံသရာကျင်လည်ရပုံကို ကျိုးကြောင်းဆက်စပ်ကာ ရှင်းလင်း ဖော်ပြထားတယ်။

ကမ္မနိယာမနဲ့ပဋိစ္စသမုပ္ပါဒ်မလေ့လာမလိုက်စားသူဟာ နောက်ဘဝမရှိဘူးလို့ ခံငြင်းတော့မှာပေါ့။ ဒါပေမယ့် ကျွန်တော်ပြောမယ်။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အတိတ်ဘဝက သေလွန်ပြီး လူ့ဘဝမှာ လူပြန်ဖြစ်ပြီး နောက် ရှေးဘဝသိမြင်သူများကို ဇာတိဿရပုဂ္ဂိုလ် ဒါမှမဟုတ် လူဝင်စားလို့ ခေါ်ကြတယ်"

"လူဝင်စားလား၊ ကြားဖူးတယ် ဆရာကြီး။ အတိတ်ဘဝအကြောင်းတွေကိုမှတ်မိလို့ ပြန်ပြောပြနိုင်တယ်လို့ ကျွန်တော် ကြားဖူးထားပါတယ်"

ဆရာကြီးရော ကျွန်တော်ပါ ရေနွေးကြမ်းကိုယ်စီသောက်လိုက်ကြသည်။

ဆရာကြီးက -

"ဟုတ်တယ်ဗျ အဲဒါပဲ။ ခင်ဗျားလူ လူဝင်စားအကြောင်းကြားလိုက်ရရင် ဘယ်လိုကတတ်ဖွဲ့ပြောဦးမလဲမသိဘူးနော်"

"လူကန့်လန့်မိစ္ဆာဒိဋ္ဌိတွေဟာသူ့အစရာသတ္တဝါတွေပါပဲ ဆရာကြီးရယ်"

"ဒီမှာ ကြုံလို့ ကိုမြင့်အောင်ကို ပြောချင်တာက ဒေါက်တာမင်းတင်မွန်ရဲ့လူဝင်စားအကြောင်းပြောပြမယ်လေ"

"ဟာ-ဝမ်းသာလိုက်တာဆရာကြီးရယ်"

"ဒီလိုဗျ"

ဆရာကြီး ဦးမြင့်သန်း ပြောပြသည့်လူဝင်စားအကြောင်းမှာ ဤသို့ဖြစ်၏။

■

- ယခု (မြန်မာလူမျိုးဘဝ) ဦးအေးနိုင်၊ ယခင် (ကရင်တိုင်းရင်းသားဘဝ) ဦးနေကျော်

စိတ်သည်တန်ခိုးကြီး၏။ ရုပ်ကိုလွှမ်းမိုးနိုင်၏။ ဘဝနိကန္တိဟုခေါ်သော ဘဝဖြစ်စေလိုသည့်တဏှာက စိတ်၏ဦးတည်ချက်ကို ထိန်းကျောင်းပေး၏။ လောင်စာစွမ်းအင်နှင့်တူသော ကုသိုလ်ကံအဟုန်က နောက်ကနေ၍ တွန်းပို့ပေးသည်ဟုဆိုလျှင် လူတို့သည် ကိုယ်ဖြစ်ချင်သောဘဝကို ဖြစ်နိုင်ခြေများလှပေ၏။

လူသေပြီးပါက လူပြန်ဖြစ်နိုင်ခြေရှိသည်ဟု ဆိုလိုပါသလော။

လူသေလူဖြစ်ဝါဒကို ဆိုလိုရင်းမဟုတ်ပါတကား။ လူပြန်ဖြစ်နိုင်လောက်သည့်ကုသိုလ်ကံအဟုန်ရှိရမည်။ မိမိ၏စိတ်ဆန္ဒအားဖြင့်လည်း လူဖြစ်ချင်သောနိကန္တိအားကောင်းရမည်။ သို့ဆိုလျှင် လူဖြစ်နိုင်ခြေများသည်ဟု ဆိုလိုရင်းသာဖြစ်တော့သည်။ ကိုယ်ဖြစ်စေလိုသည့်နိကန္တိကြီးမားရမည်။

ဤတွင် ဦးအေးနိုင်၏ ဘဝတစ်စိတ်တစ်ပိုင်း တင်ပြလိုသည်။

ဦးအေးနိုင်သည် ယခင်ဘဝကဆိုလျှင် ကရင်စော်ကဲတစ်ယောက်ခဲ့ပါ၏။ (ဦးအေးနိုင်၏ယခုဘဝမှာ မြန်မာလူမျိုးစစ်စစ်ဖြစ်ပါသည်)

ကရင်စော်ကဲကြီးဦးနေကျော်ဘဝတုန်းက မြန်မာဖြစ်ချင်လွန်းသည့်နိကန္တိအလွန်ပြင်းထန်ခဲ့ပါသည်ဟု ဆိုပါရစေ။ ယခု (မြန်မာလူမျိုးဘဝတွင် တော်စပ်သည့်မိခင်၏ ချက်ပြုတ်ကျွေးမွေးသော အစားအစာကို လွန်စွာမှုတပ်မက်၏။)

ဦးအေးနိုင်၏အတိတ်ဘဝကိုပြန်ပြောင်းတင်ဆက်ရမည်ဆိုသော် -

ပန်းတနော်မြို့အရှေ့ဘက် (၉)မိုင်အကွာလောက်တွင် ဂုံမင်းရွာဆိုသောရွာကြီးတစ်ရွာရှိလေ၏။ ကရင်ရွာကြီး ဖြစ်ပါသည်။ ရွာသားတို့သည် ကိုင်းလုပ်ငန်း၊ ဥယျာဉ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းများတို့ကို လုပ်ကိုင်ကြပါသည်။ ထိုဂုံမင်းရွာတွင် ဦးနေကျော်က ကရင်အကြီးအကဲတစ်ယောက်ဖြစ်၏။ ဂုံမင်းရွာသားတို့က ဦးနေကျော်ကို ကရင်စော်ကဲကြီးဟုခေါ်ကြလေကုန်၏။

ယခင်ဘဝ (ကရင်တိုင်းရင်းသားဘဝ) တုန်းက သူသည် ဦးနေကျော်ဖြစ်သည်။ ဦးနေကျော်၏ ဇနီးသည်လည်း ကရင်ပင်။ နာမည်မှာ ဒေါ်မဲဟု ခေါ်သည်။ ဦးနေကျော်တွင် သား(၃)ယောက်၊ သမီး (၄) ယောက်ရှိ၏။

ဦးနေကျော်တို့စီးပွားရေးကောင်းကြ၏။ ချမ်းသာကြသည်။ ဦးနေကျော်သည် ပိုးဘောင်းဘီ၊ ဖဲဘောင်းဘီတို့ကိုသာ အမြဲဝတ်ဆင်သည်။ ပြီးတော့ ဗုဒ္ဓဘာသာဝင်အကြီးအကဲတစ်ယောက်ဖြစ်လေသောကြောင့် ရပ်ရေးရွာရေးကိစ္စရပ်များကိုသာမက လှူဒါန်းဒါနအမှုကိုလည်း ဦးဆောင် လှူဒါန်းလေ့ရှိသည်။ ကျောင်းဆောက်လုပ်လှူဒါန်းခြင်းများ၊ ဘုရားတည်ခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်းတို့ကို ကောင်းစွာလှူဒါန်းသမှုပြုလေ့ရှိသူ ဖြစ်၏။ ကြီးကျယ်သော အလှူများကိုသာပို၍ အားသန်သော ဦးနေကျော်ပါတကား။

ဂုံမင်းရွာဘုန်းကြီးကျောင်းတိုက်သို့လည်းပိဋကတ်သုံးပုံလှူဒါန်းခဲ့ဖူး၏။ ကျမ်းစာအုပ်ပေါ်တွင် ဦးနေကျော် အမည်ရေးထိုးပြီး လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ယခုဘဝ (ဦးအေးနိုင်) ဘဝတွင် မိဘတို့မှာ မြန်မာစစ်စစ်ဖြစ်နေကြပါပြီ။ ဖခင် ဦးဘဖေ၊ မိခင်ဒေါ်သော်ဟုခေါ်ကြပါသည်။ ကရင်ဘဝဖြစ်နေစဉ်ကပင် မြန်မာလူမျိုး ဖြစ်လိုသည့်ဆန္ဒပြင်းပြခဲ့ပါ၏။

ယခု မိဘတို့နှင့် ဆက်သွယ်မိခဲ့ပုံမှာ -

ဦးဘဖေ၊ ဒေါ်သော်တို့သည် ပန်းတနော်မြို့နှင့် ရေလမ်းခရီးမိုင်(၁၀၀)ခန့်ဝေးသည့် ခနဲ့ကဘိုကျေးရွာတွင်နေထိုင်ကြပါသည်။ ပန်းတနော်မြို့မှ ဇရာဝတီ

သဘော်နှင့်သွားလျှင် နေ့ဝက်ခရီးဖြစ်၏။ ရောဝတီသဘော်ဆိုသည်မှာ အစိုးရပိုင် ခရီးသည်တင်ရေယာဉ်ကြီးများကို ခေါ်ခြင်း ဖြစ်ပါသည်။ ခန္ဓဲ့ကဘိုရွာသားအများစုတို့သည် အင်းလုပ်ငန်းကိုရောင်းဝယ်ဖောက်ကားခြင်းဖြင့် အသက်မွေးကြ၏။

အင်းကုန်အရောင်းအဝယ်လုပ်ငန်းဖြင့် ဦးဘဖေ၊ ဒေါ်သော်တို့နှင့် ဦးနေကျော်တို့ အဆက်အသွယ်ဖြစ်လာကြကုန်၏။

ဂုံမင်းရွာပတ်ဝန်းကျင်၌ ထုံးအိုင်ကြီးများရှိလေ၏။ ထုံးအိုင်ကြီးများတွင် ငါးမျိုးစုံတို့ပေါ်မြူကြကုန်၏။ ထိုအင်းတို့ကို အစိုးရမင်းများထံ၌ လေလံဆွဲဝယ်ယူကြသည်။ လေလံရသူများက အင်းထဲမှငါးများလာဖမ်းကြသည်။ အင်းလေလံကို တစ်နှစ်တစ်ခါပြိုင်ဆွဲကြရသသည်။ ဦးဘဖေ၊ ဒေါ်သော်တို့လည်း ဦးနေကျော်နှင့် တွဲဖက်၍ လေလံဆွဲဝယ်ယူလိုကြသည်။ ဦးဘဖေက ဦးနေကျော်ကို တိုင်ပင်ကြည့်ရာ သဘောတူ၏။ အင်းလုပ်ငန်းကို နှစ်ဦးစပ်တူလုပ်ကိုင်ကြတော့သည်။ ဦးဘဖေနှင့် ဦးနေကျော် ပူးပေါင်းလေလံဆွဲရာလေလံအောင်ကြသည်။

■ ဒေါ်သော်ချက်သောဟင်းကိုမှ နှစ်သက်သော ဦးနေကျော်

ထိုရောအခါ ဦးဘဖေ၊ ဒေါ်သော်တို့သည် ခန္ဓဲ့ကဘိုရွာမှ ဂုံမင်းရွာသို့ခေတ္တပြောင်းရွှေ့လာကြပြီး လေငါးလကြာသည်အထိ ထုံးအိုင်များထဲမှ ငါးဖမ်းသောအလုပ်ကို လုပ်ကိုင်ကြပါတော့သည်။ ဦးနေကျော်အနေဖြင့် ကိုယ်တိုင်လုပ်ကိုင်သည်တော့မဟုတ်ခဲ့ပါ။လုပ်ငန်းရင်းနှီးငွေစိုက်ထုတ်ကာ သူရင်းငှားများဖြင့်သာ လုပ်ကိုင်စေခြင်း ဖြစ်ပါသည်။

လုပ်ငန်းရာသီချိန်အတွင်း ဂုံမင်းရွာတွင်နေထိုင်ခိုက် ဒေါ်သော်သည် နေ့စဉ်နေ့တိုင်း ဟင်းများကို ပိုပိုမိုမိုချက်ပြုတ်၏။ ဦးနေကျော်စားရန် ဟင်းလျာများပို့ပေးလေ့ရှိပါ၏။ ဦးနေကျော်အနေဖြင့် ဒေါ်သော်ချက်ပို့သည့်ဟင်းလျာကို နှစ်သက်မှုရှိလာသည်။ ဒေါ်သော်၏ဟင်းချက်လက်ရာကို ဦးနေကျော် အလွန်ကြိုက်၏။ တပ်မက်မှုနိကန္တိဖြစ်လာတော့သည်။ ငါးဖမ်းလုပ်ငန်းတစ်ရာသီပြီးသော် ဦးဘဖေ၊ ဒေါ်သော်တို့ ခန္ဓဲ့ကဘိုရွာသို့ ပြန်ကြလေ၏။

နောက်တစ်ခါ အင်းရာသီ၌စပ်တူလေလံဆွဲရာ အင်းလေလံအောင်ကြပြန်သည်။

ထို့ကြောင့် ဦးဘဖေ၊ ဒေါ်သော်တို့ ဂုံမင်းရွာ၌ လေးငါးလကြာလာရောက်နေထိုင်ကြရပြန်၏။ ဒေါ်သော်ချက်ပြုတ်ပေးပို့သော ဟင်းလျာများအပေါ်၌ ဦးနေကျော် ထပ်မံ၍ နိကန္တိဖြစ်ပြန်သည်။

ထိုနှစ် အင်းရာသီလုပ်ငန်းပြီးဆုံးကြသော နောက်ပိုင်းတွင် အင်းလုပ်ငန်းဆက်မလုပ်ဖြစ်ကြတော့ပါ။ ဦးဘဖေနှင့် ဦးနေကျော်တို့အဆက်အသွယ်ပြတ်သွားကြသည်မှာ ကာလအတန်ကြာလေ၏။ ထိုအချိန်မှစ၍ ဦးနေကျော်သည် ဦးဘဖေ၊ ဒေါ်သော်တို့ကို လွန်စွာမှခင်မင်သည့်အလျောက် တစ်နှစ်တစ်ခေါက်ဆိုသလို ခန္ဓဲ့ကဘိုရွာသို့အလည်သွားဖြစ်ပါသည်။ နောက်ပိုင်းတွင် ဦးနေကျော်၏ ဇနီးကွယ်လွန်သည်။ ဦးနေကျော်သည် ခန္ဓဲ့ကဘိုရွာသို့မသွားဖြစ်တော့ချေ။

■ ဒေါ်သော်ကို ဦးနေကျော်ဝင်ပူးပြီ

ဦးနေကျော် ခန္ဓဲ့ကဘိုရွာသို့ မရောက်ဖြစ်တော့သည်မှာ (၆) နှစ်ခန့်ကြာသွားလေ၏။ တစ်နေ့ ဒေါ်သော်ကို တစ္ဆေဝင်ပူးပါသည်။ ဒေါ်သော်ကိုတစ္ဆေဝင်ပူးသည့်သတင်း ခန္ဓဲ့ကဘိုရွာတွင် ပျံ့နှံ့သွားလေရာ ရွာသားတို့လည်း ဦးဘဖေ၊ ဒေါ်သော်တို့အိမ်ဝိုင်းအတွင်း ယောက်ယက်ခတ်နေကြ၏။ဒေါ်သော်ကို တစ်စုံတစ်ရာဝင်ပူးနေသည်ကို ဦးဘဖေကြည့်၍ -

"ဟိတ် - နင်ဘာလိုချင်လို့ ဝင်ပူးတာတုံး၊ ဘာစားချင်လို့လဲ"

"ဘာမှမလိုချင်ဘူး၊ ဘာမှလည်း မစားချင်ဘူး။ နင်တို့ငါ့ကိုမသိကြဘူးလား"

ဟု ဒေါ်သော်မှတစ်ဆင့်ဝင်ပူးသူကပြန်ပြောလေ၏။

"မသိဘူး၊ ခင်ဗျားဘယ်သူလဲ"

"ငါ ဦးနေကျော်လေ၊ ငါသေသွားတာ (၃) လလောက်ရှိပြီ၊ နင်တို့မကြားကြဘူးလား။ ငါ့သားသမီးတွေကမင်းတို့ကိုအကြောင်းမကြားဘူးလား"

"ဗျာ - ကျွန်တော်တို့မသိကြဘူး၊ သိရရင် သတင်းသွားမေးမှာပေါ့။ စိတ်မကောင်းလိုက်တာဗျာ။ အစ်ကိုကြီးက ဘယ်လိုဖြစ်သွားတာလဲ"

ဦးဘဖေ၊ ဒေါ်သော်တို့က ဦးနေကျော်ထက် အသက်ငယ်ကြသည်။ ထို့ကြောင့် ဦးနေကျော်ကို အစ်ကိုကြီးဟု ခေါ်ကြသည်။ ဆက်၍ တစ္ဆေကပြောလေသည်မှာ -

"ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို ငါ မပြောချင်တော့ဘူး။ ငါအခုလာတဲ့ကိစ္စကိုပဲပြောချင်တယ်"

"ပြောပါ အစ်ကိုကြီး၊ ကျွန်တော်တို့ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်ပေးစရာမလိုဘူး။ အခု ငါလာတာ မင်းတို့နဲ့လာနေချင်လို့ကွ။ အဲဒါခွင့်လာတောင်းတာ။ မင်းတို့ခွင့်ပြုနိုင်ကြမလား"

"ဟာ-အစ်ကိုကြီးနေချင်ရင်ရပါတယ်။ လာပါ အစ်ကိုကြီး ခွင့်ပြုပါတယ်ဗျာ"

ဟု ဦးဘဖေကပြောသည်။

ထိုအခါ တစ္ဆေက အခွင့်အရေးတစ်ခုတောင်းဆိုသည်။

"မင်းတို့ဆီက ငါကတိတစ်ခုတောင်းမယ်။ ငါမင်းတို့နဲ့လာနေရင် ငါ့ကို မရိုက်ပါဘူးလို့ ကတိပေးပါ"

"ဟာ-အစ်ကိုကြီးပဲဟာ ဘယ်ရိုက်လို့ဖြစ်မလဲ၊ မရိုက်ပါဘူးဗျာ"

"ဒါဖြင့်ရင် ငါတပေါင်းလမှာလာမယ်"

တစ္ဆေက ရက်ချိန်းပေးလေ၏။

ဦးဘဖေနှင့်တစ္ဆေစကားပြောနေချိန်မှာ ပန်းတနော်သဘော်က ဥသြဆွဲပြီး ခန္ဓဲ့ကဘိုရွာသို့ဝင်လာသည်။

ထို့ကြောင့် တစ္ဆေက -

"သဘော်လာနေပြီ၊ ငါဒီသဘော်နဲ့လိုက်သွားမယ်၊ ငါသွားဦးမယ်"

ဟု ဆိုကာ ထွက်ခွာသွားပါတော့သည်။

■ လူဝင်စားလေးမောင်အေးနိုင်

ထိုတစ္ဆေဝင်ပူးသည့်အကြောင်းကို ဦးအေးနိုင်ဘဝအရောက်မှာ လုံးဝမမှတ်မိချေ။ ဦးဘဖေ၊ ဒေါ်သော်တို့ကပြန်ပြောပြ၍ ဦးအေးနိုင်သိရှိရသည်။

တစ္ဆေဝင်ပူးပြီး ပြောသွားသည့်အတိုင်းတပေါင်းလတွင် ဒေါ်သော် ပဋိသန္ဓေလွယ်ရလေသည်။ နေ့စေ့လစေ့ဖြင့် မောင်အေးနိုင် လူ့ဘဝသို့ရောက်၏။ တစ္ဆေစကားအရ ဦးနေကျော်ဘဝကူးပြောင်းသော ဦးအေးနိုင်ဘဝမရောက်မီကြားကာလ၌ ခေတ္တတစ္ဆေဘဝဖြစ်ခဲ့ရသည်။ (၆) လခန့်ကြာသည်။

တစ္ဆေဆိုသည်မှာ စတုမဟာရာဇ်နတ်အမျိုးအစား၌ပါဝင်သည်။ အနိမ့်စား ဝိနိပါတိကနတ်တစ်မျိုး ဖြစ်သည်။ ပရဒတ္တူပဇီဝိတပြိတ္တာဟု ကျမ်းဂန်၌အဆိုရှိသည်။ ပြိတ္တာလေးများသည် လူနှင့်အနေနီး၏။ လူတွေက ကုသိုလ်ပြုလုပ်ပြီးအမျှပေးဝေသောအခါ သာဓုခေါ်နိုင်ပါသည်။ အမျှရနိုင်ပါ၏။ ထို့ကြောင့် လူပြန်ဖြစ်ရန် လွယ်ကူပါသည်။

လူတို့နှင့် အနေဝေးသောတောတောင်များမှာ ဆင်းရဲဒုက္ခခံနေကြရသည့် ပြိတ္တာကြီးများတို့သည်ကား လူပြန်ဖြစ်ရန် လွယ်ကူတော့မည်မဟုတ်ချေ။

ဦးနေကျော် တစ္ဆေဘဝရောက်ရှိစဉ်က ဒေါ်သော်ကိုဝင်ပူးကာသုံးလကြာလျှင်လာခဲ့မည်ဟုပြောသည်ကိုထောက်ရှု၍ တစ္ဆေတို့သည် သူတို့၏သက်တမ်းကို ကြိုသိနိုင်ပုံရလေ၏။ ကျမ်းဂန်များထဲမှာ အထောက်အထားရှိကြောင်း ဦးအေးနိုင်ကဆိုပါသည်။ ကျမ်းဂန်ထဲ၌ တစ္ဆေတို့သည် ကမ္မဇရုပ်တန်ခိုးဟုခေါ်သည့် ကံကြောင့်ပါလာသော တန်ခိုးလေးများရှိလေ၏။ ထို့ကြောင့် တစ္ဆေတို့သည် ကိုယ်ပျောက်နိုင်ကြ၏။ ကိုယ်ထင်ပြနိုင်ကြ၏။

ကမ္မဇရုပ်တန်ခိုးဖြင့် တစ္ဆေတို့သည် သေရမည့်ရက်ကို ကြိုသိနိုင်သည်။ နတ်ပြည်မှနတ်သားများ စုတေခါနီး၌ နိမိတ်ထင်သည့်ပုံသဏ္ဍာန်ထင်လာသည်များရှိနိုင်ပါသည်။ ဦးအေးနိုင်ကို တပေါင်းလ၌ သန္ဓေတည်၏။ ၁၂၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်နေ့၌ မွေးဖွားပါသည်။ စကားပြောတတ်စအရွယ်၌ ကရင်စကားလိုလို၊ မြန်မာစကားလိုလိုပီပီမသဖြစ်နေ၏။ (၂) နှစ်သားခန့်ရောက်သောအခါမှ မြန်မာစကားကို ပီပီသသပြောနိုင်၏။

စကားပီသစွာပြောဆိုနိုင်သည်နှင့်-

"အမေ၊ ဂုံမင်းမှာ ကျွန်တော့်အိမ်ရှိတယ်။ ကျွန်တော့်သားသမီးတွေလည်းရှိတယ်။ ကျွန်တော့်ကို ဂုံမင်းပို့ပေးပါ"

ဟု စတင်ပြောကြားသည်။

ဦးဘဖေ၊ ဒေါ်သော်တို့က ဦးနေကျော်မှလူဝင်စားဖြစ်လာသည်ကို တစ္ဆေဝင်ပူးပြီးပြောထားသည့်စကားအရ ကြိုတင်ရိပ်စားမိထားကြပါ၏။ မောင်အေးနိုင်လေးသည် ကရင်ကြီးဝင်စားတာပဲဟု မှတ်ယူပြီးဖြစ်ပါ၏။ မောင်အေးနိုင်ကလေး၏ရုပ်ရည်သည် အခြားမောင်နှမများကဲ့သို့ မြန်မာရုပ်ရည်သီးသီးတော့မဟုတ်ချေ။ ကရင်ရုပ်သွင်တောင်းကောင်းဆင်တူလျက်ရှိနေပါ၏။ ဦးအေးနိုင်သည် အတိတ်ဘဝကိုမည်သို့သိလေသနည်း။

ဦးအေးနိုင်သည် ဦးနေကျော်ဘဝကတည်းက ကုသိုလ်ပြုတိုင်းဘဝပြောင်းကိုပြန်ဖြစ်ရပါလို၏အဓိဋ္ဌာန်ဆုတောင်းခဲ့ပါသည်။ ဦးအေးနိုင်မှတ်မိပါသည်။ ဇာတိသရဉာဏ်ရသည်ဟု ခေါ်နိုင်ပါသည်။ အကြောင်းအရာတို့သည် မနေ့တစ်နေ့ကဖြစ်ပျက်ခဲ့သလို ပြန်ပြန်မြင်နေရပါတော့သည်။ ဦးအေးနိုင်သည် မောင်အေးနိုင်အရွယ်ကတည်းက ဘဝဟောင်းမှ မိသားစုနှင့်တွေ့ဆုံပုံကိုတင်ပြပါမည်။

■ ဘဝဟောင်းကမိသားစုနှင့်တွေ့ဆုံပွဲ

မောင်အေးနိုင်သည် ထိုအချိန်မှစ၍ ဂုံမင်းရွာသို့ပို့ပေးရန် မိဘများကို အမြဲပူဆာနေပါတော့သည်။ လူကြီးမိဘများက သူ့ကို ဂုံမင်းရွာသို့လိုက်မပို့ပေးချေ။ မောင်အေးနိုင် (၃) နှစ်သားအရွယ်ရောက်မှသာ ဘဝဟောင်းမှမိသားစုတို့နေထိုင်သော ဂုံမင်းကျေးရွာသို့လိုက်ပို့ပေးဖြစ်ကြပါသည်။

ခန္ဓဲ့ကဘိုမှ သားအမိသားအဖ (၃) ယောက်တို့ လှေကလေးဖြင့် ခရီးစတင်ထွက်ခွာလာသည်။ လှေလေးကို ပျော်ရွှင်စွာလှော်လာကြသည်။ လမ်းခရီးမြင်မြင်သမျှတို့ လှပနေကြကုန်လေ၏။ ဒီခရီးစဉ်မှာ မောင်အေးနိုင်လေးမြူးကြွနေပါ၏။ ထိုခရီးလမ်းကို အရင်ဘဝက အခေါက်ခေါက်အခါခါသွားလာဖူးသည်ကိုမောင်အေးနိုင်လေးမှတ်မိနေပါသည်။ ဂုံမင်းရွာသို့ ရောက်လာသောအခါတွင် မောင်အေးနိုင်လေးသည် ဝမ်းသာအားရ လှေပေါ်မှ လက်ညှိုးတထိုးထိုးဖြင့် -

"ဟာ-ငါ့အိမ်လွန်သွားပြီ၊ ငါ့အိမ်က ဟိုအိမ်"

ဟု ဆိုကာ ဦးနေကျော်အိမ်ကို လက်ညှိုးထိုးနေပါတော့သည်။

ဦးနေကျော် ရေဆင်းတံတားမှာ လှေကလေးကိုရပ်ပြီး တံတားတိုင်မှာပဲ လှေကြိုးချည်လိုက်ပါသည်။ လှေပေါ်မှ ရှေ့ဦးစွာဆင်းလာသူကား မောင်အေးနိုင်တည်း။ သူ၏ခြေလှမ်းတို့သွက်လက်နေ၏။ မောင်အေးနိုင်ဦးဆောင်ကာအိမ်ဆီသို့သွားကြပါတော့သည်။ ထိုအချိန်၌ ဦးနေကျော်၏သမီး(၄)ယောက်အနက် အငယ်ဆုံးတစ်ယောက်သည် တရုတ်အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျနေပြီး အိမ်ခွဲနေကြသည်။ ကျန်သမီး (၃) ယောက်တို့မှာ အပျိုကြီးဘဝဖြင့် အိမ်ကြီး၌ ဆက်လက် နေထိုင်လျက်ရှိကြပါ၏။ သား (၃) ယောက်တို့သည်လည်း အိမ်ထောင်အသီးသီးကျကာ အိမ်ခွဲလျက် သီးသန့်နေထိုင်ကြပါသည်။

မောင်အေးနိုင်လေးသည် သမီးတို့၏နာမည်များကိုခေါ်လျက် အိမ်ပေါ်သို့ဦးဆောင်တက်လာခဲ့သည်။ [illegible] နာမည်များကိုခေါ်လျက် အိမ်ပေါ်တက်လာသောကလေးလေးကို [illegible] အံ့အားသင့်နေကြပါသည်။

"ဟဲ့-နင်တို့ငါ့ကိုမမှတ်မိတော့ဘူးလား၊ ငါဟာ နင်တို့အဖေ ဦးနေကျော်လေ"

ဟု ဆိုကာ ဦးနေကျော်ထိုင်နေကျနေရာ၌ အခန့်သားဝင်ထိုင်လိုက်ပါတော့သည်။ မောင်အေးနိုင်လေးသည် သမီးတစ်ယောက်စီကို လက်ညှိုးထိုးလျက် -

"ဟဲ့-မနန်းပု၊ နင်က ဆွမ်းချက်ဖို့တာဝန်ယူထားတာ ဆွမ်းမှန်မှန်ကောင်းဖြစ်ရဲ့လား။ မမန်းရွှေ နင်ကဈေးဝယ်ပြီး ချက်ပြုတ်တဲ့ဘက်ကတာဝန်ဆက်ယူနေတာလား။ မနန်းငွေကော အိမ်သန့်ရှင်းရေးလုပ်ပြီး အဝတ်မှန်မှန်လျှော်ဖွပ်ရဲ့လား"

အထက်ပါအတိုင်း သမီးတစ်ယောက်စီ၏ ထူးခြားချက်များကို ပြောပြလိုက်သောအခါ သမီး (၃) ယောက်တို့က ယုံကြည်သွားကြ၏။ ထိုအခါမှ သမီးတို့က မောင်အေးနိုင်လေးကို အဘ အဘ ဟုခေါ်ကြလေကုန်၏။ မောင်အေးနိုင်လေးက ဆက်လက်အမိန့်ပေးပြန်သည်။ ကျန်သားသမီးတို့ကို [illegible] အရောက်ခေါ်ပေးရန်ဖြစ်၏။မောင်အေးနိုင်၏အမိန့်အတိုင်း လူလွှတ်ပြီးခေါ်ခိုင်းလိုက်ကြပါ၏။ သားတွေသမီးတွေက အံ့ဩတကြီးနှင့် လိုက်လာကြပါသည်။ မောင်အေးနိုင်က သားနှင့် သမီးတို့၏ အမည်နာမကို မှန်ကန်စွာခေါ်၍ -

"ဟဲ့-မောင်ပန်းသာ မင်းကခေါင်းခဏခဏမူးတတ်တယ်။ခုကော မူးသေးလား"

စသည်ဖြင့် သူတို့၏ထူးခြားချက်များကို ထုတ်ဖော်ပြောလိုက်သောအခါ သူတို့အားလုံး စိတ်ချစွာဖြင့် ယုံကြည်သွားကြလေကုန်၏။

သမီးများဘက်သို့လှည့်၍ -

"ငါ့ပိုးဘောင်းဘီ(၃)ထည်နဲ့ [illegible] ဘောင်းဘီ (၄) ထည်ရှိသေးလား၊ နင်တို့ဘာလုပ်လိုက်လဲ"

ဟု မေးလိုက်သောအခါ -

"အဘဆုံးပြီးကတည်းက ဘုန်းကြီးကျောင်းကို အကုန်လှူလိုက်ပြီ"

ဟု သမီးတို့က ပြောကြ၏။ သားတွေဘက်က [illegible]

"ဟေ့ - [illegible] ပင်ရင်းမှာ ငါ [illegible] တာ [illegible]"

"ဟင့်အင်း-ကျွန်တော်တို့မသိဘူး"

ဟု သား (၃)ယောက်တို့ကပြောကြားသည်။

■ ဦးနေကျော်ဖြစ်ကြောင်း သက်သေပြဘီသကဲ့သို့

မောင်အေးနိုင်လေး အိမ်နောက်ဘက်ဆီသို့ ဆင်းသွားလေ၏။ ကလေးလေး၏နောက်သို့ လူကြီး (၃) ယောက် (ဦးနေကျော်၏သားများ) ပေါက်တူး၊ ဂေါ်ပြားကိုင်ကာလိုက်ပါသွားကြသည်။ သရက်ပင်အောက်သို့ရောက်သောအခါ ကလေးလက်ညှိုးညွှန်ရာဆီသို့ လူကြီးများက မြေကြီးပေါက်တူးဆွကြကုန်၏။ အမှန်ပင် စဉ့်အိုးလေးတစ်လုံးတူးဖော်ရရှိကြသည်။

စဉ့်အိုးထဲမှ လက်ဝတ်လက်စားစိန်ရွှေရတနာများတွေ့ရှိရသည်။

သားသမီးတို့သည် သူတို့အဘမှန်ကန်ကြောင်း သိရှိရ၍ လည်းကောင်း၊ ဥစ္စာပစ္စည်းရရှိ၍ သော်လည်းကောင်း၊ ဝမ်းသာပြီးရင်း ဝမ်းသာရင်း ဖော်မပြနိုင်လောက်အောင် ဝမ်းသာနေကြရသော မင်္ဂလာနေ့လေးပါတကား။

သမီးလေးယောက်တို့က -

"အဘ၊ အဘ ဟိုတုန်းကအဘညောင်းလို့ ခဏခဏနှိပ်ပေးရတယ်။ အခုခြေဆင်းပေဦးလေ နှိပ်ပေးမယ်"

ဟု ဆိုသောအခါ မောင်အေးနိုင်လေးက ခြေဆင်းပေးလေ၏။

"အေး - နှိပ်ကြ နှိပ်ကြ"

ဟု ပြောပြီး ပြုံးပြုံးကြီးနှင့်အနှိပ်ခံနေပါတော့သည်။ ဘေးလူများအမြင်ဝယ် (၃) နှစ်သားလေးကို လူကြီးတွေက ဝိုင်းနှိပ်နေကြတော့ ရယ်စရာဖြစ်နေကြ၏။

တစ်ခါမြေးတွေကလည်း -

"ဘိုးဘိုးကိုနှိပ်ပေးမယ်"

ဆိုပြီး ဝိုင်းနှိပ်ကြပြန်သည်။ မြေးဟုဆိုသော်လည်း မောင်အေးနိုင်ထက် သက်ရွယ်ကြီးရင့်သူများသာ ဖြစ်ကြပါ၏။ ရယ်စရာအလွန်ကောင်းလေ၏။

နောက်တစ်နေ့တွင် တရုတ်လူမျိုးနှင့်အိမ်ထောင်ကျသော သမီးငယ်က သူတို့အိမ်ဆီကို မောင်အေးနိုင်လေးအားအလည်ခေါ် သွားကြသည်။ သူတို့ကအရက်ရောင်းသည့်စီးပွားရေးလုပ်ငန်းဖြင့် ကြီးပွားနေကြသူများဖြစ်ကြပါသည်။

သမီးက -

"အဘ ဟိုတုန်းက အဘအရက်တစ်ခါလေသောက်တယ်မဟုတ်လား။ အခုသောက်ပါဦးလား"

"ဟာ - မလုပ်ပါနဲ့။ ဒီဘဝမှာငါမသောက်တော့ဘူး။ ငါနားလည်လာပြီ"

ဟု ဆိုကာ မောင်အေးနိုင်အရက်အနည်းငယ်သောက်လိုက်ပါသည်။ ထိုအရက်အနည်းငယ်၏အရှိန်သည် မောင်မအေးနိုင်ခေါင်းမထူနိုင်အောင်မူးစေပါတော့၏။ (၃) နှစ်သားလေးအရွယ်သည် အလွန်ငယ်လေရကား အရက်ဒဏ်ကို ဘယ်ခံနိုင်ပါမည်လဲ။ ထိုတစ်နေကုန် မောင်အေးနိုင်မူးနေပါတော့သည်။

မောင်အေးနိုင်သည် ဂုံမင်းရွာတွင် ရက်အနည်းငယ်နေပြီးနောက် ခန္ဓကဘီရွာသို့ ပြန်ရမည်ဖြစ်လေ၏။ သမီးအပျိုကြီး (၃) ယောက်တို့သည် မောင်အေးနိုင်လေးကို လွန်စွာချစ်ကြလေရာ-

"အဘသမီးတို့နဲ့အမြဲနေပါ"

ဟု ပူဆာကြလေ၏။

"ငါစာသင်ရဦးမယ်၊ ပြီးတော့လာနေပါ့မယ်"

ဟု ပြောဆိုခဲ့ကာ မောင်အေးနိုင်လေးသည် သမီးတို့နှင့်အတော်ခဲခဲယဉ်းယဉ်းခွဲခွာခဲ့ကြရရှာလေသည်။ ထိုတစ်ခေါက်အလည်အပတ်ရောက်ခဲ့ပြီးနောက် မောင်အေးနိုင်လေးသည် ဂုံမင်းရွာတစ်နှစ်တစ်ခေါက်နှစ်စဉ်မှန်မှန်လည်ရောက်လေ့ရှိပါ၏။

■ ဦးနေကျော်ဘဝက သားသမီးအားလုံးကွယ်လွန်

မောင်အေးနိုင်သည် ဦးဘဖေ၊ ဒေါ်သော်တို့နှင့် သံ့ဆန္ဒအတိုင်းပျော်ရွှင်စွာနေထိုင်ခဲ့ရပါသည်။ မိဘနှစ်ပါးတို့ကလည်း မောင်အေးနိုင်လေးကို ရိုက်နှက်ဆုံးမမှုလုံးဝမရှိချေ။ မောင်အေးနိုင် (၁၅) နှစ်သားအရွယ်တွင် (၇) တန်းအောင်ပါသည်။ ထိုနှစ်တွင် ရှင်ပြု၍ ကိုရင်ဆီးသည်။ ကိုရင်ဘဝနှင့်လူမထွက်ဖြစ်တော့ဘဲ ကာလအတန်ကြာ ကိုရင်ဝတ်နှင့်မြဲခဲ့ပါ၏။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်တွင် ပထမတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်လေ၏။ စာဆက်သင်ဖြစ်ပါသည်။ ၁၃၀၂ ခုနှစ်တွင် ပထမတန်းအောင်သည်။ နောင်နှစ်မှာ ပထမလတ်တန်းအတွက် စာသင်ရင်း တစ်ဖက်ကလည်း ပထမတန်းဖြေဆိုကြမည့် ကိုရင်ငယ်များကို စာချပေးနေရ၏။

ထိုနှစ်တွင် ဂုံမင်းရွာသို့အလည်သွားဖြစ်ပါသည်။

ဂုံမင်းရွာတွင်သမီးလတ်နှစ်ယောက်သားနှစ်ယောက်နှင့် မြေးများသာကျန်ရှိတော့သည်။ ကိုရင်သည် ဂုံမင်းရွာသို့အလည်သွားခိုက်မှာ ဦးနေကျော်ဘဝက ဆောက်လုပ်လှူဒါန်းခဲ့သည့် ဘုန်းကြီးကျောင်း၌တည်းခိုခဲ့ပါသည်။ သမီးတို့က ဆွမ်းအုပ်လာပို့ပေးကြပါသည်။ ထိုဘုန်းကြီးကျောင်း၌ ဦးနေကျော်ဘဝကလှူဒါန်းထားသော တိပိဋကတကျမ်းစာအုပ်များကိုလည်း တွေ့ရှိနိုင်ပါသေးသည်။

ကိုရင်ဘဝဖြင့် စာကြိုးစားရင်း ရဟန်းဘဝသို့ တက်လှမ်းခဲ့ပါသည်။ မောင်အေးနိုင် ရဟန်းဘဝသို့ရောက်ရှိချိန်တွင် ဂုံမင်းရွာရှိ သားသမီးတို့ကိုစုံစမ်းကြည့်ရာ သားသမီးအားလုံးကွယ်လွန်ကုန်ကြပြီ ဖြစ်ပါသည်။ မြေးများသာကျန်ရစ်ခဲ့ကြပေတော့သည်။ တွေ့ဆုံကြုံကြိုက်လောကမမြဲတာသခါရတရားသဘောကိုမလွန်ဆန်နိုင်ကြကုန်သော သားသမီးတို့ မရှိကြတော့ပြီ။

ထိုအချိန်မှစ၍ မောင်အေးနိုင်သည် ဂုံမင်းရွာနှင့်အဆက်ပြတ်သွားပါတော့သည်။ ဦးနေကျော်ဘဝဖြင့် ကျောင်း၊ ဘုရား၊ ရေတွင်း၊ ရေကန်များ လှူဒါန်းခဲ့သည့် အကျိုးကျေးဇူးများကို ယခုဘဝ (ဦးအေးနိုင်ဘဝ) တွင် ခံစားဖြစ်ခဲ့ပါသည်။ ဒါနပြုခဲ့သူသည် ဘောဂသမ္ပတ္တိဆိုသောဥစ္စာစီးပွားနှင့်ပြည့်စုံခြင်းဟူသောအကျိုးကို အစဉ်အမြဲခံစားရတတ်သည်။

ဦးအေးနိုင်ဘဝတစ်လျှောက်လုံး အနေဖြင့် ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံခံစားရခြင်းမရှိပါ။ ကျောင်းလှူဒါန်းရသည့်အကျိုးကြောင့် ရောက်လေရာရာ အရပ်တိုင်းတွင် နေရာထိုင်ခင်းပြည့်စုံမှုများဖြင့်သာ တွေ့မြင်ရသည်။ ရဟန်းဘဝက ခေတ်မီကောင်းမွန်သောကျောင်းများ၌သာ သီတင်းသုံးခဲ့ရပါ၏။ ကျောင်းလှူဒါန်းလိုသည့် ဒါယကာ၊ ဒါယိကာမများနှင့် ဆုံတွေ့ခဲ့ဖူးပါ၏။ သို့သော် ရဟန်းဦးအေးနိုင် လုံးဝလက်မခံခဲ့ချေ။

ထို့နောက် ရေတွင်းရေကန်လှူခဲ့ရသောအကျိုးကြောင့် သောက်ရေသုံးရေပြည့်စုံသော စိမ်းလန်းစိုပြည်သည့်အရပ်များ၌သာ အမြဲတမ်း သီတင်းသုံးခဲ့ရပါသည်။

ဦးအေးနိုင်သည် ဦးနေကျော်ဘဝက ပိဋကတ်သုံးပုံလှူဒါန်းခဲ့သူဖြစ်သည်။ ထို့ကြောင့် ယခုဘဝဦးအေးနိုင်ဘဝတွင် ပညာထူးချွန်သောပုဂ္ဂိုလ်လည်းဖြစ်ခဲ့ရပါသည်။ ဦးအေးနိုင်သည် ပိဋကတ်စာပေများကိုလေ့လာရာတွင် ပေါ့ပေါ့ပါးပါးရှိသည်။ ဖျင်းရိငြီးငွေ့ခြင်းအလျှင်းမရှိချေ။ ပိဋကတ်စာပေများကိုမြင်လွယ်သိလွယ်သည်။ ပညာဆင်ခြင်ဉာဏ်ကြီးမားလေ၏။

၁၃၁၁ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲကို အောင်မြင်ပါသည်။ ထို့နောက် နောင်နှစ်တွင် စေတီယင်္ဂဏဓမ္မာစရိယစာမေးပွဲကို အောင်မြင်ပြန်၏။ ထိုစာမေးပွဲ၌ အဋ္ဌကထာပြန်အကျော်ရွှေတံဆိပ်ဆုကိုရရှိခဲ့၏။ ဦးအေးနိုင်သည် ဘွဲ့အကြောင်းကိုလည်း ရရှိထားသူဖြစ်ပါ၏။

■ ဘီအေဘွဲ့ရရှိခဲ့ပုံများ

နိုင်ငံခြားသာသနာပြုရန်ရည်ရွယ်ချက်ဖြင့် ကျောင်းစာများကို ကိုယ့်ဘာသာလေ့လာပြီး အစိုးရစာမေးပွဲကိုဝင်ဖြေရာ ၁၉၅၃ ခုနှစ်၌ မက်ထရစ်အောင်မြင်သည်။ ၁၉၅၇ ခုနှစ်တွင် ဥပစာတန်းကို အောင်မြင်ခဲ့ပါသည်။ ထို့နောက် တက္ကသိုလ်စာများကို ဖြတ်ထားလိုက်သည်။

၁၉၆၅ ခုနှစ်ကျမှ ဘီအေဘွဲ့ရရှိပါသည်။

ဦးနေကျော် ကွယ်လွန်ပြီး ဦးအေးနိုင်ဘဝမရောက်မီ ကြားကာလ (၆) လခန့်ကာ အစ္စေဘဝခေတ္တရောက်ခဲ့ရသည်မှာလည်း အကုသိုလ်နှင့်မကင်းသောအလုပ်ကို စီးပွားရေးအလုပ်အဖြစ် လုပ်ကိုင်ခဲ့သောကြောင့်ဟုလည်း ယူဆနိုင်ပါ၏။ ဦးနေကျော်ဘဝက အင်းလုပ်ငန်း၌ ကိုယ်တိုင်လက်ရောက်လုပ်ကိုင်ခဲ့သည်တော့မဟုတ်ပါ။

ပါဏာတိပါတကံမြောက်သည်ထိ လုပ်ကိုင်ခြင်းမပြုခဲ့၊ အကုသိုလ်လုပ်ငန်းအနေဖြင့်သာ တွဲဖက်ပါဝင်ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။ ကိုယ်တိုင်လက်ရောက်မလုပ်ကိုင်ခဲ့သည်မို့ အတန်ငယ်သက်သာသွားသည်ဟု ဆိုနိုင်သည်။ ကုသိုလ်အဟုန်တို့၏ ဖေးမမှုကြောင့်လည်း ပါသည်။

ယခု ဦးအေးနိုင်ဘဝတွင် သူ၏ခန္ဓာကိုယ်သည် ညီအစ်ကိုများကဲ့သို့ ထွားထွားကျိုင်းကျိုင်း ထောင်ထောင်မောင်းမောင်းမရှိခဲ့ပါ။ သေးသေးညှက်ညှက်ဖြစ်နေပါ၏။ ငယ်စဉ်ကအရမ်းချူချာသည်။ ထိုအကုသိုလ်ကံ၏ အကျိုးဆက်များဟူ၍လည်း ယူဆစရာအကြောင်းရှိနိုင်ကောင်း၏။

သို့သော် ခန္ဓာကိုယ်သေးညှက်သည်ထက် ဉာဏ်ပညာကြီးကျယ်ခြင်းကသာ အများကြီးအဖိုးတန်နေပါတော့၏။

ယခုဘဝတွင် ဦးအေးနိုင်သည် ကောင်းမှုကုသိုလ်ကံများကိုသာ တစ်ပုံတစ်ခေါင်းကြီးဖြည့်ဆည်းပေးခဲ့ပါသည်။

မောင်အေးနိုင်အရွယ်ထဲက ကုသိုလ်၊ အကုသိုလ်ကို နားလည်ခဲ့လေရာ မကောင်းမှုဆိုလျှင် ရှောင်ရှားတတ်နေလေပြီ။ မောင်အေးနိုင် (၁၅) နှစ်သားအရွယ် သာမဏေဝတ်စဉ်တုန်းက ကိုရင်ဝတ်နဲ့ (၅) နှစ်၊ ရဟန်းဝတ်ဘဝဖြင့် (၁၉)နှစ် နေထိုင်ခဲ့သူ ဖြစ်ပါ၏။ စာပေကျမ်းဂန်များကို သင်အံလေ့လာ ဆည်းပူးခဲ့ပါသည်။

(၁၀) နှစ်သားအရွယ်မှစတင်၍ သူတစ်ပါးကို ပြန်လည်သင်ကြားဟောပြောပေးနိုင်ခဲ့ပါသည်။ အသက် (၄၀) အရွယ် လေရောဂါဖြင့်းထန်စွာခံစားရရှာသည်။ ရဟန်းဘဝမှလူထွက်ရသည်အထိ ဒုက္ခခံစားရသည်။ လူ့ဘောင်သို့ ပြန်လည်ရောက်ရှိလာသည်။ လူ့ဘောင်တွင် သာသနာအရေးဦးစီးဌာန၌ ကျမ်းပြုတာဝန်ကို ဆောင်ရွက်ခဲ့သည်။

ဦးအေးနိုင်သည် တစ်သက်လုံး ကုသိုလ်အလုပ်များဖြင့်သာတရစပ်ဆက်လုပ်ဖြစ်သွားပါတော့သည်။ ဦးအေးနိုင်၏ ကုသိုလ်အဆောက်အအုံကြီးကား စကြဝဠာမင်းစည်းစိမ်ထက် ကြီးမားသည်ဟုဆိုရလေမလား။ ခြုံငုံသုံးသပ်ကြည့်ပါက ဦးအေးနိုင်၏ အတိတ်ဘဝနှင့် ယခုလက်ရှိဘဝကို ဆက်စပ်ပြီး သကာလ တမလွန်ဘဝရှိသည်ကိုရောကံကံ၏ အကျိုးရှိသည်ကိုပါ စာရှုသူပရိသတ်အပေါင်းတို့က ရှင်းရှင်းလင်းလင်းသိမြင်နိုင်ပြီဖြစ်ပေလိမ့်မည်။

၁၉၈၆ ခုနှစ်၌ ဦးအေးနိုင်အသက်သည် (၆၀)ဝန်းကျင်ရှိပြီဖြစ်သော်လည်း အရွယ်နှင့်မလိုက်အောင် ကျန်းမာရေးအလွန်ကောင်းမွန်လျက်ရှိပါသည်။ ဇနီးဒေါ်အေးသိန်းနှင့် သားသုံးယောက်၊ သမီးတစ်ယောက်တို့နှင့်အတူ ရန်ကုန်မြို့ ဆင်းဒဝစ်လမ်းအိမ်အမှတ် (၇၃-အေ)၌ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားတို့ဖြင့် ချမ်းသာစွာနေထိုင်လျက်ရှိပါသတည်း။

လူဝင်စားဦးအေးနိုင်အကြောင်းကို ရှည်လျားစွာပြောပြနေသော ဆရာကြီးဦးမြင့်သန်း ခေတ္တနားကာ ရေနွေးကြမ်းပူပူကိုမှုတ်သောက်နေသည်။ ဆရာကြီးအနားယူနေသည်ကို အလိုက်သိစွာဖြင့် ကျွန်ုပ်ပါ ရေနွေးကြမ်းငုံသောက်ဖြစ်သွားသည်။

"ဦးအေးနိုင်ရဲ့ကုသိုလ်အလုပ်တွေကို အားကျစရာတကယ်ကောင်းတယ်နော် ဆရာကြီး"

"သူ့ရဲ့ဘာသာရေးကိုလေးစားတာရော အကုသိုလ်ကင်းရှင်းပြီး ကုသိုလ်ကောင်းမှုများကိုသာ [illegible] ကြိုးစားလုပ်ကိုင်သွားတာ [illegible] တွေပဲပေါ့"

"[illegible] ကမ္ဘာနိယာမနဲ့ [illegible] မရှင်းလင်းသေးတဲ့ ဗုဒ္ဓဘာသာဝင်တွေ အချို့ကိုပါ အမြင်ရှင်းလင်း[illegible] သာဓုပါ ဆရာကြီး"

"ကိုမြင့်အောင် [illegible] ဟုတ်ပါတယ်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်ကနေ ကျွတ်လွတ်စေနိုင်ပြီးစစ်မှန်တဲ့ဗုဒ္ဓဘာသာဝင်အဖြစ်ကနေ ကျွတ်လွတ်စေနိုင်ပြီး စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်များဖြစ်နိုင်ကြပါစေ"

"ဒါနဲ့ ဆရာကြီး၊ အတိတ်ဘဝကို ပြန်လည်သိမြင်လိုကြောင်း ဆုတောင်းခဲ့တာ။ သူ့ဆုတောင်းတကယ်ပြည့်တယ်နော်။ အဲဒီလိုဆို ဆရာကြီးရယ်၊ ဘာလိုချင်လိုချင်ဆုတောင်းလို့ရတယ်ပေါ့"

"အလကားတော့ဘယ်ရမလဲဗျာ။ ကျောင်းတုန်းကဆရာတစ်ယောက်ပြောသလိုပေါ့။ 'လိုတာကိုရမည်၊ သို့သော် တန်ဖိုးကိုပေးပါ' ဆိုသလိုပါပဲလေ။ ဒီလိုဗျာ သူ့ရဲ့အဓိပ္ပာယ်ကို ရှင်းပေးရရင် မိမိလိုချင်တာနဲ့တန်တဲ့တန်ရာတန်ကြေးပေးရပေမပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဆရာကြီး။ဘာကိုမှအလကားမရပါဆိုတာကိုလည်းနားလည်သင့်ပါရဲ့"

"ဟုတ်ပါ့ဗျာ၊ မှန်တယ်ဗျာ၊ ကမ္ဘာနိယာမအရပြောမလား၊ ပဋိစ္စသမုပ္ပါဒ်နဲ့ဆိုမလား (၃၁) ဘုံသား လူသားတွေကူးပြောင်းရင်း ပြီးခဲ့တဲ့ အတိတ်ဘဝပြန်ပြောနိုင်သူဟာ ဇာတိဿရပုဂ္ဂိုလ် (သို့) လူဝင်စားတွေရှိခဲ့ဖူးကြောင်း အထောက်အထားတွေနဲ့ တွေ့မြင်နိုင်တယ်လေ။ တစ်ဘဝပြီးတစ်ဘဝကူးကြတယ်။ ဖဲဒီအထဲမှာ လူဝင်စားပါလာတတ်တာပေါ့။ ဘုရားဟောနဲ့လွဲမလားဗျာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီး ဦးမြင့်သန်းနှင့် ကျွန်ုပ်သည် အရသာရှိသော လက်ဖက်ရည်နှင့် ရေနွေးကြမ်းတစ်အိုးကုန်ပြီးနောက်တွင် စကားသတ်လိုက်ကြ၏။ တစ်ဦးကိုတစ်ဦး နှုတ်ဆက်လိုက်ကြပါ၏။

မင်္ဂလာနံနက်ခင်းမှာ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံနေပါတော့သည်။

[illegible]

အောင်မြင့်ခွန်း ([illegible])

နိမိတ်ဖတ်ခြင်းကို 'အယူတော်မင်္ဂလာပညာ'ဟုခေါ်သည်။ လူသားတွင် ဖြစ်ခြင်းနှင့် ပျက်ခြင်းနှစ်မျိုးရှိသည်။ ဖြစ်ခြင်းအတွက် နိမိတ်ရှိသလို ပျက်ခြင်းအတွက်လည်း နိမိတ်ရှိသည်။ အယူတော်မင်္ဂလာခေါ် နိမိတ်ဖတ်ခြင်းသည် ဗေဒင်လက္ခဏာပညာတို့ကဲ့သို့ ကြိုတင်ပြောနိုင်သောပညာရပ်တစ်ခုဖြစ်သည်။ မြန်မာတွင် အယူတော်မင်္ဂလာဦးနိုးနှင့် အတုလဆရာတော်ခင်ကြီးဖျော်တို့သည် အယူတော်မင်္ဂလာပညာရှင်များအဖြစ် သမိုင်းတွင်ထင်ရှားခဲ့ကြသည်။

နိမိတ်နှင့်စပ်လျဉ်းသော မြတ်ဗုဒ္ဓတွေ့ရှိသောနိမိတ်ကစတင်ပြောရပါလိမ့်မည်။ သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့ ညဉ့်ဦးယံတွင် ဘုရားအလောင်းသည် အိမ်မက်သုံးခုကိုမြင်မက်တော်မူခဲ့သည်။ ပထမအိမ်မက်သည် ချက်တော်မှနေ၍ မြက်ပင်တစ်ပင်ပေါက်လာကာ ဗြဟ္မာပြည်အထိ ထိုးဖောက်ရောက်ရှိသွားသည်။ ဒုတိယအိပ်မက်ကမူ မစင်တောင်ကြီးပေါ်တွင် လျှောက်သွားနေခဲ့သော်လည်း မစင်တစ်စက်မျှပေကျံခြင်းမရှိဟူသော အိပ်မက်ဖြစ်သည်။ တတိယအိပ်မက်က ခေါင်းတော်သည် မြောက်စကြဝဠာတံတိုင်းကို ခေါင်းအုံးပြုလျက် ခါးအောက်တွင် မြင်းမိုရ်တောင်ရှိနေကာ ခြေတော်များက တောင်စကြဝဠာတံတိုင်းပေါ်တင်ထားသည်ဆိုသောအိပ်မက်ပင် ဖြစ်သည်။ ဘုရားအလောင်းတော်သည် တစ်ပါးတည်းစံမြန်းနေခိုက်ဖြစ်ရာ မည်သူ့ကိုမျှ မေးရန်မရှိဘဲ မိမိဘာသာပင် ဤအိပ်မက်နိမိတ်ကို အဓိပ္ပာယ်ဖော်ခဲ့ရသည်။ ဤအိပ်မက်သုံးပါးနိမိတ်အရ ငါသည် ယနေ့ပင် ဘုရားကြီးဧကန်ဖြစ်လတ္တံ့ဟုသုံးသပ်တော်မူခဲ့သည်။

(ဗန်းမော်ဆရာတော်ကြီး၏
ဓမ္မစကြာတရားတော်။
ကံမြင့်ဓမ္မာရုံ၊ ရန်ကုန်မြို့)

အယူတော်မင်္ဂလာဦးနိုးကိုကိုယ်ဝန်မရှိခင်၌ မိခင်က ထူးခြားသောအိပ်မက်မက်သည်။ အိပ်မက်ထဲတွင် ပုဏ္ဏားတစ်ယောက်သည် တစ်ဖက်က ခရုသင်းကိုမှုတ်၊ တစ်ဖက်က သပြေပန်းတစ်စည်းကိုင်ကာ အိမ်ထဲဝင်လာခဲ့သည်။ မိခင်က ဘာကိစ္စရှိလို့ပါလည်းဟု မေးသော် မိမိသည် ကောဏ္ဍညပုဏ္ဏားမျိုးဖြစ်ကြောင်း၊ အသက်(၁၉)နှစ်တွင် မင်းတိုင်ပင်အမတ်ရာထူးပေးမည်ဆို၍လာခဲ့ကြောင်းဖြေဆိုသည်။ မိခင်က ယခုအသက်ဘယ်လောက်ရှိပြီလဲဟုမေးရာ (၃၅) နှစ်ဟုဖြေဆိုသည်။ ထိုအခါ မိခင်က ဟင် - ဘယ်လိုလဲ၊နားမလည်နိုင်ပါလားဟုပြောသော် အနာဂတံနေပဇာနာတိ (အနာဂတ်တွင်သိလိမ့်မည်)ဟုပြောကာ မိခင်၏ ဝမ်းဗိုက်ကို ခရုသင်းဖြင့်ဖွင့်၍ အတွင်းသို့ ဝင်သွားသည်ဟု အိပ်မက်မြင်မက်သည်။

ထိုအခါ အိပ်နေရာမှလန့်နိုးကာ ခင်ပွန်းသည်ကိုပြောပြသည်။ ဦးနိုးသည် ရှင်ဘုရင်၏ အတိုင်ပင်ခံအမတ်အဖြစ် အရွယ်ရောက်သောအခါဖြစ်လာခဲ့သည်။

တစ်ရက်တွင် နန်းတော်ကအခေါ်ရှိသည်ဆို၍ ဦးနိုးလာခဲ့သည်။ လမ်းတွင် သတိဖြင့်ကြည့်ရှုလေ့လာခဲ့သည်။ နန်းတော်ရောက်သော် လင်ပန်းတစ်ချပ်ပေါ်တွင် ခွက်တစ်လုံးအုပ်ထားကာ အထဲမှာဘာကောင်ရှိသလဲဟုမေးသည်။ လမ်းမှာ ဝက်မကြီးတစ်ကောင်တွေ့ခဲ့ရာ ခွက်အောက်က ဝက်တော့မဖြစ်နိုင်၊ ဝက်နှင့်တူသည့် ကြွက်ပဲဖြစ်ရမည်ဟုတွေးကာ ကြွက်ဟုဖြေသည်။

မေးသူများက -

"ကြွက်ကတော့ မှန်ပါပြီ။ ဘယ်နှကောင်လဲ"

ဟု ဆက်မေး၏။

ဦးနိုးတွေ့ခဲ့သည်က ဝက်မကြီးနှင့် သားလေးနှစ်ကောင်မို့ -

"သုံးကောင်"

ဟု ဖြေလိုက်သည်။

ဒါတော့မှားပြီ။ ကြွက်က တစ်ကောင်တည်းဆိုကာ အုပ်ထားသောခွက်ကိုလှန်ပြရာ ကြွက်မကြီးနှင့် မွေးခါစကြွက်လေးနှစ်ကောင်ကို တွေ့ရသည်။ အုပ်စဉ်က တစ်ကောင်တည်းအုပ်ထားသော်လည်း နောက်နှစ်ကောင်တိုးနေသည်ကို မေးသူများ [illegible] ဖြစ်ပုံ [illegible] တွင် ကြွက်[illegible]

အတုလဆရာတော်ခင်ကြီးဖျော်ကသာ ခမည်းတော်ကိုခေါ်၍ [illegible] ပြည်တော်သို့တက်လာခဲ့သည်။ [illegible] သစ်ကြီးတစ်ကျောင်းကို တွေ့ရ[illegible] အလှူခံမည်ဟုစိတ်ကူးသည်။ ခမည်းတော်က ကြည့်လည်းလုပ်ပါဦး၊ [illegible] ကွဲနေပါမယ်ဟု ပြောသည်။ [illegible] သော် ဖခမည်းတော်အား စနည်းနာရန် အပြင်လွှတ်လိုက်သည်။ ခမည်းတော်ပြန်လာသော် ဘာများတွေ့ခဲ့သလဲဟု မေးသည်။ ခမည်းတော်က ဘာမှမတွေ့ခဲ့ပါဘူးဟုဖြေသည်။ အပြင်သွားကာပဲ တစ်ခုခုတော့တွေ့တာရှိမှာပါ၊ စဉ်းစားပါဦးဟု ခင်ကြီးဖျော်ကပြောရာ ခမည်းတော်က တွေ့ခဲ့ရတာလား။ တောတော



မင်းဘူး-ဗိုလ်ဥတ္တမ

နိမိတ်ပုံထဲက ကျွန်တော်

စီးစီး မိန်းမတစ်ယောက်ထိုင်ပြီးအပေါ် သွားနေတာပဲတွေ့တယ်ဟု ဖြေသည်။ ခင်ကြီးဖျော်က ဖခမည်းတော်လက်ကို ဆွဲ၍လာဟုဆိုကာ ကျောင်းဒကာထံသွား၍ အလှူခံကာ ကျောင်းကိုရခဲ့လေ၏။

ခင်ကြီးဖျော်က အနာရောဂါ သည်းနေခိုက် တပည့်တစ်ဦးကိုအပြင်သို့ စနည်းနာဖို့လွှတ်သည်။ တပည့်ပြန်လာသော် မိန်းမတစ်ဦးက 'သီဘောသုံးဆယ်' ဟုပြောသံကြားခဲ့ရကြောင်း လျှောက်သည်။ ခင်ကြီးဖျော်က ငါဒီတောင်က မကျော်ပြီဟုပြောသည်။ ဘော - ဗို အချင်းတို့၊ သီ - သီလနှင့်ပြည့်စုံသော၊ ဆယ်- အင်္ဂါသားသည်၊ သုံး- ဖျက်သုဉ်း လတ္တံ့ ဟုအဓိပ္ပာယ်ဖွင့်ပြသည်။ ခင်ကြီးဖျော်က အင်္ဂါသားဖြစ်သည်။ ထိုနေ့မှာပင် ခင်ကြီးဖျော်ပျံလွန်တော်မူသည်။

အယူတော်မင်္ဂလာခေါ် နိမိတ် ပညာတွင် သတိတစ်လုံးက အဓိကဖြစ်သည်။ လောကုတ္တရာတွင် ဤသတိသည် နိဗ္ဗာန်ကိုရစေသည်။ လောကီတွင် ဤသတိသည် အခက်အခဲကိုပြေလည်စေသောအဖြေကိုရစေသည်။

အယူတော်မင်္ဂလာပညာကို ဆရာ ဒေါက်တာနိုင်ပန်းလှ၏ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းတွင်လည်းတွေ့ရ၏။ မဂဒူးသည် ယိုးဒယားသို့ ကုန်ရောင်း သွားသောအထမ်းအဖွဲ့ခေါင်းဆောင်ဖြစ်သည်။ သူ့လူတစ်ယောက်နာဖျားမကျန်းရှိ၍ မဂဒူးက ထိုလူ၏အထမ်းကိုယူထမ်းခဲ့သည်။ တစ်နေရာတွင်မိုးရွာပြီး မဂဒူး၏ထမ်းပိုးကိုမိုးကြိုးပစ်ခံရသည်။ ခဏမျှ မဂဒူး သတိလစ်သွားပြီး သတိရလာသော် မိုးကောင်းကင်တွင် လျှပ်စီးလက်ရာက နန်းတော်ပုံကိုမြင်လိုက်ရသည်။ ထူးခြားသော လက္ခဏာမှန်းသိသဖြင့် ရွာတစ်ရွာတွင်ဝင်၍ နိမိတ်ဖတ်ဆရာကို ဝင်မေးသည်။ နိမိတ်ဖတ်ဆရာက ဤနိမိတ်ကကြီးလှသည်၊ မင်း၏အရပ်နှင့်အညီ ငွေပူဇော်မှဟောနိုင်မည်ဟုပြော၏။ မဂဒူးလည်း အနီးရှိသူ့အရပ်နှင့်ညီသောတောင်ပို့ပေါ်တွင် သင့်တင့်သောငွေကိုတင်၍ ပူဇော်သည်။ နိမိတ်ဖတ်ဆရာက ဤသူငယ်သည် ဉာဏ်ကြီးသည်ဟုတွေးပြီး တစ်နေ့တွင် မင်းဖြစ်မည်၊ အရှေ့ဘက်အရပ်ကိုအခြေပြုဟု ဟောလိုက်၏။ မဂဒူးသည် သောက္ကတမင်းနေပြည်၌ ခစားကာ ဘုရင့်သမီးနှင့် ချစ်ကျွမ်းဝင်သည်။ ဘုရင့်သမီးကို ခိုးပြေးလာကာ ယခုမုတ္တမအရပ်တွင်နန်းစိုက်၍ ဘုရင်လုပ်သည်။ ဘုရင်ဖြစ်သော် ဝါရီရူဘွဲ့ခံရသည်။ ဝါရီရူခမွေသတ်ကို အတည် ပြုခဲ့သည်။

အနော်ရထာမတိုင်မီ ပုဂံခေတ်တွင် စောလူးမင်းရှိခဲ့သည်။ တစ်ညတွင် သူ့အူများ ဗိုက်မှထွက်ကာ ပုဂံနေပြည်တော်ကိုပတ်သည်ဟု အိပ်မက်မက်သည်။ လှေထိုးသွားရင်း လှေထိုးဝါးစူးတွင် ရွှေလင်ပန်းတွေပါလာလေသည်။ ဒါလောက်နှင့်မရဆိုပြီး လှေထိုးသား စောလူးက ရွှေလင်ပန်းတွေကို ရေထဲသို့ ကန်ချသည်။ နောင်တွင် ဘုရင်ဆင်ကျုံးတွင်လုပ်နေရင်း ဘုရင်ကိုလုပ်ကြံကာ စောလူးမင်းဖြစ်လာခဲ့သည်။

မဉ္ဇူဂတိအရေးတော်ပုံတွင်လည်း အတိတ်နိမိတ်၊ တဘောင်၊ စနည်းများအကြောင်းများစွာပါရှိသည်။ ထင်ရှားသော သာဓကတစ်ခုမှာ တစ်ရက်တွင် ဘုရင်စီးသွားသော လှည်းဝင်ရိုးကျိုးသည်။ ဘုရင်က အတိုင်ပင်ခံအမတ်ကိုမေးရာ မည်သည့်ခေတ်၊ မည်သည့်ဘုရင်လက်ထက်တွင် ဤသို့ဖြစ်ခဲ့ဖူးပါကြောင်း၊ ဘုရင်ကစုံစမ်းသော် ဘုရင်၏မိဖုရားငယ်တစ်ပါးသည် အစောင့်ကုလားနှင့်မှောက်မှားသည်ကိုတွေ့ရကြောင်း၊ ဘုရင်က နှစ်ဦးစလုံးကိုနယ်နှင်လိုက်ကြောင်း ယခုလည်း သားတော်၊ သမီးတော်၊ မိဖုရားတစ်ဦးဦးတွင် အမှားအယွင်းတစ်စုံတစ်ရာရှိနိုင်သောနိမိတ်ဖြစ်သဖြင့် စုံစမ်းသင့်ပါကြောင်း အတိုင်ပင်ခံအမတ်ကလျှောက်သည်။ ဘုရင်ကစုံစမ်းရာ သမီးတော်တစ်ပါးသည် အရပ်သားနှင့်ချစ်ကျွမ်းဝင်နေကြောင်း တွေ့ရလေသည်။

အနော်ရထာဘုရင်သည် ယာယီတဲနန်းတော်က ထူးခြားသောအသံကြားရသဖြင့် မင်းချင်းတို့အားကြည့်စေသည်။ ထိုအခါ ဖားမသည် လင်ဖားသောကိုကုန်းပိုး၍ အော်ဟစ်ငိုကြွေးသောအသံဖြစ်သည်ကို တွေ့ရသည်။ ဤအကြောင်းကို အနော်ရထာမင်းက ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အား မေးသည်။ အရှင်မင်းကြီးသည် နေပြည်တော်မရောက်ခင် နတ်ရွာစံမည်ဟုအဟောထွက်ကြောင်းလျှောက်သည်။ အနော်ရထာဘုရင်က စိတ်ဆိုးကာ ယင်းပုဏ္ဏားတို့ကိုဖမ်းချုပ်စေသည်။ နေပြည်တော်မရောက်ခင် ကျွဲနိုင်းခတ်၍ အနော်ရထာဘုရင် ကံကုန်ခဲ့သည်။

အင်းဝတွင် မင်းခေါင်သည် ဘုန်းကြီးကျောင်းသားဘဝ၌ သူ့အူတွေထွက်ကာ အင်းဝနေပြည်တော်ပတ်သည်ဟု အိပ်မက်မက်သည်။ ဤအကြောင်းကို ဆရာတော်အားလျှောက်ရာ ဆရာတော်က မင်းခေါင်အား ဗုန်းဆိုပစ်ကန်ပစ် သည်။

မင်းခေါင်က -

“တပည့်တော်မှာ ဘာအပြစ်ရှိလို့ လဲဘုရား”

ဟုလျှောက်ရာ -

“မင်းက မင်းဖြစ်မယ့်ကောင်၊ ငါက တံတားဦးမှာစောင်းတန်းဆောက်ချင်နေတာ။ မင်း မင်းဖြစ်ရင် မမေ့အောင်လို့ ငါကန်တာ”

ဟုဆရာတော်ကဖြေကြားသည်။ ဘုရင်မင်းခေါင်သည် ဟံသာဝတီ ဘုရင် ရာဇာဓိရာဇ်နှင့် နှစ် (၄၀) စစ်ပွဲဆင်နွှဲခဲ့ သည်။ အထက်ပါတို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားသောနိမိတ်များဖြစ်သည်။

ယခု ကျွန်တော်မြင်တွေ့ခဲ့ရသော နိမိတ်များအကြောင်းပြောပြပါမည်။ ကြိုတင်အစီရင်ခံလိုသည်မှာ ကျွန်တော်သည် အယူတော်မင်္ဂလာ မဟာပညာရှိ မဟုတ်မူဘဲ ဝါသနာပါ၍ လိုက်စားသူသာဖြစ်သည်ဆိုသောအချက်ဖြစ်ပါသည်။ နိမိတ်ဆိုတာဘာလဲ။ ထူးခြားသောဖြစ်ရပ်တစ်ခုဖြစ်သည်။ ထူးခြားမှုနိမိတ်ဖြစ်ပါသည်။ နိမိတ်သည် မည်သည့်နေရာမှာရှိသလဲ။ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးဆိုသော အာရုံ (၆) ပါးတွင်ရှိပါသည်။ နိမိတ်၏ ထူးခြားမှုကို မည်သည့်ကာလမှာသိနိုင်သည်လဲ၊ နှစ်တစ်နှစ်၏နှစ်ဆန်းတစ်ရက်နေ့ (မြန်မာ့နှစ်ဆန်းတစ်ရက်နေ့၊ ခရစ်နှစ်ဆန်းတစ်ရက်နေ့) လတစ်လ၏ ပထမဆုံးနေ့များတွင်ဖြစ်သော ထူးခြားသောဖြစ်ရပ်ကို သတိနှင့်စောင့်ကြည့်ပါ၊ ထိုနှစ်အတွင်းဖြစ်မည့်ထိုလအတွင်းဖြစ်မည့် အများနှင့်သက်ဆိုင်သော၊ မိမိနှင့်သက်ဆိုင်သောအရာကို ကြိုတင်သိရှိနိုင်သည်။ သို့သော်အခြားအချိန်ကာလများမှာလည်းစောင့်ကြည့်ကတွေ့နိုင်ပါသည်၊

၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ဖြစ်သည်။ အတူပေါင်းသင်းနေထိုင်မည့် ဇနီးသည်ကို နေထိုင်ရာအဆောင်ကသွားခေါ်ခဲ့သည်။ အသွားတုန်းက မီးလင်းနေသောအိမ်ခန်းတွင် ယခုပြန်လာတော့ မီးဖျက်နေသည်။ (ထိုစဉ်က ယခုလို မီးခဏခဏမပျက်ပါ) နိမိတ်မကောင်းပါလို့တော့ သတိထားမိသည်။ ယင်းနိမိတ်အတိုင်း (၁၇)နှစ်ဟာ အိမ်ထောင်ရေးသည် အမှောင်ထဲ၌စမ်းတဝါးဝါးရှိခဲ့သည်။ နောက်ဆုံး လမ်းခွဲခဲ့ကြသည်။ ယင်းနှစ် ဖေဖော်ဝါရီလခန့် ဖြစ်မည်ထင်သည် ညဂျူတီကျသော ဇနီးသည်ဂျူတီအထွက်ကိုကြိုရန် အိမ်ကနေ လမ်းလျှောက်ထွက်လာခဲ့သည်။ အောက်ကြည့်မြင်တိုင်လမ်းမကြီးမှ မစ်ရှင်လမ်း (ယခုအလုံလမ်းဘူတာသို့သွားရာလမ်း) သို့ ချိုးကွေ့ကာ ကုန်းကိုတက်လာစဉ် အရှေ့မိုးကောင်းကင်ဝယ် ကြယ်တံခွန်ကြီးတစ်ခုကိုမြင်ရသည်။ ထူးခြားသည့်နိမိတ်ဟုသိရသည်။ သို့သော် ဘာမှန်းမသိခဲ့။ မကြာမီ ကမ္ဘောဒီးယားနိုင်ငံ(ယခု ကမ်ပူချား)တွင် မင်းသားကြီး သီဟာနုက တရုတ်ပြည်သွားနေခိုက် လုံနိုးက အာဏာသိမ်းကာ ဖြုတ်ချခဲ့ သည်။

ပထမအကြိမ် ခေတ္တခဏရောက် ဖူးသောနေရာသို့ ဒုတိယအကြိမ်ပြန် ရောက်သော် ယင်းနေရာတွင် ကြာ တတ်သည် (သို့) မြဲသွားတတ်သည် (သို့) ခေါင်းချရတတ်သည်။ ရုံးကြီးတစ်ရုံးတွင် ၁၉၆၉ ခုနှစ်က စာမြဲစာမေးပွဲဖြေရန် နာရီပိုင်းမျှရောက်ဖူးခဲ့သည်။ ယင်းရုံးသို့ ၁၉၇၀ ပြည့်နှစ်၊ ဇွန်လတွင် စာရေး အဖြစ် ပြန်ရောက်သည်။ ၁၉၈၈ ခုနှစ် အထိ (၁၈)နှစ်ကြာခဲ့သည်။ ကျွန်တော့် ဇာတိ မင်းဘူးတွင် ငယ်စဉ်ကတာဝန်ဖြင့် လာရောက်သော ပညာအုပ်တစ်ဦးရှိခဲ့ သည်။ သူ့ကို ဖော်ပြပါရုံးကြီးတွင် ဌာနစုမှူးအဖြစ် ပြန်တွေ့ရသည်။ သူသည် နိုင်ငံရေးပင်စင်ရဖို့ရည်ရွယ်၍ မင်းဘူး တွင် မြို့နယ်တရားသူကြီးအဖြစ် (၁၉၈၄-၁၉၈၅)ခန့်က သွားရောက် အရွေးခံခဲ့ သည်။ နိုင်ငံရေးပင်စင်မစားလိုက်ရပါ။ မင်းဘူးမှာပင်သူကွယ်လွန်သွားခဲ့သည်။ နိုင်ငံခြားသို့ ပထမအကြိမ်သွား၍ မအောင်မြင်ခဲ့ဘူးလား၊ ဒုတိယအကြိမ် မှာအောင်မြင်တတ်၏။ ပထမအိမ်ထောင် နှင့် ခဏပဲပေါင်းပြီးကွဲသွားသလား၊ ဒုတိယအကြိမ်အိမ်ထောင်တွင် မြဲသွား ကောင်း သွားတတ်ပါသည်။ ဒါဖြင့်လျှင် အချို့အိမ်ထောင်တွေက မယားသုံးလေး ကြိမ်ယူလင်သုံးလေးကြိမ်ရတာတွေကရော ဟုမေးစေလိုပါ။ သူတို့က အိမ်ထောင် ဆက်များမည့်လက္ခဏာပါသူတွေမို့ဖြစ် သည်။ ယေဘုယျအားဖြင့်မူ ပထမအိမ် ထောင်ဖက်လေးနှင့်ကွဲက ဒုတိယအိမ် ထောင်တွင် ကောင်းတတ်ပါသည်။

မကာအိုသို့ ပထမအကြိမ်လာစဉ် က မအောင်မြင်သောလူငယ်တစ်ဦး သည် ဒုတိယအကြိမ် နိုင်ငံခြားခရီးစဉ် အဖြစ် ဩစတြေးလျကျောင်းသားဗီဇာ ဖြင့် သွားကျောင်းတက်ခဲ့ရာ ဩစတြေး လျနိုင်ငံသားဖြစ်ကာ ယခုအခါ မြန်မာ ပြည်သို့ ပြန်မလာတော့ပြီ။ ဒါတွေက ကျွန်တော် မြင်တွေ့ခဲ့တာတွေပဲဖြစ် သည်။

၁၉၈၄ ခုနှစ်တွင် နေထိုင်ရာ စမ်းချောင်းမြို့နယ်မှ မရမ်းကုန်းမြို့နယ်ရှိ ရုံးဝန်ထမ်းလိုင်းသို့ ပြောင်းရွှေ့သည်။ စတင်ပြောင်းသောနေ့တွင် ကူညီပြောင်း ရွှေ့ပေးသော သူငယ်ချင်းစီးသွားသည့် ပစ္စည်းတင်သော တီအီးတီးနိုးကားကြီး က လမ်းမှားပြီး အရှေ့ဘက်ကုန်းသို့ ရောက်သွားခဲ့သည်။ အမှန်က (၇) မိုင်ခွဲ တောနယ်ဉ်လမ်းကဝင်ရမည်။ နောက်မှ သူ့ကိုလိုက်ခေါ်ရသည်။ ပထမဆုံးစတင် ပြောင်းရွှေ့သောနေ့မှာပဲ နိမိတ်ကပြခဲ့ သည်။ ပြီးတော့ ဤအနောက်ဘက် ကုန်းရှိသုံးရေသည့် ရေအနောက်တွေ ဖြစ်သည်။ ဤအိမ်သည် အပေါ်ထပ် အောက်ထပ်ရှိပေမယ့် အပေါ်တက်ရန် လှေကားက အပြင်မှာ (၂) ခန်းတစ်ခု ဖြစ်သည်။

၁၉၈၆ ခုနှစ်ခန့်ကဖြစ်၏။ တစ်ည တော့အိပ်မက်မက်သည်။ အိပ်မက်ထဲ တွင်အိမ်၏မီးဖိုချောင်ခေါင်မိုးကို တခြား ကမီးတွေကူးလာကာ မီးဖိုချောင်ခေါင်မိုး ပွင့်ထွက်သွားသည်။ အိမ်တစ်အိမ်တွင် မီးဖိုချောင်ကို စိုးမိုးသူသည် အိမ်ရှင်မ ဖြစ်သည်။ နောက်ဖေးကွက်လပ်ကို ဝါး ကပ်တွေနှင့် ခြံစည်းရိုးခတ်ထားသည်။ ဘူးပင်စိုက်ချင်သည်ဆို၍ ဘူးစင်ထိုးပေး ထားသည်။ တစ်နေ့မနက် အိပ်ရာထ တော့ ဘူးစင်ကယိုင်နေကာ ခြံစည်းရိုး လည်းလဲပြိုလို့နေသည်။ ဪ-ငါ့အိမ် မှာလည်း စည်းပျက်သွားပါပကောလို့ တော့ သတိပြုမိလိုက်သည်။ သို့သော် အဓိပ္ပာယ်ကိုကား မဖော်နိုင်ခဲ့။ မကြာမီပဲ အဓိပ္ပာယ်ပေါ်လာခဲ့သည်။ အိမ်ပြောင်း တုန်းက လူ(၃)ယောက်ရှိသော အိမ် ပြောင်းရာ ကား(၃)စီးသွားသည်။ တစ်စီး က လမ်းချော်ထွက်သွားသည်။ မီးဖို ချောင်ခေါင်မိုးပွင့်သွားသော အိပ်မက် သည် ခြံစည်းရိုးပျက်သောနိမိတ်ရသည်။ ထိုအိမ်မှာပဲ အိမ်ထောင်ပျက်ခဲ့သည်။

၁၉၈၈ ခု ဇွန်လခန့်တွင်ဖြစ်သည်။ တစ်ညတော့အိပ်မက်မက်သည်။ အလုပ် လုပ်ရာရုံးကြီးကစောင်းနေ၏။ အိပ်မက် ထဲက မိတ်ဆွေ စာကူးစက်လှည့်ခန်းက ကိုသောင်းရွှေကို ပြောနေသည်။

“ကျွန်တော်တို့ရုံးကြီးက လျှော ထိုးသွားတယ်နဲ့တူတယ် စောင်းနေတယ် ဗျ”

သူ့ကို ပြောပြနေရာအခန်းတွင် အပေါ်ထပ်ရှိသည်။ လှေကား[illegible] လှေကားအပေါ်က်ရှိသည်။ [illegible] တက်ရန်လှေကား၊ မရှိ[illegible] မှာငါတက်ဖို့မရှိ[illegible] ရသည်။ နောက်အိပ်မက်[illegible] ကျွန်တော်က မှန်ခန်းထဲမှာရှိနေသည်။ အပြင်တွင် မုန်တိုင်းကြီးတိုက်သွားသည်။ ကျွန်တော်ကိုဘာမှမထိနိုက်[illegible] ၁၉၈၈ ခုနှစ်အတွင်း ယင်းရန်ကုန်[illegible] ကျွန်တော်သည် လုံခြုံစွာရှိ[illegible]ပါသည်။

၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကျွန်တော် နိုင်ငံခြားသို့ ထွက်သည်။ ထိုစဉ်က မိတ်ဆွေ၏[illegible] တွင် ခေတ္တကျွန်တော်နေထိုင်နေသည်။ ထိုမနက်က မိတ်ဆွေတစ်ဦးက သူ့အိမ် က မာဇဒါဂျစ်နှင့် လေဆိပ်သို့လိုက်ပို့ သည်။ မာဇဒါဂျစ်ဟူသည် အကြမ်းသုံးကား ဖြစ်သည်။ လေဆိပ်အဝင် (၁၀) မိုင်လမ်း ဆုံမှ လေဆိပ်ရောက်သည်အထိ မီးမရှိ ပါ။ ဆောင်းတွင်းမို့ မှောင်မည်းနေ၏။ ကျွန်တော်၏ နိုင်ငံခြားခရီးတစ်လျှောက် တွင် ကြမ်းတမ်းစွာရှန်းကန်ခဲ့ရသည်။ အမှောင်ထဲတွင် စမ်းတဝါးဝါးဖြစ်ခဲ့ပါ သည်။

ဘန်ကောက်တွင် နှစ်လခွဲခန့် သောင်တင်သည်။ ထို့နောက် လက်ကျန် ငွေ ဒေါ်လာ(၂၀၀)လေးဖြင့် မလေးရှား သို့ ထွက်သွားခဲ့သည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အပြင်ဘက် (၁၄) မိုင် ကွာရှိ သစ်စက်တွင် (၁၁) လ သစ်ထမ်း ခဲ့ရသည်။ မလေးရှားကိုဝင်တော့ ဗီဇာ (၁) လရ၏။ ယင်း (၁) လလွန်တော့ခိုး နေခဲ့၏။ ထိုင်းနယ်စပ်ပြန်ထွက်လိုက် ဗီဇာယူလိုက်လုပ်၍ရပါ၏။ သို့သော် ငွေ ကုန်မည်။ သို့နှင့် ခိုးနေခဲ့ရခြင်းဖြစ်၏။ ကျွန်တော့်လိုပဲ မြန်မာအများစုတို့က ရက်လွန်ခိုးနေခဲ့ကြသည်။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် နေ့ဖြစ်သည်။ ဗိုမင်က လွှစက်ခုံအသစ် တစ်ခုဖွင့်ကာ လွှပိုင်းဆရာ အပဲ့နှင့် ကျွန်တော့်ကို ယင်းခုံသို့ပို့လိုက်သည်။ အလုပ်ကသက်သာသည်။ (၆)လက်မ (၁) လက်မခန့်သစ်ဟုံးလေးတွေ[illegible] သည်။ ပြီးတော့ ထင်းရှူး[illegible] ထည့်ရသည်။ ဇန်နဝါရီလ ၁ ရက်[illegible] တွင် အလုပ်ပြောင်းရွှေ့ရ[illegible] ထဲတွင် တခြားနိုင်ငံ[illegible] နိမိတ်ယူလိုက်သည်။ [illegible] အရှေ့ဘက်သို့လည်း[illegible] ဘက်ကနိုင်ငံဖြစ်[illegible] မလေးရှား[illegible]

သတင်းစာတွင် ဟောင်ကောင်ဗီဇာဟူသောကြော်ငြာတစ်ခုကို ဆက်တိုက်ပါသည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူရှိ ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ်တော်ပို့ရေးရှင်းက ဗီဇာခရက်ဒစ်အကြွေးဝယ်ကတ်လျှောက်ရန် ကြော်ငြာဖြစ်ပါသည်။ ယင်းကြော်ငြာသည် ရွှေ့ပြောင်းအလုပ်သမား ကျွန်တော်နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါ။ သို့သော် ကျွန်တော့်အတွက် နိမိတ်တစ်ခုဖြစ်ခဲ့ပါသည်။

ဘန်ကောက်တွင် ဂျပန်ဗီဇာပေးနေသည်ကြားရသဖြင့် ဂျပန်ဗီဇာလျှောက်ဖို့ ဘန်ကောက်ပြန်ရန် စီစဉ်သည်။ သို့သော် ရက်လွန်ခိုးနေသူမို့ နယ်စပ်ကအထွက်တွင် အဖမ်းခံရနိုင်သည်။ ကွာလာလမ်ပူမှ နယ်စပ် ကလေတန်ပြည်နယ် ခိုဒါဘာရူးမြို့သို့သွားသော အဝေးပြေးကားကိုစီးရမည်။ ဖေဖော်ဝါရီလ တရုတ်နှစ်သစ်ကူးတစ်ရက်ဖြစ်သည်။ ကားဂိတ်သို့မဆင်းမီဝယ် ချောင်ကစ်နှင့် မလှမ်းမကမ်းရှိ ယော်ဟန်ကုန်တိုက် အောက်ထပ်ရှိ ထမင်းဆိုင်တွင် ထမင်းဝင်စားသည်။ စားနေစဉ်၌ ထမင်းရောင်းသောမလေးလူမျိုးက ထိုင်းလူမျိုးလားဟုမေးသဖြင့် ပြုံးစလွယ်ပဲ အေးလို့ပြောလိုက်သည်။ သူက ထိုင်းဆိုလျှင် ထိုင်းနှင့် စကားပြောပါဦးဟုဆိုပြီး မီးဖိုထဲက စားဖိုမှူး ထိုင်းလူမျိုးက ကျွန်တော့်ကို ထိုင်းဘာသာဖြင့်ပြောသည်။ ထို့ကြောင့် "ဖမ ဖမ" (မြန်မာ) ဟု ထိုင်းလိုပြောလိုက်သည်။ ကျွန်တော်စိတ်ထဲတွင် မလေးအထွက်၌ အဖမ်းခံရလေမလားဆိုသော စိုးရိမ်စိတ်အတွက် ကဲ - အဖမ်းမခံရနိုင် ထိုင်းဘက်ခြမ်းသို့ရောက်ပြီ ဟူသော အဖြေကိုရသွားခဲ့ပြီမို့ စိတ်ပြောင်းသွားမိသည်။ ထိုင်းကိုကူးမည်။ မကူးခင်ဘဲ ထိုင်းနှင့်စကားပြောရခြင်းက ထိုင်းဘက်ခြမ်းသို့ရောက်မည်ဟူသော နိမိတ်ဖြစ်သည်။ ညနေ(၆)နာရီ ကားစီးပြီး နောက်နေ့မနက်(၈)နာရီစွန်းတွင် ခိုဒါဘာရူးသို့ရောက်သည်။ ခိုဒါဘာရူးမြို့ကနေ နယ်စပ်ကို တက္ကစီစီးရသည်။ နယ်စပ်က မလေးလူဝင်မှုကိုဖြတ်တော့ လွတ်လာခဲ့သည်။ ထိုင်းဘက်ခြမ်းသို့ချောမောစွာပဲရောက်ရှိခဲ့သည်။

ဘန်ကောက်တွင် ဂျပန်ဗီဇာနှစ်ကြိမ်တင်သည်။ နှစ်ကြိမ်လုံးပယ်ခံရသည်။ သို့နှင့် သူငယ်ချင်းကိုမောင်မောင်အေး၏အကြံပေးချက်အရ မကာအိုသို့ ရောက်သွားခဲ့သည်။ မကာအိုရောက်သောနေ့သည် ၁၉၉၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ဖြစ်သည်။ ၉၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့ လွှဲပိုင်းခဲ့ပြောင်းစဉ်က ထွက်ခဲ့သည့်အတိုင်းပင် ယခုနှစ်ထဲမှာပဲ အရှေ့ဘက်ရှိ နိုင်ငံတစ်ခုသို့ ကျွန်တော်ကူးဖြစ်ခဲ့ပါသည်။

မကာအိုတွင် ချည်စက်ဆောက်လုပ်ရေးလုပ်ငန်း စသည်တို့၌ လုပ်ရင်းကိုင်ရင်း နောက်ဆုံး၌ လုံခြုံရေးကုမ္ပဏီတွင်မြဲသွားခဲ့သည်။ မကာအိုသို့ သားဖြစ်သူကလိုက်လာခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သားကိုခေါ်၍ ဟောင်ကောင်သွားရန် မကာအိုသင်္ဘောဆိပ်သို့ တက္ကစီဖြင့် ထွက်လာခဲ့ကြသည်။ သူ့ကို ဟောင်ကောင်သို့လိုက်ပို့ရန် ဖြစ်၏။ သူကလေယာဉ်တစ်စီး၊ ကျွန်တော်က လေယာဉ်တစ်စီးဖြင့် ဘန်ကောက်သို့ ပြန်ကြမည်။ ကျွန်တော်က ဘန်ကောက်တွင် ဂျပန်ဗီဇာများရလိုရငြား ကြိုးစားကြည့်ချင်သေးသည်။ တခြားနိုင်ငံကူးရလျှင်လည်းကူးမည်။ မကာအိုတွင်ရသောလစာသည် မလေးရှားထက်မူများပါ၏။ သို့သော် ကျေနပ်လောက်သောပိုက်ဆံကမဟုတ်ချေ။ ယူအက်စ်ဒေါ်လာ (၃၀၀) နှင့် တချို့လ၌ (၃၀၀) မပြည့်ချေ။ မကာအိုသင်္ဘောဆိပ်သို့ အရောက်ဝယ် -

"ဟော - အဖေ၊ သားကျောပိုးအိတ်ကျန်ခဲ့ပြီ"

ဟု သားကပြောသည်။ သင်္ဘောဆိပ်မရောက်ခင် သားအဖနှစ်ယောက် မြန်မာပြန်လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရာ၌ ကျန်ခဲ့ခြင်းဖြစ်သည်။ သူ၏စာမေးပွဲအောင်လက်မှတ်များထည့်ထားပေရာ သူ့ကို တက္ကစီဖြင့် ပြန်ယူခိုင်းလိုက်ရသည်။ ကျွန်တော် ဘန်ကောက်သို့ပြန်ခြင်းမှာ နိုင်ငံကူးလို့ရလိုရငြားသွားခြင်း ဖြစ်သည်။ သို့သော် ယခု မကာအိုကနေမခွာရသေး။ ဤအရပ်သို့ပြန်လာရမည်ဆိုသော နိမိတ်ကပြလို့နေပါပြီ။ ပစ္စည်းမေ့ကျန်ရစ်ခဲ့သော် ပြန်လာရတတ်သည်။

ဘန်ကောက်ရောက်တော့ တည်းနေကျ ဆူခွန်ဗစ် (၁၀၁) လမ်းသွယ် ဆွိုင်ပါဝှစ်ရှိ မြန်မာတည်းခိုအိမ်မှာပဲ ကျွန်တော်တည်းသည်။ ဤအိမ်တွင် ၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်ကလာ၍မလေးရှားသို့မသွားမီတည်းခဲ့သည်။ မလေးရှားကပြန်လာပြီး မကာအိုမသွားမီ တည်းခဲ့သည်။ တစ်ရက်တွင်အိမ်ရှင်တူမနှင့်ဈေးသွားကြပြီး ဆူခွန်ဗစ်(၁၀၁)ကို ဝင်ရာ ဝင်၍မရတော့ပေ။ လမ်းဘေးက လက်တွန်းလှည်းခေါက်ဆွဲဆိုင်ကို မီးလောင်နေ၍ဖြစ်သည်။ သူတို့ဆိုင်တွေ ကဂက်စ်မီးဖိုသုံးသည်။ ယခုဆိုင်ရှင်က ဂက်စ်အိုးကိုဖြုတ်၍ယူသွားပြီး ပိုက်တွင်းရှိအကျန်ဂက်စ်တွေက လောင်နေခြင်းဖြစ်သည်။ မည်သည့်အချိန်ထပေါက်မည်မှန်းမသိသဖြင့် ဘေးကတွေ့ ဖြတ်မသွားရဲဘဲစောင့်နေကြရ၏။ တစ်ခဏအကြာတွင် ဖောင်းဆိုပေါက်ကွဲကာ ဝက်သားဖတ်တွေ လမ်းပေါ်တွင်စဉ်၍ကျန်သည်။ ထိုအခါမှ မီးကြွင်းမီးကျန်ကို အနီးရှိလူတစ်ဦးက မီးသတ်ဘူးနှင့်လာငြိမ်းခဲ့သည်။ မြင်ရသောနိမိတ်က မကောင်းပါ။ ဂျပန်ဗီဇာလျှောက်ရန် ပုံစံယူလာပြီးဖြစ်နေစဉ် တစ်ယောက်က မီးခလုတ်ကိုပိတ်လိုက်ရာ မှောင်ကျသွားသည်။ မီးပူတိုက်ရန် ခလုတ်မှားပိတ်မိခြင်းပါ။ ထိုညကအိပ်မက်မက်သည်။ ညောင်ပင်ကြီးတစ်ပင်သည်အမြစ်ကနေ ကျွတ်ပြီးပြိုလဲသည်။ အိပ်မက်ထဲတွင် မိခင်ကြီးရှိသည်။ မိခင်ကြီးကမဖြစ်နိုင်။ ဒုတိယအကြီးဆုံးပုဂ္ဂိုလ်မှာ ယောက်ဖကြီးဖြစ်သည်။ ယောက်ဖကြီးနေကောင်းလားဟု ရန်ကုန်သို့ဖုန်းဆက်ပြီးမေးတော့ ကောင်းသည်ဟုဖြေသည်။ ၁၉၉၄ ခုနှစ်၊ ယောက်ဖကြီးက ကင်ဆာရောဂါနှင့် ကွယ်လွန်ကာ နိမိတ်ပုံအိပ်မက်ကို (၂) နှစ်စော၍မက်ခဲ့ခြင်း ဖြစ်သည်။

၉၂ ခုနှစ်၊ မေလတွင် ဘန်ကောက်၌ ဆူချင်ဒါဆန့်ကျင်ရေးဆန္ဒပြပွဲဖြစ်ကာ ထီရုံးကြီးကို မီးတင်ရှို့ကြသည်။ ဒီတော့မှ လမ်းဘေးခေါက်ဆွဲဆိုင်မီးလောင်သော နိမိတ်ကရှင်းသွားခဲ့သည်။ ကိုရီးယားကိုသွားဖို့လုပ်သေးသည်။ အဆင်မပြေပါ။ ကိုယ့်မှာရှိသောငွေနှင့်ကမမီပါ။ ထိုစဉ်မှာပဲ ဟောင်ကောင်တွင် ရိုက်ကူးခဲ့သော ဓာတ်ပုံတွေကိုရိုက်ပေးသော မြန်မာပြည်ပေါက်တရုတ်လေးက ပို့လိုက်သဖြင့် ရောက်လာသည်။ ထိုင်းတီဗွီဇာတ်လမ်းတွင် မကာအိုအကြောင်း ရိုက်ကူးထားတာတွေကြည့်ရသည်။ ထိုင်းတွင် နေဝင်မီးငြိမ်းအမိန့်ထုတ်လိုက်ပြီး ဘယ်ကိုမှလည်း နိုင်ငံကူးဖို့ရာမဖြစ်နိုင်။ ဒီမှာကလည်း ဆူဆူပူပူနှင့်စိတ်ညစ်စရာ။ သို့နှင့် ဟောင်ကောင်လေယာဉ်လက်မှတ်ကမန်းကတန်းဝယ်၍ မကာအိုသို့ပြန်ခဲ့ပါတော့သည်။

မင်းဘူး-ဗိုလ်ဥတ္တမ

၂၀၁၈ ခုနှစ်၊ မတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်



၁-၃-၂၀၁၈နေ့
သာယနဇာတာခွင်

၁၁-၃-၂၀၁၈နေ့
သာယနဇာတာခွင်

၂၁-၃-၂၀၁၈နေ့
သာယနဇာတာခွင်

ပထမ(၁၀)ရက်တာကာလတွင် ရွှေဈေးကွက်အတက်ရှိသော်လည်း ထုံထိုင်းနေမည်။ ငွေကြေးဈေးကွက်ပုံမှန်မဟုတ်။ အကျဘက်ယိမ်းနေမည်။ ကျောက်မျက်ဈေးကွက်ဆိတ်ငြိမ်နေမည်။ စတော့ရှယ်ယာဈေးကွက်အမြင့်ဈေးရှိသော်လည်း နှေးကွေးနေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း အတက်အကျပုံမှန်မဟုတ်ဖြစ်နေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ အိုင်တီဆိုင်ရာဈေးကွက်တို့တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ အလှအပနှင့် ဖက်ရှင်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးလုပ်ငန်းဆိုင်ရာ၊ ယာဉ်ဈေးကွက်ဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ တက်ဈေးကျဈေးနှုန်းကွေးနေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ စာနယ်ဇင်း မီဒီယာဆိုင်ရာဈေးကွက် ထိုင်းမှိုင်းနေမည်။ စိုက်ပျိုးမွေးမြူရေးဈေးကွက်တည်ငြိမ်နေသော်လည်း ဆောက်လုပ်ရေးနှင့်အိမ်ခြံမြေဈေးကွက်ထိုင်းမှိုင်းလိုက်လှုပ်ရှားလိုက်ရှိမည်။

ရေလုပ်ငန်းဈေးကွက်အတက်အကျပုံမှန်မဟုတ်ဖြစ်နေမည်။ ဤကာလ၏ ဒုတိယ (၁၀)ရက်ကာလတွင် ရွှေဈေးကွက်တက်ရိပ်ကျရိပ်ပုံမှန်မဟုတ် နှေးကွေးနေလိမ့်မည်။ ငွေကြေးဈေးကွက်ပြောင်းဆန်ပြီးကျဈေးမိမည်။ ကျောက်မျက်ဈေးကွက်ကမောက်ကမဖြစ်နေလိမ့်မည်။ စတော့ရှယ်ယာဈေးကွက်ရပ်နားနေသလိုရှိနေမည်။ အလှအပနှင့်ဖက်ရှင်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ ယာဉ်စက်ဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်ကသောင်းကနင်းဖြစ်ပြီး အကျဘက်ယိုင်တတ်မည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ စာနယ်ဇင်းနှင့်မီဒီယာဆိုင်ရာဈေးကွက် အပြောင်းအလဲမြန်ဆန်နေမည်။ လျှပ်စစ်၊ အီလက်ထရွန်များ၊ အိုင်တီဆိုင်ရာဈေးကွက်ပုံမှန်မဟုတ် ဖောက်ပြန်နေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက်ထုံထိုင်းနေမည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ ထိုင်းမှိုင်းသလောက် အိမ်ခြံမြေဈေးကွက် ဖောက်ပြန်မည်။ ရေလုပ်ငန်းအတက်အကျရှိသော်လည်း စိုက်ပျိုးမွေးမြူဈေးကွက်နှေးကွေးနေမည်။

တတိယ(၁၀)ရက်ကာလအတွင်း ရွှေဈေးကွက်တို့ကပြောင်းကပြန်ဖြစ်ပြီး အကျဘက်ယိုင်တတ်မည်။ ငွေကြေးဈေးကွက်ငြိမ်သက်နေမည်။ ကျောက်မျက်ဈေးကွက်ကမောက်ကမဖြစ်မည်။ စတော့ရှယ်ယာဈေးကွက် နှေးကွေးနေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းဈေးကွက်တက်ရိပ်ကျရိပ် ရှုပ်ထွေးနေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်ပြောင်းလဲမှုမြန်ဆန်နေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ဆောက်လုပ်ရေးအိမ်ခြံမြေဈေးကွက်အတက်အကျပြောင်းလဲမှုများမည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာဈေးကွက် ထိုင်းမှိုင်းနေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ အိုင်တီဆိုင်ရာဈေးကွက်ပြောင်းလဲမှုများမည်။

မင်းရှိန်အောင်

မင်းမြတ်သီဟ

ဓားမိထွန်း၏သမီးလေး ဂျပန်မ

စာရေးသူ သူရဋ္ဌမဂ္ဂဇင်းတွင် 'ဓားမိထွန်း' အကြောင်းကို ရေးသားခဲ့ပြီး ဖြစ်၏။

မြိုင်ရွာကြီးတွင် အပျိုကြီးဓားမိထွန်းသည် တစ်ဦးတည်းနေထိုင်၏။ ရဲစွမ်းသတ္တိရှိ၏။ မဟုတ်မတရားတာမှန်သမျှ မလုပ်မပြော။ ပရဟိတအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်သူလည်း ဖြစ်၏။

ဓားမိထွန်းက ခေသူမဟုတ်။ ရှမ်းပြည်နယ်ဘက်မှ မြိုင်ရွာကြီးတွင် အိမ်ထောင်ကျလာသော ရှမ်းအဘိုးကြီး၏ တစ်ဦးတည်းသောသမီး ဖြစ်၏။

ရှမ်းနှင့်ဗမာအမျိုးသမီးတို့မှ မွေးဖွားလာသော ဓားမိထွန်းသည် ရှမ်းဗမာ ကပြားမလေးဖြစ်၏။

ဖခင်ရှမ်းအဘိုးကြီးသင်ပေးထားသော ရှမ်းဓားသိုင်းကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်သူလည်း ဖြစ်၏။

ရွာထဲတွင် အရက်မူးသမားများ၊ ကြက်တိုက်သမားများ မူးပြီးသောင်းကျန်းကြပါလျှင် ဓားမိထွန်းက ရှေ့တန်းကထွက်၍ အမူးသမားများကို ဆုံးမတော့၏။

"ဓားမိထွန်းကို သွားမစမ်းကြနဲ့ကွယ့်။ သတ္တိလည်းရှိတယ်။ စိတ်ဓာတ်ကလည်း ကြံ့ခိုင်တယ်။ သိုင်းပညာကလည်း ထိတ်ထိတ်ကြဲ။ နောက်ပြီးတော့ ဓားလည်းမြိုးတယ်ကွယ့်"

ဤစကားက မြိုင်ရွာကြီးတွင် လူကြီးများပြောသောစကားပင်တည်း။

အမှန်ပင်လည်း ဓားမိထွန်းက သူ့ဖခင် ရှမ်းအဘိုးကြီးမှရရှိခဲ့သော ဓားသိုင်းပညာနှင့် ဓားမြိုးသည့်ထုံးမန်းဂါထာကရှိနေ၏။

ဓားမိထွန်း၏လည်ပင်းတွင် အမြဲဆွဲထားသော လက်ဖွဲ့ကြိုးကလည်း သေနတ်ပင် မီးမကူးဟု ပြောကြလေ၏။

ဂျပန်ခေတ်တွင် ဓားမိထွန်းသည် အသက် (၃၀) အရွယ်ခန့်ရှိနေပြီ။ မိဘများ မရှိကြတော့။ အပျိုကြီးဘဝနှင့်ပင် မိဘများပိုင်ဆိုင်သော ခြံဝင်းကြီးထဲတွင် တစ်ဦးတည်းနေထိုင်၏။

ကျယ်ဝန်းလှသော သူ့ခြံဝင်းကြီးထဲတွင် ဟင်းသီးဟင်းရွက်စားပင်များကို စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြု၏။

တစ်နေ့သ၌ သက်ကယ်ကျင်းရွာမှ မိန်းကလေးတစ်ဦး ဓားမိထွန်းခြံထဲသို့ ရောက်လာ၏။

ထိုမိန်းကလေးက ကိုယ်ဝန်အရင့်အမာကြီးနှင့်ဖြစ်၏။ ဂျပန်ခေတ်ကာလကား ဂျပန်စစ်ဗိုလ်တစ်ဦး၏ ခြေတော်တင်ခြင်းကိုခံခဲ့ရသူလေးဖြစ်၏။

ဓားမိထွန်းက ထိုမိန်းကလေးကို သူ့အိမ်မှာပဲနေခိုင်းထားပြီး အရပ်လက်သည်နှင့်မွေးခဲ့၏။

အသားနီစပ်စပ်သမီးလေးတစ်ဦးကို မွေးဖွားခဲ့၏။

သမီးလေးမှာ ဂျပန်ဗိုလ်နှင့်ရသောကလေးဖြစ်ပါသဖြင့် အသားကနီစပ်စပ်၊ အသံကကျယ်ကျယ်၊ ရုပ်ရည်လေးကလည်း မဆိုးပါ။

သက်ကယ်ကျင်းရွာမှ မိန်းကလေးသည် ထိုကလေးကိုမွေးဖွားပြီး သူ့ရွာသို့ ပြန်သွားပါ၏။ ဓားမိထွန်းကပင် ထိုသမီးလေးကို ကြီးပြင်းလာအောင် နွားနို့တိုက်၍ မွေးမြူရ၏။

ကလေးမလေးကို 'ဂျပန်မလေး' ဟူ၍ တစ်ရွာလုံးက ခေါ်ဆိုကြပါ၏။

လွတ်လပ်ရေးရတော့ ဂျပန်မလေး၏အသက်သည် (၃)နှစ်မျှသာရှိသေး၏။ ဖဆပလခေတ်တွင် ဂျပန်မ၏ အသက်သည် (၁၅) နှစ်မျှရှိလာ၏။

လူကောင်ကပုပု၊ အသားကနီစပ်စပ်၊ ရဲစွမ်းသတ္တိကကောင်းကောင်း၊ ဂျပန်မလက်ကစွာစွာ ဘယ်သူနှင့်ရန်ဖြစ်ဖြစ် ဂျပန်မကလက်ဦး၏။

ဂျပန်မကလည်း ခေသူမဟုတ်။ မိခင် ဓားမိထွန်းသင်ပေးထားသည့် ဓားသိုင်း၊ တုတ်သိုင်းကို ကောင်းစွာတတ်မြောက်နေ၏။

မြိုင်ရွာကြီးတွင် ဓားမိထွန်း၏ သမီးဂျပန်မဆိုလျှင် လူတိုင်းကကြောက်ရွံ့ကြရ၏။ သတ္တိကလည်း ထူးထူးကဲကဲရှိ၏။

သစ်ပင်တက်ကျွမ်းကျင်၏။ ရေကူးကျွမ်းကျင်၏။



တစ်ခါတစ်ရံ ဂျပန်စကားကိုပြောပြောနေတတ်၏။

သူပြောသည့်ဂျပန်စကားမှာ -

'ဗိရမာ နိပွန် ဘန်ခိုင်း'တဲ့။

'ဗရမာ - ဗမာ၊ နိပွန် - ဂျပန်၊ ဘန်ဆိုင်း - မိတ်ဆွေ' ဟု အဓိပ္ပာယ်ရပါ၏။

'ယောရောရှိ အာဒီးကတော'

ဆိုသောစကားကိုလည်းပြောတတ်သေး၏။

ဂျပန်မသည် သူ့မိခင် ဓားမိထွန်းကို အလွန်ချစ်ခင်၏။ သူ့မိခင်အာခိုင်းခိုင်း ချက်ချင်းထလုပ်၏။

လျင်မြန်၏၊ သွက်လက်၏။ ဘယ်အလုပ်ပဲဖြစ်ဖြစ် မပျင်းမရိ လုပ်ဆောင်တတ်၏။

သူ့မိခင် ဓားမိထွန်းက အသက်

လည်းရလာပြီဖြစ်၏။ သူ့ကို မြင်းတစ်ကောင်ဝယ်ပေးထား၏။ ဂျပန်မသည် မြင်းစီးလည်း ကျွမ်းကျင်လှ၏။

ထိုခေတ်ကာလက တောရွာများတွင် မြင်းများမွေးကြ၍ တစ်နေရာနှင့် တစ်နေရာသို့သွားကြလျှင် မြင်းစီး၍ သွားလာတတ်ကြ၏။

ငွေကြေးတတ်နိုင်သူများတို့က အိမ်တိုင်းလိုလိုပင် မြင်းများမွေးထားကြ၏။

အလှူအတန်း၊ သာရေး၊ နာရေး တစ်ရွာနှင့်တစ်ရွာရှိခဲ့လျှင် မြင်းများဖြင့် သွားလာတတ်ကြ၏။

လူကြီးများက နွားလှည်းယဉ်ကို သုံးကြ၏။ လူငယ်ကာလသားများတို့က မြင်းများကို အသုံးပြုကြ၏။

မိန်းကလေးထဲမှ မြင်းစီးသူမှာ မြိုင်ရွာမှ ဂျပန်မတစ်ဦးသာရှိ၏။

တစ်နေ့သ၌ သရက်ပင်တန်းရွာကြီးတွင် လယ်သမားသူဌေးကြီးက နွေရာသီ စပါးသိမ်းပြီးချိန်တွင် ရှင်ပြုပွဲကြီး အလှူကြီးတစ်ခု ကျင်းပပြုလုပ်၏။

အလွန်ချမ်းသာသော လယ်သမားသူဌေးကြီး၊ ဘုရားဒကာ၊ ကျောင်းဒကာကြီး။

မရှိဆင်းရဲသားလေးများကို ရှင်ပြုပေး၏။ ရဟန်းဝတ်လိုသူများကို ရဟန်းဝတ်ပေး၏။

ကြီးကျယ်လှသော၊ ခမ်းနားလှသောမဏ္ဍပ်ကြီးကိုထိုး၍ (၇)ရက်တိတိ အလှူကြီးအတန်းကြီးလုပ်၏။

ထိုအလှူပွဲကြီးတွင် -

နွားလှည်းအမောင်းပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲတို့ပါ ထည့်သွင်းထားပါသဖြင့် အနယ်နယ်အရပ်ရပ်မှ နွားလှည်းဝါသနာအိုးများ၊ မြင်းစီးဝါသနာအိုးများ လာရောက်ယှဉ်ပြိုင်ကြ၏။

ထမင်းဆိုင်၊ အကြော်ဆိုင်များကလည်း ပွဲဈေးတန်းကြီးအလား အလွန်စည်ကားလှ၏။

အနယ်နယ်အရပ်ရပ်မှကာလသားများ မြင်းကိုယ်စီဖြင့်ရောက်လာကြ၏။

ကျေးရွာသူကြီးနှင့် ရာအိမ်မှူးများက စနစ်တကျပြေးလမ်းများကိုဖောက်ပေးပြီး မြင်းပြိုင်ပွဲကိုကျင်းပကြပေး၏။

ထိုမြင်းစီးပြိုင်ပွဲတွင် ဂျပန်မကလည်း ဝင်ရောက်ယှဉ်ပြိုင်၏။

ပြိုင်ပွဲတိုင်းလိုလိုဝင် ဂျပန်မ၏မြင်း [illegible] ရှိနေလေ၏။

အနယ်နယ်အရပ်ရပ်မှကာလသားများ ဂျပန်မကို မပြိုင်နိုင်ကြ။ ဘယ်နည်းနဲ့ပဲပြိုင်ပြိုင် ဂျပန်မကိုတော့ မမီကြ။ ရှုံးရသည်ချည်းဖြစ်နေပေါ်၏။

သက်ကယ်ကျင်းရွာမှ လူကြီးတစ်ဦးသည် မြင်းဆိုးကြီးတစ်ကောင်ကို ဝိုင်းထဲသို့ဆွဲလာ၏။

ထိုမြင်းဆိုးကြီးကအလွန်ပေကတ်ကတ်နိုင်လှ၏။ မည်သူမျှစီး၍မရ။ သူ့ကျောပေါ်သို့ရောက်လျှင် ကဆုန်ပေါက်၍ လူကို မြင်းပေါ်ကကျအောင်လုပ်ပါတော့၏။

ထိုလူကြီးက သူ့မြင်းဆိုးကြီးကို ရွာသူကြီးထံအပ်နှံ၏။

ရွာသူကြီးက ဤမြင်းဆိုးကြီးကို နိုင်အောင်စီးပြနိုင်သူကို ဆုတော်ငွေ (တစ်ထောင်) ပေးမည်ဖြစ်ကြောင်း ကြေညာပါတော့၏။

ရာအိမ်မှူးတစ်ဦးက မောင်းကြီးကို တဒူဒူထုပြီးကြေညာနေပါ၏။

အနယ်နယ်အရပ်ရပ်မှကာလသားများရောက်လာကြပြီး ထိုမြင်းဆိုးကြီးကို သူစီးပြမည်၊ငါစီးပြမည်ဟု အလုအယက်ဖြစ်နေတော့၏။

ယင်းကြောင့် မြင်းဆိုးကြီးကို စီးလိုသူများကို အမည်တောင်း၏။ အားလုံးစုံမှ မဲနှိုက်၍ အလှည့်ကျစီးရလေ၏။

ကာလသားများ (၁၅)ယောက်ခန့်စီးကြရာ မြင်းဆိုးကြီးက ကဆုန်ပေါက်ပြီးပြေးနေပါသဖြင့် အားလုံး မြင်းပေါ်မှ လိမ့်ကျကုန်ပါတော့၏။ မည်သူမျှမစီးနိုင်ကြ။

နောက်ဆုံးတော့ ထိုမြင်းဆိုးကြီးကို ဂျပန်မက သူစီးပြမည့်အကြောင်း ရွာသူကြီးကိုသွားပြောပြ၏။

"မစီးနိုင်ဘူးကွ"

"စီးနိုင်တယ်ကွ"

ဆိုပြီး ဘေးမှာ လောင်းကြေးတွေငွေတွေထပ်ကြ၏။

ဂျပန်မဘက်ကနိုင်မည်ကတစ်ပွဲ ရှုံးမည်ကတစ်ပွဲ၊ လောင်းကြေးငွေတွေထပ်နေ၏။

ဂျပန်မသည် ရှမ်းဘောင်းဘီအရှည်ကိုဝတ်ထား၏။ ခေါင်းမှာ ရှမ်းခမောက်ကိုဆောင်းထား၏

ထိုမြင်းဆိုးကြီးကို ကြိုးဆွဲပြီး ပရိသတ်ထဲသို့ဝင်လာ၏။

မြင်းဆိုးကြီးက ထုံးစံအတိုင်း ပေကတ်ကတ်လုပ်နေပါတော့၏။

ဂျပန်မသည် ရုတ်တရက် မြင်းဆိုးကြီးကျောပေါ်သို့ ခုန်တက်လိုက်၏။ မြင်းဆိုးကြီးက ကဆုန်ပေါက်၍ပြေး၏။

ဂျပန်မသည် သူ့ခါးမှ ဓားမြှောင်ကိုထုတ်လိုက်ပြီး မြင်းဆိုးကြီး၏ရှေ့လက်နားမှာ ဓားမြှောင်ကို စူးစိုက်လိုက်၏။

မြင်းဆိုးကြီးငြိမ်ကျသွား၏။

ဂျပန်မသည် ခါးကိုကုန်းလျက် မြင်းပေါ်မှာဝပ်လျက် ညာလက်က မြင်းကိုဓားစိုက်၏။ ဘယ်လက်က မြင်းဇက်ကြိုးကိုကိုင်ပြီး မြင်းဆိုးကြီးကို လူပရိသတ်ထဲသို့စီးပြီးဝင်ပြလာတော့၏။

မြင်းဆိုးကြီးက ငြိမ်ငြိမ်သက်သက်ပါပဲ။ ပွဲပြီး ပရိသတ်ကြီးက -

"ဂျပန်မကွ၊ ဂျပန်မကွ"

ဟူ၍ လက်ခုပ်သြဘာပေးကြ၏။

ဂျပန်မ၏သတင်းကား ကျော်ကြားသွားပါတော့၏။ ငွေတစ်ထောင်ဆုရသည့်အပြင် အနိုင်ရသူများက ဂျပန်မကို ဆုချပေးသေး၏။

ဤသတင်းကား မြိုင်ရွာတွင်မက မြို့ပေါ်အထိ ပျံ့နှံ့သွားရ၏။

နောက်တစ်လခန့်ကြာတော့ မြိုင်ရွာထဲသို့ ကားလေးတစ်စီး မောင်းဝင်လာ၏။

ရန်ကုန်မြို့ ဂျပန်သံရုံးမှဖြစ်သည်ဟု ပြောကြ၏။

ဂျပန်မနှင့်တွေ့ဆုံကြ၏။

နောက်တော့ သူကြီးနှင့်တိုင်ပင်ပြီး ဂျပန်မ၏မွေးစားမိခင် ဓားမိထွန်းနှင့် ဂျပန်မကိုပါ ရန်ကုန်မြို့ ဂျပန်သံရုံးသို့ ခေါ်ဆောင်သွားကြပါတော့၏။

ဂျပန်သံရုံးမှ ဂျပန်သံအရာရှိက ဂျပန်မအား သူ၏သံရုံးအတွင်း မြင်းစီးခိုင်းပြရာ အလွန်ကျွမ်းကျွမ်းကျင်ကျင်စီးပြသည်ကိုတွေ့ရပါသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဆုငွေများပေးပါ၏။

ဂျပန်သံရုံးမှ သံအရာရှိက ဂျပန်မ၏ကိုယ်ရေးရာဇဝင်ကိုလိုက်သောအခါ ဒုတိယကမ္ဘာစစ်အတွင်းက သက်ကယ်ကျင်းရွာတွင် တပ်စွဲခဲ့သော ဂျပန်စစ်ဗိုလ်လေးတစ်ဦး၏သမီးဖြစ်နေကြောင်း တပ်မ သိရှိသွားရ၏။

ထိုစစ်ဗိုလ်လေးသည် ဂျပန်ပြည်တွင် အသက်ရှင်လျက်ရှိပြီး ကြီးပွားချမ်းသာကြွယ်ဝနေသူဖြစ်၏။ သူဌေးကြီးဖြစ်နေ၏။

ဂျပန်သံအရာရှိ၏ ဆက်သွယ်ပေးမှုကြောင့် ဂျပန်မသည် သူ၏အဖေရင်းနှင့် ပြန်လည်ဆက်သွယ်မှုရရှိသွားပါတော့၏။

မွေးစားမိခင် ဓားမိထွန်းခဲ့ပါ၏။ သွားသောအခါ ဂျပန်မသည် ဂျပန်ပြည်သို့ အပြီးအပိုင်သွားနေပါတော့၏။

မင်းမြတ်သီဟ

မောင်လှိုင်သစ်(မိုးကုတ်)

မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့ လူနှင့်လူချင်းဆက်ဆံရေး(၃)

စာရေးသူသည် မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့ လူနှင့်သဘာဝ ဆက်ဆံရေး၊ လူနှင့်လူချင်းဆက်ဆံရေး ဟူသော အကြောင်းအရာများကို ဆောင်းပါးများအဖြစ် တင်ဆက်လာခဲ့ရာ ယခုအပုဒ်သည် (၆) ပုဒ်မြောက် ဖြစ်သည်။ ရေးခဲ့ပြီးသောဆောင်းပါးများမှာ မိုးကုတ်ကျောက်မျက်လောက၏ အကြောင်းအရာများကို အကျဉ်းချုပ်မျှသာ တင်ပြခဲ့နိုင်သည်။ တကယ်တမ်း အကျယ်ချဲ့ရေးသားရပါမူ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ပင်ရနိုင်လောက်ပါသည်။ ကျမ်းတစ်စောင်နီးပါးရေးသားခဲ့ကြသည့် စာရေးဆရာများလည်းရှိခဲ့ဖူးပြီး ဖြစ်ပါသည်။ ၎င်းတို့မှာ (၁) ဆရာဦးသိန်းလွင်၊ (၂) ဆရာလေသူရဲတစ်ဦး၊ (၃) ဆရာကောင်းမြတ်သူ (မိုးကုတ်)၊ (၄) ဆရာကိုကိုကြီး (မိုးကုတ်)၊ (၅) ဆရာကလပ်ချနူရာ၊ (၆) ဆရာမောင်ထွန်းဦး (မိုးကုတ်)၊ (၇) ဆရာထက်နိုင် (တလုပ်မြို့)၊ (၈) ဆရာမျိုးသန့်တို့ ဖြစ်ကြသည်။ မိုးကုတ်ဒေသကို ကျောထောက်နောက်ခံထား၍ ရသစာပေအဖြစ် ရေးသားခဲ့ကြသူများမှာ (၁)ဆရာမငွေဇင်ယော်ဦး၊ (၂)ဆရာထက်နိုင်၊ (၃)ဆရာဒေါက်တာအုံးမောင်၊ (၄) ဆရာပန်းရေကြို၊ (၅) ဆရာမောင်လှိုင်သစ်၊ (၆) ဆရာထက်လင်းယု၊ (၇) ဆရာခံအောင်ကျော်စိုး၊ (၈) ဆရာဘော်ဂါလေး၊ (၉) ဆရာရွှေပြည်စိုးတို့ ဖြစ်ကြပြီး ပန်းချီဆရာကြီး ဦးခင်မောင်ညွန့်နှင့် မဟ္ဟာမြားလုလင်တေးဂီတအဖွဲ့ ဂီတမှူး ဧနုရား ဦးစိန်ဝင်းတို့က မိုးကုတ်ဒေသ၏ အကြောင်းအရာများကို ရေးဆွဲသီဖွဲ့ခဲ့ကြသည်။ ဖော်ပြပါ အနုပညာရှင်များအားလုံးသည် မိုးကုတ်ဒေသတွင် ဒေသခံများအဖြစ် အမှန်တကယ် နေထိုင်ခဲ့ကြပြီး မိုးကုတ်ကျောက်မျက်အကြောင်းအရာများကို ရေးသား ခြယ်မှုန်းခဲ့ကြသည့်အတွက် အများအယွင်းများကင်းစင်သည့်အသိများကို ပေးနိုင်ခဲ့ကြသည်။

စာရေးသူသည် မိုးကုတ်ကျောက်မျက်နယ်ပယ်၏အကြောင်းအရာများကို ရေးသားခဲ့ရာတွင် ယခု ရေးသားရမည် 'အုပ်ချုပ်သူများနှင့်ဆက်ဆံရေး'ဟူသော အခန်းကဏ္ဍကို ရေးသားရန် လက်တွန့်နေမိတော့သည်။ အဘယ်ကြောင့်ဆိုရပါမူ ဤကဏ္ဍသည် အရင်ရေးခဲ့သော သုတရသနှင့် ဒေသန္တရဗဟုသုတအပိုင်းတွင်သာမကတော့ဘဲ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ စိတ်ပိုင်းဆိုင်ရာကိုယ်ကျင့်တရားများတို့ကိုပါ ထည့်သွင်းရေးသားရမည့်အခြေအနေများကြောင့်ဖြစ်ပါသည်။ ဤစာမူကိုရေးသားသူသည် ပုထုဇဉ်လူသားတစ်ဦးပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တစ်ပါးသောပုဂ္ဂိုလ်တို့၏ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားအကြောင်းအရာများကို ရေးသားရာတွင် အဂတိလေးပါးမှ လွတ်ကင်းရန်လိုပါသည်။ လွတ်မှလွတ်နိုင်ပါမည်လားဟု မိမိကိုယ်မိမိသံသယဝင်မိသည်။ မည်သို့ပင်ဖြစ်

မိုးကုတ်မြို့နယ် စာရေးဆရာများသမဂ္ဂ နာယကနှင့် အမှုဆောင်များ

GEMS MUSEUM
AND
GEMS MART

ရန်ကုန်မြို့ ကျောက်မျက်ရတနာပြတိုက်



ကျွဲပြင်မြို့ ဓါးနန်းကြည်တောင်ဘုရားနှင့် ဓါးနန်းကြည်နှတ်ကွန်းတည်ရှိရာနေရာ

စေကာမူ ဤကဏ္ဍကို ရှောင်လွှဲလို့မရနိုင်တော့ပါ။ ရေးကိုရေးရပါတော့မည်။ စာရေးသူ၏ ဆောင်းပါးများထဲတွင် ဤကဏ္ဍမပါဝင်လျှင် မိုးကုတ်ကျောက်မျက်လောက၏အကြောင်းအရာများပြည့်စုံနိုင်တော့မည်မဟုတ်ကြောင်း ခံစားရမိ၍ ဖြစ်ပါသည်။

စာရေးသူ ကတိတစ်ခုပေးလိုပါသည်။ ဤဆောင်းပါးများ ရေးသားရာတွင် မိမိကိုယ်မိမိဆုံးမ၍လည်းကောင်း၊ မိမိတို့၏ ရှေ့မှစာပေများရေးသားသွားခဲ့ကြသည့် စာရေးဆရာ၊ ဆရာ့ဆရာကြီးများ၏ ဩဝါဒများကို လမ်းညွှန်ချက်အဖြစ်ခံယူ၍လည်းကောင်း ရေးသားသွားပါမည်ဟု ထပ်မံကတိပြုအပ်ပါသည်။

မိုးကုတ်ကျောက်မျက်နှင့် ကျောက်စိမ်းအရောင်းပြပွဲ (နေပြည်တော်)

စာရေးသူတို့ ငယ်ရွယ်စဉ်ကာလက အနုပညာစာပေနယ်တွင် စာပေအယူအဆနှစ်မျိုးပေါ်ပေါက်ခဲ့ဖူးသည်ကို အမှတ်ရမိပါသည်။ ယခုခေတ်တိုင် စာပေအယူအဆများ များပြားစွာပေါ်ပေါက်ခဲ့ငြားသော်လည်း အဆိုပါအယူအဆနှစ်မျိုးသည် ပျောက်ကွယ်သွားခြင်းမရှိဘဲ တည်ရှိဆဲဖြစ်ပါသည်။ ပြောဆိုရေးသားကျင့်သုံးနေဆဲလည်း ဖြစ်ကြပါသည်။ ၎င်းတို့မှာ အနုပညာသည် အနုပညာအတွက်နှင့် အနုပညာသည် ပြည်သူအတွက်ဟူ၍ဖြစ်ကြသည်။ ပထမအယူအဆမှာ အနုပညာရှင်၏ခံစားချက်ကို အနုပညာအသွင်အပြင်ဖြင့်သာ သရုပ်ဖော်ပြခြင်းဖြစ်ပြီး ဒုတိယအယူအဆကို ခံယူကြသော အနုပညာရှင်များက သူတို့၏ အနုပညာခံစားချက်များကို ပြည်သူတွေအတွက် ဖော်ကျူးသည်ဟု ဆိုကြပါသည်။ ထိုပညာရှင်များပြောဆိုသော ပြည်သူဆိုသည့်ဝေါဟာရမှာ လူသားတိုင်းနှင့်မသက်ဆိုင်ဘဲ အခြေခံလူတန်းစားများဖြစ်ကြသော အလုပ်သမား၊ လယ်သမားနှင့် အောက်ခြေလူတန်းစားများကိုသာဆိုလိုပါသည်။ ထိုအနုပညာရှင်များသည် လုပ်ပိုင်ခွင့်အာဏာကိုကိုင်စွဲ၍ ဖိနှိပ်စိုးမိုးအုပ်ချုပ်သောလူများနှင့် ငွေကြေးဓနကိုအသုံးပြုပြီး ကုပ်သွေးစုပ်အမြတ်ထုတ်နေသောလူများကို ရွံရှာစက်ဆုပ်မုန်းတီးစွာဖြင့် တိုက်ဖျက်တွန်းလှန်သွားကြရန် ဆန္ဒပြင်းပြကြသည်။

စာရေးသူလည်း ထိုအယူအဆကို ငယ်ရွယ်စဉ်က လက်ခံခဲ့ပါသည်။ ယခုချိန်တွင်မူ လက်မခံတော့ပါဟု မဆိုလိုသည့်တိုင် ဘက်ပေါင်းစုံရှုထောင့်မှကြည့်မြင်တတ်လာပြီဖြစ်သည့်အတွက် အကြွင်းမဲ့အမှန်တရားအဖြစ်တော့ မခံယူတော့ပါ။ အချို့ပြဿနာများတွင် မှန်ကန်ပြီး အချို့ပြဿနာများတွင် မမှန်မကန်တော့ဟု မြင်တွေ့လာရသည်။ အထူးသဖြင့် ပုဂ္ဂိုလ်ရေးများတွင် အာဃာတကြီးသော၊ အခဲမကျေသော၊ မေတ္တာ၊ ကရုဏာမထားနိုင်သော အကုသိုလ်စရိုက်များပါဝင်လာနေသည်ဟုခံစားရပါသည်။

ထို့ကြောင့်ပင် ဤဆောင်းပါးများကို အနုပညာနယ်တွင် တတိယအုပ်စုဖြစ်သော ဆရာကြီးဆရာဇော်ဂျီ၊ ဆရာကြီးဆရာမင်းသုဝဏ်၊ ဆရာကြီးဆရာတက္ကသိုလ်ဘုန်းနိုင်တို့၏ ခံယူချက်တို့ဖြင့် ရေးသားနိုင်ရန် ကြိုးစားခဲ့ရပါသည်။ ဆရာကြီးတို့၏မှုကား -

'အနုပညာရှင်သည် ရိုးသားဖြူစင်သောစေတနာဖြင့် သူတစ်ပါးကို မထိခိုက်စေဘဲ မိမိတို့၏အနုပညာခံစားချက်များ ဖော်ကျူးရန်'

ဟူ၍ အဓိပ္ပာယ်ဖွင့်ဆို၍ ရပါသည်။ ဆရာကြီးတို့၏ စာပေအမြင်အနှစ်များသည် လူမျိုးဘာသာအတန်းအစားမခွဲခြားဘဲ လူသားတိုင်းအတွက် အကျိုးပြုခဲ့ပြီးဖြစ်ကြောင်း သမိုင်းမော်ကွန်းထိုးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူသည် ဆရာ့ဆရာကြီးများ၏ ဩဝါဒကို တတ်စွမ်းသမျှနာခံ၍ ဤဆောင်းပါးများကို ဆက်လက် ရေးသားပါအံ့။

မိုးကုတ်မြို့နယ်သည် အရှေ့အနောက် မိုင် (၃၀) နှင့် တောင်မြောက်မိုင် (၁၅) ကျယ်ဝန်းပြီး ဧရိယာစုစုပေါင်း (၄၅၃) ဧက၊ (၂၉၃၀၅) စတုရန်းမိုင်ရှိသည့် တောင်ပေါ်ဒေသဖြစ်သည်။ လူဦးရေပေါင်းမှာ (၁၅၆၉၃၅) ရှိသည်။ ဘူမိမြေအမျိုးအစားမှာ သက်ရင့်ဖြစ်ပြီး အဖိုးတန်ကျောက်မျက်မျိုးစုံထွက်ရှိသော ဒေသဖြစ်သည်။ ကျောက်မျက်ရတနာများ၏သဘာဝမှာ ဖြုန်းမြေလွှာတွင် တည်ရှိကာ မြေကြီးရှိသမျှနေရာတိုင်းတွင်လည်း ဖြုန်းမြေရှိနိုင်သည်။ ဖြုန်းကြောများတိမ်ခြင်း၊ နက်ရှိုင်းခြင်းသာ ကွာခြားကောင်း ကွာခြားနိုင်ကြပါသည်။

မိုးကုတ်မြို့နယ်၏ မြေယာများပိုင်ဆိုင်မှုမှာ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားဒေသများနှင့်ကွဲပြားခြားနားသည်။ ရတနာနယ်မြေများအဖြစ်သတ်မှတ်ထားသောမြေများကို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်မရှိပါ။ ဘိုးဘွားပိုင်၊ ဓားမဦးချပိုင်၊ ဂရန်ပိုင်စသော ပုဂ္ဂိုလ်တစ်ဦးတည်းပိုင်များအဖြစ်မထားဘဲ နိုင်ငံတော်အပိုင်အဖြစ်ထားရှိသည်။ ထို့ကြောင့်လည်း ကျောက်မျက်လုပ်ငန်းပိုင်ရှင်များသည် မြေများကို အစိုးရထံမှ လေလံစနစ်ဖြင့် နှစ်အကန့်အသတ်ထား၍ ငှားရမ်းလုပ်ကိုင်ကြရသည်။ လိုင်စင်ခံထားရုံ၊ တင်ဒါဆွဲထားရုံဖြင့် ပုဂ္ဂလိပိုင်ဆိုင်ခွင့်မရှိပါ။ ကန့်သတ်ရက်နှစ်ပြည့်ပါက တရားဥပဒေနှင့်အညီ အစိုးရထံ ပြန်လည် အပ်နှံကြရသည်။ ခြွင်းချက်အဖြစ် ကျေးလက်မြို့ပြအချို့တွင် ရတနာမြေများဖြစ်ပါလျက် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်များကိုပေးထားရသည်။ ၎င်းမြေများကိုပင် အာဏာပိုင်အစိုးရများမှ လိုအပ်လျှင် လိုအပ်သလို လုပ်ပိုင်ခွင့်ရှိသည်။ နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးစီးပွားအတွက် အမှန်တကယ်လိုအပ်လာပါက ဥပဒေနှင့်အညီ သိမ်းဆည်းနိုင်ပါသည်။ သို့သော်လည်း မြေသိမ်းဥပဒေနှင့်အညီသင့်လျော်သော ကာလပေါက်ဈေးဖြင့်လျော်ကြေးငွေပေးခြင်း၊ မြေစားပေးခြင်းများပြုရန် တာဝန်ရှိပါသည်။

မိုးကုတ်ရတနာမြေတွင် အထက်ဖော်ပြပါအခြေအနေများကြောင့် အုပ်ချုပ်သူအစိုးရများနှင့် ဒေသခံလူတန်းစားအသီးသီးတို့၏ဆက်ဆံရေးများပေါ်ပေါက်လာရတော့၏။

ရှေးကာလ ပဒေသရာဇ်၊ ဧကရာဇ်ဘုရင်များနှင့် မိုးကုတ်ကျောက်မျက်လောကရှိ အလွှာအသီးသီးမှပုဂ္ဂိုလ်များ၏ ဆက်ဆံရေး

မိုးကုတ်မြို့နယ်သည် လွန်ခဲ့သော နှစ်ပေါင်းရှစ်ရာလောက်ခန့်ကပင် လူနေအရပ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရှမ်းရိုးမမြောက်ဖျားတွင်တည်ရှိသည်။ ခေတ်အပိုင်းအခြားဖြင့်တွက်လျှင် ပုဂံခေတ်ဦး အလွန်လောက်တွင်ဖြစ်သည်။ သို့သော် ထိုစဉ်အခါက မြန်မာဧကရာဇ်များ၏ အာဏာစက်လွှမ်းမိုးရာဒေသဖြစ်ခဲ့ဟန်မတူ။ ရှမ်းစော်ဘွားများ၏လက်အောက်တွင်သာရှိခဲ့ကြသည်။ ထိုရှမ်းစော်ဘွားများသည်ပင် မိုးကုတ်ဒေသ၌ အခြေစိုက်နေထိုင်အုပ်ချုပ်ခဲ့ကြသည် မဟုတ်ပါ။ မိုးမိတ်နယ်တွင် ဟော်နန်းပြုနေထိုင်ကြသောမိုးမိတ်စော်ဘွားများဖြစ်သာဖြစ်ကြပါသည်။ အဝေးမှနေ၍ နယ်စားရွာစားများ ခန့်အပ်အုပ်ချုပ်ခဲ့ကြသည်။ ရှမ်းစော်ဘွားများသည် ပဒေသရာဇ်မင်းများဖြစ်သည်နှင့်အညီ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အပိုင်းများတွင် သူတို့၏နှုတ်ဖျားမှစကားသာလျှင် ဥပဒေဖြစ်တော့သည်။ ကိုယ်ပိုင်လက်နက်ကိုင်အဖွဲ့စည်းများဖွဲ့ကာ သူကြီးများတစ်ဆင့် ပြည်များကို အုပ်ချုပ်ခဲ့သည်။ နယ်သူနယ်သားများမှာ ရိုးသားသော တိုင်းရင်းသားများဖြစ်ကြသဖြင့် စော်ဘွားများနှင့် ၎င်းတို့၏အမျိုးအနွယ်များကို အရှင်သခင်များအဖြစ် အားထားကြည်ညိုယုံကြည်လေးစားခဲ့ကြသည်။

စော်ဘွားများ၏ စီးပွားရပ်တည်မှုမှာ အခွန်ကောက်ခံမှုစနစ်ဖြစ်သည်။ ဥယျာဉ်၊ လယ်ယာ၊ ခြံမြေ၊ သစ်တောထွက်ပစ္စည်းနှင့်လုပ်ငန်းပေါင်းစုံမှ အခွန်ငွေကိုရရှိသည်။ မိုးကုတ်ရတနာမြေအား အစဦးတွင် နယ်မြေထိန်းထားရုံသာထားခဲ့ပြီး နောင်တွင် အခွန်အကောက်များကောက်လာကြသည်။ ငွေကြေးသို့မဟုတ် ပစ္စည်းကို သတ်မှတ်ထားသည့်အတိုင်း ပေးဆက်ကြရသည်။ ရွာစားနယ်စားများမှ တာဝန်ယူကောက်ခံပေးကြရသည်။ ရေးသားပြဋ္ဌာန်းထားသောဥပဒေများ မဟုတ်သော်လည်း သင့်တင့်မျှတသော ဘောင်အတွင်းကလည်းဖြစ်၊ မိမိတို့၏ အရှင်သခင်များဟူသောကြည်ညိုရင်းစွဲကလည်းရှိသဖြင့် နယ်သူနယ်သားများသည် အခွန်အကောက်များကို ကြည်ဖြူစွာပေးဆောင်ခဲ့ကြသည်။ အာဏာပိုင်များဘက်ကမူ အခွန်အကောက်တာဝန်မကျေပွန်က အပြစ်ပေးအရေးယူလေ့ရှိသည်ကိုလည်း တွေ့ကြရသည်။ ဤကား ရှမ်းစော်ဘွားများ၏လက်ထက်အခြေအနေအကျဉ်း ဖြစ်သည်။

သက္ကရာဇ် ၁၅၅၇ ခုနှစ်တွင်မူ သီရိပဝရမဟာဓမ္မရာဇာဘွဲ့ခံ ဟံသာဝတီဆင်ဖြူရှင်မင်း (ခေါ်) ဘုရင့်နောင်မင်းတရားသည် ပတ္တမြားမြေကို ချီတက်သိမ်းပိုက်ခဲ့သည်။ မင်းကြီးသည် ရွှေစည်းခုံဘုရားတွင် ကြေးချိန်ပိဿာ (၂၁၀၀) ရှိ ခေါင်းလောင်းကြီးကို သွန်းလောင်းပြီး လှူဒါန်းခဲ့သည်။ ၎င်းခေါင်းလောင်းစာတွင် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးအား မိုးမိတ်၊ သီပေါနှင့် ပတ္တမြားမြေတို့၏အရှင်သခင်အဖြစ် မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာတို့ဖြင့် မော်ကွန်းရေးထိုးခဲ့သည်။ ပတ္တမြားမြေအား သိမ်းပင်သိမ်းငြားသော်လည်း သူ့အုပ်ချုပ်ရေးအောက်တွင်မထားရှိဘဲ ရှမ်းစော်ဘွားများထံ အုပ်ချုပ်ခွင့်ကို ပြန်လည်အပ်နှံထားခဲ့သည်။ မင်းကြီး၏ ဤချီတက်သိမ်းပိုက်မှုမှာ စီးပွားရေးအရ မဟုတ်ဘဲ ဩဇာခံဖြစ်ရုံသာရည်ရွယ်ခဲ့ဟန်တူသည်။ သို့သော် နောင်တွင် မင်းကြီး၏သားတော်ဖြစ်သော ငါးစုဒါယကာမင်းလက်ထက်တွင် ပတ္တမြားမြေကို အပြီးအပိုင် သိမ်းယူတော်မူခဲ့ပြန်သည်။ ထိုသို့ သိမ်းယူရာတွင် တစ်ဖက်သတ်သိမ်းယူခြင်းမပြုဘဲ မိုးမိတ်စော်ဘွားအား ဆင့်ခေါ်ကာ မြန်မာပိုင်မြစ်ငဉ်မြစ်ဖိုးရွာများနှင့် လဲလှယ်မည်ဖြစ်ကြောင်း အသိပေးခဲ့သည်။

သက္ကရာဇ် ၁၅၉၇ ခုနှစ်တွင် အောက်ဖော်ပြပါအမိန့်ကို ထုတ်ပြန်ခဲ့သည်။

'သက္ကရာဇ် ၉၅၉ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့၊ ရတနာပူရတွင် ရွှေဝမြို့ကြီးတည်တော်မူသည်။ မိုးကုတ်ကြပ်ပြင်သည် ရတနာတမည်ဖြစ်သည်။ ရွှေဝမြို့ အပါအဝင် ဖြစ်စေရမည်။ မိုးမိတ်စော်ဘွားစီရင်စုဖြစ်သည်။ မိုးကုတ်ကြပ်ပြင်ကို နုတ်ယူရမည်။ မိုးကုတ်ကြပ်ပြင်အစား တကောင်းမြို့ကို အရန်အကာနှင့်တကွအပ်တော်မူသည်။ မိုးမိတ်မြို့ သိမ်းစေ။ မိုးကုတ်ကြပ်ပြင်မှ ရွှေဝမြို့ကြီးတည်ရာ ရတနာတမည်ဝင်စေ။ ကျောက်တူးအကြီးအငယ်သားအပါအဝင်တို့ကို ဝန်တို့ကစာရင်းချယူ၍ ရွှေတိုက်တော်သွင်းရမည်။ မိုးမိတ်မြို့က မခန့်မထားနှင့် နုတ်တော်မူသည်။ တကောင်းမြို့ကို အစားလဲတော်မူ၍ အပ်တော်မူပြီးလေသည်။ ရွှေဝမြို့ကြီးတွင် ထမ်းရွက်စေ။ သက္ကရာဇ် ၉၅၉ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ နာခံတော် ပြော့မှုကြီး'။

မြန်မာဘုရင်များလက်ထက်တွင် မည်သူမဆို မည်သည့်အခွန်မျှပေးဆောင်ရန်မလိုဘဲ လွတ်လပ်စွာပတ္တမြားတူးဖော်ခွင့်ကိုပြုခဲ့သည်။ စိုးသူကြီးတို့ မည်သူမျှ အတင်းအကျပ် ကျောက်အတူးမခိုင်းရပါ။ မည်သည့်နေရာတွင်သော်တူးရမည်ဟုလည်း သတ်မှတ်ပေးပိုင်ခွင့်မရှိပါ။ တွင်းတူးကြသူများ ကြိုက်နှစ်သက်ရာနေရာများတွင်တူးနိုင်ကြသည်။ တူးဖော်

ရရှိသည့် ကျောက်မျက်များသည် သတ်မှတ်ထားသည့်အရွယ်အစားနှင့် အရည်အသွေးပြည့်မီပါကမူ ဘုရင်မင်းမြတ်ထံ ဆက်သကြရမည်ဟူ၍တော့အမိန့်ထုတ်ပြန်ထားခဲ့သည်။

ဤသို့ဖြင့် ဒေသခံ မိုးကုတ်သားများသည် ကျောက်မျက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုရှင်သန်လာခဲ့ရာမှ မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင်မူ ကျပ် (၅၀၀) နှင့် အထက်တန်ဖိုးရှိသော ကျောက်မျက်များကိုလည်းကောင်း၊ သီပေါမင်းလက်ထက်တွင် ကျပ်(၂၀၀)အထက်တန်ဖိုးရှိသော ကျောက်မျက်များကိုလည်းကောင်း ဘုရင်မင်းမြတ်အား မဖြစ်မနေဆက်သကြရမည်ဟု သတ်မှတ်ခဲ့ကြပြန်ပါသည်။ လက်ရွေးစင် ကျောက်မျက်များကိုမူ စို့သူကြီးများကိုယ်တိုင် မင်းနေပြည်သို့ အရောက်ပို့ဆောင်ဆက်သကြရသည်။ ဘုရင့်နန်းတော်မှ အထောက်တော်များ စေလွှတ်၍ ကျောက်မျက်၏ အဆင့်အတန်းအလျောက် ဆင်၊ လှော်ကားငယ်၊ လှော်ကားကြီး စသည်တို့ဖြင့် တင်ဆောင်ယူလေ့ရှိသည်။ သက္ကရာဇ် ၁၀၂၃ ခုနှစ် ငါးထပ်ကြီး ဒါယကာ ပင်းတလဲမင်းလက်ထက် ဆက်သခံရရှိခဲ့သော ငမောက်ပတ္တမြားကြီးသည် လှော်ကားကြီးတင်အဆင့်ဖြစ်သည်။ ထိုငမောက်ပတ္တမြားကြီးနှင့်ပတ်သက်၍ သမိုင်းမှတ်တမ်းတင်အဆင့်မရောက်ခဲ့သောဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းတစ်ပုဒ်ရှိခဲ့ဖူးသည်။ ပတ္တမြားပိုင်ရှင် ငမောက်သည် ပတ္တမြားကြီးကို တရုတ်ပြည်သို့တစ်ဝက်ခြမ်းပြီး ခိုးရောင်းခဲ့သည်ဆိုပါသည်။ ၎င်းကိစ္စအား မြန်မာဘုရင်သိရှိပြီး ငမောက်နှင့်အတူ တစ်မျိုးလုံးတစ်ဆွေလုံးတို့အား မီးရှို့သတ်ခဲ့သည်။ ငမောက်၏အမျိုးထဲမှ ဒေါ်နန်းကြည်ဆိုသူ အမျိုးသမီးတစ်ဦးသာ အဝေးရောက်နေ၍လွတ်ခဲ့သည်။ သို့သော် ဒေါ်နန်းကြည်သည် သူ့အမျိုးများ မီးရှို့အသတ်ခံနေရသည်ကို အဝေးမှ လှမ်းမျှော်ကြည့်ရင်း ရင်ကွဲနာကျသေပွဲဝင်ခဲ့ရသည်။ နတ်စိမ်းဘဝရောက်ခဲ့ရ၏။ ဒေါ်နန်းကြည် သူ့ဇာတိ လောင်းစင်၊ ခရေဝေကျေးရွာများကို မျှော်ကြည့်ခဲ့ရာတောင်ကို ယခုထက်တိုင် ကျပ်ပြင်မြို့တွင် ဒေါ်နန်းကြည်တောင်တော်အဖြစ် နန်းကွန်းနှင့်တကွ တွေ့မြင်နိုင်ကြပါသေးသည်။ (အလျဉ်းသင့်ပါက ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးပါဦးမည်)။

သက္ကရာဇ် ၁၈၆၇ ခုနှစ်တွင် အင်္ဂလိပ်ပြည့်ရှင် ဘုရင် စေလွှတ်လိုက်သော သံအဖွဲ့နှင့် မြန်မာအာဏာပိုင်တို့ ကူးသန်းရောင်းဝယ်ရေးစာချုပ်တစ်ခုချုပ်ဆိုခဲ့ကြသည်။ စာပိုဒ် (၁) တွင် မြန်မာ့ကျောက်မျက်ရတနာများကို ရေနံ၊ ကျွန်းသစ်တို့နှင့်အတူ ဘုရင်မင်းမြတ်တစ်ဦးတည်းသာ ရောင်းဝယ်ခွင့်ရှိသော ကုန်တော်စာရင်းမှ ပယ်ဖျက်ပေးရန်ပါရှိခဲ့သည်။

သက္ကရာဇ် ၁၈၈၁ ခုနှစ်၊ သီပေါမင်းလက်ထက်တွင် ပြင်သစ်အင်ဂျင်နီယာနှစ်ဦးသည် ဘုရင့်ခွင့်ပြုချက်ဖြင့် ပတ္တမြားမြေကို ရောက်ရှိခဲ့သည်။ သက္ကရာဇ် ၁၈၈၅ ခုနှစ်တွင် ၎င်းတို့မှ ကျောက်မျက်တူးဖော်ခွင့်လျှောက်ထားခဲ့ရာ သီပေါမင်းမှ သဘောတူလက်ခံခဲ့ပြီး ထိုနှစ်အတွင်းမှာပင် တူးဖော်ခွင့်ကို လျှို့ဝှက်စာချုပ်ချုပ်ဆိုခွင့်ပြုလိုက်သည်။ လက်မှတ်ရေးထိုး၍လည်း အတည်ပြုခဲ့ကြသည်။

ဗြိတိသျှ အင်္ဂလိပ်ကိုလိုနီခေတ်အစိုးရနှင့် မိုးကုတ်ဒေသရှိအလွှာအသီးသီးမှ ပုဂ္ဂိုလ်များဆက်ဆံရေး

အင်္ဂလိပ် - မြန်မာတတိယစစ်ပွဲအပြီး မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ သက္ကရာဇ် ၁၈၈၆ ခုနှစ်တွင် ဖြစ်သည်။ မိုးကုတ်ဒေသအပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို နယ်ချဲ့တို့သိမ်းပိုက်ကြရာတွင် တိုင်းရင်းသားများနှင့် မြန်မာမျိုးချစ်တို့၏ ခုခံကာကွယ်မှုကို အပြင်းအထန် ရင်ဆိုင်ကြရ၏။ မိုးကုတ်မြို့နယ်တွင် မိုးကုတ်ဇာတိသား ဗိုလ်သာစီနှင့် ဗိုလ်ရွှတ်တို့ ဦးဆောင်၍ ကာကွယ်ခုခံကြသည်။ လူအင်အား လက်နက်အင်အား မမျှတ၍ အင်္ဂလိပ်တပ်များကို မအောင်နိုင်ခဲ့ကြပါ။ ဤသို့ဖြင့် ဂျင်နရယ်စတီးဝပ်၊ ဆားချားလ်ဘားနဒ်တို့၏တပ်များမှ ပတ္တမြားမြေကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် အုပ်ချုပ်ရေးကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် ၁၈၈၈ ခုနှစ်တွင် ပတ္တမြားမြေကို ကျောက်တွင်းဒီစတြိတ်အဖြစ် သတ်မှတ်ခဲ့ကြသည် အုပ်ချုပ်ရေးချောမွေ့စေရန် မြို့သူကြီးများခန့်အပ်ခဲ့သည်။ တစ်ပါတည်း ကျောက်မျက်နှင့်ပတ်သက်သောဥပဒေများကိုလည်းပြုစုခဲ့ကြသည်။ အင်္ဂလိပ်အစိုးရသည် အင်္ဂလိပ်လူမျိုးများပိုင် ကျောက်မျက်ကုမ္ပဏီများဖွဲ့စည်းခွင့်ကို ခွင့်ပြုခဲ့သည်။ ဒေသခံတိုင်းရင်းသားများအတွက်လည်း တွင်းလုပ်ပိုင်ခွင့်များကိုသတ်မှတ်ခွင့်ပြုခဲ့ကြသည်။ ဒေသခံတို့မှာ စက်မှုနည်းပညာချို့တဲ့မှုနှင့်အရင်းအနှီးမဲ့မှုကြောင့် လုပ်ငန်းကြီးများမလုပ်နိုင်ဖြစ်ခဲ့ကြရသည်။ လေးလက်မပိုက်သုံးရေစုပ်စက်ငယ်များထက်မပိုသောပစ္စည်းများနှင့်သာ လုပ်ကိုင်နိုင်ခဲ့ကြရသည်။ ထိုသို့ခွင့်ပြုရာတွင်ပင် အကန့်အသတ်များ ပါဝင်ခဲ့ပါသေးသည်။ မိုးကုတ်ကျောက်မျက်လုပ်ငန်းသည် မြေသားကို အင်းဖွဲ့၍တူးကြရသောအလုပ်ဖြစ်ပေရာ တွင်းများမှ ရေထွက်ရှိလာတတ်သည်။ ၎င်းရေများကို စုပ်ထုတ်၍ မြန်းမြေကိုယူကာကျောက်မျက်ရှာဖွေယူရ၏။ ထိုအခါမျိုးတွင် မြန်းမြေနှင့်ရေရောတစ်ပါတည်းဆွဲတင်နိုင်သော ရေစုပ်စက်များလိုလာပါသည်။ လုပ်ငန်းရှင်အချို့သာ ၎င်းစက်မျိုးကို သုံးစွဲနိုင်ကြသည်။ စလုတ်တွင်းများဟုခေါ်ပါ သည်။ အချို့မှာ ရေချည်းသက်သက်သာစုပ်ယူနိုင်သောစက်များကိုသုံးနိုင်ကြပါသည်။ အင်္ဂလိပ်အစိုးရသည် စက်တွင်းလိုင်စင်နှစ်မျိုးကိုချပေးလာ၏။ အောင်းရေရေကြည်ဆွဲလိုင်စင်နှင့် မြန်းရောရေပါစုပ်တင်နိုင်သော ရေနောက်ဆွဲလိုင်စင်ဟူ၍ဖြစ်၏။ ရေကြည်ဆွဲလိုင်စင်ခံထားသူသည် ရေနောက်ဆွဲခွင့်မရှိပါ။ တွေ့ရှိပါက ကျောက်တွင်းဥပဒေကိုအသုံးပြုပြီး ဒဏ်တပ်ပါသည်။ အောက်ခြေ အခြေခံ လူတန်းစားများအတွက်ကိုမူ မြေအတွက်လိုင်စင်ခံစရာမလိုဘဲ လူလိုင်စင်ခံထားရုံဖြင့် ကျောက်မျက်တူးနိုင်ကြပါသည်။ လိုင်စင်အမိန့်ကို ကြေးပြားဖြင့်ပြုလုပ်ထားကာ ခါးမှာချိတ်ဆွဲပြီးအလုပ်ဆင်းကြရသည်။ လိုင်စင်မခံဘဲလုပ်လျှင်သော်လည်းကောင်း၊ လိုင်စင်ရက်လွန်လျှင်သော် လည်းကောင်း တွေ့ရှိပါက ဒဏ်ငွေအတပ်ခံကြရသည်။ ကျောက်မျက်အင်စပက်တာများခန့်ထား၍ ကြီးကြပ်ခဲ့ကြသည်။ ကျောက်မျက်လုပ်သားများသည် လိုင်စင်ခံပြီးလျှင် မိမိစိတ်ကြိုက်နှစ်သက်ရာနေရာ၌ လုပ်နိုင်ကြသည်။ ကုမ္ပဏီတွင်းများ၊မြေလိုင်စင်ခံထားသောတွင်းများနှင့်တော့ လွတ်ကင်းရာဖြစ်ရပါမည်။ မြေတွင်းအမျိုးပေါင်းများစွာရှိကြရာတွင် တွင်းလုံးတွင်းဟုခေါ်သော တွင်းအမျိုးအစားတစ်ခုရှိသည်။ ၎င်းတွင်း၏ အနက်ပေမှာ သိပ်မနက်လှပါ။ မြေခိုင်ခဲ့ပြီးတိမ်ပါသည်။ အင်္ဂလိပ်အစိုးရသည် ၎င်းတွင်းမျိုးအတွက် သစ်သားဖြင့် ပြုလုပ်ထားသော လက်ဖြစ်စက်သီးကိုပင် အသုံးပြုခွင့်မပြုပါ။ ပါးမောင်းချိတ်များနှင့်သာလုပ်ကြရသည်။

ကျောက်တွင်းများမှကျောက်များရရှိလာပါက ကျောက်မျက်ဈေး (ထာပွဲ) များတွင် လွတ်လပ်စွာရောင်းဝယ်နိုင်ကြသည်။ ကုန်သည်၊ ပွဲစား၊ ကျောက်သွေးသမားများလည်း အခွန်အကောက်ဆောင်၍ လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြသည်။ ဒေသခံများ၏ အကျိုးစီးပွားကို ကာကွယ်သည့်သဘောရော သူတို့၏ အကျိုးစီးပွားပါ ကာကွယ်ပြီးသားဖြစ်ခဲ့ရသည့် ဥပဒေတစ်ခုကိုလည်း ပြဋ္ဌာန်းခဲ့ကြပါသေးသည်။ ၎င်းမှာ ကျောက်မျက်လိုင်စင်များကို ဌာနေထာဝရသားများသာခံယူခွင့်ရှိပြီး ရပ်ဝေးမှလာသောဇာတိမသားများကို ခွင့်မပြုခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ် မိုးကုတ်ဒေသခံအလွှာပေါင်းစုံတို့နှင့် အုပ်ချုပ်သူများဆက်ဆံရေး

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်ကြီးအဖြစ် လွတ်လပ်ရေးကို ကြေညာနိုင်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော တိုင်းပြုပြည်ပြုလွှတ်တော်မှသည် သခင်နုဦးဆောင်သော ပြည်သူ့လွှတ်တော်ပါလီမန်အစိုးရတို့ပေါ် ပေါက်လာသည်။ ၎င်းတို့မှတစ်ဆင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ဆောင်ရွက်ကြရာတွင် ပြည်တွင်းလုံခြုံရေး၊ တိုင်းရင်းသားချစ်ကြည်ရေး၊ ကျန်းမာရေးတို့အပြင် စီးပွားရေးစီမံကိန်းများလည်း ပါဝင်လာခဲ့ကြရ၏။ စီးပွားရေးကိစ္စများဆောင်ရွက်ကြရာတွင် တိုင်းရင်းသားနိုင်ငံသားများကို ဦးစားပေးသောစီမံချက်များ ပါဝင်လာသည်။ မိုးကုတ်နယ်မြေအတွက် ဒေသခံများကို ဦးစားပေးခဲ့ပြီး နိုင်ငံခြားသားများ၊ ဇာတိမသားများကို စီးပွားလုပ်ပိုင်ခွင့်မပေးတော့ပါ။ မြန်မာနိုင်ငံသားမဇာတိမများအတွက်ကိုမူ ခြွင်းချက်အဖြစ် ထာဝရသမားများနှင့် အရင်းအနှီးပူးပေါင်းပါဝင်မှုကို ခွင့်ပြုခဲ့၏။ ထို့ကြောင့်လည်း ဒေသခံအရင်းအနှီးတတ်နိုင်သူများ လုပ်ငန်းရှင်ကြီးများ ဖြစ်လာကြ၏။ ကျောက်မျက်ရောင်းဝယ်ဖောက်ကားမှုများကိုမူ ပြည်သူပြည်သားအားလုံးအတွက် တစ်ပြေးညီခွင့်ပြုခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များအထိ ခြေဆန့်နိုင်ခဲ့ကြသည်။ မိုးကုတ်ဒေသသားတချို့ ပြင်သစ် ပဲရစ်မြို့များ၌ပင် ကျောက်မျက်အရောင်းဆိုင်ဖွင့်လှစ်နိုင်ခဲ့ကြသည်။ ဖဆပလပါလီမန်အစိုးရသည် ကျောက်မျက်အမှုအခင်းများကို ဖြေရှင်းနိုင်ရန် ကျောက်မျက်ဥပဒေရှင်များခန့်ထားခြင်း၊ အချို့သောတရားမမှု၊ ရာဇဝတ်မှုတို့အတွက် နယ်ဘက်တရားရုံးများနှင့် ပူးပေါင်းဖြေရှင်းမှုများစီမံခဲ့သည်။ ရတနာနယ်မြေမြေပုံ၊ ကျေးလက်မြို့ပြမြေပုံတို့ကို စနစ်တကျရေးဆွဲစေခဲ့သည်။ ကုန်သည်၊ ပွဲစား၊ ကျောက်သွေးသမားစသည်တို့အတွက်လည်း ဥပဒေများရေးဆွဲပြီးလွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုခွင့်ပြုခဲ့သည်။

ဖဆပလပါလီမန်အစိုးရ၏ စီမံခန့်ခွဲမှုများတွင် သွင်းကုန်၊ ထုတ်ကုန်စသည့် အရေးတကြီးကိစ္စများ၌ ချို့ယွင်းမှုများ မကင်းခဲ့သော်လည်း ယေဘုယျသဘောပြောရလျှင် တိုင်းပြည်စီးပွားရေးများ ခံသာခဲ့သည်ဟုဆိုကြရပေမည်။ကုန်ဈေးနှုန်းတည်ငြိမ်မှုများက သက်သေဖြစ်သည်။ ထိုအချိန်ကာလက ပဲအမျိုးမျိုး၊ ဆန်၊ ပဒ္ဒုလစောင်၊ ဟံသာအေးနိုင်လွန်၊ ကြက်ဆင်ဖဲထီး၊ ဆိပ်ခွန်ဝမ်းတွင်းချည်ချောလုံချည်၊ ပွင့်ကောင်းဘရားသားကုန်စည်များ စသည်တို့မှာ ထွက်ကုန်ပို့ကုန်များဖြစ်ခဲ့ကြသည်။ မိုးကုတ်ကျောက်မျက်ရတနာများသည်လည်း ပို့ကုန်များဖြစ်ခဲ့ကြသည်မဟုတ်ပါလား။

လက်လုပ်လက်စား အခြေခံလူတန်းစားများအတွက်လည်း အင်္ဂလိပ်ခေတ်က ခွင့်ပြုခဲ့သလိုပင် လူလိုင်စင်ရှိရုံနှင့် ကျောက်မျက်တူးဖော်ခွင့်များ ရခဲ့ကြသည်။ စက်တွင်းများကိုလည်း ရှေးဥပဒေများအတိုင်း ခွင့်ပြုခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံခွင့်ပြုခဲ့သည့်အတွက် ကျောက်သွေးနည်းပညာ ကျောက်သွေးပစ္စည်းများ တိုးတက်လာခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ် မိုးကုတ်ဒေသအလွှာအသီးသီးများနှင့် အုပ်ချုပ်သူများဆက်ဆံရေး

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလများအတွင်း မိုးကုတ်မြို့နယ်၏ အမှောင်ခေတ်များဟု ဆိုလာလျှင်မှားမည်မထင်ပါ။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း ဦးစီးသော စစ်တပ်မှ ဦးနု ဦးဆောင်သော ပထမပါလီမန်အစိုးရကို အာဏာသိမ်းဖြုတ်ချခဲ့သည်။ ထိုအာဏာသိမ်းမှုတွင် သွေးထွက်သံယိုမှုများပါလာသည်။ ပထမအဦးဆုံး သွေးမြေကျသူမှာ သမ္မတကြီးစဝ်ရွှေသိုက်၏သား ဖြစ်သည်။ ထို့နောက် လက်ဝဲလက်ယာနိုင်ငံရေးသမားများအဖမ်းအဆီးခံကြရသည်။ ဤစာမှုရေးသူပင် အပါအဝင်ဖြစ်ခဲ့သည်။ တစ်ဆက်တည်းလောက်မှာပင် ရန်ကုန်တက္ကသိုလ်နယ်မြေတွင် (၇) ရက် ဇူလိုင် သွေးမြေကျပွဲကြီးဖြစ်ခဲ့သည်။ တိုင်းပြည်၏ စီးပွားရေးမှာ ပါလီမန်ဒီမိုကရေစီစနစ်၏ ဈေးကွက်စီးပွားရေးမှုများလူးလွန့်အညွန့်တက်စပြုစမှာပင်ပြိုလဲသွားရတော့၏။ ဗိုလ်ချုပ်နေဝင်းဦးစီးသောစစ်အစိုးရသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ကာ စီးပွားရေးများတွင် စီမံကိန်းမှုများနှင့် ချီတက်မည်ဟု ကြေညာပါတော့သည်။ မိုးကုတ်ဒေသတွင်လည်း ထိုမှု၏ အဆိုးဒဏ်ကိုခံကြရတော့သည်။အာဏာသိမ်းပြီးစကာလမှ နှစ်အတန်ကြာသည်အထိ ရှေးယခင်ကအတိုင်း တွင်းလုပ်ခွင့်ကို ခွင့်ပြုခဲ့သေးသည်။

၁၉၆၉ ခုနှစ်တွင်မူ ကြေညာချက်အမှတ် (၁) ကို ထုတ်ပြန်ပြီး မိုးကုတ်မြို့နယ်၏ ကျောက်တွင်းလုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်ပါတော့သည်။ ထိုအချိန်မှစ၍ မိုးကုတ်ဒေသခံတို့၏စီးပွားရေးများပျက်ပြားသွားခဲ့ရပြီး စားဝတ်နေရေးများကျပ်တည်းခဲ့ကြရသည်။ အထူးသဖြင့် အောက်ခြေလူတန်းစားများအတွက် ဆိုးဝါးလှသည့် စားဝတ်နေရေးဒုက္ခများနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ကြရသည်။ အစိုးရကိုယ်တိုင်ကလည်း ကော်ပိုရေးရှင်းအမည်ဖြင့် ကျောက်မျက်တွင်းများကို လုပ်ကိုင်လာသည်။ ကုန်သည်၊ ပွဲစား၊ ကျောက်သွေးသမားများနှင့် တွင်းတူးလုပ်သားတို့အတွက် စီးပွားရေးနေရာရရှိမှုများ ပျောက်ဆုံးခဲ့ရတော့၏။ တွင်းလုပ်သားအချို့ကမူ မိမိတို့၏ စားဝတ်နေရေးကို ဖြေရှင်းနိုင်ရန် အစိုးရပိုင်တွင်းများတွင် လခစားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြရသည်။ ကျောက်မျက်တွင်းများနှင့် ပတ်သက်သောအမိန့်များ၊ ဥပဒေများကို ထုတ်ပြန်ခဲ့ကြသည်။ ဖြတ်သန်းသွားလာခွင့်မရှိသော နယ်မြေ၊ လက်ဝယ်ထားရှိခွင့်မရှိသော ကျောက်မျက်နှင့်ပတ်သက်သည့်ကိရိယာတန်ဆာပလာကျောက်သွေးပစ္စည်း၊ ကျောက်သွေးပစ္စည်းများ စသည်တို့ကို ကြေညာပါသည်။ ပြည်သူတို့တွင် ယ[illegible]ပြုသား ကျောက်မျက်အရိုင်းများ[illegible] အကျုံးဝင်သလိုဖြစ်ကုန်ကြတော့သည်။ ကန့်သတ်နယ်မြေ ဖြတ်သန်းလျှင် ပုဒ်မ (၁၄၄) ဖြင့်

ပစ်ခတ်ဖမ်းဆီးခံကြရသည်။ အသက်မေးသလျှင်လည်း ပုဒ်မ (၁၄)(၁) ဆိုရှယ်လစ်စီးပွားရေးကာကွယ်ရေးဥပဒေဖြင့် ထောင်အကျခံရသည်။ တွင်းလုပ်နေသည်ကိုတွေ့ပါက ပုဒ်မ (၁၈၈) ဖြင့် တရားစွဲနိုင်သည်။ ထောင်ဒဏ် (၂) နှစ်အထိကျနိုင်သည်။ ကျောက်မျက်များအရောင်းအဝယ်ပြုပါကလည်း ဖမ်းဆီးထောင်ချနိုင်သည်။ ကျောက်မျက်ဈေး (တာပွဲ) နေရာများကို ဝင်ရောက်စီးနင်း၍ ဖမ်းဆီးကြသည်။ ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုမှာ ကျောက်ဝယ်ယူမိသော ကုန်သည်တစ်ဦး အဖမ်းအဆီးခံရတာ ထိုစဉ်က ထောက်လှမ်းရေးများ၏ ညှဉ်းပန်းနှိပ်စက်မှုကိုမခံနိုင်သည့်အဆုံးတွင် နိုက်ထရစ်အက်စစ်အပြင်းစားသောက်ကာ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းပင်ဖြစ်တော့သည်။

မိုးကုတ်မြို့နယ်ရှိ ဒေသခံတို့၏ ဘဝမှာ မည်မျှဆိုးသောခေတ်ဆိုးခေတ်ကျပ်ပင်ဖြစ်နေစေကာမူ ဝမ်းရေးပြဿနာများကြောင့် မဖြစ်မနေ စွန့်စား၍ ကျောက်တွင်းများကို လုပ်နေကြရသည်။ အခြားသော အသက်မွေးဝမ်းကျောင်းအလုပ်များကလည်း အခြေအနေပေးလှသည့်အနေအထားမရှိခြင်းကြောင့်လည်း ဖြစ်၏။ တိုင်းနိုင်ငံတစ်ခုတွင် တည်ငြိမ်သော စီးပွားရေးမရှိလျှင် မှောင်ခိုဈေးကွက်များပေါ်ပေါက်လာရသည့်ထုံးစံအတိုင်း မြန်မာနိုင်ငံတွင်လည်း ထိုဈေးကွက်မျိုး ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စီးပွားရေးလုပ်ငန်းတိုင်းတွင်ပင် ဖြစ်တော့၏။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ အသားငါးများသာမက လူသုံးကုန်ပစ္စည်းမျိုးစုံတို့လည်း မှောင်ခိုကုန်ဖြစ်ကြရတော့သည်။ မှောင်ခိုစီးပွားရေးလောကနှင့်အတူ လာဘ်ပေးလာဘ်ယူမှုများလည်း တွဲဖက်ပါဝင်လာကြသည်။ မိုးကုတ်နယ်မြေတွင်လည်း ခိုးစူးခိုးရောင်းခိုးသွေးဟူသော မှောင်ခိုလုပ်ငန်းများ ထွန်းကားလာရသည်။ ထိုကိစ္စများ အန္တရာယ်ကင်းကင်းလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များကို လာဘ်ငွေများပေးခဲ့ကြရသည်။ ထိုသို့ ပေးကမ်း၍လုပ်ခဲ့ကြရသော်လည်း ကံဆိုးကြသူများအဖို့ အန္တရာယ်များမှ မကင်းကြဘဲ အဖမ်းအဆီးခံ ထောင်ကျပစ္စည်းဆုံး လူသေ စသည့် ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ခဲ့ကြရသည်။ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများပင် မလွတ်ကင်းခဲ့ကြပါ။ အရောင်းအဝယ်သမားများကလည်း ပြည်တွင်းဈေးကွက်များသာမက နိုင်ငံခြားဈေးကွက်ဖြစ်သည့် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံများအထိ မှောင်ခိုရောင်းဝယ်ဖောက်ကားကြသည်။ ထိုင်းနိုင်ငံသို့သွားရာတွင် မြို့စခန်း၊ တောစခန်းတို့ကို ဖြတ်သန်းကြရသည့်အတွက် လမ်းကြေးငွေများပေးကြရသည်။ မြေပေါ်မြေအောက်အာဏာပိုင်သူများအဖို့ ကြီးမားသောဝင်ငွေလမ်းကြောင်းကြီးပင်ဖြစ်တော့၏။ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဈေးကွက်ကို လက်လှမ်းမီနေသည့်အတွက် မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာများကို အောက်ဈေးဖြင့်ရရှိကာ ကြီးပွားတိုးတက်ခဲ့သည်။ မိုးကုတ်ဒေသသားကုန်သည်များမှာမူ ဌာနေဈေးထက် အနည်းငယ်မြင့်သောဈေးကိုသာရကြပြီး အမှန်တကယ်တန်သည့်တန်ဖိုးမျိုးမရရှိခဲ့ကြပါ။ ပြည်တွင်းဈေးထက်မြင့်နေ၍သာ စွန့်စွန့်စားစား သွားရောက် ရောင်းဝယ်ကြရခြင်းဖြစ်ပါသည်။

တရားဝင် ရောင်းဝယ်ခွင့်ရှိသော ပြည်တွင်းဈေးကွက်မှာ အစိုးရမှကြီးမှူးပြုလုပ်သော ကျောက်မျက်ပြပွဲရောင်းပွဲများသာဖြစ်ကြ၏။ အစိုးရ၏ ကော်ပိုရေးရှင်းပိုင် ကျောက်မျက်များ၊ သတ္တုတွင်းဝန်ကြီးဌာနပိုင်ကျောက်မျက်များသာ ရောင်းဝယ်ကြသည်။ ပြည်တွင်းကုန်သည်များဝယ်လေ့မရှိဘဲ နိုင်ငံခြားသားကုန်သည်များသာဝယ်ယူကြသည်။ ထိုပြပွဲရောင်းပွဲများမှ ရရှိလာသော တိုင်းပြည်၏ဘဏ္ဍာငွေများကို ပွင့်လင်းမြင်သာသည့် အသိပေးထုတ်ပြန်ချက်များဖြင့် ပြည်သူကို တင်ပြလေ့လည်း မရှိခဲ့ကြပါ။ အတည်ပြုရန် အခက်အခဲရှိသည့် သတင်းအချို့ကို ရေးရလျှင် ထိုကာလက စစ်ဘက်အကြီးအကဲကြီး၏မိသားစုပိုင်များဖြစ်သွားကြသည်ဟု ဆိုပါသည်။ ထိုမိသားစုများ ကြိုက်နှစ်သက်သည့် ကျောက်မျက်ဖြစ်ပါက ရောင်းချခြင်းပင်မပြုတော့ဘဲ ယူဆောင်သွားကြသည်ဟုလည်းအဆိုရှိခဲ့ဖူးသည်။ ပြည်သူပိုင်သိမ်းစဉ်ကာလက မိုးကုတ်မြို့ခံ သူဌေးတစ်ဦးပိုင် ကျောက်မျက်ရတနာအယဉ်များကို ခေတ္တသိမ်းဆည်းထားမည်ဟုဆိုကာ နောင်တွင် ပြန်မပေးတော့ဟုလည်း ဆိုကြပါသေးသည်။ ဥပဒေအရ ကျောက်မျက်ရတနာအယဉ်များကို သိမ်းပိုက်ခွင့်မရှိပါ။ ကျောက်မျက်အရိုင်းများကိုသာသိမ်းလေ့ရှိပြီး နောင်တွင် ရွှေနှင့်လုပ်ထားသောအယဉ်ပစ္စည်းများပင် အာမခံချက်မဲ့ခဲ့ရပါတော့သည်။

နဝတ၊ နအဖစစ်အစိုးရခေတ် မိုးကုတ်ဒေသရှိအလွှာအသီးသီးနှင့် အုပ်ချုပ်သူများဆက်ဆံရေး

(၈) လေးလုံးအရေးတော်ပုံကြီးအပြီးတွင် မြန်မာနိုင်ငံတော်၏ အခြေအနေသည် တစ်ဆစ်ချိုးပြောင်းလဲသွားပါတော့သည်။ ဗိုလ်ချုပ်စောမောင်ဦးဆောင်သော စစ်အစိုးရသည် မဆလအစိုးရနှင့်နားလည်မှုယူကာ အာဏာကိုလွှဲပြောင်းယူနိုင်ခဲ့ကြသည်။ ပြည်သူလူထု၏ အမြင်တွင် စစ်တပ်၏ အာဏာသိမ်းယူမှုပင် ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးစောမောင်က မြန်မာနိုင်ငံအား ဒီမိုကရေစီစနစ်ဖြင့် ချီတက်သွားကြမည်ဟုဆိုကာ နိုင်ငံရေးပါတီများဖွဲ့ခွင့်ပေးခြင်း၊ ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကတိကဝတ်ပြုခြင်း၊ ရွေးကောက်ပွဲအနိုင်ရပါတီအား အာဏာအပ်နှင်းမည်ဟု ပြောဆိုလာကာ စစ်တပ်မှ အာဏာသိမ်းယူခဲ့ခြင်း မဟုတ်ကြောင်း သက်သေထူပါသည်။ ဤသို့ဖြင့် ၁၉၉၀ ရွေးကောက်ပွဲကြီး ကျင်းပဖြစ်ခဲ့ကြသည်။ အနိုင်ရပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖြစ်လာပါသည်။ သို့သော်လည်း ဗိုလ်ချုပ်စောမောင်သည် သူ၏ကတိကဝတ်များကို အကောင်အထည်မဖော်လိုက်ရပါ။ ဗိုလ်ချုပ်ခင်ညွန့်၏ (၁၉၉၀)ရွေးကောက်ပွဲသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲမဟုတ်၊ တိုင်းပြည်ပြုရွေးကောက်ပွဲသာ ဖြစ်သည်ဟု ပြောင်ဖြင်းပယ်ကာ (၁/၉၀)ထုတ်ပြန်ချက်ဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကိုရေးဆွဲစေခဲ့သည်။ အမျိုးသားညီလာခံကြီးမှ ထိုဥပဒေကြီးကို ဆယ့်[illegible]နှစ်ကြာမျှအချိန်ယူပြီး ရေးဆွဲခဲ့သည်။ ၎င်းဥပဒေကြီးမှာ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကြီးဟု အမည်တွင်သော ပြည်သူတို့ယနေ့တိုင် အမြင်မကြည်လင်သော ဥပဒေကြီးပင် ဖြစ်တော့သည်။

နဝတ၊ နအဖ စစ်အစိုးရသည် တက်လာခါစကပင် စီးပွားရေးများကို ဈေးကွက်စီးပွားမှုများဖြင့် သွားမည်ဟု ကြေညာခဲ့သည်။ ယခင် မဆလအစိုးရလက်ထက်တွင် ဆောင်ရွက်ထားခဲ့သော ပြည်သူပိုင်စီးပွားရေးမှုများကို ဖျက်သိမ်းကာ ပုဂ္ဂလိကပိုင်စီးပွားရေးမှုများနှင့် အစားထိုးခဲ့ကြသည်။ မိုးကုတ်ဒေသတွင်လည်း ထိုအမှုအရ ဒေသခံတို့ကျောက်တွင်းလုပ်ကိုင်နိုင်သည့်အခွင့်အလမ်းများ ပေါ်ပေါက်လာခဲ့ရသည်။ ဖက်စပ်တွင်း၊ ဖော်ထုတ်တွင်း၊ ဦးပိုင်ကုမ္ပဏီနှင့် အကျိုးတူတွင်းဟူသော စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။ ဖော်ပြပါအခွင့်အရေးများကို တကယ်တမ်းရရှိသွားကြသူများမှာ ဒေသခံအခြေခံလူတန်းစားတို့မဟုတ်ကြဘဲ အာဏာပိုင်များနှင့် ပတ်သက်သော ငွေရှင်ကြေးရှင်ခရိုနီများ၊ အာဏာပိုင်အချို့တို့၏ မိသားစုများ၊ ငြိမ်းချမ်းရေးအမည်ခံလက်နက်ကိုင်အင်အားစုများတို့သာဖြစ်ကြသည်။ ခြွင်းချက်အဖြစ် ငွေကြေးတတ်နိုင်သော ဒေသခံအချို့တို့သာ မပေးလျှင် မဖြစ်သည့်အခြေအနေများကြောင့် ထိုအခွင့်အရေးကိုရရှိခဲ့ကြသည်။ ကျောက်တွင်းလုပ်ကွက်များ ရယူရာတွင်လည်း လေလံစနစ်ဆိုသောမူဖြင့် ချပေးခဲ့ကြသည်။ သို့သော် လုပ်ကွက်ကောင်းများကိုရယူရာတွင် အာဏာပိုင်များဝန်ထမ်းများနှင့်ပူးပေါင်း၍ မသမာမှုများရှိခဲ့ကြသည်။ ရတနာမြေများကိုလည်း နည်းပညာဝန်ကြီးဌာနမှ သိမ်းယူခဲ့သည့်အပြင် ပုဂ္ဂလိပိုင် ဥယျာဉ်ခြံမြေအချို့ပင်ပါသွားသည်။ ကျောက်တွင်းလေလံသက်တမ်းကုန်ဆုံးသွားသော ရတနာနယ်မြေများကို သက်ဆိုင်ရာသို့ ဥပဒေအရပြန်လည်အပ်နှံခြင်းမပြုဘဲ သစ်တော၊ မြေဘရှင်း စည်ပင်သာယာအဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ ပုဂ္ဂလိကပိုင်များအဖြစ်ရယူသွားသည့် သာဓကများရှိခဲ့သည်။

အဆိုးဝါးဆုံးသောဖြစ်ရပ်များမှာ ငြိမ်းချမ်းရေးအမည်ခံသောတွင်းများဖြစ်လေ့ရှိသည်။ တွင်းလုပ်သားများကျောက်မျက်ခိုးဝှက်ယူသည်ဟူသော စွပ်စွဲချက်ဖြင့် တိုင်တွင်ကြိုးတုပ်ရိုက်နှက်စစ်ဆေးခြင်းမျိုးများ ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုလုံးဝမရှိသောနေရာများဟု ဆိုနိုင်ပါသည်။ တစ်ခါတွင် ထိုသို့ မတရားသည့် အမှုအခင်းတစ်ခုဖြစ်ပွားခဲ့ရာတွင် တွင်းသားများမခံမရပ်နိုင်ဖြစ်၍ ဆန္ဒပြကြသည်။ ၎င်းကိစ္စကို မြို့နယ်အာဏာပိုင်များနှင့် ဗျူဟာမှူးဆိုသူများက တရားဥပဒေအရ မကိုင်တွယ်နိုင်ခဲ့ကြဘဲ စေ့စပ်ဖျန်ဖြေမှုအသွင်ဖြင့်သာ ဖြေရှင်းပေးခဲ့ကြသည်။

တိုင်းရင်းသားအရင်းအနှီးတတ်နိုင်သူများလုပ်ခွင့်ရခဲ့သော ဖက်စပ်၊ ဖော်ထုတ်တွင်းများမှာလည်း ထိုကဲ့သို့သော ရာဇဝတ်မှုဆန်သည့် အမှုအခင်းများမပေါ်ပေါက်ခဲ့ကြသော်လည်း ကျောက်မျက်မှ ရရှိသည့် အကျိုးအမြတ်ခွဲဝေမှုများတွင် မသမာမှုများရှိခဲ့ကြသည်။ တွင်းတိုင်းတော့ မဟုတ်ကြပါ။ သင့်တင့်မျှတစွာ ခွဲဝေပေးသောပိုင်ရှင်အချို့ရှိခဲ့ကြပါသည်။ တွင်းတိုင်းတွင် ကျောက်မျက်များရရှိလာပါက အစိုးရထံ မှတ်ပုံတင်၍ ကျောက်ဈေးဖြတ်ရောင်းဝယ်ကြရသည့်ဥပဒေရှိပါသည်။ သို့သော်လည်း တွင်းပိုင်ရှင်များသည် ဥပဒေအတိုင်းမလုပ်ကြပဲ လာဘ်ပေးလာဘ်ယူနည်းများဖြင့် အခွန်ကောက်ရှောင်ကာ မှောင်ခိုဈေးကွက်တွင်သာရောင်းချလေ့ရှိကြသည်။ ငြိမ်းချမ်းရေးအမည်ခံလက်နက်ကိုင်အဖွဲ့အစည်းများ၏ တွင်းများသည် မိုးကုတ်ရတနာနယ်မြေသာမက မိုင်းရှူးရတနာနယ်မြေတွင်ပါရှိနေကြရာ ၎င်းတို့၏ ကျောက်မျက်များကို ထိုစဉ်ကတန်ခိုးထွားခဲ့ကြသော ထောက်လှမ်းရေးများနှင့် အလွမ်းသင့်သူများဖြစ်ကြ၍ မည်သူမျှမတို့မထိရဲဖြစ်ခဲ့ကြရသည်။ ဤသို့ဖြင့် တိုင်းပြည်၏သယံဇာတကျောက်မျက်ပစ္စည်းများ နိုင်ငံတော်အတွက် အကျိုးအမြတ်တို့ ဖြစ်မလာကြတော့ဘဲ နစ်နာခဲ့ကြရသည်။ ၎င်းကိစ္စအဝဝတွင် တာဝန်အရှိဆုံးသူများမှာ အာဏာပိုင်များ၊ ဝန်ထမ်းများနှင့် ငွေရှင်ကြေးရှင်ခရိုနီများသာဖြစ်ကြောင်း ဆိုရပါတော့မည်။ ကျောက်မျက်များကို ပြပွဲတင်ရောင်းချကြသည့်စနစ်လေးတစ်ခုကြောင့်သာ အနည်းငယ်သောငွေကြေးကိုနိုင်ငံတော်မှ ရရှိခဲ့သည်။

မောင်လှိုင်သစ် (မိုးကုတ်)

စပါးကြီးသည်းခြေအေးပင်

ဦးမင်းဝေ(ရွှေနဝင်း)



မြန်မာ့ရေမြေတောတောင် သဘာဝများထဲတွင် ရှားပါးမျိုးစိတ်စာရင်းဝင် စပါးကြီးမြွေများကို ၎င်းတို့၏ဆေးဖက်ဝင် အစွမ်းထက်လှသည့် သည်းခြေကိုရယူရန်အကြောင်းပြု၍၎င်း၊ တရုတ်ပြည် ဈေးကွက်၏ စပါးကြီးမြွေ၏သည်းခြေနှင့် အသား၊ အရိုး၊ အကုန်လုံးဈေးကွက်ဝင် ရောင်းပန်းလှနေခြင်း အကြောင်းတရားများကြောင့် မြန်မာ့စပါးကြီးမြွေများ တစ်နေ့တခြား ရှားပါး မျိုးတုံးလုနည်းပါး ဖြစ်လာရပေသည်။

ဤသို့ စပါးကြီးမြွေများရှားပါး မျိုးတုံးလာခြင်းကြောင့် ယခင်က မြန်မာ့ရိုးရာတိုင်းရင်းဆေးများတွင် အစွမ်းထက် ဆေးမယ်တစ်ခုအဖြစ် ထည့်သွင်းအသုံးပြုခဲ့သော စပါးကြီးသည်းခြေသည် အစစ်ရရှိခဲ့ပြန်လျှင်လည်း သည်းခြေတစ်လုံး၏တန်ဖိုးက သိန်းဂဏန်းခန့် ဈေးပေးဝယ်ယူသုံးစွဲနေကြရသဖြင့် တော်ရုံတန်ရုံနှင့် စပါးကြီးသည်းခြေပါဝင်သည့်ဆေးကို သုံးစွဲဖို့ရန် မလွယ်လှပါ။

သို့ဖြစ်၍ မျိုးတုံးရှားပါးစာရင်းဝင် စပါးကြီးမြွေများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုကိုဆန့်ကျင်၍ ဖမ်းဆီးသတ်ဖြတ်ရန်မလိုဘဲ စပါးကြီးသည်းခြေ၏ဆေးစွမ်းအာနိသင်နှင့်တူညီပြီး ထူးကဲအစွမ်းထက်ဆေးဖက်ဝင်အပင် တစ်မျိုးဖြစ်သော ·

စပါးကြီးသည်းခြေအပင် (သို့) ဆခါးမြစ် (သို့) အဆိပ်ဖြေ အစာဖျက် နဂါးစက်မြစ်ဟူ၍ အမည်နာမခေါ်ဆိုကြသော ဆေးဖက်ဝင်အပင်၏ ဆေးစွမ်းသတ္တိများနှင့် ပုံပန်းသဏ္ဌာန်တို့ကို တင်ပြပေးပါမည်။

စပါးကြီးသည်းခြေဆေးပင်ကို ရခိုင်ဒေသဘက်တွင် ပေါက်ရောက်သော ဒေသထွက်ဆေးဖက်ဝင်အပင် ဖြစ်ပါသည်။ သို့သော် မျိုးယူမျိုးပွား၍ အခြားသောနေရာဒေသများတွင်စိုက်ပျိုးလျှင်လည်းရှင်သန်ပေါက်ရောက်ပါသည်။

အဓိကအသုံးပြုသည့်အစိတ်အပိုင်းမှာ အပင်၏အမြစ်ကို အသုံးပြုပါသည်။ ရခိုင်ဒေသဘက်တွင် ကလေးရှိသော အိမ်ရှင်မတိုင်း လက်ကိုင်ထားပြီး အိမ်တိုင်းနီးပါး စပါးကြီးသည်းခြေဆေးပင်ကို တလေးတစား စိုက်ပျိုးထားတတ်ကြပါသည်။

စာရေးသူတို့အောက်ဘက်အရပ်ဒေသများတွင် တချို့ကြားဖူးချင်မှကြားဖူးပေလိမ့်မည်။ သို့သော် စပါးကြီးသည်းခြေဆေးပင်ဟူသည့် ဗျူပွတ်နှင့်ကိုက်ညီအောင် စပါးကြီးသည်းခြေကဲ့သို့ အကျိုးအာနိသင်ကို ပေးစွမ်းနိုင်သည့်ဆေးပင်ဖြစ်ပါသည်။

စပါးကြီးသည်းခြေအပင်၏အရွက်သည် စိမ်းစိုပြောင်လက်၍ ရွက်ကြောတင်းရင်းပြီး အရွက်ပုံသဏ္ဌာန်ကထူးခြား၍ ကျက်သရေရှိလှသည့် ပင်ယောင်နွယ်ယောင်အပင်မျိုး ဖြစ်ပါသည်။

ရေဝပ်ခြင်းကိုမနှစ်သက်ဘဲ အပင်ကို စင်မြင့်တင်ပေးထားလျှင် ကောင်းမွန်စွာရှင်သန်ပါသည်။ စပါးကြီးသည်းခြေပင်၏အရွက်များသည် လက်ညှိုး၊ လက်သန်းလုံးခန့်ရှိသော ပင်စည်၊ နွယ်ကိုင်းမှနေ၍ ရွက်လွှဲထွက်တတ်သည့် နွယ်ယောင်ပင်ယောင်အပင်မျိုးဖြစ်ပါသည်။

အရွက်မှာတောင့်တင်းမာကျောမှုရှိပြီး ရွက်ကြောများတင်း၍ ရွက်ညာတံမှာ တစ်လက်မခန့်ရှည်ပြီး ၎င်းမှထွက်ပေါ်လာသောအရွက်သည် အလျား (၅) လက်မ၊ (၆) လက်မခန့်ရှိပြီး၊ ဖြတ် (၂) လက်မမှ (၂) လက်မခွဲခန့် ရွက်နားများ ညီညာပြီး အဖျားချွန်၍နေပါသည်။

ကောင်းမွန်စွာ ရှင်သန်နေသော စပါးကြီးသည်းခြေပင်မှအရွက်များသည် အနု၊ အရင့်ကိုလိုက်ပြီး ဖက်ဖူးစိမ်းရောင် အနု၊ အရင့်နှင့် အစိမ်းရောင်ရင့်ရင့်ဟူ၍ အရောင် (၃) မျိုးထွက်ပေါ်နေပြီး ကြည့်ရသည်မှာ မျက်စိပသာဒတစ်မျိုးရှိလှပါသည်။အပင်၏ကျက်သရေကိုဆောင်နေပါသည်။

အရွက်အပေါ်ဘက်အပိုင်းတွင် ယှက်သန်းဖြာထွက်နေသော အကြောမျှင်အကွက် (၅) ကွက်၊ (၆) ကွက်ခန့်သည် ဘေးဘက် ဘယ်၊ ညာအတန်းလိုက်ဖောင်းဖောင်းလေးနှင့် ထင်ရှားပေါ်လွင်နေသည်မှာ အခြားသောအပင်၏အရွက်များနှင့်မတူဘဲ တစ်မူထူးခြားနေသည်ကို တွေ့ရပါသည်။

စပါးကြီးသည်းခြေပင်သည် အကိုင်းများမှ ဖူးပွင့်လေ့မရှိဘဲ အပင်မှနွယ်လိုရှည်ထွက်လာပြီး ရှင်သန်ကြီးထွားသည့် အပင်မျိုးဖြစ်ပါသည်။ စပါးကြီးသည်းခြေအမြစ်သည် တူးပြီးခါစအမြစ်အစို့တွင် အမြစ်အဖျားပိုင်းတွင် အမြစ်မွှားအမြစ်မွေးကလေးများပါရှိနေပြီး ခြောက်သွေ့သွားသည့်အခါမှ · အမြစ်မွေးကလေးများ ကြွေကျသွားတတ်ပါသည်။

စပါးကြီးသည်းခြေပင်၏ အဓိကအသုံးပြုသည့် အင်္ဂါအစိတ်အပိုင်းမှာ စပါးကြီးသည်းခြေအပင်၏ အဓိကဆေးအသုံးမှာ စပါးကြီးသည်းခြေပင်၏အမြစ်ဖြစ်ပါသည်။

ထူးခြားသည်မှာ စပါးကြီးသည်းခြေအစစ်ကဲ့သို့ပင် စပါးကြီးသည်းခြေအမြစ်၏အရသာမှာ လျှာပေါ်တင်ခါစမှာ ခါးသက်သက်ဖြစ်နေသော်လည်း နောက်ပိုင်းမှာ ချိုခါးခါးနှင့်အေးမြ၍ ခါးသက်သက်လေးဖြစ်ပါသည်။

၎င်း၏ ထူးခြားသော အရသာဓာတ်ကြောင့် စပါးကြီးသည်းခြေအစစ်နှင့် အရသာတစ်ထပ်တည်းတူနေပြီး အကျိုးသွားမှာလည်း တန်းတူဖြစ်နေသောကြောင့် ခံတွင်းလိုက်ပြီး စားဝင်အိပ်ပျော်၍ သည်းခြေအပူဓာတ်ကို ငြိမ်းအေးစေပါသည်။

စပါးကြီးသည်းခြေပင်၏အမြစ်ကို တူးဖော်၍ သန့်စင်အခြောက်ခံထားပြီး အသုံးပြုသည့်အခါ ကျောက်ပျဉ်သန့်သန့်တွင် ရေသန့်ဖြင့်ပျစ်ပျစ်လေးသွေး၍ ကလေးသူငယ်နာရောဂါများတွင် ကော်ဖီဇွန်းတစ်ဝက် တစ်နေ့ (၂) ကြိမ်၊ ရေကျက်အေးနှင့်တိုက်ပေးနိုင်သည်။

လူကြီးဆိုလျှင် စပါးကြီးအမြစ်သွေးရည်၊ ဟင်းစားဇွန်း(၁)ဇွန်းရေကျက်အေးဖြင့်တိုက်ပါ။

စပါးကြီးသည်းခြေမြစ်၏ ဆေးဖက်ဝင်အစွမ်းသတ္တိများ

ချောင်းဆိုး၊ ရင်ကျပ်၊ အဆုတ်ပွခြင်း၊ နှုတ်ခမ်းကွဲ၊ လျှာကွဲ၊ လျှာအရသာမပေါ်ခြင်း၊ အဖျားရောဂါအမျိုးမျိုး၊ အနာများ အညှော်မိ၍ ရောင်ရမ်းခြင်း၊ ငန်းဖမ်းခြင်း၊ တက်ခြင်း၊ အနာဘိုအနာဆွေးအနာဟောင်းများကိုသွေးလိမ်းခြင်း၊ သောက်စေခြင်းဖြင့် ပျောက်ကင်းစေပါသည်။

အစားမှား၊ ဆေးမှား၊ အဆိပ်မိခြင်းတို့ကို နိုင်နင်းပါသည်။

အဆိပ်ဖြေဆေးကောင်းတစ်ခုဖြစ်သဖြင့် ·

ကလေးသူငယ်ရောဂါများကိုလည်း နိုင်နင်းပါသည်။

စပါးကြီးသည်းခြေမြစ်၏ ထူးခြားချက်နောက်တစ်ခုမှာ ၎င်းအမြစ်ကိုပိုင်းဖြတ်ကြည့်လိုက်လျှင် ခရေပွင့်သဏ္ဌာန်ပေါ်လွင်ထင်ရှားနေသည်ကို တွေ့ရပါသည်။

ယခု စာရေးသူ တင်ပြခဲ့သည်မှာ ရခိုင်ဒေသပေါက်မျိုးဖြစ်သော စပါးကြီးသည်းခြေပင်၏ အပင်ပုံသဏ္ဌာန်ပေါက်ရောက်ပုံနှင့် ဆေးစွမ်းအာနိသင်မှာလည်း စပါးကြီးသည်းခြေအစစ်ကဲ့သို့ အစွမ်းအာနိသင်ထက်မြက်ပြီး လွန်စွာအဖိုးတန်အသုံးဝင်သည့် သဘာဝပေါက်ဆေးဖက်ဝင်အပင်ဖြစ်ပါကြောင်း ဝါသနာရှင် သုတေသီအပေါင်းကို အသိပေးတင်ပြလိုက်ပါသည်။

သဘာဝပတ်ဝန်းကျင် မြန်မာ့တောတောင်ရေမြေများတွင် ရှားပါးမျိုးသုဉ်းလာပြီဖြစ်သော စပါးကြီးမြွေများကို ဆေးပါးသုံးအဖြစ် သတ်ဖြတ်ခြင်းမပြုကြဘဲ ဘေးမဲ့ပေး၍ ၎င်းစပါးကြီးသည်းခြေအစစ်ကဲ့သို့ ဆေးဖက်ဝင်အစွမ်းထက်လှသော သဘာဝပေါက်ပင် စပါးကြီးသည်းခြေအမြစ်ဆေးပင်ကိုဖော်ထုတ်သုံးစွဲကြပါဟု တိုက်တွန်းနှိုးဆော် တင်ပြလိုက်ပါသည်။

လူတိုင်း
သဘာဝပတ်ဝန်းကျင်ကို
တန်ဖိုးထားလေးစားနိုင်ကြပါစေ။

ဦးမင်းဇင် (ရွှေနဝင်း)

မဟာနွယ်(မန်းတက္ကသိုလ်)

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

ကတိသစ္စာတည်သောအခါဝယ် ဩဇာလေးနက်ပေါ်ဆီတက်၍ နွယ်မြက်ဆေးဖက်ဝင်၏။

ဤကမ္ဘာပေါ်တွင် မြင်တွေ့ကြရသောနွယ်မြက်သစ်ပင်တို့သည် ဆေးပင်တို့သာ ဖြစ်ကြပါ၏။

ဤနေရာတွင် အစွမ်းသတ္တိထက်မြက်သော မြွေဆေးပင်တစ်ပင်၏ အကြောင်းကို တင်ပြသွားပါမည်။

ဆေးပင်၏အမည်မှာ ပလောင်သေပင် ဖြစ်ပါ၏။ ထိုပလောင်သေဆေးပင်ကို ဆေးပင်းခုန်ပင်ဟုလည်း ခေါ်ကြပြန်၏။ တချို့ဆေးကျမ်းပေစောင်တို့မှာ နဂါးမှိုင်ဆေးပင်ဟုခေါ်ကြပြန်ပါသည်။ တချို့အရပ်သုံးစကားအားဖြင့် မြွေဆေးပင်ဟု ဆိုကြ၏။

အမည်နာမအားဖြင့်ကွဲပြားငြား သော်လည်းကောင်း ဆေးပင်မှာတစ်ပင်တည်းသာဖြစ်ပါ၏။

ဆေးပင်၏ပုံသဏ္ဌာန်

ဆေးပင်သည် ဖြစ်ထွန်းသောနေရာများတွင် (၆) ပေအထိ မြင့်တတ်၏။ အရွက်မှာရွက်ဆိုင်ထွက်ကြ၏။ လတ်တလောကြည့်မည်ဆိုလျှင် ကစော့ပုပ်ပင်နှင့်ဆင်တူ၏။ သို့သော် ကစော့ပုပ်ပင်တွင် အမွေးနုများမရှိချေ။ ပလောင်သေပင်မှာကား တစ်ပင်လုံးတွင် အမွေးနုများရှိ၏။ အရွက်မှာ (၃) လက်မခန့်ရှည်၏။ ထိုအပင်၏အသီးမှာ ဒန့်ကျွဲသီးနှင့်တူ၏။ အမွေးလည်းရှိ၏။ အပွင့်ရောင်မှာ အဝါရောင်ဖြစ်၏။ အပွင့်မှာ အဆုပ်အဆုပ်ပွင့်၏။

ဆေးဂုဏ်သတ္တိစွမ်းရည်

မြွေကိုက်ပိုးထိမိပါက ပလောင်သေပင်၏အမြစ်ကိုတူးယူ၍ရေစင်အောင်ဆေးကြောပါ။ ဆေးမြစ်ကိုသန့်ရှင်းသည့်ကျောက်ပျဉ်ပေါ်၌သွေးပါ။ မြွေကိုက်သည့်နေရာကိုလိမ်းပေးပါ။ ချက်ချင်းအဆိပ်ကျပါ၏။

ကင်း စသည့် အဆိပ်ထန်သည့် သတ္တဝါတို့ကိုက်ခဲခဲ့ပါလျှင် ပလောင်သေပင်၏အရွက်ကို လက်နှင့်နယ်၍ သတ္တုရည်ရလာလျှင် သတ္တုရည်ဖြင့်ကိုက်သည့်နေရာကို လိမ်းပေးပါ။ အဆိပ်မှန်သမျှ ချက်ချင်းကျပါ၏။

ဆေးကျမ်းပေစောင်တစ်ခုက ဤဆေးပင်၏ အစွမ်းကို အကျယ်တဝင့်ဖော်ပြထား၏။ မြွေမျိုးမှန်လျှင် ကြောက်စရာမလိုပါ။ ဤဆေးပင်သည် မြွေရိုးရိုးကိုထားပါဦး။ နဂါးအစစ်ပင်လျှင် မှိုင်ကျသွားစေပါ၏။

ပလောင်သေပင်၏အမြစ်ကိုသွေး၍ မြွေပါးစပ်ကိုထည့်ပါက မြွေသေပါလိမ့်မည်။ မလုပ်အပ်ချေ။ မလုပ်ပါနှင့်၊ မစမ်းပါနှင့်။

အင်္ဂရိတ်ဆရာတို့က ပလောင်သေပင်နှင့် နာ(ခဲ)ကိုသတ်ကြ၏။

"ဆရာကြီးရှိပါသလား"

လူတစ်ဦးက ဟျာဟျာသလဲလာ၍ မေးပါ၏။

"ဆရာကြီးရှိပါတယ်။ အလိုရှိရင် ဝင်လာခဲ့ပါ"

လမ်းဖွင့်ပေး၏။

"ဟုတ်ကဲ့ပါ၊ ကျွန်တော့်ရဲ့သားဟာ ငါးသွားနှိုက်ရာမှာ မြွေကိုက်ခံရပါတယ် ဆရာ။ အခု ဆရာကြီးဆီကိုလာတာပါ"

ပြောလာ၏။

"ဒီလိုဆိုရင်ဝင်လာကြပါ"

လူနာမှာ သတိမရမေ့မြောနေ၏။ အတူသွားလာသူသုံးဦးက ကမကထပြုထမ်းပိုးပြီး ဆရာကြီးနေအိမ်သို့ရောက်လာကြခြင်းဖြစ်၏။

"သတိမေ့နေသလား"

"ဆရာကြီးနေအိမ်သို့ရောက်ခါနီးမှာသတိမေ့မြောသွားပါတယ် ဆရာကြီး"

"ဘာမှပူစရာမလိုဘူး။ အသက်သာပါဖို့လိုတယ်။ မြွေဆိပ်များချက်ချင်းကျသွားရမှာပေါ့"

"အားကိုးပါတယ် ဆရာကြီး"

ဆရာကြီးသည် အသင့်ဖော်ယူထားသည့်ဆေးမြစ်ကို သန့်ရှင်းသည့်ကျောက်ပျဉ်ပေါ်၌သွေးလိုက်၏။ ဆေးရည်ရရှိသည့်အခါ လူနာ၏လက် မြွေကိုက်ထားသည့်နေရာကို လိမ်းပေးလိုက်၏။ ငယ်ထိပ်အား ဆေးရည်ကို စုတ်လေးဖြင့်ထိုးသွင်းလိုက်၏။ ဆေးရည်ကျသည့်ချက်ချင်းပင် လူနာမှာမျက်စိကို ဖွင့်ကြည့်၏။ နောက်သတိရလာ၏။ နောက်ပိုင်းမှာ မြွေဆိပ်များကျသွားသဖြင့် လူကောင်းပကတိဖြစ်လာ၏။

"ဆရာကြီး၊ ကျေးဇူးအထူးဝင်ပါတယ်"

"ကျွန်တော်တို့ကတော့ ပစ်လိုက်ရပြီလို့ အောက်မေ့နေပါတယ် ဆရာကြီး"

"စိုးရိမ်စရာမလိုပါဘူး၊ အသက်သာပါပါစေ ပိုးထိတာကတော့ ပျောက်ရမှာပေါ့ကွာ။ ကဲ - လူလေး၊ ဘယ်လိုနေသေးသလဲကွယ်"

"ပျောက်ကင်းသွားပါပြီ ဆရာကြီး"

ဆရာကြီးအား သားအဖတစ်စု ရှိခိုးကန်တော့ကြ၏။မြွေဆိပ်များကျသွားသဖြင့် သူတို့အပေါင်းအသင်းရောင်းရင်းတစ်စုသည် ဝမ်းမြောက်ကြလေ၏။

မြွေဆိပ်ကျစေသည့် ဆေးသည် အခြားဆေးကား မဟုတ်ပါ။ ပလောင်သေဆေးပင်၏အစွမ်းသတ္တိသာ ဖြစ်ပေ၏။

ဆေးပညာကို သေရွာသို့မယူကြပါ။

တိုင်းရင်းဆေးဗဟုသုတပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။

မဟာနွယ် (မန်းတက္ကသိုလ်)

“သမီး သမီးလေး အမေ့ကိုခွဲခွာသွားတော့မှာလား သမီးရေ။ အမေဘယ်လိုဖြေရတော့မှာလဲ။ သမီးအမေ့ကိုပစ်သွားတော့မှာလား။ အမေ့ကိုထားခဲ့တော့မှာလား။ ကယ်ကြပါဦးရှင်။ သမီးလေးကို ဒီအတိုင်းကြည့်နေကြတော့မှာလား။ အဖြစ်ဆိုးလှတဲ့သမီးလေးရေ၊ အမေဘယ်လိုဖြေရတော့မှာလဲ။ အားလုံးကယ်ကြပါဦးရှင်။ ကျွန်မသမီးလေးကို”

အရူးမိုင်းဖြစ်ကာ သောကပရိဒေဝမီးတောက်လောင်စွာဖြင့် အသုဘခေါင်းကို အုတ်ဂူသွင်းရန်ဖွင့်လိုက်ချိန်တွင် သမီးအလောင်းကိုကြည့်၍ သတိလစ်လဲကျသွားသော ဒေါ်ရွှေရည်ကို ဝိုင်းဝန်းပွေ့ချီသွားကြပြီး အိမ်သို့သယ်ယူသွားသည်။

ယခုလိုစည်ကားသောအသုဘမျိုး မရှိ။ ကြားကြရသောရွာနီးချုပ်စပ်များကပါ စိတ်မကောင်းစွာလိုက်ပို့ကြသည်။ အသုဘလိုက်ပို့ကြသောပရိသတ်ကြီးမှာလည်း တိတ်ဆိတ်ငြိမ်သက်စွာ တစ်ဦးကိုတစ်ဦးစကားမပြောကြဘဲ စိတ်မကောင်းသည့်မျက်နှာများဖြင့် အသုဘအခမ်းအနားကို ပို့ဆောင်၍ အသီးသီးပြန်လာကြသည်။ အသုဘရက်လည်သည့်နေ့တွင် ရွာဦးကျောင်းဆရာတော်မှ ဆွမ်းသွတ်တရားတော်ချီးမြှင့်ရန် ပင့်လျှောက်ထားသဖြင့် ဒေါ်ရွှေရည်က အိမ်တွင် လူကြီးပိုင်းရောလူလတ်ပိုင်းပါ အမျိုးသားအမျိုးသမီးမကျန် အိမ်လုံးပြည့်နီးပါး တရားတော်နာယူရန် ဆရာတော်ကြွအလာကိုစောင့်မျှော်နေကြသည်။ နံနက်ခြောက်နာရီတွင် ဆရာတော်သည် သင်္ကန်းကိုကျနစွာရုံကာ စက္ကူခြေ့ကိုချ၍ နောက်မှကျောင်းသားက သပိတ်ကိုပိုက်ပြီး ဆွမ်းချိုင့်ကိုကိုင်ကာ ဆရာတော်သည် တရားအမှတ်ဖြင့် တစ်လှမ်းချင်းကြွလာသည်။

“ဆရာတော်ကြွလာပြီဟေ့၊ ခြေသုတ်ပုဆိုးအခင်းသင့်ပြင်ထား”

တစ်ယောက်က လှမ်းအော်လိုက်သည်။ ဆရာတော်သည် ဣန္ဒြေရရဖြင့် အိမ်ပေါ်သို့တက်ပြီး ဘုရားခန်းရှေ့တွင် ဘုရားကိုဝပ်ချကန်တော့ကာ ပရိသတ်ဘက်သို့လှည့်ထိုင်လိုက်၏။ သက်တော်ခြောက်ဆယ့်ငါးနှစ်ရှိပြီး ပရိယတ်ရော ပဋိပတ်ပါ ကျင့်ကြံအားထုတ်နေသော တစ်ရွာလုံးက လေးစားကြည်ညိုရသော ဆရာတော်ဖြစ်သည်။ စားပွဲပေါ်၌ အသင့်ပြင်ထားသော ရေနွေးကြမ်း၊ လက်ဖက်ရည်အချို၊ မုန့်၊ လက်ဖက်တို့ကို အကပ်ခံကာ ဘုဉ်းပေးပြီးနောက် ဆရာတော်ထံမှ အားလုံး ငါးပါးသီလခံယူကြသည်။ သီလခံယူကြပြီး ဆရာတော်က ရေစက်ချ တရားတော်ကိုဟောကြားတော်မူသည်။

“လွန်ခဲ့တဲ့ခုနစ်ရက်က ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီဖြစ်တဲ့ အသက် (၁၈) နှစ်ရှိတဲ့ သမီးလေး နှင်းဝတ်ရည်အား ရည်စူးပြီး မိခင်ဒေါ်ရွှေရည်က သမီးလေးကောင်းရာမွန်ရာဘဝရောက်ရှိစေခြင်းငှာ အကယ်၍ မကောင်းတဲ့ဘုံဘဝကို ရောက်ရှိနေခဲ့ရင် သမီးလေးကို ရည်စူးပြီး ပြုလုပ်တဲ့ ဤကုသိုလ်ကောင်းမှုကြောင့် တစ်ဆင့်ထက် မြင့်မြတ်တဲ့ဘုံဘဝကို ရောက်ရှိစေနိုင်ရန်နှင့် ဆွမ်းဘောဇဉ် အာဟာရကိုလှူဒါန်းတဲ့အတွက် အစာရေစာများ ဝဝလင်လင်စားသုံးနိုင်ရန် နေကထိုင်ခင်းလှူဒါန်းတဲ့အတွက် ကောင်းမွန်သည့်အဝတ်တန်ဆာများရရှိစေရန် ဤကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂကို ဘဝတစ်ပါးပြောင်းရွှေ့သွားတဲ့ သမီးလေး နှင်းဝတ်ရည်မှ ရောက်ရာဘုံဘဝကနေ သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန်အတွက် ဤအိမ်ဂေဟာသို့ရောက်လာပြီးတရားတော်ကိုနာယူရန် ဘုန်းကြီးကလည်း ထပ်မံ ဖိတ်ကြားပါတယ်။

“မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောတော်မူတယ်။ သတ္တဝါတွေဟာ အနမတဂ္ဂသံသရာမှာ အစလည်းမရှိဘူး။ အဆုံးလည်းမရှိဘူးတဲ့။ ဘယ်ကစတယ်လို့ မပြောနိုင်ဘူးတဲ့။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ သတ္တဝါတစ်ယောက်ရဲ့ဘဝအစကို ရှာကြည့်ပြီး တစ်ဘဝပြီးတစ်ဘဝ ပုဗ္ဗေနိဝါသဉာဏ်တော်နဲ့ကြည့်မယ်ဆိုရင် ဘုရားရှင်သာ ပရိနိဗ္ဗာန်စံဝင်တော်မူသွားမယ်။ သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ဘဝအစဟာ မကုန်နိုင်ဘူးတဲ့ ဒကာမကြီး။ ဒါလောက်ရှည်လျားလှတဲ့သံသရာကြီးမှာ ဒကာမကြီးငိုခဲ့ရတဲ့ မျက်ရည်တွေကို စုဆောင်းထားမယ်ဆိုရင် သမုဒ္ဒရာကြီးလေးစင်းမကများလှပါပြီတဲ့။ ငိုခဲ့ရတဲ့ဘဝတွေသောကပရိဒေဝမီးတွေတောက်လောင်ခဲ့ရတဲ့ဘဝတွေဟာ မရေတွက်နိုင်ဘူးတဲ့။ သေခဲ့ရတဲ့နေရာဌာနသင်္ချိုင်းတွေဟာလည်း မသေဘူးတဲ့နေရာဆိုလို့ မရှိဘူးတဲ့။ ငိုခဲ့ရ သေခဲ့ရတဲ့ဘဝတွေဟာ များလှပါပြီတဲ့။ ယခုလည်း သမီးလေး နှင်းဝတ်ရည်အတွက် သောကပရိဒေဝမီးတွေတောက်လောင်ခဲ့ရတယ်။ ဒီလို စိုးရိမ်ပူဆွေး ငိုကြွေးခဲ့ရတာတွေဟာ နောက်ဆုံးတော့ မသိမှုဆိုတဲ့ အဝိဇ္ဇာကြောင့် ဘဝခန္ဓာတစ်ခုရလာတယ်။ ဘဝခန္ဓာရလာတော့ ချစ်ခင်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော မချစ်မနှစ်သက်သူနဲ့ အတူနေရခြင်းဒုက္ခဆိုတဲ့ စိတ်ဆင်းရဲမှုဒေါမနဿဝေဒနာတွေကို ခံစားကြရတယ်။ ဒီခန္ဓာရလာလို့ ဒီလိုဒုက္ခတွေကို ဒကာမကြီး ခံစားရတာ။ ဒီခန္ဓာဟာလည်း ဘာကြောင့်ရသလဲဆိုတော့ စောစောကပြောသလို သတ္တဝါတွေရဲ့ဘဝအစကို ရှာလို့မတွေ့ပေမယ့် ဘဝဖြစ်ကြောင်း မူအစကိုတော့ ဘုရားရဲ့ဉာဏ်တော်ကြီးနဲ့တွေ့ရတယ်။ မူအစဟာ အဝိဇ္ဇာနဲ့ တဏှာပဲ။ သတ္တဝါဖြစ်ကြောင်းရဲ့မူအစဟာ အဝိဇ္ဇာနဲ့ တဏှာပဲ ဒကာမကြီး။ ဒုက္ခသစ္စာကို မသိမှုဆိုတဲ့အဝိဇ္ဇာကြောင့် တဏှာဖြစ်တယ်။ တဏှာဖြစ်လာတော့ ဥပါဒါန်လို့ဆိုတဲ့ စွဲလမ်းတပ်မက်ခြင်းတွေဖြစ်လာတယ်။ စွဲလမ်းတပ်မက်လာတော့ မရရအောင်

ဒေါင်းကလေး

တမလွန်တွင်ပေးဆပ်ရသည့် ဝိသမလောဘက မိုက်နောင်တ

ပြုလုပ်အားထုတ်ခြင်းဆိုတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေပြုလာတယ်။ ဒီလို ကံသုံးပါးနဲ့ ပြုလုပ်အားထုတ်လိုက်တော့ ကမ္မဘဝ ပစ္စယာဇာတိ ဆိုတဲ့ဘဝ ခန္ဓာကြီးရလာတယ်။ ဘဝလို့ဆိုတဲ့ဇာတိရလာရင် ဇရာ၊ မရဏ၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ တရားတွေဟာ အစဉ်အတိုင်းလိုက်လာတော့တာပါပဲ ဒကာမကြီး။ လောကမှာ ဘယ်လိုပုဂ္ဂိုလ်၊ ဘယ်လိုတန်ခိုးရှင်ကမှ တားမြစ်လို့မရနိုင်တဲ့တရားလေးပါးကို တို့ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူပါတယ်။ အိုခြင်းဆိုတဲ့ သဘော၊ နာခြင်းဆိုတဲ့သဘော၊ သေခြင်းဆိုတဲ့သဘော၊ မကောင်းမှုကံက မကောင်းကျိုးဘေး ဆိုတဲ့တရားလေးမျိုးကို တားမြစ်လို့မရနိုင်ဘူးတဲ့။

အိုနာသေမျိုးမကောင်းကျိုးတားနိုးမရှိပြီလို့ ဒီလိုဆောင်ပုဒ်လင်္ကာလေးစီထားတယ်။ အိုနာသေမျိုးမကောင်းကျိုးတားနိုးမရှိပြီ။ ဟုတ်တယ်။ ဇရာဓမ္မဆိုတဲ့ အိုခြင်းသဘော၊ ဗျာဓိဓမ္မဆိုတဲ့ နာခြင်းသဘော၊ မရဏဓမ္မဆိုတဲ့ သေခြင်းသဘော၊ ပါပဝိပါကဓမ္မလို့ဆိုတဲ့ မကောင်းမှုကံရဲ့အကျိုးပေးဆိုတဲ့တရားတွေကို ဘယ်လိုနည်းနဲ့မှ သတ္တဝါတွေဟာ ရှောင်ကွင်းလို့မရနိုင်ဘူးတဲ့။ တို့ဘုရားရှင်လက်ထက်တော်အခါတုန်းက ဥတေနမင်းကြီးရဲ့မိဖုရားဖြစ်တဲ့ သာမာဝတီနဲ့ အပေါင်းအဖော်ငါးရာတို့ဟာ နှစ်ဉ်ဘဝတစ်ခုတုန်းက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးရဲ့နန်းတွင်းသူတွေဖြစ်ခဲ့ကြတယ်။ တစ်နေ့မှာ သာမာဝတီမိဖုရားနဲ့အပေါင်းအဖော်ငါးရာတို့ဟာ မြစ်ဆိပ်ကိုသွား ရေချိုးကစားကြပြီး ကမ်းပေါ်ကို တက်လာကြပြီး ချမ်းလို့ မြက်ချုံတွေရှိတဲ့ သစ်ကိုင်းချုံတစ်ခုကို မီးရှို့ပြီး မီးလှုံကြတယ်၊ မီးငြိမ်းသွားတဲ့အခါမှာ ဘုရင်ကြီးရဲ့နန်းတော်ထဲသို့ဆွမ်းခံကြွတဲ့ ပစ္စေကဗုဒ္ဓါဖြစ်နေတာကိုသိတော့ မင်းကြီးသိသွားရင် အပြစ်ဒဏ်ပေးမှာကိုကြောက်ပြီးအားလုံးက တညီတညွတ်တည်းမသေသေအောင် မီးရှို့ပြီးသတ်ခဲ့ကြတယ်။ ပထမတုန်းက မသိလို့လုပ်မိခဲ့တာဟာ အပြစ်မရှိပေမယ့် ဒုတိယအကြိမ်မှာ ပစ္စေကဗုဒ္ဓါမှန်းသိရက်နဲ့တမင်မီးရှို့သတ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ဂေါတမဘုရားလက်ထက်ရောက်တဲ့အခါ မိဖုရားနဲ့ အပေါင်းပါငါးရာဟာ ဥတေနမင်းကြီးရဲ့မိဖုရားဖြစ်တဲ့မာဂဏ္ဍီရဲ့လုပ်ကြံမှုကြောင့် နန်းတော်ဆောင်မှာ မီးလောင်တိုက်သွင်းပြီးသေပွဲဝင်ခဲ့ကြရတယ်။ အကုသိုလ်ကံရဲ့အကျိုးကို ရှောင်ကွင်းလို့မရနိုင်ဘူး။ တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ အရှင်မောဂ္ဂလာန်အလောင်းဟု တစ်ခုသောဘဝတုန်းက ဇနီးမယားရဲ့ချောပစ်ကုန်းတိုက်မှုကြောင့် မျက်မမြင်ဒုက္ခိတ မိဘနှစ်ပါးကို တောထဲကို လှည်းနဲ့ခေါ်သွားပြီး ခိုးသားဓားပြဟန်ဆောင်ကာ ရိုက်သတ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် နောက်ဆုံးဘဝမှာ ရဟန္တာအရှင်မြတ်ကြီးဖြစ်ပြီး တန်ခိုးရာမှာထင်ပေါ်ကျော်ကြားသော်လည်း ခိုးသားဓားပြတို့ရဲ့ စီစီညည်ညက်ကြေအောင် ရိုက်သတ်ခြင်းခံရကာ ပရိနိဗ္ဗာန်ပြုရရှာတော်မူတယ်။ ယခုလည်းပဲ သမီးလေးနှင်းဝတ်ရည်ဟာ တစ်ခုသောဘဝတစ်ခုခုမှာ ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံရဲ့ အကျိုးဆက်ကြောင့် ယခုလိုအဖြစ်မျိုးနဲ့ကြုံပြီး သေရတယ်လို့ တရားသံဝေဂယူစရာနှလုံးသွင်းပြီး ခန္ဓာရဲ့အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ ဖြစ်တဲ့နိဗ္ဗာန်ကိုရောက်စေနိုင်သည့်ဝိပဿနာဆိုတဲ့အကျင့်မြတ်ကို ပွားများအားထုတ်မှုသာ အဝိဇ္ဇာအမှောင်ကိုပယ်ဖျောက်၍ ခန္ဓာချုပ်ငြိမ်းရုပ်သိမ်းသည့် ကိလေသာတို့ကင်းငြိမ်းရာ၊ ဆင်းရဲခပ်သိမ်းတို့၏ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရောက်မည်ဖြစ်ကြောင်း နှလုံးသွင်းပြီး တရားနိဂုံးအဆုံးသတ်ကာ ရေစက်ချအမျှတန်းများပေးဝေကြရအောင် အားလုံးလိုက်ဆိုကြ။

သမီးလေး နှင်းဝတ်ရည်နှင့်တကွ အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

"သာဓု သာဓု သာဓု"

❑

ဒေါ်ရွှေရည်မှာ သာယာကုန်းရွာကြီးတွင် လူကုံထံချမ်းသာသောမိဘနှစ်ပါးမှ မွေးဖွားလာသော တစ်ဦးတည်းသောသမီး။ ဦးထွန်းမြင့်မှာ သာယာကုန်းရွာအနီးရှိရွာမှ ပစ္စည်းမချမ်းသာသော်လည်း ရိုးသားဖြောင့်မတ်၍ အပျော်အပါးအသောက်အစားမရှိ မိဘမျိုးရိုးလည်းကောင်းသောကြောင့် ဒေါ်ရွှေရည်မိဘများက သူတို့ချစ်ခြင်းကို အဆင့်အတန်းမခွဲခြားဘဲ တင့်တင့်တယ်တယ် မင်္ဂလာအခမ်းအနားပြုလုပ်ပြီး တောရွာဓလေ့အတိုင်း နှစ်ဖက်မိဘများကန်တော့ကာ ဦးထွန်းမြင့်နှင့် လက်ထပ်ပေးခဲ့၏။ ဒေါ်ရွှေရည်၏မိဘများဆုံးတော့ အထွေထွေကုန်ပစ္စည်းရောင်းသည့်ကုန်မာဆိုင်လေးဖွင့်ပြီး သမီးလေး နှင်းဝတ်ရည်ကို မွေးဖွားလာသည်။ နှင်းဝတ်ရည်ကိုမွေးပြီး ဆိုင်သေးသေးမှ ဆိုင်ကြီးကြီးဖွင့်လာနိုင်ကာ စီးပွားတက်လာသည်။ ဒေါ်ရွှေရည် ဆိုင်သို့ အနီးအနားရွာများကပါလာဝယ်ကြသည်။ ဒေါ်ရွှေရည်က သိပ်အမြတ်မယူ။ ဝယ်သူကို ချိုသာစွာပြောဆိုဆက်ဆံသည်။ ပစ္စည်းပြန်လဲပေးပါဆိုလျှင်လည်း ဝယ်သူစိတ်တိုင်းကျလဲပေးသည်။

သမီးလေးဆယ်တန်းအောင်သည့်နေ့တွင် ဒေါ်ရွှေရည်၏ ယောက်ျား ဦးထွန်းမြင့်ဆုံးသွားသည်။ အမေတစ်ခု သမီးတစ်ခုမို့ မြို့သို့တက်၍ကျောင်းဆက်မထားတော့ဘဲ အမေနှင့်ရင်အုပ်မကွာနေသည်။

တစ်နေ့ နှင်းဝတ်ရည် ကံဆိုးမိုးမှောင်ကျမည့်နေ့ရောက်လာ၏။ သာယာကုန်းရွာနှင့် နှစ်ရွာကျော်လောက်ရှိ သူငယ်ချင်းမွေးနေ့တွင် ညနေစာထမင်းကျွေးရန်သူငယ်ချင်းအားလုံးကိုဖိတ်ထားသောကြောင့် နှင်းဝတ်ရည်ကိုဆက်ဆက်လာရန်ပြော၍ ဆိုင်ကယ်ဖြင့် နေ့လယ်ပိုင်းကထွက်သွားသည်။ မသွားခင် အမေ့ကို ညနေပြန်လာမည်ပြောသွားသည်။ နေဝင်တော့ နှင်းဝတ်ရည်ပြန်မရောက်သေး၍ မိခင်ဒေါ်ရွှေရည်မှာ တမျှော်မျှော်နှင့် စောင့်ရင်း မိုးချုပ်သွားသည်။ တူဝမ်းကွဲတော်သူအား နှင်းဝတ်ရည်ကိုသွားခေါ်ရန် ဆိုင်ကယ်ဖြင့် အမြန်လွှတ်လိုက်သည်။ နှင်းဝတ်ရည်သူငယ်ချင်းအိမ်မှလည်း ညနေကပင် ပြန်သွားသည်ပြောသည်။ ဒေါ်ရွှေရည် ရွာမှလူကြီးများကိုအမြန်အကြောင်းကြားပြီး လူငယ်များကို အနီးအနားရွာများသို့ အမြန်လိုက်ရှာခိုင်းသည်။မတွေ့။ဒေါ်ရွှေရည်တစ်ညလုံး အိပ်မရတော့။ ဘုရားခန်းရှေ့တွင် ဘုရားရှိခိုးလိုက်၊ ဆုတောင်းလိုက်၊ လမ်းလျှောက်လိုက်နှင့် မိုးလင်းသွားသည်။ မိုးလင်းလင်းချင်း မြို့သွား၍ ရဲစခန်းတွင် လူပျောက်တိုင်ချက်ဖွင့်ရပါတော့သည်။

ရဲစခန်းက အပူတပြင်းလိုက်လံရှာဖွေရာ သာယာကုန်းရွာနှင့် လက်ပန်ကုန်းရွာနှစ်ရွာကြားရှိ တောင်ကုန်းလေးနောက်တောစပ်တွင် နှင်းဝတ်ရည်အလောင်းကို ဓားဒဏ်ရာများဖြင့်တွေ့ရသည်။ ဒေါ်ရွှေရည်အရူးတစ်ပိုင်းဖြစ်သွားသည်။ အနီးနားရှိရွာမှ နာမည်ဆိုးသွမ်းသူ ခိုင်ကြည်နှင့် ညိုမင်းတို့ကိုရဲကဖမ်း၍စစ်ဆေးသည့်အခါ မုဒိမ်းကျင့်၍သတ်ခဲ့ကြောင်းအစစ်ခံသည်။ ပုဒ်မ ၃၀၂/ ၃၇၆ တို့ဖြင့် အမှုဖွင့်လိုက်သည်။

တစ်နေ့ ဒေါ်ရွှေရည်၏ အစ်ကိုဝမ်းကွဲတော်သူ ဦးဘထုတ် ဒေါ်ရွှေရည်အိမ်ရောက်လာသည်။

"ဒီမှာ ငါ့ညီမရွှေရည် ခုကိစ္စမှာ ငါ့တူမလေး အသတ်ခံရတာကို လက်ခံတယ်။ မုဒိမ်းကျင့်ပြီးသတ်တယ်ဆိုတာကတော့ ငါတို့ဂုဏ်သိက္ခာကိုလည်း ထိခိုက်တယ်။ သေသွားတဲ့ ငါ့တူမလေးကိုလည်း အရှက်ရစေတယ်။ လူကြားလို့မှ မကောင်းတဲ့ကိစ္စ။ ဒီတော့ ငါအကြံပေးချင်တယ်။ ဒီအမှုကို ကိုင်တွယ်တဲ့မြို့က ဥပဒေလူကြီးဆီကိုတို့သွားပြီး မုဒိမ်းမှုကို တော့မထည့်ပါနဲ့။ လူသတ်မှုရိုးရိုးနဲ့ပဲ အမှုစွဲတင်ပေးပါလို့ပြောရရင်မကောင်းဘူးလား။ ငါ့ညီမဘယ်လိုသဘောရလဲ"

"အစ်ကိုပေးတဲ့အကြံကောင်းတာပေါ့။ သမီးလေးရဲ့အရှက်ကိုလည်းကာကွယ်တဲ့အနေနဲ့ မြို့က ဥပဒေလူကြီးဆီသွားပြီးပြောလို့ရရင် သူတောင်းသလောက်ပေးပါ့မယ်။ သမီးလေးရဲ့ဂုဏ်သိက္ခာကအရေးကြီးတယ်မို့လားအစ်ကို"

"အေး - ဒါဆိုရင်မြို့ဥပဒေလူကြီးဆီသွားကြတာပေါ့"

ထိုအမှုကိုကိုင်တွယ်သည့်ဥပဒေတာဝန်ခံမှာ နာမည်ရပင်လယ်ဖျံ တင်မောင်ထွန်း။ ပင်လယ်ဖျံဟု နာမည်တစ်လုံးတိုးလာခြင်းမှာ ဥပဒေကို မြှော့ကြိုးလိုသဘောထားကာ လိုသလိုဆွဲယူ၍ ငွေရလျှင်ပြီးရော၊ ငွေသာလျှင် အဓိက ဥပဒေမှာသာမညဟု ဥပဒေသကို ဦးထိပ်ပန်ဆင်ကာ အခွန်အပုံအကျော်အလွှားတို့ဖြင့် ဥပဒေကိုလိုသလို ရေးဆွဲအမှုတည်ဆောက်သည့်နေရာမှာနာမည်ရသောကြောင့် ပင်လယ်ဖျံဟူသော ဝိသေသအမည်နာတစ်လုံးတိုးလာခြင်းဖြစ်သည်။ ပင်လယ်ဖျံတို့က ဒါမျိုးရှိုးနေပြီ။ ကြာသလားလို့၊ ဖျင်းတောင်ဖျင်းသေးတယ်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ။

"ဆရာလိုချင်တဲ့ငွေသာပြောပါ။ သေသွားတဲ့ကျွန်မသမီးလေးအရှက်ကို ငဲ့ညှာပြီး လူသတ်မှုရိုးရိုးနဲ့သာ ရုံးတင်တရားစွဲပေးပါ"

တင်မောင်ထွန်း စီးကရက်ကို ဟန်ပါပါခဲထားရင်း ဆေးလိပ်မီးခိုးငွေ့များကို လေထဲသို့ မှုတ်ထုတ်ပစ်လိုက်ကာ-

"ကောင်းပြီလေ၊ ဒါဆိုလည်းရပါတယ်။ ငါး ငါးပေးနိုင်မလား ငါးနောက်က သုည"

"ရပါတယ် ဆရာရယ်။ ဆရာတောင်းတဲ့ ငါးဆယ်ကိုပေးနိုင်ပါတယ်။ ကျွန်မသမီးလေး မုဒိမ်းမှုမပါရင်သာပြီးရော"

"စိတ်သာချ တာဝန်ယူတယ်။ မပါစေရဘူး"

တင်မောင်ထွန်းဥပဒေကိုလိုသလို အသုံးချပြီး လုပ်စားနေသည်မှာ ကြာပြီ။ ငွေရမည့်အမှုဆိုလျှင် ပင်လယ်ဖျံတို့က လက်မလွှတ်။ အမှုတစ်ခုတက်လာလျှင် ဘယ်နေရာကနေ စားပေါက်ထွင်ရမလဲဆိုတာသာကြည့်လိုက်သည်။ အကွက်စေ့စေ့ ပညာသားပါပါလုပ်တတ်သည်။ လုပ်သက်ကလည်းကြာပြီ။ ရာထူးတိုးပေးတာတောင်မယူ။ မြို့နယ်ဥပဒေတာဝန်ခံရာထူးကိုသာ မက်မောသည်။ အာမခံလိုချင်သလား၊ ပြစ်ဒဏ်ကို သက်ညှာစွာပေးရန် လျှော့ကလဲပေးစေချင်သလား။ အမှုကကွင်းလုံးကျွတ်လွတ်ရန်လျှော့ကလဲပေးရမလား၊ ရုတ်သိမ်းခွင့်တင်ပေးရမလား။ ပင်လယ်ဖျံတောင်းသည့်ငွေကိုသာပေး။ တစ်ခါကလူသတ်မှုတစ်ခုတွင် မျက်မြင်သက်သေခံအားကို စီအိုင်ဒီသို့ပို့၍ စစ်ဆေးသည့်အခါ လူသွေးတွေ့ရှိကြောင်း ဓာတုဗေဒပြန်ကြားစာပြန်လာသည်။ အမှုမှာ မျက်မြင်သက်သေမရှိဘဲ တရားခံ၏ ဖြောင့်ချက်တစ်ခုသာရှိ၍ အထောက်အထားအားနည်းနေသည်။ တရားသူကြီးက ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆုံးဖြတ်ရမည့်အနေအထားတွင်ရှိနေသည်။ တရားခံ၏ ဖြောင့်ချက်သည် ယုံကြည်စိတ်ချရသည့်အနေအထားတွင်ရှိမရှိပေါ်မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ ပင်လယ်ဖျံတို့တော်လိုက်ပုံများ၊ မျက်မြင်သက်သေမရှိသဖြင့် တရားခံကို အမှုမှ ကွင်းလုံးကျွတ်လွှတ်သင့်ကြောင်း တရားရုံးတော်တွင် ဝေဝေဆာဆာဖြင့် အပြီးသတ်လျှောက်လဲချက်ပေးသွားသည်။ ထိုလူသတ်မှုတွင် တရားခံအား တရားသေလွှတ်သင့်ကြောင့် လျှောက်လဲချက်အတွက် တရားခံဘက်ဆီမှ ထိုက်ထိုက်တန်တန်ရလိုက်သည်။ သို့သော် တရားသူကြီးက တရားခံ၏ဖြောင့်ချက်သည် ယုံကြည်စိတ်ချရသောဖြောင့်ချက်ဖြစ်၍ မျက်မြင်သက်သေမရှိသော်လည်း ထိုဖြောင့်ချက်တစ်ခုတည်းအပေါ်တွင် မူတည်၍ အပြစ်ပေးစီရင်နိုင်ကြောင်း စီရင်ထုံးအကိုးအကားဖြင့် စီရင်တွက်ချက်သုံးသပ်ကာ တရားခံအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်ချမှတ်လိုက်သည်။

တင်မောင်ထွန်းမှာပညာစုံရှိသည်။ အလုပ်ကသင်ပေးသွားသည့်ငွေရှာနည်း။ ငွေရနည်းပညာများ။ အချို့တရားခံကို ကြာကြာထားလို့မရအောင် သက်သေစစ်ဆေးရန် ရုံးချိန်းနေ့တွင် တရားခွင်သို့ မလာဘဲ အကြောင်းပြကာ တရားလိုဘက်က တောင်းဆိုလာလျှင် လုပ်ပေးတတ်သည်။ တရားလိုပြသက်သေကို စစ်ဆေးမည့်နေ့တွင် ထိုအမှုကိုကိုင်တွယ်သည့် ဥပဒေအရာရှိ တရားရုံးတရားခွင်သို့ မလာပါက အမှုကိုပြန်ချိန်းရမည်ဖြစ်ပါသည်။ တရားခံအချုပ်တွင် အာမခံမရဘဲ ကြာကြာနေရအောင်၊ အမှုကိုကြန့်ကြာအောင်လိုပြသက်သေများကိုအချိန်ဆွဲ၍စစ်ဆေးခြင်း။ မြို့နယ်တရားရုံးက တရားခံတရားသေလွှတ်သည့်အမိန့်ကို မြို့နယ်ဥပဒေရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၄၁၇) အရ ပြင်ဆင်မှုဖွင့်ရန် လိုအပ်သောအမှုတွင် ပြင်ဆင်မှုအာဏာကို အသုံးပြု၍ တရားခံထံမှ ငွေညှစ်ရမလား။ မြို့နယ်ဥပဒေတာဝန်ခံတစ်ယောက်၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်တာဝန်ဘောင်အတွင်းမှ လိုသလိုကြည့်၍ ငွေရအောင်ကစားတတ်သည်မှာ တင်မောင်ထွန်း၏ ပညာပင်။ ပန်းချီဆရာလို့ ဆေးစက်ကျရာအရုပ်ထင်စေရမည်။ အမှုသည်ဆိုသည်မှာ ဥပဒေကိုနားမလည်။ ပင်လယ်ဖျံပြုသမျှ နုရမည့်အခြေအနေ။ ပင်လယ်ဖျံရဲ့ လက်ခုပ်ထဲကရေလို သွန်လိုသွန်၊ မှောက်လိုမှောက်၊ ပင်လယ်ဖျံပြောသမျှလိုက်နာရတော့မည်။ အချို့အမှုသည်မှာ ပင်လယ်ဖျံတောင်းသည့်ငွေကို မပေးနိုင်၍ ရှိတာလေးတွေပေါင်းစုံရောင်းချပေးရသည်။ စားစရာမရှိ လျော်စရာရှိရတော့မည်။ ဒါကြောင့် အမှုသည်များက ပင်လယ်ဖျံကိုဝင့်ကြွေးရှိခဲ့လျှင်လည်း မြန်မြန်ကျေပါစေဟု မေတ္တာပို့ ဆုတောင်းကြသည်။ ပင်လယ်ဖျံက လုပ်သက်ကလည်းကြာ၊ အမှုမျိုးစုံကိုင်တွယ်လာခဲ့တော့ ဥပဒေကို အရည်ကျိုသောက်လို့ရ၏။ ဥပဒေ၏ အထက်တွင် မည်သူမျှမရှိစေရဟုဆိုသော်လည်း ဥပဒေအထက်မှာ တင်မောင်ထွန်းကတော့ရှိနေသည်။ ဥပဒေဆိုသည်မှာ အလွန်သိမ်မွေ့သည်။ အမှုဖြစ်ရပ်နှင့် ဥပဒေကို ဆက်စပ်သုံးသပ်ရမည်လို သည်။ ဥပဒေ၏အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကိုသုံးသပ်ပုံ၊ ချဉ်းကပ်ပုံကွဲပြားသွားခြင်းကြောင့် အမြင့်ဆုံးတရားလွှတ်တော်ချုပ်က စီရင်ထုံးများပြု၍ ထုံးဖွဲ့ဆုံးဖြတ်ပေးရသည်။ မြို့ဆိုင်ရာဥပဒေစီရင်ထုံး၊

တရားမဥပဒေစီရင်ထုံး၊ သက်သေခံဥပဒေစီရင်ထုံး၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေစီရင်ထုံး၊ ကာလစည်းကမ်းသတ်ဥပဒေစီရင်ထုံး စသည်ဖြင့် ဥပဒေအလိုက် စီရင်ထုံးပေါင်းများစွာဖြင့် ထုံးဖွဲ့ဆုံးဖြတ်ပေးခဲ့ရသည်။ အမှုဖြစ်ရပ်များမှာလည်း တစ်မှုနှင့်တစ်မှု တူညီမှုမရှိနိုင်။ လူသတ်မှုများတွင် လူသတ်မှုဖြစ်ရပ်အမျိုးမျိုး၊ မုဒိမ်းမှုဖြစ်ရပ်အမျိုးမျိုးရှိရာ တစ်မှုနှင့်တစ်မှု တူညီမှုမရှိနိုင်ပါ။ အမှုဖြစ်ရပ်နှင့် ဥပဒေကို ဆက်စပ်သုံးသပ်ပုံကွာခြားသွားခြင်းကြောင့် အောက်ရုံး၏အမိန့်နှင့် အထက်တရားရုံး၏အမိန့်တို့ ကွဲလွဲသွားသည်။ ဥပဒေကတော့ ဒီဥပဒေသပင်။ ဥပဒေတစ်ခုတည်းအပေါ် အမှုဖြစ်ရပ်နှင့် သုံးသပ်ပုံခြင်းမတူညီဘဲ ကွာခြားသွားခြင်းကြောင့် ဖြစ်သည်။

ရုံးဆင်းချိန်ရောက်၍ ပင်လယ်ဖျံကို တွေ့ချင်လျှင် အရက်နှင့်တွဲရောင်းသည့် ဘားသို့မဟုတ် စားသောက်ဆိုင် ကာရာအိုကေမှာရှိနေတတ်သည်။ အသောက်အစားဝါသနာပါသော စခန်းမှူး၊ နယ်ထိန်း၊ အမှုစစ်အမှုလိုက်တို့ကပင် ပင်လယ်ဖျံရဲ့ဘော်ဒါတွေ၊ နယ်ကလာသော ဥပဒေအရာရှိမှန်သမျှ သောက်ချင်စားချင်ပျော်ချင်ပါးချင်လျှင် သူက အားလုံးဒကာခံသည်။ ကာရာအိုကေဆိုင်က ကောင်မလေးတွေမှန်သမျှနှင့် တင်မောင်ထွန်းမသိတာမရှိ။ တင်မောင်ထွန်း အမြဲပန်းကုန်းစွပ်နေကျ။ သူက အထက်လူကြီးနှင့်ရော လက်အောက်ဝန်ထမ်းများနှင့်ပါ အဆင်ပြေအောင် ဆက်ဆံသည်။ အပေးအကမ်းလည်း ရက်ရောသည်။

တစ်ခါက တင်မောင်ထွန်း အရေးယူခံရမလိုဖြစ်လိုက်သေးသည်။ ဘယ်လိုဘယ်လိုလုပ်လိုက်သည်မသိ။ အားလုံးဇစ်ပိတ်ဖြစ်သွားသည်။ အထက်ရောအောက်ရောပိုင်သည်။ အာဏာရှိသူဘာကြိုက်လဲ။ ငွေကြိုက်လျှင်ငွေ၊ အပျော်အပါးကြိုက်လျှင် အပျော်အပါး အားလုံးအဆင်ပြေစေရမည်။ တင်မောင်ထွန်းတို့က ဘုရားဒကာ၊ ကျောင်းဒကာလုပ်ဖို့သာ ဝါသနာမပါရှိရမည်။ ဒီလိုအလုပ်မျိုးက တင်မောင်ထွန်းလုပ်နေကျ။ ပိုက်ဆံမနစ်မြော။ အမှုသည်ဆီက ရအောင်ယူ၍ ပိုင်အောင်လည်းပေါင်းထားသည်။ တင်မောင်ထွန်း သူ့ကိုယ်သူ ဥပဒေဝန်ထမ်းဖြစ်ရတာကိုပင် ဂုဏ်ယူဝင့်ကြွားနေသည်။ ဥပဒေဝန်ထမ်းလောကတွင်တော့ တင်မောင်ထွန်းက စူပါစတား။ လက်များမှာငွေသီးတော့ မော်ဒယ်ဂဲလ်တွေနဲ့လည်း ရင်းနှီးသည်။ နိုက်ကလပ်မျိုးစုံ တင်မောင်ထွန်းမသွားဘူးသည့် နိုက်ကလပ်မရှိ။ ကာရာအိုကေမျိုးစုံ၊ ကာမဂုဏ်အာရုံမျိုးစုံ ခံစားရင်း တင်မောင်ထွန်းဘဝ ရက်မှလ၊ လမှနှစ်သို့ အချိန်တွေကုန်လာခဲ့သည်။

ပင်စင်ယူရန် သုံးနှစ်လောက်လိုတော့သည့်အချိန်၌ အသည်းရောဂါရလာသည်။ ရောဂါမသက်သာ၍ အာရုံဝင်ဆေးရုံကြီးသို့တင်လိုက်ရသည်။ သမားတော်ကြီးများက အစွမ်းကုန်ကုသသော်လည်း မရနိုင်တာသိသဖြင့် လူနာကို အိမ်သို့ပြန်ယူချင်က ယူနိုင်ရန် ပြော၍ နောက်ဆုံးလက်လျှော့ကာ မိသားစုက တင်မောင်ထွန်းအား အိမ်သို့ပြန်သယ်ယူလာသည်။ ရောဂါမှာ တဖြည်းဖြည်းရင့်သည်ထက်ရင့်လာပြီး ရက်ပိုင်းလောက်သာခံတော့မည်ဟု တွက်ထားသည်။ ပင်လယ်ဖျံသတိလစ်သွားတာနှစ်ခါရှိပြီ။ တစ်ခါလစ်လျှင် နှစ်နာရီလောက်ကြာသည်။ မျောသွားသည်ဆိုရသည်။ ဇနီးနှင့်သားသမီးများ မျက်နှာမကောင်းကြတော့။ ဒီတစ်ခါဆိုလျှင် မရတော့ဘူးဆိုတာ တင်မောင်ထွန်း သူ့ကိုယ်သူသိသည်။ အိပ်ရာပေါ်တွင် ပက်လက်လှန်၍ ဝေဒနာကို အပြင်းအထန်ခံစားနေရပြီး သေမင်းခေါ်မည့်အချိန်ကို စောင့်နေရင်း သူ့မိန်းမကိုအနားလာရန် လက်လှုပ်၍ ခေါ်လိုက်သည်။ မိန်းမမျက်နှာကို သူ့မျက်နှာပေါ် ခေါင်းငုံ့ကပ်ထားရန် ခေါင်းညိတ်ပြလိုက်သည်။ အသံမှာ တိုးတိုးဖွဖွလေးဖြင့်-

“ငါ့ကို ထိန်ပင်ကလာခေါ်နေတာ နှစ်ခါရှိပြီ၊ ဒီတစ်ခါခေါ်ရင် ငါသွားရတော့မယ်။ မရတော့ဘူး။ သူငယ်ချင်းတွေကိုပြောလိုက်ပါ။ ငါအမှန်အတိုင်းမလုပ်ခဲ့ဘဲ ငွေနောက်ကိုလိုက်မိလို့ ခု ငါ့အပြစ်ကိုငါခံရတော့မယ်။ သူငယ်ချင်းတွေကို ငါ့လိုမလုပ်ဖို့၊ ငါမှာသွားတယ်လို့ ပြောလိုက်ပါ”

တင်မောင်ထွန်းသူလုပ်ခဲ့သည့်ကံတွေက သူ့ထံပြန်လာနေပြီ။ သူလုပ်ခဲ့တဲ့ အပြစ်တွေကို တမလွန်မှာခံရတော့မည်။ မကောင်းသောဘုံဘဝသို့ရောက်မည့်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ပေါ်လာခြင်းဖြစ်သည်။ သူ့ကိုလာခေါ်နေကြပြီ။ ပြိတ္တာဘုံသို့သွားရပေတော့မည်။ တင်မောင်ထွန်းကို လောဘဟူသည့်တရားကခိုင်းစေသောကြောင့် မဟုတ်တာ မမှန်တာတွေလုပ်ခဲ့မိပြီး ထိုအကုသိုလ်တရားကပင် အပါယ်လေးပါးသို့ဆွဲချသွားသည်။ လူဆိုးလူမိုက်ဓားပြဖြစ်နေကြသူများလည်း လောဘတဏှာ၏ခိုင်းစေမှုကြောင့် လူဆိုးဓားပြဘဝသို့ရောက်သွားကြရသည်။ လူသတ်မှုကျူးလွန်ကြသူများမှာ ဒေါသတရား၏ခိုင်းစေမှုကြောင့် လည်းကောင်း၊ မုဒိမ်းမှုများမှာလည်း ကာမဂုဏ်ကို ခံစားချင်သည့် ကာမတဏှာခိုင်းစေမှုကြောင့် လည်းကောင်း ကျူးလွန်ကြရသည်။ အကုသိုလ်တရားတို့ကိုဖြစ်ပေါ်စေသည့် မူလရေသောက်မြစ်မှာ လောဘ၊ ဒေါသ၊ မောဟဟူသည့် တရားသုံးပါးကြောင့်သာ ဖြစ်ရသည်။ မသိမှုဆိုသည့် အဝိဇ္ဇာမောဟကြောင့် လောဘ၊ ဒေါသတွေဖြစ်ရသည်။ လောဘ၊ ဒေါသကြောင့် ကာယကံမှု၊ ဝစီကံမှုတွေကျူးလွန်လာရသည်။ အကျဉ်းထောင်များတွင် ပုဒ်မအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အဓိကလက်သည်တရားခံအစစ်မှာ လောဘ၊ ဒေါသတရားများကြောင့်ဖြစ်၏။ လောဘ၊ ဒေါသ ဟူသည့်တရားသည် ကောင်းကျိုးကိုမပေး။ အပြစ်ကိုသာပေး၍ ဆင်းရဲသာဖြစ်စေသည်။ လောဘဒေါသတရားကြောင့် ပစ္စုပ္ပန်ဘဝတွင်လည်း ဆင်းရဲဒုက္ခကိုဖြစ်စေပြီး တမလွန်တွင်လည်း လောဘနှင့်သေလျှင် ပြိတ္တာ၊ ဒေါသနှင့်သေလျှင် ငရဲ၊ မောဟနှင့်သေလျှင် တိရစ္ဆာန်သို့သာသွားရပေမည်။ ထို့ကြောင့် လောဘ၊ မောဟ၊ ဒေါသ ဟူသည့် တရားသုံးပါးသည် အကုသိုလ်တရားတို့၏ မူလရေသောက်မြစ်သုံးခုဖြစ်၍ ထိုတရားသုံးပါးကို ဖယ်ရှားနိုင်ဖို့ အရေးကြီးသည်။

တင်မောင်ထွန်းပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာသည်။ အမှုသည်များအပေါ်တွင် အနိုင်ကျင့်ဗိုလ်ကျလာခဲ့သော တင်မောင်ထွန်း ယခုတော့ မရဏာဆိုသည့် သေမင်းကို အရှုံးပေးရတော့မည်။ တင်မောင်ထွန်း သူသွားရမည့်လမ်းကို သူသိနေပြီ။ တစ္ဆေ၊ သရဲ၊ ပြိတ္တာစသည့်မကောင်းဆိုးဝါးတွေက သူ့ကိုလာခေါ်နေကြပြီ။ တင်မောင်ထွန်း၏ အမြင်အာရုံတွင် မျက်တွင်းဟောက်ပက်၊ နံရိုးပြိုင်းပြိုင်း၊ ပုံပျက်ပန်းပျက် အလွန်ရုပ်ဆိုးကျည်းတန်ပြီး ကြောက်စရာ အလွန်ကောင်းသည့်အရွယ်မျိုးစုံပြိတ္တာများက တင်မောင်ထွန်းဆီလာနေကြပြီ။ အပျော်အပါး အသောက်အစားများနဲ့သာအချိန်ကုန်ပြီး ကုသိုလ်ကောင်းမှုဟူ၍ ဘာတစ်ခုမှမလုပ်ခဲ့သော တင်မောင်ထွန်း သေရမှာကိုအလွန်အမင်းကြောက်ရွံ့ထိတ်လန့်ကာ ဇောချွေးတွေပြန်လာသည်။ အရပ်ရှည်ရှည်၊ မျက်လုံးကြီးကပြူးပြူး၊ အမွေးများက အပ်သွားလိုချွန်ထက်နေပြီး လက်သည်းခြေသည်းအရှည်ကြီးနှင့် မျက်စိတစ်လုံးတည်းသာရှိသည့် ကောင်ကြီးက တင်မောင်ထွန်း၏လက်ကို ဆွဲယူလိုက်သည်။ တင်မောင်ထွန်း မျက်လုံးတွေပြာလာသည်။ ဘာမှမမြင်ရတော့။ အတင်းရုန်းသော်လည်းမရ၊ နဖူးမှာ ဇောချွေးတွေပြန်လာသည်။ သူ့မိန်းမလက်ကလေးကို အတင်းဖိဆုပ်ထားရင်း ခန္ဓာကိုယ်မှာ တစ်ချက်တွန့်သွားကာ ဇက်စောင်းကျသွားသည်။ ဒီဘဝစုတိပြီးသည်နှင့် နောက်ဘဝ ပဋိသန္ဓေ။ စုတိနှင့် ပဋိသန္ဓေသည် အနန္တရပစ္စယော အခြားမရှိ၊ အကြားအလပ်မရှိ။ စုတိပြီးလျှင် ပဋိသန္ဓေလာရတော့မည်။ တင်မောင်ထွန်း၏လားရာဂတိမှာ ပြိတ္တာဘုံဖြစ်၍ ပြိတ္တာဘုံသို့ချက်ချင်းရောက်သွားသည်။

“အစ်ကို အစ်ကို ညီမကိုခွဲသွားပြီပေါ့။ ညီမကိုထားခဲ့ပြီပေါ့။ ကျေးဇူးရှင်ကြီးရေ၊ အတူတူနေလာခဲ့တဲ့အစ်ကို ခုတော့ အစ်ကိုသွားပြီပေါ့။ အစ်ကိုလမ်းကို အစ်ကိုသွားပြီပေါ့။ ညီမဘယ်လိုဖြေရတော့မှာလဲ။ ညီမကို အစ်ကိုထားခဲ့ပြီပေါ့”

“ဟီး ဟီး ဟီး သားတို့ကို ဖေဖေခွဲသွားပြီပေါ့။ ဖေဖေ ဟီး ဟီး ဟီး။ ဖေဖေဆုံးသွားပြီ ဟီး ဟီး ဟီး”

“ဖေဖေ သမီးဆယ်တန်းဂုဏ်ထူးနဲ့ အောင်ရင်ဆုချမယ်ပြောထားတာ။ ခု အဖေမရှိတော့ဘူး။ အဖေဆုံးသွားပြီ။ သမီးအဖေမရှိတော့ဘူး။ သမီးတို့အားလုံးကိုထားခဲ့ပြီ ဟီး ဟီး ဟီး ဟီး”

မန့်လုပ်ဆောင်းကုန်းရပ်ကွက်ဘေး တိုက်ခန်းများမှ တင်မောင်ထွန်းဆုံးသွားပြီ သတင်းကြား၍ လာမေးကြသည်။ အခန်းချင်းကပ်လျက်ရှိသည့် ဦးလေးဦးဘတင်ရောက်လာကာ -

“ကဲ-ငါ့တူမရေ သွားတဲ့လူလည်းသွားပြီ။ အသုဘကိစ္စအမြန်စီစဉ်ရအောင် နာရေးကူညီမှုအသင်းဦးကျော်သူဆီသာ ဖုန်းဆက်လိုက်တော့”

လူ့ဘဝရလာသည့် ခဏလေးမှာ ဥပဒေအရာရှိများ၊ တရားသူကြီးများ၊ ဥပဒေနှင့်မကင်းကြသူများ နာယူစရာ ဖြစ်ရပ်မှန်တစ်ခုဇာတ်လမ်း ဇာတ်ကွက်ဇာတ်အိမ်မှ၍ သင်ခန်းစာရယူနိုင်ကြပါစေဟု သတိပေးရေးသား ဖွဲ့နွဲ့ ခံစားတင်ပြလိုက်ပါသည်။

မောင်ကာဒေဝ၊

ပြန်လာစေချင်သည့် ကြိုရန်းခံ အညွှန့်အုပ် အလာတစ်ရိုက်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁။ တနင်္ဂနွေသားသမီး ပြန်လာစေလိုသော် ဩဇာညွှန့် (၃) ညွှန့်၊ ဒန်းကြီး (၂) ညွှန့် အရင်းအဖျားမှန်မှန်ထား၍ ဝါးခြမ်းနှင့် (၃) ချက်စည်းပြီး မီးဖိုပေါ် အထက်ကနေ ဇောက်ထိုးဆွဲထားပါ။ (၅) ရက်အတွင်းလာမည်။

၂။ တနင်္လာသားသမီးပြန်လာလိုပါလျှင် ဇလပ်ညွှန့် (၄) ညွှန့်၊ ဆီးညွှန့် (၃) ညွှန့်ကို အရင်းအဖျားမှန်မှန်ထားပြီး မဲကြိုးနှင့် (၄)ပတ်စည်း၍ သောက်တော်ရေအိုးထဲမှာ ဇောက်ထိုးစိုက်ထားပါ။ (၇) ရက်အတွင်းလာပါမည်။

၃။ အင်္ဂါနေ့သားသမီးပြန်လာစေရန် သပြေညွှန့် (၅) ညွှန့်၊ ဇလပ်(၄)ညွှန့် အရင်းအဖျားမှန်စွာထား၍ သင်္ကန်းစုတ်ကိုကြိုးလုပ်ပြီး (၅) ချက်စည်းလျက် လေသာခန်းမှာ ဇောက်ထိုးဆွဲထားပါ။ (၉) ရက်အတွင်းလာလိမ့်မည်။

၄။ ဗုဒ္ဓဟူးသားသမီးပြန်လာစေလိုပါလျှင် ကသစ် (၆) ညွှန့်၊ သပြေ (၅) ညွှန့်ကို အရင်းအဖျားမှန်စွာထားပြီး နှီးနှင့် (၆) ချက်စည်း၍ မီးဖိုပေါ်မှာ ဇောက်ထိုးဆွဲထားပါက (၁၁) ရက်အတွင်း ပြန်လာလိမ့်မည်။

၅။ ကြာသပတေးသားသမီးပြန်လာစေရန် (ဒန်းညွှန့်၊ ထန်းညွှန့်၊ ဓနိညွှန့်) (၇) ညွှန့် ရရာတစ်ခုခုနှင့် ကသစ် (၆) ညွှန့်တို့ကို အရင်းအဖျားမှန်မှန်ထားပြီးလျှင် ချည်နီကြိုးကျစ်ပြီး (၇) ချက်ချည်ပါ။ အိမ်ခေါင်လျှောက်မှာဆွဲထားပါက (၁၃) ရက်အတွင်း လာလိမ့်မည်။

၆။ သောကြာသားသမီးပြန်လာစေလိုလျှင် အုန်းညွှန့် (၁) ညွှန့်၊ ဒန်းညွှန့် (၇) ညွှန့် အရင်းအဖျားမှန်စွာထားပြီး သင်အုံကြိုးနှင့် (၁)ချက်စည်း၍ ရေချိုးစဉ့်အိုးထဲမှာ ဇောက်ထိုးစိုက်၊ (၈) ရက်အတွင်းလာမည်။

၇။ စနေသားသမီးလာစေလိုလျှင် ကံ့ကော် (၂) ညွှန့်၊ အုန်း (၁) ညွှန့်ကို အရင်းအဖျားမှန်မှန်ထား၍ ကြိမ်နှင့်နှစ်ချက်စည်းပြီးလျှင် မီးဖိုပေါ် လေအောက်ဘက်က ဇောက်ထိုးဆွဲထားပါ။ (၃)ရက်အတွင်းလာမည်။

- **အမှုအခင်းပြောဆိုရာတွင် ပဋ္ဌမှတ်အဆောင်**

၁။ တနင်္ဂနွေသားသမီးနှင့် ယှဉ်ပြောလျှင် ပဲလှော်စား၊ သပြေညွှန့်ဆောင်ပြောပါ။

၂။ တနင်္လာသားသမီးနှင့် ယှဉ်ပြောလျှင် သခွားသီးစား၊ သင်ညွှန့်ဆောင်ပြောပါ။

၃။ အင်္ဂါသားသမီးနှင့်ယှဉ်ပြောရလျှင် ထန်းလျက်စား၊ ထန်းညွှန့်ဆောင်ပြောပါ။

၄။ ဗုဒ္ဓဟူးသားသမီးနှင့် ယှဉ်ပြောရလျှင် အုန်းသီးစား၊ အုန်းညွှန့်ဆောင်ပြောပါ။

၅။ ကြာသပတေးသားသမီးနှင့် ယှဉ်ပြောရလျှင် ကြံသကာစား၊ ကံ့ကော်ညွှန့်ဆောင်ပါ။

၆။ သောကြာသားသမီးနှင့် ယှဉ်ပြောရလျှင် ဆီးသီးစား၊ ဇော်စိမ်းညွှန့်ဆောင်ပါ။

၇။ စနေသားသမီးနှင့် ယှဉ်ပြောရလျှင် လမုန့်စား၊ ဝါးညွှန့်ဆောင်ပါလေ။

- **မှတ်ထုပ်ဆရာတော်ကြီး၏ သူနာယတြာ**

ယခုရောက်သော သက္ကရာဇ်ကို တည်ကိန်းပြု၊ သူနာ၏ပြည့်သက်နှင့် ရော၍ (၃) နှင့်မြှောက်၊ (၇) ဖြင့်စား။

(၁) ကြွင်းသော် တရားကိုပူဇော်ပါ။ (၂) ကြွင်းလျှင် ဘုရားကို ရွှေချပူဇော်ပါ။ (၃) ကြွင်းလျှင် ရုက္ခစိုးနတ်ကို ပူဇော်ပါ။ (၄) ကြွင်းလျှင် စာအရှင်ကို လွှတ်ပါ။ (၅) ကြွင်းပါသော် သံဃာတော်များကို ဆွမ်းကျွေးဒါနပြုပါ။ (၆) ကြွင်းပါမူ ယာယီ (လူနာ) ပြောင်းပါ။ (၀) ကြွင်းသော် အိမ်နေရာပြောင်းပါ။

ခုနစ်ရက်သားသမီးများ
ကျန်းမာချမ်းသာ၍အသက်ရှည်ကြပါစေ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

([illegible])

ထင်ကျော်စွာ

သားရွှေအိုးထမ်းရှမ်းတောင်တန်းနှင့် ကျေးလက်ပုံရိပ်အဟော

ထေရဝါဒဗုဒ္ဓဘာသာ အယူဝါဒ လက်ခံကျင့်သုံးသောမြန်မာနိုင်ငံအတွင်းတွင် ဗုဒ္ဓလောင်းလျာနစဉ်က ကျင်လည်နေထိုင်ခဲ့သောနေရာများစွာရှိခဲ့ပါသည်။ ထိုသို့လျှင် အလောင်းတော်စံမြန်းနေထိုင်ရာဒေသတို့ကို လေ့လာနိုင်ရန်အလို့ငှာ ရှမ်းပြည်နယ်သို့ ခရီးတစ်ထောက်ရောက်ခဲ့ပါသည်။ သုဝဏ္ဏသာမ မိဘများထံ ရွှေအိုးထမ်းပြန်လာသည့် သုဝဏ္ဏသျှံ တောင်တော်တည်ရှိရာ ကျိုင်းတုံသွားလမ်းပေါ်ရှိ တာကော်တံတားအရှေ့ဘက်သုံးမိုင်အကွာသို့ ဖြစ်ပါသည်။ တစ်ဆက်တည်းပင် ကိုယ်ရေးကိုယ်တာကိစ္စအတွက် တောင်ကြီး-မိုင်းရှူးခရီးစဉ်တစ်ခုပါသဖြင့် ရှမ်းတိုင်းသားတို့၏ ရိုးရှင်းသောအဟောပညာတစ်ခုပါ လမ်းခရီးတွင် ရရှိခဲ့ပါတော့သည်။ သို့ကြောင့် အလောင်းတော်နစဉ်က ကျင်လည်ရာ ရှမ်းပြည်နယ်မှ နေရာထူးတို့ကို ရှေးဦးဖော်ပြပေးပါသည်။ ဒုတိယပိုင်းတွင် ရှမ်းတို့၏ ကျေးလက်ပုံရိပ်အဟောပညာကို ဗဟုသုတတိုးပွားရန်တင်ပြပေးလိုက်ရပါသည်။

အနုမာငါးရာ၊ ရင့်မှာတစ်ကျိပ် ဘုရားနိပါတ်တော်ရှိခဲ့ပါသည်။ ခါမင်းဖြစ်စဉ်ဘဝက ခါမင်းတောင်မှာ ရှမ်းပြည်နယ်တွင်ရှိပါသည်။ နောင်ချိုမြို့နယ်ရှိ ရွှေမုဋ္ဌောကျေးရွာတွင် ခါမင်းတောင်ရှိသည်။ ဝက်မြူမင်းဖြစ်စဉ်က စံမြန်းနေထိုင်သော ကက္ကူဘုရားအနီးဝန်းကျင်ဒေသသည် တောင်ပိုင်းဘန်းယဉ်မြို့နယ်တွင်ရှိသည်။ မျောက်မြူမင်းဘဝနေထိုင်စံပျော်ရာ ဟိန်းလင်းစေတီဝန်းကျင်မှာမူ သံလွင်မြစ်အရှေ့ဘက်ကမ်း ကျိုင်းတုံနယ်တွင်ရှိသည်။ ဟိန်းလင်းစေတီနည်းတူ တန်ခိုးကြီးထင်ရှားသည်မှာ သုဝဏ္ဏသျှံတောင်တော်ဖြစ်ပါသည်။ ထိုတောင်တော်၏အမည်မှာ တောင်တော်မဟာပပ္ပတဟု ခေါ်ပါသည်။

တောင်ထိပ်ပေါ်၌ ကျောင်းသင်္ခမ်းသဏ္ဌာန်လေးကို အဝေးမှမြင်ရသည်။ တောင်အမြင့် (၇၆၈၀) ပေ မြင့်သည်။ တောင်ခြေမှ တောင်ပေါ်ထိ ခန့် မှန်းခြေ သုံးမိုင်ခွဲလေးမိုင်နီးပါးရှိသည်။ တောင်ပေါ်တွင် လူခြောက်ရာကျော်နေနိုင်သည်။ တောင်ထွတ်မထိုးထွက်နေသောကျောက်ဖျာကြီးမှာ မိုးထားသကဲ့သို့ရှိနေသည်။ ကျောက်ဖျာကြီးတောင်၏ တောင်ဘက်တွင် နောက်ထပ်တောင်တစ်လုံးရှိသည်။ ထိုတောင်၌ လေပေါက်တစ်ခုရှိသည်။ ထိုအပေါက်တွင် လေသည် အပေါ်သို့သာတက်ပြီး အောက်ကိုပြန်မဆင်းဟုဆိုပါသည်။ ပေါက်ပေါက်ကိုချကြည့်ရာ အပေါ်သို့သာ ပြန်တက်လာပါသည်။ ထိုတောင်၏အောက်ဘက်၌လူတစ်ယောက်ဒူးတုပ်ထိုင်နေဟန် ကျောက်ရုပ်တွေ့ရသည်။ ထိုရှေ့တွင်ကျောက်တောင်ကိုမှီခြေဆင်းနေသောကျောက်ရုပ်ရှိသည်။

ဒူးတုပ်နေသော ပိဠိယက္ခမင်းကြီးအား အဆိပ်ပြယ်၍ သတိရအသက်ရှင်နေသော သုဝဏ္ဏသာမအလောင်းတော်က တရားဟောသောနေရာဖြစ်နိုင်သည်ဟုဆိုကြသည်။ ထိုနေရာအနီးအလောင်းတော်ဆွမ်းစားရာနေရာကျောက်ဖျာကြီးရှိသည်။ သပိတ်နှင့် သပိတ်ဖုံး၊ ကျောက်ခွက်ရှိသည်။ ထိုမှ အနောက်ဘက်ဆက်သွားပါက အလောင်းတော်နှင့်သမင်တို့၏ခြေရာကျောက်ကွက်များတွေ့ရသည်။ နောက် တောင်ပေါ်တက်လျှင် နတ်ရေကန်ဟုဆိုသောလက်တစ်ခုပ်စာရေတွင်းငယ်လေးကို တွေ့ရသည်။ မည်မျှပင်ခပ်ခပ်မကုန်နိုင်ဟု ဆိုပါသည်။ ထိုရေကိုသစ္စာပြု၍တောင်းဆိုလျှင် အောင်မြင်သည်ဟုဆိုကြပါသည်။ ထိုရေတွင်းအနီးတွင် အပေါက်တစ်ခုရှိသည်။ အန္တရာယ်ကင်းပေါက်ဟု အမည်ပေးထားသည်။ ကံကောင်းသူများ၊ သီလသမာဓိရှိသူများမှာ ခန္ဓာကိုယ်ကြီးနေပါစေ ထွက်နိုင်ဝင်နိုင်သည်။ အကုသိုလ်များသူများခန္ဓာငယ်နေပါစေ ဝင်ထွက်မရဟုဆိုပါသည်။

ယုတ္တိယုတ္တာအဖြစ် နေရာတိုင်းတွင် သုဝဏ္ဏသာမဇာတ်တော်လာအဖြစ်အပျက်အတိုင်းနေထိုင်စံမြန်းရာနေရာ၊ ဒုကူလနှင့် ပါရိကာတို့၏ ဂူ၊ မြွေဆိပ်သင့်သောတောင်ပို့တို့ရှိနေသည်။ အလောင်းတော်ရေခပ်ဆင်းသောခြေရာ၊ သမင်ခြေရာ၊ မြှားဆိပ်သင့်သောနေရာ၊ ပိဠိယက္ခကို တရားဟောသောနေရာအထောက်အထားများ တွေ့မြင်ရမည်။ မိဘနှစ်ပါး စင်္ကြံသွားနိုင်အောင်လုပ်ပေးထားသည့် ပုံသဏ္ဌာန် နွယ်ကြိုးတန်းပုံကျောက်ခက်များတွေ့ရသည်။ ဂူအမြင့်တွင် ရွှေအိုး၊ ငွေအိုးသဏ္ဌာန် ကျောက်အိုးနှစ်လုံးရှိသည်။ ဒုကူလနှင့် ပါရိကာတို့ကပြောခဲ့သလို 'သားရွှေအိုးထမ်းလာသည်ကို မြင်လိုပါသည်' ဟု စကားများအတိုင်း ပုံရိပ်တို့ ထင်ဟပ်နေပါသည်။ သိကြားထိုင်သော ကျောက်ဖျာ၊ မျက်စိအလင်းရအောင်ကုပေးသည့်နေရာ အထောက်အထားများရှိနေပါသည်။

ရှေ့ဆက်၍သွားလျှင် ကျောက်စောင်းတွင် အပေါက်နှစ်ပေါက်ရှိသည်။ ဝဋ်ဖြေသောအပေါက်ဟု ခေါ်ကြသည်။ ထိုအပေါက်ကို ဝင်နိုင်လျှင် ရှိသမျှဝဋ်ကြွေးပြေပျောက်သည်ဟုအယူရှိကြသည်။ အချို့သူများမှာကား ဝင်မရကြပါ။ ထိုအပေါက်မှလွန်လျှင် မြှားသင့်ရာနေရာဖြစ်နိုင်သည့် လဲလျောင်းနေသကဲ့သို့ဖြစ်နေသောကျောက်ရုပ်ရှိသည်။ ထိုနေရာမှာ မုဆိုးတောင်နှင့် နီးကပ်ပါသည်။ ထူးခြားသည်မှာ ကံကောင်းသူများသည် တောင်ပေါ်မှ ငှက်ပျောသီး၊ သြဇာသီး၊ ကြံချောင်းတွေ့ရှိစားသောက်ရတတ်ပါသေးသည်။ အိမ်သို့ယူလာလျှင် ပျောက်သွားသည်ဟု ဆိုပါသည်။

ဤသို့လျှင် သုဝဏ္ဏသျှံတောင်တော်မှ အမြင်အတွေ့ဗဟုသုတတထမ်းတပိုးတို့ဖြင့် တောင်ကြီးမြို့သို့ပြန်လာခဲ့ပါသည်။ တောင်ကြီးတွင် တစ်နေ့တစ်ညအနားယူပြီးသော် နောက်နေ့တွင် တောင်ကြီး-မိုင်းရှူးခရီးစဉ်အတွက် ပြင်ဆင်ရပါသည်။

တောင်ကြီး - မိုင်းရှူးယာဉ်ငယ်လိုင်း၊ ဟိုင်းလက်ကားလေးသည် အရပ်ရှစ်မျက်နှာမြူနှင်းတို့ပိတ်ဖုံးလျက်ရှိသော တောင်ကြီးမြို့မှ မိုင်းရှူးသို့ထွက်ခွာလာခဲ့ပါသည်။ နံနက်(၉း၃၀)နာရီတွင် ထွက်ခွာလာရာ တောင်အဆင်းများသော ဟိုပုံးတောင်၊ အတက်များသော ထန်မဆိုင်သွားလမ်းတို့ကိုဖြတ်ကျော်လာပါသည်။ နံနက်(၁၀း၃၀)နာရီခန့်တွင် လွိုင်လင်မြို့သို့ ရောက်ရှိပါသည်။ လွိုင်လင်တွင် နံနက်စာစားကြရန် ခေတ္တရပ်နားပါသည်။ ကျွန်ုပ်၏ဘေးတွင်ယှဉ်လျက်ရှိသော ရှမ်းအမျိုးသားကြီး ဦးအိုက်လုနှင့် ခင်မင်ရင်းနှီးပြီး ထမင်းအတူစားကြပါသည်။ ရိုးသားပွင့်လင်းသော ဦးအိုက်လုကို ကျွန်ုပ်က ငွေလက်လွှန်ထားသော မိတ်ဆွေတစ်ဦးထံသွားခြင်းဖြစ်ကြောင်း ပြောပြမိပါသည်။ ထိုအခါ ဦးအိုက်လုမှ မိတ်ဆွေကို ခွဲခြားပေါင်းသင်းသင့်ကြောင်းပြောလာပါသည်။

မည်သို့ ခွဲခြားသိနိုင်ပါလဲဟုမေးမြန်းရာ ငွေချေးသူ၊ အချေးခံရသူတို့၏ မွေးသက္ကရာဇ်နောက်ဆုံး(ခုစွန်း)သိလျှင် ခွဲခြားနိုင်ကြောင်း ပြောလာပါသည်။ ကျွန်ုပ်၏တပ်ဆင့်မေးခွန်းများကြောင့်ပင် ဤခုစွန်းဆေးစပ်တွက်နည်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း ရှမ်းဘုန်းကြီးထံမှတွက်နည်းပညာဖြစ်ကြောင်း သိခဲ့ရပါတော့သည်။

ကျွန်ုပ်အား မွေးသက္ကရာဇ်၏ ခုစွန်းကိုမေးရာ (၂) ခုစွန်းဟု ပြောပြပါသည်။ မိတ်ဆွေများ၏ ခုစွန်းကိုမေးရာ ငွေချေးငှားသူက တစ်နှစ်ကြီးပြီး အာမခံသူက တစ်နှစ်ငယ်ကြောင်း ပြောပြလိုက်ပါသည်။ ထိုအခါ ဦးအိုက်လုက ငွေချေးသူက (၁)ခုစွန်းနှင့် အာမခံသူက(၃)ခုစွန်းဟု ပြောပါသည်။

ဆက်၍ရှင်းပြသည်မှာ

“ဒီလိုရှိတယ်သူငယ်။ မင်းက နှစ်ခုစွန်းဆိုတော့ ဥဒေါင်း။ ငွေချေးသူက မျောက်၊ အာမခံသူက ကျားလို့ခေါ်ရမယ်။ ဥဒေါင်းဟာ မျောက်နဲ့ ကျားနှစ်ကောင်လုံးနဲ့ မသင့်တဲ့အတွဲကျဖြစ်နေတယ်။ ဒီတော့ မင်းကိုဒုက္ခပေးပြီပေါ့”

ဦးအိုက်လု၏ ပြောပြချက်များကို လက်ခံနိုင်စရာအဖြစ်ယုံကြည်မိသည်။ သို့ကြောင့် မေးမြန်းရန် ပြင်ဆင်လိုက်သည်။

ထိုအချိန်မှာပင် ကားကပြန်လည်ထွက်ခွာရတော့မည်ဖြစ်၍ မမေးဖြစ်သေးပါ။ လွိုင်လင်မှ မဝေးလှသော ပင်လုံသို့ရောက်သော်လည်း ကားပေါ်တွင် မေးရန်အဆင်မပြေလှပါပေ။ ပင်လုံမှ လဲချားကျော်ဖြတ်ရာ ခရီးတာတွင် လမ်းကြမ်းသက်သက်ဖြစ်နေ၍ စကားမပြောဖြစ်တော့။ နေကျချိန်တွင် ဝက်ပုန်းရွာသို့ရောက်လာရာ ထိုရွာမှာပင် ညစာစားပြီး ညအိပ်ကာအနားယူကြပါသည်။ ထိုညမှာပင် ခုစွန်းဆယ်ခုကို အကောင်ဆယ်မျိုးသတ်မှတ်ပုံ၊ မသင့်သောအတွဲများစီရင်ပုံတို့ကို မေးရပါတော့သည်။

ရှေးဦးစွာ ဦးအိုက်လုက ခုစွန်းသည် (၁) မှ (၁၀) အထိ ဆယ်မျိုးရှိ၍ အကောင် (၁၀) မျိုး သတ်မှတ်ကြောင်း ဆိုပါသည်။

အကောင် (၁၀) မျိုးမှတ်ရန် လင်္ကာမှာ -

'မျောက်၊ ဒေါင်း၊ ကျား၊ ဆင်၊ နဂါး၊ မြင်း၊ ဂဠုန်နဲ့ ဆိတ်၊ ခြင်္သေ့၊ ကျီး၊ တစ်ဆယ် ကြက်အပြီး' ဖြစ်ပါသည်။

ခုစွန်းအလိုက်စီပြရသော်

၁။ မျောက်၊
၂။ ဒေါင်း၊
၃။ ကျား၊
၄။ ဆင်၊

၅။ နဂါး၊
၆။ ဂဠုန်၊
၇။ ဆိတ်၊
၈။ ခြင်္သေ့၊
၉။ ကျွဲနှင့်
၁၀။ သို့မဟုတ် သုညပိတ်ကြက်
တို့ဖြစ်ပါသည်။

မသင့်သောအတွဲ(၈)မျိုးရှိပါသည်။

၁။ ကျားနှင့်ကြက်
၂။ ကြက်နှင့်ကျွဲ
၃။ ဆိတ်နှင့်ဆင်
၄။ ဆင်နှင့်မျောက်
၅။ နဂါးနှင့်ဂဠုန်
၆။ မျောက်နှင့်ဒေါင်း
၇။ ဒေါင်းနှင့်ကျား
၈။ ခြင်္သေ့နှင့်ဆိတ်

ဦးအိုက်လုက မသင့်သော အတွဲ (၈) မျိုးတွင် အကောင် (၁၀) မျိုးတို့မှ အတွဲတစ်မျိုးသာပိုင်သော အကောင် (၄) မျိုးရှိပြီး အတွဲ (၂) မျိုးပိုင်သောအကောင် (၆) မျိုးဟု ခွဲထုတ်လို့ရကြောင်း ပြောပြပါသည်။

က။ အတွဲ(၁)မျိုးသာပိုင်သောအကောင် (၄) မျိုး

(၁) နဂါး (၂) ဂဠုန် (၃) ခြင်္သေ့ (၄) ကျွဲတို့ ဖြစ်သည်။

ထိုအကောင်(၄)မျိုးမှာ တစ်နှစ်ကြီးတစ်နှစ်ငယ်သောခုစွန်းများ ဖြစ်သည်။ ရေတွက်ပြသော် -

ခုစွန်း (၅) နဂါး သည် (၆) ခုစွန်း ဂဠုန်နှင့်၊

ခုစွန်း (၆) ဂဠုန်သည် (၅) ခုစွန်း နဂါးနှင့်၊

ခုစွန်း (၈) ခြင်္သေ့သည် (၇) ခုစွန်း ဆိတ်နှင့်၊

ခုစွန်း (၉) ကျွဲသည် (၁၀) ခုစွန်း ကြက်နှင့်တို့ဖြစ်ပါသည်။

ခ။ အတွဲ (၂) မျိုးပိုင်သောအကောင်(၆)မျိုး

၁။ မျောက်၊
၂။ ဒေါင်း၊
၃။ ကျား၊
၄။ ဆင်၊
၅။ ဆိတ်၊
၆။ ကြက်
တို့ ဖြစ်ပါသည်။

ရေတွက်ပြသော် -

ခုစွန်း (၁) မျောက်သည် (၄) ခုစွန်း ဆင်နှင့် (၂) ခုစွန်း ဒေါင်း။

ခုစွန်း (၂) ဒေါင်းသည် (၁) ခုစွန်း မျောက်နှင့် (၃) ခုစွန်း ကျား။

ခုစွန်း (၃) ကျားသည် (၂) ခုစွန်း ဒေါင်းနှင့် (၁၀) ခုစွန်း ကြက်။

ခုစွန်း (၄) ဆင်သည် (၁) ခုစွန်း မျောက်နှင့် (၇) ခုစွန်း ဆိတ်။

ခုစွန်း (၇) ဆိတ်သည် (၄) ခုစွန်း ဆင်နှင့် (၈) ခုစွန်း ခြင်္သေ့။

ခုစွန်း (၁၀) ကြက်သည် (၃) ခုစွန်းကျားနှင့် (၉) ခုစွန်း ကျွဲတို့ ဖြစ်ပါသည်။

ထိုမသင့်သောအတွဲ (၂) မျိုးကို မှတ်ရန်လွယ်ကူသောဇယားကို ပြုစုထားပါသည်။

ခုစွန်း	အကောင်	မတွဲခုစွန်း(၂)ခု	
၁။	မျောက်	၄	၂
၂။	ဒေါင်း	၁	၃
၃။	ကျား	၂	၁၀
၄။	ဆင်	၁	၇
၇။	ဆိတ်	၄	၈
၁၀။	ကြက်	၃	၉

အထက်ပါ ခုစွန်းများရှိ မသင့်အတွဲများတွင် မိမိ၏ပိုင်ဆိုင်သော ခုစွန်းကို မှတ်သားပြီး ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ ဦးအိုက်လုတင်ပြသော ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရှမ်းဘုန်းကြီးထံမှ ပညာသည် ခုစွန်းသိရုံဖြင့် သင့်၊မသင့်ကို ပိုင်းခြားနိုင်သော ဝေဒပညာရပ်ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် ကျေးလက်တောရွာများတွင် မွေးသည့်ခုကိုသိသည်နှင့်ပြောဟောသည့်ပညာဟုဆိုရပါမည်။

ရှမ်းဘုန်းကြီး၏ ခုစွန်းဗေဒင်သည် မသင့်သော အတွဲများအရ ငွေချေးငှားမှု အကူအညီရယူမှုမျှလောက်သာ သုံးစွဲနိုင်ခြင်းမမဟုတ်ပါပေ။ ထိုခုစွန်းများနှင့် သက်ဆိုင်သော အကောင်(၁၀)မျိုးတို့၏ ရုပ်သဘာဝ၊ ဘဝအနေအထား၊ ဆောင်ရန်၊ ရှောင်ရန် စသည့် သိထိုက်သော အရည်အချင်းများကိုလည်းသိနိုင်ပါသေးသည်။ ဦးအိုက်လုယံ အချိန်ရသရွေ့ မေးမြန်းသင်ယူမှုကြောင့် ငွေထုတ်သူ၊ ငွေချေးသူ၊ အာမခံသူ ကျွန်ုပ်တို့သုံးဦး၏ ခုစွန်းနှင့် သက်ဆိုင်ရာ အကောင်များ၏ အချက်အလက်ကို စိတ်ရှည်စွာ ဤသို့ ပြောပြပါသည်။

ငွေထုတ်သူ (၂) ခုစွန်း ဒေါင်း

ဥပမိရုပ် အသံဩဇာကြောင့် ဘဝမှာ အောင်မြင်မှုမုချရမည်။ဆရာဇာတာပါလာသူ အများသူငါ ညွှန်ပြပြောဆိုနိုင်သူ၊ ဟုတ်တာလုပ်လေ တိုးတက်လေ၊ မဟုတ်တာလုပ်လေ ကျဆုံးလေ၊လဆန်း (၂) ရက် ခရီးထွက်ရှောင်ပါ။ လုပ်ငန်းစရှောင်ပါ။ ငွေကြေး (၂) ခုစွန်း ရင်းနှီးမှုရှောင်ပါ။ ငွေ ၂၀၀၀/ ၂၀၀၀၀/ ၂၀၀၀၀၀/ ရင်းနှီးမှုရှောင်ပါ။

ငွေချေးသူ (၁) ခုစွန်း မျောက်

ဘဝအောင်မြင်မှုအလွယ်တကူမရ ဘဝအစပိုင်း ခက်ခဲစွာ ကြိုးပမ်းပြီးမှ လူတွေလေးစားမှုခံရ၊ အများကောင်းစားရေး အနစ်နာခံတတ်၊ အရာရာလေ့လာစူးစမ်းတတ်၊ လူတွေအံ့ဩအောင်လုပ်နိုင်စွမ်းရှိ၊ စိတ်နှင့်ကိုယ် တည်ငြိမ်မှုအားနည်း၊ စွမ်းရည်ရှိပြီး အလုပ်မျိုးစုံစိတ်ဝင်စားနေ၊ ခရီးသွားအပြောင်းအလဲသဘောကျ၊ (၁) ခုစွန်းသောနှစ် တန်ခူး၊ တပို့တွဲ (၁) ခုစွန်း ရင်းနှီးမှုရှောင်၊ (၁) ခုစွန်း ခရီးရှောင်ပါ။

အာမခံသူ (၃) ခုစွန်း ကျား

ဖြတ်ထိုးဉာဏ်ကောင်း၊ မဖြစ်မနေလုပ်တတ်၊ အလုပ်တွင်အပြိုင်များ၊ ငွေကြေးစည်းကမ်းစနစ်ကြီး၊ ပြဿနာဒုက္ခစုံပြီးမှအောင်မြင်၊ အပေါင်းအသင်းအတုတွေ့၊ ငွေ ၃၀၀/ ၃၀၀၀/ ၃၀၀၀၀ စပြီးမရင်းရ။ ခရီးထွက်လျှင် (စုံ) ဂဏန်းရက်မှာသာထွက်ပါ။

အထက်ပါအတိုင်း ပြောပြရာများစွာကိုက်ညီကြောင်း တွေ့ရပါသည်။

စာရှုသူများ
ရှာရှာဖွေဖွေ ဗဟုသုတတွေနှင့်
ထူးထွေတလာအတတ်အသိရရှိစေရန်
ရှည်သန်လျက်

ထင်ကျော်စွာ (ကျိုက်မရောစု)

[illegible]

အရှင်သုဓမ္မသာရ

သင်္ဘောသားတွေ ပင်လယ်ထဲမှာ အားလုံးပဲသေကုန်ကြတယ်

အဖြစ်အပျက်က တကယ့်အဖြစ်အပျက်ပါ။ ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကအဖြစ်အပျက်ပါ။

သံယုတ္တနိကာယ်ပါဠိတော်ကြီးထဲမှာ သတ္တိသုတ္တန်တစ်ခုကိုတွေ့ရှိရသည်။

ထိုအချိန်ထိုကာလအတွင်းတုန်းက တစ်မြို့နှင့်တစ်မြို့၊ တစ်တိုင်းပြည်နှင့်တစ်တိုင်းပြည်ပင်လယ်သမုဒ္ဒရာကြီးတွေကိုဖြတ်ပြီး သင်္ဘောကြီးတွေနှင့် ကုန်ကူးသန်းနေကြပါပြီ။

သင်္ဘောသား(၇၀၀)အထိပါဝင်သော ဇရာမသင်္ဘောကြီးတစ်စင်းသည် အိန္ဒိယနိုင်ငံ အိန္ဒိယသမုဒ္ဒရာကြီးထဲမှ အခြားတိုင်းပြည်တစ်ပြည်သို့ ကုန်ကူးသန်းရောင်းဝယ်ရန် ထွက်လာခဲ့ကြသည်။

ထိုသင်္ဘောသား (၇၀၀) ထဲတွင် သင်္ဘောမာလိန်မှူးအကြီးအကဲတစ်ဦးသာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ကျန်(၆၉၉)ယောက်သော သင်္ဘောသားများမှာ ဗုဒ္ဓဘာသာဝင်များမဟုတ်ကြပါ။

ထိုသင်္ဘောသား (၆၉၉) ယောက်တို့ကလည်း အယူဝါဒချင်း မတူကြ။ ဗြာဟ္မဏဝါဒ ဟိန္ဒူဘာသာကိုးကွယ်သူလည်းပါ၏။ နတ်ဒေဝါများကို ကိုးကွယ်သူများလည်းပါ၏။ နတ်ကွန်းကြီးတွေကို စေတီဆိုပြီး ကိုးကွယ်သူလည်းပါဝင်၏။

တစ်နေ့သ၌ ထိုသင်္ဘောသား (၇၀၀) နှင့် ကုန်ပစ္စည်းများအမြောက်အမြားတင်ဆောင်လာသည့် ဇရာမသင်္ဘောကြီးသည် အိန္ဒိယသမုဒ္ဒရာကြီးထဲမှာ လှိုင်းတံပိုးတွေပြင်းထန်စွာကျရောက်သည့်ဘေးနှင့် ကြုံတွေ့ရတော့၏။ လေပြင်းမုန်တိုင်းတွေကလည်း တိုက်ခတ်၏။ လှိုင်းလုံးကြီးတွေကလည်း အိမ်ကြီးတစ်အိမ်လောက်ဖြစ်ပြီး ဇရာမသင်္ဘောကြီးပေါ်သို့ပင်ရိုက်ခတ်လာ၏။ ဇရာမသင်္ဘောကြီးသည် သမုဒ္ဒရာကြီးထဲတွင် ကမ်းမမြင်လမ်းမမြင်ရတော့ဘဲ လူးလိမ့်နေပါတော့သည်။ မိုးသက်လေပြင်းကတိုက်လိုက်၊ မုန်တိုင်းကကျလိုက်နှင့် ဇရာမသင်္ဘောကြီးသည် မတည်ငြိမ်တော့ပါ။ ပင်လယ်သမုဒ္ဒရာရေတွေကလည်း သင်္ဘောကြီးပေါ်သို့ပင် ပြေးပြေးပြီးတက်လာနေပါပြီ။

သင်္ဘောမာလိန်မှူး အကြီးအကဲသည် အတွေ့အကြုံရှိသူ၊ သတ္တိရှိသူဖြစ်ပြီး ပင်လယ်သမုဒ္ဒရာကြီးထဲမှာ ဘေးအန္တရာယ်ကြုံနေရသည်ကို သိပါတော့၏။

သင်္ဘောမာလိန်မှူးသည် သူ၏ ဇရာမသင်္ဘောကြီးကို ဘေးအန္တရာယ်မှ လွတ်ကင်းရန် အမျိုးမျိုးကြိုးစားအားထုတ်သော်လည်း မအောင်မြင်ပါ။

နောက်ဆုံးတော့ သင်္ဘောမာလိန်မှူးသည် သေရတော့မည့်ဘေးအန္တရယ် သိရှိလာတော့၏။ထိုအခါ မြတ်စွာဘုရားရှင်ကို ရိုရိုသေသေလက်အုပ်ချီကန်တော့ပြီး -

"ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊ ဓမ္မော မေ သရဏံ အညံနတ္ထိ၊ သံဃော မေ သရဏံ အညံနတ္ထိ"

အသံထွက်ပြီး ရွတ်ဆိုပါတော့၏။

"ဘုရားမှတစ်ပါး ကိုးကွယ်ဆည်းကပ်ရာမရှိ။ တရားမှတစ်ပါး ကိုးကွယ်ဆည်းကပ်ရာမရှိ။ သံဃာမှတစ်ပါး ကိုးကွယ်ဆည်းကပ်ရာမရှိ"

ဤသို့ပင် အထပ်ထပ်အခါခါ ရွတ်ဆိုနေပါ၏။ သို့သော်လည်း မုန်တိုင်းကစဲမသွားပါ။ ပိုမို၍ပင် ပြင်းထန်လာ၏။ ရေများသည် သင်္ဘောကြီးပေါ်သို့ လှိုင်းလုံးကြီးတွေတက်တက်လာနေပါပြီ။

(မြတ်စွာဘုရားကယ်ပါဟု ဆုမတောင်းပါ။သေသေချာချာဖတ်ရှုပါ။)

(၆၉၉) ယောက်သော သင်္ဘောသားများသည် သေဘေးအန္တရာယ်ကို ကြောက်ရွံ့ပြီး သင်္ဘောကြီးပေါ်မှာ ဟိုပြေးလိုက်ဒီဘက်ပြေးလိုက်နှင့်ပျာယာခတ်နေကြ၏။ နတ်ဒေဝါကယ်ကြပါဟုလည်း အော်ကြ၏။

မာလိန်မှူး အကြီးအကဲသည် သူအမြဲတည်ဆောက်ထားသော ငါးပါးသီလကို ဆင်ခြင်ပါ၏။

ငါသည် လူမှန်းသိသည့်အချိန်မှ စတင်ပြီး -

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - ငါသည် သူတစ်ပါး၏အသက်ကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သည်။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - ငါသည် သူတစ်ပါး၏ ဥစ္စာပစ္စည်းများကို လုယက်ခြင်းခိုးယူခြင်းမပြုခဲ့ပါ။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - ငါသည် သူတစ်ပါးပိုင်ဆိုင်ထားသော ဇနီးမယားတို့၏ ကာမဂုဏ်ကိုခိုးယူခြင်း၊ လုယူခြင်း မပြုလုပ်ခဲ့။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - ငါသည် သူတစ်ပါးတို့ ဥစ္စာပစ္စည်း၊ အသက်စည်းစိမ်တို့ကို ပျက်စီးရအောင် လိမ်ညာ၍ မပြောခဲ့ မလုပ်ခဲ့ မကြံစည်ခဲ့။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - ငါသည် ကုသိုလ်ကောင်းမှုကိုမေ့လျော့စေတတ်သောသေရည်သေရက်သောက်စားခြင်းကို ရှောင်ကြဉ်ခဲ့၏။

မာလိန်မှူးအကြီးအကဲကြီးသည်

သူစောင့်ထိန်းခဲ့သော ငါးပါးသီလကို ပါဠိရောအနက်ပါရွတ်ဆိုပြီးဆင်ခြင်နေ၏။

မာလိန်မှူးသည် ဧရာမသင်္ဘောကြီးပေါ်သို့တက်လာနေသောလှိုင်းတံပိုးများကို စိတ်မဝင်စားတော့ပါ။ သူ၏ စိတ်လေးကို ဘုရား၊ တရား၊ သံဃာရတနာမြတ် (၃) ပါးတွင် နှစ်မြှုပ်ထားပြီး သူ၏ စင်ကြယ်နေသောသီလကို ဆင်ခြင်နေ၏။

မာလိန်မှူးအကြီးအကဲ၏ စိတ်သည်(စိတ္တဝိသုဒ္ဓိ)ဖြစ်ပြီး စင်ကြယ်နေ၏။ တည်ကြည်နေ၏။

သင်္ဘောသား (၆၉၉) ယောက်တို့ကား မတည်ငြိမ်ကြ။ သေရမည့်ဘေးကို အလွန်ကြောက်ရွံ့နေကြ၏။ သူတို့စိတ်တွေတုန်လှုပ်နေကြ၏။ ရင်တွေပူလောင်နေကြ၏။ စိတ်တွေငြိမ်းချမ်းမှုမရှိ။ နတ်ဒေဝါတွေကို တောင်းပန်နေကြ၏။

ဟိုပြေးဒီပြေး ပြေးသူကပြေးနေကြ၏။ အော်မြည်နေသူက အော်မြည်နေကြ၏။ သွေးရူးသွေးတန်းနှင့် ငိုယိုနေသူများက ငိုယိုနေကြ၏။

မာလိန်မှူး အကြီးအကဲသည် ဧရာမသင်္ဘောကြီးကမ်းမှ မထွက်ခွာမီ သူ၏အိမ်တွင် ဗုဒ္ဓဘာသာဝင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းလှူဒါန်းကပ်ခဲ့သေး၏။

ဆွမ်းလှူဒါန်းပြီး ငါးပါးသီလကို ခံယူတည်ဆောက်ခဲ့ပါသေး၏။

မာလိန်မှူးအကြီးအကဲကြီးသည် သေရမှာကိုသိနေ၏။ ဤဘေးအန္တရာယ်ကို မလွတ်မြောက်နိုင်ကြောင်း သူ၏ ပင်လယ်ရေကြောင်းပညာအတွေ့အကြုံအရ သိရှိနေ၏။ သေရမည့်ဘေးအန္တရာယ်မစဉ်းစား။ သူ၏စိတ်မနောကို ရတနာ(၃)ပါးထဲမှာ နှစ်ထား၏။

သူ့အိမ်တွင်ပြုလုပ်ခဲ့သော၊ လှူဒါန်းခဲ့သော ဆွမ်းအလှူကို သတိပြန်ရလာ၏။

သူ၏စိတ်ကို ဒါနရယ်၊ သီလရယ်၊ သရဏဂုံသုံးပါးထဲမှာနှစ်ထား၏။

သူသည် တည်ကြည်နေ၏။ကြောက်ရွံ့တုန်လှုပ်စိတ်မရှိ။ သူ၏နေရာတွင် တည်တည်ငြိမ်ငြိမ်ထိုင်ပြီး -

သရဏဂုံ(၃)ပါးကို အပြန်ပြန်အလှန်လှန်ရွတ်ဆိုနေ၏။

ထိုအချိန်ဝယ် အလွန်ကြီးမားလှသော လှိုင်းလုံးကြီးသည် ဧရာမသင်္ဘောကြီးကဲ့သို့ဝင်လာပါတော့ပြီ။

(၆၉၉) ယောက်သော သင်္ဘောသားများ အော်ဟစ်ငိုယိုကြတော့၏။ သူတို့ထဲမှ သင်္ဘောသားတစ်ယောက်သည် မာလိန်မှူးကိုရှာဖွေ၏။ တွေ့ရပါပြီ။ မာလိန်မှူးသည် သူ့အခန်းထဲမှာ မလှုပ်မယှက်တည်တည်ငြိမ်ငြိမ်လေးထိုင်နေပါ၏။

မာလိန်မှူး၏ မျက်နှာသည် ကြည်လင်နေ၏။သေရမည့်ဘေးကိုမကြောက်ရွံ့ပါ။ မတုန်လှုပ်ပါ။ အေးအေးချမ်းချမ်းထိုင်နေ၏။

"ဆရာ၊ သင်္ဘောကြီးထဲ ပင်လယ်ရေတွေဝင်နေပြီ။ သင်္ဘောကြီးနစ်တော့မယ်။ ကျွန်တော်တို့အားလုံး ပင်လယ်ထဲမှာ သေရပါတော့မယ်။ ဆရာသေမှာ မကြောက်ဘူးလား။ ဆရာကတော့ တည်တည်ငြိမ်ငြိမ်ဖြစ်နေပါလား"

စသည်ဖြင့်မေး၏။

ထိုအခါတွင် မာလိန်မှူးအကြီးအကဲက တို့အားလုံးသေရမည့်အန္တရာယ်ကိုငါသိသည်။ ဒီအန္တရာယ်က ဘယ်လိုမှ မလွတ်နိုင်တော့ပါ။ ဒါပေမယ့် ငါသေရမှာကို မကြောက်ရွံ့ပါ။ မတုန်လှုပ်ပါ။ သင်တို့လို မငိုကြွေးနေပါဟုပြန်ပြောလေသည်။

ဒါဆိုလျှင် ကျွန်တော်တို့အား မကြောက်ရွံ့တဲ့နည်းရှိလျှင်သင်ပေးပါဟု တောင်းဆို၏။

"ငါ အားလုံးကိုသင်ပေးမယ် သင်တို့စုဝေးနေကြပါ"

ဟု မာလိန်မှူးကဆို၏။

သင်္ဘောသား(၆၉၉)ယောက်တို့ စုဝေးလာသောအခါ မာလိန်မှူးက -

"ငါဟာ ပင်လယ်ကိုအလွန်ကျွမ်းကျင်တဲ့ မာလိန်မှူးဖြစ်တယ်။ ဒီပင်လယ်ကြီးထဲကိုလည်းခဏခဏသွားခဲ့ဖူးတယ်။ ယခုတွေ့နေရတဲ့ မုန်တိုင်းအန္တရာယ်ကြီးကတော့ ကြီးမားလှတယ်။ တို့တစ်တွေ ဒီဘေးအန္တရာယ်ကလွတ်မှာမဟုတ်ဘူး။ တကယ်ပဲ တို့အားလုံးဟာ သေကြရမှာပဲ။ သေရမှာကို တွေးမကြောက်နေကြပါနဲ့။ ငါသင်ပေးတာကို လက်အုပ်လေးတွေချီပြီးလိုက်ဆိုကြပါ"

ဟု ဆိုကာ ရတနာမြတ် (၃) ပါး သရဏဂုံကို သင်္ဘောသား (၆၉၉) ဦးတို့အား မာလိန်မှူးက သင်ကြားပေး၏။ သင်္ဘောသားများအားလုံးလည်းလိုက်ဆိုကြ၏။

မာလိန်မှူးသည် သရဏဂုံ (၃) ပါးကို ပါဠိရောအနက်ကိုပါသင်ပေးနေ၏။

သင်္ဘောသား (၆၉၉) ယောက်တို့ကလည်း ယုံယုံကြည်ကြည်ဖြင့် လိုက်ဆိုနေကြ၏။

ထို့နောက် မာလိန်မှူးသည် သူတို့ကျင့်ရမည့်ငါးပါးသီလကို တိုင်ပေး၏။

"မသေခင် ငါးပါးသီလမြဲထားပါ၊ သရဏဂုံဆောက်တည်ထားပါ"

ပထမအကြိမ် သရဏဂုံဆိုနေစဉ် ပင်လယ်ဆားငန်ရေများသည် သင်္ဘောသားများ၏ ခြေမျက်စိကိုရောက်လာ၏။

ဒုတိယအကြိမ် သရဏဂုံဆိုသောအခါ ပင်လယ်ရေငန်များသည် ဒူးဆစ်လောက်ရောက်လာ၏။

တတိယအကြိမ်သရဏဂုံဆိုသောအခါ ပင်လယ်ရေငန်များ ခါးထိရောက်လာ၏။

စတုတ္ထအကြိမ် သရဏဂုံဆိုသောအခါ ပင်လယ်ရေငန်များ ချက်အထိရောက်လာ၏။

ပဉ္စမအကြိမ် သရဏဂုံဆိုသောအခါ ပင်လယ်ရေများရင်စို့အထိရောက်လာ၏။

ဆဋ္ဌမအကြိမ် သရဏဂုံဆိုသောအခါ လည်မျိုအထိ ပင်လယ်ရေငန်များရောက်လာ၏။

သတ္တမအကြိမ် သရဏဂုံရွတ်ဆိုသောအခါ ပင်လယ်ရေငန်များနှုတ်ခမ်းပထဲသို့ ရောက်လာ၏။

သင်္ဘောသားများ မတုန်လှုပ် မကြောက်ရွံ့ဘဲရွတ်ဆိုကြ၏။

ပင်လယ်ရေသည် ဧရာမသင်္ဘောကြီးနှင့် သင်္ဘောသား(၇၀၀)တို့ကို ဝါးမျိုသွားတော့၏။

သင်္ဘောသားများအားလုံး ပင်လယ်ရေအောက်မှာ ဧရာမသင်္ဘောကြီးအတွင်း အသက်သေဆုံးကုန်ရတော့၏။

ထိုသင်္ဘောသား (၇၀၀) တို့သည် သေသေပြီးချင်း တာဝတိံသာနတ်ပြည်ကြီးမှာ နတ်သားအဖြစ် (ဘွားခနဲ) သွားဖြစ်ပါတော့သည်။ ချမ်းသာကုန်ကြရ၏။

ဗုဒ္ဓဘာသာဝင် မာလိန်မှူးနတ်မင်းကြီးကို ခြံရံပြီး သင်္ဘောသား (၆၉၉) ယောက်တို့အတွက် နတ်ဗိမာန်ကြီး (၆၉၉) ခု ပေါ်ပေါက်လာပါတော့၏။

ငါးပါးသီလ၏အကျိုး၊ ရတနာ (၃) ပါးသရဏဂုံ၏ အကျိုးကျေးဇူးကကြီးမားလှပါပေသတည်း။

အရှင်သုဓမ္မသာရ
အောင်စက်ကြာကျောင်း

[illegible]
[illegible]

တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
(အဓိကကားချပ်များ/ Major Arcana)
မျက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့်ကျွန်တော် သို့မဟုတ် တားရော့ပုံပြင် (၁)

'မျက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့်ကျွန်တော် သို့မဟုတ် တားရော့ပုံပြင် (၁)' ဆောင်းပါးအားဖတ်ပြီးမှ တားရော့ကားချပ်ဆောင်းပါးများအား လေ့လာဖတ်ရှုပါက ပိုမိုသဘောပေါက်နိုင်မည် ဖြစ်ပါသည်။

XVIII. The Moon (လပြည့်ဝန်း)

အခြားအမည်ကွဲများ

-The Card of Dreams
-Ast the Sarpent and Hecate

ပတ်သက်ဆက်နွှယ်မှုများ

- ကရကဋ်ရာသီ
- ကရကဋ်ရာသီသခင် လမင်း(စန်း၊ Moon)
- Lemniscate
- နေနှင့်လ၊ ဖိုဓာတ်နှင့် မဓာတ် အားပြိုင်မှု

သရုပ်ဖော်ပုံ

ကားချပ်ကိုသုံးပုံ ပုံလိုက်လိုက်ရင် အပေါ်ဆုံးအပိုင်းရဲ့နောက်ခံကို အပြာမှိုင်းမှိုင်းမြူပြီး လမင်းလို့ယူဆရတဲ့အပြာရောင်အဝိုင်းကြီးအထဲမှာ အမျိုးသမီးမျက်နှာတစောင်းပုံ၊ စက်ဝိုင်းရဲ့ပတ်လည်မှာ ဖြူ၊ နီ၊ ပြာ ရောင်စဉ်တန်းတွေပေါ်ထွက်နေတယ်။ အဲဒီရောင်စဉ်တန်းတွေရဲ့ဝန်းကျင်မှာ မြေပြင်အထိ ရောင်စုံရေစက်တွေဟာ လေဟာပြင်မှာ ဝဲပျံနေကြတယ်။

ဒုတိယ-အလယ်ပိုင်းကို အဝါရောင်နှင့်လိမ္မော်ရောင်ရောထွေးထားတဲ့မြေပြင်နဲ့ ဘုတ်မြို့ရိုးအဝင်ပေါက်ရှိပါတယ်။ မြို့ရိုးအထွက်ပေါက်ကိုပိတ်ပြီး ခွေးနှစ်ကောင်က လမင်းကြီးကိုမော့ကြည့်နေကြတယ်။

အောက်ဆုံးပိုင်းကတော့ အဝါရောင်မြေကြီးနဲ့ ပေါင်ခတ်ထားတဲ့ အပြာရင့်ရောင်ရေကန်ထဲမှာ လက်မနှစ်ချောင်းထောင်ပြီး ကန်ပေါင်ဆီကိုဦးတည်နေတဲ့ ရေချိုပုဇွန်တစ်ကောင် အဲဒီလိုပုံဖော်ထားပါတယ်။

ဉာဏ်တူရင်ယူတော့

မြန်မာရှေးဟောင်းသိုက်စာ၊ အင်္ဂရတ်စာပေလင်္ကာ၊ အင်း၊ ဆေး အစရှိတဲ့ ပညာရပ်တွေမှာ ရှေးပညာရှင်တွေက မသူတော်တွေရဲ့လက်ထဲကို အဖိုးတန်ပညာတွေမတန်မရာရောက်သွားမှာစိုးလို့ ကာကွယ်တဲ့အနေနဲ့ လျှို့ဝှက်သင်္ကေတတွေ၊ စကားဝှက်တွေ၊ စကားထာတွေနဲ့ ဖော်တစ်ဝက် မြှုပ်တစ်ဝက်လုပ်ထားခဲ့ကြပါတယ်။ နောက်ဆုံးမှ ဉာဏ်တူရင် ယူတော့လို့ ဆိုခဲ့ကြတယ်။

ဥပမာ -

၁။ ကုလားမသား၊ သုံးယောက်မွှား ရွှေသားညီနောင် တန်ခိုးဆောင်။
အခေါင်သိဒ္ဓိ တုမရှိ(ဋ) ဋသန်လျှင်းနှိုက်။

၂။ 'ဝရ ကဏယ မယေ မေ' - ဤရှစ်ထွေတွင် ချေသည် လေးလုံး၊ သုံးသည်လေးပါး၊ စက်ကသွား၍ တွေ့ညားအက္ခရာ၊ တစ်လုံးသာလျှင်၊ ကျော်စောထင်သည်၊ သူပင်နိဂုံးအချုပ်တည်း။
= (ဋ) တသံညှင်းကြိတ်။

၃။ ထပ်ဆင့်အသုံးချ ရည်ညွှန်းချက်

အက္ခရာ	ဂဏန်း	ဂြိုလ်သက်	ဓာတ်	ဓာတ်ဆေး
တ	၇	၁၀ နှစ်	တေဇော	ဆား
သ	၆	၂၁ နှစ်	အာပေါ	ဖယောက်သာ
ညှင်း	၃	၈ နှစ်	ဝါယော	ဆား
ကြိတ်	၂	၁၅ နှစ်	ပထဝီ	လက်ချား
စုစုပေါင်း	၁၈	၅၄ နှစ်		(ဂျွန်ဆေး)

(အဋ္ဌာရသ) (ဝိဇ္ဇာမယိသို့)

၄။ မြန်မာတို့၏ဂမ္ဘီရနယ်မှသင်္ကေတဂဏန်းနိမိတ်ပုံသင်္ကေတနှင့် လျှို့ဝှက်ရည်ညွှန်းချက်များ။
(ဥပမာ - ၁ ၀ ၈)

၁- ဂျွန်ရုပ် = မြဒါးချုပ်ဆေး (ဂျွန်ဆေး)
၀- နဂါးရုပ် = မြဒါး
၈- ခြင်္သေ့ရုပ် = မြဒါးသတ်ဆေး/ မြဒါးရှင်ဆေး

၅။ နေလ ဥဒေါင်း၊ တွန်းအောင်းပုစွန်၊ ဖော်ညွှန်းငါးရံ့၊ လေးတန့်အက္ခရာ = စ ခ ပ ဝ။

ဂန္ထရပညာ (သို့)
စကြဝဠာ၏လျှို့ဝှက်ချက်

ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာအပါအဝင် စကြဝဠာကြီးရဲ့သဘာဝအရှိတရားတွေဟာ အင်မတန်သိမ်မွေ့နက်နဲထူးဆန်းပါတယ်။ လူသာမန်တို့သိနိုင်ရန် ခက်ခဲတဲ့အတွက်လျှို့ဝှက်ချက်လို့သုံးနှုန်းကြတာပါ။ ဘယ်သူကမှ တမင်လျှို့ဝှက်ဖုံးကွယ်ထားတာမဟုတ်ပါ။ စကြဝဠာကြီးထဲမှာရှိနေတဲ့ ဖြစ်တည်နေတဲ့ သဘာဝတရားတွေ၊ စွမ်းအားတွေကို လူသားတွေက သိပ္ပံပညာ၊ ဝိဇ္ဇာပညာ အစရှိတဲ့ နယ်ပယ်အသီးသီးကနေပြီး အတွေးအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ချဉ်းကပ်လေ့လာဖော်ထုတ်အသုံးချဖို့ ကြိုးစားခဲ့ကြပါတယ်။ ကြိုးစားနေကြဆဲဖြစ်ပါတယ်။ ဆက်လက်ကြိုးစားနေကြမှာပဲ ဖြစ်ပါတယ်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်းခဲ့ကြတဲ့

ကြေဗွာရဲ့လျှို့ဝှက်ချက်တွေ၊ သဘာဝရဲ့ [illegible]တွေ၊ ဂမ္ဘီရပညာတွေအများကြီး ရှိကြပါတယ်။ ကျွန်တော်တို့လက်ထက်မှာ လျှို့ဝှက်ချက်အသစ်တွေကို ရှာဖွေထုတ်ဖော်ဖို့နေနေသာသာ ရှေးပညာရှိတွေ ဖော်ထုတ်ထားခဲ့တာကိုတောင် သဘောပေါက်နားလည်ပြီး အသုံးချဖို့ အနိုင်နိုင်ကြိုးစားနေရဆဲပါ။

အခုလည်း ကမ္ဘာ့တားရော့ဂမ္ဘီရပညာရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ကားချပ်ကို ပုံဖော်ကြည့်နေတာပါ။ ဒါလောက် ကြီးကြီးကျယ်ကျယ် ရှည်ရှည်ဝေးဝေးအစချီနေရသလဲဆိုတော့ လေ့လာသူအားလုံးနီးပါး မျက်စိလျှမ်းပြီး မမြင်တွေ့ခဲ့ကြတဲ့ လျှို့ဝှက်ချက်(၂)ခုကိုဖော်ပြချင်လို့ပါ။

(က) ပထမအချက်က လမင်းကြီးရဲ့ပုံပါ။ အသေအချာကြည့်ရင် ပုံက နှစ်ထပ်ဖြစ်ပါတယ်။ အပြင်က အဝိုင်းကြီးတစ်ခု အဲဒီအထဲမှာမှ လူမျက်နှာပုံအဝိုင်းငယ်ကတစ်ခု။ အဲဒီနှစ်ခုပေါင်းထားတာပါ။ ပြောရရင် နေမင်းကြီးထဲမှာ လမင်းကြီးရောက်နေတဲ့ပုံပါ။ (တစ်နည်း) နေမင်းကြီးက လမင်းကြီးကိုငုံထားတဲ့ပုံသဏ္ဌာန်ပါ။ (တစ်နည်း) နေမင်းကြီးကို လမင်းကြီးကကွယ်နေတဲ့ပုံပါ။

ဒီတော့ နေမင်းကြီးကထွက်ပေါ်လာတဲ့အလင်းဓာတ်၊ အပူဓာတ်၊ စွမ်းအင်ဓာတ်၊ အသက်ဓာတ်တွေကို ကျွန်တော်တို့ကမ္ဘာကြီးက အပြည့်အဝ မရတော့ပါဘူး။ နေရောင်ခြည်မှ ရရှိမယ့် စွမ်းအားတွေ ဆုံးရှုံးလျော့နည်းမှုတွေ တွေ့ကြုံခံစားရပါတယ်။ ထို့အတူ လမင်းကြီးထံမှတစ်ဆင့် ရောင်ပြန်ထွက်လာတဲ့ အေးချမ်းမှု၊ သိမ်မွေ့မှု၊ နူးညံ့မှုတွေကိုလည်း မရတော့ပါဘူး။ ဒီအခိုက်အတန့်မှာ အားလုံးကပြောင်းကပြန်တွေ့ကြုံရတတ်ပါတယ်။ သက်ရှိတွေအနေနဲ့ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စာနာထောက်ထားမှုအစရှိတဲ့ မေတ္တာတရားတွေ ခေါင်းပါးမှုဖြစ်ပေါ်လာတယ်။ တွေးခေါ်နိုင်မှုစွမ်းရည်၊ ဖန်တီးနိုင်မှုစွမ်းရည်တွေလည်း ကျဆင်းသွားပါတယ်။ ရုပ်ပိုင်း+နာမ်ပိုင်းစွမ်းရည်တွေ အားလုံးကျဆင်းသွားပြီး ဖြစ်စဉ်တွေ ကမောက်ကမဖြစ်သွားတတ်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကလည်း ကိုယ့်လိုပဲ တွေ့ကြုံခံစားနေရတဲ့သူချည်းဆိုတော့ 'တောင်မင်းကို မြောက်မင်း မကယ်နိုင်' ဆိုတဲ့စကားပမာ အကူအညီ အားကိုးအားထားမရနိုင်တဲ့ အခြေအနေမျိုးတွေကို တွေ့ကြုံနိုင်ပါတယ်။

(ခ) ဒုတိယလျှို့ဝှက်ချက်ကတော့ ရောင်စုံရေစက်ကလေးတွေပါ။ ရေစက်ပုံကလေးတွေကိုတွေ့လိုက်တာနဲ့ လူတိုင်းက မိုးပေါက်ကကျလာတဲ့ မိုးရေစက်ကလေးတွေလို့ပဲ ထင်ကြမြင်တတ်ကြပါတယ်။ လုံးဝ (လုံး၀)မဟုတ်ပါ။ ရေစက်ကလေးတစ်စက်ဟာ တစ်နေရာမှ ပြုတ်ကျတော့မယ်ဆိုရင် အရင်တွဲလောင်းလေးဖြစ်နေပါတယ်။ ပြီးမှပြုတ်ကျပါတယ်။ ဒါကြောင့် ပြုတ်ကျလာတဲ့အခါ တွဲလောင်းလေးဖြစ်တဲ့ နေရာဘက်မှာ အချွန်ကလေးဖြစ်နေပြီး သူနဲ့ဆန့်ကျင်ဘက်မှာ လုံးဝန်းတဲ့ပုံသဏ္ဌာန်ရှိနေပါတယ်။ တစ်နည်းပြောရရင် ထွက်ခွာကျောခိုင်းရာဘက်က ချွန်နေပြီး ဦးတည်ရာဘက်ထိပ်က လုံးဝန်းနေပါတယ်။ ဒါက သဘာဝပါ။ အဲဒီသဘာဝနဲ့ကားချပ်ထဲက ရေစက်လေးတွေကို သေသေချာချာကြည့်ပါ။ ကမ္ဘာမြေကြီးကိုကျောခိုင်းပြီး လမင်းဆီကို ရွေ့ရှလာနေကြတဲ့ ရေစက်ကလေးတွေအဖြစ် မြင်ရမှာပါ။ ဒါဆိုရင် သဘာဝကိုဆန့်ကျင်ပြီး ဘယ်ကရေစက်တွေကို ဘာကြောင့်လမင်းကြီးကစုပ်ယူနေရတာလဲ။ အဲဒါက ဒုတိယလျှို့ဝှက်ချက်ပါ။

'ဉာဏ်တူရင်ယူတော့' ဆိုတဲ့စကားက ဒီအချက်တွေကို ရည်ညွှန်းပြောတာပါ။ ဒီလျှို့ဝှက်ချက်တွေကိုဖော်ထုတ်ပေးတာ ကျွန်တော်မဟုတ်ပါဘူးနော်။ အနောက်တိုင်းပညာရှင်တွေပါ။ နှစ်တိုင်း (၃၀) လောက် လေ့လာသုတေသနပြုပြီးမှ ဖော်ထုတ်တွေ့ရှိပြီး မျှဝေပေးခဲ့တာပါ။

ထင်ရာမြင်ရာပြောချင်တာပြောတာနဲ့ သုတေသနနဲ့ကွာတယ်နော်။ မိမိသိလိုရာ အကြောင်းအရာတစ်ခုကို သူနဲ့သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်ထဲကို အခြေခံကစတိုးဝင်ပြီး လက်လှမ်းမီသမျှ ရှာဖွေစုဆောင်း၊ လေ့လာ၊ ဆန်းစစ်၊ အကျိုးအကြောင်း၊ အကောင်းအဆိုးတွေကို မိမိတွေ့ရှိသမျှထုတ်ဖော်တာမှ သုတေသနလို့ခေါ်ပါတယ်။

သီတင်းကျွတ်လို့ တန်ဆောင်မုန်းလထဲဝင်လာရင် ဟိုဘက်ရွာမှာအလှူရှိတယ်ဆိုတာကို အရှေ့က သူ့အမှတ်အသားနဲ့သူ ဇရပ်ထရံမှာ မီးသွေးခဲနဲ့ရေးမှတ်ထားတယ်။ 'ကျွတ်- မုန်း- ဝင်' လို့။ ဒါကို အင်္ဂရိတ်ဆရာကတစ်မျိုး၊ ဆေးဆရာကတစ်ဖုံ၊ သိုက်ဆရာကတစ်သွယ်၊ မိမိလိုရာဆွဲပြီး ကြီးကြီးကျယ်ကျယ် ငြင်းခုံပြီး အဓိပ္ပာယ်ဖော်နေကြတာကို အရှေ့ဝင်ရှင်းတော့မှ ဇာတ်လမ်းကပြတ်သွားတယ်။ ကြားခဲ့ဖူးတာလေးပြောတာပါ။



အကြောင်းအရာတစ်ခု၊ ပစ္စည်းတစ်ခု၊ စာတစ်ကြောင်းကို အဓိပ္ပာယ်ဖော်ရာမှာ -

- ဘယ်အချိန်/ ဘယ်ကာလတုန်းက ရေးခဲ့၊ လုပ်ခဲ့တာလဲ။
- ဘယ်သူ/ဘယ်လိုလူမျိုးတွေက ပြုခဲ့တာလဲ။
- ဘယ်အကြောင်းအရာ/ခေါင်းစဉ်/ရည်ရွယ်ချက်လဲဆိုတာတွေလောက်တော့ ခြေရာခံပြီးလိုက်ရမှာပေါ့။

သက်တံပေါ်မှာကစားမယ်

ယေဘုယျအားဖြင့် အရောင်စုံပါဝင်လာရင် သက်တံရောင်လို့ခေါ်ကြတယ်။ သဘာဝအလင်းရောင်စဉ်တစ်ခုကို သုံးမြောင့်ဖန်တုံးထဲကို ဖြတ်သန်းစေတဲ့အခါ အခြားတစ်ဖက်မှာ ရောင်စဉ်ခုနစ်သွယ်(သက်တံရောင်)ထွက်လာပါတယ်။ ရောင်စဉ်ခုနစ်မျိုးကိုပေါင်းစပ်လိုက်ရင် ဘာအရောင်မှမရှိတော့တဲ့ (အကြည်ရောင်) အဖြူရောင်ဖြစ်သွားပါတယ်။

(အရောင်သဘောတရား-Colour Theory) ပညာအရ အရောင်တွေကို အပူရောင်နဲ့အအေးရောင်ဆိုပြီး ခွဲခြားပါတယ်။ အရောင်တိုင်းမှာ Temperature အလိုက် အပူ၊ အအေးသဘောတွေရှိပါတယ်။ ဥပမာအားဖြင့် (ဝါစိမ်း၊ အဝါ၊ ဝါလိမ္မော်၊ နီလိမ္မော်၊ အနီ၊ ခရမ်း) တွေဟာ အပူရောင်ဖြစ်ပြီး (အစိမ်း၊ ပြာစိမ်း၊ အပြာ၊ ပြာခရမ်း၊ ခရမ်း) အစရှိတဲ့ အရောင်တွေဟာ အအေးရောင်ဖြစ်ပါတယ်။

အပြာရောင်ကောင်းကင်ကြီးက ရောင်စုံရေစက်ကလေးတွေဟာ အပြာရောင်ရဲ့လွှမ်းမိုးမှုအောက်မှာရှိပါတယ်။ အပြာရောင်က (အအေးရောင်၊ Passive အေးဆေးတည်ငြိမ်မှု၊ -ဆုတ်ယုတ်မှု၊ မဓာတ်၊ အခံဓာတ်) အစရှိတဲ့ ရည်ညွှန်းချက်တွေကိုပေးပါတယ်။ ဒီတော့ ဒီရောင်စုံရေစက်ကလေးတွေဟာလည်း သဘောတွေဆောင်ပါတယ်။

ကားချပ်နံပါတ် XVI. Tower မျှော်စင်ကားချပ်ထဲမှာ ရဲတိုက်/မျှော်စင်ကို မိုးကြိုးထိမှန်ပြီး လူတွေနဲ့အတူ ရောင်စုံအပိုင်းအစလေးတွေလွင့်ကျလာတာကို အဝါရောင်နောက်ခံကောင်းကင်နဲ့ဖော်ပြခဲ့ပါတယ်။ မိမိကိုယ်တိုင်တည်ဆောက်ခဲ့တဲ့ အတ္တဆိုတဲ့မျှော်စင်ကြီးဟာ မမျှော်လင့်တဲ့လောကဓံရဲ့ရိုက်ပုတ်မှုကြောင့် တစ်စစီကွဲကြေပျက်စီးမှုကို ဖော်ပြခဲ့တယ်။ အတ္တကိုအခြေခံတဲ့အတ္တဖုံးလွှမ်းထားတဲ့ ချစ်ခင်၊ တွယ်တာ၊ စွဲလမ်းမှုဆိုတဲ့ (အဝါရောင်အပိုင်းအစတွေ) မိမိရဲ့အကျိုးစီးပွားဖြစ်ထွန်းမှုကိုသာရည်ရွယ်တဲ့ (အစိမ်းရောင်အပိုင်းအစတွေ)၊ မိမိရဲ့အကျိုးအတွက်ဘယ်လိုလုပ်ရမလဲဆိုတဲ့ (အပြာရောင်အပိုင်းအစတွေ) . . . အစရှိတဲ့အတ္တမာနတွေ တစ်စစီကွဲကြေခဲ့ရတာကို ပုံဖော်ခဲ့တယ်။

လူသားတစ်ယောက်အနေနဲ့ အတ္တအကျိုးနဲ့ ပရအကျိုးကို မျှတစွာပေါင်းစပ်ဆောင်ရွက်ရမယ်ဆိုတာ နားလည်ခဲ့ပြီ။ ဒါကြောင့် အစွန်းရောက်အတ္တရဲ့လွှမ်းမိုးမှုစိတ်တွေ (အကုသိုလ်စိတ်တွေ)ကို မူလဖန်တီးရှင်လမင်းကြီးက ပြန်သိမ်းသွားတဲ့သဘော/ပြန်စုပ်ယူသွားတဲ့နိမိတ်ပုံပဲဖြစ်ပါတယ်။ ရေကြောင့်ဖြစ်တဲ့ရွှံ့ပေတာကို ရေနဲ့ပဲဆေးကြောသန့်စင်ပစ်ရသလို စိတ်(စေတနာ၊ စေတသိက်) ကြောင့်ဖြစ်လာတဲ့ အကုသိုလ်(အတ္တလွှမ်းမိုးတဲ့စိတ်)တွေကို ကုသိုလ် (ပရ-အများအကျိုးဆောင်ရွက်လိုတဲ့စိတ်၊ မေတ္တာစိတ်)နဲ့သာ ဆေးကြောသန့်စင်ပစ်ရမှာ ဖြစ်ပါတယ်။

သို့သော် လက်တွေ့ဘဝမှာကျတော့ ပြောသလောက်မလွယ်ပါဘူး။ သိတတ်တဲ့အချိန်ကတည်းက အစစအရာရာ ငါ. . . ငါ. . . ဆိုပြီး ငါကို အခြေခံပြီး စဉ်းစားတွေးခေါ်၊ ပြောဆို၊ လုပ်ကိုင်လာခဲ့ကြတာ အသားသေနေပြီဆိုတော့ အတ္တ ဆိုတဲ့ ငါကြီးကိုလွှတ်ချလိုက်ရတာ နေမထိထိုင်မသာ ရင်ထဲမှာ ဟာတာတာကြီးဖြစ်သွားရတာပေါ့။

တစ်သက်လုံး ငါးပိရည်၊ ငါးပိထောင်း၊ ငါးခြောက်ဖုတ်ပါမှ ထမင်းစားမြိန်ခဲ့တဲ့လူတစ်ယောက် သွေးတိုးဖြစ်တဲ့ ဆားမပါတဲ့ဟင်းတွေ ပြောင်းစားလိုက်ရသလို ဘယ်လိုမှ ထမင်းမဝ တင်းတိမ်တယ်မထင်တော့ပါဘူး။

တစ်သက်လုံး ဆရာကြီးလုပ်ပြီး ခြယ်လှယ်စီစဉ်ညွှန်ကြားခဲ့တဲ့အကုသိုလ်စေတသိက်တွေက အတင်းရုန်းကန်ထကြွသောင်းကျန်းနေချိန် ဖြစ်ပါတယ်။ ဆောက်တည်ကျင့်သုံးခါစ ကုသိုလ်စေတသိက်(မေတ္တာစေတသိက်)တွေက နိုင်အောင်ချိုးနှိမ်ငြိမ်းသတ်နိုင်ပါ့မလား။ မြွေတွေအရေခွံလဲနေချိန်ပေါ့။ အထိအခိုက်၊ အပွတ်အသတ်မခံနိုင်သေးချိန်ဖြစ်ပါတယ်။

အားလုံးကို အနှစ်ချုပ်လိုက်ရင် မိုးလင်းခါနီး ပိုမှောင်သလိုပေါ့။ အတ္တစိတ်တွေ/အကုသိုလ်အမှောင်စိတ်တွေ ကျောခိုင်းခါစ အရှိန်မကုန်သေးဘူး။ ကုသိုလ်ရဲ့အလင်းရောင်ကလည်း အစဖျိုးဖို့အားယူနေချိန် ဘာလုပ်လုပ်အဆင်မပြေ၊ ဘက်ပေါင်းစုံမှာ အခက်အခဲ၊ အကျပ်အတည်းတွေက ဝန်းရံနေ။ အကူအညီရှာတော့လည်းမရ။ ထမင်းလုံးတခွေခြောက်၊ အိပ်မက်ထဲ ဘီလူးစီးခံနေရသလို လှုပ်မရအော်မရ၊ သဘာဝတရားကြီးရဲ့နောက်ဆုံးလူတွေ့စစ်ဆေးချက်။ တည်ငြိမ်အေးချမ်းစွာတောင့်ခံလိုက်ပါ။ တရားခံမရှာပါနဲ့၊ ဘယ်သူ့မှ အမုန်းမပွားပါနဲ့။ နင်လားဟဲ့ လောကဓံ။

အဟောနမူနာ (၁)

“ဆရာ၊ ကျွန်မရဲ့စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ကုသိုလ်ကံအကောင်းအဆိုးလေးတွေသိချင်တယ်”

“သမီး၊ ညည်းရဲ့စီးပွားရေးအခြေအနေက လှုပ်လေဖြုပ်လေဖြစ်နေတယ်။ တကယ်ပြောရရင် လှုပ်တောင်မလှုပ်နိုင်တော့လောက်အောင်ဖြစ်နေတယ်”

“ဟုတ်ပါတယ် ဆရာ။ အရင်ပေးထားခဲ့တဲ့ငွေတွေကပြန်မဝင်၊ အသစ်ထွင်တဲ့ပစ္စည်းတွေကလည်းမထွက်၊ အရင်းတွေကလည်းထပ်စိုက်ရတော့ ငွေမလည်တော့ဘူးဆရာ။ ဒီအတိုင်းဆက်သွားရင် လုပ်ငန်းဆောင်ရွက်ရတော့မယ်ထင်တယ်”

“သမီးတို့စီးပွားရေးလောကမှာ အတက်အကျဆိုတာ သိသာတယ်လေ။ ကံကောင်းချိန်တုန်းက လုပ်သမျှအောင်မြင်ခဲ့တယ်မဟုတ်လား။ အခု ကံဇာတာတွေ မှေးမှိန်ချိန်ဖြစ်နေတော့ နည်းနည်းတော့သည်းခံပါ။ လုပ်ငန်းသစ်တွေကိုလုပ်ရမယ့်အချိန် မဟုတ်သေးဘူး။ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ရုံလောက်ပဲလုပ်ပြီး အနားယူမယ့်အချိန်၊ လုပ်ငန်းကိုပြန်လည်သုံးသပ်ရမယ့်အချိန်၊ အမှားတွေ၊ အားနည်းချက်တွေကို အချိန်ယူပြုပြင်ရမယ့်အချိန်ဖြစ်နေတယ် သမီး”

“ဆရာရယ်၊ ကျွန်မအမျိုးသားက အရမ်းလောဘကြီးတာ၊ ပစ္စည်းဒီဇိုင်းအသစ်တွေတစ်ခုပြီးတစ်ခုတီထွင်ဖို့ကြိုးစားနေတာ ခဏနားထားပါဦး။ လက်ကျန်ငွေတွေကုန်သလောက်ဖြစ်မှ ငွေတွေပြန်ဝင်ပြီးမှ အသစ်လုပ်ဖို့ပြောတာ မရဘူး အခုတော့. . .”

“စိတ်ဓာတ်မကျပါနဲ့ သမီးရယ်။ အဆင်မပြေတာ ခဏပါ။ ဒီအချိန်မှာ ကုသိုလ်ကောင်းမှုများများလုပ်ပေး၊ မရှိဆင်းရဲသူ၊ စားဝတ်နေရေး ဒုက္ခရောက်နေသူတွေ ဥပမာ မီးဘေး၊ ရေဘေးဒုက္ခသည်တွေကို မိမိတတ်စွမ်းသလောက် ကူညီထောက်ပံ့ပေး။ တရားစခန်းဝင်နေတဲ့ယောဂီတွေကို တတ်နိုင်သလောက် ပါရမီဖြည့်။ မင်္ဂလသုတ်တော်ထဲက 'ဖုဋ္ဌဿ လောကဓမ္မေဟိ' ဆိုတဲ့ဂါထာကို ရွတ်ဆိုပူဇော်ပြီး အနက်အဓိပ္ပာယ်နဲ့တကွ အရိယာသူတော်စင်တွေကိုကြည်ညိုပါ။ စေတနာမှန်ရင် ကုသိုလ်ကံတရားတွေ ရောက်လာပါလိမ့်မယ်။ စိတ်တော့ရှည်ရလိမ့်မယ်နော်”

“ဟုတ်ကဲ့ပါ ဆရာ။ ဆရာခိုင်းတာတွေ သမီးလုပ်ပါ့မယ်။ အမျိုးသားကိုလည်း သဘောပေါက်အောင် ပြောထားဦးမှ။ ကျေးဇူးပါ ဆရာ”

အဟောနမူနာ (၂)

“ဆရာ၊ သမီးတို့အချစ်ရေးစစ်ပေးပါဦး။ လက်ထပ်ခါနီးမှ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေဖြစ်နေတယ်။ ဘာဖြစ်ဖြစ် တိုင်ပင်လိုက်ရင် ဆန့်ကျင်ဘက်ချည်းဖြစ်နေတယ်”

“သမီးတို့ နှစ်ယောက်အဖြစ်က (၃) နဲ့ (၄) လို ကျောချင်းခိုင်းနေတာမဟုတ်ဘူး။ ၄+၃လို မျက်နှာချင်းဆိုင်ပြီး ပြောင်းပြန်ဖြစ်နေကြတာ။ ညည်းတို့နှစ်ယောက်က ဘေးချင်းယှဉ် လက်ချင်းတွဲပြီး ဘဝခရီးလမ်းကို အတူလျှောက်ရမယ့်သူတွေလေ။ ဘာဖြစ်လို့မျက်နှာချင်းဆိုင်ရပ်နေမှာလဲ။ မျက်နှာချင်းဆိုင်ရပ်

နေပေတော့ မျက်နှာမူရာက ဆန့်ကျင်ဘက်ဖြစ်နေပြီလေ။ ညည်းရဲ့ညာဘက်က သူ့ဘက်ဖြစ်မနေဘူးလား။ အဲဒီတော့ ဥပမာ ညာလက်မြှောက်ဟေ့ဆိုပါတော့။ ညည်းကလည်း ညာလက်မြှောက်တာပဲ။ သူကလည်း ညာလက်မြှောက်တာပဲ။ ဒါပေမယ့် ဆန့်ကျင်ဘက်တွေ ဖြစ်မနေဘူးလား။

"ဆရာ ဘာကို ဆိုလိုတာလဲ။ သမီး သိသလိုမသိသလိုဖြစ်နေတယ်"

"သမီးတို့နှစ်ယောက်က ကိစ္စတစ်ခု၊ ပြဿနာတစ်ခုကို အတူအဖြေထုတ်ဖို့ ကြိုးစားကြတာချင်းတူတယ်။ ဒါပေမယ့် ရပ်တည်ချက်ချင်းမတူဘူး။ မြင်ကွင်းရှုထောင့်ချင်းမတူဘူးဖြစ်နေတာ။ ဥပမာ လက်ထပ်ကြမယ်။ လက်ထပ်ဖို့ စဉ်းစားတာချင်း၊ ဆန္ဒရှိတာချင်းတူတယ်။ ဒါပေမယ့် လက်ထပ်ပြီး ဘယ်မှာနေကြမလဲဆိုတဲ့လက်တွေ့လိုအပ်ချက်ကို ဖြေရှင်းဖို့ စဉ်းစားတာကျတော့မတူကြတော့ဘူး။ သမီးက တစ်ယောက်တည်းသမီးလည်းဖြစ်ပြန်၊ မိဘနှစ်ပါးကလည်း ကျန်းမာရေးမကောင်းပြန်၊ သမီးတို့အိမ်က ကျယ်ကျယ်ဝန်းဝန်းရှိတော့ နေဖို့အဆင်ပြေပြန်ဆိုတော့ လက်ထပ်ပြီးရင် သမီးတို့အိမ်မှာပဲ သူ့ကိုခေါ်နေဖို့စဉ်းစားဆွေးနွေးတယ်။ သမီးရဲ့ချစ်သူက တွေးတာကြတော့ လက်ထပ်ပြီးရင် ဘယ်မိဘအိမ်မှာမှမနေဘူး။ သီးခြားခွဲနေမယ်။ လွတ်လွတ်လပ်လပ်နေမယ်။ ကိုယ့်အိမ် ကိုယ့်ယာနဲ့ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ ကြိုးစားချင်တယ် စသည်ဖြင့် စဉ်းစားပုံ၊ ဖြေရှင်းပုံတွေက ဆန့်ကျင်ဘက်ဖြစ်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် အလျှော့မပေးဘူး။ နားလည်မပေးဘူး။ ဒီလို ဆန့်ကျင်နေကြတယ်။ ဥပမာပြောတာနော်"

"ဆရာပြောတာကို သမီးသဘောပေါက်ပြီ။ ဟုတ်တယ် ဆရာ။ နေဖို့ထိုင်ဖို့တော့ ပြဿနာမရှိပါဘူး။ သမီးတို့ သီးခြားအိမ်ငှားနေဖို့ သဘောတူစဉ်းစားထားပြီးသားပါ။ ဒါပေမယ့် အလုပ်ကိစ္စမှာ သဘောထားကွဲလွဲနေတယ်။ သမီးက Designer ဝါသနာပါတယ်။ သင်တန်းတက်ထားတာ၊ လေ့လာလေ့ကျင့်ထားတာတွေရှိတယ်။ လခစားအလုပ်က မကြီးပွားဘူးဆရာရဲ့။ အချိန်တွေ၊ လုပ်အားတွေပေးဆပ်ရသလောက် ကိုယ့်အကျိုးစီးပွားက ဖြစ်မလာဘူး။ ဒီတော့ လက်ထပ်ပြီးရင် သမီးလက်ရှိဝန်ထမ်းအလုပ်ကထွက်မယ်။ သမီး မအောင်မြင်သေးခင် သူ့လစာနဲ့လုံလောက်အောင်စားမယ်။ သမီးအလုပ်ကို သမီးကြိုးစားမယ်။ အကူအညီပေးမယ့် သူငယ်ချင်းတွေ၊ အဆက်အသွယ်တွေလည်းရှိပြီးသား။ အဲဒါကို သူကမသေချာတဲ့အလုပ်မို့ မစွန့်စားစေချင်ဘူး။ အခုအလုပ်ထဲမှာလဲ သမီးတိုးတက်ဖို့ အလားအလာတွေရှိနေတော့ ပုံမှန်ဝင်ငွေသေချာတဲ့နေရာမှာပဲလုပ်စေချင်တယ်။ အဲဒီလိုသဘောထားကွဲလွဲမှုပါ။ သမီးကလည်း ငယ်ငယ်ကတည်းက ဝါသနာပါပြီး ဖြစ်အောင်လုပ်ဖို့ ရည်မှန်းထားတာဆိုတော့ အလျှော့ပေးဖို့မဖြစ်နိုင်ဘူး။ အဲဒီအချက်ကစပြီး တစ်ယောက်နဲ့ တစ်ယောက် အခြေအတင်ဖြစ်ပြီးဘာမှစကားကောင်းကောင်းပြောလို့မရတော့ဘူး။ အခုတော့ လက်ထပ်ဖို့ကိစ္စတောင် နည်းနည်းသွေးအေးသလိုဖြစ်နေပြီ။ သမီးတို့အဖြစ်က ရှေ့တိုးလို့လည်းမရ၊ နောက်ဆုတ်လို့လည်းမဖြစ်"

"စိတ်မညစ်ပါနဲ့ သမီး။ သမီးတို့နှစ်ယောက်စလုံး မာနကိုယ်စီလျှော့လိုက်ပါ။ တစ်ယောက်နဲ့ တစ်ယောက် ဒီလိုတင်းခံနေကြရင် အပြက်အပြက်နဲ့နှာခေါင်းသွေးထွက်ဆိုတဲ့ စကားပမာတကယ်ပျက်သွားကြလိမ့်မယ်။နည်းနည်းစီလျှော့ပြီးဆွေးနွေးကြ။ ဒီခေတ်စကားနဲ့ပြောရရင် Win & Win သီအိုရီပေါ့။ သူ့ဆန္ဒလည်းပြည့်၊ ကိုယ့်ရည်ရွယ်ချက်လည်းမပျက်အောင် ညှိနှိုင်းကြည့်ပါ။ ချစ်သူချင်းပဲ သမီးရယ်။ ညှိလို့မရနိုင်စရာမရှိပါဘူး"

"သမီးကြိုးစားကြည့်ပါ့မယ်"

ဒီကားချပ်က The Moon ဖြစ်ပါတယ်။

အဟောနမူနာ (၃)

"ဆရာ၊ ကျွန်မကကုမ္ပဏီဝန်ထမ်းပါ။ လုပ်ငန်းခွင်အနေအထားလေးတွေသိချင်လို့။ ရှောင်ရန်၊ ဆောင်ရန်ပေါ့ ဆရာ ရယ်"

အသက် (၃၅)၊ (၄၀) အတွင်းလောက်ရှိနိုင်တဲ့ မွန်မွန်ရည်ရည်အမျိုးသမီးတစ်ဦး ပြောဟန်ဆိုဟန်ကညင်သာသိမ်မွေ့တယ်။စကားကိုသတိနဲ့ထိန်းထိန်းသိမ်းသိမ်းပြောတတ်ဟန်ရှိတယ်။

သူ့မေးခွန်းအတွက် လုပ်ငန်းခွင်မှာ ပဋိပက္ခကြုံနေရတဲ့ ကံကြမ္မာကားချပ်က Moon ပါ။

"ငါတူမ ညည်း အခု အလုပ်မှာ စိတ်ညစ်စရာတွေကြုံနေတယ်။စိတ်ညစ်ရတာထက် စိတ်ဓာတ်ကျစရာအခြေအနေဆိုရင် ပိုမှန်မယ်။ လုပ်သမျှအဆင်မပြေ၊ အပြစ်တင်ခံရ၊ အထင်လွဲခံရတာတွေ၊ ကိစ္စပေါင်းစုံ၊ ဖြေရှင်းလို့မရတဲ့ အလုပ်ကိစ္စတွေက ကိုယ့်ခေါင်းပေါ်မှာ ဒီကိစ္စတွေအတွက် ကိုယ့်ကိုယ်ယုံကြည်ပြီး ကိုယ့်ဘက်က ကူညီဖြေရှင်းပေးမယ့်သူ၊ အားပေးမယ့်သူလည်းမရှိ။ အားလုံးက ခေါင်းရှောင် မသိချင်မမြင်ချင်ဟန်ဆောင်နေကြတယ်။ ဒါကြောင့် ညည်းစိတ်ညစ်တာရော၊ စိတ်ဓာတ်ကျတာတွေရော အားလုံးပေါင်းပြီး ဘာလုပ်ရမှန်းမသိဖြစ်နေတာ"

"ကျွန်မဘာဆက်လုပ်ရမလဲဆရာ"

နဂိုကတည်းက အသံတိုးတိုး၊ အခုလည်း အသံထွက်အောင် မနည်းအားယူပြီးပြောနေဟန်၊ မျက်တောင်ပုတ်ခတ်နဲ့ မျက်ရည်ကျချင်ချင်။

"သမီးအထွေအထူးလုပ်စရာမလိုပါဘူး။ ကံကြမ္မာရဲ့အလှည့်အပြောင်းကို ဆင်ခြင်နားလည်ပြီး မိမိကိုယ်ကိုယ်ကြည်မှုအပြည့်ထား။ ပတ်ဝန်းကျင်၊ လုပ်ဖော်ကိုင်ဖက်၊ အထက်အရာရှိတွေကို မေတ္တာမပျက်နဲ့။ စိတ်အေးအေးထားပြီး သည်းခံ။ အလုပ်အပေါ် စေတနာ၊ မေတ္တာမပျက်စေနဲ့။ နမောတဿအစချီတဲ့ ဒီဂါထာလေးကို တစ်နေ့ ပုတီးတစ်ပတ် (၁၀၈) ခေါက် ရွတ်ဆိုပူဇော်ပြီး ဘုရားရှင်ထံ ဆုတောင်း။ ကိုယ့်ကုမ္ပဏီက လုပ်ဖော်ကိုင်ဖက်အထက်လူကြီးတွေကို အမိတထားပြီး မေတ္တာပွား။ မကြာပါဘူး။ အေးချမ်းသွားပါလိမ့်မယ်။ အလုပ်ထွက်ဖို့၊ ပြောင်းဖို့ မကြိုးစားပါနဲ့။ သမီးရဲ့ စေတနာအမှန်၊ အရည်အချင်းအမှန်တွေ မကြာမီပေါ်လာပါလိမ့်မယ်"

"ကျွန်မက အလုပ်တောင်ထွက်ဖို့ စဉ်းစားနေတာ။ အရမ်းစိတ်ဓာတ်ကျနေတာ။ လုပ်လာခဲ့တဲ့ဆားဗစ်နဲ့နေရာလေးကို သံယောဇဉ်ဖြစ်နေလို့ ဝေခွဲမရတာနဲ့ ဆရာ့ကိုလာမေးတာ။ တော်သေးတာပေါ့။ စိတ်လိုက်မာန်ပါမဆုံးဖြတ်မိတာ။ ကျေးဇူးပါ ဆရာ။ ကျွန်မကိုယ်ကျွန်မ တည်တည်ငြိမ်ငြိမ်နဲ့ ထိန်းသိမ်းလိုက်အောင် ပြန်ကြိုးစားပါ့မယ်။ ကျေးဇူးပါ ဆရာ။ ခွင့်ပြုပါဦး"

ရွှေအခုလက်ဦး·ဆရာစိုး
(တားရော့သုတေသီ)
မိုးကောင်းစေတီတော်
Ph: 09-261015101

ဦးကိုကိုကြီး(ဝင်းအေးရေး)

[illegible]

အသည်းအတွက် လဲလှူရှက်

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ဖြစ်ပါသည်။ စာရေးသူတို့၏ စက်ရုံဈေးဖြစ်သည့်'လုပ်သားသက်သာဈေး'မှချက်စရာပြုတ်စရာများဝယ်ပြီးအပြန် စာရေးသူစားနေကျ ဒေါ်ယဉ်ကြည်မုန့်ဟင်းခါးဆိုင်တွင် မုန့်ဟင်းခါးဝင်၍စားလိုက်ပါသည်။

စားနေစဉ်မှာ စာရေးသူစားနေသောစားပွဲသို့ လူတစ်ယောက်ဝင်ထိုင်လိုက်သည်ကို သတိပြုလိုက်မိပါ၏။ မုန့်ဟင်းခါးအရသာက လည်း စာရေးသူအကြိုက်ဖြစ်နေ၍ ခေါင်းမဖော်ဘဲ စားကောင်းနေသဖြင့် မည်သူမည်ဝါဆိုသည်ကို မော့မကြည့်ဘဲ စားသုံးသူတစ်ယောက်ပဲဖြစ်မှာပါလေထင်ကာ အရှိန်မပျက် ဆက်စားနေမိပါသည်။

ခဏအကြာ ထိုသူကညောင်နာနာအသံဖြင့် -

"ဆရာကို၊ စားလှချေလား"

ဟုပြောလေသဖြင့် စားလက်စမုန့်ဟင်းခါးကို စားနေရာမှ ရပ်တန့်လိုက်ပြီး မော့ကြည့်လိုက်မိရာ -

"ဟာ - မင်းခပါလား မင်းပိန်လှချေလားကွာ"

ဟု ပြန်ပြောလိုက်မိပါသည်။

မင်းခ ဆိုသည်မှာ စာရေးသူ၏ တပည့်တစ်ယောက်ဖြစ်ပါသည်။ သူနှင့်မတွေ့ရသည်မှာ နှစ်အတော်ကြာခဲ့ပါပြီ။ မင်းခသည် ဟိုးယခင်က ဝဝဖြိုးဖြိုးနှင့် လူရည်သန့်တစ်ယောက်ဖြစ်ပါသည်။

ယခုမြင်ရသည်မှာ လူကပိန်ပိန်လှီလှီ ဗိုက်ပူနံကားဖြစ်ပြီး မျက်နှာဖော သွတ်သွတ်ဖြင့် စိတ်မချမ်းသာစရာပုံပါ။ မင်းခသိမှ အရက်နံ့ကလည်းရသဖြင့် -

"ဒီကောင် အရက်သမားဖြစ်နေတာဖြစ်ရမယ်"

ဟု တထစ်ချ စာရေးသူထင်မြင်ယူဆလိုက်မိပါသည်။

မင်းခသည် စာရေးသူအား မျက်နှာငယ်လေးနှင့်ကြည့်ပြီး -

"ဆရာ့ကို အားတော့နာပါတယ်။ ကျွန်တော့်ကို ငွေနှစ်ရာကျပ်လောက်ပေးပါ"

ဟုပြောလာသဖြင့် စာရေးသူမှ -

"မင်းကြည့်ရတာ အရက်စွဲနေတဲ့ပုံရတယ်။ မင်းကိုယ်မင်းလည်း မှန်ထဲမှာ ပြန်ကြည့်ဦး။ မင်းဒီတိုင်းဆက်သောက်နေရင်သေလိမ့်မယ်။ ငွေနှစ်ရာကိုနမြောလို့တော့မဟုတ်ဘူး။ မင်းအရက်သောက်မှာကို အားပေးရာကျမှာစိုးလို့ ပါမပေးဘူး။ အချိန်ရှိသေးတယ် မင်းအရက်ကို ရအောင်သာဖြတ်ပါ"

ဟု ပြောလိုက်ပါသည်။

မင်းခမှာ -

"ဆရာဝန်ကလည်းပြောပါတယ်။ အသည်းကြီးနေပြီတဲ့။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတော့ဘဲ အရက်ပဲ မှီသောက်နေတာ။အိမ်ကမိန်းမကိုလည်း လစာပြန်မအပ်နိုင်ဘူး"

"ကြိုးစားပြီးတော့ဖြတ်ပါကွာ။မင်းမှာကလေးတွေလည်းရှိတာမဟုတ်လား။ မင်း ဒီအတိုင်း အရက်ဆက်သောက်နေရင် မင်းသေသွားတာ အကြောင်းမဟုတ်ဘူး၊ ကလေးတွေဒုက္ခရောက်ကျန်ခဲ့လိမ့်မယ်"

ဟု ထပ်မံပြောလိုက်ရာ မင်းခသည် စာရေးသူအား စကားပြန်မပြောနိုင်ဘဲ ငိုင်ကျသွားလေတော့သည်။

■

မင်းခအား ၂၀၁၃ ခုနှစ်က တွေ့ခဲ့ပြီးသည့်နောက်မတွေ့ရသည်မှာကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

တစ်နေ့တွင် စာရေးသူလုပ်သားသက်သာဈေးဘက်သို့ လမ်းလျှောက်

လဲပင်



လဲရွက်အနီးကပ်

ထွက်ခဲ့ရာ ဒေါင်းကြီးလက်ဖက်ရည်ဆိုင်ရှေ့သို့အရောက်တွင် လက်ဖက်ရည်ဆိုင်ထဲမှ -

"ဆရာကို ဆရာကို"

ဟု ခေါ်လိုက်သည့်အသံကြားရ၍ လှမ်းကြည့်မိရာ ဝဝဖြိုးဖြိုးလူရည်သန့်သန့်တစ်ယောက်က လှမ်းခေါ်နေသည်ကို တွေ့ရပါသည်။ စာရေးသူက မျက်စိအဝေးမှုန်သဖြင့် မျက်နှာကိုဝါးတားတားမြင်ရ၍ အနီးကပ်သွားကြည့်လိုက်မိရာ-

"ဟော - မင်းခ မင်းဝဝဖြိုးဖြိုးမြန်ဖြစ်နေပါသလား။ ခုလိုသပ်သပ်ရပ်ရပ်နဲ့ဆိုတော့ ငါ့တပည့်လူရည်သန့်ပြန့်ဖြစ်သွားပြီ။ မြင်ရတာ ဝမ်းသာသကွာ"

ဟု ပြောလိုက်ရာ မင်းခမှ သူထိုင်သောစားပွဲမှ ထိုင်ခုံတစ်ခုံအား စာရေးသူကိုချပေးလိုက်ရင်း စာရေးသူအတွက် လက်ဖက်ရည်တစ်ခွက်လှမ်းမှာပေးနေပါသည်။

"မင်းကို ငါ ခုမြင်ရတာ မယုံနိုင်လောက်အောင်ပါဘဲ မင်းခရယ် မုန့်ဟင်းခါးဆိုင်မှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ငါတွေ့ရတဲ့ပုံနဲ့ တခြားစီပါလားကွာ။ ဘယ်လိုပြောင်းလဲသွားတာလဲ ငါ့ကို ပြောပြပါဦး"

"ဆရာကိုနဲ့တွေ့ပြီး ငွေနှစ်ရာကျပ်ကိုမပေးဘဲနဲ့ ဆရာကိုပြောလိုက်တဲ့ စကားဟာ ကျွန်တော့်ရင်ဘတ်ကို တိတိပပကြီးလာမှန်တယ်။ အဲဒါနဲ့ ဆေးရုံတက်အရက်ဖြတ်တယ်။ အရက်ပြတ်သွားပေမယ့် ကျွန်တော့်အသည်းကြီးရောဂါ မပျောက်ခဲ့ဘူး။ ဆေးရုံမှာ ဆက်ကုသဖို့ကလည်း ငွေရေးကြေးရေးကအဆင်မပြေတော့ ဆေးရုံကဆင်းပြီး ဗိုက်ပူနံကားဝေဒနာသည်ဘဝနဲ့ပဲနေရတာပေါ့။ ဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော့်သူငယ်ချင်းရဲ့ မိခင်ကြီး(အသက်၇၈နှစ်) က ဆေးနည်းပြောပြခဲ့လို့ တစ်လလောက်ပုံမှန်သောက်လိုက်တာ ဗိုက်ကြီးပိန်ကျသွားတယ် ဆရာကို"

"အဲဒါနဲ့ ကျွန်တော်လည်းဝမ်းသာအားရဖြစ်သွားပြီး နောက်ထပ်နှစ်လလောက်ဆက်သောက်လိုက်တာ ရောဂါအရှင်းကိုပျောက်သွားပါတယ်။ ခုချိန်ထိလည်း တစ်လနှစ်ကြိမ်လောက်သောက်နေတုန်းပဲ။ အရက်လည်းပြတ်၊ ကျန်းမာရေးလည်းကောင်းလာတာမို့ အလုပ်ကိုကြိုးကြိုးစားစားလုပ်ပြီး အကြွေးတွေပါအကုန်ဆပ်နိုင်ပြီ။ အခုတော့ မိသားစုစီးပွားရေးကောင်းနေပါပြီ"

ပြောပြပါသည်။

စာရေးသူမှ -

"အခုလို မြင်ရတွေ့ရကြားရတာ အင်မတန်မှ မင်္ဂလာရှိလှပါတယ်ကွာ။ ဒါနဲ့ မင်းရောဂါပျောက်ခဲ့ရတဲ့ ဆေးအကြောင်းလေးပြောပြပါဦး။ ရှုမဝမဂ္ဂဇင်းကြီးကစာဖတ်ပရိသတ်တွေကိုတင်ပြချင်လို့ပါ"

ဟု ဆိုလိုက်ရာ -

"ရပါတယ်၊ကျွန်တော့်လိုအသည်းကြီးရောဂါနဲ့တကွ အသည်းနဲ့ ပတ်သက်တဲ့ရောဂါတွေကို ပျောက်ကင်းနိုင်တဲ့ ဒီဆေးနည်းကို ငွေကုန်ကြေးကျနည်းစွာနဲ့ ရောဂါတွေပျောက်နိုင်လို့ အသည်းနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ မခံစားရလေအောင်၊ ကျွန်တော်လည်း ကုသိုလ်ရအောင်ပေါ့ မျှဝေပေးလိုက်ပါ ဆရာကို"

ဟု ပြောလိုက်ပါသည်။

မင်းခပြောသော ဆေးပင်သည် သီးသန့်စိုက်ပျိုးကြသူများမရှိသလောက်ရှားပါးသဖြင့် စာရေးသူတို့စက်ရုံနယ်မြေနှင့် (၇)မိုင်ခန့် ဝေးကွာသော တောထဲသို့ ဝါးခုတ်သမားများကို တစ်ထောင်ကျပ်၊ နှစ်ထောင်ကျပ်လောက်ပေးမှာလိုက်ပါက ထိုတောထဲရှိအပင်မှ လက်တစ်ဖွဲ့စာမျှ ခုတ်ယူလာပေးပါသည်။

ဤဆေးပင်သည် မြင်ဖူးသူနည်းပါးသဖြင့် မြင်ဖူးတွေ့ဖူးကြစေရန်ဓာတ်ပုံနှင့်တကွ ဖော်ပြပေးလိုက်ပါသည်။

ထိုအပင်၏အမည်မှာ 'လဲလူပင်' ဖြစ်ပါသည်။

စာရေးသူတို့ဒေသခံများပြောကြားနေကြသည့် လဲလူပင်နှင့်ပတ်သက်သည့် ပုံပြင်လေးတစ်ပုဒ်ရှိပါသည်။

ရှေးအခါက တောထဲသို့လူနှစ်ဦး ထင်းအတူခုတ်သွားကြရာ တောတဲသို့ အရောက်တွင် နှစ်ဦးအနက်တစ်ဦးမှာ သစ်ပင်တစ်ပင်အောက်အရောက်တွင် လဲကျသွားလေတော့သည်။

ကျန်တစ်ဦးသည် ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေရာမှ သစ်ပင်အောက်တွင်လဲနေသူကို ကြံရာမရသည့်အဆုံး ထိုသစ်ပင်ရှိ အရွက်သုံးရွက်အားခူးကာ ထုထောင်း၍ ရသည့်အရည်ကို ပါလာသောဝါးကျည်ထောက်ထဲမှ ရေနှင့်ရောစပ်၍ ပါးစပ်ကိုဖြဲကာ ဖြည်းဖြည်းချင်းတိုက်ချလိုက်ပါလေသည်။

ခဏအကြာတွင် လဲနေသူသည် ပြန်ကောင်း၍ထလာခဲ့ပြီး သူ၏ထင်းခုတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ခဲ့လေသည်။

ထိုသတင်းသည် တစ်ရွာလုံးပျံ့နှံ့ကာ လဲတဲ့လူကိုထူနိုင်တဲ့ဆေးပင်ပဲဆိုပြီး တစ်ရွာလုံးက အိပ်ရာထဲလဲတဲ့လူနာများကို ထုထောင်းတိုက်ကြရင်းက ပျောက်ကင်းကြသဖြင့် လဲလူကိုထူနိုင်လို့ လဲလူပင်ဟု ခေါ်ဝေါ်ကြလေသည်။

ခေတ်ကာလ ကြာမြင့်လာသည့်အခါ လဲလူထူပင်အမည်ပျောက်ပြီး 'လဲလူပင်'ဟုသာခေါ်လာကြပြီး တိုင်းရင်းဆေးဆရာကြီးများကလည်း 'အသည်းဆေး' အဖြစ်နှင့်ပါ စမ်းသပ်သုံးလာရာက ပျောက်ကင်းလာသဖြင့် အသည်းဆေးအဖြစ် နာမည်ကျော်လျက်ရှိကာ ယခုပင်လျှင် လက်တွေ့လည်း ပျောက်ကင်းသွားကြောင်း 'အသည်းဝေဒနာရှင် မင်းခ'ကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပါပေသည်။

အသည်းကြီးဝေဒနာရှင် မင်းခ၏ ကိုယ်တွေ့ရောဂါပျောက်ကင်းသွားရပုံကို စာရေးသူ ရေးသား တင်ပြရခြင်းမှာ ဆေးကုသစရိတ်တွေ ကြီးမားလှသော ဤခေတ်ကြီးတွင် စာရှုသူတို့၌ဖြစ်စေ၊ စာရှုသူတို့၏ဆွေမျိုးမိသားစုတို့မှာဖြစ်စေ ကြုံတွေ့လာပါက လဲလူရွက်ဆေးကိုသုံးခြင်းဖြင့် ငွေကုန်ကြေးကျမရှိဘဲ ပျောက်ကင်းနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသား တင်ပြလိုက်ရပါပေသည်။

အသည်းကြီးဝေဒနာရှင် ဆေးသောက်ရမည့်ပုံ

၁။ လဲလူရွက်ကြီးလျှင် (၃) ရွက်၊ သေးလျှင်(၅)ရွက်ကို ဒန်အိုးတွင်ထည့်၍ ရေထည့်ပြီး ရေသုံးခွက်ကို တစ်ခွက်စာမျှ ကျန်အောင်ပြုတ်ပါ။ (ရေသည် လက်ဖက်ရည်အချိုပန်းကန်သုံးချက်ဖြစ်သည်။)

၂။ တစ်ခွက်ကျန်ပြုတ်ရည်ကို အအေးခံကာ သောက်သုံးနိုင်ပြီ ဖြစ်ပါသည်။

၃။ လဲလူရွက်ပြုတ်ဖတ်ကို ဖြည်းဖြည်းချင်းဝါးစားပါ။ တစ်ခါတည်းမကုန်ပါက အချိန်ခွဲ၍ဝါးစားနိုင်ပါသည်။

ရောဂါကြီးစဉ်တွင် တစ်နေ့လျှင် (၃)ကြိမ်သောက်သုံးရမှာဖြစ်ပြီး ရောဂါသက်သာသွားလျှင် တစ်နေ့ (၂) ကြိမ် သောက်သုံးရပါမည်။

ရောဂါအမြစ်ပြတ်ပျောက်ဆုံးသွားပါကလည်း တစ်လလျှင် နှစ်ကြိမ်မျှလောက် ဆက်လက်သောက်သုံးသွားပါက ကျန်းမာဝဖြိုးလာပေမည်။

အသည်းဝေဒနာရှင်များ လဲလူရွက်ဆေးကိုသောက်ကြရင်းဖြင့် ကျန်းမာရွှင်လန်းကြပါစေ။

ဦးကိုကိုကြီး(စစ်ဆေးရေး)၊
ကစစ (၁၂)၊ ထုံးဘို

ပြည်သိန်းကျော်

တနင်္ဂနွေ

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိတဟိအစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။

အိမ်ရောင်းလိုသူများ -အိမ်ကို ဓာတ်မရိုက်ပါနှင့်။ တနင်္လာနာမည်ရှင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီမကြာမကြာသွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အားအိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလည်းလဲပေးပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း၊ ပန်းခြောက်များစွန့်ပစ်ပေးခြင်းကုသိုလ်ပြုပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခိုလေးများကိုအစာကျွေးပါ။

ကျန်းမာရေး - စာကလေးများကိုအစာကျွေးပါ။ ဘေးမဲ့လွှတ်ပါ။

ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသောထီကားများ နှစ်စီးရပ်၍ ရောင်းနေလျှင် (၂) ဂဏန်းများစွာပါသော မင်္ဂလာစုံတွဲ၊ နှစ်စောင်တွဲလေးများနိုင်သလောက်ထိုးထားပါ။

တနင်္လာ

တနင်္လာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ၊ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ မေ့စကြာနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာခဏ သွားပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ သွပ်ဟောင်း၊ သစ်ဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပါ။

လူမှုရေးအတိုက်အခံများသူများ - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့ မကြာမကြာသွား၍တံမြက်စည်းလှည်းပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့် ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။

ကျန်းမာရေး - စိတ်ကျန်းမာရေးညံ့သူများကို လိုအပ်သလို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။

ထီကံကောင်းလိုသူများ - စက်ဘီး၊ သုံးဘီးဆိုင်ကယ်နှင့်ရောင်းသောထီသည်ထံမှာ (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနင်္လာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီအလုပ်ရရှိရန် အခက်အခဲဖြစ်နေသူများ တနင်္လာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမလိုတော့သည့် သွပ်ဟောင်းသစ်ဟောင်းများကို ရှင်းလင်းစွန့်ထုတ်ပစ်ပါ။

လူမှုရေးအတိုက်အခံများသူများ - သမ္ဗုဒ္ဓေဂါထာကို နေ့စဉ်ပုတီးတစ်ပတ်ပြည့်အောင်စိပ်ပါ။ တစ်ဆက်တည်းမစိပ်နိုင်ပါက မှတ်၍စိပ်ပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကို ဆေး၊ ငွေတစ်နိုင်လှူပေးပါ။

ထီကံကောင်းလိုသူများ - တနင်္ဂနွေနံ့ထီဆိုင်တွင် (၂၊ ၁၊ ၅၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များလောင်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာမကြာရွတ်ပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာနှင့် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ကြိုက်သက်အလိုက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ခဲ့ပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကိုအနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။

ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။

ထီကံကောင်းလိုသူများ - စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့် လိုက်ရောင်းနေသော ထီသည်ထံတွင် (၇)အစ၊ (၇) အဆုံး ထီလက်မှတ်လေးများ ရွေးချယ်ပါ။

ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံလေးငါးမျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဌာန်ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကိုတောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အားအိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလည်းလဲပေးပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။ စကားဖြင့် အနိုင်မယူပါနှင့်။

ကျန်းမာရေး - ငါးလေးများ၊ ငှက်ကလေးများ၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။

ထီကံကောင်းလိုသူများ - ထီလှည်းလေးများနှင့်ဆုံပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံအသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိတဟိဂါထာကို အမိဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနင်္လာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူကိုသွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပြီး အမိဌာန်ပုတီးစိပ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

လူမှုရေးအတိုက်အခံများသူများ - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သောဘုရားစေတီသို့ ခြေကျင်လျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအမည်းရောင်လေးများဝတ်မသွားပါနှင့်။

ကျန်းမာရေး - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်ပြီး ဇီဝိတဒါနပြုပါ။

ထီကံကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံအသီး၊ အညွန့်၊ ပန်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဌာန်ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - နံနက်စောစောအရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ရွက်လှညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ကြိုက်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ဘုန်းကြီးလှူငှိုများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းကုသိုလ်ပြုပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျိုး၊ ခွေးလေးများကိုကြုံသည့်နေရာတွင် အစာကျွေးပါ။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကို ဆေး၊ ငွေတစ်နိုင်လှူပေးပါ။

ထီကံကောင်းလိုသူများ - တနင်္ဂနွေနာမည်ရှင်များနှင့် စပ်တူထီထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာထိုးပါစေ။ ထီကံကောင်းပါလိမ့်မည်။

> ယခုလတွင်-
>
> တနင်္ဂနွေ-စနေပိတ် နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ပြီးအောင်မြင်မှုများ ရယူပါ။
>
> အိမ့်နွဲ့ - အေးထုံ - အိတွယ်တာ - အုန်းနေ

မိမိကောင်းမှုကြောင့်မို့
ဆုမတောင်းဘဲပြည့်ပါစေ

ပြည်သိမ်းကျော်

ဆရာဦးမောင်မောင်သန်း
([illegible])
သိရှိနှင့်ကျန်းမာစေသော
သုရှုဋ္ဌလက်ဆောင်

အိမ်ရှေ့ဆီတွင် RAV 4 ကားလေး ညင်သာစွာ ထိုးဆိုက်လိုက်ကတည်းက သားတပည့်အောင်ကျော်မိုးကြီးများလား ဟု ကဲကြည့်မိ၏။

လူရှင်းသွားချိန်လည်းဖြစ်၊ သူလာ တတ်သောအချိန်လည်းဖြစ်၏။

"ဆရာ"

"အေး - ငါထင်သားပဲ"

သူ၏ထုံးစံအတိုင်း ရယ်ရယ် မောမောနှင့်ပင် အလုပ်များနေကြောင်း၊ သို့သော် ရအောင်လာခဲ့ကြောင်းများ ပြောနေ၏။ သူကပြောလိုက်၊ ကျွန်ုပ်က ပြောလိုက်နှင့် စကားများတောင်ရောက် မြောက်ရောက်ရောက်နေရာမှ ပညာ လမ်းကြောင်းဘက်ဆီသို့ ဦးတည်လာ လေတော့၏။ ကျွန်ုပ်က နားထောင်ပေး လိုက်ပါသည်။

"ကျန်းမာရေးနဲ့ပတ်သက်လာရင် အမျိုးမျိုးရှိတယ်နော် ဆရာ"

"ဘယ်လိုအမျိုးမျိုးလဲ"

"ဥပမာ နံတူပစ်တာတို့၊ နိစ်-ဖြကို ခြေထောက်အောက်မှာ ကန့်လန့်ထား အိပ်ပြီး မနက်မိုးလင်းရင် ဘုမ္မိအရပ်ကို ပစ်ရတာတို့၊ နင်းကြမ်းယကြာခင်းပြီး အိပ်ရတာတို့၊ အထက်ဆောင်ပန်းကိုတွဲ လောင်းဆွဲထားပြီး ရိုက်ချပေးရတာတို့၊ အသက်ကယ်တာတို့"

"ဪ - မင်းက ကျန်းမာရေး စိတ်ဝင်စားပြန်တာကိုး။ အေး- ဟုတ်တယ် အဲဒီလိုတော့ အမျိုးများတယ်။ သူ့နည်း နဲ့သူပေါ့ သားရယ်။ အားလုံးကောင်း တာချည်းပဲ ဘာဖြစ်လို့လဲ"

"တစ်ခါတုန်းက.....အဲ... ကျွန်တော်တို့ကို ဆရာသင်ပေးရင်းဆက် မသင်ဖြစ်တာ ကျွန်တော်မှတ်ထားတယ်"

"ဟုတ်လား၊ ဆက်မသင်ဖြစ်ဘူး ရယ်လို့မရှိပါဘူး။ ငါပဲစကားပြောရင်း တခြားအာရုံပြောင်းသွားမိလို့လား"

"အဲ့လိုရယ်လည်းဖြစ်ရင်ဖြစ်မယ် ဆရာ"

"ဘာများလဲ သား၊ ဘယ်လိုပညာ ခန်းလဲ"

ကျွန်ုပ်ကို အားနာနေပုံရ၏။ ခုပဲ ပရိသတ်ရှင်းသွားလို့ နားနေတယ်။ ငါ ပြောလို့ ဆရာမနားရမြန်ဘူး ဟူသော အမူအရာ သူ့မှာပေါ်နေ၏။ ကျွန်ုပ်က ပင်ပန်းခြင်းတို့မတွေ့ပါ။ ပညာသင်ကြ သောသားတပည့်များကိုသင်ပေးရလျှင် ပင်ပန်းခြင်းကို[illegible]လေ့ရှိ၏။ သူတို့၏တွေးခေါ်ကြံဆပုံ ရေးဆွဲပုံ ဆင်ခြင် ပုံများကို အမှန်ပင်သဘောကျ၏။

"မင်းပြောကြည့်စမ်း၊ ဘယ်လို ပညာခန်းလဲ"

"ဟို - အသက်ကို (၇) နဲ့စားပြီး အကြွင်းကိုတိုင်ထူရတာလေ"

"ဪ - အေး"

"ပြီးရင် အပေါ်သုံးလုံးကိုစီရင် တာ"

"ဪ - ဟုတ်တယ်၊ အဲဒါ ကျန်းမာရေးနဲ့ပတ်သက်လာရင် တကယ် ထိရောက်တဲ့နည်း။ အသက်ကို (၇)နဲ့စား၊ အကြွင်းကို အင်္ဂဝိဇ္ဇာခရာစောက်တိုင် ထူ၊ အထက်ဆောင်ပန်းကိုပေးရတဲ့နည်း။ ဒါပေမယ့် သူကပြင်ပယ်ကြာနော်။ စား တာတို့ဘာတို့မပါဘူး။ ရှေးကျမ်းတွေ မှာပါတယ်လေ။ 'အပမာတ်မှာ နံ့ကိုရှာ ကြံခါလွှန်ချမ်းသာ' ဆိုတာရှိတယ်လေ"

"ဟုတ်ကဲ့ - နောက်ပြီး ဆရာအဲဒီတုန်းကပြောတယ်။ အသက်နဲ့မွေးနံ့သိရုံနဲ့ရတယ်တဲ့"

"အသက်သိရုံနဲ့ရတယ် သား။ ဒါပေမယ့် အသက်ကတော့ တိကျရလိမ့်မယ်။ ဥပမာကွာ (၂၇) နှစ်ရှိတဲ့လူကို ကျန်းမာအောင်လုပ်ပေးတော့မယ်ဆိုရင် (၂၇) နှစ်ထဲမှာလား၊ (၂၇) နှစ်ကျော်ပြီလား။ တိကျမှ (၂၇) နှစ်ကျော်ရင် (၂၈) ကိုယူရမှာ လစွန်းတာနဲ့ယူရမှာ"

"ဩော်-အဲလိုလည်းရှိတယ်နော်"

"ရှိတာပေါ့ သားရဲ့။ ပညာဆိုတာ သူ့စည်းနဲ့သူ့ဘောင်နဲ့ရှိတာပေါ့။ အဲဒါကြောင့်လည်း ရှေးပညာတွေကစွမ်းတာကွ။ ငါခဏခဏကြုံတယ်။ အဲဒီလို အသက်ဟိုဘက်ဒီဘက်မမှန်လို့ ကျန်းမာအောင်လုပ်ပေးတာ မထိရောက်ဘူး"

"ဩော်"

"ငါ အဲဒီလိုလုပ်ပေးခဲ့ရတာ တော်တော်များတယ်"

"အယ်. . . နားထောင်ခွင့်ပေးပါဆရာ"

ကရာတေးပညာကို ခါးစည်းနက်ရသည့်ထိ အောင်မြင်စွာကစားခဲ့သူဖြစ်၍ သူ့ဗွဲကိုကျွန်ုပ်သဘောကျ၏။ အင်္ဂဝိဇ္ဇာ ပညာသင်ယူလျှင်လည်း မျက်လုံးက အရောင်တလက်လက်နှင့် အာရုံစူးစိုက်ပြီး သင်ယူတတ်သူဖြစ်၍သဘောကျပြန်၏။

"တစ်ခါများကွာ၊ အဲဒီလူဟာ အားတွေအရမ်းနည်းပြီး အိပ်မပျော်ဘူး။ အိပ်မပျော်လေအားယုတ်လေ အစားကပျက်နဲ့ သူ့ပုံက ကတုန်ကယင်ကြီးလိုဘဲ။ အစာမစားဘဲ အားဆေးသောက်တော့ မထိရောက်ဘူးပေါ့။ လူကလည်း ဆင်းရဲလိုက်တာ သူများအိမ်ရှေ့မြောင်းတွေဖော်ရတဲ့လူ ပေါက်တူးတစ်လက်နဲ့ပေါ့ကွာ။ တစ်လမ်းဝင်တစ်လမ်းထွက်သွားနေရတဲ့သူတွေပေါ့။ တစ်နေ့တော့ ငါအမြဲဝယ်စားတဲ့အကြော်သည်ဘေးနားမှာ သူ့မိန်းမက တရှုပ်ရှုပ်ငိုနေတယ်။ ပိုက်ဆံကလည်းမရှိ၊ နေလို့ကလည်း မကောင်း၊ စားစရာလည်းအနိုင်နိုင်။ ငါကလည်း အဲလိုမျိုးတွေ့ရင် မနေနိုင်ဘူး သနားတတ်တော့ ဘာဖြစ်နေလဲနားစွင့်တာပေါ့၊ အကြော်လည်းခဏစောင့်ရင်းပေါ့။ အကြောင်းစုံလည်းသိရော သူတို့အိမ်ငါလိုက်သွားရော"

"ဟာ - ဘယ်ထိတောင်လိုက်သွားရလဲ"

"အဲဒီအကြော်ဆိုင်ကနေ လှမ်းမြင်နေရတယ်။ အိမ်သေးသေးလေးတွေပေါ့ကွာ။ အိမ်တန်းလေးပေါ့။ အဲဒါနဲ့ ငါလိုက်သွားတော့ ခုနပြောသလို ဖြူဆုတ်ဆုတ်ဖြစ်နေတဲ့ သူ့ယောကျ်ားက ပက်လက်။အိပ်မပျော်လို့တဲ့။ခေါင်းတွေတော်တော်အုံပြီး ဘာမှလည်းမစားချင်ဘူးဖြစ်နေတယ်တဲ့။ တော်တော်လေး ဆင်းရဲကြရှာပါတယ်ကွာ"

"ဟဲဟဲ - အကျိုးပေးက အဲလိုကောင်းတာ။ တွေ့လိုက်ရင် ဒါမျိုးချည်းပဲ အိတ်စိုက်ပဲ"

အောင်ကျော်မိုးရယ်နေ၏။ ကျွန်ုပ်သည် ကိုယ့်ထမင်းကိုယ်စား ကိုယ်စားစရိတ်ကိုယ်စား၍ ဤသို့လုပ်တတ်ကြောင်း သူကောင်းကောင်းသိ၏။ အလွန်ဆင်းရဲပြီး မျက်နှာငယ်ပြီဆိုလျှင် ကျွန်ုပ်ရောက်သွားတတ်ကြောင်း သူသိ၏။

"ဟိုရောက်တော့ လှဲနေတဲ့လူကိုပဲ အခြေအနေကြည့်မေးရတော့တာပေါ့။ အဲဒီပိုတော့မလိုလိုမျက်နှာဖြစ်နေတဲ့လူရဲ့ အသက်ကိုမေးတော့ (၃၆) နှစ်တဲ့။ စနေသား၊ နာမည်လည်း စနေ။ (၇) နဲ့ စားတော့ (၁) ကြွင်းတယ်။ အေး - သူ့ရှေ့တိုင်ထောင်ပြီး အထက်ဆောင်ပန်းကို လုပ်ရတော့တာပေါ့။ သံပန်းကန်ပြားရှိလားမေးတော့ ရှိတယ်တဲ့။ ငါလည်း သံပန်းကန်ပြားတောင်းပြီး အဲဒီအထဲကို ကျောက်ခဲတွေလေး၊ငါးလုံးကောက်ခိုင်းပြီးထည့်လိုက်တယ်။ အုတ်ခဲအပိုင်းအစမဟုတ်ဘူးနော် ကျောက်ခဲ။ ပြီးတာနဲ့ ခင်ဗျားကတော့ ကျွန်တော့်ကိုမသိတဲ့အတွက် ကျွန်တော်ဘာလုပ်နေမှန်းသိမှာမဟုတ်ဘူး။ ကျွန်တော်ဘာမှလုပ်တာ မဟုတ်ဘူးစိတ်ချ။ ခင်ဗျားကို နေကောင်းစေချင်လို့ပါ။ ဒီမှာပဲထိုင်ရွတ်မှာပါ။ ခင်ဗျား နည်းနည်းတော့ စိတ်ရှည်ရှည်လေးနဲ့နားထောင်ပေး။ကျွန်တော့်ဘက်က တောင်းဆိုချင်တာ အဲဒီတစ်ခုပါပဲ။ နားငြီးရင်ငြီးလိမ့်မယ် သည်းခံပေးပါလို့ ပြောလိုက်တော့"

ပြောနေရင်း အောင်ကျော်မိုး တဟားဟားရယ်ပြီး အူတက်နေသောကြောင့် ကျွန်ုပ်လည်းလိုက်ရယ်ရင်း ခဏရပ်နေလိုက်ရ၏။

"ဖြစ်ပုံ တောင်းတောင်းပန်ပန်နဲ့"

"အေးပေါ့ သားရယ်။ သူတို့က ငါ့ကိုမှမသိတာ ဒီလိုပဲပေါ့။ သူတို့အိမ်ကို ကိုယ်က ဘုမသိဘမသိဝင်ပြီး ဟိုလုပ်ဒီလုပ်ဆိုတော့ တောင်းပန်ရတာပေါ့။ ခွင့်ဆိုတာတောင်းရတာပဲလေ။ အဲဒီလူက သူ့မိန်းမကိုတိုးတိုးခေါ်မေးတယ်။ ဒါဆေးဆရာလားတဲ့။ သူ့မိန်းမက မသိဘူးတဲ့"

"ဟားဟား - မှတ်ကရော"

"အေးလေ၊ အဲဒါနဲ့ ငါ ဘာလုပ်လဲဆိုတော့ သံပန်းကန်ပြားကြီးကို လက်နဲ့မှောက်ပြီး ကျောက်ခဲတွေကို တကျောက်ကျောက်နဲ့။ ဟို. . . . ဘယ်လိုပြောမလဲ အလှူခံသလို တချက်ချက်မြောက်သလို လုပ်လိုက်၊ ပါးစပ်က ဟေဗျွဂ်သုတ်တော် မနားတမ်းရွတ်လိုက်နဲ့ ဟိုလူနားခံသာအောင်လည်းလုပ်ရသေးတာပေါ့။ တော်ကြာ နေမကောင်းရတဲ့ကြားထဲ နားငြီးလိုက်တာဆိုပြီးထထိုးနေမှ"

အောင်ကျော်မိုး တဟားဟားနှင့် အူတက်နေတော့၏။

"သူ့မျက်နှာရှုံ့မနေဘူးလား ဆရာ။ ကျွန်တော်မြင်ယောင်လို့ပါ"

"ဟာ - ရှုံ့တာပေါ့"

"ဒီလိုပဲလေ ဆရာ၊ အိပ်ရေးပျက်ပါများ၊ နေလို့ကလည်းမကောင်းဖြစ်နေရင်ဘာသံမှကိုဆူဆူညံညံမကြားချင်ဘူး။ မြင်ယောင်ကြည့်တာပါ"

"အေး-မျက်နှာကရှုံ့တာပေါ့၊ ငါကလည်း သူနားခံသာအောင်လုပ်လိုက်၊ ရွတ်လိုက်နဲ့မိနစ်(၂၀)၊ နာရီဝက်လောက်နီးပါးကြာတယ်။ အဲဒီလူဟာ ကြည့်နေရင်းနဲ့ ဖျတ်ခနဲအိပ်ပျော်သွားတယ်။ ငါထင်တယ်၊ (၅) မိနစ်သာသာလောက်ရှိမလားမသိဘူး။ သူမျက်လုံးပြန်ဖွင့်လာတော့ နည်းနည်းလေးမဆိုစလောက်ကြည်သွားသလိုပဲ။ ဟိုကြည့်ဒီကြည့်နဲ့ သူ့မိန်းမကလည်း အနားမှာကြည့်နေတယ်။ အဲဒါနဲ့ ငါလုပ်စရာရှိတာလုပ်ပြီးတော့ပြောခဲ့တယ်။ သောက်နေကျဆေးပဲသောက်ပါ။ လုပ်စရာရှိတာလုပ်ပါ။ ကောင်းသွားပါလိမ့်မယ်လို့ပြောပြီးထပြန်လာခဲ့တယ်။ နောက်နေ့ အဲဒီလိုအချိန်လည်းကျရော ငါထပ်ရောက်သွားတယ်။ အဲဒီလူက ထရံမှာ ခေါင်းအုံးခုပြီးမှီထိုင်နေတယ်။ ငါ့ကိုမြင်တော့ ပြုံးပြီးခေါင်းညိတ်နှုတ်ဆက်တယ်။ သူ့မိန်းမကအိမ်ထဲက။ အိမ်ထဲဆိုတာ အလယ်မှာထရံလေးပဲကာထားတာပါကွာ။ (၆) ပေအိမ်လေးတွေ"

အောင်ကျော်မိုးတခိခိနှင့်ဖြစ်နေ၏။

"အဲဒီထရံနောက်ထဲကထွက်လာပြီး -

'မနေ့ညက သူ့နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလိုက်တာ တရှူးရှူး။ ဒီမနက်ဆို သူ့ဗိုက်ဆာလို့တဲ့။ တော်ကြာနေရင်း ဘိန်းမုန့်ကျွေးလိုက်ရ၊ တော်ကြာနေရင်း ငှက်ပျောသီးကျွေးလိုက်ရနဲ့ တစွတ်စွတ်စားချင်နေတယ်တဲ့။ အဲဒါ ဒီက ဟို ဆေးဆရာလား၊ အစ်ကိုကြီးကိုကျေးဇူးတွေတင်နေတယ်တော်၊ အဲဒီမှာ သာကြည့်' ဆိုပြီး အားရဝမ်းသာထွက်ပြောတယ်"

"တော်သေးတာပေါ့။ ကျွန်တော်တောင် နားထောင်ရင်း ရင်တမမနဲ့ဘာများဆက်ကြားရမလဲလို့ ဘုမသိဘမသိသွားလုပ်တဲ့လိုက်တာ ဟား ဟား ဟား ဟား ဟား"

အောင်ကျော်မိုးရယ်နေပြန်၏။

ကျွန်ုပ်လည်းလိုက်ရယ်ရင်း ခဏရပ်နေလိုက်၏။

"ဟုတ်တယ်ကွ၊ သူ့ဘေးမှာ မုန့်အပိုင်းအစလေးတွေကျန်နေတဲ့ပန်းကန်ပြားလေးနဲ့။ ငါ့ကိုမေးတယ်၊ မနေ့က ဘယ်လိုလုပ်လိုက်တာလဲ။ ကျွန်တော်ညက အိပ်ပျော်သွားလိုက်တာများတဲ့။ ဒီလိုမျိုးအိပ်မပျော်တာ ဟိုဘက်လဆန်းထဲကတဲ့၊ သူပြောတာ ရက်တွက်ကြည့်တော့ (၁၀) ရက်ကျော်ကျော်လောက်ဖြစ်နေပြီ၊ ငါလည်း ရှင်းပြမနေတော့ဘူးလေ၊ နေကောင်းသွားအောင် ဘုရားစာရွတ်ပေးတာပါလို့ပဲ ပြောလိုက်တယ်။ သူက ကျောက်ခဲတွေကိစ္စကိုသိချင်ပုံရတယ်။ ငါဘာမှမပြောတော့ဘူး။ ထပ်လုပ်ပေးမယ်လို့ပြောတော့ သူလည်း အယ်လည်းဝမ်းသာပဲလှဲပေးတယ်။ မနေ့က ကျောက်ခဲကမရှိတော့ဘူး၊ ငါလည်း အသစ်ဆင်းကောက်ရတယ်။ မနေ့ကလိုပဲ ထပ်လုပ်ပေးလိုက်တယ်။ ဒီတစ်ခါတော့ မျက်လုံးမှိတ်နားထောင်နေပေမယ့် သူ အိပ်မပျော်သွားဘူး။ ငါလည်း ထုံးစံအတိုင်းလုပ်ပေးပြီး ပြန်လာတာပေါ့၊ (၃) ရက်ပြည့်အောင် ဆက်လုပ်ပေးချင်လို့ပြောခဲ့ပြီး နောက်နေ့ထပ်သွားလိုက်တယ်။ ထိုင်နေပြီ ဟိုလူ၊ သူ့အသားအရေဟာ ခြောက်ခြစ်နေတဲ့ ဖြူဆုတ်ဆုတ်ပုံကြီးမဟုတ်တော့ဘူး။ အသားနည်းနည်းအရောင်ရှိလာတယ်၊ ငါ့မြင်တော့ ပြုံးပြီးနှုတ်ဆက်တယ်၊ လာထိုင်စားဦးဆိုပြီး သူ့ဘေးက ဘိန်းမုန့်ပန်းကန်လေးထိုးပြတယ်။ ဘိန်းမုန့်အပိုင်းအစလေးက နှစ်ခုလောက်ပဲကျန်တော့တယ်။ ငါလည်း ထိုင်ရော သူ့မိန်းမက ဘိန်းမုန့်လေးတစ်ချပ်လာချပေးတယ်။ ငါလည်း စားတာပေါ့ အားရပါးရ၊ ခါတိုင်းလိုပဲ ထပ်လုပ်ပေးလိုက်တယ်၊ တော်တော်ကို ကျေကျေနပ်နပ်နဲ့လှဲအိပ်ပေးတယ် ပြုံးနေတာပဲ၊

C ၅ - ဟေဗျွဂ်သုတ်တော်ရွတ်ဆိုခဲ့သည်
B ၂ - ကျောက်ခဲများထည့်၍
A ၆ - သံပန်းကန်ပြားထဲကို
၁ - ကြွင်း
၄
၀
၃

(အသက် (၃၆) နှစ်ရှိသူအား ပြင်ပယကြာနှင့်ကုသပုံဖြစ်ပါသည်။ (၃၆) ကို (၇) နှင့်စားလျှင် (၁) ကြွင်းပါသည်။

ထို (၁) ကို အင်္ဂဝိဇ္ဇာခရာစောက်တိုင်ထူလိုက်သည့်အခါ နံအားဖြင့် ကြာသပတေး၊ တနင်္လာ၊ သောကြာတို့ ပေါ်လာပါသည်။ သောကြာအသံပါရန် သံပန်းကန်ပြားကိုခံပြီး တနင်္လာသံအဖြစ် ကျောက်ခဲများထည့်ကာခလောက်လိုက်ပါသည်။ ရှေးကျမ်းများတွင် ကြာသပတေးပေါ်က ပြောတီးပေးရမည်ဟု ပြဆိုထားသော်လည်း ရုတ်တရက် အခက်အခဲများရှိလာနိုင်၍ ပြောအစား ဟေဗျွဂ်သုတ်တော်ကိုအသံထွက်၍ ရွတ်ဆိုခဲ့ပါသည်။ နေမကောင်းသူ၏နားတွင် အကြားအာရုံတွင် ပြောသံအစား ဟေဗျွဂ်သုတ်ရွတ်သံပဲ့တင်ထပ်သွားပါသည်။ ဟေဗျွဂ်သုတ်တော်သည် ကျန်းမာရေးနှင့် ပတ်သက်လာလျှင် ဆေးကြိမ်လုံးကဲ့သို့ အလွန်အစွမ်းထက်လှသော ပရိတ်တော် ဖြစ်ပါသည်။

ထို့ကြောင့် ယုံကြည်စွာ ရွတ်ဆိုပေးခဲ့ပါသည်။

ဟေဗျွဂ်သုတ်တော်ရွတ်ဖတ်သံ၊ သံပန်းကန်ပြားအသံ၊ ကျောက်ခဲအသံ တည်းဟူသော အထက်နံ (၃) မျိုး၏ အသံကြောင့် ထိုပုဂ္ဂိုလ်အား နေမကောင်းခြင်းများက နှုတ်ဆက်သွားပါတော့သည်။

မျက်မှောက်ခေတ်နှင့် လျော်ညီအောင် ကုသနိုင်စွမ်းသော၊ ကုသခဲ့ရသော ပြင်ပယကြာစီရင်ပုံအား ဗဟုသုတအဖြစ် မထိပ်မခွန်တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။)

ရှေးကျမ်းတွေမှာလာတယ်လေ၊ 'သက်မှာသုံးထပ် နံကြိုက်မြတ်ကို မပြတ်ယကြာ ပြုသောအခါ၌ သောကြာသီချင်း ကျူးခြင်းသဘော နေ့ရာတစ်ကြောင်း ကြေးသံညောင်းလျှက် ဝင်းဂုဏ် ပြွေဟုခေါ်ရာ ယက်သုံးဖြာကို သေချာအမြဲ 'ပ'မာတ်ခွဲလော့' ဆိုပြီး ပြထားတယ်သား။ အဲဒီနည်းအတိုင်းလိုက်နာပြီးလုပ်လိုက်တာ အဲဒီလူဟာ မာတ်ယိသွားပြီ တော်တော်နေကောင်းသွားတယ်။ ပေါက်တူးတစ်လက်ထမ်းပြီးတစ်လမ်းဝင်တစ်လမ်းထွက် ပြန်သွားပြီးမြောင်းပြန်ရှင်းနိုင်တဲ့အထိ ပြန်ကောင်းသွားတယ်။ ငါများ သူတို့ဆီ လမ်းကြုံလို့ဝင်ရင် အမလေး - တကယ့်ကျေးဇူးရှင်ကြီးကျနေတာပဲ မြေကိုမီး လက်မကိုင်မိနဲ့ . ဝယ်ကျွေးလိုက်ရတဲ့ ဘိန်းမုန့်၊ ခေါက်မုန့် ငါလည်းစားတာပဲ"

အောင်ကျော်မိုး ကျွန်ုပ်ကိုသေချာကြည့်ပြီး ခေါင်းလေးတညိတ်ညိတ်နှင့် ပြုံးနေ၏။ သူ၏စိတ်ထဲတွင်တော့ မိုင်ပေါင်းများစွာ ရှည်လျားလှသောအတွေးများနှင့်ပြည့်နှက်နေပြီး ကျွန်ုပ်ကိုစဉ်းစားနေလောက်မည် ဖြစ်၏။

"ဆရာ သောကြာက သီချင်းသံသာ ဆိုတော့ အနားမှာကက်ဆက်လေးနဲ့ သီချင်းတွေဖွင့်ပေးရင်ကော. . . မရဘူးလား"

"ရတယ်လေ၊ ဒီလိုပဲ သီချင်းဖွင့်ပြီး ပြဆိုထားတာပဲ၊ ဒါပေမယ့် ကက်ဆက်ရှာရဟိုရှာရဒီရှာရနဲ့ ပလွယ်ဘူးလေ၊ ဒီတော့ သီချင်းအစား သံပန်းကန်ပြားကို သုံးရတော့တာပေါ့။ကျောက်ခဲနဲ့ထိတော့ သံသံထွက်လာတာပေါ့။ ပြောတို့ ပလွေတို့ကလည်းမရှိဘူးလေ၊ ဒီတော့ အဲဒီအစား ဟေဗျွဂ်သုတ်တော်ရွတ်တာပေါ့။ တစ်ဖက်သားဘယ်လိုနေကောင်းနိုင်သလဲ၊ ဘာနဲ့စီရင်ရပါ့မလဲဆိုတာကို ချင့်ချိန်တွေးပြီး လျှပ်တစ်ပြက်စီရင်လိုက်ရတာလေ မောင်မိုးရဲ့"

"ကျွန်တော်. . အရမ်းသဘောကျသွားပြီဆရာ။ ပညာတော်တော်ရသွားပြီ ဆရာစဉ်းစားပြတာလေးတွေကို အရမ်းသဘောကျတယ်"

"အေး. . . ဟိုဘက် လေးငါးဆယ်နှစ်လောက်ကတစ်ခါ။ အဲဒီတုန်းကတော့ အဘွားတစ်ယောက်ကွ၊ သူက (၈၂)နှစ်ထဲဝင်လာပြီ၊ဗိုက်ထဲမှာအောင့်အောင့်နေလို့ဆိုပြီးဖြစ်နေတယ်၊ အဘွားလည်း ခုနလူလိုပဲ၊ ဒါပေမယ့် ခုနလူလောက်တော့ လက္ခဏာမရှားပါးဘူး၊ (၁၀) ပေအိမ်လေးနဲ့ သူ့သမီးနဲ့မြေးလေးတွေက ကုန်စိမ်းရောင်းကြတာ၊ ငါနဲ့ခင်တဲ့အသိတစ်ယောက်က ငါ့ကိုမေးရင်း စကားစပ်ရင်း ပြောဖြစ်တာပေါ့ကွာ၊ ကြုံရာဆေးလေးဝယ်သောက်နေကြတာပေါ့၊ တစ်နေ့လုပ်တစ်နေ့စားဆိုတော့ ဟိုနေ့ ဆေးခန်းသွားရ၊ ဒီနေ့ ဆေးခန်းသွားမယ်နဲ့ [illegible] သေး"

"ခက်လိုက်တာနော်၊ ဆေး

ကြောက်တဲ့လူက ကြောက်ကိုကြောက်တယ်"

"သောက်ကို မသောက်ရဲတာ သားရေ။ ဒီတော့ ဝမ်းလည်းချုပ်၊ လေလည်းချုပ်ပေါ့။ အဘွားတော်တော်ခံနေရတယ်။ ငါကလည်းသူများနေမကောင်းဘူးကြားရင် မနေနိုင်။ အသက်အရွယ်ကြီးသူကလည်းဖြစ်နေဆိုတော့ ရောက်အောင်သွားတာပေါ့။ အသက်ကိုမေးပြီး တွက်လိုက်တော့"

"(၅) ကြွင်းတယ် ဆရာ"

"အေး - (၅) ကြွင်းတယ်။ ဒါနဲ့ ကြာသပတေးတိုင်ကိုထူပြီး အထက်ဆောင်ပန်းကိုစဉ်းစားလိုက်တော့ အင်္ဂါရယ်၊ သောကြာရယ်၊ တနင်္လာရယ်ထွက်လာတယ်။ သူ့ကိုဘာမှလုပ်မပေးသေးဘူး။ မြင်သာဈေးနားကပြန်ထွက် ကားစီးပြီး ဘုရားမှာကြေးစဉ်လေးနှစ်လုံးသွားဝယ်လာတယ်။ အသံမတူတဲ့ လက်သီးဆုပ်အရွယ် ခပ်သေးသေးလေးတွေပေါ့ကွာ။ သူတို့အိမ်ရောက်တော့ ဘုရားဆောင်အောက်ဘက်နားမှာ ကြိုးလေးနဲ့ ဆွဲထားလိုက်တယ်"

"အိတ်စိုက်ပဲ"

"အိတ်စိုက်ပဲပေါ့သားရယ်။ ဘာမှန်းညာမှန်းမသိဘဲ ကြေးစည်နှစ်လုံးသွားဝယ်ပေးပါဆိုလို့ သူတို့ကဘယ်ဝယ်မလဲ ငါ့ဟာငါပဲပေါ့"

အောင်ကျော်မိုး ဟိုဘက်ဒီဘက် လှည့်ကြည့်ရင်းရယ်နေတော့၏။

"အဲဒါနဲ့ ငါလည်း ဟိုဟိုဒီဒီကြည့်လိုက်ပြီး သူတို့အိမ်ရှေ့မှာရှိတဲ့ ရေထည့်ထားတဲ့ စဉ့်အိုးထဲကရေကို အကုန်သွန်ခိုင်းလိုက်တယ်"

"ဟာ - ဘာဖြစ်လို့လဲ"

"အင်္ဂါနံအတွက်က စောင်းတီးရမယ်လေ၊ စည်တီးရမယ်လေ။ ဘယ်မှာသွားရှာရမလဲ ကဲ"

"ဩ. . . ဟုတ်တယ်ဟုတ်တယ်။ စောင်းတို့၊ စည်တို့အစား စဉ့်အိုး။ ကျမ်းရင်းမှာက အင်္ဂါဆိုရင် စည်သံစောင်းသံလို့ပြထားတယ်လေ။ ငါက ဒီစောင်းတို့၊ စည်တို့ဘယ်ကသွားရှာမလဲ။ ဒီတော့ အင်္ဂါနံတူ စဉ့်အိုးပေါ့"

"ဟုတ်ကဲ့ - သဘောပေါက်ပြီ ဆရာ"

"ဒါနဲ့ပဲ အဲဒီအဘွားကြီးရဲ့ဘေးနားမှာထိုင်ပြီး အဘွား ကျွန်တော်အသံလေးတွေပေးမယ်။ အဘွားကအာရုံစူးစိုက်ထား။ ဘာသံတွေဖြစ်ဖြစ် အဘွားအာရုံစိုက်ပေးပါလို့ပြောပြီး ကြေးစည်လေးတွေကိုတစ်လှည့်စီစရိုက်လိုက်တယ်။ သမ္ဗုဒ္ဓေဂါထာကို ခပ်ကျယ်ကျယ်ရွတ်ပြီး ရိုက်တယ်။ အချက် (၂၀) လောက်ရိုက်လိုက်တယ်။ သမ္ဗုဒ္ဓေလည်း (၁၀)ခေါက်၊ (၁၂) ခေါက်လောက် ဖြစ်သွားတယ်။ ပြီးမှ စဉ့်အိုးကို တဂွမ်ဂွမ်နဲ့ခေါက်လိုက်တယ်။ ခပ်ဖြည်းဖြည်းပေါ့၊ သာသာယာယာဖြစ်အောင်ခေါက်ပေးတာပေါ့။ ပါးစပ်ကတော့ သမ္ဗုဒ္ဓေကမပြတ်ဘူး။ လက်ကသာ စဉ့်အိုးထခေါက်လိုက်၊ ကြေးစည်သွားထုလိုက်လုပ်နေတာ တော်တော်လေးကြာလာတော့၊ ငါထင်တယ် မိနစ်နှစ်ဆယ်လောက်ကြာသာတော့ သူ့ဘေးနားက သူ့မြေးက ဟင်း-ပုပ်လိုက်တာ အဘွားအီးပေါက်လားတဲ့။ အဘွားကြီးက ဘာမှပြန်မပြောဘူး မှိန်းနေတုန်းပဲ၊ ငါလည်းဆက်ရွတ်နေတာပဲ"

"ဒါလောက် လေချုပ်ဝမ်းချုပ်နေမှတော့ နံလောက်ပြီပေါ့"

"အေး - ငါလည်း ငါလုပ်စရာရှိတာလုပ်ပြီးသွားတော့ မနက်ဖြန်တစ်ခေါက်ထပ်လာမယ်ဆိုတာပြောပြီး ပြန်လာခဲ့တယ်။ နောက်နေ့ကျ ငါရောက်သွားတော့ အဘွားကြီးကလဲ့ရက်ပဲ။ ဒါပေမယ့် မျက်လုံးကဟိုကြည့်ဒီကြည့်နဲ့ ငါ့မြင်တော့ သေချာကြည့်နေတယ်။ မနေ့ကလူလားတဲ့။ ဟုတ်ကဲ့ပါ အဘွား။ သက်သာလားဆိုတော့ သူ့သမီးက ညက လေတွေတအားလည်ပြီး ညဉ့်နက်တော့ ဝမ်းလေးနည်းနည်းသွားတယ်တဲ့။ သူဗိုက်ဆာတယ်ဆိုလို့ ဖီးကြမ်းငှက်ပျောသီးကို မီးလေးအုံးပြီး ကျွေးရသေးတယ်တဲ့။ တစ်ညလုံး လေတွေလည်တယ်ဆိုလို့ ငါလည်း ဝမ်းသာသွားတာပေါ့"

"ဝမ်းသာစရာပဲနော်"

"ဘယ်ရမလဲ မနေ့ကအတိုင်း ငါလည်းထပ်လုပ်တာပေါ့။ ငါလည်း ကြေးစည်တီးရော အဘွားကြီးကမျက်လုံးလေးမှိတ်ထားပြီးငြိမ်နေတယ်။ မျက်နှာက ရှုံ့တွမနေဘူး။ ကြည်ကြည်လင်လင်ပဲ။ အဲဒီနေ့ကျတော့ ငါလုပ်တာကို သူ့သမီးရော သူ့မြေးရောတင်မကဘူး၊ သူတို့အိမ်ခြေရင်းက သူတို့မိတ်ဆွေအမျိုးသမီးနှစ်ယောက်ပါ လာထိုင်ကြည့်နေကြတယ် စိတ်ဝင်စားလို့တဲ့။ ဒါလောက်ဆေးကြောက်လွန်းတဲ့သူကို နေကောင်းလာအောင် ဘယ်လိုလုပ်လိုက်တာလဲသိချင်လို့တဲ့။ ငါကတော့ ငါလုပ်စရာရှိတာပဲလုပ်တယ်။ ဘာမှပြောမနေဘူး။ ပြောလည်းသိမှာမဟုတ်ဘူး။ အဲဒါနဲ့ နောက်နေ့ကျ အဘွားကြီးကောင်းသွားရောပေါ့ကွာ။ လေတွေဝမ်းတွေပုံမှန်တွေဖြစ်သွားတော့တာပေါ့။ အစားဆိုတာ တစွတ်စွတ်တောင်းစားတယ်တဲ့။ ဝမ်းမှန်သွားတာကိုး အစာစားပြီပေါ့။ စားတော့အိပ်ပြီပေါ့။ လူကြီးက စားမှအိပ်မှလေ။ ငါလည်း ဘယ်လိုဝမ်းသာမှန်းမသိဘူး။ ကျမ်းရင်းမှာပြထားတဲ့အတိုင်းပဲ။ 'နံမြင်တိုင်းရှု ခါတ်တူလုလျှက် ကြည့်ရှုစဉ်းစား ငုတ်ခြားစည်နက် ဆောင်ရွက်ချ စောင်းညှင်း သီချင်းတေးသံ ကြမ်းနုဟန်ကို ဉာဏ်နှင့်နှိုင်းတိ လျော်အောင်ညှိလော့' ဆိုတဲ့အတိုင်း ကြံဖန်ကုရတာပေါ့ကွာ။ အရေးကြီးတာ နေမကောင်းဖြစ်နေတဲ့သူ နေကောင်းသွားဖို့ပဲ"

အောင်ကျော်မိုး သဘောကျ၍ ငြိမ်ပြီးရယ်နေ၏။ ထိုသို့ငြိမ်ပြီးရယ်လျှင် ပညာများကို သူမှတ်သားနေမှန်း ကျွန်ုပ်သာလျှင်သိ၏။

"နောက်ပိုင်းတွေကျတော့ ခုနလို ဉာဏ်နဲ့ယှဉ်ရတာတွေသုံးရတော့တယ်သား။ ဆိုကြပါစို့ကွာ အင်္ဂါဆိုရင် စည်တော်သံတို့၊ စောင်းသံတို့သွင်းထားတဲ့ အခွေကိုဆောင်ကိုထားရတယ်။ အခွေကို သေချာသွားသွင်းထားရတာ"

"ကိုယ့်ဟာကိုယ်"

"အေးပေါ့၊ ငါ့ဟာငါမသွင်းထားရင် ဘယ်သူကလာသွင်းပေးမလဲ။ လိုအပ်လို့ စည်တော်တို့၊ စောင်းသံတို့နားထောင်ပေးရမယ့်လူမျိုးဆိုဖွင့်ပေးလိုက်တာပေါ့။ ကြြောသံတို့၊ ပလွေသံတို့လည်းသွင်းထားရတယ်။ လိုအပ်ရင် ဖွင့်ပေးဖို့"

"ဆရာ၊ စနေကျရင်ကော"

"စနေက မီးရှုံရမယ်လို့ ကျမ်းမှာပြတယ်၊ အရင်ကတော့ နေမကောင်းသူရဲ့ဘေးမှာ ဖယောင်းတိုင် (၇) တိုင်လောက်ပတ်ပိုင်းပြီး ထွန်းပေးတယ်။ နောက်ပိုင်းကျတော့ ဒိုးပတ်သံနဲ့တယောသံကို အခွေထဲထည့်ထားပြီးဖွင့်ပေးတယ်"

"ဗုဒ္ဓဟူးဆို ဟို ရေခွက်လေးတွေ ပတ်ချာလည်ထားပေးရမှာပေါ့နော်ဆရာ"

မောင်မိုးကို ကျွန်ုပ်သဘောကျသည်မှာ ဤသို့စဉ်းစားခြင်းကြောင့်ဖြစ်၏။

"ရတယ် သား။ ငါတော့ ဝါးလုံးကို တုတ်နဲ့ခေါက်ပြီးဝါးသံပေးတယ်၊ ဝါးလက်ခုပ်မှမရှိဘဲ။ ဝါးလက်ခုပ်တီးပေးခဲ့ဖူးတာလည်းရှိတယ်။ ရေလည်းရှံတယ်၊ ဘာမှမရှိရင် လက်ခုပ်တီးပေးတယ်၊ အချက်သုံးလေးဆယ်လောက်ခပ်ဖြည်းဖြည်းတီးရတာပေါ့ကွာ။ ကျမ်းအတိုင်းဆိုရင် 'အပယကြြာ လူတို့မှာကား ဗုဒ္ဓလှည်းလှေ စနေမီးပြ သောမစောင်းညှင်း ပြခြင်းအတွေ့ ကုသွင်းလေက ဝေစေအနာကင်းကြောင်းတည်း' ဆိုတော့ လှည်းတို့ လှေတို့မလွယ်ဘူးလေ။ လုံနေရတဲ့လူကျတော့လည်း သူ့ကိုမချီပြီး လှည်းပေါ်တင်မောင်းဖို့ နေရာဒေသအခက်အခဲကလည်းရှိတယ်လေ။ အဲဒါကြောင့် ခုနလိုဗုဒ္ဓဟူးတွေလုပ်ရတာပေါ့"

"ကျွန်တော်မှတ်သားပြီး သင်ယူနေပါတယ် ဆရာ"

"အေးလေ-သင်ပေးနေတာပဲလေသား မှတ်ထား။ အသက်ကို (၇) နဲ့စား၊ အကြွင်းကို အင်္ဂဝိဇ္ဇာခရာစောက်တိုင်ထူရုံပဲ။ ဆိုပါစို့ လူတစ်ယောက် အသက် (၆၀) ဆိုရင် (၇) နဲ့စား (၄) ကြွင်းမယ်။ ဗုဒ္ဓဟူးကိုတိုင်ထူ၊ အထက်နံပေါ်တာက တနင်္ဂနွေရယ်၊ ကြာသပတေးရယ်၊ တနင်္လာရယ်ပေါ်မယ်"

"ဟုတ်ကဲ့"

"အေး-ရပြီလေ စီရင်လို့။တနင်္ဂနွေဆိုရင် ဘေးနားမှာ အိုးတွေလေးငါးလုံးရုံထား အိုးလွတ်တွေဆိုပိုခါတ်ထိတယ်။ ငါကတော့ မရရင်အုန်းလက်တွေခုတ်ပြီး ဘေးနားမှာ ဟိုဘက်တစ်လက်ဒီဘက်တစ်လက်ချထားလိုက်တာပဲ"

"ဟာ - ကောင်းတယ်"

"တနင်္ဂနွေရပြီဆိုရင် ကြာသပတေးက ခုနပြောသလို ပြြောသံ၊ ပလွေသံဖွင့်ပေးပေါ့ကွာ။ တနင်္လာက ကြေးစည်သံပေးပေါ့။ ကြေးဖလား၊ ကြေးခွက်သံလည်းရတာပေါ့။ မရရင် ကျောက်ခဲပေါ့"

"တနင်္ဂနွေဆို အုတ်ခဲရုံပေးရင်ကော ဆရာ"

"ရတာပဲ၊ ဒါပေမယ့် လက်တွေ့ခါတ်ထိတာကျ အုန်းကပိုထိတယ်"

"ဩော် - ဟုတ်ကဲ့ ဘယ်လောက်ကြာကြာထားရလဲ ဆရာ"

"စောစောက ငါလုပ်သလိုပေါ့။ မိနစ် (၂၀)၊ နာရီဝက်လောက်နားနားနေနေလုပ်ရင်ရပါတယ်။ ပြီးရင် အုန်းလက်တို့ဘာတို့လဲစွန့်လိုက်ရင်ရတာပေါ့။ ငါကတော့ (၃) ရက်ဆက်လုပ်တာများတယ်။ တကယ်ထူးခြားတဲ့ပြင်ပယတြာပဲမောင်မိုး။ ငါကတော့ သဘောကျလွန်းလို့ အကြောင်းတိုက်ဆိုင်ရင် ခုထိကိုလုပ်ပေးတယ်။ ဘယ်သူ့ကိုဖြစ်ဖြစ်လုပ်ပေးတယ်"

"ဒီပညာကျတော့ ဟို - တနင်္ဂနွေမတည့်တာတို့ အင်္ဂါဖျက်တာတို့ မတည့်တာတို့ဆိုတာတွေမပါဘူးနော် ဆရာ"

"မပါဘူး၊ ဒီပညာကသီးသန့်သွားတယ်။ တစ်လမ်းကြောင်းသွားတယ်၊ ကြိုက်တဲ့အချိန်ကြိုက်တဲ့နေရာမှာလုပ်လို့ရတယ်။ တောင်တောင်ညာညာရွေးစရာမလိုဘူး။ ငါလည်း အဲဒါကြောင့်သဘောကျတာ၊ အသိတွေဆီရောက်သွားလို့များ ဒီလိုနေမကောင်းဖြစ်တာတွေ့ပြီဆိုတာနဲ့ လုပ်တော့တာပဲ။ ဒီလိုလုပ်လိုက်ရင် သောက်နေတဲ့ဆေးသောက်နေရင်းနဲ့ပဲ ကောင်းသွားတာပဲ။ ဆေးမတိုးတာတို့၊ ကုနေရင်းမထူးတာတို့မဖြစ်တော့ဘူး။ တစ်ခါတစ်ခါဖြစ်တတ်တယ်လေ။ဆေးတော့ သောက်နေတာပဲ မထူးဘဲခံနေရတာမျိုးတွေ မင်းလည်းကြားဖူးမှာပဲ"

"ရှိတာပေါ့ ဆရာ၊ ဆေးသောက်နေတဲ့ကြားက ဘာမှမထူးတာမျိုးတွေရှိတယ်"

"အေး - အဲဒီလူတွေအတွက် ဒီပြင်ပယတြာက နေကောင်းသွားစေလိမ့်မယ်။ ဒါအင်္ဂဝိဇ္ဇာသန့်သန့်လေးပဲ ဘာမှမပါဘူး ရှေးပညာ။ ငါကြားဖူးတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) လောက်က ကျန်းမာရေးမကောင်းသူတွေကို ဒီပညာနဲ့ကုပေးနိုင်တဲ့ဆရာတစ်ဦးကြားဖူးတယ်။ ကောင်းသွားကြတာချည်းပဲ။ အချည်းအနှီးဖြစ်တယ်လို့မရှိဘူး။ တကယ်ထူးခြားတာ ယုံယုံကြည်ကြည်နဲ့သာလုပ်။ လုပ်နေတဲ့အချိန်မှာတော့ တောင်ပြောမြောက်ပြောဝေဖန်ခံရတာတွေရှိမယ်။ ငါလည်းခံခဲ့ရတာပဲ။ နေကောင်းသွားတော့မှ ဟိုလူ့အတွက်လုပ်ပေးပါဦးတို့၊ ဒီလူ့အတွက်လုပ်ပေးပါဦးတို့ဖြစ်ကုန်တာ"

"သောကြာက သမ္ဗုဒ္ဓေပဲလား ဆရာ"

"သီချင်းသံဖွင့်ခိုင်းတာပေါ့ကွာ။ နားထောင်ခိုင်းတာပေါ့။ ငါက သီချင်းသံပေးရတာချင်းအတူတူ သမ္ဗုဒ္ဓေဂါထာကိုရွတ်ပေးတာပေါ့"

"သူက စားရတာမပါဘူးနော် ဆရာ"

"ပြင်ပယတြာလေ။ အပြင်ခါတ်အနေနဲ့ပဲ ကုရတာ၊ စားရတာမပါဘူး"

"သီချင်းသံဆိုရင် မမွတေးမျိုးတွေဆိုဖွင့်လို့ရတာပေါ့နော်ဆရာ"

"ရတယ်လေ၊ သာယာတဲ့အေးချမ်းတဲ့မမွတေးတွေဖွင့်ပြီး နားထောင်ခိုင်းတာပဲ။ ဒါလည်းသီချင်းသံပဲပေါ့။ ရိုးရိုးသီချင်းသံတော့ ငါမဖွင့်ပေးဖူးဘူး"

"ဟုတ်ကဲ့ ဆရာ၊ တော်တော်နဲ့ သွားပါတယ်ဆရာ"

"အေး - မှတ်ထား၊ ကိုယ့်လက်တစ်ကမ်းမှာ ကိုယ်လည်းပေးလိုက်လို့ နေကောင်းသွားတယ်ဆိုရင် ဘယ်လောက်ပီတိဖြစ်ရလဲ ကုသိုလ်လည်းရတယ်။ ကြုံရင်လုပ်ပေတော့"

■

ဤလအတွက် ပေးနိုင်လှူနိုင်သော သုရှင်လက်ဆောင်ဖြစ်ပါသည်။ အင်္ဂဝိဇ္ဇာပညာကို ဝါသနာကြီးသူပီပီ နှလုံးသည်းပွတ်ထဲမှ ချစ်လွန်း၊ မြတ်နိုးလွန်း၊ ရိုသေလွန်း၊ ယုံကြည်လွန်းသူပီပီ မြန်မာတို့ချစ်ကြသော အင်္ဂဝိဇ္ဇာပညာရပ်များထဲမှ နေမကောင်းသူကို နေကောင်းအောင် ပြင်ပယတြာခါတ်သဘောနှင့် ကုသပေးနိုင်စွမ်းသော ပညာခန်းတစ်ခုကို တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

ကိုယ့်လက်တစ်ကမ်းတွင်ကိုယ်တိုင်ပြုလုပ်ပေး၍ဖြစ်စေ၊ နေမကောင်းသူအတွက် စကားလက်ဆောင်ပါးလိုက်သည်ဖြစ်စေ၊ အင်္ဂဝိဇ္ဇာပညာခန်းမှ ပြင်ပယတြာပညာခန်းနှင့်တစ်ထောင့်တစ်နေရာမှ ပါရမီဖြည့်ပြီး ကုသိုလ်ယူလိုက်ပါ။

ပြုလုပ်ပုံများကို ဆောင်းပါးတွင် စုံလင်အောင်ပြထားပြီးဖြစ်၍ လွယ်ကူစွာ ပြုလုပ်နိုင်ပါလိမ့်မည်။

အရေးကြီးသည်မှာ အသက်တိကျဖို့လိုပါသည်။

မပြည့်သေးဘူးလား၊ ပြည့်ပြီးပြီလား သေချာမေးပြီးမှ ဤပြင်ပယတြာကိုပေးပါဟု အကြံပြုချင်ပါသည်။

ထိခိုက်စရာအကြောင်းလည်းမရှိပါ။

မတည့်စရာအကြောင်းလည်းမရှိပါ။

ပြင်ပနှင့်ဆိုင်သော ခါတ်သဘောသာလျှင် ဖြစ်ပါသည်။

စိတ်ဝင်စားပြီဆိုလျှင် မည်သူမဆိုပြုလုပ်နိုင်ပါသည်။ အခြားသူများအတွက်လည်း ကူညီနိုင်မည်ဖြစ်ပါသည်။

ဖြစ်နိုင်သည်များကိုပေးလှူနိုင်သော သုရှင်၏ ထုံးစံအတိုင်း

'သိရုံနှင့်ကျန်းမာစေသော သုရှင်လက်ဆောင်' နှင့် -

အနာရောဂါကင်းငြိမ်း[illegible] များစွာ ပြည့်စုံကြပါစေသတည်း။

ဝေဠုမောင်မောင်သန်း

([illegible])

၂၀၀၈ ခုနှစ်၊ မတ်လ

ကောင်းကျိုးပေးပြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စိုးလှ (ဗ.ဗိ)

မတ်လ ၁ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉)ခါ ရွတ်ဆိုပါ။

မတ်လ ၃ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၄ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

မတ်လ ၅ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၆ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

မတ်လ ၇ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

မတ်လ ၈ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင့်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

မတ်လ ၉ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၀ ရက်၊ စနေနေ့- လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၁ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

မတ်လ ၁၂ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

မတ်လ ၁၃ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၅ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၆ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉)ခါ ရွတ်ဆိုပါ။

မတ်လ ၁၇ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၈ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၉၊ ၁)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၉ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော(၉)ခါ ရွတ်ဆိုပါ။

မတ်လ ၂၀ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ အောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၂ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၃ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၄ ရက်၊ စနေနေ့- လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၅ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၆ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၇ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၉ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

မတ်လ ၃၀ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၁)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၃၁ ရက်၊ စနေနေ့- လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စိုးလှ (ဗ.ဗိ)

၂၀၁၈ [illegible]

ဆရာကြီးမောင်မောင်သမိန်း

([illegible])

ခုနှစ်ရက်သားသမီး

ဟောစာတမ်း

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် တနင်္လာအမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ (၃) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ ယခုလတွင် ကိုယ့်အလုပ်အပြင် အခြားသူများ၏အလုပ်ကိုပါ လုပ်ပေးနေရတတ်သည်။ အလုပ်တစ်ခုခုလုပ်လျှင်လည်း တစ်ခါတည်းနှင့်မပြီးပြတ်ဘဲ နောက်တစ်ကြိမ်ပြန်ဆောင်ရွက်ရတာမျိုးဖြစ်တတ်ပါသည်။ စက်ပစ္စည်းများမကြာခဏပျက်တတ်ပါသည်။ ဝင်ငွေကောင်းနေပါလျက် ကုန်ကျစရာကိစ္စများပေါ်လာတတ်၍ အဖတ်မတင်ဖြစ်တတ်သည်ကို သတိပြုပါ။ မင်္ဂလာရှိသော အခမ်းအနား၊ ဧည့်ခံပွဲများဦးဆောင်ပါဝင်ရတတ်သည်။ မိသားစုအတွင်း စကားအပြောအဆိုအပေါက်အလမ်းမတည့်တာမျိုးဖြစ်နေပါက သည်းခံခွင့်လွှတ်ဖျောင်းဖျပေးပါ။ ကျန်းမာရေးကောင်းနေစေရန် အပူအစပ်များလွန်ကဲစွာမစားပါနှင့်။ ရေများများသောက်ပါ။ လမ်းလျှောက်ပေးပါ။ ကိုယ်လက်လေ့ကျင့်ခန်းများလုပ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ တစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်လာပါမည်။ ယော်ရွယ်သူများ၏ချစ်ရေးချစ်ရာကိစ္စများ စကားပြောဆင်ခြင်ပါ။ ထင်ရာတွေစွတ်ပြောနေပါက မထင်မှတ်ဘဲ လမ်းခွဲသွားရတတ်ပါသည်။ ကြားစကားများသတိထားပါ။ စိတ်လေနေတတ်ပါသည်။ သွားချင်လာချင်စိတ်များနေတတ်သည်။ အလုပ်ထဲမှာ စိတ်နှစ်ထားလိုက်ပါ။ ထီထိုးမည်ဆိုပါက ကားနှင့်ရောင်းသောထီကားများတွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*



တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီများယူပါ။ (၁) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အိမ်ကိစ္စ၊ မြေကိစ္စများဆောင်ရွက်ရန်ရှိပါက ကိုယ်တိုင်မလုပ်ပါနှင့်။ အကျိုးပေးသော နာမည်ရှင်များ၊ မိသားစုဝင်များကို တာဝန်ပေးပါ။ အတိုက်အခံရန်များရှိနေပါက ရွှေဘွဲ့အမည်ရှိသောဘုရားစေတီသို့မကြာမကြာသွား၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာစေရန် သည်းခံပါ။ ကျန်းမာရေး၊ ရင်၊ ဝမ်း၊ လေအောင့်တတ်ပါသည်။ အပူအစပ်များမစားပါနှင့်။ ဦးခေါင်းနှင့်ဆိုင်သောကျန်းမာရေးဂရုစိုက်ပါ။ ရေချိုး၊ ခေါင်းလျှော်စသည့်ကိစ္စများဂရုစိုက်ပါ။ တရားဓမ္မ စိုက်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ပညာရေးကံများကောင်းနေပါလျက် အပေါင်းအသင်းများကြောင့် စာကျက်ချိန်များပျက်တတ်ပါသည်။ အောင်မြင်မှုအတွက် ဆင်ခြင်သင့်သည်များကိုဆင်ခြင်လိုက်ပါ။ ချစ်တတ်သူများကံကောင်းနေပါသည်။ မျက်နှာပွင့်သောကာလဖြစ်ပါသည်။ စကားပြောမမှားအောင် အမြဲသတိထားပါ။ ချစ်သူကို သဝန်တို၍အထင်အမြင်လွဲမနေပါနှင့်။ ခိုလေးများကို အစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါမည်။ ထီထိုးမည်ဆိုပါက တနင်္လာနံ၊ စနေနံထီဆိုင်များတွင် (၂၊ ၉၊ ၇၊ ၀) ဂဏန်းများပါအောင် ကံစမ်းပါ။ ထီပေါက်ကိန်းရှိပါသည်။ ထီထိုးပြီးပါက တန်ဖိုးမရှိသောကျောက်များအဝင်မခံပါနှင့်။

ယတြာ ။ ။ *လက္ခဏာရှားပါးသော သက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် အကျိုးအပေးဆုံးမှာ တနင်္လာနာမည်ရှင်များဖြစ်ပါသည်။ ကြာသပတေးနာမည်ရှင်များ ဒုတိယအကျိုးပေးပါသည်။ (၆) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အနုပညာနှင့်ဆက်နွှယ်သောလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ စက်ရုံကိစ္စများ၊ ဆေးဝါးလုပ်ငန်းများ (၃) ဦးစပ်တူလုပ်မည်ဆိုပါက စဉ်းစားပါ။ အခက်အခဲများစွာရှိတတ်ပါသည်။ အတိုက်အခံရန်များနေလျှင် ဘုရားတစ်ဆူဆူသို့ လမ်းလျှောက်သွားပြီး ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ပါ။ ရင်ပြင်တော်အား တံမြက်စည်းလှည်း၊အမှိုက်များကောက်ပါ။ အိမ်တွင်းရေးအဆင်ပြေနေရန် စကားပြောမမှားပါနှင့်။ သစ်ဆွေးများ၊ သော့ဟောင်း၊ သော့ပျက်များစွန့်ထုတ်ပစ်ပါ။ ကျန်းမာရေးကောင်းပါမည်။ အစာအိမ်ရောဂါဖြစ်ဖူးသူများပြန်ဖြစ်တတ်၍ အပူအစပ်များလွန်ကဲစွာမစားပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ ဆိုင်ကယ်စီး၊ စက်ဘီးစီးဆင်ခြင်ပါ။ နှလုံးသားရေးရာကိစ္စများအဆင်ပြေနေပါလိမ့်မည်။ ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။ ထီထိုးမည်ဆိုပါက တနင်္လာနေ့၊ စနေနံထီဆိုင်များတွင် (၂၊ ၉၊ ၁၊ ၇၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ယခုလအတွင်း စကားပြောဆင်ခြင်ပါ။ အမှုအခင်းဖြစ်နိုင်တာမှန်သမျှရှောင်ပါ။ လောင်းကစားကိစ္စရှောင်ပါ။ မွေးနေ့အရောက်တိုင်း သတ်သတ်လွတ်စားပါ။

ယတြာ ။ ။ *ဘုရားဖူးခရီးသွားမည့် သက်ကြီးရွယ်အိုတစ်ဦးအား ခရီးစရိတ်အဖြစ် ငွေများတစ်နိုင်လှူလိုက်ပါ။*

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အိမ်၊ ခြံ၊ မြေလုပ်ငန်းများ၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးများထစ်ငေါ့နေတတ်ပါသည်။ အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်းများပြုပါက လိုတာထက်ပို၍ ငွေကြေး[illegible]မှုဖြစ်တတ်ပါသည်။ အတိုက်အခံရန်များနေပါက စနေနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့မကြာခဏသွား၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ကျန်းမာရေး ရင်၊ ဝမ်းနှင့်ဆိုင်သောကိစ္စများမဖြစ်စေရန် လေစာများရှောင်ပါ။ လွန်ကဲ[illegible]မခံပါနှင့်။ ဆာလွန်းလျှင် ခေါင်းမူးတတ်ပါသည်။ ပညာရေးကံများကောင်းနေပါသည်။ လမ်းများနေမည်ဆိုလျှင် [illegible]များ ပြန်မေ့သွားတတ်ပါသည်။ စားချိန်၊ အိပ်ချိန်လည်း မှန်ရပါမည်။ အောင်မြင်မှုအတွက် ဆင်ခြင်သင့်သည်များကိုဆင်ခြင်လိုက်ပါ။ ချစ်တတ်သူများလည်း ကံတွေကောင်းနေပါသည်။ မျက်နှာပွင့်လွန်းနေ၍စိတ်မကစားပါနှင့်။ သမှာ[illegible]စောင့်ထိန်းပါ။ ထီထိုးမည်ဆိုပါက တနင်္လာနေ့၊ စနေနံထီဆိုင်ကြီးများတွင် (၃၊ ၇၊ ၂၊ ၉) ဂဏန်းများများပါ[illegible]ပါ။

ယတြာ ။ ။ *ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။*

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ (၆) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အနုပညာနှင့်ဆိုင်သောလုပ်ငန်း၊ ဘားသောက်ကုန်လုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများထစ်ငေါ့နေမည်။ အတိုက်အခံများနေပါက အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သောဘုရားစေတီသို့သွား၍ တံမြက်လှည်းပါ။ အမှိုက်များကောက်ပါ။ အိပ်တွင်းရေးသောကများကင်းဝေးစေရန် တစ်နေရာရာတွင် အများသူငါသောက်ရန် သောက်ရေအိုးတစ်လုံးတည်ပေးလိုက်ပါ။ အိမ်ရှိမိသားစုများတစ်စိတ်တစ်ဝမ်းထဲဖြစ်ရန် တစ်ဦးနှင့်တစ်ဦးနားလည်မှုရှိရပါမည်။ ကျန်းမာရေးကောင်းသည်ဆိုပြီး မပေါ့ပါနှင့်။ အမျိုးသမီးများ အမျိုးသမီးနှင့်ဆိုင်သောကျန်းမာရေးကိုဂရုစိုက်ပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ လေအောင့်၊ ရင်အောင့်တတ်ပါသည်။ ဆေးလှူပေးပါ။ ပညာရေးကံများ ဆက်၍ကောင်းနေမည်။ ပုံမှန်အတိုင်း ကြိုးစားသွားပါ။ အိပ်ရေးပျက်လွန်စွာမခံပါနှင့်။ အပေါင်းအသင်းများနှင့် အသွားအလာလျှော့ပါ။ ချစ်တတ်သူများအတွက် အလုပ်ကိစ္စစကားပြောရင်း စိတ်ဝမ်းတွေကွဲသွားတတ်ပါသည်။ ကြမ်းတမ်းသောစကားများနှင့် မခံချင်အောင်ပြောဆိုမှုများ ရှောင်ပါ။ ထီဝါသနာရှင်များအတွက် တနင်္ဂနွေနံ့ထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။ တန်ဖိုးမရှိသောကျောက်များ ဝင်မလာပါစေနှင့်။ လာဘ်ပိတ်တတ်ပါသည်။

ယတြာ ။ ။ *အာဟာရချို့တဲ့နေသူတစ်ဦးဦးကို ဆေး၊ ငွေ၊ အာဟာရလှူလိုက်ပါ။*

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသောကိစ္စများအတွက် တနင်္လာနာမည်ရှင်များ၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အဆောက်အအုံကိစ္စ၊ အိမ်ကိစ္စများလုပ်လျှင်စဉ်းစားပါ။ ကိုယ်လုပ်သမျှ သူတစ်ပါးအတွက်ဖြစ်သွားတတ်ပါသည်။ အတိုက်အခံများလွန်းလျှင် နီးရာဘုရားစေတီသို့ လမ်းလျှောက်သွားပါ။ ရောက်လျှင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ အလှူသဖြင့် တနင်္ဂနွေထောင့်နှင့် ဗုဒ္ဓဟူးထောင့်များတွင်များများလှူပါ။ ၂၄ ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရအောင်ရွတ်ပါ။ အကြောင်းရှိတိုင်း ပြုလုပ်ပါ။ အိမ်တွင်းရေးအဆင်ပြေရန်အတွက် မီးလုံးအကျွမ်း၊ မီးချောင်းအကျွမ်းတွေဖယ်ရှားပါ။ မေတ္တာသုတ်ကို နေ့စဉ် (၇) ခေါက်ရွတ်ဖတ်ပါ။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအဆာမခံပါနှင့်။ ဦးခေါင်းလေရိုက်ပြီးမူးတတ်ပါသည်။ စိတ်ကျန်းမာရေးမကောင်းသူများကို အာဟာရဒါနပြုပါ။ အာနပါနရှုမှတ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ သူငယ်ချင်းများကို အားနာပြီးလျှောက်မလိုက်ဖို့သာလိုပါသည်။ ချစ်တတ်သူတွေမျက်နှာပွင့်နေပါမည်။ သစ္စာရှိဖို့ လိုပါသည်။ စကားပြောလည်းဆင်ခြင်ရပါလိမ့်မည်။ ထီထိုးမည်ဆိုပါက ကားနှင့်ရောင်းသော ထီဆိုင်တွင် (၂၊ ၉၊ ၇၊ ၃) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။ ယခုလအတွင်း ခင်မင်သူများ၊ လုပ်ငန်းအတူလုပ်သူများကြား စကားပြောခြားများ၍ စိတ်ဝမ်းကွဲတတ်ပါသည်။ ထိန်း၍ပြောပါ။

ယတြာ ။ ။ *ရင်/ဝမ်းမကောင်းသူတစ်ဦးဦးနှင့်ဆုံလျှင် ဆေး၊ ငွေ၊ အာဟာရလှူလိုက်ပါ။*

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်များ၊ တနင်္ဂနွေနာမည်ရှင်များ၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ (၅) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အနုပညာလုပ်ငန်းများ၊ သစ်လုပ်ငန်း၊ မြေလုပ်ငန်းသူများအတွက်လုပ်ပေးနေရသလိုဖြစ်နေတတ်သည်။ အတိုက်အခံများနေလျှင် ဘုရားတစ်ဆူဆူသို့သွား၍ တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။ ပြီးလျှင် လက်ဆေးပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ကာ ဘုရားဂုဏ်တော်ကို သက်စေ့ရွတ်ပါ။ ရန်များတိုင်းပြုလုပ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် သစ်ဟောင်းသစ်ဆွေးများရှိနေလျှင် စွန့်ထုတ်ပစ်ပါ။ ကျန်းမာရေးကောင်းပါမည်။ အစားအသောက်ဆင်ခြင်ပါ။ အစပ်လွန်ကဲအောင်၊ အချိုလွန်ကဲအောင်မစားပါနှင့်။ ရုတ်တရက် ခါးနာတတ်၍ အလေးအပင်မလျှင် သတိထားပါ။ ပညာရေးပုံမှန်ကြိုးစားကျက်မှတ်ပါ။ မပေါ့ပါနှင့်။ အခြားမျက်စိအားစိုက်ရမည့်ကိစ္စများရှောင်ထားပါ။ ဖုန်းဖြင့် ဂိမ်းဆော့ခြင်းများကြောင့် မျက်စိအားနည်းတတ်ပါသည်။ ချစ်တတ်သူများ အပျော်လွန်ပြီး စကားစော်လျှောက်ပြောမိပါက အမှားတွေဖြစ်လာရတတ်ပါသည်။ စကားပြောဆင်ခြင်ပါ။ ငှက်ကလေးတွေကို အစာကျွေးပါ။ ထီကံကောင်းသောလဖြစ်ပါသည်။ ထီထိုးမည်ဆိုပါက တနင်္လာနံ၊ စနေနံထီဆိုင်များတွင် (၂၊ ၉၊ ၇၊ ၁) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဗိုက်မကောင်းသူတစ်ဦးဦးနှင့်ဆုံလျှင် ဆေး၊ ငွေ၊ အာဟာရလှူပါ။*

ရင်ကိုအေးမြစေသော

ဆရာဦးမောင်မောင်သန်း

အမှတ် (၈၂၂)၊ ကုန်းဘောင်(၁၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကြော်ငြာ ဆောင်းပါး

ကျားမှန်လျှင် အားသန်ရမည်

အမျိုးသား အားနည်းရောဂါ
(ပန်းသေ၊ ပန်းညှိုး)
ဖြစ်တတ်သူများမှာ-

၁။ မေထုန်မှု လွန်ကဲသူများ။
၂။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ။
၃။ ကုန်ခန်းသွားသော သုက်၏ ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူ များ။
၄။ အပျော်အပါး လိုက်စားသူများ။
၅။ သားကြောဖြတ်ထားသူများ။
၆။ မြစ်ခြောက်နာ ရှိသူများ။
၇။ အဆုတ်ရောဂါ ရှိသူများ။
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ။
၉။ ဆီးချို သွေးချိုရောဂါ ရှိသူများ။
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ။
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါ ဝေဒနာခံစားရတဲ့ လက္ခဏာများ ကတော့

၁။ လိင်တံ တောင့်တင်းနိုင်မှု မရှိခြင်း။
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း။
၄။ မောပန်းလွယ်ခြင်း။
၅။ အစားအသောက် ပျက်ခြင်း။
၆။ ညဉ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း။
၇။ သတိမေ့လျော့တတ်ခြင်း

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာ လက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့ အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ် (၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မှုလပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ....

၁။ ဇေုးတစ်လုံးတက်ခြင်း။
၂။ ကာမရာဂစိတ်ကုန်ခန်းခြင်း။
၃။ သုက်လွှတ်မြန်ခြင်း။
၄။ သလုံးသားများခြောက်ခြင်း။
၅။ သလိပ်အုပ်စုခန်းခြောက်ခြင်း။
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း။
၇။ အားအင်ကုန်ခန်းခြင်း။
၈။ စကားမပီသခြင်း။
၉။ စသံ၊ နသံ မကွဲပြားခြင်း။
၁၀။ လိင်ချောင်းသေးပြီး တို ဝင်ခြင်း။
၁၁။ ဆီး ပြတ်တောက် ပြတ်တောက် သွားခြင်း စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်းလက္ခဏာ(၁၁)ချက်ကို တွေ့ထိ ခံစားနေရပြီဆိုရင် မေ့လျော့ မနေပါနဲ့။ 'ပြည့်စုံ' အထူးကုတိုင်းရင်းဆေးခန်းကို အမြန် အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တခဆ-၁၂၇၄) နဲ့ ဆရာဦးစိုးမော် (တခဆ-၂၆၁၁) တို့က အမျိုးသားအားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ) များအပြင် အခြားရောဂါများဖြစ်တဲ့

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါ များကို အကြောပညာ၊ ဆေးပညာဖြင့် နဂယ၊ လေးပါးနှင့်ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့်လိပ်စာ

မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့်နှင့်
သား ဦးစိုးမော်
ပြည့်စုံအထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ ဝေဇယန္တာလမ်း
ကျိုက္ကဆံဘုရားဝင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
Ph : 09 31054631, 09 251031871

အတွဲ (၁၈) အမှတ် (၃)
၂၀၁၈ခုနှစ် မတ်လ

သရဖူ

မဂ္ဂဇင်း